အရှင်ဇနကာဘိဝံသ

၏

နဝမကျမ်းစာ

# ကစ္စည်းဘာသာဋီကာ

ဒုတိယအုပ်

ကစ္စည်းကျမ်းကို နိဿယ အဓိပ္ပာယ် စုံလင်စွာ
တန်ဆာဆင်ထားသဖြင့် ဆိုင်ရာ စာမေးပွဲများအတွက်
တာဝန်ယူပါလိမ့်မည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၆ ၁၉၈၄

၁၇၁၉၈

အရှင်ဇနကာဘိဝံသ

၏

နဝမကျမ်းစာ

# ကစ္စည်းဘာသာဋီကာ

## ဒုတိယအုပ်

ကစ္စည်းကျမ်းကို နိဿယ အဓိပ္ပာယ် စုံလင်စွာ
တန်ဆာဆင်ထားသဖြင့် ဆိုင်ရာ စာမေးပွဲများအတွက်
တာဝန်ယူပါလိမ့်မည်။


ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ-၂၅၂၇ ကောဇာ-၁၃၄၅ ၁၉၈၄

ဒုတိယအကြိမ်

အုပ်ရေ-၄၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက် တောင်ဥက္ကလာပမြို့၊ (၈)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၉၀-အေ,ဘီ၊ စာပေပေါင်းကူးပုံနှိပ်တိုက် (၀၂၅၆)တွင် ဦးတင်မောင်က ပုံနှိပ်၍ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင် မှတ်ပုံတင် အမှတ် (၀၂၅၂၇) က ထုတ်ဝေသည်။



## မှတ်သားဖွယ်=မာတိကာ


| အက္ခရာစဉ် | | | စာမျက်နှာ |
|---|---|---|---|
| အင်္ဂလိပစ္စယ ဒုတိယဘော | .... | .... | ၄၃၃ |
| အင်္ဂနာစသည်၌ နပစ္စည်း | .... | .... | ၁၅၉ |
| အင်္ဂမာနိ၏ သာဓနေလိင်ဝုစ် | .... | .... | ၅၇၄ |
| အဇ္ဈတ္တံ | .... | .... | ၅၇ |
| အစုံစုံ စသည် | .... | .... | ၁၉၁ |
| အတိသဂ္ဂအဓိပ္ပာယ် | .... | .... | ၅၄၈ |
| အထ၏အနက်များ | .... | .... | ၂၆၅ |
| အတ္တာတိသယယောဂ | .... | .... | ၂၅၄ |
| အတ္ထိနိပါတ်, နာမ် | .... | .... | ၃၉၃ |
| အတ္ထုပ္ပတ္တိဒီပိတ် | .... | .... | ၁၅၈ |
| အဓိဓမ္မ, ဥတ္တမဓမ္မ | .... | .... | ၅၅၀ |
| အဓိတ္ထိ | .... | .... | ၅၄ |
| အနက်မတူလျှင် ဘာသိတပုံမ·မဟုတ် | .... | .... | ၁၃ |
| အနတ္တာ၌ ရာဇာဒီမပျက် | .... | .... | ၃၅ |
| အနာဂတ်ဝိဘတ် သက်ရာများ | .... | .... | ၃၁၄ |
| အနာပုစ္ဆာ (ဘိဒ္ဒါ, ဝိဒ္ဒါ) | .... | .... | ၅၁၆ |
| အနုကာရဏသဒ္ဒါ | .... | .... | ၃၃၆ |
| အနုကမ္ပာ (က) ပစ္စည်း | .... | .... | ၂၀၉ |
| အနုတ္တရ ပုညခေတ္တံ၌ မှတ်ဖွယ် | .... | .... | ၁၂၀ |
| အနုဗန္ဓခေါ်ပုံ | .... | .. . | ၂၃၂ |
| အနုဘာရုပ် | .... | .... | ၃၈၁ |
| အပစ္စံ | .... | ... | ၇၆ |
| အပစ္စအနက်၌ နပုံးမရှိ | .... | .... | ၇၉ |
| အပဝါဒဝိဓိသုတ် | .... | .... | ၂၄၄ |
| အဗ္ဗာသ | .... | .... | ၃၇၃ |
| အဘူတတဗ္ဘော (စီ) ပစ္စည်း | .... | .... | ၂၁၅ |
| အမာတာပိတရသဒ္ဒေါ | .... | .... | ၆၇ |
| အယပစ္စည်း (ဥဘယံ, ဒွယံ) | .... | .... | ၂၁၃ |
| အဝဿာဝိတော စသည် | .... | .... | ၁၆၀ |
| အသခ်ျေယျ အမျိုးမျိုး | .... | .... | ၂၂၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| အဿဇာနီယော .... .... | ၁၀၄ |
| အဿတ္ထိ ၂-ဆင့် .... .... | ၁၆၂ |
| အဿတ္ထိအနက် ပစ္စုပ္ပန် .... .... | ၁၇၀ |
| အဿတ္ထိပစ္စည်းတို့၏ အနက် .... .... | ၁၆၈ |
| အသံယောဂန္တဿ .... .... | ၂၇၉ |
| အဟာသိစသည် .... .... | ၄၀၅ |
| အာကတိဂိုဏ်း .... .... | ၈၈ |
| အာကီပစ္စည်း (ကောကီ) .... .... | ၂၀၄ |
| အာချာတ်ဘော၌ ဆင့်ကဲ ကတ္တားမလို .... .... | ၃၅၀ |
| အာချာတ်ဘော၌ ပုရိသ်ဝုစ်ထားပုံ .... .... | ၃၅၁ |
| အာဂန္တုကော .... .... | ၄၉၀ |
| အာဏတ္တိနှင့် ကာရိတ်အထူး .... .... | ၂၉၃ |
| အာမန္တခေါ် တံ ဂစ္ဆာမ .... .... | ၅၁၆ |
| အာယပစ္စည်း (ဿာတေတာယော) .... .... | ၂၀၅ |
| အာဝီပစ္စည်း (ပထာဝီ) .... .... | ၂၀၇ |
| အာဠှာဟန် .... .... | ၅၂၇ |
| ဣက, ဤ ပစ္စည်းခွဲခြား .... .... | ၁၆၂ |
| ဣကပစ္စည်း (ဓမ္မကထိကော) .... .... | ၂၀၅ |
| ဣတ္ထန္တာမော .... .... | ၂၇၆ |
| ဣဒမတ္ထိတာ .... .... | ၆၅ |
| ဤဒိသောစသည်၌ ဝိဂ္ဂိုဟ် .... .... | ၅၆၅ |
| ဤသံ ဒုသုဟိခ .... .... | ၄၇၅ |
| ဥကီပစ္စည်း (ဣသုကီ) .... .... | ၂၀၇ |
| ဥ, ပတိ, ဩမုက္ကာ .... .... | ၅၀၄ |
| ဥဏာဒ်ခေါ်ပုံ .... .... | ၅၃၂ |
| ဥဒပါန် .... .... | ၆၈ |
| ဥဒုက္ခလံ .... .... | ၂၅၂ |
| ဥပမာအမည် သက္ကတအသုံး .... .... | ၅၄၃ |
| ဥပ္ပိလာဝိတာ .... .... | ၁၆၀ |
| ဧကန္တတ္တုစသည်၌ စဉ်းစားဖွယ် .... .... | ၅၇၄ |
| ဧဝီသံ သတ်စသည် .... .... | ၁၇၈ |
| ဧတ္တိံ သောကပွေစသည် .... .... | ၁၇၇ |

အက္ခရာစဉ် စာမျက်နှာ


ကေသေဿနှင့် ဝိဇ္ဇာ .... .... ၁၉၈
တော် မမံ၌ "မမ" မဟုတ် .... .... ၁၁၆
ယျေစသော သတ္တမီအနက်များ၊ .... .... ၂၉၉
ဟေိတိ, ဟေိန္တိ စသည် .... .... ၃၈၄
ကမ္မုအာခာရူပမာန .... .... ၃၃၈
ကာကတာလိယ စသည် .... .... ၂၁၁
ကာရိတ၏ ဝစနတ္တ .... .... ၃၄၂
ကာရိတ်အတွင်းဝင်သောဓာတ် .... .... ၂၉၂
ကာလ ၃ ပါး ဝိဂ္ဂိုဟ်ပြုနိုင် .... .... ၄၂၂
ကာလေအရ .... .... ၂၈၅
ကာလေ ၂ သုတ် အထူး .... .... ၂၈၃
ကိစ္စပစ္စည်း၏ အရဟ သက္ကတ္ထ .... .... ၄၅၂
ကိတန္တသမာသ် .... .... ၄၂၀
ကိတ်ဝိဂ္ဂိုဟ်၌ ဣတိထည့်, မထည့် .... .... ၄၃၆
ကိရိယ=ကြိယ .... .... ၄၇၀
ကိံနာမော စသည် .... .... ၆၀
ကုဋ္ဌရော .... .... ၁၆၃
ကုန္ဒဒီ .... .... ၃၀
ကုဗ္ဗတိ ရှိသင့်ပုံ .... .... ၄၀၁
ကုမ္ဘိ-ပြု၏ .... .... ၃၈၈
ကောလ တတိယတ္ထ .... .... ၂၃၅
ကြိယာတိပန္န ဖြစ်ခြင်းအကြောင်း .... .... ၃၁၉
ကြိယာနှင့် ကတ္တား ကံ တူ-မတူ .... .... ၂၈၀
ကြိယာယံ ဏွုတဝေ ါသုတ် မှတ်ဖွယ် .... .... ၅၈၁
ကြွင်း ပုမ္ဘောင့်များ .... .... ၂၂
ကွစာဒိဝဏ္ဏာနံ ကောဿရာနံ .... .... ၃၇၀
ခပ္ပိပါသာ .... .... ၃၀
ဂရုသံ ရှတ်ပုံနှင့် ဂရု ၃-မျိုး .... .... ၅၂၁
ဂါဏ္ဍိဝဓန္တာ .... .... ၄၆
ဂါမေန (ဂါမဿ) ပူဇိတံ .... .... ၅၆၂
ဂုဏာဝန္တပတိဋ္ဌာ .... .... ၆၆
ဂေါတ္တံပုဒ်နက် .... .... ၈၅

| အက္ခရာစဉ် | | | စာမျက်နှာ |
|---|---|---|---|
| စတုတ္တ, ဆဋ္ဌဓွေဘော် | .... | .... | ၁၈၈ |
| စာတုဒ္ဒသော ဥပေါသထော | .... | .... | ၁၇၇ |
| စုလ္လာသီတိ | .... | .... | ၂၀၄ |
| စေခိုင်းမှု ဟေတွတ္တ | .... | .... | ၃၄၁ |
| ဇနပုဒ်နာမည်များ ဗဟုဝုစ် | .... | .... | ၁၁၉ |
| ဇာနာတိ, အဓိတေအနက် | .... | .... | ၁၀၅ |
| ဇိရိဒန္တိ | .... | .... | ၃၉၈ |
| ဇီမူဒေသာ | .... | .... | ၂၅၂ |
| ဇီယတိ ဇီယျတိ | .... | .... | ၃၉၇ |
| ဇီဝက | .... | .... | ၄၆၇ |
| ဇုဟောတျာဒိ | .... | .... | ၄၀၁ |
| ဏွုပစ္စည်း ကံဟော | .... | .... | ၄၃၁ |
| တဗ္ဗပစ္စည်း (ဇဏ္ဍုတဗ္ဗံ) | .... | .... | ၂၁၃ |
| တဒ္ဓိတ် အရကောက် | .... | .... | ၇၃ |
| တဒ္ဓိတ်ရုပ်တွက်စဉ် | .... | .... | ၈၂ |
| တပဿီ, တာပသော | .... | .... | ၁၆၁ |
| တဗျပစ္စည်း | .... | .... | ၄၅၅ |
| ကယပစ္စည်း (ဒွိတယံ) | .... | .... | ၂၁၄ |
| တရပစ္စည်း (ဝစ္ဆတရော) | .... | .... | ၂၁၄ |
| တဝေတုနာဒိတို့ နာမ်မင့်ရ | .... | .... | ၅၁၉ |
| တဿီလာဒိသု | .... | .... | ၄၄၀ |
| တဿီလာဒျတ္ထ ကတ္တုသာဓနေ | .... | .... | ၄၄၃ |
| တဿေဒံ၌ ဣဒံအနက် | .... | .... | ၁၁၄ |
| တာဝတွတော | .... | .... | ၁၅၃ |
| တိ အန္တကို အာဟပြု | .... | .... | ၃၈၀ |
| တိဋ္ဌဂု စသည် | .... | .... | ၅၈ |
| တိံသာနိ (တိံသဝန္တာနိ) | .... | .... | ၁၆၇ |
| တံဒီပါ စသည် | .... | .... | ၇၁ |
| တုဝေယျံ-သင်၏ဥစ္စာ | .... | .... | ၁၁၆ |
| တုံ ထာယေတို့၏ အနက် | .... | .... | ၄၇၈ |
| တွာကို ယာနပြု (အနုမောဒိယာန) | .... | .... | ၅၁၆ |
| တွာပစ္စည်းတို့၏ သက်ရာ ၅-ဌာန | .... | .... | ၄၈၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဒကသောတော .... .... | ၆၉ |
| ဒယာလုက .... .... | ၁၄၃ |
| ဒဒ္ဒဠှတိဗ္ဗ စဉ်းစားဖွယ် .... .... | ၃၇၅ |
| ဒိဋ္ဌတိ စသည် .... .... | ၄၀၈, ၃၁၁ |
| ဒုတိယ-ဒုတိယ .... .... | ၁၈၈ |
| ဒေပေ-ဝေယျဂ္ဃေ .... .... | ၁၂၉ |
| ဒေဝဒတ္တိယ စသည် .... .... | ၆၁ |
| ဒေဝေါယေဝ ဒေဝတာ .... .... | ၁၃၆ |
| ဒေဋ္ဌံ, ဂဋ္ဌံ, ဩဟဋ္ဌံ စသည် .... .... | ၃၈၇ |
| ဒေါဟဠှိနီ .... .... | ၁၈၃ |
| ဒွတ္တိကွတ္တုံ .... .... | ၁၈၃ |
| ဒွါရေနိယုတ္တောဌ ဒွါရ .... .... | ၁၀၇ |
| ဒွိဘူမိ စသည် .... .... | ၃၉ |
| ဒွေဘာဝ ၃-မျိုး .... .... | ၃၇၂ |
| ဒွေဠှကော .... .... | ၁၅၀ |
| ဓာတုရူပ .... .... | ၃၃၅ |
| ဓာတုလိင်္ဂေဟိ .... .... | ၃၂၆ |
| ဓာပစ္စည်း၏ အသတ္တိအနက် .... .... | ၂၃၆ |
| ဓာတ်နက်ကြားရကျိုး .... .... | ၃၆၉ |
| ဓိတိမာ .... .... | ၁၆၆ |
| ဓူပါယတိ, ကုက္ကုစ္စာယတိ စသည် .... .... | ၃၃၇ |
| ဓူမာယိတတ္တံ စသည် .... | ၁၄၀ |
| နခံ, နကုလ စသည် .... .... | ၂၇ |
| နဂါ (နဂရံ) .... .... | ၁၆၂ |
| နဒီ အမည် .... .... | ၄၂ |
| နဝ (နာဝ) ကမ္မိက .... .... | ၃၀၈ |
| နာမ်ငဲ့ရခြင်း အကျိုး .... .... | ၅၂၀ |
| နိစ္စသမာသ်၌ ဝိဂ္ဂိုဟ် .... .... | ၄၂၂ |
| နိစ္စသမာသ်များပုံ .... .... | ၄၂၃ |
| နိပါတနာ .... .... | ၂၀၅ |
| နိပ္ဖန္န—အနိပ္ဖန္န .... .... | ၅၄၄ |
| နိပ္ဖန္နဖြစ်ပြီးသော အနိပ္ဖန္န .... .... | ၂၀၁ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| နိယ, ညပစ္စည်း (ကမ္မနိယံ-ကမ္မည်) | ၂၁၅ |
| နိရုတ္တကျမ်း (နိရုတ္တိနည်း) | ၂၅၃ |
| နိဿယော | ၄၂၉ |
| နိလံ, ပိဘံ၌ မှတ်ဖွယ် | ၁၂၃ |
| ပကာရ အနက် | ၂၃၇ |
| ပဉ္စမီ, သတ္တမီသညာ | ၃၂၃ |
| ပစ္စယာ အရကောက် | ၃၂၇ |
| ပစ္စယာဒနိဋ္ဌာ နိပါတနာ | ၄၉၁ |
| ပစ္စယော ရူပသိဒ္ဓိ မတွောဝ | ၃၅၈ |
| ပဌမော (ပထမော) | ၅၆၁ |
| ပထဝီ (ပုထဝီ) | ၅၉၉ |
| ပဒကော စသည် | ၁၀၅ |
| ပရဿ-အတ္တနောပဒ | ၂၆၇ |
| ပရောက္ခ စသောဝိဘတ် ၃ မျိုး၏သက်ရာ | ၃၁၁ |
| ပဝေဏ္ဍတိ စသည် | ၄၁၂ |
| ပါထေယျံ စသည် | ၉၃ |
| ပါပတ္တ စသည် | ၃၉၅ |
| ပိသာစော | ၂၅၂ |
| ပိသောဒရာဒိဂိုဏ်း | ၂၅၅ |
| ပုဗ္ဗရတ္တ စသည် | ၃၇ |
| ပုရတ္ထိမော | ၁၃၀ |
| ပုရေ (ပုရ) ကွာရော | ၅၁၄ |
| ပုလ္လိင်ငဲ့ အမျိုးမျိုး | ၁၄ |
| ပေသုနေယျံ | ၁၄၉ |
| ပေါရိသိယံ | ၁၅၁ |
| ဖလိတော စသည်၌ ဣတပစ္စည်း | ၁၆၀ |
| ဖလိနော စသည်၌ ဣနပစ္စည်း | ၁၅၉ |
| ဗလဝံ ပီတိ | ၆၅ |
| ဗဟုလံ၏ အဓိပ္ပာယ် | ၄၅၄ |
| ဗုဒ္ဓဒတ္တော စသည် | ၆၁ |
| ဗျာကာသိဏ်း ဆိုခြင်းအနက် | ၃၁၈ |
| ဗြဟ္မဏာဗန္ဓု ဘရိယာ | ၁၈ |

| အက္ခရာစဉ် | | | စာမျက်နှာ |
|---|---|---|---|
| ဗြဟ္မဏဗန္ဓု ဒါရိကာ | .... | .... | ၂၁ |
| ဘာဝမှတ်ဋ္ဌာ | .... | .... | ၆၅ |
| ဘတ္တဂ္ဂ စသည် | .... | .... | ၄၃၈ |
| ဘဇ္ဇော၏ ကတ္တားဟော | .... | .... | ၄၅၇ |
| ဘာဝတဒ္ဓိတ် အနက်ပေးပုံ | .... | .... | ၁၄၆ |
| ဘာဝဝါစိမှ စတုတ္ထီသုတ် မှတ်ဖွယ် | .... | .... | ၅၈၂ |
| ဘာသိတော၌ အနာဂတ်ဖြစ်ရပုံ | .... | .... | ၄၇၂ |
| ဘုဇာဒိ, ဂုပါဒိ | .... | .... | ၅၀၁ |
| ဘူကရာ သဗ္ဗဓာတွတ္ထဗျာပကာ | .... | .... | ၃၆၅ |
| ဘူဝါဒယော၌ ပုဒ်ခွဲအမျိုးမျိုး | .... | .... | ၃၆၇ |
| ဘောအနက် | .... | .... | ၃၄၉ |
| မဂ္ဂုရူ | .... | .... | ၇၁ |
| မတ္တာပစ္စည်း (သတမတ္တံ) | .... | .... | ၂၁၃ |
| မဒနီယံ (နိယံ) စသည် | .... | .... | ၁၃၈ |
| မနုဿာ စသည် | .... | .... | ၉၆ |
| မနုဿဇာတိယော | .... | .... | ၁၃၂ |
| မမုဒ္ဒေသိကော | .... | .... | ၇၁ |
| မယူရ | .... | .... | ၂၅၂ |
| မဟတ္တရီ | .... | .... | ၆၆ |
| မဟပ္ဖလံ၌ ဒွေဘော်ပြုရပုံ | .... | .... | ၁၀ |
| မဟလ္လကော | .... | .... | ၁၅၀ |
| မဟာ၏ ၃ လိင် | .... | .... | ၁၀ |
| မဟာပုရိသော၌ မဟာအနက် | .... | .... | ၈ |
| မဟိမာ စသည် | .... | .... | ၁၅၀ |
| မာဃဝပုဒ်ပြီး | .... | .... | ၉၈ |
| မာတာပိတရော | .... | .... | ၆၇ |
| မာတာမဟော စသည် | .... | .... | ၆၈ |
| မာန အန္တတို့အနက် | .... | .... | ၄၈၇ |
| မာမက စသည် | .... | .... | ၁၁၆ |
| မာယောဂေ၌ ရထိုက်သော ဝိဘတ်များ | .... | .... | ၁၁၃ |
| မိတ္တ, သဟာယ, ဉာတိ | .... | .... | ၁၃၆ |
| မုခရော | .... | .... | ၁၆၃ |
| မူလဝိဘုဇာဒိဂိုဏ်း | .... | .... | ၂၅၆ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ယတာ သမာသ်တွဲမှတ်ဖွယ် | .... | .... | ၄၂၉ |
| ယထာကထဉ္စိ ဗျုပ္ပတ္တိ | .... | .... | ၂၀,၃၄၆ |
| ယထာကထဉ္စိ ဗျုပ္ပတ္တိ | .... | .... | ၄၆၀ |
| ယထာဘုစ္စံ | .... | .... | ၁၅၁ |
| ယာဝပုရာစသည် ယှဉ်ရာ | .... | .... | ၂၀၀ |
| ယာဝါ စသည် | .... | .... | ၂၁၀ |
| ယောဗ္ဗနံ | .... | .... | ၁၄၉,၁၅၁ |
| ယုဏ်ပစ္စည်း (ဓာရယော) | .... | .... | ၂၁၇ |
| ရတာရ, ရတမပစ္စည်း | .... | .... | ၂၁၄ |
| ရဟာဒိတော ဏ၌ အာဒိဖြင့် ယူဖွယ် | .... | .... | ၄၆၃ |
| ရာဇဒန္တာဒိဂိုဏ်း | .... | .... | ၄၅ |
| ရာဇာဒိအာကတိဂိုဏ်း | .... | .... | ၃၂ |
| ရာမဏီယကံ | .... | .... | ၁၅၂ |
| ရိကဏ်ပစ္စည်း (ဝေမာတိကာ) | .... | .... | ၂၁၆ |
| ရေပြုရာဝိဘတ်များ | .... | .... | ၄၀၇ |
| လက္ခဏော၌ ဏပစ္စည်း | .... | .... | ၁၅၉ |
| လဒ္ဒါ, လဒ္ဒါန | .... | .... | ၅၁၀ |
| လုတ္တာလုတ္တာသမာသ် | .... | .... | ၁၅၉ |
| ဝက်တော၌ ဏပစ္စည်း | .... | .... | ၁၆၀ |
| ဝစ္စိတော၌ ဏ္ဍတပစ္စည်း | .... | .... | ၁၆၀ |
| ဝတ္တမာန် ၄-မျိုး | .... | .... | ၂၀၆ |
| ဝဒ္ဓဗျံ, ဒါသဗျံ | .... | .... | ၁၄၉ |
| ဝနဘောဒါ | .... | .... | ၆၀ |
| ဝရဏာ နဂရံ, ဂေါဓာဂါမော | .... | .... | ၁၁၀ |
| ဝါဏပစ္စေ၌ ဝါအနက် | .... | .... | ၇၉ |
| ဝါဒိတ္တ, ဝါဒိတ | .... | .... | ၅၉၀ |
| ဝိကရဏပစ္စည်း | .... | .... | ၃၅၉ |
| ဝိစိတြာဟိ တဒ္ဓိတဝုတ္တိ | .... | .... | ၂၅၉ |
| ဝိဇ္ဇာသုတ္တ သောပစ္စည်း | .... | .... | ၂၃၅ |
| ဝိဒနောင် အန္တိကို ဉ်ပြု | .... | .... | ၃၀၀ |
| ဝိပရိယယော | .... | .... | ၃၉၁ |
| ဝိဘတ်ကို ပစ္စယခေါ်ပုံ | .... | .... | ၃၃၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|


| | |
|---|---|
| ဝိဘတ်မတူ တုလျာဝိကရဏ | ၅၀၉ |
| ဝိဘာဂအနက် | ၂၃၃ |
| ဝိသေသတ္တတရ, တမပ၎ည်း | ၁၅၆ |
| ဝိဟာဆတိ စသည် | ၃၈၆ |
| ဝိရိယံ | ၁၅၁ |
| ဝုဓ္ဓတေ ရုပ်ပြီးပုံ | ၃၅၆ |
| ဝုတ္တ, ဝုဋ္ဌ အဆုံးအဖြတ် | ၄၉၆ |
| ဝုဒ္ဓိလောပ စသည် | ၂၄၈ |
| ဝေဒနာဝါစသည် | ၁၆၅ |
| ဝေဒလ္လံ, ဒုဋ္ဌုလ္လံ | ၁၄၁ |
| ဝေသမံ | ၁၅၂ |
| ဝေဿဝဏ္ဏော | ၁၆၇ |
| သကိယော-ပရကိယော | ၁၃၃ |
| သက္ကစ္စ စသည် | ၆၂ |
| သကတ္တ(သွတ္တ) | ၁၃၆ |
| သကတ္တိက တဒ္ဓိတ်များ | ၁၃၇ |
| သက်န္တိ - သကြံန် | ၅၄၆ |
| သက္ယပုတ္တိယော | ၁၁၂ |
| သင်္ချာအပြား | ၂၁၁ |
| သင်္ချာတဒ္ဓိတ် ခေါ်ပုံ | ၂၄၄ |
| သင်္ချာဘုံအပြား | ၂၁၀ |
| သင်္ဂဏိကာရာမော | ၁၃၈ |
| သင်္ကိုရိယာ စသည် | ၆၂ |
| သညာအနက် ကပ၎ည်း | ၂၀၈ |
| သညာဘေဝါ | ၆၆ |
| သညာယ မနုဿ "မန" မဆိုပုံ | ၄၄၈ |
| သဏ္ဍာတတိစသည် ရုပ်ပြီးပုံ | ၁၇၆ |
| သတောသမ္ဘောနော | ၁[illegible] |
| သန္တနော စသည် | ၂၀၇ |
| သပက္ခော | ၇၀ |
| သပတ္တိ | ၇၀ |
| သပလာယံ | ၆၃ |
| သပုတ္တော | ၆၉ |

| မာတိကာစဉ် | | | စာမျက်နှာ |
|---|---|---|---|
| သဗြာဟ္မ | .... | .... | ၆၉ |
| သဗြာဟ္မစာရ် | .... | .... | ၇၀ |
| သဒ္ဒန်တိ နပုံးငဲ့ | — | — | ၁၇ |
| သမ္ဘာဝနာ | .... | — | ၃၀၀ |
| သမဏော စသည် | .... | .... | ၂၀၈ |
| သမခေတ်၌ ထောမနိဗ်ဆိုပုံကို ပြရာဝယ် "သမာ"ခေတ်ဟု မှားနေ၏ | | | ၅၄၁ |
| သမ္မတော၌ မှတ်ချက် | .... | — | ၅၆၉ |
| သမုဟတ္တံ စသည် | .... | .... | ၇၀ |
| သဗ္ဗဘာတ္တယံ စသည် | .... | .... | ၆၃ |
| သမ္ဘည်း အနက် | .... | ... | ၂ |
| သဝယော စသည် | .... | .... | ၇၁ |
| သာမဂ္ဂီ | .... | .... | ၁၅၂ |
| သာမညနိဒ္ဒေသနည်း | .... | .... | ၁၉၄ |
| သာမိစီ | .... | .... | ၁၅၂ |
| သာမံ, သုဝါမိ | .... | .... | ၁၅၉ |
| သာဟံ, သန္တော | — | .... | ၁၇၉ |
| သိခါဂလော၌ ဝလပစ္စည်း | .... | .... | ၁၆၈ |
| သိင်္ဂိနိက္ခသဝဏ္ဏော | .... | .... | ၇၀ |
| သိယာ, သိယုံစသည် | .... | .... | ၄၀၈ |
| သီလဝေါ စသည် | .... | .... | ၁၆၅ |
| သုရာ, ဝါရုဏာ | .... | .... | ၁၂၉ |
| သုဝဏ္ဏမယံ စသည် | .... | .... | ၁၇၁ |
| သုသာန | .... | .... | ၁၅၂ |
| သေသေသဏ္ဍု မာနာနာသုတ် မှတ်ဖွယ် | .... | .... | ၅၈၅ |
| သောဒရိယော | .... | .... | ၇၁ |
| သောမနဿ | .... | .... | ၁၅၁ |
| သံယော၏ စနတ္တ | — | .... | ၄၄၉ |
| သံပသာရဏပြုခြင်း | .... | .... | ၂၄၃ |
| သံဝိဒါဝဟာရော | .... | .... | ၂၅၂ |
| သက်, သပစ္စည်း (စကျုသံ) | — | .... | ၂၁၅ |
| သံသဋ္ဌနှင့် အဘိသင်္ခတ | .... | .... | ၁၀၂ |
| ဟစ္စ, ယစ္စ, လေယျ | .... | — | ၄၅၆ |
| ဟတ္ထိကာ (ဆင်ရုပ်) | .... | – | ၂၀၇ |

**နာမာနံ သမုစ္စယော ဒွန္ဒော**

၃၂၉။ ကေ ဝိဘတ္တိကာနံ-တူသောဝိဘတ် ရှိကုန်သော၊ နာမာနံ-တို့၏၊ ယော သမုစ္စယော-အကြင် ပေါင်းစည်းအပ်သော အနက်သည်၊ (အတ္ထိ)၊ သော-ထို ပေါင်းစည်းအပ်သော အနက်သည်၊ ဒွန္ဒသညော-ဒွန် အမည်ရှိသည်၊ ဟောတိ၊ စန္ဒိမာစ-လလည်း၊ သူရိယောစ-နေ လည်း၊ စန္ဒိမ သူရိယာ-လ, နေတို့၊ သမဏောစ ဗြာဟ္မဏောစ သမဏဗြာဟ္မဏာ—ရဟန်း ပုဏ္ဏားတို့၊ **သာရိပုတ္တောစ မောဂ္ဂလ္လာနောစ** သာရိပုတ္တ မောဂ္ဂလ္လာနာ—တို့၊ ဗြာဟ္မဏောစ ဂဟပတိကောစ ဗြာဟ္မဏ ဂဟ

---

၃၂၉။ **နာမာနံ**။ ။နာမာနံ သမာသော ယုတ္တတ္ထောသုတ်မှ "နာမာနံ" ပုဒ်ကို လိုက်စေလျှင် ပြီးကောင်းလျက် "နာမာနံ" ဟု ထပ်၍ ဆိုခြင်းကြောင့် "နာမ် ၂ ပုဒ်သာမက, ၃ပုဒ် ၄ ပုဒ်စသော နာမ်ပုဒ်အများလည်း ဒွန်သမာသ် ဖြစ်နိုင်၏" ဟု ပြရခြင်း အကျိုးရှိ၏၊ မှန်၏-တိပဒဗဟုဗ္ဗီဟိ တိပဒကမ္မဓာရဲ စသည်ဖြင့် အခြား သမာသ်များ၌လည်း နာမ် ၃ ပုဒ် သမာသ်တွဲပုံကို တွေ့ရ၏၊ သို့သော် ထို တိပဒဗဟုဗ္ဗီဟိ- တိပဒကမ္မဓာရဲတို့ကို ဆရာအချို့သာ လက်ခံကြ၏၊ ဤ ဒွန်အရာ၌ကား နာမ်ပုဒ်အများ၏ သမာသ်စပ်ခြင်းကို ဆရာတိုင်းပင် လက်ခံကြသည်။ [နာမာနံ သမာသောတိ အဓိကာရေပိ ပုန "နာမာနံ သမုစ္စယော" တိ နာမဂ္ဂဟဏကရဏံ ဗဟူနမ္ပိ သမာသသမ္ဘဒဿနတ္ထံ။ (ရူပ်ဋီကာ)။]

**ကေဝိဘတ္တိကာနံ**။ ။ဤပါဌ်ဖြင့် "အချို့သော သမာသ်များ၌ ရှေ့ပုဒ် ပဌမာ-နောက်ပုဒ်၌ ဝိဘတ် ၇ သွယ် စသည်ဖြင့် ရှေ့ပုဒ် နောက်ပုဒ်တို့ ဝိဘတ် မတူသော်လည်း သမာသ်ဖြစ်ကြ၏၊ ဤ၌ကား တစ ါကျထည်း၌ ဝိဘတ်တူသော နာမ်ပုဒ်များကိုသာ ဒွန်သမာသ်စပ်နိုင်သည်" ဟု ပြသည်၊ ထို့ကြောင့် "သာရိပုတ္တ မောဂ္ဂလ္လာနာ ဓမ္မံ ဒေသေန္တိ" ၌ ဒေသေန္တိ၌ စပ်ဖို့ရာ ပဌမာဝိဘတ်ချင်း တူကြ၍ "သာရိပုတ္တောစ မောဂ္ဂလ္လာနောစ" ဟု ဝါကျမထားပဲ "သာရိပုတ္တ မောဂ္ဂလ္လာနာ" ဟု ဒွန်သမာသ် ထားနိုင်သည်၊ "သာရိပုတ္တ မောဂ္ဂလ္လာနေ အာမန္တေသိ" ဤ၌ အာမန္တေသိ ကြိယာဝယ် ကံ အဖြစ်ဖြင့် စပ်ဖို့ရာ ဒုတိယာ ဝိဘတ်ချင်း တူကြ၏၊ ထို့ကြောင့် "သာရိပုတ္တံစ မောဂ္ဂလ္လာနံစ" ဟု ဝါကျ မထားပဲ "သာရိပုတ္တ မောဂ္ဂလ္လာနေ"ဟု ဒွန်သမာသ်ဖြင့် ထားသည်၊ ဤသို့လျှင် "စာစပ်ရာတူမှ-ဝိဘတ်တူနိုင်, ဝိဘတ်တူမှလည်း ဒွန်သမာသ်ဖြစ်နိုင်သည်" ဟု မှတ်ပါ။

**မှတ်ချက်**။ ။"ကေဝိဘတ္တိကာနံ" ဟု ဆိုသောကြောင့် ဝိဘတ်တူမှုသာ ပဓာန တည်း၊ ဝုစ်ကား တူတူ-မတူတူအရေးမကြီး၊ ထို့ကြောင့် သားအများ သမီးတယောက်ကို "ပုတ္တာစ ဓီတာစ ပုတ္တဓီတရော" ဟုလည်းကောင်း, သားသမီးအများ မယား တယောက်ကို "ပုတ္တာစ ဒါရောစ ပုတ္တဒါရော" ဟုလည်းကောင်း သမာသ်တွဲနိုင်သည်။

ပတိကာ—တို့၊ ယမေ၁စ—ယမမင်းလည်း၊ ဝရုဏော၁စ—ဝရုဏနတ်လည်း၊ ယမ ဝရုဏာ—တို့၊ ကုဝေရောစ — ကုဝေရနတ်လည်း၊ ဝါသဝေါစ— ဝါသဝနတ် လည်း၊ ကုဝေရ ဝါသဝါ—တို့၊ ဒွန္ဒကူစ္စနေန—ဒွန်ဟူသော ဤအမည်ကို ပြုခြင်း ဖြင့်၊ ပေ၊ ဒွန္ဒဋ္ဌာဝါ— ဒွန္ဒဋ္ဌာဝါသုတ်၌ ဒွန်ဟုခေါ်ဝေါ်ရခြင်း အကျိုးရှိ၏။ (၃၂၃)။

---

**ယော၁သမုစ္စယော, သော၁ဒွန္ဒသညော။** ။"နာမာနံ + သမုစ္စယော" ၌ နာမာနံအရ "သမဏော+ဗြာဟ္မဏော" စသော နာမ်ပုဒ်ရ၍ သမုစ္စယော အရ ထိုနာမ်ပုဒ်တို့၏ အနက်ရ၏၊ "ရဟန်း+ပုဏ္ဏား" ဟု ကွဲပြားနေသော အနက် ၂ ပါးကို "ရဟန်းပုဏ္ဏား" ဟု တတွဲထည်း တနက်ထည်းဖြစ်အောင် ပေါင်းစည်းခြင်း ကြိယာကိုလည်းကောင်း, ပေါင်းစည်းအပ်သော "ရဟန်း ပုဏ္ဏား" ဒြပ်ကိုလည်းကောင်း အနက်ဟု ဆိုသည်။ [သမုစ္စိယတေ-ပေါင်းစည်း အပ်၏၊ ဣတိ သမုစ္စယော-မည်၏။] ဤသို့ "သမုစ္စယော" အရ အနက်ရသော် လည်း သမာသ်တွဲသောအခါ အနက်ကို တွဲ၍ မဖြစ်သောကြောင့် "သမဏော+ ဗြာဟ္မဏော" စသော သဒ္ဒါကိုသာ သမာသ် တွဲစေပ်ရသည်၊ ဥပမာ-"အဂ္ဂိဿိနိ" သုတ်၌ အဂ္ဂိဿအရ မီးဟူသော အနက်ကိုယူ၍ မဖြစ်သောကြောင့် အဂ္ဂိသဒ္ဒါ ကိုသာ ယူရသကဲ့သို့တည်း။ [သမုစ္စယော သမာသောတိ အတ္ထော ဝုတ္တော၊ တဿပိ အတ္ထေ အသမ္ဘဝါ တဒတ္ထသဒ္ဒေယေဝ ဘဝတိ၊ ယထာ-အဂ္ဂိဿိနိ၊..... ရူဋီကာ။]

အမှာ။ ။ဒွန္ဒအမည်ရခြင်း၏ အကြောင်းကိုလည်းကောင်း, ဤဒွန်သမာသ်၌ ၂ ပုဒ်တွဲလျှင် ၂ နက်ရ, ၃ ပုဒ်စသည်တွဲလျှင် ၃ နက်ရ-စသည်ရပါလျက် ဧကတ္တီဘာဝ (တနက်ထည်းဖြစ်ရကြောင်း) ကိုလည်းကောင်း ရူပသိဒ္ဓိ၌ တိုက်ရိုက်ပြထားပြီ။

**သမုစ္စည်း အနက်။** ။ဒွန်သမာသ်ကို စတ္ထသမာသ်(စသဒ္ဒါ၏ အနက်ရှိ ရှိသော သမာသ်) ဟုလည်း ခေါ်၏၊ စသဒ္ဒါ၏ အနက်ကိုကား "သမုစ္စည်း အနက်" ဟုခေါ်သည်၊သမုစ္စယနံ- ပေါင်းစည်းခြင်း၊ သမုစ္စယော-ပေါင်းစည်း ခြင်း၊ "သမဏော၁စ ဗြာဟ္မဏော၁စ" ဟု ရှိရာ၌ "သမဏော၁စ-ရဟန်းလည်း, ရဟန်းလဲ, ရဟန်းရော" ဟု ဆိုသဖြင့် ရဟန်းချည်းမက, ရဟန်းအပြင် အခြား အနက်ရှိသေးကြောင်း သိသာ၏၊ ထိုသို့ သိသာအောင် စသဒ္ဒါက အခြားအနက် ကို ပေါင်းပေး စည်းပေးသည်၊ ဗြာဟ္မဏော၁စ၌ စသဒ္ဒါကလည်း ပုဏ္ဏားအပြင် အခြားအနက်ကို ပေါင်းစည်းပေး၏၊ ဤသို့လျှင် ရဟန်းအနက်ပေါ်၌ ပုဏ္ဏား အနက် ပါဝင်လာအောင်, ပုဏ္ဏား အနက်ပေါ်၌လည်း ရဟန်းအနက် ပါဝင် လာအောင် ပေါင်းပေးခြင်းအနက်, (ရဟန်းအနက်နှင့် ပုဏ္ဏားအနက် ၂ ခုကို တစုတစည်းထည်းဖြစ်အောင် ဆည်းပေးခြင်းအနက်) သည် သမုစ္စယတ္ထမည်၏။ [စုပ်စည်းလုံးမိအောင် ပြုခြင်းကို"ဆည်း"ဟုခေါ်၏၊ ဥပမာ-ကွဲအောင်ပြုခြင်းကို

"ခွဲ" ဟု ခေါ်သကဲ့သို့တည်း၊ ပုဂ္ဂိုလ်၏ ပယောဂ မစိုက်ပဲ ပြီးသော "ကွဲ, ကျ, ပြတ်, ကျက်" စသော ပဌမအက္ခရာဖြင့် သုံးစွဲရသော ကြိယာများဝယ် ပုဂ္ဂိုလ်၏ ပယောဂပေါ်လာရာ၌ "ခွဲ, ချ, ဖြတ်, ချက်" စသည်ဖြင့် ဒုတိယအက္ခရာဖြင့် သုံးစွဲရိုးရှိသည်၊ ထို သမုစ္စည်းသည် ကေဝလသမုစ္စည်း, အန္တာစယသမုစ္စည်း, ဣတရေတရယောဂ သမုစ္စည်း, သမာဟာရသမုစ္စည်း ဟု ၄ မျိုး ရှိ၏။]

**ကေဝလ သမုစ္စည်း**။ ။ပြအပ်လတ္တံ့သော အန္တာစယ၏ လက္ခဏာနှင့် မရောသော သမုစ္စည်းသည် "ကေဝလသမုစ္စည်း" မည်၏၊ "ကေဝလော-အန္တာစယသဘောနှင့် မရောမယှက် သက်သက်သန့်သန့် ဖြစ်သော+သမုစ္စယော - ပေါင်းဆည်းခြင်းတည်း၊ ကေဝလသမုစ္စယော-ခြင်း။ [ဣတရေတရ, သမာဟာရတို့မှာ ကေဝလသမုစ္စည်းမှ ဖြာသွားသော သမုစ္စည်းအထူးတို့ဖြစ်၍ ကေဝလသမုစ္စည်းနှင့် သဘောတူပင် ဖြစ်၏၊ ထို့ကြောင့် ကေဝလသမုစ္စည်းကို "ဣတရေတရ-သမာဟာရ သဘောတို့နှင့် မရော" ဟု မဆိုထိုက်၊ "ဣတရေတရယောဂေါ သမာဟာရောစ သမုစ္စယဿေဝ (ကေဝလသမုစ္စည်း၏ပင်) ဘေဒေါ"…. မောဂ္ဂလ္လာန် ပဥ္စိကာ။]

**ပုံစံကား**။ ။ဤ ကေဝလသမုစ္စည်း၏ ပုံစံကို "စီဝရံ ပိဏ္ဍပါတံစ, ပစ္စယံ သယနာသနံ အဒါသိ"ဟု ရှူ၌ ထုတ်၏၊ ပိဏ္ဍပါတံစ၌ စသဒ္ဒါတခုသာ ပါခြင်းမှာ ဂါထာ ဖြစ်သောကြောင့်တည်း၊ "စီဝရံ စ ပိဏ္ဍပါတံ စ သေနာသနံ စ ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ စ အဒါသိ" ဟု ဆိုလိုသည်၊ တဝါကျထည်း၌ ပုဒ်တိုင်းမှာ စ မပါပဲ အစတပုဒ်၌ဖြစ်စေ အဆုံးတပုဒ်၌ဖြစ်စေ အလယ်တပုဒ်၌ ဖြစ်စေ စ သဒ္ဒါပါလျှင် ဒီပကနည်းဟုမှတ်၊ ကေဝလသမုစ္စည်း ချည်းတည်း။

**ဆည်းပုံအမျိုးမျိုး**။ ။(၁)ဤ ကေဝလသမုစ္စည်း၏ ဆည်းပုံသည် ကြိယာတခုထည်း၌ ကာရကဒြပ်အများကိုဆည်းသော ကြိယာဒဗ္ဗသမုစ္စည်းလည်း ရှိ၏၊ ပုံစံကား- "ဗုဒ္ဓံ ဂုရုံစ ဘဇဿု= ဘုရားကိုလည်းကောင်း ဆရာကိုလည်းကောင်း ဆည်းကပ်လော" ဤ၌ "ဘဇဿု" ဟု ကြိယာတခုထည်း၌ ဗုဒ္ဓံ ဂုရုံဟု ကမ္မကာရက (ဘုရားဒြပ်နှင့် ဆရာဒြပ်) ၂ မျိုးကို ဆည်း၏၊ "စီဝရံ၊ပေ၊အဒါသိ" ၌လည်း နည်းတူ။

(၂) ဒြပ်၌ ကြိယာအများကိုဆည်းသော ဒဗ္ဗကြိယာသမုစ္စည်းလည်း ရှိ၏၊ ပုံစံကား-"ဒေဝဒတ္တော ဘုဉ္ဇတိ တိဋ္ဌတိ ပစတိစ=ဒေဝဒတ်သည် စားလည်းစား, ရပ်လည်း ရပ်, ချက်လည်း ချက်၏" တည်း၊ ဒေဝဒတ်ဒြပ်တခု၌ စားခြင်းစသော ကြိယာအများကို ဆည်းသည်။

(၃) ဒြပ်တခု၌ ဒြပ်အများကို ဆည်းသော ဒဗ္ဗ ဒဗ္ဗသမုစ္စည်းလည်း ရှိ၏၊ ပုံစံကား-"ရညော ဂဇော စ အဿော စ=မင်း၏ ဆင်နှင့်မြင်း" တည်း၊ မင်းဒြပ်၌ ဆင် မြင်း ဒြပ် ၂ ခုကို ဆည်းသည်။

(၄) ဒြပ်၌ ဂုဏ်အများကို ဆည်းသော ဒဗ္ဗဂုဏ သမုစ္စည်းလည်း ရှိ၏၊ ပုံစံကား-"ပဋ္ဋော သုက္ကော စ ရတ္တော စ=ပုဆိုးသည် ဖြူလည်းဖြူ နီလည်းနီ၏" တည်း၊ ပုဆိုးဒြပ်၌ ဖြူ နီ ဂုဏ် ၂ ပါးကို ဆည်းသည်။

(၅) ဂုဏ်၌ ဒြပ်များကို ဆည်းသော ဂုဏဒဗ္ဗ သမုစ္စည်းလည်း ရှိ၏၊ "ရတ္တော ပဋ္ဋော စ ကုဏ္ဍလံ စ=အနီသည် ပုဆိုးလည်း ဟုတ်, နားဒောင်းလည်း ဟုတ်၏"အနီဂုဏ်၌ ပုဆိုးဒြပ် နားဒောင်းဒြပ် ၂ ခုကို ဆည်း၏၊ ဤဆည်းခြင်း အမျိုးမျိုးသည် ကေဝလသမုစ္စည်း ချည်းတည်း။

အန္ဝာစယ သမုစ္စည်း။ ။"အနု + အာစယနံ - နောက်ထပ် စည်းခြင်း (နောက်ထပ်ဆည်းခြင်း) သည်၊ အန္ဝာစယော-မည်၏" နှင့်အညီ ပဌမတဝါကျကို လိုရင်းပဓာန အနေအားဖြင့် ဆိုပြီး၍ နောက်တဝါကျကို အပဓာန အနေအားဖြင့်ဆိုရာ၌ နောက်ဝါကျရှိ စသဒ္ဒါ၏အနက်သည် အန္ဝာစယမည်၏၊ ပုံစံကား-"ဘိက္ခံ စရ, ဂါဝေါ စ အာနယ" တည်း၊ [ဘိက္ခံ-ထမင်းကို၊ စရ-တောင်းခံ လှည့်လည်ချေလော၊ ဂါဝေါ စ-နွားတို့ကိုလည်း၊ အာနယ - ဆောင်ယူခဲ့လော၊] ဤ၌ ထမင်းတောင်း လှည့်လည်ခြင်း အနက်သည် လိုရင်းပဓာန (မပြု-မနေရသော) အနက်တည်း၊ "နွားတို့ကို ဆောင်ခြင်း" ကား နွားအဆင်သင့် တွေ့မှ ယူခဲ့ရမည့် အပဓာန အနက်တည်း၊ ဤ၌ ၂ ဝါကျ ပြထားရာဝယ် "ထမင်းတောင်း လှည့်လည်ခြင်း" ဟူသော ပဌမဝါကျ၏ အနက်သည် နွားဆောင်ခြင်း အနက်ကို လုံးဝမငဲ့ချေ၊ ဒုတိယဝါကျ၏ နွားဆောင်ခြင်း အနက်သည်သာ (ထမင်းတောင်းယင်း ဆောင်ခဲ့ရမည်ဖြစ်သောကြောင့်) ပဌမ ဝါကျကိုငဲ့သည်၊ ထို့ကြောင့် ရှေ့ဝါကျ၌ စသဒ္ဒါ တိုက်ရိုက်လည်း မထည့်ရ, လိုက်၍လည်း မပေးရ၊ နောက်ဝါကျ၌သာ စသဒ္ဒါပါရသည်။

မှတ်ချက်။ ။လိင်္ဂတ္ထနိပစ္စတေသုတ်၌ ပြလေ့ရှိသော ကြိယာ - ဝါကျ- ကာရက သမုစ္စည်းများလည်း ဤကေဝလသမုစ္စည်းပင်၊ ထိုဘွင် ကိရိယာ-ကာရကသမုစ္စည်း များကား ပြခဲ့သော ကြိယာဒဗ္ဗသမုစ္စည်း စသည်ပင်တည်း။

**တတ္ထဗောဓိနီ**။ ။ဘိက္ခံစရ, ဂါဝဥ္စာ-နယ ဣစ္စတြ ဟိ အဒဿနေန ဂါဝ-မနာနယမ္ပိ ဘိက္ခံစရတျေဝ (နွားကို မတွေ့ခြင်းကြောင့် မဆောင်ရသော်လည်း ထမင်းတောင်းကား လှည့်လည်ရမည်သာ)၊ အနာစရံ တု ဘိက္ခံ န ဂါဝ-မာနယတိ (ထမင်းတောင်း မလှည့်လျှင်ကား နွားကို ဆောင်ဖွယ်မလို)၊ တထာ စရမ္ပိ နာဒ္ဒေသိယ ဂါဝမာနယတိ (ထို့ပြင်-ထမင်းတောင်း လှည့်လည်စေကာမူ တမင်္ဂလာလိုက်ရှာ၍ နွားကို ဆောင်ဖွယ်မလို, အဆင်သင့် တွေ့မှသာ ဆောင်ရမည့်ကိစ္စ ဖြစ်သည်-ဟူလို) တတော ဘိက္ခာစရဏဿေဝ ပဓာနတ္တံ, ဂါဝါ-နယနဿ တွ-နုသင်္ဂိကတာ (ထို့ကြောင့် ထမင်းတောင်း လှည့်ခြင်းသာ လိုရင်း ပဓာနကိစ္စဖြစ်၍ နွားကိုဆောင်ခြင်းကား ဆက်သွယ်ရုံကိစ္စသာ ဖြစ်သည်။)

**ပါဠိကျမ်းအချို့**။ ။ပါဠိသဒ္ဒါကျမ်းအချို့၌ "ဒါနဉ္စ ဒေဟိ, သီလဉ္စ ရက္ခာဟိ" ဟု ၂ ဝါကျလုံးမှာ စသဒ္ဒါပါသော အန္ဝာစယပုံစံကိုတွေ့ရ၏၊ ၂ ဝါကျလုံး၌ စပါနေလျှင် အပြန်အလှန် ဆည်းသော ဝါကျသမုစ္စည်းသာ ဖြစ်၍ ကေဝလသမုစ္စည်းတွင် ပါဝင်လိမ့်မည်၊ ထို့ကြောင့် "ဒါနံ ဒေဟိ, သီလဉ္စ ရက္ခာဟိ" ဟု နောက်ဝါကျ၌သာ စသဒ္ဒါပါရှိစေ၍ "အလှူပေးရမည့်ကိစ္စသည် ပဓာနကိစ္စတည်း, ဥပုသ်သီလစောင့်ရမည့် ကိစ္စကား တတ်နိုင်မှပြုလုပ်ရမည့် အပဓာနကိစ္စတည်း" ဟု အဓိပ္ပာယ်ယူမှ သက္ကတ ပုံစံများနှင့် ညီညွတ်၍ ကေဝလသမုစ္စည်းနှင့်လည်း သဘောချင်း ကွဲလွဲမည် ။

**မြန်မာသုံး**။ ။မြန်မာစကား၌လည်း ဤ အန္ဝာစယအသုံး ပေါများ၏ "ဆရာတော်ကိုပင့်ချေ, ဦးပဉ္ဇင်းတွေ့လျှင်လဲ ဦးပဉ္ဇင်းပါပင့်ခဲ့" ဤ၌ဦးပဉ္ဇင်းပင့်ဖို့ကိစ္စမှာ လိုရင်းမဟုတ်၊ "ဆရာတော်ထံ ပါဠိသင်ချေဦးမည်, သက္ကတကိုလဲ သင်တန်သင်ရမှာပဲ" ဤ၌ သက္ကတသင်ဖို့ကိစ္စမှာ လိုရင်းမဟုတ်၊ "ဈေးပဲသွားဦးမယ်, အဆင်သင့်လျှင် ဟင်းရွက်လဲခူးခဲ့မယ်" ဤ၌ ဟင်းရွက်ခူးဘို့ကိစ္စမှာ လိုရင်းမဟုတ်၊ ဤသို့ အဆင်သင့်မှ ပြုရမည့် ဒုတိယဝါကျရှိ စသဒ္ဒါ၏ အနက်ကိုသာ "အန္ဝာစယ" ဟုခေါ်သည်၊ ထို့ကြောင့် ၂ ဝါကျတွင် နောက်ဝါကျရှိ စ ဟူသမျှကို **အန္ဝာစယ**ဟုချည်းမမှတ်ရ၊ နောက်ဝါကျရှိအနက်လည်း မပြုမနေရ, ပဓာနဖြစ်နေလျှင် ရှေ့ဝါကျ၏အနက်ကို ဆည်းသော (သဒ္ဒါသုတ်များ၌ သမုစ္စယ ဟု သမုတ်ခံရသော) ဝုတ္တသမုစ္စည်းခေါ် ကေဝလသမုစ္စည်းမျိုးသာဖြစ်သည်။

**သမာသ် မဖြစ်ပုံ**။ ။ပြခဲ့သော **ကေဝလသမုစ္စည်း**, အန္ဝာစယသမုစ္စည်း ၂ မျိုး၌ **သမာသ်**မဖြစ်၊ ဘာကြောင့်နည်း— ကြိယာကိုငဲ့စပ်နေရသဖြင့် နာမ်ပုဒ်ချင်း ယုတ္တတ္ထမဖြစ်သောကြောင့်တည်း၊ ချဲ့ဦးအံ့— **နာမာနံ** သမာသော ယုတ္တတ္ထောသုတ်၌ ယုတ္တတ္ထသဒ္ဒါသည် "နာမ်ပုဒ်အချင်းချင်း အလျှင်းမငဲ့သော်လည်းကောင်း နာမ်ပုဒ်ချင်းမှတပါး အခြားပုဒ်ကိုငဲ့လျက်ရှိသော်လည်းကောင်း သမာသ်မဖြစ်ရ" ဟု တားမြစ်ထား၏၊ **ကေဝလသမုစ္စည်း**ဝယ် "ဗုဒ္ဓံ ဂုရုံစ ဘဇဿု" ပုံစံ၌ ဗုဒ္ဓံ ဂုရုံ ဟူသော နာမ်ပုဒ် ၂ ခုသည် ဘဇဿုကြိယာတပါးကို ငဲ့လျက်ရှိ၍ ယုတ္တတ္ထမဖြစ်၊ ထို့ကြောင့် "ဗုဒ္ဓဂုရုံ" ဟု သမာသ်မဖြစ်နိုင်၊ ဘိက္ခံ စရ, ဂါဝဉ္စ အာနယ" ဟူသော အန္ဝာစယ ပုံစံ၌လည်း ဘိက္ခံသည် စရဏကြိယာကိုငဲ့၍ ဂါဝံသည် အာနယနကြိယာကို ငဲ့သောကြောင့် ယုတ္တတ္ထ မဖြစ်ရကား "ဘိက္ခာဂဝေါ" ဟု သမာသ်မဖြစ်။- ရူပသိဒ္ဓိ။

**အကြောင်းတမျိုး**။ ။ရှေ့၌ "ကြိယာကိုငဲ့နေရခြင်းကြောင့် ယုတ္တတ္ထမဖြစ်" ဟု သမာသ်မဖြစ်ခြင်း၏ အကြောင်းကို ပြ၏၊ သက္ကတဗျာကရုဏ်းတို့၌ကား ဤ

ကေဝလသမုစ္စည်း အန္တာစယသမုစ္စည်းတို့၌ နာမ်ပုဒ်တို့သည် အချင်းချင်း မငဲ့ကြ သောကြောင့် ယုတ္တတ္ထမဖြစ် (သမာသ်မဖြစ်) ဟု အကြောင်းပြလိုကြသည်၊ "ဗုဒ္ဓံ ဂုရုံစ ဘဇဿု" ၌ ဗုဒ္ဓံသည် ဘဇဿုကြိယာကိုသာငဲ့၏, ဂုရုံကို မငဲ့၊ ဂုရုံလည်း ဗုဒ္ဓံ ကို မငဲ့, ဘဇဿုကြိယာကိုသာ ငဲ့သည်-ဟု ဆိုလိုသည်။ [ပရံပရနိရပေက္ခာ အနေကာသ ကေသွိ သဗ္ဗန္ဓိနိ အန္တယော သမုစ္စယော=အချင်းချင်း မငဲ့သော နာမ်ပုဒ်အများ၏ (ဘဇဿု-ကဲ့သို့သော) တခုသောစပ်ဖွယ်၌ ဆက်နွယ်ခြင်း သည် ကေဝလသမုစ္စည်း မည်၏၊ ပရံပရနိရပေက္ခာ အနေကာ ကြိယာ ဒ္ဒယေ အန္တယော အန္တာစယော=အချင်းချင်း မငဲ့သောပုဒ်များ၏ ကြိယာ ၂ ခုဒ္ဓ (စရ, အာနယကဲ့သို့သော ကြိယာ ၂ ခု၌) ၌ဆက်နွယ်ခြင်းသည် အန္တာစည်းမည် ၏၊ (သုဗောဓိနီ)၊ မောဂ္ဂလ္လာန်၌လည်း ဤအဓိပ္ပာယ်မျိုး ပင်တည်း။]

ဣတရီတရယောဂ။ ။ဣတရဿ ဣတရေန ယောဂေါ ဣတရီတရ ယောဂေါ=အခြားတခု၏ အခြားတခုနှင့် ယှဉ်စပ်ခြင်းသည် ဣတရီတရယောဂ မည်၏။ [ဣကို ဧ အသဝဏ်ပြု၍ "ဣတရေတရ" ဟုလည်း ရှိ၏၊] ကိစ္စတခု၌ အားတူနေကြ၍ တဦးက တဦးကို အားပြုယှဉ်တွဲရသော သမုစ္စည်းမျိုးတည်း၊ "ဤအလုပ်ကို ယညဒတ်နှင့် ဒေဝဒတ်တို့ ပြုလုပ်ရမည်" ဟု စေခိုင်းရာ၌ ယည ဒတ်သည် ဒေဝဒတ်ဟူသော ဣတရကို, ဒေဝဒတ်ကလည်း ယညဒတ်ဟူသော ဣတရကို ယှဉ်တွဲ ငဲ့စပ်လျက်ရှိ၏၊ ကြိယာစသော ပုဒ်တပါးကို မငဲ့မှီအချင်းချင်း ငဲ့တုန်း အခိုက်အတန့်၌ သမာသ်လည်း ဖြစ်နိုင်၏၊ ဒေဝဒတ် မပါပဲ ယညဒတ် ချည်းလည်း ထိုအလုပ်ကို ပြုလုပ်၍မဖြစ်, ယညဒတ်မပါပဲ ဒေဝဒတ်ချည်းလည်း ပြုလုပ်၍မဖြစ်၊ ဤသို့ အချင်းချင်း အားတူမျှ၍ အစိတ်အစိတ် (၂ ဦးလုံး) ပဓာန ဖြစ်သောကြောင့် ဗဟုဝုစ်ချည်းလည်း ရှိရသည်၊ ပုံစံကား– "ဒေဝဒတ္တယည- ဒတ္တာ, သာရိပုတ္တ မောဂ္ဂလ္လာနာ" စသည်တည်း။

ပဋိကာ။ ။သော ဧဝ ဟိ အညမညသာပေက္ခာန- မဝယဝဘေဒါ - နု ဂတော ဣတရေတရယောဂေါ (အချင်းချင်း ငဲ့ခြင်းရှိသောပုဒ်တို့၏ အစိတ် အစိတ် ကွဲပြားခြင်းသို့ အစဉ်လိုက်သော ထို သမုစ္စည်းသည်ပင် ဣတရေတရ ယောဂမည်၏)၊ ယထာ - ဒေဝဒတ္တယညဒတ္တေဟိ ဣဒံ ကာရိယံ ကတ္တဗ္ဗံတိ ဥဘောပိ တေ တတ္ထ ကာရိယေ အညမညသာပေက္ခာ၊ တထာဟိ တံ ဧကောပိ အဘာဝေန န ကရိယတိ၊ အဝယဝပဓာနော စာယံ တိ ဗဟုတ္တာ ဗဟုဝစနံ ဘဝတိ။ (မောဂ္ဂလ္လာန်)။

သမာဟာရ။ ။သမာဟာရပုဒ်၏ အနက်အဓိပ္ပာယ်ကို ဒီဂုသောကတ္တံ သုတ်၌ပြခဲ့ပြီ၊ ဤသမာဟာရသမုစ္စည်းလည်း ကြိယာကိုမငဲ့မီ အချင်းချင်းငဲ့ခိုက်၌ သမာသ်ဖြစ်၏၊ အနက် ၂ မျိုး ၃ မျိုးစသည် ကွဲပြားနေသော်လည်း ဝဒ္ဒတ္ထ ပုဂ္ဂိုလ်က အစိတ်အစိတ် ကွဲပြားနေသော အထည်ဒြပ် အနက်စုကို စိတ်ဖြင့် ဖုံး

ကွယ်ထား၍ တပေါင်းတစုထည်း အနေအားဖြင့် ပြောဆိုအပ်သော အရာ၌သာ သမာဟာရဖြစ်၏၊ ထို့ကြောင့် ဤသမာဟာရဒွန်၌ အပေါင်းအနက်သာ ပဓာနဖြစ်ရကား (ကွဲပြားနေသော အနက်တရာကိုပင် ပေါင်းစုလိုက်က တခုတည်းဖြစ်ရသောကြောင့်) ဧကဝုစ်ချည်းသာတည်း။

**ပဋိကာ**။ ။အညမညသာပေက္ခာနမေဝ တိရောဟိတာ - ဝယဝဘေဒေါ (ဖုံးကွယ်အပ်သော အစိတ်အစိတ် ကွဲပြားခြင်းရှိသော= ဝဒန္တပုဂ္ဂိုလ်၏စိတ်၌ အစိတ်အစိတ် ကွဲပြားနေမှုကို ဖုံးကွယ်ထားသော) သံဟတိပ္ပဓာနော (အပေါင်းပြဓာန်းသော သမုစ္စည်းသည်) သမာဟာရော၊ ယထာ– "ဆတ္တုပါဟန" န္တိ၊ ဣဟ ကတ္ထစိ ကိရိယာယံ ဆတ္တာဒိနော အညမညသာပေက္ခတ္တံ, သံဟတိပ္ပဓာနတ္တာ ဧကဝစနံ။

**အချုပ်မှတ်ဖွယ်**။ ။အားတူမျှ၍ အစိတ်အစိတ်အနက်တို့ ပဓာနဖြစ်လျှင် ဣတရေတရယောဂ, အပေါင်းအနက် ပဓာနဖြစ်လျှင် သမာဟာရ ဟု မှတ်ပါ။ [ဣတရေတရယောဂကိုပင် "အသမာဟာရ" ဟု လည်းခေါ်ဝေါ်ကြသည်။]

**ပုဒ်တပါး ငဲ့- မငဲ့ အခိုက်**။ ။"ဣတရေတရယောဂေါ သမာဟာရောစ သမုစ္စယဿေဝ ဘေဒေါ" ဟု မောဂ္ဂလ္လာန်ပဋိကာ ဆိုသောကြောင့် ကြိယာစသော ပုဒ်တပါးကိုငဲ့ခိုက် ကေဝလသမုစ္စည်းအမည်ရ၍, ပုဒ်တပါးကိုမငဲ့သည့်အခါ ထိုက်သည့်အားလျော်စွာ ဣတရေတရယောဂ – သမာဟာရ အမည်ရသည်ဟု မှတ်ပါ၊ ထို့ကြောင့် ဣတရေတရယောဂ ပုံစံ ဟု ထုတ်ပြထားသော "စီဝရံ ပိဏ္ဍပါတံ" စသည်တို့သည် ကြိယာကို မငဲ့မီအခိုက်၌ "စီဝရဉ္စ+ပိဏ္ဍပါတောစ+ သေနာသနဉ္စ+ ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရောစ - စီဝရပိဏ္ဍပါတသေနာသန ဂိလာနပစ္စယ ဘေဘဇ္ဇပရိက္ခာရံ" ဟု သမာဟာရဒွန်၌ သမာသ်အဖြစ်ဖြင့်လည်းကောင်း, "စီဝရ၊ပေ၊ပရိက္ခာရာ" ဟု ဣတရေတရယောဂ ဒွန်သမာသ်အဖြစ်ဖြင့်လည်းကောင်း ပါဠိများ၌ တွေ့ရ၏၊ ထိုတွင် သမာဟာရ၌ ဝဒန္တပုဂ္ဂိုလ်က အပေါင်းကိုပဓာနပြု၏၊ ဣတရေတရ၌ကား အစိတ်ကိုပဓာနပြုသည်၊ ထို့ကြောင့် ဣတရေတရ-သမာဟာရခွဲမှုမှာ ဝဒန္တပုဂ္ဂိုလ်၏ အလိုသာဟုမှတ်ပါ။

**စန္ဒိမာစ ၊ပေ၊ ဝါသဝေါ**။ ။ဤသုတ်၌ထုတ်ပြအပ်သော ပုံစံများသည် ဣတရေတရယောဂ ဒွန်ချည်းတည်း၊ "စက္ခုသောတံ" စသော သမာဟာရဒွန်သမာသ်များကိုလည်း ဤသုတ်ဖြင့် စီရင်နိုင်သည်၊ ဤသမာသ်၌ ၂ ပုဒ်ဒွန်တွဲလျှင် ၂ ပုဒ်လုံးအနက်ရ၏၊ ထို့ကြောင့် ဥဘယပဒတ္ထ ပဓာနသမာသ်ဟု ခေါ်၏၊ ၃ ပုဒ်စသည် တွဲလျှင်လည်း ထိုပုဒ်အားလုံး၏ အနက်ရသောကြောင့် "ဥဘယပဒတ္ထ ပဓာန" အမည်သည် များရာလိုက်၍မှည့်အပ်သော ယေဘုယျနည်းတည်း၊ "ဒွန္ဒ=အစုံ၊ ဝါ-စုံတွဲ" ဟူသော အမည်လည်း ၂ ခုတွဲ များသောကြောင့် ဆိုအပ်သော ယေဘုယျနည်းပင်။....[ရှပ်ကို အခြေပြုကြည့်၍ တွက်ပါ။]

**မဟတံ မဟာ တုလျာဓိကရဏေ ပဒေ**

၃၃၀။ တုလျာဓိကရဏေ - တူသော တည်ရာအနက်ရှိသော၊ ပဒေ-ကြောင့်၊ ဝေသံ မဟန္တသဒ္ဒါနံ - ထိုမဟန္တသဒ္ဒါတို့၏၊ မဟာအာဒေသော - မဟာ အပြုသည်၊ ဟောတိ-ဖြစ်၏၊ မဟန္တော၁စ- မြတ်သူသည်းဟုတ်၏၊ သော - ထိုမြတ်သူဟူသည်၊ ပုရိသော၁စ - လည်း ဟုတ်၏၊ ဣတိ-ထို့ကြောင့်၊ မဟာပုရိသော-မဟာပုရိသမည်၏။ မဟန္တီ၁စ-မြတ်သူမလည်းဟုတ်၏၊ သာ-ထိုမြတ်သူမဟူသည်၊ ဒေဝီ၁စ-မိဖုရားလည်း ဟုတ်၏၊ ဣတိ, မဟာဒေဝီ-မဟာဒေဝီ မည်၏၊ မဟန္တဥ-အကြီးလည်းဟုတ်၏၊ တံ-ထို အကြီးဟူသည်၊ ဗလဥ-အားလည်းဟုတ်၏၊ ဣတိ, မဟာဗလံ-မဟာဗလမည်၏၊ မဟန္တော၁စ- ကြီးသည်လည်း ဟုတ်၏၊ သော- ထိုကြီးသောအရာဟူသည်၊ နာဂေါ၁စ-ဆင်လည်း ဟုတ်၏၊ ဣတိ, မဟာနာဂေါ-မည်၏၊ မဟန္တော၁စ-အများလည်းဟုတ်၏၊ သော ထိုများသောအရာဟူသည်၊ ယသော၁စ- အခြံအရံလည်း ဟုတ်၏၊ ဣတိ, မဟာယသော - မည်၏၊ မဟန္တဥ-အကြီးလည်း ဟုတ်၏၊ တံ-ထို ကြီးသောအရာဟူသည်၊ ပဒုမ၀နဥ - ပဒုမ္မာကြာတောလည်း ဟုတ်၏၊ ဣတိ, မဟာပဒုမဝနံ-မည်၏၊ မဟန္တီ၁စ-ကြီး၊ ပေ၊ နဒီ၁စ မြစ်လည်းဟုတ်၏၊ ဣတိ, မဟာနဒီ -မည်၏၊ မဟန္တော၁စ - အကြီးအမြတ်လည်း ဟုတ်၏၊ ပေ၊ မဏိ၁စ - ပဒမြားလည်းဟုတ်၏၊ ဣတိ, မဟာမဏိ - မည်၏၊ မဟန္တော၁စ- ကြီးသူလည်း ဟုတ်၏၊ သော-သည်၊ ဂဟပတိကော၁စ - သူကြွယ်လည်း ဟုတ်၏၊ ဣတိ, မဟာဂဟပတိကော-မည်၏၊ မဟန္တဥ-များ၊ ပေ၊ ဓနဥ

---

၃၃၀။ မဟတံ ၊ ပေ၊ တုလျာဓိကရဏေ။ ။တုလျာဓိကရဏ ဖြစ်ပုံကို ဒွိပဒေတုလျာဓိကရဏေသုတ်၌ပြခဲ့ပြီ၊ ထိုသို့ တုလျာဓိကရဏ နောက်ပုဒ်နှောင်းလျှင် ရှေ့ မဟန္တသဒ္ဒါကို မဟာပြု၊ သက္ကတ၌ကား "မဟတ်" ပုဒ်ရင်းဖြစ်၍ "တ်" ကို အာပြု၏၊ သဒ္ဒနီတိ၌ "မဟိယတေ-ပူဇော်အပ်၏၊ ဣတိ, မဟိတော-မည်၏၊ မဟိတော၁စ + သော + ပုရိသော စ၁တိ မဟာပုရိသော=ပူဇော်အပ်(မြတ်သော) ယောကျ်ား၊ မဟာဒေဝီ-ပူဇော်အပ် မြတ်သောမိဖုရား" စသည်ဖြင့် တနည်းကြံ၍ မဟိတပုဒ်ကိုလည်း မဟာပြု ဟု ဆိုပြီးလျှင် "မဟန္တမဟိတာနံ မဟာ တုလျာဓိကရဏေ ပဒေ" ဟု သုတ်တည်၏၊ သို့သော် မဟန္တသဒ္ဒါသည်ပင် ပူဇော်ခြင်း (ပူဇော်အပ်) ဟူသော အနက်ကို ဟောနိုင်သောကြောင့် မဟိတကို မဟာပြုခြင်းသည် သဒ္ဒနီတိ၏ တနည်းကြံခြင်းသာတည်း-ဟု မှတ်ပါ။ [အထ၀ါ-မဟတီတိ ပသတ္ထာ ကရဏာ ယဿ အတ္ထီတိ မဟာကာရုဏိကော, ပူဇာ၀စနော ဟေတ္ထ မဟန္တသဒ္ဒေါ၊ မဟာပုရိသော အာဒီသုဝိယ။ (သာရတ္ထဋီကာ ဗုဒ္ဓပဏာမ အဖွင့်။)]

ဉစ္စာလည်းဟုတ်၏၊ ဣတိ, မဟာဓနံ — မည်၏၊ မဟန္တော ဓ — မြတ်သူလည်းဟုတ်၏၊ သော— သည်၊ ပုညော စ— ပုဉ်းကံရှိသူလည်းဟုတ်၏၊ ဣတိ, မဟာပုညော [သိမ္မူ၌ "မဟာပညော — ကြီးသောပညာရှိသူ" ဟု ရှိ၏၊] ဗဟုဝစနဂ္ဂဟဏေန— "မဟတံ" ဟူသော ဗဟုဝုစ်သဒ္ဒါကြောင့်၊ ကွစိ— ၌၊ မဟန္တသဒ္ဒဿ— ၏၊ မဟအာဒေသော—မဟအပြုသည်၊ ဟောတိ- မဟန္တဥ္စ— အကြီး၊ပေ၊ ဖလဥ္စ— အသီးလည်းဟုတ်၏၊ ဣတိ, မဟပ္ဖလံ— မည်၏၊ ဧဝံ - ဤ့အတူ၊ မဟဒ္ဓနံ - များသောဉစ္စာ၊ မဟဗ္ဗလံ - ကြီးသောအား၊ မဟဗ္ဘယံ - ကြီးသောဘေး၊ (၃၄၀)။

---

တုလျာဓိကရဏော။ ။"တုလျာဓိကရဏေ ပဒေ" ဟုသာ ဆို၍ ကမ္မဓာရယသဒ္ဒါအလိုက်လည်း မရှိသောကြောင့် ဤသုတ်သည် ကမ္မဓာရည်းသမာသ်သာမက, ဗဟုဗ္ဗိဟိသမာသ်၌လည်း စီရင်ကြောင်း သိသာ၏၊ ချဲ့အံ့— ဤသုတ်သို့ ကမ္မဓာရယသဒ္ဒါ လိုက်ဖို့ရာ ရှေ့အနီးအပါး၌လည်း သုတ်မရှိ, ကမ္မဓာရယသညော စ သုတ်မှပြန်၍ လိုက်ဖို့ရာလည်း "ဣတ္ထိယံ ဘာသိတ ပုမိတ္ထိ ပုမာဝ စေ" သုတ်ခြားနေ၏၊ ထို့ကြောင့် အရှင် ကစ္စည်းကိုယ်တိုင်ပင် ကမ္မဓာရည်းသာ မက (တုလျာဓိကရဏ ဖြစ်လျှင်) ဗဟုဗ္ဗိဟိကိုပါ ရည်ရွယ်ကြောင်း ထင်ရှား၏၊ ထို့ကြောင့် ဝုတ္တိဆရာလည်း ကမ္မဓာရယသဒ္ဒါကို မထည့်ပဲဖွင့်သည်။

ရူပသိဒ္ဓိ၌လည်း "မဟတီ+ ပညာ အဿာတိ မဟာပညော မဟတံ မဟာ တုလျာဓိကရဏေ ပဒေတိ မဟာဒေသော" ဟု ဆဋ္ဌီဗဟုဗ္ဗိဟိအခန်း၌ (ယောဂဝိဘာဂမဟုတ်) သုတ်ရင်းဖြင့်ပင် မဟန္တကို မဟာ စီရင်သည်၊ ထို့ကြောင့် ဗဟုဗ္ဗိဟိအရာ၌ အချို့က "မဟတံမဟာ" ဟူသော ယောဂဝိဘာဂဖြင့် မဟန္တကို မဟာ စီရင်ခြင်းသည် အခြေအမြစ် မရှိ၊ ကလာပ်၌လည်း "အာကာရော မဟတော ကာရိယော တုလျာဓိကရဏေ ပဒေ" ဟု သုတ်တည်၍ "မဟာဒေဝ- မြတ်သော သိဝနတ်(ကမ္မဓာရဲ)၊ မဟာဝတ္ထေး- ကျယ်သောခံတွင်းရှိသူ (ဗဟုဗ္ဗိဟိ)" ဟု သမာသ် ၂မျိုး ၏ ပုံစံကို ထုတ်ပြသည်၊ [တုလျာဓိကရဏေ- သော၊ ပဒေ-ကြောင့်၊ မဟတော - မဟတ်၏အဆုံး (တ်) ဗျဉ်း၏၊ အာကာရော - အာ ဟူသော၊ ကာရိယော- အပြုသည်၊ ဟော့တိ။]

ယောဂဝိဘာဂ ကြံသင့်ရာ။ ။သုဒ္ဓတပ္ပုရိသ် သမာသ်၌ကား တုလျာဓိကရဏ မဖြစ်သောကြောင့် မဟန္တကို မဟာ ပြုဖို့ရာ (သက္ကတအလိုလည်း မဟတ်၏ တ် ကို အာ ပြုဖို့ရာ) တုလျာဓိကရဏေ ပဒေကို ဖြုတ်၍ "မဟတံ မဟာ" ဟု ဒွိဓာကရဏယောဂဝိဘာဂ ကြံကြရသည်၊ ထို့ကြောင့် "မဟန္တိယာ-မြတ်ဧသာ(ကြီးသော) မိန်းမ၏+ဃာသော-အစာတည်း၊ မဟာဃာသော-

စာ၊ [မဟန္တို ဟု ပကတိပြုပြီးနောက် ပုံလိုင်ကဲ့သို့ ငဲ့, မဟန္တဖြစ်မှ မဟာပြု၊] မဟန္တ ဿ- မြတ်သောအလောင်းတော်၏၊ ဗောဓိ- ဗောဓိတည်း၊ မဟာဗောဓိ (ဆဋ္ဌီတပ္ပုရိသ်)၊ မဟန္တော- မြတ်သော သဗ္ဗညုတဉာဏ်၌၊ သတ္တော-ငြိကပ်သော အလောင်းတော်သည်၊ မဟာသတ္တော- မည်၏၊(သတ္တမီ တပ္ပုရိသ်) ["ယောဂ ဝိဘာဂါတ်, မဟတျာ+ဃာသော- မဟာဃာသော" ကလာပ်ဝုတ္တိ။] "မဟန္တ ဿ+ဘာဝေါ မဟတ္တံ" ဟူသော တဒ္ဓိတ်၌လည်း ဤ ယောဂဝိဘာဂဖြင့် မဟာ ပြုပြီးမှ ဟာ၌ ရဿပြုဟု ကြံသင့်သည်၊ "မဟန္တာရမဏံ - များသောအာရုံ" စသည်၌ကား နောက်ပုဒ်နှင့် တုလျာဓိကရဏ ဖြစ်ပါလျက် မဟာ မပြုရသော ကြောင့် ဤသုတ်အစီအရင် မမြဲဟုလည်း ဆိုကြ၏။

**မဟာပုညော**။ ။သီဟိုဠ်မူ၌ "မဟန္တော + စ + သော+ ပုရိသော စာတိ မဟာပုရိသော၊ မဟာဒေဝီ, မဟာဗလံ" စသည်ဖြင့် မဟာပုရိသော တပုဒ် အတွက်သာ ဝိဂ္ဂိုဟ် ပါ၏၊ မဟာဒေဝီ စသည်တို့အတွက် ဝိဂ္ဂိုဟ်မပါ၊ ထိုမပါ သော ဝိဂ္ဂိုဟ်များကို မြန်မာဆရာတော်တို့ ထည့်ဟန်တူသည်၊ ထို ဝိဂ္ဂိုဟ် များတွင် "မဟန္တောစ+သော+ပုညောစာတိ မဟာပုညော" ကိုစဉ်းစားသင့်၏၊ ပုဉ်းကံကောင်းမှုကို ဆိုလိုလျှင် "မဟန္တံစ+တံ+ပုညံစ တိ မဟာပုညံ" ဟုသာ နပုံလိုင် ဖြစ်သင့်၏၊ ပုဉ်းကံရှိသူ (ပုဂ္ဂိုလ်) ကို ဆိုလိုလျှင်လည်း "မဟန္တံ ပုညံ ယဿာတိ မဟာပုညော" ဟု ဆဋ္ဌီဗဟုဗ္ဗီဟိသာ ဖြစ်သင့်၏။ [ဤသို့ ၂ ပုဒ် တွဲထားသော သမာသ်အရာဝယ် "ပုညံ ယဿ အတ္ထီတိ ပုညော" ဟု အဿတ္ထိ အတွင်း ငုပ်စေပြီးမှ "မဟန္တောစ+သော+ပုညော စာတိ မဟာပုညော" ဟု ကမ္မဓာရည်းလုပ်ကာ အချိန်ကြာအောင် ကလိန်စေ့ငြမ်းမဆင်သင့်၊]ထို့ကြောင့် မြန်မာမူရှိတိုင်း "မဟာပုညော"ဟု ရှိရှိ, သီဟိုဠ်မူအတိုင်း "မဟာပညော" ဟု ရှိရှိ, ဝုတ္တိဆရာကိုယ်တိုင်ကမူ ဗဟုဗ္ဗီဟိပုံစံကိုသာ ပြလိုဟန်တူသည်၊ သို့မှလည်း (ကမ္မဓာရဲ ဗဟုဗ္ဗီဟိ ၂ မျိုးလုံး ဆက်ဆံအောင်) ဖွင့်ပြခဲ့သော ဝုတ္တိနှင့် ညီမျှ၍ ကမ္မဓာရဲ ဗဟုဗ္ဗီဟိ ၂ မျိုးလုံးပြသော ကလာပ်ဝုတ္တိနှင့်လည်း တထပ်တည်း ကျမည်။

**အမှာ**။ ။ရုပ်ကို အခြေပြုကြည့်၍ တွက်၊ မဟာဒေဝီ၌ "မဟန္တီ" ဟု တည်, ပကတိပြု၊ ကမ္မဓာရယ သညာစ သုတ်ဖြင့် ပုံလိုင်ကဲ့သို့ ငဲ့သည့်အခါ (ဤ ပစ္စည်း) ပျောက်၍ "မဟန္တ" ဟု ဖြစ်၏၊ ထို့နောက်မှ ဤသုတ်ဖြင့် မဟန္တကို မဟာပြုရသည်၊ မဟာနဒီ၌လည်း နည်းတူ။

**ဗဟုဝစနဂ္ဂဟဏေန**။ ။ကလာပ်သုတ်၌ "မဟတော"ဟု ဧကဝုစ် တည် သကဲ့သို့ ဤ၌ ဧကဝုစ်ဖြင့် မတည်ပဲ "မဟတံ" ဟု ဗဟုဝုစ်ဖြင့် တည်ခြင်းသည် သဒ္ဒါပိုဏ်၊ (ဗဟုဝုစ်ဖြစ်၍ ဝုစ်ပို၏၊— ဟူလို၊) ထိုသဒ္ဒါပို၏အနက်ပိုကို ပြလို သောကြောင့် "-ဗဟုဝစနဂ္ဂဟဏေန" ဟု မိန့်၊ "မဟာဗ္ဗလံ" စသည်၌ "မဟန္တ+

ဂူတ္ထိယံ ဘာသိတ ပုမိတ္ထိ ပုမာဝ စေ

၃၃၁။ ဂူတ္ထိယံ-ဂူတ္ထိလိင်၌၊ တုလျာဓိကရဏေ—ရှိသော၊ ပဒေ - ပုဒ်ကြောင့်၊ ဘာသိတပုမာ - ဟောအပ်ဖူးသော ပုလ္လိင်ရှိသော၊ ဂူတ္ထိ-ဂူတ္ထိလိင်ဟောသဒ္ဒါသည်၊ စေ (အတ္ထိ) အကယ်၍ ရှိအံ့ (သော - ထို ဂူတ္ထိလိင်ဟော သဒ္ဒါကို၊) ပုမာဝ - ပုလ္လိင်ကိုကဲ့သို့၊ ဒဋ္ဌဗ္ဗော-မှတ်ထိုက်၏၊ **ယဿ**-အကြင် သူ၏၊ ဒိဃာ-ရှည်သော၊ ဇဃာ်-မြင်းခေါင်း

---

ဖလ'' ဟု ဖြစ်သည့်အခါ မဟတံဟူသော ဗဟုဝုစ်သဒ္ဒါပိုဖြင့် မဟန္တကို "မဟ" ပြုရခြင်းဟူသော အကျိုးရှိသည်-ဟူလို၊ "မဟန္တဥ တံ ခနဥ" စသည်ဖြင့် မဟ ဒ္ဓနံစသည်ကို ဝိဂ္ဂိုဟ်ပြု။

**မှတ်ချက်။** ။သဏ္ဍတ၌ရှိသော ပုဒ်ကို ပါဠိလို သုံးစွဲသောအခါ သဏ္ဍတရှိရင်းမှ ပျောက်သွားသော အက္ခရာအစား ဒိဃပြု၍ဖြစ်စေ-ဒွေဘော်ပြု၍ဖြစ်စေ ဖြည့်စွက်လေ့ ရှိ၏၊ ဥပမာ-သဏ္ဍတ၌ "ဥရ်" ဥပသာရပုဒ်သည် ပါဠိရောက်က (ရ်) ပျောက်၍နေ၏၊ သို့ဖြစ်၍ "သံ+ဥ" ရှေးရှိသော ဟနဓာတ် တပစ္စည်းဖြင့် "သမူဟတော" ဟု ဒိဃပြု၍ လည်းကောင်း, "သမုဂ္ဃါတော" ဟု နောက်ပုဒ်ကို ဒွေဘော်ပြု၍လည်းကောင်း ရှိရ သကဲ့သို့တည်း၊ ထို့ကြောင့် ဤ၌ "မဟတ်" ပုဒ်မှ (တ်) ပျောက်နေရကား ထို "တ်" ဗျည်းအစား "မဟာ" ဟု ဒိဃဖြင့်ဖြစ်စေ, "မဟပ္ဖလံ" ဟု နောက်ပုဒ်ကို ဒွေဘော်ပြု၍ဖြစ်စေ ဖြည့်စွက်ရ၏၊ ထိုပုံစံအတိုင်း ဆိုလျှင် သုတ်ရင်းဖြင့် မဟန္တကို မဟပြု၍ ဒွေဘော်လာသည့်အခါ "ပ္ဖ" ဟု သံယုဂ်နှောင်းရကား "သံယောဂေ ပရေ ရဿတ္တံ" ဥပဒေနှင့်အညီ ဟာ၌ အာကို ရဿပြုရုံမျှဖြင့် "မဟပ္ဖလံ" ပြီးနိုင်သော ကြောင့် ဗဟုဝစနသဒ္ဒါပိုဖြင့် "မဟ" ပြုဖွယ်မလိုတော့ပြီ။

**ကြံဖွယ်။** ။သို့ဖြစ်လျှင် "မဟတံ" ဟု ဗဟုဝုစ်ကို ဘာ့ကြောင့် ဆိုသနည်းဟု မေးဖွယ်ရှိ၏။ အမြတ်ဟော မဟန္တ, အကြီးအကျယ်ဟော မဟန္တ, အများဟော မဟန္တဟု မဟန္တသဒ္ဒါတွေ များသောကြောင့် ဗဟုဝုစ်ဖြင့် ဆိုရသည်-ဟု ကြံ၊ သဏ္ဍတ ၌ကား ထိုမဟန္တအားလုံးကိုပင် သုတ်တိုတူ ဓာတ်တူသောကြောင့် ဧကဝုစ်ဖြင့် "မဟ တော" ဟု ဆိုသည်၊ အချို့ကား "ဗဟုဝုစ်သဒ္ဒါပိုဖြင့် မဟိတကို မဟာပြု" ဟု သဒ္ဒနီတိ နောက်ယောင်ခံ၍ ကြံကြသေး၏။ ထို့ပြင်-"သာ သေနာ ဒိဃတေ မဟာ၊ မဟာ တေ ဥပါသက ပရိစ္စာဂေါ" "ဗာရာဏသိရဇ္ဇံနာမ မဟာ" စသည်ဖြင့် လိင် ၃ ပါး လုံး၌ "မဟာ" ရုပ်ကို တွေ့ရသောကြောင့် "နိပါတ်နှင့်တူသော "မဟာ" ပုဒ်ရင်း လည်းရှိ၏-ဟု ကြံ၍ "မဟာစ+သော+ ပုရိသောစာတိ မဟာပုရိသော, မဟာစ+ သာ+ဒေဝီစာတိ မဟာဒေဝီ, မဟာစ+တံ+ခနဥ္စာတိ မဟာခနံ" ဟုလည်း ကြံကြလေ သေးသည်။

---

**၃၃၁။ ဂူတ္ထိယံ၊ ပေ ၊ ဒဋ္ဌဗ္ဗော။** ။ဒိဃနှင့် ဇဃာ်သည် "ရှည်သော+ ခြေသလုံးမြင်းခေါင်း" ဟု အနက်အရတူသောကြောင့် တုလျာဓိကရဏ ဖြစ်၏၊ ဤသို့ တုလျာဓိကရဏဖြစ်သော "ဇဃာ်" ကဲ့သို့သော နောက်ပုဒ်ကို "ဂူတ္ထိယံ· တုလျာဓိကရဏေ ပဒေ" ဟု ဆို၏၊ ဒိဃသဒ္ဒါသည် "ဒီဃော သံသာရော= ရှည်သောသံသရာ" စသော ဝါကျမျိုး၌ ပုံလိင်ကို ဟောဖူး၏၊ ယခု "ဒိဃာ+

သည်၊ (အတ္ထိ, ဣတိ) သောယံ-ဿည်၊ ဒီဃဇယော်-မည်၏၊ ကလျာဏဘာရိယော-ကောင်းသော မယားရှိသူ၊ ပဟုတပညော-ကြီးကျယ်သော ပညာရှိသူ၊ ဘာသိတ-ပုမာတိ-ဘာသိတပုမာ ပုဒ်သည်၊ ကိမတ္ထံ-နည်း ဗြာဟ္မဏဗန္ဓုစ-ပုဏ္ဏားမျိုး မိန်းမ လည်း ဟုတ်၏၊ သာ-ထို ပုဏ္ဏားမျိုး မိန်းမဟူသည်၊ ဘရိယာစ - မယားလည်း ဟုတ်၏၊ ဣတိ, ဗြာဟ္မဏဗန္ဓုဘရိယာ-မည်၏၊ ဣတိ-ဤ ပြယုဂ်တို့၌ တားမြစ် ရခြင်း အကျိုးရှိ၏။ (၃၅၃)။

---

ဇဃ်ာ" ဝါကျ၌ကား ဣတ္ထိလိင်ကို ဟောဆဲဖြစ်၏၊ ဤသို့ အခြားဝါကျ၌ ပုလ္လိင် ဟောဖူးသည်ကို "ဘာသိတပုမာ" ဟု ဆို၍ ယခုဝါကျ၌ ဣတ္ထိလိင်ဟောဆဲ ဖြစ်သောကြောင့် "ဣတ္ထိ" ဟု ဆိုသည်၊ ထို ဣတ္ထိလိင်ဟောခိုက် ဖြစ်သော ဒီဃသဒ္ဒါကို ပုလ္လိင်ဟု ငဲ့ညွှန်းသောကြောင့် ဤသုတ်သည် အတိဒေသသုတ် တမျိုးတည်း၊ ဤသို့ ဒီဃကို ပုလ္လိင်ဟု ညွှန်းလိုက်သည့်အခါ အာပစ္စည်း ကြေ ပျောက်၍ ပုလ္လိင်သဘော ပုလ္လိင် ထုံးစံအတိုင်း "ဒီဃ" ဟု ပုလ္လိင်ရုပ် ဖြစ်၏၊ ထို့ကြောင့် ရူပသိဒ္ဓိ၌ "ပုဗ္ဗပဒေ ဣတ္ထိပစ္စယာ-ဘာဝေါ" ဟု မိန့်သည်။

**ဘာ အတိဒေသလဲ။** ။"အတိဒေသ ၆ မျိုးတွင် ဘာ အတိဒေသသုတ်လဲ" ဟု မေးဖွယ်ရှိ၏၊ နိဒ္ဒေသစသည်၌ "သော စ အတိဒေသော တံ သဘာဝါ တိဒေသောတိ ဒဋ္ဌဗ္ဗော" ဟု မိန့်၏၊ တဿ-ထို ပုလ္လိင်၏+သဘာဝေါ-သဘော (ထုံးစံ) တည်း၊ တံ သဘာဝေါ-ထို ပုလ္လိင်ထုံးစံ၊ ပုလ္လိင်ထုံးစံမှာ အာ-ဤ-ဤနီ ဟူသော ဣတ္ထိလိင်ပစ္စည်းများမသက်ရ၊ ထို ပုလ္လိင်၏ ထုံးစံကို ညွှန်ပြသောကြောင့် "တံသဘာဝံ-ထို ပုလ္လိင်သဘောကို + **အတိဒိဿတိ** - ညွှန်းပြတတ်၏" ဟူသော ဝိဂ္ဂြိုဟ်အရ တံသဘာဝါတိ ဒေသသုတ်တည်း။ ["တံ သဘာဝတ တိဒေသ"ဟု ရှိရာ၌ကား "တံသဘာဝတံ-ထို ပုလ္လိင်သဘော ရှိသည်၏အဖြစ်ကို၊ ဝါ - ပုလ္လိင် သဘောရှိအောင်၊ အတိဒိဿတီတိ တံသဘာဝတာတိဒေသော" ဟုပြု။]

**သက္ကတ။** ။သက္ကတဋီကာတို့ကား "တံ ရူပါတိဒေသသုတ်" ဟု ဆို၏၊ တဿ-ထိုပုလ္လိင်၏ + ရူပံ-ရုပ်တည်း၊ တံ ရူပံ-ရုပ်၊ ဣတ္ထိပစ္စည်းမပါသော "ဒီဃ" သည် ပုလ္လိရုပ်တည်း၊ ထို ပုလ္လိင်ရုပ်ဖြစ်အောင် ညွှန်းပြသောကြောင့် "တံ ရူပံ-ထို ပုလ္လိင်ရုပ်ကို + အတိဒေသော တံရူပါတိဒေသော" ဟု ပြု။ [ပုမဝါစကဿ ပုမ္ဘာဝဘာဝိဿ သဒ္ဒဿ ပယောဂန္တရေ ပုမံ သမ စိက္ခဏဿ ယံ ရူပံ, တဒေဝ ဘဝတိ တျတ္ထတော ရူပါတိဒေသော-ယံ၊-သရလာဋီကာ။]

**ဘာသိတပုမာ ဣတ္ထိ။** ။ဘာသိတော + ပုမာ ယေနာတိ ဘာသိတပုမာ၊ ယေန-အကြင် သဒ္ဒါသည်၊ ပုဗ္ဗေ-(ဤ ဝါကျသို့မရောက်မှီ) ရှေးအခြားဝါကျ၌၊ ဘာသိတော-ဟောအပ်သော၊ ပုမာ- ပုလ္လိင်သည်၊ အတ္ထိ, ဣတိ, သော- ထိုသဒ္ဒါ

သည်၊ ဘာသိတပုမာ-မည်၏၊ ဣတ္ထိ - ယခုဝါကျ၌ ဣတ္ထိလိင်ဟောခိုက် သဒ္ဒါရ၏၊ "ပုလ္လိင်ကိုဟော" ဟူရာ၌လည်း "ဒီဃာ+ဇဃာ" ကဲ့သို့ ဝါကျမျိုး မရောက်ခင် "ဒီဃော+ သံသာရော" စသော ဝါကျမျိုး၌ ဟောခဲ့ဖူးသည်ဟု ဆိုလိုသည်၊ ထို့ကြောင့် ရူပသိဒ္ဓိ၌ "ပုဗ္ဗေ" ဟု ထည့်၍ဖွင့်သည်၊ ["ဘာသိတ ပုမာ+ ဣတ္ထီ" တို့အရ သဒ္ဒါကို ရသောကြောင့် "ဘာသိတော+ပုမာ ယေန" ဟု ပုလ္လိင်ဖြင့် ဝိဂ္ဂြိုဟ်ပြုကြသည်၊ မောဂ္ဂလ္လာန် ပဉ္စိကာ၌မူ "ဣတ္ထီ" ဟူသော သဒ္ဒလိင် လိုက်၍ "ဘာသိတော+ပုမာ ယာယ" ဟု ဣတ္ထိလိင်ဖြင့် ဝိဂ္ဂြိုဟ်ပြု၏။]

**အနက်မတူလျှင် "ဘာသိတပုမ" မဟုတ်။** ။သဒ္ဒါတူသော်လည်း အခြား ဝါကျ၌ ပုံလိင်အဖြစ်ဖြင့် ဟောခိုက်တုန်းက အနက်တမျိုး, ယခုဝါကျ၌ ဣတ္ထိလိင်အဖြစ်ဖြင့် ဟောဆဲမှာ အနက်တမျိုး, ဤသို့ အနက်ကွဲပြားသော သဒ္ဒါကို "ဘာသိတပုမ" ဟု မဆိုရ၊ ဥပမာ—ဒေါဏသဒ္ဒါသည် ၄ ပြည်ရှိ "တစိတ်" ဟူသောအတိုင်းအရှည် (ပရိမာဏ) အနက်ကို ဟောသည့်အခါ "ဒေါဏော+ ယဝေါ" စသည်ဖြင့်ပုလ္လိင်ဟော၏၊ ရေပက်ခွန်ကို (သို့မဟုတ် - ရေစကျင်းကို) ဟောသည့်အခါ (ဤ) ပစ္စည်းဖြင့် "ဒေါဏီ+ဘရိယာ" ဟု ဣတ္ထိလိင်ကိုဟော၏၊ ထိုပုဒ်မျိုး၌ ပုံလိင်ကဲ့သို့ငဲ့၍ "ဒေါဏဘရိယာ" ဟု မဖြစ်၊ ဣတ္ထိလိင်အတိုင်း "ဒေါဏီဘရိယာ" ဟုသာဖြစ်၏၊ "ဒေါဏီ+ဘရိယာ ယဿာတိ ဒေါဏီဘရိယော= ရေပက်ခွန်ဟူသော မယားရှိသူ၊ ဝါ-ရေစကျင်းဟူသော မယားရှိသူ"။

မုဒ္ဓဗောဓဋီကာ။ ။ဥတ္တော+ ပုမာ ယေန, သော ဥတ္တပုမာ၊ ဧကပ္ပဝတ္တိနိမိတ္တေန ဧကဗုဒ္ဓိဂယှတ္တေန ဉာယတ္တဿ သန္နိကဋ္ဌတ္တာ ဧကပ္ပဝတ္တိနိမိတ္တေန ဥတ္တ ပုံသကဿ ပုမ္ဘာဝေါ၊ တေန ဒေါဏီဘရိယာဣတျာဒေါ န ဘဝတိ၊ ဒေါဏသဒ္ဒေါ ပရိမာဏေ ပုမေ, ကဋ္ဌမ္ဗုဝါဟိနိယံ ထိယံ ဝတ္တတေ။ [တခုတည်း သောပဝတ္တိနိမိတ်ရှိသော တခုတည်းသော အသိဉာဏ်ဖြင့် ယူအပ်သည့်အတွက် ၂ နက်ကို ဟောဖို့ရန် နီးကပ်သည်၏ အဖြစ်ကြောင့် တခုတည်းသော ပဝတ္တိ နိမိတ်ရှိသည်၏အဖြစ်ဖြင့် ဟောအပ်သော ပုလ္လိင်ရှိသော သဒ္ဒါ၏ ပုမ္ဘာဖြစ်၏, စသည်။]

**အနက်တူမှ "ဘာသိတပုမ" ခေါ်။** ။"ဒီဃော သံသာရော, ဒီဃံ ယောဇနံ, ဒီဃာ ရတ္တိ" ဤ၌ ဒီဃသဒ္ဒါသည် အရှည်ဂုဏ်ကိုချည်း အကြောင်း ပြု၍ အရှည်ဒြပ်ကိုချည်း ဟော၏၊ ဤသို့ သဒ္ဒပဝတ္တိနိမိတ် ဟူ၍ အနက်တမျိုး တည်းကို ဟောသောသဒ္ဒါတခုက လိင် ၃ ပါးကိုဟောရာ၌ (အချို့အရာဝယ်- ပုလ္လိင်, ဣတ္ထိလိင် ၂ ပါးကိုသာ ဟောရာ၌) ယခု ဣတ္ထိလိင် ဟောနေခိုက်ဖြစ် သော ထိုသဒ္ဒါကို အခြားဝါကျတုန်းက ပုံလိင်ဟောဖူးသောကြောင့်"ဘာသိတ ပုမ" ဟုခေါ်ရသည်၊ ထို့ကြောင့် ကလျာဏ သဒ္ဒါသည် အကောင်းဂုဏ်ကို ပဝတ္တိနိမိတ်ပြု၍ ကောင်းသူဒြပ်ကိုချည်း ဟောသောကြောင့် "ကလျာဏော+

ပုရိမေသာ” ဝါကျတုန်းက ပုလ္လိင်ကိုဟောခဲ့၍ “တုလျာဏီ ဘရိယာ ယဿ” ဟူသော ဝါကျအခိုက်၌ “ဘာသိတပုမ” အမည်ရသဖြင့် ပုလ္လိင်ကဲ့သို့ ငဲ့သည့် အခါ (ဤ) ပစ္စည်း ကြေပျောက်လျက် “ကလျာဏဘရိယော” ဟု ဖြစ်သည်၊

ဧကော ဧဝ ဟိ ယော သဒ္ဒေါ, တီသု လိင်္ဂေသု ဝတ္တတေ၊
ဧကမေဝတ္ထံ မာချာတိ, သော ဘာသိတပုမာ ဘဝေ။

မှတ်ချက်။ ။ဤ ဗာလာဝတာရဋီကာ၌ “တီသု လိင်္ဂေသု” ဟု ဆိုစေကာမူ ပုံ-ဣတ္ထိ ၂ လိင်သာ ရှိလျှင်လည်း “ဘာသိတပုမ” ခေါ်နိုင်သည်၊ ထို့ကြောင့် “ဧကသ္မိံ အတ္ထေ ထိ ပုမာ ဝတ္တတေ, သော ဥတ္တပုံသကော” စသည်ဖြင့် မုဒ္ဓဗောဓဋီကာ ဖွင့်သည်။

ရှေ့ပုဒ်ကို ပုလ္လိင်ငဲ့။ ။ဒီဃာ+ဇင်္ဃာ” ဟု ၂ ပုဒ်ရှိရာ၌ “ပုလ္လိင်ကဲ့သို့ ရှေ့ပုဒ်ကိုငဲ့ရမည်, နောက်ပုဒ်ကိုငဲ့ရမည်, ၂ ပုဒ်လုံးကိုငဲ့ရမည်” ဟု ၃ ဝါဒကွဲ၏၊ ထိုတွင် ရူပသိဒ္ဓိ, မောဂ္ဂလ္လာန်နှင့် သက္ကတတို့၌ “ရှေ့ပုဒ်ငဲ့” ဟုသာ မိန့်ကြသည်။

ဣတ္ထိယံ ဘာသိတပုမိတ္ထီ ပုမာဝေကတ္ထေ။ ။“ဣတ္ထိယံ ဝတ္တမာနေ ဧကတ္ထေ သမာနာဓိကရဏေ ဥတ္တရပဒေ ပရေ ဘာသိတပုမာ ဣတ္ထီ ပုမေဝ ဟောတိ”— မောဂ္ဂလ္လာန်၊ ဤ၌ “ဥတ္တရပဒေ ပရေ-နောက်ပုဒ်နှောင်းလသော်” ဟု ဆိုသဖြင့် ရှေ့ပုဒ်ကို၊ ငဲ့စေလိုကြောင်း “ဃပဃာဿန္တဿာပ္ပဓာနဿာတိ (၂-၂၄)ဿဿ ရဿော-ဟု ပဉ္စိကာဖွင့်သောကြောင့် အဆုံး (ဇင်္ဃာ၌ အာကို) ရဿပြုကြောင်း သိသာ၏။

“ဥတ္တပုံသကော ဣတ္ထိလိင်္ဂေ ပုံဝသျာတ် ဧကတ္ထေ ဣတ္ထိလိင်္ဂေ” ဟူသော မုဒ္ဓဗောဓ၌လည်း “ဧကတ္ထေ ဣတ္ထိလိင်္ဂေ-ကြောင့်” ဟု နောက်ပုဒ်ကို နိမိတ်လုပ်၍ ရှေ့ပုဒ်ကိုပင် ငဲ့၏၊ ကလာပ်၌လည်း နည်းတူ၊ ဤ ကစ္စည်းဝုတ္တိမှာပင် “ဣတ္ထိယံ တုလျာဓိကရဏေ ပဒေ” ဟု နောက်ပုဒ်ကို နိမိတ်လုပ်၍ပြထားသဖြင့် ရှေ့ပုဒ်ကို ပုလ္လိင်ငဲ့စေလိုကြောင်း ထင်ရှား၏၊ ထို့ကြောင့် ရူပသိဒ္ဓိ၌လည်း “ပုဗ္ဗပဒဿေဝါယံ ပုမ္ဘာဝါတိဒေသော” ဟု မိန့်သည်၊ အဓိပ္ပာယ်ကို ရူပသိဒ္ဓိဘာသာဋီကာ၌ ပြထားသည်။

နောက်ပုဒ်ငဲ့သော သဒ္ဒနီတိ။ ။“ထိယံ တုလျာဓိကရဏေ စေ ဘာသိတပုန္နပုံသကာ, ယထာရဟံ ပုံနပုံသကာဝ” (သုတ်)၊...ဣမ သာသနယုတ္တိယာ ဣတ္ထိယံ ဝတ္တမာနေ တုလျာဓိကရဏေ ပုဗ္ဗပဒေ သတိ ဣတ္ထိဝါစကော သဒ္ဒေါ သစေ ဘာသိတပုမော စ ဘာသိတနပုံသကော စ သိယာ၊ သော ယထာရဟံ ပုမာဣဝ နပုံသကော ဣဝစ ဒဋ္ဌဗ္ဗော၊ ပေ၊ “ဣမသ္မိံ စ ပကရဏေ ပရပဒေ ဣတ္ထိပစ္စယာဘာဝေါ အဓိပ္ပေတော” ဟု ဆိုသော သဒ္ဒနီတိသည် နောက်ပုဒ်ကို ငဲ့စေလို၏၊ ဘာသိတပုမာ ပုဒ်ကိုလည်း “ဘာသိတော + ပုမာ ယဿံ ဣတ္ထိယံ

သာ ဘာသိတပုမာ” ဟု (တတိယာဗဟုဗ္ဗီဟိ မပြုပဲ) သတ္တမီဗဟုဗ္ဗီဟိ ပြု၏။ [တတိယာပြုလျှင် သူ့ကိုယ်တိုင်ကတ္တားဖြစ်နေသောကြောင့် ဘာသိတပုမအမည်ရသောပုဒ်သည် သူ့ကိုယ်တိုင် ပုလ္လိင်ကို ဟောဖူးရလိမ့်မည်၊ ယခုမှာ သတ္တမီလုပ်သောကြောင့် သူ့ကိုယ်တိုင် ဟောသည်ကို မဆိုလို၊ ပုလ္လိင် ဟောသော အညပုဒ်ရှိသောကြောင့် “ဘာသိတပုမ”ဟု ဆိုလိုသည်။]ယဿံ ဣတ္ထိယံ-အကြင် ဇဃာကဲ့သို့သော ဣတ္ထိလိင်၌၊ ဘာသိတော-အညပုဒ်သည် ဟောအပ်ဆဲသော၊ ပုမာ-သည်၊ အတ္ထိ, ဣတိ, သာ-ထို ဣတ္ထိလိင်သည်၊ ဘာသိတပုမာ-မည်၏။

**ဆက်ဦးအံ့။** ။“ဒီဃာ + ဇင်္ဃာ + ယဿ” ၌ သူ့ကိုယ်တိုင် ပုံလိင်ကို ဟောဖူးသော ဒီဃာကို “ဘာသိတပုမ” မဆိုလို၊ ယဿကဲ့သို့ ပုလ္လိင်ကို ဟောသော အညပုဒ်ရှိသောကြောင့် “ဇင်္ဃာ”ကို“ဘာသိဘပုမ”ဟု ဆိုလိုသည်၊ ထို့ကြောင့် “ဘာသိတပုမ” အမည်ရသော နောက်ပုဒ် ဇင်္ဃာကို ပုလ္လိင်ငဲ့ပါ-ဟူလို၊ နောက်ပုဒ်ကို ပုလ္လိင်ငဲ့၍ အာပစ္စည်း ပျောက်သွားသောအခါ ရှေ့ပုဒ်၌ အာပစ္စည်းကား (ထွန့်နောက် ရေပါသကဲ့သို့) ဝိသေသျပုဒ်နှင့်တူစွာ အလိုလိုပျောက်သွားရတော့ သတတ်၊ ဤသို့လျှင် သဒ္ဒနီတိ၌ နောက်ပုဒ်ကို ပုလ္လိင်ငဲ့၍ ကစ္စည်း ဆရာ၏ ရှေ့ပုဒ်ငဲ့ ဝါဒကိုမူ “မဟန္တရေ ဣတ္ထိယံ ဘာသိတပုမိတ္ထိ ပုမာဝ စေတိ ပုဗ္ဗပဒေ”ဟု ဝါဒန္တရ အနေမျိုးဖြင့် ဆိုလေသည်၊ [နီတိ၌ နပုလ္လိင်ငဲ့နည်းကိုပါ ဤသုတ်၌ ပြထားသေး၏၊ ထို၏ အဓိပ္ပာယ်ကို နောက်၌ သီးခြားပြမည်။]

**နောက်ပုဒ်ငဲ့သော နျာသ။** ။“ဘာသိတော ပုမာ ယဿာ, ဘာသိတပုမာ” ဆဋ္ဌီဗဟုဗ္ဗီဟိဝိဂ္ဂဟ်ပြု၍ ပုလ္လိင်ကိုဟောသော အညပုဒ် ရှိသောကြောင့် “ဘာသိတပုမ” မည်၏-ဟု ဆို၏၊ သဒ္ဒနီတိ အယူနှင့် အတူပင်၊ ဒီဃာ+ဇင်္ဃာ ယဿာတိ အတ္ထေ ဗဟုဗ္ဗီဟိသမာသံ ကတွာ ဘာသိတပုမတ္တာ တုလျာဓိကရဏတ္တာ စ ဣမ(ဤသုတ်၌)ဝုတ္တဝိဓာနံ ကတွာ (ဆိုအပ်သော ပုလ္လိင်ငဲ့မှုကိုပြု၍) ဣတ္ထိယမတော အာပစ္စယောတိ (သုတ်ဖြင့်) ဇဃသဒ္ဒတော ကတဿ အာပစ္စယဿ အဘာဝံ ကတွာ သမာသတ္တာ နာမမိဝ ကတွာ သျာဒျုပ္ပတ္တာဒိမှိ ကတေ ရူပံ၊ ဤ၌ “ဇင်္ဃ သဒ္ဒတော” အရာဝယ် “ဒီဃ သဒ္ဒတော”ဟုလည်းကောင်း, “ဒီဃ ဇင်္ဃ သဒ္ဒတော”ဟုလည်းကောင်း မူကွဲရှိ၏၊ ထိုမူကွဲ ၂ မျိုးသည် မသင့်၊ နျာသသည်နောက်ပုဒ်ငဲ့ ဝါဒရှိသောကြောင့် နောက်ပုဒ်ဇင်္ဃာ၌ အာပစ္စည်းကိုသာ မရှိအောင် ပြုသင့်-ချေသင့်သောကြောင့်တည်း။

**ဆက်ဦးအံ့။** ။နျာသ၌နောက်ပုဒ်ငဲ့ကြောင်းလည်း ကွစိသမာသန္တသုတ်၌ ဗဟုနဒိကော ရုပ်စီရင်ပုံကို ကြည့်လျှင် သိသာသည်၊ တတ္ထ စ ဗဟုနဒိကောတိ “ဗဟူ + နဒိယော ယသ္မိံ ဇနပဒေတိ အတ္ထေ ဝုတ္တနယေန ဗဟုဗ္ဗီဟိ သမာသံ ကတွာ ဗဟုနဒီသဒ္ဒတော ကပစ္စယံ ကတွာ (ကွစိသမာသန္တသုတ်ဖြင့် ကပစ္စည်း

သက်ပြီး၍) ဣတ္ထိယံ ဘာသိတပုမိတ္ထိ ပုမာဝစေတိ ပုမမိဝ ကတွာ ဣတ္ထိယ- မတော အာပစ္စယောတိ ဝတ္တမာနေ နဒါဒိတော ဝါ ဤတိ ကတဿီပစ္စယဿာ- ဘာဝံ ကတွာ (ဗဟု+နဒီ ၂ ပုဒ်တွင် နဒီနောက်ပုဒ်၌ ဤပစ္စည်းကို မရှိအောင် ပုလ္လိင်ငဲ့ကာ "ဗဟုနဒက" ဖြစ်စေ၍-ဟူလို၊) ကွစာဒိမဇ္ဈုတ္တရာနံ ဒီဃရဿာ- ပစ္စယေသု စာတိ ဝတ္တမာနေ တေသုဝုဒ္ဓိလောပါဂမဝိကာရ ဝိပရီတာဒေသာ စာတိ(သုတ်ဖြင့်) အကာရဿိကာရံ ကတွာ (နဒ၌ အ ကို ဣပြု၍) သျာဒျုပ္ပတ္တာ- ဒိမှိ ကတေ ရူပံ။

မှတ်ချက်။ ။ဤ ရုပ်စီရင်ပုံကိုထောက်၍ န္ယာသလည်း (သဒ္ဒနီတိနှင့်အတူ) နောက်ပုဒ်ငဲ့ကို သဘောကျကြောင်း သိသာသည်၊ [န္ယာသ သဒ္ဒနီတိ အာစရိယာနံ မတေ ပန ပရပဒေယေဝ ပုမဗျာဒေသော ဟောတိ (နိဒ္ဒေသ)။] ဤန္ယာသအလို "ဣတ္ထိယံ-၌၊ ဝတ္တမာနေ- သော၊ တုလျာဓိကရဏေ —သော၊ ပဒေ - ရှေ့ပုဒ်ကြောင့်" ဟု သုတ်နက်ပေးရလိမ့်မည်၊ ဤသို့ပေးလျှင် ရိုးရာမကျတော့ချေ၊ ဘာ့ကြောင့်နည်း.... သဏ္ဍာန်နိမိတ်မှန်လျှင် နောက်နိမိတ်ဖြစ်မြဲ ထုံးစံရှိသောကြောင့်တည်း။

၂ ပုဒ်ငဲ့ **ဗာလာဝတာရ**။ ။ပဟုတာ+ဇိဝှါ ယဿ သော ပဟုတဇိဝှော, မဟန္တီ+ ပညာ ယဿ သော မဟာပညော၊ ဒွိသု (ပုံစံ ၂ ခုတို့၌) ဣတ္ထိယံ ဘာသိတပုမိတ္ထိ ပုမာဝစေတိ ပုမ္ဘာဝါတိဒေသာ ပုဗ္ဗုတ္တရပဒေသု အာဤပစ္စယာ- နမဘာဝေါ= ပုမ္ဘာဝါတိဒေသာ ပုလ္လိင်ငဲ့ခြင်းကြောင့်၊ ပုဗ္ဗုတ္တရပဒေသု— ပဟုတာ, မဟန္တီဟူသော ရှေ့ပုဒ်'ဇိဝှါ' ပညာဟူသော နောက်ပုဒ်တို့၌၊ အာ ဤပစ္စယာနံ - တို့၏၊ အဘာဝေါ-မရှိရခြင်းသည်၊ ဟောတိ- ၏, ဟု အနက်ပေး။

**အတ္ထဗျာချာန်**။ ။"အတ္ထဗျာချာန်ကျမ်း၌လည်း ရှေ့နောက် ၂ ပုဒ်လုံး ကိုပင် ငဲ့၏" ဟု ပြောရိုးပြုကြ၏၊ အတ္ထဗျာချာန်ကျမ်းကို တိုက်ရိုက် မတွေ့ရ၊ နိဒ္ဒေသ၌ကား "အတ္ထဗျာချာနေ ရူပသိဒ္ဓျာဒိသု အာစရိယာနံ ဒီဃဇင်္ဃော- ကလျာဏဘရိယောတိ အာဒိသု ပုဗ္ဗပဒေယေဝ ပုမာတိဒေသော ဟောတိ၊ န ပရပဒေ" ဟု တွေ့ရ၏၊ ထို နိဒ္ဒေသအတိုင်းမှန်လျှင် အတ္ထဗျာချာန် ဆရာလည်း ရူပသိဒ္ဓိနှင့် သဘောတူ ရှေ့ပုဒ်ကိုသာ ငဲ့သည်-ဟု မှတ်ပါ။

**ဆုံးဖြတ်ချက်**။ ။"ဗဟုဒါသိကော- များသောကျွန်မရှိသူ၊ ဗဟုကဒလိကံ- များသောငှက်ပျောပင်ရှိသော တော၊ ဗဟုကုက္ကုဋိကံ-များသော ကြက်မရှိသော တော" စသည်၌ သဒ္ဒနီတိ န္ယာသတို့ဆိုတိုင်း နောက်ပုဒ်ကိုငဲ့လျှင် ဣတ္ထိ ပစ္စည်း (ဤ)တွေ ပျောက်၍ "ဗဟုဒါသကော, ဗဟုကဒလကံ, ဗဟုကုက္ကုဋကံ" စသည် ဖြစ်ရာ၏၊ ထိုသို့ မဖြစ်ဖို့ရန် တေသုဝုဒ္ဓိဖြင့် (အ) ကို တဖန် ဣပြုရခြင်း လည်း တာဝန်ပိုလျက် ရှိ၏၊ ဒီဃဇင်္ဃော စသည်၌လည်း ဗဟုဗ္ဗီဟိ သမာသ်မှန် လျှင် မည်သည့်နောက်ပုဒ်မျှ မိမိလိင်အတိုင်း နေရိုးထုံးစံမရှိ, အညပုဒ်လိင် လိုက်ရမြဲ ဖြစ်၏၊ ထို့ကြောင့် အာကို ရဿပြုရတော့မည်မှာ ဗဟုဗ္ဗီဟိရိုးရာဖြင့်

သေလျက် ရှိ၏၊ သို့ဖြစ်၍ နောက်ပုဒ်ကို ပုလ္လိင်ငဲ့ဖို့ရာ သီးခြား သုတ်တည်၍ အကျိုးမရှိ၊ ၂ ပုဒ်လုံးငဲ့သော ဝါဒ၌လည်း ထို့အတူ နောက်ပုဒ်ငဲ့ဖို့ရာ မလိုပင်တည်း၊ "အရင်းစစ်လျှင် အမြစ်မြေက" ဆိုသကဲ့သို့ သဒ္ဒါကျမ်း၏ အရင်းဆုံးဖြစ်သော သက္ကတဗျာကရုဏ်းတို့၌ပင် ရှေ့ပုဒ်ငဲ့ဖို့ရာ တညီတညာတည်း ဆိုထားသောကြောင့် "ရှေ့ပုဒ်ငဲ့" ဟု ဆိုသော အတ္ထဗျာချာန် -ရူပသိဒ္ဓိ -မောဂ္ဂလ္လာန်တို့ ဝါဒကိုသာ ဆရာအများ လေးစားနှစ်သက်ကြသည်။ [ယဒိဟိ ဥတ္တရ ပဒဿာ-တိဒေသော ဝိဟိတော သိယာ, တဒါ ဗဟုဒါသကော၊ပေ၊ ဧဝမာဒိ ရူပံ ဘဝေယျ၊ န ဗဟုဒါသိကော၊ပေ၊ တျာဒိသိဇ္ဈေယျ၊ တထာစ (ထိုသို့ဖြစ်လျှင်) ဒါသိယာတိ ပယောဂါ-သိဇ္ဈနတော အနိဋ္ဌပ္ပသင်္ဂေါစ, ဥတ္တရပဒဿ ပုမ္ဘာဝါ၊ တိဒေသော သုတ္တောပဒေသဿ (သုတ်တည်ရခြင်း၏)နိရတ္ထကတာ စ သိယာတိ၊ ပုဗ္ဗဿေဝါယံ ပုမ္ဘာဝါတိဒေသောတိ နိဋ္ဌမေတ္ထ ဂန္တဗ္ဗံ၊....ရူဋီကာ။]

[ဆောင်] ရူပသိဒ် - မောဂ္ဂလ္လာန်, ဗျာချာန် - ဗျာကရုဏ်း, ကျမ်းအားလုံးက, ပုမ္ဘာဝကို ရှေ့ငဲ့ဆို၏ နီတိ- ချာသ, နောက်ငဲ့ပြ၍, ဝတာရဗာလာ, အစုံငဲ့မှာသည်, ရှေ့သာနှစ်သက် များသတည်း။

**သဒ္ဒနီတိ နပုံးငဲ့ကို စိစစ်။** ။သဒ္ဒနီတိ၌ "ထိယံ တုလျာဓိကရဏေ စေ-ဘာသိတပုန္နပုံသကာ, ယထာရဟံ ပုံနပုံသကာဝ"ဟု သုတ်တည်၍ "ဘာသိတ-နပုံသကသဒ္ဒါကို နပုလ္လိင်ငဲ့"ဟု ဆို၏၊ ဒုက္ခာ+ပဋိပဒါ အဿာတိ ဒုက္ခပ္ပဋိပဒံ (ဈာနံ)၊ အဿ- ထိုဈာန်၏၊ ဒုက္ခာ- ခဲယဉ်းသော၊ ပဋိပဒါ — အကျင့်သည်၊ အတ္ထိ, ဣတိ, တံဒုက္ခပ္ပဋိပဒံ၊ ဤ၌ "အဿ - ဈာနံ" ဟူသော အညပုဒ်တို့သည် နပုလ္လိင်တို့တည်း၊ ပဋိပဒါသည် အညပုဒ်ကိုထောက်၍ ဟောအပ်ဆဲသော နပုလ္လိင် ရှိသောကြောင့် ဘာသိတနပုံသက မည်၏၊ ထို ဘာသိတနပုံသက ပဋိပဒါကို နပုလ္လိင်ငဲ့သည့်အခါ အာပစ္စည်းပျောက်၍ "ပဋိပဒ"ဟု နပုလ္လိင်အတိုင်း ဖြစ်ရတော့သည်၊ ဒုက္ခာ၌ အာ ပစ္စည်းကား ဝိသေသျ ပဋိပဒါသို့ လိုက်၍ အလိုလိုပျောက်ရတော့သည်၊ ထို့နောက် ဒွေဘော်လာ၍ "ဒုက္ခပ္ပဋိပဒ"ဟု ဖြစ်၏၊ ဤကား နီတိအလိုတည်း၊ဤနီတိ၌ နပုလ္လိင်ငဲ့ကို သီးခြားပြရခြင်းသည်"ဘာသိတ-ပုမ" အရ အခြားဝါကျတုန်းက ဟောဖူးသည်ကိုမယူပဲ အညပုဒ်၏ဟောဆဲကို ယူထားသောကြောင့် ဖြစ်သည်။

**ရူပသိဒ္ဓိ စသည်။** ။ရူပသိဒ္ဓိစသည်တို့အလိုမူ "ဒုက္ခာ"ပုဒ်သည် "ဒုက္ခော-ဗာလေဟိ သံဝါသော"စသောဝါကျ၌ ပုလ္လိင်ကို ဟောခဲ့ဖူး၍ "ဘာသိတပုမ" အမည်ရသောကြောင့် ပုလ္လိင်ကိုငဲ့လိုက်လျှင် အာပစ္စည်း ပျောက်၍ "ဒုက္ခ" ဟု ဖြစ်၏၊ ပဋိပဒါ၌ အာကိုကား ကွစာဒိ မဇ္ဈေတ္တရာနံဖြင့် ရဿပြု၊ ဤနည်းဖြင့်ပင် ပုံလိင်ငဲ့၍"ဒုက္ခပ္ပဋိပဒံ- သုခပ္ပဋိပဒံ- ဒန္ဓာဘိညံ, ကလျာဏာဘိရိယံ (ကုလံ)"

စသော ရုပ်များပြီးနိုင်သောကြောင့် ရူပသိဒ္ဓိနှင့်သက္ကတ ဗျာကရုဏ်းကျမ်းများ၌ နပုလ္လိင်ငဲ့နည်းကို မပြတော့ချေ။

မှတ်ချက်။ ။“သုခေါ ဗုဒ္ဓါနံ ဥပ္ပါဒေါ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ ခိပ္ပေါ-လျင်သော အဟုန်ရှိသော၊ အသော - မြင်းစသည်ဖြင့် သုခစသည်တို့ ဘာသိတပုမ ဖြစ်ပုံကိုသိပါ၊“ဒုက္ခာပဋိပဒံ-သုက္ခာပဋိပဒံ (ဈာနံ)”စသည်ဖြင့် အာပစ္စည်းမပျောက်ဘဲလည်း ပါဠိတွေ့ရ၏၊ သဒ္ဒနီတိဆိုသလို နပုလ္လိင် မငဲ့လိုသောကြောင့် “ဒုက္ခာပဋိပဒံ” စသည်ဖြင့် ပြင်ကြဟန်တူ၏၊ နပုလ္လိင် မငဲ့ဘဲ ဖြစ်နိုင်သောကြောင့်လည်းကောင်း, ပဋိ ဥပသာရ၌ ဥပသာရပလည်း ဒွေဘော်ရောက်မြဲ, ဒွေဘော်ရောက်၍ သံယုဂ်ဖြစ်လျှင် ရှေ့ပုဒ်၌ ရဿရှိမြဲ ဖြစ်သောကြောင့်လည်းကောင်း ထိုပါဠိများမှာ မကောင်းလှ။

ပုံစံများ။ ။ဒီဃဇင်္ဃောရုပ်ကို အခြေပြု၍ တွက်ပြခဲ့ပြီ၊ [နဂိုက ဒီဃတည်, အာ ပစ္စည်းသက်၍ အာပစ္စည်းကြောင့် ဃ၌ အသရချေ၍ အာသို့ ကပ်ရသည်၊ ဤသို့ အာပစ္စည်းကြောင့် ကြေနေသောအသရသည် အာပစ္စည်းပျောက်ပြန်သည့် အခါ အလိုလိုပြန်ပေါ်လာ၏၊ ဤနည်းကို မဟီရုဟ(သစ်ပင်)နည်းဟုခေါ်၏၊ သစ်ပင်ကြောင့် သစ်ရိပ်ထွက်ရ၏၊ သစ်ပင်မရှိပြန်လျှင် သစ်ရိပ်လည်း မရှိတော့ သကဲ့သို့, အာပစ္စည်းကြောင့် အသရ ကြေရ၏၊ အာပစ္စည်းမရှိလျှင် အသရ ကြေမှုလည်းမရှိရ, အသရပေါ်မြဲ ပေါ်ရသည်- ဟူလို။] ‘ကလျာဏီ+ဘရိယာ ယဿ” ဟုပြု၊ ဤ ပစ္စည်းပျောက်၍ “ကလျာဏ” ဟု ဖြစ်၏၊ “ပဟုတာ+ ပညာ ယဿ”ဟု ပြု၊တာ၌ အာပစ္စည်းပျောက်၏၊ သုတ်၌ ဗဟုဗ္ဗီဟိသမာသ်ဟု တိုက်ရိုက်မပြသော်လည်း နောက်လာမည့်သုတ်က ကမ္မဓာရဲအရာ၌ စီရင်လတံ့ ဖြစ်သောကြောင့် ဤသုတ်ကို ဗဟုဗ္ဗီဟိအရာ၌ စီရင်သောသုတ် ဟု ဆိုကြ၏၊ [“ဗဟုဗ္ဗီဟိဝိသယော-ယံ, ဥပရိ ကမ္မဓာရယသညေစာတိ ဝက္ခမာနတ္တာ”....ရူ။]

ဗြာဟ္မဏဗန္ဓု ဘရိယာ။ ။ဤ ကိ ပုံစံကို ဆရာများစွာပင် မနှစ်သက်ကြ၊ ရှင်းပြဦးအံ့ — ဗဟုဗ္ဗီဟိသမာသ်ကိုပြသော အရာဝယ် “ဗြာဟ္မဏဗန္ဓုစ+သာ+ ဘရိယာ စာတိ ဗြာဟ္မဏဗန္ဓုဘရိယာ” ဟု ကမ္မဓာရည်းပုံစံကို ပြထားသဖြင့် အမြီးအမောက်မတဲ့ချေ၊ ထို့ကြောင့် နိဒ္ဒေသ၌ “ကေသုစိ ပေါတ္ထကေသု နျာသံ နိဿာယဗြာဟ္မဏဗန္ဓုဘရိယာတိ ဝဒန္တိ၊ သော ပါဌော အသုန္ဒရော” စသည် ဖြင့် အပြစ်တင်လေသည်။ [နျာသ၌ “ဗြာဟ္မဏဗန္ဓုစ + သာ + ဘရိယာစာတိ အတ္ထေ ဝုတ္တနယေန ကမ္မဓာရယသမာသာဒိံ ကတွာ”စသည်ဖြင့် ကမ္မဓာရဲမှည့်, “ဗြာဟ္မဏဗန္ဓု + ဘရိယာ” ဟု ပကတိပြု၊ ဗြာဟ္မဏဗန္ဓုနှင့် ဘရိယာသည် တုလျာဓိကရဏဖြစ်သော်လည်း ယဿစသော ပုလ္လိင်အညပုဒ်ကို ထောက်ဖို့ရာ မရှိ၍ ဟောအပ်ဆဲ ပုလ္လိင်ရှိသောသဒ္ဒါဟု မဆိုထိုက်သောကြောင့်(ဘာသိတပုမ မဟုတ်သောကြောင့်) ဘရိယာ၌ အာပစ္စည်းပျောက်ဖို့ရာ ဤသုတ်ဖြင့်ပုလ္လိင် မငဲ့ရ- နာမ်ငဲ့စသည် စီရင်ပြလေသည်။]

**နိဒ္ဒေသ ပြင်ပုံ။** ။ဤသို့ နျာသစီရင်ပုံကို ထောက်၍ ကမ္မဓာရဲ ပြယုဂ်ကို အချို့စာအုပ်၌ တွေ့ရသည်မှာမကောင်း-ဟု နိဒ္ဒေသဆရာဆိုလိုသည်၊ ထို့ကြောင့် နိဒ္ဒေသ ဆရာအလို "ဗြာဟ္မဏဗန္ဓု+ဘရိယာ ယဿာတိ ဗြာဟ္မဏဗန္ဓု ဘရိယော= ပုဏ္ဏာမျိုးဖြစ်သော မယားရှိသူ" ဟု ဗဟုဗ္ဗိဟိ ရှိစေလိုသည်၊ နျာသ ရှိပုံကို စာလျှင် နိဒ္ဒေသပြင်ထားပုံသည် သင့်တော်သလို ရှိသော်လည်း ထိုပြင်ပုံမှာပင် အပြစ်မကင်းသေး၊ ရှင်းပြဦးအံ့ - နိဒ္ဒေသသည် ရှေ့ပုဒ်၌ ပုလ္လိင်ငဲ့ကို သဘောတူပြီး ဖြစ်၏၊ ဗန္ဓုသဒ္ဒါသည် "ဗန္ဓဝေါ ဗန္ဓု သဇနော=ဆွေမျိုး" ဟူသော အဘိဓာန်နှင့် အညီ "မုနိနာဒိစ္စ ဗန္ဓုနာ" စသော ဝါကျတို့၌ ပုလ္လိင်ကို ဟောဖူး၏၊ "ဗြာဟ္မဏဗန္ဓု+ဘရိယာ+ယဿ" ဟူသော ဤဝါကျ၌ကား ဣတ္ထိလိင်ကို ဟောဆဲ ဖြစ်၏၊ ဤသို့ ရှေ့ပုဒ် နောက်ပုဒ် တုလျာဓိကရဏလည်းဖြစ်, ဣတ္ထိလိင် ဘရိယာ သဒ္ဒါလည်းနှောင်း, ဗန္ဓုသဒ္ဒါက ပုလ္လိင်ကို ဟောဖူး၍ ဘာသိတပုမ လည်း ဖြစ်နေရကား သုတ်ရင်းအင်္ဂါနှင့် ညီညွတ်သောကြောင့် "ဒီဃဇင်္ဃော" ကဲ့သို့ သုတ်ရင်းပုံစံသာ ဖြစ်ထိုက်၏၊ "ဘာသိတပုမာတိ ကိံ"၏ ပုံစံ မဖြစ်ထိုက်၊ ရှေ့ပုဒ်က ဘာသိဘပုမ မဖြစ်သောရုပ်သာ ဤ ကိံ၏ပုံစံ ဖြစ်ထိုက်သည်။

**ရူနှင့် မောဂ္ဂလ္လာန်။** ။ဤသို့လျှင် နိဒ္ဒေသ ပြင်ဆင်တိုင်း "ဗြာဟ္မဏဗန္ဓု ဘရိယော" ဟု ဗဟုဗ္ဗိဟိရှိစေကာမူ သုတ်ရင်းပုံစံသာ ဖြစ်နိုင်၍ ဘာသိတပုမ၏ ကိံပုံစံ မဖြစ်နိုင်သောကြောင့် ရူပသိဒ္ဓိ၌ ဤပုံစံကို လုံးဝမပြပဲ "ဘာသိတပု မာတိကိံ - သဒ္ဓါခုရော" စသည်ဖြင့် ပုံစံတမျိုး ပြလေသည်၊ "သဒ္ဓါ+ခုရာ ယဿာတိ သဒ္ဓါခုရော-သဒ္ဓါဟူသော တာဝန်ဆောင်ရှိသူ၊" ဤ၌ သဒ္ဓါနှင့် ခုရာ သည် တုလျာဓိကရဏလည်းဖြစ်, ခုရာဟု ဣတ္ထိလိင်လည်း နှောင်း၍ အင်္ဂါ ၂ ပါး စုံသော်လည်း သဒ္ဓါပုဒ်က ပုလ္လိင်ကို မဟောဖူးသဖြင့် ဘာသိတပုမ အင်္ဂါပျက်သောကြောင့် ဤသုတ်ဖြင့် ပုလ္လိင်မငဲ့၊ သဒ္ဓါဟု အာပစ္စယန္တ အတိုင်း ရှိစေရသည်။ မောဂ္ဂလ္လာန်၌ "ဘာသိတပုမာတိ ကိံ-ကညာဘရိယော=သတို့သမီး ဟူသော မယားရှိသူ" ဟု ထုတ်၏၊ ရူနှင့် သဘောတူပင်တည်း၊ "ဘာသိတပုမ မဟုတ်သောကြောင့် ကညာကို ပုလ္လိင်မငဲ့ရ" ဟူလို။

**ကလာပ်။** ။"ပုံဝ ဘာသိတပုံသကာ- နူင်- ပူရဏျာဒီသု ထိယံ တုလျာဓိ ကရဏေ" (သမာသ် ၂၇၆ သုတ်)၊ ထိယံ - ဣတ္ထိလိင်၌၊ ဝတ္တမာနေ - သော၊ တုလျာဓိကရဏေ-သော၊ ပဒေ-နောက်ပုဒ်ကြောင့်၊ ထိယံ-၌၊ ဝတ္တမာနေ-သော၊ ဘာသိတပုံသကာ နူင် - ဟောအပ်ဖူးသော ပုလ္လိင်ရှိသော နူင်ပစ္စည်း မရှိသော သဒ္ဒါသည်၊ ပုံဝ-ပုလ္လိင်ကဲ့သို့ (ဖြစ်၏)၊ အပူရဏျာဒီသု-ပူရဏီအနက်၌ သက်သော ပစ္စည်းအဆုံးရှိသော ဣတ္ထိလိင်သဒ္ဒါ စသည်တို့ကြောင့်ကား မဖြစ်၊ (သုတ်နက်)၊ သောဘနဘရိယော - တင့်တယ်သော မယားရှိသူ၊ ဒီဃဇင်္ဃော - သူ၊ ဒီဃာ+ ဇင်္ဃာကဲ့သို့ ရှေ့နောက် ၂ ပုဒ်လုံးကိုပင် ဣတ္ထိလိင်ကို ဟောဆဲဖြစ်ရမည်။

**ထိယံ။** ။''ထိယံ'' ဟူသော ဝိသေသနဖြင့် ''ဂါမဏိဒိဋ္ဌိ - သူကြီးမျိုး ဟူသော အယူရှိသူ၊ ကလျာဏီပဓာနာ - ကောင်းသော မိန်းမလျှင် ပဓာနရှိသူ တို့'' ဤတွင် ရှေ့ပုံစံ၌ ''ဂါမဏိ'' ဟူသော ရှေ့ပုဒ်သည်လည်းကောင်း နောက် ပုံစံ၌ ''ပဓာနံ'' ဟူသော နောက်ပုဒ်သည်လည်းကောင်း ဣတ္ထိလိင် မဟုတ်ကြ၍ ရှေ့ပုဒ်များကို ပုလ္လိင်မငဲ့ရ။

**ဘာသိတပုံသက။** ။ဒေါဏီဘရိယော-ရေပက်ခွန် (ရေစကျင်း) ဟူသော မယားရှိသူ၊ ဤ၌ ''ဒေါဏီ'' သဒ္ဒါသည် ရေပက်ခွန်ဟူသော အနက်၌ ပုလ္လိင် မဟောဖူး၍ ဘာသိတပုမ အင်္ဂါပျက်သောကြောင့် ပုလ္လိင်မငဲ့ရ။

**အနူင်။** ။ဗြဟ္မဗန္ဓုဘရိယော - ပုဏ္ဏားမဟူသော မယားရှိသူ၊ ''ဘာသိတ ပုံသကာနူင်'' ဟု ဆိုသောကြောင့် ဦးပစ္စည်းဆုံးသော ပုဒ်သည် ဘာသိတပုမ ဖြစ်သော်လည်း ပုလ္လိင်မငဲ့ရ၊ ''အနူင်'' ဟူသော သုတ်အင်္ဂါပျက်သည် - ဟူလို။

**အပူရဏာဒီသု။** ။ကလျာဏီပဉ္စမာ - ကောင်းခြင်းမင်္ဂလာ ရှိသောညဉ့် လျှင် ၅ ညဉ့်မြောက်ရှိသော ညဉ့်တို့၊ ''အပူရဏျာဒီသု'' ဖြင့် ပူရဏီအနက်၌ သက်သော ''ပဉ္စမာ'' ကဲ့သို့ ဣတ္ထိလိင်နှောင်းရာ၌ ရှေ့ပုဒ်ကို ပုလ္လိင်မငဲ့ရ၊ ''အပူ ရဏီ''ဟူသော သုတ်အင်္ဂါ ပျက်သည်- ဟူလို၊ ပူရဏျာဒိ၌ အာဒိဖြင့် ''ပိယာ, မနုညာ, သုဘဂါ, ဒုဗ္ဘဂါ, ဘတ္တိ, သွသာ, ကန္တာ, ခန္တာ, သမာ, ဗာလျာ, ဒုဟိတာ, ဝါမနာ'' သဒ္ဒါတို့ကို ယူ။

**မှတ်ချက်။** ။ဤကလာပ်သုတ်၌ ၁-''ထိယံ''အရရှေ့နောက် ၂ ပုဒ်လုံး ဣတ္ထိလိင် ဖြစ်ခြင်း, ၂-''ဘာသိတ ပုံသက'' အရ ရှေ့ပုဒ်၏ (ယခု ဟောနေသော အနက်မျိုး၌ ပင်, အခြားနေရာ၌) ပုလ္လိင်ကိုဟောဖူးခြင်း ၃-''အနူင်'' အရ ဗန္ဓုကဲ့သို့ ဦးပစ္စယန္တ လည်း မဟုတ်ရခြင်း, ၄-''အပူရဏျာဒီသု''အရ ပူရဏီအနက်ဟော ပစ္စည်းဆုံးသော ပုဒ်စသည်လည်း မနှောင်းရခြင်း၊ [ပဉ္စမာ၌ မ ပစ္စည်းသည် ''သင်္ချာ ပူရဏေမော'' သုတ်မျိုးဖြင့် ပူရဏီအနက်၌သက်သော ပစ္စည်းတည်း၊] ဤသို့ သုတ် အင်္ဂါ ၄ ပါး ရှိသည် အားလျော်စွာ ''ဂါမဏိဒိဋ္ဌိ'' စသည်ဖြင့် အင်္ဂါမစုံသော ပုံစံများကို ၄ မျိုး ခွဲ၍ ထုတ်ပြထားသည်။

**ကစ္စည်းပုံစံ။** ။ကလာပ်သုတ်၌ ''ဗြဟ္မဗန္ဓုဘရိယော'' ပုဒ်ကို နည်းယူ၍ ''ဗြာဟ္မဏဗန္ဓုဘရိယာ'' ဟု ကစ္စည်းဝုတ္တိ ပုံစံထုတ်သော်လည်း သက္ကတ၌ ''အနူင်'' အရ ပုမ္ဘောင့်ရန် တားမြစ်၍ ''ဘာသိတပုမ'' အရ တားမြစ်အပ်သော ပုံစံမဟုတ်သည့်ပြင်, ''ဗြဟ္မဗန္ဓု'' ဟု ပုဏ္ဏားယောကျ်ားကိုလည်း (နူင် ပစ္စည်း မသက်မီ) ဟောဖူးရကား ဘာသိတပုမ ဖြစ်နေသောကြောင့် ကစ္စည်းဝုတ္တိပုံစံကို လုံးဝ ပယ်လှန်၍ ''ဣတ္ထိယန္တိ ကိံ - ခမာဓနော၊ ဘာသိတပုမာတိ ကိံ သဒ္ဓါ ခုရော'' စသည်ဖြင့် ရူပသိဒ္ဓိအတိုင်း ဖြစ်စေ, မောဂ္ဂလ္လာန်အတိုင်း ''ဣတ္ထိယန္တိ ကိံ-ကလျာဏီ ပဓာနော၊ ဘာသိတပုမာတိ ကိံ-ကညာဘရိယော'' ဟု ဖြစ်စေ ပုံစံထုတ်မှသာ အရာရာ အပြစ်ကင်း၍ သန့်ရှင်းဖွယ် ရှိသည်။

ကမ္မဓာရယသညာစ ၃၃၂॥ ကမ္မဓာရယ သညာ-ကမ္မဓာရဲ အမည်ရှိသော၊ သမာသေစ - ၌လည်း၊ ဣတ္ထိယံ - ၌၊ တုလျာဓိကရဏေ-သော၊ ပဒေ - နောက်ပုဒ်ကြောင့်၊ ပုဗ္ဗ-ရှေ့၌၊ ဘာသိတပုမာ - သော၊ ဣတ္ထီ-သည်၊ စေ (အတ္ထိ) သော ပုမာဝ ဒဋ္ဌဗ္ဗော၊ ဗြာဟ္မဏဒါရိကာ - ပုဏ္ဏားသူငယ်မ၊ ခတ္တိယကညာ-မင်းမျိုး သတို့သမီး၊ ခတ္တိယကုမာရိကာ -မင်းမျိုး အပျို၊ ဘာသိတပုမေတိ - သည်၊ ကိမတ္ထံ - နည်း၊ ခတ္တိယဗန္ဓုဒါရိကာ - မင်းမျိုး သူငယ်မ၊ ဗြာဟ္မဏဗန္ဓုဒါရိကာ - ပုဏ္ဏားမျိုး သူငယ်မ၊ ဣတိ - ၏၊ (၃၃၃)॥

---

၃၃၂॥ ကမ္မဓာရဲ သမာသ်အရာဝယ် ဤသုတ်ဖြင့် ပုမ္ဘောင်ငဲ့ရာ၌ကား ဆရာများပင် ရှေ့ပုဒ်ကိုသာ ငဲ့ကြသည်၊ မှန်၏ - သဒ္ဒနီတိဝယ် "ဣတ္ထိယံ ဝတ္တမာနေ တုလျာဓိကရဏေ ဥတ္တရပဒေ သတိ (နောက်ပုဒ် ရှိလသော်)" စသည်ဖြင့် နောက်ပုဒ်ကို နိမိတ် (လက္ခဏ) လုပ်၍ ရှေ့ပုဒ် ငဲ့ဖို့ရန် ပြထား၏၊ န္ယာသ၌လည်း "နဒါဒိတော ဝါ ကြဲ့တိ ကတဿ- ပစ္စယဿ ဘာဝကရဏမေဝ ဝိသေသော=ဗြာဟ္မဏီဟူသော ရှေ့ပုဒ်၌ ဤပစ္စည်း မရှိအောင် ပြုခြင်းသာ ဤသုတ်မှာထူး၏" ဟု မိန့်၏၊ သန္ဓိ-နိဂ္ဂဟီတစ္ဆသုတ် "ပုရိမဇာတိ" ရုပ်တွက်ပြရာ၌လည်း "ပုရိမာ+ဇာတိ" ဝယ် ရှေ့ပုဒ်ကို ပုလ္လိင်ငဲ့၍ မာ၌ အာပစ္စည်း ပျောက်ပုံကို ပြခဲ့သည်။ ထို့ကြောင့် ဤသုတ်၌ ရှေ့ပုဒ်ငဲ့မှုကို ဆရာအားလုံး သဘောတူကြသည်။

န္ယာသ။ ။ပုရိမာ+ဇာတီတိ အဌေ နာမ္မာနံ သမာသော ယုတ္တတ္ထောတိ အဓိကိစ္စ ဒ္ဓိပဒေ၊ ပေ၊ ကမ္မဓာရယ သမာသံ ကတွာ၊ ပေ၊ ကမ္မဓာရယ သညာ စာတိ ပုရိမာသဒ္ဒံ ပုလ္လိင်္ဂမိဝ ကတွာ အာပစ္စယာဘာဝေ ကတေ ပုရိမဇာတီတိ ဘဝိတဗ္ဗံ၊- သန္ဓိ, နိဂ္ဂဟီတစ္ဆသုတ်ဖွင့်။

ရှေးပါဌ်။ ။ဗြဟ္မာ+ဗန္ဓုယဿာတိ ဗြဟ္မဗန္ဓု= ဗြဟ္မာဟူသော မိတ်ဆွေရှိသော ပုဏ္ဏား (ယောကျ်ား)၊ ဣဒံ ဝတွာ ဗြဟ္မဗန္ဓု, ပဋိမုဉ္စ ဥပါဟနံ" ဟု ဝေဿန္တရာဇာတ်၌ ဇူဇကာပုဏ္ဏားကို "ဗြဟ္မဗန္ဓု" ဟု ဆို၍ "ဂါရယှဿံ ဗြဟ္မဗန္ဓုယာ"ဟု အမိတ္တတာပနာ ပုဏ္ဏေးမကို "ဗြဟ္မဗန္ဓုယာ" ဟု ဆို၏၊ ပုလ္လိင်ဥကာရန္တကို ဣတ္ထိလိင် ပြောင်းရာ၌ "ဥပမာ သံဟိတာ၊ ပေ၊ လက္ခဏာဒိတူရူဟူ" သုတ်ဖြင့်လည်းကောင်း, ထိုသုတ်၏ ယောဂဝိဘာဂဖြင့် လည်းကောင်း ဦပစ္စည်းသက်၍ "ဝါမောရူ-တင့်တယ်သော ပေါင်ရှိသော မိန်းမ၊ ဗြဟ္မဗန္ဓု-ပုဏ္ဏေးမ" ဟု မောဂ္ဂလ္လာန် မိန့်သည်၊ ဤပြခဲ့သော စကားစဉ်အရ "ဗြဟ္မဗန္ဓု ဒွိဇော ဝိပ္ပေါ" ဟု ဗြဟ္မဗန္ဓု သဒ္ဒါသာ ပါဋ္ဌိသုံးရှိ၍ "ဗြာဟ္မဏဗန္ဓု"ဟု သုံးရိုးမရှိသောကြောင့် ရှေ့သုတ်လာ "ဗြာဟ္မဏဗန္ဓုဘရိယာ" ဟူသော ပါဌ်၌ "ဗြဟ္မဗန္ဓုဘရိယော" ဟုလည်းကောင်း, ဤ သုတ်လာ "ဗြာဟ္မဏဗန္ဓုဒါရိကာ" ပါဌ်၌ "ဗြဟ္မဗန္ဓုဒါရိကာ" ဟုလည်းကောင်း ရှေးပါဌ် ဖြစ်ပေလိမ့်မည်။



၁၁၁၉၇

**နိယတ-အနိယတ ဠတ္ထိလိင်။** ။ဤပုမ္ဘောင့် သုတ် ၂-သုတ်၌ ဠတ္ထီအရ နောက်ပုဒ်သည် (တခါတရံမျှ ပုလ္လိင်မဖြစ်ရ, အမြဲ ဠတ္ထိလိင်ဖြစ်သော) နိယတ ဠတ္ထိလိင်တည်း၊ ရှေ့ပုဒ်ကား အနိယတ ဠတ္ထိလိင် (ရံခါ ပုလ္လိင်ဖြစ်၍ မမြဲသော ဠတ္ထိလိင်) ဟု ခွဲခြား၍ "ဠတ္ထိယံ· နိယတ ဠတ္ထိလိင်၌၊ ဝတ္တမာနေ တုလျာဓိကရဏေ, ပဒေ- နောက်ပုဒ်ကြောင့်၊ ဘာသိတပုမာ-သော၊ ဠတ္ထီ-အနိယတ ဠတ္ထိလိင်ဟောသဒ္ဒါသည်"ဟု အနက်ပေးကြ၏၊ ရှေ့ပုဒ်သည် "ဘာသိတ ပုမာ- ပုလ္လိင်ကို ဟောဖူး၏" ဟု ဆိုသဖြင့် ဠတ္ထိလိင် မမြဲရကား ရှေ့ပုဒ်ကို အနိယတ ဠတ္ထိလိင်ဟု ဆိုသင့်ပေ၏၊ နောက်ပုဒ်ကိုကား နိယတဠတ္ထိလိင် ဟု မဆိုသင့်၊ ဘာ့ကြောင့်နည်း.... "ဗြာဟ္မဏဒါရိကာ" ၌ ဒါရိကာဟူသော နောက်ပုဒ်သည် "ဒါရကော"ဟု ပုလ္လိင်လည်း ရှိနိုင်သောကြောင့်တည်း၊ ထို့အတူ "ဗဟုဒါသိကော" ဟူသော ဗဟုဗ္ဗီဟိ၌လည်း ဒါသီဟူသော နောက်ပုဒ်သည် "ဒါသော"ဟု ပုလ္လိင်ရှိနိုင်၏၊ ထို့ကြောင့် "ဠတ္ထိယံ- နိယတဠတ္ထိလိင်၌" ဟု နိယတ စကားလုံးကို မသုံးသင့်၊ နိယတဖြစ်ဖြစ် အနိယတဖြစ်ဖြစ် ယခုဝါကျ အခိုက်၌ နောက်ပုဒ်၏ ဠတ္ထိလိင်ဖြစ်နေခြင်းသာ လိုရင်းဟု မှတ်ပါ။

**ပုဗ္ဗေ ဘာသိတပုမာ။** ။ဤဝါကျသို့မရောက်မီ ရှေ့အခြားဝါကျ၌"ဗြာဟ္မဏော, ခတ္တိယော"ဟု ပုလ္လိင်ကို(ဤသဒ္ဒါက) ဟောဖူးသောကြောင့် "ပုဗ္ဗေ+ ဘာသိတပုမာ" ဟု ဆိုသည်၊ ပုဗ္ဗေကို"ဘာသိတ" ပုဒ်တစိတ်၌ စာစပ်၊ ရှေ့၌+ ဟောဖူး" ဟူလို၊ ပုဗ္ဗေကို"ပုမာဝ ဒဋ္ဌဗ္ဗော"၌ စပ်၍ "ရှေ့ပုဒ်၌ ပုလ္လိင်ကဲ့သို့ မှတ်"ဟု ကြံကြသေး၏၊ အဓိပ္ပာယ် မပျက်သော်လည်း ကျမ်းဆရာ၏ အာဘော် မကျ၊ ထို့ပြင်–ဘာသိတ၏ကတ္တားလည်း ထိုသဒ္ဒါပင်ဖြစ်၏၊ ဥပမာ–ဗြာဟ္မဏီ ကို"ဘာသိတပုမ"ဟု ဆိုလိုလျှင် ထိုဗြာဟ္မဏီသဒ္ဒါသည် "ဗြာဟ္မဏော" အခိုက် တုန်းက ပုလ္လိင်ကို ဟောဖူးသကဲ့သို့တည်း၊ ထို့ကြောင့် "ဘာသိတော+ ပုမာ ယေနာတိ ဘာသိတပုမာ" ဟု သက္ကတဋီကာတို့၌ ကတ္တားဟော တတိယာ ဗဟုဗ္ဗီဟိ ဝိဂ္ဂိုဟ်ပြုကြသည်။

**သဒ္ဒနီတိ။** ။"ဠမဿိံ ပကရဏေ ဠမဿိံ သမာသေ ဘာသိတော ပုမာ ယဿာ ဠတ္ထိယာ သာ ဘာသိတပုမာ"ဟု ဆဋ္ဌီဗဟုဗ္ဗီဟိ ဝိဂ္ဂိုဟ်ပြု၍ ဘာသိတော၏ ကတ္တားကို အဍ္ဎရစိန္တကေဟိ (သဒ္ဒါဆရာတို့သည်) လောကိယမဟာ ဇနေဟိဝါ (ကမ္ဘာဦးလူကြီးသူမတို့သည်) ဟု ၂- မျိုးပြလေသည်၊ သဒ္ဒါဆရာ တို့သည်ဗြာဟ္မဏော- ခတ္တိယော စသည်ဖြင့် ရှေးဦး (ပဌမ)ပုလ္လိင်ကို ပြကြ၍, ထို့နောက်မှ "ခတ္တိယဿ+ဘရိယာ=မင်း၏+မယား" စသော အနက်ကို နှလုံး သွင်း၍ "ခတ္တိယာ, ဗြာဟ္မဏီ" စသည်ဖြင့် ဠတ္ထိလိင်ကို ပြကြသတတ်၊ ဤသို့ သဒ္ဒါဆရာနှင့် ကမ္ဘာဦးလူတို့က ရှေးဦးစွာ ပုလ္လိင်သဒ္ဒါကို ပြကြသောကြောင့် "ပုဗ္ဗေ ဘာသိတပုမာ"ဟု "ပုဗ္ဗေ"သဒ္ဒါ ထည့်ရကြောင်းကို သဒ္ဒနီတိ ကြံလေ သည်၊ သို့သော် ထိုအကြံသည် "ဘာသိတပုမာ" ပုဒ်ကို သုံးစွဲသော သဒ္ဒါဆရာ

တို့၏ အာဘော် (နှလုံးသွင်း) ကျမည် မထင်၊ [ဒါရိကာသဒ္ဒါ ကုမာရိကာသဒ္ဒါ တို့ကို နိယတလ္လိင်ဟောသဒ္ဒါ ဟုလည်းကောင်း, ဒါသီ - ဒေါဝါရိကာ စသည်ကို အနိယတ လ္လိင်ဟောသဒ္ဒါ ဟုလည်းကောင်း သဒ္ဒနီတိ ခွဲပြသေး၏၊ ထိုအခွဲလည်း သင့်မည်မထင်၊ "ဒါရကော-ကုမာရကော"၏ တွဲဖက်ဖြစ်သောကြောင့် ဒါရိကာ - ကုမာရိကာတို့ကိုလည်း အနိယတလ္လိင် ဟုပင် ယူသင့်သည်။]

**ပုံစံများ။** ။"ဗြဟ္မဏီစ + သာ + ဒါရိကာ စ, ခတ္တိယာ စ + သာ + ကညာ စ ခတ္တိယာစ + သာ + ကုမာရိကာ စ" ဟု ဝိဂ္ဂြိုဟ်ပြု၊ ရုပ်ကို အခြေပြု၍ တွက်ပြထား၏၊ "ဘာသိတပုမေတိ ကိမတ္ထံ - ခတ္တိယဗန္ဓုဒါရိကာ, ဗြာဟ္မဏဗန္ဓုဒါရိကာ" ဟူသော ကိံပုံစံကား "ခတ္တိယဗန္ဓု - မင်းမျိုးမိန်းမလည်းဟုတ်၏၊ သာ-သည်၊ ဒါရိကာစ - သူငယ်မလည်း ဟုတ်၏" ဟူသော အနက်၌ သမာသ်စသည် စီရင်၍ "ခတ္တိယဗန္ဓု + ဒါရိကာ" ဟု ပကတိပြု၊ ဒါရိကာဟူသော လ္လိင်ကြောင့် ခတ္တိယဗန္ဓုကို ဤသုတ်ဖြင့် ပုလ္လိင်ငဲ့၍ ဦပစ္စည်း ပျောက်သင့်သော်လည်း ဘာသိတပုမ မဟုတ်သောကြောင့် မငဲ့ရ ကွစာဒိ မဇ္ဈေတ္တာရာနံ သုတ်ဖြင့် ဦကို ဥရဿပြု, နာမ်ငဲ့ စသည် စီရင်ဟု ရုပ်တွက်ကြ၏။

**ဉျာသ ရုပ်တွက်ပုံ။** ။ဉျာသ၌ကား "သတိပိ ကမ္မဓာရယတ္တေ ဒါရိကာ သဒ္ဒဿ နိယတိတ္ထိဝါစကတ္တာ ဘာသိတပုမတ္တာဘာဝတော လ္လမ ဝုတ္တာဝိဓာနံ နဟောတိ = ဗြာဟ္မဏဗန္ဓု + ဒါရိကာ၌ ကမ္မဓာရယသမာသ် ဖြစ်သော်လည်း ဒါရိကာဟူသော နောက်ပုဒ်က နိယတလ္လိင် ဖြစ်သောကြောင့် ဘာသိတပုမ မဟုတ်သည့်အတွက် ရှေ့ပုဒ်ကို ပုလ္လိင် မငဲ့ရ" ဟု ကမောက်ကမ ဆိုထား၏၊ ရှင်းပြအံ့—ဉျာသဆရာသည် ဤသုတ်၌ ရှေ့ပုဒ်ငဲ့ဖို့ရန် ဝန်ခံပြီး ဖြစ်ပါလျက် ဒါရိကာဟူသော နောက်ပုဒ်က ပုလ္လိင်ကို မဟောဖူးသောကြောင့်" ဟု နောက်ပုဒ်ကို စိစစ်ခြင်းသည် ခုတ်ရာတခြား ရှရာတခြား ဖြစ်နေတော့၏၊ ဒါရိကာ၏နိယတလ္လိင် မဟုတ်ကြောင်းကိုလည်း နောက်၌ "ပါစိကာ" ပုဒ်ကို ထောက်၍ ပြဦးမည်။ [နိဒ္ဒေသ၌ "သတိပိ ကမ္မဓာရယတ္တေ၊ ပေ၊ ပုမတ္တာ - ဘာဝတော" ဟူသော ဉျာသစကားကို ကောက်ချက်ချ၍ ဉျာသဆရာ (အရှင်ဝိမလဗုဒ္ဓိ) သည် နောက်ပုဒ်ကို ပုလ္လိင်ငဲ့လိုသကဲ့သို့ ထင်၏-ဟုဆို၏၊ ဉျာသဆရာသည်၊ ဤသုတ်၌ ရှေ့ပုဒ်ကို ငဲ့လိုကြောင်းကို ရှေ့၌ပြခဲ့ပြီ။]

**ကစ္စည်းဝုတ္တိနှင့် နောက်လိုက်များ။** ။ဗြာဟ္မဏဗန္ဓု၏ ပုလ္လိင်ကို ဟောဖူးသော ဘာသိတပုမပုဒ် ဖြစ်ကြောင်းနှင့် ဤနေရာ၌ ဦပစ္စည်း သက်ထားကြောင်းကို ရှေ့သုတ်၌ပြခဲ့ပြီ၊ ထို့ကြောင့် "ဗြာဟ္မဏဗန္ဓုဒါရိကာ-ခတ္တိယဗန္ဓုဒါရိကာ" ပုံစံများကို ဘာသိတပုမ၏ ကိံပုံစံ (ပြောင်းပြန်ပုံစံ) အဖြစ်ဖြင့် မပြထိုက်၊ ထိုသို့ မပြထိုက်သောပုံစံကို ဝုတ္တိဆရာ ပြထားသောကြောင့် နိဒ္ဒေသ၌

“ဗန္ဓုသဒ္ဒဿ ဘာသိတပုမတ္တာဘာ၀ါ - ပုလ္လိင်ကို မဟောဖူးသောကြောင့်”ဟု ဆိုမှားလေ၏၊ သဒ္ဒနီတိဆရာလည်း “ကစ္စာယနေ ပန ဘာသိတပုမာတိ ကိံ-ခတ္တိယဗန္ဓုဒါရိကာတိ ဥတ္တရပဒေ ဣတ္ထိပစ္စယဿ အနိဝတ္တိ ဝုတ္တာ=ဒါရိကာ နောက်ပုဒ်၌ အာပစ္စည်း မကြေခြင်းကို ကစ္စည်းကျမ်း၌ ဆိုအပ်၏”ဟု ကြံမှားလေသည်၊ အမှန်မှာ ကစ္စည်းကျမ်း၌ နောက်ပုဒ်ဝယ် ဣတ္ထိပစ္စည်း မကြေခြင်းကို မဆိုလို၊ ဗန္ဓုု၌ ဣတ္ထိပစ္စည်း (ဦပစ္စည်း) မကြေခြင်းကိုသာ ဆိုလိုသည်၊ ထို့ကြောင့် ကစ္စည်းဝုတ္တိနှင့်တကွ နိဒ္ဒေသ နီတိတို့ဖွင့်ပုံကို စဉ်းစားကြပါလေ။

**ရူပသိဒ္ဓိအတိုင်း ပုံစံထုတ်။** ။ကလာပ်ဝုတ္တိ၌ “ဘာသိတ ပုံသကောတိ ကိံ၊ ခဋ္ဋာပြိန္နာရိကာ - လှပသော ခဋင်” [“ခဋင်ကို စောင့်သောနတ်”ဟု ပေးသည်ကား ကမ္ဘောရဲ မဟုတ်, တပ္ပုရိသ်ပါနေ၍ မကောင်း၊] ဤ၌ ခဋ္ဋာသည် ပုလ္လိင်ကို မဟောဖူး၍ ပုမ္ဘော မငဲ့ရ၊ “အနူင်တိကိံ၊ ဗြဟ္မဗန္ဓုုဒါရိကာ - ယုတ် ညံ့သော ပုဏ္ဏားသူငယ်မ” ဟု ဆို၏၊ ထို့ကြောင့် ကစ္စည်းဝုတ္တိ၌ ဗြာဟ္မဏဗန္ဓုုဒါရိကာ, ခတ္တိယဗန္ဓုုဒါရိကာ” တို့သည် ကလာပ်ပုံစံကို အတုလိုက်သော ပုံစံများ ဖြစ်သော်လည်း ထိုကလာပ်၌ နူင် ပစ္စယန္တဖြစ်၍ ပုမ္ဘော မငဲ့ရသော အရာ၌ပြထားသောကြောင့် ဘာသိတပုမ၏ ကိံ ပုံစံများ မဖြစ်ထိုက်၊ ထို့ကြောင့် “ဗြာဟ္မဏဗန္ဓုုဒါရိကာ” စသော ပုံစံ ၂ ခုကို ပယ်နုတ်၍ “ဘာသိတပုမေတိ ကိမတ္ထံ ဂင်္ဂါနဒီ (ဂင်္ဂါမြစ်), တဏှာနဒီ (တဏှာမြစ်)” ဟု ရူပသိဒ္ဓိအတိုင်းသာ ပုံစံထုတ်သင့်သည်။

**ကလာပ်သုတ်တမျိုး။** ။“ပုံ၀ ဘာသိတပုံသကာ နူင်-ပူရဏျာဒိသု ထိယံ တုလျာဓိကရဏေ” သုတ်၏နောက်၌ “သညာ ပူရဏီကောပဓာတု န” ဟု ပဋိသေဓ တသုတ်ရှိသေး၏။ [သညာ ပူရဏီ ကောပဓာတု - နာမည်ဟောသဒ္ဒါ, ပူရဏီပစ္စည်း အဆုံးရှိသော ဣတ္ထိလိင်သဒ္ဒါ, က အက္ခရာ ဥပဓာရှိသော သဒ္ဒါ တို့သည်ကား၊ နပုလ္လိင်ကဲ့သို့ မဖြစ်ကုန်၊] ဒတ္တာဘရိယော - ဒတ္တာမည်သော မယားရှိသူ (သညာပုံစံ)၊ ပဉ္စမီ ဘရိယော - ငါးယောက်မြောက် မယားရှိသူ (ပူရဏီ ပစ္စယန္တပုံစံ)၊ ပါစိကာဘရိယော - ချက်ပြုတ်တတ်သော မယားရှိသူ (က ဥပဓာရှိသော ပုံစံ)၊ ဤ ပါစိကာသည် ပုလ္လိင်ကို ဟောဖူးသော်လည်း က ဥပဓာရှိသောကြောင့် ပုလ္လိင် မငဲ့ရ၊ [ဤ ပါစိကာကိုထောက်၍ ဒါရိကာ-ကုမာရိကာတို့လည်း ပုလ္လိင်ဟောဖူးသောကြောင့် (နျာသ သဒ္ဒနီတိတို့ဆိုသလို) နိယတဣတ္ထိလိင် မဟုတ်ကြောင်းသိပါ၊] ကမ္ဘောရဲ၌ကား ဤပုံစံများ ပုလ္လိင်ငဲ့ရ၍ “ဒတ္တာဘရိယာ, ပဉ္စမဘရိယာ” ဟု ဖြစ်ကြောင်းကို “ကမ္ဘောရယ သညေတု ပုံဘာဝေါ ဝိဓီယတေ” ဟု ပြန်၍ ခွင့်ပြုသုတ်ကို ဆိုပြန်သည်။

ပါဠိပုံစံ။ ။ပါဠိ၌ကား ထိုသမာသ် ၂ မျိုးလုံး၌ပင် သညာသဒ္ဒါ ပူရဏီ ပစ္စယန္တသဒ္ဒါတို့၌ ပုမ္ဘော မငဲ့ရ၊ ထို့ကြောင့် “ရတ္တိ ဟာရိတာမာတာ-

ဟာရိတာမည်သော မိခင်'' ဟုလည်းကောင်း ''ကာယဂတာသတိ-ကာယဂတာမည်သောသတိ'' ဟုလည်းကောင်း သညာသဒ္ဒါ၌ ပုလ္လိင်မင့်ရ၍ အာပစ္စည်း မပျောက်ပဲ ရှိရသည်၊ ''နန္ဒာဒေဝီ- နန္ဒာမည်သော မိဖုရား, နန္ဒာပေါက္ခရဏီ- နန္ဒာမည်သော ရေကန်, ပဌမာဝိဘတ္တိ - ပဌမာမည်သော ဝိဘတ်, ဝတ္တမာနာဝိဘတ္တိ - ဘတ်'' တို့လည်း သညာသဒ္ဒါချည်းတည်း၊ ထို့ကြောင့် ရူပသိဒ္ဓိ၌ ''နန္ဒာပေါက္ခရဏီ နန္ဒာဒေဝီတျာဒီသု ပန သညာသဒ္ဒတ္တာ န ဟောတိ (ပုမ္ဘောမဖြစ်)''ဟု လည်းကောင်း, ဋီကာ၌ ''တထာ ပဌမာဝိဘတ္တိ ဝတ္တမာနာ ဝိဘတ္တိ တျာဒီသု'' ဟုလည်းကောင်းမိန့်သည်၊ ဒုတိယာဝိဘတ္တိ, ဆဋ္ဌီဝိဘတ္တိ, သတ္တမီဝိဘတ္တိ တို့ကား ပူရဏီပစ္စယန္တသဒ္ဒါများဖြစ်၍ ပုလ္လိင်မင့်ရသောကြောင့် အာ-ဤပစ္စည်း မပျောက်ပဲ ရှိကြရသည်၊ ရှုအလို''ဒုတိယာမည်သော ဝိဘတ်''စသည်ဖြင့် သညာသဒ္ဒါ ဖြစ်သောကြောင့်မင့်ရ- ဟု ဆို၊ သဒ္ဒနီတိ၌ ''နန္ဒာ + ဒေဝီ'' စသည်ကို သမာသ်မဟုတ် ဟု တနည်းဆိုသေးသည်။

**ကြွင်း ပုမ္ဘောင့်ဖွယ်များ**။ ။မောဂ္ဂလ္လာန်၌ ''ကွစိ ပစ္စယေ'' ဟု သုတ်တည်၍ ပစ္စည်းနှောင်းရာ၌ ဘာသိတပုမသဒ္ဒါကို အချို့အရာ၌ ပုလ္လိင်ငဲ့ဟု ဆို၏၊ ဗျတ္တတရာ, ဗျတ္တတမာ-အထူးထက်မြက်သောမိန်းမ၊ ဤ၌ ''ဗျတ္တာတရာ,ဗျတ္တာတမာ'ဟု ဖြစ်သင့်လျက် ပုလ္လိင်ငဲ့၍''ဗျတ္တ'' ဟုဖြစ်သည်၊ ''သဗ္ဗာဒယော ဝုတ္တိမတ္တေ''ဟု သုတ်တည်၍ သဗ္ဗနာမ်ပုဒ်များကိုလည်း ပုမ္ဘောင့်၏၊ တဿာ — ထိုမိန်းမ၏+မုခံ-မျက်နှာ၊ တမ္မုခံ-နှာ၊ ဤ၌ တပ္ပုရိသ်သမာသ်ဖြစ်၍ ''တာ+မုခ'' ဟု ပကတိ ပြုပြီးသည့်အခါ တာ ဟူသော သဗ္ဗနာမ်ကို ပုမ္ဘောင့် (တမုခ) မဒ္ဒဘော်လာ၊ တတြ - ထိုမိန်းမ၌၊ တာနောင် တြ ပစ္စည်းသက်,တာကို ပုလ္လိင်ငဲ့၊ တတော- ထိုမိန်းမမှ၊ တဒါ- ထိုအခါ၌၊ တို့လည်းနည်းတူ။ [''တာယံ ဝေလာယံ''ဟု ဝေလာကိုင့်၍ ''တာ'' ဟု ဣတ္ထိလိင်ဖြင့်ရပ်တည်, ဒါပစ္စည်းသက်။]

**နိဒ္ဒေသ**။ ။နိဒ္ဒေသ၌မူ ''ကမ္မဓာရယသညေစ'' ၌ သညာ သဒ္ဒါပိုဖြင့် တမ္မုခံ, ကုက္ကုဋဏ္ဍံ = (ကြက်မ၏ဥ) စသည်ကို ပုမ္ဘောင့်ဟုလည်းကောင်း, သညေစ၌ စသဒ္ဒါဖြင့် ''တဿာ+ဘာဝေါ တတ္တံ-ထိုမိန်းမ၏အဖြစ်'' ဟူသော တဒ္ဓိတ်,တံ ဣတ္ထိမိဝ အတ္တာန မာစရတိ တတ္တာယတိ=ထို မိန်းမကဲ့သို့ပြုကျင့်၏'' ဟူသော အာချာတ်, တတြ— တဒါစသော နာမ်တို့၌ ပုမ္ဘောင့်ဖို့ရန် ဆည်းယူ ဟုလည်းကောင်း ဆိုသည်၊ ထိုတွင် ''ကုက္ကုဋီ+ အဏ္ဍံ''၌ ဤသရချေလျှင် ''ကုက္ကုဋဏ္ဍံ'' ဟုလည်းကောင်း ''တာ+ ဣတ္ထီ+ အာယတိ''၌ ရှေ့သရချေလျှင် ''တတ္တာယတိ'' ဟုလည်းကောင်း ဖြစ်နိုင်သောကြောင့် ထိုပြယုဂ်မျိုးကို မောဂ္ဂလ္လာန်မပြပဲ ချန်ထားသည်။ [ကစ္စည်း၌ကား ဆိုကဲ့သို့သုတ်များမရှိသောကြောင့် ထို အာ- ဤ ပစ္စည်းများကို ကွစာဒိမဏ္ဍူတ္တရာနိသုတ်ဖြင့် ရဿပြုရသည်။]

အတ္တံ နဿ တပ္ပုရိသေ — ၃၃၃။ တပ္ပုရိသေ-၌၊ ဥတ္တရပဒေ-နောက်ပုဒ်ကြောင့်၊ နဿ ပဒဿ-န, နိပါတ်ပုဒ်၏၊ အတ္တံ-သည်၊ ဟောတိ၊ ဗြာဟ္မဏော-ပုဏ္ဏားစစ်သည်၊ န-မဟုတ်၊ အဗြာဟ္မဏော-ဟုတ်၊ အဝ သလော-ယုတ်မာသူမဟုတ်၊ အ ဘိက္ခု-ရဟန်းစစ်မဟုတ်၊ အ ပဥ္စဝဿံ-ငါးနှစ် မဟုတ်၊အပဥ္စဂဝံ-ငါး ကောင်သော်နွားမဟုတ်။ (၃၄၄)။

သရေအန် — ၃၃၄။ တပ္ပုရိသေ-၌၊ ပရေ-သော၊ သရေ-ကြောင့်၊ နဿပဒဿ-၏၊ အန်အာဒေသော-အန်အပြုသည်၊ ဟောတိ-၏၊ အဿော-မြင်းသည်၊ န-မဟုတ်၊ အနဿော-မြင်းမဟုတ်၊ (မြင်းနှင့်တူသော သတ္တဝါ၊) အနိဿရော-အစိုးရသူမဟုတ်၊ အနရိယော-အရိယာမဟုတ် (ပုထု ဇဉ်)။ ၃၄၅။

---

၃၃၃။ ယောဂ ဝိဘာဂ။ ။[ရုပ်တွက်ပုံကို အခြေပြုမှာ ရှု ဥဘောတပ္ပု ရိသာသုတ်၌ ဤရုပ်အားလုံး ပါခဲ့ပြီ။] န နိပါတ်ပုဒ်ကို "အ" ပြုခြင်းသည် အ ဗြာဟ္မဏောစသော တပ္ပုရိသ်အရာ၌သာမက, "န ဝိဇ္ဇတေ ဃောသော (ခနိ)ယေသံ, တေ အဃောသာ" ဟူသော ဗဟုဗ္ဗီဟိ, "ဗြာဟ္မဏဿ+ အဘာ ဝေါ-အဗြာဟ္မဏံ (ပုဏ္ဏား၏မရှိခြင်း)" ဟူသော အဗျယီဘောတို့၌လည်း နကို (အ) ပြုရသည်၊ ထိုသို့ပြုရာ၌ "အတ္တံနဿ" ဟူသော ယောဂဝိဘာဂဖြင့် ပြု-ဟု ရူပသိဒ္ဓိ ဆို၏။["အသမော-အတူမရှိသော ဘုရား၊ အတ္တံနဿာတိယော ဂဝိဘာဂေန နဿ အတ္တံ"-ရူ၊] ယေသံ-အကြင်အက္ခရာတို့၏၊ ဃောသော (ခနိ)-ပြင်းသောအသံသည်၊ န ဝိဇ္ဇတေ-မရှိ၊ ဣတိ, တေ အဃောသာ။

ဥပလက္ခဏ။ ။ကလာပ်၌ ဤသုတ်၌ကား "တပ္ပုရိသေ" သဒ္ဒါသည် ဥပလက္ခဏသဒ္ဒါတည်းဟုဆို၏၊တပ္ပုရိသသဒ္ဒါဖြင့် သမာသ်ကို မှတ်ပြသည်၊န,ကို (အ)ပြုလျှင် "အဗြာဟ္မဏော"ကဲ့သို့သော သမာသ်ပုဒ်များကိုသာ ပြုရမည်-ဟု ဆိုလိုသည်၊ ထို့ကြောင့် ဗဟုဗ္ဗီဟိ အဗျယီဘော အရာ၌လည်း ဤသုတ်ရင်းဖြင့် ပင်(အ)ပြု၊ [နဿ တပ္ပုရိသေ လောပေါ (သုတ်)၊ တပ္ပုရိသေ- တပ္ပုရိသ် အရာ၌၊ နဿ-န်ဗျည်း၏၊ လောပေါ-ကြေခြင်းသည်၊ ဟောတိ၊ "န+ဃောသ" ၌(န်)ဗျည်းကိုချေလျှင်(အ)ကျန်သည်-ဟူလို၊တပ္ပုရိသော ဣဟော ပလက္ခဏံ= ဤသုတ်၌ တပ္ပုရိသသဒ္ဒါသည် ဥပလက္ခဏသာ (ကလာပ်)။]

---

၃၃၄။ သရာဒိပုဒ်ကို "သရေ"ဟုဆို။ ။၂ ပုဒ်တွဲမှ သမာသ်ဖြစ်နိုင်၏၊ ထို့ကြောင့် "သရေ"ဟု သာမညဆိုထားသော်လည်း နောက်၌ သရသက်သက် မရှိနိုင်ရကား သရအစရှိသော "အဿော-ဣဿရော"စသောပုဒ်ကိုပင်"သရေ"

ဟု ဆိုထားသည်၊ အပေါင်းပုဒ်၏အမည်ကို အစိတ်သရုပ်၌ တင်စားသော ကေဒေသျူပစာရဟု မှတ်ပါ၊ ထို့ကြောင့် “ဝဏ္ဏေယံ, တံ တဒါဒေါ” ဟု ရှေးဆရာတို့ ပရိဘာသာပြုကြသည်၊ ဝဏ္ဏေ-ဝဏ္ဏ နှောင်းရုဉ်၌၊ ယံ-အကြင် ကာရိယကို (ပြုအပ်၏)၊ တံ-ထို ကာရိယသည်၊ တဒါဒေါ-ထို အ အာ စသော ဝဏ္ဏ အစဉ်ရှိသော ပုဒ်နှောင်းရုဉ် (ဖြစ်၏)။

**ဥပလက္ခဏ, တနည်း-ဝိပရိယယ**။ ။“နတ္ထိ+ဥတ္တရော ယဿာတိ အနုတ္တရော=မိမိထက်မြတ်သူ မရှိသော ဘုရား” စသော ဗဟုဗ္ဗီဟိ၌လည်း နကို “အန်” ပြုသေးရကား ဤသုတ်၌ လိုက်လာသော တပ္ပုရိသေ သဒ္ဒါသည် ဥပလက္ခဏ နည်းသာတည်းဟု - ရူပသိဒ္ဓိဆို၏၊ ထို တပ္ပုရိသေသဒ္ဒါဖြင့် မှတ်သားအပ်သော “ဥပလက္ခိတဗ္ဗ” ကား ဗဟုဗ္ဗီဟိသမာသ် ဖြစ်သည် - ဟူလို၊ [နတ္ထိ ဥတ္တရော ဧတဿာတိ အနုတ္တရော၊ သရေအန်တိ အန်၊ တပ္ပုရိသဂ္ဂဟဏံ ဥပလက္ခဏံ”— ရူ] ရူ၌ ဥပလက္ခဏနည်းအပြင် တေသုဝုဒ္ဓိဖြင့် “အန်” ပြုနည်းကို ပြသေး၏၊ အချို့လည်း “တပ္ပုရိသေ” ဟူသော အလိုက်ကိုကြဉ်၍ “သရေအန်” ဟူသော ဝိနာမိကာရ ယောဂဝိဘာဂဖြင့် “အန်” ပြုကြသေး၏၊ သင့်သည်ချည်းတည်း၊ ကလာပ်၌**ကား** “သရေ အက္ခရ ဝိပရိယယော” သုတ်တည်၍ “န+အသော”၌ နဝယ် “န်+အ” ဟု ရှိရာ အနှင့် နကို ရှေ့နောက်ပြန်၍ “အနသော” ပြီးသကဲ့သို့ “န+အဇော”၌ ရှေ့နောက်ပြန်၍ “အနဇော-ဆိတ်မဟုတ်”ဟု စီရင်လေသည်၊ အနိဿရော= န+ ဣဿရော၊ န၌ “န်+အ” ရှေ့နောက်ပြန်။ [သရေ - သရ နှောင်းရုဉ်၌၊ အက္ခရ ဝိပရိယယော-အက္ခရာ ရှေ့နောက်ပြန်။]

**ဤသုတ် ဆိုရကျိုး**။ ။ဤသုတ်မရှိလျှင် ရှေ့သုတ်ဖြင့် နကို(အ)ပြု၍ ယဝမဒနသုတ်ဖြင့် (န်) လာလျှင် “အနသော-အနိဿရော” စသော ရုပ်များ ပြီးနိုင်သည် မဟုတ်လော, အဘယ်အကျိုးငှာ ဤသုတ်ကိုဆိုရသနည်းဟု မေးဖွယ်ရှိ၏၊ ဤသုတ်မရှိလျှင် ယဝမဒနသုတ်ဖြင့် (န်) သာ လာမည် မဟုတ်, တ - စသော အက္ခရာတို့လည်း လာလိမ့်မည်ဖြစ်၍ ထို တ-စသော အက္ခရာတို့ လာခြင်းကို တားမြစ်ခြင်းအကျိုးငှာ ဤသုတ်ကို ဆိုရသည်။ [“သစေ အာဂမသုတ္တံ သန္ဓာယ ဣဒံ န ဝုစ္စေယျ, အညောပိ အာဂမော ဘဝေယျ၊ တံ နိဝတ္တနတ္ထံ မိဒံ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ”-နိဒ္ဒေသ။]

အ (မပြုရသော) ပုံစံများ။ ။မောဂ္ဂလ္လာန်၌ “န ခါဒယော” ဟု သုတ်တည်၍ န-အန်မပြုရသော ပုံစံများကို ပြထား၏၊ [နခါဒယော- နခ အစရှိသော ပုံစံတို့ကို၊ နိပစ္စန္တေ-ဌ, အန် မပြုပဲ ပြီးစေအပ်ကုန်၏၊ (သုတ်နက်)၊ ဌ အနုဗန် ရှိသော (အ) ကို ဌ ဟု ဆိုထားသည်။]

**နခေါ**။ ။နတ္ထိ ခံ အဿာတိ **နခေါ**၊ အဿ-ထို လက်သည်း၊ခြေသည်း၏၊ ခံ-အပေါက်သည်၊ နတ္ထိ-မရှိ၊ ဣတိ **နခေါ**။

**န ကုလ။** ။နတ္ထိ ကုလံ အဿာတိ နကုလော၊ အဿ-ထို မြွေပါ၏၊ ဝါ-ပုဏ္ဏား၏၊ ကုလံ-အမျိုးသည်၊ နတ္ထိ, ဣတိ, နကုလော (မြွေပါ, ဝါ - နကုလ မည်သော ပုဏ္ဏား)။

**နပုံသကံ။** ။န+ဣတ္ထိပုမ်-နပုံသကံ=ဣတ္ထိလိင် ပုလ္လိင်မဟုတ်, ဝါ-နပုလ္လိင် [သုတ်ကြီးဖြင့် (သို့မဟုတ်, န ခါဒယောဟူသော ဤ နိပါတနဖြင့်) ဣတ္ထိပုမကို ပုံသကပြု၊ "နထိ+နပုမာတိ နပုံသကံ၊ ထိပုမာနံ ပုံသကဘာဝေါ နိပစ္စတေ"-ကာတန္တဝုတ္တိ ဋီကာ။]

**နက္ခတ္တံ။** ။န ခီယတိ-မကုန်နိုင်၊ န ခရတိ-မကြွမ်းတမ်း၊ ဣတိ, နက္ခတ္တံ-နက္ခတ် မည်၏။ ["န ခီယ, နခရ" ဟု ဖြစ်သင့်လျက် ခီယ-ခရတို့ကို သုတ်ကြီးဖြင့် ခတ္တပြု, က် ဒွေဘော်လာ၊ "ခရတီဿ ခီယတီဿ ဝါ ခတ္တမိတိ နိပစ္စန္တေ"-သိဒ္ဓန္တကောမုဒီ။]

**န မုစိ။** ။န မုဉ္စတိ-သံသရာမှ သတ္တဝါတို့ကို မလွှတ်တတ်၊ ဣတိ, န မုစိ (မာရ်နတ်, မုစမာတ်, ဣပစ္စည်း)၊ ဤပုံစံတို့၌ န ကို (အ) ပြုသင့်သော်လည်း "နခါဒယော" သုတ်က မြစ်သောကြောင့် မပြုရ၍ "နခ" စသည်ဖြင့် ပြီးရသည်။

**အန် မပြုရသော ပုံစံများ။** ။နတ္ထိ အကံ (ဒုက္ခံ) ဧတ္ထာတိ နာကံ=ဆင်းရဲ မရှိရာဖြစ်သောနတ်ပြည်၊ ["နဂစ္ဆတိ-မသွားတတ်၊ ဣတိ, အဂေါ" ဤကား ဤသုတ်နှင့် မဆိုင်သေး၊] န+ **အဂေါ** - နာဂေါ = မသွားတတ်သည် မဟုတ်, သွားတတ်သော ဆင်, နဂါးစသည်၊ နတ္ထိ အန္တံ ယဿာတိ နန္တကံ=အဆုံး မရှိသော အပေါက်အကြား၊ ဤပုံစံတို့၌ နောက်သရကြောင့် န ကို(အန်)ပြုသင့် သော်လည်း နခါဒယောသုတ်ဖြင့် မြစ်သောကြောင့် မပြုရ, ရှေ့သရကိုချေ, နောက်သရကို ဒီဃပြု။ [ထို မောဂ္ဂလ္လာန်၌ "အပ္ပါဏိနိဝါ" ဟု တဆက်တည်း သုတ်တည်၍ "အပ္ပာဏိနိ-သတ္တဝါမဟုတ်သော အနက်၌၊ ဝါ-ဝိကပ်၊ နိပစ္စတေ-နဂေါသဒ္ဒါကို ပြီးစေအပ်၏" ဟု ဆို၏၊ "နဂစ္ဆတီတိ နဂေါ အဂေါဝါ"ဟု ပုံစံထုတ်၏၊ နဂေါ, အဂေါ-သစ်ပင်၊ ဝါ-တောင်၊ ဤ၌ ဝိကပ်အားဖြင့် န၏ (အ) အပြုကို မြစ်သောကြောင့် မမြစ်သည့်အခါ "အဂေါ" ဟုလည်း ရှိရ သည်။]

**ယထာကထဉ္စိ ဗျုပ္ပတ္တိဖြစ်ပုံ။** ။နခသဒ္ဒါ၏ "လက်သည်း ခြေသည်း" ဟူသော အနက်သည် "နတ္ထိ ခံ အဿ" ဟူသော ဝိဂ္ဂြိုဟ်နက်နှင့် အဆက်အသွယ် ဝေးကွာလျက်ရှိ၏၊ နကုလသဒ္ဒါ၏ "မြွေပါ, နကုလ မည်သူ" ဟူသော အနက် လည်း "နတ္ထိ ကုလံ အဿ" ဟူသော ဝိဂ္ဂြိုဟ်နက်နှင့် ဆန့်ကျင်ဘက် ဖြစ်၏၊ မှန်၏-မြွေပါနှင့် နကုလပုဏ္ဏားတို့မှာ "နတ္ထိ ကုလံ အဿ" ဟု ဝိဂ္ဂြိုဟ်ပြုဖို့ရာ အမျိုးအဆွေ မရှိသူများ မဟုတ်သင့်, အထိုက်အလျောက် အမျိုးအဆွေ ရှိကြ မည်သာ၊ ဤသို့ ဝိဂ္ဂြိုဟ်နက်က တခြား, အများခေါ်အပ်သော ပညတ်နက်

ကကုဒ်သ ၃၃၅။ ပရေ သရေ, ကုဏ္ဍစ္စေတသ- ကုဟူသော ဤနိပါတ်၏၊ ကဒ်- ကဒ်အပြုသည်၊ ဟောတိ- ဖြစ်၏၊ ကုစ္ဆိတံ- စက်ဆုပ်အပ်သော၊ အန္နံ- ထမင်းတည်း၊ ကဒန္နံ-အပ်သော ထမင်း၊ ကုစ္ဆိတံ-သော၊ အသနံ-အစာတည်း၊ ကဒသနံ-အစာ၊ သရေတိ ကိမတ္ထံ၊ ယေသံအပုညကာရာနံ- အကြင်ပြုအပ်သော မကောင်းမှုရှိသူတို့၏၊ ကုစ္ဆိတာ- စက်ဆုပ်ကုန်သော၊ ဒါရာ- မယားတို့သည်၊ သန္တိ, ဣတိ,တေ-ထိုပြုအပ်သော မကောင်းမှုရှိသူတို့သည်၊ ကုဒါရာ- ကုဒါရတို့

---

(နာမည်)က တခြားဖြစ်နေရာ၌ အဘယ်သို့မှတ်ရမည်နည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား- ဤကဲ့သို့သော သညာသဒ္ဒါတို့၌ ဝိဂ္ဂိုဟ်နက်နှင့်လျော်အောင်ညှိနှိုင်းနေဖွယ်မလို၊ ရှေးလူကြီးတို့နာမည်ပညတ် တင်ထားအပ်သည့်အတိုင်း ထင်ရှားနေသောအနက်ကိုသာ အထင်ရုဠှီအားဖြင့် ကောက်ယူရသည်။

ခဲ့ျဦးအံ့—"နကုလ"ကို"န+ကုလံ" ဟု ပုဒ်ခွဲ၍ "န- မရှိ+ ကုလံ- အမျိုး" ဤသို့အစိတ်အစိတ်ပုဒ်ခွဲ၍ ဝိဂ္ဂိုဟ်ပြုရခြင်းသည် "နကုလော"ဟူသော ဗဟုဗ္ဗီဟိသမာသ်ရုပ်ပြီး ရုံမျှသာအကျိုးရှိ၏၊ အနက်အရကောက်ယူရာ၌ကား ဝိဂ္ဂိုဟ်နက်အတိုင်း အမျိုးမရှိသူကို ကောက်ယူဖွယ်မလို၊ ရှေးလူကြီးတို့က မြွေပါကို "နကုလ" ဟုလည်းကောင်း, သူ၏မိဘများက ပုဏ္ဏားကလေးကို "နကုလ"ဟုလည်းကောင်း ခေါ်ဝေါ် ပညတ်ထားသည့် အတိုင်း အထင် ရုဠှီအားဖြင့် "နကုလ"အရ မြွေပါ- သို့မဟုတ် "ပုဏ္ဏား"ကိုသာကောက်ယူရသည်၊ "န+ခ" ဟု ပုဒ်ခွဲ၍ ဝိဂ္ဂိုဟ်ပြုရာ၌လည်း ဤနည်းပင်တည်း၊ အရကောက်သောအခါ အထင်ရုဠှီအားဖြင့် လက်သည်းခြေသည်းကိုကောက်ပါ- ဟူလို။

မောဂ္ဂလ္လာန်။ ။သညာသဒ္ဒေသုစ နိပ္ဖတ္တိမတ္တံ ယထာကထဉ္စိ ကတ္တဗ္ဗံ-ယံကိဉ္စိ အဝယဝတ္ထံ ပရိကပ္ပေတွာ ကေဝလံ နိပ္ဖတ္တိ ကရီယတိ၊ သမုဒါယော ပန ရုဠှိဝသေန ဒဌဗ္ဗော(ပဉ္စိကာ)၊ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ ရှေးဆရာတို့လည်း "ယထာကထဉ္စိ ဗျုပ္ပတ္တိ, ရုဠှီယာ အတ္ထနိစ္ဆယော"ဟု ပရိဘာသာပြုခဲ့ကြသည်၊ ယထာကထဉ္စိ- အမှတ်မထား တပါးပါးသောအကြောင်းဖြင့် (သင့်သလိုဖြင့်)၊ ဗျုပ္ပတ္တိ- ဝိဂ္ဂိုဟ်သည်၊ ဟောတိ- ၏၊ ရုဠှီယာ- အထင်ရုဠှီဖြင့်၊ အတ္ထနိစ္ဆယော— အနက်၌ (အရကောက်)ကို ဆုံးဖြတ်ရခြင်းသည်၊ ဟောတိ- ၏။

---

၃၃၅။ ကုစ္ဆိတံ၊ ပေ၊ ကဒန္နံ။ ။ကဒန္နံသည် နိစ္စသမာသ်တည်း၊ ထို့ကြောင့် ကု၏ပရိယာယ်ဖြစ်သော ကုစ္ဆိတံပုဒ်ဖြင့် ဝိဂ္ဂိုဟ် ပြုရသည်၊ ရုပ်ကိုကား "ကု+အန္န" တည်၍သာ အခြေပြုကြည့်၍တွက်၊ ကဒသနံ၌လည်း နည်းတူ၊ [ရူပသိဒ္ဓိ၌ "သရလောပေပါ- ရှေ့သရကိုချေ"ဟု ပါရှိသောကြောင့် သီဟိုဠ်မူဝယ်

မည်သည်၊ ဟောန္တိ- ကုန်၏၊ ကုဇနာ- စက်ဆုပ်အပ်ကုန်သောလူရှိသူတို့၊ ကုပုတ္တာ- စက်ဆုပ်အပ်ကုန်သော သားရှိသူတို့၊ ကုဂေဟာ-စက်ဆုပ်အပ်ကုန်သော အိမ်ရှိသူတို့၊ ကုဝတ္ထာ- စက်ဆုပ်အပ်ကုန်သော အဝတ်ရှိသူတို့၊ ကုဒါသာ- စက်ဆုပ်အပ်ကုန်သော ကျွန်ရှိသူတို့။ (၃၄၆)။

---

"ကဒံကုဿ"ဟု ရှိ၏၊ ကဒ်ပြုလျှင် ရှေ့သရချေစရာမရှိသောကြောင့် ချေဖို့သရ ပါအောင် "ကဒ"ပြုသည်၊ သို့ရာတွင် ကလာပ်၌ "ကုကတ်"ဟု သုတ်တည်၍ "ကတ်"ပြု, တ်ကိုဒ်ပြု၍ "ကဒသော- စက်ဆုပ်အပ်သောမြင်း"ဟု ပုံစံထုတ်၏၊ ဤနည်းအလို ရှေ့သရကို ချေဖွယ်မလိုသောကြောင့် "သရလောပေ" ပါသော ရူပသိဒ္ဓိနှင့် ကဒပြုသော သီဟိုဠ်မူသည် ကလာပ်သုတ်နှင့်မညီ၊ ကဒ်ပြု၍ "သရလောပေ" မပါခြင်းသာ ကလာပ်နှင့်ညီသည်။]

**သရေတိ၊ ပေ၊ ကုဒါသာ**— "ကု+ဒါရ+ယ"တည်, ကုနောင် ယောသက်, သဗ္ဗာသမာစုသောဖြင့် ချေ "ကု+ဒါရာ+ယော"ဟု ဝါကျပြီးစေ, ဗဟုဗ္ဗီဟိ စသည်မှည့်၍"ကု+ဒါရ+"ဟု ပကတိပြု၊ ကဒ်ကုဿသုတ်ဖြင့် ကုကိုကဒ်ပြုသင့် သော်လည်း သရ မနောင်းသောကြောင့် မပြုရ၊ နာမ်ငဲ့, ယောသက်, အာပြု၊ (ယော အပုညကာရာနံ၌"အပုညကာရာနံ"သည် **ယော၏** စွဲနက်ကိုပြသော ပုဒ်တည်း၊) "ကုစ္ဆိတာ+ဇနာ ယေသံတိ, ကုဇနာ၊ ကုစ္ဆိတာ+ပုတ္တာ ယေသံ, ကုစ္ဆိတာနိ+ဂေဟာနိ ယေသံ, ကုစ္ဆိတာနိ+ဝတ္ထာနိ ယေသံ, ကုစ္ဆိတာ+ဒါသာ ယေသံ"ဟု ဝိဂ္ဂဟပြု၊ "ကုစ္ဆိတော+ဒါရော ယေသံတိ ကုဒါရာ" စသည်ဖြင့် သမာသ်ပုဒ်တို့၌ ကေဝုစ်လည်းထားနိုင်သည်။

**ကမ္မဓာရဲ ဗဟုဗ္ဗီဟိအရာ စီရင်သုတ်။** ။သုတ်ရင်းပုံစံ၌ "ကဒန္နံ" ဟု ကုနိပါတပုဗ္ဗပဒ ကမ္မဓာရဲကိုပြ၍, ကိုပုံစံ၌ ဗဟုဗ္ဗီဟိကိုပြသောကြောင့် "ဤသုတ်သည်ကမ္မဓာရဲ(ဗဟုဗ္ဗီဟိ)အရာ၌ စီရင်သောသုတ်တည်း"ဟုနိဒ္ဒေသကောက်ချက်ချ၏၊ သဒ္ဒနီတိ၌ကား "တပ္ပုရိသ် ဗဟုဗ္ဗီဟိအရာတို့၌ စီရင်သည်"ဟု ဆို၏၊ ကမ္မဓာရဲဆိုသော်လည်း တပ္ပုရိသ်ဝင်သော ကမ္မဓာရမိဿက တပ္ပုရိသ် ဖြစ်သောကြောင့် နိဒ္ဒေသနှင့် သဒ္ဒနီတိတို့ သဘောတူပေ၊ ထိုကျမ်းများအလို "ကုစ္ဆိတံ အန္နံ ယဿာတိ ကဒန္နော, ကဒသနော- စက်ဆုပ်အပ်သော အစာရှိသူ"ဟု ဗဟုဗ္ဗီဟိလည်းပြု၊ ရူပသိဒ္ဓိ, မောဂ္ဂလ္လာန်နှင့် သက္ကတ ဗျာကရုဏ်းတို့၌ကား (ကမ္မဓာရယ မိဿက)တပ္ပုရိသ်အရာ၌သာ စီရင်၏၊ ဗဟုဗ္ဗီဟိဖြစ်မူ သရနောင်းသော်လည်းကဒ် မပြုရ၊ "ကုစ္ဆိတော ဥဋ္ဌော ယဿ ဿံတိ ကုဥဋ္ဌော-စက်ဆုပ်အပ်သော ကုလားအုပ်ရှိသောအရပ်၊ ရှေ့ဥချေ, နောက်ဥကို ဒီဃပြု, ကုဩဋ္ဌော- စက်ဆုပ် အပ်သော ကုလားအုပ်ရှိသောမင်း။

ကာ.ပ္ပတ္တေသုစ ၃၃၆။ အပ္ပတ္တေသုစ-တို့၌လည်း၊ ကုဋ္ဋစ္ဆေတဿ-၏၊ ကာ-ကာအပြုသည်၊ ဟောတိ၊ ကာလဝဏံ - အနည်းငယ်သော ဆား၊ ကာပုပ္ဖံ-အနည်းငယ်သောပန်း၊ ဗဟုဝ စနဂ္ဂဟဏံ-ဗဟုဝုစ် သုသဒ္ဒါသည်၊ ကိမတ္ထံ-နည်း၊ အနပ္ပကတ္ထေသုပိ-အနည်းငယ် အနက်မှ တပါးသော အနက်တို့၌လည်း၊ ကု ဋ္ဋစ္ဆေတဿ-၏၊ ကွစိ-၌၊ ကာဟောတိ၊ ကာပုရိသာ-စက်ဆုပ်အပ်သော ယောကျ်ားတို့။ (၃၄၇)။

---

၃၃၆။ စသဒ္ဒါသည် ရှေ့သုတ်မှ "ကုဿ" ကို ငင်သော အနုကဍ္ဎနတည်း၊ [ချာသ၌ကား "စသဒ္ဒါ ကွစိအနက်ရှိ၏" ဟု ဆိုသေး၏၊ သူ့အလို "စ-အချို့ အရာ၌" ဟု ပေး၊] "ဤသုတ်သည် တပ္ပုရိသ် အရာ၌သာ စီရင်သောသုတ်တည်း" ဟု ရူ, မောဂ္ဂလ္လာန်နှင့် သက္ကတတို့၌ ဆို၏၊ ချာသ၌ကား "အပ္ပကံ ပုပ္ဖံ ယဿာတိ ကာပုပ္ဖံ" ဟု တနည်း ဝိဂြိုဟ်ပြု၍ "ဝုတ္တနယေန ဗဟုဗ္ဗီဟိသမာသံ ကတွာ ကမ္မဓာရယသမာသံ ဝါ" ဟု ဆိုသောကြောင့် ကမ္မဓာရယမိဿက တပ္ပုရိသ်နှင့် ဗဟုဗ္ဗီဟိအရာ၌ စီရင်သောသုတ် ဟု ဆိုလိုသည်၊ နိဒ္ဒေသ၌မူ "သမာသ်အားလုံး၌ စီရင်သောသုတ်" ဟု ဆိုလိုသည်။

ဗဟုဝ စနဂ္ဂဟဏံ။ ။"ကာ-ပ္ပတ္တေစ" ဟု ဧကဝုစ်ဖြင့် မဆိုပဲ "ကာပ္ပတ္တေသု" ဟု ဗဟုဝုစ်ဖြင့် ဆိုခြင်းကြောင့် သဒ္ဒါပို၏၊ ထိုသဒ္ဒါပို၏ အနက်ပိုကို ပြလိုသောကြောင့် "ဗဟုဝ စနဂ္ဂဟဏံ" စသည်ကို မိန့်၊ ဗဟုဝုစ် သဒ္ဒါပိုဖြင့် အပ္ပတ္ထ မဟုတ်သော "ကုစ္ဆိတ" စသော အနက်၌လည်း ကုကို ကာပြုသေး၏ - ဟူလို၊ ဤပုံစံတို့၌လည်း နိစ္စသမာသ်များဖြစ်၍ "အပ္ပကံ-ကုစ္ဆိတော" ဟူသော ပုဒ်တပါးဖြင့် ဝိဂြိုဟ်ပြုရသည်၊ ရုပ်ကိုကား "ကု+လဝဏ, ကု+ပုရိသ" တည်၍ အခြေပြု နည်းမှီတွက်၊ "ကာဇလံ-အနည်းငယ်သော ရေ" လည်း နည်းတူ၊ ကာပုရိသ၌ "ဗဟုဝုစ်သဒ္ဒါပိုဖြင့် ကုကို ကာပြု" ဟု ဆို၊ "ကာပုရိသော - အနည်းငယ်သော ယောကျ်ား" ဟု အမွတ္တကို ဟောရာ၌မူ "ဤသံ (အနည်းငယ်သော) ပုရိသော ကာပုရိသော" ဟု ပြု၍ သုတ်ရင်းဖြင့်ပင် စီရင်။

သဒ္ဒနီတိ။ ။"နဒိယံ ခုဒ္ဒဿ ကုန်+နဒီနှောင်းရာ၌ ခုဒ္ဒသဒ္ဒါကို ကုန်ပြု" ဟု သုတ်တည်၍ "ကုန္နဒီ-မြစ်ငယ်" ဟုလည်းကောင်း, "ခု ခုဒ္ဒါယ ပိပါသာယံ+ ပိပါသာ သဒ္ဒါနှောင်းရာ၌ ခုဒ္ဒါကို ခုပြု" ဟု သုတ်တည်၍ "ခုဒ္ဒါစ-ထမင်းဆာခြင်းလည်း၊ ပိပါသာစ - ရေငတ်ခြင်းလည်း၊ ခုပ္ပိပါသာ-ခြင်း" ဟုလည်းကောင်း ပြီးစေ၏၊ ထိုသုတ်မျိုးကို နည်းမှီ၍ ဤသုတ်လာ စသဒ္ဒါဖြင့် "ခုဒ္ဒါ သဒ္ဒါ၏ ကုန် အပြုကိုလည်းကောင်း, ခုအပြုကိုလည်းကောင်း ဆည်းသည်" ဟု တနည်းကြံကြသည်မှာ သုတ်ရင်းအဆိုနှင့် အလှမ်းကွာလှန်းသည်၊ သို့သော် ရှုပ်ပြီးခြင်းသာ ပဓာနဟု မှတ်ပါ။

**ကွစိ သမာသန္တ ဂတာန မကာရန္တော**

၃၃၆။ သမာသန္တဂတာနံ - သမာသ် အဆုံး၌ တည်ကုန်သော၊ နာမာနံ နာမ်တို့၏၊ အန္တော- သရော - အဆုံးသရသည်၊ ကွစိ - ၌၊ အကာရော- အ အပြုသည်၊ ဟောတိ၊ ဒေဝ ါနံ-နတ်တို့၏၊ ရာဇာ-မင်းတည်း၊ ဒေဝရာဇော, ဒေဝရာဇာ–နတ်တို့မင်း၊ ဒေဝ ါနံ, သခါ-မိတ်ဆွေတည်း၊ ဒေဝ သခေါ, ဒေဝ သခါ-နတ်တို့ မိတ်ဆွေ၊ ပဉ္စ-ငါးခုကုန်သော၊ အဟာနိ-ရက်တို့တည်း၊ ပဉ္စာဟံ-

---

၃၃၇။ သမာသန္တ၊ ပေ၊ အကာရော။ ။"ဒေဝရာဇ" သည် သမာသ်၊ ထို၌ "ရာဇ" သည် သမာသန္တဂတနာမ်တည်း၊ [သမာသန္တေ-သမာသ်အဆုံး၌၊ ဂတာနိ-ဖြစ်သော (တည်သော) နာမ်တို့တည်း၊ သမာသန္တဂတာနိ-တို့၊] ထို သမာသန္တဂတနာမ်တို့၏ အဆုံးသရကို (အ) ပြု၊ ဆက်ဦးအံ့ - ဤသုတ်လာ "သမာသန္တဂတနာမ်" ဟူရာ၌ သမာသ် အဆုံးဝယ် တည်သမျှသော နာမ် အားလုံးကို ယူရမည် မဟုတ်, ရာဇ သခ စသည်ကဲ့သို့ သမာသ် မဟုတ်လျှင် ကာရန္တတမျိုးဖြစ်၍, သမာသ်အဆုံး ရောက်နေသည့်အခါ အကာရန္တ ဖြစ်လေ့ ရှိသော နာမ်များကိုသာ ယူရမည်၊ မှန်၏-ရာဇ သခတို့သည် သမာသ် မဟုတ် လျှင် "ရာဇာ-သခါ" ဟုအာကာရန္တဖြစ်၍ သမာသ်အဆုံး ရောက်သောအခါ "ဒေဝရာဇော, ဒေဝသခေါ" ဟု ဩကာရန္တဖြစ်ရသည်။

ရာဇာဒိ အာကတိဂိုဏ်း။ ။သမာသ်အဆုံးရောက်လျှင် ရာဇနှင့် ရုပ်ပြီးပုံ အခြင်းအရာတူသော သဒ္ဒါအပေါင်းကို "ရာဇာဒိ အာကတိဂိုဏ်း" ဟု ခေါ်၏၊ ချဲ့ဦးအံ့-အာကရိယတေ ဗျဉ္ဇတေ တောယာတိ အာကတိ၊ တောယ-ဤအခြင်း အရာသည်၊ ဇာတိ-ဇာတ်ကို၊ အာကရိယတေ ဗျဉ္ဇတေ၊ ထင်ရှားပြအပ်၏၊ ဣတိ, အာကတိ-မည်၏၊ (ထောမနိမိ ဝိဂ္ဂဟ)၊ နွားတို့၏ တကောင်နှင့် တကောင် (ရုပ်ပုံအနေအထား) တူသော အခြင်းအရာသည် နွားဇာတ်ကို ထင်ရှားပြတတ် သကဲ့သို့ ရုပ်ပြီးပုံတူသော အခြင်းအရာလည်း ထိုရုပ်များ၏ ဇာတ်တူကြောင်း (ဂိုဏ်းတူကြောင်း) ကို ထင်ရှားပြတတ်၏၊ ဇာတ်တူနွားဟူသမျှကို ဂေါသဒ္ဒါ ဖြင့် သိမ်းယူနိုင်သကဲ့သို့ ထို့အတူ အခြင်းအရာတူသော သဒ္ဒါအပေါင်းကို အာကတိဂိုဏ်းဟု ခေါ်၏။ ["အာကတိယာ-အခြင်းအရာ တူသောအားဖြင့် ဂဟေတဗ္ဗော- ပေါင်းယူအပ်သော၊ ဂဏော - သဒ္ဒါအပေါင်းတည်း၊ ဝါ-ဂိုဏ်း တည်း၊" အာကတိဂဏော-ဂိုဏ်း။]

ရာဇာဒိဂိုဏ်း မဟုတ်။ ။ဤသုတ်၌ ပြအပ်သော "ရာဇာဒိဂဏ" ဟူသည် နာမ် ၁၃ ဂိုဏ်းတွင် ပါဝင်သော ရာဇာဒိဂိုဏ်း မဟုတ်၊ ကလာပ်ကျမ်း တဒ္ဓိတ် ခန်း၌ "သမာသန္တဂတာနံ ဝါ ရာဇာဒီန - မဒန္တတာ" ဟု သုတ်တည်၍, နောက်လိုက်သုတ်ငယ် ၆၅ သုတ်တို့ဖြင့် ပြအပ်သော "ရာဇ, အဟ, သခ, ဂေါ,

ငါးရက်၊ **သတ္တာဟံ**—၇ ရက်၊ **ပဉ္စဂဝံ**—ငါးကောင်သောနွား၊ ဆတ္တုပါဟနံ-ထီး, ဘိနပ်၊ ဥပသာရဒံ—သရဒ ဥတုအနီး၊ **ဝိသာလက္ခော**-ကျယ်သော မျက်လုံးရှိသူ၊ ဝိမုခေါ—ဖေါက်ပြန်သော မျက်နှာရှိသူ၊ ကာရဂ္ဂဟဏံ—ကာရ သဒ္ဒါသည်း **ကိမတ္ထံ**—နည်း၊ အာကာရန္တ ဣကာရန္တောစ—အာ အက္ခရာ အဆုံး, ဣ အက္ခရာ အဆုံးရှိသည်လည်း၊ **ဟောတိ**—၏၊ **ယဿ**—အကြင်သူ၏၊ **ပစ္စက္ခာ**—မျက်မှောက် ပြုအပ်ကုန်သော၊ **ဓမ္မာ**—တရားတို့သည်၊ (သန္တိ) ဣတိ, သောယံ **ပစ္စက္ခဓမ္မော**—ပစ္စက္ခဓမ္မာ မည်၏၊ **သုရဘိနော**—ပန်းကောင်း၏၊ **ဂန္ဓော**-အနံ့ **တည်း**၊ သုရဘိဂန္ဓိ—ပန်းကောင်းအနံ့၊ သုန္ဒရော-**ကောင်း**သော၊ ဂန္ဓော-**တည်း**၊ သုဂန္ဓိ—ကောင်းသောအနံ့၊ **ပူတိနော**—အပုပ်၏၊ ဂန္ဓော, ပူတိဂန္ဓိ—အပုပ်နံ့၊

---

ဥရ, အင်္ဂုလိ, ရတ္တိ, ဘူမိ, ဂိရိ, အက္ခိ, နဒီ, ဂေါဒါဝရီ, ပုဏ္ဏမာသီ” စသော သဒ္ဒါတို့ကို “ရာဇာတိ အာကတိဂဏ”ဟု ဆိုလိုသည်၊ [သမာသန္တဂတာနံ—ကုန်သော၊ ရာဇာဒီနံ-တို့၏၊ ဝါ-ဝိကပ်၊ **အဒန္တတာ-အ-အဆုံးရှိသည်၏အဖြစ်**ကို၊ နိပစ္စတေ-ဝန်ကျစေအပ်၏၊ ဝါ-**ပြီးစေအပ်၏**။-သုတ်နက်၊ ဤသုတ်၌ “အဒန္တတာ” အရ အ ပစ္စည်းသက်ခြင်း, ဣ-ပြုခြင်း ၂-မျိုးလုံး ဆိုင်သည်။] ထို့ကြောင့် ရူပသိဒ္ဓိ၌ “ရာဇာဒိဂဏာ (ဤသုတ်၌ ပြအပ်သော ရာဇာဒိဂိုဏ်း၏) အာကတိဂဏတ္တာ (ရုပ်ပြီးပုံ အခြင်းအရာ တူသောသဒ္ဒါ ဟူသမျှကို ယူရသော အာကတိဂိုဏ်း၏ အဖြစ်ကြောင့်) ဒွိရတ္တာဒီသုပိ အပစ္စယော” ဟု **ရတ္တိ**နောင် အ ပစ္စည်းသက်၍ (ကစ္စည်းအလို ဣ ကို အ ပြု၍) ပြီးရကြောင်းကို မိန့်သည်။

**မှတ်ချက်**။ ။ပုရိသနှင့် ရုပ်ပြီးပုံအခြင်းအရာတူသောသဒ္ဒါအပေါင်းကို ပုရိသာဒိဂိုဏ်း ဟု ဆိုရသောကြောင့် “ပုရိသာဒိ အာကတိဂိုဏ်း, ဘူဝါဒိ အာကတိဂိုဏ်း” စသည်ဖြင့် နာမ်ဂိုဏ်း အာချာတ်ဂိုဏ်း တို့ကိုလည်း နာမည်တပ်နိုင်၏၊ သို့သော် ထိုဂိုဏ်းများကိုကား ပုရိသာဒိဂိုဏ်း-ဘူဝါဒိဂိုဏ်း စသော နာမည်ထူးရပြီးဖြစ်၍ အာကတိ ဂိုဏ်းဟု မဆိုရတော့ပြီ။

**ကစ္စာယန ဝဏ္ဏနာ**။ ။ကစ္စာယနဝဏ္ဏနာ၌ “အကာရဿ ပုန အကာရ ကရဏံ ရာဇာဒိဂဏာဋ္ဌ နာသေတိ, အန္တဝိသေဿ ပါပေတိ, ပဇ္ဇုန္နဂတိက နျာယဋ္ဌ ဒဿေတိ=ဒေဝရာဇ၌ အဆုံးသရကို ဤသုတ်ဖြင့် (အ)ထပ်ပြုခြင်းသည် ရာဇာဒိဂိုဏ်းကိုလည်း ဖျက်ရခြင်းအကျိုး ရှိ၏၊ ဒွိ + အင်္ဂုလိ စသည်၌ ဒွင်္ဂုလ စသည်ဖြင့် ဣကာရန္တမှ အကာရန္တ အထူးသို့ ရောက်စေရခြင်း အကျိုးလည်း ရှိ၏၊ ဆတ္တုပါဟနံ ဟူသော ဒွန္ဒသမာသ်၌ နပုံး ကေတင့်၍ သရော ရဿော နပုံသကေဖြင့် ဥပါဟနာမှ အာကို ရဿပြုလျှင် ပြီးနိုင်ပါလျက် အာကို (အ)ပြုခြင်းဖြင့် ဤသုတ်၏ ပဇ္ဇုန္နဂတိကနည်း ဖြစ်ကြောင်းလည်း ပြ၏”ဟု ဆိုသည်။

ကစ္စည်း—(၃)-၃-က

ကုစ္ဆိတော—စက်ဆုပ်အပ်သော၊ ဂန္ဓော, ကုဂန္ဓိ—စက်ဆုပ်အပ်သော အနံ့၊ ယဿ-အကြင် သူ၏၊ ဒုဋ္ဌု—မကောင်းသော၊ ဂန္ဓော, အတ္ထိ, ဣတိ, သောယံ-ထိုသူသည်၊ ဒုဂ္ဂန္ဓိ—မည်၏၊ ပူတိဧဝ—အပုပ်သာဖြစ်သော၊ ဂန္ဓော, ပူတိဂန္ဓိ-အပုပ်နံ့၊ သမာသန္တေ—သမာသ် အဆုံး၌၊ နဒီ အန္တာစ—နဒီ အဆုံးရှိသော သဒ္ဒါမှ(နောက်၌)လည်းကောင်း၊ ကတ္တု၊အန္တာစ-ကတ္တု၊အဆုံးရှိသော သဒ္ဒါမှ

---

ဂိုဏ်းပျက်ပုံ။ ။ထိုတွင် "ရာဇာဒိဂဏဋ္ဌ နာသေတိ" ဟူသော စကား၌ ရာဇာဒိဂိုဏ်းသာ ပျက်သည်မဟုတ်, "ပရမာဟော (ပရမအဟော)-မြတ်သော နေ့" ဟူရာ၌ "ပရမာဟသာ, ပရမာဟေသာ, ပရမာဟသိ"ဟု မနောဂိုဏ်း ရုပ်မရှိ, ပုရိသာဒိဂိုဏ်းဝင်ရသောကြောင့် မနောဂိုဏ်းလည်း ပျက်၏၊ ဂေါ-အင်္ဂုလိ-ရတ္တိ စသည်၌ "ပဉ္စဂဝံ—ဒွင်္ဂုလံ-အဟောရတ္တံ" စသည်ဖြင့် ရတ္တာဒိဂိုဏ်းလည်း ပျက်၏၊ (စိတ္တာဒိဂိုဏ်း ဝင်သွားသည်-ဟူလို၊) နဒီ-ဂေါဒါဝရီ စသည်၌လည်း နဒါဒိဂိုဏ်းပျက်၏၊ ပဉ္စနဒံ-သတ္တဂေါဒါဝရံ စသည်ဖြင့် စိတ္တာဒိဂိုဏ်း ဝင်သွားသည်—ဟူလို၊ ဤသို့ စသည်ဖြင့် ရာဇာဒိဂိုဏ်းသာမက, ဤသုတ်က စီရင်လိုက်ခြင်းကြောင့် အခြား (ဆိုင်ရာ) ဂိုဏ်းများလည်း ပျက်ပြား၍ ပုလ္လိင်ဖြစ်လျှင် ပုရိသာဒိ, နပုံးဖြစ်လျှင် စိတ္တာဒိ, ဣတ္ထိလိင်ဖြစ်လျှင် ကညာဒိ-နဒါဒိ တို့၌ ထိုက်သလို ဝင်သွားကြပုံကို သတိပြုပါ။

ဒေဝရာဇော, ဒေဝရာဇာ။ ။"ဒေဝရာဇော" သည် ဤသုတ်ဖြင့် အဆုံးသရကို (အ) ပြုထားသောပုံစံ၊ ဤသုတ်ဖြင့် ရာဇ၏(အ)ကို( အ) ထပ်ပြုလိုက်သဖြင့် သျာစသုတ် အစီအရင်သည် ဆုတ်နစ်လေတော့၏၊ ထို့ကြောင့် ပုရိသာဒိဂိုဏ်း ထုံးစံအတိုင်း "ဒေဝရာဇော, ဒေဝရာဇာ၊ ဒေဝရာဇံ, ဒေဝရာဇေ" ဤသို့ စသည်ဖြင့် ရုပ်စဉ်ရသည်၊ ဒေဝရာဇာ"ကား ကွစိသဒ္ဒါ မြစ်သောကြောင့် ဤသုတ်ဖြင့် (အ) မပြုရ၊ ရာဇာဒိဂိုဏ်း ထုံးစံအတိုင်း သျာစ-စသော သုတ်တို့ဖြင့် စီရင်၍ "ဒေဝရာဇာ, ဒေဝရာဇာနော" စသည်ဖြင့် ရုပ်စဉ်ရသည်၊ "ဒေဝသခေါ, ဒေဝသခါ" တို့၌လည်း နည်းတူ။

အမှာ။ ။ဤသို့ "ဒေဝရာဇော, ဒေဝရာဇာ" ဟု ရုပ် ၂-မျိုး ရှိနိုင်ကြောင်းကို ပြထားသောကြောင့် ဤသုတ်လာ ကွစိသဒ္ဒါကို ဝါတ္ထ (ဝါသဒ္ဒါ၏ ဝိကပ်အနက်ရှိ၏) ဟု ဝုတ္တိဆရာ ဆိုလိုဟန်တူ၏-ဟု ကြံဖွယ်ရှိ၏၊ ထိုသို့ကြံလျှင် ကလာပ်၌လည်း "သမာသန္တဂတာနံ ဝါ" ဟု ဝါဖြင့် ပြသောကြောင့် ကလာပ် အဆိုနှင့်လည်း ညီပါပေ၏၊ သို့သော် ကလာပ်၌ဝါဖြင့်ရှိပါလျက် ကွစိဖြင့်တမျိုးတဖုံသုတ်တည်သော အရှင်ကစ္စည်း အလိုမူ ကွစိသဒ္ဒါကို ကွစတ္ထ (အပ္ပကတ္ထ=အနည်းငယ်,အချို့အနက်ရှိ၏) ဟုဆိုလိုဟန် တူသည်၊ သမာသန္တဂတ နာမ်တိုင်းကို (အ) ပြုရမည် မဟုတ်, တချို့တလေ၌သာ (အ) ပြုပါ-ဟူလို။

(နောက်၌)လည်းကောင်း၊ **ကပစ္စယော—က ပစ္စည်းသည်၊** ဟောတိ—၏၊ယသ္မိံ- အကြင် အရပ်၌၊ဗဟူ—များစွာကုန်သော၊နဒိယော—မြစ်တို့သည်၊( **သန္တိ,** ဂစ္ဆတိ ) **သောယံ—ထိုအရပ်သည်၊** ဗဟု နဒိကော—မည်၏၊ ဇနပဒေါ - ဇနပုဒ်တည်း၊ ယဿ - အကြင်သူ၏၊ ဗဟဝေါ - များကုန်သော၊ ကတ္တာရော - အလုပ်သမား တို့သည်၊ ( **သန္တိ,** ဂစ္ဆတိ ) ၊ **သောယံ - ထိုသူသည်၊** ဗဟုကတ္တုကော - မည်၏၊ ပုရိသော—တည်း။ (၃၅၀)။

---

**ဆက်ဦးအံ့—**ကလာပ်၌ "ပြာဝုတ္တော ဝိဓိ တပ္ပုရိသေ ဝေ" ဟု သုတ် တည်၍ ရှေ၌ ဆိုအပ်သော အစီအရင်သည် တပ္ပုရိသ်သမာသ်၌သာ ဖြစ်ရမည်၊ ဗဟုဗ္ဗီဟိ စသည်ဖြစ်လျှင် (**အ** မပြု,**အပစ္စည်းမသက်**)ဟု တားမြစ်၏၊ထို့ကြောင့် "သောဘနာ ရာဇာ ယဿာတိ သောဘနရာဇာ=တင့်တယ်သော မင်းရှိသော မဂဓတိုင်း၊ ဝါယုသခါ-လေဟူသော မိတ်ဆွေရှိသူ၊ ဂန္ဓသခါ-သိကြားဟူသော မိတ်ဆွေရှိသူ"**တို့၌** ( အ ) မပြုရ၊ ကမ္မဓာရဲ ဖြစ်**သော်**လည်း "ပူဇော်ခြင်း" အနက်ကို ဟောလျှင် ( အ ) မပြုရ၊ "သုရာဇာ—တင့်တယ်သော မင်း၊ အတိ ရာဇာ-လွန်ကဲသော မင်း"၊ [ပါဠိ၌ "**အ**တိရာဇာ-ပူဇော်ထိုက်သော မင်း"ဟု ဖြစ်၏။]

နနှင့် တွဲစပ်ရာ၌**လည်း** (**အ**) မပြုရ၊ "**အ**ရာဇ-မင်းစစ် မဟုတ်၊ **အ**သခါ- မိတ်ဆွေစစ် မဟုတ်၊ ဇနပုဒ်ဟော **သဒ္ဒါ** ရှေးရှိလျှင် ဗြဟ္မနောင်လည်း အမြဲ **အ**ပစ္စည်း (**အ**-**အ**ပြု) ဖြစ်၏၊ **အ**ဝန္တီသု+ဗြဟ္မာ, **အ**ဝန္တိဗြဟ္မာ=**အ**ဝန္တီတိုင်း ပုဏ္ဏား၊ ကု, မဟာ ရှေးရှိလျှင် ဝိကပ်စီရင်၍ "ကု ဗြဟ္မော, ကု ဗြဟ္မာ-စက်ဆုပ် ဖွယ် ပုဏ္ဏား၊ မဟာ ဗြဟ္မော, မဟာ ဗြဟ္မာ-မြတ်သော ပုဏ္ဏား၊ ပရမသဒ္ဒါ **ရှေး**ရှိလျှင်မူ "ပရမဗြဟ္မာ"ဟုသာဖြစ်၏၊ ဤသုတ် မစီရင်ရ၊ ပြခဲ့သော ပုံစံများ၌ ဂစ္ဆတိလိင် ဖြစ်သင့်ရာဝယ် **အ** ပစ္စည်း မသက်ရ, (ဤ)သာ သက်၍ "**အ**တိရာဇီ- မင်းကိုလွန်သော မိဖုရား"ဟု **န**ဒါဒိဂိုဏ်း ဖြစ်၏။

**မှတ်ချက်။** ။နနှင့် တွဲရာ၌ ရာဇာဒိဂိုဏ်းမပျက် (အ ပစ္စည်းမသက်) ဟု ဆိုသော ကြောင့် "န+အတ္တာ-အနတ္တာ=အတ္တမဟုတ်"၊"အနတ္တနိ အတ္တမာနံ,ပဿ လောကံ သဒေဝကံ"ဟူသော သုတ္တနိပါတ် ဒွယတာနုပဿနာ သုတ်၌ "အနတ္တနိ" စသော ပုံစံများကိုတွေ့ရ၏၊သို့သော် "ဗဟုဗ္ဗီဟိအရာဝယ် အပစ္စည်းမသက်"ဟုတားမြစ်ထား သော်လည်း အတ္တအနက်မှတပါး, စိတ်ဟူသောအနက် သဘောဟူသော အနက်ကို ဟောသော အတ္တသဒ္ဒါ အတွက်မှာမူ "ဘာဝိတတ္တော-ပွားစေအပ်ပြီးသော စိတ်ရှိသူ၊ သညတတ္တော-စောင့်ရှောက်အပ်သော စိတ်ရှိသူ၊ ဌိတတ္တော-တည်တံ့သော သဘော ရှိသူ၊ "အလံဖါသုဝိဟာရာယ, ပဟိတတ္တဿ ဘိက္ခုနော"၌"ပဟိတတ္တော-နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသူ"ဟု **အ**ပစ္စည်းသက်၍ ရာဇာဒိဂိုဏ်းပျက်သော ပုံစံများကို ပါဠိ၌ တွေ့ရသည်၊ "ဘာဝိတော+အတ္တာ ယေနာတိ ဘာဝိတတ္တော" စသည် ပြု။

**သဒ္ဒနီတိ**။ ။သဒ္ဒနီတိ၌လည်း ဘာဝိတတ္တောကို ပုရိသောကဲ့သို့ ပဒမာလာ စဉ်ဟု ဆို၏၊ ဆရာတို့ကား ဘာဝိတတ္တာ, ဌိတတ္တာ, သညတတ္တာ"ဟု ရာဇာဒိ ရုပ်သာ ရှိစေတော်မူကြသည်၊ ထို့ပြင် "သဗ္ဗသခေါ, သဗ္ဗသခါ-အလုံးစုံတို့၏ မိတ်ဆွေ (တပ္ပုရိသ်၌ ၂-ရုပ်လည်းကောင်း)" တနည်း "သဗ္ဗသခေါ-အလုံးစုံ သော လူဟူသော မိတ်ဆွေရှိသူ(ဗဟုဗ္ဗီဟိပုရိသာဒိတရုပ်ကိုသာလည်းကောင်း)" သဒ္ဒနီတိပြသည်။

**ပဉ္စာဟံ, သတ္တာဟံ**။ ။"ပဉ္စ + အဟာနိ — ပဉ္စာဟံ"ဟု ဝိဂ္ဂိုဟ်ပြု၍ ဒိဂု သမာသ် ထုံးစံအတိုင်း စီရင်လျှင် "ပဉ္စ+အဟ"ဟု ပကတိ ဖြစ်၏၊ ဥ ခွင်း, ချေ, နောက် (အ) ကို ဒီဃပြု၊ ဒိဂု ထုံးစံအတိုင်း နပုံးကေတ်ငဲ့, သိ ကို အံ ပြုလျှင် ဤသုတ် အစီအရင် မဝင်ပဲ "ပဉ္စာဟံ သတ္တာဟံ" တို့ ပြီးနိုင်၏၊ သို့သော် ကလာပ်၌ "ရာဇန် အဟန် သခိ"ဟု ရာဇ သခတို့နှင့် တွဲဘက်၍ ပြထားသော ကြောင့် ကစ္စည်းဝုတ္တိဆရာလည်း "အဟ" ပါသော ပုံစံကို ထုတ်ပြဟန်တူသည်၊ သက္ကတ၌ကား အ ပစ္စည်းသက်လျှင် "ပရမာဟ"ဟု ပုရိသာဒိဂိုဏ်းမျိုး ဖြစ်၏၊ ပါဠိ၌ကား ထိုအကျိုးထူးလည်း မရှိပြီ၊ ထို့ကြောင့် ပဉ္စာဟနောင် ဤသုတ်ဖြင့် အ ကို (အ) ထပ်ပြုခြင်း (တနည်း, အ ပစ္စည်းသက်ခြင်း)သည် ဤသုတ်၏ ဗဟုလ္လ ဂတိကနည်း ဖြစ်ကြောင်းကို ပြရခြင်းအကျိုး ရှိ၏-ဟု န္യာသ ကြံလေသည်။ [ဒိဂု မိဿကတပ္ပုရိသ်မဟုတ်ပဲ ဗဟုဗ္ဗီဟိဖြစ်လျှင် ဤသုတ် မစီရင်ရ-ဟု ကလာပ်၌ ဆို၏။]

**ပဉ္စဂဝံ**။ ။"ပဉ္စဂါဝေါ သမာဟဋာ"ဟု ဝိဂ္ဂိုဟ်ပြု၊ "ပဉ္စ+ဂေါ"ဟု ပကတိ ပြုပြီးသည့်အခါ ရူပသိဒ္ဓိ၌ အ ပစ္စည်းသက်သော နည်းအတိုင်း ဤသုတ်ဖြင့် အ ပစ္စည်း သက်, ဩသရေစသုတ်ဖြင့် ဩ ကို အဝ ပြု, နာမ်ငဲ့, အံ ပြု။ [န္യာသ၌ "သမာသန္တဂတာနံ နမာနံ အန္တော (အဆုံးသည်) ဟုတွာ အကာရော ဟောတိ"ဟု အနက်ပေးသော နည်းလည်း "ဂေါ၏ အဆုံး၌ အ ပစ္စည်းသက်" ဟူသော ရူပသိဒ္ဓိနည်းမျိုးပင်တည်း၊ "အ ပစ္စည်းသက်"ဟု တိုက်ရိုက် မဆို သော်လည်း "အကာရော ဟောတိ"ဟု ဆိုသဖြင့် အဆုံး၌ အ အက္ခရာ ဖြစ်ပေါ် လာရသည်ဖြစ်၍ အ ပစ္စည်းသက်ခြင်းနှင့် သဘောတူပင်။ [န္യာသ၌ ဂေါ၏ ဩကို (အ)ပြု၍ သိ ကို အံ ပြုပြီးမှ တေသုဝုဒ္ဓိဖြင့် (ဝ်)လာသော နောက်တနည်းကား မကောင်း။]

**ဆတ္တုပါဟနံ**။ ။"ဆတ္တဉ္စ+ဥပါဟနာစ—ဘိနပ်လည်း"ဟု ဝိဂ္ဂိုဟ်ပြု၍ ဒွန္ဒထုံးစံအတိုင်း စီရင်၊ "ဆတ္တ+ဥပါဟနာ"ဟု ပကတိပြု, နပုံးကေတ် စီရင်၊ သရော ရဿော နပုံသကေသုတ်ဖြင့် (ရှုအလို) အာကို အ ရဿပြု။ [န္യာသအလို နပုံးစီရင်သဖြင့် အာပစ္စည်းပျောက်၏၊]ထို့နောက် ဤသုတ်ဖြင့် အ ကို (အာ)ပြု၊ နာမ်ငဲ့ စသည်စီရင်။ [ဥပါဟနံကို အာပစ္စယန္တ ဣတ္ထိလိင် အနေဖြင့် န္യာသ ရုပ်တွက်၏၊ အဘိဓာန်၌ ပုံ-နပုံဟုလာ ရှိ၏၊ သို့ဖြစ်လျှင် "ဥပါဟနော"ဟု

ကေဝုစ်ဖြစ်စေ "ဥပါဟနာ" ဟု ဗဟုဝုစ်ဖြစ်စေ ရှိသင့်သည်၊] ကလာပ်၌"သမာဟာရဒွန္ဒတ် စဝဂ္ဂဒသမန္တာ" ဟု သုတ်တည်၍ "ပဋ္ဌ ဆတ္တုပါနဟမ်-အင်းပျင်, ထီး,ဖိနပ်" ဟု ပုံစံရှိသောကြောင့် ဤပုံစံကို ထုတ်ဟန်တူသည်၊ သက္ကတ၌"ဥပါနဟ်" ဟု (ဟ်) ဆုံးသောကြောင့် အ ပစ္စည်းသက်လျှင် "ဥပါနဟ" ဟု ဖြစ်၍ အ ပစ္စည်း သက်ရကျိုးရှိ၏၊ ပါဠိ၌ကား "ဥပါဟန" ဟု နဂိုရ်က ရှိသောကြောင့် အကျိုးမထူးချေ၊ ထို့ကြောင့် ဤသုတ်၏ ပစ္စုန္နဂတိကနည်းကို ပြခြင်းအကျိုးငှာ ဤပုံစံထုတ်သည်ဟု နှာသစသည်တို့ ကြံလေသည်။

**ဥပသရဒ။** ။"သရဒဿ - သရဒဥတု၏ + သမီပံ - တည်း" ဟု ဖြစ်စေ "သရဒဿ သမီပေ ပဝတ္တတိ"ဟု ဖြစ်စေ ဝိဂ္ဂြိုဟ်ပြု၍ အဗျယီဘော ထုံးစံအတိုင်း စီရင်၊ "ဥပသရဒ"ဟု ပကတိ ပြုပြီးနောက် ဤသုတ်ဖြင့် အ ကို(အ)ပြု, စသည် စီရင်၊ ကလာပ်သုတ်၌ "ဥပသရဒံ" ပုံစံကို မတွေ့ရ၊ "ဥပဋ္ဌိသဒမ်-ကျောက်ခဲ၏ အနီး" ဟု ခတ်ဆင်ဆင် ရုပ်ကို တွေ့ရ၏၊ ထို၌ (ဋ္ဌိသဒ္) ဟု ဗျဉ္ဇနန္တဖြစ်၍ အပစ္စည်း သက်ရကျိုး ရှိ၏၊ ပါဠိ၌ "သရဒ" မှာ အကျိုးမရှိ၊ ထို့ကြောင့် ပစ္စုန္န ဂတိကနည်းကို ပြသည်-ဟု နှာသကြံသည်။

**ဝိသာလက္ခော, ဝိမုခေါ။** ။[အက္ခိသဒ္ဒါ နပုလ္လိင်] "ဝိသာလာနိ အက္ခီနိ ယဿ" ဟု ဝိဂ္ဂြိုဟ်ပြု၊ ဗဟုဗ္ဗီဟိ ထုံးစံအတိုင်း စီရင်၍ "ဝိသာလ+အက္ခိ" ဟု ပကတိပြု၊ ဤသုတ်ဖြင့် ဣကို (အ)ပြု, စသည်စီရင်၊ ကလာပ်၌ "သက်ထျက္ခိဏီ သွင်္ဂေ" ဟု သုတ်တည်၍"ဒီဃသက်ထ - ရှည်သော ပေါင်ရှိသူ၊ ဝိသာလက္ခ-ကျယ်သော မျက်လုံးရှိသူ" ဟု ထုတ်၏။ [သွင်္ဂေ - ကောင်းသော ကိုယ်အင်္ဂါကို ဟောရာ၌၊ သက်ထျအက္ခိဏီ - သက်ထိ (ပါဠိ၌ "သတ္ထိ") အက္ခိသဒ္ဒါတို့ကို၊ နိပစ္စန္တေ - ကုန်၏၊] ဣတ္ထိလိင်ကို ဟောရာ၌ ဤပစ္စည်းသက်၍ "ဝိသာလက္ခီ-ကျယ်သော မျက်လုံးရှိသော မိန်းမ" ဟု ဖြစ်၏၊ ဝိဿလက္ခောနှင့် အလားတူ "ဂဝက္ခော-လေသောက်ပြူတင်း" ပုဒ်လည်း ဤ ရာဇာဒိအာကတိပင်တည်း၊ "အစက္ခုရက္ခိ" သုတ်၊ အစက္ခု-မျက်စိ အနက်ဟောမဟုတ်သော၊ အက္ခိ-အက္ခိသဒ္ဒါကို၊ နိပစ္စတေ-၏၊ ဂဝံ-အရောင်တို့၏၊ အက္ခိဝ-မျက်စိကဲ့သို့သော အပေါက်တည်း၊ ဂဝက္ခော - ပေါက်၊ ဇာကွန်ရက်တပ်သော လေသာပြူတင်းပေါက်တည်း၊ [အက္ခိဝါတိ အက္ခိ (ဥပမာတဒ္ဓိတ်)၊ "ဂဝံ+အက္ခိ-ဂဝက္ခော"ဟု ပြုစေလိုသည်။] ဝိရူပ-ဖောက်ပြန်သော (မလှသော)၊ မုခံ-မျက်နှာသည်၊ ယဿာတိ ဝိမုခေါ၊ ဗဟုဗ္ဗီဟိ ထုံးစံအတိုင်း စီရင်၍ "ဝိ+မုခ" ဖြစ်သည့်အခါ (အ) ပြု။ ဤရုပ်မျိုးကို ကလာပ်၌ မတွေ့ရ၊ ပစ္စုန္နဂတိကနည်းဟု နှာသကြံသည်။

**ပုဗ္ဗရတ္တော စသည်။** ။ကစ္စည်းဝုတ္တိ၌ မပြသော်လည်း ရာဇာဒိ အာကတိဂိုဏ်းဝင်ဖြစ်၍ ပါဠိ၌ အတွေ့များသော "ပုဗ္ဗရတ္တော" စသော ရုပ်များကို မှတ်သားသင့်၏၊ ဒီဃာ-ဟောဝဿော- ကဒေသေဟိစ ရတျာ-မောဂ္ဂလ္လာန်သုတ်။

ကလာပ်၌ အလားတူရှိ၏၊ [အနုညာသချံတ္တေသု - အညတ္တသမာသ် အသချံ-သမာသ်မှ တပါးသောသမာသ်တို့၌၊ ဒီဃာ၊ ပေ၊ သေဟိ-ဒီဃ, အဟ, ဝဿ-သဒ္ဒါ, ကေဒေသ အနက်ဟော သဒ္ဒါတို့မှလည်းကောင်း၊ စ - အသချံသဒ္ဒါ, သချံာသဒ္ဒါတို့မှလည်းကောင်း၊ ပရာယံ - သော၊ ရတျာ - ရတ္တိသဒ္ဒါမှ နောက်၌၊ သမာသန္တော အဟောာတိ- သမာသန္တ အပစ္စည်းသက်၊] ဒီဃရတ္တံ- ရှည်စွာသော ညဉ့်၊ အဟောရတ္တံ-နေ့ ညဉ့်၊ (မနောဂိုဏ်းဖြစ်၍ အဟ၏ အဆုံးသရကို ဩပြု၊ ဝဿရတ္တံ-မိုးအခါတို့၌ (တို့၏) ညဉ့်၊ ဝါ-မိုးကာလ၊ ပုဗ္ဗရတ္တံ-ညဉ့်၏ ရှေ့အဖို့ ဝါ - ညဉ့်ဦးယာမ်၊ အပရရတ္တံ - မိုးသောက်ယာမ်၊ အဍ္ဎရတ္တံ - ညဉ့်ထက်ဝက် (သန်းခေါင်ယာမ်)၊ ဤ၌ ပုဗ္ဗ စသည်တို့သည် (တညဉ့်လုံးကို မဟော) ညဉ့်၏ တစိတ် ကေဒေသ အနက်ကို ဟောကြ၏။

အတိရတ္တစသည်။ ။အတိက္ကန္တော ရတ္တိံ အတိရတ္တော - ညဉ့်ကိုလွန်သည်၊ [ဤ၌ အတိသဒ္ဒါသည် အသချံခေါ် ဥပသာရတည်း၊] ဒွေရတ္တိယော ဒိရတ္တံ—၂ ညဉ့်၊ ဧကရတ္တံ - တညဉ့်၊ ကွစိသဒ္ဒါ လိုက်သောကြောင့် "ဧကရတ္တိ" ဟု အပစ္စည်း မသက်ပဲလည်းရှိ၏၊ ဒီဃာ+ရတ္တိ ယဿ" ဟု ဝိဂ္ဂိုဟ်ပြုလျှင် အညတ္တ (ဗဟုဗ္ဗိဟိ) ဖြစ်သောကြောင့် အပစ္စည်း မသက်ရ၊ "ဒီဃရတ္တိ-ရှည်သော ညဉ့် ရှိသော ဆောင်းကာလ" ဟု ဖြစ်၏၊ "ရတ္တိယာ+သမီပံ"ဟု ပြုလျှင် သသချံတ္တ ခေါ် အဗျယီဘောဖြစ်သောကြောင့် အပစ္စည်း မသက်ရ၊ "ဥပရတ္တိ-ညဉ့်အနီး" ဟု ဖြစ်၏။ [ဒီဃရတ္တံ-စသည်၌ ကလာပ်ဝယ် "ဒီဃရတ္တော" စသည်ဖြင့် ပုလ္လိင် ရှိ၏၊ အဘိဓာန်၌လည်း "အဍ္ဎရတ္တော မဟာနိသာ" ဟု ပုလ္လိင်ရှိ၏၊ "ဒီဃရတ္တံ, ပုဗ္ဗရတ္တာပရရတ္တံ" တို့၌ အစ္စန္တ သံယောဂ ဒုတိယာဝိဘတ်ဖြစ်၏၊ ဒီဃရတ္တော-စသည်သာ ပဌမန္တ ဖြစ်သင့်သည်၊ အဟောရတ္တံ၌လည်း သမာဟာရဒွန်ဖြစ်သောကြောင့် နပုံးလည်းရှိ၏၊ "သမာဟာရဒ္ဒန္ဒေပိ ကတ္ထစိ ပုလ္လိင်ံ ဣစ္ဆန္တိ သဒ္ဒ-ဝိဒူ" နှင့်အညီ "အစ္စယန္တိ အဟောရတ္တာ" ဟု ပုလ္လိင် (ဗဟုဝုစ်)လည်း ရှိသည်၊ "ဒီဃရတ္တာယ ဝေါမာရိယ" စသော ဥပ္ပရိပေတဝတ္ထု ပါဠိ၌ကား အာပစ္စည်း သက်၍ ဣတ္ထိလိင်ရုပ် တွေ့ရပြန်သည်၊ "သာ နုန ကပဏာ အမ္မာ, စိရရတ္တာယ ရုစ္ဆတိ (ငိုလတံ့)" ဟူသော ဝေဿန်ဇာတ်၌လည်း နည်းတူ၊ စိရရတ္တာယ-ကြာမြင့်စွာသော ညဉ့်၌, ကြာမြင့်စွာသော ကာလ၌" ဟု ပေး။

ရတ္တိန္ဒိဝံ စသည်။ ။မောဂ္ဂလ္လာန်၌ "ရတ္တိန္ဒိဝ ဒါရဂဝ စတုရဿ" ဟု သုတ်တည်၍ အပစ္စည်း သက်၏၊ ရတ္တိစ ဒိဝါစ ရတ္တိန္ဒိဝံ - ညဉ့် နေ့၊ နတ်ပြည်, ကောင်းကင်, နေ့အနက်တို့ကိုဟောသော အကာရန္တ ဒိဝသဒ္ဒါကို ပါဠိအဘိဓာန် ၌ ပုလ္လိင်, ထောမနိဓိ၌ နပုလ္လိင်ဟု တွေ့ရ၏၊ ထိုဒိဝသဒ္ဒါဖြစ်လျှင် ဤသုတ်ဖြင့် အပစ္စည်းသက်ဖွယ်မလို၊ ဒိဝါ-အာကာရန္တ အဗျယပုဒ်ရှိ၏၊ ထို အဗျယဒိဝါကို ရည်ရွယ်၍ ဤသုတ်ဖြင့် အပစ္စည်းသက်, ရှေ့ပုဒ် အဆုံး၌ သုတ်ကြီးဖြင့် နိုလာ၊

ထိုနှုကို နိဂ္ဂဟိတ်ပြု၊ "စာတုမဟာရာဇိကာနံ ဒေဝါနံ ကော ရတ္တိန္ဒိဝေါ"– တိကင်္ဂုတ္တရ ဒုတိယပံ၊ "ရတ္တိန္ဒိဝါ နာနုတပေန္တိ" – သဂါထာဝဂ်, မာရ သံယုတ်၊ (ပုလ္လိင်ကေဝုစ် ဗဟုဝုစ်ပုံစံများ)၊ အဟံ အာဝုသော နိဂန္ဌာ....... ပဟောမိ ကော ရတ္တိန္ဒိဝံ ကေန္တ သုခံ ပဋိသံဝေဒီ ဝိဟရိတုံ, ဒွေ ရတ္တိန္ဒိဝါနိ၊ ပေ၊ သတ္တ ရတ္တိန္ဒိဝါနိ (နပုံကေဝုစ် ဗဟုဝုစ်ပုံစံများ)၊ "ဒါရော စ ဂေါစ ဒါရဂဝံ" ကား ပဋ္ဌဂဝံနှင့်တူပြီ၊ အဿိသဒ္ဒါသည် အထောင့် အနက်ဟော။ ["စတဿော အဿိယော ယဿာတိ စတုရဿော– ၄ ထောင့်ရှိသော ပလ္လင်" ပါဠိများ၌ "ကောဏော-ဿော ကောဋိ နာရိယံ"ဟု "အထောင့်" ဟောရာ၌ "အဿ" ဟု ရှိ၏၊ သက္ကတ၌မူ "အဿိ"ဟု ရှိသည်။]

ဒွိဘူမံစသည်။ ။"ဒွေ + ဘူမိယော ယဿာတိ ဒွိဘူမံ ( ဘဝနံ )= ဘုံ ၂ ဆင့်ရှိသော ဗိမာန်၊ဒွိဘူမော-ဘုံ ၂ ဆင့်ရှိသော ပြာသာဒ်"စသည်၌ ဗဟုဗ္ဗိဟိ စိရင်၍ "ဒွိဘူမိ"ဟု ပကတိပြု၊ ဤသုတ်ဖြင့် ဣကို အပြု၊ တေဘူမံ·စသည်၌လည်း နည်းတူ၊ "ဒွိဘူမကော-ဘုံ ၂ ဆင့်ရှိသော" စသည်၌ "ဒွိဘူမောယေဝ ဒွိဘူမ-ကော"ဟု သွတ္ထတဒ္ဓိတ်ပြု၍ ကဏ်ပစ္စည်း ထပ်သက်၊ "ဒုက္ခံ တေဘူမကံ ဝဋ္ဋံ" ၌မူ "တေဘူမကံ-ဘုံ ၃ ပါး၌ဖြစ်သော"ဟု အနက်ပေးမှ သင့်သောကြောင့် "တိဿော+ဘူမိယော-တိဘူမံ(ဘုံ ၃ ပါး)၊ဤသုတ်ဖြင့် ဣကို အပြု၊ထို့နောက် "တိဘူမေ+ဘဝံ-တေဘူမကံ"ဟု ဘာဝတဒ္ဓိတ်ပြု၍ ကပစ္စည်းသက်သင့်၏၊ "တေ ဘူမိကာ-ဘုံ ၃-ပါး၌ ဖြစ်ကုန်သော၊ သခ်ါရာ-တို့"၌ကား ဘဝအနက်၌ ဏိက ပစ္စည်းသက်။ [ဋီကာကျော်ကား "တိဿော+ဘူမိယော ဣမဿာတိ တိဘူမံ" ဟု ပြု၍ ဤသုတ်ဖြင့် ဣကို (အ)ပြု၊ ထို့နောက် တိဘူမံ ယေဝ တေဘူမကံ" ဟု သွတ္ထ၌ ကဏ်ပစ္စည်း သက်စေလို၏၊ "တေဘူမကံ-ဘုံ ၃ ပါးရှိသော၊ ဝဋ္ဋ-ဝဋ္ဋ"ဟု အနက်သွား မဖြောင့်သောကြောင့် ထိုနည်းကို စဉ်းစားသင့်သည်။]

ပါပဘူမံ စသည်။ ။ပါပါဒီဟိ ဘူမိယာ"ဟု သုတ်တည်၍ အပစ္စည်း သက်၏၊ ပါပါ+ဘူမိ ယသ္မိံ ဌာနေတိ ပါပဘူမံ=မကောင်းသော မြေရှိသော အရပ်၊ ဇာတိယာ ဥပလက္ခိတာ+ဘူမိ ယသ္မိံတိ ဇာတိဘူမံ=မွေးဖွားခြင်းဖြင့် မှတ်သားအပ်သော မြေရှိသောအရပ်၊ ဝါ-ချက်မြှုပ်အရပ်၊ တနည်း-ဇာတိယာ ဘူမိ ဇာတိဘူမံ=မွေးဖွားခြင်း၏မြေ၊ [ဇာတိဘူမံ ဣမေသံ နိဝါသောတိ ဇာတိ-ဘူမကာ=မွေးဖွားခြင်း၏ မြေဟူသော နေရာရှိသူတို့၊ ဝါ-ဇာတိမြေ၌နေသူတို့၊ နိဝါသတဒ္ဓိတ်–ကပစ္စည်း၊] ပစ္ဆာ (အပရာ)+ဘူမိ – ပစ္ဆာဘူမံ = အနောက် အရပ် မြေ၊ ဝါ - အနောက်အရပ်၌တည်သော ဇနပုဒ်၊ ကုစ္ဆိတာ+ဘူမိ ယသ္မိံ-တိ ဒုဗ္ဘူမံ=စက်ဆုပ်ဖွယ် မြေရှိသော လယ်၊ သုန္ဒရာ+ဘူမိ ယသ္မိံတိ သုဘူမံ=ကောင်းသောမြေရှိသော လယ်၊ ဤသို့လျှင် ပါပစသည် ရှေးရှိသော ဘူမိနောင် တပ္ပုရိသ် ဗဟုဗ္ဗိဟိစသော သမာသ်သာမည၌ အပစ္စည်းသက်သည်။

**အင်္ဂုလိနောင် အပစ္စည်း။** ။မောဂ္ဂလ္လာန်၌ ''အသင်္ချေ့ဟိ စင်္ဂုလျာ-န သညာ-သင်္ချေတ္တေသု''ဟု သုတ်တည်၍ အင်္ဂုလိနောင် အပစ္စည်းသက်၏။ [အသင်္ချေ-ဟိ-အသင်္ချမည်သော ဥပသာရနိပါတ်တို့မှလည်းကောင်း၊ စ-သင်္ချာတို့မှလည်းကောင်း၊ ဝရာ-သော၊ အင်္ဂုလျာ-အင်္ဂုလိသဒ္ဒါမှ (နောက်၌)၊ သမာသန္တော အဟောတိ-သမာသ်အဆုံး အပစ္စည်းသက်၊ န သညာ-သင်္ချေတ္တေသု - အညတ္ထ (ဗဟုဗ္ဗီဟိ), အသင်္ချတ္ထ (အဗျယီဘော)တို့၌ မသက်ရ၊] အင်္ဂုလီဟိ-လက်ချောင်းတို့မှ၊ နိဂ္ဂတံ-ထွက်သောအရာ (ပိုနေသောအရာ) တည်း၊ နိရင်္ဂုလံ၊ အတိက္ကန္တံ အင်္ဂုလိယော-အစ္စင်္ဂုလံ=လက်ချောင်းတို့ကို လွန်သောဝတ္ထု၊ ''ပဉ္စ+အင်္ဂုလိယော ယသ္မိံ အတ္ထေ''ဟု ဗဟုဗ္ဗီဟိပြုလျှင် အပစ္စည်း မသက်ရ၊ ''ပဉ္စင်္ဂုလိ-လက်ငါးချောင်းရှိသောလက်''ဟု ဖြစ်၏။ အင်္ဂုလိယာ+သမီပံ''ဟု အဗျယီဘောပြုလျှင်လည်း ''ဥပင်္ဂုလိ=လက်ချောင်းအနီး''ဟု ဖြစ်၏။

လက် ၂ ဆစ် ပမာဏဝတ္ထုကို ဟောရာ၌ ''ဒွေ + အင်္ဂုလိယော ဒွင်္ဂုလံ'' ဟု ဒိဂုသမာသန္တ၌ အပစ္စည်းသက်ပြီးမှ ''ဒွင်္ဂုလံ ပမာဏံ အဿ'' ဟူသော အနက်၌ ''မာနေမတ္တော'' သုတ်ဖြင့် မတ္တပစ္စည်းကိုသော်လည်းကောင်း၊ ''တဃ္ဃေ စုဒ္ဓ'' သုတ်ဖြင့် တဃ္ဃ ပစ္စည်းကိုသော်လည်းကောင်း သက်၍ ထိုပစ္စည်းကို ''လောပေါ'' သုတ်ဖြင့် ချေသင့်၏-ဟု မောဂ္ဂလ္လာန်နိသျ မိန့်၏၊ လက်သစ် အတိုင်းအရှည်ကိုဟောသော ''အင်္ဂုလံ'' ပုဒ်လည်း ရှိရကား ''ဒွေ+အင်္ဂုလာနိ ဒွင်္ဂုလံ=လက် ၂ သစ်''ဟု ဒိဂုရိုးရိုးလည်းကောင်း၊ ''ဒွေ အင်္ဂုလာနိ ယဿာတိ ဒွင်္ဂုလံ=လက် ၂ သစ်ရှိသော ဝတ္ထု'' ဟုလည်းကောင်း ဖြစ်နိုင်သည်ပင်။

**နဒီ ဂေါဒါဝရီနောင် အပစ္စည်း။** ။မောဂ္ဂလ္လာန်၌ ''နဒီ ဂေါဒါဝရီနံ'' ဟု သုတ်တည်၍ သင်္ချာရှေးရှိသော နဒီ ဂေါဒါဝရီနောင် သမာသန္တ အပစ္စည်းသက်၏၊ ပဉ္စ+နဒီယော, ပဉ္စနဒံ—မြစ်ငါးစင်း၊ ဂေါဒါဝရီနောင် သက်ပုံကို ပြခဲ့ပြီ၊ ထိုအားလုံးကိုပင် ကလာပ်၌ ရာဇာဒိအာကတိဂိုဏ်း အဖြစ်ဖြင့် ပြထားသည်၊ ထို့ကြောင့် ဤ ကစ္စိသမာသန္တ ဂတာန မကာရန္တော သုတ်ကြောင့် နာမ် ၁၃ ဂိုဏ်းတွင်ပါဝင်သော ရာဇာဒိဂိုဏ်းသာ ပျက်သည် မဟုတ်, မနောဂိုဏ်း, ရတ္တာဒိဂိုဏ်း, နာမ်ဂိုဏ်း စသော အခြားဂိုဏ်းများလည်း (အ ပစ္စည်းသက်လိုက်က) ပျက်ကြရသည်။

**မှတ်ချက်။** ။ကစ္စည်းဝုတ္တိ၌ အဆုံးသရကို (အ) ပြု-ဟု ဆိုသော်လည်း အခြားကျမ်း၌ အပစ္စည်းသက်ဟု ဆို၏၊ ရူပသိဒ္ဓိ၌ကား အ-ပြုနည်း, အပစ္စည်းနှင့် ကပစ္စည်းသက်သောနည်း ဟု ၂ နည်းပြ၏၊ ထိုတွင် ပဉ္စဂဝံ စသည်၌ အပစ္စည်းသက်မှ ရုပ်ပြီးဖြောင့်သောကြောင့် လည်းကောင်း, ဤသုတ်ရင်းဖြင့် ကပစ္စည်းသက်ထားလျှင် နောက် ''နဒိမှာစ'' သုတ်၌ ကပစ္စည်းလိုက်ဖို့ရာ အဆင်သင့်သောကြောင့်လည်းကောင်း အ ပစ္စည်း-က ပစ္စည်း သက်သောနည်းကို ရူပသိဒ္ဓိ သာ၍နှစ်သက်သည်။

**ကာရဂ္ဂဟာဏံ ၊ပေ၊ ဟောတိ—** "ကွစိ သမာသန္တဂတာန - မဒန္တတာ" ဟု ( ကဲလာပ်သုတ်အတိုင်း ) တည်လျှင် "အဒန္တတာ - အ အဆုံးရှိသည်၏ အဖြစ်သည်"ဟု လိုအပ်သောအနက် ပြီးနိုင်လျက် ["ဂတာနမတ္တ"ဟု တည်လျှင် ပြီးနိုင်လျက်-ဟု ဆိုကြ၏, မကောင်း၊] "မကာရန္တော"ဟု ကာရသဒ္ဒါအပိုကို ပြုခြင်းသည် အဘယ်အကျိုး ရှိသနည်း"ဟု စုတ္တိဆရာ့ကိုယ်တိုင် "ကာရဂ္ဂဟာဏံ ကိမတ္ထံ"ဟု ပုစ္ဆာထုတ်၍, ထိုပုစ္ဆာ၏အဖြေကို ပြလိုသောကြောင့် "အာကာ-ရန္တ ဣကာရန္တော စ ဟောတိ"ဟု မိန့်သည်၊ ကာရသဒ္ဒါပိုဖြင့် သမာသန္တနာမ်ပုဒ်တို့၏ အဆုံးသရကို အာ ဣလည်း ပြုရခြင်းအကျိုး ရှိသည်-ဟူလို၊ "ပတ္တ-ဓမ္မော-ရောက်အပ်သော တရားရှိသူ" စသော ပါဠိ၌ကဲ့သို့ "ပစ္စက္ခဓမ္မော"ဟု ဩကာရန္တ ရှိသင့်ပါလျက် ဓမ္မ၏ အ ကို ဤကာရသဒ္ဒါပိုဖြင့် အာ ပြု၍ "ပစ္စက္ခဓမ္မာ"ဟု အာကာရန္တ ပုလ္လိင်ရုပ် ရှိရသည်။ [ရုပ်စဉ်ပုံကို နာမ်ဂိုဏ်း, အာကာရန္တ ပုလ္လိင်ခန်း ကြည့်။]

**သုဂန္ဓိ စသည်။** ။"သုရဘိ+ဂန္ဓ"ဟု တည်၍ အဂ္ဂိနော ကဲ့သို့ "သုရဘိ-နော"ဟု လည်းကောင်း "ဂန္ဓော"ဟု လည်းကောင်း ဝါကျပြီးစေ၊ တပ္ပုရိသ်ဆိုင်ရာစီရင်၍ "သုရဘိ+ဂန္ဓ"ဟု ပကတိပြု၊ ဤသုတ်၌ ကာရသဒ္ဒါပိုဖြင့် ဂန္ဓ၏ အဆုံး အ ကို ဣပြု၊ နာမ်ငဲ့, သိချေစသည်ဖြင့် ဣကာရန္တပုလ္လိင် အဂ္ဂိကဲ့သို့ ရုပ်စဉ်၊ "သု+ဂန္ဓ, ပူတိ+ဂန္ဓ, ဒု+ဂန္ဓ, တည်၍လည်းတွက်၊ ကုစ္ဆိတောသည် ကု၏ အနက်ပြ ပရိယာယ်သာ, ရုပ်တွက်ရာ၌ ထည့်ဖွယ်မလို၊ ပူတိ+ဧဝ+ဂန္ဓိ"၌လည်း ဧဝ ကို ချေလျှင် "ပူတိ+ဂန္ဓ"ဟု ပကတိဖြစ်၍ နည်းတူပင်၊ "ဒုဋ္ဌု + ဂန္ဓော ယဿာတိ ဒုဂ္ဂန္ဓိ"၌ ဗဟုဗ္ဗီဟိဖြစ်ခြင်းသာ ထူး၏၊ "ဒု+ဂန္ဓ+ယ" တည်၍တွက်။

**မောဂ္ဂလ္လာန်။** ။ "သုဂန္ဓိ ဒုဂ္ဂန္ဓိ ပယောဂေ ါ န ဒိဿတေ = ပါဠိတော်အဋ္ဌကထာတို့၌ မတွေ့အပ်"ဟု ဆို၍ ပဥ္စိကာ၌ "ကစ္စာယနဝုတ္တိကာရေန ကွစိ သမာသန္တဂတာန မကာရန္တော"တိ ဧတ္ထ ကာရဂ္ဂဟာဏေန သုဂန္ဓိ, ဒုဂ္ဂန္ဓိ, ပူတိဂန္ဓိ, သုရဘိဂန္ဓိတိ ယေ တေ ပယောဂါ သက္ကတာနုသာရေန ("ဂန္ဓဿိဉ္ဥပူတိသုသုရဘိဟိ" ၅-၄-၁၃၅ ပါဏိနိသုတ်ကို အစဉ်လိုက်သဖြင့်) သာဓိ-တာ-ဟု ဆို၏၊ သက္ကတသို့ အတုလိုက်၍ "သုဂန္ဓိ"စသော ပြယုဂ်များကို ကစ္စည်းဝုတ္တိဆရာ ပြီးစေအပ်သော်လည်း ပါဠိ၌မူ ထိုပြယုဂ်များ မကောင်း၊ "ပဒ္ဓိယထာ ကောကနဒံ သုဂန္ဓံ"…."ဒုဂ္ဂန္ဓော အသုစိကာယော"ဟုသာ ပါဠိရှိသည်ဟု ဆိုလိုသည်၊ "ပုနော ပတ္တံ ဂဟေတွာန, သောဓယိတွာ သုဂန္ဓိနာ"ဟူသော ဘဒ္ဒါကာပိလာနီ ထေရီကာပဒါန်၌ "သုဂန္ဓိနာ" ပုဒ်လည်း "သုန္ဒရော ဂန္ဓော သုဂန္ဓော—ကောင်းသော အနံ့၊ သုဂန္ဓော ယဿ အတ္ထိတိ သုဂန္ဓီ-ကောင်းသော အနံ့ရှိသော ဆပ်ပြာ"ဟု အဿတ္ထိ တဒ္ဓိတ်ဆင့်၍ (ဤ) ပစ္စည်းဖြင့် (ဒဏ္ဍီနာ ကဲ့သို့) ပြီး၏။

နဒိမှာ စ

၃၃၈။ သမာသန္တေ-သမာသ် အဆုံး၌၊ နဒိမှာ စ-နဒီ မည်သော ဤ ဦကာရန္တသဒ္ဒါမှ နောက်၌လည်း၊ က ပစ္စယော ဟောတိ၊ ယသ္မိံ - အကြင် ဇနပုဒ်၌၊ပေ၊ ဗဟုနဒိကော - မည်၏၊ ယဿ - အကြင် သူ၏၊ ဗဟူ - ကုန်သော၊ ကန္တိယော - နှစ်သက်ဖွယ်တို့သည်၊ ( သန္တိ, ဝိဇ္ဇန္တိ ) သော-ယံ - သည်၊ ဗဟုကန္တိကော - မည်၏၊ ဗဟုနာရိကော - များသော မိန်းမ ရှိသူ၊ (၃၄၆)။

---

နဒီ၊မေ၊ကပစ္စယော။ ။ကာရသဒ္ဒါဖြင့် အာ-ဣသာ ပြုသည်မဟုတ်သေး, နဒီဆုံးသော ကတ္တုဆုံးသော သမာသ်ပုဒ်နောင်လည်း က ပစ္စည်း သက်သေးသည်၊ "ဗဟု+နဒီ+ယ" တည်, ယော ၂ လုံးသက်, ဿပမှည့်, ရှေ့ယောချေ၊ ဥကို ဒီဃပြု, ဤကို ရဿပြု၊ "ဗဟူ+နဒိယော+ယဿ" စသည် ဗဟုဗ္ဗီဟိစီရင်၊ "ဗဟု+နဒီ"ဟု ပကတိပြု၊ ဤသုတ်၌ ကာရသဒ္ဒါဖြင့် ကပစ္စည်းသက်, ကွစာဒိ မဇ္ဈတ္တရာနံဖြင့် ဒီ၌ ဤကို ရဿပြု, စသည်စီရင်၊ "ဗဟု+ကတ္တု+ယ"ဟု တည်, ဘိက္ခုဝေါကဲ့သို့ ဗဟဝေါ ပြီးစေ၊ "ဗဟု+ကတ္တု" ပကတိပြု, စသည်စီရင်၊ နဒီနောင်၌ ကပစ္စည်းကို နဒိမှာ စ သုတ်ဖြင့် ပြီးလတ့်ဖြစ်သော်လည်းဤသုတ်၏ကာရသဒ္ဒါဖြင့်လည်း ပြီးနိုင်ကြောင်း ပြလို၍ ဗဟုနဒိကော ပုံစံကို ဤသုတ်၌ ဝုတ္တိဆရာ ထုတ်ပြထားသည်။

မှတ်ချက်။ ။နိဒ္ဒေသ၌"သမာသန္တေဟုသာမည်ဆိုသော်လည်းဗဟုဗ္ဗီဟိသမာသ်ကိုသာ ယူ"ဟု ဆို၏၊ ထို့ပြင်-ကပစ္စယောကိုလည်း"က+အပစ္စယော"ဟု ပုဒ်ဖြတ်၍ အ ပစ္စည်းလည်း သက်ဟု "ပဉ္စဂဝံ"ရုပ်ပြီးဖို့ရာ ကြံ၏၊ အကြံလွန်သည်၊ သုတ်ရင်းဖြင့် အပစ္စည်းသက်နိုင်သော နည်းကိုပြသော ရူပသိဒ္ဓိဝါဒသာ သဒ္ဒတ္ထသုတ်များနှင့်ညီသည်၊ ချာသ၌ "ဗဟူနံ+ကတ္တု-ဗဟုကတ္တုကော"ဟု တပ္ပုရိသ်သမာသ် လုပ်ပြခြင်းလည်း ပါဠိသုံးရှိမည် မထင်၊ နိဒ္ဒေသ၌ "စိတ္တဂု-တိင္ဂုဂု" ရုပ်များပြီးဖို့ရာ ကာရသဒ္ဒါဖြင့် သမာသန္တ ဩကို ဥပြုဟုလည်း ဆိုသေး၏၊ စိတ္တဂုကို ဿရော ရဿော နပုံသကေဖြင့် ဩကို ဥရဿပြု၍ ပြီးနိုင်၏၊ တိင္ဂုဂုပြီးပုံကို "အညသ္မာလောပေါစ" သုတ်ကျမှ ပြအံ့၊ ထိုသို့ အခြားနည်းရိုးရိုးဖြင့် ပြီးနိုင်သောကြောင့် ဩကို ဥပြုဖွယ်လည်း မလို။

၃၃၈။ နဒိမှာ — ကလာပ်၌ "ဤဒူတ် ဣတ္ထိချာ နဒီ"ဟု သုတ်တည်၍ ဣတ္ထိလိင်ကို ဟောသော ဤ ဦ တို့ကို "နဒီ"ဟု အမည်မှည့်၏၊ ထို့ကြောင့် ရူပသိဒ္ဓိ၌- "နဒိတိ စေတ္ထ ဣတ္ထိဝါစကာနံ ဤကာရူကာရာနံ ပရသမညာ"ဟု မိန့်သည်၊ ဤစကားဖြင့် "နဒိမှာ" အရ နဒီသဒ္ဒါ တခုသာမက, "နဒီ-ဒါသီ-နာရီ-ကုမာရီ-ဝဓူ - ဇမ္ဗူစသော ဣတ္ထိလိင် ဤကာရန္တ ဦကာရန္တ အားလုံး ရသည်"ဟု မှတ်ပါ၊ နဒိမှာစ၍ စ သဒ္ဒါဖြင့် ရှေ့သုတ်မှ ကာရသဒ္ဒါကို ငင်၏ဟု ချာသ ဆို၏၊ "ကာရသဒ္ဒါကို ငင်" ဟူရာ၌လည်း ကာရသဒ္ဒါဖြင့် သက်သော

ကပစ္စည်းကို ငင်သည်-ဟု ဆိုလိုသည်၊ "အကာ-အပစ္စည်း က ပစ္စည်းတို့သည်" ဟု ကြံသော ရူပသိဒ္ဓိအလို ရှေ့သုတ်မှ (က)ကို ငင်သည်ဟု ကြံသင့်၏၊ နိဒ္ဒေသ၌ကား "သမာသန္တ" ဟူသော ဝိသယ(သက်ရာ)ကိုလည်းကောင်း (က)ဟူသော ဝိသယီကိုလည်းကောင်း ငင်၏-ဟု ဆိုသည်။

**နိစ္စတ္ထ ဆိုသော်လည်း မမြဲပုံ။** ။ဗဟုနဒိကော စသော ပုံစံများကို ရှေ့သုတ်လာ ကာရသဒ္ဒါဖြင့် ပြီးနိုင်ပါလျက် ဤသုတ်ကို ထပ်၍ ဆိုခြင်းသည် "နဒီမည်သော ဣတ္ထိဝါစက ဤ ဦ တို့နောင် အမြဲ ကပစ္စည်းသက်" ဟု သိစေရခြင်း အကျိုးရှိ၏-ဟူ ရူပသိဒ္ဓိ၌ ဆို၏။ ["နိစ္စတ္ထံ ဝစနံ"-ရူ၊ ]ဤသို့ ရူပသိဒ္ဓိ ဆိုသော်လည်း မောဂ္ဂလ္လာန်၌ "သုဘူ-ကောင်းသော မျက်ခုန်းရှိသော မိန်းမ" ဟူရာ၌ ကပစ္စည်း မသက်ရ၍ ဤအစီအရင် မရ-ဟု ဆိုသည်၊ "ပဋိမုက္ကကမ္ဗု-စွပ်အပ်သော ရွှေတန်ဆာရှိသော မိန်းမ" ၌လည်း ကပစ္စည်းမသက်၊ "သုဗ္ဘူသုဘာ သုပ္ပဋိမုက္ကကမ္ဗု"-နဝနိပါတ်, သခ်ဇာတ်၊ ဤစကားအားလုံးကို ကောက်ချက်ချလျှင် နဒီ မည်သော သဒ္ဒါနောင် ဤသုတ်ဖြင့် ကပစ္စည်းသက်, ကြွင်းသော သဒ္ဒါနောင် ရှေ့သုတ်ဖြင့် ကပစ္စည်းသက်၊ ဤသို့ ကစ္စည်းအလို ခွဲခြား၍ ဤ ၂-သုတ်လုံး၏အစီအရင်လည်း နိစ္စမဟုတ်, ကပစ္စည်းမသက်သော ရုပ်များလည်း ရှိနိုင်၏-ဟု မှတ်သားသင့်သည်။

**မောဂ္ဂလ္လာန်။** ။"လိတ္ထိယုဟိ ကော" ဟု သုတ်တည်၍ "ဗဟုဗ္ဗိဟိ၌ ကတ္တုကဲ့သို့ တ္လု (တု) ပစ္စယန္တပုဒ်, ဣတ္ထိဝါစက ဤ ဦ ပုဒ်များနောင် (အမြဲမဟုတ်သော်လည်း) ကပစ္စည်းများ၏" ဟု ဆိုပြီးလျှင် "ဝါညတော"ဟု သုတ်တည်၍ အခြားသဒ္ဒါနောင်ကား **ဝိကပ်အားဖြင့်** ကပစ္စည်းသက်-ဟု ဆိုသည်၊ ထိုအဆိုသာ အရာတိုင်း နှံ့ပေ၏၊ ဗဟုကတ္တုကော, ဗဟုကုမာရိကော, ဗဟုဗြဟ္မဗန္ဓုကော-များသော ပုဏ္ဏေးမရှိသော ရွာ။ ["ဗဟူ+ဗြဟ္မဗန္ဓူ ယသ္မိံ" ဟု ပြု၊] ဗဟုဇမ္ဗုကံ-များသော **သ**ပြေပင်ရှိသော တော။ ["ဗဟူ+ဇမ္ဗူ ယသ္မိံ ဝနေ"ဟု ပြု၊] ဗဟုဝဓုကော-များသော ချွေးမရှိသူ။ ["ဗဟူ + ဝဓူယဿ" ဟု ပြု၊] ဤကား တုပစ္စယန္တနှင့် ဣတ္ထိဝါစက ဤ ဦနောင် ကပစ္စည်း အသက်များပုံတည်း၊ သုဘူ, ပဋိမုက္ကကမ္ဗုတို့ကား ဣတ္ထိဝါစက ဦနောင်ဖြစ်ပါလျက် ကပစ္စည်း မသက်ရသော အနည်းငယ် ပုံစံတည်း။

**ဝိကပ် ကပစ္စည်းသက်ပုံ။** ။ဗဟူ+မာလာယော အဿာတိ ဗဟုမာလကော, ဗဟုမာလော၊များသော ပန်းရှိသူ၊ နတ္ထိ ဂါမော ယသ္မိံ တိ အဂါမကံ-ရွာမရှိသော တော၊ ဗဟုဂါမကော-များသော ရွာရှိသော ဇနပုဒ်၊ သမ္မာ+ဒိဋ္ဌိ ယဿာတိ သမ္မာဒိဋ္ဌိကော-ကောင်းသော (မှန်သော) အယူရှိသူ၊ သဒ္ဓါပကတိကော-သဒ္ဓါပကတိရှိသူ၊ သေသာနိ+အဋ္ဌီနိ ဧတ္ထာတိ သေသဋ္ဌိကာ-ဖြူသော အရိုးရှိသော ဝေရဥ္စာပြည်၊ တနည်း—သေတာ + အဋ္ဌိ ဧတ္ထာတိ သေတဋ္ဌိကာ-

ဇာယာယ
တုဒံဇာနိ ပတိမှိ

၃၃၉။ ပရေ ပတိမှိ, ဇာယာ ဇ္ဇတွေတာယ — ဇာယာ ဟူသော ဤသဒ္ဒါ၏၊ တုဒံ ဇာနိ ဇ္ဇတိ—တုဒံ, ဇာနိ ဟူကုန်သော၊ ဧတေ အာဒေသာ ဟောန္တိ၊ တုဒံပတိ - မယားလင်တို့၊ ဇာနိပတိ-မယားလင်တို့၊ (၃၅၈။)

---

ဖြူဖတ်ဖြူရော်ရှိအောင် နှိပ်စက်တတ်သော ကောက်ရောဂါရှိသော ဝေရဥ္စာပြည်၊ နတ္ထိ + ဘိက္ခု ယသ္မိံ တိ အဘိက္ခုကော - ရဟန်းမရှိသော အာဝါသ၊ သဟ + ဟေတုနာ ယော ဝတ္တတေတိ သဟေတုကော - ဟိတ်နှင့် တကွဖြစ်သော တရား၊ ကော+မာတာ ယဿာတိ ကေမာတိကော - တယောက်တည်းသော မိခင်ရှိသူ။ [မာတု၏ ဥကို ပိတာဒီနမသိမှိ၌ အသိမှိ သဒ္ဒါပိုဖြင့် ဇ္ဇပြု၊] ဤပုံစံများ၌ "အဂါမော, ဗဟုဂါမော" စသည်ဖြင့် က ပစ္စည်း မသက်ပဲလည်း ရှိ၏။

မှတ်ချက်။ ။ဗဟုနဒိကော ဗဟုနာရိကောတို့၌ "နဒီ—နာရီ"ဟု ဇ္ဇတ္တိဝါစကဤကာရန္တ ဖြစ်သောကြောင့် နဒီ အမည်ရ၍ ဤသုတ်ဖြင့် က ပစ္စည်း သက်သင့်ပေ၏၊ ကန္တိ (သက္ကတ၌"ကာန္တိ")ပုဒ်ကား ကမုဓာတ် တိ ပစ္စည်းဖြင့် ပြီးရသော ဇ္ဇကာန္တ ဖြစ်၍ နဒီ အမည်မရ၊ ထို့ကြောင့် ဤသုတ်ဖြင့် ကပစ္စည်းမသက်ပဲ ရှေ့သုတ်ဖြင့်သာသက်သင့်သည်၊ သမ္မာဒိဋ္ဌိကောပုဒ်၌ က ပစ္စည်းသက်ပုံနှင့် သဘောတူပင်တည်း။ ["ကန္တိ သောဘာ ဇုတိစ္ဆဝိ" ပါဠိအဘိဓာန်၊ ကန္တိ-ထိ, ကမ-တွိန်၊ သောဘာယံ, ဒိတ္တိမှိ, အဘိလာသေစ (လိုချင်ခြင်း)—ထောမနိဓိ။] ပစ္စည်းဆုံးသော်လည်း တဒ္ဓိတ်မဟုတ်, သမာသ်သာ ဖြစ်ကြောင်းနှင့် သမာသ်တွင်း သွင်းရခြင်း၏ အကျိုးကို ရူပသိဒ္ဓိ ဘာသာဋီကာ ဒိဂုသမာသ် အဆုံးမှာ ရှု။

---

၃၃၉။ တုဒံဇာနိ ဇ္ဇတွေတာယ။ ။"တုဒံ အပြု, ဇာနိ အပြု"ဟုလည်းကောင်း, တုကို နိပါတ်ပုဒ်တခုဟု ကြံ၍ "ဒံ အပြု, ဇာနိ အပြု"ဟုလည်းကောင်း ဝါဒကွဲ၏၊ ထိုတွင် ရှေ့ဝါဒသာ ကစ္စည်းဆရာ၏ အလိုကျ၏၊ ချဲ့ဦးအံ့—ကစ္စည်းဆရာသည် "တု" နိပါတ်ကို ဆိုလိုလျှင် "အာယ စတုတ္ထေကဝစနဿ တု, တတော ယောနမောတု" သုတ်သို့ကဲ့သို့ အဆုံး၌ ထားလေ့ရှိ၏၊ ထိုသို့ အဆုံး ထားမှလည်း တု နိပါတ်ဟု သိသာနိုင်သည်၊ ဤသုတ်ကား အလယ်၌ရှိသဖြင့် တု နိပါတ် မဟုတ်နိုင်၊ ရူပသိဒ္ဓိ သိဟိုဠ်မူ၌လည်း "တုဒမ္ပတိ" ဟုပင် ရှိ၏၊ အဘိဓာန်၌လည်း "ဇာယာပတိ, ဇာနိပတိ, ဇယမ္ပတိ, တုဒမ္ပတိ"ဟု ရှိ၏။

သဘာဝ မှန်-မမှန်။ ။ကျမ်းဆရာ၏ အာဘော် မှန်သော်လည်း အစစ်အမှန် သဘာဝ ကျ-မကျကိုကား စဉ်းစားသင့်သေး၏၊ ဤ "တုဒမ္ပတိ-ဒမ္ပတိ" ပြယုဂ်ကို ပါဠိ၌ မတွေ့ရ၊ "ဇာယာသဒ္ဒဿ ဇံဘာဝေါ ဒံဘာဝေါစ နိပစ္စတေ"-ကာသိကာဝုတ္တိ၊ "သမာသေ ဇာယာသဒ္ဒဿမာနတ္တာ ဇံဒံသဒ္ဒါ" - ကလာပ်ဝုတ္တိဋီကာ၊ "ဒမ္ပတိ-ဇာယာ စ ပတိ စ ဒွန္ဒေ ဇာယာသဒ္ဒဿ ဒမာဒေသော"-

ထောမနိမိ အာဘိဓာန်၊ ဤသို့လျှင် သက္ကတဗျာကရဏ်း အဘိဓာန်တို့၌ ဒံအပြုကို တွေ့ရသောကြောင့် "ဒမ္ပတိ" သာ ပုဒ်ရင်းအမှန် ဖြစ်ရာသည်။

**ဝိဂ္ဂဟ**။ ။"ဇာယာစ ပတိစ" ဟု ဝိဂ္ဂိုဟ်ပြု၍ ကစ္စည်းသုတ်အတိုင်း ရုပ်ကို အခြေပြုကြည့်၊ ဣတရီတရယောဂ ဒွန္ဒ်ဖြင့်၍အင်္ဂ-အင်္ဂယောက်ကဲ့သို ယောဝိဘတ် ဖြင့် "တုဒမ္ပတိ ဇာနိပတီ"ဟု ဗဟုဝုစ်ရှိရသည်၊ "တေ ဟောန္တိ ဇာနိပတယော" စသည်ဖြင့် ပါဠိတော်၌လည်း ဗဟုဝုစ်ချည်း ရှိသည်၊ ကာသိကာ ဝုတ္တိအလို အားဖြင့် "ဇာယာပတိ" ဟု ပကတိပြုပြီးသည့်အခါ ဇာယာသဒ္ဒါကို ဇံပြု ဒံပြု၍ "ဇမ္ပတိ-ဒမ္ပတိ" ဟု ဖြစ်သည်၊ ကလာပ်ဋီကာအလိုမူ ဒံ-ဇံ အဗျယပုဒ်ဟု ယူ၍ "ဒံစ ပတိစ-ဒမ္ပတိ၊ ဇံစ ပတိစ ဇမ္ပတိ" ဟု ပြု။

**ဇယမ္ပတိ**။ ။ဇယမ္ပတိ၌ကား "ဇာယာစ ပတိစ" ဟု ပြု၍ "ဇာယာ+ ပတိ" ဟု ပကတိဖြစ်သည့်အခါ ကွစာဒိ မဇ္ဈေတ္တရာနံဖြင့် ယာ၌ ရဿပြု၊ နိဂ္ဂဟီ တဥ္စဖြင့် နိဂ္ဂဟိတ်လာ, နာမ်င့်, ယောသက်၊ အင်္ဂကဲ့သို့ "ဇာယမ္ပတိ"ပြီးစေ၊ ဤ တွက်ပုံသည် "ဇာယာတိ-ဘရိယာ၊ ပတီတိ ဘတ္တာ, အပေက္ခာသဒ္ဒါ စေတေ ပိတာပုတ္တ သဒ္ဒါဝိယ (အပြန်အလှန်ငဲ့သော ဣတရေတရယောဂ သဒ္ဒါများ— ဟူလို၊) တတ္ထ ပန ယာကာရဿ ရဿတ္တံ သာနုနာသိကဥ္စ ကတွာ ဝုတ္တံ" နိဒါန ဝဂ် သံယုတ်ဋီကာနှင့် ညီ၏၊ သို့သော် စာအများ၌မူ ဇာ၌လည်း ရဿပြု၍ "ဇယမ္ပတိ" ဟု ရှိသည်၊ "မာတာ ပုတ္တေန သံဂစ္ဆိ, ဥဘယော စ ဇယမ္ပတီ" (ကုသဇာတ်) ၌လည်း ဇာ၌ ရဿပင်၊ သေယျထာပိ ဘိက္ခဝေ ဥဘော ဇာယမ္ပတိကာ"ဟူသော နိဒါနဝဂ္ဂ, ပဌမသံယုတ်, မဟာဝဂ္ဂ၌ကား "ဇယမ္ပတိ" ဟု ဖြစ်ပြီးနောက် ကွစိသမာသန္တသုတ်ဖြင့် ကပစ္စည်းသက်။

**ရာဇ ဒန္တာဒိဂိုဏ်း**။ ။"အစ္စိတပ္ပသရံ ပုဗ္ဗံ" စသည်ဖြင့် ရူပသိဒ္ဓိ သမာသ် အဆုံး၌ ပြထားသည့်အတိုင်း ဒွန်အရာဝယ် ပူဇော်အပ် မြတ်သော အနက်ဟော သဒ္ဒါသည် ရှေ့၌ ဖြစ်ရိုးထုံးစံတည်း၊ ဤ၌ မယားနှင့်လင်တွင် လင်သည် မြတ်၏၊ ထို့ကြောင့် "ပတိဇာယာ" ဟု ပတိပုဒ်သည် နဂိုရိက ရှေ့ကျလျက်ရှိသော်လည်း ရာဇဒန္တာဒိ အာကတိဂိုဏ်း ဖြစ်သောကြောင့် ပတိနှင့် ဇယာကို ရှေ့နောက် ပြန်၍ "ဇယာ ပတိ" ဖြစ်ရသည်ဟု သက္ကတ ဗျာကရဏ်းတို့၌ ဆိုကြသတတ်၊ "ဒန္တာနံ - ဒန္တတိုင်းသားတို့၏+ရာဇာ-မင်းတည်း" ဝိဂ္ဂိုဟ်အရ "ဒန္တရာဇာ"ဟု ဖြစ်သင့်လျက် ရှေ့နောက်ပြန်၍ "ရာဇဒန္တော" ဟု ဖြစ်၏၊ ထိုနှင့်အလားတူ ရှေ့နောက် ပြန်ရသောရုပ်များကို ရာဇဒန္တာဒိဂိုဏ်း ဟု ခေါ်၏။ ["ရာဇဒန္တာဒိသု ပရံ"-ပါဏိနီ ၂၁၂, ၃၁၊ စေတေသု ပုဗ္ဗပယောဂါရဟံ ပရံ ဘဝတိ၊ ဒန္တာနံ + ရာဇာ - ရာဇဒန္တော၊ သိဒ္ဓန္တ ကောမုဒီ။] ကြွင်းသောမှတ်ဖွယ်ကို ရူပသိဒ္ဓိ ဘာသာဋီကာ၌ ရှုပါ။

ဓနုမှာ စ

၃၄၀။ သမာသန္တေ-၌၊ ဓနုမှာစ-ဓနုသဒ္ဒါမှ နောက်၌လည်း၊ အာပစ္စယော ဟောတိ၊ ယဿ-၏၊ ဂဏ္ဍီဝေါ-များသော အဖု အထစ်ရှိသော၊ ဓနု - လေးသည်၊ အတ္ထိ, ဣတိ, သောယံ-ထိုသူသည်၊ ဂါဏ္ဍီဝဓန္ဝာ-ဂါဏ္ဍီဝဓန္ဝာမည်၏။ (၃၅၅)။

---

၃၄၀။ ဓနုမှာ စ—စသဒ္ဒါဖြင့် ဆွဲငင်ဖို့ရာ ရှေ့ အနီးအပါး သုတ်များ၌ အာပစ္စည်း မရှိသောကြောင့် "ဓနုမှာ" ကို "ဓနုမှာ + အာ" ဟု ပုဒ်ဖြတ်၊ စ သဒ္ဒါဖြင့် "ပစ္စက္ခဓမ္မာ, ဒဠ္ဟဓမ္မာ-ခိုင်မြဲသန်မာသော လေးရှိသူ၊ ဝိဝဋ္ဋစ္ဆဒါ-ဖွင့်လှစ်အပ်သော အမိုးရှိသူ" တို့၌ ဓမ္မကို ဆည်း၏-ဟု ရှုဆို၏။ [ကစ္စည်းဝုတ္တိ၌ကား ပစ္စက္ခဓမ္မာကို ကွစိသမာသန္တ၌ ကာရဖြင့် ပြီးစေခဲ့၏၊] ရုပ်ကို အခြေပြု ကြည့်၍ တွက်၊ "ဒဠှံ ဓနု ယဿ" ဟု ဝိဂ္ဂိုဟ်ပြု၍ "ဒဠ္ဟ ဓန္ဝ" ဟု ဖြစ်သည့်အခါ သုတ်ကြီးဖြင့် ဓန္ဝကို ဓမ္မပြု၊ ဤသုတ် စသဒ္ဒါဖြင့် အာပစ္စည်းသက်၍ "ဒဠ္ဟ ဓမ္မာ" ဟုပြီးစေ၊ သဒ္ဒနီတိ၌ "ဝိဝဋ္ဋစ္ဆဒါ - ကိုလည်း" ပြ၏၊ "ဝိဝဋ္ဋော + ဆဒေါ ယေနာတိ ဝိဝဋ္ဋစ္ဆဒါ" ဟု ပြု၊ ဤသုတ် မစီရင်လျှင် "ဝိဝဋ္ဋစ္ဆဒေါ" ဟု ဖြစ်၏။

၃ ပုဒ်, ၂ ပုဒ် ဝါဒကွဲ။ ။ရှေ့၌ "ဓနုမှာ+အာ+စ" ဟု ပုဒ်ခွဲ၍ ဤသုတ်ကို ၃ ပုဒ် ရှိသောသုတ်ဟု ဆို၏၊ တချို့ကား "ဓနုမှာ+စ" ဟု ၂ ပုဒ်ရှိသောသုတ် ဟု ဆို၍ စသဒ္ဒါဖြင့် ကွစိသမာသန္တသုတ်မှ (အ) ကို ငင်သည်ဟု ကြံကြသေး သတတ်၊ ["ဒွိပဒ မိဒန္တိပိ ဝဒန္တိ, ဧဝံ သတိ စဂ္ဂဟဏံ အာကာရာနုကဍ္ဎနတ္ထံ"-နိဒ္ဒေသ၊] ဤနည်းအလို အပစ္စည်း, တနည်း (အ) ပြု၍ "ဂါဏ္ဍီဝ ဓန္ဝ" ဟု ဖြစ်ပြီး နောက် ရာဇာဒိဂိုဏ်းသွင်း၍ သျှာစသုတ်ဖြင့် သိကို အာပြုရသည်။

မောဂ္ဂလ္လာန်။ ။မောဂ္ဂလ္လာန်ဝယ် ဓနုကဲ့သို့ လေးအနက်ကို ဟောရာ၌ "ဓန္ဝ" ဟုလည်း ရှိ၏-ဟု ယူ၍ "ဂါဏ္ဍီဝံ ဓန္ဝံ ယဿ သော ဂါဏ္ဍီဝဓန္ဝာ" ရာဇာဒိပါဌာ (ရာဇာဒိဂိုဏ်း၌ ရွတ်ဆိုခြင်းကြောင့်) သိဿ-ကာရော (သိကို အာပြု)" ဟု ပဉ္စိကာဖွင့်သည်၊ ဆက်ဦးအံ့-"ဓန္ဝံတိ ပကတျန္တရ- မဝိသေသေန သညာယ-မသညာယဉ္စ="ဓန္ဝံ" ဟူသည် ဓနုမှ တမျိုးတခြားသော ပကတိလိင် တည်း၊ သာမညအားဖြင့် အမည်သညာ အနက်၌လည်းကောင်း, သညာမဟုတ် သော အနက်၌လည်းကောင်း ဖြစ်၏-ဟု စန္ဒြဗျာကရုဏ်းကိုလည်းကောင်း "ဓနု စာပေါ, ဓန္ဝ, သရာသန, ကောဒဏ္ဍ, ကမ္မုကံ" ဟု ဓနုနှင့် ဓန္ဝကို အနက်တူပြသော အမရကောသ အဘိဓာန်ကိုလည်းကောင်း ထောက်၍ "ဂါဏ္ဍီဝံ ဓန္ဝံ ယဿ" ဟု ပြုသော မောဂ္ဂလ္လာန်နည်းကိုလည်း လက်ခံထိုက်သည်။

ပါဌ်မှန်ဆုံးဖြတ်ချက်။ ။ဤ ဂါဏ္ဍီဝဓန္ဝာသည် ပါဠိပုံစံ မဟုတ်, သက္ကတ ပုံစံတည်း၊ "ဂဏ္ဍု-ပု၊ ဂဍိ-အစ်" ဂဍိဓာတ် (စ်) အနုဗန်ရှိသော အပစ္စည်းဖြင့် ပြီးသော ပုလ္လိင်ဂဏ္ဍုသဒ္ဒါ၏အနက်ကို "မြင်းဖုအနာ, ပါးစောင်, အဆစ်အဖု"

အံဝိဘတ္တိနံ မကာရန္တာ ဗျယီဘာဝါ

၃၄၁။ **အကာရန္တာ-သော၊တသ္မာ အဗျယီဘာဝ သမာသာ** – ထိုအဗျယီဘော သမာသ်မှ၊ ပရာသံ ဝိဘတ္တီနံ ကွစိ အံဟောတိ၊ အဓိစိတ္တံ - စိတ်ကိုစွဲ၍ ဖြစ်သော တရားတို့၊ ယထာဝုဍ္ဎံ-ကြီးသူတို့၏အစဉ်၊ ဝါ-ကြီးစဉ် ငယ်လိုက်၊ ဥပကုမ္ဘံ - အိုး၏ အနီးဖြစ်သော စကား၊ ယာဝဇီဝံ - အသက် အပိုင်းအခြား ရှိသလောက်၊ ဝါ-အသက်ထက်ဆုံး၊ တိရောပဗ္ဗတံ-တောင်၏တဘက်၊ တိရော ပါကာရံ–တံတိုင်း၏ တဘက်၊ တိရောကုဋ္ဋံ–နံရံ၏တဘက်၊ အန္တောပါသာဒံ– ပြာသာဒ်၏ အတွင်း၊ ကွစိတိ ကိမတ္ထံ၊ အဓိစိတ္တသ္မာ–စိတ်ကို စွဲ၍ဖြစ်သော၊ ဘိက္ခုနော–အား၊ ဉာတိ–ဉာဏ်ဖြင့်ယူ၍ တားမြစ်ရခြင်း အကျိုးရှိ၏။ (၃၃၆)။

---

စသည်ဖြင့် ထောမနိဓိ၌ များစွာပြ၏၊ ထို ဂဏ္ဍုပဒ်နောင် ဣန်ပစ္စည်းသက်ရာ ၌ကား ဂ ကို ဝုဒ္ဓိပြု၍၊ "ဂါဏ္ဍီ"ဟု ဖြစ်၏၊ ပါဠိ၌ "ဂဏ္ဍိ"နှင့် အဆစ်အဖု အထုံးအဖွဲ့ အနက်ဟောချင်း တူ၏။ ["ဂါဏ္ဍီ-ပု၊ ဂဏ္ဍု+ဣန်, ဝုဒ္ဓိ-ဂဏ္ဍိမို၊] "ဂါဏ္ဍိ ယဿ အတ္ထီတိ ဂါဏ္ဍိဝံ, (တနည်း ဣကို ဉာဏ်ပြု၊) ဂါဏ္ဍိဝံ-အဆစ်အဖု ရှိသော လေး"ဟု ဖြစ်၏၊ ထိုလေးကား အဇ္ဇုန်မင်း၏ လေး, သို့မဟုတ် အားလုံး လူများ၏ လေးလည်းဖြစ်နိုင်၏၊ ကေသဝေါ စသည်ကဲ့သို့ ဝ ပစ္စည်းသက်။[ဂါဏ္ဍိ (ဏ္ဍိ) ဝ-ပု, န၊ ဂါဏ္ဍိ (ဂဏ္ဍိ) အဿ အတ္ထီတိ ဝါ ပုဗ္ဗပဒဒီဃော, အဇ္ဇုန စာပေ, စာပမတ္တေစ၊] ထို့နောက်မှ "ဂါဏ္ဍိဝံ ဓနု ယဿ"ဟု ကစ္စည်းကျမ်း အလိုဖြစ်စေ, "ဂါဏ္ဍိဝံ ဓနု ယဿ"ဟု မောဂ္ဂလ္လာန်အလိုဖြစ်စေ ဝိဂ္ဂြိုဟ်ပြု၍ "ဂါဏ္ဍိဝဓန္ဝာ"ဟု ဖြစ်၏၊ ရုပ်စဉ်ကို ရူ-အာကာရန္တပုလ္လိင်၌ ပြထားသည်။

---

၃၄၁။ **အံဝိဘတ္တီနံ၊ ပေ၊ ဗျယီဘာဝါ**။ ။ကလာပ်၌ "အဗျယီဘာဝါ အကာရန္တာ ဝိဘတ္တီနံ အံ အပဉ္စမျာ၊ (၂-၄-၁)၊ ဝါ တတိယာသတ္တမီနံ (၂-၄-၂)"ဟု ၂ သုတ်တည်၏။ [အပဉ္စမျာ-ပဉ္စမီဝိဘတ်၏ အံ အပြု မဖြစ်၊ တတိယာသတ္တမီနံ-တို့၏၊ ဝါ-ဝိကပ် အံ အပြုဖြစ်၏၊] ဤကလာပ်သုတ်များ အလို ပဉ္စမီဝိဘတ်၌ အံ မပြုရ, တတိယာသတ္တမီ၌ ဝိကပ် အံပြုရသည်၊ ရူ၌ကား ဆဋ္ဌီဝိဘတ်၌လည်း အံ အပြု မမြဲ (ဝိကပ်)ဟု ထည့်သွင်း၍....

"န ပဉ္စမျာယ မံဘာဝေါ, ကွစိတိ အဓိကာရတော၊
တတိယာသတ္တမီ ဆဋ္ဌီ-နန္တု ဟောတိ ဝိကပ္ပတော"

ဟု မိန့်၏။ [ဂါထာနက်နှင့် အဓိပ္ပာယ်ကို ရူမှာရှု ["အဇ္ဈတ္တော ဓမ္မော အဇ္ဈတ္တာ ဓမ္မာ အနန္တရပစ္စယေန ပစ္စယော" ပါဠိတော်၌ အဇ္ဈတ္တော (ပဌမာ) အဇ္ဈတ္တာ (စတုတ္ထီ) တို့ကိုထောက်လျှင် ပဌမာစတုတ္ထီတို့၌လည်း အံ အပြု မမြဲ (ဝိကပ်)ဟု ယူသင့်၏၊ သို့ဖြစ်လျှင် ဒုတိယာဝိဘတ်သာ ကျန်တော့သည်၊ ထို

ဝိဘတ်ကား ကေစုစ်၌ အံပြု-မပြု ရုပ်မထူးသောကြောင့် ထိုဝိဘတ်အတွက်လည်း မမြဲဟုပင် ယူသင့်တော့၏၊ ကလာပ်ရူပသိဒ္ဓိတို့၌ ပဥ္စမီဝယ် အမြဲ အံမပြုရဟု ဆိုသော်လည်း ဆရာတို့ကမူ "အဇ္ဈတ္တံ-အဇ္ဈတ္တခန္ဓာမှ၊ ဝုဋ္ဌာတိ-ထ၏" ဟူသော ပါဠိကိုထောက်၍ ပဥ္စမီလည်း အံပြုသေး၏-ဟု ယူဆကြ၏၊ ထို့ကြောင့် ဤသုတ်ဖြင့် အံ အပြုသည် ဝိဘတ် ၇ သွယ်လုံး၌ပင် မမြဲဟု ဆရာတို့ယူဆကြသည်၊ကစ္စိသမာသန္တ-စသော သုတ်မှ လိုက်လာသော ကွစိသဒ္ဒါလည်း "အချို့-အနည်းငယ်" ဟူသော အပွကတ္ထကို မဟောပဲ ဝါတ္ထ (ဝါ၏ ဝိကပ်အနက်ဟော)ဟု ကြံသင့်သည်။[ဝိဘတ် ၇ သွယ်လုံး ရုပ်စဉ်ပုံကို အခြေပြု၌ ပြထားပြီ။]

အဓိစိတ္တံ။ ။ဥပသဂ္ဂနိပါတ ပုဗ္ဗကောသုတ်၌ "စိတ္တ မဓိကိစ္စ တေ ဓမ္မာတိ အဓိစိတ္တံ"ဟု ဝိဂ္ဂြိုဟ်ရှိသောကြောင့် "အဓိစိတ္တံ-စိတ်ကိုစွဲ၍ဖြစ်ကြသော တရားတို့"ဟု အနက်ပေးသည်၊ အချို့ကား "အဓိစိတ္တာယ ဘိက္ခုနော" ဟူသောကိ ရုပ်ကိုကြည့်၍ "စိတ်ကို အစိုးရသော ရဟန်း"ဟု ပေးကြသေး၏၊ သို့သော် ထိုကိ ရုပ်သည်ပင် အဆင်မပြေကြောင်းကို နောက်၌ စိစစ်အံ့။

ယထာဝုဍ္ဎံ စသည်။ ။ယထာဝုဍ္ဎံ, ယာဝဇီဝံ, တိရောပဗ္ဗတံ, အန္တောပါသာဒံ ပုဒ်တို့၏ ဝိဂ္ဂြိုဟ်များကို ရှေ့၌ တွေ့ခဲ့ပြီ၊ ဥပကုမ္ဘံကို ဥပနဂရံနှင့် အတူ "ကုမ္ဘဿ သမီပေ ပဝတ္တတိ ကထာတိ ဥပကုမ္ဘံ"ဟု ဖြစ်စေ, "ကုမ္ဘဿ+သမီပံ, ဥပကုမ္ဘံ"ဟု ဖြစ်စေ ဝိဂ္ဂြိုဟ်ပြု၊ တိရောပါကာရံ, တိရောကုဋ္ဋံတို့ကို တိရောပဗ္ဗတံနှင့်အတူ "ပါကာရဿ + တိရော-တိရောပါကာရံ၊ ကုဋ္ဋဿ+တိရော—တိရောကုဋ္ဋံ"ဟု ဝိဂ္ဂြိုဟ်ပြု၊ ရှု၌ကား "ပဗ္ဗတဿ-၏၊ ပရဘာဂေ-ထိုမှာဘက်အဖို့တည်း"ဟု တိရော၏ ပရိယာယ်ဖြစ်သော "ပရဘာဂေ" ပုဒ်ဖြင့် ဝိဂ္ဂြိုဟ်ပြုသည်၊ အလားတူပုဒ်များကို ရှုမှာ ရှု။

ကွစိ၊ပေ၊အဓိစိတ္တဿ။ ။ကစ္စည်းဝုတ္တိဆရာသည် "အဓိစိတ္တဿ ဘိက္ခုနော"၌ အဓိစိတ္တဿပုဒ်ကို အဗျယီဘောဟု ယူလိုဟန်တူ၏၊ ထိုအလိုအတိုင်းလည်း "စိတ္တံ (စိတ္တဿ) အဓိပတိ, အဓိစိတ္တံ"ဟု ဝိဂ္ဂြိုဟ်ပြုကြ၏။ [စိတ္တံ-စိတ်ကို၊ အဓိပတိ-အစိုးရသော ရဟန်းတည်း၊ စိတ္တဿ-၏၊ အဓိပတိ-အရှင်တည်း၊ အဓိစိတ္တံ-စိတ်ကို အစိုးရသော ရဟန်း၊ ဝါ-စိတ်၏ အရှင်ဖြစ်သော ရဟန်း၊] ဤသို့ ဝိဂ္ဂြိုဟ်ပြုလျှင် အဓိဥပသာရ၏ အနက်ပြဋ္ဌာန်းသောကြောင့် အဗျယီဘောပင်၊ ထိုသို့ အဗျယီဘောဖြစ်သော်လည်း ကွစိသဒ္ဒါ မြစ်သောကြောင့် အဓိစိတ္တနောင်သကို ဤသုတ်ဖြင့် အံ မပြုပဲ အဓိစိတ္တဿ ဟူ ဖြစ်ရသည် — ဟူလိုသတတ်။ ["စိတ္တံ+အဓိပတိ" ဟူသော ဝိဂ္ဂြိုဟ်သည် "သာမိဿရာဓိပတိ ဒါယာဒ"စသော သုတ်၏ ဥပဒေနှင့် မညီ၊ အဓိပတိယှဉ်ရာ၌ ဒုတိယာ မသက်ရ။]

**စိစစ်ချက်။** ။အဘိစိတ္တသိက္ခာအရာ၌ အဘိစိတ္တံပုဒ်သည် **သမာဓိ**ဟူသော အနက်ကို ဟော၏၊ ဝိဂ္ဂြိုဟ်ပြုရာ၌ "စိတ္တံ အဘိကိစ္စ ပဝတ္တံ အဘိစိတ္တံ"ဟု ပြုရ၏၊ စိတ္တံ-ကို၊ အဘိကိစ္စ-၍၊ ပဝတ္တံ-ဖြစ်သော သမာဓိတည်း၊ အဘိစိတ္တံ-မိ၊ [ဥပသဂ္ဂ နိပါတ ပုဒ္ဒကောသုတ်၌ "စိတ္တံ အဘိကိစ္စ ပဝတ္တန္တိ တေ ဓမ္မာ"ဟု ပြုခဲ့သော ဝိဂ္ဂြိုဟ်အရကား သမာဓိပြဌာန်းသော စေတသိက်အားလုံး ရ၏၊] "အဘိကံ+ စိတ္တံ, အဘိစိတ္တံ"ဟု ကမ္မဓာရဲ ပြု၍လည်း လွန်ကဲသော သမာဓိစိတ်ပင် ရ၏။ [စိတ္တမဘိကိစ္စ ပဝတ္တံ ဓမ္မဇာတံ အဘိစိတ္တံ၊ သာမညနိဒ္ဒေသောပိ သမာဓိယေဝ ဝုစ္စတိ ၊ ပေ ၊ အဘိကံ+စိတ္တံ အဘိစိတ္တံတိ ကမ္မဓာရယသမာသေနပိ သမာဓိယေဝ ဝုစ္စတိ၊....(သဒ္ဒနီတိ)။]

ဆက်ဦးအံ့— " အဘိစေတသော အပ္ပမဇ္ဇတော, မုနိနော မောနပထေသု သိက္ခတော" ဟူသော ဓမ္မပဒ၌ အဘိစိတ္တ ( အဘိစေတ ) အရ အရဟတ္တဖိုလ် ရအောင် "အဘိ+စိတ္တံ ( စေတံ ) အဘိစိတ္တံ, အဘိစေတံ"ဟု ကမ္မဓာရဲပြု၍, ရဟန်းရအောင် "အဘိစိတ္တံ (အဘိစေတံ) ယဿ"ဟု အဿတ္ထိ ဆင့်ဖို့ရန် "အဓိ စေတသောတိ-အဘိစိတ္တဝတော သဗ္ဗစိတ္တာနံ အဓိကေန အရဟတ္တဖလ စိတ္တေန သမန္နာဂတဿ"ဟု အဋ္ဌကထာဖွင့်၏၊ သို့ဖြစ်လျှင် ဤ အဘိစိတ္တဿ ဘိက္ခုနော ၌လည်း အဿတ္ထိဆင့်မှ ကျမ်းဂန်တို့နှင့် ညီမည်၊ အဿတ္ထိဖြစ်လျှင်လည်း ဤ သုတ်နှင့် မဆိုင်တော့, တဒ္ဓိတ်အရာသာ ဖြစ်သည်၊ "အဘိစိတ္တဿ - လွန်ကဲသော အရဟတ္တဖိုလ်စိတ်ရှိသော၊ ဘိက္ခုနော - အား, ၏"ဟုလည်း အနက်မှန် ပေးရမည်၊ ထိုပြခဲ့သော အကြောင်းများကို စိတ်၌ စွဲပိုက်၍ "အဘိစိတ္တဿ"ကို အဗျယီဘော"ဟု ဆိုလိုဟန်မတူသော သဒ္ဒနီတိဆရာလည်း "အဘိစိတ္တဿ" ရုပ်ကို ကိံပုံစံ မလုပ်ပဲ "ကွစိတိ ကိံ—ကောယံ မဇ္ဈေသမုဒ္ဒသ္မိံ"ကို ထုတ်လေသည်၊ ဤ၌ "သမုဒ္ဒဿ+မဇ္ဈေ, မဇ္ဈေသမုဒ္ဒံ" ဟု အဗျယီဘော ဖြစ်သော်လည်း သ္မိံ ကို အံ မပြုပဲ ကွစိမြစ်သောကြောင့်"မဇ္ဈေ သမုဒ္ဒသ္မိံ"ဟု ရှိရသည်-ဟူလို။

**ရုပ်တွက်။** ။အခြေပြု၌ ဥပနဂရံရုပ်တွက်ပုံကို ပြထားပြီး၊ထိုရုပ်ကို နည်းမှီး၍ အဘိစိတ္တံ စသည်ကို "အဘိ+စိတ္တ"စသည် တည်၍တွက်ပါ၊ "စိတ်ကို စွဲ၍ဖြစ်သော တရားတို့"ဟု ဗဟုဝုစ် ဖြစ်သောကြောင့် အဓိနောင် ယောသက်, သဗ္ဗာသမာ ဝုသောသုတ်ဖြင့် ချေ၊ စိတ္တနောင် အံသက်၊ ခွင်း, ချေ, ကပ်၊ စိတ္တံ-ကို၊ အဘိကိစ္စ- ၍၊ ပဝတ္တန္တိ - ကုန်၏၊ ဣတိ အတ္ထေ-ဤ အနက်၌၊ ဤသို့ ဆိုရုံသာ ထူး၏၊ ယထာ ဝုဍ္ဍံကို "ယထာ+ဝုဍ္ဍ"တည်, ဝုဍ္ဍာနံ+ပဋိပါဋိ"ဟု ဝိဂ္ဂြိုဟ်ပြုလိုလျှင် "ယထာ နောင် သိ, ဝုဍ္ဍနောင် နံသက်, ဝုဍ္ဍာနံ-တို့၏၊ ပဋိပါဋိ-တည်း၊ ဣတိအတ္ထေ-၌" ဟု ဆို၊ "ယေယေ+ဝုဍ္ဍာ"ဟု ဝိဂ္ဂြိုဟ်ပြုလိုလျှင် "ယော ၂ လုံးသက်၍ သဗ္ဗာ သမာဝုသောဖြင့် ရှေ့ယောကို ချေ၊ နောက်ယောကို အာပြု၊ဝုဍ္ဍာ-ကုန်သော၊ယေ ယေ-အကြင်အကြင် သူတို့၊ ဣတိ အတ္ထေ-၌"ဟု ဆို။

**သရော ရသော နပုံသကေ**

၃၄၂။ နပုံသကေ - ၌၊ ဝတ္တမာနသ - ဖြစ်သော၊ အဗျယီဘာဝ သမာသသ- အဗျယီဘော သမာသ်ဖြစ်သော၊ လိင်္ဂဿ- လိင်၏၊ သရော-အဆုံး သရသည်၊ ရဿော ဟောတိ-၏၊ [လိင်္ဂဿ၏နောက်၌ အချို့စာ၀ယ် "ပရော"ဟု ပါ၏၊ အပို၊ သိဟိုဠ်မူမှာလည်း မပါ၊] ကုမာရီသု-တို့၌၊ အဓိကိစ္စ-၍၊ ကထာ-သည်၊ ပဝတ္တတိ-၏၊ ဣတိ, အဓိကုမာရိ-မည်၏၊ ဥပဝဓု-ချွေးမတို့၌ စွဲ၍ဖြစ်သော စကား၊ ဥပဂင်္ဂံ -ဂင်္ဂါ မြစ်၏ အနီး၌ဖြစ်သော စကား၊ ဥပမဏိကံ-မဏိကာမည်သော မိန်းမ၏အနီး၌ ဖြစ်သောစကား၊ (၃၃၇)။

---

ဥပကုမ္ဘံ စသည်။ ။ဥပကုမ္ဘံကို "ဥပ+ကုမ္ဘ" တည်၍ ဥပနဂရံ အတိုင်း တွက်၊ ယာဝဇီဝံကို "ယာဝ+ဇီဝ တည်၊ ယာဝနောင် သိချေ, ဇီဝနောင် သသက်၊ "ဇီဝဿ အသက်၏၊ ယတ္တကော-အကြင်မျှ အတိုင်းအရှည်ရှိသော၊ ပရိစ္ဆေဒေါ-အပိုင်းအခြားတည်း၊ ဣတိအတ္ထေ-၌"ဟု ဆို၊တိရောပဗ္ဗတံစသည်ကို "တိရော+ပဗ္ဗတ, တိရော+ပါကာရ, တိရော+ကုဋ္ဋ, အန္တော+ပါသာဒ" တည်, ရှေ့ပုဒ်နောင် သိသက်, ချေ, နောက်ပုဒ်နောင် သသက်၊ "ပဗ္ဗတဿ၏၊ ပရဘာဂေါ-တည်း၊ပေ၊ ပါသာဒဿ-၏၊ အန္တော-အတွင်းတည်း၊ ဣတိအတ္ထေ-၌"ဟု ဆိုရုံသာ။ [တိရော, အန္တောတို့သည် မူလကပင် ဩကာရန္တနိပါတ်များ တည်း၊ ထို့ကြောင့် တိရော-အန္တောဟုပင် ရုပ်တည်၍ သိကိုချေရသည်။]

ကိံ ရုပ်။ ။အဓိစိတ္တဿကို ကစ္စည်းဝုတ္တိ အလိုကျအောင် ရုပ်တွက်လျှင် "အဓိ+စိတ္တ" တည်, အဓိနောင် သိချေ၊ စိတ္တနောင် သသက်၊ စိတ္တဿ-၏၊ အဓိပတိ-အကြီးအကဲတည်း၊ ဝါ- အစိုးရသူတည်း၊ ဣတိအတ္ထေ-၌၊ စသည်ဆို၍ သမာသ်စပ်, အဗျယီဘောမှည့်, သမာသ်မှည့်, ဝိဘတ်ချေ, ပကတိပြု, နပုလ္လိင်ဟု မှတ်, နာမ်ငဲ့, သသက်၊ အံ ဝိဘတ္တီန မကာရန္တာဗျယီဘာဝါသုတ်ဖြင့် သကို အံ ပြုသင့်သော်လည်း ကွစိသဒ္ဒါမြစ်သောကြောင့် မပြုရ၊ သာဂမောသေသုတ် ဖြင့် (သ်) လာ, ပြီး၏။ [ဤကား ကစ္စည်းဝုတ္တိ အလိုကျအောင် တွက်ပြခြင်း သာတည်း။]

၃၄၂။ **အဗျယီဘာဝ သမာသဿ**။ ။သော နပုံသကလိင်္ဂေါ သုတ်ဖြင့် အဗျယီဘောဟူသမျှကို နပုလ္လိင်ဟုချည်းစီရင်ခဲ့၏၊ ထို့ကြောင့် ဤသရောရဿော နပုံသကေ သုတ်၌ နပုလ္လိင်သမာသ် ဟူသည် အဗျယီဘော သမာသ်တည်း-ဟု သိသာ၏၊ ထို့ပြင်-အဗျယီဘောသမာသ်ကို စီရင်သော အံ ဝိဘတ္တီန မကာရန္တာ ဗျယီဘာဝါ, အညသ္မာလောပေါစ သုတ်တို့၏အကြား၌ ဤသုတ်ကို ဆိုထား သဖြင့်လည်း ဤသုတ်သည် အဗျယီဘောသမာသ် အရာ၀ယ် စီရင်သောသုတ်ဟု

သိသာပြန်၏၊ သို့ဖြစ်၍ ရှေ့သုတ်မှ **အဗျယီဘာဝသဒ္ဒါ**ကို အလိုက်ခံ၍ "အဗျယီဘာဝ သမာသသဿ" ဟု ဝုတ္တိဆရာ ဖွင့်ပြခြင်းသည်, သုတ်တည်သော အရှင်မဟာကစ္စည်းဆရာ၏ **အလိုကျပါပေသည်။**

**ရူပဋီကာ။** ။ရူပသိဒ္ဓိ ဋီကာ၌ကား—ဤသုတ်၏ ဝုတ္တိ၌ **အဗျယီဘာဝသဒ္ဒါ**ကို လိုက်စေခြင်းသည် သမာသ်အရာ၌ ရဿ ပြုနိုင်ဖို့ရာ အဗျယီဘော တခုကို မှတ်၍ပြသော ဥပလက္ခဏနည်းသာတည်း။ [ဤသုတ်သည် တဒ္ဓိတ် ကိတ်စသည်၌ အဆုံးသရကို ရဿမပြုနိုင်, သမာသ်အရာ၌ကား မည်သည့်သမာသ်မဆို အဆုံးသရကို ရဿပြုနိုင်ဖို့ရာ အဗျယီဘောတခုကို မှတ်၍ပြသည်ဟု ဆိုလိုသည်၊] ထို့ကြောင့် "**စတုဒ္ဒိသံ**" စသော ဒိဂု, "မုခနာသိကံ" စသော ဒွန္ဒ, "အဿဒ္ဓံ" စသော ဗဟုဗ္ဗီဟိသမာသ်တို့၌ အဆုံးသရကို ဤသုတ်ဖြင့်ပင် ရဿပြုပါ·ဟု ဖွင့်ပြလေသည်။ [စတုဒ္ဒိသံရုပ်ကို ဒိဂုသောကတ္တံ သုတ်၌, မုခနာသိကံကို တထာဒွန္ဒေ သုတ်၌, အဿဒ္ဓံကို "န+သဒ္ဒါယဿ (ကုလဿ)"ဟု ဝိဂ္ဂိုဟ်ပြု၍ အသဒ္ဒါဟု ဖြစ်သည့်အခါ ရဿပြု။]

**စိစစ်ချက်။** ။ရူပသိဒ္ဓိစာကိုယ်၌လည်း အဗျယီဘာဝသဒ္ဒါကို မလိုက်စေပဲ သမာသ်အားလုံး၏ နပုလ္လိင် အရာဝယ် အဆုံးသရကို ရဿပြုခွင့် ကြုံလျှင် ဤသုတ်ဖြင့် ရဿပြုစေလို၏၊ ဤသို့ ရူပသိဒ္ဓိစာကိုယ်ဋီကာတို့က သမာသ်သာမည၏ နပုလ္လိင် အဆုံးသရကို ရဿပြု ဟု ဆိုခြင်းသည် စတုဒ္ဒိသံ စသော ပုဒ်များကို ကြည့်၍ သင့်လျော်သည်ဟု ထင်ရသော်လည်း သုတ်တည်သော အရှင်ကစ္စည်း၏ အလိုကား မဟုတ်၊ အရှင် ကစ္စည်းဆရာ၏ အလိုမှာ "စတုဒ္ဒိသံ" စသည်၌ ဒိသာ-နာသိကာ-သဒ္ဒါတို့ဝယ် အာကို ရဿပြုဖို့ ကိစ္စသည် (ဒီဃဇဃော်၌ ဇဃာမှ အာကို ရဿ ပြုသကဲ့သို့) ကွစာဒိမဇ္ဈုတ္တရာနံသုတ်၏ တာဝန်တည်း-ဟု ဆိုလိုပေလိမ့်မည်၊ ထို့ကြောင့် ဤသုတ်၌ ရူစာကိုယ် မိန့်သကဲ့သို့ အဗျယီဘာဝသဒ္ဒါ မလိုက်သင့် မဟုတ်, လိုက်သင့်သည်သာ၊ ရူဋီကာ ဆိုသကဲ့သို့, ဥပလက္ခဏနည်းလည်း မဟုတ်, (**အမေမှာ — မှာသည့်အတိုင်း မှတ်ရမည့်**) မုချနည်းသာ ဖြစ်သည်ဟု မှတ်ပါ။

**ကလာပ်ကိုလည်း မကိုးသင့်။** ။ကလာပ်ကျမ်း၌ကား ဤသုတ်ကို သမာသ်ခန်း ၌ မဆိုပဲ ကာရကအဆုံးမှာ ဆိုထား၏၊ ထို့ကြောင့် ထို ကလာပ်သုတ်ဖြင့် "သောမပံ-သောမန္ဒယ်ရည်ကို သောက်သောအမျိုး၊ သေနာနိ-စစ်သူကြီးမျိုး၊ ယဝ ါလု - မယောစပါး ရိတ်သောအမျိုး၊ အတိရိ - ဥစ္စာကိုလွန်သော အမျိုး၊ အတိနု-လှေကိုလွန်သော ရေ" စသော ပုံစံများ၌ "ပါ-နီ-လူ-ရေ-နော" တို့၌ ဒီဃကို အဗျယီဘောမဟုတ်ပဲလည်း ရဿ ပြုနိုင်၏။ [ရေ၌ ဧကို ဣရဿ, နော၌ ဩကို ဥရဿ၊] "သရော ရဿော" ဟူသော ယောဂဝိဘာဂဖြင့် နပုလ္လိင်မဟုတ်ပဲ လည်း စိတြဂေါမှ ဩကို ဥရဿပြု၍ "စိတြဂု-ပြောက်ကျားသော နွားရှိသူ"

အတိခင္ဓာမှ အာကို ရဿပြု၍ "အတိခန္ဓော-ခန္ဓာကို လွန်သူ" ကောသမ္ဗိမှ ဤကို ရဿပြု၍ "နိက္ကောသမ္ဗိ-ကောသမ္ဗီပြည်မှ ထွက်သူ" ဦရူမှ ဦကို ရဿပြု၍ အတိကရဘောရူ-လက်ဝါးစောင်းနှင့်တူသော ပေါင်ရှိသောမိန်းမကို လွန်သူ" ဟု ပုလ္လိင်အရာ၌လည်း ရဿပြုလေသည်၊ ထို့ကြောင့် သုတ်တည်ရာဌာနချင်းက စ၍ မတူသောကြောင့် ဤသုတ်၌ အဗျယီဘာဝသဒ္ဒါ မလိုက်စေလိုသော ရူပသိဒ္ဓိအဖွင့်ကို ကလာပ်ဝုတ္တိနှင့် ညီပေသည်ဟု အတည်မပြုသင့်။

**ကလာပ်။** ။သရော ရဿော နပုံသကေ—နပုံသကေ ဝတ္တမာနဿ သရန္တဿ (အဆုံးသရ) ရဿော ဘဝတိ၊ သောမပံ ၊ပေ၊ သရော ရဿော ဣတိ ယောဂဝိဘာဂါ ဂေါ အပ္ပဓာနဿ (အပ္ပဓာန ဖြစ်သော ဂေါ သဒ္ဒါ၏လည်း ကောင်း) ဣတ္ထိယံ အာဒါဒီနံ ရဿော (ဣတ္ထိလိင် အ ကာရန္တနောင် အာ ပစ္စည်း စသည် တို့၏လည်းကောင်း ရဿပြု)။

**လိင်္ဂဿသရော။** ။ဤသုတ်ဖြင့် ရဿ ပြုချိန်မှာ ဝိဘတ် မသက်ရသေး၍ ပုဒ် မဟုတ်သေးသောကြောင့် "လိင်္ဂဿ"ဟု ဆိုသည်၊ ထိုလိင်၏ သရဟူသည် "အဓိကုမာရိ" စသည်၌ ရိဝယ်ပါသော (ဤ) သရ စသည်တည်း၊ အဓိကုမာရိ စသော လိင်၏နောက်၌ သီးခြားတည်ရှိသော သရမဟုတ်၊ ထို့ကြောင့်"လိင်္ဂဿ ပရော"ဟု ပရော ပါရှိသော မြန်မာမူသည် မကောင်း၊ ရူ၌လည်း မပါ၊ ရူ၌ "အန္တော သရော"ဟု ဖွင့်၏၊ ကုမာရိ၌ (ဤ) သရကဲ့သို့ အဆုံးသရကို တိုက်ရိုက် ဖွင့်ပြသောကြောင့် ရူ ဖွင့်ပုံက သာ၍ ကောင်းပေသည်။

**ပုံစံများ။** ။ဥပဝဓု စသည်တို့၏ ဝိဂ္ဂြိုဟ်မှာ "သော နပုံသကလိင်္ဂေါ" သုတ်၌ တိုက်ရိုက် ပါလေပြီ၊ အဓိကုမာရိ ရုပ်တွက်ပုံကို အခြေပြု၍ ပြထားပြီ၊ "ဥပ+ဝဓူ"တည်, ဥပနောင် သိ သက်, ချေ၊ ဝဓူနောင် ဆဋ္ဌီသ သက်၊ ဝဓုယာ ပြီးအောင် နာမ် ရုပ်တွက်၊ ဥပ+ဝဓုယာဟု ဖြစ်၏၊ ဝဓုယာ—၏၊ သမီပေ—၌၊ ကထာ·သည်၊ ပဝတ္တတိ-၏၊ ဣတ္ထိအတ္ထေ-၌၊ ဤသို့ စသည်ဆို၍ "ဥပ+ဝဓု"ဟု ပကတိ ပြုပြီးသည့်အခါ နပုလ္လိင်ဟု မှတ်၊ ဤသုတ်ဖြင့် ဦကို ဥရဿပြု၊ နာမ်ငဲ့ စသည်ကို အဓိကုမာရိအတိုင်းဆို၊ "ဥပ+ဂင်္ဂါ, ဥပ+မဏိကာ"တည်၍ နောက် ရုပ်များကို တွက်၊ အနက်ကို ဝိဂ္ဂြိုဟ်အတိုင်း ဖော်၍ " ဣတိ အတ္ထေ"ဟု ဆို၊ ဤသုတ်ဖြင့် အာကို အရဿပြု၊ (အကာရန္တ ဖြစ်သောကြောင့်) ရှေ့သုတ်ဖြင့် ဝိဘတ်များကို ဝိကပ် အံ ပြု၍ ဥပနဂရံကဲ့သို့ ရုပ်စဉ်၊ အဓိကုမာရိ စသည်၌ကား နောက်သုတ်ဖြင့် ဝိဘတ် အားလုံးကို ချေသောကြောင့် ဝိဘတ် အားလုံး၌ပင် "အဓိကုမာရိ, ဥပဝဓု"ဟု ချည်း ရုပ်ရှိရသည်၊ "အဓိကုမာရိ - မိန်းမတို့၌ စွဲ၍ ဖြစ်သော စကားသည်, တို့သည်၊ပေ၊၌, တို့၌"ဟု ကြေလေသော ဝိဘတ်အား လျော်စွာ အနက်ပေးနိုင်သည်။

အညသ္မာလောပေါစ ၃၄၃။ အညသ္မာ—အကာရန္တ အဗျယီဘောမှ တပါးသော၊ အနကာရန္တာ - အကာရန္တမဟုတ်သော၊ အဗျယီဘာဝသမာသာ-မှ၊ ပရာသံ ဝိဘတ္တီနံ လောပေါစ ဟောတိ၊ အဝိတ္တိ-မိန်းမတို့၌ စွဲ၍ဖြစ်သော စကား၊ အဓိကုမာရိ, ဥပဝဓု။ (၃၃၇)။

နာမကပ္ပေ - နာမ်ကျမ်း၌၊ သမာသကပ္ပေ - သမာသ်ကျမ်း ဟူသော၊ သတ္တမော—၇ ခန်းမြောက်သော၊ ကဏ္ဍော—သည်၊ ဋ္ဌတိ—ပြီးပြီ၊ (သမာသကပ္ပေါ—သမာသ်ကျမ်းသည်၊ နိဋ္ဌိတော—ပြီ၊) [ဤ "သမာသကပ္ပေါ နိဋ္ဌိတော"သည် ဋ္ဌတိ နာမကပ္ပေစသော ရှေးဝါကျနှင့် အဓိပ္ပာယ်ထပ်နေ၏၊ သိဟိုဠ်မူ၌လည်း မပါ၊ ထို့ကြောင့် နောက်မှ ထည့်အပ်သော ပါဠိပိုသာ ဖြစ်တန်ရာသည်။]

---

ဝိဂြိုဟ်အစစ်—အတု။ ။အဓိကုမာရိ—ဥပနဂရံ စသည်ကို ဝိဂြိုဟ်ပြုရာ၌ "ကုမာရိသု အဓိကိစ္စ ကထာ ပဝတ္တတိ" စသည်ဖြင့် ကစ္စည်းဝုတ္တိ ပြု၏၊ ဆရာတို့ကား "အဓိကိစ္စ-စွဲ၍၊ ပဝတ္တာ-ဖြစ်သောစကားတည်း၊ အာဓိကိစ္စိကာ-စွဲ၍ဖြစ်သောစကား"ဟု လည်းကောင်း "သမီပေ-အနီး၌၊ ပဝတ္တာ-ဖြစ်သောစကားတည်း၊ သာမီပါ-အနီး၌ ဖြစ်သောစကား"ဟုလည်းကောင်း ရှေးဦးစွာ တဒ္ဓိတ်ပုဒ် ပြုလုပ်၍ "ကုမာရီသု+အာဓိကိစ္စိကာ, အဓိကုမာရိ၊ နဂရဿ+သာမီပါ, ဥပနဂရံ"ဟု သမာသ်ဝိဂြိုဟ် ပြုကြလေသည်၊ "အဓိကိစ္စ ပဝတ္တတိ"စသည်ဖြင့် ပြုခြင်းကို ဝိဂြိုဟ်အတုသာဟုလည်း ငယ်စဉ်က ထင်မှတ်ခဲ့မိသည်၊ ဘာ့ကြောင့်နည်း.... အဓိဟူသော တပုဒ်တည်း၏ အနက်ကို "အာဓိကိစ္စိကာ"ဟု တပုဒ်တည်းဖြင့် လဲလှယ်သည့်အတွက် သာ၍သင့်၏ဟု လည်းကောင်း, အဓိကိစ္စ ပဝတ္တတိဟု ၂ ပုဒ်ဖြင့် လဲလှယ်ခြင်းကား အလွယ်ပြုခြင်းသာဟု လည်းကောင်း ထင်မှတ်သောကြောင့်တည်း။

အမှန်မှာ—အဓိ၏ ပရိယာယ်ဖြစ်သော "အဓိကိစ္စ ပဝတ္တတိ"ဖြင့် ဝိဂြိုဟ်ပြုလျှင်လည်း ဝိဂြိုဟ်အစစ်ပင်တည်း၊ ဘာ့ကြောင့်နည်း....အဗျယီဘော၌ မူလပုဒ်ရင်းဖြင့် ဝိဂြိုဟ်ပြု၍ မဖြစ်, ပရိယာယ်ပုဒ်များဖြင့်သာ ဝိဂြိုဟ်ပြုရသောကြောင့် လည်းကောင်း, "အဓိသဒ္ဒါသည် သမာသ်အရာ၌ အဓိကာ-ပဝတ္တိအနက် ၂ မျိုးကို ဟောသည်"ဟု မူလဋီကာ ဖွင့်သောကြောင့်လည်းကောင်းတည်း၊ ထို့အတူ "နဂရဿ သာမီပါ"သည် ဥပနဂရံ၏ ဝိဂြိုဟ်အစစ်ဟု ဆိုနိုင်လျှင် "နဂရဿ သမီပေ ပဝတ္တတိ"လည်း ဝိဂြိုဟ်အစစ်ပင်တည်း၊ သို့သော် "နဂရဿ+သမီပံ, ဥပနဂရံ"ဟု ဝိဂြိုဟ်ပြုသင့်ကြောင်း ရှေ့၌ စိစစ်ပြခဲ့ပြီ။

---

၃၄၃။ အညသ္မာ ၊ပေ၊ ဟောတိ။ ။ အံ ဝိဘတ္တိန မကာရန္တသုတ်၌ အကာရန္တ အဗျယီဘောနောင် ဝိဘတ်တို့ကို အံ ပြုခဲ့သောကြောင့် ဤသုတ်၌

အညာ၏ အပါဒါနိကို အကာရန္တ အဗျယီဘော ခံရမည်ဟု သိစေလို၍ "အန ကာရန္တာ"ဟု ဖွင့်၏၊ ထို့ကြောင့် "အနကာရန္တာ"ကို အညသ္မာ၏ သရုပ်ပြ ဟု မှတ်ပါ၊ "အညသ္မာ-အကာရန္တမှတပါး" ဟူသည် "အနကာရန္တာ-အကာ ရန္တမဟုတ်သော အခြားကာရန်များတည်း" ဟူလို၊ ထိုအကာရန္တ မဟုတ်သော အဗျယီဘောဟူသည်လည်း "အဓိတ္ထိ-ဥပဝဓု" တို့ကဲ့သို့ ဣဥကာရန္တများသာ တည်း၊ မှန်၏-အဗျယီဘော၌ သရေ ရဿော နပုံသကေသုတ်ဖြင့် ရဿပြုပြီး ဖြစ်သောကြောင့် "အ-ဣ-ဥ" ကာရန် ၃ မျိုးသာ ရှိရတော့သည်။

လောပေါ၀။ ။စသဒ္ဒါသည် အဗျယီဘာဝသဒ္ဒါ မလိုက်မည်စိုး၍ ငင်သော အနုကစ္စနတည်းဟုလည်းကောင်း, ဝိဘတ်ကြေခြင်းကို နှစ်စေသော နိဝတ္တာပနာ ဝဓာရဏဟုလည်းကောင်း ကြံကြ၏၊ အစဉ်အတိုင်း လိုက်လျက်ရှိသောကြောင့် မလိုက်မည်ကို မစိုးရိမ်သင့်၊ ဝိဘတ်မကြေသော "အဓိတ္ထိယော" စသော ပါဠိပုံစံ ကို ရှေးသဒ္ဒါကျမ်းတို့ မပြခဲ့သောကြောင့် ဝိဘတ်ကြေခြင်းကိုလည်း တားမြစ် ဖွယ်လိုမည်မထင်၊ သီဟိုဠ်မူ၌ ဝုတ္တိဖွင့်ရာဝယ် စသဒ္ဒါ မပါ, ကာတန္တ၌ကား "အညသ္မာလောပေါ"ဟု သုတ်တည်စဉ်ကပင် စသဒ္ဒါ မပါ၊ ထို့ကြောင့် စသဒ္ဒါသည် နောက်မှထည့်အပ်သော အပိုပါဌ်ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

အဓိတ္ထိ။ ။အဓိကုမာရိနှင့်အတူ "ဣတ္ထီသု အဓိကိစ္စကထာ ပဝတ္တတီတိ အဓိတ္ထိ"ဟု ကစ္စည်းဝုတ္တိအလို ဝိဂ္ဂြိုဟ်ပြု၊ သဒ္ဒါကျမ်းတို့၌ကား အဓိတ္ထိကို ဝိဘတျတ္ထ အဗျယီဘောဟု ဆို၏၊ ဆက်ဦးအံ့— ဝိဘတျတ္ထ အဗျယီဘော ဟူသည် အဓိဥပသာရက ဝိဘတ်၏အနက်ကို ဟောရ သော အဗျယီဘောတည်း၊ ဝိဘတ်အနက်ဟူရာ၌လည်း သတ္တမီဝိဘတ်အနက်- ဒုတိယာဝိဘတ် အနက် ၂ မျိုးကိုသာ ပြ၍ "ဣတ္ထီသူတိ အဓိတ္ထိ, ဣတ္ထိံတိ အဓိတ္ထိ"ဟု ဝိဂ္ဂြိုဟ်ပြုကြသည်၊ "ဣတ္ထီသု အဓိကိစ္စ ပဝတ္တာတိ အဓိတ္ထိ, ဣတ္ထိံ အဓိကိစ္စ ပဝတ္တာတိ အဓိတ္ထိ" စသည်၌ "အဓိကိစ္စ ပဝတ္တာ" တို့ကား ဝိဂ္ဂြိုဟ် ဝါကျ မဟုတ်ကြ၊ "မိန်းမတို့၌ ဘာဖြစ်သလဲ, မိန်းမကို ဘာပြုသလဲ"ဟု မေးဖွယ်ရှိ၍ စပ်ဖွယ်ပုဒ်များကို ထည့်ထားခြင်းဖြစ်၏၊ ဣတ္ထီသု (အဓိကိစ္စ ပဝတ္တာ)-မိန်းမတို့၌ စွဲ၍ဖြစ်သည်၊ ဣတ္ထိံ (အဓိကိစ္စ ပဝတ္တာ)-မိန်းမကိုစွဲ၍ ဖြစ်သည်-ဟူလို၊ ပါဠိစီလိုလျှင်လည်း "အဓိတ္ထိ ကထာ ပဝတ္တတိ - မိန်းမတို့၌ စကားဖြစ်၏၊ အဓိတ္ထိ အဓိကိစ္စ ကထာ ပဝတ္တတိ—မိန်းမကိုစွဲ၍ စကားဖြစ်၏" ဤသို့ စီရင်နိုင်သည်၊ ဤ ဝိဘတျတ္ထ အဗျယီဘောကို ကာရကတ္ထ အဗျယီဘော ဟုလည်း ခေါ်သည်။

**ပဉ္စိကာ ဋီကာ။** ။ဣတ္ထီသူတိ တွော-ဓိသဒ္ဒ ဝစနီယဿာ ဓာရတ္တဿ သတ္တမိယာ ဝုတ္တတ္တာ နာဓိသဒ္ဒေါတိ ဣတ္ထီသူတိ အညပဒဝါကျံ ဝုတ္တံ၊ ကထာ ပဝတ္တာ တိတွာ ဓေယျောပဒဿန်။

မြန်မာပြန်။ ။"ဣတ္ထိသု ကထာ ပဝတ္တာတိ အဓိတ္ထိ"ဟု မောဂ္ဂလ္လာန်စာကိုယ်၌ "ဣတ္ထီသု"ဝယ် အဓိသဒ္ဒါ ဟောရမည့် အာဓာရအနက်ကို သတ္တမီ(သု) ဝိဘတ်က ဟောသောကြောင့် အဓိသဒ္ဒါကို မယူဉ်ပဲ "ဣတ္ထီသူတိ အဓိတ္ထိ" ဟု အညပဒ ဝိဂြိုဟ်ပြုရသည်၊ "ကထာပဝတ္တာ"ကား ဣတ္ထီသုဟူသော အာဓာရ၏ အာဓေယျကိုပြသော စကားတည်း၊ ဝိဂြိုဟ်ဝါကျတွင် ပါဝင်သော စကား မဟုတ်—ဟူလို။ [မုဒ္ဓဗောဓ ဋီကာ၌ကား "ယဒိပိ ကာရကဣတိ သာမညေန ဝုတ္တံ၊ တထာပျာဘိဓာနာ ဒုတိယာ သတ္တမိယတ္ထော ဧဝ ဥေယျော"ဟု ဒုတိယာ သတ္တမီဝိဘတ်နက် ၂ မျိုးလုံးကိုပင် ပြထားသည်။]

ဤနည်းအတိုင်း ရုပ်တွက်ပုံ။ ။ပြခဲ့သော သက္ကတ, မောဂ္ဂလ္လာန်, ပဒ္ဓိကာ ဋီကာတို့ အလိုအားဖြင့် ရုပ်တွက်သည့်အခါ "အပ+ဣတ္ထိ"ဟု တည်၊ ဣတ္ထိနောင် သု - သိုံ - အံ ဝိဘတ်များကို ဝိဂြိုဟ်အားလျော်စွာ သက်၊ အဓိနောက်၌ကား အချို့က ဣတ္ထိနောင် သက်သော ဝိဘတ်နှင့်အတူ သက်လိုကြ၏၊ အချို့ကမူ အဓိ ဥပသာရက အာဓာရအနက် ကံအနက် တခုခု ဟောပြီးဖြစ်၍ ဝိဘတ် ဟောဖို့ရာ အနက် မရှိတော့ရကား လိင်္ဂတ္ထဇောတက အကျိုးငှာ ပဌမာ သိ ဝိဘတ်သာ သက်စေလိုကြသည်၊ အဓိဟု ပြီးသည့်အခါ "မိန်းမ၌ — တို့၌-မိန်းမကို" ဟုသာ အနက်ပေးရသောကြောင့် ထို အနက်အားလျော်စွာ သိုံ စသည် သက်၍ ချေ၊ တနည်း—အဓိ သဒ္ဒါက အာဓာရ အနက်, ကံအနက်ကို ဟောပြီးဖြစ်၍ လိင်္ဂတ္ထဇောတက သိဝိဘတ် သက်, ချေ၊ ဤကား အဓိတ္ထိကို ဝိဘတျတ္ထ အဗျယီဘောဟု ဆိုကြသော ဗျာကရုဏ်းကျမ်းတို့၏ အလိုတည်း၊ အဓိ ကုမာရိ၌လည်း သူတို့အလို ဤနည်းပင်။

ဝိဘတျတ္ထဟု မဆိုသော သာရသင်္ဂဟ။ ။သာရသင်္ဂဟ၌ ဝိဘတျတ္ထ အဗျယီဘောဟု မဆို၊ "အဓိ+ဣတ္ထိ" ဣတိ ဌိတေ, ဣတ္ထီသဒ္ဒါ ဒုတိယေကဝစနံ၊ ဣတ္ထိံ အဓိကိစ္စ ဘဝတီတိ ဝိဂ္ဂဟေ" စသည်ဖြင့် ရုပ်တွက်ပုံအစဉ်ကို ပြပြီး၍ "အဓိတ္ထိ-ဂေဟကာရိယံ"ဟု အဓိတ္ထိရုပ်ပြီးပုံနှင့် ဂေဟကာရိယဟူသော အဘိဓေယျပါ ပြထားသည်၊ အဓိတ္ထိ-မိန်းမကို စွဲ၍ဖြစ်သော၊ ဂေဟကာရိယံ-အိမ်၌ ပြုဖွယ် ကိစ္စ၊ ဋီကာ၌လည်း "ဣဒံ ဂေဟကာရိယံ ဣတ္ထိသာမိကံ ဣတ္ထိအာဓာရံ = ဤအိမ်၌ ပြုဖွယ်ဟူသမျှသည် မိန်းမဟူသော အရှင်ရှိ၏၊ မိန်းမဟူသောတည်ရာ ရှိ၏"ဟု အဓိပ္ပာယ်ဖွင့်သည်၊ "အိမ်၌ ပြုဖွယ်ဟူသမျှ မိန်းမ တာဝန်ချည်း ဖြစ်သည်" ဟူလို၊ အဓိတ္ထိနောင် သိ စသော ဝိဘတ်အားလုံးကြေ၍ အဓိတ္ထိ ချည်းသာ ရုပ်ရှိရသည်။ [သတ္တသုပိ ဝိဘတ္တီသု သဗ္ဗဝစနေသု အဓိတ္ထိ (တ္ထီ) ဤဒိသမေဝရူပံ (ဋီကာ) ] ဤ၌ ဝိဘတျတ္ထအဗျယီဘောဟု မဆိုပဲ "အဓိသဒ္ဒါသည် အဓိကိစ္စအနက်ဟော"ဟု ဆိုသောကြောင့် အဓိကိစ္စတ္ထအဗျယီဘောဟု နာမည်တပ်သင့်၏။ ["အတြ အဓိဥပသဂ္ဂေါ အဓိကိစ္စ ဣတျဿဝါစကော"။]

သဒ္ဒနီတိ။ ။သဒ္ဒနီတိ၌ "အဓိကတတ္တေ ( စွဲ၍ပြုအပ်ဟူသော အနက်၌ ) ဣတ္ထီသု ကေ အဓိကိစ္စ ကထာ ပဝတ္တတိ၊ သာ ကထာ အဓိတ္ထိ၊ ဧဝံ အဓိကုမာရိ" ဟု အဓိကတတ္တ အဗျယီဘောဟု အမည်ပေးလို၏၊ "ဣတ္ထီသု—တို့တွင်၊ ကေ-တယောက်ကို အဓိကိစ္စ-စွဲ၍၊ ယာ ကထာ-သည်၊ ပဝတ္တတိ-၏၊ သာ ကထာ-သည်၊ အဓိတ္ထိ-မည်၏" ဟု ပေး၊ ဤ၌ ကေ" ဟု အပိုထည့်ခြင်းကား အဓိကိစ္စ ပုဒ်က ကံကိုင်သော တွာပစ္စယန္တ ကြိယာပုဒ်ဖြစ်၍ ကံပုဒ်ကို ထည့်ပေးခြင်း ဖြစ်သည်၊ ထို သဒ္ဒနီတိဝယ် အဇ္ဈတ္တံပုဒ် စသည်ကိုကား အဓိကိစ္စပဝတျတ္တ အဗျယီဘောဟုပင် ဆိုလို၏၊ အဓိကိစ္စ ပဝတ္တိယံ - အတ္တာနံ အဓိကိစ္စ ပဝတ္တံ အဇ္ဈတ္တံ ( စက္ခာဒိ )၊ စိတ္တံ အဓိကိစ္စ ပဝတ္တံ ( ဓမ္မဇာတံ ) အဓိစိတ္တံ၊ ဤ နီတိ၌ "အဓိကတတ္တ, အဓိကိစ္စ ပဝတျတ္တ" ဟု ၂ မျိုးခွဲ၍ ပြထားသော်လည်း ဝိဂ္ဂိုဟ်နေပုံမှာ မထူးခြားလှ၊ ဣတ္ထီသု ကေ" ဟု ကေ ထည့်ခြင်းလည်း သင့်မည်မထင်၊ ဘာ့ကြောင့်နည်း....အဓိတ္ထိပုဒ်က "မိန်းမတို့တွင် တယောက်ကို စွဲ၍ဖြစ်သော စကား" ဟု အနက်မဖြစ်နိုင်သောကြောင့်တည်း။

ရူပသိဒ္ဓိ။ ။ရူပ၌ကား အထူး နာမည်တပ်၍ မပြပဲ အဇ္ဈတ္တံကို နီတိအတိုင်း ဝိဂ္ဂိုဟ်ပြု၍ အဓိတ္ထိကိုကား "ဣတ္ထီသု + အဓိကိစ္စ" ဟု ဝိဂ္ဂိုဟ်ပြုပြီးလျှင် "ဣတ္ထီသု အဓိကိစ္စကထာ ပဝတ္တတီ တျတ္ထော" ဟု အနက်ဖွင့်ပြလေသည်၊ ဤရူပဆိုပုံသည် သာရတ္ထတနှင့် ခပ်ဆင်ဆင်ဖြစ်၏၊ သာရတ္ထတ၌ အဓိသဒ္ဒါသည် အဓိကိစ္စ အနက်ဟောဟု ဆိုပြီးနောက် ဝိဂ္ဂိုဟ်ပြုသည့်အခါ "ဘဝတိ" ဟု ထည့်၍ အရကောက်ကိုလည်း "ဂေဟကာရိယံ" ဟု ပြ၏၊ ရူပ၌လည်း "ဣတ္ထီသု အဓိကိစ္စ" ဟု ဝိဂ္ဂိုဟ်ပြု၍ "ကထာ ပဝတ္တတိ" ဟု အနက်ဖွင့်၏၊ အရကောက်လည်း စကား ရသောကြောင့် "အဓိတ္ထိ - မိန်းမတို့၌ စွဲ၍ဖြစ်သော စကားသည်, တို့သည်, ကို, တို့ကို" စသည်ဖြင့် ဝိဘတ်အားလုံး ကြေနိုင်ပုံကို ပြထားသည်။

အဋ္ဌကထာဋီကာ။ ။ယထာ လောကေ ဣတ္ထီသု ကထာ အဓိတ္ထီတိ ဝုစ္စတိ၊ ဧဝံ အတ္တနိ ပဝတ္တတ္တာ အဇ္ဈတ္တံ၊ (ဝိသုဒ္ဓိမဂ်)၊ ယထာ ဣတ္ထီသု ကထာ ပဝတ္တာ အဓိတ္ထီတိ ဝုစ္စတိ၊ ဧဝံ အတ္တာနံ အဓိကိစ္စ ပဝတ္တာ အဇ္ဈတ္တံ (ကေကနိ, ကေဓမ္မ- အင်္ဂုတ္တရဋီကာ)၊ အတ္တာနံ + အဓိအဇ္ဈတ္တာတိ အဓိသဒ္ဒေါ သမာသ ဝိသယေ အဓိကာရတ္ထံ ပဝတ္တိအတ္ထဉ္စ ဂဟေတွာ ပဝတ္တတီတိ အတ္တာနံ အဓိ ကိစ္စ (ဥဒ္ဒိဿ) ပဝတ္တာ အဇ္ဈတ္တာ" (အဇ္ဈတ္တတိက် မူလဋီကာ)၊ မူလဋီကာ၌ "သမာသ်အရာဝယ် အဓိသဒ္ဒါသည် အဓိကာရအနက် ပဝတ္တိအနက် ၂ မျိုးကို ယူ၍ဖြစ်၏" ဟု ဆိုထားသောကြောင့် အဓိတ္ထိအဇ္ဈတ္တံ ပုဒ်တို့သည် ဝိဘတျတ္တ အဗျယီဘော မဟုတ်ကုန်, အဓိကိစ္စပဝတျတ္တအဗျယီဘောတို့သာဟု ဆိုလို၏၊ "ဣတ္ထီသု ကထာ ပဝတ္တာ အဓိတ္ထိ" ဟူသော အင်္ဂုတ္တရဋီကာကို ထောက်၍ အဓိ ကိစ္စ မပါရာ၌ "ဣတ္ထီသု" ဟု အာဓာရဖြင့် ထား၍ "ဣတ္ထီသု+ပဝတ္တာ အဓိတ္ထိ,

အတ္တနိ ပဝတ္တံ အဇ္ဈတ္တံ” ဟု အဋ္ဌသဒ္ဒါသည် ပဝတ္တိအနက် ဓာမျိုးသာ ဟော၏ ဟုလည်း ကြံသင့်၏၊ အဓိကိစ္စ ပါရာ၌မူ “ဣတ္ထိံ အဓိကိစ္စ ပဝတ္တာ အဓိတ္ထိ, အတ္တာနံ အဓိကိစ္စ ပဝတ္တံ အဇ္ဈတ္တံ” ဟု အဓိကိစ္စပဝတျတ္ထ အဗျယီဘော ဟု ကြံသင့်သည်။

**ကစ္စည်းပုံစံများ။** ။“စိတ္တံ အဓိကိစ္စ ပဝတ္တန္တိ ဓော ဓမ္မာတိ အဓိစိတ္တံ, ကုမာရိသု အဓိကိစ္စ ကထာ ပဝတ္တတီတိ အဓိကုမာရိ” ပုံစံများ၌ အဓိစိတ္တံ၏ ဝိဂ္ဂဟ်သည် အဇ္ဈတ္တံပုဒ်ကို အင်္ဂုတ္တိုရ်ဋ္ဌိကာ ဝိဂ္ဂဟ်လုပ်ပုံနှင့် တူ၏၊ အဓိကုမာရိ ဝိဂ္ဂဟ်ကား “ဣတ္ထီသု ကထာပဝတ္တာ” နှင့် မညီချေ၊ သို့သော် ကလာပ်၌ပင် “ဣတ္ထီသု အဓိကိစ္စ ကထာ ပဝတ္တာ အဓိတ္ထိ” ဟု ရှိသောကြောင့် ရှေးသဒ္ဒါကျမ်းတို့နှင့်ကား ညီပေသည်၊ ဣတ္ထီသု ကုမာရိသုတို့ကို ပဝတ္တာ၌စပ်၊ အဓိကိစ္စ၏ ကံကို လိုလျှင် “ဣတ္ထိယော ကုမာရိယော” ဟု အပိုထည့်ပေး။

**အချုပ်မှတ်ဖွယ်။** ။အဓိတ္ထိကို ဝိဘတျတ္ထ အဗျယီဘော ဟု ဆိုသော (သက္ကတနှင့် မောဂ္ဂလ္လာန် ဗာလာဝတာရ) သဒ္ဒါကျမ်းတို့အလို “ဣတ္ထီသူတိ အဓိတ္ထိ, ဣတ္ထိယံတိ အဓိတ္ထိ, ဣတ္ထိံတိ အဓိတ္ထိ” ဟု ပြု၊ “အဓိကိစ္စ ကထာ ပဝတ္တာ” တို့သည် ဝိဂ္ဂဟ်ဝါကျတွင် ပါဝင်သော စကားများ မဟုတ်ကြ၊ အဓိတ္ထိ၏ စပ်ပုဒ်များသာတည်း၊ “အဓိတ္ထိ-မိန်းမ၌၊ တို့၌, ကို” ဟုသာ အနက်ပေး၊ “မိန်းမတို့ကို စွဲ၍ဖြစ်သော စကား” ဟု အနက်မပေးရ၊ သို့သော် ဤ အသုံးမျိုး ပါဠိအဋ္ဌကထာဋီကာများ၌ မထင်၊ သဒ္ဒါကျမ်းတို့ အဆိုသာဟု မှတ်၊ “ဣတ္ထီသုကထာ ပဝတ္တာ, ဣတ္ထိံ အဓိကိစ္စ ကထာ ပဝတ္တာတိ အဓိတ္ထိ” ဟူသော ဝိဂ္ဂဟ်နှင့် “မိန်းမတို့၌ဖြစ်သော စကား, မိန်းမတို့ကို စွဲ၍ဖြစ်သော စကား” ဟူသော အနက်သာ ပါဠိအဋ္ဌကထာ ဋီကာသုံး ဖြစ်သည်၊ အဓိကုမာရိ၌လည်း နည်းတူ၊ ရုပ်ကို ရှေ့သုတ်၌ ထွက်ခဲ့ပြီ။

**အဇ္ဈတ္တံ။** ။အဇ္ဈတ္တံပုဒ်ကို ဝိဘတျတ္ထအဗျယီဘောဟု အဋ္ဌကထာဋီကာတို့ မကြံကြ၊ ချဲ့အံ့-“အတ္တာနံ-အတ္တကို၊ အဓိ-စွဲမှီ ရည်စူး၍ဖြစ်သော တရားတည်း၊ အဇ္ဈတ္တံ-ရား၊ “အတ္တကို စွဲမှီရည်စူး” ဟူသည် “အတ္တ အစွဲအလမ်း ခံဖို့ရန် ရည်စူးသကဲ့သို့ ဖြစ်ခြင်းတည်း၊ မိမိသန္တာန်၌ ဖြစ်သမျှရုပ်နာမ်ကို ပုထုဇန်တို့က အတ္တဟု စွဲလမ်းကြသောကြောင့် မိမိသန္တာန်တွင် ပါဝင်သမျှ တရားစုကို “အဇ္ဈတ္တ” ခေါ်သည်၊ အတ္တ (မိမိ) ဟု ခေါ်ရသော တရားစုလည်း ထို အဇ္ဈတ္တ တရားပင်တည်း၊ အဇ္ဈတ္တဟု သမာသ်ပြီးပြီးနောက် ဆဋ္ဌီ - သတ္တမီဝိဘတ်ကို အံ ပြုလျှင် “အဇ္ဈတ္တံ-မိမိ၏, မိမိ၌” ဟု ထိုက်သလို အနက်ပေးနိုင်၏၊ ထို့ကြောင့် “အဇ္ဈတ္တံတိ ဝါ အတ္တနောတိ ဝါ ဧကံ အတ္ထံ, ဗျဉ္ဇနမေဝ နာနံ” ဟု မူလပံ-အာကခေ်ယျသုတ် ဋီကာ၌ ဆဋ္ဌီဝိဘတ်နက်ဖြစ်သော အတ္တနောနှင့် အဇ္ဈတ္တိကို အနက်တူသဒ္ဒါကွဲဟု လည်းကောင်း “အဇ္ဈတ္တန္တိ နိယကဇ္ဈတ္တံ၊ အတ္တနော သန္တာ

နေ ဥပ္ပဇ္ဇန္တီတိ အတ္ထော” ဟု ဓာတ္ဝာသလ သံယုတ္တဋ္ဌကထာဝယ် “မိမိသန္တာန်၌” ဟု အာခာရ အနက်ကို လည်းကောင်း ဖွင့်ကြလေသည်။ [ထို ဋီကာ၌ကား “အဇ္ဈတ္တံ၌ ပဥ္စမာဝိဘတ်သည် သတ္တမီအနက်၌ သက်၏” ဟု ဖွင့်လေ၏။]

**ပစ္စတ္တံ။** ။ပစ္စတ္တံ၌ “ပတိ+အတ္တာနံ” ဟု ဝိဂ္ဂြိုဟ်ပြု၍ မိမိသန္တာန်ရှိ တရားစုကိုပင် ရ၏၊ “ပစ္စတ္တံ-မိမိကို စွဲ၍ဖြစ်သော တရား, မိမိသန္တာန်၌ ပါဝင်သော တရား” ဟူလို၊ ထို တရားစုကိုပင် “အတ္တ”ဟု စွဲလမ်းအပ်, ခေါ်ဝေါ်အပ်သော ကြောင့် “ပစ္စတ္တ” ဟု သမာသ်ပြီးပုဒ်နောင် နာ-သို့ တို့ကို အံ ပြုလျှင် “ပစ္စတ္တံ-မိမိသည်, (ကတ္တား)၊ မိမိ၌” ဟု ထိုက်သလို ပေးနိုင်၏၊ ထို့ကြောင့် “အဋ္ဌကထာယံ ပန ပစ္စတ္တံတိ ပဒံ ဝိဝိခဝိဘတ္တိကံ ဟုတွာ အာဝုတ္တိနယေန အာဝတ္တတီတိ ဒဿေတုံ အတ္တနာဝေယဝ အတ္တနီတိ ဝုတ္တံ” ဟု ပါထိကသုတ်ဋီကာ၌ ပစ္စတ္တံ၌ တတိယာ သတ္တမီဝိဘတ် ၂ မျိုးရှိကြောင်းကို ဖွင့်ပြသည်။ [အာဝုတ္တိနည်းကို နည်း ၄၀ မှာ ရှု။] “ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ” ပါဠိတော်၌ သဗ္ဗေဟိ ဥဃဋိတညုအာဒီဟိ ဝိညူဟိ အတ္တနိ အတ္တနိ ဝေဒိတဗ္ဗော” ဟူသော ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ၌ကား ပစ္စတ္တံကို “အတ္တနိ အတ္တနိ” ဟု ဖွင့်သောကြောင့် “ပတိ + အတ္တာနံ အတ္တာနံတိ ပစ္စတ္တံ” ဟု ဝိစ္ဆတ္ထ အဗျယီဘောပြု၊ ပတိ+အတ္တာနံ အတ္တာနံ - မိမိ မိမိတည်း၊ ပစ္စတ္တံ-မိမိ မိမိ၊ ဝါ-အသီး အသီး၊ (ကိုယ်စီကိုယ်င)၊ သို့ ကို အံ ပြု၍ “စွပတ္တံ-မိမိ မိမိ၌” ဟု ပေး၊ ဤ စကားစဉ်အရ ပါဠိ၌ အဇ္ဈတ္တံ ပစ္စတ္တံပုဒ်တို့သည် သက္ကတ သဒ္ဒါကျမ်းတို့ ဆိုကြသလို ဝိဘတျတ္ထအဗျယီဘော မဟုတ်ကြ၊ အဓိကိစ္စ ပဝတျတ္ထ-ဝိစ္ဆာတ္ထ အဗျယီဘောတို့သာတည်း-ဟု မှတ်ပါ။

**အညပဒတ္ထ အဗျယီဘော။** ။တိဋ္ဌန္တိ ဂါဝေါ ယသ္မိံ (ဒေါဟာယ) သတိဋ္ဌဂု (ကာလော)၊ ယသ္မိံ - အကြင်အချိန်၌၊ ဒေါဟာယ-နို့ညှစ်ဖို့ရာ၊ ဂါဝေါ-နွားမတို့သည်၊ တိဋ္ဌန္တိ-ရပ်တည်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ သ-ထိုအခါသည်၊ တိဋ္ဌဂု-မည်၏၊ ကာလော-နွားမတို့ ရပ်တည်ချိန် ရ၏၊ ဧဝံ - ဤအတူ၊ ဝဟဂု-နွားမတို့ ဝန်ဆောင်ချိန်၊ “ဝဟန္တိ ဂါဝေါ အသ္မိံတိ ဝဟဂု” ဟု ပြု၊ အာယန္တိ ဂါဝေါ ယသ္မိံ အာယတိဂဝံ - နွားမတို့ လာရောက်ချိန်၊ [အာပုဗ္ဗ ဣဓာတုဿန္တန္တဿ-“အာယန္တိ” ဟု န္တဆုံးသော အာရှေးရှိသော ဣဓာတ်၏၊ တထာနပုမ္ဘာဝေါ- တိဋ္ဌဂု စသည်ကဲ့သို့ ပုမ္ဘာမင့်ခြင်းသည် လည်းကောင်း၊ ရာဇာဒိတ္တာ-ရာဇာဒိဂိုဏ်း၏ အဖြစ်ကြောင့်၊ အပစ္စယော-ဂေါနောင် အ ပစ္စည်းသည်လည်းကောင်း၊ (ဟောတိ)။

**ရပ်ပြီးပုံ။** ။တိဋ္ဌဂု၌ ဂေါသဒ္ဒါသည် နွားမကိုဟောသော ဣတ္ထိလိင်ဖြစ်သောကြောင့် “တိဋ္ဌန္တိ ဂေါ”ဟု ပကတိဖြစ်၏၊ ပုမ္ဘာဝင့်သည့်အခါ“တိဋ္ဌန္တ ဂေါ”ဟု ဖြစ်၏၊ န္တ ကို ချေလျှင် “တိဋ္ဌဂေါ” ဟု ဖြစ်၏၊ နပုလ္လိင်ဖြစ်၍ ရဿ ပြုလျှင် “တိဋ္ဌဂု” ဟု ပြီး၏၊ န္တုဿတမိကာရေဖြင့် တ ပြုထားသော “အာယတိဂေါ”

၌ကား ပုမ္ဘောလည်းမငဲ့ရ, အပစ္စည်းလည်း အဆုံး၌သက်-ဩကိုအ၀ပြု၍ "အာယတိဂဝံ" ဟုဖြစ်ရသည်- ဟူလို၊ နိစ္စသမာသတ္တာ ဧတေသံ ဝါကျန္တရေန ဝိဂ္ဂဟော=တိဋ္ဌဂု စသည်တို့ နိစ္စသမာသ်ဖြစ်သောကြောင့် "တိဋ္ဌန္တိ အာယန္တိ" ဟု အာချာတ်ပုဒ်ဖြင့် ဝိဂ္ဂိုဟ်ပြုရသည်၊ (ကာတန္တဝုတ္တိဋီကာ အဆိုချည်း)။

**ခလေယဝံ စသည်**။ ။ခလေ ယဝါ ယသ္မိံ တိ ခလေယဝံ= တလင်း၌ မုယောစပါးရှိချိန်၊ (ခလေ၌ ဝိဘတ်မကြေ)၊ လူယမာနယဝံ– ရိတ်အပ်ဆဲ မုယောစပါးရှိချိန်၊ ဝါ- မုယောစပါးရိတ်ချိန်၊ လူနယဝံ- မုယောစပါးရိတ်ပြီး ချိန်၊ သံဟဋယဝံ- ဆောင်ယူအပ်ပြီးသော မုယောစပါးရှိချိန်၊ ပူယမာနယဝံ– စင်ကြယ်စေအပ် (လှေ့အပ်) ဆဲသောမုယောစပါးရှိချိန်၊ ပူတယဝံ- "လှေ့အပ် ပြီးသော" ဟူဆို၊ သံကိယမာနယဝံ-ကောင်းစွာ စယ်အပ်ဆဲသော မုယောစပါး ရှိချိန်, စသည်တည်း၊ "သဗ္ဗေသံ ဝုတ္တာနံ ကာလော အညပဒတ္ထော=ဆိုအပ်ပြီး အားလုံး၏ အရဖြစ်သော အညပုဒ်အနက်မှာ ကာလ (အချိန်) တည်း" ဟု ကာတန္တဝုတ္တိဋီကာဆို၏၊ ချာသ၌ကား "ဌာနကိုလည်းအရကောက်သည်။

**ဥမ္မတ္တဂင်္ဂံ စသည်**။ ။"ဥမ္မတ္တာ ဂင်္ဂါ ယသ္မိံ ဒေသေတိ ဥမ္မတ္တဂင်္ဂံ၊ ဤ၌ 'ရူးသော ဂင်္ဂါမြစ်ရှိရာအရပ်" ဟု ဝိဂ္ဂိုဟ်နက်ကိုမလိုက်ပဲ "ဥမ္မတ္တဂင်္ဂါ၊ မည်သောအရပ်=ဥမ္မတ္တဂင်္ဂါအရပ်" ဟု ထိုအရပ်၌ ခေါ်ရိုးပြုသော နာမည်မျ ကိုသာမှတ်ရမည်၊ ထိုအရပ်၌ "ရူးသောဂင်္ဂါမြစ်" ကေန်ရှိသည်ဟု မမှတ်ရ၊ ဤသို့ သဒ္ဒါနေကြည့်၍ သင့်တော်သလို အကြောင်းရှာလျက် ဝိဂ္ဂိုဟ်ပြုရခြင်းကို "ယထာကထဉ္စိ ဗျုပ္ပတ္တိ= သင့်တော်ရာအကြောင်းတခုခုဖြင့် ဝိဂ္ဂိုဟ်ဖြစ်နိုင်၏" ဟု ဆို၍ ဝိဂ္ဂိုဟ်ရှိတိုင်း အနက်မပေးရပဲ အများသုံးစွဲလေ့ရှိသော အနက်ကိုသာ ယူရခြင်းကို "ရုဠှိယာ အတ္ထနိစ္ဆယော= အတွင် အထင်ရုဠှီအားဖြင့် အနက်ကို ဆုံးဖြတ်ရခြင်း" ဟု ဆိုသည်၊ ထို့ကြောင့် "လောဟိတဂင်္ဂံ, သီဃဂင်္ဂံ, တုဏှီဂင်္ဂံ-လောဟိတဂင်္ဂါစသည် မည်သောအရပ်" ဟု ပေး၊ စတ္တာရိ ဒေသနာမာနိ- ပြခဲ့သော ၄ မျိုးတို့သည် အရပ်ဒေသ၏ နာမည်များတည်း။ [မောဂ္ဂလ္လာန် နိဿယ၌ "ဥမ္မတ္တာ ဂင်္ဂါ ယသ္မိံ ကာလေ" ဟုလည်း ဝိဂ္ဂိုဟ်ပြုသေး၏။]

အဗျယီဘော၌ သွင်းရပုံ။ ။"တိဋ္ဌဂု- ခလေယဝံ- ဥမ္မတ္တဂင်္ဂံ" စသည်တို့ အရ ဒေသကာလကို ရသော်လည်း ပုလ္လိင်မဟုတ်, နပုလ္လိင်ချည်းသာ၊ "တိဋ္ဌဂု" စသည်နောင် "ဝိဘတ် ၇ သွယ်လုံးကြေနိုင်၍, ခလေယဝံ စသည်နောင် ဝိဘတ် အားလုံးကို အံချည်းပြုရ၏၊ ဤသို့လျှင် အညပုဒ်အနက် ပြဋ္ဌာန်းလျက် ရှိသော် လည်း "နပုံးမြဲခြင်း, ဝိဘတ်ကြေခြင်း, အံပြုခြင်း" ဟူသော အဗျယီဘော လက္ခဏာရှိသောကြောင့် "တိဋ္ဌဂု" စသော ပုဒ်များကို ရှေး သဒ္ဒါကျမ်းတို့က အဗျယီဘောအခန်း၌ သွင်းပြကြသည်၊ ပါဠိအဋ္ဌကထာ၌မူ ဤပုဒ်မျိုးတွေ့နိုင် ခဲ၏၊ ထို့ကြောင့် ကစ္စည်း- ရူပသိဒ္ဓိတို့၌ မပြကြ။

**ဥတ္တရပဒတ္ထ အဗျယီဘော မရှိ။** ။ဝနပ္ပတိ — တော၏အရှင် (တောစိုး သစ်ပင်)၊ ဂဟပတိ- အိမ့်ရှင် (သူကြွယ်)၊ ဂဝံပတိ- နွားတို့၏အရှင် (ဂဝံပတိ မထေရ်)၊ ဤပြယုဂ်တို့၌ ပတိဟူသော နောက်ပုဒ် ပြဋ္ဌာန်းသောကြောင့် ဥတ္တရ ပဒတ္ထပဓာန အဗျယီဘောလည်း ရှိ၏-ဟု အက္ခရာသမူဟကျမ်း စသည်တို့၌ ဆိုကြသေးသတတ်၊ သို့ရာဝယ် "ဝနပ္ပတိ" စသည်၌ ပတိသဒ္ဒါသည် ပတဓာတ် ဣပစ္စည်းဖြင့်ပြီးရသော နာမ်ပုဒ်သာတည်း၊ အဗျယ (ဥပသာရ) ပတိမဟုတ်၊ "ဝနဿ- တောသစ်ပင် အပေါင်း၏၊ ပတိ- အရှင်တည်း" စသည်ဖြင့် ဝိဂ္ဂိုဟ် ပြုရသော တပ္ပုရိသ်သမာသ်သာဖြစ်၏၊ ထို့ကြောင့် ဥတ္တရပဒတ္ထပဓာနအဗျယီ ဘော မရှိ၊ ထို့ပြင် "ဂဝံပတိ" စသည်၌ ဂဝံဟူသော နာမ်ပုဒ် ပြဋ္ဌာန်းသော "နာမပုဗ္ဗပဒ အဗျယီဘော"ဟုဆိုကြသောစကားလည်း "အဗျယီဘောမဟုတ်, တပ္ပုရိတ္တသာဖြစ်၍" စင်စစ်အမှားသာတည်းဟု မှတ်ပါ။

---

## ဖြည့်စွက်ခန်း

**အသိခက်သော သမာသ်များ။** ။ဣတ္ထံ+နာမံ ယဿာတိ ဣတ္ထန္နာမော— ဤ အမည်ရှိသူ။ [ဣတ္ထံသည် အဗျယပုဒ်တမျိုးဖြစ်၍ သမာသ် ပြီးသော်လည်း ဣတ္ထံဟုပင်ရှိရသည်၊ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ (န်)ပြု၊ ဧဝံ ယထာ တထာ စသော အဗျယပုဒ်တို့လည်း နည်းတူ၊] ဧဝံ+နာမံ ယဿာတိ ဧဝံနာမော-ဤသို့ အမည် ရှိသူ၊ **ဧဝံဂေါတ္တော**- စသည်နည်းတူ၊ ယထာ+**နာမံ** ယဿာတိ ယထာနာမော၊ ယထာ+**အန္နံ** အဿာတိ ယထာန္နော၊ တထာန္နော- ထိုကဲ့သို့သော အစာရှိသူ၊ ယထာ+ဝိဓာ ယဿာတိ ယထာဝိဓော- အကြင်သို့သော အပြားရှိသူ၊ တထာ ဝိဓော၊ ယထာ+ရူပံ (သဘော) ယဿာတိ ယထာရူပေါ၊ တထာရူပေါ- ထိုသို့ သဘောရှိသူ၊ **အစ္စံ+ အဋ္ဌမံ ပေယံတိ အစ္စဋ္ဌမာနိ** - အခွဲဟူသော ရှစ်တောင် မြောက်ရှိကုန်သော အတောင်တို့၊ **အစ္စဋ္ဌမာနိ**+ ရတနာနိ အဿာတိ **အစ္စမရတ** နော- ၇တောင်ထွာရှိသောဆင်၊ **အတ္တာ**+စတုတ္ထော ယဿာတိ **အတ္တ စတုတ္ထော**- မိမိဟူသော ၄ ယောက်မြောက်ရှိသူ၊ ကိံ+နာမံ ယဿာတိ ကိံနာမော (သုတ် ကြီးဖြင့် ကိံကို ကော-ကာ-ကံဟု လိင်**အား**လျော်စွာ ပြုလျှင်) **ကော** နာမော- အဘယ် အမည်ရှိသနည်း၊ ကိံနာမာ, **ကာနာ**မာ - အဘယ်အမည်ရှိသော မိန်းမနည်း၊ ကိံနာမံ- ကံနာမံ- အဘယ်အမည်ရှိသော အမျိုးနည်း၊ **နာ**မသဒ္ဒါ မနှောင်းလျှင်ကား "ကိံစိတ္တော - အဘယ် စိတ်ရှိသနည်း" စသည်သာ ရှိ၍ "**ကော** စိတ္တော" စသည်မရှိရ။

[**နီတိ**] ကိံသဒ္ဒဿ သမာသမှိ, သဒ္ဒိံ နာမရဝေန စေ၊
ကိံ နာမော ဣတိ ကောနာမော, ဣတိ စေဝံ ဂတိဒွိဓာ။

၇၃။ **သမာသဂတနာမမဇ္ဈေ စေ တော စ နိပတန္တိ ဌာနေ။** ။ သင့်လျော်ရာ ဌာနဝယ် သမာသ်၌တည်သော နာမ်တို့၏ အလယ်၌ စေ သဒ္ဒါ တ သဒ္ဒါတို့သည် ကျရောက်ကုန်၏၊ "ဝုဋ္ဌိ+ပရမံ ယေသံတိ ဝုဋ္ဌိစေ ပရမာ၊ ယေသံ-အကြင် ရေအိုင်တို့၏၊ ဝုဋ္ဌိ-မိုးရေဟူသော၊ ပရမံ-လွန်ကဲသောအတိုင်းအရှည်သည်၊ အတ္ထိ, ဣတိ၊ တေ—ထို ရေအိုင်တို့သည်၊ ဝုဋ္ဌိ ( စေ ) ပရမာ-တို့မည်၏၊ ဤ၌ ဝုဋ္ဌိနှင့် ပရမဟူသော သမာသဂတနာမ်တို့၏အကြား၌ "စေ" သဒ္ဒါ ကျရောက်နေသည်၊ အနက်ပေးသည့်အခါ၌မူ "စေ-စ၌စစ်" ဟု သိခြားခဲ့၍ ပေး၊ ဝဏ္ဏော+စ+သော+ပဗ္ဗတော စာတိ ဝဏ္ဏ(တ) ပဗ္ဗတော၊ ဤပုဒ်၌ တ သဒ္ဒါ အလယ်ကျသည်။ [တနည်း—"ဝဏ္ဏော ယဿ အတ္ထီတိ ဝဏ္ဏတော" ဟု ပြုမှု အဿတ္ထိအနက်၌ တ ပစ္စည်းသက် ဟုလည်း ကြံ၊] "နဝံ ပန ဘိက္ခုနာ စီဝရ လာဘေန" ၌ "နဝံ+စီဝရံ,နဝံ စီဝရံ၊ နဝံ စီဝရံ+လာဘော-နဝံ စီဝရလာဘော" ဟု ဖြစ်သင့်လျက် သမာသ်အလယ်၌ ပန+ဘိက္ခုနာတို့ ကျရောက်၍ "နဝံ ပန ဘိက္ခုနာ စီဝရလာဘေန" ဟု ဖြစ်ရခြင်းလည်း ဤသုတ်အစီအရင်မျိုးပင်တည်း။

**ပါစိတ် အဋ္ဌကထာ။** ။ဣတိ နဝ စီဝရလာဘေနာတိ ဝတ္တဗ္ဗေ အနုနာသိက လောပံ အကတွာ နဝံစီဝရလာဘေနာတိ ဝုတ္တံ၊ပေ၊မဇ္ဈေ ဌိတပဒဒ္ဒယေ ပနာတိ နိပါတော၊ ဘိက္ခုနာတိ ယေန လဒ္ဓံ, တဿ နိဒဿနံ။ ["သဒ္ဒန္တရောပိ အတ္ထန္တရာဘာဝါ သမာသော ဟောတီတိ အာဟ နဝစီဝရလာဘေနာတိ ဝတ္တဗ္ဗေတိ=ပန ဘိက္ခုနာဟု သဒ္ဒါတပါး ခြားနေသော်လည်း အနက်မခြားသဖြင့် "နဝံစီဝရလာဘေန" ဟု သမာသ်ဖြစ်နိုင်၏၊ (ယောဇနာ)။]

၇၄။ **ဒိန္နသဒ္ဒဿ ဒတ္တော သမာသေ။** ။ "ပေးအပ်" ဟူသော အနက်ကို ဟောရာ၌ "ဒတ္တ" ပုဒ်သည် သက္ကတ၌ ရှိသော်လည်း ပါဠိ၌ မရှိသောကြောင့် ဒိန္နကို ဒတ္တပြုဟု ကြံသည်၊ ဗုဒ္ဓေန+ဒိန္နော, ဗုဒ္ဓဒတ္တော-ဘုရားပေးအပ်သူ၊ ဒေဝ ဒတ္တော-နတ်ပေးအပ်သူ၊ ယညဒတ္တော - ယဇ်ပေးအပ်သူ၊ ပရေဟိ+ဒိန္နံ, ပရ ဒတ္တံ-သူတပါးတို့ပေးအပ်သော အစာ၊ "ပေးအပ်သော" ဟု ဝိသေသန (ဂုဏ်) ကို မဟောပဲ အထင်ရှင်္ဂနာမည်သက်သက်အားဖြင့်ကား "ဘူရိဒတ္တဿ ဒတ္တော တိ နာမံ" ဟု ဒတ္တသဒ္ဒါ ပါဠိမှာလည်း ရှိသည်။

၇၅။ **နိစ္စံ သက္ကာဒိတော ဒတ္တိယော။** ။သက္ကစသော သဒ္ဒါနောင် ဒိန္နကို အမြဲ ဒတ္တိယပြု၊ သက္ကေန+ဒိန္နော,သက္ကဒတ္တိယော-သိကြားပေးအပ်သော သခ်မ်း ကျောင်း၊ ဗြဟ္မဒတ္တိယံ-ဗြဟ္မာပေးအပ်သော (စီဝရံ)၊ ဒေဝဒတ္တိယံ-နတ်ပေးအပ် သော (ပံသုကူလစီဝရံ)၊ ဆိုခဲ့ပြီးအားလုံးကား သဒ္ဒနီတိကို မှီသည်။

## မောဂ္ဂလ္လာန်သုတ်များ

၁၄။ **စိ ကြိယတ္ထေဟိ။** ။စိ—စိပစ္စယန္တ သဒ္ဒါသည်၊ ကြိယတ္ထေဟိ—ကြိယာအနက်ဟော သျာဒျန္တသဒ္ဒါတို့နှင့်၊ သဟ-တကွ၊ ဧကတ္ထော ဟောတိ-

သမာသ်ဖြစ်၏၊ မလိနီကရိယ - ညစ်နွမ်းသည်ကိုပြု၍၊ "မလိန + ကရ"တည်၊ "အမလိနံ - နဂိုရှိက မညစ်နွမ်းသော အရာဝတ္ထုကို၊ မလိနံ – ညစ်နွမ်းသည်ကို၊ ကရိတွာ - ပြု၍" ဟူသော အနက်၌ "အဘူတတဗ္ဘာဝေ ကရာသဘူယောဂေ ဝိကာရာ စီ" သုတ်ဖြင့် မလိနနောင် စီပစ္စည်းသက်၊ စ် အနုဗန်ချေ (မလိနီ) အံ သက်, ကရနောင် တွာပစ္စည်းသက်, ဋလာ၊ သိသက်၊ ဤသုတ်ဖြင့် "မလိနီ ကရိ တွာ"ဟု သမာသ်ဖြစ်၏၊ ဝိဘတ်တို့ကိုချေ၊ ထို့နောက် "ပျောဝါ တွဿ သမာ သေ" သုတ်ဖြင့် တွာကို ပျပြု, (ကစ္စည်းအလို တွာကို ယပြု)ပ် အနုဗန်ချေ၊ ဤသို့ ပြီးသော "မလိနီကရိယ"နောင် သိသက်, ချေ။ [သစ္ဆိကိရိယ-မျက်မှောက်ပြု၍၊ လဝဏီကိရိယ-ဆားကဲ့သို့ပြု၍" တို့၌လည်း နည်းတူ။]

၁၅။ **ဘူသနာ-ဒရာနာဒရေသု-လံသာသာ။** ။ဘူသနာဒရာနာဒရေသု– အလံသဒ္ဒါ၏ တန်ဆာဆင်ခြင်း, သ သဒ္ဒါ၏ ရှိသေခြင်း, အသ သဒ္ဒါ၏ မရှိသေ ခြင်း အနက်တို့၌၊ အလံသာသာ–အလံ, သ, အသ သဒ္ဒါတို့သည်၊ ကြိယတ္ထေဟိ သျာဒျန္တေဟိ သဟ, ဧကတ္ထာ ဟောန္တိ – သမာသ် ဖြစ်ကုန်၏၊ အလံကရိယ– တန်ဆာဆင်၏၊ သက္ကစ္စ-အရိုအသေ အလေးအမြတ်ပြု၍၊ အသက္ကစ္စ-မရိုမသေ မလေးမစားပြု၍၊ "အလံ+ကရ" တည်, အလံနောင် သိသက်, ကရနောင် တွာ (တွာ) သက်, သိသက်, ဤသုတ်ဖြင့် သမာသ်ပေ, (အလံကရိတွာ) ထို့နောက် တွာကို ပျပြုစသည်, သိသက်, ချေ၊ သသဒ္ဒါသည်၊ သာဒရတ္ထနိပါတ်၊ "သ+ကရ" တည်, သနောင် သိသက်, ကရိတွာဟု ပြီးသော ကြိယာနောင် သိသက်၊ ဤသုတ် ဖြင့် သမာသ်စပ်၊ ဝိဘတ်ချေ (သကရိတွာ)၊ သာသာဒိကရာ စ စ ရိစ္စာသုတ်ဖြင့် တွာကို ဧပြု၊ ရှေ့ရကို ပရရုပ်(စ)ပြု၊ က ဒွေဘော်လာ၊ ထို့နောက် သိသက်,ချေ၊ "အသ"သည် အနာဒရတ္ထနိပါတ်တည်း၊ အသ+ကရာစည်ခြင်းသာ ထူးသည်၊ အမိဥပသာရနှင့် ကရိတွာတွဲလျှင် "အဓိကိစ္စ-ငဲ့၍"ဟု သမာသ်ဖြစ်၏၊ တွာကို ရိစ္စပြုရုံသာ ထူး၏။

အမှာ။ ။သက္ကစ္စအဓိကိစ္စ ရုပ်ပြီးပုံသည်ရူပသိဒ္ဓိ"စနန္တေဟိ ရစ္စံ"သုတ်၌ပါ၏၊ ဤ၌ကား သမာသ်တွဲထားကြောင်း သိစေခြင်းငှာ ပြထားသည်၊ ["န+သက္ကစ္စ=အ သက္ကစ္စ" တွဲလျှင်လည်း အသက္ကစ္စပုဒ်ပြီးနိုင်သည့်သာ။] ဆက်ဦးအံ့–အလံသဒ္ဒါသည် ဘူသနအနက်ကို မဟောပဲ ပရိယတ္တ (ပြည့်စုံလုံလောက်) အနက်ကို ဟောလျှင် သ သဒ္ဒါသည် သောဘန (တင့်တယ်, ကောင်းစွာ) အနက်ကို,အသသဒ္ဒါသည် အသော ဘနအနက်ကို ဟောလျှင် သမာသ်မဖြစ်ဟု မောဂ္ဂလ္လာန်ဆို၏၊ အလံ+ကရိတွာ–ဝစွာ စား၍၊ ဂတော–သွား၏၊ သက္ကတွာ–တင့်တယ်အောင် (ကောင်းစွာ) ပြု၍။ ["သ+ ကတွာ"၌ ကဒွေဘော်လာ၊] အသက္ကတွာ–မတင့်တယ်အောင်ပြု၍၊ ဂတော– သွား၏၊ ["သံ+ကတွာ"ဟု သံဥပသာကြေ၍ က ဒွေဘော်လာ, နိဂ္ဂဟိတ် ချေလျှင် လည်းသက္ကတွာ–သက္ကစ္စ စသည်တို့ ပြီးနိုင်ဖွယ်ရှိ၏၊ သို့သော် မောဂ္ဂလ္လာန်အလိုမူ "သ–အသ"တို့ကို နိပါတ်ဟုသာ မှတ်ပါ။]

**၁၆။ အညေစ။** ။အညေစ-အခြားသဒ္ဒါတို့သည်လည်း၊ ကရိယတ္တေဟိ သျှာဒျန္တေဟိ သဟ, ဗဟုလံ-ရထိုက်သည်အားလျော်စွာ၊ ကေတ္တာ ဟောန္တိ၊ ပုရောဘူယ-အဦးအစဖြစ်၍၊ တိရောဘူယ-ကွယ်ပျောက်သည်ဖြစ်၍၊ **တိရော** ကရိယ-ကွယ်ပျောက်သည်ကို ပြု၍၊ ဥရသိကရိယ-စိတ်၌ပြု၍၊ ဝါ-ဝန်ခံ၍၊ **မနသိကရိယ**-၍၊ ဝါ-ဆုံးဖြတ်၍၊ မဇ္ဈေကရိယ-အလယ်၌ပြု၍၊ ဝါ-အလယ်၌ ထား၍၊ တုဏှိဘူယ-ဆိတ်ဆိတ်ဖြစ်၍၊ ဤ၌ "ပုရော" စသော ရှေ့ပုဒ်အားလုံး **သည် နိပါတ်ချည်းတည်း**-ဟု ဆိုလို၏၊ ဥရသိ-မနသိ-မဇ္ဈေတို့လည်း ဝိဘတ္ယန္တ **ပဋိရူပက**(ဝိဘတ်ဆုံးသောနာမ်ပုဒ်နှင့် အလားတူသော)နိပါတ်တို့ပင်၊ "ပုရော+ ဘူ" တည်, ပုရောနောင် သိသက်, ဘူနောင် က္တာသက်, ဘဝိတွာ ဖြစ်အောင် ရုပ်တွက်၍ သိသက်, ဤသုတ်ဖြင့် သမာသ်စပ်, ဝိဘတ်ချေ၊ တွာကို ပျ (ယ) ပြုသည့်အခါ "ဘဝိ" သည် ဘူ-ဟု ပြန်ဖြစ်၏၊ သိသက် ချေ, "တိရောဘူယ" ပြီး၏၊ နောက်ရုပ်များလည်း ဤနည်းမှီးပါ။

**အမှာ။** ။မောဂ္ဂလ္လာန်ဆရာသည် တွာကို ပျ ပြုရာတိုင်း၌ ရှေ့ပုဒ်နှင့် သမာသ်ဟု ဆိုလို၏၊ ထို့ကြောင့် "ပျောဝါ တွာဿ သမာသေ"ဟု ၅ ကဏ္ဍ ၁၆၄ သုတ်ဆို၏၊ ထိုသုတ်၌ ဝါပါခြင်းကြောင့် ပျ မပြုပဲလည်း "အဘိဘဝိတွာ" စသည်ဖြင့် သမာသ် ရှိ၏၊ ထို့ကြောင့် အဘိဟဋ္ဌုံ, အတိဟရိတွာ စသည်တို့လည်း ဥပသာရနှင့် တွဲစပ်ထား သော သမာသ်ပုဒ်ချည်းတည်း—ဟု မှတ်ပါ။ [ဤ သမာသ်များတွင် ရှေ့ပုဒ်၌ ပဌမာ အနက် ဖြစ်သင့်၍ ပဌမာဝိဘတ် ကြေလျှင် ကမ္မဓာရယမိဿက တပ္ပုရိသ်, ဒုတိယာ စသည်ကြေလျှင် သုဒ္ဓတပ္ပုရိသ်ဟု ကစ္စည်းကျမ်းအလို ဆိုသင့်သည်။]

**၂၂။ ကွစေကတ္တာဒူ ဆဋ္ဌီယာ။** ။ဆဋ္ဌီယာ-ဆဋ္ဌီတပ္ပုရိသ်အရာ၌၊ ကွစိ-၌၊ နပုံသကတ္တံ, ကေတ္တာဒူ ဟောတိ၊ သလဘာနံ-နှံကောင်တို့၏၊ ဆာယာ-အရိပ် တည်း၊ သလဘစ္ဆာယံ-နှံကောင်တို့အရိပ်၊ သကုန္တစ္ဆာယံ-ငှက်တို့အရိပ်၊ ဃရစ္ဆာယံ, ဃရစ္ဆာယ-အိမ့်အရိပ်၊ ပါသာဒစ္ဆာယံ, ပါသာဒစ္ဆာယာ-ပြာသာဒ် အရိပ်။ [အရိပ်တွေများရာ၌နပုလ္လိင်မြဲ၏၊ ထို့ကြောင့် နှံကောင်များ၏အရိပ်များ ငှက်အများ၏အရိပ်များ ဖြစ်၍ "သလဘစ္ဆာယံ, သကုန္တစ္ဆာယံ"ဟု ထားသည်၊ အရိပ် မများလျှင် နံပုံး မမြဲ၊ ထို့ကြောင့် "ဃရစ္ဆာယံ, ဃရစ္ဆာယာ၊ ပါသာ ဒစ္ဆာယံ, ပါသာဒစ္ဆာယာ"ဟု ၂-မျိုးစီပြသည်၊ အမနုဿသဘာယ နပုံသကေ ကတ္တံ ဘဝတိ-လူ မဟုတ်သော နတ်စသည်ကို ဟောသော သဒ္ဒါမှ နောက်၌ သဘာသဒ္ဒါလည်း နပုံ ကေတ်ဖြစ်၏၊ ဗြဟ္မာနံ + သဘာ, ဗြဟ္မသဘံ-ဗြဟ္မာတို့ ဗိမာန်၊ သရဘ သဘံ-သရဘမည်သော ဘီလူးတို့ဗိမာန်၊ ဒေဝသဘံ, ဂန္ဓဗ္ဗသဘံ, ယက္ခသဘံ၊ လူကိုဟောသောသဒ္ဒါတို့နောင် သဘာကား ဣတ္ထိလိင်ပင်၊ ခတ္တိယ သဘာ, ရာဇာသဘာ—မင်း အိမ်တော်။

ဆဋ္ဌီ တပ္ပုရိသေ ရာဇာ-မနုဿေဟိ ပရာ သဘာ၊
**ပဏ္ဍကေ သာလမတ္တေပိ, ဆာယာ ဗာဟုလ္လပုဗ္ဗိကာ။**

**ဆက်ဦးအံ့** — ဤကစ္စာယနသာရ ဂါထာ၌ ရာဇအရ ( ရာဇ သဒ္ဒါကို တိုက်ရိုက်မယူပဲ )မင်းအနက်ဟော ပရိယာယ်ကို ယူပါ၊ ထို့ကြောင့် "သဘာ ရာဇာ-မနုဿပုဗ္ဗာ"ဟု ပါဏိနီသုတ်တည်၍ "ရာဇပရိယာယ ပုဗ္ဗော အမနုဿ ပုဗ္ဗောစ သဘာန္တော တပ္ပုရိသော နပုံသကံ ဘဝတိ၊ ဣန္ဒသဘံ ဣဿရသဘံ— အစိုးရတို့၏အိမ်တော်"ဟု ဝုတ္တိဖွင့်သည်၊ အမနုဿနောင် သဘာပုံစံတို့ကား "ရက္ခသ သဘံ, ပိသာစသဘံ"ဟု ပုံစံထုတ်၏၊ တိုက်ရိုက် ရာဇာနောင်ကား "ရာဇသဘာ, စန္ဒဂုတ္တသဘာ"ဟု ဣတ္ထိလိင်အတိုင်းသာတည်း။

ထို့နောက် "အ သာလာစ"ဟု သုတ်တည်၍ အိမ် ဇရပ် ဗိမာန် အနက်မှ တပါး အပေါင်းအစု အနက်ဟော သဘာလည်း နပုလ္လိင်ဟုပင် ဆို၍ "ဣတ္ထိ သဘံ-မိန်းမအပေါင်း"ဟု ထုတ်၏၊ ရာဇပရိယာယ် နောင်လည်းမဟုတ် အမ နုဿနောင်လည်းမဟုတ်သော အခြားသဒ္ဒါနောင် အိမ် ဇရပ်အနက်ဟော သဘာ သဒ္ဒါကား ဣတ္ထိလိင်ပင်၊ "ဓမ္မသဘာ-တရားသဘင် (တရားမဏ္ဍပ်, ဓမ္မာရုံ)" ထို့ကြောင့် "သာလမတ္တေပိ"၌ အပိဖြင့် အသာလအနက်ကို ဆည်းဟု ဆိုသည်၊ ထို့ပြင်—ဗဟုလ္လပုဗ္ဗိကာမဟုတ်သော "ပါသာဒဿ" စသည်နောင် ဆာယာ သဒ္ဒါကား နပုလ္လိင်မဖြစ်သောကြောင့် ကစ္စာယနသာရ၌....

"ဝါဿသေနာ သုဍာသာလာ, နိသာဆာယာ ဣမေ ပန၊
ဥပဉ္ဉောပက္ကမာ နိစ္စံ, တဒါဒိတ္တပကာသနေ"

ဟူသောဂါထာ၏ ပုဗ္ဗဒ္ဓဝယ် ဆာယာပုဒ်ကို ဝိကပ်အရာ၌ပြပြန်သည်၊ "မာရ သေနံ, မာရသေနာ-မာရ်စစ်သည်၊ ယဝသုရံ, ယဝသုရာ-မုယောဆန်သေရည်၊ ဂေါသာလံ, ဂေါသာလာ—နွားတင်းကုပ်, သွနိသံ, သွနိသာ—နက်ဖြန်ညဉ့်၊ ပါသာဒစ္ဆာယံ, ပါသာဒစ္ဆာယာ-ရိပ်၊ ကုဋိစ္ဆာယံ, ကုဋိစ္ဆာယာ-ကုဋီရိပ်။

**ဥပဉ္ဉော ပက္ကမာ**။ ။ဥပညာသဒ္ဒါသည် သူ့ချည်းသက်သက် ဖြစ်လျှင် ဣတ္ထိလိင်တည်း၊ "ဝိနောပဒေသေန - ဥပဒေသနှင့် ကင်း၍၊ သွယံ - ကိုယ်တိုင်၊ ဉတ္တာဗျေ — ထင်ရှားဖြစ်စေအပ်သော၊ ပဌမံ ဉာယမာနေ—ပဌမ သိအပ်သော အနက်၌"ဟု ထောမနိဓိဖွင့်၏၊ ထိုဥပညာသဒ္ဒါသည် ရှေ့ပုဒ်နှင့်တွဲ၍ ရှေ့ပုဒ် အနက်၏ အစဟူသော အနက်ကို ပြရာ၌ နပုလ္လိင် မြဲ၏၊ "ပါဏိနိယောပညံ (ပါဏိနီယ ဥပညံ)-ပါဏိနီကျမ်း၏အစ၊ ဝါ-ပါဏိနီကျမ်း၌ ပဌမသင်ရမည့် အခြေပါဒ ဥပစာဖြစ်သောအခန်း၊ ဥပက္ကမသဒ္ဒါသည် ပုလ္လိင်တည်း၊ "ဥပါယ ဉာန ပုဗ္ဗကာရမ္ဘေ-ဥပါယ်တံမျဉ်ကို သိကြောင်းဖြစ်သော ရှေးဦးစွာအားထုတ် အပ်သော အနက်၌၊ ပဌမာရမ္ဘေ — ပဌမ အားထုတ်အပ်သော အခန်း၌၊ စိကိစ္ဆာယံ - ဆေးကုခြင်း၌"ဟု အနက် ၃ မျိုးပြ၏၊ ရှေ့ပုဒ်နှင့်တွဲ၍ ထိုပုဒ်နက်၏ ပဌမာရမ္ဘကို ပြရာ၌ နပုလ္လိင် မြဲ၏၊ "ပါဏိနီယောပက္ကမံ - ပါဏိနီ၏ ပဌမ အားထုတ်အပ်သော အခန်း"။

၅၅။ ဉာမသိဒ္ဓံ။ ။ဥတ္တရပဒေ-နောက်ပုဒ်ကြောင့်၊ ဉာမသ္သ-ဉာမ သဒ္ဒါကို၊ ဉာဒံ-ဉာဒံပြု၊ ဉာဒမင္ဂိတာ, ဉာဒပစ္စယတာ၊ အတ္ထော ယဿ အတ္ထိတိ အတ္ထိ-အကျိုးရှိသူ၊ ဉာမာယ+အတ္ထိ ဉာဒမတ္ထိ၊ ဉာမာယ-ဤ သမ္ပာပတိပတ်ဖြင့်၊ အတ္ထိ-အကျိုးရှိသူတည်း၊ ဉာဒမတ္ထိ - ဤ သမ္ပာပတိပတ်ဖြင့် အကျိုးရှိသူ၊ တ္ထ ကို ဌပြု၍ "ဉာဒမဋ္ဌိ" ဟုလည်း ဖြစ်၏၊ တနည်း—"ဉာမေဟိ - ဤ ကုသိုလ်တရားတို့ဖြင့်၊ အတ္ထိ - အလိုရှိသူတည်း၊ ဉာဒမတ္ထိ-သူ၊ ဉာဒမဋ္ဌိနော + ဘာဝေါ ဉာဒမဋ္ဌိဟာ"ဟုဆက်၊ ဤကို ရဿပြု၊ (ဝိသုဒ္ဓိမဂ်ဋီကာ မိုးသည်၊) [ပဉ္စိကာ၌ "ဉာမာယ (သမ္ပာပတိ ပတ္တိယာ) + အတ္ထော, ဉာဒမတ္ထော"ဟု ရှေးဦးစွာ သမာသ်တွဲပြီးမှ "ဉာဒမတ္ထော အဿ အတ္ထိတိ ဉာဒမဋ္ဌိ"ဟု တဒ္ဓိတ်လုပ်၏၊] ဉာမေသံ-ဤ သခ်ါရစသော အကျိုးတရားတို့၏+ပစ္စယာ-အဝိဇ္ဇာစသော အကြောင်းတို့သည်၊ ဉာဒပ္ပစ္စယာ-ကို။ ["ဉာမ+ပစ္စယ"ဟု ပကတိပြုပြီးနောက် ဤသုတ်ဖြင့် ဉာမကို ဉာဒံပြု၊ နိဂ္ဂဟိတ် ချေပြီးမှ ပ ဒွေဘော်လာ။]"ဉာဒပ္ပစ္စယာနံ+ဘာဝေါ ဉာဒပ္ပစ္စယတာ"ဟု ဆက်၊ ဉာဒံပုဒ်ရင်းဟု ကြံကြသော နည်းအလိုအားဖြင့်ကား ဤသုတ် မလိုတော့ပြီ။ [ဉာမဿိဒမ်သိသု သုတ်နှင့် တွဲကြည့်။]

၅၆။ ဌန္တန္တုနံ။ ။ဥတ္တရပဒေ-ကြောင့်၊ န္တန္တုနံ-န္တ, န္တုတို့ကို၊ ဌ-ဌပြု၊ (ဌ် အနုဗန်ရှိသော (အ)ပြု၊) မယံ – တို့သည်၊ ဘဝမ္ပတိဋ္ဌာ— အရှင်ဘုရားဟူသော တည်ရာရှိပါကုန်၏၊ နော-တပည့်တော်တို့၏၊ ဓမ္မာ-တို့သည်၊ ဘဂဝမ္မူလကာ - ရှင်တော်ဘုရားလျှင် အရင်းခံရှိပါကုန်၏၊ ဘဝံ + ပတိဋ္ဌာ ယေသံ (အမှံ)တိ ဘဝမ္ပတိဋ္ဌာ၊ ယေသံ - အကြင် တပည့်တော်တို့၏၊ ဘဝံ-အရှင်ဘုရားဟူသော ပတိဋ္ဌာ - တည်ရာသည်၊ အတ္ထိ, ဉာတိ, တေ မယံ-ထို တပည့်တော်တို့သည်၊ ဘဝမ္ပတိဋ္ဌာ-တို့မည်၏၊ ဘဝန္တပုဒ်ရင်း "ဘဝန္တ + ပတိဋ္ဌာ"ဟု ပကတိပြုပြီးသောအခါ ဤသုတ်ဖြင့် န္တ ကို (ဌ) ပြု၊ ဌ် အနုဗန်ဒချေ, ဝခွင်း,ချေ,ကပ်၊ နိဂ္ဂဟီဘဥ္စသုတ်ဖြင့် နိဂ္ဂဟိတ်လာ, ဝဂ္ဂန္တ (မ်) ပြု၊ ဌာ၌ အာကို (ကွစာဒိ မဇ္ဈေတ္တ ရာနံကဲ့သို့သော သုတ်ဖြင့်) ရဿပြု၊ "ဘဂဝါ+မူလံ ဧတေသံတိ ဘဂဝမ္မူလကာ" ၌ကား ဘဂဝန္တုပုဒ်ရင်းဖြစ်၍ န္တုကို ဌ ပြုရခြင်း, သမာသ်အဆုံး၌ က ပစ္စည်းသက်ရခြင်းသာထူး၏၊ "ဘဂဝါ+ပဋိသရဏော ယေသံတိ ဘဂဝမ္ပဋိသရဏာ"၌လည်း နည်းတူ။

ဗလဝပီတိ - ဗလဝံပီတိ။ ။"သဏှသုခုမဓမ္မံ ပစ္စဝေက္ခန္တဿ ဗလဝပီတိ ဥပ္ပန္နာ=သိမ်မွေ့နူးညံ့သော တရားတော်ကိုဆင်ခြင်စဉ် အားရှိပါးရှိ ပီတိဖြစ်လာသည်" ဟူသော အဋ္ဌသာလိနီ၌ "ဗလဝတီ + ပီတိ ဗလဝပီတိ"ဟု ပြု၊ ပုလ္လိင်ငဲ့လျှင် ဤပစ္စည်းပျောက်၍ "ဗလဝန္တု+ပီတိ"ဟု ဖြစ်၏၊ ဤသုတ်ဖြင့် န္တုကို ဌ ပြုလျှင် (ဝခွင်း ချေ ကပ်၍) "ဗလဝပီတိ"ဟု ဖြစ်၏၊ ဘဂဝမ္မူလကာကဲ့သို့ နိဂ္ဂဟိတ်လာလျှင် "ဗလဝံပီတိ"ဟုလည်း ဖြစ်၏၊ ဤ "ဗလဝံပီတိ" ပါဌ်ကို

ရည်ရွယ်၍ မူလဋီကာ၌ "ဗလဝတာ ဉာဏဝေဂေန ပဝတ္တတ္တာ၊ပေ၊ဗလဝံ" ဟု နိဂ္ဂဟိတန္တ ပုဒ်တစိတ်ကိုခွဲ၍ ဖွင့်ပြသည်၊ တနည်း, ဗလဝံ သုဋ္ဌု စာတိဝါ-တိသယေ" ဟူသော အဘိဓာန် အဗျယဝဂ်ကိုလည်းကောင်း, ဗလဝံ (အားကြီးသော) အာယာသော-ဥပါယာသော"ဟု ဖွင့်သော သစ္စဝိဘင်္ဂ အဋ္ဌကထာကိုလည်းကောင်း ထောက်၍ "အလွန်အကဲ အနက်ဟော ဗလဝံနိပါတ်လည်း ရှိ၏"ဟု မှတ်ပါ၊ ထို့ကြောင့် နိဂ္ဂဟိတ်မချေလျှင် "ဗလဝံပီတိ"၊ ချေလျှင် "ဗလဝပီတိ"ဟု ဖြစ်၏၊ "ဗလဝံပီတိ"ဟု ရှိရာ၌ သမာသ်လည်း သင့်, "ဗလဝံ+ပီတိ"ဟု ဝါကျလည်း သင့်သည်။ [မဓုဋီကာနှင့် ပဏိဒီပတို့ အမျိုးမျိုး ကြံကြလေသေး၏။]

**ဋ္ဌ ပြုခြင်းထက် ချေလျှင် သာ၍ကောင်း။** ။သုတ်၌ "န္တန္တကို ဋ္ဌ ပြု" ဟု ဆို၏၊ ဋ္ဌအနုဗန်ကြေလျှင်(အ)ကျန်နေ၍ ခွင်း ချေ ကပ်နေရသေး၏၊ထို့ကြောင့် န္တ-န္တကိုချေလျှင် ( "လောပေါ န္တန္တုန်"ဟု သုတ်တည်လျှင် ) သာ၍ ရပ်နေသန့်ရှင်းမည်၊ ဝန္တုစသည်တို့၏ တစိတ်ဖြစ်သော န္တုသာ ကြေသည် မဟုတ်, ဝန္တုပစ္စည်းတခုလုံး ကြေသောနည်းလည်း ရှိသေး၏၊ သညာဝတံ · သညာရှိသူတို့၏၊ ဘဝေါ-ဖြစ်ရာဘဝတည်း၊ သညာဘဝေါ-ဝ၊ "သညာဝန္တု+ဘဝ" ဟု ပကတိပြုပြီးသည့်အခါ ဝန္တုကိုချေ၍ "သညာဘဝ"ဟု ဖြစ်ရသည်၊ "သညာဝတံ+ဘဝေါ - သညာဘဝေါတိ ဧတ္ထ ဝန္တုသဒ္ဒလောပေါ ဒဋ္ဌဗ္ဗော"— ပဋ္ဌိစ္စသမုပ္ပါဒ မူလဋီကာ။ [တနည်း "သညာ ဧတ္ထ အတ္ထီတိ သညော, သညော စ+သော ဘဝေါ စာတိ သညာဘဝေါ"ဟုလည်း ရှိ၏၊ "တဿဝါ(ထိုဝန္တုပစ္စည်း၏လည်း) အတ္တေအကာရံ ကတွာ သညာဘဝေါတိပိ ပါဌော"-ဂဏ်းဋီကာ။]

**ပစ္စည်းနှောင်းရာ၌လည်း ဋ္ဌပြု။** ။မဟန္တိနောင် တရ ပစ္စည်းသက် (မဟန္တိ + တရ) ကွစိပ္ပစ္စယေသုတ်ဖြင့် ပုလ္လိင်ငဲ့ (ဤ) ပျောက်၍ (မဟန္တ + တရ)၊ ဤသုတ်ဖြင့် န္တကို ဋ္ဌပြု ( မဟန္တရ ) ဒွေဘော်လာ ( မဟတ္တရ )၊ နဒါဒိတော ဝီ သုတ်ဖြင့် ဝီ (ဤ)ပစ္စည်းသက်လျှင် "မဟတ္တရီ-မိန်းမကြီး"ဟု ဖြစ်၏၊ "မဟန္တာနံ+ဘာဝေါ မဟတ္တံ"၌လည်း "မဟန္တတ္တ"ဟု ဖြစ်သင့်လျက် န္တကို ဋ္ဌ ပြုသည်၊ ရတ္တညူနံ - ညဥ့်အပိုင်းအခြားကိုသိသော ထေရ်တို့၏၊ မဟတ္တံ - များကုန်သည်၏ အဖြစ်တည်း၊ ရတ္တညုမဟတ္တံ - ဖြစ်၊ နိတ္ထရန္တာနံ - ကံမှ ထွက်မြောက်သူတို့၏+ဧတံ - ဥစ္စာဖြစ်သော အကျင့်တည်း၊ နေတ္ထာရံ-ကျင့်၊ နိတ္ထရန္တာနံ နောင် ဣဒံ အနက်၌ ဏ ပစ္စည်းသက်- ဝိဘတ် ဏ် အနုဗန်ချေ, ဝုဒ္ဓိပြု, အာဒိဿလည်းပြု (နေတ္ထာရန္တ+အ)၊ ဤသုတ်ဖြင့် ပစ္စည်းနှောင်းရာ၌ န္တကို ဋ္ဌပြု၊ ရ၏ အနှင့်တကွ ဋ္ဌ (အ) ၂ လုံးချေ၊ "နေတ္ထာရ"ဟု ဖြစ်၏။

၅၈။ အ။ ။ဥတ္တရပဒေ - ကြောင့်၊ န္တန္တုနံ - တို့၏၊ အ-(အ)ပြု၊ ဂုဏဝန္တပတိဋ္ဌော - ဂုဏ်ရှိသူဟူသော တည်ရာရှိသည်၊ အသို့-ဖြစ်၏၊ ဂုဏဝန္တော+ပတိဋ္ဌာ ယဿ (မမ)တိ ဂုဏဝန္တပတိဋ္ဌော၊ ဂုဏဝန္တု+ပတိဋ္ဌော"ဟု ပြုပြီး

သောအခါ ဤသုတ်ဖြင့် န္တု၏ ဥကို(အ)ပြုခြင်းသာ ထူး၏၊ အကြွင်းမှာ “ဘဂဝံ ပတိဋ္ဌာ”ကို မှီးပါ။ [န္တုန္တုကို (အ)ပြု ဆိုသော်လည်း န္တ၏ အကို (အ) ထပ်ပြုသဖြင့် အကျိုးမရှိသောကြောင့် ပုံစံမပြုပြီ။]

**၆၃။ လ္တု ပိတာဒီန-မာရင ရင်။** ။ဥတ္တရပဒေ-ကြောင့်၊ လ္တုပိတာဒိနံ—လ္တုပစ္စယန္တသဒ္ဒါ, ပိတုအစရှိသော သဒ္ဒါတို့၏၊ (အဆုံးသရတို့၏)၊ အာရင ရင်—အာရင်အပြု, အရင် အပြုတို့သည်၊ ဟောတိ ဝါ။ [ကစ္စည်း၌ “သတ္ထု ကတ္တု ဘတ္တု” စသည်ကို လ္တုပစ္စယန္တဟု ဆိုသည်၊] “သတ္ထုနော - ဘုရားကို+ဒဿနံ—ဖူးမြင်ရခြင်း” ဟူသော အနက်၌ ဆဋ္ဌီတပ္ပုရိသ် စပ်၍ “သတ္ထု + ဒဿန”ဟု ပကတိဖြစ်၏၊ ဤသုတ်ဖြင့် ဥကို အာရင်(င် အနုဗန်ချေ) ပြုလျှင် “သတ္ထာရ ဒဿနံ”ဟု ဖြစ်၏၊ “ကတ္တာရ နိဒ္ဒေသော (ကတ္တု+နိဒ္ဒေသော)-ကတ္တားကို ညွှန်ပြသော သဒ္ဒါ”လည်း နည်းတူ၊ ဝါ သဒ္ဒါကြောင့် “သတ္ထုဒဿနံ” စသည်လည်း ဖြစ်၏၊ “မာတာစ+ပိတာစ” အနက်၌ ဒွန်တွဲ၍ “မာတု+ပိတု”ဟု ပကတိဖြစ်၊ ဤသုတ်ဖြင့် မာတု၏ ဥကို အရင်ပြု, ယော သက်၍ “မာတရ ပိတရော” ပြီး၏၊ ဝါကြောင့် “မာတာပိတရော”ဟု နောက်သုတ်ဖြင့် စီရင်လတံ့၊ “မာတာပိတူဟိ+သံဝဒ္ဓေါ, မာတာပိတရသံဝဒ္ဓေါ-မိဘတို့ဖြင့် ကြီးပွားခဲ့ရသူ”၌ ပိတရပုဒ် ပြီးပုံလည်း ဤနည်းပင်၊ “န+မာတာပိတရသံဝဒ္ဓေါ, အမာတာပိတရသံဝဒ္ဓေါ-မိဘတို့ဖြင့် ကြီးပွားခဲ့ရသူမဟုတ်။

**၆၄။ ဝိဇ္ဇာ ယောနိသမ္ဗန္ဓီန မာ တတြ စတ္တေ။** ။စတ္တေ - စတ္တ (ဒွန်) သမာသ်၌၊ ဝိဇ္ဇာယောနိ သမ္ဗန္ဓီနံ-အတတ်ပညာအားဖြင့် ဆက်သွယ်ခြင်းရှိသော ဆရာတပည့်ဟော သဒ္ဒါ, အမျိုးအားဖြင့် ဆက်သွယ်ခြင်းရှိသူဟော သဒ္ဒါဖြစ်ကုန်သော၊ လ္တုပိတာဒီနံ-တို့၏၊ တတြ- ထို ဝိဇ္ဇာသမ္ဗန္ဓိသဒ္ဒါ, ယောနိသမ္ဗန္ဓိသဒ္ဒါ နှောင်းရာ၌၊ အာ-အာ-ပြု၊ ဟောတာ စ-ဟုံး ပူဇော်သူလည်း၊ ပေါတာ စ-ယဇ် ပူဇော်သူလည်း” ဟူသော အနက်၌ ဒွန်သမာသ်ပြု၍ “ဟောတု ပေါတု”ဟု ပကတိဖြစ်၊ ဟောတုဟူသော ဝိဇ္ဇာသမ္ဗန္ဓိ လ္တုပစ္စယန္တသဒ္ဒါ၏ ဥကို ဤသုတ်ဖြင့် အာပြု (ဟောတာပေါတု)၊ ယောသက်၍ “ဟောတာပေါတာရော”ဟု ဖြစ်၏၊ “မာတု ပိတု”ဟု ပကတိဖြစ်သည့်အခါ ဤသုတ်ဖြင့် ယောနိ သမ္ဗန္ဓိ လ္တုပစ္စယန္တ မာတု၏ ဥကို အာပြု၊ “မာတာပိတု”စသည် စီရင်၊ “တတြ”ဟု ဆိုသောကြောင့် ဝိဇ္ဇာယောနိ သန္ဓိ လ္တုပိတာဒိ မနှောင်းလျှင်“ပိတာစ ပိတာမဟော စ ပိတုပိတာမဟာ-အဘ အဘိုးတို့”ဟု ဖြစ်၏၊ ဤ၌ “ပိတာမဟ”ကား လ္တုပိတာဒိမဟုတ်၊ လ္တုပိတာဒိနှောင်းသော်လည်း စတ္တ (ဒွန်) သမာသ် မဟုတ်လျှင် “မာတုယာ+ဘာတာ-မာတုဘာတာ—အမိ၏ မောင်”ဟု မာတာ၌ ဥကို အာ မပြုရ၊ ဝိဇ္ဇာ ယောနိ သမ္ဗန္ဓမဟုတ်ပြန်လည်း “ဒါတာရောစ — ပေးလှူတတ်သူတို့လည်း+ ဘတ္တာရော စ-အရှင်တို့လည်း၊ ဒါတုဘတ္တာရော-တို့”ဟု ဒါတု၌ အာမပြုရ။

**၆၇။ ပုတ္တော။** ။ပုတ္တသဒ္ဒါ နှောင်းရှ၌ စတ္ထသမာသ်ဝယ် ဝိဇ္ဇာယောနိ သမ္ဗန္ဓဖြစ်သော လ္တုပိတာဒိတို့၏ အဆုံးသရကို အာပြု၊ ပိတာ စ+ ပုတ္တော စ, ပိတာပုတ္တာ—အဘသားတို့၊ မာတာပုတ္တာ - အမိသားတို့၊ ကစ္စည်းကျမ်း၌ကား ဤသုတ်မျိုး မရှိသောကြောင့် "သတ္ထာရဒဿနံ" စသည်ကို အညေသွာရတ္တံ၌ အာရတ္တံဟူသော ဘာဝနိဒ္ဒေသဖြင့် အာရပြုကြရသည်။ [မာတာမဟော-စသည်၌ကား တဒ္ဓိတ်၊ "မာတာပိတူသွာမဟော" သုတ်ဖြင့် မာတုအနက်၌ အာမဟ ပစ္စည်းသက်၍ ပြီး၏၊ မာတု-အမိ၏+ပိတာ, မာတာမဟော-အမိ၏ အဘ၊ ဝါ· အဘိုး၊ မာတာမဟီ—အမိ၏ အမိ ( အဖွား )၊ ပိတာမဟော — အဘ၏ အဘ (အဘိုး)၊ ပိတာမဟီ-အဖွား။]

**၇၁။ သညာယ မုဒေါ-ဒကဿ။** ။ အမည်ကို ဟောရာ၌ နောက်ပုဒ် နှောင်းရာဝယ် ဥဒကကို ဥဒပြု၊ ဥဒကံ+ဓာတိ (ဆောင်၏)အသ္မိံ'ဝိ ဥဒဓိ-ရေကို ဆောင်ရာဖြစ်သော သမုဒ္ဒရာ၊ ဥဒက သဒ္ဒူပပဒ ဓာဓာတ်နောင် အဓိကရဏ သာဓန၌ ဣ ပစ္စည်းသက်၊ ဥဒကံနှင့် ဓိကို ဒုတိယာ တပ္ပုရိသ်တွဲ၊ "ဥဒက+ ဓိ"ဟု ပကတိဖြစ်၊ ဤသုတ်ဖြင့် ဥဒကကို ဥဒပြု၊ ဥဒကံ+ပိယတေ အသ္မိံ'တိ ဥဒပါနံ—(ရေကို သောက်အပ်ရာ) ရေတွင်း၊ ဤ၌လည်း အဓိကရဏ အနက်၌ ပါဓာတ်နောင် အန ပစ္စည်း (ယု ပစ္စည်း) သက်ရုံသာ ထူး၏၊ "အသ္မိံ"ဟု ပြထားသော်လည်း ဗဟုဗ္ဗီဟိ မဟုတ်၊ အဓိကရဏသာဓနကို ပြခြင်း ဖြစ်သည်၊ နောက်သုတ်၌ ဝိကပ်ဟု ဆိုသောကြောင့် ဤသုတ်၌ နိစ္စဝိဓိဟု မှတ်ပါ။

**၇၂။ ကုမ္ဘာဒီသု ဝါ။** ။ကုမ္ဘစသည်နှောင်းရာ၌ ဥဒကကို ဝိကပ် ဥဒပြု၊ "ဥဒကဿ-၏၊ ကုမ္ဘော-အိုးတည်း" ဟူသော အနက်၌ သမာသ်စပ်၍ "ဥဒက ကုမ္ဘော"ဟု ဖြစ်၏၊ ဤသုတ်ဖြင့် ဥဒကကို ဥဒပြုလျှင် "ဥဒကုမ္ဘော"ဟု ဖြစ်၏၊ ဥဒပတ္တော, ဥဒကပတ္တော - ရေခွက်၊ ဥဒဗိန္ဒု, ဥဒကဗိန္ဒု၊ ဝိဘတ်နှောင်းရာ၌လည်း သမာသ်၏ နောက်ပုဒ်ဖြစ်သော ဥဒကကို ဥဒပြု၊ "ဗဟုကာ နာဂ ဝိတ္တောဒါ"—တိံသ, ကိံဆန္ဒဇာတ်၊ နဂေါနံ ဝိတ္ထာသခ်ါတံ ဥဒကံ ဧတေသူတိ နာဂဝိတ္တောဒါ-ဆင်တို့၏ ဥစ္စာဟု ဆိုအပ်သော ရေရှိသောမြစ်တို့၊ ဤ၌ "နာဂ ဝိတ္တောဒကာ"ဟု ဖြစ်သင့်လျက် ဤသုတ်ဖြင့် ဥဒကကို ဥဒပြုသည်၊ "တပေါ+ ဥဒကံ ဧတ္ထာတိ တပေါဒါ-ပူသော ရေရှိသော မြစ်"လည်း နည်းတူ၊ "ယတော, ယံ အာဝုသော တပေါဒါ သန္ဒတိ"—စတုတ္ထပါရာဇိကာ၊ ဝနတော —ထိုထို တောမှ+ဥဒကာနိ —ရေတို့ဘည်း၊ ဝနတောဒါ—တို့" တောပစ္စည်း မကြေ၊ တနည်း—"ဝနတော+ဥဒါ"ဟု ဝါကျလည်း သင့်၏၊ "ပါဠိယံ ဟိ ကေဝလော ဥဒသဒ္ဒေါ န ဒိဋ္ဌပုဗ္ဗော - သမာသ်မဟုတ်သော ဥဒသဒ္ဒါသက်သက်ကို ပါဠိ၌ မတွေ့အပ်"ဟု သဒ္ဒနီတိဆိုသော်လည်း "အမက္ခိတော ဥဒေန"ဟူသော မဟာ ပဒါနသုတ်၌ ရှိ၏၊ "ဥဒေနာတိ ဥဒကေန"ဟု အဋ္ဌကထာ ဖွင့်သည်။

၇၇။ **သောတာ-ဒီသူ-လောပေါ**။ ။[သောတာဒီသု + ဥ+လောပေါ] သောတ စသည်တို့ကြောင့် ဥဒ၏ ဥသရကို ချေ၊ ဥဒကဿ+သောတော, ဒက သောတော-ရေ၏စီးရာအပေါက်,ရေပေါက်, ရေပြွန်, ကျင်ငယ်ချောင်း၊ဥဒကေ +ရက္ခသော, ဒကရက္ခသော-ရေ၌ ရက္ခိုသ်, ရေသူရဲ၊ ဝိဘတ်နှောင်းရာ၌လည်း ဥကို ချေ၍ "ဒကံဒကာသယာ ပဝိသန္တိ" (ခန္ဓသံယုတ် ခဇ္ဇနီယဝဂ်)၌ ဒကံ (ရေသို့)ဟု ဖြစ်၏၊ "ဥဒကံ + အာသယော ယေသံတိ ဒကာသယာ" ကား အာသယပုဒ်ကြောင့် ဥကို ချေသည်၊ ဒကာသယာ-ရေဟူသော နေရာရှိသော သတ္တဝါတို့၊ "ဒကဿ မဇ္ဈေ ဇလတေ ဃဘာသနော-(ကေ,ဃတာသနဇာတ်)၊ "ဒကေ အဂ္ဂိ န သဏ္ဍာတိ"-(ဥပါလိတ္ထေရာပဒါန်)၊ ဤပုံစံများကိုထောက်လျှင် ဝိဘတ်နှောင်းရာ၌ ဥချေဟု ဆိုခြင်းထက် ဥဒက၏ ပရိယာယ်ဖြစ်သော "ဒက" ပုဒ်ရင်းလည်းရှိ၏ဟု ကြံခြင်းက သာ၍ ရှင်းလင်းပေသည်၊ ထို့ကြောင့် ဘာသာ ဋီကာ၌လည်း "ဥဒသဒ္ဒေါ ပျ-ဒကပရိယာယော"ဟု ဆိုသတတ်။

၇၈။ **သဟဿ သော-ညတ္တေ**။ ။ **အညတ္ထ** ( ဗဟုဗ္ဗီဟိ ) သမာသ်၌ နောက်ပုဒ်ကြောင့် သဟကို ဝိကပ် သပြု၊ သဟ + ပုတ္တေန ယော ဝတ္တတေတိ သပုတ္တော-သားနှင့်တကွ ဖြစ်သူ၊ သဟပုတ္တော ဝါ၊ [သဟ+ပုတ္တဒါရေဟိ ယော ဝတ္တတေတိ သပုတ္တဒါရော၊] အညတ္ထသမာသ် မဟုတ်လျှင် "သဟကတွာ - အတူ ပြု၍" စသည် ဖြစ်၏။

၇၉။ **သညာယံ**။ ။နာမည်ကို ဟောရာ၌ သဟကို အမြဲ သပြု၊ သဟ+ အဿတ္ထေန ဝတ္တတီတိ သာဿတ္ထံ-( အဿိနီနက္ခတ်နှင့် တကွဖြစ်သောကြောင့် ) သာဿတ္ထမည်သော နက္ခတ် စက်ဝန်း၊ သပလာသံ-ပေါက်ပင်နှင့်တကွဖြစ်သော ကြောင့် သပလာသမည်သောကုန်း၊ ဝါ-ပေါက်ပင်ကုန်း။

၈၀။ **အပစ္စက္ခေ**။ ။အပစ္စက္ခေ—မျက်မြင်မဟုတ် မှန်းဆ၍ သိအပ်သော အရာ၌၊ ဥတ္တရပဒေ—နောက်ပုဒ် နှောင်းလသော်၊ သဟဿ-ကို၊ သော သပြု၊ သာဂ္ဂိ-မီးနှင့်တကွဖြစ်သော၊ ကပေါတော-ခို။ [အခြားနေရာ၌ ခိုလဲကျ, မီးလဲ ပါဖူးသည်ကိုမြင်ရ၍ ယခုလိုခိုကျရာဝယ် မီးမမြင်ရပဲလျက် မှန်းဆ၍ပြောသော ပြယုဂ်တည်း၊] သပိသာစာ-တစ္ဆေနှင့် တကွဖြစ်သော၊ ဝါ-တစ္ဆေပါလာသော၊ ဝါတမဏ္ဍလိကာ-လေဗွေ၊ လေဗွေလာလျှင် တဆေပါသည်ဟု ထင်မှတ်ရာ၌ ထုတ်အပ်သော ပြယုဂ်တည်း။

၈၁။ **အကာလေ သကတ္ထေ**။ ။အကာလေ-ကာလဟော သဒ္ဒါမနှောင်း သော၊ သကတ္ထေ-မိမိအနက် ပြဋ္ဌာန်းရာ၌၊ ဥတ္တရပဒေ-သော်၊ သဟဿ သော ဟောတိ၊ သမ္ပန္နံ-ပြည့်စုံသော၊ ဗြဟ္မံ-ဗြဟ္မာအထည်ကိုယ်တည်း၊ သဗြဟ္မံ-ကိုယ်၊ [သမ္ပန္နံသည် သဟ၏ ပရိယာယ်၊ "သဟ + ဗြဟ္မံ"ဟု ဆိုလိုသည်၊] စက္ကေန+

ကေကာလံ, သ စက္ကံ-စက်လက်နက်နှင့် တပြိုင်နက်၊ (နိမေဟိ — ထားလေ့၊) သဓုရံ—လှည်းဦးနှင့် တပြိုင်နက်၊ ပါဇေဟိ-မောင်းနှင်လော၊ [“သဟ နိမိတ္တံ၊ ကရောတီတိ သ နိမိတ္တံ (နိမိတ်နှင့်တကွ) ကရောတိ၊ အသုဘံ ပါသာဏာဒိ နိမိတ္တေန သဟ ကရောတိ ဝဝတ္ထပေတိ၊ပေ၊ သမာနကာလတာ ဒီပကေန ဟိ သဟသဒ္ဒေန အယံ သမာသော၊ ယထာ-သ စက္ကံ နိမေဟိ” ဝိသုဒ္ဓိမဂ်-အသုဘ နိဒ္ဒေသဋီကာ၊]အခါကာလဟော သဒ္ဒါနှောင်းလျှင်ကား(သ)မပြုရ၊ ပုဗ္ဗဏှေန+ သဟိတံ သဟပုဗ္ဗဏှံ-နံနက်ပိုင်းနှင့်တကွ၊ သဟာ·ပရဏှံ-ညနေပိုင်းနှင့်တကွ။

၈၂။ ဂန္ထ-န္တာ-မိကျေ။ ။ဉတ္တရပဒေ - သော်၊ ဂန္ထန္တာဒိကျေ·ကျမ်းဂန်၏အဆုံး, လွန်ကဲသည်၏အဖြစ်ဟူသော အနက်၌၊ ဝတ္တမာနဿ-သော၊ သဟဿ·ကို၊ သော-သပြု၊ သ ကလံ-ကလာပ်ကျမ်းနှင့်တကွ၊ ဝါ-ကလာပ်ကျမ်းဆုံးအောင်၊ ဇောတိံ -နက္ခတ်ကျမ်းကို၊ အဓီတေ-သင်၏၊ သ မုဟုတ္တံ-မုဟုတ် ကျမ်းနှင့်တကွ၊ ဝါ-မုဟုတ်ကျမ်းဆုံးအောင်၊ ဇောတိံ အဓီတေ၊ သ ဒေါဏာ-တစ်ဆတ် အပိုရှိသော၊ ခါရီ-တတို့၊ သမာသကော-တပဲ အပိုရှိသော၊ ကဟာ ပဏော—တကျပ်။ [ကလန္တံ—သ ကလံ၊ မုဟုတ္တန္တံ—သ မုဟုတ္တံ၊ အဓိကော+ ဒေါဏော ယဿာတိ သဒ္ဒေါဏာ၊ အဓိကော + မာသကော ယဿာတိ သ မာသကော။]

၈၃။ သမာနဿ ပက္ခာဒိသု ဝါ။ ။ပက္ခာဒိသု — ပက္ခ အစရှိသော နောက်ပုဒ် နှောင်းကုန်လသော်၊ သမာနဿ-သမာနသဒ္ဒါကို၊ သော ဝါ-ဝိကပ် သ ပြု၊ သမာနော ပက္ခော ယဿာတိ သ ပက္ခော—တူသော အသင်းအပင်း (ဘက်သား) ရှိသူ၊ သမာနဇောတိ (နက္ခတ္တံ) အဿာတိ သ ဇောတိ—တူသော နက္ခတ်ရှိသော မစင်ကြယ်ခြင်း။ [“ဇောတိ, ဇနပဒ, ရတ္တိ, ပတ္တိနီ, ပတ္တိ, နာဘိ, ဗန္ဓု, ဗြဟ္မစာရီ, နာမ, ဂေါတ္တ, ရူပ, ဌာန, ဝဏ္ဏ, ဝယော, ဝစန, ဓမ္မ, ဇာတိယ, ဃစ္စ” တို့ကား ပက္ခာဒိ အာကတိဂိုဏ်းတည်း၊ ထို့ကြောင့် “သ မာနသီလော-တူသော သီလရှိသူ” ဟူရာ၌ ပက္ခာဒိ မဟုတ်သောကြောင့် (သ) မပြုရ။]

သပတ္တိ စသည်။ ။သမာနော ပတိ ဧတိဿာတိ သပတ္တိနီ, သပတ္တိ (ဂုနီ- ဤပစ္စည်းသက်, တ ဒွေဘော်လာ) တူသော လင်ရှိသော မိန်းမ၊ ဗြဟ္မံ စရတီတိ ဗြဟ္မစာရီ·မြတ်သောအကျင့်ကို ကျင့်သူ၊ သမာနော+ဗြဟ္မစာရီ သ ဗြဟ္မစာရီ။ [တနည်း “သမာနံ ဗြဟ္မံ စရတီတိ သ ဗြဟ္မစာရီ”ဟုလည်း ထောမနိဓိ ပြု၏၊] ဗြဟ္မဒတ္တသနာမကာ — ဗြဟ္မဒတ်ဟူသော တူသောနာမည် ရှိကုန်၏၊ ဂေါတ္တဿ ဂေါတ္တံ-သိကြားနှင့်တူသော အနွယ်ရှိသော၊ တံ-ထိုသူကို၊ ကခ်တိ-လိုလား၏၊ [သာဒိစ္စဗန္ဓု—နေမင်း၏ အဆွေနှင့်တူသော ဆွေမျိုးရှိတော်မူသော ဘုရား၊] ဟရိဿဝဏ္ဏော-ရွှေအဆင်းနှင့်တူသော အဆင်းရှိသူ၊ သ ဒွေဘော်လာ။ [သိင်္ဂီ နိက္ခသဝဏ္ဏော-သိင်္ဂီနိက်ရွှေနှင့်တူသော အဆင်းရှိတော်မူသော ဘုရား။]

**သဝယော စသည်။** ။သဝယော-တူသော အရွယ်ရှိသူ။ [“သမ္ဗာ ကိ ဝယသာ ဘိလာပေါ်သေ”ဟူသော သာမညဖလသုတ္တဋ္ဌကထာ၌ကား “ဝယသာ+သမာနော, ဝယသော-အရွယ်အားဖြင့်တူသူ”ဟုကြံ၍“သမာနဿ”ဟူသော ယောဂဝိဘာဂဖြင့် ဝိဘတ်နှောင်းရှာ၌သာ သမာနကို သပြု-ဟု ကြံ။ တနည်း, “သံ+ဝယ”ဟု ဖြစ်ပြီးမှ ပုဒ်ကို ရှေ့နောက်ပြန်၍ “ဝယ+သ”ဖြစ်သည်ဟု ကြံ၍ ရာဇဒန္တာဒိဂိုဏ်း သွင်းပ။]

**သဇာတိယော စသည်။** ။သဇာတိယော-တူသော အမြွာနှိုသူ (ဇာတိယ ပစ္စည်း ပဲ့၏) သမာနာနံ+ဿစ္စာ, သ ဿစ္စာ-တူသူတို့ကို သတ်ခြင်း၊ “သဇာတိဘိ ဇေတ္တ သကာရော သမာနဇ္ဈောတိ ဒဿေတုံ သမာနဇာတိကာနံဟိ ဝုတ္တံ”ဟု ဖွင့်သော ရူပကလ္လာ အနုဋီကာအလို (သ) ပုဒ်သည်ပင် သမာန အနက်ဟော ဟု ကြံသင့်၏၊ “ယတ္ထ မာတာစ ဓိတာစ, သ ဘရိယာ မယံ အဟုံ”ဟူသော ဥပ္ပလဝဏ္ဏာထေရီကာ ဂါထာ၌ ဘရိယာပုဒ်ကို ဤ ပက္ခာဒိ၌သွင်း၊ “သ ဘရိယာ-တူသော မယားတို့သည်၊ အဟုံ—ဖြစ်ရကုန်ပြီ။

၇၄။ **ဥဒရေ ဣယ။** ။ဣယေ-ဣယပစ္စည်းနောက်ရှိသော၊ ဥဒရေ-ဥဒရသဒ္ဒါ နှောင်းလသော်။ သမာနဿ သော ဝါ ဟောတိ၊ သမာနံ-တူသော+ဥဒရံ—အမိဝမ်း တည်း၊သမာနောဒရံ-ဝမ်း၊ [ဤအခိုက်၌ (သ) မပြုရသေး၊] “သမာနောဒရေ-တူ သော အမိဝမ်း၌ + သယိတော-က်န်းရသူတည်း” ဟူသော ဝါကျအနက်၌ သယိတ အနက်ဝယ် တဒ္ဓိတ် ဣယပစ္စည်းသက်, (သမာနောဒရိယ) ဤသုတ်ဖြင့် သ ပြု၊ “သော ဒရိယော-တူသော အမိဝမ်းရှိသူ, ညီအစ်ကိုအရင်း” ဣပစ္စည်း မနှောင်းလျှင်ကား “သမာနံ+ဥဒရံ ယဿာတိ သမာနောဒရော၊သမာနောဒဿ+ဘာဝေါ-သမာနောဒ ရတာ”ဟု သ မပြုရ။ [သောဒရိယော သဂဗ္ဘောစ, သောဒရော သဟဇော ပျထ”— အဘိဓာန်။]

၇၉။ **တံ မ,မညတြ။** ။အညတြ—ရိ,ရိက္ခ, ကပစ္စည်းတို့မှတပါးသော နောက်ပုဒ် နှောင်းလသော်၊ ကေသ္မိံ-ကေဝုစ်၌ (ဖြစ်ကုန်သော)၊တုမှမှာနံ-တုမှ အမှ သဒ္ဒါတို့၏၊ တံမံ—အစဉ်အတိုင်း တံပြု, မံပြုတို့သည်၊ ဟောန္တိ၊ တွံ+ဒီပေါ ဧတေသံတိ တံ ဒီပါ— သင်ဟူသော မှီခိုရာ ကိုင်းကျွန်းသဖွယ်ရှိသူတို့။ [ကေသ္မိံ ဟူရာ၌ “တွံ”ဟု ကေဝုစ် ဖြစ်ရမည်၊ တုမှေ စသည်ဖြင့် ဗဟုဝုစ်မဖြစ်ရ—ဟူလို၊ သမာသ်ပြီးသည့်အခါ၌မူ ကေဝုစ် ဗဟုဝုစ် ရှိနိုင်သည်၊] အဟံ+ဒီပေါ ဧတေသံတိ မံဒီပါ၊ တွံ+သရဏံ,တွံ+လေဏော, တွံ+တာဏံ ဧတေသံတိ တွံသရဏာ-သင်ဟူသော ကိုးကွယ်ရာရှိသူတို့၊ တံ လေဏာ, သင်ဟူသော ပုန်းအောင်းရာရှိသူတို့၊ တံ တာဏာ—သင်ဟူသော စောင့်ရှောက်သူ ရှိသူတို့၊ မံသရဏာ, မံလေဏာ, မံတာဏာတို့လည်း နည်းတူ၊ တုမှေန-တုမှသဒ္ဒါနှင့် ယောဂေါ—ယှဉ်ခြင်းတည်း၊ တယောဂေါ—ခြင်း၊ “တံ+ယောဂ”၌ နိဂ္ဂဟိတ်ချေ၊ ဒွေဘော်လာ၊ မယောဂေါ-အမှသဒ္ဒါနှင့်ယှဉ်ခြင်း၊ မံမ+ဂုရဝေါ=မဂ္ဂုရု-ငါ့ဆရာတို့၊ ဥဒ္ဒိသိတဗ္ဗောတိ ဥဒ္ဒေသိကော၊ အဟံ+ဥဒ္ဒေသိကော ယဿာတိ မမုဒ္ဒေသိကော=ငါ ဟူသော ညွှန်ပြထိုက်သူရှိသော ရဟန်းအပေါင်း၊ “မံ”၌ နိဂ္ဂဟိတ်ကို (မ်) ပြု။

## သမာသ် ဘာသာဋီကာ

ပြီးပြီ။

# တဒ္ဓိတ်ဘာသာဋီကာ

## အချီနိဒါန်း

**အနုသန္ဓေ။** ။နာမ်ပုဒ်အချင်းချင်း ချုံးချည်း စပ်ဟပ်ရာဖြစ်သော သမာသ်နာမ်ကို ပြပြီး၍ နာမ်ပုဒ်နှင့် ပစ္စည်းကို တစပ်တည်း စပ်ဟပ်ရာဖြစ်သော တဒ္ဓိတ်နာမ်ကို ပြခြင်းသည် ရှေ့နောက် အစီအစဉ် အဆင်ပြေလှသဖြင့် (အလင်္ကာနည်းအလို "ဩစိတျဂုဏ်" ရောက်သောကြောင့်) သမာသကဏ္ဍ၏ အခြားမဲ့၌ တဒ္ဓိတကဏ္ဍကို သဒ္ဒါတဗျာကရုဏ်းတို့ ပြကြသည်အားလျော်စွာ အရှင်ကစ္စည်းဆရာလည်း ထုံးစဉ်လာနည်းကျအောင် သမာသကဏ္ဍ၏ အခြားမဲ့၌ တဒ္ဓိတကဏ္ဍကို ဆက်လက် ပြတော်မူလိုရကား "ဝါဏပစ္စေ" စသော သုတ်ကို မိန့်တော်မူသတည်း။

**ဝိဂ္ဂဟနှင့် အရကောက်။** ။တေသံ+ဟိတော-တဒ္ဓိတော၊ တေသံ-ထိုနာမ်တို့၏၊ ဟိတော—စီးပွားတည်း၊ တဒ္ဓိတော—ထိုနာမ်တို့စီးပွား၊ ဤဝိဂ္ဂြိုဟ်အရ "ဏ" စသော ပစ္စည်းများသည် တဒ္ဓိတမည်၏၊ ချုံးအံ့ — တဒ္ဓိတကို "တ+ဟိတ"ဟု ပုဒ်ခွဲ၊ "တေသံ+ဟိတော-တဒ္ဓိတော"ဟု ဝိဂ္ဂြိုဟ်ပြု၊ "ယတသဒ္ဒါ, ရှေ့ရှိရာဝယ်, နောက်မှာ ဒွေဘော်, လာသော်လည်းရှိ, မလာဘိမူ, ယတာ၏နောက်, ဗိန္ဒုရောက်"နှင့် အညီ နိဂ္ဂဟီတဉ္စဖြင့် တ-နောက် နိဂ္ဂဟိတ်လာ (တံ+ဟိတ) ဒေါ်ဓသေစဍ္ဍ စဖြင့် ဟကို ဓပြု၊ မဒါသရေ၌ မဒါယောဂဝိဘာဂဖြင့် နိဂ္ဂဟိတ်ကို (ဒ်) ပြု၍ "တဒ္ဓိတ"ဟု ပြီး၏၊ ပုလ္လိင် နပုလ္လိင် ၂ မျိုးရှိသောကြောင့် "တဒ္ဓိတော-တဒ္ဓိတံ"ဟု သင့်သလို သုံးစွဲထားသည်ကို ကျမ်းဂန်တို့၌ တွေ့နိုင်သည်။ ["သမာသော စ တဒ္ဓိတော စ, ဝါကျတ္တေသု ဝိသေသကာ" (ပုလ္လိင်သုံးပုံ)၊ "ဏာဒယော တဒ္ဓိတံနာမ" နပုလ္လိင်သုံးပုံ။]

**နာမ်အပြား။** ။နာမ်ဝိဘတ်သက်ရာဖြစ်၍ နာမ်အခန်း၌ ပါဝင်ရသော ပုဒ်အားလုံးကို "ထိုနာမ်"ဟု ညွှန်ပြသည်၊ ထို့ကြောင့် ဓာတ်ပစ္စည်း ခွဲ၍မရသော တိဿဒတ္တစသော ရုဠ္ဟီနာမ်, ဓာတ်ပစ္စည်း ခွဲ၍ရကောင်းသော (ပုရဓာတ်+ဣသပစ္စည်းဟု ခွဲ၍ရကောင်းသော) ပုရိသစသော ကိတ်နာမ်, ရာဇပုတ္တစသော သမာသ်နာမ်, ဒဏ္ဍီစသော တဒ္ဓိတ်နာမ်နှင့် အချို့နိပါတ်များပင် "ထိုနာမ်" အရ၌ ပါဝင်ကြရသည်။ [တိဿတ္တံ-တိဿမည်သူ၏အဖြစ် (တ္တပစ္စည်းသက်ပုံ)၊ ပေါရိသံ-ယောကျ်ားတရပ် ပမာဏရှိသော အရာဝတ္ထု၊ ဝါ-တရပ်, တသူ, လက်ချပ်တဖောင် (ဏ ပစ္စည်း)၊ ရာဇပုတ္တကော—မင်းသားတို့၏ အပေါင်း (ကဏ်ပစ္စည်း) ဒဏ္ဍိတ္တံ – တုတ်ရှိသူ၏အဖြစ်၊ ဥပရိမော-အထက်၌ဖြစ်သည်၊ (ဥပရိနိပါတ်နောင် ဣမပစ္စည်း)၊ ဤသို့ စသည်ဖြင့် နာမ်ဝိဘတ်သက်ရသော ပုဒ်များနောင် တဒ္ဓိတ်ပစ္စည်းများ သက်ရသည်။

**နာမ်တို့၏ စီးပွားဖြစ်ပုံ။** ။အနက် ဟူသမျှသည် သဒ္ဒါတို့၏ စီးပွားတည်း၊ အနက်များများ ဟောနိုင်လေ သဒ္ဒါမှာစီးပွားတိုးလေ ဖြစ်၏၊ ပုရိသသဒ္ဒါသည် ( တဒ္ဓိတ်ပစ္စည်း မသက်ခင်က ) ယောကျ်ားဟူသော အနက်ကိုသာ ဟောနိုင်သော်လည်း "ပုရိသော ပမာဏံ အဿ" ဟူသော ဝိဂ္ဂိုဟ်နက်၌ ဏ ပစ္စည်းနှင့် တွဲဖက်ရသည့်အခါ "ပေါရိသံ"ဟု ဖြစ်၍ "ယောကျ်ားတရပ်လောက် အတိုင်းအရှည်ရှိသော အလုဝတ္ထု (တရပ်, တသူ, လက်ခုပ်တဖောင်ရှိသော ရေ"စသည်တို့ကို ဟောသဖြင့် ပုရိသောဟူသော နာမ်ပုဒ်မှာ အနက်တည်းဟူသော စီးပွားတိုးတက်လာလေသည်၊ ထို အနက်စီးပွားကို အကြောင်းပြု၍ "ဏ" စသော သဒ္ဒါလည်း ကာရကူပစာရအားဖြင့် ပါဠိလို ဟိတ, မြန်မာလို "နာမ်တို့၏+စီးပွား"ဟု ဆိုရသည်။ ["တေသံ ပုဗ္ဗုတ္တာနံ နာမာဒီနံ အတ္ထန္တရ ပကာသနေန ဟိတော တဒ္ဓိတော=အနက်တမျိုးကို တိုး၍ ပြနိုင်သောကြောင့် ထို ရှေးဆိုအပ်ပြီးသော နာမ် စသည်တို့၏ စီးပွားဖြစ်သော ပစ္စည်းသည် တဒ္ဓိတ်မည်၏"—သာရသ္ထတဋီကာ။]

**ကေဝုစ်ချခြင်းနှင့် တဒ္ဓိတ နာမည်။** ။တဒ္ဓိတ အမည်ရသော ပစ္စည်းတို့သည် ဏ-ဏာယန-ဏာန စသောအားဖြင့် များရကား "တေသံ + ဟိတာ, တဒ္ဓိတာ"ဟု ဗဟုဝုစ်ချသင့်သော်လည်း "တဒ္ဓိတ" အမည်ဟူသော ဇာတ်ကို ငဲ့၍ ဇာတျာပေက္ခနည်းဖြင့် "တဒ္ဓိတော"ဟု ကေဝုစ်ချရသည်။ ["ယဒျပိ တဒ္ဓိတသညကာ ပစ္စယာ ဗဟဝေါ သန္တိ၊ တထာပိ ဇာတျာဓိပ္ပါယေန (ဇာတ်ကို အလိုရှိသောအားဖြင့် ဇာတ်ကိုငဲ့သော ဇာတျာပေက္ခနည်းဖြင့်-ဟူလို၊) ကေဝစနံ"—သာရသ္ထတဋီကာ၊] ရှဉ်ကား "တေသံ + ဟိတာ, တဒ္ဓိတာ"ဟု ဗဟုဝုစ်ပင်ချသည်၊ ဤပြခဲ့သော စကားစဉ်အရ "တဒ္ဓိတ" နာမည်သည် ပြခဲ့သောနည်းအားဖြင့် ဏ စသော ပစ္စည်းများ၏ နာမည်တည်း-ဟု မှတ်ပါ၊ ထိုပစ္စည်းနှင့် တကွဖြစ်သော ဝါသိဋ္ဌောစသော ပုဒ်များကား သဟာစရဏနည်း, ပုဒ်နှင့်ပစ္စည်းဖြစ်၍ မကင်း စကောင်းသော အဝိနာဘာဝနည်း, အစိတ်ပစ္စည်း၏ တဒ္ဓိတ အမည်ကို အပေါင်း တပုဒ်လုံးအပေါ်၌ တင်စားသော ကေဒေသူပစာရနည်း (အဝယဝူပစာရနည်း) အားဖြင့် တဒ္ဓိတ မည်၏၊ ထို ဏ စသော ပစ္စည်းတို့ကို ပြရာကျမ်း (အခန်း) မှုကား ထို တဒ္ဓိတမည်သော ပစ္စည်းတို့၏ တည်ရာဖြစ်သောကြောင့် ဌာနျူပစာရအားဖြင့် (ဌာနီပစ္စည်းတို့၏ အမည်ကို ဌာနကျမ်းပေါ်၌ တင်စားသောအားဖြင့်) တဒ္ဓိတ မည်သည်။ ["ကပ္ပေါပန တဒါဓာရတ္တာ တဒ္ဓိတန္တိ ပဝုစ္စတိ"—နီတိ။]

**သဒ္ဒနီတိ အရကောက်ပုံ။** ။တဒ္ဓိတ ဟူသော နာမည်သည် ဏ စသော ပစ္စည်းများ၏ နာမည်လည်း ဟုတ်၏၊ ဉာဏ်ဖြင့် ကြံစည် ပြုလုပ်အပ်သော ကေသေသ်နှင့် သင်္ချာအစီအရင်များ၏ နာမည်လည်း ဟုတ်၏၊ ခွဲဦးအံ့—"ပုရိသ—

ပုရိသ''ဟု ၂ ပုဒ် ၃ ပုဒ် စသည်ဖြင့် များစွာသော ပုရိသပုဒ်တို့တွင် တပုဒ်သာ ချန်၍ အခြားပုဒ်များကို ချေ-ဟု ညာဏ်ဖြင့် ကြံစည် ပြုလုပ်အပ်သော ဧကသေသ် အစီအရင် ရှိ၏၊ ဒသ ဒသ ၂ ခုကို ဝီသတိပြုခြင်းစသော သင်္ချာအစီအရင်လည်း ရှိ၏၊ ထို အစီအရင်များ၌ ထာစသော ပစ္စည်း မပါသော်လည်း တဒ္ဓိတ် အစီအရင် ပင် ဖြစ်သည်၊ ထိုကဲ့သို့ စီရင်ခြင်းဖြင့် ပြီးစေအပ်သော ''ပုရိသာ·ဝီသတိ'' စသော ပုဒ်များလည်း အစီအရင်၏ တည်ရာဖြစ်၍ ဌာနျူပစာရ အားဖြင့်လည်း ကောင်း, စီရင်ခြင်းကြောင့် ပြီးရသော အကျိုးပုဒ်များဖြစ်၍ ကာရဏူပစာရ အားဖြင့်လည်းကောင်း တဒ္ဓိတအမည် ရကြသည်။ [တဒ္ဓိတန္တိ-အပစ္စာဒိအတ္ထေ သု ပဝတ္တာနံ ဏာဒိပစ္စယာနံ နာမံ၊ ပရိကပ္ပါဒိဝသေန နိပ္ဖါဒေတဗ္ဗဿ ဝိဓိ နော်ပိ နာမံ။]

မှတ်ချက်။ ။ဤသဒ္ဒနီတိဝါဒသည် တဒ္ဓိတ်ခန်းဝယ် ဧကသေသ်နှင့် သင်္ချာတို့ ကိုပါ ပြထားသော အရှင် ကစ္စည်းဆရာ၏ ဝါဒနှင့်လည်း ညီမျှပါပေသည်၊ ဤနီတိ ဆရာ၏ ဝါဒကိုရည်ရွယ်၍ ဘေဒစိန္တာ၌ ''ဏာဒျေဝ တဒ္ဓိတံနာမ,ပရိကပ္ပဝသာဒိနာ၊ နိပ္ဖါဒေတဗ္ဗကမ္မဉ္စ,တဒ္ဓိတံတျပရေ ဝိဒူ''ဟု ဆိုသည်၊ဧကသေသ်နှင့် သင်္ချာတို့ကို တဒ္ဓိတ် ဟု မဆိုလိုသော ဆရာတို့ကား ဧကသေသ်သည် ရိုးရိုးနာမ်ပုဒ် (သုဒ္ဓနာမ်) ပင်၊ ဝီသတိ စသော သင်္ချာတို့လည်း ဒသ ၂ နကို ဝီသတိဖြစ်အောင် စီရင်ဖွယ် မလို, သူ့နဂို အတိုင်းပင် ၂၀ စသော အရေအတွက်ကို ဟောသော သုဒ္ဓနာမ်ပင်တည်း၊ ကောဒသ စသော သင်္ချာတို့ကား ''ဧကေန+အဓိကာ+ဒသ'' စသည်ဖြင့် တွဲစပ်ထားသော သမာသ်ပုဒ်များ ဖြစ်၏-ဟု ယူလိုကြသည်။

**တဒ္ဓိတ်အပြား။** ။သာမည တဒ္ဓိတ်, ဘာဝ တဒ္ဓိတ်, အဗျယ တဒ္ဓိတ် အားဖြင့် ၃ မျိုးပြား၏၊ ထိုတွင် အပစ္စအနက် သံသဋ္ဌစသော အနက်များသည် အနက်အမျိုးမျိုးနှင့် ဆက်ဆံသောကြောင့် သာမည ဖြစ်၏။ [ဝသိဋ္ဌနောင် အပစ္စအနက်၌ သက်သော ဏပစ္စည်းသည် ဝသိဋ္ဌ၏သား, ဝသိဋ္ဌ၏သမီး ဝသိဋ္ဌ ၏ အမျိုးဟု အနက်အမျိုးမျိုးနှင့် ဆက်ဆံ၏၊ သံသဋ္ဌ အနက်၌ သက်သော ဏိက ပစ္စည်းသည် ''ဂေါဠိက-တင်လဲနှင့် ရောအပ်သော ဘောဇဉ်, ယာဂု, မုန့်'' စသည်ဖြင့် အနက်အမျိုးမျိုးနှင့် ဆက်ဆံ၏၊ ဤသို့ အနက်များစွာနှင့် ဆက်ဆံ၍ သာမန်ဖြစ်သောကြောင့် သာမညတဒ္ဓိတ်ဟု ခေါ်သည်၊] ဘာဝတဒ္ဓိတ်၌ကား ပဝတ္တိနိမိတ်ဟု ခေါ်ရသော အနက်တမျိုးသာရှိ၏၊အဗျယတဒ္ဓိတ်လည်း အဗျယ ပုဒ်တမျိုးသာ ဖြစ်၏၊ ထို့ကြောင့် အကျဉ်းချုပ်အားဖြင့် တဒ္ဓိတ် ၃ မျိုးသာ ပြားသည်၊ ထိုတွင် သာမညတဒ္ဓိတ်သည် အပစ္စတဒ္ဓိတ်, သံသဋ္ဌစသော အနက် များစွာရှိသော အနေကတ္ထတဒ္ဓိတ်, အဿတ္ထိတဒ္ဓိတ်, သင်္ချာတဒ္ဓိတ် အားဖြင့် ၄ မျိုးပြားပြန်သည်။ [ရှု တဒ္ဓိတ်အဆုံး ဂါထာကို ကြည့်။] သမာသ်နှင့် တဒ္ဓိတ် အထူးကို ရှုပသိဒ္ဓိ သမာသ်အစ၌ ပြထားသည်။

## အပစ္စတဒ္ဓိတ်

ဝါဏ-ပစ္စေ ၃၄၄။ **တဿ**—ထိုသူ၏၊ အပစ္စံ—သားတည်း၊ ဣစ္စေတသ္မိံ အတ္ထေ-ဤအနက်၌၊ ဏပစ္စယော-သည်၊ ဝါ ဟောတိ-ဝိကပ် ဖြစ်၏၊ ဝသိဋ္ဌဿ—ဝသိဋ္ဌ၏၊ အပစ္စံ-သားတည်း၊ ဝါသိဋ္ဌော—ဝသိဋ္ဌ၏သား၊ ဝသိဋ္ဌဿ အပစ္စံဝါ—ဝသိဋ္ဌဿ + အပစ္စံဟု ဝါကျလည်း ရှိ၏၊ ဝသိဋ္ဌဿ—၏၊ အပစ္စံ—သမီးတည်း၊ ဝါသိဋ္ဌီ—ဝသိဋ္ဌ၏ သမီး၊ ဝသိဋ္ဌဿ—၏၊ အပစ္စံ—အမျိုး တည်း၊ ဝါသိဋ္ဌံ—ဝသိဋ္ဌ၏ အမျိုး၊ ဧဝံ — ဤ့အတူ၊ ဘာရဒ္ဒွါဇော-ဘာရဒ္ဒွါဇ၏သား၊ ဘာရဒ္ဒွါဇီ-သမီး၊ ဘာရဒ္ဒွါဇံ-အမျိုး၊ ဂေါတမော-ဂေါတမ၏ သား၊ ဂေါတမီ-သမီး၊ ဂေါတမံ-အမျိုး၊ ဝါသုဒေဝေါ-ဝသုဒေဝ၏ သား၊ ဝါသုဒေဝီ-သမီး၊ ဝါသုဒေဝံ-မျိုး၊ ဗာလဒေဝေါ—ဗလဒေဝ၏သား၊ ဗာလ ဒေဝီ-သမီး၊ ဗာလဒေဝံ-မျိုး၊ ဝေဿာမိတ္တော-ဝေဿာမိတ္တ၏သား၊ ဝေဿာ မိတ္တီ-သမီး၊ ဝေဿာမိတ္တံ-မျိုး၊ (၃၆၁)။

၃၄၄။ **ဝါဏပစ္စေ**။ ။"ဝါ + ဏော=အပစ္စေ"ဟု ရှိသင့်သော်လည်း ဏော၏ ဩကိုချေ၍ နောက်သရသို့ ကပ်ထားသောကြောင့် "ဝါဏပစ္စေ"ဟု ရှိရသည်၊ "ဝါဏ ပစ္စေတိ ဧတ္ထ ဏာတိ (ဏ ဟူ၍) ဝုဒ္ဓသရလောပတော ဝုတ္တော"-ရူဋီ၊ တနည်း-နဂိုကပင် ဝိဘတ်မပါပဲ "ဏ"ဟု ညွှန်ပြထားသော အဝိဘတ္တိကနိဒ္ဒေသ စကားတည်း၊ ထိုသို့ ဝိဘတ်မပါပဲ "ဏ"ဟု ညွှန်ပြသဖြင့် ဏောပစ္စည်း လေလော, ဏပစ္စည်းလေလောဟု မတွေးတောရပဲ ဏ ပစ္စည်းဟု ပစ္စည်း သရုပ်သကောင်ကို ရှင်းလင်းစွာ သိစေရခြင်းအကျိုး ရှိ၏၊ "ဝါဏော အပစ္စေ"ဟု ဏော၌ သိဝိဘတ်နှင့်တကွ ညွှန်ပြထားခဲ့လျှင် "ဏော - ဏော ပစ္စည်းသက်၊ တနည်း, ဏော-ဏ ပစ္စည်းသက်"ဟု အနက်ပေးကာ ပစ္စည်း ၂ မျိုး ယုံမှားဖွယ်ရာ ရှိလိမ့်မည်-ဟူလို။ [ အဝိဘတ္တိကနိဒ္ဒေသော ဝါ ပစ္စယ သရူပါသန္ဒေဟတ္ထော=ဏဟု ဝိဘတ်မပါပဲ ညွှန်ပြအပ်သော သဒ္ဒါ ဖြစ်သည်၊ ထိုသို့ ဝိဘတ်မပါပဲ ညွှန်ပြသဖြင့် ပစ္စည်းသရုပ်သကောင်ကို မယုံမှားရခြင်း (ဏ ပစ္စည်းဟု အသေအချာသိရခြင်း) အကျိုးရှိသည်" ရူဋီကာ၊ လာလတ့်သုတ်တို့ ဝယ် "ဏာယန ဏာန"ဟု လည်းကောင်း "ဏေရ"ဟုလည်းကောင်း ဆိုရာ၌ လည်း ဤ အဝိဘတ္တိကနိဒ္ဒေသနည်းချည်းတည်း။ ] အချို့စာများ၌ "ဝါဏာ-ပစ္စေ"ဟု ရှိ၏၊ ပြခဲ့သော ဋီကာနှင့်မညီ၊ ကလာပ်၌လည်း "ဝါဏ ပစ္စေ"ဟု ပင် ရှိသည်။

**တဿ ပစ္စမိစ္စေတသ္မိံ အတ္ထေ**။ ။သုတ်၌ပါသော "အပစ္စေ" ပုဒ်ကို "တဿာပစ္စမိစ္စေတသ္မိံ အတ္ထေ"ဟု ဖွင့်၏၊ ထိုသို့ ဖွင့်ရာ၌ "အပစ္စမိစ္စေတသ္မိံ အတ္ထေ"သည် အပစ္စေပုဒ်ကို တိုက်ရိုက်ဖွင့်သော သုတ္တာဝုတ္တိတည်း၊ "အပစ္စံ- သားတည်း, သမီးတည်း, အမျိုးအနွယ်တည်း"ဟု ပေးရာ၌ "မည်သူ၏+သား

နည်း''ဟု ရှေသမွန်ကို ငဲ့လျက်ရှိသောကြောင့် "တဿ"ဟု ရှေသမွန်ကို ထည့်၍ ဖွင့်ရကား တဿသည် ပက္ခိပနဝုတ္တိတည်း၊ ထို "တဿ"ဖြင့် "ဝသိဋ္ဌဿ, ဘာရဒွါဇဿ" စသည်ကို ညွှန်ပြသည်၊ ဤ "တဿ+အပစ္စမိစ္စေတသ္မိံ အတ္ထေ"ကို ထောက်၍ "ဏ ပစ္စည်းသည် ဆဋ္ဌီဝိဘတ်၏ သမွန်အနက်နှင့်တကွ အပစ္စပုဒ်၏ အနက်ကို ဟောသည်"ဟု မှတ်ပါ။

အနက်ပေး။ ။ထို့ကြောင့် "ဝသိဋ္ဌဿ+အပစ္စံ"ဟူသော အနက်၌ ဏ ပစ္စည်း သက်သောအခါ ထို ဏ ပစ္စည်းက သ ဝိဘတ်၏ အနက်နှင့် အပစ္စ၏ အနက်ကို ဟောသောကြောင့် ထိုသနှင့်အပစ္စပုဒ်တို့ကြေပျောက်ကြရတော့သည်၊ အနက်ပေးရာ၌ကား "ဝါသိဋ္ဌော-ဝသိဋ္ဌ၏+သား"ဟု ဆဋ္ဌီဝိဘတ်သံဖြစ်သော "၏" ပါသည်ဖြစ်စေ "ဝသိဋ္ဌ+သား"ဟု "၏" မပါသည်ဖြစ်စေ ပေးနိုင်သည့် နည်းသာ၊ သို့ရာဝယ် ပုဒ်နှင့်ပစ္စည်း စပ်ခြင်းသည် စကားကျဉ်းအောင် ချုံးခြင်း တမျိုးဖြစ်သောကြောင့် မြန်မာပြန်ရာ၌လည်းအဓိပ္ပာယ်မပျက်လျှင် ကျဉ်းအောင် ပြန်ခြင်းသာ အနက်မှန်ကျသည်၊ ထို့ကြောင့် ဝိဘတ်သံကိုချုံး၍ "ဝါသိဋ္ဌော-ဝသိဋ္ဌသား"ဟု မြန်မာပြန်နိုင်လျှင် သာ၍ ကောင်း၏၊ မြန်မာစကား၌ ဖြေ၏+သားကို "ဖြေ့သား" ဦးတိဿ၏+တပည့်ကို "ဦးတိဿတပည့်"ဟု ဝိဘတ်သံ ဖျောက်ထားသကဲ့သို့တည်း၊ သို့သော် စာသင်သားတို့ယုံမှားမည်စိုးသောကြောင့် "ဝသိဋ္ဌ၏သား"ဟု "၏" အသံပါထည့်၍ အနက်ပေးရတော့သည်။

အပစ္စံ။ ။နပုံသ + ပတာခါတ်, ဏျ ပစ္စည်းဖြင့် န+ပတျဟု ဖြစ်ပြီးနောက်, နနောင် သိသက်, ချေ, နနှင့် ပတျကို ကမ္မဓာရယမိဿက တပ္ပုရိသ်သမာသ် တွဲ၍ နကို အပြုလျှင် "အပတျ"ဟု သက္ကတ၌ဖြစ်၏၊ ပါဠိ၌ကား တျကို စပြု, ဒွေဘော် လာ၍ "အပစ္စ"ဟု ဖြစ်၏၊ "န ပတတိ န ဆိဇ္ဇတိ ဝံသော ဧတေနာတိ အပစ္စံ"ဟု ကရဏသာဓန ဝိဂ္ဂြိုဟ်ပြု၊ ဧတေန-ဤ သား မြေး တပည့်တပန်းစသော အစဉ် အဆက်ဖြင့်၊ ဝံသော-အမျိုးအနွယ်သည်၊ န ပတတိ န ဆိဇ္ဇတိ-မကျ၊ ဝါ-မပြတ်၊ ဣတိ, အပစ္စံ-မည်၏၊ ပုတ္တပပုတ္တာဒိ သိဿပသိဿာဒိ သန္တာနော-သား မြေး စသော အစဉ်အဆက်, တပည့်တပန်းစသော အစဉ်အဆက်ရှ၏၊ ဤနည်းအလို "အပစ္စ-အမျိုးအနွယ်၏ မပြတ်စဲကြောင်းဖြစ်သော သား မြေး တပည့်တပန်း စသော အစဉ်အဆက်၌"ဟု အနက်ပေး၊ ဤအနက်အရ အပစ္စသဒ္ဒါသည် သား သမီးကိုသာ ဟောသည်မဟုတ်, သား သမီး မြေး မြစ်-တပည့်တပန်းစသော အဆက်အနွယ်ကို ဟော၏၊ ထို့ကြောင့် ထို အမျိုးအနွယ်တွင် ပါဝင်သူ ယောကျ်ား မိန်းမဟူသမျှကို "အပစ္စံ-သားတည်း, မြေးတည်း, သမီးတည်း" စသည်ဖြင့် အရာရှာနလိုက်၍ အနက်ပေးနိုင်၏၊ အပစ္စအနက်၌ ဏပစ္စည်းသက် ပြီးသော ဝါသိဋ္ဌသဒ္ဒါနောင် မြေး စသည်ကို ဟောလိုရာဝယ် ထပ်၍ ပစ္စည်း သက်ဖွယ်လည်း မလိုဟု မှတ်ပါ။

**ဗုဒ္ဓဃောသဋီကာ**။ ။န ပတတိ(န ဆိဇ္ဇတိ) ဝံသော ဧတေနာတိ အပစ္စံ,ပုတ္တ ပပုတ္တာဒိ သိဿပသိဿာဒိ သန္တာနော၊ တေန ပုတ္တ ပေါတ္တ ပပေါတ္တာဒေါ (သား, မြေး, မြစ် စသော ယောကျ်ား ဟူသမျှ၌လည်းကောင်း) ဇဝံ ကညာယံ (ဤ့အတူ သမီး, မြေးမ စသော မိန်းမဟူသမျှ၌လည်းကောင်း)အပစ္စ ပစ္စယော ဘဝတိ၊ တတော စ အပစ္စ ပစ္စယတော ပုန အပစ္စ ပစ္စယော န ဘဝတိ။

**အပစ္စ၏ ဝိဂ္ဂဟတမျိုး**။ ။န ပတန္တိ နရကေ ဧတေနာတိ အပစ္စံ၊ ဧတေန- ဤ သား မြေးစသော အစဉ်အဆက်ဖြင့်၊ ပိတရော-မိဘတို့သည်၊ နရကေ-ငရဲ၌၊ ဝါ-အပါယ်၌၊ န ပတန္တိ - မကျကြရကုန်၊ ဣတိ, အပစ္စံ - မည်၏၊ လောက၌ သား သမီး မထွန်းကားသော မိဘတို့သည် လူသတ္တဝါကို အဆက်ပြတ်အောင် ပြုမှုကြောင့် "ပုမ" မည်သော ငရဲ၌ ကျရောက်သည်ဟု သာသနာပ၌ ဝါဒ တမျိုးရှိ၏၊ ထိုဝါဒအတိုင်း သားသမီးရသူတို့မှာ ငရဲမကျရတော့သဖြင့် သား သမီး အစဉ်အဆက်သည် မိဘတို့၏ ငရဲမကျကြောင်းဖြစ်၍ အပစ္စမည်၏၊ ဤ နည်းအလို "အပစ္စေ-မိဘတို့၏ ငရဲမကျကြောင်းဖြစ်သော သား သမီးစသော အစဉ်အဆက်ဟူသော အနက်၌"ဟု ပေး၊ [ဤအယူဝါဒကို လိုက်နာသော အားဖြင့် ရှေးက ဗြာဟ္မဏအချို့တို့သည် ရသေ့လုပ်၍ မေထုန်ရှောင်ကာ ဗြဟ္မ စရိယကျင့်ပြီးမှ ၄၈ နှစ် ပြည့်သည့်အခါ ကညာဘိက္ခဖြင့် (အမျိုးသမီးကို တောင်း၍) သား သမီးဖြစ်ထွန်းစေကြပြီးလျှင် ထို့နောက်တဖန် ပြန်၍ ဗြဟ္မ စာရီ ကျင့်ကြလေသည်။]

**ဗာလမနောရမာ**။ ။**အပစ္စသဒ္ဒေါ** ဟိ န အတ္တဇပရိယာယော(သား သမီး ကိုသာ ဟောသော အတ္တဇ၏ ပရိယာယ် သဒ္ဒါမဟုတ်) ကိန္တုပုတ္တပေါတ္တာဒိ သန္တတိပရိယာယော၊ န ပတန္တိ နရကေ ပိတရော ယေန, တဒပစ္စမိတိ ပန္တိဝိသတိ သုတ္တေ ( ၂၀ နံပါတ် သုတ်၌) ဘာသော ဗျုပ္ပါဒိတတ္တာ (မဟာဘာဿဝယ် ဝိဂ္ဂိုဟ်ပြုအပ်သည်၏ အဖြစ်ကြောင့်တည်း)။

**အပစ္စံဟု နပုလ္လိင် ချရပုံ**။ ။အပစ္စအရ ပုတ္တာဒိသန္တာန ရသောကြောင့် သန္တာနောကိုငဲ့၍ "အပစ္စော"ဟု ပုလ္လိင်ဖြင့် ထားသင့်သည် မဟုတ်ပါလော, အဘယ်ကြောင့် "အပစ္စံ"ဟု နပုလ္လိင်ဖြင့် ထားရပါသနည်း-ဟု မေး၊ အဖြေ ကား-ဏျ ပစ္စည်းသည် ("ဏျတ္တနှင့်, တ္တန ပေါင်းရုံး, သုံးပစ္စည်းမှာ, နပုံးသာ" နှင့်အညီ) များသောအားဖြင့် နပုလ္လိင်ကိုထွန်းပြ၏၊ ထို့ကြောင့် သဒ္ဒလိင်လိုက်၍ အပစ္စံဟု နပုလ္လိင်ထားရသည်၊ အဘိဓာန်တို့၌လည်း "သား"ဟူသောအနက်ကို ဟောရာ၌ပင် "အပစ္စံ ပုတ္တော.တြဇော သုတော"ဟု နပုလ္လိင်ရှိရသည်။

**နိဒ္ဒေသ**။ ။နိဒ္ဒေသ၌ "အဗျတ္တော ဂုဏသန္ဒေဟော, နပုံသကမိဟုစ္စတေ၊ ဇဝံ ဟိ သဒ္ဒပ္ပကတိ, ဒိဗေတဗ္ဗာ ဝိဘာဝိနာ" ဟူသော ဂါထာကို ကိုးကား၍ လိင်အားဖြင့် မထင်ရှားသောကြောင့် နပုလ္လိင် ချရသည်-ဟု ဆို၏၊ [အဗျတ္တော-

၂ လိင် ၃ လိင် ဆက်ဆံနေသောကြောင့် မည်သည့်လိင်ဟု မထင်ရှားသော၊ ဂုဏသန္ဒေဟေ-လိင်အားဖြင့် ယုံမှားဖွယ်ရှိသော ဂုဏ်ဝိသေသနပုဒ်မျိုး၌၊ နပုံသကံ-နပုလ္လိင်ကို၊ ဣဟ-ဤလောက၌၊ ဥစ္စတေ-ဆိုအပ်၏၊ ဇဝံ ဟိ-ဤသို့လျှင်၊ သဒ္ဒပ္ပကတိ-သဒ္ဒါထုံးစံကို၊ ဝိဘာဝိနော-ပညာရှိသည်၊ ဒီပေတဗ္ဗာ-ပြထိုက်၏။]

သာမညေ-ဘိမတေ သဒ္ဒေ၊ နိဒ္ဒိဿတိ ပုမေန ဝါ၊
နပုံသကေနဝါ ပီတိ, သဒ္ဒသတ္ထဝိဒူ ဝိဒုံ။

ဤဗာလာဝတာရဂါထာ အလိုအားဖြင့် လိင် ၃ ပါးနှင့် ဆက်ဆံ၍ သာမညဖြစ်သောကြောင့် အပစ္စံဟု နပုလ္လိင် ညွှန်ပြထားသည်ဟု ဆိုလို၏၊ သာမညေ—လိင်သာမညကို၊ အဘိမတေ-အလိုရှိအပ် ဆိုလိုအပ်သော်၊ သဒ္ဒေ-ကို၊ ပုမေန ဝါ-ပုလ္လိင်ဖြင့်ဖြစ်စေ၊ နပုံသကေနဝါပိ-ဖြစ်စေ၊ နိဒ္ဒိဿတိ-ညွှန်ပြအပ်၏၊ ဣတိ-ဤနည်းကို၊ သဒ္ဒသတ္ထဝိဒူ-သဒ္ဒါကျမ်းသိ ပညာရှိတို့သည်၊ ဝိဒုံ-သိကြကုန်၏။

ဤသို့ နိဒ္ဒေသနှင့် ဗာလာဝတာရတို့ ဆိုကြသော်လည်း အဘိဓာန်ကျမ်းတို့၌မူ ယုံမှားဖွယ်လည်း မရှိ - သာမညလည်း မဟုတ်သော သားအနက်ကိုဟောရာ၌ပင် "အပစ္စံ"ဟု နပုလ္လိင်ဖြင့် ပြထားသောကြောင့် ဏျပစ္စည်းဟူသော သဒ္ဒါ၏ လိင်သို့လိုက်၍ အပစ္စသဒ္ဒါကို အမြဲ နပုလ္လိင်ထားရသည်ဟု မှတ်။ [နပုံသကေ လိင်္ဂေန, သဒ္ဒေါ ဒါဟု ပုမေနဝါ, နိဒ္ဒိဿတီတိ ဉာတဗ္ဗ-မဝိသေသေ ဝိနိစ္ဆိတေ" ဟူသော ပဒသာဓနကား ဤနေရာ၌ပြသော ဂါထာမဟုတ်၊ တဒ္ဓိတ်ပစ္စည်း အားလုံး၏ လိင်ကိုပြသောအရာဝယ် ဆိုအပ်သော ဂါထာတည်း။]

ပုရာ ကပိလဝတ္ထုမှာ, နိက္ခန္တော လောကနာယကော၊
အပစ္စော ဩက္ကာကရာဇဿ, သကျပုတ္တော ပဘံကရော။

ဤကား အပစ္စသဒ္ဒါ၏ အနွယ်ဟော သာဓကဂါထာတည်း၊ (သုတ္တနိပါတ် ပါရာယနဝဂ်, အဇိတပုစ္ဆာ)၊ ဩက္ကာကမင်းသည် သာကီဝင်မျိုးကို စ တည်ထောင်သော ပဌမမင်းတည်း၊ ထိုမင်း၏ အဆက်အနွယ်၌ ဖြစ်သောကြောင့် ဘုရားရှင်ကို "အပစ္စော ဩက္ကာကရာဇဿ"ဟု ဆိုသည်၊ အပစ္စော—ဩက္ကာကမင်း၏ အနွယ်၌၊ ဇာတော-ဖြစ်သူတည်း၊ အပစ္စော-ဩက္ကာကမင်း၏ အနွယ်၌ ဖြစ်သူ၊ ဤသို့ ဇာတတဒ္ဓိတ်ဆင့်၍ ဏပစ္စည်း (သို့မဟုတ် အ ပစ္စည်း) သက်ထားသောကြောင့် "အပစ္စော"ဟု ပုလ္လိင်ဖြစ်ရသည်၊ အနွယ်အဆက် သာမညကို ဟောရာ၌ကား "အပစ္စံ"ဟု နပုလ္လိင်သာတည်း၊ ထို့ကြောင့် အမရကောသ အဘိဓာန်၌ "အပတျံ (အပစ္စံ) တောကံ-သား, သမီး၊ ဒွေ-သဒ္ဒါ ၂-ခုတို့သည်၊ တယော (တေသု)-ထို သားသမီးဟူသော အနက်တို့၌၊ သမေ (သမာ)-လိင်တူကုန်၏"ဟု ဆိုသည်။ [ဤ၌ "သားသမီး"ဟု ဆိုထားသော်လည်း ထိုအနွယ်တွင်ပါဝင်သော မြေးထီး မြေးမ-စသည်ကိုပါ ယူနိုင်ကြောင်းကို ပြခဲ့သော မုဒ္ဓဗောဓဋီကာဖြင့် သိပါ။]

**ဝါသဒ္ဒါ၏ အနက်။** ။ဤသုတ်၌ ဝါသဒ္ဒါသည် ဝိကပ္ပန အနက်ရှိ၏၊ ဝိကပ္ပန (ဝိကပ်) ဟူရာ၌လည်း ဗာလာဝတာရ၌ "ဝါတိ ဝါကျတ္တံ"ဟု ဆို၏၊ ဝါတိ-ဝါသဒ္ဒါသည်၊ ဝါကျတ္တံ-ဝါကျလည်းရှိရခြင်းအကျိုးရှိ၏၊ "ဝါသိဋ္ဌော" ဟု ဏ ပစ္စည်းသက်၍ တဒ္ဓိတ်စီရင်ခြင်းသည် ဝိကပ္ပန-တမျိုးတဖုံ စီရင်ခြင်းသာ ဖြစ်၏၊ ဏ ပစ္စည်းမသက်ပဲ "ဝသိဋ္ဌဿ+အပစ္စံ"ဟု ဝါကျလည်း ရှိသည်— ဟူလို၊ ဤစကားသည် "ဝသိဋ္ဌဿ အပစ္စံ"ဟု တဒ္ဓိတ်ပစ္စည်း မသက်ရသော ပုံစံကိုလည်း ပြထားသော ကစ္စည်းဝုတ္တိနှင့် ညီ၏၊ မောဂ္ဂလ္လာန်၌ကား "ဝေတိ ဝါကျသမာသ ဝိကပ္ပနတ္ထံ—ဝါသဒ္ဒါသည် ဝါကျလည်းရှိနိုင်, သမာသ်လည်း ရှိနိုင်၏ ဟု အမျိုးမျိုး စီရင်ခြင်းအနက်ရှိ၏"ဟု ဆို၏၊ "ဝါသိဋ္ဌော" ဟူသော တဒ္ဓိတ်သာမက, "ဝသိဋ္ဌဿ အပစ္စံ"ဟု ဝါကျလည်းရှိနိုင်, ဝသိဋ္ဌာ - ပစ္စံ= ဝသိဋ္ဌသား"ဟု သမာသ်လည်း ရှိနိုင်သည်-ဟူလို၊ ဗာလာဝတာရနှင့် ဆိုပုံသာ ကွဲ၏၊ အဓိပ္ပာယ်မှာ သဘောတူပင်၊ ဤမောဂ္ဂလ္လာန် အဆိုသည် "ဝါဂ္ဂဟဏံ ဥပဂုဿ+အပစ္စံ ဩပဂ္ဂပစ္စံ စ သျာတ်" ဟူသော ကလာပ်ဝုတ္တိနှင့် ညီ၏၊ ဤ၌ "ဥပဂုဿ+အပစ္စံ"သည် ဝါကျ၊ ဩပဂ္ဂပစ္စံသည် သမာသ်တည်း၊ ဤသုတ်မှ ဝါ သဒ္ဒါသည် တဒ္ဓိတ်ပစ္စည်းသက်သော သုတ်တိုင်းသို့ လိုက်သွားလိမ့်မည်။ ["ဝါဏ ပစ္စေတိ ဣတော ဝါတိ တဒ္ဓိတဝိဓာနေ သဗ္ဗတ္ထ ဝတ္တတေ"—ရူ။]

**ဝသိဋ္ဌဿ၊ ပေ၊ ဝါသိဋ္ဌံ။** ။ဝသော ယဿ အတ္ထီတိ ဝသီ=စွမ်းရည်သတ္တိ ရှိသူ၊ "ဝသိနံ ဝိသေသောတိ ဝသိဋ္ဌော" ဝသီနောင် ဝိသေသအနက်၌ ဣဋ္ဌပစ္စည်း သက်၍ (စွမ်းရည်သတ္တိ အထူးရှိသော ရသေ့တယောက်ကို) ဝသိဋ္ဌဟု ခေါ်သည်၊ ထိုရသေ့သည် နောင်အခါ မယားယူ၍ သား မြေးစသည် ပေါက်ဖွားလေရကား ထို ဝသိဋ္ဌမည်သော ရသေ့၏ သား မြေးစသော အဆက်ဆက်သည် "ဝသိဋ္ဌဿ+ အပစ္စံ"ဟူသော ဝိဂ္ဂြိုဟ်အရ ဝါသိဋ္ဌမည်၏၊ ဤသို့ သားအဆက်ဆက် သမီး အဆက်ဆက်ကို ဝါသိဋ္ဌ—ဝါသိဋ္ဌီသဒ္ဒါတို့က ဟောသော်လည်း ထို အဆက် အနွယ်တွင် ပဌမဆုံး သားနှင့် သမီးကို (ဥပလက္ခဏနည်းအားဖြင့်) မှတ်သား၍ "အပစ္စံ—သားတည်း, သမီးတည်း"ဟု အနက်ပေးကြရသည်။ [ရူပသိဒ္ဓိ၌ကား တနည်းဆိုသေး၏၊ ထိုအဆိုကို ရူစာကိုယ်နှင့် ဘာသာဋီကာမှာ ရှု၊] ထို ဝါသိဋ္ဌ ပုဒ်သည် ပါဠိသုံးအားဖြင့် ဣကို တေသုဝုဒ္ဓိဖြင့် ေ ပြု၍ "ဝါသေဋ္ဌ"ဟု ဖြစ်၏၊ "သာသနာနုရူပဝသေန ပန ဣကာရဿ ဧကာရတ္တေ ကတေ ဝါသေဋ္ဌောတိ နိစ္စံ ဘဝတိ"—နီတိ။

**သက္ကတအလို နပုံရုပ် မရှိ။** ။သားသမီး မွေးဖွားလာလျှင် အမျိုးအနွယ် အဆက်မပြတ်တော့သဖြင့် သားသမီး စသူကိုသာ ဝါသိဋ္ဌော ဝါသိဋ္ဌီ စသည်ဖြင့် ခေါ်ဝေါ်ခြင်းသည် "န ပတတိ န ဆိဇ္ဇတိ ဝံသော ဧတေန"ဟူသော ဝိဂ္ဂြိုဟ်အရ အပစ္စ အနက်၌ ဏပစ္စည်း သက်သောကြောင့် သင့်မြတ်ပါပေ၏၊ အမျိုးကို

"ဝါသိဋ္ဌ"ဟု ခေါ်ဝေါ်ရာ၌ကား "ဧတေန-ဤအမျိုးဖြင့်၊ ဝံသော-အမျိုး အနွယ်သည်၊ န ပတတိ န ဆိဇ္ဇတိ-မပြတ်"ဟု ဝိဂ္ဂိုဟ်ပြု၍ "အမျိုးအနွယ်၏ မပြတ်ကြောင်းအမျိုး"ဟု ကတ္တားနှင့် ကရိုဏ်းအနက်ချင်းတူနေရကားသင့်မြတ် ဖွယ်မရှိချေ၊ ထို့ကြောင့် သက္ကတ သဒ္ဒါကျမ်းများ၌လည်းကောင်း, မောဂ္ဂလ္လာန် ၌လည်းကောင်း ပုလ္လိင် ဣတ္ထိလိင်ရုပ်ကိုသာ ပြ၍ "ဝါသိဋ္ဌ"ဟု အမျိုးဟော နပုလ္လိင်ရုပ်ကို မပြကြ။ ["ဏာဒယော-ဘိဓေယျလိင်္ဂါ, အပစ္စေတွ-နပုံသကာဝ= ဏ စသော ပစ္စည်းတို့သည် အဘိဓေယျလိင် လိုက်ကုန်၏၊ အပစ္စအနက်၌ကား နပုလ္လိင် မရှိကုန်"—မောဂ္ဂလ္လာန် ပဒသာဓနေ။]

သဒ္ဒနီတိ၌ နပုံရုပ် ရှိ။ ။ကုလသဒ္ဒေ ပန အပေက္ခိတေ - ကုလံဟူသော နပုလ္လိင်သဒ္ဒါကို ငဲ့အပ်ရာ၌၊ ဝါသေဋ္ဌံတိ ဘဝတိ-ဝါသေဋ္ဌံဟု နပုံရုပ်ဖြစ်၏၊ ဝိရူပက္ခံ အဟိရာဇကုလန္တိအာဒီနိ ဝိယ ဝိရူပက္ခံ အဟိရာဇကုလံ အစရှိသည်တို့ ကဲ့သို့တည်း။ [ဝိရူပက္ခော - ဝိရူပက္ခမည်သော၊ အဟိ-နဂါး၊ ဤသို့ ပုလ္လိင် ဝိရူ ပက္ခသဒ္ဒါသည် အဟိရာဇကုလံကို ငဲ့သောအခါ "ဝိရူပက္ခံ"ဟု နပုံဖြစ်ရသည်- ဟူလို၊] ကာဋ္ဌဝဝကဥ္စ ဂဝေ်ယျန္တိအာဒီနိ ဝိယ စ ကာဋ္ဌဝကဥ္စပေ၊ အစရှိသည် တို့ကဲ့သို့လည်းကောင်းတည်း၊] "ကာဋ္ဌဝကော-ကာဋ္ဌဝကဆင်၊ ဂဝေ်ယျော- ဂဝေ်ယျဆင်" ဤသို့ ပုလ္လိင်ဖြစ်လျက် ကုလံကိုငဲ့၍ "ကာဋ္ဌဝကံ-ကာဋ္ဌဝက ဆင်မျိုး၊ ဂဝေ်ယံ-ဂဝေ်ယျဆင်မျိုး"ဟု နပုလ္လိင်ဖြစ်ရသည်—ဟူလို၊] ဤကား သဒ္ဒနီတိ အဆိုတည်း၊ဤအဆိုအတိုင်းငင် ယခု ကစ္စည်းစာမူများ၌လည်း "ဝသိ ဋ္ဌဿ+အပစ္စံ,ဝါသိဋ္ဌံ"ဟု နပုလ္လိင်ပုံစံကို တွေ့ရ၏၊သို့သော် ဝိရူပက္ခံ—ကာဋ္ဌဝကံ စသည်တို့သည် အပစ္စတဒ္ဓိတ်ပုဒ်များ မဟုတ်ကြ၍ ထိုပုဒ်များ၌ နပုလ္လိင်ရုပ် ရှိရုံ မျှဖြင့် ဤဝါသိဋ္ဌောစသော အပစ္စတဒ္ဓိတ်ပုဒ်များ၌ နပုလ္လိင်ရုပ် ရှိရမည်ဟု မဆုံးဖြတ်ထိုက်ရကား ကစ္စည်း-ရူပသိဒ္ဓိ စသည်တို့၏ နပုလ္လိင်ပုံစံနှင့်တကွ သဒ္ဒ နီတိ အဆိုကိုပါ စဉ်စားကြပါကုန်။

ဝေံဘာရဒ္ဒွါဇော။ ။ဝေံသဒ္ဒါဖြင့် "ဘာရဒွါဇဿ+အပစ္စံ,ဂေါတမဿ+ အပစ္စံ" စသော ဝိဂ္ဂိုဟ်ကိုလည်းကောင်း, ဘာရဒွါဇော-စသော တဒ္ဓိတ်အပြင် "ဘာရဒွါဇဿ+အပစ္စံ"ဟု ဝါကျလည်း ရှိနိုင်ကြောင်းကိုလည်းကောင်း ညွှန် ပြ၏၊ ထောမနိဓိ၌ "ဘာရဒွါဇ, ဘာရဒွါဇ"ဟု ရသေ့ ၂ ဦးပြ၏၊ ဘာရဒွါဇ သည် ဘရဒွါဇ၏ သားတည်း၊ ထို့ကြောင့် "ဘာရဒွါဇဿ+အပစ္စံ, ဘာရ ဒွါဇော"ဟု ဝိဂ္ဂိုဟ်ပြု၊ "ဘရဒွါဇ-ပု, ဘရဒွါဇဿ ဂေါတြပေတျံ (အနွယ် ဖြစ်သော သား) အဏ်-အဏ်ပစ္စည်း၊ ဂေါတြပဝတ္တကေ-ဘရဒွါဇ အနွယ်ကို ဖြစ်စေတတ်သော၊ မုနိဘေဒေ-ရသေ့အထူး၌ဖြစ်၏" ဤသို့စသည်ဖြင့် ထောမ နိဓိ ဆို၏၊ ရူပသိဒ္ဓိစသည်၌ကား "ဘာရဒွါဇဿ+ပုတ္တော ဘာရဒွါဇော"ဟု အဘကိုလည်း ဘာရဒွါဇဟု ဆိုသည်။

ဂေါတမော။ ။ဂေါတမဟူသည်လည်း ရသေ့တဦး၏နာမည်တည်း၊ ထို ဂေါတမရသေ့ကား ပုဏ္ဏား၏သား ဖြစ်သတတ်၊ ဂေါတမ ပု–( ပုလ္လိင် ), ပြာဟ္မဏပုတ္တော သနာမချာတော (ဂေါတမဟူသော မိမိနာမည်ဖြင့် ထင်ရှားသော) မုနိဘေဒေ"-ထောမနိဓိ၊ ငါတို့ ဘုရားရှင်သည် ခတ္တိယပြာဟ္မဏစသော ဇာတ်အားဖြင့်ခွဲလျှင် ခတ္တိယဇာတ်၌ပါဝင်၏၊ အန္ဒယ်အားဖြင့်မူ ဂေါတမအန္ဒယ်ဝင်တည်း၊ ထို့ကြောင့် "ဇာတိယာ ခတ္တိယော ဗုဒ္ဓေါ, ဂေါတ္တေန ဂေါတမော နာထော"ဟု ဆိုကြသည်၊ နေမင်းလည်း ဂေါတမအန္ဒယ် အဆက်ပင် ဖြစ်၍ ဘုရားနှင့် နေမင်းသည် အန္ဒယ်အားဖြင့် ဆက်သွယ်နေရကား ဘုရားရှင်ကို "အာဒိစ္စဗန္ဓု – နေမင်း၏ ဆွေမျိုးဟုလည်းကောင်း, သာကိဝင်မင်းမျိုးကို "အာဒိစ္စကုလ-နေမျိုးနွယ်"ဟု လည်းကောင်း ဆိုကြသည်။ ["အာဒိစ္စ-ဗန္ဓုုတိ အာဒိစ္စော ဝုစ္စတိ သူရိယော, သော ဂေါတမော ဂေါတ္တေန, ဘဂဝါ ပိ ဂေါတမော ဂေါတ္တေန, ဘဂဝါ သူရိယဿ ဂေါတ္တညာတကော, ဂေါတ္တဗန္ဓု၊ တသ္မာ ဗုဒ္ဓေါ အာဒိစ္စဗန္ဓုုတိ"-နိဒ္ဒေသပါဠိတော်၊ ပဗ္ဗဇ္ဇသုတ်၌ကား ဘုရားသခင်ကို "အာဒိစ္စော နာမ ဂေါတ္တေန, သာကိယော နာမ ဇာတိယာ"ဟု ဆို၏။]

ဝါသုဒေဝေါ။ ။ယဒုမင်းမျိုး၌ ဖြစ်သော ယာဒဝမင်းကို "ဝသုနာ-ရတနာဖြင့်+ဒိဗ္ဗတေ–အောင်နိုင်တတ် တောက်ပတတ်၏" ဟူသော ဝိဂြိုဟ်အရ "ဝသုဒေဝ"ဟု ခေါ်၏၊ ထိုဝသုဒေဝ၏သားသည် "ဝါသုဒေဝ"မည်၏၊ ထိုဝါသုဒေဝကားလောကီကျမ်းအလိုအားဖြင့် ဗိဿဏိုးနတ်ပင်တည်း၊ထို့ကြောင့် အဘိဓာန်၌ "ဝါသုဒေဝေါ, ဟရိ, ကဏှော"ဟု ဗိဿဏိုးပရိယာယ်တွင် ထည့်သွင်း၏၊ ထောမနိဓိ၌လည်း "ဝသုဒေဝဿ+အပစ္စံ, အဏ်-ဝိဋ္ဌော်= ဝသုဒေဝ၏သား အဏ်ပစ္စည်း, ဗိဿဏိုးဟူသောအနက်၌ ဖြစ်၏"ဟု ဆိုသည်။ ["ဝိဋ္ဌော်" အရာဝယ် "ဝိဏှော"ဟု ရေးမှားတတ်သည်။]

ဗာလဒေဝေါ။ ။ဗိဿဏိုး၏ အဘကို "ဗလဒေဝ"ဟု ခေါ်၏။ [ဗလဒေဝေါ-ဿဇနကော, သ ဧဝါနကဒုန္ဒုဘိ၊ အဿ-ထို ဗိဿဏိုး၏၊ ဇနကော-အဘသည်၊ ဗလဒေဝေါ - မည်၏၊ သ ဧဝ-ထိုဗလဒေဝသည်ပင်၊ အနကဒုန္ဒုဘိ-လည်း မည်၏။] ဤအလို "ဗလဒေဝဿ+အပစ္စံ-ဗာလဒေဝေါ" ဟူသည် ဗိဿဏိုးတည်း၊ ပေတဝတ္ထုအဋ္ဌကထာ အင်္ကုရပေတဝတ္ထု၌ကား "မဟာကံသဿ ဒီတုယာ ဒေဝဂဗ္ဘာယ ကုစ္ဆိတံ ဥပ္ပန္နာ အဉ္ဇနဒေဝီ, ဝါသုဒေဝေါ, ဗလဒေဝေါ, စန္ဒဒေဝေါ, သူရိယဒေဝေါ, အဂ္ဂိဒေဝေါ, ဝရုဏဒေဝေါ, အဇ္ဇုနော" ပဇ္ဇုနော, ဃဋပဏ္ဍိတော, အင်္ကုရောစာတိ ဝါသုဒေဝါဒယော ဒသဘာတိကာ" ဟု ဆိုသောကြောင့် ထိုဗလဒေဝမင်း၏ သားကိုလည်း "ဗာလဒေဝ"ဟုလည်းကောင်း၊ ဝါသုဒေဝဟူသည်လည်း ဗလဒေဝ၏ နောင်တော်ကြီးဟုလည်းကောင်း ယူသင့်သကဲ့သို့ ရှိသော်လည်း ဝါသုဒေဝသည် ဝသုဒေဝ၏ သား

မဟုတ်, သာဂရမင်း၏ သားတည်း၊ ဗလဒေဝမှာလည်း သားသမီးမရ၊ ထို့ကြောင့် အပစ္စ၏ အနက်ဖြစ်သော သားစဉ်မြေးဆက်ကိုပြနေသော ဤအရာ ဝယ် ထိုမင်းများကိုမယူထိုက်၊ အကျယ်ကို ဒဿနိပါတ် ဃဋပဏ္ဍိတဇာတ်မှာရှု။

**ဝေဿာမိတ္တော**။ ။သက္ကတ၌ "ဝိသွာမိတြ"ဟု ရှိ၏၊ ဝိသွသဒ္ဒါလည်း "အလုံးစုံ" ဟူသော အနက်ကို ဟော၏၊ "ဝိသွမိတြ"ဟု ရှိသင့်လျက် ဝိသွ ရှေ့ပုဒ်၌ ဒီဃပြု၍ "ဝိသွာမိတြ"ဟု ဖြစ်၏၊ "ဝိသွံ + မိတြံ ယဿ = အလုံးစုံ မိတ်ဆွေရှိသူ၊ ပုဗ္ဗပဒဒီဃော, ဗြဟ္မရိသိဘာဝေ ဂါဓိသုတော နရိပေ-ဂါဓိမင်း၏ သား, မင်းမျိုးဖြစ်သော,ဝေဒကိုစီမံတတ်သောရသေ့အထူး၌ဖြစ်၏" ထောမနိဓိ၊ ဝိသွာမိတြပုဒ်သည်ပင် ပါဠိ၌ "ဝိဿာမိတ္တ"ဟု ဖြစ်၍ ထို ဝိဿာမိတ္တရသေ့၏ သားသည် ဝေဿာမိတ္တ မည်၏၊ ဗာလာဝတာရဋီကာ၌ကား "ဂေါတမ ဘာရ ဒွါဇ ဝေဿာမိတ္တ သဒ္ဒေသု သဘာဝဝုဒ္ဓိယာ သမ္ဘဝတော"ဟု ဆိုသောကြောင့် ထိုဋီကာအလို "ဘာရဒွါဇဿ + အပစ္စံ, ဝေဿာမိတ္တဿ + အပစ္စံ"ဟုပင် ဝိဂ္ဂိုဟ်ပြု၍ ဘာ-ဝေဖြစ်အောင် ဝုဒ္ဓိပြုဖွယ် မလို, နဂိုဝုဒ္ဓိပင်ဟု ဆိုလိုသည်၊ သို့သော် ထိုအဆိုသည် ပြခဲ့သော ထောမနိဓိနှင့်ကား မညီ။ [သမီးစသော မိန်းမ အဆက်ဆက်ကို ဟောရာ၌ ဏ ပစ္စည်း ဆုံးသောကြောင့် "ဏဝဏိက ဏေယျဏန္တုဟိ"သုတ်ဖြင့် ဤ ပစ္စည်းသက်၍ "ဝါသိဋ္ဌီ၊ပေ၊ဝေဿာမိတ္တီ"ဟု လည်းကောင်း, ကစ္စည်းဝုတ္တိ စသည်တို့ အလိုအားဖြင့် အမျိုးကိုဟောရာ၌ "ဝါ သိဋ္ဌံ၊ပေ၊ဝေဿာမိတ္တံ"ဟု လည်းကောင်း ဖြစ်၏၊ ပုရိသာဒိ, နဒါဒိ, စိတ္တာဒိ ဂိုဏ်းသွင်း၍ ရုပ်စဉ်။]

**ရုပ်တွက်စဉ်**။ ။၁—"ဝသိဋ္ဌ+အပစ္စ" တည်၍ "ဝသိဋ္ဌဿ + အပစ္စံ"ဟု ဝိဂ္ဂိုဟ်ဝါကျဖြစ်အောင် နာမ်ရုပ်တွက်၊ ၂—"ဝသိဋ္ဌဿ—၏၊ အပစ္စံ—တည်း၊ ဉာတိအတွေ—ဤအနက်၌"ဟု ဆို၊ ၃—ဝါဏပစ္စေ့သုတ်ဖြင့် ဝသိဋ္ဌနောင် ဏ ပစ္စည်းသက်၊ "ဝုတ္တတ္ထာနမပ္ပယောဂေါ"ဟူသော ပရိဘာသာဖြင့် အပစ္စပုဒ်ကို ချေ။ [အပစ္စကို ချေလိုက်လျှင် သိ၏ ကာရိယ အံလည်း အလိုလိုပျောက်၏၊] ၅-တေသံ ဝိဘတ္တိယော လောပါ စ သုတ်ဖြင့် သ ဝိဘတ်ကို ချေ။[သ အာဂုမ်မှာ အလိုလိုပျောက်၏၊ မဟီရုပနည်းမျိုး ချည်းတည်း၊] ရူပသိဒ္ဓိနည်းချည်းတည်း၊ ကစ္စည်းဝုတ္တိအလိုမူ တေသံ ဝိဘတ္တိယော လောပါ စ သုတ်၌ "တေသံသဒ္ဒါဖြင့် သ-သိဝိဘတ်-သ အာဂုံ အပစ္စပုဒ်တို့ကို ချေ"ဟု ဆို၊ နျာသ၌မူ "ဝုတ္တတ္ထာန မပ္ပယောဂေါ"ဖြင့် အပစ္စပုဒ်ကိုချေ၍, တေသံသဒ္ဒါပိုဖြင့် ဝိဘတ်ကိုချေသည်။

၆—ပကတိ စဿ သရန္တဿသုတ်ဖြင့် ဝသိဋ္ဌကို ဝသိဋ္ဌဟု ပကတိပြု။ [ဤ ရုပ်ဝယ် ပကတိပြုရန် ရူပသိဒ္ဓိ မပြသော်လည်း ပကတိ စဿ သရန္တဿ သုတ် တုန်းက တဒ္ဓိတ ပစ္စယသမ္ဗန္ဓိလိင်များကို ပကတိပြုရမည်ဟု ဆိုခဲ့သောကြောင့် လည်းကောင်း, ဏေယျော ကတ္တိကာဒီဟိသုတ်၌ ပကတိပြုဖို့ရန် ပြထားသော

ကြောင့်လည်းကောင်း ဤရုပ်၌လည်း ပကတိပြုရမည်-ဟု မှတ်ပါ၊ ထိုသို့ ပကတိပြုရာ၌ အချို့က (ဏ်) အနုဗန်ချေပြီးနောက် ''ဝသိဋ္ဌ+အ''ကို ''ဝသိဋ္ဌ + အ''ဟု ပကတိပြုကြ၏၊ ''ပကတိပြု''ဟူသည် နဂိုမူလ (သရန္တအတိုင်း,ဗျဉ္ဇနန္တအတိုင်း) ရှိနေကြောင်း သိသာအောင် ပြုရခြင်းဖြစ်သည်၊ ဏ် အနုဗန်ကြေ၍ ကျန်ရစ်သော (အ) ပစ္စည်းသည် နဂိုမူလ ပကတိတွင် မပါဝင်ခဲ့၊ ထို့ကြောင့် ''ဝသိဋ္ဌ''ဟုသာ ပကတိပြုရမည်၊ ထို့ပြင် ''ပကတိစသော'' သုတ်လာ စ သဒ္ဒါဖြင့် တချို့က ပကတိပြုကြ၏၊ သုတ်ရင်းဖြင့် ပြုနိုင်ကြောင်းကို ထိုသုတ်ပြန်ကြည့်ပါ။

၇— တေသံ ဏောလောပံသုတ်ဖြင့် ဏ် အနုဗန်ချေ၊ ၈ – ဝုဒ္ဓါဒိသရဿ စသောသုတ်ဖြင့် ဝ၏ အ ကို အာဝုဒ္ဓိပြု၊ [အနုဗန်ချေခြင်း,ဝုဒ္ဓိပြုခြင်းကား ဝါသိဋ္ဌ နှင့်တူသော အချို့ရုပ်များနှင့်ဆိုင်၏၊ ဏ အနုဗန်မပါသော ရုပ်, နဂိုက ဝုဒ္ဓိဖြစ်နေသော ဂေါတမစသော ရုပ်များ၌ကား ဤ ၇-၈ အစီအစဉ်များ မလို၊] ၉-သရလောပေါ စသော သုတ်ဖြင့် ဋ္ဌ၏ အ ကို ချေ-နောက်(အ)ကို ပကတိပြု၍ ကပ်၊ တဒ္ဓိတ်ပစ္စည်း ဆုံးနေသောကြောင့် ပစ္စည်း၏ သတ္တိနက်ကိုသာ ဟောလေ ရော့သလားဟု ယုံမှားဖွယ်ရှိရကား ဒြပ်ဟော နာမ်ဖြစ်ကြောင်း သိသာအောင် နာမ်ဟု ငဲ့၊ ၁၀-ထို့နောက် သိသက် ဩပြု၍ ပြီး၏၊ ဤကား ရူပသိဒ္ဓိရုပ်တွက်စဉ် တည်း။ [ဣတ္ထိလိင်၌ကား နာမ်မငဲ့မီ ဣတ္ထိဇောတကပစ္စည်းသက်။]

[**ဆောင်**] တဒ္ဓိတ်ရုပ်ကို, တွက်ကြလိုလျှင်, ဝိဂ္ဂိုဟ်ဝါကျ, ဖြစ်အောင် ပြုဖို့, မူလ နာမ်ရုပ်, ပြီးအောင်လုပ်၍, ဖော်ထုတ် ထိုနက်, ပစ္စည်း သက်ဘိ၊ ပရိဘာသာ, ရှုတ်ဆိုကာဖြင့်, နောက်ပါပုဒ်ချေ၊ တေသံဝိဘတ်, သုတ်ဖြင့် မှတ်၍, ဝိဘတ်လည်းချေ၊ နဂိုနေမှု, ပကတိပြုလျက်, နုဗန်ဝုဒ္ဓိ, ပြုခွင့်ရှိက, ပြုပြီးမှလျှင်, သရလောပေါ, ချေကပ်သောဖြင့်, ဇောတကိတ္ထိလည်း, သက်၍ပြီးမှ, နာမ်ငဲ့ရသည်, ရူပသိဒ္ဓိ တွက်စဉ်တည်း။

အမှာ။ ။ဝိဂ္ဂိုဟ်ဝါကျဖြစ်အောင် တွက်နည်းမှာ နာမ်ရုပ်သာဖြစ်၍ နာမ်ကြေပြီး သူတို့အတွက် အချိန်ကြာရုံသာ ရှိမည်၊ နာမ်ရုပ်ကိုမျှ မပြီးသေးသူကိုလည်း တဒ္ဓိတ်ရုပ် တွက်ပြနေသဖြင့် အကျိုးမရှိ၊ ထို့ကြောင့် ''ဝသိဋ္ဌ+အပစ္စ''ဟု တည်ရကြောင်းကို သိရုံသာပြော၍ ''ဝသိဋ္ဌဿ+အပစ္စံ''ဟု တခါတည်း ဝါကျပြီးပြီးဖြစ်ပါစေ။ [မောဂ္ဂလ္လာန် နိဿယ၌ကား''ဝသိဋ္ဌဿ''ဟုသာ တည်၍ အပစ္စံပုဒ်ကို မတည်ပဲ ''ဝသိဋ္ဌ၏ သား''ဟူသော အနက်၌ ဝသိဋ္ဌဿနောင် ပစ္စည်းသက်သည်၊ ရူပသိဒ္ဓိ၌ကား ''ဝသိဋ္ဌ ဿ + အပစ္စံ''တိ ဝိဂ္ဂဟေဟု ရုပ်တည်တုန်းကပင် အပစ္စသဒ္ဒါ ပါ၏၊ တဒ္ဓိတ်ပစ္စည်း ဆိုင်းထမ်းနည်း''အရ ၂ ပုဒ်အလယ်၌ ပစ္စည်းသက်ရသည်-ဟူသော ဝါဒအလိုလည်း၊ ''ဝသိဋ္ဌ+အပစ္စ''ဟု ၂ ပုဒ်ပင် ရုပ်တည်ရကြောင်း သိသာသည်၊ ''ဘာရဒွါဇဿ+ အပစ္စံ,ဝေဿာမိတ္တဿ+အပစ္စံ''ဟု ဝိဂ္ဂိုဟ်ပြုသော ဆရာတို့အလို ဘာ, ဝေတို့၌ နဂို ဝုဒ္ဓိဖြစ်၍ ဝုဒ္ဓိ ထပ်ဖွယ်မလို၊ ''ဘရဒွါဇဿ + ဝိဿာမိတ္တဿ''ဟု ဝိဂ္ဂိုဟ်ပြုမှု ဘ၌ ဝုဒ္ဓါဒိသရဿ ဝါ သုတ်ဖြင့်,ဝိ၌ သံယောဂန္တဖြစ်သောကြောင့် တေသုဝုဒ္ဓိဖြင့် ဝုဒ္ဓိပြုပါ။

**တဒ္ဓိတ်ပစ္စည်း ဆိုင်းထမ်းနည်း။** ။ရေးပုံး ၂ ဘက်ပါအောင် ထမ်းဆောင်ရာ၌ ထမ်းပိုးအလယ်ကနေ၍ ထမ်းရသကဲ့သို့ ဝသိဋ္ဌသ+အပစ္စံဝယ် ရှေ့ပုဒ်ရှိသ ဝိဘတ်၏ သမ္မန်အနက်, နောက် အပစ္စပုဒ်၏ အနက်, ဤအနက် ၂ ဘက်လုံးကို ဟောနိုင်အောင် ၂ ပုဒ်အလယ်၌ ဏ ပစ္စည်း သက်ရသည်၊ ရှေ့အနက်နှင့် နောက် အပစ္စအနက်သည် ပုန်း ၂ ဘက်နှင့် တူ၏၊ အလယ်၌ ဏ ပစ္စည်းသည် အလယ်ထမ်းပိုးနှင့် တူ၏၊ ဏ ပစ္စည်း သက်ခြင်းကား ထမ်းပိုးကို ထမ်းခြင်းနှင့် တူသည်၊ ဤကား အပစ္စတဒ္ဓိတ်ကို ရည်ရွယ်၍ပြအပ်သော ဥပမာတည်း၊ အဗျယတဒ္ဓိတ်၌မူ ထိုကဲ့သို့ ၂ ပုဒ်အလယ်၌မသက်ရ၊ ကေစသော တပုဒ်နောက်ဘာ သက်ရ၍ ဤ ဥပမာကို မရထိုက်၊ အဿတ္ထိတဒ္ဓိတ်၌ကား "မေဓာ+ အဿ + အတ္ထိ" စသည်ဖြင့် ၃ ပုဒ်ရှိသော်လည်း "အဿ + အတ္ထိ" ၂ ပုဒ်ကို "အဿတ္ထိ"တပုဒ်တည်းသဘောထား၍ ၂ ပုဒ်အကြားမှာပင်ပစ္စည်းသက်သည်။

သိက္ကာယ ခာရိတော ဘာရော, ယထာ ကာဇေန ခာရိတော၊
ဒွိန္နေံ ဝစနတ္ထာယ, ဝါကျမဇ္ဈေ ဘဝန္တိ တေ။

သိက္ကာယ-ဆိုင်းဖြင့်၊ ခာရိတော-ထမ်းဆောင်ထိုက်သော၊ ဘာရော-ဝန်ကို၊ ကာဇေန-ထမ်းပိုးဖြင့်၊ ခာရိတော ယဘာ-ထမ်းဆောင်အပ်သကဲ့သို့၊ ဧဝံ-ဤ့အတူ၊ ဒွိန္နံ-ရှေ့ဝိဘတ်နက် နောက်ပုဒ်နက်တို့ကို၊ ဝစနတ္ထာယ-ဟောနိုင်ဖို့ရာ၊ တေ – ထို ဏစသော တဒ္ဓိတ်ပစ္စည်းတို့သည်၊ ဝါကျမဇ္ဈေ - ဝသိဋ္ဌသ + အပစ္စံ စသော ဝါကျအလယ်၌၊ ဘဝန္တိ - ဖြစ်ရကုန်၏၊....(ကစ္စာယနဘေဒ)၊ ဘေဒစိန္တာ၌လည်း "ဝသိဋ္ဌသ"စသော ပဌမပုဒ် နောက်သက်မှသာ ရှေ့သမ္ဗန် နောက်အပစ္စပုဒ်နက် ဤ ၂ ချက်ကို ဟောနိုင်သည်၊ အပစ္စနောင် သက်လျှင် အပစ္စအနက် တချက်ကိုသာ ဟောနိုင်လိမ့်မည်၊ ထို့ကြောင့် ပဌမဖြစ်သော ဝသိဋ္ဌသနောင်သာ သက်ရသည်-ဟု ဆို၏၊ ဤသို့ အဆိုကွဲသော်လည်း လိုရင်းအချုပ်မှာ အလယ်၌ သက်ရခြင်းအားဖြင့် သဘောတူပင်တည်း။

**အပစ္စတဒ္ဓိတ်။** ။ဏစသော ပစ္စည်းကို "တဒ္ဓိတ်" ခေါ်ကြောင်း နားလည်လောက်ပြီ၊ ထိုပစ္စည်းများကို "အပစ္စတဒ္ဓိတ်, သံသဋ္ဌတဒ္ဓိတ်"စသည်ဖြင့် နာမည်တပ်ရာ၌ ထိုပစ္စည်းများ၏ ဟောနက်ကို အစွဲပြု၍ နာမည် တပ်ရခြင်းတည်း၊ ဥပမာ-အပစ္စအနက်ကို ဟောလျှင် ထိုပစ္စည်းသည် "အပစ္စတဒ္ဓိတ်" မည်၏၊ ထိုပစ္စည်းဆုံးသော ပုဒ်သည် "အပစ္စတဒ္ဓိတ်ပုဒ်" မည်၏၊ ဤသို့ စသည်ဖြင့် နာမည်တပ်ရသည်။ [ကြေသောပုဒ်ကိုစွဲ၍ တဒ္ဓိတ်နာမည်တပ်ရသည်ဟုလည်း ဆိုကြ၏၊ အပစ္စပုဒ်ကြေလျှင် အပစ္စတဒ္ဓိတ်, သံသဋ္ဌပုဒ်ကြေလျှင် သံသဋ္ဌတဒ္ဓိတ် မည်၏, စသည်တည်း၊ ပဌမနည်း၌ အရင်းခံအနက်ကို စွဲ၍ နာမည်တပ်၏၊ ဒုတိယနည်းကား သဒ္ဒါ(ပုဒ်)ကိုစွဲ၍နာမည်တပ်၏၊ထို့ကြောင့် ၂ နည်းလုံးသဘောတူပင်။]

**ဏာယန ဏာန ဝစ္ဆာဒိတော**

၃၄၅။ ဝစ္ဆာဒိတော— ဝစ္ဆ အစရှိသော၊ တသ္မာ ဂေါတ္တ ဂဏတော—ထို အနွယ်ဟော သဒ္ဒါအပေါင်းမှ (နောက်၌)၊ တဿ — ထို သူ၏၊ အပစ္စံ — သားတည်း၊ ဣစ္စေတသ္မိံ အတ္ထေ—၌၊ ဏာယန ဏာနပစ္စယာ - ဏာယနပစ္စည်း, ဏာနပစ္စည်းတို့သည်၊ ဝါ ဟောန္တိ - ဝိကပ် ဖြစ်ကုန်၏၊ ဝစ္ဆဿ-၏၊ အပစ္စံ - သားတည်း၊ ဝစ္ဆာယနော, ဝစ္ဆာနော - ဝစ္ဆ၏သား၊ ဝစ္ဆဿ + အပစ္စံ ဝါ — ဝစ္ဆဿ အပစ္စံဟုလည်း ရှိ၏၊ ဝစ္ဆဿ - ၏၊ အပစ္စံ - သမီးတည်း- ဝစ္ဆာယနီ, ဝစ္ဆာနီ-ဝစ္ဆ၏သမီး၊ ဝစ္ဆဿ - ၏၊ အပစ္စံ - အမျိုးတည်း၊ ဝစ္ဆာယနံ, ဝစ္ဆာနံ - ဝစ္ဆ၏

---

ဂေါတ္တတဒ္ဓိတ် ခေါ်ပုံ။ ။အပစ္စသဒ္ဒါသည် သား သမီးကိုသာ ဟောသည် မဟုတ်, သားစဉ် မြေးဆက် တနွယ်လုံးကို ဟောသောကြောင့် အနွယ်ဟော ဂေါတ္တသဒ္ဒါနှင့် သဘောတူ၏၊ ထို့ကြောင့် အပစ္စအနက်၌သက်သော တဒ္ဓိတ်များကို "ဂေါတ္တတဒ္ဓိတ်"ဟုလည်း ခေါ်သည်၊ ဝိဂ္ဂိုဟ်ပြုရာ၌ကား အပစ္စံမထည့်ပဲ "ဝသိဋ္ဌဿ + ပုတ္တော-ဝါသိဋ္ဌော, ဝသိဋ္ဌဿ + ဓီတာ - ဝါသိဋ္ဌီ" စသည်ဖြင့်လည်း ပြုနိုင်၏၊ ဘာ့ကြောင့်နည်း....အပစ္စသည် တနွယ်လုံးကို ဟောလျှင် ထိုအနွယ်တွင်ပါဝင်သော သားကိုဖြစ်စေ သမီးကိုဖြစ်စေ ဟောနိုင်သောကြောင့်လည်းကောင်း, ဝိဂ္ဂိုဟ်ဟူသည်လည်း ထိုပုဒ်၏အနက်ကို ဖွင့်ပြသော ဝါကျဖြစ်သောကြောင့် လည်းကောင်းတည်း။

အမျိုးအနွယ်။ ။"အမျိုး, အနွယ်"ဟူသော ဩစကား၌ အနွယ်သည် ထိုအမျိုး၏ အစအဆုံး ပုဂ္ဂိုလ်ကိုစွဲ၍ဖြစ်၏၊ အမျိုးကား ထိုအနွယ်တွင် ထင်ရှားသူတယောက်ကို စွဲ၍ဖြစ်၏၊ တတ္ထ ဂေါတ္တံ အာဒိပုရိသဝသေန, ကုလပ္ပဒေသော တဒန္ဒယေ (ထိုအနွယ်၌) ဥပ္ပန္နအဘိညာတပုရိသဝသေန ဝေဒိတဗ္ဗော၊ ယထာ- အာဒိစ္စော,မဃဒေဝေါတိ=အာဒိစ္စအနွယ်(အာဒိစ္စဂေါတ္တ),မဃဒေဝမင်းမျိုး, စသည်တည်း (အမ္ဗဋ္ဌသုတ် ဋီကာဟောင်း၊) [ဋီကာသစ်၌ကား "အာဒိစ္စော မာဃဝေါတိ"ဟု ဆို၍ "မာဃဝကုလံ ပန တဒန္ဒယေ အဘိညာတံမဃလဂါမိက ပုရိသံ ပတိ ဟောတိ"ဟု ဆိုလေ၏၊ မဃဝအမျိုးဟု ကျမ်းဂန်သုံး ရှိ — မရှိကို သတိပြုပါလေ။]

---

၃၄၅။ ဂေါတ္တဂဏတော။ ။["ဏာယန ဏာနာ"ဟု ဆိုသင့်လျက် အဝိဘတ္တိကာ နိဒ္ဒေသအားဖြင့် "ဏာယန ဏာန"ဟု ဆိုထားသည်၊] ဂေါတ္တ၌ ဂေါသဒ္ဒါုပပဒ တာဓာတ် တပစ္စည်း၊ ဂေါသဒ္ဒါသည် ဗုဒ္ဓိဝစန (အသိဉာဏ်နှင့် သဒ္ဒါ)ကို ဟော၏၊ ဂံ-ဂေါတမ, ဝါသိဋ္ဌစသော သဒ္ဒါ, ဂေါတမဝါသိဋ္ဌဟု သိတတ်သောဉာဏ်ကို+တာယတိ-စောင့်ရှောင့်တတ်၏၊ ဣတိ; ဂေါတ္တံ-မည်၏၊

**အမျိုး၊ သကဋ္ဌဿ-သကဋ္ဌ၏၊ပေ၊သာကဋ္ဌာယနံ, သာကဋ္ဌာနံ-သကဋ္ဌ၏အမျိုး၊ ဝေံ-ဤ အတူ၊ ကစ္စာယနော, ကစ္စာနော-ကစ္စ၏သား၊ ကစ္စဿ အပစ္စံ ဝါ- လည်း ရှိ၏၊ ကစ္စာယနီ, ကစ္စာနီ-ကစ္စ၏သမီး၊ ကစ္စာယနံ, ကစ္စာနံ-ကစ္စ၏ အမျိုး၊ အဂ္ဂိဝေဿာယနော, အဂ္ဂိဝေဿာနော-အဂ္ဂိဝေဿ၏သား၊ပေ၊ ဂစ္ဆာယ နော, ဂစ္ဆာနော-ဂစ္ဆ၏သား၊ပေ၊ ကပ္ပါယနော, ကပ္ပါနော - ကပ္ပ၏သား၊ပေ၊ မောဂ္ဂလ္လာယနော, မောဂ္ဂလ္လာနော - မောဂ္ဂလ္လ၏သား၊ပေ၊ မုဉ္ဇာယနော, မုဉ္ဇာ နော-မုဉ္ဇ၏သား၊ သံဃာယနော, သံဃာနော-သံဃ၏ သား၊ပေ၊ လောမာယ**

---

ထိုဂေါတ္တဟူသည် အခြားအမျိုးနှင့် မဆက်ဆံပဲ ဆိုင်ရာတမျိုးတွင် ပါဝင်သူ အားလုံးနှင့်သာ ဆက်ဆံသော သာမညသဘောတည်း၊ ထိုသာမညသဘော လည်း ထိုအမျိုး၏ အစဆုံးယောကျ်ားမှစ၍ ဖြစ်ပေါ်လာသော သဘောတည်း၊ ဥပမာ-ရွှေကျင်ဆရာတော်မှစ၍ ရွှေကျင်အဆက်အနွယ် (ရွှေကျင်ဂေါတ္တ ဟု ဖြစ်ပေါ်လာရာ, ထိုရွှေကျင်ဂေါတ္တဟူသည် ရွှေကျင်ဂိုဏ်းဝင်ပုဂ္ဂိုလ်အားလုံးနှင့် ဆက်ဆံသော သာမညသဘောတမျိုး ဖြစ်သကဲ့သို့တည်း၊ ထိုရွှေကျင်ဂိုဏ်းဝင် အားလုံးနှင့် ဆက်ဆံသော သာမညဇာတ်သည် မပျောက်ကွယ် မတိမ်ကော သေးသမျှ "ရွှေကျင်" ဟူသော သဒ္ဒါ (စကားလုံး)ကို လည်းကောင်း, "ရွှေကျင်"ဟု အများသိသော ဉာဏ်ကိုလည်းကောင်း စောင့်ရှောက်လျက်ရှိ သည်၊ ပခုက္ကူဆရာတော် အနွယ် - ဘုရားကြီးဆရာတော် အနွယ် - သီးလုံးဆရာ တော်အနွယ် စသည် ခေါ်ဝေါ်ရာ၌လည်း နည်းတူ။ ["ကော ပန သောတိ- (ထိုဂေါတ္တဟူသည် အဘယ်နည်း)၊ သာမညကုလပ္ပဘဝံ-သ မာရဏံ တဿ ကုလဿ အာဒိပုရိသသမုဒါဂတံ တံကုလပရိယာပန္နသာဓာရဏံ သာမညရူပန္တိ ဒဋ္ဌဗ္ဗံ"-အမ္ဗဋ္ဌသုတ် ဋီကာ။]

ဆက်ဦးအံ့ — ထိုဂေါတ္တသဒ္ဒါသည် တမျိုးလုံး တနွယ်လုံးကို ဟောရိုး ရှိသော်လည်း၊ ဤဂေါတ္တဂဏတောဟူသော ပုဒ်၌ကား အပေါင်း အမည်ကို အစိတ်၌ တင်စားသော ကေဒေသျူပစာရအားဖြင့် ဝစ္ဆမည်သူ, ကစ္စမည်သူ စသော အစဆုံးယောကျ်ားကိုသာ"ဂေါတ္တ"ဟု ယူရမည်၊ ဤသို့ ယူမှသာ ဝစ္ဆ- ကစ္စ စသည်ကို ဂေါတ္တဂဏ (အနွယ်ဟော သဒ္ဒါအပေါင်း)ဟု ယူ၍ ထိုသဒ္ဒါ အပေါင်းနောင် ဏာယန ဏာန ပစ္စည်းသက်လျက် "ဝစ္ဆာယန, ဝစ္ဆာန" စသည် ဖြစ်နိုင်မည်၊ ဆိုလိုရင်းကား-ဝစ္ဆာယနဟူသော နာမည်သည် (ရွှေကျင် နိကာယဟူသော နာမည်ကဲ့သို့) တနွယ်လုံး၏ နာမည်တည်း၊ ဝစ္ဆဟူသော နာမည်ကား (ရွှေကျင်) ဟူသော နာမည်ကဲ့သို့ ပဌမဆုံးယောကျ်ား၏ နာမည် ဖြစ်၏၊ ဏာယနစသော ပစ္စည်းကား အစဆုံး ယောကျ်ားဟော သဒ္ဒါနောင် သက်ရသည်၊ ထို့ကြောင့် ဂေါတ္တဂဏတော၌ ဂေါတ္တအရ အစဆုံးယောကျ်ား ကိုသာယူပါ-ဟူလို၊ ထို့ကြောင့်လည်း ထောမနိဓိ၌"ဂေါတြ(ပုံ)၊ ဂါ(ပထဝီ-

နော, လောမာနော-လောမ၏သား၊ပေ၊ သာကမာယနော, သာကမာဒနော-သကမ၏သား၊ပေ၊ နာရာယနော, နာရာနော - နရ၏ သား၊ စောရာယနော, စောရာနော-စောရ၏သား၊ အာ၀သာလာယနော, အာ၀သာလာနော- အ၀သာလ၏သား၊ ဒွေပါယနော, ဒွေပါနော-ဒွိပ၏သား၊ ကုဥ္စာယနော ကုဥ္စာနော-ကုဥ္စ၏သား၊ ကစ္စာယနော, ကစ္စာနော-ကစ္စ၏သား၊ ကစ္စာယနီ, ကစ္စာနီ-ကစ္စ၏သမီး၊ ကစ္စာယနံ, ကစ္စာနံ-ကစ္စ၏ အမျိုး။ (၃၃၆။)

---

မြေကို) တာယတော၊ ပဗ္ဗတေ, နာမနိ (နာမည်၌), ကာနနေ (တော), ခေတ္တေ, ပထိ (လမ်း), ဆတ္တေ, သဇာတိယဂဏေ(ဇာတ်တူသူအပေါင်း),ပေါတြာ ဒျ-ပတျေ (မြေးစသော အနွယ်), ၀ံသေ (အနွယ်သာမန်)ဟူသော အနက်တို့အဖြင့် "ဣသိသဒ္ဒ၀ါကျေသု- ဣသိသဒ္ဒါသည် ဟောအပ်ကုန်သော၊ သာဏ္ဍိလျာဒိသု-သာဏ္ဍိလျအစရှိကုန်သော၊ အာဒိပုရိသေသု-အစဆုံးယောကျ်ား ဖြစ်ကုန်သော၊ စတုဝီသတိ မနုဿေသု-၂ ကျိပ် ၄ ယောက်သော လူတို့လည်းကောင်း"ဟု ဆိုသည်၊ ဤ၌ ဣသိသဒ္ဒ၀ါကျဟူသည် "၀စ္ဆရသေ္သ, ကစ္စရသေ့" စသည်ဖြင့် ရသေ့နာမည်ရသော ၀စ္ဆ စသူပင်တည်း။

**ဂေါတ္တကာရက ပုဂ္ဂိုလ်များ။** ။အနွယ်ကို တည်ထောင်ကြသော ဂေါတ္တကာရက, အနွယ်၏ အစဖြစ်သော အာဒိပုရိသတို့ကို မနုကျမ်း၌ ၇ ယောက်, ဗောဓာယနကျမ်း၌ ၈ ယောက်ဟုဆိုသော်လည်း ဓမ္မပ္ပဒီပကျမ်း၌လည်းကောင်း, ဝုဒ္ဓမနု၌လည်းကောင်း ၂၄ ယောက်စီ ဆိုကုန်သတတ်၊ အောက်ပါ ဂါထာတို့ကား ဓမ္မပ္ပဒီပအဆိုတည်း။

> သာဏ္ဍိလျော ကဿပေါ စေ၀, ၀ါသော သာသဏ္ဍကော တထာ၊ ၄
> ဘာရဒွါဇော ဂေါတမော စ, သောကာလိနော တထာ ပရော၊ ၃
> ကမ္ဗသော စာဂ္ဂိဝေဿာ စ, ကဏှာ-ဖြေယ ၀သိဋ္ဌကော၊ ၄
> ဝိဿာမိတ္တော ကုသိကော စ, ကောသိကော စ တထာ ပရော၊ ၃
> မုဟကောသိက မောဂ္ဂလ္လာ, အာလမ္ဗျာနော ပရာသနော၊ ၄
> သောပါယနော တထာ-တြိ စ, ၀ါသုကိ ရောဟိတော တထာ၊ ၄
> ဝေယဂ္ဃပဇ္ဇဒကော စေ၀, ဇမဒဂ္ဂိ တထာ ပရော၊.... ၂
> စတုဝီသတိ ဂေါတ္တာနံ, ကထိတာ ပုဗ္ဗပဏ္ဍိတာ။

ဝုဒ္ဓမနု၌ကား ဤ ၂၄ တွင် အချို့တူ၍ အချို့မတူပဲ ၂၄ ယောက် ပြ၏၊ ထိုတွင် "ဗိဟပ္ပတိ, ကုဥ္စန, ဗိသဏ္ဍ, ကစ္စာယန, ကဏ္ဍက, သင်္ကိဟ, ကောဏ္ဍိလျ, ၀ဂ္ဂ, အင်္ဂိရသ, အနာဝုက နဇ္ဈေဇမိန္ဒိ, ဗုဒ္ဓ, သတ္တိကဏ္ဍာယန, ၀ါသုတိ, သုနကော, သုနယ" တို့ကား ဓမ္မပ္ပဒီပ၌ မပါသော နာမည်များတည်း၊

ထိုယောက်ျားတို့မှ စတည်ဖြစ်ပေါ်လာသော အနွယ်တို့တွင် "ဝသိဋ္ဌ, ဂေါတမ, ကစ္စာယန, အဂ္ဂိဝေဿာန, မောဂ္ဂလ္လာန အနွယ်တို့သည် ဥက္ကဋ္ဌ အနွယ်တို့တည်း၊ ဝါသုဒေဝ, ဝစ္ဆာယန, သကဋ္ဌာယန အနွယ်တို့သည် မဇ္ဈိမ (အလတ်တန်းစား) အနွယ်တို့တည်း၊ ကဏှာယနစသော အနွယ်တို့သည် ဟီန (အောက်တန်းစား) အနွယ်တို့တည်း"ဟု သံပျင်ဋီကာ ခွဲခြား၏၊ သြမသဝါဒ သိက္ခာမုဒ်၌ကား ဟီနဂေါတ္တ ဥက္ကဋ္ဌဂေါတ္တဟု ၂ မျိုးသာခွဲ၍ "ကောသိယ(ကောသိက) အနွယ် ဘာရဒွါဇ အနွယ်ကို ဟီန၊ ဂေါတမ, မောဂ္ဂလ္လာန, ကစ္စာန, ဝါသိဋ္ဌ အနွယ်ကို ဥက္ကဋ္ဌ"ဟု ဟောတော်မူသည်။

**အာကတိဂိုဏ်း။** ။ "ဂေါတ္တဂဏတော"ဟု ဝုတ္တိဆိုထားသော်လည်း အနွယ်ကိုတည်ထောင်သူ အနွယ်၏ အစဖြစ်သူအားလုံးကို ဤသုတ်ဖြင့် မယူနိုင်၊ ဝသိဋ္ဌ, ဘာရဒွါဇ, ဂေါတမ ရသေ့တို့သည် အနွယ်ကို တည်ထောင်သူများ ဖြစ်ပါလျက် ထိုဂေါတ္တသဒ္ဒါများနောင် ရှေ့သုတ်ဖြင့် ဏပစ္စည်းသက်၍ ဝါသိဋ္ဌော စသည် ဖြစ်ကြရ၏၊ ထို့ကြောင့် ဤသုတ်သည် ဂေါတ္တသဒ္ဒါအားလုံးကို ယူသောသုတ် မဟုတ်, ဏာယန ဏာန ပစ္စည်းသက်၍ ရုပ်ပြီးပုံ အခြင်းအရာ တူသော သဒ္ဒါစုကိုသာယူသော "အာကတိဂဏသုတ်"တည်း၊ ထို့ကြောင့် "ဝစ္ဆာဒိတော"၌ အာဒိသဒ္ဒါလည်း ပကာရ (အတူ)အနက်ဟောတည်းဟု ယူ။ အတူ ဟူရာ၌လည်း "ဏာယန, ဏာန ပစ္စည်းသက်ရာဌာနချင်း တူသည်"ဟု မှတ်။ [အာကတိဂဏော-ယံ (ရူ)၊ အဓိပ္ပာယ်ကို ရူ-ဘာသာဋီကာ၌ ရှုပါ။]

**ဝစ္ဆာယနော၊ ပေ၊ ကဏှာယနော။** ။ ရညော ခေါ ပန အမ္ဗဋ္ဌ ဥက္ကာကဿ ဒိသာ နာမ ဒါသီ အဟောသိ၊ သာ ကဏှံ နာမ ဇနေသိ၊ ပေ၊ တဒဂ္ဂေ ခေါ ပန အမ္ဗဋ္ဌ ကဏှာယနာ ပညာယန္တိ = အို အမ္ဗဋ္ဌ……ဥက္ကာကမင်းမှာ ဒိသာ မည်သော ကျွန်မရှိသည်၊ ထိုကျွန်မသည် ကဏှမည်သော သားဖွား၏၊ ထိုကဏှမှစ၍ ကဏှာယန မည်သူတို့ ထင်ရှားလာသည်၊ (အမ္ဗဋ္ဌသုတ်)၊ ဤပါဠိတော်ကိုထောက်၍ ဝစ္ဆ ကစ္စ စသူတို့လည်း ထိုအနွယ်ဝင် လူများ၏ အစဆုံး ယောကျ်ားဖြစ်သည်-ဟု သိသာပြီ၊ ထို့ကြောင့် "ဝစ္ဆဿ - ဝစ္ဆ၏+ အပစ္စံ-သားတည်း, သမီးတည်း"ဟု ပေးခြင်းသည် အလွယ်တကူ ပေးခြင်းသာတည်း၊ သားသမီးသာမက မြေး မြစ် စသူ အားလုံးကိုပင် (ထိုအနွယ်ဝင်ဟူသမျှ) ယူနိုင်သည်-ဟု မှတ်ပါ။

**မောဂ္ဂလ္လာယနော။** ။မောဂ္ဂလ္လာနပုဒ်၌ "မုဂ္ဂလဿ - မုဂ္ဂလပုဏ္ဏား၏ + အပစ္စံ-သားတည်း၊ မောဂ္ဂလ္လံ-မုဂ္ဂလ၏သား"ဟု ဝိဂ္ဂိုဟ်ပြု၍ မုဂ္ဂလနောင် ဏျ ပစ္စည်းသက်, ဏ အနုဗန္ဓချေ, မု၏ ဥကို သြဝုဒ္ဓိပြု, လျကို လပြု, ဒွေဘော်လာ၍ "မောဂ္ဂလ္လ"ဟု ဖြစ်ပြီးနောက် "**မောဂ္ဂလ္လဿ - မောဂ္ဂလ္လ၏+အပစ္စံ-သား, မြေး**

စသည်တည်း၊ မောဂ္ဂလ္လာယနော, မောဂ္ဂလ္လာနော - သူ''ဟု မောဂ္ဂလ္လာန်ပဉ္စိကာ ရုပ်စီရင်ပုံ ကြည့်၍ ''မောဂ္ဂလ္လာန''ဟု လ ဒွေဘော်ဖြင့် ပါဠိမှန်ဟု ဆုံးဖြတ်ကြသည်။ [သဒ္ဒနီတိ၌ကား ''မောဂ္ဂလ္လာယနာမ ဗြာဟ္မဏိယာ အပစ္စံ မောဂ္ဂလ္လာနော=မောဂ္ဂလာနမည်၏''ဟု ဆို၏၊ ထိုအလိုအားဖြင့် လ္လ ၂ လုံး မရှိရ။]

ကစ္စာယနော။ ။ကစ္စ မည်သော ယောကျ်ားသည် ထိုအမျိုး၏ အစဆုံးတည်း၊ ထို့ကြောင့် ''ကစ္စဿ + အပစ္စံ'' အရ ကစ္စာယနအနွယ် ဖြစ်ပေါ်လာသည်၊ ထိုကစ္စကို''ကာတိယ''ဟုလည်း ခေါ်၏၊ ထောမနိဓိ၌ကား''ကတျဿ +အပစ္စံ-ကာတျာယနော'' မုနိဘေဒ (ရသေ့အထူး)၊ သ စ ဓမ္မသတ္ထကတ္တာ-ထို ရသေ့လည်း ဓမ္မသတ်ကျမ်းပြုသူတည်း၊ ဗျာကရဏ် ဝတ္တိကကျမ်းပြုသူလည်း ဝရရုစိမည်သော ဤ ကာတျာယနပင်တည်း-ဟု ဆို၏၊ သက္ကတ၌ ''ကတျ''သည် ပါဠိ၌ တျကို စပြု ဒွေဘော်လာ၍ ''ကစ္စ''ဟု ဖြစ်၏၊ ထို ''ကတျ'' ပုဒ်ကိုပင် ချဲ့ဖြန့်လိုက်သည့်အခါ ''ကာတိယ''ဟု ဖြစ်၏၊ ထို့ကြောင့် ''ကာတိယဿ+ အပစ္စံ-ကာတိယာနော''ဟုလည်း ဖြစ်နိုင်သည်။ [မောဂ္ဂလ္လာန်၌ကား ''ကဏ နော် သာ:သမီးဟော အပစ္စအနက်၌ ဏျပစ္စည်းသက်၍ ''ကစ္စ''ဟု လည်းကောင်း, ဏိယ ပစ္စည်းသက်၍ ''ကာတိယ''ဟုလည်းကောင်း ပြီးစေသည်။

ထို့ပြင်— ''အပိဿု မံ အဂ္ဂိဝေဿန တိဓဿာ ဥပမာ ပတိဘံသု''ဟု ပါဠိရှိသောကြောင့် အဂ္ဂိဝေဿာနဝယ် ဿာ၌ ရဿပြုရသော နည်းလည်း ရှိ၏-ဟု မှတ်၊ နာရာယန-ဒွေပါယနတို့၌ ထောမနိဓိဝယ် ဏာယနပစ္စည်းဟု မဆို၊ နာရသဒ္ဒါသည်''ရေ''ဟူသော အနက်ဟောတည်း၊ အယနသဒ္ဒါကား''ဖြစ်တည်ရာ'' အနက်ဟောတည်း၊ ''နာရာ+အယနံ ယဿ'' ဟု ဝိဂ္ဂြိုဟ်ပြု၍ ''ရေ ဟူသော တည်ရာရှိသော ဗိဿဏိုးနတ်သည် နာရာယန မည်၏''ဟု ဆို၏၊ ''နာဍာယနော-နဍရသေ့၏ သား'' ဟုလည်း တွေ့ရ၏၊ ထိုပါဠိသည်သာ အမှန်ဖြစ်ဟန်တူ၏၊ ဒွိပသဒ္ဒါလည်း ''ကျွန်း''ဟူသော အနက်ဟောတည်း၊ ''ဒွိပေါ+အယနံ ယဿ''ဟု ပြု၍ ကျွန်းဟူသော မွေးဖွားရာအရပ်ရှိသော ဗျာသ ရသေ့ကို ''ဒွိပါယနော ဝေ ဒွေပါယနော''ဟု သက္ကတ၌ ဏ (အဏ်) ပစ္စည်းသက်၍ ''ဒွေပါယန''ဟု ခေါ်သတတ်၊ ပါဠိ၌မူ ''ဒီပါယန'' မည်သော ရသေ့ဘဦးကို ကဏှဒီပါယနဇာတ်၌ တွေ့ရသည်၊ ကြွင်းသောပုဒ်များ၏ အခြေအမြစ်ကိုလည်း စိစစ်ကြပါလေဦး၊ ရုပ်တွက်ပုံအစဉ်မှာ ''ဝစ္ဆဿ+သကဋ္ဌဿ+အပစ္စံ'' စသည်ဖြင့် ဝါကျဖြစ်အောင် စီရင်၍ ဝါသိဋ္ဌေ အတိုင်းတွက်၊ ဏာယန ဏာနပစ္စည်းသက်ရခြင်းသာ ထူး၏၊ ဝစ္ဆာယနီ စသည်ကား ဏဝဏိကဏေယျ ဏန္တ၊ ပစ္စယန္တ မဟုတ်သောကြောင့် နဒါဒိတော ဝါ ဤ သုတ်ဖြင့်သာ(ဤ)ပစ္စည်းသက်သင့်၏။

ဏေယျော ကတ္တိကာဒီဟိ

၃၄၆။ ကတ္တိကာဒီဟိ-ကတ္တိကာ အတု ရှိကုန်သော၊ ဏေယျ- ဂေါတ္တ ဂဏေဟိ — ထို အနွယ်ဟောသဒ္ဒါ အပေါင်းတို့မှ (နောက်၌)၊ တဿ-ထိုသူမ၏၊ အပစ္စံ-သားတည်း၊ ဣစ္စေ- တသ္မိံ—၌၊ ဏေယျပစ္စယော—သည်၊ ဝါ ဟောတိ—၏၊ ကတ္တိကာယ-ကတ္တိကာ နတ်သမီး၏၊ အပစ္စံ-သားတည်း၊ ကတ္တိကေယျော—ကတ္တိကာနတ်သမီး၏ သား၊

---

၃၄၆။ **ကတ္တိကာဒီဟိ ဂေါတ္တဂဏေဟိ။** ။ကတ္တိကာ, ဝိနတာ, ရောဟိဏီ စသော သဒ္ဒါများကို အနွယ်ဟောသဒ္ဒါဟု အခြား ကျမ်းများ၌ မဆိုကြ၊ ရူပသိဒ္ဓိ၌လည်း ဤ "ဂေါတ္တဂဏေဟိ"ကို မနှစ်သက်သောကြောင့် "ဣတ္ထိယံ ဝတ္တမာနေဟိ လိင်္ဂေဟိ"ဟု ဆို၏၊ ထို ကတ္တိကာနတ်သမီးစသော မိန်းမတို့လည်း အနွယ်ကို တည်ထောင်နိုင်သူများ မဖြစ်ထိုက်၊ ထို့ကြောင့် "ဂေါတ္တဂဏေဟိ" ဟူသော ဤစကားကို စဉ်းစားထိုက်သည်၊ ကတ္တိကာဒီဟိ၌ အာဒိသဒ္ဒါသည် "အတု"ဟူသော အနက်ကို ဟော၏၊ ကတ္တိကာကဲ့သို့ အပစ္စအနက်၌ ဏေယျ ပစ္စည်းသက်၍ ပြီးခြင်းတူသော "ဝိနတာ – ရောဟိဏီ" စသည်ကို ထို အာဒိ သဒ္ဒါဖြင့် ယူ။

**မှတ်ချက်။** ။ကတ္တိကာ,ဝိနတာစသည် အာကာရန္တဣတ္ထိလိင်တည်း၊ ရောဟိဏီ, နဒီ စသည်ကား ဤကာရန္တ ဣတ္ထိလိင်တည်း၊ ဤသို့ ဃ အမည်ရှိသော အာကာရန္တ ပ အမည်ရသော ဤကာရန္တဣတ္ထိလိင်များကိုရည်ရွယ်၍"ဣတ္ထိယံ ဝတ္တမာနေဟိ လိင်္ဂေ ဟိ"ဟု ရူပ၌ဆိုထားသော်လည်း မောဂ္ဂလ္လာန်ပဉ္စိကာ၌မူ ဏေယျပစ္စည်းသည်များသော အားဖြင့် ဃ ပ နောင်သက်၏၊ အတ္တိ ပဏ္ဍုစသော အချို့ပုလ္လိင်နောင်လည်း သက်သေး ၏-ဟု ဆို၍ "အတ္တိဿ ဣသိနော အပစ္စံ အတ္တေယျော=အတ္တိရသေ့၏သား၊ ပဏ္ဍုဿ ရညော အပစ္စံ ပဏ္ဍေယျော=ပဏ္ဍုမင်း၏ သား"ဟု ပုလ္လိင် ဥကာရန္တနောင်လည်း ဏေယျပစ္စည်းပုံစံကို ပြထားသည်။

ကတ္တိကေယျော။ ။"ကတ္တိကေယျော – ကတ္တိကာနတ်သမီး၏ သား" ဟူသည် ခန္ဒနတ် (ကဒဲနတ်) တည်း၊ ထောမနိဓိကား "ကတ္တိကာနံ—ကြတ္တိကာ ကြယ်တို့၏+အပစ္စံ-သားတည်း၊ (ကသ္မာ-နည်း)၊ တပ္ပါလိတတ္တာ-ထိုကြတ္တိကာ ကြယ်တို့ စောင့်ရှောက်အပ်သည်၏ အဖြစ်ကြောင့်တည်း"ဟု ဆို၍ "ခန္ဒေ သိဝ ပုတ္တေ-သိဝ၏သားဖြစ်သော ခန္ဒနတ်၌"ဟု အနက်ဆိုသည်၊ ဤ၌ကား "ကတ္တိ ကာယ"ဟု ဧကဝုစ်ရှိသောကြောင့် "ကတ္တိကာနတ်သမီး"ဟု ပေးရသည်။ [သဒ္ဒ သင်္ဂဟ၌ကား "မဟိဿရ၏ သားအကြီးကို ကတ္တိကေယျဟု ခေါ်၏၊ ထို ကတ္တိ ကေယျမှာ အထိန်းတော် ၆ ယောက်ရှိရာ ကတ္တိကာမည်သော နတ်သမီးလည်း တယောက်အပါအဝင် ဖြစ်ရကား ထိုကတ္တိကာ၏ ထိန်းသိမ်းစောင့်ရှောက်အပ် သော သားဟု ဆိုလိုသည်၊ အဘိဓာန်၌ "ခန္ဒ-သတ္တိဒ္ဓရ-ကုမာရဟူသော နာမည် များသည် ဤ ကတ္တိကေယျ၏ နာမည်တည်း"ဟု ဆိုသည်။]

ကတ္တိကာယ အပစ္စံ ဏ ါ-လည်း ရှိ၏၊ ဧဝံ-တူ၊ ဝေနတေယျော-ဝိနတာ၏ သား၊ ရောဟိဏေယျော—ရောဟိဏီ၏သား၊ ဂင်္ဂေယျော - ဂင်္ဂါ၏သား၊ ကဒ္ဒမေယျော-ကဒ္ဒမာ၏သား၊ နာဒေယျော—နဒီ၏သား၊ အာဠေယျော—အလီ၏သား၊ အာဟေယျော—အဟိ၏သား၊ ကာမေယျော—ကမီ၏သား၊ သုစိယာ-စင်ကြယ်သောမိန်းမ၏၊ အပစ္စံ—သားတည်း၊ သောစေယျော—စင်ကြယ်သောမိန်းမ၏သား၊ သာလေယျော — သာလာ၏သား၊ ဗာလေယျော — အမိုက်မ၏သား၊ မာလေယျော-မာလာ၏သား၊ ကာလေယျော-ကလာ၏သား (၃၆၇)။

---

ဝေနတေယျော။ ။"သုပဏ္ဏမာတာ—ဂဠုန်၏ မိခင်သည်၊ ဝိနတာ—မည်၏"ဟု အဘိဓာန်ရှိသောကြောင့် "ဝိနတာယ·ဂဠုန်မ၏+အပစ္စံ—တည်း၊ ဝေနတေယျော-ဂဠုန်မ၏သား"ဟု ဆိုကြ၏၊ ထောမနိဓိ၌ကား "ဝိနတ (တြိ-၃ လိင်)"ဟု ဆို၍ "ဂရုဠမာတရိ ကဿပပတနီဘေဒေ-ဂဠုန်၏ အမိဖြစ်သော ကဿပ၏ မယား" ဟူသော အနက်၌ ဣတ္ထိလိင်ဟု ဆိုသည်၊ ထို့ကြောင့် ဝိနတာ၏ သားသည် ဂဠုန်ဖြစ်သော်လည်း "ဝိနတာ"ကား "ဂဠုန်မ"ဖြစ်ဟန်မတူ၊ သို့ဖြစ်၍ "ဝိနတာယ-ဝိနတာမည်သော မိန်းမ၏"ဟု ပေးသည်။

ရောဟိဏေယျော။ ။"ရောဟိဏီ" ဟူသည် ဝသုဒေဝ၏ မယားတည်း၊ ထိုမှ ဗလဘဒြကို မွေးဖွားသောကြောင့် "ရောဟိဏိယာ အပစ္စံ" အရ ရောဟိဏေယျဟူသည် ဗလဘဒြနတ်ဘည်းဟု ဆိုသင့်၏၊ ထောမနိဓိ အခြားတနေရာ၌ ရောဟိဏေယျကို ဗလရာမမင်းဟုလည်း ဖွင့်သေး၏။

ဂင်္ဂေယျော။ ။"ဂင်္ဂေယျဟူသည် ဘီဿမမင်းတည်း၊ ထိုဘီဿမမင်းကို "ဂင်္ဂါ ဂဗ္ဘဇေ-ဂင်္ဂါမြစ်ဝှမ်း၌ မွေးဖွားသော၊ သန္တနုသုတေ-သန္တနုမင်း၏သားတော်ဖြစ်သော၊ သနာမချာတေ-မိမိနာမည်ဖြင့် ဘီမဟု ထင်ရှားသော၊ ကုရုဝံသေ-ကုရုမင်းနွယ်ဖြစ်သော၊ ခတ္တိယေ-မင်း၌"ဟု ထောမနိဓိ ဖွင့်၏၊ ဤအဖွင့်အတိုင်း ဆိုလျှင် ဂင်္ဂါမြစ်၏ သားမဟုတ်၊ ဂင်္ဂါမြစ်၌ ဖွားမြင်သူသာ ဖြစ်ရကား "ဂင်္ဂါယံ+ဇာတော — ဂင်္ဂေယျော"ဟု ဇာတတဒ္ဓိတ်သာ ဖြစ်သင့်၏၊ အပစ္စတဒ္ဓိတ်ဆိုလိုမူ "ဂင်္ဂါယ+အပစ္စံ ဂင်္ဂေယျော"ဟု ဆိုသင့်သည်။

ကဒ္ဒမေယျော စသည်။ ။"ကဒ္ဒမေယျော-ကဒ္ဒမာ၏သား"ဟု ပါဠ်ရှိတိုင်း ပေးရသော်လည်း ထောမနိဓိ - သာရတ္ထဒီပိကာတို့၌ "ကဒြဝေယော (ကဒ္ဒဝေယျော)-ကဒ္ဒဝ ါ၏ သားဖြစ်သော ပုံသဏ္ဌာန် လူနှင့်တူ၍ လက် ခြေ ပါးပျဉ်း ရှိသော နတ်မျိုးတွင် ပါဝင်သော နဂါး မြွေ၌ ဖြစ်၏"ဟု ဆိုသည်၊ မုဒ္ဓဗောဓ၌ကား "ကာဒြဝေယျော-ကဒြူ မည်သူ၏ သား"ဟု ဆို၏၊ ဥကို တေသုဝုဒ္ဓိ သုတ်ဖြင့် အဝပြု၊ နဒိယာ-နဒီမည်သော မိန်းမ၏+အပစ္စံ-နာဒေယျော။

**အာလေယျော စသည်။** ။"အာလိ=အာလီ" ၂ မျိုးလုံးပင် "မိတ်ဆွေမ" ဟူသောအနက်ကို ဟောသောကြောင့် "အာလိယာ + အပစ္စ—အာလေယျော= မိတ်ဆွေမ၏သား"ဟု ဆိုသင့်၏၊ "အာလိမည်သော မိန်းမ၏သား"ဟု ပေးရိုးရှိသည်ကို ဆင်ခြင်၊"အဟိကပိစာတိ နဒါဒိတော ဝါ ဤတိ ဤပစ္စယေန သိဒ္ဓါ" ဟု ရူပဋီကာ ဖွင့်သောကြောင့် အဟိကပိနောင် ဣတ္ထိဇောတက ဤပစ္စည်း ထပ်သက်၍ "အဟိယာ—မြွေမ၏+ကပိယာ—မျောက်မ၏+အပစ္စ-တည်း၊ အာဟေယျော—မြွေမ၏သား၊ ကာပေယျော-မျောက်မ၏သား"ဟု ကြံသင့်၏၊ "အဟိမည်သော မိန်းမ၏၊ ကပိမည်သော မိန်းမ၏သား"ဟုလည်း ပေးကြသည်၊ ကာပေယျော အရာဝယ် "ကာမေယျော"ဟု မနှင့်လည်း ရှိ၏၊ "ကမိမည်သော မိန်းမ၏သား"ဟု ပေးကြ၏၊ သာရသွတ်၌ "ကာပေယော, ဂင်္ဂေယော, မာဟေယော"ဟု ရှိသောကြောင့်အာဟေယျောအရာဝယ်"မာဟေယျော-မဟီ၏သား၊ ဝါ-မြေကြီး၏သားဖြစ်သော နရကအသုရာ"ဟု ရှိလျှင် သာ၍ကောင်းမည်။

သောစေယျော။ ။သုစိ သဒ္ဒါသည် သန့်ရှင်း စင်ကြယ်သူကို ဟော၏၊ ထို့ကြောင့်"စင်ကြယ်သောမိန်းမ၏"ဟုပေးသည်။ [သောစေယျော၏နောက် သီဟိုဠ်မူဝယ် "ဂါဝေယျော"ဟု တွေ့ရ၏၊ ဂါဝိယာ+အပစ္စ—ဂါဝေယျော= နွားမ၏သား"ဟု ဆို၊ ရှေး နိဿယတို့၌ "ဟာဝေယျော"ဟု ပါဠ်ပျက်ကို တွေ့၍ "ဟာဝါယ-စီးပွားသော မိန်းမ၏"ဟု ပေးကြသတတ်၊ ယခုစာများ၌ကား "သာလေယျော"ဟု တွေ့ရ၍ "သာလာမည်သော မိန်းမ၏သား"ဟု ပေးလိုက်သည်။]

**ဗာလေယျော စသည်။** ။ဗာလာယ—ဗာလာမည်သော မိန်းမ၏၊ ဝါ—အမိုက်မ၏၊ မာလာယ၊မာလာမည်သော မိန်းမ၏၊ ဝါ-ပန်းသည်မ၏၊ ကလာယ-ကလာမည်သော မိန်းမ၏၊ အပစ္စံ—သည်၊ ဗာလေယျော, မာလေယျော, ကာလေယျော-မည်၏၊["မာလာ ယဿာ အတ္ထီတိ မာလာ"ဟု ပြု၍ ပန်းရှိသော မိန်းမ (ပန်းသည်မ)ကို "မာလာ"ဟု ခေါ်၊ ကလိတဗ္ဗာ သင်္ချာတဗ္ဗာ (ရေတွက်ထိုက်၏)"ဣတိ ကလာ"ဟုကြံ၍အိမ့်ရှင်မဝတ်ပြည့်စုံသဖြင့် အိမ့်ရှင်မတယောက်ဟု ပြောဆိုလောက် ရေတွက်လောက်သော မိန်းမကို"ကလာ"ခေါ်၏ဟု ကြံကြသည်။ [ထောမနိဓိ၌ကား "မာလာယံ-ပန်းကိစ္စ၌၊ သာဓု-ကောင်းသူတည်း"ဟု ပြု၍ ပန်းကုံးတတ်သူကို "မာလေယျ" ခေါ်သည်ဟု ဆို၏။]

**ဘာဂိနေယျော စသည်။** ။"ဘဂိနိယာ-နှမ၏၊ အပစ္စံ ဘာဂိနေယျော—နှမသား၊ ဝါ-တူ၊ အန္တိယာ-အစ်မကြီး၏ + အပစ္စံ အန္တေယျော - တူ"ဟု ရှဉ်၌ ပြသေး၏၊ အန္တိကို ဇေဋ္ဌဘဂိနီဟု ထောမနိဓိဖွင့်၏၊ ဤရုပ်များကိုလည်း အခြေပြုနည်းမှီး၍ကုန်၊ နဂိုက ဝုဒ္ဓိဖြစ်ပြီးသော ရောဟိဏီစသောပုဒ်များ, သံယောဂန္တဖြစ်သော "ကတ္တိကာ" စသော ပုဒ်များ၌ ဝုဒ္ဓိပြုဖွယ် မလိုကြောင်းကိုလည်း

သတိပြု၊ ဣတ္ထိလိင်ကို ဟောရာ၌ ဏာဝ ဏိက ဏေယျဏန္တုပြဟိ သုတ်ဖြင့် ဤပစ္စည်းသက်၍ "ကတ္တိကေယျိ-ကတ္တိကာနတ်သမီး၏သမီး"စသည် ဖြစ်နိုင်သည်။

**ယောဂဝိဘာဂ ကြံဖွယ်**။ ။သဒ္ဒနီတိ၌ "ယံ ဘာဝေယတော ပက္ခန္ဒတိ ယတ္ထ ဘဝတိ ဝဍ္ဎတိစ္စာဒိသုပိ ဏေယျော"ဟု သုတ်တည်၍ ဏေယျပစ္စယော နကေဝလံ အပစ္စတ္ထေယေဝ, အထခေါ ယံ ဘာဝေ (အကြင် အရာ၏ အဖြစ်) ယတော ပက္ခန္ဒတိ(အကြင်အရပ်မှ+ပြေးသွား စီးဆင်း၏) ယတ္ထ ဘဝတိ(အကြင်အရပ်၌ဖြစ်၏) ယထ ဝဍ္ဎတိ (အကြင်အရပ်၌ ကြီးပွား၏) ဣစ္စာဒိသုပိ အတ္ထေသု ဟောတိယေဝ"ဟု ဆို၏၊ ဤ ကစ္စည်း၌ကား ထိုကဲ့သို့ သုတ်သီးခြား မရှိသော ကြောင့် "ဏေယျော" ဟူသော ယောဂဝိဘာဂဖြင့် သက်။ [ကတ္တိကာဒီဟိကို ဖြုတ်ထားသော ဒွိဓာကရဏ ယောဂဝိဘာဂ, အပစ္စေ ဟူသော အလိုက်ကို ကြဉ်သော ဝိနာဓိကာရ ယောဂဝိဘာဂတည်း။]

**ပုံစံများ**။ ။သုစိနော+ဘာဝေါ, သောစေယျံ=စင်ကြယ်သူ၏ အဖြစ်၊ အဓိပတိနော+ဘာဝေါ, အာဓိပတေယျံ=အစိုးရသူ၏ အဖြစ်၊ ပဗ္ဗတတော—တောင်မှ+ပက္ခန္ဒာ—စီးဆင်းသော မြစ်သည်၊ ပဗ္ဗတေယျာ—မည်၏၊ ပဗ္ဗတေ-၌၊ ဘဝေါ-ဖြစ်သော သမင်သည်၊ ပဗ္ဗတေယျော—မည်၏၊ ဂင်္ဂေယျော-ဂင်္ဂါမြစ်၌ ဖြစ်သော ငါး၊ ဝါနေယျော-တော၌ဖြစ်သောသမင်။ [ဤပုံစံများ၀ယ်"ဇာတ" အနက်လည်း ဖြစ်သင့်သည်။] ကောသေ-ပိုးအိမ်၌၊ ဘဝံ-ဖြစ်သော ချည်တည်း၊ ကောသေယျံ—ပိုးချည်၊ ဗာရာဏသိယံ + ဘဝံ, ဗာရာဏသေယျံ — ဗာရာဏသီ ပြည်၌ဖြစ်သော အဝတ်၊ ကုလေ—အမျိုးအိမ်၌+သံဝဍ္ဎော—ကြီးပွားသောခွေး သည်၊ ကောလေယျော-မည်၏၊ သာခုအနက်၌လည်း သက်။

**ပါထေယျံ စသည်**။ ။ပထေ—လမ်းခရီး၌ + သာခု—ကောင်းသောရိက္ခာ တည်း၊ ပါထေယျံ-လမ်း၌ ကောင်းသော ရိက္ခာ၊ တနည်း-ဟိတအနက်၌သက်၊ ပထဿ+ဟိတံ, ပါထေယျံ-လမ်း၏ စီးပွားဖြစ်သောရိက္ခာ (လမ်းစာရိက္ခာ)၊ သပတိဿ-ဥစ္စာရှင်၏+ဟိတံ, သာပတေယျံ၊ ဥစ္စာရှင်၏ စီးပွားဖြစ်သော ဥစ္စာ နှစ်၊ အတိထိနော ဟိတံ အာတိထေယျံ၊ ဧည့်သည်၏ စီးပွားဖြစ်သော ဧည့်ဝတ်၊ "သပတိမှိ + သာခု, အတိထိမှိ+သာခု" ဟုလည်း ပြုကြ၏၊ ပဒီပဿ—မီး၏+ ဟိတံ —ပဒီပေယျံ = မီး၏ စီးပွားဖြစ်သော ဆီ၊ မာတု + ဟိတော — မတ္တေ ယျော—အမိ၏စီးပွား (ဒွေဘော်လာ, မာ၌ ရဿပြု), ပေတ္တေယျော-အဘ၏ စီးပွား၊ ပိ၌ ဣကို ဧဝုဒ္ဓိ- ပြုပြီးမှ တ ဒွေဘော်လာ၊ အရဟတိ အနက်၌လည်း သက်၊ [အဟိဿ+ဣဒံ-အာဟေယျံ" ဟူသော ထောမနိဓိ၌ကား ဣဒံအနက် ၌လည်း သက်။]

**ဒက္ခိဏေယျော**။ ။ဒက္ခိဏံ - ရှိသေစွာ ပေးလှူအပ်သော အလှူကို + အရ ဟတိ-ခံယူထိုက်၏၊ ဣတိ ဒက္ခိဏေယျော၊ "ဒက္ခိဏာ အဿ ဒီယတေတိ ဒက္ခိ

အတော ဏ်ဝါ ၃၄၇။ တသ္မာ အကာရတော — ထိုအကာရန္တလိင်မှ (နောက်၌)၊ တဿ-ထိုသူ၏၊ အပစ္စံ, ဣစ္စေတသ္မိံ အတ္ထေ ဏ်ပစ္စယော ဝါ ဟောတိ၊ ဒက္ခဿ-ဒက္ခ၏၊ အပစ္စံ-သားတည်း၊ ဒက္ခိ-ဒက္ခ၏ သား၊ ဒက္ခဿ အပစ္စံဝါ-လည်း ရှိ၏၊ ဒေါဏဿ-ဒေါဏ၏၊ အပစ္စံ, ဒေါဏိ-ဒေါဏ၏သား၊ ဧဝံ-တူ၊ ဝါသဝိ —ဝါသဝ၏သား၊ သကျပုတ္တိ - သာကီဝင်မင်းသား၏ သား၊ နာဋပုတ္တိ - နာဋပုတ္တ၏သား၊ ဒါသပုတ္တိ - ဒါသပုတ္တ၏သား၊ ဒါသဝိ-ဒါသဝ၏ သား၊ ဝါရုဏိ-ဝရုဏ၏ သား၊ ကဏ္ဍိ-ကဏ္ဍ၏ သား၊ ဗာလ

---

ဏေယျော-အလှူကို ပေးလှူအပ်ရာ ပုဂ္ဂိုလ်''ဟုလည်း ပြုကြ၏၊ အဿ ဒီယတေ အနက်၌ သက်၊ ဤသို့စသောအားဖြင့် ဏေယျ ပစ္စည်းသက်ရာ ပုံစံတွေ ပေါမျာ း၏၊ သဗ္ဗတော ဏော သုတ်ဖြင့် က အက္ခရာလာလျှင် ''ဗာရာဏသေယျကော= ဗာရာဏသီပြည်၌ နေသူ'' စသည်ဖြစ်၏၊ ရူပသိဒ္ဓိ၌ ယောဂဝိဘာဂ မကြံပဲ ဏာ ရာဂါတသောဒ မညတ္တေသု စ သုတ်၌ စသဒ္ဒါဖြင့် သက်သည်။

[ဆောင်] ဏေယျောသုတ်ပြု, ဝိဘာဂဖြင့်, ယံဘာဝဟော, ယတော ပက္ခန္ဒ, ယတ္ထ ဘဝေါ, ဇာတောလည်းမှတ်, သံဝဍ္ဎတိ, အရဟတိ-သာဓု, ဟိတရှုလေ, ဒီယတေ အဿ, များလှအနက်, ဏေယျသက်၏၊ ရူပသိဒ်မှာ, ဏာရာဂါ ပြု၊ သုတ်၏စဖြင့်, ဏေယျသက်နည်း, တမျိုးဆည်းသည်, ရှင်ပြီးခြင်းသာ လိုရင်းတည်း။

၃၄၇။ **အကာရန္တတော။** ။ဝသိဋ္ဌ စသည်တို့လည်း အကာရန္တပင် ဖြစ်၏၊ သို့သော် ထို ဝသိဋ္ဌစသော အကာရန္တမှာ အန္တယ်၏အစ ယောကျ်ားကို ဟောသော (ဂေါတ္တာဒိ) အကာရန္တ ဖြစ်၏၊ ဤသုတ်လာ အကာရန္တကား သာမညအကာရန္တ ( အကာရန္တရိုးရိုး ) တည်း၊ ထို့ကြောင့် ဝသိဋ္ဌစသော သာမည အကာရန္တနောင် ဏ, ဏာယန, ဏာနသက်၍ ဂေါတ္တာဒိ မဟုတ်သော သာမည အကာရန္တနောင်သာ ဤသုတ်ဖြင့် ဏ်ပစ္စည်းသက်ဟု ခွဲခြားပါ။ [''အကာရန္တတောတိ - အကာရန္တမတ္တတော ဝါယံ ဏိ, န ဂေါတ္တာဒိဘူတတော'' မောဂ္ဂလ္လာန်ပဉ္စိကာ။]

ဒက္ခဿ၊ပေ၊နာဋပုတ္တိ။ ။''ဒက္ခ'' ဟူသည် ရသေ့တဦး၏ နာမည်တည်း၊ ထို ဒက္ခရသေ့၏သားကို ''ဒက္ခိ''ဟု ခေါ်သည်၊ သမီးကို ဆိုလိုရာ၌ကား နဒါဒိ ဤပစ္စည်းထပ်သက်၍ ''ဒက္ခီ''ဟု ထောမနိဓိရှိ၏၊ ''ဒုဏဿ=ဓဒေါဏဿ''ဟု ပါဠ်၌ ၂ ထွေရှိရာ၌ ထောမနိဓိဝယ် ထို ၂ ပုဒ်လုံးပင် လူနာမည်ဟော မတွေ့ရ၊ ''ဓဒေါဏ'' ပုဏ္ဏား ဟုကား ပါဠိတော်၌ တွေ့ရသည်၊ ''ဝါသဝ'' ကား သိကြားဟောဖြစ်၍ သိကြား၏သားကို ''ဝါသဝိ''ဟု ဆိုလိုကြသည်၊ ''သကျ

ဒေဝိ-ဗလဒေဝ၏သား၊ ပါဝကိ - ပါဝက၏သား၊ ဇေနဒတ္တိ-ဇိနဒတ္တ၏သား၊ ဗုဒ္ဓိ-ဘုရား၏သား၊ ဓမ္မိ-တရား၏သား၊ သံဃိ-သံဃာ၏သား၊ ကပ္ပိ-ကပ္ပ၏သား၊ အာနုရုဒ္ဓိ-အနုရုဒ္ဓ၏သား၊ [သီဟိုဠ်မူ၌ "အာနုရုဒ္ဓိ"ဟု ဝုဒ္ဓိဖြင့်ရှိသည်၊] ဝိကပ္ပနတ္ထေန-တမျိုးတဖုံ စီရင်ခြင်းအနက်ရှိသော၊ ဝါတိ-ဝါသဒ္ဒါဖြင့်၊ ဏိကပစ္စယော ဟောတိ၊ သက္ယပုတ္တဿ-သာကီဝင်မင်းသား မြတ်ဘုရား၏၊ အပစ္စံ-သားတော် တည်း၊ သက္ယပုတ္တိကော-သာကီဝင်မင်းသား မြတ်ဘုရား၏သားတော်၊ ဧဝံ-တူ၊ နာဋပုတ္တိကော-နာဋပုတ္တ၏သား၊ ဇေနဒတ္တိကော-ဇိနဒတ္တ၏သား၊ (၄၆၈)။

---

ဿ+ပုတ္တော"အရ သာကီဝင်မင်း၏ သားကို "သက္ယပုတ္တ"ဟု ခေါ်၍, ထို သက္ယပုတ္တ၏သားကို "သက္ယပုတ္တိ"ဟု ခေါ်၏၊ "နာဋပုတ္တ=နာဋိပုတ္တ=နာထပုတ္တ"ဟု ပါဠ်ိ ၃ မျိုး တွေ့ရ၏၊ ထိုသူ၏သားကို "နာဋပုတ္တိ" စသည်ခေါ်။ ["နိဂဏ္ဌနာဋပုတ္တ" ဟူရာ၌လည်း "နိဂဏ္ဌနာဋိပုတ္တ"ဟုပင် မူကွဲသည်။]

ဒါသပုတ္တိစသည်။ ။ဒါသပုတ္တ-ကျွန်၏သား၊ ဒါသပုတ္တဿ+အပစ္စံ ဒါသပုတ္တိ-ကျွန်သား၏သား (သားပေါက်)၊ ဒါသဝိ စသည်ကိုလည်း အနက်အတိုင်း သိလေ၊ "ကဏ္ဍိ=ကဏ္ဌိ=ဂဏ္ဌိ"ဟု မူကွဲရှိ၏၊ ထိုသို့ မူကွဲရာ၌ ပါဠိအဋ္ဌကထာ-သက္ကတတို့ကို ရှာဖွေနိုင်မှ အမှန်ကို ဆုံးဖြတ်နိုင်မည်၊ မုဒ္ဓဗောဓ၌ ကရိသိ (ဗိဿကိုး၏သား)ဟု တွေ့ရသောကြောင့် ပါဠိ၌ "ကဏ္ဍိ-ကဏ္ဍ၏သား၊ ဝါ- ဗိဿကိုး၏သား"ဟု ဖြစ်သင့်၏။ [ပဉ္စာလိ ဂါထာဟိ သုဘာသိတာဟိ(ဝီသတိ, ဟတ္ထိပါလဇာတ်)၊ ပဉ္စာလဿ+အပစ္စံ, ပဉ္စာလိ = ပဉ္စာလ၏သမီး၊ "ဥလ္လုမ္ပတု ဘဝံ ဂေါတမော ဗြာဟ္မဏိံ ပဇံ" အမ္ဗဋ္ဌသုတ်၊ ဗြာဟ္မဏဿ+အပစ္စံ ဗြာဟ္မဏိ=ပုဏ္ဏား၏သား] ရုပ်တွက်ရာ၌ အနက်ပေးပုံကိုကြည့်၍, "ဒေါဏဿ, ဝါသဝဿ, နာဋပုတ္တဿ" စသည်ဖြင့် ဝါကျလုပ်၍, နဂိုက ဝုဒ္ဓိဖြစ်ပြီး ရုပ်များ၌ ဝုဒ္ဓိပြုဖွယ် မလိုပုံကို သတိပြုပါ။

ဝါတိ ဝိကပ္ပနတ္ထေန။ ။ဝါဏပစ္စေသုတ်မှလိုက်သော ဝါသဒ္ဒါ ရှိပြီးလျက် ဤသုတ်၌ ထပ်၍ဆိုအပ်သော ဝါသဒ္ဒါသည် အဘယ်အနက် ရှိသနည်း-ဟု မေးဖွယ်ရှိ၍ "ဝါတိ ဝိကပ္ပနတ္ထေန"ဟု မိန့်သည်၊ ဤ "ဝိကပ္ပနတ္ထ" ဟူသည် "ယေန ဝါ ကရိယတေ တံ ကရဏံ"သုတ်၌ပါသော ဝါသဒ္ဒါ၏ ဝိကပ္ပနတ္ထကဲ့သို့ အတ္ထန္တရဝိကပ္ပန အနက်တည်း၊ သုတ်ရင်းဖြင့် ဏိပစ္စည်းသက်၍, ဝါသဒ္ဒါက ဏိကပစ္စည်းသက်ခြင်းဟူသော အနက်တမျိုးကိုစီရင်ပြန်သည်-ဟူလို၊ ဤစကား အရ ဝါဏပစ္စေသုတ်မှ လိုက်လာသော ဝါသည် သုတ်အစီအရင်မမြဲကြောင်းကို ပြသော ဝိကပ္ပနအနက်ရှိ၏၊ ဤသုတ်၌ ထပ်၍ပြအပ်သော ဝါကား ဏိက ပစ္စည်း သက်ခြင်းဟူသော အနက်တမျိုးကိုစီရင်ခြင်း ဝိကပ္ပနအနက်ရှိ၏၊ ဤသို့

လိုက်လာသော ဝါသဒ္ဒါက ထိုအတ္ထန္တရဝိကပ္ပနအနက်ကို မပြနိုင်သောကြောင့် ဤသုတ်၌ ဝါသဒ္ဒါကို ထပ်၍ မိန့်ရပြန်သည်-ဟူလို၊ [ တချို့သုတ်၌ အဝုတ္တသမုစ္စည်း အနက်ရှိသော စသဒ္ဒါနှင့် ဤ အတ္ထန္တရ ဝိကပ္ပနတ္ထ ဝါသဒ္ဒါသည် သဘောတူပင်တည်း၊ ] ပုံစံများ၌ ဏိကပစ္စည်း သက်ရခြင်းသာ ထူးသည်။

ဝါသဒ္ဒါဖြင့် **သက်ဖွယ်များ**။ ။ဤ ကစ္စည်းဝုတ္တိ၌ ဏိကပစ္စည်းကို ဆိုထားပြီ၊ သဒ္ဒနီတိ၌ကား "ဒက္ခာဒိတော ယထာသမ္ဘဝံ ဏိ-ဏိက-ဏိယာ" ဟု ဏိကပစ္စည်းကိုလည်းကောင်း, မောဂ္ဂလ္လာန်၌ "ဏျဒိစ္စာဒီဟိ" သုတ်ဖြင့် ဏျပစ္စည်းကိုလည်းကောင်း, "ကုရုသိဝိဟိ" သုတ်ဖြင့် ဏျပစ္စည်းကိုလည်းကောင်း, "ရာဇတော ညော ဇာတိယံ" သုတ်ဖြင့် ညပစ္စည်းကိုလည်းကောင်း, "ခတ္တာယိယာ" သုတ်ဖြင့် ယပစ္စည်း ဣယပစ္စည်း ကိုလည်းကောင်း, "မနုတောဿ ဿဏ" သုတ်ဖြင့် ဿပစ္စည်း ဿဏပစ္စည်းကိုလည်းကောင်း, "ဇနပဒနာမသ္မာ ခတ္တိယာ ရညေ စ ဏော" သုတ်ဖြင့် ဏပစ္စည်းကိုလည်းကောင်း ပြသေး၏၊ အပစ္စအနက်၌ ထိုပစ္စည်းများသက်ဖို့ရာ ကစ္စည်းကျမ်းဝယ် သုတ်သီးခြားမရှိ, အခြားသုတ်၌ အတ္ထန္တရဝိကပ္ပနတ္ထ ဝါသဒ္ဒါ မပါ၊ ထို့ကြောင့် ထိုပစ္စည်းများကို ဤသုတ်လာ ဝါသဒ္ဒါဖြင့် သက်စေကြရသည်။ [ ဏိယပစ္စည်းဟူရာ၌ ရူပဝယ် တေသုဝုဒ္ဓိဖြင့် ဏိကမှ ကကို ယ ပြုရသောကြောင့် ဏိယပစ္စည်းဟု အထူးမပြုတော့၊ ဿဏဟူရာ၌လည်း နီတိဝယ် "ဉဿ ဉဿဏ" ပစ္စည်းဟု ဆို၏။ ]

**ပုံစံများ**။ ။ဒိတိယာ-ဒိတိမည်သော အသုရာ မိခင်၏+အပစ္စံ, ဒိစ္စော-ဒိတိ၏သားဖြစ်သော အသုရာ (ဏျပစ္စည်း၊ ဒိ၌ ဝုဒ္ဓိမပြု၊ အာဒိစ္စော-ကောဏ္ဍညော တို့၌လည်း ဏျပစ္စည်းပင်၊ ရုပ်ပြီးပုံအစဉ်ကို ရှုမှာရှု၊) "ကုရူနံ-ကုရုမင်းတို့၏+အပစ္စံ, ကောရဗျော-ကုရုမင်းတို့၏သား"-ကုရုနောင် ဏျသက်, ဩဝုဒ္ဓိပြု, ရှေ့၌ ဥကို တေသုဝုဒ္ဓိဖြင့် အဝပြု, ဝကို ဒေါဓဃ စ ၌ စဖြင့် ဗပြု၊ သိဝိနံ အပစ္စံ သေဗ္ဗော-သိဝိမင်းတို့၏သား၊အဝဏ္ဏော ယေ လောပဥ္စသုတ်ဖြင့် ဝိ၌ ဣကိုချေ, ဝကို ယသို့ကပ်, ဝကို ဗပြု, ဒွေဘော်လာ၊ ရညော အပစ္စံ ရာဇညော-မင်း၏ သား၊ ( မင်းဇာတ်, မျိုး ) ညပစ္စည်း၊ သမဏကုလာနံ+အပစ္စံ သမဏကောလညော=ရဟန်းအမျိုးဖြစ်သော ရသေ့တို့၏သား၊ ဗြဟ္မုနော+အပစ္စံ ဗြဟ္မညော+ဗြဟ္မာ၏သားဖြစ်သော ပုဏ္ဏား။ [ "ဗြဟ္မုနိ + ဘဝါ, ဗြဟ္မုနော+ဟိတာ ဗြဟ္မညာ" ဟုလည်း ပြုကြသေး၏။ ] ညပစ္စည်းချည်းတည်း၊ ခတ္တဿ-မင်း၏၊ အပစ္စံ-ခတျော (ယပစ္စည်း) ခတ္တိယော (ဣယပစ္စည်း)။

**မဿနု စသည်**။ ။မနုနော (ကမ္ဘာဦးက) မနုမည်သောမင်း၏+အပစ္စံ-သား, မြေး အစဉ်အဆက်တည်း၊ မနုဿော - မာနုသော=မနု၏ သား မြေး အစဉ်အဆက်ဖြစ်သော လူ၊ ကမ္ဘာဦး၌ ပဌမမင်းသည် "မနု" မည်၏၊ ထိုမင်း၏ အဆုံးအမ၌ တည်ကြ၍ လူဟူသမျှကို မနု၏သားချည်းဟု ဆိုသည်၊ ဿပစ္စည်း

ဏဝေါ-ပဋ္ဋါဒိဟိ ၃၄၈။ ဥပဂု ဣစ္စေဝမာဒိဟိ - ဥပဂု အတူရှိသော ဥကာရန္တသဒ္ဒါတို့မှ (နောက်၌)၊ တဿ အပစ္စံ ဣစ္စေတသ္မိံ အတ္ထေ ဏဝပစ္စယော ဝါ ဟောတိ၊ ဥပဂုဿ—ဥပဂု၏၊ အပစ္စံ — သားတည်း၊ ဩပဂဝေါ—ဥပဂု၏သား၊ ဥပဂုဿ အပစ္စံ ဝါ-လည်း ရှိ၏၊ မနုနော-မနုမင်း၏၊ အပစ္စံ - သားတည်း၊ မာနဝေါ - မနုမင်း၏သား၊ မာနုနော အပစ္စံ ဝါ - ၏၊ ဘဂ္ဂုဿ - ဘဂ္ဂု၏ ၊ပေ၊ ပဏ္ဍုဿ - ပဏ္ဍု၏ ၊ပေ၊ ဗာဟုဿ - ဗာဟု၏, စသည် ပေး၊ (၃၇၁)။

---

သက်၍ "မနုဿ" သဏ်ပစ္စည်းသက်ရာ၌ ဝုဒ္ဓိပြု "မာနုဿ"ဟု ပြီး၏၊ ဣတ္ထိလိင်၌ အာ-ဤပစ္စည်း ၂ မျိုးလုံးသက်၍ "မာနုသာ, မာနုသီ" စသည် ဖြစ်၏။ [ရှဉ်ကား ဏဝေါပဋ္ဋါဒိဟိ သုတ်ဝယ် ဏ ပစ္စည်းသက်၍ "မာနုသော" ပြီးပုံကို ပြ၏၊ "မနော ဥဿန္နံ ဧတဿာတိ မနုဿော=ထက်မြက်သောစိတ် ရှိသူ"ဟု ကြံလျှင် သမာသ်ပုဒ်၊ မနုပုရသုဏာဒိဟိသုတ်၌ ကိတ်ပုဒ်များလည်း ရှိသေး၏။]

ပဉ္စာလော စသည်။ ။ပဉ္စာလာနံ + အပစ္စံ ပဉ္စာလော = ပဉ္စာလတိုင်းတို့၏ သား၊ ဝါ-ပဉ္စာလတိုင်းတို့၏ မင်း၊ ကောသလော - ကောသလတိုင်းတို့၏သား, မင်း၊ မာဂဓော - မဂဓတိုင်းတို့၏ သား, မင်း (ဏပစ္စည်း)၊ မဏ္ဍဗ္ဗ-မဏ္ဍဗျရုပ် ပြီးဖို့ရာ အချို့ကျမ်း၌ ဗပစ္စည်း ဗျပစ္စည်းများကို ပြကြသေး၏၊ သို့သော် "မဏ္ဍပေ ဇာတတ္တာ မဏ္ဍဗျောတွေဝ နာမံ အကံသု"ဟု မဇ္ဈိမ ပဏ္ဏာသ အဋ္ဌကထာ မိန့်သောကြောင့် ဇာတအနက်၌ ဏျ သက်၍ ပ ကို ဝေဿ ဝုဒ္ဓိဖြင့် ဗ ပြုလျှင် "မဏ္ဍဗျော"ဟု ပြီးနိုင်ရကား ဗ-ဗျပစ္စည်း လိုမည်မထင်။

[ဆောင်] အတ္ထန္တရ, ဝိကပ် ပြသည့်, အတောဏဝါ, ဝါသဒ္ဒါဖြင့်, ဏိကာ—ဏိယ, ဏျ-ညနှင့်, ယ-ဠယမှန်, ဿ-သဏ်-ဏတည်း, ကိုးပစ္စည်း, သက်နည်း ကျမ်းတို့လာ။

---

၃၄၈။ ဩပဂ္ဂါဒိဟိ။ ။သက္ကတနှင့် သီဟိုဠ်မူတို့၌ ဂဖြင့် "ဥပဂု=ဩပဂဝေါ"ဟု ရှိကြ၏၊ ဥပဂ္ဂါဒိဟိ၌ အာဒိသဒ္ဒါလည်း ပကာရ (အတူ) အနက် ရှိရကား ဥပဂုနှင့် ဥကာရန္တချင်း တူသော မနု-ဘဂ္ဂု-ပဏ္ဍု-စသည်ကိုယူ၊ ဗာဟဝေါ၌ နဂို ဝုဒ္ဓိဖြစ်၍ ဝုဒ္ဓိပြုဖွယ်မလို၊ [မုဒ္ဓဗောဓ၌ကား ဏိပစ္စည်းဖြင့် "ဗာဟဝိ-ဗာဟု၏သား"ဟုလည်းကောင်း, ရှဉ်လာသော "ဥပဝိန္ဒုဿ + အပစ္စံ ဩပဝိန္ဒဝေါ-ဥပဝိန္ဒု၏သား" ဟူရာ၌လည်း "ဩပဝိန္ဒဝိ"ဟု လည်းကောင်း တွေ့ရသည်၊] ဩပဂဝေါစသော ဤရုပ်များသည် ဏ ပစ္စည်းသက်၍ ဝေဿ ဝုဒ္ဓိဖြင့် ဥကို အဝပြုလျှင်လည်း ပြီးနိုင်၏၊ ထို့ကြောင့် ကလာပ်နှင့် မောဂ္ဂလ္လာန်တို့၌ "ဝသိဋ္ဌော"ကဲ့သို့ ဩပဂဝေါကိုလည်း ဏ ပစ္စည်းဖြင့် ရုပ်ပြီးစေကြသည်။

မာနဝေါ, မာဏဝေါ။ ။ကမ္ဘာဦးက မဟာသမ္မတမင်းသည် "မနု" မည်၏၊ ထိုမင်း၏ နည်းပေး လမ်းပြ သြဝါဒ၌ တည်ကြရသဖြင့် ထိုမနုမင်းသည် လူအပေါင်း၏ "အဘ" အရာ၌ တည်၏၊ ထို့ကြောင့် လူဟူသမျှကို "မနုနော အပစ္စံ" ဟူသော ဝိဂ္ဂြိုဟ်နှင့်အညီ "မနုဿ-မာနုသ - မာနဝ"ဟု ခေါ်သည်၊ ဒေါ်ခြဿ စ ၌ စဖြင့် န ကို ဏ ပြုလျှင် "မာဏဝ"ဟု ပြီး၏၊ ထောမနိဓိ၌ လူ ဟူသမျှကို ဒန္တဇ နဖြင့် "မာနဝ"ဟု ရေး၍ လူပျို လူရွယ် လူငယ်ကို မုဒ္ဓဇ ဏဖြင့် "မာဏဝ"ဟု ရေးသည်၊ တတ္တဗောဓိနီ၌ကား....

အပစ္စေ ကုစ္ဆိတေ မူဠှေ, မနော ဥဿဂ္ဂိကော မတော၊
နကာရဿ စ မုဒ္ဓဇော, တေန သိဇ္ဈတိ မာဏဝေါ။

ဟု ဆိုသတတ်။ [မူဠှေ-ဝေဒကျမ်းကို မသင်ဖူးသဖြင့် ညံ့ဖျင်းသော၊ ကုစ္ဆိတေ-ဝိရိယယုတ်သဖြင့် စက်ဆုပ်အပ်သော၊ အပစ္စေ-သားကို ဆိုလိုလတ်သော်၊ မနော (မနုတော)-မနုသဒ္ဒါမှ နောက်၌၊ ဥဿဂ္ဂိကော—သာမညဝိဓိဖြစ်သော အဏ် ပစ္စည်း၊ (ဏ ပစ္စည်း)ကို၊ မတော-သိအပ်၏၊ နကာရဿ စ-န၏လည်း၊ မုဒ္ဓဇော-မုဒ္ဓဇ ဏ အပြုဖြစ်၏၊ တေန-ကြောင့်၊ မာဏဝေါ-မာဏဝေါဟု ပြီး၏၊] ထိုသို့ ဆိုသော်လည်း ဗြဟ္မဇာလသုတ်၌ လိမ္မာသူ ဗြဟ္မဒတ်လုလင်ကို "မာဏဝ"ဟု လည်းကောင်း, ဝေဒကျမ်းတတ် အမ္ဗဋ္ဌလုလင်ကိုလည်း "အမ္ဗဋ္ဌမာဏဝ"ဟု လည်းကောင်း ဆိုသောကြောင့် တတ္တဗောဓိနီအဆိုကို ပါဠိသုံးမှတမျိုးဟု မှတ် ပါ၊ ဣတ္ထိလိင်၌ ဤပစ္စည်းဖြင့် မာဏဝီဟုလည်းကောင်း, ခုဒ္ဒကအနက်၌ က ပစ္စည်းသက်၍ "မာဏဝကော-လုလင်ငယ်၊ မာဏဝိကာ-လုလင်ငယ်မ"ဟု လည်းကောင်း ဖြစ်၏၊ အချို့ကား—

"စောဒိတာ ဒေဝဒူတေဟိ, ယေ ပမဇ္ဇန္တိ မာဏဝါ။
တေ ဒီဃရတ္တံ သောစန္တိ, ဟီနကာယူပဂါ နရာ။

ဤဂါထာလာ မာဏဝါပုဒ်ကို "မာနော (မာန်မာန) ယေသံ အတ္ထီတိ မာဏဝါ"ဟု ဝိဂ္ဂြိုဟ်ပြု၍ အဿတ္ထိအနက်၌ ဝပစ္စည်းသက်ပြီးလျှင် "မာဏဝါ-ယစ်မူးထောင်လွှား မော်ကြွားသော မာန်မာနရှိကြကုန်သော"ဟု အနက်ပေး ကြသေး၏၊ ထိုအဆိုကို "စောဒိတာ ၊ပေ၊ နရာတိ အာဒီသု ဟိ သတ္တော မာဏဝေါတိ ဝုတ္တော"ဟူသော သီလက္ခန် အဋ္ဌကထာ, "နရသဒ္ဒါ တာ တေမာဏဝါ" ဟူသော ဋီကာတို့ဖြင့် ဆင်ခြင်ကြပါကုန်၊ "တေ မာဏဝါ-ထို သတ္တဝါတို့သည်" ဟုသာ ပေးစေလိုသည်၊ဤအဋ္ဌကထာသည် ဌာနအားလျော်စွာ မာဏဝသဒ္ဒါ၏ အနက်ကို ဖွင့်ပြရခြင်းဖြစ်၏၊ အချုပ်မှာ-၁၆ နှစ်, သို့မဟုတ် အသက် ၂၀ အထိ ငယ်ရွယ်သူကို "မာဏဝ, မာဏဝီ"ဟု ဆိုလိုသည်၊ ရုပ်ပြီးပုံမှာ မာနဝအတိုင်း ဖြစ်၍ နကို ဏ ပြုရုံသာ။

ဏေရ ဝိမာတိ ဝိဓဝါဒိတော

၃၄၉။ **တသ္မာ ဝိဓဝါဒိတော**-ထိုဝိဓဝါ အစရှိသောသဒ္ဒါတို့မှ (နောက်၌)၊ **တဿ** အပစ္စံ ဣစ္စေတသ္မိံ အတ္ထေ **ဏေရ** ပစ္စယော ဝါ ဟောတိ၊ **ဝိဓဝါယ**—မုဆိုးမ၏၊ **အပစ္စံ**, **ဝေဓ ဝေရော**-မုဆိုးမ၏သား၊ **ဝိဓဝါယ** အပစ္စံဝါ-၏၊ **ဗန္ဓုကိယာ**—လင်ငယ်နေသော မိန်းမ၏၊ဝါ-လင်လိုချင်၍ ရည်းစားချိန်းရာသို့ လိုက်သွားသော မိန်းမ၏၊အပစ္စံ, **ဗန္ဓကေရော**—လင်ငယ်နေသော မိန်းမ၏သား၊ ဝါ—သား၊ **ဗန္ဓုကိယာ** အပစ္စံ ဝါ—၏၊ **သမဏဿ**-ရဟန်း၏၊ အပစ္စံ, **သာမဏေရော**-ရဟန်း၏သား၊ **သမဏဿ** အပစ္စံဝါ—၏၊ ဇ၀-တူ၊ **သာမဏေရီ**—ရဟန်း၏သမီး၊ **သာမဏေရံ** - ရဟန်း၏ အမျိုး၊ **နာဠိကေရော**-နာဠိကီ၏သား၊ **နာဠိကေရီ**-သမီး၊ **နာဠိကေရံ**-နာဠိကီ၏ အမျိုး၊ (၃၇၂)။

---

၃၄၉။ **ဝိဓဝါဒိတော**။ ။အာဒိ သဒ္ဒါ "အတူ" အနက်ဟောတည်း၊ ဏေရပစ္စည်းသက်၍ ပြီးချင်းတူသော ဗန္ဓုကီစသည်ကို ယူ။ ["ဝိဓဝါဒီဟိတ်— ယတော ဏေရပစ္စယော ဒိဿတိ, တေဟိ ဝိဓဝါ, ဗန္ဓုကီ, နာဠိကီ, သမဏ, စဋက, ဂေါဓာ, ကာဏာ, ဒါသိ ပဘုတိဟိ" မောဂ္ဂလ္လာန်ပဉ္စိကာ၊] ဝိဂတော+ ဓဝေါ (လင်) ယဿာတိ ဝိဓဝါ=ကင်းသော လင်ရှိသော (လင်သေ,လင်ကွာ) မုဆိုးမတည်း၊ **ဝေဓဝေရော**-မုဆိုးမ၏သား။ [မဟာကစ္စာဒတ်၌ကား ဝိဓဝါ သဒ္ဒါပုဒ ဤရဓာတ် ဏ ပစ္စည်းဖြင့် ကိတ်ပုဒ်ကြံ၍ "ဝိဓဝံ ဤရန္တိ (ဂစ္ဆန္တိ)တိ ဝေဓဝေရာ = မုဆိုးမကို သွားလာတတ်သော ယောကျ်ားတို့"ဟု ဆို၏၊ သဒ္ဒနီတိ၌မူ အတ္ထိကအနက်ဝယ် ဏေရပစ္စည်း သက်ရသော တဒ္ဓိတ်ပုဒ် ကြံ၍ "ဝိဓဝါယ အတ္ထိကော ဝေဓဝေရော=မုဆိုးမဖြင့် အလိုရှိသူ" တနည်း—"ဝိဓဝံ ဣစ္ဆတီတိ ဝေဓဝေရော" ဟုလည်း ပြ၊ ဤနည်းများကား "ဝေဓဝေရာတိ ဝိဓ ဝိတ္ထိကာမာ ပုရိသာ"ဟူသော ဝေဿန် အဋ္ဌကထာနှင့် ညီ၏။]

**ဗန္ဓကေရော**။ ။"ဗန္ဓုကဿ"ဟု ကစ္စည်း၌လည်းကောင်း, "ဗန္ဓုကိယာ" ဟု ရူ၌လည်းကောင်း တွေ့ရ၏၊ "ကုလဋ္ဌာ တုစ ဗန္ဓုကီ"ဟု အဘိဓာန်၌ လင် ငယ်နေသော မိန်းမ ပရိယာယ်ကို ပြသောကြောင့် "ဗန္ဓုကိယာ အပစ္စံ ဗန္ဓုကေ ရော"ဟု ရှိသင့်၏။ [ရူ၌ ဗန္ဓုကိယာကို"အဘိသာရိကာယာ"ဟု ဖွင့်၏၊ "ဝေတ္တနီတု သင်္ကေတံ, ယာတိ ယာ သာ ဘိသာရိကာ"နှင့် အညီ ရည်းစား၏ ချိန်းချက်ရာသို့ လိုက်သွားသော မိန်းမကို "ဗန္ဓုကီ"ဟု ဆိုလိုသည်။]

**သာမဏေရော**။ ။သာမဏေတို့သည် ဥပဇ္ဈာယ် ဆရာရဟန်း၏ သား အရာ၌ တည်သောကြောင့် "သမဏဿ + အပစ္စံ" အရ သာမဏေရ မည်၏၊ သမီးအရာ၌ တည်သော သာမဏေမလည်း နည်းတူ, ဤပစ္စည်း သက်ရုံသာ၊ "သာမဏေရံ"ကား စဉ်းစားသင့်၏၊ သီဟိုဠ်မူ၌ "သာမဏေရီ, သာမဏေရံ"

## သံသဋ္ဌာဒိ အနေကတ္ထတဒ္ဓိတ်

ယေနဝါ၊ပေ၊ ဏိကော

၃၅၀။ ယေနဝါ—**အကြင်** အရာဖြင့် မူလည်း၊ သံသဋ္ဌ-ရောနှောအပ်၏၊ ယေနဝါ-လည်း၊ တရတိ-ကူး၏၊ပေ၊ စရတိ— လှည့်လည်၏၊ပေ၊ ဝဟတိ - ရွက်ဆောင်၏၊ ဣစ္စေတေသု အတ္ထေသု-ဤ **အနက်တို့၌**၊ (တတော - ထို **တတိယန္တလိင်မှ နောက်၌**)၊ ဏိက ပစ္စယော ဝါ ဟောတိ၊ **တိလေန** - နှမ်းဖြင့်၊ သံသဋ္ဌံ - ရောနှောအပ်သော၊ ဘောဇနံ—ဘောဇဉ်တည်း၊ တေလိကံ - နှမ်းဖြင့် ရောနှောအပ်သော ဘောဇဉ်၊

---

၂ မျိုးလုံး မပါ။ [စဋကာယ (စဋကာဿ ဝါ) အပစ္စံ စာဋကေယျော - အိမ်စာ၏ (အိမ်၌နေသော စာကလေး)၏ သား၊ ဂေါဓာယ အပစ္စံ ဂေါဓေယျော-ဖွတ်မ၏ သား၊ ကာဏာယ အပစ္စံ ကာဏေယျော-ကာဏ်းသော မိန်းမ၏သား၊ ဒါသိယာ အပစ္စံ ဒါသေယျော-ကျွန်မ၏သား, တို့ကိုလည်း ယူ၊ ဂေါဓာစသည်နောင် ဏေယျ ပစ္စည်းဖြင့် "ဂေါဓေယျော" စသည်လည်း ရှိ၏။]

အပစ္စ ပစ္စည်းပေါင်း။ ။ဝါဏပစ္စေစသော သုတ် ၆ သုတ်ဖြင့် သက်ရသော "ဏ, ဏာယန, ဏာန, ဏေယျ, ဏိ, ဏဝ, ဏေရ" ဟု ၇ ပစ္စည်း၊ အတောဏိဝါ၌ ဝါဖြင့် သက်ရသော "ဏိက—ဏိယ—ဏျ—ည—ယ—ဣယ-ဿ - သဏ် - ဏ" ဟု ၉ ပစ္စည်း၊ ပေါင်း အပစ္စအနက်၌ သက်ရသော ပစ္စည်း ၁၆ ပစ္စည်းရှိ၏၊ဏပစ္စည်း ၂ ထပ်ပါသောကြောင့် ၁၅ ပစ္စည်းလည်းယူသင့်၏။ [ဝါဏပစ္စေသုတ်၌ ဏပစ္စည်းမှာ ဂေါတ္တသဒ္ဒါနောင် သက်၍ အတောဏိဝါ၌ ဝါဖြင့်သက်ရသော ဏ ပစ္စည်းမှာ ဂေါတ္တ မဟုတ်သော သဒ္ဒါနောင် သက်၏၊ ထို့ကြောင့် ဏ ပစ္စည်း ၂ ထပ်ပါနေရသည်။]

[ဆောင်] သုတ်ရင်းသက်ရာ, ခုနစ်ဖြာနှင့်, ဝါအတွက်တိုး, ပစ္စည်းကိုးဟု,
၂ မျိုးပေါင်းက, ဆယ့်ခြောက်ဝ, အပစ္စတ္ထ ပစ္စည်းတည်း။

---

၃၅၀။ **ယေနဝါ၊ပေ၊အတ္ထေသု**။ ။ယေနဝါ၌ ဝါသဒ္ဒါသည် (ယသ္မာ ဒပေတိသုတ်၌ ဝါကဲ့သို့) ဝါကျဘေဒတ္ထ နိပါတ်တည်း၊ ထို့ကြောင့် ယေန ဝါ သံသဋ္ဌ-ယေန ဝါ တရတိ စသည်ဖြင့် ဝါကျခွဲ၍ ဖွင့်နိုင်သည်၊ "သံသဋ္ဌ-တရတိ စရတိ-ဝဟတိ" သဒ္ဒါတို့၏ အနက်များကို "ဣစ္စေတေသု အတ္ထေသု" ဟု ဆိုသည်၊ ဤ သံသဋ္ဌစသော အနက်တို့ကို ဏိက ပစ္စည်းက ဟောသည်ဟု ဆိုလိုသည်၊ ထို ဏိကပစ္စည်း၏ အနက်ကိုစွဲ၍ တေလိကံ စသော ပုဒ်များကိုလည်း "သံသဋ္ဌ တဒ္ဓိတ်, တရတိတဒ္ဓိတ်, စရတိတဒ္ဓိတ်, ဝဟတိတဒ္ဓိတ်" ဟု တဒ္ဓိတ်နာမည် တပ်ရသည်။

တိလေန သံသဋ္ဌံ ဝါ-တိလေနသံသဋ္ဌံဟုလည်း ရှိ၏၊ ဝေ-တူ၊ ဂေါဠိကံ-တင်လဲဖြင့် ရောနှောအပ်သော ဘောဇဉ်၊ ဃာတိကံ-ထောပတ်ဖြင့် ရောနှောအပ်သော ဘောဇဉ်၊ နာဝါယ-လှေဖြင့်၊ တရတိ-ကူးတတ်၏၊ ဣတိ, နာဝိကော- နာဝိက မည်၏၊ နာဝါယတရတိ ဝါ-၏၊ ဝေ-တူ၊ ဩဠုမ္ပိကော-ဖောင်ဖြင့်ကူးသူ၊ သက ဋေန-လှည်းဖြင့်၊ စရတိ—လှည့်လည်တတ်၏၊ ဣတိ, သာကဋိကော-မည်၏၊ ဝေ-တူ၊ ပတ္တိကော-အတောင်ဖြင့် လှည့်လည်သောငှက်၊ ဒဏ္ဍိကော-တုတ်ဖြင့် လှည့်လည်သူ (တုတ်ထောက်၍ သွားသူ)၊ ဓမ္မိကော — တရားဖြင့် ဖြစ်သူ၊

---

**တတိယန္တလိင်**။ ။ယေန ဟူသော အနိယမ၏ "နိယမကို တတော တတိယန္တ-တော လိင်မှာ" ဟု ရူပသိဒ္ဓိထည့်၍ ဖွင့်ပြသောကြောင့် ဤ၌လည်း "တတော-ထို တတိယန္တလိင်" ဟု ထည့်လိုက်သည်၊ ထို တတိယန္တ (တတိယာ ဝိဘတ် ဆုံးသော) လိင်ဟူသည်၊ "တိလေန, နာဝါယ, သကဋေန" စသော လိင် ပုဒ်များတည်း၊ ထို လိင်ပုဒ်များနောင် သံသဋ္ဌစသော အနက်၌ ဏိကပစ္စည်း သက်သည်၊ တနည်း—"ဣစ္စေတေသု အတ္ထေသု" အရ "ဤအနက်" ဟူသည် ယေနဖြင့် ညွှန်ပြအပ်သော ရှေ့ကရိုဏ်းအနက်နှင့် နောက် သံသဋ္ဌစသော အနက် ၂-ဖက်လုံးတည်း၊ ဏိကပစ္စည်းသည် ထို ယေန စသည်၌ ပါသော ကရိုဏ်းအနက်နှင့် သံသဋ္ဌစသော အနက် ၂-မျိုးလုံးပင် ဟော၏။

**ပုံစံများ**။ ။တေလိကံ စသည်ကို အခြေပြုကြည့်၍ ရုပ်တွက်၊ ဟောတိဝါ၌ ဝါသည် ဝါဏပစ္စေသုတ်မှ လိုက်လာသော ဝါတည်း၊ ယေနဝါ၌ ဝါမဟုတ်၊ 'တိလေန သံသဋ္ဌံဝါ" ကား ထိုဝါသဒ္ဒါ၏ ဝိကပ်ပုံစံတည်း၊ တေလိကံ စသော တဒ္ဓိတ်အပြင် "တိလေန သံသဋ္ဌံ" စသည်ဖြင့် ဝါကျလည်း ရှိနိုင်သည်—ဟူလို၊ "ဂုဠော-တင်လဲ"ဟု ပေးရိုးရှိသော်လည်း အဘိဓာန် နိဿယသစ်၌ "ကြံသ ကာ=ထန်းလျက်" ဟု ပေးသည်၊ "ဂုဠေန+သံသဋ္ဌံ,ဃတေန+သံသဋ္ဌံ" ဟု ဝိဂ္ဂိုဟ် ပြု၊ "နာဝါ+တရတိ" တည်, နာသက်, တရတိနောင် ဝိဘတ်သက်ဖွယ် မလို၊ "နာဝါယ+တရတိ" ဟု ဝါကျဖြစ်စေ၊ ဉဠုမ္ပ(ပုလ္လိင်)၊ "ဉဠုမ္ပေန + တရတိ" ဟု ဝါကျဖြစ်စေ၊ "ပတ္တံ ပက္ခေ(အတောင်) ဒလေ ပတ္တော" အဘိဓာန်နှင့်အညီ နပုလ္လိင် ပတ္တသဒ္ဒါသည် အတောင်အနက်ဟော၊ ပတ္တေန စရတီတိ ပတ္တိကော-အတောင်ဖြင့် လှည့်လည် ပျံသွားတတ်သော ငှက်။ ["နာဂါ ပစ္စာဗရေဟိတ္ဝာ ပတ္တိကော ဝါ ပေ၊ ဥပသင်္ကမိ=ဆင်မှ ဆင်း၍ ခြေလျင်သွားသည်သာ ဖြစ်၍ ချဉ်းကပ်၏" စသော ပါဠိတော်၌ကား "ပဇ္ဇတိ-ခြေဖြင့် သွားတတ်၏၊ ဣတိ ပတ္တိ, ပတ္တိဝေ ပတ္တိကော" ဟု ကြံ] ဒဏ္ဍေန စရတီတိ ဒဏ္ဍိကော=ဒုတ်ဖြင့် (ဒုက်ကိုထောက်၍, ဝါ-တောင်ဝှေးကိုထောက်၍) လှည့်လည်သွားလာသူ။

ကစ္စည်း—(ရှု)—၇-၁

ပါဒိကော-ခြေဖြင့် လှည့်လည်သူ(ခြေလျင်သွားသူ)၊ သီသေန-ဦးခေါင်းဖြင့်၊ ဝဟတိ-ရွက်ဆောင်တတ်၏၊ ဣတိ, သီသိကော—မည်၏၊ (ခေါင်းရွက်ဈေးသည် စသည်)၊ သီသေန ဝဟတိဝါ-၏၊ အံသေန-ပခုံးဖြင့်၊ ဝဟတိ ဣတိ အံသိကော-မည်၏၊ (ပခုံးဖြင့်ထမ်းသူ၊) စံ-တူ၊ ခန္ဓိကော-ပခုံးဖြင့် ထမ်းဆောင်သူ၊ အင်္ဂုလိကော- လက်ချောင်းဖြင့် ဆောင်ယူသူ၊ ဝိကပ္ပနတ္ထေန-သော၊ ဝါတိ-ဖြင့်၊ အညေသုပိ-အခြားအနက်တို့၌လည်း၊ ဏိကပစ္စယော ဟောတိ၊ ရာဇဂဟေ—ရာဇဂြိုဟ်ပြည်၌၊ ဝသတိ-နေတတ်၏၊ ဣတိရာဇဂဟိကော-မည်၏၊ (ပဝတ္တိအခါ ရာဇဂြိုဟ်ပြည်မှာ နေသူ)၊ ရာဇဂဟေဝသတိဝါ-၏၊ ရာဇဂဟေ-၌၊ ဇာတော မွေးဖွားသူတည်း၊ ရာဇဂဟိကော-ရာဇဂြိုဟ်ပြည်၌ မွေးဖွားသူ၊ (ရာဇဂြိုဟ်ဇာတိရှိသူ၊) ရာဇဂဟေ ဇာတောဝါ-၏၊ စံ-တူ၊ မာဂဓိကော—မဂဓတိုင်း၌နေသူ၊ ဝါ- မဂဓတိုင်း၌ မွေးဖွားသူ၊ သာဝတ္ထိကော—သာဝတ္ထိပြည်၌ နေသူ, မွေးဖွားသူ၊ ကာပိလဝတ္ထိကော- ကပိလဝတ်ပြည်၌ နေသူ, မွေးဖွားသူ၊ ပါဋလိပုတ္တိကော—ပါဋလိပုတ်ပြည်၌ နေသူ မွေးဖွားသူ၊ ဝေသာလိကော—ဝေသာလီပြည်၌ နေသူ, မွေးဖွားသူ။(၃၇၃)။

---

မေ္မိကောစသည်။ ။ဓမ္မကို"ဉာဏ်-အသင့်"ဟု လည်းကောင်း၊ စရတိကို "ပဝတ္တတိ" ဟု လည်းကောင်း၊ ရှုဖွင့်သောကြောင့် "ဓမ္မေန+စရတီတိ ဓမ္မိ-ကော=အသင့်အားဖြင့် ဖြစ်သူ (တရားသဖြင့် ကျင့်သူ)" ဟု ပေး၊ ပါဒေန စရတီတိ ပါဒိကော=ခြေဖြင့် လှည့်လည်သူ(ခြေလျင်သွားသူ)၊ အံသ ခန္ဓသဒ္ဒါတို့သည် ပခုံး အနက်ဟော ချည်းတည်း၊ အင်္ဂုလိယာ ဝဟတိဟုပြု၊ အလားတူပုံစံများကို ရှုမှာ ရှုလေဦး၊ ဝိဂြိုဟ်ဝါကျဖြစ်အောင်တည်၍ တေလိကံ နည်းမှီးလျက် ရုပ်တွက်ပါ၊ ဣတ္ထိလိင်ဖြစ်မူ ဟာဝဏိက ဏေယျ ဏန္တုပ္ပဟိ သုတ်အရ ဤပစ္စည်းချည်း သက်သင့်သော်လည်း မမြဲသောကြောင့် အာပစ္စည်းထိုက်သည် အားလျော်စွာ သက်၍ "တေလိကာ(ယာဂု)နာဝိကီ-လှေသူကြီးကတော်" စသည် ဖြစ်၏။

သံသဋ္ဌနှင့် အဘိသင်္ခတ အထူး။ ။မောဂ္ဂလ္လာန်၌ "ဃတေန အဘိသင်္ခတံ သံသဋ္ဌံ ဝါ ဃာတိကံ-ထောပတ်ဖြင့် ပြုပြင် စီမံအပ်,တနည်း-ရောနှောအပ်သော အစာ"ဟု အဘိသင်္ခတအနက် သံသဋ္ဌအနက် ၂-မျိုးကို ပြထား၏၊ ထို ၂-မျိုးသည် အဘယ်သို့ ထူးခြားသနည်း-ဟု မေးဖွယ်ရှိ၏၊ အဖြေကား-နဂိုမူလ အနေထက် သာလွန်အောင် ပြုပြင်ခြင်းသည် အဘိသင်္ခတ မည်၏၊ ထိုကဲ့သို့ သာလွန်အောင် မစွမ်းနိုင်ပဲ ရောနှောရုံသာ ရောနှောခြင်းသည် သံသဋ္ဌမည်၏၊ထို့ကြောင့် ထောပတ်ထမင်း စသည်ကဲ့သို့ ထမင်း၏ နဂို အခြေအနေထက် သာလွန်အောင် ပြုပြင်ရာ၌"ဃတေန အဘိသင်္ခတံ ဃာတိကံ" ဟု ဆိုထိုက်၍ ထောပတ်ပါသော ဆေး စသည်၌ကား သာလွန်ကောင်းမွန်အောင် မဟုတ်သောကြောင့်"ဃတေန

သံသဋ္ဌံ ဃာတိကံ'' ဟု ပြုထိုက်သည်။ [''သတော ဟိ ဥက္ကံသာဓာနံ အဘိသန္ဒိ ရော့, ကေဘာဝေါတု သံသဋ္ဌေါ''—ပဒ္ဓိကာ။]

**အမှာ။** ။ဤကစ္စည်းကျမ်း၌ကား ထိုကဲ့သို့ အဘိသန်တ-သံသဋ္ဌဟု ၂ မျိုးမပြပဲ သံသဋ္ဌအနက် တမျိုးသာပြခဲ့သောကြောင့် သံသဋ္ဌသည် သံသဋ္ဌမတ္တ အဘိသန်တသံသဋ္ဌ ဟု ၂ မျိုးရှိ၏—ဟု ခွဲသင့်သည်၊ ရှဉ်လည်း အဘိသန်တသံသဋ္ဌကို ရည်ရွယ်၍ ''တိလေန+သံသဋ္ဌံ တေလိကံ ဘောဇနံ'' ဟု ပြပြီးလျှင် ''တိလေန အဘိသန်တန္တိ အဇ္ဈော'' ဟု အဘိသန်တ သံသဋ္ဌကို ယူဖို့ရာ ဖွင့်ပြလေသည်၊ [မော္ဂလ္လာန်၌ကား သံသဋ္ဌ (ရောနှောမှု) လုံးလုံး မဖြစ်နိုင်သော ''ဝိဇ္ဇာယ—ဝိဇ္ဇာဉာဏ်သည်၊ အဘိသန်တော—ပြုစီမံအပ်သော တရားသည်၊ ဝေဇ္ဇိကော—မည်၏'' ကဲ့သို့ ပုဒ်များလည်း ရှိနိုင်သောကြောင့် အဘိသန်တအနက်ကို သီးခြားထုတ်ပြလေသည်။]

**ဝါတိ၊ပေ၊ဟောတိ။** ။ယေနဝါ၌ ဝါသဒ္ဒါသည် ''ယေန သံသဋ္ဌံ,ယေန တရတိ'' စသည်ဖြင့် ဝါကျဘေဒတ္ထ အနက်အပြင် ''အတ္တန္တရဝိကပ္ပန အနက်လည်း ရှိ၏'' ဟု ကြံ၍ ''ဝါတိဝိကပ္ပနတ္ထေန'' စသည်ကို မိန့်သည်။ [ဤအတ္တန္တရဝိကပ္ပနတ္ထ ဝါသဒ္ဒါမျိုးကို အချို့ကျမ်း၌ ''အဝုတ္တ သမုစ္စယတ္ထ = တိုက်ရိုက် မဆိုအပ်သော အနက်ကို ဆည်းယူခြင်းအနက်ရှိ၏'' ဟုလည်း ဖွင့်ကြသည်၊] ထို ဝါသဒ္ဒါဖြင့် သံသဋ္ဌစသော အနက်မှတပါး ဝသတိအနက် ဇာတအနက်စသော အခြားအနက်များ၌လည်း ဏိကပစ္စည်း သက်၏၊ ''အညေသုပိ-သံသဋ္ဌစသော အနက်မှတပါး ဝသတိ ဇာတစသော အခြားအနက်တို့၌လည်း'' ဟု ပေး၊ ''ရာဇဂဟ+ဝသတိ'' တည်, သိမ်သက်၊ ''ရာဇဂဟေ+ဝသတိ'' ဟု ဝါကျဖြစ်၏၊ ဤသို့ စသည်ဖြင့် ''ရာဇဂဟ+ဇာတ'' တည်၊ သိမ်+သိသက် ''ရာဇဂဟေ+ဇာတော'' ဟု ဖြစ်၏၊ ထို့အတူ ''မဂဓေ+ သာဝတ္ထိယံ+ ကပိလဝတ္ထုသိမ်+ ပါဋလိပုတ္တေ+ဝေသာလိယံ'' ဟု ရှေ့ပုဒ်များကို ဖြစ်စေ၍ ဝသတိ+ဇာတော တို့နှင့် တွဲပါ၊ ရှဉ်ကား ဤရုပ်များကို နောက်သုတ်လာ ''တေနကတာဒိ''၌ အာဒိ အရယူ၍ စီရင်၏၊ ဤသုတ်၌ကား ''ပရဒါရံ+ဂစ္ဆတီတိ ပါရဒါရိကော= သူ့မယားကို သွားလာတတ်သူ၊ ပထံ ဂစ္ဆတီတိ ပထိကော=(ခရီးသွားသူ)'' ဟု ဂစ္ဆတိ အနက်တခုကိုသာပြသည်။

**ဝါသဒ္ဒါဖြင့် အချို့ယူကြပုံ။** ။ဝါသဒ္ဒါဖြင့် အခြား အနက်၌လည်း အခြားပစ္စည်းများကို အချို့ကျမ်းများ၌ ယူထားကြ၏၊ ''ကုသိနာရာယံဇာတော ဝသတိ,ဣဿရောတိ ကောသိနာရကော=ကုသိနာရုံပြည်၌ မွေးဖွားသူ,နေသူ, အစိုးရသူ'' ဤ၌ ဇာတစသော ၃ နက်ဝယ် ဏကပစ္စည်းဟု လည်းကောင်း, ''စမ္ပာယံ ဇာတော, ဝသတိ, ဣဿရောတိ စမ္ပေယျကော၌ ဇာတစသော ၃ နက်ဝယ် ဏေယျကပစ္စည်း ဟုလည်းကောင်း ဆို၏၊ သို့သော် ရှဉ်၌ ဏရာဂါ တဿေဒ မညတ္ထေသုစ သုတ်ဝယ် အညတ္ထသဒ္ဒါဖြင့် ဇာတစသော အနက်၌

တမဓိတေ ၃၅၁။ တံ- ထိုကျမ်းဂန်ကို၊အဓိတေ—သရဇ္ဈာယ်တတ်၏၊
၊ပေ၊ဇီဝိကတ္တေသုစ (ဣတိ အတ္တေ—ဤအနက်၌လည်းကောင်း၊)တေန ကတာဒိ
အတ္တေ—ထိုဖြင့်ပြုအပ်၏အစရှိသော အနက်၌လည်းကောင်း၊
တမှိ—ထို၌၊ သန္နိဓာနနာ-စွဲကပ် တည်နေ၏၊တတ္ထ—ထို၌၊နိယုတ္တော—ယှဉ်၏၊တံ—
ထိုသည်၊ အဿ-ထိုသူ၏၊ သိပ္ပံ-အတတ်၊ တံ-ထိုသည်၊အဿ-ထိုသူ၏၊ ဘဏ္ဍံ—
ဘဏ္ဍာ၊ တံ—ထိုသည်၊ အဿ—ထိုသူ၏၊ ဇီဝိကာ—အသက်မွေးဝမ်းကျောင်း၊

---

ဏပစ္စည်း, စ သဒ္ဒါဖြင့်ဏေယျပစ္စည်း သက်ပြီးနောက် သဗ္ဗတော ကောသုတ်ဖြင့်
က ဏာ၍ ပြီးပုံကိုပြထားသောကြောင့် ထိုရုပ်များပြီးဖို့ရန် ဏက-ဏေယျက
ပစ္စည်းများမလို။

အဿာဇာနီယော စသည်။ ။ဝိသိဋ္ဌအနက်၌ အာဇာနီယ ပစ္စည်းသက်၍
"အဿဇာတီယာ ဝိသိဋ္ဌော အဿာဇာနီယော = မြင်းဇာတ်ထက် ထူးသော
မြင်းအာဇာနီ"ဟုလည်း ပြ၏၊ သို့သော် "ဘဝေဒါ အဿတရော တဿာ-ဇာနီ
ယော တု ကုလိနကော" အာဇာနီယသည်ပင် သီးခြား ပုဒ်တခု ဖြစ်၍
"အဿော စ+သော+အာဇာနီယော စာတိ အဿာဇာနီယော" ဟု ပြီးနိုင်
သောကြောင့် အာဇာနီယပစ္စည်းဟု မဆိုထိုက်၊ "အဂ္ဂတ္တိ ဇာနိတဗ္ဗံ အဂ္ဂည်"၌
ဇာနိတဗ္ဗ အနက်ဝယ် ဉ ပစ္စည်းဟုလည်း ဆိုသေး၏၊ အဂ္ဂသဒ္ဒါူပပဒဉာဓာတ်,
ကံဟော(အ)ပစ္စည်း ဉ ဒွေဘော်လာ၍ ပြီးနိုင်သောကြောင့် ဉ ပစ္စည်းလည်း
မလို၊ ပါဠိမာရုပ်ပြီးဖို့ရန် အဿတ္ထိအနက်၌သက်သော ဣမန္တုပစ္စည်းကိုကား
သတျာဒီဟိမန္တု သုတ်ဖြင့် သက်လတံ့၊ ထို့ကြောင့် ထိုအနက် ထိုပစ္စည်းများကို
ဤသုတ်လာ ဝါသဒ္ဒါ၏အရာဟု မဆိုထိုက်။

၃၅၁။ ပုဒ် ၄ ပုဒ်။ ။ဤသုတ်သည် ရှည်လျားသော်လည်း တဝိဘတ်
ဆုံးသော ပုဒ်အားဖြင့် "တံ+အဓိတေ+တေနကတာဒိ သန္နိဓာနနိယောဂ သိပ္ပ
ဘဏ္ဍ ဇီဝိကတ္တေသုံ+စ"ဟု ၄ ပုဒ်သာရှိကြောင်းကို ဈာသ ရူပသိဒ္ဓိတို့၌ ဆို၏၊
တေနကတာဒိ စသည်၌ "တေန+ကတံ-တေနကတံ"ဟု နာ ဝိဘတ် မကြေသော
အလုတ္တသမာသ်တွဲ၍ "တေနကတံ + အာဒိ ယဿာတိ တေန ကတာဒိ" ဟု
ဗဟုဗ္ဗီဟိဆက်၊ [ယဿ-အကြင် ဟတ, ဗန္ဓစသောအနက်၏၊ တေနကတံ-ထိုဖြင့်
ပြုအပ်ဟူသော+အာဒိ-အစသည်၊ အတ္ထိ, ဣတိ, သော-ထို ဟတ, ဗန္ဓစသော
အနက်သည်၊ တေနကတာဒိ-မည်၏၊ ] တေန ကတာဒိစ + သန္နိဓာနဥ္စ+နိယော
ဂေါ စ +သိပ္ပဥ္စ + ဘဏ္ဍဥ္စ + ဇီဝိကာစာတိ တေနကတာဒိ၊ ပေ၊ ဇီဝိကာယော၊
တေနကတာဒိ၊ပေ၊ဇီဝိကာယော စ +အတ္ထာစာတိ တေနကတာဒိ၊ပေ၊ဇီဝိကတ္ထာ၊
ဤသို့လျှင် တေနကတာဒိမှ ဇီဝိကတ္တေသုတိုင်အောင် သမာသ်ပုဒ်ကြီး တပုဒ်
တည်းသာ ဖြစ်၏၊ ထို့ကြောင့် ၄ ပုဒ်သာရှိသောသုတ် ဟု ဆိုသည်။

ဣစ္ဆေတေသုံ— အတ္တေသုစ၊ ဣအနက်တို့၌လည်းကောင်း၊ ဏကပစ္စယော ဝါ ဟောတိ၊ ဝိနယံ—ဝိနည်းကို၊ အဓီတေ—သရဇ္ဈာယ်တတ်၏၊(ဣတိ) ဝေနယိကော- မည်၏၊ ဝိနယံ အဓီတေဝါ—လည်းရှိ၏၊ ဧဝံ-တူ၊ သုတ္တန္တိကော—သုတ္တန်ကိုသ ရဇ္ဈာယ်သူ၊ အာဘိဓမ္မိကော-အဘိဓမ္မာကို သရဇ္ဈာယ်သူ၊ ဝေယျာကရဏိကော

---

**တမဓီတေ။** ။"ဝိနယမဓီတေ"မှ စ၍"ဝေယျာကရဏိကော"တိုင်အောင် "တမဓီတေ"၏ပုံစံတည်း၊ တမဓီတေ၌ တံဟူသော ဒုတိယန္တပုဒ်ဖြင့် "ဝိနယံ+ သုတ္တန္တံ + အာဘိဓမ္မံ + ဝေယျာကရဏံ" စသော ဒုတိယန္တပုဒ်များကို ပြ၏၊ ထို့ကြောင့် "ဝိနယံ+အဓီတေ, သုတ္တန္တံ+အဓီတေ" စသည်ဖြင့် ရှေ့ပုဒ်ကို ဒုတိယန္တပုဒ် အဖြစ်ဖြင့် ဝိဂ္ဂိုဟ်တွင်း၌ ထားရသည်၊ အဓီတေ၌ "အဓိပုဗ္ဗ+ ဣဓာတ် တေဝိဘတ်"တည်း၊ "ဣဂတျဇ္ဈယနိစ္ဆာသု, သဒ္ဒဟာနေစ ဝတ္တတိ" ဟူသော ဂတိ+အဇ္ဈယန (သရဇ္ဈာယ်ခြင်း) ဣစ္ဆာ+သဒ္ဒဟာန အနက်တို့တွင် အဇ္ဈယန အနက်တည်း၊ ထို့ကြောင့် "အဓီတေ-သရဇ္ဈာယ်၏" ဟု ပေးသည်၊ သရဇ္ဈာယ်ခြင်း ဟူသည်လည်း "သရ+အဇ္ဈယန- အသံဖြင့် ရွတ်ဆိုခြင်း=အသံ ထုတ်၍ အံခြင်း" တည်း၊ ထို့ကြောင့် ဝိနည်းကို ကျက်မှတ်ခြင်း မမေ့အောင် ပြန်ခြင်းတို့ဖြင့် လေ့လာနေသူကို"ဝေနယိက=ဝိနည်းကို သရဇ္ဈာယ်သူ"ဟုဆိုရ သည်၊ သုတ္တန္တိက စသည်တို့၌လည်း နည်းတူ။ [ရုပ်ကို အခြေပြုကြည့်၍ တွက်ပါ၊ ဝေယျာကရဏိကောကို မာယူနမာဂမောဋ္ဌာနေသုတ်မှာ ကြည့်ပါ၊]

**မောဂ္ဂလ္လာန်။** ။"တမဓီတေ တံ ဇာနာတိ ဏဏိကာဝ" ဟု သုတ်ဘည် တွန်းကပင် တံဇာနာတိအနက်ကို ထည့်၍ ပုံစံ၌လည်း "ဗျာကရဏံ အဓီတေ, ဇာနာတိဝါ ဝေယျာကရဏော= ဗျာကရုဏ်းကျမ်းကို သရဇ္ဈာယ်သူ, ဝါ- ဗျာကရုဏ်းကျမ်းကို တတ်သိသူ"ဟု ၂-မျိုးပြသည်၊မတတ်သေးခင်သင်အံနေသူ အတွက်"အဓီတေ" ဟု ဆို၍ တတ်သိပြီးသူ့အတွက် "ဇာနာတိ" ဟု ဆိုသို သည်၊ ထိုအဆိုသည် "ဝေယျာကရဏံ ဝေတ္တျာ မီတေ ဝါ"ဟု ဖွင့်သော ထောမနိဓိနှင့် ထပ်တူကျ၏၊ ဝေယျာကရဏံ-ကို၊ ဝေတ္တိ(ဝိဒတိ)-သိတတ်၏၊ ဝါ, အဓီတေ-သရဇ္ဈာယ်တတ်၏" ဟု ပေး၊ ဤ ကစ္စည်းသုတ်၌ကား ထိုကဲ့သို့ ဇာနန (ဝိဒန)အနက်ကို မပြပဲ, အဓီတေ အနက်သာ ပြသောကြောင့် "ဝိနယံ+ အဓီတေ" ဟု ဝိဂ္ဂိုဟ်တခုသာ ပြရတော့သည်။ [ရူပသိဒ္ဓိ၌ "ဝိနယံ+အဓီတေ, အဝေစ္စာဓီတေ တံဝါ" ဟု ဝိဂ္ဂိုဟ် ၂-မျိုးကို တွေ့ရ၏၊ ထို၏ အဓိပ္ပာယ်ကို ရူ ဘာသာဋီကာမှာ ရှု။]

**ကမကော ပဒကောစသည်။** ။"ကမကော—ကမကျမ်းကို သရဇ္ဈာယ်သူ၊ ပဒကော-ပဒကျမ်းကို သရဇ္ဈာယ်သူ"တို့၌ မောဂ္ဂလ္လာန်သုတ်ဖြင့် ကပစ္စည်းသက်း "ဆာန္ဒသော-ဆန်းကျမ်းကို သရဇ္ဈာယ်သူ၊ ဝေယျာကရဏော-သူ" တို့၌ကာ၊

ဗျာကရုဏ်းကျမ်းကို သရဇ္ဈာယ်သူ၊ ကာယေန-ကိုယ်ဖြင့်၊ ကတံ - ပြုအပ်သော၊ ကမ္မံ—အမှုတည်း၊ ကာယိကံ—ကိုယ်ဖြင့် ပြုအပ်သောအမှု၊ ကာယေန ကတံ ကမ္မံ ဝါ-လည်း ရှိ၏၊ ဧဝံ—တူ၊ ဝါစသိကံ—နှုတ်ဖြင့် ပြုအပ်သောအမှု၊ မာနသိကံ-စိတ်ဖြင့် ပြုအပ်သောအမှု။

သရီရေ—ကိုယ်၌၊ သန္နိဓာနာ—စွဲကပ် တည်နေသော၊ ဝေဒနာ—ဝေဒနာတည်း၊ သာရီရိကာ—ကိုယ်၌ စွဲကပ်နေသောဝေဒနာ၊ သရီရေ သန္နိဓာနာ ဝါ—လည်း ရှိ၏၊ ဧဝံ—တူ၊ မာနသိကာ—စိတ်၌ စွဲကပ်သော ဝေဒနာ၊ ဒွါရေ—

---

မောဂ္ဂလ္လာန်သုတ်ငယ် ဏဏိကာစ၌ စဖြင့် ဏပစ္စည်းသက်၊ "ဆန္ဒ + အ" ဟု ကျန်သည့်အခါ မနောဂိုဏ်းဖြစ်၍ သ သရေဝါ ဂမောဖြင့် သ လာ၊ တောသု ဝုဒ္ဓိဖြင့် ဝုဒ္ဓိပြု၊ ဤ အားလုံးရုပ်များသည် (အဓိတေပုဒ် ကြေသောကြောင့်)အဓိ တေ တဒ္ဓိတ်ပုဒ်များတည်း။ [ဣမ-ပဒတ္တ်ဟူသည် ဝေဒ၏အစိတ်အပိုင်းကိုပြသော ကျမ်းဂန်တမျိုးတို့တည်း၊ ထို့ကြောင့် "ပဒံ တဒဝသေသဥ္စ ဗျာကရဏံ အဓိယတိ ဝိဒတိစာတိ ပဒကော ဝေယျာကရဏော" ဟု အမ္ဗဋ္ဌသုတ္တဋ္ဌကထာ ဖွင့်သည်၊ မောဂ္ဂလ္လာန်၌ "ဇာနာတိ" နှင့် ထောမနိဓိ၌ "ဝေတ္တိ" ကြိယာတို့သည် အဋ္ဌကထာဝယ် "ဝိဒတိ" ဟု ဖွင့်ပုံနှင့် ညီညွတ်ကြပေသည်၊ အဋ္ဌကထာ၌ "ဝေဖဒတိ" ဟု လည်းကောင်း၊ "ဝဒေတိ" ဟု လည်းကောင်း ပါဌ်ပျက်တတ်၏၊ ဝဒေတိပါဌ်ကို တွေ့၍ "ဝဒေတီတိ ဝါဒေတိ" ဟု ဋီကာလည်းဖွင့်မှားသည်။]

**တေန ကတာဒိအတ္ထေ။** ။သိမ္မူ၌လည်းကောင်း ရှု၌လည်းကောင်း "တေန ကတာဒိသုတ္တေသု" ဟု ရှိ၏၊ အနက်များဖြစ်သောကြောင့် အတ္ထေသုဟု ဗဟုဝုစ် ရှိသော စာတွ်ကသာ၍ကောင်း၏၊ "ကာယေန ကတ၊ပေ၊မာနသိကံ" တို့သည် "တေန ကတ" အရ ပုံစံများတည်း၊ "တေနကတ-ထိုဖြင့် ပြုအပ်" ဟူသော အနက်နှင့်ညီအောင်"ကာယေန+ကတံ-ကိုယ်ဖြင့် ပြုအပ်သောအမှု" စသည်ဖြင့် ကာယိကံ စသည်ကို ဝိဂ္ဂြိုဟ်ပြုရသည်၊ "ကာယေန + ကတံ-ကာယိကံ" သာ လိုရင်း "ကမ္မံ"ကား ကတ်၏ အဘိဓေယျတည်း၊ "ကာယေန + ကတံ ကမ္မံဝါ" ကား ဟောတိဝါ၌ ဝါ၏ပုံစံ၊ ဏိကပစ္စည်းမသက်ပဲ "ကာယေန + ကတံ ဟု ဝါကျလည်းရှိနိုင်၏-ဟူလို၊ ဤသို့ ဝါသဒ္ဒါဖြင့် ပြသမှု၌ ဤနည်းချည်း မှတ်၊ "ဝစသာ + ကတံ-ဝါစသိကံ၊ မနသာ + ကတံ-မာနသိကံ" ဟု ပြု၊ ဝစ-မနတို့ သည် မနောဂိုဏ်းတည်း၊ ထို့ကြောင့် ဝိဘတ်ချေ-ကတပုဒ်ကိုချေ၍ "ဝစ + ဏိ က, မန + ဏိ က" ဖြစ်သောအခါ ဝုဒ္ဓိပြု, သသရေဝါဂမောဖြင့် (သ်)လာ, ဝါစသိက, မာနသိက ဟု ဖြစ်၏၊ ဤပုဒ်များကို(ကြေလေသော ကတပုဒ်ကိုစွဲ၍) ကတတဒ္ဓိတ်ဟု ခေါ်ကြ၏၊ ဝေနယိကော နည်းမှီး၍ ရုပ်တွက်၊ တေန ကတာဒ်၌ အာဒိဖြင့် ယူအပ်သော အနက်များသည် "အာဒိဂ္ဂဟဏေန" စသည်ဖြင့် ကိုယ်တိုင် ပြလတ္တံ့။

တံခါး၌၊ နိယုတ္တော—ယှဉ်သူတည်း၊ ဒေါဝါရိကော-တံခါး၌ ယှဉ်သူ၊ (တံခါးစောင့်၊ ဒရဝမ်)၊ ဒွါရေ နိယုတ္တောဝါ—လည်း ရှိ၏၊ ဝေ၊ ဘဏ္ဍာဂါရိကော-ဘဏ္ဍာတိုက်၌ ယှဉ်သူ၊ (ဘဏ္ဍာတိုက်စိုး)၊ နာဂရိကော—မြို့၌ ယှဉ်သူ (မြို့စောင့်ယောကျ်ား)၊ နာဝကမ္မိကော – အမှုသစ်၌ ယှဉ်သူ (အလုပ် အသစ်အသစ်လုပ်သူ)၊ အဿ—ထိုသူ၏၊ သိပ္ပံ—အတတ်ကား၊ ဝိဏာ-စောင်းတီးခြင်းတည်း၊

---

တမှိ သန္နိဓာနံ။ ။သံ+နိပုဗ္ဗ+ဓာဓာတ် ယုပစ္စည်းဖြင့်ပြီးသော သန္နိဓာနပုဒ်ကို အနီးဟူသော သမီပအနက် - တွယ်ကပ် စပ်ဖွဲ့ခြင်းဟူသော နိကဋ္ဌအနက်ဟော နပုလ္လိင်ဟု ထောမနိဓိ ဆို၏၊ ထို ၂ နက်တွင် ဤ၌ နိကဋ္ဌအနက်ဟောတည်း၊ ရူပသိဒ္ဓိ၌"သန္နိဓာနာတိ-သင်္ဂတိဘူတာ (ပေါင်းဆုံသည်ဖြစ်၍ဖြစ်သော) သန္နိဟိတာ (စုဝေးတည်နေသော ဝေဒနာ)တိ အတ္ထော"ဟု ဖွင့်ခြင်းလည်း ဤနိကဋ္ဌ အနက်မျိုးပင်တည်း၊ "သရီရေ + သန္နိဓာနာ သာရီရိကာ"သာ လိုရင်း၊ ဝေဒနာကား သန္နိဓာန၏ အရကောက် အဘိဓေယျကိုပြသော စကားတည်း၊ ကိုယ်၌ ဒုက္ခဝေဒနာ (အနာရောဂါ) စွဲကပ်နေသည်ကို "သရီရေ+သန္နိဓာနာ" ဟု ဆိုသည်၊ မနသ္မိံ +သန္နိဓာနာ-မာနသိကာ=စိတ်၌ စွဲကပ်သော(စိတ် မချမ်းမသာ ဖြစ်သော) ဒုက္ခဝေဒနာတည်း။

အမှာ။ ။ထောမနိဓိ၌ သန္နိဓာနပုဒ်ကို နပုလ္လိင် ဟု ဆိုခြင်းသည် အဘိဓေယျ (ဟောနက်) ကို မလိုက်သေးပဲ သုဒ္ဓနာမ်အတိုင်း နပုလ္လိင် ဖြစ်သောကြောင့်တည်း၊ ဝေဒနာ—ရောဂါစသော အဘိဓေယျသို့ လိုက်လျှင်ကား "သန္နိဓာနာ, သန္နိဓာနော" စသည်ဖြင့် ဣတ္ထိလိင် ပုလ္လိင်လည်း ဖြစ်နိုင်၏၊ ထိုကဲ့သို့ အဘိဓေယျလိင်သို့ မလိုက်ရသေးပဲ သုတ်၏အနက်သက်သက်ကို ဖွင့်ရသော ဝုတ္တိ၌ကား တမှိ+သန္နိဓာနံ" ဟုသာ ရှိသင့်၏၊ ရူပသိဒ္ဓိ၌လည်း သန္နိဓာနံ" ဟု ရှိသည်၊ ထို့ကြောင့် "တမှိ+သန္နိဓာနာ" ဟူသော ယခု ကစ္စည်းမှုကိုလည်းကောင်း "သန္နိဓာ နော" ဟု ရှိသော သီဟိုဠ်မူနှင့် ရူပသိဒ္ဓိ စာကိုယ်မူကိုလည်းကောင်း စဉ်းစားသင့်သည်။

တတ္ထ နိယုတ္တော။ ။သုတ်၌ပါသော နိယောဂကို နိယုတ္တော ဟု ဝုတ္တိ ဖွင့်၏၊ တေန ကတာဒိမှ တ သဒ္ဒါကို အနက်အားလျော်စွာ ဝိဘတ်ပြောင်းလွဲ၍ "တမှိ တတ္ထ, တံ" ဟု လိုက်စေသည်၊ ဒွါရေ နိယုတ္တော"မှ စ၍ "နာဝကမ္မိကော" အထိ တတ္ထ နိယုတ္တော၏ ပုံစံတည်း၊ "ဒွါရေ နိယုတ္တော – တံခါး၌ယှဉ်သူ' ဟူရာဝယ် "ဒွါရေ" အရ တံခါးကို တိုက်ရိုက်မယူပဲ ဌာနတံခါး၏ ဒွါရ အမည်ကို ဌာနီစောင့်ခြင်း ကြိယာ၌ တင်စား၍ ဌာနူပစာရအားဖြင့် တံခါး၌ အဝင်အထွက်စောင့်ရှောက်ခြင်းကို"ဒွါရ"ဟုဆို၊"နိယုတ္တော"အရ"ယှဉ်ခြင်း" ဟူသည်လည်း ထို တံခါးစောင့်မှု၌ အစိုးတရဖြစ်ခြင်း ဗျာပါရဖြူခြင်းတည်း၊ အဝင်အထွက်ကို ကြည့်ရှု၍ တားသင့်သူကို တားမြစ်ခြင်း, ခွင့်ပြုသင့်သူကို ခွင့်ပြုခြင်းအားဖြင့် ကြောင့်ကြစိုက်ခြင်းဟု ဆိုလိုသည်။

(ဉာတိ) ဝေဏိကော—မည်၏၊ (စောင်းတီးခြင်း အတတ်ရှိသူ, စောင်းတီးတတ်သူ)၊ ဝီဏာ အသ် သိပ္ပံ ဝ ါ-လည်း ရှိ၏၊ ဝေ, ပါဏဝိကော-ထက်စည်တီးခြင်း အတတ်ရှိသူ၊ မောဒိင်္ဂိကော—မုရိုးစည်တီးခြင်း အတတ်ရှိသူ၊ ဝံသိကော-ပလွေမှုတ်ခြင်း အတတ်ရှိသူ၊ အသ-ထိုသူ၏၊ ဘဏ္ဍံ-ဘဏ္ဍာကား၊ ဂန္ဓော-နံ့သာတည်း၊ ဉာတိ, ဂန္ဓိကော-မည်၏၊ (နံ့သာဘဏ္ဍာရှိသူ)၊ ဝေ, တေလိကော-ဆီဘဏ္ဍာရှိသူ၊ တနည်း-နှမ်းဘဏ္ဍာရှိသူ၊ ဂေါဠိကော-တင်လဲဘဏ္ဍာရှိသူ၊ ဥရဗ္ဘံ-

ရူပဋီကာ။ ။ဒ္ဝါရေတိ ဒွါရပါလနေ့(တံခါးစောင့်ခြင်း၌)သာမိနာ(အရှင်၏အဖြစ်ဖြင့်(နိယုတ္တော, အဓိနော(စပ်ဆိုင်သူ)တိအတ္ထော (ရူဋီ)၊ နိယုတ္တောတိ—အဓိကတော (အကြီးအကဲပြုသူ) ဗျာပါရိတော (ကြောင့်ကြစိုက်သူ) တိ အတ္ထော(ပဉ္စိကာ)၊ ဤ ပဉ္စိကာအလို "ဒွါရေ - တံခါးစောင့်မှု၌+နိယုတ္တော—အားစိုက်သူတည်း" ဟု ပေးသင့်မည် ထင်သည်၊ ဤစကားအရ ဘဏ္ဍာတိုက်စောင့်ခြင်း မြို့စောင့်ခြင်းကို "ဘဏ္ဍာဂါရ - နဂရ"ဟု လည်းကောင်း အသစ်အသစ် အမှုကိစ္စကို ပြုလုပ်ခြင်းကို"နဝကမ္မ"ဟု လည်းကောင်း ယူ၍ ထို၌ ကြောင့်ကြ ဗျာပါရစိုက်သူကို "ဘဏ္ဍာဂါရေ+နိယုတ္တော, နဂရေ+နိယုတ္တော, နဝကမ္မေ (အသစ်ဖြစ်သော အမှုကိုပြုခြင်း၌)နိယုတ္တော"ဟု ဝိဂ္ဂြိုဟ်ပြု၍ ဘဏ္ဍာဂါရိက စသည်ခေါ်ရကြောင်း သိပါ၊ ဒေါဝါရိက ရုပ်တွက်ပုံကို မာဃနမာဂမောဌာနေသုတ် ကြည့်၊ ဤပုဒ်များကို နိယုတ္တတဒ္ဓိတ်ဟု ခေါ်။ [နဝကမ္မိကောဟု နာ၌ ဝုဒ္ဓိ ပြုထားသည်ကို တွေ့ရသော်လည်း ကျမ်းဂန်တို့၌မူ ဝုဒ္ဓိမပြုဘဲ"နဝကမ္မိက" ဟု တွေ့ရ၏၊ မောဂ္ဂလ္လာန်၌လည်း ဣကပစ္စည်းသက်၍ ဝုဒ္ဓိမပြုဘဲ "နဝကမ္မိကော"ဟုပင် ရုပ်ရှိ၏။]

တ မဿသိပ္ပံ။ ။သုတ်၌ပါသော "သိပ္ပ" ကို "တမဿသိပ္ပံ" ဟု ဝုတ္တိပြု၏၊ "ဝီဏာ အဿ၊ပေ၊ ဝံသိကော" တို့ကား ပုံစံ၊ဝီဏာအရ စောင်းကိုသာ မယူဘဲ ဌာနူပစာရအားဖြင့် စောင်းတီးခြင်း ကြိယာတိုင်အောင် ယူ၊ ထို့အတူ ပဏဝ - မုဒိင်္ဂ - ဝံသတို့အရလည်း ထက်စည်တီးခြင်း မရိုးစည်တီးခြင်း နှဲ-ပလွေမှုတ်ခြင်း ကြိယာတိုင်အောင်ယူ။[မဇ္ဈာ ဃောသန္တိတိဝိယ မုဒိင်္ဂါဒိသဒ္ဒါ တံတံဝါဒနေပျူပစာရာ ဝတ္တန္တေ၊ (မုခ္ဓမောဓဋီကာ)၊] သိပ္ပဟူသည် ထိုစောင်းတီးမှုစသည်၌ တတ်ကျွမ်းနားလည်သော ဉာဏ်အထူးတည်း၊ ထို့ကြောင့် ဝီဏာအရ စောင်းတီးခြင်း ကြိယာသာမက ထို တီးခြင်းကြိယာ၌ နားလည်သော ဉာဏ်တိုင်အောင်ပင် ပရမ္ပရူပစာရ (အဆက်ဆက် တင်စားသော ဌာနူပစာရ) နည်းအားဖြင့် ယူရသည်။ [ကြိယာဝိသယတ္တာ ကောသလ္လံ ကြိယာသဒ္ဒေန ဝုစ္စတိ—တီးခြင်း မှုတ်ခြင်း ကြိယာလျှင် အရာရှိသည်၏အဖြစ်ကြောင့် တတ်သိမှုဉာဏ်ကို ဝီဏာဝါဒန ကြိယာသဒ္ဒါသည် ဟောအပ်၏၊ (ပဉ္စိကာ)၊ ရူပဋီကာ၌ကား သိပ္ပအရ တတ်ကျွမ်းမှု ဉာဏ်အထူးကို မယူပဲ လုပ်ငန်းကြိယာကိုသာ ယူ၍ "သိပ္ပ

သိုးကို၊ ဟန္တွာ—သတ်၍၊ ဇီဝတိ—အသက်မွေးတတ်၏၊ ဣတိ, ဩရဗ္ဘိကော—မည်၏၊(သိုးသတ်သမား)၊ ဥရဗ္ဘံ ဟန္တွာ ဇီဝတိ ဝါ-လည်း ရှိ၏၊ မဂံ-သားကောင်ကို၊ ဟန္တွာ ဇီဝတိ ဣတိ မာဂဝိကော၊(သားသတ်သမား,သားသတ်မုဆိုး)၊ မဂံ ဟန္တွာ ဇီဝတိ ဝါ — လည်း ရှိ၏၊ ဇေ၀ံ, သူကရိကော — ဝက်ကိုသတ်၍ အသက်မွေးသူ (ဝက်သတ်သမား)၊ သာကုနိကော - ငှက်ကိုသတ်၍ အသက်မွေးသူ၊ (ငှက်မုဆိုး)။

---

နာမ-ဟတ္ထကမ္မာဒိ (လက်အလုပ်,လက်ဖြင့်တီးခြင်း,ပါးစပ်ဖြင့် မှုတ်ခြင်းစသည်) ဟု ဖွင့်လေသည်၊ [ဝိဏာ = စောင်း ဟူသည် ယခုကာလ ဗျတ်စောင်းတည်း၊ ပဏဝကို တထာဒ္ဒန္ဓေသုတ်၌ ပြခဲ့ပြီ၊ မုဒိင်=မုရိုးစည် ဟူသည် "ဒိုးပတ်" တည်း၊ ဝံသ=ပလွေ, နှဲ၊ ဤပုဒ်များကို အဿသိပ္ပတဒ္ဓိတ်ဟု ခေါ်သည်။]

**တ-မဿ ဘဏ္ဍံ။** ။သုတ်၌ပါသော " ဘဏ္ဍ " ကို " တမဿ ဘဏ္ဍံ "ဟု ဖွင့်၏၊ ဂန္ဓော အဿ ၊ပေ၊ ဂေါဠိကောတို့ကား ပုံစံ၊ ဘဏ္ဍာဟူသည် ရောင်းအပ်သော ( ရောင်းဖို့ရာဖြစ်သော ) ကုန်ပစ္စည်းတည်း။ မောဂ္ဂလ္လာန်၌ ဘဏ္ဍံ ဟု မဆိုပဲ "ပဏျ=ရောင်းအပ်သော ကုန်ပစ္စည်း"ဟု ဆို၏, သာ၍ ရှင်းပေသည်၊] ဂန္ဓိကော-နံ့သာ ဘဏ္ဍာရှိသူ၊ ဝါ - နံ့သာကုန်သည်၊ တေလံ အဿ ဘဏ္ဍံတိ တေလိကော = ဆီကုန်သည်။ တေလိကောတိ-တေလဝါဏိဇော ရှု ဋီ၊] "တိလံ အဿ ဘဏ္ဍံတိ တေလိကော"ဟု ပြု၍ နှမ်းကုန်သည်-ဟုလည်း ပေး၊ ဂုဠော အဿ ဘဏ္ဍံတိ ဂေါဠိကော = တင်လဲကုန်သည်, ထန်းလျက်ကုန်သည်၊ ဤ အားလုံးကို "အဿဘဏ္ဍ" တဒ္ဓိတ်ဟု ခေါ်၊ [ရောင်းဝယ်အပ်သော ဘဏ္ဍာရှိသူ (ကုန်သည် စျေးသည်)ကို ဤ အဿဘဏ္ဍတဒ္ဓိတ်၌ ဆိုရ၏၊ ကိုယ်ပိုင်အဖြစ်ဖြင့် သိမ်းဆည်းထားသော သုံးစွဲစရာပစ္စည်းရှိသူ ဖြစ်လျှင်ကား "မနိကော—ဥစ္စာရှိသူ"စသည်ဖြင့် အဿတ္ထိတဒ္ဓိတ် ဣကပစ္စည်းဖြင့် ပြီးလတ့်။]

**တ-မဿ ဇီဝိကာ။** ။"ဇီဝန္တိ, ဝုတ္တိ, ဇီဝိကာ"ဟု အဘိဓာန် လာသောကြောင့် "ဇီဝိကာ"ဟု ဣတ္ထိလိင်ရှိစေ၊ ရူပဒီပကာ၌လည်း ဇီဝိကာဟုပင် ဝိဂ္ဂြိုဟ်ပြု၏၊ တံကိုင့်၍ "ဇီဝိကံ"ဟု (နပုလ္လိင်ဖြင့်) ပြင်မှားကြဟန် တူ၏၊ မည်သည့် အရာဟု မသတ်မှတ်ရသေး၍ သာမညဖြစ်နေသောကြောင့် "အဗျတ္တေ ဂုဏသန္ဒေဟေ, နပုံသကမိတျုစ္စတေ" အရ တံဟု နပုလ္လိင်ထားရခြင်း ဖြစ်၏၊ "ဇီဝိကာ" ကား အမြဲ ဣတ္ထိလိင်ဖြစ်သောကြောင့် တံ၏ လိင်သို့ လိုက်ဖွယ်မလို၊ ဥရဗ္ဘံ ၊ပေ၊သာကုနိကောတို့ကား ပုံစံ၊ ဟန္တွာ ဇီဝတိပုဒ်တို့ကို ချေရသောကြောင့် ဤ ရုပ်များကို "ဟန္တွာ ဇီဝတိ" တဒ္ဓိတ်ဟု ခေါ်၏။ [မောဂ္ဂလ္လာန်၌မူ "ပက္ခိနော+ ဟန္တိ (ဟနတိ)တိ ပက္ခိကော=ငှက်တို့ကို သတ်သူ"ဟု ဆို၏၊ ဇီဝတိမပါသော

အာဒိဂ္ဂဟဏေန-ဖြင့်၊ အညတ္ထာပိ-အခြားအနက်တို့၌လည်း၊ ဏိကပစ္စယော-ကို၊ ယောဇေတဗ္ဗော-ယှဉ်စေထိုက်၏၊ ဇာလေန-ပိုက်ကွန်ဖြင့်၊ ဟတော-သတ်အပ်သောငါးတည်း၊ (ဣတိ) ဇာလိကော-မည်၏၊ ဇာလေန ဟတော ဝါ-လည်းရှိ၏၊ သုတ္တေန-ချည်ဖြင့်၊ ဗန္ဓော-နှောင်ဖွဲ့အပ်သောငှက်တည်း၊ (ဣတိ) သုတ္တိကော-မည်၏၊ သုတ္တေန ဗန္ဓော ဝါ-လည်းရှိ၏၊ စာပေါ-လေးသည်၊ အဿ-ထိုသူ၏၊ အာဝုဓံ-လက်နက်တည်း၊ (ဣတိ) စာပိကော-မည်၏၊ (လေးလက်နက်ရှိသူ)၊ စာပေါ အဿ အာဝုဓံ ဝါ-လည်းရှိ၏၊ ဧဝံ တောမရိကော-လှံလက်နက်ရှိသူ၊ မုဂ္ဂရိကော-တင်းပုတ်လက်နက်ရှိသူ၊ မောသလိကော-ကျည်ပွေ့လက်နက်ရှိသူ၊ ဒဿ-ထိုသူ၏၊ အာဗာဓော-အနာကား၊ ဝါတော-လေတည်း၊ (ဣတိ) ဝါတိကော-၏ (လေနာရှိသူ)၊ ဝါတော အဿ အာဗာဓော ဝါ-လည်းရှိ၏၊ ဧဝံ သေမှိကော-သလိပ်နာရှိသူ၊ ပိတ္တိကော—သည်းခြေနာရှိသူ၊ ဗုဒ္ဓေ-ဘုရား၌၊ ပသန္နော—ကြည်ညိုသူတည်း၊ ဗုဒ္ဓိကော-ဘုရား၌ကြည်ညိုသူ၊ ဗုဒ္ဓေ ပသန္နော ဝါ-လည်းရှိ၏၊ ဧဝံ ဓမ္မိကော-တရား၌ကြည်ညိုသူ၊ သံဃိကော-သံဃာ၌ကြည်ညိုသူ၊ ဗုဒ္ဓဿ—ဘုရား၏၊သန္တကံ—ဥစ္စာတည်း၊ ဗုဒ္ဓိကံ-ဘုရား၏ဥစ္စာ၊ ဗုဒ္ဓဿသန္တကံဝါ-လည်းရှိ၏၊ ဧဝံ ဓမ္မိကံ-တရား၏ဥစ္စာ၊ သံဃိကံ-သံဃာ၏ဥစ္စာ။

---

ကြောင့် "ဟန္တိတဒ္ဓိတ်"ဟု ခေါ်သင့်၏၊] "မာဂ+ိက"ဟု ဖြစ်သည့်အခါ တေသုဝုဒ္ဓိဖြင့် ဝလာ၍"မာဂဝိက"ဟု ပြီးစေ၊ ယခုစာများ၌"မောကရိကော" ဟု ဝုဒ္ဓိဖြင့် တွေ့ရ၏၊ သီဟိုဠ်မူနှင့် ရူပသိဒ္ဓိတို့၌ "သူကရိကော"ဟုသာ ရှိ၏၊ မောဂ္ဂလ္လာန်၌လည်း ဣကပစ္စည်းဖြင့် "သူကရိကော"ဟုပင် ရှိသည်၊ "သူကရံ ဟန္တွာ ဇီဝတိ, သကုနံ ဟန္တွာ ဇီဝတိ"ဟု ဝိဂ္ဂြိုဟ်ပြု။

အာဒိဂ္ဂဟဏေန။ ။တေနကတာဒိ၌ အာဒိသဒ္ဒါဖြင့် ဟတ အနက် ဗန္ဓ အနက်စသော အနက်များ၌လည်း ဏိကပစ္စည်းသက်၊ ဇာလိကော = ဟတ အနက်။ ["ဇာလေန+ဟနတီတိ ဇာလိကော = ပိုက်ကွန်ဖြင့် သတ်တတ်သော တံငါသည်"ဟု ပြုလျှင် ဟနတိအနက်၊] သုတ္တိကော= ဗန္ဓအနက်၊ စာပိကော= အာဝုဓ အနက်။ ["စာပေါ အဿ အာဝုဓော"ဟု တွေ့ရ၏၊ အဘိဓာန်၌ "အာဝုဓံ, အာယုဓံ"ဟု နပုလ္လိင်ရှိသည်။] "တောမရော နတ္ထိယံ ပါဒေ, သိယာ ဝိဇ္ဇုနကပ္ပကော"ဟု ဆင်၏ခြေထောက်ကို ထိုးဆွကြောင်းဖြစ်သော လှံ (မှိန်း) ကို "တောမရ"ဟု ဆို၏၊ "မုဂ္ဂရ = ဆောက်ပုတ်"ဟု ပေးကြ၏၊ အဘိဓာန် နိဿယသစ်၌ "ဆောက်ပုတ်,တင်းပုတ်,ဝါးရင်းတုတ်, တင်ကျည်း"ဟု ပေး၏၊ "တောမရော+အဿ အာဝုဓံ, မုဂ္ဂရော+အဿ အာဝုဓံ, မုသလော + အဿ အာဝုဓံ"ဟု ဝိဂ္ဂြိုဟ်ပြု၊ ဝါတိကော စသည်ကား အာဗာဓအနက်၊ သေမှ+ပိတ္တ+

**ဝတ္ထေန**—အဝတ်ဖြင့်၊ **ကီတံ**-ဝယ်အပ်သော၊ **ဘဏ္ဍံ**-ဘဏ္ဍာတည်း၊ **ဝတ္ထိကံ**-အဝတ်ဖြင့်ဝယ်အပ်သော ဘဏ္ဍာ၊ ဝတ္ထေန ကီတံ ဘဏ္ဍံဝါ-လည်းရှိ၏၊ ဧဝံ, ကုမ္ဘိကံ — တစ်ကုမ္ဘဥစ္စာဖြင့် ဝယ်အပ်သော ဘဏ္ဍာ၊ ဖာလိကံ - ထယ်သွားဖြင့် ဝယ်အပ်သော ဘဏ္ဍာ၊ (“ဝါချည်ဖြင့် ဝယ်အပ်သော ဘဏ္ဍာ” ဟုလည်း ပေးကြ၏၊) ကိင်္ကဏိကံ—ခြုငယ်ဖြင့် ဝယ်အပ်သောဘဏ္ဍာ၊ **သောဝဏ္ဏိကံ**-ရွှေဖြင့် ဝယ်အပ်သောဘဏ္ဍာ၊ **အဿ**-ထိုဝတ္ထု၏၊ **ပရိမာဏံ**—အတိုင်းအရှည်ကား၊ ကုမ္ဘော-တစ်ကုမ္ဘတည်း၊ (ဣတိ) ကုမ္ဘိကံ-မည်၏၊ (တကုမ္ဘ အတိုင်းအရှည်ရှိသောဝတ္ထု)၊ ကုမ္ဘောအဿပရိမာဏံဝါ · လည်းရှိ၏၊ ကုမ္ဘဿ-တစ်ကုမ္ဘ၏၊ **ရာသိ**—အစုတည်း၊ ကုမ္ဘိကံ—တစ်ကုမ္ဘ အစု၊ ကုမ္ဘဿရာသိဝါ—လည်း ရှိ၏၊ ကုမ္ဘံ-တစ်ကုမ္ဘကို၊ အရဟတိ-ထိုက်တန်၏၊ ဣတိ, ကုမ္ဘိကော—၏၊ (တစ်ကုမ္ဘ

---

အဿ အာဗာဓော-သေမှိကော, ပိတ္တိကော၊ ဗုဒ္ဓိကောစသည်ကား ပသန္နအနက်၊ ဓမ္မေ+သံဃေ+ပသန္နော-ဓမ္မိကော, သံဃိကော၊ ဗုဒ္ဓိကံ စသည်ကား သန္တက အနက်၊ ဓမ္မဿ+သံဃဿ+သန္တကံ-ဓမ္မိကံ, သံဃိကံ။

**ဝတ္ထိကံ စသည်။** ။ဝတ္ထိကံ စသည်ကား ကီတ အနက်၊ ဤ ကီတအနက်၌ အရင်းမူလ (အဖိုး) ဟောသော သဒ္ဒါနောင် ဏိကပစ္စည်း သက်ရမည်၊ “ဒေဝ ဒတ္တေန ကီတံ=ဒေဝဒတ်သည် ဝယ်အပ်၏” ဟု ဆိုရာ၌ ဒေဝဒတ္တိကံ ဟု ဏိက ပစ္စည်း မသက်ရ၊ ဘာ့ကြောင့်နည်း-“ဒေဝဒတ္တိကံ” ဟူသောသဒ္ဒါက “ဒေဝဒတ် သည် ဝယ်အပ်သောဥစ္စာ” ဟူသော အနက်ကို မဟောနိုင်သောကြောင့်တည်းဟု မောဂ္ဂလ္လာန်ဆိုသည်။ [သတေန ကီတံ သာတိကံ, သာဟဿိကံ, မူလတော ဝ (အဖိုးဟောသဒ္ဒါမှ နောက်၌သာ ဏိကပစ္စည်းသက်၊) ဒေဝဒတ္တေန ကီတန္တိ န ဟောတိ (ဏိကပစ္စည်း မဖြစ်) တဒတ္ထာပတီတိယာ (ဏိကပစ္စည်းက ထို အနက်ကို ထင်ရှား မပြနိုင်ခြင်းကြောင့်တည်း၊) မောဂ္ဂလ္လာန်၊] ကုမ္ဘေန (တစ် ကုမ္ဘ ဥစ္စာဖြင့်)+ဖလေန—သစ်သီးဖြင့်+ကီတံ—ဖာလိကံ၊ တနည်း, ဖာလေန-ထွန်သွား ထယ်သွားဖြင့်၊ တနည်း, “ဖလဿ—ဝါသီး၏၊ ဝိကာရော-အထူး ပြုအပ်သော ဝါချည်အဝတ်တည်း” နှင့် အညီ, ဖာလေန—ဝါသီးမှဖြစ်သော ဝါချည်အဝတ်ဖြင့်+ကီတံ—ဖာလိကံ၊ “ကိင်္ကိဏီ ခုဒ္ဒဃဏ္ဍိကာ = ခြေချောင်း၌ ဝတ်အပ်သော ခြုငယ်”—အဘိဓာန်၊ ကိင်္ကိဏိယာ + ကီတံ, သုဝဏ္ဏေန+ ကီတံ” ဟု ပြု။

**ကုမ္ဘိကံ စသည်။** ။“ကုမ္ဘော+အဿ+ပရိမာဏံ ကုမ္ဘိကံ” သည် အဿ ပရိမာဏအနက်၊ “ကုမ္ဘဿ + ရာသိကုမ္ဘိကံ” သည် ရာသိအနက်၊ “ကုမ္ဘံ+ အရဟတီတိ ကုမ္ဘိကော” သည် အရဟတိ အနက်၊ [ဤအရဟတိအနက်၌

တန်သော ပစ္စည်း )၊ ကုမ္ဘ် အရဟတိဝါ-လည်း ရှိ၏၊ အက္ခေန-အန်စာဖြင့်၊ ဒိဗ္ဗတိ-ကစားတတ်၏၊ ဝါ-အောင်နိုင်တတ်၏၊ ဣတိ, အက္ခိကော-၏၊(အန်စာကစားသူ, ဖဲကစားသူ)၊ ဇဝံ, သာလာကိကော-စာရေးတန်ဖြင့် ကစားသူ၊ ဝါ-အောင်နိုင်သူ၊ (စာရေးတန်မဲချ၍ ထီဖွင့်သော ကစားခြင်းဖြင့် ကစားသူ၊ တိန္ဒုကိကော-တည်သီးဖြင့် ကစားသူ၊ အမ္ဗဖလိကော-သရက်သီးဖြင့် ကစားသူ၊ ကပိဋ္ဌပလိကော-သီးသီးဖြင့် ကစားသူ၊ နာဠိကေရိကော—အုန်းသီးဖြင့် ကစားသူ၊ (အုန်းဆတမ်း ကစားသူ)၊ ဣစ္စေဝမာဒိ—ဤသို့ အစရှိသည်တည်း။

---

"သာတိကံ, သန္နိဋ္ဌိကော" စသော ပုဒ်များကို ရှု၍ ရှု၊ ဝဿံ (ဝဿဝါသကို ဌာနူပစာရအားဖြင့် "ဝဿ"ဟု ဆို)၊ မိုးကာလ၌ နေခြင်းကို+အရဟတိ—ထိုက်၏၊ ဣတိ ဝဿိကော-မိုးတွင်း၌ နေထိုက်သောပြာသာဒ်၊ ဟေမန္တိကော-ဆောင်းတွင်း၌ နေထိုက်သော ပြာသာဒ်၊ ဂိမှိကော-နွေကာလ၌ နေထိုက်သော ပြာသာဒ်၊ "ဝဿဝါသော ဝဿံ၊ ဝဿံ+အရဟတီတိ ဝဿိကော"-မဇ္ဈိမပဏ္ဏ, မာဂဏ္ဍိယသုတ် "သဗ္ဗာ ဟောန္တိ သဟာဿိယာ (အလုံးစုံသော ဂါထာတို့သည် တထောင်တန်ကုန်၏)" ဟူသော ဒွါဒသ-ကာမဇာတ် စသည်၌ကား ဏ အနုဗန် မပါသော ဣယပစ္စည်း (သုတ်ကြီးဖြင့်)သက်၍"သဟဿံ+အရဟန္တီတိ သဟာဿိယာ"ဟု ဖြစ်၏၊ အသီတိံ, နဝုတိံ +အရဟတီတိ အသီတိယာ နဝုတိယာ၊ ဒဏ္ဍံ+အရဟတီတိ ဒဏ္ဍိယော - ဒဏ်ပေးထိုက်သူ၊ အဒဏ္ဍိယော - ဒဏ်ပေးထိုက်သူ မဟုတ်-စသည်တို့၌လည်း အရဟတိ အနက်၌ (ဝုဒ္ဓိ မပြုသမျှ) ဣယပစ္စည်း ချည်းတည်း။

အက္ခိကော စသည်။ "အက္ခေန ဒိဗ္ဗတိ၊ပေ၊ နာဠိကေရိကော" တို့ကား ဒိဗ္ဗတိအနက်၊ အနက်အားလျော်စွာ တဒ္ဓိတ်နာမည်တပ်၍ ဒိဗ္ဗတိ တဒ္ဓိတ်, အရဟတိတဒ္ဓိတ် စသည်ဖြင့်ခေါ်၊ ဒိဗ္ဗတိ၌ ဒိဝုဓာတ်သည် "ကီဠာ-မြူးတူးခြင်း၊ ဝိဇိဂိသာ-အောင်နိုင်လိုခြင်း"စသော အနက်များကိုဟော၏၊ ဤ၌ ကြွေအန်ဖြင့် သူတပါးကို နိုင်အောင်ပြုသောအရာဖြစ်၍ ဝိဇိဂိသာအနက်နှင့် သာ၍ လျော်၏၊ သို့သော် ရူပဋီကာ၌ "သလာကာယ ဒိဗ္ဗတိ ကီဠတီတိ သာလာကိကော" ဟု ဖွင့်သောကြောင့် အပျော်ကစားခြင်း အနက်ကိုလည်းယူ၍ "ဒိဗ္ဗတိ-ကစား၏, အောင်နိုင်၏"ဟု ၂ မျိုးလုံး ပေးလိုက်သည်၊ "တိန္ဒုကေန + အမ္ဗဖလေန + ကပိဋ္ဌဖလေန+နာဠိကေရေန+ဒိဗ္ဗတိ"ဟု ဝိဂ္ဂဟပြု။

ဣစ္စေဝမာဒီ။ ။ဤ ကစ္စည်းဝုတ္တိ၌ အာဒိသဒ္ဒါဖြင့် ယူအပ်သော အနက်များကို ဟတ-ဗန္ဓ-အာဝုဓ-အာဗာဓ စသော ၁၁ (တဆယ့်တနက်) ပြထား၏၊ ရူပသိဒ္ဓိ၌ကား ထိုအနက်များအပြင် သီလ - ဇာတ - ဝသတိ - ဝိဒိတ-သံဝတ္တတိ-

ဏရာဂါ၊ ပေ၊ မညတ္တေသု စ — ၃၅၂။ ရာဂမှာ- ဆိုးရည်အနက်ဟောသဒ္ဒါမှ (နောက်၌) ဏေန- ထိုဆိုးရည်ဖြင့်၊ ရတ္တံ- ဆိုးအပ်၏၊ ဣစ္စေ တသ္မိံ အတ္ထေ- ဤအနက်၌လည်းကောင်း၊ ဣဒံ- ဤဟာသည်၊ တဿ-ထိုသူ၏ ဥစ္စာတည်း၊ (ဣစ္စေတသ္မိံ အတ္ထေ စ-လည်းကောင်း၊) အညတ္ထေသု စ- အခြားအနက်တို့၌လည်းကောင်း၊ ဏပစ္စယော ဝါ ဟောတိ၊ ကသာဝေန-ဖန်ရည်ဖြင့်၊ ရတ္တံ- ဆိုးအပ်သော၊ ဝတ္ထံ-အဝတ်(သင်္ကန်း)တည်း၊ ကာသာဝံ-ဖန်ရည်ဖြင့်၊ ဆိုးအပ်သော အဝတ်၊ ဝါ- သင်္ကန်း၊ ကသာဝေန ရတ္တံ ပတ္တံ ဝါ-လည်းရှိ၏ ဧဝံ ကောသုမ္ဘံ- ဝတ်ပန်းဖြင့် ဆိုးအပ်သောအဝတ်၊ ဟာလိဒ္ဒံ- နနွင်းဖြင့် ဆိုးအပ်

---

အာဂတ- သမ္ဘူတ- ပယောဇန- သကတ္တ- ဘတ္တိဟူသော ဆယ်နက်ကိုလည်း ပြသေး၏၊ ပုံစံကို ရှုမှာ ရှု၊ မောဂ္ဂလ္လာန်၌မူ ဘဝအနက် (သရဒေ- သရဒဥတု၌+ ဘဝေါ- ဖြစ်သောရောဂါ စသည်သည်၊ သာရဒိကော- မည်၏), ဥဋ္ဌတိအနက် (ဗဒရေ- ဆီးသီးတို့ကို၊ ဥဋ္ဌတိ-ရှာတတ်၏၊ ဣတိ ဗဒရိကော), ဇီဝတိအနက် "အဂ္ဂေဟိ ဇီဝတံ အကွိကံ- ကြေးအန်တို့ဖြင့် အောင်နိုင်အပ်သော အရာဝတ္ထု)" ခဏတိအနက် (ခဏိတ္တိယာ ခဏတီတိ ခဏိတ္တိကော- တူးရွင်းဖြင့် တူးတတ်သူ), ဇီဝတိအနက် (ဝေတနေန- လခဖြင့်၊ ဇီဝတိ- အသက်မွေးတတ်၏၊ ဣတိ ဝေတနိကော၊ ဘတေန– အဖိုးအခဖြင့် + ဇီဝတီတိ ဘတိကော၊ ကယဝိက္က ယေန- ဝယ်ခြင်း ရောင်းခြင်းဖြင့်+ဇီဝတီတိ ကယဝိက္ကယိကော၊ ကယိကော– ဝယ်ခြင်းဖြင့် အသက်မွေးသူ၊ ဝိက္ကယိကော – ရောင်းခြင်းဖြင့် အသက်မွေးသူ၊ ဘတိကော- စသည်တို့၌ ဝုဒ္ဓိမရောက်ရသောကြောင့် ဣကပစ္စည်း ဟူ၏၊) ဤသို့ စသော အနက်များကို ပြ၏၊ ထိုအားလုံးကို ဣစ္စေဝမာဒိပါဌ်ဖြင့် ကစ္စည်းဝုတ္တိ ဆရာ ညွှန်ပြသည်။

[ဆောင်] ဟာတ-ဗန္ဓ, အာဝုဓနှင့်, အာဗာဓ—ပရိမာဏံ, ကီတံ—အရှဟတိ,ရာသိ ပသန္နာ, သန္တကာ—ဒိဋ္ဌ, ဝုတ္တိပြ၏၊ ရူပသိဒ္ဓိမှာ,အာဂတာနှင့်, ဇာတာ သမ္ဘူ,နည်းတူသီလ, ဝသ-ဝိဒိတာ, ဘတ္တိကာ-သကာဏ္ဍ, သံဝတ္တနော ပယောဇန-ဟု, ဆယ်ခုတဖန်,တိုးတက်ပြန်၏၊ မောဂ္ဂလ္လာန်ကား,ဘဝ ဥဋ္ဌတိ,ခဏတိနှင့်, ဇီဝတိ—ဇိတ, စသည့်နက်မျိုး, တိုးလေသမျှ ဏိက ဆိုင်ရာ, အဖြာဖြာသည့်, သက်ပါ တမဝိတေဖြင့်တည်း။

၃၅၂။ ရာဂမှာ၊ပေ၊ အတ္ထေ။ ။ရဇ္ဇတေ အနေနာတိ ရာဂေါ၊ အနေန- ဤဆိုးရည်ဖြင့်၊ ရဇ္ဇတေ-ဆိုးအပ်, တပ်စွဲအပ်၏၊ ဣတိ, ရာဂေါ၊ ဤ ဝိဂ္ဂြိုဟ်အရ ဆိုးရည်ဟူသောအနက်ကို "ရာဂ" ဟု ဆိုရသော်လည်း အနက်နောင် ပစ္စည်း သက်၍ မဖြစ်သောကြောင့် ထိုအနက်ကိုအကြောင်းပြု၍ ကာရဏူပစာရအားဖြင့် ဆိုးရည်အနက်ဟော ကသာဝ- ကုသုမ္ဘစသော သဒ္ဒါကို "ရာဂ" ဟု ခေါ်၊ ထို

သော အဝတ်၊ ပါဋင်္ဂံ- မဲရှက်ဖြင့်ဆိုးအပ်သောအဝတ်၊ ရတ္တင်္ဂံ- ခေါင်ရမ်းဖြင့် ဆိုးအပ်သောအဝတ်၊ မဉ္ဇိဋ္ဌံ- ထန်းကျင့်ဖြင့် ဆိုးအပ်သောအဝတ်၊ ကုင်္ကုမံ-မာလာကြီးကျူးဖြင့် ဆိုးအပ်သောအဝတ်၊ ဣဒံ မံသံ ဤ-အသားသည်၊ သူကရဿ — ဝက်၏ဥစ္စာတည်း၊ **သောကရံ**- ဝက်သား၊ သူကရဿ ဣဒံ မံသံ ဝါ -လည်းရှိ၏၊ ဧဝံ, မာဟိံသံ-ကျွဲသား၊ ဥဒုမ္ဗရဿ-ရေသဖန်းပင်၏၊

---

သဒ္ဒါများနှောင် အဘယ်အနက်၌ သက်ရမည်နည်း-ဟုမေးဖွယ်ရှိသောကြောင့် "တေန ရတ္တံ ဣစ္စေတသ္မိံ အတ္ထေ"ဟု ထည့်၍ ဖွင့်သည်၊ "ဆိုးရည်ဖြင့်+ဆိုးအပ်"ဟူသော ရတ္တအနက်၌ ဏပစ္စည်းသက်ပါ- ဟူလို။ [သိဒ္ဓိဟိုင်မူ၌ကား "ဏာဒယော တေနရတ္တံ တဒဿ ဒမညတ္ထေသု စ"ဟု တေနရတ္တံပုဒ်ကို သုတ်၌ပင် တိုက်ရိုက်တွေ့ရ၏၊ ထိုမူသည် "တေန ရတ္တံ ရာဂါ"ဟူသော ပါဏိနိသုတ်နှင့် ညီသော်လည်း ကစ္စည်း၏များစွာ အမှီပြုရာဖြစ်သော "ရာဂါန္နက္ခတ္တယောဂါစ" စသော ကလာပ်သုတ်နှင့်ကားမညီ။]

**ကသာဝေန**၊ပေ၊**ကုင်္ကုမံ**။ ။ရာဂါအရ ပုံစံတည်း၊ "ကသာဝေန+ရတ္တံ-ကာသာဝံ"သာ လိုရင်း၊ ဝတ္ထံကား အဘိဓေယျတည်း၊ ကသာဝသဒ္ဒါသည် ရသာ ၆-ပါးတွင် အဖန် အရသာဟူသော အနက်ကိုဟော၏၊ ထို့ကြောင့် "ကသာဝ-ဖန်ရည်"ဟု ပေးရိုးပြုကြသည်၊ ထို"ဖန်ရည်"ဟု ခေါ်အပ်သော အရည်၏ အဆင်းမှာ အနီနှင့်အရွှေရောသော **အဆင်း**ဟု ထောမနိဓိ(ကသာယ ပုဒ်၌) ဖွင့်၏။ [ယကို ဝပြုလျှင်"ကသာဝ"ဟု ပါဠိ၌ ဖြစ်၏၊]"ကုသုမ္ဘေန+ဟလိဒ္ဒိယာ+ပဋ္ဋင်္ဂေန+ရတ္တင်္ဂေန+မဉ္ဇိဋ္ဌာယ+ကုင်္ကုမေန+ရတ္တံ"ဟုဝိဂ္ဂုဟ်ပြု၍ ထို ဝါကျရှိတိုင်း ရုပ်တွက်၊ "ကုသုမ္ဘ=ဆူးပန်းပွင့်"ဟု ဆရာတို့အနက်ပေးကြ၏၊ ထိုဆူးပန်းပွင့်ကိုပင် အဝတ်ဆိုးရသောပန်း ဖြစ်၍"ဝတ်ပန်း"ဟု ခေါ်ခဲ့ကြဟန်တူသည်၊ နန္ဒင်းကား ထင်ရှားပြီ၊ "ပဋ္ဋင်္ဂ- မဲရှက်ရည်၊ ရတ္တင်္ဂ-ခေါင်ရမ်းဆိုးရည် ဟု ပေးကြ၏၊ အဘိဓာန်၌ကား မတွေ့ရ၊ မဉ္ဇိဋ္ဌာ (ဣတ္ထိလိင်) "ထန်းကျင့်၊ ဝါ-နီပါဆေး" ဟုပေးကြ၏၊ ဤမဉ္ဇိဋ္ဌာကား နွယ်ပင်မျိုးတည်း၊ ဘုရားရောင်ခြည်တော် ခြောက်ပါးတွင် မဉ္ဇိဋ္ဌရောင်ခြည်တော်သည် ပန်းရောင် ကဲ့သို့ဝါကျင့်ကျင့် နီကျင့်ကျင့်ရှိသော ဟူ၏၊ ထိုကဲ့သို့ အရောင်ရှိသော ထန်းကျင့် (နီပါဆေး) နွယ်ရည်ဖြင့် ဆိုးအပ်သောအဝတ်သည် မဉ္ဇိဋ္ဌမည်၏၊ "ကုင်္ကုမ (ဂုံဂမံ)"ဟုလည်း ပေးကြသည်။

**တဿေဒံ**။ ။ဤတဿေဒံပါဌ်ဖြင့် ဣဒံတဒ္ဓိတ်ကိုပြ၏၊ "တဿ+ဣဒံ" ဟုပုဒ်ဖြတ်၊ "သူကရဿ ၊ပေ၊ မာဟိံသံ" တို့ကားပုံစံ၊ သူကရဿ+ဣဒံ-သောကရံ"သာလိုရင်း၊ ဣဒံနောက်၌မံသံကား ဣဒံ၏ စွဲရာအနက်ကိုဖွင့်ပြသော

အဝိဒူရေ—အနီး၌၊ ပဝတ္တံ—ဖြစ်သော၊ ဝိမာနံ—ဗိမာန်တည်း၊ ဩဒုမ္ဗရံ—မာန်၊ ဥဒုမ္ဗရဿ၊ပေ၊ဝိမာနံ ဝါ-လည်း ရှိ၏၊ ဝိဒိသာယ—ဝိဒိသာမြို့၏၊ အဝိဒူရေ—၌၊ (ပဝတ္တော-သော)၊ နိဝါသော-နေရာတည်း၊ ဝေဒိသော—နေရာ၊ ဝိဒိသာယ အဝိဒူရေ နိဝါသော ဝါ—လည်း ရှိ၏၊ မထုရာယ—မထုရာပြည်၌၊ ဇာတော-မွေးဖွားသူတည်း၊ မာထုရော-သူ၊ မာထုရာယ ဇာတော ဝါ-၏၊ မထုရာယ-မှ၊ အာဂတော-လာသူတည်း၊ မာထုရော-သူ၊ မထုရာယ အာဂတော ဝါ-၏။

---

စကား၊ ထိုအဖွင့်ကိုထောက်၍ "ဣဒံ-ဤအသားသည် + သူကရဿ— ဝက်၏ အသားတည်း၊ သောကရံ-ဝက်သား"ဟု အနက်ပေးရလျှင် သာ၍သင့်ဖွယ် ရှိ၏၊ ချဲ့ဦးအံ့— "ဣဒမိတိ သမ္ဗန္ဓောပလက္ခဏံ (သမ္ဗန္ဓိ + ဥပလက္ခဏံ)- ဣဒံ ဟူသော ဤသဒ္ဒါသည် သမ္ဗန္ဓိကို မှတ်ပြသော (ဥပလက္ခဏ) သဒ္ဒါတည်း" ("ဣဒံ" ပုဒ်သည် ရှေးသမ္ဗန်နှင့် ဆက်သွယ်နေသော သမ္ဗန္ဓိဟူသမျှကို ဥပလက္ခဏ နည်းအားဖြင့် မှတ်၍ပြသော သဒ္ဒါဖြစ်သည်—ဟူလို၊)—မုခ္ခမတ္တ (၄၃၃ သုတ်) ဋီကာ၊ဣဒံတိ သာမညတော နပုံသကနိဒ္ဒေသေန ဆဂလကံ နိဒ္ဒိသတိ၊ဣဒံ ဆဂလကဇာတံတိ အတ္တော၊ အယံ ဆဂလကောတိ ဝုတ္တံ ဟောတိ"-(အညဘာဂဿ+ဣဒံ-အညာဘာဂိယံပုဒ်ဖွင့်) ဒုတိယဒုဋ္ဌဒေါသ ဋီကာ။

မှတ်ချက်။ ။ဤပါဠိသက္ကတ ဋီကာတို့အလိုအားဖြင့် ဣဒံသဒ္ဒါသည် ရှေ့သမ္ဗန်နှင့် ဆက်သွယ်နေသော သမ္ဗန္ဓိဟူသမျှကို စွဲနိုင် ဟောနိုင်ကြောင်း သိသာ၏၊ ထို့ကြောင့် "ဣဒံ-ဥစ္စာတည်း"ဟု ရှေးဆရာတို့ ပေးရိုးအနက်သည် အားလုံးနှင့် ဆက်ဆံအောင် သာမန်ပေးအပ်သော အနက်ဟု မှတ်ပါ၊ အရာဌာနလိုက်၍ "ဣဒံ-ဤကျမ်းသည်+ ကစ္စာယနဿ - ကစ္စည်းထေရ်၏ ကျမ်းတည်း၊ "ကစ္စာယနံ - ကစ္စည်းထေရ်၏ကျမ်း၊ အယံ-ဤစကားသည်+ဥသဘဿ—နွားလားအတူ ရဲရင့်သူ၏ စကားတည်း၊ အာသဘံ-ဥသဘ၏စကား"စသည်ဖြင့် ပေးနိုင်ကြောင်းကို သိပါ။ [ဣဒံပုဒ်ရင်းမှ ဣမသဒ္ဒါ ဖြစ်လာသည်ဟု သက္ကတ၌ ဆိုသောကြောင့် "အယံ"ဟု ဝိဂြိုဟ် ပြုသော်လည်း ဣဒံ တဒ္ဓိတ်ဟုပင် ဆိုရသည်။]

မောဂ္ဂလ္လာန်။ ။"ဒိဿန္တညေပိ ပစ္စယာ = အခြား ပစ္စည်းများလည်း ထင်ကုန်၏" ဟူသောသုတ်ဖြင့် ဣဒံအနက်၌ ကိယ-နိယ—က ၃ ပစ္စည်းသက်၍ "သဿ+အယံ-သကိယော = မိမိ၏ဥစ္စာ၊ ပရကိယော-သူတပါး၏ဥစ္စာ၊ အတ္တနော+ဣဒံ-အတ္တနိယံ, သဿ + အယံ - သကော = မိမိ၏ဥစ္စာ၊ ရညော+ဣဒံ-ရာဇကံ=မင်း၏ဥစ္စာ၊ ထိုသုတ်ဖြင့် ဥဝကပစ္စည်းသက်၍ "သဿ+အယံ—သုဝကော"ဟုလည်း နှံဿယ၌ မိန့်၏။ [သက္ကတ၌ သွကို ပါဠိ၌ "သုဝ"ဟု ချဲ့ဖြန့်၍ ကပစ္စည်းသော်လည်း ကြံ။] "သော ခဏ္ဍဟာလော ယဇတံ သုဝကေဟိ (မိမိ ဥစ္စာဖြစ်ကုန်သော) ပုတ္တေဟိ" စန္ဒကုမာရဇာတ်၊ "ဂဝါဒိဟိယော" သုတ်ဖြင့်

ယပစ္စည်း သက်၍လည်း "ဂုန္နံ+ဣဒံ—ဂဗျံ = နွားတို့၏ ဥစ္စာဖြစ်သော အသား စသည်။ ["ဂေါ+ယ"ဟု ဖြစ်သောအခါ ဩသရေစဖြင့် ဩကို အဝပြု, ဝကို ဗပြု။] ကဝိနော+ဣဒံ-ကဗျံ=ကဝိ၏ ဥစ္စာဖြစ်သောအဖွဲ့ (ကဗျာ)၊ သက္ကတ၌ "ကာဗျ"ဟု ရှိ၏၊ ဒုနော+ဣဒံ-ဒဗ္ဗံ = သစ်ပင်၏+ ဥစ္စာဖြစ်သော ဒြပ်။ [ဥကို တေသုဝုဒ္ဓိဖြင့် အဝပြု၊ ယပင့်ရှိသော ဝကို ဗပြု, ဒွေဘော်လာ, ဗ ၂ လုံးပြု၊ "ဒု = ဂတိမှိ" ဓာတ်ဖြင့် "ဒဝန္တိ ဝိသေသာ ဧတ္ထာတိ ဒဗ္ဗံ"ဟု ဏျ ပစ္စည်းဖြင့် လည်း ဒဗ္ဗံဟု ပြီးနိုင်သေး၏။]

တုဝိယစသည်နှင့် မာမကပုဒ်များ။ ။တုမှ အမှ သဒ္ဒါနောင် ဣဒံအနက်၌ ဤယပစ္စည်းသက်၊ "တဒမိနာဒိနိ" ဟူသော မောဂ္ဂလ္လာန်သုတ်ကြီးဖြင့် ဖြစ်စေ, တေသုဝုဒ္ဓိသုတ်ကြီးဖြင့်ဖြစ်စေ ဤယပစ္စည်းကြောင့် တုမှ အမှကို တုဝ-အသွ-တံ-မံ ပြု၊ တဝ+ဣဒံ-တုဝိယံ (သင်၏ဥစ္စာ)၊ မမ+ဣဒံ-အသ္မိယံ (ငါ၏ဥစ္စာ) အသွမပြုပဲ အမှပြု၍ "အမှိယံ"လည်း ရှိ၏၊ နိဂ္ဂဟိတ် ဒပြု၍ "တဒီယံ-သင်၏ဥစ္စာ၊ မဒီယံ-ငါ၏ဥစ္စာ"ဟု ဖြစ်၏။ ["န ကမ္ဗုနာ၀ါ ဝစသာဝ တာတ, အပရာ ဓိတော ဟံ တုဝိယံ သရာမိ (တုဝိယန္တိ တဝသန္တကံ)"—ဇယဒိသဇာတ်၊] ဏ ပစ္စည်းကြောင့်ကား သုတ်ကြီးဖြင့် တုမှာက, အမှာက, တဝ, မမ, တုယှ, မယှ, တာဝက, မာမကပြု၊ "တုမှာကံ + ဣဒံ-တုမှာကံ—သင်တို့၏ဥစ္စာ၊ အမှာကံ= ငါတို့၏ဥစ္စာ၊" ["ရူပံ ဘိက္ခဝေ န တုမှာကံ" ခန္ဓသံယုတ်, န တုမှာကဝဂ်၊ "န ဒါနိ တံ့ အမှာကန္တိ — ဣဒါနိ တံ့ အမိတ္တဟတ္ထံ ဂတော, အမှာကံ အသန္တ ကောတိ အတ္ထော"-နိဒါန လာဘသက္ကာရ သံယုတ်၌။]

တဝံ မမံ စသည်။ ။တဝ+ဣဒံ—တဝံ = သင်၏ဥစ္စာ၊ မမံ – ငါ၏ဥစ္စာ။ ["အသုဘာဝါ ပုထုဇ္ဇနော ရူပံ တေ မမံ"စသည် ခန္ဓသံယုတ်, နကုလပိတုဝဂ်၊ "မမသန္တကန္တိ ကဘ္ဘာ မမန္တိ"—ဒီဃနိကာယ် သတိပဋ္ဌာနသုတ်ဋီကာ၊ ဤကို ထောက်၍ "နေသံ မမံ,နေသော ဟ မသ္မိ"စသည်ဖြင့် ထိုထိုပါဠိရှိစေ၊ သံဝိဇ္ဇတိ မမံ ယေသံတိ သ မမာ၊ ယေသံ-တို့၏၊ မမံ-ငါ့ဥစ္စာဟု (သိမ်းပိုက်မှု) သည်၊ သံဝိဇ္ဇတိ ဣတိ တေ သ မမာ=ငါ့ဥစ္စာဟု သိမ်းပိုက်ခြင်းရှိသူတို့၊ အမမာ=ငါ့ဥစ္စာ ဟု သိမ်းပိုက်ခြင်း မရှိသူတို့၊] တဝ+ဣဒံ-တုယှံ, တာဝကံ—သင်၏ဥစ္စာ၊ မယှံ, မာမကံ=ငါ၏ဥစ္စာ။ [မယှံ မယှန္တိ ကာယတိ (ကန္ဒတိ)—ငါ့ဥစ္စာ ငါ့ဥစ္စာဟု မြည်တမ်း၏၊(မယှကဇာတ်)၊ "န မေ တေ ဘိက္ခူ မာမကာတိ တေ မယှံ ဘိက္ခူ မာ သန္တကာ န ဟောန္တိ" စတုကင်္ဂုတ္တိုရ်, ဥရုဝေဠဝဂ်။]

မုဒ္ဒပေယ။ ။ယုသ္မ ဒသ္မဒ် တွဒ် မဒါ ယုသ္မာကာ-သ္မာက တဝက မမကာ ဿဏိနေ (၄၃၆)၊ ဣဒံ အနက်၌သက်သော ဿပစ္စည်း ဏီန ပစ္စည်းကြောင့် ယုသ္မဒ် အသ္မဒ် တွဒ် မဒ် သဒ္ဒါတို့ကို (အစဉ်အတိုင်း) ယုသ္မာက-အသ္မာက—

တဝက-မမကပြု၊ ယုသ္မာကံ-သင်တို့၏ဥစ္စာ၊ အသ္မာကံ-ငါတို့၏ဥစ္စာ၊ (ဏ အနုဗန်ကြောင့် တ-မ တို့၏ အ ကို စုဒ္ဓိပြု၍) တာဝကံ, တာဝကီနံ—သင်၏ဥစ္စာ၊ မာမကံ, မာမကီနံ-ငါ၏ဥစ္စာ။ [ယု သ္မာကံ, အ သ္မာကံတို့သည် ပါဠိ၌ တုမှာကံ-အမှာကံတို့နှင့် တူ၏၊] ဋီကာလိင်၌ "မာမကီ (ဆန်းကျမ်းသုံး) မာမိကာ (သဒ္ဒါသုံး)" ဖြစ်၏ (ဋီကာ)။

တမျိုးကြံဖွယ်။ ။"တေ (အဿဝါဏိဇာ) ဗုဒ္ဓမာမကာ - ဘုရားကို မြတ်နိုးကြကုန်၏" စသော ဝေရဉ္ဇကဏ္ဍ ဋ္ဌကထာ၌ကား "အမှာကံ ဗုဒ္ဓေါတိ ဧဝံ မမာယန္တီတိ ဗုဒ္ဓမာမကာ" သာရတ္ထ၊ "ဗုဒ္ဓေါဒီနိ ဝါ ဝတ္ထူနိ မမာယမာနေသ (ငါ့ဥစ္စာကဲ့သို့ ပြုသည်၊ ဝါ-မြတ်နိုးသည်)" ဟူသော သုတ္တန်ပါတ် အဋ္ဌကထာတို့ကိုထောက်၍ "မမ+အယံတိ မမော"ဟု ရှေးဦးစွာ ဋ္ဌဒ်အနက်၌ ဏ ပစ္စည်းသက်၍ ပြီးစေ၊ မမံ ဝိယ ကရောန္တီတိ မာမကာ = ငါ့ဥစ္စာကဲ့သို့ ပြုကျင့်တတ် (မြတ်နိုးတတ်) သူတို့၊ မမံဟူသော ဒုတိယန္တနောင် ကရဓာတ်အနက်၌ ဏ္ဍပစ္စည်းကို ဓာတွေတ္တေ နာမသ္မိံ သုတ်ဖြင့်သက်၊ထို့နောက် ကပစ္စည်းသက်၍ ဋ္ဌခြေလျှင် "မာမက" ပြီးသည်ဟု ကြံသင့်၏၊ မမာယန္တိ မမာယမာနေသတို့၌လည်း "သဒ္ဒါဒီဟိ ကရောတိ"သုတ်ဖြင့်ပြုကျင့်ခြင်းအနက်၌ အာယပစ္စည်းသက်၍ ပြီးကြသည်၊ ဆရာတို့ကား သာရတ္ထနှင့် သုတ္တနိပါတ ဋ္ဌကထာတို့အဖွင့်ကို အဓိပ္ပာယ်ဖွင့်သာဟု ယူ၍ "ဗုဒ္ဓေါ+မာမကော ဧတေသံတိ ဗုဒ္ဓမာမကာ=ဘုရားဟူသော ငါ့ဥစ္စာရှိသူတို့"ဟု ဝိဂ္ဂိုဟ် ပြုတော်မူကြသည်။

**ဥဒုမ္ဗရဿ၊ပေ၊ဝိမာနံ ဝါ။** ။ဤနေရာမှစ၍"မထုရာယ ဋ္ဌဿရော မာထုရော"တိုင်အောင်ကား အညတြေသုအရ ပုံစံများတည်း၊ ရတ္တာအနက် ဋ္ဌဒ်အနက်မှ တပါး အဝိဒူရစသော အနက်များ၌လည်း ဤသုတ်ဖြင့် ဏ ပစ္စည်းသက်-ဟူလို၊ "ဥဒုမ္ဗရဿ + အဝိဒူရေ + ပဝတ္တံ — ဩဒုမ္ဗရံ"သာ လိုရင်း၊ ဝိမာနံကား အဘိဓေယျတည်း၊ ဤဝိဂ္ဂိုဟ် အလိုအားဖြင့် ဩဒုမ္ဗရံကို အဝိဒူရေ ပဝတ္တတဒ္ဓိတ်ဟု ဆိုသင့်၏၊ ရူ၌ကား "ဥဒုမ္ဗရဿ + အဝိဒူရေ+ဘဝံ- ဩဒုမ္ဗရံ"ဟု အဝိဒူရ ဘဝ တဒ္ဓိတ်ဆို၏၊ ဤ ရူ အဆိုသာ "တဿ အဝိဒူရေ ဘဝတ္တာ ဥယျာနမ္ပိ အမ္ဗလဋ္ဌိကာတွေဝ သင်္ချံ ဂတံ" ဟူသော ဗြဟ္မဇာလသုတ် အဋ္ဌကထာနှင့် ညီသည်၊ "ဝိဒိသာယ+အဝိဒူရေ + နိဝါသော - ဝေဒိသော "၌လည်း "အဝိဒူရေ + ဘဝေါ"ဟုပင် ရူနှင့် မောဂ္ဂလ္လာန်တို့၌ တွေ့ရသည်။ ["ဝေဒိသံ • ဝိဒိသာမြို့၏ အနီး၌ဖြစ်သော ဂါမစသည်"ဟု မောဂ္ဂလ္လာန် နိဿယသစ် ပေး၏၊ ဝေဒိသံ ဝနသဝှယံ (သုတ္တနိပါတ်, ပါရာယဏဝဂ်)၊ "ဝေဒိသံ နဂရံ နာမ သမ္ပတ္တော (ပါရာဇိကဋ္ဌ) "ဝိဒိသာယ-အထောင့်အရပ်၏"ဟု ပေးရိုးရှိသည်ကို ဆင်ခြင်၊ "အဝိဒူရေ+နိဝါသော" ဟူသော ဝိဂ္ဂိုဟ်လည်း မကောင်း၊ နိဝါသနှင့်တွဲလျှင် "သိဝိနံ+နိဝါသော-သေဗျော"ကဲ့သို့ ရှေ့ပုဒ်က သမ္ဗန်ဖြစ်ရသည်။

ကစ္စည်း—(ဒု)—ဂ-ခ

**မှတ်ချက်**။ ။"ဥယျာနမ္ဘိ အမ္ဗလဋ္ဌိကာတွေဝ သင်္ဂါဟတံ"နှင့် စပ်၍ မှတ်ဖွယ်များကား (တရုဏ အမ္ဗရုက္ခ၏) အဝိဒူရေ ဘဝတ္တာကိုထောက်၍ "အမ္ဗလဋ္ဌိကာယ+အဝိဒူရေ+ဘဝံ အမ္ဗလဋ္ဌိကံ-သရက်ပင်ပျို၏အနီးဖြစ်သော ဥယျာဉ်"ဟု ("ဥယျာနံ" ဟူသော အဘိဓေယျကိုထောက်၍ "အမ္ဗလဋ္ဌိကံ"ဟု) ရှိသင့်မည် မဟုတ်ပါလော, အဘယ့်ကြောင့် "အမ္ဗလဋ္ဌိကာ"ဟု မူလဇုတ္တိလိင်အတိုင်း ရှိရပါသနည်း-ဟု မေးဖွယ်ရှိ၏၊ ဤအမေးနှ သက္ကတကျမ်းများနှင့် အဋ္ဌကထာဋီကာတို့ဝယ် အဖြေ ၂ မျိုးထွက်နေသည်၊ ၁-အဝိဒူရ ဘဝအနက်၌ ဏ (အဏ်) ပစ္စည်းသက်၍ ထိုပစ္စည်းကိုချေလိုက်သည့်အခါ မူလ လိင်ဝုစ် အတိုင်း ရှိရသည်-ဟု ပဌမ အဖြေထွက်၏၊ ၂-ဤကဲ့သို့ အရာမျိုး၌ တဒ္ဓိတ်ပစ္စည်းသက်ရသော တဒ္ဓိတ်ပုဒ်မဟုတ်၊ တင်စားထားသော ရုဋ္ဌိသဒ္ဒါ (ရုဋ္ဌိနာမ်) ဖြစ်၍ နဂိုလိင်အတိုင်း ရှိရသည်—ဟု ဒုတိယအဖြေတမျိုး ထွက်သည်။

ချဲ့ဦးအံ့—"အမ္ဗလဋ္ဌိကာယ အဝိဒူရေ ဘဝတ္တာ ဥယျာနံ အမ္ဗလဋ္ဌိကာ"၊ ယထာ—ဝရဏာနဂရံ ဂေါဒါဂါမော၊ (ဂုဏ်းသုတ်ဋီကာ)၊ ဤ၌ ဝရဏသဒ္ဒါသည်"ရေခံတက်ပင်"အနက်ဟော ပုလ္လိင်သဒ္ဒါတည်း၊ "ဝရဏာ"ကား ဗဟုဝုစ်၊ ရေခံတက်ပင်များစွာပေါက်ရာ မြို့ဖြစ်၍ (တနည်း-ရေခံတက်ပင်အများ၏အနီး၌ တည်သော မြို့ဖြစ်၍ ) "ဝရဏာ"ဟု ပုလ္လိင် ဗဟုဝုစ်ဖြင့် နာမည်တွင်နေ၏၊ နဂရံကိုငဲ့၍ နပုလ္လိင်ဧကဝုစ် မဖြစ်၊ ဤ၌ "ဝရဏာ သန္တိ အသ္မိံ နဂရေ"ဟုလည်းကောင်း, "ဝရဏာနံ အဝိဒူရေ ဘဝံ"ဟု လည်းကောင်း ဝိဂ္ဂိုဟ်ပြု၍ "တမိဓ အတ္ထိ (ထိုသည် ဤ၌ရှိ၏) ဟူသော အနက်, အဝိဒူရ ဘဝအနက်၌" ဏ (အဏ်) ပစ္စည်းသက်၊ "ဝရဏာဒီဟိ စ"ဟူသော ပါဏိနိသုတ်ဖြင့် ထိုပစ္စည်းကိုချေ၊ "လောပေယုတ္တဝဒ်ဝယဗျတ္တိဝစနာနိ" သုတ်ဖြင့် ပစ္စည်းကြေလျှင် ပကတိလိင်ဝုစ်ကဲ့သို့ ငဲ့သောကြောင့် ဝရဏနောင် ယောသက် အာပြု၍ ဝရဏာဟု ပြီးရသည်-ဟု အလွန်ရှေးကျသော သဒ္ဒါဆရာတို့ ဆိုကြသတတ်။

ထို အဆိုကိုပယ်၍ ရေခံတက်ပင်များစွာ၏ အနီး၌ ဖြစ်သောကြောင့်သမိပျူပစာရအားဖြင့် (အနီးရှိသော ရေခံတက်ပင်အများ၏ ဝရဏာအမည်ကို အနီးဖြစ်သော မြို့၌တင်စားသော အထင်ရုဋ္ဌိအားဖြင့်) ဝရဏာဟု ခေါ်သည်၊ ပုဒ်ပစ္စည်းခွဲ၍ အနွတ္ထဖြစ်အောင် ကြံဖွယ်မလို-ဟု ဒုတိယဆရာတို့ ဆိုလိုသည်၊ ဂေါဒါသဒ္ဒါလည်း "ဂေါဒါဝရီ"မြစ်ကို ဟောရင်းဖြစ်သော ဣတ္ထိလိင် ဧကဝုစ်သဒ္ဒါတည်း၊ ထိုမြစ်၏ အနီးဖြစ်သောရွာကို "ဂေါဒါ"ဟု ခေါ်ရသော်လည်း ပြခဲ့သော နည်း ၂ မျိုးအရ ဂါမောပုဒ်၏ ပုလ္လိင်ကိုမလိုက်ပဲ "ဂေါဒါ"ဟုပင် ဣတ္ထိလိင်ရှိသည်။ ["အမ္ဗသဏ္ဍာနံ အဝိဒူရေ ဘဝတ္တာ ဧကောပိ သော ဗြာဟ္မဏဂါမော အမ္ဗသဏ္ဍာတွေဝ ဗဟုဝစနဝသေန ဝုစ္စတိ၊ ယထာ-ဝရဏာ နဂရန္တိ" ဟူသော သက္ကပဥှာသုတ် ဋီကာ၌လည်း ဤနည်းပင်။]

**ကလာပ် ပဉ္စိကာ**။ ။ဝရဏာ သန္တိ အသ္မိံ နဂရေ, ဝရဏာန မဒူရ ဘဝံ ဝါ နဂရံ မိစ္စာဒေါ အတ္တေ တဒ္ဓိတ-မုပ္ပါဒေတွာ (တဒ္ဓိတ်ပစ္စည်းကိုဖြစ်စေ၍)

ဝရဏာဒီဟိ စ ဣတိ ( သုတ်ဖြင့် ) တဿ လောပ် ပုဗ္ဗာစရိယာ ( ပါဏိနိထက် ရှေးကျသော သဒ္ဒါဆရာတို့သည်)ကုဗ္ဗန္တိ၊ တတော ဟိ ဝရဏာသဒ္ဒေါ နဂရေပိ ဝတ္တတိ၊ တဒယုတ္တံ (ထိုပုဗ္ဗာစရိယတို့ အဆိုသည် မသင့်)၊ လောကောပစာ ရတော ဧဝ ဝရဏာသဒ္ဒေါ နဂရဿာပိ သညာ, န ကေဝလံ ရုက္ခဿေတိ, ကိ-မတြ တဒ္ဓိတလောပေနာတိ။

**ဇနပုဒ်နာမည်များ ဗဟုဝုစ်ဖြစ်ရပုံ။** ။"ပဉ္စာလာ ဇနပဒေါ, ကောသလာ ဇနပဒေါ" စသည်ဖြင့် ဇနပုဒ်နာမည်များကို "ပဉ္စာလာ"ဟု ဗဟုဝုစ် သုံးစွဲရာ၌လည်း "ပဉ္စာလာ အသ္မိံ သန္တိ (ဤ၌ ပဉ္စာလမင်းသားတို့ ရှိကုန်၏)" ဟူသော အနက်, ပဉ္စာလေဟိ + နိဗ္ဗတ္တော ( ပဉ္စာလမင်းတို့ ဖြစ်စေအပ်၏ ) ဟူသော အနက်, "ပဉ္စာလာနံ + နိဝါသော" ဟူသော အနက်, "ပဉ္စာလာနံ အဒူရဘာဝေါ" ဟူသော အနက်, ဤ ၄ နက်၌ ဏ (အဏ်) ပစ္စည်းသက်၍ ရှေးနည်းအတိုင်း ထိုပစ္စည်းကို ချေထားသောကြောင့် "ပဉ္စာလာ"ဟု ဗဟုဝုစ် ဖြင့် ရှိရသည်-ဟု အလွန်ရှေးကျသော သဒ္ဒါဆရာတို့ ဆိုကြ၏၊ ထိုအဆိုကို ပါဏိနိစသော သဒ္ဒါဆရာတို့က လက်မခံလိုကြပဲ သညာသဒ္ဒါဖြစ်သောကြောင့် "ပဉ္စာလာ"ဟု ဗဟုဝုစ်ရှိရသည်-ဟု ဆိုကြသည်၊ ဤ၌ သညာသဒ္ဒါဟု ဆိုခြင်းနှင့် ရုဠှီသဒ္ဒါဟု ဆိုခြင်းကား သဘောတူပင်တည်း၊ [ပဉ္စာလာ ခတ္တိယာ သန္တိ အသ္မိံ ဒေသေ, ပဉ္စာလေဟိ ဝါ နိဗ္ဗတ္တော, ပဉ္စာလာနံ ဝါ နိဝါသော, ပဉ္စာလာန မဒူရ ဘဝေါ ဝါ ဒေသောတိ စတူသွတ္ထေသု အဏ်၊ တဿ "ဇနပဒေ လောပေါ" ဣစ္စပိ န ဝတ္တဗ္ဗံ(အဏ်ပစ္စည်းသက်၍ ထိုပစ္စည်းကိုချေဟု မဆိုထိုက်)၊ န ကေဝလံ ပဉ္စာလသဒ္ဒေါ ခတ္တိယာနံ သညာ, ဇနပဒဿာပိ လောကောပစာရတော (ပဉ္စာလသဒ္ဒါသည် မင်းသားတို့၏ အမည်သာမဟုတ်, လူတို့ ခေါ်ဝေါ်ရိုး အားဖြင့် ဇနပုဒ်၏အမည်လည်း ဖြစ်သည်) ဟူလို-ကလာပ် ပဉ္စိကာ။]

**အဋ္ဌကထာနှင့် ဋီကာတို့အဆို။** ။"ကောသလေသု ဝိဟရတိ" စသော ပါဠိတော်များ၌ "ကောသလာ နာမ ဇာနပဒိနော ကုမာရာ၊ တေသံ နိဝါသော ဧကောပိ ဇနပဒေါ ရုဠှီသဒ္ဒေန ကောသလာတိ ဝုစ္စတိ = ဇနပုဒ် ပိုင်စားရှိကြ သော မင်းသားတို့သည် ကောသလတို့ မည်၏၊ သူတို့၏ နေရာအရပ်ကို ဇနပုဒ် တခုတည်းပင် ဖြစ်လင့်ကစား ရုဠှီသဒ္ဒါအားဖြင့် "ကောသလာ"ဟု ဗဟုဝုစ်ဖြင့် ဆိုအပ်၏"ဟု အဋ္ဌကထာဖွင့်လေ့ ရှိ၏၊ ဤ၌ ရုဠှီသဒ္ဒါဟူသည် ၎င်းနီ မင်းသား အများ၏ "ကောသလာ" ဟူသော ဗဟုဝုစ်အမည်ကို ၎င်းနဇနပုဒ်တခု၌ တင်စား ထားသော အထင်ရုဠှီသဒ္ဒါ (၎င်းချုပစာရ) တည်း၊ ဤ အဋ္ဌကထာ အဆိုသည် "ကောသလာနံ + နိဝါသော" စသည်ဖြင့် ဝိဂ္ဂြိုဟ်ဝါကျလုပ်၍ အဏ် ( ဏ ) ပစ္စည်းသက်ပြီးမှ ထိုပစ္စည်းကို ချေဟု သဒ္ဒါဆရာတို့ ကြံအပ်သောနည်း မဟုတ်၊ သို့ပါလျက် ဋီကာတို့၌ "အက္ခရစိန္တကာဟိ ဤဒိသေသု ၎င်းနေသု ယုတ္တေဝိယ

သလိင်္ဂ ဝစနာနိ ဣစ္ဆန္တိ, အယမေတ္ထရုဠှိ၊ ယထာ အညတ္ထာပိ ကုရူသု ဝိဟရတိ၊ အင်္ဂေသု ဝိဟရတီတိ စ''ဟု ဖွင့်ကြလေ၏။

ဋီကာတို့ ဆိုလိုပုံကား။ ။ကောသလာနံနောင် အဏ် (ဏ) ပစ္စည်းသက်၍ ထိုပစ္စည်းကိုချေက ဇနပဒေါဟူသော ဝိသေသျပဓာနပုဒ်၏ လိင်ဝုစ်သို့မလိုက်ပဲ ''ကောသလာ'' ဟူသော ပကတိပုဒ်နက်၏ လိင်ဝုစ်သို့ လိုက်ရခြင်းကို ရုဠှိ ဟု ဆိုလိုသည်၊ ထိုသို့ ပကတိပုဒ်နှင့် ပစ္စည်းကို ခွဲဝေကာ သဒ္ဒါထုံးစံအတိုင်း စီရင်သောနည်းသည် ရုဠှိမဟုတ် (အန္ဝတ္ထ) ဖြစ်ရကား ''ရုဠှိသဒ္ဒေန'' ဟူသော အဋ္ဌကထာနှင့်စပ်မိအောင် ''အယမေတ္ထရုဠှိ''ဟု ဋီကာဆိုသော်လည်း အဋ္ဌကထာနှင့် မထပ်မိချေ-ဟု ဆရာတို့ (မောဂ္ဂလ္လာန်နိဿယသစ်၌) ဆုံးဖြတ်တော်မူကြသည်။ [အက္ခရစိန္တကာ-( အက္ခရာပုဒ်ပါဠ်ကို ရုပ်ခေတ်ခွဲဝေ၍ ကြံစည်တတ်သော သဒ္ဒါဆရာတို့သည် ဤဒိသေသု ဌာနေသု – တို့၌၊ ယုတ္တေ ဝိယ– (''လောပေ ယုတ္တဿ ဝိယ ဗျတ္တိဝစနာနိ=ပစ္စည်းကြေလသော် ပကတိပုဒ်နက်၏ လိင်ဝုစ်ကဲ့သို့သော လိင်္ဂဝုစ်သည် ဖြစ်ကုန်၏'' ဟူသော ပရိဘာသာသုတ်နှင့် အညီ) ယုတ္တမည်သော ပကတိအနက်၌ကဲ့သို့၊ သလိင်္ဂဝစနာနိ - မိမိ၏ လိင်ဝုစ် တို့ကို၊ ဣစ္ဆန္တိ၊....ပစ္စယတ္ထေန သဟ-ပစ္စည်း၏ အနက်နှင့်တကွ၊ အတ္တာနံ-မိမိ ဟူသော ပကတိပုဒ်နက်ကို၊ ယုဉ္ဇတိ - ယှဉ်စပ်တတ်၏'' ဟူသော ဝိဂ္ဂိုဟ်အရ ကောသလဟူသော ပကတိပုဒ်၏ ပုလ္လိင်ဗဟုဝုစ်အနက်သည် ယုတ္တမည်၏။]

မှတ်ချက်။ ။ပြခဲ့သော အဆုံးအဖြတ်နှင့်အညီ ''ကောသလေသု-ကောသလာမည်သော (ကောသလာဟူ၍ ဗဟုဝုစ်မည်သော)၊ ဇနပဒေ—ဇနပုဒ်၌''ဟု အနက်ပေးပါ၊ ''အနုတ္တရံ ပုညခေတ္တံ လောကဿ'' (သံဃာ့ဂုဏ်တော်)၌လည်း ခေတ္တံ၏ မူလလိင်အတိုင်း နပုလ္လိင်ထား၏၊ ''သာဝကသံဃော''ငှဲ့၍ ပုလ္လိင်မထား၊ ထို့ကြောင့် ''ပုညခေတ္တံ-ကောင်းမှုမျိုးစေ့၏ ကြဲချရာ လယ်ယာမြေကောင်းပါပေတည်း''ဟု ပေး၊ ''လယ်ယာမြေကောင်းသဖွယ် ဖြစ်၏''ဟု ဥပမာတဒ္ဓိတ်သံပါအောင် မပေးနှင့် ''ပုညခေတ္တံသည် ဥပမာတဒ္ဓိတ် မဟုတ်, အထင်ရုဠှိ သဒိသူပစာရ''ဟု ဆိုလိုသည်၊ ဥပမာတဒ္ဓိတ်ဖြစ်လျှင် ''ခေတ္တံ ဝိယာတိ ခေတ္တော''ဟု ရှိရလိမ့်မည်။

မာထုရော။ ။''မထုရာယ + ဇာတော, မထုရာယ + အာဂတော'' ဟု ဇာတတဒ္ဓိတ်, အာဂတတဒ္ဓိတ် ၂ မျိုး ပြုစေလို၍''မထုရာယ + ဇာတော'' စသည်ကို မိန့်၊ နောက်၌ ''မထုရာယ+နိဝါသော, မထုရာယ+ဣဿရော''ဟု နိဝါသ, ဣဿရတဒ္ဓိတ် ၂ မျိုးလုံး လာဦးလတံ့၊ ထိုတွင် ဇာတောဖြင့် ထို၌ ပေါက်ဖွားသူ (ထိုဇာတိရှိသူ)ကို ပြ၏၊ အာဂတောဖြင့် ထိုဇာတိ ဟုတ်ဟုတ်-မဟုတ်ဟုတ်, ထိုမှ လာခဲ့သူကို ပြ၏၊ နိဝါသောဖြင့် ထို၌ နေထိုင်သူကိုလည်းကောင်း, ဣဿရောဖြင့် ထိုကို အစိုးရသောမင်းကိုလည်းကောင်း ပြ၏၊ ထိုတွင် နိဝါသတဒ္ဓိတ်လုပ်ရာ၌ ''မထုရာ+အဿ+နိဝါသော''ဟုလည်း ဝိဂ္ဂိုဟ်ပြုနိုင်၏၊

ကတ္တိကာယ— ကြတ္တိကာနက္ခတ်နှင့်၊ နိယုတ္တော — ယှဉ်သော၊ မာသော — တန်ဆောင်မုန်းလတည်း၊ ကတ္တိကော — ကြတ္တိကာ နက္ခတ်နှင့် ယှဉ်သော တန်ဆောင်မုန်းလ၊ ဧဝံ, မာဂသိရော — ( မိဂသိနက္ခတ်နှင့် ယှဉ်သော ) နတ်တော်လ၊ ဖုဿော—(ဖုဿျနက္ခတ်နှင့် ယှဉ်သော) ပြာသိုလ၊ မာဃော— ( မဃနက္ခတ်နှင့် ယှဉ်သော ) တပို့တွဲလ၊ ဖဂ္ဂုဏော — ( ဖဂ္ဂုဏီ နက္ခတ်နှင့် ယှဉ်သော) တပေါင်းလ၊ စိတ္တော—(စိတြနက္ခတ်နှင့် ယှဉ်သော) တန်ခူးလ၊ ဝေသာခေါ—(ဝိသာခါနက္ခတ်နှင့် ယှဉ်သော) ကဆုန်လ၊ ဇေဋ္ဌော—(ဇေဋ္ဌ

---

ရှု၌အလားတူရုပ်တွေ့ များစွာပါလေသည်၊ ပါရာဇိကဏ် ဝေရဉ္ဇကဏ္ဍ၌ “ဝေရဉ္ဇာယံ+ဇာတော ဝေရဉ္ဇော၊ ဝေရဉ္ဇာ အဿ နိဝါသော ဝေရဉ္ဇော” တို့လည်း ဇာတ - နိဝါသတဒ္ဓိတ်ပင်၊ ဤ၌ ထိုဝေရဉ္ဇပုဏ္ဏားသည် လာခဲ့သူ - အစိုးရသူ မဟုတ်ရကား အာဂတ ဣဿရတဒ္ဓိတ် မရနိုင်၊ ထိုပုဒ်များနှောင် သဗ္ဗတောကော သုတ်ဖြင့် က လာလျှင် မာထုရကော စသည် ဖြစ်၏။

ကတ္တိကာယ ၊ပေ၊ ကတ္တိကော။ ။ [သက္ကတ၌ ရိဆွဲဖြင့် “ကြတ္တိကာ” ဟု ရှိသောကြောင့် “ကြတ္တိကာနက္ခတ်”ဟု မြန်မာပြန်ကြသည်၊] မာဝေ-စန်းလ သည်ပင်+ (သကတ္ထ၌ အဏ် (ဏ) ပစ္စည်းသက်, သသရေဝါဂမော ယောဂဝိဘာဂဖြင့် သ လာ၍) မာသော-မာသ-မည်၏၊ ဤ ဝိဂ္ဂိုဟ်အရ ကောင်းကင်က စန်းလကို “မာသ”ဟု ခေါ်ရင်းဖြစ်၏၊ တန်ဆောင်မုန်းလပြည့် ညဉ့်ဝယ် ထိုစန်းလသည် ကြတ္တိကာနက္ခတ်နှင့်ယှဉ်၏၊ထို့ကြောင့်“ကတ္တိကာယ+နိယုတ္တော= ကတ္တိကော” အရ တန်ဆောင်မုန်းလပြည့်ညဉ့်၌ ထွက်ပေါ်သော စန်းလသည် သာ မုချ “ကတ္တိက” မည်၏၊ “ရက်ပေါင်း (၃၀) တလ”ဟု ခေါ်ဝေါ်အပ်သော ဝေါဟာရမာသ (တန်ဆောင်မုန်းလ) ကား ထိုစန်းလနှင့် ဆက်သွယ်နေသောကြောင့် ဌာနီလ၏ ကတ္တိကအမည်ကို ဌာနကာလ (တန်ဆောင်မုန်းလ) ၌ တင်စားသော ဌာနျူပစာရအားဖြင့် “ကတ္တိက”မည်ရသည်၊ ဤကား “ရာဂါနက္ခတ္တယောဂါ စ” စသည်ဖြင့်လာသော ကာတန္တသုတ်ကိုမှီ၍ ဝုတ္တိဆရာပြုအပ်သော “ကတ္တိကာယ နိယုတ္တော မာသော ကတ္တိကော”၏ အဓိပ္ပာယ်တည်း၊ [ “နက္ခတ္တဿ ယောဂေါ ဣန္ဒုနာ စ, တဿမ္ဗန္ဓာ ကာလော - ဘိဓိယတေ” ( ကာတန္တဝုတ္တိ )၊ ကတ္တိကာယနှောင် နိယုတ္တအနက်၌ ဏ ပစ္စည်းသက်, ဏ် အနုဗန်ချေလျှင် “ကတ္တိက”ဟု ဖြစ်၏၊] မာဂသိရော စသည်၌လည်း ဤနည်းပင်တည်း။

မောဂ္ဂလ္လာန်။ ။“ဖုဿေန (ဣန္ဒုယုတ္တေန) လက္ခိတာ (ပုဏ္ဏမာသီ)”ဟု ဝိဂ္ဂိုဟ်ပြု၍ “နက္ခတ္တေနိန္ဒုယုတ္တေန ကာလေ” သုတ်ဖြင့် ဖုဿနှောင် ဏ ပစ္စည်းသက်, နဒါဒိ ဤပစ္စည်းသက်၍ “ဖုဿီ=စန်းလနှင့်ယှဉ်သော ဖုဿနက္ခတ်ဖြင့်

နက္ခတ်နှင့်ယှဉ်သော) နယုန်လ၊ အာသာဠှော-(အာသဠ္ဟိနက္ခတ်နှင့် ယှဉ်သော) ဝါဆိုလ၊ သာဝဏော-(သရဝဏ်နက္ခတ်နှင့် ယှဉ်သော) ဝါခေါင်လ၊ ဘဒြော-( ဘဒြနက္ခတ်နှင့်ယှဉ်သော )တော်သလင်းလ၊ ["ဘဒ္ဒပဒေါ–ဘဒြပိုဒ်နက္ခတ်နှင့် ယှဉ်သော တော်သလင်းလ၊ ပေါဋ္ဌပဒေါ – ပေါဋ္ဌပိုဒ်နက္ခတ်နှင့် ယှဉ်သော တော်သလင်းလ"ဟုလည်း ရှိကြ၏၊] အဿယုဇော – (အဿယုဇနက္ခတ်နှင့် ယှဉ်သော) သီတင်းကျွတ်လ။

---

မှတ်အပ်သော လပြည့်ညဉ့်"ဟု ဖြစ်၏၊ ထို့နောက် "ဖုဿီ အဿ သမ္ဗန္ဓိနီ" ဟု ဝိဂ္ဂိုဟ်ပြု၍ "သာဿ ဒေဝတာ ပုဏ္ဏမာသီ" သုတ်ဖြင့် ဏ ပစ္စည်းသက်လျှင် ဖုဿီ လပြည့်ညဉ့်ဟူသော အဆက်အသွယ်ရှိသော ဝေါဟာရမာသ (ပြာသိုလ) သည် "ဖုဿ" မည်၏၊ ["ဖုဿီနောင် ဏသက်, ဏအနုဗန်ချေ၍, ဿီ၌ ဤကို ချေလျှင်"ဖုဿ"ပြီး၏၊ ဤမောဂ္ဂလ္လာန်နည်းသည် "ကတ္တိကာ နက္ခတ္တေန ယုတ္တာ ပုဏ္ဏမာသီ ကတ္တိကီ, သာ 'အဿိံ'မာသေ (အတ္ထိတိ ကတ္တိကော ) အဏ်"ဟု ဆိုသော ထောမနိဓိနှင့် ထပ်တူကျ၏၊ ကစ္စည်းစုတ္တိ - မောဂ္ဂလ္လာန်တို့၌ လာသော ၂ နည်းလုံးပင် ဆိုင်ရာ သက္ကတသဒ္ဒါတို့ကို မှီကြသည်။]

ဝေ မာဂသိရော၊ပေ၊အဿယုဇော။ ။"မြိဂသီရယ်" ဟူသော သက္ကတ ပုဒ်ကိုမှီ၍ "မာသိရ=မိဂသီနက္ခတ်"ဟု ပေးကြ၏၊ "ဖုသျ" ဟူသော သက္ကတမှ "ဖုဿ"ဟု ပါဠိဖြစ်လာသောကြောင့် "ဖုသျ"ဟု မြန်မာသံ ဖြစ်နေသည်၊ မဃ နက္ခတ် ["မာဃ" နက္ခတ်မဟုတ်၊ မဃ (ထိ) မဟဓာတ်, ဃ ပစ္စည်း, ဃ် အနုဗန်ချေ, ဟကို ဃပြု၊ (ထောမနိဓိ)၊] ထို မဃနက္ခတ်နှင့်ယှဉ်သော လ သာလျှင် "မာဃ"မည်၏၊ "ဖလ္ဂုနီ"မှ "ဖဂ္ဂုနီ" ဖြစ်လာသောကြောင့် ရှေးနိဿယတို့၌ "ဖလဂုနီနက္ခတ်"ဟုလည်း ပေးကြ၏။ [ပြုဗ္ဗ (ပုဗ္ဗ) ဖလဂုနီ, ဥတ္တရဖလဂုနီဟု ၂ မျိုးရှိ၏၊ ဖဂ္ဂုဏဟု ဏကြီးဖြင့် ရှိသည်ကား "ဖလ္ဂု (ဥဏ္ဏုဘေဒေါ) အဿိံ နီယတေ"ဟု ဝိဂ္ဂိုဟ်ပြုသော ထောမနိဓိနှင့်မညီ၊] သက္ကတ၌"စိတြာ" (အာကာ ရန္တ)သည် ပါဠိ၌ "စိတ္တာ"ဟု ဖြစ်၏၊ ဝိသာခါ, ဇေဋ္ဌာ၊ သက္ကတ၌ ဇ + ယ တွဲလျက် ရှိ၏၊ "အာသာဒ်" ဟူသော သက္ကတမှ "အာသဠ္ဟိ"ဟုသာ ဖြစ်သင့် သော်လည်း ယခုစာတို့၌ ဟထိုးဖြင့် "အာသာဠ္ဟိ"ဟု တွေ့ရသည်၊ "သရ်ဝဏ" ဟူသော သက္ကတမှ "သဝဏ"ဟု ဖြစ်လာသောကြောင့် "သရဝဏ်နက္ခတ်"ဟု ပေးကြသည်။

ဘဒ္ဒ စသည်။ ။"ဘဒြ " ဟူသော သက္ကတမှ "ဘဒ္ဒ"ဟု ဖြစ်လာ၏၊ ထို့ကြောင့် "ဘဒ္ဒေါ-ဘဒြနက္ခတ်နှင့်ယှဉ်သော တော်သလင်းလ"ဟုသာ ရှိသင့် သည်၊ "ဘဒ္ဒရော"ဟု ရှိသည်ကား ပါဠိသက္ကတ သုံးရိုးမကျ၊ ဤ ဘဒြနက္ခတ်ကို "ဘဒြပဒါ"ဟု ဆို၍ ပုဗ္ဗ-ဥတ္တရ ၂ မျိုးပြားသောကြောင့် "ပြုဗ္ဗဘဒြပိုဒ်, ဥတ္တရ

**နီလပီတာဒေါ**—**နီလ ပီတ** အစရှိသော ပြယုဂ်၌၊ **သဏကာရကေ** — ဏ အနုဗန်ရှိသော၊ **ပစ္စယေ**—ပစ္စည်းသည်၊ (**ပရေပိ**—နှောင်းသော်လည်း)၊ **ဝုဒ္ဓိ**—ဝုဒ္ဓိပြုသည်၊ **န**—မဖြစ်၊ ဖုဿ**သဒ္ဒဿ**—ဖုဿ**သဒ္ဒ**ါ၏၊ ဖကာရော-ဖ၏ ဥ အက္ခရာ **သည်**၊ **ဝုဒ္ဓိ**—ဝုဒ္ဓိပြုသည်၊ **န**—**မဖြစ်**၊ **သိရောတိ**—သိရောပုဒ်၏၊ **သိရသံ**—( သ ) **လာ၍ သိရသံအဖြစ်ကို**၊ **န ဝဒေ**-မဆိုရာ။

---

ဘဒြပိုဒ်''ဟု အဘိဓာန် နိဿယတို့၌ အနက်ပေးကြရသည်၊ အဿယုဇနက္ခတ် **ကား ထင်ရှားပြီ**၊ ထိုနက္ခတ်များနှင့် ယှဉ်**သော**လသည် ( ဏ **အနု**ဗန်ကြောင့် နဂို ဝုဒ္ဓိမရှိရာ၌ ဝုဒ္ဓိရောက်၍) ''**မာ**ဂသိရ'' စသည် မည်၏၊ ''မဂသိရေန+ ဖုဿေ**န** + ဖဂ္ဂုနိ**ယာ** + စိတ္တာယ + ဝိသာခါယ + ဇေဋ္ဌာယ+ **အာသာဠှိယာ**+ **သဝဏေ**န+ဘဒ္ဒေန+**အဿယုဇေ**န+ယုတ္တော-မာဂသိ**ရော**'' **စသည်ဖြင့်** ဝိဂ္ဂြိုဟ်ပြု။ [''ဘဒ္ဒေါ'' အရာဝယ် ''ပေါဋ္ဌပဒေါ=ဘဒ္ဒပဒေါ''ဟုလည်း**ကောင်း**, ဤပစ္စည်းသက်၍ ''အာသာဠှီ, သာဝဏီ''ဟုလည်း**ကောင်း** ရှိနိုင်သည်၊ တာကူးလ မှစ၍ အစဉ်အတိုင်း ဂါထာကား—

စိတ္တော ဝေသာခေါ ဇေဋ္ဌော စ, အာသာဠှော သာဝဏောပိ စ၊
**ဘဒ္ဒေါ အဿယုဇော** စေဝ, ကတ္တိကော မာဂသိရကော၊
ဖုဿော **မာဃော** စ ဖဂ္ဂုနော, မာသာ ဒွါဒသဓာ သိယုံ။

**န ဝုဒ္ဓိ၊ပေ၊ ကာရကေ**။ ။''ကသာဝေန+ရတ္တံ—ကာသာဝံ'' ဟု ဝုဒ္ဓိပြုရ သကဲ့သို့ ''နီလေန+ရတ္တံ, ပီတေန + ရတ္တံ''ဟု ဝိဂ္ဂြိုဟ်ပြု၍ ''**နေလံ - ပေတံ**''ဟု ဖြစ်သင့်သည် မဟုတ်ပါ**လော**, အဘယ့်ကြောင့် ဝုဒ္ဓိမပြုပဲ ''နီလံ, ပီတံ ''ဟု ဖြစ်ရသနည်းဟု မေးဖွယ်ရှိသောကြောင့် ''န ဝုဒ္ဓိ၊ပေ၊သဏကာရကေ''ဟု မိန့်၊ ဝုဒ္ဓါဒိဒ္ဓိသရဿဝါသု**တ်**၌ ဝါသဒ္ဒါမြစ်သောကြောင့် နီလ-ပီ**တစသော** ပုံစံများ၌ ဏ အနုဗန်ရှိသော ပစ္စည်း (ဏ ပစ္စည်း) နှောင်းသော်လည်း ဝုဒ္ဓိမပြုရ၊ (နေလံ-ပေတံဟု မဖြစ်ရ - ဟူလို၊) နီလံ - ညိုသောဆိုးရည်ဖြင့် ဆိုးအပ်သောအဝတ်၊ ပီတံ - ရွှေသောဆိုးရည်ဖြင့် ဆိုးအပ်**သောအ**ဝတ်''ဟု ပေး၊ နီလပီတာဒေါ၌ အာဒိဖြင့် ဥဋ္ဌုမ္ဗိ**ကောစသော** ပုဒ်များကို ယူ။

**မောဂ္ဂလ္လာန်**။ ။**မောဂ္ဂလ္လာန်၌ကား** အညိုဂုဏ်**၏** ''နီလံ'' အမည်ကို ထို အညိုဂုဏ်ရှိသော ဂုဏီဒြပ် ( **အဝတ်ညိုဒြပ်** )၌ တင်စားသော ဂုဏူပစာရ ( ဌာနီ အညို၏ အမည်ကို ဌာနဒြပ်၌ တင်စားသော ဌာနျူပစာရ ) အားဖြင့် အဝတ်ကိုလည်း နီလံပုဒ်**ကပင်** ဟောနိုင်၏၊ ''**အဝတ်**ကို ဟောနိုင်ဖို့ရာ ရတ္တ အနက်၌ ဏ ပစ္စ**ည်း** သက်ဖွယ်မလို''ဟု ဆိုလိုသည်၊ ပီတံ၌လည်း နည်းတူ။ [ကသ္မာ န ဟောတိ နီလံ ပီတန္တိ (နီလံ ပီတံ၌ ဘာ့ကြောင့် ဏ ပစ္စည်း မသက် သနည်း)၊ ဂုဏ ဝစနတ္တာ ဝိနာပိ ဏေန ဏတ္ထဿာဘိဓာနတော = ဂုဏသဒ္ဒါ

**သိက္ခာနံ—သိက္ခာတို့၏၊ သမူဟော — အပေါင်းတည်း၊ သိက္ခော—သိက္ခာတို့၏ အပေါင်း၊ ဘိက္ခာနံ — ထမင်းတို့၏၊ သမူဟော — အပေါင်းတည်း၊ ဘိက္ခော-ပေါင်း၊ ဝေ, ကာပေါတော-ခိုတို့၏ အပေါင်း၊ မာယူရော-ဥဒေါင်းတို့၏ အပေါင်း၊ ကောကိလော-ဥဩတို့၏ အပေါင်း၊ အဿ-ထိုသူ၏၊ ဗုဒ္ဓေါ_**

---

ဖြစ်၍ ဏနှင့်ကင်းလျက်လည်း ဏပစ္စည်းအနက်ကို ဟောနိုင်သောကြောင့်တည်း၊ (မော-ဂ္ဂလ္လာန်)။] ဤမောဂ္ဂလ္လာန်အဖွင့်သာ "နီလဝဏ္ဏယောဂတော နီလံဝတ္ထံ ဝိယ"ဟု စူဠာန်အဖွင့်ခန်း၌ ဖွင့်လေ့ရှိသော အဋ္ဌကထာများနှင့် ညီပေသည်။

**ဖကာရော ဖုသ သဒ္ဒဿ။** ။"ဖုသေန + နိယုတ္တော — ဖုဿော"၌လည်း ဏ အနုဗန်ရှိသော ပစ္စည်းကြောင့် ဖု၏ ဥကို ဝုဒ္ဓိ ပြုပြီးလျှင် "ဖောဿော"ဟု ဖြစ်သင့်သည် မဟုတ်လောဟု မေးဖွယ်ရှိ၍ "ဖကာရော ဖုဿ သဒ္ဒဿ"ဟု မိန့်၊ ဏ အနုဗန်ရှိသောပစ္စည်း နှောင်းသော်လည်း ရှေးနည်းအတိုင်း ဝါမြစ်သောကြောင့် ဥကို ဩဝုဒ္ဓိမပြုရ-ဟူလို။[ဖုဿော၌ "ဝါမြစ်သောကြောင့် ဝုဒ္ဓိမပြုရ"ဟု ဆိုခြင်းထက် "ဖုဿ"ပုဒ်က သံယောဂန္တ (ဿသံယုဂ် ဆုံးလျက်ရှိသောကြောင့်) ဝုဒ္ဓိမပြုရဟု ဆိုလျှင် သာ၍သင့်မည်ထင်သည်၊ ထောမနိဓိ၌မူ "ဖုဿ"မှ ယကို ချေ၍ ဝုဒ္ဓိပြုလျက် "ဖောသ"ဟုရှိ၏၊ ထိုသို့ သက္ကတ၌ ဝုဒ္ဓိပြုလျက်ရှိသောကြောင့် ပါဠိ၌လည်း ဝုဒ္ဓိပြုရမည်လော-ဟု မေးဖွယ်ရှိ၍ ဤ "ဖကာရော" စသော စကားကို ဝုဒ္ဓိဆရာ ဆိုဟန်တူသည်၊ "ဖကာရော" နေရာဝယ် "ဖုကာရော"ဟု ရှိလျှင် ရှင်း၏။]

**သိရောတိ သိရသံ ဝဒေ။** ။မာဂသိရော ပုဒ်၌လည်း သိရပုဒ်က မနောဂိုဏ်းဝင် ဖြစ်သောကြောင့် "မဂသိရေန" နောင် ဏ ပစ္စည်းသက်, ဏ အနုဗန်ချေ စသည်, ဝုဒ္ဓိပြု၍ "မာဂသိရ+အ"ဟု ဖြစ်သောအခါ ("မာနသော-စိတ်၌ ဖြစ်သည်" ပုဒ်ကဲ့သို့) သ်လာ၍ "မာဂသိရသော, မာဂသိရသံ" စသည်ဖြင့် မဆိုသင့်ပါလောဟု မေးဖွယ်ရှိ၍ "သိရောတိ သိရသံဝဒေ"ဟု မိန့်သည်၊ ထိုကဲ့သို့ (သ်)လာ၍ "မာဂသိရသော" စသည် မဆိုရ-ဟူလို၊ "သိရသံ"ဟု ဒုတိယန္တဖြင့် ထားခြင်းကား ဝဒေကိုငဲ့၍ ထားခြင်းတည်း၊ "သိရသော, သိရသာ, သိရသံ, သိရသေ, သိရသေန" စသည်ဖြင့် အားလုံးပင်မဆိုရ "မာဂသိရသံ"ဟု ဆိုလိုလျက် ဂါထာဖြစ်၍ အက္ခရာနည်းအောင် မာဂကိုဖြုတ်၍ "သိရသံ"ဟု ဆိုထားသည်၊ ဤသို့ "ဖောဿ မာဂသိရသ"ဟု မဆိုရရာ၌လည်း အကြောင်းတမျိုးရှာနေဖွယ် မလို၊ ဇိနဝစနနှင့် မဆန့်ကျင်စေလိုသောကြောင့် မဆိုခြင်းဖြစ်သည်။

**သိက္ခာနံ၊ပေ၊ကောကိလော။** ။"ကပေါတာနံ+မယူရာနံ+ကောကိလာနံ+သမူဟော"ဟု ဝိဂ္ဂိုဟ်ပြု၊ "သိက္ခာနံ + သမူဟော" ဟူသောအနက်၌ ဏ ပစ္စည်းသက်, ချေသင့်ရာချေ၍ "သိက္ခ+အ"ဟု ဖြစ်သည့်အခါ ခွင်း ချေ ကပ်၍

**ဘုရားဟူသော၊ ဒေဝတာ—ကိုးကွယ်ရာ နတ်သည်၊ (အတ္ထိ—ဣတိ) ဗုဒ္ဓေါ—ဝေ်, ဘဒ္ဒေါ-ဘဒ္ဒဟူသော နတ်ရှိသူ၊ မာရော-မာရ်ဟူသော (နတ်ရှိသူ)ဟုချည်းဆက်၊ မာဟိန္ဒော - သိကြားဟူသော၊ ဝေဿဝဏော — ဝေဿဝဏ်ဟူသော၊ ယာမော—ယမမင်းဟူသော၊ သောမော—လနတ်သားဟူသော၊ နာရာယနော-ဗိဿကိုးဟူသော နတ်ရှိသူ။**

---

“သိခက္ခာ”စသည်ပြီး၏၊ ကာတန္တဝုတ္တိနှင့် မောဂ္ဂလ္လာန်တို့၌ “သိက္ခံ” စသည်ဖြင့် နှုတ်လိုင်ထားကြသည်။ [“ရာဂါနက္ခတ္တယောဂါစ သမူဟာ သာ-ဿ ဒေဝတာ တတ် ဝေတျာဒိတော ဝါတဿ ဒ-မေဝ မာဒေ ရဏ် ဣဿတော” ဟူသော ကာတန္တသုတ်ကို မှီ၍ သမူဟတ္ထ ပုံစံများကို ဤသုတ်၌ (အညတ္ထ) အရ ဝုတ္တိဆရာ ထုတ်ပြဟန်တူ၏၊ အရှင် ကစ္စည်းဆရာကမူ “သမူဟတ္တေ ကဏ်ဏာ”ဟု သီးခြားသုတ်ဘည်လက် ဖြစ်သောကြောင့် သမူဟတဒ္ဓိတ်ပုံစံများကို ဤသုတ်၌ ပြလိုမည်မထင်၊ ရူပသိဒ္ဓိ သဒ္ဒနီတိတို့လည်း ဤပုံစံများကို သမူဟတ္တေ ကဏ်ဏာသုတ်ကျမှပင် ထုတ်ကြသည်။]

ဗုဒ္ဓေါအဿ၊ပေ၊ဒေဝတာ ဗုဒ္ဓေါ။ ။[“သာ-ဿ ဒေဝတာ” ဟူသော ကာတန္တ သုတ်အရ ဤပုံစံများကို ထုတ်ပြသည်၊] “နတ်” ဟူသည် ကိုးကွယ်အပ်သော ဘုရားပင်တည်း၊ “ဗုဒ္ဓေါ-ဘုရားဟူသော နတ်ရှိသူ၊ ဝါ—ဘုရားကို ကိုးကွယ်သူ” စသည်ဖြင့် ဆိုလိုသည်၊ “အဿ-ထိုသူ၏၊ ဒေဝတာ—ကိုးကွယ်ရာ နတ်ကား၊ ဗုဒ္ဓေါ-ဘုရားတည်း” ဟုလည်း ဝိဂ္ဂဟ်ကို အနက်ပေးနိုင်၏၊ ဗုဒ္ဓေါ+အဿ+ဒေဝတာ”ဟု ဝါကျဖြစ်စေ၍ ထိုဝါကျ၏အနက်၌ ဤသုတ်ဖြင့် ဏ သက်, ဏ အနုဗန်, ဝိဘတ်, အဿ၌ (တ) နှင့် ဒေဝတာပုဒ်တို့ကို ဆိုင်ရာ သုတ်ဖြင့်ချေ (ဗုဒ္ဓ+အ)၊ နောက်ရုပ်များ၌လည်း နည်းတူ၊ [ဗုဒ္ဓေါ၌ ဗု၏ ဥကို ဩဝုဒ္ဓိမပြုရခြင်းမှာ “ဒ္ဓ”ဟု သံယုဂ်ဆုံးသောကြောင့်တည်း၊ဤအတူ “ဖုဿော” တုန်းကလည်း သက္ကတနည်းလိုက်၍ သ တလုံးကိုဖြစ်စေ, သို့မဟုတ် ဖုဿပုဒ်ရင်းမဟုတ် “ဖုဿျ” ပုဒ်ရင်းဟု ကြံ၍ ယကို ဖြစ်စေ မချေလျှင် သံယောဂန္တဖြစ်နေသောကြောင့် “ဝုဒ္ဓိပြုရလေမည်လား”ဟု ယုံမှားဖွယ်ပင် မရှိသင့်။]

ဝေ် ဘဒ္ဒေါ၊ပေ၊**နာရာယဏော**။ ။သက္ကတ၌ မဟာဒေဝ (သိဝ) နတ်ကို “ဘဒြ”ဟု ဆို၏၊ “ဘဒ္ဒေါ အဿ ဒေဝတာတိ ဘဒ္ဒေါ-မဟာဒေဝကို ကိုးကွယ်သူ၊ မာရော+မဟိန္ဒော (သိကြား)+ဝေဿဝဏော+ယာမော—(ယမမင်း)+သောမော-(လနတ်သား) + နာရာယဏော-( ဗိဿကိုးနတ် )+အဿဒေဝတာတိ မာရော” စသည်၊ [နရသဒ္ဒါ “ရေ” အနက်ဟော၊ နာရာ+အယနံ ယဿာတိ နာရာယဏော-ရေဟူသော လဲလျောင်းရာရှိသော နတ်၊ ရှေ့၌ရရှိသောကြောင့် နကို ဏ ပြု။]

သံဝစ္ဆရံ-သံဝစ္ဆရကျမ်းကို၊ အဓိတေ-သရဇ္ဈာယ်တတ်၏၊ ဝါ-သင်တတ်၏၊ (ဇုတိ) သံဝစ္ဆရော-မည်၏၊ ဝံ,မောဟုတ္တော-မုဟုတ်ကျမ်းကို(သရဇ္ဈာယ်သူ)ဟု ဆက်၊ နေမိတ္တော-နိမိတ်ကျမ်းကို၊ အင်္ဂဝိဇ္ဇော—အင်္ဂဝိဇ္ဇာကျမ်းကို၊ ဝေယျာကရဏော-ဗျာကရုဏ်းကျမ်းကို၊ ဆန္ဒော-ဆန်းကျမ်းကို၊ ဘာသော—ဘာသာ ကျမ်းကို၊ စန္ဒော-စန်းကျမ်းကို သရဇ္ဈာယ်သူ၊ ဝသာတိနံ—ဝသာတိမည်သော မင်းသားတို့၏၊ ဝိသယော - နယ်ပယ်ဖြစ်သော၊ ဒေသော-အရပ်သည်၊ ဝါသာ

---

သံဝစ္ဆရ၊ပေ၊စန္ဒော။ ။ကာတန္တသုတ်၌ "ဝေတျာ - မိတေဝါ"ကို ကြည့်၍ ဤပုံစံများကို အညတ္တအရ၌ ထုတ်ပြသည်၊ ထိုဝေတျပုဒ်ကိုပင် တျကို စပ္ပုဒ္ဒဘော်လာ၍ "တတ်ဝေတျ=တတ်+အဝေစ္စ"ဟု ကြံမှားပြီးလျှင် ရှုနှင့် သဒ္ဒနီတိတို့၌ "ဗျာကရဏံ အဝေစ္စ အဓိတေ ဝေယျာကရဏော, သံဝစ္ဆရံ အဝေစ္စ အဓိတေ သံဝစ္ဆရော"ဟု ဆိုဟန်တူသည်၊ ကာတန္တ၏ ဆိုလိုရင်းမှာ ထိုကြံသလို မဟုတ်, "တတ်-ထိုကျမ်းဂန်ကို၊ ဝေတ္တိ (ဝိဒတိ)-သိတတ်၏၊ ဝါ-တနည်း၊ အဓိတေ-သင်ယူသရဇ္ဈာယ်တတ်၏"ဟု သိသူ တတ်သိပြီးသူက တမျိုး, သရဇ္ဈာယ်နေသူ သင်ယူသူကတမျိုး,ဤသို့ ၂ မျိုးရအောင်"ဝေတျာ-မိတေဝါ" ဟု ဝါသဒ္ဒါဖြင့်ပြခြင်းဖြစ်သည်၊ "သံဝစ္ဆရံ-တနှစ်ပတ်လုံး"ဟု ပေးကြသည်ကား "တတ်-ထိုကျမ်းကို"ဟု ဆိုသော သဒ္ဒါကျမ်းရင်းနှင့်လည်းကောင်း, နောက်၌ အလားတူပြသော "နိမိတ္တကျမ်းကို+သင်ယူ" စသည်နှင့်လည်းကောင်း မညီ၊ "မောဟုတ္တော - တမုဟုတ်မျှ သင်ယူသူ"ဟု ပေးပုံလည်း မကောင်းပင်၊ ထို့ကြောင့် "ဇောတိသော-တွေ (ဇောတိသကျမ်း၌ ဆိုအပ်သော) သမာဒိ ပဋ္ဌကန္တဂတေ ဝစ္ဆရဘာဒေ စ"ဟု သံဝစ္ဆရပုဒ်ကိုဖွင့်သော ထောမနိဓိကို လည်းကောင်း....

"သံဝစ္ဆရော ဇောတိသိကော, ဝေဒညဂဏကာ အပိ၊
သျှုမောဟုတ္တိက မောဟုတ္တ-ဉာနိကာ တန္တိကာ အပိ"

ဟူသော အမရကောသ အဘိဓာန်ကိုလည်းကောင်း မှီး၍ "သံဝစ္ဆရံ-သံဝစ္ဆရ ကျမ်းကို၊ ဝါ-သံဝစ္ဆရမည်သော ဟူရားကျမ်း (ဗေဒင်ကျမ်း)ကို၊ အဓိတေ-၏၊ မောဟုတ္တော-မုဟုတ္တမည်သော ဟူရားကျမ်း (ဗေဒင်ကျမ်း)တတ်သူ (သရဇ္ဈာယ် သူ) ဤသို့ အနက်ပေးရမည်။ ["သံဝစ္ဆရ၊ပေ၊ကာတန္တိကာ" အားလုံး "ဟူရား တတ် ဗေဒင်တတ်သူ"ဟု အနက်တူကြသည်၊] မုဟုတ္တံ+နိမိတ္တံ ("နိမိတ္တန္တိ-နိမိတ္တ သတ္ထံ" သီလက္ခန် ဗြဟ္မဇာလသုတ်ဖွင့်) အင်္ဂဝိဇ္ဇံ+ဝေယျာကရဏံ (တနည်း, ဗျာကရဏံ)+ဆန္ဒံ + ဘာသံ— (ပါဏိနီကိုဖွင့်သော "မဟာဘာသာကျမ်း" သာရသွတာ အဖွင့် "လဃုဘာသာ"ဟု ဘာသာကျမ်း ၂ မျိုးရှိ၏) + စန္ဒံ—စန္ဒ ဂေါမိဆရာ စီရင်အပ်သော "စန္ဒဝုတ္တိဗျာကရုဏ်း" စန်းကျမ်းကို+အဓိတေဝါ၊ မောဟုတ္တော, စသည်။ [ဆန္ဒော၌ကား မနောဂိုဏ်းသဒ္ဒါ ဖြစ်သောကြောင့်

**တော**-ဝါသာတမည်၏၊ ["ဝသာဒါနံ-ခြသေ့်တို့၏၊ ဝိသယော ဒေ့သော ဝါသာ ဒေါ"ဟုလည်း ရှိ၏၊] ဧဝံ, ကုန္တော-ကုန္တမင်းတို့၏ နယ်ပယ်အရပ်၊ ["ကုဒ္မော-အိုးတို့၏နေရာ"ဟုလည်း ရှိ၏၊] သကုန္တော-သကုန္တမင်းတို့၏ နယ်ပယ်အရပ်၊ အတိသာရော-အတိသာရတို့၏ နယ်ပယ်အရပ်၊ **အသ္မိံ ပဒေသေ**--ဤအရပ်၌၊ ဥဒုမ္ဗရာ—ရေသဖန်းပင်တို့သည်၊ သန္တိ-ရှိကုန်၏၊ ( ဣတိ ) ဩဒုမ္ဗရော-မည်၏၊ **သာဂရေဟိ—သာဂရမင်းသားတို့သည်၊ နိဗ္ဗတ္တော**-ဖြစ်စေအပ်သော သမုဒြာ တည်း၊ **သာဂရော**—ဒြာ၊ **အဿ**-ထိုသူ၏၊ **သာဂလံ**-သာဂလပြည်ဟူသော,

"ဆန္ဒ + အ" ဖြစ်သည့်အခါ သိလာ၍ "ဆန္ဒသော—ဆန်းကျမ်းကို သိသူ, သင်သူ"ဟု သက္ကတကလာပ်ဝုတ္တိရှိ၏၊ ပါဠိ၌ကား "သိရောတိ သိရသံ နဝဒေ" ကဲ့သို့ (သ်) မလာပဲ "ဆန္ဒော"ဟုသာ ပြီးရတော့သည်။]

**ဝသာတိနံ၊ ပေ၊ အတိသာရော။** ။"ဝသံ-အဆိကို၊ အဒန္တိ ဘက္ခန္တိ စားတတ်ကုန်၏၊ ဣတိ ဝသာဒါ"ဟု ဝိဂ္ဂိုဟ်ပြု၍ "ဝသာဒါနံ - ခြသေ့တို့၏+ ဝိသယော ဒေသော-တည်း"ဟုလည်း အနက်ပေးကြသေး၏၊ သို့သော် "ဝိသယ သဒ္ဒေါ ဗဟွတ္ထော (ဝိသယသဒ္ဒါသည် အနက်အများကို ဟောနိုင်၏)၊ ကွစိ ဂါမ သမုဒါယေ (ရွာအပေါင်းဟူသော နယ်မြေအနက်၌)ဝတ္တတေ၊ ကွစိ ဣန္ဒြိယဂယှေ (ဣန္ဒြေဖြင့်ယူအပ်သော ရူပါရုံစသည်၌), ကွစိအစ္စန္တသိလိတေ (စင်စစ် အလေ့ အလာ ပြုအပ်သော ကျမ်းဂန်စသည်၌), ကွစိအညတြာ-ဘာဝေ- (အညတ္တာ ဘာဝ ဝိသယ = အခြားနေ့ရာ၌ မဖြစ်နိုင်ခြင်း ဤနေရာ၌သာ ဖြစ်နိုင်ခြင်း အနက်၌) ဝတ္တတေ၊ တတြ ဒေသဂ္ဂဟဏံ ဂါမသမုဒါယပတိပတ္တျတ္ထံ-ထိုအနက် များစွာတွင် ဒေသသဒ္ဒါသည် ဂါမသမုဒါယ (နယ်မြေ) အနက်ကို သိစေရခြင်း အကျိုးရှိ၏"ဟု ကာသိကာဝုတ္တိ ဆိုသောကြောင့် "ခြသေ့တို့၏+နယ်ပယ်"ဟု အဓိပ္ပာယ် မဖြစ်နိုင်ရကား "ဝသာတိနံ"ဟု ရှိသော ပါဠ်ကိုသာ အတည်ပြု သင့်သည်။

"ဝါသာတော"သာ လိုရင်း၊ "ဒေသော"ကား ဝိသယသဒ္ဒါ၏ အနက် အများတို့တွင် ရွာအပေါင်း (နယ်ပယ်) ဟူသော **အနက်**ကို ယူရမည်ဟု သိစေ လို၍ ထည့်အပ်သော အဘိဓေယျတည်း၊ ဤအဓိပ္ပာယ်ကို အတည်ပြုနိုင်ပါလျှင် "ကုန္တာနံ+သကုန္တာနံ+အတိသာရာနံ+ဝိသယော"ဟု ပြု၍ "ကုန္တမင်းတို့၏+ သကုန္တမင်းတို့၏+အတိသာရမင်းတို့၏+နယ်ပယ်"ဟုသာ အနက်ကို မှတ်ထိုက် သည်၊ ရှေးနိဿယတို့၌ကား ကုန္တောနေရာဝယ် "ကုဒ္မော"ဟု ရှိ၍ "အိုးတို့၏ နေရာ၊ သာကုန္တော - ငှက်တို့၏နေရာ၊ အတိသာရော - ဆေ့သည်တို့၏နေရာ"ဟု ပေးလေသည်၊ ဤပုဒ်များကို ဝိသယတဒ္ဓိတ်ဟုမှတ်၊ "ဝသာတိနံ+ဝိသယော" ဟု တည်၍ ရုပ်တွက်။

နိဝါသော-နေရာသည်၊ (အတ္ထိ, ဣတိ) သာဂလော-မည်၏၊ အသော-၏၊ မထုရာ-မထုရာပြည်ဟူသော၊ နိဝါသော အတ္ထိ၊ ဣတိ မာထုရော-မည်၏၊ မထုရာယ-ကို၊ ဣဿရော—အစိုးရသူတည်း၊ မာထုရော — မထုရာပြည်ကို အစိုးရသူ၊ ဣစ္စေဝ မာဒယော-ဤသို့ အစရှိသော ပြယုဂ်တို့ကို၊ ယောဇေတဗ္ဗာ — ယှဉ်စေထိုက်ကုန်၏။ (၃၇၆)။

---

ဥဒုမ္ဗရာ၊ပေ၊ဩဒုမ္ဗရော။ ။အသ္မိံ ဒေသေ၌ ဒေသေကား အသ္မိံ၏စွဲနက် (အဘိဓေယျ)ကို ပြသော အပိုထည့်ပါ၌၊ "ဥဒုမ္ဗရာ အသ္မိံ သန္တိတိ ဩဒုမ္ဗရော" သာ လိုရင်း၊ အသ္မိံသန္တိပုဒ်တို့ ကြေသောကြောင့် (အသေတ္တိတဒ္ဓိတ် ဟူသကဲ့သို့) ဣစတ္ထိ (ဣစ+အတ္ထိ) တဒ္ဓိတ်ဟု နာမည်မှည့်ထိုက်သည်၊ "ဗဒရာ အသ္မိံ သန္တိတိ ဗာဒရော — ဆီးပင်ရှိရာအရပ်၊ ပဗ္ဗဇာ အသ္မိံ သန္တိတိ ပဗ္ဗဇော— ပြိန်းမြက်ရှိရာအရပ်"ဟု မောဂ္ဂလ္လာန် ပုံပြ၏။

သာဂရေဟိ၊ပေ၊သာဂရော။ ။သာဂရမင်းသားများကို "သာဂရ"ဟု ခေါ်၍ အရှေ့ပိုင်း သမုဒ္ဒရာကို ထိုမင်းသားတို့ တူးအပ် ဖြစ်စေအပ်သောကြောင့် "သာဂရေဟိ+နိဗ္ဗတ္တော"အရ "သာဂရ" မည်သည်-ဟု လောကီဆရာတို့ယူကြသတတ်၊ "သာဂရေဟိ—တို့ကြောင့်+နိဗ္ဗတော — ဖြစ်သော သမုဒ္ဒရာတည်း" ဟုလည်း ပေးနိုင်၏၊ ကုသမ္ဗေန + နိဗ္ဗတ္တာ — ကောသမ္ဗီ = ကုသမ္ဗရသေ့သည် ဖြစ်စေအပ်သောပြည်၊ ကာကန္ဒီ — ကာကန္ဒရသေ့သည် ဖြစ်စေအပ်သောပြည်၊ မာကန္ဒီ-မကန္ဒရသေ့သည် ဖြစ်စေအပ်သောပြည်၊ သဟဿေန+နိဗ္ဗတ္တာ သာဟဿီ (ပရိခါ)တထောင်ဖြင့်ဖြစ်သော ကျုံး၊ ဤသို့လျှင် ရှေ့ပုဒ်၌ ဟိတ်-ကတ္တား-ကရိုဏ်းအနက်များ ထိုက်သလိုဖြစ်နိုင်သည်-ဟု မောဂ္ဂလ္လာန်ဆိုသည်၊ ["သက လ-မဿ"ဟု ပါ၌ပျက်၊ "သာဂလ-မဿ နိဝါသော"ဟု ရှိရမည်။]

ဣစ္စေဝမာဒယော။ ။အညတ္ထအရ အနက်များကို "ဥဒုမ္ဗရဿ + အဝိဒူရေ"မှ စ၍ "အဝိဒူရ, ဇာတ, အာဂတ, နိယုတ္တ, သမူဟ, အဿဒေဝတာ, အဓိတေ, ဝိသယ, ဣစတ္ထိ, နိဗ္ဗတ္တ, နိဝါသ, ဣဿရ" အားဖြင့် အနက် တဆယ့်နှစ်နက်မျှ တိုက်ရိုက်ပြပြီး၍ ဏစွည်းသက်၍ ပြီးကောင်းသော အခြားအနက်များ ရှိသေးလျှင်လည်း ယှဉ်စပ် သုံးစွဲပါလေ-ဟု ပြလိုသောကြောင့် "ဣစ္စေဝ မာဒယော ယောဇေတဗ္ဗာ"ဟု မိန့်သည်၊ ထိုအာဒိသဒ္ဒါဖြင့် ရှု၌ပြထားသော "မနသိ+ဘဝံ-မာနသံ" စသော ဘဝအနက်, အရဟတိ, ဝိကာရ, ပရိမာဏ အနက်များကိုလည်းကောင်း, (ပုံစံကို ရှုမှာရှု၊) ပဌမံဒိဋ္ဌအနက် စသည်ကိုလည်း ကောင်း ယူ၊ ဝရုဏေန+ပဌမံ ဒိဋ္ဌာ ဝါရုဏီ (ဝရုဏရသေ့သည် ပဌမတွေ့အပ်သော သေရည်, နဒါဒိ ဤပစ္စည်းသက်)၊ သူရေန+ပဌမံ ဒိဋ္ဌာ သုရာ (သူရမည်

သော မုဆိုးသည် ပဌမတွေ့အပ်သော သေရည်, သူ့၌ ဦကို ရဿပြု၊) [သူရေန စ ဝရုဏေန စ ဒိဋ္ဌတ္တာ ဓာဿ ပါနဿ သုရာတိ စ ဝါရုဏာ (ဏီ) တိစ နာမံ ဇာတံ၊....ကုမ္ဘဇာတ် အဋ္ဌကထာ။]

သဒ္ဒနီတိ။ ။သဒ္ဒနီတိ၌ကား "သူရတော အာ ဂတေန ကတတ္တေ, ဒီဃော စ ရဿော" ဟု သုတ်တည်၍ "သူရေန+ကတာ" ဟူသော ဝိဂ္ဂြိုဟ်နက်၌ သူရနေ၁င် အာပစ္စည်းသက်, သူ့၌ ဦ ဒီဃကိုလည်း ရဿပြုဟုလည်းကောင်း "ဝရုဏတော ဏျ, ရဿော စ ဒီဃော" သုတ်တည်၍ "ဝရုဏေန+ကတာ" ဟူသော ဝိဂ္ဂြိုဟ် နက်၌ ဝရုဏနောင် ဏျ ပစ္စည်းသက်, ဝ၌ အ ကိုလည်း အာဒီဃပြုဟုလည်း ကောင်း ဆိုသည်၊ "ဝါသိဋ္ဌ-ဝသိဋ္ဌရသေ့၏ ဥစ္စာဖြစ်သော (သာမဝေဒကျမ်း)၊ သောဂတ-သုဂတ၏ ဥစ္စာဖြစ်သော ပိဋကသုံးပုံ" တို့ကား ဣဒံ တဒ္ဓိတ်သာဖြစ် သင့်သည်၊ "ဒီပိနော ဝိကာရော ဒေပေါ-သစ်၏ အထူးပြုအပ်သော အရေ၊ (ဝါ-သစ်ရေ)၊ ဝေယျဂ္ဃဿ (ဗျဂ္ဃဿ) ဝိကာရော ဝေယျဂ္ဃေါ-ကျားရေ" တို့ ကား ဝိကာရတဒ္ဓိတ်၌ ဝင်ကုန်၏၊ "ဒေပေတိ+ပရိဝုတော ဒေပေါ-သစ်ရေတို့ဖြင့် ကာရံအပ်သောရထား၊ ဝေယျဂ္ဃေါ-ကျားရေတို့ဖြင့် ကာရံအပ်သောရထား" ဟူရာ၌ကား ဏ ပစ္စည်းမဟုတ်, "ဒေပဝေယျဂ္ဃါအဉ်" ဟူသော ပါဏိနိသုတ် ဖြင့် အဉ် ပစ္စည်းသက်သည်။ [ဒီပိဗျဂ္ဃါနံ ဝိကာရဘူတေ စမ္မနိ ဒေပဝေယျဂ္ဃေ၊ တေသံ တတိယန္တတမတ္တာ ပရိဝုတော ရထော ဣစ္စေတသ္မိံ အတ္ထေ အဉ် ပစ္စယော ဘဝတိ၊ အဏ်(ဏ) အပဝါဒေါ (အဏ်ပစ္စည်း ဓားမြစ်သောသုတ်)၊ ဤစီရင်ပုံ ထောက်၍ "ဒေပေ အထောပိ ဝေယျဂ္ဃေ, သဗ္ဗာလင်္ကာရ ဘူသိတေ" ဟုလည်း ကောင်း, ဏျပစ္စည်းဖြင့် "ဒေပေယျ" ဟုလည်းကောင်း, မောဂ္ဂလ္လာန် နိဿယ မိန့်၏။]

စသဒ္ဒါ အနက်။ ။"အညတ္ထေသု စ ၌ စသဒ္ဒါဖြင့် ဇာတစသော အနက်၌ ဏေယျပစ္စည်းသက်ဖို့ရန် ဆည်း၏" ဟု ရူပသိဒ္ဓိဆိုသော်လည်း အရှင်ကစ္စည်း၏ အာဘော်ကျမည်မထင်၊ အရှင်ကစ္စည်း၏အလိုမှာ "ရာဂါ+တဿေဒံ" ဟူသော ရှေ့ ၂ နက်ကို ပေါင်းသော ဝုတ္တသမုစ္စည်းခေါ် သမ္ပိဏ္ဍနအနက်သာ ဖြစ်ထိုက် သည်၊ ရှု၌ပြသော အနက်များ၌ ဏေယျပစ္စည်းကိုကား ဏေယျော ကတ္တိကာဒီဟိ သုတ်လာ ဏေယျော ယောဂဝိဘာဂဖြင့် သက်စေလိုကြသည်၊ ထို့ကြောင့် အညတ္ထ အရဖြင့် ဏ ပစ္စည်းသက်ရမည့် အနက်များကိုသာ ပြခဲ့သည့်အတိုင်း မှတ်သားကြရာသည်။

[ဆောင်] အဝိဒူရ, အာဂတနှင့်, ဇာတ-နိယုတ်, ဆင့်ထုတ် သမူဟ, အဿ ဒေဝတာ, တဖြာ အဓိတေ, ဝိသယေ-ဇာတ္တိ,ရှိသည့်နိဗ္ဗတ္တ,နိဝါသ- ဋ္ဌဿရော, ဘဝေါ-အရဟတိ, ဝိကာရပရိမာဏ်,ပဌမံဒိဋ္ဌ, စသည့် အပြား, အနက်များဝယ်, ဏရာဂါပြ, အညတ္ထဖြင့်, သက်ကြ ဏ ပစ္စည်းကိုတည်း။

---

ဇာတာဒိန မိမိယာစ

၃၅၃။ ဇာတ ဣစ္စေဝမာဒိနံ—ဇာတ အစရှိသော သဒ္ဒါတို့၏၊ အတ္တေ ဣမ. ဣယ ဣစ္စေတေ မစ္စယာ ဟောန္တိ၊ ပစ္ဆာ—နောက်၌၊ ဇာတော—ဖြစ်သည်တည်း၊ ပစ္ဆိမော — နောက်၌ဖြစ်သည်၊ ဧဝံ, အန္တိမော — အဆုံး၌ဖြစ်သည်၊ မဇ္ဈိမော — အလယ်၌ဖြစ်သည်၊ ပုရိမော—ရှေ့၌ ဖြစ်သည်၊ ဥပရိမော—အထက်၌ဖြစ်သည်၊ ဟေဋ္ဌိမော - အောက်၌ဖြစ်သည်၊ ဂေါပ္ဖိမော—ဖမျက်၌ဖြစ်သည်၊ ဗောဓိသတ္တဇာတိယာ-ဘုရားအလောင်း ဇာတ် အားဖြင့်၊ ဝါ-ဘုရားအလောင်း ဇာတ်၌၊ ဇာတော-ဖြစ်သူတည်း၊ ဗောဓိသတ္တ ဇာတိယော-သူ၊ ဧဝံ အဿဇာတိယော — မြင်းဇာတ်၊ပေ၊ဖြစ်သူ၊ ဟတ္ထိဇာတိ ယော-ဆင်ဇာတ်၊ပေ၊ဖြစ်သူ၊ မနုဿဇာတိယော-လူဇာတ်အားဖြင့် ဖြစ်သူ၊ ဝါ- လူဇာတ်၌ဖြစ်သူ၊ အာဒိဂ္ဂဟဏေန—ဖြင့်၊ နိယုတ္တတ္ထာဒိတောပိ — နိယုတ္တအနက်

---

၃၅၃။ ပစ္ဆာ၊ပေ၊ဂေါပ္ဖိမော။ ။ဣမပစ္စည်း ပုံစံများ၊ ပစ္ဆာသဒ္ဒါသည် နိပါတ်ပုဒ်ဖြစ်၍ "ပစ္ဆာ" နောင် သို့ံသက်, ချေ၊ "ပစ္ဆာ+ဇာတော"ဟု ဝါကျ ဖြစ်စေ၊ ဇာတအနက်၌ ပစ္ဆာနောင် ဣမ သက်၊ ဇာတပုဒ် သိဝိဘတ်ကို ချေ, ပစ္ဆိမဟု ဖြစ်၏၊ အန္တေ+မဇ္ဈေ+ပုရာ (နိပါတ်)+ဥပရိ (နိပါတ်)+ဟေဋ္ဌာ (နိပါတ်)+ဂေါဖေ္ဖ+ဇာတော-အန္တိမောစသည်၊ နိပါတ်ပုဒ်တို့၌ သို့ံဝိဘတ် ကြေနေသည်ဟုချည်း မှတ်၊ "ပစ္စန္တေ-တိုင်းစွန်၌+ဇာတော-ပစ္စန္တိမော" လည်း နည်းတူ၊ မောဂ္ဂလ္လာန်၌ကား "မဇ္ဈာဒိတွိမော" သုတ်ဖြင့် မဇ္ဈစသည်နောင် ဘဝ အနက်၌ ဣမ သက်၍ "မဇ္ဈိမော" စသော ရုပ်များကို ပြီးစေသည်၊ ဩရေ+ ဘဝေါ-ဩရိမော-ဤဘက်၌ဖြစ်သော ဆိပ်ကမ်း၊ ပါရေ+ဘဝေါ-ပါရိမော- ထိုဘက်၌ဖြစ်သော ဆိပ်ကမ်း၊ တိရော (နိပါတ်) ဘဝံ, တိရိယံ-ဖီလာဖြစ်သည်၊ သက္ကတ၌ "ပုရာ, ပုရတ္ထာတ်" ပုဒ်တို့ကို အဗျယ (နိပါတ်)ဟု ဆို၏။ (ပါဠိ၌ လည်း "ပါစီပုရဂ္ဂတောတ္တေသု, ပုရတ္ထာ ပဌမေပျထ"ဟု အဗျယဝဂ်၌ ဆို၏။] ထို့ကြောင့် "ပုရတ္ထာ+ဘဝေါ-ပုရတ္ထိမော, ပုရာ + ဘဝေါ, ပုရိမော"ဟု ပြု၊ "ပုရတ္ထာမုခေါ နိသိန္နော, ပုရတ္ထာဘိမုခေါ နိသိန္နော, ပုရတ္ထိမာယ ဒိသာယ, ပုရာ ပုရတ္ထာ ပုရိမာသု ဇာတိသု (လက္ခဏသုတ်)၊ ပုရာတိ-ပုဗ္ဗေ၊ ပုရတ္ထာတိ တသောဝ ဝေဝစနံ" စသည်ဖြင့် ပါဠိမှန်ရှိစေ။ [အဗ္ဘန္တရေ + ဘဝေါ, အဗ္ဘန္တ ရိမော-အတွင်း၌ဖြစ်သည်၊ ဗာဟိရံ, ဗာဟိရာတို့လည်း နိပါတ်ပင်၊ ထို့ကြောင့် "ဗာဟိရံ, ဗာဟိရာဝါ+ဘဝေါ ဗာဟိရိမော"ဟု ပြု။]

ဗောဓိသတ္တ၊ပေ၊ မနုဿဇာတိယော။ ။ဣယပစ္စည်း ပုံစံများ၊ "ဗောဓိ သတ္တဇာတိယာ - ဘုရားအလောင်းဇာတ်၌"ဟု အာဓာရအနက်ပေးရိုး ရှိ၏၊ အာဓာရအနက် ပေးစေလိုလျှင် "ဇာတိယံ + နိယုတ္တော" ၌ ကဲ့သို့ "ယံ"ဟု အာဓာရအနက်တမျိုးနှင့်သာ ဆိုင်သော ပုဒ်ဖြင့် ပြသင့်၏၊ "ယာ"ဟု တတိယာ

အစရှိသောအားဖြင့် လည်းကောင်း၊ ဝါ - နိယုတ္တအနက် အစရှိသည်၌ လည်းကောင်း၊ တဒဿတ္ထာဒိတောပိ–တံ အဿ အတ္ထိအနက် အစရှိသောအားဖြင့် လည်းကောင်း၊ ဝါ-၌လည်းကောင်း၊ ဣမ ဣယ ဣက ဣစ္စေတေ ပစ္စယာ-ဣမ, ဣယ, ဣက, ဟူကုန်သော ဤပစ္စည်းတို့သည်၊ ဟောန္တိ၊ အန္တေ-အဆုံး၌၊ နိယုတ္တော-ယှဉ်သည်တည်း၊ အန္တိမော-သည်၊ ဧဝံ, အန္တိယော အန္တိကော-အဆုံး၌ ယှဉ်သည်၊ အဿ-ထိုသူ၏၊ ပုတ္တော - သားသည်၊ အတ္ထိ-ရှိ၏၊ ဝါ-တနည်း၊

---

အနက် စသည်နှင့်လည်း ရောနှောသောပုဒ်ဖြင့် ပြထားသောကြောင့် ဝုတ္တိဆရာကိုယ်တိုင်ကမူ အာခါရအနက် ပေးစေလိုမည်မထင်၊ ထို့ကြောင့် "ယတော-ဟံ ဘဂိနိ အရိယာယ ဇာတိယာ (အရိယာ ဇာတ်အားဖြင့်) ဇာတော" တို့ကို ထောက်၍ "အားဖြင့်"ဟု ဝိသေသန တတိယတ္ထအနက်ပေးလိုက်သည်၊ "အဿ ဇာတိယာ+ဟတ္ထိဇာတိယာ+မနုဿဇာတိယာ+ဇာတော"ဟု ပြု။

မောဂ္ဂလ္လာန်။ ။မောဂ္ဂလ္လာန်၌ကား "တဗ္ဗတိ ဇာတိယော" သုတ်ဖြင့် ဇာတိယပစ္စည်း သက်၏။ [တဗ္ဗတိ-ထို အခြင်းအရာရှိသူ ဟူသော အနက်၌၊ ဇာတိယော-ဇာတိယပစ္စည်းသက်၊] ပဋ္ဋုပ္ပကာရ ဝါ = ပဋ္ဋုဇာတိယော - ပညာရှိနှင့်တူသော သဘောရှိသူ၊ (ပညာရှိ သဘောရှိသူ)၊ ဒဗ္ဗပကာရ ဝါ, ဒဗ္ဗဇာတိယော-ပညာရှိသူနှင့်တူသော သဘောရှိသူ, ပညာရှိသဘောရှိသူ၊ မုဒုပ္ပကာရ ဝါ= မုဒုဇာတိယော – နူးညံ့သော အရာဝတ္ထုနှင့်တူသော သဘောရှိသူ, နူးညံ့သော သဘောရှိသူ၊ ( ပကာရသဒ္ဒါသည် "အတူ" အနက်ဟောတည်း)၊ [မနုဿဇာတိယော စသည်၌ "မနုဿဿ+ဇာတိ - မနုဿဇာတိ = လူဇာတ်၊ မနုဿဇာတိ ယဿာတိ မနုဿဇာတိယော=လူဇာတ်ရှိသူ"ဟု ပြု၍ အဿတ္ထိအနက်၌ ဣယပစ္စည်းသက် ဟုလည်း ဆိုနိုင်၏၊ "အဿဇာတိယော-မြင်းဇာတ်ရှိသော သတ္တဝါ၊ ဟတ္ထိဇာတိယော-ဆင်ဇာတ်ရှိသော သတ္တဝါ"၌လည်း နည်းတူ။]

အာဒိဂ္ဂဟဏေန၊ပေ၊ကပ္ပိကော။ ။ဇာတာဒိ၌ အာဒိ သဒ္ဒါဖြင့် နိယုတ္တအနက် တဒဿတ္ထိအနက် စသည်၌ ဣမ ဣယ ဣကပစ္စည်းသက်၊ နိယုတ္တတ္ထာဒိတော တဒဿတ္ထာဒိတောတို့၌ တောပစ္စည်းကို အဓိကရဏအနက်၌ သက်စေ၍ "အစရှိသည်တို့၌"ဟု တနည်းပေးသည်၊ ဤ နိယုတ္တတ္ထာဒိ တဒဿတ္ထာဒိ ဟု အာဒိသဒ္ဒါ ၂ ထပ်ပါနေခြင်းကို စဉ်းစားသင့်၏၊ ပုံစံ၌ နိယုတ္တအနက် အဿတ္ထိအနက် ၂မျိုးသာ ပြထားသောကြောင့် အာဒိသဒ္ဒါ ၂မျိုးလုံးပင် နဂိုကပါမည် မထင်၊ ထို့ပြင်–ဤ အာဒိသဒ္ဒါဖြင့် ဣကပစ္စည်း သက်ရမည်ဟု ဆိုခြင်းလည်း မကောင်း၊ ဘာ့ကြောင့်နည်း....ဇာတနောင် ထိုင်သော အာဒိသဒ္ဒါဖြင့် ဇာတကဲ့သို့သော အနက်များကိုသာယူသင့်၍ ပစ္စည်းကို မယူသင့်သောကြောင့်တည်း။

တသ္မိံ-ထိုသူ၌၊ ပုတ္တော-သည်၊ ဝိဇ္ဇတိ-ရှိ၏၊ ဣတိပုတ္တိမော-မည်၏၊ ဧဝံ ပုတ္တိယော, ပုတ္တိကော-သားရှိသူ၊ ကပ္ပိမော, ကပ္ပိယော, ကပ္ပိကော-အကြံရှိသူ၊ စဂ္ဂဟဏေန-ဖြင့်၊ နိယုတ္တတ္ထေ—နိယုတ္တအနက်၌၊ ဣိယပစ္စယော-သည်၊ ဧဟောတိ၊ ဇာတိယံ-ပဋ္ဌသန္ဓေ၌၊ နိယုတ္တော-ယှဉ်သူတည်း၊ ဇာတိကိယော-သူ၊ အန္ဓေ-ကန်းသူ၏အဖြစ်၌၊ နိယုတ္တော-တည်း၊ အန္ဓကိယော-ကန်းသူ၏ အဖြစ်၌ ယှဉ်သူ၊ ဇာတိယာ-ပဋိသန္ဓေအားဖြင့်၊ အန္ဓော-ကန်းသူတည်း၊ ဇစ္စန္ဓော-ပဋိသန္ဓေအားဖြင့် ကန်းသူ၊ ဇစ္စန္ဓေ-ပဋိသန္ဓေအားဖြင့် ကန်းသူ၏ အဖြစ်၌၊ နိယုတ္တော-တည်း၊ ဇစ္စန္ဓကိယော-မည်၏၊ (၃၇၈)။

---

ရူပသိဒ္ဓိ။ ။ရူဠ်ကား—"အာဒိဂ္ဂဟဏေန တတ္ထနိယုတ္တော, တဒဿတ္ထိ တတ္ထ ဘဝေ ါတျာဒိသုပိ ဣမ ဣယ ပစ္စယာ ဟောန္တိ စ သဒ္ဒေန ဣကပစ္စယော စ" ဟု ဆို၏၊ အာဒိဖြင့် ဇာတကဲ့သို့သော အနက်များကိုယူ၍, စဖြင့် ဣကပစ္စည်းကို ဆည်းယူသော ရူပသိဒ္ဓိသာလျှင် ထုံးစံကျပေသည်၊ အန္တိမော အန္တိယော အန္တိကောတို့သည် နိယုတ္တတ္ထပုံစံ၊ ပုတ္တိမော စသည်ကား၊ အဿတ္ထိပုံစံတည်း၊ တသ္မိံ ဝါ ဝိဇ္ဇတိဖြင့် "ပုတ္တော တသ္မိံ ဝိဇ္ဇတီတိ ပုတ္တိမော" စသည်ဖြင့် ဝိဂ္ဂိုဟ်တမျိုး ပြုစေလိုသည်၊ ထိုသို့ "တသ္မိံ ဝိဇ္ဇတိ" ဖြင့် ဝိဂ္ဂိုဟ်ပြုရသော်လည်း (ရူပသိဒ္ဓိ၌ "အဿတ္ထိတဒ္ဓိတ်" ဟု နာမည်မပေးပဲ အတ္ထိအနက်ရှိသော "အတ္ထျတ္ထတဒ္ဓိတ်" ဟု နာမည်ပေးသောကြောင့်) အတ္ထျတ္ထတဒ္ဓိတ်ပင် ဖြစ်တော့၏။ [ပုတ္တိယောကဲ့သို့ "သကျပုတ္တဿ + အပစ္စံ-သကျပုတ္တိယော" စသော အပစ္စတ္ထ၌ ဣကပစ္စည်းဖြင့် ပြီးရသော ရုပ်များကို အတောဏ်ဝ ါသုတ်၌ ဆိုခဲ့ပြီ၊ "ရာဇပုတ္တိယော-မင်းသမီးတို့သည် ဟူရာ၌ကား ပုတ္တိယောချင်း သုတိ (အသံ) တူသော်လည်း ပုတ္တီဟူသော ဣတ္ထိလိင် ဤ ကာရန္တနောင် ယောဝိဘတ်-ဟု မှတ်ပါ။]

မှတ်ချက်။ ။အဿတ္ထိအနက်ဝယ် သတျာဒီဟိမန္တု သုတ်၌ "သတျာဒီဟိ+ ဣမန္တု" ဟု ဝိသုံကရဏ ယောဂဝိဘာဂပြု၍လည်း ဣမန္တုပစ္စည်း သက်လျှင် "ပုတ္တိမာ-သားရှိသူ" ဟုလည်း ရုပ်တမျိုး ရှိသေး၏။ ["နန္ဒတိ ပုတ္တေဟိ ပုတ္တိမာ" ဒေဝပုတ္တ သံယုတ်။]

ကပ္ပိမော စသည်။ ။ကပ္ပိမောစသည်၌ ကပ္ပသဒ္ဒါသည် "ကပ္ပေ ါ ကာလေ ယုဂေ လေသေ" အဘိဓာန်လာ အနက်တို့တွင် တက္က (ကြံခြင်း) အနက်ကို ယူသည်၊ ကပ္ပိယော၌ကား သမဏဝေ ါဟာရ (ကပ္ပိခြင်းဟူသော ရဟန်း အသုံး အနှုန်း) အနက်လည်း သင့်၏၊ အဿ-ထိုပစ္စည်း၏၊ ကပ္ပေ ါ-ကပ္ပိခြင်းသည်၊ အတ္ထိ, ဣတိ ကပ္ပိယော၊ ကပ္ပိယံ-အပ်အောင်ပြုခြင်း ကပ္ပိခြင်းရှိသည်ကို၊ ကရောတီတိ-ပြုတတ်သည်၏ အဖြစ်ကြောင့်၊ ကပ္ပိယကာရကော-မည်၏၊ တတ္ထ ဘဝ အနက်၌ ဣယပစ္စည်းသက်၍ "ဗောဓိပက္ခေ-မဂ်ဉာဏ်ဘက်၌+ဘဝါ-ဖြစ်သော တရားတို့သည်၊ ဗောဓိပက္ခိယာ-တို့မည်၏" စသည်ဖြင့် ရှု၍ပြသေး၏။

**မောဂ္ဂလ္လာန်။** ။မောဂ္ဂလ္လာန်၌ကား "ဘာဝါ တေန နိဗ္ဗတ္တော" သုတ်ဖြင့် ဘောဟော သဒ္ဒါနှောင် နိဗ္ဗတ္တအနက်၌ ဏမပစ္စည်းသက်၍ "ပါကေန-ချက်ခြင်းဖြင့်+နိဗ္ဗတ္တံ-ဖြစ်သည်တည်း၊ ပါကိမံ-သည်"ဟု မိန့်သေး၏၊ ["အကဋ္ဌပါကိမံ-ထင်းဖြင့်ချက်ခြင်းဖြင့် ပြီးသည်မဟုတ်သော၊ သာလိ-သလေးကို"-အာဋ္ဌာနာဋ္ဌိယသုတ်၊] ဂန္ထေန - ထုံးဖွဲ့ခြင်းဖြင့် + ဖေါပေ့န - ထိုးသီခြင်းဖြင့် + ဝေဓေန—ထိုးဖောက်ခြင်းဖြင့် + ဝေဌေန — ရစ်ပတ်ခြင်းဖြင့်+ ဝါယေန–ယက်ခြင်းဖြင့်+ နိဗ္ဗတ္တံ—ဂန္ထိမံ, ဖေါပ္ပိမံ, ဝေဓိမံ, ဝေဌိမံ, ဝါယိမံ-ယက်ခြင်းဖြင့် ဖြစ်စေအပ်သော ပန်းကုံး, ကုလဒူသန သိက္ခာပုဒ် အဋ္ဌကထာ။

**စဂ္ဂဟာဏေန ကိယပစ္စယော။** ။ဇာတိယံဟူသော သတ္တမျန္တနှောင် နိယုတ္တာအနက်၌ စသဒ္ဒါဖြင့် ကိယသက်, နိယုတ္တပုဒ် ဝိဘတ်ချေ "ဇာတိကိယ"ဟု ဖြစ်၏၊ အန္ဓ သဒ္ဒါသည် ကန်းသူဒြပ်ကို ဟော၏၊ "အန္ဓေ+နိယုတ္တော" အရလည်း ကန်းသူဒြပ်ပင် ရ၏၊ ဤသို့ အရမကွဲပြားသောကြောင့် အန္ဓပုဒ်၌ ဘာဝအနက်ဟော (တ္တ) ပစ္စည်း အကြေကြံ၍ "အန္ဓေ-ကန်းသူ၏ အဖြစ်"ဟု ပေးသည်၊ ဤသို့ ကြံမှသာ အန္ဓေနှင့် နိယုတ္တောတို့ အရကွဲပြားသဖြင့် သဒ္ဒထုံးစံကျသည်၊ ကန်းသူ၏ အဖြစ်ဟူသည် ကန်းခြင်းဂုဏ်တည်း၊ ထိုကန်းခြင်းဂုဏ်၌ ယှဉ်သူကို "အန္ဓကိယ"ဟု ခေါ်သည်၊ "ဇာတိယာ+အန္ဓော—ဇစ္စန္ဓော"ကား ဤသုတ်နှင့်မဆိုင်သေး၊ ဇစ္စန္ဓပုဒ်ပြီးအောင် သမာသ်တွဲ၍ အပိုပြသခြင်းသာ ဖြစ်၏၊ "ဇစ္စန္ဓေ - ပဋိသန္ဓေအားဖြင့် ကန်းသူ၏အဖြစ်၌"ဟု ပေးရာ၌လည်း ဘာဝပစ္စည်း အကြေကြံ၊ နိယုတ္တ အနက်သာမက ဣဒံ အနက်၌လည်း ကိယပစ္စည်းသက်၍ "သဿ+အာယံ သကိယော - မိမိဥစ္စာ၊ ပရကိယော - သူတပါးဥစ္စာ"ဟုလည်းကောင်း, ဤ စသဒ္ဒါဖြင့် သာဓုစသော အနက်၌ ဏျပစ္စည်းလည်း သက်၍ ကမ္ပည်းစသော ရုပ်များကိုလည်းကောင်း ရှု၍ပြသေး၏။

**သပြေကန် နိဿယ။** ။စ သဒ္ဒါဖြင့် "လောကေ + ဝိဒိတံ, ပရိယာပန္နံဝါတိ လောကိယံ, လောကိကော-လောက၌ ထင်ရှားသော, လောက၌ အကျုံးဝင်သောတရား လောကေန+သမ္မတံ လောကိယံ လောကိကံ-လူအပေါင်းသည် သမုတ်အပ်သောတရား"ဟု ဝိဒိတပရိယာပန္န သမ္မတအနက်တို့၌လည်း ဏိယ ဏိကသက်ဟုလည်းကောင်း။ [ဝုဒ္ဓိ မရောက်ရသောကြောင့် ဣယ ဣက သက်မှသာ၍သင့်မည်၊] "ဣဏံ+ဓာရေတီတိ ဣဏာယိကော-ကြွေးမြီကို ဆောင်တတ်သူ (မြီစား)"ဟု ဓာရေတိ အနက်၌ အာယိက ပစ္စည်းသက်ဟုလည်းကောင်း, အမာ သဒ္ဒါသည် သဟ (အတူ) အနက်ကို ဟော၏၊ "အမာ-မင်းနှင့်အတူ+ဘဝတိ-ထိုထိုကိစ္စ၌ ဖြစ်တတ်၏၊ ဣတိ အမစ္စော"၌ ဘဝတိ အနက်ဝယ် အစ္စပစ္စည်းသက်ဟုလည်းကောင်း, [ထေရမနိမိ၌မူ "အမာ ( သဟ ) ဘဝတိ"ဟု ဝိဂ္ဂဟပြု၍ တျ (စ္စ) ပစ္စည်းကို ဘဝတိအနက်၌ သက်၏၊] "ဂါမေ၀ါ အဿ

**သမ္ပဟတ္တေ ကၡ်ကာ** ၃၅၄။ **သမ္ပဟတ္တေ, ကၡ်ကလ္လတိ စေတပစ္စယာ ဟောန္တိ**-ရာဇ ပုတ္တာနံ–မင်းသားတို့၏၊ သမ္ပဟော–အပေါင်းတည်း၊ ရာဇပုတ္တ ကော–မင်းသားတို့၏ အပေါင်း၊ ဝေ်, ရာဇပုတ္တော – ပေါင်း၊ မာနုဿကော, မာနုဿော–လူတို့၏ **အပေါင်း**၊ **မာယူရကော, မာယူရော**– ဥဒေါင်းတို့၏ **အပေါင်း**၊ **မာဟိံသကော**, **မာဟိံသော**–ကျွဲတို့၏ အပေါင်း။ (၃၇၆)။

---

သန္တီတိ ဂေါမိကော=နွားရှိသူ နွားသင်ျေး"၊ အဿတ္ထိအနက်၌ မိကပစ္စည်း သက်ဟုလည်း**ကောင်းဆိုသေး၏**၊ "ပါပိမာ-**မကောင်းမှုရှိသော မာရ်နတ်**"ကား သတ္တာဒိဟိမန္တု ယောဂဝိဘာဂဖြင့် ပြီးလတ့်၊ ဤနေရာဝယ် ကစ္စည်းရူပသိဒ္ဓိနှင့် အခြားကျမ်းလာ အနက်များ ပစ္စည်းများကို အချုပ်မှတ်သားရာ၏။

[ဆောင်] ဇာတာဒိ၌, အာဒိအရ, နိယုတ္တ-အဿတ္ထိ, မှတ်ဘိ ဘဝ်, နက် ဣဒံဝယ် **သက်**နှံ့ ဣမိယာ, စသဒ္ဒါဖြင့်, ဣကလည်းသက်၊ နိမ္မ**တ်**နက်ဝယ်, **သက်**လေ ဣမ, မောဂ္ဂလ္လာန်ပြ၏၊ နိယုတ္တ-ဣဒံ, **န**က်နှစ်တန်မှု, သက်နှံ့ကိယ၊ ယ– ကျ ဟု, ထို ၂ ခုကား, သာဒ္ဓု-ဟိတ, ဘဝ-ဇာတာ, ရှု၌ မှာ၏၊ ပရိယာ ပန္န, ဝိဒိတနှင့်, သမ္ဘတ ၃ နက်, သက်လေ ဣယ, ဣက နှစ်ထွေ၊ ဓာရေတိမှု, မှတ်ယူ, အာယိက၊ ဘဝတိ၌, အစ္စဆိုက်ပြီး, တနည်းစွဲမှတ်၊ အဿတ္ထိဝယ်, မိကဆွယ်သည်, မှတ်ဖွယ်ကျမ်းဆို အချုပ်တည်း။

---

၃၅၄။ ဤသုတ်၌ တိုက်ရိုက်ရှိသော ပုံစံများ လွယ်ပြီ၊ "မနုဿာနံ+မယူ ရာနံ+မဟိံသာနံ+သမ္ပဟော"ဟု ဝိဂ္ဂဟ်ပြု၊ ရှု၌ ဒွယ် ( ၂ ခုတို့၏ **အပေါင်း**) တယ် ( ၃ ခုတို့၏ အပေါင်း )နှင့် အခြား ပုံစံများကိုလည်း ပြထားသေး၏၊ **တိဿော+ဘူမိယော** တိဘူမံ (**ဒိဂုသမာသ်**)၊ တိဘူမေ-ဘုံသုံးပါး၌ +ဇာတံ- ဖြစ်သော ဝဋ္ဋတရားသည်၊ တေဘူမကံ–တေဘူမက မည်၏၊ ဤပုံစံ၌ ဇာတ အနက်ဝယ် ဤသုတ် "ကၡ်ကာ" ဟူသော ယောဂဝိဘာဂဖြင့် ကၡ်ပစ္စည်း သက်စေလို၏၊ ဘာ့ကြောင့်နည်း – တေ၌ ဝုဒ္ဓိရောက်ရသော ကြောင့်တည်း၊ "တေဘူမက သခ်ါရေသု" **စသည်တို့၌လည်း နည်းတူ**၊ "တေဘူမိက"ဟု ရှိရာ၌မူ တမဓိတေ သုတ်ဖြင့် ဇာတအနက်၌ ဏိကပစ္စည်းသက်၊ [ဋီကာကျော်၌ကား "တိဿော + ဘူမိယော ဠမယာတိ (ဤ ဝဋ္ဋတရား၏) တိဘူမံ"ဟု ဗဟုဗ္ဗီဟိ ပြုပြီးနောက် "တိဘူမံယေဝ+တေဘူမကံ"ဟု ပြ၏၊ ထိုအလို သကတ္ထ (သွတ္ထ)၌ ကၡ်ပစ္စည်း သက်စေလိုသည်၊ "က" ပစ္စည်းဆိုလျှင် ဝုဒ္ဓိမရောက်နိုင်၊ ကၡ် ပစ္စည်းသက်မှ ဝုဒ္ဓိရောက်နိုင်သည်၊ ထို့ကြောင့် ဝုဒ္ဓိရောက်ဖို့ရာ "ကၡ်" ပစ္စည်း ဟု ဆိုသည်။]

ဂါမ၊ပေါ၊ဒီဟိတာ ၃၅၅။ ဂါမ ဇန ဗန္ဓု သဟာယ ဣစ္စေဝမာဒိဟိ-
ဂါမ၊ပေါ၊သဟာယ အစရှိသော သဒ္ဒါတို့မှ (နောက်၌)၊
သမူဟတ္ထေ-၌၊ တာပစ္စယော ဟောတိ၊ ဂါမာနံ-ရွာတို့၏၊ သမူဟော-တည်း၊၊
ဂါမတာ—ပေါင်း၊ ဧဝံ, ဇနတာ—လူတို့၏အပေါင်း၊ ဗန္ဓုတာ—ဆွေမျိုးတို့၏
အပေါင်း၊ သဟာယတာ — သူငယ်ချင်းတို့၏ အပေါင်း၊ နဂရတာ—မြို့တို့၏
အပေါင်း၊ (၃၈၀)။

---

မောဂ္ဂလ္လာန်နှင့် နီတိ။ ။ဥက္ခာနံ+သမူဟော ဩက္ခကော (ဒုတိယအရှေ့ယ်
၌တည်သော နွားလားတို့အပေါင်း၊ တေသုဝုဒ္ဓိဖြင့် ဝုဒ္ဓိပြု၊) ဩဋ္ဌာနံ—ကုလား
အုပ်တို့၏ + ဥရဗ္ဘာနံ—သိုးတို့၏ + သမူဟော—ဩဋ္ဌကော စသည်၊ ကာကာနံ+
သမူဟော, ကာကံ—ကျီးတို့၏အပေါင်း၊ အစိတ္တက (စိတ်ဝိညာဏ် မရှိသော )
သဒ္ဒါနောင် ဏိကပစ္စည်းလည်းသက်၍ "အပူပါနံ —မုန့်တို့၏ + သမူဟော
အာပူပိကံ၊ သံကုလာနံ-အနုဆုပ် (ပေါက်ပေါက်ဆုပ်)တို့၏+သမူဟော သံကုလိ
ကံ"ဟု ထုတ်၏၊ ဏိကပစ္စည်းမပြသော ကစ္စည်းအလိုမူ "သမူဟတ္ထေ" ဟူသော
ယောဂဝိဘာဂဖြင့် သက်သင့်၏၊ သဒ္ဒနီတိ၌ကား "မာနုဿကာစ ဒိဗ္ဗာစ,
တူရိယာ ဝဇ္ဇန္တိ တာဝဒေ" ဟူသော ဗုဒ္ဓဝင်ပါဠိတော်၌ "မာနုဿကာတိ—
တဿေဒံတိ အတ္ထေ ကဏ်ပစ္စယော ဒဋ္ဌဗ္ဗော"ဟု မိန့်၏၊ "မနုဿာနံ+ဣမာနိ
မာနုဿကာ, မာနုဿကာနိ = လူတို့၏ ဥစ္စာဖြစ်ကုန်သော တူရိယာတို့"ဟု
ဣဒံအနက်၌ "ကဏ်ဏာ" ယောဂဝိဘာဂဖြင့် ကဏ်ပစ္စည်း သက်စေလိုသည်၊
"မာနုဿကာတိ-မနုဿာနံ + သန္တကာ"ဟု ဖွင့်သော အဋ္ဌကထာ၌လည်း ဣဒံ
တဒ္ဓိတ်ပြသင့်သည်၊ [ဒိဗ္ဗာ၌ကား "ဒိဝိ+ဘဝါ-ဒိဗ္ဗာ"ဟု ပြု၍ ဏျရာဂါသုတ်လာ
အညတ္ထအရဖြင့် ဘဝအနက်၌ ဏပစ္စည်း သက်သင့်၏၊ "ဒေဝါနံ+သန္တကာ"
ဟု ဖွင့်သော်လည်း အဓိပ္ပာယ်ဖွင့်သာ မှတ်။]

[ဆောင်] သမူဟတ္ထေ, သုတ် အဓနေဝယ်, ထွေထွေယောဂ, ဝိဘာဂဖြင့်၊
ဇာတ—ဣဒံ, နက် ၂ တန်ဝယ်, ကဏ်ပစ္စယ, သက်ကုန်ကြ၏၊
ဏိကမှာမူ, နက်သမူဟတ်, သက်ကုန်လတ်ဟု, ကျမ်းမြတ်ထိုထို
မိန့်သတည်း။

---

၃၅၅။ "ဇနာနံ + ဗန္ဓူနံ + သဟာယနံ+ နဂရာနံ+သမူဟော—ဇနတာ"
စသည်၊ "နဂရတာ"ကား သဟာယာဒိဟိ၌ အာဒိ၏ ပုံစံတည်း၊ "နဂရေ—
မြို့၌+ဇာတာ-ဖြစ်သူတို့တည်း၊ နာဂရာ-တို့"ဟု ပြု၍ "နာဂရာနံ+သမူဟော—
နာဂရတာ"ဟုလည်း ရှုဋ္ဌ တွေ့ရ၏၊ "နတ္ထိ ဗာလေ သဟာယတာ"၌ကား
"သဟာယဿ + ဘာဝေါ"ဟု ပြု၍ ဏျ တ္တတာ ဘာဝေတုဖြင့် သက်ရသော

တာပစ္စည်းတည်း၊ "သဟာယတာ-အပေါင်းအဖော်၏ အဖြစ်သည်"ဟု ပေး၊ [သဟာယ၌ "ယ်"ဖြင့်"သဟာယ်"ဟုလည်းကောင်း, နောက်ပစ်နှင့် ယသတ်ကို အသံတူဟု ဆို၍ "သဟဲ" ဟုလည်းကောင်း, အချို့အရာ၌ ဝိသဇ္ဇနီထည့်၍ "သဟဲး"ဟုလည်းကောင်း ရေးကြသည်။]

**မှတ်ချက်**။ ။၇ လှမ်းမျှ ခရီး**အ**တူသွားမိလျှင်"မိတ္တ=မိတ်ဆွေ"ဟုလည်းကောင်း, ၁၂ လှမ်းလောက် သွားမိလျှင်ကား"သဟာယ"ဟုလည်းကောင်း, တလထက်ဝက် ၁၅ ရက်ဖြစ်စေ- တလဖြစ်စေ အတူနေလျှင် "ဉာတိ = ဆွေမျိုး"ဟု လည်းကောင်း, ထို့ထက် အလွန် အတူနေရမှု အတ္တသမ (ကိုယ်နှင့်ထပ်တူ) ဟုလည်းကောင်း ကာလ ကဏ္ဍိကဇာတ်၌ ခွဲခြား၏၊ သို့ရာတွင် ထိုအခွဲမျိုးကို သူ့နေရာနှင့်သူသာ မှတ်ရမည်၊ **အစစ်အမှန်မှာ—ဆွေမျိုး ၇ ဆက် သွေးသားစပ်မှ** "ဉာတိ" ဖြစ်၏၊ ထိုသို့ ကိစ္စ၌ တိုင်ပင်ဘက် လုပ်ဘက်ကိုင်ဘက်ဖြစ်မှ "သဟ+အယတိ ပဝတ္တတီတိ" အရ သဟာယ မည်သည်၊ တယောက်အပေါ် တယောက် အကျိုးလိုလား၍ မေတ္တာထားနိုင်မှ "မိတ္တေသု+ဘဝါ မေတ္တာ"နှင့် အညီ မိတ္တအစစ် မည်နိုင်သည်။

သကတ္ထ၌လည်း တာပစ္စည်းသက်။ ။"တာ" ဟူသော ယောဂဝိဘာဂ ဖြင့် သကတ္ထ၌(ရှေ့ပုဒ်ဖြစ်သော မိမိ၏အနက်၌) တာပစ္စည်းသက်၍ "ဒေဝေါ ယေဝ = ဒေဝတာ, ဣဒပ္ပစ္စယာယေဝ = ဣဒပ္ပစ္စယတာ"ဟု ဖြစ်၏၊ ဒေဝေါ ယေဝ-နတ်သည်ပင်၊ ဒေဝတာ-ဒေဝတာလည်း မည်၏၊ ဣဒပ္ပစ္စယာယေဝ- ဤ သင်္ခါရစသော အကျိုးတရားတို့၏ အကြောင်းဖြစ်သော အဝိဇ္ဇာ စသည်တို့ သည်ပင်၊ ဣဒပ္ပစ္စယတာ-မည်၏၊ ဤသို့လျှင် သကတ္ထ (သွတ္ထ) တဒ္ဓိတ်များ၌ ဧဝ သဒ္ဒါဖြင့် ဝိဂ္ဂြိုဟ်ပြုကြ၏၊ "ထိုဧဝဖြင့် တာပစ္စည်းတို့ ဟောရိုးဖြစ်သော သမူဟ အနက် ဘာဝအနက်များကို ကန့်သည်"ဟု ယူ၍ "ဒေဝေါယေဝ-နတ်သည် သာလျှင်၊ ဒေဝတာ - ဒေဝတာမည်၏၊ နှ-နတ်တို့အပေါင်း, နတ်တို့၏ဖြစ်ရာ ဖြစ်ကြောင်းသည် ဒေဝတာ မမည်"ဟု အနက်ပေး၍ "ထိုဧဝကို နိဝတ္တာပနာ ဝဓာရဏ"ဟု ကြံကြ၏၊ ဤကျမ်းကား "ဒေဝေါနှင့် ဒေဝတာတို့ အနက်အထူး မရှိကြ, အနက်တူကြောင်းကိုပြသော သန္နိဋ္ဌာနာဝဓာရဏ"ဟု ထင်သည်၊ "ဒေဝေါ+ဧဝ"ဟု တည်, ယ်လာ၊ ဤသုတ်၌ တာဟူသော ယောဂဝိဘာဂ ဖြင့် တာပစ္စည်းသက်, ဧဝပုဒ် ဝိဘတ်တို့ကိုချေ၊ သိသက်၊ ချေ၊ တာပစ္စယန္တပုဒ် တို့သည် ပင်ကိုယ်သဘောအတိုင်းပင် ဣတ္ထိလိင်ရှိကြသောကြောင့် အာပစ္စည်း ထပ်၍သက်ဖွယ် မလို။

သကတ္ထ (သွတ္ထ) အဓိပ္ပာယ်။ ။ဒေဝဟူသော မူလပုဒ်သည် သက (မိမိ) မည်၏၊ ထိုပုဒ်၏ "နတ်" ဟူသော အနက်သည် သကတ္ထမည်၏၊ တာပစ္စည်းသည် ထို သကတ္ထ၌ဖြစ်၏၊ "ဒေဝနှင့် တွဲဘက်၍ နတ်ဟူသော အနက်ကိုပင်ဟော၏" ဟူလို၊ ထို့ကြောင့် တာပစ္စည်းသည် လုံးလုံးအနက်မရှိသော ပစ္စည်းမဟုတ်, ရှေ့ပုဒ်၏ အနက်သည်ပင် ပစ္စည်း၏အနက်လည်း ဖြစ်သည်။ ["နတု သဒ္ဒါ

**တ ဒ ဿ ဌာန မိယော စ** ၃၅၆။ **တံ—သည်၊ အဿ·၏၊ ဌာနံ·တည်း၊** ဠစ္စေ တသ္မိံ **အတ္ထေ—၌၊** ဠယပစ္စယော ဟောတိ၊ မဒ **နဿ—ယစ်မူးခြင်း၏၊ ဌာနံ—တည်ရာအကြောင်းတည်း၊ မဒနီယံ-ကြောင်း၊** ဗန္ဓ **နဿ** — **နှောင်ဖွဲ့ခြင်း၏** ၊ပေ၊ မုစ္ဆနဿ — **တွေဝေခြင်း၏** ၊ပေ၊ ဇဝံ, ရဇ္ဇနီယံ—

---

**အနတ္ထာ=အနက်မရှိသော** သဒ္ဒါတို့ **မရှိကြ**'' ဟူသော ပရိဘာသာနှင့်အညီ တာ **ပစ္စည်းအနက်** ရှိသည်-ဟူလို၊] ဤသို့ သကတ္ထ၌ ဖြစ်သောကြောင့် ''သကတ္တေ+ **ပဝတ္တံ သကတ္ထိကံ**'' အရ **ဒေဝတာ**ကို သကတ္ထိကတဒ္ဓိတ်ဟု ခေါ်။ [သက္ကတ၌ ''မိမိ'' ဟူသော အနက်ဟောပုဒ်ကို ''သွ''ဟု ဆို၏၊ ပါဠိ၌ ''သ''နှင့် အတူပင်၊ သဿ-မိမိ၏+အတ္တော, သတ္တော (သက္ကတအလို ''သွတ္တော'') ထို သတ္ထ၌ဖြစ် **သော** တဒ္ဓိတ်သည် ''**သတ္ထိက**'' တဒ္ဓိတ် မည်၏၊ ယခုကာလ၌ သွတ္ထတဒ္ဓိတ်ဟူ ခေါ်ကြခြင်းမှာ သက္ကတလိုက်၍ ခေါ်ခြင်းသာ၊ ''သောယေဝ + အတ္တော ယဿာတိ **သွတ္ထော**''ဟူသော ဝိဂ္ဂဟ်လည်း ကျမ်းရင်းအလိုမကျ။]

## အသုံးများသော သကတ္ထိကတဒ္ဓိတ်များ

**ယာဝါဒိမှာ ကော**။ ။ယာဝေါ ဝေ ယာဝကော၊ပေ၊ **အာဠ္ဟကော**, ဉာတကော, ဘိက္ခုကော, တနုကော, ပေါတကော။

**သီတုဏှေဟိ ဥတုမှိ**။ ။ဥတုအနက်ကို ဟောရာ၌ သီတ ဥဏှနောင် သကတ္ထ၌ က ပစ္စည်း**သ**က်၊ သီတောဝေ သီ**တ**ကော (အအေးဥတု) ,ဥဏှကော [ဥတုကို မဟောရာ၌ ''သီတောဝါယော=အေးသောလေ''ဟု က ပစ္စည်း မသက်ရ၊] ထို့ပြင်....''လောဟိတကော = ပတ္တမြားနီ၊ **နှာတကော**=ရေချိုးသူ၊ ကာဠ **ကော**=အမဲဟုလည်း ရှိသေး၏။

**အဟမာဒိဝဏ္ဏေဟိ ကာရော**။ ။အဟံ,**စ**သော ဝဏ္ဏနောင် သကတ္ထ၌ ကာရပစ္စည်း **သ**က်၊ အဟမေဝ အဟံကာရော, ဥုံကာရော, **သ**ဗ္ဗံကာရော, တုကာရော, ကကာရော။

**ရူပနာမေဟိ ဓေယျော, ဘာဂါတု ယော စ**။ ။ရူပ နာမ သဒ္ဒါနောင် သကတ္ထ၌ ဓေယျပစ္စည်း,ဘာဂနောင် ယ ပစ္စည်းသက်၊ ရူပဓေယျံ, နာမဓေယျံ, ဘာဂဓေယျံ, ဘာဂျံ။ [''အသင်္ခါရိကံ, ဝိနယမေဝ ဝေနယိကော'' စသည်တို့ကား တမိတေသုတ်ဖြင့် ဏိကပစ္စည်း**သက်**။]

---

၃၅၆။ တဒဿ ဌာန မိယော။ ။''တဿ + ဌာနံ'' အရ ''မဒနဿ + ဌာနံ''ဟု ဝိဂ္ဂဟ်ပြု၍ ''မဒနဿ'' ဟူသော ဆဋ္ဌီယန္တ လိင်နောင် ဌာနအနက်၌ ဠယပစ္စည်းသက်၊ တဒဿတ္ထိတိ ဝိစသုတ်၌ တံသည် ''မေဓာ'' စသော ပဌမန္တ ပုဒ်ကို ညွှန်ပြ၍ ထို ပဌမန္တနောင် ပစ္စည်းသက်ရ၏၊ ဤသုတ်၌ (တဒဿဝယ်) တံကား ထိုကဲ့သို့ ပဌမန္တပုဒ်ကို ညွှန်ပြသည်မဟုတ်, ဌာနံ၏ အရဖြစ်သော

တပ်မက်ခြင်း၏ တည်ရာအကြောင်း၊ ကမနိယံ — နှစ်သက်ခြင်း၏ တည်ရာအကြောင်း။ [“ကမ္မနိယံ — တုန်လှုပ်ခြင်း၏ တည်ရာအကြောင်း”ဟု အချို့စာရှိ၏။] ဂမနိယံ — သွားရောက်ခြင်း၏ တည်ရာအကြောင်း၊ ဒုဿနိယံ— ပြစ်မှားခြင်း၏ တည်ရာအကြောင်း၊ ဒဿနိယံ - ကြည့်ရှုခြင်း၏ တည်ရာအကြောင်း။ (၃၈၁)။

---

ယစ်မူးကြောင်း သေရည်စသည်ကို ညွှန်ပြ၏၊ “မိယော” အရာဝယ် သီဟိုဠ်မူနှင့် ဗာလာဝတာရတို့၌ ဒီဃဖြင့် “မီယော”ဟု ရှိ၏၊ ပုံစံများကိုလည်း “မဒနီယံ” စသည်ဖြင့် ဒီဃနှင့် ထုတ်ပြသည်၊ “မဒနီယံတိ-ကရဏေ-ဓိကရဏေ ဝါ အနီယေန သိဒ္ဓံ = မဒနီယံသည် မဒဓာတ် (ကရိုဏ်း, သို့မဟုတ် - အဓိကရဏ အနက်၌) အနီယပစ္စည်းဖြင့် ကိတ်ရုပ်ပြီး၏”ဟု ဤသုတ်ကို မလိုလားသော မောဂ္ဂလ္လာန်လည်း “ဤယ”ဟုပင် အယူရှိဟန်တူ၏၊ သို့သော် ဟိတအနက်၌ “ဣယော ဟိတေ”ဟု သက္ကတသုတ် ရှိသောကြောင့်လည်းကောင်း, သဒ္ဒနီတိ၌ ဣယပစ္စည်းဟု ဆိုထားသောကြောင့်လည်းကောင်း, ဤယပစ္စည်းကို ဆိုလိုလျှင် ကိတ် အနီယပစ္စည်းဖြင့် ပြီးနိုင်၍ ဤသုတ်ကို မလိုအပ်သောကြောင့် လည်းကောင်း အရှင် ကစ္စည်းဆရာ ကိုယ်တိုင်မူက “ဣယ”ဟု ရဿဖြင့်သာ ဆိုလိုဟန်တူသည်။

တဒ္ဓိတ်မသင့် ကိတ်သာ သင့်ပုံ။ ။မဒနီယံ စသည်ကို ကစ္စည်းနှင့် ထို၏နောက်လိုက်ကျမ်းများက တဒ္ဓိတ်ဟု ဆို၍ မောဂ္ဂလ္လာန်က ကိတ်ပုဒ်ဟု ဆိုရာ၌ “သော ဘဏ္ဍေ ဝိဏာနာမ၊ ယဿာ ဧသော သဒ္ဒေါ ဧဝံ ရဇနီယော ဧဝံ ကမနီယော ဧဝံ မဒနီယော ဧဝံ မုစ္ဆနီယော ဧဝံ ဗန္ဓနီယော” ဟူသော သဋ္ဌာယတနသံယုတ်, စတုတ္ထပံ, အာသီဝိသဝဂ်၌ “ရဇနီယောတိ အာဒီသု စိတ္တံ ရဇ္ဇေတီတိ ရဇနီယော, ကာမေတဗ္ဗတာယ ကမနီယော, စိတ္တံ မုစ္ဆိတံဝိယ ကရဏတော မုစ္ဆယတီတိ မုစ္ဆနီယော၊ (“မုစ္ဆိဿတီတိ” ရှိသည်ကို ဆင်ခြင်), “အာဗန္ဓိတွာ ဝိယ ဂဟဏတော ဗန္ဓတီတိ ဗန္ဓနီယော”ဟု အဋ္ဌကထာ ဖွင့်သောကြောင့် မောဂ္ဂလ္လာန် ဆိုသည့်အတိုင်း ကိတ်ပုဒ်ကြံခြင်းသာ သင့်၏၊ မှန်၏-မဒနီယောကို “မဒါယတိ - ယစ်မူးစေတတ်၏”ဟု ဖွင့်ရာ၌ မဒဓာတ် (ကာရိတ် ဏေပစ္စည်းကြေ) ကတ္တားဟော အနီယပစ္စည်းဟုလည်း ကြံနိုင်၏၊ “မဇ္ဇတိ အနေနာတိ မဒနီယော”ဟု ကရဏသာဓ်လည်း ကြံနိုင်၏၊ “မဇ္ဇတိ ဧတ္ထာတိ”ဟု အဓိကရဏသာဓ် ကြံခြင်းမှာ “တဒဿဋ္ဌာနံ သုတ်အရ ဌာနအနက်လည်း အဓိကရဏသာဓ် ကြံလျှင် ပြီး၏-ဟု ပြလိုခြင်းဖြစ်၏၊ မည်သို့ပင် ကြံသည်ဖြစ်စေ အနီယပစ္စည်းဖြင့် ကိတ်ရုပ် ပြီးရသည်မှာ အမှန်ပင်တည်း၊ မောဂ္ဂလ္လာန်က ဤသုတ်ကို အပိုဟု ဆိုလိုသည်၊ ကလာပ် မုဒ္ဓဗောဓတို့၌လည်း ဤသုတ်ကို မတွေ့ရ။ [“မုစ္ဆနီယံ”ဟု ပါဠိ၌ရှိကြသော်လည်း “စိတ္တံ မုစ္ဆိတံဝိယ” စသော အဖွင့်ကို ထောက်၍ “မုစ္ဆ

ဥပမတ္ထာယိတတ္တံ ၃၅၇။ ဥပမတ္တေ — ဌ်၊ အာယိတတ္တပစ္စယော ဟောတိ၊ အဒ့ုဝနံ - ဤတောကို၊ ဓူမောဝိယ-မီးခိုးကဲ့သို့၊ ဒိဿတိ- မြင်အပ်၏၊ (ဣတိ-ထို့ကြောင့်၊) တဒိဒံ (တံ+ဣဒံ)—ထိုတောသည်၊ ဓူမာယိ တတ္တံ—မည်၏၊ အဒုံဝနံ-ကို၊ တိမိရံ ဝိယ—အမိုက်မှောင်ကဲ့သို့၊ ဒိဿတိ (ဣတိ) တဒိဒံ-သည်၊ တိမိရာယိတတ္တံ-မည်၏၊ (၃၈၂)။

---

နီယံ''သာ ပါဌ်မှန်၊ အချို့ အဋ္ဌကထာစာအုပ်၌ ''မုဋ္ဌိတံဝိယ'' စသည်ဖြင့် ပါဌ် ပျက်တတ်၏။]

စ အနက်။ ။မိယောစ၌ စသဒ္ဒါကို ဌာနံနောင် ထိုင်စေ၍ ထိုစသဒ္ဒါဖြင့် ဌာနအနက်မှတပါး ''ဟိတ'' စသော အနက်များကို ဆည်းသည်ဟု ရှုဆို၏၊ ''ဥပါဒါနာနံ — ဥပါဒါန်တို့၏ + ဟိတာ-စီးပွားတို့တည်း၊ ဥပါဒါနီယာ-တို့၊ သညောဇနာနံ+နီဝရဏာနံ+ဟိတာ=သညောဇနီယာ, နီဝရဏိယာ'' တို့လည်း နည်းတူ၊ မိယောစနောင် စသဒ္ဒါဖြင့်ကား ဣဒံ အနက်၌ ဣလ ပစ္စည်းလည်း သက်၍ ''ရညော+ဣဒံ ရာဇိယံ ရာဇိလံ-မင်း၏ဥစ္စာ''ဟု ဖြစ်၏။ [အချို့ကား ''ရှေ့စဖြင့် ဟိတ-အာရမဏ-ဘဝ - ခမ-အရဟအနက်တို့ကို ယူ၍, နောက်စဖြင့် ဣလ-ယျေ ပစ္စည်းများကိုလည်း ယူသည်''ဟု ဆို၍ ''ဥဒရေ + ဘဝံ—ဥဒရိယံ, ကမ္မဿ + ခမံ - ကမ္မနိယံ (နှ အက္ခရာလာ), ဒဿနံ + အရဟတီတိ ဒဿနိယံ, ဒဿနေယျံ (ဝန္ဒနိယော ဝန္ဒနေယျော) ပူဇနိယော, ပူဇနေယျော'' တို့ကို လည်း ထုတ်ကြ၏၊ ထိုတွင် ဥဒရိယံကို ဇာတာဒီနသုတ်၌ ရှုပသိဒ္ဓိပြခဲ့ပြီ။ [''သမာနံ+ဥဒရံ သောဒရံ=တူသော အမိဝမ်းတိုက်၊ သောဒရေ+သယိတော သောဒရိယော=တူသော အမိဝမ်းတိုက်၌ ကိန်းဖူးသော ညီအစ်ကိုအရင်း''လည်း ဥဒရိယံ ကဲ့သို့ ပြီး၏၊] ကမ္မညံကဲ့သို့ ကမ္မနိယံလည်း ဇာတာဒီနသုတ်ဖြင့် ပြီးသင့်၏၊ ဒဿ နီယံကား အနီယပစ္စည်းဖြင့်ပြီးသော ကိတ်ပုဒ်သာ၊ အရဟတိအနက်၌ ''ဒဿ နံ+အရဟတီတိ ဒဿနေယျော'' စသည်ကား ဏေယျော ယောဂဝိဘာဂဖြင့်ပင် ပြီးခဲ့လေပြီ။

၃၅၇။ ဥပမတ္တေ။ ။ဥပမာ, ဥပမေယျ, ဥပမာဟုဤနေရာ၌ ၃ ချက်ခွဲ၊ မီးခိုးသည် နှင်းယှဉ်ကြောင်းဖြစ်၍ ဥပမာနမည်၏၊ တော စသော အရပ်ကား ညို့ညို့မှိုင်းမှိုင်း ဖြစ်နေသောကြောင့် (မီးခိုးဖြင့် နှင်းယှဉ်အပ်ရာအား)ဥပမေယျ မည်၏၊ ထိုမီးခိုးနှင့် ထိုတောစသောအရပ်တို့ ညို့ညို့မှိုင်းမှိုင်းဖြစ်ပုံချင်းအားဖြင့် တူနေသောသဘောသည် ဥပမာမည်၏၊ ဓူမောသည် ဥပမာနဝါစက(ဥပမာနကို ဟောသောသဒ္ဒါ), ဝန(ဌာန)စသော သဒ္ဒါသည် ဥပမေယျဝါစက၊ ဝိယကား ဥပမာအနက်ကို ထွန်းပြသော ဥပမာဇောတက သဒ္ဒါတည်း၊ ထို့ကြောင့် ဝိယ

သဒ္ဒါသည် ထွန်းပြအပ်သော ဥပမာအနက်၌ (ဥပမာနဝါစက သဒ္ဒါနောင်) အာယိတတ္တပစ္စည်း သက်သည်။

**သက္ကတ။** ။မုဒ္ဒဗောဓ ကလာတို့၌ ဤသုတ်မရှိ၊ "ဥပမာနေ ဝတိ" သုတ်ဖြင့် ဣအနုဗန်ရှိသော ဝတ်ပစ္စည်းသက်၍ "ရာဇေဝ ဝတ္တတေတိ ရာဇဝတ် (မင်းနှင့်တူသူ)" စသည်ဖြင့် ပုံစံထုတ်၏၊ ပါဠိ၌ "ရာဇာဝ"ဟု ဖြစ်၏၊ ထိုသုတ်၌ ဥပမာကို "ဥပမာန"ဟု ခေါ်ထားသည်။

**ဓူမောဝိယ ဒိဿတိ အဒ္ဒုံဝနံ။** ။သီဟိုဠ်မူ၌ "အဒ္ဒုံဠာနံ"ဟု ရှိ၏၊ "ထို အရပ်သည်"ဟု ပေး၊ ဤ၌ အဒ္ဒုံဝနံသည် (ယံသဒ္ဒါကဲ့သို့) အပိုထည့်ပါဌ်၊ ဒိဿတိလည်း အပိုထည့်ပါဌ်ပင်၊ "ဓူမာယိတတ္တံ - မီးခိုးတိမ်တိုက်နှင့် တူသော တော ( အရပ် )"ဟု အနက်ပေးရသောကြောင့်လည်းကောင်း, ဝိယ ဒိဿတိ အနက်၌ ပစ္စည်းသက်သည် မဟုတ်, ဥပမာအနက် (ဝိယ၏ အနက်၌) သက်သော ကြောင့် လည်းကောင်း ရုပ်တွက်သည့်အခါ "ဓူမော+ဝိယ"ဟုသာ တည်ပါ၊ "ဓူမောဝိယ-မီးခိုးကဲ့သို့တည်း၊ ဣတိအတ္ထေ-၌"ဟု ဆို၍ ဤသုတ်ဖြင့် အာယိ တတ္တ ပစ္စည်းသက်, ဝိယပုဒ် သိဝိဘတ်တို့ကို ချေ, စသည်စီရင်၊ တိမိရာယိတတ္တံ ၌လည်း "တိမိရံ+ဝိယ" တည်၍ နည်းတူတွက်။

မောဂ္ဂလ္လာန်။ ။"ဓူမာယိတတ္တံတိ - က္တန္တာနာမဓာတုတော က္တေန သိဒ္ဓံ= ဓူမာယိတဟူသော က္တပစ္စယန္တ နာမဓာတ်နောင် က္တပစ္စည်းဖြင့် ပြီး၏"ဟု ဆို၍ ဤသုတ်ကို ပယ်လေသည်၊ "ဓူမောဝိယ အာစရတိ" ဟူသော အနက်၌ "အာယ နာမတော ကတ္တုပမာနာ ဒါစာရေ" ကဲ့သို့သော သုတ်ဖြင့် အာစာရ အနက်၌ အာယပစ္စည်းသက်၍ "ဓူမာယ"ဟု ဖြစ်သော နာမဓာတ်နောင် ကတ္တားအနက်၌ (က္တ) တပစ္စည်း ဣ အာဂုံဖြင့် "ဓူမာယိတ"ဟု ပြီးစေ၍ ဘာဝအနက်၌ဖြစ်စေ သကတ္ထ၌ဖြစ်စေ တ္တပစ္စည်းသက်လျှင် "ဓူမာယိတတ္တံ-မီးခိုးကဲ့သို့ ပြုတတ်သော အရာတည်း"ဟု ဖြစ်၏။

ဤ မောဂ္ဂလ္လာန် စီရင်ပုံသည် "ဓူမာယိတတ္တံ တိမိရာယိ တတ္တံ ဂစ္ဆတေဝ" ဟူသော မာရသံယုတ်၌ "ဓူမာယိတတ္တံတိ - ဓူမာယိတဘာဝံ၊ တသ္မိံ ဟိ ခဏေ ဓူမဝလာဟကာ ဝိယ တိမိရဝလာဟကာ ဝိယစ ဥဋ္ဌဟိံသု"ဟု အဋ္ဌကထာ ဖွင့်ပုံနှင့် ညီပေသည်၊ "ဓူမာယိတတ္တံ-မီးခိုးတိမ်တိုက်ကဲ့သို့ ပြုကျင့်တတ်သည်၏ အဖြစ်သည်၊ ဝါ-မီးခိုးတိမ်တိုက်နှင့်တူသော အခိုးလုံးကြီးသည်၊ တိမိရာယိတတ္တံ- အမှောင်တိမ်တိုက်ကဲ့သို့ ပြုကျင့်တတ်သည်၏အဖြစ်သည်၊ ဝါ-အမှောင်တိမ်တိုက် နှင့်တူသော မှောင်မှောင်မဲမဲ အလုံးကြီးသည်၊ ဂစ္ဆတေဝ-တသွားထဲ သွားနေ တော့သတည်း"ဟု ပေး။

**တန္နိဿိ တတ္ထေလော** ၃၅၈။ တန္နိဿိတတ္ထေ - ထိုကို မှီ၍ဟူသော အနက်၌လည်းကောင်း၊ တံ-ထိုသည်၊ အဿ-ထို၏၊ ဌာနံ-တည်ရာအကြောင်းတည်း၊ ဣစ္စေတသ္မိံ အတ္ထေ စ-၌လည်းကောင်း၊ လပစ္စယော-ဟောတိ၊ ဒုဋ္ဌု-မကောင်းမှုကို၊ နိဿိတံ-မှီသည်တည်း၊ ဒုဋ္ဌုလ္လံ-မကောင်းမှုကို မှီသည်၊ ဝေဒံ-ဉာဏ်ကို၊ ဝါ-နှစ်သက်ခြင်းကို၊ နိဿိတံ - တည်း၊ ဝေဒလ္လံ-သည်၊ ဒုဋ္ဌု—မကောင်းမှု၏၊ ဌာနံ-တည်း၊ ဒုဋ္ဌုလ္လံ-ကြောင်း၊ ဝေဒဿ-ဉာဏ်၏၊ ဝါ-နှစ်သက်ခြင်း၏၊ ဌာနံ ဝေဒလ္လံ၊ (၃၈၃)။

---

**၃၅၈။ တန္နိဿိတတ္ထေ၊ပေ၊အတ္ထေ စ။** ။"တံ + နိဿိတံ, တန္နိဿိတံ" ဟု တပ္ပုရိသ်သမာသ် ပြု၊ မှန်၏— "တံ + နိဿိတံ" သည် သမာသ်မဟုတ်ပဲ ဝါကျဖြစ်လျှင် "တံ-ထိုကို + နိဿိတံ - မှီ၍၊ ဣတိ အတ္ထေ-၌"ဟု ဣတိသဒ္ဒါ ပါရာ၏၊ ယခုမှာ ဣတိမပါပဲ "တန္နိဿိတတ္ထေ"ဟု ဆိုထားသောကြောင့် "တန္နိဿိတ"သည် သမာသ်သာ ဖြစ်ထိုက်၏၊ လုတ္တ အလုတ္တ ၂ မျိုးတွင်ကား (ယ-တနှင့် သမာသ်တွဲရာ၌ ရှေ့ ယ-တနောင် နိဂ္ဂဟိတ်လာလေ့ရှိသောကြောင့် နိဂ္ဂဟိတ်လာပြီးမှ "န"ပြုရကား)တံ၌ ဒုတိယာကြေသော လုတ္တသမာသ်ဖြစ်ထိုက်၏၊ ထို့ကြောင့် "တန္နိဿိတန္တိ-အလုတ္တသမာသော-ယံ" ဟူသော နိဒ္ဒေသကို ဆင်ခြင်၊ တန္နိဿိတော စ သော အတ္ထော စာတိ တန္နိဿိတတ္ထော၊ တဒဿ ဌာန မိစ္စေယော စ သုတ်မှ တဒဿဌာနပုဒ်ကို လိုက်စေ၍ "တဒဿ ဌာန မိစ္စေ တသ္မိံ အတ္ထေ စ"ဟု ဝုတ္တိဖွင့်၏၊ [နိဒ္ဒေသ၌ကား တဒဿဌာန မိစ္စေယော စ ကဲ့သို့ အတ္ထသဒ္ဒါမပါပဲ ပြီးသင့်လျက် တန္နိဿိတတ္ထေဟု အတ္ထသဒ္ဒါပိုကိုဆိုခြင်းကြောင့် ထို အတ္ထသဒ္ဒါပိုဖြင့် "တဒဿဌာနမိစ္စေ တသ္မိံ အတ္ထေ"ဟု အနက်ပိုပြသည်-ဟု ဆိုသည်။]

**ဒုဋ္ဌု၊ပေ၊ဝေဒလ္လံ။** ။ဒုဋ္ဌုသဒ္ဒါ နိပါတ်ပုဒ်တည်း၊ ထို့ကြောင့် ဒုတိယာ-ဆဋ္ဌီကြေ၍ "ဒုဋ္ဌု-ကို၊ ဒုဋ္ဌု-၏"ဟု ပေးနိုင်သည်၊ ဒုဋ္ဌုံ,ဒုဋ္ဌုဿတို့ကား ပါဠ်ပျက်သာ၊ ဒုဋ္ဌုနောင် အံသက်, ချေ၊ နိဿိတနောင် သိသက် အံပြု "ဒုဋ္ဌု +နိဿိတံ" ဟု ဝါကျဖြစ်၏၊ အနက်ပေး၍ နိဿိတအနက်၌ လ ပစ္စည်းသက်, ဆိုင်ရာချေ, လ ဒွေဘော်လာ, ဒုဋ္ဌုလ္လဟု ဖြစ်၏၊ "ဝေဒံ + နိဿိတံ"ဟု ဝါကျဖြစ်စေ၍ ဝေဒလ္လပြီးပုံလည်း နည်းတူ၊ "ဒုဋ္ဌု + ဌာနံ" စသည်ကား တဒဿဌာနမိစ္စေ တသ္မိံ အတ္ထေအရ ပုံစံများတည်း၊ ဝေဒသဒ္ဒါသည် ဉာဏ်ကိုလည်းကောင်း, နှစ်သက်ခြင်းကိုလည်းကောင်း ၂ နက်လုံးကို ဧကသေသနည်း-သာမညနိဒ္ဒေသနည်းအားဖြင့် ဟော၏။

**သိလက္ခန္ဓဋီကာသစ်။** ။ဝေဒေန—(ဤ "ဝေဒဇာတ တုဋ္ဌိ စ လဒ္ဓါ လဒ္ဓါ" ပါဠ်ဖြင့်) ဝေဒသဒ္ဒေါ ဉာဏေ သောမနဿေ စ ဧကသေသနယေန("ဝေဒေါ စ-ဉာဏ်လည်း၊ ဝေဒေါ စ-နှစ်သက်ခြင်းလည်း၊ ဝေဒေါ - ဉာဏ်နှစ်သက်ခြင်း"ဟု

အာလု တဗ္ဗဟုလေ ၃၅၉။ တဗ္ဗဟုလတ္တေ - ထို တရားများ၏ဟူသော အနက်၌၊ အာလုပစ္စယော - သည်၊ ဟောတိ - ဖြစ်၏၊ အဿ-ထိုသူ၏၊ အဘိဇ္ဈာ - အဘိဇ္ဈာဟူသော၊ ပကတိ - ပင်ကိုယ်သဘောသည်၊ (အတ္ထိ, ဣတိ) အဘိဇ္ဈာလု-မည်၏၊ အဿ-၏၊ အဘိဇ္ဈာ - အဘိဇ္ဈာသည်၊ ဗဟုလာ—

---

ပြုရသော ကေသေသနည်းအားဖြင့် လည်းကောင်း), သာမညနိဒ္ဒေသေန ဝါ— (သဒ္ဒါတို့၌ သာမညအားဖြင့် ညွှန်ပြအပ်သော နည်းအားဖြင့်လည်းကောင်း) ပဝတ္တတီတိ ဒဿေတိ...သီလက္ခန္ဓဋီကာသစ်၊ ဤစကားကိုထောက်၍ "ဝေဒံ-ပေဒင်ကို"ဟု ပေးသော ရှေးနက်ကို ဆင်ခြင်ပါ။

**တနည်း** ဒုဋ္ဌုလ္လံ။ ။"ဒုဋ္ဌုလ္လန္တိ-ဒုဋ္ဌု စ ကိလေသဒူသိတံ ထူလဋ္ဌ အသုခုမံ"ဟု ဖွင့်သော သုဒိန္နကဏ္ဍအဋ္ဌကထာ အလိုအားဖြင့် ဒုသဒ္ဒါသည် ဒုဋ္ဌု (မကောင်းဟူသော)အနက်ဟောတည်း၊ "မကောင်း"ဟူသည်လည်း ကိလေသာတို့ ဖျက်ဆီးအပ်သောကြောင့် ဖြစ်၏၊ ထူလသဒ္ဒါကား "ကြမ်းတန်း" အနက်ဟောတည်း၊ တ် ဒွေဘော်လာ၊ တ္တကို ဒေါ်ဿေစဋ္ဌ စဖြင့် ဋ္ဌပြု, ဦကို ရဿပြု, လ ဒွေဘော်လာ "ဒုဋ္ဌုလ္လ"ဟု ဖြစ်၏၊ ဒုဋ္ဌု(စ+သော+ထူလောစာတိ ဒုဋ္ဌုလ္လော-မကောင်းကြမ်းတန်းသော အကျင့် (ယုတ်ကြမ်းသော အကျင့်)။

ဝေဒလ္လံ။ ။"ဝေဒဉ္စ တုဋ္ဌိံ စ လဒ္ဓါ လဒ္ဓါ ဓေသိတသုတ္တန္တာ ဝေဒလ္လံ" ဟူသော အဋ္ဌကထာ, "ဝေဒဿ လဘာပနတော ဝေဒလ္လသညာ ပတိဋ္ဌိတာ" ဟူသော သီလက္ခန္ဓဋီကာဟောင်းကိုမှီ၍ "ဝေဒံ+လဘာပေတီတိ (ဉာဏ်နှင့် နှစ်သက်ခြင်းကို ရစေတတ်သည်၏ အဖြစ်ကြောင့်) ဝေဒလ္လံ"ဟု ဖြစ်၏၊ [ဝေဒ+လဘဓာတ်, က-ရိတ်ကြေ, ကို့ပစ္စည်းဟု ကြံ။]

ဂူလ္လပစ္စည်း။ ။နိဿိတအနက်၌ သုတ်ကြီးဖြင့် ("ဒိဿန္တဉ္စောပိ ပစ္စယာ" ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့်) ဂူလ္လပစ္စည်းသက်၍ "သင်္ခါရတ္တံ - သင်္ခါရအဖြစ်ကို+နိဿိတံ-(တ္တကို သုတ်ကြီးဖြင့်ချေ၍) သင်္ခါရိလ္လံ"ဟု ပြီး၏၊ "သေယျထာပိ ပိသာစိလ္လိကာတိ ပိသာစာဝေ ပိသာစိလ္လိကာ" ဟူသော မဟာဝါ ဝဿူပနာ ယိကက္ခန္ဓကဋ္ဌကထား ယခင်သုတ်ဖြင့် သကတ္ထ၌ ဂူလ္လိကပစ္စည်းသက်။

၃၅၉။ တဗ္ဗဟုလတ္တေ။ ။တဒေဝ-ထိုတရားသည်ပင်+ဗဟုလံ-များသည် တည်း၊ တဗ္ဗဟုလံ—ထိုတရားများသည်၊ ဝါ-များသော ထိုတရား (ရူဋီကာ)၊ ဤဝိဂြိုဟ်အရ အဘိဇ္ဈာစသော တရားကိုသာရသော်လည်း ဥာနျူပစာရအားဖြင့် ထိုတရားရှိသူတိုင်အောင်ယူ၊ ထို့ကြောင့် ရူ၌ "တဒဿ ဗဟုလမိစ္စေ တသ္မိံ အတ္ထေ"ဟု အဿထည့်၍ (အဿတ္ထိ အနက်မျိုးဖြစ်အောင်) ဖွင့်သည်၊

များ၏၊ (ဣတိ)၊ အဘိဇ္ဈာလု-၏၊ ဓေ၊ သိတာလု-အအေးများသူ၊ ဓဇာလု— တံခွန်များသော ရထား၊ ဝါ-အလံများသော ရထား၊ ဒယာလု - သနားခြင်း များသူ၊ (၃၇၅)။

---

"အဘိဇ္ဈာ + အဿ + ပကတိ + သူ၏ ပင်ကိုယ်သဘော (ထုံးစံဓလေ့) အားဖြင့် အဘိဇ္ဈာတရားရှိသည်" ဟု ဆိုသဖြင့် ထိုသူသည် အဘိဇ္ဈာ အားကြီးသူ ဖြစ်ကြောင်းသိသာ၏၊ ထို့ကြောင့်"အဘိဇ္ဈာ အဿ ပကတိ"ဟု ဆိုသော်လည်း "အဘိဇ္ဈာ အဿ ဗဟုလာ"နှင့် အဓိပ္ပာယ်တူပင်ဖြစ်၍ ဝိဂ္ဂဟ် ၂ မျိုးလုံးပင် တဗ္ဗဟုလ အနက်ပြချည်း-ဟု မှတ်ပါ၊ သီတံ+အဿ ပကတိ (ဗဟုလာဝါ) သိတာလု၊ ဓဇော (တံခွန်၊ ဝါ-အလံ) အဿ ဗဟုလာတိ ဓဇာလု။ [ဤ၌ကား ပကတိအနက် မကောင်း။] ဒယာ (သနားခြင်း) အဿ ပကတိ (ဗဟုလာဝါ) တိ ဒယာလု၊ "ဘိက္ခု"ကဲ့သို့ ရုပ်စဉ်။

**သဒ္ဒတအဆို။** ။သီတုဏှ တိပ္ပေဟိ တဒသဟနေ—ထိုကို သည်းမခံနိုင်ခြင်း အနက်၌ သီတ ဥဏှ တိပ္ပသဒ္ဒါတို့နောင် အာလုပစ္စည်းသက်၊ (ဝါတ္တိကသုတ်)၊ သီတံ-အအေးကို (အချမ်းကို) + န သဟတေ-သည်းမခံနိုင်၊ ဣတိ သီတာလု၊ ဥဏှာလု-အပူကို သည်းမခံနိုင်သူ၊ တိပ္ပါလု-ဒုက္ခကို သည်းမခံနိုင်သူ၊ "သဒ္ဓါဒိတော အာလု" ဟူသော သာရသင်္ဂဟသုတ်ဖြင့်ကား အဿတ္ထိအနက်၌ အာလု ပစ္စည်းသက်၍ "သဒ္ဓါလု-များသော သဒ္ဓါရှိသူ၊ ဒယာလု" စသည်ဖြစ်၏၊ သဗ္ဗတော ကော သုတ်ဖြင့် (က) လာလျှင် "အဘိဇ္ဈာလုကော, အဘိဇ္ဈာလုကာ (အဘိဇ္ဈာများသော မိန်းမ) အဘိဇ္ဈာလုကံ (စိတ်)" စသည်ဖြစ်၏။

**အဋ္ဌကထာ။** ။"ဒယာ လုကေနာတိ—အနုကမ္ပာ - သဟိတေန (သနားခြင်းကို သည်းမခံနိုင်သော)" ဟူရာ၌ကား "သနားခြင်း များသည်ဖြစ်၍ ထို သနားခြင်းကိုပင် သည်းမခံနိုင်အောင် ဖြစ်ရသူ"ဟု ဆိုလိုသည်၊ "ပုရိသာလုစ ဟတ္ထယော" ဟူသော ပါဠိ၌ "တတ္ထ ပုရိသာလူတိ ဝဠဝါမုခယက္ခိနိယော (မြည်း၏မျက်နှာ လူ့ကိုယ်ရှိ၍ လူနှင့်တူသော ဘီလူးမတို့)"ဟု ဝေဿန္တရာတ် အဋ္ဌကထာဖွင့်၏၊ "ပုရိသေန+သဒိသာ ပုရိသာလူ"ဟု သဒိသအနက်၌ အာလု ပစ္စည်း (သုတ်ကြီးဖြင့်) သက်၊ ဥကာရန္တနောင် ဣတ္ထိလိင်၌ ဦပစ္စည်း ထပ်၍ သက်၊ "ဤနေရာ၌ ပုရိသ သဒ္ဒါလည်း လူသာမညကို ဟောသည်"ဟု မှတ်ပါ။

**မှတ်ချက်။** ။ဤတွင် အနေကတ္ထတဒ္ဓိတ် ပြီး၏၊ ဤအနေကတ္ထတဒ္ဓိတ်၌ ယေနဝါ သံသဋ္ဌံစသော သုတ်စဉ်ကိုကြည့်၍ သံသဋ္ဌစသော တဒ္ဓိတ်, ရာဂစသော တဒ္ဓိတ်, ဇာတတဒ္ဓိတ်, သမူဟတဒ္ဓိတ်, ဌာနတဒ္ဓိတ်, ဥပမာတဒ္ဓိတ်, နိဿိတတဒ္ဓိတ်, တဗ္ဗဟုလ တဒ္ဓိတ်များ ပါဝင်သည်ဟု မှတ်ပါ။

---

## ဘာ၀တဒ္ဓိတ်

ကျတ္တတာ ဘာဝေတု ၃၆၀။ ဘာဝတ္တေ — ဘောအနက်၌ ကျတ္တတာ ဣတိ- ကျတ္တတာ ဟူကုန်သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ အလသဿ-ပျင်းရိသူ၏၊ ဘာဝေါ-အဖြစ်တည်း၊ အာလသျံ-ပျင်းရိသူ၏အဖြစ်၊ အရောဂဿ-ရောဂါ မရှိသူ၏၊ ဘာဝေါ-တည်း၊ အာရောဂျံ-ရောဂါမရှိသူ၏ အဖြစ်၊ ပံသုကူလိကဿ-ပံသုကူ ဓုတင်ဆောင်သူ၏၊ ဘာဝေါ, ပံသုကူလိကတ္တံ၊ အနောဒရိကဿ-ဝမ်းစာကို မရှာမှီးသူ၏၊ ဘာဝေါ, အနောဒရိကတ္တံ၊ သင်္ဂဏိကာရာမဿ-အပေါင်းအဖော်ဟူသော မွေ့လျော်ရာရှိသူ၏၊ ဘာဝေါ, သင်္ဂဏိကာရာမတာ၊ နိဒ္ဒါရာမဿ—အိပ်ခြင်းဟူသော မွေ့လျော်ရာရှိသူ၏၊ ဘာဝေါ-နိဒ္ဒါရာမတာ၊ တဂ္ဂဟဏေန-ဖြင့်၊ တ္တနပစ္စယော-သည်၊ ဟောတိ၊ ပုထုဇ္ဇနတ္တနံ, ပုထုဇဉ်၏အဖြစ်၊ ဝေဒနတ္တနံ-ဝေဒနာ၏အဖြစ်၊ (၃၇၈)။

---

၃၆၀။ ဘာဝေ။ ။ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတသ္မာတိ ဘာဝေါ (ဘူဓာတ်ဏပစ္စည်း, အပါဒါနသာဓန)၊ ဧတသ္မာ—ဤသဒ္ဒပဝတ္တိနိမိတ်မှ၊ ဗုဒ္ဓိသဒ္ဒါ-အသိဉာဏ်နှင့် သဒ္ဒါ ၂ မျိုးတို့သည်၊ ဘဝန္တိ—ဖြစ်လာကုန်၏၊ ဣတိ—ဤသို့ အသိဉာဏ်သဒ္ဒါတို့ ဖြစ်ခဲ့ရာ၏အဖြစ်ကြောင့်၊ သော - ထိုသဒ္ဒပ္ပဝတ္တိနိမိတ်သည်၊ ဘာဝေါ-ဘာဝမည်၏၊ [နားလည်လွယ်အောင် ဒဏ္ဍိတ္တံပုဒ်ကို ပုံစံထုတ်၍ ပြအံ့၊ သဒ္ဒါကျမ်းတို့၌ စိတ်ဖြင့်သိခြင်းကိုလည်း “ဗုဒ္ဓိ”ဟုပင် ဆိုသည်။]

ဒဏ္ဍိတ္တံ။ ။တုတ်ကိုင်သူကို မြင်သူမှာ “တုတ်ရှိသူ”ဟု သိသော အသိဉာဏ် ဖြစ်၏၊ ထိုသူ့ကို ခေါ်ဝေါ်ပြောဆိုသောအခါ၌ ပါဠိလို “ဒဏ္ဍီ=ဒဏ္ဍီ” ဟု ခေါ်ပေလိမ့်မည်၊ ဤနေရာ၌“ဘာ့ကြောင့်တုတ်ရှိသူမှန်းသိသလဲ, ဘာ့ကြောင့် ဒဏ္ဍီသဒ္ဒါ ဖြစ်လာရသလဲ....”ဟု မေးလျှင် သူကိုင်ထားသောတုတ်ကြောင့် ဟု ဖြေရလိမ့်မည်၊ သို့ဖြစ်လျှင် တုတ်သည် ပဌမအဆင့် အရေးကြီးသော အရာဝတ္ထု ဖြစ်ကြောင်းဟုလည်းကောင်း, ထိုတုတ်ကို၊ အကြောင်းပြု၍ ဒုတိယအဆင့် တုတ်ရှိသူဟုသိသော ဗုဒ္ဓိနှင့် ဒဏ္ဍီသဒ္ဒါ ဖြစ်လာရကြောင်းကို လည်းကောင်း သိသာပြီ၊ ဤသို့ သဒ္ဒါဖြစ်ခြင်း၏အကြောင်းကို “သဒ္ဒပ္ပဝတ္တိနိမိတ္တ”ဟုလည်း ခေါ်၏၊ သဒ္ဒဿ-ဒဏ္ဍီစသော သဒ္ဒါ၏+ပဝတ္တိ-ဖြစ်ပေါ်လာခြင်းတည်း၊ သဒ္ဒပ္ပဝတ္တိယာ-သဒ္ဒါဖြစ်ခြင်း၏ + နိမိတ္တံ - အကြောင်းတည်း၊ သဒ္ဒပ္ပဝတ္တိနိမိတ္တံ-ကြောင်း၊ ဤစကားအရ သဒ္ဒပ္ပဝတ္တိနိမိတ္တကို “ဘာဝ=ဘောအနက်” ခေါ်သည်ဟု မှတ်ပါ၊ ထိုဘောအနက်သည် ဇာတိဘာဝ, ဂုဏဘာဝ, ကြိယာဘာဝ, ဒဗ္ဗဘာဝ, နာမဘာဝဟု ၅ မျိုးလောက် ပြောရိုးရှိ၏။

**ဇာတိဘာဝ**။ ။ ထိုတွင် ဇာတ်ကိုစွဲ၍ အသိဉာဏ်နှင့် သဒ္ဒါ ဖြစ်ပေါ်လာလျှင် ထိုသဒ္ဒပ္ပဝတ္တိနိမိတ်ဖြစ်သော ဇာတ်သည် ဇာတိဘာဝမည်၏၊ ပုံစံကား- မနုဿတ္တံတည်း၊ ဤ၌ လူအချင်းချင်း တယောက်နှင့်တယောက် တူသောအခြင်းအရာသည် ဇာတ်မည်၏၊ မျက်စိ နှား နှာ အင်္ဂါ ခြေ လက် ပေါ်ထွက်ပုံအားဖြင့် မိမိမြင်ဖူးသော လူနှင့်တူသော သတ္တဝါတယောက်ကို မြင်လျှင် လူဟု သိသောဉာဏ်နှင့် "မနုဿ" ဟူသောသဒ္ဒါသည် ဖြစ်ပေါ်လာလိမ့်မည်၊ ထိုသို့ လူဟူသော အသိဉာဏ်နှင့် သဒ္ဒါ၏ဖြစ်ကြောင်း (သဒ္ဒပ္ပဝတ္တိနိမိတ်)သည် လူဇာတ်ပင်တည်း၊ ထိုလူဇာတ်ဟူသော ဘောအနက်၌ တ္တပစ္စည်းသက်၍ မနုဿတ္တံဟု ဖြစ်ရသည်၊ "ဂေါတ္တံ - ဂေါသဒ္ဒါ၏ ဖြစ်ခဲ့ရာအကြောင်း" ဟူရာ၌ နွားဇာတ်သည်လည်းကောင်း "ပုရိသတ္တံ-ပုရိသသဒ္ဒါ၏ ဖြစ်ခဲ့ရာအကြောင်း" ဟူရာ၌ ယောကျ်ားဇာတ် (ယောကျ်ားမျိုး) သည်လည်းကောင်း ဘာဝတ္ထ (တ္တပစ္စည်း၏အနက်) ဖြစ်ကြောင်း သိပါ။

**ဂုဏဘာဝ**။ ။သဒ္ဒါကျမ်း၌ "ဖြူ-နီ-ညို-ဝါ" စသော အဆင်းများလည်း အထည်ဒြပ်ကို ထင်ရှား ပြတတ်သောကြောင့် "ဂုဏေတိ ဒဗ္ဗံ ပကာသေတီတိ ဂုဏော"အရ ဂုဏမည်ကြကြောင်းကို မှတ်သားပါ၊ ညိုသော အဝတ်အထည်ကို မြင်ရာ၌ "ညိုသောအဝတ်"ဟု အသိဉာဏ်နှင့် "နီလော" ဟူသော သဒ္ဒါသည် ဖြစ်ပေါ်လာ၏၊ "နီလဿ - နီလသဒ္ဒါ၏ + ဘာဝေါ — ဖြစ်ခဲ့ရာအကြောင်း" ဟူသည် အညိုဂုဏ်ပင်တည်း၊ ထိုအညိုဂုဏ်ကို တ္တပစ္စည်းက ဟော၍ "နီလတ္တံ" ဟု ဖြစ်ရသည်၊ "သုက္ကတ္တံ—(အဝတ်ဖြူကို ဟောသော) သုက္ကသဒ္ဒါ၏ဖြစ်ခဲ့ရာအကြောင်း၊ ဝါ-အဖြူဂုဏ်" စသည်၌လည်း ဤနည်းပင်။

**ကြိယာဘာဝ**။ ။လူတယောက်ကား ချက်ပြုတ်နေ၏၊ ထိုသူ၏ ချက်ပြုတ်နေပုံ အမူအရာကြိယာကို မြင်ရသူမှာ "ဤသူသည် ချက်ပြုတ်တတ်သူတည်း"ဟု သိသောဉာဏ်နှင့် "ပါစကော"ဟူသော စကားပြောသံ သဒ္ဒါများဖြစ်ပေါ်လာပေလိမ့်မည်။ ထို့ကြောင့် "ပါစကဿ - ပါစကသဒ္ဒါ၏ + ဘာဝေါ—ဖြစ်ခဲ့ရာအကြောင်း" ဟူသည် ချက်ပြုတ်နေပုံ အမူအရာ ကြိယာတည်း၊ ထိုကြိယာကို တ္တပစ္စည်းက ဟော၍ "ပါစကတ္တံ - ပါစကသဒ္ဒါ၏ ဖြစ်ခဲ့ရာအကြောင်း၊ ဝါ- ချက်ခြင်းကြိယာ"ဟု ဖြစ်သည်၊ တောင်းရမ်းခြင်းကြိယာကို အကြောင်းပြု၍ ယာစကသဒ္ဒါ ဖြစ်ပေါ်လာပုံ၊ ယာစကတ္တံ၌ တ္တပစ္စည်းက ထိုတောင်းခြင်းကြိယာကို ဟောပုံများကိုလည်း သိပါ။

**ဒဗ္ဗနှင့် နာမဘာဝ**။ ။ ပြခဲ့သော ဒဏ္ဍီတ္တံ၌ တုတ်ဒြပ်သည် (ဒဏ္ဍီသဒ္ဒါ ဖြစ်ပေါ်လာခြင်း၏ အကြောင်းဖြစ်၍) ဒဗ္ဗဘာဝမည်၏၊ ဒဏ္ဍီတ္တံ၌ တ္တပစ္စည်းက ထိုတုတ်ဒြပ်ကိုပင် ဟောသည်၊ "ဒဏ္ဍိနော - ဒဏ္ဍီသဒ္ဒါ၏ + ဘာဝေါ - ဖြစ်ခဲ့ရာအကြောင်းသည်၊ ဝါ-တုတ်ဒြပ်သည်၊ ဒဏ္ဍီတ္တံ-မည်၏၊ ဦးချိုရှည်သော နွားကြီးကို မြင်၍ "ဝိသာဏီ" သဒ္ဒါဖြစ်ပေါ်လာရာ၌လည်း "ဝိသာဏိနော - ဝိသာဏီ

သဒ္ဒါ၏+ဘာဝေါ-ဖြစ်ခဲ့ရာအကြောင်းသည်၊ ဝါ-ဦးချိုဒြပ်သည်၊ ဝိသာဏိတ္တံ-မည်၏''ဟု သိပါ၊ လူတယောက်ကို ''စိတ္တ''ဟု နာမည်မှည့်ထား၏၊ နောင်အခါ ထိုသူ့ကို မြင်ရသူတို့မှာ ''စိတ္တ''ဟု အသိဉာဏ် ''စိတ္တ = စိတ္တ'' ဟူသော သဒ္ဒါသံများ ဖြစ်ပေါ်လာ၏၊ ဤ၌ ''စိတ္တဿ—စိတ္တသဒ္ဒါ၏ + ဘာဝေါ — ဖြစ်ခဲ့ရာအကြောင်း'' ဟူသည် စိတ္တဟူသော နာမည်ပင်တည်း၊ ထို့ကြောင့် ''စိတ္တတ္တံ-စိတ္တသဒ္ဒါဖြစ်ကြောင်း၊ ဝါ-စိတ္တဟူသော နာမည်''ဟု သိပါ၊ နွားတကောင်ကို ''ဝိုတ္တ''ဟု နာမည်မှည့်ရာ၌လည်း နည်းတူ၊ ဤသို့အားဖြင့် ဘာဝအနက် ၂ မျိုး ပြားသည်။

[ဆောင်] ဇာတ်—ဂုဏ်—ကြိယံ- ဒြပ်—နာမ်, ငါးတန် ဘာဝပြား၊
သဒ္ဒါဖြစ်ရိပ်, အကြောင်းဟိတ်, နိမိတ် ဘာဝငြား၊

အနက်ပေးပုံ။ ။ဤ ဘာဝတဒ္ဓိတ်ဝယ် ''မနုဿဿ-လူ၏ + ဘာဝေါ— အဖြစ်တည်း၊ မနုဿတ္တံ - လူ့အဖြစ်'' ဤသို့ ပေးရာ၌ လူဇာတ်ကိုမရပဲ လူ၏ ဖြစ်ခြင်းကြိယာကိုသာ ရသောကြောင့် မှန်ကန်သောအနက်မဟုတ်, အလွယ်တကူ ပေးခြင်းသာ ဖြစ်၏၊ ''အလသဿ-ပျင်းသောသူ၏+ဘာဝေါ - အဖြစ်တည်း'' စသည်ဖြင့် နိဿယ၌ ပေးထားသည်မှာလည်း ရိုးရာအတိုင်း အလွယ်ပေးခြင်း သာ၊ ''မနုဿဿ - လူ၏ + ဘာဝေါ- ဖြစ်ခဲ့ရာအကြောင်းတည်း''ဟု ပေးရာ၌ လည်း လူဇာတ်ကိုမရသေးပဲ လူ၏ဖြစ်ကြောင်း ရှေးကံကိုသာ ရဖွယ်ရှိသော ကြောင့် ကျနသောအနက်ဟု မဆိုထိုက်၊ ''မနုဿဿ-မနုဿသဒ္ဒါ၏+ဘာဝေါ-ဖြစ်ခဲ့ရာအကြောင်းတည်း၊ ''မနုဿတ္တံ-မနုဿသဒ္ဒါ၏ ဖြစ်ခဲ့ရာအကြောင်း''ဟု ပေးမှသာ မှန်ကန်ကျနစွ တ္တပစ္စည်း၏ ဟောနက်ဖြစ်သော လူဇာတ်ကိုရမည်။

ရှေးက အနက်ပေးပုံ။ ။ရှေးဆရာတို့ကား ''မနုဿဿ - မနုဿဟု သိရသောဉာဏ်၏၊ ဝါ-မနုဿသဒ္ဒါ၏''ဟု ပေးကြ၏၊ ထိုပေးခြင်းကား ''ဘာဝန္တိ ဗုဒ္ဓိသဒ္ဒါ တေသွာတိ ဘာဝေါ''ဟူသော ဝိဂြိုဟ်၌ ''ဗုဒ္ဓိ''ကို ကြည့်၍ ''မနုဿဟု သိသောဉာဏ်''ဟု ထည့်ပေးခြင်းဖြစ်၏၊ သို့သော် ဘာဝပုဒ်ကို ဝိဂြိုဟ်ပြုရာ၌သာ ''ဗုဒ္ဓိ'' ပါသည်၊ ဘာဝ၏အရကိုပြသော ''သဒ္ဒပ္ပဝတ္တိနိမိတ္တ'' ပုဒ်၌ကား ''ဗုဒ္ဓိ သဒ္ဒပ္ပဝတ္တိနိမိတ္တ''ဟု ဗုဒ္ဓိကို ထည့်၍မပြသောကြောင့်လည်းကောင်း ''မနုဿဟု သိသောဉာဏ်၏''ဟု အနက်ပေးဖို့ရန် ''မနုဿဿ'' ဟူသော ပါဠိနှင့် (တိုက်ရိုက်) မလျော်ကန်ပဲ ဥပစာကြံမှ သင့်တန်မည် ဖြစ်သောကြောင့်လည်း ကောင်း ''မနုဿဟု သိသောဉာဏ်၏''ဟု ရှေးဆရာတို့ အနက်ပေးမှုကို စဉ်းစား သင့်၏၊ ''ဘာဝန္တိ ဗုဒ္ဓိသဒ္ဒါ တေနာတိ ဘာဝေါ''ဟုလည်း ဘာဝပုဒ်၌ ကရဏ သာဓ်ပြုကြသေး၏၊ ''တေန- ဤ သဒ္ဒပ္ပဝတ္တိနိမိတ်ကြောင့်''ဟု ပေး၊ ဤသို့ အပါဒါန် ကရဏသာဓန ၂ မျိုးပြသောကြောင့် ''ဘာဝေါ-ဖြစ်ကြောင်းဖြစ် ရာတည်း''ဟုလည်း အနက်ပေးလေ့ ရှိကြသည်။

ဘာဝအနက်ကို "ဂုဏ်"ဟု ခေါ်ပုံ။ ။ဇာတ် ဂုဏ် ကြိယာ ဒြပ် နာမ် အားလုံးကိုပင် "ဂုဏ"ဟုလည်း ခေါ်သေး၏၊ ထို "ဂုဏ" ဟူသည် ဝိသေသန ပင်တည်း၊ ချဲ့ဦးအံ့-ဝိသေသနဟူသမျှသည် ဝိသေသျဒြပ်ကို အထူးပြုတတ်၏။ [ဝိသေသေတိ-မလိုရာအနက်တို့မှ ထူးခြားအောင် ပြုတတ်၏၊ ဣတိ-ထို့ကြောင့်၊ ဝိသေသနံ-မည်၏၊] လူတို့၏ တယောက်နှင့်တယောက် မျက်စိ နား နှာ အင်္ဂါ ခြေ လက်တို့ ဖြစ်ပုံအားဖြင့် တူသော အခြင်းအရာ ဇာတ်သည် လူသတ္တဝါဒြပ်ကို အခြားသော နွားဇာတ် ကျွဲဇာတ် စသည်တို့မှ ထူးခြား ကွဲပြားအောင် ပြုတတ်သောကြောင့် ဝိသေသနလည်း မည်၏၊ ထိုဝိသေသန အမည်ရသော ဇာတ်သည် ပင် "အတ္တနော ဒဗ္ဗံ - မိမိ၏ တည်ရာဒြပ်ကို + ဂုဏေတိ— ထင်ရှား ပြုတတ်၏" ဟူသော ဝိဂ္ဂြိုဟ်အရ "ဂုဏ" လည်း မည်၏၊ ဤနည်းအားဖြင့် ဇာတ် ဂုဏ် ကြိယာ ဒြပ် နာမ်ဟူသော သဒ္ဒပ္ပဝတ္တိနိမိတ်များကို ဝိသေသနဟုလည်းကောင်း ဂုဏ်ဟုလည်းကောင်း ခေါ်နိုင်သည်ဟု မှတ်ပါ၊ ထို့ကြောင့် "ဒြပ်ပေါ်မှာ, ဘောဆင့်လာ, ဂုဏ်သာ ထိုပုဒ်အရတည်း"ဟု ရှေးဆရာတို့မိန့်ကြသည်၊ "မနုဿော-လူ" ဤသို့ လူဒြပ်ကိုဟောသော မနုဿသဒ္ဒါပေါ်မှာ "မနုဿတ္တ"ဟု ဘောဟောပစ္စည်း ဆင့်လာလျှင် ထိုမနုဿတ္တပုဒ်အရ လူဇာတ်ဟူသော ဂုဏ် သာရသည်-ဟူလို။

"ယဂ္ဂုဏဿ သဗ္ဘာဝေန, ဒဗ္ဗေ သဒ္ဒေါ ပဝတ္တတိ၊
သတို တဗ္ဗစနေ ဘာဝ-ပစ္စယော သမုဒီရိတော"

ဟူသော ရှေးဆရာတို့ ဂါထာလည်း ဤအဓိပ္ပာယ်ပင်။ [ယဂ္ဂုဏဿ—အကြင် ဝိသေသနဂုဏ်၏၊ သဗ္ဘာဝေန-ထင်ရှားရှိခြင်းကြောင့်၊ ဒဗ္ဗေ-ဒြပ်၌၊ သဒ္ဒေါ-သဒ္ဒါသည်၊ ပဝတ္တတိ - ဖြစ်၏၊ (လူဒြပ်၌ လူဇာတ်ဟူသော ဝိသေသနဂုဏ်၏ ထင်ရှားရှိခြင်းကြောင့် လူဒြပ်ပေါ်၌ "မနုဿော" ဟူသော သဒ္ဒါဖြစ်ရသည်-ဟူလို၊) တဗ္ဗစနေ - ထိုလူဇာတ်ဟူသော ဝိသေသနကို ဟောလိုသည်၊ သတိ-ရှိသော်၊ ဘာဝပစ္စယော-တ္တစသော ဘာဝပစ္စည်းကို၊ သမုဒီရိတော-ဆိုအပ်၏။]

သကတ် ဟုလည်း ခေါ်သည်။ ။ဤ သဒ္ဒပ္ပဝတ္တိနိမိတ်ဖြစ်သော ဇာတ် စသည်ကို "သကတ္ထ" ဟုလည်း ခေါ်သေး၏၊ "သဿ-မိမိ၏+သော—ဥစ္စာ တည်း၊ သကော-မိမိ၏ဥစ္စာ၊ သကော ဧဝ-မိမိ၏ဥစ္စာသည်ပင်+အတ္ထော - အနက် တည်း၊ သကတ္ထော-မိမိ၏ဥစ္စာသည်ပင် အနက်၊" ဤ၌ "မိမိ" ဟူသည် သဒ္ဒါ တည်း၊ ထိုသဒ္ဒါ၏ (မပျောက်ပျက် မပြောင်းလဲနိုင်လောက်အောင်) အပိုင်ဥစ္စာ ဖြစ်သောအနက်သည် သကတ္ထမည်၏၊ မနုဿသဒ္ဒါသည် လူဒြပ်ကို ဟောသော် လည်း အရင်းခံဖြစ်သော လူဇာတ်ကို အကြောင်းပြု၍သာဟောရသည်၊ လူဇာတ် မရှိလျှင် လူဒြပ်ကို မနုဿသဒ္ဒါကမဟောနိုင်၊ ထို့ကြောင့် လူဇာတ်သည် မနုဿ သဒ္ဒါ၏ သကတ္ထတည်း၊ ဤနည်းအာဖြင့် ဇာတ်စသော သဒ္ဒပ္ပဝတ္တိနိမိတ်များကို "သကတ္ထ"ဟုလည်း ခေါ်သောကြောင့် "ဒြပ်ပေါ်မှာ, ဘောဆင့်လာ,

သကတ္တသာ ရသတည်း''ဟုလည်း နိယာမ်ဆိုကြသည်၊ ထိုသကတ်သည် ''သုတိ, ဇာတိ, ဂုဏ, ဒဗ္ဗ, သမ္ဗန္ဓ, ကြိယာ, ကြိယာကာရကသမ္ဗန်, သာဒိသျ'' ဟု ရှစ်ပါးရှိ၏၊အကျယ်ကို ဘေဒစိန္တာနှင့် သဒ္ဒါစစ်တို့မှာ ရှု၊ အချုပ်မှာ—''သဒ္ဒပ္ပဝတ္တိနိမိတ်, ဝိသေသန, ဂုဏ်, သကတ်'' ဟူသော နာမည်များသည် ဘာဝ အနက်၏ နာမည်ချည်းတည်း''ဟု မှတ်ပါ။

ဏျ ပုံစံများ။ ။န လသတိ-ထိုထို ကိစ္စကို ပြုလုပ်ဖို့ရန် မနှစ်သက်တတ်၊ ဣတိ အလသော၊ ဤ၌ ထိုထိုကိစ္စဝယ် လိုလိုလားလား နှစ်နှစ်သက်သက်မရှိခြင်း တွန့်ဆုတ်ခြင်း အမူအရာကြိယာကို အကြောင်းပြု၍ ပျင်းရိသူဒြပ်ပေါ်၌ အလသ သဒ္ဒါဖြစ်ပေါ်လာ၏၊ ဘောအနက်၌ ဏျပစ္စည်း ဆင့်သောအခါ ထိုတွန့်ဆုတ် ပျင်းရိခြင်း အမူအရာကို ဏျပစ္စည်းက ဟော၏၊ ထို့ကြောင့် ''အလသဿ-အလသသဒ္ဒါ၏ + ဘာဝေါ—ဖြစ်ခဲ့ရာ အကြောင်း'' ဟူသည် ထိုပျင်းမှု ပျင်းရာ တွန့်ဆုတ်ခြင်း ကြိယာပင်တည်း၊ ''နတ္ထိ + ရောဂေါ+ယဿာတိ အရောဂေါ'' ရောဂါမရှိခြင်း အဘာဝဂုဏ်ကို အကြောင်းပြု၍ ရောဂါမရှိသူ ဒြပ်ပေါ်၌ အရောဂသဒ္ဒါ ဖြစ်ပေါ်လာရကား ''အရောဂဿ-အရောဂသဒ္ဒါ၏+ဘာဝေါ-ဖြစ်ခဲ့ရာအကြောင်း'' ဟူသည် ထို ရောဂါမရှိခြင်း ဂုဏ်ပင်တည်း၊ ဤကား ဏျ ပစ္စည်း၏ ပုံစံများတည်း။

တ္တ ပုံစံများ။ ။ပံသုကူလံ (ပံသုကူသင်္ကန်းကို ဆောင်ခြင်းဟူသော) သီလံ ယဿာတိ ပံသုကူလိကော'' ဤ၌ ပံသုကူသင်္ကန်း ဒြပ်ကိုလည်းကောင်း, ထို သင်္ကန်းနှင့် ရဟန်း၏ သံ+သာမိအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကိုလည်းကောင်း အကြောင်းပြု၍ ရဟန်းဒြပ်ပေါ်၌ ပံသုကူလိကသဒ္ဒါ ဖြစ်ပေါ်လာရကား ပံသုကူလိကတ္တံ၌ တ္တပစ္စည်းသည် ထိုသင်္ကန်းဒြပ်ကိုလည်းကောင်း သမ္ဗန်ကိုလည်းကောင်း ဟော၏၊ ဥဒရေ—ဝမ်း၌၊ ဝါ-ဝမ်းစာကို ရှာမှီးခြင်း၌+နိယုတ္တော-ယှဉ်သူတည်း၊ ဩဒရိကော၊ န+ဩဒရိကော အနောဒရိကော၊ ဤ၌ ဝမ်းစာ ရှာမှီးမှု မရှိခြင်းဟူသော အဘာဝဂုဏ်ကို အကြောင်းပြု၍ ထိုသူဒြပ်၌ အနော ဒရိကသဒ္ဒါ ဖြစ်ပေါ်လာ၏၊ ဤသို့ စသည်ဖြင့် သိပါ၊ ဤကား တ္တပစ္စည်း၏ ပုံစံတည်း။

တာ ပုံစံများ။ ။သင်္ဂဏနံ (သမောဓာနံ)-အပေါင်းအဖော် ကိလေသာ တို့နှင့် ပေါင်းသင်းခြင်း၊ သင်္ဂဏိကာ—ခြင်း၊ သင်္ဂဏိကာ—အပေါင်းအဖော် ကိလေသာတို့နှင့် ပေါင်းခြင်းဟူသော၊ အာရာမော-မွေ့လျော်ရာသည်၊ ယဿာ တိ သင်္ဂဏိကာရာမော၊ ဤ၌ အပေါင်းအဖော်နှင့် ဖြစ်စေ (တကိုယ်တည်းပင် ဖြစ်သော်လည်း) ကိလေသာစိတ်နှင့်ဖြစ်စေ ပေါင်းဆုံနေရမှုဟူသော မွေ့လျော် ရာကို အကြောင်းပြု၍ ထိုသူ၌ သင်္ဂဏိကာရာမသဒ္ဒါ ဖြစ်ပေါ်လာ၏၊ ''သင်္ဂဏိကာရာမဿ+ဘာဝေါ''ဟု ဝိဂ္ဂိုဟ်ပြု၍ တာပစ္စည်းသက်သောအခါ မွေ့လျော်ရာ ဌာနဒြပ်ကိုဟော၏၊ နိဒ္ဒါ-အိပ်ခြင်းဟူသော အာရာမော ယဿာတိ နိဒ္ဒါရာမော၊

အိပ်ခြင်းဟူသော မွေ့လျော်ရာကိုအကြောင်းပြု၍ ထိုသူ၏နိဒ္ဒါရာမသဒ္ဒါဖြစ်ပေါ်လာ၏၊ ဤသို့စသည်ဖြင့် သိပါ၊ ဤကား တာပစ္စည်း၏ ပုံစံတည်း။ [“အိပ်ခြင်း၌+မွေ့လျော်သူ၏ အဖြစ်” စသည်ဖြင့် အနက်ပေးရိုး ရှိသော်လည်း အာရာမသဒ္ဒါသည် မွေ့လျော်ခြင်းကိုမဟော, မွေ့လျော်ရာဌာနကိုသာဟောလေ့ရှိသောကြောင့် တွဲဖက်ပုဒ်နှင့် အရတူကြံ၍ တုလျာဓိကရဏ ဗဟုဗ္ဗီဟိ တွဲလေ့ရှိသည်၊ “သမဂ္ဂါရာမော” စသော ပါဠိများ၏အဖွင့် တွေ့တိုင်း သတိပြုပါလေ။]

**တုဂ္ဂဟဏေန။** ။ဘာဝေတု၌ အဝုတ္တသမုစ္စည်းအနက်ရှိသော တုသဒ္ဒါဖြင့် တ္တနပစ္စည်းကို ဆည်း၍ “ပုထုဇ္ဇနဿ+ဘာဝေါ ပုထုဇ္ဇနတ္တနံ၊ ဝေဒနာယ+ဘာဝေါ ဝေဒနတ္တနံ”ဟု ဖြစ်၏၊ ပုထုဇဉ်ဇာတ်ကို အကြောင်းပြု၍ ပုထုဇ္ဇနသဒ္ဒါ၊ ခံစားခြင်းကြိယာကို အကြောင်းပြု၍ ဝေဒနာသဒ္ဒါဖြစ်ပေါ်လာ၏၊ ဤသို့စသည်ဖြင့် သိပါ၊ ဇာယတ္တနံ-မယား၏အဖြစ်၊ (ဇာယာသဒ္ဒါ၏ ဖြစ်ကြောင်းဖြစ်ရာ)၊ ဇာရတ္တနံ-လင်၏အဖြစ် (ဇာရသဒ္ဒါ၏ဖြစ်ကြောင်းဖြစ်ရာ)၊ ပေတတ္တနံ-ပြိတ္တာ၏ အဖြစ်၊ ရာဂတနုတ္တနံ-ရာဂနည်းပါးသည်၏ အဖြစ်၊ စသည်တို့၌လည်း တ္တန ပစ္စည်းချည်းတည်း၊ ထို တု သဒ္ဒါဖြင့် ရှဉ်ပြသော ဏေယျပစ္စည်း, မောဂ္ဂလ္လာန်၌ပြသော ဏ္ယ-ဏိယ-ဗျ-နဏ-ဏ္မ ပစ္စည်းများကိုလည်း ယူ။

**ဏေယျပုံစံ။** ။သုစိနော+ဘာဝေါ—သောစေယျံ-စင်ကြယ်သူ၏အဖြစ် (“သုစိသဒ္ဒါ၏ ဖြစ်ရာဖြစ်ကြောင်း”ဟုလည်း ပေး၊ နောက်၌လည်း နည်းတူ)၊ မဟေသိယာ + ဘာဝေါ — မာဟေသယျံ — မိဖုရား၏အဖြစ်၊ သဌဿ - စဉ်းလဲကောက်ကျစ်သူ၏ + ဘာဝေါ-သာဌေယျံ၊ ပိသုနဿ+ချောပစ် ကုန်းတိုက်တတ်သူ၏+ဘာဝေါ-ပေသုနေယျံ, စသည်။

**ဏ္ယပုံစံ။** ။အဓိပတေယျံ - အဓိပတိ၏အဖြစ်၊ ပဏ္ဍိတိယံ, ဗဟုဿုတိယံ နဂ္ဂိယံ, (အချည်းနှီး၏အဖြစ်), သူရိယံ (ရဲရင့်သူ၏ အဖြစ်), ဒက္ခိယံ—(လိမ္မာသူ၏ အဖြစ်)၊ ဏိယ—အာလသိယံ, ကာလုသိယံ (နောက်ကျုသူ၏အဖြစ်), ဒါက္ခိယံ—(လိမ္မာသူ၏အဖြစ်), ပုရောဟိတဿ+ဘာဝေါ — ပေါရောဟိတိယံ, ဝိယတ္တဿ+ဘာဝေါ ဝေယျတ္တိယံ, ဒလိဒ္ဒဿ+ဘာဝေါ - ဒါလိဒ္ဒိယံ, ပဂဗ္ဗဿ-ကြမ်းကြုတ်သူ၏+ဘာဝေါ — ပါဂဗ္ဗိယံ, ဒဠှဿ+ဘာဝေါ ဒါဠှိယံ။ [ဝုဒ္ဓိမရောက်ရာ၌ ဏ္ယပစ္စည်း, ဝုဒ္ဓိရောက်ရာ၌ ဏိယပစ္စည်းဟု ခွဲ၊ ရှဉ်ကား ဝုဒ္ဓိရောက်ရောက် မရောက်ရောက် ဏျပစ္စည်းချည်းသက်၍, တေသုဝုဒ္ဓိဖြင့် ဏ္ယလာ၏။]

**ဗျပုံစံ။** ။ဝဒ္ဓဿ+ဘာဝေါ ဝဒ္ဓဗျံ၊ ဝ၏ အ ကို ဥပြု၍ ဝုဒ္ဓဗျံ-(ကြီးသူ၏ အဖြစ်), ဒါသဗျံ-ကျွန်၏အဖြစ်။

**နဏပုံစံ။** ။ယုဝိနော ဘာဝေါ ယောဗ္ဗနံ (လူပျို၏အဖြစ်၊ ဝါ-ကောင်းသော အရွယ်) “ယုဝ+န” ဖြစ်သည့်အခါ ဝုဒ္ဓိ, ဝကို ဗပြု, ဒွေဘော်လာ။

ဣမ ပုံစံ။ ။အဣနော—သိမ်မွေ့သေးငယ်သူ၏ + ဘာဝေါ-အဏိမာ၊ ရာဇာဒိဂိုဏ်းဖြစ်၍ သိကို အာပြု၊ မဟတော+ဘာဝေါ မဟိမာ—ကြီးမားသူ၏ အဖြစ်၊ လဃုနော-ပေါ့ပါးသူ၏+ဘာဝေါ လဃိမာ၊ ဂရုနော- လေးဆေး သူ၏+ဘာဝေါ ဂရိမာ၊ ကိသဿ—ကြုံလှီသူ၏+ဘာဝေါ ကသိမာ။ [“ကိသ+ ဣမ, မဟန္တ + ဣမ” ဖြစ်သည့်အခါ “ကိတမဟတမိမေ ကသ်မဟာ” သုတ်ဖြင့် ကိသကို ကသ်,မဟန္တကို မဟာပြု၍ “ကသိမာ,မဟိမာ”ဟု ပြီး၏။] ဤပြခဲ့သော မောဂ္ဂလ္လာန် ဏာဒိကဏ္ဍ ၅၉, ၆၀, ၆၁, ၆၂, သုတ်တို့ကို ကြည့်ပါ။

တ္တ ပုံစံ။ ။(၄၃၈)၌ “တ္တတော်ဘာဝေ”ဟု သုတ်တည်၍ ဘောအနက်၌ တ္တပစ္စည်း တပစ္စည်းလည်း သက်၏၊ သာဓုတ္တံ — သူတော်ကောင်းမ၏ အဖြစ်၊ “တာဝ တ္တတောတိ - တာဝဘာဝတော” အာယတနဝိဘင်္ဂ၌၊ တပစ္စည်းနောင် အာပစ္စည်းထမ်သက်လျှင် တပစ္စည်းနှင့် သဘောတူဖြစ်၏၊ ထို့ကြောင့် တသဒ္ဒါ ဖြင့် တ္တပစ္စည်းကိုသာ ယူသင့်သည်။

အချို့ အယူ။ ။ဘာဝေတုဥ် တသဒ္ဒါဖြင့် ဝိယ - ဏ - လ - တ-ဏိက-ဋ္ဌက- ဿ စသော ပစ္စည်းများကိုလည်း ယူ၍ “ဒါသဝိယံ, ဝဒ္ဓဝံ, မဟလ္လကော, သဗ္ဗ ညုတံ, ပေါထုဇ္ဇနိကော, ဒွေဋ္ဌကံ, သောမနဿံ” စသော ပုံစံများကို ထုတ်ကြ၏၊ ထိုတွင် “ဒါသဿ+ဘာဝေါ ဒါသဝိယံ”သည် ဣယပစ္စည်းသက်၍ ဝလာလျှင် ပြီးနိုင်၏၊ “ဝဒ္ဓဿ+ဘာဝေါ ဝဒ္ဓဝံ”လည်း ဏဝိသမာဒီဟိသုတ်ဖြင့် ဏပစ္စည်း သက်, ဝလာလျှင် ပြီးနိုင်၏၊ မဟတ္တံ+လာတိ ဂဏှာတီတိ (တ္တပစ္စည်းကို ချေ, လ ဒွေဘော်လာ၍) မဟလ္လော—ကြီးသည်၏အဖြစ်ကို ယူတတ်သော ကျောင်း စသည်”ဟု ဖြစ်၏၊ “မဟလ္လော-ယေဝ မဟလ္လကော”ဟု သွတ္ထ၌ ကပစ္စည်းဆင့် “သဗ္ဗညုနော + ဘာဝေါ သဗ္ဗညုတာ”ဟု တာပစ္စယန္တသာ “သဗ္ဗညုတံ- သဗ္ဗညုအဖြစ်သို့၊ ပါပုဏိတ္တာ” စသည်၌ ဒုတိယန္တတည်း၊ “ဟီနော ဂမ္မော ပေါထုဇ္ဇနိကော”၌ကား “ပုထုဇ္ဇနာနံ+အယံ ပေါထုဇ္ဇနိကော + ပုထုဇဉ်တို့၏ ဥစ္စာ”ဟု ဣဒံအနက်၌ ဏိကပစ္စည်းတည်း၊ [ပေါထုဇ္ဇနိကောတိ — ပုထုဇ္ဇနေန အာစိဏ္ဏော”ဟူသော ဓမ္မစကြာအဖွင့်၌လည်း ဣဒံတဒ္ဓိတ်ကိုပင် ပြသည်။]

ဒွေဋ္ဌကော။ ။ဒွိမာ လေတိ ဓောနာတိ ဒွေဋ္ဌော, ဒွေဋ္ဌောယေဝ ဒွေဋ္ဌ ကော=နှစ်မျိုးအပြားအားဖြင့် တုန်လှုပ်ကြောင်းဖြစ်သော ယုံမှားမှု၊ ဒွိသဒ္ဒါူပဒ လေ (ကမ္ပနေ) ဓာတ်, ဟပစ္စည်း၊ ထို့နောက် သွတ္ထ၌ ကပစ္စည်းသက်၍ပြီးသော ကြောင့် ဘာဝတ္ထ၌ ဋ္ဌကပစ္စည်း မလို၊ [“ဒွိဓာ လေတိ ကမ္ပတိ စိတ္တံ ဓောနာတိ (ဟိ) ဒွေဋ္ဌကံ၊ ဟပစ္စယံ သကတ္ထဝုတ္တိ တပစ္စယဥ္စ ကတွာ”—သီလက္ခန် ပြဟ္မ ဇာလသုတ်ဋီကာသစ်၊ “ကမ္ပနဋ္ဌေန ဒွိဓာ လေယတီတိ ဒွေဋ္ဌကံ”ဟူသော မဟာ နိဒ္ဒေသ အဋ္ဌကထာလည်း ဤနည်းကိုပင်ပြသည်၊] ထို့ကြောင့် “ဒွိတော ဋ္ဌကော ဘာဝေ”ဟူသော သဒ္ဒနီတိသုတ်ကို စဉ်းစားပါ။

ဏ ဝိသ မာ ဒီဟိ ၃၆၁။ ဝိသမာဒီဟိ-ဝိသမအတူရှိသော သဒ္ဒါတို့မှနောက်၌၊ တဿ-ထို၏၊ ဘာဝေါ-တည်း၊ ဣစ္စေတသ္မိံ အတ္ထေ-၌၊ ဏပစ္စယောဟောတိ၊ ဝိသမဿ-မတူသော ဝတ္ထု၏၊ ဘာဝေါ-ဖြစ်ခဲ့ရာ အကြောင်းတည်း၊ ဝေသမံ-မတူသောဝတ္ထု၏ ဖြစ်ကြောင်း၊ သုစိဿ-စင်ကြယ်သော ဝတ္ထု၏၊ ဘာဝေါ-တည်း၊ သောစံ-ကြောင်း၊ (၃၈၈)။

---

**သောမနဿံ**။ ။"သုမနဿ + ဘာဝေါ သောမနဿံ" စသည်ဝယ် ဘာဝတ္ထ၌ ဏပစ္စည်းသက်, ဝုဒ္ဓိပြု, "မနာဒီနံ သက်" ဟူသော မောဂ္ဂလ္လာန် သုတ်ဖြင့်သက်,(သ)လာ,ဒွေဘော်ပြု၍ ပြီးခြင်းသာလျှင်"မနသ်-ဝစသ်"စသည် ဖြင့် နဂိုရ် (သ်) ရှိသည့်အတိုင်း ကောင်းသောကြောင့် ဿပစ္စည်း သက်ဖွယ် မလို၊ ထို့ကြောင့်တုသဒ္ဒါဖြင့် ဏိယပစ္စည်းစသည်ကိုယူခြင်းသည် အပိုသာတည်း။

[ဆောင်] ဘာဝေတုပြ, တုသဒ္ဒဖြင့်, တ္တန-ဏေယျာ, ဏ္ယာ-ဏိယ, ဗျ-ဏမ-နဏ်, တွပစ္စယံကို,ယူရန်မှုချ,သင့်မြတ်လှ၏၊ ဝိယ-ဋ္ဌက,လ-တ-ဿဟု, ပစ္စည်းစုမှာ, မပါသော်လည်း, ဆိုင်ရာနည်းဖြင့် ရုပ်ပြီးနိုင်တောင်း, ယူ-မကောင်းသည်, နောက်နှောင်း မှတ်ဖွယ် အချုပ်တည်း။

**ယောဂဝိဘာဂ**။ ။ဘာဝေကိုဖြုတ်၍ "ဏျတ္တတာ"ဟူသော ဒွိခေဏရဏ ယောဂဝိဘာဂဖြင့် ကမ္မအနက် သကတ္ထအနက်တို့၌လည်း ဏျ စသောပစ္စည်း များသက်၏-ဟု ရှုဆို၏၊ ဝီရာနံ+ကမ္မံ ဝီရိယံ၊ ကမ္မအနက်၌ ဏျသက်၍ တေသု ဝုဒ္ဓိဖြင့် ဣလာစေလို၏၊ မောဂ္ဂလ္လာန်အလိုမူ ဏျ မဟုတ်, ဣယပစ္စည်းတည်း၊ ယထာဘူတမေဝ ယထာဘုစ္စံ, သကတ္ထ၌ ဏျသက်၍ တျကို စပြု, ဘူ၌ ရဿပြု, စသည်စီရင်၊ ဤသို့ စသော ပုံစံများကိုရှု၌ ရှုလေ၊ ဟိတ, ဣဒံ, သာမ, ဇာတ, ဘဝအနက်တို့၌လည်း ဇာတာဒီန မိမိယာစသုတ်လာ စသဒ္ဒါဖြင့် (ဝုဒ္ဓိမရောက်လျှင်)ယပစ္စည်း (ဝုဒ္ဓိရောက်လျှင်) ဏျပစ္စည်းများ သက်ခဲ့ပြီးဖြစ်၏၊ ထို့ကြောင့် ဤ ယောဂဝိဘာဂဖြင့် သက်ဖွယ်မလို၊ "ပေါရိသိယံ = ယောကျ်ား၏ အမှု, ယောကျ်ား၏ အနွယ်" စသည်၌လည်း ဏျကို ဤသုတ်၏ ယောဂဝိဘာဂဖြင့် သက်၍ ဝီရိယံကဲ့သို့ ပြီးစေနိုင်သည်၊ "ဒူတာနံ+ကမ္မံ ဒူတေယျံ" ၌လည်း ကမ္မအနက်၌ တုသဒ္ဒါဖြင့် ဏေယျပစ္စည်းသက်။

---

၃၆၁။ **ဝိသမာဒီဟိ**။ ။အာဒိသဒ္ဒါသည် ပကာရ (အတူ) အနက်ရှိ၏၊ ဝိသမကဲ့သို့ ဏပစ္စည်းသက်၍ပြီးကောင်းသော သုစိ-ဂရု-ပဋု-ဥဇု-မုဒု-ဣသိ-ဥသဘ-ယုဝ-ကုမာရ-ပရမ-သမဂ္ဂ-သမ္မာ-စိတ္တ စသည်ကိုယူ၊ ပရမတိုင်အောင် ပုံစံများကို ရှုမှာ ရှု၊ ယောဗ္ဗနံပုဒ်၌ကား နဏပစ္စည်းဖြင့် တနည်းပြီးပုံကို (မောဂ္ဂ

ရမဏီယာဒိတော ကဏ်

၃၆၂။ ရမဏီယ ဣစ္စေဝမာဒိတော-ရမဏီယအစရှိသော သဒ္ဒါတို့မှ (နောက်၌)၊ တဿ-ထို၏၊ ဘာဝေ ါ-တည်း၊ ဣစ္စေတသ္မိံ အတ္ထေ ကဏ်ပစ္စယော ဟောတိ၊ရမဏီယဿ-မွေ့လျော်ဖွယ်၏၊ ဘာဝေါ — ဖြစ်ခဲ့ရာအကြောင်းတည်း၊ ရာမဏီယကံ— ကြောင်း၊ မနုညဿ-နှစ်သက်ဖွယ်၏၊ ဘာဝေါ-တည်း၊ မာနုညကံ - နှစ်သက်ဖွယ်၏ အကြောင်း။ (၃၇၉)။

---

လ္လာန် အလိုအတိုင်း) ပြခဲ့သည်၊ သမဂ္ဂဿ+ဘာဝေါ သာမဂ္ဂံ၊ နဒါဒိ ဤပစ္စည်း သက်လျှင် "သာမဂ္ဂီ"ဟု ဖြစ်၏။

**သာမိစီ**။ ။သမ္မာ+ဘာဝေါ သာမိစီ သုတ်ကြီးဖြင့် (စ်)လာ, မာဒ္ဒ အာ ကိုလည်း ဣပြု, မ သံယုတ်ကိုလည်း ဝိသံယောဂပြု, နဒါဒိ ဤသက်၊ ဤသို့ မောဂ္ဂလ္လာန်နိဿယ-ဏာဒိ ၅၉ သုတ်၌ စီရင်၏၊ ယခုစာအုပ်များ၌ "သာမိစိ"ဟု လည်းကောင်း "သာမိစီ"ဟုလည်းကောင်း တွေ့ရသည်။

မေတ္တိစသည်။ ။မိတ္တဿ+ဘာဝေါ မေတ္တိ-မိတ်ဆွေ၏ အဖြစ်၊ "ဝဒ္ဓံ-ကြီးပွားသည်၏အဖြစ်၊ လဇ္ဇံ-ရှက်တတ်သူ၏အဖြစ်" တို့၌ကား သုတ်ကြီးဖြင့် ဏ် လာ၊ "ပေါရိသံ-ယောကျ်ား၏ အမှု" ဟူရာ၌ကား ဘာဝေအလိုက်ကို ကြဉ်သော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် ကမ္မအနက်၌ ဏပစ္စည်းသက်၊ ဝေသမံ ကို "နာနတ္တံ"ဟု ဖွင့်လေ့ရှိသောကြောင့်"န+သမော-ဝိသမော (မတူသောအရာ ဝတ္ထု)၊ ဝေသမံ-မတူသောဝတ္ထု၏ အဖြစ်"ဟု ပေး၊ ဏျပစ္စည်းဖြင့် မျကို မပြု, ဒွေဘော်လာ၍ "ဝေသမ္မံ"လည်း ရှိ၏။

[ဆောင်] ဝိသမာဒိ, သုတ်အာဒိဖြင့်, သုစိ-ဂရု, ပဋ္ဋု-ဇုနှင့်, မုဒု-ဇုသိ, ဥသဘ ထည့်လေ၊ တထေ့ယုဝ, ကုမာရတည်း၊ သမ္မာ-မိတ္တ,စသည်ဆက်ဆက်, ဏသက်သက်ဖြင့်, ပြီးသင့်သမျှ, ပုဒ်ထိုမျှ, ယူကြနိုင်ပေသည်။

---

၃၆၂။ ရာမဏီယကံ။ ။ရမိတဗ္ဗောတိ ရမဏီယော — မွေ့လျော်ထိုက်သော (ပျော်မွေ့ဖွယ်ကောင်းသော) လောက စသည်၊ ဤသို့ အနီယပစ္စည်းဖြင့် ကိတ်ပြီးပုဒ်နောင် ကဏ်ပစ္စည်းဖြင့် "ရာမဏီယကံ — မွေ့လျော်ဖွယ်ကောင်းသည်၏ အဖြစ်"ဟု ဖြစ်၏။ ["အာရာမရာမဏီယကန္တိ - ပုပ္ဖါရာမာဒီနံ ရမဏီယ ဘာဝံ" စသော ဇရာသုတ္တနိဒ္ဒေသကထာ၊] မောဂ္ဂလ္လာန်၌ကား သကတ္တ၌ ကပစ္စည်း ဦးစွာသက်၍ "ရမဏီယကံ" ဖြစ်ပြီးမှ ဘာဝတ္ထဏပစ္စည်းသက်၍ "ရာမဏီယကံ"ဟု ဖြစ်စေသည်၊ "ယတ္ထ အရဟန္တော ဝိဟရန္တိ, တံ ဘူမိရာမ ဏီယကံ" ဟူသော ဓမ္မပဒ အရဟန္တဝဂ်၌ကား "တံ ဘူမိရာမဏီယကန္တိ-

သော ဘူမိပဒေသော ရမဏီယော ဝေ''ဟု ဖွင့်သောကြောင့် ''ရမဏီယမေဝ ရာမဏီယကံ''ဟု သကတ္တ၌ ကဏ်ပစ္စည်း သက်သင့်၏၊ [ဤ၌ တံဘူမိကို ယူ၍ ''သော ဘူမိပဒေသော''ဟု ဖွင့်ခြင်းကိုကား စဉ်းစားသင့်၏၊ ဘာ့ကြောင့်နည်း- ''အာရာမရာမဏီယကံ ဝနရာမဏီယကံ ဘူမိရာမဏီယကံ''ဟူသော ကေဂုံတ္တရ ကောမ္မဝဂ်ပါဠိ စသည်ကဲ့သို့ ''တံ + ဘူမိရာမဏီယကံ''ဟု တံတခြား+ ဘူမိရာမဏီယကံတခြား ဖြစ်သင့်သောကြောင့်တည်း။

နိရုတ္တိဒီပနီ။ ။နိရုတ္တိဒီပနီ၌ ''ရမိတဗ္ဗန္တိ–ရမဏံ, ရမဏံ ဧဝ အတ္တိတိ ရာမဏော (အာရာမော)၊ အာရာမရာမဏဿ + ဘာဝေါ, အာရာမရာမဏေ ယျကံ''ဟု ဆို၏၊ ထိုအဆိုကား ပြခဲ့သော အဋ္ဌကထာများနှင့်လည်းကောင်း, ပါဏိနိစသော သဒ္ဒါကျမ်းတို့နှင့်လည်းကောင်း မညီဟု ဆရာတို့ မိန့်တော်မူကြသည်။ [မာနုညကံ၌ မနုညပုဒ်ပြီးပုံကို ပုထဿုဗျဥ္ဇနေသုတ်မှာ ရှု။]

လိင်အခွဲ။ ။ဏျ-တ္တ-တ္တန ၃ ပစ္စည်းမှာ အမြဲ နပုလ္လိင်, တာပစ္စည်းကား အမြဲ ဣတ္ထိလိင်ဟု ရှုဆို၏၊ [''ဟီနေဝ ဂါမ္မော ပေါထုဇ္ဇနိကော''၌ ဂါမ္မောကား ယပစ္စည်းဟု ဇာတာဒီနသုတ်၌ (ရှု) ဆိုခဲ့သည်၊] ကဏ်ပစ္စည်းနှင့် ဏပစ္စည်းလည်း နပုလ္လိင်သာများ၏၊ ဏပစ္စည်းကား ပါရမ် မေတ္တိစသည်ဖြင့် အနည်းငယ် ဣတ္ထိလိင်တွေ့ရသည်၊ လဃုဘာဿ၌ကား ''ဏျန္တံဥဘယတြ''ဟု ဆိုသတတ်၊

[ဆောင်] ဏျ တ္တ တ္တန, သုံး ၃ ပစ္စည်းမှာ, နပုံးသာဟု, ရှေးခါကာလ, ဆိုရိုးပြလည်း, သက္ကတ ဘက်, ဏျတွက်မှာ, ထီပါ နပုံး, ၂ လိင် သုံး၍, တလုံးတာမူ, ထီသာဟူ, မှတ်ယူ လိင်အခွဲ။

ဤနေရာ၌ ဘာဝတဒ္ဓိတ်ထားရကျိုး။ ။ ''သာမည, အဗျယ, ဘာဝဟု တဒ္ဓိတ်ကြီး ၃ မျိုးတွင် သာမညတဒ္ဓိတ် မကုန်သေးပဲလျက် ဘာဝတဒ္ဓိတ်ကို ထို သာမညတဒ္ဓိတ်အကြား၌ ဆိုထားခြင်းသည် သာမညတဒ္ဓိတ်တွင် ပါဝင်သော ဏိယပစ္စည်းစသည်များကိုလည်း ဘာဝတဒ္ဓိတ်တွင်း၌ တုသဒ္ဒါဖြင့်သွင်းယူရခြင်း အကျိုးငှာလည်းကောင်း, သကတ္တ ကမ္မစသော အခြားအနက်တို့၌လည်း ဘာဝ ပစ္စည်းများကို ယူခြင်းငှာလည်းကောင်း ဖြစ်၏''ဟု နိဒ္ဒေသဆိုသည်၊ ဤစကား အစဉ်ဖြင့် သုတ်ရင်း ၃ သုတ်ဖြင့် သက်ရသော ဘာဝပစ္စည်း ၅, တုသဒ္ဒါဖြင့် သက်ရသော တ္တန - ဏေယျ - ဣယ - ဏိယ - ဗျ-ဣမ-နဏ်-တ္တဟု ရှစ်ပစ္စည်းတို့ကို ပြဆိုရာအခန်း ပြီးပြီ။

[ဆောင်] တဒ္ဓိတ် သာမည, ယင်းမဈ္ဈဝယ်, ဘာဝထားမှု, အာဘော်ရှုသော်, တုသဒ္ဒဖြင့်, ဏိယ စသည်, ယူမည့်တချက်, အခြား နက်လည်း, ဘော ပစ္စည်းတို့, ဟောနည်း တဖော်, သိစိမ့်မြော်, အာဘော် နိဒ္ဒေသ။

ဘာဝတဒ္ဓိတ် ပြီး၏။

## ဝိ သေ သ တ ဒ္ဓိတ်

ဝိသေသေ
တရတမိ သိကိယိဋ္ဌာ

၃၆၃။ ဝိသေသတ္တေ— ဝိသေသအနက်၌၊ တရ တမ ဣသိက ဣယ ဣဋ္ဌ ဣတိ—တရ, တမ, ဣသိက, ဣယ, ဣဋ္ဌ ဟူဆိုအပ်ကုန်သော၊ တေ ပစ္စယာ ဟောန္တိ၊ သဗ္ဗေ ဣမေ- ဤသူ အားလုံးတို့သည်၊ ပါပါ — ယုတ်မာသူတို့တည်း၊ အယံ - ဤသူသည်၊ ဣမေသံ-ဤ ယုတ်မာသူတို့ထက်၊ ဝိသေသေန-အထူးအားဖြင့်၊ ဝါ-သာလွန်၍၊ ပါပေါ—ယုတ်မာသူတည်း၊ ဣတိ—ထို့ကြောင့်၊ ပါပတရော-ပါပတရ မည်၏၊ ဧဝံ, ပါပတမော, ပါပိသိကော, ပါပိယော, ပါပိဋ္ဌော —အလွန် ယုတ်မာသူ။ (၃၉၀)။

---

၃၆၃။ ဝိသေသတ္တ။ ။သူတပါးထက် သာလွန်ထူးကဲခြင်း ထူးချွန်ခြင်းကို ဝိသေသအနက်ဟု ဆိုသည်၊ သက္ကတ၌ " အတိသယတ္ထ — လွန်ကဲသော အနက်"ဟု ဆို၏၊"သဗ္ဗေ ဣမေ ပါပါ,အယံ ဣမေသံ ဝိသေသေန ပါပေါ"ဤ အားလုံးကို "ပါပတရော"၏ အနက်ပြ ဝိဂ္ဂဟ်ဝါကျဟု မမှတ်လင့်၊ "ဝိသေသေ န + ပါပေါ" သာ ဝိဂ္ဂဟ်ဝါကျ လိုရင်းတည်း၊ "အထူးအားဖြင့်" ဟူရာ၌ ဝိသေသသဒ္ဒါသည် ( အထူးရှိသော ) သာမညကို ငဲ့နေရကား " ဘာထက် + ထူးသနည်း"ဟု မေးဖွယ်ရှိ၍ "ဣမေသံ"ဟု ထည့်ရသည်၊ "ဤသူတို့ထက်+ ထူးသည်" ဟူလို၊ "ဣမေသံ" အရ ဣမသဒ္ဒါဖြင့် ညွှန်ပြအပ်သူကား "ဘယ်သူ များပါနည်း"ဟု တဆင့်မေးဖွယ်ရှိ၍ " သဗ္ဗေ ဣမေ ပါပါ"ဟု ရှေးဦးစွာ အပိုဝါကျ ထည့်စွက်ပြရသည်၊ ဣမေသံဖြင့် ညွှန်ပြအပ်သူများကား "သာမည လောက် ယုတ်မာကြသော ဤသူအားလုံးတည်း" ဟူလို၊ အယံ ဣမေသံ၌ အယံ ကား ဝိဂ္ဂဟ်နက်ပေးရာ၌ ထည့်၍ပေးရိုးဖြစ်သော"ယော-သော" ပုဒ်မျိုးသာ တည်း၊ ထို့ကြောင့်"သဗ္ဗေ ဣမေ၊ပေ၊အယံ ဣမေသံ"တို့ကို အဓိပ္ပာယ်စုံအောင် အပိုသည့်ပါဌ်များတည်း၊ "ဝိသေသေန+ပါပေါ"သာ လိုရင်း ဝိဂ္ဂဟ်ဝါကျ ဖြစ်သည်ဟု မှတ်ပါ။

အမှာ။ ။"သဗ္ဗေ ဣမေ ပါပါ"နေရာဝယ် "အယဉ္စ ပါပေါ, အယဉ္စ ပါပေါ= ဤသူလည်း ယုတ်မာသူ,ဤသူလည်း ယုတ်မာသူ"ဟု အစိတ်အစိတ် (တယောက်စီ) လည်း ပြနိုင်၏၊ ထို့ကြောင့် "အယဉ္စ ပါပေါ, အယဉ္စ ပါပေါ" ဆိုခြင်းနှင့် "သဗ္ဗေ ဣမေ ပါပါ"ဟု ဆိုခြင်းသည် သဘောတူပင် ဖြစ်သည်။

တရထက် တမ သာလွန်ပုံ။ ။သာမန် သတ္တဝါ ( သာမန်တရား ) ထက် သာလွန်သူကို ဟောရာ၌ တရပစ္စည်းဖြင့် သုံးစွဲ၍, ထိုသာလွန်သူ (သာလွန်သော တရား ) ထက်ပင် ထူးချွန်လွန်ကဲပြန်ရာ၌ တမ ပစ္စည်းဖြင့် သုံးစွဲလေ့ရှိကြ၏၊ ထို့ကြောင့် တရပစ္စည်းထက် တမပစ္စည်းက သာလွန်သည်ဟု ပြောစမှတ် ပြုကြ

သည်၊ "ယော ကိဉ္စိ ဇာနာတိ, သော ပဋ္ဋု = အကြင်သူသည် တစုံတရာကို သိနိုင်၏၊ ထိုသူသည် ပညာရှိတည်း၊" ဤကား သာမန်ပညာရှိသူတည်း၊ တတော အဓိကော, သော ပဋ္ဋုတရော = ထိုသာမန်ပညာရှိထက် သာလွန်သူသည် ပဋ္ဋုတရ (အလွန်ပညာရှိသူ)မည်၏၊ တတောပိ အဓိကော, သော ပဋ္ဋုတမော= ထိုပဋ္ဋုတရ မည်သူထက်ပင် သာလွန်သူသည် ပဋ္ဋုတမ (အလွန်အကြူး ပညာရှိသူ, ပညာအရှိဆုံးသူ) မည်၏၊ (လဃုဘာသာ, သုဗောဓိနီဋီကာ)။ [ကာမစိတ်စသော စိတ် ၄ မျိုးအစဉ်ကို ဖွင့်ပြသော ဋီကာဓကျော်၌လည်း ဤအဓိပ္ပာယ်ကို ပြထားသည်။]

**ဝါဒအမျိုးမျိုး။** ။ရူပသိဒ္ဓိ၌ကား "တမေတာပိ အဓိကော ပါပတမော ပါပတမာ ပါပတမံ, ပါပိသိကော၊ ပေ၊ ပါပိယော၊ ပေ၊ ပါပိဋ္ဌော" ဟု ဘဆက်တည်း ပြထားသောကြောင့်, ဣသိက ဣယ ဣဋ္ဌ ပစ္စည်းတို့လည်း တရပစ္စည်းထက် ထူးကဲသာလွန်သောအနက်ကို ဟောပြ၏-ဟု ယူဆဖွယ် ဖြစ်နေ၏၊ ( ထိုအတိုင်းပင် ဗာလာဝတာရ ယူဆ၏၊ ) သို့သော် ရှုဆရာကိုယ်တိုင်ကမူ ဣသိကစသည်တို့ တမပစ္စည်းကဲ့သို့ တရထက် လွန်ကဲသော အနက်ကို ဟော၏-ဟု မဆိုလို, တမပစ္စည်း အတွက်လောက်သာ "တတောပိ အဓိကော" ဟု ဆိုလို၏၊ ပုံစံချင်း ဆက်နေသောကြောင့်သာ "ပါပိသိကော" စသည်ကို ဆက်ပြရသည်၊ ဣသိက စသည်တို့ကား တရကဲ့သို့သော အနက်မျိုးကိုသာ ပြသည်-ဟု မှတ်ပါ၊ ထို့ကြောင့် "သဗ္ဗေ ဣမေ ဝုတ္တာ, အယမိမေသံ ဝိသေသေန ဝုတ္တော" စသည်ဖြင့် ဇေယျော ဇေဋ္ဌော ပုဒ်တို့၌ပါသော ဣယ ဣဋ္ဌ ပစ္စည်းနက်များကို တရ ပစ္စည်းကဲ့သို့ပင် ရှု၌ ဖွင့်ထားသည်၊ သက္ကတ ဗျာကရုဏ်း အချို့၌ကား— ၂ ယောက်ရှိရာ၌ သာလွန်သူတယောက်ကိုဆိုလိုလျှင် တရပစ္စည်း, အများရှိရာ၌ ထိုအများထက်သာလွန်သူကို ဆိုလိုလျှင် တမပစ္စည်းဟု ခွဲခြား၏၊ တရပစ္စည်း အရာ၌ ဣယသက်၍, တမပစ္စည်းအရာဝယ် ဣဋ္ဌလည်းသက်၏, ဤသို့စသည်ဖြင့် ခွဲခြားလေသည်။

**ပါဠိသုံး။** ။ပါဠိ၌ကား ထိုကဲ့သို့ ခွဲခြားချက် မရှိ၊ "သေဋ္ဌံ တိလောကမဟိတံ, သေယျံ ဇိနေရိတနယေန" တို့၌ အများထက်သာလွန်သော ဘုရားရှင်နှင့် လောကုတ္တရာတရားတော်ကို ဣဋ္ဌ ဣယပစ္စည်းဖြင့် သုံးစွဲခဲ့၏၊ "သေဋ္ဌံတိ-ပသတ္ထတရံ" ဟု အချီးမွမ်းအပ်ဆုံးကိုပင် (တမပစ္စည်းဖြင့် မဖွင့်ပဲ) တရပစ္စည်းဖြင့် ဋီကာတို့ဖွင့်၏၊ ထို့ကြောင့် တရ-တမ ၂ ပစ္စည်းလုံး တနေရာတည်း၌ ယှဉ်တွဲသုံးစွဲရာဝယ် တရပစ္စည်းအနက်ထက် တမပစ္စည်းအနက်က သာ၏၊ တရ-ဣယ-ဣဋ္ဌတို့ချည်းသက်သက် တခုစီ သုံးစွဲရာ၌ကား တယောက်ထက်ဖြစ်စေ အများထက်ဖြစ်စေ သာလွန်သူ, အသာဆုံးဖြစ်သူကိုပင် တရ ဣယ ဣဋ္ဌတို့ ထွန်းပြနိုင်ကြသည်ဟု မှတ်ပါ၊ "စေတသု ပဋ္ဌသု တရတမာနံယေဝ ဝိသေသော ပညာယတိ=ဤ ၅ ပစ္စည်းတို့တွင် တရနှင့်တမ ၂ ပစ္စည်းသာအချင်းချင်းထူးပုံထင်ရှား

၏၊ (ဣသိကပစ္စည်းတို့ကား အချင်းချင်းမထူး-ဟူလို)ဟူသော သဒ္ဒနီတိလည်း ဤအဓိပ္ပာယ်မျိုးပင်တည်း၊ ဝိဂ္ဂိုဟ်ကိုကား "ဝိသေသေန ပါပေါ"ဟု ချည်း ပြု။

ဂုဏ်လွန်ကဲရာ၌သာ သုံးစွဲရိုးရှိပုံ။ ။"ယုတ်မာခြင်း, လိမ္မာခြင်း, မြတ်ခြင်း ကြီးရင့်ခြင်း, နီးနားခြင်း, ငယ်ရွယ်ခြင်း, ပျိုနုခြင်း" စသည်ဖြင့် မကောင်းဂုဏ်ဖြစ်စေ အကောင်းဂုဏ်ဖြစ်စေ ဂုဏ်လွန်ကဲရာ၌သာ တရစသော ပစ္စည်းများကို သုံးစွဲရိုး(ပါဠိသုံး)ရှိ၏၊ ထို့ကြောင့် "ပါပတရော-ပဋုတရော"စသော ပုံစံများကိုသာ ပါဠိသဒ္ဒါကျမ်းတို့ ထုတ်ပြကြသည်၊ "ဣမေ ပဥ္စ ပစ္စယာ ဂုဏဝသေနာ-မိကေ သေဋ္ဌတ္တေ ဝါ (အမြတ်အနက်၌ လည်းကောင်း) ဟီနတ္တေ ဝါ (အယုတ်အနက်၌လည်းကောင်း) ပဝတ္တန္တီတိ ဝဒန္တိ"-နိဒ္ဒေသ။

သက္ကတ။ ။ဇာတိ ဂုဏ ကြိယာသဒ္ဒါ ၃ မျိုးနောင် တရ တမ ပစ္စည်းတို့ သက်ပုံကို သက္ကတဋီကာတို့၌ ပြ၏၊ ဂေါတရော (သာမန် နွားတို့ထက် လွန်ကဲသောနွား), ဂေါတမော-ထို့ထက်ပင် လွန်ကဲသောနွား (ဇာတိသဒ္ဒါနောင် သက်ပုံ၊) ပဋုတရော ပဋုတမောတို့ကား ဂုဏသဒ္ဒါနောင် သက်ပုံ၊ ပါစက-တရော ပါစကတမောတို့ကား ကြိယာသဒ္ဒါနောင် သက်ပုံတည်း။

**အောက်ထက် သုံးပုံ။** ။အမြတ်အမြင့် အကြီးဂုဏ်ကို ဟောရာ၌ "ပဋုနုန်-လိမ္မာသူတို့ထက်၊ ဝိသေသန ပဋုတိ ပဋုတရော"ဟု ပဋုနုန်ကဲ့သို့သော ပုဒ်မျိုးဝယ် "ထက်"ဟုလည်းကောင်း, အယုတ် အနိမ့် အငယ် ဂုဏ်ကို ဟောရာ၌ "ပါပါနံ-ယုတ်မာသူတို့အောက်၊ ကနိဋ္ဌာနံ ငယ်သူတို့အောက်" စသည်ဖြင့် "အောက်"ဟုလည်းကောင်း သုံးစွဲလေ့ရှိကြ၏၊ သို့သော် နိမ့်သောအရာ ငယ်သောအရာ၌ "သူ့အောက်နိမ့်သည်, သူ့အောက်ငယ်သည်"ဟု အဓိပ္ပာယ်အမှန်ရ၏၊ ယုတ်မာသော အရာ၌ကား "သူ့အောက်+ယုတ်မာသည်" မဟုတ်, သူ့အထက် သာလွန်၍ ယုတ်မာသောကြောင့် အောက်ဟုမပေးပဲ "ထက်"ဟုသာ ပေးထင့်သည်။

ဝိသေသတ္ထပစ္စည်း ၂ ဆင့် သက်ပုံနှင့် လိင်။ ။ ဝိသေသေန + ပါပေါတိ ပါပိဋ္ဌော-အထူးယုတ်မာသူ (ဣဋ္ဌပစ္စည်း)၊ ဝိသေသေန + ပါပိဋ္ဌော ပါပိဋ္ဌတရော-အလွန်အကြူး အထူးယုတ်မာသူ၊ ဝါ- အယုတ်မာဆုံး။ (ဣဋ္ဌနောင် တရပစ္စည်းဆင့်ပုံ)၊ "အတိသယန္တာပိ အတိသယပစ္စယော" — မောဂ္ဂလ္လာန်၊ ဤတရာဒိပစ္စယန္တပုဒ်များ၌ လိင်အားဖြင့် ပကတိပုဒ်၏ လိင်အတိုင်း ရှိရမည်၊ ပါပေါဟူသော ပုလ္လိင်နောင် တရသက်လျှင် "ပါပတရော"ဟုလည်းကောင်း, ပါပါ (မိန်းမ) နောင်သက်လျှင် "ပါပတရာ"ဟုလည်းကောင်း, ပါပံ(အမျိုး) နောင်သက်လျှင် "ပါပတရံ"ဟုလည်းကောင်း ရှိရမည်-ဟူလို၊ ဤစကားသည် အထူးအဆန်း မဟုတ်, "အဘိဓေယျ (ဟောနက်) လိင်လိုက်ရမည်" ဟူသော ဥပဒေသအတိုင်းပင်တည်း။

## အဿတ္ထိ တဒ္ဓိတ်

**တဒဿတ္ထိတိ ဝိဓ**

၃၆၄။ အဿ—ထို ဥစ္စာရှင်၏၊ တံ-ထိုဥစ္စာသည်၊ အတ္ထိ-ရှိ၏၊ ဣစ္စေတသ္မိံ အတ္ထေ-၌၊ ဝိပစ္စယော ဟောတိ၊ ယဿ - အကြင်သူ၏၊ မေဓာ-ပညာသည်၊ အတ္ထိ-ရှိ၏၊ ဝါ-တနည်း၊ တသ္မိံ—ထိုသူ၌၊ မေဓာ-သည်၊ ဝိဇ္ဇတိ-ရှိ၏၊ ဣတိ, မေဓာဝီ-မည်၏၊ ဧဝံ, မာယာဝီ—မာယာရှိသူ (မာယာများသူ)၊ စဂ္ဂဟဏေန, သော ပစ္စယော—သော ပစ္စည်းသည်၊ ဟောတိ၊ ယဿ-၏၊ သုမေဓာ-ကောင်းသောပညာသည်၊ အတ္ထိ၊ ဝါ, တသ္မိံ, သုမေဓာ, ဝိဇ္ဇတိ, ဣတိ, သုမေဓသော-သုမေဓသော မည်၏၊ (၃၉၈)။

---

**နိစေယျံ**။ ။"အယံ ဣမေသံ အတိသယေန နိစောတိ နိစေယျော=အထူး နိမ့်ကျသူ၊ တဿ + ဘာဝေါ နိစေယျံတိ အာဟ—နိစတရဘာဝေါ ပန မယှံ ကုဟောတိ"—မူလပံ, ဗြဟ္မနိမန္တနသုတ် ဋီကာ။ [ဤ၌ နိစေယျောဝယ် ဣယ ပစ္စည်း, ဣကို သေ ဝဏ်ပြု, ယ် ဒွေဘော်လာဟု ကြံသင့်၏၊ မောဂ္ဂလ္လာန်နိဿယ၌ကား ဏေယျပစ္စည်းဟု မိန့်တော်မူသည်၊ တဿ + ဘာဝေါဖြင့် "နိစေယျဿ+ဘာဝေါ နိစေယျံ"ဟု ဝိသေသတ္ထ ပစ္စယန္တနောင် ဘာဝတ္ထ ဏပစ္စည်း ထပ်သက်။]

**ရုပ်တွက်**။ ။ရုပ်တွက်ရာ၌ "ဝိသေသေန+ပါပေါ"ဟု တည်, အနက်ပေး၊ ဣတိအတ္ထေ-၌၊ ဤသုတ်ဖြင့် ပါပေါနောင် တရသက်"ဟု ဆို၊ "တဒ္ဓိတ်ပစ္စည်း ဆိုင်းတမ်းနည်း" အရ ၂ ပုဒ်အလယ်သက်မှ မှန်သည်ဟု ယူလျက် "ပါပေါ+ ဝိသေသေန"ဟု ဝါကျခင်း၍လည်း နိဒ္ဒေသတွက်ပြ၏၊ ၂ ပုဒ်အလယ်ရောက်ခြင်း မရောက်ခြင်းသည် လိုရင်းမဟုတ်, ဝိသေသအနက်၌ သက်ရခြင်းသာ လိုရင်း ဖြစ်၍ "ဝိသေသေန+ပါပေါ"ဟု ဝိဂ္ဂိုဟ်ပြုရင်းအတိုင်း ဝါကျခင်းထိုက်သည်၊ ရှေးဆရာတို့ကား "ပါပါနံ+ဝိသေသေန+ပါပေါ"ဟု ၃ပုဒ်လုံး ဝါကျပြုကြ၏၊ ထိုသို့ ပြုရာ၌ ပါပါနံနောင်သက်လျှင် "ဥက္ကဋ္ဌတ္ထပစ္စယာ-ဥက္ကဋ္ဌ ( အတိသယ ) အနက်ဟော ပစ္စည်းတို့သည် ပဋ္ဌမန္တာ ဧဝ - ပါပေါကဲ့သို့သော ပဋ္ဌမန္တပုဒ် နောင်သာ (သက်ကုန်၏)" ဟူသော ဗျာကရုဏ်းတို့ အဆိုနှင့် ဆန့်ကျင်သော ကြောင့် "ပါပါနံ" ထည့်၍ ဝါကျခင်းခြင်းသည် ရှေးသဒ္ဒါကျမ်းရင်းတို့ အလို မဟုတ်ပါ။

---

၃၆၄။ **တဒဿတ္ထိတိ**။ ။"တံ + အဿ + အတ္ထိ + ဣတိ"ဟု ပုဒ်ဖြတ်၊ တံဖြင့် မေဓာစသော ပဌမန္တပုဒ်ကို ညွှန်ပြ၏၊ အဿဖြင့် ဥစ္စာရှင်ကို ( ဥစ္စာ ရှိသောအရုပ်-လူစသည်ကို) ညွှန်ပြ၏၊ ဤသုတ်သည် "မေဓာ မာယာ" ဟူသော

အာကာရန္တတ္ထိလိင် ၂ ပုဒ်နောင်သာ ဝိပစ္စည်း သက်၏၊ [“အယံ ဝိပစ္စယော အာကာရန္တိတ္ထိလိင်္ဂေဟိ မေဓာမာယာသဒ္ဒေဟိ ဟောတိ” — ဗာလာဝတာရဋီကာ] ဝိဂ္ဂြိုဟ်ကို “မေဓာ ယဿ အတ္ထိ=မေဓာ အဿ အတ္ထိ”ဟု ပြုနိုင်၏။

အတ္ထျတ္ထ တဒ္ဓိတ်။ ။သုတ်၌ပါသော “အဿတ္ထိ”ကို ကြည့်၍ အဿတ္ထိ အနက်၌သက်သော ပစ္စည်းများကို “အဿတ္ထိတဒ္ဓိတ်”ဟု ခေါ်ကြ၏၊ သီဟိုဠ်ရူပသိဒ္ဓိ-တဒ္ဓိတ် အဆုံး၌ကား အတ္ထိအနက်ရှိသော “အတ္ထျတ္ထ” တဒ္ဓိတ်ဟု ဆိုထား၏၊ ထိုအဆိုသည် “တဿ ဝိဇ္ဇတိ”ဟု ဝိဂ္ဂြိုဟ်ပြုရာ၌လည်း အတ္ထိအနက်ရှိသောကြောင့် သာ၍သင့်ပေသည်။ [ရုပ်တွက်ရာ၌ “မေဓာ+အဿ+အတ္ထိ” ဖြစ်စေ, “မေဓာ+တဿ+ဝိဇ္ဇတိ” ဖြစ်စေ တည်နိုင်၏၊ အခြေပြု နည်းမှီ၍ တွက်ပါ။]

အဿ၏ ဆဋ္ဌီအနက်။ ။“အဿ-ထိုသူအား”ဟု သမ္ပဒါန်အနက် ပေးလေ့ရှိကြ၏၊ ထိုပေးခြင်းကား အတ္ထိကြိယာကိုငဲ့၍ ပေးခြင်းတည်း၊ သို့သော် အတ္ထိကြိယာကို သမ္ပဒါန်ငဲ့သော ကြိယာဟု သဒ္ဒါကျမ်းတို့၌ မဆို၊ [“အဿာတိ ဝါ နတ္ထီတိ ဧတ္ထ ကြိယာပဋိဂ္ဂါဟကာ ဝစနံ” ဟူသော သိလက္ခန္ဓဋီကာသစ် အဆိုကို ရူပဘာသာဋီကာ ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ်အဆုံး၌ စိစစ်ထား၏၊] သဒ္ဒနီတိ ကာရကသုတ္တမာလာ “ဥဒေတယံ စက္ခုမာ”၌ စက္ခုမာပုဒ်နှင့် “အာသာဝတီနာမ လတာ”ဝယ် အာသာဝတီပုဒ်တို့ကို ဝိဂ္ဂြိုဟ်ပြုရာ၌ “စက္ခု + အဿ + အတ္ထီတိ စက္ခုမာ၊ အာသာ + ယဿာ + အတ္ထီတိ အာသာဝတီ”ဝယ် အဿ ယဿာ တို့သည် (ပါဠိအဋ္ဌကထာအလို) အတ္ထိကိုငဲ့သော သမ္ပဒါန်သာ ဖြစ်ထိုက်၏-ဟု ဆိုသွားလေ၏၊ [ အကျယ်ကို ထိုမှာရှု၊ ] ထိုကဲ့သို့ ကပ်ကပ်သပ်သပ် ကြံလျှင် အနည်းငယ်သောအရာ၌ ဝိဂ္ဂြိုဟ်တွင်းပါသော အဿကို သမ္ပဒါန်ဟု ဆိုရန် ရှိသော်လည်း များစွာသော အရာတို့၌မူ “မာယာ + အဿ”၌ အဿနှင့် မာယာသည် “သူ၏+မာယာ”ဟု “သံ+သာမိ” အဖြစ်ဖြင့် စပ်လျက်ရှိသကဲ့သို့ အခြားပုဒ်များ၏ ဝိဂ္ဂဟ၌လည်း သံ+သာမိ စပ်ရသည်သာ များသောကြောင့် “အဿ + ယဿ” တို့အတွက် “၏”ဟု ဆဋ္ဌီဝိဘတ်နက်ကိုသာ ကေန်ပေးထိုက်၏၊ သဒ္ဒနီတိကြံအပ်သော “စက္ခု အဿ-အာသာ ယဿာ” တို့သော်မှလည်း ဆဋ္ဌီအနက်က သာ၍ သင့်လျော်ဖွယ်ရှိသည်။

ဝဂ္ဂဟာေဓနေ သော ပစ္စယော။ ။ ဝိစဉ်၌ စသဒ္ဒါဖြင့် သောပစ္စည်းသက်ဟူ၏၊ ဤ၌ “သောပစ္စည်း, သပစ္စည်း”ဟု ဝါဒကွဲ၏၊ “ဝဂ္ဂါ ပဥ္စပဥ္စသော မန္တာ”သုတ် ရူပဋီကာ၌ သောပစ္စည်းဟု ဖွင့်ခဲ့သောကြောင့် ကစ္စည်းနှင့် ရူပတို့ အလို “သော”ပစ္စည်းပင် ဆိုလို၏၊ [ထိုအလို သုမေဓာနောင် အဿတ္ထိအနက်၌ ဤသုတ် စသဒ္ဒါဖြင့် သောပစ္စည်းသက်, နာမ်ငဲ့, သိသက်, ချေ။] သို့သော် “ဝန္ဒေ တေ ပိတရံ ဘဒ္ဒေ, တိမ္ဗရုံ သုရိယဝစ္ဆသေ၊ ပေ၊ ပိတရံ တေ သုမေဓသေ” (သက္က

ပဥ္စသုတ်)၌ "ဝစ္ဆသော, ယုမေဓသော"ဟု အာလုပ်ပုဒ် ရှိသောကြောင့်လည်းကောင်း, "လောမသာနို ဗြဟ္မာနိစ" မူလပံ့, သဗ္ဗာသဝသုတ်၌ "လောမသာနို"ဟု နပုလ္လိင်ရှိသောကြောင့် လည်းကောင်း သောပစ္စည်း မဟုတ်, လိင် ၃ ပါးနှင့်ဆက်ဆံသော သ ပစ္စည်းသာ ဖြစ်ထိုက်သည်၊ [လောမသာယာတိ-တနုတမ္ဗလောမသာယအပ္ပလောမဝတိယာ၊ လောမံ (နုနယ် နီမြန်းသော အမွေးသည်) ဧတိဿာ (ဤ ရသေ့မလေး၏) အတ္ထီတိ လောမသာ၊ လိင်္ဂတ္တယေပိ ဟိ သပစ္စယေန ပဒသိဒ္ဓိမိစ္ဆန္တိ သဒ္ဒဝိဒူ"—သီလက္ခန် မဟာသီဟနာဒသုတ် ဋီကာ၊] "ကက္ကသော-ကြမ်းသော အတွေ့ရှိသော၊ ဗဟုကော-အများရှိသောအရာ, စသည်တို့၌လည်း သ ပစ္စည်းပင်၊ ဤ (သ) ပစ္စည်းသည် သကတ္တ၌လည်းသက်၍ "လဟုသာနို"ဟု ဖြစ်၏၊ "လဟူနိ ဧဝ လဟုသာနို"ဟု ပြု။

**စဖြင့် ယူရမည့်ပစ္စည်း။** ။ရူ၌ "ဧဂ္ဂဟာဏောနုသော - ဣလ-ဝ-အာလာဒိပစ္စယာစ"ဟု ဣလ စသော ပစ္စည်းများကိုယူ၍ ပိစ္ဆိလော စသည်ကို ထုတ်၏၊ ထိုပုံစံများကို ရှုမှာရှုပါ။

**ဘ ပစ္စည်း။** ။အာလာဒိ ပစ္စယာစ၌ အာဒိဖြင့် "တုန္ဒိ-ဝဋိ (ချက်) ယဿ အတ္ထီတိ တုန္ဒိဘော, ဝဋိဘော-ချက်ရှိသူ (ချက်ကြီးသူ) ဝလိ (တွန့်သောအရေ) ယဿ အတ္ထီတိ ဝလိဘော=တွန့်သောအရေရှိသူ" တို့၌ ဘပစ္စည်း။

**အာမိ ဥဝါမိ။** ။"သံ (ဥစ္စာ)ယဿ အတ္ထီတိ သာမိ, သုဝါမိ=ကျေးကျွန်တည်းဟူသော ဥစ္စာရှိသော အရှင်သခင်" ဟူရာ၌ ဥစ္စာအနက်ဟော သ သဒ္ဒါနောင် သက်ရသော အာမိ ဥဝါမိ ပစ္စည်းများ။

**ဏ ပစ္စည်း။** ။"လက္ခီ (အသရေ) ယဿ အတ္ထီတိ လက္ခဏော=အသရေရှိသူ"၌ လက္ခီနောင်သက်သော ဏပစ္စည်း၊ ဤ (ဏ)ကား အနုဗန် ဏ မဟုတ်, ပစ္စည်း၏ အစိတ်အပိုင်းဖြစ်သော ဏတည်း၊ ထို့ကြောင့် အနုဗန် မကြေပဲ (ဏ) အတိုင်း ရှိရသည်၊ လက္ခီ၌ ဤကိုလည်း သုတ်ကြီးဖြင့် (အ) ပြု။

**နပစ္စည်း။** ။"အင်္ဂါနိ (လက် ခြေ နား နှာ စသော ကောင်းသော ကိုယ်အင်္ဂါတို့သည်) အဿာ သန္တီတိ အင်္ဂနာ = ကောင်းသော ကိုယ်အင်္ဂါရှိသော မိန်းမ"ဟူရာ၌ အင်္ဂနောင်သက်သော နပစ္စည်း, ["ပါမနော — ယားနာရှိသူ၊ သာမနော - ညိုညွတ်စေ့စပ်ခြင်းရှိသူ၊ ဝါ-ရွှေသော အဆင်းရှိသူ၊ ဒဒ္ဒုနော — ပွေးနာရှိသူ၊ ကိမိနော—ပိုးလောက်ရှိသော ကိုယ်၊ ဝလိနော—အရေတွန့်ရှိသူ၊ ဝါမနော-ပုက္ကုခြင်းရှိသူ" တို့၌လည်း နပစ္စည်းပင်။]

**ဣနပစ္စည်း။** ။"ဖလိနော-အသီးရှိသောသစ်ပင်၊ ဝဟိဏော-မြီးဆံရှိသော ဥဒေါင်း (နကို ဏပြု)၊ သိင်္ဂိနော-ဦးချိုရှိသောသတ္တဝါ၊ မလိနော-အညစ်အကြေးရှိသူ"တို့၌ ဖလ-ဝဟ-သိင်္ဂ-မလနောင်သက်သော ဣနပစ္စည်း။

**တပစ္စည်း**။ ။ "ပဗ္ဗံ ယဿ အတ္ထီတိ ပဗ္ဗတော = အဆစ်အဆစ်ရှိသော တောင်၊ ဝင်္ကံ အဿ အတ္ထီတိ ဝင်္ကတော = ကောက်သောသဏ္ဌာန်ရှိသော တောင်"၌ တပစ္စည်း။

**လ္လတပစ္စည်း**။ ။ "ဝေဿ အဿ အတ္ထီတိ ဝေတ္တတော = ကျင်ကြီးရှိသူ (ကျင်ကြီး နှိပ်စက်အပ်သူ)"၌ လ္လတပစ္စည်း။

**လ, ဝလပစ္စည်း**။ ။ "စူဠာ သိခါ ယဿ အတ္ထီတိ စူဠာလော သိခါလော= ဦးစွန်း, အမောက်ရှိသော ငှက်"၌ လပစ္စည်း, "သိခါ အဿ အတ္ထီတိ သိခါဝလော=အမောက်ရှိသော ဥဒေါင်း၌" ဝလပစ္စည်း။ ["ဒန္တာဝလော-အစွယ်ရှိသော ဆင်"၌ကား နှ၌ ဒီဃပြု] ဤပြခဲ့သော ပစ္စည်းများကိုယူ၊ အချုပ်မှာ— အဿတ္ထိအနက်၌ သက်ထိုက်၍ သုတ်သီးခြားလည်းမရှိသော ပစ္စည်း ဟူသမျှကို ဤသုတ်လာ စသဒ္ဒါဖြင့် ဆည်းယူပါ-ဟူလို။

[ဆောင်] တဒဿတ္ထိ, သုတ်၌ရှိသည့်, စ၏အရ, သ-ဠလနှင့်, အာလ-ဝ-ပြီ, ဥဝါမိ-ဘ, အာမိ-ဏာဆွယ်, နဃယ်-ဠန, ဠတ-တနှင့်, ဝလ-လခြီး, ဆယ့်လေးသုံး, သက်ထုံး ရှိကြသည်။

**သဒ္ဓာတ အဿတ္ထိ တမျိုး**။ ။ "သဒ္ဓာတံ တာရကာဒိတ္တိကော" ဟု မောဂ္ဂလ္လာန်၌ သုတ်တည်၍"လွန်စွာဖြစ်သော အရာဝတ္ထုရှိ၏" ဟူသော အနက်၌ လ္လတပစ္စည်းသက်၏၊ တာရကာ သဒ္ဓာတာ အဿ တာရကိတံ ဂဂနံ၊ အဿ-ထိုကောင်းကင်၏၊ သဒ္ဓာတာ-ကောင်းစွာဖြစ်ကုန်သော၊ တာရကာ-ကြယ်တာရာတို့သည်၊ သန္တိ, လ္လတိ, တာရကိတံ-မည်၏၊ ဂဂနံ-ကောင်းကင်ရ၏၊ သဒ္ဓာတာနိ ပုပ္ဖာနိ အဿ (အဿိ ဝါ)တိ ပုပ္ဖိတော-လွန်စွာဖြစ်သော အပွင့်ရှိသော သစ်ပင်၊ ပလ္လဝိတာ - လွန်စွာဖြစ်သော အညွန့်ရှိသောနွယ်၊ ဖလိတော - လွန်စွာဖြစ်သော အသီးရှိသော သစ်ပင်၊ ဖုလ္လိတော - ကားကားစွင့်စွင့် အပွင့်ရှိသော သစ်ပင်။

**ဥပ္ပိလာဝိတာ စသည်**။ ။ ဥပ္ပလဝတီတိ ဥပ္ပိလာဝံ - ပေါ်လွင် တက်ကြွသော ပီတိသမ္ပယုတ်စိတ်၊ (ဥ+ပလုဓာတ်, ပ္ပ၌ အကို ဣပြု၊ တနည်း-ပိလုဓာတ်ကြံ၊) သဒ္ဓာတံ ဥပ္ပိလာဝံ ယေသံတိ ဥပ္ပိလာဝိတာ ဘိက္ခူ၊ အဝဿဝတီတိ အဝဿာဝေါ = ယိုစီးတတ်သော ထမင်းရည်၊ သဒ္ဓာတော အဝဿာဝေါ ယဿာတိ အဝဿာဝိတော(ဩဒနော)ထမင်းရည်စင်သောထမင်း။ ["ဗျာဓိ+ သဒ္ဓာတော တေဿာတိ ဗျာဓိတံ, သေ နယော ဒုက္ခိတန္တိ တွောပိ"- တင်္ကဂ္ဂိတ္တရ, ဒေဝဒူတဝဂ်ဋီကာ၊] ဗုဘုက္ခာ, ပိပါသာ, တန္ဒာ, ဥက္ကဏ္ဌာ, စသည်နောင် လ္လတသက်၍လည်း "ဗုဘုက္ခိတော, ပိပါသိတော, တန္ဒိတော, ဥက္ကဏ္ဌိတော, သုခိတော, ရောဂိတော" စသည်ဖြစ်၏၊ ပြခဲ့သော "ဝေတ္တတော" ပုဒ်လည်း ဤ၌ ပါဝင်သင့်သည်။

တပါဒိ တောသီ ၃၆၅။ တဒဿတ္ထိ ဣစ္စေတသ္မိံ အတ္ထေ-တဒဿတ္ထိအနက်၌၊ (ဤသို့လည်း အလွယ်ပေး)၊ တပါဒိတော သီပစ္စယော ဟောတိ၊ ယဿ-အကြင်သူ၏ တပေါ—အကျင့်သည်၊ပေ၊တပဿီ-မည်၏၊ ဧဝံ, ယသဿီ-အခြံအရံရှိသူ၊ တေဇဿီ-တန်ခိုးရှိသူ၊ (၃၉၉)။

---

ဒဏ္ဍာဒိတော ဣက ဤ ၃၆၆။ တဒဿတ္ထိ ဣစ္စေတသ္မိံ အတ္ထေ-၌၊ ဒဏ္ဍာဒိတော-ဣက ဤ ဣစ္စေတေ ပစ္စယာ ဟောန္တိ၊ ယဿ-၏၊ ဒဏ္ဍော-တုတ်သည်၊ပေ၊ ဣတိ ဒဏ္ဍိကော, ဒဏ္ဍီ-မည်၏၊ (တုတ်ရှိသူ, တုတ်ကိုင်သူ၊) ဧဝံ, မာလိကော မာလီ-ပန်းရှိသူ၊ (ပန်းသည်၊) (၄၀၀)။

---

၃၆၅။ တပါဒိတော။ ။အာဒိဖြင့် မနောဂိုဏ်းဝင်ဖြစ်သော "မန—ယသ-တေဇ-ပယ" စသော သဒ္ဒါများကိုယူ။ ["တပါဒိတောတိ-မနောဂဏာဒယော ဂဟဏံ" ရူဋီ၊] မှန်၏—မနောဂိုဏ်းစုသည် "မနသ်, ယသသ်" စသည်ဖြင့် သ် ဗျည်းဆုံးလျက်(သက္ကတ၌)ရှိ၏၊ထို့ကြောင့် ဤပစ္စည်းမသက်ပဲ သ် ဗျည်းနှင့်တကွ သီပစ္စည်း သက်ရသည်၊ သက္ကတ၌ "မန"သို့ဟု ဝဆွဲနှင့် ရှိသောကြောင့် ပါဠိ၌ ဝပျောက်၍ "သီ"ဟု ဒွေဘော်လည်း ရောက်ရသည်။

သဒ္ဒနီတိ။ ။သဒ္ဒနီတိ၌ကား "တေဇဿီ" ပုဒ်ဝယ် "ပါဠိပေါတ္ထကေသု ပန နိဿဒ္ဓော ဂ ပဒမေဝ (သီ-ဟု သံယုတ်မဲ့ပုဒ်သာ) အာဂတံ"ဟု ဆို၏၊ သက္ကတအလို လိုက်မူ သံယုတ်နှင့် "တေဇဿီ" ပင်တည်း၊ ဤသုတ် အစီအရင်မမြဲသောကြောင့် "ယသဝါ, တေဇဝါ" စသည်၌ ဝန္တုပစ္စည်းဖြင့်လည်း ရှိ၏၊ [ဣတ္ထိလိင်၌ "တပဿိနီ-အကျင့်ရှိသူမ (ရသေ့မ)"ဟု ဣနီပစ္စည်း ထပ်သက်၊ သဒ္ဒါဒိတော ဏဖြင့် ဏပစ္စည်းသက်၍ "တပ+အ" ဖြစ်သောအခါ ဝုဒ္ဓိပြု, သသရေဝါ ဂမောဖြင့် (သ်) လာလျှင် "တာပသော-အကျင့်ရှိသော ရသေ့၊ ဤပစ္စည်းဖြင့် တာပသီ-ရသေ့မ"ဟု ဖြစ်၏။]

၃၆၆။ ဒဏ္ဍာဒိတော။ ။အာဒိသဒ္ဒါသည် ပကာရ (အတူ) အနက်ရှိ၏၊ ထို့ကြောင့် ဒဏ္ဍကဲ့သို့ အဝဏ္ဏန္တချင်း တူသော ဆတ္တ-မာလာ စသည်ကိုယူ၊ မှန်၏—ဣဝဏ္ဏန္တ စသည်နောင် သတျာဒီဟိမန္တုဖြင့် မန္တုပစ္စည်း သက်လတ့်ဖြစ်သောကြောင့် ဤသုတ်ဖြင့် အဝဏ္ဏန္တ ယူရမည်ဟု သိသာ၏၊ "ဣက ဤ"ဟု တွဲ၍ ပြထားသော်လည်း အချို့နောင် ၂ ပစ္စည်း, အချို့နောင် တ ပစ္စည်းသာ သက်၏ဟု မောဂ္ဂလ္လာန်ဆို၏၊ "မာလာ အဿ အတ္ထီတိ မာလိကော, မာလီ" ဟု ပြု၊ ဤသုတ် မမြဲသောကြောင့် "ဒဏ္ဍဝါ, ရူပိကော, ရူပီ, ရူပဝါ=ရုပ်ရှိသူ, ရုပ်ချောသူ၊ မာလာဝါ-ပန်းရှိသူ" စသည်ဖြင့် ဝန္တုပစ္စည်းလည်းရှိသေး၏။

မဓ္ဒာဒိတော ရော ၃၆၇။ တဒဿတ္တိ ၊ပေ၊ ဟောတိ၊ ယဿ — အကြင် တင်လဲ၏၊ မဓု – ချိုသော အရသာသည်၊ အတ္ထိ၊ ဝါ, တသ္မိံ (မဓု) ဝိဇ္ဇတိ, ဣတိ မဓုရော၊ ဧဝံ, ကုဥ္ဇရော—မေးရှိသော ဆင်၊ [မုဂ္ဂရော-

---

အဿတ္တိ ၂ ဆင့်။ ။အဿတ္တိ ပစ္စည်းနောင် အဿတ္တိပစ္စည်း ထပ်၍ သက်လိုမူ, ထပ်ဘူပစ္စည်း မဆင့်ရ၊ ဥပမာ—ဒဏ္ဍိကောနောင် "တုတ်ရှိသူရှိသော အရပ်"ဟု ဆိုလိုလျှင် "ဒဏ္ဍိကိကော"ဟု မရှိရ, "ဒဏ္ဍိကော ယဿ အတ္ထိတိ ဒဏ္ဍိကဝါ"ဟု ဝန္တုဖြစ်စေ "ဒဏ္ဍိမာ"ဟု မန္တုဖြစ်စေ သက်ရမည်၊ "အတ္ထိက ဝတော ခေါပန" ဟူသော အမ္ဗဋ္ဌသုတ်၌ အတ္ထော ဧတဿ အတ္ထီတိ အတ္ထိကံ ၊ပေ၊အတ္ထိကံ (ကိစ္စရှိသော စိတ်သည်) အဿ အတ္ထီတိ အတ္ထိကဝါ"ဟု အဋ္ဌကထာ ဖွင့်သည်။ ["သမာနဇာတိယမန္တတ္ထိပစ္စယန္တာန သမာန ဇာတိယော မန္တတ္ထိယပစ္စယော ဘဝတိ"—မုဒ္ဓဗောဓဋီကာ၊] နောက်၌ပြမည့် ခွဲခြားချက်တို့ကား မောဂ္ဂလ္လာန်အဆိုတည်း။

ဣက ဤ ခွဲခြားချက်။ ။ဓနု သဒ္ဒါနောင် မြှားရှင်ကို ဟောရာ၌ "ဓနိကော-ဥစ္စာရှိသူ (ကြွေးရှင်)"ဟု ဖြစ်၏၊ ဓနရှင်—သာမန်ကို ဟောရာ၌ကား "ဓနီ, ဓနဝါ (ဓနိမာ)"ဟု ဖြစ်၏၊ အလိုအာသာကို ဟောသော အတ္ထနောင် ဣက ဤသက်၊ အတ္ထော အဿ အတ္ထီတိ အတ္ထိကော, အတ္ထိ=အလိုအာသာ ရှိသူ၊ ပုညတ္ထိကော, ပုညတ္ထိ=ကောင်းမှုဖြင့် အလိုရှိသူ၊ ဓမ္မ-သီလ-ဝဏ္ဏ အဆုံးရှိသော သဒ္ဒါနောင် ဤ ပစ္စည်းသက်၊ ဗြဟ္မဓမ္မိ-မြတ်သော တရားရှိသူ၊ ဗြဟ္မသီလီ—မြတ်သော အလေ့အကျင့်ရှိသူ၊ ဗြဟ္မဝဏ္ဏီ -မြတ်သောအဆင်းရှိသူ၊ ဗြဟ္မဝစ္ဆသီ-မြတ်သော အရောင်ရှိသူ၊ ဒေဝဝဏ္ဏီ-နတ်အဆင်းရှိသူ၊ ရှေ့ပုဒ်မပါပဲ ဝဏ္ဏ သက်သက်နောင် ဝန္တု (အနည်းငယ်မန္တု) သက်၊ ဝဏ္ဏဝါ, ဝဏ္ဏိမာ, အစ္စိမာ (အလျှံရှိသော မီး)၊ ဝဏ္ဏနောင် မြတ်သောအကျင့် ရှိသူကို ဆိုလိုရာ၌လည်း "ဝဏ္ဏီ"ဟူသာ ဖြစ်၏၊ ဟတ္ထ ဒန္တတို့နောင် ဆင်ဇာတ်ကို ဆိုလိုရာ၌ ဤသာ သက်၊ ဟတ္ထီ-နှာမောင်းရှိသော ဆင်၊ ဒန္တီ-အစွယ်ရှိသော ဆင်၊ ["ဒါဌီ-အစွယ်ရှိသော ခြင်္သေ့"လည်း နည်းတူ၊] ဆင်ဇာတ် မဟုတ်ရာ၌ကား "ဟတ္ထဝါ-လက်ရှိသူ၊ ဒန္တဝါ-သွားရှိသူ"ဟု ဝန္တုသက်၊ ပေါက္ခရစသော သဒ္ဒါနောင် ဤသာ သက်, ထိုပစ္စည်းနောင် ဣတ္ထိဇောတက ဣနီ ထပ်သက်၍ ပေါက္ခရိဏီ - ရေ, ကြာရှိသောကန်၊ ပဒုမိနီ, ဥပ္ပလိနီ, ကုမုဒိနီ, ဘိသိနီ, မုဠာလိနီ-ပဒုမ္မာကြာ ရှိသောကန်, စသည်ဖြစ်၏၊ "ပေါက္ခရံ ယဿ အတ္ထိ" စသည်ဖြင့် ဝိဂ္ဂဟ်ပြု။

---

၃၆၇။ မဓုရော။ ။မဓုသဒ္ဒါသည် ချိုသော အသရသာဂုဏ်ကိုလည်းကောင်း ပျားရည် ဒြပ်ကိုလည်းကောင်း ဟော၏၊ ထိုတွင် အရသာဟော မဓုနောင်သာ

ပဲနောက်ရှိသူ၊] မုခရော—ကဲ့ရဲ့ဖွယ် စကားရှိသူ၊ သုသိရော – အခေါင်းရှိသော တုတ်။ [သီသရော - ဦးခေါင်းရှိသူ၊ သူကရော - မြွားရှိသူ၊ သုက်ရော—ကင်းခွန်ရှိသူ၊] သုဘရော—တင့်တယ်ခြင်းရှိသူ၊ သုစိရော—စင်ကြယ်ခြင်းရှိသူ၊ ရုစိရော-အရောင်ရှိသူ၊ (၄၀၁)။

---

အဿတ္ထိအနက်၌ ရ ပစ္စည်းသက်၏၊ ပျားရည်ဒြပ်ဟော မဓုနောင် မသက်၊ ထို့ကြောင့် "မဓု-ချိုသောအရသာသည်"ဟု ပေးရသည်၊ ပျားရည်ဒြပ်နောင်ဖြစ်မှု "မဓုနော-ပျားရည်၏+ဣဒံ-ဥစ္စာဖြစ်သော အရသာတည်း၊ မဓုရံ-သာ"ဟု ဣဒံ အနက်၌ ရ ပစ္စည်းသက်။ ["မဓုသဒ္ဒေါယံ အတ္တေဝ ဧဗ္ဗဝစနော, အတ္ထိ ရသဝါစီ၊ တတ္ထ ရသဝစနာ မဓုသဒ္ဒါ အယံ ပစ္စယော, န တု ဒဗ္ဗဝစနာ-အနဘိဓာနတော (ဒြပ်ဟော မဓုနောင် ရ ပစ္စည်းသက်လျှင် "မဓု အသ္မိံ ဃဋေ အတ္ထိ မဓုရော-ပျားရည်ရှိသော အိုး" ဤသို့သောအနက်ကို မဓုရသဒ္ဒါက မဟောနိုင်သော ကြောင့်တည်း)၊" - မောဂ္ဂလ္လာန်ပဉ္စိကာ၊ မုဒ္ဒဗောဓဋီကာ၌ကား "မဓု (မာဓုရိယံ-အချိုဂုဏ်သည်) အဿ အတ္ထိတိ မဓုရော-အချိုဂုဏ်ရှိသော အရသာ"ဟု ပြု၍ ထို အရသာရှိသော တင်လဲစသည်ကိုကား အရသာဂုဏ်၏ အမည်ကို ဂုဏီဒြပ်၌ တင်စားသောအားဖြင့် မဓုရမည်သည်ဟု ဆိုသည်။]

ကုဉ္စရော။ ။ "ကုဉ္စော ဒန္တေပိ န ထိယံ = ဣတ္ထိလိင်မဟုတ်သော ကုဉ္စသဒ္ဒါသည် အစွယ်လည်း ဖြစ်၏" ဟူသော အမရကောသ၌ ကုဉ္စသဒ္ဒါသည် ဆင်စွယ် အနက်ဟော၊ ဒန္တေပိ၌ အပိဖြင့် ခြုံနွယ် - ဆင်၏မေး အနက်များကို ဆည်း၊ ထို့ကြောင့် "ကုဉ္စော=ဟနု (မေး)"ဟု ဖွင့်ကြသည်၊ မေးရှိသော (အစွယ်ရှိသော) ဆင်"ဟု ပေး၊ "ကုဉ္စေ (ဂိရိတလေ)-တောင်အပြင်၌+ရမတီတိ ကုဉ္စရော"ဟုလည်းကောင်း "ကုံ (ပထဝိံ)-မြေကို+ဇရယတိ - ဖျက်ဆီးတတ်၏"ဟုလည်းကောင်း ပြုသော အဋ္ဌကထာဋီကာတို့အလို တဒ္ဓိတ်မဟုတ် ကိတ်ပုဒ်တည်း။

မုခရော။ ။မုခသဒ္ဒါသည် ခံတွင်းကို ဟောရင်းဖြစ်သော်လည်း ထိုခံတွင်းဖြင့် ပြောဆိုအပ်သော စကားကို ဌာနူပစာရအားဖြင့် ယူ၊ ထောမနိဓိ၌ "မုခံ= မုခဗျာပါရံ ခံတွင်း၏ အမူအရာ ဗျာပါရဖြစ်သော စကားကို"ဟု ဖွင့်၏၊ ဤ မုခရောအရ ကြမ်းတမ်းသော စကားရှိသူကို ဆိုလိုသည်မဟုတ်, စကားအမျိုးမျိုး (ဗလဖွာ) များသူကို ဆိုလိုသည်၊ ထို့ကြောင့် ဗာလာဝတာရဋီကာ၌ "မုခံ= ဝါစာဗာဟုလ္လံ"ဟု ဖွင့်၍ ရူပဋီကာ၌ မုခရောကို "ဝါစာလော"ဟု ဖွင့်၏၊ "နိန္ဒိတံ မုခမဿ အတ္ထိတိ မုခရော"ဟု မောဂ္ဂလ္လာန် နိဿယလည်း ဝိဂ္ဂိုဟ်ပြုသည်။ ["မုခရော-သိ တွံ ဒုမ္မုခ"-မူလပံ, စူဠသစ္စကသုတ်၊ "သဗ္ဗသ္မိံ ဝတ္တဗ္ဗေ မုခမဿ အတ္ထိတိ မုခရော" ဟူသော ရူကို အဓိပ္ပာယ်တမျိုး ကြံကြလေ၏၊ ရူပသာရဋီကာမှာ ရှုပါ။]

**သုသိရော။** ။သုသိသဒ္ဒါသည် အခေါင်းပေါက်ကို ဟော၏၊ "သုသိ- ဆိဒ္ဒံ၊ တမဿ အတ္ထီတိ သုသိရော, ဒဏ္ဍော" မောဂ္ဂလ္လာန် ပဥ္စိကာ၊ ရှုနိဿယ ဟောင်း၌ "အဿ-ထိုဦးခေါင်းအား"ဟု ပေး၍ "သုသိရော-ဦးခေါင်း"ဟု ပေး၏၊ သုသိရသဒ္ဒါသည် "ဆိဒ္ဒ, ဆိဒ္ဒဝန္တ (အပေါက်ရှိသော အရာ) တူရိယာ အထူး"ကိုသာ ဟော၍ ဦးခေါင်းအနက်ဟော အဖြစ်ဖြင့် အဘိဓာန်၌ မလာ သောကြောင့် ထိုအနက်ကို စဉ်းစားပါ။

**သုဘရော စသည်။** ။ **သုဘာ** (တင့်တယ်သောအရောင်) ယဿ **အတ္ထီတိ** သုဘရော၊ ဘာ၌ ရဿပြု၊ သုစိ (**စင်ကြယ်ခြင်း**) အဿ အတ္ထီတိ သုစိရော။ ["သူစိ-အပ်သည်"ဟု ဆို၍ "သူစိရော – အပ်ရှိသူ"ဟု လည်း တွေ့ရ၏၊ [ရုစိ (အရောင်) **အဿ အတ္ထီတိ** ရုစိရော။ ["ယထာပိ ရုစိရံ ပုပ္ဖံ" **စသည်**။]

**မောဂ္ဂလ္လာန်။** ။မောဂ္ဂလ္လာန်၌ "ခံ (အပေါက်) အဿ အတ္ထီတိ ခရော- ကျယ်သော ပါးစပ်ပေါက်ရှိသော မြည်းသတ္တဝါ"၊ "န ဂစ္ဆန္တီတိ **နဂါ**" အရ ထို ဤ ရွှေ့ပြောင်း၍ မသွားတတ်သောကြောင့် ကျောက်, နတ်နန်း ပြာသာဒ် တို့သည် "နဂ"မည်၏၊ ထိုနဂမည်သောကျောက်, နတ်နန်းများရှိသော မြို့သည် "နဂါ ယဿိံ သန္တီတိ **နဂရံ** (ဤပစ္စည်းသက်လျှင် "နဂရီ")" **မည်၏**၊ ဤသို့ နပုလ္လိင် ဣတ္ထိလိင် ၂ မျိုးသာ ရှိသော်လည်း ဇနပဒေါကိုင့်၍ "**နဂရော**"ဟု ပုလ္လိင်ထားသည်၊ ဥသော (ဆပ်ပြာ) အဿိံ အတ္ထီတိ ဥသရော=ဆပ်ပြာရှိသော (ဆပ်ပြာပေါက်**သော**) အရပ်၊ ဒန္တ**၏ အ** ကို ဥ ပြု၍ "ဒန္တာ အဿ အတ္ထီတိ ဒန္တုရော=ခေါသော သွားရှိသူ"ဟု ပုံစံတို့**ကို ပြ၏**။

မဓွာဒိ **အာကတိဂိုဏ်း။** ။ အာဒိသဒ္ဒါ**သည်** အတူ အနက်ဟောသည်၊ မဓုကဲ့သို့ ရပစ္စည်း သက်ရခြင်းအားဖြင့် တူ**သော** သုစိ - ရုစိ - သုသိ-မုခ-သုဘာ- နဂ-ခံ-ဥသ-ဒန္တ တို့ကိုယူရသော အာကတိဂိုဏ်းတမျိုးဟု မှတ်၊ ယခု **ကစ္စည်း**မူ များ၌ "မုဂ္ဂရော, သီသရော, သူကရော, သုက်ရော" တို့ကို တွေ့ရ၏၊ မုဒ္ဒံ- ဝမ်းမြောက်ဖွယ် အသံကို+ဂိရတိ-**အားပေးသောအားဖြင့်** မြွက်ဆိုသကဲ့သို့ **ဖြစ် တတ်၏**၊ ဣတိ မုဒ္ဒရော (တင်းပုတ်)၊ သူတိ-သူ ဟူ**သော** အသံကို+**က**ရောတီတိ သူ**က**ရော(ဝက်)"ဟု ထောမနိဓိ ဝိဂြိုဟ်ပြု၏၊ သီသရော သုက်ရော**တို့**ကား **အနက်** အဓိပ္ပာယ်ရသော်လည်း ပါဠိသက္ကတ၌ အသုံးမရှိ၊ ထို့ကြောင့် ထိုမုဂ္ဂရစသည် **တို့ကို** နောက်မှ ထည့်အပ်သော ပါဌ်ဟု ယူဆကြသည်။

[ဆောင်] သုတ် **မဓွာ**ဒိ**, အာကတိ**ဖြင့်**,** သုစိ-ရုစိ, သုသိ-ကုဋ္ဌ, မုခ-**သုဘာ, န**ဂါ- တဝ, ခံ-ဥသနှ**င့်, ဒ**န္တ**တို့မှ, ဖော်ထုတ်ကြလည်း,** မုဂ္ဂ**-သီသ,**သူက- **သုက်ာ,** ကျ**မ်း**မလာ, **နောက်**မှာ ထည့်ပါဌ်တဲ့။

ဂုဏာဒိတော ဝန္တု၊ ၃၆၈။ တဒဿတ္ထိ၊ပေ၊ဝန္တု၊ ပစ္စယော ဟောတိ၊ ယဿ-၏၊ ဂုဏော- ဂုဏ်သည်၊ပေ၊ဣတိ, ဂုဏဝါ၊ ဧဝံ, ယသဝါ - အခြံအရံ (အကျော်စော) ရှိသူ၊ ဓနဝါ-ဥစ္စာရှိသူ၊ ပညဝါ-ပညာရှိသူ၊ ဗလဝါ-အားရှိသူ၊ ဘဂဝါ-ဘုန်းရှိတော်မူသော ဘုရား၊ (၄၀၂)။

သတျာဒီဟိ မန္တု၊ ၃၆၉။ တဒဿတ္ထိ၊ပေ၊ မန္တု၊ပစ္စယော ဟောတိ၊ ယဿ - ၏၊ သတိ—သတိသည်၊ပေ၊ဣတိ သတိမာ—မည်၏၊ ဧဝံ, ဇုတိမာ—အရောင်ရှိသူ၊ ထုတိမာ-ချီးမွမ်းဖွယ်ရှိသူ၊ ဓိတိမာ-လုံ့လဝီရိယရှိသူ (တည်ကြည်ခြင်းရှိသူ)၊ မတိမာ-ပညာရှိသူ၊ ဘာဏုမာ-အရောင်ရှိသော နေ၊ (၄၀၃)။

---

၃၆၈။ ဂုဏာဒိတော။ ။ဤ အာဒိသဒ္ဒါလည်း ပကာရ (အတူ) အနက်ဟောပင် ဖြစ်သောကြောင့် ဝန္တုသက်၍ ပြီးချင်းတူသော ပုဒ်အပေါင်းကို ယူ၊ "တ္တော စ ယေဘုယျေန အ, ကာရန္တတော ဝန္တုပစ္စယော ဟောတီတိ ဒဋ္ဌဗ္ဗံ= များသောအားဖြင့် အ, ကာရန္တ (ဂုဏ, ယသ စသည်)နောင် ဝန္တုပစ္စည်းသက်" ဟု နီတိဆို၏၊ "ယေဘုယျေန"ဟု ဆိုသောကြောင့် "ပညာ + ယဿ အတ္ထီတိ ပညဝါ"၌ အာကာရန္တနောင် သက်၍ ညာ၌ အာကို ကွစာဒိ သုတ်ကြီးဖြင့် ရဿပြု၊ ဗာလာဝတာရ၌ကား ယဒနုပပန္နာနိပါတနာ သိဇ္ဈန္တိဖြင့် ရဿပြုသည်ကို စဉ်းစားပါ။

ဝေဒနာ ဝါ စသည်။ ။"ဝေဒနာဝါ-ဝေဒနာရှိသော အတ္တ၊ သညာဝါ-သညာရှိသော အတ္တ" တို့၌ ရဿ မပြု။ [ပညာဏပုဒ်လည်း ပပုဗ္ဗ ဉာဓာတ် ယုပစ္စည်းဖြင့်ပြီးသော အကာရန္တပုဒ်တည်း, ပညာနှင့် အနက်တူ၏၊ ထို့နောင် ဝန္တုသက်၍ "ပညာဏဝါ=ပညာရှိသူ"ဟု ဖြစ်သည်၊] "ရသ္မိ (အရောင်) ယသဿီ (များသော အခြံအရံ ရှိသူ) လက္ခီ ( အသရေ ) မဿု (မုတ်ဆိတ်) အာယု ယဿ အတ္ထီတိ ရသ္မိဝါ, ယသဿိဝါ, လက္ခိဝါ, မဿုဝါ, အာယုဝါ-ဟု ဣဝဏ္ဏန္တ ဥကာရန္တနောက်လည်း သက်၏၊ ဿီ — က္ခီ တို့၌လည်း ရဿပြု၊ "သီလဝေါ, ကေသဝေါ, အဏ္ဏဝေါ" စသည်တို့၌ကား ဝန္တုမဟုတ်, ဝပစ္စည်း ဖြစ်ကြောင်း ပြခဲ့ပြီ၊ အာဝန္တုပစ္စည်း တ္တကပစ္စည်း စသည်များကို ယဒနုပပန္နာ သုတ်ကျမှ ပြအံ့။ [ဗလံ, ဘဂံ ( ဣဿရိယစသော ဘုန်းတော်သည် ) ယဿ အတ္ထီတိ ဗလဝါ, ဘဂဝါ။]

---

၃၆၉။ သတျာဒီဟိ။ ။ဒဏ္ဍာဒိတော ဣက ဤ သုတ်က အဝဏ္ဏန္တနောင် ဣက—ဤ ၂ ပစ္စည်း သက်သောကြောင့် ဤသုတ်ဖြင့် အဝဏ္ဏန္တမှ တပါးသော

ဣတ္ထိဝဏ္ဏနစသော လိင်များကို ရှု၍ ယူ၏၊ "သတိမာ - ဓိတိမာ-ဗန္ဓုမာ-ဂေါမာ" တို့ကား ဣ ဤ ဥ သြကာရန္တနောင် မန္တုပုံစံများ၊ ဥကာရန္တပုံစံကို "ဘူမာန်" ဟု သက္ကတပါဌ်ကြည့်၍ "ဘူမာ-များသော မြေရှိသောအရပ်"ဟု ထုတ်သင့်၏၊ ဤစကားအရ သတျာဒီဟိဖြင့် အာဒိလည်း မန္တုသက်ရချင်းတူသော သဒ္ဒါစုကို ယူရသောကြောင့် ပကာရအနက်ရှိ၏-ဟု ကြံ။

**ဓိတိမာ။** ။ဓိတိကို "တည်ကြည်ခြင်း"ဟု ဆိုလေ့ရှိသော်လည်း "တသော ဝစ အာယသ္မတော (ထိုအရှင်အာနန္ဒာ၏ပင်လျှင်လည်း)ဗုဒ္ဓဝစနံ ဥဂ္ဂဏှနဝီရိယံ သဇ္ဈာယနဝီရိယဉ္စ အဉ္ဉေဟိ အသဒိသံ အဟောသိ, တသ္မာ ဓိတိမန္တာနံ အဂ္ဂေါ နာမ ဇာတော" (သီလက္ခန္ဓဋီကာ) ထောက်၍ ဆောင်စွမ်းနိုင်သော ဝီရိယကို ဓိတိဟု ခေါ်သည်၊ သက္ကတ၌လည်း "ဓရတိ"ဟု ဓအောက်ခြိုက် ရိဆွဲနှင့် ရှိ၏၊ ထို့ကြောင့် "ဓရ+တိ"က အာဂုံဖြင့် "ဓရိတိ"ပြီးသင့်လျက် ရ် ချေ, ဣကို ဒီဃပြု၍ "ဓီတိ" ဖြစ်သည်ဟု ကြံ။

**ဣမန္တုပစ္စည်း။** ။မဓ္ဝာဒိတော ရော, ဂုဏာဒိတော ဝန္တုသုတ်တို့ကဲ့သို့ တော ပစ္စယန္တဖြင့် မဆိုပဲ "သတျာဒီဟိ မန္တု"ဟု ဆိုသောကြောင့် "သတျာဒီဟိ"ဟု ယောဂဝိဘာဂပြု၍ ထိုယောဂဝိဘာဂဖြင့် ဣမန္တုသက်ဟု ကြံကြ၏၊ သို့သော် "သတျာဒီဟိ - သတိ အစရှိသည်တို့မှနောက်၌၊ ဣမန္တု - သက်" ဟု သုတ်နက်ပေး၍ သတိစသည်နောင် ဣမန္တုသက်ရမည်ကဲ့သို့ အဓိပ္ပာယ်ထွက်သောကြောင့် ထို"သတျာဒီဟိ"ဟု ယောဂဝိဘာဂပြုခြင်းသည် သင့်မည်မထင်။

**သဒ္ဒနီတိ။** ။သဒ္ဒနီတိ၌ "စန္ဒာဒိတော ဣမန္တု"ဟု သီးခြားသုတ်တည်၍ စန္ဒ စသော အကာရန္တနောင် ဣမန္တု သက်၍ "စန္ဒိမာ— လနတ်သားရှိသော ဗိမာန်၊ ဝါ-လဗိမာန်ရှိသော နတ်သား၊ ပုတ္တိမာ-သားသမီးရှိသူ၊ ပါပိမာ— မကောင်းမှုရှိသော မာရ်နတ်"ဟု ပုံစံထုတ်သည်။

**မှတ်ချက်။** ။ "ရာဟု စန္ဒံ ပမုဉ္စဿု=ဟဲ့ ရာဟုအသုရိန် ...လနတ်သားကို လွှတ်လိုက်" ဟူရာ၌ စန္ဒသဒ္ဒါ လနတ်သားကိုဟော၍ "စန္ဒော ယဿ အတ္ထီတိ စန္ဒိမာ - လနတ်သားရှိသော ဗိမာန်"ဟု ဖြစ်၏၊ စန္ဒိမာ ဒေဝပုတ္တော စသည်၌ကား "စန္ဒော ယဿ အတ္ထီတိ စန္ဒိမာ=လဗိမာန်ရှိသော နတ်သား"ဟု ဖြစ်၏၊ "စန္ဒိမာ ပုတ္တိမာ ပါပိမာ"တို့၌ ဣမန္တုပစ္စည်းကို အချို့မနှစ်သက်ကြ၊ ဇာတာဒိန မိမိယာ စ သုတ်ဖြင့် အဿတ္ထိ နိယုတ္တအနက်တို့၌ သက်ရသော ဣမပစ္စည်း, ရာဇာဒိ အကာရန္တဟု ဆိုလိုကြ၏၊ သို့သော် ပါပိမာ၌မူ ယခုသံယုတ်ပါဠိတော် စာအုပ်များ၌ "ပါပိမန္တံ ဂါထာဟိ အဇ္ဈဘာသိ" စသည်ဖြင့် မန္တုပစ္စည်းဖြင့်ပင် တွေ့ရသည်။

**သဒ္ဓါဒိတော ဏ**

၃၇၀။ တဒဿတ္ထိ ဣစ္စေတသ္မိံ အတ္ထေ-၌၊ ပေ၊ ဏပစ္စယော ဟောတိ၊ ယဿ-၏၊ သဒ္ဓါ-သဒ္ဓါသည်၊ ပေ၊ ဣတိ, **သဒ္ဓေါ**-မည်၏၊ ဧဝံ, ပညော-ပညာရှိသူ၊ အမစ္ဆရော-ဝန်တိုခြင်းရှိသူ မဟုတ်၊ (၄၀၅)။

---

၃၇၀။ **သဒ္ဓါဒိတော**။ ။ပကာရ(အတူ) အနက်ရှိသော **အာဒိ**ဖြင့် ဏ ပစ္စည်း သက်ရခြင်းတူသော ပညာ- ဗုဒ္ဓိ - မစ္ဆရ - တပ တို့ကိုယူ၊ ပညာ+ဗုဒ္ဓိ (ဉာဏ်)+မစ္ဆရံ+တပေါ အဿ အတ္ထိတိ ပညော ဗုဒ္ဓေါ မစ္ဆရော တာပသော၊ [မစ္ဆရောဟု တဒ္ဓိတ်ပြီးမှ "န+မစ္ဆရော-**အမစ္ဆရော**"ဟု သမာသ်တွဲ၊ "မစ္ဆရ တိတိ မစ္ဆရော"ဟု ဥဏာဒ်၌ လာဦးလတ္တံ့] "တပ+**အ**"ဟု ဖြစ်သောအခါ ဝုဒ္ဓိပြု, **သသရေဝါဂမော**ဖြင့် (ဿ်)လာ "တာပသော"ဟု ဖြစ်၏၊ ဣတ္ထိလိင်၌ တာပသီ(ရသေ့မ)ဟု **ဖြစ်**၏၊ **မောဂ္ဂလ္လာန်၌ကား ဝုဒ္ဓိမရောက်**ရသော သဒ္ဓေါ ပညောတို့အတွက် "သဒ္ဓါဒိတ္ဝ=သဒ္ဓါဒိတော+အ"ဟု သုတ်တည်၍ အပစ္စ**ည်း** သက်ပြီးလျှင် "**ဏော** တပါ"ဟု တပသော အတွက်သာ ဏပစ္စည်းသက်၏၊ "ဝိဿာဏာ နာမ ရာဇဓာနီ အဿ အတ္ထီတိ **ဝေဿဝဏော**=ဝိဿာဏ နေပြည်**တော်**ရှိသောနတ်မင်းသည် ဝေဿဝဏမည်**၏**"(အလယ်၌သုတ်ကြီးဖြင့် "အဝ"လာ)ဟု နိဿယ၌ပြသည်။

**သတော**။ ။ဗတာလာဝတာရ ဋီကာ၌ "သတိ အဿ အတ္ထီတိ သတော= **သတိရှိသူ**"ဟုပြသေး၏၊ ထိုစကားသည် "သတော လမ္ဗဇာဓနောတိ ဧတ္ထ သရ တီတိ သတော"ဟူသော ဝိသုဒ္ဓိမဂ် "**သရ**တီတိ သတော**တိ** ပဒဿ ကတ္တု သာဓနတံ **အာဟ**"ဟူသော မဟာဋီ**ကာတို့နှင့်** မညီ၊ ထို့ပြင်—"ဒုက္ခံ အဿ အတ္ထီတိ ဒုက္ခော-ဒုက္ခရှိ**သူ**၊ **သုခေါ**-သုခရှိသူ၊ ပါပံ **အဿ** အတ္ထီတိ ပါပေါ= မကောင်းမှုရှိသူ"ဟုလည်း ထိုဋီ**ကာ**၌ပြသေး**၏**၊ ထိုပုဒ်များ၌ ဂုဏ်ပစာရ ဟု **လည်း** ဆိုသင့်**သည်**။

**အဿတ္ထိပစ္စည်း** ကြေ-မကြေ။ ။သုက္ကစသော ဂုဏ်ဟော **သဒ္ဒါ**တို့နောင် မန္တု ဝန္တုပစ္စည်းများ **ကြေ**-မကြေ ၂ ဝါဒရှိ၏၊ "ဂုဏဝစနေဟိ မန္တုဿ လောပေါ ဝတ္တဗ္ဗော၊ **သုက္ကော** အဿ **အတ္ထီ**တိ သုက္ကော—အဖြူဂုဏ်ရှိသော၊ ပဋော-ပုဆိုး၊ ဤ၌ "သုက္ကဝါ"ဟု ဆိုလိုလျက် ဝန္တုပစ္စည်းကို သုတ်ကြီးဖြင့် **ချေ** ထားသည်၊ ["တိံသာနီတိ တိံသ ဧတေသံ အတ္ထီတိ တိံသာနိ, တိံသဝန္တာ နီတိ **အတ္ထော**၊ ပေ၊ ဂုဏဝစနတ္တာ တဒ္ဓိတလောပံ ကတွာ တိံသာနီတိ ဝုတ္တံ"— ဒုဋ္ဌဒေါသ သိက္ခာပဒ၊ သာရတ္ထလည်း **နည်း**တူ၊] ဤကား ပစ္စည်းကြေခြင်း**ကို** လိုလားသော **ကာသိကာ**ဝုတ္တိ စသည်၏ ဝါဒတည်း၊ "နေဝံသတိ သမ္ဘဝေ လောပေါ **အာရဗ္ဘ**တေ=ဤသို့ ပစ္စည်းမသက်ပဲ ဖြစ်သင့်လျက် **ပစ္စည်း**ကြေခြင်း

ကို အားမထုတ်သင့်''ဟူသော ကာတန္တဝုတ္တိဋီကာ အလိုကား ဂုဏသဒ္ဒါတို့သည် သူတို့ကိုယ်တိုင် ဒြပ်ကို မဟောနိုင်လျှင်သာ အဿတ္ထိအနက်၌ ပစ္စည်းသက်ရ၏၊ လောကပြောရိုးဆိုစဉ်အားဖြင့် (ဥပစာတင်စား၍) ''သုက္ကော-ပုဆိုးမှူ''စသည်ဖြင့် ဒြပ်ကိုဟောနိုင်သော သဒ္ဒါတို့နောက်၌ကား မန္တု စသောပစ္စည်းများ သက်ဖွယ်ပင်မလို-ဟု ဆိုလိုသည်၊ ဤအလို သုခေါ ဒုက္ခော ပါပေါ တို့လည်း သူတို့ကိုယ်တိုင် ''သုခေါ-ချမ်းသာကြောင်းတရား''စသည်ဖြင့် ဒြပ်ကို ဟောနိုင်ရကား ပစ္စည်းမသက်ပဲ ပြီးသင့်လေသည်။

အဿတ္ထိပစ္စည်းတို့၏ အနက်

ပဟူတေစ ပသံသာယံ, နိန္ဒာယံ စာတိသာယနေ၊
နိစ္စယောဂေစ သံသဂ္ဂေ, ဟောန္တိ မေ မန္တု အာဒယော။

[ ပဟူတေ - အများ ဟူသော အနက်၌လည်းကောင်း၊ ပသံသာယံ-ချီးမွမ်းခြင်း၌လည်းကောင်း၊ နိန္ဒာ-ကဲ့ရဲ့ခြင်း၊ အတိသာယန-အလွန်အကဲ၊ နိစ္စယောဂ-အမြဲယှဉ်ခြင်း၊သံသဂ္ဂ-ရောနှောခြင်းအနက်၌လည်းကောင်း၊[ဣမေ မန္တု အာဒယော ဤမန္တု-အစရှိသော ပစ္စည်းတို့သည်၊ ဟောန္တိ-ကုန်၏၊]ဤမောဂ္ဂလ္လာန်နှင့် အညီ အဿတ္ထိ အနက်ဟောပစ္စည်းတို့သည် ''အဿတ္ထိအနက်၌ သက်သည်''ဟု ဆိုသော်လည်း ရိုကာမတ္တ အဿတ္ထိမဟုတ်,ပဟူတ ပသံသာ စသည်မှတ်အပ်သော အဿတ္ထိ အနက်တည်း။[ဂါထာ၌ ''မန္တု အာဒယော''ဟု မန္တုပစ္စည်းကို အစ၌ ပြထားသည်မှာ ထိုမောဂ္ဂလ္လာန်၌ 'အဿတ္ထိအနက်ဝယ် ကစ္စည်းကျမ်းကဲ့သို့ ဝီပစ္စည်းကို စ၍ မပြပဲ, မန္တုပစ္စည်းကို စ၍ ပြသောကြောင့်တည်း၊ ထို့ကြောင့် ''မန္တု အာဒယော''အရ အဿတ္ထိပစ္စည်း အားလုံးကိုပင် ယူ။]

ပဟူတ။ ။''ဂေါမာ-နွားရှိသူ''ဟူရာ၌ နွားတကောင် ၂ ကောင် ရှိသူကို မဆိုလို၊ နွားများစွာရှိသူကိုသာ ''ဂေါမာ''ဟုဆိုရသည်၊ အများဟူရာ၌လည်း လူ၏အဆင့်အတန်းလိုက်၍ ''အများ''ဖြစ်နိုင်သည်၊ ဆင်းရဲသား လူသာမန်၌ နွား ၄-၅ ကောင်ရှိလျှင် ''ဂေါမာ''မည်နိုင်၏၊ ရှင်ဘုရင်ကား နွားတကောင်မျှ ရှိရုံဖြင့် ''ဂေါမာ''မမည်နိုင်သေး၊ ဓနဝါ,ဘောဂဝါ စသည်၌လည်း နည်းတူ။

ပသံသာ။ ။ရူပဝါ-အဆင်းရှိသူ၊ သိရိမာ-အသရေရှိသူ၊ သီလဝါ-သီလရှိသူ၊ အာယသ္မာ-ရှည်သော အသက်ရှိသူ။

နိန္ဒာ။ ။ကကုဒသဒ္ဒါသည် နွားလဘို့ကို ဟော၏ ၊အာဝတ္တသဒ္ဒါကား လက်ျာရစ်လည်သော အရေးအသား(ဗွေ)ကိုဟော၏၊ ကကုဒါဝတ္တီ-နွားလဘို့ ဗွေဆိုးပါသူ၊ ကကုဒါဝတ္တိနီ-နွားလဘို့ ဗွေဆိုးပါသော၊ ကညာ-သတို့သမီး၊ထို ဗွေဆိုးပါလျှင် မကောင်းကျိုးပေးတတ်သောကြောင့် ကဲ့ရဲ့ရှုတ်ချရာ၌ အသုံးပြုသည်၊ ''ကုဋ္ဌီ-နူနာရှိသူ''စသည်၌လည်း နည်းတူ။

အာယုဿုကာရာသ မန္တုမို

၃၇၁။ ပရေ မန္တုမှို ပစ္စယေ, အာယုဿ - အာယု သဒ္ဒါ၏၊ အန္တော-အဆုံးဖြစ်သော၊ ဥကာရော-သည်၊ အသာဒေသော (အသ်+အာဒေသော)—အသ် အပြု သည်၊ ဟောတိ - ၏၊ အဿ - ထိုသူ၏၊ အာယု - အသက်သည်၊ ပေ ၊ ဣတိ, အာယသ္မာ-အာယသ္မာမည်၏၊ (၄၀၄)

---

**အတိသယန**။ ။[အတိသာယန-ဟု ဂါထာ၌ "သာ" ဟု ဒိဃကား ဆန်းတည့်အောင်တည်း] ဥဒရံ ယဿာ (ဣတ္ထိယာ)တိ ဥဒရဏီ-ဝမ်းဗိုက်ရှိသော မိန်းမ, ဗိုက်ကြီးသောမိန်းမ၊ ဤ၌ ရိုးရိုး ဗိုက်ရှိသူမဟုတ်, သူများထက် လွန် ကဲသော ဗိုက်စူသူတည်း၊ [ပေါက္ခရဏီ-ကဲ့သို့ ဥဒရီနောင် ဣနီပစ္စည်းသက်။] ပညဝါ-ပညာရှိသူ,စသည်။

**နိစ္စယောဂ**။ ။ဒီဃ-နို့ရည်ရှိသော၊ ရုက္ခော-သစ်ပင်၊ ဤ၌ သစ်ပင်ဝယ် နို့ရည်ကဲ့သို့ဖြူသောအစေး အမြဲရှိသည်ကို နိစ္စယောဂဟုဆိုသည်၊ "ဣဿုကီ-ဣဿာရှိသူ၊ မစ္ဆရီ မစ္ဆရိယရှိသူ၊ ဤပုံစံတို့၌လည်း နိစ္စယောဂဟုပင် ဆိုကြ၏။

**သံသဂ္ဂ**။ ။"ဒဏ္ဍီ-တုတ်ရှိသူ"တုတ်ကိုင်နေသဖြင့် တုတ်နှင့် ရောစပ်နေခိုက် ကို"ဒဏ္ဍီ"ဟု ဆိုသည်၊ "အိမ်မှာ သိမ်းထားသောတုတ်"ရှိစေကာမူ "ဒဏ္ဍီ"ဟု မခေါ်ရ၊ "ဆတ္တီ-ထီးရှိသူ၊ အာဠွမ္ဗရီ-မရိုးစည်ရှိသူ"လည်း နည်းတူ။

**အတ္ထိတာမတ္တ**။ ။ထို ဂါထာ၌ မပါသော ရှိကာမတ္တရှိရုံမျှ ဖြစ်သော အနက်ကို "အတ္ထိတာမတ္တ"ဟု ခေါ်၏၊ ထို အတ္ထိတာမတ္တ၌လည်း "အန္တဝါ-အဆုံးရှိသော လောက"စသည်ဖြင့် ဝန္တုပစ္စည်း သက်၏။

**ကာယာဗာဓ**။ ။ကိုယ်၌ဖြစ်သော အနာရောဂါနှင့်စပ်၍လည်း အဿတ္ထိ အနက်ရှိသောပစ္စည်းသက်သေး၏၊ "ရောဂဝါ, ရောဂီ - ရောဂါရှိသူ"စသည် တည်း၊ ဤရောဂဝါ၌ ကဲ့ရဲ့လို၍မဟုတ်သောကြောင့် နိန္ဒာအနက်မရသင့်။

---

၃၇၁။ **အသာဒေသော**။ ။"အာယု+အဿ+အတ္ထိ"တည့်,အနက်ပေး, ထိုအနက်၌ သတျာဒီဟိမန္တုဖြင့် မန္တုသက်, ဝိဘတ်, တ+အတ္ထိပုဒ်တို့ကိုချေ၊ "အာယု" ဟု ပကတိပြု (အာယု+မန္တု)၊ ဤသုတ်ဖြင့် အာယု၏ ဥကို "အသ်"ပြု (အာယ် + အသ် + မန္တု) ယ် ကို အသို့, သ်ဗျည်းကို မ သို့ကပ် (အာယသ္မန္တု) နာမ်ငဲ့, သိသက် စသည်ဖြင့် ဂုဏဝါကဲ့သို့စီရင်၊ ဤ၌ အသ်မှ သ်ဗျည်းကို မသို့ ကပ်ရဦးမည်ဖြစ်သောကြောင့် "အသ"ဟု သဒ္ဒ အသရမပါ စေပဲ"အသ်"ဟု သ်ဗျည်းသက်သက်သာ ပြုရသည်၊ ထို့ကြောင့် အသာဒေသော

ကို''အသ်+အာဒေသော''ဟု ပုဒ်ဖြတ်လိုက်သည်၊ သီဟိုဠ်မူ၌ကား ''အာယုဿ ကာရာသွန္တမြို''ဟု သကို မသိုကပ်၍ သုတ်တည်ပြီးလျှင် ''အာယုဿ ဥကာရော အသ် ဟောတိ မန္တမြိုပစ္စယေ ပရေ''ဟုသာရှိ၏၊ ''အန္တော+အာဒေသော''တို့ မပါ၊ မောဂ္ဂလ္လာန်၌လည်း ''အာယုဿာ-ယသ် မန္တမြို''ဟု သုတ်တည်၍ ''အာယုဿ အာယသာဒေသော=အာယုကို အာယသ်ပြု''ဟု ဝုတ္တိဖွင့်သည်။

ပိယ သမုဒါစာရ။ ။အာယသ္မာ ပုဒ်သည် တကယ် အသက်ရှည်သူ အသက်ကြီးသူကို ဟောသည်မဟုတ်, အသက်ငယ်သော်လည်း ''အာယသ္မာ ရာဟုလော-အရှင်ရာဟုလာ''စသည်ဖြင့် သုံးစွဲနိုင်၏၊ ထို့ကြောင့် အာယသ္မာကို ''ပိယ သမုဒါစာရ ဝစန်''ဟု ဖွင့်လေ့ရှိကြသည်၊ ''ပိယ-ချစ်ခင် မြတ်နိုးအပ်သူကို+သမုဒါစာရဝစန-ခေါ်ဝေါ် သုံးစွဲကြောင်းစကား၊ ''ပဟူတေစ ပသံသာယံ''ဂါထာ၌ကား ပသံသာ၌ ပါဝင်ထင့်သည်။

အဿတ္ထိအနက် ပစ္စုပ္ပန်။ ။''အဿ အတ္ထိ''၌ အတ္ထိသဒ္ဒါသည် နိပါတ်ပုဒ်လည်းရှိနိုင်သောကြောင့် ပဌမ မဇ္ဈိမ ဥတ္တမ ပုရိသ် ၃ မျိုး- ဧကဝုစ် ဗဟုဝုစ် ၂ မျိုးလုံး၌ ပါဝင်နိုင်၏၊ ''အတ္ထိ ရှိ၏, ရှိကုန်၏''ဟု ဆိုသောကြောင့် ကာလအားဖြင့်ရှိဆဲ ပစ္စုပ္ပန်ကာလနှင့်သာ ဆိုင်၏၊ ''အတ္ထိသဒ္ဒါဖြင့် ပုရိသ်ဝုစ်တို့ကို အထူးခွဲခြား၍ မဆိုလို၊ ကာလကိုကား ပစ္စုပ္ပန်ကာလကိုသာ ဆိုလိုသည်''၊ ဘာ့ကြောင့်နည်း....ဥစ္စာကုန်လွန်သွားလျှင် လည်းကောင်း, ရလတ္တံ့သာ ဖြစ်နေသေးလျှင်လည်းကောင်း, ''ဓနဝါယံ-ဤသူဟာ ဥစ္စာရှိသူ''ဟု မဆိုနိုင်သောကြောင့်တည်း၊ ထို့ပြင် ''ဂေါမာ-နွားရှိသူ''ဟူရာ၌ သူနှင့် ထိုက်တန်အောင် နွားတွေရှိနေခိုက်သာ ဂေါမာ မည်၏၊ ရှေးတုန်းက နွားတွေရှိဖူးသော်လည်း ယခုမရှိတော့လျှင် ''ဂေါမာ''မမည်နိုင်၊ နွားအများ ဝယ်ယူမည်ဟု ကြံစည်နေသူကိုလည်း ''ဂေါမာ''ဟု မခေါ်နိုင်သေး၊ ထို့ကြောင့် အဿတ္ထိပစ္စည်းများသည် ပစ္စုပ္ပန်ရှိဆဲ အနက်ကိုသာ ဟောကြသည်။

အတိတ် အနာဂတ်။ ။အတိတ် အနာဂတ်ကို ဆိုလိုမူကား ''ဂေါမာ+အာသိ = နွားရှိသူ + ဖြစ်ခဲ့ပြီ၊'' ဤ၌ အတိတ်တုန်းက ရှိဆဲကာလကို ငဲ့၍ ''ဂေါမာ'' ဟုဆိုနိုင်၏၊ ''ဂေါမာ + ဘဝိဿတိ=နွားရှိသူ + ဖြစ်လိမ့်မည်'' ဤ၌လည်း ထိုအနာဂတ် ကာလဝယ် ရှိနေမည့် အခိုက်အတန့်ကို မှန်း၍ ''ဂေါမာ''ဟု ဆိုနိုင်သည်၊ ''ဂေါမာပုဒ်ရင်းကမူ ပစ္စုပ္ပန်နွားရှိဆဲကိုသာ ဟော၏၊ အာသိ ဘဝိဿတိ ကြိယာတို့ကြောင့်သာ အတိတ် အနာဂတ် ကာလဟော ဖြစ်ရသည်''ဟူလို။[''ကောနာမော တေ ဥပဇ္ဈာဓယာ, ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရောနာမ''ဟူသော အနုသာသန (ရဟန်းလောင်း ဆုံးမ) ခန်း၌ ''အာယသ္မာ တိဿတ္ထေရော နာမ=သက်တော် ရာကျော် ရှည်တော်မူ

**တပ္ပကတိဝစနေ မယော**

၃၇၂။ **တပ္ပကတိ ဝစနတ္ထေ**-တပ္ပကတိ သဒ္ဒါ၏ အနက်၌၊ မယပစ္စယော - မယပစ္စည်းသည်၊ ဟောတိ၊ သုဝဏ္ဏေန-ရွှေဖြင့်၊ ပကတံ-ပြုအပ်သော၊ ကမ္မံ-အလုပ်တည်း၊ သော ဝဏ္ဏမယံ - ရွှေဖြင့် ပြုအပ်သောအလုပ်၊ ဧဝံ ရူပိယမယံ-ငွေဖြင့် ပြုအပ်သော အလုပ်၊ ဇတုမယံ-ချိတ်ဖြင့်ပြုအပ်သော အလုပ်၊ ရဇတမယံ-ငွေဖြင့် ပြုအပ်သော

---

(လတ္တံ့)သော အရှင်တိဿထေရ်မည်ပါ၏ဘုရား"ဟု (အနာဂတ်သံ) မပေးသင့်၊ "အရှင်တိဿထေရ် **မည်**ပါ၏ဘုရား"ဟုသာ ပေးသင့်သည်။]

တတ္ထဗောဓိနီ။ ။အတ္ထီတိ ပုရိသ ဝစနာနိ **အဝိဝစ္ဆိတာ**နိ, ကာလောတု **ဝိ**ဝစ္ဆိတော၊ မနေ ဂတေ(ကုန်သွားသော်လည်းကောင်း) ဘာဝိနိ ဝါ(ဖြစ်လတ္တံ့သော်လည်းကောင်း) "ခနံ ဝါ ယံ"တိ ပတီတျ-ဘာဝါ (မသိနိုင်ခြင်းကြောင့်တည်း)။ [မောဂ္ဂလ္လာန်ဏာဒိကဏ္ဍ ၇၈ သုတ်၌လည်း **ဤ**အဓိပ္ပာယ်ကိုပြ၏။]

---

၃၇၂။ တပ္ပကတိ **ဝစ**နတ္ထေ။ ။ပကရိယတိ-ပြုအပ်၏၊ ဣတိ ပကတိ၊ **တေန** + ပကတိ တပ္ပကတိ - ထိုဖြင့် ပြုအပ်ဟူသော အနက်၊ ဤစကားဖြင့် "သုဝဏ္ဏေ**န** + ပကတံ" စသောအနက်ကိုပြ၏၊ မှန်**၏**—**တေန** + ပကတိဝယ် **တေ**နဖြင့် "သုဝဏ္ဏေ**န**" **စ**သော တတိယန္တပုဒ်ကိုပြ၍, ပကတိဖြင့် "ပကတ-ပြုအပ်"ဟူသောအနက်ကိုပြသည်၊ တပ္ပ**က**တိယာ + ဝစနံ တပ္ပကတိဝစနံ= ထိုဖြင့်ပြုအပ်ဟူသောအနက်ကို ဟောသောသဒ္ဒါ၊ ဤစကားဖြင့် "သုဝဏ္ဏေန" စသော တတိယန္တပုဒ်နှင့် တွဲဘက်ဖြစ်နေသော ပကတံသဒ္ဒါကို ပြ၏၊ သုတ်၌ "တပ္ပကတိဝစနေ"ဟု သဒ္ဒါကိုပြထားသော်လည်း မယပစ္စည်းသည် ထိုသဒ္ဒါ၏အနက်ကိုဟော၍ ထိုသဒ္ဒါ၏ **အ**နက်၌ သက်ရကား အတ္ထသဒ္ဒါ ထည့်၍ "တပ္ပကတိဝစနတ္ထေ"ဟုဖွင့်သည်၊ "ထိုဖြင့် ပြုအပ်ဟူသောအနက်ကိုဟောသော သဒ္ဒါ၏အနက်"ဟူသည် "ရွှေဖြင့်+ပြုအပ်"စသည်၌ "ဖြင့်"ဟူသော ကာရိုက်အနက်ရှိငဲ့သော "ပြုအပ်"ဟူသော အနက်ပင်တည်း၊ ဤကား "သုဝဏ္ဏေန+ပကတံ"ဟူသော ဝိဂ္ဂိုဟ်အားလိုက် ရူပသိဒ္ဓိ ဖွင့်ပြအပ်သော ဒုတိယနည်းတည်း၊ **ဤ**နည်းသည် ကစ္စည်းဝုတ္တိဆရာ၏ အလိုကျသော နည်းဖြစ်သော်လည်း သင့်-မသင့်ကို **နော**က်၌ စိစစ်ဦးအံ့။

**သုဝဏ္ဏမယံစသည်**။ ။သုဝဏ္ဏေ**န**နောင် ပကတအနက်၌ မယသက်လျှင် "သုဝဏ္ဏမယံ"ဟုသာ ပြီးထိုက်၏၊ တချို့စာ၌ကား သု၌ ဝုဒ္ဓိပြု၍ "သော"ဟု တွေ့ရ၏၊ ထိုဝုဒ္ဓိပြုထားသောရုပ်မျိုး၌ မယမှ မကို တေသုဝုဒ္ဓိစသော သုတ်ကြီးဖြင့်ချေ၍ "တဒ္ဓ သော ဝဏ္ဏယေ ပိဠွေ"**စသည်**ဖြင့် အတွေ့များ၏၊ သို့သော် "သောဝဏ္ဏမယေ"ဟုလည်း ရှိပေလိမ့်မည်၊ ထို့ကြောင့် "သုဝဏ္ဏမယော

အလုပ်၊ ဣဋ္ဌကာမယံ - အုတ်တို့ဖြင့် ပြုအပ်သောအလုပ်။ [ မတ္တိကာမယံကဲ့သို့ "ဣဋ္ဌကာမယံ"၌လည်း ဣတ္ထိလိင်ဖြစ်၏၊ "ဣဋ္ဌကာ"ဟု ဒိဃရှိစေ၊] အယော မယံ - သံဖြင့် ပြုအပ်သော အလုပ်၊ မတ္တိကာမယံ - မြေညက်ဖြင့် ပြုအပ်သော အလုပ်၊ ဒါရုမယံ- သစ်သားဖြင့် ပြုအပ်သော အလုပ်၊ ဂေါမယံ - နွားသည် ပြုအပ်သော နွားချေး။ (၃၈၅)

---

သောဝဏ္ဏမယော, သုဝဏ္ဏယော, သောဝဏ္ဏယော"ဟုပါ၌ ၄ မျိုးရှိနိုင်ကြောင်း ကိုသိပါ။ ["ဟိရညယံ-ငွေအတိ ပြီး၏၊ ဣတိ နိပါတနာ (သုတ်ကြီးဖြင့်) မ လောပေါ" - မုဒ္ဒဗောဓဋီကာ၊] "ရူပိယေန+ဇတုနာ+ရဇတေန+ဣဋ္ဌကာဟိ (ဣတ္ထိလိင် အာကာရန္တဖြစ်၍ "ဣဋ္ဌကာ"ဟု ပကတိပြု)+အယသာ(မနောဂိုဏ်း ဖြစ်၍ အယ+မယ၌ အ ယ၏ အ ကို ဩပြု၊) မတ္တိကာယ (ဣတ္ထိလိင် အာကာ ရန္တဖြစ်၍ မတ္တိကာဟု ပကတိပြု) + ဒါရုနာ + ပကတံ—ရူပိယမယံ " စသည်၊ ပုလ္လိင်၌ သောဝဏ္ဏမယော, ဣတ္ထိလိင်၌ နဒါဒိ ဤပစ္စည်းဖြင့် သောဝဏ္ဏမယီ-စသည်ဖြစ်၏။ ["ဋွိသ္ဝါဒိပိ-မယဋ္ဌ်ဟု ( ဋ် ) အနုဗန်ရှိသောကြောင့်၊ ဤ ပ် (ပ် အနုဗန်ရှိသော ဤပစ္စည်း)သက်၊ တေဇောမယီ " မုဒ္ဒဗောဓဋီကာ၊ ရူဍှကား အာပစ္စည်းသက်၍ "သုဝဏ္ဏမယာ (ရွှေဖြင့်ပြုလုပ်အပ်သော) ဘာဇနဝိကတိ" ဟုဆိုလေသည်၊] ဤသို့ ၃ လိင် ရှိနိုင်သော်လည်း ဣစ္စည်းဝုတ္တိ၌ သာမည အားဖြင့် နပုလ္လိင်တမျိုးကိုသာပြလိုသောကြောင့် ပကတံ၏နောက်၌ "ကမ္မံ"ဟု အဘိမေယျ ပြထားသည်၊ ထိုကမ္မံအရ "အလုပ်"ဟူသည် ပြုလုပ်အပ်သော ရထားစသည်ပင်တည်း၊ ဂေါမယံ၏ အနက်ကို နောက်မှပြအံ့။

**စဉ်းစားဖွယ်**။ ။ဗျာကရုဏ်းကျမ်းတို့၌ မယပစ္စည်း၏ **အနက်ကို** များစွာ ပြကြ၏၊ ထိုတွင် "ပြသ္တုတပြိတ္တော မယဋ္ဌ်၊ အန္နံ ပြသ္တုတံ **အန္နမယံ**"—ကလာပ်။ [ပြသ္တုတပြိတ္တော-ပကတိ၌ ဖြစ်ခြင်းရှိသော လိင်မှ နောက်၌၊ မယဋ္ဌ်၊ ပြသုတံ-ပကတိဖြစ်သော၊ အန္န-တည်း၊ အန္နမယံ-ပကတိ ထမင်း၊ ပါဏိနီမှ**ထုတ်**၍ မယ ပစ္စည်း၏ **အနက်များစွာ**တို့ပြရာ (မုဒ္ဒဗောဓဋီကာ)၌ "ပကြိ**တာ** ( ပကတ ) ဝစန သွတ္တေ=ပကတိအတိုင်း ပြုအပ်ဟူသောအနက်ကို ဟောရာဝယ် သွတ္တ၌ မယသက်" ရွှေကို အထူးတလည်ပြုလျှင် ရွှေရထားစသည်ဖြစ်သကဲ့သို့ ထမင်းကို အထူးတလည်မပြုပဲ ထမင်းအတိုင်း ဖြစ်သောကြောင့် "အန္နမယံ - ထမင်း အတိုင်းဖြစ်သောအရာ"ဟု ဖြစ်၏၊ ဤစကားလည်း ကလာပ်သုတ်နှင့် သဘော တူပင် ဖြစ်မည်ထင်သည်၊ သို့ဖြစ်လျှင် "တပ္ပကတိဝစနေ မယော" ဟူသော ကစ္စည်းသုတ်လည်း ထိုသုတ်များကိုပင် မှီလေသလောဟု တွေးတောဖွယ်ရှိ၏၊ မှန်၏—တပ္ပကတိဝစနေ -ထိုပကတိအတိုင်းကို ဟောသောသဒ္ဒါသည်၊ သတိ-ဖြစ်လသော်၊ မယော-(သွတ္တ၌) မယပစ္စည်းသက်၊ " ဟု အနက်ပေးလျှင် ထို

ဿုတ်များနှင့် တထပ်တည်း ကျတော့၏။ ''ဒါနမယံ-ဒါန၊ သီလမယံ - သီလ၊ ဘာဝနာမယံ-ဘာဝနာ'' တို့ကား ပါဠိပုံစံ၊ ''ဒါနမေဝ ဒါနမယံ''ဟု ပြု။

**အခြားအနက်များ။** ။''ပကတဿ ဝိကာရေ ဝယဝေ ဝါ-ဘက္ခာ - စ္ဆာ ဒနေသု''-(ကလာပ်၊) ပကတဿ-ပကတိအတိုင်းဖြစ်သော ဝတ္ထု၏၊ ဝိကာရေ-တမျိုးတဖုံပြုအပ်သော အနက်၌လည်းကောင်း၊ အဝယဝေ ဝါ-အစိတ်ဟူသော အနက်၌လည်းကောင်း၊ မယဋ်-ဆက်၊ အဘက္ခာစ္ဆာဒနေသု-အစာ အဝတ်ဟော အနက်တို့၌ မသက်၊ အသ္မမယံ-ကျောက်၏ ဝိကာရဖြစ်သော ဝတ္ထု၊ ''ကျောက်ဖြင့် ပြုလုပ်သော ဝတ္ထု''ဟူလို၊ ဝါ-ကျောက်၏အစိတ်အပိုင်း၊ ''ဘသ္မမယံ-ပြာ၏ ဝိကာရဖြစ်သော ဝတ္ထု၊ သုဝဏ္ဏမယံ - ရွှေ၏ ဝိကာရဖြစ်သော ဝတ္ထု၊ (ရွှေကို တမျိုးတဖုံ ပြောင်းလဲအောင်ပြုလုပ်သော ရွှေရထားစသည်၊) ဝါ-ရွှေ၏အစိတ်အပိုင်း။

**မှတ်ချက်။** ။ဤ၌ ပကတိအတိုင်း မဟုတ်တော့ပဲ ပကတိအတိုင်းမှ တမျိုးတဖုံ ပြောင်းလွဲ၍ ပြုလုပ်အပ်သော ဝတ္ထုများကို ဝိကာရအနက်ဟု သီးခြား ဆိုထားသော ကြောင့် ရှင်ဥ တပ္ပကတိအရ ဝိကာရအနက်ရအောင် ဖွင့်ထားခြင်းကိုစဉ်းစားကြပါလေ၊ သို့ရာတွင်''သုဝဏ္ဏမယံ''ကို ဝိကာရအနက်၏ ပုံစံ၌ပြထားသော ဗျာကရုဏ်းကျမ်းတို့နှင့် ညီစေခြင်းငှာ ''တပ္ပကတိ''အရ ဝိကာရရအောင် ကြံဆောင် ဖွင့်ပြနိုင်ခြင်းကိုကား ချီးမွမ်းဖွယ်ပေ။ [ရူပိယမယံစသည်တို့လည်း ဤဝိကာရအနက်၏ ပုံစံများပင်တည်း။]

**သာရသ္မတ။** ။ပါစုရိယ ဝိကာရပါဓာန္ယာဒီသု မယဋ်ပစ္စယော ဘဝတိ၊ ပါစုရိယ—များသည်၏ အဖြစ်ဟူသော အနက်၊ အန္နံ + ပစုရံ ယတြာတိ အန္နမယော (ယညော)၊ ယတြ-အကြောင်ယဇ်၌၊ ပစုရံ-များသော၊ အန္နံ-အစာသည်၊ အတ္ထိ, ဣတိ အန္နမယော—များသော အစာရှိသော၊ ယညော - ယဇ်၊ ဝိကာရ ပုံစံကား— ''မတ္တိကာယ + ဝိကာရော မတ္တိကာမယော = မြေညက်၏ ဝိကာရ ဖြစ်သောအိုး၊ ဝါ-မြေညက်ဖြင့် ပြုအပ်သောအိုး၊ ပြဋ္ဌာန်းသည်၏အဖြစ်ဟူသော အနက်သည် ပါဓာန္ယမည်၏၊ ထီ + ပဓာနာ ယဿာတိ ထီမယော = ပြဋ္ဌာန်းသော မိန်းမရှိသော လူညံ့လူဖျင်း၊ ''အာဒိသဒ္ဒေန နိဗ္ဗတ္တန သရူပပုရိသာ ပယ ဝေသုစ''ဟု ဋီကာဆိုသောကြောင့် ''အမရိတေန နိဗ္ဗတ္တော အမရိတမေဝ ရူပံ ဝါ ယဿာတိ အမရိတ (အမတ) မယော—အမြိုက်သုဓာဖြင့် ဖြစ်သော လမင်း၊ ဝါ-အမြိုက်သုဓာဟူသော အထည်ကိုယ်ရှိသော လမင်း၊ (အမြိုက်သုဓာ အတိပြီးသော လမင်း—ဟူလို၊) ပုရိသသည် ပါဠိ၌ ကရိသနှင့် တူ၏၊ ဂဝဿ ကရိသံ ဂေါမယံ=နွားချေး၊[''ဣဒမတ္တေ ဂေါသဒ္ဒါပုရိသေ''ဟူသောမုဒ္ဓဗောဓ ဋီကာအလို ''ဂဝဿ+ဣဒံ ဂေါမယံ = နွား၏ဥစ္စာ, ဝါ - နွားချေး''ဟု ဣဒံ အနက်၌ မယသက်၊] ကစ္စည်းဝုတ္တိ၌ကား သုဝဏ္ဏမယံကဲ့သို့ ''ဂဝေန + ပကတိ ဂေါမယံ-နွားသည် ပြုအပ်သော နွားချေး''ဟု ပြုစေလို၏၊ ထိုဝိဂြိုဟ်သည် အခြား ဗျာကရုဏ်းတို့နှင့် မညီ။

မုဒ္ဒဗောဓ။ ။မယဉ္စတဒြူပေ၊ တဒ်+ရူပေ-ထို အထည်ကိုယ်ရှိ၏ဟူသော အနက်၌၊ မယဋ်-သက်၊ ဝိသဏ္ဏမယံ - ဗိသဏ္ဏားအထည်ကိုယ်ရှိသော သတ္တဝါ အပေါင်း၊ ဝါက်မယံ-စကားအထည်ကိုယ်ရှိသော ကျမ်း၊ ဟိရညမယံ (ဟိရည ယံ)-ငွေအထည်ကိုယ်ရှိသော ဝတ္ထု (ဋီကာ)၊ ဤ၌ "အထည်ကိုယ်ရှိ" ဟူသော စကားသည် မြန်မာလို "အတိပြီး" ဟူသော စကားနှင့် သဘောတူပင်တည်း၊ ထို့ကြောင့် ဟိရညမယံကိုထောက်၍ "သုဝဏ္ဏမယော-ရွှေအထည်ကိုယ်ရှိသော ရထား၊ ဝါ-ရွှေအတိပြီးသော ရထား၊ ဝါ-ရွှေရထား" ဤသို့ စသည်ဖြင့်လည်း အနက်ပေးနိုင်သည် "သုဝဏ္ဏံ + ရူပံ (အထည်ကိုယ်သည်) ယဿာတိ သုဝဏ္ဏ မယော"ဟု ပြု။ [သာရသ္ထဒီပနီတွင် ပြထားသော သရူပအနက်လည်း ဤ တဒြူပ အနက်ပင်တည်း။]

အချုပ်မှတ်ဖွယ်။ ။မယပစ္စည်းသည် သွတ္တအနက်, ဝိကာရ, အဝယဝ, နိဗ္ဗတ္တ, ပါစုရိယ, ပါဓာန္ယ, ဣဒံ, တဒ်ရူပ (သရူပ) အနက်တို့၌သက်၏၊ ကစ္စည်း သုတ်ရင်းအလိုမှာ သွတ္တအနက်၌သာသက်၏၊ ဝုတ္တိဆရာဖွင့်ပြအပ်သော ပကတ အနက်ဟူသည် ဗျာကရုဏ်းကျမ်းတို့၌ ပြအပ်သော ဝိကာရအနက်နှင့် သဘော တူပင်တည်း၊ မှန်၏– "ဝိ-တမျိုးတဖုံ၊ ဝါ-နဂိုအနေမှ ပြောင်းလဲအောင်+ ကာရ-ပြုအပ်" ဟူသည်နှင့် "ပ = အပြားအားဖြင့် + ကတ– ပြုအပ်" ဟူသည် အဓိပ္ပာယ်တူပင်တည်း၊ ထို့ကြောင့် ဝိကာရအနက် တမျိုး, ပကတအနက် တမျိုး ဟု မြန်မာဋီကာတို့ဖွင့်ခြင်းကို စဉ်းစားသင့်သည်၊ "မနေန + နိဗ္ဗတ္တော မနော မယော = ဈာန်စိတ်ကြောင့်ဖြစ်သော အတ္တဘော"ဟု နိဗ္ဗတ္တအနက်ကို အဋ္ဌ ကထာတို့ ဖွင့်ကြသကဲ့သို့ "မနသော+နိပ္ဖန္နာ မနောမယာ+စိတ်ကြောင့် ပြီးရ သော ကုသိုလ်တရားတို့"ဟုလည်း ရှု၍ပြ၏၊ ထိုနိပ္ဖန္နအနက်ကား ဗျာကရုဏ်း တို့၌ ပြထားသော နိဗ္ဗတ္တအနက်ပင်တည်း၊ ထို့ကြောင့် ရူဋီကာ၌ "မနသော နိပ္ဖန္နာတိ-မနသာ နိဗ္ဗတ္တာ ကုသလာဒိဓမ္မာ"ဟု ဖွင့်သည်။

ယောဂဝိဘာဂ။ ။ဤပြခဲ့သော အနက်တို့တွင် ဝိကာရစသော အနက် များ၌ "မယော" ဟူသော ယောဂဝိဘာဂဖြင့် သက်၊ ဤ မယပစ္စည်းသက်ရာ ပုဒ်များကို ပကတိတဒ္ဓိတ်ဟု နာမည်တပ်လေ့ ရှိကြသော်လည်း ယခုပြခဲ့သော အနက်များစွာကိုကြည့်၍ သွတ္တတဒ္ဓိတ်, ဝိကာရတဒ္ဓိတ် စသည်ဖြင့် နာမည် အမျိုးမျိုး တပ်ပါ။ [ရူအဆိုကို ရူဘာသာဋီကာ၌ ပြထားသည်။]။

[ဆောင်] သုတ်ရင်းဝိဘာဂ, နှစ်ဌာနဖြင့်, သွတ္တ-ဝိကာရာ, ဝယဝါ-နိဗ္ဗတ္တ, ပါစုရိယနှင့်, ပါဓာန္ယ–သရူပံ, နက်ဣဒံဝယ်, သက်ရန် မယ, ပကတမှု, ဝိကာရတွင်း, ဝင်အောင်သွင်း, ရှင်းလင်း မှတ်ကြစေ။

## သ င်္ချာ တ ဒ္ဓိတ်

**သ င်္ချာ ပူ ရ ဏေ မော** ၃၇၃။ **သင်္ချာပူရဏတ္တေ**—သင်္ချာ၏ ပြည့်ကြောင်းအနက်၌၊ မ ပစ္စယော ဟောတိ၊ ပဉ္စန္နံ—ငါးခုတို့၏၊ ပူရဏော—ပြည့်ကြောင်းတည်း၊ ပဉ္စမော—ငါးခုတို့၏ ပြည့်ကြောင်း၊ စဝံ, သတ္တမော-ခုနစ်ခုတို့၏ ပြည့်ကြောင်း၊ အဋ္ဌမော—ရှစ်ခုတို့၏ပြည့်ကြောင်း၊ နဝမော-ကိုးခုတို့၏ပြည့်ကြောင်း၊ ဒသမော-ဆယ်ခုတို့၏ ပြည့်ကြောင်း၊ (၄၀၆)။

---

၃၇၃။ **သင်္ချာပူရဏေ**။ ။ပူရယတိ အနေနာတိ ပူရဏော (အဝယဝေါ)၊ သင်္ချာယ+ပူရဏော, သင်္ချာပူရဏော၊ အနေန-ဤ အစိတ်အပိုင်းဖြင့်၊ သင်္ချာ-အရေအတွက်သည်၊ ပူရယတိ-ပြည့်၏၊ ဣတိ, ပူရဏော၊ (အဝယဝေါ-အစိတ်အပိုင်းရ၏၊) သင်္ချာယ-အရေအတွက်၏+ပူရဏော-ပြည့်ကြောင်းအစိတ်အပိုင်းတည်း၊ သင်္ချာပူရဏော-ပိုင်း၊ ထို သင်္ချာပူရဏဖြစ်သော အစိတ်အပိုင်းအနက်၌ မ ပစ္စည်းသက်၊ ဆက်ဦးအံ့—"ပဉ္စန္နံ - ငါးခုတို့၏ + ပူရဏော - ပြည့်ကြောင်း" ဟူရာ၌ လူ ၄ ယောက်ရှိနေရာဝယ် နောက်ထပ် တယောက်ထည့်မှ ငါးယောက်ပြည့်၏၊ ထို့ကြောင့် ထို နောက်ထပ်တယောက်သည် ငါးယောက်ပြည့်ခြင်း၏ အကြောင်းဖြစ်၍ "ပဉ္စမ" မည်၏၊ ထို နောက်ထပ်တယောက်သည် ငါးယောက်တွင် ပါဝင်သော အစိတ်အပိုင်း (တယောက်) ဖြစ်၍ အဝယဝလည်း မည်၏၊ လေးယောက်အပေါ်မှာ ထပ်ဆင့်မြင့်မြောက်လာသောကြောင့် "ငါးယောက်မြောက်"လည်း မည်၏၊ ထို့ကြောင့် "ပဉ္စမော-ငါးခုတို့၏ပြည့်ကြောင်း၊ ဝါ ငါးခုမြောက် (ငါးယောက်မြောက်)"ဟု အနက်ပေးရသည်။

သင်္ချေယျပူရဏ၌ မသက်ရ။ ။သင်္ချာသဒ္ဒါသည် သင်္ချာဝစန • သင်္ချေယျဝစန ဟု ၂ မျိုးရှိ၏၊ ၁-၂-၃-၄-၅ စသော အရေအတွက်သင်္ချာကိုသာ ပဓာန (လိုရင်း) ထား၍ ဟောသောသဒ္ဒါသည် သင်္ချာဝစနမည်၏၊ [သင်္ချာယ-အရေအတွက် သင်္ချာကို + ဝစနံ—ဟောသော သဒ္ဒါတည်း၊ သင်္ချာဝစနံ—သဒ္ဒါ၊] တယောက်သော လူ, ၂ ယောက်ကုန်သော လူတို့၊ ဤသို့စသည်ဖြင့် ရေတွက်အပ်သော အရာဝတ္ထုကို ပဓာနထား၍ ဟောသောသဒ္ဒါသည် သင်္ချေယျဝစန မည်၏၊ [သင်္ချာတဗ္ဗောတိ သင်္ချေယျော-ရေတွက်အပ်သော အရာဝတ္ထု၊ သင်္ချေယျဿ ဝစနံ သင်္ချေယျဝစနံ၊] သုတ်၌ "သင်္ချာပူရဏေ"ဟု ဆိုသောကြောင့် သင်္ချေယျပူရဏအနက်၌ မ ပစ္စည်း မသက်ရဟု သိသာ၏၊ ထို့ကြောင့် "ပဉ္စန္နံ (သြဋ္ဌိကာနံ)—ငါးလုံးကုန်သော ရေလှောင်အိုးတို့၏၊ ပူရဏော—ရေပြည့်ကြောင်းဖြစ်သော (ရေငပ်၍ လောင်းထည့်ကြောင်းဖြစ်သော)၊ ဃဋော-ရေခပ်အိုး"၊ ဤ၌ "ပဉ္စန္နံ" သည် ငါးခုသင်္ချာကို မဟော, ရေလှောင်အိုး ငါးလုံးကို

ဟော၍ သင်္ချေယျဝစနဖြစ်၏၊ ထို့ကြောင့် ''ပဥ္စမော-ငါးလုံးကုန်သော ရေအိုးတို့၏ ရေပြည့်ကြောင်း ရေအိုး''ဟု မဖြစ်နိုင်။

ဇိနိန္ဒဗုဒ္ဓိနျာသ။ ။ဒုဝိဓောဟိ သင်္ချာသဒ္ဒေါ-သင်္ချာန ဝစနော သင်္ချေယျဝစနော စ၊ တတြ ယဒိ သင်္ချေယျဝစနေန ပစ္စယတ္တော ဝိသေသယတေ၊ တဒါ-ယမတ္ထော သိယာ၊ သင်္ချေယျံ ဩဒ္ဒသိက်၊ ယေန ပူရယတေ, သောစ ပူရဏော ဣတိ၊ တတော စ ပဉ္စန္နံ ဩဒ္ဒိကာနံ (ပူရဏော) ဃဋော ဣစ္စတြပိ သိယာ၊ တသ္မာ သင်္ချာဝစနေနေဝ ပစ္စယတ္ထော ဝိသေသယိတုံ ယုတ္တော သမ္ဗန္ဓတေ ဣတိ။

တတြ-ထိုတွင်၊ သင်္ချေယျဝစနေန-ဖြင့်၊ ပစ္စယတ္တော-ပစ္စည်း၏ အနက်ကို၊ ယဒိ ဝိသေသယတေ-အကယ်၍ အထူးအပ်ပြုအံ့၊ (ပဥ္စန္နံသည် ဝိသေသနသမ္ဗန်+မပစ္စည်း၏ အနက်ဖြစ်သော ပူရဏောသည် ဝိသေသျသမ္ဗန္ဓိတည်း၊ ထို့ကြောင့် ပဥ္စန္နံ ဝိသေသနဖြင့် ပူရဏောကို အထူးပြုရာဝယ် ပဥ္စန္နံသည် ''ငါးလုံးသော အိုးတို့၏''ဟု အနက်ပေးရသော သင်္ချေယျဝစနဖြစ်လျှင်-ဟူလို၊ ) တဒါ အယံ အတ္တော သိယာ-ထိုအခါ ဤအနက် ဖြစ်ရာ၏၊ သင်္ချေယျံ-ဟူသည်၊ ဩဒ္ဒသိက်-ရေလှောင်အိုးစသော အရာဝတ္ထုတည်း၊ ယေန ပူရယတေ — အကြင်အိုးဖြင့် ရေခပ်၍ ပြည့်ရ၏၊ သောစ ပူရဏော - ထိုအိုးလည်း ပူရဏမည်၏၊ ဣတိ-ဤအနက်, ဖြစ်ရာ၏၊ တတောစ-ထိုသို့သော အနက်၏ ဖြစ်ရာသောကြောင့်တည်း၊ ''ပဥ္စန္နံ ဩဒ္ဒိကာနံ - ရေလှောင်အိုး ငါးလုံးတို့၏၊ ပူရဏော - ရေဖြည့်ကြောင်းဖြစ်သော၊ ဃဋော-ရေခပ်အိုး''၊ ဣစ္စတြပိ-ဤ၌လည်း၊ သိယာ-မ ပစ္စည်းသက်၍ ပဥ္စမောဟု ဖြစ်ရာ၏ (ဖြစ်ကား မဖြစ်နိုင်-ဟူလို၊) တသ္မာ-ကြောင့်၊ သင်္ချာဝစနေနေဝ-ငါးခုဟူသော သင်္ချာသဒ္ဒါဖြင့်သာ၊ ပစ္စယတ္တော-ကို၊ ဝိသေသေတုံ-ဝိသေသနပြုခြင်းငှာ၊ ယုတ္တော သမ္ဗန္ဓတေ-ပြည့်စုံလုံလောက်၏၊ ဣတိ-၏။

မှတ်ချက်။ ။ဤပြခဲ့သော သာဓကအရ ''ပဥ္စန္နံ+ပူရဏော'' ဝါကျ၌ ပဥ္စန္နံသည် ''ငါးခု''ဟူသောအရေအတွက်သင်္ချာကိုသာဟော၏, ''ငါးယောက်သောသူ''စသော သင်္ချေယကို မဟောဟု သိရပြီ၊ ထို့ကြောင့် ပဥ္စန္နံအရ ''ငါးခုအပေါင်း''ဟူသော သင်္ချေယျကို မရ၊ တစ်ခု နှစ်ခု သုံးခု လေးခု ငါးခုဟု ရေတွက်ရာဝယ် ''ငါးခု=ငါးယောက်'' ဟူသော အရေအတွက်သင်္ချာကိုသာ ရ၏။ [ ပဥ္စန္နံအရ''ငါးခုအပေါင်းရ၏''ဟု အချို့ ရေးသားရာ၌ ငါးခုအပေါင်းဟူသည် သင်္ချေယျဖြစ်သောကြောင့် စဉ်းစားသင့်၏၊ ] ပူရဏော အရ၌မူ ထို''ငါး''ဟူသော သင်္ချာ၏ ပြည့်ကြောင်းဖြစ်သော (ငါးခုမြောက်ဖြစ်သော) အရာဝတ္ထု ဒြဗ်တခုခု ရ၏၊ ထို့ကြောင့် ပူရဏအနက်၌ မ ပစ္စည်းသက်၍ ''ပဥ္စမ''ဟု ပြီးသောအခါ ''ပဥ္စမော-ငါးယောက်တို့၏ ပြည့်ကြောင်းဖြစ်သော သား တယောက်၊ ပဥ္စမာ ပဥ္စမီ (အာ-ဤ ၂ မျိုးသက်နိုင်၏) —ငါးယောက်မြောက် သမီး တယောက်၊ ပဥ္စမံ-ငါးခုမြောက် စိတ်တခု''ဟု ဒြဗ်ဟော ဖြစ်နိုင်တော့သည်၊ တဒ္ဓိတ်ကျမ်း၌ ပစ္စည်းတို့၏အနက်သည်သာ ပဓာနဖြစ်၏၊ထိုပစ္စည်းများလည်းနာမ်ပုဒ်နောက် ကချည်း သက်ရသောကြောင့် ဥတ္တရပဒတ္ထပဓာန သမာသ်နှင့် အရချင်းတူကြသည်။

မပစ္စည်းနှင့် ဥပစ္စည်း။ ။ဒ္ဓိ-တိ-စတု-ဆတို့နှောင် အခြား ပစ္စည်းများကို ပြလတ္တံ့ဖြစ်၍ "ပဉ္စ-သတ္တ-အဋ္ဌ နဝ-ဒသ" စသည်တို့နှောင်သာ မပစ္စည်းသက်ရ တော့၏၊ ပုံစံများကို ဒသမထိရုံသာ ပြထားသော်လည်း "ကောဒသ-ဒွါဒသ ၊ပေ၊ ဝီသတိ၊ပေ၊ သတ—သဟဿ" စသည်တို့နှောင်လည်း သက်နိုင်သည်သာ၊ ထို့ကြောင့် "ဒသမော ဣစ္စာဒိ" ဟု ရှုအတိုင်း ဣစ္စာဒိပါလျှင် သာ၍ကောင်း သည်၊ ထိုတွင် ကောဒသစသည်နှောင် မောဂ္ဂလ္လာန်နှင့် သက္ကတတို့၌ ဥ(ဉ်အနုဗန် ရှိသော အ)ပစ္စည်းသက်စေ၏၊ "ကောဒသော-တဆယ့်တခုတို့၏ ပြည့်ကြောင်း၊ ဒွါဒသော-၁၂ ခုမြောက်၊ တေရသော-၁၃ ခုမြောက်၊ အဋ္ဌပေါသထော စတုဒ္ဒသော-ယနေ့ ဆယ့်လေးရက်မြောက် ဥပုသ်နေ့။ [တချို့စာ၌ တေသုဝုဒ္ဓိဖြင့် ဝုဒ္ဓိပြု၍ "စာတုဒ္ဒသော" ဟုတွေ့ရ၏၊ သက္ကတ၌ မတွေ့ရ၊] "အဋ္ဌပေါသထော ပန္နရသော" စသည်၊ ၄၀ မြောက်၊ ၅၀ မြောက်၌ကား "စတ္တာလီသော, ပညာ သော" ဟု ဥ ပစ္စည်းဖြင့်သာ ရှိသတတ်၊ ထို ဥ ပစ္စည်းသက်ရာ ပုဒ်နှောင် ဣတ္ထိ လိင် နဒါဒိ ဤပစ္စည်းဖြင့်ဆင့်၍ "ကောဒသီ, ပန္နရသီ" စသည်သာ ရှိ၏၊ အာ ပစ္စည်းဖြင့် မရှိနိုင်။ [ကစ္စည်းအလိုမူ ဥပစ္စည်းမသက်ပဲ ပူရဏအနက်၌ ယဒနုပ ပန္နာဒိပါတနာဖြင့် အပစ္စည်းသက်၏၊ဣတ္ထိလိင်၌ကား ကောဒိတော ဒသဿီဖြင့် စီရင်သည်။]

ကေတိံသစသည်။ ။"ကေတိံသေ ဣတောကပ္ပေ=ဤကမ္ဘာမှ ၃၁ ခု မြောက်ကမ္ဘာ၌၊ ပဉ္စဝီသေ ဣတော ကပ္ပေ=၂၅ ကမ္ဘာမြောက်၌၊ ဒွေနဝုတေ ဣတော ကပ္ပေ=၉၂ ကမ္ဘာမြောက်၌" တို့ကား ပူရဏအနက်၌ ဉ (တနည်း အ)ပစ္စည်းပုံစံများ၊ "ကေတိံသာယ+ပူရဏော ကေတိံသော (ကပ္ပေါ)" စသည်၊ "မြောက်" ဟူသောအနက်၌ "ထက်" ဟုလည်း သုံးစွဲ၍ "ကေတိံသေ ကပ္ပေ—၃၁ ကမ္ဘာထက်၌" ဟုလည်း ပေးရိုးပြုကြသည်၊ သတသဟဿတို့နှောင် မ ပစ္စည်းသက်လျှင် "သတာဒိန မိစ" သုတ်ဖြင့် မ လည်းသက်, သတသဟဿ တို့၏ အဆုံး(အ)ကို ဣလည်းပြု၍ "သတိမော သဟဿိမော" ဟု ဖြစ်၏၊ ဤ မ ပစ္စည်းသည် ကတိပုဒ်နှောင်လည်း သက်၍ "ကတိန္နံ ပူရဏော ကတိမော= ဘယ်နှစ်ခုတို့၏ ပြည့်ကြောင်းနည်း၊ ကတိမီ—ဘယ်တိထိတို့၏ ပြည့်ကြောင်းပါ နည်း" ဟု ဖြစ်၏၊ ကတိသဒ္ဒါလည်းပုစ္ဆာဝါစက သင်္ချာသဒ္ဒါတမျိုးဟု ဆိုသင့် ရကား ကစ္စည်းအလို ဤသုတ်ဖြင့်ပင် သက်၊ မောဂ္ဂလ္လာန်၌ကား "မ ပဉ္စာဒိကတိ ဟိ" ဟု ကတိကို သီးခြားထုတ်ပြထားသည်။

ဥပစ္စည်းသက်ရာ တမျိုး။ ။သင်္ချာယ သစ္စုတီသာသဒသန္တာယာဓိကသ္မိံ သတသဟဿေ ဍော - (မောဂ္ဂလ္လာန်သုတ်)၊ သစ္စုတီသာသဒသန္တာယ-သတိ, ဥတိ, ဤသ, အာသ, ဒသ အဆုံးရှိသော၊ သင်္ချာယ-သင်္ချာသဒ္ဒါမှ(နောက်၌)၊ သာ-ထိုသင်္ချာသည်၊ အဓိကာ-အပိုအလွန်ဖြစ်အံ့၊ သတသဟဿေ-ရာ ထောင်

**သဆဃဝါ** ၃၇၄။ သင်္ချာပူရဏတ္ထေ - ၌၊ ဆဃ သကာရာဒေသော ဝါ ဟောတိ၊ ဆန္နံ - ခြောက်ခုတို့၏၊ ပူရဏော - တည်း၊ သဌော— ခြောက်ခုတို့၏ ပြည့်ကြောင်း၊ ဝါ—ခြောက်ခုမြောက်၊ ဆဋ္ဌောဝါ—ဆဋ္ဌောဟုလည်း ရှိ၏၊ (၄၀၈)။

---

သိန်းဟူသော၊အသင်္ခ-ဤအနက်၌၊ ဧဉာ-ဥပစ္စည်းသက်၊ ဝီသတိ အဓိကာ အသင်္ခတိ ဝီသံ (သတံ)။ အသင်္ခ-ထို တရာ၌၊ ဝီသတိ - ၂၀ သည်၊ အဓိကာ - ပိုလွန်၏၊ ဣတိ ဝီသံ-ဝီသမည်၏၊ ဝီသံ-၂၀ အပိုအလွန်ရှိသော (သတံ, သဟဿံ, သတသဟဿံ-တရာ, တထောင်, တသိန်း)၊ ဝီသတိနောင် အဓိက အသင်္ခ အနက်၌ ဥသက်၊ ဥ် အနုဗန်ချေ, တိချေ (ဝီသ) သိသက်, အံပြု၊ တိံသံ-၃၀ အလွန်ရှိသော၊ သတံ-တရာ၊ နဝုတံ-၉၀ အလွန်ရှိသော (သတံ)၊ စတ္တာလီသံ-၄၀ အလွန်ရှိသော၊ (သတံ)၊ ပညာသံ-၅၀ အလွန်ရှိသော၊ (သတံ)၊ ဧကာဒသံ-၁၁ အလွန်ရှိသော၊ (သတံ)။

ပုံစံများ။ ။ဝီသံ ပုဍ္ဍသတံ-၂၀ အလွန်ရှိသော ပုဍ္ဍတရာ၊ ဝါ-ပုဍ္ဍ တရာ့နှစ်ဆယ်၊ ဧကဝီသံ သတံ ဟောတိ - ၂၁ အလွန်ရှိသော တရာ (တရာ့နှစ်ဆယ့်တစ်) ဖြစ်၏၊ (သဂ္ဂိုဟ်)၊ တိံသာနိ တိဏိသတာနိ=၃၀ အလွန်ရှိကုန်သော သုံးရာတို့သည်၊ (သုံးရာ့သုံးဆယ်တို့သည်) ဟောန္တိ၊ ဒုဋ္ဌဒေါသ သိက္ခာပုဒ် ဌ၊ "ဒွတ္တိံသံ သတံ, ဒွေနဝုတံ" စသည်ဖြင့် ယမကဋ္ဌကထာ၌ များစွာ ရှိလေ၏၊ အထဝါ "တိံသ စောဒနာ အဓိကာ စေတသူတိ တိံသာနိ၊ တသ္မိံ အဓိကမိတိ" ဟူသော (ပါဠိနီဖြင့်) ဥ ပစ္စယေ သတိ ရူပမိဒံ ဒဋ္ဌဗ္ဗံ၊ နစုတာနီတိ တွေ့ာပိ ဧသေဝနယော" ဟူသော ဒုဋ္ဌဒေါသ သိက္ခာပဒ သာရတ္ထဒီပနီ၌လည်း ဤ ဥ ပစ္စည်းပင်တည်း၊ မောဂ္ဂလ္လာန်နိဿယ၌ "သဋ္ဌသတံ-၆၀ အလွန်ရှိသော တရာ၊ သတ္တတံ-၇၀ အလွန်ရှိသော (သတံ)၊ အသီတံ-၈၀ အလွန်ရှိသော၊ ယမကသတံ - ယမိုက်တရာ" ဟု ရှိသင့်ကြောင်း ယခုစာတို့၌ "သဋ္ဌိသတံ-သတ္တတိသတံ" စသည်သာရှိ၍ ဆင်ခြင်သင့်ကြောင်းကို မိန့်သည်။

---

၃၇၄။ သင်္ချာပူရဏတ္ထေ။ ။ရှေ့သုတ်မှ "သင်္ချာပူရဏေ"ပုဒ် လိုက်လာသောကြောင့် "သင်္ချာပူရဏတ္ထေ"ဟု ဝုတ္တိဖွင့်ခြင်းသည် ထုံးစံရှိးရာ ကျပေ၏၊ သို့သော် "သဋ္ဌာယတနံ-၆ ပါးသော အာယတန" စသည်ဖြင့် သင်္ချေယျဝစန (သင်္ချေယျကိုဟောသော)ဆ သဒ္ဒါကိုလည်း ဤသုတ်က "သ"ပြုနိုင်၏။["သဋ္ဌာယတနံ"အရ ၆ ခုမြောက် အာယတနတခုသာမက, အာယတန ၆ ပါးလုံးရ၏၊ ထို့ကြောင့် "ဆ+အာယတနံ"၌ ပါသော ဆ သင်္ချာသဒ္ဒါသည် သင်္ချာဝစန မဟုတ်, သင်္ချေယျဝစနတည်း၊ ပူရဏအနက်နှင့်လည်း လုံးဝမဆိုင်၊ ထို့ကြောင့်

ကောဒိတော ဒသဿိ

၃၇၅။ သင်္ချာပူရဏတ္တေ — ၌၊ ကောဒိတော — မှ၊ (ပရဿ) ဒသဿ အန္တေ ဣပစ္စယော ဝါ ဟောတိ၊ ကောစ — တခုလည်း၊ ဒသစ — တဆယ်တို့လည်း၊ ကောဒသ — တဆယ့်တခုတို့၊ ကောဒသန္နံ - တဆယ့်တခုတို့၏၊ ပူရဏီ-ပြည့်ကြောင်းတည်း၊ ကောဒသီ-တဆယ့်တခုတို့၏ ပြည့်ကြောင်း၊ ပဉ္စ-ငါးခုတို့လည်း၊ ဒသစ ပဉ္စဒသ၊ ပဉ္စဒသန္နံ—တဆယ့်ငါးခုတို့၏၊ ပူရဏီ ပဉ္စဒသီ၊ စတ္တာရောစ ဒသ စတုဒ္ဒသ၊ စတုဒ္ဒသန္နံ—တဆယ့်လေးခုတို့၏၊ ပူရဏီ စတုဒ္ဒသီ၊ ပူရဏောတိ ကိမတ္ထံ၊ ကောဒသ-တဆယ့်တခုတို့၊ ပဉ္စဒသ-တဆယ့်ငါးခုတို့၊ ဣတိ-ဣပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ (၄၁၂)။

---

ရူပသိဒ္ဓိ၌ "သင်္ချာပူရဏ" ပုဒ်ကို မလိုက်စေပဲ "သင်္ချာနေ-သင်္ချာအရာ၌"ဟု သာမညပင်မိန့်၍ "သာဟံ-၆ ရက်၊ သဠာယတနံ" တို့ကို ပုံစံထုတ်၏။]

[စဆောင်] ဆကို သဟု, စီရင်မှုမှာ, သင်္ချာပူရဏ, မဟုတ်ကြသည့်, သဠာယတနံ, ပုဒ်နေဟန်ကို, အမှန်ဓေထာက်ချင်, သာမန်ဖြင့်, ဖြစ်သင့်သင်္ချာတည်း။

အချို့ဆရာများ။ ။ "သင်္ချာစ - သင်္ချာသာမန်လည်း + ပူရဏံစ-သင်္ချာပူရဏလည်း၊ သင်္ချာပူရဏံ - သင်္ချာသာမန်, သင်္ချာပူရဏ"ဟု ဝိဂ္ဂိုဟ်ပြု၍ ဤသုတ်ဖြင့် သဠောကဲ့သို့ သင်္ချာပူရဏ အရာ၌လည်းကောင်း, သာဟ, သဠာယတနံကဲ့သို့ အသင်္ချာပူရဏ (သင်္ချာပူရဏမဟုတ်သော သင်္ချာသာမန်)၌လည်း ကောင်း ဆကို သပြုဟု ကြံကြစေလသည်၊ သို့ရာတွင် သင်္ချာပူရဏအရာ၌ "သဠော"ဟု ရူပသိဒ္ဓိ၌ ပုံစံမပြ၊ မောဂ္ဂလ္လာန်၌လည်း မပါ၊ ထို့ကြောင့် သဠော ရှိသင့် မရှိသင့်ကိုပင် စဉ်းစားသင့်သေးသည်၊ [စတုဆေဟိ ထ ၄၁သုတ်ဖြင့် ဆဠောဟု ရုပ်ပြီးသည့်အခါ ဤသုတ်ဖြင့် (ကစ္စည်းဝုတ္တိအလို) ဆကို သပြု၍ "သဠော"ဟု ပြီးစေ၊ "ဆဠောဝါ"ကား ဝိကပ်ပုံစံတည်း၊ ထို့ကြောင့် သုတ်၌ ဝါကို ဝိကပ္ပနတ္ထဟု မှတ်ပါ။]

---

၃၇၅။ မှတ်ချက်။ ။ဤသုတ်၌ အန္တေသဒ္ဒါ တိုက်ရိုက်လည်းမပါ, ရှေ့နောက် သုတ်တို့မှ လိုက်ဖို့ရာလည်း မရှိပဲလျက် "အန္တေ"ဟု ထည့်၍ ဝုတ္တိဖွင့်နိုင်ခြင်း, ဤ ပစ္စယန္တပုဒ်တို့သည် ဣတ္ထိဇောတက အာ ဤ ဣနီ မပါပဲပင် နဂိုသဘောအတိုင်း ဣတ္ထိလိင်ကို ဟောစွမ်းနိုင်သော သတ္တိရှိခြင်းကို ရူပသိဒ္ဓိ၌ တိုက်ရိုက် ပြထားသည်၊ အခြား ဗျာကရုဏ်းတို့ အလိုအားဖြင့်ကား "ကောဒသော - တဆယ့်တခုမြောက်" စသည်ဖြင့် ပူရဏအနက်၌ ၃ ပစ္စည်းသက်၍ ဣတ္ထိလိင်၌မူ နဒါဒိ (ဤ) ပစ္စည်းသက်ရကြောင်းကို ရှေ့သုတ်၌ ဖွင့်ခဲ့ပြီ၊ "အဇ္ဇုပေါသထော စတုဒ္ဒသော, ပန္နရသော"ဟု ပါဠိရှိသောကြောင့်လည်း ထိုဗျာကရုဏ်းတို့အဆိုက သာ၍ ပြည့်စုံပေသည်။

ဒဝသဿော
နိစ္စဋ္ဌေ

၃၇၆။ ပရေ - သော၊ ဒသသဒ္ဒေ - ဒသ သဒ္ဒါကြောင့်၊ နိစ္စံ - အမြဲ၊ ဆသ္သ - ဆ သင်္ချာ သဒ္ဒါ၏၊ သော - သော အပြုသည်၊ ဟောတိ၊ သောဠသ - တဆယ့်ခြောက်ခုတို့၊ (၂၅၇)

---

ဧကောဝ၊ပေ၊စတုဒ္ဒသိ။ ။“ဧကော စ+ဒသ စ, ဧကာဒသ၊ ပဥ္စ+စတ္တာ ရော စ+ဒသ စ, ပဥ္စဒသ စတုဒ္ဒသ”တို့သည် ဤသုတ်နှင့် မဆိုင်သေး, “ဧကာ ဒသန္နံ+ပဥ္စဒသန္နံ+စတုဒသန္နံ+ပူရဏီ”ဟု ဝိဂ္ဂိုဟ်ပြုဖို့ရန် အခြေခံပြ စကားတို့ သာတည်း၊ သီဟိုဠ်မူ၌ ထိုစကားများ မပါ၊ အားလုံး ဒွန္ဒသမာသ်ပုဒ်များသာ ဖြစ်သည်၊ ထို့ကြောင့် ဒွန္ဒသမာသ်ထုံးစံအတိုင်း ရုပ်တွက်၍ ဒွေကဋ္ဌာနမာကာ ရောဝါသုတ်ဖြင့် ဧကာဟု ပြီးလတ့်၊ ပဥ္စဒသ စတုဒ္ဒသတို့မှာ လွယ်ပြီ၊ မြန်မာမူ၌ “ဧကာဒသန္နံ+ပူရဏော”စသည်ဖြင့် တွေ့ရ၏၊ ဧကာဒသီ စသော ပုဒ်တို့သည် ဣတ္ထိလိင် အမြဲဖြစ်ရကား “ပူရဏီ”ဟု သီဟိုဠ်မူအတိုင်းရှိစေရမည်၊ ရူပသိဒ္ဓိ၌ လည်း ပူရဏီပင်၊ ရုပ်တွက်ပုံကို အခြေပြုမှာ ကြည့်။

အာဒိအရ၊ ။ဧကာဒိမှာတွင် အာဒိဖြင့် စတု - ပဥ္စလောက်ကိုသာ (ပုံစံ ရှိသည့်အတိုင်း) ယူလိုကြ၏၊ သို့သော် ဒွါဒသီ တေရသီစသည်ဖြင့် ရူပသိဒ္ဓိ၌ ပုံစံ ပြထားသောကြောင့် လည်းကောင်း, “ပက္ခဿ တေရသိယံ=ပက္ခ၏ ၁၃ ရက် မြောက်နေ့၌”ဟု ပါစိတျာဒိ သြဝါဒဝဂ္ဂဋ္ဌကထာ စသည် “ကလံ နဂ္ဃတိ သောဠသိ”ဟု ဝိနည်းမဟာဝါပါဠိစသည် ပုံစံရှိသောကြောင့်လည်းကောင်း သတ္တ-အဋ္ဌ တိုင်အောင် အာဒိဖြင့် ယူသင့်သည်၊ [ဝုတ္တိ၌ ပဥ္စဒသီကိုရှေ့ထား၍, စာတုဒ္ဒသီကို နောက်ထားရာ၌ကား ပန္နရသီ ပဝါရဏာ စတုဒ္ဒသီပဝါရဏာ ၂ မျိုး၌ ပန္နရသီက ရိုးရာဖြစ်သောကြောင့် ပန္နရသီကို ရှေ့ထားဟန်တူသည်ဟု ဝုတ္တိဆရာ၏ အာဘော်ကို ကြံဆသင့်၏။]

ပူရဏေတိ၊ ပ၊ ပဥ္စ ဒသ။ ။ဤ “ဧကာဒသ – ပဥ္စဒသ”တို့သည် ပူရဏ အနက်မရှိကြ၊ ၁၁ ခု- ၁၅ ခုစသော အရေအတွက်သင်္ချာကိုလည်းကောင်း “၁၁ ယောက်သောလူတို့”စသည်ဖြင့် သင်္ချေယျကိုလည်းကောင်း ဟောသော သဒ္ဒါတို့တည်း၊ ထို့ကြောင့် ဤသုတ်ဖြင့် ဤပစ္စည်း မသက်ရ။

---

၃၇၆။ “ဒသေ - တဆယ်ကြောင့်”ဟု သင်္ချာအနက် ပေးမည်စိုးသော ကြောင့် “ဒသသဒ္ဒေ”ဟု ဖွင့်၏၊ ရှေ့ ၂ သုတ်၌ပါသော “ဧကာဒိတော”၌ ဧက သဒ္ဒါ, ဆသဒ္ဒါ, ဤသုတ်၌ ဒသသဒ္ဒါ စသည်တို့ကို အနုကရဏသဒ္ဒါ (သင်္ချာ အနက်ဟော ဧက-ဆ-ဒသတို့ကို အတုပြုအပ်သောသဒ္ဒါ) တို့ချည်းမှတ်၊ နိစ္စဋ္ဌေ၌ စ သည် သ ဆဿဝါသုတ်မှ ဆဿကို ငင်သော အနုကစုနတည်း၊ ရုပ်ကို

အန္တေ နိဂ္ဂဟိတဥ ၃၇၇။ တာသံ သင်္ချာနံ - ထို သင်္ချာသဒ္ဒါတို့၏၊ အန္တေ- အဆုံး၌၊ နိဂ္ဂဟိတာဂမော — နိဂ္ဂဟိတ်လာသည်၊ ဟောတိ၊ ပဉ္စဒသိံ—၁၅ ရက်မြောက်တိထိ၊ စာတုဒ္ဒသိံ — တဆယ့် လေးရက်မြောက် တိထိ၊ (၀)။

တိ စ ၃၇၈။ တာသံ သင်္ချာနံ — တို့၏၊ အန္တေ - အဆုံး၌၊ တိကာရာ ဂမော— တိ အက္ခရာလာသည်၊ ဟောတိ - ၏၊ ဝီသတိ - နှစ်ဆယ်၊ တိံသတိ - သုံးဆယ်၊ (၄၁၄)။

လ ဒရာနံ ၃၇၉။ သင်္ချာနံ-သင်္ချာအရာ၌ ဖြစ်ကုန်သော၊ ဒကာရ ရကာရာ နံ—ဒ အက္ခရာ ရ အက္ခရာတို့၏၊ လကာရာဒေသော — လ အပြု သည်၊ ဟောတိ - ဖြစ်၏၊ သောဠသ — တဆယ့်ခြောက်ခုတို့၊ စတ္တာလီသံ- လေးဆယ်၊ (၂၅၈)။

ဝီသတိ ဒသေသုဗာ ဒွိဿတု ၃၈၀။ ဝီသတိ ဒသ ဣတိ-ဝီသတိ, ဒသ ဟူကုန်သော၊ တေသု—ဤ သဒ္ဒါတို့ကြောင့်၊ ဒွိဿ-၏၊ ဗာ ဟောတိ၊ ဗာဝီသတိ — ၂၂ ပါးသော၊ ဣန္ဒြိယာနိ — ဣန္ဒြေတို့၊ ဗာရသ — တကျိပ်နှစ်ယောက်ကုန်သော၊ မနုဿာ — လူတို့၊ တဂ္ဂဟာဏေန —

---

၃၇၇။ ရူ၌ ဤသုတ် မပါ, သဒ္ဒနီတိ၌လည်း စာတုဒ္ဒသိံ ပဉ္စဒသိံ တို့၌ လာသော နိဂ္ဂဟိတ်မဟုတ်, အစ္စန္တသံယောဂ အနက်၌ သက်သော ဒုတိယာ ဝိဘတ်ဟူသာ ဆို၏၊ "စာတုဒ္ဒသိံ ပဉ္စဒသိံ တိ-စတုန္နံ+ပူရဏီ, စာတုဒ္ဒသီ၊ပေ၊ အစ္စန္တသံယောဂ ဥပယောဂဝစနံ" ဟူသော အဋ္ဌကထာတို့နှင့် ညီပေသည်။

၃၇၈။ စသဒ္ဒါသည် ရှေ့သုတ်မှ အန္တေကိုငင်သော အနုကစ္စနာ၊ ရူ၌ ဝါ သဒ္ဒါကို လိုက်စေ၍ ထိုဝါ၏ ဝဝတ္ထိတ ဝိဘာသတ္တကြောင့် "ဒသ-တိံသတို့ နောင်သာ တိလာ၍ အခြားသဒ္ဒါနောင်မလာရ"ဟု သတ်မှတ်သည်၊ ဝီသံ-တိံသံ ပြီးအောင် "ဂဏနေ ဒသဿ" စသော သုတ်ဖြင့် ရုပ်တွက်၍ ထို ဝီသံ တိံသံတို့ နောင် ဤသုတ်ဖြင့် တိလာ၊ ရုပ်တွက်ပုံကို အခြေပြုမှာ ရှုပါ။

၃၇၉။ ရူ၌ ဝါကို လိုက်စေ၍ ထိုဝါဖြင့် သောဠသ၌ နိစ္စဝိဓိ, စတ္တာလီသံ နှင့် "အစ္စတေလသေဟိ ဘိက္ခုသတေဟိ" ဟူသော ပါဠိဝယ် တေလသတို့၌ စတ္တာရီသံ-တေရသဟုလည်း ရှိသောကြောင့် အနိစ္စဝိဓိ၊ စုဒ္ဒသ ပန္နရသတို့၌ လ အပြု မရှိသော အသန္တဝိဓိဟု ပိုင်းခြားလေသည်၊ ရုပ်ကို အခြေပြုအတိုင်းတွက်။

ဖြင့်၊ ဒွိသ-ဒွိသဒ္ဒါ၏၊ ဒု ဒိ ဒေါ အာဒေသာဝ-ဒု, ဒိ, ဒေါ အပြုတို့သည် လည်း၊ ဟောန္တိ၊ ဒုရတ္တံ,ဒိရတ္တံ-၂ ညဥ့်၊ ဒိဂုဏံ-၂ ထပ်၊ (၂ လွှာ)၊ ဒေါဟဠိနီ-ချင်ခြင်းရှိသော မိန်းမ၊ (၂၅၅)။

---

၃၇၀။ ဝိသတိ ဒသေသု။ ။ဝိသတိ ဒသသဒ္ဒါတို့အပြင် တိံသနှောင်းရာ၌လည်း "ဗာတ္တိံသ"ဟု ရှိ၏၊ စတ္တာလီသ နှောင်းရာ၌ကား ဗာ အပြု မဖြစ်၊ "ဗာ-စတ္တာလီသာဒေါ"— မောဂ္ဂလ္လာန်သုတ်။ [စတ္တာလီသာဒေါ - စတ္တာလီသ အစရှိသည်မှ တပါးသော၊ သချျာယံ-သချျာဖြစ်သော၊ ဥတ္တရပဒေ-နောက်ပုဒ် နှောင်းလသော်၊ အနညတ္ထေ-အညတ္ထ (ဗဟုဗ္ဗီဟိ) သမာသ် မဟုတ်ရာ၌၊ ဒွိဿ ဗာဝဟောတိ (သုတ်နက်)၊] ဤဗာ အပြုလည်း မမြဲရကား "ဒွေဝီသတိ, ဒွါဒသ, ဒွတ္တိံသ"ဟုလည်း ရှိသည်၊ " ဒွေစ ဝီသတိစ ဒွိဝီသတိ "ဟု သမာသ်ဖြစ်သည့် အခါ ဒွိကို ဤသုတ်ဖြင့် ဗာပြု, နာမ်ငဲ့, သိသက်, ချေ၊ ဝီသတိအတိုင်း ရုပ်စဥ်၊ "ဒွေဒ+ဒသစ, ဒွိဒသ"ဟုလည်းကောင်း, "ဒွေစ+တိံသစ, ဒွိတိံသ"ဟုလည်း ကောင်း သမာသ်ပြီးသည့်အခါ ဗာပြု၊ ဗာရသကို ဗဟုစုစ်ချည်းစဉ်၊ ဗာတ္တိံသ ကို အခြေပြု "ဂဏနေ ဒသဿ"သုတ်၌ ဝီသံအတိုင်း ကေဝုစ်ချည်းစဉ်၊ "ဝိသတျာဒိ, နဝုတိ, ဣတ္ထိကေဝုစ်"စသော လင်္ကာကို အမြဲသတိပြုပါ။

တဂ္ဂဟဏေန ၊ပေ၊ ဒေါဟဠိနီ။ ။သုတ်၌ပါသော တုသဒ္ဒါကို ဗာနှင့် တွဲစပ်၍ "ဗာတု - ဗာ အပြုသည်လည်း"ဟု အနက်ပေးလျှင် တုသဒ္ဒါသည် သမုစ္စည်းအနက်ရှိကြောင်း ထင်ရှား၏၊ ထိုတုသဒ္ဒါဖြင့် ဒသ ဝီသမှတပါး အခြား သဒ္ဒါ နှောင်းရာ၌ ဒု-ဒိ-ဒေါ အပြုကိုဆည်းသည်၊ "ဒွေ + ရတ္တိယော"ဟု ဒိဂု သမာသ်ဝါကျပြု၍ ဒိဂုသမာသ် ရုပ်တွက်ပြီးလျှင် "ဒွိ + ရတ္တိ"ဟု ပကတိပြု၊ နပုံးကေတ် စီရင်၊ ဤသုတ် တုသဒ္ဒါဖြင့် ဒွိကို ဒု-ဒိပြု၊ ဣစိသမာသန္တဂတာန မကာရန္တော့ဖြင့် အပစ္စည်းသက်၊ (တနည်း, ရတ္တိ၏ ဣကို အပြု၊) နာမ်ငဲ့, သိ အံပြု, ဒုရတ္တံ, ဒိရတ္တံ ပြီး၏၊ "ဒွေ + ဂုဏာ"ဟု ဒိဂုသမာသ်ဝါကျပြု၍ ဒိဂုဏံ ပြီးပုံကိုလည်း သိပါ၊ ["ဒိဂုဏံ သံဃာဋိံ=၂ ထပ်ရှိသော သင်္ကန်းကြီးကို၊ ပည ပေတဗ္ဗာ-၍" ဟူရာ၌ကား "ဒွေ+ဂုဏာ ယဿာ (သံဃာဋိယာ)တိ ဒိဂုဏာ"ဟု ဗဟုဗ္ဗီဟိသမာသ်ပြု။]

ဒိဂု စသည်။ ။ဒွေ+ဂါဝေါ, ဒိဂု=၂ ကောင်သောနွား၊ "ဒွိ+ဂေါ"ဟု ပကတိ ပြုပြီးသည့်အခါ နပုံးကေတ် စီရင်၊ ဤသုတ်၌ တုသဒ္ဒါဖြင့် ဒွိကို ဒိပြု, သရောရဿော နပုံသကေဖြင့် ဂေါ၏ ဩကို ဥရဿပြု, နာမ်ငဲ့, သိချေ၊ ဒိပဒံ-၂ ပုဒ်ရှိ၏၊ ဒိသတံ-နှစ်ရာ၊ ဝါ-နှစ်ရာရှိသော ဝတ္ထု, စသည်၌လည်း နည်းတူ၊ "ဣမသ္မိံ မေ သမဏ ဟတ္ထေ, ပဋိမုက္ကာ ဒုနီဝရာ-၂ ဆင့်သော လက်ကောက် တို့" ဟူရာ၌ "ဒွိ+နီဝရ"ဟု ပကတိဖြစ်သည့်အခါ (အသမာသဟာရ ဒိဂုဖြစ်၍

နပုံးကောတ် မပြုရ၊) ဤ တုသဒ္ဒါဖြင့် ဒွိကို ဒုပြု၊ "ဒုဝိဓော-၂ ပါး အပြားရှိ၏၊ ဒုပန္နံ-၂ ထပ် ၂ လွှာရှိသော သက်နံး" စသည်တို့၌လည်း နည်းတူ။

ဒေါဟဠိနီ။ ။သက္ကတ၌ "ဒေါဟဒိနီ"ဟု ပါဠ်ရှိ၏၊ ဟဒယမှ ယကို သုတ်ကြီးဖြင့်ချေ၍ "ဒေါဟဒ" ဖြစ်ပြီးနောက် ဣနီပစ္စည်းဖြင့် "ဒေါဟဒိနီ"ဟု ပြီးသည်၊ ဒွေ+ဟဒယာ ယဿာတိ ဒေါဟဒိနီ၊ ယဿာ-အကြင် ကိုယ်ဝန်ဆောင် မိန်းမ၏၊ (ဂဗ္ဘေန-သူငယ်နှင့်တကွ၊ "သူငယ်၏ စိတ်နှင့်တကွ" ဟူလို၊) ဒွေ- ၂-မျိုးကုန်သော၊ ဟဒယာ-စိတ်တို့သည်၊ သန္တိ ဣတိ ဒေါဟဒိနီ၊ "ဒွိဟဒယ" ဟု ပကတိပြုပြီးသည့်အခါ ဤ တုသဒ္ဒါဖြင့် ဒွိကို ဒေါပြု၊ ဟဒယကို (ပါဠိအား လျော်အောင်) ဟဠပြု၊ [သုတ်ကြီးဖြင့် ယချေ, ဒကို ဠပြု ဟုသော်လည်း ဆို၊] ဣနီပစ္စည်းသက်။

အမရကောသ၌ "ဒေါဟဝတီ-ပြင်းပြသော အလိုဆန္ဒရှိသော မိန်းမ"ဟု ရှိ၏၊ "ချင်ခြင်းရှိသောမိန်းမ"ဟူသည်နှင့် အတူပင်၊ [စားချင်ခြင်း သောက်ချင်ခြင်း စသည်ကို "ချင်ခြင်း"ဟု ဆိုလိုသည်၊] အဇာတသတ် ကိုယ်ဝန်ရှိနေခိုက်၌ မယ်တော်မှာ ဗိမ္ဗိသာရမင်း၏ လက်ျာလက်မောင်းသွေးကို သောက်လိုသော ဆန္ဒ ပြင်းပြစွာ ဖြစ်၏၊ ထိုဆန္ဒအတိုင်း မရလျှင် သေရမလောက်ဖြစ်၏၊ ထို့ကြောင့်"ဒွိဟိ-သေရအံ့လော ရှင်ရအံ့လော ၂ မျိုးသော အခြင်းအရာတို့ဖြင့်၊ ဟလတိ ကမ္ပတိ-တုန်လှုပ်တတ်၏၊ ဣတိ (ဒေါဟလနောင် ဣနီသက်, လကို ဠပြု၍) ဒေါဟဠိနီ-မည်၏၊ ["ဒွေ ဟဒယာ အတြာတိ ဒေါဟဠော၊ အတြ-ဤ ချင်ခြင်း၌၊ ဒွေဟဒယာ-လိုအင်ဆန္ဒ မရလျှင်သေ, ရလျှင်နေအံ့ဟု ၂ ထွေသော စိတ်နှလုံးတို့သည်၊ သန္တိ ဣတိ ဒေါဟဠော"ဟု ကြံ။]

ဗာကုလ။ ။တုသဒ္ဒါကို"ဝိသတိ ဒသေသုတု-ဝိသတိ ဒသသဒ္ဒါတို့ကြောင့် လည်း"ဟု နိမိတ်ပုဒ်နောင်ထိုင်စေ၍ ထိုတုဖြင့် "ကုလကြောင့်လည်း"ဟု ကုလ ဟူသော နိမိတ်ကိုဆည်းလျှင် ကုလနောင်းရာ၌ ဒွိကို ဗာပြု၍ "ဗာကုလော"ဟု ဖြစ်၏၊ ဒွေ+ကုလာနိ ယဿာတိ ဗာကုလော၊ ယဿ-အကြင်ဗာကုလထေရ်၏၊ ဒွေကုလာနိ—( မွေးဖွားရာဖြစ်သော အမျိုး, မွေးစားသော အမျိုးအားဖြင့် ) ၂ ဘက်သော အမျိုးတို့သည်၊ သန္တိ ဣတိ ("ဒွိကုလော"ဟု ဆိုသင့်လျက် ဒွိကို ဗာပြု၍) ဗာကုလော-မည်၏၊ "တတ္ထ ဗာကုလောတိ-ယထာ ဒွါဝီသတိ ဒွတ္တိံသာတိ အာဒိမှိ ဝတ္တဗ္ဗေ ဗာဝီသတိ ဗာတ္တိံသာတိ အာဒိနိ ဝုစ္စန္တိ၊ ဧဝမေဝ ဒွိကုလောတိ ဝတ္တဗ္ဗေ ဗာကုလောတိ ဝုတ္တံ၊....ဥပရိပဏ္ဏာသ ဗာကုလသုတ္တ အဋ္ဌကထာ။ [ဤတုသဒ္ဒါဖြင့် ဒုဒိဒေါ ပြုနိုင်လျှင် တိသချာနောင်းရာ၌ ဒွိကို ဒွပြု၍လည်း "ဒွတ္တိက္ခတ္တုံ-၂ ကြိမ် ၃ ကြိမ်၊ ဒွတ္တိပတ္တပူရာ-၂ သပိတ် ၃ သပိတ်ထိုး ဖြင့် ပြည့်သော မုန့်တို့"ဟု ဖြစ်နိုင်ဖွယ်ရှိ၏၊ မောဂ္ဂလ္လာန်၌ကား "တိသွ (တိသု+ အ)"ဟု သုတ်တည်၍ "တိသု ဒွိဿ အဟောတိ"ဟု ဝုတ္တိဖွင့်သည်။]

**ကောဒိတော ဒသရသချ်ာနေ**

၃၈၁။ သင်္ချာနေ—သင်္ချာပဓာနအရာ၌၊ ကောဒိတော-ကေ အစရှိသော သင်္ချာသဒ္ဒါမှ၊ (ပရဿ) ဒသဿ-ဒသ သဒ္ဒါ၏၊ ဒကာရဿ-ဒ အက္ခရာ၏၊ ရကာရော ဝါ ဟောတိ၊ ကောရသ ကောဒသ-တဆယ့်တခုတို့၊ ဗာရသ ဒွါဒသ - တဆယ့်နှစ်ခုတို့၊ သင်္ချာနေတိ—သည်၊ ကိမတ္ထံ—နည်း၊ ဒွါဒသ - တဆယ့်နှစ်ပါး ကုန်သော၊ အာယတနာနိ—အာယတနတို့၊ ဣတိ-၏၊ (၂၅၄)။

---

၃၈၁။ **ကောဒိတော**။ ။ပုံစံ၌ "ကောရသ, ဗာရသ"ဟု ၂ မျိုးသာ ပြသောကြောင့် ကောဗိ၌ **အာဒိဖြင့်** ဒွိ တခုကိုသာ ယူရမည်-ဟု ထင်မှားဖွယ် ရှိ၏၊ သို့သော် "တေရသ-တဆယ့်သုံးခုတို့"ဟု ပါဠိရှိသောကြောင့် အာဒိဖြင့် ဒွိ-တိသင်္ချာ ၂ ခုကိုယူ၊ စတုနောင်၌ကား ဒကို ရ ပြုသောရုပ် မရှိသောကြောင့် ("စတုရသ"ဟု မရှိသောကြောင့်) အာဒိဖြင့် စတုကို မယူနိုင်၊ ထိုစတုဖြင့် ရပြုရာဌာနကို ပိုင်းခြားကန့်သတ် ဖြတ်သားသောကြောင့် ပန္နရသ သတ္တရသ စသည်၌ ပဉ္စသတ္တသင်္ချာတို့ကိုလည်း ဤအာဒိဖြင့် မယူနိုင်တော့ရကား အဋ္ဌာဒိတောသုတ်လာ အာဒိသဒ္ဒါဖြင့် ယူလိမ့်မည်။

မှတ်ချက်။ ။သက္ကတ၌ ၄ ခုဟောသင်္ချာသည်"စတုရ်"ဟု ရ်ဖျည်းဆုံးလျက်ရှိ၏၊ ထို"စတုရ်"နောင် သရ အစရှိသော "အသီတိ"စသောပုဒ်မျိုးနှင့် တွဲရလျှင် "စတုရာသီတိ" စသည်ဖြင့် ရ်ဗျည်း မပျောက်၊ သရ အစမရှိသော "ဒသ"စသည်နှင့် တွဲရလျှင် ရ်ဗျည်းပျောက်၍ ထို ရ်အစား ဒွေဘော်ရောက်လျှင် "စတုဒ္ဒသ" စသည်ဖြင့် ပါဠိရှိရသည်၊ ထို့ကြောင့် စတုနောင် ဒသ၏ ဒကို ရ ပြုခွင့် မရှိတော့ချေ။ [ဒသ တခုလုံးကို ရ မပြုပဲ ဒ တလုံးကို ရ ပြုရခြင်း၏အကြောင်းကိုး ရှေ့၌ တိုက်ရိုက်ပါရှိပြီ။]

သင်္ချာနေ။ ။သင်္ချာပူရဏေမေသုတ်၌ "သင်္ချာနဝစန,သခ်္ချေယျဝစန" ဟု ခွဲခဲ့ပြီ၊ ထိုသင်္ချာနဝစနကိုပင် "သင်္ချာန"ဟု ဤ၌ ဆိုထား၏၊ အရေအတွက် သင်္ချာကိုဟောသောသဒ္ဒါဖြစ်မှသာ ဒကို ရပြု၍ "ကောရသ, ဗာရသ တေရသ" ဟု ရှိနိုင်၏၊ "ဆယ့်တပါးသော ရဟန်းတို့" စသည်ဖြင့် ရေတွက်အပ်သော ဒြဗ်ဝတ္ထုကိုဟောသော (သခ်ျေယျ) သဒ္ဒါ ဖြစ်လျှင်ကား ရ မပြုပဲ "ကောဒသ, ဒွါဒသ, တေဒ္ဒသ"ဟုသာ ရှိနိုင်၏၊ ထို့ကြောင့် "သင်္ချာနေတိ ကိမတ္ထံ—ဒွါဒသာယတနာနိ"ဟု ကိ ပုံစံကို ထုတ်ပြသည်၊ ရေတွက်အပ်သော အာယတန ဒြဗ်ကိုဟောသော သခ်ျေယျသဒ္ဒါဖြစ်သောကြောင့်"ဒွါရသ"ဟု ရပြုရုပ် မရှိနိုင်-ဟူလို၊ သင်္ချာနသဒ္ဒါ ဖြစ်သော်လည်း ဤသုတ်က ရ အပြု မမြဲသောကြောင့် "ကောဒသ, ဒွါဒသ"ဟု ရ မပြုသော ရုပ်များလည်း ရှိကောင်း၏၊ ထို့ကြောင့် "ကောရသ-ကောဒသ" စသည်ဖြင့် ၂ ရုပ်စီ တွဲပြထားသည်၊ ရုပ်ကို အခြေပြု အတိုင်း ဆလွယ်သာတွက်။

အဋ္ဌာဒိတော စ ၃၀၂။ သင်္ချာနေ — သင်္ချာပဓာန အရာ၌ အဋ္ဌ ဣစ္စေဝမာဒိတော စ — အဋ္ဌ အစရှိသော သဒ္ဒါမှလည်း၊ [သီဟိုဠ်မူ၌ "စ" ပါ၏၊ (ပရဿ) ဒသ သဒ္ဒဿ — ၏၊ ဒကာရဿ ရကာရာဒေသော ဝါ ဟောတိ၊ အဋ္ဌာရသ (အဋ္ဌာဒသ) — တဆယ့်ရှစ်ခုတို့၊ [သိဠ် "အဋ္ဌာဒသ"ဟု ဝိကပ်ရုပ်လည်း ပါ၏၊] အဋ္ဌာဒိတောတိ — သည်၊ ကိမတ္ထံ-နည်း၊ ပဉ္စဒသ — တဆယ့်ငါးခုတို့၊ သောဠသ — တဆယ့်ခြောက်ခုတို့၊ ဣတိ — ဤပြယုဂ်တို့၌ — ၏၊ သင်္ချာနေတိ ကိမတ္ထံ၊ အဋ္ဌဒသိကော — တဆယ့်ရှစ်တိုင်ရှိသော ပြာသာဒ်စသည်၊ ဣတိ — ဤပြယုဂ်၊ပေ၊၏။ (၂၅၉)။

---

၃၀၂။ အဋ္ဌာဒိတော စ။ ။စသဒ္ဒါဖြင့် ရှေ့သုတ်မှ "ဒသ+ရ" ပုဒ်တို့ကိုင်၊ သင်္ချာနေပုဒ်ကား နောက်သုတ်သို့ လိုက်ဦးမည်ဖြစ်သောကြောင့် စဖြင့် မငင်ရ, အဓိကာရသဘောဖြင့် လိုက်လာသည်၊ သီဟိုဠ်မူ၌လည်း "စသဒ္ဒဂ္ဂဟဏံ ကိမတ္ထံ, ဒသရဂ္ဂဟဏာနုကၶနတ္ထံ"ဟု အဆုံး၌ပါသည်၊ [စဖြင့် ငင်အပ်သော ပုဒ်ကား နောက်သုတ်သို့ လိုက်ရိုးမရှိ၊] အဋ္ဌာဒိတော၌ အာဒိဖြင့် (ရူ-တဒ္ဓိတ်ခန်း၌) သတ္တ-ပဉ္စတို့ကို ယူ၍ "သတ္တရသ-တဆယ့်ခုနစ်တို့၊ ပန္နရသ-တဆယ့်ငါးခုတို့"ဟု ဖြစ်၏၊ အာဒိသဒ္ဒါတို့မည်သည် အထက် (နောက်) ကိုသာ ယူရိုးရှိသော်လည်း နဝနောင် ဒသနှင့်တွဲ၍ "နဝဒသ"ဟု ဒသသင်္ချာမရှိတော့၊ ၁၉ ဆိုလျှင် "ဧကူနဝီသ"ဟု ရှိရသည်၊ ဤသို့လျှင် အဋ္ဌအထက်၌ နဝနှင့် တွဲဖက်ဖို့ရာ ဒသသင်္ချာ မရှိတော့ရကား အာဒိဖြင့် အောက်ဖြစ်သော သတ္တ-ပဉ္စ သင်္ချာတို့ကိုသာ ယူရတော့သည်။ ["အဋ္ဌာဒိတောတိ ကိမတ္ထံတိ ဧတ္ထ အာဒိသဒ္ဒေါ ဥပရိ ဒသသဒ္ဒါဘာဝါ ဟေဋ္ဌာ သဒ္ဒမေဝ သင်္ဂဏှာတိ" — ရူဋီ၊ ("ဟေဋ္ဌာဒသ သဒ္ဒမေဝ"ဟု ရှိလျှင် ဒသသဒ္ဒါပိုသည်)။]

အဋ္ဌာဒိတောတိ ကိမတ္ထံ။ ။"ပဉ္စဒသ သောဠသ"ဟု ပုံစံထုတ်သော ဝုတ္တိဆရာ အလိုအားဖြင့် ပဉ္စနှင့် ဆသည် အဋ္ဌာဒိ၌ အာဒိအရတွင် မပါဝင်ဟု ဆိုလိုသည်၊ "ပန္နရသ"ဟု ရှိရာ၌လည်း "တေသုဝုဒ္ဓိဖြင့် ပဉ္စကို ပန္နပြုပြီးသည့်အခါ ထိုပန္နသည် အဋ္ဌာဒိတွင် မပါဝင်တော့ရကား ဤသုတ်ဖြင့် "ရ" မပြုပဲ ထိုသုတ်ကြီးဖြင့်ပင် ပြုစေလိုဟန်တူ၏၊ ရူဋီကား ပန္နကို ရှေးဦးစွာပြုပြီးနောက် "အဋ္ဌာဒိတော စာတိ ရတ္တံ-ပန္နရသံ"ဟု မိန့်၏၊ သောဠသရုပ်ကား "ဒသေ သော နိစ္စံ စ"ဟု သီးခြားသုတ် ရှိပြီးဖြစ်သောကြောင့် အဋ္ဌာဒိတော အရ၌ ယူရလေမည်လောဟု တွေးတောဖွယ်ပင် မရှိ၊ ထို့ကြောင့် ကစ္စည်းဝုတ္တိလာ "ပဉ္စဒသ-သောဠသ" ပုံစံတို့ကို နှစ်သက်ဟန်မတူသော ရူပသိဒ္ဓိဆရာသည် "အဋ္ဌာဒိတောတိ ကိမတ္ထံ-စတုဒ္ဒသ"ဟု တမျိုးထုတ်လေသည်၊ အဋ္ဌာဒိ၌ အာဒိအရ စတုသင်္ချာကို မယူရ-ဟူလို။

ဒွေကင္ဓာန
မာကာရော၀ါ

၃၈၃။ သင်္ချာနေ—သင်္ချာပုဒ်ကြောင့်၊ ဒွိ ကေ အင္ဓ ဂ္ဂစွေ တေသံ—ဒွိ, ကေ, အင္ဓ ဟူကုန်သော ဤသဒ္ဒါတို့၏၊ အန္တော-အဆုံး သရသည်၊ အာကာရော ၀ါ ဟောတိ၊ ဒွါဒသ—တဆယ့်နှစ်ခုတို့၊ ကောဒသ-တဆယ့်တခုတို့၊ အင္ဓာရသ-တဆယ့်ရှစ်ခုတို့၊ သင်္ချာ

---

စဉ်းစားဖွယ်။ ။"ကောဒိတော ဒသ ရ သင်္ချာနေ" သုတ်၌ အာဒိအရ "အင္ဓ" သင်္ချာတိုင်အောင် ယူနိုင်၏၊ သို့သော် "စတုဒ္ဒသ"ဟု စတုသင်္ချာတွင် ရ မပြုနိုင်ပဲ ခါးပြတ်နေသောကြောင့် အထက်ဘက်၌ယူဖို့ရန်ခက်၏၊ "ထို့ပြင်-ကောဒိ၌ အာဒိအရ အင္ဓမှ အထက် ဆက်၍လည်း ယူနေမည်ကို စိုးရ၏၊ ထို့ကြောင့် ရှေ့ (အစ) ဘက်က ကောဒိတော"ဟု ဆို၍ နောက် (အဆုံး) ဘက်က "အင္ဓာဒိတော"ဟု ဆိုရပြန်ကား ကောဒိ၌ အာဒိအရ ဒွိ-တိတိုင်အောင် ယူ၍, အင္ဓာဒိ၌ အာဒိအရ သတ္တ-ပဉ္စာတို့ကို တုံ့ပြန်ယူပြီးလျှင် "စတုဒ္ဒသ"၌ စတုသင်္ချာမှာ ထို အာဒိ ၂ မျိုးလုံးတွင် မ၀င်သင့်ရကား "အင္ဓာဒိတောတိ ကိမတ္ထံ-စတုဒ္ဒသ"ဟု ထုတ်သောဉူပသိဒ္ဓိသာ သင့်လျော်ဖွယ်ရှိသည်၊ အကယ်၍ ရှေ့သုတ်၌ "ကောဒိတောတိ ကိမတ္ထံ"ဟု ထုတ်ဆိုသေးလျှင် "စတုဒ္ဒသ"ကိုပင် ထုတ်ရလိမ့်မည်။

မောဂ္ဂလ္လာန်။ ။မောဂ္ဂလ္လာန်၌ကား "ဆာတီဟိဌ္ဌောစ" သုတ်ဖြင့် ဆတိတို့နောင် ဋ္ဌ, စဖြင့် ရ ပြု၍ "သောဠသ—သောရသ, တေဠသ, တေရသ"ဟု ထုတ်၏၊ ထိုအတိုင်း "သောရသ" ပါဠိ ရှိရိုးမှန်လျှင် အင္ဓာဒိ၌ အာဒိအရ "သတ္တ-ဆ-ပဉ္စတို့ကို ယူရသဖြင့် သာ၍ အစီအစဉ်လှပေသည်။

သင်္ချာနေတိ၊ပေ၊အင္ဓဒသိကော။ ။"ပြာသာဒ်တဆောင်၌ တိုင် ၁၈ လုံး ရှိသည်"ဟု ဆိုကြစို့၊ ထို၌ "ဒသ" သဒ္ဒါသည် "တိုင်" ဟူသော သင်္ချေယျကို ဟော၏၊ ဤ၌ သင်္ချာနံကို မဟောပဲ သင်္ချေယျကို ဒသ သဒ္ဒါက ဟောသောကြောင့် ဒကို ရ မပြုရ-ဟူလို၊ "အင္ဓာဒသ ယဿာတိ အင္ဓဒသိကော=တိုင် ၁၈ လုံးရှိသော ပြာသာဒ်" စသည်။

---

၃၈၃။ ဒွေကင္ဓာန ၀ါ။ ။[သင်္ချာအစဉ်ကျအောင် "ကေဒွိင္ဓာနံ"ဟု မဆိုပဲ "ဒွေကင္ဓာနံ"ဟု ဆိုခြင်းသည် သုခုစ္စာရဏအကျိုး ရှိ၏၊] ထို အစဉ်အတိုင်းပင် "ဒွါဒသ" စသည်ဖြင့် ပုံစံထုတ်၍ ကိုပုံစံ၌လည်း "ဒွိဒန္တော" စသည်ဖြင့် ဒွိသင်္ချာမှစ၍ ထုတ်သည်၊ ရုပ်ပြီးပုံကို အခြေပြုကြည့်၊ သ ဆဿ၀ါ သုတ်မလိုက်သော ၀ါသဒ္ဒါရှိလျက် ဤသုတ်၌ ၀ါကို ထပ်၍ဆိုခြင်းကြောင့် ဤသုတ်လာ ၀ါသဒ္ဒါသည် ၀ဝတ္ထိတ ဝိဘာသာအနက် ရှိ၏၊ ထို ၀ါသဒ္ဒါ၏ ပိုင်းခြားပုံကို ရူ (တဒ္ဒိတ်ခန်း)၌ ပြထားသည်။

နေတိ-သည်၊ ကိမတ္တံ-နည်း၊ ဒွိဒန္တော-၂ ချောင်းသော သွားရှိသူ၊ ကေစ္ဆန္တော-တခုသော အမိုးရှိသော ပြာသာဒ်၊ အဋ္ဌတ္ထမ္ဘော-ရှစ်တိုင်ရှိသော ပြာသာဒ်၊ ဣတိ-ဤပြယုဂ်၊ပေ၊ (၂၅၃)။

**စတုဆောဟိ ထဌာ** ၃၇၄။ သင်္ချာပူရဏတ္တေ, စတု ဆ ဣစ္စေတေဟိ-စတု, ဆ ဟူကုန်သော ဤသင်္ချာသဒ္ဒါတို့မှ (နောက်၌)၊ ထ ဌ ဣတိ - ထ, ဌ ဟူကုန်သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ စတုတ္ထော - ၄ ခုတို့၏

---

**သင်္ချာနေတိ ကိမတ္ထံ**။ ။"ဒွိဒန္တော" စသည်၌"ဒန္တ-ဆန္ဒ-တမ္ဘ"သဒ္ဒါတို့သည် သင်္ချာနသဒ္ဒါများမဟုတ်ကြ၊ ဤသို့ သင်္ချာနသဒ္ဒါ မနောင်းသောကြောင့် ဒွိ စသည်တို့၏ အဆုံးဖြစ်သော ဣသရ အာသရတို့ကို **အာ** မပြုရဟု သင်္ချာနသဒ္ဒါဖြင့် တားမြစ်သည်။

**ပုံစံများ**။ ။ ဒွေ + ဒန္တာ ယဿာတိ ဒွိဒန္တော, ဧကံ + ဆန္ဒံ (**အမိုး**) ယဿာတိ ကေစ္ဆန္တော, [ရူပ်ဒီကာ၌ "ကေဒန္တော"ဟု ပါ၌ရှိ၏၊ "တချောင်းသော သွားရှိသူ"ဟု ပေး၊] **အဋ္ဌ** + ထမ္ဘာ ယဿာတိ အဋ္ဌတ္ထမ္ဘော၊ "ပါသာဒေါ"ဟု အဘိဓေယျထည့်၊ ဘဝနံ (ဗိမာန်)ကို ငဲ့လျှင် "ကေစ္ဆန္ဒံ, အဋ္ဌထမ္ဘံ" ဟု နပုလ္လိင်ဖြစ်၏။ [တချို့စာ၌ "ဒွိဒန္တော-၂ ချောင်းသော တုတ်ရှိသူ, ကေဒန္တော"ဟု တွေ့ရ၏၊ ရူပ်ဒီကာနှင့် မညီ။]

**မှတ်ချက်**။ ။ကောဒိတော ဒသရ သင်္ချာနေသုတ်မှ သင်္ချာနေပုဒ်သည် ဤသုတ်တိုင်အောင် လိုက်လျက်ရှိ၏၊ ရူပသိဒ္ဓိ၌ သင်္ချာစဉ်အတိုင်း ပြထားသောကြောင့် ဓွေကဌာန မာကာရောသုတ်ကို ရှေးဦးစွာတွေ့ရ၏၊ ထိုသုတ်၌"သင်္ချာနေ ဥတ္တရပဒေ ပရေ=သင်္ချာဖြစ်သော နောက်ပုဒ်ကြောင့်"ဟု ဖွင့်ထား၏၊ ဒွိဒန္တောစသည်ကို ထောက်၍ ထိုအဖွင့်အတိုင်း (ဒန္တစသောပုဒ်တို့က သင်္ချာမဟုတ်၍, သင်္ချာနသဒ္ဒါ မနောင်းရကား) ကောင်းမြတ်လှပေသည်၊ ကောဒိတော ဒသရ သင်္ချာနေ' သုတ်၌ သင်္ချာနေပုဒ်ကိုလည်း ထို အနက်အတိုင်းပင် "သင်္ချာအရာ၌"ဟု ပေးသင့်၏၊ ဗာလာဝတာရဋီကာ၌ ထို အတိုင်းပင် ဖွင့်ထားသည်၊ ["သင်္ချာနေ-သင်္ချာပဓာနအရာ၌"ဟု မပေးသင့်။]

**မေးဖွယ်**။ ။သို့ဖြစ်လျှင် "ဒွါဒသာယတနာနိ"၌ "ဒသ"ဟူသော သင်္ချာသဒ္ဒါ နောင်းနေသည် မဟုတ်လော, ဘာ့ကြောင့် ရ မပြုသနည်းဟု မေးဖွယ်ရှိ၏၊ ဒွါဒသာယတနာနိ၌ပါသော ဒသသဒ္ဒါသည် သင်္ချာနသဒ္ဒါ မဟုတ်, ရေတွက်အပ်သော အာယတနအနက်ဟော သင်္ချေယျသဒ္ဒါတည်း၊ထို့ကြောင့် ရ မပြုရ၊ရူဋီ၌ ထိုသုတ်ဝယ်"သင်္ချာနေတိ-မတ္တံ-ကောဒသ+ဘူမိယော၊ ဧတ္ထပန သင်္ချေယျဘူမိ အာဒိ ဥတ္တရပဒဿ သင်္ချာနေ သင်္ချေယျေန ဝတ္တတေ"ဟု ဖွင့်၏၊ ဘူမိဟူသော နောက်ပုဒ်နှင့် နီးကပ်နေသော ဒသသည် သင်္ချေယျကို ဟောရကား ရ အပြု မဖြစ်-ဟူလို။

ပြည့်ကြောင်း၊ ဝါ-၄ ခုမြောက်၊ ဆဋ္ဌော—ခြောက်ခုတို့၏ ပြည့်ကြောင်း၊ ဝါ-ခြောက်ခုမြောက်၊ (၄၀၇)။

**ဒွိတိဟိ တိယော**

၃၈၅။ သင်္ချာပူရဏတ္တေ, ဒွိတိ ဣစ္စေတေဟိ — ဒွိတိ ဟူကုန်သော ဤသဒ္ဒါတို့မှ (နောက်၌)၊ တိယပစ္စယော ဟောတိ၊ ဒုတိယော—၂ ခုတို့၏ပြည့်ကြောင်း၊ ဝါ-၂ ခုမြောက်၊ တတိယော-၃ ခုတို့၏ ပြည့်ကြောင်း၊ ဝါ-၃-ခုမြောက်၊ (၆၀၉)။

---

၃၈၄။ သက္ကတ၌ "စတုရ်, ဆသ် (သသ်)"ဟု ရှိသောကြောင့် ပါဠိ၌ "ရ်-သ်" အစား ဒွေဘော်လာ၍ "စတုတ္ထ-အဋ္ဌ"ဟု ဖြစ်၏၊ "ဆဋ္ဌ"ဟု ပြီးသည့်အခါ "သင်္ချာပူရဏေ မော" သုတ်၌ "မော" ဟူသော ယောဂဝိဘာဂဖြင့် သကတ္တ၌ မပစ္စည်းသက်၍ "ဆဋ္ဌမော" ဟုလည်း ဖြစ်၏၊ "ဆဋ္ဌောယေဝ ဆဋ္ဌမော"ဟု သုတ္တတဒ္ဓိတ်ပြု။ [မောဂ္ဂလ္လာန်၌ကား "ဆာ ဋ္ဌ ဋ္ဌမာ"ဟု သုတ်တည်၍ ဆနောင် ဋ္ဌ ပစ္စည်း ဋ္ဌမ ပစ္စည်း ၂ မျိုးလုံး သက်သည်၊ သဒ္ဒနီတိ၌ "ထို ဆဋ္ဌမ ပုဒ်သည် ဂါထာအရာ၌သာ (အက္ခရာလုံးရေမပြည့်မည်စိုး၍) ရှိရသည်၊ စုဏ္ဏိယ၌ မရှိရ"ဟု ဆိုသည်။]

၃၈၅။ ဒုတိယ, **တတိယ**။ ။သက္ကတ၌ တီယ ပစ္စည်းဖြင့် "ဒွိတီယ, တြိတီယ"ဟု ရှိ၏။ ["ဒွေသ္တီယး-ဒွေ ပူရဏေအတ္တေ တီယော ဘဝတိ၊....တြေသ္တိ စ-တြေး ပူရဏေ အတ္တေ တီယော ဘဝတိ, တြာဒေသောစ" - ကာတန္တသုတ်နှင့် ဝုတ္တိ။]

ပါဠိသုံး။ ။ပါဠိ၌ကား ဂါထာဖြစ်လျှင် ဆန်း အားလျော်စွာ တချို့၌ တီယ, တချို့၌ တိယဟု ရှိ၏၊ "ယေ အဒ္ဒုတီယာ န ရမန္တိ ဧကိကာ" နိမိဇာတ် ဣန္ဒဝံသပါဒ၊ ဤ၌ "ဒုတီယာ"ဟု ဒီဃရှိမှ ဆန်း တည့်သည်၊ "နာသာ-တတီယာ အနုကမ္ပကတ္တိ" တိ သ—ပဏ္ဏရဇာတ်, ဣန္ဒဝဇိရ ပါဒ၊ ဤ၌လည်း "တတိယ"ဟုရှိလျှင် ထိုပါဒ ပျက်သောကြောင့် "တတီယ"ဟု ရှိရသည်၊ "တေ ဝရာနံ ဒုတိယံ ဒဒါမိ, တေ ဝရာနံ တတိယံ ဒဒါမိ" သုတသောမဇာတ် ဣန္ဒဝဇိရပါဒ၊ ဤ၌ တီယဟု ရှိလျှင် ထိုပါဒ ပျက်မည်စိုး၍ "တိယ"ဟု ရှိရသည်။

မှတ်ချက်။ ။ပါဠိတော် အဋ္ဌကထာတို့၌ တီနှင့် တိကို အသေအချာ မခွဲနိုင်သော်လည်း သက္ကတဗျာကရုဏ်းတို့၌ "တီယ" ပစ္စည်းဟု ဒီဃဖြင့် တညီတည်း ဆိုကြသောကြောင့် "ဒုတီယ,တတီယ" ပါဠိသာ ရှေးသဒ္ဒါကျမ်းတို့နှင့် ညီ၏ဟု မှတ်သင့်တော့၏၊ ကျေးဇူးရှင် အဘယာရာမ ဆရာတော်ကား "ရှေး ပါဠိ အဋ္ဌကထာ ပေစာဘုတ်အုပ်တို့၌ ရသဖြင့် အရေးအသားများ၏"ဟု ယူဆ၍ မောဂ္ဂလ္လာန်၌ ဒုတီယ, တတီယ" ဟုသာ သုံးစွဲတော်မူသည်။] ပဋ္ဌမ,ပထမ အဆုံးအဖြတ်ကို "ပုတထဿ ပုထု ပထာ မော ဝါ" သုတ်ကျမှ ပြအံ့။]

တိယေ ဒုတာပိစ

၃၇၆။ ပရေ **တီယပစ္စယေ**၊ ဒွိတိ ဋတိ - ဒွိ, တိဟူကုန်သော၊ တေတေသံ - ဤသဒ္ဒါတို့၏၊ ဒုတဋတိ-ဒု, တ ဟူကုန်သော၊ တေတေ **အာဒေသာ** ဟောန္တိ၊ ဒုတီယော, တတီယော၊ အပိဂ္ဂဟဏေန-ဖြင့်၊ **အညေသုပိ**-အခြားသဒ္ဒါတို့ကြောင့်လည်း၊ ဒုတိ**အာဒေသော** - ဒု, တိ အပြုတို့သည်၊ ဟောန္တိ၊ **စဂ္ဂဟဏေန** - ဖြင့်၊ ဒွိဋတိ - ဒွိဟူ**သော**၊ တေ**သ**-ဤသဒ္ဒါ၏၊ **ဒိကာရော**-ဒိအပြုသည်၊ ဟောတိ၊ ဒိဂုဏံ-၂ ထပ်ရှိသော၊ သံဃာဋိ-**သင်္ကန်း** ကြီးကို၊ ပါရုပိတွာ-ရုံ၍။ (၄၁၀)

---

၃၇၆။ **အပိဂ္ဂဟဏေန**။ ။"အပိဂ္ဂဟဏေန **အညေသုပိ** (အညေသွပိ) ဒုတိ **အာဒေသော**"၌ "ဒုဒိအာဒေသော"ဟုပါ၌ ၂ ထွေရှိ၏၊ "ဒုတိ"ဟု ရှိရာ၌ တိရတ္တံဝယ် တိ ကို တိ ထပ်ပြု၍ အကျိုးမထူးရကား "ဒုတိ"လည်းမကောင်း၊ "ဒုဒိ"ဟု ရှိပြန်လျှင်လည်း "စဂ္ဂဟဏေန ဒွိ ဋစ္စေတဿ ဒိကာရော **ဟောတိ**"ဟု ဒိအပြုလာပြန်သောကြောင့် ထပ်**နေ၏**။

**ရူပသိဒ္ဓိ**။ ။ရူ၌ကား "အပိဂ္ဂဟဏေန အညတ္ထာပိ (တီယမှတပါး အခြား သဒ္ဒါကြောင့်လည်း)ဒွိသဒ္ဒဿ ဒုအာဒေသော ဟောတိ၊စသဒ္ဒေန ဒိစ"ဟုရှိ၏၊ ထို ရူရှိပုံသာ သန့်ရှင်းသည်၊ ထို့ကြောင့် ရူကို **နည်းမှီး၍** ကစ္စည်းစုတ္တိ၌လည်း "အပိဂ္ဂဟဏေန အညေသုပိ ဒုအာဒေသော **ဟောတိ**, ဒုရတ္တံ၊ စဂ္ဂဟဏေန ဒွိ ဋစ္စေတဿ ဒိကာရော ဟောတိ, ဒိဂုဏံ သံဃာဋိံ ပါရုပိတွာ"ဟု ရှိသင့်သည်၊ ဤနည်းအလို "တိယေပိ-တိယပစ္စည်းကြောင့်လည်း"ဟု နိမိတ်နောင် ထိုင်စေ၍ ထိုအပိဖြင့် တိယမှတပါး ရတ္တစသော နိမိတ်များကို**ဆည်း**စေ၊ "ဒုတာစ - ဒုတ အပြုတို့သည်လည်း"ဟု စ ကို ကာရိ**ယ**နောင် ထိုင်စေ၍ ဒုတ **အပြု**မှတပါး ဒိ အပြုကို ဆည်းစေ၊ ရုပ်ကိုကား ဝိသတိ ဒသေသုသုတ်လာ တုသဒ္ဒါဖြင့် တွက် သကဲ့သို့ တွက်ပါ၊ **အပိ**သဒ္ဒါဖြင့် ဒုပြု, **စ**သဒ္ဒါဖြင့် ဒိပြုဟု **ဆို**ရုံသာ ထူး**သည်**။

**နိဒ္ဒေသအဆို**။ ။**နနုစ ဟော**ဌာ(**အောက်ဝိသတိ ဒသေသု ဗာဒွိဿတုသုတ်** ၌)တုဂ္ဂဟဏေန ဒွိဿ ဒု ဒိ **အာ**ဒေသာ ဂ**ဟိ**တာ**တိ** သစ္စံ၊တထာပိ ပုနာရမ္ဘဂ္ဂ ဟဏံ နိစ္စဒီပနတ္ထံ−ဤသုတ်၌ ဒု ဒိ အပြုကို ထပ်၍ယူ**ရခြင်းသည်** ဒုရတ္တံ ဒိဂုဏံ တို့၌ ဒုဒိ **အမြဲပြု**ရကြောင်းကို ပြရခြင်း **အကျိုးရှိ၏**၊ "ဒွိရတ္တံ, ဒွိဂုဏံ"ဟု မရှိရ, "ဒုရတ္တံ, ဒိဂုဏံ"ဟုသာ ရှိ**စေရသည်** - ဟူလို၊ "**ဝံ သန္တေပိ အနေကတ္တတ္ထာ** နိပါတာနံတိ ဝုတ္တတ္တာ (နိပါတ်ပုဒ်တို့ **အနက်များစွာကို ဟောနိုင်၏**ဟု ဆို**အပ်** သောကြောင့်) ဒွိသု **စေကေနာ**ပိ (**အပိ**+စ ၂ ခုတို့တွင် တခုသောနိပါတ်ဖြင့် လည်း) တဒတ္ထော သိဇ္ဈတီတိ၊ သိဇ္ဈတိ(**အပိဖြင့်ဖြစ်စေ စဖြင့်ဖြစ်စေ** ဒုဒိအပြု ဟူသော **အနက်** ပြီးနိုင်ပါ၏)၊ တထာပိ ဒွိန္နံ ကာရိယာနံ (ဒု အပြု, ဒိ အပြု ကာရိယ ၂ ခုတို့၏) သင်္ကာရာဘာဝဒဿနတ္ထံ **ဝိသုံ** ဝိသုံ ဂဟိတံ၊ ဒုရတ္တံ၌

တေသမဋ္ဌုပ ပဒေန ၊ပေ၊တိယာ

၃၀၇။ အစ္စုပပဒါနံ — အစ္စုဟူသော အနီးပုဒ်ရှိကုန်သော၊ တေသံ စတုတ္ထ ဒုတိယ တတိယာနံ-ထိုစတုတ္ထ ဒုတိယ တတိယ သဒ္ဒါတို့၏၊ အစ္စုစ္စု ဒိဝစ္စု ဒိယစ္စု အစ္စုတိယာဒေသော-အစ္စုစ္စု, ဒိဝစ္စု, ဒိယစ္စု, အစ္စုတိယ အပြုတို့သည်၊ ဟောန္တိ၊ အစ္စုပပဒေန - အစ္စုဟူသော အနီးပုဒ်နှင့်၊ သဟ - တကွ၊ နိပစ္စန္တေ - ပြီးစေအပ်ကုန်၏၊

---

ဒုကာဂရိယသည် ဒိအပြုနှင့် မရော (ဒိရတ္တံ-ဟု မဖြစ်) ဒိဂုဏံ၌ ဒိကာဂရိယလည်း ဒုကာဂရိယနှင့် မရော (ဒုဂုဏံ-ဟု မဖြစ်)၊ ဤသို့ မရောနှောပုံကို ထင်ရှားစေခြင်းငှာ ခွဲဆိုရသည်-ဟူလို၊ ဤကား ကစ္စည်းဝုတ္တိရှိတိုင်း သင့်လျော်အောင် နိဒ္ဒေသဆရာ ဆိုခြင်းတည်း။

မှတ်ချက်။ ။"ဥတ္တရိ ဒိရတ္တ တိရတ္တံ သဟသေယျံ ကပ္ပေယျ"စသည်ဖြင့် ဒိရတ္တံ၌ ဒိကာဂရိယ ရှိသောကြောင့် ထိုစကားကို၊ ကေန်-ဟု မမှတ်ရ၊ ဝုတ္တိဆရာကမူ နိပါတ် ၂ ခု ရှိနေ၍ ထို ၂ ခုလုံး အကျိုးရအောင်ခွဲ၍ ဖွင့်ပြခြင်းဖြစ်ဟန်တူသည်။ [ရှေ့တုသဒ္ဒါဖြင့် ပြီးနိုင်လျက် ဤ၌ ထပ်၍ပြခြင်းကား တမျိုးတဖုံအားဖြင့် ရုပ်ပြီးနိုင်ပုံကို ပြခြင်းပင်တည်း၊ အတြဇော သုဂတောတို့ကို ဒေါဓဃေစ-ယဝမဒနနှင့် သွာနာစ သုတ်တို့၌ ထပ်၍ပြသကဲ့သို့တည်း၊ ရူပမူ ထိုကဲ့သို့ ထပ်မနေစေခြင်းငှာ ရှေ့တုသဒ္ဒါဖြင့် ဒုဒိအပြုကို မယူခဲ့ပဲ တိံသကို ဆည်းယူခဲ့သည်။]

---

၃၀၇။ တေသံ၊ပေ၊အစ္စုပပဒါနံ။ ။သုတ်၌ "အစ္စုပပဒါနံ"ဟု တိုက်ရိုက်မပါသော်လည်း "အစ္စုပဒေန" ဟူသော ပုဒ်ကို မြင်သဖြင့် စတုတ္ထ ဒုတိယ တတိယသက်သက် မဟုတ်, အစ္စု အနီးရှိသော စတုတ္ထ ဒုတိယ တတိယ ပုဒ်များဖြစ်၏-ဟု သိသာ၏၊ ထို့ကြောင့် "အစ္စုပပဒါနံ"ဟု ပက္ခိပနဝုတ္တိကို ထည့်နိုင်သည်၊ တေသံ၏ စွဲရာအနက်ကိုလည်း "စတုဆေဟိ ထဌာ" သုတ်မှ စတုတ္ထပုဒ်, "ဒွိတီဟိ တီယော" သုတ်မှ ဒုတိယ တတိယပုဒ်တို့ကို (ထိုသုတ်အစဉ်အတိုင်း) ပြန်၍ စွဲရမည်ဟု သိစေလို၍ "စတုတ္ထ ဒုတိယ တတိယာနံ"ဟု ဝုတ္တိဖွင့်သည်၊ ဤ "တေသံ စတုတ္ထ၊ပေ၊အစ္စုပပဒါနံ" ဟူသော စကားအရ "အစ္စုစတုတ္ထ, အစ္စုဒုတိယ, အစ္စုတတိယ"ဟု ရုပ်နေပုံကိုသိပါ။

အစ္စုပပဒေန သဟ နိပစ္စန္တေ။ ။ဤစကားကား သုတ်၌ပါသော အစ္စုပပဒေန၏ အဖွင့်တည်း၊ အစ္စုပပဒေန၌ နာဝိဘတ်သည် သဟတ္ထ၌ သက်ဟု သိစေလို၍ "သဟ နိပစ္စန္တေ"ဟု ထည့်ဖွင့်သည်၊ "စတုတ္ထကို အစ္စုစ္စုပြုသောအခါ အစ္စုကို ချန်၍ မထားခဲ့ရ, အစ္စုနှင့်တကွ ပြုပါ" ဟူလို၊ ဒိဝစ္စု ဒိယစ္စု အစ္စုတိယ ပြုရာ၌လည်း နည်းတူ။

အဍ္ဎေန-အခွဲဖြင့်၊ စတုတ္ထော-၄ ခုတည်း၊ အဍ္ဎုဍ္ဎော-အခွဲဖြင့် ၄ ခု၊ ဝါ-၃ ခုခွဲ၊ အဍ္ဎေန-ဖြင့်၊ ဒုတိယော-၂ ခုတည်း၊ ဒိဝဍ္ဎော - အခွဲဖြင့်၊ ၂ ခု၊ ဝါ-၁ ခုခွဲ၊ အဍ္ဎေန-ဖြင့်၊ ဒုတိယော-တည်း၊ ဒိယဍ္ဎော-အခွဲဖြင့် ၂ ခု၊ ဝါ-၁ ခုခွဲ၊ အဍ္ဎေန-ဖြင့်၊ တတိယော-၃ ခုတည်း၊ အဍ္ဎတိယော-အခွဲဖြင့် ၃ ခု၊ ဝါ-၂ခုခွဲ၊(၄၁၁)။

---

**အဍ္ဎေန စတုတ္ထော အဍ္ဎုဍ္ဎော**။ ။"**အဍ္ဎေန**—အခွဲနှင့်တကွ+စတုတ္ထော—၄ ခုမြောက်တည်း"ဟု ပေးရိုးရှိ၏၊ "၄ ခုမြောက်"ဟူရာ၌ ငွေဖြစ်လျှင် ၄ ကျပ်မြောက်ဖြစ်သော တကျပ်တည်း၊ "အခွဲနှင့်တကွ တကျပ်၊ ဝါ-တကျပ်ခွဲ"ဟု အဓိပ္ပာယ်ထွက်သည်၊ ထို့ကြောင့် ထို ပေးရိုးအနက်သည် အဍ္ဎုဍ္ဎ၏ ဟောနက် မဟုတ်၊ ထို့ကြောင့် စတုတ္ထော၌ ထပစ္စည်းကို ပူရဏအနက်၌ မသက်စေပဲ သကတ္ထ၌ သက်စေ၍ "**အဍ္ဎေန**+အခွဲနှင့်တကွ + စတုတ္ထော—၄ ခုတည်း" ဟု ဆရာတို့ပေးကြသည်။

**စဉ်းစားဖွယ်**။ ။ထိုနည်း၌ "အခွဲနှင့်တကွ ၄ ကျပ်, ဝါ-၄ ကျပ်ခွဲ"ဟု အဓိပ္ပာယ်ရနေပြန်သောကြောင့် စဉ်းစားရန်ရှိသည်၊ ထို့ပြင်- "တကွ"ဟူသော သဟတ္ထ အနက်သည် များသောအားဖြင့် ကြိယာနှင့်သာ စပ်လေ့ရှိ၏၊ ဤ၌ အဍ္ဎေနကို စတုတ္ထ၌ စပ်ရသောကြောင့် သဟတ္ထလည်း ကြံသင့်မည် မထင်၊ ထို့ကြောင့် အဍ္ဎေန၌ နာကို ဝိသေသနတ္ထကြံ၍ ထ ပစ္စည်းကိုလည်း သွတ္ထ၌ သက်စေပြီးလျှင် "အဍ္ဎေန-အခွဲဖြင့်၊ စတုတ္ထော-၄ ခုတည်း"ဟု ပေးလိုက်သည်၊ "၁-၂-၃"ဟု ရှိပြီးနောက် "၄" ရောက်သည့်အခါ ကျပ်ပြည့်မဟုတ်, အခွဲသာ ရှိရကား အခွဲဖြင့် ၄ ခု ဖြစ်ရတော့သည်၊ "၃ ခုခွဲသာ ရှိသည်"ဟူလို၊ ဤနည်း ကား ကစ္စည်းဝုတ္တိအလိုက် ကြံရသောနည်းတည်း၊ ဒိဝဍ္ဎ, ဒိယဍ္ဎ, အဍ္ဎတိယ တို့၌လည်း တိယပစ္စည်းများကို သွတ္ထ၌သက်။

ဗဟုဗ္ဗီဟိ**သ**မာသ် **တနည်း**။ ။"**အဍ္ဎေန စတုတ္ထော**" စသော **ကစ္စည်းဝုတ္တိ** နည်းသည် တတိယာ တပ္ပုရိသ်တည်း၊ တနည်း-ထပစ္စည်း တိယပစ္စည်းတို့ကို ပူရဏအနက်၌ သက်စေ၍ "အဍ္ဎံ စတုတ္ထံ ယဿာတိ **အဍ္ဎစတုတ္ထော – အခွဲ** ဟူ**သော** ၄ ခုမြောက်ရှိသော ဝတ္ထု"ဟု ဗဟုဗ္ဗီဟိသမာသ်ပြု၊ ဥပ ပေါ်တွင် (ဂ) ဆင့်လိုက်သောအခါ ထိုဂသည် ကျပ်ပြည့်မဟုတ်သော်လည်း ၄ ခုမြောက် ဖြစ်၏၊ ထိုသို့ ကျပ်ပြည့်မဟုတ်ပဲ ထက်ဝက်ဟူသော ၄ ခုမြောက်ရှိသော ဥဂ သည် "အဍ္ဎစတုတ္ထ" မည်၏၊ "အဍ္ဎစတုတ္ထ"**ဟု** ဗဟုဗ္ဗီဟိပုဒ် ဖြစ်သောအခါ ဤသုတ်ဖြင့် အဍ္ဎုဍ္ဎပြု၊ "အဍ္ဎံ + ဒုတိယံ ယဿာတိ အဍ္ဎဒုတိယော = အခွဲ **ဟူသော** ၂ ခုမြောက်ရှိသောအရာ၊ ဝါ-တခုခွဲ၊ အဍ္ဎဒုတိယကို ဒိဝဍ္ဎ ဒိယဍ္ဎ ၂ မျိုးပြု၊ အဍ္ဎံ တတိယံ ယဿာတိ အဍ္ဎတတိယော=အခွဲဟူ**သော** ၃ ခုမြောက် ရှိသော **အရာ**၊ ဝါ-၂ ခုခွဲ၊ **အဍ္ဎတတိယကို အဍ္ဎတိယပြု**။

အစုတေယျော။ ။"အစုတေယျော–၂ ခုခွဲ"ဟု ရှိရာ၌ကား သကတ္တန္တ ကျပစ္စည်းသက်၍ "အစုတိယော ယေဝ အစုတေယျော"ပြု၊ တိ၌ ဤကို တေသု ဝုဒ္ဓိဖြင့် ဧဝုဒ္ဓိပြု၊ ဝိနယဝိနိစ္ဆယဋီကာ၌ "တိဏ္ဏံ+ပူရဏော တေယျော"ဟု ပူရဏအနက်၌ ဏေယျပစ္စည်းသက်၍ "အစ္စော + တေယျော ယဿာတိ အစုတေယျော"ဟု ပြုသတတ်၊ ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပုဒ်၌မူ "အစုတိယေန+ယုတ္တာနိ အစုတေယျာနိ"ဟု ယုတ္တအနက်၌ ကျသက်သောဟူ၏၊ အနက်မှန်၍ ရုပ်ပြီးခြင်းသာ လိုရင်းတည်း။

သာဓကေ။ ။"ဝေမေတ္တ အစ္စေကာဒသမာတုယော ရူပံ, အစုဋ္ဌမာမာတုယော နာမံ"ဟူသော ဝိသုဒ္ဓိမဂ် ဒိဋ္ဌိဝိသုဒ္ဓိ နိဒ္ဒေသအဋ္ဌကထာ၌ "အစ္စေန+ဧကာဒသ, အစ္စေကာဒသ၊ အစ္စံဝါ ဧကာဒသ တေသံတိ အစ္စေကာဒသ၊ အစုဋ္ဌမာတိ ဧတ္ထာပိ ဧသေဝ နယော"ဟု မဟာဋီကာဖွင့်၏၊ ပဌမနည်းအလို "အစ္စေကာဒသ–အခွဲဖြင့် တဆယ့်တပါးကုန်သော၊ ဝါ- တဆယ်နှင့်တပါး၏ တဝက်(တဆယ်ခွဲ)ကုန်သော"ဟု ပေး၊ "အစ္စေန+စတုတ္ထော အစုဍ္ဎော"နှင့်တူ၏၊ ဒုတိယနည်းအလို "အစ္စေကာဒသေ-အခွဲဟူသော တဆယ့်တစ်မြောက်ရှိကုန်သော၊ ဝါ-တဆယ်ခွဲဖြစ်ကုန်သော"ဟု ပေး၊ "အစ္စံ စတုတ္ထံ ယဿ"ဟု ဗဟုဗ္ဗီဟိပြုသော နည်းမျိုးပေတည်း၊ အစုဋ္ဌမာ၌လည်း "အစ္စေန+အဋ္ဌမာ အစုဋ္ဌမာ"ဟုပြု၊ ဤ၌ အဋ္ဌမဝယ် မပစ္စည်းသည် ပူရဏတ္ထ၌ မသက်ပဲ သကတ္တ၌ သက်မှ "အခွဲဖြင့် ရှစ်ခုသောမာတ်တို့"ဟု အနက်မှန် ဖြစ်နိုင်သည်၊ "အစ္စံ အဋ္ဌမံ ယာသံ (အကြင်မာတ်တို့၏)"ဟု ပြုရာ၌ကား ပူရဏတ္ထ မပစ္စည်းသက်၊ "ထက်ဝက်ဟူသော ရှစ်ခုမြောက်ရှိသော မာတ်တို့"ဟု ပေး။ [အစုဋ္ဌမရတနုဗ္ဗေဓော–အခွဲဖြင့် ရှစ်တောင်အမြင့်ရှိသော (ဆင်ပမာဏ) ဝါ- အခွဲဟူသော ရှစ်တောင်မြောက် အမြင့်ရှိသော (ဆင်ပမာဏ)"စသည်၌လည်း နည်းတူ။]

တဒ္ဓိတ်ပုဒ်တဲ့။ ။"အစ္စေန + စတုတ္ထော"စသည်ဖြင့် ဝိဂ္ဂဟပြုရသောကြောင့် "အစုစတုတ္ထ"အခိုက်၌ သမာသ်ပုဒ်များပေတည်း၊ သို့သော်"အစုဍ္ဎ" ပြုလိုက်သည့်အခါ အပြု အာဒေသ ပြောင်းလဲမှုကြောင့် အစုဍ္ဎ စသည်တို့ တဒ္ဓိတ်ပုဒ်များဖြစ်ကြရသတဲ့၊ ["အစ္စေန+စတုတ္ထော အစုဍ္ဎောကို ဣဒံ တပ္ပုရိသသမာသတ္တေပိ အာဒေသ ပရိဝတ္တနဝသေန တဒ္ဓိတံနာမ"–နိဒ္ဒေသ၊] ထိုနိဒ္ဒေသ၌ပင် သင်္ချာကို ပဓာနယူရသောဌာန၌"အစ္စေန+စတုတ္ထော အစုဍ္ဎော"ဟု တပ္ပုရိသ်သာ ပြုရမည်, ဗဟုဗ္ဗီဟိ မပြုရ၊ သင်္ချေယျ (ရေတွက်အပ်သောဒြပ်ကို)ပဓာနယူရသောဌာန၌ "အစ္စံ ဒုတိယံ ယေသံ"ဟု ဗဟုဗ္ဗီဟိသာ ပြုရမည်-ဟု ခွဲခြားသေး၏၊ သို့သော် "အစ္စေကာဒသ မာတုယော"ဟု မာတ်တည်းဟူသော သင်္ချေယျကို ပဓာနယူရသောဌာန၌ တပ္ပုရိသ်ဗဟုဗ္ဗီဟိ ၂ မျိုးလုံး မဟာဋီကာပြထားသောကြောင့် ထိုနိဒ္ဒေသစကားကို စဉ်းစားကြပါလေ။

**သရူပါန မေကသေသ္ဒသကိံ**

၃ဂဂ။ **အသကိံ**—တကြိမ်မဟုတ်ကုန်သော၊ **သရူပါနံ**-တူသောရုပ်သွင် ရှိကုန်သော၊ ပဒဗျဉ္ဇနာနံ—ပုဒ်ဗျည်းတို့တွင်၊ ကေသေသော-တခု၏ ကြွင်းကျန်ခြင်းသည် (**တခု** ကြွင်းသည်)၊ ဟောတိ၊ ပုရိသော စ — **ယောကျ်ားလည်း**၊ ပုရိ**သော စ** - လည်း၊ ပုရိသာ - **ယောကျ်ား**တို့၊ သရူပါ**န**မိတိ - သရူပါနံပုဒ်**သည်**၊ **ကိ**မတ္ထံ၊ ဟတ္ထိ**စ**-**ဆင်လည်း**၊ အဿော**စ** - **မြင်းလည်း**၊ ရထော**စ** - ရထားလည်း၊ **ပတ္တိကော စ**-ခြေလျင်လည်း၊ ဟတ္ထိ အဿ ရထ ပတ္တိက**ာ-ဆင်** မြင်း ရထား ခြေလျင်တို့၊ ဣတိ-ဤ ပြယုဂ်၊ပေ၊၏၊**အသကိံ တိ-အသကိံ** ပုဒ်သည်၊**ကိ**မတ္ထံ၊ပုရိသော-**ယောကျ်ား**၊ ဣတိ-၏၊ (၉ဂ)။

---

၃ဂဂ။ **သရူပါနံ ပဒဗျဉ္ဇနာနံ**။ ။သရူပါနံ၌ "ရူပ" ဟူ**သည်** ရုပ်**တည်း**၊ ထိုရုပ်ကိုပင် "ပုံ=အသွင်=သဏ္ဌာန်"ဟုလည်း မြန်မာပြန်နိုင်၏၊ ရှတ်ဆိုသော အခါ နား၌ကြားရခြင်းကိုအကြောင်းပြု၍ (သုတိ) ဟုလည်း ခေါ်၏၊ထို့ ကြောင့် '**သ**ရူပါနံ-**တူ**သောရုပ်သွင် ရှိကုန်**သော**၊ **တူ**သော သုတိရှိကုန်သော" ဟု ပေးကြသည်၊ ပဒဗျဉ္ဇနာနံ၌ "ပုရိ**သော**+ပုရိ**သော**" ကဲ့သို့ ဝိဘတ်ဆုံး**သော** ပုဒ်များ**ကို** ကေသေသ်ပြုလျှင် ပဒကို ကေသေသ်ပြုသည် မည်၏၊ **အဘိဿစ**န္တဿ သုတ်၌ "အတိ တိဿ"ဟု ဆိုလိုလျက် (**"အတိ**စ+တိ**စ** အတိတိ**" ဟု ဆိုလိုလျက်**) ,တိ အက္ခရာ ၂ လုံးတွင် တလုံးကို ကေသေသ်ပြုရာ၌ ဗျဉ္ဇနကို ကေသေသ်ပြုသည် မည်၏၊ "ဒေဝတ္တာဥ္စ မနုဿတ္တာဥ္စ **ဒေဝမနုဿတ္တံ = နတ်အဖြစ်** လူ့အဖြစ်" ဟူရာ၌လည်း "ဒေဝတ္တ မနုဿတ္တ"ဟု ဖြစ်သင့်လျက် တ္တ ဗျည်းကို ကေသေသ်ပြုထား၏၊ ထို့ကြောင့် သရူပါနံ ပဒါနံ"ဟုသာ မဖွင့်ပဲ "သရူပါနံ ပဒဗျဉ္ဇနာနံ"ဟု ဗျဉ္ဇနကို ထည့်၍ဖွင့်သည်၊ **ဤ**ကား နျာသဆိုပုံတည်း။

[နျာသ] ယဒိ ဧဝံ အတိ **တိဿာ**တိ **ဘာဝိ**တဗ္ဗံ**တိ**၊ **သစ္စံ**၊ ဣဓပန သရူပါ**နံ** **မေက သေသ္ဒ သကိံ** တိ ကေသေသံ **ကတံ**တိ၊ နန္ဒေတ္ထ ပဒါနေဝ ဂဟိတာနီတိ၊ **န** ဗျဉ္ဇနာနိပိ ဂဟိတာနိ, အနိယမေတွာ သရူပါ**နန္တိ** ဝုတ္တတ္တာ၊ အာဟစ - သရူပါနံ ပဒဗျဉ္ဇနာနံတိ၊ [သဒ္ဒနီတိ၌လည်း "အက္ခရာနံ (သုတ်)၊ ဒွန္ဒေ သရူပါန **မ**က္ခရာနံ ကေသေ သော ဟောတိ၊ ဒေဝတ္တာဥ္စ **မ**နုဿတ္တာဥ္စ **ဒေဝမ**နုဿတ္တံ" ဟူ မိန့်၏။]

**တနည်း "ဗျဉ္ဇန" အနက်မရှိ**။ ။"**အတိတ်**"၌ တိ တလုံးကို **တေသုဝုဒ္ဓိ** သုတ်ကြီးဖြင့်**ချေနိုင်**၏၊ ဒေဝမနု**ဿ**တ္တံ၌လည်း တ္တ ၂ လုံးကိုချေနိုင်၏၊ "**ဒေဝ**ါ**စ** **မ**နုဿာ**စ** **ဒေဝ**မနုဿာ" ဟု ဒွန်တွဲပြီးမှလည်း "ဒေဝမနုဿာနံ + **ဘာဝေါ** **ဒေဝ**မနုဿတ္တံ" ဟု ဖြစ်နိုင်၏၊ **သို့**ဖြစ်လျှင် **ပ**ဒဗျဉ္ဇနာနံ၌ ဗျဉ္ဇနအတွက် သီးခြား

အနက်မထွက်ပြီ၊ ပုရိသောကဲ့သို့သော ပုဒ်ကိုပင် အနက်ကို ထင်ရှားပြတတ်သော (အနက်ရှိသော) ကြောင့် ဗျဉ္ဇနဟုလည်း ခေါ်ကြောင်း သိစေဖို့ရာ "ပဒဗျဉ္ဇနာနံ" ဟု ဗျဉ္ဇနကိုထည့်၍ ဖွင့်ပြသည်ဟု မှတ်ပါ၊ သရူပါနံ၌ နံ ဝိဘတ်လည်း နိဒ္ဒါရဏအနက်၌ သက်၊ "သုတိတူသော ပုဒ်ဗျည်းတို့တွင် + တပုဒ်" ဟူလို။ ["သရူပါနံ လဒ္ဒါနမိတိ-နိဒ္ဒါရဏေ ဆဋ္ဌီ"—ဇိနိန္ဒဗုဒ္ဓိ။] အသကို ဆိုရခြင်း၏ အကျိုးကို ရှု၍ တိုက်ရိုက်ဆိုထားပြီ။

**သရူပေကသေသ်။** ။**ကေသော၀ + သေသော, ကေသေသော** — တပုဒ်၏သာ ကြွင်းကျန်ခြင်း၊ ပုဒ် ၃ ပုဒ်စသည်ရှိရာ၌ တပုဒ်သာကျန်နေခြင်း, အခြားပုဒ်များကို ချေပစ်ခြင်းကို "ကေသေသ" ဟု ခေါ်၏၊ ထို့ကြောင့် ဤသုတ်သည် ချေမှုစီရင်သော လောပဝိဓိသုတ်တည်း၊ "သရူပါနံ ကေသေသော" ဟု သုတ်၌ရှိသော ပုဒ် ၂ ခုကို ပေါင်း၍ ဤသုတ်သည် သရူပေကသေသ်ကို (သုတိတူသော ပုဒ်များတွင် တခုကြွင်းကို) စီရင်သောသုတ်ဟု သိပါ၊ ထို သရူပေကသေသ်သည် သဒ္ဒသရူပေကသေသ်—အတ္ထ သရူပေကသေသ် - သဒ္ဒတ္ထ သရူပေကသေသ်ဟု ၃ ပါးရှိ၏၊ ထိုတွင် သဒ္ဒါချင်း သုတိတူ၍ အနက်အားဖြင့်မတူသော ကေသေသ်သည် သဒ္ဒသရူပေကသေသ် မည်၏၊ ပုံကား-"မာသောစ-လလည်း + မာသောစ-ပဲကြီးလည်း၊ မာသာ-လ, ပဲကြီးတို့၊ အနက်အားဖြင့် သုတိတူ၍ သဒ္ဒါချင်း မတူသော ကေသေသ်သည် အတ္ထသရူပေကသေသ်မည်၏၊ ပုံကား-ဝင်္ကောစ- (လ အရေးကဲ့သို့ ကောက်သော) အကောက်လည်း၊ ကုဋိလောစ- (ထွန်ကိုင်းကဲ့သို့ကောက်သော) အကောက်လည်း၊ ကုဋိလ - အကောက် အကောက်တို့၊ သဒ္ဒါ အနက် ၂ ချက်လုံးကို သုတိတူသော သဒ္ဒတ္ထ သရူပေကသေသ်ကား "ပုရိသောစ ပုရိသောစ ပုရိသာ" တည်း။ ["ပူရေန္တီတိ ပုရိသာ" ဟု ဗဟုဝုစ်ဝိဂ္ဂိုဟ်ပြုလျှင် ကေသေသ်မဟုတ်, ကိတ်ပုဒ်တည်း၊ "ပုရိ (ဥစ္စာဌာနေ)-မြင့်မြတ်သောနေရာ၌ + သေန္တိ—နေထိုင်တတ်ကုန်၏၊ ဣတိ ပုရိသာ" ဟု ပြုပြန်လျှင် ပုရိသဒ္ဒါုပပဒ သိဓာတ်-အ ပစ္စည်းဖြင့်ပြီးသော ကိတန္တသမာသ်တည်း။] အောက်ပါ ဂါထာကား ဘောဒစိန္တာတည်း။

သရူပေသော၀ သဒ္ဒ-တ္ထ-သဒ္ဒတ္ထာနံ သဘာဝတော၊
တိဝိဓေတ္ထံ ယထာ မာသာ, ကုဋိလာ ပုရိသာတိစ။

**သာမည နိဒ္ဒေသနည်း။** ။ဤ သရူပေကသေသ် တချို့ကို ကျမ်းဂန်တို့၌ **သာမည** နိဒ္ဒေသနည်းဟုလည်း ဆို၏၊ သာမညေန-သဒ္ဒါချင်း တူသည်၏အဖြစ်ဖြင့် + နိဒ္ဒေသော-တပေါင်းတည်းညွှန်ပြခြင်းတည်း၊ သာမညနိဒ္ဒေသော-ပြခြင်း၊ ပုံကား ဇာတရူပရဇတ ပဋိဂ္ဂဟဏာပါဋ်၌ ပဋိဂ္ဂဟဏအရတွင် ကိုယ် (လက်စသည်)ဖြင့် ခံယူခြင်း, နှုတ်ဖြင့်ခံယူခြင်း, စိတ်၌သာယာသောအားဖြင့် ခံယူခြင်း ၃ မျိုးပါဝင်၏၊ ထို ၃ မျိုးလုံးပင် ပဋိဂ္ဂဟဏချင်းတူသောကြောင့် "ပဋိဂ္ဂဟဏ"

ဟု သဒ္ဒါတခုတည်းဖြင့် ညွှန်ပြသည်၊ ဤ သာမညနိဒ္ဒေသမျိုး၌ "ပဋိဂ္ဂဟဏာဠ-ကိုယ်ဖြင့် ခံယူခြင်းလည်း၊ ပဋိဂ္ဂဟဏာဠ-နှုတ်ဖြင့် ခံယူခြင်းလည်း၊ ပဋိဂ္ဂဟဏာဠ-စိတ်ဖြင့် ခံယူခြင်းလည်း၊ ပဋိဂ္ဂဟဏံ-ကိုယ် နှုတ် စိတ်ဖြင့် ခံယူခြင်း"ဟု ကေသေသ်လည်း ပြုနိုင်သည်၊ ဤ၌ ဇာတ်တူ ပဋိဂ္ဂဟဏ ၃ ပုဒ်ကို ကေသေသ်လုပ်၏၊ "ဇာတ်တူ ၂ ပုဒ်သာ ကေသေသ်လုပ်ရမည်" ဟူသည်ကို ဆင်ခြင်၊ ဒသစ ဒသစ-စသော ကေသေသ်မျိုး၌ကား ဒသအများကိုပင် ကေသေသ်ပြု၏။

ဋီကာသစ်။ ။အာထ ဝါ တိဝိခံ ပဋိဂ္ဂဟဏံ ကာယေန ဝါစာယ မနသာ၊ ပေ၊တိဝိဓမ္ပိ တံ ပဋိဂ္ဂဟဏံ သာမညနိဒ္ဒေသေန ကေသေသ နယေန ဝါ ဂဟေတွာ ပဋိဂ္ဂဟဏာတိ ဝုတ္တံ၊ (သီလက္ခန်-ဗြဟ္မဇာလသုတ်)။

မှတ်ချက်။ ။အနက်ကွဲ၍ သဒ္ဒါတူသော သဒ္ဒ သရူပေကသေသ်ကို ကေဝုစ်ဖြင့် ထားရာ၌သာ သာမညနိဒ္ဒေသနည်းဟုယူသင့်၏၊ အတ္ထ သရူပေကသေသ် သဒ္ဒတ္ထ သရူပေကသေသ် တို့ကိုလည်းကောင်း ဗဟုဝုစ်ချရသော "မာသာ"တို့ ကဲ့သို့သော သဒ္ဒ သရူပေကသေသ်ကို လည်းကောင်း သာမညနိဒ္ဒေသနည်းဟု မကြံသင့်၊ ဘာ့ကြောင့် နည်း....သာမညဟူသည် ဇာတ်ကိုငဲ့၍ ကေဝုစ်ဆုံးရိုး ရှိသောကြောင့်တည်း။

ဝိရူပေကသေသ်။ ။"မာတာစ ပိတာစ ပိတရော-မိဘတို့"ဟူရာ၌ မာတာ နှင့် ပိတာသည် သုတိမတူသောကြောင့် ဝိရူပ (ဝိသဒိသ + ရူပ)တည်း၊ ထို ဝိရူပ ပုဒ်တို့ကိုလည်း သရူပါနံဖြုတ်၍ "ကေသေသ္ဒသကိ°" ဟူသော ယောဂဝိဘာဂ ဖြင့် မာတုတခုကြွင်း ပြုနိုင်သည်၊ ထို ဝိရူပေကသေသ်သည် ပုဗ္ဗဝိရူပေကသေသ် ပရဝိရူပေကသေသ်ဟု ၂ မျိုးရှိ၏၊ ထိုတွင် ရှေ့ပုဒ်ကို တခုကြွင်းပြုလျှင် ပုဗ္ဗဝိရူပေကသေသ်၊ ပုံကား-"မာတရော - မိဘတို့၊ သာရိပုတ္တောစ မောဂ္ဂလ္လာနောစ သာရိပုတ္တာ-သာရိပုတြာ မောဂ္ဂလ္လာန်တို့၊ ပုတ္တောစ ဓီတာစ ပုတ္တာ-သားသမီးတို့၊ သဠာယတနဥ၊ ၆ ပါးသော အာယတနလည်း၊ ဆဠာယတနဥ-၆ ခုမြောက် မနာယတနလည်း၊ သဠာယတနံ-၆ ပါးသော အာယတန-၆ ခုမြောက် မနာယတန၊ နောက်ပုဒ်ကို တခုကြွင်းလျှင် ပရဝိရူပေကသေသ် မည်၏၊ ပုံကား-မာတာစ ပိတာစ ပိတရော - မိဘတို့။ [သက္ကတဗျာကရုဏ်းတို့၌ကား "အထိး အမ တွဲရာ၌ အမဟောပုဒ်ကို ချေရမည်"ဟု ဝိရူပေကသေသ် ဥပဒေကို များစွာ ပြု၏၊ ထို ဥပဒေအရ "ပိတရော"ဟုသာ ရှိ၍ "မာတရော"ဟု မရှိရ၊ ထို သက္ကတ၌ ပြသလောက်လည်း ပါဠိအသုံး မရှိချေ။] ဘေဒစိန္တာဂါထာကား-

မာတရော ပိတရော သာရိ-ပုတ္တာ ပုတ္တာတိ အာဒိသု၊
ကေသေသော ဝိရူပါနံ, ဝုတ္တော ယောဂဝိဘာဂတော။

သဒ္ဒနီတိ။ ။"သဠာယတနဥ ဆဠာယတနဥ သဠာယတနံ"၌ သဠာ-ယတန ဆဠာယတနဟု ပကတိပြုပြီးသောအခါ ဆဠာယတနချေ၍ သဠာယတန ဟု ကြွင်း၏၊ ထိုသို့ကြွင်းရာ၌ သနှင့် အာယတနတို့သာ ပုဒ်ဖြစ်၍ ဠကား အာဂုရာ

တည်း၊ ထိုသင္ဂတို့သည် ကြေလေသောဆင္ဂနှင့် မတူသောကြောင့် ဝိရူပ, အာယတနချင်းကား တူသောကြောင့် သရူပတည်း၊ ထို ဝိရူပတို့ကို ကေသေသ် ပြုထားသောကြောင့် ဝိရူပေကသေသ်ဟု ခေါ်ရ၏၊ ဤသင္ဂာယတနပုဒ်မှတပါး အခြားပုဒ်တို့၌ ဝိရူပေကသေသ်ကို အလိုမရှိထိုက်၊ "ပိဘရော-သာရိပုတ္တာ-ပုတ္တာ" တို့လည်း ဝိရူပေကသေသ်မဟုတ်, သမောခါနိစ္စာ ဗဟုဝုစ်တို့သာတည်း၊ အမိအဘ ၂ မျိုးတွင် အမိကို အဘ၌ပေါင်း၍ ဆိုလိုရာ၌ "ပိတရော"ဟု ဗဟုဝုစ်ထားခြင်း ဖြစ်၏၊ အနက်ပေးရာ၌လည်း "ပိတရော-အဘတို့"ဟု ပေး၊ ဤ၌ "အဘတို့" ဟူရာဝယ် အမိလည်းပါသည်ဟု မှတ်၊ "သာရိပုတ္တာ-သာရိပုတြာတို့" ဟူရာ၌လည်း အရှင်မောဂ္ဂလ္လာန်လည်း ပါ၏၊ "ပုတ္တာ-သားတို့" ဟူရာ၌လည်း သမီးလည်းပါ၏၊ "ဗျဂ္ဃါ-ကျားတို့" ဟူရာ၌လည်း ခြသေ့်လည်းပါ၏, ဤသို့စသည်ဖြင့် သမောခါနိစ္စာ ဗဟုဝုစ်ဖြစ်သည်ဟု သဒ္ဒနီတိမိန့်သည်၊ ထိုသို့ပေါင်းရာ၌ ပဓာနရှိ အပဓာနကို ပေါင်းရမည်၊ အမိ၌ အဘကို, သမီး၌ သားကို, အရှင်မောဂ္ဂလ္လာန်၌ အရှင်သာရိပုတြာကိုပေါင်း၍ "မာတရော, ဓီတရော, မောဂ္ဂလ္လာနာ" စသည်ဖြင့် မရှိနိုင်-ဟူလို။

သင္ဂာယတနသဒ္ဒံ တံ, ဝိဝဇ္ဇိတွာန သဗ္ဗသော၊
အညေသုစ သမာသေသု, တဒ္ဓိတန္တ ပဒေသုစ၊
ဝိရူပါန-မေကသေသော, ဣစ္ဆိတဗ္ဗော န ဟောတိတိ။

ကေဒေသ သရူပေကသေသ်။ ။နာမဥ္စ-နာမ်လည်း + ရူပဥ္စ ရုပ်လည်း + နာမရူပဥ္စ-နာမ်ရုပ်လည်း၊ နာမရူပံ-နာမ်, ရုပ်, နာမ်ရုပ်၊ "နာမ ရူပ နာမရူပ" ဟု ပကတိ ပြုပြီးသောအခါ ရှေ့နာမနှင့် ရူပကိုချေ၊ နောက် "နာမရူပ" သာကြွင်း၏။ ဤ၌ ကြွင်းကျန်သော နာမရူပတွင် နာမဟူသော ပုဒ်တစိတ်သည် ကြေလေသော နာမနှင့်လည်းကောင်း ရူပဟူသော ပုဒ်တစိတ်သည် ကြေလေသော ရူပနှင့်လည်းကောင်း သုတိတူ၏၊ ဤသို့ တစိတ်တဒေသအားဖြင့် သုတိတူသော ပုဒ်တို့တွင် တပုဒ်သာ ကြွင်းကျန်သောကြောင့် "ကေဒေသ သရူပေကသေသ်" မည်၏၊ [ကေဒေသ သရူပါနံ—တစိတ်တဒေသ သုတိတူပုဒ်တို့တွင် ကေသေသော-တပုဒ်၏ ကြွင်းကျန်ခြင်းသည်၊ ကေဒေသ သရူပေကသေသော-မည်၏၊] "နာမ ရူပ နာမရူပ"ဟု တည်သည့်အခါ အလယ် ရူပနှင့် နာမကို ချေသည်ဟုလည်း ကြံကြ၏၊ ထိုအကြံကား "နာမဥ္စ+ရူပဥ္စ+နာမရူပဥ္စ-နာမရူပန္တိ ဧတ္ထ နာမရူပ သဒ္ဒေါ (နောက်ဆုံး "နာမရူပ" သဒ္ဒါသည်) အတ္တနော ကေဒေသေန နာမသဒ္ဒေန နာမသဒ္ဒဿ(ရှေ့နာမသဒ္ဒါ၏)သရူပေါ, ရူပသဒ္ဒေနစ ရူပသဒ္ဒဿ သရူပေါ, တသ္မာ သရူပါနံ ကေသေသောတိ နာမရူပသဒ္ဒဿ (နောက်ဆုံး "နာမရူပ" သဒ္ဒါ၏) ဌာနံ (တည်တံ့ကြွင်းကျန်ခြင်း) ဣတရေ သဥ္စ နာမရူပ သဒ္ဒါနံ အဒဿနံ (မမြင်ရခြင်း ကြေခြင်း) ဒဋ္ဌဗ္ဗံ" ဟူသော မူလဋီကာနှင့် မညီ။

**ကေဝုစ်ချနိုင်ပုံ။** ။"နာမရူပံ"၌ "နာမ်-ရုပ်-နာမ်ရုပ်"ဟု အနက် ၃ မျိုး ဖြစ်၍ များပါလျက် အဘယ့်ကြောင့် "နာမရူပံ"ဟု ကေဝုစ် ထားနိုင်သနည်း ဟု မေးဖွယ်ရှိ၏၊ အဖြေကား–ကေသေသ် ပြုပြီးသောအခါ ရှေ့ "နာမ်-ရုပ်" ဟူသော ၂ နက်သည် "နာမ်ရုပ်" ဟူသော နောက်ဆုံးအနက်၌ ပေါင်းမိ၏၊ ထိုအပေါင်းသာမည်ကို ငဲ့လျှင်ကား "မဟာဇနော – များစွာလူ=လူအများ" ဟူရာ၌ကဲ့သို့ ကေဝုစ်လည်း ထားနိုင်သည်၊ ရှေ့၌ပြခဲ့သော "ပဋိဂ္ဂဟဏံ"လည်း ညီနည်းပင်တည်း၊ ထို့ကြောင့်လည်း ပဋိဂ္ဂဟဏံကို သာမညနိဒ္ဒေသနည်းဟု ဆိုခဲ့သည်၊ ဘေဒစိန္တာဂါထာကား–

ပစ္စာ·ပေက္ခတိ သာမည·မေကသေသေပိ နိဒ္ဒိတေ၊
တေနေကဝစနံ ဟောတိ, နာမရူပံတိ အာဒိသု။

**သမာသ်လော တဒ္ဓိတ်လော။** ။"ပုရိသောစ ပုရိသောစ ပုရိသာ"စသော ကေသေသ်ပုဒ်များသည် ပစ္စည်းမပါသောကြောင့် တဒ္ဓိတ်မဟုတ်, ပုရိသော ပုရိသောဟု ၂ ပုဒ်လုံး အရတူနေသောကြောင့် ဒွန်သမာသ်လည်းမဟုတ်။ [အရကွဲမှ ဒွန်တွဲရသည်၊ အခြားသမာသ်များနှင့်ကား ယုံမှားဖွယ်မရှိ၊ ခေတ်နှင့် ပစ္စည်းစပ်သော အရာမဟုတ်၍ ကိတ်ပုဒ်ဖြစ် မဖြစ်ကိုကား စိစစ်ဖွယ်ပင်မလို၊] ထို့ကြောင့် ကေသေသ် ပုဒ်များကို သမာသ်တဒ္ဓိတ် ကိတ်နှင့် မရောမယှက် သက်သက်နာမ်ပုဒ် (သုဒ္ဓနာမ်ပုဒ်)ဟု ကေစိဆရာတို့ ဆိုကြသတတ်။

**အပရေဝါဒ။** ။ပစ္စည်းပင် မရှိသော်လည်း ပုရိသ ၂ ပုဒ် ၃ ပုဒ် စသည်တွင် တပုဒ်ကိုသာချန်ထား၍ အခြားပုဒ်များကို ချေခြင်းဟူသော ကြံကြံဖန်ဖန် စီမံမှုဟူသော ပရိကပ္ပဝသကြောင့် ("ဝိစိတြာဟိ တဒ္ဓိတဝုတ္တိ"နှင့်အညီ တဒ္ဓိတ်တို့ ဖြစ်ပုံ ဆန်းကြယ်ရကား) တဒ္ဓိတ်ပုဒ်တည်းဟု သဒ္ဒနီတိဆရာ အပရေတို့ ဆိုကြသည်၊ ကေစ္စေဆရာတို့ကမူ ဒွန်သမာသ်ဟုပင် ဆိုကြသော ဟူ၏။

**ဘေဒစိန္တာအလို။** ။သို့သော် တိယာ–ဒတ္တ စသော သုဒ္ဓနာမ်ပုဒ်များနှင့် မတူသောကြောင့် သုဒ္ဓနာမ်လက္ခဏာမရှိ၊ ပစ္စည်း မပါသောကြောင့် တဒ္ဓိတ်လက္ခဏာလည်း မရှိ။ အရတူ ၂ ပုဒ် ဖြစ်နေရုံမက, တပုဒ် ကြွင်းသောကြောင့် ဒွန်သမာသ်လက္ခဏာလည်း မရှိရကား ကေသေသ်ကို ကေသေသ်ဟုပင် နာမည် တမျိုးမှတ်သင့်သည်ဟု ဘေဒစိန္တာဆရာ ဆုံးဖြတ်သည်၊ အရှင်ကစ္စည်းဆရာကမူ (တဒ္ဓိတ်ခန်း၌ ပြထားသောကြောင့်) တဒ္ဓိတ်ဟုပင် ဆိုလိုဟန်တူသည်။

ကေစိ အပစ္စယတ္တာ တံ, သုဒ္ဓနာမပဒန္တိ စ၊
အပရေ ပရိကပ္ပေန, ပစ္စယေ ဝိဂတေပိစ။
တဒ္ဓိတန္တိစ ကေစ္စေ, ဒွန္ဒံတိစ အဘာဝတော၊
တံ လက္ခဏာယ တံနာမေ-ကသေသောတိ လက္ခယေ။

ကစ္စည်း–(ဒု)–၁၃-ခ

**ကေသေသ်နှင့် ဝိစ္ဆာ။** ။ဝိဘတ်တူသက်ရာ ၂ ပုဒ် ၃ ပုဒ် စသည်ကို အတူတကွ(တပုဒ်တည်း)ဆိုလိုရာ၌ ကေသေသ်ဖြစ်၏၊ များစွာသောအနက်တို့ကို ပျံ့နှံ့စေခြင်းငှာ ၂ ကြိမ်ဆိုရာ၌ ဝိစ္ဆာဖြစ်သည်။ [ဝိစ္ဆာကို ကျမ်းဂန်တို့၌ "ဗျာပနိစ္ဆာ"ဟုလည်း ခေါ်၏၊ ထို့ကြောင့် ဝိစ္ဆာကို "ဝိ+ဣစ္ဆာ"ဟု ပုဒ်ခွဲ၍ ဝိသဒ္ဒါသည် ဗျာပန(ပျံ့နှံ့ခြင်း)အနက်ရှိ၏ဟုမှတ်၊ ဗျာပိတုံ-အနက်များစွာ ပျံ့နှံ့စေခြင်းငှာ+ဣစ္ဆာ-ဝဒန္တပုဂ္ဂိုလ်၏ အလိုဆန္ဒသည်၊ ဝိစ္ဆာ-မည်၏၊ "ဂါမေ ဂါမေ" ဟူသောသဒ္ဒါ ၂ချက်ဖြင့် ကမ္ဘာပေါ်ရှိသမျှရွာပေါင်းများစွာဟူသောအနက်ကို နှံ့စေလိုသော ဝဒန္တပုဂ္ဂိုလ်၏ အလိုဆန္ဒသည် မုချဝိစ္ဆာမည်၏၊ ထိုဆန္ဒအတိုင်း ရှုတ်ဆိုအပ်သော "ဂါမေ ဂါမေ" သဒ္ဒါကိုကား အကြောင်းဆန္ဒ၏ အမည်ကို အကျိုးသဒ္ဒါပေါ် တင်စားခြင်းကြောင့် ကာရဏူပစာရအားဖြင့် "ဝိစ္ဆာ"ဟု ခေါ်ရသည်၊ ဂါမေ ဂါမေကို ဂါမတည်, သို့သက်, ပြေ၍ "ဂါမေ"ဟု ဖြစ်သောအခါ သုတ်ကြီးဖြင့် "ဂါမေ"တပုဒ်ကို"ဂါမေ ဂါမေ" ၂ပုဒ်ပြု၊ ဒဗ္ဗ, ဂုဏ, ကြိယာဝိစ္ဆာ ၃ မျိုးကိုလည်းကောင်း, ဝိစ္ဆာနှင့်စပ်၍ "သပ္ပေါ သပ္ပေါ=မြွေ မြွေ" စသော အာမေဍိတ်ကိုလည်းကောင်း ပုဒ်စစ် ဘေဒစိန္တာ စသည်တို့မှာ ရှု။]

[ဆောင်] အတူဝိဘတ်, သက်ကုန်အပ်သည့်, ပုဒ်-ပါဌ်သီးသီး, တပုဒ်တည်းကို ဆိုလိုတုံလစ်, ကေသေသ်မှတ်၊ များလတ် နက်တူ, နှံ့စေဟူ၍, ၂ ဆူပုဒ်သာ, ဆိုလိုရာဝယ်, ဝိစ္ဆာခေါ်ရိုး, ဥဒါန်းဆိုးသည်, ၂ မျိုးမှတ်ဖွယ် အထူးတည်း။

**ပုံစံများ။** ။"ပုရိသောစ ပုရိသောစ ပုရိသာ"၌ ဒွန္ဒသမာသ်ထုံးစံအတိုင်း စီရင်၍ "ပုရိသာ=ပုရိသ"ဟု ပကတိပြုပြီးသောအခါ ဤသုတ်ဖြင့် ပုရိသ တခု ချေခြင်းပြု၊ ယောကျ်ား ၃ ယောက်ကို ဆိုလိုလျှင် "ပုရိသောစ" ၃ ခုတည်း၊ ၄ ယောက် စသည်ကို ဆိုလိုရာ၌လည်း "ပုရိသောစ" ၄ ခု စသည်တည်း၊ ဘာ့ကြောင့်"ဤသို့အနက်များသလောက်သဒ္ဒါများရကြောင်း သိနိုင်ဆနည်း" ဟူမူ၊ ဝီသတိရုပ်တွက်ရာ၌ ဒသစ ၂ ခု, တိံသရုပ်တွက်ရာ၌ ဒသစ ၃ ခု, ဤသို့ စသည်တည်၍ ကေသေသ်ပြုရမည်ဟု နောက်သုတ်၌ ဖွင့်ပြလတ့်ကိုထောက်၍ အနက်များသလောက် သဒ္ဒါများစွာရပ်တည်ရကြောင်း("ပုရိသောစ ပုရိသောစ"ဟု သဒ္ဒါများစွာဖြင့် ဝိဂ္ဂိုဟ်ပြုရကြောင်း)ကို သိနိုင်သည်။

**ကိံရုပ်။** ။ကိံရုပ်၌ "ဟတ္ထိစ အဿောစ" စသည်တို့ကား ဒွန္ဒသမာသ် များသာတည်း၊ ထိုပုဒ်တို့ အချင်းချင်း သရူပ မဟုတ်သောကြောင့် ကေသေသ် မပြုရ၊ ပုရိသာကား တပုဒ်တည်းဖြစ်၍ အသကိံ (အကြိမ်ကြိမ် အထပ်ထပ်) မဟုတ်သောကြောင့် ကေသေသ် မပြုရ။ [ဤ ကေသေသ်နှင့်စပ်၍ ဘေဒစိန္တာ၌ မှတ်ဖွယ်များစွာ ပါလေသေး၏။]

ဂဏနေ၊ပေ၊ တီတုတိ

၃၇၉။ ယောသု - တို့ကြောင့်၊ အသကိံ-၌၊ သရူပါနံ-တူသော သုတိရှိသော ဒသ သဒ္ဒါတို့တွင်၊ ကတေကသေသာနံ — ပြုအပ်ပြီးသော ကေသေသ်ရှိကုန်သော၊ ဂဏနေ-ဂဏန်းသင်္ချာအရာ၌၊ ဒသဿ-ဒသသဒ္ဒါ၏၊ဒွိက၊ပေ၊ နဝကာနံ-၂ ခု အပေါင်း, ၃ ခု အပေါင်း, ၄ ခု အပေါင်း, ၅ ခုအပေါင်း, ၆ ခုအပေါင်း, ၇ ခုအပေါင်း, ၈ ခုအပေါင်း, ၉ ခု အပေါင်းတို့၏၊ ယထာသင်္ချံ-တိုင်း၊ ဝီတိ၊ပေ၊ဣစ္စာဒေသာ-ဝီအပြု, တိ အပြု, စတ္တာရ အပြု, ပညာ အပြု, ဆ အပြု, သတ္တ အပြု, အသ အပြု, နဝ အပြုတို့သည်၊ ဟောန္တိ၊ ယောနဉ္စ-ယောဝိဘတ်တို့၏လည်း၊ ဤသံ၊ပေ၊ ဒေသာ-ဤသံ

---

၃၇၉။ ဂဏနေ ဒသဿ။ ။ဂဏီယတေ အနေနာတိ ဂဏနံ၊ အနေန ဤ အရေအတွက်သင်္ချာဖြင့်၊ ဂဏီယတေ-ရေတွက်အပ်၏၊ ဣတိ, တံ-ထိုအရေအတွက် သင်္ချာသည်၊ ဂဏနံ - မည်၏၊ ဤ ဝိဂ္ဂြိုဟ်အရ "တဆယ်, နှစ်ဆယ်" စသည်ဖြင့် ရေတွက်ကြောင်းသင်္ချာကို "ဂဏန"ဟု ခေါ်၏၊ ထိုအရေအတွက်သင်္ချာကိုဟောသော သဒ္ဒါကို ဤသုတ်ဖြင့် စီရင်မည်-ဟု ပြ၏၊ ထို့ကြောင့် "ဂဏနေ-ရေတွက်ကြောင်း သင်္ချာပမာနအရာ၌"ဟု ဆရာတို့ပေးကြသည်။

တနည်း—ဒသ ၂ ခုကို ကေသေသ်ပြုထားသော ဒသတခုသည် ဝီသံသင်္ချာနှင့် အနက်တူ၏၊ ဝီသံသင်္ချာကား "ဝီသံပိ ဇာတိယော=နှစ်ဆယ်သော ဘဝတို့" ဟူရာ၌ သင်္ချေယျ (ဘဝ)ကို ဟော၍ "ဘိက္ခုနံ ဝီသံ=ရဟန်းတို့၏ ၂၀" ဟူရာ၌ သင်္ချာကို ပမာနဟော၏၊ ဤသို့ ကေသေသဒသသည် သင်္ချာန သင်္ချေယျ ၂ မျိုးလုံးကိုပင် ဟောနိုင်၏၊ ဂဏနေ၌ ဂဏနပုဒ်လည်း သင်္ချာန သင်္ချေယျဟု မခွဲခြားပဲ သင်္ချာသာမညကို ဟော၏၊ ဂဏနေကို ဒသဿတွင်စပ်၍ "အရေအတွက်သင်္ချာတွင်ပါဝင်သော ဒသ"ဟု ဆိုလို၏၊ ထိုဂဏနေပါ၌ဖြင့် "ဒသော-အလုံးစုံကို မြင်နိုင်၏၊ ဒသောစ ဒသောစ ဒသာ—အလုံးစုံကို မြင်နိုင်သူတို့" ဟူရာ၌ ဒသသဒ္ဒါသည် သင်္ချာတွင် မပါဝင်သောကြောင့် ထိုကဲ့သို့ ဒသမျိုးကို မယူရဟု တားမြစ်သည်၊ ဤနောက်နည်းကား ပြောရိုးမကျသော်လည်း ဖြစ်သင့်သော အဓိပ္ပာယ်ပင်တည်း၊ ဤ အဓိပ္ပာယ်နှင့် သာ၍ ကိုက်ညီအောင် "ဂဏနေ ပရိယာပန္နဿ"ဟု ထည့်ရလျှင် လာလတ့ံသုတ်၏ဝုတ္တိနှင့်လည်း ထပ်တူကျသည်။

ဒွိက၊ပေ၊ကတေကသေသာနံ။ ။ရှေ့သုတ်မှ လိုက်လာသော သရူပါနံကို ရှေ့သုတ်၌ကဲ့သို့ နိဒ္ဓါရဏအနက်ပေး၊ "ဒသ + ဒသ" ၂ ခု သုတိတူသည်ကို "သရူပါနံ"ဟု ဆို၍ ထို ၂ ခုကို ကေသေသ် ပြုလိုက်ခြင်းကို "ကတေကသေသာနံ"ဟု ဆိုသည်၊ ဒသ ၂ ခုကို ကေသေသ်ပြုထားသော ဒသသည် "ဒသဿ ဒွိက=ဒသ၏ ၂ ခုအပေါင်း" တည်း၊ပေ၊ ဒသ ၉ ခုကို ကေသေသ်ပြုထားသော ဒသသည် "ဒသဿ နဝက = ဒသ၏ ၉ ခု အပေါင်း" တည်း၊ ထို့ကြောင့်

အပြု, အာသံ အပြု, ဋ္ဌိ အပြု, ရိ အပြု, တိ အပြု, ဤတိ အပြု, ဥတိ အပြုတို့သည်၊ ဟောန္တိ၊ ပစ္ဆာ-နောက်၌၊ ပုန-တဖန်၊ နိပစ္စန္တေ-ပြီးစေအပ်ကုန်၏၊ ဝီသံ-၂၀၊ တိံသံ-၃၀၊ စတ္တာလီသံ-၄၀၊ ပညာသံ-၅၀၊ သဋ္ဌိ-၆၀၊ သတ္တရိ, သတ္တတိ-၇၀၊ အသီတိ-၈၀၊ နဝုတိ-၉၀၊ အသင်္ချတိ-သည်၊ ကိမတ္ထံ၊ ဒသ-တဆယ်တို့၊ ဂဏိ-၏၊ ဂဏနေတိ-သည်၊ ကိမတ္ထံ၊ ဒသ ဒသကာ-ဆယ်ဒသက ရှိကုန်သော၊ ပုရိသာ-ယောကျ်ားတို့၊ ဂဏိ-၏၊ (၄၁၃)။

---

ဒသဿကို ဒွိကါပေါ နဝကာနံ၌ စပ်၍ "ဒသ၏ ၂ ခုအပေါင်း" စသည်ဖြင့် အနက်မှတ်ရသည်။

မှတ်ချက်။ ။"ဒွိကါပေါနဝကာနံ"သည် သုတ်၌ပါသော"ဒွိတိါပေါနဝကာနံ" ပုဒ်၏ အဖွင့်တည်း၊ ဤအဖွင့်အရ သုတ်၌လည်း "ဒွိကတိကါပေါနဝကာနံ"ဟု ဆိုလိုလျက် စာနေကျဉ်းအောင် ဒွိတိ စသည်တို့၏နောက်မှ"က"ကို သုတ်ကြီးဖြင့် ချေထားသည်ဟု ကြံ၊ ထို ကလည်း"ဒွါဒိတော ကော နေ့ကတ္တေစ" သုတ်ဖြင့် ပရိမာနအနက်၌ သက်သော ကပစ္စည်းတည်း၊ထို့ကြောင့်"ဒွိက-၂ခုအတိုင်းအရှည်ရှိသောအပေါင်း" ဟု အနက်မှတ်ပါ၊"ကတော+ကေသေသော ယေသံတိ ကတေကသေသာ၊ ယေသံ-အကြင် ဒသ ၂ ခုအပေါင်း ၃ ခု အပေါင်း စသည်တို့၏၊ ကတော-ပြုအပ်သော+ကေသေသော-ကေသေသ် (အဖြစ်) သည်၊ အတ္တိ, ဣတိ တေ ကတေကသေသာ။

ဝီတိ၊ပေ၊ နဝက္ကစ္စာဒေသာ။ ။ယထာသင်္ချံဟု ဆိုသောကြောင့် ဒွိတိ စသော အစဉ်အတိုင်း ကေသေသ်ပြုထားသော ဒသ ၂ခု အပေါင်းကို ဝီပြု, ၃ ခု အပေါင်းကို တိပြု, ၄ ခုအပေါင်းကို စတ္တာရပြု, ၅ ခုအပေါင်းကို ပညာပြု, ၆ ခု အပေါင်းကို ဆပြု, ၇ ခုအပေါင်းကို သတ္တပြု, ၈ ခုအပေါင်းကို အသပြု, ၉ ခု အပေါင်းကို နဝပြု၊ "ယောသု"ဟု ဆိုသောကြောင့် ဝီ စသည်ပြုရာ၌ ယော ဝိဘတ်နှောင်းလျက်လည်း ရှိရမည်၊ အသင်္ချကိုကား သရူပါနံ၌စပ်၍ "တကြိမ် မဟုတ်ကုန်သော သရူပ၊ ဝါ-တကြိမ်မက အကြိမ်ကြိမ်ဆိုအပ်သော သရူပ"ဟု မှတ်ပါ။

ယောနဥ္စ၊ပေ၊ဥတိက္ကစ္စာဒေသာ။ ။ဤ၌ကား "ယထာသင်္ချံ" မပါ၊ ဝီ-တိ-စတ္တာရ အပြု ၃ ခုနောင် ယောဝိဘတ်ကို ဤသံချည်းပြု, ပညာ အပြုနောင် ယောကို အာသံပြု, ဆ အပြုနောင် ယောကို ဋ္ဌိပြု၊ သတ္တ အပြုနောင် ယောကို ရိနှင့် တိ ၂မျိုးပြု၊ အသ အပြုနောင် ယောကို ဤတိပြု, နဝ အပြုနောင် ယောကို ဥတိပြု၊ [သုတ်၌ တိတုတိ"ကို "တိ+ဤတိ+ဥတိ"ဟု ပုဒ်ဖြတ်။]

ပစ္ဆာပုန နိပစ္စန္တေ။ ။ဝီသံရုပ်တွက်သည့်အခါ ယောဝိဘတ်ဖြင့် "ဝီသံ" ပြီးပြီးနောက် နာမ်ငဲ့, သိ စသည်သက်၍ "ဝီသံ-သည်၊ ဝီသံ-ကို၊ ဝီသာယ—နှစ်ဆယ်ဖြင့်, အား, မှ,၏၊ ဝီသာယံ-၌"ဟု တဖန်ထပ်၍ ဝိဘတ်သက်လျက်

ရုပ်ပြီးစေရသည်ကို ရည်ရွယ်၍ "ပဋ္ဌာ ပုန နိပစ္စန္တေ"ဟု မိန့်သည်၊ ချဲ့ဦးအံ့— "ဒသစ ဒသစ" ဟု ဒွန်ဝါကျတည်၍ ဒွန်သမာသ် ထုံးစံအတိုင်း "ဒသ ဒသ"ဟု ပြုပြီးသောအခါ သရူပါနံမေကသေသ္သသက်ိ သုတ်ဖြင့် ဒသ တခုကြွင်း ပြု၊ နာမ်ငဲ့,ပဌမာယောသက်,(ဒသ+ယော)၊ဤသုတ်ဖြင့် ယောဝိဘတ်ကြောင့် ဒသ ၂ ခု အပေါင်းဖြစ်သော ကေသေသ် ဒသတခုကို ဝီပြု, ယောကိုလည်း ဤသံ ပြု, (ဝီသံ)။

ဆက်ဦးအံ့— ဤနေရာ၌ ယောဝိဘတ်ဖြင့် ဝီသံဟု ရုပ်ပြီးနေသော်လည်း ဝီသာယစသည်ဖြင့် ဖြစ်စေခြင်းငှာလည်းကောင်း, ဝီသံပုဒ်သည် ပါဠိအဋ္ဌကထာ၌ (ဝဂ္ဂဘေဒ မဟုတ်လျှင်) ကေစုစ်မြဲသောကြောင့်လည်းကောင်း နိပ္ဖန္န (ရုပ်ပြီး ပြီး) ဖြစ်ပါလျက် အနိပ္ဖန္န (ရုပ်မပြီးသေးသော) အနေကိုငဲ့၍ နာငဲ့, သိသက်, ချေ, ဝီသံ-နှစ်ဆယ်သည်၊ အံသက်, ကွစိလောပံသုတ်ဖြင့် နိဂ္ဂဟိတ်ချေ, သဋ္ဌင်း ချေ, အံကပ်, ဝီသံ-နှစ်ဆယ်ကို၊ ဝီသံအပြီးတွင် တေသုဝုဒ္ဓိဖြင့်, နိဂ္ဂဟိတ်ချေ, အာပစ္စည်း သက်, နာမ်ငဲ့, နာစသည်သက်၍ "ဝီသာယ" စသည်ဖြစ်၏၊ ဤသို့ စသည်ဖြင့် နောက်ထပ် ပြီးစေရသေးသည်ကို ရည်ရွယ်၍"ပဋ္ဌာ ပုန နိပစ္စန္တေ"ဟု မိန့်သည်။

နိပ္ဖန္နာပိ ဝိဘတ္တီဟိ, သဒ္ဒါ ဝီသံတိအာဒယော၊
အနိပ္ဖန္နတ္တံ ပေက္ခန္တိ, နိစ္စမေကတ္တိဘာဝတော။

ဝိဘတ္တီဟိ-ယော ဝိဘတ်တို့ဖြင့်၊ နိပ္ဖန္နာအပိ - ရုပ်ပြီးပြီး ပါကုန်သော်လည်း၊ ဝီသံဣတိ အာဒယော — ဝီသံ အစရှိကုန်သော၊ သဒ္ဒါ — တို့သည်၊ နိစ္စံ—အမြဲ၊ ဧကတ္တိဘာဝတော - ကေဝုစ် ဣတ္ထိလိင်တို့၏ အဖြစ်ကြောင့်၊ အနိပ္ဖန္နတ္တံ - အနိပ္ဖန္န အဖြစ်ကို၊ အပေက္ခန္တိ-ငဲ့ရကုန်၏။ [ဝီသံ စသည်ကဲ့သို့ ဂေါသဒ္ဒါလည်း ဓာတ် ပစ္စည်း ဝိဘတ်သက်၍ ဂေါဟုပြီးပြီးမှ ဂါဝစသည် စီရင်လို၍ အနိပ္ဖန္နအဖြစ်ကို ငဲ့ရသည်၊ ဖြစ်ပုံကို နာမ်ခန်း (ဂေါပိုင်း ပြန်ကြည့်)။]

မောဂ္ဂလ္လာန်။ ။"မောဂ္ဂလ္လာန်၌ကား ဝီသံ တိံသံစသည်တို့သည် ကေသေသ် ဒသကို စီရင်ထားသော ပုဒ်များမဟုတ်ကြ၊ (ဒသဖြစ်အောင် သုတ်ဖြင့် စီရင်ဖွယ် မလို, လောက ပြောရိုးအတိုင်းပင် "ဒသ"ပြီးနေသကဲ့သို့) ဝီသံ စသည်တို့လည်း ၂၀ စသည်ကို ဟောနိုင်ဖို့ရာ လောက၌ ထင်ရှားပြီးသော သညာသဒ္ဒါများ ဖြစ်ကြသည်"ဟု မိန့်သည်။ ["ကေစိ (ကစ္စာယနဆရာ) ဝီသတိ အာဒယောပိ နိပ္ဖါဒေန္တိ၊ တေပနိဓ လောကပသိဒ္ဓါ သညာသဒ္ဒါ ယေဝ ါတိ နနိပ္ဖါဒိယန္တေ"- သမာသ် ၆၉ သုတ် ပဥ္စိကာ။]

တိံသံစသည်။ ။"ဒသစ+ဒသစ+ဒသစ"ဟု ဒွန်ဝါကျဖြစ်စေ၍ "ဒသ+ ဒသ + ဒသ"ဟု ပကတိပြုပြီးသည့်အခါ ဒသ ၃ ခုကို ကေသေသ်ပြု၊ နာမ်ငဲ့, ယောသက်, ဤသုတ်ဖြင့် ဒသ ၃ ခု အပေါင်းဖြစ်သော ကေသေသ် ဒသတခုကို

စတုပ ပဒသာ၊ပေ၊ နဝါ

၃၉၀။ ဂဏနေ — ဂဏန်းသင်္ချာ၌၊ ပရိယာပန္နဿ — အကျုံးဝင်သော (ပါဝင်သော)၊ စတုပ ပဒဿ-စတု ဟူသော အနီးပုဒ်၏၊ တု ကာရဿ — တု အက္ခရာ၏၊ လောပေါ ဟောတိ၊ ဥတ္တရပဒါဒိစကာရဿ — နောက်ပုဒ်၏ အစဖြစ်သော စ အက္ခရာ၏၊ စု စောပိ အာဒေသာ—စု အပြု စော အပြုတို့သည်လည်း၊ နဝါ—အချို့အရာ၌။ [နဝါသဒ္ဒါသည် ကွစိ သဒ္ဒါ၏ပရိယာယ် (စကားလှယ်)တည်း၊]

---

တိပြု, ယောကိုလည်း ဤသံပြု၊ ခွင်း ချေ ကပ်, တီသံ၊ ကွစာဒိ မဇ္ဈေတ္တာရာနံဖြင့် ဤကို ရဿပြု, နိဂ္ဂဟိတဥ္စသုတ်ဖြင့် နိဂ္ဂဟိတ်လာ (တိံ သံ)၊ "တိံ သ"ဟု ရှိရာ၌ တေသုဝုဒ္ဓိဖြင့် သံ၌ နိဂ္ဂဟိတ်ချေ, နာမ်င့်, စသည် ဝိသံကဲ့သို့ နောက်ထပ်ပြီးစေ၊ ဒသ ၄ ခုအပေါင်းဖြစ်သော စေသေသ် ဒသကို စတ္တာရပြု စသည်ဖြင့် စတ္တာရီသံ (လဒရာနဖြင့် ရကို လပြုလျှင်) စတ္တာလီသံ စသည်ဖြင့် အခြေပြု၍ ပြထားသည့် အတိုင်းသိပါ ဝီသတိစသော သင်္ချာတို့၏ သင်္ချာပဓာန-သင်္ချေယျပဓာနဖြစ်ပုံကို လည်းကောင်း, ကေဝုစ် အမြဲဖြစ်ရာမှ ဝဂ္ဂဘေဒဖြစ်လျှင် ဗဟုဝုစ်ဖြစ်ရပုံကို လည်းကောင်း ရူပသိဒ္ဓိ၌ တိုက်ရိုက်ပြထားသည်။

ကိံ ရုပ်များ။ ။"အသကိံတိ ကိမတ္တံ—ဒသ"၌ ဒသ ဒသ စသည်ဖြင့် အကြိမ်ကြိမ် မဟုတ်ပဲ ဒသ တခုတည်းဖြစ်သောကြောင့် ဤသုတ်ဖြင့် ဝီ စသည် မပြုရ၊ "ဒသ ဒသကာ ပုရိသာ"၌ကား "ဒသ ဒသ" ၂ ခုဖြစ်၍ အသကိံ ဟုတ် သော်လည်း သင်္ချာပဓာန (ဂဏန) မဟုတ်, သင်္ချေယျ ဂဏိတဗ္ဗ ယောကျ်ား တို့သာ ပဓာနဖြစ်သောကြောင့် ဝီ စသည်မပြုရ၊ သီဟိုဠ်မူ၌ကား "ဒသ ဒသကော ပုရိသော"ဟု ဧကဝုစ်ရှိ၏၊ ထိုအလို "ပုရိသော" အရ တယောက်တည်း ဖြစ်ရ ကား "ဒသဒသက-ယောကျ်ားတရာ" မဖြစ်နိုင်တော့ပြီ။

တနည်းကြံဖွယ်။ ။"ဒသေဝိမာ ဝဿဒသာ, မစ္စာနံ ဣဓ ဇီဝိတံ" ဟူသော ဝီသတိနိပါတ် စိတ္တသမ္ဘူတဇာတ်၌ "ဒသ ဆယ်ပါးကုန်သော၊ ဣမာ ဝဿဒသာ —ဤ နှစ်အခိုက်အတန့်တို့သည်၊ မစ္စာနံ — သတ္တဝါတို့၏၊ ဣဓ—ဤ လောက၌၊ ဇီဝိတံ-အသက်ရှည်ရာကာလတည်း" ဟူသည်ကိုထောက်၍ "ဒသ + ဒသကာ ယဿာတိ ဒသဒသကော"ဟု ပြု၊ ယဿ-အကြင် ယောကျ်ား၏၊ ဒသ- ဆယ်ခုကုန်သော၊ ဒသကာ — အခိုက်အတန့်တို့သည်၊ သန္တိ ဣတိ သော ဒသ ဒသကော၊ဤနည်းအတိုင်းမှန်လျှင် နောက်ဒသက၌ ဒသသည် ဂဏန (သင်္ချာ) သဒ္ဒါ မဟုတ်သောကြောင့် ဤသုတ်ဖြင့် မစီရင်ရဟု အမိပ္ပာယ်ရ၏၊ သို့ဖြစ်လျှင် "ဂဏနေ - ရေတွက်ကြောင်း သင်္ချာပဓာနအရာ၌"ဟု ပေးဖွယ်မလို၊ သင်္ချာ ပဓာနဖြစ်ဖြစ်, သင်္ချေယျပဓာနဖြစ်ဖြစ်, သင်္ချာဟော ဒသကိုသာ ဤသုတ်က စီရင်၍ သင်္ချာဟောမဟုတ်သော ဒသကို မစီရင်ဟု အမိပ္ပာယ်ထွက်သည်။

ဟောန္တိ၊ စုဒ္ဒသ, စောဒ္ဒသ, စတုဒ္ဒသ,-တဆယ့်လေးခုတို့၊ အပိဂ္ဂဟဏေန-ဖြင့်၊ အနုပ ပဒသာပိ—အနီးပုဒ် မဟုတ်သည်လည်း ဖြစ်သော၊ ပဒါဒိ စ ကာရဿ—ပုဒ်၏ အစဖြစ်သော စ အက္ခရာ၏၊ လောပေါ—သည်၊ နဝါ ဟောတိ၊ စဿ စ—စ အက္ခရာ၏လည်း၊ စု စောပိ—စု အပြု, စော အပြုတို့ သည်လည်း၊ ဟောန္တိ၊ တာလီသံ, စတ္တာလီသံ, စုတ္တာလီသံ, စောတ္တာလီသံ—လေးဆယ်၊ (၂၅၆)။

---

၃၉၀။ စတူပ၊ပေ၊လောပေါ ဟောတိ။ ။စတုပ ပဒကို "စတု+ဥပပဒ" ဟုလည်းကောင်း, တုတ္တရကို "တု+ဥတ္တရ"ဟု လည်းကောင်း ဖြတ်၊ "စတ္တာရောစ+ဒသစ"ဟု ဒွန္ဒဝါကျပြု၍"စတု+ဒသ"ဟုပကတိပြု၊ ဒ ဒွေဘော်လာပြီးသောအခါ စတုသည် ဒသ၏ အနီးပုဒ်ဖြစ်သောကြောင့် ဥပပဒမည်၏၊ ဥပ(သမီပေ)-အနီး၌၊ဥစ္စာရိတံ-ရွတ်ဆိုအပ်သော၊ ပဒံ-တည်း၊ ဥပပဒံ-ပုဒ်၊ စတုယေဝ+ဥပပဒံ, စတူပပဒံ=စတုဟူသော အနီးပုဒ်၊ ဝါ-အနီးပုဒ်ဖြစ်သော စတုသဒ္ဒါ၊ ဂဏနေပရိယာပန္နဿ၌ ဂဏနေသည် ရွေသုတ်မှလိုက်သော ပုဒ်တည်း၊ ပရိယာပန္နဿကား ရသင့်၍ ထည့်အပ်သော ပါဌ်တည်း၊ "ဂဏနေ ပရိယာပန္နဿ စတူပပဒဿ" ဟူသော ဤပါဌ်ဖြင့် ဂဏန်းသင်္ချာတွင် ပါဝင်သော စတုကိုသာ စီရင်မည်, "စတုက္ကနိပါတံ-စတုက္ကနိပါတ်" ဟူရာ၌ စတုသဒ္ဒါသည် ဂဏန်းသင်္ချာဟော မဟုတ် "စတုက္က" ဟူသော နာမည်ဟော ဖြစ်နေသောကြောင့် မစီရင်ရ"ဟု ပြသည်။ ["ဂဏနေတိကိံ-စတုက္ကနိပါတံ"-ရူဋီ၊] "တုကာရဿ" ကား "တု+ဥတ္တရ"၌ ပါသော တု၏အဖွင့်တည်း၊ စတု+ဒ္ဒသဝယ် ဒ္ဒသ၏ အနီးပုဒ်ဖြစ်သော စတု၏ တု အက္ခရာကို ချေ၊ "စဒ္ဒသ"ဟု ဖြစ်သည်။

ဥတ္တရပဒါဒိ၊ပေ၊နဝါ။ ။သုတ်၌ စဿကို "စကာရဿ"ဟု ဖွင့်၏၊ စတု+ဒ္ဒသ၌ တုကို ချေလိုက်သောအခါ စ အက္ခရာသည် ဒသဟူသော နောက်ပုဒ်၏ အစ အပိုင်းအခြားဖြစ်နေ၏၊ ထို စ အက္ခရာကို စု-စောပြုလျှင် "စုဒ္ဒသ, စောဒ္ဒသ"ဟု ဖြစ်နေ၏၊ နဝါသဒ္ဒါက တုချေမှု-စု စောပြုမှု နှစ်လုံးကိုပင်တားမြစ်သောကြောင့် ("အချို့အရာ၌ တုချေ,စု-စောပြု"ဟု ဆိုသဖြင့် များစွာသောအရာ၌ တု မချေနှင့် စု စောမပြုနှင့်ဟု တားမြစ်ရာရောက်သောကြောင့်)မချေ မပြုပဲ "စတုဒ္ဒသ" ဟုလည်း ရှိသည်-ဟူလို၊ ရုပ်ကို အခြေပြုကြည့်၍တွက်။

အပိဂ္ဂဟဏေန၊ပေ၊ စောတ္တာလီသံ။ ။စု စောပိ၌ အပိသည် သမုစ္စည်း အနက်ရှိ၏၊ "စတ္တာလီသံ"ဟု ရွေသုတ်ဖြင့် ပြီးပြီးသောရုပ်၌ ထို အပိသဒ္ဒါဖြင့် စ ကိုချေ, စ ကြေလျှင် စနှင့်စပ်၍ ရွတ်ဆိုအပ်သော (တ)လည်း ထွန့်နောက် ကိုလိုက်သကဲ့ဟု စနောက်လိုက်ကာ အလိုလိုကြေ၍ "တာလီသံ"ဟု ဖြစ်၏၊ စကို မချေပဲ ထို အပိဖြင့် စု-စောပြုလျှင် "စုတ္တာလီသံ, စောတ္တာလီသံ"ဟုလည်း

ဖြစ်၏၊ နဝါသဒ္ဒါမြစ်သောကြောင့် မချေ-မပြုပဲ စတ္တာလီသံအတိုင်းလည်း ရှိ၏။ ထို့ကြောင့် ပုံစံ ၄ မျိုးပြထားသည်။

မှတ်ချက်။ ။"အနုပပဒဿာပိ ဥတ္တရပဒါဒိ စကာရဿ"ဟု တွေ့ရ၏၊ စတ္တာလီသံ၌ စသည် ဥပပဒ မဟုတ်သောကြောင့် "အနုပ ပဒဿ"ဟု ဆိုခြင်းသည် သင့်၏၊ "စတ္တာလီသံ" တပုဒ်တည်းဖြစ်သောကြောင့် ပုဗ္ဗပဒ-ဥတ္တရပဒ (ရှေ့ပုဒ်-နောက်ပုဒ်) ဟု ခွဲ၍မဖြစ်၊ ထို့ကြောင့် "ဥတ္တရ ပဒါဒိ စကာရဿ"၌ ဥတ္တရ ထည့်ခြင်းကား ရှေ့ဝုတ္တိ၌ ပါခဲ့သော ဥတ္တရကိုကြည့်၍ နောက်ဆရာတို့ ထည့်မှားဟန်တူသည်၊ ထို့ကြောင့် ဥတ္တရမပါပဲ "ပဒါဒိ စကာရဿ"ဟု (ရူပသိဒ္ဓိအတိုင်း) ရှိသင့်သည်။

စုလ္လာသီတိ။ ။"စုလ္လာသီတိ သဟဿာနိ, ကပ္ပံ တိဋ္ဌန္တိ ယေ မရူ"ဟူသော ဝိသုဒ္ဓိမဂ် မဂ္ဂါမဂ္ဂဉာဏဒဿန နိဒ္ဒေသ၌ "စတုရာသီတိ သဟဿ ပရိမာဏံ ကပ္ပံ"ဟု ဋီကာဖွင့်၏၊ ထို့ကြောင့် "စတုရာသီတိ"ပုဒ်က စတု၌ တုကိုချေ၊ စကို စုပြုမှုကို ဤ အပိသဒ္ဒါဖြင့်ပင် စီရင်သင့်၏၊ ထို့နောက် ဒေါဓဿစဥ္၌ စဖြင့် ရကို လပြု၊ ဒွေ့ဘော်လာလျှင်"စုလ္လာသီတိ"ဟု ပြီးသည်။[နိဒ္ဒေသ၌ကား"ဒွါသဋ္ဌိ"မှ သကို ချေ, အာကို အရဿပြု၍ "ဒွဋ္ဌိ-၆၂"ဟု ပြီးမှုကိုလည်း ဤ အပိသဒ္ဒါဖြင့် စီရင်လေ၏၊ သို့သော် ထိုဒွဋ္ဌိပုဒ်သည် တိတ္ထိတို့ ရွတ်အပ်သော"ဒွဋ္ဌိ ပဋ္ဌိပဒါ, ဒွဋ္ဌန္တရကပ္ပေါ" တို့မှလာသော ပုဒ်တည်း၊ တိတ္ထိတို့သည် သဘာဝနိရုတ္တိ (သဒ္ဒါ အစစ်အမှန်)ကို နားမလည်၍ နှုတ်တက်ရာရွတ်ကြသောကြောင့် သူတို့ရွတ်အပ်သော ပါဠိကို သဒ္ဒါနည်းဖြင့် ရုပ်ပြီးအောင် စီရင်နေဖွယ်မလို-ဟု သီလက္ခန် သာမညဖလသုတ် ဋီကာတို့ ဖွင့်ကြသည်။]

သဉ္ချာတဒ္ဓိတ်။ ။"စတ္တာရောစ+ဒသစ, စတုဒ္ဒသ"ဟု သမာသ်ပြီးပြီးနောက် တုချေခြင်းဟူသော လောပဝိဓိ,စကို စုစေခြင်းဟူသော အာဒေသဝိဓိတို့သည် တဒ္ဓိတ်သုတ်တို့ဖြင့်သာ ပြီးရ၏၊ ထို့ကြောင့် ထိုလောပ-အာဒေသ-အာဂမ-ဝုဒ္ဓိ—ပကတိ၏အစွမ်းဖြင့် ပြီးစေအပ်သော ပုဒ်များကိုလည်း တဒ္ဓိတ်ပုဒ်ဟုပင် နာမည်တပ်ရသည်၊ "စတုဒ္ဒသ"သည် ဒွန်သမာသ်ပုဒ်, စုဒ္ဒသစသည်ကား တဒ္ဓိတ်ပုဒ်ဟု ဆိုလိုသည်၊ ကြွင်းသော သဉ္ချာတဒ္ဓိတ်များလည်း ဤနည်းပင်။

"လောပါဒေသာဂမာ ဝုဒ္ဓိ, သင်္ချာနေ ပကတီတိစ၊
ဧဃံ့ သုတ္တာနုသာရေန, တဒ္ဓိတံ ဉာတိ ဓိမတာ"

ဟူသော နိဒ္ဒေသလာ ဂါထာအရ အဓိပ္ပာယ်တည်း၊ ဤ သင်္ချာပုဒ်တို့ကို သမာသ် ခန်း၌ပြသော မောဂ္ဂလ္လာန်အလိုမူ သမာသ်ပုဒ်ဟုပင် ဆိုလို၏၊ သမာသ်ပုဒ်နှင့် လုံးဝမစပ်သော ပဉ္စမော စသည်ကိုသာ တဒ္ဓိတ်ပုဒ် အစစ်ဖြစ်၍ တဒ္ဓိတ်ခန်း၌ မောဂ္ဂလ္လာန်ပြသည်၊ ထို မောဂ္ဂလ္လာန်အဆိုက သာ၍ရှင်း၏၊ သမာသ်ပုဒ်ဖြစ်ဖြစ် တဒ္ဓိတ်ပုဒ်ဖြစ်ဖြစ် ထိုပုဒ်၏ဇာစ်မြစ်ကို သိဖို့သာလျှင် နောက်သားတို့ တာဝန် ဖြစ်သည်။

ယဒနုပပုန္နာ.... သိဇ္ဈန္တိ

၃၉၁။ ယေ သဒ္ဒါ—အကြင် သဒ္ဒါတို့သည်၊ အက္ခရ ပဒ ဗျဉ္ဇနတော - အက္ခရာ ပုဒ်, ဗျည်းအားဖြင့်လည်းကောင်း၊ ဋတ္တိ ပုမ နပုံသက လိင်္ဂတော-ဋတ္ထိလိင် ပုလ္လိင် နပုလ္လိင်အားဖြင့်လည်း ကောင်း၊ နာမုပသဂ္ဂနိပါတတော-နာမ် ဥပသာရ နိပါတ်အားဖြင့်လည်းကောင်း၊ အဗျယီဘာဝ သမာသ တဒ္ဓိတာချာတတော-အဗျယီဘော သမာသ် တဒ္ဓိတ် အာချာတ် အားဖြင့်လည်းကောင်း။ [အချို့စာ၌ "အာချာတ" မပါ၊ အာချာတ် အရာဝယ် ကွစိခေတု သုတ်ကြီး ရှိသောကြောင့် မပါခြင်းသာ ကောင်း၏၊] ဂဏန သင်္ချာ ကာလ ကာရက ပယောဂ သညာတော-ဂဏန်းသင်္ချာ, ကာလ,

---

၃၉၁။ ယေသဒ္ဒါ အနိဒ္ဒိဋ္ဌလက္ခဏာ။ ။ယဒနုပ ပန္နာကို "ယ + အနုပ ပန္နာ" ဟုဖြတ်၊ သက္ကတ၌ "ယတ်" ဟု (တ) ဗျည်းဆုံးလျက် ရှိ၏၊ ထိုနည်းလိုက်၍ ယ နောက်ပုဒ်နှင့် စပ်ရာ၌ ယဝမဒနသုတ်ဖြင့် (ဒ်) လာစေ၍ "ယဒိစ္ဆံ" စသည် ဖြင့် ပါဠိ၌စပ်သည်၊ ဤ၌လည်း (ဒ်) လာ၍ "ယဒနုပပန္နာ" ဟု ဖြစ်၏၊ ယ၌ကား ယောဝိဘတ်ကို ချေထားသောကြောင့် "ယေ" ဟု ဝုတ္တိဖွင့်သည်၊ "အနုပပန္နာ- မပြီးကုန်" ဟူရာ၌ "တိုက်ရိုက် ဆိုအပ်ပြီးသောသုတ်ဖြင့် ပြီးအောင် မစီရင်နိုင်၊ ထိုရုပ်များ ပြီးဖို့ရာ သီးခြားသုတ် မရှိသေး" ဟု ဆိုလိုသည်၊ ထို့ကြောင့် အနုပ ပန္နာကို "အနိဒ္ဒိဋ္ဌ လက္ခဏာ" ဟု ဖွင့်သည်၊ ဤ၌ "လက္ခဏ" သဒ္ဒါသည် သုတ္တ၏ ပရိယာယ်တည်း၊ (မည်သည့်အရာများ ပြီးစေဖို့ရာအတွက်) သုတ်မရှိပါသေး သနည်း-ဟု မေးဖွယ်ရှိ၍ "အက္ခရပဒ ဗျဉ္ဇနတော" စသည်ကို မိန့်သည်။

တေနိပါတနာ သိဇ္ဈန္တိ။ ။နိပါတီယန္တေ ဧတေနာတိ နိပါတနံ၊ ဧတေန- ဤသုတ်ဖြင့်၊ သဒ္ဒါ—မပြီးနိုင်သော သဒ္ဒါတို့ကို၊ နိပါတီယန္တေ-(နိဋ္ဌာနံ ပါတီ ယန္တေ)—အပြီးသို့ ကျရောက်စေအပ်ကုန်၏၊ ဣတိ နိပါတနံ၊ ပစ္စယာဒနိဋ္ဌာ နိပါတနာ သိဇ္ဈန္တိသုတ်၌ နိပါတနာပုဒ်ကို "နိပါတနတော" ဟု ရူပသိဒ္ဓိဖွင့်၏၊ နိပါတနာ၌ သ္မာဝိဘတ်ကို ဟိတ်အနက်၌ သက်စေလိုသည်၊ ဤသုတ်၏ ရူဋီကာ ၌ကား "နိပါတနေန" ဟု ဖွင့်၏၊ နာအာ ယောဂဝိဘာဂဖြင့် နာကို အာပြုဟု ဆိုလိုဟန်တူသည်၊ ထို့ကြောင့် "ဤ နိပါတနသုတ်ကြောင့်၊ ဝါ-ဤ နိပါတန သုတ်ဖြင့်" ဟု အလိုရှိသလိုပေး။

ဆက်ဦးအံ့။ ။"အက္ခရ ပဒဗျဉ္ဇနတော" စသည်ဖြင့် ဤ နိပါတနသုတ်၏ စီရင်နိုင်ရာဌာနကို အလွန်များစွာ ဝုတ္တိဖွင့်ထား၏၊ ထိုမျှလောက် များပြားသော ဌာနတို့၌ (သန္ဓိ-နာမ်-ဥပသာရတို့၌) ဤသုတ် စီရင်ပုံကိုကား ကစ္စည်းဋီကာ တို့၌မတွေ့ရ၊ ထို့ကြောင့် ဤသုတ်၏ နိဖါတနသုတ် (အရာကျယ်သောသုတ်ကြီး) ဖြစ်ကြောင်းကို သိစေဖို့ရာသာ အက္ခရပဒ ဗျဉ္ဇနတော စသည်ဖြင့် များစွာသော

ကာရက, ပယောဂ, သညာအားဖြင့်လည်းကောင်း၊ သန္ဓိ ပကတိ ဝုဒ္ဓိ လောပါဂမဝိကာရ ဝိပရီတပထာ-သန္ဓိ, ပကတိ, ဝုဒ္ဓိ, လောပ, အာဂမ, ဝိကာရ, ဝိပရိတ်အားဖြင့်လည်းကောင်း၊ ဝိဘတ္တိ ဝိဘဇနတော စ-ဝိဘတ်ကို ဝေဖန်ခြင်းအားဖြင့်လည်းကောင်း၊ အနိဒ္ဒိဋ္ဌလက္ခဏာ-မညွှန်ပြအပ်သေးသော သုတ်ရှိကုန်၏၊ တေ-ထို သဒ္ဒါတို့သည်၊ နိပါတနာ-ဤနိပါတနသုတ်ကြောင့်၊ သိဇ္ဈန္တိ-ပြီးစီးရကုန်၏၊ (၄၇၂)။

---

အရာကို ဝုတ္တိဆရာ ဖွင့်ထားသည်၊ ထိုသို့ ဖွင့်ထားသောကြောင့် ရှေးရှေးသုတ်အသီးအသီးဖြင့် ပြီးနိုင်သောအရာဝယ် ဤသုတ်ကြီးဖြင့်လည်း ပြီးစီးအောင်စီရင်နိုင်၏၊ ရှေးရှေးသုတ်များဖြင့် မပြီးနိုင်သော အရာ၌လည်း ဤသုတ်ကြီးက စီရင်သည်၊ ဤသုတ်သည် (ချိုင့်ဝှမ်းသောနေရာ, ကုန်းကျသောနေရာ၌ ရေရအောင်ရှာသော မိုးကဲ့သို့) ပဇ္ဇုန္နဂတိကနည်းကိုပြသော သုတ်တည်း-ဟု မှတ်ပါ၊ ထိုအရာတို့တွင် ရူပသိဒ္ဓိ၌ တဒ္ဓိတ်ဆိုင်ရာဝယ် ဤသုတ်ကြီးဖြင့် စီရင်ပုံကိုသာ ပြသောကြောင့် ထိုပုံစံများကို အခြေခံ၍ ဤ၌လည်း ပြအံ့။

[ဆောင်] ဣမနောက်ဇ္ဇ, သမာနနှင့်, အပရနောက်ဇ္ဇု, ရှေနှစ်ခုကို, ပြုလေ အ,သ, ကာလတ္တတည်း၊ အဇ္ဇ-သွေပါ, ပုရာ-ဟိရော, မှတ်လော တန်, ဘဝတ္တသိ, ပဋိဘာဂ, ကုစ္ဆိတသညာ, နုကမ္ပာနက်, က သက်တုံပြီ၊ ဘဂိနီဟု, နက်ဘာတုကား, ဆ-ဥလမှန်, စဉ်တိုင်း ကြံလော၊ တဖန် မာတာ, ပိတာဒိနက်, အာမဟ သက်ရ၊ ကိံယ တနှင့်, တေ နောက်မှာ, ပရိမာဏ-နက် တ္တကနှင့်, သက်ရ အာဝန္တု, အပြု စသည်, ယဒနုသုတ်ကြီး အရာတည်း။

ဣမနောက် ဇ္ဇ၊ပေ၊ကာလတ္တတည်း။ ။ဣမနောင် သုတ်ကြီးဖြင့် ကာလအနက်၌ ဇ္ဇပစ္စည်းသက်, သမာနနှင့် အပရနောင် ဇ္ဇု ပစ္စည်းသက်၍, ရှေ့ဣမနှင့် သမာန ၂ ခုကို အစဉ်အတိုင်း အ-သ ပြု၊ (ဤသုတ်ကြီးဖြင့်ပင် ဣမကို အ, သမာနကို သပြု-ဟူလို)၊ဤပုဒ်အားလုံး အဗျယ(နိပါတ်)ချည်းတည်း၊ "ဣမသ္မိံ ကာလေ ဣမသ္မိံ ဒိဝသေ"ဟု အနက်ဖွင့်၍ "အဇ္ဇ-ယနေ့၌, ယခု"ဟု ပေး၊ သ္မိံသက်, သဗ္ဗာသမာဝုသောဖြင့် ချေ၊ ဣဒါနိဟူသော အဗျယပုဒ်ကို "ဣမသ္မိံ ကာလေ"ဟု အနက်ဖွင့်သကဲ့သို့ ဤပုဒ်များကို အနက်ဖွင့်ရုံသာ ဖွင့်ပေးနိုင်သည်၊ ဝိဂ္ဂိုဟ်မပြုရ၊ အဇ္ဇကို(သက္ကတ၌ အဒျကို) သတ္တမျတ္ထအဗျယပုဒ်ဟု ဆိုသော်လည်း "အဇ္ဇုပေါသထော မန္တရသော" စသည်၌ "အဇ္ဇ"ကား လိင်္ဂတ္ထမတ္တသာ ဖြစ်ထိုက်၏, သိသက်, ချေ၊ "အဇ္ဇ-ယနေ့, ယနေ့သည်"ဟု ပေး၊ အဇ္ဇတနိ၌မူ "အဇ္ဇ-ယနေ့မှ (စ၍)"ဟုပင် အဝဓိ အနက်ပေးနိုင်၏။

သဇ္ဇု, အပရဇ္ဇု။ ။သမာနေ+ကာလေ, သဇ္ဇု-တူသော ကာလ၌၊ ဝါ-လက်ငင်း ချက်ချင်း၊ သမာနေ ဒိဝသေ သဇ္ဇု-တူသောနေ့၌၊ သ္မိံသက်, ချေ၊ "သဇ္ဇု+ဘဝံ, သဇ္ဇုကံ-ယနေ့၌ဖြစ်သော ကိစ္စ၊ ဝါ-နေ့ချင်းပြီးသော ကိစ္စ"

ဟူရာ၌ကား ဘာဝတဒ္ဓိတ် ထပ်ဆင့်သည်၊ အပရသ္မိံ+ဒိဝသေ-အပရဇ္ဇု-နောက်တနေ့ (နက်ဖန်)၌၊ ဒိဝသသဒ္ဒါလည်း နေ့ဟူသော အချိန်ကာလကို ဟောသောကြောင့် "ဒိဝသေ"ဟု ဖွင့်သော်လည်း ကာလတ္တပင်။

အဇ္ဇသွေပါ၊ပေ၊ဘာဝတ္တ။ ။အဇ္ဇစသော နိပါတ်ပုဒ်နောင် ဘာဝအနက်၌ ဤသုတ်ကြီးဖြင့် တနပစ္စည်းသက်၍ "အဇ္ဇ+ဘဝေါ-အဇ္ဇတနော, အဇ္ဇတနံ, အဇ္ဇတနီ (ဤပစ္စည်းသက်)"ဟု ဖြစ်၏၊ တနပစ္စည်း သက်ပြီးသောအခါ တဒ္ဓိတ်နာမ်ဖြစ်၍ လိင် ၃ ပါး စုစ် ၂ ပါးဖြင့် ရုပ်စဉ်နိုင်ပြီ၊ သွေ+ဘဝံ, သွာတနံ—နက်ဖန်၌ဖြစ်သော ကောင်းမှု၊ "သွေတနံ" ဖြစ်သောအခါ ဤသုတ်ဖြင့်ပင် ဧကို အာပြု သသက်-အာယပြုလျှင် "သွာတနာယ-နက်ဖန်၌ဖြစ်သော ကောင်းမှုအကျိုးငှာ"ဟု ဖြစ်၏။

ပုရာတနံ စသည်။ ။ပုရာနိပါတ်နောင် တနသက်၍ "ပုရာတနံ-ရှေး၌ဖြစ်သော အမှု" စသည်ဖြစ်၏၊ သနံ-စိရံနိပါတ်တို့နောင်လည်း တနသက်၍ "သနန္တနော-ရှေး၌ဖြစ်သည်၊ စိရန္တနော-ကြာမြင့်သောကာလ၌ ဖြစ်သည်"ဟု ဖြစ်၏၊ "ပုရာဏော-ရှေး၌ဖြစ်သည် ( အဟောင်း )" ဟူရာ၌ကား ပုရာနောင် ဏပစ္စည်းဟု မောဂ္ဂလ္လာန် မိန့်၏။ [အဇ္ဇာဒီဟိ တနော (၂၁), ပုရာတော ဏောစ (၂၂) တဒ္ဓိတ်မောဂ္ဂလ္လာန်။]

ဟိယျတ္တနော စသည်။ ။ဟိယျော နိပါတ်နောင် တနသက်, ဤသုတ်ကြီးဖြင့်ပင် ဩကို အပြု, တ ဒွေဘော်လာ "ဟိယျတ္တနော"ဟု ဖြစ်၏၊ ["ဟိယျတ္တနမှိ ဇီဝိတေ"-ဇာ, အဓိမုတ္တက ထေရဂါထာ၊] ဤပစ္စည်းသက်လျှင် "ဟိယျတ္တနီ" ဟု ဖြစ်၏၊ သကတ္တ၌ "ဟိယျသ်"ဟု ရှိသောကြောင့် သ်ဗျည်းအစား ဒွေဘော်လာရသည်၊ အဇ္ဇ ( အဒျ ) စသည်၌ကား ထိုကဲ့သို့ ဗျည်း မဆုံးသောကြောင့် ဒွေဘော်လာဖွယ် မလို။

ပဋိဘာဂ၊ပေ၊ကသက်တုံပြီ။ ။ပဋိဘာဂ (အတူ) ကုစ္ဆိတ (စက်ဆုပ်ဖွယ်) သညာ ( အမည် ) အနုကမ္ပာ ( သနားစဖွယ် ) အနက်တို့၌လည်း ဤသုတ်ဖြင့် ကပစ္စည်းသက်၏၊ မှန်၏-ထိုအနက်များ၌ ကပစ္စည်းသက်ဖို့ရန် သုတ်မရှိ၊ ထိုတွင် ပဋိဘာဂအနက်၌ "ဟတ္ထိနောဝိယ - ဆင်အစစ်နှင့် တူကုန်၏၊ ဣတိ ဟတ္ထိကာ-ဆင်ရုပ်တို့၊ အဿကာ-မြင်းရုပ်တို့၊" [အချို့အရာ၌ကား ကပစ္စည်း မပါပဲ "ဣမေ နော ဟတ္ထိကာ အဿာ-ဗလိဗဒ္ဒါစ နော ဣမေ"-အဿာ-မြင်းရုပ်တို့၊ ဗလိဗဒ္ဒါစ-နွားလားရုပ်တို့"ဟု (ဝေဿန္တရာဇာတ်၌) ရှိ၏၊ ထို၌ ကပစ္စည်းကို သက်ပြီးမှ ချေထားသည်ဟုလည်းကောင်း, အဘေဒေါပစာရ (အစစ်နှင့် အရုပ်ကို မကွဲမပြား တသားတည်းထား၍ဆိုသော သဒိသူပစာရအားဖြင့်လည်း

ကောင်း "အဿာ, ဗလိဗဒ္ဒါ" ပြီးသည်-ဟု ဆိုသည်။] ကပစ္စည်းကြေရာဌာနကို အောက်ပါ ဂါထာအတိုင်း သိပါ။....

အစ္စာသု ပူဇာရဟာသု, စိတ္တကမ္မဒ္ဓဇေသု စ၊
ဍ္ဍဝေ ပဋိဘာဂေ လောပေ, ကဿ ဒေဝပထာဒီသု။

ပူဇာရဟာသု - ပူဇော်ထိုက်ကုန်သော၊ အစ္စာသု-ရုပ်တု ဆင်းတုတို့၌လည်းကောင်း၊ [သဏ္ဍောက-သိကြားရုပ်တု၊ သိဝေါ-သိဝနတ်ရုပ်တု၊ ဝေဿဝဏော-ဝေဿဝဏ်နတ်ရုပ်တု၊ မန္ဓာတာ-မန္ဓာတ်မင်းရုပ်တု၊] စိတ္တကမ္မဒ္ဓဇေသု-ပန်းချီရုပ်, အလံတို့၌လည်းကောင်း၊ [ဘီမော-ဘီမမင်းရုပ်ပုံ၊ အဇ္ဇုနော-အဇ္ဇုနမင်းရုပ်ပုံ၊ သီဟော-ခြင်္သေ့အလံ၊ ဂရုဠော-ဂဠုန်အလံ၊ခြင်္သေ့ရုပ်ပါသော အလံစသည်၊] ပဋိဘာဂေ-အတူဖြစ်သော၊ ဍ္ဍဝေ-ဍ္ဍဝသဒ္ဒါ၏ အနက်၌လည်းကောင်း၊ ဟတ္ထိ-ဆင်ရုပ်, စသည်၊] ဒေဝပထာဒီသု - ဒေဝပထ အစရှိသည်တို့၌လည်းကောင်း၊ ဒေဝပထော - နတ်လမ်း၊ နတ်လမ်းနှင့်တူသော လမ်း၊] ကဿ-ကပစ္စည်း၏၊ လောပေါ ဟောတိ။

ကုစ္ဆိတ အနက်။ ။ကျွန်းဂန်တို့၌ ကုစ္ဆိတကို နိန္ဒိတ (ကဲ့ရဲ့အပ်သော) အနက်ဟုလည်း ဆို၏၊ ကုစ္ဆိတော-စက်ဆုပ်ဖွယ်သော+သမဏော-ရဟန်းတည်း၊ သမဏကော-စက်ဆုပ်ဖွယ် ရဟန်း၊ ဝါ-ရဟန်းယုတ်၊ မုဏ္ဍကော-စက်ဆုပ်ဖွယ် ဦးပြည်း၊ ဝါ-ခေါင်းတုံးစုတ်။ ["အယံ ပန ဟီဠေတုကာမတာ (ရှုတ်ချလိုသည့်အတွက်) သမဏကာ မုဏ္ဍကာတိ အာဟ" သီလက္ခန် အမ္ဗဋ္ဌသုတ္တဋ္ဌ၊] ကုစ္ဆိတံ+သော+ဥဒ္ဒမာတံ-သေသည်မှ အထက်၌ ဖူးယောင်ကြွတက်သော အလောင်းကောင်သည်၊ ဥဒ္ဒုမာတကံ-၏၊ ကုစ္ဆိတော+ပါပေါ, ပါပကော-စက်ဆုပ်ဖွယ် ယုတ်မာသော (ကျော်စောသံ)။ [ကုစ္ဆိတတ္တေပါဒိကော-တွေ-ကုစ္ဆိတအနက် အပို အလွန်ရှိသော အနက်၌၊ ဝတ္တမာနာ ပါဋိပဒိကာ (နာမ်မှနောက်၌) သွတ္တေ ယထာဝိဟိတံ ပစ္စယော ဘဝတိ၊ ကုစ္ဆိတော+အဿော, အဿကော (ကာသိကာဝုတ္တိ)၊ ဤအလို ကပစ္စည်းကို သွတ္တအနက်၌သက်၍ အဿပုဒ်ကပင် ကုစ္ဆိတ အနက်ကို အပိုဟောသည်၊ ကပစ္စည်းကား ထိုအပိုအနက်ဟောကြောင်း အထူးပြု (ထွန်းပြ) သည်-ဟု ယူ။]

သဒိသ အနက်။ ။သီလက္ခန် ဋီကာဝုတ္တက အဖွင့်ဝယ် "မောရောဝိယ—ဥဒေါင်းကဲ့သို့တည်း၊ ဣတိ မောရကော(ဥဒေါင်းနှင့်တူသောကြောင့်) မောရက မည်သော ငှက်တမျိုး"ဟု ဆို၏၊ ပဋိဘာဂနှင့် သဒိသအနက်၌သက်သော ကပစ္စည်းကို ဍ္ဍဝတ္တ၌သက်၊ "ဍ္ဍဝတ္တေ ကန် ဘဝတိ, သမုဒါယေန စေ သဒိသာ ဂမျတေ"(သိဒ္ဓန္တကောမုဒီ)၊က ပစ္စည်းကြေလျှင်"စဉ္စာ—မြက်ဖြင့် ပြုလုပ် လူရုပ်နှင့်တူသောကြောင့် စဉ္စာမည်သူ"ဟု ဖြစ်၏၊ ဤကား မောဂ္ဂလ္လာန်ပုံစံတည်း၊ ရှူ၌ကား "ကတကော-ပြုလုပ်အပ်သော ခွက်၊ ဘဋ္ဋကော-သူခစား"ဟု ရှိသည်။

**အနုကမ္ပာအနက်**။ ။အနုကမ္ပိတော - သနားစဖွယ်ဖြစ်သော + ပုတ္တော — သား၊ ပုတ္တကော - သနားစဖွယ် **သား**ငယ် (လူကလေး)၊ ဝစ္ဆကော-သနား စဖွယ် နွားငယ် (နွားကလေး)၊ ဤပြခဲ့သောအနက်များ၌ က ပစ္စည်းသက်ပုံကို ရှုပသိဒ္ဓိပြသည်။

**မောဂ္ဂလ္လာန်**။ ။မောဂ္ဂလ္လာန်၌ကား ဥစ္စာရှင်ကို မသိအပ်ရာ (အညာတ) အနက်၌ "ကဿာ ယံ အဿကော-သည်မြင်း ဘယ်သူ့၏မြင်းလဲ" ဟုလည်း ကောင်း, ရဿ (အပု, အတို) အနက်၌ "မနုဿကော-လူပု၊ ရုက္ခကော-သစ်ပင် ပုတို" ဟုလည်းကောင်း, အပ္ပအနက်၌ "အပ္ပကံ + တေလံ, တေလကံ-အနည်း ငယ်သော ဆီ(ဆီနည်းနည်း)၊ ဃတကံ-ထောပတ်နည်းနည်း"ဟုလည်းကောင်း, ခုဒ္ဒကအနက်၌ "ခုဒ္ဒကော+ရထော, ရထကော-ရထားကလေး၊ ဝက်ကံ-ထွန်ငယ်၊ ဓနုကံ-လေးငယ်" ဟုလည်းကောင်း က ပစ္စည်းသက်သေးသည်။

**ဘဂိနီဟု၊ပေ၊စဉ်တိုင်းကြံလော**။ ။"ဘဂိနီအနက်၌ ဆ ပစ္စည်း, ဘာတု အနက်၌ ဥလပစ္စည်း"ဟု အစဉ်အတိုင်းကြံ၊ မာတ - အမိ၏ + ဘဂိနီ - အမ ညီမ သည်၊ မာတုစ္ဆာ (မိကြီး, မိထွေး, ဒေါ်ကြီး, ဒေါ်လေး) မည်၏၊ ပိတု + ဘဂိနီ, ပိတုစ္ဆာ=အရီးကြီး, အရီးလေး (စ ဒွေးဘော်လာ, အာ ပစ္စည်းထပ်သက်)၊ မာတု + ဘာတာ (မောင်), မာတုလော-ဦးကြီး, ဦးလေး၊ မာတုနှောင် ဘာတု အနက်၌ ဥလပစ္စည်းသက်၊ မောဂ္ဂလ္လာန်ကား "လ" ပစ္စည်းဟူ၏။ [မာတုစ္ဆာ မာတု ဘဂိနီ, ပိတုစ္ဆာ ဘဂိနီပိတု...မာတုလော မာတုဘာတာဿ, မာတုလာနီ ပဇာပတိ (အဘိဓာန်)၊ မာတုလာနီ-ဦးကြီး, ဦးလေး၏မယား။]

ပိတုစ္ဆာ။ ။"ပိတုစ္ဆာ ဘဂိနီ ပိတု"ဟု ဆိုသောကြောင့် အဘ၏ အစ်မ နှမကိုသာ ပိတုစ္ဆာသဒ္ဒါက ဟောသည်၊ တကြီး ဘထွေးကိုကား "မဟာပိတာ (ဘကြီး) + စူဠပိတာ-(ဘထွေး)" ပုဒ်တို့က ဟော၏၊ ["သာ (ထိုသဌေးသမီး သည်) စူဠပိတာ—မဟာပိတာ...မာတုလာ....ကိဿ တုမှေ ဂန္ထုံ န ဒေထာတိ အာဟ"-မဟာပဒုမသုတ္တဋ္ဌကထာ၊] မောဂ္ဂလ္လာန်၌ကား "ပိတိတော ဘာတရိ ရေယျဏ်"ဟု သုတ်တည်၍ ရိ အနုဗန်ရှိသော ယျေဏ်ပစ္စည်းဖြင့် ပေတ္တေယျော (ဘကြီး, ဘထွေး)ဟု ဖြစ်၏၊ သက္ကတ၌မူ ဗျ ပစ္စည်းဖြင့် "ပိတဗျော=ဘကြီး, ဘထွေး"ဟု ရှိသည်။

**တတန်မာတာ၊ပေ၊အာမဟ သက်ရ**။ ။မာတု ပိတုနှောင် ထိုသူတို့၏ မိဘကိုဟောသော မာတု ပိတုအနက်၌ အာမဟ ပစ္စည်းသက်၊ မာတု + မာတာ, မာတာမဟီ (အဖွား)၊ မာတု + ပိတာ, မာတာမဟော (အမိ၏ အဖ, အဖိုး)၊ ထို့အတူ ပိတာမဟော (အဘ၏ အဘ, ဝါ-အဖိုး) ပိတာမဟီ (အဘ၏ အမိ, ဝါ-အဖွား)ဟု ဖြစ်၏။ ["မာတိတော ပိတိတောစ ဘဂိနိယံ ဆော" (၃၆) "မာတာပိတူသွာမဟော" (၃၇) မောဂ္ဂလ္လာန်တဒ္ဓိတ်သုတ်။]

**ကိံယတနှင့်၊ပေ၊သက်ရ အာဝန္တု။** ။ ကိံ, ယ, တ, တေတို့နောင် ပရိမာဏအနက်၌ တ္တကပစ္စည်း အာဝန္တု ပစ္စည်းသက်၊ ကိံ ပရိမာဏံ အဿာတိ ကိတ္တကံ၊ အဿ - ထိုဝတ္ထု၏၊ ကိံ - ဘယ်လောက်သော၊ ပရိမာဏံ - အတိုင်းအရှည်သည်၊ အတ္ထိ-ရှိသနည်း၊ ဣတိ ကိတ္တကံ၊ [ကိံနောင် ပရိမာဏအနက်၌ တ္တက သက်၊ ဗျဉ္ဇနေစဖြင့် နိဂ္ဂဟိတ်ချေ၊ နာမ်ငဲ့, သိ အံပြု၊] ယံ + တံ+တေံ+ ပရိမာဏံ အဿာတိ ယတ္တကံ တတ္တကံ, တေ္တကံ-ဤမျှ အတိုင်းအရှည်ရှိသော ဝတ္ထု၊ "တေ+တ္တက"ဟု ဖြစ်သောအခါ ဤသုတ်ကြီးဖြင့်ပင် တေကို ဧပြု၊ ["ဧတ္တကမိန္နာဝ နိပါတနေန တေသဒ္ဒဿ ဧကာရော" ရူပိ၊] ပုလ္လိင် ဧတ္တိလိင်၌ ကိတ္တကော,ကိတ္တကာ" စသည်ဖြစ်၏။

**ယာဝါစသည်။** ။"ယံ+ပရိမာဏံ ယဿ"ဟု ပြု၍ အာဝန္တုသက်လျှင် ဂုဏဝါကဲ့သို့ "ယာဝါ, တာဝါ, တေဝါ-ဤမျှ အတိုင်းအရှည်ရှိသည်"ဟု ဖြစ်၏၊ သဗ္ဗနောင်လည်းသက်၍ "သဗ္ဗာဝါ-အလုံးစုံရှိသည်၊ သဗ္ဗာဝန္တံ-အလုံးစုံ အစိတ်အပိုင်းရှိသော၊ လောကံ-ကို"ဟု ဖြစ်၏၊ [ယတေဓောဟိ တ္တကော (၄၂) သဗ္ဗာစဒ-ဝန္တု (၄၃) မောဂ္ဂလ္လာန်တဒ္ဓိတ်၊] ရူပ၌ကား ဝန္တုသာ သက်၍ ဤသုတ်ကြီးဖြင့် ယစသည်၏ အကို အာပြု၏၊ "တေကိမိဒံ ယတေဟိ ပရိမာဏေ ဝန္တု" ဟူသော သိဒ္ဓန္တစန္ဒြိကာနှင့် "သဗ္ဗာဝတောတိ-အကာရဿ (ဗ္ဗ၌အကို) အာကာရော ကတော"ဟု ဖွင့်သော သာမညဖလသုတ်ဋီကာလည်း ဝန္တုပစ္စည်းပင်၊ ဤအစီရင်အတိုင်းဆိုလျှင် "တောဝတာဝ အမှေဟိ" စသည်ဖြင့် တော၌ ဒွေဘော်မလို၊ "ယာဝတာ, တာဝတာ, တေဝတာ, ကိတ္တာဝတာတို့ကို ပရိစ္ဆေဒတ္ထ (အပိုင်းအခြား အနက်ဟော) နိပါတ်" ဟုလည်း အဘိဓာန်ဆိုသည်။

**ကိံနောင် အခြားပစ္စည်းများ။** ။ မောဂ္ဂလ္လာန်တဒ္ဓိတ်၌ ကိံမှာ ရတိ+ ရီဝ + ရိဝတက + ရိတ္တကာ" ဟု သုတ်တည်၍ ကိံနောင် ရ အနုဗန္ဓ်ရှိသော "အတိ+ဤဝ + ဤဝတက+ဧတ္တက" ၄ ပစ္စည်းသက်၊ ကိံ +ပရိမာဏံ ဧတေသံတိ ကတိ-အဘယ်မျှ အတိုင်းအရှည်ရှိကုန်သနည်း၊ ကတိသဒ္ဒါ ဗဟုဝုစ်ချည်း ရှိသတတ်၊ "ကတိ + ဝဿာနိ အဿာတိ ကတိဝဿော - ဘယ်နှစ်နှစ် ရှိသူနည်း" စသည်၌လည်း ဗဟုဝုစ်ပင်။ [ကိံနောင် ရတိ သက်၊ ဤ သုတ်ဖြင့်ပင် ရ အနုဗန္ဓ်နှင့် ဧ ကိုလည်း ချေ၊ ကီဝ-အဘယ်မျှ အတိုင်းအရှည်ရှိသနည်း၊ ရီဝ ပစ္စည်းဆုံးသော ကီဝသည် အသင်္ချ(နိပါတ်)ဖြစ်၍ ဝိဘတ်အားလုံးကြေနိုင်၏၊] "ကီဝါတိ အယံနိပါတော ကိတ္တကန္တိ ဧမဿ အတ္ထံ ဗောဓေတိ" တိကင်္ဂုတ္တရဋီကာ။

**ကီဝဒူရော စသည်။** ။ကီဝ + ဒူရံ ယဿာတိ ကီဝဒူရော - အဘယ်မျှ အတိုင်းအရှည်ရှိအောင် ဝေးသနည်း (ဘယ်လောက်ဝေးသနည်း)၊ ကီဝ မဟန္တော-အဘယ်မျှ အတိုင်းအရှည်ရှိအောင် များသောဥစ္စာ ရှိသနည်း၊ ရီဝတက

ပစ္စည်းဖြင့်"ကိဝတကံ ပဟောတိ သရေန ဝိညာပေတုံ-ဘယ့်လောက်တိုင်အောင် အသံဖြင့် သိစေခြင်းငှာ စွမ်းနိုင်သနည်း၊ (ပြဟ္မသံယုတ် ကောကာလိကသုတ်)၊ ရိတ္တက သက်ရောက်၌ကား ပြခဲ့သော "ကိတ္တကံ" ပုံစံပင်တည်း၊ နိရုတ္တိဒီပနီ၌ ရိဝန္တု, ရိတ္တာဝန္တု ပစ္စည်းတို့ကိုလည်း ယူ၍ "ကိဝန္တော ဟောန္တိ ယာစကေ, ကိတ္တာဝတာ နုခေါ ဘန္တေ ဘဝေါ ဟောတိ" ဟူသော ပုံစံတို့ကို ပြ၏၊ ထိုတွင် ကိဝန္တောသည် ဝန္တုပစ္စည်းဖြင့်လည်း ပြီးနိုင်၏၊ ကိတ္တာဝတာကား ပရိစ္ဆေဒတ္တ နိပါတ်ပင်။

**အစပြုသည် ယဒနုသုတ်ကြီး အရာတည်း။** ။ ယ-တတို့နောင် ပရိမာဏ အနက်၌ အာဝတကပစ္စည်း သက်၍ "ယာဝတကော အဿ ကာယော, တာဝတကော အဿ ဗျာမော" စသည်ဖြစ်၏၊ ဣတ္ထိလိင်၌ကား "ဒါယကော=ဒါယိကာ, ပါပကော=ပါပိကာ" တို့ကဲ့သို့ တ၏ အက္ခရာ တေသုဝုဒ္ဓိဖြင့် ဣပြု၍ "ယာဝတိကာ ယာနဿ ဘူမိ" စသည် ဖြစ်၏၊ ယာဝနောင် ဏိကသက်, ဣန်လာ၍ "ယာဝတိကာ"ဟု ပြီးစေသတတ်၊ အာဝတကပစ္စည်း၌ တ၏ အကို ဣပြုခြင်းနှင့် သဘောတူပင်၊ "ယာဝတိဟံ ဇာနံ ပဋိစ္စာဒေတိ, တာဝတိဟံ" ဟူသော ပါဠိ မောက်၌လည်း ယာဝတာနိပါတ်နှင့် အဟာပုဒ်ကို စပ်၍ "ဝတော ဣန်ဝါ" ပါဏိနီသုတ်ဖြင့်ဖြစ်စေ,ဤသုတ်ကြီးဖြင့်ဖြစ်စေ ဣန်လာထားသည်ဟု ကြံသင့်၏၊ [ပါဠိမောက် ဘာသာဋီကာ၌ကား တမျိုးကြံခဲ့သည်။] "ယာဝတာ-အကြင်မျှ အတိုင်းအရှည်ရှိကုန်သော + အဟာနိ — ရက်တို့တည်း၊ ယာဝတိဟံ-အကြင်မျှ အတိုင်းအရှည်ရှိသော ရက်၊ တာဝတိဟံ - ထိုမျှ အတိုင်းအရှည်ရှိသော ရက်၊ ယာဝတာကိုလည်း သချာသဒ္ဒါနှင့် သဘောတူထား၍ "ယာဝတိဟံ"ကို ဒိဂု သမာသ်ဟု ကြံ။

**ဣဝတ္ထ၌ အခြားပစ္စည်းများ။** ။ဝတ္ထိနောင် ဣဝ အနက်၌ ဧယျ သက်၊ ဝတ္ထိဣဝ-ဆံစ (ဆီးဖုံး)နှင့်တူ၏၊ ဣတိ ဝတ္ထေယျံ၊ သိလာနောင် ဏေယျသက်၊ သိလာ ဣဝ-ကျောက်နှင့်တူသော နို့ခမ်းခဲ၊ သာခါ စသည်နောင် ဣယသက်၊ သာခါဣဝ သာခိယော-သစ်ခက်နှင့်တူသော အရာ၊ မေဃိယော-မိုးနှင့်တူသောအရာ၊ ကုသဂ္ဂမိဝ ကုသဂ္ဂိယာ-သမန်းမြက်ဖျားကဲ့သို့ ထက်သော ပညာ၊ ကုသဂ္ဂိယံ-သမန်းမြက်ဖျားကဲ့သို့ သိမ်မွေ့သောအဝတ်၊ မုခ စသည်နောင် ယ ပစ္စည်းသက်၊ မုခမိဝ - အဦးအစကဲ့သို့ (ပဓာနဘူတံ - ပဓာနဖြစ်သောအရာ သည်၊) မုချ-မည်၏၊ ["မုခေ ပဓာနေ+ဘဝံ, မုချံ"ဟုလည်း ပြု၊] ဇဃနမိဝ-တင်ပါးကဲ့သို့ဘည်း၊ ဇဃည-တင်ပါးနှင့်တူသော အရာ။

**ကာကတာလီယ။** ။ကာကတာလမိဝ အာကသ္မိကံ ယံ မိလနံ, တံ ကာကတာလီယံ၊ ကာကတာလမိဝ - ကျီးနှင့် ထန်းသီး ပေါင်းမိခြင်းကဲ့သို့၊ အာကသ္မိကံ-တရံတခါ၊ ယံ မိလနံ-အကြင် ကြုံကြိုက်ခြင်းသည်၊ ဟောတိ-၏၊ တံ-သည်

ကာကတာလီယံ - မည်၏။ [ကျီးသည် သူ့ဘာသာသူ ပျံ၏, ထန်းသီးလည်း သူ့ဘာသာသူ ကြွေ၏၊ သို့သော် တရံတခါ ကျီးပျံခိုက်နှင့် ထန်းသီး ကြွေခိုက် ကြုံကြိုက်၍ ကျီးပေါ်ထန်းသီးကျသဖြင့် ကျီးသေရလေသည်၊ထို့အတူ ဒေဝဒတ် အလာနှင့် ခိုးသူတို့ရောက်နေခိုက် ကြုံကြိုက်၍ ဒေဝဒတ်ကို ခိုးသူတို့ အသတ်ခံရရာ၌ "ကာကတာလီယ" ဟု ခေါ်သည်၊ "ကာကော တာလော စ ကာကတာလာ၊ ကာကတာလာနံ မိလနံ ကာကတာလံ (ဥတ္တရပဒလောပသမာသ်) ကာကတာလမိဝ အသ္မိကံ ယံ မိလနံ, တံ ကာကတာလီယံ" ဟု ဥပမာတဒ္ဓိတ် ကဒါစိ အနက်၌ ဤယသက်။]

ကာသိကာဝုတ္တိ။ ။ကာကဿာ-ဂမန် ယာဒိစ္ဆကံ (ကျီးပျံလာခြင်းသည် အကြောင်းမရှိ သူ့ဘာသာသူ ဖြစ်၏)၊ တာလဿ ပတနံ စ (ယာဒိစ္ဆကံ)၊ တေန တာလေန ပတတာ (ပတန္တေန) ကာကဿ ဝဓော ကတော၊ ဝေမေဝ ဒေဝဒတ္တဿ တတြာ-ဂမနံ, ဒဿူနံ (သူခိုးတို့၏) စောပနိပါတော၊ တေဟိစ တဿ ဝဓော ကတော၊ တတြ ယော ဒေဝဒတ္တဿ ဒဿူနံ စ သမာဂမော, သော ကာကတာလ သမာဂမသဒိသော ဣစ္စေကော ဥပမာတ္ထော၊ အတောစ ဒေဝ ဒတ္တဿ ဝဓော, သော ကာကတာလဝဓ သဒိသောတိ ဒုတိယော ဥပမာတ္ထော၊ တတြ ပဌမေ သမာသော, ဒုတိယေ ပစ္စယော။

မှတ်ချက်။ ။မြန်မာ၌ "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်" ဟူသော စကားလည်း ထို ကာကတာလီယမှ ဆက်သွယ်လာသော စကား ဖြစ်ဟန်တူ၏၊ သို့သော် မြန်မာ စကားနှင့် ဤ ကာကတာလီယမှာ ထပ်တူမကျချေ၊ မြန်မာစကား၌ "ထန်းသီးအကြွေ နှင့် ကျီး၏ ထန်းပင်ပေါ်နားခြင်းတို့ မရည်ရွယ်ပဲ ကြုံကြိုက်ခြင်း" ဟုသာ အဓိပ္ပာယ် ထွက်၏၊ ကာက တာလီယ၏ ဆိုလိုရင်းကား ကျီးသေရခြင်းတိုင်အောင်တည်း။

အဇာကပါဏီယံ စသည်။ ။အဇာကပါဏီယံ-ဆိတ်မ လာခိုက် သန်လျက် ကျခိုက် ကြုံကြိုက်၍ ဆိတ်မ သေရခြင်းနှင့်တူသော အဖြစ်အပျက်၊ [ကပါဏသဒ္ဒါ သန်လျက်ဟောတည်း၊ အဇာခဂ္ဂီယံလည်း တူ၏၊ ခဂ္ဂသဒ္ဒါ သန်လျက်ဟောပင်၊] ကောင်းသော အရာ၌ကား "အန္ဓကဝတ္တကီယံ-သူကန်းလက်၌ ငုံးငှက်ကျလာ၍ သူကန်းက ငုံးဖမ်းမိခြင်းနှင့် တူသော အဖြစ်အပျက်" ဟု လည်းကောင်း "ဃုဏက္ခရီယံ - ခြ စားရာတွင် (တမင်မလုပ်ပဲ) အက္ခရာစာလုံး ထင်ခြင်း ဟူသော အဖြစ်အပျက်" ဟုလည်းကောင်း ဆို၏၊ မြန်မာ၌လည်း "ကြက်ကန်း ဆန်အိုးတိုးမိ, မရှယ်ပဲနှင့် စောကဲမင်းဖြစ်" ဟု အဆိုရှိသည်။

အန္ဓဂတီယံ။ ။ သူကန်း လမ်းသွားရာ၌ အခန့်သင့်၍ လိုရာရောက်သွားခြင်းနှင့်တူသော အဖြစ်အပျက်ကိုကား "အန္ဓဂတီယ" နည်းဟု ခေါ်၏၊ ကျမ်းဂန်တို့၌လည်း "အန္ဓဿ ပဗ္ဗတာရောဟဏံ ဝိယ" စသည်ဖြင့် အစ္စရိယ အဗ္ဘုတ အရာ၌ ဖွင့်လေ့ရှိသည်။

**ခလတိဝလ္လိယ**။ ။ခြေချော်သွားရာ အခန့်သင့် နွယ်ငြိသဖြင့် မလဲသကဲ့သို့သော အဖြစ်အပျက်ကို"ခလတိဝလ္လိယ"**နည်း**ဟုခေါ်၏၊ မြန်မာ၌ကား ခြေချော်သွားရာ၌ အရှက်မကွဲအောင် ထိုင်လိုက်သော နည်းကဲ့သို့သော အဖြစ်အပျက်ကို "ချော်လဲ ရောထိုင်"ဟုလည်းကောင်း, သူတပါးက မကောင်းကြံလိုက်ရာတွင် အကောင်းအကျိုးပေးသော အဖြစ်အပျက်ကို "စိုင်ကော်လို့ ချုံပေါ်ကျသည်" ဟုလည်းကောင်း, အကျိုးရှိပါလျက် မလုပ်မကိုင်ချင်သူကို အတင်းခိုင်းရာ၌ "ဇိကုတ် နတ်ပြည်တင်"ဟုလည်းကောင်း ပြောလေ့ရှိကြ၏၊ ထိုအားလုံးသည် ဤ ပြခဲ့သောနည်းမျိုးပင်တည်း။ [ဤ **ကာကတာလီယ**စသော **နည်း**များကို နည်း ၄၀ ၌ ဖြည့်စွက်သင့်သည်။]

## မောဂ္ဂလ္လာန် ပစ္စည်းများ

မတ္တပစ္စည်း။ ။"မာနေ **မတ္တော**" သုတ်ဖြင့် အတိုင်းအရှည်ကို ဟောရာ၌ **မ**တ္တပစ္စည်းသက်၊ ပလံ ဥမ္မာနံ **အဿ**ာတိ ပလမတ္တံ၊ **အဿ**·ထို့ဝတ္ထု၏၊ ဥမ္မာနံ-မြောက်ချိန်အပ်သော အလေးသည်၊ ပလံ-တပိုတည်း၊ ဝါ-လေးကျပ်သားတည်း၊ ဣတိ ပလမတ္တံ၊ ဟတ္ထော ပမာဏံ **အဿ**ာတိ ဟတ္ထမတ္တံ–တထောင် **အ**တိုင်းအရှည်ရှိသောဝတ္ထု၊ **သတံ** မာနံ (အရေအတွက်) **အဿ**ာတိ သတမတ္တံ· တရာ အရေအတွက်ရှိသော ဝတ္ထု။ ["ပဥ္စမတ္တေဟိ ဘိက္ခုသတေဟိ"၌ ဤသဒ္ဒါကျမ်းအလို မတ္တပစ္စည်းဟု ဆိုသင့်သော်လည်း အဋ္ဌကထာတို့၌မူ "ပဥ္စ+မတ္တာ ဧတေသံတိ ပဥ္စမတ္တာ၊ မတ္တာတိ ပမာဏံ ဝုစ္စတိ"ဟု ဖွင့်သောကြောင့် ပမာဏ အနက်ဟော "မတ္တာ" ပုဒ်ဟု ဆိုလိုသည်၊] ဒေါဏမတ္တံ-တစိတ် အချင့်ရှိသော ဝတ္ထု၊ အချို့အရာ၌ကား ဒေါဏောပုဒ်ချည်းပင် တစိတ် အရေအတွက် ရှိသော ဝတ္ထုကိုဟော၏၊ ထိုအရာ၌ "အဘေဒေါပစာ"ဟုမှတ်၊ "ပရိမာဏ(အချင့်)နှင့် ပရိမေယျ (ချင့်အပ်သောဝတ္ထု)ကို မခွဲခြားပဲ ဆိုအပ်သောစကား"ဟူလို။

တဃ္ဃပစ္စည်း။ ။"တဃ္ဃော စုဒ္ဓံ" သုတ်ဖြင့် အထက်အမြင့်ကို တိုင်းကြောင်း သဒ္ဒါနောင် တဃ္ဃပစ္စည်း ( စဖြင့် ) **မ**တ္တပစ္စည်းသက်၊ ဇဏ္ဏု ပမာဏံ အဿာတိ ဇဏ္ဏုတဃ္ဃံ, ဇဏ္ဏုမတ္တံ - ဒူး ပဆစ် **အ**တိုင်းအရှည်ရှိသော ရေ စသည်။ ["ဇဏ္ဏုတဃ္ဃ ဥပတ္ထရတိ-ဇဏ္ဏုပမာဏေ ဥဒကေ ဥပတ္ထရဖုလ္လာ ဟောန္တိ" ဝေဿံ·ဋ္ဌ၊] ဇဏ္ဏုမတ္တံ စသည်၌ကား ပမာဏဝါစက မတ္တာပုဒ်လည်း ဖြစ်သင့်သည်ပင်၊ ပုရိသ ပုဒ်နောင်ကား ပမာဏအနက်၌ ဏ – မတ္တ – တဃ္ဃ ၃ ပစ္စည်းသက်၊ "ပေါရိသံ,ပုရိသမတ္တံ,ပုရိသတဃ္ဃံ-ယောကျ်ား အတိုင်းအရှည်ရှိသော (လက်ခုတ် တဖောင် အတိုင်းအရှည်ရှိသော,တရပ်တသူ အတိုင်းအရှည်ရှိသော)ရေ စသည်။

**အယ**ပစ္စည်း။ ။"အယူ-ဘာဒွိတိဟျသေ" သုတ်ဖြင့် ဥဘ ဒွိ တိနောင် အံသ (အဖို့အစု) အနက်၌ အယ ပစ္စည်းသက်၊ ဥဘော + ဒွေ + တယော + အံသာ အဿာတ် ဥဘယံ ဒွယံ= ၂ ပါးသော အစိတ်အပိုင်းရှိသော အပေါင်း၊ တယံ=

၃ ဖါးသော အစိတ်အပိုင်းရှိသော အပေါင်း။ [ သမူဟာအနက်၌ ဏ ပစ္စည်းဖြင့် "ဒွယံ, တယံ" လည်း ရှိခဲ့ပြီ။]

**တယပစ္စည်း။** ။ဒွိ တိ စသည်နောင် တယပစ္စည်းလည်းဆက်၍ "ဒွိတယံ-၂ ခုသော အစိတ်ရှိသော အပေါင်း၊ တိတယံ-၃ ခု အစိတ်ရှိသော အပေါင်း" စသည် ဖြစ်၏။ ["သဉ္ဇာယာ အဝယဝေ တယင္"-မုဒ္ဒဗောဓ ၄၆၀ သုတ်၊ "အရိယာယဇ္ ဒိတယံ" - ဆန်း၊ "ဗာလာဒိစ္စာဒိ ဝါသာဒ္ဒိတယံ" - ရူပသိဒ္ဓိ နိဂုံးတို့ကို ပါဠိ၌ တယပစ္စည်း သုံးပုံတည်း။]

**အာကီပစ္စည်း။** ။"ကော ကာကျ-သဟာယေ (က အာကီ အသဟာယေ)" သုတ်ဖြင့် အသဟာယ အနက်၌ဖြစ်သော ကေနောင် က ပစ္စည်း အာကီပစ္စည်း သက်၊ ကေကော (အဖော်မပါ) တယောက်တည်း၊ ကောကီ-တယောက်တည်း သော ယောကျ်ား၊ ဣတ္ထိလိင်၌ **က၏** အကို ဣပြု၍ "ကေိကာ သယနေ သေတု, ယာတေ အမ္မေ အဝ ါဟရိ" ဟုလည်းကောင်း, အာကီနောင် ဣနီသက်၍ "ကော ကိုနီ ဂဟဌာဟံ, မာတရာ ပတိစောဒိတာ" ဟုလည်းကောင်း ဖြစ်၏၊ က အက္ခရာ လာ၍ "ကောကိုကော အဒုတိယော" ဟုလည်း ရှိသည်၊ ကိ၌ ရဿပြု၊ နပုလ္လိင်၌ "ကေကံ ကောတိ ကုလံ" ဟု ဖြစ်၏။

**တရပစ္စည်း။** ။"ဝစ္ဆာဒီဟိ တနုတ္တေ တရော" သုတ်ဖြင့် ဝစ္ဆစသည်နောင် ထို ဝစ္ဆစသောသဘာဝ၏ နုံ့သည်အဖြစ်ကို သိအပ်သော် တရပစ္စည်းသက်၏၊ "ဝစ္ဆော-နွားငယ်" ဟူရာ၌ ငယ်သောသဘောသည် ဝစ္ဆ၏သဘောတည်း၊ ထို ငယ်သော သဘောနည်းပါး၍ အတော်အတန်ကြီးလာသည်ကို တနုတ္တ(နုံ့သည်၏အဖြစ်)ဟု ဆိုသည်၊ ဝစ္ဆတရော - နွားကလေးကြီး၊ ဝစ္ဆတရတိ-တရုဏ ဝစ္ဆဘာဝံ အတိက္ကန္တာ ဗလဝဝစ္ဆာ"-မဏ္ဍိမပံ, ကန္ဒရသုတ္တဋ္ဌ၊ ဥက္ခသဒ္ဒါ ဒုတိယ အရွယ်၌တည်သော နွားလားကို ဟော၏၊ ဥက္ခတရော-နွားလား အကြီးစား၊ အဿတရော-ပကတိရိုးရာ မြင်းသဘော နည်းပါးသော အဿတိုရ်မြင်း၊ ဝါ-လားမြင်း၊ ဥသဘတရော-ဥသဘ ရိုးရာဝန်ဆောင်နိုင်သည့် စွမ်းရည်သတ္တိနည်းပါးသော နွားလား။

ရတရ, ရတမပစ္စည်း။ ။"ကိမှာ နိဒ္ဒါရဏေ ရတရ-ရတမာ" သုတ်ဖြင့် နိဒ္ဒါရဏ အနက်ကို သိအပ်သော် ကိံနောင် ရတရ-ရတမ ၂ ပစ္စည်းသက်၊ "ကတရော ဘဝတံ ဒေဝဒတ္တော, ကတမော ဘဝတံ ဒေဝဒတ္တော=အရှင်တို့တွင် ဒေဝဒတ်ဆိုသူကား ဘယ်သူပါနည်း"။

**လ, ဣလပစ္စည်း။** ။"**တေန ဒတ္တေ လိယာ**" သုတ်ဖြင့် ပေးအပ်ဟူသော အနက်ကို ဟောလိုလသော် **တေန**ဖြင့် ညွှန်ပြအပ်သော တတိယန္တပုဒ်နောင် လ-ဣယ ၂ ပစ္စည်းသက်၊ ဒေဝေန+ဒတ္တော ဒေဝလော, ဒေဝိယော-နတ်သည်

ပေးအပ်၏ဟု ယူဆ၍ မှည့်အပ်သော ဒေဝလ, ဒေဝိယမည်သူ၊ သီဝေန ဒတ္တော သီဝလော,သီဝိယော=သီဝ နတ် ပေးအပ်သူ။ [သိဒ္ဓိ ဒီဃပြု၊]"ပဋ္ဌဝိသေ ဏ္ဍတော ကပ္ပေ, ဒေဝလောနာမ ခတ္တိယော" အစုဝန္နိယ ရေပေဒါန် (ယခုစာတို့၌ "ဒေဝိလ" ဟု အရှိများ၏)၊ "သိဝလောနာမ အတြဇော" မဂ်လဗုဒ္ဓဝံသ။

သဏ်,ဿပစ္စည်း။ ။"ဇဝ္‌တော သဏ် ဝါ" သုတ်ဖြင့် ဇတုမယ်ကဲ့သို့ မယဉ်၏ ဝိကာရ အနက်၌ သဏ်ပစ္စည်းလည်းသက်၊ ဇတုသ (ဇတုမယ်)- ချိတ်ဖြင့်ပြုအပ်သော ဝတ္ထု၊ "စက္ခာဒိတော ဿော" သုတ်ဖြင့် စက္ခုစသည်နောင် ဟိတ အနက်၌ ဿ ပစ္စည်းသက်၊ စက္ခုဿ ဟိတံ စက္ခုဿံ - မျက်စိ၏ ပွါး ဖြစ်သော အရာ၊ အာယုဿံ-အသက်၏ ပွါးဖြစ်သော အရာ။

နိယ, ည, ဏ္ဍက။ ။"ကမ္ဗာ နိယညာ" သုတ်ဖြင့် ကမ္ဗနောင် ဟိတအနက်၌ နိယ-ည ၂ ပစ္စည်းသက်၊ "ကမ္ဗနိယံ, ကမ္ဗညံ" တို့ကား၊ ရှုအလို ဏ္ဍယ-ယပစ္စည်း သက်, န လာ၍လည်း ပြီး၏၊ "ကထာဒိဟိ ဏ္ဍကော" သုတ်ဖြင့် ကထာစသည် နောင် သာဓုအနက်၌ ဏ္ဍကပစ္စည်းသက်, ကထာယံ+သာဓုကထိကော = စကား အရာ၌ ကောင်းသူ (စကားပြောကောင်းသူ) ဓမ္မကထိကော၊ ပဝါသိကော= အရပ်တပါး၌ကောင်းသူ၊ဥပဝါသိကော-ဥပုသ်သုံးခြင်း၌ကောင်းသူ။ ["ပါထေယျံ သာပတေယျံ ဒက္ခိဏေယျော" တို့ကို ဏေယျပစ္စည်းဖြင့် ပြခဲ့ပြီ။]

အာယပစ္စည်း။ ။"ရာယော တုမန္တာ" သုတ်ဖြင့် တုံပစ္စယန္တ နောင် အရဟအနက်၌ ရ အနုဗန်ရှိသော အာယပစ္စည်းသက်၊ ဃာတေတုံ + အရဟတီတိ ဃာတေတာယော- ညှဉ်းဆဲခြင်းငှာထိုက်သူ၊ ဇာပေတာယော-ဆုံးရှုံးခြင်းငှာ ထိုက်သူ၊ ပဗ္ဗာဇေတာယော-နှင်ထုတ်ခြင်းငှာထိုက်သူ၊ ["ဃာတိသဒ္ဒေါ ဟိ သ နတ္ထော၊ တတောစသဒ္ဒဝိဒူ အရဟတ္ထံ တာယ သဒ္ဒံ ဥပ္ပာဒေတွာ ဃာတေတာယန္တိ ရူပသိဒ္ဓိံ ဏ္ဍစ္ဆန္တီတိအာဟ-ဃာတာရဟန္တိ"ဟူသော မူလပံ, သဒ္ဒကသုတ် ဋီကာ နှင့် "အတသိတာယေတိ န တသိတဗ္ဗေ - မထိတ်လန့်ထိုက်သောအရာ၌" ဟု ဖွင့်သော ခန္ဓဝဂ် ဒုတိယံပံ, ပထမဝဂ်ဋီကာတို့အလိုမူ တဗ္ဗပစ္စည်းနှင့် အလား တူသော ကိတ်တာယပစ္စည်းဟု ကြံထိုက်သည်၊]

အဘူတတဗ္ဘာအနက်၌ ဝီပစ္စည်း။ ။တဘ — ထိုအခိုက်အတန့်ဖြင့်+ ဘာဝေ ါ-ဖြစ်ခြင်းတည်း၊ တဗ္ဘာဝေါ-ခြင်း၊ အဘူတဿ- ထိုအခိုက်အတန့်ဖြင့် မဖြစ်ဖူးသော အနက်၏၊ တဗ္ဘာဝေါ—ထို အခိုက်အတန့်ဖြင့် ဖြစ်ခြင်းတည်း၊ အဘူတတဗ္ဘာဝေါ- ခြင်း၊ ထိုအဘူတတဗ္ဘာအနက်ကို သိအပ်ရာ၌ ကရောတ် အသဓာတ် ဘူဓာတ်တို့တွင် တခုခုနှင့်ယှဉ်ရာ၌ ဝိကာရဝါစီသဒ္ဒါနောင်ဝီပစ္စည်း (တနည်း ဤပစ္စည်း)သက်၊ "အဘူတတဗ္ဘာဝေ ကရာသဘူယောဂေ ဝိကာရာ ဝီ"(မောဂ္ဂလ္လာန်သုတ်)၊ ပုံစံကား—ဝေလိကရောတိ (ဈေးက မပြုသော အရာ

ဝတ္ထုကို ဖြူအောင်ပြု၍၊ ဓဝလီသိယာ- ရှေးက မဖြူပဲ ယခု အဖြူဖြစ်ရာ၍၊ ဓဝလီဘဝတိ-(ရှေးက မဖြူပဲ ယခုအဖြူဖြစ်၏)။

ခဲ့ျဦးအံ့—မည်းနက်နေသောအရာဝတ္ထုကို ဖြူအောင်ပြုလုပ်ရာ၌ ထိုဝတ္ထု၏ အဖြူ မဖြစ်သေးသော အခိုက်အတန့်သည် အဘူတတည်း၊ (အဖြူဖြစ်အောင် ပြုလုပ်သဖြင့်) အဖြူဖြစ်လာခြင်းသည် တဗ္ဘာဝတည်း၊ မဖြူသောဝတ္ထု၏ တမျိုး တဖုံပြောင်းလဲ၍ အဖြူဖြစ်ခြင်းသည် ဝိကာရတည်း၊ [ပကတိ ဝိကတိ ၂မျိုးတွင် ဝိကတိဆိုသည်နှင့် သဘောတူပင်၊] ထို ဝိကာရအနက်ကို ဟောသော ဓဝလ သဒ္ဒါကား ဝိကာရဝါစီသဒ္ဒါတည်း၊ ထို ဝိကာရဝါစီသဒ္ဒါ၌ ကရောတိ ဟူ ကရဓာတ်နှင့်လည်း ယှဉ်လျက်ရှိ၏၊ ဤသို့လျှင် အဘူတတဗ္ဘော အနက်ကို သိအပ်ရာဝယ် ကရဓာတ်နှင့်ယှဉ်သော ဝိကာရဝါစီ ဓဝသဒ္ဒါနောင် ဤပစ္စည်း (ကစ္စည်းအလို ဤပစ္စည်း)သက်၍ "ဓဝလီကရောတိ"ဟု ဖြစ်သည်၊ ဓဝလီ သိယာ၌ အသဓာတ်, ဓဝလီဘဝတိ ဘူဓာတ်ဖြစ်ခြင်းသာ ထူး၏။

ရုပ်တွက်ပုံ။ ။ရုပ်တွက်ရာ၌ "ဓဝလံ+ကရောတိ"ဟုတည်, အဘူတ တဗ္ဘာဝေစသော သုတ်ဖြင့် အဘူတတဗ္ဘောအနက်၌ ဓဝလနောင် ဤပစ္စည်း သက်, စ အနုဗန်ချေ(တနည်း, ယဒနုသုတ်ကြီးဖြင့် ဤပစ္စည်းသက်၊) ဓဝလံနှင့် ကရောတိကို ဒုတိယာတပ္ပုရိသ်သမာသ်စပ်၍ ဓဝလံ၌ အံဝိဘတ်ကိုလည်းချေ၊ ဓဝလီကရောတိဟု ပြီး၏၊ ["အာချာတ်ပုဒ်နှင့် သမာသ်မဖြစ်"ဟူသော စကား သည် များရာလိုက်၍ဆိုအပ်သော ယေဘုယျ စကားတည်း၊ ကရောတိ ဟု အာချာတ်ပုဒ် ဆိုးလျက်ရှိသောကြောင့် နာမ်ဆည်း မငဲ့ရတော့ပြီ၊ "အဓဝလော ဓဝလော သိယာ"ဟူသော အနက်၌ ဓဝလီသိယာ ဟုလည်းကောင်း, "အဓဝ လော ဓဝလော ဘဝတိ" ဟူသောအနက်၌ ဓဝလီဘဝတိဟုလည်းကောင်း ပြီးပုံကိုလည်းသိပါ။

မှတ်ချက်။ ။အဘူတတဗ္ဘော မဟုတ်ရာ၌ကား "ဃဋံ ကရောတိ=အိုးကိုပြု၏" စသည်ဖြင့် ဤပစ္စည်း မသက်ရ၊ ကရ-အသ-ဘူဓာတ်နှင့် မယှဉ်ပြန်လျှင် အဘူတ တဗ္ဘော အနက်ပင် ဖြစ်သော်လည်း ဤပစ္စည်း မသက်ရ၊ "အဓဝလော ဓဝလော ဇာယတေ"ဟုသာ ဖြစ်၏၊ "သုဝဏ္ဏံ ကုဏ္ဍလံ ကရောတိ"၌ သုဝဏ္ဏံကဲ့သို့ ပကတိ ဝါစီသဒ္ဒါနောင်လည်းဤပစ္စည်းမသက်ရ၍ "သုဝဏ္ဏီကရောတိ"ဟုမဖြစ်နိုင်၊ "အကုဏ္ဍ လံ ကုဏ္ဍလံ ကရောတိ"ဟု အနက်ဆို၍ "ကုဏ္ဍလီ ကရောတိ = နားတောင်းပြု၏" ဟုကား ဖြစ်နိုင်သည်၊ "တုမှိဘဝတိ-သင်မဟုတ်သူက သင်ဖြစ်နေ၏၊ အပါကဋံ ပါကဋံ ကရောတိတိ ပါကဋီကရဏံ၊ တဿ+ပါကဋီကရဏံ တပ္ပါကဋီကရဏံ" စသည်ဖြင့် ဤပစ္စည်းပုံစံတွေ အတော်များစွာ ရှိပေသည်။

ရိကဏ်, အာဝိ, ဥကိ, ယုဏ်။ ။"ဒိဿန္တညေပိ ပစ္စယာ" သုတ်ဖြင့် ရ အနုဗန်ရှိသော ရိကဏ်ပစ္စည်း, အာဝိ-ဥကိ-ယုဏ်ပစ္စည်းသက်၊ ဝိဝိဓာ+ မာတရော, ဝိမာတရော — အထူးထူးသော (ကွဲပြားသော) အမိတို့၊ ဤကား

**ဒွါဒိတောကော နေကတ္ထေစ**

၃၉၂။ အနေကတ္ထေ— များစွာသောအနက်၌၊ ဒွိ ဣစ္စေဝမာဒိတော — ဒွိ အစရှိသော သင်္ချာသဒ္ဒါတို့မှ (နောက်၌)၊ ကပစ္စယော ဟောတိ—၏၊ စ - သည်သာ မကသေး၊ နိပါတနာ—ရှေ့ နိပါတနသုတ်ဖြင့်၊ သိဇ္ဈန္တိ — ပြီးကုန်သေး၏၊ သတဿ — တရာ၏၊ ဒွိကံ — ၂ ခုတည်း၊ ဒွိသတံ — တရာ နှစ်ခု၊ ဝါ — နှစ်ရာ၊ သတဿ, တိကံ—

---

သမာသ်သာတည်း၊ ဝိမာတုနံ + ပုတ္တာ ဝေမာတိကာ = မတူသော အမိတို့၏ သားတို့ (မိကွဲ ဘတူသားတို့)၊ ရဏ် (ရ အနုဗန်ရှိသော အဏ်) ပစ္စည်းလည်း သက်၍ "ဝေမာတာ ဘဂိနီစာပိ"ဟုလည်း ဖြစ်၏၊ ပထံ+ဂစ္ဆတီတိ ပထာဝိ— ခရီးသွားသူ၊ ["ပထံ + အဝန္တိ ဂစ္ဆန္တီတိ ပထာဝိနော"ဟု ပြုသော မူလပုံ ဖြဟ္မနိမန္တနသုတ် ဋီကာအလို့မူ အဝ-ဓာတ် ဏီပစ္စည်းဖြင့် ပြီးသော ကိတန္တ သမာသ်တည်း၊] ဣဿာ + အဿအတ္ထီတိ ဣဿုကီ-ငြူစူခြင်းရှိသူ၊ ["စဏ္ဍာစ ဖရုသာ အာသိံ, ဣဿုကီ မစ္ဆရီ သဌာ"ဟု ရှိသော ဣတ္ထိလိင်အရာ၌ကား ဣဿာနောင် ဥကပစ္စည်း, ဣတ္ထိဇောတက ဤပစ္စည်းဟုလည်း ကြံသင့်၏၊] ဓုရံ ဝဟတီတိ ဓောရယှော=ဝန်ဆောင်သူ၊ ဤသို့လျှင် တိုက်ရိုက်သုတ်မရှိသော ယောဂဝိဘာဂ စသည်ဖြင့်လည်း မပြီးနိုင်သော တဒ္ဓိတ်ပစ္စည်းများကို ဤယဒနု သုတ်ကြီးဖြင့်ချည်းသက်၊ ထို့ကြောင့်"အစပြုသည့်ယဒနုသုတ်ကြီးအရာတည်း" ဟု (လက်ာ၌) ဆရာတို့ မိန့်တော်မူကြသည်။

---

၃၉၂။ **အနေကတ္ထေ**။ ။ "အနေကတ္ထေတိ — သကတ္ထပရိမာဏတ္ထာဒိဝသေန အနေကသ္မိံ အတ္ထေ"ဟု ရူပ္ပဋီကာဖွင့်သောကြောင့် သကတ်အနက် ပရိမာဏအနက် စသောအားဖြင့် ကပစ္စည်းသက်ရာအနက်တွေ များသည်ကို အနေ ကတ္ထဆိုသည်ဟု မှတ်၊ ထိုတွင် သကတ်အနက်၌ "ဒွေဧဝ ဒွိကာ—၂ ခုတို့"ဟု ဗဟုဝုစ်ပြု၊ ပရိမာဏအနက်၌ "ဒွေ + ပရိမာဏံ အဿာတိ ဒွိကံ"ဟု ဧကဝုစ် ဖြစ်စေ "ဒွေပရိမာဏံ ဧတေသံတိ ဒွိကာ"ဟု ဗဟုဝုစ်ဖြစ်စေ ပြု၊ [ဒွေဟု ဗဟုဝုစ် ရှိသော်လည်း "ပရိမာဏံ"ဟု ဧကဝုစ်နှင့် တွဲနိုင်၏၊ ဘာ့ကြောင့်နည်း....အတိုင်း အရှည် သာမညအားဖြင့် တခုတည်း ဖြစ်နိုင်သောကြောင့်တည်း၊ ထို့ကြောင့် ပဥ္စ+မတ္တာ (ပမာဏံ) ဧတေသံတိ ပဥ္စမတ္တာ"ဟု အဋ္ဌကထာတို့ ပြုကြသည်။]

**သက္ကတနှင့် ညီပုံ**။ ။ သကတ္ထ ပရိမာဏတ္ထ၌ ကပစ္စည်း သက်ခြင်းသည် သက္ကတနှင့် ညီ၏၊ "သင်္ချာယံ သညာယံ က သုတ္တဇ္ဈယနေသု"—ပါဏိနိ (၅, ၃, ၅၈)၊ ထိုတွင် သညာအနက်၌ ကပစ္စည်းသည် သကတ္ထ၌လည်းကောင်း, ပရိ မာဏတ္ထ၌လည်းကောင်း ဖြစ်၏၊ "သညာယံ သကတ္ထေ ပစ္စယော ဝါစ္စော၊ ပဉ္စဝ + ပဥ္စကာ သကုဏာ-ပဥ္စကမည်သော ငှက်တို့၊ ပဥ္စ+ပရိမာဏံ ဧတေသမိ

၃ ခုတည်း၊ တိသတံ - တရာ ၃ ခု၊ ဝါ - သုံးရာ၊ (နောက်၌လည်း ဤနည်း အတိုင်းပေး)၊ သတဿ - ၏၊ ဒွိသကံ - ဆယ်ခုတည်း၊ ဒွိသသတံ - ဆယ်ရာ၊ သဟဿံ-တထောင်သည်၊ ဟောတိ—၏၊ (၄၁၈)။

---

တိဝါ-ငါးကောင် အတိုင်းအရှည်ရှိကုန်သော ငှက်တို့”၊ သံဃ (အပေါင်းအစု-ရာသိ)ကို အရကောက်ရာ၌ကား ကပစ္စည်းသည် ပရိမာဏအနက်၌သာ ဖြစ်၏၊ “ပဉ္စ+ပရိမာဏံ အဿာတိ (ထိုအပေါင်း၏) ပဉ္စကော=ငါးခု အတိုင်းအရှည် ရှိသော အပေါင်း (အစု)၊ [ဤစကားအရ “ရာသိ” အနက်သည် ကပစ္စည်း၏ သီးခြားအနက် မဟုတ်, ပရိမာဏအနက် ဟောရာ၌ ရာသိကို အရကောက်ရခြင်း ဖြစ်သည်ဟု မှတ်ပါ၊] သုတ္တာဇ္ဈယန (တကြိမ် တခေါက် ရွတ်ဆိုလောက်သော သုတ်အပိုင်း အခန်း)ကို အရကောက်ရာ၌လည်း ပရိမာဏအနက်၌ပင် ကပစ္စည်း ဖြစ်၏၊ “အဋ္ဌကံ—အဇ္ဈယနရှစ်ခု အတိုင်းအရှည်ရှိသော ပါဏိနိကျမ်း (ကာသိကာဝုတ္တိ)၊ ဒွိတ္တ သင်္ချာယံ, တဗ္ဗတိစ (ထို ၂ ခု အစိတ်ရှိသော အပေါင်း သာမည၌) န-နပုလ္လိင်”ဟု ထောမနိဓိ ဆိုသောကြောင့် အပေါင်းသာမညကို ဟောရာ၌ နပုလ္လိင်တည်း၊ ဒွိကံ-၂ ခု အတိုင်းအရှည်ရှိသော အပေါင်း စသည် တည်း၊ သို့ဖြစ်လျှင် “ဒွိန္နံ+သမူဟော-ဒွိကံ”ဟု သမူဟအနက်လည်း ဖြစ်နိုင် သည်၊ ဤသို့လျှင် သကတ်အနက် ပရိမာဏအနက် စသောအားဖြင့် များသော အနက်ရှိသည်ကို အနေကတ္ထဟု ဆိုသောစကားသည် သက္ကတနှင့် ညီသည်။

စ၏အနက်နှင့် နိဒ္ဒေသအဆို။ ။အနေကတ္ထေစ၌ စသည် ရှေ့ နိပါတန သုတ်ဖြင့် စီရင်မှုကို ဆည်းသော ဝုတ္တသမုစ္စည်း (ဣမ ဟိ စဂ္ဂဟဏေန နိပါတန သုတ္တေန သိဇ္ဈနံ သမုစ္စယတိ)ဟု နိဒ္ဒေသဖွင့်၏၊ ထိုအဖွင့်နှင့်အညီ “စ-သည်သာ မကသေး”ဟု ပေးလိုက်၏၊ ဤသုတ်ဖြင့် ကပစ္စည်းသက်ရုံသာ မကသေး, ရှေ့ သုတ်ဖြင့်လည်း ပြီးအောင်စီရင်ရသေးသည်-ဟူလို၊ ဒွိသတံကို “သတ+ဒွိ”တည်, သ သက်, သ် လာ, ဒွ ါဒိတောကော နေကတ္ထေစသုတ်ဖြင့် ဒွိနောင် က ပစ္စည်း သက်, သိဆက်, အံပြု၊ “သတဿ+ဒွိကံ”ဟု သမာသ်ဝါကျဖြစ်၏၊ အနက်ဆို သမာသ်စပ်၍ တပ္ပုရိသ်မှည့်, သမာသ်မှည့်, ဝိဘတ်ချေ “သတ + ဒွိက”ဟု ပကတိပြု၊ ယဒနုပပန္နာနိပါတနာ သိဇ္ဈန္တိဖြင့် ကကို ချေ၍ သတနှင့် ဒွိကိုလည်း ရှေ့နောက်ပြန်,နာမ်ငဲ့,သိ အံပြု “ဒွိသတံ”ပြီး၏၊ ဤကား နိဒ္ဒေသ၌ သူ့အဖွင့်နှင့် သူ ရုပ်စီရင်ပုံတည်း၊ တိသတံ၊ပေ၊ဒသသတံတို့ကိုလည်း ဤနည်းမှီး၍ တွက်။

ရူပသိဒ္ဓိ။ ။ရူပသိဒ္ဓိ၌ကား စ၏အနက်ကို အထူးမပြ, စအတွက် အနက် သီးခြားမရှိ(ဝါစာသိလိဋ္ဌအကျိုးသာ)ဟု ဆို၏၊ ပုံစံကိုလည်း “ဒွိကံ တိကံ၊ပေ၊ သတကံ သဟဿကံ-တထောင် (သကတ္ထ၌ ကသက်)၊ ဝါ-တထောင် အတိုင်း အရှည်ရှိသော အစု (ပရိမာဏအနက်၌ ကသက်)”ဟု ထုတ်၏၊ ထိုရူပသိဒ္ဓိ

အဆိုသည်သာ ပြခဲ့သော သင်္ကေတပုံစံနှင့် ညီသည်၊ သို့သော် "သတာသ + ဒွိက + ဒွိသတံ" စသည်ဖြင့်လည်းကောင်း "နိပါတနာ, သိဒ္ဓန္တိ" ဟုလည်းကောင်း ပြသော စုတ္တိနှင့်ကား နိဒ္ဒေသဖွင့်ပုံကညီ၏၊ ရူပသိဒ္ဓိကမူ ထိုစုတ္တိအဖွင့်ကိုပင် မနှစ်သက်၍ တမျိုးဖွင့်ပြခြင်းဖြစ်သည်၊ ဒသသတ်၏ နောက်၌ "သဟဿံ ဟောတိ"ကား "ဒသသတဟူသည် တထောင်ပင်တည်း"ဟု အပိုထည့်အပ်သော အမှာစကားတည်း။

သချ်ာအပြား။ ။မိဿက, ဂုဏိတ, သမ္ဗန္ဓ, သင်္ကေတ, အနေကဟု သချ်ာ ၅ မျိုးရှိ၏၊ ထိုတွင် ကောဒသ စသည်သည် ကေနှင့် ဒသကို ရောနှော၍ သိရသောကြောင့် မိဿကသချ်ာမည်၏၊ ဒွါဒသ တေရသ စုဒ္ဒသ စသည်၌လည်း နည်းတူ၊ ဒွိသတံ စသည်သည် မြှောက်၍ သိအပ်သောကြောင့် ဂုဏိတ သချ်ာ မည်၏၊ မှန်၏—သတကို ၂ ခုဖြင့် မြှောက်လျှင် ဒွိသတဟု ဖြစ်၏၊ "ဒွေ+သတာနိ ဒွိသတံ"-ဟု ဒိဂုသမာသ်ဖြစ်စေ "ဒွိဟိ + ဂုဏိတံ + သတံ ဒွိသတံ"ဟု မဇ္ဈေ လောပီ တပ္ပုရိသ်ဖြစ်စေ (ကစ္စည်းဝုတ္တိအတိုင်း "သတာသ + ဒွိက ဒွိသတံ"ဟု ဖြစ်စေ)ပြု၊ "တိသတံ၊ပေ၊ဒသ သဟဿံ စသည်တို့၌လည်း နည်းတူ။

သမ္ဗန္ဓ။ ။ "အဋ္ဌသဋ္ဌိသတ သဟဿုဗ္ဗေဓော = တသိန်းခြောက်သောင်း ရှစ်ထောင် အစောက်ရှိသော မြင့်မိုရ်တောင်" စသည်ဖြင့် စပ်လျက် မြှောက်၍ သိအပ်သောသချ်ာသည် သမ္ဗန္ဓသချ်ာမည်၏၊ "သဟဿတည်, သတနှင့်မြှောက်, သတသဟဿ - တသိန်း"ဟု ဖြစ်၏၊ သဟဿကိုပင် ထပ်၍တည်၊ (သတကို ခုန်ကျော်၍ ) သဋ္ဌိဖြင့်မြှောက် "သဋ္ဌိသဟဿ—ခြောက်သောင်း"ဟု ဖြစ်၏၊ သဟဿကိုပင် ထပ်၍တည်, (သဋ္ဌိနှင့် သတကို ခုန်ကျော်၍) အဋ္ဌဖြင့် မြှောက် "အဋ္ဌသဟဿ—ရှစ်ထောင်"ဟု ဖြစ်၏၊ ထိုအားလုံးကို သမ္ဗန္ဓ (စပ်မှု) ပြုလိုက်လျှင် "အဋ္ဌသဋ္ဌိသတ သဟဿ-တသိန်း ခြောက်သောင်း ရှစ်ထောင်"ဟု ဖြစ်သည်၊ [မြင့်မိုရ်တောင်သည် ရေမျက်နှာပြင်အောက်၌ ရှစ်သောင်းလေးထောင် ရေအထက်၌ ရှစ်သောင်းလေးထောင်ရှိရကား ၂ ရပ်ပေါင်းလျှင် ယူဇနာတသိန်း ခြောက်သောင်း ရှစ်ထောင်ရှိသည် — ဟူလို၊ "စတုရာသီတိ သဟဿာနိ- ရှစ်သောင်းလေးထောင်တို့"လည်း သမ္ဗန္ဓပင်။]

ဂုဏိတနှင့် သမ္ဗန္ဓအထူး။ ။ပုဒ်တပါး အခြား အကွယ်မရှိပဲ မြှောက်အပ်လျှင် ဂုဏိတမည်၏၊ "ဒသသတ သဟဿံ-တသန်း" ဟူရာ၌ သဟဿကို သတဖြင့် မြှောက် (သတသဟဿ-တသိန်း)ဖြစ်၏၊ ထို သတသဟဿကို ဒသဖြင့် ထပ်၍မြှောက် "ဒသ သတသဟဿ - တသန်း" ဖြစ်၏၊ ဤသို့ မခုန်ကျော်ရပဲ မြှောက်အပ်လျှင် ဂုဏိတသာ ဖြစ်သည်၊ "တိသဟဿိ မဟာသဟဿိ လောကဓာတုယော - ကုဋေတသိန်းသော လောကဓာတ်တို့" ဟူရာ၌လည်း ဂုဏိတပင် မည်၏၊ တိသဟဿိကို သုံးပုံခွဲလျှင် တထောင် ၃ ပုံ ဖြစ်၏၊ မဟာသဟဿိ (တထောင်)ကို ပဌမတထောင်ဖြင့် မြှောက် တသန်းဖြစ်၏၊ ထိုတသန်းကို ဒုတိယ

တထောင်ဖြင့်မြှောက် ကုဋေတရာဖြစ်၏၊ ထိုကုဋေတရာကို တတိယတထောင်ဖြင့် မြှောက် ကုဋေတသိန်းဖြစ်၏-ဟု ဆရာတို့ မိန့်တော်မူကြသည်၊ ပုဒ်တပါးခြားနေလျှင်ကား ထိုခြားသောပုဒ်သည် သချ်ာပုဒ်ပင်မဟုတ်သော်လည်း သမ္ဗန္ဓ်ဝင်၏။

ဆက်ဦးအံ့– "ယောဇနာနံ သတာနုစ္စော, ဟိမဝါ ပဗ္ဗတော"၌ ပဉ္စကို (ဥစ္စော ဟိမဝါ ခြားနေသော)သတာနိနှင့် စပ်ပြီးလျှင် မြှောက်၍ သိရ၏၊ "ပဉ္စသတာနိ-ငါးရာတို့"၊ "သတံ ဟတ္ထီ သတံ အဿာ၊ပေ၊သတံ ကညာ သဟဿာနိ"၌ သတံပုဒ်တို့ကို ဟတ္ထီစသည် ခြားသော သဟဿာနိနှင့် ချဉ်းစပ်ပြီးလျှင် မြှောက်၍ သိရ၏၊ "သတံ ဟတ္ထီ သဟဿာနိ-ဆင် တသိန်းတို့" စသည်၊ ဤသို့ ဂုဏိတနှင့် သမ္ဗန္ဓ ခြားနားပုံကို မှတ်၍ သမ္ဗန္ဓဟူသမျှ၌ ဂုဏိတ ပါဝင်ရသည်ဟုလည်းကောင်း မမြှောက်ရပဲ ရေရုံသာ ရေရသော သချ်ာကို မိဿကဟုလည်းကောင်း သိပါ။

**သင်္ကေတသချ်ာ**။ ။ကေ-ဒွိ ၊ပေ၊ ဒသ - ဝီသတိ စသည်ဖြင့် သဟဿတိုင်အောင် မရေရ-မပေါင်းရ-မမြှောက်ရသော သချ်ာသည်လည်းကောင်း, "ကာသိ-တထောင်၊ နယုတံ-တသောင်း၊ လက္ခံ-တသိန်း" စသော သချ်ာသည်လည်းကောင်း, ဆန်းကျမ်း၌ အသုံးပြုအပ်သော (သမုဒ္ဒါ ၄ စင်းရှိ၍ သမုဒ္ဒါဟော အဏ္ဏဝသဒ္ဒါသည် ၄ ခုဟူသော သချ်ာကိုဟော၏ စသော) သချ်ာသည်လည်းကောင်း, "က-ခ၊ပေ၊ဇ-ဈ" တို့သည်လည်းကောင်း "ဋ ဌ ၊ပေ၊ဒ ဓ"တို့သည်လည်းကောင်း "ယ ရ လ ဝ ယှ ရှ သ ဟ ဠ" တို့သည်လည်းကောင်း အစဉ်အတိုင်း ၁-၂-၃-၄-၅-၆-၇-၈-၉ သချ်ာကို ပြကုန်၏၊ ပ ဖ ဗ ဘ မ တို့သည် အစဉ်အတိုင်း ၁-၂-၃-၄-၅-သချ်ာကို ပြကုန်၏၊ သရရှစ်လုံးနှင့် ဉ ဥ တို့သည် သုညသချ်ာကို ပြကုန်၏ဟု သတ်မှတ်အပ်သော "ပိဋကသချ်ာ" သည်လည်းကောင်း, သင်္ကေတသချ်ာ မည်၏။

မှတ်ချက်။ ။ဝီသတိစသည်ကို (ဒသဒသ ၂ ခုစသည်ကို မြှောက်ရသောကြောင့် ဂုဏိတဟုလည်း ဆိုကြသေး၏၊ သဏ္ဍာန၌ တာလုဇသ,မုဒ္ဓဇသ,ဒန္တဇသဟူ၍ သ ၃ မျိုးရှိ၏၊ ၎င်း ၂ လုံးကို "ဂယှ–ပ၅"ဟု ရွတ်ဖတ်ကြသည်၊ "ကာဒိ ဋာဒိ ယကာရာဒိ" စသော ဂါထာကို ထိုထိုကျမ်းများနှင့် အခြေပြုသင်္ဂြိုဟ် ဘုံပိုင်းမှာ ရှုပါ။

အနေကသချ်ာ။ ။နေကို"သဟဿရံသိ"ဟု ဆို၏၊ ဤ၌ "သဟဿ"သဒ္ဒါသည်"တထောင်တိတိ"ကို မဟော, ထောင်ပေါင်းများစွာကိုဟော၏၊ "သဟဿရံသိ-ထောင်ပေါင်းများစွာ အရောင်ရှိသောနေ"၊ "သတတေဇော-ရာပေါင်းများစွာ တန်ခိုးရှိသော နေ" လည်း နည်းတူ၊ ဤ၌ သတ-သဟဿ-သချ်ာတို့သည် "အများ" အနက်ကို ဟောသောကြောင့် အနေကသချ်ာ မည်၏။

[ဆောင်] ရေမှု မိဿက, မြှောက်ဆင့်ကမှု,ဂုဏိတခေါ်၊ခုန်ကျော်၍စပ်, မြှောက်တုံလတ်က, သမ္ဗန္ဓတည်း၊ လောကအမှတ်, ပညတ်သချ်ာ, သင်္ကေတာနှင့်, များစွာနက်ပြ, အနေကသည်, ငါးဝသချ်ာ အပြားတည်း။

ဒသ၊ပေ၊ယောမှို

၃၉၃။ မရေ ယောမှို, ဂဏနေ် — ဂဏန်းသင်္ချာ အရာ၌၊ ပရိယာပန္နသ — သော၊ ဒသ ဒသကဿ— ဒသ ဆယ်ခု အပေါင်း၏၊ (ဒသ ဆယ်ခု, ကေသေသ်ပြု၍ ပေါင်းစုအပ်သော ဒသ တခု၏၊) သတံ—သတံ အပြုသည်၊ ဟောတိ၊ သတဒသကဿ — သတ

---

၃၉၃။ ဒသ ဒသကဿ သတံ။ ။သုတ်၌ပါသော "ဒသ ဒသကံ သတံ" ကို "ဒသ ဒသကဿ သတံ ဟောတိ" ဟု ဖွင့်၏၊ ဒသ ဒသကံဟူသော ပဌမန္တ ပုဒ်ကို သတံဟူသော အာဒေသငဲ့၍ "ဒသ ဒသကဿ" ဟု ဆဋ္ဌီယန္တပြု၍ ဖွင့်ခြင်း တည်း၊ အံမော နိဂ္ဂဟီတံသုတ်၌ အံမောကို "အံဝစနဿ စ မကာရဿစ" ဟု ဖွင့်ခြင်းမျိုးပင်၊ "ဒသဿ-ဒသသဒ္ဒါ၏+ဒသကံ - ဆယ်ခုအပေါင်းတည်း၊ ဒသ ဒသကံ-ဒသသဒ္ဒါ ဆယ်ခုအပေါင်း၊ "ဒသဆယ်ခုကို ကေသေသ်ပြု၍ ပေါင်းစု ထားအပ်သော ဒသတခု" ဟု ဆိုလိုသည်၊ သတံ၌ နိဂ္ဂဟိတ်နှင့်တကွ "သတံ" ပြု၍ ယောကိုလည်း (ရူ၌) "ဣမိနာ နိပါတနေန လောပေါ = ဤသုတ်ဖြင့်ချေ" ဟု ဆိုသည်။ [ဆရာအချို့ကား နိဂ္ဂဟိတ်မပါပဲ "သတ" ပြု, ယောချေ, နာမ်ငဲ့ပြီးမှ သိကို အံပြု၏၊ သဟဿံ၌လည်း နိဂ္ဂဟိတ် ပါ - မပါ ၂ ဝါဒပင်ရှိ၏၊ နိဂ္ဂဟိတ် မပါသော ဝါဒသည် ရုပ်ပြီးပုံသန့်ရှင်း၏၊သို့သော် ဝိသံ တိံ သံစသည်၌ နိဂ္ဂဟိတ် နှင့်တကွ ပြုခဲ့သောကြောင့် နိဂ္ဂဟိတ်ပါသော ဝါဒသာ ရှေ့နောက် ညီသည်။]

သတဒသကဿ သဟဿံ။ ။သုတ်၌ "ဒသကာနံ + သတံ = ဆယ်ခု အပေါင်းတို့၏+သတ" ဟူသည် သတဆယ်ခုကို ကေသေသ်ပြု၍ ပေါင်းစုထား အပ်သော သတတခုပင်တည်းဟု သိစေလို၍ "သတဒသကဿ = သတ ဆယ်ခု အပေါင်း၏" ဟု ဖွင့်၏၊ ဤအဖွင့်အရ "သတ ဆယ်ခုတည်း၍ ဒွန်သမာသ် စီရင် ပြီးလျှင် သတတခုကြွင်း ပြု, ထို သတတခုကို သဟဿံပြုဟု သိသာ၏၊ ရူ၌လည်း ဤနည်းပင် ဖွင့်၏၊

ဉျာသအလို။ ။ဉျာသ၌ကား "ဒသသတကတ္တဝါစကဿ - ဒသသဒ္ဒါ တရာအပေါင်း၏ အနက်ကိုဟောသော၊ ဒသသဒ္ဒဿ-ကေသေသ် ဒသသဒ္ဒါ၏၊ သဟဿ မာဒေသော" ဟု ဖွင့်လေ၏၊ ထို ဉျာသအလို "ဒသကာနံ - ဒသသဒ္ဒါ တို့၏+သတံ-တရာသည်" ဟု အနက်ပေးရလိမ့်မည်၊ ထိုသို့ ပေးရာ၌ "ဒသကာ နံ" ဝယ် ကပစ္စည်း အနက်မရှိခြင်း, ဒသတရာကိုဆိုလိုလျှင် "ဒသ သတကဿ သဟဿံ" ဟုသာ သုတ်တည်သင့်ခြင်းကြောင့် ဉျာသအဖွင့်ကို ရူပသိဒ္ဓိနှင့်တကွ နိဒ္ဒေသ ကစ္စာယန ဝဏ္ဏနာတို့လည်း မနှစ်သက်ကြ၊ ရူအတိုင်း ရုပ်တွက်ပုံကို အခြေပြုကြည့်၊ သဟဿံစ၌ စကား ဒုတိယတ္ထ သမ္ပိဏ္ဍန (သတံ အပြုပေါ်၌ ဒုတိယ သဟဿအပြုကို ပေါင်းပေးခြင်း) အနက်ရှိ၏။

ဆယ်ခုအပေါင်း၏၊ (သတ ဆယ်ခု, ကေသေသ်ပြု၍, ပေါင်းစုအပ်သော့၊သတ တခု၏၊) သဟဿံ—သဟဿံ အပြုသည်၊ ဟောတိ၊ သတံ-တရာ၊ သဟဿံ— တထောင်၊ ဒွိကာဒီနံ — ဒွိက အစရှိကုန်သော၊ တဒုတ္တရ ပဒါနဥ္စ - ထို သတ သဟဿတို့၏ နောက်ပုဒ်တို့၌လည်း၊ (ရူပါနိ —ရုပ်တို့ကို)၊ ယထာသဉ္ချံ - သချာ အားလျော်စွာ၊ နိပစ္စန္တေ - ပြီးစေအပ်ကုန်၏၊ တဒိဒံ - ထိုသချာသည် (ထို အရေ အတွက်သည်) သတဿ—တရာ၏၊ ဒွိကံ-၂ ခုသည်၊ ဟောတိ-၏၊ ဒွိသတံ-၂ ရာ၊ စေ-တူ၊ တိသတံ—၃ ရာ၊ စတုသတံ ၄ ရာ၊ ပေ၊ ဒသသတံ-ဆယ်ရာ၊ သဟဿံ— သည်၊ ဟောတိ၊ (၄၂၅)။

---

ဒွိကာဒီနံ တဒုတ္တရ ပဒါနဥ္စ။ ။သတံ, သဟဿံပုဒ်တို့၏ ရုပ်ပြီးပုံကို ပြပြီး၍ ဒွိသတံ ဒွိသဟဿံစသော ပုဒ်တို့၏ပြီးပုံကို ပြလိုသောကြောင့် ဒွိကာဒီနံ စသည်ကို မိန့်၊ တဒုတ္တရ(တ+ဥတ္တရ)၌ တသဒ္ဒါဖြင့် လွန်ကဲသော သတသဟဿ ပုဒ်တို့ကို ညွှန်ပြ၏၊ တေသံ- ထို သတသဟဿ ပုဒ်တို့၏ + ဥတ္တရပဒါနိ— နောက်ဖြစ်သောပုဒ်တို့တည်း၊ တဒုတ္တရပဒါနိ—တို့၊ "သတ+ဒွိကံ" ဟု ဖြစ်သော အခါ ဒွိကသည် သတ၏နောက်ပုဒ်တည်း၊ ထို့ကြောင့် "တဒုတ္တရပဒ" ဟူသည် ဒွိကစသောပုဒ်တို့တည်း၊ ဒွိကာဒီနံ၌ အာဒိဖြင့် တိက-စတုက္က၊ပေ၊ ဒသကတို့ကို ယူ၊ သတ, သဟဿတို့၏နောက်ပုဒ်ဖြစ်ကြသော ဒွိကတိက စသည်တို့၏ရုပ်တို့ကို သချာအားလျော်စွာ (ဒွိသတ-တိသတစသည်ဖြင့် သချာရှိသည့်အတိုင်း)ပြီးစေ ရမည် ဟူရာ၌ "သတ+ဒွိက"ဟု ဖြစ်သောအခါကချေ, သတနှင့်ဒွိကိုရှေ့နောက် ပြန်ခြင်းတည်း၊ "သဟဿ+ဒွိက"၌ ဒွိသဟဿဖြစ်အောင် ရုပ်ပြီးစေရပုံကို လည်းသိလေ၊ ဤသို့ပြီးအောင် ဤသုတ်ဖြင့်စီရင်ရမည်ဟု မဆိုလို ယဒနုပပန္နာ သုတ်ဖြင့် ပြီးစေရမည်ဟု ဆိုလိုသည်၊ ထိုသုတ်ကြီးဖြင့်စီရင်ဖို့ရာ "ဒွိကာဒီနံ တ ဒုတ္တရပဒါနဥ္စ နိပစ္စန္တေ"ဟု ညွှန်ပြရုံသာ ညွှန်ပြခြင်းဖြစ်သည်၊ ရှူ၌ကား သတနှင့် ဒွိကို ရှေ့နောက်ပြန်မှု, ကချေမှုကို ဤသုတ်ဖြင့်ပင် ပြုသည်။

မေးဖွယ်။ ။ဒွိသတံ စသည်တို့ ပြီးပုံကို ဒွါဒိတော ကော နေကတ္ထေစ ဟူသော ရှေ့သုတ်၌လည်း ပြခဲ့ပြီး မဟုတ်ပါလော, အဘယ့်ကြောင့် ထပ်၍ ပြရ သနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား— ထိုရှေ့သုတ်၌ "ဒွိက"စသော ပုဒ်တို့၏ က ပစ္စည်းနှင့် ယှဉ်ကြောင်းကို ပြခြင်းအကျိုးငှာသာ ဆိုခဲ့သည်၊ ဤသုတ်ကား "ဒွိကာဒီနံ" တဒုတ္တရ ပဒါနဥ္စ"ဖြင့် ထို ဒွိကစသည်တို့သည် သတံ စသည်တို့၏ နောက်ပုဒ်ဖြစ်ကြောင်းကို ပြခြင်းအကျိုးငှာ ထပ်၍ဆိုအပ်သည်၊ ["နနု ဣမေ ပယောဂါ ပုဗ္ဗေ ဝုတ္တာတိ၊ သစ္စံ, တတ္ထ ဟိ ဒွိကာဒီနံ ကပစ္စယယောဂ ဒဿနတ္ထံ ဝုတ္တာ၊ ဣဓ ပန ဥတ္တရပဒ (ဘာဝ) ဒဿနတ္ထံ ဝုတ္တာ" နိဒ္ဒေသ၊] ကပစ္စည်း သည် သမူဟအနက်ဟောဖြစ်၍ အပေါင်းသာမညကို ငဲ့လျက် "ဒွိသတံ"ဟု

**ယာဝ တဒုတ္တရိ ဒသဂုဏိတဉ္စ**

၃၉၄။ ယာဝ—အကြင်မျှလောက် တိုင်အောင်၊ တာဝသံ သင်္ချာနံ—ထို သတ သဟဿသင်္ချာတို့၏၊ ဥတ္တရိ—အထက် သင်္ချာသည်၊ (အတ္ထိ — ရှိ၏၊ တာဝ — ထို အထက်သင်္ချာ ရှိသမျှ၊) ဒသ ဂုဏိတဉ္စ-ဆယ်ခုတို့ဖြင့် မြှောက်ခြင်းကိုလည်း၊ ကာတဗ္ဗံ-ပြုထိုက်၏၊ ဒသဿဂဏနဿ-ဆယ်ဂဏန်း၏ကို၊ ဒသဂုဏိတံ-ဆယ်ခုဖြင့် မြှောက်ခြင်းကို၊

---

ကေဝုစ်ဖြင့် ထားရကြောင်းကို နိဒ္ဒေသဆို၏၊ သို့သော် "ဒွိသတံ"ကား သမာဟာရ ဒိဂုသမာသ်ပုဒ်လည်း ဖြစ်သောကြောင့် ကေဝုစ်ထားသည် အကယ်၍ ဝါကျဖြစ်မူ ဝဂ္ဂဘေဒ (တရာ ၂ ခု) ဖြစ်သောကြောင့် "ဒွေ + သတာနိ"ဟု ဗဟုဝုစ်ပင် ထားရမည်။

စ အနက်။ ။တဒုတ္တရ ပဒါနန္တဥ္စသည် အခြားနည်းတမျိုးကိုဆည်းခြင်း သမုစ္စည်းအနက်ရှိ၏၊ ထို့ကြောင့် "ဒသဿ+သတကံ, ဒသသတံ-တဆယ်၏ တရာအပေါင်း"ဟု သမာသ်တွဲပြီးနောက် ဤသုတ်ဖြင့် ဒသသတကို သဟဿံပြု၊ "သတဿ + သတကံ, သတသတံ တရာ၏ တရာအပေါင်း"ဟု တွဲပြီးနောက် သတသတ (တရာပေါင်း တရာ, ဝါ-တသောင်း)ကို ဤသုတ်ဖြင့် ဒသသဟဿံ ပြု၊ ထို့အတူ သဟဿသတ (တထောင်ပေါင်း တရာ)ကို သတသဟဿံပြု, တသိန်းဖြစ်၏၊ ဒသ သဟဿသတ (ဆယ်ထောင်ပေါင်း တရာ)ကို ဒသသတ သဟဿံပြု, တသန်းဖြစ်၏၊ သတ သဟဿသတကို (သိန်းတရာကို) ကောဋိပြု, တကုဋေဖြစ်၏၊ ဤသို့စသည်ဖြင့် သတဖြင့်ချည်း အထက်အထက်တိုး၍ ပြုရပုံကို စသဒ္ဒါဖြင့် ပြသည်-ဟု နိဒ္ဒေသဆို၏။

ဉျာသအဆို။ ။ဉျာသ၌ကား ဒွိကာဒီနံ တဒုတ္တရ ပဒါနဉ္စဖြင့် သတမှ အောက်သင်္ချာတို့ကို ပြ၏-ဟု ဆို၍ "ဒသဿ+ဒွိကံ တဒိဒံ ဟောတိ ဝီသံ, ဒသဿ+တိကံ တဒိဒံ ဟောတိ တိံသံ၊ပေ၊ ဒသဿ+ဒသကံ တဒိဒံ ဟောတိ သတံ၊ သတဿ+ဒွိကံ တဒိဒံ ဟောတိ ဒွိသတံ ၊ပေ၊ သတဿ+ဒသကံ တဒိဒံ ဟောတိ သဟဿံ"ဟု ယှဉ်စပ်နည်းကိုလည်း ပြသည်။

---

၃၉၄။ ယာဝ တဒုတ္တရိ။ ။"ယာဝ" သဒ္ဒါသည် အနိယမ ပရိစ္ဆေဒတ္ထ နိပါတ်၊ အနိယမရှိလျှင် နိယမလည်း ရှိရ, မရှိလျှင် ထည့်ရမြဲဖြစ်သောကြောင့် "ယာဝ တာဝသံ သင်္ချာနံ ဥတ္တရိ, တာဝ ဒသဂုဏိတဉ္စ ကာတဗ္ဗံ"ဟု တာဝ ထည့်၍ ဉျာသစသည် ဖွင့်ကြသည်၊ တဒုတ္တရိ (တ + ဥတ္တရိ)၌ တသဒ္ဒါဖြင့် ရှေ့သုတ်၌ ပြအပ်ခဲ့သော သတ-သဟဿသင်္ချာ ၂ ခုကို ညွှန်ပြ၏၊ "ဥတ္တရိ= ဥတ္တရိံ"ဟု ပါဌ် ၂ ထွေရှိ၏၊ သီဟိုဠ်မူ၌လည်းကောင်း, "ဥတ္တရိမ္ပိ+ဥတ္တရိံ+ အပိ" ဟူသော ရူပံစိ၌လည်းကောင်း, "တာဝသံ သင်္ချာနံ ဥတ္တရိန္တိ"ဟု ဖွင့်သော

ကတ္တာ-ပြုလသော်၊ သတံ - တရာသည်၊ ဟောတိ ယထာ - ဖြစ်သကဲ့သို့လည်း ကောင်း၊ သတဿ-ရာ ဂဏန်းကို၊ ဒသဂုဏိတံ-ကို၊ ကတ္တာ-ပြုလသော်၊ သဟဿံ-တထောင်သည်၊ ဟောတိ ယထာ-ဖြစ်သကဲ့သို့ လည်းကောင်း၊ (တထာ-ထို့အတူ၊) သဟဿဿ - ထောင်ဂဏန်းကို၊ ဒသဂုဏိတံ-ကို၊ ကတ္တာ-သော်၊ ဒသသဟဿံ-တသောင်းသည်၊ ဟောတိ၊ ဒသ သဟဿဿ-ကို၊ ဒသဂုဏိတံ

---

ရှုဋီကာ၌လည်းကောင်း, "ဥတ္တရိံ"ဟု နိဂ္ဂဟီတန္တဖြင့် ရှိကြသည်၊ ထို ဥတ္တရိံ လည်း နိပါတ်ပုဒ်ဖြစ်၍ "ဥတ္တရိံ-အထက်သင်္ချာသည်"ဟု သိဝိဘတ်ကြေသော ပုဒ်လည်း ဖြစ်နိုင်သည်၊ "ယာဝ တာသံ သင်္ချာနံ ဥတ္တရိ"သည် အနိယမဝါကျ၊ "(တာဝ)ဒသဂုဏိတဉ္စ ကာတဗ္ဗံ"သည် နိယမဝါကျဟု ခွဲ၊ ထို ဝါကျများဖြင့် ရှေ့သုတ်၌ တိုက်ရိုက်ပြခဲ့သော ထို သတ-သဟဿသင်္ချာ ၂ ခုမှ အထက်၌ အကြင်မျှလောက်သော သင်္ချာသည် ရှိ၏, ထို ရှိသင်္ချာများကို ဆယ်ဖြင့်ချည်း မြှောက်ပါလေ"ဟု ဆိုလိုသည်၊ ဤစကားဖြင့် "ဤသုတ်သည် မြှောက်ပုံနည်းကိုပြသော ပရိဘာသာသုတ်တည်း"ဟု သိသာပြီ၊ မြှောက်ပုံအစီအရင်ကိုပြသော ဝိဓိသုတ်ဟု နိဒ္ဒေသဆိုလေသေး၏၊

ဥတ္တရိံအရ ယူပုံ။ ။"တဒုတ္တရိံ — ထို သတ, သဟဿတို့မှ အထက် သင်္ချာ"ဟူရာ၌ ဥတ္တရိံအရ ဒသသဟဿ (သောင်း)မှ စ၍ အသင်္ချေယျတိုင်အောင်သော သင်္ချာတို့ကိုပင် ယူ၊ မှန်၏— "မည်သည့် သင်္ချာတိုင်အောင်"ဟု မပိုင်းဖြတ်ပဲ "ယာဝဥတ္တရိ"ဟု သာမည ဆိုသောကြောင့် အထက်၌ ရှိသမျှ သင်္ချာအားလုံးကိုပင်ယူသင့်သည်။ ["တာသံ သင်္ချာနံ ယာဝဥတ္တရိံ အသင်္ချေယျပရိယောသာနံ အတ္ထိ, တာဝ"—နိဒ္ဒေသ။]

ဒသဂုဏိတဉ္စ။ ။စသဒ္ဒါကို နောက်၌ ဝိသေသနတ္ထဟု ဖွင့်၏၊ ထိုဝိသေသနဟူသည် နည်းတမျိုး(နည်းအထူး)လည်း ရှိသေး၏ဟု ပြသော ဝိသေသနတည်း၊ တဆယ်ဖြင့် မြှောက်နည်းမှ ထူးခြားသော ရာဖြင့် မြှောက်နည်းလည်း ရှိသေး၏-ဟူလို၊ သုံးရိုးအားဖြင့် ဤ စသဒ္ဒါကို အဝုတ္တ သမုစ္စယတ္ထ (တိုက်ရိုက် မဆိုအပ်သော ရာဖြင့် မြှောက်နည်းကို ဆည်းခြင်းအနက်ရှိ၏)ဟု ဆိုလိုသည်၊ ထို့ကြောင့် နိဒ္ဒေသ၌ "ဧတ္ထ စသဒ္ဒေါ န ကေဝလံ သင်္ချာနံ ဒသဂုဏိတမေဝ ကာတဗ္ဗံ, အထခေါ သတာဒိဂုဏိတံပိ ကာတဗ္ဗန္တိ သမုစ္စယတ္ထော"ဟု မိန့်သည်၊ ရူပသိဒ္ဓိနှင့် မတူ၍ စဉ်းစားပါ။

တံ ပါသင့် မပါသင့်။ ။ယခုစာများ၌ "တံယထာ"ဟု တွေ့ရ၏၊ သီဟိုဠ်မူနှင့် ရူပသိဒ္ဓိတို့၌ "ယထာ"ဟုသာ ရှိ၏၊ ယထာဟု ရှိသောမူသာ ကောင်းသည်၊ မှန်၏— "ဒသဿ၊ပေ၊ သဟဿံ ဟောတိ"သည် ဤသုတ်၏ပုံစံ မဟုတ်၊ ပြခဲ့ပြီးသော ရှေ့သုတ်၏ ပုံစံများသာတည်း၊ ဤသုတ်ကား ဆယ်ဖြင့် မြှောက်ပုံကို

ကတွာ, သတ သဟာဿံ-တသိန်းသည်၊ ဟောတိ၊ သတ သဟဿဿ-ကို၊ ဒသ ဂုဏိတံ ကတွာ, ဒသသတသဟဿံ-တသန်းသည်၊ ဟောတိ၊ ဒသသတ သဟဿ ဿ-ကို၊ ဒသ ဂုဏိတံ ကတွာ, ကောဋိ-တကုဋေသည်၊ ဟောတိ-၏၊ ကောဋိ သတ သဟဿဿ - ကုဋေတသိန်းကို၊ သတဂုဏိတံ ကတွာ, ပကောဋိ- ပကုဋေ သည်၊ ဟောတိ၊ ဧဝံ-တူ၊ သေသာပိ-ကြွင်းသော သချ်ာတို့ကိုလည်း၊ ယော ဇေတဗ္ဗာ - ယှဉ်စေထိုက်ကုန်၏၊ စဂ္ဂဟဏံ-သည်၊ ဝိသေသနတ္ထံ - အထူးပြုခြင်း အနက် ရှိ၏၊ (၄၇၆)။

---

ထင်ရှားစေလို၍ ရှေ့သုတ်၌ ပြပြီးကို ဥပမာ အဖြစ်ဖြင့် ယူ၍ပြခြင်း ဖြစ်သည်၊ ထို့ကြောင့် ဥပမာဇောတက "ယထာ"ဟူသာ ရှိသင့်၏၊ ယထာရှိလျှင်လည်း တထာထည့်မြဲ ဖြစ်သောဒသောကြောင့် "တထာ သဟဿ၊ပေ၊ဒသသဟဿံ ဟောတိ"ဟု အနက်ပေးရာ၌ တထာထည့်၍ ပေးရသည်၊ ["ယထာ သတဿ ဒသဂုဏိတံ သဟဿံ, တထာ သဟဿဿ ဒသဂုဏိတံ ဒသသဟဿန္တိ — ရူပ်ကာ။]

ဒသဂုဏိတံ ကတွာ။ ။ဂုဏိတံ၌ တပစ္စည်းကို ဘာဝအနက်, ဂဏနဿ၌ သကို ဆဋ္ဌီကံ အနက်ကြံ၍ "ဂဏနဿ-ကို၊ ဒသဂုဏိတံ - ဆယ်ဖြင့်မြှောက်ခြင်း ကို"ဟု ပေးလိုက်သည်၊ "ကတွာ-ပြုလသော်, ပြုလိုရှိလျှင်"ဟုလည်း လက္ခဏာ အနက်ပေး၊ သဟဿကို ဆယ်ဖြင့် မြှောက်ခြင်းကိုပြုလျှင် ဒသသဟဿဖြစ်သည်- ဟူလို၊ [ရှေးဆရာ အချို့က "ဒသဂုဏိတံ-ဆယ်ဖြင့် မြှောက်သည်ကို" ဟု ပေး၏၊သဒ္ဒါထုံးကျ-မကျကို စဉ်းစားကြပါလေ၊ "ကတွာ-ပြုခြင်းကြောင့်"ဟု ဟိတ် အနက်ပေးကြသည်ကား တနည်းအားဖြင့် သင့်ပါပေသည်၊ "ပြု၍"ဟု ကြိယာဝိသေသန အနက်ကား မပေးသင့်။] ရူပသိဒ္ဓိ၌ကား "ကတွာ"ပုဒ် မပါ သောကြောင့် အနက်တမျိုး ပေးခဲ့၏၊ ထို ရူပသိဒ္ဓိပါဌ်နေပုံက သာ၍ သန့်ရှင်း ပေသည်။

ပုံစံများ။ ။ သတ — သဟဿ တို့ကဲ့သို့ သဟဿမှ အထက်၌ ကောဋိ တိုင်အောင်သာ ဒသဂုဏိတနည်းကို ပြ၏၊ ကောဋိမှအထက် ပကောဋိကို သတ ဂုဏိတဟု ပြ၏၊ ဧဝံ သေသာပိ ယောဇေတဗ္ဗာဖြင့် ပကောဋိမှအထက် ကောဋိ ပကောဋိ နဟုတ စသည်တို့ကိုလည်း "သတဂုဏိတ"ဟုပင် ဆိုလို၏၊ ထို သတ ဂုဏိတမြှောက်ပုံသည် "တဒုတ္တရိ ဒသဂုဏိတဥ္စ ကာတဗ္ဗံ-အထက် အသင်္ချေယျ တိုင်အောင် ဆယ်ဖြင့်မြှောက်အပ်၏"ဟူသော စကားနှင့် မဆန့်ကျင်ပါလော-ဟု မေးဖွယ်ရှိ၏၊ အဖြေကား—ကောဋိမှ အထက်၌လည်း ဒသဂုဏိတ ရကောင်း၏၊ ကုဋေတသန်းကို ဆယ်ဖြင့် မြှောက်လျှင် ပကောဋိဖြစ်၏၊ "ကောဋိ ဒသသတ သဟဿ ဒသဂုဏိတံ ကတွာ ပကောဋိ ဟောတိ"ဟု ပါဠိဖြစ်နိုင်၏၊ ပကော ဋိမှ အထက်၌လည်း ပကောဋိ ကုဋေတသန်းကို ဆယ်ဖြင့် မြှောက်လျှင် ကောဋိ

သကနာမေဟိ ၃၉၅။ အနိဒ္ဒိဋ္ဌ နာမဓေယျာနံ–မညွှန်ပြအပ်သော နာမည်ရှိကုန်သော၊ တာသံ သင်္ချာနံ–ထို သင်္ချာတို့၏၊ (ရူပါနိ-ရုပ်တို့ကို၊) သကေဟိ သကေဟိ – မိမိဥစ္စာ မိမိဥစ္စာ ဖြစ်ကုန်သော၊ နာမေဟိ–

---

ပကောဋိ ဖြစ်၏ ၊ပေ၊ မဟာကထာန ကုဋ္ဌေတသန်းကို ဆယ်ဖြင့် မြှောက်လျှင် အသင်္ချေယျဖြစ်၏။

သတဂုဏိတံ။ ။ဤသို့လျှင် သန်းသင်္ချာမှ တက်လျှင် ဆယ်ဖြင့် မြှောက်၍ အသင်္ချေယျတိုင်အောင် တက်နိုင်သော်လည်း ကောဋိမှစ၍ ဂဏန်းတွေ များလှသောကြောင့် (ဖြတ်ထိုးနည်းအားဖြင့်)သန်းသင်္ချာကို အသုံးမပြုပဲ သိန်းသင်္ချာမှ ရာဖြင့် မြှောက်၍ တက်နည်းကို ပကောဋိမှစ၍ တမျိုးပြပြုန်လေသည်၊ ဤသို့လျှင် သိန်းမှအထက် ( သန်းသင်္ချာမသုံးပဲ ) တက်လျှင် ရာဖြင့် မြှောက်ရသကဲ့သို့ သောင်းမှအထက် (သိန်း သန်းကို မသုံးပဲ) တက်လျှင် ထောင်ဖြင့် မြှောက်၍ (ကုဋ္ဌေတသောင်းကို ထောင်ဖြင့်မြှောက်လျှင် ပကောဋိဖြစ်၏, ဤသို့စသည်ဖြင့်) တက်နိုင်၏၊ ဤ ထောင်-ရာတို့ဖြင့် မြှောက်နည်းကို ဒသဂုဏိတံစဉ် ၌ စ သဒ္ဒါဖြင့် ပြသားသောကြောင့် ကောဋိမှ ပကောဋိအတက်ဝယ် သတဂုဏိတနည်းကို ဝုတ္တိဆရာ ပြသွားလေသည်။

နိဒ္ဒေသ။ ။ဒသတော ပဘုတိ ယာဝ ကောဋိ, တာဝ ဒသဂုဏိတံ ကတွာ, ကောဋိတော ပဘုတိ ယာဝ အသင်္ချေယျံ, တာဝ သင်္ချာဗဟုတ္တာ သတာဒိ ဂုဏိတံပိ (အပိဖြင့် ဒသဂုဏိတကို ပေါင်း) ကာတဗ္ဗံတိ ဒဿေတုံ ကောဋိသတသဟဿာနံ သတံ ပကောဋိ ဟောတီတိ အာဒိမာဟ။

---

၃၉၅။ သကနာမေဟိ။ ။"ယာဝ တဒုတ္တရိ ဒသဂုဏိတဥ္စ" သုတ်ဖြင့် သဟဿကို ဆယ်ဖြင့်မြှောက်လျှင် သသဟဿ ဖြစ်၏, စသည်ဖြင့် မြှောက်ပုံကို သိရပါပြီ၊ ဒသနှင့် သဟဿစသည်ကို တွဲလျှင် ဒသသဟဿ, သတသဟဿ, ဒသ သတသဟဿ (တသိန်း) တိုင်အောင် နာမည်ဖြစ်နိုင်သေး၏၊ ထိုမှ အထက် နာမည်များကို အဘယ်သို့ မှတ်ရပါမည်နည်း – ဟု မေးဖွယ်ရှိသောကြောင့် "သကနာမေဟိ"ဟု မိန့်သည်၊ ထိုမှ အထက်နာမည်များ၌ ဒသ စသည်ကို တွဲစပ်၍လည်း မဖြစ်နိုင်တော့ရကား လောက၌ ထင်ရှားပြီးဖြစ်သော (ကောဋိ ပကောဋိ-စသည်ဖြင့် သင်္ချာအဆုဝယ် ထင်ရှားပြီးဖြစ်သော) မိမိတို့ နာမည်များ ရှိ၏၊ ထို နာမည်များအတိုင်းပင် ရုပ်များဖြစ်ကြရ ပြီးကြရသည် ဟူလို၊ ဤသုတ်သည် ရုပ်စီရင်သော ဝိဓိသုတ် မဟုတ်, နာမည်မှည့်ပုံကို ညွှန်ပြသော သညာဂ်ပရိဘာသာသုတ်သာ ဖြစ်သင့်၏။

နာမည်တို့ဖြင့်၊ နိပစ္စန္တေ—ပြီးစေအပ်ကုန်၏၊ သတ သဟဿာနံ-သဟဿတရာတို့၏၊ (တသိန်းတို့၏)၊ သတံ-တရာသည်၊ ကောဋိ-ကုဋေမည်၏၊ ကောဋိသတ သဟဿာနံ - ကုဋေတသိန်းတို့၏၊ သတံ—တရာသည်၊ ကောဋိပ္ပကောဋိ-ကုဋေပကုဋေ မည်၏၊ ကောဋိပကောဋိသတ သဟဿာနံ-တို့၏၊သတံ-သည်၊ နဟုတံ-နဟုတ မည်၏၊ နဟုတ သတ သဟဿာနံ-တို့၏၊ သတံ-သည်၊ နိန္နဟုတံ-နိန္န

---

နိဒ္ဒေသ။ ။နိဒ္ဒေသ၌ကား ကောဋိပြီးအောင် "သတသဟဿ" တရာတည်၊ ဒွန်သမာသ်လုပ် ကေသေသ်ပြု၍ ဤသုတ်ဖြင့် သတသဟဿကို ကောဋိပြု၏၊ ထို့အတူ ပကောဋိပြီးအောင် "ကောဋိသတသဟဿ" တရာတည်၊ ဒွန်ကေသေသ်ပြု၍ ကောဋိသတသဟဿကို ပကောဋိပြု၊ ဤသို့စသည်ဖြင့် အသင်္ချေယျတိုင်အောင် စီရင်လေသည်, စဉ်းစားကြပါလေ။

**တာသံ ၊ပေ၊ နိပစ္စန္တေ**။ ။"ယဒနုပ ပန္နာ နိပါတနာ သိဇ္ဈန္တိ"သုတ်မှ လိုက်သည်"ဟု ရှု ဆိုသောကြောင့် "ယာသံ ပန"ဟု အနိယမ (ယ သဒ္ဒါဖြင့်) ရှိ၏၊ သို့သော် ယဒနုပ ပန္နာမှ ယသဒ္ဒါအတွက် "ယာနိ ရူပါနိ"ဟု ရှု၌ပြသော ကြောင့် "တာသံ သင်္ချာနံ" သည် အပိုထည့်ရသော ပက္ခိပနဝုတ္တိ, သို့မဟုတ် တဒုတ္တရိမှ လိုက်လာသော တ သဒ္ဒါ၏ အနုဝတ္တနဝုတ္တိသာ ဖြစ်ထိုက်ရကား "တာသံ ပန သင်္ချာနံ"ဟု နိယမဝါစက တသဒ္ဒါဖြင့် ပါဌ်ရှိသင့်သည်၊ နာမည် တိုက်ရိုက် မပြရသေးသော(ဒသနှင့် သဟဿစသည်ကို ပေါင်းစပ် မြှောက်ပွား၍လည်း မဖြစ်နိုင်သော) ကောဋိစသော သင်္ချာတို့၏ ရုပ် (နာမည်) များကို မိမိ နာမည် အတိုင်းပင် ပြီးစေရမည်—ဟူလို။ [အနိဒ္ဒိဋ္ဌ - မညွှန်ပြအပ်ကုန်သော+ နာမဓေယျ-နာမည်၊ ထိုထိုသုတ်၌ တိုက်ရိုက် မပြခဲ့ရသေးသော နာမည်များ-ဟူလို။]

**သတသဟဿာနံ သတံ ကောဋိ**။ ။ရှေ့သုတ်၌ "ဒသ သတသဟဿာဿ ဒသဂုဏိတံ ကတွာ ကောဋိ ဟောတိ"ဟု တသန်းကို ဆယ်ဖြင့်မြှောက်၍ ကောဋိ ဖြစ်၏ဟု ပြခဲ့သော်လည်း "သိန်းကို ရာဖြင့်မြှောက်လျှင်လည်း ကောဋိဖြစ်နိုင်၏" ဟု မြှောက်ပုံတနည်းကို ပြလိုသောကြောင့်လည်းကောင်း ကောဋိမှစ၍ အထက်၌ (သင်္ချာများလွန်းသည့်အတွက် ဆယ်ဖြင့်မြှောက်လျှင် ကြန့်ကြာဖွယ်ရှိရကား) ရှေးဆရာတို့သည်သန်းသင်္ချာမှမတက်ပဲ သိန်းသင်္ချာမှ ရာဖြင့်မြှောက်၍ တက်လေ့ ရှိသောကြောင့်လည်းကောင်း "သတသဟဿာနံ သတံ ကောဋိ" စသည်ဖြင့် မိန့်သည်၊ ဤစကားအရ ကောဋိမှ အထက်၌ ဆယ်ဖြင့်လည်း မြှောက်နိုင်၏၊ ဆယ်ဖြင့်မြှောက်လိုလျှင် သန်းသင်္ချာမှ တက်ရမည်၊ ရာဖြင့်လည်း မြှောက်နိုင်၏၊ ရာဖြင့်မြှောက်လိုလျှင် သိန်းသင်္ချာမှ တက်ရမည်၊ ရှေးဆရာတို့ကား ရာဖြင့် မြှောက်လေ့ရှိကြသည်-ဟု အချုပ်မှတ်ပါ။

ဟုတ မည်၏၊ နိန္နဟုတ သတ သဟဿာနံ-တို၏၊ သတံ-သည်၊ **အက္ခောဘိဏီ-အက္ခောဘိဏီ မည်၏၊** တထာ - ထို့အတူ၊ ဗိန္ဒု - ဗိန္ဒု မည်၏၊ အဗ္ဗုဒံ - အဗ္ဗုဒ အမည်၊ နိရဗ္ဗုဒံ-နိရဗ္ဗုဒအမည်၊ **အဟဟံ** - အဟဟအမည်၊ ပေ၊ အသင်္ချေယျံ-အသင်္ချေယျအမည် ဖြစ်၏၊ (၄၁၇)။

---

**တထာဗိန္ဒုစသည်၊** ။အက္ခောဘိဏီ သတသဟဿာနံ သတံ ဗိန္ဒု၊ ဗိန္ဒု သတသဟဿာနံ သတံ အဗ္ဗုဒံ ၊ပေ၊ မဟာကထာနသတသဟဿာနံ သတံ အသင်္ချေယျံ"ဟု မြှောက်ရပုံကို တထာဖြင့် ညွှန်ပြသည်၊ သဒ္ဒနီတိ၌ကား "အထ ဝါ ပါဠိနယေန အဗ္ဗုဒပရိယောသာနေ ဝီသတိ ဂုဏံ ကတွာ နိရဗ္ဗုဒါဒိကာ သင်္ချာ ယာဝ အသင်္ချေယျာ ဝေဒိတဗ္ဗာ=အဗ္ဗုဒတခုကို ၂၀ ဖြင့်မြှောက် နိရဗ္ဗုဒ တခုဖြစ်၏၊ နိရဗ္ဗုဒတခုကို ၃၀ ဖြင့်မြှောက်လျှင် ထို့နောက် သင်္ချာဖြစ်၏၊ ဤသို့ စသည်ဖြင့် မဟာကထာန တခုကို ၂၀ ဖြင့်မြှောက် အသင်္ချေယျ ဖြစ်၏"ဟု ဆိုသည်၊ ထို့ပြင် သင်္ချာစဉ်ပုံကိုလည်း ကစ္စည်းစုတ္တိနှင့် မတူတတ်၊ သဒ္ဒနီတိ၌ ရှုကြပါလေ။

**ငရဲနာမည်များ။** ။သဒ္ဒနီတိ၌ "နိရဗ္ဗုဒ, အဗဗ" စသည်ဖြင့် သင်္ချာစဉ်ပုံသည် "သေယျထာပိ ဘိက္ခု ဝီသတိ အဗ္ဗုဒေါ နိရယော, ဧဝမေကော နိရဗ္ဗုဒ နိရယော၊ သေယျထာပိ ဘိက္ခု ဝီသတိ နိရဗ္ဗုဒေါ နိရယော, ဧဝမေကော အဗဗော နိရယော" စသည်ဖြင့် ပြဟ္မသံယုတ်၌ "အဗဗ, အဋဋ,အဟဟ,ကုမုဒ,သောဂန္ဓိက, ဥပ္ပလ, ပုဏ္ဍရိက, ပဒုမ"ဟု ငရဲဆယ်မျိုးကိုပြသော အစဉ်နှင့် ညီပါပေသည်၊ မှန်၏—အဗ္ဗုဒမှစ၍ ပဒုမထိအောင် သင်္ချာဆယ်မျိုး၏ နာမည်သည် ငရဲဆယ်မျိုး၏ နာမည်များပင်တည်း၊ ထို အဗ္ဗုဒစသော ငရဲဆယ်မျိုးကို "သီတနရက"ဟု ခေါ်သတတ်။ ["အဗ္ဗုဒါဒိ သီတနရကာပိ တေသွေဝ (ဤ သဥ္စိဝ စသော ငရဲတို့၌ပင်) အန္တောဂဓာ"-ဥဒါနဋ္ဌကထာ၊ "အဗ္ဗုဒါဒိပဒုမာဝသာနံ သီတနရကနာမမေဝေတံ ဌာနံ"—ရှုဋီ။]

**စဉ်းစားဖွယ်။** ။အဗ္ဗုဒမှ အထက်၌ ဝီသတိဂုဏံ (၂၀ ဖြင့်မြှောက်ခြင်း) ကိုကား စဉ်းစားသင့်၏၊ ဘာ့ကြောင့်နည်း....ပါဠိတော်၌ နိရဗ္ဗုဒမှ စ၍ ပဒုမတိုင်အောင် ဝီသတိဂုဏဖြင့် ပြခြင်းသည် သင်္ချာတက်ပုံ အစဉ်ကို ပြခြင်းမဟုတ်၊ ထို ငရဲတို့၏ သက်တမ်းကို ပြခြင်းသာ ဖြစ်ရာ၏။ [နိန္နဟုတ တသိန်းကို တရာဖြင့် မြှောက်လျှင် "အဗ္ဗုဒ" ခေါ် သင်္ချာတမျိုး ဖြစ်၏၊ ထို အဗ္ဗုဒ အရေအတွက်၌ ၂၀ တိုးတက်လျှင် ပဒုမငရဲ၏ သက်တမ်းဖြစ်သည်၊] ဤသို့ သင်္ချာတက်ပုံအစဉ်ကို ပြခြင်းမဟုတ်ပဲ ငရဲသက်တမ်းကိုသာ ပြသောကြောင့်လည်းကောင်း, ပဒုမမှ အထက်၌ ၂၀ ဖြင့် တက်ဖို့ရာ အထောက်သာဓက မရှိသောကြောင့်လည်း ကောင်း သဒ္ဒနီတိဝါဒကို (သပြေကန်နိဿယ ဆရာတော်စသော) ဆရာတို့

မနှစ်သက်ကြ၊ ကစ္စည်းစုတ္တိအတိုင်း သိန်းတရာဖြင့် မြှောက်ပွားခြင်းကိုသာ အများသဘောတူကြသည်၊ ဒီပဝံသဋ္ဌ သချ်ာစဉ်ပုံတမျိုး ရှိလေသေးသတတ်၊ ထို၌သာရှုပါလေ။

**အက္ခောဘိဏီတပ်ဖွဲ့ပုံ။** ။ဤသချ်ာစဉ်၌ နိန္နဟုတ အရေအတွက် တသိန်းကို ရာဖြင့် မြှောက်၍ ၁-ဂဏန်းနှင့် သုညလေးဆယ်နှစ်သချ်ာသည် အက္ခောဘိဏီ အရေအတွက် ဖြစ်၏၊ သို့သော် အဘိဓာန်၌ကား ဝါးအလုံး ၆၀ ကို တစည်းစီ စည်း၍ ဝါးအစည်း ၆၀ ပုံထားရာ၌ စစ်တပ်တတပ် နင်း၍သွားရာ ဝါးအားလုံး မြေမှုန့်ဖြစ်လောက်အောင် များသောစစ်တပ်ကို "အက္ခောဘိဏီတပ်"ဟု ဆို၏။ [စစ်တပ်တတပ်၌ ဆင်တပ် - မြင်းတပ် - ရထားတပ်- ခြေလျင်တပ် ၄ မျိုးပါရ သည်၊] သဒ္ဒနီတိ၌ကား-ဆင်တသောင်းကို မူသေထား၍ ဆင်တစီးလျှင် ရထား တရာ, ရထားတစီးလျှင် မြင်းတရာ,မြင်းတစီးလျှင် ယောကျ်ားတရာ,ယောကျ်ား တယောက်လျှင် ကညာတရာ, ကညာတယောက်လျှင် မိန်းမကြီးတရာ, ဤမျှ လောက် များပြားသော အရေအတွက်ကို "အက္ခောဘိဏီ"ဟု ဆို၏၊ ဒီပဝံသ ဋ္ဌီကာ၌ တမျိုးဆိုလေသေး၏။

**အသင်္ချေယျအမျိုးမျိုး။** ။ဂဏနအသင်္ချေယျ,အနုမာနအသင်္ချေယျ,ကပ္ပ အသင်္ချေယျ, ဗုဒ္ဓအသင်္ချေယျဟု အသင်္ချေယျ ၄ မျိုး ခွဲအပ်၏၊ ထိုတွင် မဟာ ကထာန၏ အထက်၌ ၁ နှင့်တကွ သုည ၁၄၀ ရှိသော ဂဏန်းသချ်ာသည် ဂဏန အသင်္ချေယျမည်၏၊ ["စတ္တာလီသ သတံသုညံ, အသင်္ချေယျန္တိ ဝုစ္စတိ"] ၁ နှင့်တကွ သုည တရာ့လေးဆယ်ရှိ၍ ရေတွက်နိုင်သောကြောင့် (အသင်္ချာ ဓမ္မာ၌ အ သဒ္ဒါသည် ဝုဒ္ဓိအနက် ဟောသကဲ့သို့ ဤအသင်္ချေယျ၌လည်း အ သဒ္ဒါကို ဝုဒ္ဓိအနက်ဟောကြံ၍) ကြီးပွားပြီး၍ အဆုံးသို့ရောက်သော သချ်ာကို "အသင်္ချေယျ"ဟု ဆိုလိုသည်၊ ထိုအသင်္ချေယျမှ အထက်၌ရေတွက်ဖို့ရာ သချ်ာ တမျိုး မရှိတော့ပြီ-ဟူလို၊ "စတ္တာရိမာနိ ဘိက္ခဝေ ကပ္ပဿ အသင်္ချေယျာနိ"၌ လာသော အသင်္ချေယျသည် သံဝဋ္ဋအသင်္ချေယျကပ်၊ သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျ ကပ် ဝိဝဋ္ဋ - ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်ဟု မဟာကမ္ဘာတခုလျှင် အသင်္ချေယျ ကပ်၊ ၄ ခုရှိ၏-ဟူ ပြသော ကပ္ပအသင်္ချေယျတည်း၊ဆုတ်ကပ် တက်ကပ်တစုံလျှင် အန္တရကပ် တကပ်ဟု ခေါ်၏၊ ထို အန္တရကပ်ပေါင်း ၆၄ ကပ်သည် အသင်္ချေ ယျကပ် တကပ်ဖြစ်ရကား နှစ်အားဖြင့် ရေတွက်၍ မဖြစ်နိုင်သောကြောင့် "န+ သင်္ချေယျောတိအသင်္ချေယျော=မရေတွက်အပ်မရေတွက်နိုင်သောကပ်"မည်၏။

"သကလံ တီဏိ ဝဿာနိ, စက္ကဝါဠံ ဘိပူရယံ၊
ရတ္တိန္ဒိဝံ ဗိန္ဒု ဗိန္ဒု, အသင်္ချေယျောတိ ဝုစ္စတိ"

နှင့်အညီ, စကြဝဠာပြည့်အောင် ၃ နှစ်မပြတ် ရွာသော မိုးပေါက် အရေ အတွက်နှင့် ညီမျှသော အရေအတွက်ကို "အသင်္ချေယျ"ဟု ခေါ်ရာ၌ကား

မှန်းဆ၍ ရေတွက်အပ်သောကြောင့် အနုမာန အသင်္ချေယျမည်၏၊ [ဤ၌ မှန်းဆ၍သာ ရေတွက်နိုင်သည်, မိုးပေါက်ပေါင်း မည်မျှဟု အတိကျ မရေတွက်နိုင်သောကြောင့် အသင်္ချေယျ"ဟု ခေါ်သည်၊] အနုမာန အသင်္ချေယျ၌ ၃ နှစ်ရွာသော မိုးပေါက် အသင်္ချေယျထက် ၄ နှစ်ရွာသော မိုးပေါက် အသင်္ချေယျက များ၏, စသည်ဖြင့် အသင်္ချေယျတခုထက် တခုက သာလွန် များပြားပုံကိုလည်း သိလေ၊ "၄ အသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရ၏"ဟု ဘုရားရှင်တို့ ပါရမီဖြည့်ရာ ကာလကို သတ်မှတ်ရာ၌ အသင်္ချေယျသည် ဗုဒ္ဓအသင်္ချေယျမည်၏၊ ကမ္ဘာပေါင်းမည်မျှဟု ရေတွက်၍မရနိုင်သောကြောင့် အသင်္ချေယျခေါ်သည်။

**မေးဖွယ်**။ ။ကမ္ဘာပေါင်းမည်မျှဟု ရေတွက်၍မရလျှင် အသင်္ချေယျဟု တခုတည်း ပြပါတော့လား, အဘယ့်ကြောင့် ၄ အသင်္ချေဟု (၄-ဂဏန်းဖြင့်) ခွဲခြားရသေးသနည်း-ဟု မေးဖွယ်ရှိ၏၊ ကမ္ဘာပေါင်းမည်မျှဟု ရေတွက်၍ မရသဖြင့် အသင်္ချေယျဟု ခေါ်ရသည့်အချိန်မှာ ဘုရားတဆူတဆူ ပွင့်လာရကား ထိုဘုရားရှင်တို့၏ အကြား ၄ မျိုးရှိသောကြောင့် လေးအသင်္ချေဟု ခေါ်ရသည်၊ မှန်၏ - ဒီပင်္ကရာဘုရား၏နောက်၌ ကမ္ဘာအသင်္ချေယျ ကြာသည့်အခါ ကောဏ္ဍညဘုရား ပွင့်တော်မူလာ၏၊ ထိုဘုရားနှစ်ဆူ၏ အကြားကို တသင်္ချေဟု သတ်မှတ်ခဲ့ရသည်၊ ထို့အတူ ကောဏ္ဍညဘုရားနှင့် မင်္ဂလာဘုရားအကြား တသင်္ချေ၊ သောဘိတဘုရားနှင့် အနောမဒဿီဘုရားအကြား တသင်္ချေ၊ နာရဒဘုရားနှင့် ပဒုမုတ္တိုရ်ဘုရားအကြား တသင်္ချေ, ဤသို့အားဖြင့် ၄ သင်္ချေ, ဖြစ်ရသည်၊ ["နန္ဒသင်္ချာဘာဝေန အသင်္ချေယျတ္တေ စတုဗ္ဗိဓာဘာဝေါ န ယုဇ္ဇတိ၊ နေဝ နယုဇ္ဇတိ, စတူသု ဌာနေသု အသင်္ချေယျဘာဝဿ ဣစ္ဆိတတ္တာ"—စရိယာပိဋကဋ္ဌ။]

**ဘုံအပြား**။ ။ဤသင်္ချာများ၌ "၁-မူလဘုံ, ၂-ကောဋိဘုံ, ၃-ပကောဋိဘုံ" ဤသို့စသည်ဖြင့် အသင်္ချေယျဘုံတိုင်အောင် ၂၁ ဘုံရှိ၏၊ [အရင်းအစ ပဌမဖြစ်သော တည်ရာသင်္ချာကို မူလဘူမိ (မူလဘုံ)ဟု ခေါ်၏၊] မူလဘုံ၌ "ခု, ဆယ်, ရာ, ထောင်, သောင်း, သိန်း, သန်း"ဟု ခုနစ်ဌာနရှိသကဲ့သို့, ကောဋိဘုံ စသည်၌လည်း "ကုဋေခု, ကုဋေဆယ်, ကုဋေရာ, ကုဋေထောင်, ကုဋေသောင်း, ကုဋေသိန်း, ကုဋေသန်း" စသည်ဖြင့် ၇ ဌာနစီရှိ၏၊ ၁၀, ၁၀၀, ၁၀၀၀, စသည်ဖြင့် သုညတလုံးစီ တိုး၍သွားရာ အသင်္ချေရောက်သည့်အခါ သုည ၁၄၀ ရှိသည်၊ ဤသို့ သုညတလုံးစီ တိုးရသောကြောင့် သုညခြောက်လုံးဖြင့် တသန်းဖြစ်ပြီးနောက် သုညတလုံးတိုးလျှင် တကုဋေဖြစ်၏၊ ကုဋေခု, ကုဋေဆယ်, စသည်ဖြင့် သုညတလုံးစီတိုးသွားရာ သုည ၁၃ လုံးဖြင့် ကုဋေသန်း ဖြစ်ပြီးနောက် သုညတလုံးတိုးလျှင် ပကောဋိတခု ဖြစ်၏၊ ဤသို့စသည်ဖြင့် မူလဘုံမှ ကောဋိဘုံပြောင်းလျှင် သုညတလုံးတိုး (ဝါ-ဆယ်ဖြင့်မြှောက်)၊ ကောဋိဘုံမှ ပကောဋိဘုံသို့

တေသံ ဉာဏော လောပံ ၃၉၆။ တေသံ ပစ္စယာနံ—ထို တဒ္ဒိတ်ပစ္စည်းတို့၏၊ ဉာဏော—ဏ အက္ခရာသည်၊ လောပံ, အာပဇ္ဇတေ၊ ဂေါတမဿ—ဂေါတမ၏၊ အပစ္စံ—သားတည်း၊ ဂေါတမော—သား၊ စေ၀ါသိဋ္ဌော ဝေနတေယျော အာလသျံ အာရောဂျံ၊ (၃၆၃)။

---

ပြောင်းလျှင် သူညတလုံးတိုး စသည်ဖြင့် ဆယ်ဖြင့် မြှောက်ရာ၌ သန်းသင်္ချာ တိုင်အောင်သွား၍ မြှောက်ပွားပုံကိုလည်းကောင်း, သန်းသင်္ချာကို အသုံးမပြု လိုလျှင် တဘုံမှ တဘုံသို့ သုည ၂ လုံးတိုး (ရာဖြင့်မြှောက်ပွား) ရပုံကိုလည်း ကောင်း သိလေ၊ ဤဘုံများကိုပင် ရူပသိဒ္ဓိ၌ "ဌာန"ဟု သုံးစွဲ၍ "ဍ္ဍစ္စေဝံ ဌာနတော ဌာနံ, သဘာလက္ခဂုဏံ မတံ"ဟု ဆိုလေသည်။

တဒ္ဒိတ်သင်္ချာ။ ။ဤ သင်္ချာတဒ္ဒိတ်၌ "သင်္ချာပူရဏေမော" စသောသုတ် အချို့တို့၏ အစီအရင်မှာ မရှုပ်ပွေလှသော်လည်း ဂဏနေ ဒသဿသုတ်မှစ၍ ရှုပ်စီရင်ပုံလည်း ဆန်းပြား၏၊ [ရှေးဦးစွာဝိဘတ်သက်၍ ရုပ်ပြီးမှ အနိပ္ဖန္နအဖြစ်ကို ငဲ့ကာ (ရုပ်မပြီးသေးသည့် အနေအားဖြင့်) ဝိဘတ်ပြန်၍ သက်ရခြင်းစသည်ဖြင့် ဆန်းပြားသည်-ဟူလို၊] ဝိသတိ စသည်ပြီးအောင် တဒ္ဒိတ်စီရင်ဖွယ် မလို့, လောက၌ ထင်ရှားပြီးသော အမည်ဖြစ်၏-ဟု ဝါဒလည်း ကွဲပြား၏၊ ဤသို့ စသည်ဖြင့် နောက်နောက်သုတ်များ၌ ရုပ်လည်း ဆန်းပြား-ဝါဒလည်း ကွဲပြား ပင်ကိုယ်အတိုင်းအားဖြင့်လည်းများပြားသောကြောင့် ရှေးခေတ်ကလေးထောင် ခေါင်းအုံးချုပ်ရာဝယ် ထိပ်ပိတ်ခတ်သကဲ့သို့, သင်္ချာတဒ္ဒိတ်လည်း ခက်ခဲလှရ ကား "ခေါင်းအုံးထိပ်ပိတ် တဒ္ဒိတ်သင်္ချာ"ဟု ရှေးဆရာတို့ ပြောစမှတ်ပြုခဲ့ကြ သေသည်။ [သင်္ချာပူရဏေမော, စတုဆေဟိ ဌထာ, ဒွိတိဟိ တိယော, သင်္ချာ ပူရဏေ၌ ယောဂဝိဘာဂဖြင့် ဌမ, ကောဒိတော ဒသဿီ, ဒွါဒိတော ကော နေကတ္ထေစ သုတ်တို့ဖြင့် သက်ရသော မ စသောအားဖြင့် သင်္ချာတဒ္ဒိတ်ပစ္စည်း ၇ ပစ္စည်းရှိသည်။]

[ဆောင်] တီယ-ဤ-က, မ-ဌ-တနှင့်, ဌမ ပစ္စယာ, ခုနစ်ဖြာ, သင်္ချာ ပစ္စည်းပေါင်း။

## သင်္ချာတဒ္ဒိတ် ပြီး၏။

---

၃၉၆။ ဝါကျာပစ္စေ စသော သုတ်တို့၌ ဏ အနုဗန်ရှိသော ပစ္စည်းများကို ပြခဲ့၏၊ ထို (ဏ်) အနုဗန်များကို ဤသုတ်က ချေ၊ ဤသုတ်ကား ဏ အနုဗန် ပါသော တဒ္ဒိတ်အားလုံးနှင့် ဆက်ဆံသောသုတ်တည်း၊ ဂေါတမော ဝါသိဋ္ဌော တို့ကို ဝါကျာပစ္စေ၌, ဝေနတေယျောကို နေယျော ကတ္တိကာဒီဟိ၌, အာလသျံ အာရောဂျံတို့ကို ဏျတ္တတာ ဘာဝေတု၌ ကြည့်။

အနုဗန်ခေါ်ပုံ။ ။ကာရိယ၀သေန အနုပစ္စာ ဗန္ဓီယတေတိ အနုဗန္ဓော၊ ကာရိယ၀သေန—အပြုအစီအရင်နှင့် စပ်သဖြင့်၊ အနုပစ္စာ—နောက်ထပ်၊ ၀ါ-အပို၊ ဗန္ဓီယတေ-ဖွဲ့စပ် ( ထည့်ထား ) အပ်၏၊ ဣတိ အနုဗန္ဓော၊ ဤ ပစ္စည်း၌ (အ)သာ အပစ္စအနက်ကို ဟော၏၊ (ဏ်) ကား အပို နောက်ထပ် ဖွဲ့စပ်ထား အပ်သော အက္ခရာတည်း၊ အဘယ်အကျိုးငှာ အပိုထည့်အပ်သနည်း....ဟူမူ, အပိုပါသော (ဏ်) အနုဗန် အမှတ်သင်္ကေတကို မြင်ရလျှင် ပကတိ၏ အစ၌ ဝုဒ္ဓိပြုဟု ဝုဒ္ဓိအစီအရင်ကို သိစေခြင်းအကျိုးငှာ (ဏ်) အနုဗန်ဟူသော သင်္ကေတကို အပိုထည့်ရသည်၊ ထိုအနုဗန်လည်း ၀ါသိဋ္ဌော စသောပုဒ်တွင် ပါ၀င်သော အစိတ်အပိုင်း (ပုဒ်၏အပိုင်း) မဟုတ်ရကား ဆိုင်ရာသုတ်ဖြင့် ကြေပျောက်ရလေသည်။

သာဓက။ ။ "အနုဗန္ဓော ယော, အပ္ပယောဂီ အနုစ္စာရဏီယော ဘ၀တိ = အကြင် အက္ခရာသည် အနုဗန်ဖြစ်၏၊ ထိုအက္ခရာသည် ပုဒ်တခု အတွင်း၌ ယှဉ်စပ် သုံးစွဲရခြင်း မရှိ, ရွတ်ဆိုရခြင်း မရှိ" (၇-၄၃၅) ကာတန္တ ဝုတ္တိ။ [သင်္ကေတော-နဝယဝေါ-နုဗန္ဓော၊ အနဝယဝေါ-သဒ္ဒါတခု၏ အစိတ်အပိုင်း မဟုတ်သော၊ သင်္ကေတော - အမှတ်အသားသည်၊ အနုဗန္ဓော-အနုဗန်မည်၏၊ (မောဂ္ဂလ္လာန်)။]

အနုဗန်ထည့်ရကျိုး။ ။အနုဗန် မပါလျှင် "ဝုဒ္ဓါဒိသရဿ၀ါ သံယောဂန္တဿ သဏေစ" ကဲ့သို့သော သုတ်၌ "သဏေစ"ဟု စကားတိုတိုနှင့် မပြီးပဲ ၀ါသိဋ္ဌောစသည် ပြီးဖို့ရာ အပစ္စည်းသာသက်၍"အကာရေစ"ဟုလည်းကောင်း, ၀စ္ဆာယနံစသည်ပြီးဖို့ရာ အာယန-အာနပစ္စည်းသက်၍ "အာယနေ အာနေစ"ဟုလည်းကောင်း, "ဏေယျ-ဏိ-ဏဝ-ဏေရ-ဏိက" စသော ပစ္စည်းအရာ၌လည်း (ဏ်) အနုဗန်မပါပဲ "ယျေ" စသည်သက်၍ "ယေျစ, ဣကာရေစ" စသည်ဖြင့်လည်းကောင်း, ပစ္စည်းရှိသလောက် ရှည်လျားသော သုတ်ကြီးကို ဖြစ်စေ, သုတ်အသီးသီး ခွဲ၍ သုတ်များစွာဖြစ်စေ ဝုဒ္ဓိပြုသောသုတ်ကို တည်ရလိမ့်မည်၊ (ဏ်) အနုဗန် ထည့်လိုက်ခြင်းကြောင့်ကား "သဏေစ"ဖြင့် ဏ အနုဗန်ရှိသော ပစ္စည်းအားလုံးကို ယူနိုင်၏၊ ဤသို့ တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်း ပြီးစေနိုင်ခြင်း အကျိုးရှိသောကြောင့် ဏစသော အနုဗန်အက္ခရာကို ထည့်လေ့ရှိကြပေသည်။

[ဆောင်] ၁။ ထိုထိုပြယုဂ်, အစိတ် မဟုတ်ပဲ, ရုပ်စီရင်ခြင်း, ဆက်သွယ်
လျှဉ်း၍, ထည့်သွင်း အပို, စပ်ဟပ်ဆို, ခေါ်လို နုဗန္ဓာ။
၂။ သုတ်များထိုထို, စကားဆိုကို, တိုတိုကျဉ်းကျဉ်း, သိမ်းလို
ခြင်းကြောင့်, ထည့်သွင်းဟန်ပြု, ဗန်အနု, ကြံရှုတွေ့တိုင်းသာ။

## အဗျယတဒ္ဓိတ်

ဝိဘာဂေ ဓာစ

၃၉၇။ ဝိဘာဂတ္ထေစ — ဝိဘာဂ် အနက်၌လည်း၊ ဓာပစ္စယော စ- ဓာပစ္စည်းသည်လည်း၊ ဟောတိ-၏၊ ဧကေန—တခုသော၊ ဝိဘာဂေန — အဖို့အစုဖြင့်၊ ကေဓာ — တဖို့တစုဖြင့်၊ ဧဝံ, ဒွိဓာ — နှစ်ဖို့

---

၃၉၇။ ဝိဘာဂအနက်။ ။ဝိဘာဇီယတေ - ဝေဖန်အပ်၏၊ ဣတိ ဝိဘာဂေါ၊ ပစ္စည်းတစုကို ၂ စု ၃ စုစသည်ဖြင့် ခွဲခြားဝေဖန်ခြင်း ခွဲခြားဝေဖန်အပ်သော အနက်သည်လည်းကောင်း, ၄ စု ၅ စုကို တစုတည်းဖြစ်အောင် ပြုခြင်းကဲ့သို့ ပေါင်းစုဝေဖန်အပ်သော · အနက်သည်လည်းကောင်း ဝိဘာဂမည်၏၊ ထို့ကြောင့် ဝိဘာဂသဒ္ဒါ၏ အဘိဓေယျ (ဟောနက်)မှာ "အပြား" ဟူသော ပကာရအနက်မျိုးမဟုတ်, အဖို့အစု (ရာသိ) အနက်တည်းဟု မှတ်ပါ၊ ဤဓာပစ္စည်းသည် ဧက-ဒွိ တိ စသော သင်္ချာသဒ္ဒါတို့နောင်သာ သက်၏၊ ထို့ကြောင့် ရှေ့၌ သင်္ချာသဒ္ဒါကို လိုက်စေ၏၊ ပါဏိနိ၌လည်း "သင်္ချာယဝိဓတ္ထေ (အဖို့အစု အနက်၌) ဓာ"ဟု (၅,၃,၄၂) သုတ်တည်သည်။

ကတိ ဗဟု။ ။ကတိ-ဗဟုသဒ္ဒါတို့သည် သင်္ချာသဒ္ဒါနှင့် တူရကား ထိုသဒ္ဒါတို့နောင်လည်း ဓာပစ္စည်း သက်၍ "ကတိဓာ - ဗဟုဓာ"ဟု ဖြစ်နိုင်သည်၊ "သင်္ချာဂဟဏံ သင်္ချာတုလျာနံ ဥတျုတု ဗဟုဂဏာနမ္ဘ ပါပနတ္ထံ၊ တေန သင်္ချာဝါစကေဟိ ဥတျုတု ဗဟုဂဏေဟိစ ဓာ ဘဝတိ ပကာရေ၊ စတုပ္ပကာရံ (၄ ပါး အပြားသည်) စတုဓာ, ဧဝံ ကတိဓာ ယာဝဓာ ဗဟုဓာ ဂဏဓာ"-မုဒ္ဓဗောဓဋီ၊ ဤ၌ "ပကာရေ"ဟု ဆိုသော်လည်း ဝိဘာဂအနက်နှင့် မတူသေး၊ ပကာရအနက်ကို နောက်၌ပြမည်။

ဧကေန ဝိဘာဂေန ကေဓာ။ ။ဧကေန ဝိဘာဂေနသည် ကေဓာ၏ ဝိဂ္ဂြိုဟ်မဟုတ်, ကေဓာကို ဖွင့်ပြသော အနက်ဖွင့်သာတည်း၊ ဓာပစ္စည်းသည် ဝိဘာဂအနက်၌ သက်၍ ကေဓာပုဒ်နောင် ဝိသေသနအနက်ကိုဟောသော နာဝိဘတ်ကြေသည်ဟု ပြလို၍ ဝိဘာဂေနဟု နာဝိဘတ်နှင့်တကွ ပြသည်၊ ကေဓာပုဒ်သည် အဗျယတဒ္ဓိတ်ပုဒ်တည်း၊ ပဉ္စမာ ဒုတိယာစသော ဝိဘတ်အမျိုးမျိုး—ကေဝုစ် ဗဟုဝုစ် ၂မျိုးကြောင့် "ဓာ" ဟူသော ရုပ်နေမပျက်ရကား ဓာ ပစ္စည်းကို အဗျယပစ္စည်း (ဝါ-နိပါတ်ပစ္စည်း)ဟု မှတ်၍ ထိုပစ္စည်းဆုံးသောပုဒ်ကို အဗျယတဒ္ဓိတ်ပုဒ်-ဟု ခေါ်သည်။ [အဗျယပုဒ်ပြီးပုံကို (အဗျယီဘော နာမည်မှည့်သော) ဥပသဂ္ဂနိပါတ ပုဗ္ဗကောသုတ်၌ ပြခဲ့ပြီ။]

ဝိဘတ်အမျိုးမျိုးသက်။ ။ အဗျယပုဒ် ဖြစ်သောကြောင့် နာ ဝိဘတ်ကို သဗ္ဗာသမာဝုသောသုတ်ဖြင့် ချေရသည်၊ "ကေဓာ - တပါးသော အဖို့ဘည်း"

နှစ်စုတို့ဖြင့်၊ ဝါ—နှစ်ပါး အပြားတို့ဖြင့်၊ တိစာ၊ပေ၊ဆဇာ-ခြောက်ဖို ခြောက်စု တို့ဖြင့်- ဝါ—ခြောက်ပါး အပြားတို့ဖြင့်၊ စေတိ—စ ဟူသောပုဒ်သည်၊ ကိမတ္ထံ၊ သော ပစ္စယော - သော ပစ္စည်းသည်၊ ဟောတိ — ဖြစ်၏၊ သုတ္တသော—သုတ် အားဖြင့်၊ ဗျဉ္ဇနသော-အက္ခရာအားဖြင့်၊ ပဒသော-ပုဒ်အားဖြင့်၊ (၄၂၀)။

---

ဟူရာ၌ သိသက်၍ ချေ, ကေဓာ— တပေါင်းတစုကို'' ဟူရာ၌ အံသက်၍ ချေ၊ ဝိဘတ် ၇ သွယ်လုံးသက်၍ ဤနည်းချည်း ချေလေ၊ ရုပ်တွက်ပုံကို အခြေပြုကြည့်၊ ဒွိဓာ စသည်၌ ''ဒွိဟိ+ဝိဘာဂေဟိ''ဟု ဗဟုဝုစ်ဖြင့် အနက်ဖွင့်၊ တေသုဝုဒ္ဓိဖြင့် ဒွိ-တိတို့၏ ဣကို ပြေုလျှင် ''ဒွေဓာ—တေဓာ''ဟုလည်းကောင်း, ဝိသတိဒသေသု ဗာဒွိဿာတုဥ္ဒတုဖြင့် ဒုပြုလျှင် ''ဒုဓာ''ဟုလည်းကောင်း ဖြစ်၏၊ စတု ဆတို့နောင် ဒွေဘောင်လာ၍ ''စတုဒ္ဓါ-ဆဒ္ဓါ''ဟုလည်း ရှိ၏။ [ကော်ရာသိ·-တစုကို၊ ပဉ္စဓာ-ငါးဖို့ငါးစုကို၊ (ဝါ-ငါးပုံကို)၊ ကရောဘိ-ပြု၏၊ ပဉ္စကာရံ-ငါးပါးအပြား ရှိသော အစုကို၊ ကေဓာ-တဖို့တစုကို၊ ဝါ-တပေါင်းတည်းကို၊ ကရောတိ-၏, စသည်ဖြင့် ပါဠိသုံးလေ။]

**အချို့ရုပ်တည်ကြပုံ။** ။ရုပ်တွက်ရာ၌ ''ကေ+ဝိဘာဂ''တည်, နာ ၂ လုံး သက်, ''ကေန+ဝိဘာဂေန''ဟု ပြီး၏၊ ဤသုတ်ဖြင့် ဝိဘာဂအနက်၌ ကေန နောင် နာသက်, တေသံ ဝိဘတ္တိယောသုတ်ဖြင့် နာဝိဘတ် ဝိဘာဂပုဒ်တို့ကို ချေ, နာမ်ငဲ့,နာသက်,ချေဟုဆို၍ ရုပ်တွက်ကြ၏ ''တဒ္ဓိတ်ပစ္စည်း ဆိုင်းထမ်းနည်း''ဟု ဆိုရိုးအတိုင်း ၂ ပုဒ် အလယ်သက်မှ စည်းကမ်းကျသည်ဟု ထင်ကြဟန် တူ၏၊ ထိုကဲ့သို့ ရုပ်တွက်ဖွယ်မလို၊ မှန်၏-''ကေဓာ'' စသော ဤ အဗျယတဒ္ဓိတ်ပုဒ်တို့ သည် နာမ်အဆုံး၌ပြခဲ့သော တောစသော ပစ္စည်းဆုံးသောပုဒ်တို့နှင့် သဘောတူ ငင်တည်း၊ မောဂ္ဂလ္လာန်၌ ဤတဒ္ဓိတ်ခန်းဝယ် ''တော ပဉ္စမျာ'' စသည်ဖြင့် တောစသော ပစ္စည်းများကိုပါ ဓာစသောပစ္စည်းတို့နှင့် တပေါင်းတည်းပြထား၏၊ ရူ၌လည်း ''က္ဝစိတော ပဉ္စမျတ္ထေတျာဒိနာ ဝုတ္တတော အာဒိ ပစ္စယန္တာစ ဣမေဝ အဗျယတဒ္ဓိတေ သင်္ဂယှန္တိ''ဟု မိန့်သည်၊ ထိုတော အာဒိပစ္စယန္တပုဒ် များတွင် သဗ္ဗဒါကို ''သဗ္ဗသ္မိံ ကာလေ''ဟု ဖွင့်သော်လည်း ရုပ်တွက်သည့်အခါ ''သဗ္ဗ''ဟုသာ တည်ရ၏၊ ''သဗ္ဗ+ကာလ''ဟု မတည်ရ၊ ထို့ကြောင့် ဤ၌လည်း ''ကေ+ဝိဘာဂ''ဟု မတည်ပဲ ''ကေ''ဟုသာ တည်သင့်သည်။

**စဂ္ဂဟဏေန သော ပစ္စယော။** ။ဝိနည်း၌ ''မာတိကာကို သုတ္တ, ထို၏ အဖွင့် ပဒဘာဇနီကို ဝိဘင်္ဂ''ဟု ခွဲခြား၏၊ ထို့ကြောင့် သုတ္တသည် ဝိဘင်္ဂမှ ကွဲပြားသော အဖို့အစု ဖြစ်ရကား ''သုတ္တေန+ဝိဘာဂေန—မာတိကာဟူသော အဖွဲ့အစုဖြင့်''ဟု အနက်ဖွင့်၍ ''သုတ္တသော''ဟု ပြီး၏၊ သုတ္တတည်, ဤသုတ်၌ စ သဒ္ဒါဖြင့် သောပစ္စည်းသက်, နာမ်ငဲ့, နာသက်, ချေ၊ အက္ခရာ+ပုဒ်ဟူ ခွဲဝေ

ရာ၌ အက္ခရာသည် တစ, ပုဒ်သည်တစ ဖြစ်ရကား "ဗျဥ္စနေန + ဝိဘာဂေန, ပဒေန+ဝိဘာဂေန"ဟု ဖွင့်၊ ဤသို့လျှင် စသဒ္ဒါဖြင့် ဝိဘာဂအနက်၌ပင် သော ပစ္စည်း သက်သောကြောင့် စသဒ္ဒါကို "ခာစ"ဟု ထိုင်ပါစေ။

**ဝိဘာဂတ္ထေစ**။ ။စ သဒ္ဒါကို ဝိဘာဂေနောင်လည်း ထိုင်စေ၍ ထို စဖြင့် ဝိဘာဂအနက်မှတပါး အခြား အနက်များကိုလည်းကောင်း, ခာပစ္စည်း, သော ပစ္စည်းမှတပါး အခြား "ဓာ" ပစ္စည်းကိုလည်းကောင်း ဆည်းနိုင်သေး၏၊ [ဝိဘာဂေနောင်ထိုင်သော စဖြင့် အခြားအနက်ကို ဆည်း၍ ခာနောင် ထိုင်သော စဖြင့် အခြား ပစ္စည်းကို ဆည်းနိုင်သည်-ဟူလို၊]အခြားအနက် ဟူရာ၌ အာကာရ ပကာရနှင့် ကေဝလတတိယတ္ထတည်း၊ "သဗ္ဗာကာရေန-အလုံးစုံသော အခြင်း အရာအားဖြင့်"ဟူရာဝယ် အာကာရအနက်၌ သောပစ္စည်းသက်၍ "သဗ္ဗသော" ဟု ဖြစ်၏၊ "ဗဟူဟိ ပကာရေဟိ-များစွာကုန်သော အပြားတို့ဖြင့်" ဟူရာဝယ် ပကာရအနက်၌သက်၍ "ဗဟုသော"ဟု ဖြစ်၏၊"သဗ္ဗပ္ပကာရေန သဗ္ဗသော"ဟု လည်း ရှိ၏။

**ကေဝလ တတိယတ္ထ**။ ။ထို အာကာရ ပကာရ ဝိဘာဂ အနက်တို့နှင့် မရောမယှက်ပဲ သက်သက် တတိယာအနက်ကို "ကေဝလ တတိယတ္ထ"ဟု ဆို၏၊ ပုံစံကား-"ဥပါယသော-အကြောင်းအားဖြင့်၊ ဌာနသော-တခဏချင်း အားဖြင့်၊ ယောနိသော—အသင့်အားဖြင့်"တည်း၊ "သောဝါ" သုတ်ဖြင့် နာ ဝိဘတ်ကို သောပြု၍ ပြီးသောရုပ်များနှင့် ဤ ကေဝလ တတိယတ္ထရုပ်များသည် သဘောတူ၁င်၊ ရုပ်ပြီးပုံ တနည်းကို ပြလို၍ ဤ၌ "ကေဝလ တတိယတ္ထ သော ပစ္စည်း"ဟု ဆိုထားသည်၊ ထို့ကြောင့် ဥပါယသောစသည်၌ နာကို သောဝါဖြင့် သော ပြု၍လည်း ပြီး၏၊ ဤအလို နာမ်ပုဒ်ဟု မှတ်၊ ဤသုတ်လာ စ သဒ္ဒါဖြင့် တတိယာအနက်၌ သောပစ္စည်းသက်၍လည်း ပြီး၏၊ ဤသို့ပစ္စည်းသက်ရာ၌ကား တတိယာအနက်ကို သော ပစ္စည်းက ဟောပြီးဖြစ်၍ လိင်္ဂတ္ထကို ထွန်းပြခြင်းငှာ ပဌမာကေဝုစ် သိသက်၊ ဤအလို တဒ္ဓိတ်ပုဒ်ဟု မှတ်။ ["အာကာရ ပကာရ ဝိဘာဂ ကေဝလတတိယတ္ထေသု သော" နီတိသုတ်။]

**ဝိစ္ဆာတ္ထ သောပစ္စည်း**။ ။ဝိစ္ဆာ အနက်၌လည်း သောပစ္စည်း သက်၏၊ "ခဏ္ဍံ ခဏ္ဍံ-အပိုင်း အပိုင်း" ဟူသော အနက်၌ "ခဏ္ဍသော"ဟု ဖြစ်၏၊ ခဏ္ဍ သော-အပိုင်း အပိုင်း၊ ဗိလသော-အစုအစု (အပုံ အပုံ)၊ ပဒသော - အစုအစု (တဖို့စီ တဖို့စီ)၊ ဝိစယသော - စိစစ်သဖြင့် စိစစ်သဖြင့်၊ "သော ဝိစ္ဆာပ္ပကာရေ သု"-မောဂ္ဂလ္လာန် (၄၁, ၁၁ဂ သုတ်)၊ ဓာပစ္စည်းကား ဧက-ဒွိတို့နောင်သာ ဝိဘာဂအနက်၌သာ သက်၏၊ ပုံစံကို ရှုနှင့် ဘာသာဋီကာ၌ ရှု။

[ဆောင်] ဝိဘာဂေသုတ်, စ သရုပ်ကား, ဝိဘာဂနက်, ဓာလည်း သက်၏၊တချက် မှတ်ရာ, အာကာရာနှင့်, ပကာရမှတ်, တတိယတ် ကေဝလာ, ဝိစ္ဆာ အနက်, သောလည်း သက်သည်, ကျမ်းထွက် ထိုထို စကားတည်း။

**သဗ္ဗနာမေဟိ ပကာရဝစနေ တုထာ**

၃၉၇။ **သဗ္ဗနာမေဟိ**—တို့မှ နောက်၌၊ **ပကာရ ဝစနေ**—ပကာရသဒ္ဒါ၏ အနက်၌၊ ထာ ပစ္စယော ဟောတိ၊ သော ပကာရော - ထို အထူးအပြားသည်၊ တထာ—ထို အထူးအပြားသည်၊ တံ ပကာရံ-ကို၊ တထာ-ထို အထူးအပြားကို၊ တေန ပကာရေန, တထာ - ဖြင့်၊ တဿ ပကာရဿ, တထာ - အား၊ တသ္မာ ပကာရာ, **တထာ**-မှ၊ တဿ ပကာရဿ, တထာ-၏၊ တသ္မိံ ပကာရေ, **တထာ**-ထို ဗ. ထူး အပြား၌၊ ဧဝံ, ယထာ—အကြင် အထူးအပြားသည်၊ (ကို-စသည်ပေး)၊ သဗ္ဗ

---

အဿတ္ထိအနက်ကို **စဉ်းစား**။ ။ “ဓာ ပစ္စည်းသည် အဿတ္ထိ အနက်၌ လည်း သက်၏”ဟု ဆို၍ “စတ္တာရော + ပကာရာ အဿာတိ စတုဓာ=၄ ပါး အပြားရှိ၏”ဟု အနက်ဆိုကြသေး၏၊ “တတ္ထ ဝုတ္တာ-ဘိဓမ္မတ္ထာ, စတုဓာ ပရ မတ္ထတော”စသည်၌ အဘိဓမ္မတ္ထာနှင့် စတုဓာသည် အရတူသောကြောင့်“၄ ပါး အပြားရှိကုန်၏”ဟု ပေးလျှင် “၄ပါးအပြား” နှင့် “၄ ပါးအပြားရှိ”သည် အရ မကွဲပြားချေ၊ မှန်၏—“၄ ပါး အပြား” ဟူသည် စိတ် စေတသိက် ရုပ် နိဗ္ဗာန် ဟူသော အဘိဓမ္မတ္ထတည်း၊ “၄ ပါး အပြားရှိ” ဟူသည်လည်း ထို ၄ပါးသော အဘိဓမ္မတ္ထတို့ပင်တည်း၊ အဿတ္ထိဟူသမျှ၌ “ရှိသူ”ကား ဥစ္စာရှင် ( သာမိ ) ဖြစ်၍ ဥစ္စာကား (သံ)အဖြစ်ဖြင့် ကွဲပြားရိုးရှိ၏၊ “ဂုဏဝါ-ဂုဏ်ရှိသူ” စသည်ကို သတိပြုပါ၊ ဤသို့ သာမိ+သံ အဖြစ်ဖြင့် ကွဲပြားရိုးဖြစ်လျက် ဤ စတုဓာ၌ မကွဲ ပြားသောကြောင့် အဿတ္ထိအနက်၌ ဓာပစ္စည်းသက်ခြင်းကို စဉ်းစားသင့်သည်၊ “စတုဓာ-၄ ပါး ပြားကုန်၏”ဟုသာ ပေး၊ ထိုသို့ ပေးရာ၌ “ပြား”ဟု ဆိုသော် လည်း “ပကာရအပြား” မဟုတ်, ၄ ဖို့ ၄ စု ကွဲပြားသောအပြား ဖြစ်ရကား ဝိဘာဂအနက်၌ သက်သော ဓာပစ္စည်းဟုသာ မှတ်၊ “ဒွိဓာ-၂ ပါးပြားကုန်၏” စသည်၌လည်း ဝိဘာဂအနက်ပင်၊ ပကာရအပြား၏ အဓိပ္ပာယ်မှာ နောက်သုတ်၌ ထင်ရှားလတ့်။

---

၃၉၈။ ပကာရဝစနတ္ထေ။ ။ “ပကာရဝစနေ” ဟူသော သုတ်ပုဒ်၌ “ပကာရဝစနေ-အထူးအပြား အနက်ကို ဟောသောသဒ္ဒါသည်၊ သတိ-သော်” ဟု အနက်ပေးလျှင် “ပကာရဝစန” အရ “သဗ္ဗ-ယ-တ” စသော သဗ္ဗနာမ်တို့ကို ရ၏။ [ပကာရဿ - အထူးအပြား အနက်ကို+ဝစနံ—ဟောသော သဒ္ဒါသည်၊ ပကာရဝစနံ၊ တဒ္ဓ ပကတိဝိသေသနံ ( သဗ္ဗ, ယ, တ စသော ပကတိလိင်ကို အထူးပြုသော သဒ္ဒါတည်း )—ကာတန္တဋီကာ၊ ] ဤ ဋီကာအလို သဗ္ဗစသော ပကတိလိင်ကိုယ်က ပကာရအနက်ကို ဟောနေသောကြောင့် ထာ ပစ္စည်းသည် သကတ္ထ၌သာ သက်ရတော့၏၊ ထို့ကြောင့် ကာတန္တဝုတ္တိ၌ “ပကာရဝစနေတု

**ထာ**-ခပ်သိမ်းသော အထူးအပြားသည်၊ **အညထာ** တပါးသော အထူးအပြားသည်၊ **ဣတရထာ** - ဆိုအပ်ပြီး မှ တပါးသော အထူးအပြားသည်၊ တဂ္ဂဟဏံ—သည်၊ ကိမတ္ထံ-နည်း၊ **တတ္ထာ** ပစ္စယော - **တတ္ထာ** ပစ္စည်းသည်၊ **ဟောတိ**၊ **သော** ပကာရေ - သည်၊ **တထတ္တာ** - ထိုအထူးအပြားသည်၊ **ဇ**ဝံ **ယထတ္တာ**-အကြင် အထူးအပြားသည်၊ **သဗ္ဗထတ္တာ** - ခပ်သိမ်းသော အထူးအပြားသည်၊ **အညထတ္တာ**-တပါးသော အထူးအပြားသည်၊ **ဣတရထတ္တာ**-ဆိုအပ်ပြီးမှတပါးတခြားသော အထူးအပြားသည်၊ (၄၂၁)။

---

ထာပစ္စယော ဘဝတိ"ဟု ဖွင့်သည်၊ ကစ္စည်းဝုတ္တိဆရာကား "ထာပစ္စည်းသည် ပကာရအနက်ကိုဟော၏"ဟု ယူ၍ "ပကာရဝစနတ္ထေ"ဟု အတ္ထသဒ္ဒါထည့်၍ ဖွင့်သည်။

**ပကာရအနက်**။ ။ပကာရသဒ္ဒါသည် အတူ (သဒိသ) အနက်, ဝိသေသ အနက်ဟု ၂ မျိုး ရှိ၏၊ ထိုတွင် ဝိသေသအနက်ကိုယူ။ ["သာမညဿ ဘေဒကော ပကာရော"—ကာတန္တစုတ္တိ၊] "ဗြာဟ္မဏော" ဟု ဆိုလျှင် ပုဏ္ဏားအားလုံးနှင့်ဆိုင်သော သာမညသဒ္ဒါ ဖြစ်၏၊ "မာထုရ" ဟု ဆိုလျှင် မထုရာပြည်သား ပုဏ္ဏားနှင့်သာ ဆိုင်သော ဝိသေသသဒ္ဒါတည်း၊ "ရူပံ-အဆင်း"ဟု ဆိုလျှင် အဖြူအနီစသော အားလုံးနှင့်ဆိုင်သော သာမညသဒ္ဒါ ဖြစ်၏၊ သုက္ကံ-အဖြူ" ဟု ဆိုလျှင် အဖြူအဆင်းနှင့်သာ ဆိုင်သော ဝိသေသတည်း၊ ဤသို့လျှင် ထူးခြားသောအပြားကို ဤသုတ်၌ "ပကာရ" ဟု ဆိုသည်၊ ဓာပစ္စည်း၏အနက် ဖြစ်သော ဝိဘာဂ(ဝေဘန် ခွဲခြားအပ်သော) အပြားကားထူးသည် မထူးသည် ကို ပဓာနမထားပဲ ၂ပါး ၃ပါး ကွဲပြားရုံကိုပင် အပြားဟု ဆိုခဲ့သည်။

**သော ပကာရော တထာ**။ ။ထာ ပစ္စည်းသက်ပြီးနောက်, နာမ်ငဲ့၍ ဝိဘတ် ၇သွယ်လုံး ကြေနိုင်ကြောင်းကို ပြလို၍ "သော ပကာရော, တံ ပကာရံ, တေန ပကာရေန" စသည်ဖြင့် အနက်ကို ဖွင့်ပြသည်၊ "ယထာ-အကြင်သို့သော အပြားအားဖြင့်၊ ဓမ္မ - တရားကို၊ ဒေသိယမာနေ - ဟောတော်မူအပ်သော်၊ ဇနော - လူအပေါင်းသည်၊ အာဇာနာတိ - သိနိုင်၏၊ တထာ- ထို သိနိုင်လောက်သော အပြားအားဖြင့်၊ ဒေသေတိ-ဟောတော်မူ၏" ဤကဲ့သို့သော ပါဠိများ၌ သတ္တဝါတို့သိနိုင်လောက်မသိနိုင်လောက်သော အခြင်းအရာတို့ဖြင့် ပေါင်းစပ်နေသော တရားသည် သာမညဖြစ်၏၊ ထိုတွင် သိနိုင်လောက်သောအခြင်းအရာသည် ထိုသာမညကို ခွဲလိုက်သော ဝိသေသတည်း၊ ယထာ ယထာကို "ယေန ယေန အာကာရေန" ဟု အဋ္ဌကထာတို့ ဖွင့်သော်လည်း ထို အာကာရသည် ထူးခြားသော အခြင်းအရာအပြားပင် ဖြစ်ရကား ပကာရအနက်ပင်တည်း၊ ထို့ကြောင့်

ကိမိမေဟိ ထံ ၃၉၉။ ကိံ ဂုမဂုစ္ဆေတေဟိ-ကိံ, ဂုမသဒ္ဒါတို့မှ (နောက်၌)၊ ပကာရဝစနတ္ထေ-၌၊ ထံပစ္စယော ဟောတိ၊ ကောပကာရော— အဘယ် အထူးအပြားသည်၊ ကထံ - အဘယ် အထူးအပြားသည်၊ ကံ ပကာရံ- အဘယ် အထူးအပြားကို၊ ကထံ - ကို၊ ကေန ပကာရေန - ဖြင့်၊ ကထံ - ဖြင့်၊ပေ၊ ကသ္မိံ ပကာရေ-၌၊ ကထံ-၌၊ အယံ ပကာရော-ဤအထူးအပြားသည်၊ ဣတ္ထံ- သည်၊ပေ၊ ဣမသ္မိံ ပကာရေ-၌၊ ဣတ္ထံ-၌ (၄၂၂)။

---

သာရတ္ထ (သုဒ္ဒိန္နကဏ္ဍ)၌ "ယေန ယေန အာကာရေနာတိ - ယေန ယေန ပကာရေန"ဟု ဖွင့်သည်၊ ဤသို့လျှင် ပကာရအနက်ဖြင့် ဖွင့်ပြအပ်သော ထာ ပစ္စည်း တွေ့သမျှ၌ ထူးခြားသောအပြား ဟု ချည်းမှတ်၊ ဧဝံ ယထာ စသည်၌ "ယော ပကာရော, သဗ္ဗော ပကာရော, အညော ပကာရော, ဣတရော ပကာရော" စသည်ဖြင့် ဝိဘတ် ၇သွယ်လုံး အနက်ဖွင့်၊ ကေဝုစ်သာမက, "တေ ပကာရ တထာ, တေ ပကာရေ တထာ, တေဟိ ပကာရေဟိ တထာ" စသည်ဖြင့် ဗဟုဝုစ် လည်း ဖြစ်နိုင်သည်၊ ဗဟုဝုစ်ဝိဘတ်သက်၍ချေ၊ သဗ္ဗနာမ်ပုဒ်နောင်သက်သော ကြောင့် တ-ယ-သဗ္ဗစသော သဗ္ဗနာမ်တို့ကိုသာ ပြထားသည်။

တတ္တာပစ္စယော။ ။ပကာရဝစနေတု၌ တု သဒ္ဒါဖြင့် ထတ္တာပစ္စည်းသက် ဖို့ရန် ဆည်း၍ "ထတ္တာ" စသော ရုပ်များပြီးသတဲ့ ထတ္တာပစ္စည်း သက်ပြီး နောက်, နာမ်င့် ဝိဘတ် ၇လုံးချေ၍ "သည်-ကို စသည်ဖြင့် အနက်ပေးနိုင်သည်၊ သီဟိုဠ်မူ၌"သောဝိယ ပကာရော တထတ္တာ"ဟု ရှိ၏၊ "ထိုကဲ့သို့သော အထူး အပြား"ဟု ပေး။

သဒ္ဒနီတိ။ ။ဤထတ္တာပစ္စည်းကို သဒ္ဒနီတိ မနှစ်သက်၊ ဘာဝအနက်၌ တ္တာပစ္စည်းသက်၍ "တထာ+ဘာဝေါ တထတ္တံ—ထို အထူးအပြား၏ အဖြစ်" စသည်သာ ပါဠိ၌ရှိသည်-ဟု ဆိုသည်၊ ထိုစကားသည် မှန်ပေ၏၊ ပါဠိများ၌"တ ထတ္တာယ ပဋိပဇ္ဇတိ, နာပရံ ဣတ္ထတ္တာယ, ဠှိတဿ အညထတ္တံ ပညာယတိ" စသည်ဖြင့် ရှိပေသည်၊ "တထတ္တာယ-ထိုသို့ ထူးပြားသော အရဟတ္တဖိုလ်၏ အဖြစ်ဟူသောအကျိုးငှာ၊ ပဋိပဇ္ဇတိ-ကျင့်၏"၌ တထတ္တနောင် တဒတ္ထသမ္ပဒါန် အနက်၌သက်သော သဝိဘတ်ကို အာယပြု၊ "ဣတ္ထတ္တာယ-တဆယ့်ခြောက်ပါး ဤသို့ပြားသော မဂ်ကိစ္စ၏အဖြစ်ဟူသောအကျိုးငှာ"၌လည်း "ဣတ္ထံ+ဘာဝေါ ဣတ္ထတ္တံ"ဟုပြု၊ အညထာ+ဘာဝေါ အညတ္ထတ္တံ-တမျိုးတခြား ထူးပြားသည်၏ အဖြစ်, စသည်တည်း။

၃၉၉။ ကော ပကာရောသည် အနက်ဖွင့် "ကထံ" သာ ပုံစံ၊ "အယံ ပကာရော" လည်း အနက်ဖွင့် "ဣတ္ထံ"သာပုံစံ ရုပ်ကို အခြေပြုကြည့်၊ ဝိဘတ်

ဝုဒ္ဓါဒိ၊ပေ၊သဏေစ ၄၀၀။ ပရေ – သော၊ သဏကာရကေ—ဏ အက္ခရာနှင့် တကွဖြစ်သော၊ ဝါ-ဏ အနုဗန်ရှိသော၊ ပဥ္စယေ-ပစ္စည်းကြောင့်၊ အသံယောဂန္တဿ - သံယုဂ် အဆုံးမရှိသော၊ အာဒိသရဿဝါ—အစသရ၏လည်းကောင်း၊ အာဒိဗျဉ္ဇနဿ - အစဗျည်း၏၊ သရဿ ဝါ-သရ၏လည်းကောင်း၊ ဝုဒ္ဓိ - ဝုဒ္ဓိပြုသည်၊ ဟောတိ၊ အာဘိဓမ္မိကော - အဘိဓမ္မာကို သင်သူ (အဘိဓမ္မာကို တတ်သိသူ၊) ဝေနတေယျော (ဏေယျော ကတ္တိကာဒိဟိသုတ်ကြည့်)၊ ဝါသိဋ္ဌော (ဝါဏာပစ္စေ)၊ အာလသျံ, အာရောဂျံ (ဏျတ္တတာဘာဝေတုသုတ်ကြည့်)၊အသံယောဂန္တေဿတိ-အသံယောဂန္တဿဟူသောပုဒ်သည်၊ကိမတ္ထံ၊

---

ဂ သွယ် ဝုစ် ၂ ပါး၌ပင် "ကထံ, ဏ္ဌတ္ထံ"ဟု ဖြစ်နိုင်သည်၊ သဒ္ဒနီတိ၌ "ဧဝ သိတ္ထံ နာမေ"ဟု သုတ်တည်၍ နာမသဒ္ဒါ နှောင်းရာ၌ ဧဝံနိပါတ်ကို ဏ္ဌတ္ထပြု ဟု ဆို၏၊ "ဧဝံ+နာမံ ယဿာတိ ဏ္ဌတ္တန္နာမော၊ ယဿ – အကြင် ရဟန်း၏၊ ဧဝံ—ဤသို့သော+နာမံ—နာမည်သည်၊ အတ္ထိ, ဏ္ဌတိ, ဏ္ဌတ္တန္နာမော—ဤအမည် ရှိသော ရဟန်း၊ တိဿ-ဒတ္တအစရှိသော နာမည်တို့တွင် ဝဒန္တပုဂ္ဂိုလ် ရည်မှန်း အပ်သော နာမည်ကို "ဧဝံ"ဟု ညွှန်ပြ၏၊ "ဏ္ဌတ္တန္နာမော – ဤ တိဿအမည် ရှိသော ရဟန်း" စသည် - ဟူလို၊ [ ဓာမှစ၍ ထံတိုင်အောင် ပစ္စည်းများအပြင် ကွတ္တုံကိုလည်း အဗျယပစ္စည်း၌ ရူပသိဒ္ဓိသင်္ဂ၍ အဗျယပစ္စည်းပေါင်း ၇ ပစ္စည်း ဟု သတ်မှတ်ကြ၏။

[ဆောင်] ကွတ္တုံ-ထံ-ဓာ, ထတ္တာ-ထာဓော, ဓ္ဓ-ဓသော ခုနစ်ဝ, ရူဝ်ပြီ, ဗျယပစ္စည်း ပေါင်း။

---

၄၀၀။ အသံယောဂန္တဿ။ ။ဒိဋ္ဌံ ဗျဉ္ဇနာနံ ကေတြ (သရ တလုံးတည်း၌) သဏ္ဌိတိ သံယောဂေါ"နှင့် အညီ, သရတလုံးတည်း၌ ဗျည်း ၂ လုံး တွဲယှဉ်နေခြင်းကို "သံယောဂ"ဟု ခေါ်၏၊ "ဘဂ္ဂ, အန္တိ, ကုန္တိ" တို့၌ ဂ္ဂ-န္တတို့သည် သံယောဂ (သံယုဂ်) တို့တည်း၊ ထိုသံယုဂ်အဆုံးရှိသော ဘ၌ အသရ, အန္တိ၌ အသရ, ကု၌ ဥသရတို့သည် သံယောဂန္တမည်၏၊ ဤကဲ့သို့ သံယောဂန္တဖြစ်နေသော သရများကို ဝုဒ္ဓိမပြုရ, သံယောဂန္တမဟုတ်သော "အဘိ"၌ အသရ-ဓိ၌ ဣသရ-ဝ၌ အသရ-အလဿ အရောဂတို့၌ အသရများကိုသာ ဝုဒ္ဓိပြုရသည်။

သံယောဂန္တ။ ။သံယောဂေါ + အန္တော ယဿာတိ သံယောဂန္တော ယဿ-အကြင်သရ၏၊ သံယောဂေါ - သံယုဂ်ဟူသော၊ အန္တော-အဆုံးသည်၊ အတ္ထိ, ဏ္ဌတိသံယောဂန္တော-မည်၏၊ "အန္တ"ဟူရာ၌ တပုဒ်လုံး၏ အဆုံးဟု မမှတ်လင့်၊ ဝုဒ္ဓိပြုသင့်သော သရ၏အဆုံး=ဝုဒ္ဓိပြုသင့်သော သရ၏နောက်၌ ကပ်လျက်နေသော ၂ လုံးတွဲကိုသာ "အန္တ"ဟုမှတ်၊ ထို့ကြောင့် "ဥဋ္ဌမ္ဘ"၌ "မ္ဘ" သံယုဂ်

ဘဂ္ဂဝေါ, အန္တယော, ကုဇ္ဆယော-ဘဂ္ဂဝေါ၊ပေ၊ကုစ္ဆယော စသော ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးရှိ၏၊ ဘဂ္ဂဝေါ-ဘဂ္ဂု၏သား၊ အစ္ဆေယျော-အစ္ဆိ၏သား၊ (ဝါ-အစ်မကြီး၏သား)၊ ကုစ္ဆေယျော-ကုစ္ဆိ၏သား၊ (၃၆၄)။

---

ဆုံးလျက်ရှိသော်လည်း သံယောဂန္တ မဟုတ်, အသံယောဂန္တပင် ဖြစ်ရကား ဥကို ဩဝုဒ္ဓိပြုနိုင်သည်။

မှတ်ချက်။ ။"သုတ္တံ-ဗေဒင်သုတ်ကို၊ အဓိတေ-သင်ယူ၏၊ ဣတိ သောတ္တိယော" ၌ ဏိယ (ဏိကမှ ကကို ယပြုသော်လည်း ပြု)၊ ပစ္စည်းနှောင်းသော်လည်း သုတ္တ၌ တ္တ သံယုဂ်ဆုံး၍ သံယောဂန္တ ဖြစ်နေသောကြောင့် ဝုဒ္ဓိ မပြုသင့်သည် မဟုတ်ပါလော–ဟူငြားအံ့၊ "နေနုနိဒ္ဒိဋ္ဌ အနိစ္စံ=နပဋိသေဖြင့် ညွှန်ပြအပ်သော အစီအရင်သည် မမြဲ" ဟု ပရိဘာသာ ရှိသောကြောင့် (ဤ၌လည်း "အသံယောဂန္တဿ" ဟု နပဋိသေဖြင့် ပြသောကြောင့်) သံယုဂ်နှောင်းသော်လည်း ဝုဒ္ဓိ ပြုကောင်းသည်သာ၊ ထို့ကြောင့် "ကုဏ္ဍနိယာ+အပစ္စံ" ၌လည်း ကောဏ္ဍညောဟု ဝုဒ္ဓိပြုရသည်၊ ကစ္စည်းအလိုအားဖြင့်ကား သံယုဂ်နှောင်းလျက် ဝုဒ္ဓိပြုရာ၌ တေသုဝုဒ္ဓိဖြင့် ပြုကြသည်။

အာဒိသရဿဝါ၊ပေ၊သရဿ။ ။အာဒိ စ (ပကတိလိင်၏ အစလည်း ဟုတ်၏)+ သော + သရောစာတိ အာဒိသရော = အစသရ၊ ဤ အာဒိသရဿ ပါဌ်ဖြင့် "အဘိဓမ္မ + အလသဿ + အရောဂဿ" ကဲ့သို့ သရ စလျက်ရှိသော ပုံစံများကို ပြ၏၊ ထိုသုတ်၌ "အာဒိသရဿဝါ" ဟူသော ပါသော်လည်း ထို ဝါသဒ္ဒါသည် ပကတိဝိကပ္ပ ("ပကတိ" ဟု ခေါ်အပ်သော လိင်ကို တမျိုးတဖုံ စီရင်ခြင်း) အနက်ရှိသောကြောင့် "အာဒိဗျဉ္ဇနဿဝါ သရဿ" ဟု မိန့်သည်၊ [ဤ "ပကတိဝိကပ္ပတ္ထ" ဟူသည် အခြားနေရာ၌ သုံးစွဲလေ့ရှိသော အဝုတ္တသမုစ္စည်းပင်တည်း၊ ဝါသဒ္ဒါဖြစ်၍ "ဝိကပ္ပ" ဟု ရူပသိဒ္ဓိဋီကာ သုံးစွဲသည်၊] ဤ "အာဒိဗျဉ္ဇနဿ+သရဿ" အရ အစဗျည်း၏ သရဟူသည် ဝိနတာ ဝသိဋ္ဌ တို့မှ ဝဗျည်း၏ ဣသရ-အသရတို့တည်း၊ [ရူပဋီကာ၌ကား "အာဒိဗျဉ္ဇနဿ+ အယံ အာဒိဗျဉ္ဇနော" ဟု ဝိဂ္ဂိုဟ်ပြု၍ "အာဒိဗျဉ္ဇနဿ - အစဗျည်း၏ ဥစ္စာဖြစ်သော၊ သရဿ-သရ၏" ဟု ပေးစေလိုသည်။]

တနည်း။ ။"သရာနံ (သရေသု)-သရတို့တွင်+အာဒိ-အစတည်း၊ အာဒိ သရော-သရတို့တွင် အစ" ဟု ဝိဂ္ဂိုဟ်ပြုသော လဃုဘာသာနှင့်အညီ, "ဝသိဋ္ဌ" ၌ ဝ သ ဋ္ဌ တို့၏ မှီရာ "အ+ဣ+အ" ဟု သရသုံးလုံးပါ၏၊ ထိုသရတို့တွင် အစ ဟူသည် ရှေ့ဆုံး (အ)တည်း၊ ထိုအာဒိသရကို ဝုဒ္ဓိပြုဟု ဆိုလျှင် ရှေ့ဆုံးသရကို အာဝုဒ္ဓိပြုနိုင်သောကြောင့် "အာဒိဗျဉ္ဇနဿ သရဿ" ဟု စိကပ်ပြုဖွယ် မလိုတော့ပြီ၊ "အာဒိသရဿ အသံယောဂန္တဿ ဝုဒ္ဓိဟောတိ" ဟူသာ ဝုတ္တိဖွင့်ဖွယ် ရှိတော့၏၊ ထိုသို့ကြံလျှင် ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိရကား

မာယူန
မာဂမော ဌာနေ

၄၀၁။ ဌာနေ—၌၊ အာဒိဘူတာနံ — အစဖြစ်၍ ဖြစ်ကုန်သော၊ ဣ ဥ ဣစ္စေတေသံ—ဣ, ဥ ဟူသော ဤ သရတို့၏၊ ဝုဒ္ဓိ—ဝုဒ္ဓိ ပြုသည်၊ မာဟောတိ - မဖြစ်၊ တေသုစ—ထို ဝုဒ္ဓိ ပြုရမည့် အရာတို့၌လည်း၊ ဧ ဩ ဝုဒ္ဓါဂမော — ဧဝုဒ္ဓိ ဩဝုဒ္ဓိ လာခြင်းသည်၊ ဟောတိ၊ ဗျာကရဏံ — ဗျာကရုဏ်းကို၊ အဓိတေ — သင်ယူတတ်၏၊ ဝေယျာကရဏိကော—ဗျာကရုဏ်းကို သင်ယူသူ၊ ဉျာယံ—ဉျာယကျမ်းကို၊ အဓိတေ

---

ဝါသိဋ္ဌစသည်၌ နိစ္စ, ဥဋ္ဌုမ္ပိက—ဩဋ္ဌုမ္ပိကစသည်၌ အနိစ္စ, နီလ-ပီတ၌ အသန္တ ဟု ခွဲပါ၊ ဤနည်းကို ရူ၌လည်း "အထဝါ" စသည်ဖြင့် ပြလျက်ရှိသည်။

သ ဏကာရေ။ ။သုတ်၌ "သဏော" ပုဒ်ကို "သဟ+ဏေန ယော ဝတ္တတီတိ သဏော"ဟု ပြု၊ ယော - အကြင် ဏ, ဏာယန, ဏာနစသော ပစ္စည်းသည်၊ ဏေန-ဏ အက္ခရာနှင့် (ဏ အနုဗန်နှင့်)၊ သဟ-တကွ၊ ဝတ္တတိ-ဖြစ်၏၊ ဣတိ သော သဏော၊ ထို "သဏ" ပုဒ်၌ ဏ - အရ "ဏ အနုဗန်ကိုယူ"ဟု သိစေလို၍ "သဏကာရေ"ဟု ဖွင့်သည်၊ "သဟ + ဏကာရေန ယော ဝတ္တတီတိ သဏကာရော"ဟု ပြု၊ သီမူ၌ "သ ဏကာရေ"ဟုသာ ရှိ၏၊ မြန်မာမူ၌ "သ ဏကာရကေ"ဟု သမာသန္တ ကပစ္စည်း အပိုပါနေသည်၊ ဂါထာအရာ၌သာ အက္ခရာပြည့်အောင် "ပစ္စယေ သဏကာရကေ"ဟု သုံးစွဲသင့်၏၊ စုဏ္ဏိယ၌ ကပစ္စည်း ထည့်ဖွယ်မလို၊ သဏောစ၌ စသည် နီလ-ဥဋ္ဌုမ္ပိက စသည်၌ ဝုဒ္ဓိမပြုဖို့ရန် တားမြစ်ခြင်း နိဝတ္တာပန အဝဓာရဏအနက် ရှိ၏၊ ဤ ဖွင့်ပုံ၏ပုံစံများကို ဆိုင်ရာသုတ်မှာ ရှု၊ ကိ ပုံစံ၏ အဓိပ္ပာယ်ကိုလည်း ရှေ၌ ပြခဲ့ပြီ၊ ဘဂ္ဂဝေါကို ဏဝေါပဂ္ဂွါဒီဟိ သုတ်ကြည့်၊ "အန္တိယာ + ကုတ္တိယာ အပစ္စံ"ဟု ပြု၍ အန္တေယျာ ကုန္တေယျာတို့ကို ဏေယျော ကတ္တိကာဒီဟိသုတ်ဖြင့် တွက်။

---

၄၀၁။ မာ+ယူနံ ဌာနေ။ ။["ယူနံ + အာဂမော"ဟု ဖြတ်၊] ယူနံကို "ဣစ + ဥစ ယူ — ဣ ဥတို့"ဟု ဒွန်တွဲ၊ "ဣ + ဥ"ဟု ပကတိပြုပြီးသောအခါ ဣဝဏ္ဏောယံနဝါဖြင့် ဣကို ယပြု (ယု) နာမ်င့်, ယော သက်၍ ဘိက္ခုကဲ့သို့ ဗဟုဝုစ် ရုပ်စီရင်၊ ယူနံ၌ကား "ယု" ပုဒ်နောင် နံသက်၍ ဒီဃပြုထားသည်၊ ဤ "မာယူနံ" ပါဌ်ဖြင့် ဣ ဥတို့၏ ဧ ဩအပြုကို တားမြစ်၍ အာဂမောဖြင့် ဧဝုဒ္ဓိ ဩဝုဒ္ဓိလာ-ဟု စီရင်သောကြောင့် ပဋိသေဓနှင့် အာဂမဝိဓိ ၂ မျိုးရှိသောသုတ်ဟု မှတ်၊ "ဣဟ ပဋိသေဓော ဝိဓိစ ဂမျတေ"—ကာတန္တဝုတ္တိ၊ "ဌာနေ—သင့်လျော်ရာဌာန၌"ဟု ဆိုခြင်းကြောင့် "ဣ ဥတို့၏ အာဒေသဖြစ်ကြသော ယ-ဝ တို့၏ ရှေ့ဌာန၌သာ ဧ ဩဝုဒ္ဓိလာ"ဟု ရူပသိဒ္ဓိ သတ်မှတ်၏၊ နိဒ္ဒေသ၌ကား ဌာနသဒ္ဒါဖြင့် "ဝုဒ္ဓိဖြစ်ခြင်း-ဝုဒ္ဓိလာခြင်းတို့ မမြဲကြောင်းပြသည်"ဟု ဆိုသည်။

နေယျာယိကော — နျာယကျမ်းကို သင်ယူသူ၊ ဗျာဝစ္ဆသ—ဗျာဝစ္ဆမည်သူ၏၊ အပစ္စံ-တည်း၊ ဝေယျာဝစ္ဆော-သား၊ ဒွါရေ - တံခါး၌၊ နိယုတ္တော - ယှဉ်သူ တည်း၊ ဒေါဝါရိကော-သူ- (တံခါးစောင့်, ဒရဝမ်)၊ (၃၇၅)။

---

**ဝေယျာကရဏိကော**။ ။ "ဗျာကရဏ"ဟု ဗဖြင့် ရေးရိုးရှိသော်လည်း သက္ကတ၌ ဝနှင့်ယ တွဲ၍ "ဝျာကရဏ"ဟု ရေး၏၊ ထိုသက္ကတအရေးသာ စနစ်ကျ၏၊ ဘာ့ကြောင့်နည်း....ဝုဒ္ဓိလာသောအခါ ဗဖြင့် ရေးလျှင် "ဗေယျာ ကရဏ"ဟု ဖြစ်ဖွယ်ရှိ၍ ဝဖြင့်ရေးမှသာ "ဝေယျာကရဏ"ဟု ဖြစ်ရာသော ကြောင့်တည်း၊ "ဝျာကရဏံ+အဓိတေ"ဟု တည်, အနက်ပေး၍ တမဓိတေ စသောသုတ်ဖြင့် ဏိကသက်, ဏ် အနုဗန်ချေ, ဝိဘတ် အဓိတေပုဒ်တို့ကို ချေ, "ဝျာကရဏ"ဟု ပကတိပြု (ဝျာကရဏ+ိက)၊ ဝုဒ္ဓါဒိ သရဿဝါသုတ်ဖြင့် ဝုဒ္ဓိအပြု ရောက်လုလသော် မာယူန မာဂမောဌာနေသုတ်ဖြင့် ယကို ဝုဒ္ဓိမပြုရ, ထိုဝုဒ္ဓိပြုမည့်အရာဝယ် ဝုဒ္ဓိလာ (ဝနှင့် ယ အကြား၌ လာသောကြောင့် အမှန် အတိုင်းရေးလျှင် "ဝဧ"ဟု ဖြစ်သော်လည်း မြန်မာရေးရိုးအတိုင်း "ဝေ"ဟု ဖြစ်၏)၊ ယ ဖဒ္ဒဘော်လာ (ဝေယျာကရဏိက) နာမ်ငွဲ့စသည် စီရင်။

မေးဖွယ်။ ။ဤနေရာဝယ် "မာယူန" သုတ်ဖြင့် ဝုဒ္ဓိအပြု တားမြစ်ဖို့ရာ ဣသရ မရှိပါတကား, အဘယ့်ကြောင့် ဣသရ၏ ဝုဒ္ဓိအပြုကို တားမြစ်နေရ သေးသနည်းဟု မေးဖွယ်ရှိ၏၊ ဝျာကရဏသည် "ဝိ + အာကရဏ"မှ ဝိ၌ ဣကို ဣဝဏ္ဏောယံ နဝါဖြင့် ယပြု၍ ပြီးသောပုဒ်တည်း "တဒါဒေသာ–ထို၏ အာဒေသတို့သည်၊ တဒိဝ-ထိုအာဒေသီကဲ့သို့၊ ဘဝန္တိ—ကုန်၏" ဟူသော ပရိ ဘာသာနှင့်အညီ အာဒေသ ယ အက္ခရာကိုပင် အာဒေသီ ဣသရအနေမှတ်၍ ထို ယကို ဝုဒ္ဓိမပြုရဟု တားမြစ်ခွင့်ရှိသည်။

ရှေးက ရုပ်တွက်ပုံ။ ။ဤပြခဲ့သော ရုပ်တွက်ပုံသည် "န ယွော – ယဝ တို့ကို ဝုဒ္ဓိမပြုရ" ဟူသော ကလာပ်သုတ်နှင့်လည်းကောင်း "တဒါဒေသဿ တဂ္ဂဟဏေနဂဟဏာ (ထို၏ အာဒေသကို ထိုအာဒေသီသဒ္ဒါဖြင့် ယူခြင်း ကြောင့်) ကတယာဒေသဿာပိ ဣကာရဿ" ဟူသော မောဂ္ဂလ္လာန်ပဉ္စိကာနှင့် လည်းကောင်း ညီ၏၊ ရှေးဆရာတို့ကား "ဝိ+အာကရဏံ+အဓိတေ"ဟု တည်၍ "ဝိ အာကရဏ"ဟု ပကတိပြု၏၊ သို့သော် "ဗျာကရဏံ(ဝျာကရဏံ) အဓိတေ" ဟု ဝိဂ္ဂြိုဟ်ရှိပါလျက် ဝိ၌ ဣရှိစေလို၍ "ဝိ + အာကရဏံ"ဟု တည်ခြင်းသည် ရိုးရာမကျ၊ နျာသ၌ကား "ဗျာကရဏံ+အဓိတေ"ဟုပင် တည်၏၊ သို့ရာဝယ် မည်ကဲ့သို့ ဣသရ၏ ဝုဒ္ဓိအပြု မြစ်ရကြောင်းကိုကား ရှင်းလင်းမပြချေ၊ ဗျာ ကရဏံဟု တည်ပြီးမှ "ဝိ+အာကရဏ"ဟုလည်း ပကတိမပြုသင့်၊ ထို့ကြောင့် ရှေးရုပ်တွက်ပုံကို စဉ်းစားသင့်သည်၊ နောက်ရုပ်များ၌လည်း ဤကဲ့သို့ ဝါဒကွဲ ပုံကို သိပါ။

**နျာယ၊ပေ၊ဝေယျာဝစ္စံ။** ။နိပုဗ္ဗ + အယဓာတ် ဏ ပစ္စည်းဖြင့် "နိ + အယ"ဟု ဖြစ်ပြီးနောက် ဣကို ယပြု၍ "နျာယ"ဟု ပြီး၏၊ နျာယံ+အဓိတေ" ဟု တည်၍ ဝေယျာကရဏိကော ကဲ့သို့ နေယျာယိကော ပြီးစေ၊ "ဗျာဝဋ္ဋ= ဗျာဝဋ္ဋ"ဟု ပါဠိ၌ ၂ ထွေ တွေ့ရ၏၊ ထို ၂ မျိုးလုံးပင် ထောမနိဓိ၌ မတွေ့ရ၊ ထောမနိဓိ၌ "ဗျဂ္ဃပဇ္ဇာ - ဗျဂ္ဃပဇ္ဇရသေ့၏ + အပစ္စံ ဝေဂ္ဃါပဇ္ဇော-ဗျဂ္ဃပဇ္ဇ၏ သား"ဟု တွေ့ရသည်၊ "ဝိ+အာပုဗ္ဗဟနဓာတ်ကို ဃပြု၍ "ဗျဂ္ဃ"ဟု ပြီးရကား၊ ဝေယျာကရဏိကကဲ့သို့တွက်၊ အပစ္စအနက်၌ ဏပစ္စည်းသက်ရခြင်းသာထူးသည်း "ဗျာဝဋ္ဋသ-အားစိုက်သူ၏+ဘာဝေါ, ဝေယျာဝစ္စံ"လည်းနည်းတူ။

**ဒေါဝါရိကော။** ။ဒွါရပုဒ်သည် "ဒွေ အရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ဧတ္ထာတိ ဒွါရံ"နှင့်အညီ ဝင်သူထွက်သူ နှစ်ဘက်လူတို့၏ (ဝါ-တံခါးရွက် နှစ်ဘက်တို့၏) ဖြစ်ရာ၏ အဖြစ်ကြောင့် တံခါးပေါက်ကို "ဒွါရ"ဟု ခေါ်၏၊ ဒွိသဒ္ဒူပပဒ အရဓာတ် ဏပစ္စည်း "ဒွိ+အာရ"ဟု ဖြစ်သောအခါ ဝိသတိ ဒသေသု၌ တုဖြင့် ဒွိကို ဒုပြု (ဒု+အာရ) ဝ မော ဒုဒန္တာနံဖြင့် ဥကို ဝပြု, ဒွါရဟု ဖြစ်၏၊ "ဒွါရေ+ နိယုတ္တော"ဟု ဝါကျဖြစ်စေ၍ တမဓိတေသုတ်ဖြင့် ဏိကသက်,စသည်ဖြင့် စီရင်၍ "ဒွါရ"ဟု ပကတိပြု၊ ဥမှဖြစ်လာသော ဝ၏ ဝုဒ္ဓိအပြုကို မြစ်၍ ဩစုဒ္ဓိလာ၊ (ဒ်+ ဩ+ဝါရ=ဒေါဝါရ+ိက"ဟု ဖြစ်၏)။

**သဒ္ဒနိတိ။** ။"ဗျာကရဏ"ဟု ပကတိပြုပြီးနောက် "ဗျာကရဏဿ သဏော ဝိအာကရဏာတိ"ဟူသော နိပါတနသုတ်ဖြင့် ဗျာကရဏကို "ဝိအာကရဏ"ဟု ပြု၊ "သဂ္ဂဿ+ဟိတံ, သောဝဂ္ဂိကံ-နတ်ပြည်၏ စီးပွားဖြစ်သော ဒါန" ဟူရာ၌ ဏိကသက်, သဂ္ဂဟု ပကတိပြုပြီးသည့်အခါ "သဂ္ဂဿ သုအာဂ္ဂါတိ" သုတ်ဖြင့် သုအဂ္ဂ ပြု၏၊ "နျာယဿ နိ အာယာတိ" သုတ်ဖြင့် နျာယကို နိ အာယ ပြု၏၊ "ဗျာဝဋ္ဋဿ ဝိအာဝဋ္ဋာတိ" သုတ်ဖြင့် ဗျာဝဋ္ဋကို ဝိအာဝဋ္ဋ ပြု၏၊ "ဒွါရဿ ဒုအာရာတိ" သုတ်ဖြင့် ဒွါရကို ဒုအာရပြု၏၊ "ဗျဂ္ဃဿ ဝိအဂ္ဃါတိ" သုတ်ဖြင့် ဗျဂ္ဃကို ဝိအဂ္ဃပြု၏၊ ထိုသုတ်များကို နိပါတနသုတ်ကလေးများဟု ဆိုလိုသည်။

**သံပသာရဏပြုခြင်း။** ။ဤအားလုံးသည် သံခိတ္တ (ချုံးထားအပ်သော) ပုဒ်များကို သံပသာရဏ (ဆန့်မှု ဖြန့်မှု) ပြုသောနည်းတည်း၊ ထို့နောက် "အညေသ-မညာနိပိ=အခြားသော သံခိတ္တ ပုဒ်များကိုလည်း အခြားသော သံပသာရဏရုပ် (ဝါ-ဗျာသဟူသော အကျယ်ရုပ်)ကို ပြီးစေ"ဟု သုတ်တည်ပြန်၏၊ ထိုသုတ်အရ "ဗျာကာသိ=ဝိအကာသိ-ဖြေဆိုပြီ၊ ဗျာကရဏံ=ဝေယျာကရဏံ- ဖြေဆိုခြင်း၊ ဗျတ္တော=ဝိယတ္တော—ထက်မြက်သူ၊ ဗျဉ္ဇနံ=ဝိယဉ္ဇနံ—ဟင်းလျာ၊ ကစ္စာယန = ကာတိယာယန, ကစ္စာန = ကာတိယာန — ကစ္စည်းအနွယ် ရှိသူ" စသော ပြယုဂ်များပြီးပုံကိုလည်း သိပါ။

---

**အာတ္တဋ္ဌ** ၄၀၂။ ဌာနေ-၌၊ ဣ ဉ ဣစ္စေတေသံ – တို့၏၊ အာတ္တဋ္ဌ–အာအဖြစ်သည်လည်းကောင်း၊ ရိကာရာဂမောစ-ရိ အက္ခရာ လာသည်လည်းကောင်း၊ ဟောတိ-၏၊ ဣသိဿ-ၐ္ဌေ၏၊ ဘာဝေါ-အဖြစ်တည်း၊ အာရိသျံ-ရသေ့၏အဖြစ်၊ ဣဏဿ-ကြွေးမြီ၏၊ ဘာဝေါ, အာဏျံ-ကြွေးမြီ၏အဖြစ်၊ ဉသဘဿ-ဉသဘအတူ ရဲရင့်သူ၏၊ ဘာဝေါ, အာသဘံ-ဉသဘ၏အဖြစ်၊ (ဝါ-ဉသဘအတူ ရဲရင့်သူ၏အဖြစ်၊) [“ဉသဘဿ+ဣဒံ အာဿဘံ (ဌာနံ)-ဉသဘ၏ ဉစ္စာဖြစ်သော အရာ”ဟု ရှဉ္ဌ ပြု၏၊ ဣတ္ထိလိင်၌ “အာသဘီ”ဟု ဤပစ္စည်းသက်၊] ဉဇုနော-ဖြောင့်မတ်သူ၏၊ ဘာဝေါ, အဇ္ဇဝံ-ဖြစ်၊ ဣစ္စေဝမာဒီ-ဤသို့အစရှိသော ပြယုဂ်တို့ကို၊ ယောဇေတဗ္ဗာ-ယှဉ်စေထိုက်ကုန်၏။ [သီဒ္ဓ “ဣစ္စေဝမာဒီ”ဟုသာ ရှိ၏၊] ယူနမိဘိ-ယူနံပုဒ်သည်၊ ကိမတ္ထံ၊ အပါယေသု – အပါယ်တို့၌၊ ဇာတော - ဖြစ်သူတည်း၊ အပါယိကော - သူ၊ ( ဣတိ - ဤ ပြယုဂ်တို့၌ တားမြစ်ရခြင်းအကျိုး ရှိ၏၊) ဌာနေတိ-သည်၊ ကိမတ္ထံ၊ ဝေမတိကော-ယုံမှားခြင်း၌ ယှဉ်သူ၊ ဩပနယိကော-ကပ်၍ဆောင်ခြင်း၌ ယှဉ်သောတရား၊ ဩပမာယိကော-ဉပမာ၌ ယှဉ်သည်၊ ဩပါယိကော-ဉပါယ်တံမျဉ်၌ ယှဉ်သည်၊ ဣတိ-ဤ ပြယုဂ်၊ပေ၊၏၊ (၃၇၇)။

---

၄၀၂။ ဣ ဉ ဣစ္စေတေသံ။ ။ရှေ့သုတ်မှ “ယူနံ+အာဂမော+ဌာနေ” ပုဒ်တို့လိုက်ကြ၏၊ “ဝုဒ္ဓါဒိ သရဿဝါသုတ်မှ သဏောပုဒ်လည်း လိုက်၏”ဟု ရှဉ္ဌဆို၏၊ ဤဝုတ္တိ၌ကား မပါ, ထို “သဏော” ပုဒ်သည် မာယူန မာဂမောဌာနေ သုတ်၌လည်း လိုက်ခဲ့သည်ပင်၊ ထို လိုက်ပုဒ်တို့တွင် ယူနံအတွက် “ဣ ဉ ဣစ္စေတေသံ”ဟုဖွင့်၏၊ အာတ္တဋ္ဌ၌ စဖြင့် ရိလာခြင်းကို ဆည်းသောကြောင့် “ရိကာရာဂမောစ”ဟု ဖွင့်ရသည်၊ လိုက်လာသော ဌာနေသဒ္ဒါက “သင့်လျော်ရာဌာန၌သာ ဣ ဉတို့ကို အာပြုရမည်, သင့်လျော်ရာဌာန၌သာ ရိ လာရမည်”ဟု ဆိုသောကြောင့် ဣသိ (ဣဏ) ဉသဘ–ဉဇုတို့၏ ဣ ဉ ကိုသာ အာပြု၍ ဣသိကို အာပြုသည်၏ အခြားမဲ့ တနေရာ၌သာ ရိလာရမည်ဟု ရှဉ္ဌ သတ်မှတ်သည်။

အပဝါဒဝိဓိ။ ။ဤသုတ်သည် ဣ–ဉ တို့ကို ဧ–ဩ ဝုဒ္ဓိပြုမည်စိုး၍ အာပြုသောကြောင့် ဝုဒ္ဓိအပြုကို တားမြစ်သော အပဝါဒဝိဓိသုတ်တည်း၊ ရှာသ၌ကား မာယူန မာဂမောသုတ်၏ အစီအရင်ကိုလည်း မြစ်၏ဟု ဖွင့်၏။ [အပဝါဒ–တားမြစ်၍ + ဝိဓိ–စီရင်သော သုတ်၊] သုတ်ရင်းပုံစံများကို အခြေပြု ကြည့် တွက်။

[ဆောင်] ဣသိ-ဣဏ, ဉသဘ-ဉဇု, ဤလေးခု၏ ဣ ဉ တို့သာ, အာပြုမှာ၍,
အက္ခရာ ရိကာ၊,ဣသိ ဣဟု,အာ အပြုနောက်,လာရောက်လေလော
သတ်မှတ်ဟောသည်, လိုက်သော ဌာနသဒ္ဒါတည်း။

ကွစာဒိ၊ ပေ၊ ပစ္စယေသု စ

၄၀၃။ ပစ္စယေသု စ - ပစ္စည်းနှောင်းရာတို့၌လည်းကောင်း၊ အပစ္စယေသု စ-ပစ္စည်းမနှောင်းရာတို့၌လည်းကောင်း၊ ကွစိ-အချို့အရာ၌၊ [“ဆန္ဒာနုရက္ခဏအရာ, သုခုစ္စာရဏ ဖြစ်စေလိုရာ၌” ဟူလို၊ ] အာဒိမဇ္ဈုတ္တရ ဣစ္စေတေသံ - ပုဒ်တို့၏ အစ အလယ် အဆုံး သရတို့၏၊ ဒီဃ ရဿာ-ဒီဃ, ရဿအပြုတို့သည်၊ ဟောန္တိ၊ တာဝ-မဇ္ဈေဒီဃ စသည်တို့မှ ရှေးဦးစွာ၊ အာဒိဒီဃော-အစ ဒီဃကို၊ (ဝုစ္စတေ-ဆိုအပ်၏၊) ပါကာရော-တံတိုင်း၊ နီဝါရော-ကြိတ်ပေါး၊ ပါသာဒေါ-ပြာသာဒ်၊ ပါကဋော-ထင်

---

ယူနမိတိကိမတ္ထံ။ ။လိုက်လာသော “ယူနံ”ကို ဆိုသည်၊ “အပါယေ+ ဇာတော”ဟု ဝါကျဖြစ်စေ၍ တမဓိတေသုတ်၌ စသဒ္ဒါဖြင့် ဏိကသက်, ဏ် အနုဗန်ချေ, ဝိဘတ် ဇာတပုဒ်တို့ကိုချေ, “အပါယ”ဟု ပကတိပြု၊ အာတ္တဉ္စသုတ် ဖြင့် အ ကို အာ ပြုသင့်သော်လည်း ဣ ဥ မဟုတ်သောကြောင့် မပြုရ, ဝုဒ္ဓါဒိ သရဿဝါသုတ်ဖြင့် အ ကို အာ ဝုဒ္ဓိပြု, နာမ်ငဲ့ စသည်။

ဌာနေတိ ကိမတ္ထံ။ ။ဝိမတိယာ—တွေးတောခြင်း (ယုံမှားခြင်း)၌ + နိ ယုတ္တော ဝေမတိကော၊ “ဝိမတိ + နိယုတ္တ”တည်, ဝိမတိယာ + နိယုတ္တော”ဟု ဖြစ်စေ အနက်ပေး၊ တမဓိတေသုတ်ဖြင့် ဏိကသက် စသည်၊ အာတ္တဉ္စသုတ်ဖြင့် ဝိ၌ဣသရဖြစ်သောကြောင့် အာပြုသင့်သော်လည်း ဌာနေသဒ္ဒါမဖြစ်သောကြောင့် မပြုရ၊ ဝုဒ္ဓါဒိ သရဿဝါဖြင့် ဝေဝုဒ္ဓိပြုစသည်၊ “ဥပနယေ—ကပ်ဆောင်ခြင်း၌+ နိယုတ္တော, ဩပနိယိကော” လည်း နည်းတူ၊ ဥကို ဩဝုဒ္ဓိ ပြုခြင်းသာ ထူး၏၊ “ဥပမာယ+နိယုတ္တော, ဩပမာယိကော, ဥပါယေ+နိယုတ္တော, ဩပါယိ ကော”တို့လည်း နည်းတူ။

---

၄၀၃။ [ရှေ့၌ “ဒီဃတ္တံ ပါကဋာနူပ”စသည်ဖြင့် ပုံစံပြထား၏၊ ထိုမှာရှုလေ၊ ဤ၌ကား ကစ္စည်းပုံစံတို့ကိုသာ ပြမည်၊] ပပုဗ္ဗ ကရဓာတ် ဏ ပစ္စည်းဖြင့် “ပ+ ကာရ ဟုသာ ဖြစ်၏၊ ဤသုတ်ဖြင့် အစဖြစ်သော (ပ၏) အသရကို ဒီဃပြု၍ “ပါကာရော”ဟု ဖြစ်သည်၊ နိပုဗ္ဗ ဝရဓာတ် ဏ ပစ္စည်းဖြင့် “နိ+ဝါရ”ဟု ဖြစ်၏၊ အစ ဣကို ဒီဃပြု၍ “နီဝါရ”ဟု ဖြစ်၏၊ ပပုဗ္ဗသဒဓာတ် ဏပစ္စည်းဖြင့် “ပ+သာဒ”ဟု ဖြစ်၏၊ အစ အသရကို ဒီဃပြု၍ “ပါသာဒ”ဟု ဖြစ်၏၊ ပတိ ပုဗ္ဗ မုစဓာတ် ဏပစ္စည်း (ကွစိဓာတုဖြင့် ဓာတွန် စကို က္ခပြု)၊ “ပတိမောက္ခ” အစသရကို ဒီဃပြု၍ “ပါတိမောက္ခ”ဟု ဖြစ်၏၊ [“ပ+အတိမောက္ခ”ဟု ပုဒ်ဖြတ် ရသောနည်းကား ဤသုတ်နှင့် မဆိုင်၊ ] ပတိပုဗ္ဗ+ကမ်ဓာတ် ဏ ပစ္စည်းဖြင့် “ပတိ+ကမ်”-ကွစိ ပဋိပတီဿဖြင့် ပဋိပြု, ဤသုတ်ဖြင့် ဒီဃပြု၍ “ပါဋိကမ်”ဟု ဖြစ်၏။ [“ပါဋိကမ်္ခါ”ဟု အရှိများ၏။]

ကစ္စည်း (၃)-၁၆-၁

ရှား၏၊ ပါတိမောက္ခော-ပါတိမောက်၊ ပါဠိကခ်ါ-အလိုရှိအပ်၏၊ ဣစ္စေဝမာဒိ-ဤသို့အစရှိသည်တည်း၊တာဝ၊ အစဉ်အတိုင်း၊မဇ္ဈေဒီဃော-အလယ်ဒီဃကို၊(ဝုတ္တ-တော၊) အင်္ဂမာဂမိကော-အင်္ဂတိုင်း မဂဓတိုင်းတို့၌ အစိုးရသူ၊ဩရမ္ဘမာဂဝိကော-သိုး၊ သားကောင်တို့ကို သတ်၍ အသက်မွေးသူ၊ဣစ္စေဝမာဒိ-တည်း၊တာဝ-အစဉ်အတိုင်း၊ဥတ္တရဒီဃော-အဆုံးဒီဃကို၊ (ဝုတ္တတော)၊ တိတိက္ခာ-တိတိက္ခာမည်သော၊ ခန္တီ-သည်းခံခြင်းသည်၊ပရမံ—မြတ်သော၊ တပေါ-အကျင့်တည်း၊အဥ္ဇနာ-အဥ္ဇနာမည်သော၊ ဂိရိ-တောင်၊ ကောဋရာ- ကောဋရမည်သော၊ (ဝနံ-တော)၊ အင်္ဂုလီ-လက်ချောင်း၊ ဣစ္စေဝမာဒိ-တည်း၊ တာဝ-မဇ္ဈေရဿ စသည်တို့မှ ရှေးဦးစွာ၊ အာဒိရဿော-အစ ရဿကို၊ (ဝုတ္တတော)၊ ပဂေဝ-ရှေးဦးကပင်၊ ဣစ္စေဝမာဒိ-

---

မဇ္ဈေတာဝ။ ။တာဝကို ပဌမတ္တမကြံပဲ "ကမတ္တ"ကြံသည်၊ "ဇ ဂ်ါစ+မဂဓာစ အင်္ဂမဂဓာ"ဟု ဒွန္ဒတွဲ၊ "အင်္ဂမဂဓေသု+ဣဿရော"ဟု ငံဂိုဟ်ပြု၍ တမဓိတေသုတ်၌ စဖြင့် ဏိကသက်၊ "အင်္ဂမဂဓိကေ"— ဤသုတ်ဖြင့် အလယ်(မ)၌ ဒီဃပြု၊ "အင်္ဂမာဂမိကော" ဖြစ်၏၊ "ဥရမ္ဘမဂေ + ဟန္တွာ ဇီဝတိ" ဟု ပြု၍ ဝုဒ္ဓါဒိ သရဿဖြင့် ဥကို ဩဝုဒ္ဓိပြု, ဤသုတ်ဖြင့် မ၌ အ ကို ဒီဃပြု, တေသုဝုဒ္ဓိဖြင့် ဝလာ "ဩရမ္ဘမာဂဝိကော"ဖြစ်၏။

ဥတ္တရဒီဃ။ ။ခမုဓာတ် တိပစ္စည်းဖြင့် "ခန္တိ"အဆုံး၌ ဒီဃပြု, "ခန္တီ" ဖြစ်၏၊ ["ပရမံ တပေါ တိတိက္ခာ"တို့ကား တွဲဘက်ပါဠိဖြစ်၍ ပါနေသည်၊ နျာသ၌ တိတိက္ခာကိုလည်း ဤသုတ်ဖြင့် အာဒီဃပြု၏၊ ဣတ္ထိဇောတက အာပစ္စည်းသာတည်း၊] အဥ္ဇဓာတ် ယုပစ္စည်းဖြင့် "အဥ္ဇန"ဟု နပုလ္လိင်ရှိ၏၊ အဆုံး၌ ဒီဃပြု၍ "အဥ္ဇနာ"ဖြစ်၏၊ ဂိရိကား တွဲဘက်ပုဒ်သာ၊ [အချို့ကား "ဂိရီ"ဟု ဒီဃပြုကြသေး၏, မကောင်း၊] "ကောဋံ—ကောက်သည်၏အဖြစ်ကို၊ ရာတိ—ယူတတ်၏"ဟု ပြု၍ ကောဋသဒ္ဒူပပဒ ရာဓာတ် အ (က အနုဗန္ဓရှိသော အ) ပစ္စည်းဖြင့် "ကောဋရ"ပုလ္လိင် နပုလ္လိင် ရှိ၏၊ ဤ၌ ဝနကိုငဲ့၍ နပုလ္လိင်တည်း၊ "ကောဋရ"ဟု ဖြစ်သင့်လျက် အဆုံးသရကို ဒီဃပြု၍ "ကောဋရာ"ဖြစ်၏၊ "ကောဋာဝရာ"ဟု အချို့စာရှိသည်ကိုစဉ်းစားပါ၊အင်္ဂသဒ္ဒါနောင် ဥလိပစ္စည်းဖြင့်"အင်္ဂုလိ"ပုဒ်ရင်း, အဆုံးသရကို ဒီဃပြု၍ "အင်္ဂုလီ"ဟု ဖြစ်၏၊ ["အင်္ဂုလိယာ"ဟု ရှိရာ၌ ဣတ္ထိလိင်ဖြစ်၍ နာ စသည်ကို ယာ ပြုရုံသာ ပြီးသောကြောင့် ဤပုဒ်ကို စဉ်းစားပါ။]

ရဿပုံစံ။ ။ပါ+ဧဝ ပုဒ်ရင်း၊ ယဝမဒနဖြင့် ဂ်လာ, ဤသုတ်ဖြင့် အစ သရကို ရဿပြု၊ [ပါဿစဇန္တော ရဿောဖြင့်ပြီးလျက် ဤသုတ်၏ ပဇ္ဇန္ဒဂတိက နည်းဖြစ်ကြောင်း ပြလို၍ ထပ်သည်၊ ခန္တီ ပရမံ၌လည်း ရဿံသုတ်ဖြင့် ပြီးခဲ့ပြီ၊]

တည်း၊ တာဝ—အစဉ်အတိုင်း၊ မဇ္ဈေရသော, (ဝုစ္စတေ)၊ သုမေဓသော—ကောင်းသော ပညာရှိသူ၊ သုဝဏ္ဏရောဟိ—ရွှေရည်အယဉ်တို့ဖြင့်၊ ဣစ္စေဝမာဒိ၊ တာဝ ဥတ္တရရသော(ဝုစ္စတေ)၊ သော-ထိုသူသည်၊ ဘောဝါဒိနာမ-ဘောဝါဒိမည်၏၊ သော-ထိုသူသည်၊ ဂုဏေန-ဂုဏ်အားဖြင့်၊ ယထာဘာဝီ—ယထာဘာဝီမည်၏၊ ဣစ္စေဝမာဒိ၊ အညေပိ- အခြားပြယုဂ်တို့ကိုလည်း၊ ယထာ ဇိနဝ စနာနုပရောစနေ၊အကြင်အကြင် ဘုရားပါဠိနှင့် မဆန့်ကျင်သဖြင့်၊ [သီဠ် "ယထာ အညေပိ ဇိနဝစနာနုပရောစနေ"ဟု ရှိ၏။]ယောဇေတဗ္ဗာ-ယှဉ်စေထိုက်ကုန်၏၊ စဂ္ဂဟဏေန—ဖြင့်၊ အပ္ပစ္စယေသုစာတိ အတ္ထံ၊ အပ္ပစ္စယေသုစ ဟူသောအနက်ကို၊ သမုစ္စေတိ-ဆည်း၏၊ (၃၅၄)။

တေသုဝုဒ္ဓိ၊ပေ၊ ဒေသာစ

၄၀၄။ တေသု အာဒိမဇ္ဈုတ္တရေသု- ထို အစ အလယ် အဆုံးတို့၌၊ (ယထာ) ဇိနဝစနာနု ပရောစနေ-ဘုရားပါဠိတော်နှင့် မဆန့်ကျင်သဖြင့်၊ [သီဠ် "ယထာမပါ၊] ကွစိ-၌၊ ဝုဒ္ဓိ-ဝုဒ္ဓိ အပ္ပုသည်၊ ဟောတိ၊ ကွစိ လောပေါ-ချေခြင်းသည်၊ ပေ၊ အာဂမော-လာခြင်းသည်၊ ပေ၊ ဝိကာရော-ဖောက်ပြန်ခြင်းသည်၊ ပေ၊ ဝိပရီတော—ပြောင်းပြန်ပြုခြင်း

---

သုမေဓသောကို တာဒဿတ္တိတိဝိစ၍ ပြခဲ့ပြီ၊ သုဝဏ္ဏခရာဟိပုဒ်ရင်း၊ အလယ်၌ ရဿပြု၊ "ခရေဟိ"ဟု ရှိသည်ကား မကောင်း၊ အဘိဓာန်၌ ခရာ"ဟု ရှိ၏၊ ဘောဝါဒီပုဒ်ရင်း၊ အဆုံးရဿပြု၊ ရဿဖြင့်လည်း ပြီးနိုင်သည်၊ ယထာ ဘာဝီ=ယထာဘာဝီလည်း နည်းတူ။

ဣစ္စေဝမာဒိ။ ။ဤသို့စသည်ဖြင့် ပါဠိတော်နှင့် မဆန့်ကျင်အောင် အာဒိမဇ္ဈ ဥတ္တရဌာနတို့၌ ဒီဃ-ရဿပြုရသည်၊ ပစ္စယေသုစ၌ စဖြင့် အပ္ပစ္စယေသုကို ဆည်း၏၊ ထို့ကြောင့် ပါကာရော စသည်၌ ပစ္စည်းမနှောင်းပဲလည်းကောင်း, အင်္ဂမာဂဓိကော စသည်၌ ပစ္စည်းနှောင်း၍လည်းကောင်း ဒီဃ-ရဿပြုသည်။

---

၄၀၄။ သုတ်ကြီး။ ။"ကွစာဒိမဇ္ဈုတ္တရာနံ"ပုဒ်တို့ ရှေ့သုတ်မှလိုက်သောကြောင့်"တေသု အာဒိ မဇ္ဈုတ္တရေသု, ကွစိ"ဟု ဖွင့်သည်၊ ဤသုတ်ကို သုတ်ငယ်များနှင့် မပြီးရာ၌ ပြီးစေသောကြောင့် သုတ်ကြီး(စီရင်ရာနယ်ကျယ်သောသုတ်)ဟု ဆိုကြ၏၊ သုတ်ငယ်များဖြင့် ပြီးရာ၌လည်း ဤသုတ်၏"ပဒ္ဓုန္ဒဂတိက နည်း"ဖြစ်ကြောင်းပြလို၍ ဤသုတ်ဖြင့်ပင် စီရင်လတ့်၊ထို့ကြောင့် ဝုဒ္ဓါဒိသရဿ ဝ ဖြင့်လည်း ပြီးနိုင်သော "အာဘိဓမ္မိကော"ကဲ့သို့သော ပုံစံများကို ပြသားလိမ့်မည်။[အတ္ထဝိနိစ္ဆယ ဝဏ္ဏနာ၌မူ သုတ် ၄ သုတ်ဘွင် ဤသုတ်မပါပဲ "ဝဏ္ဏ ဒီဃ(ဗွာဒီဃ)ပဗ္ဗဇ္ဇာဒယော နိပစ္စန္တေ"သုတ်ကို ထည့်သွင်းသတတ်။]

သည်၊ ပေ၊ အာဒေသော—အာဒေသပြုခြင်းသည်၊ ဟောတိ၊ တာဝ—မဇ္ဈေဝုဒ္ဓိ စသည်တို့မှ ရှေးဦးစွာ၊ အာဒိဝုဒ္ဓိ—အစဝုဒ္ဓိကို၊ (ဝုစ္စတေ)၊ အာဘိဓမ္မိကော—အဘိဓမ္မာကိုသိသူ၊ ဝေနေတေယျော-ဝိနတာ၏သား၊ ဣစ္စေဝမာဒိ—တည်း၊ တာဝ—အစဉ်အတိုင်း၊ မဇ္ဈေဝုဒ္ဓိ (ဝုစ္စတေ)၊ သုခသေယျံ—ချမ်းသာစွာအိပ်ရခြင်း၊ သုခကာရိ-ချမ်းသာကိုပြုလေ့ရှိသော၊ ဒါနံ—ဒါန၊ သုခကာရိ- သော၊ သီလံ-သီလ၊ ဣစ္စေဝမာဒိ၊ တာဝ ဥတ္တရဝုဒ္ဓိ (ဝုစ္စတေ)၊ ကာလိင်္ဂေါ—ကာလိင်္ဂ တိုင်းတို့၌ အစိုးရသူ၊ မာဂဓိကော— မဂဓတိုင်း၌ အစိုးရသူ၊ ပစ္စက္ခဓမ္မာ—မျက်မှောက်ပြုအပ်သော တရားရှိသူ၊ ဣစ္စေဝမာဒိ၊ တာဝ အာဒိလောပေါ—အစ၌ချေခြင်းကို၊ (ဝုစ္စတေ)၊ တာလီသံ-လေးဆယ်၊ ဣစ္စေဝမာဒိ၊ တာဝမဇ္ဈေ လောပေါ (ဝုစ္စတေ)၊ ကတ္တုကာမော-ပြုခြင်းငှာ အလိုရှိ၏၊ ကုမ္ဘကာရ

---

မဟာသုတ္တာ တေသုဝုဒ္ဓိ, ကုစိဓာတုစ ပစ္စယာ၊
ဒနိဋ္ဌာ ယဒနုပါဒိ, တတ္တာရိပိ နိပါတနာ။

ဝုဒ္ဓိ။ ။"အယုဝဏ္ဏာနဉ္စာယော ဝုဒ္ဓိ"ဟု ဆိုလတ္တံ့သုတ်နှင့်အညီ အသရမှ အာသရဖြစ်ခြင်း, ဣဝဏ်မှ သေရဖြစ်ခြင်း, ဥဝဏ်မှ ဩသရဖြစ်ခြင်းများသည် ငယ်ရာမှ ကြီးလာသကဲ့သို့ တိုးတက်ကြီးပွားခြင်းဖြစ်သောကြောင့်"ဝုဒ္ဓိ"မည်၏၊ [ဝဍ္ဎနံ-ကြီးပွားခြင်း၊ ဝုဒ္ဓိ-ကြီးပွားခြင်း၊] အာဒိဝုဒ္ဓိပုံစံများ၌ ဝုဒ္ဓါဒိသရဿဝါ ဖြင့် ဝုဒ္ဓိမပြုပဲ ဤသုတ်ဖြင့်ပြု။

မဇ္ဈေဝုဒ္ဓိ။ ။သုခ သဒ္ဒါပုဗ္ဗပဒ+သီဓာတ် ဏျပစ္စည်းဖြင့် "သုခသေယျ"ဟု ပြီးပြီးနောက် အသံယောဂန္တဿ ဝုဒ္ဓိ ကာရိတေသုတ်၏ အရာဖြစ်သော်လည်း ထိုသုတ်ဖြင့် မပြုပဲ ဤသုတ်ဖြင့် ဤကို ဝုဒ္ဓိပြု, ယ ဒွေဘော်လာ၊ သုခကာရိ၌ လည်း ကာ၏ အကို အာဝုဒ္ဓိပြု။

ဥတ္တရဝုဒ္ဓိ။ ။"ကလိင်္ဂေသု-မဂဓေသု+ဣဿရော"ဟု ပြု၍ ဏပစ္စည်းဖြင့် "ကာလိင်္ဂ, မာဂဓ"ဟု ပြီးသောအခါ သိသက်, သိကို ဤသုတ်နှင့် ဩပြုခြင်း ကိုပင် "ဝုဒ္ဓိ"ဟု ဆိုလိုသတတ်၊ "မာဂဓိကော"ဟု ရှိလျှင် ဏိကသက်ရှိသ၊ "ပစ္စက္ခဓမ္မ"တည်, သိကို ဤသုတ်ဖြင့် အာပြု၊ နျာသ၌ ဤပုံစံ မပါ၊ မ၏ အကို အာဝုဒ္ဓိပြု၍ သိကို ချေသောနည်းလည်း ရှိ၏၊ [သျုပ္ပတ္တိံ ကတွာ ဣမိနာ သိဝိ ဘတ္တိဿ ဥတ္တရဝုဒ္ဓိံ ကတွာ"-နျာသ၊ ဤသို့သျှင် ပုံစံလည်းရှိ, နျာသ စသည်တို့ မှာလည်း ဖွင့်လျက်ရှိသောကြောင့်သာ သိမှ ဩဖြစ်မှုကို ဝုဒ္ဓိဟု ဆိုရသည်၊ရိုးရာ ကား မကျချေ။]

[ဆောင်] အယုဝဏ္ဏ, ဝိဘတ်မှလျှင်, ကြီးရရလေသော, အာ ေ ဩ ဟု,
တိုးပွားမှု, မှတ်ရှု ဝုဒ္ဓိတဲ့။

ပုတ္တော—အိုးထိန်းသည်၏သား၊ ဝေဒလ္လံ—ဉာဏ်ကိုမှီသောတရား၊ ဣစ္စေဝမာဒိ၊ တာဝ ဥတ္တရလောပေါ် (ဝုစ္စတေ)၊ ဘိက္ခု-ရဟန်း၊ ဘိက္ခုနီ-ရဟန်းမ၊ ဣစ္စေဝမာဒိ၊ တာဝ အာဒိအာဂမော—အစ၌လာခြင်းကို၊ (ဝုစ္စတေ)၊ ဘဂဝတာ—သည်၊ ဝုတ္တော-ဟောတော်မူအပ်၏၊ [သီ၌“မုတ္တမော”ဟုပါသေး၏၊] ဣစ္စေဝမာဒိ၊ တာဝ မဇ္ဈေအာဂမော(ဝုစ္စတေ)၊ သ (သော)-ထိုသူသည်၊ သီလဝါ—သီလရှိသူတည်း၊ ဣစ္စေဝမာဒိ၊ တာဝ ဥတ္တရအာဂမော (ဝုစ္စတေ)၊ ဝေဒလ္လံ—ဉာဏ်ကိုမှီသောတရား၊ ဣစ္စေဝမာဒိ၊ တာဝ အာဒိဝိကာရော- အစ၌ ဖောက်ပြန်ခြင်းကို၊ (ဝုစ္စတေ)၊ အာရိယံ-ရသေ့၏အဖြစ်၊ အာဏာ — ကြေးမြီ၏အဖြစ်၊ [သီ၌ “အာဏဏျ”ဟုရှိ၏၊] အာသဘံ—ဥသဘအတူ ရဲရင့်သူ၏အဖြစ်၊ အဇ္ဇဝံ—

---

လောပ။ “လောပေါ ဝိဇ္ဇမာနဿ ဝိနာသော”နှင့်အညီ, ထင်ရှားရှိနေသော အက္ခရာ၏ ကြေပျောက် ပျက်စီးခြင်း (လုံးလုံး ပျောက်ကွယ်၍ တစုံတခု မဖြစ်တော့ခြင်း)သည် လောပ မည်၏၊ [ဝိကာရ စသည်တို့ကား ထင်ရှားအနေမှ ပျောက်၍ တမျိုးတဖုံ ဖြစ်သေးသည်၊ [“စတ္တာလီသံ”မှ စကို ဤသုတ်ဖြင့်ချေ၊ “တာလီသံ” ဖြစ်၏၊ “ကတ္တုံကာမော - ကုမ္မံကာရော”တို့၌ အလယ် နိဂ္ဂဟိတ်ချေ၊ “ဝေဒံ+နိဿိတံ”ဟု ပြု၍ လပစ္စည်းသက်, ဝုတ္တတ္တာန မပ္ပယောဂေါဖြင့် နိဿိတကိုချေ (ဝေဒံ+လ) ဝေဒံ၌ အံကိုကား တေသံ ဝိဘတ္တိယောဖြင့် မချေပဲ ဤသုတ်ဖြင့်ချေ၊ “ဘိက္ခု + သိ, ဘိက္ခုနီ + သိ”၌ သိဝိဘတ်ကို (သေသတော လောပံဖြင့် မချေပဲ) ဤသုတ်ဖြင့်ချေ။

[ဆောင်] ထင်ရှားအက္ခရာ, ပျောက်သွားရာဝယ်, ဘာမျှမဆက်, လုံးလုံးပျက်, မှတ်ချက် လောပတည်း။

အာဂမ။ ။“အဝိဇ္ဇမာနဿ ဥပ္ပတ္တိ” နှင့် အညီ, လုံးလုံးမရှိသေးသော အက္ခရာ၏ ဖြစ်ပေါ်လာခြင်းသည် အာဂမ မည်၏၊ ဥစဓာတ် တ ပစ္စည်းဖြင့် “ဥတ္တ”ဟု ပြီးပြီးနောက် ဤသုတ်ဖြင့် အစ၌ဝအက္ခရာလာ၊ “သော+သီလဝါ” ၌ လောပဋ္ဌ တတြာကာရောဖြင့် သော၏ ဩကို ချေပြီးနောက်, ထိုကြေရာ၌ အ ကိုကား ဤသုတ်ဖြင့် လာစေ, သပဉဝါလည်း နည်းတူ။ [ လောပဋ္ဌ တတြာကာရောဖြင့် မချေပဲ, သရလောပေါဖြင့်လည်း ဩကိုချေကြ၏၊] “ဝေဒလ္လ”ဟု ပြီးပြီးနောက်,နိဂ္ဂဟိတ်ကို ဤသုတ်ဖြင့် လာစေ, သိသက်ချေ။[အဆုံး၌ သိလာ၍ သိကို အံပြုဟုလည်း ဆိုကြ၏၊ ] လောပနှင့် ဤ အာဂမကို ( ပျောက်မှုနှင့် ပေါ်လာမှုဖြစ်၍) လုံးလုံး သဘောမတူကြသဖြင့် ဝိသဘာဂဟု ခေါ်သည်။

[ဆောင်] ၁။ ထင်ရှားမရှိပဲ, ပေါ်လာမြဲ, မှတ်စွဲအာဂမ။
၂။ လောပ အာဂမေ, ဤနှစ်ထွေ, မှတ်လေ ဝိသဘာဂ။

ဖြောင့်မတ်သူ၏အဖြစ်၊ ဣစ္စေဝမာဒိ၊ တာ၀ မဇ္ဈေ ဝိကာရော၊ (ဝုစ္စတေ)၊ ဝရာ ရိသျံ-မြတ်သောရသေ့၏အဖြစ်၊ ပရာရိသျံ-တပါးသော ရသေ့၏အဖြစ်၊ ဣစ္စေဝ မာဒိ၊ တာ၀ ဥတ္တရဝိကာရော (ဝုစ္စတေ)၊ ယာနိ-အကြင် စိတ်တို့၊ တာနိ-ထို စိတ်တို့၊ သုခါနိ-ချမ်းသာတို့၊ ဣစ္စေဝမာဒိ၊ တာ၀ အာဒိဝိပရိတော-အစ၌ ပြောင်းပြန်ပြုခြင်းကို၊ (ဝုစ္စတေ)၊ သူရိယေ-နေသည်၊ ဥဂ္ဂတေ-သက်လျှောသည် ရှိသော်၊ ဥဂ္ဂစ္ဆတိ-သက်လျှော၏၊ ဣစ္စေဝမာဒိ၊ တာ၀ မဇ္ဈေဝိပရိတော (ဝုစ္စ တေ)၊ သမုဂ္ဂစ္ဆတိ-ကောင်းစွာ သက်လျှော၏၊ သူရိယေ-သည်၊ သမုဂ္ဂတေ-

---

ဝိကာရ॥ ॥ဝိဇ္ဇမာနသော၀-ထင်ရှားရှိသော အက္ခရာ၏ပင်၊ အညထတ္တံ-တမျိုးတဖုံ၏ အဖြစ်သည်လည်းကောင်း၊ (ဣသရမှ အာသရတမျိုး ပြောင်းခြင်း စသည်) သံယောဂ ဝိသညောဂ ကရဏာနိစ-နဂိုသံယုဂ်မဲ့ကို သံယုဂ်ရှိလာ အောင်, နဂိုသံယုဂ်ကို သံယုဂ်မဲ့ဖြစ်အောင် ပြုခြင်းတို့သည် လည်းကောင်း (နပဇ္ဇဟော၌ "နပ္ပဇ္ဇဟော"ဟုလည်းကောင်း "ဒုက္ခာ"မှ "ဒုခါ"ဟုလည်းကောင်း ဖြစ်ခြင်းစသည်)ဝိကာရော-ဝိကာရမည်၏၊ [ဝိ-တမျိုးတဖုံ+ကာရ-ပြုခြင်း॥]

အညဿ အညထာဘာဝေါ, သံယောဂဿ စ ကေစာ၊
သညောဂဘာဝေါ စေကဿ, ဝိကာရောတိ ပဝုစ္စတိ॥ (နိဒ္ဒေသ)॥

အာရိသျံစသော အာဒိဝိကာရ ပုံစံများကို အာတ္တဥ္စ သုတ်ဖြင့် အာ မပြုပဲ ဤသုတ်ဖြင့် အာပြုရုံသာ ထူး၏၊ ရိလာခြင်းကိုမူ အာတ္တဥ္စဖြင့်သာပြု၊ ဝရာရိသျံ၌ လည်း "ဝရ+ဣသိ+ယ"ဟု ဖြစ်သည့်အခါ အလယ် ဣကို အာပြု၍, ပရာရိသျံ လည်းနည်းတူ၊ ယာနိစသည်၌ ဤသုတ်ဖြင့် ယောကို နိပြုခြင်းကိုင် ဝိကာရဟု ဆိုလိုသည်၊ နိ ပြုပြီးနောက်၌ကား ယောသုကတနိကာရသုတ်ဖြင့် ယ-တ-ခတို့၏ အကို အာဒီဃပြု။

[ဆောင်] ထင်ရှားအက္ခရာ,ရှိနေရာမှ, အက္ခရာတဖုံ, ပြောင်းလွဲပုံနှင့်, အစုံသံယုဂ်, တလုံးလုပ်ကာ,တလုံးမှာလဲ, သံယုဂ်တွဲ, ခေါ်မြဲ ဝိကာရ။

ဝိပရိတ॥ ॥တဗ္ဗိပရိတုပပဒေ ဗျဥ္ဇနေသုတ်၌ ပြခဲ့သည့်အတိုင်း ဩကို ဥ ပြုခြင်းသည် ဝိပရိတ မည်၏၊ ဝိပရိတ၏ အဓိပ္ပာယ်ကိုလည်း ထိုသုတ်၌ ပြခဲ့ပြီ၊ ရူပသိဒ္ဓိဋီကာ၌ကား "အယိ+ရော"မှ "အရိယော" စသည်ဖြင့် အက္ခရာတို့၏ ရှေ့နောက် ပြန်ခြင်းကိုလည်း ဝိပရိတ ဟု ဆိုသေး၏၊ "ဥဂ္ဂတေ"၌ "အ၀+ ဂတေ"တည်, ဩအ၀ဿသုတ်ဖြင့် အ၀ကို ဩပြု၊ [အ၀ကို ဩပြုခြင်းသည် ဝိပရိတ မဟုတ်သေး၊] ဤသုတ်ဖြင့် ဩကို ဥပြု, ဂ ဒွေဘော်လာ, ဥဂ္ဂတေ ပြီး၏၊ အ၀+ဂစ္ဆတိတည်၍ ဥဂ္ဂစ္ဆတိပြီးပုံလည်း နည်းတူ၊ "သံ+အ၀ဂစ္ဆတိ" တည်၍ အ၀ကို ဩပြု, အလယ် ဩကို ဥ ဝိပရိတ်ပြု၊ နိဂ္ဂဟိတ်ကို(မ)ပြု,သမုဂ္ဂတေလည်း

ကောင်းစွာ သက်လျှောသည်ရှိသော်၊ ဣစ္စေဝမာဒိ၊ တာဝ ဥတ္တရဝိပရိတော (ဝုစ္စတေ)၊ဒိဂု— ၂ ကောင်သောနွား၊ ဒိဂုဏံ- ၂ ထပ်၊[“ဒိဂုန္နံ- ၂ ကောင်သော နွားတို့၏”သိမ္မဒ္ဒရှိ၏၊]ဣစ္စေဝမာဒိ၊ တာဝ အာဒိအာဒေသော-အစ၌ အာဒေသ ပြုခြင်းကို၊ (ဝုစ္စတေ)၊ ယူနံ—ဣ ဥတို့၏၊ ဣစ္စေဝမာဒိ၊ တာဝ မဇ္ဈေ အာဒေ သော (ဝုစ္စတေ)၊ နျာယောဂေါ—အမြဲအားထုတ်ခြင်း၊ ဣစ္စေဝမာဒိ၊ တာဝ ဥတ္တရ အာဒေသော (ဝုစ္စတေ)၊ သဗ္ဗသေယျော—အလုံးစုံတို့ထက် မြတ်သူ၊ သဗ္ဗ သေဋ္ဌော-သူ၊ စိတ္တံ—စိတ်၊ ဣစ္စေဝမာဒိ၊ ဝေံ—ဤသို့၊ ယထာဇိနဝစနာနုပရော ဓေန — ဖြင့်၊ [သိမ္မဒ္ဒ “ဇိနဝစန”မပါ၊] သဗ္ဗတ္ထ — အလုံးစုံသော အရာတို့၌၊ ယောဇေတဗ္ဗာ—ကုန်၏။(၃၇၀)။

---

နည်းတူ၊ဒိဂု၌“ဒိဂေါ”ဟု ဖြစ်သည့်အခါ ဤသုတ်ဖြင့် ဩကို ဥပြု။ [ထို့နောက် “ဒိဂုဏံ”၌ “ဒိဂုဏတည်, သိသက်, ဤသုတ်ဖြင့် သိကို (ဩ မပြုပဲ, ဩ၏ ဝိပရိတ်) အံပြု”ဟု ဆိုကြ၏၊ သိမ္မဒ္ဒ “ဒိဂုန္နံ”ဟု ရှိပြန်၏၊ ၂ မျိုးလုံးပင်စဉ်းစား သင့်သည်။]

[ဆောင်] ရှေ့နောက် ၂ ခု, ပြောင်းလွဲမှုနှင့်, ဩ-ဥပြုကို, ရှုဒိုလို, ခေါ်ဆိုဝိပရိတ။

**အာဒေသ။** ။“အာဒေသိ” ဟု ခေါ်အပ်သော မူလ အက္ခရာ နေရာဝယ် အစား ညွှန်ပြအပ်သော အက္ခရာသည် အာဒေသ မည်၏၊ [ဣကို ယပြု၍ “ဣ” သည်အာဒေသိတည်း၊ ထို အာဒေသိပျောက်သွားသောအခါ လောပကဲ့သို့လုံးဝ မပျောက်ပဲ ယကို အစားညွှန်ပြအပ်၏၊ ဣမှ ယဖြစ်သွားသည်-ဟူလို၊] ယူနံကို “ဣ+ဥ”ဟုဖြတ်၊ ဤသုတ်ဖြင့် ဣကို ယပြု,နံသက်, သုနံဟိသုတ်ဖြင့် ဥကို ဒီဃပြု၊ “နိ+အာယောဂေါ”၌နနောက်က ဣကို ယပြုသောကြောင့် မဇ္ဈေအာဒေသဟု ဆိုလိုဟန်တူသည်၊ သဗ္ဗသေယျ, သဗ္ဗသေဋ္ဌ, စိတ္တတည်, သိသက်, ဤသုတ်ဖြင့် သိကို ဩ,အံပြု။

[ဆောင်] မူလအက္ခရာ, တည်နေရာဝယ်, အက္ခရာတပါး, ထိုအစား,
ညွှန်ကြား အာဒေသ။

**အာဒေသနှင့် ဝိကာရ။** ။ဝိကာရလည်း ဣကို အာ ပြုခြင်း စသည်ဖြင့် အစား ညွှန်ပြအပ်သော အက္ခရာတမျိုး ပေါ်လာ၏၊ ထို့ကြောင့် အာဒေသနှင့် ဝိကာရသည် အဘယ်သို့ထူးသနည်း....ဟု မေးဖွယ်ရှိ၏၊ ဣကို အာပြုခြင်းကဲ့သို့ သရတမျိုးမှ သရတမျိုး ပြောင်းလဲပြုခြင်း,ကေမိဒါဟံ၌ ဓဗျည်းမှ ဒဗျည်းပြုခြင်း ကဲ့သို့ ဗျည်းတမျိုးမှ ဗျည်းတမျိုးသို့ ပြောင်းလဲ ပြုခြင်းသည် ဝိကာရ မည်၏၊ [ယောကို နိပြုခြင်းလည်း ယဗျည်းနှင့် နဗျည်းဩသရနှင့်ဣသရ ပြောင်းလဲခြင်း ဖြစ်သည်၊] ဣသရကို ယဗျည်း ပြုခြင်းကဲ့သို့ သရကို ဗျည်းပြုခြင်း, နဝနိတံမှ ဝဗျည်းကို ဩသရပြုခြင်းကဲ့သို့ ဗျည်းကိုသရပြုခြင်း,မဒါသရေသုတ်၌နိဂ္ဂဟိတ်ကို

မ-ဒပြုခြင်းမျိုးသည် အာဒေသမည်၏၊ [သိကို နိဂ္ဂဟိတ်ပြုခြင်းလည်း အာဒေသ တမျိုးပင်၊] သဒ္ဒနီတိ၌ကား "အာဒေသော ပဌမာနိဒ္ဒိဋ္ဌော, ဝိကာရော ဒုတိယာ နိဒ္ဒိဋ္ဌောတိ ဝဒန္တိ"ဟု ဝဒန္တိဝါဒလာ၏၊ "မကာရ ဒကာရာဒေသာ ဟောန္တိ" ကဲ့သို့ ပဌမာဝိဘတ်ဖြင့်ညွှန်ပြရာ၌ အာဒေသ "ဝဂ္ဂန္တံ ပပ္ပေါတိ"ကဲ့သို့ ဒုတိယာ ဝိဘတ်ဖြင့် ညွှန်ပြရာ၌ ဝိကာရဟု ခွဲခြားလိုသတတ်, စဉ်းစားပါ။

[ဆောင်] သရချင်းချင်း, ဗျည်းချင်းချင်းဝယ်, လဲလှယ်ပြောင်းက, ဝိကာရဘည်း၊ သရကိုဗျည်း, ဗျည်းကိုသရ, နိဂ္ဂဟိတ်မှလည်း, ဗျည်းတမျိုးပြု,တခုခုမှ, ပြုကနိဂ္ဂဟိတ်, အားလုံးစိတ်မွေ့, အပြုတွေ့, ခေါ်လေ အာဒေသ။

ဧဝံ ဇိနဝစနာနု ပရောဓေန။ ။ညွှန်ပြခဲ့သည့်အတိုင်း ဘုရားပါဠိတော်နှင့် မဆန့်ကျင်အောင် ယှဉ်စေရမည်-ဟု ဆိုသောကြောင့် ရှု၍ ပြအပ်သော ပုံစံများ ကိုလည်းကောင်း, သဒ္ဒနီတိ၌ "ဒုဘတော=ဥဘတော"၌ ဒလာ, "သမဏာ မစ လော=သမဏာ+အစလော"၌ (မ)လာ၊ "ဥညာတံ=အဝ+ဉာတံ=ဩ+ဉာတံ" တို့၌ အဝကို ဩပြုပြီးမှ ဩကို ဝိပရိတ်ဥပြု စသည်ကိုလည်းကောင်း, မောဂ္ဂလ္လာန် "တဒမိနာဒီနိ"စသောသုတ်၌ ပြအပ်သော "သံဝိဓာယ+အဝဟာရော"မှ ဝိဓာ ယကို ဝိဒါပြု၍ "သံဝိဒါဝဟာရော" ဖြစ်ခြင်း "ဝါရိဝါဟကော"မှ ဝါရိကို ဝပြု, ဝကိုလပြု၍ "ဝလာဟကော"ဖြစ်ခြင်း, "ဇီဝန မူတ"မှ ဇီဝနကို ဇီပြု၍ "ဇီမူတ"ဖြစ်ခြင်း, "ဆဝသယန"မှ ဆဝကို သုပြု-သယကို သာနပြု၍ "သုသာ န"ဖြစ်ခြင်း "ဥဒ္ဓံခ"မှ ဥဒ္ဓံကို ဥဒုပြု, ခကို ခလပြု, ဒွေဘော်လာ၍ "ဥဒုက္ခလ" ဖြစ်ခြင်း, "ပိသိတာသ"မှ ပိသိတကို ပိပြု, အာသကို သာစပြု၍ "ပိသာစ" ဖြစ်ခြင်း, "မဟိရ+အ"မှ မဟိကို မယူပြု, ရ၏ ဥကိုချေ၍ "မယူရ" ပြီးခြင်း စသော ပုံစံတို့ကိုလည်းကောင်း သိရာ၏။

ဆက်ဦးအံ့ — သံဝိဓာယ — တိုင်ပင်၍ + အဝဟာရော — ခိုးခြင်းသည်၊ သံဝိဒါဝဟာရော — ၏၊ ဝါရိနော—ရေကို+ဝါဟကော — ဆောင်တတ်သော (မိုးနတ်)သည်၊ ဝလာဟကော—၏၊ ဇီဝနဿ-အသက်ရှင်ခြင်း၏၊ မူတော— အကြောင်းသည်၊ ဇီမူတော-၏၊ ဇီမူတော - မိုးတိမ်၊ တနည်း "ဇီဝနဿ— ရေ၏၊ မူတော - တည်ရာသည်၊ ဇီမူတော - ၏၊ ဆဝဿ - သူသေကောင်၏၊ သယနံ - အိပ်ရာအရပ် (သင်းချိုင်း) သည်၊ သုသာနံ-မည်၏၊ ယဿ—အကြင် ဆုံငယ်၏၊ ဥဒ္ဓံ-အထက်၌၊ ခံ-အပေါက် (မျက်နှာဝ) သည်၊ အတ္ထိ ဣတိ ဥဒုက္ခလံ-မည်၏ ပိသိတံ-အသားကို၊ အသ္နာတိ-စားတတ်၏၊ ဣတိ, ပိသာစော— (မြေဘုတ်ဘီလူး)မည်၏၊ မဟိယံ— မြေ၌၊ ရဝတိ— တွန်မြူးတတ်၏၊ ဣတိ, မယူရော - (ဥဒေါင်း)မည်၏။

ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယယော စ, ဒွေစာပရေ ဝဏ္ဏဝိကာရနာသာ၊
ဓာတူဿ စတ္ထာတိသယေန ယောဂေါ, တဒုစ္စတေ ပဉ္စဝိဓံ နိရုတ္တံ။

ဝဏ္ဏာဂမော - အက္ခရာလာခြင်း လည်းကောင်း၊ ဝဏ္ဏပရိယယောစ- အက္ခရာရွှေနောက် ပြောင်းခြင်းလည်းကောင်း၊ အပရေ - အခြားကုန်သော၊ ဒွေ-သော၊ ဝဏ္ဏဝိကာရနာသာစ-အက္ခရာတမျိုးတဖုံပြုခြင်း,အက္ခရာကြေပျောက် ခြင်းတို့လည်းကောင်း၊ ဓာတုဿ-ဓာတ်၏၊ အတ္ထာတိသယေန-အနက်အပိုအလွန် နှင့်၊ ယောဂေါစ-ယှဉ်ခြင်းလည်းကောင်း၊ (ဣတိ-ဤသို့)၊ တံ ပဉ္စဝိဓံ-ထိုငါးပါး အပြားရှိသော အခြင်းအရာကို၊ နိရုတ္တံ-နိရုတ္တိလက္ခဏာဟူ၍၊ ဝါ-ဆုံးဖြတ်သော အားဖြင့် အနက်ကို ဆိုအပ်ကြောင်း အမှတ်အသားဟူ၍၊ ဥစ္စတေ-ဆိုအပ်၏။ [တံ ပဉ္စဝိဓံနှင့်လိုက်အောင် "နိရုတ္တံ" ဟုနပုလ္လိင်ရှိစေ၊ နိပုဗ္ဗ ဥစဓာတ်,တပစ္စည်း၊ နိသည် နိစ္ဆယအနက်ဟော၊ "နိစ္ဆယေန+ဥစ္စတေ အတ္ထော ဧတေနာတိ နိရုတ္တံ" ဟု ကာသိကာ ဝိဝရဏ ပဉ္စိကာဝိဂ္ဂြိုဟ်ပြု၏၊ အက္ခရာအပိုလာမှ အနက်မှန်ကိုသိရ လျှင် အက္ခရာအပိုလာရ၏၊ ထိုအက္ခရာလာခြင်း (ဝဏ္ဏာဂမ)သည် အနက်ကို ဆုံးဖြတ်ပြဆိုကြောင်း နိရုတ္တလက္ခဏာတမျိုးဖြစ်၏, ဤသို့ ဝဏ္ဏာဂမစသည်တို့၏ နိရုတ္တလက္ခဏာဖြစ်ပုံကို သိပါလေ။

နိရုတ္တကျမ်း။ ။ထို နိရုတ္တကို (တိ ပစ္စည်းဖြင့် ပြီးသည့်အခါ) နိရုတ္တိဟု လည်း ခေါ်ရ၏၊ ထိုနိရုတ္တကိုပြသော ကျမ်းသည် (ဟောနက်၏ အမည်ကို ဟောပြရာကျမ်း၌ တင်စားသော ဌာန္ယူပစာရ, ကာရဏူပစာရအားဖြင့်) နိရုတ္တ ကျမ်း (နိရုတ္တိကျမ်း)ဟု ခေါ်သည်၊ ထိုနိရုတ္တိကျမ်းသည် ဗျာကရဏ (ဗျာ ကရုဏ်း)ခေါ် သဒ္ဒါကျမ်းမဟုတ်သေး၊ ပကတိ (လိင်ဓာတ်)၏ အနက်, ပစ္စည်း ဝိဘတ်တို့၏ အနက်ကို ခွဲခြားပြသော ကျမ်းတမျိုးဖြစ်သည်၊ (ဗျာကရုဏ်းကျမ်း တို့၏ နောက်ဆက်တွဲကျမ်းဟု ဆိုထိုက်၏၊) ထို့ကြောင့် ဝေဒင် ၆ ပါးကိုပြရာ၌ "ကပ္ပေါ ဗျာကရဏံ ဇောတိ-သတ္ထံ သိက္ခာ နိရုတ္တိစ" ဟု ဗျာကရဏ်နှင့် နိရုတ္တိကို တမျိုးစီ ခွဲခြား၍ပြသည်။]

ဝဏ္ဏာဂမ။ ။"နက္ခတ္တရာဇာ + ဣဝ တာရကာနံ"၌ ရ် မလာလျှင် ဇာ၌ အာကြေ၍ ဇကို ဣသို့ကပ်လျက် "နက္ခတ္တရာဇိဝ — နက္ခတ်အရေးကဲ့သို့" ဟု အနက်မှားဖြစ်ရာ၏၊ ထို့ကြောင့် အနက်မှန်ရအောင် (ရ်) လာ၍ "နက္ခတ္တရာ ဇာရိဝတာရကာနံ" ဟု ဖြစ်ရသည်၊ ဤအက္ခရာလာရခြင်းဟူသော အခြင်းအရာ သည် "ဝဏ္ဏာဂမ" ခေါ် နိရုတ္တိလက္ခဏာ တမျိုးတည်း၊ ဒေါဝါရိကော၌ ဒြ လာရခြင်း, "ကုယံ-မြေ၌၊ ဇရတိ (ဇိယျတိ)-ဆွေးမြေ့တတ်၏၊ ဣတိ, ကုဥ္ဇရော- ၏၊ ဤ၌ ကုနောင် နိဂ္ဂဟိတ် သို့မဟုတ် (ဉ်) လာရခြင်းတို့၌လည်း နည်းတူ။

မှတ်ချက်။ ။ဤ နိရုတ္တိလက္ခဏာအလို မည်သည့်သုတ်ဖြင့် (ရ်) လာရသည်ဟု သုတ်ရှာဖွယ်မလို, လာသင့်၍ လာရခြင်းပင် ဖြစ်၏၊ ဗျာကရုဏ်းကျမ်းတို့အလိုမူ ယဝ မဒနကဲ့သို့သော သုတ်တမျိုးဖြင့် (ရ်) လာဟု သုတ်ကို ညွှန်ပြရသေးသည်၊ နောက် လက္ခဏာများ၌လည်း နည်းတူ။

**ဝဏ္ဏဝိပရိယယ**။ ။[ဝိ+ပရိပုဗ္ဗ, ဣဓာတ်, အပစ္စည်း (သက္ကတ၌ "အစ်" ပစ္စည်း)ဖြင့် ပြီးသောကြောင့် ဣကို ဧ, ဧကို အယပြု, ယ လာ၍ "ဝိပရိယယ" ဟု ဝုဒ္ဓိမထင်ရှားပဲ ရှိစေရသည်၊ "ဝိပရိယာယ"ကား ပါဠိပျက်၊ "ဝိပရိယာယောစ"ဟု ရှိလျှင် ဤဂါထာ၌ ဣန္ဒဝဇိရပါဒလည်း ပျက်၏၊] "ဟိံသတိ-ညှဥ်းဆဲတတ်၏၊ ဣတိ (ဟိံသော"ဟု ဖြစ်သင့်လျက်, ဟ်နှင့် သ်ဗျည်းကို ရှေ့နောက် ပြောင်းလဲ၍ သက္ကတအလို) "သိံဟ"ဟု ပြီး၏၊ ပါဠိ၌ နိဂ္ဂဟိတ်ချေ, ဒီဃပြု၍ "သီဟ-ခြင်္သေ့"ဟု ဖြစ်၏။

**ဝဏ္ဏဝိကာရ**။ ။နိယကော၌ "နိဿာယ + ဇာတော, နိဇော၊ နိဇောယေဝ နိဇကော"ဟု ဖြစ်သင့်လျက် ဇကို ယပြု၍ နိယကောဖြစ်၏-ဟု ဆိုသည်၊ [ဒေါဓဿဇ၌လည်း "နိယကော"ကို ဤနည်းအတိုင်း စီရင်သင့်၏၊]ဤဝိကာရ၌ အက္ခရာတလုံးချင်း ပြောင်းလဲရုံသာမက, မယူရ၌ မဟီပုဒ်ကို မယပြုခြင်းကဲ့သို့သော ဝိကာရကိုလည်း ဝဏ္ဏဝိကာရဟု ဆိုရ၏။ ["ပဒဝိကာရော အမိကော အတြ (မယူရသဒ္ဒေ) ဒိဿတေ" ကာတန္တဝုတ္တိဋီကာ၊] ဘာဂျဝါ၌ ဘာဂျပုဒ်ကို တဂပြု၍ "ဘဂဝါ"ဟု ပြန်ပုံလည်း ဤနည်းပင်တည်း။

**ဝဏ္ဏနာသ**။ ။ "မေဟနဿ - လျှို့ဝှက်အပ်သော + ခဿ - အရပ်၏ + မာလာ-ပန်း" ဟူရာ၌ "မေဟနခမာလာ" မှ ဟနကိုလည်းကောင်း, မာကိုလည်းကောင်း ချေ၍ "မေခလာ=ခါးကြိုးတန်ဆာ"ဟု ဖြစ်၏၊ "ဇီဝန မူတ"မှ ဝနကိုချေ၍ "ဇီမူတ" ဖြစ်ခြင်းလည်း နည်းတူ။

**ဓာတု အတ္ထာတိသယယောဂ**။ ။အတ္ထာတိသယ (အတ္ထ+အတိသယ) ၌ ဟောရိုးအနက်မှ အထူးဖြစ်သော အနက်တပါး (ဝိသေသတ္ထ)ကို "အတိသယ" ဟု ဖွင့်ကြ၏၊ ဖရုသာဟိ ဝါစာဟိ ပကုပ္ပမာနော, **အာသဇ္ဇ** မံ တွံ **ဝဒေသိ** ကုမာရာတိ ဧတ္ထ ( ဒသ-တက္ကလဇာတ် ) ပကုပ္ပမာနောတိ ပဒဿ ("ပြု"ဟု အနက်ဟောရိုးရှိသော "ပကုပ္ပမာနော"ပုဒ်၏) အဘိဘဝမာနောတိ (လွှမ်းမိုး) အတ္ထပဋိပဒါနံဝိယ တတ္ထတတ္ထ ယထာယောဂံ ဝိသေသတ္ထယောဂေါ ဓာတူနံ အတ္ထာတိသယေန ယောဂေါနာမ"- တိသမေဓေ့ယျ - မဟာနိဒ္ဒေသ၊ "မဟိယံ-မြေ၌+ရဝတိ-ပျော်မွေ့တတ်၏၊ ဣတိ မယူရော (ဥဒေါင်း)"၌လည်း မဟီသဒ္ဒူပပဒ ရုဓာတ်, အပစ္စည်း၊ "ရု-သဒ္ဒေ" အရ အသံပြုခြင်းသည် မူလထင်ရှားသော အနက်တည်း၊ ထိုအနက်မှထူးခြားသော ရမဏ (မွေ့ပျော်ခြင်း) အနက်ကို ရုဓာတ်က ဟောခြင်းသည် အတ္ထာတိသယတည်း-ဟု ဆိုလိုသည်။

**သာဓက**။ ။အတ္ထာတိသယော-အတ္ထဝိသေသော၊ ပသိဒ္ဓတ္ထတော-ထင်ရှားပြီးသော အနက်မှ အတ္ထန္တရံ-အနက်တမျိုးတည်း၊ တေန ဓာတုဿ ယောဂေါ သမ္ဗန္ဓော၊ ယထာ-မဟိယံ ရဝတီတိ မယူရော၊ အတြ ရဝတိဿ (ရုဓာတ်၏) ရမဏေနာ္ တ္ထေနာ-တိသယေန ယောဂေါ-ကာသိကာဝိဝရဏပဉ္စိကာ။

**မှတ်ချက်။** ။ယခုကဲ့သို့ကား ခေတ်၏ ဟောရင်းအနက်ကို လက်မလွှတ်ဘဲ အပိုအမိပ္ပာယ်နက် အစွန်းထင်အောင်ပေးခြင်းကို"အတ္တာတိသယနည်း"ဟု ယူကြ၏၊ ယူပုံကား-"သတ္တဟာရကံ ဝါသ ပရိယေသေယျ"၌ ပရိပုဗ္ဗ သေခေတ်သည် ရှာခြင်း အနက်ကို ဟောသော်လည်း"ပရိယေသေယျ-ရှာမှီး၍ ထားအံ့"ဟု ပေးရာ၌"ထား" ဟု အနက်ပို ပေးရသကဲ့သို့တည်း တဲ့၊ ဤ၌လည်း ပြခဲ့သော အဖွင့်များအလို "သတ္တ ဟာရကံ-ကို၊ အသ-ထို လူဇာတ်ရှိသူ၏ (အနီး၌)၊ ပရိယေသေယျ-ထားအံ့"ဟု ပေးရလိမ့်မည်။

**ပိသောဒရာဒိဂိုဏ်း။** ။ပိသောဒရာဒိနိ ယထောပဒိဋ္ဌ=ပိသောဒရ အစ ရှိသော ပုဒ်တို့သည် ညွှန်ပြအပ်သည့်အတိုင်း (ပါဌ်ရှိသည့်အတိုင်း) ပြီးကုန်၏" ဟု ပါဏိနိ၌ သုတ်တည်၏၊ ပိသောဒရပုဒ်၏ ရုပ်ပြီးပုံကဲ့သို့ ရုပ်ပြီးစေရသော ပုဒ်များကို "ပိသောဒရာဒိဂိုဏ်း"ဟု ခေါ်၏၊ ခွဲဦးအံ့—ဖုသိတ သဒ္ဒါသည် "ရေပေါက်"ဟူသော အနက်ကိုဟော၏၊ "ဖုသိတံ+ဥဒရံ ယဿာတိ" ဟု ဝိဂ္ဂိုဟ်ပြု၍ "ဖုသိတောဒရ"ဟု ပြီးသင့်လျက် ဥကို ဣ, ဖကို ပပြု, တကိုချေ၍ "ပိသောဒရ"ဟု ပြီးရသည်၊ ယဿ-အကြင်မိုးတိမ်၏၊ ဖုသိတံ—ရေပေါက် ဟူသော+ဥဒရံ-ဝမ်းတိုက်သည်၊ အတ္ထိ ဣတိ ပိသောဒရံ၊ ["ဖုသိတံ+ဇလဗိန္ဒု, ဖုသိတ-မုဒရ-မဿ ပိသောဒရံ"—ပယောဂသိဒ္ဓိ။]

[ဆောင် ဖုသိတသဒ္ဒေါ,ရေပေါက် ဟောသဖြင့်, ဖုသိတောဒရ, ပြီးသင့်လှလျက်,
ဖကို ပပြု,ဥဣပြုစေ, တကိုချေလော, မိုးတိမ်ဟော, ပိသောဒရတဲ့။

**တနည်း။** ။သက္ကတ၌"မရိဂ"သည် ပါဠိ၌"မိဂ=မဂ"ဟု ဖြစ်သကဲ့သို့, သက္ကတ၌"ပရိသဒ"သည် ပါဠိ၌ "ပိသဒ=ပသဒ"ဟု ဖြစ်သင့်၏၊ "ဝိသဒံ (ရေပေါက်)ဥဒရံ ယဿာတိ ပိသောဒရံ၊ ပသဒဿ(ရေပေါက်၏)ဥဒရံ ပိသော ဒရံ"ဟု ဗဟုဗ္ဗီဟိ-ဆဋ္ဌီတပ္ပုရိသ်ပြု, ဒကို ချေရုံသာ၊ ဤအလိုလည်း မိုးတိမ် အနက်ဟောပင်တည်း၊ သာရသ္ထတဋီကာ၌ကား "ပိယဒါနိ (ဗိန္ဒဝေါ) ဥဒရေ ယဿ သော ပိသောဒရော-မိဂေါ၊ ဝမ်းဗိုက်၌ အပြောက်ရှိသော သမင်ကို "ပိသောဒရ"ဟုလည်းကောင်း, ပိသဒ သဒ္ဒါသည် သမင်ဟူသော အနက်ကို ဟော၏၊ "ပိသဒဿ ဥဒရမိဝ ဥဒရံ ယဿာတိ ပိသောဒရော=သမင်၏ ဝမ်းဗိုက် နှင့်တူသော ဝမ်းဗိုက်ရှိသော မိုးတိမ်"ဟုလည်းကောင်း ဖွင့်ထားသည်။

[ဆောင်] ပိသဒလျှင်, သမင်—ရေပေါက်, အပြောက်နက်နွေ, သုံးမျိုးဟော၍,
ပိသဒေါဒရ, ပြီးသင့်လှလျက်, ဒကိုချေရိုး, တိမ်မိုး-သမင်, အရတွင်
ပြီးလျှင် ပိသောဒရ။

**အဋ္ဌကထာတို့ ဆိုပုံ။** ။ပြခဲ့သော နိရုတ္တိလက္ခဏာကိုရည်ရွယ်၍ပါရာဇိကဏ် (ဘဂဝါ ပုဒ်ဖွင့်)စသော အဋ္ဌကထာတို့၌"တတ္ထ ဝဏ္ဏာဂမော ဝဏ္ဏ ဝိပရိယ- ယောတိ ဧဝံ နိရုတ္တိလက္ခဏံ ဂဟေတွာ"ဟု လည်းကောင်း,ပြခဲ့သော ပိသော ဒရာဒိဂိုဏ်းကို ရည်ရွယ်၍ "သဒ္ဒနယေန ဝါ(နိရုတ္တိလက္ခဏာမှ တပါးသောသဒ္ဒါ

နည်းအားဖြင့်လည်း) ပိသောဒရာဒိ ပက္ခေပလက္ခဏံ (ပိသောဒရာဒိ၌ ထည့်သွင်းခြင်းဟူသော လက္ခဏာကို၊)ဂဟေတွာ” ဟုလည်းကောင်း မိန့်၍ “ဘာဂျံ အဿ အတ္ထိ, တသ္မာ ဘာဂျဝါတိ ဝတ္တဗ္ဗေ ဘာဂဝါတိ ဝုစ္စတီတိ ဉာတဗ္ဗံ” ဟုဖွင့်ပြလေသည်၊ [ဝဏ္ဏဝိကာရ နည်းအားဖြင့် ဘာဂျကို ဘဂပြု၊ ပိသောဒရာဒိဂိုဏ်း၌သွင်း၍ ဘာ၌ အာကို ရဿ, ဂျ၌ ယကိုချေ၊ ကစ္စည်းသုတ်အလို တေသုဝုဒ္ဓိဖြင့် ဘာ၌ အာကို အ-ဝိပရိတ ပြု၊ ဂျ၌ ယကိုချေ။]

မူလဝိဘုဇာဒိဂိုဏ်း။ ။“က-ပကရဏေ မူလဝိဘုဇာဒီနံ ဥပသံချာနံ” ပါဏိနိသုတ်၊ မူလာနိ ဝိဘုဇတီတိ မူလဝိဘုဇော-ရထော၊ နခမုစာနိ နေ့နိ ကာကဂုယာ တိလာ, ကုမ္ဒိ မောဒတေ-ကုမုဒံ (ကာသိကာဝုတ္တိ) [က-ပကရဏေ-ကပစ္စည်းအရာ၌၊ မူလဝိဘုဇာဒီနံ-မူလဝိဘုဇ အစရှိသော သဒ္ဒါတို့ အကျိုးငှာ၊ ဥပသံချာနံ-ဖွင့်ဆိုခြင်း (သိစေခြင်း)သည်၊ ဘဝတိ-၏၊ မူလာနိ-သစ်မြစ်တို့ကို၊ ဝိဘုဇတိ — ကောက်ကွေးအောင် ပြုတတ်၏၊ ဣတိ, မူလဝိဘုဇော — မည်၏၊ ရထော-ရထားတည်း၊ နခမုစာနိ-လက်သည်းတို့ကို လွှတ်တတ်ကုန်သော၊ နေ့နိ-လေးတို့၊ ကာကဂုဟာ-ကျီးတို့ ဆောင်အပ်ကုန်သော၊ တိလာ နှမ်းတို့၊ ကုမ္ဒိ—ရေ၌၊ မောဒတေ-ရွှင်လန်းတတ်၏၊ ဣတိ, ကုမုဒံ(ကုမုဒြာကြာ)မည်၏။]

ဆက်ဦးအံ့—ဤ၌ မူလသဒ္ဒါပုဗ္ဗဒ, ဝိပုဗ္ဗ-ဘုဇဓာတ်နောင် က (က်အနုဗန်ရှိသောအ)ပစ္စည်းသက်၊ဤကပစ္စည်းကား “အာတော-နုပသဂ္ဂေကော” သုတ်ဖြင့်သက်သည်၊ အနုပသဂ္ဂေ-ဥပသာရ ရှေ့မရှိရာ၌၊ အာတော-အာကာရန္တ ဓာတ်မှ နောက်၌၊ ကော-ကပစ္စည်းသက်၊ ရှေ့သုတ်မှလိုက်သော စ သဒ္ဒါဖြင့် ဥပသာရ ရှေးရှိရာ ကံပုဒ်အနီးရှိရာ အခြားဓာတ်နောင်လည်း ကပစ္စည်းသက်၊ အပစ္စည်း မဟုတ်ပဲ ကပစ္စည်းကိုသက်စေခြင်းသည် ဝုဒ္ဓိမပြုရခြင်းအကျိုးရှိ၏၊ ထို့ကြောင့် “မူလဝိဘုဇော” ဟု ဘု၌ ဝုဒ္ဓိမပြုပဲ ပြီး၏၊ နခသဒ္ဒါပုဗ္ဗဒ မုစဓာတ်, ကာက သဒ္ဒါပုဗ္ဗဒ ဂုဟဓာတ်, ကုသဒ္ဒါပုဗ္ဗဒ မုဒဓာတ်တို့နောင်လည်း ကပစ္စည်းသက်၍ “ကာကဂုဟာ” စသည် ပြီး၏။

ဋီကာတို့ဆိုပုံ။ ။ဤ မူလဝိဘုဇာဒိဂိုဏ်းကို ရည်ရွယ်၍ သီလက္ခန် အဘိနဝ သုတ်ဋီကာ စသည်တို့၌ “ဥက္ကာသု+ဋ္ဌိတာတိ ဥက္ကဋ္ဌာ၊ ဥက္ကာသု ဝါ ဝိဇ္ဇောတယန္တိသု ဌိတာ ပတိဋ္ဌိတာတိ ဥက္ကဋ္ဌာတိ မူလဝိဘုဇာဒိ ပက္ခေပေန သဒ္ဒသိဒ္ဓိ ဝေဒိတဗ္ဗာ” ဟု မိန့်သည်၊ ဥက္ကာသဒ္ဒါပုဗ္ဗဒ ဌာဓာတ်နောင် ကပစ္စည်းသက်၍ “မူလဝိဘုဇ” ပုဒ်ကဲ့သို့ “ဥက္ကာဌ” ဟုပြီး၏၊ ထို့နောင် “ဥက္ကာ၌ အာကို ရဿပြု, ဌ၌ ဋ္ဌဒွေဘော်လာ, အာပစ္စည်းသက်၍ “ဥက္ကဋ္ဌာ” တိုင်အောင် ပြီးခြင်းတို့ကား မူလဝိဘုဇာဒိနှင့် မဆိုင်၊ ဤ ကပစ္စည်းသက်မှုကား ကစ္စည်းကျမ်းအလို ဤ တေသုဝုဒ္ဓိနှင့် မဆိုင် “ပစ္စယာဒနိဋ္ဌာ နိပါတနာသိဇ္ဈန္တိ” သုတ်နှင့်သာ ဆိုင်၏၊ သို့သော် သက္ကတအဆိုနှင့် ဆိုင်သောကြောင့် ဤ၌ ထည့်ပြလိုက်ရသည်။

အယုဝဏ္ဏာနဥ္စာ ယောဝုဒ္ဓိ

၄၀၅။ အ ဣတိ - အဟူသည်၊ အ ကာရော - အအက္ခရာ တည်း၊ ဣ ဤ ဣတိ-ဣ ဤတို့ဟူသည်၊ ဣဝဏ္ဏော-ဣဝဏ် တည်း၊ ဥဦ ဣတိ-ဥဦတို့ဟူသည်၊ ဥဝဏ္ဏော-ဥဝဏ်တည်း၊ တေသံ အကာရ ဣဝဏ္ဏုဝဏ္ဏာနံ-ထိုအ အက္ခရာ ဣဝဏ် ဥဝဏ်တို့၏၊ယထာသင်္ချံ-တိုင်း၊အာ ဧ ဩဝုဒ္ဓိယော-အာ,ဧ, ဩဝုဒ္ဓိတို့သည်၊ ဟောန္တိ၊[''အာ ဤ ဦ ဝုဒ္ဓိစ-အာ, ဤ,ဦတို့လည်း ဝုဒ္ဓိပင်တည်း'' ဤပုဒ် သိမှု၌မပါ။]

---

၄၀၅။ အဣတိ၊ပေ၊ဥဝဏ္ဏော။ ။အယုဝဏ္ဏာနံကို ''အ+ဣ+ဥ ဝဏ္ဏ'' ဟုဖြတ်၍ အ-ဖြင့် အ အက္ခရာတလုံးကိုပြ၏၊ ဣကို ဝဏ္ဏနှင့်တွဲ၍ ဣ ဝဏ္ဏဖြင့် ဣ ဤ ၂-လုံး, ဥဝဏ္ဏဖြင့် ဥ ဦ ၂-လုံးကို ပြ၏-ဟု သိစေလို၍ ''အဣတိ''စသည်ကို မိန့်သည်၊ မှန်၏—''ဝဏ္ဏပရေန-ဝဏ္ဏသဒ္ဒါ နောက်ရှိသောပုဒ်ဖြင့်၊ သဝဏ္ဏော-ဌာန်တူသရ ၂-လုံးကို၊ ဂယှတေ-ယူအပ်၏''ဟု ပရိဘာသာရှိ၏၊ [''ဣစ ဥစယု (ဣ-ဥတို့)၊ ယု ဧဝ+ဝဏ္ဏာ ယုဝဏ္ဏာ'' ဤသို့ ဝိဂ္ဂိုဟ်ပြု၍ ဣ-ဥ ၂-ခုနောင် ဝဏ္ဏသဒ္ဒါ နှေင်းပုံကို သိလေ၊ အ စ+ယုဝဏ္ဏာစ, အယုဝဏ္ဏာ။]

အာ ဧဩ ဝုဒ္ဓိယော။ ။ဤသုတ်ကို ပရိဘာသာသုတ်ဟု ရှုနှင့် နိဒ္ဒေသတို့ ဆို၏၊ ''ဝုဒ္ဓိဣစ္စနေန ကတ္တော, ဝုဒ္ဓါဒိ၊ပေ၊သဏ္ဍာစ''ဟု ဆိုသော ကစ္စည်းဝုဒ္ဓိ အလိုမူ ဝုဒ္ဓိအမည်မှည့်သော သညာသုတ်ကဲ့သို့ ထင်ရ၏၊ သို့သော် သညာသုတ် ဟုဆိုလျှင် ''အကို အာဝုဒ္ဓိ''ဟု အမည်မှည့်ရာရောက်၏၊ အသရကား မည်သည့် နည်းနှင့်မျှ အာဝုဒ္ဓိအမည် မရနိုင်၊ ထို့အတူ ဣဝဏ် ဥဝဏ်တို့လည်း ဧဝုဒ္ဓိ ဩဝုဒ္ဓိအမည်မရနိုင်၊ ထို့ကြောင့် ဝုဒ္ဓါဒိသရဿဝါ သုတ်ဖြင့် ဝုဒ္ဓိပြုသည့်အခါ အ ကို အာဝုဒ္ဓိဖြစ်အောင် စီရင်ရမည်ဟု အစီအရင်ကို သိစေသော ဝိဓျင် ပရိ ဘာသာသုတ်သာ ဖြစ်ထိုက်သည်။

အာ ဤ ဦ ဝုဒ္ဓိစ။ ။ဤစကားဖြင့် ''အယုဝဏ္ဏာနဥ္စ''၌ စသဒ္ဒါ၏အနက်ကို ပြ၏၊စ သဒ္ဒါသည် ''အာ ဧဩတို့သာ ဝုဒ္ဓိမဟုတ်သေး, အာ-ဤ-ဦတို့လည်း ဝုဒ္ဓိ ပင်-ဟု အာ ဤ ဦတို့၏ ဝုဒ္ဓိဖြစ်ကြောင်းကိုပေါင်းသော သမ္ပိဏ္ဍနအနက်ရှိသည်-ဟူလို၊ [''ဣဓ စဂ္ဂဟဏံ အာ ဤ ဦ ဝုဒ္ဓိယော သမ္ပိဏ္ဍေတိ, တေနာဟ-ဝုတ္တိယံ-အာ ဤ ဦ ဝုဒ္ဓိစာတိ''-နိဒ္ဒေသ၊] အာဝုဒ္ဓိကို သုတ်ရင်းဖြင့် ပြပြီးမဟုတ်ပါလော, အဘယ့်ကြောင့် ''အာ ဤ ဦဝုဒ္ဓိစ''ဟု အာဝုဒ္ဓိကို စသဒ္ဒါဖြင့် ပေါင်းနေရပါ သေးသနည်းဟူမူ, သရူပဖြစ်သော ဝုဒ္ဓိတို့ကို အတူတကွဆိုခြင်းငှာ အာကိုထပ်၍ ဆိုပြန်သည်ဟု ဖြေ၊ အာ-ဤ-ဦ ၃-လုံးသည် ဌာန်တူသရရှိသော သရူပဝုဒ္ဓိ တည်း, ဧဩတို့ကား ဌာန်တူမရှိသော အသရူပဝုဒ္ဓိတည်း-ဟူလို၊ (နိဒ္ဒေသ)၊ ဉာသ၌ကား အာ မပါပဲ ''စဂ္ဂဟဏံ ဤ ဦ ဝုဒ္ဓိယော သမုစ္စေတိ''ဟုရှိ၏၊ အာဘိဓမ္မိကောစသော ပုံစံ ၃-ခုကို ရှေ့၌ ဆိုခဲ့ပြီ။

အာဘိဓမ္မိကော-သူ၊ ဝေနတေယျော-သား၊ သြဋ္ဌမ္ဗိကော-သူ၊ ပုန ဝုဒ္ဓိဂ္ဂဟဏံ-တဖန် ဝုဒ္ဓိသဒ္ဒါကို ယူခြင်းသည်၊ ကိမတ္ထံ-နည်း၊ ဥတ္တရပဒ ဝုဒ္ဓိဘာဝတ္ထံ-နောက်ပုဒ်၏ ဝုဒ္ဓိဖြစ်ခြင်း အကျိုးရှိ၏၊ အင်္ဂမဂဓေယျ-အင်္ဂတိုင်း မဂဓတိုင်းတို့မှ၊ အာဂတော-လာသူလည်း၊ ဣတိ,အင်္ဂမာဂဓိကော-သူ၊ နိဂမ ဇနပဒေသု-နိဂုံးဇနပုဒ်တို့၌၊ ဇာတာ-မွေးဖွားသူတို့တည်း၊ ဣတိ, နေဂမဇာနပဒါ-တို့မည်၏၊ ပုရိ ဇနပဒေသု-ပြည်ကြီးဇနပုဒ်တို့၌၊ ဇာတာ-မွေးဖွားသူတို့တည်း၊ ဣတိ, ပေါရိဇာနပဒါ-တို့မည်၏၊ သတ္တာဟေ-ခုနစ်ရက်၌၊ နိယုတ္တော-ယှဉ်သူတည်း၊ ဣတိ သတ္တာဟိကော-မည်၏၊ စတုဝိဇ္ဇေ-လေးမျိုးသော အတတ်၌၊ နိယုတ္တော, ဣတိ စာတုဝေဇ္ဇိကော၊ ဣစ္စေဝမာဒိ-ဤသို့ အစရှိသော ပြယုဂ်တို့ကို၊ ယောဇေတဗ္ဗာ-ကုန်၏၊ ဝုဒ္ဓိ ဣစ္စနေန-ဝုဒ္ဓိဟူသော ဤအမည်ဖြင့်၊ ကွ-၌၊ အတ္ထော-နည်း၊ ဝုဒ္ဓါဒိ၊ ပေ၊ သဏ္ဍောစ-သုတ်၌ ဝုဒ္ဓိဟု သိရခြင်းအကျိုးရှိ၏၊ (၃၆၅)။

---

သိဟိုဠ်မူရှိပုံ။ ။"အာ ဤ ဦ ဝုဒ္ဓိစ"ဟူသောပါဌ်သည် သိဟိုဠ်မူ၌ မပါ၊ သြဋ္ဌမ္ဗိကော၏ နောက်၌ကား "အ ဣ ဥ ဣတိ အဝုဒ္ဓိ၊ အာဘိဓမ္မိကော, ဝိနတေယျော, ဥဋ္ဌမ္ဗိကော"ဟုရှိပြန်သည်၊ ဤပါဌ်သည် "စသဒ္ဒဂ္ဂဟဏံ အဝုဒ္ဓိသမ္ပိဏ္ဍနတ္ထံ"ဟူသော ရူပသိဒ္ဓိနှင့်ကိုက်ညီသကဲ့သို့ ရှိ၏၊ အယုဝဏ္ဏာနဥ္စ၌ စသဒ္ဒါသည် အဝုဒ္ဓိ (ဝုဒ္ဓိမပြုခြင်း)ကို ပေါင်းသော သမ္ပိဏ္ဍနအနက် ရှိ၏၊ ထို့ကြောင့် ဝုဒ္ဓိမပြုပဲ "အာဘိ, ဝိန, ဥဋ္ဌ"ဟု ရှိသည်-ဟူလို။

ပုန ဝုဒ္ဓိဂ္ဂဟဏံ- ။တေသုဝုဒ္ဓိသုတ်မှ ဝုဒ္ဓိသဒ္ဒါလိုက်စေလျှင်ပြီးနိုင်ပါလျက် ဤသုတ်၌ ဝုဒ္ဓိသဒ္ဒါကိုထပ်ဆိုရခြင်းအကျိုးကိုပြလို၍"ပုနဝုဒ္ဓိဂ္ဂဟဏံ ကိမတ္ထံ"ဟု ကိုယ်တိုင် ပုစ္ဆာထုတ်ပြီးလျှင် "ဥတ္တရပဒဝုဒ္ဓိဘာဝတ္ထံ"ဟု အဖြေကိုပြလေသည်၊ "အင်္ဂ+မဂဓ, နိဂမ+ဇနပဒ, ပုရီ+ဇနပဒ, သတ္တ+အဟ, စတု+ဝိဇ္ဇ" ဟု ၂-ပုဒ်စီ ရှိရာ၌ "မဂဓ-ဇနပဒ-အဟ-ဝိဇ္ဇ"ဟူသော နောက်ပုဒ်များကိုလည်း ဝုဒ္ဓိပြုနိုင်၏ဟု သိစေရခြင်းအကျိုးရှိသည်-ဟူလို၊ ဝုဒ္ဓိပြုသည့်အခါ၌ကား ဤသုတ်ဖြင့် ပြုရမည်မဟုတ်, တေသုဝုဒ္ဓိဖြင့် ပြုရမည်။

ပုံစံများ။ ။အင်္ဂါစ-အင်္ဂတိုင်းတို့လည်း၊ မဂဓာစ-တို့လည်း၊ အင်္ဂမဂဓာ-တို၊ "အင်္ဂမဂဓေဟိ+အာဂတာ, အင်္ဂမာဂဓိကာ"ဟု အာဂတအနက်၌ ဏိက သက်, တေသုဝုဒ္ဓိဖြင့် မ၏ အကို အာဝုဒ္ဓိပြု၊ "အင်္ဂမဂဓေဟိ+အာဂတော"ဟု ဧကဝုစ် ဝိဂြိုဟ်ပြုလျှင် "အင်္ဂမာဂဓိကော"ဟု ဧကဝုစ်ပင်ရှိရမည်၊ နိဂမဇနပဒေဟိ+အာဂတာ နေဂမဇာနပဒါ၊ တနည်း "နိဂမ ဇနပဒေဟိ + အာဂတော နေဂမဇာနပဒေါ၊ [နေ၌ ဝုဒ္ဓါဒိသရဿဝါဖြင့် ဇာ၌ တေသုဝုဒ္ဓိဖြင့် ဝုဒ္ဓိပြု၊ ပုရိစ-ပြည်လည်း၊ ဇနပဒေါစ - လည်း၊ ပုရိဇနပဒါ - တို၊ ပုရိဇနပဒေဟိ+

ဣတိ - ဤကား၊ နာမကပ္ပေ - နာမ်ကျမ်း၌၊ **တဒ္ဓိတကပ္ပေ** - တဒ္ဓိတ ကပ္ပ မည်သော၊ အဋ္ဌမော ကဏ္ဍော အဋ္ဌမ ကဏ္ဍတည်း။

---

အာဂတာ ပေါရိဇာနုပဒါ၊] ပေါ၌ ၀ုဒ္ဓါဒိ သရဿဝါဖြင့် ၀ုဒ္ဓိပြု၊ မြန်မာမူ၌ "ပုရိမဇနုပဒေသု"စသည်ဖြင့်ရှိ၍ "အရှေ့ဇနုပဒ်တို့၌"ဟုလည်း ပေးကြသည်၊ သီ-မူ၌ကား "ပုရိဇနုပဒေသု"ဟုရှိသည်၊ထို့ပြင်-"နိဂမဇနုပဒေသု ဇာတော" ဟု ကေ၀ုစ်လည်း ရှိ၏၊ မေးဖွားသူ တယောက်က နိဂမနှင့် ဇနုပဒ ၂-ဌာန၌ မမွေးနိုင်၊ ထို့ကြောင့် "ဇာတာ"ဟု ဗဟုဝုစ်သာ ရှိသင့်သည်၊ "အာဂတော" ဟု ဆိုလျှင်ကား သင့်သေး၏။

**သတ္တာဟိကောစသည်**။ ။သတ္တ+အဟာနိ သတ္တအဟံ-၇ ရက်၊ ဤအဟ၏ အ ကို ဒီဃမပြုသေးနှင့်၊ "သတ္တအဟေ+နိယုတ္တော"ဟု ဝိဂ္ဂိုဟ်ပြု၍ ဏိကပစ္စည်း သက်ပြီးမှ အ ကို ၀ုဒ္ဓိပြု၍ တ္တ၏ အ ကိုချေ၊ "သတ္တာဟိကော"ဟု ပြီး၏၊ စတဿော+ဝိဇ္ဇာ စတုဝိဇ္ဇံ (သမာဟာရဒိဂု)၊ "စတုဝိဇ္ဇေ + နိယုတ္တော"ဟု ဝိဂ္ဂိုဟ်ပြုပြီးမှ ဏိကပစ္စည်းကြောင့် စ၏ အကို ၀ုဒ္ဓါဒိသရဿဖြင့်, ဝိ၏ ဣကို ဧသုဝုဒ္ဓိဖြင့်ဝုဒ္ဓိပြု, "စတုဝေဇ္ဇိကော" ဟု ပါဠိမှန်ရှိစေ၊[ရှေးဆရာအချို့ကား "အင်္ဂမာဂဓိကာ, နေဂမဇာနုပဒါ, သတ္တာဟိကာ, စာတုဝိဇ္ဇိကာ"ဟု အာကာရန္တဖြင့် ရှိစေ၍ က-ဒတို့၏ အ ကို အာဝုဒ္ဓိပြုဟု ဆိုကြ၏၊ ထိုစကားကို စဉ်းစား သင့်သည်၊ ဘာ့ကြောင့်နည်း "အင်္ဂမာဂဓိကာ"စသည်ဖြင့် အာကာရန္တရှိရခြင်း မှာ ဗဟုဝုစ်ဖြစ်သောကြောင့်သာတည်း။ ["တတြ+ဇာတာ၊ ပေ၊ နေဂမဇာနုပဒါ"ဟု ရူပသိဒ္ဓိဋီကာဖွင့်ပုံကို ထောက်ပါ။]

**တဒ္ဓိတကပ္ပေါ**။ ။"ဝိစိတြာ တဒ္ဓိတဝုတ္တိ"ဟု သုတ်တည်၍ "နာနာပစ္စယေသု - ပစ္စည်းအမျိုးမျိုးတို့၌ လည်းကောင်း၊ ကေသွံပိ သမာနေ ပစ္စယေ (တခုတည်းသော ပစ္စည်းဖြစ်သော်လည်း)နာနာအတ္ထေသု-အနက် အမျိုးမျိုးတို့၌လည်းကောင်း၊ ဝတ္တနတော ကြောင့်၊ တဒ္ဓိတာနံ-တဒ္ဓိတ်ပစ္စည်းတို့၏၊ဝုဒ္ဓိနာမ-ဖြစ်ပုံမည်သည်ကို၊ ဝိစိတြာတိ - ထူးပြားဆန်းကြယ်လှ၏ ဟူ၍၊ ဝေဒိတဗ္ဗာ-သိထိုက်၏"ဟု သဒ္ဒနီတိ အမိန့်အတိုင်းပင် ဆန်းကြယ်စွာသော တဒ္ဓိတကဏ္ဍ **သည်** နာမ်ဝိဘတ် သက်ရသော နာမ်ပုဒ်တို့ကို ပြုရာဖြစ်၍ နာမကပ္ပ (နာမ်ကျမ်းကြီး) တွင် ပါဝင်သော အခန်းငယ်တခန်း ဖြစ်၏၊ ထို့ကြောင့် "ဣတိ နာမကပ္ပေ"ဟု စချီလေသည်၊ သို့သော် ရိုးရိုးသုဒ္ဓနာမ်ပုဒ်မဟုတ်, တဒ္ဓိတ်ပစ္စည်း ဆုံးသော နာမ်ပုဒ်ဖြစ်၍ "တဒ္ဓိတကပ္ပ=တဒ္ဓိတ်ကျမ်း"ဟုလည်း တကျမ်းဖွဲ့နိုင် ရကား "တဒ္ဓိတကပ္ပေါ"ဟု ဝိသေသနပြုလျက် "အဋ္ဌမော ကဏ္ဍော"ဟု မိန့်လေသည်။

**ဤကား တဒ္ဓိတ်ဘာသာဋီကာ**

---

# အာချာတ် ဘာသာဋီကာ

(က) အထ-တဒ္ဓိတ်ကျမ်း၏ အခြားမဲ့၌၊ အဇ္ဇတနီတရင်္ဂ - အဇ္ဇတနီဝိဘတ်ဖြင့် မှတ်သားအပ်သော ဝိဘတ်ရှစ်မျိုး လှိုင်းတံပိုးလည်းရှိထသော၊ ဓာတုဇ္ဇလံ-ဓာတ်ဟူသော ရေလည်း ရှိထသော၊ ဝိကရဏာ-ဂမကာလမိန်—ဝိကရဏပစ္စည်း, အာဂုံ,ကာလဟူသော ငါးလည်း ရှိထသော၊ လောပါနုဗန္ဓရယံ-ချေအပ်သော အနုဗန်တည်းဟူသော အဟုန်လည်းရှိထသော၊ ("အနုဗန် ဏ အက္ခရာကြေခြင်း စသော ညှန်လည်းရှိထသော"ဟုလည်း ပေးကြ၏၊) အတ္ထဝိဘာဂတီရံ-အနက် အထူးအပြားဟူသော ကမ်းလည်း ရှိထသော၊ ("အနက်ကို ဝေဖန်ရာသဒ္ဒါ

---

အနုသန္ဓေ။ ။လိင်နှင့် ဝိဘတ်ပစ္စည်းတို့ တွဲဖက်ပုံကို ပြဆိုရာ နာမကပ္ပကို တဒ္ဓိတ်တိုင်အောင် ပြပြီး၍ ယခုအခါ ဓာတ်နှင့်ဝိဘတ်တို့ တွဲဖက်ပုံကို ပြဆိုရာ အာချာတကပ္ပကိုပြလိုသောကြောင့် "အာချာတသာဂရ"စသော အချိဂါထာ ၂-ရပ်ကို မိန့်တော်မူသည်၊ ချဲ့ဦးအံ့—သဒ္ဒါဟူသမျှကို ခွဲခြား စိတ်ဖြာလျှင် "ပကတိ+ပစ္စယ"ဟု ၂-မျိုးပြား၏၊ ပကတိဟူသည် ပဌမဆုံးဖြစ်မူသာ နဂို=မူလ=အရင်း အစ သဒ္ဒါတည်း၊ လူ၌ အဝတ်မပါသေးခင် အထည်ကိုယ်-ပင်ကိုရုပ်မျိုးပင်တည်း၊ ထို့ကြောင့် "ပုရိသ"စသော လိင်နှင့် "ဘူ"စသော ဓာတ်များသည် ပကတိ သဒ္ဒါများဖြစ်ရကား ရုပ်တွက်အရာ၌ "ပုရိသ"လိင်တည်, "ဘူ"တည်စသည်ဖြင့် နဂိုပကတိ ရှိသည့်အတိုင်း ထားရသည်၊ ဝိဘတ်နှင့် ပစ္စည်း ၂-မျိုးလုံးပင် "ပစ္စယ"မည်၏၊ ထိုပစ္စယများကား ပကတိနှင့်တွဲဖက်ရသော (ပကတိအပေါ်တွင် တန်ဆာဆင်ထားသကဲ့သို့ ဖြစ်သော) သဒ္ဒါများတည်း၊လူ၏ ပင်ကိုရုပ်ကို ဖုံးအုပ်ဝတ်ဆင်ထားအပ်သောအဝတ်များနှင့်တူ၏။

ထို့ကြောင့် နာမ်ဝိဘတ် အာချာတ်ဝိဘတ်နှင့် တဒ္ဓိတ်ပစ္စည်း ကိတ်ပစ္စည်းများသည် ပစ္စယအရာ၌ ပါဝင်ကြသည်ဟု မှတ်ပါ၊ သို့ဖြစ်၍ "ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ"သုတ်၌ ပစ္စယအရတွင် ဝိဘတ်ကိုပါသွင်း၍ "ပကတိ လိင်္ဂဓာတွေဝ, ဝိဘတ္တိ ပစ္စယာ ပန ပစ္စယော"ဟု ဘေဒစိန္တာ၌ မိန့်သည်၊ နာမ်,ကာရက, သမာသ်, တဒ္ဓိတ်တို့သည် လိင်ဟူသော ပကတိနှင့် နာမ်ဝိဘတ် ပစ္စည်းတို့ကို ခွဲခြားပြရာ အခန်းများဖြစ်၍ ဤအာချာတ်နှင့် ကိတ်တို့ကား ဓာတ်ဟူသော ပကတိနှင့် အာချာတ်ဝိဘတ်ကိတ်ပစ္စည်းတို့ကို ခွဲခြားပြရာအခန်းများပေတည်း၊ ထို့ကြောင့် လိင်နှင့် ဝိဘတ်ပစ္စည်းတို့ကို တသီးတသန့်ပြပြီး၍ ဓာတ်နှင့်ဝိဘတ်ပစ္စည်းတို့ကို တသီးတသန့် ပိုင်းကန့်ပြထားပုံမှာ ရှေ့နောက် အစီအစဉ် လှန်စွာ အဆင်ပြေပါပေသည်။[နာမ်ပြီးလျှင် အာချာတ်ကို စီစဉ်ရသော ဆရာတို့၏စီစဉ်ပုံကိုမူ အခြေပြု၍ ပြထားသည်။]

ဟူသော ကမ်းလည်း ရှိထသော''ဟုလည်း ပေးပါ၊) အာချာတသာဂရံ— အာချာတ်ဟူသော သမုဒြာကို၊ ကဝိနော—နှစ်သက်ဖွယ်ကို ဆိုတတ်ကုန်သော၊ ဓီရာ-ပညာရှိတို့သည်၊ ပုထုဗုဒ္ဓိနာဝါ (နာဝါယ)ကြီးကျယ်လှစွာ, ဉာဏ်ပညာ သင်္ဘောဖြင့်၊တရန္တိ—ကူးကုန်၏။ .

---

(က) အာချာတသာဂရံ+အထ။ ။ဤဂါထာသည် ရူပက အလင်္ကာဖြင့် တန်ဆာဆင်အပ်သော (တ ဂိုဏ်း + ဘ ဂိုဏ်း + ဇ ၂ ဂိုဏ်း + ဂရု ၂ လုံးရှိ) ဝသန္တတိလကာဂါထာတည်း၊ ဥပမာန+ဥပမေယျ ဖြစ်သင့်ရာဝယ် ဥပမာန+ ဥပမေယျ ဟု မခွဲခြားတော့ပဲ ရုပ်ပုံဖွဲ့ပြသော ပျို့ကဗျာ ဂါထာများကို ရူပက အလင်္ကာရှိသောအဖွဲ့—ဗန္ဓဟု ခေါ်သည်၊ ဤဂါထာ၌ အာချာတ်ကြိယာများကို သမုဒြာဟုလည်းကောင်း(သမုဒြာရေပြင်ဝယ် လှိုင်းရှိသကဲ့သို့)အာချာတ် သမု- ဒြာဝယ် ဝိဘတ်ရှစ်သွယ်ကို လှိုင်းဟုလည်းကောင်း (လှိုင်းကိုပင် ရှေးက ''တံ+ ပိုး''ခေါ်၏၊တံ=ရေ+ပိုး—လွှမ်းမိုး၊လွှမ်းမိုး ပိုမောက်သောရေဟုဆိုလိုသည်၊) ဘူ-ဂမုစသော ဓာတ်များကို ရေဟုလည်းကောင်း,(အ)စသော ဝိကရဏ်ပစ္စည်း (ဣ)ပါသော အာဂုံ,ပစ္စုပ္ပန်စသော ကာလများကို သမုဒြာ၌ရှိသော ငါးဟုလည်း ကောင်း,ချေအပ်သော ဏာအနုဗန် စသည်ကို ရေ၏စီးသွားသော အဟုန်ဟုလည်း ကောင်း, ဓာတ်နက် ဝိဘတ်နက် အမျိုးမျိုးကို သမုဒြာကမ်းဟုလည်းကောင်း, သမုဒြာကို လှေအကြီးစား (သင်္ဘော)ဖြင့် ကူးရသောကြောင့် ထိုအာချာတ် သမုဒြာကို ကူးသွားဖို့ရာ ဉာဏ်ပညာ အကြီးစားကို လှေ(သင်္ဘော)ဟုလည်း ကောင်း, စာသင်သားတို့ဉာဏ်တွင် ထင်မြင်လာအောင် ရုပ်ပုံဖွဲ့ပြထားသည်။

အထ။ ။''အထ''ကား နောက်၌ပြမည့် အနက်တို့တွင် အနန္တရအနက် တည်း၊ ထို့ကြောင့် ''တဒ္ဓိတ်ကျမ်း၏ အခြားမဲ့၌''ဟု ပေးသည်၊ ဤ''အထ'' ပုဒ်ကို နောက်ဂါထာ၌လာမည့် သုဏာထ၌စပ်၊ ''တဒ္ဓိတ်ကျမ်း၏ အခြားမဲ့၌ နာယူကြပါ''ဟူလို။

အာချာတံ။ ။ကြိယံ အာချာယတီတိ အာချာတံ၊ (အာပုဗ္ဗ ချာဓာတ် တ ပစ္စည်း၊) ယံ ပဒံ-အကြင်ပုဒ်သည်၊ ကြိယံ- ကြိယာကို၊ အာချာယတိ— လွန်စွာ ဟောတတ်၏၊ ဝါ-ပဓာနအားဖြင့် ဟောတတ်၏၊ ဣတိ တံ ပဒံ, အာချာတ်— အာချာတ်ပုဒ်မည်၏၊ဤဝိဂ္ဂြိုဟ်အရ ကြိယာကို လိုရင်းပဓာနအားဖြင့် ဟောတတ် သော ပုဒ်သည် အာချာတ် မည်၏၊မှန်၏— ''ဂစ္ဆတိ-သွား၏''ဟူရာ၌ ဂစ္ဆတိ ဟူ သော အာချာတ်ပုဒ်သည် သွားခြင်းကြိယာကိုလည်းကောင်း, သွားစွမ်းနိုင်သော ကတ္တုကာရက(သွားတတ်သူ၏ သတ္တိ)ကိုလည်းကောင်း, သွားဆဲ သွားနေတုန်း ကို ပြသော ပစ္စုန်ပ္ပန်ကာလကိုလည်းကောင်း, သွားတတ်သူကိုလည်းကောင်း ဟောပြနိုင်၏၊ သို့သော် ထိုအနက်များတွင် ''သွား''ဟူသော ကြိယာအနက်

တခုသာလျှင် တံခွန် အလံသဖွယ် ထင်ရှားလျက်ရှိ၏၊ ထို့ကြောင့် အာချာတ်ပုဒ်များသည် ကြိယာတည်းဟူသော အနက်ကိုသာ ပဓာနအားဖြင့်ဟော၍ ကတ္တုသတ္တိစသော အနက်ကိုကား အပဓာနအားဖြင့် ဟောကြသည်၊ ဤစကားအရ "အာချာတ" ဟူသော အမည်သည် ဘဝတိစသော ကြိယာပုဒ်များ၏ အမည်တည်း၊ ထိုအာချာတ်ပုဒ်များကို ပြရာကျမ်းကား ဌာနျူပစာရအားဖြင့် "အာချာတ" မည်သည်ဟုမှတ်၊ [ကြိယာ၏အဓိပ္ပာယ်ကို နောက်မှပြမည်၊ အာချာတ်ပုဒ်၏ လက္ခဏာကို "ယံ တိကာလံ တိပုရိသံ" စသည်ဖြင့် ရှဋ္ဌပြထားသည်၊] အာချာတသင်္ခါတော သာဂရော, အာချာတ သာဂရော= အာချာတ်ဟုဆိုအပ်သော သမုဒ္ဒရာ၊ ဝါ—သမုဒ္ဒရာသဖွယ် ကျယ်ဝန်းများပြားသော အာချာတ်ပုဒ်။

အဇ္ဇတနိ၊ ပေ၊မိနံ။ ။အဇ္ဇတနီသင်္ခါတော+ တရင်္ဂေါ ယသ္မိံ တိ အဇ္ဇတနိတရင်္ဂေါ၊ ဤဋ္ဌ ဥပလက္ခဏနည်းအားဖြင့် အဇ္ဇတနီ ဝိဘတ်ကို သတ်မှတ်၍ ပြထားသည်၊ အမှန်မှာ ဝိဘတ်ရှစ်သွယ်လုံးကိုပင် လှိုင်း(တံပိုး)ဟု ပုံပြုလိုရင်းတည်း၊ ["အဇ္ဇတနုပ လက္ခဏအဋ္ဌဝိဘတ္တိသင်္ခါတတရင်္ဂေါ န္တံ— အဇ္ဇတနီဝိဘတ်လျှင် ဥပလက္ခဏာရှိသော ဝိဘတ်ရှစ်သွယ်ဟု ဆိုအပ်သော လှိုင်းရှိထသော" —နိဒ္ဒေသ၊] ဓာတုသင်္ခါတံ+ဇလံ ယသ္မိံ ဓာတုဇလော။ [ဆန္ဒာနုရက္ခဏ အလိုငှာ ဇဒွေဘော်လာ၍ "ဓာတုဇ္ဇလ" ဖြစ်သည်၊] "ဝိကရဏာ-ဂမကာလ သင်္ခါတာ+ မိနာ ယသ္မိံ တိ ဝိကရဏာဂမကာလ မိနော၊ မစ္ဆောမိနော ဇလစရော" ဟု ငါးဟော ပရိယာယ်ပုဒ်များတွင် "မိန" ဟုသာ ရှိ၏၊ "မိယတေ ဟိံသိယတေ- ညှဉ်းဆဲအပ်၏၊ ဣတိမိနော" ဟု အဘိဓာနပ္ပဒီပိကာလည်း ဝိဂြိုဟ်ပြု၏၊ ထို့ကြောင့် "မိန္န" ဟု ရှိသည်ကား ပါဠ်ပျက်။]

လောပါနုဗန္ဓရယံ။ ။လုပ္ပတေတိ လောပေါ— ချေအပ်သော အက္ခရာ၊ လောပေါ စ သော အနုဗန္ဓော စာတိ လောပါနုဗန္ဓော-ချေအပ်သော ဏစသော အနုဗန် အက္ခရာ၊ လောပါနုဗန္ဓော+ရယော ယသ္မိံ တိ လောပါနုဗန္ဓရယော— ချေအပ်သော အနုဗန်အက္ခရာဟူသော အဟုန်ရှိသော သမုဒ္ဒရာ။ ["လောပါနုဗန္ဓရိယံ" ဟု ပါဠ်အချို့ရှိ၏၊ ထို အရိယပုဒ်၏ အနက်ကို အဘိဓာန်၌ မတွေ့ရ၊ ဝေဂ(အဟုန်)ပဝါဟ(ရေအယဉ်) အနက်တို့ကို ဟောသော "ရယ" ပုဒ်ကိုသာ တွေ့ရသည်၊ သမာသရူပက အလင်္ကာဂုဏ်ရောက်အောင် ဖွင့်ပြထားသော ဂါထာဖြစ်၍ ရ် အာဂုံ တဒ္ဓိတ် ဣယပစ္စည်းလည်း မဖြစ်ထိုက်။]

နိဒ္ဒေသကိုစဉ်းစား။ ။"အနုဗန္ဓ ဏ ပစ္စယာဒိလောပသင်္ခါတံ ကဒ္ဒမံ-အနုဗန် ဏပစ္စည်း စသည်ကို ချေခြင်းဟူသော ညွန်ရှိထသော" ဟု ဖွင့်သော နိဒ္ဒေသကိုလည်း စဉ်းစားထိုက်၏၊ ဘာ့ကြောင့်နည်း.... ရူပက အလင်္ကာဖွဲ့ရာ၌ အနုဗန်စသော ဒြပ်ကိုသာ ရုပ်ပုံပြုထိုက်၏၊ ချေခြင်းကြိယာကို ရုပ်ပုံ မပြုထိုက်၊

ထို့ကြောင့် "သောပါနုဗန္ဓ-ချေအပ်သော ဏစသော အနုဗန်အက္ခရာ" ဟူသော အနက်ဖြစ်သင့်သည်၊ ထို့ပြင် ရိယ—ရယ ပုဒ်တို့၏ ကဒ္ဒမ (ရွှံ့ညွန်) အနက် ဟောသော အက္ခရာကိုလည်း မတွေ့ရ, ရွှံ့ညွန်လည်း သမုဒြာ၏ ဂုဏ်ထူးမဟုတ် အပြစ်သာတည်း၊ ဤနေရာကား သမုဒြာ၏ ဂုဏ်ထူးများကဲ့သို့ အာချာတ်ပုဒ်၏ ဂုဏ်ထူးများကို ဖော်ပြသော အရာဖြစ်၏၊ ထို့ကြောင့် နိဒ္ဒေသ စကားကို စဉ်းစား ထိုက်သည်။

အတ္ထဝိဘာဂတီရံ။ ။ဝိဘာဂေ ဓာတ္ဝ်ပြခဲ့သော ဝိဘာဂသဒ္ဒါကဲ့သို့ အမျိုးမျိုး ခွဲခြားဝေဖန်အပ်သော အနက်ကို "အတ္ထဝိဘာဂ"ဟု ဆိုသည်၊ ဥပမာ—ဘူဓာတ်သည် သူ့ချည်းသက်သက် သတ္တာ (ထင်ရှားရှိခြင်း) အနက်ကို ဟော၏ အနုနှင့်တွဲ၍ "အနုဘူ"ဟု ဖြစ်သောအခါ ခံစားခြင်းအနက်ကိုလည်းကောင်း, အဘိနှင့်တွဲ၍"အဘိဘူ"ဟု ဖြစ်သောအခါ လွှမ်းမိုးခြင်းအနက်ကိုလည်းကောင်း ဟော၏၊ ဤသို့စသည်ဖြင့် အမျိုးမျိုးဝေဖန်အပ်သော အနက်သည် သမုဒြာ၏ ကမ်းကဲ့သို့ သူ့စည်းကမ်းနှင့်သူ ရှိ၏၊ တနည်း— "ဂစ္ဆတိ" ဟုဆိုလျှင် ပစ္စုပ္ပန် အနက် "အဂစ္ဆိ"ဟုဆိုလျှင် အတိတ်အနက်, ဂမိဿတိဟုဆိုလျှင် အနာဂတ် အနက်, ဂစ္ဆတိဟုဆိုလျှင် အာဏတ္တိအနက်, ဤသို့ စသည်ဖြင့် အမျိုးမျိုး ခွဲဝေအပ်သော အနက်သည် (သူ့စည်းကမ်းနှင့်သူ လွန်ဆန်၍မပေးနိုင်ရကား) ကမ်းနှင့် တူပေသည်၊ ထို့ကြောင့် "အတ္ထဝိဘာဂ သဒ်ါတံ+ တီရံ ယဿာတိ အတ္ထဝိဘာဂတီရော"ဟု မိန့်သည်။ [ကမ်းသည်သမုဒြာတွင်း၌ မတည်ပဲ သမုဒြာ ပြင်ပ၌ ဖြစ်သကဲ့သို့ အနက်လည်း အာချာတ်ပုဒ်တွင်း၌ မပါပဲ အာချာတ်ပုဒ်၏ ဆိုင်ရာသာဖြစ်သောကြောင့် "ယသ္မိံ"ဟု မဆိုပဲ "ယဿ"ဟု ဆဋ္ဌီဖြင့် ဆိုလိုက် သည်၊] ရှေးဆရာတို့ကား "အနက်ကိုဝေဖန်ရာ သဒ္ဒါ ဟု ဆိုအပ်သော ကမ်း လည်းရှိထသော"ဟု ပေးကြ၏, စဉ်းစားပါ။

ဓီရာ၊ ပေ၊ နာဝါ။ ။ ကဝိသဒ္ဒါသည် "ကဗျာဖွဲ့တတ်သူ- နေ- ပြဟ္မာ- အတိတ် အနာဂတ်၌ သိမ်မွေ့သောအနက်ကို သိမြင်နိုင်သောပညာရှိ" စသော အနက်များစွာကို ဟော၏၊ ဤနေရာ၌ကား "ပညာရှိဟူသော အနက်သာ ဖြစ်သင့်သော်လည်း "မနာပဝစနံ ဝဒန္တာ ပဏ္ဍိတာ"ဟု နိဒ္ဒေသ ဖွင့်သည့် အတိုင်း "ကဝန္တိ မနာပစစနံ ဝဒန္တိ-နှစ်သက်ဖွယ်သော စကားသံကိုဆိုတတ် ကုန်၏၊ ဣတိ ကဝိနော- ကဝိတို့မည်၏" ဟုကြံ၊ ["ကု=သဒ္ဒေ" ဟူသော ဓာတ်နောင် ဣပစ္စည်းသက်၊] ပုထုဗုဒ္ဓိ သဒ်ါတာ+နာဝါ, ပုထုဗုဒ္ဓိနာဝဂ "ပုထုဗုဒ္ဓိနာဝါယ"ဟု ဆိုလိုလျက် ဝိဘတ္တိပလ္လာသ နည်းအရ ပဥ္စမာဝိဘတ်ဖြင့် သို့ မဟုတ် ယကိုချေ၍ "ပုထုဗုဒ္ဓိနာဝါ"ဟူ ဆိုထားသည်။

(ခ) အနန္တဂေါစရံ-အဆုံးမရှိသော အာရုံရှိသော သဗ္ဗညုတဉာဏ်ရှိတော်မူထသော၊ သုဂေါစရံ-ကောင်းသော နိဗ္ဗာန်ဟူသော အာရုံရှိတော်မူထသော၊ သမ္ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ ပဏာမျ-ရှိခိုးပြီး၍၊ ယံ-အကြင် အာချာတ်ဟူသော သဒ္ဒါကို၊ ဝဒတော-ဆိုတော့မည်ဖြစ်သော၊ မေ—ငါ၏(အထံမှ)၊ ဝိစိတ္တသန်ိါရ ပရိက္ခိတ္တံ-ထူးဆန်းသော ပြုစီရင်ခြင်းတို့ဖြင့် ခြံရံအပ်သော၊ ဝိပုလံ— ပြန့်ပြော ကျယ်ဝန်းသော၊ ဣမံ အာချာတသဒ္ဒံ-ဤ အာချာတ်ကြိယာဟူသော သဒ္ဒါကို၊ အသေသတော-အကြွင်းမရှိအောင်၊ သုဏာထ—နာယူ လေ့ကျက် ဆောင်ရွက် မှတ်သားကြကုန်လော။

---

(ခ) ဝိစိတ္တ၊ပေ၊သုဏာထ မေ။ ။အာချာတ်ပုဒ်တို့၏ ကျယ်ဝန်းများပြားထူးခြား ဆန်းကျယ်ပုံကို သမုဒြာပုံသဏ္ဌာန်ဖြင့် ရုပ်ပုံဖွဲ့ပြီး၍ ယခုအခါ ဗုဒ္ဓ ပဏာမနှင့် ဥယျောဇဉ် (သင်ယူဖို့ရန် တိုက်တွန်းမှု)ကို ပြလိုသောကြောင့် "ဝိစိတ္တသန်ိါရ"စသော ဒုတိယဂါထာကို မိန့်။ [ပဌမနှင့် တတိယ စတုတ္ထပါဒသည် "ဇ-တ-ဇ-ရ၄-ဂိုဏ်းစဉ်သော ဝံသဋ္ဌပါဒ, ဒုတိယပါဒကား "တ-တ-ဇ-ရ"အစဉ်ကျသော ဣန္ဒဝံသ ပါဒတည်း၊ ထို ၂-မျိုး ရောနှောသောကြောင့် ဥပဇာတိဂါထာဟု ခေါ်၊] ဝိစိတ္တ— ထူးဆန်းသော+သန်ိါရ—ပြုစီရင်ပုံ၊ နာမ် အခန်းဝယ် ပုရိသနောင် သိသက်၍"ပုရိသော"ဟု ပြီးရခြင်းသည် မထူးဆန်းလှ၊ ဘူဓာတ်နောင် တိဝိဘတ်သက်ရုံတွင် မက, အပစ္စည်း ထပ်၍သက်ရခြင်း, ဘူမှ ဘဝဖြစ်လာရခြင်း, ဤသို့ ရုပ်စီရင်ပုံ ထူးဆန်းသည်ကို "ဝိစိတ္တသန်ိါရ" ဟု ဆိုသည်၊ မှန်၏- ရုပ်စီရင်မှုကို "ပဒသန်ိါရ ဘာဝိဿ+သန်ိါရော နဿတေ ကဒါ"စသည်ဖြင့်"သန်ိါရ"ဟု သုံးစွဲလေ့ရှိသည်၊ "ထိုသို့ ဆန်းကျယ်သောရုပ်စီရင်မှု အခြံအရံပါသော အာချာတ်ကြိယာပုဒ်" ဟူလို။

အနန္တဂေါစရံ။ ။အနန္တ- အဆုံးမရှိသော+ ဂေါစရံ-အာရုံ၊ အနန္တ+ ဂေါစရံယဿ(သဗ္ဗညုတဉာဏဿ)တိ အနန္တဂေါစရံ၊ ဤမျှဖြင့် သဗ္ဗညုတဉာဏ်သာ ရသေး၏၊ ဤပုဒ်ကလည်း သမ္ဗုဒ္ဓ၏ ဝိသေသနဖြစ်သည်၊ ထို့ကြောင့် ဘုရားရအောင် "အနန္တဂေါစရံ ယဿာတိ အနန္တဂေါစရော"ဟု အဿတ္ထိ တဒ္ဓိတ်သော်လည်း ဆင့်, ဌာနီ သဗ္ဗညုတဉာဏ်ကိုရသော အနန္တဂေါစရ၏ အမည်ကို ဌာနဘုရားရှင်ပေါ် တင်စားသော ဌာန္ဒျူပစာရသော်လည်း ကြံပါ၊ ကြွင်းသောပုဒ်များ၏ အစိတ်အစိတ်အနက်မှာ ထင်ရှားပြီ၊ အချုပ်ကား—အဆုံး မရှိသော အာရုံရှိသော သဗ္ဗညုတဉာဏ်တော်၏ အရှင်ဖြစ်သော ကောင်းသော နိဗ္ဗာန်ကို အာရုံပြုလေ့ရှိသော ဘုရားရှင်ကို ရှိခိုးပြီး၍ အကြင်သို့သော အာချာတ် သဒ္ဒါ(ကြိယာ)ကို ပြဆိုတော့မည်ဖြစ်သော ငါ၏အထံမှ ကျယ်ဝန်း များပြားသော ထို အာချာတ်သဒ္ဒါကြိယာကို အကြွင်းမရှိအောင် နာယူကြ လေ့လာကြ ကျက်မှတ်ကြ အာဂုံနှုတ်တက် ဆောင်ရွက်ကြပါ-ဟူလို။

(ဂ) အထသဒ္ဒေါ-အထသဒ္ဒါသည် (အထဟူသော နိပါတ်ပုဒ်သည်၊) အဓိကာရေ-အဓိကာရအနက်၌လည်းကောင်း၊ မင်္ဂလေစေဝ-မင်္ဂလာအနက်၌ လည်းကောင်း၊ နိပ္ဖန္နေစ—ပြီးစီးခြင်းအနက်၌ လည်းကောင်း၊ အဝဓာရဏေစ-အဝဓာရဏအနက်၌ လည်းကောင်း၊ အနန္တရေစ-အခြားမဲ့အနက်၌ လည်းကောင်း၊ အပါဒါနေ-အပါဒါန်အနက်၌လည်းကောင်း၊ ပဝတ္တတိ- ဖြစ်၏။

---

(ဂ) အဓိကာရေ။ ။ဤဂါထာကား အထပုဗ္ဗာနိ ဝိဘတ္တိနံသုတ်၌ အထသဒ္ဒါကို တွေ့မြင်ရ၍ ထို အထသဒ္ဒါ၏ ရနိုင်သမျှ အနက်စုကို ထုတ်ပြသော အတ္ထုဒ္ဓါရ (အတ္ထ+ဥဒ္ဓါရ) ဂါထာတည်း၊ အဓိကာရသဒ္ဒါသည် ရှေ့သုတ်မှ နောက်သုတ်သို့ လိုက်ခြင်းအနက်, အကြီး အကဲ အစိုးတရအနက်,အရာဟူသော အနက်အားဖြင့် များသောအနက်ကိုဟော၏၊ထိုတွင် တဒ္ဓိတ်ကျမ်းဟူသောအရာ တမျိုးမှ အာချာတ်ဟူသော အရာတမျိုးကိုပြလို၍ "အထပုဗ္ဗာနိ ဝိဘတ္တိနံ"ဟု ဆိုသောကြောင့် ဤအထသဒ္ဒါသည် "အရာဌာနတမျိုး" ဟူသော အဓိကာရ အနက်ကို ပြသည်-ဟု မှတ်ပါ၊ [ပကတိဟောသာ အာစရိယာနံ တတ္ထတတ္ထ အဓိကာရန္တရ ဝိညာပနတ္ထံ အထဂ္ဂဟဏကရဏံ"—နျာသ၊]

မင်္ဂလေ။ ။မင်္ဂလာဟူရာ၌ သီးခြားအနက်တမျိုး ပေးဖွယ်မလိုဟု ထောမနိဓိဆို၏၊ ဝါကျတခု၏အစ၌ အထကို မြင်ရသဖြင့် မင်္ဂလာစကားဖြစ်ကြောင်း သိရ၍ အထသဒ္ဒါက မင်္ဂလာအနက်ကို ထွန်းပြသည်ဟု ဆိုလိုသည်၊ "အထ—ထိုမှို့"ဟု ပေးရာ၌ မင်္ဂလတ္ထဟု အချို့ဆိုကြ၍"အောင်မြို့မင်္ဂလာ"စသည်ဖြင့် လင်္ကာများ၌ စချီတတ်ကြသည်ဟု ဆိုသည်၊ [ပုဏ္ဏားတို့သည် "ဥုံသဒ္ဒါနှင့် အထသဒ္ဒါသည် ဗြဟ္မာ၏လည်မျိုကို ဖောက်၍ထွက်လာသောအသံများ ဖြစ်ကြ၏"ဟု ယူ၍ ထိုအသံကို မင်္ဂလာရှိသောအသံဟု အယူရှိကြသတတ်။]

နိပ္ဖန္နအဝဓာရဏ။ ။နိပ္ဖန္နအနက်ကား အပြီးအဆုံး နိဂုံးအုပ်ရာ၌ ပါဝင်သော အထမျိုး ဖြစ်ဟန်တူသည်၊ သန္နိဋ္ဌာန(မိမိအနက်ကို ခိုင်မြဲစေသော) အဝဓာရဏ, နိဝတ္တာပန ( အခြားအနက်ကို နစ်စေသော တားမြစ်သော ) အဝဓာရဏဟု အဝဓာရဏအနက် ၂ မျိုး ရှိ၏။

အနန္တရာပါဒါန။ ။အနန္တရတ္ထကား "အထ-တဒ္ဓိတ်ကျမ်း၏ အခြားမဲ့၌" ဟု ပေးရသောအနက်တည်း။ [ အထခေါ်တိ အနန္တရတ္ထေ နိပါတော၊ မဥ္ဇကော နိသိန္နာနန္တရမေဝါတိ ဝုတ္တံ ဟောတိ" — ပဌမပါရာဇိကဋ္ဌ, ဘေရဉ္စမ ဝိနိတဝတ္ထု။] အပါဒါနတ္ထလည်း "အထ- ထိုမှ+နောက်၌"ဟု ပေးရာဝယ် "ထို" ဟူသော အနက်ကို ဆိုလိုသည်။

ထောမနိဓိ။ ။သံသယ(ယုံမှားခြင်း), အာရမ္ဘ(စတည် အားထုတ်ခြင်း), အာနန္တရိယ (အခြားမဲ့၏ အဖြစ်), ပဥှ (မေးခြင်း), ဝိကပ္ပ (ဝိကပ်စီရင်ခြင်း),

အထပုဗ္ဗာနိ.... ပဒါနိ

၄၀၆။ အထ - တဒ္ဓိတ်ကျမ်း၏ အခြာမဲ့၌၊ (ဝုစ္စမာနာနံ - ဆိုအပ်လတံ့ကုန်သော၊) သဗ္ဗာသံ-အလုံးစုံကုန်သော၊ ဝိဘတ္တီနံ-ဝိဘတ်တို့၏၊ ပုဗ္ဗကာနိ- ရှေ့၌ ဖြစ်ကုန်သော၊ ယာနိ ယာနိ ဆပဒါနိ-အကြင် အကြင် ၆ ပုဒ်တို့သည်၊ (သန္တိ-ရှိကုန်၏၊) တာနိ တာနိ-ထိုထို ၆ ပုဒ်တို့သည်၊ ပရဿပဒသညာနိ- ပရဿပုဒ်အမည် ရှိကုန်သည်၊ ဟောန္တိ၊ တံ ယထာ- ထို ပရဿပုဒ်တို့ဟူသည် အဘယ်နည်း၊ တိ-တိလည်းကောင်း၊ အန္တိ-အန္တိလည်းကောင်း၊ပေ၊ မ-မလည်းကောင်းတည်း၊ပရဿပဒ မိစ္စနေန-ပရဿပုဒ်ဟူသော ဤအမည်ဖြင့်၊ ကွ-၌၊ အတ္တော-သည်၊ အတ္ထိ-နည်း၊ ကတ္တရိပရဿပဒံ-၌....၏၊ (၄၂၉)။

ပရာန္နတ္တနော ပဒါနိ

၄၀၇။ သဗ္ဗာသံ ဝိဘတ္တီနံ, ပရာနိ - နောက် ဖြစ်ကုန်သော၊ ယာနိ ယာနိ ဆပဒါနိ - (သန္တိ) တာနိ တာနိ, အတ္တနော ပဒ သညာနိ-အတ္တနောပုဒ် အမည်ရှိကုန်သည်၊ ဟောန္တိ၊ တံယထာ၊ တေ-လည်းကောင်း၊ပေ၊မှေ-မှေလည်းကောင်းတည်း၊အတ္တနောပဒမိစ္စနေန-ဖြင့်၊ ကွ အတ္တော၊ အတ္တနောပဒါနိ ဘာဝေစ ကမ္မနိ-ရှိ၏၊ (၄၃၉)။

---

ပကရဏ (အရာ), သမုစ္စယ (သမုစ္စည်း), ပဏ္ဍန္တရ (အဖို့တပါး), ဤအနက်များကို ပြ၍ "မင်္ဂလံတု နသတ္တော, ကိန္တုအတ္တန္တရ ပယုတ္တောပျယံ သုတိယာ မင်္ဂလာသာဓနံ ဘဝတိ=မင်္ဂလာဟူသည် ထို အထသဒ္ဒါ၏ အနက်မဟုတ်, စင်စစ် သော်ကား အနက်တမျိုးကို အားထုတ်ရာဝယ် သုံးစွဲအပ်သော ဤအထသဒ္ဒါကို ကြားရ၍ အထသဒ္ဒါက မင်္ဂလာအနက်ကို ပြီးစေသည်ဟု ဆိုသည်၊ မင်္ဂလသုတ် အဋ္ဌကထာ၌ကား "အထာတိ-အဝိစ္ဆေဒနတ္ထေ" ဟု အနက်တမျိုး ဖွင့်သေး၏။

မှတ်ချက်။ ။"အာချာတ သာဂရစသော ၃-ဂါထာကို ချာသဉ္စ မဖွင့်သောကြောင့် နောက်ဆရာတို့ထည့်ထားအပ်သော ဂါထာများဟု နိဒ္ဒေသဆို၏၊ထိုစကားလည်း သင့်ဖွယ်ရှိ၏၊ ဘာ့ကြောင့်နည်း....အကျဉ်းချုပ် သုတ်စဉ်မျှကိုပြသော အရှင်မဟာ ကစ္စည်းဆရာသည် ဤမျှ ကျယ်ဝန်းသောဂါထာတို့ကို စတည်၍ မဆိုတန်ရာ၊ ဤ ဂါထာတို့သာမကသေး, သန္ဓိကိတ်တို့၏ အစ ဂါထာများလည်း အရှင်ကစ္စည်း၏ ဂါထာများ မဟုတ်ထိုက်၊ သို့သော် အများကပင် အရှင်ကစ္စည်း၏ ဂါထာဟု မှတ်သား ထားကြသောကြောင့် အရှင်ကစ္စည်းဟု စကားအဖြစ်ဖြင့် ဖွင့်ပြလိုက်ရ တော့သည်။

၄၀၆,၇။ အထ သဗ္ဗာသံ ဝိဘတ္တီနံ။ ။ကလာပ်၌"အထ ပရဿ ပဒါနိ" ဟု သုတ်တည်၍ "အထာ နန္တရတ္ထေ"စသည်ဖြင့် ဖွင့်၏၊ ထိုအဖွင့်အလို အထ သဒ္ဒါသည် အနန္တရအနက်ရှိ၏ဟု သိသာ၏၊ အထကို အနန္တရတ္ထေ (အခြားမဲ့ ဖြစ်ကုန်သော) ဟု ပဌမန္တအဖြစ်ဖြင့် ဖွင့်သောကြောင့် "အထ- တဒ္ဓိတ်ကျမ်း၏

အခြားမဲ့ဖြစ်ကုန်သော၊ ဝိဘတ္တီနံ-တို့၏၊ ပုဗ္ဗာနိ-ရှေးဖြစ်ကုန်သော'' စသည်ဖြင့် အနက်ပေးသင့်၏၊ သို့သော် ယခုကာလ၌ကား ''အထ-တဒ္ဓိတ်ကျမ်း၏ အခြားမဲ့၌၊ ဝုစ္စမာမာနာနံ- ကုန်သော''ဟု ဝုစ္စမာနာနံပုဒ်ကို ထည့်၍ပေးကြသည်။

မှတ်ချက်။ ။ဤသုတ်၌ ''အထဟု''ဟု အနန္တရတ္ထ နိပါတ်ပုဒ်ကိုစ၍ ပြသောကြောင့် အရှင်ကစ္စည်းဆရာသည် ''အထ ပုဗ္ဗာနိ ဝိဘတ္တီနံ''စသော သုတ်ကိုသာ စဘည် အားထုတ်၏၊ အာချာတသာဂရ စသော ဂါထာကား ဝုတ္တိဆရာ လက်ထက်မှ ဖြစ်ပေါ်လာသော ဂါထာများ ဖြစ်သည်ဟု ယူဆဖွယ် ရှိသည်၊ ဤ အာချာတ် ကျမ်း၌ ဝိဘတ်ရှစ်သွယ်ရှိရာ တသွယ် တသွယ်လျှင် ၁၂-လုံးရှိ၍ အားလုံး ဝိဘတ် ပေါင်း ၉၆-လုံး ရှိကြောင်းကိုလည်းလည်းကောင်း,တသွယ် တသွယ်လျှင် ရှေ့ ၆ လုံးကို ပရဿပုဒ်,နောက် ၆-လုံးကို အတ္တနောပုဒ်ဟု မှည့်သောကြောင့် ပရဿ ပုဒ် ဝိဘတ်ပေါင်း ၄၈ လုံး, အတ္တနောပုဒ် ဝိဘတ်ပေါင်း ၄၈ လုံးရှိကြောင်းကို လည်းကောင်း သိပါ။

ဝိဘတ္တီနံ။ ။ဝိဘဇန္တီတိ ဝိဘတ္တိယော၊ ကာလာဒိဝသေန- ပစ္စုပ္ပန်ကာလ အစရှိသည်တို့၏ အပြားအားဖြင့်၊ ဓာတွတ္ထံ - ဓာတ်၏အနက်ကို၊ ဝိဘဇန္တိ— ဝေဖန်တတ်ကုန်၏၊ ဣတိ ဝိဘတ္တိယော၊ ဘူဓာတ်သည် သူ့ချည်းသက်သက် ဆိုလျှင် ဖြစ်ခြင်းဟူသော သတ္တာကြိယာ အနက်ကိုသာ ပြနိုင်၏၊ ဘူဓာတ်နောင် တိဝိဘတ်သက်၍ ''ဘဝတိ''ဟု ဖြစ်သည့်အခါ ဘူဓာတ်၏ သတ္တာ (ဖြစ်ခြင်း) အနက်သည် ပစ္စုပ္ပန်ကာလ- ကေဝုစ်သချာ- ကတ္တားအနက်များနှင့် ယှဉ်၏ ဟု တိဝိဘတ်ကပြ၏၊ ထိုသို့ပြသဖြင့် အတိတ်စသောကာလ, ဗဟုဝုစ်သချာ ကံဟော အနက်တို့နှင့်ယှဉ်သော သတ္တာကြိယာအနက်မှ ကွဲပြားအောင် ခွဲခြားဝေဖန်ရာ ရောက်၏၊ ''ဘဝန္တိ''ဟု ဖြစ်ပြန်လျှင် ပစ္စုပ္ပန်ကာလ - ဗဟုဝုစ်သချာ - ကတ္တား နက်နှင့် ယှဉ်၏ဟု ပြ၏၊ ထိုသို့ ပြသဖြင့် အတိတ်စသော ကာလ ကေဝုစ် သချာ ဘောကံအနက်တို့နှင့် ယှဉ်သော ဘူဓာတ်၏ အနက်တို့မှ ကွဲပြားအောင် ခွဲခြား ဝေဖန်ရာရောက်၏၊ ဤသို့ စသည်ဖြင့် သိပါ။

နိဒ္ဒါရဏမပေးသင့်။ ။''ဝိဘတ္တီနံ- တို့တွင်''ဟု နိဒ္ဓါရဏအနက် ပေးရိုး ရှိ၏၊ သို့သော် နိဒ္ဓါရဏထုံးစံမှာ စုပေါင်းထားသောအမျိုးအစားထည်းမှတမျိုး မျိုးကို ခွဲထုတ်ရ၏၊ ဉပမာ- ဝိဘတ်ရှစ်သွယ် ပေါင်းထားရာမှ တသွယ်ကို ထုတ် ယူလျှင် နိဒ္ဓါရဏ ဖြစ်သင့်၏၊ ယခုမှာ ဝိဘတ်ရှစ်သွယ်တို့၏ ရှေးရှေး ၆ လုံးကို ထုတ်ယူသောကြောင့် နိဒ္ဒါရဏအနက်မသင့်၊ ''မနုဿာဿသိံ''ကဲ့သို့ အပေါင်း သမ္ဗန်+အစိတ် သမ္ဗန္ဓိသာ ဖြစ်သင့်၏၊ ထို့ကြောင့် ''ဝိဘတ္တီနံ-တို့၏''ဟု သမ္ဗန် အနက်သာ ပေးလိုက်သည်။

ပရဿပဒ, အတ္တနောပဒ။ ။''အတ္တဂါမိ စေ ဖလံ- အတ္တနောပဒံ, ပရ ဂါမိ စေ ဖလံ-ပရဿပဒံ ပယုဇ္ဇိတဗ္ဗံ''.... (သာရသင်္ဂဟ)၊ ဖလံ- အကျိုးသည် အတ္တဂါမိ-မိမိသို့ သက်ရောက်သည်၊ စေ-အကယ်၍ ဖြစ်အံ့၊ ဝေံ-ဤသို့ဖြစ်လျှင်

အတ္တနေ‌ောပဒံ-ကို၊ ပယုဇ္ဇိတဗ္ဗံ-ယှဉ်စပ်ထိုက်၏, စသည်ပေး၊ "ကြိယာ၏အကျိုး သည် မိမိသို့သက်ရောက်လျှင် မိမိဖို့ဖြစ်လျှင် အတ္တနေ‌ောပုဒ်ဝိဘတ်ကို သုံးစွဲရ၏၊ ကြိယာ၏ အကျိုးသည် သူတပါးဖို့ ဖြစ်လျှင် ပရဿပုဒ်ကို သုံးစွဲရမည် ဟု သက္ကတ၌ ဥပဒေရှိ၏၊ ဤဥပဒေကို ရည်ရွယ်၍ "လောကေပန-လောကီသက္ကတ ကျမ်း၌ကား၊ ကြိယာဖလဿ-ကြိယာအကျိုး၏၊ ကတ္တု-ကတ္တား၏၊ သကတ္တတာ ယ-မိမိအကျိုး၏ အဖြစ်သည်၊ (သတိ-သော်၊) ယေဘုယျေန အတ္တနေ‌ော ပဒါနိ ယေဝ ပယုဇ္ဇန္တိ"ဟု ရူပဋီကာမိန့်သည်၊ ဤအဓိပ္ပာယ်အရ "အတ္တနေ‌ော-မိမိအ ကျိုး ငှာ၊ ဝါ-မိမိဖို့၊ ပဒံ-ပုဒ်သည်၊ အတ္တနေ‌ောပဒံ-ပုဒ်၊ ပရဿ-သူတပါး အကျိုးငှာ၊ ဝါ-သူတပါးဖို့၊ ပဒံ-ပရဿပဒံ"—ဟု စတုတ္ထီ အလုတ္တ တပ္ပုရိသ် သမာသ်ပြု၊ ဤဝိဂ္ဂဟ်ကို သမာသ်ခန်း၌ ရူပသိဒ္ဓိလည်း ပြသည်။

ပါဠိ၌အသုံး။ ။ပါဠိ၌ကား ထို သက္ကတ ဥပဒေအတိုင်း အချို့နေရာ၌ လိုက်ထားပုံကို တွေ့ရ၏၊ "မဓုဝါ မညတိ ဗာလော, ယာဝ ပါပံ န ပစ္စတိ.... ကာမတော ဇာယတီသောကော, ကာမတော ဇာယတီ ဘယံ" ဤ၌ "မညတိ ဗာလော, ဇာယတီ သောကော"တို့ဝယ် ယ ဂိုဏ်းလိုသောကြောင့် "မညတေ ဗာလော, ဇာယတေ သောကော"ဟု အတ္တနေ‌ောပုဒ်ဖြင့် ထားလျှင် ယ ဂိုဏ်း ဖြစ်ပါလျက် ဆန္ဒာနု ရက္ခဏာ ဒီဃပြု၍ "တိ" ဟု ပရဿပုဒ်ဖြင့် ထား၏၊ ဘာ့ကြောင့် ထိုသို့ ထားပါလိမ့်မည်နည်းဟု စဉ်းစားသော်....မှတ်ထင်မှုသော ဖြစ်မှုတို့သည် ဟောတော်မူသော ဒေသနာတော်ရှင်၌ ရောက်မည့်အကျိုး မဟုတ်, ပဖြစ်သော သတ္တဝါတို့၌ ရောက်မည့် အကျိုးဖြစ်၏၊ ထို့ကြောင့် ပရဿပုဒ် တိ ဝိဘတ်ဖြင့် ထားတော်မူသည်၊ ဇာယတိဘယံ၌လည်း နည်းတူ၊ ဤသို့ ပါဠိ၌ ပရအတွက် ဖြစ်လျှင် ပရဿပုဒ်ဖြင့် ထားသည်ကို တွေ့ရ၏။

သို့သော် ထို ဥပဒေအတိုင်း အမြဲ မဟုတ်သည်ကိုလည်း "အဟံ ဘိက္ခဝေ ယာဝဒေဝ အာကင်္ခါမိ ဝိဝိစ္စေဝ ကာမေဟိ"စသည်ဖြင့်တွေ့ရသေး၏၊ ဤပါဠိ၌ ကိုယ်တော့်အတွက် အလိုဖြစ်ပါလျက် အတ္တနေ‌ောပုဒ်ဖြင့် မဟောပဲ "အကင်္ခါမိ" ဟု ပရဿပုဒ်ဖြင့် ဟောတော်မူသည်၊ ထို့ကြောင့် သက္ကတ ဥပဒေသည် ပါဠိ၌ မမြဲရကား ပါဠိသဒ္ဒါကျမ်းတို့၌ပြအပ်သော "ပရဿံပဒ, အတ္တနေ‌ောပဒ" နာမည်သည် သက္ကတကျမ်း၏ တွင်ကျယ်ပြီး အမည်ကိုယူ၍ တင်စားအပ်သော အတွင်ရုဠှီ နာမည်သာတည်း—ဟု မှတ်ပါ။

[ဆောင်] သူများတွက်တာ, ကျိုးနက်ပါမှ, ကြိယာနောင်, ဆောင်လေမှတ်ကြ, ပရဿတည့်,ဝိဘတ္တိတည်း၊မိမိတွက်တာ,ကျိုးနက်ပါမှ,ကြိယာနောင်, ဆောင်လေမှတ်လော, အတ္တနေ‌ောဟု, သဘောမြွက်ဟ, အနက်ကျ သည့်, သက္ကတနည်း, ကျမ်းကစ္စည်းက, မှီး၍ခေါ်အင်, ရုဠှီတွင်သည်, ဆင်ခြင်သူတို့ မှတ်ဖွယ်ကို။

ဝိဘတ်တို့ ပဒမည်ပုံ။ ။"ဝတ္တမာနာ-တိ အန္တိ, သိထ, မိမ, တေ အန္တေ, သေဝှေ, ဧမှေ"ဤသုတ်၌ ဝတ္တမာနာသည် ပဋ္ဌမာဝိဘတ်ဆုံးသော တပုဒ်, တိ-ပဌမဝိဘတ်ကြေသော တပုဒ်, အန္တိလည်း ပဌမာဝိဘတ်ကြေသော တပုဒ်, ဤသို့စသည်ဖြင့် ၁၃-ပုဒ်ရှိ၏၊ ဤသို့သျှင် တိ-အန္တိ စသည်လည်း တ ဝိဘတ်ဆုံးသော တပုဒ်စီဖြစ်ရကား တိ-အန္တိစသောဝိဘတ်များကို "ပဒ"ဟုခေါ်ထား သည်၊ ဤကား-"ဝတ္တမာနေ တိပ် တသ် အန္တိ"စသော သုတ်၌ ကေဝုစ် ဒွိဝုစ် ဗဟုဝုစ်အားဖြင့် ဝိဘတ် ၁၈-ပုဒ်ဟု ယူ၍ဝတ္တမာနေနှင့်တကွ ၁၉-ပုဒ်ရှိသော သုတ်ဟုဖွင့်သော သာရသ္တတ္ဒိကာကို မှီးသောအဓိပ္ပာယ်တည်း၊ ["ဝတ္တမာနေ-သတ္တမျေကဝစနန္တံ၊ တိပ်၊ ပေ၊ မဟေ၊ သဗ္ဗာနိ တောနိ ပထမေက ဝစနန္တာနံ သံကေတိတာနိ၊ ဧဝံ ကူနဝီသတိပဒံ သုတ္တံ"သာရသ္တတ္ဒိကာ၊]ရူဒ္ဒိကာ"ပဋ္ဌမိတု အန္တု"သုတ် အဖွင့်၌ကား "တုအန္တု၊ပေ၊အာမသေ" ဤ အားလုံးကို သမာ ဟာရဒွန်ပုဒ် တပုဒ်တည်းဟု ဆို၏၊ သာရသ္တတ္ဒိကာနှင့် မညီ။

ရှေးဆရာတို့ ကြံကြပုံ။ ။ပရဿပဒ-အတ္တနောပဒဟူသော နာမည်သည် ဝိဘတ်၏နာမည်တည်း၊ဝိဘတ်ချည်းလည်း "ပဒ ပုဒ်"မဟုတ်, ဝိဘတ်ဆုံးသော "ဘဝတိ"စသည်သာ "ပဒ"မည်သည်၊ ထို့ကြောင့် တိ-အန္တိ စသည်ကို "ပဒ"ခေါ်ရာ၌ "ဘဝတိ"စသော အက္ခရာအပေါင်း၏ ပဒအမည်ကို အစိတ် ဖြစ်သောဝိဘတ်၌ တင်စားအပ်သော "ကေဒေသျူပစာ"ဟု လည်းကောင်း, အထင်ရူဠှိနာမည်ဟု လည်းကောင်းကြံကြ၏၊ တနည်း-ပဒသဒ္ဒါ၏ "ပဒံ ဌာနေ ပရိတ္တာဏေ"စသော အနက်များတွင် "ကောဋ္ဌာသ=အစု"အနက်ကိုဟော၏၊ ထို့ကြောင့် "ပရဿပဒ=သူတပါးအနက်ဟောသော ဝိဘတ်စု၊ အတ္တနောပဒ= မိမိ အနက်ဟောသော ဝိဘတ်စု"ဟုလည်း ကြံကြသေးသည်။

ဝါဒန္တရ။ ။ပရဿပဒ-အတ္တနောပဒ အမည်ရခြင်း၏ အကြောင်းကို ရှု၌ တမျိုးပြထားသေး၏၊ ထို ရူဝါဒအပြင် နိဒ္ဒေသ၌"ကမ္မံ ကေကာယ ကိရိယာယ သာဓာရဏတ္တာ အတ္တာနာမ၊ ကတ္တာ ပန သဗ္ဗကိရိယာယ သာဓာရဏတ္တာ ပရောနာမ=ကံသည် ဆိုင်ရာကြိယာတခုနှင့်သာ ဆက်ဆံ၏၊ "ဒါနံ ဒေတိ, သီလံ ရက္ခတိ"စသည်၌ ဒါနံဟူသော ကံသည် ဒေတိ ကြိယာတခုနှင့်သာ, သီလံ ဟူသောကံသည် ရက္ခတိဟူသောကြိယာတခုနှင့်သာ ဆက်ဆံ၏၊ အတ္တဟူသော မိမိလည်း မိမိတဦးတည်းနှင့်သာ ဆက်ဆံ၏၊ ထို့ကြောင့် ကံကို အတ္တနှင့်တူရ ကား အတ္တဟုခေါ်သည်၊ ကတ္တားတခုဆိုလျှင် ကြိယာအမျိုးမျိုးနှင့်ဆက်ဆံ၏၊ ပုရိသော ဒေတိ,ရက္ခတိ စသည်တည်း၊ ထို့ကြောင့် ကတ္တားသည် ပရ မည်၏၊ တေ အန္တေစသောနောက် ၆-ပုဒ်သည် အတ္တမည်သော ကံကိုဟောသောကြောင့် "အတ္တနော - အတ္တမည်သော ကံ၏+အတ္ထံ - အနက်ကို+ပကာသကာနိ-ပြတတ် ကုန်သော+ပဒါနိ-ပုဒ်တို့တည်း"အရ အတ္တနောပဒမည်၏၊ တိ အန္တိ စသော

ဒွေဒွေ ပဌမ ။ပေါပုရိသာ ၄၀၈။ ပရဿပဒ ါနဥ္စ-ပရဿပုဒ်တို့၏လည်းကောင်း၊အတ္တနော ပဒါနဥ္စ-အတ္တနောပုဒ်တို့၏ လည်းကောင်း၊ သဗ္ဗာသံ, တာသံ ဝိဘတ္တီနံ-တို့၏၊ ဒွေဒွေ ပဒါနိ- ၂ ပုဒ် ၂ ပုဒ်တို့သည်၊ ပဌမမဇ္ဈိမ ဥတ္တမပုရိသသညာနိ - ပဌမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ်, အမည်ရှိကုန်သည်၊ ဟောန္တိ၊ တံ ယထာ-ထို ပဌမ မဇ္ဈိမ ဥတ္တမ ပုရိသ်တို့ဟူသည် အဘယ်တို့နည်း၊ တိ-တိလည်းကောင်း၊ အန္တိ-အန္တိလည်းကောင်း၊ ဣတိ-ဤ ၂ ပုဒ်သည်၊ ပဌမ ပုရိသာ-ပဌမပုရိသ်တို့မည်၏၊ သိ-သိလည်းကောင်း၊ ထ-ထလည်းကောင်း၊ ဣတိ, မဇ္ဈိမပုရိသာ - မဇ္ဈိမပုရိသ်တို့ မည်၏၊ မိ - မိ လည်းကောင်း၊ မ-မလည်းကောင်း၊ ဣတိ, ဥတ္တမပုရိသာ - ဥတ္တမပုရိသ်တို့ မည်၏၊ အတ္တနောပဒါနမ္ပိ-အတ္တနောပုဒ်တို့တွင်လည်း၊ တေ-တေလည်းကောင်း၊ပေ၊ ဥတ္တမပုရိသာတို့မည်၏၊

---

ရှေ့ ဇ-ပုဒ်ကား ပရမည်သော ကတ္တားကို ဟောသောကြောင့် "ပရဿ-ပရ မည်သော ကတ္တား၏+အတ္ထံ ပကာသကာနိ" အရ ပရဿပုဒ်မည်၏ဟု ဆိုသေး၏၊ ထို ရူပ ါဒ နိဒ္ဒေသဝ ါဒ ၂-မျိုးလုံးပင် မပြည့်စုံကြချေ။

[နိဒ္ဒေသ] ပဟာယ အတ္တနော ကမ္မံ, ပရံ ကတ္တာရ မာဒိသေ၊
ပရဿ ပဒ-မာချာတံ, တသ္မာ တံ ဝိညုနာ မတံ။
ကတ္တာရံ ပဇဟိတ္ဝာန, အတ္တနော ကမ္မ မာဒိသေ၊
အတ္တနောပဒ-မာချာတံ, ဇာနိတဗ္ဗံ ဝိစက္ခဏာ။

၄၀၈။ ပုရိသာ။ ။"ပုရိသ်"ဟူသော နာမည်သည် "ဘဝတိ"စသော အာချာတ်ကြိယာ တပုဒ်လုံး၏ နာမည်မဟုတ်, တိ-အန္တိစသော အာချာတ် ဝိဘတ်များ၏သာ နာမည်ဖြစ်သည်၊ ထို့ကြောင့် "တိ-အန္တိ ဣတိ ပဌမပုရိသာ" စသည်ဖြင့် ဝိဘတ်တို့ကိုသာ ထုတ်ပြသည်၊ တိ-အန္တိ စသော အာချာတ်ဝိဘတ် တို့ကို ဘာ့ကြောင့် "ပုရိသ်"ဟု ခေါ်ရသနည်း-ဟု မေးဖွယ်ရှိရကား "သက္ကတ ဆရာတို့မှည့်ခေါ်အပ်သောကြောင့် အတွင်ရူဠီအားဖြင့် တိ-အန္တိစသောဝိဘတ် များကို ပုရိသ်ဟု ခေါ်သည်"ဟု နျာသစသည်တို့ ဆိုကြသည်၊ [သက္ကတကျမ်း တို့၌ တွင်ကျယ်ခဲ့ပြီးသော နာမည်အတိုင်း "ပုရိသ"ဟု အရှင်ကစ္စည်းဆရာ နာမည်တပ်ထားသဖြင့် ကစ္စည်းကျမ်း၌လည်း ထိုနာမည် တက်ရောက်နေခြင်း ကို "အတွင်ရူဠီ"ဟုခေါ်သည်၊ "ပုဗ္ဗာစရိယသညာ"လည်းခေါ်သည်၊ "ဣမေ ပန ပဌမပုရိသာဒယော ဝေါဟာရာ ပေါရာဏကာဝ - ဤ ပဌမပုရိသ်စသော အမည်တို့သည် ရှေးသက္ကတကျမ်းတို့၏ အမည်သာ"-နျာသ။]

တနည်း, အနွတ္ထသညာ။ ။ရူပသိဒ္ဓိ၌ "တေဿ ပဌမာဒိ - ထိုပဌမ မဇ္ဈိမဥတ္တမတို့သည်ပင်၊ ကာရကဒီပကတ္တာ-ကာရကအနက်ကိုပြတတ် (ကာရက အနက်ကိုပြည့်စေတတ်) ကုန်သည်၏ အဖြစ်ကြောင့်၊ ပုရိသာ-ပုရိသ်တို့မည်၏"

သဗ္ဗတ္ထ-အလုံးစုံသော ဝိဘတ်တို့၌၊ ဧဝံ-ဤ့အတူတည်း၊ ပဌမမဇ္ဈိမုတ္တမပုရိသ မိစ္စနေန-ပဌမ, မဇ္ဈိမ, ဥတ္တမပုရိသ်ဟူသော ဤအမည်ကို မှည့်ခြင်းဖြင့်၊ ပေ ၊ နာမမှိ၊ ပေ ၊ ဥတ္တမော-နာမမှိ ပယုဇ္ဇမာနေပိ တုလျာဓိကရဏေ ပဌမောသုတ်, တုမှေ မဇ္ဈိမောသုတ်, အမှေ ဥတ္တမောသုတ်တို့၌ ပဌမ မဇ္ဈိမ ဥတ္တမပုရိသ်ဟု ခေါ်ဝေါ်ရခြင်း အကျိုးရှိ၏၊ (၄၃၁)။

---

ဟုဆိုသောကြောင့် "ပုရေန္တိ - ကာရကအနက်ကို ပြည့်စေတတ်ကုန်၏၊ ဣတိ ပုရိသာ"ဟု ဝိဂြိုဟ်ပြုလျှင် အန္ဝတ္ထနာမည်လည်း ဖြစ်နိုင်ပြန်၏၊ ချဲ့ဦးအံ့-ဝိဘတ် မသက်ပဲ ဓာတ်ချည်းသက်သက်ဆိုလျှင် ကြိယာ အနက်တမျိုးကိုသာ သိရ၏၊ ဝိဘတ်သက်လိုက်မှ "ကတ္တား ကံ ဘော"ဟူသော ကာရကအနက်ကိုသိရသည်၊ ကာရကအနက်သာမက,မစွပြွန်စသော ကာလအနက်, ကေဝုစ် ဗဟုဝုစ် တခုခု ဟူသော ဝုစ်အနက်ကိုလည်း ပြည့်စေနိုင်ရကား "ကာလ ကာရက ဝစနသင်္ခါတေ အတ္ထေ ပုရေန္တီတိ ပုရိသာ"ဟု ပြုနိုင်သည်၊ [ကြိယာအနက်, သင်္ချာတ်အနက် ကိုလည်း ပြည့်စေတတ်၏"ဟု ဆိုကြသေး၏၊ သို့သော် ထိုအနက်ကို ဝိဘတ်က မပြနိုင်, ဓာတ်ကသာ ပြနိုင်သောကြောင့် စဉ်းစားသင့်သည်၊] ကာရိကာ၌ကား- ပြခဲ့သော ရုဠ္ဟီအမည်အပြင် "တပည့်တို့၏ အဇ္ဈာသယ အလိုဆန္ဒကို ပြည့်ဝစေ တတ်၏, တပည့်တို့၏ ယုံမှားသံသယကို ဖြူစင်စေတတ်သောကြောင့် ပုရိသ မည်၏"ဟု ကြံ၍ ဤဂါထာကို ဆိုကြသေး၏။

နာမတုမှာမှ ယောဂိကာ, အတ္တဘေဒပ္ပကာသကာ၊
အဇ္ဈာသယံတု သိဿာနံ, ပူရေန္တိစ ပုနန္တိစ။

ဥတ္တမခေါ်ပုံ။ ။တိ အန္တိ ၂-ပုဒ်ကို ပရဿပုဒ် ၆-လုံးတွင် ပဌမဆုံး ဖြစ်သောကြောင့် "ပဌမေ+ဘဝံ ပဌမံ"ဟု လည်းကောင်း, သိ ထ ၂-ပုဒ်ကို အလယ်ဖြစ်သောကြောင့် "မဇ္ဈေ ဘဝံ မဇ္ဈိမံ"ဟု လည်းကောင်းဖြစ်နိုင်၏၊ မိ မ ၂-ပုဒ်ကား အဆုံးဖြစ်၍ "အန္တိမပုရိသ်" ဟု လည်းကောင်း, နောက်ဆုံး ဖြစ်၍ "ဥတ္တမပုရိသ်"ဟုလည်းကောင်း မှည့်သင့်လျက် မမှည့်ပဲ အမြတ်အနက် ဟော ဥတ္တမသဒ္ဒါဖြင့် ဥတ္တမပုရိသ်ဟု မှည့်ရာ၌ကား သက်သက် အထင်ရုဠ္ဟီ နာမည်ဟုမှတ်။ ["ဥတ္တမသဒ္ဒေါယံ သဘာဝတော တတိယဒုကေ ရုဠ္ဟော"- မောဂ္ဂလ္လာန်။[

ဧဝံသဗ္ဗတ္ထ။ ။"တိ အန္တိ ဣတိ ပဌမပုရိသာ"စသည်ဖြင့်ပြခဲ့သော ဝိဘတ် တို့သည် ဝတ္တမာန်ဝိဘတ်ချည်းသာဖြစ်သေး၏၊ ထို့ကြောင့် "ဧဝံ သဗ္ဗတ္ထ"ဖြင့် ပဉ္စမီစသော ဝိဘတ်များ၏ ပရဿပုဒ်များတွင် အစ ၂-ပုဒ်သည် ပဌမပုရိသ်, အလယ် ၂-ပုဒ်သည် မဇ္ဈိမပုရိသ်, အဆုံး ၂-ပုဒ်သည် ဥတ္တမပုရိသ်မည်ကြောင်း ကို ညွှန်ပြသည်။

သဗ္ဗေသ၊ပေ၊ ပရောပုရိသော

၄၀၉။ ဘဗ္ဗေသံ-ကုန်သော၊ တိဏ္ဏံ-၃ ပါးကုန်သော၊ ပဌမ မဇ္ဈိမုတ္တမ ပုရိသာနံ - ပဌမ, မဇ္ဈိမ, ဥတ္တမပုရိသ် တို့၏၊ ဧကာ ဘိဓာနေ - တပေါင်းတည်း ဆိုလိုခြင်းသည်၊ (သတိ - ရှိလ သော်၊) ပရောပုရိသော-နောက်ပုရိသ်ကို၊ ဂဟေတဗ္ဗော-ယူထိုက်၏၊ သော၁စ-

---

၄၀၉။ သဗ္ဗေသမေကာဘိဓာနေ။ ။"ပုရိသ် "ဟူသော အမည်သည် အာချာတ် တပုဒ်လုံး၏ အမည်မဟုတ်၊ အာချာတ် ဝိဘတ်များ၏သာ အမည် ဖြစ်ကြောင်းပြခဲ့ပြီ၊ "သူသည်လည်းကောင်း,သင်သည်လည်းကောင်း ချက်ကုန် ၏၊ သူသည်လည်းကောင်း, ငါသည်လည်းကောင်း ချက်ကုန်၏"စသည်ဖြင့် သူ့အတွက်, သင့်အတွက်, ငါ့အတွက်, ကြိယာတခုတည်းကို တပြိုင်နက် ဆိုလို ရာ၌ ပစဓာတ်နောင် အဘယ်ပုရိသ် (ဘယ်ဝိဘတ်) သက်မည်နည်း၊ "သူ" ဟူသော နာမသဒ္ဒါကိုငဲ့လျှင် အန္တိ ဟူသော ပဌမပုရိသ် သက်ရလိမ့်မည်၊ သင်ဟူသော တုမှသဒ္ဒါကို ငဲ့လျှင် ထဟူသော မဇ္ဈိမပုရိသ် သက်ရလိမ့်မည်၊ ငါဟူသော အမှသဒ္ဒါကိုငဲ့လျှင် (မ)ဟူသော ဥတ္တမပုရိသ်သက်ရလိမ့်မည်၊ ထိုသို့ ငဲ့စရာတွေများသဖြင့် လုံးလုံးမသက်ပဲ "သော၁စ တွံစ အဟံစ ပစ"ဟုချည်း ထားရမည်လော, သို့မဟုတ်-ပစတိ သိ မိ"ဟု ၃-မျိုးလုံး တပြိုင်နက် သက်ရ မည်လော-ဟု ယုံမှားဖွယ် ရှိသောကြောင့် "သဗ္ဗေသမေကာဘိဓာနေ ပရော- ပုရိသော"ဟုမိန့်သည်၊ ဤသို့ ပုရိသ် ၂-ပါးဖြစ်စေ, ၃-ပါးဖြစ်စေ တပြိုင်နက် သက်ခွင့်ကြုံရာဝယ် နောက်ပုရိသ်တခုသာ သက်စေရသည် ဟူလို။

ကာတန္တဝုတ္တိ။ ။အပ္ပဝတ္တေ ပဒိယာယောဝါ ပတ္တေ ပရိဘာသာယံ= ပုရိသ်တို့ လုံးလုံးမဖြစ်ဟူသော အနက်ရောက်လသော်လည်းကောင်း, တလှည့်စီ ဖြစ်ခွင့်ရောက်လသော်လည်းကောင်း(ထို လုံးလုံးမဖြစ်ခြင်း တလှည့်စီဖြစ်ခြင်းကို တားမြစ်ဖို့ရာ) ဤပရိဘာသာသုတ်ကို ဆိုအပ်၏။ [ဤ၌ "သော၁စ ပစတိ, တွဉ္စ ပစသိ"ဟု ၂-ဝါကျခွဲ၍ တလှည့်စီဆိုခြင်းကို "ပရိယာယပတ္တ - တလှည့်စီ ဖြစ်ခြင်း"ဟုဆို၏။]

သဗ္ဗေသံ တိဏ္ဏံ။ ။သုတ်၌ "သဗ္ဗေသံ"ဟု ရှိသောကြောင့် "တိဏ္ဏံ ပဌမ မဇ္ဈိမုတ္တမပုရိသာနံ"ဟု ဖွင့်သည်၊ သို့သော် ထိုသဗ္ဗေသံကို ဧကဒေသျူပစာရ (အပေါင်း ၃-ပါးလုံး၏အမည်ကိုအစိတ် ၂-ပါး၌လည်းတင်စားသော) နည်း အားဖြင့် ပုရိသ် ၂-ပါးကိုလည်းယူ၍ "ပဌမနှင့်မဇ္ဈိမ, ပဌမနှင့်ဥတ္တမ, မဇ္ဈိမနှင့် ဥတ္တမ" ဤသို့ ပုရိသ် ၂-ပါး ဖြစ်ခွင့်ကြုံလျှင်လည်း နောက်ပုရိသ်သာ သက်ရ မည်၊ ထို့ကြောင့် "သော၁စ တွဉ္စ ပစထ, သော၁စ အဟဉ္စ ပစာမ, တွဉ္စ အဟဉ္စ ပစာမ "ဟု ပုရိသ် ၂-ပါး သက်ခွင့်ကြုံရာ၌ နောက်ပုရိသ်သာ သက်ပုံကို လည်းကောင်း, "သော၁စ တွဉ္စ အဟဉ္စ ပစာမ"ဟု ပုရိသ် ၃-ပါးသက်ခွင့်ကြုံရာ၌ နောက်ပုရိသ်သာ သက်ပုံကိုလည်းကောင်း သိပါ။

ထိုသူသည်လည်း၊ ပဌတိ-ဖတ်၏၊ တွဥ္ဓ—သင်သည်လည်း၊ ပဌသိ—ဖတ်၏၊
တုမှေ—သင်တို့သည်၊ ပဌထ-ဖတ်ကုန်၏၊ သောစ—သည်လည်း၊ ပစတိ-ချက်၏၊
တွဥ္ဓ—လည်း၊ပစသိ-၏၊ တုမှေ—သင်တို့သည်၊ ပစထ—ချက်ကုန်၏၊ ဝေံ—ဤ
အဘူ၊သေသာသု—ကြွင်းကုန်သော၊ ဝိဘတ္တိသု—ဝိဘတ်တို့၌၊ ပရောပုရိသော—
ကို၊ ယောဇေတဗ္ဗော—ယှဉ်စေထိုက်၏၊ (၄၄၁)

---

**ကောဘိဓာနေ**။ ။ရှင့်ဒီကာ၌ "ကေတော (ကေဇ္ဇံ)- တပေါင်းတည်း+
အဘိဓာနံ-ဆိုခြင်းတည်း၊ ကောဘိဓာနံ-ခြင်း"ဟု ဖွင့်၏၊ "**သောစ ပစတိ, တွဥ္ဓ
ပစသိ**"ဟု ဝါကျခွဲ၍ တကွဲစီဆိုလိုရာ၌ ဤသုတ်အစီအရင်မလို၊ "သောစ တွဥ္ဓ
ပစထ"စသည်ဖြင့် သူ၏ချက်ခြင်း သင်၏ချက်ခြင်း ၂ ခုကို တပေါင်းတည်းဆိုလို
ရာ၌သာ ဤသုတ်အရ ပရောပုရိသ်ကိုယှဉ်စေရ- သက်စေရသည်ဟု ဆိုလိုသည်၊
ဤရှုအလို "ကေသဒ္ဒါသည် ကေတော အနက်ဟောတည်း"ဟု မှတ်ပါ။
[ကာတန္တ၌ကား "ယုဂ ပဒ္ဒစနေ ပရပုရိသာကာ်မ်"ဟု သုတ်ရှိ၏၊ ထိုသုတ်၌
"ယုဂပဒ်"သဒ္ဒါသည်"ကေကာလ-တခုတည်းသောကာလ"ဟူသော အနက်ကို
ဟော၏၊ ပစကဲ့သို့သော ကြိယာတခုတည်းက"သူ၏ချက်ဆဲ သင်၏ချက်ဆဲ ငါ၏
ချက်ဆဲ"ဟု ပစ္စုပ္ပန်ကာလ တခုတည်းကိုဖြစ်စေ, အတိတ်ကာလ တခုတည်းကို
ဖြစ်စေ, အနာဂတ်ကာလ တခုတည်းကိုဖြစ်စေ ဟောလျှင် ဤသုတ်အရ ပရော
ပုရိသ်တခုသာ ဝိဘတ်ဘခုသာသက်ပါ-ဟု ဆိုလိုသည်၊ ကစ္စည်းသုတ်၏"ကော
ဘိဓာနေ"အရ"တပေါင်းတည်းဆိုခြင်း"ဟူရာ၌လည်း ကြိယာတူ ကာလတူမှ
ပေါင်း၍ဖြစ်သောကြောင့် ကာတန္တသုတ်လာ "ယုဂပဒ် ပစန"နှင့် သဘော
တူပင်။

**ကြိယာကာလကွဲလျှင် မဆိုင်**။ ။ထို့ကြောင့် "သောစ ပစတိ, တွဥ္ဓ
ပစိဿသိ, အဟံ ပစိံ=သူချက်ဆဲ,သင်ချက်လတ္တံ့,ငါချက်ပြီ"ဟု ကာလကွဲရာ၌
ဤပရောပုရိသ်သက်ခွင့် မရှိ၊ "သော ဂစ္ဆတိ၊ တွံ ပဌသိ"စသည်ဖြင့် ကြိယာကွဲ
နေရာ၌ကား ဤ ပရောပုရိသ် သက်ရမည်လား ဟု ကြံဆဖွယ်ပင် မလို၊ မှန်၏—
မြန်မာစကား၌လည်း ကြိယာတူ ကာလတူရာဝယ် "သူနှင့် သင်ဟာ စားကြ
တယ်၊ မင်းနှင့်ငါ သွားကြစို့၊ သူနှင့်ငါ အတူသွားကြမယ်" ဤသို့ စသည်ဖြင့်
ကောဘိဓာန (တပေါင်းတည်းပြောလေ့ရှိကြသည်၊) ကြိယာကွဲ ကာလကွဲရာ၌မူ
ထိုကဲ့သို့ပေါင်း၍ ပြောရိုးမရှိ၊ ပြောလည်း မဖြစ်နိုင်၊ [ကောဘိဓာနေ တူသော
ကာလ, တူသောကြိယာကို ဟောခြင်းသည်"ဟု ဆရာတို့ပေးကြသော အနက်
သည် အဓိပ္ပါယ်ပေါ်လွင်အောင် ပေးအပ်သော အနက်တည်း၊] ဤ "ကောဘိ
ဓာနေ"အရ ပရောပုရိသ်သက်ဖို့ရာ "ကြိယာတူခြင်း, ကာလတူခြင်း"ဟု အင်္ဂါ
၂-ပါး ရှိကြောင်းကို မှတ်ပါ။

ကစ္စည်း (၃) -၁၀-က

ပုံစံ၌ ရှင်းလင်းချက်။ ။"သောဝ ပဌတိ, တ္ထဥ္စ ပဌသိ, တုမှေ့ ပဌထ" ဟူသော ပုံစံ၌ ရှင်းလင်းဖွယ် ရှိ၏၊ "သောဝ ပဌတိ"ဟူသော ဝါကျသည် ပရောပုရိသ်ကိုပြသော ဝါကျမဟုတ်, "ပုရိသော ဂစ္ဆတိ"ကဲ့သို့ သူ့ကတ္တားနှင့် သူ့ကြိယာ တွဲရိုးတွဲစဉ်သာတည်း၊ "တ္ထဥ္စ ပဌသိ, တုမှေ ပဌထ"တို့လည်း ထို့အတူပင် တွဲရိုးတွဲစဉ် ဝါကျများသာဖြစ်ကြ၏၊ထို့ကြောင့် ဤပုံစံတို့၌ "ပဌတိ-ပဌသိ"တို့သည် သောဝ-တ္ထဥ္စတို့ကိုငဲ့၍ (ပရောပုရိသ်မချလျှင်)ရှိရိုးရှိစဉ် ကြိယာကို ပြသောပုဒ်တည်း၊ ဤ ပရောပုရိသ်ချရမည့်အရာ၌ကား ထို ပဌတိ ပဌသိတို့ကို ထည့်ဖွယ်မလို၊ "ပဌထ" တခုသာ ဖြစ်ရသည်ဟု ပြလို၍ "တုမှေ ပဌထ"ဟု အဆုံး၌ ပြ၏၊ ဤ၌ "တုမှေ" လည်း ပဌထနှင့် လိုက်ရောအောင် အပိုထည့်အပ်သော ကတ္တားသာတည်း၊ အမှန် ပရောပုရိသ်ရှိရမည့်ဝါကျကား "သောဝ တ္ထဥ္စ ပဌထ"သာ ဖြစ်သည်၊ "သောဝ ပစတိ"စသည်၌လည်း နည်းတူ။

ဤသို့မယူလျှင် အပြစ်။ ။ပုံစံတို့ကို ဤနည်းဖြင့်ရှင်းလင်းယူမှသာ"ဧကာ ဘိဓာနေ ပရောပုရိသော"ဟူသော သုတ်အဆိုနှင့်ညီညွတ်မည်၊ဤသို့ရှင်းလင်း၍ မယူလျှင် "သောဝ ပဌတိ, တ္ထဥ္စ ပဌသိ, တုမှေ ပဌထ"တို့သည်"နာမမှိ ပယုဇ္ဇ မာနေပိ တုလျာဓိကရဏေ ပဌမော,တုမှေ မဇ္ဈိမော"သုတ်တို့အရ နာမသဒ္ဒါနှင့် ယှဉ်လျှင် ပဌမပုရိသ် (တိ-အန္တိ) သက်, တုမှသဒ္ဒါနှင့်ယှဉ်လျှင် "မဇ္ဈိမပုရိသ် (သိ-ထ) သက်"ဟူသော ထားရိုးထားစဉ်အတိုင်းဖြစ်၍ ဤသုတ် တသုတ်လုံး ဆိုရကျိုးမနပ်ပဲ ရှိရာ၏။

ဆက်ဦးအံ့–ဤသုတ်၌ ဥတ္တမပုရိသ်ချရသော ပုံစံများ(သီဟိုဠ်မူ၌ပါလျက်) မြန်မာမူ၌မပါသေး၊ ထို့ကြောင့်"သောဝ အဟဥ္စ ပဌာမ,တ္ထဥ္စ အဟဥ္စ ပဌာမ, သောဝ တ္ထဥ္စ အဟဥ္စ ပဌာမ"ဟု နာမ အမှတ်တွဲရာ, တုမ အမှတ်တွဲရာ, နာမ တုမှ အမှ တွဲရာတို့၌ ပရောပုရိသ် ချရပုံကိုလည်းသိပါ၊ ကေဝုစ် ကတ္တားသာမက "တေစ တုမှေစ မယံစ ပဌာမ"ဟု ဗဟုဝုစ်ချည်းလည်းကောင်း၊"သောဝ တုမှေ စ အဟံစ ပဌာမ"ဟု ကေဝုစ် ဗဟုဝုစ် ကတ္တားအမျိုးမျိုး ရောလျက်လည်းကောင်း ရှိနိုင်ပုံကိုလည်းသိပါ။[သစ (ထိုသူသည်လည်းကောင်း)တွံစ စန္ဒံ (လ ကို)ပဿထ,တွံစ သစ ပဿထ(ဤ၌"တွံနှင့်သ"ဟု တုမှသဒ္ဒါက ရှေ့,နာမသဒ္ဒါ က နောက် ရှိသော်လည်း စာအနေ ရှေ့နောက်ရှိခြင်းမှာ လိုရင်းမဟုတ်, သုတ်၌ ပဌမ မဇ္ဈိမ ဥတ္တမဟုဆိုစဉ်သာ လိုရင်းဖြစ်သည်ဟု ပြ၏၊)တွံစ အဟံစ ပဿာမ, အဟံစ တွံစ ပဿာမ သစ တွံစ အဟံစ ပဿာမ,အဟံစ တွံစ သစ ပဿာမ,.... မုဒ္ဓဗောဓဋီကာ၊] ကလာပ်ဝုတ္တိ၌လည်း ဤအတူပင်တည်း။

ဗဟုဝုစ်ချည်းသာတဲ့။ ။"ကတ္တားပုဒ်က ကေဝုစ်ချည်းဖြစ်စေ, ဗဟုဝုစ် ချည်း ဖြစ်စေ ကေဝုစ် ဗဟုဝုစ်ရောလျက် ဖြစ်စေ မည်သို့ပင်ရှိသော်လည်းကြိယာမှာ ဗဟုဝုစ်ချည်း ချရမည်"ဟု သက္ကတ ဗျာကရိုဏ်းတို့ ဆိုကြ၏၊ ဘာ့ကြောင့်

နည်း....ကတ္တား ၂ ခု ၃ ခုစသည် ("ယောစ တေစ တံ့စ တုမှေစ အဟံစ" ဟု ကတ္တားပုဒ် ၅ ခု တိုင်အောင်ပင်) ရှိနိုင်ရကား ထိုကတ္တား အများ၏သင်္ချာကို အစဉ်လိုက်၍ကြိယာ၌လည်း ဗဟုဝုစ်သာရှိထိုက်သောကြောင့်တည်း၊ထို့ကြောင့် ပါဠိ၌လည်း "အဟံစ မဒ္ဒိဒေဝီစ, ဇာလီကဏှာဇိနာ စုဘော၊ အညမညံ သောကနုဒါ, ဝသာမ အဿမေ တဒါ"(ဝေဿန္တရာဇာတ်)"အဟဉ္စ နန္ဒနန္ဒာစ, ဂစ္ဆာမ ယမသာဓနံ"(မဟောဇာတ်)ဟု ဗဟုဝုစ်ချပုံများ ထင်ရှားစွာတွေ့ရ၏၊ [တထာပိ သမုဒါယဿ သင်္ချာနုသာရေန ဗဟုဝစနံ ဝေတိ=ထိုသို့ ပရေပုရိသ် ဖြစ်သော်လည်း အပေါင်းလိင်ပုဒ်၏ သင်္ချာကို အစဉ်လျောက်သဖြင့် ဗဟုဝုစ်သာ မှတ်၊—မုဒ္ဓဗောဓဋီကာ။] ဤသို့ ဗျာကရုဏ်းတို့က ဗဟုဝုစ်သာ တထစ်ချဆိုကြ သော်လည်း ဆရာတို့ကမူ "ဧကဝုစ် ပရေပုရိသ်လည်း ရှိနိုင်၏"ဟု မိန့်ကြ၏၊ ဆရာတို့ ထောက်အပ်သော သာဓကကား....

"တာဝတိံသာစ ယေဒေဝါ, တိဒသန် စ ဝါသဝေါ၊
တံ့စ ဘဒ္ဒေ သုခီ ဟောတိ, ဂစ္ဆကညေ ယထာသုခံ"—အလမ္ဗုသာဇာတ်။
"တံ့စ ဘဒ္ဒေ သုခီ ဟောတိ၊ ဧသောစာပိ မဟာမိဂေါ၊"-သုဝဏ္ဏမိဂဇာတ်။
"အဟံ ဝါပိ ဂဟပတိ သမဏာဿ ဂေါတမဿ ဝါဒံ အာရောပေယျံ,
ဒီဃတပဿီဝါ နိဂဏ္ဌော, တံ့ဝါ"—မဇ္ဈိမပဏ္ဏာသ, ဥပါလိသုတ်။
"သံဃေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃောစ" ဥပရိပဏ္ဏာသ-ဒက္ခိဏ ဝိဘင်္ဂသုတ်။

ဝိစစ်ချက်။ ။ဤ ဧကဝုစ် ပရေပုရိသ်ချနိုင်ကြောင်း ပြသော သာဓကများ ဝယ် သုဝဏ္ဏမိဂရာဇ ဇာတ်၌သာ အဋ္ဌကထာ ဖွင့်၏၊ ထိုသို့ ဖွင့်ရာဝယ် "တွဉ္စ ဧသောစာပိ မဟာမိဂေါတိ ဒွေပိ ဇနာ သုခီ နိဒ္ဒုက္ခာ ဟောထ"ဟု ဗဟုဝုစ် (ထ ဝိဘတ်ဖြင့်) ဖွင့်သောကြောင့် ထိုပါဠိကို ထောက်၍ ဧကဝုစ် ပရေပုရိသ် ချနိုင်ကြောင်း မထင်ရှားသေး၊ "တွဉ္စ သုခီ ဟောဟိ, ဧသောစာပိ မဟာမိဂေါ သုခီ ဟောတု"ဟုသာ ကြိယာတခုကို ထည့်စွက်ပေးရမည်ကဲ့သို့ ထင်သည်၊ အလမ္ဗုသာဇာတ် ပါဠိတော်၌လည်း ဤနည်းပင် ဖြစ်ရာ၏၊ ပဏ္ဏာသပါဠိများ၌ လည်း "ဒီဃ တပဿီဝါ နိဂဏ္ဌော ဝါဒံ အာရောပေယျ, တံ့ဝါ အာရောပေ ယျာသိ" ဟု လည်းကောင်း "သံဃောစ ပူဇိတော ဘဝိဿတိ" ဟု လည်း ကောင်း ရှေးဝါကျမှ ကြိယာကို ဝိဘတ်ပြင်၍ လိုက်စေလိုမည် ထင်သည်၊ ထို့ ကြောင့် ဤပါဠိများဖြင့် ပရေပုရိသ် ဧကဝုစ်ချသင့်ကြောင်းမှာ ခိုင်လုံလောက် ပြီဟု မဆိုနိုင်သေးချေ၊ဤထက်ခိုင်လုံသော သာဓက ရမှသာ ဧကဝုစ်ပရေပုရိသ် ရှိထိုက်ကြောင်း မှတ်သင့်ပေသည်။

**ပုဒ်စစ်လာ ပရောပုရိသ်။** ။ပုဒ်စစ်၌ ''တိသိထ, တိမိမ, သိမိမ, တိသိ မိမ, တိ အန္တိ သိထ မိမ''ဟု ဝတ္တမာန် ပရဿပုဒ်အတွက် ငါးဝါရပြ၏၊ ''တိသိထ'' ဖြင့် ''**သောစ တံ့စ**''ဟု ကတ္တား ၂ ခုရှိရာ၌ ''ဂစ္ဆတိ ဂစ္ဆသိ''ဟု ကြိယာ ၂ မျိုး ရှိသင့်သော်လည်း နောက်ပုရိသ်ကိုသာ ယူ၍ ဗဟုဝုစ်ဖြင့် ''ဂစ္ဆထ''ဟု ကြိယာ တခုတည်းသာ ရှိရသည်ဟု ပြ၏၊ တိမိမ စသည်တို့ဖြင့် ပြပုံ၌လည်း ဤနည်း အတိုင်းပင်၊ ''တိ အန္တိ သိထ မိမ''ဖြင့် ''**သောစ တေစ တံ့စ တုမှေစ အဟံစ** ဂစ္ဆတိ ဂစ္ဆန္တိ ဂစ္ဆသိ ဂစ္ဆထ ဂစ္ဆာမိ''ဟု ရှိသင့်သော်လည်း **နောက် အမှ** ယောဂဖြစ်သော ဥတ္တမပုရိသ်ကိုသာ ယူ၍ ဗဟုဝုစ်ဖြင့် ''ဂစ္ဆာမ''ဟု ကြိယာ တခုတည်း ရှိရသည်ဟု ပြ၏၊ ဤသို့လျှင် ပုဒ်စစ်၌ ဗဟုဝုစ်ချနည်းကိုသာ သက္ကတ အတိုင်း ပြသည်။

**ရသင့်သမျှ ပရောပုရိသ်။** ။ဤပုဒ်စစ်ကို နည်းမှီး၍ ရသင့်သမျှ ဗဟုဝုစ် ချည်းချရသော ပရောပုရိသ်များကို အောက်ပါအတိုင်းမှတ်ပါ။ [ကေ=ကေဝုစ်၊ ဗဟု=ဗဟုဝုစ်၊ ကေဗဟု=ရှေ့ ကေဝုစ်, နောက် ဗဟုဝုစ်၊ ဗဟုကေ=ရှေ့ ဗဟုဝုစ်, နောက် ကေဝုစ်။]

(၁) သုဒ္ဓကေဝါရ။ ။တိ သိ ထ, တိ မိ မ, သိ မိ မ, တိ သိ မိ မ။

(၂) သုဒ္ဓဗဟုဝါရ။ ။အန္တိ ထ ထ, အန္တိ မ မ, ထ မ မ, အန္တိ ထ မ မ။

(၃) ကေဗဟုမိဿ။ ။တိ ထ ထ, တိ မ မ, သိ မ မ, တိ သိ မ မ။

(၄) ဗဟုကေမိဿ။ ။အန္တိ သိ ထ, အန္တိ မိ မ, ထ မိ မ, အန္တိ ထ မိ မ။

(၅) ကေဗဟု ကေ။ ။တိ အန္တိ သိ ထ, တိ အန္တိ မိ -, သိ ထ မိ မ, တိ အန္တိ သိ ထ မိ မ။

(၆) ကေဗဟုဗဟု။ ။တိ အန္တိ ထ ထ, တိ အန္တိ မ မ, သိ ထ မ မ, တိ အန္တိ သိ ထ မ မ။

(၇) သဗ္ဗမိဿက။ ။တိ အန္တိ သိ ထ ထ, တိ အန္တိ မိ မ မ, သိ ထ မိ မ မ, တိ အန္တိ သိ ထ မိ မ မ။

**အမှာ။** ။၇ နံပါတ်၌ ''မိ မ မ''ဟု ၃ဝါရ ပါ၏၊ တကယ်ပါဠိစီလျှင် ''သောစ တေစ အဟံစ မယံစ ဂစ္ဆာမ''ဟု စီရလိမ့်မည်၊ သို့ဖြစ်လျှင် မိမိအတွက် အဟံ, မယံ ၂ မျိုးမရနိုင်၊ ထို့ကြောင့် ထို ၃ ဝါရကို စက် ၄ ချက် မပျက်ရုံသာ ထည့်ထား ၏၊ အမှန်အားဖြင့် မရသင့်ဟု မှတ်ပါ၊ ထို့ပြင်–''တိ သိ ထ ထ, တိ ထ မ မ'' စသော ဝါရများလည်း ရကောင်းပါသေး၏၊ ၄ ချက်လှည့်၍ မရသောကြောင့် မပြပဲ ချန်ထားပါသည်။

**ပရောပုရိသ်ပေါင်း။** ။ဤ၌ပြထားသော ၇ ၅ာနဝယ် နောက်ဆုံး ၃ ဝါရ ကို နုတ်၍ ကျန် ၂၅ သည် ဝတ္တမာန် ပရဿပုဒ်အတွက် ဖြစ်၏၊ အတ္တနောပုဒ်

နာမမှိ ပဌမော ၄၁၀။ တုလျာဓိကရဏေ - သော၊ နာမမှိ - ကို၊ ပယုဇ္ဇမာနေပိ-ယှဉ်စပ်အပ်သော်လည်းကောင်း၊ အပယုဇ္ဇမာနေပိ-မယှဉ်စပ်အပ်သော်လည်းကောင်း၊ ပဌမ ပုရိသော-သည်၊ ဟောတိ-၏၊ သော-ထိုသူသည်၊ ဂစ္ဆတိ-သွား၏၊ တေ-တို့သည်၊ ဂစ္ဆန္တိ-သွားကုန်၏၊ အပယုဇ္ဇမာနေပိ-မယှဉ်စပ်အပ်ရာ၌လည်း၊ (ဥဒါဟရဏံ - ဥဒါဟရဏ်ကား၊) ဂစ္ဆတိ - ၏၊

အတွက်လည်း ၂၅-ဖြစ်၍ ဝတ္တမာန်ဝိဘတ်အတွက် ၅၈-ဖြစ်ရကား ဝိဘတ်ရှစ်သွယ်လုံးအတွက် ပုဒ်ရာပုရိသ် လေးရာဖြစ်၏ဟု အကြမ်းအားဖြင့် မှတ်သားပါ၊ ကောဝုစ်ချုနည်းနှင့်တကွ ဤထက်အကျယ်ကိုကား ဝိသုဒ္ဓါရုံသုတ်နက် ပုဒ်စစ်ဂဏ္ဌိတို့၌ ရှုကြပါလေ။

[ဆောင်] ပုရိသ်ပုဒ်ရာ, ဤ၌ပြော, မှတ်လော လေးရာတည်း။

ပုရိသ်ရှင်း။ ။"သောစ တွဥ္စ"ဟု ကတ္တား ၂-ခုရှိနေရာဝယ် ပဌမပုရိသ် (တိ အန္တိ) မဇ္ဈိမပုရိသ် (သိ ထ) တို့သည် သူသက်မည် ငါသက်မည်ဟု အလုအယက်ရောယှက်၍နေသောကြောင့် ထိုကဲ့သို့မရောယှက်စေခြင်းငှာ ဤသုတ်ဖြင့် ပရောပုရိသ်ကို ယူ, ဝါ-နောက် ပုရိသ်သက်ဟု ရှင်းလင်း၍ပြသောကြောင့် ဤသုတ်သည် ပုရိသ်ချင်းမရောယှက်ရအောင်ရှင်းလင်းပြသော ပုရိသ်ရှင်းသုတ်သာဖြစ်သည်။ [ရှေးကမူ"တိသိထ"စသည်ကို ပုရိသ်ချင်းရောယှက်၍ပြသောကြောင့် "ပုရိသ်ယှက်"ဟု ခေါ်စမှတ်ပြုကြသည်၊ ထို"တိသိထ"စသည်လည်း "တိနှင့်သိ" ရောယှက်ဖွယ် ရှိရာဝယ် "ထ"ဟူသော နောက် ပုရိသ်သာချ ဟူသော "ပုရိသ်ရှင်း"သာတည်း၊ ဤ ပရောပုရိသ်ကိုပြရာ၌ ကတ္တားဟော ဝါကျကိုသာ ပြလေ့ ရှိကြသော်လည်း "စောရေန သောစ တံစ ဟညထ=ခိုးသူသည်သူ့ကိုလည်းကောင်း, သင့်ကိုလည်းကောင်း သတ်အပ်ကုန်၏"ဟု ကံဟောဝါကျများလည်း ရှိကောင်းသည်ပင်။]

---

၄၁၀။ နာမမှိ။ ။တုမှအမှ သဒ္ဒါတို့နှင့်တကွ ပုရိသစသော နာမ်ဝိဘတ်သက်ရသော ပုဒ်ဟူသမျှသည် နာမသဒ္ဒါ အမည်ရသည်သာတည်း၊ သို့သော် "တုမှေ မဇ္ဈိမော, အမှေ ဥတ္တမော"သုတ်ဖြင့် တုမှ အမှသဒ္ဒါ ၂-မျိုးကို သီးခြားယူလတ္တံ့ဖြစ်သောကြောင့် ဤသုတ်၌ နာမမှိပါဌ်ဖြင့် ထို တုမှ အမှသဒ္ဒါ ၂-မျိုးမှကြွင်းသော နာမ်ပုဒ်များကိုသာ ယူရတော့သည်၊ နည်းလေးဆယ်၌ လာသော ဂေါဗလိဗဒ္ဒနည်း-ပုည ညာဏသမ္ဘာရ နည်းမျိုးတည်း။

ပယုဇ္ဇမာနေပိ။ ။"သော + ဂစ္ဆတိ"ဟု ဂစ္ဆတိကြိယာနှင့် သောကို တွဲဖက်ပြထားခြင်းကို "ယှဉ်စပ်"ဟု ဆိုသည်၊ အပိသဒ္ဒါသည် အပယုဇ္ဇမာနေကို ဆည်းသောကြောင့် (အပိသဒ္ဒါက အဝုတ္တသမုစ္စည်း အနက်ရှိသောကြောင့်)

**ဂစ္ဆန္တိ-ကုန်၏၊** တုလျာဓိကရဏေတိ-ပုဒ်သည်၊ **ကိမတ္ထံ-နည်း၊** ဧတေန ဒေဝဒတ္တေန-ထိုဒေဝဒတ်သည်၊ တုံ့-သင့်ကို၊ ဟညသေ-သတ်အပ်၏၊ ဣတိ-ဤပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ (၄၃၂)

---

ဝုတ္တိ၌ "အပယုဇ္ဇမာနေပိ"ဟု ထပ်၍ဖွင့်ရသည်၊ "သော ဂစ္ဆတိ,တေ ဂစ္ဆန္တိ" တို့ကား "သော-တေ"ဟု နာမသဒ္ဒါ တိုက်ရိုက်ယှဉ်စပ်ပြထားသော ပယုဇ္ဇမာန ပုံစံတည်း။ [တသဒ္ဒါသည် နာမသဒ္ဒါပင်တည်း၊] "ဂစ္ဆတိ ဂစ္ဆန္တိ"တို့ကား "သော-တေ"ဟု နာမသဒ္ဒါ တိုက်ရိုက်မပါသော အပယုဇ္ဇမာန ပုံစံတို့တည်း၊ ထို့ကြောင့် အပယုဇ္ဇမာနေပိ ဟု ဆို၍ "ဂစ္ဆတိ ဂစ္ဆန္တိ"ဟု "သော-တေ" မပါပဲ ပုံစံထုတ်သည်။

**ဆက်ဦးအံ့–** "သော, တေ"စသည်ဖြင့် **နာမသဒ္ဒါ** တိုက်ရိုက်မပါသော်လည်း "ဂစ္ဆတိ"ဟူသော ကြိယာပုဒ်ချည်းပင် "သူ+သွား၏"ဟူသောအနက်, "ဂစ္ဆန္တိ"ဟူသော ကြိယာပုဒ်ချည်းပင်"သူတို့+သွားကြ၏"ဟူသော အနက်ကို ပြစွမ်းနိုင်သောကြောင့် "သော+တေ"စသော နာမသဒ္ဒါ တိုက်ရိုက်ယှဉ်လျက် မပါရာ၌ "တိ+အန္တိ"ဟူသော ပဌမပုရိသ် ဝိဘတ်များ သက်နိုင်ကြပေသည်၊ မှန်၏–အာချာတ်ကြိယာသည် ဝိသေသျပုဒ်ဖြစ်၍ နာမ်ပုဒ်များကား ဝိသေသနပုဒ်များဖြစ်၏၊ "ဂစ္ဆတိ-သွား၏"ဟူရာ၌ "သူ"ဟုလည်းကောင်း, ယောကျ်ားမိန်းမ"စသည်ဟုလည်းကောင်း မထင်ရှားသဖြင့် "သွားခြင်း"သာမည ဖြစ်နေသောကြောင့် "သော"ဟု ဝိသေသန ကူမရသည်၊ ထို့ကြောင့် တခါတရံ ထိုဝိသေသနပုဒ်နှင့် မယှဉ်သော "ဂစ္ဆတိ"ချည်း ရှိသည့်အခါလည်း "သူ+သွား၏"ဟူသော အနက်ကို ဟောစွမ်းနိုင်၏ဟု မှတ်ပါ။

မောဂ္ဂလ္လာန်။ ။သာမတ္ထိယာ လဒ္ဓတ္တာ အပယုဇ္ဇမာနေသုပိ တုမှာ-မှသေသေသု ဘဝန္တိ=သူ,သင်,ငါဟူသော **အနက်ကို** ကြိယာပုဒ်တို့က ဟောစွမ်းနိုင်သည်၏ အဖြစ်ဖြင့် ရအပ်ကုန်သည့်အတွက် တုမှ အမှ (ထိုမှကြွင်းသော) **နာမသဒ္ဒါ**တို့ကို မယှဉ်စပ် **မသုံးစွဲအပ်ကုန်သော်လည်း** တိ စသော အာချာတ်ဝိဘတ်များ ဖြစ်နိုင်၏။

ဂမျမာန်။ ။ဤသို့ နာမစသော သဒ္ဒါမပါပဲလည်း ဂစ္ဆတိကြိယာဖြင့် **နာမစသော** သဒ္ဒါ၏အနက်ကို သိနိုင်လောက်သော **အရာကို** "ဂမျမာန"ဟု ခေါ်သည်၊ ဂမျမာန - ဂမျမာန်၊ ဝါ-သိလောက်သောအရာ၊ ဆရာတို့ကား အပ္ပယုဇ္ဇမာနေပိ ဟု မထည့်ပဲ "ဂမျမာနေပိ – ( မှန်းဆ၍ သိအပ်သော်လည်းကောင်း"ဟု သုတ်နက်ပေးကြသည်၊ ဆရာများအလို အပိသဒ္ဒါဖြင့် ဂမျမာနေကို ဆည်းသည်ဟု မှတ်ပါ။

**တုလျာဓိကရဏော။** ။[တုလျာဓိကရဏောပုဒ်၏ သဒ္ဒါနက်ကို ရှေ့ ကမ္မဓာရည်းသမာသ်၌ ပြခဲ့ပြီ၊] "တူသော တည်ရာအနက်ရှိ"ဟူရာ၌ "မည်သည့် ပုဒ်နှင့်တူသော တည်ရာရှိသနည်း"ဟု မေးဖွယ်ရှိ၏၊ ကြိယာပုဒ်များကိုပြရာ **အာချာတ်ခန်းဖြစ်၍** အရာဌာနအားလျော်စွာ "အာချာတ် ကြိယာပုဒ်နှင့် တူသော တည်ရာရှိသည်"ဟုဖြေ၊ ထို့ကြောင့် ကြိယာပုဒ်နှင့် တည်ရာအနက် အားဖြင့်တူသော နာမသဒ္ဒါကို ("သော ဂစ္ဆတိ, တေ ဂစ္ဆန္တိ"၌ "သော-တေ"တို့ကဲ့သို့) တိုက်ရိုက် တွဲစပ်ပြထားသော်လည်းကောင်း, (ဂစ္ဆတိ ဂစ္ဆန္တိ ချည်းဖြစ်၍ "သော-တေ" စသည့်ပုဒ်များကို) မတွဲစပ်ပဲ ထားသော်လည်း ကောင်း, ဂမုစသောဓာတ်နောင် ဧကဝုစ် ဗဟုဝုစ်လိုက်၍ ထိုက်သည်အား လျော်စွာ တိ-အန္တိကဲ့သို့သော ပဌမပုရိသ်ဝိဘတ်များ သက်ကြရသည်။

**နာမ်ပုဒ်နက်။** ။"ပုရိသော မဂ္ဂံ ဂစ္ဆတိ"ဤပြယုဂ်၌ ပုရိသ၏အနက်သည် သကတ်, ဒြပ်, လိင်, သင်္ချာ, ကာရကအားဖြင့် ၅-ပါးရှိ၏၊ ထိုတွင် ယောကျ်ား ဇာတ်သည် သကတ်,ယောကျ်ား၏ အထည်ကိုယ်ခန္ဓာသည် ဒြပ်, သန့်ရှင်းသော အခြင်းအရာသည် ပုလ္လိင်, "ပုရိသော"ဟု ဆိုသောကြောင့် တယောက်တည်း အဖြစ်သည် ဧကဝုစ်သင်္ချာ, သွားခြင်းကြိယာကို ဖြစ်စေနိုင်သော (သွားစွမ်းနိုင် သော) သတ္တိသည် ကတ္တုကာရက၊ ဤသို့လျှင် ပုရိသ၏ ဟောနက်သည် ၅-မျိုး ရှိ၏၊ မဂ္ဂံ၌လည်း အနက် ၅-မျိုးပင်၊ ထိုတွင် လမ်းဇာတ်သည် သကတ်, လမ်း ဒြပ်သည် ဒြပ်, ရှေးဆရာတို့ သတ်မှတ်အပ်သော သင်္ကေတပုလ္လိင်, လမ်းတလမ်း တည်း၏အဖြစ်သည် ဧကဝုစ်သင်္ချာ, သွားခြင်းကြိယာဖြင့် ရောက်အပ် (သွား အပ်, သွားစရာ၏အဖြစ်ဟူသော)သတ္တိသည် ကမ္မကာရက။

**ကြိယာပုဒ်နက်။** ။ဂစ္ဆတိကြိယာ၏ ဟောနက်လည်း "သကတ်, ပဓာန ဒြပ်, အပဓာနဒြပ်,သင်္ချာ,ကာရက"ဟု ၅-မျိုးရှိ၏၊ ထိုတွင် "ဂစ္ဆတိ-သွား၏" ဟု ဆိုလိုက်သောအခါ ကြားရသူတို့၏ စိတ်ထဲ၌ မိမိ မှတ်သားဖူးသော သွားခြင်းကြိယာသည် ပဌမ ပေါ်လာ၏၊ ထိုကြိယာသည် သတ္တဝါအများနှင့် ဆိုင်သော သွားခြင်းကြိယာ သာမည (ကြိယာဇာတ်)ဖြစ်၍ သကတ်မည်၏၊ ထိုနောက် ယောကျ်ား၏ သွားခြင်းကိုပြောသော အရာဌာနဖြစ်၍ အရာအား လျော်စွာ ယောကျ်ား၏သွားခြင်းကြိယာသည် စိတ်၌ဖြစ်ပေါ်လာ၏၊ထိုကြိယာ အား ယောကျ်ားနှင့် ဆိုင်သောကြောင့် ဝိသေသကြိယာ မည်၏၊ ဤ ဝိသေသ ကြိယာသည် ကြိယာဒြပ်မည်၏၊ [ဒြပ် ၅-မျိုးတွင် "ကြိယာဒြပ်"ရှိကြောင်း ဘာဝတဒ္ဓိတ်၌ပြခဲ့ပြီ၊]ဤ"ယောကျ်ား၏ သွားခြင်းကြိယာ"ဟူသော ဒြပ်ကား ဂစ္ဆတိအရ မုချဟောလိုရင်းအနက်ဖြစ်၍ ပဓာနဒြပ်မည်၏၊ ထိုသွားခြင်းကြိယာ ဒြပ်သည် သူ့ဘာသာမဖြစ်, ယောကျ်ားဒြပ်၌ တည်၍ ဖြစ်ရကား "ဂစ္ဆတိ" ကြိယာသည်ပင် ယောကျ်ားဒြပ်ကိုလည်း အပ္ပဓာနအားဖြင့် ဟောသေး၏၊

သွားခြင်း ကြိယာ၏ တခုတည်းအဖြစ်သည် ကေဝုစ်သချ်ာ၊ "ဂစ္ဆတိ—သွား၏"ဟုဆိုရာ၌ သွားစွမ်းနိုင်လို့သာ သွားသည်, မသွားစွမ်းနိုင်ပဲ ဒူလာစွဲနေလျှင် သွားခြင်းကြိယာကို မဖြစ်စေနိုင်၊ ထို့ကြောင့် "ဂစ္ဆတိ"ဟု ဆိုလိုက်လျှင် ကြားရသူတို့စိတ်၌ သွားစွမ်းနိုင်သော ကတ္တုသတ္တိကိုလည်း သိရ၏၊ ထို ကတ္တုသတ္တိသည်လည်း ဂစ္ဆတိ၏ အနက်ဖြစ်သော ကတ္တုကာရကတည်း၊ ဤသို့လျှင် ဂစ္ဆတိအတွက်လည်း အနက် ၅-ပါးပင်ရသည်။

**တူ-မတူစစ်ချက်။** ။ဂစ္ဆတိ၏အနက်နှင့် ပုရိသောအနက်ကိုကောက်ချက်ချသောအခါ သကတ်,လိင်,သချ်ာအားဖြင့် မတူ၊ ခွဲဦးအံ့—သကတ်(သကတ္တ)ဟူသော မိမိတပုဒ်တည်းပိုင် အနက်ဖြစ်၍ သကတ်ချင်းမတူနိုင်ကြ၊ အာချာတ်၌ လိင်အနက်မရှိ၍ လိင်ချင်း တူ-မတူ စိစစ်ဖွယ် မလို၊ သချ်ာလည်း (ကေဝုစ်သချ်ာချင်း တူစေကာမူ)ပုရိသော၏သချ်ာသည် ယောကျ်ားတယောက်တည်း၏အဖြစ်-ဂစ္ဆတိ—သချ်ာကား သွားခြင်းကြိယာ တခုတည်း၏ အဖြစ်တည်း၊ဤသို့ သချ်ာ အရချင်းကွဲသောကြောင့် သချ်ာအနက်တခုပေါ်၌ ပုရိသောနှင့် ဂစ္ဆတိ သဒ္ဒါ ၂-ခုတို့ မတည်နိုင်ကြသဖြင့် သချ်ာအတွက်လည်း တုလျာဓိကရဏမဖြစ်။

**အနက် အရတူပုံ။** ။ဂစ္ဆတိ၏ ဟောနက်ဖြစ်သော အပဓာနဒြပ်နှင့် ကာရကကား တူကြသည်၊ ယောကျ်ားဒြပ် တခုတည်းကို လည်းကောင်း, ထိုယောကျ်ားဒြပ်၏ သွားနိုင်သော ကတ္တုသတ္တိကိုလည်းကောင်း ပုရိသောလည်း ဟော၏, ဂစ္ဆတိလည်း ဟော၏၊ ထိုဒြပ်နှင့် ကတ္တုသတ္တိအနက် ၂-ခုပေါ်၌ ပုရိသော-ဂစ္ဆတိသဒ္ဒါ ၂-ခုတို့ အတူတကွ တည်ကြသောကြောင့် "တုလျံ အဓိကရဏံ ယဿ"အရ ပုရိသော ဟူသော နာမသဒ္ဒါသည် ဂစ္ဆတိကြိယာနှင့် တုလျာဓိကရဏ ဖြစ်သည်ဟု ဆိုရသည်၊ ယဿ-အကြင် (ပုရိသော စသော) နာမသဒ္ဒါ၏၊ တုလျံ-ကြိယာပုဒ်နှင့်တူသော၊ အဓိကရဏံ-တည်ရာအနက်သည်၊ အတ္ထိ၊ ဣတိ၊ သော-ထိုနာမသဒ္ဒါသည်၊ တုလျာဓိကရဏော-မည်၏။

**မှတ်ချက်။** ။"သချ်ာအားဖြင့် တုလျာဓိကရဏဖြစ်သည်"ဟုဆိုကြသေး၏၊ကေဝုစ်ဟူသော သချ်ာနာမည်ချင်းသာ တူသည်၊ ထိုနာမည်၏ တည်ရာ အနက်ချင်းကားမတူ၊ ထို့ကြောင့် ထိုစကားကို စဉ်းစားသင့်သည်၊ မဂ္ဂနှင့် ဂစ္ဆတိလည်း သချ်ာချင်းတူကြသည်ပင်၊ သို့သော် မဂ္ဂ၏ ကေဝုစ်သချ်ာကို ဂစ္ဆတိက ဟောသည်မဟုတ်, ဂစ္ဆတိ၏ ကေဝုစ်သချ်ာကိုလည်း မဂ္ဂက ဟောသည်မဟုတ်၊ထို့ကြောင့် ကေဝုစ်သချ်ာဟူသော အသံချင်းတူစေကာမူ တုလျာဓိကရဏဖြစ်သည်ဟုမဆိုနိုင်၊ မဂ္ဂနှင့်ဂစ္ဆတိတို့ဒြပ်ချင်း ကာရကချင်းကား လုံးဝမတူကြ၊ထို့ကြောင့် မဂ္ဂနှင့်ဂစ္ဆတိတို့သည် မည်သည့်နည်းနှင့်မျှ တုလျာဓိကရဏမဖြစ်နိုင်တော့ချေ၊ [ဤနေရာ၀ယ် ဝုတ္တ အဝုတ္တသဘောကိုပါ ထည့်သွင်းပြောသင့်၏၊ အခြေပြု၌ နားလည်လောက်အောင် ရေးခဲ့ပြီ။]

[ဆောင်] ကြိယာနှင့်, တုလျာဓိကရဏ, ဖြစ်တုန်ကမူ, ဝုတ္တချည်းမှတ်, မဖြစ်လတ်က, အဝုတ္တ, မုချ ဆက်ဆက်ခေါ်။

တုမေ့မတ္တိမော ၄၁၁။ တုလျာဓိကရဏေ, တုမေ့–တုမှ သဒ္ဒါကို၊ ပယုဇ္ဇမာနေပိ, အပယုဇ္ဇမာနေပိ, မဏ္ဍိမပုရိသော ဟောတိ၊ တွံ–သည်၊ ယာတိ-သွား၏၊ တုမေ့-တို့သည်၊ ယာထ-သွားကုန်၏၊ အပယုဇ္ဇမာနေပိ (ဥဒါဟရဏံ)၊ ယာသိ, ယာထ၊ တုလျာဓိကရဏေတိ ကိမတ္ထံ၊တယာ-သင်သည်၊ ဩဒနော–ထမင်းကို၊ ပစ္စတေ–ချက်အပ်၏၊ ဣတိ–၏၊ (၄၃၆)။

---

တုလျာဓိကရဏေတိ၊ပေ၊ဒေဝဒတ္တေန။ ။ "တေန + ဟညသေ" ဝယ် တေနဟု နာမသဒ္ဒါကို တွဲဖက်ယှဉ်စပ်ထားသောကြောင့် အတ္တနောပုဒ် "တေ" ဝိဘတ်ဟူသော ပဌမပုရိသ်သက်၍ "ဟညတေ" ဟု ထားထိုက်သည် မဟုတ်ပါလော, အဘယ့်ကြောင့်"ဟညသေ"ဟု မဏ္ဍိမပုရိသ် "သေ" ဝိဘတ်ဖြင့် ထားရပါသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား–တေနသည် ဟညသေနှင့် တုလျာဓိကရဏ မဖြစ်သောကြောင့် ပဌမပုရိသ်, တေဝိဘတ်ဖြင့် မထားပဲ မဏ္ဍိမပုရိသ် သေဝိဘတ်ဖြင့် ထားရသည်၊ ချဲ့ဦးအံ့–"တေန ဒေဝဒတ္တေန"အရ သတ်တတ်သူ ဒေဝဒတ်ရ၍ "ဟညသေ" အရကား သတ်အပ်သူ (အသတ်ခံရသူ)ရ၏၊ ထို့ကြောင့်တေနသည် ဟညသေနှင့် အနက်အရချင်းမတူသဖြင့် တုလျာဓိကရဏ မဖြစ်၊ ဤသို့လျှင် တေနဟု နာမသဒ္ဒါကို တိုက်ရိုက် ယှဉ်စပ်ထားသဖြင့် "နာမမှိ ပယုဇ္ဇမာနေပိ" ဟူသော အင်္ဂါနှင့် ညီညွတ်ပါသော်လည်း တုလျာဓိကရဏ ဖြစ်ခြင်းဟူသော အင်္ဂါနှင့်မညီသောကြောင့် ပဌမပုရိသ် တေဝိဘတ်မသက်နိုင်။

အချုပ်မှတ်ဖွယ်။ ။ဤစကားအရ "၁- နာမသဒ္ဒါကို တိုက်ရိုက် ယှဉ်စပ်ထားခြင်း, သို့မဟုတ် နာမသဒ္ဒါ၏အနက်ကို သိလောက်ခြင်း ၂-ကြိယာနှင့် ထိုနာမသဒ္ဒါကို တုလျာဓိကရဏ (အနက်အရတူ) ဖြစ်ခြင်း, ဤ အင်္ဂါ ၂ ပါးညီညွတ်မှ ပဌမပုရိသ်ဝိဘတ် သက်နိုင်သည်ဟု မှတ်ပါ။ ["ဒေဝဒတ္တေန" ကား တေန၏စွဲနက်ကို ပြလို၍ အပိုထည့်ပါ၌တည်း၊ ထို့ကြောင့် အဆုံး၌ပြထားသည်၊ တွံဟူသော တုမှသဒ္ဒါနှင့် တုလျာဓိကရဏဖြစ်သောကြောင့် တုမေ့ မဏ္ဍိမောသုတ်အရ မဏ္ဍိမပုရိသ် "သေ" ဝိဘတ် သတ်လျက် "ဟညသေ" ဟု ထားရသည်၊] ဆိုင်ရာသုတ် မစုံသေးသောကြောင့် ရုပ်များကို တွက်မပြသင့်သေး, သုတ်စုံသည့်အခါ လွယ်ကူစွာ နားလည်ပါလိမ့်မည်။

---

၄၁၁။ "တွံ ယာသိ, တုမေ့ ယာထ"တို့သည် တုမှသဒ္ဒါ တိုက်ရိုက်ယှဉ်တွဲပြထားအော ပယုဇ္ဇမာနပုံစံများ၊ ယာသိ,ယာထတို့ကား အပယုဇ္ဇမာနပုံစံများတည်း၊ "၁-တုမှသဒ္ဒါ တိုက်ရိုက်ပြထားခြင်း, သို့မဟုတ် သိလောက်၍ မပြပဲထားခြင်း, ၂-ကြိယာပုဒ်နှင့် ထို တုမှသဒ္ဒါတို့၏ အနက် အရတူကြ၍ တုလျာဓိကရဏဖြစ်ခြင်း"ဟု အင်္ဂါ ၂ ပါး ညီညွတ်မှ ဓာတ်နောင် မဏ္ဍိမပုရိသ် (သိ·ထ,

အမှေ ဥတ္တမော ၄၁၂။ တုလျာဓိကရဏေ-သော၊ အမှေ-အမှ သဒ္ဒါကို၊ ပေ၊ ပေါတိ၊ အဟံ—ငါသည်၊ ယဇာမိ-ပူဇော်၏၊ မယံ-တို့သည်၊ ယဇာမ—ကုန်၏၊ အပယုဇ္ဇမာ နေ့ပိ(ဥဒါဟရဏံ)၊ ယဇာမိ, ယဇာမ၊ တုလျာဓိကရဏေတိ ကိမတ္ထံ၊ မယာ—သည်၊ ဗုဒ္ဓေါ—ဘုရားတို့၊ ဣဇ္ဇတေ—ပူဇော်အပ်၏၊ ဣတိ—၏၊ (၄၃၇)။

ကာလေ ၄၁၃။ ကာလေ ဣတိ—ကာလေ ဟူသော၊ တံ—ဤသုတ်ကို၊ အဓိကာရတ္ထံ—အဓိကာရ အကျိုး ရှိ၏ဟူ၍၊ ဝေဒိတဗ္ဗံ—၏၊ [ ဤ ကာလေသုတ်အဆည် ဝတ္တမာနာ ပစ္စုပ္ပန္နေသုတ်မှ စ၍ ကြိယာတိပန္နေ တီတေ

---

စသော)ဝိဘတ်များ သက်နိုင်သည်၊ ထို့ကြောင့် "တယာ ပစ္စတေ"၌ တယာဟု တမှသဒ္ဒါကို ယှဉ်တွဲပြထားသော်လည်း "တယာ"အရ ချက်တတ်သော လူဖြစ်၍ "ပစ္စတေ" အရ ချက်အပ်သော ထမင်းရသဖြင့် အနက်အရမတူ(တုလျာဓိကရဏ မဖြစ်)သောကြောင့် မဇ္ဈိမပုရိသ်မသက်နိုင်၊ သြဒနော့ကိုင့်၍ ပဌမပုရိသ်တေဝိဘတ်သာ သက်ရသည်။

---

၄၁၂။ ယုဇ္ဇမာန, အပယုဇ္ဇမာန ပုံစံများကို ခွဲခြားပါစေ၊ အမှသဒ္ဒါ တိုက်ရိုက်ရှိခြင်း, သို့မဟုတ်-သိလောက်ခြင်း,ကြိယာနှင့် ထိုအမှသဒ္ဒါ၏ တုလျာဓိကရဏဖြစ်ခြင်း"ဟု သုတ်အင်္ဂါ ၂ ပါးမှတ်၊ "မယာ ဣဇ္ဇတေ"၌ မယာဟု အမှသဒ္ဒါကို ယှဉ်တွဲပြထားသော်လည်း "မယာ" အရ ပူဇော်တတ်သူ ရ၍ "ဣဇ္ဇတေ"အရ ပူဇော်အပ်သော(အပူဇော်ခံရသော)ဘုရား ရသဖြင့် တုလျာဓိကရဏ မဖြစ်သောကြောင့် ဥတ္တမပုရိသ် (ဧဝိဘတ်) မသက်ပဲ ဗုဒ္ဓေါ ဟူသော နာမသဒ္ဒါနှင့် တုလျာဓိကရဏ ဖြစ်သောကြောင့် "ဣဇ္ဇတေ" ဟု ပဌမပုရိသ်တေဝိဘတ် သက်ရသည်။

အမှာ။ ။"မယာ—ငါသည်၊ တွံ—ကို၊ ဣဇ္ဇ—ပူဇော်အပ်၏"ဟု ဆိုလျှင် အဘယ်ပုရိသ် သက်မည်နည်း၊ "မယာ-ငါသည်၊ တုမှေ—တို့ကို၊ ဣဇ္ဇ—ပူဇော်အပ်ကုန်၏"ဟု ဆိုရာ၌လည်း အဘယ်ဝိဘတ် သက်မည်နည်း၊ ဖြေပါစေ၊ဤနေရာဝယ် "ကံ ကတ္တား ကြိယာ" ၃ မျိုးမှုကို ထုတ်၍ ကတ္တားဟောဝါကျ ကံဟောဝါကျများကို အခြေပြု၍ ပြထားသည့်အတိုင်း နားလည်အောင် လေ့လာသင့်ကြသည်။

၄၁၃။ အမေး။ ။"နာမ်ကျမ်း၌ ကာလေသုတ်နှင့် ဤကာလေသုတ်သည် မည်သို့ ထူးသနည်း, ထို ကာလေသုတ်ရှိပြီးလျက် ဤသုတ်ကို ဘာ့ကြောင့် ထပ်၍ ဆိုရသနည်း"....ဟူသော အကြီးတန်း ပုစ္ဆာတရပ်ကို ထိုအခါတုန်းက ဤသို့

ကာလတိပတ္တိ သုတ်တိုင်အောင် အစဉ်အတိုင်းလိုက်သွားမည့် အဓိကာရသုတ်တည်း၊ ထို့ကြောင့် ဤသုတ်ကိုလိုက်ခြင်း အကျိုးရှိသောသုတ်ဟု သိမှတ်ထိုက်သည်-ဟူလို၊] (၄၂၇)။

---

ဖြေခဲ့ဖူး၏၊— နာမ်ကျမ်း၌ ကာလသဒ္ဒါသည် အခါသာမညကို ဟော၏၊ ဤ၌ ကာလသဒ္ဒါကား ပစ္စုပ္ပန် အတိတ် အနာဂတ် ဟူသော အခါ ဝိသေသကို ဟော၏၊ (ရူပသိဒ္ဓိအလိုမူ ဤ၌ ကာလသဒ္ဒါသည် ကြိယာဟူသော အနက်ကို ဟော၏၊) ထိုသို့ အခါသာမညဟော, အခါဝိသေသဟော (တနည်း-"အခါ" အနက်ဟော"ကြိယာ"အနက်ဟော)အားဖြင့် ထူးခြားကြသည်၊ ထိုသို့ အနက်ဟောချင်းမတူသောကြောင့် နာမ်ကျမ်း၌ ကာလေသုတ်သည် ဤကျမ်းသို့မလိုက်နိုင်ရကား ဤနေရာ၌ ကာလေသုတ်ကို ထပ်၍တည်ရသည်၊ ဤသို့သော စကားသွားမျိုးဖြင့် ဖြေခဲ့ရသည်၊ သို့သော် မိမိဖြေခဲ့သော အဖြေကို ယခု စဉ်းစားသည့်အခါ မမှန်ကြောင်း တွေ့ရ၏၊ ဤ အာချာတ်၌ ကာလ သဒ္ဒါလည်း ပစ္စုပ္ပန်စသော ကာလဝိသေသကို သူ့ချည်းသက်သက် မဟောနိုင်၊ "ဝတ္တမာနာ ပစ္စုပ္ပန္နေ-အပစ္စက္ခေ ပရောက္ခာတီတေ-အနာဂတေ ဘဝိဿန္တိ" သုတ်တို့၌ လာသော ပစ္စုပ္ပန္နေစသော ဝိသေသနတို့ကြောင့်သာ ပစ္စုပ္ပန် စသော ကာလဝိသေသကို ဟောရသည်၊ကာလသဒ္ဒါ သက်သက်မှာ အခါ သာမညကိုပင်ဟောသည်၊ ထို့ကြောင့် ထိုအဖြေ မမှန်။

အဖြေမှန်ကား—ကာလေ ၂-သုတ်၌ပါသော ကာလ သဒ္ဒါသည် "အခါ" ဟူသော အနက်ဟောချင်း တူကြ၏၊ သို့သော် ထိုကာလေသုတ်များသည် အဓိကာရ ၃ မျိုးတွင် ရှေ့နောက် မလိုက်သောကြောင့် သီဟဂတိကလည်း မဟုတ်, ၂-သုတ် ၃-သုတ်စသည် ခုန်ကျော်၍မလိုက်သောကြောင့် မဏ္ဍူကဂတိကလည်း မဟုတ်, (မဏ္ဍူကဂတိက ဖြစ်စေကာမူ တခန်းနှင့် တခန်း, တကျမ်းနှင့် တကျမ်းကို လှမ်း၍ မခုန်နိုင်,ဖား သတ္တဝါ ခုန်သလို အနည်းငယ်သာ ခုန်၍ လိုက်နိုင်သည်၊) မိမိ နောက်သုတ်များသို့ အစဉ်အတိုင်း (သုတ်စဉ်အတိုင်း) လိုက်သော ယထာနုပုဗ္ဗိက အဓိကာရသုတ်များတည်း၊ ထို ယထာနုပုဗ္ဗိက အဓိကာရ တုံးစံကား မိမိနယ်နိမိတ် ဆုံးရုံသာ လိုက်နိုင်ရိုးတည်း၊ နာမ် ကာလေသုတ်၏နယ်သည်"ဣမသ္မာ ရဟိ ဓုနာစ"သုတ်တွင် ဆုံးခဲ့ပြီ၊ ဤသို့ မိမိနယ်နိမိတ် ဆုံးရုံသာ လိုက်ရိုးရှိသော ယထာနုပုဗ္ဗိက အဓိကာရသုတ် ဖြစ်ရကား နာမ် ကာလေသည် ဤ အာချာတ်သို့ မလိုက်နိုင်သောကြောင့် ကာလေသုတ်ကို ထပ်၍ အားထုတ်တော်မူသည်။ [ဇိနဝစနယုတ္တံဟိ သုတ်၏နယ်ကား ကစ္စည်းသုတ်စဉ် အကုန်တည်း၊ ထို့ကြောင့် သုတ်တိုင်းလိုက်နိုင်သည်။]

**ဝတ္တမာနာ ပစ္စုပ္ပန္နေ**

၄၁၄။ ပစ္စုပ္ပန္နေ — ပစ္စုပ္ပန် ဖြစ်သော၊ ကာလေ — ကြိယာ၌၊ ဝါ—အခါ၌၊ ဝတ္တမာနာဝိဘတ္တိ—ဝတ္တမာန် ဝိဘတ်သည်၊ ဟောတိ၊ ပါဋလိပုတ္တံ— ပါဋလိပုတ်ပြည်သို့၊ ဂစ္ဆတိ— သွား၏၊ သာဝတ္ထိယံ - သာဝတ္ထိပြည်သို့၊ ပဝိသတိ— (ဆွမ်းအလို့ငှာ) ဝင်၏။ [သီမူ၌ ''ဝိဟရတိ ဇေတဝနေ''ဟု ပုံစံတမျိုး ပါသေး၏။] (၄၀၂)။

---

၄၁၄။ ပစ္စုပ္ပန္နေ။ ။ပတိ+ဥပ္ပန္န၊ ပတိကို ပတိစ္စဟု ဖွင့်၏၊ ''ပတိစ္စ+ ဥပ္ပန္နော, ပစ္စုပ္ပန္နော'' ဟု ပြု၊ ပတိစ္စ - ထိုထိုအကြောင်းကိုစွဲမှီ၍ + ဥပ္ပန္နော— ဖြစ်ဆဲကြိယာတည်း၊ ပစ္စုပ္ပန္နော—ယာ၊ သွားဖို့ရန် အကြောင်းကိစ္စရှိလျှင် ထို ကိစ္စကိုစွဲ၍ (ထိုကိစ္စကို အကြောင်းပြု၍)သွားခြင်းကြိယာ ဖြစ်ပေါ်၏၊မည်သည့် ကိစ္စမျှမရှိပဲ သွားလိုသောဆန္ဒ ဖြစ်ပြန်လျှင် ထိုဆန္ဒသည်ပင် သွားခြင်းကြိယာ၏ အကြောင်းဖြစ်ရကား ထိုဆန္ဒကိုစွဲ၍ သွားခြင်းကြိယာ ဖြစ်၏၊ ဤသို့ စသည်ဖြင့် ထိုထိုအကြောင်းကိုစွဲ၍ ဖြစ်ဆဲဖြစ်တုန်းဖြစ်၍ မပြီးသေးသောကြိယာကို''ပစ္စုပ္ပန် ကြိယာ''ဟု ခေါ်သည်။

ကြိယာ ၃ မျိုး။ ။ပစ္စုပ္ပန်ကြိယာနှင့်စပ်၍ အတိတ် အနာဂတ် ကြိယာတို့ ကိုပါ ဤနေရာ၌ မှတ်သင့်၏၊စတည် အားထုတ်အပ်၍ အပြီးမသတ်သေးသော ကြိယာသည် ပစ္စုပ္ပန် မည်၏၊ ဥပမာ - ပဌမ ထမင်းလုတ်ကို စားသည်မှ စ၍ နောက်ဆုံး ထမင်းလုတ် စားသည့်တိုင်အောင် အတွင်း၌ စားခြင်း ကြိယာသည် ပစ္စုပ္ပန် မည်၏ ထို စားတုန်း စားဆဲမှာပင် စကားပြောခြင်း - ပြုံးရယ်ခြင်း စသောအခြားကြိယာများ ပါဝင်နေစေကာမူ ထိုအားထုတ်အပ်သော စားခြင်း ကြိယာမပြီးသေးသမျှ ပစ္စုပ္ပန်ပင်တည်း၊နောက်ဆုံး ထမင်းလုတ်ကို စားပြီးသည့် အခါဝယ် ထို စားခြင်းကြိယာသည် အတိတ်ကြိယာ (လွန်ပြီးကြိယာ) ဖြစ်တော့ ၏၊ စားကား မစားရသေး-သို့သော် ကေန် စားရမည်ဖြစ်သော ကြိယာသည် အနာဂတ် မည်၏၊ အရိမေတ္တေယျဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော် ကေန် ဖြစ်ပေါ်လတ္တံ့ဖြစ်သောကြောင့် ထိုဉာဏ်တော်၏ဖြစ်ခြင်းကြိယာသည်အနာဂတ် မည်၏၊ ငါတို့ ဘုရားရှင်ဉာဏ်တော်၏ ဖြစ်ခြင်းကြိယာကား အတိတ်ဖြစ်လေပြီ၊ ဤသို့ ကြိယာ ၃ ရပ်ကို ပိုင်းခြား သတ်မှတ်ရာ၏။

**အာရဒ္ဓါ နိဋ္ဌိတော ဘာဝေါ, ပစ္စုပ္ပန္နော သုနိဋ္ဌိတော၊**
**အတီတာ နာဂတုပ္ပာဒ မပတ္တာ ကြိယာဘိမုခါ။**

အာရဒ္ဓေါ-စတည် အားထုတ်အပ်သည်ဖြစ်၍၊ အနိဋ္ဌိတော-မပြီးသေးသော၊ ဘာဝေါ-ကြိယာသည်၊ပစ္စုပ္ပန္နော-မည်၏၊ သုနိဋ္ဌိတော-ကောင်းစွာပြီးပြီးသော၊ ဘာဝေါ- သည်၊ အတီတော-မည်၏၊ ဥပ္ပာဒံ- ဖြစ်ခြင်း (ဥပါဒ်ခြင်း) သို့၊

အပ္ပတ္တ-မရောက်သေးသော၊ အဘိမုခါ-ဖြစ်မည်ဟု ရှေးရှုသော၊ ကြိယာ-ကြိယာသည်၊ အနာဂတော-မည်၏၊....[ကစ္စာယနသာရ။]

ကာလေ။ ။"ကာလေ" ဟူသော ရှေ့သုတ်မှ လိုက်လာသောကြောင့် "ပစ္စုပ္ပန္နေကာလေ"ဟု ဝုတ္တိဖွင့်သည်၊ ထို "ကာလေ"အရ ကြိယာကိုလည်းကောင်း,အချိန်အခါကိုလည်းကောင်း ယူကြ၏၊ ထိုတွင် ကာလ၏အနက်ကို ကြိယာ ရအောင်ဖွင့်သော(နျာသ, ရူပသိဒ္ဓိ, မောဂ္ဂလ္လာန်, သဒ္ဒနီတိ)ဆရာတို့ အလိုအားဖြင့်"ကရဏံ-ပြုခြင်း,ကာရော-ပြုခြင်း"ဟု ကရဓာတ် ဏပစ္စည်းဖြင့်"ကာရ" ဟု ပြီးစေပြီးနောက် (မဟာသာရောမှ မဟာသာလော ဖြစ်နည်းကဲ့သို့) ရ ကို လပြု၍"ကာလော"ဖြစ်သည်ဟု ကြံကြသည်၊"ကရဏံ=ကာရော=ကြိယာ" ဤ ၃-ပုဒ်ကား အနက်တူပင်တည်း၊ ကြိယာ၌ ကရဓာတ် ရိရိယပစ္စည်း ဖြစ်ခြင်းသာ ကွဲလွဲ၏၊ ဆက်ဦးအံ့၊ "ဘူ ကရ သဗ္ဗဓာတွတ္ထ ဗျာပကာ=ဘူဓာတ်နှင့် ကရဓာတ်တို့သည် ဓာတ်နက် အားလုံး၌ ပြန့်နှံ့ ပါဝင်နိုင်ကုန်၏" ဟူသော ပရိဘာသာနှင့်အညီ ကရဓာတ်ဖြင့် ကာလောဟု ပြသည့်အခါ "သွားမှုကို ပြုခြင်း (သွားခြင်း ကြိယာ) စားမှုကိုပြုခြင်း (စားခြင်းကြိယာ)" ဤသို့စသည်ဖြင့် ဂမုဓာတ် ဘုဇဓာတ် ပစဓာတ် စသော အားလုံး၏ အနက်၌ ပြုခြင်းကြိယာ (ကရဓာတ်နက်) ပါဝင်နိုင်သည်၊ ထို့ကြောင့်"ပစ္စုပ္ပန္နေ ကာလေ-ပစ္စုပ္ပန်ကြိယာ၌" ဟူသော စကားဝယ် ပစ္စုပ္ပန်သွားခြင်း ပစ္စုပ္ပန်စားခြင်း ပစ္စုပ္ပန်ချက်ခြင်းစသော ကြိယာအားလုံး ပါဝင်သည်-ဟု မှတ်ပါ။

အခါကာလ အနက်ဟောဝါဒ။ ။ကာလေအရ ကြိယာဟူသော အနက်ကို မယူပဲ အခါကာလကို ယူသောဝါဒလည်း (ဘောဒစိန္တာ၌) ရှိသေး၏၊ ထိုကာလဟူသည် အထည်ဒြပ်ထင်ရှားမရှိသောပညတ်တမျိုးတည်း၊ ထိုကာလသည် မည်သည့်လက်ထက်က စ၍ ဖြစ်ပြီးသျှင် မည်သည့်လက်ထက်၌ ကွယ်ပျောက်လိမ့်မည်ဟု မဆိုရ, အမြဲ ထင်ရှားရှိ၏၊ ကာလ ၂-မျိုး, ၃-မျိုး စသည်လည်း မကွဲပြား, ကာလတမျိုးသာ ရှိ၏၊ သို့သော် "သွားခြင်း-ချက်ခြင်း-စားခြင်း" စသော ကြိယာတို့၏ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟု ကွဲပြားခြင်းကြောင့် ကာလလည်း ပစ္စုပ္ပန်ကာလ အတိတ်ကာလ အနာဂတ်ကာလ ဟု ကွဲပြားရလေသည်၊ အချုပ်မှာ- ကာလသည် နဂိုအတိုင်း အကွဲအပြားမရှိ၊ ကြိယာ၏ ကွဲပြားမှုကို (ထိုကြိယာ၏ ဖြစ်တည်)အချိန်အခါပေါ် တင်စားသော ဥာနျုပစာအားဖြင့် ပစ္စုပ္ပန်ကာလ အတိတ်ကာလ အနာဂတ်ကာလ ဟု ကွဲပြားရသည် - ဟူလို။ ["ကြိယာဘေဒူ ပစာရေန, ကာလေကောပိ ပဘိဇ္ဇတေ=ကာလတမျိုးတည်းပင် ဖြစ်သော်လည်း ကြိယာ၏ကွဲပြားမှုကို ကာလ၌ တင်စားသောအားဖြင့် ကာလလည်း ကွဲပြားလေသည်" - ဘောဒစိန္တာ။]

ဝတ္တမာနာ။ ။''ဝတ္တတိ–ဖြစ်ဆဲ (ဖြစ်တုန်း, ဖြစ်၍မပြီးသေး)၊ ဣတိ ဝတ္တမာနော–ဝတ္တမာနမည်၏၊ ဝတ္တမာနေ–ဖြစ်ဆဲကြိယာ၌၊ ဝါ-ဖြစ်ဆဲကြိယာ၏ တည်ရာကာလ၌၊ ဘဝါ-ဖြစ်သော ဝိဘတ်သည်၊ ဝတ္တမာနာ– ဝတ္တမာနာမည်၏'' ဤ ဘာဝတဒ္ဓိတ်ဝိဂ္ဂိုဟ်အရ ထိုဖြစ်ဆဲကြိယာကို (ထို ဖြစ်ဆဲကာလကို) ဟောသောဝိဘတ်သည် ဝတ္တမာန်ဝိဘတ်မည်၏၊ ''ဂစ္ဆတိ– သွား၏'' ဟူရာ၌ ''သွားတုန်း, သွားဆဲ, သွား၍ မပြီးသေး''ဟု အဓိပ္ပာယ်မှတ်ပါ၊ ထို ဝတ္တမာန်သည် ၄ မျိုးရှိ၏။

နိစ္စပ္ပဝတ္တိ သမီပေ ါ,ပဝတ္တော-ပရတော တထာ၊
ပဝတ္တာ ဝိရတောစေတိ, ဝတ္တမာနော စတုဗ္ဗိဓော။
ဣဟ ပဗ္ဗတာ တိဋ္ဌန္တိ, ကုတော အာဂစ္ဆသိ တုဝံ၊
အဟံ မံသံ နခါဒါမိ, မံသံ ခါဒါမိ ဘော အဟံ။

နိစ္စပ္ပဝတ္တိ။ ။အမြဲဖြစ်နေသောကြိယာသည် နိစ္စပ္ပဝတ္တိ ဝတ္တမာန် မည်၏၊ ''ဣဟ ပဗ္ဗတာ တိဋ္ဌန္တိ=ဤအရပ်၌ တောင်တို့ တည်ကြသည်'' ကမ္ဘာဦး၌ တောင်များစ၍ ပေါ်ပေါက်ခဲ့ရာ, ထိုတောင်တို့သည် ရှေးကလည်း တည်လာခဲ့ပြီး, ယခုလည်း တည်ရှိဆဲ,နောင်အခါလည်း တည်ဦးမတ္တံ့၊ဤသို့တောင်တို့၏ တည်ခြင်းကြိယာသည် မပျောက်မပျက် (မပြီးဆုံး)နိုင်ပဲ အမြဲဖြစ်လျက် ရှိ၏၊ ထို့ကြောင့် တိဋ္ဌန္တိအရ တည်ခြင်းကြိယာသည် နိစ္စပ္ပဝတ္တိ ဝတ္တမာန်တည်း၊ [နိစ္စ=အမြဲ+ပဝတ္တိ=ဖြစ်ခြင်းရှိသော ဝတ္တမာန်။]

သမီပဝတ္တမာန်။ ။ပစ္စုပ္ပန်ကြိယာ၏အနီးဖြစ်သော အတိတ် အနာဂတ် ကြိယာကို ''သမီပ''ဟု ခေါ်၏၊ ထို သမီပကြိယာ၌ဖြစ်သော ဝတ္တမာန်သည် သမီပဝတ္တမာန်မည်၏၊ ''ကုတော ဘဝံ အာဂစ္ဆတိ=အရှင် ဘယ်က လာခဲ့ပါသနည်း၊ ပါဋလိပုတ္တတော အာဂစ္ဆာမိ=ပါဋလိပုတ်ပြည်မှ လာခဲ့ပါသည်'' ဤ အမေး အဖြေကား ပါဋလိပုတ်ပြည်မှ လာခဲ့၍ ထိုင်နေသည့် အခိုက်ကျမှ ဖြစ်သော အမေး အဖြေတည်း၊ ခွဲဦးအံ့– ထိုင်နေသည့်အခိုက်၌ အာဂမန (လာခြင်း)ကြိယာသည် အတိတ်ဖြစ်လေပြီ၊ သို့သော် အလွန်ဝေးသောအတိတ် မဟုတ်, လာ၍ ထိုင်ခါစရှိသေး၏, ခရီးပင်ပန်းမှုပင် မငြိမ်းအေးသေး၊ ဤသို့ ပစ္စုပ္ပန်ဖြစ်သော ထိုင်နေခြင်းကြိယာ၏ အနီးဖြစ်သော အာဂမနကြိယာ၌ ဝတ္တမာန်ဝိဘတ်ဖြင့် သုံးစွဲအပ်သော ဝတ္တမာန်သည် သမီပဝတ္တမာန် မည်၏၊ ဤ အတိတ် သမီပကို ရည်ရွယ်၍ ကုဋိကာရသိက္ခာပဒဋ္ဌကထာ၌....

''ကုတော တွံ ဘိက္ခု အာဂစ္ဆသီတိ ဧတ္ထ နိသိန္နော သောဘိက္ခု,
န အာဂစ္ဆတိ၊ ဝတ္တမာနသမီပေ ပန ဧဝံ ဝတ္တုံ လဗ္ဘတိ၊ ပေ၊
တတော အဟံ အာဂစ္ဆာမီတိ ဧတ္တာပိ ဧသေဝနယော''ဟု မိန့်ပြီ။

**အနာဂတ် သမီပ**။ ။အနာဂတ်သမီပလည်း ရှိ၏၊ မသွားသေးပဲ သွားမည်ဟု ပြင်ဆင်နေသူကို "ကုဟိံ ဂစ္ဆသိ=ဘယ်သွားမလို့လဲ၊ သာဝတ္ထိယံ ဂစ္ဆာမိ=သာဝတ္ထိပြည် သွားမလို့" ဤ၌ သွားခြင်းကြိယာသည် ပစ္စုပ္ပန် မဟုတ်, သွားလတ္တံ့ အနာဂတ်သာတည်း၊ သို့သော် သွားဖို့ရာ နီးကပ်နေပြီဖြစ်၍ (ထိုင်ခြင်းစသော **ပစ္စုပ္ပန်**ကြိယာ၏ အနီးဖြစ်သော အနာဂတ်သွားခြင်း ကြိယာကို) ဂစ္ဆသိ, ဂစ္ဆာမိ ဟု ဝတ္တမာန်ဝိဘတ်ဖြင့် သုံးစွဲနိုင်သည်၊ ထို့ကြောင့်ပင် ရှုတ်ဆိုခြင်း ကြိယာမဖြစ်မီ ဖြစ်ခါနီး၌ "မယံ—ငါတို့သည်၊ ဘဏာမ—ရွတ်ဆိုကြကုန်စို့" စသည်ဖြင့် သုံးစွဲကြသည်၊ ဤစကားစဉ်အရ အတိတ် သမီပဝတ္တမာန်, **အနာဂတ်** သမီပဝတ္တမာန် ဟု သမီပ ၂ မျိုးရှိကြောင်းကို သိပါ။

မှတ်ချက်။ ။"သမီပ"ဆိုသည့်အတိုင်း နီးကပ်နေသော အတိတ်အနာဂတ်ကိုသာ (အတိတ်ဖြစ်လျှင် ထိုအတိတ်ကြိယာနှင့် ဆက်သွယ်နေသော ခရီးပန်းမှု မပြေမ်းအေးခင် စသည်-အနာဂတ်ဖြစ်လျှင် သွားတော့မည်ဟု ပြင်ဆင်နေခိုက်,ရွတ်ဆိုတော့မည်ဟု ဟန်ပြင်နေခိုက်, တစုံတခုဖြစ်မည့် **အ**ရာမျိုး၌, ဖြစ်တော့မည်ဟု အရိပ်နိမိတ်ပေါ်လာခိုက် စသည်ကိုသာ) ဝတ္တမာန်ဖြင့် သုံးစွဲနိုင်သည်၊ ဝေးသောအတိတ်နှင့် တစုံတခု အရိပ်နိမိတ် မထင်သေးသော **အ**နာဂတ်ကြိယာဖြစ်မှု "သမီပ"ဟု မဆိုရ။

**ပဝတ္တော-ပရတ ဝတ္တမာန်**။ ။ပဝတ္တတော — ဖြစ်သောကြိယာမှ၊ ဥပရတော-ရှောင်ကြဉ်ခြင်းကြိယာသည်၊ ပဝတ္တောပရတော-မည်၏၊ "အဟံ မံသံ နခါဒါမိ=ငါ အသားမစားပါ" ဤ၌ ရှေးက အသားစားခြင်း ကြိယာသည် ဖြစ်ဖူး၏၊ ထို အသားစားခြင်းမှ ရှောင်ကြဉ်ခြင်းကား (ပဌမ ရှောင်ကြဉ်စဉ်ကာလမှစ၍ ယခုတိုင်အောင် လည်းကောင်း, နောင် မစားပဲနေသမျှ လည်းကောင်း ရှောင်မြဲရှောင်နေမည် ဖြစ်၍) ပဝတ္တောပရတတည်း၊ ထို ပဝတ္တောပရတ၌ "မံသံ နခါဒါမိ"ဟု ဝတ္တမာန်ဖြစ်နိုင်သည်။

**ပဝတ္တာ - ဝိရတ ဝတ္တမာန်**။ ။ပဝတ္တတော — ဖြစ်သော ကြိယာမှ၊ အဝိရတော-မရှောင်ကြဉ်ခြင်းသည်၊ ပဝတ္တာ-ဝိရတော-မည်၏၊ "ဘော-အမောင်၊ အဟံ မံသံ ခါဒါမိ" ဤ၌ ပဌမအသားစားခြင်း ကြိယာဖြစ်၏၊ ထိုကြိယာသည် (စားတုန်း စားဆဲ မဟုတ်သော်လည်း) အသားစားမှုမှ မရှောင်ကြဉ်သမျှ တည်မြဲ တည်ရှိသည်၊ ထို့ကြောင့် ဝတ္တမာန် ဖြစ်နိုင်သည်။

**သာရတ္ထဒီပိကာ**။ ။ပစ္စုပ္ပန္နေ ဝတ္တမာန ဝစနန္တိ—သဗ္ဗဒါ ပတိသေဝနာဘာဝေပိ(အခါခပ်သိမ်း မပြောက်မ၌ မေထုန်မှီဝဲခြင်း မရှိပါသော်လည်း) ဂဟမလ္လာ ယုဇ္ဈန္တီတိ အာဒိသုဝိယ( လက်ဝှေ့သမားတို့ အမြဲ လက်ဝှေ့သတ်ရာ မဟုတ်,မကြာမကြာ လက်ဝှေ့သတ်ရာ၌သာနကို "ဂဟ မလ္လာ ယုဇ္ဈန္တိ- ဤနေရာ၌ လက်ဝှေ့သမားတို့ လက်ဝှေ့သတ်ကြ၏"ဟု ဝတ္တမာန် ဖြစ်သကဲ့သို့) ဗာဟုလ္လဝုတ္တိ မုပါဒါယ ( အဖြစ်များမှု ငဲ့၍ ) ဝတ္တမာနဝစနံ-( ပဌမ ပါရာဇိက )၊

[“အနုသေတိ ဥပ္ပဋ္ဌတီတိ ပစ္စုပ္ပန္န ဝေါဟာရာ (ပစ္စုပ္ပန် ဝေါဟာရတို့ကို) ပဝတ္တာဝိရာမဝသေန ဓေဒိတဗ္ဗာ” ဟူသော အနုသယ ယမိုက် မူလဋီကာ၌လည်း ဤ ဝတ္တမာန်တည်း၊ ရူပသိဒ္ဓိ၌ သမီပျူပစာ ဝတ္တမာန်နှင့် တံကာလဝစနိစ္ဆာ(တံကာလာဒေပက္ခ)ဝတ္တမာန်ကိုလည်း ပြသေး၏, ထိုမှာ ရှုလေ။]

(၁၀) ယာဝပုရေပုရာ ယောဂေ နာဂတေ။ ။[သဒ္ဒနီတိ, အာချာတ်၊] ယာဝ, ပုရေ, ပုရာနိပါတ်တို့၏ ယှဉ်ရာ၌ အနာဂတ်ကာလဝယ် ဝတ္တမာန် သက်၏၊ “ယာဝ ဒေဝ အနတ္ထာယ, ဉတ္တံ ဗာလဿ ဇာယတိ” “ဗာလဿ—စိတ်မကောင်းသူ, မိုက်သောလူ၏၊ ဉတ္တံ-တတ်သိနားလည်သူ၏ ဖြစ်ကြောင်း, ကောင်းကောင်းဆိုးဆိုး,အတတ်မျိုးသည်၊ ဝါ-ကျော်စော ထင်ရှားသူ၏ဖြစ်ရာရာထူး ဂုဏ်သိန် စည်းစိမ်ဟူသမျှတို့သည်၊ ဉာတဿ+ဘာဝေါ,ဉတ္တံ၊) ယာဝ အနတ္ထာယ ဧဝ-အကျိုးမဲ့ဖို့ရာသာ၊ ဇာယတိ-ဖြစ်လတ့်၊“ယာဝ ပါဟံ အာဂစ္ဆာမိ, တာဝ ဣဓေဝ ဟောဟိ=ငါလာသည့်တိုင်အောင် ဤနေရာမှာပင် နေရစ်” “ယာဝ အာဂစ္ဆာမိ” ၌ လာဆဲ မဟုတ်, လာလတ့်တည်း၊ “ဓမ္မဥ္စ ဝိနယဥ္စ သင်္ဂါယာမ, ပုရေ ဒိပ္ပတိ အဓမ္မော=အဓမ္မတရား မထွန်းကားမီ” ဟူရာဝယ် ထွန်းကားခြင်း ကြံယာသည် အနာဂတ်တည်း၊ “ပုရေ” ဟူသည့်ကား ထိုထွန်းကားရာလာလမှ ရှေ့(ယခုသင်္ဂါယနာတင်သင့်ရာအချိန်)တည်း၊ထို့ကြောင့် ပုရေနှင့် ဒိပ္ပတိကို တွဲ၍ “မထွန်းကားမီ”ဟု မြန်မာပြန်ရသည်၊ “ပုရာ ဝဿတိ ဒေဝေါ-မိုးမရွာမီ” “ပုရာ မရာမိ-မသေမီ၊ ဣမေ ဒန္တေ-ဤ အစွယ်တို့ကို၊ ဆိန္ဒ—ဖြတ်ယူလော့(ဆဒ္ဒန်ဇာတ်)” “ပုရာ ဟညာမိ- မသတ်အပ်မီ၊ ယျောသိ—လိုက်ခဲ့ပါ (ဒုတိယ ပါရာဇိက)”။

(၁၁) ကာေလ-ဝဿမ္ဘာဝိယာ-နိယမတ္ထေသု။ ။ ကာေလ အနက်, အဝဿံဘာဝိယ(မချွတ်ဖြစ်လတ္တံ့)အနက်, ကာလသတ်မှတ်ခြင်း မရှိသော အနိယမ အနက်တို့၌လည်း အနာဂတ်ကာလဝယ် ဝတ္တမာန် သက်၏၊ နိရယံ နူန ဂစ္ဆာမိ, နတ္ထိ မေ ဧတ္ထ သံသယော—ငရဲသို့ စင်စစ်သွားရတော့မည်၊ ဤ ငရဲသွားရမည့်အချက်၌ ငါ့အတွက် သံသယမရှိ” ဤ၌ ဂစ္ဆာမိကား ကာေလ(စင်စစ်) အနက်၌ အနာဂတတ္ထ ဝတ္တမာန်တည်း၊“ဓုဝံ ဗုဒ္ဓေါ ဘဝါမဟံ-မချွတ် ငါဘုရားဖြစ်လိမ့်မည်” အဝဿံ ဘာဝိယတ္ထ ဝတ္တမာန်တည်း၊ “မနသာ စေ ပဒုဋ္ဌေန ဘာသတိ ဝါ ကရောတိ ဝါ= ပျက်သောစိတ်ဖြင့် တကယ်ပြောသည် ဖြစ်စေ, ပြုသည်ဖြစ်စေ” ဤ၌ ဘာသန ကရဏကြိယာတို့သည် ပစ္စုပ္ပန်ဟုသာ သတ်မှတ်ချက် မရှိ, အဘာသိ ဝါ အကာသိ ဝါ ဟု အတိတ်နှင့် လည်းကောင်း, ဘာသိဿတိ ဝါ ကရိဿတိ ဝါ ဟု အနာဂတ်နှင့်လည်းကောင်း သက်ဆိုင်၏၊ ဤသို့ ကာလ အမြဲသတ်မှတ်ခြင်း မရှိသော (၃ မျိုးနှင့်ဆိုင်သော) အနိယမတ္ထ၌လည်း ဝတ္တမာန် ဖြစ်သည်။

(၁၂) မဘာန္တရေ ကဒါကရဟိနံ ယောဇဂဝ ဝါ။ ။ ဆရာတို့ အယူတမျိုး၌ကား ကဒါကရဟိသဒ္ဒါတို့နှင့် ယှဉ်ရာ၌ ဝိကပ်အားဖြင့် အနာဂတ်၌ဝတ္တမာန်ဖြစ်၏၊ "ကဒါဂစ္ဆတိ=ဘယ်အခါ သွားမလဲ၊ ကရဟိဂစ္ဆတိ=ဘယ်တော့သွားမလဲ" ဤ၌ သွားဆဲမဟုတ်, သွားလတ္တံ့ကြိယာကို မေးခြင်းတည်း၊ ထို့ကြောင့် အနာဂတတ္ထဝတ္တမာန်ဟု ဆိုသည်၊ သို့သော် "ဝါ"ဟု ဆိုသောကြောင့် "ကဒါ ဂမိဿသိ"စသော ဝိကပ်ရုပ်များလည်းရှိ၏၊ မုဒ္ဒဗောဓ၌ "ကဒါ-ဘယ်အခါ၌၊ ဝါ-ဘယ်တော့မှ၊ ကာဝိန္ဒ-ဗိဿဏိုးကို၊ ပဿာမိ-မြင်ရပါအံ့နည်း၊ ကရဟိ-ဘယ်အခါမှ၊ ဝါ-မှ၊ သက်ရုံ-မဟေသွရကို၊ ဒက္ခာမိ-မြင်ရပါအံ့နည်း"ဟု ပုံစံထုတ်၏။

ပါဏိနိ၌ "ကိံ ဝုတ္တေ လိစ္ဆာယံ"ဟု သုတ်ဘည်၍ လိစ္ဆာအနက်ကိုဟောရာ၌ ကိံသဒ္ဒါနှင့် တွဲဘက်၍ဆိုအပ်သော် အနာဂတ်၌ ဝိကပ် ဝတ္တမာန် သက်၏၊ လဒ္ဓုံ-ရခြင်းငှါ+ဣစ္ဆာ-အလိုသည် - လိစ္ဆာ - မည်၏၊ ကတရော (ကတမော ဝါ)-အဘယ်သူသည်၊ ဘိက္ခံ - ထမင်းကို၊ ဂဏှာတိ-ယူလိုလတ္တံ့နည်း၊ (ယူချင် လိမ့်မည်နည်း၊ ဂဏှိဿတိ ဟု ဝိကပ်လည်း ရှိ၏၊) ဤ၌ "ကိံ"ဟု ဆိုသော် လည်း ကိံသက်သက် မဟုတ်, တရ-တမနှင့်ယှဉ်သော ကိံတည်း၊ ထို့ကြောင့် "ကတရော, ကတမော"ဟု ပုံစံထုတ်သည်၊ ထို လိစ္ဆာအနက်၌ပင် ဝိဘတ်ဆုံးသော ကိံသဒ္ဒါ (ကော) နှင့် ယှဉ်ပြန်မူ "ကော-ဘယ်သူသည်၊ ဘိက္ခံ-ထမင်းကို၊ ရာတိ — (ရာဿတိ) ယူချင်လတ္တံ့နည်း" ဟူသော အနက်၌ ဝိကပ်ဝတ္တမာန် သက်၊ ဤသုတ်များကို ရည်ရွယ်၍ "ပုရေ ယာဝ ပုရာယောဂေ, ကဒါ ကရဟိ ကော ကွစိ၊ လိစ္ဆာယမပိ ကိံ ဝုတ္တေ, ဝတ္တမာနာ ဘဝိဿတိ"ဟု ရှေးဆရာတို့ မိန့်ကြသည်။

[ဆောင်] ယာဝ ပုရာ, ပုရေပါမူ နိစ္စသာတည်း၊ကဒါ–ကရဟိ,ကော ယှဉ်ဘိက, မှတ်ဘိဝိကပ်, ကိံယှဉ်စပ်လျှင်း- ရလိုခြင်းပါ, ကြိယာဝယ်, အနာဂတ် နက်, ဝတ္တမာန်သက်၏၊ တချက် ကေန်,အဇဝံ ဘာဝိ, အနိယမတ်, ဤသုံးရပ်လည်း,သက်လတ် ဝတ္တမာန်, နိတိ ကြီးသည်, ကျမ်းဂန်ထိုထို အရှိတည်း။

ပါဏိနိ။ ။ လိစ္ဆမာနသိဒ္ဓိဝါ" ဟုသုတ်တည်၍ ရခြင်းငှာ အလိုရှိအပ်သော ထမင်း စသည်ဖြင့် ပြီးစီးခြင်းကို သိအပ်ရာဝယ် အနာဂတ်၌ ဝတ္တမာန် ဝိဘတ် ဝိကပ်သက်၏၊ ယော အန္နံ ဒဒါတိ-အကြင်သူ ထမင်းပေးလတ္တံ့(ဒဿတိလည်း ရှိ၏)၊ သော သဂ္ဂံယာတိ-ထိုသူ နတ်ပြည်ရောက်လတ္တံ့ (ယဿာတိလည်း ရှိ၏၊) "အာသိသာယံ ဘူတာဝ"ဟု သုတ်တည်၍ အာသိသာ (တောင့်တခြင်း အနက်ကိုဟောရာ၌ကား မရောက်အပ် မရအစ်သေး၍ အနာဂတ်ဖြစ်သော်လည်း ဖြစ်ပြီးကဲ့သို့ရှင်း, ဖြစ်ဆဲကဲ့သို့ရှင်း စိတ်၌ ထင်ယောင် မြင်ယောင်ဖြစ်နေရကား

ထိုအနာဂတ်အနက်၌ အတိတ်ဝတ္တမာန်ဝိဘတ်တို့ ဝိကပ်သက်နိုင်၏၊ ဒေဝေါစေ အဝဿိ (မိုးရွာပြီး ဖြစ်လျှင်) ဝဿတိ (မိုးရွာဆဲ ဖြစ်လျှင်) ဝဿိဿတိ (ရွာလတ္တံ့ဖြစ်လျှင်) မယံ ဝပိမှာ ဝပါမ ဝပိဿာမ-(ငါတို့စိုက်ပျိုးပြီ, စိုက်ပျိုးဆဲ, စိုက်ပျိုးလတ္တံ့ ဖြစ်ကြမှာပဲ)။ [ပဟူတဓနေ ဓညေဿတိ-ပဟူတဓနေဓညေဘဝိဿတိ သမ္ဗရာယံတိ အဓိပ္ပာယော၊ အာသိံသာယံ ဟိ အနာဂတေပိ ဝတ္တမာနဝစနံ ဣစ္ဆန္တိ သဒ္ဒကောဝိဒါ'' ဟူသော သုတ္တနိပါတ် ပြာဟ္မဏဓမ္မိကသုတ်အဋ္ဌကထာလည်း ဤသုတ်ကိုပင် ရည်ရွယ်သည်။]

(၁၃) နနုမှိပဋိဝစနေတိတေစ။ ။နနုသဒ္ဒါလည်း အနီးရှိ, မေးအပ်သည်ကို ပြန်၍ မေးသောအားဖြင့် ပြောဆိုခြင်းလည်းဖြစ်လျှင် အတိတ်အနက်၌လည်း ဝတ္တမာန်သက်၏၊ ''အကာသိ ကဋံ ဒေဝဒတ္တ, နနု ကရောမိ ဘော ဤ၌ ''အကာသိ ကဋံ ဒေဝဒတ္တ''သည် စ၍မေးအပ်သော ပုစ္ဆာတည်း၊ ဤပုစ္ဆာကား ရိုးရာဖြစ်၍ အတိတ်အနက်၌ အဇ္ဇတနီသက်သည်၊ ''နနု ကရောမိ ဘော'' ကား ထိုအမေးအရ ပြန်၍ပြောသော ပဋိဝစန (စကားတုံ့)ဝါကျတည်း၊ဤ၌ နနုလည်းပါ - ပြန်၍လည်းပြော, ထိုသို့ ပြောရာ၌ မေးပြော-ပြောခြင်းလည်းဖြစ်၏၊ ထို့ကြောင့် ကရောမိဟု အတိတ်အနက်၌ ဝတ္တမာန် သက်သည်၊ [ဒေဝဒတ္တ-ဒေဝဒတ်၊ ကဋံ-သင်ဖျာကို၊ အကာသိ-ပြုပြီလော (ယက်ပြီလော၊) ဘော-အရှင်၊ ကရောမိနနု - ပြုပြီး မဟုတ်ပါလော (ယက်ပြီး မဟုတ်ပါလား၊ ယခုမှ ယက်နေဖို့ မလိုပါ)-ဟူလို၊]

(၁၄) နနုသုစဝါ။ ။ရှေးနည်းအတိုင်း မေးအပ်သည်ကို ပြန်၍ပြောရာဝယ် န သဒ္ဒါ နု သဒ္ဒါတခုခုနှင့်ယှဉ်လျှင် ဝိကပ်အားဖြင့် အတိတ်အနက်၌ဝတ္တမာန်သက်၊ ''အကာသိ ကဋံ ဒေဝဒတ္တ, န ကရောမိ ဘော, နာကာသိံ ဝါ''၊ ဒေဝဒတ္တ-ဒတ်၊ ကဋံ-ကို၊ အာကာသိံ=လား၊ ဘော-အရှင်၊ န ကရောမိ-မပြုရသေးဘူးလား (ပြုပြီးပါပြီ-ဟူလို၊) နာကာသိံ ဝါ-လည်းရှိ၏၊ (န ကရောမိနှင့် အနက်တူပင်၊) ဤကား န သဒ္ဒါအနီးရှိသော ပုံစံတည်း၊ ''အကာသိ ကဋံ ဒေဝဒတ္တ၊ အဟံ နု ကရောမိ, အဟံနု အကာသိံ ဝါ'' အဟံ-သည်၊ ကရောမိနု-ပြုပြီမဟုတ်လော၊ အကာသိံ ဝါလည်းရှိ၏၊ အနက်တူ။

(၁၅) အတ္တပ္ပကာသန သမတ္ထေစ။ ။ ဆိုင်ရာအနက်ကို ပြစွမ်းနိုင်ရာ၌လည်း အတိတ်၌ ဝတ္တမာန်သက်၊ ''အယံ တဒါ နဘဝတိ''တဒါ - ထိုအခါ၌၊ အယံ - ဤဘေးသည်၊ နဘဝတိ မဖြစ်နိုင်ပါပြီ၊ [''ကလာပ်''ခေါ် ကာတန္တ၌ ''သေနာတိတေ''ဟု သုတ်တည်၍ ''သ္မ'' သဒ္ဒါနှင့် ယှဉ်ရာ၌လည်း အတိတ်အနက်ဝယ် ဝတ္တမာန် သက်၏ - ဟု ဆို၏၊ ထို ''သ္မ'' သဒ္ဒါကား အတိတ်အနာဂတ်ကို ထွန်းပြသော အဗျယပုဒ်တည်း၊ ဒဟတိသ္မ တြိပုရံ ဟရး၊ ဟရး—

ဗိဿကိုးသည်၊ တြိပုရုံ-၃ ပြည်ထောင်ရှိသော အသုရာကို၊ ဒဟတိသွ-လောင် ကျွမ်းပြီ၊ ထိုအသုံးမျိုးကား ပါဠိ၌မရှိ၍ မြန်မာအဓိပ္ပာယ်ရေး စာတို့၌ လွဲနေ၏။]

[ဆောင်] မေးအပ်သည်ကို,တုံ့ပြန်ဆိုဝယ်, မေးဆို-ဆိုမှု,နနအယှဉ်,နိစ္စပင်တည်း၊ ယှဉ်တခုခု,နနှင့်နက,အနိစ္စဟု, မှတ်ကြတချက်, အနာဂတ်ပြဋ္ဌာန်း,ထိုအခန်း ပါ,အတိတာဝယ်, မှီကာဆက်ဆက်, ဝတ္တမာန်သက်သည်, ကျမ်းထွက် ဤတွင် တမျိုးတည်း။

မှတ်ချက်။ ။ပြခဲ့သော အနာဂတ် အတိတ် အနက်များဝယ် သဒ္ဒနီတိ၌ သုတ်သီးခြားထုတ်ပြသော်လည်း မောဂ္ဂလ္လာန်၌ကား သမီပဝတ္တမာန်–တံကာလပေက္ခ ဝတ္တမာန်အဖြစ်ကို ပြ၍ သုတ်ရင်းဖြင့်ပင် ဝတ္တမာန် သက်၏၊ ထိုတွင် "ဓမ္မ ဝိနယဥ္စ သင်္ဂါယေယျာမ, ပုရေ အဓမ္မော ဒိပ္ပတိ" ဤ၌ သင်္ဂါယနကြိယာသည် မုချ ပစ္စုပ္ပန်တည်း၊ ဒိပ္ပနကြိယာကား ထို သင်္ဂါယနကြိယာ၏ အနီး၌ ဖြစ်သောကြောင့် သမီပဝတ္တမာနတည်း၊ "ယခု သင်္ဂါယနာတင်ကြစို့, အဓမ္မတွေ ထွန်းကားဖို့ နီးနေပြီ" ဟူလို၊ တနည်း– အဓမ္မတို့ ထွန်းကားလတ္တံ့ ဖြစ်သော်လည်း ထို ထွန်းကားသည့် ကာလ၌ ပစ္စုပ္ပန်ကိုမှန်း၍ တံ ကာလာပေက္ခ ဝတ္တမာန်အားဖြင့်"ဒိပ္ပတိ"ဟု ထား၏၊ သို့သော် ပုရေသဒ္ဒါနှင့် တွဲရသဖြင့် အနာဂတ်အနက်ကို သုံးစွဲရသည်–ဟူလို။

**အနာဂတ် ဟောသော်လည်း ပစ္စုပ္ပန် ရုပ်မပျက်။** ။ဒိပ္ပတိ၌ သမီပ ဝတ္တမာန် တံ ကာလာပေက္ခ ဝတ္တမာန် ဖြစ်သောကြောင့် "ဝတ္တမာနာ ပစ္စုပ္ပန္နေ" ဟူသော ကစ္စည်းသုတ် "ဝတ္တမာနာ တိ အန္တိ"စသော မောဂ္ဂလ္လာန်သုတ်ဖြင့် တိ ဝိဘတ်သက်၍ "ဒိပ္ပတိ"ဟု ပြီးပြီးသော ပစ္စုပ္ပန်ရုပ်သည် ပုရေစသည်နှင့် တွဲဖက်ရ၍ အနာဂတ်အနက်ကို ဟောသော်လည်း မပျက်တော့ပြီ၊ ဘာ့ကြောင့်နည်း– မူလ ပစ္စုပ္ပန်အနက်သည် အန္တရင် (အတွင်းအင်္ဂါအနက်) ဖြစ်၍, ဝါကျတွင်း ရောက်မှ ပုရေနှင့် တွဲ၍ရသော အနာဂတ်အနက်ကား ဗာဟိရင် (အပြင်အင်္ဂါ–အပြင်နက်)ဖြစ်သောကြောင့်လည်းကောင်း, အန္တရင်နှင့် ဗာဟိရင်တွင် အတွင်းနက်က အားရှိသောကြောင့် လည်းကောင်းတည်း။

> ပဒန္တရေန ယော ဉာတော, န သောတ္တော ဗာဓကော ဘဝေ၊
> ပဒသင်္ဂါဝိဘာဝိဿ, အတ္ထဿ ဗာဟိရင်္ဂတော။

ပဒန္တရေ-ပုရေစသော ပုဒ်တပါးကြောင့်၊ ယော-အကြင် အနာဂတ်စသော အနက်ကို၊ ဉာတော - သိအပ်၏၊ သော အတ္တော-သည်၊ ပဒသင်္ဂါဝိဘာဝိဿ– ပုဒ်ကို ရုပ်စီရင်ကြောင်းဖြစ်၍ ဖြစ်လေ့ရှိသော၊ အတ္ထဿ-ပစ္စုပ္ပန်အနက် စသည်ကို- န ဗာဓကော ဘဝေ–မတားမြစ်နိုင်၊ ကသ္မာ - နည်း၊ အတ္ထဿ - ဝါကျ အတွင်း၌ ပုဒ်တပါးနှင့်တွဲမှ ရအပ်သောအနက်၏၊ ဗာဟိရင်္ဂတော - အပြင်ပ အင်္ဂါ၏ အဖြစ်ကြောင့်တည်း၊- ကစ္စာယနသာရ။ [အနာဂတ်စသော အနက်ကို ဟောရာ၌ ဝတ္တမာနာဟူသော ယောဂဝိဘာဂဖြင့် ဝိဘတ်သက်ကြသည်။]

အာကင်္ချာ-သိဋ္ဌေ.... ပဋ္ဌမိ

၄၁၅။ အနုတ္တကာလေ — ၌၊ အာကင်္ချ တွေ စ— (အာကင်္ချတ္တိ+အစ္တေစ်)— စေခိုင်း အနက်၌ လည်းကောင်း၊ အာသိသတ္တေစ— တောင့်တခြင်း အနက်၌ လည်းကောင်း၊ပဋ္ဌမိ ဝိဘတ္တိ ဟောတိ၊ ကုသလံ-ကုသိုလ်ကို၊ ကရောတု-ပြုလော၊ တေ-သင့်အား၊ သုခံ-ချမ်းသာသည်၊ ဟောတု-ဖြစ်ပါစေသတည်း၊ (၄၁၅)။

---

၄၁၅။ အာကင်္ချ၊ပေ၊တွေစ။ ။သုတ်၌ အာကင်္ချာသိဋ္ဌပုဒ်ကို "အာကင်္ချတ္တိ +အာသိဋ္ဌ" ဟု ဖြတ်၊ အာသီသနှင့် အာသိဋ္ဌသည် အနက်တူတည်း၊ အာကာပဏံ=စေခိုင်းခြင်း (တိုက်တွန်းခြင်း) သည်၊ အာကင်္ချတ္တိ-ခြင်း၊ "ကရောတု— ပြုလော့, ပြုရမည်, ပြုလေ"ဟု အာကာသံပါပါနှင့်စေခိုင်းမှုကို အာကင်္ချတ္တိအနက်ဟု ခေါ်၏၊ အာကာသံမပါပဲ "သုကာတု မေ ဘန္တေ သံဃော"၌ "သုကာတု- နားထောင်တော်မူပါ" ဟု အဇ္ဈိဋ္ဌ - တိုက်တွန်းမှုကိုလည်း ကစ်္စါအဋ္ဌကထာဝယ် အာကင်္ချတ္တိအနက်ဟု ဆို၏၊ အာသီသန်-တောင့်တခြင်း၊ အာသိဋ္ဌော-ခြင်း၊ ဤ အာသိဋ္ဌဟူသည် အလိုရှိအပ်သော အကျိုးကို (မရသေး၍ ရဖို့ရန်) တောင့်တခြင်းတည်း၊ ထိုတောင့်တခြင်းသည် မိမိအတွက် သူတပါးအတွက်ဟု ၂ မျိုးရှိ၏၊ "သုခံ တေ ဟောတု-သင့်အား ချမ်းသာဖြစ်ပါစေ,(ချမ်းသာပါစေ,ကျန်းမာပါစေ)ဟု တောင့်တခြင်းသည် သူတပါးအတွက်တည်း၊ "အဟံ သုခီ ဘဝါမိ-ငါ ချမ်းသာခြင်းရှိသူဖြစ်ရပါလို၏(ငါချမ်းသာ ကျန်းမာရပါလို၏)"ဟုဆုတောင်းသကဲ့သို့သော တောင့်တခြင်းကား မိမိအတွက်တည်း၊ [အပ္ပတ္တပတ္ထနာ အာသီ၊ သာစ သသ ပရဿစ သမ္ဘဝတိ"—သုဗောဓနီဋီကာ၊] ဤ အာသိဋ္ဌကိုပင် ရှူ၌ "ပတ္ထနာ"ဟု ဖွင့်သည်။

မောဂ္ဂလ္လာန်။ ။မောဂ္ဂလ္လာန်၌လည်း "ပတ္ထနာ-ဟူသည်၊ ယာစန(ပေးပါဟု တောင်းခြင်း) ဣဋ္ဌာသီသန (အလိုရှိအပ်သော အရာကို တောင့်တခြင်း) ဟု ဖွင့်၏၊ ဤစကားအရ တိုက်ရိုက်တောင့်တခြင်းဟူသော ယာစနာ,ဆုတောင်းခြင်းဟူသော ပတ္ထနာ, တောင့်တခြင်းဟူသော အာသိဋ္ဌ, ဤ ၃ မျိုးလုံးပင် တောင့်တခြင်း သဘောရှိသောကြောင့် ဤ"အာသိဋ္ဌအနက်"ဟုချည်း မှတ်ပါ၊ သဒ္ဒနီတိ၌ကား ထို ၃ မျိုးလုံးကို ၃ နက်ခွဲခြား၍ ပြလေသည်။ [အနုတ္တကာလေ-အနီး၌ ဆိုအပ်သော ပစ္စုပ္ပန်ကာလ၌၊ ဝါ · အတိတ် အနာဂတ် ပစ္စုပ္ပန်ဟု မဆိုအပ်သော(မသုံးသပ်အပ်သော) ကာလသာမန်၌"ဟု ၂ နက်ပေးရခြင်း၌ ပုဒ်ပြီးပုံနှင့် အဓိပ္ပာယ်ကို ရှူအဖွင့်အတိုင်း ထို ဘာသာဋီကာ၌ ပြထားသည်။]

ကာရိတ် အတွင်းဝင်သော ဓာတ်တမျိုး။ ။တေ—သင်၏၊ စိတ္တံ—သည်၊ ကာမဂုဏေ - ကာမဂုဏ်တို့ကို၊ မာဘမဿု - မလည်စေလင့်၊ ဘမဓာတ် သုဝိဘတ်ဖြင့် ပြီးသောကြောင့် ကာရိတ်ပစ္စည်းမပါ၊ သို့ရာဝယ် "မလည်စေလင့်"

ဟု''စေ''အနက်ဒေတွင်း ဝင်လျက်ရှိသောကြောင့် ကာရိတ်အတွင်း ဝင်သော ခါတ်ဟု ဆိုကြ၏၊ (အာဏတ္တိအနက် ဖြစ်ပါလျက် ကာရိတ်အတွင်း ဝင်သော ဓာတ်မျိုးဖြစ်၍ ''စေ''သံ ပါသည်-ဟူလို၊) ''တေ-သင်အား၊ အန္တရာယာ— အန္တရာယ်တို့သည်၊ မာဘဝန္တု-မဖြစ်ပါစေကုန်သတည်း၊ သုခံ တေ ဟောတု-ဖြစ်ပါစေသတည်း''စသော အာသိဋ္ဌအနက်များကား''စေ''ဟု အနက်သံပါနေသော်လည်း ကာရိတ်အတွင်း ဝင်သည်ဟု မဆိုကြ၊ အာသိဋ္ဌအနက် ဖြစ်သောကြောင့် မြန်မာပြန်ရိုးအတိုင်း''စေ''သံထည့်၍ ပြန်ကြသည်-ဟု ယူကြသည်။

အာဏတ္တိနှင့် ကာရိတ်အထူး။ ။''သမဏော သာမဏေရေန ကုသလံ ကာရာပေတိ-ရဟန်းသည် သာမဏေသည် (ကို) ကုသိုလ်ကို ပြုစေ၏''ဟူရာ၌ သာမဏေသည် သူ့ကိုယ်တိုင် ကုသိုလ်ကိုပြုရ၍, ရဟန်းက သာမဏေပြုဖို့ရန် စေခိုင်း၏၊ ထို့ကြောင့် စေခိုင်းတတ်သူ ရဟန်းအပေါ်၌တည်သော စေခြင်း ကြိယာသည် သူ့ချည်း လွတ်လွတ်လပ်လပ် မဟုတ်, စေခိုင်းအပ်သူ သာမဏေ၏ ပြုခြင်းကြိယာနှင့် ဆက်စပ်လျက်ရှိသည်ဟု မှတ်ပါ၊ ''သာမဏေရော ကုသလံ ကရောတု-သာမဏေသည် ကုသိုလ်ကိုပြုလော''ဟု စေခိုင်းရာ၌ကား စေခိုင်းခြင်း ကြိယာသည် သာမဏေ၏ ပြုခြင်းကြိယာနှင့် ဆက်သွယ်ခြင်းမရှိပဲ စေခိုင်းတတ်သူ ရဟန်းတဦးတည်း၌သာ တည်သည်၊ ဤသို့လျှင် စေခိုင်းအပ်သူက ဖြစ်စေရမည့် ကြိယာနှင့်စပ်၍ စေခိုင်းတတ်သူ၌တည်သော စေခိုင်းခြင်းသည် ကာရိတ်တည်း, စေခိုင်းအပ်သူက ဖြစ်စေရမည့် ကြိယာနှင့်မစပ်ပဲ စေခိုင်းတတ်သူ၌ တည်သော စေခိုင်းခြင်းသည် အာဏတ္တိတည်း ဟု အထူးမှတ်။

တတ္ထဗောဓိနီ။ ။ပယောဇ္ဇပဝတ္တိ ဥပဟိတာ ယာ ပယောဇကနိဋ္ဌပဝတ္တိ, သောဏိဇတ္ထော၊ တဒနုပဟိတာ ပယောဇကပဝတ္တိတု ပဉ္စမျတ္ထော, ဣစ္စုဘယ တဘေဒေါ။ [စေခိုင်းအပ်သော ပယောဇ္ဇကတ္တား၏ ဖြစ်ခြင်းကြိယာနှင့်စပ်သော စေခိုင်းတတ်သော ကတ္တား၌တည်သော အကြောင်း ဖြစ်စေခြင်း (စေခိုင်းခြင်း) ကြိယာသည် ရှိ၏၊ ထို ကြိယာသည် ဏိစ် ဟု သင်္ကေတ၌ ခေါ်ဝေါ်အပ်သော ကာရိတ်ပစ္စည်း၏ အနက်တည်း၊ ထို ပယောဇ္ဇကတ္တား၏ ဖြစ်ခြင်းကြိယာနှင့်မစပ်သော ပယောဇကတ္တား (စေခိုင်းတတ်သူ)၏ ဖြစ်စေခြင်း (စေခိုင်းခြင်း)ကြိယာကား ပဉ္စမီဝိဘတ်၏ အာဏတ္တိ အနက်တည်း။

တနည်း။ ။ပြခဲ့သော အဓိပ္ပါယ်ကိုပင် ပရိယာယ်တမျိုး လဲလှယ်၍ပြောရလျှင် ''ကရောတု ကုသလံ''ဟု စေခိုင်းတတ်သူ၌တည်သော စေခိုင်းခြင်းကြိယာသည် အာဏတ္တိမည်၏၊ ''သမဏော သာမဏေရေန ကုသလံ ကာရာပေတိ''၌ သမဏော သာမဏေရေန ဟု ကတ္တား ၂ မျိုး ရှိသော (ကတ္တား ၂ မျိုးနှင့် ဆက်သွယ်နေသော) စေခိုင်းခြင်းကြိယာသည် ကာရိတ်မည်၏ဟု မှတ်။ [ကိဥ္စ— တနည်းကား၊ ပယောတ္တာနိဋ္ဌတာ စေခိုင်းတတ်သူ၌ တည်သော၊ ပယုတ္တိ-စေခိုင်း

ခြင်းကြိယာသည်၊ ပဌမျတ္တော-တည်း၊ ပယောဇ္ဇ ပယောဇကာ ကတ္တုကာတု-စေခိုင်းအပ်သူ စေခိုင်းတတ်သူ ဟု ကတ္တား ၂ မျိုးရှိသော စေခိုင်းခြင်းကြိယာသည်ကား၊ ဏိဇတ္တော-၏။....တတွပေါဓိနီ၊] ဤ ပြခဲ့သော ၂ နည်းလုံး၏ အချုပ်မှာ-"စေခိုင်းတတ်သူ တဦးတည်း၌သာ တည်သော စေခိုင်းခြင်းသည် အာချာတ်တ္တိ, စေခိုင်းတတ်သူ၌ တည်သော်လည်း စေခိုင်းအပ်သူနှင့် ဆက်သွယ်နေသေးသဖြင့် ကတ္တု ၂ ခုရှိသော စေခိုင်းခြင်းသည် ကာရိတ်တည်း" ဟု ဆိုလိုသည်။

[ဆောင်] စေခိုင်းတတ်သူ, တဦးလူသာ, တည်ပါလေတိုင်း, ထိုစေခိုင်းကို, အာချာတ်ဆိုလေ၊ ခိုင်းစေအပ်သူ, ထိုသည့်သူနှင့်,မကင်းသင့်လတ်, စေတတ်သူမှီ, တည်၍ စေမှု, ကာရိတ်ပြုသည်, မှတ်ရှု သဒ္ဒတအဆိုတည်း။

အတ္ထဗျာချာန်။ ။"သာမဏေရော ကုသလံ ကရောတု" စသည်ဖြင့် သာမဏေဒြပ်မျှကို စေခိုင်းခြင်းသည် အာချာတ်တ္တိမည်၏၊ သမဏော သာမဏေရေန ကုသလံ ကရာပေတိ-ပြု+စေ၏" ဟု ကြိယာနှင့်တကွပြုလုပ်မည့် သာမဏေ ဒြပ်ကို စေခြင်းသည် ကာရိတ်မည်၏-ဟု အတ္ထဗျာချန်အလို တနည်းမှတ်။

ပေသနေ ဒဗ္ဗမတ္တဿ,အာချာတ္တော ပဌမိ သိယာ၊
သကိရိယာ ပယောဇေတု, ဝိဓေယျာ ဏေ ဏယာဒယော။

[ဒြပ်မျှကို စေခိုင်းရာ၌ အာချာတ်တ္တိအနက်၌ ပဌမိသက်၊ ကြိယာနှင့်တကွ ဒြပ်ကို စေခိုင်းရာ၌ကား ဏေ ဏယစသော ကာရိတ်ပစ္စည်းများ သက်။]

ထို့ပြင်—"သာဒရာ နာဒရ စေက အာချာတ်၊ ကင်းပြတ် ရှိသေ- နာဒရေ, စေမှု ကာရိတ်သီ" ဟု ဆိုကြသေး၏၊ ထိုဝါဒ၌ "ရှိသေသည်ဖြစ်စေ,မရှိသေသည်ဖြစ်စေ, စေခိုင်းလျှင် အာချာတ္တိတည်း၊ မရှိမသေ စေခိုင်းမှု ကာရိတ်တည်း" ဟု ဆိုလိုသည်၊ "ဩဒနံ ပစတု—ထမင်းချက်လော" ၌ အနာဒရ (ရှိသေခြင်း မရှိသော) စေခိုင်းခြင်းတည်း၊ "သုဏာတု မေ ဘန္တေ သံဃော" ၌ သုဏာတုသည် သာဒရ(ရှိသေခြင်းရှိသော) စေခိုင်းခြင်းတည်း၊ "သုဏာတုတိ သဝနာဏတ္တိဝစနံ(ကြားနာခြင်း၌) စေခိုင်းကြောင်း စကားတည်း" ကင်္ခါအဋ္ဌကထာ၊ ဤ အဋ္ဌကထာ(တိုက်တွန်းမှုကိုပင် အာချာတ္တိအနက်၌ သွင်းပြထားသည်၊ "သာမိကော ဒါသံ ဂါမံ ဂမယတိ" ၌ ရွာသို့သွားစေရာဝယ် ရှိသေ လေးစားမှု မရှိသော အနာဒရ စေခိုင်းခြင်းတည်းဟု ဆိုလိုသည်၊ သို့သော် "ဥပါသကော ဘိက္ခုသံဃံ ဘတ္တံ ဘောဇေတိ=ဥပါသကာသည် ဘိက္ခုသံဃာကို ဆွမ်းစားစေ၏ (ဆွမ်းကျွေး၏)" ဟူရာ၌ သာဒရ (လေးစားမှု)ရှိသော စေခိုင်းခြင်း ဖြစ်သောကြောင့် ထိုဝါဒသည် ခြေမြစ်သောဝါဒ မဟုတ်ချေ။

"ရှေးရှုတိုက်ရိုက်, စေခိုင်း လိုက်မူ, အာဏာတ် ဟူ၏, သူတပါးအား,တဆင့်ကြားမှာ, ကာရိတ်သာ, မှတ်ပါ ဤနှစ်နည်း"ဟုလည်း ရှိသေး၏။

[တဆင့်ပြောပြသည်ကို တဆင့်ကြားဟု ဆိုလိုသည်၊] ဤဝါဒ၌ ရှေးရှုတိုက်ရိုက် စေခိုင်းခြင်းကို အာဏာတ္တိဆိုသည်မှာ သင့်ပါ၏၊ "သာမိကော ဒါသံ ဂါမံ ဂမယတိ"ဟူသော စကားသည် အရှင်သခင်က ကျွန်ကို ရွာသို့ သွားဖို့ရန် တိုက်ရိုက်ခိုင်းရာဝယ် သုံးစွဲသောစကား မဟုတ်, အရှင်သခင်က ခိုင်းနေသည်ကို သိသူက သူတပါးအား တဆင့်ပြောရာဝယ် သုံးစွဲအပ်သော စကားမျိုးဖြစ်၍ "သူတပါးအား တဆင့်ကြားမှာ ကာရိတ်သာ"ဟု ဆိုဟန်တူသည်၊ သို့သော် "အဟံ ဘိက္ခုံ သံဃံ ဘောဇေယာမိ-ငါသည် ဘိက္ခုသံဃာကို စားစေအံ့" ဟု ကိုယ့်ဘာသာ အကြံဖြစ်ရာ၌ သူတပါးအား တဆင့်ပြောခြင်း မဟုတ်သော ကြောင့် ဤဝါဒလည်း ကာရိတ်အားလုံး၌ မနှံ့ချေ၊ ထို့ကြောင့် တတ္ထဗောဓိနီနှင့် အတ္ထဗျာချာန်၌ ခွဲပြသည့် အတိုင်းသာ အာဏာတ္တိနှင့် ကာရိတ်ပစ္စည်းတို့သက်ရာ အနက်ထူးကို မှတ်ရာ၏။

**ကာလသဒ္ဒါပို၏ အကျိုး။** ။ကာလေသုတ်မှ ကာလသဒ္ဒါ လိုက်နိုင်ပါလျက် ဤသုတ်၌ "အနုတ္တကာလေ"ဟု ကာလသဒ္ဒါကို ဆိုခြင်းသည် ပို၏၊ "သဒ္ဒါဓိကာ အတ္ထာဓိကော"နှင့် အညီ ထိုကာလသဒ္ဒါပိုဖြင့် အာဏာတ္တိ အာသိဋ္ဌအနက်မှတပါး "သပထ"စသော အနက်များ၌လည်း ပဉ္စမီဝိဘတ် သက်နိုင်၏-ဟု ဆိုကြသည်၊ အာဏတ္တိ အာသိဋ္ဌနှင့်တကွ ဆောင်ပုဒ် ဂါထာများကို ဆရာတို့ မိန့်ကြသည်မှာ—

၁။ ပဉ္စမီ အာဏတျာ သိဋ္ဌ, သပထက္ကောသ ယာစနေ၊
သမ္ပုစ္ဆာ ပတ္ထနာ-ဇ္ဈိဋ္ဌ, ဝိဓျာ-မန္တနီမန္တဏေ။

၂။ ဂါမံ ဂစ္ဆတု ဘော ဒါနိ, သုခံ တေ ဟောတု သဗ္ဗဒါ၊
ကေိကာ သယနေ သေတု, ယာ တေ အမ္မေ အဝါဟရိ။

၃။ တံ နုဗန္ဓတု မဟိံ သီ, ဒဒါဟိ ပဝရံ ဂဇံ၊
ကိန္နုဘော အဘိဓမ္မံဝါ, ဝိနယံ ဝါ သုဏောမိ ကိံ။

၄။ အယံသုမန မာလာဝ, ပိယာ ဟောမိ ဘဝါဘဝေ၊
ဒေသေတု ဘဂဝါ ဓမ္မံ, ဇဝံ ပုညံ ကရောတု ဘော။

၅။ အာဂစ္ဆတု ဘဝံ ထွေ, နိသီဒတု-ဒ-မာသနံ၊
အဓိဝါသေတု မေ ဘတ္တံ, ဘဂဝါ သွာတနာယ တံ။

**အာဏတ္တိ အာသိဋ္ဌ။** ။[ဤ ၂ နက်၏အဓိပ္ပာယ်ကိုရှေ့၌ပြခဲ့ပြီးသော်လည်း ဂါထာလာ ပုံစံအစဉ်အတိုင်း ထပ်၍ပြဦးအံ့၊] "ဘော-အမောင်၊ ဒါနိ-ယခု၊ ဂါမံ-ရွာသို့၊ ဂစ္ဆတု - သွားလော, သွားလေ, သွားချေ, သွားရမည်" ဤသို့

စသည်ဖြင့် အာဏာသံပါပါနှင့် စေခိုင်းမှုကို "**အာဏတ္တိ**"ဟု ခေါ်၏၊ ကရောတု ကုသလံ"ဟူသော ပုံစံမျိုးနှင့် သဘောတူပင်တည်း၊ တေ-သင့်အား၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ သုခံ ဟောတု-ချမ်းသာ ဖြစ်ပါစေ၊ "ချမ်းသာပါစေ-ကျန်းမာပါစေ"စသည်ဖြင့်(သူတပါးအတွက်)တောင့်တခြင်းတည်း၊ [မိမိအတွက်တောင့်တခြင်းကိုလည်း အာသိဋ္ဌ၌ ဝင်နိုင်ကြောင်းကို ပြခဲ့ပြီ၊ သို့သော် ဤဂါထာ၌ သဒ္ဒနီတိ စသည်တို့ အလိုအားဖြင့် (မိမိအတွက်) ယာစနာနှင့်ပတ္ထနာ ဟူသော တောင့်တမှုကို သီးခြားပြထားသည်။]

**သပထ**။ ။"ယာတေ အမ္ဗေ အဝါဟရိ-အကြင်သူမသည် အရှင်ရသေ့၏ သရက်သီးတို့ကိုခိုး၏၊ ဧကိကာ သယနေ သေတု-ထိုသူမသည် အိပ်ရာ၌(ချစ်လင်မပါ)တကိုယ်တည်းသာ အိပ်ရပါစေသား"ဤသို့ ကျိန်စာဆိုခြင်းကို"သပထ" ဟု ဆိုသည်၊ [စတုက္ကနိပါတ်, အမ္ဗစောရဇာတ်လာ ဂါထာတည်း။]

**အက္ကောသ**။ ။["သပထ+အက္ကောသ"ဟု ခွဲ၊]တံ အနုဗန္ဓတု မဟိံသီ=(မိခင်စကား နားမထောင်သော) သင်သားမိုက်ကို တောကျွဲမကြီး လိုက်ပါစေဟယ်၊ "မာတာ တံ နိဝတ္တေတုံ အသက္ကောန္တီ စဏ္ဍာ (ကြမ်းတမ်းသော) တံ မဟိံသီ အနုဗန္ဓတူ တိ အက္ကောသတိ"ဟူသော အဋ္ဌသာလိနီ ဒွါရကထာပါဠိကို ယူ၍"တံ အနုဗန္ဓတု မဟိံသီ" ဟု ပုံစံလုပ်သည်၊ "အက္ခယံ ဟောတု တေ ဘယံ-သင့်အား ဘေးတွေ့ မကုန်နိုင်ပါစေသတည်း ဟူသော သက္ကသံယုတ် "မုဒ္ဓါ ဖလတု သတ္တဓာ-ဦးခေါင်း ၇ စိတ် ကွဲပါစေ"ဟူသော တိံသပဏ္ဏရဇာတ်တို့လည်း ကျိန်ဆဲခြင်းမျိုးဖြစ်၍ ဤ အက္ကောသ၌ သွင်းသင့်၏၊ မှန်၏၊ "တံ အနုဗန္ဓတု မဟိံသီ"သည် ယခုကာလ ဆဲသကဲ့သို့ ယုတ်ယုတ်မာမာ ဆဲခြင်းမဟုတ်, ကျိန်ဆဲခြင်းသာတည်း၊ ထို့ကြောင့် ကျိန်စာဆိုခြင်း ကျိန်ဆဲခြင်းသည် အဓိပ္ပာယ် ခပ်ဆင်ဆင်ပင်ဖြစ်၍ မိမိအတွက် ကျိန်စာဆိုမှုကို သပထ, သူတပါးအတွက် ကျိန်ဆဲမှုကို အက္ကောသဟု ခွဲသင့်၏၊ သက္ကသံယုတ်-ဘိက္ခုနီပါစိတ်စသော ပါဠိတော်တို့၌ကား ကျိန်ဆဲမှု အက္ကောသကိုလည်း "အဘိသပထ"ဟု တွေ့ရ၏၊ အဋ္ဌသာလိနီ စသည်တို့၌မူ သူတပါးအား ကျိန်ဆဲမှုကို အက္ကောသ သဒ္ဒါဖြင့် ပြကြသည်။

**ယာစန**။ ။ဒဒါဟိ ပဝရံ ဂဇံ-မြတ်သော ပစ္စယဆင်ဖြူတော်ကို ပေးသနားတော်မူပါ၊ ဝေဿန္တရာဇာတ် ဂါထာကိုချုံး၍ ပြယုဂ်ထုတ်သည်၊ ဤကဲ့သို့သော တောင်းရမ်းမှုကို ယာစနဟု ဆို၏၊ မိမိအတွက် မရောက်အပ် မရအပ်သေး၍ အလိုရှိအပ်သော ဣဋ္ဌဝတ္ထုကို တောင်းခြင်း ဖြစ်သောကြောင့် ဤ ယာစနာကိုလည်း အာသိဋ္ဌ၌ သွင်းနိုင်၏၊ သဒ္ဒနီတိ၌ ခွဲထားသောကြောင့်သာ ဤ၌ ခွဲပြထားသည်-ဟု မှတ်ပါ။

**သမ္ဗုစ္ဆာ**။ ။ဤ သမ္ဗုစ္ဆာသည် "ဘယ်ကလာသနည်း" "ဝိနည်းဆိုတာ ဘယ်လိုတရားပါနည်း" စသော တိုက်ရိုက်အမေးမျိုး၊ တခြားဝတ္ထုနှင့် မတွဲပဲ ဝတ္ထုတခုတည်းကို မေးခြင်းမျိုး မဟုတ်၊ "ကိန္နု ဘော အဘိဓမ္မံဝါ သုဏောမိ, ဥဒါဟု ဝိနယံ ဝါ သုဏောမိ= အရှင်....တပည့်တော်သည် အဘိဓမ္မာကို နာရ သင်ရမှာပါလော, သို့မဟုတ် ဝိနည်းကို နာရ သင်ရမှာပါလော" ဤ၌ အဘိဓမ္မာနှင့် ဝိနည်းကိုတွဲ၍ မေးခြစ်းကဲ့သို့ အရာတခုနှင့် ဆက်စပ်၍ မေးခြင်းကိုသာ "သမ္ဗုစ္ဆာ"ဟု ဆိုလိုသည်၊ "ကိံ ဘော ဝေဒံ အဓိယာမိ, ဥဒါဟု တက္ကံ အဓိယာမိ=ဝေဒကို သင်ရမှာပါလား, တက်ကျမ်းကို သင်ရမှာပါလား" ၌လည်း နည်းတူ၊ [ကိမိဒံ သမ္ဗုစ္ဆနံ နာမ၊ သမေစ္စ (အခြားအနက်နှင့် ပေါင်းစပ်၍) ပုစ္ဆနံ၊ ကိံ သုတ္တန္တံ ပရိယာပုဏောယျံ, အထ အဘိဓမ္မန္တိ အညေနသဟ သမ္ဗာရဏံ (စုံစမ်းခြင်း) တိ အတ္ထော"— (ပဋ္ဌာန်း, ပုစ္ဆာဝါရ, ပစ္စယာနုလောမ အဖွင့် မူလဋီကာ)၊ ဤ၌ သံအတွက်"သမေစ္စ"ဟု ဖွင့်၍ "အညေန သဟ"ဟု အဓိပ္ပာယ် ဖွင့်ပြန်သည်။]

ပတ္ထနာ။ ။အယံ သုမနမာလာဝ ပိယာ ဟောမိ ဘဝါဘဝေ=ဖြစ်လေရာ ဘဝ၌ ဤ မြလေးပန်းကဲ့သို့ ချစ်မြတ်နိုးအပ်သော အမျိုးသမီး ဖြစ်ရပါလို၏" ဤသို့ ဆုတောင်းမှုကို ပတ္ထနာဟု ဆို၏၊ ကောင်းသောအရာကို ဆုတောင်းခြင်း သာမက, "ဣမံ ဟတ္ထိံ ဝိသပီတေန သလ္လေန ဝိဇ္ဈာပေတွာ ဇီဝိတက္ခယံ ပါပေတွာ ဆဗ္ဗဏ္ဏရသ္မိံ ဝိသဇ္ဇန္တေ ယမကဒန္တေ အာဟာရပေတုံ သမတ္ထာ ဟောမိ= ဤ ဆဒ္ဒန်ဆင်မင်းကို အဆိပ်လူးမြားဖြင့် ပစ်ခွင်းစေ၍ အသက် ကုန်စေပြီးလျှင် အရောင် ၆မျိုးကို လွှတ်နိုင်ကုန်သော အစွယ်အစုံတို့ကိုဆောင်စေခြင်းငှာ စွမ်းနိုင်သူဖြစ်ရပါလို၏"ဟု သူတပါးကိုသေကြောင်းကြံသောဆုကို တောင်းရာ၌လည်း ပတ္ထနာအနက် ဖြစ်သည်၊ ဤ ပတ္ထနာလည်း အာသိဋ္ဌ၌ ဝင်နိုင်၏၊ သို့သော် သီးခြားပြသော ကျမ်းများအလိုလိုက်၍ ဤ၌ သီးခြားထုတ်ပြရသည်။

အဇ္ဈိဋ္ဌ။ ။ဒေသေတု ဘဂဝါ ဓမ္မံ=ဘုရားရှင်သည် တရား ဟောတော်မူပါ၊ ဤသို့ ရိုရိုသေသေ တိုက်တွန်း တောင်းပန်ခြင်းအနက်ကို "အဇ္ဈိဋ္ဌ"ဟု ဆိုသည်၊ "အဇ္ဈိဋ္ဌော သက္ကာရပုဗ္ဗကော ဗျာပါရော=အဇ္ဈိဋ္ဌဟူသည် ရိုသေခြင်း ရှေးရှိသော တိုက်တွန်းမှု ဗျာပါရတည်း"—ကာသိကာဝုတ္တိ၊ ရိုသေခြင်းမရှိသော စေခိုင်းမှုကိုကား "ပေသန"ဟုခေါ်သည်၊ ဤ အဇ္ဈိဋ္ဌ၌ အနက်ကို သီးခြားမပြသော ကျမ်းဂန်များ အလိုအားဖြင့် အာဏတ္တိအနက်၌ ပါဝင်၏၊ ထို့ကြောင့် "သုဏာတု မေ ဘန္တေ သံဃော"၌ ရှိသေသော တိုက်တွန်းမှုကိုပင် "သုဏာ တူတိ သဝနာဏတ္တိဝစနံ"ဟု ကင်္ခါအဋ္ဌကထာ ဖွင့်သည်။

**ဝိဓိ**။ ။ဇဝံ ပူဩံ ကရေတု ဘော=အို အမောင်....ကောင်းမှုကို ဤပုံ ဤနည်း (ဤသို့ စေတနာထား၍)ပြုပါ၊ ဤသို့ ကောင်းမှုပြုရေး၌ နည်းပေး

အနုမတိ၊ ပေ၊ သဗ္ဗမိ

၄၁၆။ အနုတ္တကာလေ-၌၊ အနုမတျတ္ထေ-ခွင့်ပြုခြင်းအနက် ၌လည်းကောင်း၊ ပရိကပ္ပတ္ထေ - ကြံဆခြင်း အနက်၌ လည်းကောင်း၊ သတ္တမိဝိဘတ္တိ ဟောတိ၊ တံ့-သင်သည်၊ ဂစ္ဆေယျာသိ-သွားလို သွားတော့၊ အဟံ-ငါသည်၊ ကိံ-အဘယ်ကို၊ ကရေယျာမိ-ပြုရပါအံ့နည်း၊ (၄၅၄)။

---

လမ်းပြ ပြုလုပ်ခြင်းကို "ဝိဓိ=စီမံခြင်း"အနက်ဟု ဆိုလိုသည်၊ "ဣဟ ပဗ္ဗတော ဟောတု=ဤနေရာ၌ တောင်ကြီးပေါ်ပေါက်ပါစေသတည်း"ဟု အမိန့်ပြုမှုကိုလည်း ရူပသိဒ္ဓိ၌ "ဝိဓိ"ဟု ဆို၏၊ "ဣဟ ဝိဓိနာမ အမိန္ဒာနံ"-ဗာလာဝတာရ ဋီကာ၊ မောဂ္ဂလ္လာန်၌ကား အာမန္တနံ, နိမန္တန, အဇ္ဈေသန, ပေသန စသည်တို့ လည်း ဝိဓိ၌ သွင်းယူ၍ "ဝိဓိနာမ ဝိဓာနံ(စီမံခြင်း)နိယောဇနံ(တိုက်တွန်းခြင်း) ကြိယာသု ဗျာပါရဏာ(ယှဉ်စေခြင်း)"ဟု ဖွင့်သည်၊ "ဝိဓာနံ အမိန္ဒာနံ သုဘာသုဘံဝါ ဖလံ ဥပဒေသနံ (ကောင်း မကောင်းသော အကျိုးကို ညွှန်ပြခြင်း) အညာတကဿ ဝါ ကတ္တဗ္ဗာဒိနော အတ္ထဿ ဉာပနံ ဝိဓိ(မသိအပ်သော ပြုထိုက်သောအနက်ကို သိစေခြင်းသည် ဝိဓိမည်၏")ဟုလည်း ဖွင့်ကြ၏။

**အာမန္တနနှင့် နိမန္တန။** ။"အာဂစ္ဆတု ဘဝံ=အရှင်သည် ကြွတော်မူပါ" ဤသို့ ခေါ်ငင်ခြင်းကို "အာမန္တန"ဟုဆို၏၊ "အာမန္တဏံ ကာမစာရကရဏံ= မိမိက သူတပါးကို လာစေလို၍ ထိုအလိုအတိုင်း ပြုခြင်း (ခေါ်ငင်ခြင်း) သည် အာမန္တနမည်၏"— ကာတန္တဝုတ္တိ၊ "ဧတ္ထ နိသီဒတု, ဣဒံ အာသနံ=ဤကား နေရာပါတည်း(လက်ဖြင့်ညွှန်ပြ၍ပြောသည်)၊ ဤနေရာ၌ ထိုင်တော်မူပါ"ဤသို့ နေရာပေးခြင်း နေရာဖြင့် ဖိတ်ခြင်းကိုလည်းကောင်း,.... "အဓိဝါသေတု မေ ဘတ္တံ,ဘဂဝါ သွာတနာယ တံ=ဘုရားရှင်သည် နက်ဖြန်ဘုဉ်းပေးဖို့ရာ အကျွန်ုပ်၏ ထိုဆွမ်းကို လက်ခံပါ" ဟု ဆွမ်းစား ပင့်ဖိတ်ခြင်းမျိုးကို လည်းကောင်း "နိမန္တန"ဟု ဆိုသည်။

**အနုမတိ, ပတ္တကာလ။** ။အခွင့်ပြုခြင်းကို "အနုမတိ" ဟု ခေါ်၏၊ ဤ အမှုကို ပြုပါရစေဟု ခွင့်တောင်းရာ၌ "ဝံ+ကရောမိ=ဧ+ပြုတော့"ဟု လည်းကောင်း၊ "ပုစ္ဆတု ဘဝံ ပဉ္ှံ = အရှင်သည် ပြဿနာကို မေးတော့"ဟု လည်းကောင်း ခွင့်ပြုခြင်းမျိုးတည်း၊ "ကာလော ဒေဝ မဟာဝီရ, ဥပ္ပဇ္ဇ မာတုကုစ္ဆိယံ=ကြီးသော လုံ့လရှိသောအလောင်းတော် နတ်သား....အချိန်တန်ပါပြီ,မယ်တော့်ဝမ်း၌ ဖြစ်တော်မူချိန်သင့်ပါပြီ"ဟု သင့်လျော်သော အချိန်အခါ ပြောပြမှုကို "ပတ္တကာလ"ဟု ဆို၏၊ [ယုတ္တ, ပတ္တ, ဂတသဒ္ဒါတို့သည် အနက်တူကုန်၏၊ ဤ၌ "ပတ္တသဒ္ဒါသည် ယုတ္တသဒ္ဒါ၏ ပရိယာယ်တည်း"ဟု ကြံ။]

---

၄၁၆။ ။အနုမတိ ပရိကပ္ပတ္ထေသု။ ။အနု—လျော်စွာ+မတိ-သိခြင်း၊ ရွာတွင်းသွားလို၍ တပည့်က ခွင့်တောင်းလာရ "သွားတော့"ဟု ခွင့်ပြုခြင်း

သည်ပင် သူ၏ အလိုအားလျော်စွာ သိခြင်း - အလိုက်သိခြင်း ဖြစ်သောကြောင့် "အနုမတိ" မည်၏၊ အနုညာ (အနု - ည) ပုဒ်လည်း အနုမတိနှင့် အဓိပ္ပာယ်တူပင်၊ "တံ့ ဂစ္ဆေယျာသိ" ကား အနုမတိ၏ပုံစံ၊ "ကိံ အဟံ ကရေယျာမိ= ငါ ဘာလုပ်ရပါမလဲ" ကား ကြံစည်စိတ်ကူးသော ပရိကပ္ပ ပုံစံတည်း၊ ဤ ပရိကပ္ပသည် အကြောင်းကို ကြံဆ, တွေးတော, စိတ်ကူးခြင်းဟူသော ဟေတု ပရိကပ္ပ, အကျိုးကို ကြံဆ တွေးတော စိတ်ကူးခြင်းဟူသော "ဖလ ပရိကပ္ပ" ဟု ၂ မျိုးရှိ၏၊ ထို၏ ပုံစံကို ရူပသိဒ္ဓိမှာ ရှု၊ အကြောင်း အကျိုး မဆက်သွယ်ပဲ သက်သက် စိတ်ကူး ကြံဆခြင်းဟူသော "ကေဝလ ပရိကပ္ပ" လည်း ရှိ၏ - ဟု ကြံသင့်၏၊ "ကိမဟံ ကရေယျာမိ" နှင့် "အပေ့ဝ နာမသွေပိ ဥပသင်္ကမေယျာမ- နက်ဖြန်ခါ၌ ချဉ်းကပ်နိုင်တန်ရာ၏" ဟူသော သုဘာသုတ်စသည်၌ကား ကေဝလ ပရိကပ္ပ ပုံစံပင်တည်း။

ယံကိဉ္စိ ဝတ္တု-မိစ္ဆန္တ—မညော ယမနုမညတိ၊
သာ နုမတိ ပရိကပ္ပော, ကတ္တဗ္ဗာ—နိစ္ဆယော မတော။

ယံကိဉ္စိ -တစုံတရာကို၊ ဝတ္တုံ-ပြောဆိုခြင်းငှာ (ကတ္တုံ ပြုလုပ်ခြင်းငှာ" ဟု ရှိလျှင် သာ၍ အဓိပ္ပာယ်ဝင်၏၊) ဣစ္ဆန္တံ-အလိုရှိသူကို၊ အညော-တခြားသူက၊ ယံ အနုမညတိ-အကြင် ခွင့်ပြု၏၊ သာ-ထို ခွင့်ပြုခြင်းသည်၊ အနုမတိ—မည်၏၊ [ပြုခြင်းငှာ အလိုမရှိသူကို (ဥပမာ—စာမအံလိုသူကို) သူ့ အလိုအတိုင်း မပြုပဲ နေခွင့်ပြုခြင်းလည်း အနုမတိပင်၊ ထို့ကြောင့် " ကတ္တု-မိစ္ဆတော ဝါ အနိစ္ဆ တောဝါ ပရဿ အနုဇာနနံ အနုမတိ" ဟု မိန့်ကြသည်၊] ကတ္တဗ္ဗာ-နိစ္ဆယော— ပြုထိုက်သော ကိစ္စ၌ မဆုံးဖြတ်နိုင်ခြင်းကို၊ ပရိကပ္ပော-ဟူ၍၊ မတော-သိအပ် ၏၊—ဗာလာဝတာရ။

**အတ္တသဒ္ဒါပိုံ အနက်များ။** "အနုမတိ ပရိကပ္ပေသု" ဟု ဆိုလျှင် ပြီးနိုင်လျက် "ပရိကပ္ပတ္ထေသု" ဟု အတ္ထသဒ္ဒါပိုကို ဆိုခြင်းကြောင့် "သမ္ဘာဝ" စသော အနက်များ၌လည်း သတ္တမီဝိဘတ်သက်ရခြင်း အကျိုးရှိ၏-ဟု ဆိုကြ၏။

၁။ သတ္တမီ အနုမတျတ္ထေ, ပရိကပ္ပေစ ဝတ္တတိ၊
သမ္ဘာဝ ပတ္ထနာ-ဠိုဌ္ဌ, ဝိဓျော-မန္တ နိမန္တဏေ၊
သတ္တိယံ အရဟေ ပေသေ, ပတ္တကာလေ သမ္ဘာဝနေ။

၂။ ဂစ္ဆေယျာသိ တုဝံ ဂါမံ, ဘဝေယျ အရဟာ အယံ၊
ကိံ နုခော ဓမ္မံ မဇ္ဈေယျံ, ဥဒါဟု ဝိနယံ နုကိံ။

၃။ ပရဒါရံ န ဂစ္ဆေယျ, အဇ္ဈာပေယျာ်သိ မာဏဝံ၊
ဧဝံ ဂစ္ဆေယျ ဂါမံ ဘော, နိသီဒေယျ ဘဝံ ဣဓ။

၄။ ဘဝံ ဘုဉ္ဇေယျ ဂါမသ္မိံ, ကော ဣမံ ဝိဇဉ္ဉယေ ဇဋံ၊
ဘဝံ ခလု ကရေ ရဇ္ဇံ, ဘဏေ ဂစ္ဆာသိ ဂါမကံ။
၅။ သံဃသ္သ စေ ပတ္တကာလ္လံ, သံဃော ဥပေါသထံ ကရေ၊
ပဗ္ဗတမပိ ဘိန္ဒေယျ, ပယောဂါ-မေ ယထာကမံ။

**အနုမတိစသော ၃ နက်။** ။(အနုမတိ) တုဝံ—သင်သည်၊ ဂါမံ—သို့၊ ဂစ္ဆေယျာသိ—(သွားလို) သွားတော့။ [တချို့ကျမ်း၌ "အတိသဂ္ဂ—စွန့်လွှတ်ခွင့်ပြုခြင်း"ဟုဆို၏၊ အနုမတိနှင့်သဘောတူပင်၊ထို့ကြောင့် ပေသာတိသဂ္ဂ ပတ္တကာလေသု ကိစ္စာသုတ်၌ အတိသဂ္ဂကို အနုညာ ဟု ရှုပသိဒ္ဓိ ဖွင့်သည်။] (ပရိကပ္ပ) အယံ-ဤသူသည်၊ အရဟာ-ရဟန္တာသည်၊ ဘဝေယျ-ဖြစ်လောက်ရာ၏၊ ဤ ၂ နက်အား သုတ်ရင်းဖြင့်သက်ရသောအနက်များဘည်း၊(သမ္ပုစ္ဆာ)ဘော-အရှင်၊ ဓမ္မံ—သုတ် အဘိဓမ္မာကို၊ အဓီယေယျံကိန္နု—သရဇ္ဈာယ် ရမှာပါလော၊ ဥဒါဟု—သို့မဟုတ်၊ ဝိနယံ—ကို၊ အဓီယေယျံကိန္နု—လော။ ["အဟံ—ငါသည်၊ ဥပေါသထံ-ဥပုသ်ပြုရာသို့၊ ဂစ္ဆေယျံဝါ-သွားရ တော်မလား၊ နဝါ ဂစ္ဆေယျံ-မသွားပဲမနေရ တော်မလား" ဟု မဟာကပ္ပိနထေရ်၏ ကြံစည်မှုကိုလည်း မောဂ္ဂလ္လာန်၌ သမ္ပုစ္ဆာအနက်ဟု ဆို၏၊ ကစ္စည်းကျမ်းအလိုမူ ပရိကပ္ပအနက်ဟုသာ ဆိုသင့်သည်၊ မဟာဝါ ဥပေါသထက္ခန္ဓက၌လည်း "အာယသ္မတော မဟာကပ္ပိနဿ ပရိဝိတက္ကော ဥဒပါဒိ-ဂစ္ဆေယျံဝါဟံ ဥပေါသထံ နဝါဂစ္ဆေယျံ" ဟု ပရိဝိတက္ကသဒ္ဒါဖြင့် ပြသည်။]

**ပတ္ထနာစသော ၅ နက်။** ။(ပတ္ထနာ) ပရဒါရံ - သူ့မယားကို၊ န ဂစ္ဆေယျံ-မသွားရပါလို။ [ဤ ပတ္ထနာအနက်၌ ယာစနာ (ခွင့်တောင်းခြင်း) လည်း ပါဝင်သင့်၏၊ပုံစံကား—"လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ, လဘေယျံ ဥပသမ္ပဒံ = ဘုရားအထံတော်၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရပါရစေ"တည်း၊] (အဇ္ဈိဋ္ဌ) မာဏဝံ-လုလင်ကို၊ အဇ္ဈာပေယျာသိ - သရဇ္ဈာယ်စေပါလော၊ဝါ-စာချပေးပါလော၊(ဝိဓိ)ဘော-အမောင်၊ ဂါမံ-သို့၊ဝံဂစ္ဆေယျ-ဤသို့သွားရာ၏။ [သည်ပုံ သည်နည်း သွားရမည်"ဟု နည်းပေးခြင်း စီမံခြင်းတည်း၊] (အာမန္တန) ဘဝံ-အရှင်သည်၊ ဣဓ-ဤ နေရာ၌၊ နိသီဒေယျ-ထိုင်လှည့်ပါလော၊ (နိမန္တန)ဘဝံ-သည်၊ ဂါမသ္မိံ-ရွာ၌၊ ဘုဉ္ဇေ-စားလှည့်ပါလော။

**သတ္တိစသော ၃ နက်။** (သတ္တိ) အစွမ်းသတ္တိနှင့် ယှဉ်သော အနက်ကို သတ္တိအနက်ဟု ဆို၏၊ ကော-အဘယ်သူသည်၊ ဣမံ ဇဋံ—ဤ အရှုပ်အထွေးကို၊ ဝိဇဋယေ-ဖြေရှင်းစွမ်းနိုင်ပါ့အံ့နည်း။ [သော-ထို သီလ သမာဓိ ပညာရှိသော ရဟန်းသည်၊ ဝိဇဋယေ—ဖြေရှင်းစွမ်းနိုင်၏၊ "ဝိဇဋိတုံ ကော သမတ္ထောတိ ဣမိနာ ဝိဇဋယေတိ ပဒံ သတ္တိ အတ္ထံ, န ဝိဓိအာဒိ အတ္ထံ တိ ဒဿေတိ"—ဒေဝ

တာ သံယုတ် သတ္တိဝဂ်ဋ္ဌကာ] (အရဟ) ဘဝံ-သည်၊ ခလု - စင်စစ်၊ ရင္ဝံ-မင်း အဖြစ်ကို၊ကရေ(ကရေယျ)ပြုထိုက်၏။ [ဤသတ္တိအရဟာအနက်များကို ကျမ်းဂန်တို့၌ အသုံးများပါလျက် သတိမပြုပဲ ရှိဓာတ်သည်၊] ပေယ(ဘဏေ)-မောင်မင်း၊ ဂါမက်-ရွာငယ်သို့၊ ဂစ္ဆာသိ (ဂစ္ဆေယျာသိ) - သွားစမ်းလော၊ (ပတ္တကာလ) သံဃာ-သံဃာ၏(ကံသည်)၊ ပတ္တကလ္လံ- လျောက်ပတ်သောအခါရှိသည်၊ စေ (ယဒိ)-အကယ်၍ဖြစ်အံ့၊ ဝေဲသတိ-ဤသို့ ဖြစ်လသော်၊ သံဃော-သည်၊ ဥပေါသထံ-ကို၊ ကရေယျ-ပြုရာ၏၊ ဝါ-ပြုချိန်တန်ပြီ၊ "တေသ ဘဂဝါ ကာလော၊ပေ၊ယံ ဘဂဝါ သာဝကာနံ သိက္ခာပဒံ ပညပေယျ—ဘုရားရှင်သည် သာဝကတို့အား သိက္ခာပုဒ်ကို အကြင် ပညတ်ရာ၏၊ မြတ်စွာဘုရား....ဤအခါကား ထိုပညတ်ခြင်း၏အခါပါတည်း၊ပညတ်ချိန်တန်ပါပြီ"ဟူလို၊ ဤသို့ထိုထိုကြိယာကိုပြုဖို့ရန် သင့်တော်သော အချိန်အခါသည် ပတ္တကာလ မည်၏။ ["တက္ကိရိယော စိတကာလ လာဘော ပတ္တကာလော=ထိုအမှုကို ပြုခြင်း အားလျော်သောအခါကို ရခြင်းသည် ပတ္တကာလ မည်၏"—ဗုဒ္ဓဗောဓဋ္ဌိကာ။]

**သဒ္ဒနီတိ။** ။"ကာလသမယ ဝေလာသု ယမှိ သတ္တမီ= ယံ သဒ္ဒါ အနီးရှိရာဝယ် ကာလ သမယ ဝေလာအနက်တို့၌ သတ္တမီ သက်"ဟု သုတ်တည်၍ "ကာလော ယံ ဘုဥ္စေယျ ဘဝံ, သမယော၊ပေ၊ဝေလာ ယံ ဘုဥ္စေယျ"ဟု ပုံစံထုတ်၏၊ ဘဝံ-အရှင်သည်၊ ယံ ဘုဥ္စေယျ-အကြင် စားရာ၏၊ အယံ - ဤအချိန်ကား၊ တဿ-ထို စားခြင်း၏၊ ကာလော - တည်း၊ ဤပုံစံများကိုလည်း "ပတ္တကာလ"ဟုပင် မောဂ္ဂလ္လာန် ဆိုသည်။

**သမ္ဘာဝနာ။** ။ပဗ္ဗတံအပိ-တောင်ကိုလည်း၊ "သာမန် အရာဝတ္ထုကို မဆိုထားဘိ တောင်ကြီးကိုသော်မှလည်း" ဟူလို၊) ဘိန္ဒေယျ—ခွဲနိုင်ရာ၏၊ "ဆဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အပိ ဟိမဝန္တံ ပဗ္ဗတရာဇံ ပဒါလေယျ (ခွဲနိုင်ရာ၏)၊ ကော ပန ဝါဒေါ ဆဝ ါယ အဝိဇ္ဇာယ—အယုတ်တမာ အဝိဇ္ဇာကို ခွဲနိုင်ခြင်းမှာ ဘာပြောဖွယ်ရာ လိုတော့အံ့နည်း"ဟူသော ဆက္ကင်္ဂုတ္တရ အနုတ္တရိယဝဂ်ကိုလည်း ပုံစံထုတ်၊ ဤ၌ သတ္တိအနက် ပါဝင်သော်လည်း၊ သမ္ဘာဝနာဇောတက အပိ ဥပသာရနှင့်တကွ မြင်ရသောကြောင့် သမ္ဘာဝနာ အနက်ကသာ၍ ထင်ရှားပေသည်၊ ဤ၌ "သမ္ဘာဝနာ"ဟူသည် အဝိဇ္ဇာကို ခွဲခြင်းစသောကြိယာတို့၌ သင့်လျော်သည်၏အဖြစ်ကို ဆုံးဖြတ်ခြင်း- ထိုသူ၏ အစွမ်းသတ္တိကို ယုံကြည်ခြင်းတည်း၊ "သမ္ဘာဝနံ ကြိယာသု ယောဂ္ဂဘာဝဿ နိစ္ဆယံ၊ သာမတ္ထိယဿ သဒ္ဒဟနံတိ အတ္ထော"— ဗုဒ္ဓိပဒဿဒနီ ဋီကာ၊ ဤသမ္ဘာဝနာကိုပင် "ချီမြှောက်ခြင်း"ဟု ဆိုကြသည်။ [ ပဥ္စမီ သတ္တမီ သညာ၏အကြောင်းကို နောက်အမည်မှည့်ရာ သုတ်ကျမှ ပြအံ့။]

အပစ္စက္ခေ
ပရောက္ခာ-တီတေ

၄၁၇။ **အပစ္စက္ခေ—သော၊ အတီတေ** ကာလေ—**အတိတ်** **ကာလ၌၊ ဝါ—**အတိတ်ကြိယာ၌၊ **ပရောက္ခာ** ဝိဘတ္တိ-သည်၊ ဟောတိ၊ သုပိနေ—အိပ်မက်၌၊ အာဟကိလ—ဆိုမိသတတ်၊ **ဝေ**—ဤသို့၊ ပေါရာဏာ— ရှေးဆရာတို့သည်၊ အာဟုကိလ—ဆိုကုန်သတတ်၊ (၄၆၀)။

---

၄၁၇။ **အပစ္စက္ခေ**။ ။ပတိ+အက္ခ၊ တိကို စပြု, ဒွေဘော်လာ၍"ပစ္စက္ခ" ပြီး၏၊ အက္ခာနံ-ဣန္ဒြေတို့၏ + ပတိမုခံ—ရှေးရှုတည်း၊ ပစ္စက္ခံ = ဣန္ဒြေတို့၏ ရှေးရှု၊ ရှုဋီကာ၌ "ပတိဂတိ+အက္ခံ, ပစ္စက္ခံ"ဟု ပြု၏၊ အက္ခံ—ဣန္ဒြေကို+ပတိဂတံ-မှီသည်တည်း၊ ပစ္စက္ခံ—ဣန္ဒြေကို မှီသော အသိဉာဏ်, ထို **အသိဉာဏ်၏** ကျ**က်**စားရာ **အာ**ရုံ၊ ဤဝိဂ္ဂဟ်များအရ "ပစ္စက္ခ"ဟူသည် စက္ခုန္ဒြေ၏ (မျက်စိဖြင့်)တိုက်ရိုက်မြင်ရ**သော** ဆင်း, **သော**တိန္ဒြေဖြင့်(**နား**ဖြင့်)တိုက်ရိုက်ကြား**ရ** သော အသံ, ဃာနိန္ဒြေဖြင့်(နှာခေါင်းဖြင့်)တိုက်ရိုက်နံရ**သော** အနံ့, ဇိဝှိန္ဒြေဖြင့် (လျှာဖြင့်)တိုက်ရိုက်သာယာအပ်သော(စားအပ် သောက်အပ် လျက်အပ်သော) အရ**သာ**, ကာယိန္ဒြေဖြင့်(ကိုယ်ဖြင့်)တွေ့ထိရသော အတွေ့များတည်း၊ ထိုကဲ့သို့ ကိုယ်တိုင် မမြင်— မကြား— မနံ— မသာယာ— မတွေ့ရသော အာရုံများသည် အပစ္စက္ခမည်၏၊ ဤ အပစ္စက္ခကို "မျက်ကွယ်"ဟု ဆိုရိုးရှိသော်လည်း အမှန်မှာ မျက်စိ နား နှာ လျှာ ကိုယ် ဤ ဣန္ဒြေ ၅ ပါးလုံး၏ အကွယ်ပင် ဖြစ်သည်။

ပရောက္ခာ။ ။အက္ခာနံ - ဣန္ဒြေတို့၏ + ပရံ- ကွယ်ရာဖြစ်သော ကြိယာ **အာ**ရုံသည်၊ ပရောက္ခံ-မည်၏၊ "အက္ခ+ပရ"ဟု သမာသ်ပြီးသည့်**အ**ခါ "ပ-ရောက္ခာ"ဟူသော ဤစကားကိုပင် နိပါတန(ရုပ်ပြီးစေနိုင်သောစကား)ဟုပြု၍ "ပရ+အက္ခ"ဟု ရှေ့နောက်ပြန်၊ တေသုဝုဒ္ဓိသုတ်ကြီးဖြင့် အက္ခ၏ အကို သြပြု, ရ်ခွင်း, ချေ, ကပ်၍ "ပရောက္ခ"ဟု ပြီး၏၊ ["အက္ခာနံ+ပရံ, အက္ခေဟိဝါ+ပရန္တိ ဝိဂ္ဂယှ **သ**မာသော, အတောယေဝ နိပါတနာ ပရသဒ္ဒဿ ပုဗ္ဗနိပါတော၊ အက္ခသဒ္ဒါဒိဿ သြစ, ပုဗ္ဗသရလောပေါ"—မောဂ္ဂလ္လာန် ပဉ္စိကာ၊] ထို့နောက် "ပရောက္ခေ—ဣန္ဒြေ၏ ကွယ်ရာဖြစ်သောကြိယာ၌၊ ဘဝါ-ဖြစ်သောဝိဘတ်သည်၊ ပရောက္ခာ-မည်၏"ဟု ဘဝတဒ္ဓိတ်ဆင့်မှ "ပရောက္ခာ"မည်သော ဝိဘတ်ရသည်၊ ["ကေနစ္ဆန္ဒေန ပရောက္ခာ၊ ပရောက္ခေ+ဘဝါတိ အတ္ထေန၊ တထာဟိ စက္ခာဒိန္ဒြိယသန်ါတဿ အက္ခဿ ပရော တိရောဘာဂေါဝါ ပရောက္ခံ၊ တဗ္ဗာစကဘာဝေန (ထို ဣန္ဒြေ၏ကွယ်ရာကြိယာကို ဟောတတ်သည်၏ အဖြစ်ကြောင့်) ပရောက္ခေ+ဘဝါတိ ပရောက္ခာ"—သဒ္ဒနီတိ။]

**အတီတေ**။ ။အတိ+ဣတ၊ အတိက္ကမ္မ-ပစ္စုပ္ပန် အခိုက်အတန့်ကို လွန်၍+ဣတော—ဖြစ်သောကြိယာ(ကာလ)သည်၊ အတီတော အတိတ်**မည်၏**၊ ကြိယာ

တခု၌ "ဖြစ်တော့မည်"ဟု ရှေးရှုနေသော အနာဂတ် အခိုက်အတန့် ဖြစ်ဆဲ ပစ္စုပ္ပန် အခိုက်အတန့်, ဖြစ်ပြီးသော အတိတ် အခိုက်အတန့် ဟု ၃ မျိုး ရှိ၏။ အတီတ၌ အတိသဒ္ဒါသည် လွန်ခြင်းအနက်ကိုဟော၏၊ "ဘာကို လွန်သနည်း" ဟု မေးလျှင်........ "ပစ္စုပ္ပန် အခိုက်အတန့်ကို လွန်သည်"ဟု ဖြေလိမ့်မည်၊ ထို့ကြောင့် ပစ္စုပ္ပန် အခိုက်အတန့်ကိုလွန်၍ ဖြစ်လေပြီးသော ကြိယာကိုလည်းကောင်း,ထိုကြိယာဖြင့် မှတ်အပ်သောကာလကိုလည်းကောင်းအတီတ(အတိတ်) ခေါ်သည်ဟုမှတ်ပါ၊ထိုအတိတ်သည် ပစ္စက္ခ-အပစ္စက္ခ ဟု ၂ မျိုးရှိရာ အပစ္စက္ခေ ဟူသော ဝိသေသနဖြင့် ပစ္စက္ခ (မျက်မှောက်) ဖြစ်သော အတိတ်ကို တားမြစ်၏၊ ထို့ကြောင့် ဥလ္လန္ဒေငါးပါး၏ ကွယ်ရာလည်းဖြစ်·အတိတ်လည်းဖြစ်သော ကြိယာအနက်၌ ဤပရောက္ခာဝိဘတ် သက်ရသည်။

ဥတ္တမပုရိသ် သက်နိုင်ပုံ။ ။သူတပါးနှင့်စပ်သော ကြိယာများ၌ "သော အာဟ ကိရ - သူဆိုသတဲ့၊ တံ့ ဗဘူဝေ ကိရ-သင် ဖြစ်သတဲ့"ဤသို့ စသည်ဖြင့် ကိုယ်တိုင် မမြင်ရ မကြားရပဲ သူတပါးက တဆင့်ပြောမှ သိရသောအကြောင်းအရာဖြစ်၍ အပစ္စက္ခ (ဥလ္လန္ဒေ၏ ကွယ်ရာ)ဟု ဆိုခြင်းသည် သင့်ပါစေတော့၊ "အဟံ ဗဘူဝံ ကိရ-ငါဖြစ်ပြီတဲ့"ဟု ကိုယ်ရေးကိုယ်တာအတွက် ဖြစ်ရသော ကြိယာများ၌မူ အဘယ်သို့လျှင် အပစ္စက္ခ (မျက်ကွယ်) ဖြစ်နိုင်ပါမည်နည်း, ကိုယ်တိုင်ဖြစ်ရသော ကြိယာဖြစ်၍ ပစ္စက္ခ (မျက်မှောက်) ဟုသာ ဆိုထိုက်သည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၏၊ [ဤစကားဖြင့်"ဗဘူဝံ ဗဘူဝိမှ"စသော ဥတ္တမပုရိသ်များ မဖြစ်နိုင်ဟု စောဒနာသည်၊] အဖြေကား—ဒေတွဝေ မိန်းမောခြင်း, စိတ်ပျံ့လွင့်ခြင်း,အာရုံတမျိုး၌ ကပ်ငြိနေခြင်း,ဤအကြောင်း ၃ ပါးတွင် တပါးပါးသော အကြောင်းကြောင့် မိမိပြုမိသောအမှုကို သတိမရရာ၌ သူ့ကိုယ်တိုင် ပြုအပ်သောအမှုပင်ဖြစ်သော်လည်း သူ မသိလိုက်သဖြင့် အပစ္စက္ခ (မျက်ကွယ်) ပင်ဖြစ်ရသည်၊ ထိုကဲ့သို့သော ကြိယာမျိုးဝယ် "အဟံ ဝိလလာပံ ကိရ—ငါ ယောင်ရမ်း ပြောဆိုမိသတဲ့၊ အဟံ စကာရံ ကိရ-ငါ ပြုလုပ်မိသတဲ့" စသည်ဖြင့် ဥတ္တမပုရိသ်ဝိဘတ်များ သက်နိုင်သည်။

မောဂ္ဂလ္လာန် ပဉ္စိကာ။ ။မူဠ္ဝိက္ခိတ္တဗျာသတ္တ စိတ္တေန အတ္တနာပိ ကြိယာကတာ-ဘိနိဗ္ဗတ္တိတကာလေနုပလဒ္ဓါ သမာနာ ဖလေနာနုမိယမာနာ ပရောက္ခာဝ ဝတ္တုတော၊ တေနုတ္တမဝိသယေပိ ပယောဂသမ္ဘဝေါ။ [တွေဝေ, ပျံ့လွင့်,အာရုံ တပါး၌ ငြိကပ် စွဲလမ်းသောစိတ်ဖြင့် ကိုယ်တိုင်ပြုအပ်သော ကြိယာပင် ဖြစ်စေကာမူ ဖြစ်စေအပ်ရာကာလ၌ မရအပ်(မသိအပ်)သည်ဖြစ်၍ အကျိုးတစုံတရာဖြင့် မှန်းဆ (တွေးဆ)မှ သိရသောကြိယာသည် တရားကိုယ်အားဖြင့် မျက်ကွယ်ပင် တည်း၊ ထို့ကြောင့် (ထိုကြိယာမျိုးဝယ်) ဥတ္တမပုရိသ်အရာလည်း (ဇဂါမံ—ဝိလလာပံ) စသော ပြယုဂ်ဖြစ်နိုင်သည်။]

**သက်ရာ ၃ ဌာန။** ။''၁-ပြခဲ့သော မူဋ္ဌ ဝိက္ခိတ္တ ဗျာသတ္တစိတ်ကြောင့် မိမိ ပြုသော အမှုကိုမျှ သတိမရသော အရာဌာန, ၂-မိမိပြုအပ်သော အမှုကို သတိ ရသော်လည်း အခြေအမြစ်ကစ၍ စင်စစ် ဖုံးကွယ် လိမ်လည်လိုရာဌာန, ၃-မြင်မှု ကြားမှုစသော ဥက္ကန္ဒြေ ၅-ပါး ကွယ်ရာဌာန, ဤ ၃ ဌာန၌ ပရောက္ခာ ဝိဘတ် သက်ရသည်''ဟု ကစ္စာယနသာရ စသည်၌ ရှေးဆရာတို့ မိန့်ကြသည်၊ ထိုတွင် ၃ နံပါတ်ဌာနသာ အပစ္စက္ခ အစစ်တည်း၊ ၁-နံပါတ် ဌာနကား ပစ္စက္ခ ဖြစ်ပါလျက် အမှတ်မရသဖြင့် အပစ္စက္ခကဲ့သို့ ဖြစ်ရ၏၊ ၂-နံပါတ်မှာ တမင်လာ အပစ္စက္ခဖြစ်အောင် လိမ်လည်သောကြောင့် အပစ္စက္ခဖြစ်ရသည်။

ကတာဿ-သရဏေ ကတ္တု, **အစ္စန္တစ္ဆာဒနေပိစ၊**
ဒိဋ္ဌာဒီန မဘာဝေ **စ**, တိသု ဧ ယျော ပရောက္ခတာ။

၁။ ကတ္တု-တော္ဘဝေမှု ပျံ့လွင့်မှုအာရုံတပါးပါး၌ ငြိကပ်မှုရှိနေသော ကတ္တား ပုဂ္ဂိုလ်၏၊ (ထိုထိုအမှုကို ပြုလုပ်သူ၏-ဟူလို၊) ကတာဿ-မိမိပြုအပ်သော အမှု ကို၊ အသရဏေစ-မမှတ်မိသော အနက်၌လည်းကောင်း [''သင်သည် ရာဇဝတ်မှု မကင်းသော ဤစကားကို ဆိုတယ်လို့ ကြားရသည်, ဟုတ်သလား''ဟုသူတပါး ကမေးရာ၀ယ် ''သုပိနေ အာဟကိလ-အိပ်မက်ထဲ၌ ပြောမိသတဲ့''ဟု ပြန်ပြော သော အရာမျိုး၌ အိပ်နေတုန်း၀ယ် မူဋ္ဌဖြစ်နေသောကြောင့် မိမိပြောမိသည်ကို မိမိ အမှတ်ရသဖြင့် ''အာဟကိလ''ဟု ပရောက္ခာဝိဘတ် သက်ရသည်၊ ဤ၌ အာဟပုဒ်ကို ဥတ္တမပုရိသ် (အ) ဝိဘတ်ထင်၍ အဓိပ္ပာယ် ပြောမှားတတ်သည်၊ ယထာ-သုပိနေ ကိလမာဟတျာဒိ၊ အတြ ဟိ နိဒ္ဒါယ မောဟစိတ္တော သကတမ္ပိ-(ကိုယ်တိုင်ပြုအပ်သော်လည်း) နဿရတိ၊ (ကစ္စာယနသာရဋီကာ၊) ''သုတ္တောစ် ဟံ ကိလ ဝိလလာပ......ဗဟုံ ဇဂါဒ ပုရတော တဿမတ္တော ကိလာ ဟံ'' ဟုလည်း သက္ကတပုံစံ ထုတ်၏၊ အဟံ - ငါသည်၊ သုတ္တော - အိပ်ပျော်နေစဉ်၊ ဝိလလာပကိလ=ယောင်ရမ်း ပြောဆိုမိသတတ်၊ အဟံ - ငါသည်၊ မတ္တော - မူးယစ်သည်ဖြစ်၍၊ တဿ-ထိုသူ၏၊ ပုရတော-ရှေ့၌၊ ဗဟုံ-များစွာသော စကား ကို၊ ဇဂါဒကိလ-ပြောဆိုသတတ်။]

၂။ **အစ္စန္တ**+အစ္ဆာဒနေပိစ-စင်စစ် ဖုံးလွှမ်းလိုရာ၌လည်းကောင်း— [''ဖုံး လွှမ်းလိမ်လည်မှုသည် **အစ္ဆာဒန** (ဖုံးလွှမ်းခြင်း)အစ္စန္တအစ္ဆာဒန(အကြောင်း ရင်းကစ၍ စင်စစ် ဖုံးလွှမ်းခြင်း)ဟု ၂-မျိုးရှိ၏၊ ''သင်+ထိုမြို့၌ နေသလား''ဟု မေးရာ၌ (နေပါလျက်) ''မနေဘူး''ဟု ဖုံးကွယ်ခြင်းသည် သာမန် ဖုံးကွယ် ခြင်းမျိုးဖြစ်၍ ''အစ္ဆာဒန''သာတည်း၊ ထို အစ္ဆာဒနမတ္တ၌ ပရောက္ခာ မသက်ရ၊ ''**နာ**ဟံ အ၀သိံ-ငါ မနေဖူးပါ''ဟု အဇ္ဇတနီသာ သက်ရသည်။

အင်ဝင်္ဂကလိင်္ဂေသု, **သော**ရဋ္ဌ မဂဓေသုစ၊
တိတ္ထယာတြံ ဝိ**နာ** ဂန္တွာ, ပုန သခ်ါရ မာစရေ။

ဟိယျော၊ပေ၊ ဟိယျတ္တနိ

၄၁၈။ ဟိယျောပဘုတိ-၍၊ ပစ္စက္ခေဝါ - သော၊ အပစ္စက္ခေဝါ-သော၊ အတီလေ ကာလေ၊ ဟိယျတ္တနီ ဝိဘတ္တိ ဟောတိ၊ သော—ထိုသူသည်၊ မဂ္ဂံ—လမ်းကို၊ အဂမာ-သွားပြီ၊ တေ-ထိုသူတို့သည်၊ မဂ္ဂံ-ကို၊ အဂမူ-သွားကုန်ပြီ။ (၄၅၆)။

---

အင်္ဂတိုင်း ဝင်္ဂတိုင်း ကလိင်္ဂတိုင်း ဓသာရဋ္ဌတိုင်းနှင့် မဂဓတိုင်းတို့၌ ဘုရားဖူးသွားခြင်းကို ကြည့်၍ အခြား အကြောင်းဖြင့်သွားလျှင် ဇာတ်ပျက်၏၊ ထပ်၍ ဇာတ်သွင်းမှုကို ပြုကျင့်ရမည်၊ ဤသို့ လောကီဓမ္မသတ်ကျမ်း ရှိသတတ်၊ တစုံတယောက်က အခြားတယောက်ကို "သင်သည် ကလိင်္ဂတိုင်း၌ ရောက်ဖူးသလား,ကြာမြင့်စွာ နေအပ်ဖူးသလား"ဟုမေးလျှင် ရောက်ဖူးနေဖူးပါလျက် ယခင် ဓမ္မသတ်ကို သတိရ၍"နာဟံ ကလိင်္ဂေ ဇဂါမ=ငါ ကလိင်္ဂတိုင်းတို့ကို မသွားဖူးပါ"ဟု ဖြေခြင်းသည် ရောက်ခြင်း နေခြင်း၏အကြောင်းရင်းဖြစ်သော သွားခြင်းကိုပင် ဖုံးကွယ်သောကြောင့် အစ္စန္တစ္စာဒန မည်၏၊ "ကလိင်္ဂတိုင်းတို့၌ ရောက်ဖို့ နေဖို့ကို မဆိုထားနှင့် သွားတောင် မသွားဖူးပါ"ဟူလို၊ဤသို့ အစ္စန္တ+အစ္စာဒနအရာမျိုး၌ "ဇဂါမ"ဟု ပရောက္ခာ သက်ရသည်။

၃။ ဒိဋ္ဌာဒိနံ။ ။မြင်ခြင်း အစရှိသည်တို့၏၊ (ကိုယ်တိုင် မြင်မှု ကြားမှု နံမှု စသည်တို့၏၊) အဘာဝေစ-မရှိရာ၌လည်းကောင်း၊,တိသု-၃ ဌာနတို့၌၊ပရောက္ခာ—ပရောက္ခာသက်ရသည်၏အဖြစ်ကို၊ ဥဒ္ဓယျာ-သိအပ်၏၊ ["ဧဝံ ကိလပေါရာဏာ အာဟု=ဤသို့ ရှေးဆရာတို့ ဆိုကြသတတ်၊ ဤ၌ ရှေးဆရာတို့ ဆိုခြင်းကို မိမိမသိရ မကြားရ၍ အပစ္စက္ခဖြစ်သောကြောင့် "အာဟု"ဟု ပရောက္ခာထားရသည်၊ ကိလ (ပါဠိလို "ကိရ") သဒ္ဒါကား မနှစ်သက်သော အရာ-တဆင့်ကြားရသော အရာတို့၌ သုံးစွဲရသော နိပါတ်ပုဒ်တည်း၊ ထိုတွင်"အာဟု ကိလ"၌ ကိလကား တဆင့်ကြားရသော အရာ၌ သုံးအပ်သော နိပါတ်တည်း၊ "သုပိနေ ကိလမာဟ"၌ ကိလလည်း မိမိကိုယ်တိုင် ပြောဆိုပါလျက် မမှတ်မိ၍ တဆင့်ကြားကဲ့သို့ ဖြစ်နေသောကြောင့် တဆင့်ကြားသုံးဟုပင် ဆိုထိုက်သည်၊ ဤ ပရောက္ခာ အရာဝယ် မနှစ်သက်၍ သုံးစွဲနေသော ကိလ (ကိရ) မဖြစ်နိုင်၊ တချို့နေရာ၌ကား အကျယ်ချဲ့လို၍ "သာဝတ္ထိယံ ကိရ"စသည်ဖြင့် သုံးစွဲအပ်သော အသုံးမျိုးလည်း ရှိသေး၏။

[ဆောင်] နှစ်မသက်ကား, တဆင့်ကြားနှင့်, ချဲ့ပြောလိုဘိ, ကိလထည့်, ပါဠိ ကိရပင်။

---

၄၁၈။ ဟိယျော၊ပေ၊ဟိယျတ္တနီ။ ။ဟိယျော-ယမန်နေ့ကာလ၌၊ ဝါ—ယမန်နေ့ကြိယာ၌+ဘဝါ-ဖြစ်သော ကြိယာဝိဘတ်သည်၊ဟိယျတ္တနီ-ဟိယျတ္တနီ

မည်၏၊ ဟိယျောဟူသော နိပါတ်ပုဒ်နောင် ဘ၀အနက်၌ ယဒနုသုတ်ကြီးဖြင့် "တ္တန" ပစ္စည်းသက်, ဣတ္ထိဇောတက ဤပစ္စည်းလည်း သက်၊ ဤ ဝိဂ္ဂဟ်အရ "ဟိယျတ္တနီ ဝိဘတ်သည် ယမန်နေ့အဖို့ ဖြစ်သော ကြိယာကိုသာ ဟော၏၊ ယမန်နေ့၏ရှေးဖြစ်သော ကြိယာကိုကား မဟော"ဟု ယူဖွယ်ရှိ၏။

သက္ကတ။ ။မုဒ္ဓဗောဓဋီကာ (၉၃၃) သုတ်၌ "အဒျတနး, ဟျသ္တနး ပရောက္ခာစေတိ၊ ကမေန ယထာ၊ သး-ထိုသူသည်၊ အဒျ-ယနေ့၊ အဘ၀တ်-ဖြစ်ပြီ၊ သး-သည်၊ ဟျော-ယမန်နေ့၌၊ အာဒက္ခိတ်-မြင်ပြီ၊ သး-သည်၊ ဗဟုဒိနံ-နေ့ပေါင်းများစွာ၊ ဇဂါမ-သွားပြီ"ဟု ဟိယျတ္တနီဝိဘတ်အလိုက်'ဟိယျော" ဟု ဝိသေသန ကူမ၍ ပုံစံပြ၏၊ သာရသ္ဝတ၌လည်း "ဟျော—ယမန်နေ့က၊ တွ ပုတြော-သင့်သားသည်၊ အဘ၀တ်-ဖြစ်ပြီ"ဟု "ဟျော"ထည့်၍ ပုံစံထုတ်၏၊ ကလာပ်"တာသံ သွသဉာတိ ကာလဝိသေသော" ဟူသော သုတ်၌လည်း "သူ့နာမည် အားလျော်စွာ ကာလအထူးကို သိအပ်ဟု"ဟု ဆို၏၊ ဟိယျတ္တနီဟူသော နာမည်အားလျော်စွာ ယမန်နေ့ကြိယာကို ဟောသည်-ဟု ဆိုလိုသည်၊ထို သက္ကတ အဆို အရလည်း "ဟိယျတ္တနီဝိဘတ်သည် ယမန်နေ့အဖို့၌ ဖြစ်ခဲ့သော ကြိယာကိုသာ ဟော၏"ဟု ယူဆဖွယ်ရှိသည်၊ သို့သော်....

"ယး—အကြင်ဘုရားသခင်သည်၊ မိနကုမ္ဘကောလ-ငါး လိပ်နှင့်တကွသော ဝက်သည်၊ အဘ၀တိ-ဖြစ်ဖူးပြီ၊ (အဇ္ဇတနီ) နရိဟရိ ဝါမနာ ဇာမဒဂ္နျး-နရသိံဟဝါမနနှင့်တကွသော ဇာမဒဂ္နရသေ့၏ သားပရသုရာမမင်းသည်၊အဘူတ်-ဖြစ်ဖူးပြီ၊ (ဟိယျတ္တနီ၊) ဘရတာဂြဇ ကရိဿ ဗုဒ္ဓး—ဘရတ၏ နောင်တော်ရာမမင်း ကရိဿနှင့် တကွဖြစ်သော ဗုဒ္ဓသည်၊ ဗဘူဝ-ဖြစ်ဖူးပြီ၊ (ပရောက္ခာ)၊ ပေ- သး-ထို ဘုရားသခင်သည်၊ မမ-ငါ၏၊ စိတ္တာသယနေ—စိတ် တည်းဟူသော အိပ်ရာတော်၌၊ သေတေ-အိပ်၏"ဟု မုဒ္ဓဗောဓစာကိုယ်၌ ယမန်နေ့ထက်အလွန်ရှေးကျသော နရသိံဟစသည် ဖြစ်ခဲ့ခြင်းကြိယာကိုပင် ဟိယျတ္တနီဝိဘတ်ဖြင့် သုံးစွဲထား၏၊ ပါဠိ၌လည်း "မေဒနီ သမ္ပကမ္ပထ" (ဝေဿန်) ဝေဿန္တရာဘဝ၌ ဖြစ်ခဲ့သော ကြိယာကိုပင် ဟိယျတ္တနီဖြင့် သုံးစွဲထားသည်။

အချုပ်မှတ်ဖွယ်။ ။ကမ္ဘာဦးအခါ ဗျာကရဏ်းကျမ်းကို စတည်စဉ် ကာလ၌ ဟိယျတ္တနီဝိဘတ်ကို ယမန်နေ့အတွက်သာ သုံးစွဲခဲ့ဟန်တူသော်လည်း ကာလကြာသောအခါ ဝဒန္တပုဂ္ဂိုလ်တို့ သုံးစွဲလိုရာကို ဆွဲ၍ အလွန်ရှေးကျသော အတိတ်ကြိယာကိုလည်း ဟိယျတ္တနီဖြင့် သုံးစွဲကြသောကြောင့် အရှင် ကစ္စည်းဆရာသည် "ဟိယျောပဘုတိ"ဟု ပဘုတိသဒ္ဒါထည့်၍ ယမန်နေ့မှစလျက် ရှေးလွန်လေသမျှ အတိတ်ကာလကို ဟိယျတ္တနီဝိဘတ် ဟောရာနယ် ဟု သတ်မှတ်ခဲ့လေသည်၊ ထို့ကြောင့် လွန်ခဲ့သော ယမန်နေ့ (ဒုတိယနေ့)မှ အထက် အတိတ်ကြိယာတို့ကိုဟောရာ၌ ဟိယျတ္တနီဟူသော နာမည်သည် အနွတ္ထ မဟုတ်တော့ပဲ

**သမီပေပစ္စတနီ** ၄၁၉။ အဇ္ဇပဘုတိ-ယနေ့မှစ၍၊ ပနိကွေဝါ အပစ္စက္ခေဝါ၊ သမိပေ—အနီးဖြစ်သော၊ အတီတေ—သော၊ ကာလေ—၌၊ **အဇ္ဇတနီဝိဘတ္တိ** ဟောတိ၊ သော-**သည်**၊ မဂ္ဂံ- ကို၊ အဂမိ-သွားပြီ၊ တေ မဂ္ဂံ အဂမုံ-သွားကုန်ပြီ၊ (၄၆၉)။

---

အတွင်ရှင့်နာမည်သာ ဖြစ်တော့၏၊ ဤသို့ အလွန်ဝေးသော ရှေးအတိတ်ကြိယာကိုပင် ဟိယျတ္တနီဝိဘတ်တို့ ဟောနေကြရသောကြောင့် မောဂ္ဂလ္လာန်၌ "ဟိယျတ္တနီ" ဟူသော နာမည်ပင် မတပ်တော့ပဲ "အနဇ္ဇတနေ-အာ ဦ၊ပေ၊တ္ထုံ မှသေ" ဟု အနဇ္ဇတန (အဇ္ဇတနအဖြစ် မရှိသော) ကြိယာ၌ အာ စသော ဝိဘတ်များ သက်သည်ဟု မိန့်လေသည်။

**အပစ္စက္ခေ အတီတေ**။ ။ရှေ့သုတ်မှ "အပစ္စက္ခေ" နှင့် "အတီတေ" သဒ္ဒါ လိုက်လာသောကြောင့် ဝုတ္တိ၌ "အတီတေ ကာလေ ပစ္စက္ခေ ဝါ အပစ္စက္ခေ ဝါ" ဟု အတီတေ အပစ္စက္ခေပုဒ်တို့ကို ထည့်၍ဖွင့်သည်။

---

၄၁၉။ **အဇ္ဇ၊ပေ၊အဇ္ဇတနီ**။ ။အဇ္ဇ- ယနေ့ကာလ၌၊ ဝါ- ယနေ့ ကြိယာ၌+ဘဝါ- ဖြစ်သောဝိဘတ်သည်၊ ဝါ - ဖြစ်သောကာလ(ကြိယာ)သည်၊ အဇ္ဇတနီ - မည်၏၊ ယဒနုသုတ်ကြီးဖြင့် ဘဝအနက်၌ "တန" ပစ္စည်း သက်, ဣတ္ထိဇောတက "ဤ" ပစ္စည်းလည်း သက်၊ [ "ဟျာသ်" ဟု သက္ကတ၌ရှိသောကြောင့် ပျောက်သွားသော "သ်" အစား ဒွေဘော်လာ၍ "ဟိယျတ္တနီ" ဟု ရှိရ၏၊ "အဒျ" ဟု သက္ကတရှိသောကြောင့် အဇ္ဇနောက်၌ကား ဒွေဘော်မလာရ၍ "အဇ္ဇတနီ" ဟု ရှိရသည်၊] ဤ "အဇ္ဇ+ဘဝါ" ဟူသော ဝိဂ္ဂိုဟ်အရလည်းကောင်း, "သမိပေ—အနီးဖြစ်သော" ဟူသော ဝိသေသနကို ထောက်၍လည်းကောင်း, ယမန်နေ့ထက် နီးကပ်သော ယနေ့အတွက် ပြီးပြီး ကြိယာကိုသာ အဇ္ဇတနီဝိဘတ်**က** ဟောသည်ဟု ယူဆဖွယ်ရှိ၏။

**သက္ကတ**။ ။မုဒ္ဓဗောဓဋီကာ၌ "**သး-ထိုသူသည်**၊ အဒျ-ယနေ့၊ ဘဝ ဝတ်-ဖြစ်ပြီ" ဟု အဒျပုဒ်ထည့်၍ ပုံစံထုတ်၏၊ ကလာပ်၌လည်း "**အဇ္ဇတနီး** ဟူသော သူ့နာမည် အားလျော်စွာ ယနေ့ ပြုပြီးကြိယာဟူသော **ကာလအထူးကို သိအပ်၏**" ဟု ဆို၍ "အဒျ- **ယနေ့**၌လည်းကောင်း၊ ဟျော ဝါ- ယမန်နေ့ထက်လည်း**ကောင်း**၊ အဘုက္ချာမဟိ-ငါတို့**စား**ကုန်ပြီ" ဟု အဇ္ဇ-ဟိယျ ၂ မျိုးလုံးရောနေ၍ "သန္နိခါနတ်-(ပြောသူ**က** ယနေ့မှပြောသဖြင့်) ယနေ့အနက်က နီးကပ်နေသောကြောင့် အဒျတနီသက်" ဟု မိန့်သည်၊ ဤစကားအရ "**အဇ္ဇတနီ** ဝိဘတ်များ**သည်** ယနေ့ တနေ့အတွက်သာ လွန်ခဲ့ပြီးကြိယာကို ဟောသည်" ဟု ယူဆဖွယ် ရှိ၏၊ သို့သော်-"ယး မိနကုမ္မကောလော အဘဝတ်" ဟု ပြခဲ့သော မုဒ္ဓဗောဓ**စာကိုယ်၌လည်းကောင်း** "တဒါသူဝေါ် အာနန္ဒော အဟောသိ=ယခု အာ**နန္ဒာ**

သည် ထို မဟောသဓောတ်၌ ကျေးသား ဖြစ်ဖူးပြီ''ဟု ပါဠိ၌လည်းကောင်း အလွန်ဝေးသော ရှေး ကြိယာကိုပင် အဇ္ဇတနီ ဝိဘတ်ဖြင့် သုံးစွဲထားသည်ကို တွေ့ရသည်။

အချုပ်မှတ်ဖွယ်။ ။ဗျာကရုဏ်းကျမ်းကို စတည်စဉ်ကာလ၌ အဇ္ဇတနီကို ယနေ့ အတိတ်အတွက်သာ အသုံးပြုရန် စီစဉ်ခဲ့ဟန် တူသော်လည်း ကာလကြာသောအခါ ဝဒန္တပုဂ္ဂိုလ်အလိုအတိုင်း အလွန်ဝေးသော ရှေးအတိတ်ကြိယာကိုပင် အဇ္ဇတနီဝိဘတ်ဖြင့် သုံးစွဲကြသောကြောင့် ယခုအခါ အဇ္ဇတနီဝိဘတ်၏ ဟောရာနယ်သည် ယနေ့ လွန်ပြီးအချိန်မှ စ၍ အလွန်ဝေးသော ရှေးကာလတိုင်အောင် ကျယ်ပြန့်လျက်ရှိရကား ကစ္စည်းဝုတ္တိ ဆရာလည်း ''အဇ္ဇပဘုတိ-ယနေ့မှ စ၍၊ အတီတေ ကာလေ'' ဟု ဖွင့်ရလေသည်၊ ထို့ကြောင့် အဇ္ဇတနီ နာမည်လည်း အန္ဝတ္ထနာမည် မဟုတ်တော့ပဲ ရုဠှီနာမည်ဟု မှတ်၊ ထို့ကြောင့်ပင် မောဂ္ဂလ္လာန်၌ အဇ္ဇတနီဟူသော နာမည်ကိုပင် အသုံးမပြုတော့ပဲ ''ဘူတေ ဤ ဥံ၊ပေ၊အံမှေ့''ဟု သုတ်တည်၍ ''ယခုအချိန်မှ စ၍ လွန်ပြီး အတိတ်သာမည၌ ဤ ဥံစသော ဝိဘတ်သက်''ဟု မိန့်လေသည်။

အတီတေ သမီပေ။ ။အဇ္ဇ (ယနေ့အဖို့)သည် ပစ္စုပ္ပန် အဇ္ဇ အတိတ်အဇ္ဇ အနာဂတ်အဇ္ဇဟု ၃ မျိုးရှိ၏၊ ယနေ့ ပြုလုပ်ဆဲကြိယာသည် ပစ္စုပ္ပန်အဇ္ဇမည်၏၊ ထို ပစ္စုပ္ပန်အဇ္ဇ၌ ဝတ္တမာန်သက်· ယနေ့ ပြုပြီးကြိယာသည် အတိတ်အဇ္ဇမည်၏၊ ဤ အတိတ်အဇ္ဇ၌ အဇ္ဇတနီ သက်၊ ယနေ့ မရောက်သေးသော ကြိယာသည် အနာဂတ်အဇ္ဇ မည်၏၊ ထို၌ ဘဝိဿန္တိသက်၊ ထိုတွင် ပစ္စုပ္ပန်အဇ္ဇ အနာဂတ်အဇ္ဇကို တားမြစ်လို၍ ''အတီတေ''ဟူသော ဝိသေသနပုဒ်ကို အပစ္စက္ခေ ပရောက္ခာတီတေသုတ်မှ လိုက်စေရသည်၊ ထိုကဲ့သို့ ယနေ့အဖို့ ပြုပြီးခါစဖြစ်၍ ဟိယျောကြိယာထက် နီးကပ်သောကြောင့် ''သမီပေ''ဟု ဝိသေသန ပြုရပြန်သည်၊ သို့ရာတွင် ယနေ့ အနီးမှစ၍ အလွန်ဝေးသော ရှေးအတိတ်ကြိယာကိုလည်း ဟောနေပြန်သောကြောင့် ရူပသိဒ္ဓိ၌ သမီပေကိုပင် ''သမီပတော ပဋ္ဌာယ''ဟု ဖွင့်လေသည်။ [ပစ္စက္ခေ အပစ္စက္ခေ၏အဓိပ္ပာယ်ကို ရှေးသုတ်မှ၍ သိပါ။]

အဇ္ဇ အပိုင်းအခြား။ ။အဇ္ဇတနီပုဒ်နှင့်စပ်၍ အဇ္ဇ အပိုင်းအခြားကို ပြောစမှတ်ပြုကြ၏၊ တနေ့လျှင် ၄ ပဟိုရ်၊ တပဟိုရ်လျှင် ၇ နာရီခွဲစီရှိ၏၊ ထို့ကြောင့် နေ့၌ နာရီ ၃၀ ရှိ၍၊ ညဉ့်၌လည်း ဤနည်းအတူ ၄ ပဟိုရ်=နာရီ ၃၀ ရှိရကား နေ့ ညဉ့်ပေါင်း နာရီ ၆၀ ရှိ၏ဟု ရှေးကသုံးစွဲကြသည်၊တညဉ့်၌လည်း ၃ ယာမ်, သို့မဟုတ် ၄ယာမ်ရှိ၏ဟု ဝါဒကွဲသော်လည်း ဤ၌ကား ၄ပဟိုရ်နှင့်ညီမျှအောင် ၄ ယာမ်ရှိ၏ဟူသော ဝါဒအတိုင်း ရေးမည်၊ လွန်ပြီးသော ညဉ့်၏နောက်ဆုံး စတုတ္ထယာမ်, လာလတ္တံ့ ညဉ့်၏ရှေ့ဆုံး ပဌမယာမ်, ဤ ၂ ယာမ်နှင့်တကွ နေ့ တနေ့လုံးသည် အဇ္ဇမည်၏၊ ရှေးနာရီအားဖြင့် တွက်လျှင် ပဟိုရ်ပေါင်း ၆ ပဟိုရ်

ရှိ၍ နာရီပေါင်း ၄၅ရှိ၏။ [ယခုခေတ် စက်နာရီဖြင့် တွက်လျှင်ကား တနေ့လျှင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ၁၂ နာရီ ရှိရကား တပဟိုရ်လျှင် ၃ နာရီ ရှိ၏၊ ည၌နာရီလည်း နည်းတူ၊ ထို့ကြောင့် နံနက် အရုဏ်မတက်မီ ၃ နာရီမှစ၍ ည၌ ၉ နာရီအထိ နာရီပေါင်း ၁၈ နာရီသည် အဇ္ဇမည်၏ဟု မှတ်။]

**တနည်း။** ။လွန်ပြီးသော ည၌၏ နောက်ဆုံး စတုတ္ထယာမ်ကို တဝက်ယူ၍ လာလတ္တံ့ည၌၏ ပဌမယာမ်ကိုလည်း တဝက်ယူပြီးလျှင် ထိုယာမ်တဝက် ၂ ခုစီ နှင့်တကွ တနေ့လုံးသည် အဇ္ဇ မည်၏၊ ဤနည်း၌ ၉ ပဟိုရ်သာ ရှိတော့ရကား ရှေးနာရီအားဖြင့် ၃၇ နာရီခွဲသာ ရှိ၏၊ ယခု စက်နာရီအားဖြင့်ကား (နေ့ ၁၂ နာရီ, ရှေ့နောက် ည၌ ထက်ဝက်စီအတွက် ၃ နာရီ အားဖြင့်) ၁၅ နာရီသာ ရှိသည်၊ ဤကား....

အတီတ ရတ္တိယာ ယာမော, ပစ္ဆိမော ဒ္ဓ မမုဿဝါ၊
ဘာဝိနိယာ-ဒိပ္ပဟာရော, တဒဒ္ဓံဝါ ဇ္ဇ တေဟျ-ဟော။

ဟူသော ကစ္စာယနသာရနှင့် အညီတည်း။ [အတီတရတ္တိယာ- လွန်လေပြီးသော ည၌၏၊ ပစ္ဆိမောယာမော - နောက်ဆုံး စတုတ္ထယာမ်သည် သော်လည်းကောင်း၊ အမုဿ - ထို နောက်ဆုံးယာမ်၏၊ အဒ္ဓံဝါ - ထက်ဝက် (၃ နာရီနှင့် ၄၅ မိနစ်ခန့်) ကာလသည်သော်လည်းကောင်း၊ (ဤစကားဖြင့် အတိတ်ည၌၏ နောက်ဆုံးယာမ်ကို ၂ နည်းယူရကြောင်း သိပါ၊) ဘာဝိနိယာ - အနာဂတ်ည၌ ၄ ပဟိုရ်၏၊ အာဒိပ္ပဟာရောဝါ - အစ တပဟိုရ်သည် သော်လည်းကောင်း၊ တဒဒ္ဓံဝါ- ထိုအစပဟိုရ်၏ ထက်ဝက် (၃ နာရီ ၄၅ မိနစ်) ကာလသည်သော် လည်းကောင်း၊ အတ္ထိ-ရှိ၏၊ ( ဤစကားဖြင့် အနာဂတ်ည၌၏အစ ပဟိုရ်ကို လည်း ၂ နည်းခွဲ၍ယူရမည်ဟု ပြ၏၊ ပဟိုရ်နှင့် ယာမ်လည်း သဘောတူဟု သိသာ၏၊) တေဟိ-ထို ရှေ့နောက် တယာမ်စီ, သို့မဟုတ် တယာမ်၏ ထက်ဝက်စီ တို့နှင့်တကွ၊ အဟော-တနေ့လုံးသည်၊ အဇ္ဇ- ယနေ့ မည်၏၊ [ဆရာတို့ကား ည၌ ၃ ယာမ်ဟု ယူ၍ တယာမ် (တပဟိုရ်)လျှင် နာရီ ၁၀ စီ တွက်ပြီးလျှင် တနာရီလျှင် မောင်း တခါတီးရသောကြောင့် "အဒ္ဓံဝါ-ထက်ဝက် ၅ မောင်းခန့်သည် သော်လည်းကောင်း"ဟု ပေးသည်။]

**ပဒသာဓနနှင့် တူပုံ။** ။ဤပြခဲ့သော ကစ္စာယနသာရနည်းသည် မောဂ္ဂလ္လာန် စာကိုယ်နှင့် မောဂ္ဂလ္လာန် ပဒသာဓနတို့ကို မှီသောနည်းတည်း၊မှန်၏-ပဒသာဓန၌-

အဟာဿု-ဘာယတော အဒ္ဓ-ရတ္တံဝါ တဒုပဒ္ဓကံ၊
အန္တော ကတွာန ဝိညေယျော, အဟော အဇ္ဇတနော ဣတိ၊
တဒညော ပန ယော ကာလော, သော အနဇ္ဇတန သညိတော။

အဟဿ-နေ့၏၊ဥဘယတော-၂ ဘက်၌၊ အဒ္ဓရတ္တံဝါ-ည၌၏ စတုတ္ထဘာဂကိုသော်လည်းကောင်း (အတိတ်ည၌၏ အဆုံး, လာလတ္တံ့ ည၌၏ အစအဖို့

ဟူလို၊) တဒုပဒ္ဒကံဝါ-ထို စတုတ္ထဘာဂ၏ ထက်ဝက်ကိုသော်လည်းကောင်း၊ အန္တောကတွာန-အတွင်းပြု၍၊ ဝါ-ပါဝင်စေ၍၊ အဟော-တနေ့လုံးကို၊ အဇ္ဇတနော ဣတိ-ယနေ့၌ဖြစ်သော ကာလဟူ၍၊ ဝိညေယျော-သိအပ်၏၊ တဒညော-ထိုမှတပါးသော၊ ယောကာလော-အကြင်ကာလသည်၊ အတ္ထိ-ရှိ၏၊ သောပန-ထို ကာလကိုကား၊ အနဇ္ဇတနသညိတော - အနဇ္ဇတနဟု မှတ်အပ်၏၊ ဝါ-ဟိ ယျောတ္တန ဟု မှတ်အပ်၏။

မှတ်ချက်။ ။''အဒ္ဓ ရတ္တ သဒ္ဒေန ရတ္တိယာ စတုတ္ထဘာဂေါ-တြ ဝတ္တုမိစ္ဆော-ဤအရာ၌ အဒ္ဓရတ္တသဒ္ဒါဖြင့် ညဉ့်၏ စတုတ္ထဘာဂကို ဆိုလိုအပ်၏''ဟူသော ပဒသာ ဓနဋီကာကို ထောက်၍ အဒ္ဓရတ္တကို အနက်ပေးသည်၊ '' တဒညော ပန ယော ကာလော, ယော အနဇ္ဇတနသညိတော''ပါဠိဖြင့် လွန်လေပြီးသော ညဉ့်၏ ရှေ့ ၃ ယာမ် သို့မဟုတ် ၃ ယာမ်ခွဲနှင့် လွန်ပြီးသောနေ့ တနေ့လုံးသည်လည်းကောင်း, ထို နေ့၏ ရှေ့လွန်ပြီးသော ဒုတိယညဉ့်၏ နောက်ဆုံးယာမ် သို့မဟုတ်—နောက်ဆုံးယာမ်၏ ထက်ဝက်သည်လည်းကောင်းဟိယျော မည်၏-ဟု သတ်မှတ်သင့်သည်။

ကာတန္တဆိုပုံ။ ။အာဉာယျာ ဥဋ္ဌာနာ အာဉာယျာစ သံဝေသနာ အဟော၊ ဥဘာယတော အဒ္ဓရတ္တံဝါ လောကတော သိဒ္ဓံ၊ ဉာယျာ-ထုံးစံအားဖြင့်၊ အာ ဥဋ္ဌာနာ-အိပ်ရာထချိန်ကို အစပြု၍လည်းကောင်း၊ ဉာယျာ—ဖြင့်၊ အာသံသေဝနာ စ-အိပ်ရာ ဝင်ချိန်တိုင်အောင် လည်းကောင်း၊ အဟော - တနေ့လုံးသည်၊ အဇ္ဇတနော-မည်၏။ [ဤ၌ ထုံးစံအတိုင်း အိပ်ရာထချိန်ဟူသည် လွန်ပြီးသည့်ညဉ့်၏ စတုတ္ထယာမ်ပင်တည်း၊ အရုဏ်မတက်မီ ၃ နာရီလောက်မှာ အိပ်ရာထရမည်—ဟူလို၊ ထုံးစံအတိုင်း အိပ်ရာဝင်ချိန်ဟူသည် ပဌမယာမ် ကုန်ချိန်တည်း၊ ၉ နာရီ လောက်၌အိပ်ရမည်-ဟူလို၊ဤနည်းသည် ကစ္စာယနသာရ-ပဒသာဓနတို့ ပဌမနည်း အတိုင်းပင်တည်း။]

တနည်း။ ။ဝါ-တနည်းကား၊ ဥဘာယတော-ရှေ့ နောက် ၂ ဘက်၌၊ အဒ္ဓ ရတ္တံ- ညဉ့်ထက်ဝက်စီပါသော၊ အဟော- တနေ့လုံးသည်၊ အဇ္ဇတနော- မည်၏၊ ဣဒံ-ဤနောက်နည်းသည်၊ လောကတော-လူတို့ပြောရိုးအားဖြင့်၊ သိဒ္ဓ-ထင်ရှား သော နည်းတည်း၊ ဆိုလိုရင်းကား-လွန်ပြီးသော သန်းခေါင်ကျော် အချိန်မှစ၍ ဓနေ့အဖို့နှင့်တကွ လာလတ္တံ့ ညဉ့်၏ သန်းခေါင်အထိ ကာလကို အဇ္ဇ (ယနေ့) ဟု ဆိုလိုသည်၊ ထို့ကြောင့် ဤနည်းသည် လူတို့သုံးစွဲရိုး ဗေဒင်ကျမ်း၌ သုံးစွဲရိုး အဖြစ်ဖြင့် ထင်ရှားသောနည်းဟု မှတ်၊ ဤ ဒုတိယနည်းကား ကစ္စာယနသာရ-ပဒသာဓနတို့၏ နောက်နည်းနှင့် မတူတော့ချေ။

ဝိနည်းသုံး အဇ္ဇ။ ။ဝိနည်းပါဠိတော်များ၌ကား''တံ အတိက္ကာမယတော နိဿဂ္ဂိယံ ဟောတိတိ - ကောဒသေ အရုဏုဂ္ဂမနေ နိဿဂ္ဂိယံ ဟောတိ'' နိဿဂ္ဂိ ပါစိတ္တိယ ကထိန သိက္ခာပဒ၊ ဤသို့စသည်ဖြင့် ရက်အပိုင်းအခြားကို အရုဏ်ဖြင့် ပိုင်းခြား၏၊ထို့ကြောင့် လွန်ခဲ့ပြီးညဉ့်၏ အရုဏ်တက်ချိန်မှစ၍ လာလတ္တံ့ညဉ့်၏

အရုဏ်တက်ချိန်အတွင်းကို အဇ္ဇ(ယနေ့)ဟုယူစေလိုသည်၊ဤပါဠိတော်အသုံးကို သဒ္ဒနီတိကာတို့၌ "ကေစိ ဝါဒ"ဟု ဆို၏၊ အညေ(အခြားဆရာ)တို့ကား ယနေ့ နေထွက်ချိန်မှစ၍ နောက်တနေ့ နေထွက်ချိန်အတွင်းကို "အဇ္ဇ"ဟု ယူကြသေး ကြောင်းကိုလည်း ဆိုကြသေးသည်၊ [ကေစိတု အရုဏောဒယာ အာရဗ္ဘ အရုဏောဒယ ပရိယန္တော ကာလော (အဇ္ဇသဒ္ဒ ဝစ္စော)၊ အညေ တု သူရိယော ဒယာ အာရဗ္ဘ သူရိယောဒယ ပရိယန္တောဣစ္စာ ဟု၊ လောကိကာနံ ဟိယျ အဇ္ဇသေ့ ဣတိ တထေဝ (ထိုနေထွက် ၂-ချိန်အတွင်း၌သာ) ဗျဝဟာရဒဿန တော (လာဃဘာဿ)၊ [သုတ်ပါထေယျ ပါဠိတော်၌ "ယဿ ဥဂ္ဂတေ သူရိယေ, ဒိဝသောတိ ပဝုစ္စတိ"ဟူသော စကား ကား အဇ္ဇ အပိုင်းအခြားကို ပြသော စကားမဟုတ်, နေထွက်လာလျှင် "ဒိဝသ (နေ့)"ဟု ခေါ်ရကြောင်းကို (နေ့-ညဥ့်အပိုင်းအခြားကို) ပြသောစကားသာဖြစ်သည်၊ ထို့ကြောင့် "အညေတု" စသည်ကိုပါဠိတော်နှင့်ညီသည်ဟု မမှတ်အပ်။]

မှတ်ချက်။ ။ယနေ့ တနေ့အတွက် လွန်ပြီးကြိယာသည် ပစ္စက္ခဖြစ်အံ့, အဇ္ဇတနီ သာသက်၊ အပစ္စက္ခဖြစ်မူ ပရောက္ခာ အဇ္ဇတနီ ၂-မျိုး တွင်အလိုရှိရာသက်။ ယမန်နေ့မှ စ၍ ကြိယာသည် ပစ္စက္ခဖြစ်အံ့, ဟိယျတ္တနီ အဇ္ဇတနီ ၂-မျိုးလုံးတွင် အလိုရှိရာသက်၊ အပစ္စက္ခ ဖြစ်အံ့၊ ထို ၂-မျိုးနှင့် ပရောက္ခာပါ အလိုရှိရာသက်နိုင်သည်၊ ဤသို့လျှင် အနက်တမျိုး (ကြိယာတမျိုး) တည်း၌ ဝိဘတ် ၂-မျိုး ၃-မျိုးအလိုရှိရာ သက်နိုင်သော ကြောင့် "ဝတ္တိစ္ဆာ နိဗန္ဓနာ ဟိ အာချာတိကပစ္စယာနံ ပဝတ္တိ"ဟု မောဂ္ဂလ္လာနပဉ္စိ-ကာ၌မိန့်သည်၊ ["ဝတ္တိစ္ဆာနိဗန္ဓနာ-ဝဒန္တပုဂ္ဂိုလ်၏ အလိုနှင့် စပ်ဆိုင်၏"ဟု ပေး၊]

ဆက်ဦးအံ့။ ။ဤအဇ္ဇတနီစသော ဝိဘတ်တို့သာ ကြိယာတမျိုး၌ အလို ရှိရာ သက်ခွင့်ရှိကြသည် မဟုတ်သေး၊ပဉ္စမီ သတ္တမီတို့လည်း "သမ္ပုစ္ဆာပတ္တနာ" စသောကြိယာများ၌ အလိုရှိရာသက်ခွင့် ရှိကြသည်၊ ပရိကပ္ပ အနက်၌လည်း "သစေ ဘိက္ခဝေ ပေယျော ဟတ္ထာရောဟပုတ္တော မုဟုတ္တံ နိသီဒေယျ(သတ္တမီ) "နောစေတံ ဘိက္ခဝေ လောကေ အဿာဒေါ အဘဝိဿာ" (ကာလာတိပတ္တိ သက်ပုံ)၊ ဤသို့ သတ္တမီနှင့် ကာလာတိပတ္တိ ရောလျက်ရှိ၏၊ အာချာတ် ဝိဘတ် များသာမက, နာမ်ဝိဘတ်တို့သည်လည်းကောင်း, တဒ္ဓိတ် ကိတ်ပစ္စည်းတို့သည် လည်းကောင်းအနက်တမျိုးတည်း၌ ၂-မျိုး ၃-မျိုးသက်လေ့ရှိကြ၏၊ထို့ကြောင့် အတိတ်ကြိယာ အနက်၌ ဟိယျော အဇ္ဇ ပရောက္ခာဝိဘတ်တို့ အရောရော အနှောနှော ဖြစ်နေခြင်းကို ထူးဆန်းသည်ဟု မမှတ်သင့်တော့ပြီ။

[ဆောင်] ယနေ့အတွက်,လွန်ပြီးနက်တို့,ပစ္စက္ခရင်း,ဖြစ်တုံလျှင်းမူ, သက်ခြင်း အဇ္ဇ-တနီမျှတည်း၊ အပစ္စက္ခာ,ဖြစ်ခဲ့ပါမူ, ပရောက္ခာလည်း, သက် သတည်းမှတ်၊ ဟိယျတ်နေ့မှ, စ၍အနက်, ပစ္စက်ဖြစ်မူ, မှတ်ယူအဇ္ဇ, ဟိယျ ၂-ချက်, လိုရာသက်၏၊ အပစ္စက်မှာ, ပရောက္ခာရော-ထပ်၍ နှောသည်,မှတ်လော ဝတ္တိစ္ဆာချည်းတည်း။

မာယောဂေ သမ္ဗကာလေစ

၄၂၀။ ဟိယျတ္တနီ အဇ္ဇတနီ ဣတိ-ဟိယျတ္တနီ အဇ္ဇတနီဟူကုန်သော၊ ဧတာ ဝိဘတ္တိယော— ဤဝိဘတ်တို့သည်၊ (ဟောန္တိ ဥစ်ပ်)၊ ယဒါ အကြင်အခါ၌၊ မာယောဂေါ— မာနိပါတ်နှင့် ယှဉ်၏၊ တဒါ-ထိုအခါ၌၊ သဗ္ဗကာလေစ အလုံးစုံသောကာလ၌လည်း၊ ဟောန္တိ-ဖြစ်ကုန်၏၊ မာဂမာ-မသွားလင့်၊ မာဝစာ-မဆိုလင့်၊ မာဂမိ— မသွားလင့်၊ မာဝစီ-မဆိုလင့်၊စဂ္ဂဟဏေန-ဖြင့်၊ပဥ္စမီ ဝိဘတ္တိ ဟောတိ- မာဂစ္ဆာဟိ-မသွားလင့်၊ (၄၇၁)။

---

၄၂၀။ **ယဒါမာယောဂေါ**။ ။သုတ်၌ "မာယောဂေ-မာနိပါတ်နှင့်ယှဉ်လသော်"ဟု ပေးရသော လက္ခဏာပုဒ်ကို "ယဒါ မာယောဂေါ, တဒါ" ဟု ဖွင့်၏၊ "ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ-ဗြဟ္မဒတ်မင်း မင်းပြုစေလသော်"ဟူသော လက္ခဏာအနက်သည် "ဗြဟ္မဒတ်မင်း မင်းပြုရာအခါ၌"ဟူသော ကာလာဓာရ အနက်နှင့် အဓိပ္ပာယ် ညီသကဲ့သို့လည်းကောင်း, "ဂေါသု ဒုယှမာနာသု ဂတော-နွားမတို့ကို နို့ညှစ်အပ်ကုန်သော်"ဟူသော လက္ခဏာအနက်သည် "နွားမတို့ကို နို့ညှစ်ရာအခါ၌"ဟု ကာလာဓာရ အနက်နှင့် အဓိပ္ပာယ် ညီမျှသကဲ့သို့လည်းကောင်း, ထို့အတူ "မာယောဂေ"အရ လက္ခဏာအနက်လည်း "အကြင်အခါ မာနိပါတ်နှင့် ယှဉ်၏, ထိုအခါ၌"ဟူသော ကာလာဓာရအနက်နှင့် ညီမျှ၏၊ ထိုသို့ဖွင့်ရာဝယ် "ယဒါမာယောဂေါ"သည် အနိယမတဝါကျ၊ "တဒါ၊ပေ၊ ဟောန္တိ"လည်း နိယမတဝါကျတည်း၊ ထို့ကြောင့် "ယဒါ မာယောဂေါ"ဟု ပဌမန္တနှင့် (သိမူ သဒ္ဒနီတိတို့ရှိတိုင်း)ကောင်း၏၊ "ယဒါ မာယောဂေ,တဒါ" ကားမကောင်း။

**တဒါ၊ပေ၊သဗ္ဗကာလေပိ**။ ။ဟိယျတ် အဇ္ဇ ဝိဘတ်တို့သည် အတိတ်ကာလကို ဟောရိုးဖြစ်သော်လည်း မာနိပါတ်နှင့် ယှဉ်သောအခါ၌မူ အတိတ်သာမက ပစ္စုပ္ပန် အနာဂတ် အနက်များကိုလည်း ဟောနိုင်ကြောင်းကို ပြလို၍ ဤသုတ်ကို အရှင်ကစ္စည်းထေရ် တည်တော်မူသည်၊ သို့ရာတွင် သူ့အကြောင်းအားလျော်စွာ ဖြစ်ပြီးသော အတိတ်ကြိယာကို "မဖြစ်လင့်"ဟု တားမြစ်၍ မဖြစ်နိုင်၊ ထို့ကြောင့် အတိတ်အနက်၌ဖြစ်ခြင်းကို မောဂ္ဂလ္လာန်ပဥ္စိကာ မနှစ်သက်ရကား "မာသဒ္ဒေါ ပဋိသေဓဝစနော၊ ပဋိသေဓော စ နာတီတေ သမ္ဘဝတိ ဘူတာယ ကြိယာယ ပဋိသေဓေ နိရတ္ထကတ္တာ၊ ဝတ္တမာနေ ပနာနာဂတေစ သမ္ဘဝတိ"ဟုမိန့်သည်၊ ကလာပ်၌လည်း "ဝတ္တမာန ဘဝိသျ ဒွိသယာနံ-ပစ္စုပ္ပန် အနာဂတ်လျှင် အရာရှိကုန်သော ဝိဘတ်တို့ကို၊ အယံ-ဤ "မာယောဂေ ဒျတနီသုတ်သည်၊ ဗာဓကော-တားမြစ်၏"ဟု ဆို၏၊ ဆိုလိုရင်းကား— "မာနိပါတ်နှင့် ယှဉ်ရာ၌လည်း ပစ္စုပ္ပန်အနက်၌ ဝတ္တမာန်, အနာဂတ်အနက်၌ ဘဝိဿန္တိဝိဘတ် သက်မည်စိုး၍ ဤသုတ်ကို ဆိုရသည်"ဟူလို။

**စဂ္ဂဟဏေန**။ ။"သဗ္ဗကာလေစဉ် စသဒ္ဒါဖြင့် ပဉ္စမီဝိဘတ်ကို ဆည်း၍ မာဂစ္ဆာဟိ, မာဘဝန္တုစသော ရုပ်လည်း ဖြစ်၏"ဟု ဆိုလိုသည်၊ သို့သော် ရူပသိဒ္ဓိ၌ပြသော မာဘဝန္တုဝယ် အန္တုဝိဘတ်သည် "သင်အား အန္တရာယ်တို့ မဖြစ်ပါစေကုန်သတည်း"ဟု တောင့်တခြင်းအာသိဋ္ဌအနက်၌သက်သောကြောင့် "အာဏတျာ-သိဋ္ဌေနုတ္တ ကာလေ"သုတ်ဖြင့်ပင် ပြီးနိုင်၏၊ "မာဂစ္ဆာဟိ-မသွားလင့်"ဟူသည်လည်း ဝိဓိအနက်မျိုးပင်တည်း၊မာ ဟူသော ပဋိသေဓနိပါတ်နှင့် ယှဉ်ရာဝယ် ထိုအနက်များ၌ အာဏတျာသိဋ္ဌေသုတ်က မသက်နိုင် ဟုလည်း တားမြစ်ချက်မရှိ။

**မောဂ္ဂလ္လာန်**။ ။မောဂ္ဂလ္လာန်၌လည်း"မာယောဂေ ဤ အာ အာဒီ(မာနှင့်ယှဉ်ရာဝယ် ဤ စသော အဇ္ဇတနီ, အာ စသော ဟိယျတ္တနီ ဝိဘတ်များသည် ပစ္စုပ္ပန် အနာဂတ်ကာလများ၌ သက်ကုန်၏)"ဟု သုတ်တည်၍ ပဥ္စမီစသော အခြားဝိဘတ်များ၌ကား မာနှင့်ယှဉ်သော်လည်း မိမိတို့သက်ရိုးသက်စဉ် ကာလ၌မင် (သက်ရိုးသက်စဉ်သုတ်ဖြင့်) သက်ကြကြောင်းကို"ဝါဝိဓာနာ သဝိသယေ အညေပိ ပစ္စယာ(အာချာတ်ဝိဘတ်တို့သည်) ဟောန္တီတိ ဒဿေန္တော အာဟ—ဝါတိစ္စာဒိ"ဟု ပဉ္စိကာဖွင့်သည်၊ "မာ ဧဝ ကာမဂုဏေ ဘမဿု စိတ္တံ (ပဥ္စမီ)၊ မာတုံ့ ကရိဿသိ, မာတုံ့ ကရေယျာသိ"တို့ကား အခြားဝိဘတ်တို့ မိမိတို့ဆိုင်ရာ အာဏတ္တိ-အနာဂတ်-ဝိဓိအနက်များ၌ မိမိတို့ ရိုးရာသုတ်ဖြင့်ပင် သက်ပုံတည်း၊ [ဤကျမ်းကား သဗ္ဗကာလေစဉ် စ သဒ္ဒါသည် ဟိယျော ပဘုတိစသော ၂သုတ်ကဲ့သို့ အတိတ်ကာလ၌သာမက သဗ္ဗကာလ၌လည်း သက်သည်" ဟု ပြသော သမ္ပိဏ္ဍန, သမ္ဘာဝနာဇောတကဟု ထင်သည်။]

သဒ္ဒနီတိ။ ။"မာယောဂဠ္ဌာနေ တာ (ဟိယျတ္တနဇ္ဇတနိယော) ပါယေန" ဟု သုတ်တည်၍ မာနိပါတ်နှင့် ယှဉ်ရာ၌ ပါဠိတော်ဝယ် ဟိယျတ္တနီ အဇ္ဇတနီဝိဘတ်တို့ကိုအသုံးများသည်ဟုလည်းကောင်း"အပ္ပိကာ ပါဠိ ယံ ပဉ္စမီ"ဟုသုတ်တည်၍ မာနိပါတ်နှင့် ယှဉ်ရာဝယ် ပါဠိတော်၌ ပဉ္စမီဝိဘတ်ကို သုံးစွဲခြင်းကားနည်းပါးသည်၊အဋ္ဌကထာတို့၌ကား ပဉ္စမီဖြင့်သုံးစွဲခြင်းက ဟိယျတ် အဇ္ဇတ်ထက်များသည်ဟုလည်းကောင်း"ပရောက္ခာ ဝတ္တမာနာ အပ္ပကတရာ"ဟုသုတ်တည်၍ မာနိပါတ်နှင့်ယှဉ်ရာဝယ် ပရောက္ခာ ဝတ္တမာန်တို့ဖြင့် သုံးစွဲခြင်းမှာမူ "မာကိသိဿော မယာ ဝိနာ(ပရောက္ခာ),မာဒေဝ ပရိဒေဝေသိ(ဝတ္တမာန်)"စသည်ဖြင့် ပဉ္စမီထက်ပင် ပါဠိတော်၌ အသုံးနည်းသေး၏ဟုလည်းကောင်း သဒ္ဒနီတိမိန့်သည်၊ ဤသို့လျှင် သဒ္ဒါကျမ်းအားလုံး၏ပုံစံအရ မာနိပါတ်နှင့်ယှဉ်ရာ၌ ကာလာတိပတ္တိကိုချန်၍ကျန်ဝိဘတ်အားလုံးဖြင့်ပင်ထိုက်သလိုသုံးနှုန်းထားသည်ကိုတွေ့ရသည်။

**ပုံစံများ**။ ။"မာဂမာ, မာဝစာ" ဟိယျတ္တနီပုံစံ၊"မာဂမိ, မာဝစိ"—အဇ္ဇတနီပုံစံ၊ ရုပ်တွက်ရာ၌ "မာသဒ္ဒူပပဒ ဂမုဓာတ်တည်"ဟုဆိုကြ၏၊ ဤ၌

အနာဂတေ ဘဝိဿန္တိ ၄၂၁။ **အနာဂတေ ကာလေ** — အနာဂတ်ကာလ၌၊ **ဘဝိဿန္တိ** ဝိဘတ္တိ ဟောတိ၊ သော— ထိုသူသည်၊ **ဂစ္ဆိဿတိ**— သွားလတ္တံ့၊ **ကရိဿတိ**— ပြုလတ္တံ့၊ **တေ**-တို့သည်၊ **ဂစ္ဆိဿန္တိ**-သွားကုန်လတ္တံ့၊ **ကရိဿန္တိ**-ပြုကုန်လတ္တံ့၊ (၄၇၃)။

---

"သဒ္ဒုပ္ပပဒ"ဟူသည် ယှဉ်ဘက်ဖြစ်သော ယောဂပုဒ်သာတည်း၊ "မာ ဟောဝံ အာနန္ဒ အဝစ"စသည်၌ မာနှင့် အဝစတို့ ဝေးကွာနေသော်လည်း "မာ+ အဝစ-မဆိုလင့်ဟု အနက်ပေးရာ၌ ယှဉ်တွဲရသော"ယောဂ"ပုဒ်ကိုပင် သဒ္ဒုပ ပဒဟု ဤနေရာ၌သုံးစွဲသည်၊ ထိုမာသည် ပဋိသေဓ(တားမြစ်ခြင်း)အနက်ဟော နိပါတ်ပုဒ်မျိုးသာတည်း၊ ထို့ကြောင့် မာ သဒ္ဒုပပဒဟု မတည်ပဲ "ဂမု" တည်, ဓာတ်မှည့်, "မာဂစ္ဆတိ-မသွားဆဲ၊ မာဂမာ—မသွားပြီ၊ မာဂမိဿတိ- မသွားလတ္တံ့,"ဟူသော ကာလ ၃ ပါးအနက်၌(အခြားကျမ်းအလို အတိတ်မပါ သော ကာလ ၂ ပါးအနက်၌)ဤသုတ်ဖြင့် မာနိပါတ်နှင့် ယှဉ်သော ဂမုဓာတ် နောင် ဟိယျတ္တနီ အာဝိဘတ်သက်, စသည်ဆို၍ ရုပ်တွက်ပါ။

---

၄၂၁။ **အနာဂတေ ဘဝိဿန္တိ**။ ။[**အနာဂတ်ကာလ** (ကြိယာ) ကို ဝတ္တမာန်ခန်း၌ ရေးခဲ့ပြီ] "ဘဝိဿန္တိ" ဟူရာ၌ "ဘဝိဿန္တိ"ဟု ရဿဖြင့် လည်း ရွတ်ဖတ်ကြ၏၊ ဟိယျတ္တနီစသည်၌ "ဤ"ပစ္စည်း ဆုံးသကဲ့သို့ "န္တိ"ဟု ဤပစ္စည်း ဆုံးသင့်၏၊ ထို့ကြောင့် "ဘဝိဿတိတိ ဘဝိဿန္တော"ဟု-ဖြစ်လတ္တံ့ သော အနာဂတ်ကာလ (ကြိယာ)၊ ဘူဓာတ်, သေသေ ဿန္တုမာနာနာသုတ် ဖြင့် ဿန္တုပစ္စည်းသက်၊ ဘဝိဿန္တော+ဘဝ ါ ဘဝိဿန္တိ- အနာဂတ်ကာလ၌ ဖြစ်သော ဝိဘတ်"ဟု ကြံသင့်၏၊ ဘဝအနက်၌ အ ပစ္စည်းသက်,ဤပစ္စည်း လည်း သက်၊ ကာတန္တ၌လည်း "သျသံဟိတာနိ တျာဒီနိ ဘဝိဿန္တိ"ဟု ဤ ပစ္စယန္တဖြင့်ပင် နာမည်တပ်သည်။ [ဤ ဘဝိဿန္တိဝိဘတ်တို့ အတိတ်အနက်၌ လည်း သက်ပုံကို"အတိတေပိ ဘဝိဿန္တိ"စသည်ဖြင့် ရူပသိဒ္ဓိ၌ ပြထားပြီ။]

နာမေ ဂရဟာဝိမှယေသု။ ။**နာမေ**- နာမနိပါတ် ရှိလသော်၊ **ဂရဟာ ဝိမှယေသု**-ကဲ့ရဲ့ခြင်း, အံ့ဩခြင်းအနက်တို့ကို၊ ဂမျမာနေသု- သိအပ်ကုန်သော်၊ ဿတျာဒယော ဟောန္တိ- ဿတိ စသော ဘဝိဿန္တိဝိဘတ်တို့ သက်ကုန်၏၊ (မောဂ္ဂလ္လာန်)၊ ဣမေဟိနာမ ကလျာဏဓမ္မာ ပဋိဇာနိဿန္တိ၊ ပေ၊ အစ္ဆရိယံ, အန္ဓော နာမ ပဗ္ဗတ-မာရောဟိဿတိ၊ ဣမေ (ဟိ)- ဤ မကောင်းသောတရား ရှိသူတို့သည်၊ ကလျာဏဓမ္မာ-ကောင်းသောတရား ရှိသူတို့ဟူ၍၊ ပဋိဇာနိဿန္တိ နာမ-ဝန်ခံဝံ့ကုန်ဘိ၏၊ [ဤ၌ သူတော်ကောင်းမဟုတ်ပဲ သူတော်ကောင်းဟု ဝန်ခံမှုကိုကဲ့ရဲ့ဖို့ဝယ် နာမနိပါတ်ရှိသောကြောင့် ဝန်ခံပြီး, အတိတ် အနက်

ဝယ် ဘဝိဿန္တိသက်သည်၊] အနွော-သူကန်းသည်၊ (သမာနော-ဖြစ်ပါလျက်၊) ပဗ္ဗတံ-တောင်ပေါ်သို့၊ အာရောဟိဿတိနာမ- တက်နိုင်ပါပေ၏၊ အစ္ဆရိယံ-အံ့ဖွယ်ကောင်းလေစွ၊ [နာမနိပါတ်ရှိ၍ ဝိမှယအနက်ကို ပြရာဝယ် အတိတ်အနက်၌ ဘဝိဿန္တိသက်။]

**ယတြနှင့်ယှဉ်၍အနာဂတ်သက်ပုံ။** ။ပါဏိနီ၌"ယစ္ဆ ယတြာနံ"ဟု သုတ်တည်၍ ယတြသဒ္ဒါနှင့်ယှဉ်ခြင်းကြောင့် အတိတ်အနက်၌ အနာဂတ်ဝိဘတ်သက်ဟု ဆိုသေး၏၊ ယတြဟိ(ယောဟိ)-အကြင်အာဠာရ ရသေ့သည်၊ သညီ သမာနော-သညာရှိသူဖြစ်ပါလျက်၊ ဇာဂရော-နိုးနေပါလျက်၊ နိဿာယ နိဿာယ-မိမိကို ကပ်၍ကပ်၍၊ အတိက္ကန္တာနိ- လွန်သွားကုန်သော၊ ပဉ္စမတ္တာနိ သကဋသတာနိ-လှည်းငါးရာတို့ကို၊ နေဝ ဒက္ခတိနာမ-မြင်လည်း မမြင်လိုက်၊ နပန သောဿတိနာမ- ကြားလည်း မကြားလိုက်၊ တဿ—ထိုအာဠာရ ရသေ့၏၊ သန္တိ ဝိဟာရေန—ငြိမ်သက်သော နေကြောင်းသမာပတ်ဖြင့်၊ တံ ဝိဟရဏံ-ထို နေခြင်းသည်၊ အစ္ဆရိယံ ဝတ ဘော-အံ့သြဖွယ်ကောင်းပေစွသြ၊ ["ယတြသဒ္ဒယုတ္တတ္တာ ပနေတံ အနာဂတဝသေန စုတ္တံ၊ ဝေရူပံဟိ ဤဒိသေသု ဌာနေသု သဒ္ဒလက္ခဏံ" (မဟာပရိနိဗ္ဗာန သုတ္တဋ္ဌကထာ) "ယစ္ဆ ယတြာနံ" သုတ်ကို သဒ္ဒလက္ခဏဟုဆိုသည်။] မဟာဂ္ဂလ္လာန်အလိုမူ ဝိမှယအနက်ဟော နာမနိပါတ်နှင့် ယှဉ်သောကြောင့် အတိတ်အနက်၌ အနာဂတ်သက်ထားသည်ဟု ဆိုသင့်၏။

**ကထံဟိနာမနှင့် ယှဉ်၍သက်ပုံ။** ။" ကထံဟိ နာမ ယောဂေနာတီတေ နာဂတဿေဝ ပယောဂေါ"- (သဒ္ဒနီတိ) ကထံ ဟိ နာမ ယောဂေန-ကထံဟိ နာမသဒ္ဒါနှင့်ယှဉ်ခြင်းကြောင့်၊ အတီတေ-အတိတ်အနက်၌၊ အနာဂတဿေဝ-အနာဂတ်ကဲ့သို့၊ ပယောဂေါ-သုံးစွဲနိုင်ခြင်းသည်၊ (ဟောတိ)၊ ကထံ ဟိ နာမ တုံ့မေ ဃဂုရိယ ဇဝံ သွာက္ခာတေ ဓမ္မဝိနယေ ဥဒရဿ ကာရဏာ ပဗ္ဗဇိဿသိ၊ ဤ၌ကထံနိပါတ်,ဟိနိပါတ်,နာမနိပါတ်ဟု နိပါတ် ၃-ခုအပေါင်းနှင့် ယှဉ်ခြင်းကြောင့်"ပဗ္ဗဇိဿသိ"ဟု နောက်အနာဂတ်ကဲ့သို့ ဆိုထားသော်လည်း အနက်ရင်းမှာ ရဟန်းပြုပြီးသော အတိတ်အနက်သာတည်း၊ ဤပြယုဂ်၌ မောဂ္ဂလ္လာန် အလိုသော် ဂရဟာအနက်ကို ဆိုလိုရာဝယ် နာမနိပါတ်နှင့် ယှဉ်သောကြောင့် အတိတ်အနက်၌ အနာဂတ်ဝိဘတ်သက်သည်-ဟု မှတ်ပါ။

**ကိံဝုတ္တေ လိင်-လုဋ္ဌ။** ။[ကိံစုတ္တေဟု ဆိုအပ်သော အနီးပုဒ်ရှိလသော်၊ ဂရဟာယံ-ကို၊ ဂမျမာနာယံ-သော်၊ (ဓာတုတော-ဓာတ်မှနောက်၌၊ လိင်လုဋ္ဌ-သတ္တမီ ဘဝိဿန္တိဝိဘတ်သက်၊ (ပါဏိနီ, ၃-၃-၁၁၄၊)]ကထံလည်း ကိံနှင့် သဘောတူပင်၊ ထိုကိံကထံသဒ္ဒါနှင့် ယှဉ်လသော် အတိတ်အနက်၌ ဘဝိဿန္တိသက်သောသုတ်ကို ရည်ရွယ်၍ "သဒ္ဒသတ္တဝိဒူဟိကိံ သဒ္ဒယောဂေ (ကိံနှင့် ကထံ သဘောတူ) အနဂတာဝစနဿ ဣစ္ဆိတတ္တာ ဝုတ္တံ၊ လက္ခဏံ ပန သဒ္ဒ

သတ္တတော ပရိယေသိတဗ္ဗံတိ''ဟုလည်းကောင်း ''ကထံ သဒ္ဒမယောဂေန နသက္ကာ ဃတီတိ အနာဂတဝစနံ ကတံ၊ နာမ သဒ္ဒယောဂေနာတိစ ဝဒန္တိ''ဟု လည်းကောင်း သာရတ္ထဋီကာ (ဒုတိယပါရာဇိက) ဖွင့်သည်။

ကိံ ကိလာတ္ထျတ္ထေသု လုဋ္။ ။''အနောကပ္ပနာ မရိသေသု အကိံ ဝုတ္တေပိ''ဟူသော ရှေ့သုတ်မှ အနောကပ္ပနာ မရိသေသုကို လိုက်စေ၊ အနောကပ္ပနာ မရိသေသု-မယုံကြည်ခြင်း, သည်းမခံနိုင်ခြင်းအနက်တို့ကို၊ ဂမျမာနေသု-သိအပ်ကုန်သော်၊ ကိံ ကိလာတ္ထျတ္ထေသု-ကိံ ကိလသဒ္ဒါ အတ္ထိအနက်ရှိသော ဘဒ္ဒါတို့သည်၊ ဥပပဒေသု — အနီးပုဒ်ဖြစ်ကုန်လသော်၊ လုဋ္-ဘဝိဿန္တိဝိဘတ် သက်၊ (ပါဏိနိ– ၃, ၃, ၁၄၆၊)ကိံ ကိလနာမ တြ, ဘဝံ, ဝသလံ ယာဇယိဿတိ အတ္ထိ နာမ တြ, ဘဝံ ဝသလံ ယာဇယိဿတိ (ဘဝတိနာမ, ဝိဇ္ဇတိနာမ) ၊ပေ၊န သဒ္ဒဟာမိ န မရိသယာမိ၊ ဘဝံ-အရှင်သည်၊ ဝသလံ-သူယုတ်ကို၊ ယာဇယိဿတိ-ယဇ်ပူဇော်စေ၏၊ တြ-ထိုသို့ ယဇ်ပူဇော်စေရာ၌၊ ကိံ ကိလနာမ– ဘယ်နှယ်ဟာတဲ့နည်း၊ (န သဒ္ဒဟာမိ-ကိုယ်တွေ့မျက်မြင်ဖြစ်ပါလျက် မယုံကြည်နိုင်ပါ၊ နမရိသယာမိ-သည်းမခံနိုင်ပါ၊) ယဇ်ပူဇော်ခြင်းကိစ္စ၌ မြင့်မြတ်သော ယဇ်ပုရောဟိတ်ဆရာကို ပူဇော်စေရိုးဖြစ်ပါလျက် ယခုကိစ္စဝယ် မယုံကြည်နိုင်အောင်ဖြစ်တယ်, ကျွန်ုပ်မျက်စိပင် အမြင်မှားနေရော့သလား, မျက်စိမှောက်နေရော့သလား၊ တကယ်ပင် သူယုတ်ကို ပူဇော်ခိုင်းတာမှန်လျှင်လဲ အဟုတ်ကို သည်းမခံနိုင်အောင်ရှိတယ်, စိတ်ထဲမှာ မခံချိ မခံသာဖြစ်နေတယ်-ဟူလို၊ နောက်ပုံစံ၌လည်း ဤအဓိပ္ပာယ်ပင်၊ အတ္ထိနာမ, ဘဝတိနာမ, ဝိဇ္ဇတိနာမ-ဟုတ်မှဟုတ်ကဲ့လား, (မယုံကြည်သံ)၊ ရှိမှ ရှိရလေခြင်း, ဖြစ်မှ ဖြစ်ရလေခြင်း (သည်းမခံနိုင်သံ)။

အဋ္ဌကထာနှင့် တူပုံ။ ။အက္ခရစိန္တကာ ပန ဣမံ လက္ခဏံ ဝဒန္တိ-''အနောကပ္ပနာမရိသနတ္ထဝသေနေတံ အတ္ထိသဒ္ဒေ ဥပပဒေ ပရိဘုဉ္ဇိဿတိတိ အနာဂတဝစနံ ကတံ''တိ၊ တဿာယမတ္ထော-''အတ္ထိနာမ တာ သုဒ္ဓိန္န....အာဘိဒေါသိကံ ကုမ္မာသံ ပရိဘုဉ္ဇိဿသိ၊ ဣဒံ ပစ္စက္ခမပိ အဟံ န သဒ္ဒဟာမိ နမရိသယာမိ'' တိ(ပါရာဇိကဋ္ဌ)၊ အက္ခရစိန္တကာပန-သဒ္ဒါဆရာတို့သည်ကား၊ ဣမံ လက္ခဏံ– ဤသုတ်ကို၊ (သုတ်၏အဓိပ္ပာယ်ကိုပင် သုတ်ဟု ဆိုထားသည်)၊ ဝဒန္တိ–ဆိုကြကုန်၏၊ ကိံ–အဘယ်သို့ဆိုကုန်သနည်း၊ အနောကပ္ပနာ မရိသနဝတ္တဝသေန– မယုံကြည်ခြင်းအနက်,သည်းမခံနိုင်ခြင်းအနက်၏ အစွမ်းဖြင့်၊ အတ္ထိသဒ္ဒေ-အတ္ထိသဒ္ဒါသည်၊ ဥပပဒေ-အနီးပုဒ်ဖြစ်သသော်၊ ပရိဘုဉ္ဇိဿတိတိ-ဟူသော၊ ဧတံ အနာဂတဝစနံ- ဤအနာဂတ်သဒ္ဒါကို၊ ကတံပြုအပ်ပြီ၊ ဣတိ-ဤသို့ဆိုကြကုန်၏၊ တဿာ-ထိုပါဠိ၏၊ အယံ-ကား၊ အတ္ထော-တည်း၊ တာတ သုဒ္ဒိန္န-ချစ်သားသုဒိန်၊ အာဘိဒေါသိကံ-သိုးပြီးသော၊ ကုမ္မာသံ—မုယောမုန့်ကို၊ ပရိဘုဉ္ဇိဿသိ-

စားနေသည်ကား၊ အတ္ထိနာမ-ဟုတ်မှ ဟုတ်ရဲ့လား၊ ဣဒံ-ဤ စားနေခြင်းကို၊ ပစ္စက္ခံအပိ-မျက်မှောက်ကိုယ်တွေ့ ဖြစ်နေသော်လည်း၊ အဟံ-ငါသည်၊ န သဒ္ဒဟာမိ-မယုံကြည်နိုင်၊ တာတသုဒိန္န, အတ္ထိနာမ-ရှိမှ ရှိရလေခြင်း, ဖြစ်မှ ဖြစ်ရလေခြင်း၊ အာဘိဒေါသိကံ ကုမ္မာသံ ပရိဘုဥ္ဇိဿသိ-စားဘိ၏၊ ဝါ—စားမှစားပလေတယ်၊ အဟံ-သည်၊ နမရိသယာမိ-သည်းမခံနိုင်ပါ။ [မရိသခေတ် စုရာဒိဂိုဏ်းတည်း၊ "ပရိသဟာမိ"ဟု ပါဠိ ပျက်တတ်သည်။]

ဆက်ဦးအံ့—ဤပြယုဂ်၌ စားခြင်းကြိယာသည် ပစ္စုပ္ပန် ဖြစ်၏၊ ပစ္စက္ခမပိကိုထောက်၍ ဤသို့ ပစ္စုပ္ပန်ဖြစ်သော်လည်း အနောကပ္ပနာ မရိသအနက်ကို ပြသောအရာဝယ် အတ္ထိသဒ္ဒါရှိသောကြောင့် အနာဂတ်ဝိဘတ်သက်ရသည်။ [ဤ "အတ္ထိနာမ၊ပေ၊ပရိဘုဥ္ဇိဿသိ"၌ မောဂ္ဂလ္လာန်အလိုအားဖြင့် နာမနိပါတ်လည်း ရှိ—မှုယောမုံ့ကို ကဲ့ရဲ့ခြင်း ဂရဟာလည်းရှိသောကြောင့် "နာမေ ဂရဟာ ဝိမှယေသု"သုတ်ဖြင့်ပင် ပစ္စုပ္ပန်အနက်၌ အနာဂတ်ဝိဘတ် သက်နိုင်သည်၊] ဤသို့လျှင် ထိုထို သဒ္ဒါကျမ်းတို့၌ အနာဂတ်ဝိဘတ် သက်ရာဌာနကို အမျိုးမျိုး သတ်မှတ်ပြထားသော်လည်း ပါဠိ အဋ္ဌကထာတို့၌ကား ထို သတ်မှတ်ချက်မှ အလွတ်ဌာနတို့၌ အနာဂတ်ဝိဘတ် သက်ထားသည်ကို တွေ့ရသေး၏။

ပုံစံများ။ ။အလံဟိတေ အာဝုသော သုဒိန္န၊ပေ၊ပဗ္ဗဇိတုံ နသက္ခိဿသိ ယာဝဇီဝံ ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရိတုံ" ဤ သုဒိန္နကဏ္ဍ ပါရာဇိက ပါဠိတော်၌ နာမ-အတ္ထိ-ကထံဟိ နာမတို့မပါပဲလျက် ဂရဟာကိုပြရာဝယ် အတိတ်အနက်၌ ဘဝိဿန္တိကို သုံးစွဲထား၏၊ ထို့ကြောင့် "လေးလေးနက်နက် ကဲ့ရဲ့သောအရာဝယ် အတိတ်အနက်၌ ဘဝိဿန္တိ သက်" ဟုလည်း မှတ်ရာ၏၊ "တွေ ဥဒကံ ဘဝိဿတိ—အရပ်၌ ရေရှိတန်ရာရဲ့ (အဋ္ဌသာလိနီ)" ဤ အဋ္ဌကထာ၌ ရှိနေသောရေကိုပင် ကေန်မသိသေး၍ မှန်းဆသောအရာ ဖြစ်သောကြောင့် ပစ္စုပ္ပန်အနက်၌ ဘဝိဿန္တိဝိဘတ်ဖြင့် သုံးစွဲထားသည်ဟုမှတ်။ [ဝတ္တ သဒ္ဒါပါမူ မှန်းဆရာ၌ ဝတ္တမာန်ဖြင့်ပင် သုံးရသည်၊ "ဣမာယ ဝတ ဝေလာယ စတဿော ပရိယာ မဟာစေတိယံ ဝန္ဒန္တိ = ဤအချိန်မှာ ပရိသတ် ၄ ပါးတို့ မဟာစေတီကို ရှိခိုးနေပေလိမ့်မယ်နော်"။]

[ဆောင်] ဂရဟာဝိမှယ, အနက်ပြသည့်, နာမနိပါတ်, ရှိလတ်တဝ၊ ယတြတဖန်, ကထံဟိနှင့်, တွဲသည့်နာမ, ရှိကကြိတ်လိတ်, အတိတ်နက်မှန်, ဘဝိဿံတည်း၊ တဖန်မှတ်လော, အနောကပ္ပာ, မရိသာ၏, အနက်ရှိဝယ်, အတ္ထိနာမ, ယှဥ်တုန်းကမူ, ကာလဝတ္တမာန်, ဘဝိဿံပင်၊ ကေန်ဂရဟ, ချို့ဝါကျနှင့်, မှန်းဆမြော်ဘိ, အနက်ရှိက, အတ္ထိကထံ, တဖန်နာမ, မပါကြပဲ, တီတ ဝတ္တမာန်, သင့်ရာနှံ့လျက်, ဘဝိဿံ သက်သည်, မှတ်ချက် ပါဠိ အသုံးတည်း။

ကြိယာတိပန္နေ တိစော ကာလာတိပတ္တိ

၄၂၂။ ကြိယာတိပန္န္ မတ္တေ-ကြိယာ၏ လွန်၍ဖြစ်ခြင်း မျှဖြစ်သော၊ အတီတေ ကာလေ ကာလာတိပတ္တိ ဝိဘတ္တိ ဟောတိ၊ သော-သည်၊ တံ ယာန်- ထိုယာဉ်ကို၊ စေ အလဘိဿာ - အကယ်၍ ရအံ့၊ အဂစ္ဆိဿာ—သွားနိုင်လောက်ရာပြီ၊ တေ— တို့သည်၊ တံ ယာနံ-ကို၊ စေအလဘိဿံသု—အကယ်၍ ရကုန်အံ့၊ အဂစ္ဆိဿံသု— သွားနိုင်လောက်ကုန်ရာပြီ၊ (၄၇၅)။

---

၄၂၂။ ကြိယာတိပန္နမတ္တေ။ ။အတိပုဗ္ဗ, ပဒဓာတ်, တပစ္စည်းကို အနွ ပြု၍ ''အတိပန္န''ဟု ဖြစ်၏၊ ပဒဓာတ်သည် ဂတိအနက်ကို ဟော၏၊ ဂတိအနက် ကား သွားခြင်း,ရောက်ခြင်း,ဖြစ်ခြင်း,သိခြင်းအားဖြင့် များ၏၊[ယေ ဂတျတ္ထာ တေဗုဒ္ဓျတ္ထာ ပဝတ္တိပါပုဏတ္ထကာ၊ (ဓာတွတ္ထသင်္ဂဟ)] ကြိယာယ-ကြိယာ၏+ အတိပဇ္ဇနံ-လွန်သွားခြင်းတည်း၊ ကြိယာတိပန္နံ-ခြင်း၊ ဖြစ်ခွင့်ရှိသော ကြိယာ၏ အကြောင်းမညီညွတ်သဖြင့် မဖြစ်ခြင်းကို ကြိယာတိပန္နဟု ခေါ်၏၊ [''ကြိယာ၏ လွန်သွားခြင်း'' ဟု ဆိုသောကြောင့် ''တကယ်ဖြစ်ပြီး၍ လွန်သွားခြင်း'' ဟု မမှတ်လင့်၊] ဤကြိယာ၏ မဖြစ်ခြင်းသည် ရမှု၏မဖြစ်ခြင်း, သွားမှု၏မဖြစ်ခြင်း, စားမှု၏မဖြစ်ခြင်း စသည်ဖြင့် အများနှင့်ဆက်ဆံ၍ သာမညဖြစ်နေရကား ထို သာမညအနက်ဟော မတ္တသဒ္ဒါကိုထည့်၍ ''ကြိယာတိပန္နမတ္တေ''ဟု ဝုတ္တိဖွင့်ရ သည်၊ ''ကြိယာတိပန္နမတ္တေ-ကြိယာ၏ လွန်သွားခြင်းမျှဖြစ်သော''ဟု အနက် ပေး၊ တနည်း—ထို မတ္တဖြင့် ကြိယာ၏ တကယ်ဖြစ်ခြင်းကို ကန့်။

ကြိယာတိပန္န၏ အကြောင်း ၂ မျိုး။ ။ထိုကြိယာမဖြစ်ခြင်း၏အကြောင်း သည် ဝိရုဒ္ဓဟေတုယောဂ, ဟေတုဝေကလ္လ ဟု ၂ မျိုးရှိ၏၊ [ဝိရုဒ္ဓ+ဟေတု+ ယောဂ—ဆန့်ကျင်ဘက်+အကြောင်းနှင့် + ပေါင်းမိခြင်း၊ ဟေတု+ဝေကလ္လ— အလျော် အကြောင်း၏+ချို့တဲ့ခြင်း။] ခွဲဦးအံ့– ထမင်းချက်ခြင်း ကြိယာ၌ မိုးကြီးသည်းထန်စွာ ရွာလာခြင်း, လေကြီးကျခြင်း စသည်ဖြင့် ရှုတ်တရက် အနှောင့်အယှက် ပေါ်လာခြင်းသည် ဝိရုဒ္ဓဟေတုယောဂတည်း၊ ထိုဆန့်ကျင် ဘက် အကြောင်းနှင့် တွေ့ကြုံရခြင်းကြောင့် ထမင်းချက်မှုကြိယာ၏ မဖြစ်ခြင်း သည် ကြိယာတိပန္နတည်း၊ ထို့ကြောင့် ''သစေ မဟာမေဃော နဝဿေဿ၊ ဩဒနံ အပစိဿာ''ဟု ပါဠိ စီရသည်။

ဟေတုဝေကလ္လ။ ။ဆန်- ထင်း- ရေ- မီး- အိုး- ခွက် စသော အကြောင်း များသည်ထမင်းချက်ခြင်းကြိယာ၌သင့်လျော်သော(အလျော်)အကြောင်းများ တည်း၊ ဆန်မရှိခြင်း-ထမင်းမရှိခြင်း စသည်ကား အကြောင်းချို့တဲ့မှု (ဟေတု ဝေကလ္လ)တည်း၊ ထို အကြောင်းချို့တဲ့မှု (ဟေတုဝေကလ္လ)ကြောင့် ထမင်း ချက်ခြင်း ကြိယာ၏ မဖြစ်ခြင်းသည် ကြိယာတိပန္နတည်း၊ ထို့ကြောင့် ''သစေ

တဏ္ဍုလံ အလဘိဿာ, ဩဒနံ အပစိဿာ''ဟု ပါဠိဖြစ်နိုင်၏၊ ''သစေ တံယာနံ အလဘိဿာ အာဂစ္ဆိဿာ''၌ ယာဉ်ကို မရခြင်းသည် ဟေတုဝေကလ္လ, ယာဉ် မရခြင်းကြောင့် သွားမှုကြိယာ၏ မဖြစ်ခြင်းသည် ကြိယာတိပန္နတည်း၊ [''အလဘိဿာ''ဟု ကြိယာတိပန္နဖြင့် သုံးစွဲထားသောကြောင့် ယာဉ်၏မရှိခြင်း, သို့မဟုတ် ယာဉ်၏ ပျက်နေခြင်းသည် ဟေတုဝေကလ္လ, မရခြင်းသည် ကြိယာတိပန္န ဟူ ခွဲပါ။]

စာသင်ရာ။ ။စာသင်ရာ၌ ဉာဏ်လေးခြင်း, စာအုပ် မရှိခြင်း, ဆရာကောင်းနှင့် မတွေ့ရခြင်းသည် ဟေတုဝေကလ္လ၊ ဆရာမိဘတို့က စာသင် မလွှတ်ခြင်း, မိမိမှာ ရောဂါရခြင်း, အဖော်အပေါင်း မကောင်းခြင်း, အပျော်အပါး လိုက်စားခြင်းများသည် ဝိရုဒ္ဓဟေတုယောဂတည်း၊ စာတတ်မှုကြိယာ၏ မဖြစ်ခြင်းကား ကြိယာတိပန္နတည်း။

ဝိရုဒ္ဓဟေတုယောဂါ ဝါ, ဟေတုဝေကလ္လတောပိ ဝါ၊
ကြိယာန မဘာဝေါ, ကြိယာတိပန္န မီရိတံ။

ဝိရုဒ္ဓဟေတုယောဂါ ဝါ-ဆန့်ကျင်ဘက်အကြောင်းနှင့် ပေါင်းမိခြင်းကြောင့် သော်လည်းကောင်း၊ ဟေတုဝေကလ္လတောပိဝါ- အကြောင်း၏ ချို့တဲ့ခြင်း ကြောင့်သော်လည်းကောင်း၊ ကြိယာနံ-တို့၏၊ အဘာဝေါ- မဖြစ်ခြင်းကိုပင်၊ ကြိယာတိပန္နံ-ဟူ၍၊ ဤရိတံ-ဆိုအပ်၏၊ ဏစ္စာယနသာရ။ [''အဘာဝေါ''၌ ဝေ ဖြင့် လွန်သွားသော ဖြစ်ပြီးသောကြိယာကို ''ကြိယာတိပန္န''မခေါ်ဟု ကန့်။]၊

အတီတေ။ ။သုတ်၌ ''ကြိယာတိပန္နေ တီတေ''ဟု ဆိုထားရကား ''ဖြစ်ပြီး၍ လွန်သွားသော ကြိယာကိုသာ အတီတေ (အတိတ်) ဟု ဆိုထိုက်သည် မဟုတ်ပါလော, ဤကြိယာ၏ မဖြစ်ခြင်းကို (ဝါ-မဖြစ်သောကြိယာကို) အဘယ် နည်းဖြင့် အတီတ ဟု ခေါ်ရသနည်း''ဟု မေးဖွယ်ရှိ၏၊ အဖြေကား— အကယ်၍ ဖြစ်မည်ဆိုလျှင် ဖြစ်လောက်သော ထိုကြိယာကို နှောင့်ယှက်နေသော ကြိယာ၏ ကာလကိုထောက်၍ မဖြစ်ခဲ့သော ကြိယာကိုလည်း အတိတ်ဟု ဆိုနိုင်လေသည်။ [''တ္တေ့ စ ကိဉ္စာပိ န ကြိယာ အတီတသဒ္ဒေန ဝေါဟရိတဗ္ဗာ၊ တထာပိ တတြိ ယုပ္ပတ္တိပဋိဗန္ဓကရကြိယာယ ကာလဘေဒေန အတီတဝေါဟာရော လဗ္ဘတေဝ''- (ရူ)။]

ထင်ရှားစေအံ့။ ။မဟာဓန သဋ္ဌေးသားသည် အရွယ်ကောင်းတုန်း၌ ကုဋေရှစ်ဆယ်သော ဥစ္စာကို ပျော်ပျော်ပါးပါး သုံးဖြုန်း၍ အရွယ်လွန်သည့် အခါ တောင်းရမ်းစားသောက်နေရသည်ကို ဘုရားရှင်မြင်တော်မူရကား ''သစေ အယံ ပဌမဝယေ နိက္ခမိတွာ ပဗ္ဗဇိဿ, အရဟတ္တံ ပါပုဏိဿာ''ဟု မိန့်တော် မူ၏၊ ဤ၌ သဋ္ဌေးသား၏ စည်းစိမ်တို့ကို သုံးဖြုန်းပျော်ပါးနေခြင်း ကြိယာသည်

အဘင်အရှားဖြစ်ခဲ့သော အတိတ်ကြိယာတည်း၊ ထိုသုံးဖြုန်း ပျော်ပါးနေခြင်း ကြိယာသည် ရဟန်းအဖြစ်ကိုတားမြစ်သော ကြိယာဖြစ်၏၊ ထိုသုံးဖြုန်း ပျော်ပါးမှုကြိယာ၏ အတိတ်ဖြစ်ပုံကိုထောက်၍ မဖြစ်ခဲ့ရသော ရဟန်းပြုခြင်း ရဟန္တာဖြစ်ခြင်းကြိယာကိုလည်း အတိတ်ဟုပင် ဆိုရတော့သည်၊ ဤ၌ သုံးဖြုန်းပျော်ပါးနေခြင်းသည် ရဟန်းပြုခြင်းကြိယာ၏ ဝိရုဒ္ဓဟေတုတည်း၊ ထို ဝိရုဒ္ဓဟေတု၏ အတိတ်အမည်ကို ရဟန်းမဖြစ်ခြင်းဟူသော အကျိုးပေါ်၌တင်စား၍ ထိုရဟန်းမဖြစ်ခြင်းကြိယာကိုလည်း ကာရဏူပစာရအားဖြင့် အတိတ်ခေါ်ရသည်- ဟူလို။

ပရမ္ပရူပစာ။ ။ထို ရဟန်းမဖြစ်ခြင်းသည် အကြောင်း, ရဟန္တာမဖြစ်ခြင်းကား အကျိုးဖြစ်၍ ရဟန်းမဖြစ်ခြင်းသည် ရဟန္တာဖြစ်ခြင်း၏အကြောင်းချို့တဲ့မှု (ကာရဏဝေကလ္လ) တည်း၊ ထိုကြောင့် ရဟန်း မဖြစ်ခြင်း၏ အတိတ်အမည်ကိုလည်း ရဟန္တာ မဖြစ်ခြင်းအပေါ်၌ တဆင့်တင်စား၍ ရဟန္တာမဖြစ်ခဲ့ရခြင်းကိုလည်း ပရမ္ပရ ကာရဏူပစာရအားဖြင့် အတိတ်ကြိယာဟု ခေါ်ရပြန်သည်။

အနာဂတ် ကြိယာတိပန္န။ ။ကစ္စည်းဝုတ္တိနှင့် ရူပသိဒ္ဓိတို့၌ အတိတ်ကြိယာတိပန္နကိုသာ ဖွင့်ကြသော်လည်း သဒ္ဒနီတိ မောဂ္ဂလ္လာန် ကစ္စာယနသာရနှင့် သက္ကတ ဗျာကရုဏ်းတို့၌ အနာဂတ် ကြိယာတိပန္နကိုလည်း ဖွင့်ပြကြ၏၊ "သာစ ဘူတာဘိဝိဿတိ ဝိသယာဝ"– (ကာတန္တ)။ [ကစ္စည်းသုတ်အတိုင်းလည်း အနာဂတေ ဘဝိဿန္တီသုတ်မှ အနာဂတေပုဒ်ကို အလိုက်ခံလျှင် အနာဂတ် ကြိယာတိပန္န ရနိုင်ကြောင်းကို သဒ္ဒနီတိ ဆို၏။] "စီရံပိ ဘက္ခော အဘဝိဿာ,သစေ နေ၁ နဝိဝဒါမသေ"–(သတ္တနိပါတ်,ဒဗ္ဗပုပ္ဖဇာတ်၊)ဤဇာတ်၌ ငါးကြင်းကြီးကိုရသော ဖျံ ၂ ကောင်သည် အဝေမတည့်၍ မြေခွေးကိုတရားသူကြီးမြှောက်လျက်ဝေစေရာ,ခေါင်းပိုင်းကိုတကောင်ယူ,အမြီးပိုင်းကိုတကောင်ယူ,အလယ်ကို တရားသူကြီးဖြစ်သော ငါယူမည်-ဟု ဝေပုံချ၍ အလယ်ပိုင်းကိုယူပြေးလေလော်.... "ငါတို့ ၂ ကောင်သာ ရန်မဖြစ်ကြလျှင် အတော်ကြာကြာစားသောက်မှာပဲနော်" ဟု ညီးညူခန်းတည်း၊ ထိုအခန်း၌ နောင်ရက်ပေါင်းများစွာ စားသောက်ဖွယ်ရှိသည်ကို မျှော်တွေး၍ ဆွေးကြခြင်းဖြစ်သောကြောင့် "ဘက္ခော အဘဝိဿာ"အရ အစာ၏ မဖြစ်ခြင်းသည် အနာဂတ်ကြိယာတိပန္နတည်း၊ သူတို့၏ ငြင်းခုံကြခြင်းကား ဝိရုဒ္ဓဟေတုယောဂ (ကြာရှည်စွာ အစာဖြစ်ခြင်း၏ ဆန့်ကျင်ဘက်အကြောင်းနှင့် ပေါင်းမိခြင်း)တည်း။

"သစာဟံ နာဂမိဿံ, မဟာဇာနိယော သော အဘဝိဿာ"– ဘုရားရှင်သည် နံနက်စောစော၌ ဝေနေယျတို့ကို ကြည့်ရှုတော်မူသောအခါ "ယနေ့ အင်္ဂုလိမာလထံသို့ သူ၏မိခင် လာလိမ့်မည်, ငါဘုရား ကြွတော်မမူလျှင် (လက်ချောင်းတထောင်ပြည့်ဖို့ရာ တချောင်းသာ လိုတော့သဖြင့်)မိခင်ကိုပင် သတ်လိမ့်မည်၊ သတ်လျှင် ရဟန္တာဖြစ်လောက်သူမှာ ရဟန္တာမဖြစ်ပဲ အဝီစိရောက်ရတော့မည်

ဖြစ်၍ ကြီးစွာသော ဆုံးရှုံးခြင်း ဖြစ်ရရှာတော့လတ္တံ့”ဟု မြော်မြင်တော်မူခြင်း ဖြစ်သည်၊ ဤပုံစံ၌ ဘုရားကြွတော်မူသောကြောင့် ထို ဆုံးရှုံးမှုဖြစ်မည်မဟုတ် ရကား ထို ဆုံးရှုံးမှု၏ မဖြစ်ခြင်းသည် အနာဂတ်ကြိယာတိပန္နတည်း၊ ထိုဆုံးရှုံးမှု မဖြစ်ခြင်း၏ အကြောင်းမှာလည်း ဘုရား ရှင်၏ ကြွတော်မူလတ္တံ့သော (ဝိရုဒ္ဓ ဟေတုယောဂ) အကြောင်းပင်တည်း၊ ဤအကြောင်းမှာ တိုက်ရိုက် မဖြစ်သေး သဖြင့် မှန်းဆ၍သိရသော အကြောင်းမျှသာ ဖြစ်သည်။

တဒ္ဓ ဒွိဓာ ဘူတံ ဘာဝိ, ဘူတံ သမ္ပုဏ္ဏကာရဏာ၊
ဘာဝိ ဘာဝါတိပန္နံတု, ကုတောစိ လိင်္ဂဒဿနာ။

တဒ္ဓ- ထိုကြိယာတိပန္နသည်လည်း၊ ဘူတံ - အတိတ်လည်းကောင်း၊ ဘာဝိ- အနာဂတ်သည်းကောင်း၊ [နပုလ္လိင်ဖြစ်၍“သုခကာရိဒါနံ”ကဲ့သို့ ဘာဝိဟု ရှိစေ၊] ဣတိ-သို့၊ ဒွိဓာ ၏၊ ဘူတံ-အတိတ် ကြိယာတိပန္နသည်၊ သမ္ပုဏ္ဏကာရဏာ-ပြည့်စုံစွာဖြစ်သော ဝိရုဒ္ဓအကြောင်း, ဟေတုဝေကလ္လအကြောင်း တခုခုကြောင့်၊ ဟောတိ–၏၊ ဘာဝိ-အနာဂတ်ဖြစ်သော၊ ဘာဝါတိပန္နံတု-ကြိယာတိပန္နကိုကား၊ ကုတောစိ-တစုံတခုသော၊ လိင်္ဂဒဿနာ–ဖြစ်လောက်သော အကြောင်းအရိပ် အဆင်ကို မြော်မြင်ရခြင်းကြောင့်၊ ဟောတိ-၏၊ –ကစ္စာယန သာရ။ [ဒုဗ္ဗုဋ္ဌာတ် ၌ကား အရိပ်အဆင်ကို မမြော်မြင်ရ, ငြင်းခုံခြင်းဟူသော ဆန့်ကျင်ဘက် အကြောင်း တိုက်ရိုက်ဖြစ်ခဲ့ပြီ၊ “သမ္ပုဏ္ဏကာရဏာ”၌ ဝိရုဒ္ဓဟေတုယောဂ-ဟေတုဝေကလ္လ အကြောင်း ၂ ပါး အပြည့်အစုံရခြင်းဟု မမှတ်လင့်၊ ထို အကြောင်း ၂ ပါးတွင် တပါးပါး၏ဖြစ်ခြင်းကို သမ္ပုဏ္ဏဟုမှတ်၊ အတိတ် ကြိယာတိပန္နသည် အနာဂတ်ကြိယာတိပန္နကဲ့သို့ အကြောင်းကို မှန်းဆမြော်မြင် ဖွယ်မလို၊ အထင်အရှားဖြစ်ပြီး အပြည့်အစုံဖြစ်ပြီးသော အကြောင်း ရှိရမည်ဟု ဆိုလိုသည်။]

ပစ္စုပ္ပန်ကြိယာတိပန္န မရှိ။ ။ပစ္စုပ္ပန်အခိုက်၌ တိုက်ရိုက်ဖြစ်သော ကြိယာ ကား“မဖြစ်ခြင်း”ဟူသော ကြိယာတိပန္န မဖြစ်နိုင်၊ တိုက်ရိုက်ဖြစ်မှု မရှိလျှင် လည်း ပစ္စုပ္ပန်ဟုပင် မဆိုရ၊ ထို့ကြောင့်မောဂ္ဂလ္လာန်၌“တေ ဿာဒယော၊ပေ၊ န ဝတ္တမာနေ, တတြကြိယာတိပတျာ-သမ္ဘဝါ”ဟု ပစ္စုပ္ပန်ကြိယာတိပန္န မရှိ ကြောင်းကို မိန့်သည်။

၂ ဝါကျအနေများပုံ။ ။ကြိယာတိပန္န ထားရာ၌ ၂ ဝါကျရှိတတ်၏၊— “သောစေ ပဌမဝယေ ပဗ္ဗဇ္ဇံ အလဘိဿာ, အရဟာ အဘဝိဿာ”....“သော ကိရ အရိယ သာဝကော နာဘဝိဿာ, အညထတ္တံပိ အဂမိဿာ (ဥဒါန ဥဿုဗန္ဓန သိက္ခာပုဒ်ဌ၊)”ရှေ့နောက် ၂ ဝါကျလုံး ကြိယာတိပန္နချည်း၊]“သစေ[ဘိက္ခဝေ ပေယျာ ဟတ္ထာ ရောဟပုတ္တော မုဟုတ္တံ နိသီဒေယျ, မဟတာ ဒါတ္တေန သံ ယုဇ္ဇတ္တာ အဘဝိဿာ(မဇ္ဈိမပဏ္ဏာသ ကန္ဒရသုတ်)”[ရှေ့သတ္တမီ,နောက်ကြိယာတိ

ဝတ္တမာနာ
တိ အန္တိ၊ပေ၊ေ မှေ

၃၂၃။ တိ အန္တိ၊ပေ၊ေ မှေ ဣတိ - တိ အန္တိ၊ ပေ၊ေ မှေ ဟူကုန်သော၊ ဒွါဒသန္နံ — တဆယ့်နှစ်ပါး ကုန်သော၊ ဝေတေသံ ပဒါနံ-ဤပုဒ်တို့၏၊ ဝတ္တမာနာ ဣတိ-ဝတ္တမာန် ဟူသော၊ သောသညာ—ဤအမည်သည်၊ ဟောတိ၊ ဝတ္တမာနာ ဣတိ-ဟူသော၊ အနေန-ဤအမည်ကို မှည့်ခြင်းဖြင့်၊ပေ၊ဝတ္တမာနာ ပစ္စုပ္ပန္နေ-၌... ၏၊ (၃၂၆)။ [၃၂၄, ၅, ၆, ၇, ၈, ၉, ၃၃၀ သုတ်အထိ လွယ်ပြီ။]

ပန္န၊]“စိရံပိ ဘဒ္ဒက္ခာ၊ပေ၊ နဝိဝဒါမသေ” [ရှေ့ ကြိယာတိပန္န, နောက် ပဥ္စမီ၊] “ရူပဥ္စဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿာ, နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ [ရှေ့ ကြိယာတိပန္န, နောက် သတ္တမီ] “သစာဟံ နာဂမိဿံ, မဟာဇာနိယော သော အဘဝိဿာ” ၌ကား ရှေ့ ဘဝိဿန္တိ, နောက် ကာလာတိပတ္တိတည်း၊ ဤသို့ ၂ ဝါကျစဉ်လျက် ပါဋ္ဌိရှိသည်။]

ကာလာတိပတ္တိ။ ။[ကာလ + အတိပတ္တိ၊] ကာလဟူသည် ကြိယာတည်း၊ ကလာပ်သုတ်၌ကား “ကြိယာတိပတ္တိ”ဟု ကြိယာပုဒ်ကို တိုက်ရိုက်ပြထားသည်၊ အတိပတ္တိ၌ အတိပုဗ္ဗ ပဒဓာတ် တိပစ္စည်း၊ ကြိယာတိပန္နနှင့် ကာလာတိပတ္တိသည် အနက်တူပင်တည်း၊ “ကြိယာနှင့် ကာလ တူ၏၊ အတိပန္နနှင့် အတိပတ္တိလည်း ဓာတ်ချင်းတူ၏၊ ထို့ကြောင့် “ကာလဿ + အတိပတနံ - ကာလာတိပတ္တိ”၌ အတိပတနံဟု ပတဓာတ်ဖြင့် ဝိဂ္ဂြိုဟ်ပြုခြင်းကို ပဒဓာတ်နှင့် အနက်ချင်းတူသော ဓာတွတ္ထဝိဂ္ဂဟဟု မှတ်၊ မိမိဓာတ်ရင်းဖြင့် “အတိပဇ္ဇနံ - လွန်သွားခြင်း၊ အတိပတ္တိ-ခြင်း၊ ကာလဿ-ကြိယာ၏+အတိပတ္တိ လွန်သွားခြင်းတည်း၊ ကာလာတိပတ္တိ-ခြင်း၊ အဓိပ္ပာယ်ကို ကြိယာတိပန္နအတိုင်း မှတ်ပါ။

မှတ်ချက်။ ။ဖြစ်သင့်သော ကြိယာ၏မဖြစ်ခြင်းသည် ကြိယာတိပန္န (ကာလာတိပတ္တိ) မည်သကဲ့သို့ မဖြစ်နိုင်သော (ဖြစ်ဖို့ ခဲယဉ်းသော) ကြိယာ၏ ဖြစ်ခြင်းသည် ကြိယာတိပန္န မည်၏—ဟု မှတ်၊ ထို့ကြောင့် “သော ဂိရိ အရိယသာဝကော နာ ဘဝိဿ, အညထတ္တမ္ပိ အဂမိဿာ”၌ လူတိုင်း မဖြစ်နိုင်သော အရိယာသာဝက၏ ဖြစ်ခြင်းကို ကြိယာတိပန္နဟု ယူ၍ “နာဘဝိဿ=မဖြစ်အံ့, မဖြစ်လို့ရှိလျှင်”ဟု သုံးစွဲထား၏၊ ထို့ကြောင့် “ကြိယာန မဘာဝေါ, ကြိယာတိပန္နမိရိတံ”၌ အဘာဝကို ယေဘုယျဟု မှတ်ပါ။

---

၃၂၃။ ကာလာတိပတ္တိ ဿာ ဿံသု—စသော သုတ်တိုင်အောင် ဤနည်းအတိုင်း အနက်ပေး၊ဤဝိဘတ်များကို ပစ္စုပ္ပန် အတိတ် အနာဂတ်ကာလ ၃ ပါး ဖြင့်ခွဲလျှင် ဝတ္တမာန် ပဥ္စမီ သတ္တမီဝိဘတ် ၃ သွယ်သည် ပစ္စုပ္ပန္နကာလိက(ပစ္စုပ္ပန် ကာလဟော) ဝိဘတ်များ၊ ပရောက္ခာ ဟိယျတ္တနီ အဇ္ဇတနီ ၃ သွယ်သည် အတီတကာလိက ဝိဘတ်များ၊ ဘဝိဿန္တိသည် အနာဂတ ကာလိကဝိဘတ်၊ ကာလာတိပတ္တိကား အတီတာနာဂတ ကာလိကဝိဘတ်ဟု ခွဲ၊ [ ကစ္စည်းဝုတ္တိ

အလိုမူ ကာလာတိပတ္တိကို အတီတကာလိကဉ် သွင်း၍ အတီတကာလိကဝိဘတ် ၄-သွယ်ဟုမှတ်။] ရူပသိဒ္ဓိ၌ "အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အာဏတ္တိ, ပရိကပ္ပ, ကာလာတိပတ္တိဟု ကာလ (ကြိယာ) ၆-မျိုးခွဲသေး၏။

**ပဉ္စမီ သတ္တမီသညာ။** ။ပဉ္စမီဝိဘတ် သတ္တမီဝိဘတ်ဟူရာ၌ "ပဉ္စမီ သတ္တမီဟူသောအမည်သည် အန္တတ္ထသညာလော ရုဠ္ဌီသညာလော" ဟု တွေးတောဖွယ်ရှိ၏၊ အချို့ဆရာများက ရုဠ္ဌီသညာ ဟု ဆိုကြ၏၊ ချဲ့ဦးအံ့- "ပဉ္စန္နံ ၅-သွယ်တို့၏+ပူရဏီ-ပြည့်ကြောင်း ဝိဘတ်တည်း" ဟူသော ဝိဂ္ဂြိုဟ်နက်အားလျော်မှု အန္တတ္ထသညာ(ဝိဂ္ဂြိုဟ်နက်သို့ အစဉ်လိုက်သောအမည်) ဖြစ်နိုင်သည်၊ ဤ"တု-အန္တု" ဝိဘတ်များကား ဝတ္တမာန်ဝိဘတ်ကို ထောက်၍ ၂-သွယ်မြောက်သာဖြစ်သောကြောင့် အန္တတ္ထသညာမဖြစ်နိုင်၊ သက္ကတကျမ်းတို့၌လာခဲ့သော နာမည်အတိုင်းတွင်နေသော "အတွင်ရုဠ္ဌီသညာ"သာ ဖြစ်ထိုက်သည်၊ သတ္တမီဟူသော သညာလည်း နည်းတူပင်ဟု အချို့ဆရာတို့က ဆိုကြသည်။

**ထောက်ခံချက်။** ။ဤဝါဒကို ထောက်ခံသင့်၏၊ ဘာ့ကြောင့်နည်း၊....ဤဆရာတို့ဆိုအပ်သော ရုဠ္ဌီသညာဟူသည် ဃ-ပ-ဈ-လ အမည်တို့ကဲ့သို့ အနက်လုံးလုံးမရသော အထင်ရုဠ္ဌီမဟုတ်၊ ရှေးသက္ကတကျမ်းတို့၌ တွင်ကျယ်ခဲ့သော နာမည်ကို ဤကစ္စည်းကျမ်းက ယူထားသော အတွင်ရုဠ္ဌီသညာဟု ဆိုလိုသည်၊ သက္ကတကျမ်းဟူရာ၌ ပါဏိနီကာတန္တတို့ကို မဆိုလိုပါ၊ ထို့ထက်ရှေးကျသော ကျမ်းများကို ဆိုလိုသည်၊ မှန်၏-ပါဏိနီဝယ် ပဉ္စမီ သတ္တမီနာမည်ကို လုံးဝမပြ၊ ကလာပ်ဟုထင်ရှားသော ကာတန္တကျမ်း၌လည်း "ဝတ္တမာန်, သတ္တမီ, ပဉ္စမီ, ဟိယျတ္တနီ, အဇ္ဇတနီ, ပရောက္ခာ, သွာတနီ, အာသီ, ဘဝိဿန္တိ, ကာလာတိပတ္တိ"ဟု ဝိဘတ် ၁၀မျိုးပြရာဝယ် ဒုတိယ တတိယနေရာ၌ သတ္တမီ ပဉ္စမီကို ပြထားသဖြင့် ၇-ခုမြောက် ၅-ခုမြောက်မဖြစ်ရကား ထို ကာတန္တဆရာသည်လည်း မိမိထက်ရှေးကျသော သက္ကတ သဒ္ဒါဆရာကြီး၏ အမည်ကို ယူထားကြောင်း ထင်ရှားသည်။

မှန်၏—ထိုရှေးအကျဆုံး ဗျာကရဏ်းဆရာကြီးတို့သည် ပဉ္စမီ သတ္တမီဝိဘတ်များကို ၅-သွယ်မြောက် ၇-သွယ်မြောက်နေရာ၌ ထား၍ ပဉ္စမီ သတ္တမီ သညာကို အန္တတ္ထသညာဖြစ်အောင် အမှန်ပင် စီစဉ်ခဲ့ကြပေလိမ့်မည်၊ ထို့ကြောင့်ကာတန္တအာချာတ် ၃၃-သုတ်အဆုံး၌ "တော ပုဗ္ဗာစရိယပသိဒ္ဓါ အန္တတ္ထာ ဣဟ ဉာယန္တေ=ရှေးဆရာတို့၌ ထင်ရှားကုန်သော ဤဝတ္တမာန် ပဉ္စမီစသော အမည်တို့ကို ဤကျမ်း၌ အန္တတ္ထအမည်တို့ဟူ၍ သိအပ်ကုန်၏" ဟု မိန့်သည်၊ ကာတန္တနှင့် ကစ္စည်းကျမ်း စသည်ကို စီစဉ်သော နောက်ဆရာတို့လက်ထက် ရောက်သည့်အခါ ၅-သွယ်မြောက် ၇-သွယ်မြောက် မဟုတ်တော့ရကား ရုဠ္ဌီသညာများသာ ဖြစ်တော့သည်။

**သဒ္ဒနီတိအဆို**။ ။သဒ္ဒနီတိ၌ကား အန္ဓတ္ထသညာဟု ဆို၏၊ ချဲ့ဦးအံ့— နိရုတ္တိမည်သော ရှေးပါဠိသဒ္ဒါကျမ်း၌ "အတီတ ကာလိကဝိဘတ်, အနာဂတ ကာလိကဝိဘတ်, ပစ္စုပ္ပန္နကာလိကဝိဘတ်, အာဏတ္တိကာလိကဝိဘတ်, ပရိကပ္ပ ကာလိကဝိဘတ် ကာလာတိပတ္တိဝိဘတ်"ဟု ကာလအားဖြင့် ဝိဘတ် ၆-မျိုးပြ၍ အတိတ်ဝိဘတ် ပစ္စုပ္ပန်ဝိဘတ်ဟု စဉ်ထား၏၊ ပဉ္စမီ သတ္တမီ ဝိဘတ်များလည်း (ကာလ ၃ ပါးဖြင့်ရေတွက်လျှင်) ပစ္စုပ္ပန်ဝိဘတ်၌ ပါဝင်ကြ၏၊ ဤကစ္စည်း ကျမ်းလာဝိဘတ်တို့တွင် အတိတ်ဟောဝိဘတ်သည် ပရောက္ခာ-ဟိယျတ္တနီ-အဇ္ဇ တနီဟု ၃-သွယ်,အနာဂတ်ဟောဝိဘတ်ကား ဘဝိဿန္တီ တသွယ်, ဤသို့အားဖြင့် အတိတ် အနာဂတ် ဝိဘတ် ၄-သွယ်ရှိ၏၊ ထို ၄-သွယ်၏နောက်၌ ပစ္စုပ္ပန်ဝိဘတ် များကို စဉ်လိုက်သည့်အခါ "တိ အန္တိ" စသည်တို့မှာ "ဝတ္တမာန်" ဟူသော အမည်ထူးရပြီးဖြစ်၍ ပဉ္စမီနာမည်ကို မခံယူတော့ပဲ "တု အန္တု" စသောဝိဘတ် တို့သာ ဝတ္တမာန်ဌာနတွင် ဝင်၍ "ပဉ္စန္နံ+ပူရဏီ" ဟူသော ဝိဂ္ဂိုဟ်နက်နှင့် လိုက်လျောစွာ "ပဉ္စမီ"နာမည်ကို ခံယူကြသည်၊ ထို့နောက် အတိတ် အနာဂတ် ဝိဘတ် ၄-သွယ်, ၅-ဝတ္တမာန်, ၆-ပဉ္စမီဟု ဖြစ်သည့်အခါ ယေဝျစသော ဝိဘတ် တို့သည် ၇-သွယ်မြောက်ဖြစ်ရကား "သတ္တန္နံ+ပူရဏီ"နှင့် လိုက်လျောစွာ "သတ္တမီ"ဟူသော နာမည်ကို ခံယူကြသည်၊ ဤသို့သောနည်းအားဖြင့် ပဉ္စမီ သတ္တမီဟူသော အမည်သည် အန္ဓတ္ထအမည်ဖြစ်သည်ဟု သဒ္ဒနီတိမိန့်သည်။

**နိရုတ္တိ၌ အတိတ် အစထားပုံ**။ ။နိရုတ္တိကျမ်း၌ အတိတ်ဝိဘတ်တို့ကို အစဉ် ထားခြင်းကား စကားချောမောသော ပြောရိုးဆိုစဉ်လိုက်၍ ထားခြင်းတည်း၊ မှန်၏— စကားပြောရာ၌ အတိတ် အနာဂတ် ပစ္စုပ္ပန်"ဟု အတိတ်ကို အစ, အနာဂတ်ကိုအလယ်, ပစ္စုပ္ပန်ကိုနောက်ထား၍ ပြောမှချောမော၏၊ ဘုရားပါဠိ တော်များ၌လည်း "ယံကိဉ္စိ ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ"ဟု လည်းကောင်း "အတီတာ ဓမ္မာ,အနာဂတာ ဓမ္မာ,ပစ္စုပ္ပန္နာ ဓမ္မာ"ဟူ၍လည်းကောင်း အတိတ် တရားကို အစထား၍ စကားချောမောအောင် ဟောတော်မူသည်၊ ထိုသို့စကား ချောမောမှုကို လိုက်၍ နိရုတ္တိ၌ အတိတ်ဝိဘတ်များကို အစ, အနာဂတ်ဝိဘတ် များကို အလယ်,ပစ္စုပ္ပန်ဝိဘတ်များကို နောက်ထား၍ အတိတ်အနာဂတ် ၂-ပါး လုံးနှင့် ဆိုင်သော ကာလာတိပတ္တိကို အဆုံး၌ထားသည်။

**ဝတ္တမာန်ကို အစထားပုံ**။ ။ကစ္စည်းကျမ်း၌ကား ပစ္စုပ္ပန် အနက်ကို ဟောသော ဝတ္တမာန် ဝိဘတ်သည်သာ ပါဠိ၌အသုံးများသောကြောင့် အသုံး အစွဲများသော ဝတ္တမာန်ဝိဘတ်ကို ရှေးဦးအစ ပြထားသည်၊ ပဉ္စမီ သတ္တမီ ဝိဘတ်တို့ကိုကား (ပြယုဂ်ပုံစံ မများသော်လည်း ကာလ ၃-ပါးဖြင့် ရေတွက်ရာ ဝယ်) ပစ္စုပ္ပန်ကာလ၌ သွင်းယူရကြောင်းကိုသိစေခြင်းငှာ ဝတ္တမာန်၏အခြားမဲ့၌ ဆက်၍ပြထားသည်၊ ထိုဝိဘတ်များ၏ နောက်၌ကား အတိတ် အနာဂတ် အစဉ်

ဟိယျတ္တနီ၊ပေ၊ သဗ္ဗဓာတုကံ

၄၃၁။ ဟိယျတ္တနာ ဒယော - ဟိယျတ္တနီ အစရှိကုန်သော၊ စတသော- ၄ သွယ်ကုန်သော၊ ဝိဘတ္တိယော— ဝိဘတ်တို့သည်၊ သဗ္ဗဓာတုကသညာ - သဗ္ဗဓာတ် အမည်ရှိကုန်သည်၊ ဟောန္တိ၊ အာဂမာ- သွားပြီ၊ (ဟိယျတ္တနီ ပုံစံ)၊ ဂစ္ဆေယျ— ရာ၏၊ (သတ္တမီ)၊ ဂစ္ဆတု—လော၊ (ပဉ္စမီ)၊ ဂစ္ဆတိ- ၏၊ (ဝတ္တမာန်)၊ သဗ္ဗဓာတုကံ ဣတိ— သဗ္ဗဓာတုကဟူသော၊ အနေန၊ပေ၊ ဣကာရာဂမော အသဗ္ဗဓာတုကမှိ-၌....၏။

ဣတိ-ဤကား၊ အာချာတကပ္ပေ— အာချာတ်ကျမ်း၌၊ ပဌမောကဏ္ဍော— ပဌမခန်းတည်း၊ (၄၅၈)။

---

အတိုင်းကျအောင် အတိတ်ဟော ၃ သွယ်ကိုလည်းကောင်း, အနာဂတ်ဟော တသွယ်ကိုလည်းကောင်း အတိတ် အနာဂတ် ၂ ပါးစုံဟော ကာလာတိပတ္တိ ဝိဘတ်ကိုလည်းကောင်း စဉ်၍ပြထားသည်။ [သဒ္ဒနီတိကိုမှီးသော အဓိပ္ပာယ် ချည်းတည်း။]

ပရောက္ခာ အ၊ ဥ၊ ပေ၊ ဣံမှေ။ ။ပရောက္ခာဝိဘတ်၌ "အ, မှ=အံ, မှ၊ ဣ, မှေ=ဣံ, မှေ"ဟု ပါဌ်၂ ထွေရှိရာ, သီဟိုဠ်မူနှင့် မောဂ္ဂလ္လာန်တို့၌ "အ, မှ၊ ဣ, မှေ"ဟု နိဂ္ဂဟိတ်မပါသော ပါဌ်သာ ရှိ၏၊ သဒ္ဒနီတိ၌ကား "အံ တယံ တတ္တ အာဒိယံ၊ပေ၊ ဣံတယံ တဟိံ ရူပံ" ဟု ရှိ၏၊ ဆိုလိုရင်းကား ပရောက္ခာဟိယျတ္တနီ အဇ္ဇတနီအားဖြင့် အံ ၃ လုံး ဣံ ၃ လုံးစီရှိသည်- ဟူလို၊ "အံ ဣံသထ တယော တယော"ဟု မိန့်သော ဆရာတို့အလိုလည်း အံ-ဣံ ၃ လုံးစီပင်။

ဟိယျတ္တနီ-အာဦ၊ ပေ၊ဣံမှသေ။ ။ဤ၌လည်း "အာ— ဦ, ဩ —တ္ထ, အ မှာ (အံ-မှာ)"ဟု ပါဌ်၂ ထွေ ရှိ၏၊ သီမူနှင့် မောဂ္ဂလ္လာန်၌ "အ— မှာ" ဟုသာ ရှိ၏၊ သဒ္ဒနီတိနှင့် ဆရာတို့အလိုမူ "အံ မှာ"ဟု ရှိရပေလိမ့်မည်။

အဇ္ဇတနီ ဤဦ၊ပေ၊အမှေ။ ။ဤ၌လည်း "အ, မှေ=အံ, မှေ"ဟု ၂ ထွေ ရှိရာ သီဟိုဠ်မူနှင့် မောဂ္ဂလ္လာန်အလို "အ, မှေ"ဟု လည်းကောင်းသဒ္ဒနီတိနှင့်ဆရာတို့အလို "အံ မှေ"ဟုလည်းကောင်း ရှိရကြောင်းကို သိပါ။

---

၄၃၁။ "သဗ္ဗဓာတုသု— အလုံးစုံသော ဓာတ်တို့၌၊ ဝတ္တတိ- ဖြစ်တတ် ပါဝင်တတ်၏၊ ဣတိ သဗ္ဗဓာတုကံ"ဟု ဝိဂ္ဂြိုဟ်ပြုကြသော်လည်း ဤ "သဗ္ဗဓာတုက"ဟူသော အမည်သည် အလွန် ရှေးကျသော သက္ကတ ဗျာကရုဏ်းဆရာတို့၌ ထင်ရှားသော အထင်ရူဠှီ အမည်တည်းဟု သက္ကတဋီကာ ပဋိကာတို့ ဖွင့်ကြ၏၊ "ဟိယျတ္တနီ သတ္တမီ ပဉ္စမီ ဝတ္တမာနာ"ဟု ရှေ့တွဲဘက်ပုဒ်က ဗဟုဝုစ် ဣတ္ထိလိင် ရှိသော်လည်း ရူဠှီနာမည် ဖြစ်သောကြောင့် ရှေးဆရာတို့ မှည့်ခေါ်အပ်သည့်

ဓာတုလိင်္ဂေဟိ ပရာပစ္စယာ

၄၃၂။ ဓာတုလိင်္ဂေ ဣစ္စေတေဟိ - ဓာတ်, လိင်ဟူကုန်သော ဤသဒ္ဒါတို့မှ၊ ပရာ - နောက်ဖြစ်ကုန်သည်၊ ဟုတွာ - ဖြစ်၍၊ ပစ္စယာ-ပစ္စည်းဝိဘတ်တို့သည်၊ ဟောန္တိ - သက်ကုန်၏၊ ကရော တိ–ပြု၏၊ ဂစ္ဆတိ– သွား၏၊ ယောကောစိ - အမှတ်မရှိ တစုံတယောက်သည်၊ ကရောတိ-ပြုစွမ်းနိုင်၏၊ တံ-ထို ပြုစွမ်းနိုင်သူကို၊ အညော - အခြားသူတယောက် က၊ ကရောဟိ ကရောဟိ-ပြုလော ပြုလော၊ ဣစ္စေဝံ-ဤသို့၊ ဗြဝီတိ–ပြောဆို၏၊ အထဝါ–တနည်း၊ ကရောန္တံ-ပြုစွမ်းနိုင်သူကို၊ ပယောဇယတိ-စေခိုင်းတိုက်တွန်း ၏၊ ကာရာတိ- ပြုစေ၏၊ သံယော-သံဃာသည်၊ ပဗ္ဗတံ ဣဝ- တောင်ကဲ့သို့၊ အတ္တာနံ- မိမိကို၊ အာစရတိ-ပြုကျင့်၏၊ ပဗ္ဗတာယတိ–တောင်ကဲ့သို့ ပြုကျင့်၏၊

---

အတိုင်း “သဗ္ဗဓာတုကံ” ဟု နပုလ္လိင်ကေဝုစ် ရှိရသည်၊ “သဗ္ဗဓာတုကမိတိ ပုဗ္ဗာ စရိယပသိဒ္ဓါ-ယံ သညာ နိရုန္ဓတ္ထသမ္ဘဝတော, နပုံသကမိတိ- သဗ္ဗဓာတုကံ ဟူသော ဤအမည်သည် ရှေးဆရာတို့၌ ထင်ရှားသောအမည်တည်း၊ဘာ့ကြောင့် နည်း....အနက်သို့ အစဉ်လိုက်၍ဖြစ်သော အန္ဒတ္ထအမည်၏ မဖြစ်သင့်ခြင်းကြောင့် တည်း၊ ဤ သဗ္ဗဓာတုကံဟူသောပုဒ်သည် နပုလ္လိင်ရှိသော ပုဒ်တည်း–ဟု မှတ်၊ (ကာတန္တ ပဥ္စိကာ)။

နိဒ္ဒေသ **စသည်**။ ။ဤသို့ ပဥ္စိကာဋီကာတို့၌ ရှင်ဇီသညာဖြစ်၍ ရှေးဆရာတို့ ခေါ်ဝေါ်အပ်သည့်အတိုင်း “သဗ္ဗဓာတုကံ” ဟု နပုလ္လိင်ရှိကြောင်းကို ဆိုကြ သော်လည်း နိဒ္ဒေသ– ကစ္စာယနဝဏ္ဏနာတို့ကမူ “ဗဟုဝုစ်ရှိသင့်လျက် ကေဝုစ် ပြန်သော ဝစနဝိပလ္လာသ,ဣတ္ထိလိင် ဖြစ်သင့်လျက် နပုလ္လိင်ပြန်နေသော လိင် ဝိပလ္လာသ” ဟု ဆိုကြ၏၊ သက္ကတကျမ်းရင်းတို့နှင့် မညီ၊ ဤ သဗ္ဗဓာတ် ၄သွယ်မှ တပါးသော ပရောက္ခာ အဇ္ဇတနီ ဘဝိဿန္တိ ကာလာတိပတ္တိ ၄ သွယ်ကား သဗ္ဗ ဓာတ် အမည်မရသောကြောင့် (သဗ္ဗဓာတ် မဟုတ်လျှင် အသဗ္ဗဓာတ် ဟု ပြောင်းပြန်သိရသော ဗျတိရေကနည်းအားဖြင့်) အသဗ္ဗဓာတုက ဟု မှည့်ခေါ် ရ၏၊ ဤသို့ အသဗ္ဗဓာတုကဟု မှည့်ခေါ်ရခြင်းကား “ဣကာရာဂမော အသဗ္ဗ ဓာတုကမှိ” သုတ်၌ ပရောက္ခာ စသည်ကို အသဗ္ဗဓာတုက ဟု ခေါ်ဝေါ်ရခြင်း အကျိုးရှိသည်။

---

၄၃၂။ ဓာတုလိင်္ဂေဟိ။ ။ဓာတဝေါစ·ဓာတ်တို့လည်း+ လိင်္ဂါနိစ·လိင် တို့လည်း၊ ဓာတုလိင်္ဂါနိ·တို့၊ ဟူသော ဓာတ်များကိုလည်းကောင်း, (ဓာတ်၏ အနက်ကိုဟောသဖြင့် ဓာတ်ကဲ့သို့ ဖြစ်နေသောကြောင့် ဓာတ်အရာ၌ ညွှန်ပြအပ် သော)တိတိက္ခစသော ဓာတုပစ္စယန္တသဒ္ဒါများကိုလည်းကောင်း “ဓာတု” အရ၌ ယူ၊မှန်၏·“တိတိက္ခ” စသော ဓာတုပစ္စယန္တတို့နောင်လည်း တိ စသောအာချာတ်

တဋ္ဌာကံ - တဘက်ဆည်ကန်သည်၊ သမုဒ္ဒံ ဣဝ - သမုဒြာကဲ့သို့၊ အတ္တာနံ-ကို၊ အာစရတိ - ၏၊သ၊သမုဒ္ဒါယတိ- သမုဒြာကဲ့သို့ ပြုကျင့်၏ သဒ္ဒေါ- အသံသည်၊ စိစ္စိဋံ ဣဝ -စိဋ်စိဋ်ကဲ့သို့၊ အတ္တာနံ-ကို၊ အာစရတိ-၏၊ စိစ္စိဋာယတိ·စိဋ်စိဋ်ကဲ့သို့၊ ပြုကျင့်၏၊ ဝသိဋ္ဌဿ-၏၊ အပစ္စံ-တည်း၊ ဝါသိဋ္ဌော-ဝသိဋ္ဌ၏သား၊ ဝေံ—ဤ့ အတူ၊ အညေပိ-အခြားသော ပြယုဂ်တို့ကိုလည်း၊ ယောဇေတဗ္ဗာ-ယှဉ်စေထိုက်ကုန်၏၊ (၃၆၂)။

---

ဝိဘတ်(အ)စသော ပစ္စည်းများသက်၍ "တိတိက္ခတိ" စသည်ဖြစ်၏၊ ပါဏိနိ၌လည်း "သနာဒျန္တာ ဓာတဝေါ"ဟု (၃-၁-၃၂)သုတ်တည်၍(ဝိမံသတိ၌ သပစ္စည်းနှင့် အလားတူသော) သန်ပစ္စည်းအဆုံးရှိသော သဒ္ဒါတို့ကို ဓာတ်အမည် မှည့်၏၊ထို့ကြောင့် တိတိက္ခတိ·ဝိမံသတိ စသော ဓာတုပစ္စယန္တ သဒ္ဒါစုကို ဓာတုအရ၌ သွင်းယူခြင်းသည် သင့်မြတ်၏၊["ဓာတူဟိ စာတိ ဧတ္ထ ဘူဝါဒယော ခါဒိဓာတု ပစ္စယန္တစာတိ ဒုဝိဓာပိ·ဓာတုပကတိယော ( ပကတိ အဖြစ်ဖြင့် တည်ထားရသော ဓာတ်တို့ကို) ဂဟိတာ"—ရူဋီ။]

**လိင်္ဂ**॥ ॥လိင်္ဂ အရကား တိဿ - ဒတ္တ - စသော သုဒ္ဓနာမ်များကိုလည်းကောင်း, ဥပသာရ နိပါတ်များကိုလည်းကောင်း, သမာသ် တဒ္ဓိတ် ကိတ် နာမ်တို့ကိုလည်းကောင်း, ကိစ္စပစ္စည်းဆုံးသော "ဘဝိတဗ္ဗ"စသော နာမ်, ဣတ္ထိလိင် ဇောတက ပစ္စည်းဆုံးသော ကညာ စသော နာမ်များကိုလည်းကောင်း ယူ၊ မှန်၏· ဥပသာရနိပါတ်များနောင် နာမ်ဝိဘတ်သက်ရသဖြင့် ဥပသာရနိပါတ်တို့လည်း နာမ်အမည်ရကြသည်၊ သမာသ် စသည်တို့လည်း နာမ်ငဲ့ရသဖြင့် နာမ်၌ ပါဝင်ကြသည်၊"လိင်္ဂံ နာမံ ပါဋိ ပဒိကံ သမံ" နှင့် အညီ, နာမ်အမည်နှင့် "လိင်"အမည်သည် သဘောတူ၏၊ [လိင်္ဂဂ္ဂဟဏေန ဓာတုပစ္စယဝိဘတ္တိ ဝဇ္ဇိတ နာမောပသဂ္ဂနိပါတာဒိတာ,သမာသ တဒ္ဓိတ ကိတာ ကိစ္စာ,ဣတ္ထိပစ္စယ(ဓာတုပစ္စယန္တ)ဘူတာစ သဗ္ဗာပိ နာမ ပကတိယော (ပကတိအဖြစ်ဖြင့် နာမ်ဝိဘတ်မသက်မီ တည်ထားရသော နာမ်တို့ကို) ဂဟိတာ"-ရူဋီကာ။]

**စဉ်းစားဖွယ်**॥ ॥ဤ ဋီကာ၌ တိတိက္ခစသော ဓာတုပစ္စယန္တ သဒ္ဒါတို့ကို လိင်၌ ထပ်၍ သွင်းယူထားသည်ကို စဉ်းစားသင့်၏၊ "တိတိက္ခာ" စသည်ဖြင့် နာမ်ဝိဘတ် သက်ရသော နာမ်ပုဒ်များကား ဣတ္ထိလိင်ဇောတက အာပစ္စည်း ဆုံးနေသောကြောင့် ဣတ္ထိပစ္စယ၌ ပါဝင်ကြ၏၊ ပဗ္ဗတာယန္တော စသည်လည်း ကိတ်ပစ္စည်းဆုံးသောကြောင့် ကိတက၌ပါဝင်ကြ၏၊ ထို့ကြောင့် ဓာတုပစ္စယကို ထပ်၍ယူခြင်းကို စဉ်းစားသင့်သည်။

**ပစ္စယာ**॥ ॥ဤ ပစ္စယာအရ ပစ္စည်းသာမက, သိစသော တိစသော နာမ် အာချာတ်ဝိဘတ်များကိုပါ ယူရသည်၊ ဘာ့ကြောင့်နည်း...."ပတိယန္တိ ဉာယန္တိ

အတ္တာ ဧတေဟီတိ ပစ္စယာ''အရ အနက်ကိုသိကြောင်းဖြစ်၍ ဝိဘတ်များလည်း ပစ္စယအမည် ရှိနိုင်သောကြောင့်တည်း၊ထို့ကြောင့် ပကတိနှင့် ပစ္စယကိုခွဲခြားခန်း၌ လိင်နှင့်ဓာတ်တို့ကို ပကတိဟုလည်းကောင်း, ဝိဘတ်နှင့် ပစ္စည်းတို့ကို ပစ္စယဟုလည်းကောင်း ခွဲခြားသည်၊ [ပကတိ လိင်ဓာတွေစ, ဝိဘတ္တိ ပစ္စယာပန ပစ္စယော''....ဘေဒစိန္တာ၊] ပရာပစ္စယာတိ ဧတ္တ သျာဒိ တျာဒိ ဝိဘတ္တိဘူတာ, တဒ္ဓိတ ကိတ ကိစ္စ ဣတ္ထိပစ္စယ ဓာတုပစ္စယ ကာရကာဒိ ပစ္စယဘေဒါစ (တဒ္ဓိတ်ပစ္စည်း, ကိတ်ပစ္စည်း,ကိစ္စပစ္စည်း, ဣတ္ထိဇောတက အာစသောပစ္စည်း, ခစသော ဓာတုပစ္စည်း, အက္ခရေဟိကာရသုတ်ဖြင့် သက်ရသော ကာရစသော ပစ္စည်း အပြားရှိကုန်သော) သင်္ဂဟေပိ ပစ္စယာ ဂဟိတာ''–ရှုဒီ။

**အမှာ။** ။ဓာတုပုဒ်၏ ဝစနတ္ထနှင့် သကမ္မက အကမ္မကဓာတ် အမျိုးမျိုးကို ရူပသိဒ္ဓိ အာချာတ်အစ၌ တိုက်ရိုက်ပြထား၏၊ ထို ဓာတ်နက်ကြိယာလည်း ဖလကြိယာ ဗျာပါရကြိယာ ဟု ၂ မျိုးရှိကြောင်းကို အခြားတနေရာ၌ ပြထား၏။

**ဤသုတ်တည်ရကျိုး။** ။ဤသုတ်မရှိသော်လည်း''တတောစ ဝိဘတ္တိယော'' သုတ်ဖြင့် လိင် (စသဒ္ဒါဖြင့် ဓာတ်ပါယူ၍) ဓာတ်တို့မှနောက်၌ ဝိဘတ်သက်ရကြောင်းကိုလည်းကောင်း, ''ဘူဝါဒိတော အ, ဓာတုယာ ကမ္မာဒိမှိ ဏော'' သုတ်တို့ဖြင့် ဓာတ်တို့မှနောက်၌ ပစ္စည်း သက်ရကြောင်းကို လည်းကောင်း သိသာပြီ မဟုတ်ပါလော၊ သို့ပါလျက် အဘယ်အကျိုးငှာ ဤသုတ်ကို တည်ရပါသနည်းဟု မေးဖွယ် ရှိ၏။

နိဒ္ဒေသ၌ ဖြေပုံကား-ဒူရန္တိ စသောသုတ်၌ ပုဗ္ဗစသည်တို့နှင့် ယှဉ်ရာဝယ် အပါဒါန်အမည်ကို မှည့်ထားသောကြောင့် ''တတောစ, ဘူဝါဒိတော, ဓာတုယာ''ဟူသော ပဥ္စမျန္တပုဒ်များ၌လည်း ပုဗ္ဗယောဂ အပါဒါန် အမည်မှည့်၍ ''တတောစ - ထိုလိင်တို့မှ (ရှေ့၌လည်း)၊ ဘူဝါဒိတော- ဘူ အစရှိသော ဓာတ်မှ (ရှေ့၌),ဓာတုယာ-ဓာတ်မှ(ရှေ့၌)''ဟူသော အနက်၏ ဖြစ်သင့်သောကြောင့် ထို တတောစ ဝိဘတ္တိယောစသောသုတ်တို့ဖြင့် လိင်ဓာတ်တို့မှနောက်၌ဝိဘတ်ပစ္စည်း သက်ရမည်ဟူသော အနက်ကို မသိနိုင်သေး၊ ထို့ကြောင့် ထိုပုဗ္ဗယောဂ အပါဒါန်ကို တားမြစ်၍ လိင်ဓာတ်မှ နောက်အရပ်ကို ဝိဘတ်ပစ္စည်း သက်ရာဌာနဟု သတ်မှတ်ခြင်းငှာ ''ပရာ'' သဒ္ဒါထည့်၍ ဤ ပရိဘာသာသုတ်ကို မိန့်ရသည်၊ ထို့ကြောင့် ဤသုတ်သည် အောက် '' တတောစ ဝိဘတ္တိယော '' သုတ်နှင့် အထက်၌ ''ဘူဝါဒိတော အ''စသော သုတ်များကို ငဲ့သော (ထို သုတ်များ၌ ပုဗ္ဗယောဂ အပါဒါန်မဟုတ်, ပရာသဒ္ဒါလိုက်စေရမည်ဟု ပြသော)သုတ်တည်း။

**နိဒ္ဒေသ။** ။နနုစ၊ပေ၊သက္ကာ ဉာတုန္တိ၊ န သက္ကာ-ဒူရန္တိ တျာဒိသုတ္တေန ပုဗ္ဗယောဂ အပါဒါနသညာယ ပဝိဟိတတ္တာ ဓာတုလိင်္ဂေဟိ ပုဗ္ဗေ ပစ္စယာ ဟောန္တီတိ အတ္ထဿ သမ္ဘဝတော၊ တသ္မာ တံ နိဝတ္တေတုံ ပရဋ္ဌာနံ နိယမေတုံ ပရောသဒ္ဒံ ပက္ခိပိတွာ ဣဒံ ပရိဘာသာသုတ္တံ ဝုတ္တံ။

**စိစစ်ချက်။** ။"ပုဗ္ဗေဝ-သမ္ဗောဓာ"စသော ပြယုဂ်၌ ပုဗ္ဗသဒ္ဒါနှင့် တိုက်ရိုက်ယှဉ်သောကြောင့် သမ္ဗောဓကို ပုဗ္ဗယောဂ အပါဒါန်ဟု အမည်မှည့်ရသည်၊ တတောစ ဝိဘတ္တိယော-စသောသုတ်၌ ထိုကဲ့သို့ ပုဗ္ဗသဒ္ဒါ တိုက်ရိုက်မပါသောကြောင့် ပုဗ္ဗယောဂ အပါဒါန် မှည့်ရလိမ့်မည်လားဟု မယုံမှားသင့်၊ ထို့ပြင် "သတ္တမိယံ ပုဗ္ဗဿ, ပဉ္စမိယံ ပရဿ"ဟူသော ပရိဘာသာသုတ်တို့ကား သဒ္ဒါကျမ်းတိုင်း၏ လက်ကိုင်ပင်တည်း၊ ထိုသုတ်တို့၏ ဆိုလိုရင်းမှာ "သရေ"ကဲ့သို့ သတ္တမီဖြင့်ညွှန်ပြလျှင် ရှေ့နှင့်ဆိုင်သောအစီအရင်ဟု သိ၊ တတောကဲ့သို့ ပဉ္စမီဖြင့်ညွှန်ပြလျှင် နောက်နှင့်ဆိုင်သောအစီအရင်ဟု သိပါ-ဟူလို၊ထို့ကြောင့်"တတောစ ဝိဘတ္တိယော"စသောသုတ်တို့၌"ထိုလိင်ဓာတ်တို့မှ ရှေ့၌ ဝိဘတ်ပစ္စည်းသက်"ဟူသောအနက်လည်း မဖြစ်နိုင်၊ သို့ဖြစ်၍ နိဒ္ဒေသဖြေပုံကို စဉ်းစားသင့်သည်။

**ဤကျမ်း၏အယူ။** ။**နိဒ္ဒေသအဆို**ကို မနှစ်သက်လျှင် ဤကျမ်းက ဘယ်သို့ဆိုလိုသနည်းဟု မေးဖွယ်ရှိ၏၊ ဤသုတ်သည် ပစ္စယ၏ သရုပ်ကိုလည်းကောင်း ထိုပစ္စယ၏ သက်ရာဌာနကိုလည်းကောင်း ပြသော ပရိဘာသာသုတ်ဟု ဆိုလို၏၊ ခွဲဦးအံ့– "ဓာတုလိင်္ဂေဟိ ပရာပစ္စယာ" သုတ်၏ မှီရာသုတ်သည် "ပစ္စယော ပရော"ဟူသော ကာတန္တသုတ်တည်း၊ မှန်၏- ဤသုတ်သည် အာချာတ်ဒုတိယကဏ္ဍ၏ အစ၌ တည်သကဲ့သို့ "ပစ္စယော ပရော"သုတ်လည်း အာချာတ် ဒုတိယကဏ္ဍ၏ အစ၌ပင်ရှိ၏၊ ထိုသုတ်၏ ဝုတ္တိ၌ကား "ပကတိတော ပရော ပစ္စယော ဝေဒိတဗ္ဗော=လိင်ဓာတ်ဟူသော ပကတိမှ နောက်ဖြစ်သောသဒ္ဒါကို"ပစ္စယ"ဟု သိထိုက်၏"ဟု ဖွင့်၏၊ထို၌ "ပကတိတော"ဟူသော အဖွင့်ကိုယူ၍ ဤ၌ ပကတိ၏သရုပ်ပါ ပေါ်လာအောင် "ဓာတုလိင်္ဂေဟိ"ဟု အရှင်ကစ္စည်း သုတ်တည်၏၊ ထိုဝုတ္တိ ဖွင့်ပုံကိုကြည့်လျှင် ဤ"ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ"၌လည်း "ဓာတုလိင်္ဂေဟိ- တို့မှ၊ ပရာ- နောက်ဖြစ်သော သဒ္ဒါတို့ကို၊ ပစ္စယာ - ပစ္စယတို့ ဟူ၍ ဝေဒိတဗ္ဗာ–သိထိုက်ကုန်၏"ဟု သုတ်နက်ပေးသင့်၏။

ဆက်ဦးအံ့–ဓာတ်လိင်ဟူသော ပကတိမှ နောက်ဖြစ်သော သဒ္ဒါ (ဝိဘတ်ပစ္စည်း)တို့ကို ပစ္စယ ဟု ပြလိုက်ရသဖြင့် တဆင့် အဘယ်အကျိုး ရနိုင်သနည်းဟူမူ....ထို ပစ္စယမည်သော ဝိဘတ်ပစ္စည်းတို့သည် ဓာတ်လိင်ဟူသော ပကတိမှ နောက်၌သာ တည်ကြရ သက်ကြရသည်ဟု ဝိဘတ်ပစ္စည်းတို့၏ သက်ရာဌာနကိုလည်း ပြရခြင်းအကျိုးကို ရနိုင်ပြန်သည်၊ ["အနိယမေ ပတ္တေ ပရိဘာသာ- ယံ အနိယမေ-ပကတိမှ အထက် အောက် ရှေ့ နောက် ဟု သတ်မှတ်ခြင်း မရှိသည် ဖြစ်၍၊ ပတ္တေ-ထို အထက် အောက် ရှေ့ နောက်တို့၌ သက်ရောက်ခွင့် ရှိလသော်-အယံ ပရိဘာသာ - ကို၊ ဝိဓိယတေ - စီရင်အပ်၏၊] အချုပ်မှာ–ဤသုတ်သည် ပကတိမှ နောက်ဖြစ်သောဝိဘတ်နှင့် ပစ္စည်းကို ပစ္စယ ခေါ်သည်ဟု (ပစ္စယ၏ သရုပ်သကောင်ကို) သိစေ၏၊ ထိုသို့ သိစေသဖြင့် ဝိဘတ်ပစ္စည်းတို့သည် ပကတိ

(လိင်ဓာတ်)မှ နောက်၌ သက်ရမည်ဟုလည်း တဆင့် သိစေရကျိုး ရှိသည်ဟု မှတ်ပါ၊ "တတောစ ဝိဘတ္တိယော, ဘူဝါဒိတော အ" စသော သုတ်တို့ကား ဝိဘတ်-ပစ္စည်းသက်မှုကို ပဓာနပြသော (ဝိဘတ်ပစ္စည်းသက်သော) သုတ်များ ဖြစ်၏၊ လိင်နောင်-ဓာတ်နောင် သက်ဟု သက်ရာဌာနကို ပြလိုရင်း မဟုတ်ကြ၊ ထို့ကြောင့် ထိုသုတ်များဖြင့် ကိစ္စမပြီး၍ ဤသုတ်ကို မိန့်ရသည်။

**ပုံစံများ။** ။ကာရေတိ၌ ကရဓာတ်ကို ပကတိဟု ခေါ်၏၊ ထို ကရဓာတ် (ပကတိ)မှ နောက်ဖြစ်သော ဩပစ္စည်း တိဝိဘတ် ၂ မျိုးလုံးကို ပစ္စယဟု ခေါ်သည်၊ထို့ကြောင့် ပစ္စယတို့သက်သည့်အခါ ပကတိဟူသောဓာတ်မှ နောက်၌သာ သက်ရမည်၊ ဂစ္ဆတိ၌လည်း နည်းတူ၊ "ယောကောစိ၊ပေ၊ဗြဝီတိ" ကား ကာရေတိပုဒ်၏ အနက်အဓိပ္ပာယ်ကိုပြသောဝါကျတည်း၊အထဝါဟု တနည်းပြသော"ကရောန္တံ ပယောဇယတိ" ဝါကျလည်းကာရေတိ၏အနက်ပြပင်တည်း၊ ပုံစံမှာ"ကာရေတိ"သာ လိုရင်းဖြစ်၏၊ ကာရေတိ၌ ကရဓာတ်ဟူသော ပကတိမှ နောက်ဖြစ်သော ဏေပစ္စည်း တိဝိဘတ်ကို ပစ္စယဟုခေါ်၏ စသည်ဖြင့် သိလေ၊ "သံဃော ပဗ္ဗတမိဝ အတ္တာန-မာစရတိ"ဟူသော ဝါကျသည် ပဗ္ဗတာယတိ၏ အနက်ကိုပြသော ဝါကျတည်း၊ ပုံစံရင်းမှာ ပဗ္ဗတာယတိသာတည်း၊ ထို၌ပဗ္ဗတ ဟူသော လိင်နောင် အာယပစ္စည်းသည် ပစ္စယ မည်၏၊ ပဗ္ဗတာယဟူသော နာမဓာတ်(ပကတိ)နောင် တိဝိဘတ်လည်း ပစ္စယမည်၏၊ သမုဒ္ဒါယတိ စိစ္စိဋ္ဌာယတိ— တို့ကိုလည်း ခွဲပါ၊ဝါသိဋ္ဌောကား ဝသိဋ္ဌလိင်နောင် တဒ္ဓိတ်ပစ္စည်းသက်ပုံတည်း၊ [ကြွင်းအဓိပ္ပာယ်နှင့် ရုပ်ပြီးပုံကို နောက် ဆိုင်ရာသုတ်များ၌ ပြအံ့။]

**ဝိဘတ်ကို ပစ္စယခေါ်နိုင်ပုံ။** ။"ပစ္စယ"ဟူသော အမည်သည် သိစသော တိစသော ဝိဘတ်များနှင့် ဏစသော သဒ္ဒါများအပေါ်၌ တက်ရောက် ထင်ရှားနေသော အထင်ရုဋ္ဌီတည်း၊ အထင်ရုဋ္ဌီဆိုရာ၌ ထင်ရာမြင်ရာကို ခေါ်ထားသော "အထင်"ဟု မမှတ်လင့်၊ ထင်ရှားသော"အထင်"ဟု မှတ်ပါ၊ ခွဲဦးအံ့—"ပတိယတေ အတ္တော ယေနာတိ ပစ္စယော" ဟူသော ဝိဂ္ဂိုဟ်နှင့်အညီ အနက်ကို သိကြောင်းဖြစ်သော သဒ္ဒါကို ပစ္စယဟု ခေါ်ရာ၌ လိင်ဓာတ်တို့လည်း ဆိုင်ရာ အနက်ကို သိကြောင်းဖြစ်ရကား ပစ္စယဟု ခေါ်သင့်၏၊ သို့သော် သိစသော ဏစသော သဒ္ဒါတို့သည်သာ မူလအနက်ပေါ်၌ ထပ်၍ အနက်များစွာကို သိစေတတ်သောကြောင့် ( ပုရိသလိင်၏ ယောက်ျားဟူသော မူလ အနက်ပေါ်တွင် ဝိဘတ်က ကတ္တား ကံ ကရိုဏ်း စသော အနက်များစွာကို သိစေတတ်သောကြောင့်) "အနက်ကိုသိကြောင်း"ဟူသော သကတ်သည် ဝိဘတ်နှင့် ဏစသော သဒ္ဒါများ၌ ထင်ရှားသဖြင့် ဝိဘတ်နှင့် ဏ စသည်ကိုသာ "ပစ္စယ"ဟု ခေါ်ရသည်၊ [ပတီယတေ ယေနာတ္ထော သ ပစ္စယော ဣတိ ရုဋ္ဌီ၊—ကာတန္တဝုတ္တိ။]

တိဇ ဂုပ၊ ဓပ၊ ခ ဆ သာ ဝါ

၄၃၃။ တိဇ ဂုပ ကိတ မာန ဣတိ— တိဇ, ဂုပ, ကိတ, မာန ဟူကုန်သော၊ ဧတေဟိ ဓာတူဟိ— တို့မှ (နောက်၌)၊ ခ ဆ သ ဣတိ— ခ, ဆ, သ ဟူကုန်သော၊ ဧတေ ပစ္စယာ, ဝါ- ပြယုဂ် အားလျော်စွာ၊ ဟောန္တိ၊ တိတိက္ခတိ- သည်းခံ၏၊ ဇိဂုစ္ဆတိ- ကဲ့ရဲ့၏၊ ဝါ— စက်ဆုပ်၏- တိကိစ္ဆတိ- ဆေးကု၏၊ ဝီမံသတိ- စူးစမ်း၏၊ ဝါတိ ကိမတ္တံ၊တေဇ တိ·ထက်အောင် သွေး၏၊ ဂေါပတိ— စောင့်ရှောက်၏၊ မာနေတိ— မြတ်နိုး၏၊ ဣတိ—ဤ....၏၊ (၅၂၉)။

---

၄၃၃။ ခဆသာဝါ။ ။ဝါသဒ္ဒါသည် ဝိကပ်အနက်ရှိ၏· ဟု ဉာသ ဆိုသော်လည်း ရူ၌ကား "ပြယုဂ်အားလျော်စွာ သုတ်အစီအရင်ကိုသတ်မှတ်ခြင်း ဝဝတ္ထိတာ ဝိဘာသာအနက် ရှိ၏"ဟု ဆို၏၊ ရူပသိဒ္ဓိအဆိုအတိုင်း "သည်းခံခြင်း အနက်ကိုသာ ဟောသော တိဇဓာတ်နောင် ခ ပစ္စည်းသာ သက်၏"ဟု တိဇ ဓာတ်အတွက်သတ်မှတ်သည်၊ ဤသို့ စသည်ဖြင့် ဂုပ ကိတ မာန ဓာတ်နက်တို့ ကိုလည်း ရူပသိဒ္ဓိ၌ ခွဲခြား သတ်မှတ်လျက်ရှိ၏၊ အကျယ်ကို ထို၌ ရှုပါ။

တိတိက္ခာစသည်ဖြစ်ပုံ။ ။တိတိက္ခစသည် ဖြစ်ပြီးနောက် ဘောကံကတ္တား ထိုက်သလို ဟောသော အ ပစ္စည်းသက်၊ ဣတ္ထိလိင်ဖြစ်လျှင် အာပစ္စည်းလည်း သက်၍ "တိတိက္ခာ (သည်းညည်းခံခြင်း)"ဟု ဖြစ်၏၊ အဿတ္ထိ, ဤပစ္စည်း ထပ်၍သက်လျှင် "တိ တိက္ခီ-သည်းခံခြင်းရှိသူ"ဟု ဖြစ်၏၊ ထို့အတူ "ဇိဂုစ္ဆာ- စက်ဆုပ်ခြင်း,(မာန အန္တ တဗ္ဗ စသည်သက်၍)ဇိဂုစ္ဆမာနော ဇိဂုစ္ဆန္တော ဇိဂုစ္ဆိ- တဗ္ဗော ဇိဂုစ္ဆနီယော"ဟု လည်းကောင်း, "တိကိစ္ဆာ-ဆေးကုခြင်း၊ ဝိစိကိစ္ဆာ ယုံမှားခြင်း"ဟုလည်းကောင်း, ဝီမံသာ (ယုပစ္စည်းသက်လျှင်)ဝီမံသနာ-စူးစမ်း ခြင်း, စူးစမ်းတတ်သောပညာ"ဟုလည်းကောင်း ရုပ်များဖြစ်၏၊ ထိုရုပ်များ၌ (အ) ပစ္စည်းသက်ပြီးမှ ဣတ္ထိလိင်ဖြစ်လျှင် အာပစ္စည်း ထပ်ရကြောင်းကို သတိပြုပါ။

ရုပ်များ။ ။တိတိက္ခတိစသော ရုပ်များကို"ကောခေစ"စသော ဇာတိယ ပိုင်း သုတ်များကျမှ တွက်၊ တေဇတိစသော ကို ရုပ်များ၌ကား "တေဇ"တည်, နိသာနေဟု ဓာတ်နက်ဆို၊ တိဝိဘတ် ဘူဝါဒိ အပစ္စည်းသက်၊ "ဂုပ" တည်, ဂေါပနေဟု ဓာတ်နက်ဆို၊ တိ ဝိဘတ်, အ ပစ္စည်း၊ အညေသုစဖြင့် ဂု၏ ဉကို ဩစုဒ္ဓိပြု၊ (သီဟိုဠ်မူ၌ "ဂေါပေတိ"ဟု စုရာဒိရုပ် ရှိ၏၊) "မာန"တည်, "ပေမ နေ"ဟု ဖြစ်စေ "ပူဇာယံ"ဟု ဖြစ်စေ, ဓာတ်နက်ဆို၊ တိဝိဘတ်, စုရာဒိတော ဏေဏယာဖြင့် ဏေ ပစ္စည်းသက်, ကာရိတ်လည်း မည်, ဏ် အနုဗန်ချေ။ [နိဒ္ဒေသ၌ ဘူဝါဒိ အ,ပစ္စည်းသက်၍, လောပဉ္စေတ္တ မကာရောဖြင့် အ ကိုပြုစေ လို၏၊ ဘူဝါဒိဖြစ်မူ မာနတိရုပ်ကိုသာ ဓာတ်ကျမ်းတို့၌ ပုံစံထုတ်သောကြောင့် စဉ်းစားပါ၊ ဉာသ၌ကား ကာရိတ် ဏေ ပစ္စည်းသက်၏။]

ဘုဇ၊ပေ၊ပ ဒီဟိ
တုမိစ္ဆတ္တေသုစ

၄၃၄။ ဘုဇ ဃသ ဟရ သု ပါဣစ္စေဝမာဒီဟိ- ဘုဇ, ဃသ, ဟရ, သု ပါ ဤသို့ အစရှိကုန်သော၊ ဓာတ်ဟိ-တို့မှ နောက်၌၊ တုမိစ္ဆတ္ထေသု-တုံ ပစ္စည်း ဣစ္ဆာသဒ္ဒါ တို့၏ အနက်တို့၌၊ ခ ဆ သ ဣတိ-ဟူကုန်သော၊ ဧတေ ပစ္စယာ-တို့သည်၊ ဝါ ဟောန္တိ ဝိကပ် ဖြစ်ကုန်၏၊ ဘောတ္တုံ– စားခြင်းငှာ၊ ဣစ္ဆတိ– လိုလား၏၊ ဗုဘုက္ခတိ– စားခြင်းငှာ လိုလား၏၊ ဝါ-စားလို၏၊ဃသိတုံ-စားခြင်းငှာ၊ ဣစ္ဆတိ,ဇိဃစ္ဆတိ-စားလို၏၊ ဝါ-ဆာ၏၊ ဟရိတုံ- ဆောင်ခြင်းငှာ၊ ဣစ္ဆတိ, ဇိဂီသတိ-ဆောင်ယူလို၏၊ သောတုံ– နားထောင်ခြင်းငှာ၊ ဣစ္ဆတိ, သုဿူသတိ-နားထောင်လို၏၊ ပါတုံ– သောက်ခြင်းငှာ၊ ဣစ္ဆတိ, ပိဝါသတိ-သောက်လို၏၊ ဝါတိ ကိမတ္ထံ၊ ဘောတ္တုံ–စားခြင်းငှာ၊ ဣစ္ဆတိ–လိုလား၏၊ ဣတိ-ဤသို့ ပြီးစေရခြင်းအကျိုး ရှိ၏၊ တုမိစ္ဆတ္ထေသူတိ ကိမတ္ထံ၊ ဘုဥ္ဇတိ-စား၏၊ ဣတိ-ဤသို့ ပြီးစေရခြင်းအကျိုး ရှိ၏၊ (၅၃၅)။

---

၄၃၄။ တုမိစ္ဆတ္တေသုစ။ ။တုံစ - တုံ ပစ္စည်းလည်း + ဣစ္ဆာစ - ဣစ္ဆာ သဒ္ဒါလည်း၊ တုမိစ္ဆာ (တုံ+ဣစ္ဆာ)- တုံပစ္စည်း ဣစ္ဆာသဒ္ဒါတို့၊ တုမိစ္ဆာနံ–၏တို့+အတ္ထာ- အနက်တို့တည်း၊ တုမိစ္ဆတ္ထာ တုံပစ္စည်း ဣစ္ဆာသဒ္ဒါတို့၏ အနက်တို့၊ "ဗုဘုက္ခတိ"၌ နဂိုမူလ ဘုဇဓာတ်သက်သက်သည် စားခြင်းအနက်ကိုသာ ဟော၏၊တုံပစ္စည်းအတွက်"ငှာ"ဟူသော အနက်ကိုလည်းကောင်း, ဣစ္ဆာသဒ္ဒါ အတွက်"လိုလား=အလိုရှိ"ဟူသောအနက်ကိုလည်းကောင်း ခပစ္စည်းက ဟော သောကြောင့်"ဗုဘုက္ခတိ-စားခြင်း+ငှာ+လိုလား၏"ဟုအနက်ပေးနိုင်သည်၊ဤ သို့လျှင် တုံပစ္စည်း၏အနက် ဣစ္ဆာသဒ္ဒါ၏အနက်တို့ကို ဆ-သ ပစ္စည်းတို့ကဟော သောကြောင့်"ဇိဃစ္ဆတိ-စားခြင်း+ငှာ+လိုလား၏၊ ပိဝါသတိ–သောက်ခြင်း+ ငှာ+လိုလား၏"ဟုပေးနိုင်ပုံကိုလည်းကောင်း,"စားခြင်းငှာ+လိုလား"ဟူသည် "စားလိုခြင်းပင် ဖြစ်ရကား "စားလို၏, သောက်လို၏"ဟု အကျဉ်းချုံး၍ ပေးနိုင်ပုံကိုလည်းကောင်း သိပါ၊ တုမိစ္ဆတ္ထေသုပုဒ်ကို ရှု၍ ၂ နည်း ဖွင့်ရာဝယ် ဤနည်းကား ပဌမနည်းတည်း၊ နောက်တနည်းကို ရှုမှာ ရှုပါ။

မှတ်ချက်။ ။"တုမိစ္ဆတ္ထေသုစ"ဟု သီဟိုဠ်မူ၌ စသဒ္ဒါ ပါ၏၊ထိုစဖြင့် ခဆသတို့ကို ငင်၏၊ထိုသို့ငင်သောကြောင့် နောက်သုတ်များသို့ မလိုက်ဘော့ဟုသိစေရခြင်း အကျိုးရှိ၏၊ ထို့ကြောင့် စသဒ္ဒါပါသောမူသည် သာ၍ ကောင်းပေသည်။

ဘောတ္တုမိစ္ဆတိ ဗုဘုက္ခတိ။ ။"ဘောတ္တုမိစ္ဆတိ" သည် ဝိဂြိုဟ်မဟုတ်, ဗုဘုက္ခတိ၏ အနက်ပြသော ဝါကျဘည်း၊ "ဘောတ္တုံ-စားခြင်းငှာ" ဟူရာ၌ "ခြင်း"ဟူသော အနက်ပေးခြင်းကိုလည်း မေ ဂ္ဂလ္လာန်စသော ကျမ်းတို့အလို တည်း၊ ကစ္စည်းအလို "စားတတ်ဖို့ရာ= စားဖို့ရာ= စားဖို့ အလို့ငှာ" ဟု ကတ္တားအနက် ပေးရလိမ့်မည်၊ ဘုဇနောင် ခ ပစ္စည်းသက်၊ဃသနောင် ဆပစ္စည်း

သက်၍ ဇိဃစ္ဆတိ, ဟရနောင် သပစ္စည်းသက်၍ ဇိဂီသတိ, သုနောင် သပစ္စည်း သက်၍ သုဿူသတိ, ပါနောင်လည်း သပစ္စည်းသက်၍ ပိဝါသတိဟု ရုပ်ဖြစ်၏၊ ထိုရုပ်များ တွက်ပုံတို့လည်း တတိယပိုင်းကျမှ သိရလတ္တံ့။

**အာဒိဖြင့် ယူဖွယ်။** ။သုပါဒီဟိ၌ အာဒိအရ "ဇိဂီသတိ—အောင်နိုင်လို၏"၌ ဇိဓာတ်ကိုသာ(ပါဠိပုံစံ ရှိ၍)ယူကြ၏၊ ကာတန္တ၌ကား စိကိစ္ဆတိ—ပြုလို၏၊ နဒီကူလံ·မြစ်ကမ်းသည်၊ ပိပတိသတိ·ပြိုလို၏၊ သာ·ခွေးသည်၊ မိမရိသတိ·သေလို၏"ဟု ကရဓာတ် ပတဓာတ် မရဓာတ်များကိုလည်း ပြသေးသည်၊ ထိုတွင် "ဇိဂီသတိ"သည် ဟရဓာတ် ဇိဓာတ် ၂ မျိုးဖြင့်ပြီး၏၊ "ပါပကမ္မံ ဇိဂီသတိ"ဟူသော တိ°သ· ကိ°ဆန္ဒဇာတ်၌ "ဂဝေသတိ·ရှာ၏"ဟု ဖွင့်၏၊ ဤ၌ ရှာခြင်းဟူသည် ဆောင်ယူလိုခြင်းပင်တည်း၊ "အဒု ကိန္နု ဇိဂီသတိ" ဟူသော မဟောဟံသဇာတ်၌ "စိန္တေသိ" ဟု ဖွင့်ပြန်၏၊ ဤ၌ "ကြံခြင်း" ဟူသည်လည်း ဆောင်ယူလိုခြင်းပင်တည်း၊ ထို့ကြောင့် ပြခဲ့သော ဇိဂီသတိတို့သည် သုတ်ရင်း၌ ပါသော ဟရဓာတ်၏ပုံစံများတည်း၊ "အလမ္ဗာနောဟိ နာဂေန, မမံ အဘိဇိဂီသတိ"ဟူသော ဘူရိဒတ်ဇာတ်၌ကား အာဒိဖြင့်ယူရသော ဇိဓာတ်၏ပုံစံတည်း၊ မမံ· ငါ့ကို၊ အဘိဇိဂီသတိ·လွှမ်းမိုး အောင်နိုင်လို၏"ဟု ပေး၊ "ပရေသ မဘိဇိဂီသတိ"ဟူသော ဝိသတိ-ပါရာဇိကယတ္တေရ ဂါထာ၌မူ "ပရေသံ သန္တကံ အာဟရိတုံ ဣစ္ဆတိ"ဟု ဟရဓာတ်ဖြင့်လည်းကောင်း, ပရေဝါ သဗ္ဗတ္ထာ ဟာပေတိ ဇိနာတိဟု ဇိဓာတ်ဖြင့်လည်းကောင်း ၂ မျိုးပင် ဖွင့်ပြလေသည်။

**အမှာ။** ။"ဗုဘုက္ခ+ဥ ဘာပစ္စည်းဖြင့် "ဗုဘုက္ခိဘော-စားလိုသူ"ဟုလည်းကောင်း, ဇိဃစ္ဆ+အ+အာပစ္စည်းဖြင့် "ဇိဃစ္ဆာ-စားလိုခြင်း, ဆာခြင်း"ဟု လည်းကောင်း, ထို့အတူ "ဇိဂီသာ- ဆောင်ယူလိုခြင်း, အောင်နိုင်လိုခြင်း၊ သုဿူသာ-နားထောင်လိုခြင်း၊ ပိပါသာ- သောက်လိုခြင်း" စသော ရုပ်များသည်လည်းကောင်း ဖြစ်၏။

**ကိ°ရုပ်များ။** ။"ဘောတ္တုံ ဣစ္ဆတိ" ဤ၌ ဘောတ္တုံဟု တုံပစ္စည်း၏ အနက်, ဣစ္ဆတိဟု ဣစ္ဆာသဒ္ဒါ၏ အနက်ရှိသော်လည်း ဝါ မြစ်သောကြောင့် ခပစ္စည်းမသက်ရ၊ ဆိုလိုရင်းကား-ဝါသဒ္ဒါသည် ဝိကပ်အနက်ရှိ၏၊ ထို့ကြောင့် ဗုဘုက္ခတိဟု ဝါကျမဟုတ်ပဲလည်းကောင်း "ဘောတ္တုံ ဣစ္ဆတိ"တု ဝါကျအတိုင်းလည်းကောင်း ရုပ် ၂ မျိုးရှိနိုင်သည်-ဟူလို၊ ဘုဉ္ဇတိ၌ကား တုံပစ္စည်းအနက်လည်း မရှိ ဣစ္ဆာအနက်လည်း မရှိ၍ တုမိစ္ဆတ္ထ မဟုတ်သောကြောင့် ခပစ္စည်း မသက်၊ "ဃသိတုံ ဣစ္ဆတိ" ဟုလည်းကောင်း "ဃသတိ" ဟုလည်းကောင်း ကိ°ရုပ်များရှိနိုင်ပုံကို သိပါ။

**ရုပ်တွက်။** ။ဘောတ္တုံကို ဘုဇဓာတ်တည်၊ ဣစ္ဆတ္တေသု သမာနကတ္တုကေသုစသော သုတ်ဖြင့် တုံပစ္စည်းသက်၊ အညေသုစဖြင့် ဩစုဒ္ဓိပြု၊ ဘုဇာဒီနမန္တောဖြင့် ဓာတွန်ချေ၍ တ၏ဒွေဘော်လည်းလာ၊ နာမ်င့်,သသက်, သဗ္ဗာသမာ

အာယာနာမတော ၊ပေ၊ဒါဝါရေ

၄၃၅။ ကတ္တုပမာနာ—သော၊ နာမတော—၌၊ အာစာရတ္ထေ - ပြုကျင့်ခြင်း အနက်၌၊ အာယပစ္စယော ဟောတိ၊ [“သံဃော ပဗ္ဗတမိဝ ၊ပေ၊ စိစ္စိဋာယတိ” တို့ကို ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာသုတ်၌ အနက်ပေးခဲ့ပြီ၊] ဧဝံ-ဤသို့အတူ၊ အညေပိ-အခြားပြယုဂ်တို့ကိုလည်း၊ ယောဇေတဗ္ဗာ—ယှဉ်စေထိုက်ကုန်၏၊ (၅၄၇)။

---

ဝုသောဖြင့် ချေ၊ ဘောတ္တုံ-ပြီး၏၊ ထို့နောက် “ဘောတ္တုံ-ငှာ၊ ကုစ္ဆတိ-၏” ကုတိအတ္ထေ-၌၊ ဤသုတ်ဖြင့် ခပစ္စည်းသက်သင့်သော်လည်း ဝါ မြစ်သောကြောင့် မသက်ရ-ဟု ဆို၊ [ဘုဇဓာတ် တည်ပြီးလျှင်ပြီးချင်း တုံပစ္စည်း မရှိသေးရကား “ဝါ မြစ်သောကြောင့် ခပစ္စည်း မသက်ရ”ဟု မဆိုထိုက်၊] ဘုဉ္ဇတိကိုကား ရမာဒိသောသုတ်၌ ရုန္ဓတိ နည်းမှီ၍ တွက်ပြီးမှ ဤသုတ်ဖြင့် ခပစ္စည်းသက်သင့်သော်လည်း တုမိစ္ဆတ္ထ မဟုတ်သောကြောင့် မသက်ရဟု ဆို။

၄၃၅။ **သံဃော ပဗ္ဗတမိဝ။** ။“ပဗ္ဗတမိဝ အတ္တာန မာစရတိ”သည် ပဗ္ဗတာယတို့၏အနက်ကို ဖွင့်ပြသော ဝါကျတည်း၊ထို့ကြောင့်“သံဃော ပဗ္ဗတမိဝ အတ္တာန မာစရတိ”ဟု အကျယ်ဖွင့်ပြသော ဝါကျအတိုင်းလည်း ပါဠိစီနိုင်၏၊ “သံဃော ပဗ္ဗတာယတိ”ဟု အကျဉ်းချုပ်၍လည်း ပါဠိစီနိုင်၏၊ပဗ္ဗတမိဝ၌ ပဗ္ဗတံကို (ပဗ္ဗတာနိ ဝနာနိစ”ဟူသော ဓမ္မပဒ ဗုဒ္ဓဝဂ်ကို ထောက်၍) နပုလ္လိင် ပဌမာ သိဝိဘတျန္တပုဒ်ဟူ၍ ဆုံးဖြတ်ကြ၏၊သို့သော် ထိုအဋ္ဌကထာ၌“ပဗ္ဗတော” ဟု ပုလ္လိင်ပြင်၍ ဖွင့်သောကြောင့် ထို ပဗ္ဗတာနိသည် လိင်္ဂဝိပလ္လာသဖြစ်ကြောင်း (ပုလ္လိင်မှ နပုလ္လိင်ပြန်နေကြောင်း) သိသာ၏၊ သို့ဖြစ်လျှင် ဤ ပဗ္ဗတံနှင့် သမုဒ္ဒံ တို့ကိုလည်း “လိင်္ဂဝိပလ္လာသ”ဟု ကြံ၍ ပဌမန္တပုဒ်များဟု ယူဆကာ“ပဗ္ဗတမိဝ-တောင်သည်ကဲ့သို့”ဟု အနက်ပေးကြသည်။

ပဌမန္တ ကြံရကျိုး။ ။“သံဃော ပဗ္ဗတမိဝ”၌ သံဃောသည် ဥပမေယျ (နှိုင်းယှဉ်အပ်သော)ပုဒ်၊ ပဗ္ဗတသည် ဥပမာန(နှိုင်းယှဉ်ကြောင်း)ပုဒ်တည်း၊ ထို ဥပမာန ဥပမေယျ ၂ ပါးတို့၏ တူမျှခြင်းသည်(တောင်သည် မယိမ်းမယိုင် မြဲခိုင်သကဲ့သို့, သံဃာတော်လည်း မိမိ၏ သီလအကျင့်ဖြင့် မယိမ်းမယိုင် မြဲခိုင်ခြင်းသည်)ဥပမာမည်၏၊ ဣဝသဒ္ဒါကား ထိုတောင်နှင့် သံဃာတို့ တူမျှပုံကို ထွန်းပြသော ဥပမာဇောတကတည်း၊ ထိုတွင် ဥပမာနပုဒ်နှင့် ဥပမေယျပုဒ်တို့သည် လိင်ချင်း ဝုစ်ချင်း ကွဲပြားကြသော်လည်း ဝိဘတ်ချင်းကား (ပဌမာဖြစ်လျှင် ပဌမာချင်း, ဒုတိယာချင်း စသည်ဖြင့်)တူရမြဲဖြစ်၏၊ [ဥပမာန, ပမေယျတို့, ပဒနှစ်ပါး, လိင်ဝုစ်ပြားလည်း, ဝိဘတ်ကားမူ, တူမြဲဟူ၏။] ထို့ကြောင့် သံဃောဟူသော ပဌမန္တပုဒ်နှင့်တူအောင် ပဗ္ဗတသမုဒ္ဒတို့ကို(ပုလ္လိင်မှ နပုလ္လိင်ပြန်သော) ပဌမန္တပုဒ်များ (သိဝိဘတ်ကို အံပြုထားသောပုဒ်များ)ဟု ကြံကြရကော့သည်၊

သို့သော် ဝုတ္တိဆရာ ကိုယ်တိုင်ကမူ "ဥပမာန ဥပမေယျတို့ ဝိဘတ်တူရမည်" ဟူသော စည်းကမ်းကို မလိုက်ပဲ ပဗ္ဗတံ စသည်ကို အံဝိဘတ်ဖြင့်ပင် ဆိုလိုဟန် တူသည်၊ ရှဉ်သည်း "ပဗ္ဗတံဣဝ"ဟု ကစ္စည်းဝုတ္တိအတိုင်းလည်းကောင်း, "ပဗ္ဗတောဣဝ"ဟု မိမိသဘောကျလည်းကောင်း ၂ မျိုးပင် ပြထားသည်။

နာမတော ကတ္တုူပမာနာ အာစာရတ္ထေ။ ။သံဃောပဗ္ဗတာယတိ၌ သံဃောသည် ကတ္တားပုဒ်၊ ပဗ္ဗတသည် နာမ်ပုဒ်တည်း၊ ထိုပဗ္ဗတသည် သံဃော ဟူသော ကတ္တား၏ ဥပမာနလည်း ဟုတ်၏၊ ထိုကဲ့သို့ ကတ္တားပုဒ်၏ ဥပမာန လည်းဖြစ်သော ပဗ္ဗတ စသည်ကို "ကတ္တုူပမာန+နာမ"ဟု ဆိုသည်၊[တဋ္ဌာက် ဟူသော ကတ္တား၏ ဥပမာနဖြစ်သော သမုဒ္ဒဟူသော နာမ်ပုဒ်, သဒ္ဒေါဟူသော ကတ္တား၏ ဥပမာနဖြစ်သော စိစ္စိဋ္ဋဟူသော နာမ်ပုဒ်များ၏"ကတ္တုူပမာနနာမ" ဖြစ်ပုံကိုလည်း သိပါ၊] အာစရတိကြိယာ၏အနက်ကို အာစာရအနက်ဟု ဆို၏၊ ထိုအာစာရအနက်၌ အာယပစ္စည်းသက်၍"ပဗ္ဗတာယ သမုဒ္ဒါယ စိစ္စိဋ္ဋာယ"ဟု ဖြစ်၏၊ ထို့ကြောင့် ဥပမာသံလည်းပါ, အာစာရ အနက်သံလည်းပါအောင် "ပဗ္ဗတာယ-တောင်ကဲ့သို့+ပြုကျင့်"ဟု ပေးရသည်။

ဓာတုရူပ။ ။ဤ "ပဗ္ဗတာယ" စသော ပုဒ်တို့သည် နာမ်ပုဒ်နောင် အာပုဗ္ဗ စရဓာတ်၏အနက်ကိုဟောသော အာယပစ္စည်း သက်ထားသောကြောင့် နာမ်ပုဒ် မဟုတ်တော့ပဲ ဓာတ်နှင့် အလားတူသော "ဓာတုရူပ"ပုဒ်တမျိုးဖြစ်ကြ၏၊ (ဓာတုရူပသုတ်ကျမှ အကျယ်ပြဦးမည်၊) ထို့ကြောင့် ရိုးရိုးဓာတ်နောင် အာချာတ်ဝိဘတ် ကိတ်ပစ္စည်းများ သက်ရသကဲ့သို့, "ပဗ္ဗတာယ" နောင်လည်း ထိုဝိဘတ်ပစ္စည်းများ သက်ရသည်။

ရုပ်တွက်ရာ၌ အမှာ။ ။ရူပသိဒ္ဓိ၌"ဣဝသဒ္ဒနိဝတ္တိ,ဝိဘတ္တိလောပေါ,ပကတိ ဘာဝေါ" ဤ ၃ ချက်ကိုထောက်၍"ပဗ္ဗတ+ဣဝ"တည်၊သိ ၂ လုံးသက်၊ ရှေ့သိကို အံ (တနည်း ဩ)ပြု, ဣဝနောင် သိကို သဗ္ဗာသမာဝုသောဖြင့် ချေ၊ "ပဗ္ဗတံ+ဣဝ (ပဗ္ဗတော+ဣဝ)"ဟု ဖြစ်၏၊ ပဗ္ဗတံဣဝ-တောင်ကဲ့သို့၊ အာစရ တိ-ပြုကျင့်၏၊ ဣတိ အတ္ထေ- ၌၊ ဤသုတ်ဖြင့် ပဗ္ဗတံနောင် အာယပစ္စည်းသက် (ပဗ္ဗတံ+အာယ+ဣဝ)၊ ဝုတ္တတ္တာနမပ္ပယောဂေါ-ဟူသော ပရိဘာသာဖြင့် ဣဝ ပုဒ်ကိုချေ၊ တေသံ ဝိဘတ္တိယော လောပါစသုတ်ဖြင့် သိဝိဘတ်ကိုချေ၊ပဗ္ဗတဟု ပကတိပြု,(ပဗ္ဗတ+အာယ)၊ တခွင်း, ချေ, ကပ်၊ ဓာတုပစ္စယေဟိ ဝိဘတ္တိယော ဟု ပရိဘာသာ လာသောကြောင့် ဝတ္တမာနာ ပစ္စုပ္ပန္နေသုတ်ဖြင့် ပဗ္ဗတာယ ဟူသော ဓာတုပစ္စယန္တနောင် တိဝိဘတ်သက်၊ ဤသို့ရုပ်တွက်မှ ရူပသိဒ္ဓိအတိုင်း ကျမည်၊ အခြေပြု၌ကား နျာသကိုမှီး၍ ပြီးလွယ်သောနည်းဖြင့် တွက်ပြထား သည်၊ သမုဒ္ဒါယတိ စိစ္စိဋ္ဋာယတိတို့လည်း နည်းတူ။

**တဠ္ဍာကံ၊ပေ၊သမုဒ္ဒါယတိ။** ။တဋ္ဍာကံ (တလာကံ)ဟူသော ကတ္တားပုဒ် နေရာဝယ် ရှဋ္ဌီ''သံဃော''ဟု ကတ္တားရှိ၏၊ ကျယ်ဝန်းသော တဘက်ဆည်ကန်ကို ကြည့်၍''တဘက်ဆည်ကန်က မိမိကို သမုဒြာနှင့်တူအောင်ပြုသည်''ဟု ဆိုသော စကားမျိုး၌''တဋ္ဍာကံ သမုဒ္ဒါယတိ''ဖြစ်၏၊သမုဒြာသည် ကမ်းကို မလွန်သကဲ့သို့ သံဃာတော်လည်း သီလတည်းဟူသော စည်းကမ်းကို မလွန်'' ဟု ဆိုရာ၌ ''သံဃော သမုဒ္ဒါယတိ''ဟု ဖြစ်၏၊ သီတိုဋ္ဌ်မူ၌ကား ကတ္တားပုဒ်လည်း မပါ ပဗ္ဗတမိဝ အာစရတိ ဟူသော အနက်ပြ ဝါကျလည်း မပါပဲ ''ပဗ္ဗတာယတိ သမုဒ္ဒါယတိ စိစ္စိဋ္ဋာယတိ''ဟု သာ ပုံစံရှိသည်။ [ကာတန္တ၌ ''ကာကော - ကျီး သည်၊ သေနာယတေ-သိန်းငှက်ကဲ့သို့ ပြုကျင့်၏၊ ကာကော သာရသာယတေ- ကြိုးကြာငှက်ကဲ့သို့ ပြုကျင့်၏''စသည်ဖြင့် ပုံစံထုတ်၏။]

**စိစ္စိဋ္ဋာယတိ။** ။''သော ဟဗျသေသော ဥဒကေ ပက္ခိတ္တော စိစ္စိဋ္ဋာယတိ စိဋ္ဋစိဋ္ဋာယတိ သန္ဓူပါယတိ သမ္ဘူပါယတိ=ထို ယစ်ထမင်း အကြွင်းအကျန် သည် ရေထဲ၌ ထည့်လိုက်အပ်သော် စိစ္စိဋ္ဋ ဟု အသံပြု၏, စိဋ္ဋ စိဋ္ဋဟု အသံ ပြု၏, ပြင်းစွာ အခိုးပြု၏,ပြင်းစွာ အမျိုးမျိုး အခိုးပြု၏''ဟု သုန္ဒရိကဘာရဒွါဇ ဗြာဟ္မဏသံယုတ်၌ ကတ္တားပုဒ်ကို ဟဗျသေသောဟု (ဒြပ်ဟောပုဒ်ကို) တွေ့ရ သောကြောင့်လည်းကောင်း, ''အသံသည် စိဋ္ဋစိဋ္ဋကဲ့သို့ အသံပြု၏''ဟူရာ၌ ဥပမာ နလည်း အသံ ဥပမေယျလည်း အသံပင်ဖြစ်၍ အရ မပြားသောကြောင့်လည်း ကောင်း,သဒ္ဒေါဟု ကတ္တားထည့်သော ကစ္စည်းပုံစံ၌ သဒ္ဒယုတ္တိ အတ္ထယုတ္တိ ၂မျိုး လုံး မရှိ။

**အဋ္ဌကထာ။** ။ထို စိစ္စိဋ္ဋာယတိကိုလည်း ''ဝေံ ရူပံ သဒ္ဒံ ကရောတိ'' ဟု သဒ္ဒံကို ကံအဖြစ်ဖြင့် အဋ္ဌကထာဖွင့်သောကြောင့် စိစ္စိဋ္ဋလည်းကတ္တားပုဒ် မဖြစ် နိုင်၊ ဣဝ မပါပဲ အဋ္ဌကထာဖွင့်သောကြောင့် ဥပမာနလည်း မဟုတ်နိုင်၊ ''စိဋ္ဋ စိဋ္ဋ ဟူသော အသံကို ပြု၏''ဟုသာ အနက်ပေးသင့်ရကား ကစ္စည်းသုတ်နှင့် တိုက်ရိုက်မသက်ဆိုင်ပဲ ''အာယနာမတော''ဟူသော ယောဂဝိဘာဂဖြင့်ဖြစ်စေ, ''သဒ္ဒါဒီနိကရောတိ''ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့်ဖြစ်စေ ''စိစ္စိဋ္ဋ'' ဟူသော ဒုတိယန္တနာမ်ပုဒ်နောင် ကရောတိအနက်၌ အာယပစ္စည်း သက်စေသင့်သည်။

**အနုကရဏသဒ္ဒါ။** ။စိစ္စိဋ္ဋ''သဒ္ဒါသည် ''စိဋ္ဋစိဋ္ဋ''ဟု ဖြစ်သော အသံကို အတုပြုအပ်သောကြောင့်''အနုကရဏ'' သဒ္ဒါတည်း၊ ''စိဋ္ဋာစိဋ္ဋာယတိ - စိဋ္ဋစိဋ္ဋ အသံကို ပြု၏၊ အာကာသံ-ကောင်းကင်သည်၊ တဋ္ဋတဋ္ဋာယိ-တဋ္ဋတဋ္ဋ အသံကို ပြုပြီ၊ အချို့စာ၌ ''ပဋ္ဋာပဋ္ဋာယိ - ပဋ္ဋပဋ္ဋ အသံကို ပြုပြီ''ဟု ရှိ၏၊ ဆရာတို့က ပါဠိပျက် ဟု မိန့်သည်၊ ဒေဝေ-မိုးသည်၊ ဂဋ္ဋဂဋ္ဋာယန္တေ-ဂဋ္ဋဂဋ္ဋ အသံပြုလ သော၊ ဝါ-ဂျုံးဂျုံး အသံပြုလသော်(မာရသံယုတ်)၊ ဤ စိဋ္ဋ စိဋ္ဋ,တဋ္ဋတဋ္ဋဂဋ္ဋ, ဂဋ္ဋ''တို့လည်း အနုကရဏသဒ္ဒါတို့ပင်တည်း၊ ဤ အနုကရဏအကြောင်းကို သဒ္ဒါ ခန်း၌ ရေးခဲ့ပြီ။

ယွိတ္တေ (မောဂ္ဂလ္လာန်သုတ်)။ ။ယွိတ္တေ-စိ ပစ္စည်း၏ အနက်၌၊ ကတ္တု တော- ကတ္တားပုဒ်မှနောက်၌၊ အာယော - အာယပစ္စည်းသက်၊ ဘုသာယတိ- လွန်လွန်ကဲကဲဖြစ်၏၊ လောဟိတာယတိ-နီနီမြန်းမြန်း ဖြစ်၏၊ ဤ၌ "စိပစ္စည်း၏ အနက်" ဟူသည် အဘူတ တဗ္ဘော အနက်တည်း၊ အဘူတ တဗ္ဘောဟူသည် ရှေးက မဖြစ်ပဲ ယခုမှ ထို အဖြစ်မျိုးဖြစ်ခြင်းတည်း၊ [အဘူတ - ရှေးက မဖြစ် ဖူးပဲ+တဗ္ဘာဝ - ယခုမှ ထိုအဖြစ်မျိုးဖြစ်ခြင်း။] ရှေးက လွန်လွန်ကဲကဲ မဖြစ်ပဲ ယခုမှ လွန်လွန်ကဲကဲ ဖြစ်သည်ကို ဘုသာယတိ ဟု ဆိုသည်၊ "အဘုသော- ရှေးက မလွန်ကဲပဲ၊ ဘုသောဘဝတိ-ယခုမှ လွန်လွန်ကဲကဲ ဖြစ်၏" ဟူသော အနက်၌ဘုသနောင် ဤသုတ်ဖြင့် အာယပစ္စည်းသက်။[ဘုသာယတိ၌ ဘုသသဒ္ဒါ ဖြင့် "သီဃ- မန္ဒ- စပလ- စေတ- ဒုမ္မန-သုမန- ဩဇ-တေဇ- ပဏ္ဍိတ- လောဟိတ- နီလ-နိဒ္ဒါ- ဒယာ- ကရုဏာ စသည်တို့ကို ယူ" ဟု မောဂ္ဂလ္လာန်နိဿယ မိန့်၏၊ ပဏ္ဍိတာယတိ-(ရှေးက ပညာရှိမဟုတ်ပါပဲ ယခုမှ ဆရာသမားအတွက်ကြောင့်) ပညာရှိ ဖြစ်ရ၏၊ နိဒ္ဒါယတိ - (ရှေးက အိပ်ပျော်သူ မဟုတ်ပါပဲ ယခုမှ) အိပ်ပျော်သူဖြစ်၏ စသည်တည်း။]

သဒ္ဒါဒိနိ ကရောတိ(မောဂ္ဂလ္လာန်သုတ်)။ ။"သဒ္ဒါဒိနိ-အသံ အစရှိသည် တို့ကို၊ ကရောတိ-ပြု၏" ဟူသော အနက်၌ သဒ္ဒါဒီဟိ-သဒ္ဒ အစရှိသော နာမ် တို့မှ နောက်၌၊ အာယော - အာယပစ္စည်း သက်၊ သဒ္ဒါယတိ - အသံကို ပြု၏၊ ဝေရာယတိ- ရန်ကို ပြု၏၊ ကလဟာယတိ-ငြင်းခုံမှုကို ပြု၏၊ ဂူပါယတိ-အခိုးကို ပြု၏၊ "စိစ္စိဋ္ဌာယတိ, ဓူမာယတိ, စိဋ္ဌစိဋ္ဌာယတိ, တဋ္ဌတဋ္ဌာယတိ, ဂဋ္ဌဂဋ္ဌာ ယတိ" စသော ပုံစံတို့ကိုလည်း ဤသုတ်နှင့် သာချဲ့လျှော်၏၊ဘာ့ကြောင့်နည်း.... စိစ္စိဋ္ဌာယတိကို "ဝေရူပံ သဒ္ဒံကရောတိ" ဟု ဒုတိယန္တဖြင့် အဋ္ဌကထာတို့ ဖွင့် သောကြောင့်တည်း။

အာဒိဖြင့် ယူဖွယ်။ ။သဒ္ဒါဒိနို၌ အာဒိဖြင့် "ဝေရ ကလဟ, ဓူပ, ဒုဒ္ဒိန, (မကောင်းသောနေ့), သုဒိန မေဃ" စသည်တို့ကိုလည်းကောင်း၊ "သုခ, ဒုက္ခ, တိတ္တ, ကပဏာ, ကရုဏာ, ပတိပ, အလိက" စသော သုခါဒိဂိုဏ်းစုကိုလည်း ကောင်း "ကဋ္ဌ, မဗြန္တ, ဂဟန, ကစ္ဆ, ကိစ္စ" ဟူသော ကဋ္ဌာဒိဂိုဏ်းစုကိုလည်း ကောင်း ယူ ဟု မောဂ္ဂလ္လာန် နိဿယ မိန့်၏၊ ထိုတွင် သဒ္ဒါဒိနောင် ကရောတိ အနက်၌, သုခါဒိနောင် အနုဘဝတိအနက်၌, ကဋ္ဌာဒိနောင် ပါပတ္တ(မကောင်း မှုပြုခြင်း)အနက်၌ သက်ဟုလည်း ခွဲခြားသည်၊ သံဓူပါယတိ, သံပဓူပါယတိ- မေတ္တာယတိ-မေတ္တာကို ပြု၏, ကုက္ကုစ္စာယတိ-ကုက္ကုစ္စကို ပြု၏, ဒေါဟဠာယတိ- ချင်ခြင်းကို ပြု၏, စသည်တို့လည်း ဤ သဒ္ဒါဒိဂိုဏ်းပင်တည်း၊ ကစ္စည်းအလို ထိုရုပ်များကို အာယနာမတော ဟူသော ယောဂဝိဘာဂဖြင့်ချည်း စီရင်။

---

၄၃၆။ ဥပမာနှာ- ဥပမာနဖြစ်သော၊ နာမတော—နာမ်ပုဒ်မှ
ဤယူပမာနာ၀ နောက်၌၊ အာစာရတ္တေ၀-၌လည်း၊ ဤ ယပစ္စယော—ဤယ
ပစ္စည်းသည်၊ ဟောတိ—ဖြစ်၏၊ အဆတ္တံ—ထီးမဟုတ်သော သစ်ခက်စသည်ကို၊
ဆတ္တမိ၀-ထီးကိုကဲ့သို့၊ အာစရတိ-၏၊ ဆတ္တီယတိ—ထီးကဲ့သို့ ပြုကျင့်၏၊ ၀ါ—
ထီးလုပ်ဆောင်း၏၊ အပုတ္တံ- သား မဟုတ်သော တပည့်ကို၊ ပုတ္တမိ၀—သားကို
ကဲ့သို့၊ အာစရတိ-၏၊ ပုတ္တီယတိ-သားကိုကဲ့သို့ ပြုကျင့်၏၊ ဥပမာနာတိ ကိမတ္ထံ၊
ဓမ္မံ—တရားကို၊ အာစရတိ-ကျင့်၏၊ (ဣတိ—ထို့ကြောင့်၊ ဓမ္မစာရီ—မည်၏၊)
ဣတိ-ဤပြယုဂ်၌ တားမြစ်ရခြင်းအကျိုးရှိ၏၊အာစာရတ္တေတိ ကိမတ္ထံ၊အဆတ္တံ-
ကို၊ ဆတ္တမိ၀—သို့၊ ရက္ခတိ-စောင့်ရှောက်၏၊ ဣတိ-၏၊ဧ၀ံ-တူ၊ အညေပိ-တို့ကို
လည်း၊ ယောဇေတဗ္ဗာ—ကုန်၏၊ (၅၃၈)။

---

၄၃၆။ ဥပမာနာ၀။ ။ရှေ့သုတ်မှ "နာမတော + အာစာရေ" ပုဒ်တို့
လိုက်လာသကဲ့သို့ ဥပမာနာပုဒ်လည်း လိုက်သင့်ပါလျက် မလိုက်စေပဲ အဘယ့်
ကြောင့် "ဥပမာန"ပုဒ်ကို တိုက်ရိုက်ဆိုရသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား-
ရှေ့သုတ်၌ "ကတ္တုူပမာနာ"ပုဒ်သည် သမာသ်ပုဒ်တည်း၊ ဥပမာနာ ဟူသော
ပုဒ်ကို လိုက်စေလျှင် သူ့ချည်းသာမက သူနှင့်တွဲဖက် ကတ္တုပုဒ်လည်း လိုက်လာ
လိမ့်မည်၊ ထိုသို့ ထိုကတ္တုပုဒ်လိုက်လာမည်စိုးသောကြောင့် ဥပမာနပုဒ်ကိုလည်း
မလိုက်စေပဲ ဤသုတ်၌ ဥပမာနာဟု တိုက်ရိုက်ဆိုရပေသည်၊ ဤသို့ ကတ္တုပုဒ်ကို
မလိုက်စေလို၍ ဥပမာနာဟုတိုက်ရိုက်ဆိုထားသောကြောင့် ဤသုတ်သည်ကတ္တုူ
ပမာနဖြစ်သော နာမ်ပုဒ်နောင် သက်သောသုတ် မဟုတ်ဟုကား သိသာပြီ။

ကမ္မူအာဓာ ရူပမာန။ ။ကတ္တုူပမာန မဟုတ်လျှင်"ဆတ္တမိ၀ "စသော
ဒုတိယန္တပုဒ်များကို ထောက်၍ ဤသုတ်လာ ဥပမာနသဒ္ဒါဖြင့် ကမ္မူပမာနကို
ယူရမည်ဟုဆိုကြ၏၊ သို့သော်"ဥပမာနာ"ဟု သာမညဆိုသောကြောင့် ဥပမာန
ဖြစ်ကောင်းသော (ကာတန္တဝုတ္တိ ဆိုသည့်အတိုင်း) ကမ္မူပမာန— အာဓာရူပ
မာန ၂ မျိုးလုံးကိုပင် ဤဥပမာနသဒ္ဒါဖြင့် ယူသင့်သည်။ [အာဓာရူပမာန ပုံစံ
ကို နောက်၌ပြအံ့၊] စသဒ္ဒါကား နာမတော အာစာရေပုဒ်တို့ကိုငင်သော အနု
ကစ္စနတည်း၊ ထိုသို့ ငင်သဖြင့် နောက်သုတ်သို့ ထိုပုဒ်များ မလိုက်ရတော့ဟု
သိစေရခြင်းအကျိုး ရှိသည်။

အဆတ္တံ ၊ပေ၊ ဆတ္တီယတိ။ ။အဆတ္တံသည် ဥပမေယျကံပုဒ်, ဆတ္တမိ၀
သည် ကံ၏ ဥပမာန (ကမ္မူပမာန)ပုဒ်တည်း၊ " ဆတ္တ+ဣ၀ "တည်၊ ဆတ္တ
နောင် အံသက်၊ ဣ၀နောင်-သိသက်, ချေ၊ ဆတ္တံဣ၀- ထီးကိုကဲ့သို့+အာစရတိ-
ပြုကျင့်၏၊ ဣတိအတ္ထေ-၌၊ဤသုတ်ဖြင့် ကမ္မူပမာနဖြစ်သော ဆတ္တံနောင် ဤယ
ပစ္စည်းသက်, ဤသို့စသည်ဖြင့် ပဗ္ဗတာယတိနည်းမှီ၍ ရုပ်တွက်ပါ၊ "ဆတ္တံ ဣ၀

အာစာရတိ''သည် ဆတ္တိယတိ၏ အနက်ပြဝါကျတည်း၊ ထို့ကြောင့် ''ဆတ္တိယတိ-ထီးကဲ့သို့ ပြုကျင့်၏''ဟုသာ အနက်ပေး၊ (ထီးမဟုတ်သော သစ်ခက်ကို ထီးကဲ့သို့ ပြုကျင့်၏''ဟု အဆတ္တံပုဒ်၏အနက်ပါ ထည့်၍မပေးရ၊) ပါဌ်ဝါကျစီသည့်အခါ''ဝနကမ္ဗိကော အဆတ္တံ ဆတ္တိယတိ''ဟုလည်းကောင်း ''ဝနကမ္ဗိကော အဆတ္တံ ဆတ္တမိဝ အာစရတိ''ဟုလည်းကောင်း ၂ မျိုးပင် စီနိုင်၏၊ [''ဝနကမ္ဗိကော-တောမှုလုပ်သူသည်၊ဝါ-တောင်သူသည်''ဟု ပေး၊အလုပ် လုပ်နေသည့်အခါ ထီးမပါ၍ သစ်ခက်စသည်ကို ထီးလုပ်ဆောင်းသည်- ဟူလို။] အပုတ္တံ၊ပေ၊ ပုတ္တိယတိ၌လည်း ''အာစရိယော အပုတ္တံ ပုတ္တိယတိ=အာစရိယော အပုတ္တံ ပုတ္တမိဝ အာစရတိ''ဟု ဝါကျ ၂ မျိုး နေနိုင်ပုံစသည်ကို သိပါ၊ ဆရာသည် သားမဟုတ်သော တပည့်ကိုပင် သားကဲ့သို့ သဘောထား၍ အရာရာ စောင့်ရှောက်သည်-ဟူလို။

**အာခါရူပမာနပုံစံ။** ။''ပါသာဒေ- ပြာသာဒ်၌၊ ကုဋိယတိ - တဲကုတ်၌ကဲ့သို့ ပြုကျင့်၏'' ''ဘိက္ခု ပါသာဒေ ကုဋိယတိ=ဘိက္ခုပါသာဒေ ကုဋိယံ ဣဝ အာစရတိ''ဟု ၂ ဝါကျရှိပုံကို သိပါ၊ ''ဘိက္ခု မဥ္စကေ—ညောင်စောင်းငယ်၌၊ ပရိယင်္ကိယတိ (ပလ္လင်္ကိယတိ)-ပလ္လင်၌ကဲ့သို့ ပြုကျင့်၏'' ဟုလည်း ပုံစံထုတ်၏၊ [အာခါရာဒပိ-အာခါရူပမာနပုဒ်မှ နောက်၌လည်း၊ သျာတ်-ဖြစ်၏၊ (ကသ္မာ) နိရပေက္ခတ်-ဥပမာနသဒ္ဒါက ပုဒ်တပါးကို မငဲ့သောကြောင့်တည်း၊ (ကတ္တုူပမာနာ၌ ဥပမာနသဒ္ဒါသည် ဇတ္တုဟူသော ပုဒ်တပါးကိုငဲ့သကဲ့သို့ ဤသုတ်လာ ဥပမာနသဒ္ဒါကား ပုဒ်တပါးကိုမငဲ့ပဲ ''ဥပမာနာ''ဟု သာမညဆိုခြင်းကြောင့်-ဟူလို)၊—''ဥပမာနာဒါစာရေ''ဟူသော သုတ်၏ ကာတန္တဝုတ္တိ။]

**ကီ ပုံစံများ။** ။''ဓမ္မံ+အာစရတိ''၌ ဓမ္မံဟု ကံပုဒ် ဟုတ်သော်လည်း ဥပမာနမဟုတ်သောကြောင့် ဤယပစ္စည်း မသက်နိုင်၊ ''ဓမ္မိယတိ''ဟု မဖြစ်နိုင်—ဟူလို၊ [''ဓမ္မံ အာစရတိတိ ဓမ္မစာရီ''ဟု ရှိသည်ကား မကောင်း, အဓိပ္ပာယ်လည်းမရ၊ ထို့ကြောင့် ''ဓမ္မံ အာစရတိ''ဟုသာ သီဟိုဠ်မူအတိုင်း ရှိထိုက်သည်၊ အဆတ္တံ ဆတ္တမိဝ ရက္ခတိ၌ကား ''ဆတ္တံ ဣဝ''ဟု ကမ္မူပမာန ရှိသော်လည်း ရက္ခတိ ဟု ဆိုထားသဖြင့် အာစာရအနက် မဟုတ်သောကြောင့် ဤယပစ္စည်းမသက်ရ၊ ''ဆတ္တမိဝ ရက္ခတိ''ဟူသောအနက်၌ ဆတ္တိယတိဟု မဖြစ်နိုင်—ဟူလို၊ ''ဝေမဇ္ဈေပိ ယောဇေတဗ္ဗာ''ဟု ညွှန်ပြခြင်းကား(နောက်ဆုံး၌ ပြထားသော်လည်း)ကီ ပုံစံများကို ညွှန်ပြခြင်းမဟုတ်၊ သုတ်ရင်းပုံစံများကို ညွှန်ပြခြင်းတည်း၊ ထို ညွှန်ပြချက်အရ ''ကမ္ဗလံ-ကမ္ဗလာကို၊ ပါဝါရိယတိ-ပဝါကဲ့သို့ ပြုကျင့်၏၊ ကမ္ဗလာကို ပဝါလုပ်၍ (အပေါ်တင်တဘက် လုပ်၍)ခြုံ၏— ဟူလို၊ ''အဋ္ဌိယတိ—နှိပ်စက်အပ်သူကိုကဲ့သို့ ပြုကျင့်၏''စသော ပုံစံများကို ယူ။

**နာမမှာ-တ္တိစ္ဆတ္တေ** ၄၃၇။ **နာမမှာ—နာမ်ပုဒ်မှ** (နောက်၌)၊ **အတ္တနော-** မိမိဖို့၊ **ဣစ္ဆတ္ထေ—အလိုရှိခြင်း အနက်၌**၊ ဤယပစ္စယော ဟောတိ၊ အတ္တနောမိမိ·ဖို့၊ ပတ္တံ·သပိတ်ကို၊ ဣစ္ဆတိ·အလိုရှိ၏၊ ပတ္တီယတိ·သပိတ်ကို အလိုရှိ၏၊ ဇဝံ·တူ၊ ဝတ္တီယတိ· အဝတ်ကိုအလိုရှိ၏၊ ပရိက္ခာရီယတိ· ပရိက္ခရာကို အလိုရှိ၏၊ စီဝရီယတိ· သင်္ကန်းကို အလိုရှိ၏၊ ဓနီယတိ· ဥစ္စာကို အလိုရှိ၏၊ ဃဋီယတိ· အိုးကို အလိုရှိ၏၊ **အတ္တိစ္ဆတ္တေတိ ကိမတ္ထံ၊ အညဿ·** သူတပါးဖို့၊ ပတ္တံ·ကို၊ ဣစ္ဆတိ·၏၊ ဣတိ·တို့၌ တဘေးမြစ်ရခြင်းအကျိုးရှိ၏၊ ဇဝံ·တူ၊ အညေပိ·တို့ကိုလည်း၊ ယောဇေတဗ္ဗာ·ကုန်၏၊ (၅၃၉)။

---

၄၃၇။ နာမမှာတ္တိစ္ဆတ္တေ။ ။အာယနာမတော သုတ်မှ နာမတောပုဒ်ကို လိုက်စေလျှင် ပြီးနိုင်သော်လည်း နာမတောပုဒ်ကို အလိုက်ခံလျှင် ဥပမာနာပုဒ် လည်း လိုက်လာမည် စိုးသောကြောင့် ထို ဥပမာနပုဒ်ကို ဆုတ်နစ်စေခြင်းငှာ "**နာမမှာ**"ဟု တိုက်ရိုက်ထည့်၍ သုတ်တည်သည်၊ (နိဒ္ဒေသ)၊ ဤ၌ နာမမှာဟု သာမညဆိုထားသော်လည်း ဣစ္ဆာအနက်နှင့်ယှဉ်သော နာမ်ပုဒ်ဖြစ်ရကား ထို ဣစ္ဆာအနက်လည်း "မည်သည့်အရာကို+လိုချင်သည်"ဟု ကံကိုငဲ့သောကြောင့် နာမမှာအရ ဒုတိယန္တပုဒ်ကိုသာ ယူ၊ (မောဂ္ဂလ္လာန် မှီးသည်)။

အတ္တိစ္ဆာ။ ။အတ္တနော - မိမိ၏+ အတ္ထာယ - အကျိုးငှာ+ဣစ္ဆာ - အလို တည်း၊ အတ္တိစ္ဆာ-မိမိအကျိုးငှာ အလို၊ ဝါ·မိမိအဖို့အလို၊ (ရူပဒီကာဝိဂ္ဂဟ်)၊ ဤဝိဂ္ဂဟ်အရ "မရအပ်သေးသော ပစ္စည်းကို မိမိဖို့ရာ လိုချင်မှုသည် အတ္တိစ္ဆာ မည်၏"ဟု မှတ်၊ မိမိ၏ ရှိပြီးသော ပစ္စည်းကို (သူတပါးလက်၌ ရောက်နေ၍) ပြန်လိုချင်မှုကို အတိစ္ဆာဟု မမှတ်လင့်။

အတ္တနော၊ ပေ၊ ပတ္တီယတိ။ ။ပတ္တမိစ္ဆတိသည် ပတ္တီယတိ၏ အနက်ကို ဖွင့်ပြသော ဝါကျတည်း၊ ထို့ကြောင့် နောက်ပုဒ်များ၌လည်း "ဝတ္ထံ ဣစ္ဆတိ, ပရိက္ခာရံ ဣစ္ဆတိ"စသည်ဖြင့် အနက်ဖွင့်ပြရာ၏၊ ကာတန္တ၌ "အတ္တနော"ဟု ဝိသေသနသမ္ဗန် မပါ၊ "ပတ္တီယတိ-သပိတ်ကို လိုချင်၏"ဟု ဆိုလျှင် မိမိဖို့ ဖြစ်ကြောင်း သိသာရကား အတ္တနော ဟု ထည့်ဖွယ်မလို-ဟု ကာတန္တဆရာ ဆိုလိုသည်၊ သို့သော် မုဒ္ဓဗောဓ-သာရသ္သတတို့၌ "အတ္တနော"ပါသောကြောင့် ကစ္စည်းဝုတ္တိဆရာလည်း "အတ္တနော"ဟု ထည့်ထားဟန် တူသည်၊ ရုပ်တွက်ရာ၌ ပတ္တတည်,အံသက်၊ ပတ္တံ·ကို+ဣစ္ဆတိ·၏၊ ဣတိအတ္ထေ-၌၊ဤသုတ်ဖြင့် "ဤယ" ပစ္စည်းသက်၊ ဤသို့ဆို၍ ပဗ္ဗတာယတိ နည်းမှီး တွက်ပါ၊ဣဝဏ္ဏဒ္ဒါ မချေရခြင်း သာ ထူးသည်။

အညဿ ပတ္တမိစ္ဆတိ။ ။မိမိအတွက် လိုချင်မှုမဟုတ်, သူတပါးအတွက် လိုချင်မှုဖြစ်၍ အတ္တိစ္ဆာအနက် မရှိသောကြောင့် ဤယပစ္စည်းမသက်နိုင်၊

ဓာတုဟိဏောပေ၊ ဟေတွတ္ထေ

၄၃၈။ သဗ္ဗေဟိ-ကုန်သော၊ ဓာတုဟိ-တို့မှ (နောက်၌)၊ ဟေတွတ္ထေ-၌၊ ဏေ, ဏယ, ဏာပေ, ဏာပယ ဣတိ- ဏေ, ဏယ, ဏာပေ, ဏာပယ, ဟူကုန်သော၊ စတ္တော ပစ္စယာ ဟောန္တိ၊ ကာရိတ သညာစ—ကာရိတ် အမည် ရှိကုန်သည်လည်း၊ (ဟောန္တိ)၊ ဃောကောစိ-သည်၊ [ဓာတုလိင်္ဂေဟိသုတ်၌အနက် ပြန်ကြည့်၊] ပယောဇယတိ-စေခိုင်း၏၊ ကာရေတိ, ကာရယတိ, ကာရာပေတိ, ကာရာပယတိ-ပြုစေ၏၊ ယေကေစိ-အမှတ်မရှိ ဒ ကြင်သူတို့သည်၊ ကရောန္တိ-ပြုစွမ်းနိုင်

---

"အညာ ပတ္တိယတိ"ဟု မဖြစ်နိုင်-ဟူလို၊ဤ သုတ်၌ကား "ဝေမညေပိ ယောဇေတဗ္ဗာ"ပါ၍ဖြင့် ဧခြား ကိ ပုံစံများကိုပင်ညွှန်ပြဟန်တူ၏၊ထို့ကြောင့်အညာ ဝတ္ထမိစ္ဆတိ, အညာ ပရိက္ခာရ မိစ္ဆတိ"စသည်ဖြင့် သိလေ။

---

၄၃၈။ သဗ္ဗေဟိ၊ပေ၊ဟေတွတ္ထေ။ ။သုတ်၌ မည်သည့်ဓာတ်ဟု မသတ်မှတ်ပဲ "ဓာတုဟိ"ဟု သာမညဆိုထားသောကြောင့် ဓာတ်ဟူသမျှ အားလုံးကို သိမ်းကြုံး ယူနိုင်ရကား "သဗ္ဗေဟိ ဓာတုတိ"ဟု ဝုဒ္ဓိဖွင့်ရသည်၊ အလုံးစုံသော ဓာတ်တို့နောင် ဏေ စသော ပစ္စည်းသက်၍ ထို ပစ္စည်းများကိုလည်း ကာရိတ် အမည် မှည့်ပါ-ဟူလို၊ ထိုသို့ သက်စေရာ၌ "ဥဝဏ်နောက်ကျ, ဏေဏယသာ" စသော ခွဲခြားချက်ကို အခြေပြုနှင့် ရူပသိဒ္ဓိစာကိုယ် ဘာသာဋီကာတို့မှာ ရှု။

ဟေတွတ္ထေ။ ။"ဟိတ်အနက်" ဟူသည် အဘယ်အနက်မျိုး ပါနည်းဟု မေးဖွယ် ရှိ၏၊ ဤ "ဟေတွတ္ထေ"ဟူသည် ကာရက ( ဟေတွတ္ထေစ ) သုတ်၌ လာသော "ကြောင့်" ဟု အနက်ပေးရသော ဟေတွတ္ထမျိုး မဟုတ်၊ စေခိုင်း တိုက်တွန်းခြင်းအနက်ကို "ဟေတွတ္ထ"ဟု ဆိုလိုသည်၊ ချဉ်းအံ့—"သာမိကော ဒါသံ ဂါမံ ဂမယတိ=သခင်သည် ကျွန်ကိုရွာသို့သွားစေ၏"ဟူရာ၌ "ကျွန်သည် သူ့အလိုအတိုင်း ရွာသို့သွားသည်မဟုတ်, သခင်က စေခိုင်းခြင်းကြောင့်သွား၏" ဟု သိသာ၏၊ ထို့ကြောင့် စာရေး၍ ဖြစ်စေ, လက်ပြ၍ ဖြစ်စေ, သွားတော့ဟု နှုတ်ဖြင့်ပြော၍ဖြစ်စေ, သခင်၏စေခိုင်းပုံ အမူအရာ ကြိယာသည် ကျွန်၏ရွာသို့ သွားရခြင်း၏ အကြောင်းဖြစ်၍ "ဟေတု"မည်၏၊ ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟေတု၊ဧတေန-ဤစေခိုင်းခြင်းဟူသော အမူအရာ ကြိယာကြောင့်၊ ဖလံ-ကျွန်၏ သွားရခြင်းစသော အကျိုးသည်၊ ဟိနောတိ ပဝတ္တတိ-ဖြစ်၏၊ ဣတိ-ထို့ကြောင့်၊ တံ-ထိုစေခိုင်းမှု (တိုက်တွန်းမှုစသော) ကိုယ်အမူအရာ နှုတ်အမူအရာ ကြိယာသည်၊ ဟေတု၊ဟေတုမည်၏၊ ဝါ-ဟိတ်မည်၏၊ ဟေတုယေဝ-ဟိတ်သည်ပင်+အတ္ထော-အနက်တည်း၊ ဟေတွတ္ထော-ဟိတ်အနက်။

ကုန်၏၊ တေ-ထိုပြုစွမ်းနိုင်သူတို့ကို၊ အညေ-အခြားသူတို့က၊ ကရောထ ကရောထ-ပြုကုန်လော ပြုကုန်လော၊ ဣစ္စေဝံ - ဤသို့၊ ဖြဝန္တိ - ဆိုကုန်၏၊ ကာရေန္တိ, ကာရယန္တိ, ကာရာပေန္တိ, ကာရာပယန္တိ- ပြုစေကုန်၏၊ ယောကောစိ—သည်၊ ပစတိ-ချက်စွမ်းနိုင်၏၊ တံ-ထိုချက်စွမ်းနိုင်သူကို၊ အညော-အခြားသူက၊ ပစာဟိ ပစာဟိ- ချက်လော ချက်လော၊ ဣစ္စေဝံ-ဤသို့၊ ဖြဝိတိ- ဆို၏၊ အထဝါ-ကား၊ ပစန္တံ-ချက်စွမ်းနိုင်သူကို၊ ပယောဇယတိ- ၏၊ ပါစေတိ, ပါစယတိ, ပါစာပေတိ,

---

ဟိတ်အနက်သည် ကြိယာ။ ။ထို စေခိုင်း တိုက်တွန်းမှု ကြိယာဟူသော ဟိတ်အနက်ကို ဏေ ဏယစသော ၄ ပစ္စည်းကဟောသောကြောင့်"ဂမယတိ+(ဂမု+ဏယ+တိ)=သွား+စေ+၏"ဟု အနက်ပေးရသည်၊ "သွား"ဟူသော အနက်သည် ဂမုဓာတ်၏ အနက်၊ "စေ" ဟူသော အနက်ကား ကာရိတ်ဏယ ပစ္စည်း၏ အနက်တည်း၊ "စေ"ဟူသော ထိုအနက်ဖြင့် စေခိုင်းခြင်း တိုက်တွန်းခြင်းစသော ကိုယ်အမူအရာ နှုတ်အမူအရာ ကြိယာကို ပြသည်၊ မှန်၏—ပဗ္ဗတာယတိ စသည်၌ အာယစသော ပစ္စည်းသည် ပြုကျင့်ခြင်းစသော ကြိယာအနက်ကို ဟောသကဲ့သို့, ဤ ဏေ ဏယစသော ပစ္စည်းများလည်း စေခိုင်းခြင်း တိုက်တွန်းခြင်းစသော အမူအရာကြိယာ အနက်ကိုပင် ဟောကြသည်။

ကာရိတသညာစ။ ။သုတ်၌ပါသော "ကာရိတာနိ" ပုဒ်ကို "ကာရိတသညာစ"ဟု ဖွင့်၏၊ ပစ္စယာပုဒ်ကို ငဲ့၍ ပုလ္လိင်ဖြင့် ရှိသင့်လျက် "ကာရိတာနိ" ဟု နပုလ္လိင်ရှိသောကြောင့် "လိင်္ဂဝိပလ္လာသ" ဟုမှတ်၊ "ဂ-ပ-ဈ-လ"ဟူသော အမည်တို့ကဲ့သို့ ပေါ့ပေါ့ပါးပါးဖြင့် မှည့်အပ်သော လဟုသညာကို မမှည့်ပဲ "ကာရိတ" ဟု ဂရုသညာ (ကြီးလေးသော နာမည်) ကို မှည့်ခြင်းသည် ထို အမည်၏ အန္ဝတ္ထသညာဖြစ်ကြောင်းကို သိစေရခြင်း အကျိုးရှိ၏၊ "ကာရိတ—ပြုစေ"ဟူသော နာမည်အားလျော်စွာ ဏေစသော ပစ္စည်းများသည် တကယ့်ကို "သွားမှု စားမှု အိပ်မှု"စသည် ပြုဖို့ရန်စေခြင်း(စေခိုင်း တိုက်တွန်းခြင်း)အနက် ရှိကြသည်-ဟူလို။

ဝစနတ္ထ။ ။ကာရေတီတိ ကာရိတော၊ ယော အတ္ထော- အကြင် စေခိုင်း တိုက်တွန်းသော အခြင်းအရာအားဖြင့်ဖြစ်သော ကိုယ်အမူအရာ နှုတ်အမူအရာ အနက်သည်၊ ဝါ-အကြင် စေခိုင်း တိုက်တွန်းမှုဟူသော လုံ့လပယောဂ ဗျာပါရ အနက်သည်၊ ကာရေတိ - သွားမှု စားမှု စသည်ကို ပြုစေတတ် ( ပြုဖို့ စေခိုင်း တိုက်တွန်းတတ်)၏၊ ဣတိ,သော အတ္ထော-သည်၊ ကာရိတော-ကာရိတ မည်၏၊ ဤ ဝိဂ္ဂဟ်အရ စေခိုင်း တိုက်တွန်းခြင်းဟူသော လုံ့လပယောဂ ဗျာပါရစိုက်မှု အနက်သည်သာ မုချအားဖြင့် ကာရိတမည်၏၊ ဏေစသော ၄ ပစ္စည်းကား ထို ထိုအနက်ကို အကြောင်းပြု၍ ကာရဏူပစာရအားဖြင့် ကာရိတအမည် ရသည်၊

ပါစာပယတိ-ချက်စေ၏၊ ယေကေစိ·ဟို့သည်၊ပေ၊ ပါစာပယန္တိ-ချက်စေကုန်၏၊ စေ·ဤ့အတူ၊ ဘဏာတိ, ဘဏယတိ, ဘဏာပေတိ, ဘဏာပယတိ-ဆိုစေ၏၊ ဘဏေန္တိ၊ပေ၊ ဘဏာပယန္တိ-ဆိုစေကုန်၏၊ တထရိဝ-ထို့အတူသာလျှင်၊ အညေပိ-အခြားပြယုဂ်တို့ကိုလည်း၊ ယောဇေတဗ္ဗာ- ကုန်၏၊ ဟေတုဒ္ဒတ္ထတိ ကိမတ္ထံ၊ ကရောတိ-ပြု၏၊ ပစတိ-ချက်၏၊ ဣတိ ၏၊ အတ္တဂ္ဂဟဏေန - အတ္တသဒ္ဒါဖြင့်၊ အလပ္ပစ္စယော- အလပစ္စည်းသည်၊ ဟောတိ၏၊ ဇောတလတိ- ထွန်းလင်း၏။ (၅၄၁)။

---

[ကာရိတ၌"ကရ+ဏေ+တ"ဖြစ်၍ "ကာရေတ"ဟု ပြီးသင့်သော်လည်း ကွစိ ဓာတုသုတ်ကြီးဖြင့် ဧကို ဣဟု ဝိပရိတ်ပြု၍"ကာရိတ"ဟု ပြီးရသည်၊] ကာရိတ သညာစ၌ စသဒ္ဒါ**ကား** ပစ္စည်းသက်ခြင်းဟူသော ပဌမ အနက်ပေါ်၌ နာမည် မှည့်ခြင်းဟူသော ဒုတိယအနက်ကိုပေါင်းသော ဒုတိယတ္ထ သမ္ပိဏ္ဍနတည်း။

**ယောကောစိ၊ပေ၊ပြဝိတိ။** ။["အပြဝိ"ဟု အတိတ်ကြိယာနှင့် အချို့ စာရှိသော်လည်း **ကာရေတိဟူသော** ပစ္စုပ္ပန်ကြိယာကို ဖွင့်ပြသော ဝါကျဖြစ်၍ သီဟိုဠ်မူနှင့် ရှုပသိဒ္ဓိတို့ရှိတိုင်း "ပြဝိတိ"ဟု ပစ္စုပ္ပန်ကြိယာသာ ရှိထိုက်သည်၊] ဤ "ယောကောစိ၊ပေ၊ပြဝိတိ"ဝါကျဖြင့် ကာရေတိ၏**အနက်ကို** ဖွင့်ပြသည်၊ ချဲ့ဦးအံ့· "**ယောကောစိ ကရောတိ**"ဝါကျဖြင့် အလုပ် တခုခုကို ပြုစွမ်းနိုင်သူကို ပြ၏၊"တံအညော၊ပေ၊ပြဝိတိ"ဝါကျဖြင့် ထိုသူ့ကို အခြားသူတယောက်က "ပြုလော, ပြုလော"ဟု စေခိုင်းပုံကို ပြ၏၊ ထင်ရှားစေအံ့- သာမဏေသည် အလုပ်လုပ်တတ်၏၊(သို့သော် မခိုင်းလျှင် လုပ်မည်မဟုတ်)၊ ထို သာမဏေကို ရဟန်းက"အလုပ်လုပ်ပါ, အလုပ်လုပ်ပါ"ဟု အခါခါပြောဆို၏၊ဤသို့ ပြောဆို နေသည်ကို ပါဠိစီလျှင်"ဘိက္ခု သာမဏေရံ ကာရေတိ=ရဟန်းသည် သာမဏေကို ပြုစေ၏၊ (ပြုဖို့ရန် စေခိုင်း တိုက်တွန်း၏)"ဟု ပါဠိစီရသည်၊ ထို့ကြောင့် "ယောကောစိ၊ပေ၊ပြဝိတိ"သည် ကာရေတိပုဒ်၏ အနက်ကို ဖွင့်ပြသော ဝါကျ ၂ ခုတည်း။

အထဝါ, ကရောန္တံ ပယောဇယတိ။ ။"ကရောန္တံ ပယောဇယတိ"လည်း ကာရေတိ၏အနက်ကိုပင် တနည်းဖွင့်ပြန်သော ဝါကျတည်း၊ ကရောန္တံ၌ အန္တ ပစ္စည်းသည် သတ္တိ (စွမ်းနိုင်ခြင်း)အနက်ကို ဟော၏၊ ပယောဇယတိ (ပပုဗ္ဗ, ယုဇ+ဏယ+တိ)လည်း "ယှဉ်စေ၏"ဟု သဒ္ဒါနက် ပေးရ၏၊ "ယှဉ်စေ" ဟူသည်လည်း ထိုထိုအမှု၌ ယှဉ်မိအောင် စေခိုင်း တိုက်တွန်းခြင်းပင်တည်း၊ ထို့ကြောင့် "ပယောဇယတိ-စေခိုင်းတိုက်တွန်း၏"ဟု အဓိပ္ပာယ်နက် ပေးရသည်၊"ပြုစွမ်းနိုင်လျက် မပြုပဲနေသူကို အခြားသူတယောက်ကစေခိုင်းတိုက်တွန်း ရာ၌ ပါဠိစီလျှင် "ဘိက္ခု သာမဏေရံ ကာရေတိ"ဟု စီရသည်။

**ယောကေစိ၊ ပေ၊ ယောဇေတဗ္ဗာ။** ။"ယောကေစိ ကရောန္တိ" စသော ဝါကျတို့ကား ကာရေန္တိ စသော ဗဟုဝုစ်ကို ဖွင့်ပြသော ဗဟုဝုစ်ဝါကျများ တည်း၊ ယောကောစိ ပစတိ-စသည်၌လည်း ဤ့အတူပင်၊ "ဇဝံ ဘဏတိ" စသည်၌ ဇဝံဖြင့် "ယောကောစိ ဘဏတိ, တံ အညော ဘဏာဟိ ဘဏာဟိ ဣစ္စေဝံ ဗြဝီတိ၊ အထဝါ-ဘဏန္တံ ပယောဇယတိ"ဟု အနက်ဖွင့်ပုံကို ပြ၏၊ တထရိဝ အညေပိ ယောဇေတဗ္ဗာဖြင့် "ယောကောစိ ဂစ္ဆတိ, တံ အညော ဂစ္ဆာဟိ ဂစ္ဆာဟိ ဣစ္စေဝံ ဗြဝီတိ၊ အထဝါ ဂစ္ဆန္တံ ပယောဇယတိ၊ ဂမေတိ, ဂမယတိ, ဂမာပေတိ, ဂမာပယတိ"စသည်ကို ညွှန်ပြသည်။

ရုပ်တွက်။ ။ကာရေတိကို "ကရ" တည်၊ ကရ=ကရဏေ (ပြုခြင်း) အနက်၌ ဘူဝါဒယော ဓာတဝေါသုတ်ဖြင့် ဓာတ်မှည့်၊ ဓာတုဃန္တော စသော သုတ်ဖြင့် ဓာတွန်(အ)ကို ချေ, ဓာတူဟိ ဏေဏယ စသော ဤသုတ်ဖြင့် ဏေ ပစ္စည်းသက်၍ ကာရိတ်လည်း မှည့်၊ ကာရိတာနံဏော လောပံသုတ်ဖြင့် ဏ် အနုဗန်ချေ၊ အသံယောဂန္တဿဝုဒ္ဓိ ကာရိတေသုတ်ဖြင့် က၏ အကို အာဝုဒ္ဓိပြု၊ ရ်ကို သို့ကပ်(ကာရေ)၊ ဓာတုပစ္စယေဟိဝိဘတ္တိယောဟု ပရိဘာသာလာသော ကြောင့် ဝတ္တမာနာ ပဌမပုဗ္ဗေန္နေသုတ်ဖြင့်"ကာရေ"ဟူသော ဓာတုပစ္စယန္တနောင် တိသက်၊ ကာရေတိ,ပြီး၏၊ ဏာယ,ဏာပေ, ဏာပယသက်၍ ကာရယတိစသည် ကိုတွက်၊ ပါစေတိ ဘဏေတိ စသည်တို့ကိုလည်း နည်းမှီ၍ တွက်၊ ကရောတိ ပစတိတို့၌ကား"ဏေ"ဟု ဟိတ်အနက် မရှိသောကြောင့် ဏေစသော ပစ္စည်းများ မသက်ရ၊ ကရဓာတ် တိဝိဘတ်၊ တနာဒိ ဩပစ္စည်းသက်၍ ကရောတိဟုလည်း ကောင်း,ပစဓာတ်,တိဝိဘတ်, ဘူဝါဒိ အပစ္စည်းသက်၍ ပစတိဟုလည်းကောင်း ပြီးသည်။

**အမှာ။** ။"ဟေတုမှိ"ဟု မဆိုပဲ "ဟေတွတ္ထေ"ဟု အတ္ထသဒ္ဒါပိုကို ဆိုခြင်း ကြောင့် "ဇုတ=ဒိတ္တိမှိ"ဟူသော ဓာတ်နောင် ဟိတ်အနက် မဟုတ်ပဲ ထို အတ္ထသဒ္ဒါ ဖြင့် အလပစ္စည်းသက်,အညေသုစဖြင့် ဝုဒ္ဓိပြု (ဇောတလ) တိဝိဘတ်သက်၍"ဇောတ လတိ"ဟု ယခုကာလ ကစ္စည်းဝုတ္တိ၌ တွေ့ရသော်လည်း ချာသရူပသိဒ္ဓိတို့မဖွင့်ကြသည့် ပြင်"ဇုဒံ ဝစနံ ပေါရာဏကစ္စာယနပါဠေ့ နတ္ထိ ဋီကာဗျာချာနေ ဝစနံ ဂဟေတွာ ထပိ တန္တိ ဝဒန္တိ=ဤစကားသည် ရှေးကစ္စည်းပါဠ်မှာ မရှိ၊ ဋီကာဗျာချာန်၌ရှိသောစကား ကို ယူ၍ ထားသည်"ဟု နိဒ္ဒေသ၌ ဝဒန္တိဝါဒ ရှိ၏၊ဤ ကာရိတ်ခန်းနှင့်စပ်၍မှတ်ဖွယ် များကို ရူပသိဒ္ဓိ ဤသုတ်၌လည်းကောင်း,ကာရက—ယောကာရေတိ သဟေတု,ဂတိ ဗုဒ္ဓိ၊ပေ၊ကာရိတေဝါသုတ်တို့၏ ဘာသာဋီကာ၌လည်းကောင်း ပြထားသည်။

**ဓာတုရူပေ နာမသ္မာ ဏာယောစ**

၄၃၉။ ဓာတုရူပေ—သည်၊ သတိ—သော်၊ တသ္မာ နာမသ္မာ-ထိုနာမ်ပုဒ်မှ (နောက်၌)၊ ဏာယပစ္စယော ဟောတိ၊ ကာရိတ သညောစ - ကာရိတ် အမည် ရှိသည်လည်း၊ (ဟောတိ)၊ မဂ္ဂံ-လမ်းကို၊ ဟတ္ထိနာ-ဖြင့်၊ အတိက္ကမတိ-လွန်သွား၏၊ အတိဟတ္ထယတိ- ဆင်ဖြင့်လွန်သွား၏၊ ဂီတံ-သီချင်းကို၊ ဝီဏာယ-စောင်းဖြင့်၊ ဥပဂါယတိ-သီဆို၏၊ ဥပဝီဏာယတိ-စောင်းဖြင့် သီဆို၏၊ ဝိရိယံ-ဝိရိယကို၊ ဒဠှံ-မြဲစွာ၊ ကရောတိ-၏၊ ဒဠှယတိ-မြဲစွာ ပြု၏၊ ရတ္တိ- ညဥ့်သည်၊ ဝိသုဒ္ဓါ-စင်ကြယ်သည်၊ ဟောတိ-၏၊ ဝိသုဒ္ဓယတိ-စင်ကြယ်၏၊ စဂ္ဂဟဏေန-ဖြင့် အာရ အာလ ဣတိ-အာရ, အာလ ဟူကုန်သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ သန္တံ—ငြိမ်သက်အောင်၊ ကရောတိ-၏၊ သန္တာရတိ- ငြိမ်သက်ဒအောင် ပြု၏၊ ဥပက္ကမံ-လုံ့လကို၊ ကရောတိ-၏၊ ဥပက္ကမာလတိ-လုံ့လကိုပြု၏၊ (၅၄၀)။

---

၄၃၉။ ဓာတုရူပေ။ ။ဓာတုယာ-ဓာတ်၏+ရူပံ- သဘောတည်း၊ ဓာတုရူပံ-ဓာတ်၏သဘော၊ [သဘာဝစသောအနက်ကို ဟောရာ၌ "ရူပံ"ဟု နပုလ္လိင်သာ အဘိဓာန်တို့၌ရှိကြ၏၊]"ဓာတ်၏သဘော"ဟူသည် ဓာတ်၏ရိုးရာ ဓာတ်၏ ထုံးစံ ဓမ္မတာအတိုင်း ကြိယာအနက်ကို ဟောခြင်းသဘောတည်း၊ ထိုဓာတ်၏ သဘောဖြစ်သော ကြိယာအနက်သည် အကြင်နာမ်ပုဒ်နောင် တွဲလျက်ရှိ၏၊ ထိုနာမ်ပုဒ်နောင် ထိုကြိယာအနက်၌ ဏာယပစ္စည်းသက်၊ ထင်ရှားစေအံ့— "ဟတ္ထိ" ဟူသော နာမ်ပုဒ်နောင် "လွန်သွားခြင်း"ဟူသော ကြိယာအနက် (ဓာတုရူပ) ဖြစ်၏၊ ထိုကြိယာအနက်၌ ဏာပစ္စည်း သက်ရသည်။

ဓာတွတ္ထနှင့်တူ။ ။ဤ "ဓာတုရူပေ"ဟူသော ပုဒ်သည် "ဓာတွတ္ထေ" ပုဒ်နှင့် သဘောတူ၏၊ ထို့ကြောင့် ကာတန္တ၌ "ဣန် ကာရိတံ ဓာတွတ္ထေ"ဟု သုတ်တည်သည်၊ [ဓာတွတ္ထေ—ဓာတ်၏အနက်၌၊ ဝါ-ကြိယာအနက်၌၊ နာမတော-နာမ်ပုဒ်မှနောက်၌၊ ဣန်-ဣန်ပစ္စည်း၊ (ကစ္စည်းအလို "ဏာယ" ပစ္စည်း) သက်၊ ကာရိတံ-ကာရိတ်လည်း မည်၏။ ]ဤ ပြခဲ့သောစကားအရ သုတ်၌ပါသော "ဓာတုရူပ"ဟူသည်"ဟတ္ထိ"စသော နာမ်ပုဒ်မဟုတ်၊ ဟတ္ထိစသည်၏ အနက် နောက်၌"လွန်သွားခြင်း"စသော ကြိယာတည်းဟု သိပါ။

ဟတ္ထိစသည်ကို ဓာတုရူပခေါ်ရသောနည်း။ ။ဟတ္ထိသဒ္ဒါသည် သူ့ချည်း သက်သက် ဓာတုရူပအမည် မရနိုင်၊ ဓာတ်နက်ကိုဟောသော ဏာယ ပစ္စည်းနှင့် တွဲရ၍ "အတိဟတ္ထယ, ဒဠှယ"စသည်ဖြစ်ရာ အခါကျမှ ဓာတုရူပအမည် ရနိုင်၏၊ ဝိဂ္ဂြိုဟ်ကိုလည်း "ဓတုယာ+ရူပံ ယဿာတိ ဓာတုရူပေါ" ဟု ဗဟုဗ္ဗိဟိပြု၊ ယဿ—အကြင် "အတိဟတ္ထယ"စသော သဒ္ဒါ၏၊ ဓာတုယာ-၏၊ ရူပံ—သဘောသည်၊ အတ္ထိ ဣတိသော ဓာတုရူပေါ-ဓာတ်သဘောရှိသောသဒ္ဒါမည်၏၊

ဝါ-ခာတ်ကဲ့သို့ လွန်သွားခြင်းစသော ကြိယာအနက်ကို ဟောနိုင်သောသဒ္ဒါ မည်၏၊ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ "နာမ်၏နောက်တွင်, ပစ္စည်းဝင်, နာမ်လျှင် မလွဲ, ခာတ်ဖြစ်မြဲ"ဟု ဆို၍ ဘောဒစိန္တာ၌လည်း....

"ဓာတွတ္ထဝါစကေနေဝ, ပစ္စယေန ပယောဂတော၊
နာမတ္တံ ပဇဟိတွာန, ဓာတုရူပေဝ တိဋ္ဌတေ"

ဟု မိန့်သည်။ [ဓာတွတ္ထဝါစကေန-ခာတ်နက် (ကြိယာ)ကို ဟောသော၊ ပစ္စယေန-ပစ္စည်းနှင့်၊ ပယောဂတော ဧဝ-ယှဉ်ရခြင်းကြောင့်သာ၊ နာမတ္တံ-နာမ် အဖြစ်ကို၊ ပဇဟိတွာန-စွန့်၍၊ ဓာတုရူပေဝ-ခာတ်၏ သဘော၌သာ၊ တိဋ္ဌတေ-တည်တော့၏။] နာမ်က ခာတ်ဖြစ်သကဲ့သို့ အာချာတ်က နာမ်ဖြစ်ပုံကိုလည်း နာမ်ခန်း၌ ပြခဲ့ပြီ။ ["ခာတ်၏သဘော၌+တည်၏"ဟု ဆိုသဖြင့် ခာတ်နှင့် သဘောတူ၏, ခာတ်သဘောရှိ၏"ဟု ဆိုရာရောက်၏၊ ထို့ကြောင့် ဓာတုရူပေကို "ဓာတုသဒိသဘာဝေ"ဟု ဒီပနီဖွင့်သည်။]

ကံ ကတ္တားရှိပုံ။ ။ဤနေရာဝယ် ခာတ်နှင့်သဘောတူပုံကို ထင်ရှားအောင် "ပုရိသော မဂ္ဂံ အတိဟတ္ထယတိ"ဟု ပါဠိစီကြည့်ပါ၊ ဂမုစသော ခာတ်နောင် တိစသော ဝိဘတ် သက်ရသကဲ့သို့, အတိဟတ္ထယဟူသော ကြိယာပုဒ်၌လည်း တိ စသောဝိဘတ် သက်ရ၏၊ "ပုရိသော မဂ္ဂံ ဂစ္ဆတိ"ဟု ဂစ္ဆတိအတွက် ကံ ကတ္တား ရှိသကဲ့သို့ အတိဟတ္ထယတိအတွက်လည်း "ပုရိသော မဂ္ဂံ"ဟု ကတ္တား ကံ ရှိနိုင် ၏၊ "ပုရိသေန မဂ္ဂေါ ဂစ္ဆိယတေ"ဟု ကံဟောဝါကျ ဖြစ်သကဲ့သို့ "ပုရိသေန မဂ္ဂေါ အတိဟတ္ထယီယတေ+ယောကျ်ားသည် လမ်းကို ဆင်ဖြင့် လွန်အပ်၏"ဟု ကံဟော ဝါကျလည်း ဖြစ်နိုင်၏၊ ဤသို့ အတိဟတ္ထယသည် ရိုးရာခာတ်များကဲ့သို့ မိမိဟောအပ်သော ကတ္တား ကံတို့ဖြင့် ထင်ရှားလျက် ရှိရကား အတိဟတ္ထယကို ဓာတုရူပဟု ဆိုရသည်။

အတ္တနာ ဝစနီယဿ, ကတ္တုကမ္မေဟိ ပါကဋော၊
သကတ္တုကော သကမ္မောတိ, ဓာတုရူပေါတိ, ဝုစ္စတိ။

အတ္တနာ-မိမိသည် (အတိဟတ္ထယစသော သဒ္ဒါသည်)၊ ဝစနီယဿ-ဟော အပ်သော ခာတ်နက်၏၊ ကတ္တုကမ္မေဟိ-ကတ္တား ကံတို့ဖြင့်၊ သကတ္တုကောတိ-ကတ္တားရှိ၏ဟုလည်းကောင်း၊ သကမ္မောတိ-ကံရှိ၏ဟုလည်းကောင်း၊ ပါကဋော-ထင်ရှား၏၊ (တသ္မာ - ကြောင့်၊) ဓာတုရူပေါတိ - ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ - ဘောဒစိန္တာ။

ပဗ္ဗတာယ စသည်လည်း ဓာတုရူပပင်။ ။"အာယ နာမတော, ဤယူပမာ နာစ, နာမမှာတ္တိစ္ဆတ္ထေ"သုတ်တို့၌ လာသော "ပဗ္ဗတာယ" စသောသဒ္ဒါတို့ လည်း ပဗ္ဗတစသောနာမ်ပုဒ်နောင် ခာတ်နက်ကိုဟောသော အာယ-ဤယပစ္စည်း

တို့နှင့် တွဲယှဉ်ရသောကြောင့် ဓာတုရူပအမည် ရသည်ပင်၊ ထို့ကြောင့် ဘေဒ စိန္တာဒီပနီ၌ “ယော ပဗ္ဗတာယာဒိ သဒ္ဒေါ အာစရတဟျာဒိ ဓာတုယာ” စသည် ဖြင့် ဖွင့်သည်။

**မေးဖွယ်။** ။“အာယ နာမတော”စသော သုတ်များ၌ အဘယ့်ကြောင့် “ဓာတုရူပေ”ဟု မဆိုခဲ့ပဲ ဤသုတ်ကျမှ ဆိုရသနည်းဟု မေးဖွယ်ရှိ၏၊ ထိုသုတ် များ၌ “အာစရဏကြိယာ, ဣစ္ဆာကြိယာ”ဟု ကြိယာတမျိုးစီသာ (ဓာတ်နက် တမျိုးစီသာ) ရှိကြ၏၊ ထို့ကြောင့် “အာစာရေ, ဣစ္ဆတ္ထေ” ဟု အနက်ကို တိုက်ရိုက် ဖော်ပြနိုင်ရကား “ဓာတုရူပေ ”ဟု ဆိုဖွယ်မလို၊ ဤသုတ်၌ကား “အတိက္ကမန, ဥပဂါယန, ကရဏ”စသည်ဖြင့် ဓာတ်နက်တွေများသောကြောင့် တိုက်ရိုက် ဖော်ပြဖို့ရာ များပြားသည့်အတွက် ဓာတ်နက်ကို တိုက်ရိုက်မဖော်ပြ တော့ပဲ ပါဝင်နိုင်သမျှ ဓာတ်နက်တွေကို သိမ်းကြုံးဖို့ရာ “ဓာတုရူပေ”ဟု မိန့်ရ လေသည်။ [ဤ ဓာတုရူပ သဒ္ဒါများနောင် မာန အန္တ ပစ္စည်းများလည်း သက်၍ “ပဗ္ဗတာယမာနော, ပဗ္ဗတာယန္တော”စသည် ဖြစ်၏။]

**သာမညဆိုသော်လည်း သင့်ရာကိုယူ။** ။“ဓာတုရူပေ”ဟု ဓာတ်နက် သာမညကိုလည်းကောင်း“နာမတ္တ”ဟု နာမ်သာမညကိုလည်းကောင်း ဆိုထား သော်လည်း အမှတ်မရှိသော နာမ်ပုဒ်နောင် အမှတ်မရှိသော ဓာတ်နက်၌ ဏာယပစ္စည်း မသက်ရ၊ ပါဠိတော်အားလျော်စွာ (သဒ္ဒါ၏ ဟောစွမ်းနိုင်သည့် အားလျော်စွာ) အကြင် နာမ်ပုဒ်နောင် အကြင် ဓာတ်နက်၌ ဏာယပစ္စည်း သက် ထားသည်ကို ပါဠိ၌ တွေ့မြင်ရ၏၊ ထိုနာမ်ပုဒ်နောင် ထိုဓာတ်နက်၌သာ ဏာယ ပစ္စည်း သက်ရမည်၊ ဥပမာ—ဟတ္ထိဟူသော နာမ်ပုဒ်နောင် အတိက္ကမန အနက် ၌သာ ဏာယပစ္စည်းသက်၊ ထိုဟတ္ထိနောင် ဥပဂါယနအနက်၌မသက်နိုင် စသည် ဖြင့် သိပါ၊ [ယဇ္ဇပိ ဓာတဝေါ ဘူဒယော, တေသ·မတ္ထာ သတ္တာဒယော၊ တထာပိ ယသ္မာနာမတော ယသ္မိံ ဓာတွတ္ထေ ဣ(ဏာယ)ဒီဿတေ၊တသ္မာ တသ္မိံ ဘဝတိ၊ အဘိဓာနာ, ဝါဒိကရဿ ဗဟုလတ္တတ္တာဝါ။—ကာတန္တဋီကာ။]

**ပုံစံများ။** ။“ဟတ္ထိနာ အတိက္ကမတိ”သည် အတိဟတ္ထယတိ၏ အနက်ပြ ဝါကျတည်း၊ “အတိဟတ္ထိ”တည်, နာသက်, ဤကိုဣရဿပြု,(အတိဟတ္ထိနာ)၊ ဟတ္ထိနာ-ဖြင့်၊ အတိက္ကမတိ· လွန်သွား၏၊ ဣတိအတ္ထေ-၌၊ ဤသုတ်ဖြင့် အတိ ဟတ္ထိနာနောင် ဏာယသက်၍ ကာရိတ်လည်း မှည့်, ဏ် အနုဗန် ချေ, တေသံ ဝိဘတ္တိယော လောပါစဖြင့် နာဝိဘတ်ချေ, အတိဟတ္ထိဟု ပကတိပြု, ဒွင်း,ချေ, ကပ်, (အတိဟတ္ထယ) တိသက်, အတိဟတ္ထယတိ ပြီး၏။ [ရူပသိဒ္ဓိ၌ “ဏာလောပ, ဝိဘတ္တိလောပ, သရလောပါဒီသု” ဟု ဝိဘတ်ချေဖို့ရန် ပြထားသောကြောင့် “အတိဟတ္ထိနာ” ဟူသော ဝိဘတျန္တပုဒ်နောင် ဏာယပစ္စည်း သက်ရကြောင်းကို သိပါ။]

**ဥပဝိဏာယတိ စသည်။** ။"ဥပဝီဏာ"ဟု ဣတ္ထိလိင် အာကာရန္တဖြင့် တည်၍, နာသက်, အာယပြု၍ (ဥပဝီနာယ)၊ ဝီဏာ-ယ-ဖြင့်၊ ဥပဂါယတိ-၏၊ ဣတိအတ္ထေ-၌၊ ဤသို့ စသည်ဆို၍ ဥပဝီဏာယတိကိုလည်း တွက်၊ ဒဠှနောင် အံသက်၊ ဒဠှံ-အောင်၊ ကရောတိ-၏၊ ဣတိအတ္ထေ-၌၊ ဝိသုဒ္ဓါ-နောင် သိသက်, ချေ၊ ဝိသုဒ္ဓါ-သည်၊ ဟောတိ-၏၊ ဣတိအတ္ထေ-၌၊ ဤသို့ဆို၍ ဏာယသက်၊ပမာဏံ ကရောတိ ပမာဏယတိ - ပမာဏကို ပြု၏၊ **အမိဿံ ကရောတိ, အမိဿယတိ— မရောနှောအောင်ပြု၏၊** သုခံ **ကရောတိ** သုခယတိ-သုခကို **ပြု၏**၊ ဒုက္ခံ **ကရောတိ**, ဒုက္ခယတိ-ဒုက္ခကို ပြု၏၊ ဝါ-ဆင်းရဲကို ပြု၏၊ ကုသလံ ပုစ္ဆတိ, **ကုသလယတိ**-ကျန်းမာကြောင်းကို မေး၏၊ ကဏ္ဍူယာ ဘဝတိ, ကဏ္ဍူယာယတိ-ယား**၏**၊ မေတ္တာဖရဏံ, မေတ္တယနံ-မေတ္တာကို ဖြန့်ခြင်း၊ ဗီဿပြု၍ "မေတ္တာယနံ" လည်း **ရှိ၏**၊ ဤသို့ **စသည်ဖြင့်** ဓာတုရူပ၌ ဏာယပစ္စည်းပုံစံ များစွာရှိသည်။

**ဥပသာရ ကူစွက်ရပုံ။** ။**အတိက္ကမန** ( **လွန်သွားခြင်း** ) အနက်၌ ဏာယ **ပစ္စည်း** သက်သောကြောင့်"ဟတ္ထိယ"ဟုဆိုလျှင်"ဆင်ဖြင့်+လွန်သွား"ဟူသော **အနက်ကို** သိနိုင်ပြီမဟုတ်လော၊ အဘယ့်ကြောင် အတိဥပသာရကူစွက်၍"အတိ ဟတ္ထယ"ဟု ဆိုရသနည်းဟု မေး၊ **အဖြေကား- အတိက္ကမန** အနက်၌ ဏာယ ပစ္စည်းသက်နိုင်သည်ကားမှန်၏၊သို့သော်"ဟတ္ထာယ"ချည်းဆိုလျှင်"လွန်သွား" ဟူသော အနက်အထူးကို မပြနိုင်သောကြောင့် အတိဥပသာရ ကူစွက်၍ "အတိ ဟတ္ထယ"**ဟု** ဆိုရသည်၊ ဥပဂါယတိ၌ ဥပဟူသော ဥပသာရ ကူစွက်ရပုံကို**လည်း** ဤနည်းအတိုင်း သိ။ ["အတိဟတ္ထယတိတိ **အာဒီသု** ပါဒိဝိသိဋ္ဌေ (ပ - အစ **ရှိသော** ဥပသာရတို့ဖြင့် အထူးပြုအပ်သော) **ဓာတွတ္ထေ** ဣဿ (ကစ္စည်းအလို ဏာယဿ ) ဝိဓာနေပိ **ကေဝလဿ** ဣပ္ပစ္စယန္တဿ ( ဏာယ ပစ္စယန္တဿ) ဝိသေသဇောတနေ နသာမတ္ထိယန္တိ ဣပစ္စယန္တဿ ပါဒိယောဂေါ"— **မောဂ္ဂ လ္လာန် ပဥ္စိကာ**၊] ဒဠှယ - ဝိသုဒ္ဓယတို့၌**ကား** ဥပသာရ မကူစွက်ရပဲ ကရောတိ **အနက်** ဟောတိအနက်ကို ပြနိုင်သောကြောင့် ဥပသာရ မပါတော့ချေ။

**စဂ္ဂဟာဏေန။** ။တိုက်ရိုက် မဆိုအပ်သည်ကို ဆည်းခြင်း **သမုစ္စည်း** အနက် **ရှိသော** စသဒ္ဒါဖြင့် ကရဓာတ်၏ အနက်၌ အာရ-အာလပစ္စည်းသက်၍"သန္တာ ရတိ, ဥပက္ကမာလတိ" ဟု ရုပ်ဖြစ်၏၊ သန္တ, ဥပက္ကမတည်, အံသက်, သန္တံ **ကရောတိ**, ဥပက္ကမံ **ကရောတိ**ဟူသော အနက်၌ ဤသုတ်လာ စသဒ္ဒါဖြင့် **အာရ- အာလ** သက်, ဝိဘတ်ချေ, **တိသက်**။[ဤ စဂ္ဂဟာဏေနစသောပါဌ်လည်း **ကစ္စည်း** မူဟောင်းပါဌ် မဟုတ်, ဋီကာ- ဗျာချာန်တို့၏ စကားကိုယူ၍နောက်ဆရာတို့ ထည့်ပါဌ်ဟု ဆိုကြကြောင်း,ဉာသအလိုအားဖြင့်"ကာရိတ"ပုဒ်ကို ငင်**သော** အနုကဍ္ဎန ဖြစ်ကြောင်းကိုလည်းကောင်း, အတ္ထဗျာချာန်၌ သကတ္ထဝယ် အာရ- **အာလ**သက်ဟု ဆိုကြောင်း**ကိုလည်း**ကောင်း နိဒ္ဒေသ ဖွင့်ပြသည်။]

ဘာ ၁ဝ ကမ္မေသုယော ၄၄၀။ **သဗ္ဗေဟိ ဓာတူဟိ-၌၊ ဘာ ၁ဝကမ္မေသု-တို့၌၊ ယ ပစ္စယော ဟောတိ၊** ဌိယတေ—တည်ခြင်း, တည်ရာ၏၊ ဗုဇ္ဈ တေ—သိခြင်း, သိအပ်၏၊ ပစ္စတေ—ချက်ခြင်း, ချက်အပ်၏၊ လဗ္ဘတေ—ရခြင်း, ရအပ်၏၊ ကရီယတေ—ပြုခြင်း, ပြုအပ်၏၊ ဣဇ္ဇတေ—ပူဇော်ခြင်း, ပူဇော်အပ်၏၊ ဥစ္စတေ— ဆိုခြင်း, ဆိုအပ်၏၊ ဘာ ၁ဝ ကမ္မေသူတိ ကိမတ္ထံ၊ ကရောတိ—ပြု၏၊ ပစတိ-ချက်၏၊ ပဌတိ—ရွတ်ဆို၏၊ ဣတိ—၏၊ (၄၄၅)။

---

**နမောတွဿော**။ ။ (မောဂ္ဂလ္လာန်သုတ်) နမောတော - နမောသဒ္ဒါမှ နောက်၌၊ ကရောသိ-ကရောတိအနက်၌၊ အဿော-အဿပစ္စည်းသည်၊ ဟောတိ၊ တထာဂတံ-တို့၊ နမဿတိ - ရှိခိုး၏၊ နမော- တည်, အံသက် (နိပါတ်ဖြစ်၍ သဗ္ဗာသမာဝုသောဖြင့်)ချေ, "နမော- ရှိခိုးခြင်းကို၊ ကရောတိ-ပြု၏" ဟူသော အနက်၌ ဤသုတ်ဖြင့် " အဿ " ပစ္စည်းသက်, စသည်၊ ဤသို့ နမောနောင် ကရောတိအနက်၌ အဿပစ္စည်းသက်ခြင်းသည် "နပဿန္တိတိ နမော ကရောန္တိ" ဟူသော သုတ္တန်ပါတ် ဝါသေဌ သုတ္တဌကထာနှင့် ညီ၏၊ ဓာတ်ကျမ်းတို့၌ကား "နမဿ=ဝန္ဒနာယံ"ဟု နမဿဓာတ် ဆိုသည်။

**သစ္စာဒီဟာပိ(သုတ်)**။ ။သစ္စာဒီဟိ-သစ္စ အစရှိသောသဒ္ဒါတို့မှ နောက်၌၊ ဓာတွတ္ထေ-ဓာတ်၏ အနက်၌၊ အာပိ - အာပိပစ္စည်း၊ ဟောတိ၊ သစ္စာပေတိ— (သစ္စံ+အာစိက္ခတိ)သစ္စာ ဆို၏၊ အတ္ထာပေတိ- (အတ္ထံ+အာစိက္ခတိ)- အနက် ဆို၏၊ ဝေဒါပေတိ(ဝေဒိ+အာစိက္ခတိ)-ဝေဒကို ဆို၏၊ သုက္ခာပေတိ-(သုက္ခံ+ ကရောတိ)-ခြောက်သွေ့သည်ကို ပြု၏၊ သုခါပေတိ(သုခံ+ဝေဒယတိ)-သုခကို ခံစား၏၊ ဒုက္ခာပေတိ(ဒုက္ခံ+ဝေဒယတိ)-ဒုက္ခကို ခံစား၏၊ သစ္စတည်, အံသက်၊ သစ္စံနောင် ဤသုတ်ဖြင့် အာပိပစ္စည်းသက်, (သစ္စာပိ)တိသက်, သုတ်ကြီးဖြင့် ဣ ကို ချေ, သစ္စာပေတိ စသည်ဖြစ်၏။ [ "ပုတ္တေစေဝ ပုတ္တေစ, သုခါပေယျ မဟောသဓော=မဟောသဓောသည် သား သမီး မြေး မြစ်တို့ကို ချမ်းသာစေရစ် ရာ၏"ဟူရာ၌ကား သုခဓာတ် ကာရိတ် ဏာပေပစ္စည်းဖြင့် ပြီး၏။]

---

**၄၄၀။ ဘာ ၁ဝ ကမ္မေသု**။ ။"ဘောအနက်"ဟူသည် ကတ္တားအနက် ကံ အနက်တို့နှင့် မရောနှောသော သက်သက် ဓာတ်အနက်သာတည်း၊ ချဲ့ဦးအံ့—ကရော တိ-ပြု၏၊(ပြုတတ်၏)ဟူရာ၌ "ပြု"ဟူသော အနက်သည် ကရဓာတ်၏ အနက်, "တတ်"ဟူသော အနက်သည် ကတ္တုကာရက ခေါ်ရသော ကတ္တားနက်တည်း၊ "ပစ္စတေ- ချက်အပ်၏"ဟူရာ၌"ချက်"ဟူသောအနက်သည် ပစဓာတ်၏အနက်၊ "အပ်"ဟူသော အနက်ကား ကမ္မကာရကဟု ခေါ်ရသော ကံ အနက်တည်း၊ [ဘာ ၁ဝ ကမ္မေသု၌ ကံ အနက်ဟူသည် "အပ်"ဟု ပေးရသော ဤ အနက်ပင်

တည်း။] ထို့ကြောင့်''ကရောတိ ပစ္စတေ''တို့၌ ကရ-ပစဓာတ်တို့၏ အနက်ဝယ် ကံ ကတ္တား အနက်များနှင့် ရောလျက်ရှိ၏၊ ဘာဝအနက်ကား ထို ကံ ကတ္တား အနက်နှင့် မရောပဲ ''ပြု,ချက်''စသော ဓာတ်နက်သက်သက်သာတည်း၊ မြန်မာ ပြန်ရာ၌ ''ပြု,ချက်''စသည်နောင်''ခြင်း''ဟူသော အသံကို ဒ.ပိုထည့်၍''ကရ= ကရဏ - ပြုခြင်း၌'' စသည်ဖြင့် ဓာတ်အနက် ဆိုကြ၏၊ ထို ဆိုရိုးအတိုင်းပင် ''ကရိယတေ=ပြုခြင်း''စသည်ဖြင့် ဘာဝအနက်ကို မြန်မာပြန်ကြ၏၊''ပြုရာ၏'' ဟု ''ရာ''ထည့်ခြင်းမှာလည်း မြန်မာသုံး ဘာဝအနက် တမျိုးပင်တည်း။

ကြိယာသာမညဖြစ်၍ ဧကဝုစ်သာ။ ။ထိုဘာဝကိုပင်''ကြိယာ''ဟု လည်း ခေါ်ကြ၏၊ ကြိယာဟူသည်ကား '' ပြုနေပုံ အမူအရာ, မီးမှုတ်လိုက် ထမင်းအိုး တည်လိုက်နှင့် ချက်နေပုံ အမူအရာ, ခြေကို မြှောက်လိုက် ချလိုက်နှင့် သွားနေပုံ အမူအရာ အခြင်းအရာတည်း၊ ထို အမူအရာ အခြင်းအရာသည် ကတ္တားအများ ကံအများနှင့်ဆက်ဆံ၍ သာမညဖြစ်နေ၏၊လူအများသွားရာ၌ သွားခြင်းကြိယာ သည်တမျိုးတစားတည်းသာ၊ထမင်းအများကိုချက်ရာ၌လည်း ချက်ခြင်းကြိယာ သည် တမျိုးတစားတည်းသာ၊ဤသို့ အများနှင့်ဆက်ဆံ၍ သာမန်တမျိုးတစား တည်း ဖြစ်သောကြောင့် ဘာဝအနက်ကိုဟောသော ကြိယာပုဒ်များ၌ ဧကဝုစ် သာ ဖြစ်ရသည်ဟု (ဘာဒစိန္တာ စသည်၌) ဆို၏။

ဓာတွတ္ထော ကာရကာမိဿော, သုဒ္ဓေါ ဘာဝေါတိ မန္ယတေ၊
သော ကြိယာ သာစ သာမညံ, တဿေ-ကတ္တံ ပတီယယေ။

ပဌမပုရိသ်သာ။ ။ဘာဝ အနက်ဟူသည် ဓာတ်၏ အနက် ( ကြိယာ ) သက်သက်သာဖြစ်သောကြောင့် တုမှ, အမှ သဒ္ဒါတို့နှင့် အရမတူနိုင် (တုလျာဓိ ကရဏ မဖြစ်နိုင်)ကြ၊ ထို့ကြောင့် မဇ္ဈိမ ဥတ္တမပုရိသ်များလည်း သက်ခွင့် မရှိ ချေ၊ ဝိဘတ်မပါလျှင် ပုဒ်ရာ မဝင်သောကြောင့် (လိင်အနက်၌ ပဌမာဝိဘတ် ဧကဝုစ်သာ သက်ရသကဲ့သို့)ထိုကြိယာ သာမညအနက်၌ ပဌမပုရိသ်သာ သက်ရ တော့သည်၊....ဘာဝေ ပန ပဌမပုရိသေကဝစနမေဝ၊အသတ္တဘူတာယ ကြိယာ ယ ဘေဒါ-ဘာဝါ, တုမှာမှ သဒ္ဒဝစနီယတ္တာ - ဘာဝါ မဇ္ဈိမုတ္တမပုရိသာ- သမ္ဘဝါစ=ဘာဝ အနက်၌ကား ပဌမပုရိသ် ဧကဝုစ်သာ၊ (ဘာ့ကြောင့်နည်း)၊ ဒြပ်ဟော မဟုတ်သော ကြိယာ၏(သာမညဖြစ်၍) အကွဲအပြားမရှိခြင်းကြောင့် လည်းကောင်း, တုမှ အမှသဒ္ဒါတို့ ဟောအပ်သည်၏အဖြစ် မရှိသည့်အတွက် မဇ္ဈိမပုရိသ် ဥတ္တမပုရိသ်တို့ မဖြစ်သင့်သောကြောင့် လည်းကောင်း, တည်း— မောဂ္ဂလ္လာန်။

အဝုတ္တကံကတ္တား ထည့်ရပုံ။ ။''ဘာဝအနက်ဟူသည် ဓာတ်နက်ကြိယာ တည်း''ဟုလည်းကောင်း, ထိုဘာဝဟောကြိယာပုဒ်၌ ဝိဘတ်မပါလျှင် ပုဒ်ရာ မဝင်သောကြောင့် ပဌမပုရိသ် ဧကဝုစ်မျှ သက်ရကြောင်းကို လည်းကောင်းသိရ ပေပြီ၊ သို့ဖြစ်လျှင် ထို ဘာဝဟော ကြိယာပုဒ်သည် ကံ ကတ္တားကို မဟော

သောကြောင့် ကတ္တားပုဒ် ကံပုဒ်များထည့်ဖွယ်လိုပါသေးသလော-ဟု မေးဖွယ်ရှိ၏၊ အဖြေကား-ပြုလုပ်သူ ကတ္တားမရှိလျှင် "ဘော"ဟု ဆိုအပ်သော ထိုကြိယာသည်ပင် မဖြစ်နိုင်၊ "ကတ္တုသုညာ ကြိယာနာမ နတ္ထိ"နှင့်အညီ ကတ္တားမှ ကင်းဆိတ်သော ကြိယာဟူ၍ မရှိ၊ ထို့ကြောင့် ဘောဟော ကြိယာပုဒ်၏ ကတ္တားကိုလည်းကောင်း, သကမ္မကကြိယာများ၌ (ကံပါမှ ထိုကြိယာ ပြည့်စုံ) သောကြောင့် ကံကိုလည်းကောင်း ထည့်ရ၏၊ ထိုသို့ထည့်ရာဝယ် ကတ္တား ကံ ၂ မျိုးလုံးကိုပင် ဘောဟောကြိယာပုဒ်က မဟောသောကြောင့် အဝုတ္တကတ္တား အဝုတ္တကံကိုချည်း ထည့်ရသည်။

သယံ ဘောတုံ န သက္ကောတိ, ဘာဝေါ အသတိ ကတ္တရိ၊
ဘာဝဿာဓန ဟေတုတ္တာ, တသ္မာ ကတ္တာ ပယုဇ္ဇတေ။

ကတ္တရိ-ကတ္တားသည်၊ အသတိ-မရှိလျှင်၊ ဘာဝေါ-ကြိယာသည်၊ သယံ ဘောတုံ-မိမိဘာသာ ဖြစ်ခြင်းငှာ၊ နသက္ကောတိ-မစွမ်းနိုင်၊ တသ္မာ ဘာဝဿာဓန ဟေတုတ္တာ - ထိုသို့ ဘောဟောကြိယာ ပြီးခြင်း၏အကြောင်း၏ အဖြစ်ကြောင့်၊ ကတ္တာ-ကတ္တားကို၊ ပယုဇ္ဇတေ-ယှဉ်စပ်အပ်၏၊ [သကမ္မကကြိယာ၌ "ပုရိသေန ဩဒနံ ပစ္စတေ-ယောကျ်ားသည် ထမင်းကို ချက်ခြင်း"ဟု ကံထည့်၍ ဝါကျစီပါ၊ "မဟာသမ္မု, အစုံဘာ၌,သဒ္ဒ ၃ သွယ်, ဝုစ် ၂ သွယ်, လဲလှယ် သွင်း၍ ဆင့်"နှင့် အညီ ပုရိသေန အရာဝယ် "ပုရိသေဟိ, တယာ, တုမှေဟိ, မယာ, အမှေဟိ,"ကတ္တား ၅ မျိုး လဲလှယ်၍လည်း ဝါကျစီပါ၊ ကတ္တား ၆ မျိုးတည်, ကံ ၆ မျိုးဖြင့် မြှောက်၍=၃၆ ဝါကျ ရလိမ့်မည်။]

ဆင္ဒိကတ္တားကံ မလို။ ။အချို့ကား တတိယာကတ္တား၏ ကိုယ်စား ဆင္ဒိကတ္တားကိုလည်းကောင်း,ဒုတိယာကံ၏ ကိုယ်စား ဆင္ဒိကံကိုလည်းကောင်း ထားလိုကြသေး၏၊သို့သော် သမ္မန်အဖြစ်ဖြင့်လည်းကောင်း ကံ-ကတ္တား အဖြစ်ဖြင့် လည်းကောင်း စပ်၍ ရကောင်းရာ၌ ဆင္ဒိ ကတ္တားကံကို ထားခွင့်ရှိ၏၊ ကတ္တား သက်သက် ကံသက်သက်၌ကား ဆင္ဒိ ကတ္တားကံများကို ထားခွင့်မရှိ၊ အာချာတ် ဘောဟော ကြိယာများ၌ ထိုကဲ့သို့ သမ္မန်အဖြစ်ဖြင့် မစပ်နိုင်ရကား ဆင္ဒိကတ္တား ကံများကို အလိုမရှိထိုက်ဟု သဒ္ဒနီတိ မိန့်သည်၊ [ယထာစ ဌာနံ ဌိတိ ဘဝနံတိ အာဒီဟိ ဘာဝဝါစက ကိတန္တ နာမပဒေဟိ သဒ္ဓိံ သမ္ဗန္ဓေ ဆဋ္ဌီဝယောဇန-မိစ္ဆန္တိ၊ န တထာ ဌီယတေ ဘူယတေတိ အာဒီဟိ ဘာဝဝါစကာချာတပဒေဟိ သဒ္ဓိံ သမ္ဗန္ဓေ ဆဋ္ဌီယောဇနာ ဣစ္ဆိတဗ္ဗာ၊(ကသ္မာ) သမ္ဗန္ဓေ ပဝတ္တဆဋ္ဌီယန္တပဒေဟိ အသမ္ဗန္ဓနီယတ္တာ အာချာတိက ပဒါနံ။ ကြိယာကားအရ "ပုရိသဿ ဩဒနံ ပစ္စ-တေ" "ပုရိသေန ဩဒနဿ ပစ္စတေ"ဟု ဆင္ဒိ ကတ္တား ကံဖြင့် ပါဠိမစီအပ် ဟု ဆိုလိုသည်။

ပုရိသ် ၃ ပါး,ဝုစ် ၂ ပါး ဝါဒ။ ။"အာချာတ် ဘောဟောကြိယာပုဒ်၌ ပဌမပုရိသ် ကေစုစ်သာ၊ ထိုပုဒ်၏ ကတ္တား၌ တတိယာ, ကံ၌ ဒုတိယာသက်၏"

ဟူသော အယူသည် များစွာသောဆရာတို့ အယူတည်း၊ သဒ္ဒနီတိကား "ရူပံ ဝိဘဝိယျတိ" ဟူသော နိဒ္ဒေသပါဠိကိုထောက်၍ ဘောဟောအာချာတ်ကြိယာ၏ ကတ္တားဌ် ပဌမာဝိဘတ်သာ သက်ရမည်၊ ဤသို့ ပဌမာဝိဘတ်ကို ပါဠိတော်၌ တိုက်ရိုက်တွေ့ရသဖြင့် ထိုပါဠိတော်အားလျော်စွာ ပုရိသ် ၃ပါး ဝုစ်၂ပါးလည်း ရှိသင့်သည်-ဟု ဆိုလိုသည်၊ ချဲ့ဦးအံ့– "ဝိဘဝိယျတိ" သည် (ဘဝတိကဲ့သို့ မဟုတ်ပဲ)ယပစ္စည်းပါသောကြောင့် ကတ္တုရုပ်မဟုတ်၊ အကမ္မကဓာတ်ဖြစ်သော ကြောင့် ကမ္မရုပ်လည်း မဟုတ်၊ ဘာဝရုပ်သာ ဖြစ်ထိုက်၏၊ ထို့ကြောင့် "ရုပံ-ရုပ်သည်၊ ဝိဘဝိယျတိ-ကင်းချုပ်ခြင်း,ကင်းချုပ်ရာ၏" ဟု အနက်ပေး၍ ထိုပါဠိ အားလျော်စွာ "ရူပါနိ ဝိဘဝိယျန္တိ, တွံ ဝိဘဝိယျသိ, တုမှေ ဝိဘဝိယျထ, အဟံ ဝိဘဝိယျာမိ, မယံ ဝိဘဝိယျာမ၊ရူပံ ဝိဘဝိယျတေ" ဤသို့ စသည်ဖြစ်၏။

ပစ္စတ္တ ဒဿနေနေဝ, ပုရိသတ္တယ ယောဇနံ၊
ဝစနေဟိ ယုတံ ဒ္ဒိဟိ, ဉာတဗ္ဗံတိ နော ရုစိ။

ပုံစံများ။ ။ဒ္ဒိယတေ၌ ဌာဓာတ်သည် အကမ္မကဓာတ်ဖြစ်၍ "တည်ခြင်း တည်ရာ၏" ဟုသာ ပေးနိုင်၏၊ "တည်အပ်၏" ဟု ကံအနက် မပေးနိုင်၊ နောက် ပုဒ်များ၌ကား သကမ္မကဓာတ်များဖြစ်၍ "အပ်" ဟူသော ကံအနက်နှင့် "ခြင်း" ဟူသော ဘာဝအနက် ၂ မျိုးလုံး ပေးရသည်၊ရုပ်တွက်ပုံကို ဤသုတ်နှင့် နောက် သုတ်ဝယ် အခြေပြု၍ပြထား၏၊ထိုသုတ်များ၌မပါသော ဋီယတေစသည်ကိုကား "ဌာ" တည်၊ "ဌာ=ဂတိနိဝတ္တိမှိ" ဟူသော အနက်၌ ဓာတ်မည်၊ တေဝိဘတ်, ယပစ္စည်းသက်၊ ဣဝဏ္ဏာ ဂမောဝါသုတ်ဖြင့် ယ ပစ္စည်းကြောင့် (ဤ) လာ၊ ဌာ၏ အာချေ၊ဌကို ဤသို့ကပ်၊ လဗ္ဘတေကို လဘတည်၊ လဘ=လာဘေ" ဟူသော အနက်၌ ဓာတ်မည်, ဓာတွန်ချေ၊ တေ+ယသက် (လဘ်ယတေ)၊ ပုဗ္ဗ ရူပဥ္စသုတ်ဖြင့် ယပစ္စည်းကို ပုဗ္ဗရုပ် ဘပြု လဘ်ဘတေ၊) ကွစိဓာတုသုတ်ကြီးဖြင့် ဓာတွန်(ဘ်)ကို ဗ်ပြု၊ လဗ္ဘတေပြီး၏။[ရူ၌ ကွစိဓာတုဖြင့် ဗပြု၏၊ ချာသ၌ကား ဒေါမဿစ၌ စသဒ္ဒါဖြင့် ဗပြုသည်၊ ဓာတ်အစုဖြစ်၍ ရူစိရင်ပုံသာ ထုံးစံကျ၏။]

[ဆောင်] ပုဗ္ဗရူပ, သုတ်အရဖြင့်, လဘာ ဘတေ, ရုပ်ဖြစ်နေသော်,မသွေ ကွစိ, ဓာတုဝိဖြင့်, ရှေးရှိဘခုန်း, ဗထက်ပြိုက်သုံး, ရုပ်လုံး လဗ္ဘတေဖြစ်။

**ကရီယတေ စသည်**။ ။ကရီယတေ၌ကား ကရဓာတ်, တေဝိဘတ်, ယ ပစ္စည်း, ဤလာ၊ ဣက္ခတေကို ယဇဣာဒိဿိသုတ် ကြည့်၊ ဥစ္စတေ၌ "ဥစ= ဝိယတ္တိယံ ဝါစာယံ" ဟူသော အနက်၌ ဓာတ်မည် ဟုဆို၍ ပစ္စတေအတိုင်း တွက်၊ ကာရေတိစသော ရုပ်များကား ဘောကံမရှိ၍ ယပစ္စည်း မသက်ရ၊ကာရေ တိကို တနာဒိတော ဩ ယိရာသုတ် ကြည့်၊ပစတိကို ဘူဝါဒိတောအ သုတ်ကြည့်၊ ပဌတိကိုလည်း "ပဌ=ဝိယတ္တိယံ ဝါစာယံ" ဟုဆို၊ ဓာတ်မည်ပစတိအတိုင်းတွက်။

**တဿ စဝဂ္ဂ.... သဓာတွတ္ထဿ**

၄၄၁။ ဓာတူနံ - တို့၏၊ **အန္တေန** - အဆုံးနှင့်၊ သဟ - **တကွ**၊ ယထာသမ္ဘဝံ-ဖြစ်သင့်သည် **အား**လျော်စွာ၊ တဿ ယပစ္စယဿ ထို ယပစ္စည်း၏၊ **စဝဂ္ဂ**ယကာရ ဝကာရတ္တံ - **စဝဂ်အဖြစ်**, **ယ**အဖြစ်, **ဝ** အဖြစ်**သည်**၊ ဟောတိ၊ ဝုစ္စတေ-ဆိုခြင်း,ဆို**အပ်**၏၊ ဝုစ္စ**တေ-ဆို**အပ် **ကုန်**၏၊ ဥစ္စတေ- ဆိုခြင်း, ဆိုအပ်၏၊ ဥစ္စန္တေ - **ဆို**အပ်ကုန်**၏**၊မဇ္ဇတေ·ပွတ်တိုက် ခြင်**း**, ပွတ်တိုက်အပ်၏၊ မဇ္ဇန္တေ-ပွတ်တိုက်အပ်ကုန်၏၊ ပစ္စတေ၊ပေ၊ဗုဇ္ဈန္တေ (ရှေ့ သုတ်၌ ပေးခဲ့ပြီ၊) ယုဇ္ဇတေ- ယှဉ်ခြင်း, ယှဉ်အပ်၏၊ ယုဇ္ဇန္တေ-ယှဉ်**အပ်**ကုန်၏၊ ကုဇ္ဈတေ-စိတ်ဆိုးခြင်း, စိတ်ဆိုး**အပ်**၏၊ ကုဇ္ဈန္တေ-ကုန်၏၊ ဥဇ္ဈတေ-စွန့်ခြင်း, စွန့်**အပ်**၏၊ ဥဇ္ဈန္တေ-ကုန်၏၊ ဟညတေ·သတ်ခြင်း, **သတ်**အပ်၏၊ ဟညန္တေ- ကုန်၏၊ ကယျတေ·ပြုခြင်း, ပြုအပ်၏၊ ကယျန္တေ-ကုန်၏၊ ဒိဗ္ဗတေ·ကစားခြင်း, ကစားအပ်၏၊ ဒိဗ္ဗန္တေ-ကုန်၏၊ (၄၄၇)။

---

၁၄၄။ **တဿ၊ ပေ၊ယထာသမ္ဘဝံ**။ ။ဘာဝကမ္မေသုယောသုတ်မှ"**ယော**" ပုဒ်ကို ဝိဘတ်ပြင်၍ "ယဿ"**ဟု** လိုက်စေလျှင် ပြီးကောင်းလျက် "တဿ"ဟု ထည့်ရခြင်းသည် အဘယ် **အကျိုး**ရှိသနည်း-ဟု **မေး**ဖွယ်ရှိ၏၊ "ယဿ"ဟု လိုက်စေလျှင် **သာ**မည ယပစ္စည်း ဖြစ်သောကြောင့် ကတ္တားဟော ဒိဝါဒိယ ပစ္စည်**း**ပါ ယူခွင့်ရှိ၏၊ "တဿ-ထို ယပစ္စည်း"ဟု တိုက်ရိုက် ဆို**ထား**ခြင်းကြောင့် **ကား** "ဘာဝကမ္မေသု သုတ်၌ပြခဲ့သော ထို ဘောကံဟော ယပစ္စည်း"ဟု သိသာ **စေရခြင်းအကျိုး ရှိ**၏။

ဤသို့ ဘောကံဟော ယပစ္စည်းကို စ ဝဂ်-ယ-ဝပြုရာ၌ အဘယ် ဓာတွန်နှင့် တကွ အဘယ်သို့ပြုရမည်နည်းဟု မေးဖွယ်ရှိ၍ "ယထာသမ္ဘဝံ-ဖြစ်သင့်သလို" ဟု ထည့်စွက် ဖွင့်ပြလေသည်။ [ရူ၌ "ဣဝဏ္ဏာ-ဂမောဝါသုတ်မှ ဝါသဒ္ဒါကို သီဟဂတိက အဓိကာရနည်းအားဖြင့် လိုက်လာစေ၍ ဝါသဒ္ဒါက စဝဂ် တဝဂ် ၂ မျိုးလုံးကို (အက္ခရာ အစဉ်အတိုင်း) စဝဂ်ပြု၊ ယကို ရပြု, ဝကို ဝပြု"ဟု သတ်မှတ်ပေးကြောင်းကို ဆို၏၊ ထို သတ်မှတ်ခြင်းလည်း ယထာသမ္ဘဝံ အရ ဖြစ်သင့်သလို သတ်မှတ်ပေးခြင်းပင်တည်း။]

**ဆက်ဦးအံ့**— ကစ္စည်းဝုတ္တိပုံစံများ၌ **အက္ခရာအစဉ်** ဝဂ်အစဉ် **ကမောက်ကမ ဖြစ်နေ**၏၊ မဇကို ပြပြီးမှ ပစကို ပြန်ပြ၏၊ ဗုဇဓာတ်ကို ပြပြီးမှ ယုဇဓာတ်ကို ပြပြန်၏၊ ထို့ကြောင့် ရသင့်သမျှ ဝဂ်အစဉ်, အက္ခရာအစဉ်ကျအောင် ဝုစ္စတေ (ဝစဓာတ်), ယုဇ္ဇတေ (ယုဇ) ဝဇ္ဇတေ (ဝဒ), ဗုဇ္ဈတေ (ဗုဓ), ဟညတေ (ဟန), ကယျတေ (ကရ), ဒိဗ္ဗတေ (ဒိဝု)ဟု ပုံစံထုတ်၊ **သကာရန္တ** ဈ- ဥ- တ- ထ ကာရန္တဓာတ်တို့ကား ဤသုတ်ဆိုင်ရာ မရှိ၊ ဤသို့ အပြည့်အစုံ ပြုဖို့ရာ မရှိခြင်းကြောင့်လည်း "ယထာသမ္ဘဝံ"ဟု မိန့်သည်၊ အချုပ်မှာ "စဝဂ် ပဥ္စမ

ဣဝဏ္ဏာဂမော ဝါ ၄၄၂။ ပရေ—သော၊ ယမှိပစ္စယေ—ယ ပစ္စည်းကြောင့်၊ သဗ္ဗေဟိ ဓာတူဟိ – ၌၊ ဣဝဏ္ဏာဂမော — သည်၊ ဝါ ဟောတိ—ဝိကပ် ဖြစ်၏၊ ကရီယတေ, ကရိယတိ - ပြုအပ်၏၊ ဂစ္ဆီယတေ, ဂစ္ဆီယတိ- သွားအပ်၏၊ ဝါတိ ကိမတ္ထံ၊ ကယျတေ- ပြုအပ်၏၊ ဣတိ- ဤသို့ စသော ပြယုဂ်တို့၌ တားမြစ်ရကျိုး ရှိ၏၊ (၄၄၇)။

---

တတိယ ဓာတ္ခန်နှင့်တကွ ယကို စဝဂ် ပဉ္စမ တတိယပြု၊ (တ) ဝဂ် တတိယ စတုတ္ထ ပဉ္စမ ဓာတ္ခန်နှင့်တကွ ယကို စဝဂ် တတိယ စတုတ္ထ ပဉ္စမပြု”ဟု မှတ်။

[ဆောင်] စဝဂ် ပဉ္စမ, တတိယတည့်, တ-ဝဂ် တတိယာ, စတုတ္ထာ ပဉ္စမ, ဓာတွန္တနှင့်, တကွ ယှဉ်မှီး, ယပစ္စည်းကို, စဉ်လည်း ကျကျ, စဝဂ္ဂ၏၊ ပ - တ- စတုတ္ထံ, ပဉ္စမံဟု, လျော်ကန် ရှုကာ, ပြုဖို့ရာ, ယထာသမ္ဘဝ ဆို။

ရုပ်တွက်။ ။ဝုစ္စတေ ဥစ္စတေ တွက်ပုံကို ဝစ ဝသ ဝဟာဒိန မုကာရော ဝဆယေ(၈၂)သုတ် အခြေပြုမှာ ရှု၊ ပစ္စတေ, ဗုဇ္ဈတေ, ယုဇ္ဇတေ, ဟညတေ, ကယျတေတို့ကို အခြေ ၂ ဤသုတ်၌ တွက်ပြထား၏၊ ဒိဗ္ဗတေကိုလည်း “ဒိဝု= ကီဠာယံ”ဟူသော အနက်၌ ဓာတ်မှည့် သိဗ္ဗတေနည်းအတိုင်း တွက်၊ မဇ္ဇတေကို မဇတည်, “မဇ=ပရိမဇ္ဇနေ– ပွတ်တိုက်ခြင်း” ဟူသော အနက်၌ ဓာတ်မှည့်, ဓာတ္ခန်ချေ, တေဝိဘတ်, ယပစ္စည်းသက်၊ ဤသုတ်ဖြင့် ဓာတ္ခန် ဇနှင့်တကွ ယ ပစ္စည်းကို ဇပြု, ဒွေဘော်လည်းလာ၊ [မဒဓာတ်ဖြင့် “မဒ–ဥမ္မာဒေ” ဟု ဆို၍ “မဇ္ဇတေ—ယစ်မူးခြင်း”ဟုလည်း ရှိနိုင်၏၊ ယုဇ္ဇတေကဲ့သို့ တွက်၊] ဥဇ္ဇတေကို “ဥဓ=ဥဿဂ္ဂေ- စွန့်လွှတ်ခြင်း၌”ဟု ဆို၍ ဗုဇ္ဈတေအတိုင်း တွက်။ [ဓာတ်ကျမ်း တို့၌ ဥဇ္ဈဓာတ်ဟု ရှိသည်၊] ဝုစ္စန္တေ-စသော ဗဟုဝုစ်ရုပ်များ၌ အန္တေဝိဘတ်သက် ရုံသာ၊ အနက်ပေးရာ၌ “ဆိုအပ်ကုန်၏”ဟု ကံအနက်သာပေး၍ “ဆိုခြင်း”ဟု ဘောအနက် မပေးခြင်းကား ဘောဓဟာ ကြိယာပုဒ်၌ ဗဟုဝုစ်မရှိ, ပဌမပုရိသ် ကေဝုစ်သာ ဟူသောဝါဒကို လိုက်နာသောကြောင့်တည်း။

---

၄၄၂။ ဝါအနက်။ ။ဤသုတ်လာ ဝါသဒ္ဒါကို ကစ္စည်းဝုတ္တိအလို ဝိကပ် အနက်ရှိ၏ ဟု ဆိုလို၏၊ ထို့ကြောင့် ကရီယတေဟု (ဤ)လာရာ ပုံစံကိုလည်း ကောင်း, ကယျတေဟု မလာရသော ပုံစံကိုလည်းကောင်း ကရဓာတ် တမျိုး တည်း ထုတ်ပြသည်၊ ရူပသိဒ္ဓိ၌ကား ပါဠိပြယုဂ် အားလျော်စွာ ဣဝဏ် လာရ မည်ဟု သတ်မှတ်သော ဝဝတ္ထိတ ဝိဘာသတ္တဟု ဆို၏၊ ထို အလိုအတိုင်းဆို လျှင်....တဿ စ ဝဂ္ဂသုတ်ဖြင့် အမြဲစီရင်ရာ “ဝုစ္စတေ” ကဲ့သို့သော ရုပ်များ၌ “ဝစီယတေ”ဟု ရုပ်ဖြစ်နိုင်သော်လည်း ထိုရုပ်မျိုး ပါဠိပုံစံ မရှိ၍ အသန္တဝိဓိ

ပုဗ္ဗရူပဥ္စ ၄၄၃။ ။သဗ္ဗေဟိ ဓာတူဟိ-၌၊ ယပစ္စယော-ယပစ္စည်းသည်၊ ပုဗ္ဗရူပံ-သို့၊ အာပဇ္ဇတေ-၏၊ ဝုဍ္ဎတေ-တိုးပွားခြင်း, တိုးပွားရာ၏၊ ဖလ္လတေ-ပြီးခြင်း, ပြီးရာ၏၊ [ကံအနက် မဖြစ်သင့်၍"အာ"ဟု မပေးရ၊] ဒမ္မတေ-ဆုံးမခြင်း, ဆုံးမအပ်၏၊ သက္ကတေ- စွမ်းနိုင်ခြင်း, စွမ်းနိုင်ရာ၏၊ လဗ္ဘတေ—ရခြင်း, ရအပ်၏၊ ဒိဿတေ—မြင်ခြင်း, မြင်အပ်၏၊ (၄၄၉)။

---

(အမြဲ ဣဝဏ် မလာရ) ဟု လည်းကောင်း, "ဂစ္ဆိယတေ-ဂမ္မတေ- ဂမျတေ" စသော ရုပ်များ၌ ဣဝဏ်လာမှု မမြဲသော အနိစ္စဝိဓိ ဟုလည်းကောင်း သတ်မှတ်ပေးသည်ဟု ကြံသင့်သည်။

ဣ ဤလာရာဌာနခွဲ။ ။ယပစ္စည်းကို ဒွေဘော်မပြုလျှင် "ကရီယတေ"ဟု ဤလာ၊ ဒွေဘော်ပြုလျှင်ကား "ကရိယျတေ" ဟု ဣလာ ဟု ခွဲခြားကြ၏၊ ဘာ့ကြောင့်နည်း—သံယုဂ်နှောင်းရာ၌ "သံယောဂေ ပရေ ရဿတ္တံ"အရ ရဿ ပြုရသေးသောကြောင့် သံယုဂ်နှောင်းရာ၌ ဣ ရဿသာ လာသင့်သောကြောင့်တည်း၊ သို့သော် ရူပသိဒ္ဓိ-သန္ဓိ-ရဿံ သုတ်၌ "ဒိယျတိ, သူယျတိ"ဟု သံယုဂ်နှောင်းပါလျက် ရဿ မပြုသောရုပ်ကို ပြသောကြောင့် ထို ခွဲခြားချက်ကို ယေဘုယျဟု မှတ်။

ရုပ်တွက်။ ။ရုပ်ကိုအခြေပြု၍ ပြထားသော ရုပ်များတွက်ပုံကိုမှီး၍ တွက်၊ ကရဓာတ်,တေဝိဘတ်, ယပစ္စည်း,ဤလာ, ကရီယတေ၊ အတ္တနောပဒါနိ ပရဿ ပဒတ္တံသုတ်ဖြင့် တေကို တိ ပြန်စေလျှင် "ကရီယတိ" ဟု ဖြစ်၏၊ ဂစ္ဆိယတေ၌ "ဂမုဓာတ်, တေဝိဘတ်, ယပစ္စည်း, ဤလာ၊ ဂမိဿန္တော ဆွော ဝါ ဆဗ္ဗာသု သုတ်ဖြင့် ဓာတွန်(မ်)ကို စ္ဆပြု၊ (စ္ဆ) ပြုရာ၌ သရမပါသေး၍ ဤသို့ကပ်၊ ဂစ္ဆိယတေ၊ တေကို တိ ပြန်လျှင် ဂစ္ဆိယတိဟု ဖြစ်၏။

---

၄၄၃။ ပုဗ္ဗရူပဥ္စ။ ။ပုဗ္ဗရူပ၏ အဓိပ္ပာယ်ကိုလည်းကောင်း, တဿ စဝဂ္ဂ သုတ်ဖြင့် ဓာတွန်နှင့်တကွ ယကို ပြုစိရင်ထားသော အက္ခရာတို့မှ ကြွင်းသော က-ဋ-ပ-ဤဝဂ် ၃ ခုနှင့် ယ လ သတို့ ရှိရာ၌သာ ယ ပစ္စည်းကို ဤသုတ်က ပုဗ္ဗရုပ် ပြုသည်ဟုလည်းကောင်း အခြေပြု၌ ပြထားပြီ၊ ထိုသို့ တဿ စဝဂ္ဂသုတ်မှ ကြွင်းသမျှကို သိမ်းကြုံးနိုင်သော်လည်း ပါဠိပုံစံမှာမူ "ကဝဂ်-က, ဋဝဂ်၌-ဎ, ပဝဂ်၌ ပ-ဘ-မ ၃ လုံးနှင့် လ-သတို့ ဓာတွန်ရှိရာ၌သာ ပုဗ္ဗရုပ်များ ရှိသည်ဟု သတ်မှတ်ကြသည်၊ က စသည်တို့၏ ပုံစံမှာ သုတ်၌ တိုက်ရိုက်ရှိ၏၊ ပ၏ ပုံစံကို "ကုပ္ပတိ" ဟု ထုတ်။

[ဆောင်] တဿစဝဂ်, မဆိုမြွက်သည့်, ကဝဂ်ဋ ပ, ဝဂ်သုံးဝနှင့်, ယ-လ-သပါ, ယှုဗ္ဗိမှာလည်း, ကျမ်းလာသမျှ, ဖွေရှာကြသော်, က-ဎ-ပ-ဘ, မ-လ-သာဟု, ခုနစ်ခုလောက်, စိစစ်ကောက်, အထောက် တွေ့ရသည်။

**တထာ ကတ္တရိစ** ၄၄၄။ ဟေဋ္ဌာ-အောက်၌၊ (အောက် "တဿ စဝဂ္ဂ, ပုဗ္ဗရူပဥ္စ သုတ်တို့၌)၊ ဘာဝကမ္မေသု—တို့၌၊ ယပစ္စယဿ-ယပစ္စည်း၏၊ အာဒေသော-အာဒေသသည်၊ ဟောတိ ယထာ-ဖြစ်သကဲ့သို့၊ တထာ ထို့အတူ၊ ကတ္တရိပိ-ကတ္တားအနက်၌လည်း၊ ယပစ္စယဿ-ဒိဝါဒိ ယပစ္စည်း၏၊ အာဒေသော—သည်၊ ဟောတိ၊ ဗုဇ္ဈတိ-သိ၏၊ ဝိဇ္ဈတိ-ပစ်ဖောက်၏၊ မညတိ—သိ၏၊ သိဗ္ဗတိ-ချုပ်၏၊ (၅၁၂)။

---

စသဒ္ဒါနှင့်ပုံစံများ။ ။စသဒ္ဒါကား ရှေ့သုတ်မှ ဝါသဒ္ဒါကိုငင်သော အနုကဍ္ဎနတ္ထဟုချသဆို၏၊ ယပစ္စည်းကို စဝဂ် ယ-ဝတို့သာ ပြုရသည်မဟုတ်သေး၊ ပုဗ္ဗရုပ်လည်း ပြုရသေးသည်ဟု တဿစဝဂ္ဂသုတ်၏ အစီအရင်ကို ပေါင်းသော သမုစ္စယနတ္ထဟု ကြံလျှင် သာ၍ သင့်မည်ထင်၏။

ရုပ်တွက်။ ။ဝုစ္စတေကို "ဝစ" တည် "ဝစ - ဝစနေ (တိုးပွားခြင်း)" အနက်၌ ဓာတ်မှည့်, ဓာတွန်ချေ, တေဝိဘတ်, ယပစ္စည်းသက်, ဤသုတ်ဖြင့် ယကို ပုဗ္ဗရုပ်ပြု၊ [ရှေ့ဓာတွန်နှင့်တူစွာ(စ)ပြု၊] ကွစိဓာတုဖြင့် ဝ၏ အကိုဥပြု၊ ရှဉ္စကား "ဝစ ဝသ ဝဟာဒီန မုကာရောဝဿယေ" သုတ်ဖြင့် ပြု၏၊] ကွစိဓာတုသုတ်ဖြင့် ၃၂ လုံးကိုချေ၊ ဧဝ စ ကာရေသုတ်ဖြင့် ဓာတွန် စကို ဒွိပြု၊ ဝုစ္စတေ ပြီး၏။

[ဆောင်] တေသုဝုဒ္ဓိ, ဥပြုဘိက, ကွစိဓာတု, ၃၂ ခုချေ, ဧကာရေစေသာ,သုတ်ဖြင့် နှော, တွက်ရလော ဝုစ္စတေ ရုပ်။

"ဖလ္လတေကို ဖလ=နိပ္ဖတ္တိယံ (ပြီးခြင်း၌)" ဟု ဆို၍ ယကို ပုဗ္ဗရုပ် (လ) ပြုရုံသာ၊ ဒမ္မတေ, သက္ကတေတို့ကို အခြေပြု၍ တွက်ထားပြီ၊ [လဗ္ဘတေကို ရှေ့ (ဘာဝကမ္မေသုယော)သုတ်၌ ရုပ်တွက်ခဲ့ပြီ။] ဒိဿတေကို "ဒိသ-အပေက္ခနေ (ကြည့်ရှုခြင်း၌)"ဟု ဆို၊ ယကို ပုဗ္ဗရုပ် သ ပြုရုံသာ၊ "ဒိဿတေ—ထင်၏" ဟု ပေးရာ၌ကား ကတ္တုရုပ်တည်း၊ ဒိသဿ ပဿ ဒိဿ ဒက္ခာဝါသုတ်ကြည့်။

၄၄၄။ တထာကတ္တရိစ။ ။ဤသုတ်၌နိမိတ္တာဒတိဒေသသုတ်,ကာရိယာတိဒေသသုတ်ဟု ဝါဒကွဲ၏၊ ထိုတွင် နှောင်းသော နိမိတ်ကို ညွှန်ပြပုံမဟုတ်၊ ဘောကံဟော ယပစ္စည်းကို တဿစဝဂ္ဂသုတ်က စဝဂ်ယဝပြု၍, ပုဗ္ဗရူပဥ္စသုတ်က ပုဗ္ဗရုပ်ပြုသကဲ့သို့ ကတ္တားဟော ယပစ္စည်းကိုလည်း စဝဂ် ယဝနှင့် ပုဗ္ဗရုပ်ပြုပါ-ဟု အပြု အစီအရင်ကို ညွှန်ပြသောကြောင့် ကာရိယာတိဒေသဟု ယူသော ဝါဒသာ သင့်မြတ်သကဲ့သို့ ထင်သည်။ ["ကာတဗ္ဗာတိ ဣမိနာ ဘာဝကမ္မဝိဟိတယပစ္စယဝုတ္တအာဒေသေ ကတ္တရိပိ အတိဒိဿန္တော တထာ ကတ္တရိစာတိ ဝုတ္တန္တိ ဒသေတိ"-ရူဋီ။]

ဘူဝါဒိတော အ ၄၄၅။ ဘူဝါစွေဝ မာဒိတော - ဘူ အစရှိသော၊ ဓာတုဂဏ
တော-ဓာတ်အပေါင်းမှ နောက်၌၊ ကတ္တရိ-ကတ္တားအနက်၌၊
အပစ္စယော ဟောတိ၊ ဘဝတိ–ဖြစ်၏၊ ပဌတိ-ရွတ်ဆို၏၊ ဝါ-ပတ်၏၊ ပစတိ–
ချက်၏၊ ဇယတိ-အောင်၏ (နိုင်၏)၊ (၄၃၃)

---

တထာနှင့် စ အနက်။ ။လွန်ပြီးသော စကားကို ညွှန်ပြရာ၌ "တထာ" သဒ္ဒါဖြင့်သာ ညွှန်ပြရိုးဖြစ်သောကြောင့်လည်းကောင်း၊ သိဟိုဠ်မူ၌လည်း "တထာ ကတ္တရိစ" ဟု ရှိသောကြောင့်လည်းကောင်း, "ယထာ ကတ္တရိစ" ဟု "ယထာ" သဒ္ဒါဖြင့် တချို့မူရှိသည်မှာ မကောင်း၊ ကတ္တရိစ၌ စသဒ္ဒါကို နိဒ္ဒေသ၌ "ယ ပစ္စည်းကိုငင်သော အနုကစ္စန" ဟု ဆို၏၊ ဉျာသ၌ကား ဝုတ္တပ္ပကာရာနုကစ္စန (ဆိုအပ်ပြီးသော) စဝဂ္ဂပ္ပို ယဝ ပုဗ္ဗရုပ်ပြု ဟူသော အာဒေသအပြုကို ငင်သော အနုကစ္စန)" ဟု ဆို၏၊ သို့သော် "တထာ ကတ္တရိပိ" ဟု အပိသဒ္ဒါဖြင့် ဝုတ္တိဖွင့် ပုံကိုထောက်လျှင် ရှေး ၂ သုတ်၌ ပြအပ်ပြီးသော ဘာဝကမ္မကို ပေါင်းသော သမ္ပိဏ္ဍနဟုထင်သည်၊ "ဘောက်ဟောသာမက,ကတ္တားဟော၌လည်းပြု" ဟူလို။

ပုံစံများ။ ။ဗုဇ္ဈတိကို အခြေပြု၍ ရုပ်တွက်ထား၏၊ ဝိဇ္ဈတိကို "ဝိဓ=ဝိဇ္ဈ နေ (ထိုးဖောက်ခြင်း)" ဟုဆို၍ ဗုဇ္ဈတိအတိုင်းတွက်၊ မညတိကို "မန=ဉာဏေ" ဟု ဆို၍ ဟညတေ ကဲ့သို့တွက်၊ သိဗ္ဗတိကိုလည်း "သိဝု = တန္တ သန္တာနေ (တနည်း "သိဗ္ဗနေ-ချုပ်ခြင်း၌)" ဟု ဆို၍ ဒိဗ္ဗတေအတိုင်း တွက်၊ ဤ ၂ ရုပ်၌ ဒိဝါဒိယနှင့် တိဝိဘတ်သက်ရခြင်းသာထူး၏၊ စဝဂ် ယဝ ပုဗ္ဗရုပ် အပြုမစုံတတ် သေး၍ "ပစ္စတိ-ကျက်၏၊ ရုစ္စတိ-နှစ်သက်၏၊ (ရုစ=ရောစနေ)၊ ယုဇ္ဇတိ-သင့်၏၊ (ယုဇ=ယောဂေ)၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ (ဥပုဗ္ဗပဒ = ဂတိမှိ)။ ["ဃုရ=ဇိဂုဏ ဟိံသေ (ဆွေးမြည့်အိုမင်းခြင်း, ညှဉ်းဆဲခြင်း) ဟူသော ဓာတ်ဖြင့် ဓာတွန်နှင့် တကွ ဒိဝါဒိယကို ရုပ်ပြု၍ ဃုလျှတ်" ဟု ပုံစံထုတ်သင့်၏၊[ ကုပ္ပတိ - စိတ်ဆိုး၏၊ (ကုပ=ကောပေ)၊ ဒိပ္ပတိ-တောက်ပ၏ (ဒီပ=ဒိတ္တိယံ၊) ဤကို ကွစိဓာတုဖြင့် ရဿပြု၊[ဝပဓာတ်သည် ဘူဝါဒိဖြစ်၍ "ဝပ္ပတိ" ဟု ရှိ၏၊ ထို့ကြောင့် "ဝပ္ပတိ" ဟု မထုတ်သင့်၊] တုဿတိ - နှစ်သက်၏၊ (တုသ=ပီတိမှိ)၊ ဤသို့ စသည်ဖြင့် စုံနိုင်သမျှ စုံအောင် ပုံစံကို ရှာကြံပါလေ။

၄၄၅။ ဘူဝါစွေဝ၊ ပေ၊ ဂဏတော။ ။ဘူဝါဒိ၌ အာဒိ သဒ္ဒါသည် ပကာရအနက် ရှိ၏၊ ပကာရဟူသည်လည်း "အတူ" ဟူသော အနက်တည်း၊ ဓာတုဂဏ ဟူသည် (ပုရိသာဒိဂိုဏ်း စသည်ကဲ့သို့) တဂိုဏ်းဖွဲ့ရသော ဓာတ် တည်း၊ ဓာတု - ဓာတ် + ဂဏ - ဂိုဏ်း (အပေါင်း)၊ "ဘူဝါဒိ + ဓာတုဂဏ" ဟူသောစကား ၂ ရပ်ကိုပေါင်းစပ်၍"ဘူဝါဒိဂိုဏ်း၊ ဝါ-အပစ္စည်းသက်ရခြင်း

အားဖြင့် ဘူမာတ်နှင့်တူသော ဓာတ်အပေါင်း''ဟုမှတ်၊[ဘူဝါဒိ၌''ဘူ+အာဒိ'' ဟုလည်းကောင်း, ဘူ+ဝါ-အာဒိဟု လည်းကောင်း ၂ နည်း ပုဒ်ခွဲ၍ ပြထားသည်ကို ရူပသိဒ္ဓိ-ဘူဝါဒယော ဓာတဝေါသုတ်မှာ ရှု။]

ကတ္တရိ။ ။ကတ္တရိဟု ဆိုသောကြောင့်''အပစ္စည်းက ကတ္တားအနက်ဟောသည်''ဟု ယူဆဖွယ်ရှိ၏၊ သို့သော် ဘဝတိ စသည်၌ တိဝိဘတ်သာ ကတ္တားအနက်ကို ဟော၏၊ အ ပစ္စည်းကိုကား ''ပစ်+တိ'' စသည်ဖြင့် ပြီးသောအခါ ကပ်ဖို့ရာ သရမရှိမည်စိုး၍ ရုပ်ပြီးရုံအကျိုးငှာသာသက်စေရသည်၊ ထို အပစ္စည်းက ကတ္တားအနက်ကို မဟောနိုင်။ [''ပစ္စယော ရူပသိဒ္ဓိ မတ္တောဝ=ပစ္စည်းသည် ရုပ်ပြီးရုံမျှ အကျိုးရှိ၏၊''] အပစ္စည်းမသက်ပဲ ရုပ်ပြီးနိုင်သော ဘဝိဿတိ စသည်၌ကား အပစ္စည်းပင် မသက်ရတော့ချေ၊ ထို့ကြောင့် ဤကစ္စည်းဝုတ္တိ၌''ကတ္တရိ'' ဟု ဆိုထားသော်လည်း ရူပသိဒ္ဓိ၌ ''ကတ္တရိ ဝိဟိတေသု ဝိဘတ္တိပစ္စယေသု ပရေသု''ဟုလည်းကောင်း,ကာတန္တဝုတ္တိ၌''ကတ္တရိ ဝိဟိတေ သဗ္ဗဓာတုကေ ပရေ''ဟု လည်းကောင်း ဖွင့်ကြသည်၊ ထိုအဖွင့်များအရ ကတ္တားအနက်ကို တိစသော အာချာတ်ဝိဘတ် မာနအန္တစသော ပစ္စည်းတို့ကဟော၍ အပစ္စည်းကား ရုပ်ပြီးစေရုံမျှသာဖြစ်သည်ဟူ ဆိုလိုသည်။ [ပစတိကို အခြေပြု၌ တွက်ပြထား၏၊ ပဋ္ဌတိကို''ပဋ္ဌ=ဝိယတ္တိယံဝါစာယံ''ဟု ဆို၍ နည်းတူတွက်၊ ဘဝတိကို ဩအဝ သရေသုတ်ကြည့်၊ ဇယတိကို ဧ အယ သုတ်ကြည့်။]

**သဗ္ဗဓာတုကေ။** ။ကာတန္တဝုတ္တိဝယ် ''သဗ္ဗဓာတုကေ ပရေ-ဟိယျတ္တနီစသော သဗ္ဗဓာတ် ဝိဘတ်နောင်းရာ၌ အပစ္စည်းသက်''ဟုလည်းကောင်း, ရူပသိဒ္ဓိ၌လည်း''သဗ္ဗဓာတုကမှိယေဝါ-ယ မိဿတေ''ဟုလည်းကောင်း ဆိုထား၏၊ ထိုစကား၏ အဓိပ္ပာယ်ကား-ဝတ္တမာန်စသော သဗ္ဗဓာတ် ဝိဘတ်နောင်းရာ၌ ကပ်ဖွယ်သရမရှိ၍ အပစ္စည်းသက်ရ၏၊ ပရောက္ခာစသော အသဗ္ဗဓာတ် ဝိဘတ်များနောင်းရာ၌မူ အ-ဥ စသော ဝိဘတ်များက သရဝိဘတ်ဖြစ်သောကြောင့်လည်းကောင်း, ဘဝိဿန္တိစသော ဗျည်းအသဗ္ဗဓာတ် နောင်းရာ၌လည်း ''ဣကာရာဂမော အသဗ္ဗဓာတုကမှိ''သုတ်ဖြင့် ဣသရ လာသောကြောင့်လည်းကောင်း, ကပ်ဖွယ် သရရှိရကား အပစ္စည်းသက်ဖွယ် မလိုတော့၊ အပစ္စည်းမပါပဲပင် ရုပ်ပြီးနိုင်ပြီ-ဟူလို။

**မေးဖွယ်။** ။အန္တိစသော သဗ္ဗဓာတ်ဝိဘတ်နောင်းရာတို့၌ ကပ်ဖို့ရာသရ ရှိသောကြောင့် အပစ္စည်းသက်ဖွယ် လိုသေးသလော-ဟု မေးဖွယ်ရှိ၏၊ အန္တိစသည်နောင်းရာ၌ အပစ္စည်းမသက်ပဲ ရုပ်ပြီးနိုင်သည်ကား မှန်၏၊ သို့သော် သဗ္ဗဓာတ်ချင်းတူပါလျက် တချို့နောင်းရာ၌သက်၍ တချို့နောင်းရာ၌ မသက်လျှင် စာသင်ငယ်တို့ အမှတ်ခက်ဖွယ်ရှိသောကြောင့် ပဇ္ဇုန္နဂတိကနည်းအားဖြင့် သဗ္ဗဓာတ်နောင်းရာတိုင်း၌ သက်၍ အပစ္စည်း မလိုသောရုပ်များ၌ လောပဓ္ဓေတ္တ မကာရေသုတ်ဖြင့် ချေပစ်ရသည်။

ရုမာဒိတော နိဂ္ဂဟိတ ပုဗ္ဗဥ

၄၄၆။ ကတ္တရိ-၌၊ ရုမ ဣစ္စေဝမာဒိတော-ရုမ အစရှိသော၊ ဓာတုဂဏတော အပစ္စယော ဟောတိ၊ ပုဗ္ဗေ-အပစ္စည်းမှရှေ့၌၊ နိဂ္ဂဟိတာ-ဂမော - နိဂ္ဂဟိတ်လာခြင်းသည်၊ ဟောတိ၊ ရုန္ဓတိ-ပိတ်ဆို့၏၊ ဆိန္ဒတိ-ဖြတ်၏၊ ဘိန္ဒတိ-ခွဲ၏၊ စဂ္ဂဟဏေန-ဖြင့်၊ ဣ ဤ ဧ ဩ ဣတိ-

---

**ဝိကရဏပစ္စည်း**။ ။ဝိကရိယန္တိဓာတဝေါ ဧတေဟီတိ ဝိကရဏာ (အဝုတ္တကတ္တုသာဓန်၊ ရူဠှီကာ ဝိဂ္ဂိုဟ်)၊ ဧတေဟိ-ဤပစ္စည်းတို့သည်၊ ဓာတဝေါ-ဓာတ်တို့ကို၊ ဝိကရိယန္တိ-အသီးအသီး ပြုအပ်ကုန်၏၊ ဝါ-ခွဲခြားအပ်ကုန်၏၊ ဣတိ-ဤသို့ ဓာတ်တို့ကို အသီးအသီး ခွဲခြားတတ်ကုန်သည်၏အဖြစ်ကြောင့်၊ တေ-ထိုပစ္စည်းတို့သည်၊ ဝိကရဏာ-တို့မည်၏၊ အပစ္စည်းသက်ရသော ဓာတ်စုကို ဘူဝါဒိဓာတ်ဟုလည်းကောင်း, အပစ္စည်းလည်းသက် ရှေ့၌ နိဂ္ဂဟိတ်လည်းလာ၍ ရုပ်ပြီးရသော ဓာတ်စုကို ရုမာဒိဓာတ်ဟုလည်းကောင်း,ကတ္တားဟောယပစ္စည်းသက်၍ ရုပ်ပြီးရသော ဓာတ်စုကို ဒိဝါဒိဓာတ်ဟုလည်းကောင်း,ဤသို့ဓာတ်တို့ကို အသီးအသီး တသန့်စီတသန့်စီ ခွဲခြားတတ်သောကြောင့် အ-အစရှိသောပစ္စည်းများကို ဝိကရဏပစ္စည်းများဟု ခေါ်၏။

၁၇။ **ပစ္စည်း**။ ။ထို ဝိကရဏပစ္စည်းများက ဘူဝါဒိတော အ သုတ်မှ စုရာဒိတော ဏေ ဏယာသုတ် တိုင်အောင်သော သုတ်တို့ဖြင့် သက်အပ်သော "အ, နိဂ္ဂဟိတပုဗ္ဗ အ, စသဒ္ဒါဖြင့် သက်ရသော ဣ ဤ ဧ ဩ, ယ, ဏု, ဏာ, ဥဏာ, နာ, ပ္ပ, ဏှာ, ဩ, ယိရ, ဏေ, ဏယ"အားဖြင့် ၁၇ ပစ္စည်းတည်း။

**ဂိုဏ်းမှတ် ပစ္စည်း**။ ။ထို ဝိကရဏပစ္စည်းများကို ဂိုဏ်းမှတ်ပစ္စည်းဟုလည်း ခေါ်၏၊ အပစ္စည်းသက်ထားသည်ကို တွေ့ရလျှင် ဘူဝါဒိဂိုဏ်းဝင်ဓာတ်ဟုလည်းကောင်း, နိဂ္ဂဟိတပုဗ္ဗက အပစ္စည်းသက်ထားသည်ကို တွေ့ရလျှင်ရုမာဒိဓာတ်ဟုလည်းကောင်း, ယပစ္စည်းသက်ထားသည်ကိုမြင်ရလျှင် ဒိဝါဒိဂိုဏ်းဝင်ဓာတ်ဟုလည်းကောင်း သိရသောကြောင့် ဂိုဏ်းအားဖြင့် ခွဲခြား သတ်မှတ်ပေးသောပစ္စည်းများဟု ဆိုလိုသည်၊ ထိုပစ္စည်းများ၏ ခွဲခြား သတ်မှတ်ချက်အရ ("ဘူဝါဒိတောအ" စသော သုတ်စဉ်ကိုကြည့်၍) ဘူဝါဒိဂိုဏ်း, ရုမာဒိဂိုဏ်း စသည်ဖြင့် အာချာတ်ဂိုဏ်း (ကစ္စည်းအလို) ရှစ်ဂိုဏ်းဟုလည်းကောင်း, ရှုအလို ဂဟာဒိဂိုဏ်းကိုကိယာဒိဂိုဏ်း၌သွင်း၍ ၇ဂိုဏ်းဟုလည်းကောင်းသိလေ၊သက္ကတ၌ ကား ရှု၌လာသော ၇ ဂိုဏ်းတွင် "အဒါဒိ, ဇုဟောတျာဒိ,တုဒါဒိ" ၃ ဂိုဏ်း ထည့်၍ ၁၀ ဂိုဏ်းဟုဆို၏၊ ထို ၃ ဂိုဏ်းကို(ရှု၌)ဘူဝါဒိတွင် သွင်းပြထားသည်။

ဘွာဒျာ-ဒါဒိ ဇုဟောတျာဒိ, ဒိဝါဒိ သွာဒိရေဝစ၊
တုဒါဒိစ ရုမာဒိစ, တနာဒိ တျာဒိ စုရာဒယော။

ဥ, ဉ, ဧ, ဩ ဟူကုန်သော၊ ဧတေပစ္စယာ ဟောန္တိ – ကုန်၏၊ နိဂ္ဂဟီတံ– နိဂ္ဂဟိတ်သည်၊ ပုဗ္ဗံ ရှေ့ဖြစ်၍၊ (အာဂမော) စ–လာသည်လည်း၊ ဟောတိ၊ ရုန္ဓိတိ, ရုန္ဓိတိ ရုန္ဓေတိ, ရုန္ဓောတိ-ပိတ်ဆို့၏၊ သုမ္ဘောတိ, ပရိသုမ္ဘောတိ -ပုဒ်ခတ်၏၊ (၅၁၀)။

---

၄၄၆။ **နိဂ္ဂဟီတ** ပုဗ္ဗဥ။ ။“ရုမာဒိတော+နိဂ္ဂဟီတံ+ပုဗ္ဗံ+စ”ဟု ၄ ပုဒ်ရှိသောသုတ် ဟု ရှုဥ်ဆို၏၊ နိဂ္ဂဟီတံ၌ ဝိန္ဒုကို သုခုစ္စာရဏ အကျိုးငှာ (သန္ဓိ) ဗျဥ္ဇနေစသုတ်ဖြင့် ချေ၊ ပုဗ္ဗံကို ဝုတ္တိ၌ ပုဗ္ဗေ ဟု ဖွင့်ထားသောကြောင့် သို့ကို အာဒိတော ဩစ၌ စဖြင့် အံပြုဟု နိဒ္ဒေသဆို၏၊ရှုဥ်ကား“တတော ပုဗ္ဗံ ဟုတွာ” ဟု ဖွင့်သောကြောင့် နပုလ္လိင် ပဌမန္တ အဖြစ်ဖြင့်သာ ဖွင့်၏၊ ဤ ရှု အဖွင့်အတိုင်းပင် “နိဂ္ဂဟီတ+ပုဗ္ဗဥ”ကို အနက်ပေးထားသည်။

**အ၏ရှေ့၌ နိဂ္ဂဟိတ်လာ**။ ။“ရှေ့ဖြစ်၍ နိဂ္ဂဟိတ်လာ”ဟူရာ၌ “အဘယ်မှ+ရှေ့နည်း”ဟု မေးဖွယ်ရှိ၏၊ “သုတာနု မိတေသု – တိုက်ရိုက် ကြားသိအပ်သော အရာ, မှန်းဆအပ်သော အရာတို့တွင်၊ သုတသမ္ဗန္ဓိ၀ – ကြားအပ်သော အရာနှင့် အဆက်အသွယ်ရှိသော အရာသည်သာ၊ ဗလဝ ါ–အားရှိ၏” ဟူသော ပရိဘာသာနှင့်အညီ“အပစ္စယော”ဟုအပစ္စည်းသက်ခြင်းကို တိုက်ရိုက်ကြားအပ်ပြီးသောကြောင့်“ထို အပစ္စည်းမှ+ရှေ့”ဟူသော အနက်ကို သိနိုင်၏၊ထို့ကြောင့် ရှုဥ်၌ “တတော ပုဗ္ဗံ ဟုတွာ-ထိုအပစ္စည်းမှ+ရှေ့ဖြစ်၍” ဟု ဖွင့်သည်၊ ဆက်ဦးအံ့–“ရုဓ်+အ”ဟု ရှိရာ အပစ္စည်းမှ ရှေ့၌ နိဂ္ဂဟိတ်လာလျှင် “ရုဓံအ” ဟု ဖြစ်ဖွယ် မရှိပါလော-ဟု တဆင့်မေးဖွယ် ရှိ၏၊ “အပစ္စည်းမှ+ရှေ့” ဟု သာမညဆိုထားသော်လည်း “ဝုတ္တံ ဝိန္ဒုသရာနုဂံ”နှင့်အညီ နိဂ္ဂဟိတ်မည်သည် ရဿ သရသို့ အစဥ်လိုက်ရိုး (ရဿသရကို မှီရိုး) ရှိသောကြောင့် အပစ္စည်းမှ ရှေ့လည်းကျ-သရလည်း မှီစရာရသော ရု၏နောက်၌ နိဂ္ဂဟိတ်လာ-ဟု မှတ်ပါ၊ [“တဥ္စ နိဂ္ဂဟီတံ ပကတိယာ သရာနုဂတတ္တာ ဓာတုသရတော (ရုကဲ့သို့ ဓာတ်သရမှ) ပရံ ဟောတိ”ရူ။]

**ပုံစံများနှင့် စအနက်**။ ။ရုန္ဓတိကို **အခြေပြု၍** ရုပ်တွက်ထား၏၊ **ဆိန္ဒတိကို** ဆိဒိ, ဘိန္ဒတိကို ဘိဒိတည်၍ တွက်၊ ပုဗ္ဗဥ၌ စသဒ္ဒါသည် ယခုရှိသော ကစ္စည်းဝုတ္တိအလို ဥ ဉ ဧ ဩ ပစ္စည်းသက်ခြင်းကို ဆည်းသော အဝုတ္တသမုစ္စည်း ဟူ ဆိုသင့်၏၊ သို့သော် ဤစဂ္ဂဟကောနစသောပါဌ်သည် ချာသ၌ မဖွင့်သောကြောင့် ရှေးပါဌ်မဟုတ်, ရူပသိဒ္ဓိပါဌ်ကိုယူ၍ နောက်မှ ထည့်အပ်သောပါဌ်ဟု ဆိုကြ၏၊ မှန်၏ - ချာသ၌ စသဒ္ဒါကို ဒုတိယတ္ထသမ္ပိဏ္ဍန ဟု ဆိုထားသည်၊ အပစ္စည်းသက်ခြင်းဟူသော ပဌမ အနက်ပေါ်ဝယ် နိဂ္ဂဟိတ်လာခြင်းဟူသော ဒုတိယ အနက်ကို ပေါင်းသည်-ဟူလို။

ဒိဝါဒိတော ယော ၄၄၇။ **ကတ္တရိ**-၌၊ ဒိဝုလ္လစ္စေဝ မာဒိတော-ဒိဝု ဤသို့ အစရှိသော၊ ဓာတုဂဏတော, ယပစ္စယော ဟောတိ၊ ဒိဗ္ဗတိ-တောက်ပ၏၊ သိဗ္ဗတိ-ချုပ်၏၊ ယုဇ္ဈတိ-စစ်ထိုး၏၊ ဝိဇ္ဈတိ-ပစ်ဖောက်၏၊ ဗုဇ္ဈတိ-သိ၏၊ (၅၁၁)။

---

သွာဒိတော ကျု ဏာ ဉဏာဝ ၄၄၈။ ကတ္တရိ-၌၊ သု ဣစ္စေဝမာဒိတော-သု အစရှိသော၊ ဓာတုဂဏတော၊ ကျု ဏာ ဉဏာ ဣတိ- ကျု, ဏာ, ဉဏာ ဟူကုန်သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ အဘိသုဏောတိ, အဘိသုဏာတိ-ရှေးရှုနားထောင်၏၊ သံဝုဏောတိ, သံဝုဏာတိ-ကောင်းစွာ စောင့်ရှောက်၏၊ အာဝုဏောတိ, အာဝုဏာတိ-စောင့်ရှောက်၏၊ ဝါ-သိကုံး၏၊ ပါပုဏောတိ, ပါပုဏာတိ-ရောက်၏၊ (၅၁၁)။

---

ရုန္ဓိတိ စသည်။ ။ရုန္ဓိတိစသည်၌ စ သဒ္ဒါဖြင့် ဣ ဤ ဧ ဩ ပစ္စည်းသက်၍ ရှေ့၌ နိဂ္ဂဟိတ်လာ၊ "သုဘ=သမ္ဗုဟာရေ (ပုတ်ခတ်ခြင်း၌)" ဟု ဓာတ်နက်ဆို၍ ဩ ပစ္စည်းသက်လျှင် သုမ္ဘောတိဟုလည်းကောင်း,ပရိပုဗ္ဗ သုဘဓာတ်ဖြင့် "ပရိသုမ္ဘောတိ" ဟုလည်းကောင်း ပြီး၏၊ သီဟိုဠ်မူ၌ကား "ရုန္ဓိတိ, ရုန္ဓီတိ, သုမ္ဘောတိ, သုမ္ဘောတိ" ဟု ပုံစံ ၄ ခုသာ ရှိသည်။

၄၄၇။ ဒိဗ္ဗတိကို အခြေပြုကြည့်၊ သိဝု=တန္တသန္တာနေ (တနည်း-သိဗ္ဗနေ-ချုပ်ခြင်း၌)" ဟု ဆို၍ ဒိဗ္ဗတိအတိုင်းတွက်၊ ဗုဇ္ဈတိကို အခြေပြု တထာကတ္တရိစ၌ တွက်ထားပြီး၊ "ယုဓ=သမ္ပဟာရေ, ဝိဓ=တာဠနေ" ဟု ဆို၍ ယုဇ္ဈတိ ဝိဇ္ဈတိကို ဗုဇ္ဈတိအတိုင်း တွက်၊ဒိဝုဓာတ်သည် ဒိဝါဒိဖြစ်မူ "ကီဠာ-မြူးတူးပျော်ပါးကစားခြင်း, ဝိဇိဂိသာ-အောင်နိုင်လိုခြင်း, ဗျာဝဟာရ - ရောင်းဝယ်လဲလှယ်ခြင်း (ဝါ- ပြောဆိုခြင်း), ဇုတိ - တင့်တယ်ခြင်း, ထုတိ-ချီးမွမ်းခြင်း ဂတိ-သွားနိုင်ခြင်း, ကန္တိ-နှစ်သက် လိုလားခြင်း, သတ္တိ-စွမ်းနိုင်ခြင်းအားဖြင့် များသောအနက် ရှိ၏၊ စုရာဒိဖြစ်မူ ပီဠာ-နှိပ်စက်ခြင်း,ပရိကူဇန-ချုံးဟုန်းခြင်း အနက်ရှိ၏၊[သတ္တိတိုင်အောင် အနက်များကို ရူပသိဒ္ဓိဘာသာဋီကာ၌ ပြထားပြီ၊ ဒေဝေတိ ဒေဝယတိ-နှိပ်စက်တတ် ချုန်းတတ်၏၊ ဣတိ, ဒေဝေါ - မိုးမည်၏။]

ဒိဝု ကီဠာဝိဇိဂိသာ, ဗျဝဟာရ ဇုတိတ္ထုတိ၊
ဂတိ ကန္တိ သတ္တီသု ဒိ, စု ပီဠာ ပရိကူဇနေ၊

---

၄၄၈။ **ကျုဏာ ဉဏာဝ**။ ။"ကျု + ဏာ + ဉဏာ" ဟု ပစ္စည်း ၃ ခုကို ၃ ပုဒ်ယူ၍ ဤသုတ်ကို ၅ ပုဒ်ရှိသောသုတ်ဟုလည်းကောင်း,ပစ္စည်း ၃ ခုလုံးကို တပုဒ်တည်းယူ၍ ၃ ပုဒ်ရှိသော သုတ်ဟုလည်းကောင်း ဝါဒကွဲ၏၊ သုဏောတိ စသည်ဖြင့် ကျုပစ္စည်း ဏာပစ္စည်းသက်ရာဌာနသည်များ၏၊ဉဏာပစ္စည်း သက်ရာ

ကြိယာဒိတောနာ

၄၄၉။ ကတ္တရိ-၌၊ ကိ ဣစ္စေဝမာဒိတော ကီ အစရှိသော၊ ဓာတုဂဏတော, နာပစ္စယော ဟောတိ–ဖြစ်၏၊ ကိဏာတိ-ဝယ်၏၊ ဇိနာတိ–အောင်၏၊ (နိုင်၏)၊ ဓုနာတိ-တုန်လှုပ်၏၊ မုနာတိ-နှောင်ဖွဲ့၏၊ လုနာတိ-ရိတ်ဖြတ်၏၊ ပုနာတိ-ဖြူစင်၏၊ (၅၁၄)။

---

ဌာနကား "ပါပုဏာတိ, သက္ကုဏာတိ" စသည်ဖြင့် အနည်းငယ်သာ ရှိ၏၊ ထို့ကြောင့် ဘုဏာ ၂ ပစ္စည်းကို ပဓာနထား၍ ဥဏာပစ္စည်းကို အပဓာန အနေအားဖြင့်ခွဲခြားပြီးလျှင် "ဏုဏာ·ဏုပစ္စည်း, ဏာပစ္စည်းတို့သည်၊ဟောန္တိ၊ဥဏာစ-ဥဏာပစ္စည်းသည်လည်း၊ ဟောတိ"ဟု ကြံလျှင် ဏုဏာတပုဒ်, ဥဏာတပုဒ် ဖြစ်၍ ဤသုတ်ကို ၄ ပုဒ်ရှိသော သုတ်ဟု ဆိုသင့်သည်၊ စသဒ္ဒါကား ဏုဏာ ပစ္စည်းကိုပေါင်းသော သမ္ပိဏ္ဍနတည်း။

ပုံစံများ။ ။အဘိသုဏောတိ အဘိသုဏာတိ ပါပုဏာတိတို့ကို အခြေပြု၍ ရုပ်တွက်ထား၏၊ "သံ+အာပုဗ္ဗ ဝု=သံဝရဏေ (စောင့်ရှောက်ခြင်း၌)"ဟု ဆို၍ သံဝုဏောတိ သံဝုဏာတိ အာဝုဏောတိ အာဝုဏာတိတို့ကို နည်းမှီး၍ တွက်ပါ၊ ပါပုဏောတိရုပ်ကား တွေ့ရခဲ၏၊ ထို့ကြောင့် အာပဓာတ် ဏုပစ္စည်းဖြင့် "အာပဏောတိ"ဟုလည်းကောင်း, ပ ရှေးရှိလျှင် "ပါပဏောတိ(ပြန့်နှံ့၏)"ဟုလည်းကောင်း ဖြစ်တန်ရာ၏၊ပါပုဏာတိ၌ "ပပုဗ္ဗ အာပဓာတ်"ဟု ပါဌ်ပျက်တတ်၏၊ "အပ=ပါပုဏနေ, ပပုဗ္ဗော၊ပေ၊ဒီဃော"ဟု ရူပသိဒ္ဓိရှိရကား အပ၏ အကို ဒီဃပြုဖို့ရာ "အပ"ဓာတ်သာ ရူပသိဒ္ဓိနှင့်ညီသည်၊ သုဓာတ်၏ အနက်များစွာကို ဓာတွတ္ထ သင်္ဂဟစသော ဓာတ်ကျမ်းများ၌ရှု၊သက္ကတ၌ ရနှင့်တွဲ၍ "သရု"ဟု ရှိသောကြောင့် မရှုပုဒ်နှင့်တွဲရသည့်အခါ ထိုကွယ်ပျောက်နေသော ရ၏အစား ဒွေဘော်လာ၍ "အဿောသိ,ဗဟုဿုတော,ဝိဿုတော"စသည်ဖြစ်၏။

---

၄၄၉။ ကိ ဣစ္စေဝမာဒိတော။ ။ကိယာဒိတောကို "ကီ+အာဒိတော" ဟု ဖြတ်၊ ဈလာနမိယုဝါ သရေဝါသုတ်ဖြင့် ဤကို ဣယပြု၊ထို့ကြောင့်"ကီ ဣစ္စေဝမာဒိတော"ဟု ဖြစ်၏၊သက္ကတ၌၊ရိဆွဲနှင့်"ကြီ=ကရီ"ဟု ရှိသောကြောင့် နကို ဏပြုစေရသည်၊ ရှေ့ပုဒ်နှင့် တွဲသည့်အခါလည်း ပျောက်လေသော (ရ်) အစား ဒွေဘော်လာ၍ "ဝိက္ကိဏာတိ-ကယဝိက္ကယော" စသည်ဖြစ်၏၊ ကတ္တရိ အလိုက်ကိုကြည့်၍"ကိယာဒိတောနာ"ဟူသော ယောဂဝိဘာဂဖြင့် တဗ္ဗအနီယ တုံတုန စသော ပစ္စည်းတို့ကြောင့် နာပစ္စည်း သက်၍ "ဝိနိစ္ဆိနိတဗ္ဗံ" စသည် ဖြစ်၏။ [ရူ-ကဂါစိဇာနံ(၅၅၃) သုတ်၏အဆက်ကို ကြည့်၊]

ပုံစံများ။ ။ကိဏာတိကို အခြေပြုအတိုင်းတွက်၊ "ဇိ=ဇယေ (အောင်ခြင်း၌)"ဟု ဆို၍ ဇိနာတိ, "ဓူ=ကမ္ပနေ (တုန်လှုပ်ခြင်း၌)"ဆို၍ ကိကဲ့သို့

**ဂဟာဒိတော ပွ ဏှာ**

၄၅၀။ ကတ္တရိ, ဂဟ ဣစ္စေဝမာဒိတော, ဓာတုဂဏတော, ပွ ဏှာ ဣတိ—ပွ, ဏှာ ဟူကုန်သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ ဃေပ္ပတိ, ဂဏှာတိ—ယူ၏၊ [ရုပ်တွက်ပုံကို ဂဟဿ ဃေပ္ပေ, ဟလောပေါ ဏှာမှိ သုတ်တို့၌ အခြေပြုမှာ ပြထား၏၊] (၅၁၈)။

**တနာဒိတော ဩယိရာ**

၄၅၁။ ကတ္တရိ တနု ဣစ္စေဝမာဒိတော—ဓာတု ဂဏတော ဩယိရ ဣတိ–ဩယိရဟူကုန်သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ တနောတိ- ချဲ့၏၊ တနောဟိ- ချဲ့လော့၊ ကရောတိ-ပြု၏၊ ကရောဟိ-ပြုလော့၊ ကယိရတိ-ပြု၏၊ ကယိရာဟိ- လော့၊ (၅၂၁)။ [တနောတိ ကယိရတိတို့ကို အခြေပြု၌ တွက်ထား၏၊ ကရောတိကိုလည်း တနောတိအတိုင်းတွက်၊ တနောဟိစသည်၌ ဟိဝိဘတ် သက်ရခြင်းသာ။]

---

ဓူကို ရဿပြု၍ "ဓုနာတိ" ပြီးစေ၊ [ဓု=စာလနေ (လှုပ်စေခြင်း၌)" ဟူသော ဓာတ်လည်း ရှိ၏၊ သွာဒိဂိုဏ်း, ဏာပစ္စည်းမှ ဏကို သုတ်ကြီးဖြင့် နငယ်ပြု၍ "ဓုနာတိ- လှုပ်စေ၏၊ ဝါကစီရာနိ- လျှော်တေ သင်္ကန်းတို့ကို၊ ဓုနန္တော- လှုပ်စေလျက်၊ ဝါ- ခါလျက်၊ ပါပကေ ဓမ္မေ- တို့ကို၊ ဓုနာတိ-လှုပ်စေ၏ (ခါ၏)"ဟု ဖြစ်၏။] ဤ ကိယာဒိ၌ကား လှုပ်စေခြင်းအနက် မဟုတ်၊ တုန်လှုပ်ခြင်း အနက်တည်း၊ ထို့ကြောင့် "ဓုနာတိ ကမ္ပတိ- တုန်လှုပ်တတ်၏၊ ဣတိ ဓူမော (မီးခိုး) မည်၏"စသည်ဖြစ်၏၊ "မု=ဗန္ဓနေ"ဟူသော ဓာတ်ဖြင့် မုနာတိ ပြီး၏၊ "မုနန္တိ ဧတေနာတိ မုခံ=နှောင်ဖွဲ့ကြောင်းဖြစ်သော ပါးစပ်၊ ["မုန=ဉာဏေ"ဟူသော ဓာတ်ဖြင့်လည်း အာချာတ်၌ ဓာတွန်(န်)ကို သုတ်ကြီးဖြင့်ချေ၍ "မုနာတိ"ဟု ဖြစ်၏၊] "လူ=ဆေဒနေ"ဖြင့် လုနာတိ, ပူ=ပဝနေ(ဖြူစင်ခြင်း၌)၊ တနည်း— "ပု=သောဓေ-သုတ်သင်ခြင်း၌"ဟု ဆို၍ ပုနာတိကို တွက်။

၄၅၀။ **ဂဟာဒိတော**။ ။"**အာဒိ သဒ္ဒါသည် အတ္ထဟူသော** (ပကာရ) **အနက်ကို ဟော၏**"ဟု ရှူ၌ ဆို၏၊ ဤ၌"အတူ"ဟူရာဝယ် ဏှာ ပစ္စည်း သက်၍ ပြီးကောင်းခြင်း တူသည်ကို ဆိုလိုသည်၊ ပွ ပစ္စည်းကား ဂဟ ဓာတ်နောင်သာ သက်သည်၊ ထိုဏှာပစ္စည်းသက်၍ ပြီးကောင်းသောဓာတ်များလည်း အာချာတ် ပုဒ်အဖြစ်ဖြင့် မရှိ၊ နာမ်ပုဒ် အဖြစ်ဖြင့်သာ အတော်များများ ရှိ၏၊ ထို့ကြောင့် သဒ္ဒနီတိတို့၌ "ဂဟာဒိတော ယထာရဟံ အာချာတတ္တေ နာမတ္တေစ ပွဏှာ"ဟု သုတ်တည်လေသည်။ [အာချာတတ္တေ- အာချတ်ပုဒ်၏ အနက်ကိုလည်းကောင်း၊ နာမတ္တေစ- နာမ်၏အနက်ကိုလည်းကောင်း၊ ဝတ္တဗ္ဗေ- ဆိုထိုက်သော်၊ ဂဟာဒိတော-၌၊ ကတ္တရိ-၌၊ ပွ ဏှာ ဟောန္တိ၊] ဂဟာဒိ ပုံစံများကိုလည်းကောင်း, ဂိုဏ်း သီးခြား သင့်-မသင့်နှင့် ဏှာ ပစ္စည်း ဆိုရကျိုးကို လည်းကောင်း ရူပသာဒ္ဒီကာ၌ ပြထား၏။

စုရာဒိတော ဏော ဏယာ

၄၅၂။ ကတ္တရိ၊ပေ၊ ဏော ဏယ ဣတိ ဝေ ပစ္စယာ ဟောန္တိ၊ ကာရိတသညာစ–ကာရိတ်အမည် ရှိကုန်သည်လည်း၊ (ဟောန္တိ)၊ စောရေတိ, စောရယတိ - ခိုး၏၊ စိန္တေတိ, စိန္တယတိ–ကြံစည်၏၊ မန္တေတိ, မန္တယတိ-တိုင်ပင်၏၊ (၅၂၆)။

---

အတ္တနော ပဒါနိ ဘာဝေစကမ္မနိ

၄၅၃။ ဘာဝေစ ကမ္မနိစ အတ္တနော ပဒါနိ ဟောန္တိ။ [ပုံစံများကို ၄၄၀, ၄၄၁ သုတ်တို့၌ အနက် ပေးခဲ့ပြီ၊ ရုပ်တွက်ပုံကိုလည်း ထိုသုတ်များ၌ ညွှန်ပြခဲ့ပြီ၊ ဘာဝေစ၌ စသဒ္ဒါသည် ကမ္မနိကိုပေါင်းသော သမ္ပိဏ္ဍနဟု နိဒ္ဒေသ ဆို၏၊ ရှဥ္ဌ်ကား ကမ္မ

---

၄၅၂။ စောရေတိကို အခြေပြု၍ ပြထားပြီ၊ စိန္တ=စိန္တာယံ(ကြံစည်ခြင်း၌) မန္တ=ဂုတ္တဘာသနေ ( လျှို့ဝှက်စွာဆိုခြင်း, တိုင်ပင်ခြင်း၌ ) ဟု ဆို၍ စောရေတိ အတိုင်း စိန္တေတိ မန္တေတိတို့ကိုတွက်၊ စောရယတိစသည်၌ ဏယပစ္စည်းသက်။

ကာရိတသညာစ။ ။ဓာတုဟိ ဏော ဏယ စသော သုတ်မှ ကာရိတာနိ ပုဒ်သည် မဏ္ဍူကဂတိကနည်းအားဖြင့် (ဖားခုန်သကဲ့သို့ ခုန်၍) လိုက်လာ၏၊ ထို့ကြောင့် "ကာရိတသညာ" ဟု ဖွင့်သည်၊ ကာရိတ် မှည့်ခြင်းသည် ကာရိတာနံဏောလောပံ သုတ်ဖြင့် ဏ အနုဗန်ကို ချေရခြင်း အကျိုး ရှိ၏၊ ကာရိတ (ပြုစေ) ဟူသော သဒ္ဒါအားလျော်စွာ စေခိုင်းခြင်းအနက်ကို မဟောနိုင်သော ကြောင့် ဤကာရိတ်မျိုးကို ရုဠှီကာရိတ်ဟု ခေါ်၏၊ "ဏ် အနုဗန်ရှိခြင်းအားဖြင့် ဏောဏယစသော ကာရိတ်ပစ္စည်းများနှင့်တူသောကြောင့် သဒိသူပစာရအားဖြင့် တင်စားအပ်သော ကာရိတအမည် ဖြစ်သည်" ဟူလို၊ ဤသို့ ရုဠှီကာရိတ်ဖြစ် သောကြောင့် "စောရေတိ–ခိုးစေ၏"ဟု (စေ)အနက် မပေးနိုင်။

ဘာဝကမ္မအလိုက်ကို စဥ်းစား။ ။နောက်သုတ်မှ ဘာဝကမ္မ သဒ္ဒါကို ခြသေ့်လှည့်သကဲ့သို့ ရှေ့သို့ ပြန်လှည့်လိုက်ငြားသော် ဘောက အနက်ဟော ဝိဘတ် ပစ္စည်း နှောင်းရာ၌လည်း ဤ ဏော ဏယတို့ကိုသက်၍ "စောရီယတေ-ခိုးခြင်း, ခိုးအပ်၏" ဟု ဖြစ်ကြောင်းကို ရှုဥ္ဌ် ဆိုသေး၏၊ သို့သော် "စိန္တီယတေ, မန္တီ ယတေ"စသည်၌ ဏောပစ္စည်း မသက်ပဲ ပြီးသောကြောင့်လည်းကောင်း စောရီ ယတေ၌ ဏောပစ္စည်း မသက်သော်လည်း အညေသုစဖြင့် စုရ်၏ဥကို ဩဝုဒ္ဓိပြုနိုင် သောကြောင့်လည်းကောင်း ထိုဘာဝကမ္မ လိုက်စေခြင်းကို စဥ်းစားသင့်၏၊ ကိတ် ဘောကဟောပုဒ်များ၌ကား ကတ္တရိဟူသော အလိုက်ကိုကြဥ်၍ "ရုဓာဒိ, ဒိဝါဒိ, သွာဒိ,ကိယာဒိ, ဂဟာဒိ ပစ္စည်းများပင် သက်၍ "ရုန္ဓိတဗ္ဗံ, မညိတဗ္ဗံ" စသည်ဖြင့် ရုပ်ပြီးနိုင်ရကား "စောရယိတဗ္ဗံ, မန္တယိတဗ္ဗံ" စသည်ဖြင့် စုရာဒိ ပစ္စည်း သက်စေလိုမူ ကတ္တရိ အလိုက်ကို ကြဥ်၍ သက်နိုင်မည်သာ။

ကတ္တားအနက်ကို ဆည်းသော အဝုတ္တသမုစ္စည်းဟု ဆိုသည်၊ ထိုကမ္မကတ္တားကို (ရှု) ယော ကာရေတိ သဟေတုသုတ်၌ ပြ၏။] (၄၄၄)။

**ကတ္တရိစ** ၄၅၄။ ကတ္တရိစ အတ္တနော ပဒါနိ ဟောန္တိ၊ မညတေ-သိ၏၊ ရောစတေ—တောက်ပ၏၊ သောစတေ- စိုးရိမ်၏၊ ဗုဇ္ဈတေ—သိ၏၊ ဇာယတေ-ဖြစ်၏။ [ကတ္တရိစ၌ စ သဒ္ဒါသည် ရှေ့သုတ်လာ ဘောအနက် ကံ အနက်ကိုပေါင်းသော သမ္ပိဏ္ဍနဟု ထင်သည်၊ ချသည်၌ အတ္တနော ပဒါနိပုဒ်ကို ငင်သော အနုကဍ္ဎနဟု ဆိုသည်၊] (၄၄၀)။

---

၄၅၄။ ပုံစံများ။ ။"မညတေ" ကို အခြေပြု၍ ရုပ်တွက်ပြထား၏ "ရုစ-ဒိတ္တိမှိ" ဟု ဆို၍ တေဝိဘတ် ဘူဝါဒိ အပစ္စည်း အညေသုစသုတ်ဖြင့် ဝုဒ္ဓိပြု၍ ရောစတေကိုလည်းကောင်း, "သုစ=သောကေ (စိုးရိမ်ခြင်း၌)" ဟု ဆို၍ သောစတေကိုလည်းကောင်းတွက်၊ ဗုဇ္ဈတေကား တထာကတ္တရိသုတ်လာ ဗုဇ္ဈတိအတိုင်းပင်၊ တေဝိဘတ် သက်ရခြင်းသာ ထူး၏၊ "ဇာယတေကို "ဇန= ဇနနေ"ဟု ဆို၍ ဓာတွန်ချေ, တေဝိဘတ် ဒိဝါဒိ ယပစ္စည်းသက်၊ ဇနာဒီနမာ တိမှိစသုတ်၌ "ဇနာဒီနမာ"ဟူသော ယောဂဝိဘာဂဖြင့် ဓာတွန်(န်)ကို အာပြု, ဇခွင်း,ချေ,ကပ် ဟု ရှု၍ ရုပ်တွက်၏။ [ချသည်၌ကား "ကွစိဓာတုသုတ်ဖြင့်" ဓာတွန် (န်) ကို ချေ, ဇ၏ အ ကို ဒီဃ ပြုလေသည်။] ရှေ့သုတ်နှင့် ဤသုတ် ပေါင်း၍ အတ္တနောပုဒ် ဝိဘတ်များသည် ဘော ကံ ကတ္တား အနက် ဤ ၃ ပါးကို ဟောနိုင်၏ဟု ဆိုသည်။

ဘူကရဓာတ်တို့ဖြင့် အနက်ပြရပုံ။ ။"ဘူကရာ သဗ္ဗဓာတွတ္ထဗျာပကာ" နှင့်အညီ ဘူဓာတ်၏သတ္တာ (ထင်ရှားဖြစ်ခြင်း) အနက်နှင့် ကရဓာတ်၏(ပြုခြင်း အနက်သည် ဓာတ်နက် အားလုံးတွင် ပါဝင်နိုင်သော သာမညအနက် ဖြစ်၏၊ ခဲ့ဦးအံ့— သွားခြင်းကြိယာ အထင်အရှား ဖြစ်နေခြင်းကို "ဂစ္ဆတိ-သွား၏" ဟု ဆို၏၊ ထို့ကြောင့် ဂစ္ဆတိ၌ "ဂမန် ဘဝတိ-သွားခြင်းဖြစ်၏"ဟု ဘူဓာတ်၏ အနက် ပါဝင်နိုင်၏၊ "ပုရိသော ဂစ္ဆတိ - ယောကျ်ား, သွား၏" ဟူရာ၌ ယောကျ်ားသည် သွားခြင်းကြိယာကို ပြုနေခြင်းပင်ဖြစ်၏၊ ထို့ကြောင့် ဂစ္ဆတိ၌ "ဂမန် ကရောတိ - သွားခြင်းကို ပြု၏" ဟု ကရဓာတ် အနက်လည်း ပါဝင်၏၊ ထို့ကြောင့် ဝိဘတ်နက် ပစ္စည်းနက်တို့ကို ပြရာ၌လည်းကောင်း, ဤ ၄၅၃, ၄၅၄ သုတ်တို့၌လည်းကောင်း "ဘာဝကမ္မေသုယော, ဘာဝကမ္မေသု တဗ္ဗာ နီယာ"စသော သုတ်တို့၌လည်းကောင်း, ဓာတ်အားလုံးနှင့် ဆက်ဆံသော ဘူ ဓာတ်, ကရဓာတ်တို့ဖြင့် ပြလေ့ရှိသည်၊ ဘူဓာတ်ဖြင့်"ဘာဝေ"ဟု ပြရာ၌ သွား မှု၏ဖြစ်ခြင်း, အိပ်မှု၏ဖြစ်ခြင်း စသော အားလုံးကြိယာ၏ ဖြစ်ခြင်းအနက်များ ပါဝင်၍ ကရဓာတ်ဖြင့် "ကမ္မနိ, ကတ္တရိ"ဟု ပြရာ၌ သွားမှုကို ပြုအပ် စားမှုကို ပြုအပ် စသော ကံအနက်အားလုံး, သွားမှုကို ပြုတတ် စသော ကတ္တားအနက် အားလုံး ပါဝင်နိုင်ကြသည်-ဟူလို။

ဓာတုပစ္စယေဟိ ဝိဘတ္တိယော

၄၅၅။ ဓာတုနိဒ္ဒိဋ္ဌေဟိ — ဓာတ်အနက်၌ ညွှန်ပြအပ်ကုန်သော၊ ခါဒိကာရိတန္တေဟိ—ခ အစ ကာရိတ်အဆုံး ရှိကုန်သော၊ ပစ္စယေဟိ—ပစ္စည်းတို့မှ နောက်၌၊ ဝိဘတ္တိယော ဟောန္တိ။ [ဟိတိက္ခတိ စသော ပုံစံတို့၏ အနက်ကို ၄၃၃-စသည်၌ ပြခဲ့ပြီ၊] (၅၃၁)။

---

၄၅၅။ ဓာတုပစ္စယေဟိ။ ။တိဇ ဂုပ ကိတ မာနေဟိ စသော သုတ်မှစ၍ ဓာတုရူပေ နာမသ္မာ ဏယောစ တိုင်အောင် သုတ်တို့ဖြင့် သက်အပ်သော "ခ, ဆ, သ, အာယ, ဤယ, ဏေ, ဏယ, ဏာပေ, ဏာပယ, (အတ္ထသဒ္ဒါ စ သဒ္ဒါတို့ဖြင့် သက်ရသော) အလ,အာရ,အာလ" ဤ ၁၂ ပစ္စည်းကို ဓာတုပစ္စယ"ဟု ခေါ်၏၊ ဘာ့ကြောင့် ဓာတုပစ္စယအမည် ရကြသနည်း....ဟု မေးဖွယ်ရှိ၏၊ အဖြေကား ဓာတ်၏အနက်ကို ဟောသောကြောင့် "ဓာတုပစ္စယ"အမည်ရကြသည်၊ ချဲ့ဦးအံ့—ခ ဆ သ ပစ္စည်းတို့သည် တိဇစသောဓာတ်တို့၏ သည်းခံခြင်း စသော ဓာတ်နက်၌ ညွှန်ပြအပ်သော ဓာတုနိဒ္ဒိဋ္ဌ ပစ္စည်းတို့တည်း၊ ["ဒေဝေါယေဝ ဒေဝတာ"၌ တာပစ္စည်းသည် သွတ္ထ၌ သက်သကဲ့သို့ ခ ဆ သ တို့လည်း ဓာတ်၏အနက် တည်းဟူသော သွတ္ထ (သကတ္ထ)၌ သက်ကုန်၏—ဟု မှတ်၊ "လုပ် တိဇကိတေဘိ သန် ပရော ဘဝတိ သွတ္ထေ"—ကာတန္တဝုတ္တိ။]

ဆက်ဦးအံ့။ ။အာယ ဤယပစ္စည်းတို့သည် အာစာရ (အာပုဗ္ဗ စရဓာတ်၏)အနက် အတ္တိစ္ဆာ (ဣသုဓာတ်၏) အနက်တို့ကို ဟောကုန်၏၊ ဏေ စသော ကာရိတ် ၄ ပစ္စည်းကား စေခိုင်းခြင်း ကြိယာ ဟူသော ဓာတ်နက် တမျိုးကို ဟောကုန်၏၊ ဓာတုရူပေ နာမသ္မာ ဏယောစဖြင့်သက်သော ဏယပစ္စည်းသည် အတိက္ကမ(အတိပုဗ္ဗ ကမု)စသော ဓာတ်၏အနက်ကို ဟော၏၊ ဤသို့ ဓာတ်၏အနက်၌ ညွှန်ပြအပ်သောကြောင့် "ဓာတုနိဒ္ဒိဋ္ဌ" အမည်ရသော ပစ္စည်းတို့သည် ထိုထိုဓာတ်၏အနက်ကို ဟောပြသဖြင့် ဓာတ်သဘော သက်ရောက်ရကား(ဓာတ်နှင့် အလားတူရကား) "ဓာတုဘူတာ- ဓာတ်အစစ် မဟုတ်သော်လည်း ဓာတ်ကဲ့သို့ဖြစ်၍ ဖြစ်ကုန်သော + ပစ္စယာ — ပစ္စည်းတို့တည်း" ဟူသော ဝိဂ္ဂဟ်အရ "ဓာတုပစ္စယ"အမည်ရကြ၏၊ ထို့ကြောင့် ကာတန္တ၌လည်း "တေ ဓာတဝေါ (သုတ်)၊ တေ သနာဒျန္တာ ဓာတုသညာ ဘဝန္တိ" ဟု ထို ပစ္စည်းဆုံးသော "တိတိက္ခ၊ပေ၊အတိဟတ္ထယ"ကဲ့သို့ ပုဒ်များကို ဓာတ်ဟု အမည်မှည့်လေသည်။

အမှာ။ ။ဤသို့ ဓာတ်အမည် ရသောကြောင့် ဓာတ်ကဲ့သို့ ပကတိ၌ ပါဝင်ရကား အာချာတ်ဝိဘတ် ကိတ်ပစ္စည်းတို့ မသက်ခင် ဤ ဓာတုပစ္စယ အမည်ရသော ပစ္စည်းများကို ဓာတ်နှင့် တွဲဖက်၍ ရှေ့ဦးစွာ သက်ထားရသည်၊ ဆောင်ပုဒ်ကို အခြေပြု၌ ပြထားပြီ။

ကစ္စာရိပရဿပဒံ (၄၅၆) မှ (၄၃၀)။ [အနက်အဓိပ္ပာယ် ရှုပ်အားလုံး လွယ်ပြီ၊ အနည်းငယ် မှတ်ဖွယ်ကို အခြေပြုမှာ မှ ။]

ဘူဝါဒယော ဓာတဝေါ ၄၅၇။ ဘူဝါဒယော-ဘူ ဤသို့အစရှိကုန်သော၊ ယေ သဒ္ဒဂဏာ-အကြင် သဒ္ဒါအပေါင်းတို့သည်၊ သန္တိ-ရှိကုန်၏၊ တေ-ထိုသဒ္ဒါအပေါင်းတို့သည်၊ ဓာတုသညာ-ဓာတ်အမည်ရှိကုန်သည်၊ ဟောန္တိ၊ ဘဝတိ-ဖြစ်၏၊ ဘဝန္တိ-ကုန်၏ ဝရတိ- လှည့်သည်၏၊ ပေ၊ ဂစ္ဆန္တိ-ကုန်၏၊ (၄၂၄)။

ဣတိ ဓာတုကပ္ပေ ဒုတိယော ကဏ္ဍော။

---

ဤသုတ် တည်ရကျိုး။ ။ဓာတုလိင်္ဂေဟိ ပရာပစ္စယာနှင့်အညီ ဓာတ်ဝိဘတ်တို့သည် ဓာတ်နောက်၌သာ သက်လေ့ရှိရကား ခ စသော ဓာ  ပစ္စယ နောင် မသက်နိုင်သကဲ့သို့ ဖြစ်နေသောကြောင့် ဓာတုပစ္စယနောင် ဓာတ်ဝိဘတ်တို့ သက်နိုင်ခြေင်း အကျိုးငှာ "ဓာတုပစ္စယေဟိ ဝိဘတ္တိယော- ဓာတုပစ္စယနောင် ဓာတ်ဝိဘတ်များသက်လေ"ဟု ရှိဘာသာသုတ်ကို အားထုတ် ရပြန်သည်၊ ကြွင်းသောမှတ်ဖွယ်ကို အခြေပြု၍ပြကားပြီ၊ ပဗ္ဗာဘာယတိစသည်ကို ဆိုင်ရာသုတ်၌ ရပ်တွက်ခဲ့ပြီ၊ တိတိက္ခတိ စသည်ကို တတိယပိုင်းကျမှတွက်။

အမျိုးမျိုး နာမည်တပ်ပုံ။ ။ခ အစ ကာရိတ်အဆုံးရှိသော ပစ္စည်းကို "ဓာတုပစ္စယ"ဟု နာမည်တပ်ခြင်း၌ "ဓာတုပစ္စယေဟိ" ဟု ကစ္စည်းသုတ် တိုက်ရိုက်ရှိသောကြောင့် ဝါဒ မကွဲသင့်၊ သို့ပါလျက် အချို့က ပဗ္ဗာဘ စသော နာမ်နောင်သက်သော အာယစသော ပစ္စည်းများကိုကား "နာမပစ္စယ"ဟု ဆိုလို ကြသေး၏၊ အချို့ကလည်း "ခ စသော ပစ္စည်းများသည် ဓာတ် အစစ်နောင် သက်ရ၍ ဓာတုပစ္စယ, အာယစသော ပစ္စည်းများသည် ဓာတ်အနက်ကိုဟော၍ ဓာတ်သဘောရှိသောကြောင့် ဓာတုရူပပစ္စယ, ဏေ စသော ပစ္စည်းများကား ကာရိတပစ္စယ"ဟု ၃ မျိုးခွဲကြသေး၏၊

---

၄၅၇။ ဘူဝါဒယော ဓာတဝေါ။ ။[ပါဏိနိ၌လည်း ဤသုတ်ပါရှိ၏၊] "ဘူဝါဒယော"နှင့်သော ဝုတ္တိအလိုအားဖြင့် ဘူဝါဒယော၌ ဘူဝါဒိ ပုဒ်ကို "ဘူ+အာဒိ"ဟု ပုဒ်ဖြတ်၍ ယဝမဒနသုတ်ဖြင့် ဝ အာဂုံလာသော သည်ဟု ကြံသင့်၏ ထိုအတိုင်းပင် နျာသရူပသိဒ္ဓိနှင့် သဒ္ဒနီတိ(မဟာဘာသာ)၌ ဆိုကြသည်၊.... "ဘူဝါဒိသု ဝ ကာရော ယံ, ဉေယျော အာဂမသန္ဓိဇော"ဟု ရူပသိဒ္ဓိဆိုပုံကို ရှုဘာသာဋီကာမှာ ရှု၊ နျာသနှင့် မဟာဘာသာတို့ ကောသုံးပုံ ကား ဆင်တူပြင်၍ မဟာဘာသာ အဆိုကို ပြ ၏၊

**မဟာဘာသ။** ။ကုတောယံ့ဝကာရော-ဘူဝါဒိ၌ ဝ အက္ခရာကို ဘယ်မှ ရအပ်သလဲ၊ ယဒိ တာဝ သံဟိတာယ နိဒ္ဒေသော ကရီယတေ,ဘ္ဝာဒယော ဣတိ ဘဝိတဗ္ဗံ–အက္ခရာ၏ သန္ဓိစပ်မှုကို ပြုသောအားဖြင့် ညွှန်မှုကို ပြုလိုအပ်လျှင်, (ဦကို ဝပြု၍) "ဘွာဒယော"ဟု ဖြစ်သင့်၏၊အထ-သံဟိတာယ, ဘူအာဒယော ဣတိ ဘဝိတဗ္ဗံ-သို့မဟုတ် သန္ဓိမစပ်ပဲညွှန်ပြမှုကိုပြုလိုအပ်လျှင် "ဘူအာဒယော" ဟု ဖြစ်သင့်၏၊ အတော ဥတ္တရံ ပဌတိ- "ဘူဝါဒီနံ ဝကာရောယံ, မင်္ဂလတ္ထော-ပယုဇ္ဇတေ"–ဤသို့ မေးဖွယ်ရှိသောကြောင့် "ဘူဝါဒီနံ၊ ပေ၊ ပယုဇ္ဇတေ"ဟု အဖြေကို ရွတ်ဆိုသည်၊ ဘူဝါဒီနံ–ဘူဝါဒိတို့၏၊ အယံ ဝကာရော-ကို၊ မင်္ဂလတ္ထံ-မင်္ဂလာ အကျိုးငှာ၊ ဥပယုဇ္ဇတေ–ယှဉ်ကပ် သုံးစွဲအပ်၏၊ ဤ၌ မင်္ဂလာ အကျိုးဟူသည် ဝ အက္ခရာ လာထားသဖြင့် ရွှတ်ဆိုရာ၌ ချောမောပြေပြစ်ခြင်း အကျိုးပင်တည်း၊ ထို့ကြောင့်"မင်္ဂလိကော အာစရိယော မဟတော သတ္တော ဃဿ မင်္ဂလတ္ထံ ဝကာရာဂမံ ပယုဇ္ဇတေ"ဟု ဆက်၍မိန့်သည်။

**ဝ အာဂုံ မဟုတ်သောနည်း။** ။ကစ္စည်းဝုတ္တိ၌ မဖွင့်သော်လည်း ရူပသိဒ္ဓိ၌ "ဘူဝါပကာရာ ဝါ ဓာတူ,သကမ္မာ-ကမ္မကတ္ထတော"ဟု ချာသကိုမှီ၍ တနည်း ဖွင့်သေး၏၊ ထို ချာသ ရူပသိဒ္ဓိနှင့် အနည်းငယ်ကွဲသော တတ္တဗောဓိနီ ဋီကာ စသည်၌ ဖွင့်ပုံကား–ဘူဝါဒယော ဣတိ ဘူစ+ဝါစ+ဝါတိ ဒွန္ဒော၊ အာဒိသဒ္ဒေါ ဝ ဝတ္ထာနပကာရဝါစီ, ဧကသေသော-အာဒိစ+အာဒိစ,အာဒီ၊ ဘူဝါ+အာဒီ ယေသံ တေ ဝိဂ္ဂဟော၊ ဘူဝဘူတယော ဝါသဒ္ဒိသာ=ဘူဝါဒယော ဟူရာ၌"ဘူစ-ဘူဓာတ်လည်း+ဝါစ–ဝါဓာတ်လည်း၊ ဘူဝါ-ဘူဓာတ် ဝါဓာတ်တို့"ဟု ဒွန္ဒတွဲ၊ အာဒိသဒ္ဒါသည်(တခုက)ဝ ဝတ္ထာန (အပိုင်းအခြား)အနက်ကိုဟော၍ (တခုက) ပကာရ (အတူ)အနက် ဟော၏။ "အာဒိစ–အပိုင်းအခြားလည်း+ အာဒိစ-အတူလည်း၊ အာဒီ–အပိုင်းအခြား အတူတို့"ဟု ဧကသေသ်ပြု၍ ယေသံ-အကြင်သဒ္ဒါတို့၏၊ ဘူဝါ-ဘူဝါဟူကုန်သော၊ အာဒီ-အပိုင်းအခြား အတူတို့သည်၊ သန္တိ ဣတိ ဘူဝါဒယော"ဟု ဗဟုဗ္ဗီဟိဝိဂ္ဂဟ်ပြု။

**ဆက်ဦးအံ့။** ။ထိုတွင် ဓာတ်ကျမ်းတို့၌ ဘူဓာတ်ကို အစဆုံးထား၍ ပြလေ့ ရှိသောကြောင့် ဘူ+အာဒိဖြင့် ဘူဓာတ်လည်း အစ အပိုင်းအခြားရှိသော (သ ကမ္မက အကမ္မက)ဓာတ်အားလုံးကိုပင်သိမ်းကျုံးနိုင်သော်လည်း ဝါ+အာဒိဖြင့် ထို ဓာတ်အားလုံးသည် ကြိယာအနက်ကို ဟောခြင်းအားဖြင့် တူကြသည် ဟု ပြလိုသောကြောင့်"ဝ အာဒိ"ဟု ဆိုရပြန်၏၊ ထို့ကြောင့် "ဘူ ပဘူတယော, ဝါသဒိသာ"ဟု ဖွင့်သည်၊ [ချာသနှင့် ရူပသိဒ္ဓိတို့ကား ဘူအာဒိဖြင့် အကမ္မက ဓာတ်စုကိုယူ၍ ဝါအာဒိဖြင့် သကမ္မကဓာတ်စုကို ယူဖို့ရန် "ဘူဝါ"ဟု ဓာတ် ၂မျိုးပြရကြောင်း အာဒိသဒ္ဒါကားပကာရအနက်ရှိကြောင်းကိုဖွင့်သောကြောင့် ဤ တတ္တဗောဓိနီဆိုပုံနှင့် မတူတတ်ချေ။]

**ဓာတဝေါ**။ ။ကြိယံ- ကြိယာကို၊ ဓာရေန္တိ-ဆောင်တတ်ကုန်၏။ ဣတိ, ဓာတဝေါ-ဓာတ်တို့မည်၏၊ "ကြိယာအနက်ကို ဆောင်" ဟူရာ၌ "ကြိယာ တည်းဟူသော အနက်ရှိသည်, ကြိယာတည်းဟူသောအနက်ကို ဟောနိုင်သည်" ဟု ဆိုလိုသည်၊ ဤ ဓာတု သဒ္ဒါသည် ပါဠိတော်၌"အဋ္ဌာရသ ဓာတုယော"ဟု ဣတ္ထိလိင်ဖြင့် ရှိ၏၊ သက္ကတကျမ်းများ၌ "ဘူဝါဒယော ဓာတဝေါ"စသည်ဖြင့် ဘိက္ခဝေါကဲ့သို့ ပုလ္လိင်ဖြင့် ပါ၍ရှိ၏၊ ထို သက္ကတအဘိဓာန်များ၌ "ဓာတု-ပု (ပုလ္လိင်) ဓာ + တုန်"ဟု ဆို၏၊ ကစ္စည်းကျမ်း၌မူ ပါဠိတော်ကိုလည်း မှီရ သက္ကတ ဗျာကရုဏ်းများကိုလည်း မှီရသဖြင့် "ဓာတုယာ ကမ္မာဒိမှိဏော" စသည်ဖြင့် ဣတ္ထိလိင်ကိုလည်းကောင်း "ဓာတုဃန္တောလောပေါ" စသည်ဖြင့် ပုလ္လိင်ကိုလည်းကောင်း သုံးစွဲသား၏၊ ဤသုတ်၌ ဓာတဝေါလည်း ပုလ္လိင်ပင်၊ ["သကတ္ထ ပရတ္ထံ ဓာရေတီတိ ဓာတု"ဟူသော ဝဂ္ဂိုဟ်နှင့် ဒ-မိပ္ပာယ်ကို အခြေပြု ဓာတ်စဉ်အစ၌ ပြထားသည်။]

**ဓာတ်အမည်ရပုံနှင့် ဓာတ်နက်ကြားရကျိုး**။ ။"ဝိဘတ္တိ ပစ္စယ ရဟိ တော ကေဝလော ဘူဒါဒိ ဓာတုသညော ဘဝတိ=ဝိဘတ်ပစ္စည်းမှ ကင်းသော သက်သက် ဘူစသောသဒ္ဒါသာ ဓာတ်အမည်ရ၏" သာရတ္ထဝိနီကာစသည်တို့ မိန့်သည်နှင့်အညီ "သတ္တာ- (ထင်ရှားရှိခြင်း)"ကြိယာကို ဟောခိုက်၌သာ ဘူ သဒ္ဒါသည် ဓာတ်အမည်ရ၏၊"ဘဝတိ"ဟု ပစ္စည်းဝိဘတ်နှင့် တွဲစပ်မိသောအခါ "ဘဝတိဓာတ်"ဟု မဖြစ်နိုင်တော့ချေ၊ ဘူသဒ္ဒါပင် ဖြစ်သော်လည်း ကြိယာကို မဟောပဲ "ဘူ-မြေ"ဟု မြေဒြပ်ကို ဟောရာ၌လည်း ဓာတ်အမည် မရချေ၊ ထို့ကြောင့် "ဘူ=သတ္တာယံ၊ ဂမု=ဂတိမှိ"စသည်၌ "သတ္တာယံ, ဂတိမှိ" စသော ဓာတ်နက်များကို ညွှန်ပြရခြင်း (ဓာတ်နက် ကြားရခြင်းသည်) ထိုဓာတ် များက သတ္တာကြိယာ ဂမနကြိယာစသော ကြိယာအနက်ကို ဟောနိုင်ကြောင်း သိစေရခြင်းအကျိုး ရှိ၏၊ ထို့ပြင်-ထိုကဲ့သို့ ကြိယာအနက်ကို ဟောခိုက်၌သာ ဓာတ်အမည်ရသည်၊ ကြိယာနှင့်တကွ ဝိဘတ်ပစ္စည်းနက်, ဒြပ်နက်တို့ကို ဟောရ သည့်အခါ ဓာတ်အမည် မရတော့ဟု သိစေရခြင်းအကျိုးလည်း ရှိသည်။

မှတ်ချက်။ ။"အနုဘဝတိ-ခံစား၏" ဟူရာ၌ ဓာတ်အမည် မှည့်သောအခါ ကြိယာနက် ဟောကြောင်း-ထိုကြိယာနက်ကို ဟောခိုက်၌သာဓာတ်အမည်ရကြောင်း ထင်ရှားရုံ ရည်မှန်းလျက် "ဘူ=သတ္တာယံ"ဟုပင် ဆို၍ ဓာတ်အမည် မှည့်ရ၏၊ ပုဒ် နက်နှင့်လိုက်အောင် "အနုဘဝနေ-ခံစားခြင်း၌"ဟု ဆိုဖွယ်မလို။

[ဆောင်] ထိုသို့ဓာတ်တွက်, ဓာတ်အနက်မှာ, ကြိယာကို, ဟောဆိုနိုင်ကြောင်း,
ငင်းကြိယာ, ဟောခိုက်သာလျှင်, မှန်စွာဓာတု, အမည်ပြုဟု နှစ်ခု
ကျိုးမျှ,စဉ်းစားရ,မှတ်ကြဓာတ်တိုင်းပင်။

ကွစာဒိ ဝဏ္ဏာန.... ဒွေဘာဝေါ

၄၅၈။ ကေဿရာနံ – တလုံးသောသရ ရှိကုန်သော၊ အာဒိဘူတာနံ – အစဖြစ်၍ ဖြစ်ကုန်သော၊ ဝဏ္ဏာနံ– ဝဏ္ဏတို့၏၊ ကွစိ - အချို့အရာ၌၊ ဒွေဘာဝေါ-ဒွေဘော်သည်၊ ဟောတိ၊ [တိတိက္ခတိမှစ၍ ပိဝါသတိတိုင်အောင် ၄၃၃,၄၃၄ သုတ်၌ အနက်ပေးခဲ့ပြီ၊] ဒဒ္ဒလ္လတိ–လွန်စွာ တောက်ပ၏၊ ဒဒါတိ-ပေး၏၊ ဇဟာတိ– စွန့်၏၊ စင်္ကမတိ-စင်္ကြံသွား၏၊ ကွစိတိ ကိံမတ္ထံ၊ ကမ္ပတိ–တုန်လှုပ်၏၊ စလတိ– ရွေ့ရှား၏၊ ဉာတိ- ဉ်....၏၊ (၄၉၁)။

---

၄၅၈။ အာဒိဘူတာနံ ဝဏ္ဏာနံ။ ။အာဒိဝဏ္ဏာနံကို "**အာဒိဘူတာနံ + ဝဏ္ဏာနံ**"ဟု ဖွင့်သောကြောင့် "အာဒိဘူတာ+ဝဏ္ဏာ, **အာဒိဝဏ္ဏာ**"ဟု ပြု၊ တိဇခါတ်၌ တိကဲ့သို့သော ဝဏ္ဏတို့ကို "အာဒိဝဏ္ဏ"ဟု ဆိုသည်၊ တိဝဏ္ဏသည် တလုံးတည်း မဟုတ်ပါလော, အဘယ့်ကြောင့် "အာဒိဝဏ္ဏာနံ-"ဟု ဗဟုဝုစ်ဖြင့် ဆိုရပါသနည်း....ဟု မေးဖွယ်ရှိ၏၊ အဖြေကား–တိ၌ (တ်) ဗျည်းနှင့် ဣသရ ဖြစ်၍ ဝဏ္ဏ (အက္ခရာ) ၂ လုံးဖြစ်သောကြောင့် "အာဒိဝဏ္ဏာနံ"ဟု ဗဟုဝုစ်ဖြင့် ဆိုရသည်၊ ထို့ကြောင့်လည်း "အာဒိဝဏ္ဏာနံ – ဓါတ်၏အစ သရနှင့် ဗျည်း ဖြစ်ကုန်သော ဝဏ္ဏတို့၏"ဟု ဆရာတို့ **အနက်ပေး**၍ န်ျာသ၌လည်း "ဣခ သသရဿာဓိပ္ပေတောစ၊ တေနေဝိဟ–အာဒိဝဏ္ဏာနံတိ ဗဟုဝစန နိဒ္ဒေသော ကတော"ဟု ဖွင့်သည်။

ကေဿရာနံ။ ။ဤပုဒ်သည် **အာဒိဝဏ္ဏာနံနှင့်ဝိဘတ်ချင်းတူသောကြောင့်** အာဒိဝဏ္ဏာနံပုဒ်၏ ဝိသေသနသာတည်း၊ [**"အာဒိဝဏ္ဏာနန္တိ-သမ္ဗန္ဓဆဋ္ဌီ** ကာရီ၊ ကေဿရာနန္တိ တဗ္ဗိသေသန်"နိဒ္ဒေသ၊] ဧကောသရော ယေသံတိ ကေဿရာ၊ ယေယံ-အကြင် (တိ-ကဲ့သို့သော) ဝဏ္ဏတို့၏၊ ဧကော-တလုံးသော၊ သရော– သရသည်၊ (အတ္ထိ)၊ ဣတိ တေ ကေဿရာ။

မေးဖွယ်။ ။တိကဲ့သို့သော ဝဏ္ဏတို့၌ သရ ၂ လုံး မရှိနိုင်သောကြောင့် "ကေဿရာနံ"ဟု အထူး(မ)၍ ဝိသေသနပြုဖွယ် မလိုသည်မဟုတ်ပါလော၊ ကေဿရာနံ ဟူသော ဝိသေသနဖြင့် အဘယ်အကျိုးထူး ရနိုင်သေးသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား-ကေဿရာနံဟူသော ဝိသေသနဖြင့် ဒွေဘော်ပြုသော အခါ ဗျည်းချည်းမပြုရ, "တိ=တိ"စသည်ဖြင့် သရနှင့်တကွ ပြုရမည်ဟု သိစေ ရခြင်းအကျိုးရှိ၏၊ ["ဧတ္ထ ဗျဉ္ဇနဿ အနေကဿရာ-ဘာဝေပိ (ဗျည်းတလုံးမှာ သရအများ ရှိရိုးမဟုတ်သော်လည်း) ကေဿရာနံတိ ကာရိနော ဝိသေသိတတ္တာ သရာနံပိ ဒွေဘာဝေါတိ ဝိညာယတိ"-နိဒ္ဒေသ။]

တနည်း ကြံကြပုံ။ ။ကေဿရာနံ၌ ကေသဒ္ဒါကို သမာနအနက်ဟောဟု လည်းကောင်း, ထိုကေဿရာနံပုဒ်သည် ဒွေဘာဝေါဟူသော ကာရိယ၏ ဝိသေ

သနတည်းဟုလည်းကောင်း၊ ကြံ၍ "ကေဿရာနံ-တူသောသရရှိ ကုန်သည်ဖြစ်၍" ဟု အနက်ပေးကြသေး၏၊ ဒွေဘာဝေါ၏ ဝိသေသန မှန်လျှင် ဒွေဘာဝေါနှင့် ဝိဘတ်တူအောင် "ကေဿရော" ဟုရှိသင့်၏၊ ထိုသို့ မရှိသောကြောင့် ကေဿရာနံ သည် ဒွေဘာဝေါ၏ ဝိသေသနမဖြစ်နိုင်၊ ထို့ပြင်-ကေသဒ္ဒါကို သဟအနက် ဟောဟု ကြံ၍ "ကေဿရာနံ—သရနှင့်တကွ ဖြစ်ကုန်သော၊ အာဒိဝဏ္ဏာနံ-တို့၏" ဟုလည်းပေးကြသေး၏၊ ထိုအကြံမှာ အဓိပ္ပာယ်မပျက်သော်လည်း ကေသဒ္ဒါ၏ "သချာတုလျ" စသော အနက်တို့တွင် သဟအနက် မပါသောကြောင့် လည်းကောင်း ကေပ္ပာဒါ စသည်၌ ကေသဒ္ဒါလည်း သမာနအနက်, ကေတော (တပေါင်းတည်း)အနက်ကိုသာ ဖွင့်ကြသောကြောင့်လည်းကောင်း, ဤသဟ အနက်ကြံခြင်းကိုလည်း စဉ်းစားသင့်၏။

ဒွေ ဘာဝေါ။ ။ဒွိန္နံ — ၂ လုံးတို့၏၊ ဘာဝေါ — ဖြစ်ကြောင်း ဖြစ်ရာ (နောက်ထပ် တလုံးလာခြင်း)သည်၊ ဒွိဘာဝေါ-ဒွိဘာဝမည်၏၊ ဒွိဘာဝေါ ဧဝ (သကတ္တ၌ ဏပစ္စည်းသက်၍) ဒွေဘာဝေါ၊ "တိဇ" ဟု ရှိရာ၌ ဓာတ်၏အစ တိ နှင့် အလားတူ "တိတိ" ဟု တိတလုံးလာခြင်းကို ဒွေဘာဝဟု ခေါ်သည်၊ ဤသို့ "ဒွိန္နံ+ဘာဝေါ" ဟု ဝိဂ္ဂိုဟ်ပြုခြင်းသည် "ဆပစ္စယော ဒွိတ္တဥ္စ" ရူ, ၅၃၁ သုတ် "ဓာတုဝေါ ဟာရတ္တာ ဒွိတ္တံ" ၅၃၄ သုတ်တို့၌ ဒွေဘာဝေါကိုပင် "ဒွိတ္တံ" ဟု ဘောအနက်ဟော တ္တပစ္စည်းဖြင့် ပရိယာယ် သုံးစွဲထားပုံနှင့် လည်းကောင်း, "ကွစာဒိ ဝဏ္ဏာသေ ကဿရဿ ဒွိတ္တံ" ဟူသော သဒ္ဒနီတိသုတ်နှင့်လည်းကောင်း ညီသည်, နိဒ္ဒေသ၌ "ဘဝတီတိ ဘာဝေါ၊ ဒွိက္ခတ္တုံ ဘာဝေါ ဒွေဘာဝေါ၊ ပေ၊ ဒွေသဒ္ဒေါတိ အတ္ထော" ဟု ဆို၍ "တိတိ" စသည်ဖြင့် ၂ ကြိမ်ဖြစ်သော သဒ္ဒါ ၂ ခုလုံးကို ဒွေဘာဝဟု ဆိုထား၏၊ ထိုအဆိုသည် အဓိပ္ပာယ်မပျက်သော်လည်း "ဒွိတ္တံ" ဟု ပရိယာယ်ရှိသောကြောင့် ထို နိဒ္ဒေသဆိုတိုင်း မမှတ်အပ်။

ကာတန္တ၌ ဆိုပုံ။ ။ဒွိဝစန - မနဗ္ဘာသေဿကဿရဿ ရဿာဒျဿ၊ — ကာတန္တသုတ်၊ အာဒျဿ - ဓာတ်၏အစဖြစ်သော၊ အနဗ္ဘာဿ - အဗ္ဘာသလည်း မဟုတ်သော၊ ကေဿရဿ - တလုံးသော သရရှိသော ဗျည်း၏၊ (သရနှင့်တကွ သော ဗျည်း၏၊) ဒွိဝစနံ— ၂ ခုသောသဒ္ဒါသည်၊ (ဝါ—တိတိစသည်ဖြင့် ၂ လုံး အပြုသည်)၊ ဘဝတိ -၏၊ (သုတ်နက်)၊ ဤသုတ်၌ "ဒွိဘာဝေါ" ဟု မဆိုပဲ "ဒွိဝစနံ" ဟု ဆိုသောကြောင့် သူ့နည်းနှင့်သူ သင့်ပါပေသည်၊ "ကေဿရဿ အာဒျဿ" ဟု ဧကဝုစ်ဖြင့် ဆိုသောကြောင့်လည်း အဓိပ္ပာယ်အယူအဆ ရှင်း၏၊ ကစ္စည်းသုတ်၌ကား "အာဒိဝဏ္ဏာနံ" ဟု ဗဟုဝုစ်ဆိုထားသောကြောင့် တိ၌ သရနှင့်ဗျည်း ဝဏ္ဏ ၂ လုံးဖြစ်၍ ဗဟုဝုစ်ဆိုရသည်ဟု ကြံကြံဖန်ဖန် ဖွင့်ရသည်။

ဤသုတ်ဆိုရကျိုး။ ။"ပရဒွေဘာဝေါ ဌာနေ" ဟု ဒွေဘော်ပြုသောသုတ် ရှိပြီးလျက် ဤသုတ်ကို ထပ်၍ဆိုခြင်းသည် အဘယ်အကျိုး ရှိသနည်း-ဟု မေး၊

ပရဒွေဘာဝေါ ဌာနေသုတ်သည်''ဣဓ+ပမာဒေါ''စသည်၌ (ပ်) ဗျည်းချည်းသာ လာရခြင်းကဲ့သို့ သရမပါပဲ ဗျည်းချည်းသာ ဒွေဘော်ပြု၏၊ တိတိစသည်၌ကား သရနှင့်တကွ ဒွေဘော်ပြုရသည်၊ ထို့ကြောင့် ပရဒွေဘာဝေါဌာနေ သုတ်ဖြင့် မပြီးနိုင်ရကား ဤသုတ်ကိုဆိုရခြင်းသည် သရနှင့်တကွ ဒွေဘော်ပြုရခြင်း အကျိုးရှိ၏-ဟု ဖြေ။ [နနုပရဒွေဘာဝေါ ဌာနေတိ ဣမိနာဝ သိဇ္ဈတိ၊ န သိဇ္ဈတိ၊ (ကသ္မာ)၊ တေန (ထို ပရဒွေဘာဝေါ ဌာနေသုတ်ဖြင့်) ဗျဉ္ဇနဿေဝ ဒွေဘာဝေါ ပဋ္ဌနတော, ဣဓ သသရဿာဓိပ္ပေတတော စ၊ တေနေ ဝိဟ အာဒိဝဏ္ဏာနန္တိ ဗဟုဝစန နိဒ္ဒေသော ကတော-န္យာသ၊]

ဒွေဘာဝ ၃ မျိုး။ ။ဤစကားနှင့်စပ်၍ ''ဗျဉ္ဇနဒွေဘာဝ, သသရဒွေဘာဝ, ပဒဒွေဘာဝ''ဟု ၃ မျိုးခွဲ၊ သန္ဓိ၌လာသော ဒွေဘာဝသည် ဗျည်းချည်းပြုရသော ဗျဉ္ဇနဒွေဘာဝတည်း၊ ဤ ဓာတ်ခန်း၌လာသော ဒွေဘာဝသည် သရနှင့်တကွ ဗျည်းကို ပြုရသော သသရဒွေဘာဝတည်း။ [ဓာတုဒွေဘာဝဟုလည်း ဆိုကြ၏၊] ဂါမေဟူသော ပုဒ်, ပစတိဟူသော ပုဒ်ကို ''ဝိစ္ဆာ-ဘိက္ခညေသု'' သုတ်ဖြင့် ''ဂါမေ ဂါမေ''ဟု ဝိစ္ဆာခန်း၌လည်းကောင်း, ပစတိ ပစတိ-ချက်၏ ချက်၏ (တချက်တည်း ချက်နေ၏)ဟု အာဘိက္ခညခန်းတို့၌လည်းကောင်း လာသော ဒွေဘော်သည် တပုဒ်လုံးပြုရသော ပဒဒွေဘာဝတည်းဟု မှတ်ပါ။ [အာဘိက္ခည အကျယ်ကို မောဂ္ဂလ္လာန်သန္ဓိ''ဝိစ္ဆာဘိက္ခညေသု ဒွေ''သုတ်မှာ ကြည့်။]

ပုံစံများ။ ။တိတိက္ခတိစသောရုပ်များကို နောက်သုတ်များ၌တွက်ရလတ္တံ့၊ ဒဒ္ဒလ္လတိကို ဒလ္လတည်, ''ဒလ္လ=ဒိတ္တိယံ'' အနက်၌ ဓာတ်မှည့်, ဓာတွန်ချေ, တိဝိဘတ်, ဘူဝါဒိ အပစ္စည်းသက်,ဤသုတ်ဖြင့် ဒ၏ ဒွေဘော် ဒလာ (ဒဒဟု ဒွေဘော်ပြု-ဟူလို)၊ ပရဒွေဘာဝေါ သုတ်ဖြင့် နောက်ဒ၏ ဒွေဘော် (ဒ်) လာ၊ ဒဒ္ဒလ္လတိ ပြီး၏။ [ဤပုဒ်၏ အဆုံးအဖြတ်ကို နိဂ္ဂဟီတဥ္စသုတ်ကျမှ ပြအံ့။]

ကမ္ပတိ စလတိ။ ။''ကပိ''တည်၊''ကပိ=ကိဉ္စိ စလနေ''ဟူသောအနက်၌ ဓာတ်မှည့်, တိဝိဘတ် အပစ္စည်းသက်၊ ဤသုတ်ဖြင့် ကကဟု ဒွေဘော်ပြုသင့်သော်လည်း ကွစိသဒ္ဒါမြစ်သောကြောင့် မပြုရ၊ သန္ဓိကျမ်း နိဂ္ဂဟီတဥ္စသုတ်ဖြင့် ပ်ဗျည်းကြောင့် နိဂ္ဂဟိတ်လာ, ဝဂ္ဂန္တပြု, ကမ္ပတိပြီး၏၊ စလတိ၌ စလတည်၍ တွက်။ [ကွစိသဒ္ဒါကို ကွစတ္ထ (ကွစိ+အတ္ထ)ဟုပင် နိဒ္ဒေသဖွင့်၏၊ ဓာတ်ပေါင်းများစွာတို့တွင် ဒွေဘော်ပြုရသောဓာတ်သည် တချို့တလေသာ ရှိ၏ဟု ဆိုလို၏၊ ရူ၌ကား ကွစိသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ရှိ၏ဟု ဆို၏၊ ထိုအဆိုကို ရူမှာ ရှုပါ၊] သုသူသတိလည်း ဤသုတ်ဖြင့် ပြီးနိုင်သောကြောင့် အခြေပြု၌ တွက်ပြထားသည်။

ပုဗ္ဗော°ဒ္ဒာသော

၄၅၉။ ဒွေဘူတဿ - ၂ လုံးဖြစ်၍ ဖြစ်သော၊ ဝါတုဿ—**ဓာတ်**၏၊ ပုဗ္ဗော-ရှေ့ဖြစ်သော၊ ယော-အကြင်အက္ခရာသည်၊ (အတ္ထိ)၊ သော-သည်၊ **အဗ္ဘာသသညော** - အဗ္ဘာသအမည်ရှိသည်၊ ဟောတိ၊ ဒဓာတိ-ဆောင်၏၊ ဒဒါတိ-ပေး၏၊ ဗဘူဝ—ဖြစ်ပြီတဲ့၊ (၄၆၅)။

ရဿော

၄၆၀။ **အဗ္ဘာသေ** - **အဗ္ဘာသ၌**၊ ဝတ္တမာနဿ - ဖြစ်သော၊ သရဿ-သရ၏၊ ရဿော-ရဿ အပြုသည်၊ ဟောတိ၊ ဒဓာတိ, ဒဒါတိ, ဇဟာတိ-စွန့်၏၊ (၅၀၈)။ [ဒဒါတိရုပ်ကား ဤသုတ်ဖြင့် ပြီးနိုင်ပြီ၊ ထို့ကြောင့် အခြေပြု၌ကြည့်၍ တွက်၊ ဒဓာတိ,ဇဟာတိတို့ကို နောက်သုတ်များ၌ တွက်။]

ဒုတိယ စတုတ္ထာနံ ပဌမ တတိယာ

၄၆၁။ **အဗ္ဘာသ** ဂတာနံ ဒုတိယ စတုတ္ထာနံ ပဌမ **တတိယာ** ဟောန္တိ၊ စိစ္ဆေဒ—ဖြတ်ပြီတဲ့၊ ဗုဘုက္ခတိ—စားလို၏၊ ဗဘူဝ—ဒဓာတိ (၄၆၄)။ [စိစ္ဆေဒ ဒဓာတိတို့ကို ဆိုင်ရာသုတ်များစုံပြီဖြစ်၍ အခြေပြုမှာ ဤသုတ်၌ ရုပ်တွက်ထား၏၊ ဗုဘုက္ခတိကို ကောခေစသုတ်, ဗဘူဝကို ဗြူဘူနမာဟဘူဝါ ပရောက္ခာယံ သုတ်ကျမှတွက်။]

ကဝဂ္ဂဿ စဝဂ္ဂေါ

၄၆၂။ အဗ္ဘာသေ-၌၊ ဝတ္တမာနဿ-သော၊ ကဝဂ္ဂဿ-၏၊ စဝဂ္ဂေါ ဟောတိ၊ စိကိစ္ဆတိ-ဆေးကု၏၊ ဇိဂုစ္ဆတိ-စက်ဆုတ်၏၊ ဇိဃစ္ဆတိ—စားလို၏၊ ဇိဂီသတိ- ဆောင်လို၏၊ ဇင်္ဂမတိ—သွား၏၊ စင်္ကမတိ—စင်္ကြံသွား၏၊ (၄၆၇)။ [အခြေပြု၌ ရုပ်တွက်ထားပြီ၊ ဇိဂုစ္ဆတိ စသည်ကို နောက်သုတ်များ၌ တွက်လတ္တံ့။]

---

၄၅၉။ **အဗ္ဘာသော**။ ။ထောမနိဓိ၌ အဘျာသ သဒ္ဒါ၏ အနက်များစွာတွင် အာဝုတ္တိ (ထပ်၍ဆိုခြင်း) အနက်လည်း ပါ၏၊ ထို အဘျာသသည် ပါဠိ၌ "အဘိပုဗ္ဗ အသဓာတ် ဏပစ္စည်းဖြင့် ပြီး၏၊ ဝုဒ္ဓိပြု, အဘိကို အဗ္ဘပြု၍ "အဗ္ဘာသ"ဟု ဖြစ်၏၊ အဘျာသီယတေ - ထပ်၍ဆိုအပ်၏၊ ဣတိ အဗ္ဘာသော၊ ဘူဟု ရှိရာ၌ နောက်ထပ်ဆိုအပ်သော (အပိုလာသော)ဘူ အက္ခရာသည် (ထပ်၍ဆိုအပ်သောကြောင့်) အဗ္ဘာသမည်၏-ဟူလို။

အချို့အကြံ။ ။"ပဒံ အလက်တ္တာ - ပုဒ်ကို တန်ဆာဆင်ခြင်းငှာ၊ အာ (အတိရေက) အပိုအလွန်၊ ကတ္ဘာ—၍၊ ဘာသီယတေ—ဆိုအပ်၊ ဣတိ အဗ္ဘာသော"ဟုလည်း ကြံကြ၏၊ ထိုအလို အာပုဗ္ဗ ဘာသဓာတ် ဏပစ္စည်းဟု ကြံ၊ ရုပ်ကို နောက်သုတ်များ၌ တွက်။

မာနကိတာနံ ဝတ္တံဝါ

၄၆၃။ အဗ္ဗာသဂတာနံ–ကုန်သော၊ မာနကိတ ဣတိ-ပာနကိတ ဟူကုန်သော၊ တေသံ ခေါတူန်-တို့၏၊ ယထာသဉ်္ချာ–တိုင်း၊ ဝကာရေတကာရတ္တံ-ဝ အက္ခရာအဖြစ်, တ အက္ခရာအဖြစ်သည်၊ ဟောတိ၊ ဝိမံသတိ-စူးစမ်း၏၊ တိကိစ္ဆတိ–ဆေးကု၏၊ ဝါတိ ကိမတ္တံ, စိကိစ္ဆိတိ-ဆေးကု၏၊ ဣတိ-၏၊ (၅၃၄)။ [တိကိစ္ဆတိကို အခြေပြု၍ ရုပ်တွက်ထားပြီ၊ ဝိမံသတိကို တတော ပါမာနာနံသုတ်၌တွက်လတ္တံ့၊စိကိစ္ဆတိကား ဝါသဒ္ဒါမြစ်၍ အဗ္ဗာသဖြစ်သော ကကို တ,မပြုရ၊ ရှေ့သုတ်ဖြင့် ကကို စပြု။]

ဟဿဇော

၄၆၄။ အဗ္ဗာသေ ဝတ္တမာနဿ ဟာကာရဿ ဇော ဟောတိ၊ ဇဟာတိ-စွန့်၏၊ ဇုဟ္ဝတိ, ဇုဟောတိ-ပူဇော်၏၊ ဇဟာရ-ဆောင်ပြီတဲ့၊ (၅၀၅)။ [ဇဟာတိကို အခြေပြုကြည့် တွက်]၊ ဇဟာရကို ဟရတည်၊ "ဟရ=ဟရဏေ"ခေတ်မှည့်၊ပရောက္ခာ အ,ဝိဘတ် သက်၊ ဟဟဟု ဒွေဘော်ပြု၊ အဗ္ဗာသမှည့်၊ ဤသုတ်ဖြင့် အဗ္ဗာသမည်သောဟကို ဇပြု, အညေသုစသုတ်ဖြင့် ဟ၏ အကို အာဝုဒ္ဓိပြု။]

အန္တဿိ. ဝဏ္ဏာ.ကာရောဝါ

၄၆၅။ အဗ္ဗာသဿ - အဗ္ဗာသဖြစ်သော၊ အန္တဿ-အဆုံးသရ၏၊ ဣဝဏ္ဏော - ဣဝဏ် အပြုသည်လည်းကောင်း၊ အကာရော - အ, အပြုသည်လည်းကောင်း၊ ဝါ - ပြယုဂ်အားလျော်စွာ၊ ဟောတိ - ၏၊[ယထာသဉ်္ချာဟု အချို့ရှိသည်ကား အပိုသာ၊ကာရီနှင့်ကာရိယတို့ ၂-မျိုးစီချင်း,၃-မျိုးစီချင်း တူရာ၌သာ ယထာသဉ်္ချာထည့်ရသည်၊ ဤ၌"အန္တဿ"ဟု ကာရီဘက်က တမျိုးသာပြထားသောကြောင့် သဉ်္ချာအစဉ်မရနိုင်၊ ရူနှင့် ဉျာသတို့၌လည်း ဤယထာသဉ်္ချာပုဒ်မပါ။] ပုံစံနက်ကို ရှေ့၌ပေးခဲ့ပြီ၊ (၄၆၃)။

---

၄၆၄။ ဇုဟ္ဝတိကို ဟုတည်၊ "ဟု – ဒါနာ-ဒန ဟဗျပ္ပဒါနေသု"ဟူသောအနက်၌ ခေတ်မှည့်၊ တိဝိဘတ်, ဘူဝါဒိ အပစ္စည်းသက်၊ ဟုဟုဒွေဘော်ပြု, အဗ္ဗာသ မှည့်, ဤသုတ်ဖြင့် အဗ္ဗာသမည်သော ဟကို ဇပြု(ဇု ဟု တိ) ဟု၏ ဥကို လမှည့်၊ ယဝကာရာစသုတ်ဖြင့် လမည်သောဥကို ဝပြု, ဝ်ကို အ သို့ကပ်၊ ဟကို ဝသို့ကပ်၊ ဇုဟ္ဝတိ ပြီး၏၊ ဇုဟောတိ၌ကား ဟု၏ ဥကို အညေသုစဖြင့် ဩပြု၊ လောပဥ္စေတ္တ မကာရောဖြင့် အပစ္စည်းကို ချေ၊ [ဤရုပ်၌ အပစ္စည်းသက်၍ ချေရဦးမည်ကို သတိပြု၊ "ဇုဟောတျာဒိ, ဟူဝါဒိဟု, ဝုဒ္ဓိ မသွေ, နောက်နေ (အ)သာ, ကြေကောင်းရာ၏"-လောပဥ္စေတ္တ သုတ်လင်္ကာ။]

---

၄၆၅။ ဝါအနက်ပုံစံများ။ ။ဉျာသဥ် ဝါကို ဝိကပ္ပနဟု ဖွင့်သော်လည်း ရှု၌ ဝဝတ္ထိတ ဝိဘာသတ္ထဟု ဆို၍။ "ခဆသေဟု အဝဏ္ဏဿ" စသည်ဖြင့်,

နိဂ္ဂဟိတဥ္စ ၄၆၆။ အဗ္ဘာသဿ-၏၊ အန္တေ-အဆုံး၌၊ နိဂ္ဂဟိတာဂမော- နိဂ္ဂဟိတ် လာသည်၊ ဝါဟောတိ-ဝိကပ် ဖြစ်၏၊ စင်္ကမတိ-စင်္ကြံသွား၏၊ စဥ္စလတိ-တုန်လှုပ်၏၊ ဇင်္ဂမတိ-သွား၏၊ ဝါတိ ကိမတ္တံ၊ ပိဝါသတိ-သောက်လို၏၊ ဒဒ္ဒလ္လတိ-တောက်ပ၏၊ ဣတိ-၏၊ (၄၇၉)။

---

ပိုင်းခြား သတ်မှတ်လေသည်၊ ထို ဂါထာ၏ အဓိပ္ပာယ်ကို ရူပသိဒ္ဓိကာမှာရှု၊ ဇိဂုစ္ဆတိ-ဇိဃစ္ဆတိတို့ကို အခြေပြု၍ တွက်ပြထား၏၊ ပိဝါသတိ, ဝီမံသတိ တို့ကို တတောပါမာနာနံသုတ်, ဗဘူဝကို ဗြူဘူနမာဟဘူဝါသုတ်ကျမှ တွက်။

**စဉ်းစားဖွယ်။** ။ဤသုတ်၌ ဒဓာတိပုံစံကို စဉ်းစားသင့်၏၊ ဘာ့ကြောင့်နည်း....ဒုတိယ စတုတ္ထာနံ ပဌမ ဓာတိယာသုတ်၌ အခြေပြု တွက်ပြသည့်အတိုင်း ဤသုတ် အစီအရင် မဝင်ပဲ ပြီးပုံကို ရူပသိဒ္ဓိ ( ဇုဟောတျာဒိ အဆုံးနား )၌ ပြထားသောကြောင့်တည်း၊ သို့သော် ဒဓာတိကို အမှန်ရှိစေလိုသော ဝုတ္တိဆရာ အလိုအားဖြင့်“ဓာဓာ”ဟု ဖြစ်သောအခါ အဗ္ဘာသ၏ အာကို ရဿ မပြုပဲ ဤသုတ်ဖြင့် (အ)ပြု၍ ရုပ်ပြီးပုံတနည်းတို့ ပြပြန်သည်-ဟု ကြံ၊ [ အတြဇော, သုဂတောစသည်တို့ကို ၂နေရာ၌ ပုံစံထုတ်၍ ရုပ်ပြီးပုံ ၂နည်းပြသကဲ့သို့တည်း။] ဗုဘုက္ခတိ၌ကား“ဘု ဘု”ဟုဖြစ်သောအခါ ဤသုတ်ဖြင့် အဗ္ဘာသ ဘု၏ ဥကို ဝါမြစ်သောကြောင့် ဣစဏ်လည်း မပြုရ,(အ)လည်း မပြုရ၊ ကောခေစသုတ်၌ လာလတ္တံ့အတိုင်း တွက်။

---

၄၆၆။ **စင်္ကမတိကိုအခြေပြု** ကြည့်၍ရုပ်တွက်၊ စဥ္စလတိ၌ စစဟု ဒွေဘော်ပြု၍ စင်္ကမတိနည်းမှီးတွက်၊၊ ဇင်္ဂမတိကို “ ဂမု=ဂတိမှိ ”ဟု ဆို၊ တိဝိဘတ်, အပစ္စည်း, ဂ ဂ ဒွေဘော်ပြု, အဗ္ဘာသ မှည့်, နိဂ္ဂဟိတ်လာ, ဝဂ္ဂန္တ (င်)ပြု, ကဝဂ္ဂဿ စဝဂ္ဂေါဖြင့် ဂ ကို ဇပြု ပြီး၏။

**ဝါတိ၊ပေ၊ဒဒ္ဒလ္လတိ။** ။ပိဝါသတိကို နောက်သုတ်၌ တွက်လတ္တံ့၊ ပါ၏ အာကို ဣပြုပြီးနောက် ဤသုတ်ဖြင့် နိဂ္ဂဟိတ်လာသင့်သော်လည်း ဝါမြစ်သောကြောင့် မလာရဟု ဆိုရုံသာ၊ ဒဒ္ဒလ္လတိကို ၄၅၇ သုတ်၌ တွက်ခဲ့ပြီ၊ ဒဒ ဟု, ဒွေဘော်ပြု, အဗ္ဘာသမှည့်ပြီးနောက် ဤသုတ်ဖြင့် နိဂ္ဂဟိတ်လာသင့်သော်လည်း ဝါမြစ်သောကြောင့် မလာရဟု ဆိုရုံသာ၊ ရှု၌ ဤဝါဒကို ဝဝတ္ထိတဝိဘာသ:တ္တ ဟု ဆို၍ ကမု-စလ-ဂမုကဲ့သို့သော ဓာတ်များ၏ အဗ္ဘာသအဆုံး၌သာ နိဂ္ဂဟိတ် လာရမည်ဟု သတ်မှတ်သည်၊ နိဂ္ဂဟိတဥ္စ၌ စသဒ္ဒါကား ရှေ့သုတ်မှ အန္တကို ငင်သော အနုကဍ္ဍနတည်း။

ဒဒ္ဒလ္လတိ၌ **စဉ်းစားဖွယ်။** ။ မောဂ္ဂလ္လာန်၌ “ ဇလ=ဒိတ္တိယံ ” ဟူသော ဓာတ်ဖြင့် ဇလတိဖြစ်သည့်အခါ“ဇဇ”ဟုဒွေဘော်ပြု၊ တဒမိနာဒိနိသုတ်ကြီးဖြင့်

**တတောပါမာနာနံ ဝါမံ သေသု**

၄၆၇။ ပရေ သပ္ပစ္စယေ-ကြောင့်၊ တတော အဋ္ဌာသ တော-ထို အဋ္ဌာသပု၊ (ပရေသံ)၊ ပါမာနာနံ-ပါ, မာန ဟူကုန်သော၊ ခါတူနံ-တို့၏၊ ယထာသင်္ချံ-တိုင်း၊ ဝါမံ ဣတိ-ဝါ, မံ ဟူကုန်သော၊ တေ အာဒေသာ ဟောန္တိ၊ ပိဝါသတိ—သောက်လို၏၊ ဝီမံသတိ-စူးစမ်း(စိစစ်)၏၊[''ဝိမံသတီတိ–ဝိစာရေတိ''ရူဋီကာ၊](၅၃၄)။

---

ဇ ၂ လုံးကို ဒ ၂ လုံးပြု၍ ''ဒဒလတိ''ဟု ဖြစ်သောအခါ ဒ-လ ဒွေ့ဘော် ၂ လုံးလာ၍ ''ဒဒ္ဒလ္လတိ=တောက်ပ၏''ဟု စီရင်၏၊ ထို အစီအရင်သည်''ဒဒ္ဒလ မာနာတိ—ဇဇ္ဇလကာရဿ ဒဒ္ဒလကာရံ ကတွာ နိဒ္ဒေသောတိ (ဇဇ္ဇလကို ဒဒ္ဒလ ပြု၍ ညွှန်ပြအပ်၏ဟု မှတ်) တေနာဟ အတိဝိယ ဇလမာနာတိ'' ဟု ဖွင့်သော မာရသံယုတ်ဋီကာနှင့်လျော်၏၊(လဉ္ဇ ဒွေ့ဘော်မပါခြင်းသာကွဲသည်၊) ''ဒလ= ဒိတ္တိယံ''ဟူသော ဒလဓာတ်ဖြင့်လည်း ဒဒ္ဒလတိ ပြီးနိုင်သေး၏။

**စဉ်းစားဖွယ်။** ။များစွာသော စာအုပ်တို့၌ကား ''ဒဒ္ဒဠမာနာ''စသည်ဖြင့် ''ဠ''နှင့်ချည်း ရှိ၏၊ သို့သော် ''ဇလတိ-ဒလိတော''စသော ရုပ်များ ရှိသကဲ့သို့ ''ဒဠတိ''ဟု ရုပ်မရှိနိုင်ရကား ''ဒဒ္ဒဠတိ''ရုပ်နှင့် ဒဒ္ဒဠမာနာ စသော ပါဠိတို့ကို စဉ်းစားသင့်သည်။

---

၄၆၇။ ပါမာနာနံ ခါတူနံ။ ။''ပါမာနာနံ ဣစ္စေတေသံ ခါတူနံ''ဟု ယခုစာတို့၌ တွေ့ရ၏၊ ထိုတွင် ဣစ္စေတေသံကား သီဟိုဠ်မူနှင့် ရူပသိဒ္ဓိတို့ မပါ, စာသွားထုံးစံလည်း မရှိ၊ ထုံးစံမှာ—ဣစ္စေတေသံ၏ အတွင်းရှိပုဒ်များကို ဝိဘတ် မပါပဲ သမာသ် စပ်၍ ''မာန ကိတ ဣစ္စေတေသံ'' စသည်ဖြင့် သုံးစွဲရသည်၊ ဤ၌ ''ပါမာနာနံ'' ဟု ဝိဘတ် ပါနေသောကြောင့် ဣစ္စေတေသံ ထည့်ဖွယ် မလို၊ ဣစ္စေတေသံ ထည့်လိုလျှင် ''ပါမာန ဣစ္စေတေသံ''ဟု ရှိရပေမည်၊ ရုပ်ကို အခြေပြု၍ တွက်ပြထားပြီ။

**သေသု။** ။သ ပစ္စည်း တမျိုးတည်းဖြစ်ပါလျက် ''သေသု''ဟု ဗဟုဝုစ်ဖြင့် ပြထားခြင်းကို ဝစနဝိပလ္လာသ ဟု ရူပသိဒ္ဓိဆို၏၊ သို့သော်''တိဇဂုပကိတ မာနေဟိ''သုတ်ဖြင့် သက်ရသော သပစ္စည်း, ဘုဇဃသသုတ်ဖြင့် သက်ရသော သ ပစ္စည်းဟု ၂ မျိုးရှိရကား ထို ၂ မျိုးလုံးကို ယူလိုသောကြောင့် ''သေသု''ဟု ဗဟုဝုစ်ဖြင့် ဆိုရကြောင်းကို ဆရာတို့ ကြံကြသည်။ [ပါဓာတ်ကို ဝါ ပြုရာ၌ ''ပိပါသာ''ဟု ရှိသောကြောင့် ဝါ အပြု မမြဲ-ဟု မှတ်။]

ဠာတိဌေဝ ၄၆၈။ ဌာလူတိ—ဌာဟူသော၊ တေဿဓာတုဿ - ၏၊ တိဋ္ဌာဒေသော—တိဋ္ဌ အပြုသည်၊ ဝါ ဟောဘတိ—ဝိကပ်ဖြစ်၏၊ တိဋ္ဌတိ-တည်၏ (ရပ်၏)၊ တိဋ္ဌတု-တည်လော၊ တိဋ္ဌေယျ-တည်ရာ၏၊ တိဋ္ဌေယျုံ-တည်ကုန်ရာ၏၊ ဝါတိ ကိံမတ္ထံ၊ ဌာတိ—တည်၏။ [ရုပ်ကို အခြေပြုကြည့်၍ တွက်၊ တိဋ္ဌတု စသည်၌ တု-ယျေ-ယျုံ ဝိဘတ်များ သက်ရုံသာ။](၄၉၂)။

ပါပိဝေါ ၄၆၉။ ပါလူတိ တေဿ ဓာတုဿ ပိဝါဒေသော ဝါ ဟောတိ၊ ပိဝတိ—သောက်၏၊ ပိဝတု-လော၊ ပိဝေယျ—ရာ၏၊ ပိဝေယျုံ—ကုန်ရာ၏၊ ဝါတိ ကိံမတ္ထံ၊ ပါတိ—သောက်၏၊ လူတိ - ၏၊ (၄၉၄)။ [ရုပ်ကို အခြေပြု၍ တွက်၊ ပါတိ၌ ပါတည်၊ တိဝိဘတ်၊ အပစ္စည်း၊ ဤသုတ်ဖြင့်ပိဝပြုသင့်သော်လည်း ဝါ မြစ်သောကြောင့် မပြုရ၊ လောပဥ္စေတ္တမကာရေ၊သုတ်ဖြင့် (အ)ပစ္စည်းချေ။]

---

၄၆၈။ ဝါတိကိံမတ္ထံ။ ။အန္တသို့ ဝဏ္ဏကာရေဝါသုတ်မှ လိုက်လာသော ဝါသဒ္ဒါကို ဝိကပ်ဟု ဝုတ္တိ၌ ဆိုလို၏၊ ရှဉ့်ကား ဝဝတ္ထိတ ဝိဘာသတ္ထဟု ဆို၍"တိဋ္ဌတိ—ဌာတိ"တို့၌ အနိစ္စဝိဓိ၊ သဏ္ဍဟတိ (သံပုဗ္ဗ ဌာဓာတ်၊ အပစ္စည်း၊ ကွစိဓာတုဖြင့် ဌာနောင် (ဟ်) လာ၊ ဌာ၏ အာ ကိုလည်း ရဿပြု၊ ပတိပုဗ္ဗဌာဓာတ်ဖြင့် ပတိဋ္ဌဟတိလည်း နည်းတူ၊) အဓိဋ္ဌေတိ(အဓိပုဗ္ဗဌာဓာတ်၊ အပစ္စည်းကို လောပဥ္စေတ္တ မကာရေဖြင့် ပြေ၊ ဤရုပ်၌ ဌာ၏ အာကို သုတ်ကြီးဖြင့် ပြေ-ဟုလည်း ဆိုကြ၏၊ အပစ္စည်းကို ပြေသုတ် တိုက်ရိုက်ရှိသောကြောင့် ထိုအဆိုကို စဉ်းစားပါ၊) ဤရုပ်တို့၌ တိဋ္ဌအပြုမရှိသော အသန္တဝိဓိဟု သတ်မှတ်သည်၊ နိစ္စဝိဓိကား မရှိနိုင်။

[ဆောင်] သံနှင့်ပတိ,ရှေ့ဝယ်ရှိသော်,ဌာ၏နောက်ပြီး, အပစ္စည်းကြောင့်, ဟဖျည်းလာစေ, ဌာရဿကို, ကွစေ ဓာတု, သုတ်ဖြင့်ပြုလော၊ မှတ်ရှု အဓိ, ရှေ့ဝယ်ရှိက, ဌာ၏ နောက်အ, ပြေကြ၍, သဏ္ဍဟ အဓိဋ္ဌေ, အစဖွေသည်, မှတ်လေ အသန္တဝါကြောင့်တည်း။

၄၆၉။ ဝါတိ ကိံမတ္ထံ။ ။ဤဝုတ္တိ၌ ဝါကို ဝိကပ်ဟုပင် ဆိုလို၏၊ ရှဉ့်ကား "ပါနီယံ, ပါတဗ္ဗံ" စသည်၌ ပိဝအပြု မရှိကြောင်းကို သတ်မှတ်သော ဝဝတ္ထိတ ဝိဘာသတ္ထဟု ဆိုသည်၊ ပိဝတိ-ပါတိစသည်၌ကား အနိစ္စဝိဓိဟု ဆိုလိုဟန်တူ၏၊ ထို့ပြင် - ရှဉ့်၌ "ပါပိဗော"ဟု ဗထက်ခြိုက်ဖြင့် ပါဌ်ရှိ၏၊ ပုံစံကိုလည်း "ပိဗတိ"ထုတ်ပြီးမှ ကွစိဓာတုဖြင့် ဗကို ဝပြု၍ "ပိဝတိ"ဟု ထုတ်သည်။

ဉာဿ ဇာဇံနာ ၄၇၀။ ဉာ ဣတိ ဧတဿ ဓာတုဿ ဇာဇံနာ အာဒေသာ ဝါ ဟောန္တိ၊ ဇာနာတိ-သိ၏၊ ဇာနေယျ, ဇာနိယာ, ဇညာ-သိရာ၏၊ နာယတိ-သိ၏၊ (၅၁၅)။ [ဇာနာတိရုပ်ကို အခြေပြု၍ တွက်ထား၏၊ ဇာနေယျ၌ ယေျဝိဘတ်သက်ရှိသာ၊ ဇာနိယာစသော ရုပ်များကား "ယေျဿ ဉာတော"စသော သုတ်တို့၌လာဦးလတ္တံ့၊ ရှဉ် အန္တဿိဝဏ္ဏာကာရောဝါသုတ်မှ ဝါကိုလိုက်စေ၍ ထိုဝါ၏ ဝဝတ္ထိတ ဝိဘာသတ္ထကို ပြသေး၏၊ ရှုလေတော့။]

ဒိသဿ ပဿ ဒိဿ ဒက္ခာဝါ ၄၇၁။ ဒိသ ဣတိ ဧတဿ ဓာတုဿ-၏၊ ပဿ ဒိဿ ဒက္ခ ဣတိ ဧတေ အာဒေသာ ဝါ ဟောန္တိ၊ ပဿတိ-ကြည့်၏၊ (မြင်၏)၊ ဒိဿတိ-ထင်၏၊ ဒက္ခတိ-မြင်၏၊ အဒက္ခ-မြင်ပြီ၊ ဝါတိ ကိမတ္ထံ၊ အဒ္ဒသ-မြင်ပြီ၊ (၄၃၈)။ [ပဿတိကို အခြေပြု၍ တွက်ထား၏၊ ဒိဿတိ ဒက္ခတိလည်း ဒိသကို ဒိဿ, ဒက္ခပြုရှိသာ၊ တတော ပါ မာနံသုတ်မှ လိုက်သော ဝါရှိလျက် ဤသုတ်၌ ထပ်၍ ဆိုခြင်းသည် ထိုသုတ်၌ ဝါက ဝိကပ်အနက် ရှိသောကြောင့် ထို ဝိကပ္ပနတ္ထဝါကို တားမြစ်၍ ဝဝတ္ထိတ ဝိဘာသတ္ထဝါကို ပြရခြင်းအကျိုး ရှိ၏-ဟု နိဒ္ဒေသ ဆိုသည်။]

---

၄၇၁။ အဒက္ခကို ဒိသတည်, ဓာတ်မှည့်, အဆုံးသရချေ, ဟိယျတ္တနီ (သို့မဟုတ်)အဇ္ဇတနီ အာဝိဘတ်သက်၊ ဤသုတ်ဖြင့် ဒိသကို ဒက္ခ ပြု၊ အာကာရာ ဂမော ဟိယျတ္တနီစသော သုတ်ဖြင့် ဓာတ်၏အစ၌ (အ) လာ (အဒက္ခ+အာ)၊ သရလောပေါဖြင့် က္ခ၏ အကိုချေ၊ နောက်အာကို ပကတိပြုသင့်သော်လည်း ထို သုတ်၌ ပကတိသဒ္ဒါ မြစ်သောကြောင့် ပကတိ မပြုရ၊ ကွစိဓာတုဖြင့် အာကို အရဿပြု၊ အဒက္ခပြီး၏၊ [နျာသ၌ကား ဒဒ္ဒေသော်လည်း ပြု၍"အဒ္ဒက္ခ" ဟု ရှိ၏၊] အဒ္ဒသ၌ ဒိသဓာတ် အာဝိဘတ်, ဤသုတ်ဖြင့် ပဿ - ဒိဿ - ဒက္ခ ပြုသင့် သော်လည်း ဝါမြစ်သောကြောင့် မပြုရ၊ ဓာတ်ရှေ့၌(အ) လာ, ဒ ဒွေဘောဒ်လာ၊ သရလောပေါဖြင့် တ၏ အ ကိုချေ၊ နောက်အာကို ပကတိမပြုရ၊ ကွစိဓာတုဖြင့် ဒိ၏ ဣကို (အ) ပြု, အာဝိဘတ်ကိုလည်း အရဿ ပြု၊ အဒ္ဒသ ပြီး၏၊ [ရှု၌ ဝါကို ဝဝတ္ထိတဝိဘာသာဟု ဆို၍ ဒိသအပြုမှာ ကံဟော၌သာ ဖြစ်၏ဟု သတ်မှတ်၏။]

မောဂ္ဂလ္လာန်။ ။"ဒိသဿ ပဿ ဒဿ ဒသ် ဒ ဒ္ဒက္ခာဝါ"ဟု သုတ်တည်၍ ဒိသကို ပဿ,ဒဿ,ဒသ်,ဒ,ဒက္ခဟု ကာရိယ ၅-ခုပြု၏၊ပဿပြုရာ၌ ပဿ၌ ပဿတိ စသည်ဖြစ်၏၊ ဒဿပြုရာ၌ ကာရိတ် ဏေပစ္စည်းဖြင့် "ဒဿေတိ-မြင်စေ၏၊ ဝါ-ပြ၏"ဟုဖြစ်၏ ဒဿနံ - မြင်ခြင်း၊ သုဒဿံ - လွယ်ကူစွာ မြင်အပ်၏၊ [ရှု၌ကား ကွစိဓာတုဖြင့် ဒိသကို ဒဿပြုသည်၊] ဒုဒ္ဒသံ - ခဲယဉ်းစွာ မြင်အပ်၏၊ ဝါ-မြင်နိုင်ခဲ၏"၌ကား ခပစ္စည်း၊ "ဒသ်"ပြု [ကစ္စည်းအလို "ဒိ၏ ဣကို ကွစိဓာတု

**ဗျဉ္ဇနန္တဿ စော ဆပ္ပစ္စယေသုစ**

၄၇၂။ ပရေသု ဆပ္ပစ္စယေသု (သိမှု၌"ဆပ္ပစ္စယေ ပရေ"ဟု ကောဝုစ်ရှိ၏၊) ဗျဉ္ဇန္တနဿ-အဆုံးဗျည်း ဖြစ်သော၊ ဓာတုဿ, ၏၊ စော-စအပြုသည်၊ ဟောတိ၊ ဇိဂုစ္ဆတိ, တိကိစ္ဆတိ- ဇိဃစ္ဆတိ၊(၅၃၂)။ [ရုပ်တွက်ပုံကို ၄၆၃,၄၆၅ သုတ်တို့၌ ညွှန်ပြခဲ့ပြီ၊ "ဗျဉ္ဇနန္တဿ ဓာတုဿ" ဟူရာ၌ ရူပသိဒ္ဓိဝယ် "ဓာတွန္တဿ ဗျဉ္ဇနဿ—ဓာတွန်ဗျည်း၏"ဟု ရှိ၏၊ သာချို့ရှင်းသည်၊ ဆပ္ပစ္စယေသု"ဟု ဗဟုဝုစ်ဖြင့် ဆိုရခြင်း၏အကျိုးကို ရူဘာသာဋီကာ၌ ပြထားသည်၊ ဤ၌ စသဒ္ဒါသည် ရှေ့သုတ်မှ ဝါကို မလိုက်အောင် နှစ်စေသော နိဝတ္တာပန အဝဓာရဏအနက် ရှိ၏ဟု နိဒ္ဒေသဆို၏။]

**ကောခေစ**

၄၃၃။ ပရေ ခပစ္စယေ ဗျဉ္ဇနန္တဿ ဓာတုဿ—၏၊ ("ဓာတွန္တဿ ဗျဉ္ဇနဿ" ဟုပင် ရှု၌ ရှိ၏) ကော ဟောတိ၊ တိတိက္ခတိ၊ ဗုဘုက္ခတိ၊ (၅၃၀)၊ [ရုပ်ကို အခြေပြု၍ တွက်ပြထားပြီ။]

**ဟရဿ ဂိသေ**

၄၇၄။ ပရေ သပ္ပစ္စယေ—သ ပစ္စည်းကြောင့်၊ ဟရ ဣတိ—ဟရဟူသော၊ တဿ ဓာတုဿ- ဤဓာတ်၏၊ သဗ္ဗဿဝ—အလုံးစုံ၏ပင်၊ [သဗ္ဗဿဝ-သော၊ တဿ ဓာတုဿ-၏" ဟုလည်း ပေးနိုင်၏၊] ဂိ အာဒေသော, ဟောတိ၊ ဇိဂီသတိ-ဆောင်လို၏၊ (၅၃၆)။ [ရုပ်ကို အခြေပြု ကြည့်၊ "ဂိသေ" ယောဂဝိဘာဂဖြင့် ဇိကို ဂိပြု၍ ဝိဇိဂီသတိ ရုပ်ကိုလည်း ရှု၌ ပြသေး၏။]

**ဗြူဘူနံမာဟာဘူဝါ ပရောက္ခာယံ**

၄၇၅။ ပရောက္ခာယံ — ပရောက္ခာ ဝိဘတ်ကြောင့်၊ ဗြူဘူဣတိ—ဗြူဘူ ဟူကုန်သော၊ တေသံ ဓာတူနံ—တို့၏၊ ယထာသင်္ချံ-တိုင်း၊ အာဟဘူဝ ဣတိ - အာဟဘူဝ ဟူကုန်သော၊ တေ အာဒေသာ ဟောန္တိ၊ အာဟ—ဆိုပြီ၊ အာဟု—

ဖြင့် (အ)ပြု၊] ဒပြုရာ၌ "အဒ္ဒါ သိဒန္တရေ နဝေ- သိဒါမြစ်တို့၏ အကြားဖြစ်ကုန်သော တောင်တို့ကို မြင်ပြီ၊ အဇ္ဇတနီ အာဝိဘတ်, ရှေ့၌ အလာ, ဒဒွေဘော်လာ၊) ယော သုခံ ဒုက္ခတော အဒ္ဒ—အကြင်သူသည် သုခကို ဒုက္ခဟု ရှုနိုင်ပြီ၊ (အာဝိဘတ်ကို အရဿ ပြု)၊ အမ္ဗာ-ဟ မဒ္ဒံ ဝနမန္တရသ္မိံ=တောအကြား၌ သူရက်ပင်တို ငါမြင်ပြီ၊ (အဇ္ဇတနီ အံဝိဘတ်)၊ ဒက္ခပြုရာ၌"အဒ္ဒက္ခိ, ဒက္ခိဿတိ"စသည်တည်း၊ သုတ်ကြီးဖြင့် ဒိသကို အဒ္ဒဿပြု၍ "ယေ မယံ ဘဂဝန္တံ အဒ္ဒဿာမ (သုတ္တနိပါတ်, ခနိယသုတ်)"စသည် ဖြစ်၏။

ဆိုကုန်ပြီ၊ ဗဘူဝ-ဖြစ်ပြီတဲ့၊ ဗဘူဝုံ-ဖြစ်ကုန်ပြီတဲ့၊ ပရောက္ခာယံ ဣတိ ကိံသဒ္ဒါ၊ အဖြစ်ဝုံ-ဆိုကုန်ပြီ၊ ဣတိ-၏၊ (၄၆၅)။

---

၄၇၅။ အာဟာဘူဝါ ပရောက္ခာယံ။ ။“အာဟာဘုဝါ”ဟု ဆို၍ “ဗဘူဝ”ဟု ဘုဒ္ဓ ရသဖြင့် စာအများတွေ့ရ၏၊ သက္ကတမောဂ္ဂလ္လာန်တို့၌ကား “ဗဘူဝ”ဟုချည်း ရှိသည်၊ ပရောက္ခာယံဟု ဆိုသောကြောင့် အပစ္စက္ခအနက် ထင်ရှားအောင် “တဲ့” ဟူသော စကားလုံးကို ထည့်၍ အနက်ပေးသည်၊ ဤသုတ်ဖြင့် “အံာဟ” ပြုပြီးနောက် ကွစိဓာတုဖြင့် ပရောက္ခာ ဥ ဝိဘတ်ကို အံသု ပြုလျှင် “အာဟံသု-ဆိုကုန်ပြီတဲ့”ဟုလည်း ဖြစ်၏၊ ရုပ်ကို အခြေပြုကြည့် တွက်။

တိ အန္တိ အာဟ။ ။ပရောက္ခာ နှောင်းရာ၌သာ မက, တိအန္တိ ဝိဘတ် နှောင်းရာ၌လည်း ကွစိဓာတုဖြင့် ဗြူကို အာဟ + တိကိုဇ, အန္တိကို ဥ ပြု၍ “အာဟ-ဆို၏၊ အာဟု-ဆိုကုန်၏”ဟု ဖြစ်သေး၏၊ [ဗြူတိ အာဟ, နောက်တိ (အ) ပြု, အန္တိ (ဥ)တည်း၊] ဤ အာဟပုဒ်မျိုးကို ကျမ်းဂန်တို့၌ ဣဒါနိနှင့် တွဲဖက် သုံးစွဲလေ့ရှိသောကြောင့် “ဣဒါနိ အာဟ, ရှိကနေ့, ပစ္စုပ္ပန်ကို, အမှန် အာဟ ဟောလေမြဲ” ဟု ရှေးဆရာတို့ နိယာမ် မိန့်တော်မူကြသည်၊ သို့သော် ဣဒါနိ မပါပဲ “အာဟ” သက်သက်လည်း ပစ္စုပ္ပန်ကို ဟောနိုင်သည်သာ၊ “ယော အနင္ဂံ နင္ဂဏန္တိ စ အာဟ = အကြင်သူသည် အမှန် မပျောက်ပဲနှင့် ပျောက်သည်ဟုဆို၏” (ပကိဏ္ဏက, ဘိသဇာတ်) ဤ၌ အာဟသည် မျက်မှောက်ဖြစ်၍ ပရောက္ခာ မဟုတ်နိုင်, တိဝိဘတ်သာ ဖြစ်နိုင်၏၊ “တံ နိဓိံ အာဟု ပဏ္ဍိတာ=ထိုအရာကို ရွှေအိုး ဟု ဆိုကြကုန်၏၊” (ကေဒါရဇာတ်)၊ ဤ၌လည်း ပညာရှိတို့ဆိုခြင်း ကြိယာ မပြတ်သောကြောင့် ပဝတ္တာဝိရတ ဝတ္တမာန် အန္တိ ဝိဘတ်သာ ဖြစ်ထိုက်သည်။

ဝိဒနောင် အန္တိ ဥပြု။ ။ဝိဒဓာတ်နောင် အန္တိကို ကွစိဓာတုဖြင့် ဥ ပြု၍ “အလမ္ဗာနေ ာတိမံ ဝိဒူ=ကျွန်ုပ်ကို အလမ္ဗာယ်ဆရာဟု သိကြကုန်၏” (ဝိဓူရ)၊ ဤ၌လည်း သိခြင်းကြိယာ မပြတ်စဲသောကြောင့် အန္တိဝိဘတ်သာ၊ “ကဿပေါ တိစ မံ ဝိဒူ” (ဇနကဇာတ်)၌လည်း နည်းတူ၊ ယျေကို ဦပြု၍လည်း “ကောမေ ဝေဿန္တရံ ဝိဒူ=ဘယ်သူသည် ငါ၏အကြောင်းကို ဝေဿန္တရာမင်းကို သိစေပါအံ့နည်း”ဤ၌ ဝိဒူကို အာစိက္ခေယျ (သိအောင် ပြောပါအံ့နည်း)”ဟု ယျေ ဝိဘတ်ဖြင့် ဖွင့်သည်။

[ဆောင်] ဓာတုကွစိ, သုတ်ဖြင့်ဖိ၍, ဗြူတိ အာဟ, နောက်တိ (အ) ပြု, အန္တိ (ဥ)တည်း၊ ဓာတုဝိဒ, နှောင်းယျေမူ, အန္တိဦ, ဝိဒူ ပြီးရသည်။

သဒ္ဒသင်္ဂဟ ဆိုပုံ။ ။“ဗြူကို အာဟပြု”ဟုသဒ္ဒါဆရာတို့ကြံကြ၏၊သို့သော် သာသနာတော်(ပါဠိကျမ်းဂန်)၌ကား ဥပသာရ ရှေးရှိသော ကရဓာတ်, ဟရ

**ဂမိဿန္တော ဗ္ဘောဝါ သဗ္ဗာသု** ၄၇၆။ **သဗ္ဗာသု** – ကုန်သော၊ ပစ္စယ ဝိဘတ္တိသု - ပစ္စည်း ဝိဘတ်တို့ကြောင့်၊ ဂမု ဂတိ, **တေဿ** ဓာတုဿ အန္တော (အဆုံးဖြစ်သော) မကာရော, **ဗ္ဘော**–စ္ဆအပြုသည်၊ ဝါ– ပြယုဂ်အားလျော်စွာ၊ ဟောတိ၊ ဂစ္ဆမာနော, ဂစ္ဆန္တော-သွားလသော်၊ ဂစ္ဆတိ, ဂမေတိ-သွား၏၊ ဂစ္ဆတု, ဂမေတု-သွားလော၊ ဂစ္ဆေယျ, ဂမေယျ-သွားရာ၏၊ အဂစ္ဆာ, အဂမာ, အဂစ္ဆိ, အဂမိ-ပြီ၊ ဂစ္ဆိဿတိ, ဂမိဿတိ-လတ္တံ့၊ အဂစ္ဆိဿာ, အဂမိဿာ–ရာပြီ၊ ဂမိဿေတိ-ဂမိဿပုဒ်သည်၊ **ကိမတ္ထံ**၊ ဂစ္ဆတိ လိုချင်၏၊ ဂတိ....၏၊ (၄၄၂)။

**ဝစဿ ဇ္ဇတနိမှိ မကာရောဥ** ၄၇၇။ **အဇ္ဇတနိမှိ** ဝိဘတ္တိမှိ **ဝစ**ဂတိ **တေဿ** ဓာတုဿ အကာရော ဥတ္တံ အာပဇ္ဇတေ၊ အဝေါစ-ဆိုပြီ၊ အဝေါစုံ– ဆိုကုန်ပြီ၊ အဇ္ဇတနိမှိတိ **ကိမတ္ထံ**၊ အဝစ–ဆိုပြီ၊ အဝစူ– ဆိုကုန်ပြီ၊ ဂတိ-၌....၏၊ (၄၇၈)။[အခြေပြု၌ ဤ ဝိဘတ်ဖြင့် အဝေါစိကို ရုပ်တွက်ထား၏၊ အဝေါစ၌ကား အတ္တနောပုဒ် အာ ဝိဘတ်သက်၍ ကွဝိဓာတုဖြင့် အရဿပြုရုံသာ၊ အဝေါစုံ၌ ဥံ ဝိဘတ်သက်၊ အဝစ၌ ဟိယျတ္တနီ အာဝိဘတ်ဖြစ်သောကြောင့် ဤသုတ်ဖြင့် ဩမပြုရ၊ အာကို ရဿပြု၊ အဝစူ၌ ဟိယျတ္တနီ ဦဝိဘတ်။]

---

ဓာတ်သည် ဆိုခြင်းအနက်ကို ဟော၏၊ ဗျာကာသိ၌ ဝိ+**အာ**ပုဗ္ဗ ကရဓာတ် ဤ ဝိဘတ် သ အာဂုံ, ဝိယာကံသု၌လည်း ဥံဝိဘတ်သာ ထူး၏၊ သုတ်ကြီးဖြင့် ဓာတွန် ရ် ကိုချေ, ကဥ ဒီဃပြု၊ [တနည်း– "ကရဿ ကာ" ယောဂဝိဘာဂဖြင့် ကရကို ကာပြု။] ပရိယုဒါဟာသိ၌ ပရိ+ဥ+**အာ**ပုဗ္ဗ ဟရဓာတ်, ပဗျာဟာသိ၌လည်း ပ+**အာ**ပုဗ္ဗ ဟရဓာတ်, ရှေးနည်းအတိုင်း ရုပ်ပြီးပါစေ၊ ပါဠိ၌ ဤရုပ်များ ထင်ရှားရကား အာဟ-အာဟုတို့၌လည်း အာပုဗ္ဗဟရဓာတ် အ-ဥဝိဘတ် ဓာတွန် ချေ၍ ပြီး၏-ဟု ဆုံးဖြတ်သင့်ကြောင်းကို သဒ္ဒသင်္ဂဟ မိန့်သည်၊ ထို **သဒ္ဒသင်္ဂဟ**၌ပင် ဤစသော ဝိဘတ်နှောင်းရာ၌ ဝိကပ် (စ်) လာ၍ "အဘူဝိ" စသည်လည်းကောင်း, ဝမလာပဲ "အန္ဒတိ-အနု+အတိ" ကိုလည်းကောင်း ပြသေး၏၊ "သုခဥ္စခိဒ္ဓာရတိယောစ အန္ဒတိ"–ဒီဃနိကာယ် လက္ခဏသုတ်။

---

၄၇၆။ **ဝါ သဗ္ဗာသု**။ ။[ ဂမိဿ၌ ဂမသရသည် ဓာတုနိဒ္ဒိဋ္ဌ တည်း၊ အဓိပ္ပာယ်ကို ရူပသိဒ္ဓိ အဆုံးနားမှာ ရှု၊] "သဗ္ဗာသု" ဟု ဆိုသောကြောင့် "ပစ္စယ ဝိဘတ္တိသု" ဟုပစ္စည်းအားလုံး ဝိဘတ်အားလုံးကို သိမ်းကျုံး၍ ဖွင့်၏၊ သို့ရာတွင် ပရောက္ခာဝိဘတ်ဖြင့် "အဂစ္ဆ, အဂစ္ဆု" စသည်မရှိနိုင်သောကြောင့်လည်းကောင်း,

အကာရောဒီဃံ ဟိမိမေသု

၄၇၈။ ဟိမိမေ့ ဣတိ·ဟိ, မိ, မ, မေ့ ဟူကုန်သော၊ဧတေသု ဝိဘတ္တိသု·တို့ကြောင့်၊အကာရော ဒီဃံ အာပဇ္ဇတေ၊ဂစ္ဆာဟိ·သွားလော၊ ဂစ္ဆာမိ·သွား၏၊ ဂစ္ဆာမ, ဂစ္ဆာမ့·ကုန်၏၊ မိကာရဂ္ဂဟေန · မိသဒ္ဒါကို ယူခြင်းဖြင့်၊ ဟိဝိဘတ္တိမှိ - ဟိဝိဘတ်ကြောင့်၊ အကာရော·သည်၊ ကွစိ ဒီဃံ·ဒီဃအဖြစ်သို့၊ န အာပဇ္ဇတေ·မရောက်၊ ဂစ္ဆဟိ·သွားလော။ (၄၄၈)

---

ယုပစ္စည်း စသည်ဖြစ် “ဂစ္ဆန္”” စသည် မရှိနိုင်သောကြောင့်လည်းကောင်း ဝ ဝတ္တိတဝါသဒ္ဒါဖြင့် “ပြယုဂ်အားလျော်စွာပြု”ဟု ပိုင်းခြား ကန့်သတ်ပြန်၏၊ ထိုကန့်သတ်ပုံကိုရူပသိဒ္ဓိမှာ ရှု။

ပုံစံများ။ ။“ဂစ္ဆမာနော ဂစ္ဆန္တော”ဖြင့် မာနအန္တနှောင်းရာ၌ (ကတ္တား အရာဝယ်) နိစ္စဝိဓိဟု ပြ၏၊“ဂစ္ဆတိ ဂမေတိ” စသည်ဖြင့် ၂ ရုပ်ထုတ်သော ကြောင့် မာနအ န္တ ကတ္တားဟောမှ တပါး အခြားအရပ်၌ အနိစ္စဝိဓိကို ပြ၏၊ ပရောက္ခာဖြင့် မထုတ်သောကြောင့် ပရောက္ခာ၌ အသန္တဝိဓိ ဟု ပြသည်၊ ရုပ်ကို အခြေပြုမှီး၍ တွက်၊ ဆိုင်ရာ ပစ္စည်းဝိဘတ် သက်ရုံသာ၊ ဂမေတိ စသည်၌ကား ဝါမြစ်သောကြောင့် (စ္ဆ) မပြုပဲ လောပဠ္ဌေတ္တမကာရောဖြင့် အပစ္စည်းကို ပြေ၊ ဣစ္ဆတိ၌ ဂမုဓာတ် မဟုတ်သောကြောင့် စ္ဆ မပြုရ၊ဣသုယမုနမန္တောစ္ဆောဝါ သုတ်ကျမှ ရုပ်တွက်ပါ။

---

၄၇၈။ အကာရော၊ပေ၊ ဟိမိမေသု။ ။ရှေ့သုတ်မှ အကာရောကို အလိုက်မခံပဲ အကာရော ဟု ထပ်၍ဆိုခြင်းသည် ဝစဃပုဒ်ကို နှစ်စေရခြင်း အကျိုးရရှိ၏၊ ရှေ့သုတ်မှ အကာရောပုဒ်ကို လိုက်စေလိုလျှင် အကာရော၏သမ္ဗန် ဖြစ်သော ဝစဃပုဒ်ပါ လိုက်လာဖွယ်ရှိ၏၊ ထိုသို့ ဝစဃပုဒ်ပါ လိုက်လာ မည်စိုးသောကြောင့် အကာရောကိုပင် မလိုက်စေတော့ပဲ ဤသုတ်၌ သီးခြား ဆိုထားသည် - ဟူလို၊ ဟိမိမေသုဝယ် မေသဒ္ဒါဖြင့် မ အက္ခရာချင်းတူသော ကြောင့် မ့ဝိဘတ်လာ(မ)ကိုပါ ယူနိုင်ရကား“ဟိမိမေ့ ဣစ္စေတေသု” ဟု ဝုတ္တိဖွင့်သတတ်၊ ရုပ်ကို အခြေပြုကြည့်တွက်။

မိကာရ၊ပေ၊ဂစ္ဆဟိ။ ။“ဟိမေသု”ဟု ဆိုလျှင် မ အက္ခရာချင်းတူသော ကြောင့် မိဝိဘတ်ကိုလည်း ယူနိုင်၏၊ ထိုသို့ ယူနိုင်ပါလျက် “မိ”ဟု အပိုဆိုရ သဖြင့် အဘယ်အနက်ကိုသိစေပါသနည်းဟု မေးဖွယ်ရှိသောကြောင့် “မိကာ ရဂ္ဂဟဏေ”စသည်ကိုမိန့်၊မိ အက္ခရာကို အပိုဆိုသဖြင့် ဟိဝိဘတ် နှောင်းရာဝယ် အချို့အရာ၌ ဒီဃ မပြုရဟု သိစေရခြင်းအကျိုးရှိ၏၊ ထို့ကြောင့် “ဂစ္ဆဟိ”၌

ဟိ လောပံဝါ ၄၇၉။ ဟိဝိဘတ္တိ-ဟိဝိဘတ်သည်၊ လောပံ-သို့၊ ဝါ အာပဇ္ဇတေ—ဝိကပ်ရောက်၏၊ ဂစ္ဆ, ဂစ္ဆာဟိ ဂမ, ဂမေဟိ - သွားလော၊ ဂမယေ, ဂမယာဟိ - သွားစေလော၊ ဟိတိ ကိမတ္ထံ၊ ဂစ္ဆတိ - သွား၏၊ ဂမယတိ — သွားစေ၏၊ ဣတိ-၌....၏၊ (၄၅၂)။ [ဂစ္ဆကို အခြေပြုကြည့်တွက်၊ ဂစ္ဆာဟိကား ဝါမြစ်၍ ဟိ မကြေသော ပုံစံတည်း၊ ရှေ့သုတ်၌ တွက်ခဲ့ပြီ၊ ဂမကို ဂမုတည်, ဟိဝိဘတ်, အပစ္စည်း၊ ဤသုတ်ဖြင့် ဟိချေ၊ ဂမေဟိကား ဝါမြစ်၍ ဟိ မကြေသော ပုံစံ၊ လောပေဥတ္တသုတ်ဖြင့် အပစ္စည်းကို ပြေ၊ ဂမယကို ဂမု, ကာရိတ ဏယသက်, ဏ အနုဗန်ချေ, (ဂမယ), ဟိသက်၊ ဤသုတ်ဖြင့်ချေ၊ ဂမယာဟိကား ဝါမြစ်သော ပုံစံ၊ ဂမယတိတို့၌ ဟိ မဟုတ်သောကြောင့် ဤသုတ်ဖြင့် တိဝိဘတ်ကို မချေရ။]

ဟောတိဃရေ .... ဃဃစ ၄၈၀။ ဘဝိဿန္တိမှိ-ဘဝိဿန္တိဝိဘတ်ကြောင့်၊ ဟူဣတိ-ဟူသော၊ တေဿဓာတုဿ—၏၊ သရော— ဉီသရသည်၊ ဟေဩဟတ္တေ-ဟေ အဖြစ်, ဩဟ အဖြစ်, ဧ အဖြစ်သို့၊ အာပဇ္ဇတေ-၏၊ ဃဃစ-ဃ၏လည်း၊ လောပေါ—သည်၊ ဝါဟောတိ-ဝိကပ်

---

ဒီဃမပြုပဲ ဂမုဓာတ်, ဟိဝိဘတ်, အပစ္စည်း, ဓာတွန် မ်ကို ဋ္ဌပြုရုံဖြင့်ပြီးရသော ဟူ၏။

မှတ်ချက်။ ။"မိသဒ္ဒါကို အပိုဆိုသဖြင့် ဟိနှောင်းရာ၌ အချို့ ဒီဃမပြုရ" ဟူသော စကားသည် အဆင်မပြေလှ၊ မိသဒ္ဒါကို အပိုဆိုရသဖြင့် မိဝိဘတ် နှောင်းရာ၌ အချို့ ဒီဃမပြုရ, "ဂစ္ဆမိ"ဟု ပြီးရသည်ဆိုလျှင် သာ၍ အဆင်ပြေမည်၊ ဥပမာ—သရလောပေါသုတ်၌ ပကတိသဒ္ဒါ၏ အစွမ်းကြောင့် အချို့ နေရာ၌ ပကတိမပြုပဲ သန္ဓိ စီရင်ရသကဲ့သို့တည်း၊ ထို့ကြောင့် "ဟိဝိဘတ္တိမှိ" နေရာဝယ် "မိဝိဘတ္တိမှိ"ဟု မူရင်း ရှိလေရော့သလား - ဟု တွေးဆမိသည်၊ ထို့ပြင်-"သမ္ဘုယှာမိ ပမုယှာမိ"စသော(သုဝဏ္ဏသာမ)ပါဠိတော်ကိုထောက်၍ မိနှောင်းရာ ဒိဝါဒိယ၏ (အ) ကိုလည်း ဤသုတ်ဖြင့် ဒီဃပြု ဟု မောဂ္ဂလ္လာန် နိဿယ မိန့်သည်။

မေ့ဝိဘတ်၏ ဝါဒကွဲ။ ။ဤကစ္စည်းဝုတ္တိ၌ ဂစ္ဆာမေ့ရုပ်ကို ပြထားသော်လည်း သုတ်၌"မိမေသု"ဟု မအက္ခရာချင်း တူပါလျက် မိကို သီးခြားဆိုထားသောကြောင့် ဤ မိမမှတပါး တခြား မ အက္ခရာပါသော "မေ့—မှာ"ဝိဘတ်တို့ နှောင်းရာ၌ ဒီဃ စသည်သာရှိရမည်ဟု ဝါဒတမျိုးရှိ၏၊ "ဟိမိမေသု"ဟူသော စကားကို ထောက်လျှင် ထို ဝါဒကပင် ကစ္စည်းဝုတ္တိထက်ပို၍ ယုတ္တိရှိပေသည်၊ [ပစာမေ့ တိ ကေစိ ဒီဃံ ကတွာ ပဌန္တိ၊ပေ၊ သုသဒ္ဒသိဒ္ဓိဝိဝရဏေ "ဟိ မိမေ သုဃာ"တိ အနေန ဒီဃောတိဝုတ္တံ၊ တတော"ဟိ မိမေ သူတိ သုတ္တေ့တိဏ္ဏံ

ဖြစ်၏၊ ဟေဟိတိ-ဖြစ်လတ္တံ့၊ ဟေဟိန္တိ - ဖြစ်ကုန်လတ္တံ့၊ ဟောဟိတိ - လတ္တံ့၊ ဟောဟိန္တိ-ကုန်လတ္တံ့၊ ဟေတိ-လတ္တံ့၊ ဟေန္တိ—လတ္တံ့၊ ဟေဟိဿတိ၊ပေ၊ ဟေဟိဿန္တိ-ကုန်လတ္တံ့၊ ဟူတိ ကိမတ္ထံ၊ဘဝိဿတိ-ဖြစ်လတ္တံ့၊ဘဝိဿန္တိ—ကုန်လတ္တံ့၊ ဣတိ-၏၊ ဘဝိဿန္တီမှိတိ ကိမတ္ထံ၊ ဟောတိ-၏။ (၄၉၀)။

---

ဟိမိမေ ပစ္စယဝိသေသာနံ ဂဟိတတ္တာ မကာရတော အညနိမိတ္တေ အကာရဿ ဒီဃော န ဟောတီတိ ဝိညာယတေ၊-ဗုဒ္ဓိပ္ပသာဒနီ ဋီကာ။]

၄၇၀။ ဟောတိဿရေဟောဟေ။ ။[ဟောတိဿရော + ဧဟ + ဩဟ + ဧ၊ ဟောတိ၌ တိသည် ဓာတုနိဒ္ဒေသတည်း၊ ဿဿစ၌ စသဒ္ဒါသည် ဧဟ ဩဟ ဧ အပြုအပေါ်၌ ဿချေခြင်းကိုပေါင်းသော ဒုတိယတ္ထသမ္ပိဏ္ဍနလည်း ဟုတ်၏၊ ရှေ့သုတ်မှ လောပံကိုငင်သော အနုကဍ္ဎနလည်း ဟုတ်သည်၊] ဟူဓာတ်၏ ဦကို ဧဟပြု, ဿတိ၏ ဿကိုလည်းချေ၍ ဟေဟိတိ၊ ဿန္တိ၏ ဿကိုချေ၍ ဟေဟိန္တိ ဟုဖြစ်၏၊ထို့အတူ ဩဟပြု၍"ဟောဟိတိ,ဟောဟိန္တိ"ဟုလည်းကောင်း,ဧပြု၍ "ဟေတိ, ဟေန္တိ"ဟုလည်းကောင်း ဖြစ်၏၊ ရုပ်ကို အခြေပြုကြည့်၍ တွက်၊ "ဿဿစ လောပေ၊ ဟောတိ ဝါ"ဟု ဿချေမှုကို ဝိကပ်ဟု ဆိုသောကြောင့် ဿမချေပဲ ဟေဟိဿတိ"စသော ပုံစံများလည်း ပြီး၏၊ ဘဝိဿတိ စသည်၌ ဟူဓာတ်မဟုတ်သောကြောင့်လည်းကောင်း, ဟောတိ၌ ဘဝိဿန္တိဝိဘတ်မဟုတ်သောကြောင့်လည်းကောင်း ဤသုတ်ဖြင့် မစီရင်ရ၊ ဝါသဒ္ဒါဖြင့် ဧဟ စသည် ပြုခြင်းကိုလည်းမြစ်၍ "ပဟောဿတိ (ပပုဗ္ဗ ဟူ+ဿတိ)-စွမ်းနိုင်လတ္တံ့." ဟုလည်း ဖြစ်သေး၏။

မောဂ္ဂလ္လာန်။ ။ဿဿ ဟိ ကမ္မေ (၆,၆၅ သုတ်)၊ ကမ္မေ-ကံအနက်၌၊ ဉာတော-ဉာဓာတ်မှ နောက်၌၊ ဿဿ—ဿတိ စသည်၏၊ ဿကို၊ ဟိ-ဝိကပ် ဟိပြု၊ ပညာယိဟိတိ ပညာယိဿတိ-သိအပ်လတ္တံ့၊ "ဿဿဟိ"ယောဂဝိဘာဂ ဖြင့် အခြားဓာတ်နောင်လည်း ဿကို ဟိပြု၍- "သုတွာ မေ ဇာယိဟိတိ ပသာဒေါ—ကြည်ညိုခြင်းဖြစ်လတ္တံ့၊ "ကထံ ဇီဝိဟိသိ တုဝံ=အဘယ်သို့ အသက်ရှည်လတ္တံ့နည်း၊ ဘဏ ခိပ္ပံ တေ ကာရိဟိတိ (ပြုလတ္တံ့)ဟု လည်းကောင်း၊ ပဋမံ သစ္ဆိကာ ဟိတိ=မျက်မှောက်ပြုလတ္တံ့၊ ကုက္ကုရာနံ ပဒါဟိသိ=ပေးလတ္တံ့၊ အနုဘောဟိသိကာမေဟိ = ခံစားလတ္တံ့၊ အထဘာဟိသိဒသဒိသာ = တောက်ပလတ္တံ့."စသည် ဖြစ်၏။

"တေိသွာ"—(၆,၆၆ သုတ်) ဣဓာတ်ကို ဧပြုပြီးသည့်အခါ ဤသုတ်ဖြင့် ဿကို ဟိပြု၍ "ဧဟိတိ သိဝိသုတ္တမော=လာလတ္တံ့၊ တဒါ ဧဟိန္တိ မေ ဝသံ-ရောက်ကုန်လတ္တံ့." စသည်ဖြစ်၏၊ ဒုဋ္ဌဒေါသသိက္ခာပုဒ် ဝိမတိ၌ကား "ဧဟိတီတိ ဧတ္ထ ဟိကာရော အာဂမော ဒဋ္ဌဗ္ဗော, အာဂမိဿတီတိ အတ္ထော"ဟု ဟိအာဂုံ ဖွင့်သဖြင့် ရုပ်တွက်မှားသည်ဟု မောဂ္ဂလ္လာန်နိဿယသစ် မိန့်တော်မူသည်။

**ကရဿ သပစ္စယဿ ကာဟော**

၄၀၁။ ဘဝိဿန္တိမှိ ဝိဘတ္တိပို- ကြောင့်၊ သပစ္စယဿ- ပစ္စည်းနှင့် တကွဖြစ်သော၊ ကရ ဣတိ ဧတဿ ဓာတုဿ ကာဟာဒေသော ဝါ ဟောတိ၊ ဿဿစ - ဿ၏လည်း၊ နိစ္စံ-အမြဲ၊ လောပေါ-ကြေခြင်းသည်၊ ဟောတိ၊ ကာဟတိ, ကာဟိတိ, ကာဟသိ, ကာဟိသိ, ကာဟာမိ-ပြုလတ္တံ့၊ ကာဟာမ-ပြုကုန်အံ့၊ ဝါတိ ကိမတ္ထံ, ကရိဿတိ-လတ္တံ့၊ ကရိဿန္တိ၊ သပ္ပစ္စယဂ္ဂဟဏေန-သပ္ပစ္စယသဒ္ဒါပိုဖြင့်၊အညေဟိပိ-အခြားဓာတ်တို့မှ နောက်၌လည်း၊ ဘဝိဿန္တိယာ ဝိဘတ္တိယာ - ဘဝိဿန္တိဝိဘတ်၏၊ ခါမိ ခါမ ဆာမိ ဆာမ ဣစ္စာဒယော - ခါမိ, ခါမ, ဆာမိ, ဆာမ အစရှိကုန်သော၊ **အာဒေသာ**—အာဒေသတို့သည်၊ ဟောန္တိ၊ ဝက္ခာမိ—ဆိုအံ့၊ ဝက္ခာမ-ဆိုကုန်အံ့၊ ဝစ္ဆာမိ-နေအံ့၊ ဝစ္ဆာမ-နေကုန်အံ့၊ (၅၂၅)။

ဣတိ အာချာတကပ္ပေ တတိယော ကဏ္ဍော။

---

၄၀၁။ ကရဿ၊ပေ၊ကာဟော။ ။[ရှေးက ယူရိုးအဓိပ္ပာယ်ကို ဦးစွာ ပြ၍, မိမိသဘောကျကို နောက်မှ ပြမည်၊ ဤ၌ သပစ္စယအရ ပစ္စည်းဟူသည် ဘဝိဿန္တိဝိဘတ်၏ အစိတ်ဖြစ်သော "ဿ" တည်းဟု သိပါ၊] ရှေ ၂ သုတ်မှ ဝါ+လောပံ+ဘဝိဿန္တိမှိ+ဿဿစပုဒ်တို့ လိုက်လာကြ၏၊ "ကရ်+ဿတိ"ဟု ရုပ်ရှိသည့်အခါ ဝိဘတ်၏ တစိတ်ဖြစ်သော ဿပစ္စည်းနှင့်တကွ တည်ရှိသော ကရ်ကို ကာဟပြု (ဤသို့ ကာဟ ပြုသည့်အခါ ဿ မပါသေး၊ ထို့ကြောင့် လိုက်လာသော "ဿဿစလောပေါ"အရ) ဿကိုလည်း ချေ၊ ကာဟတိ ပြီး၏၊ ဤသို့ ဿကိုချေခြင်းသည် ရှေ့သုတ်၌ကဲ့သို့ ဝိကပ်မဟုတ်, အမြဲပင် ချေဟု သိစေလို၍ "နိစ္စံ"ဟု ဝုတ္တိ၌ ထည့်ဖွင့်သည်၊ ကာဟတိဟု ပြီးပြီးနောက် ဣကာရာဂမော အသဗ္ဗ ဓာတုကမှိဖြင့် ဣ လာ၍ ကာဟိတိ ဟု ဖြစ်၏၊ ဿသိ, ဿထ, ဿာမိ, ဿာမဝိဘတ်များ သက်၍လည်း ကာဟသိ, ကာဟထ, ကာဟာမိ, ကာဟာမတို့ကို တွက်။

သပစ္စယဂ္ဂဟဏေန။ ။ရှေ့သုတ်မှ ဿဿလောပေါတို့ လိုက်လာသော ကြောင့် "ကရဿ ကာဟော" လောက်သာ သုတ်တည်လျှင် ကရ်+ဿတိ၌ ကရ်ကို ကာဟပြု, ဿကိုလည်း ချေဟု စီရင်၍ ကာဟတိစသည် ပြီးနိုင်သော ကြောင့် "သပစ္စယဿ"သဒ္ဒါသည် ပိုလျက်ရှိ၏၊ "သဒ္ဒါဓိကာ အတ္ထာဓိကော" ပရိဘာသာနှင့်အညီ ထို သပစ္စယသဒ္ဒါ ပို၏ အနက်ပိုကို ပြလိုသောကြောင့် သပစ္စယဂ္ဂဟဏေန စသည်ကိုမိန့်၊သပစ္စယသဒ္ဒါပိုဖြင့် အခြားဓာတ်နောင် ဘဝိဿန္တိဝိဘတ် တခုလုံးကို ခါမိ, ခါမ, ဆာမိ, ဆာမ (ဆိုက်သလို) ပြု၍ ဝက္ခာမိ စသောရုပ်များ ဖြစ်ရသည်။

ရုပ်တွက်။ ။ " ဝစ=ဝိယတ္တိယံ ဝါစာယံ " ခေတ်မှည့်, ထာမိ ဝိဘတ် သက်, ဤသုတ်၌ သပ္ပစ္စယသဒ္ဒါပိုဖြင့် ထာမိကို ခါမိ, ထာမကို ခါမပြု၊ ကော ခေစဖြင့် ဓာတ္ဘန်(စ်)ကို(က်)ပြု, ဝက္ခာမိစသည် ပြီး၏၊ " ဝသ=နိဝါသေ " ဟူသောဓာတ်နောင် ထာမိကို ဆာမိ,ထာမကို ဆာမပြု၊ ဗျဥ္ဇနန္တဿစော ဆပ္ပစ္စ ယေသုစဖြင့် ဓာတ္ဘန် (သ်) ကို (စ်) ပြု၊ ဝစ္ဆာမိ, ဝစ္ဆာမ ပြီး၏၊ ထာတိ ထန္တိ 'ထာသိ ထာထတို့ကို(အစဉ်အတိုင်း) ခတိ, ခန္တိ, ခသိ, ခထ, ထတိ, ဆန္တိ, ဆသိ 'ဆထပြု၍ " ဝက္ခတိ, ဝက္ခန္တိ, ဝက္ခသိ, ဝက္ခထ, ဝစ္ဆတိ, ဝစ္ဆန္တိ, ဝစ္ဆသိ ဝစ္ဆထဟူသော ရုပ်များလည်း ဖြစ်နိုင်သည်။

မှတ်ချက်။ ။ရူပ၌ကား သပစ္စယသဒ္ဒါပိုဖြင့် ဝစ မုစ ဘုဇ စသည်နောင် ထကို ခ, ဝသ ဆိဒ လဘ စသည်နောင် ထကို ဆပြုဟု ဆို၏၊ ရူဆိုပုံက သာ၍ ကောင်းပေသည်၊ အကျယ်ကို ရူမှာ ရှု၊ ဤကား ကစ္စည်းဝုတ္တိကို မှီးသော အများပြောရိုး အမိပ္ပာယ်ဘည်း။

တနည်းကြံဖွယ်။ ။မောဂ္ဂလ္လာန်၌ "ဟာဿ စာဟင် ဿေန" ဟု (၆-၂၅) သုတ်တည်၍ ကရ်ဓာတ်က တနာဒိဂိုဏ်း ဖြစ်သောကြောင့် ထို တနာဒိ ဩ ဝိကရဏ ပစ္စည်းနှင့်တကွ ဿတိစသည်၏ ဿနှင့်လည်းတကွ ကရ်ကိုလည်း ကောင်း ဟရ်ကိုလည်းကောင်း ( ကရ် ဟရ်တို့၏ ဓာတ္ဘန်ကိုသာ ယူ ) အာဟင် ပြု၍ ကာဟာတိ ဟာဟိတိ (ဆောင်လတ္တံ့) စသော ရုပ်ကို စီရင်၏၊ ထိုနည်း အတိုင်း ဤသုတ်၌လည်း သပစ္စယအရ ဩဝိကရဏ ပစ္စည်းကိုပင် ယူ၍ "ဘ- ဝိဿန္တိမှိ-ကြောင့်၊သပစ္စယဿ-ဩဝိကရဏပစ္စည်းနှင့် တကွဖြစ်သော၊ ကရဿ- ၏၊ ကာဟော-ကာဟပြု၊ ဿဿစ-ဿ၏လည်း၊ လောပေါ ဟောတိ"ဟုဆိုလျှင် "ကရ်+ဩ+ဿတိ"မှ ကာဟတိ ပြီးရသောကြောင့် သပစ္စယသဒ္ဒါ အပိုမဟုတ် တော့။

ဆက်ဦးအံ့— အရှင်ကစ္စည်း ကိုယ်တိုင်လည်း ထိုမျှလောက် အက္ခရာလုံးရေ များသော "သပစ္စယဿ" ပုဒ်ကို အပိုမဆိုတန်ရာ၊ သပစ္စယ သဒ္ဒါပိုဖြင့် ခါမိ စသည် ပြုဖို့ရန်လည်း " ညောင်ဦး ကမ်းပါးပြို, စမ္ပာနဂိုက နွား ခါးကျိုး" သကဲ့သို့ အဆက်အသွယ် ဝေးလှ၏၊ ထို့ကြောင့် ကစ္စည်းဝုတ္တိ စသည်တို့၌ သ ပစ္စယသဒ္ဒါကို အပိုဟု ဆို၍ ဖွင့်ပုံသည် ကစ္စည်းဆရာ၏အာဘော် ကျမည်မထင်, ဆင်ခြင်ကြပါကုန်။

အခြား ပုံစံများ။ ။ဟာဟတိ၌ကား ဒိဝါဒိ ယပစ္စည်းသက်၍ အာဟင် ပြုရာ၌ ယပစ္စည်းကို အမြဲချေရသည်၊ ဟာဟိဿတိ- ( ဆောင်လတ္တံ့၊ ဓာတ္ဘန် ရ်ကို အာပြု)၊ "သုခံ ဘိက္ခု ဝိဟာဟိသိ (နေလတ္တံ့)"— ဓမ္မပဒ ဘိက္ခုဝဂ်၊ "ယော ဣမသ္မိံ ဓမ္မဝိနယေ အပ္ပမတ္တော ဝိဟဿတိ"-(ပရိနိဗ္ဗာနသုတ်)စသည် ၌ကား ဝိပုဗ္ဗ+ဟရ+ဘူဝါဒိ အပစ္စည်း+ဿတိ- ကွစိဓာတုသုတ်ကြီးဖြင့် ဓာတ္ဘန် ရ်ချေ၊ "ဝိဟဿတိ-နေလတ္တံ့"ဟုပေး၊ အဟံ ဥဒကမာဟိဿံ (ဆောင်လတ္တံ့)-

ဝေဿန်၊ အာပုဗ္ဗ ဟရဓာတ်, ဿံဝိဘတ်, ရ်ချေ, ဣလာ၊ "ပုရက္ခတွာ ဝိဟဿာ မ(နေ့ကုန်အံ့)"—ပဥ္စက, တိံသ မတ္တထေရိကာ ဂါထာ။]

**လဘ ဝသ ဆိဒ ဘိဒ ရုဒါနံ စ္ဆင်။** ။(မောဂ္ဂလ္လာန် ၆, ၂၆) လဘ၊ဝေ၊ ရုဒါနံ-တို့၏(ဓာတွန်ကို)၊ ဿေန-ဘဝိဿန္တိ ကာလာတိပတ္တိ ဿန္နင့်တကွ၊စ္ဆင်-င် အနုဗန်ရှိသော စ္ဆ အပြုသည်၊ ဟောတိ၊ အလစ္ဆာ အလဘိဿာ- ရရာပြီ၊ လစ္ဆတိ, လဘိဿတိ—ရလတ္တံ့၊ အဝစ္ဆာ, ဝစ္ဆတိ (ဝသဓာတ်) အစ္ဆေစ္ဆာ, ဆေစ္ဆတိ (ဆိဒဓာတ်)၊ အဘေစ္ဆာ, ဘေစ္ဆတိ (ဘိဒဓာတ်)၊ အရုစ္ဆာ, ရုစ္ဆတိ (ရုဒ) "သာ နူန ကပဏာ အမ္မာ, စိရရတ္တာယ ရုစ္ဆတိ (ငိုရစ်လတ္တံ့)"—ဝေဿန်ဇာတ်။

**ယောဂ ဝိဘာဂ။** ။စ္ဆင်ဟူသော ယောဂဝိဘာဂဖြင့် အခြား ဝိဘတ် နှောင်းရာ၌လည်းကောင်း, အခြားဓာတ်၌လည်းကောင်း စ္ဆင်ပြု၊ အစ္ဆေစ္ဆံ-ဖြတ်ကုန်ပြီ၊ (ဆိဒဓာတ် + ဥံဝိဘတ်)၊ ပဋိလစ္ဆိံ- ရပြီ၊ (လဘ+ဣံ)၊ ဂစ္ဆံ-သွားအံ့၊(ဂမု+ဿံဝိဘတ် ဿန္နင့်တကွ ဓာတွန်(မ်)ကို စ္ဆပြု၊[ဂစ္ဆံပါရံ သမုဒ္ဒဿ, ကဿံ ပုရိသကာရိယံ"— မဟာဇနကဇာတ်၊ "ဂစ္ဆေဝ ရထေသဘ"—ဝေဿန်၊ ဂစ္ဆ+ဧဝ။] ဣဒါနိ ခေါ တံ ဩဟစ္ဆံ (မစင်စွန့်ချလိုက်အံ့)"-ဒုက, ဒုတိယ မက္ကဋဇာတ်၊ အဝပုဗ္ဗ, ဟဒဓာတ်, ဿံဝိဘတ်၊ "ပညာယ ဒစ္ဆံ (ကြည့်ရှုအံ့)"- ပညာသ, တာလပုဋထေရဂါထာ၊ ဒိသဓာတ်+ဿံဝိဘတ်၊ ဒိသကို ဒသ်ပြုပြီးနောက် ဓာတွန်ကို ဿနှင့်တကွ စ္ဆပြု၊ "နဒိဝ အဝသုစ္ဆတိ(ခြောက်သွေ့လတ္တံ့)"- ဝေဿန်၊ အဝပုဗ္ဗ သုသ+ဿတိ၊ "ယတ္ထ ရာဇာ နိသစ္ဆတိ(နေလတ္တံ့)"- တေမိယဇာတ်၊ နိပုဗ္ဗ သဒ+ဿတိ "အာရောဂျံ အာဠှိနော ဝစ္ဆံ (ပြောလိုက်အံ့)"-နဝ, ပူတိမံသဇာတ်၊ ဝဒ+ဿံ။

**ဘုဇ မုစ ဝစဝိသာနံ က္ခင်။** ။(၆, ၂၇) ဘုဇ စသည်တို့၏ ဓာတွန်ကို ဿနှင့်တကွ ဝိကပ် က္ခင်ပြု၊ အဘောက္ခာ - စားရာပြီ၊ ဘောက္ခတိ - စားလတ္တံ့၊ အမောက္ခာ, မောက္ခတိ-(လွှတ်)၊ အဝက္ခာ, ဝက္ခတိ(ဆို)၊ ပါဝေက္ခာ (ပပုဗ္ဗ+ဝိသ, အကာရာဂမောဖြင့် အ,လာ,ပခွင်း, ချေ, အကို ဒီဃပြု) ပဝေက္ခတိ (ဝင်လတ္တံ့)၊ က္ခင် ဟူသော ယောဂဝိဘာဂဖြင့် အခြား ဝိဘတ်နှောင်းရာ၌လည်း က္ခင်ပြု၊ ပါဝေက္ခိ- ဝင်ပြီ၊ (ပပုဗ္ဗ+ဝိသ+ဤ)။

မှတ်ချက်။ ။မောက္ခတိဟူရာ၌ သဒ္ဒနီတိ—သဒ္ဒသင်္ဂဟတို့ဝယ် "မောက္ခ=မောစေန၊မောက္ခတိ,မောက္ခန္တိ မာရဗန္ဓနာ၊ ပါတိမောက္ခော ဇုဿာဒီသု ပန မောက္ခဓာတု ဝသေန သိဒ္ဓံ၊ န မုစ ဓာတုဝသေန"ဟု ဆိုကုန်သေး၏၊ ပဝက္ခိဿံ သုဏောဟိ မေ" စသော (စရိယာပိဋက) စသည်၌"ဿ"မကြေသောကြောင့် သုတ်ကြီးဖြင့် ဝစဓာတ်၏ ဓာတွန် စ် ကိုသာ က္ခင်ပြု။

ဒါဒန္တဿံ မိမေသု

၄၈၂။ **မိမ** ဏှစ္စေတေသု—မိမ ဟူကုန်သော ဤဝိဘတ်တို့ကြောင့်၊ ဒါဣတိ-ဒါဟူသော၊ တေဿ ဓာတုဿ-၏၊ အန္တဿ-အဆုံးအာ၏၊ အံ-အံ အပြုသည်၊ ဟောတိ၊ ဒမ္မိ-ပေး၏၊ ဒမ္မ-ပေးကုန်၏၊(၅၀၉)၊ [ရုပ်ကို အခြေပြုကြည့်၍ တွက်၊ ဟိလောပံဝါသုတ်မှ ဝါ လိုက်စေ၍ ဤသုတ်ဖြင့် (အံ) မပြုသည့်အခါ''ဒေမိ ဒေမ ဒဒါမိ ဒဒါမ''ဟု ဖြစ်၏၊ မောဂ္ဂလ္လာန်၌ ''ကရဿ သောဿကုံ (၆, ၃၃)''ဟု သုတ်တည်၍ မိမ နှောင်းရာ၌ ဝိကရဏ သြပစ္စည်းနှင့်တကွ ကရ်ကို ကုံပြု၍ ''ကုမ္မိ-ပြု၏၊ ကုမ္မ-ပြုကုန်၏'' ရုပ်ကို ပြ၏။]

အသံယောဂန္တဿ ဝုဒ္ဓိကာရိတေ

၄၈၃။ ကာရိတေ - ကာရိတ်ပစ္စည်းကြောင့်၊ အသံယောဂန္တဿ-သံယုဂ် အဆုံးမရှိသော၊ ဓာတုဿ-၏၊ ဝုဒ္ဓိ ဟောတိ၊ ကာရေတိ-ပြုစေ၏၊ ကာရေန္တိ-ပြုစေကုန်၏၊ ကာရယတိ-၏၊ ကာရယန္တိ-၏၊ ကာရာပေတိ၊ပေ၊ကာရာပယန္တိ၊ အသံယောဂန္တဿေတိ - အသံယောဂန္တဿပုဒ်သည်၊ ကိမတ္ထံ၊ စိန္တယတိ - ကြံ၏၊ မန္တယတိ-တိုင်ပင်၏၊ ဣတိ-၌....၏၊ (၅၂၈)။

ဃဋာဒီနံဝါ

၄၈၄။ ကာရိတေ-ကြောင့်၊ အသံယောဂန္တာနံ - ကုန်သော၊ ဃဋာဒီနံ—ဃဋအစရှိကုန်သော၊ ဓာတူနံ—ဓာတ်တို့၏၊ ဝုဒ္ဓိ—သည်၊ ဝါ ဟောတိ-ဝိကပ်ဖြစ်၏၊ ဃာဋေတိ, ဃဋေတိ၊ ပေ၊ ဃဋာပယတိ-ရှေ့လုံ့လနှင့် နောက်လုံ့လကိုဆက်စပ်စေ၏၊ဝါ- အားထုတ်၏၊ဂါမေတိ,ဂမေတိ၊ ၊ပေ၊ ဂမာပေတိ-သွားစေ၏၊ ဃဋာဒီနံတိ ကိမတ္ထံ၊ ကာရေတိ-ပြုစေ၏၊....၌....၏၊ (၅၄၃)။

---

၄၈၃။ အသံယောဂန္တ ဝုဒ္ဓိ။ ။စိန္တဥ္စိန္တသည် သံယုဂ်တည်း၊ ထိုသံယုဂ်ဆုံးလျက်ရှိသော မန္တ, ပုစ္ဆ, ဘန္တ စသော ဓာတ်များသည်'' သံယောဂေါ အန္တော ယဿ''ဟူသော ဝိဂ္ဂိုဟ်အရ ''သံယောဂန္တ''မည်၏၊ ယဿ ဓာတုဿ-အကြွင် ဓာတ်၏၊ သံယောဂေါ - သံယုဂ်ဟူသော၊ အန္တော - အဆုံးသည်၊ အတ္ထိ - ရှိ၏၊ဣတိ, သော—ထိုဓာတ်သည်၊ သံယောဂန္တော—မည်၏။ ထိုကဲ့သို့ သံယုဂ်အဆုံး မရှိသော ဘူ-ဟူ-ကရ-ပစ-ဂမု-စသော ဓာတ်များကား န+ သံယောဂန္တော''အရ အသံယောဂန္တမည်၏၊ ဝုဒ္ဓိဟူသည် အာ ဧြဩတို့တည်းဟု အယုဝဏ္ဏာနဉ္စာယောဝုဒ္ဓိသုတ်၌ ပြခဲ့ပြီ၊ ရုပ်ကို အခြေပြုကြည့်တွက်။

---

၄၈၄။ ဃဋာဒီနံဝါ။ ။အာဒိ သဒ္ဒါသည် ပကာရ ( အတူဟူသော ) အနက်ကို ဟော၏၊ ထို့ကြောင့် ဝုဒ္ဓိအပြု မမြဲခြင်းတူသော ဂမု- ဂဏ- ဒမု- သမုစသော ဓာတ်များကို အာဒိဖြင့်ယူ၊ ဤဓာတ်များကို ဃဋ အာကတိဂိုဏ်းဟု ချသဖွင့်၏၊ အာကတိဂဏ၏ အဓိပ္ပာယ်ကို ဏာယန ဏာန ဝစ္ဆာဒိတော

အညေသုစ ၄၇၅။ အညေသု-ကာရိတ်ပစ္စည်းမှ တပါးကုန်သော၊ ပစ္စယေ သုစ - ပစ္စည်းတို့ကြောင့်လည်း၊ အသံယောဂန္တာနံ- ကုန်သော၊ သဗ္ဗေသံ-ကုန်သော၊ ဓာတူနံ-တို့၏၊ ဝုဒ္ဓိ ဟောတိ၊ ဇယတိ-အောင်၏၊ ဟောတိ, ဘဝတိ-ဖြစ်၏၊ စဂ္ဂဟဏေန - ဖြင့်၊ ဏုပစ္စယဿာပိ - ဏုပစ္စည်း၏လည်း၊ ဝုဒ္ဓိ ဟောတိ၊ အဘိသုဏောတိ-ရှေးရှုနားထောင်၏၊ (၅၄၃)။

---

သုတ်၌ ပြခဲ့ပြီ။ [“အ အာ ဣ ဤ” စသည်ဖြင့် စီတန်းပြီးရှိရာ၌ အာဒိသဒ္ဒါသည် မရှိယာဒ (အစ အပိုင်းအခြား) အနက်ကို ဟော၏၊ “အာဒယော—အ အစ (အပိုင်းအခြား) ရှိကုန်သော” စသည်တည်း၊ ထိုကဲ့သို့ စီတန်းပြီး မရှိရာ၌ “ဃဋ္ဌ- အတူရှိသော” ဟု ပကာရအနက်သာ ရသည်။]

ဃဋ္ဌ။ ။ဃဋ္ဌော ဘူစု စေတာယံစ, စုတု ဟိံသနဒိတ္တိသု၊ ဘူစုသင်္ဃာ တကေဧစဝ” နှင့်အညီ “စေတာယံ-အားထုတ်ခြင်းအနက်, သင်္ဃာတ-ဆက်စပ် ခြင်းအနက်တို့၌” ဘူဝါဒိ စုရာဒိတည်း၊ ထို့ကြောင့် အခြေပြု၌ စုရာဒိဏော ဏေ ဏယသက်၍ ရုပ်တွက်ထားသည်၊ ဤဝုတ္တိ၌ကား ဏေ ဏယ ဏာပေ ဏာပယ ၄-ပစ္စည်းလုံး၏ပုံစံကို ပြထားသောကြောင့် “ဃဋ္ဌ” တည်, “ဃဋ္ဌ=သံဃာတေ” ဟူသော အနက်၌ဖြစ်စေ “စေတာယံ” ဟူသော အနက်၌ဖြစ်စေ ဓာတ်မှည့်, အဆုံးသရချေ၊ ဓာတူဟိ ဏေ ဏယစသောသုတ်ဖြင့် ဏေပစ္စည်းသက်, ကာရိတ် လည်းမှည့်, ဏ် အနုဗန်ချေ၊ ဃဋ္ဌာဒီနံ ဝါ သုတ်ဖြင့် ဃ၏ အ ကို အာဝုဒ္ဓိပြု (ဃာဋ္ဌေ)၊ ပစ္စုပ္ပန် တိ ဝိဘတ်သက်၊ ဃာဋ္ဌေတိ ပြီး၏၊ ဝါ မြစ်သောကြောင့်ဝုဒ္ဓိ မပြုရဟု ဆို၍ “ဃဋ္ဌေတိ” လည်း နည်းတူ တွက်၊ ဃဋ္ဌယတိ စသည်၌ ဏယ, ဏာပေ, ဏာပယ သက်ရုံသာ၊ ဂါမေတိ စသည်၌လည်း နည်းတူ၊ ကာရေတိ ကား ဃဋ္ဌာဒိ၌ အာဒိအရတွင် မပါဝင်သောကြောင့် ဝုဒ္ဓိအပြုကို မတားမြစ်ရ, ရှေးသုတ်ဖြင့် ဝုဒ္ဓိပြု၍ “ကာရေတိ” စသည်တွက်။

---

၄၇၅။ အညေသုစ။ ။ရှေးသုတ်များ၌ ကာရိတ်ပစ္စည်းကို ပြထားသော ကြောင့် အညေသု၌ အည၏ အပဒါဒိန်ကို ရှေး၌ ဆိုအပ်ပြီးသော ကာရိတ်ပစ္စည်း ကို ခံရသည်၊ အညေသုစ၌ စသည် ရှေးသုတ်၌ ဆိုအပ်ပြီးသော ကာရိတ်ပစ္စည်း များကို ပေါင်းသော သမ္ပိဏ္ဍနဟု ထင်ရ၏၊ “ကာရိတ်ပစ္စည်းသာ မက, အခြား ပစ္စည်းတို့ကြောင့်လည်း ဝုဒ္ဓိပြုသေး၏” ဟု ဆိုလိုသည်၊ သို့သော် ဝုတ္တိဆရာကမူ ဓာတ်မဟုတ်သော ဏုပစ္စည်းကို ဆည်းသော အဝုတ္တသမုစ္စည်းဟု ဆိုလို၏၊ ဤ ဝုတ္တိအလို “အညေသု-တို့ကြောင့်၊ အသံယောဂန္တာနံ-ကုန်သော၊ ဓာတူနံစ— ဓာတ်တို့၏လည်း” ဟု စကို ဓာတူနံနောင် ထိုင်စေရမည်။

ဂုဟ ဒုသာနံ ဒီဃံ

၄၇၆။ ကာရိတေ-ကြောင့်၊ ဂုဟ ဒုသ ဓာတိ—ဟူကုန်သော၊ ဧတေသံ ဓာတူနံ-တို့၏၊ သရော-သရသည်၊ ဒီဃံ အာပဇ္ဇတေ၊ ဂူဟယတိ-စောင့်ရှောက်စေ၏၊ ဒူသယတိ-ပျက်စီးစေ၏၊ ဝါ— ဖျက်ဆီး၏၊ (၅၄၄)၊ [ရုပ်ကို အပြေုကြည့်၍တွက်။]

---

ရုပ်တွက်။ ။ဇယတိကို ဒေဃသုတ်, ဘဝတိကို ဩအာဝသရေသုတ်ကျမှ တွက်၊ ဟောတိကို ဟူတည့်, "ဟူ=သတ္တာယံ"ဟူသော အနုတ်၌ ဓာတ်မှည့်, တိဝိဘတ်, အပစ္စည်း၊ ဤသုတ်ဖြင့် ဟူ၏ဖုဒ်ကို ဩဝုဒ္ဓိပြု၊ လောပဥ္စေတ္တမကာရော သုတ်ဖြင့် အပစ္စည်းကိုချေ, ပြီး၏။ [ရူဠ္ဌ ဃဋ္ဋာဒီနံ ဝါမှ ဝါကိုလိုက်စေ၍ ထိုဝါ၏ သတ်မှတ်ချက်ကို ပြထား၏၊ အကျယ်ကို ရှုဘာသာဋီကာမှာ ရှု။]

---

၄၇၆။ ကာရိတေ။ ။ကာရိတ်နောင်းရာ၌သာ (ဝုဒ္ဓိ အပြုကို တားမြစ်ဖို့ရန်) ဒီဃပြု ဟု ဤကစ္စည်းဝုတ္တိနှင့် ချာသရူပသိဒ္ဓိတို့ ဖွင့်ကြသော်လည်း ကျမ်းဂန်တို့၌မူ ကာရိတ်မနောင်းပဲလည်း "ဂူဟန်-လျှို့ဝှက်ခြင်း"ဟု ဒီဃပြု၏၊ မောဂ္ဂလ္လာန်၌လည်း "ဂုဟိဿသရေ (၅, ၁၀၅)"ဟု သုတ်တည်၍ ကာရိတ် နောင်းရာ၌ဟု မဆိုပဲ သာမညသရနောင်းရာ၌ ဂုဟ၏ ဥကို ဒီဃပြုဟု ဆိုထား၏၊ ကစ္စည်းစာသွားကို ထောက်လျှင်လည်း အသံယောဂန္တဿနှင့် အဥ္ဇသုစသုတ် တို့၏နောက်မှ ဤသုတ်ကို ဆိုသောကြောင့် ထို ၂-သုတ်၌လာသော နိမိတ်များကို လိုက်စေ၍ "ကာရိတ်နောင်းသည်ဖြစ်စေ, အခြားပစ္စည်း နောင်းသည်ဖြစ်စေ, ဒီဃပြု"ဟု ကြံသင့်သည်။

ဒုသဓာတ်။ ။ဒုသဓာတ်၌ကား ကာရိတ်နောင်းမှပင် ဒီဃပြုဖို့ရန် တညီ တညွတ်တည်း ဆိုကြ၏၊ ကာရိတ်မနောင်းလျှင် "ဒုဿန်-ပဒုဿတိ" စသည်ဖြင့် ဒီဃ မပြုရ၊ ကာရိတ်နောင်းလျှင် "ဒူသေတိ, ဒူသယတိ, ဒူသိတော, ဒူသကော" စသည်ဖြင့် ဒီဃပြုရမည်၊ မှန်၏— "ဒူသေတိ— ဖျက်ဆီး၏" ဟူရာ၌ "ဒုသ— ဝိဂတေ(ကင်းကွာ ပျက်စီးခြင်း၌)"ဟူသော ဓာတ်တည်း၊ ထို့ကြောင့် "ဒူသေ တိ=ပျက်စီးစေ၏"ဟု သဒ္ဒါနက် ပေးရသည်၊ "ဒူသိတော"ကို မောဂ္ဂလ္လာန်၌ ကာရိတ် ဏိပစ္စည်းဖြင့် "ဒူသိ"ဟု ဖြစ်စေပြီးမှ တပစ္စည်းသက်သည်၊ ကစ္စည်း ကျမ်းအလို ကာရိတ် ဏေပစ္စည်းသက်ပြီးမှ ဧကို ဣပြုဟု ဆိုသင့်၏၊ ဒူသကော ၌လည်း ကာရိတ် ဏေပစ္စည်းသက်။[ဒုဠ္ဌဒေါသ သိက္ခာပုဒ်၌ "ဒူသေတိ ဝိနာ သေတီတိ ဒေါသော"ဟု ဝိဂ္ဂဟပြုသောကြောင့် ဒေါသော၌ ဒုသဓာတ် ဏကာရိတ် ဏေပစ္စည်းနှင့် ဏပစ္စည်းဖြစ်၍ ဝုဒ္ဓိပြုထားသည်ကို တွေ့ရ၏၊ သို့ဖြစ်လျှင် ဒုသ ဓာတ်၌လည်း ဒီဃအပြု မမြဲ၊ ရံခါ ဝုဒ္ဓိလည်း ပြုသေး၏—ဟု မှတ်သင့်၏။]

ဝစ၊ ပေ၊ ဝဿ ယေ

၄၇၇။ ပရေ ယပစ္စယေ ဝစ ဝသ ဝဟ ဣစ္စေဝမာဒီနံ ဝစ, ဝသ, ဝဟ,ဤသို့ အစရှိကုန်သော၊ဓာတ်နံ-တို့၏၊ ဝကာရဿ-ဝ အက္ခရာ၏၊ ဥကာရော ဟောတိ၊ ဥစ္စတေ, ဝုစ္စတိ-ဆိုအပ်၏၊ ဝုဿတိ-ကျင့်သုံးအပ်၏၊ ဝုယှတိ-ဆောင်ယူအပ်၏၊ ဝါ-မြွေအပ်၏၊ (၄၇၁)။

ဟာ ဝိပရိယယော လော ဝါ

၄၈၈။ ပရေယပစ္စယေ, ဟကာရဿ — ဟ အက္ခရာ၏၊ ဝိပရိယယော — ရှေ့နောက် ပြန်ခြင်းသည်၊ ဟောတိ၊ ယပစ္စယဿစ— ယပစ္စည်း၏လည်း၊ လော = လ အဖြစ်သည်၊ ဝါ ဟောတိ—ဝိကပ်ဖြစ်၏၊ ဝုလှတိ, ဝုယှတိ-ဆောင်ယူအပ်၏၊ ဝါ-မြွေအပ်၏၊ (၄၀၁)။[ရုပ်ကို အခြေပြုကြည့်၍ တွက်၊ သို့သော် ဝ၏ အ ကို (ရှုအလိုကျ) ဥ မပြုပဲ နျာသအလိုအတိုင်း ဝကို ဥပြု, ကွစိဓာတုဖြင့် ဝလာ ဟု ဆို၍တွက်ပါ၊ တေမှ တိုပြန်ရမည်ကိုလည်း သတိပြု။]

[ဂဟဿ ဃေပ္ပေ (၄၇၉, ၅၂၀) ဟလောပေါကျာမို့ (၄၉၀,၅၁၉) သုတ်များ ထင်ရှားပြီ၊ ရုပ်ကို အခြေပြုကြည့်တွက်။]

---

၄၇၇။ ဥကာရော ဝဿယေ။ ။ဝစ ဝသ ဝဟဓာတ်တို့သည် ဆိုခြင်း နေခြင်း ဆောင်ခြင်း အနက်ကို ဟောရာ၌ ဒိဝါဒိဂိုဏ်း မဟုတ်၊ ဘူဝါဒိဂိုဏ်း ဖြစ်သောကြောင့် "ယေ"ဟု သာမညဆိုသော်လည်း ဒိဝါဒိ (ယ) မဟုတ်, ဘောကံဟော ယပစ္စည်းသာ၊ "ဝကာရဿ"ဟု ဝုတ္တိဖွင့်သောကြောင့် "ဝဿ-ဝကို"ဟုသာ ပေးစေလို၏၊ နျာသလည်း ဤအတိုင်းပင်ဖွင့်၏၊ဤဝုတ္တိနှင့် နျာသ အတိုင်း ရုပ်တွက်လျှင်....ဥစ္စတေကို ဝစတည်၊ "ဝစ=ဝိယတ္တိယံ ဝါစာယံ" ဟူသော အနက်၌ ဓာတ်မှည့်၊ တေဝိဘတ် ယပစ္စည်းသက်၊ ဝစ၏ ဝကိုဥပြု၊ တဿစဝဂ္ဂသုတ်ဖြင့် ဓာတ်န် (စ)နှင့် တကွ ယကို စပြု, ဒွေဘော်လာ, ပြီး၏၊ ဝုစ္စတိ၌ကား ဥစ္စတေ ပြီးပြီးနောက် ကွစိဓာတုဖြင့် (ဝ်)ဗျည်းလာ၊ အတ္တနော ပဒါနိ ပရဿပဒတ္တံသုတ်ဖြင့် တေကို တိပြု၊ ဝုဿတိကို "ဝသ=နိဝါသေ"ဟု ဆို၍ ဝုစ္စတိအတိုင်းတွက်၊ ယကိုကား ပုဗ္ဗရုပ်ပြုပါ၊ ရူပသိဒ္ဓိ၌ ဝဿကို တမျိုး ဖွင့်သေး၏၊ ရူဘာသာဋီကာမှာ ရှု၊ ရှုအလိုကျ ရုပ်တွက်ပုံကို အခြေပြု၍ ပြထား ပြီ၊ ဝုယှတိကို နောက်၌တွက်။

---

၄၈၈။ ဟာဝိပရိယယော။ ။ဝိ+အာပုဗ္ဗ ဣဓာတ် အပစ္စည်းဖြင့် "ဗျတ္တိက္ကမေ (ဝိ+အတိက္ကမေ)-အစဉ်ကို ကျော်လွန်ခြင်း၌"ဟု ထောမနိဓိဖွင့်၏၊ (အ) ပစ္စည်းဖြစ်သောကြောင့် ဣကို ဧပြု, ဧကို အယပြု၍, ယလာ, "ဝိပရိယယ" ဟု ပါဠိမှန်ရှိ၏၊ ဝိပရိယနံ-အစဉ်အတိုင်းမဖြစ်ပဲ အစဉ်ကို လွန်၍ဖြစ်ခြင်းတည်း၊

ကရဿကာလသတ္တ မဇ္ဈတ္တနိမိ

၄၉၁။ **အဇ္ဇတနိမှိ ဝိဘတ္တိမှိ**, သဗ္ဗဿ-**အလုံးစုံသော၊ ကရ** ဂ္ဂတိ **တေဿ ဓာတုဿ**-၏၊ **ကာလသတ္တံ**—**ကာလ** အဖြစ်သည်၊ ဝါ ဟောတိ-ဝိကပ်ဖြစ်၏၊ **အကာသိ**—ပြုပြီ၊ **အကာသုံ**-ကုန်ပြီ **အကရိ**-ပြုပြီ၊ **အကရုံ**—ကုန်ပြီ၊ **ကာလသတ္တမိတိ**-**ကာလသတ္တံ**ဟူသော၊ ဘာဝနိဒ္ဒေသေန—ဘာဝပစ္စည်းဖြင့် ညွှန်ပြအပ်သော သဒ္ဒါကြောင့်၊ အညတ္ထာပိ-အခြားဓာတ်၌လည်း၊ **သာဂမော—သ လာသည်၊ ဟောတိ၊ အဟောသိ**—ဖြစ်ပြီ၊ အဒါသိ-ပေးပြီ၊ (၅၂၄)။

---

ဝိပရိယယော-ခြင်း၊ ဟဿ-ဟ၏+ဝိပရိယယော- အစဉ်ကို လွန်၍ဖြစ်ခြင်းတည်း၊ ဟဝိပရိယယော-ခြင်း၊ "ဝဟ်ယတေ" ဟု ယ၏ရှေ့က (ဟ်) နေပါလျက် **ထို အစဉ်ကို** လွန်၍ ယ၏နောက်သို့ (ဟ်) ရောက်ခြင်းကို ဟဝိပရိယယ ဟု မှတ်၊ "ဝယ်ဟတေ" ဟု ဖြစ်နေ၏၊ ဟ်သည် ယနောက်သို့ ရောက်သည့်အခါ ယ၏ မှီရာသရနှင့် တွဲကပ်ပြီးဖြစ်နေ၍(ယ်)မှာ ဗျည်းချည်း ဖြစ်ရတော့သည်၊ ထို(ယ်) သည် ဟသို့ကပ်လျှင် ယခုရေးရိုးအားဖြင့် ဝယှတေဟု ဖြစ်၏၊ ရှေ့သုတ်ဖြင့် ဝကို ဥပြု၊ ဝလာလျှင် "ဝုယှတေ"ဟု ပြီးရသည်။ [ဤသို့ ဟ်၏ အစဉ်ကျော်လွန်ခြင်း ကို ယခုကာလ၌ "ဟနှင့် ယကို ရှေ့နောက်ပြန်ခြင်း" ဟု ပြောစမှတ်ပြုကြသည်။]

**ယပစ္စယဿလောဝါ**။ ။**မည်သည့်**အရာကို လပြုရမည်ဟု လပြုရာဌာနကို သုတ်၌ မပြပဲ "လောဝါ"ဟု သာမညဆိုထားသော်လည်း "ပယောဂသိဒ္ဓိယာ သုတ္တော-ပဒေသော=သုတ်ဥပဒေ**ကို** ညွှန်ပြရခြင်းသည် ပြယုဂ်ပြီးစီးခြင်းအကျိုး ငှာဖြစ်၏"ဟူသော ပရိဘာသာနှင့်အညီ ယပစ္စည်းကို လပြုမှသာ "ဝုလှတေ" ပြယုဂ် ပြီးမည်ဖြစ်သောကြောင့် "ယပစ္စယဿ"ဟု လပြုရာဌာနကို ဝုတ္တိဆရာ ထည့်၍ ဖွင့်ပြသည်၊ ဤကား ချာသ အလိုတည်း။ [ရှုဒ္ဓိ အဓိပ္ပာယ်တမျိုးပြထား သေး၏။] ဝါသဒ္ဒါကိုလည်း ဝုဒ္ဓိအလို ဝိကပ်ဟု ဆိုသောကြောင့် (လ)မပြုပဲ လည်းကောင်း, ပြု၍လည်းကောင်း "ဝုယှတိ-ဝုလှတိ"ဟု ရုပ် ၂ မျိုးရှိရသည်၊ ရူဒ္ဓိကား ဝါကို ဝဝတ္ထိတဝိဘာသတ္တ ဟု ယူ၏၊ အဓိပ္ပာယ်ကို ရှုမှာ ရှုလေ။ ["ယေ"အရ ရှေ့သုတ်၌ကဲ့သို့ ဘောကံဟော ယပစ္စည်းကိုသာ ယူသင့်သော် လည်း "မုယှတိ—တေ့ဝေ၏" ၌ မုဟဓာတ် ဒိဝါဒိ ယပစ္စည်းဖြင့် ပြီးသော ကြောင့် ကတ္တားဟော ဒိဝါယဒိကိုပါ ယူသင့်သည်။]

---

၄၉၁။ **ကာလသတ္တမိတိ ဘာဝနိဒ္ဒေသေန**။ ။ **ကာလဿ** + ဘာဝေါ= ကာလသတ္တံ—ကာလ၏ အဖြစ်၊ ဤပုဒ်၌ တ္တ ပစ္စည်းသည် **ဘော** အနက်ကို **ဟောသော** ဘာဝပစ္စည်းတည်း၊ ဘာဝေန—ဘာဝပစ္စည်းဖြင့် + နိဒ္ဒေသော— **ညွှန်ပြအပ်သော** (ကာလသတ္တံ) သဒ္ဒါတည်း၊ ဘာဝနိဒ္ဒေသော- ဘာဝပစ္စည်းဖြင့်

အသသ္မာ မိမာနံ ၄၉၂။ အသ ဣတိ - အသ ဟူသော၊ ဓောဝယ ဓာတု
မှိမှာန္တလောပေါ စ ယာ-မှ၊ (ပရေသ်)၊ မိမ ဣတိ-မိမ ဟူကုန်သော၊ စောသ်
ဝိဘတ္တိနံ-တို့၏၊ မှိမှာဒေသော-မှိအပြု မှအပြုတို့သည်၊ ဝါ
ဟောန္တိ-ဝိကပ်ဖြစ်ကုန်၏၊ ဓာတွန္တလောပေါ စ-ဓာတွန်၏ ကြေငြင်းသည်လည်း၊
(ဟောတိ)၊ အမှိ-ဖြစ်၏၊ အမှ-ဖြစ်ကုန်၏၊ အသ္မိ-ဖြစ်၏၊ အသ္မ-၏၊ (၄၉၉)။
[ရုပ်ကို အခြေပြု ကြည့်၍တွက်၊ အသ္မိ အသ္မတို့၌ ဝါမြစ်၍ မှိမှ-မပြုရ၊ အန္တ
လောပေါစကို ဓာတွန္တလောပေါစဟု ဖွင့်၏၊ ထိုစသဒ္ဒါသည် (မှိမှ အပြုပေါ်မှာ
ဓာတွန်ချေမှုကို ပေါင်းသော) ဒုတိယတ္ထ သမ္ပိဏ္ဍနတည်း။

ထဿ တ္ထတ္တံ ၄၉၃။ အသ ဣတိ ဓောဝယ ဓာတုယာ(ပရဿ)ထဿ ဝိဘတ္တိဿ
တ္ထတ္တံ ဟောတိ၊ ဓာတွန္တဿ-၏၊ လောပေါ စ, ဟောတိ၊
အတ္ထ—ဖြစ်ကုန်၏၊ (၄၉၅)။ [ရုပ်ကို အခြေပြုကြည့်တွက်။]

တိဿ ထ္ထိတ္တံ ၄၉၄။ အသ ဣတိ၊ ပေ ၊ လောပေါ စ(ဟောတိ)၊ အတ္ထိ-ရှိ၏၊
ဝါ-ဖြစ်၏၊ (၄၉၅)၊ [ရုပ်ကို အခြေပြုကြည့်၍တွက်၊ "အသ—
ဖြစ်၏"ဟု ဓာတ်နက်တွက်၏၊ ဘုဝိဌ် "ဘူ=သတ္တာယံ"ဟု သတ္တာ (ထင်ရှား
ရှိခြင်း) အနက်နှင့် သဘောတူပင် ဖြစ်ရကား "အတ္ထိ - ရှိ၏" ဟူသောအနက်
လည်း ဓာတ်နက်ပင်။] တုဿတ္ထုတ္တံ၊ ( ၄၉၅,၅၀၀ ) လွယ်ပြီ၊ "အတ္ထု—
ဖြစ်စေသတည်း"ဟု ပေး။

---

ညွှန်ပြအပ်သော သဒ္ဒါ၊ ဤဝိဂ္ဂဟ်အရ "ကာသတ္တံ"ဟူသော သဒ္ဒါကိုပင် ဘာဝ
နိဒ္ဒေသဟု ဆိုသည်၊ မှန်၏-"နိဒ္ဒေသော" ဟု ရှိရာ၌ သဒ္ဒါကို အရကောက်၍
"အက္ခရတိ သညာ နိဒ္ဒေသော=အက္ခရ ဟူသော သဒ္ဒါသည် သညာကို ညွှန်ပြ
ကြောင်း သဒ္ဒါတည်း"စသည်ဖြင့် နိဒ္ဒေသဖွင့်လေ့ရှိ၏၊ ဆိုလိုရင်းကား-"ကာသ-
မဇ္ဈတနီမှိ" ဆိုလျှင် ပြီးနိုင်လျက် "ကာသတ္တံ"ဟု တ္တ ပစ္စည်း အပိုကို ဆိုခြင်း
ကြောင့် ကရဓာတ်မှ တပါးသော ဟူဓာတ်, ဒါဓာတ်စသော အခြားဓာတ်များ
၌လည်း အဇ္ဇတနီဝိဘတ်ကြောင့် (သ်) လာရခြင်း အကျိုးရှိသည်ဟု ဆိုလိုသည်၊
ရုပ်ကို အခြေပြု၍ တွက်ပြထားပြီ၊ [ရူပသိဒ္ဓိ၌"ကရဿကာ" ဟုလည်းကောင်း
"သတ္တ မဇ္ဈတနီမှိ"ဟု လည်းကောင်း ၂-ဝါကျခွဲ၍ တနည်း ဖွင့်သေးသည်
ကိုလည်းရှုပါ။]

---

၄၉၄။ နိပါတ်, နာမ် အတ္ထိ။ ။"အတ္ထိ ဣမသ္မိံ ကာယေ ကေသာ
လောမာ"စသည်၌ အတ္ထိသဒ္ဒါသည် ဗဟုဝုစ်အနက်ရှိသောကြောင့် နိပါတ် အတ္ထိ
တည်း၊ သန္တိ ဟူသော ဗဟုဝုစ် အာချာတ်ပုဒ်နှင့် အနက်တူ၏၊ [အတ္ထိတိစ သန္တိ
ပဒေန သမာနတ္ထော ပုထုဝစနနိပါတော (ဗဟုဝုစ် အရာရှိသော-ဗဟုဝုစ်

သိမှိစ ၄၉၆။ သိမှိ ဝိဘတ္တိမှိ - ကြောင့်၊ အသသ ဓာတုယ—အသ ဓာတ်၏၊ အန္တယ-အဆုံးဗျည်း၏၊ လောပေါ စေ-ကြေခြင်းသည် သာ၊ ဟောတိ-၏၊ မာရိသ-အချင်း၊ တွံ-သင်သည်၊ ကော - အဘယ်သူသည်၊ အသိ-ဖြစ်သနည်း၊ (၄၉၅)။ [ရုပ်ကို အခြေပြုကြည့်တွက်၊ ပါဠိပုံစံကို ယူထား သောကြောင့် "ကော နု တွံ မာရိသ"တို့ အပိုပါနေသည်။]

---

အရာ၌ဖြစ်သော) ကော နိပါတော- နိပါတ်တမျိုးတည်း၊....သီလက္ခန် ဋီကာ သစ်၊]နိပါတ်အတ္ထိ၌ ကေဝုစ်လည်းရှိကြောင်းကို နိပါတ်ခန်း၌ ပြခဲ့ပြီ၊ "အတ္ထိတိ ဝိဇ္ဇမာနတ္တေ ၊ပေ၊ နိပါတော " ဟု ပါရာဇိက သုဒ္ဓိန္နကဏ္ဍ ဋီကထာလည်း ဖွင့်၏၊ ထို့ကြောင့် "ကေဝုစ်အတ္ထိ၌ အာချာတ်ပုဒ်-နိပါတ်ပုဒ် ၂-မျိုးသင့်၊ ဗဟု ဝုစ် အတ္ထိ၌ နိပါတ်သာ"ဟု ခဲ့ပါ။

"အတ္ထိခီရာ–နို့ရည်ရှိသော ပုဏ္ဏေးမ" ဟူရာ၌လည်း အတ္ထိကို "အတ္ထိတိ ဝိဘတ္တိ ပဋိရူပကအဗျယံ=အာချာတ်ဝိဘတ်ရှိသော အတ္ထိနှင့် တူသောနိပါတ်" ဟု ဖွင့်ကြ၏၊ "အတ္ထိ (ထင်ရှားရှိသော) ခီရံ ယဿာ ဗြာဟ္မဏိယာတိ အတ္ထိ ခီရာ"ဟု ပြု၊ ဤသို့ ထင်ရှားခြင်းကြိယာ-ထင်ရှားရှိသော အရာဝတ္ထုကို ဟော ရာ၌ အာချာတ်အတ္ထိ နိပါတ်အတ္ထိသာရှိ၍ "နာမ်အတ္ထိ"မရှိ၊ "အတ္ထိယာ-အတ္ထိ ပစ္စည်း၌၊ နဝ - ၉-မျိုးသော ဃဋနာတို့သည်"ဟူရာ၌ အတ္ထိကား ထိုနိပါတ် အတ္ထိကို အတူ ရွတ်ဆိုအပ်သော အနုကရဏသဒ္ဒါတည်း၊ အတိဿ စန္တဿ၌ အတိဿသည် အတိဥပသာရကို အတုပြုအပ်သော အနုကရဏသဒ္ဒါတည်း၊ ထို အနုကရဏ "အတိ"သဒ္ဒါသည် ရှဋ္ဌီနာမ်ပုဒ် တမျိုးဖြစ်သောကြောင့် သဝိဘတ် သက်၍ "အတိဿ"ဟု ဖြစ်သကဲ့သို့, ဤ "အတ္ထိ"ဟူသော အနုကရဏလည်း ရှဋ္ဌီနာမ်ပုဒ်ဖြစ်၍ သွိ ဝိဘတ်ဖြင့် "အတ္ထိယာ"ဟု ဖြစ်ရသည်။

---

၄၉၆။ **အဿသေဝ**။ ။သိမှိစ၌ စ သဒ္ဒါသည် ဧဝ (အဝဓာရဏ) အနက်ရှိ၏-ဟု သိစေလို၍ အသသေဝ ဟု ဖွင့်၏၊ ရှေ့သုတ်များ၌ ဓာတွန်ကို လည်းချေ၏, တိုစသည်ကို တ္ထိစသည်လည်း ပြု၏၊ ဤသို့ လောပ- အာဒေသဝိဓိ ၂-မျိုးကို ပြထား၏၊ ဤသုတ်၌ကား ဓာတွန်ကိုသာ ချေ၍, ဝိဘတ်ကို တစုံတခု မပြုရ၊ ထို့ကြောင့် ဧဝအနက်ရှိသော စသဒ္ဒါဖြင့် သိ၏ တစုံတခု အပြုအာဒေသ ကို နှစ်စေသည်ဟု မှတ်ပါ၊ ဤသို့ အာဒေသကို နှစ်စေသောကြောင့်ပင် ဧဝကို လောပေါနောက် ထိုင်စေ၍ "လောပေါဝ"ဟု အနက်ပေးသည်။ [စဂ္ဂဟာဏံ အာဒေသ နိဝတ္တနတ္ထံ—နျာသ။]

နိဒ္ဒေသ။ ။နိဒ္ဒေသ၌ကား "အသဓာတ်သည် နောက်သုတ်များသို့ မလိုက် တော့"ဟု အသဓာတ်ကို နှစ်စေခြင်းအနက် ရှိသည်၊ (စဂ္ဂဟာဏံ အသဓာတု

**လဘာသွာ ဤ ဣ နံ ထ္ထတ္တံ**

၄၉၇။ **လဘ ဣတိ ဧတဿ ဓာတုဿ**(ပရေသံ) ဤ ဣ နံ-ဤ ဣ ဟူကုန်သော၊ ဝိဘတ္တီနံ, ထ္ထတ္တံ **အာဒေသော**-ထ္ထအပြု, ထ္ထံအပြုတို့သည်၊ ဟောန္တိ၊ ဓာတွန္တဿ လောပေါ စ (ဟောတိ)၊ အလတ္ထ- (သူ)ရပြီ၊ အလတ္ထံ- (ငါ) ရပြီ၊ (၄၇၇)။ [ရုပ်ကို အခြေပြုကြည့်၊ "ဤ ဣ နံ ထ္ထတ္တံ"ယောဂဝိဘာဂဖြင့် **ပတဓာတ်** နောင် ထ္ထတ္တံ ပြု, ဓာတွန်ချေ၍ ပါပတ္ထ- (သူ)ရောက်ပြီ၊ ပါပတ္ထံ- (ငါ)ရောက်ပြီ"ဟုလည်း ဖြစ်သေး၏။]

**ကုသသွာ ဒီစ္ဆိ**

၄၉၈။ **ကုသ ဣတိ ဧတဿ ဓာတုဿ** (ပရဿ) ဤဝိဘတ္တိဿ စ္ဆိ ဟောတိ၊ **ဓာတွန္တဿ လောပေါ စ**၊ အက္ကောစ္ဆိ-ဆဲဖူးပြီ၊ (၄၈၀)။ [ "ကုဝသွာ"ဟု **စာအများ**ရှိ၏၊ ရူဥ္ဌ ကုသဓာတ်အရာဝယ် ဤ သုတ်ကို ပြ၏၊ မောဂ္ဂလ္လာန် "ကုသရုဟေဟိဿ ဆိ" (၆,၃၄) သုတ်၌လည်း ကုသဓာတ်ဖြင့် ပြ၏။]

---

နိဝတ္တနတ္ထံ)။ [အနုကစ္ဆနသဘောဖြင့် ငင်အပ်သော ပုဒ်မှန်လျှင် နောက်သုတ်သို့ မလိုက်သောကြောင့် စသဒ္ဒါကို အသဓာတ် ငင်သော အနုကစ္ဆန ဟု ဆိုလိုဟန် တူသည်၊] ဆရာတို့ကား သိမှိစဥ္ဇ စဖြင့် ဟိကိုဆည်း၍ "အဟိ(အသ + ဟိ)—ဖြစ်လော"ဟု ပုံစံထုတ်လိုကြသေး၏၊ အဟိ=အာဟိဟု ပါဠ် ၂-မျိုး ရှိပုံကို ရူပသိဒ္ဓိကာ၌ ရှုပါဦး၊ **အသဓာတ်** ယျေဝိဘတ် **စသည်ဖြင့်** "အဿ, **အဿု**"**စသော** ရုပ်များကိုလည်း ပါဠိ၌ အသုံးများ၏၊ ရူနှင့် ဘာသာဋီကာ မှာပင် ရှုပါလေ။

---

၄၉၇။ ပါပတ္ထ။ ။ပါပတ္ထကို ပပုဗ္ဗ ပတဓာတ် ဤဝိဘတ် (အ)ပစ္စည်း သက်,ချေ၊ အကာရာဂမောဖြင့်(အ)လာ(ပ + အ + ပတ + ဤ)၊ဤ ဣ နံဟူသော ယောဂဝိဘာဂဖြင့် ဤကို ထ္ထပြု, ဓာတွန်ချေ၊ သရာသရေဖြင့် **ပ၏ အကို** ချေ၊ **နောက် အကို** ဒီဃပြု၊ ပါပတ္ထ ပြီး၏၊ ပါပတ္ထံ၌ ဣ ကို ထ္ထံပြု၊ "သောစ တတ္ထေဝ ပါပတ္ထ"သဋ္ဌိနိပါတ်, **သောဏကဇာတ်**၊ "ပါပတ္ထံ နိရယံ"·တေမိယဇာတ်၊ သဒ္ဒနီတိ၌ကား ပရောက္ခာ **အကို** ထ္ထ, အံကို ထ္ထံပြု၍, ပ၏ အကို ဒီဃပြုဟု စီရင်၏၊ ထိုသော် တေမိယဇာတ်၌ ကိုယ်တိုင် ငရဲကျခဲ့ရသည်ကို ပြောပြသောအရာဖြစ်၍ ပစ္စက္ခဖြစ်သောကြောင့် သဒ္ဒနီတိ စီရင်ပုံကို စဥ်းစားသင့်သည်၊ ဤ ပါပတ္ထံနှင့် **အလားတူ** "သယိတ္ထံ- ငါအိပ်ပြီ"ဟုလည်း တွေ့ရ၏။

၄၉၈။ ဓမ္မပဒ ယမကဝဂ်, တိဿတ္ထေရ ဝတ္ထု၌လည်း "**အက္ကောစ္ဆိတိ** အက္ကောသိ"ဟု ကုသဓာတ်ဖြင့် ဖွင့်၏၊ ထို့ကြောင့်"ကုသသွာ"သာ ပါဠ်မှန်ဟု ဆုံးဖြတ်ကြသည်၊ ဒီ၌ (ဒ်) **ကား** အပိုလာသော အာဂုံတည်း၊ (ဒ်) လာခြင်း

ဒါမောတုဿ ဝဇ္ဇံ ၄၉၉။ သဗ္ဗဿ—သော၊ ဒါ ဣတိ ဧတဿ ဓာတုဿ ဒဇ္ဇာ ဒေသော ဝါ ဟောတိ၊ ဒဇ္ဇာမိ - ပေး၏၊ ဒဇ္ဇေယျံ - ရာ၏၊ ဒဒါမိ-၏၊ ဒဒေယျ-ရာ၏၊(၅၀၈)။ဒဒါမိ ဒေဒယျတို့ကား ဝါ ဖြစ်၍ ဤသုတ်မစီရင်သောရုပ်များ၊ ရုပ်ကို အခြေပြုကြည့်။]

ဝဒဿ ဝဇ္ဇံ ၅၀၀။ သဗ္ဗဿ၊ပေ၊ဝဇ္ဇာမိ—ဆို၏၊ဝဇ္ဇေယျ.ရာ၏၊ "ဝဒါမိ, ဝဒေယျ" ဤ ၂ ရုပ်ကား ဝါ မြစ်၍ ဝဇ္ဇမပြုရသော ရုပ်များတည်း၊ (၄၀၆)။ [ရုပ်ကို အခြေပြုကြည့်၊ ဤ ဝဇ္ဇအပြုနှင့် ဒဇ္ဇအပြုတို့၌ "ဝဇ္ဇာဟိ-ဒဇ္ဇာ" စသော ရုပ်ထူးများကို ရူနှင့် ဘာသာဋီကာမှာ ရှု၊ ဝဇ္ဇန္တော ဒဇ္ဇန္တော ဝဇ္ဇမာနော ဒဇ္ဇမာနော ရုပ်တို့လည်း ရှိသည်။]

ဂမိဿ ဃမ္မံ ၅၀၁။ သဗ္ဗဿ ဂမု ဣတိ၊ပေ၊ဝါဟောတိ-ဝိကပ် ဖြစ်၏၊ ဃမ္မတု—သွားလော၊ဃမ္မာဟိ - သွားလော၊ဝါတိ ကိမတ္ထံ၊ ဂစ္ဆတု, ဂစ္ဆာဟိ-သွားလော၊ ဃစ္ဆာမိ—သွား၏၊ ဣတိ-၌....၏၊ (၄၃၃)။ [ရုပ်ကို အခြေပြုကြည့်တွက်၊ သဒ္ဒနီတိ၌ "ဂမိဿ ဂမ္မ ဂဋ္ဌ"ဟု သုတ်တည်၍ "တတော တ္ဝံ ဘိက္ခု ယေန ဂဋ္ဌသိ (သွား၏)၊ ဖာသုဧဝ ဂဋ္ဌသိ"ဟု ဂမုကို ဂဋ္ဌပြု၍ ပုံစံထုတ်သေး၏။]

ယမှိဒါဓာ ၊ပေ၊မထာဒိနမှိ ၅၀၂။ ပရေ, ယမှိ ပစ္စယေ - ကြောင့်၊ ဒါ၊ပေ၊ မထ ဣစ္စေဝမာဒီနံ— ဒါ, ဓာ, မာ, ဌာ, ဟာ, ပါ, မဟ, မထ အစရှိကုန်သော၊ ဓာတူနံ-တို့၏၊ အန္တော-အဆုံး သရသည်၊ ဤ ကာရံ - ဤ အဖြစ်သို့၊ အာပဇ္ဇတေ၊ ဒီယတိ၊ပေ၊မထီယတိ၊ (၄၉၃)။ [ပုံစံနက်နှင့် ရုပ်တွက်ပုံကို အခြေပြု၌ ပြထားပြီ။]

---

မှာလည်း သက္ကတ၌ "ကုသသ္မတ်"ဟု (တ်)ဗျည်း ဆုံးရာ၌ သန္ဓိစပ်လျှင်(တ်)ကို (ဒ်)ပြုရိုး ရှိသောကြောင့်တည်း၊ "ယသ္မာ ဒပေတိ"စသည်၌လည်း ဤနည်းပင်၊ ရုပ်ကို အခြေပြုကြည့်တွက်။

၄၉၉။ ဝါကို ရူ၌ ဝဝတ္ထိတ ဝိဘာသတ္ထဟု ဆို၏၊ ဒေတိ ဒဒါတိဟု အပစ္စည်းကို ပြေရာ၌လည်းကောင်း ဒါဒါဟု ဒွေဘော်ပြုရာ၌လည်းကောင်း ဒဇ္ဇမပြုရ-ဟု အသန္တဝိဓိကို သတ်မှတ်ဟန်တူသည်၊ မည်သည့်ဝိဘတ်ကြောင့်ဟု မဆိုသောကြောင့် ဝတ္တမာန်အစ ကာလာတိဝိ၂တ္တိ ကျအောင်လည်းကောင်း မာန အန္တ နောင်းရာ၌လည်းကောင်း ဒဇ္ဇ ပြုနိုင်၏၊ သို့သော် ပရောက္ခာ၌ကား ဒဇ္ဇ အပြု မရှိသော အသန္တဝိဓိပင်။

၅၀၂။ ဒါ၊ပေ၊မထာဒီနမီ။ ။ ဒီယတေ စသော ရုပ်များ၌ ကမ္မဝါစ္စာ ဂမော ဝါ သုတ်ဖြင့် ဤလာ၍ ပြီးနိုင်သည်မဟုတ်လော၊ ဤသုတ်ကိုဆိုရခြင်းသည် အဘယ်အကျိုးရှိသနည်းဟု မေး၊ ကမ္မဝါစ္စာ ဂမော ဝါ ဖြင့် ဣ-ဤ ၂မျိုးလာလျှင်

ယဇ'ဿာဒိဿ — ၁၀၃။ ပရေ ယပစ္စယေ ယဇ ဣတိ ဧတဿ ဓာတုဿ, အာဒိဿ-အစ ယ၏၊ ဣကာရော—ဣအပြုသည်၊ ဟောတိ၊ မယာ-သည်၊ ဗုဒ္ဓေါ-ကို၊ ဣဇ္ဇတေ-ပူဇော်အပ်၏၊ (၄၇၅)။ [ရုပ်ကို အခြေပြုကြည့်၊ "ယဇ်ယတေ"ဟု ယ ၂လုံးရှိသောကြောင့် နောက်ယကို ဣ ပြုရမည်မဟုတ်, ရှေ့ ယကို ပြုရမည်ဟု ထင်ရှားစေဖို့ရာ "အာဒိဿ"ဟု သုတ်၌ မိန့်သည်။ ]

သဗ္ဗသော ဉ ဣ္လ သု — ၁၀၄။ သဗ္ဗေဟိ ဓာတူဟိ—တို့မှ(နောက်၌)၊ ဉ ဝိဘတ္တိဿ—၏၊ ဣ္လ သု အာဒေသော ဟောတိ၊ ဥပဿက်မိ သု ချဉ်းကပ်ကုန်ပြီ၊ နိသိဒိ သု-ထိုင်ကုန်ပြီ၊ (၄၇၀)။ [ရုပ်ကို အခြေပြုကြည့်၊ ဉ ကို ဣ္လ သုပြုရာ၌ ဂါထာအရာဝယ် ဆန်းတည့်အောင် နိဂ္ဂဟိတ်ကို သု၌ ပြောင်းရွှေ့ပါ၊ "တေ တံ အဿေ အယာစိသုံ"—ဝေဿန်၊ "ယထာဘူတံ ဝိပဿိသုံ" အာဋ္ဌာနာဋိယသုတ်။]

ဇရမရာနံ ဇီရဇီယျမိယျာဝါ — ၁၀၅။ ဇရမရ ဣတိ ဧတေသံ ဓာတူနံ ဇီရဇီယျ မိယျာ ဒေသာ, ဝါ ဟောန္တိ- ဝိကပ်ဖြစ်ကုန်၏၊ ဇီရတိ- ဆွေးမြေ့၏၊ (အို၏)၊ ဇီရန္တိ-၏၊ ဇီယျတိ-ဆွေးမြေ့၏၊ ဇီယျန္တိ၊ မိယျတိ-သေ၏၊ မိယန္တိ-၏၊ မရတိ-သေ၏၊ မရန္တိ၊ (၄၀၂)။

---

"ဒိယတေ ဒီယတေ"စသည်ဖြင့် ရုပ် ၂ မျိုးစီ ဖြစ်ဖွယ်ရှိ၏၊ ဤသုတ်ကို ဆိုရခြင်းကား ထိုရုပ် ၂ မျိုးစီ မဖြစ်, ဒီယတေ"စသည်ဖြင့် တမျိုးစီသာ အမြဲ ရှိရမည်ဟု ပြရခြင်းအကျိုးရှိသည်၊ ထို့ပြင်—မဟ, မထဓာတ်တို့၌ "မဟိယတေ=မဟျတေ, မထိယတေ=မထျတေ"ဟု မရှိရ "မဟီယတေ မထီယတေ" ဟုသာ အမြဲရှိရမည်ဟုလည်း သိစေရခြင်းအကျိုးရှိ၏။ [နိစ္စတ္တော-ယမာရမ္ဘော"—ရူ။] မဟ-မထတို့၏ အဆုံးသရကို ဤသုတ်က အမြဲ (ဤ)ပြုသောကြောင့် "ဓာတုဿန္တော လောပေါ"သုတ်၌ ကွစိသဒ္ဒါက ဓာတွန်မချေရဟု တားမြစ်သည်။

၁၀၄။ မောဂ္ဂလာန်၌ "ဥ သိံ သုသုံ"ဟု သုတ်တည်၍ ဉ ကို အံသုလည်း ပြု၏၊ အဂမံသု, အကံသု-စသည်တည်း၊ သဒ္ဒနီတိ၌ "ဒိသတာသုံ"ဟု သုတ်တည်၍ အာသုံလည်း ပြု၏၊ "အဒ္ဒသာသုံ"စသည်တည်း၊ ဤကို ရည်ရွယ်၍ "ဣ္လသု အံသု အာသုံ, ၃ ပါးစုံ, ဉ၏ ကာရိယချည်းတည်း"ဟု ရှေးဆရာတို့ မိန့်သည်၊ ကစ္စည်း၌ ထိုသုတ်မျိုးမရှိ၍ ကွစိဓာတုဖြင့် ဖြစ်စေ "သဗ္ဗတောဉ"ဟု ယောဂဝိဘာဂ ကြံ၍ဖြစ်စေ ဉ ကို အံသု အာသုံပြု။

၁၀၅။ ရူ၌"ကွစိဓာတုသုတ္တေန ကေယကာရဿ ကွစိလောပေါ ဟောတိ" ဆိုသောကြောင့် ရူအလိုနဂိုပြုစဉ်၌ "ဇီဟျမိယျ"ဟု ယျ သံယုဂ်ရှိရမည်၊ ထို

သဗ္ဗတ္ထာ၊ သဃာ ဒိလောပေါစ — ၁၀၆။ သဗ္ဗတ္ထ ဝိဘတ္တိ ပစ္စယေသု — အလုံးစုံကုန်သော ဝိဘတ်ပစ္စည်းတို့ကြောင့်၊ အသ ဣတိ — အသ ဟူသော၊ တေယာ ဓာတုသ္မာ—၏၊ အာဒိဿ—အစဖြစ်သော (အ)၏၊ လောပေါ ဝါ ဟောတိ – ဝိကပ်ဖြစ်၏၊ သိယာ—ဖြစ်ရာ၏၊ သန္တိ-ရှိကုန်၏၊ သန္တော, သမာနော-ဖြစ်လသော်၊ ဝါတိ ကိမတ္ထံ၊ အသိ-ဖြစ်၏၊ ဣတိ-၌....၏။ (၄၉၆)။

---

ယ တလုံးကိုချေ၍ ပုံစံ၌ "ဇီယျတိ, ဇီယတိ, မိယျတိ, မိယတိ" ဟု ၂-ရုပ်စီ ရှိနိုင်သည်၊ မောဂ္ဂလ္လာန်၌မူ "ဇရမရာန မီယင်" ဟု နဂိုရ်ပြုစဉ်ကပင် (င်)အနုပန်နှင့်တကွ ဤ ယ ပြုသောကြောင့် "ဇီယတိ မီယတိ" ဟု သံယုဂ်မဲ့ ပါ၍ ချည်းသာ ရှိသည်၊ ဇီ-မီတို့၌ကား ဤဒီဃချည်းသာ၊ မရတိကား ဝါမြစ်၍ မိယျမပြုရသော ပုံစံတည်း၊ ဇရဓာတ်၌လည်း "ဇရာ=အိုခြင်း" ဟု ဇီရ ဇီယျ မပြုရသော ပုံစံရှိသည်ပင်၊ ရုပ်ကို အခြေပြုကြည့်တွက်။

ဇီရိဒံ။ ။အချို့ကား—"နစ ပနေတေ ဇီရိဒန္တိ" ဟူသော အဋ္ဌကထာဂိုဏ်တို့၏ သီဟသုတ်ကို ထောက်၍ ဇရဓာတ်ကို "ဇီရိဒ" ပြုလိုကြသေး၏၊ သို့သော် အဋ္ဌကထာ၌ "နဇီရိဒန္တိ အဗ္ဘက္ခာနယာ အန္တံ နဂစ္ဆန္တိ" ဟုလည်းကောင်း, "အထဝါ-လဇ္ဇနတ္ထေ ဣဒံ နဇီရိဒန္တိ ပဒံ ဒဋ္ဌဗ္ဗံ" ဟုလည်းကောင်း ဖွင့်သောကြောင့် "ဇီရိဒ" ဓာတ်တမျိုးဟု ကြံဖွယ်ရှိ၏။

---

**၁၀၆။ သဗ္ဗတ္ထ။** ။သုတ်၌ သဗ္ဗတ္ထဟု သာမညဆိုသောကြောင့် "ဝိဘတ္တိ ပစ္စယေသု" ထည့်၍ ဝုဒ္ဓိဖွင့်ပြ၏၊ ထို့ကြောင့် "သိယာ, သန္တိ" ဟု ဝိဘတ်နှောင်းသော ပုံစံကိုလည်းကောင်း, သန္တော သမာနောဟု ပစ္စည်းနှောင်းသော ပုံစံကိုလည်းကောင်း ပြသည်၊ "အလုံးစုံသော ဝိဘတ်ပစ္စည်း" ဟူရာ၌ ဝိဘတ်လည်းပါ ပစ္စည်းလည်း ပါသောကြောင့် "အားလုံး-စုံသည်" ဟု ဆိုထားသည်၊ ဝိဘတ်လည်း အကုန်စုံ၊ ပစ္စည်းလည်း အကုန်စုံ" ဟုကား မမှတ်ရ၊ ထို့ကြောင့် လိုက်လာသော ဝါသဒ္ဒါကို ဝဝတ္ထိတဝိဘာသတ္တဟု ရှု၍ကြံသည်၊ ထို၏အဓိပ္ပာယ်ကို ရူဘာသာဋီကာမှာရှု၊ ဤ၌ကား ချာသဖွင့်သည့်အတိုင်း ဝါကို ဝိကပ်ဟုသာ ဆိုလိုက်ရတော့သည်၊ ရုပ်ကိုအခြေပြုကြည့်တွက်၊ "အသိ" ကိုသိမှိစသုတ်၌ တွက်ခဲ့သည့်အတိုင်းတွက်ပြီးနောက် ဝါမြစ်သောကြောင့် ဤသုတ်ဖြင့်(အ)ကို မချေရ ဟုဆိုရုံသာ။

**သန္တော။** ။စာအုပ်ဝယ် "သန္တော" နေရာ၌ "သန္တေ" ဟု စာအများရှိ၏၊ ချာသ၌လည်း အန္တေဝိဘတ်ဖြင့် "သန္တေ" ဟု ရုပ်တွက်ပြထား၏၊ သို့သော် မာန ပစ္စည်းနှင့်အတူဖြစ်သဖြင့် အန္တပစ္စည်းသာ ဖြစ်ထိုက်သောကြောင့်လည်းကောင်း,

**အသဗ္ဗဓာတုကေ ဘူ**

၅၀၇။ အသဗ္ဗဓာတုကေ- ကြောင့်၊ အသဿေဝ ဓာတုဿ- အဿဓာတ်၏ပင်၊ ဘူ-ဘူ အပြုသည်၊ ဝါ ဟောတိ-ဝိကပ် ဖြစ်၏၊ ဘဝိဿတိ-ဖြစ်လတ္တံ့၊ ဘဝိဿန္တိ - ဖြစ်ကုန်လတ္တံ့၊ ဝါတိ ကိမတ္ထံ၊ အာသုံ-ဖြစ်ကုန်ပြီ၊ ဤတိ-၌....၏၊(၅၀)။[ရုပ်ကို အခြေပြုကြည့် တွက်၊ အာသုံ၌ အသဓာတ် ဓာတွန်ချေ, (အသ်) ဥံဝိဘတ်၊ ဤသုတ်ဖြင့် အသ် ကို ဘူပြုသင့်သော်လည်း ဝါမြစ်သောကြောင့် မပြုရ၊ ရှေ့၌(အ)လာ၊ သရာ သရေဖြင့် ရှေ့ အ-ချေ၊ နောက် အ ကို အာဒီဃပြု]။

**ယေျုသ ဉာတော ဉ္ဉာယာ ဉာဝါ**

၅၀၈။ ဉာ ဤတိ—ဉာ ဟူသော၊ တော ယ ဓာတုယာ—မှ၊ ပရဿ-သော၊ ယေျုသ ဝိဘတ္တိဿ-၏၊ ဉ္ဉာယာ ဉာ အာဒေ သာ ဝါ ဟောန္တိ၊ ဇာနိယာ ဇညာ-သိရာ၏၊ ဝါတိကိမတ္ထံ၊ ဇာနေယျ-သိရာ၏၊ ဤတိ-၏၊(၅၁၆)။ [အခြေပြု၌ဝိဇာနိယာကို တွက်ပြထား

---

သဒ္ဒနီတိ ဤသုတ်မျိုး၌ "သန္တော သမာနော"ဟုပင် ပုံစံထုတ်သောကြောင့် လည်းကောင်း "သန္တော" သာ ပါဠ်မှန် ဖြစ်ရာ၏၊ "လောပေါစ၌ စသည် အာဒေသကို တား-မြစ်ခြင်းအနက် ရှိ၏"ဟု ချာသဖွင့်၏၊ ထိုအလို "လောပေါ စ-ချေရှုံသာလျှင်"ဟု ပေး၊ တိဿတ္ထိတ္တံ စသည်ကဲ့သို့ ချေတဲ့အပြင် တစုံတခု မပြုတော့-ဟူလို၊ တနည်း—အနက်ထူး မရှိ, ဝစနသိလိဋ္ဌ (စကားပြေပြစ်ရုံသာ အကျိုးရှိ၏)ဟု ဖွင့်သည်။

---

၅၀၇။ **အသဗ္ဗဓာတုကေ**။ ။"**အသ**=ဘုဝိ "ဟု ဓာတ်နက်ရှိသော **ကြောင့်** အသဓာတ်နှင့် ဘူဓာတ်သည် အနက်ချင်းတူ၏၊ "**ဘဝိဿတိ**" ဟူရာ၌ **အသဓာတ်ဖြစ်ဖြစ်**,ဘူဓာတ်ဖြစ်ဖြစ် **အနက်မှာ** မထူးခြားချေ၊ သို့ပါလျက် **အသ** ဓာတ်ကိုပင် ဘူပြုရဦးမည်ဟု ဆိုထားရာ၌ **အဘယ်အကျိုး** ရှိပါလိမ့်**မည်နည်း** ဟု စဉ်း**စား**ဖွယ် ရှိ**၏**။ [သက္ကတ၌လ**ည်း** ဤသုတ်မျိုး ပါရှိ**၏**၊] အသဗ္ဗဓာတ် ဝိဘတ်ဖြင့် **အသဓာတ်၏** ရုပ်မရှိနိုင်ရ**ကား** **အသဓာတ်၏**ရုပ်စုံအောင် **သက္ကတ၌** **အသကို အသဗ္ဗဓာတ်နှောင်းရာ၌** ဘူပြုဟန်တူသည်ဟု ကြံမိသည်။

**မုဒ္ဒဗောဓ**။ ။"**အရဝိသယေ** အသ ဓာတုဋ္ဌာ**နေ** ဘူဓာတု အာဒိဿတေ၊ **တေန** ဘူဓာတုနိမိတ္တံ **သဗ္ဗကာရိယံ သျာတ်=ရ အမည်မရှိသော** (အသဗ္ဗဓာတ်) **အရာ၌** အသဓာတ်၏ **နေရာဝယ်** ဘူဓာတ်ကို **ညွှန်ပြအပ်၏** (**အသကို** ဘူပြု— ဟူလို၊) ထို့ကြောင့် ဘူဓာတ်လျှင် **အကြောင်း**ရှိသော အားလုံး ကာရိယသည် **အသဓာတ်အတွက် ဖြစ်၏**"—မုဒ္ဒဗောဓ(၆၅၂)**သုတ်** ဋီကာ။]

ဗ်၊ ဤ၌ ဝိ ဥပသာရ ရှေးမရှိခြင်းသာ ထူးသည်၊ ဇညာကို နောက်သုတ်မှတ်၊ ဇာနေယျ၌ ဉာဓာတ် ယျေဝိဘတ် နာပစ္စည်း, ဤသုတ်ဖြင့် ယျေကို ဣယာပြု, ဉာပြုသင့်သော်လည်း ဝါမြစ်သောကြောင့် မပြုရ၊ ဉာဿ ဇာဇံနာသုတ်ဖြင့် ဉာကို ဇာပြု၊] ဣယာ ဉာဝါဟု ရှု၌ သုတ်ရင်းမှာပင် ဝါပါ၏၊ နျာသ၌ ဇရာ မရာနံသုတ်မှ လိုက်စေသည်။

**နာဿ လောပေါ ယကာရတ္တံ**

၅၀၉။ ဉာ ဣတိ ဓာတုယာ ပရဿ **နာ**ပစ္စယဿ **လောပေါ**·သည်လည်းကောင်း၊ ယကာရတ္တဉ္စ—ယ အဖြစ်သည်လည်းကောင်း၊ ဝါ ဟောတိ·ဝိကပ်ဖြစ်၏၊ ဇညာ-သိရာ၏၊ နာယတိ-သိ၏၊ ဝါတိ ကိမတ္ထံ၊ ဇာနာတိ-သိ၏၊ ဣတိ-၌....၏။ (၅၁၇)။

**လောပဥ္စေတ္တ မကာရေ**

၅၁၀။ **အကာရပစ္စယော**·အ အက္ခရာဟူသော ပစ္စည်းသည်၊ လောပံ—သို့၊ အာပဇ္ဇတေ—၏၊ ဧတ္တဉ္စ- ဧ အဖြစ်သည်လည်း၊ ဝါ ဟောတိ-ဝိကပ်ဖြစ်၏၊ **ဝဇ္ဇေမိ**, ဝဒေမိ, ဝဇ္ဇာမိ, ဝဒါမိ—ဆို၏။ (၄၇၇)။ [**ဝဇ္ဇေမိ**ကို **ဝဒဿဝဇ္ဇံ** သုတ်ကြည့်၊ ဤ၌ မိဝိဘတ်**သက်**ရခြင်း**သာ**ထူး၏၊ ဝဒေမိကား ဝဇ္ဇမပြုပဲ **အ**ပစ္စည်းကို ဧပြုရုံ**သာ**၊ ဝဇ္ဇာမိ၌ **ဝဇ္ဇ**ပြုပြီးနောက် အပစ္စည်းကို အ**ကာ**ရောဒီဃံ ဟိမိမေသုသုတ်ဖြင့် ဒီဃပြု၊ **ဝဒါမိ** လည်း **နည်း**တူ။]

---

၅၀၉။ နာဿလောပေါယ**ကာ**ရတ္တံ။ ။**နာ**ပစ္စည်းကို ချေတန်လျှင်**ချေ**, **မ**ချေတန်လျှင် ယပြု၊ ဤအစီအရင် ၂ ခုလုံးလည်း အမြဲ မဟုတ် ဝိကပ်ချည်းဟု ပြလို၍ နျာသ၌ ဝါကိုလိုက်စေသည်၊ ထိုဝါကိုပင် ရှု၌ ဝဝတ္ထိတဝိဘာသတ္ထဟု ယူ၍ "ဉာမှိ နိစ္စဉ္စ နာလောပေါ"စသည်ဖြင့် သတ်မှတ်၏၊ **ထို** သတ်မှတ်ပုံနှင့် တကွ ဇညူစသော ရုပ်များကိုလည်းကောင်း,နာယတိရုပ်၏ ကမ္မရုပ်ရှိကြောင်းကို လည်းကောင်း ရှုနှင့် ဘာသာဋီကာ ဉာဿ ဇာဇံနာ,နာဿလောပေါ ယကာရတ္တံ သုတ်တို့၌ကြည့်ပါ၊ ရုပ်ကိုလည်း အခြေပြု ထိုသုတ်များကို ကြည့်တွက်ပါ။

---

၅၁၀။ အ**ကာ**ရော။ ။"အကာရော"ဟု သာမညဆိုထား**သော**ကြောင့် ဓာတ်၌ပါသော **အ**,ဝိဘတ်ဖြစ်သော **အ**,ပစ္စည်းဖြစ်သော **အ**, ဟု (အ)အမျိုးမျိုးနှင့် ဆက်ဆံနေ၏၊ သို့သော် ဤသုတ်၏ရှေ့သွားဖြစ်သော"နာဿလောပေါ ယကာရတ္တံ"သုတ်က ဝိကရဏပစ္စည်းကို စီရင်သောကြောင့် ထိုသုတ်နှင့်ဆက်၍ ပြအပ်သော "အကာရ"လည်း ဝိကရဏပစ္စည်းသာ ဖြစ်ထိုက်ကြောင်းကို ပကရဏ (အရာဌာန) ထောက်၍ သိလောက်၏၊ ထို့ကြောင့် အကာရောကို "**အကာ**ရပစ္စယော"ဟု ဖွင့်နိုင်**သည်**၊ ပုံစံများ၌ အပစ္စည်းချေပုံ မပါသေး၊ ဇုဟောတိ အနုဘော**တိ**ဟု အခြေပြု၌ ပြ**ထား**သည့်အတိုင်း သိပါလေ။

ဥတ္တမော ကာရော ၅၁၁။ ဩကာရ ပစ္စယော-ဩ ပစ္စည်းသည်၊ ဥတ္တံ ဝါ အာပဇ္ဇတေ၊ ကုရုတေ, ကရောတိ-ပြု၏၊ ဩကာရောတိ ကိမတ္ထံ၊ ဟောတိ-ဖြစ်၏၊ ဣတိ—၏၊ (၅၂၅)။ [ကုရုတေကို အခြေပြုကြည့် တွက်၊ ကရောတိကား ဝိကပ်ရုပ်၊ တနာဒိတော ဩယိရာသုတ်ကြည့်၊ ဟောတိ၌ "ဟူ=သတ္တာယံ"အနက်၌ ဓာတ်မှည့် တိဝိဘတ်,အပစ္စည်းသက်,ချေ၊ အညေသုစ ဖြင့် ဦကို ဩဝုဒ္ဓိပြု၊ဤသုတ်ဖြင့် ဟော၏ ဩကိုဥပြုသင့်သော်လည်း ဩပစ္စည်း မဟုတ်သောကြောင့် မပြုရ, ပြီး၏၊ ဩကာရောကို "ဩကာရပစ္စယော" ဟု ဖွင့်နိုင်ခြင်း၏အကြောင်းကို ရှု၍ တိုက်ရိုက် ပြထား၏။]

ကရဿ'ကာရောစ ၅၁၂။ ကရဣတိ တေဿ ဓာတုဿ အကာရော ဥတ္တံ ဝါ အာပဇ္ဇတေ၊ ကုရုတေ, ကရောတိ—ပြု၏၊ ကုဗ္ဗန္တိ—ပြုကုန်၏၊ ကယိရတိ-ပြု၏၊ ကရဿတိ-ကရဿပုဒ်သည်၊ ကိမတ္ထံ၊ သရတိ—အောက်မေ့၏၊ မရတိ- သေ၏၊ ဣတိ-၏၊ (၅၂၃)။ [ကရဓာတ်၏ "အ"ဟု ဆိုရာ၌ ရ်ဝယ် သရကို ချေပြီးဖြစ်သောကြောင့် က၏ အသရဟု မှတ်၊ ကုရုတေ,

---

စနှင့် ဝါအနက်။ ။လောပဥ္စ္ စသဒ္ဒါသည် အဖြစ်ကို ပေါင်းသော ဒုတိယတ္ထသမ္ပိဏ္ဍနတည်း၊ ဝါကို ဝိကပ်ဟု နှာသဖွင့်၏၊ အပစ္စည်းကြေမှု-ပြုမှု ၂-ခုလုံးပင် မမြဲ၊ဝဇ္ဇာမိစသည်၌ ကြေလည်း မကြေ, လေည်း မပြု၊ ထို့ကြောင့် ဝါကို လောပဥ္စဝါ အာပဇ္ဇတေဟု ရှေ့ဝါကျသို့လည်း လိုက်စေ၊ ရူပ်ကား ဝါကို ဝဝတ္ထိတဝိဘာသတ္ထ ဟု ဆို၏၊ ဝုဒ္ဓိပြု၍ ထိုဝုဒ္ဓိလည်း မပျက်မစီး တည်ရှိသော ဇုဟောတိစသော ဇုဟောတျာဒိဓာတ်, ဟောတိစသော ဟူဝါဒိဓာတ်တို့နောင် အပစ္စည်းကို အမြဲချေ(နိစ္စဝိဓိ)၊ဝုဒ္ဓိပြုသော်လည်း ဘဝတိကဲ့သို့ ဝုဒ္ဓိပျောက်သွား ရာ၌လည်းကောင်း တုဒတိစသော တုဒါဒိဓာတ်များ၌ လည်းကောင်း ပစ္စည်းကို မချေရ၊(အသန္တဝိဓိ)၊ ထိုသို့ မကြေသော အပစ္စည်းကို ပြုရသော ရုပ်ကား ဝဇ္ဇေတိ ဝဒေတိ စသည်ဖြင့် အလွန်နည်းပါး၏ဟု သတ်မှတ်သည်။

[ဆောင်] ဇုဟောတျာဒိ, ဟူဝါဒိဟု, ဝုဒ္ဓိမသွေ့, နောက်နေ(အ)သာ, ကြေ ကောင်းရာ၏၊ ဝုဒ္ဓိပြုငြား, မထင်ရှားသည့်, ဘဝတိနှင့်, တုဒတိ အစ, ပစ္စည်း(အ)မှာ, မကြေရာပေ၊ ထိုမကြေ(အ,) ပြုမှုကား, လွန် နည်းပါးသည်, လိုက်ငြား ဝဝတ္ထိဝါကြောင့်တည်း။

---

၅၁၂။ ကုဗ္ဗတိရုပ် ရှိသင့်ပုံ။ ။ကုဗ္ဗန္တိ ဟု ဗဟုဝုစ်ရုပ်ကိုသာ ပြ၍ "ကုဗ္ဗ တိ" ဟု မပြသော ကစ္စည်းဝုဒ္ဓိ ဆရာသည် ကုဗ္ဗတိရုပ် မရှိ ဟုပင် ဆိုလို၏၊ ချဲ့ဦးအံ့— "စက္ခု+အာပါတံ" ဝယ် ဥကို ဝပြုရာ၌ သရမပါသကဲ့သို့ ယဝ

ကုဗ္ဗန္တိရုပ်ကို အခြေပြုကြည့် တွက်၊ ကယိရတိကို တန္တာဒိတော ဤယိရာသုတ်ကြည့်၊ သရတိ မရတိ၌ကား ကရဓာတ် မဟုတ်သောကြောင့် သ-မ တို့၏အသရကို ဥ မပြုရ၊ "သရ=သရဏေ, မရ=ပါဏစာဂေ"ဟု ဆို၍ "ဘူဝါဒိတော အ" သုတ်၌ ပစတိကဲ့သို့ တွက်။]

ဩ အဝသရေ ၅၁၃။ ပရေ သရေ ဓာတွန္တဿ-ဓာတွန်ဖြစ်သော (ဓာတ်၏ အဆုံးသရ ဖြစ်သော)၊ ဩကာရဿ - ၏၊ အဝါဒေသော ဟောတိ၊ ဝစတိ-ရွှေ့လျော၏၊ ဘဝတိ-၏၊ ဩတိ ကိမတ္ထံ၊ ဇယတိ-အောင်၏၊ ဠုတိ-၏၊(၄၃၅)၊ သုတ်၌ ဩဟု သာမညဆိုထားသော်လည်း ဓာတ်ကိုပြသော အရာဌာနဖြစ်၍ ဓာတ်၏အဆုံး ဩဟု သိသာ၏၊ ထို့ကြောင့် "ဓာတွန္တဿ"ဟု ထည့်၍ ဖွင့်နိုင်သည်၊ ရုပ်ကို အခြေပြုကြည့် တွက်။]

ဧ အယ ၅၁၄။ ပရေ သရေ ဓာတွန္တဿ ဧကာရဿ အယာဒေသော ဟောတိ—၏၊ နယတိ-ဆောင်၏၊ ဇယတိ-အောင်၏၊ (၄၉၁)။ [ရုပ်တွက်ပုံကို အခြေပြုကြည့်၊ ရှေ့သုတ်နှင့် ဤသုတ်တို့၌ "အဝ, အယ" ပြုရာဝယ် "ဝ-ယ"တို့၌ သရပါသင့်-မပါသင့်ကို ရူပသိဒ္ဓိကာ ရှေ့သုတ်အဖွင့်၌ စိစစ်ထားသည်။]

---

ကာရာစဖြင့် ဥကို (ဝ်)ပြုရာ၌လည်း သရမပါ၊ ထိုသရမပါလျှင် တိနှောင်းရာ၌ ကပ်ဖွယ်သရ မရှိ (ဘူဝါဒိ မဟုတ်၍ အပစ္စည်းလည်း မသက်ရ) သောကြောင့် ဤကစ္စည်းဝုတ္တိနှင့် ရူပသိဒ္ဓိတို့၌ "ကုဗ္ဗတိ ကုဗ္ဗမာနော" ရုပ်မျိုးကို မပြကြ၊ သဒ္ဒနီတိ ဓာတုမာလာ၌ကား အ အာဂမ အပိုသက်သက်လာ၍ ကုဗ္ဗတိ စသော ရုပ်ကို ပြ၏။

မောဂ္ဂလ္လာန်။ ။မောဂ္ဂလ္လာန်၌လည်း "ကရဿ သောဿ ကုဗ္ဗ ကုရု ကယိရာ" ဟု (၁၇၇) သုတ်တည်၍ ဩဝိကရဏပစ္စည်းနှင့် တကွ ကရ်ကို ကုဗ္ဗ, ကုရု, ကယိရ ပြု၏၊ ထိုသို့ပြုရာ၌ ဗ္ဗဝယ် သရလည်း ပါပြီးဖြစ်၍ "ကုဗ္ဗတိ,ကုဗ္ဗမာနော"စသော ရုပ်များ ပြီးနိုင်၏၊ [အသိဟော သိဟမာနေန ယော အတ္တာနံ ဝိကုဗ္ဗတိ"—စတုက္က ဇမ္ဗုကဇာတ်။]

စသဒ္ဒါ။ ။ကာရာစ၌ စသဒ္ဒါသည် ရှေ့သုတ်မှ ဥတ္တံကိုငင်သော အနုကစ္စုနတည်း၊ ဝါသဒ္ဒါကို နျာသ၌ ဝိကပ်ဟု ဆို၍ ရူပသိဒ္ဓိ၌ ဝဝတ္ထိတဝိဘာသတ္ထ ဟု ဆိုသည်။

တေ အာဝ ါယာ
ကာရိတေ

၅၁၅။ **ကာရိတေ**-ကြောင့်၊ တေ ဩ ဧ ဣစ္စတေ—ဩဧ ဟူကုန်သော ဤ **သရ**တို့သည်၊ အာဝ အာယာ ဒေသေ— အာဝအပြု, အာယ အပြုတို့သို့၊ ပပ္ပုဏန္တိ—ရောက်ကုန်၏၊ လာဝေတိ—ရိတ်စေ၏၊ နာယေတိ-ဆောင်စေ၏၊ ယောဂဝိဘာဂေန-**တေ အာဝ ါယာ** ဟူသော ယောဂဝိဘာဂဖြင့်၊ အညသ္မိံပိ - ကာရိတ်ပစ္စည်းမှ အခြားပစ္စည်းကြောင့်လည်း၊ ဧကာရဿ— ဧ အက္ခရာ၏၊ အာယာဒေသော—သည်၊ ဟောတိ-ဖြစ်၏၊ ဂါယတိ—သီဆို၏၊ ဂါယန္တိ-ကုန်၏၊ (၅၄၂)။

ဣကာရာဂမော
အသဗ္ဗဓာတုကမှိ

၅၁၆။ **သဗ္ဗသ္မိံ**-အလုံးစုံသော၊ **အသဗ္ဗဓာတုကမှိ**-အသဗ္ဗဓာတ်ဝိဘတ်ကြောင့်၊ ဣကာရာဂမော ဟောတိ၊ ဂမိဿတိ-သွားလတ္တံ့ ၊ပေ၊ ပစိဿတိ၊ အသဗ္ဗဓာတု ကမှိတိ ကိမတ္ထံ၊ ဂစ္ဆတိ၊ပေ၊ပစတိ၊ ဣတိ-၏၊(၄၆၆)။

က္ခစိဓာတု
၊ပေ၊ ဂမာဝ

၅၁၇။ ဣဓ **အာချာတေ**—ဤ အာချာတ်ကျမ်း၌၊ အနိဒ္ဒိဋ္ဌေသု—မပြအပ်ကုန်သေးသော၊ [ သိမ္ဗူဋ်၌ "အနိပ္ဖန္နေသု"—မပြီးကုန်သေးသော"ဟု ရှိ၏၊] သာဓနေသု-သာဓနတို့၌၊ က္ခစိ—အချို့အရာ၌၊ ဓာတုဝိဘတ္တိ ပစ္စယာနံ—ဓာတ်ဝိဘတ် ပစ္စည်းတို့၏၊ ဒီဃ ဝိပရီတာ—

---

၅၁၅။ တေ ဩ ဧ ဣစ္စတေ။ ။"တေ"၌ တသဒ္ဒါသည် ရှေ့ ၂-သုတ်၌ ဆိုအပ်ပြီးသော ဧဩတို့ကို ပြန်၍ ညွှန်ပြသော ပက္ကန္တဝိသယ "တ" **တည်း**ဟု သိစေလို၍ "တေ ဩ ဧ ဣစ္စတေ"ဟု ဖွင့်သည်၊ "လူ = ဆေဒနေ" ဓာတ်ဖြင့် လာဝေတိကို သာဝေတိ နည်းမှီး၍လည်းကောင်း, ဂါယတိကိုလည်း ဈာယတိ နည်းမှီး၍လည်းကောင်း အခြေပြုကြည့် တွက်ပါ၊ ဤ၌လည်း အာဝ - **အာယ** ပြုရာ၌ ရှုအလို သရဆုံးလျက် ပြုရသော်လည်း ကလာပ်စသည်တို့အလို "အာဝ်, အာယ်"ဟု ဗျဉ္ဇနန္တ ပြု။

၅၁၆။ **သဗ္ဗသ္မိံ** အသဗ္ဗဓာတုကေ။ ။ပရောက္ခာ, အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိ ၄-သွယ်ကို အသဗ္ဗဓာတ်ဟု "ဟိယျတ္တနီ သတ္တမီ ပဉ္စမီ ဝတ္တမာနာ သဗ္ဗဓာတုကံ"သုတ်၌ မှည့်ခဲ့ပြီ၊ "သဗ္ဗသ္မိံ အသဗ္ဗဓာတုကေ"ဟု ဆိုရာ၌ အသဗ္ဗဓာတ် ဝိဘတ် ၄-မျိုးလုံးစုံသည်ကို ရည်ရွယ်၍ဆိုသည်ဟု မှတ်၊ ပရောက္ခာ အားလုံး ၊ပေ၊ ကာလာတိပတ္တိ, အားလုံးကြောင့် ဣလာနိုင်သည်ဟု မမှတ်ရ၊ ဘာ့ကြောင့်နည်း.... "ဗဘူဝ"ကဲ့သို့ သရသက်သက် ဖြစ်သော အသဗ္ဗဓာတ် နှောင်းရာ၌လည်းကောင်း, ဗဘူဝံ၌ ကံဝိဘတ်ကဲ့သို့ သရအစ ဗျည်းနောက်က ရှိသော ဝိဘတ်နှောင်းရာ၌လည်းကောင်း ဣမလာပဲ, ဗဘူဝိတ္ထ၌ ထ္ထကဲ့သို့ ဗျည်းအစ-သရ နောက်ရှိသော ဝိဘတ်မျိုးနှောင်းရာ၌သာ ဣ လာနိုင်သောကြောင့် တည်း၊ ထို့ကြောင့် ရှု၌ က္ခစိ ဓာတုသုတ်မှ က္ခစိသဒ္ဒါကို ရှေ့သို့ လိုက်စေ၍ "အချို့သော ဗျည်းအစရှိသော အသဗ္ဗဓာတ် နှောင်းရာ၌သာ ဣလာ" ဟု မိန့်သည်။

**ဒေသ လောပါ-ဂမ ဣတိ**-ဒီဃပြုခြင်း, ဝိပရိတ်ပြုခြင်း, အာဒေသပြုခြင်း, **ချေခြင်း, လာခြင်း** ဟူကုန်သော၊ တောနိ **ကာရိယာနိ-ဤ**ပြုအပ်သော အစီအရင်တို့ကို၊ ဇိနဝစနာနု ရူပါနိ - ဘုရား ပါဠိတော်**အား** လျော်သည်တို့ကို၊ **ကာတဗ္ဗာနိ**.ပြုထိုက်ကုန်၏၊ ဇာယတိ-ဖြစ်၏၊ ကရေယျ-ပြုရာ၏၊ **ဇာနိယာ-သိရာ၏**၊ သိယာ-ဖြစ်ရာ၏၊ ကရေ-ပြုရာ၏၊ ဂစ္ဆေ-သွားရာ၏၊ ဇညာ-သိရာ၏၊ ဝက္ခေထ-ဆိုကုန်လော၊ ဒက္ခေထ-ရှုရာ၏၊ ဒိစ္ဆတိ-မြင်၏၊ အဂစ္ဆိ-သွားပြီ၊ အဂစ္ဆုံ-သွားကုန်ပြီ၊ အဟောသိ-ဖြစ်ပြီ၊ **အဟေသုံ**-ဖြစ်ကုန်ပြီ၊ ဣစ္စေဝမာဒီနိ-ဤသို့ အစရှိကုန်သော၊ အညာနိပိ **သာဓနာနိ**-အခြား **သာဓနတို့ကိုလည်း**၊ **ယောဇေတဗ္ဗာနိ**-ယှဉ်စေထိုက်ကုန်၏၊ (၄၇၇)။

---

၅၁၇။ ဣဓ၊ပေ၊ကွစိ။ ။"ဣဓ အာချာတေ အနိဒ္ဒိဋ္ဌေသု(အနိပ္ဖန္နေသု) သာဓနေသု" တို့ကား ကွစိ၏အရကို ဖွင့်ပြသော ပုဒ်တို့**တည်း**၊ "ကွစိ-အချို့" ဟူရာ၌ ဤ အာချာတ်ကျမ်းဝယ် ရှေ့က သီးခြားသုတ်များဖြင့် မပြီးနိုင်သော ပုံစံအချို့ကို ယူပါ-ဟူလို၊ သာဓနဟူရာ၌လည်း "**ဘော** ကံ **ကတ္တား**" သာဓန ၃-ပါးတွင် တပါးပါးကိုပြသော **အာချာတ်**ပြယုဂ်များကို ယူ၊ သို့မှ "**အညာနိပိ သာဓနာနိ ယောဇေတဗ္ဗာနိ**" ဟူသော **နောက်စကားနှင့်** ညီမည်၊ မှန်၏-"ဇာယတိ"အစ "**အဟေသုံ**"အဆုံးရှိသော ပုံစံများကို ပြပြီး၍ "**အညာနိပိ**" ဟု ဆိုရာ၌ ဤ ပြခဲ့သော ပုံစံတို့မှ တခြားဖြစ်သော ပုံစံများဟု သိသာ**သည်**။ ["ဣဓ အာချာတေ"ဟု ဆိုသော်လည်း "ဓာတုဝိဘတ္တိ ပစ္စယာနံ"ဟု ဆိုသောကြောင့် ဓာတ်နှင့်ဆိုင်သော "ဝုတ္တံ"စသော ပုံစံများ၌လည်း ဝ လာရာဝယ် ဤသုတ်ကြီး ပါဝင်နိုင်သည်ပင်၊ ထို့ကြောင့် ရူပသိဒ္ဓိ၌ "ဓာတွာဓိကာရေ ဣဓ **အာချာတေ** ကိတကေစ"ဟု ကိတ်ပါ ထည့်၍ဖွင့်သည်။]

**ဓာတုဝိဘတ္တိ ပစ္စယာနံ**။ ။ဓာတုသဒ္ဒါနှင့် တွဲဖက်၍ ပြအပ်သောကြောင့် "ဝိဘတ္တိပစ္စယ"အရ **အာချာတ်**ဝိဘတ်, ဓာတ်နောင် **သက်ရသော အာချာတ်** ပစ္စည်း ကိတ်ပစ္စည်းများကိုသာ ယူရသည်၊ ဤနည်းကို "သဟစရဏ" **နည်း**ဟုခေါ်၏။ [သဟ=တကွ+စရဏ=သွားခြင်း ဖြစ်ခြင်း၊ "**အတူသွား အတူလာ**" ဟူသကဲ့သို့ တကွဖြစ်ဘက်**ကို**သာ ယူရသောနည်း-ဟူလို၊] ဂမာဒေ၌ စသဒ္ဒါ**ကား** ဒီဃပြုခြင်း**စသော** ကာရိယ ၅-ခုကို အချင်းချင်း**ပေါင်း**သော သမ္ပိဏ္ဍနတ္ထ, **တနည်း-အညမည** သမုစ္စည်း**အနက်** ရှိ၏။

**ဒီဃ**၊ပေ၊ **ကာရိယာနိ**။ ။"ဒီဃ ကာရိယ, ဝိပရီတ **ကာ**ရိယ, **အာဒေသ ကာရိယ, လောပကာရိယ, အာဂမကာရိယ**"ဟု ဤသုတ်ဖြင့် ပြုစီရင်အပ်သော **အစီအရင်** ၅-မျိုးရှိ၏၊ ထို ကာရိယ ၅ မျိုး **အပြည့်**အစုံကို ရှု၍ "နာမ်ိရသော

ကိယာဒီနံ''စသော ဂါထာဖြင့်ပြထား၏၊ ထိုဂါထာကို မှီး၍ပင် ဒီဃ–ဝိပရိတ အစဉ်ကျအောင် ဆရာတော်ကြီး ပြအပ်သော လက်ာပုဒ်က သာ၍ မှတ်ဖွယ် ကောင်းသောကြောင့် ထိုလက်ာပုဒ်ကို အခြေခံ၍ ဤ၌ အဓိပ္ပာယ်ပြဦးမည်။ [လက်ာကိုကား အခြေပြု၌ ''ယပစ္စယ, နှောင်းက ဒီဃာ'' အစချီ၍ ပြထားပြီ။]

ယပစ္စယ ၊ပေ၊ ဂမုဒီဃာ။ ။''သု'' ဟု ဥကာရန္တ (ရဿ ဆုံးသော) ဓာတ်သည် ယပစ္စည်း နှောင်းရာ၌ ဒီဃပြု၍ ''သူယတိ''ဟု ပြီး၏၊ ပရေက္ခာ ဝိဘတ်ကြောင့်''ဂ ဂ မ''ဝယ် အဗ္ဘာသမဟုတ်သော နောက်ဂ၏ အကိုဒီဃပြု၍ (ကဝဂ္ဂဿစဝဂ္ဂေါဖြင့် အဗ္ဘာသ ''ဂ''ကို ဇ ပြု၍) ဇဂါမဟု ပြီး၏၊ ဤသို့ ယ ပစ္စည်း နှောင်းရာ၌လည်းကောင်း အဗ္ဘာသမဟုတ်သော သရ၌လည်းကောင်း ဒီဃကာရိယကို ဤသုတ်ကြီးက စီရင်သည်။

နာပစ္စယ ၊ပေ၊ ရဿာပြုရ။ ။ကီ, လိုစသော ဒီဃဆုံးသော ဓာတ်များ သည် ကိယာဒိနာပစ္စည်း နှောင်းရာ၌ ''ကိနာတိ, လုနာတိ'' စသည်ဖြင့် ရဿ ဖြစ်ရ၏၊ ဒါဓာတ်, ဌာဓာတ် စသည်တို့လည်း ဿတိ–သွာ စသော သံယုဂ် နှောင်းရာ၌ ''ဒဿတိ, ဒတွာ, ဌဿတိ, ဌတွာ''စသည်ဖြင့် ပြီးရ၏၊ ဟိယျ– အဇ္ဇတနီ အာ ဤ ဦမှာ ဝိဘတ်တို့လည်း ''အဂမ,အဂမိ, အဂမု, အဂမိမှ'' စသည်ဖြင့် ရဿဖြစ်ရ၏၊ ဤသို့ ဒီဃမှ ရဿဖြစ်ရခြင်းသည် (ကြီးပွားရာမှ ပြန်၍ ငယ်ရသောကြောင့် ထုံးစံမကျ, ပြောင်းပြန်ဖြစ်ရကား) ဝိပရိတ မည်၏၊ ဤသို့ လျှင် နာပစ္စည်းနှင့် သံယုဂ်နှောင်းရာ၌ ရဿပြုခြင်းဟူသော ဝိပရိတ ကာရိယကို ဤသုတ်က စီရင်သည်။

နှောင်း အဇ္ဇကြောင့် ၊ပေ၊ ဩ မှာကား ဥ။ ။အဇ္ဇတနီ ဝိဘတ်ကြောင့် ဂမကို ဂါပြု၍ အဇ္ဇဂါ-ရပြီ၊ အာဂုံ-လာကုန်ပြီ၊ (ဥံဝိဘတ်)၊ အာဂူ-လာကုန် ပြီ (အတ္တနောပုဒ် ဦဝိဘတ်)၊ ဩကိုဥပြု၍ ''အဂဥ္ဆိ-သွားပြီ''ဟု ဖြစ်၏၊ အဇ္ဇ ဂါ အဂဥ္ဆိရုပ်များကို ရှု(ဂမုဓာတ် အဇ္ဇတနီဝိဘတ်ခန်း)မှာရှု။ [မောဂ္ဂလ္လာန်၌ ''အာ ဤ အာဒီသု ဟာရဿာ (၆, ၂၈)''ဟု သုတ်တည်၍ ဟာရ်၏ ရ်ကို အာပြု၊ ''အဟာ, အဟာသိ-ဆောင်ပြီ''ဟုလည်းကောင်း ''ဂမိဿ(၆, ၂၉)''ဟု သုတ် တည်၍ ဟိယျတ် အဇ္ဇ ၂မျိုးလုံး အာ ဤ စသော ဝိဘတ်ကြောင့် ဂမ၏ မကို အာပြု''အဂါ,အာဂုံ,အာဂူ''ဟုလည်းကောင်း''ဥံသဿ စ ဆင့်(၆,၃၀)'' ဟု သုတ်တည်၍ ဟိယျ အဇ္ဇ အာ ဤ စသည်ကြောင့် သ် မ်တို့ကို ဆင်ပြု၊ ''အဥဥ္ဆာ, အဥဥ္ဆိ-ကိုက်ပြီ, အဂဥ္ဆာ, အဂဥ္ဆိ-သွားပြီဟုလည်းကောင်း ပြသေး၏၊ သောတံ အဥဥ္ဆိ သစရာ ဥဒိစ္စ''-ဒသ, ကဏှဒီပါယန၊ ''အတိဿာယံဝတာ-ဂဥ္ဆိ''-တိ- သ သမ္ဘုလာဇာတ်။]

ဟိယျတ် တ္ထကို ၊ပေ၊ ဒွေဘာ တ္ထပြု။ ။ဟိယျတ္တနီ တ္ထကို ထ တ လုံးပြု၍ ''တုဓေမှ အဘာဝထ-ဖြစ်ကုန်ပြီ''စသော ဟိယျတ် တ္ထကို ထပြု ရုပ်၊ ''ဓမ္မဒနီ သမ္ဘ

ကမ္ပထ”၌ အဇ္ဇတနီ အာကို ဒွေ့ဘော် တ္ထပြုပြီးမှ ဂါထာဖြစ်၍ ဆန်းတည့်အောင် တ္ထကို ထပြု၊ ဣကိုလည်း အ ပြု-ဟု သဒ္ဒနီတိ ဆို၏၊ မောဂ္ဂလ္လာန် နိဿယ၌မူ ဟိယျတ် အာကိုပင် ထ တလုံးပြုသည်ဟု မိန့်သည်။

**တိမိ၊ ပေ၊ ရှစ်တန် ပြေ**။ ။ဝတ္တမာန် တိနှင့် မိ, ပဉ္စမီ တုနှင့် မိ, ယျေ ယျောသိ, ယျောမိ, ယျုံ ဤ ဝိဘတ်ရှစ်လုံးကို ပြေ၊ ဤ ရှစ်လုံးသာ မကသေး, “နုဗ္ဗဇဟော ဝဏ္ဏဗလံ ပုရာဏံ”၌ တုံ့ဟု ကတ္တားထည့်ရမည်ဖြစ်၍ သိကို ပြေ, “ကိံ စာ-ဏ္ဏဝေ ကာနိဖလာနိဘုဉ္ဇေ”၌ တုမှေ ထည့်ရမည်ဖြစ်၍ ထကို ပြေ၊ ဤသို့လျှင် ဂါထာအရာ၌ တိစသောဝိဘတ် ၁၀-လုံးကို ပြေနိုင်ရကား “တိ တုသိ ထ, မိနှစ်ဝနှင့်, ယျေ ယျောသိ, ယျောမိ ယျုံ, ဆယ်တန် ပြေ”ဟု ပြင်သင့်သည်။

**နှစ်ခုအန္တေ, အန္တိရေတည်း**။ ။“ဂစ္ဆန္တိ ဂစ္ဆရေ, ဂစ္ဆန္တေ ဂစ္ဆရေ” တို့၌ အန္တိအန္တေတို့မှ န္တိ-န္တေတို့ကို ရေပြု၊ သို့ရာဝယ် ထို န္တိ-န္တေတို့၏ ရှေ့၌ “ဂစ်+ဆ” ကဲ့သို့ ဂရုက ရှေ့+ရဿက နောက်ရှိရမည်၊ ဤသို့ ဂရုပုဗ္ဗ, ရဿ နောက်ရှိလျှင် သန္တိ သန္တေမှ န္တိ-န္တေ တို့ကိုလည်း ရေပြု၍ “နာမာနာဝိ ဘဝိဿရေ”စသည် ဖြစ်၏၊ ဤ ဘဝိဿရေ၌ ဿန္တိဝိဘတ်တည်း၊ န္တိ၏ ရှေ့၌ “ဝိသ်+သ”ဟု ဂရုပုဗ္ဗ, ရဿနောက်ရှိသည်၊ ထို့ပြင်–“သဗ္ဗံ ဘဉ္ဇရေတိ=သဗ္ဗံ သင်္ခါရဂတံ ဘိဇ္ဇတေဝ”ဟု ဝိသ အယောဃရ–ဇာတ်အဋ္ဌကထာ ဖွင့်သောကြောင့် တိ(သို့မဟုတ် တေ) ဝိဘတ်ကိုလည်း ရေ ပြုသေး၏၊ “ဝေ မေ တေ မုစ္စရေ ဗန္ဓနသ္မာ”၌ မုစ္စန္တုဟု ဝိဓုရ-ဇာတ်အဋ္ဌကထာ ဖွင့်သောကြောင့် န္တုကို လည်း ရေပြုရသေး၏၊ “ဟညရေ ဝါပိ ကောစိနန္တိ-ယော ဟညေယျ”ဟု နာရဒ ဇာတ်အဋ္ဌကထာဖွင့်သောကြောင့် ယျကိုလည်း ရေပြုသေး၏၊ “ဇီဝရေ ဝါပိ သုဿတိတိ ဇီဝမာနေဝ သုဿတိ”ဟု ဘူရိဒတ်ဇာတ် အဋ္ဌကထာဖွင့် သောကြောင့် မာနပစ္စည်းကိုလည်း ရေပြုသေး၏။

[ဆောင်] ဂရုပုဗ္ဗ, ရဿနောက်ရှိ, န်တိ-န်တေ, တိနှင့်တေပါ, တထွေ
န်တု, ယျရှုလေ, မာနတွေ့, ရေလည်း ပြုသတည်း။

**ဆုံးဿေ** အန္တ, ကို အမှတ်။ ။အဆုံးဟူသည် ကာလာဝိပတ္တိဝိဘတ် တည်း၊ ဿေအန္တဟူသည် ဿေ၏အစိတ် တည်း၊ ဆိုလိုရင်းကား– “ကာလာ တိပတ္တိ ဿေဝိဘတ်၏ ကို အပြု၍, အဘဝိဿေ=အဘဝိဿ”ဟု ဖြစ်ရသည်-ဟူလို။

ဟိယျဇ္ဇယျ, ပြုလော အဣ။ ။ဟိယျတ္တနီ အဇ္ဇတနီ ဩဝိဘတ်ကို အ-ဣ ပြု၍ “အဘဝေါ, အဘဝ, အဘဝိ”ဟု ၃-ရုပ်ဖြစ်၏၊ မောဂ္ဂလ္လာန်၌ကား ဩကို တ္ထ–တ္ထောလည်း ပြု၍ “ဝိသံ မာ ပတိသေဝိတ္ထ ( ဒွါဒသ, စူဠနာရဒဇာတ် ), တိဏ္ဏမတ္တော အသဇ္ဇိတ္ထော ( ကေ, ကုဟကဇာတ် )” တို့ကို ပုံစံထုတ်၏၊ အသဇ္ဇိ

ထွောာ၌ မျက်ကွယ် မဟုတ်သောကြောင့် ပရောက္ခာ ထွောဝိဘတ် မဖြစ်သင့်၍ ဩကို ထွောပြုဟု ကြံဟန်တူသည်၊ ထို့ကြောင့် "ဟိယျင္ဇဩ, ပြုလော အဏ္ဍ, တ္ထတ္ထွောထည့်လေ"ဟု ဖြည့်စွက်သင့်သည်။ ["ဗြူတိအာဟ,နောက်တိ(အ)ပြု, အန္တိဥတည်း"ဟူသော လက်ာပိုဒ်၏အဓိပ္ပာယ်ကို ဗြူဘူန မာဟာဘူဝါ ပရောက္ခာ ယံ သုတ်၌ ရေးခဲ့ပြီ။]

**နှောင်းအဇ္ဇကြောင့်, ဂမကိုဂါ။** ။"**အန္တိဥတည်း**"တိုင်**အောင် အာဒေသ ကာရိယကိုပြ၏၊ အာဒေသ ကာရိယကား ဤမျှဖြင့်လည်းမဆုံးသေး၊ယျောမကို** မေ့ပြု၍"ကထံ ဇာနေမု တံ မယံ၊တယဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ" **စသည်လည်း ကောင်း**, ယျေ ယျောသိတို့ကို **အာပြု၍** "ဒဇ္ဇာ—**ပေးရာ၏၊ ဝဇ္ဇာ—ဆိုရာ၏၊ ကယိရာ**—ပြုရာ**၏**" ဟုလည်း**ကောင်း** ဖြစ်၏၊ "ဣတ္ထိဘာဝေါ ကိံ ကယိရာ"၌ ယျေကို အာပြု၊ "**အ** ဓမ္မံ **သာ**ရထိ ကယိရာ"၌ ယျောသိကို **အာ**ပြု၊ ထေ၏ ကို **အာ**ပြု၍ "**ဒီပံ ကယိရာ**ထ မေဓာဝီ" စသည် ဖြစ်၏၊ လဘာဓာတ်နောင် ဉံကို ထ္ထံသုပြု၍ "**ယော သတိံ** ဒစ္စလတ္ထံသု"ဟု မာရသံယုဂ် ရှိ၏၊ "**အ**လတ္ထုံ ဝေါ ဘိက္ခဝေ"စသည်၌ကား ဟိယျတ္တနီ အတ္တနောပုဒ် တ္ထုံဝိဘတ်ပင် ဖြစ်ရာ ၏၊ မှာဝိဘတ်ကို တ္ထမှာ တ္ထုမှာ ပြု၍ "အလတ္ထမှာ, အလတ္ထုမှာ"ဟုလည်းဖြစ်၏၊ "မယဉ္စိမံ ဓမ္မပရိယာယံ အလတ္ထမှာ သဝနာယ"—ဥပရိပံ, အနုရုဒ္ဓသုတ်၊ ဤသို့ **စသည်ဖြစ်၍ အာဒေသ ကာရိယများ**စွာ ရှိပေသေးသည်၊ ထို့ကြောင့် " အန္တိဥ **တည်း" နောက်၌ဆက်၍** "မေ့ ယျောမ၊ **အာ**ပြုရဘိ, ယျောသိ ယျော, တဖြာ ထေ, ကိုမျှတည်း၊ လဘ **နောက်**ဉံ, ထ္ထံသုခြုံလော, **တ**ဖုံမှာဝိ, တ္ထတ္ထုထည့်၍, ရှုဘိ-တ္ထမှာ, တ္ထုမှာ **အ**ပြု"ဟု ထည့်စွက်သင့်သည်။

**နှစ်ခု ဩ၊ပေ၊ ကြေရမြဲမှတ်။** ။"ဝဇ္ဇေ+**အန္တိ**, ဟော+**အန္တိ**, ဒမေ+ **အ**န္တော, ဟော+**အ**န္တော" စသည်၌ ဩသရတို့မှ **နောက်ဖြစ်သော အ**သရကို ချေ၍ "ဝဇ္ဇေန္တိ"စသည် **ဖြစ်၏**၊ ဤ လက်ာပုဒ်ဖြင့် **လောပကာရိယကို** ပြ၏၊ **သို့သော်** မ**စုံသေး**၊ ယျုံစသော ဝိဘ**တ်**တို့၏ ယျေကိုချေ၍ ဝဇ္ဇေယျုံ=ဝဇ္ဇုံ၊ ဝဇ္ဇေယျာသိ=ဝဇ္ဇာသိ၊ ဝဇ္ဇေယျာထ=ဝဇ္ဇာထ၊ ဝဇ္ဇေယျာမိ=ဝဇ္ဇာမိ၊ ဝဇ္ဇေ ယျာမ=ဝဇ္ဇာမ၊ ယျာထော၏ ယျေကြေပုံကို မပြကြ၊ ယျုံ၌ကား "ဒဇ္ဇေယျုံ= ဒဇ္ဇုံ"ဟု ဖြစ်၏၊ယျကိုသာ ချေ၍လည်း "ပုစ္ဆေယျာသိ=ပုစ္ဆေသိ၊ မုစ္စေယျာသိ= မုစ္စေသိ **ဒဏ**ရက္ခသာ (**မဟော်ဇာတ်**)၊ မာ ပမာဒ မနုယုဥ္ဇေထ ( ယျာထ )၊ ဇာတု ဒုဗ္ဗေမ(ဒုဗ္ဗေယျာမ)' ဟုလည်း ရှိ၏၊ ထို့ကြောင့် "နှစ်ခု ဩ, ပရော သရ, **ကြေ**ရမြဲတုံ, ယျုံစ၌, ယျလည်းကြေ, ချို့တလေဝယ်, ယျလည်းချေ လတ်"ဟု ဖြည့်စွက်သင့်သည်။

**ဟိယျဇ္ဇတ်ပါ၊ပေ၊ ဥလာရဘိ။** ။ဟိယျတ္တနီ **အဇ္ဇတနီ၌ပါသော** တ္ထနှင့် မှာဝိဘတ်ကြောင့် ဥလာ၍"အဂမုတ္ထ, **အ**ဂမုမှာ"**စသည်**ဖြစ်၏၊ ဤစာပိုဒ်ဖြင့်

အာဂမကာရိယကို ပြ၏၊ ဤ အာဂမလည်း မစုံသေး၊ ဝုစ္စတိ၌ ဝကို ကုစိခါတု ဖြင့် လာဟု ရှု၍ပင်ဆို၏၊ ဤသို့စသည်ဖြင့် မပြည့်စုံနိုင်သောကြောင့် "အစရှိကို ကုစိခါတု, သုတ်ကြီးပြုသည့်, ငါးခုကာရိယ အစဉ်တည်း"ဟု မိန့်ရလေသည်၊ ထို့ကြောင့် သံ+အာပုဗ္ဗ ဒါခါတ်+ဒိဝါဒိယ, တိဝိဘတ်ဖြင့် "သမာဓိယာမိ"ဟု ဖြစ်ရာ၌ အာကို ဣပြုခြင်း၊ ကုမ္ဘိစသည်၌ ကရ်ကို ကုပြုခြင်းများလည်း ဤသုတ်၏ ကာရိယပင်တည်း၊[ပါဠိ သုဒ္ဓကား "ပါစိသုံ"ဟု ပပုဗ္ဗ ဝိသခါတ် ဥံဝိဘတ်ဖြင့် ပြီးပြီးနောက်မှ ဂါထာဖြစ်၍ နိဂ္ဂဟိတ်ကို ဖာက္ခရာသက်နို့ (အက္ခရာရွှေ့ပြောင်းမှု) ပြုထားသည်-ဟု ကြံ။]

ရုပ်တွက်။ ။ဇာယတိ "ဇန-ဇနနေ"ခါတ်, တိဝိဘတ်, ဒိဝါဒိယသက်၊ ဤသုတ်ကြီးဖြင့် ခါတွန်(န်)ကိုချေ,ဇ၏ အကို အာဒီဃပြု, ပြီး၏၊ ဤနည်းဖြင့် ကတ္တာရိစသုတ်၌ ဇာယတေကို နျာသ ရုပ်တွက်ခဲ့၏၊ ဤသုတ်ကား "ဇိ=ဇယေ" ဟု ဆို၍ တိဝိဘတ် အပစ္စည်း ဝေ့ဒ္ဓိပြု, အေယဖြင့် ဧကို အယပြု၍ "ဇယတိ" ဟု ဖြစ်သည့်အခါ ဤသုတ်ကြီးဖြင့် ဇ၏ အကို အာပြု၍ နျာသ တွက်ပြန်သည်၊ "ဇာယတိ-အောင်၏"ဟု အနက်မဖြစ်နိုင်ရကား မကောင်း၊ ကရေယျ၌လည်း ကရခါတ်,ယေျဝိဘတ်, တနာဒိ ဩပစ္စည်းသက်၍ ဤသုတ်ကြီးဖြင့်ချေ၊ "ကရေယျ"ပြီး၏ဟု ဆိုသင့်၏၊ သို့သော် နျာသ၌ "ယျ"မှ ယ တလုံးကို ဤသုတ်ကြီးဖြင့် ချေ၍ "ကရေယ"ဟု ဆို၏, မကောင်းပင်၊ ဇာနိယာ၌ ဉာခါတ် ယေျဝိဘတ်, နာပစ္စည်း၊ ဤသုတ်ကြီးဖြင့် ယေျကို ဣယာ, ဉာကိုလည်း ဇာပြု၊ [ဉာဿဇာဇံနာ ယေျဿ ဉာတော ဣယာ ဉာဝါ"တို့ဖြင့် ပြီးနိုင်သော်လည်း ဤသုတ်ကြီး၏ ပဋိနိဂ္ဂတိကနည်းကိုပြခြင်းငှာ ဤသုတ်၌ ဤရုပ်ကို ပြထားသတတ်။(နျာသ)။]

သိယာ စသည်။ ။သိယာ "အသ=ဘုဝိ" ခါတ်, ယေျဝိဘတ်၊ သဗ္ဗတ္ထာ သဿာဒိလောပေါစဖြင့် အ ကိုချေ၊ ဤသုတ်ကြီးဖြင့် ယေျကို ဣယာပြု၊ကရေ-ကရတည်, ဤသုတ်ကြီးဖြင့် ယေျကို ဧပြု၊ ဂစ္ဆေ-ဂမု, ယေျ၊ ဤသုတ်ကြီးဖြင့် ယေျကို ဧပြု, ဂမိဿန္တော စ္ဆောဝါ သဗ္ဗာသုဖြင့် ခါတွန်(မ)ကို စ္ဆပြု၊ ဇညာ-ဉာ, ယေျ၊ ဤသုတ်ကြီးဖြင့် ယေျကိုလည်း ဉာ, ဉာခါတ်ကိုလည်း ဇ, ဉ.တလုံးလည်းလာ။[ဤရုပ်လည်း ဉာဿ ဇာဇံနာ စသောသုတ်တို့ဖြင့် ပြီးနိုင်၏၊ ပဋိနိဂ္ဂတိကနည်းပြခြင်းငှာ ဤသုတ်၌ပြထားသတတ်၊]ဝက္ခေထ-ဝစခါတ် ဧတ္တမာန် မဇ္ဈိမပုရိသ် ဗဟုဝုစ် ထဝိဘတ်၊ ဤသုတ်ကြီးဖြင့် ခါတွန်(စ်)ကို က္ခပြု၊ ဒက္ခေထ-ဒိသခါတ်, ပဉ္စမီ ထဝိဘတ်၊ ဤသုတ်ကြီးဖြင့် ခါတွန်(သ်)ကို က္ခပြု၊ ဒိ၏ ဣကိုလည်း(အ)ပြု။

ဒိစ္ဆတိစသည်။ ။ဒိစ္ဆတိ-ဒိသခါတ် တိဝိဘတ်၊ ဤသုတ်ကြီးဖြင့် ခါတွန် (သ်)ကို စ္ဆပြု၊ ဤဒိသခါတ်၌ ဒါန အနက်ဟုလည်း ဆို၏၊ "အပစန္တာပိ ဒိစ္ဆန္တိ-မချက်ကုန်သော်လည်း ပေးကြ၏" စသည်တည်း၊ အဂစ္ဆိ - ဂမုခါတ်,

**အတ္တနော ပဒါနိ ပရဿပဒတ္တံ** ၅၁၈။ **အတ္တနော ပဒါနိ ကွစိ ပရဿပဒတ္တံ အာပဇ္ဇန္တေ၊** ဝုစ္စတိ—ဆိုအပ်၏၊ လဗ္ဘတိ—ရအပ်၏၊ **ပစ္စတိ**- ချက်အပ်၏၊ ကွစိတိ ကိံမတ္ထံ၊ ကရီယတေ·ပြုအပ်၏၊ ဝုစ္စတေ, လဗ္ဘတေ, ပစ္စတေ၊(၄၄၆)။ [ဝစ ဝသ ဝဟာဒီနံသုတ်၌ ဝုစ္စတေကို နည်းမှီး၍ ဝုစ္စတိကို လည်းကောင်း, ပုဗ္ဗရူပဉ္စ သုတ်၌ လဗ္ဘတေကို မှီး၍ လဗ္ဘတိကို လည်းကောင်း, တဿ စဝဂ္ဂသုတ်၌ ပစ္စတေကို မှီး၍ ပစ္စတိကို လည်းကောင်း ရုပ်တွက်ပါ၊ ကရီယတေကို ဣဝဏ္ဏာဂမောဝါ၌ ပြန်ကြည့်၊ ကရီယတေ စသည်ဖြင့် ပြီးပြီး နောက် ဤသုတ်ဖြင့် တိ ပြုသင့်သော်လည်း ကွစိသဒ္ဒါ မြစ်သောကြောင့် တေကို တိ မပြုရဟု ဆိုရုံသာ ထူးသည်။]

---

အဇ္ဇတနီ ဤဝိဘတ်, အကာရာဂမောဖြင့်(အ)လာ၊ ဤသုတ်ကြီးဖြင့် ဓာတွန္တ (မ်)ကိုလည်း ဋ္ဌ, ဤဝိဘတ်ကိုလည်း ရဿပြု၊ အာဂဋ္ဌုံ-ဥံ ဝိဘတ်ဖြစ်၍ ရဿ မပြုရခြင်းသာထူးသည်၊ အဟောသိ-ဟူဓာတ်,ဤဝိဘတ်၊ဤသုတ်ကြီးဖြင့် ဤကို သိပြု, အကာရာဂမောဖြင့် (အ)လာ၊ အညေသုစဖြင့် ဦကို ဩဝုဒ္ဓိပြု၊ အဟေသုံ—ဥံကို ဤသုတ်ကြီးဖြင့် သုံပြု၍ ဟူ၏ ဦကိုလည်း ဧပြု၊ အကာရာဂမောဖြင့် (အ)လာ။

**အမှာ**။ ။သုတ်ငယ်တို့ဖြင့် ပြီးနိုင်လျက် ဤသုတ်ကြီးဖြင့် စီရင်လေသမျှ၌ "ဤသုတ်ကြီး၏ ပဇ္ဇုန္နဂတိကနည်းဖြစ်ကြောင်းကို ပြသည်"ဟုချည်း မှတ်ပါ။

---

၅၁၈။ **သက္ကတနည်းကို လိုက်၍ ဤကစ္စည်းကျမ်း၌ "ကတ္တရိ ပရဿပဒံ၊ အတ္တနောပဒါနိ ဘာဝေစ ကမ္မနိ၊ ကတ္တရိစ" ဟု ဆိုသည်၊** "ပုဗ္ဗကရဏန္တိ ဝုစ္စတိ"စသည်ဖြင့် ရှိရာ၌ကား ဤသုတ်ဖြင့် အတ္တနောပုဒ် **ဝိ**ဘတ်ကို ပရဿပုဒ် ဝိဘတ်ပြန်ဟု ဆို**သည်**။ [ကလာပ် "အတ္တနော ပဒါနိ ဘာဝကမ္မေသု (၇၄), ကတ္တရိ ရုဓာဒိဝါနုဗန္ဓေဘိ (၇၅), **သေသာ** ကတ္တရိ ပရဿပဒံ (၈၀—**အာချာတ်**")။]

မောဂ္ဂလ္လာန်။ ။မောဂ္ဂလ္လာန်၌မူ "**တျော ဘာဝကမ္မေသု** - ပရောက္ခေသု **မာနန္တ**တျာဒီသု (၅, ၁၇), ကတ္တရိ ယော(၅,၁၈)"**သုတ်**တည်၍ ပရဿပုဒ် အတ္တနောပုဒ် ဝိဘတ် အားလုံး**ပင် ဘော** ကံ ကတ္တား ၃ ပါး၌ သက်**သည်**ဟု **ဆိုသည်**၊ ထို မောဂ္ဂလ္လာန်အဆိုသည် "တျာဒိ **ကမ္မေ**စ ဘာဝေ စာ-ကမ္မ**ကေ**ဟိ" ဟူ**သော** ပါဏိနီ(၃,၄,၆၉)စသော **သုတ်**တို့ကို မှီး**၍** ဆိုခြင်းပင် ဖြစ်၏၊ ပါဠိ၌လည်း ပရဿပုဒ်ဖြင့် ဘော ကံ ဟောရုပ်များစွာရှိသောကြောင့် ပါဠိတော်နှင့် သာ၍ လျော်ပေသည်။

**အကာရာဂမော၊ပေ၊ ပတ္တိသု**

၅၁၉။ ဟိယျတ္တနီ အဇ္ဇတနီ ကာလာတိပတ္တိ ဣတိ–ဟူကုန်သော၊ တောသု ဝိဘတ္တိသု–ဤဝိဘတ်တို့ကြောင့်၊ ကွစိ အကာရာဂမော ဟောတိ၊ အဂမာ, အဂမီ–သွားပြီ၊ အဂမိဿာ-သွားရာပြီ၊ ကွစိတိ ကိမတ္ထံ၊ ဂမာ, ဂမီ-သွားပြီ၊ ဂမိဿာ-သွားရာပြီ၊ ဣတိ-၏၊ (၄၅၇)။

**ဗြူတော ဤ တိမှိ**

၅၂၀။ တိမှိ ဝိဘတ္တိမှိ-ကြောင့်၊ဗြူဣတိ·ဗြူဟူသော၊ **တောယ ဓာတုယာ**-မှ(နောက်၌)၊ ဤ ကာရာဂမော-ဤလာသည်၊ ဟောတိ၊ ဗြူဝိတိ-ဆို၏၊ (၅၀၇)။ [ရုပ်ကို အခြေပြုကြည့်။]

**ဓာတုဿန္တော လောပေါ နေကဿရဿ**

၅၂၁။ အနေကဿရဿ ဓာတုဿ အန္တော–(အဆုံး သရသည်) ကွစိ လောပေါ ဟောတိ၊ ဂစ္ဆတိ, သရတိ, မရတိ, အနေကဿရဿေတိ–အနေကဿရဿ ပုဒ်သည်၊ ကိမတ္ထံ၊ ပါတိ-သောက်၏၊ ယာတိ-သွား၏၊ ဝါတိ·သွား၏၊ ကွစိတိ ကိမတ္ထံ၊ မဟိယတိ-ပူဇော်ခ ံ၏၊မထိယတိ- မွှေနှောက်အပ်၏၊ ဣတိ-၏၊ (၄၂၅)။

---

၅၁၉။ ဓာတ်၏အစ၌သာ အ အက္ခရာ လာရကြောင်းကို အခြေပြု၍ပင် (ရူပသိဒ္ဓိ နည်းမှီး၍) ပြထားပြီ၊ ဂမုတည်, ဟိယျတ္တနီ အာ, အဇ္ဇတနီ ဤ, ကာလာတိပတ္တိ ဿာသက်၍, ဣကာရာဂမောဖြင့် ဣလာပြီးနောက် ဤသုတ်ဖြင့် (အ)လာရုံသာ၊ ဂမာ စသည်၌ ကွစိ မြစ်သောကြောင့် မလာရ၊ ဤသို့(အ) လာရာ၌ မာ–နိပါတ်နှင့် တွဲယှဉ်နေသည့်အခါ “မာဂမာ” စသည်ဖြင့် (အ) မလာရ၊ ခွဲနေလျှင်ကား “မာဟောဝံ အဝစ”စသည်ဖြင့် လာနိုင်သည်။

၅၂၀။“ပုန ဘဝံ ဂေါတမော ဗြဝီတု”(ဒီ,အမ္ဗဋ္ဌသုတ်)၌ကား “ဗြူတော ဤ”ဟူသော ယောဂဝိဘာဂဖြင့် တုနှောင်းရာ၌ ဤလာ၊ ဤသုတ်ဖြင့် ဤမလာသော “ဗြူတိ, ဗြူန္တိ, ဗြူသိ,ဗြူထ, ဗြူမိ,ဗြူမ” ရုပ်တို့လည်း ရှိ၏။

၅၂၁။ ယဒါ မပါသင့်။ ။ယခုစာတို့၌ “ယဒါ အနေကဿရဿ”ဟု တွေ့ရ၏၊ နိဒ္ဒေသ၌ “ယဒါ အနေကဿရဿ ဓာတုဿ အန္တော, တဒါ ကွစိ ကတ္တစိ ပယောဂေ လောပေါ ဟောတိ”ဟု ယဒါ တဒါထည့်၍ အနက်ဖွင့်ပုံကို တွေ့ရသောကြောင့် ယဒါကို နောက်ဆရာများ သွင်းထားဟန်တူသည်၊ သီဟိုဠ်မူ၌လည်း မပါ၊ နျာသလည်း မဖွင့်, သဒ္ဒနီတိ ဤသုတ်မျိုး၌လည်း မပါ။

ရုပ်တွက်။ ။ဂစ္ဆတိ စသည်၌ “ဂမု” ဝယ် ဂ၌(အ) သရ, မု၌(ဥ) သရ, ဤသို့ သရ ၂-လုံး ရှိသောကြောင့် ဂမုသည် အနေကသရဓာတ်တည်း၊ သရ-မရတို့လည်း(အ)သရ ၂·လုံးစီရှိသော အနေကသရ ဓာတ်များတည်း၊ ထို

ဇုလုယမုနပဗန္ဓော ဓတ္ထာဝါ

၅၂၂။ ဇုလုယမုဇုတိ-ဟူကုန်သော၊ ဧတေသံ ဓာတူနံ အဗ္ဗော-သည်၊ ဗ္ဗော-၌ အပြုသည်၊ ဝါ ဟောတိ-၏၊ ဇုဏ္ဍတိ-လိုချင်၏၊ ဝါဝိ ကိမတ္ထံ၊ သေတိ-လိုချင်၏၊ နိယမတိ-ရှောင်ကြဉ်၏၊ ဇုတိ-၏၊ (၄၇၆)။ [ယောဂဝိဘာဂဖြင့် အစ္ဆတိ ရုပ်ပြီးပုံကို အခြေပြုမှာ ကြည့်။]

---

အနေကာသရဓာတ်များ၏ အဆုံးသရကိုချေ၊ ပါတိစသည်၌ "ပါဓာတ်ယာဓာတ် ဝါဓာတ်" ဖြစ်၍ အာသရ တလုံးစီသာရှိသော ဧကသရဓာတ်များဖြစ်၏၊ ထို ဓာတ်များ၌ အနေကာသရ မဟုတ်သောကြောင့် မချေရ၊ "ပါ=ပါနေ, ယာ= ဂတိ ပါပုဏေသု, ဝါ=ဂတိ ဗန္ဓန ဂန္ဓေသု" ဟု ဓာတ်နက်ဆို၍ ဓာတ်မှည့်, တိဝိဘတ်, အ ပစ္စည်းသက်, ချေ။

ကွစိတိ ကိမတ္ထံ။ ။မဟီယတိ, မထီယတိတို့ကို ယမှိဒါဓာ စသောသုတ်၌ ပြခဲ့ပြီ၊ ဤဓာတ်များသာ မကသေး,"ကေလေ=မမာယနေ-မြတ်နိုးခြင်း၌".... ကေလာယတိ, "ဂိလေ=ကိလမနေ – ပင်ပန်း နွမ်းနယ်ခြင်း၌" ဂိလာယတိ, "မိလေ = ကန္တိသင်္ခယေ – နှစ်သက်ဖွယ် ကုန်ခမ်းခြင်း (ညှိုးနွမ်းခြင်း) မိလာ ယတိ, "ဩမာ=သမတ္ထနေ-စွမ်းနိုင်ခြင်း၌" ဩမာယတိ, "စိနေ=မညနာယံ- ငါသာမြတ်၏ဟု မှတ်ထင်ခြင်း၌" စိနာယတိ, "ဟရေ=လဇ္ဇာယံ-ရှက်ခြင်း၌" ဟရာယတိ, " သံကတေ–အစ္ဆနေ – နေခြင်း၌ " သံကသာယတိ ပုဒ်တို့၏ "ကေလေ"စသောဓာတ်များ၌လည်းဓာတွန်ချေလျှင် တေအာဝါယာကာရိတေ သုတ်၌ "တေအာဝါယာ"ယောဂဝိဘာဂဖြင့် အာယပြုဖို့ရန် သေရ မရှိသော ကြောင့်လည်းကောင်း, ဩမာယတိ၌လည်း ဒိဝါဒိ ယ ပစ္စည်းသက်သည့် အခါ မ၏ မှိဖို့ရာ သရမရှိသောကြောင့်လည်းကောင်း ဓာတွန်ကို မချေရ, ကွစိသဒ္ဒါက တားမြစ်သည်။ [ဂါထာကို အခြေပြု၌ ပြထားပြီ။]

---

၅၂၂။ မောဂ္ဂလ္လာန် "ဂမယမိသာသဒိသာနံ ဝါ ဆင် (၅,၁၇၃)"ဟု သုတ်တည်၍ "ဂမု=ဂတိမှိ, ယမု=ဥပရမေ (ရှောင်ကြဉ်ခြင်း), ဇုသု=ဇုဏ္ဍာ ကန္တိသု (လိုလားခြင်း, နှစ်သက်ခြင်း), အာသ=ဥပဝေသနေ (ကပ်ဝင်ခြင်း), ဒိသ=အတိသဇ္ဇနေ–(ပေးခြင်း)" ဟူသော ဓာတ်တို့၏ အဆုံး ဗျည်းကိုလည်း (ဆ်)အနုဗန်နှင့်တကွ ဆပြု၍ "ဂစ္ဆန္တော, ဂစ္ဆတိ၊ ယစ္ဆန္တော, ယစ္ဆတိ၊ အစ္ဆ- န္တော, အစ္ဆတိ၊ ဒိစ္ဆန္တော, ဒိစ္ဆတိ–ပေးလှူ၏, ရည်ညွှန်း၏" ဟူသော ပုံစံ များကို ပြသည်၊ ဒိစ္ဆပြုရာ၌ ပုံစံများကား "အပစန္တာပိ ဒိစ္ဆန္တိ.... ဗဟုနေကေ နဒိစ္ဆရေ"–ဒသ, ဗိလာရကောသိယဇာတ်၊ "ကဿပဿ ပဒိန္နမှိ ဌာနေ ပေ· တဿု ဒိစ္ဆထ"–အဘိဓမ္မာန ပေတဝတ္ထု။

**ကာရိတာန် ဏော လောပံ**

၅၂၃။ ကာရိတဏ္ဍတိ — ကာရိတ်ဟူကုန်သော၊ ဧတေသံ ပစ္စယာနံ-တို့၏၊ ဏော-ဏ အနုဗန်သည်၊ လောပံ အာ ပဇ္ဇတေ ကာရေတိ၊ပေ၊ကာရာပယတိ-ပြုစေ၏၊ (၅၂၇)။
[ရုပ်ကို ရှေ့၌ ထွက်ခဲ့ပြီ၊ မုချကာရိတ် ရှင်္ဂကာရိတ် အခွဲနှင့် ဏ၏ အနုဗန် အမည် ရပုံကို အခြေပြု၍ပင် ပြထားပြီ။]

**နိဂုံး ဥယျောဇဉ်**

မယာ - ငါသည်၊ သာသနတ္ထံ - ပရိယတ် သာသနာတော်အကျိုး ငှာ၊ ယံ အာချာတံ—အကြင် အာချာတ်ပုဒ်ကို၊ သမာသတော- အကျဉ်းအားဖြင့်၊ သမုဒ္ဒိဋ္ဌံ- ကောင်းစွာ ပြအပ်ပြီ၊ ဝိစက္ခဏာ— စူးစမ်းဆင်ခြင်, ပညာရှင်တို့သည်၊ သကံဗုဒ္ဓိ ဝိသေသေန- မိမိ ဉာဏ်အထူးဖြင့်၊ (တေံ - ဤ အာချာတ်ပုဒ်ကို၊) စိန္တယန္တု - ခဲ့ထွင် ကြံစည်ကြပါလေ၊ ....ဏ္ဍတိ **အာချာတကပ္ပေ စတုတ္ထော ကဏ္ဍော**။

အာချာတကပ္ပေါ - အာချာတ်ကျမ်းသည်၊ နိဋ္ဌိတော - ပြီးပြီ။

---

**မောဂ္ဂလ္လာန်၌ပင်** ယောဂဝိဘာဂဖြင့် ပပုဗ္ဗ ဝိသဓာတ်၏(သ်)ကို ဋ္ဌ င် ပြု, ဏ္ဍကို ဧဝုဒ္ဓိပြု၍ "ပဝေ ဋ္ဌတိ-ပေး၏"ဟု ပြ၏၊ ဝိသဓာတ်ပေးခြင်းအနက်ကြံခြင်း မှာလည်း "ပဝေ ဋ္ဌတိတိ-နပစေသတိ, နဒေတိ"ဟု မဟာအဿာ ရောဟဇာတ ကဋ္ဌကထာစသည် ဖွင့်သောကြောင့်တည်း၊ သက္ကတ၌ကား ဇုဟောတျာဒိဂိုဏ်း ဝင် ဒါဓာတ်ဖြင့် ဒဒါတိဟု ပြီး၏၊ ဘူဝါဒိ ဒါဓာတ်ဖြင့်မူ ကာတန္တ (၆,၃၀) သုတ်ဖြင့် ယစ္ဆပြု၍ ယစ္ဆတိ-ပယစ္ဆတိဟု ပြီး၏၊ သက္ကတ၌ ယ အက္ခရာသည် ပါဠိ၌ ဝဖြစ်၏၊ "ဇရာယု = ဇရာဗု၊ အာယုဓ = အာဝုဓ၊ ဒီဃာယု = ဒီဃာဝု၊ ကဏ္ဍူယတိ—ကဏ္ဍူဝတိ"စသည်တည်း၊ ထို့ကြောင့် သက္ကတ၌ ပပုဗ္ဗဒါဓာတ် ဖြင့် ပယစ္ဆတိသည် ပါဠိ၌ "ပဝစ္ဆတိ"ဟု ဖြစ်၏၊ ဝိသဓာတ်ကြံမူကား ဝုဒ္ဓိပြု၍ ပဝေစ္ဆတိဟု ပြီးရသည်။

သာသနတ္ထံ၊ပေ၊ဝိစက္ခဏာ။ ။"သာသနတ္ထံ သမုဒ္ဒိဋ္ဌံ, မယာ,ချာတံ သမာသ တော"ဟူသော ၂-ပါဒဖြင့် အာချာတ်ကျမ်း ပြီးဆုံးသည့် နိဂုံးကိုပြ၏၊ "ယခု ငါသည် သာသနာတော်အကျိုးငှာ အာချာတ်ပုဒ်ကြီယာများကို အကျဉ်းအားဖြင့် ပြပြီးပြီ"ဟူ လို၊ သကံဗုဒ္ဓိ၊ပေ၊ဝိစက္ခဏာ" ၂-ပါဒဖြင့် နောင်လာ နောက်သားတို့ကို တိုက်တွန်းမှု ဥယျောဇဉ် ပြ၏၊ အကျဉ်းပြထားသော ဤအာချာတ်ပုဒ် ကြိယာများကို နောင်လာ နောက်သား ပညာရှိအများတို့သည် ခဲ့ထွင် ကြံစည်ကြပါလေ"ဟူလို၊ ဤတိုက်တွန်းမှု ဥယျောဇဉ်အရ ရူပသိဒ္ဓိ မောဂ္ဂလ္လာန် သဒ္ဒနီတိ ကျမ်းပြုစသော နောင်လာနောက်သား ပညာရှိအများတို့ပင် အာချာတ်ပုဒ်များကို မိမိတို့ကျမ်း၌ ခဲ့ထွင် ကြံစည်ကြပေသည်၊ ထိုကျမ်းများကို မှီ၍ပင် ရူပသိဒ္ဓိဘာသာဋီကာနှင့် ဤဘာသာဋီကာ၏ အတွင်း၌လည်း သွင်းသင့်သမျှ သွင်း၍ ပြထားပေသည်။

ဤကား အာချာတ်ဘာသာဋီကာ။

# ကိတ် ဘာသာဋီကာ

(က) အဟံ - ငါသည်၊ ဉာဏသမုဒ္ဒံ-ဉာဏ်တည်းဟူသော သမုဒြာ ရှိတော်မူထသော၊ သဗ္ဗညုံ—အလုံးစုံကို သိတော်မူထသော၊ လောကဟေတုံ—သတ္တလောကဟူသော အကြောင်းကြောင့်၊ အဓိဏမတိံ — မကုန်နိုင်သော ဉာဏ်ရှိတော်မူထသော၊ ဗုဒ္ဓံ—မြတ်စွာဘုရားကို၊ ပုဗ္ဗံ—မဆိုမီ ရှေးဦးစွာ၊ ဝန္ဒိတွာ-ရှိခိုးပြီး၍၊ သ သာဓနံ—သာဓန ခုနစ်ပါးနှင့်တကွ ဖြစ်သော၊ ကိတကပ္ပံ—ကိတ်ကျမ်းကို၊ ဝက္ခာမိ-ဆိုပေအံ့။

---

(က) ပဏာမနှင့် ပဋိညာဉ်။ ။“ပဥ္စ သန္ဓိပရိစ္ဆေဒါ, အဋ္ဌ နာမပရိစ္ဆေဒါ, စတ္တာရော အာချာတပရိစ္ဆေဒါ, ဆ ကိဗ္ဗိဓာနပရိစ္ဆေဒါ၊ တောနိယေဝ စတ္တာရိ ပကရဏာနိတိ ဝုစ္စန္တိ”ဟူသော ချာသနှင့်အညီ သန္ဓိ, နာမ, အာချာတ, ကိတ, ဟု ၄-မျိုးခွဲခြမ်း၍ “၄-ကျမ်း” ပိုင်းခြားထားသည် အားလျော်စွာ အာချာတ်ကျမ်းကိုပြပြီး၍ ယခုအခါ ကိတ်ကျမ်းကိုပြတော်မူလိုသောဆရာသည် ရှေးဦးစွာ ပဏာမနှင့် ပဋိညာဉ်ကို ပြလိုရကား “ဗုဒ္ဓံ ဉာဏသမုဒ္ဒံ” အစရှိသော ဂါထာကို မိန့်သည်၊ ထိုတွင် “ဗုဒ္ဓံ၊ပေ၊ပုဗ္ဗံ”ဖြင့် ဗုဒ္ဓပဏာမကို ပြ၍ “ဝက္ခာမိ၊ပေ၊ကိတကပ္ပံ”ဖြင့် ပဋိညာဉ်ကို ပြ၏၊ “ငါသည် မဟာသမုဒြာသဖွယ် ကြီးကျယ်သော ဉာဏ်တော်ရှင်ဖြစ်၍ အလုံးစုံကို သိမြင်တော်မူနိုင်သော သတ္တလောကကြောင့် မကုန်နိုင်သော ဉာဏ်တော်လည်း ရှိတော်မူသော ဘုရားရှင်ကို ရှေးဦးစွာ ရှိခိုးပြီး၍ သာဓန ခုနစ်ပါးနှင့်တကွ ဖြစ်သော ကိတ်ကျမ်းကို ဆိုတော့မည်” ဟူလို၊ ဤကား တဂါထာလုံး၏ အပေါင်းဖြစ်သော ပိဏ္ဍတ္ထတည်း၊ အစိတ် အစိတ် အဝယဝတ္ထကား....

ဉာဏသမုဒ္ဒံ။ ။ဘုရားရှင်၏ဉာဏ်တော်သည် မဟာသမုဒြာကဲ့သို့ ကြီးကျယ်လည်း ကြီးကျယ်၏, နက်လည်း နက်နဲ၏၊ ချဲ့ဦးအံ့—“ဉေ ယျပရိယန္တံ ဉာဏံ= ဉာဏ်တော်သည် သိဖွယ်တရားလျှင် အဆုံးအပိုင်းအခြား ရှိ၏” နှင့်အညီ သိဖွယ်ရာတွေ မြားမြောင် ကျယ်ဝန်းသလောက် ဉာဏ်တော်လည်း ကျယ်ဝန်း၏၊ သိဖွယ်ရာတွေကား တမျိုးပြီးတမျိုး တိုးကာတိုးကာ များပြားလှ၏၊ဉာဏ်တော်ကြီးကလည်း ထို သိဖွယ်ရာတွေကို လိုက်၍လိုက်၍ သိတော်မူ၏၊ ထိုသို့ သိရာ၌ အပေါ်ရံ သိကာမတ္တမဟုတ်, မဟာသမုဒြာသည် ကျယ်၍ နက်သကဲ့သို့ ဉာဏ်တော်ကြီးလည်း နိုက်နိုက်ချွတ်ချွတ် နက်နက်နဲနဲ ခွဲခွဲခြမ်းခြမ်း ကမ်းကုန်လမ်းကုန် သိတော်မူ၏၊ ထို့ကြောင့် ထိုဉာဏ်တော်၏သခင် ဘုရားရှင်ကို “ဉာဏသမုဒ္ဒံ” ဟု ချီးကျူးတော်မူသည်၊ “ဉာဏသခ်ါတော + သမုဒ္ဒေါ ယဿာတိ ဉာဏသမုဒ္ဒေါ”ဟု ပြုပါ။

**သဗ္ဗညုံ**။ ။ဉာဏသမုဒ္ဒဖြင့် ဉာဏ်တော်၏ ကြီးကျယ်နက်နဲပုံကိုသာ ပြ၏၊ ထို ကြီးကျယ်နက်နဲသည့်အတိုင်း တကယ် သိတော်မူလေ့ရှိကြောင်းကိုကား မပြသေး၊ ထို့ကြောင့်“သဗ္ဗညုံ”ဟု မိန့်ပြန်သည်၊ ဉာဏ်တော် ကြီးကျယ်နက်နဲသည့်အားလျော်စွာ သိဖွယ်အလုံးစုံကို အကုန်သိတော်မူလေ့ ရှိပါပေသည်၊ သိဖွယ်အာရုံများ၌ ထို ဉာဏ်တော်သည် အမြဲ ကျက်စားလေ့ ရှိပါပေသည်— ဟူလို၊ သဗ္ဗ+ဇာနာတိ သီလေနာတိ သဗ္ဗညူ၊ တံသဗ္ဗညုံ။ [ပစ္စည်းပေါမျှားပါလျက် ပစ္စည်းကို အသုံးမချသော သဌေးသည် အကျိုးမများ၊ ထို ပေါများသော ပစ္စည်းကို အမြဲ သုံးစွဲနေမှ အကျိုးရသကဲ့သို့, ဘုရားရှင်လည်း ကြီးကျယ်သော ဉာဏ်တော်ကို အသုံးပြုတော်မူလေ့ရှိပါပေသည်။]

**လောကါပေမတိံ**။ ။သတ္တလောက(သတ္တဝါအပေါင်း)ကို ဟောပြောဆုံးမရသဖြင့် ဉာဏ်တော်ကြီးသည် ညှိုးနွမ်းကုန်ခမ်း၍ မသွားပဲ အမြဲလန်းဆန်းထက်မြက်ကာ မကုန်နိုင်အောင် ကြီးကျယ်သော ဉာဏ်တော်ရှိပါပေသည်-ဟူလို၊ ဤစကားဖြင့် ဘုရားရှင်သည် ကိုယ်တော်၏ဉာဏ်တော်ကြီးကို ကိုယ်ရေးကိုယ်တာအတွက်သာမက, သတ္တဝါတို့အကျိုးငှာလည်း အသုံးပြုတော်မူကြောင်းကို ပြ၏၊ ဥစ္စာပေါမျှားသော ရွှေသဌေးကြီးသည် မိမိပစ္စည်းကို မိမိအတွက်သာမဟုတ်ပဲ တိုင်းသူပြည်သားအတွက်လည်း နေ့စဉ်အမြဲသုံးစွဲလေ့ရှိသကဲ့သို့တည်း။ [လောကဿ+ဟေတု-လောကဟေတု၊ဤသို့ဟေတုသဒ္ဒါရှိရာဝယ် ဟိတ်အနက်၌ဟေတုနောင် ပဌမာသက်၍ လောကဿ၌ ဆဋ္ဌီလည်း ဟေတုနှင့် အရတူ ဟိတ်အနက်၌ပင် သက်၏၊ ကာရကဟိတ်ခန်းကို ပြန်ကြည့်၊ ထို့ကြောင့် “လောကဟေတု— လောကဟူသော အကြောင်းကြောင့်” ဟု ပေး၊ အခိဏ္ဏာ+မတိ ယဿာတိ အခိဏ္ဏမတိ၊ သီဟိုဠ်မူ၌ “ခိန္နမတိံ” ဟု ရှိ၏၊ “ လောကဟေတု - ကြောင့်၊ အခိန္နမတိံ- မပင်ပန်းသော ဉာဏ်ပညာရှိတော်မူသော”ဟု ပေး။]

**ကိတက္ကပ္ပံ**။ ။[ဂီတိဂါထာဖြစ်၍ “ကိတက္ကပ္ပံ”ဟု ပါဋ္ဌိ၌ က သံယုဂ် ရှိရသည်၊ သီဟိုဠ်မူ၌ကား “သုသာခနံ ဟိ ကိတကပ္ပံ”ဟု ဟိနိပါတ် အပိုပါသောကြောင့် က သံယုဂ်မလိုပဲ ဂိုဏ်းပြည့်၏၊ ပထျာအရိယာဂါထာဟူလည်း ဆိုကြသေး၏, စစ်ကြည့်ကြလေတော့၊] သိဿာနံ-တပည့်တို့၏၊ ကခံ- ယုံမှားခြင်းကို၊ ကိရတိ(အပနေတိ) ပယ်ရှားတတ်၏၊ ဣတိ - ထို့ကြောင့်၊ ကိတံ- ကိတမည်၏၊ ပစ္စည်းမပါပဲ ခတ်ချည်းနေလျှင် ကံဟောလား, ကတ္တားဟောလား စသည်ဖြင့် မထင်ရှားပဲ ယုံမှားဖွယ် ရှိ၏၊ ထို့ကြောင့် ပစ္စည်းသည် စာသင်သားတို့၏ ယုံမှားသံသယကို ပယ်ဖျောက်တတ်သောကြောင့် ကိတမည်၏။

**ကိတ်ကျမ်း**။ ။ထို ပစ္စည်းသည် တဗ္ဗအနီစသော ပစ္စည်း-ဏ စသော ပစ္စည်း ဟု ၂-မျိုးရှိရာ တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စပစ္စည်းတို့သည် ကိစ္စဟူသော နာမည်ထူး ရပြီးဖြစ်သောကြောင့် ဏ စသော ပစ္စည်းများကိုသာ

(ခ) ဟိ-ချဲ့ဦးအံ့၊ တနည်း, ဟိ (ယသ္မာ)-အကြင်ကြောင့်၊ အတ္တဝိသာရဒ မတယော-အနက်၌ ရဲရင့်သော ပညာလည်း ရှိကုန်ထသော၊ ဇိနဿ-မြတ်စွာဘုရား၏၊ သာသနဓရာစ-သာသနာ့ဝန်ဆောင်လည်း ဖြစ်ကုန်ထသော၊ မတာ-ပညာရှိတို့သည်၊ ပယောဂံ - ပြယုဂ်ကို၊ သာဓနမူလံ—သာဓနလျှင် အရင်းခံရှိ၏ ဟူ၍၊ အာဟု- ဆိုကုန်၏၊ အတ္ထဥ္စ—အနက်ကိုလည်း၊ ပယောဂမူလံ- ပြယုဂ်လျှင် အရင်းခံရှိ၏ ဟူ၍၊ အာဟု-ကုန်၏။

---

''ကိဘ''ဟု ခေါ်ရတော့သည်၊ ကိတဿ-ကိတ်ပစ္စည်း၏၊ ကပ္ပေါ-ကျမ်းတည်း၊ ကိတကပ္ပေါ-ကိတ်ကျမ်း။ [ဤကျမ်း၌ ကိစ္စပစ္စည်းကိုပါ ပြမည်ဖြစ်သော်လည်း ကိတမည်သော ပစ္စည်းတို့ကများသောကြောင့် ယေဘုယျနည်းအားဖြင့် ကိတကပ္ပ (ကိတ်ကျမ်း) ဟု ခေါ်ရတော့သည်၊] ဤ ကိတကပ္ပံပါဌ်ဖြင့် ကျမ်း၏ နာမည်(အဘိဓာန)ကို ပြ၏၊ ကိတဟူသော ပုဒ်တစိတ်ဖြင့် ကျမ်း၏ ဟောနက်ဖြစ်သော အဘိဓေယျကိုလည်း ပြသည်၊ သာဓနပုဒ်၏အဖွင့်ကို နောက်မှ ပြအံ့။

---

(ခ) သာဓနမူလံ ဟိ၊ပေ၊မတာ။ ။''သာဓနမူလံ ဟိ ပယောဂံ''ဟူသော ပဌမပါဒ၌ ၃-ဂိုဏ်းကို ဂ အက္ခရာဖြင့် တလုံး ခုန်ကျော်လျက် ရှိသောကြောင့် ဝိပုလအရိယာဂါထာဟု ဆိုကြ၏၊ ''သာဓနမူလံ ဟိ ပယောဂံ, အာဟု ပယောဂမူလ မတ္ထဥ္စ၊ အတ္တဝိသာရဒ မတယော, သာသနဓရာ ဇိနဿ မတာ''ဟု သီဟိုဠ်မှုကို နည်းမှီး၍ပြင်မှ ဆန်းစစ်၍ရမည်၊ သီဟိုဠ်မှုအတိုင်းလည်း ဆန်းစင်၍ မရ၊ ''သာသနမူလံဟိ''မှ စ၍''သာဓနေန ယုတံ''အထိ ၃-ဂါထာဖြင့် မူလပဋိညာဉ်ကို ထပ်မံ ချဲ့ထွင်၍ အနုပဋိညာဉ်ကို ပြုပြန်သည်၊ ထို့ကြောင့် ''ဟိ-ချဲ့ဦးအံ့'' ဟု ပေးရသည်၊ မှန်၏—ပဌမဂါထာ၌ သာသာဓနံ ကိတကပ္ပံကို ချဲ့ထွင်၍ သာဓနမူလံ ဟိ စသည်ကိုလည်းကောင်း, ဝက္ခာမိ သိဿက ဟိတံ ကိတကပ္ပံ သာဓနေန ယုတံ''ဖြင့် အနုပဋိညာဉ် (နောက်ထပ် ဝန်ခံမှု) ကိုလည်းကောင်း ပြသည်၊ အနက်ဉာဏ်၌ ရင့်သန်ရဲရင့်သော သာသနာ့ဝန်ဆောင် ပညာရှိများက ပါဠိပိဋကအရပ်ရပ် ပြယုဂ်သည် ကိတ်ပုဒ်ဟူသော သာဓနလျှင် အရင်းခံရှိ၏ဟုလည်းကောင်း, အနက်ဟူသမျှလည်း ပါဠိပိဋက အရပ်ရပ်ပြယုဂ်လျှင် အရင်းခံရှိ၏ဟုလည်းကောင်း မိန့်ဆိုကြသည်—ဟူလို။

သာဓန၊ပေ၊မာဟု။ ။(နောက်၌ ပြလတ္တံ့အတိုင်း)ကတ္တုသတ္တိ စသည်ကို ''သာဓန''ဟု ခေါ်ရသော်လည်း ဤနေရာ၌ ထို သာဓနကိုပြသော ကိတ်ပုဒ်များကို ကာရဏူပစာရနည်းအားဖြင့် သာဓနဟု ယူပါ၊ ထို့ပြင်-ထိုထိုသုတ်၌ ပုံစံထုတ်အပ်သော ပါဠိအတိုစားကလေးတွေကိုသာ''ပြယုဂ်''ဟု ခေါ်ဝေါ်ရိုးရှိသော်လည်း ဤနေရာ၌မူ ပါဠိတော်အဋ္ဌကထာ၌ ရှိသမျှပါဠိစုကိုပင်''ပြယုဂ်''

(ဂ) ဒေသက ဝိကလော-ခရီးညွှန် လမ်းပြသူမရှိသော၊ အဒ္ဓော- သူကန်းသည်၊ နဋ္ဌောယထာ-ပျက်စီးရတော့သကဲ့သို့လည်းကောင်း၊ ဃတမဇ္ဈတေလာနိ-ထောပတ် ပျားရည် ဆီတို့သည်၊ ဘာဇနေဟိ-အိုးခွက်တို့နှင့်၊ (သီမူ၌ "ဘာဇနေ န"ဟု ရှိ၏၊) ဝိနာ-ကင်း၍၊ ဝါ-ကင်းသည်ရှိသော်၊ နဋ္ဌာနိယထာ-ပျက်စီးရ

---

ဟု ဆိုလိုသည်၊ ထို ပိဋကပြယုဂ်ခတ္တသည် ကိတ်ပုဒ်သာလျှင် အရင်းခံ ရှိ၏၊ မှန်၏—အချို့သော "တီဃ"စသော ရှင်္ဂနာမ်နှင့် ဥပသာရနိပါတ် အာချာတ်ပုဒ်တို့မှတပါး များစွာသော ပိဋကပါဠိတော်၌ ရှိသမျှ ပြယုဂ်တွေသည် ကိတ်ပုဒ်သာလျှင် အရင်းခံရှိ၏၊ ကိတ်ပုဒ်သည့်ပင် နာမ်ဝိဘတ် သက်၍ ကိတ်နာမ် ဖြစ်ရ၏၊ ကိတ်နာမ် ၂-ခုကို ပေါင်းစပ်၍ သမာသ်ဖြစ်၏၊ ကိတ်နာမ် သမာသ်နာမ်တို့နောင် တဒ္ဓိတ်ပစ္စည်းသက်၍ တဒ္ဓိတ်နာမ် ဖြစ်ရ၏၊ စာမျက်နှာ တရွက်လောက် ကြည့်လျှင် ကိတ်ပုဒ်တွေ အရင်းခံပါဝင်နေကြောင်းကို ကောင်းကောင်းသိသာ၏၊ ထို့ကြောင့် "သာဓနမူလံ ပယောဂံ အာဟု"ဟု မိန့်သည်။

ပယောဂမူလံ မတ္ထဥ္စ။ ။အတ္ထဟူသည် ပါဠိတော်အဋ္ဌကထာတို့၌ ပြထားအပ်သော "လူမိုက်တို့ကို မပေါင်းသင်း မဆည်းကပ်ခြင်း, လူလိမ္မာ ပညာရှိတို့ကို ပေါင်းသင်း ဆည်းကပ်ခြင်း, ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း" ဤသို့ စသော အနက် အဓိပ္ပာယ်များတည်း၊ ထို အနက် အဓိပ္ပာယ်များသည် "အ-သေဝနာစ ဗာလာနံ, ပဏ္ဍိတာနဉ္စ သေဝနာ, ပူဇာစ ပူဇနီယာနံ"ဟူသော ပါဠိပြယုဂ်လျှင် အရင်းခံရှိသည်၊ ဤစကားသည် အထူးအဆန်း မဟုတ် "အတ္ထော အက္ခရသညာတော"သုတ်၏ အဓိပ္ပာယ်ကို တမျိုး ပြင်ဆင်ထားသော စကားသာတည်း။

အတ္ထ၊ပေ၊မတာ။ ။ "အတ္ထေ"ဟု ယခုစာတို့၌ တွေ့ရ၏၊ သီမူ၌ "အတ္ထဝိသာရဒမတယော"ဟု ရှိ၏၊ ထို အတိုင်းရှိမှ "အတ္ထဝိ+သာရဒ+မတယော" ဟု ၃-ဂိုဏ်းဖြစ်၍ ဆန်းတည့်သည်၊] အတ္ထေ+ဝိသာရဒမတိ+ ယေသံတိ အတ္ထဝိသာရဒ မတယော = အနက်၌ ရဲရင့်သော ဉာဏ်ရှိသူတို့၊ ဝါ- အနက်ဉာဏ်ရင့်သန်ကြီးမားသူတို့၊ [သာသနဿုဇ္ဇော"ဟု ယခုစာတို့၌ တွေ့ရ၏၊ ဆန်းစစ်၍လည်း မရ, သဒ္ဒါနေလည်း မလှ၊ ထို့ကြောင့်"သာသနုဇ္ဇောတ"ဟု သီမူအတိုင်း ကောင်းသည်၊] သာသနံ+ဇောတေန္တီတိ သာသနုဇ္ဇော- ပရိယတ်သာသနာ့ဝန်ဆောင်များ၊ မဉ္ဇိတ္တ-အရာရာ၌ တတ်သိကုန်၏၊ ဣတိ, မတာ-တို့မည်၏၊ မတာ-တတ်သိနားလည်သော ပညာရှိများ။

(ဂ) အဒ္ဓော ၊ပေ၊ နဋ္ဌာနိ။ ။[ပဏ္ဍျာအရိယာဂါထာ၊] သူကန်းသည် တုတ်ဆွဲ၍ဖြစ်စေ, လက်တွဲ၍ဖြစ်စေ လမ်းပြသူမရှိလျှင် ဟိုတိုက် သည်တိုက်နှင့် သေကြေပျက်စီးရ၏၊ အကောင်းအမွန် အရသာဖြစ်သော ထောပတ် ပျားရည်

ကုန်တော့**သကဲ့သို့** **လည်းကောင်း၊** **တထာ** - ထို့အတူ၊ **ပယောဂဝိကလော**- ပြယုဂ်ချို့တဲ့သော၊ ဝါ - ပြယုဂ်မရှိသော၊ **အတ္ထော** - **အနက်သည်၊** **နဿ**— **ပျက်စီးရတော့၏။**

(ဿ) **တသ္မာ** - ထို့ကြောင့်၊ ဒုလ္လဘာသ - ခဲယဉ်းစွာ ရအပ်သော၊ ဝါ— ရနိုင်ခဲ**သော၊** မုနိဝစနတ္ထဿ — ဘုရားပါဠိ**တော် အနက်ကို၊** **သံရက္ခဏတ္ထံ**— **ကောင်းစွာ** စောင့်ရှောက်ခြင်း**အကျိုးငှာ၊** အဟံ - ငါသည်၊ သိဿကဟိတံ- **တပည့်အများ၏** **စီးပွားဖြစ်သော၊** **သာဝနေန**- သာဝနနှင့်၊ ယုတံ- ယှဉ်သော၊ **ကိတကပ္ပံ-ကိတ်ကျမ်းကို၊** **ဝက္ခာမိ-ဆိုပေအံ့။**

---

ဆီတို့**လည်း** ထည့်ဖို့ရာ အိုးခွက် **မ**ရှိလျှင် ပျောက်ပျက်ကြရ၏၊ ထို့အတူ ပါဠိ ပြယုဂ်**မ**ရှိသော အနက်အဓိပ္ပာယ်သည်လည်း ကေန်ပျောက်ကွယ် ပျက်**စီး**ရလေ **သည်**-ဟူလို၊ [ ကဿပဘုရားရှင် ဟောတော်မူအပ်သော ပိဋကတ်၏ အနက် **အဓိပ္ပာယ်များသည်** ထိုပိဋကတ်ပြယုဂ်များ ကွယ်ပသည်နှင့်တပြိုင်နက် ပျောက် ကွယ်ခဲ့ရခြင်းမျိုးတည်း၊ **ဤ**စကားလည်း အဆန်းမဟု**တ်,** "အက္ခရစိပတ္တိယံဟိ အတ္ထဿ ဒုန္နယတာ ဟောတိ" ဟူသော စာသွားနှင့် "သေယျံ ဇိနေရိတ နယေန ဗုဓာ လဘန္တိ"ဟူသော စာသွားကို တမျိုးပြင်ထားသောစကားတည်း၊] "နဿ နဿာနိ" ၌ နဿသည် အနဿ၏ စပ်ပုဒ်, နဿာနိသည် ဃတမဓု တေလာနိ၏ စပ်ပုဒ်**တည်း**။

**တထာ၊ပေ၊အတ္ထော။** ။"တထာ ပယောဂဝိကလော အတ္ထော"၌ **နဿ** ပုဒ်ကို လိုက်စေ၍ အနက်ပေးရသည်၊ **အန္ဓ-ဃဋ္ဌ-မဓု**-တေလ တို့နှင့် အတ္ထသည် တူ၏၊ ဒေသက-ဘာဇနတို့နှင့် ပယောဂသည် တူ၏၊ ဒေသက မရှိသော အန္ဓ သည်လည်း**ကောင်း** ဘာဇန မရှိသော ဃဋ္ဌ စသည်တို့သည်လည်း**ကောင်း** ပျက် စီးကြရသကဲ့သို့, ပယောဂ (ပါဠိတော်) မရှိလျှင် သီလ သမာဓိ ပညာစသော **အနက်**အဓိပ္ပာယ်များ **ကေန်** ပျောက်ကွယ်ကြရတော့သည်—ဟူလို။

(ဿ) **တသ္မာ** ၊ပေ၊ ယုတံ။ ။[ ဤဂါထာလ**ည်း** ပထျာအရိယာပင်၊ သို့သော် "**သံရက္ခတ္ထံ**" ဟု ရှိမှ ဆန်းတည့်မည်၊ ယခုစာတို့၌ "သံရက္ခဏတ္ထံ" ဟု တွေ့ရ၏၊ ဤ၌ "တသ္မာ" ရှိသောကြောင့် သာဝနမူလံ ဟိ၌ "ဟိယသ္မာ" ဟု အနိယမ ဟိတ်**အ**နက် တနည်းပေးခဲ့ရသည်၊] သီလ **စသောအနက်၏ အရင်းခံ** သည် ပါဠိပြယုဂ်တ**ည်း**၊ ပါဠိပြယုဂ်၏ အရင်းခံ**ကား** **သာဝန**(ကိတ်ပုဒ်)တည်း၊ ထို့ကြောင့် အလွန်ရခဲသည့် ပါဠိတော်၏ **အနက်ကို** မပျက်မကွက်အောင် စောင့်ရှောက်လိုလျှင် အရင်းခံ မူလ**ဖြစ်**သော ကိတ်ပုဒ် **သာဝန**တွေ မှန်မှန် **ကန်ကန်** **တည်**ရှိဖို့ရာ အရေးကြီးရကား ဘုရားပါဠိတော်၏ **အနက်များကို** စောင့်ရှောက်ခြင်းငှာ တပည့်တို့၏ စီးပွားဖြစ်**သော** ကိတ်ကျမ်းကို **သာဝနနှင့်** တကွ (သာဝနတို့ကို ပြဆိုရာ) ကိတ်ကျမ်းကို ပြဆိုပေအံ့။

**သာဓန**။ ။**သာဓိယတိ** နိပ္ဖာဒိယတိ ကြိယာ **ဧတေနာတိ** သာဓနံ၊ **ဧတေန**- ဤ **ကမ္မသတ္တိ အစရှိသည်သည်**၊ ကြိယာ-ကို၊ သာဓိယတိ နိပ္ဖာဒိယတိ-ပြီးစေ **အပ်၏**၊ ဣတိ-ထိုသို့ ကြိယာကို ပြီးစေတတ်သည်၏အဖြစ်ကြောင့်၊ တံ- ထို ကမ္မ **သတ္တိ အစရှိသည်သည်**၊ သာဓနံ-မည်၏၊ (အဝုတ္တကတ္တုသာဓန)၊ "သာဓေတိ- ပြီးစေတတ်၏၊ ဣတိ, သာဓနံ" ဟု ဝုတ္တကတ္တုသာဓန**လည်း** ပြု၊ ဤဝိဂ္ဂဟ်အရ ကြိယာကို ပြီးစေတတ်သော ကမ္မ သတ္တိ ကတ္တုသတ္တိစသည်သည် သာဓနမည်၏။

ချဲ့ဦးအံ့—"**ကတ္တဗ္ဗံ** - ပြုအပ် ပြုလိုက်သောကိစ္စ" ဟူရာ၌ ကိစ္စလုပ်ငန်းဝယ် "ကြိယာ ပါပုဏန" ဟု ခေါ်ရသော ပြုခြင်းကြိယာဖြင့် ရောက်အပ်သော သတ္တိ ရှိ၏၊ ထိုသတ္တိကို ကမ္မသတ္တိဟု ခေါ်၏၊ [ ကြိယာ-ကြိယာသည်+ပါပုဏန= ရောက်အပ်သော သတ္တိ။] ထို ကြိယာပါပုဏန ကမ္မသတ္တိက ပြုခြင်းကြိယာကို ပြီးစေသည်၊ "ပါစကော-ချက်တတ်သူ" ဟူရာ၌ ပါစကအရ စဖိုသည် ဒြပ်၌ "ကြိယာ နိပ္ဖာဒန" ဟု ခေါ်ရသော ချက်စွမ်းနိုင်သော ကတ္တုသတ္တိ ရှိ၏၊ ထို ကတ္တုသတ္တိက ချက်ခြင်းကြိယာကို ပြီး စေ ဖြစ်စေသည်၊ ဤသို့ ဆိုင်ရာကြိယာကို ပြီးစေတတ် ဖြစ်စေတတ်သော သတ္တိကိုပင် **ကမ္မသာဓန** ကတ္တုသာဓနစသည်ဖြင့် ခေါ်သည်၊ (အကျယ်ကို **ကာရကခန်း**၌ ပြခဲ့ပြီ။]

သတ္တိ ဒဗ္ဗ သဒ္ဒ။ ။ဤ သာဓန၌လည်း **ကာရက**ကဲ့သို့ သတ္တိသာဓန ဒဗ္ဗ **သာဓန** သဒ္ဒသာဓနဟု ၃-မျိုးခွဲနိုင်၏၊ ထိုတွင် ပါစကော၌ ချက်စွမ်းနိုင်သော **သတ္တိသည်** မုချ ကတ္တု သာဓန, ထိုသတ္တိ၏ တည်ရာစဖိုသည် ဒြပ်သည် ဥာနျူ ပစာရအားဖြင့် ကတ္တုသာဓန, ထိုဒြပ်ကို ဟောသော ပါစကော**သဒ္ဒါသည်** ဒြပ် နက်ကို **အကြောင်းပြု၍** ကာရဏူပစာရအားဖြင့် ကတ္တုသာဓန မည်၏၊ ဤသို့ စသည်ဖြင့် ကမ္မစသော သာဓန ၆-ပါး၌ ခွဲရာ၏။

ဘာဝသာဓန။ ။ဘာဝသာဓနကား "သာဓိယတေ-ကတ္တားသည် ပြီးစေ အပ်၏, ဣတိ သာဓနံ" ဟု ဝိဂ္ဂဟ်ပြု၍ ကတ္တားသည် ပြီးစေအပ် ဖြစ်စေအပ်သော ကြိယာတည်း၊ ထို ဘာဝဟူသည် "ဖြစ်ခြင်း—ပြုခြင်း" ကြိယာမျှသာ ဖြစ်၍ ကတ္တုကမ္မစသော သာဓန ၆-ပါး၌ကဲ့သို့ သတ္တိကို အရမကောက်နိုင်၊ "ဘဝိ တဗ္ဗံ—ဖြစ်ခြင်း" ဟူရာ၌ ဖြစ်ခြင်းကြိယာသည် မုချ ဘာဝသာဓနတည်း၊ ထို သာဓနကိုဟောသော "ဘဝိတဗ္ဗံ"ပုဒ်ကား အနက်ကို အကြောင်းပြု၍ ကာရဏူ ပစာရ အားဖြင့် ဘာဝသာဓန မည်၏၊ ကာရက အနက်များကို အံ စသော ဝိဘတ်က ဟောသကဲ့သို့ ဤ သာဓနအနက်များကိုလည်း ကိတ ကိစ္စပစ္စည်းတို့က ဟောကြရသည်၊ ["ကတ္တုသာဓန၌ "တတ်" ကမ္မသာဓန၌ "အပ်" စသည်ဖြင့် မြန်မာပြန်ရကြောင်းနှင့်တကွ သာဓန ၇-ပါး၏သရုပ်ကို အခြေပြု၍ ပြခဲ့ပြီ။]

ကာရက သာဓနအထူး။ ။"ကရောတိ ကြိယံ အဘိနိပ္ဖာဒေတီတိ ကာရကော, သာဓိယတိ ဧတေနာတိ သာဓနံ" ဟူသော ဝိဂ္ဂဟ် ၂-မျိုးအရ ကြိယာကို

ဓာတုယာ ကမ္မာဒိမှိဏော

၅၂၄။ ကမ္မာဒိမှိ (သတိ) ဓာတုယာ-ဓာတ်မှ နောက်၌၊ ဏာပစ္စယော ဟောတိ-၏၊ ကမ္မံ-အမှုကို၊ ကရောတိ-ပြုတတ်၏၊ ဣတိ-ထို့ကြောင့်၊ ကမ္မကာရော-ကမ္မကာရ မည်၏၊ (ကမ္မကာရော-အလုပ်သမား၊)ဧဝံ-တူ၊ ကုမ္ဘကာရော-အိုးကို ပြုလုပ်သူ၊ (အိုးလုပ်သူ, အိုးတိန်းသည်၊) မာလာကာရော-ပန်းကိုပြုလုပ်သူ၊ (ပန်းသည်၊) ကဋ္ဌကာရော-ထင်းကို ပြုလုပ်သူ၊ ( ထင်း အလုပ်သမား, ထင်းသည်၊ ) ရထ

---

ပြီးစေတတ်သော သတ္တိကို ကာရကဟုလည်းကောင်း သာဓနဟုလည်းကောင်း ခေါ်ရာ၌, ထို ၂-မျိုး အဘယ်သို့ ထူးသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား- ကြိယာပုဒ်ကို ငဲ့သော အံ စသော ဝိဘတ်နှင့်တကွသော နာမ်ပုဒ်၏အနက်သည် ကာရကမည်၏၊ ဓာတ်နှင့်တကွသော ပစ္စည်း၏အနက်သည် သာဓန မည်၏။

ဥပမာအားဖြင့်-"ပါစကံ- စဖိုသည်ကို၊ ပဿတိ- မြင်၏"ဟူရာ၌ ပဿတိဟူသော ကြိယာပုဒ်ကို ငဲ့သော (ကြိယာပုဒ်ရှိမှ ဖြစ်ပေါ်လာသော) အံ ဝိဘတ်နှင့်တကွ ပါစကံဟူသော နာမ်ပုဒ်၏ ( "စဖိုသည်ကို" ဟူသော ) အနက်သည် ကာရက မည်၏၊ (ဤ၌ ဝိဘတ်ချည်း သက်သက် မဖြစ်နိုင်သောကြောင့် "ပါစက" ကို ထည့်၍ဆိုရသည်၊ အမှန်မှာ-ပဿတိဟူသော ကြိယာကိုငဲ့၍ ဖြစ်ပေါ်လာသော "အံ" ဝိဘတ်၏ (ကို-ဟူသော) အနက်သာ ကာရကတည်း၊ "ပါစကော-စဖို သည်"ဟူရာ၌ကား ကာရကသတ္တိနက် မပါ, လိင်အနက်သာ ရှိ၏၊ ထို့ကြောင့် "ကြိယာကိုငဲ့သော" ဟုလည်း ဝိသေသန ထည့်ရသည်၊ တိ - အန္တိ စသော အာချာတ်ဝိဘတ်များ၏ အနက်လည်း ကာရကပင်တည်း၊] ပစဓာတ်နှင့်တကွ သော ဏွုပစ္စည်း၏ ("ချက်တတ်" ဟူသော ) အနက်သည် သာဓန မည်၏၊ [ ဤ၌လည်း ဏွု ပစ္စည်း မဖြစ်နိုင်၍ ဓာတ်ကို ထည့်ရသည်၊ အမှန်မှာ — ဏွုပစ္စည်း၏(တတ်ဟူသော)အနက်သာ သာဓနတည်း၊] ဤကား ဘေဒစိန္တာ အဆိုတည်း။

[ဆောင်] ကြိယာပုဒ်မငဲ့, ငဲ့တုံလတ်သည့်, ဝိဘတ်ရောဘက်, နာမ်ပုဒ်နက်ကို,
ခေါ်ဆိုလေရ, ကာရကရှင့်၊ ဓာတ်နှင့် ရောဘက်, ပစ္စည်းနက်မှာ,
ဆက်ဆက်မှတ်ကြ, သာဓနသည်, ဘေဒစိန္တာ အမိန့်တည်း။

---

၅၂၄။ ဓာတုယာ ကမ္မာဒိမှိ။ ။ "ဝက္ခာမိ ကိတ ကပ္ပံ" ဟူသော ပဋိညာဉ် အားလျော်စွာ ယခုအခါ၌ ပဋိညာတပကရဏ ( ဝန်ခံအပ်ပြီးသော ကိတ်ကျမ်း)ကို ပြဖော်မူလိုသောကြောင့် ဓာတုယာ ကမ္မာဒိမှိဏော" စသော သုတ်ကို မိန့်၊ ဤ၌ "ဓာတုယာ"အရ ဘူဝါဒယော ဓာတဝေါ သုတ်ဖြင့် အမည် မှည့်အပ်သော ဓာတ်ဟူသမျှကို ယူ၊ ကမ္မဥ-ကံပုဒ်လည်း ဟုတ်၏၊ တံ-ထို ကံပုဒ်

ကာရော-ရထားကို ပြုလုပ်သူ၊ (ရထား အလုပ်သမား၊) ရဇတကာရော—ငွေကို ပြုလုပ်သူ၊ (ငွေပန်းထိမ်သည်၊) သုဝဏ္ဏကာရော-ရွှေကို ပြုလုပ်သူ၊ (ရွှေပန်းထိမ်သည်၊) ပတ္တဂ္ဂါဟော-သပိတ်ကို ကိုင်သူ၊ တန္တဝါယော-ယက်ကန်းကို ရက်သူ၊ ဓညမာယော-စပါးကိုချင့်သူ၊ ဓမ္မကာမော-တရားကို လိုလားသူ၊ ဓမ္မစာရော-တရားကို ကျင့်သူ၊ (၅၆၂)။

---

ဟူသည်၊ အာဒိစ ဓာတ်၏အစလည်း ဟုတ်၏၊ ဣတိ ကမ္မာဒိ၊ (ရူဋ္ဌီကာ ဝိဂ္ဂဟ်)၊ ဤကမ္မာဒိမှိပုဒ်ကိုထောက်၍ ရုပ်တွက်သည့်အခါ ဓာတ်၏အစ၌ ကံပုဒ်ရှိကြောင်း ထင်ရှားအောင် ကမ္မကုမ္ဘတို့နောင် ဒုတိယာ (အံ) ဝိဘတ် သက်၍ ရူပသိဒ္ဓိ ရုပ်တွက်သည်။

ကိတန္တသမာသ်။ ။ကမ္မံဟူသော နာမ်ပုဒ်နှင့် ကာရဟူသော ကိတ်ပုဒ်ကို စပ်ထားသောကြောင့် ဤ''ကမ္မကာရော''စသော ပုဒ်ကို''ကိတန္တသမာသ်ပုဒ်'' ဟု ခေါ်၏။ [ကိတန္တောစ· ကိတ်ပစ္စည်း အဆုံးရှိသည်လည်း ဟုတ်၏၊ သော-ဟူသည်၊ သမာသောစ· သမာသ်လည်း ဟုတ်၏၊ ဣတိ ကိတန္တ သမာသော၊] ဤသို့ ကိတန္တသမာသ်ပုဒ် ဖြစ်သောကြောင့် ဤပုဒ်များကို ရုပ်တွက်သည့်အခါ သမာသ်အစီအရင်လည်း ပါဝင်အောင်တွက်မှ စည်းကမ်းကျပေလိမ့်မည်၊ ထိုသို့ ကိတန္တသမာသ် ရုပ်တွက်ပြရာဝယ် ရူပသိဒ္ဓိစာကိုယ်နှင့် ဋီကာတို့ စာအနေချင်း မတူကြချေ၊ ဋီကာစာနေပုံက သာ၍ကျနသောကြောင့် ဋီကာအတိုင်းတွက်ပြအံ့။

ရုပ်တွက်ပုံ။ ။ကမ္မကာရောကို ကမ္မသဒ္ဒူပပဒ ကရတည်, ကရ=ကရဏေ အနက်၌ ဓာတ်မှည့်, အဆုံးသရချေ- ကိုဟူ၍ ၊ပေ၊ ကမ္မနောင် အံသက်, ခွင်း, ချေ, ကပ်၊ ဓာတုယာ ကမ္မာဒိမှိ ဏော သုတ်ဖြင့် ဏသက်, ကာရိတံဝိယ စသော သုတ်ဖြင့် ကာရိတ်ကဲ့သို့ငဲ့, ဏ အနုဗန်ချေ, အသံယောဂန္တဿစသော သုတ်ဖြင့် က၏(အ)ကို အာဝုဒ္ဓိပြု, ရ်ကို အသို့ကပ်။ [''ကမ္မံ+ကာရ'' ဟု ကိတ်ပစ္စည်း ဆုံးလျက်ရှိ၏၊ထို့ကြောင့် ဤနေရာဝယ် သမာသ်အစီအရင် သွင်းရတော့မည်။] အမာဒယော ပရပဒေဘိ သုတ်ဖြင့် ကမ္မံနှင့် ကာရကို သမာသ်စပ်၍ တပ္ပုရိသ် အမည်မှည့်, နာမာနံ သမာသောသုတ်ဖြင့် သမာသ်အမည်မှည့်, တေသံ ဝိဘတ္တိယောသုတ်ဖြင့် ကမ္မံ၌ အံကိုချေ၊ ပကတိစဿသရန္တဿသုတ်ဖြင့် ကမ္မဟု ပကတိ ပြု (ကမ္မကာရ) နာမ်ငဲ့, သိသက်, သြပြု, ကမ္မကာရော ပြီး၏။

ရှင်းလင်းချက်။ ။'' ကမ္မံ+ကာရ '' ဟု ကာရနောင် ဝိဘတ်မသက်ခင် (နာမ်ပုဒ် မဖြစ်ခင်) သမာသ်စပ်မှ ကိတန္တသမာသ် ဟု ခေါ်နိုင်မည်၊ ''ကမ္မံ+ကာရော''ဟု ကာရနောင် ဝိဘတ်သက်ပြီးမှ သမာသ်စပ်လျှင် ကိတန္တသမာသ်ဟု မခေါ်ရပဲ ''ဘူမိ +ဂတော''ကဲ့သို့ ရိုးရိုးသမာသ်သာဖြစ်မည်၊ ထို့ပြင်- ''ကမ္မ

ကာရော” သမာသ်မျိုးကို နိစ္စသမာသ်ဟု ဆို၏၊ နိစ္စသမာသ်ဖြစ်လျှင် “ကမ္မံ+ ကာရော”ဟု ဝိဘတ်ချေ ၂-ပုဒ်ခွဲ၍ ကာရောချည်းမနေနိုင်၊ အကယ်၍နေနိုင်လျှင် “ဘူမိံ + ဂတော- ဘူမိဂတော” ကဲ့သို့ “ကမ္မံ + ကာရော - ကမ္မကာရော” ဟု အနိစ္စသမာသ်သာ ဖြစ်လိမ့်မည်၊ ဤမျှသာမကသေး- ဓာတုယာ ကမ္မာဒိမှိဏော သုတ်က ကံပုဒ်အစရှိလျက် ဓာတ်နှင့် တဆက်တည်းရှိမှသာ ဏပစ္စည်း သက်၏၊ ကံပုဒ်အစမရှိပဲ ကံပုဒ်တခြား, ဓာတ်တခြား ဖြစ်နေလျှင် ဏပစ္စည်း မသက်နိုင်၊ ထို့ကြောင့် ကံပုဒ်ကိုအစထားလျက် တဆက်တည်းတည်နေသောဓာတ်နောက်၌ ဏပစ္စည်း သက်၍ “ ကမ္မံ+ကာရ ”ဟု ပြီးလျှင် ပြီးခြင်း နာမ်ဝိဘတ် မသက်ရ သေးမီ ကိတ်ပစ္စည်း ဆုံးခိုက်၌သာ ကမ္မံနှင့် ကာရ, ကုမ္ဘံနှင့် ကာရ စသည်ကို သမာသ်စပ်မှ ကိတန္တသမာသ်ဟူသောနာမည်နှင့် လိုက်မည်၊ ဘူမိဂတော၌ကား ဂတောပုဒ်ချည်း သက်သက်(ကံပုဒ်အစ မရှိပဲ) နေနိုင်သောကြောင့် ဂတောဟု နာမ်ဝိဘတ်ဆုံးသော နာမ်ပုဒ်အခိုက်ကျမှ သမာသ်စပ်ရသဖြင့် ကိတန္တသမာသ် ဟု မခေါ်ရတော့ပြီ။

ရူပဒီကာ။ ။ယဒိ ဟိ သမာသတော ပုရေတရမေဝ ကာရသဒ္ဒသ ကိတန္တတ္တာ တတော သျာဒျုပ္ပတ္တိ ဘဝေယျ၊ တဒါ “ကုမ္ဘံ-ကာရော”တိ သကပဒေနေဝ ဝါကျံ ဘဝေယျ၊ ဘူမိံ+ဂတော တျာဒီသု ဂတ သဒ္ဒဿေဝ၊ ကာရောတိ ဠမဿ ဝိသုံ ပယောဂေါဝိ အာပဇ္ဇေယျ, နစ တံ ယုတ္တံ၊ ဓာတုယာကမ္မာဒိမှိဏောတိ ဝေဝံသုတ္တေ ကမ္မူပ ပဒေ သတိယေဝ နုပစ္စယ ဝိဓာနတော၊ ဧဝဉ္စ သတိ ကာရောတိ အယံ သဒ္ဒေါ အဝိဘတျန္တောဝ ကုမ္ဘသဒ္ဒေန သမသီယတီတိ သိဒ္ဓံ။

ဝိဘတ်မသက်ခင် ပုဒ်ခေါ်နိုင်ပုံ ။ “ဝိဘတျန္တံ ပဒံ = ဝိဘတ်ဆုံးသော သဒ္ဒါသည် ပုဒ်မည်၏” ဟူသည်နှင့်အညီ “ ကာရော ”စသည်ဖြင့် နာမ်ဝိဘတ် ဆုံးမှ ပုဒ်ခေါ်ရိုး ရှိ၏၊ ကမ္မံနှင့် ကာရကို သမာသ်စပ်ရာ၌ ကာရသည် ဝိဘတျန္တ ပုဒ်မှ မဟုတ်သေးရကား အဘယ်မှာ သမာသ်ဖြစ်နိုင်ပါအံ့နည်း,ပုဒ်အချင်းချင်း စပ်မှ သမာသ် ဖြစ်ရိုးရှိရာဝယ် ဤ ကမ္မံ+ကာရ၌ ကာရသဒ္ဒါသည် ပုဒ်မဟုတ် သေးပါတကား-ဟု စောဒနာဖွယ် ရှိ၏၊ “ ဝိဘတျန္တံ ပဒံ ”ဟု ဆိုရိုးရှိသော် လည်း “ပုဗ္ဗာပရာနံ အတ္ထုပလဒ္ဓိယံ ပဒံ”ဟု ပရိဘာသာတမျိုးရှိသေး၏၊ [ပုဗ္ဗာ ပရာနံ - ရှေ့နောက် အက္ခရာတို့၏၊ အတ္ထုပလဒ္ဓိယံ—အနက်ကို သိရခြင်းသည်၊ သတိ- သော်၊ ပဒံ- ပုဒ်မည်၏၊] ဤ ပရိဘာသာအရ “ကာရ” သဒ္ဒါ၌ ပြုခြင်း ဟူသောအနက်ကို သိနိုင်သောကြောင့် ဝိဘတ် မသက်ရသေးသော်လည်း ပရ သမညာအားဖြင့် “ပဒ” မည်သည်သာ။ [ ပုဗ္ဗာပရာနံ အတ္ထုပလဒ္ဓိယံ ပဒန္တိ ပရသမညာယ ကာရာဒိသဒ္ဒဿ ပဒဝေါဟာရော၊—သမာသ် ရူပဒီကာ။]

ကမ္မံ ကရောတီတိ ကမ္မကာရော။ ။ကမ္မကာရောကဲ့သို့ ကံပုဒ်အစရှိသော ကိတန္တသမာသ်များသည် နိစ္စသမာသ်တည်း၊ “ကမ္မံ+ကာရော”ဟု ခွဲ၍မဖြစ် နိုင်ပဲ “အမြဲပူးကပ် စပ်နေရသော သမာသ်”ဟူ ဆိုလိုသည်၊ (သမာသ်ခန်း၌

ပြခဲ့သော အပျယီဘောသာသမာသ်တို့ နိစ္စသမာသ်ဖြစ်ပုံမျိုးတည်း)၊ ဤ နိစ္စသမာသ်ဟူသမျှ၌ (အနက်ပေါ်လွင် ထင်ရှားအောင်) ဝိဂ္ဂြိုဟ်ပြုလုပ်လိုလျှင် မိမိပုဒ်ရင်းအတိုင်း ဝိဂ္ဂြိုဟ်ဝါကျပြုလုပ်၍ မဖြစ်၊ ဘာ့ကြောင့်နည်း.... "ကမ္မံ+ကာရော" ဟု ကာရောပုဒ်က သူ့ချည်း သီးခြားမနေနိုင်သောကြောင့်တည်း၊ ထို့ကြောင့် ကာရော၏အနက်ကို ဖော်ပြသော "ကာရောတိ"ဟူသော ပရိယာယ်ပုဒ်ဖြင့်သာ ဝိဂ္ဂြိုဟ်ပြုရသည်။[ကာရောချည်းသက်သက် မနေနိုင်ဟူရာဝယ်"ကာရော-ပြုတတ်သူ"ဟု ကတ္တားအနက်ကို ဟောသော ကာရောပုဒ်ကို ရည်ရွယ်သည်၊ "ကာရော-ပြုခြင်း,ပြုအပ်သောကောင်းမှု"စသည်ဖြင့် ဘောအနက် ကံအနက်ကိုဟောသော ကာရောပုဒ်ကား သူ့ချည်းသက်သက် နေနိုင်၏၊ ထို့ကြောင့်"အဇေ၀+ကာရော အကာရော၊....ယတ္ထ ကာရံ ကရိတ္វာန, သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ" စသည်ဖြင့် ကာရောချည်းနေသော ပြယုဂ်များကို တွေ့နိုင်သည်။

နတ္ထိ နိစ္စသမာသမှိ, ဝိဂ္ဂဟော ဝိဂ္ဂဟော တိစေ၊
အညပဒေန ကာတဗ္ဗော, ကာရသဒ္ဒေါ န ကတ္တရိ။

နိစ္စသမာသမှိ-နိစ္စသမာသ်၌၊ ဝိဂ္ဂဟော-ဝိဂ္ဂြိုဟ်သည်၊ နတ္ထိ—မရှိ၊ ["ကမ္မံ+ကာရော"ဟု မိမိပုဒ်ရင်းဖြင့်ပြုအပ်သော ဝိဂ္ဂြိုဟ်မရှိနိုင်ခြင်းကို ရည်ရွယ်၍ "နတ္ထိ ဝိဂ္ဂဟော"ဟု ဆိုသည်၊] ဝိဂ္ဂဟော-ကို၊ ကာတဗ္ဗော-ပြုထိုက်သေး၏၊ ဣတိ စေ—ဤသို့ ဆိုငြားအံ့၊ အညပဒေန-ကာရောတိ စသော အခြားပုဒ်ဖြင့်၊ ကာတဗ္ဗော-ဝိဂ္ဂြိုဟ်ပြုသင့်၏၊ (ကသ္မာ—အဘယ့်ကြောင့်နည်း၊) ကာရသဒ္ဒေါ - (ကံပုဒ်နှင့်မဖက်ပဲ) ကာရသဒ္ဒါ သက်သက်သည်၊ ကတ္တရိ-ပြုလုပ်တတ်ဟူသော ကတ္တားအနက်၌၊ န-မရှိနိုင်၊ (ဣတိ—ထို့ကြောင့်တည်း၊) ["ကာရသဒ္ဒေါ နကတ္တရိ" ဟူသော စကားလည်း ရှေ့ကံပုဒ်နှင့် တွဲရမည့် ကာရသဒ္ဒါကိုသာ ရည်ရွယ်ဟန်တူသည်၊ "ကုမ္ဘသ-အိုးကို+ကာရော ပြုလုပ်တတ်သူတည်း၊ ကုမ္ဘကာရော-အိုးလုပ်သူ"ဟု ရှေ့က ဆဋ္ဌီနှင့်တွဲရမည့် ကာရသဒ္ဒါကား သူ့ချည်းသက်သက် ကတ္တားဟောအဖြစ်ဖြင့် နေနိုင်သတတ်၊ ထို့ကြောင့် "ကုမ္ဘဿ+ကာရော"ဟု မိမိပုဒ်ဖြင့်ပင် ဝိဂ္ဂြိုဟ်ပြုလုပ်နိုင်သည်။]

ကာလ ၃ ပါးဖြင့် ဝိဂ္ဂြိုဟ်ပြုပုံ။ ။ယခု မြန်မာမူ၌ "ကမ္မံ+ကရောတီတိ ကမ္မကာရော"ဟု ပစ္စုပ္ပန်ကာလဖြင့်သာ ဝိဂ္ဂြိုဟ်ပြုထားသော်လည်း သီဟိုဠ်မူ၌လည်းကောင်း, ရူပသိဒ္ဓိ၌လည်းကောင်း၊ "ကမ္မံ အကာသိ (ပြုပြီ)၊ ကရောတိ (ပြုဆဲ)၊ ကရိဿတိ (ပြုလတ္တံ့)တိ ကမ္မကာရော"ဟု ကာလ ၃-ပါးဖြင့် ဝိဂ္ဂြိုဟ်ပြုထား၏၊ ထိုသို့ကာလ ၃-ပါးဖြင့် ပြုခြင်းလည်း"ကာဒယော တေကာလိကာ" သုတ်နှင့် ညီညွတ်ပေသည်၊ ကုမ္ဘကာရော စသည်၌လည်း "ကုမ္ဘံ+မာလံ+ကဋံ+ရထံ+ရဇတံ+သုဝဏ္ဏံ+ကရောဖ္ဆ အကာသိ ကရိဿတီတိ ကုမ္ဘကာရော-စသည်

ဖြစ်၏၊ ပတ္တံ+ဂဏှာတိ, အဂ္ဂဏှိ, ဂဏှိဿတီတိ ပတ္တဂ္ဂါဟော၊ တန္တံ ဝါယတိ (ရက်ဆဲ), အဝါယိ, ဝါယိဿတီတိ တန္တဝါယော၊ ဓညံ မိနာတိ အမိနိ မိနိဿတီတိ ဓညမာယော၊ ဓမ္မံ+ကာမေတိ အကာမယိ ကာမယိဿတီတိ ဓမ္မကာမော, ဓမ္မံ စရတိ အာစရိ စရိဿတီတိ ဓမ္မစာရော။

မှတ်ချက်။ ။မာလာကာရောဌ် မာလာသည် အာကာရန္တဣတ္ထိလိင်ဖြစ်၍ ပကတိပြုသောအခါ "မာလာ" ဟုပင်ရှိစေရသည်၊ "မာလာဘာရီ-ပန်းကိုဆောင်သူ, ပန်းပန်သူ" ၌ကား "မာလ" ဟု ဣတ္ထိလိင် အာကာရန္တသဒ္ဒါပုဗ္ဗပဒ ကရတည်၊ "မာလာဘာရိနိ (၁၂၀၂)၊ ဘာရီသဒ္ဒေ ပရေ မာလာန္တဿ ရဿော ဟောတိ" ဟု အာသုဗောဓ ဗျာကရဏ်း၌ သီးခြားဆိုသောကြောင့် "မာလာဘာရီ" ဟု ဖြစ်ပြီးမှ ရဿပြုထားသည်၊ ကာရန္တောင်းရှာ၌မူ ထိုကဲ့သို့ အဆိုမရှိသောကြောင့် "မာလာ" ဟုပင် ဒီဃအတိုင်း ရှိသည်။

ရုပ်တွက် ညွှန်ပြချက်။ ။ကုမ္ဘကာရော စသည်ကို ကမ္မကာရော အတိုင်း တွက်, ပတ္တသဒ္ဒါပုဗ္ဗပဒ "ဂဟ=ဥပါဒါနေ" ဟု ဆို၍ ပတ္တဂ္ဂါဟောကိုလည်း ကောဝ်း, တန္တသဒ္ဒါပုဗ္ဗပဒ ဝေတည် "ဝေ=တန္တသန္တာနေ" ဟု ဆို၍ ဓာတ်မှည့်, ကသက်, ကာရိတ်မှည့် စသည်၊ "တန္တံ+ဝေ+၊" ဟု ပြီးသောအခါ ဝေ အာ ဝါယာ ကာရိတေသုတ်ဖြင့် ဝေ၏ ဧကို အာယပြု "တန္တံ+ဝါယ" ဟု ဖြစ်၏၊ ထို့နောက် သမာသ်စသည်ကို ကမ္မကာရနည်းမှီ၍ စီရင်၊ ဓညသဒ္ဒါပုဗ္ဗပဒ+မာတည်, "မာ=ပရိမာဏေ" ဟု ဆို၍ "ဓညံ+မာ" ဟု ဖြစ်သောအခါ အာကာရန္တာန မာယောသုတ်ဖြင့် မာ၏ အာကို အာယပြု၊ "ဓညံ+မာယ" ဟုဖြစ်၏၊ ထို့နောက် သမာသ် စသည်စီရင်၊ ကမ္မသဒ္ဒါပုဗ္ဗပဒ ကမုဓာတ် စရဓာတ်တို့ဖြင့် ကမ္မကာရော ဓမ္မစာရောတို့ကိုလည်း တွက်၊ အခြေပြု၌ကား နျာသတွက်ပုံကို နည်းမှီ၍ "ကမ္မကာရော" ကို သမာသ်အစီအရင် မဝင်စေပဲ တွက်ပြထားသည်၊ ဤ၌ ရူပသိဒ္ဓိဋီကာနည်း လိုက်၍ တွက်ပြထား၏၊ သို့ဖြစ်၍ ရုပ်တွက်ပုံချင်း မတူတတ်သည်ကို သတိပြုပါ။

နိစ္စသမာသ်များပုံ။ ။နိစ္စသမာသ်ကို ဥပပဒသမာသ် (အနီးပုဒ်ရှိသော သမာသ်) ဟုလည်း ခေါ်၏၊ ထို နိစ္စသမာသ်လည်း ပေါများ၏၊ ထိုနိစ္စသမာသ် တိုင်းပင် နောက်ပုဒ်၌ အခြားပရိယာယ်ပုဒ်ဖြင့် ဝိဂ္ဂြိုဟ်လုပ်ရသည်၊ ဒွေ (ဝါရေ) ဇာယတီတိ ဒွိဇော (မွေးဖွားစဉ်က တကြိမ်, ဇာတ်သွင်းသည့်အခါ တကြိမ်, ဤသို့ နှစ်ကြိမ်ဖြစ်ရသော) ပုဏ္ဏား၊ ဝါ-အမိဝမ်းမှ တကြိမ်, ဥခွံမှ တကြိမ်, ဤသို့ နှစ်ကြိမ်ဖြစ်ရသော) ငှက်၊ ဒွိဟိ (မုခသောဏ္ဍေဟိ)) ပိဝတီတိ ဒွိပေါ- (ပါးစပ်, နှာမောင်း ၂-ခုတို့ဖြင့် ရေကို သောက်တတ်သော) ဆင်၊ သမုဒ္ဒရာ အလယ် ကျွန်းကိုဟောသော "ဒီပ" သဒ္ဒါကား "ဇလမဇ္ဈေ ဒိပ္ပတီတိဒွိပေါ" ဟု ပြုရ၏၊ နောက်၌လာမည့် "ဥရဂေါ, တုရင်္ဂေါ" စသော ပုဒ်, "ကမ္မဇံ" စသော ပုဒ်များလည်း နိစ္စသမာသ်ချည်းတည်း၊ ဤသုတ်၏အရာ မဟုတ်ကြ။

သညာယ.မနု ၅၂၅။ **သညာယံ**-နာမည်ကို၊ အဘိဓေယျာယံ-ဟောအပ်သော်၊ ကမ္မာဒိမှိ-ကံပုဒ်အစသည်၊ (သတိ)၊ ဝါတုယာ-၌၊ အကာရပစ္စယော-**အပစ္စည်းသည်**၊ ဟောတိ၊ နာမမှိ—နာမ်ပုဒ်၌၊ နုကာရာဂမော**စ**-နု အက္ခရာ**လာ**သည်လည်း၊ ဟောတိ၊ **အရိ**ံ-ရန်သူကို၊ ဒမေတိ-ဆုံးမ**တတ်**၏၊ ဣတိ, **အရိန္ဒမော**-အရိန္ဒမမည်၏၊ ရာဇာ-အရိန္ဒမမည်**သော** မင်းတည်း၊ ဝေဿံ-ကုန်သည်လမ်းကို၊ **တရတိ**-လွန်မြောက်တတ်၏၊ ဣတိ ဝေဿန္တရော-

---

၅၂၅။ **သညာယ-မနု**။ ။"သညာယံ+ အ....နု" ဟု ၃-ပုဒ် ရှိသော သုတ်တည်း၊ ဍျာသ၌ "**အစ**+**နုစ**-အနု"ဟု ဒွန်တွဲ၍ "သညာယံ+**အနုံ**" ဟု ၂-ပုဒ်လည်း ကြံသေး၏၊ ထိုအလို"အနု-အပစ္စည်း နုအာဂုံသည်၊ (ဟောတိ)" ဟု ပေး၊ အရိန္ဒမစသော ပုဒ်များသည် ရှင်ဘုရင်၏ **နာမည်**နှင့် ဘုရားရှင်တို့၏ **နာမည်**တော်များတ**ည်း**၊ ထို့ကြောင့် **သညာယံ** အရ ပုံစံများဖြစ်ကြသည်။

**နုလာရာဌာန**။ ။နုလာရာ၌ **မည်**သည့်နေရာဝယ် လာရမည်ဟု သုတ်**အဆို**အတိုင်း မသိသာသော်လည်း "**နုနိဂ္ဂဟီတံ** ပဒန္တေ"သုတ်က ပုဒ်၏အဆုံး၌ နုကို နိဂ္ဂဟိတ်ပြုဟု ဆို**ထား**သောကြောင့် နုအက္ခရာကို ပုဒ်အဆုံး၌ လာရမည် ဟု မှတ်ပါ၊ ထို့ကြောင့် "**နာမမှိ**"ဟု ဝုဒ္ဓိ၌ ထည့်၍ ဖွင့်သည်၊ "**နာမမှိ**" ဟု သာမည**ဆိုသော်လည်း** ဥပပဒဟုခေါ်ရသော"အရိ-ဝေဿ စသော နာမ်ပုဒ်တို့ ၏အဆုံး၌"ဟု အဓိပ္ပာယ်မှတ်ပါ၊ ထို နုလာပုံမှာ ရုပ်တွက်ရာ၌ ထင်ရှားလတ္တံ့။

**ဆက်ဦးအံ့**။ ။ဤသုတ်၌ ၃-ပုဒ်ကြံသောနည်းဝယ်"**သညာယံ အ**"သည် တဝါကျ, နုလည်း **တဝ**ါကျဖြစ်၍ "နု"**နောင်** သမ္ပိဏ္ဍနတ္ထ စသဒ္ဒါလို၏၊ (ဤသို့ **ပါ**သင့်လျက် မပါသောပုဒ်ကို လုတ္တနိဒ္ဒိဋ္ဌ(**ချေထားအပ်သည်၏အဖြစ်**ဖြင့် ညွှန်ပြ**အပ်သော**) ပုဒ်ဟုလည်း**ကောင်း**, အဇ္ဈာဟရိတဗ္ဗ ( ဆောင်ယူ ထည့်စွက်**အပ်** **သော**)ပုဒ်ဟုလည်း**ကောင်း**, ဂမျမာန (သိလွယ်ကျ၍ မထည့်**အပ်သော**) ပုဒ်ဟု **လည်းကောင်း**, ပါဌသေသ (ကြွင်းကျန်သောပါဌ်) ဟု**လည်းကောင်း** ဆိုကြ**သည်**၊) (ဤသို့ သုတ်၌ စသဒ္ဒါလိုနေသောကြောင့် ဝုတ္တိဆ**ရာ**သည် "နာမမှိစ" ဟု စသဒ္ဒါကို ထည့်၍ဖွင့်ပြသည်၊) ထို **စ**ကိုလည်း နုကာရာဂမော**စ** ဟု ရွှေ့၍ ထိုင်**စေ**။

ရုပ်တွက်။ ။အရိသဒ္ဒါပုပပဒ ဒမုတ**ည်**, **အရိနောင်** အံသက် ( အဂ္ဂိံကဲ့သို့ **အရိ**ံပြီးစေ)၊ "ဒမု-ဒမနေ"အနက်၌ ဓာတ်မှည့်, **အဆုံးသရ**ချေ၊ သညာယမနု သုတ်ဖြင့် ဒမုဓာတ်နောင် အပစ္စည်းသက်၊ (နု မလာစေနှင့်) အမာဒယော ပရ ပဒေဘိသုတ်ဖြင့် **အရိ**ံနှင့် ဒမ ကို သမာ**သ်**စပ်၍ တပ္ပုရိသ်မှည့်, သမာသ်မှည့်, အံဝိဘတ်ချေ၊ သညာယမနုသုတ်ဖြင့် **အရိနောင်** နုလာ(အရိနုဒမ)၊ နု နိဂ္ဂဟီတံ ပဒန္တေသုတ်ဖြင့် နုကို **နိ**ဂ္ဂဟိတ်ပြု၊ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တပြု (အရိန္ဒမ)၊ နာမ်ငဲ့, သိ-သက်, ဩပြု, ခွင်း, ချေ, ကပ်, ပြီး၏။

မည်၏၊ ရာဇာ-ဝေဿန္တရာမည်သော မင်းသည်၊ တဏှာ-တဏှာကို၊ ကရောတိ-ညှဉ်းဆဲတတ်၏၊ ဣတိ, တဏှင်္ကရော–မည်၏၊ ဘဂဝါ–တဏှင်္ကရာ မည်တော်မူသော ဘုရားတည်း၊ မေဓံ- ပညာကို၊ ကရောတိ-ပြုတတ်၏၊ ဣတိ, မေဓင်္ကရော-မည်၏၊ ဘဂဝါ- မေဓင်္ကရာမည်တော်မူသော ဘုရားတည်း၊ သရဏံ-ကိုးကွယ်ရာကို၊ ကရောတိ-ပြုတတ်၏၊ ဣတိ, သရဏင်္ကရော-မည်၏၊ ဘဂဝါ-သရဏင်္ကရာ မည်တော်မူသော ဘုရားတည်း၊ ဒီပံ–မှီခိုရာ ကိုင်းကျွန်းသဖွယ်ကို၊ ဝါ-ပညာတည်းဟူသော ဆီမီးကို၊ ကရောတိ ဣတိ ဒီပင်္ကရော၊ ဘဂဝါ–ဒီပင်္ကရာ မည်တော်မူသော ဘုရားတည်း၊ (၅၆၆)။

---

မှတ်ချက်။ ။ရူပသိဒ္ဓိ၌ "အယံ ပန န္တာ ဂမေဝ သမာသံ ကတွာ ဥပပဒ ဝိဘတ္တိ လောပေ တဏှာယော ဟောတိ"ဟုဆိုသောကြောင့် အရိဋ္ဌ ဝိဘတ်ချေပြီးမှ နုလာစေသည်၊ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ " သမာသတ္တာ ဝိဘတ္တိနံ, လောပေ ဝေါပပဒေ ကတေ၊ န္တာဂမော တညုဏာ ရူပ-သိဒ္ဓိယံ သမုဒါဟဋော"ဟု ဘောဓိစ္ဆာ မိန့်သည်၊ ဤသုတ်လာ သမာသ်များလည်း နိစ္စသမာသ်မင်ဖြစ်၍ သမာသ်ရုပ်လည်း တွက်ရ, "ဒမေတိ"ဟူသော ပရိယာယ်ပုဒ်ဖြင့်လည်း ဝိဂ္ဂြိုဟ်လုပ်ရသည်၊ ချာသတွက်ပုံကိုကား အခြေပြု၌ ပြထားပြီ။

ဝေဿန္တရော။ ။ ဝေဿ သဒ္ဒူပပဒ "တရ – တရဏေ"ဟု ဆို၍ ဝေဿန္တရော ကိုလည်း တွက်၊ ဤ ကစ္စည်းဝုတ္တိ၌ ပြထားသော ဝိဂ္ဂြိုဟ်အရ "မယ်တော်သည် မြို့ကို လှည့်လည်ရာဝယ် ကုန်သည်လမ်း အလွန်မှာ မီးရှူးသန့်စင်တော်မူသောကြောင့် "ဝေဿန္တရာမင်း"အမည်တွင်သည်ဟု ကြံသင့်၏။ [ "ဇာတော-မှို ဝေဿဝီထိယံ, တသ္မာ ဝေဿန္တရော အဟု" ဟူသော ဝေဿန်ဇာတ်၊ "ဝေဿာနံ ဝီထိယာ မဇ္ဈေ, ဇနေသိ ဖုဿတိ မမံ" ဟူသော စရိယာ ပိဋကတို့ကို ထောက်လျှင် "ဝေဿာနံ ဝီထိယာ အန္တရံ ဝေဿန္တရံ" ဟု မဇ္ဈေလောပ တပ္ပုရိသ်ပြုပြီးနောက် "ဝေဿန္တရေ· ကုန်လည်လမ်း အလယ်၌+ဇာတော - ဖွားမြင်သော မင်းသည်၊ ဝေဿန္တရော-မည်၏"ဟု ဇာတတဒ္ဓိတ် ပြုသင့်သည်။

တဏှင်္ကရော စသည်။ ။တဏှာ သဒ္ဒူပပဒ, သရဏ, မေဓာ, ဒီပသဒ္ဒူပပဒကရတည်၍ တဏှင်္ကရောစသည်တွက်၊ အာကာရန္တဣတ္ထိလိင်ဖြစ် "တဏှာ–မေဓာ"ဟု တည်ရသည်,သမာသ်စပ်၍ ဝိဘတ်ချေ, တဏှာ- မေဓာဟု ပကတိပြု၊ ကွစာဒိမဇ္ဈုတ္တရာန်ဖြင့် အာကို ရဿပြု၊ တဏှင်္ကရော မေဓင်္ကရော, အထောပိ သရဏင်္ကရော၊ ဒီပင်္ကရောစ သမ္ဗုဒ္ဓေါ, ဧကကပ္ပမှိ တေ ဇိနာ" ဟု ဗုဒ္ဓဝံသာ ရှိသောကြောင့် တဏှင်္ကရစသော အမည်တော်သည် ဘုရားရှင်တို့၏ အမည် သညာတော်တည်း။

**ပုရေဒဒါစ ဣံ** ၅၂၆။ ပုရသဒ္ဒေ-ပုရသဒ္ဒါ ဟူသော၊ အာဒိမှိ-အစသည်၊ (သတိ) ဒ္ဒဣတိ-ဒဒဟူသော၊ **တော**ယ ဝါတုယာ - မှ နောက်၌၊ အကာရ ပစ္စယော ဟောတိ၊ ပုရသဒ္ဒဿ - ပုရ သဒ္ဒါ၏၊ အကာ ရဿ-အ၏၊ ဣံစ - ဣံအပြုသည်လည်း၊ ဟောတိ၊ ပုရေ- ရှေး၌၊ ဒါနံ-အလှူ ကို၊ အဒါသိ - ပေးဖူးပြီ၊ ဣတိ, ပုရိန္ဒဒေါ- မည်၏၊ ဒေဝရာဇာ- သိကြားမင်း တည်း၊ (၅၆၀)။

---

မှတ်ချက်။ ။ကစ္စည်းဝုတ္တိနှင့် ညာသတို့၌ ဒိပက်ရောစသော ရုပ်များကို သမာသ် ခန်း၌ ဒိပံနောင် အံဝိဘတ်ကို မချေရသော အလုတ္တသမာသ်ဟု ဆိုကြ၏၊ [''စဂ္ဂဟာဏ မဝဓာရဏတ္ထံ (ဝိဘတ်ချေမှုကို တားမြစ်ခြင်း နိစ္စတ္ထာပနာဝဓာရဏ အနက်ရှိ၏၊) ပဘံကရော၊ပေ၊ဒိပက်ရော''-တေသံ ဝိဘတ္တိယောသုတ်၏ ဝုတ္တိ၊] ထိုအတိုင်းဆိုလျှင် ဒိပက်ရော၌ ဤသုတ်ဖြင့် နအာဂုံ လာဖွယ်မရှိ, **သ**ဗ္ဗတော ဏွ၊ တွာဝိဝါသုတ်ဖြင့်ပင် အပစ္စည်းသာသက်၍ ရုပ်ပြီးနိုင်ရကား ဤသုတ် ဆိုရကျိုးမနပ်ပဲ ရှိရာ၏၊ ထို့ကြောင့် ညာသ၌ **သ**မာသ်ခန်းဝယ် **သ**မာသ်ရုပ်တွက်သည့်အခါ ဝိဘတ်မချေပဲ ဒိပက်ရောကို အလုတ္တသမာသ်ဟု ပြခဲ့ပြီး၍, ဤသုတ်၌ကား ဒိပ စသည်နောင် အံဝိဘတ်ပင်သက် ၍ မပြတော့ပဲ ရုပ်တွက်လေသည်၊ အကယ်၍ ဒိပ **စသည်**နောင် အံဝိဘတ်သက် လျှင်လည်း နလာရဦးမည်ဖြစ်၍ ဝိဘတ်ကိုချေရသော လုတ္တသမာသ်ဟုပင် ဆိုရလိမ့် မည်၊ ဤကို ရည်ရွယ်၍....

''ကစ္စာယနေစ ညာသေစ, ဝုတ္တာ·လုတ္တသမာသတာ၊

သမာသေန္ဒာဂမေနေဝ, ကိတေ လုတ္တသမာသတာ။

ဟု ဘေဒစိန္တာ၌ မိန့်သည်၊ ရူပသိဒ္ဓိစာကိုယ်အလိုမူ အမည်သညာဟော မဟုတ် သော ပဘင်္ကရော စသည်၌ သဗ္ဗတော ဏွ၊တွာဝိဝါဖြင့် အပစ္စည်းသက်၍ ပဘံ ၌လည်း အံဝိဘတ်မချေရ — အလုတ္တသမာသ်တည်း၊ ဒိပင်္ကရောစသော အမည် သညာဟောရာ၌ကား သညာယမနုဖြင့် နလာရဦးမည်ဖြစ်၍ အံဝိဘတ်ကိုချေရ သော လုတ္တသမာသ်တည်းဟု(သညာဟော ဟုတ် မဟုတ်လိုက်၍) ၂-မျိုးခွဲခြား သင့်သည်၊ ရူပဋီကာကား ဒိပင်္ကရောကို အလုတ္တသမာသ်ခန်း၌လည်း ပြထား၏။

---

၅၂၆။ ပုရေဒဒါစ ဣံ။ ။ပေးခြင်းအနက်ကို ဟောရာ၌ ဒါဓာတ်နှင့် တူသော ဒဒဓာတ်လည်းရှိ၏၊ ထို့ကြောင့် ''ဒဒ ဣစ္စေတာယ ဓာတုယာ''ဟု သုတ်၌မပါသော ဒဒါကိုဖွင့်သည်၊ ''ဣံ''ဟု သာမညဆိုသော်လည်း ပုရ၏ အကို ဣံပြုမှ ရုပ်ပြီး၏၊ သုတ်ဟူသမျှလည်း ရုပ်ပြီးစေခြင်းအကျိုးရှိ၏၊ ထို့ကြောင့် ''ဣံ''ဟူသော စကားအရ ''ဣံ''ပစ္စည်းဟု မယူပဲ ''ဣံ အပြု''ဟု ယူရသည်၊ ဒဒါစ၌ စသဒ္ဒါကား ဣံ အပြုကို ပေါင်းသော ဒုတိယတ္ထ သမ္ပိဏ္ဍနတည်း၊ ထို့ကြောင့် ''ဣံစ''ဟု ရွှေ့ထိုင်စေရသည်။

**ပုရသဒ္ဒေ အာဒိမှိ။** ။ပုရေကို "ပုရသဒ္ဒေ"ဟု ဝုတ္တိဖွင့်သောကြောင့် ထို အဖွင့်အတိုင်း သုတ်နက်ပေးကြရ၏၊ သို့သော် ပုရနောင် သိ ကို ပြေ၍"ပုရေ" ဟု ဖြစ်ပြီးမှ ဒဒဓာတ်နောင် အပစ္စည်းသက်လျှင် သာ၍ သမာသ်ထုံးစံ ကျသော ကြောင့် "ပုရေသဒ္ဒေ"ဟု ဝုတ္တိဖွင့်၍ "ပုရေ-ပုရေသဒ္ဒါသည်၊ ဥတိ-သော်"ဟု သုတ်နက်ပေးရလျှင် သာ၍ အရှင်ကစ္စည်း အာဘော်ကျမည် ထင်သည်။

**ရုပ်တွက်။** ။"ပုရေဒဒါ"ဟု ဆိုသောကြောင့် ပုရသဒ္ဒူပပဒ ဒဒတည့်, ပုရနောင် သိ သက်, ပြေ၊ "ဒဒ=ဒါနေ" အနက်၌ ဓာတ်မှည့်, အဆုံးသရချေ, ဤသုတ်ဖြင့် ပုရအစရှိသော ဒဒဓာတ်နောင် အပစ္စည်းသက်(ဣ မပြုသေးနှင့်)၊ အမာဒယော စသော သုတ်ဖြင့် ပုရေနှင့် ဒဒကို သမာသ်စပ်၍ တပ္ပုရိသ်မှည့်, သမာသ်မှည့်, ပုရေ၌ သိ ဝိဘတ်ချေ, ပုရဟု ပကတိပြု၊ ပုရေဒဒါစ ဣ ဖြင့်ပုရ၏ အကို ဣ ပြု (ပုရိ +ဒဒ) နိဂ္ဂဟိတ်ကို ဝဂ္ဂန္တပြု, နာမ်ငဲ့ စသည် စီရင်။ [ဤသို့ ပုရေ၌ ဝိဘတ်ချေပြီးမှ ဣ ပြုရသောကြောင့် "ဣဓေပိ ဝိဘတ္တိလောပေ ကတေ ယေဝ ဣ အာဒေသော"ဟု ရူ၌ မိန့်သည်။]

**ဝိဂ္ဂိုဟ်နှင့် အဘိဓေယျ။** ။ယခု စာတို့၌ "ဒဒါတိ"ဟု ပစ္စုပ္ပန်ကြိယာကို တွေ့ရ၏၊ သီဟိုဠ်မူနှင့် နျာသ ရူပသိဒ္ဓိတို့၌ကား "အဒါသိဟု အတိတ်ကြိယာကို တွေ့ရသည်၊ ထိုသို့ အတိတ်ကြိယာဖြင့် ဝိဂ္ဂိုဟ်ပြုခြင်းသာ"ပုရေ-ရှေး၌"ဟူသော ဥပပဒပုဒ်နှင့် လျော်၏၊"သက္ကော ဘိက္ခဝေ ဒေဝါနမိန္ဒော ပုဗ္ဗေ မနုဿဘူတော သမာနော ပုရေ ဒါနံ အဒါသိ၊ တသ္မာ ပုရိန္ဒဒေါတိ ဝုစ္စတိ" ဟူသော သက္က သံယုတ် ပါဠိ၌လည်း "အဒါသိ"ဟုပင် ရှိသည်၊ ဤ၌ "အဒါသိ"ဖြင့် ဝိဂ္ဂိုဟ်ပြု ခြင်းသည် ဒဒဓာတ်ရင်း မဟုတ်၊ ဒဒ၏ ပရိယာယ် ဖြစ်သော ဒါဓာတ်ဖြင့် ပြုခြင်းတည်း၊ သူ့ဓာတ်ရင်း အတိုင်းလည်း "ပုရေ ဒါနံ အဒဒိတိ ပုရိန္ဒဒေါ" ဟု ပြုနိုင်သည်ပင်၊ အဘိဓေယျကိုပြရာဝယ် "ရာဇာ"ဟု ယခုစာတို့၌ တွေ့ရ၏၊ "ဒေဝရာဇာ"ဟု သီဟိုဠ်မူအတိုင်း ရှိလျှင် ကောင်းသည်။

**တေကာလိက ဖြစ်သော်လည်း အတိတ်ဟော။** ။ "ဏာဒယော တေ ကာလိကာ"အရတွင် အပစ္စည်းလည်း ပါဝင်၏၊ သို့ဖြစ်၍ "ပုရေ ဒါနံ ဒဒါတိ, အဒဒိ, ဒဒိဿတီတိ ပုရိန္ဒဒေါ"ဟု ၃-ဝိဂ္ဂိုဟ် ပြုသင့်သည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၏၊ အပစ္စည်းသည် ကာလ ၃-ပါးကို ဟောနိုင်သော်လည်း "ပုရေ" ဟူသော ဥပပဒ(အနီးပုဒ်)၏အစွမ်းကြောင့် ဤပြယုဂ်ဝယ် "အဒါသိ"ဟူသော အတိတ်အနက်ကိုသာ အပစ္စည်းက ဟောရတော့၏။

တေသံ တေကာလိကတ္တေပျ-တီတေ - ဝေါပ ပဒတ္ထတော၊
ယထာ ပုရိန္ဒဒေါ - စ္စာဒေါ, ဝတ္တမာနေတိ ကေနစိ။

**သဗ္ဗတော ကျွ တွာ ဝိဝါ**

၅၂၇။ ကမ္မာဒိမှိ - ကံပုဒ် အစရှိသည်၊ သတိဝါ-ဖြစ်သော်လည်းကောင်း၊ အကမ္မာဒိမှိ- ကံပုဒ်အစ မရှိသည်၊ သတိဝါ-ဖြစ်သော်လည်းကောင်း၊ သဗ္ဗတော–သော၊ ဓာတုတော–ဓာတ်မှ နောက်၌၊ **အကာရ** ကျွ တု အာဝိ ဣတိ—**အ** အက္ခရာ, ကျွ, တု, အာဝိ ဟူကုန်သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ တံ - ထိုအမှုကို၊ ကရောတိ-ပြုတတ်၏၊ ဣတိ တက္ကရော-တက္ကရ မည်၏။ [“တက္ကရော မောသကော စောရော” ခိုးသူ ပရိယာယ်၌ “တက္ကရော - ထို ခိုးမှုကို ပြုတတ်သော ခိုးသူ”ဟု ပေး၊] ဟိတံ–စီးပွားကို၊ ကရောတိ ဣတိ **ဟိတကရော**၊ ဧတ္ထ - ဤ တရား၌၊ **ဝါ** - တနည်း၊ ဧတေန - ဤတရားဖြင့်၊ ဝိနေတိ-(သတ္တဝါတို့ကို)ဆုံးမ၏၊ ဣတိ-ဤသို့ ဆုံးမရာ ဆုံးမကြောင်း၏ အဖြစ်ကြောင့်၊ (သော–ထို တရားသည်)၊ ဝိနယော ဝိနယ

---

၅၂၇။ **အကမ္မာဒိမှိ ဝါ အကာရ**။ ။ကျွတွာဝိဝါ၌ ဝါ သဒ္ဒါသည် “**အက**မ္မာဒိမှိ” ဟူသော အနက်တမျိုးကို စိရင်သော အတ္ထန္တရဝိကပ္ပနတ္ထဟု ရူ၌ ဆို၏၊ ထို့ကြောင့် မည်သည့်သုတ်ကမှ မလိုက်ပဲ “အကမ္မာဒိမှိ” ဟု ဝုတ္တိ၌ ထည့်၍ ဖွင့်နိုင်သည်၊ နိဒ္ဒေသ၌**ကား** အကမ္မာဒိမှိကို ဆည်းသော သမုစ္စည်းဟု ဆို၏၊ အဓိပ္ပာယ်အတူပင်၊ သို့သော် “ဝါ” သဒ္ဒါဖြစ်၍ ဝိကပ္ပနတ္ထဟု ကြံသော ရူပသိဒ္ဓိနည်းက သာ၍ စည်းကမ်းကျသည်၊ [တံ့တေး ဆရာတော်ကမူ သညာယမနသုတ်မှ အပစ္စည်းသည် ကျွ တွာဝိဟူသော ပစ္စည်းများကို မြင်၍ မလိုက်မည်စိုးသောကြောင့် ဆွဲငင်သော အနုကဍ္ဎနတ္ထ ဝါ သဒ္ဒါဖြစ်သည်ဟုလည်း မိန့်သတတ်၊] ထို့ကြောင့် အခြားဆရာတို့အလို အပစ္စည်း လိုက်လာသောကြောင့် (တံ့တေး ဆရာတော်အလို ဝါသဒ္ဒါဖြင့် ငင်သောကြောင့်)ဝုတ္တိ၌ “**အကာရ**”ဟု ထည့်၍ ဖွင့်နိုင်ပြန်သည်။

တက္ကရော ၊ပေ၊ နိဿယော။ ။ဤ ပုံစံတို့**ကား** အပစ္စည်းသက်ရာ ပုံစံများတည်း၊ တက္ကရောသည် ကံပုဒ် အစရှိသော ပုံစံ၊ ဝိနယော နိဿယောတို့ကား ကံပုဒ် အစမရှိ**သော** ပုံစံ၊ တက္ကရော ရုပ်တွက်ပုံကို န്യာသအတိုင်း အခြေပြု၍ ပြထားပြီ၊ ရူအလိုကျ တွက်မူ “တသဒ္ဒူပပဒ ကရ”တည်, တနောင် အံသက်၊ “ကရ=ကရဏေ”အနက်၌ ဓာတ်မှည့်, အဆုံးသရချေ၊ ဤသုတ်ဖြင့် အပစ္စည်းသက်, (တံ+ကရ)၊ တံ–ထို အမှုကို+ကရောတိ—ပြုတတ်၏၊ ဣတိအတ္ထေ–၌၊ သမာသ်စပ်၍ တပ္ပုရိသ်မှည့်, သမာသ်မှည့်, ဝိဘတ်ချေ၊ တ - ဟု ပကတိပြု၊ က ဒွေဘော်လာ, နာမ်ငဲ့ စသည်စီရင်၊ ဤသို့လျှင် အနီးပုဒ်ရှိသမျှ၌ ရူအလိုကျ တွက်လျှင် **သမာသ်**ရုပ် ပါဝင်ရမည်ကို အမြဲသတိပြု၊ ဝိနယောရုပ်**ကို** အခြေပြု၍ တွက်ထား.ပြီ၊ နိဿယောကို နိပုဗ္ဗ သိဘည်, “သိ=သေဝါယံ”အနက်၌ ဓာတ်မှည့်, **အပစ္စည်းသက်**, ဣကို ဧပြု, ဧကို အယပြု, သဒ္ဒေဘော်လာ။

မည်၏၊ နံ–ထိုအရာကို၊ နိဿာယ-မှီ၍၊ ဝသတိ- နေ၏၊ ဣတိ–ထိုသို့ မှီအပ်သည်၏ အဖြစ်ကြောင့်၊ (သော-ထို အရာသည်) နိဿယော-မည်၏၊ ကျွမှီ–ကျွ ပစ္စည်း၌၊ (ဥဒါဟရဏံ–ကား၊) ရထံ - ရထားကို၊ ကရောတိ–၏၊ ဣတိ ရထကာရကော–၏၊ အန္ဒုံ - ထမင်းကို၊ ဒဒါတိ - ပေးတတ်၏၊ ဣတိ အန္နဒါယကော၊ သတ္တေ- တို့ကို၊ ဝိနေတိ- ဆုံးမတတ်၏၊ ဣတိ ဝိနာယကော၊ ကရောတိ-ပြုတတ်၏၊ ဣတိ ကာရကော၊ ဒဒါတိ-၏၊ ဣတိ ဒါယကော၊ နေတိ-

---

ယ-တ သမာသ်တွဲ။ ။တက္ကရောကဲ့သို့ တ သဒ္ဒါ ယ သဒ္ဒါတို့ဖြင့် သမာသ်တွဲရာ၌ နောက်ပုဒ်ဝယ် ဒွေဘော်ရောက်လေ့ရှိ၏၊ မှန်၏–သက္ကတ၌ "ယတ်, တတ်"ဟု ရှိရာ ပါဠိ၌ (တ်) ပျောက်သောကြောင့် ထို(တ်)အစား နောက်ပုဒ်ဝယ် ဒွေဘော်လာရသည်၊ ပုံစံကား-"ယဗ္ဘာဝေါ ဘာဝဓလက္ခဏံ....ယဂ္ဂုဏာယ သဗ္ဘာဝေန၊ တက္ကရော, တပ္ပရကော (တ ကဲ့သို့ ဧတနှင့် တွဲရာ၌လည်း ဧတပ္ပရမာယော ဒေဝတာ သန္နိပါတာ" စသည်ဖြင့် ဒွေဘော်လာ၏) စသည်တည်း၊ ဤသို့ ဒွေဘော် မလာလျှင်လည်း ယ-တ တို့၏ နောက်၌ နိဂ္ဂဟိတ္ထုသုတ်ဖြင့် နိဂ္ဂဟိတ် လာရသည်၊ ပုံစံကား–"ယံ ဘာဝေါ, တံ သမ္ဘယုတ္တော" စသည်တည်း၊ ဆောင်ပုဒ်ကို အခြေပြုမှာ ရှု။

သာဓန ၇ ပါး၌ အပစ္စည်း သက်။ ။ဤ အ ပစ္စည်းသည် ကိတ အမည်ရသောပစ္စည်းတည်း၊ ကိတ အမည်ရလျှင် "ကတ္တရိကိတ်"သုတ်၏ သတ်မှတ်ချက်အရ ကတ္တုသာဓန (ကတ္တားအနက်) တခုသာ ဟောရမည်ဟု ယူဆဖွယ် ရှိ၏၊ သို့သော် "ဝိနေတိ ဧတေန ဧတ္ထာတိဝါ"ဟု ကရဏသာဓန အဓိကရဏသာဓန ၂-မျိုးဖြင့် ဝိဂ္ဂြိုဟ်ပြုထားပုံကို ထောက်လျှင် ကတ္တုသာဓနမှ ကြွင်းသော "ကမ္မ-ကရဏ"စသော သာဓနတို့၌လည်း သက်နိုင်၏-ဟု သိသာ၏၊ ထို့ကြောင့်ပင် "ဘယနံ - ကြောက်ခြင်း၊ ဘယော - ကြောက်ခြင်း"ဟု ဘာဝသာဓန၌လည်း အပစ္စည်း သက်သည်။ [သေသသာဓနေပီတိ - ကရဏာဓိကရဏ ကမ္မဘာဝါ-ပါဒါနာဒိသာဓနေပိ အပ္ပစ္စယော ဟောတီတိ ဒေဒိတဗ္ဗော၊–ရူပဋီကာ။]

[ဆောင်] ဝိနယောနှင့်, ဘယောဆော်က်က, ကတ္တုမျှတွင်, မကတုံလျှင်း,
ကြွင်းသာဓန, အားလုံးပြ, အ ပစ္စယသက်။

နိဿယော။ ။ "နိဿာယ နံ ဝသတိ" ဟူသော ဝိဂ္ဂြိုဟ်ကို အဝုတ္တကမ္မသာဓနဝိဂ္ဂြိုဟ်ဟု ဆိုကြ၏၊ ထင်ရှားစေအံ့– "နိဿာယ နံ"၌ နံသည် အဝုတ္တကံတည်း၊ နိဿယောဟု ကိတ်ပြီးသောအခါ "နံ" ဟူသော ထို အဝုတ္တကံ၏ အနက်ဖြစ်သော "ဆရာ"ရ၏၊ "နိဿယော- မှီခိုအပ်သော ဆရာ"ဟူလို၊ ဤသို့ အဝုတ္တကံအနက်ကို အ ပစ္စည်းက ဟောသောကြောင့် "နိဿာယ နံ ဝသတိ"

ဆောင်တတ်၏၊ ဣတိ နာယကော၊ တုမှိ-တုပစ္စည်းၓ၌၊ (ဥဒါဟရဏံ)၊ တံ-ထိုအမှု ကို၊ ကရောတိ-၏၊ ဣတိ တက္ကတ္တာ-တက္ကတ္တာမည်၏၊ တဿ ထိုအမှုကို၊ ကတ္တာ-ပြုတတ်သူတည်း၊ဣတိ တက္ကတ္တာ၊ ဘောဇနံ-ဘောဇဉ်ကို၊ဒဒါတိ ဣတိ ဘောဇန ဒါတာ၊ ဘောဇနဿ-ကို၊ ဒါတာ-ပေးတတ်သူတည်း၊ ဣတိ ဘောဇန ဒါတာ၊ ကရောတိ ဣတိ, ကတ္တာ—ကတ္တာ မည်၏၊ သရတိ - အောက်မေ့တတ်၏၊ ဣတိ သရိတာ- သရိတာ မည်၏၊ အာဝိမှိ- အာဝိပစ္စည်း၌(ဥဒါဟရဏံ)၊ဘယံ ဘေးကို၊ ပဿတိ-ရှုတတ်၏၊ ဣတိ ဘယဒဿာဝိ-ဘယဒဿာဝိ မည်၏၊ ဣစ္စေဝမာဒိ—ဤသို့ အစရှိသည်တည်း၊ (၅၆၉)။

---

ဟူသော ဝိဂြိုဟ်ကို အဝုတ္တကမ္မသာဓန ဝိဂြိုဟ်ဟုလည်းကောင်း, နိဿယောကို အဝုတ္တကမ္မသာဓန ကိတ်ပုဒ်ဟုလည်းကောင်း ပြောစမှတ် ပြုကြသည်၊ ဤ၌ "ဝသတိ"ကား အပိုသည့်ပါဌ်တည်း၊ "နိဿယတိ နံတိ နိဿယော"ဟူသာ ပြုဧလိုရင်းဖြစ်သည်၊ "နိဿယတိ-မှီရ၏"ဟု ပေး၊ "ယော- အကြင်ဆရာကို၊ နိဿီယတေ - မှီအပ်၏၊ ဣတိ, သော—ထိုဆရာသည် "နိဿယော"ဟု ဝုတ္တကမ္မ သာဓန ကြံလျှင်လည်း ဖြစ်နိုင်သည်ပင်၊ သို့သော် "နိဿာယ ဝသတိ" ဖြင့် မှီဘတ်သူကို ပြ၍ "နံ" ဖြင့် မှီအပ်သူကိုပြသောကြောင့် ကတ္တားအနက် ကံအနက် ၂-ချက်လုံး ထင်ရှားစေခြင်းငှာ အဝုတ္တကမ္မသာဓန ဝိဂြိုဟ်ပြုသတတ်။

မှတ်ချက်။ ။ယခုကာလ "နိဿယ"ခေါ်ရသော ကျမ်းစာများလည်း "နံ-ထို ကျမ်းစာကို၊ နိဿယတိ—မှီခိုအားထားရ၏၊ ဣတိ, နိဿယော-နိဿယ မည်၏"ဟု ဝိဂြိုဟ်ပြု၊ "မှီခို အားထားရသော ကျမ်းစာ"ဟုဆိုသဖြင့် အတော်အတန်ဉာဏ်ရှိသူတို့ မှီခိုဖို့ရာ ခက်ခဲသောအရာ၌သာ မြန်မာပြန်သင့်လေသည်၊ ယခုကာလ၌မူ "ဟောတိ-ဖြစ်၏"စသည်ဖြင့် အလွန်လွယ်ကူသော ပါဠိကိုပင် နိဿယခေါ် ကျမ်းများ၌ အနက် ပေးကြရာသည်မှာ "နိဿယ"ဟူသော နာမည်နှင့် မလျော်ကန်အောင် ရှိတော့သည်။

ဏွုမှိ ၊ပေ၊ နာယကော ။အပစ္စည်း၏ ပုံစံများကို ပြပြီး၍ (အကာရ ဏွုတွာဝီ- အစဉ်အတိုင်း)ဏွု၏ပုံစံများကို ပြလိုသောကြောင့် "ဏွုမှိ"ဟု စချီ၍ "ရထံ ကရောတီတိ ရထာကာရကော" စသည်ဖြင့် ပုံစံများကို ပြသည်၊ ရထ ကာရကော, အန္နဒါယကော-တို့သည် ကမ္မာဒိ ပုံစံ၊ ဝိနာယကော စသည်ကား အကမ္မာဒိ ပုံစံတည်း၊ ရထသဒ္ဒါပုပပဒကရ, အန္နသဒ္ဒါဗုပဒ ဒါတည်၍ အံသက်, ကရ-ဒါတို့နောင် ဏွုသက်, ကာရိတ်မှည့်, ဏ အနုဗန်ချေ, က၌ အကို အာဂုဒ္ဓိ ပြု, ဒါ၌ အာကို အာကာရန္တာန မာဃောဖြင့် အာယပြု, ဏွုကို အကပြု(ရထံ+ ကာရက—အန္နံ+ဒါယက၊) သမာသ်စပ်၍ တပ္ပုရိသ်မှည့်, သမာသ်မှည့်, ဝိဘတ် ချေ, ပကတိပြု, နာမ်ငဲ့ စသည်စီရင်၊ ဝိနာယကော၌ ဝိပုဗ္ဗ နီဓာတ် "နီ=နယ" ဏွုသက်, ကာရိတ်မှည့်, ဏ်ချေ, နီ၌ ဤကို ဧဝုဒ္ဓိ ပြု, ဧအာဝ ါယာ ကာရိတေ

ဖြင့် ကေို အာယပြု၊ ဏွုကို အာကပြု ခသည်၊ ကာရကော, ဒါယကောတို့၌ကား ကရ-ဒါတည်း၏ (သမာသ် မဝင်ပဲ) တွက်။

**ဏွုပစ္စည်း ကံအနက်ဟော မဟော။** ။"တဝန္တု ဏွုတု အာဝီစ, သဗ္ဗ သွာရပိ ဂါတ္တရိ"ဟု ကစ္စာယနသာရ စသည်၌လည်းကောင်း, ဏွု ပစ္စည်းကို "ကိတ်"အမည်မှည့်သော ဤကစ္စည်း၌လည်းကောင်း, ဏွုပစ္စည်းကို ကတ္တား အနက်ဟော (ကတ္တုသာဓန၌သာ သက်)ဟု ဆိုကြ၏၊ "အထဝါ—ဟရိတဗ္ဗန္တိ ဟာရကံ၊ ဥပနိက္ခိပိ ထဗ္ဗံတိ အတ္ထော"ဟူသော တတိယ ပါရာဇိကဋ္ဌကထာ၌လည်း "ဟရိတဗ္ဗံ ဥပနိက္ခိပိတဗ္ဗံတိ ဟာရံ"ဟု ရှေးဦးစွာ ကံဟော ဏပစ္စည်းဖြင့် "ဟာရ"ပြီးစေပြီးမှ "ဟာရမေဝ =ဟာရကံ"ဟု သွတ္တ၌ ကပစ္စည်းကို သာရတ္ထဋီကာ ဖွင့်၏၊ ဤဋီကာလည်း "ဟာရက၌ ဏွု၏ အကဟုကြံလျှင် ထို ဏွုပစ္စည်းက ကံအနက်ကို မဖဟောနိုင်ရကား သဒ္ဒါကျမ်းအဆိုနှင့် ဆန့်ကျင်ရာ သောကြောင့် ဏ ပစ္စည်းသက်ပြီးမှ ကပစ္စည်းထပ်သက်-ဟု ကြံလေသည်။

**ကံဟောပုံ။** ။သို့သော် ကင်္ခါဋီကာ၌ကား"ကမ္မသာဓနေဝါ ယံ ဟာရက သဒ္ဒေါ၊ ဗဟုလံ ဝိဓာနေန ကတ္တရိ ဏွုပစ္စယဿ သိဇ္ဈနတောတိ အာဟ— အထဝါ ဟရိတဗ္ဗံတိ ဟာရကံ"ဟု ဆို၏၊ ထို ကင်္ခါဋီကာသစ် အဆိုလည်း "ကတ္တရိ လ္ထုဏကာ (၅-၃၃) မောဂ္ဂလ္လာန်သုတ်နှင့် ညီပေသည်၊ မှန်၏၊ ထို သုတ်၌ ကတ္တရိဟု ဆိုသော်လည်း "ဗဟုလံ—များသောအားဖြင့်"ဟု ဗဟုလံ သဒ္ဒါ လိုက်သောကြောင့် အနည်းငယ်အားဖြင့် ကတ္တားမှ တပါးသော ကမ္မ သာဓန စသည်၌လည်း ဏ(ဏွု)သက်၍ "ပါဒေဟိ+ဟရီယတီတိ ပါဒဟာရ ကော- ခြေတို့ဖြင့် ဆောင်ယူအပ်သောပစ္စည်း"ဟု ကမ္မသာဓနပုံစံကိုထုတ်သည်၊ [အကပြုရာ, ကပစ္စည်းသက်ရာတို့၌ ဣတ္ထိလိင်ဖြစ်လျှင် အကို ဣပြု၍"ဒါယိကာ" စသည် ဖြစ်ရပုံသည် အခြေပြု၌လည်းကောင်း, ရှေ့၌ တိုက်ရိုက်လည်းကောင်း ရှိပြီ။]

**တုမို၊ ပေ၊ သရိတာ။** ။တက္ကတ္တာ, ဘောဇနဒါတာတို့သည် ကမ္မာဒိပုံစံ, နောက်ပုံစံတို့ကား အကမ္မာဒိပုံစံတည်း၊"တံသဒ္ဒူပပဒ ကရ,ဘောဇနသဒ္ဒူပပဒ ဒါတည်, အံသက်, ကရ=ကရဏေ — ဒါ=ဒါနေ" စသည်ဆို၍ ဤသုတ်ဖြင့် တုသက်၊ ကရဿစ တတ္တံ တုသို့ဖြင့် ကရ်၏ ရ်ကို တ်ပြု, တုသို့ကပ် (တံ+ ကတ္တု, ဘောဇန်+ဒါတု) သမာသ် စီရင်, ဝိဘတ်ချေ, ပကတိပြု၊ က ဒွေဘော် လာ, နာမ်ငဲ့, သိသက်, သတ္ထုပိတာဒီနံ မာသိသ္မိံ, သိလောပေါစဖြင့် ဥ ကို အာပြု, သိချေ, ပြီး၏၊ ["ဘောဇနဿ+ဒါတာ, ဘောဇနဒါတာဟု ရှိရာဝယ် "ယု ဏွု တုမို, ပစ္စည်းပြီ, ဆဋ္ဌီကံနေစေ"နှင့် အညီ "ဒါတာ"ဟု တုပစ္စည်း ရှိသောကြောင့်"ဘောဇနဿ"ဟု ဆဋ္ဌီကံဖြင့် တနည်းပြခြင်းဖြစ်၏၊ သီမူ၌ကား "ကရောတီတိ ကတ္တာ, တဿ+ကတ္တာ=တက္ကတ္တာ၊ ဒဒါတီတိ ဒါတာ၊ ဘောဇ နဿ-ဒါတာ+ဘောဇန ဒါတာ"ဟု ဆဋ္ဌီကံချည်း ရှိသည်။]

ဝိသရုဇ ပဒါဒိတော ဏ

၅၂၈။ ဝိသရုဇ ပဒက္ခစ္စေဝမာဒီဟိ ဓာတူဟိ ဏပစ္စယော ဟောတိ၊ ပဝိသတိ– ဝင်တတ်၏၊ ဣတိ ပဝေသော၊ ရုဇတိ– နာကျင်တတ်၏၊ ဣတိ ရောဂေါ၊ ဥပ္ပဇ္ဇတိ– ဖြစ်တတ်၏၊ ဣတိ ဥပ္ပါဒေါ၊ ဖုသတိ-ထိတတ်၏၊ဣတိ ဖဿော၊ ဥစတိ-ပေါင်းစုတတ်၏၊ ဣတိ ဩကော-(နေရာအိမ်)၊ ဘဝတိ-ဖြစ်တတ်၏၊ ဣတိ ဘာဝေါ၊ အယတိ-ဖြစ်တတ်၏၊ ဣတိ အာယော၊ သမ္မာ-ကောင်းစွာ၊ ဗုဇ္ဈတိ-သိတတ်၏၊ ဣတိ သမ္ဗောဓော၊ ဝိဟရတိ-အထူးသဖြင့် ဆောင်တတ်၏၊ ဣတိ ဝိဟာရော– မည်၏၊ (၅၇၈)။

---

ရုပ်တွက်။ ။ကတ္တားကို ကရတည်၍တွက်၊ သရိတာ၌ "သရတည်, သရ= သရဏေ"ဟု ဓာတ်နက်ဆို၊ [နျာသ၌ "စိန္တာယံ=ကြံစည်ခြင်း၌" ဟု ဆိုလေသည်၊] တုပစ္စည်းသက်, ယထာဂမ မိကာရေဖြင့် ဣလာ (သရိတု) နာမ်ငဲ့, သတ္ထာဗိဂိုဏ်း စီရင်။ [ဣလာရာ၌ နျာသဝယ် ဣကာရာဂမော အသဗ္ဗဓာတုကမှ် သုတ်ဖြင့်လာ၏၊ သဗ္ဗဓာတ်မဟုတ်လျှင် အာချာတ်ဝိဘတ်များသာ အသဗ္ဗဓာတ် အမည်ရသည် မဟုတ်သေး, ဤ တုပစ္စည်းလည်း အသဗ္ဗဓာတ် အမည်ရသည်သာ-ဟု နျာသ ဆိုလိုသတတ်၊ ရူ၌ကား ကိစ္စ ကိတ ပစ္စည်းနှောင်းရာ၌ ယထာဂမမိကာရေဖြင့်ချည်း ဣလာစေသည်။ ["သရိတာ အာပဂါ နဒီ" ဟု မြစ်ဟော ပရိယာယ်တွင် ပါဝင်သော "သရိတာ"ကား ဤသုတ်နှင့် မဆိုင်၊ သရဓာတ်, ဂတိအနက်, တပစ္စည်း, ဣတ္ထိဇောတက အာပစ္စည်းတည်း၊ သရိတာ-စီးသွားတတ်သော မြစ်။ ]

အာဝိမို၊ပေ၊ဘယဒဿီ။ ။ဘယသဒ္ဒူပပဒ ဒိသတည်, အံသက်, "ဒိသ= ပေက္ခဏေ" အနက်၌ ဓာတ်မှည့်, ဓာတွန်ချေ, ဤသုတ်ဖြင့် အာဝီသက်၊ ကွစိ ဓာတုဖြင့် ဒိသ်ကို ဒဿ်ပြု (ဘယံ + ဒဿာဝီ)၊ သမာသ်စီရင်, ဝိဘတ်ချေ, ပကတိပြု, နာမ်ငဲ့, သိသက်, ချေ၊ ["ဣစ္စေဝမာဒိ"အရ ဤသုတ်နှင့် ဆိုင်ရာ အလားတူရုပ်တွေ များစွာရှိသေး၏၊ ရှုမှာ ရှုပါ။]

---

၅၂၈။ သာဝန ဗ်-ပါး၌သက်။ ။ဏပစ္စည်းသည်"ကိတ်"အမည်ရသော ပစ္စည်းတွင် ပါဝင်၏၊ သို့ဖြစ်၍"ကတ္တရိ ကိတ်"ဟူသော သတ်မှတ်ချက်နှင့်အညီ ကတ္တားအနက်ဟော-ဟု ယူ၍ "ပဝိသတိ" စသည်ဖြင့် ကတ္တုသာဓနချည်း ဝိဂြိုဟ်ပြုလေသည်၊ သို့သော် "ဏမှိ ရန္ဓဿ ဇော ဘာဝကရဏေသု – ဘောကရိုဏ်း အနက်တို့၌ ဏ ပစ္စည်းကြောင့် န္ဓကို ဇပြု"ဟု သုတ်ရှိသောကြောင့် ဘောအနက် ကရိုဏ်း အနက်တို့၌ ဏ ပစ္စည်း သက်နိုင်ကြောင်း သိရပြန်၏၊ [ဘောအနက်၌ ဘာဝေစ သုတ်ဖြင့်သက်၍,ကရိုဏ်းအနက်၌ ဤသုတ်ဖြင့်သက်၊]

ကရိုဏ်းအနက်၌ သက်နိုင်ပြန့်လျှင် ကံ သမ္ပဒါန်စသော ကြွင်း(သာဓန) အနက်များ၌လည်း ပါဠိတော်အားလျော်စွာ သက်နိုင်သည်သာတည်း၊ ထို့ကြောင့် ဤသုတ်ဖြင့် ဘာဝသာဓနမှတပါး ကတ္တုစသော သာဓန ၆-ပါး၌(ထိုက်သလို) ဏပစ္စည်းသက်ဟု မှတ်ပါ။ [ဏမှိ ရန္ဓဿ ကရဏော''စသော ရူပါထာထောက်၊] မောဂ္ဂလ္လာန်၌ကား'' ဘာဝကာရကေ ဃဏ် ဃကာ (၅, ၄၄) '' ဟု သုတ်တည်၍ ဘောအနက် ကာရက (သာဓန) ၆-ပါး အနက်၌ အပစ္စည်း, ဏနှင့်တူသော ဃဏ်ပစ္စည်း ဃပစ္စည်း ကပစ္စည်းသက်၏၊ ဤသို့လျှင် ဤ ဏပစ္စည်း၏ သာဓန ၇-ပါး၌ သက်နိုင်ကြောင်းကား သဒ္ဒါကျမ်းတို့အလို ညီညွတ်ကြပေသည်။

ကိတကာ- ဘိဓေယျလိင်္ဂါ, ဂ္ဂလယုဝဏ္ဏဝရာဒိဇော၊

အပစ္စယော ဏော ဒုတိယော ဂ္ဂလပစ္စယော ပုမေ သိယုံ။

ကိတကာ-ကိတ်ပစ္စည်းတို့သည်၊ အဘိဓေယျလိင်္ဂါ- ဟောအပ်သောအနက်၏ လိင်ရှိကုန်၏၊ ဝါ-ဟောအပ်သောအနက်၏ လိင်သို့ လိုက်ကုန်၏၊ ဂ္ဂလယုဝဏ္ဏဝရာဒိဇော—ဂ္ဂလဝဏ္ဏန္တ ဥဝဏ္ဏန္တဓာတ် ဝရ အစရှိသောဓာတ်မှ နောက်၌ဖြစ်သော၊ အပစ္စယော - အပစ္စည်းသည်လည်းကောင်း၊ ဒုတိယော- ၂-ခုမြောက်ဖြစ်သော၊ ဏော-ဏပစ္စည်းသည်လည်းကောင်း၊ ဂ္ဂလပစ္စယော-ဂ္ဂလပစ္စည်းသည်လည်းကောင်း၊ ပုမေ-ပုလ္လိင်၌၊ သိယုံ- ၏။

ဤ ကစ္စာယနသာရ သတ်မှတ်ချက်အရ '' ဇိ, နီ, ဘူ '' စသော ဂ္ဂလဝဏ္ဏန္တ ဥဝဏ္ဏန္တ ဓာတ်မှ နောက်၌လည်းကောင်း, ဝရ- ဝိသ- ရုဇ-ပဒ စသော ဓာတ်မှ နောက်၌လည်းကောင်း ရှေ့သုတ်ဖြင့် သက်ရသော အပစ္စည်း, ဤသုတ်နှင့် ဘာဝေစသုတ်တို့ဖြင့် သက်ရသော ဒုတိယ ဏပစ္စည်း,သညာယံ ဒါဓာတောဂ္ဂလ ဖြင့် သက်ရသော ဂ္ဂလပစ္စည်းများသည် ပုလ္လိင်၌ဖြစ်၏၊ ထို့ကြောင့် ပဓေဝသော ရောဂေါစသည်ဖြင့် ပုလ္လိင်ရုပ်များကို ပြထားသည်၊ [''ဒါရော—မယား'' ဟူရာ၌ အဘိဓေယျ ဟောနက်က ဂ္ဂတ္ထိလိင် ဖြစ်သော်လည်း ဝရာဒိ၌ ပါဝင်သော ဒရ ဓာတ်နောင် ဏပစ္စည်းသက်ထားသောကြောင့်''ဒါရော''ဟု ပုလ္လိင်ဖြစ်ရသည်။]

အမှာ။ ။ဤသို့ တိုက်ရိုက် သတ်မှတ်ထားသော ဂ္ဂလယုဝဏ္ဏ ဝရာဒိနောင် အ, ဒုတိယ ဏ, ဂ္ဂလပစ္စည်းတို့မှ ကြွင်းသော ကိတ်ကျမ်းလာ ပစ္စည်းများကား အဘိဓေယျ လိင်သို့ လိုက်ကြရ၏၊ ကုမ္ဘကာရော စသည်၌ ဏ ပစ္စည်းသည်လည်း ဒုတိယ ဏ မဟုတ်ပဲ ပဌမဏ ဖြစ်သောကြောင့် အဘိဓေယျ လိင်လိုက်၍ ''ကမ္မကာရော-အလုပ်သမား ယောကျ်ား၊ ကမ္မကာရီ- အလုပ်သမား မိန်းမ၊ ကမ္မကာရံ- အလုပ်သမား အမျိုး''ဟု ဖြစ်၏။

ရုပ်တွက်။ ။ပဓေဝသော၌ ရုပ်ရိုးရိုးတွက်ပုံကို အခြေပြု၍ပြထားပြီ၊ ပဥပသာရ ပုဒ်နှင့် ''ဝေသ''ဟူသော ကိတ်ပုဒ်ကို သမာသ်စပ်ထားသောကြောင့် ဤကိတ် ပုဒ်မျိုးကို ပါဒိကမ္မဓာရည်းသမာသ်၌ သွင်းရသော ကိတန္တသမာသ်ဟု မှတ်ပါ၊ ပဥပသာရပုဒ်သည် သူ့ချည်းသက်သက် (ဝေသစသည်နှင့် မတွဲပဲ) ပါဠိ မရှိနိုင် သောကြောင့် ထိုဥပသာရအတွက် နိစ္စသမာသ်ဟုလည်း ဆိုရ၏၊ ထို့ကြောင့်

"ပပုဗ္ဗ ဝိသ"တည်, ပနောင် သိသက်, သဗ္ဗာသမာဝုသောဖြင့် ချေ၊ " ဝိသ= ပဝေသနေ"အနက်၌ ဓာတ်မှည့်, ဓာတွန်ချေ, ဤသုတ်ဖြင့် ဏ ပစ္စည်း သက်, ကာရိတ်မှည့်, ဏ အနုဗန် ချေ, ဝုဒ္ဓိပြု (ပ+ဝေသ) ဒွိပဒေ တုလျာဓိကရဏော ကမ္မဓာရယောဖြင့် သမာသ်စပ်၍ ကမ္မဓာရည်းမှည့်, (ဝိဘတ်ချေစရာ မရှိ) ပဝေသဟု ပကတိပြု၊ နာမ်ငဲ့စသည်၊ဤသို့ သမာသ်အစီအရင် သွင်း၍ ရုပ်တွက်မှ သာ၍ ကျနမည်၊ ဥပ္ပါဒေါ-အာဟာရော-ဝိဟာရောစသော ဥပသာရရှေးရှိသမျှ၌ ဤနည်းချည်းတည်း၊ ရောဂေါ- နာကျင်တတ်သော အနာရောဂါ၊ ဥပ္ပါဒေါ- ဖြစ်လာတတ်သော အတိတ်နိမိတ်။ ["ဥပ္ပါဒေါ—ပညာယတိ" ဟု ဥပ္ပါဒ်ခြင်း ဖြစ်ခြင်းအနက်ဟောရာ၌ ဥပ္ပဇ္ဇနံ ဥပ္ပါဒေါဟု ပြု၍ နောက်သုတ်ဖြင့် ဏသက်။]

ဖဿော။ ။ဝိသ ရုဇ ပဒဓာတ်တို့၏ပုံစံကို ပြပြီး၍ ပဒါဒိ၌ အာဒိ၏ပုံစံကို ပြလိုသောကြောင့် "ဖုသတီတိ ဖဿော"စသည်မိန့်၊ "ဖုသ=ဖုသနေ"ဟု ဆို၊ "ဖုသ+ဏ"၌ ဏ် အနုဗန်ချေ၊ ဃဋ္ဋာဒီနံ ဝါသုတ်၌ ဝါသဒ္ဒါဖြင့် မြစ်သော ကြောင့် ဝုဒ္ဓိမပြုရ၊ ကွစိဓာတုဖြင့် ဖု၏ ဥကို အ-ပြု, ပရဒွေဘာဝေါဖြင့် သ် ဒွေဘော်လာ, နာမ်ငဲ့စသည် စီရင်၊ ဤကား ချာသ တွက်ပုံတည်း။ [ ဝုဒ္ဓိမှိ သမ္ပတ္တေ ဃဋ္ဋာဒီနံဝါတိ ဧတ္ထ ဝါဂ္ဂဟဏေန ဣမဿ အာကတိ ဂဏတ္တာ ဃဋ္ဋာဒိသု ပက္ခိပိတ္ဝာ ဝုဒ္ဓိမှာ ကတေ (ဝုဒ္ဓိမှိ+အကတေ-ဝုဒ္ဓိ မပြုအပ်သော" ဟု ဤ ဖုသဓာတ်က ဃဋ္ဋာဒိဂိုဏ်း သွင်း၍ ဝုဒ္ဓိမပြုရကြောင်း ချာသ မိန့်သည်၊] ရုပ်တွက်ပုံကို အခြေပြု၍ ပြထားပြီ။

ဩကော။ ။"ဥစ္စတီတိ"ဟု စွဲယုဂ်နှင့် ပါဌ်ပျက်၏၊ " ဥစ - သမဝါ ယေ"ဟု ဘူဝါဒိဂိုဏ်းဟုဓာတ်ကျမ်းဆိုသောကြောင့်"ဥစတိ-ပေါင်းစုတတ်၏" ဟုသာ ရှိသင့်၏၊ ဩကသဒ္ဒါလည်း "ရေ, နေရာအိမ်" ဟု ၂-နက်ကို ဟော၏၊ "ဩကပုဏ္ဏေဟိ—ရေဖြင့် ပြည့်ကုန်သော၊ စီဝရေဟိ - တို့ဖြင့်" ဟူသော ကထိ နက္ခန္ဓက၌ ရေအနက်ဟော၊ ဩကံ(အိမ်ကို)ပဟာယ အနိကေတသာရီ" ဓမ္မပဒ စိတ္တဝဂ်၌ အိမ်ဟူသော အနက်ဟောတည်း၊ ရေသည် ကြဲနေသော အမှုန့်ကို ပေါင်းစုတတ်၏၊ အိမ်သည် သမီးခင်ပွန်းစသည်ကို ပေါင်းစုတတ်၏၊ ထို့ကြောင့် "ဥစတိ-ပေါင်းစုတတ်၏"အရ ဩက မည်ကြသည်၊ ဘာဝေါကား လွယ်ပြီ။

အာယော။ ။အာယ သဒ္ဒါသည် အခွန်အတုပ်, သုခ၏ ဖြစ်ပေါ်လာ ကြောင်း ကောင်းမှု, ရအပ်သော ဝင်ငွေဥစ္စာ စသည်ကိုဟော၏၊ "သယံ အာယံ ဝယံ ဇညာ= ကိုယ်တိုင်အရ အကုန်ကို သိရမည်" ဟူသော တေသကုနဇာတ်၌ အခွန်အတုပ်—ဝင်ငွေကို ဟော၏၊ " အပါယော—သုခ၏ ဖြစ်ရာဖြစ်ကြောင်း ကောင်းမှုမှ ကင်းသောဘဝ"ဟူရာ၌ အာယ သဒ္ဒါသည် ကောင်းမှု စသည်ကို ဟော၏၊ ထို့ကြောင့် "အာယတိ-ဖြစ်တတ်၏"ဟူရာ၌ ဖြစ်ထွန်းပေါ်ပေါက် လာသော အခွန်အတုပ် စသည်ကို ယူ၊ ကောင်းမှု အနက်၌ကား "အာယန္တိ

ဘာဝေစ ၅၅၉။ **ဘာဝတ္ထေ— ဘောအနက်ကို၊ အဘိဓေယျေ— ဟောအပ် ဟောထိုက်သော၊ သဗ္ဗဓာတုဟိ—တို့မှ နောက်၌၊ ဏ ပစ္စယော** ဟောတိ၊ ပစ္စတေ—ချက်ခြင်း၊ ဝါ—တနည်း၊ ပစနံ—ချက်ခြင်း၊ ပါကော— ချက်ခြင်း၊ စဇ္ဇတေ—စွန့်ခြင်း၊ ဝါ၊ စဇနံ—ခြင်း၊ စာဂေါ—ခြင်း၊ ဝေ—တူ၊ ယာဂေါ-ပူဇော်ခြင်း၊ ယောဂေါ-ယှဉ်ခြင်း၊ ဝါ—အားထုတ်ခြင်း၊ ဘာဂေါ— ဝေဖန်ခြင်း၊ ပရိဒါဟော—ထက်ဝန်းကျင် ပူလောင်ခြင်း၊ (၅ဂ၁)။

---

သုခါနိ တေသ္မာတိ **အာယော**''ဟု အပါဒါနသာဓနပြု၊''တေသ္မာ-ဤကောင်းမှု မှ၊ ဝါ—ကြောင့်၊ သုခါနိ—တို့သည်၊ အာယန္တိ—ဖြစ်လာတတ်ကုန်၏''ဟု ပေး၊ [''အယတိ - ပန်းပဲကိစ္စ၌ ယှဉ်ခြင်းသို့ ရောက်တတ်၏၊ ဣတိ, အာယော—သံ မည်၏''ဟု ပေးကြသည်ကား အာယသဒ္ဒါက သံ အနက်ကို မဟော, အယ သဒ္ဒါသည်သာ ''သံ''အနက်ကိုဟော၏၊ ဏပစ္စည်းဖြစ်၍ ဝုဒ္ဓိအထင်အရှား ရှိရ မည် ဖြစ်သောကြောင့် အယလည်း မဖြစ်နိုင်၊ ထို့ကြောင့် ထိုကဲ့သို့သော အနက် မျိုးကို စဉ်းစားပါ၊] ''သမ္မောဓော''၌ ''သံပုဗ္ဗ, ဗုဓ=ဉာဏေ''ဟု ဆို။

ရုပ်တွက်။ ။''ဝိဟာရေ၌ ဝိပုဗ္ဗဟရ=ဟရဏေ (ဆောင်ခြင်း)''ဟု ဆို၊ နေရာဖြစ်သောကျောင်းသည် နေထိုင်သူများကို ဆောင်ထားတတ်သောကြောင့် ''ဝိဟရတိ''ဟု ကတ္တုသာဓ်ပြုသည်၊ ရှဋ်ကား ''ဝိဟရတိ ဧတ္ထာတိ ဝိဟာရော= နေရာဖြစ်သော ကျောင်း''ဟု အဓိကရဏသာဓနပြု၏၊ ဝိဟရဏံ ဝိဟာရော (နေခြင်း)''ဟုပြုမူ နောက်သုတ်ဖြင့် ဏပစ္စည်းသက်၊ ဤသုတ်၌လည်းအလားတူ ရုပ်တွေကို ရှဋ်၌ များစွာ ပြထားသည်။

---

၅၂၉။ ဘာဝတ္ထာဘိဓေယျေ သဗ္ဗဓာတုဟိ။ ။ ဝိသရဇပဒါဒီဟိ ဟု ရှေ့သုတ်၌ ဓာတ်တို့ကို သတ်မှတ်ထားသောကြောင့် ''ဘာဝေစ — ဘူဓာတ်၌ လည်း''ဟု ဘူဓာတ်ကိုသာ ယူမည်စိုးရကား ဘာဝေကို''ဘာဝတ္ထာ-ဘိဓေယျေ'' ဟု ဖွင့်သည်၊ ''ဘာဝေအရ ဘူဓာတ်ကို မယူလင့်, ဘောအနက် ယူ'' ဟူလို၊ ဆက်ဦးအံ့-ဘာဝတ္ထာ-ဘိဓေယျေကို '' ဘာဝတ္ထေ + အဘိဓေယျေ ''ဟု ခွဲ၊ ''ဘောအနက်ကို+ဟောအပ် ဟောထိုက်သော'' ဟူသော စကားကို အပြောင့် ပြောရလျှင်''ဘောအနက်၌'' ဟု ပြောရမည်၊ ထို ဘောအနက်၌ ဏပစ္စည်း သက်ရာဝယ် ''မည်သည့် ဓာတ်နောင်သက်''ဟု သုတ်၌ သတ်မှတ်ချက်မရှိသော ကြောင့် ''သဗ္ဗဓာတုဟိ''ဟု ထည့်၍ ဖွင့်နိုင်သည်၊ ဘာဝေစ၌ စ သဒ္ဒါကား ရှေ့သုတ်မှ ဏကို ငင်သော အနုကစ္စနအနက်ရှိ၏။

ဝိဂ္ဂိုဟ်၌ ဣတိ မထည့်ရ။ ။ကတ္တုသာဓန စသော ရှေ့ ၆-ပါးကို ဝိဂ္ဂိုဟ် ပြုရာ၌ ''ပဝိသတီတိ''စသည်ဖြင့် ဣတိသဒ္ဒါထည့်၍ ဝိဂ္ဂိုဟ်ပြုရ၏၊ ဘာဝသာဓန

ဝိဂ္ဂိုဟ်ပြုရာ၌ကား “ပစ္စတေ ပါကော, ပစန် ပါကော”ဟု ဣတိမထည့်ပဲ ပြုရသည်၊ ဘာ့ကြောင့် ထိုသို့ ကွဲပြားရပါလိမ့်မည်နည်းဟု စဉ်းစားဖွယ် ရှိ၏၊ သာဓန ၄-ပါးတွင် ကတ္တုစသော ရှေ့ခြောက်ပါးသည် သတ္တိအနက်တည်း၊ ဘာဝသာဓနကား ကြိယာအနက်တည်း၊ ထို့ကြောင့် ကတ္တုစသော သာဓန ၆-ပါး၌ သတ္တိအနက် ညွှန်ပြခြင်းငှာ ဣတိသဒ္ဒါ ထည့်ရသည်၊ ဘာဝသာဓန၌ကား ထိုကဲ့သို့ ညွှန်ပြစရာသတ္တိနက် မပါသောကြောင့် ဣတိသဒ္ဒါ မထည့်ရ။

ဆက်ဦးအံ့— ဝိဂ္ဂိုဟ်ဟူသည် ပါစကောကဲ့သို့သော အနိပ္ဖန္နပုဒ်၏ အနက်ကို ဖွင့်ပြသော ဝါကျအတိုစားတမျိုးတည်း၊ ထို့ကြောင့် “ပစတိ ဣတိ ပါစကော” ဟု ရှိရာ၌ “ပစတိ”သာလျှင် ပါစကော၏အနက်ပြ ဝိဂ္ဂိုဟ်တည်း၊ ဣတိကား ထို ပစတိအနက်၌ ပါဝင်လျက်ရှိသော ကတ္တုသတ္တိကို ညွှန်ပြသော (ဝိဂ္ဂိုဟ်ဝါကျ တွင်းက မဟုတ်သော) နိပါတ်ပုဒ်တည်း၊ ထို့ကြောင့် ဣတိကို အနက် ကျနအောင် “ဣတိ-ဤသို့ ချက်တတ်သူ၏ အဖြစ်ဟူသော ကတ္တုသတ္တိကြောင့်” ဟု ပေးရမည်၊ ကမ္မသာဓနစသည်၌ ဣတိ၏ ကျနသောအနက်ကို နောက်မှပြအံ့။

[ဆောင်] သာဓနဝိဂ္ဂိုဟ်, ပြုကြလိုသော်, ထိုထိုသတ္တိ,ညွှန်လိုဘိ၍, ဣတိနိပါတ်, ရှေ့ခြောက်ရပ်၌ ထည့်အပ်လေတုံ၊ တဖုံဘာဝ, သာဓနဝယ်, ညွှန်ပြဖွယ်လျှင်း, သတ္တိကင်း၍, ယင်းနိပါတ,မပါရသည်, မှတ်ကြနှောင်လာ အချုပ်တည်း။

နိရုတ္တိသင်္ဂဟ။ ။ဣတိသဒ္ဒါ ထည့်ခြင်း မထည့်ခြင်း၌ ဝါဒတမျိုးကား— ဓာတ်၏အနက်သည် အကြောင်း, ပစ္စည်း၏အနက်သည် အကျိုး၊ ပါစကော၌ ပစဓာတ်၏ အနက်ဖြစ်သော ချက်ခြင်းကြိယာသည် အကြောင်း, ဏွု ပစ္စည်း၏ အနက်ဖြစ်သော ချက်တတ်သူ စဖိုသည် ဒြပ်သည် အကျိုး၊ ဤသို့ အကြောင်း အကျိုး ၂-ပါးကွဲပြားကြောင်းကို သိစေခြင်းငှာ ကတ္တုစသော သာဓန ၆-ပါး၌ ဣတိသဒ္ဒါကို ထည့်၍ ဝိဂ္ဂိုဟ် ပြုရ၏၊ ဘာဝသာဓန၌ကား ဓာတ်နက်လည်း ကြိယာ, ပစ္စည်းအနက်လည်း ထိုကြိယာပင်ဖြစ်၍ အကြောင်း အကျိုး မကွဲပြားသောကြောင့် ဣတိထည့်ဖွယ် မလိုရကား ဣတိမထည့်ပဲ ဝိဂ္ဂိုဟ် ပြုရသည်ဟု ဆို၏၊ သို့သော် “ဣတိ—ထိုသို့ ချက်တတ်သည်၏အဖြစ် တည်းဟူသော သတ္တိကြောင့်”ဟု ဣတိသဒ္ဒါက သတ္တိကိုသာညွှန်ပြ၍ ချက်ခြင်းကြိယာနှင့် ချက်တတ်သူ ဒြပ်ကို မပြချေ၊ ထို့ကြောင့် ထိုဝါဒကို စဉ်းစားသင့်၏။

တနည်း။ ။ဝိဂ္ဂိုဟ်ဝါကျဖြစ်ခြင်း၏အကြောင်းကို ဗျုပ္ပတ္တိနိမိတ်ဟုခေါ်၏၊ ပါစကော၌ ချက်စွမ်းနိုင်သော ကတ္တုသတ္တိသည် ပစတိ ဟူသော ဝိဂ္ဂိုဟ်ဝါကျ ဖြစ်ခြင်းအကြောင်း (ဗျုပ္ပတ္တိနိမိတ်)” တည်း၊ ထို ဗျုပ္ပတ္တိနိမိတ်ကို ငဲ့၍ ကတ္တုစသော သာဓနတို့၌ ဣတိသဒ္ဒါ ထည့်ရသည် ဟုလည်း ဆိုသေး၏၊ သို့သော် ပါစကော၌ ချက်ခြင်းကြိယာသည် ပစန်ဟူသော ဝိဂ္ဂိုဟ်၏အကြောင်း ဗျုပ္ပတ္တိ

ကို့စ ၅၃၀။ သဗ္ဗခေတ္တူပဟိ ကို့ ပစ္စယော ဟောတိ၊ သမ္ဘဝတိ-ကောင်းစွာ ဖြစ်တတ်၏၊ ဣတိ, သမ္ဘူ- သမ္ဘူမည်၏၊ ဝိသေသေန–အထူးအားဖြင့်၊ ဘဝတိ–၏၊ ဣတိ, ဝိဘူ၊ ဘုဇေန-ကောက်ကွေ့သဖြင့်၊ ဂစ္ဆတိ-သွားတတ်၏၊ ဣတိ ဘုဇဂေါ (မြွေ)၊ သံ(အတ္တာနံ)–မိမိကို၊ ခနတိ-တူးတတ်၏၊ ဝါ–တနည်း၊ သံ (သုဋ္ဌု- ကောင်းစွာ၊ ခနတိ-တူးတတ်၏၊ ဣတိ သခေါ (ခရုသင်း)၊ (၅၇၅)။

---

နိမိတ်တည်း၊ ဤသို့ ဘာဝသာဓနဌလည်း ဗျုပ္ပတ္တိနိမိတ် ရကောင်းသောကြောင့် ဤဝါဒကိုလည်း စဉ်းစားကြပါလေ။

ပုံစံများ ။"ပစ္စတေ ပစနံ ဝါ ပါကော"၌ ပစ္စတေသည် အာချာတ်ပုဒ်ဖြင့် ပစနံကား ကိတ်ပုဒ်ဖြင့် ပါကောကို ဝိဂြိုဟ်ပြုခြင်းတည်း၊ နောက်၌လည်း ဤသို့ ဝိဂြိုဟ် ၂-မျိုးပြထားသည်ကို သိပါ၊ ပါကောရုပ်တွက်ပုံကို အခြေပြု၌ ပြထားပြီ၊ စာဂေါကို "စဇ=ဇာဂေ"ဟု ဆို၊ ဓာတ်မှည့်, ဓာတွန်ချေ ဏပစ္စည်း စသည်, ဝုဒ္ဓိပြု၊ ကဂ ါစဇာန်ဖြင့် ဇ်ကို ဂပြု, နာမ်ငဲ့စသည် စီရင်။ ["စဇ္ဇနံ"ဟု စာပျက်တတ်၏၊ စဇဓာတ် ယုပစ္စည်းဖြစ်၍ "စဇနံ"ဟုသာ ရှိရမည်၊] ဂါယောကို "ယဇ+ဒေဝပူဇာ သင်္ဂတိကရဏေသု"ဟု ဆို၍ စာဂေါနည်းတူတွက်၊ ယောဂေါကို "ယုဇ=ယောဂေ"ဟု ဆို၍ နည်းတူတွက်၊ ဉကို ဩဝုဒ္ဓိပြုရခြင်းသာ ထူးသည်၊ [ယုဇဓာတ်သည် ဉဿဟ (အားထုတ်ခြင်း)အနက်ကို ဟောရာ၌ ရုဓာဒိဖြစ်၍ "ယုဉ္ဇနံ ယောဂေါ"ဟု ပြု၊ အာချာတ်ပုဒ်ဖြင့်ကား "ယုဇ္ဇတေ ယောဂေါ"ဟု ပြု၊ ယှဉ်ခြင်း အနက်ကို ဟောရာ၌ ဒိဝါဒိတည်း၊ "သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ" စသည်ကိုထောက်၊ ထို့ကြောင့် "ယုဇ္ဇနံ ယောဂေါ, ယုဇ္ဇတေ ( ယှဉ်ခြင်း ) ယောဂေါ"ဟု ပြု၊] ဘာဂေါကို "ဘဇ=ဝိဘာဂေ (ဝေဖန်ခြင်း)"ဟု ဆို၍ နည်းတူတွက်၊ ပရိဒါဟောကို ပရိပုဗ္ဗဒဟတည်, ပရိနောင် သိသက် ချေ၊ "ဒဟ= ဒါဟေ"စသည် ဆို၍ "ပရိ+ဒါဟ"ဟု ဖြစ်သောအခါ ကမ္မဓာရဲ သမာသ်စပ်, နာမ်ငဲ့ စသည် စီရင်၊ ဤသုတ်၌လည်း အလားတူရုပ်တွေ များစွာရှိလေသည်။

---

၅၃၀။ ကို့စ။ ။စသဒ္ဒါသည် "ရှေ့သုတ်လာ ဏပစ္စည်းသာ အလုံးစုံသော ဓာတ်နောင် သက်သည်မဟုတ်သေး, ဤ ကို့ပစ္စည်းလည်း အလုံးစုံသော ဓာတ်နောင် သက်သည်"ဟု အလုံးစုံဓာတ်နောင် သက်ခြင်းကိုပေါင်းသော သမ္ပိဏ္ဍန ဟုလည်းကောင်း, စကားချောမောရုံ ထည့်အပ်သော ဝါစာသိလိဋ္ဌ ဟုလည်းကောင်း နျာသဖွင့်၏၊ ထိုတွင် ပဌမနည်းသည် ကလာပ်နှင့် လျော်၏၊ ကလာပ်၌ "အာတော မန် ကွနိ ဗွနိဗွိစ=အကာရန္တနောင် မန်, ကွနိပ်, ဝနိပ်, ဝိစ် ပစ္စည်း သက်၊ "အညေဘျောပိ ဒိဿန္တေ=အခြားဓာတ်တို့ နောင်လည်း မန် စသော ပစ္စည်းတို့ကို တွေ့အပ်ကုန်၏" ဟု ဆိုပြန်၏၊ ထိုသုတ်ဖြင့် "အလုံးစုံ

သော ဓာတ်နောင် မန်စသော ပစ္စည်းသက်''ဟု ဆိုရာရောက်၏၊ ထို ၂-သုတ်၏ နောက်၌ ''ကွိပ်စ''ဟု စသဒ္ဒါနှင့်တကွ သုတ်တည်၏၊ ထို စသဒ္ဒါဖြင့် ရှေ့ ၂-သုတ်၌ပြခဲ့သော အာကာရန္တဓာတ်နှင့် အခြားဓာတ်အားလုံးကိုပင် ပေါင်းသည်ဟု ယူသင့်၏၊ ထို့ကြောင့် ချာသ ပဌမနည်းသည် ကလာပ်သုတ်နှင့် လျော်ပေသည်။

ပုံစံများ။ ။သမ္ဘုကို သံပုဗ္ဗ ဘူတည်, သံနောင် သိသက် ချေ၊ ''ဘူ= သတ္တာယံ''အနက်၌ ဓာတ်မှည့်, ကွိသက်၊ ကွိလောပေါစဖြင့် ကွိချေ၊ ကမ္မဓာရဲ စသည် သမာသ်စီရင်၊ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တပြု၊ နာမ်ငဲ့စသည်၊ [ဥပသာရရှေ့ရှိသမ္ဘုကျိုးဘို့ချည်း သမာသ် အစီအရင် (ရှုအလို)ဝင်ပါစေ၊] ဝိသဒ္ဒါပုပဒ ဘူတည်၍ ဝိဘူကို တွက်၊ ဘုဇဂေါ၌ ဘုဇကို ''ကုဋိလီဘာဝန် = နဂိုရ်က မကောက်သော်လည်း သွားသည့်အခါ အကောက် အကွေ့ဖြစ်လျက်''ဟု ထောမနိမိ ဖွင့်၏၊ ထို့ကြောင့် ''ဘုဇေန–ကောက်ကွေ့သဖြင့်'' ဟု ပေးရသည်၊ ဘုဇသဒ္ဒါပုပဒ ဂမုတည်, ဘုဇနောင် နာသက်, နေပြု၊ ဂမု=ဂတိမှိအနက်၌ ဓာတ်မှည့်, ဓာတွန် ချေ၊ ဤသုတ်ဖြင့် ကွိသက်၊ ဓာတွန္တသလောပေါ ကွိမှိသုတ်ဖြင့် ဓာတွန်(မ်)ကို ချေ၊ (ဘုဇေန+ဂ)၊ တတိယာ တပ္ပုရိသ်စီရင်၊ နာဝိဘတ်ချေ, ပကတိပြု,နာမ်ငဲ့ စသည်၊ သခေါ၌ သံသဒ္ဒါသည် မိမိဟူသောအနက် သုဋ္ဌုသဒ္ဒါ၏အနက် ၂-မျိုး ဟောဟု ယူဆ၍ သံပုဒ်ကို အတ္တာနံဟုလည်းကောင်း, သုဋ္ဌုဟုလည်းကောင်း ဖွင့်၏၊ သံသဒ္ဒါပုပဒ ခနုတည်, သံနောင် သိသက်ချေ၊ ''ခနု=အဝဒါရဏေ'' ဆို၍ ဘုဇဂေါနည်းမှီးတွက်၊ ကမ္မဓာရည်း သမာသ်ဖြစ်ခြင်းသာ ထူးသည်။

အနုပပဒနောင်လည်း သက်။ ။သမ္ဘုစသည်ဖြင့် ဓာတ်၏အနီးပုဒ် (ဥပပဒ)ရှိသော ပုံစံများကိုသာ ထုတ်ပြသော်လည်း သက္ကတ၌ကား ဂိရဓာတ်ဖြင့် ''ဂီ=မျိုတတ်သူ'' မူသဓာတ်ဖြင့် ''မူ=ညှဉ်းဆဲတတ်သူ''စသည်ဖြင့် ဥပပဒ မရှိသော ပုံစံများကိုလည်း ပြ၏၊ [''ဥပပဒေ သတိ အသတိစ သဗ္ဗဓာတူဟိ ကွိပ် ပစ္စယော ဘဝတိ''–သာရသွတ။]

အခြားသာဓန။ ''သာဓနအားဖြင့် ကတ္တုသာဓန၌ သက်'' ဟု ရှု၍ ဆိုသော်လည်း ''ဘတ္တံ ဂဏှန္တိ ဧတ္ထာတိ ဘတ္တဂ္ဂံ၊ ဧတ္ထ-ဤ ဆွမ်းစား ဇရပ်၌၊ ဘတ္တံ–ကို၊ ဂဏှန္တိ၊ ဣတိ, ဘတ္တဂ္ဂံ-မည်၏'' ဟု အဓိကရဏ အနက်၌လည်း သက်နိုင်သည်။ ဘတ္တသဒ္ဒါပုပဒ ဂဟဓာတ်, ကွိပစ္စည်း၊ သလာကဂ္ဂံ-စာရေးတံ ယူရာအရပ်၊ ဒါနဂ္ဂံ–လှူဖွယ်ကိုယူရာ အလှူတင်းကုပ်၊ ( အလှူမဏ္ဍပ် ) စသည်၊ [ဒါနံ အဂ္ဂိယတိ နိသဇ္ဇိယတိ ဧတ္ထာတိ ဒါနဂ္ဂံ=အလှူဝတ္ထုကို စွန့်လွှတ်အပ်ရာ အလှူတင်းကုပ်''ဟု ပြုမူ ဤသုတ်နှင့် မဆိုင်၊ ဒါနသဒ္ဒါပုပဒ အဂ္ဂဓာတ် ဏ ပစ္စည်းဖြင့် ပြီးသည်။]

ရောဒိဟိရမ္မော ၅၃၁။ ဧရ ဠတွေ့ဝမာဒီဟိ – ဝရ ဤသို့ အစရှိကုန်သော၊ ဓာတူဟိ ရမ္မပစ္စယော ဟောတိ၊ တေန – ထို သဘောဖြင့်၊ ဓရတိ–ထင်ရှားရှိ၏၊ ဠတိ- ထို့ကြောင့်၊ ဓမ္မော–ဓမ္မ မည်၏၊ တံ–ထိုအမှုကို၊ သရိယတေ- ပြုအပ်၏၊ ဠတိ, ကမ္မံ–ကမ္မ မည်၏၊ (၅၉၀)။

တဃီလာဒီသု ကိတ္တာဝိစ ၅၃၂။ သဗ္ဗေဟိ ဓာတူဟိ, တဃီလာဒီသု–တဃီလ အစရှိကုန်သော၊ အတ္ထေသု-အနက်တို့၌၊ ဏိတု အာဝီ ဠတိ-ဏီ, တု, အာဝီ ဟူကုန်သော၊ ပေပစ္စယာ ဟောန္တိ၊ ယဃရညော– အကြင် မင်း၏၊ ပိယံ-ချစ်အပ်သူကို၊ ပသံသိတုံ-ချီးမွမ်းခြင်းငှာ၊ သီလံ-ပင်ကို

---

၅၃၁။ အခြားသာဓနေ၌ ရမ္မသက်။ ။ဤ ရမ္မပစ္စည်းသည် ကိတအမည်ရသော ပစ္စည်းတို့တွင် ပါဝင်၍ "ကတ္တရိ ကိတ်"နှင့်အညီ ကတ္တားအနက်၌သာ သက်ရသည်ဟု ထင်ဖွယ်ရှိသော်လည်း ကမ္မံပုဒ်ကို ဝိဂ္ဂိုဟ်ပြုသောအခါ ကမ္မသာဓနဝိဂ္ဂိုဟ်ပြုပုံကို ထောက်၍ ကတ္တုသာဓနမှတပါး အခြားသာဓနများလည်း သက်နိုင်၏၊ "ကတ္တရိ ကိတ်"ဟု သတ်မှတ်ချက်ကား မမြဲဟု မှတ်၊ ထို့ကြောင့် "ဓရတိ တေန"ဟု ကရဏသာဓ် ဝိဂ္ဂိုဟ်နှင့် "ကရီယတိ"ဟု ကမ္မသာဓန ဝိဂ္ဂိုဟ်ကို ဝုတ္တိဆရာကိုယ်တိုင် မိန့်ဆိုလေသည်။

ဓရတိ။ ။"ဓရတိ တေန"ဟူသောဝိဂ္ဂိုဟ်ဖြင့် ပရမတ္ထတရားတို့၏သဘော လက္ခဏာကို ပြ၏၊ ဖဿသည် ဖုသနသဘော ရှိ၏၊ ထို ဖုသနသဘောကြောင့် ဖဿမည်သော တရားသည် ထင်ရှားရှိရ၏၊ ထို့ကြောင့် "တေန–ထို ဖုသနစသော သဘောဖြင့်၊ တဗ္ဗန္တော-ထိုသဘောရှိသောတရားသည်၊ ဓရတိ-ထင်ရှားရှိ၏၊ ဠတိ–ထိုသို့ ထင်ရှားရှိကြောင်း၏ အဖြစ်ဟူသော ကရဏသတ္တိကြောင့်၊ သော-ထို ဖုသနစသော သဘောသည်၊ ဓမ္မော-ဓမ္မ မည်၏၊["ဓရတိ"ဟူရာဝယ် ရူပသိဒ္ဓိ သီဟိုဠ်ဋီကာ၌ "ဓရန္တိ"ဟု ဗဟုဝုစ်ရှိ၏၊ ဓမ္မသဒ္ဒါ၏ အခြားဝိဂ္ဂိုဟ်များကို ရှုမှာရှု။]

အာဒိဖြင့် ယူဖွယ်။ ။ရောဒိ၌ အာဒိဖြင့် ရကာရန္တချင်းတူသော "ကာရ, ဝရ, စရ"ဓာတ် စသည်ကို ယူ၊ "ကရီယတေ–၏၊ ဠတိ- ထိုသို့ ပြုအပ်သည်၏ အဖြစ်ဟူသော ကမ္မသတ္တိကြောင့်"ဟု ပေး၊ ဝရီယတေ အနေနာတိ ဝမ္မံ–မြား စသည်ကို တားဆည်းအပ်ကြောင်း ဖြစ်သောစစ်အဝတ်တန်ဆာ၊ "သရံ ဝါရေတီတိ ဝမ္မံ=မြားကို တားဆည်းတတ်သော စစ်ဝတ်တန်ဆာ"ဟု ကတ္တုသာဓန လည်း ပြုကြ၏၊ စရီယတေ–ခွေးတို့သည် စားအပ်၏၊ ဠတိ, စမ္မံ (သားရေ)၊ "ဝရ=ဝါရဏေ (တားမြစ်, ဆည်းတားခြင်း)၊ စရ=ဘက္ခဏေ (စားခြင်း)" ဟု ဓာတ်နက်ဆို၊ ရုပ်ကို အမြဲပြု၍ ဓမ္မောတွက်ပုံ နည်းမှီး၍ တွက်။

အလေ့သည်၊ အတ္တိ-ရှိ၏၊ ဣတိ-ကြောင့်၊ သောရစ္စ-ထိုမင်းသည်၊ ပိယပသံသိ-ပိယပသံသီ မည်သည်၊ ဟောတိ၊ ယဿ ပုဂ္ဂလဿ-အကြင်ပုဂ္ဂိုလ်၏၊ ဗြဟ္မံ-မြတ်သောအကျင့်ကို၊ စရိတုံ-ကျင့်ခြင်းငှာ၊ သီလံ, အတ္ထိ ဣတိ၊ သော ပုဂ္ဂလော, ဗြဟ္မစာရီ-ဗြဟ္မစာရီမည်သည်၊ ဟောတိ၊ ယဿရညော-၏၊ ပသယှ-လွှမ်းမိုး၍၊

---

၅၃၂။ **တဿီလာဒီသု။** ။တဿီလာဒီသု၌ အာဒိဖြင့် တဒ္ဓမ္မ-တဿာဓု ကာရိတာတို့ကိုယူ၊ ထိုတွင် တဦးတယောက်၏ ပင်ကိုအလေ့အလာ ဝါသနာသည် သီလမည်၏၊ တမျိုးလုံး တဆွေလုံး တသာသနာလုံးစသည်ဖြင့် အများ၏ ထုံးစံဓမ္မတာ သဘောသည် ဓမ္မမည်၏၊ [“သေ ဓမ္မေ သနန္တနေ”၌ကဲ့သို့ ဤ ဓမ္မသဒ္ဒါလည်း အစဉ်အဆက်မှလာခဲ့သော ထုံးစံဓမ္မတာကို ဟော၏၊] ဆိုင်ရာ အမှု၌ ဂရုတစိုက် လေးလေးစားစားပြုခြင်းသည် “တဿာဓု ကာရိတာ”မည်၏၊ [သာဓု-ကောင်းစွာ၊ ဝါ-လေးလေးစားစား၊ ကာရိတာ-ပြုတတ်သူ၏ အဖြစ်၊] တသဒ္ဒါသည် ပသံသိ၌ ပပုဗ္ဗသံသဓာတ်၏ အနက်ကိုလည်းကောင်း စာရိ၌ စရဓာတ်၏ အနက်ကိုလည်းကောင်း ညွှန်ပြခြင်း နိဒဿနအနက် ရှိ၏၊ ထို ချီးမွမ်းခြင်း, ထို ကျင့်ခြင်း စသည်ဖြင့် ထိုထို ဓာတ်နက်ကို စွဲလေ၊ သီလ ဓမ္မ တို့နှင့် သမာသ်ဘွဲ့ရာဝယ် အရတူသောကြောင့် တုလျာဓိကရဏ (ကမ္မဓာရဲ) သမာသ်တွဲ၍, သာဓုကာရိတာနှင့် တွဲရာ၌ အရမတူသောကြောင့် ဘိန္နာဓိကရဏ (သတ္တမီတပ္ပုရိသ်)သမာသ် တွဲရမည်၊ အကျယ်ကို ရူပသာဋီကာ၌ပြထား၏။

အဋ္ဌကထာ ဋီကာ အဆို။ ။ဘိက္ခုဏသီလတာဂုဏယုတ္တောပိ ဟိ ဘိက္ခု၊ ဘိက္ခုဏ ဓမ္မတာဂုဏယုတ္တောပိ၊ ဘိက္ခုဏော သာဓုကာရိတာဂုဏယုတ္တောပီတိ သဒ္ဒဝိဒူ မညန္တိ၊ မူလပံ, မူလပရိယာယဋ္ဌ။ [ဤ၌ “အလေ့, ထုံးစံဓမ္မတာ, လေးလေးစားစားပြုခြင်း”ဟူသည် ဂုဏ် (ဝိသေသန-ထူးခြားချက်) ဖြစ်သော ကြောင့် သီလတာဂုဏ စသည်ဖြင့် ဂုဏပုဒ်ကို ထည့်၍ ဖွင့်ပြသည်၊] သီလံ နာမ ပကတိ သဘာဝေါ၊ ဣမ ပနာဓိပ္ပေါန် ( သီလမည်သည် မပြုမပြင် ပင်ကို သဘောတည်း။ [နဂိုရ်ကပင်ပါလာသော ဝါသနာ အလေ့ကို“သီလ”ဟု ဆိုလို သည်၊]ဤဘိက္ခုအနက်ကား ထိုကဲ့သို့ ပကတိသဘောဟူသော သီလမျိုး မရှိနိုင် ရကား ဆွမ်းခံစားမည်ဟု ဆောက်တည်ထားခြင်းကို သီလဟု မှတ်၊ ဓမ္မောတိ ဝတံ(ထို ဆောက်တည်ထားသည့်အတိုင်း ကျင့်ခြင်းသည် ဓမ္မမည်၏၊) အပရေ ပန သီလံနာမ ဝတသမာဒါနံ(ယခုကာလ သီလဆောက်တည်သကဲ့သို့ အကျင့် တစုံတခုကို ဆောက်တည်ခြင်းသည် သီလ မည်၏၊) ဓမ္မော ပန ပဝေဏိယာ အာဂတစာရိတ္တံ (ရှေးအစဉ်အဆက်လာခဲ့သော အကျင့်ထုံးစံသည် ဓမ္မမည်၏၊) သာဓုကာရိတာ သက္ကစ္စကာရိတာ အာဒရကြိယာ (လေးလေးစားစား ပြုခြင်း) တိ ဝဏ္ဏေန္တိ-ဋီကာ။

ပဝတ္တိတုံ-ပြုခြင်းငှာ၊ ဝါ-ဆိုခြင်းငှာ၊ သီလံ အတ္ထိ ဣတိ သောရဇာ, ပဿယှ ပဝတ္တာ-မည်၏၊ ယဿ သမဏဿ-အကြင် ရဟန်း၏၊ ဘယံ-ဘေးကို၊ ဒဿိတုံ-ရှုခြင်းငှာ၊ သီလံ အတ္ထိ၊ ဣတိ သော သမဏော, ဘယဒဿာဝီ-မည်၏၊ ဣစ္စေဝ မာဒိ—တည်း၊ (၅၉၁)။

---

သက္ကတ ဆိုပုံ။ ။သီလံ သဘာဝေါ ဖလနိရပေက္ခာ ပဝတ္တိ၊ (မည်သည့်အကျိုးကိုမျှ မမျှော်ပဲ မိမိမှာပါလာသော ဝါသနာစရိုက် သဘောသည် သီလမည်၏၊ "သီလပကတိ"ဟူသည်နှင့် သဘောတူပင်)ဓမ္မော သတ္တဝိဟိတာစာရော (မည်သို့ ကျင့်ရမည်ဟု ကျမ်းဂန်၌ ညွှန်ပြအပ်သော အကျင့်စာရိတ္တသည် ဓမ္မမည်၏၊ ပဝေဏိယာ အာဂတစာရိတ္တနှင့် လည်းကောင်း, သတာစာရောနှင့် လည်းကောင်း သဘောတူပင်၊)တဿာခုကာ ရိတာ၌ကား စကားအသုံးအနှုန်း ပင်မကွဲကြ၊ လောက၌လည်း တယောက်အတွက် ထူးခြားချက်ရှိလျှင် "သူ့အလေ့ပဲ, သူ့ဝါသနာပဲ, သူ့သဘောအတိုင်းပဲ" ဟု သီလအနက်ကို အသုံးပြုကြ၏၊ အများနှင့် ဆိုင်လာလျှင်ကား "ဒီဟာ သူတို့ရဲ့ ထုံးစံပဲ, ဒီဟာ အားလုံး ဓမ္မတာပဲ"စသည်ဖြင့် ဓမ္မအနက်ကို အသုံးပြုကြသည်။

ပိယံ၊ပေ၊ပိယပသံသီ။ ။တချို့က "ရဿရညော- အကြင် မင်းအား"ဟု သမ္ပဒါန်အနက် ပေးကြ၏၊ ယဿကို သီလ၌ စာစပ်ရမည်ဖြစ်၍ "အကြင်သူ၏+ အလေ့"ဟု သမ္ဗန်အနက်သာ သင့်သည်၊ သီလံ၏နေရာ၌ ဓမ္မောထည့်၍ "ပိယံ ပသံသိတုံ ဓမ္မော ယဿ"ဟုလည်းကောင်း, သာခုကာရိတာ ထည့်၍ "ပိယပသံ သနေ (ချစ်အပ်သူကို ချီးမွမ်းခြင်း၌) သာခုကာရိတာ ယဿ" ဟု လည်းကောင်း, ဝိဂ္ဂိုဟ်ပြုနိုင်၏။

နေရာတိုင်းမှာ ၃-နက်မရ။ ။ချစ်သူကို ချီးမွမ်းခြင်းသည် ထို ရှင်ဘုရင်၏ အလေ့အလာဝါသနာဖြစ်မှ တသီလအနက် ရသင့်၏၊ ထို ပိယပသံသနသဘော သည် ထိုရှင်ဘုရင်၏ ဘိုးဘေးအစဉ်အဆက်မှလာသော ထုံးစံဖြစ်မှ တဓမ္မအနက် ရသင့်၏၊ ထို ပိယပသံသနအမှု၌ လေးလေးစားစား တာဝန်တခုအနေ ထား၍ ပြုမှသာ တဿာခုကာရိတာအနက် ရသင့်၏၊ဤ စကားအရ တသီလဖြစ်တိုင်း, တဓမ္မ တဿာခုကာရိတာ မဖြစ်၊ တဓမ္မဖြစ်တိုင်းလည်း တသီလတဓမ္မ မဖြစ်၊ တချို့ပါဌ်၌ တနက်သာ, တချို့ပါဌ်၌ ၂-နက်သာ, တချို့ပါဌ်၌ ၃-နက်လုံး ရနိုင်ကြောင်းကို သိပါ။

ဖြဟ္မံ၊ပေ၊ဖြဟ္မစာရီ။ ။ "စရိတုံ သီလံ"ဟု တုံပစ္စယန္တဖြင့် သာမက, "စရတိ သီလေန, ဓမ္မေန, သာခုကာရိတာယ"ဟု သီလစသည်ကို ဝိသေသန ထား၍ စရတိစသော အာချာတ်ပုဒ်ဖြင့်လည်းကောင်း, "စရဏသီလော, စရဏ ဓမ္မော"ဟု သမာသ်တွဲ၍လည်းကောင်း "စရဏေ+သာခုကာရီ"ဟု ဝါကျခွဲ၍ လည်းကောင်း ဝိဂ္ဂိုဟ် ပြုနိုင်၏၊ မှန်၏—ဝိဂ္ဂိုဟ်ဟူသည် နိပ္ဖန္နပုဒ်၏ အနက်ကို

ဖွင့်ပြသော ဝါကျတမျိုးသာတည်း၊ ထို့ကြောင့် နိပ္ဖန္န၏အနက်ကို သိဖို့ရန် လျော်ကန်အောင် ဝါကျလုပ်၍ ဖွင့်ပြခြင်းကို ဝိဂ္ဂဟ်ဟုပင် ဆိုရသည်၊ ရုပ်တွက် ရာ၌မူ ဝိဂ္ဂဟ်ရှိတိုင်း လိုက်၍ မတွက်ရ၊ "ပြဟ္မသဒ္ဒါ့ပပဒ စရတည်"စသည်ဖြင့် ဆို၍ တွက်ရသည်း ဤပါဠိကို နှုတ်တက် ကျက်ထားသင့်၏—

"ပြဟ္မံစရိတုံ သီလံ-ဓမ္မောဝါ-သာဓုကာရိတာဝါ ယဿ, ပြဟ္မံဝါ စရတိ သီလေန - ဓမ္မေနဝါ- သာဓုကာရိတာယဝါ, ပြဟ္မံဝါ စရဏသီလော— စရဏ ဓမ္မောဝါ-စရဏေ သာဓုကာရိတာဝါ ပြဟ္မစာရီ"

ဝိဂ္ဂဟ် ၉-မျိုး။ ။ဤပါဠိ၌ "၁-ပြဟ္မံ စရိတုံ သီလံ ယဿာတိ ပြဟ္မစာရီ၊ ၂-ပြဟ္မံ စရိတုံ ဓမ္မော ယဿာတိ, ၃-ပြဟ္မံ စရိတုံ သာဓုကာရိတာ ယဿ, ၄-ပြဟ္မံ စရတိ သီလေန, ၅-ပြဟ္မံ စရတိ ဓမ္မေန, ၆-ပြဟ္မံ စရတိ သာဓုကာရိ တာယ, ၇-ပြဟ္မံ စရဏသီလော, ၈-ပြဟ္မံ စရဏဓမ္မော, ၉-ပြဟ္မဿ စရဏေ သာဓုကာရိတိ ပြဟ္မစာရီ"ဟု ၉-ဝိဂ္ဂဟ်ပြု၊ ယဿ- အကြင်သူ၏၊ ပြဟ္မံ-ကို၊ စရိတုံ-ငှာ၊သီလံ-အလေ့သည်၊ဓမ္မော-သဘောတံထွာ မမ္မတာသည်၊သာဓုကာရိတာ-ကောင်းစွာ ပြုတတ်သူ၏ အဖြစ်သည်၊ အတ္ထိ—ရှိ၏၊ ယော—အကြင်သူသည်၊ ပြဟ္မံ—ကို၊ သီလေန- အလေ့အားဖြင့်၊ ဓမ္မေန-သဘောတံထွာ မမ္မတာအားဖြင့်၊ သာဓုကာရိတာယ—ကောင်းစွာပြုခြင်း ရှိသူ၏အဖြစ်ဖြင့်၊ စရတိ- ကျင့်တတ်၏၊ ယော-သည်၊ ပြဟ္မံ-ကို၊ စရဏသီလော— ကျင့်ခြင်းအလေ့ရှိ၏၊ စရဏဓမ္မော— ၏၊ ပြဟ္မဿ-ကို၊ စရဏေ- ကျင့်ခြင်း၌၊ သာဓုကာရီ—ကောင်းစွာ ပြုတတ်၏၊ ဣတိ-ထို့ကြောင့်၊ သော - ထိုသူသည်၊ ပြဟ္မစာရီ-မည်၏၊ ဤသို့ အနက်ပေး၊ ပိယပသံသီစသည်၌ ဤနည်းအတိုင်းပင်။

ပသယှ ပဝတ္တာ။ ။"ပပုဗ္ဗ ဝတု=ဝတ္တနေ၊ ဝစ=ဝိယတ္တိယံ ဝါစာယံ" ဟု ရှုပသိဒ္ဓိ၌ ၂-နက်ဖွင့်သောကြောင့် "ပဝတ္တိတုံ-ဖြစ်ခြင်းငှာ, ဆိုခြင်းငှာ"ဟု ၂-နက် ပေးရသည်၊ တုပစ္စည်းသက်ရာ ပုံစံတည်း၊ ဘယဒဿာဝီကား အာဝီ ပစ္စည်း သက်ရာပုံစံတည်း။

ရုပ်တွက်။ ။ပပုဗ္ဗ သံသတည်,ပနောင် သိသက်, ချေ"သံသ=ပသံသနေ" အနက်၌ ဓာတ်မှည့်, ဓာတ်ွန်ချေ, ဤသုတ်ဖြင့် ဏီပစ္စည်းသက်, ကာရိတ်မှည့်, ဏ် အနုဗန်ချေ, (ပ+သံသီ)၊ ကမ္မဓာရည်း သမာသ် စီရင်၊ နာမ်ငဲ့ စသည်၊ ထို့နောက်မှ "ပိယံ+ပသံသီ, ပိယပသံသီ"ဟု ဒုတိယာတပ္ပုရိသ် ရိုးရိုးတွဲစပ်ပါ၊ ပိယသဒ္ဒါ့ပပဒ, ပပုဗ္ဗသံသတည်၍ တွက်ခြင်းကား အလွယ်တကူ တွက်ခြင်းသာ တည်း၊ ၂-ပုဒ် ၃-ပုဒ် စပ်နေသမျှ၌ သမာသ်ပုဒ်ဟုချည်း မှတ်၍ သမာသ် အစီ အရင် ဝင်စေရမည်၊ ပြဟ္မ သဒ္ဒါ့ပပဒတည်၍ ပြဟ္မစာရီကိုလည်း တွက်။

ပဝတ္တာ၌ ပပုဗ္ဗဝတုတည်း၍ အမခြေပြုကြည့်တွက်၊ "ပ+ဝတ္တု" ဖြစ်သည့်အခါ သမာသ် ငပ်ရဦးမည်ကိုကား သတိပြု၊ ပပုဗ္ဗ ဝစတည်းလျှင် "ပ+ဝစ်+တု"ဖြစ်သည့်အခါ ဘုဇာဒိနမန္တော နော ဒ္ဒိစသုတ်ဖြင့် ခတ္တုန်ချေ၊ တဒ္ဒေဘော်လာ၊ ထို့နောက် "ပသယု+ပဝတ္တာ ပသယုပဝတ္တာ"ဟု ကမ္မခာရဲတွဲ၊ ဘယသဒ္ဒါပုဗ္ဗပဒ ဒိသတည်း, ဘယနောင် အံသက်, "ဒိသ=ပေက္ခဏေ" အနက်၌ ခတ်မည့်, ခတ္တုန်ချေ၊ အာဝိသက်, ကွစ်ခါတုဖြင့် ဒိသ်ကို ဒဿ်ပြု၊ (ဘယံ+ဒဿာဝီ)၊ ဒုတိယာ တပ္ပုရိသ် သမာသ် စီရင်၊ ဘယ ဟု ပကတိပြု, နှာမ်ငဲ့စသည် အလားတူရုပ်များကို ရှုပသိဒ္ဓိဘာသာဋီကာမှာ ရှု။

**ကတ္တုသာခန သွင်း။** ။ကစ္စည်းသုတ်၌ "တဿီလာဒိသု ဏီတွာဝီစ=တဿီလစသော အနက်တို့၌ ဏီတု အာဝီပစ္စည်းသက်"ဟု ဆိုထား၏၊ ကတ္တားအနက် တောက်အနက် စသည်ဖြင့် သာခနအနက် မပါ၊ ကိတ်ပစ္စည်း မှန်လျှင်သာခနတပါးပါးကို ဟောရမည်ဆာတည်း၊ ထို့ကြောင့် ဏီစသောပစ္စည်းများသည် (၁) ကိတ်ပစ္စည်း မဟုတ်သလော၊ (၂) ကိတ်ပစ္စည်းဟုတ်လျှင် အဘယ်သာခန၌ သွင်းမည်နည်း၊ ဤသို့ မေးဖွယ်ရှိ၏- အဖြေကား—ဏီစသော ပစ္စည်းများသည် ခတ်နောင်သက်ရသောကြောင့် ကိတ်ပစ္စည်းတွင်ပါဝင်သော ကိတ်ပစ္စည်းများ အမှန်ပင် ဖြစ်ကြ၏၊ ချီးမွမ်းခြင်းအလေ့, သဘော, ချီးမွမ်းမှု၌ ကောင်းစွာပြုခြင်းရှိသူဟူသည်"ချီးမွမ်းတတ်သူ"ပင်ဖြစ်ရကား ကတ္တားသဘောသက်ရောက်၏၊ ဤသို့ ကတ္တားအနက် ဖြစ်သင့်သောကြောင့်"ဏီစသော ပစ္စည်းများကို ကတ္တုသာခန အနက်၌သက်"ဟု မှတ်ယူရမည်၊ ထို့ကြောင့် "စရတိသီလေန"စသည်ဖြင့် ကတ္တုသာခနဝိဂ္ဂိုဟ် တနည်း ဆို၍—ရူဠ်လည်း "ကတ္တရိ"ဟု ထည့်၍ ဝုတ္တိဖွင့်သည်။

> သတ္တသာခနမုတ္တေပိ, တဿီလာဒိသု ပစ္စယေ၊
> ခါတုတော ပစ္စယတ္တတ္တာ, ကတ္တုဋ္ဌာနေစ ဝုတ္တိတော၊
> ပေါရောဏောဟိ ကတော တဿ, သင်္ဂဟော ကတ္တုသာခနေ။

တဿီလာဒိသု— တို့၌၊ ပစ္စယေ— သက်သော ပစ္စည်းသည်၊ သတ္တသာခနမုတ္တေပိ-သာခန ၇-ပါးမှ လွတ်သကဲ့သို့ဖြစ်နေသော်လည်း၊ ခါတုတော-ခါတ်မှနောက်၌၊ ပစ္စယတ္တတ္တာ - သက်ရသော ပစ္စည်းအနက် ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ကတ္တုဋ္ဌာနေ- ကတ္တားအရာ၌၊ ဝုတ္တိတော စ- ဖြစ်ခြင်းကြောင့်လည်းကောင်း၊ တဿ-ထို ဏီစသောပစ္စည်းကို၊ ကတ္တုသာခနေ-၌၊ သင်္ဂဟော-သွင်းယူခြင်းကို၊ ပေါရာဏေဟိ— ရှေးဆရာတို့သည်၊ ကတော— ပြုအပ်ပြီ။ [ခါတုတော ပစ္စယတ္တတ္တာဖြင့် ခတ်နောင် သက်ရသော ကိတ်ပစ္စည်းဖြစ်ကြောင်းကို ပြ၏၊ ကတ္တုဋ္ဌာနေ ဝုတ္တိတောဖြင့် ကတ္တားသဘော ရှိကြောင်းကို ပြ၏၊ ထိုသို့ ပြသဖြင့် ကတ္တုသာခန အနက်ကို ဟောကြောင်း ထင်ရှားစေသည်။]—ဘေဒစိန္တာ။

သဒ္ဒါ၊ မေ၊ ဒီဟိ ယု ၅၃၃။ သဒ္ဒ ကုဓ စလ မဏ္ဍတ္ထေဟိ-အသံပြုခြင်း, အမျက်ထွက်ခြင်း, တုန်လှုပ်ခြင်း, တန်ဆာဆင်ခြင်း အနက်ရှိကုန်သော၊ ဓာတူဟိ-ဓာတ်တို့မှ နောက်၌လည်းကောင်း၊ ရုစာဒီဟိ-ရုစ အစရှိကုန်သော၊ ဓာတူဟိစ-လည်းကောင်း၊ တဿီလာဒိသု-တဿီလ အစရှိကုန်သော၊ အတ္ထေသု—အနက်တို့၌- ယုပစ္စယော ဟောတိ၊ ဃောသနသီလော-ကြွေးကြော်ခြင်း အလေ့ရှိသူသည်၊ ဃောသနော—ဃောသန မည်၏၊ ဘာသနသီလော—ဆိုခြင်းအလေ့ ရှိသူသည်၊ ဘာသနော-ဘာသန မည်၏၊ ဧဝံ—တူ၊ ဝိဂ္ဂဟော—ဝိဂ္ဂိုဟ်ကို၊ ကာတဗ္ဗော-ပြုထိုက်၏၊ ကောဓနော-အမျက်ထွက်ခြင်း အလေ့ရှိသူ၊ ဒေါသနော—စိတ်ဆိုးခြင်း အလေ့ရှိသူ၊ စလနော, ကမ္ပနော, ဖန္ဒနော-တုန်လှုပ်ခြင်း အလေ့ရှိသူ၊ မဏ္ဍနော, ဝိဘူသနော — တန်ဆာဆင်ခြင်း အလေ့ရှိသူ၊ ရောစနော — တင့်တယ်ခြင်း အလေ့ရှိသူ၊ ဇောတနော — ထွန်းတောက်ခြင်း အလေ့ရှိသူ၊ ဝဍ္ဎနော-တိုးပွားခြင်း အလေ့ရှိသူ၊ (၅၉၂)။

---

စသဒ္ဒါ၏အနက်။ ။ဏီတွာဝီစ၌ စကို တဿီလာဒိသုစဟု ရွေ့ထိုင်စေ၍ ထိုစဖြင့် တဿီလစသော ၃-ပါးမှတပါး အတ္တမာန(ကိုယ့်ကိုယ်ကို အထင်ကြီးခြင်း)အနက်၌လည်း ဏီပစ္စည်းကိုဆည်း၏၊ ပဏ္ဍိတမာနီ-( ပညာ မရှိပဲလျက်) မိမိကိုယ်ကို ပညာရှိဟု မှတ်ထင်သူ၊ ထို စသဒ္ဒါဖြင့် တဿီလမဟုတ်သော ရိုးရိုးကတ္တားအနက်၌လည်း ဏီပစ္စည်း သက်၍ "သတ္တုဃာတီ—ရန်သူကို သတ်တတ်သူ၊ စိရဇီဝီ-ကြာရှည်စွာ အသက်ရှည်သူ၊ ဓမ္မဝါဒီ-တရားကို ဆိုတတ်သူ၊ သီဟနာဒီ - ခြင်္သေ့မင်းကဲ့သို့ ရဲတင်းစွာ ဆိုတတ်သူ၊ ဘူမိသာယီ-မြေ၌ အိပ်တတ်သူ" စသည်ဖြစ်၏။

---

၅၃၃။ သဒ္ဒါ၊ ပေ၊ ရုစာဒီဟိ။ ။သဒ္ဒေါ စ ကုဓော စ စလော စ မဏ္ဍော စာတိ သဒ္ဒကုဓစလမဏ္ဍာ (ဒွန်)၊ "အတ္ထ" ကား ဒွန်၏ နောက်၌ရှိသော ပုဒ်တည်း၊ "ဒွန်၏နောက်မှာ, ပုဒ်ရှိရာ, လျော်စွာ ကမ္မဓာရဲ, တပ္ပုရိသ်သော် တွဲ" နှင့်အညီ အတ္ထသဒ္ဒါနှင့် "သဒ္ဒ ကုဓ စလ မဏ္ဍာနံ-သဒ္ဒသဒ္ဒါ ကုဓသဒ္ဒါ စလသဒ္ဒါ မဏ္ဍသဒ္ဒါတို့၏+အတ္ထော- အနက်တည်း၊ သဒ္ဒါ၊ ပေ၊ မဏ္ဍတ္ထော-နက်" ဟု တပ္ပုရိသ်တွဲ၊ သဒ္ဒ ကုဓ စလ မဏ္ဍတ္ထော+အတ္ထော+ယေသံတိ သဒ္ဒ ကုဓ စလ မဏ္ဍတ္ထာ—သဒ္ဒ ကုဓ စလ မဏ္ဍသဒ္ဒါတို့၏ အနက်ဟူသော အနက်ရှိသော ဓာတ်တို့၊ (အတ္ထ တပုဒ်ကြေသည်၊ ဗြဟ္မဿရော၌ သရ တပုဒ်ကြေသကဲ့သို့တည်း၊)ဤကား ချာသ အလိုတည်း၊ ရူပ်ဋီကာ၌မူ "သဒ္ဒေါ စ ကုဓော စ စလော စ မဏ္ဍော စ အတ္ထော ယေသံတိ သဒ္ဒ ကုဓ စလ မဏ္ဍတ္ထာ—အသံပြုခြင်း, အမျက်ထွက်ခြင်း, တုန်လှုပ်ခြင်း, တန်ဆာဆင်ခြင်း အနက်ရှိသော ဓာတ်တို့" ဟု ပြု၏၊ ဤ ရူပ်ဋီကာအတိုင်း

ပါရာဒိဂမိမှာ ရူ

၅၃၄။ ပါရသဒ္ဒါဒိမှာ–ပါရသဒ္ဒါအစ၌ရှိသော၊ ဂမု ဣတိ တေမှာ ဓာတုမှာ-ဂမုဟူသော ဤဓာတ်မှ နောက်၌၊ တဿီလာ ဒိသု အတ္ထေသု ရူပစ္စယော ဟောတိ၊ ဘဝဿ–ဘဝ၏၊ ပါရံ– ထိုဘက်ကမ်းဇည်း၊ ဘဝပါရံ–ဘဝ၏ ထိုဘက်ကမ်း၊ (နိဗ္ဗာန်ကို ဆိုလိုသည်၊) ယဿ ပုရိသဿ- ၏၊ ဘဝပါရံ-ဘဝ၏ ထိုဘက်ကမ်းသို့၊ ဂန္တုံ-သွားခြင်းငှာ၊ သီလံ-အလေ့သည်၊ ဟောတိ-၏၊ ဝါ-ရှိ၏၊ ဣတိ, သော ပုရိသော- သည်၊ ဘဝ ပါရဂူ မည်၏၊ တဿီလာဒိသွိတိ–တဿီလာဒိသုဟူသော ပုဒ်သည်၊ ကိမတ္ထံ၊ ပါရင်္ဂတော-ကမ်းတဘက်သို့ရောက်သူ၊ ဣတိ-ဤပြယုဂ်၌....၏၊ ပါရာဒိဂမိမှာတိ ကိမတ္ထံ၊ အနုဂါမီ–အစဉ်လိုက်လေ့ရှိ၏၊ ဣတိ-၌....၏၊ (၅၉၃)။

---

နိဿယ၌ အနက်ပေးသည်။ [ဒွန်၏နောက်၌, ရှိသောပိုဒ်, ယှဉ်လိုက် ပုဒ်တိုင်းသာ''နှင့်အညီ အဓိပ္ပာယ်ယူရာ၌ ''သဒ္ဒ၊ ပေ၊ မဏ္ဍ'' ဟူသော ဒွန်၏ နောက်၌ ရှိသော အတ္ထပုဒ်ကို ရှေ့ပုဒ်တိုင်း၌ ယှဉ်စေ လိုက်စေ၍ ''သဒ္ဒတ္ထ, ကုဓတ္ထ, စလတ္ထ, မဏ္ဍတ္ထ''ဟု အဓိပ္ပာယ်မှတ်။]

အတ္ထသဒ္ဒါဖြင့် ဆိုရကျိုး။ ။အတ္ထသဒ္ဒါ မပါလျှင် ''ဃုသ ဘာသ ကုဓ ဒုသ ရုသ'' စသည်ဖြင့် ဤသုတ်ဆိုင်ရာ ဓာတ်တွေကို သရုပ်သကောင် ဖော်ပြနေရသဖြင့် စာနေကျယ်ဝန်းဖွယ် ရှိ၏၊ အတ္ထ သဒ္ဒါဖြင့် ပြလိုက်လျှင်ကား ''သဒ္ဒတ္ထ''အရတွင် အသံပြုခြင်း (အသံထုတ်၍ ပြောဆိုရခြင်း) အနက်ဟော ဓာတ် အားလုံးပါဝင်၏၊ ဤသို့ စသည်ဖြင့် စကားကျဉ်းကျဉ်းနှင့် လိုရာ ဓာတ် အားလုံးကို သိမ်းကြုံးခြင်းအကျိုးငှာ အတ္ထသဒ္ဒါဖြင့် ဆိုရပေသည်၊ ကြွင်းသော မှတ်ဖွယ်နှင့် ရုပ်တွက်ပုံကို အခြေပြု၌ကြည့်၊ ဒေါသနောကား အခြေပြု၌မပါ၊ ''ဒုသ–အပ္ပီတိမှိ''ဟု ဆို၍တွက်။

ဝိဂ္ဂဟ်။ ။''ဃောသိတုံ သီလံ ဓမ္မော ဝါ သာဓုကာရိတာ ဝါ ယဿ''ဟုလည်းကောင်း, ဃောသတိ သီလေန ဓမ္မေန, သာဓုကာရိတာယဝါ'' ဟုလည်းကောင်း, ''ဃောသန သီလော, ဃောသန ဓမ္မော ဝါ, ဃောသနေ သာဓုကာရီ ဝါ''ဟုလည်းကောင်း ပြုနိုင်၏၊ ထို ၉-မျိုးတွင် ဤဝုတ္တိ၌ ဃောသန သီလော တမျိုးသာ ပြထားသည်၊ ကောဓနော စသည်၌ ''ကုဇ္ဈိတုံ သီလံ ယဿ'' စသည်ဖြင့် ပြု။

၅၃၄။ ပါရာဒိဂမိမှာ။ ''အစ၌ ပါရသဒ္ဒါ စသည်ရှိသော ဂမုဓာတ်'' ဟူသည်''ပါရသဒ္ဒူပပဒ ဂမု''ဟု ပါရသဒ္ဒါ အစထား၍တည်ရသော ဂမုဓာတ် တည်း၊ [''ပါရ+ဂမု'' တည်ဟု ဆိုရာ၌ ပါရ အစရှိပုံကို ကြည့်ပါ၊] ပါရာဒိ၌ အာဒိဖြင့် အန္တ - ဝေဒ - အဒ္ဓ - ဓမ္မတို့ကို ယူ၍ ''အန္တဂူ–အဆုံးသို့ရောက်သူ၊

ဝေဒဂူ-နှစ်သက်ခြင်းသို့ရောက်သူ၊ အဒ္ဓဂူ-အဓ္ဓနိုသို့ရောက်သူ၊ ဝေဒေန-လေးပါးသော မဂ်ဉာဏ်ဖြင့်၊ အန္တံ-နိဗ္ဗာန်ဟူသောအဆုံးသို့၊ ဂစ္ဆတိ- ရောက်၏၊ ဣတိ ဝေဒန္တဂူ၊ လောကန္တဂူ—လောက၏အဆုံးနိဗ္ဗာန်သို့ ရောက်သူ၊ ဓမ္မဂူ- တရားကို သိသူ" စသည် ဖြစ်၏။

ပုံစံများ။ ။"ဘဝဿ+ပါရံ—ဘဝပါရံ"သည် ဤသုတ်နှင့် ဆိုင်သော ပုံစံ မဟုတ်သေး၊ "ဘဝပါရံ"ဟု ပြလို၍ ရှေးဦးစွာ အပိုတွဲစပ်သည်၊ "ဘဝ ပါရံ ဂန္တုံ၊ပေ၊ဘဝပါရဂူ"သာ ဤသုတ်ပုံစံဖြစ်သည်၊ဤ၌"ဘဝ"သဒ္ဒါလည်း ပါရနှင့် တွဲဖက်ဖြစ်၍ အပိုပါနေသည်၊ လိုရင်းမှာ— "ပါရဂူ" သာတည်း၊ ရုပ်တွက်ရာ၌ အခြေပြုနည်းမှီး၍ တပ္ပုရိသ်သမာသ် အစီအရင်သွင်းပါ။

ပါရင်္ဂတော။ ။"ပါရံ+ဂတော- ပါရင်္ဂတော"၌ တဿီလအနက် မရှိသောကြောင့် ရူပစ္စည်းမသက်ပဲ "ပါရင်္ဂတော"ဟု ဖြစ်ရသည်၊ ပါရသဒ္ဒါပုပပဒ ဂမုတည်, ပါရနောင် အံသက်၊ "ဂမု=ဂတိမှိ စသည်ဆို၊ ဂမုနောင် ရူပစ္စည်း သက်သင့်သော်လည်း တဿီလာဒိအနက် မရှိသောကြောင့် မသက်ရ, ဗုဓဂမာ ဒိတ္တေ ကတ္တရိဖြင့် တပစ္စည်းသက်၊ ဂမ ခန ဟန ရမာဒီနမန္တောဖြင့် ဓာတ်ဆုံး မ် ကိုချေ၊တပ္ပုရိသ်သမာသ်စီရင်၊ တေသံဝိဘတ္တိယော လောပေါစဖြင့် အံဝိဘတ် ကို ချေသင့်သော်လည်း စသဒ္ဒါမြစ်သောကြောင့် မချေရ၊ နာမ်င့် စသည်စီရင်၊ အနုဂါမီ၌ ပါရသဒ္ဒါ ရှေ့မရှိသောကြောင့် ဤသုတ်ဖြင့် ရူပစ္စည်း မသက်ရ-ဟု ဆို၊ တဿီလာဒီသုဖြင့် ဏီသက်၊ အနုနှင့် ဂါမီကို ကမ္မဓာရည်း စီရင်။

ဝုတ္တိဖွင့် စဉ်းစားဖွယ်။ ။ပါရာဒိ ဂမိမှာ၌ ဂမိမှာကို "ဂမုဣစ္ဆေတမှာ ဓာတုမှာ" ဟုလည်းကောင်း, ပါရာဒိကို "ပါရသဒ္ဒါဒိမှာ" ဟုလည်းကောင်း ဖွင့်၏၊ "ပါရသဒ္ဒါဒိမှာ- ပါရသဒ္ဒါ အစရှိသော၊ ဝါ- အစ၌ ပါရသဒ္ဒါပါ သော"ဟု အနက်ပေးစေလို၏၊ဤအဖွင့်အလို"ရှေ့အစ၌ ပါရသဒ္ဒါရှိသော ဂမု ဓာတ် (ပါရ+ဂမု)တခုနောက်၌သာ ရူပစ္စည်း သက်နိုင်တော့၏၊ "အန္တ+ဂမု" စသည်နောင် ရူပစ္စည်းမသက်နိုင်ဟု ဆိုလိုရာရောက်၏၊ ထို့ကြောင့် ကစ္စည်းဝုတ္တိ ဖွင့်ပုံကို မနှစ်သက်၍ ရူ၌ "ပါရာဒီဟိ ဥပပဒေဟိ ပရသ္မာ ဂမိဣစ္ဆေတသ္မာ"ဟု တမျိုးပြင်၍ ဖွင့်သည်၊ ကစ္စည်းဝုတ္တိ အလိုအားဖြင့် ပါရာဒိ၌ အာဒိသဒ္ဒါသည် ဂမုဓာတ်၏အစ (အပိုင်းအခြား) ဟူသော မရိယာဒ အနက်ဟောဟု ဆိုလို၏၊ ရူဖွင့်ပုံအားဖြင့်ကား ပါရာဒိ၌ အာဒိသဒ္ဒါသည် အတူ (ပကာရ) အနက်ဟော တည်း-ဟု ဆိုလို၏၊ ထို အာဒိဖြင့် အန္တစသော အလားတူ ဥပပဒ (ဓာတ်အနီး ပုဒ်)များကို ယူ၊ အနုကား အလားတူနာမ်ပုဒ် မဟုတ်, ဥပသာရပုဒ် ဖြစ်သော ကြောင့် အနုဂါမီသည် ကိံပုံစံ ဖြစ်ရ၏။

**ဘိက္ခာဒိတော စ** ၅၃၅။ ဘိက္ခ ဇူစစ္စဝမာဒီဟိ-ဘိက္ခ ဤသို့အစရှိကုန်သော၊ ဓာတူဟိ တဿိလာဒီသု အတ္ထေသု ရူပစ္စယော ဟောတိ၊ ဘိက္ခနသီလော (ယာစနသီလော)— တောင်းခြင်း အလေ့ရှိသူသည်၊ ဘိက္ခု— ဘိက္ခု မည်၏၊ ဝိဇာနနသီလော-သိခြင်းအလေ့ရှိသူသည်၊ ဝိညူ-မည်၏၊ (၅၉၄)။

**ဟနတျာဒီနံ ဏုကော** ၅၃၆- ဟနတျာဒီနံ—ဟန အစရှိကုန်သော၊ ဓာတူနံ—တို့၏၊ အန္တေ— အဆုံး၌၊ တဿိလာဒီသု အတ္ထေသု ဏုကပစ္စယော ဟောတိ အာဟနနသီလော-ညှဉ်းဆဲလေ့ရှိသူသည်၊ အာဃာတုကော—အာဃာတုက မည်၏၊ ကရဏသီလော-ပြုလေ့ရှိသူသည်၊ ကာရုကော— ကာရုက မည်၏၊ (၅၉၅)။

---

၅၃၅။ **ဘိက္ခာဒိတော စ**။ ။**အာဒိသဒ္ဒါဖြင့်** ဝိစသည် ရှေးရှိသော ညာဓာတ်, ဝိဒဓာတ် စသည်ကိုယူ၊ ဝိညူ, အတ္ထညူ, ဓမ္မညူ, ကာလညူ, ဝိဒူစသည် တည်း၊ ဝိညူ စသည်သည် ကမ္မဓာရဲသမာသ် တပ္ပုရိသ် သမာသ် များတည်း၊ ညူချည်းခွဲ၍မနေနိုင်သောကြောင့် နိစ္စသမာသ်လည်းဖြစ်၏၊ ဝိသေသေန + ဇာနာ တိ သီလေနာတိ ဝိညူ (ကမ္မဓာရဲ)၊ အတ္ထံ ဇာနာတိ သီလေနာတိ အတ္ထညူ (တပ္ပုရိသ်)၊ ဓမ္မညူ-တရားကို သိလေ့ရှိသူ၊ ဝိဒူ- သိလေ့ရှိသူ၊ လောကဝိဒူပုဒ်ကို "သဗ္ဗထာ လောကံ အဝေဒီ"ဟု ဖွင့်သော ပါရာဇိကဋ္ဌကထာ စသည်၌ကား တဿိလာဒီအနက် မပါ, ရိုးရိုးကတ္တားအနက်၌သာ ရူပစ္စည်းသက်၏၊ တဿိလာ ဒီသု အလိုက်ကိုကြည့်သော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် သက်သင့်သည်၊ ဘိက္ခာဒိတော စ၌ စသဒ္ဒါဖြင့် ရူပစ္စည်းကို ငင်၏၊ ဘိက္ခုပုဒ်၌ အဋ္ဌကထာဋီကာ တို့ ဖွင့်ပုံကို တဿိလာဒီသုသုတ်၌ ပြခဲ့ပြီ၊ ရုပ်ကို အခြေပြုကြည့် တွက်၊ ဘိက္ခန သီလော၌ ဘိက္ခဓာတ်၏ ယာစနအနက် ထင်ရှားအောင် "ယာစနသီလော"ဟု ဖွင့်ပြုသည်၊ "ဘိက္ခတိ သီလေန"စသည်ဖြင့် ဝိဂ္ဂဟ်ပြုပုံကိုလည်း သိပါ။

---

၅၃၆။ **ဟနတျာဒီနံ**။ ။"ဟနာဒီနံ"ဟု မဆိုပဲ ဟနတျာဒီနံ (ဟနတိ+ အာဒီနံ) ဟု ဆိုရာ၌ တိ အက္ခရာသည် ဟနဓာတ်ကို ညွှန်ပြသော ဓာတုနိဒ္ဒေသ တည်း၊ ဟနတိဟု ဘူဝါဒိရုပ်အတုဖြင့် ဓာတ်ကိုညွှန်ပြခြင်းကြောင့် ဤသုတ်လာ ဟနဓာတ်သည် ဟညတိဟုပြီးရသော ဒိဝါဒိ ဟနဓာတ် မဟုတ်, ဘူဝါဒိဟန ဓာတ်ဖြစ်သည်-ဟု သိစေရခြင်းအကျိုးရှိ၏၊ ထိုဓာတ် ၂-မျိုး၏ အနက်ချင်း မတူ ပုံကို ဓာတ်ကျမ်း၌ ရှုပါ။ [ဓာတုနိဒ္ဒေသ အကျယ်ကို ရူပသိဒ္ဓိ အဆုံးနားမှာ ရှု။] ဟနတျာဒိ၌ အာဒိဖြင့် **ကရ-ဘိ-အာဝ ဓာတ်**တို့ကို ယူ၍ ပုံစံကို ရှု၍ရှုပါ၊ ရုပ်ကို **အခြေပြုကြည့်** တွက်။

နနိဂ္ဂဟိတံ ပဒန္တေ

၅၃၇။ ပဒန္တေ—ရှေ့ပုဒ်၏အဆုံး၌၊ နကာရာဂမော—လာသော နအက္ခရာသည်၊ နိဂ္ဂဟိတံ အာပဇ္ဇတေ၊ အရိံ ၊ပေ၊ဝေဿန္တရော၊ ရာဇာ၊ [သညာယ-မနသုတ်၌ အနက်ပေးခဲ့ပြီ၊] ပဘံ-အရောင်ကို၊ ကရောတိ, ကွတိ, ပဘင်္ကရော-မည်၏၊ ဘဂဝါ-ဘုရားတည်း၊ (၅၆၇)။

သံဟနညာယဝါ ရောဃော

၅၃၈။ သံပုဗ္ဗာယ—သံ ရှေ့ရှိသော၊ ဟန ဣတိ ဓာတုယာ- ဟနဟူသော ဤဓာတ်မှ နောက်၌လည်းကောင်း၊ အညာယ- အခြားသော၊ဓာတုယာဝါ-ဓာတ်မှနောက်၌လည်း ကောင်း၊ ရ ပစ္စယော (ဟောတိ)၊ ဟနဿ- ဟနဓာတ်၏၊ ဃော စ—ဃ အပြုသည်လည်း၊ ဟောတိ၊ သမဂ္ဂံ- အညီအညွတ်၊ ကမ္မံ- သံဃာ့ကံသို့၊ သမုပဂစ္ဆတိ- ကပ်ရောက်တဘ်၏၊ ဣတိ, သံဃော-သံဃမည်၏၊ သမန္တတော-ထက်ဝန်းကျင်၌၊

---

၅၃၇။ နနိဂ္ဂဟိတံ ပဒန္တေ။ ။"အရိ+ဒမ" တည်ပြီးသောအခါ အရိသည် နာမ်ပုဒ်, ဒမကား ပုဒ် မဟုတ်သေး, ဓာတ်သာတည်း၊ "ပုဒ်အဆုံး၌ လာသော"ဟု ဆိုသဖြင့် "အရိ+ဝေဿ+ပဘာ"တို့ နောင် န အက္ခရာ လာရမည်ဟု-ဟု သိသာ၏၊ထို့ကြောင့် သညာယမနသုတ်၌ အရိ စသောပုဒ်၏ အဆုံးဝယ် န အက္ခရာ လာခဲ့ရသည်။

မေးဖွယ်။ ။နိဂ္ဂဟိတ်ပြုရာ၌ ဝဂ္ဂန္တံ ဝါဝဂ္ဂေ သုတ်ဝယ် နိဂ္ဂဟိတ်ကို (န်) ပြုသကဲ့သို့, ဤသုတ်ကလည်း အပြန်အလှန် သဘောအားဖြင့် (န်)ကို နိဂ္ဂဟိတ် ပြုသင့်ရကား "သညာယ မန, နနိဂ္ဂဟိတံ ပဒန္တေ" ဟု သုတ်တည်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် "န"ဟု ဥန္နင့်တကွ ဆိုရသနည်း-ဟု မေးဖွယ် ရှိ၏၊ အဖြေကား—ဘိဒါဒိတော ဣန္န အန္န ဤဏာဝါသုတ်၌ န တို့ကိုလည်း နိဂ္ဂဟိတ် ပြုမည်စိုး၍ ထို (န်) တို့ကို ရှောင်ကွင်းခြင်းငှာ "န"ဟု ဆိုရသည်။ [တတ္ထစ (ထို နနိဂ္ဂဟိတံ ပဒန္တ သုတ်၌လည်း) နတိ ဝစနံ၊ပေ၊ ဘိဒါဒိတော ဣန္န အန္န ဤဏာဝါတိသမ္ဘူတာနံ ဣန္န အန္နပစ္စယာနံ နကာရဿ ဝိဝဇ္ဇနတ္ထံ၊-ဉျာသ၊] ရုပ်ကို အခြေပြု၍ ညွှန်ပြထားပြီ။]

---

၅၃၈။ သံဟန-ညာယဝါ။ ။"သံဟနာ+အညာယ"ဟု ပုဒ်ဖြတ်၊ အညာယဝါ၌ ဝါသဒ္ဒါသည် ရှေ့သံ+ဟနကို ပေါင်းခြင်း သမ္ပိဏ္ဍနအနက်ရှိ၏၊ သံပုဗ္ဗ ဟနဓာတ်နောင် သာမက(ခနု- ကရ စသော) အခြား ဓာတ်နောင်လည်း ရ ပစ္စည်းသက်—ဟူလို၊ တနည်း—ဝါသဒ္ဒါသည် ဝိကပ်အနက် ရှိ၏၊ ရ ပစ္စည်း သက်ခြင်း ဟနဓာတ်ကို ဃပြုခြင်းသည် နိစ္စမဟုတ်, ဝိကပ်သာ၊ ထို့ကြောင့် "သံဃာတော=အပေါင်း"ဟူသော ရုပ်များလည်း ဟနဓာတ် ဖြစ်ပါလျက်

ပတ်ပတ်လည်၌၊ နဂရဿ—မြို့၏၊ ဗာဟိရေ—ပြင်ပ၌၊ (ဘေး၌)၊ ခညတိ-
တူးအပ်၏၊ ဣတိ,ပရိက္ခာ-ပရိက္ခာ မည်၏- (ကျုံး)၊ အန္တံ-အဆုံးကို၊ ကရောတိ-
ပြုတတ်၏၊ ဣတိ, အန္တကော-မည်၏၊ (သေမင်း, ဝါ-မာရ်နတ်)၊ သံဣတိ-သံ
ဟူသောပုဒ်သည်၊ ကိမတ္ထံ, ဥပဟနန်-ကပ်၍ ညှဉ်းဆဲခြင်း၊ ဥပဃာတော-ခြင်း၊
ဣတိ—၌... ၏၊ (၅၉၆)။

---

ရ ပစ္စည်းလည်း မသက်ရ, ဃ လည်း မပြုရပဲ ဏ ပစ္စည်းသက်, ဟနကို (ဟနဿ ဃာတော သုတ်ဖြင့်) ဃာတပြု၍ ပြီးရသည်—ဟူလို၊ [ဝါဂ္ဂဟဏံ သမ္ပိဏ္ဍနတ္ထံ၊ ဝိကပ္ပနတ္ထံဝါ, တေန သံဃာတောတိပိ သိဒ္ဓံ ဟောတိ၊—ရူ၊] ဤ ဝိကပ္ပနတ္ထ နည်း၌ "သံဟနာ-မှလည်းကောင်း၊ အညာဃ-မှလည်းကောင်း၊ ရော-ရပစ္စည်း သည်လည်းကောင်း၊ ဃော—ဟန ဓာတ်၏ ဃ အပြုသည်လည်းကောင်း၊ ဝါ ဟောတိ- ဝိကပ်ဖြစ်၏"ဟု သုတ်နက်ပေး။

ဃ အပြု။ ။"သံဟနာ+အညာဃ" ဟု ဓာတ် ၂-မျိုး ခွဲပြထားသော ကြောင့် ဃပြုရာ၌လည်း ဟနကိုလည်းကောင်း၊ အခြားဓာတ်ကိုလည်းကောင်း ပြုရသည်ဟု ထင်ဖွယ်ရှိ၏၊ သို့သော် ဘုရားပါဠိတော် အားလျော်စွာ ဟနဓာတ် ကိုသာ ဃပြုရသည်၊ "အညာဃ"အရဖြစ်သော အခြားဓာတ်ကို မပြုရ၊ ဤသို့ သုတ်၌ဆိုသမျှကို မယူပဲ ပါဠိတော်နှင့်လျော်ရာကိုသာ ရွေးချယ်၍ယူရသော ဤ နည်းကို ထောက်၍ "ပါဠိတော်နှင့် သင့်လျော်လျှင် သံရှေ့မရှိသော ဟနဓာတ် ကိုလည်း ဤသုတ်ဖြင့် ဃ ပြုနိုင်၏"ဟူသော အနက်အဓိပ္ပာယ်ကိုလည်း သိရ၏၊ ထို့ကြောင့် ပဋိပုဗ္ဗ ဟနဓာတ်, ဤသုတ်ဖြင့် ရ ပစ္စည်းသက်, ဟနကို ဃပြု၍ (သံဃောနှင့် အလားတူ) ပဋိဃောရုပ်လည်း ပြီးနိုင်သည်ဟု ရူပသိဒ္ဓိ ဆိုသည်။

ပုံစံများ။ ။သံဃော၌ သံပုဗ္ဗ ဟနဓာတ်၊ "ဟန = ဟိံသာဂတိသု" ၂-နက်တွင် ဂတိအနက်ကို ယူ၍ "သမုပဂစ္ဆတိ" ဟု ဖွင့်သည်၊ ထို့ကြောင့် "သမုပဂစ္ဆတီတိ"ဟူသော ဝိဂ္ဂိုဟ်သည် ဓာတ်နက်ဖြင့် ပြီးအပ်သော ဓာတွတ္ထ ဝိဂ္ဂဟတည်း၊ သမဂ္ဂံ ကမ္မံ ကား အပိုထည့်ပါဌ်တည်း၊ မိမိ ဓာတ်ရင်းကို သွင်း၍ "သံဟနတိ(သမဂ္ဂံ ကမ္မံ သမုပဂစ္ဆတိ)တိ သံဃော"ဟုလည်း ပြု၊ ဤဝိဂ္ဂိုဟ်အရ သံဃကံ၌ အတူပြုကြရသော အရိယာသံဃာ ပုထုဇဉ်သံဃာ အားလုံးရ၏၊ ဟနဓာတ်၏ ဟိံသာအနက်ကို ယူ၍ "သမ္မဒေဝ- ကောင်းစွာသာလျှင်၊ ကိလေသေ- တို့ကို၊ ဟနတိ-သတ်တတ်၏၊ ဣတိ, သံဃော"ဟု တနည်းဝိဂ္ဂိုဟ်ပြုကြသေး၏၊ ဤဝိဂ္ဂိုဟ်အရကား အရိယာသံဃာနှင့် ကိလေသာတို့ကို သတ်ဖြတ်ရန်ကြိုးစား နေသော ယောဂီသူမွန် သီလဝန် ပုထုဇဉ်သံဃာသာ ရသည်။

ပရိက္ခာ။ ။ပရိ သဒ္ဒါသည် "သမန္တတော"တည်းဟု သိစေလို၍ "သမန္တတော"ဟု ဖွင့်၏၊ နဂရဿ ဗာဟိရေတို့ကား အပိုထည့် ပါဌ်၊ "သမန္တတော+ ခညတီတိ ပရိက္ခာ"သာ လိုရင်းတည်း၊ ဤခညတီဟူသောဝိဂ္ဂဟသည် ဓာတ်ရင်း

**ရမ္ဘိရန္တော ရာဒိ နော**

၅၃၉။ ပရေ-သော၊ ရမှိ-ရ အနုဗန်ရှိသော၊ ပစ္စယေ-ပစ္စည်းကြောင့်၊ ရကာရာဒိ — ရ အနုဗန် အပိုင်းအခြား ရှိသော၊ သဗ္ဗော—အလုံးစုံသော၊ ဓာတွန္တော — ဓာတ်၏အဆုံးသည်၊ လောပေါ ဟောတိ၊ အန္တကော-အဆုံးကို ပြုတတ်သော သေမင်း၊ ပါရဂူ—ကမ်းတဘက်သို့ ရောက်သူ၊ သတ္ထာ—ဆရာ၊ ဒိဋ္ဌော-မြင်အပ်၏၊ ဣစ္စေဝမာဒီ—တည်း၊ (၅၅၉)။

---

အတိုင်း ပြုအပ်သောကြောင့် ဓာတုဝိဂ္ဂဟမည်၏၊ အန္တကော၌ အန္တသဒ္ဒါပုဗ္ဗပဒ+ကရဓာတ်, ရုပ်တွက်ပုံကို အခြေပြု ဤသုတ်နှင့် နောက်သုတ်မှာ ရှု။

သံ ဣတိ ၊ပေ၊ ဥပဃာတော။ ။သံ ရှေ့ရှိသော ဟနဓာတ် မဟုတ်သောကြောင့် ဃမပြုရဟု ဝုဒ္ဓိဆရာ ဆိုလို၏၊ သို့သော် ရူဌ် "ပဋိဃော"ဟု သံ ရှေ့ မရှိပဲ ဃ ပြုရသောပုံစံကို ပြထားသောကြောင့် ထို ရူပသိဒ္ဓိအလို "သံ ဣတိ ကိမတ္ထံ၊ပေ၊ဥပဃာတော"ဟု မဆိုထိုက်တော့ပြီ၊ ဘုရားပါဠိတော်နှင့် မလျော်သောကြောင့် ဟနကို ဃ မပြုပဲ "ဥပဃာတော" ဖြစ်ရသည်ဟုသာ ဆိုသင့်၏၊ ["ဝါမြစ်သောကြောင့် ဟနကို ဃမပြုရ"ဟုလည်း ဆိုကြသေး၏၊ သံပုဗ္ဗ ဟနဓာတ်ဖြစ်လျှင်သာ ဝါသဒ္ဒါက တားမြစ်ဖို့ ရှိ၏၊ ဥပဃာတော၌ သံပုဗ္ဗ မဟုတ်သောကြောင့် ဝါသဒ္ဒါက တားမြစ်နေဖွယ် မလို၊] ဥပ+ဟန, ဏ, ပစ္စည်း, ဟနဿ ဃာတောသုတ်ဖြင့် ဟာန်ကို ဃာတ်ပြု။

---

၅၃၉။ ရမှိ။ ။"ရမှိ"အရ ရပစ္စည်းကိုသာ ယူလျှင် ရူ-ရတ္ထု စသော ပစ္စည်းများ မပါနိုင်၊ ထို့ကြောင့် "ရေ အဃ အတ္တိတိ ရော"ဟု အဃတ္တိ အနက်၌ ဏပစ္စည်း သက်၍ "ရော"ဟု ရူဋီကာ၌ ဝိဂ္ဂိုဟ်ပြု၏၊ ဤ ဝိဂ္ဂိုဟ်အရ ရ အနုဗန်ရှိသော ရ—ရူ—ရတ္ထု စသောပစ္စည်းများနှင့် ရိဋ္ဌအပြု စသည်ကို ရမှိ အရ၌ ယူနိုင်သည်- [တ ပစ္စည်းကို ရိဋ္ဌပြုရာ၌ အာဒေသီ တ ပစ္စည်း၏ ပစ္စယ အမည်ကို အာဒေသ ရိဋ္ဌပေါ် တင်စား၍ ကာရဏူပစာရ, ဌာနျူပစာရအားဖြင့် ရိဋ္ဌကိုလည်း ပစ္စယဟု ခေါ်။]

ရန္တော။ ။ရန္တော၌ "ရ"ကား ယဝမဒနဖြင့်လာသော အက္ခရာတည်း၊ အန္တောသာ လိုရင်း၊ ထို အန္တောကို "သဗ္ဗော ဓာတွန္တော"ဟု ဖွင့်၏၊ ဤ၌ ဓာတွန္တောအရ ဓာတ်၏အဆုံးဟူသည် ဓာတွန်သရကို ချေပြီး၍ ကျန်နေသော "ကရ်-ဂမ်-သာသ်-ဒိသ်" စသည်၌ "ရ်-မ်-သ်"စသည်တည်း၊ သံယောဂ၌ ဃ၏ အသရ, ဝိညူ၌ ဉာဓာတ် အာသရစသည်တို့လည်း ဓာတ်၏အဆုံးသရများဖြစ်၍ ဤ ဓာတွန္တောအရ၌ ပါဝင်ကြ၏၊ [အချို့ကား "ကရ်—ဂမ်"စသည်၌ ရ်—မ် တို့နှင့်တကွ က-ဂ တို့၌ရှိသော အသရကိုပါ ဓာတွန္တအရ၌ ယူကြ၏၊ "ဓာ-

ဘာ၀ ကမ္မေသု တဗ္ဗာနိယာ

၅၄၀။ ဘာ၀ကမ္မ ဣတိ-ဘော, ကံ ဟူကုန်သော၊ ဧတေသု အတ္ထေသု-တို့၌၊သဗ္ဗဓာတူဟိ တဗ္ဗအနီယ ဣတိ ဧတေ ပစ္စယာ ဟောန္တိ၊ ဘဝိတဗ္ဗံ, ဘဝနီယံ—ဖြစ်ခြင်း, ဖြစ်ရာ၏၊ အာသိတဗ္ဗံ, အာသနီယံ-နေခြင်း, နေရာ၏၊ ပဇ္ဇိတဗ္ဗံ, ပဇ္ဇနီယံ—ရောက်ခြင်း, ရောက်အပ်၏၊ ကတ္တဗ္ဗံ ကရဏီယံ—ပြုခြင်း, ပြုအပ်၏၊ ဂန္တဗ္ဗံ, ဂမနီယံ— သွားခြင်း, သွားအပ်၏၊ (၅၄၆)။

---

တန္တ=ဓာတ်၏ အဆုံး”ဆိုသောကြောင့်အဆုံးသက်သက်ဖြစ်သော ရ်-မ် စသည် ကိုသာ ယူသင့်သည့်ပြင် ဘစ္စ၌ “ဘရ်+ရိစ္စ”ဟု ဖြစ်ရာ ဘ၏ အသရကိုချေလိုက် လျှင် “ဘိစ္စ”ဟု ဖြစ်ဖွယ်ရှိသောကြောင့် ထို အချို့ဆရာတို့ အယူကို စဉ်းစား ကြပါလေ။]

ရာဒိနော။ ။ရာဒိ၌ အာဒိသဒ္ဒါအည် “မရိယာဒေ ပကာရေစ” စသော အနက်တို့တွင် မရိယာဒ ( အပိုင်းအခြား ) အနက်ဟောတည်း၊ ရော+အာဒိ (မရိယာဒေါ)+ယဿာတိ ရာဒိ၊ “ ယဿ—အကြင် ဓာတ္ဂန်၏(ရ်—မ် စသော ဓာတ္ဂန်ဗျည်း, ဃ၌ အ,စသော သရ)၊ ရော—ရ အနုဗန်ဟူသော၊ အာဒိ-အပိုင်း အခြားသည်၊ အတ္ထိ-ရှိ၏”ဟု ပေး၊ ဤ ရာဒိပုဒ်သည် တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီ ဟိသမာသ်ပုဒ် ဖြစ်သောကြောင့် ရာဒိအရ၌ ရ အနုဗန်နှင့်တကွသော ဓာတ္ဂန် ရ်-မ် စသည်ကိုယူ၊ ရာဒိကို ရကာရာဒိ ဟု ဝုတ္တိ ဖွင့်၏၊ ရူ၌ကား “ပစ္စယရကာရ မရိယာဒေါ”ဟု ဖွင့်၏, သာ၍ ထင်ရှားပေသည်။

နော။ ။နောနိပါတ်ပုဒ်သည် အဘာ၀(မရှိခြင်း)အနက်ကို ဟော၏၊ မရှိ ဟူသည်နှင့် ကြေခြင်းဟူသည်မှာလည်း အဓိပ္ပာယ်တူပင်ဖြစ်သောကြောင့် နောကို “လောပမာပဇ္ဇတေ”ဟု ဖွင့်သည်၊ [နောတိ လောပ မာပဟ=နောပုဒ်ဖြင့် ကြေ ခြင်းကို ဆို၏—န္ယာသ၊ “နဿတီတိ နော”ဟု နသဓာတ်, ကွိသက်၍ “နော” ပြီးကြောင်းကို ကြံကြသေး၏၊] ဤသုတ်၏ ဆိုလိုရင်းကား-“ရ အနုဗန်ရှိသော ပစ္စည်းနှောင်းလျှင် ထို အနုဗန်နှင့်တကွ ဓာတ္ဂန် (ဗျည်းရှိလျှင် ဗျည်း, ဗျည်း မရှိလျှင် သရ)ကို ချေ”ဟု ဆိုလိုရင်းတည်း၊ ရုပ်ကို အစခြပြုကြည့်တွက်။

---

၅၄၀။ ဘဝိတဗ္ဗံ ၊ပေ၊ ဂမနီယံ။ ။ ဘူဓာတ် အာသဓာတ် တို့သည် အကမ္မက(ကံမရှိသော)ဓာတ်များတည်း၊ထို့ကြောင့် ကံအနက်မပေးပဲ“ခြင်း= ရာ”ဟု ဘောအနက်ချည်း ပေး၏၊ ပဒ-ကရ-ဂမု ဓာတ်တို့ကား သကမ္မက (ကံ ရှိသော) ဓာတ်များဖြစ်၍ “အပ်”ဟု ကံအနက်လည်း ပေးနိုင်၏၊ ကံကို မဆိုလို သည့်အခါ ဘောကိုလည်း ဟောသောကြောင့် “ခြင်း”ဟု ဘောအနက်လည်း ပေးသည်။

**ကိစ္စပစ္စည်းများ၏လိင်**॥ ॥ဤတဗ္ဗစသောပစ္စည်းများသည်"ကိစ္စ"အမည်ရှိ၏၊ "ဘာဝေ ကိစ္စာ နပုံသကေ"နှင့်အညီ ဘောအနက်ကိုဟောရာ၌ ထိုကိစ္စပစ္စယန္တပုဒ်များသည် "ဘဝိတဗ္ဗံ" စသည်ဖြင့် နပုလ္လိင်ချည်း ရှိရ၏၊ မှန်၏-ဘောဟူသော ကြိယာသည် အတည်ဒြပ် အထင်အရှား မရှိရကား ပုလ္လိင်- ဣတ္ထိလိင်သတ်မှတ်၍ မဖြစ်နိုင်၊ ကြိယာသာမညဖြစ်၍ နပုလ္လိင်ဟုသာ သတ်မှတ်ရတော့၏၊ ဝုစ်အားဖြင့်လည်း ဘောဟောကြိယာ အခိုက်၌ ဘောဝုစ်သာတည်း၊ ကံဟော ကိစ္စပစ္စည်းတို့ကား အဘိဓေယျ၏ လိင်နှင့် ဝုစ်သို့ လိုက်၍ "ဂန္တဗ္ဗော - မဂ္ဂေါ, ဂန္တဗ္ဗာ- ပုရီ (ပြည်), ဂန္တဗ္ဗံ- နဂရံ"ဟု ၃-လိင် ရကောင်း၏၊ "ဂန္တဗ္ဗာ-မဂ္ဂါ" စသည်ဖြင့် ဗဟုဝုစ်လည်း ရကောင်းသည်၊ ရုပ်ကို နောက်၌ တွက်ပြအံ့၊ ဤနေရာဝယ် "ဘူ, အာသ, ပဒ, ကရ, ဂမုဓာတ်+တဗ္ဗ, အနီယ **ပစ္စည်းဟုသာ**" မှတ်ထားနှင့်ပါ॥

**အရဟသက္က အနက်ပြပုံ**॥ ॥"တေ—သင် ပဋ္ဌင်းသစ်သည်၊ ယာဝဇီဝံ—သိက္ခာပုဒ် အသက်ရှိသမျှ၊ န ကရဏီယံ-မပြုသင့်, မပြုထိုက်"ဟု **အနက်ပေးရာ၌** ကိစ္စပစ္စည်းတို့သည် "ထိုက်"ဟု ပေးရသော အရဟအနက်ကိုလည်း ပြနိုင်ကုန်၏၊ ["သင့်"ဟု ပေးရသော ယုတ္တအနက်ကား အရဟအနက်နှင့် သဘောတူပင်॥] "ပရိဘုဉ္ဇိတဗ္ဗော—သုံးစွဲနိုင်, သုံးစွဲကောင်း"စသည်ဖြင့် ပေးရာ၌ ကိစ္စ ပစ္စည်းတို့သည် "နိုင်, ကောင်း"ဟု ပေးရသော "သက္က"အနက်ကိုလည်း ပြနိုင်၏၊ ထို **အရဟ** သက္က**အနက်**တို့သည် သာဓနအနက် မဟုတ်ကြ၊ ကိစ္စ ပစ္စည်းတို့က အပိုပြအပ်သော အနက်များတည်း၊ ဥပမာ—အာလုပ် သိဝိဘတ်သည် လိင်**အနက်**အပြင် အာလုပ်**အနက်**ကို အပိုပြသကဲ့သို့တည်း၊ ထို့ကြောင့် **အရဟ သက္ကအနက်** ပေးရာ၌ သာဓန ၇-ပါးတွင် ကမ္မသာဓန၌ ပါဝင်သည်ဟု မှတ်ပါ၊ မှန်၏—"ပြုထိုက်" ဟူသည် "ပြုခြင်းကြိယာသည် ထိုအပေါ်၌ ရောက်ထိုက်"ဟူသော ကြိယာ ပါပုဏန ကမ္မသတ္တိပင် ဖြစ်၏၊ "ပြုသင့်=ပြုနိုင်" ဟု ပေးရာ၌လည်း နည်းတူ॥

**အကမ္မကေဟိ ဓာတူဟိ, ဘာဝေ ကိစ္စာ နပုံသကေ၊**
**သကမ္မကေဟိ ကမ္မတ္ထေ, အရဟသက္ကတ္ထ ဒီပကာ॥**

[ဂါထာ၏ တိုက်ရိုက်အဓိပ္ပာယ်ကို ရူပဘာသာဋီကာ ဤသုတ်မှာ ရှု၊ "နပုံသကေ"ကား ရူပဝယ် ဤနေရာ၌ မလာသော်လည်း နောက်၌ လာလတ္တံ့ဖြစ်၍ ဆရာတို့ ဖြည့်စွက်ထားခြင်း ဖြစ်သည်॥]

မောဂ္ဂလ္လာန်॥ ॥("၅, ၃၂" သုတ်၌) အရဟေ- ထိုက်သော၊ ကတ္တရိစ-ကတ္တားကိုလည်းကောင်း၊ သတ္တိဝိသိဋ္ဌေ-စွမ်းနိုင်ခြင်းသည် အထူးပြုအပ်သော၊ ကတ္တရိစ-ကိုလည်းကောင်း၊ ပေါပတီယမာနေ-သိအပ်သော်၊ ဘာဝါဒေါ—ဘောကံအနက်၌၊ သိဒ္ဓါ- တဗ္ဗာဒိပစ္စည်းတို့ ပြီးကုန်၏၊ ဘောတာ-အရှင်သည်၊

ရဇ္ဇံ- မင်းအဖြစ်ကို၊ ကတ္တုပ္ပံ- ပြုသင့်ပြုထိုက်၏၊ (အရဟတ္ထ)၊ ဘောတာ- သည်၊ ဘာရော- ဝန်ကို၊ ဝဟိတဗ္ဗော- ဆောင်စွမ်းနိုင်၏၊ (သကတ္ထ)၊ ဤ၌ ထိုက်သူ ဆောင်နိုင်သူကား "ဘောတာ" ဟူသော ကတ္တားတည်း၊ ထိုကဲ့သို့ အရဟတ္ထ သက္ကတ္ထရှိသော ကတ္တားကို ပြလိုရာ၌ ဘော ကံအနက်ဝယ် တဗ္ဗစသော ပစ္စည်း သက်- ဟူလို၊ ဤ မောဂ္ဂလ္လာန် ဆိုပုံလည်း "အရဟ သက္ကတ္ထ ဒီပကာ" ဟူသော ရူပသိဒ္ဓိနှင့် သဘောတူပင်။

မှတ်ချက်။ ။ဤစကားအရ ကျမ်းစာတို့၌ တကယ်မုချ ကြိယာပါပုဏ္ဏနသတ္တိ ရှိရာ၌ "အပ်" ဟု အနက်ပေး၍ ကြိယာပါပုဏ္ဏန သတ္တိကား မရှိသေး, ရှိသင့် ရှိထိုက် ရာ၌ "ထိုက်,သင့်,နိုင်" ဟု လျော်အောင်ပေးရမည်ဟု မှတ်ပါ၊ ထို့ကြောင့် "ဣဒံ-ဤ အဆုံးအဖြတ်ကို၊ ဓဋ္ဌဗ္ဗံ-မှတ်အပ်၏" ဟု မပေးပဲ "မှတ်ထိုက်၏" ဟု ပေး၊ဘာ့ကြောင့် နည်း....တကယ် မှတ်သူမရှိသေး၍ ကြိယာပါပုဏ္ဏန (ကမ္မ) သတ္တိ တိုက်ရိုက် မရှိသေး သောကြောင့်တည်း၊ ထို့ပြင်—ကျမ်းဂန်တို့၌ တကယ်ပြုအပ်ပြီး - ပြုအပ်ဆဲ ကြိယာ၌ "ကတံ" ဟု တပစ္စည်းဖြင့်ထား၍ ပြုသင့် ပြုထိုက်ရာ၌ "ကတ္တဗ္ဗံ" စသည်ဖြင့် ထားတတ် သည်ကိုလည်း သတိပြုပါ၊ ထို့ကြောင့်ပင် "ပူဇိတာ" ဟု တ ပစ္စည်းဖြင့် ရှိရာဝယ် တကယ် ပူဇော်အပ်ပြီး ပူဇော်အပ်ဆဲ အနက်ထက် "ပူဇော်ထိုက်" ဟူသောအနက်က သာ၍ သင့်မြတ်သောကြောင့် "ပူဇာရဟာတိ အတ္ထော" ဟု အဘိဓမ္မာ၏ ဝစနတ္ထကို ပြသော အဋ္ဌကထာတို့ ဖွင့်ကြသည်၊ "ပူဇော်ချင် ပူဇော်, မပူဇော်ချင် နေ, တရား တော်ကား ကေန် ပူဇော်ထိုက်သည်" ဟူလို။

အခြား သာဓနေ၌လည်းသက်။ ။ဘာဝကမ္မေသုကိုဖြုတ်၍ "တဗ္ဗာနီယာ" ဟူသော ဒွိခါကရဏ ယောဂဝိဘာဂဖြင့် ကတ္တု, ကရဏ, သမ္ပဒါန, အပါဒါန, အဓိကရဏ သာဓနေတို့၌လည်း တဗ္ဗစသော ပစ္စည်းတို့ သက်ကုန်၏၊ နိယျာတိဧတိ နိယျာနီယော - ထွက်မြောက်တတ်သော အရိယာမဂ် (ကတ္တုသာဓနေ၌ အနီယ သက်)။ [အနီယ သဒ္ဒေါ ဗဟုလံ(ဗဟုလသဒ္ဒါကြောင့်) ကတ္တုဘိဓာယကောတိ ဝဋ္ဋစာရတော နိယျန္တိတိ နိယျာနီယာ- မူလဋီကာ (ဒုက မာတိကာ အဖွင့်)။]

နဟာနီယံ စသည်။ ။ နဟာယတိ ဧတေနာတိ နဟာနီယံ - စင်ကြယ် သန့်ရှင်းကြောင်းဖြစ်သော ဆပ်ပြာမှုန့်(ကရဏသာဓန)၊ "သိနာယတိ နှာယတိ ဧတေနာတိ သိနာနီယံ နှာနီယံ-စင်ကြယ်ကြောင်း,ရေချိုးကြောင်း ဆပ်ပြာမှုန့်" လည်း နည်းတူ၊ " နဟာ— သိနာ—နှာ = သောစေယျေ - စင်ကြယ်သူ့အဖြစ် (စင်ကြယ်ခြင်း)၌" ဟု ခါတ်နက်ဆို၊ ဒီယတေ ယဿာတိ ဒါနီယော-ပေးရာ ဖြစ်သော ပုဏ္ဏား (သမ္ပဒါနသာဓန)၊ အာသဝါ+တိဋ္ဌန္တိ ဧတေသူတိအာသဝ ဋ္ဌာနီယာ = အာသဝေါတို့၏ တည်ရာ ဖြစ်ကုန်သော လွန်ကျူးမှု အကျင့်တို့ (ပါရာဇိကဏ် အဋ္ဌကထာ- အဓိကရဏ သာဓန)။ [အပါဒါန သာဓနကိုလည်း ရှာကြပါလေ၊]

**ဗဟုလံသဒ္ဒါ။** ။ "ဗဟုလံ ကတ္တုဘိဓာယကော" ဟူသော မူလဋီကာ၌ ဗဟုလံ သဒ္ဒါဟူသည် "ကိစ္စလျုဋ္ဌာ ဗဟုလံ" ပါဏိနိ, ၃-၃-၁၁၃ သုတ်၌ ပါသော ဗဟုလံသဒ္ဒါတည်း။ [ကိစ္စလျုဋ္ဌာ- ကိစ္စအမည်ရှိသော ပစ္စည်း, လျုဋ္ဌ (လု)ပစ္စည်းတို့သည်၊ ဗဟုလံ (ဗဟူသု အတ္ထေသု)-များစွာသော အနက်တို့၌၊ ဘဝန္တိ—ဖြစ်ကုန်၏၊ ] ဤသုတ်၌ ဗဟုလံ သဒ္ဒါကြောင့် ကိစ္စပစ္စည်းတို့သည် ဘောကံအနက်မှတပါး ကတ္တားစသော အနက်တို့၌လည်း သက်ကုန်၏။

**ဆက်ဦးအံ့။** ။ဤသုတ်ကိုထောက်၍ တဗ္ဗပစ္စည်းလည်း "ပဒဟိတဗ္ဗတော တိ ပဒဟနတော (အားထုတ်တတ်သည်၏ အဖြစ်ကြောင့်)၊ အနုယုဉ္ဇိတဗ္ဗတော တိ အနုယုဉ္ဇနတော၊ ဤ ဣသာနံ ဟိ ပဒါနံ ဗဟုလံ (ဗဟုလ သဒ္ဒါကြောင့်) ၊ပေ၊ကတ္တုသာဓနတာ ဒဋ္ဌဗ္ဗာ၊—သမ္မသာဒနီ သုတ်ဋီကာ။ [လျုဋ္ဌ (ယု) ပစ္စည်း သည် ထို ပါဏိနိဗျာကရုဏ်း၌ ကတ္တုအနက်ဟု သတ်မှတ်ပြီး ဖြစ်ခဲ့သော်လည်း ဗဟုလံ သဒ္ဒါကြောင့် ကံစသော အနက်ကိုလည်း ဟော၏၊ ဤကို ရည်ရွယ်၍ "သတိယာ-ကရဏဘူတာယ ပဋ္ဌာနံ (ပဋ္ဌပေတဗ္ဗံ) သတိပဋ္ဌာနံ၊ အနသဒ္ဒေါပိဟိ ( ယု၏ ကာရိယ အန သဒ္ဒါ ) ဗဟုလံ ဝစနေန ကမ္မတ္ထံ ဍ္စန္တိ သဒ္ဒဝိဒူ" ဟု သတိပဋ္ဌာနဝိဘင်္ဂမူလဋီကာ ဖွင့်သည်။

**မောဂ္ဂလ္လာန်။** ။ဗဟုလံ (၃-၅၈ သုတ်)၊ အဃမဓိကာရော အာသတ္တ ပရိသမတ္တိယာ၊ တေန နာတိပ္ပသင်္ဂေါ, ဠည္စပသိဒ္ဓိစ(ဝုတ္တိ)၊ [ဤ ဗဟုလံသုတ်ကို ကျမ်းဆုံးသည့်တိုင်အောင် လိုက်စေအပ်၏၊ ထို့ကြောင့် မလိုရာ အနက်များ၏ ကပ်ငြိပါဝင်ဖွယ်လည်း မရှိနိုင်, လိုအပ်သောအနက်၏ ပြီးစီးခြင်းလည်းဖြစ်နိုင် သည်၊] ဗဟူအတ္ထေ လာတိအာဒဒါတီတိ ဗဟုလံ။

ကွစိပ္ပဝတ္တျ-ပ္ပဝတ္တိ, ကွစည် ကွစိ ဝါ ကွစိ၊
သိယာ ဗဟုလံသဒ္ဒေန, ဝိဓိ သဗ္ဗော ယထာဂမံ။

ကွစိ-အချို့ပြယုဂ်၌၊ ပဝတ္တိ-သုတ်၌ တိုက်ရိုက် မဆိုအပ်သော်လည်း သုတ် အစီအရင်၏ဖြစ်ခြင်းသည်၊ သိယာ-ဖြစ်နိုင်၏၊ ကွစိ-၌၊ အညံ-သုတ်၌ ဆိုထား သည်မှ တမျိုးတဖုံသည်၊ သိယာ၊ ကွစိ—၌၊ ဝါကွစိ—ဝိကပ်ဖြစ်၏၊ ဗဟုလံ သဒ္ဒေန-ကြောင့်၊ သဗ္ဗောဝိဓိ-အလုံးစုံသော သုတ်အစီအရင်သည်၊ ယထာဂမံ— ပါဠိအားလျော်စွာ၊ သိယာ၊(သာရတ္ထဝိလာသိနီ)၊ဤသို့လျှင် ဗဟုလသဒ္ဒါသည် မလိုရာကိုလည်း တားမြစ်နိုင်, လိုရာကိုလည်း သိမ်းသွင်းနိုင်သောကြောင့် "ဗဟု လာဓိကာရံ ကပ္ပရုက္ခံ ဣဝ ဣစ္ဆန္တိ သဒ္ဒိကာ= ဗဟုလသဒ္ဒါ လိုက်ခြင်းကို ပဒေ သာပင်ကဲ့သို့ သဒ္ဒါဆရာတို့ လိုလားကြသည်" ဟု သဒ္ဒါကျမ်းဆရာတို့ မိန့်ကြ လေသည်၊ ထို့ကြောင့်လည်း ဋီကာတို့၌ သဒ္ဒါကျမ်းအဆိုနှင့် မတူပဲ ဖွင့်ခွင့်ကြုံ လာလျှင် "ဗဟုလံ-သဒ္ဒါကြောင့်"ဟု ဆို၍ လိုရာအနက်ကို ရအောင် ဖွင့်ပြကြ ပေသည်။

ဏျော၁၈ ၅၄၁॥ ဘာဝေကမ္မေသု သဗ္ဗမာတူဟိ ဏျပစ္စယော ဟောတိ၊
ကတ္တာဗ္ဗံ, ကာရိယံ—ပြုခြင်း, ပြုအပ်, ပြုထိုက်၏၊ ဝါ—ပြုနိုင်၏၊
ဇေတဗ္ဗံ, ဇေယျံ-အောင်ခြင်း, အောင်အပ်, အောင်ထိုက်၏၊ ဝါ-အောင်နိုင်၏၊
နေတဗ္ဗံ, နေယျံ-ဆောင်ခြင်း, ဆောင်အပ်, ဆောင်ထိုက်၏၊ ဝါ- ဆောင်နိုင်၏
ဣစ္စေဝမာဒိ - တည်း၊ စဂ္ဂဟာနေန - ဖြင့်၊ တေယျပစ္စယော - သည်၊ ဟောတိ၊
ဉာတဗ္ဗံ, ဉာတေယျံ-သိခြင်း, သိအပ်, သိထိုက်၏၊ ဒိဋ္ဌေယျံ - မြင်ခြင်း, မြင်အပ်,
မြင်ထိုက်၏၊ ပတ္တေယျံ- ရောက်ခြင်း, ရောက်အပ်, ရောက်ထိုက်၏၊ ဣစ္စေဝမာဒိ၊
(၅၅၃)॥

---

၅၄၁॥ ဘာဝကမ္မေသု॥ ॥"ဘာဝကမ္မေသု"ဟုဆိုသောကြောင့် ကတ္တဗ္ဗံ၌ ဘောအနက်, ကံအနက် ပေး၏၊ ကံအနက်ပေးရာ၌ အရဟာသက္ကတ္ထကိုလည်း ပြနိုင်သောကြောင့်"ထိုက်, နိုင်"ဟုလည်း ထည့်၍ပေးသည်၊ ဉာတေယျံ စသည်၌လည်း "နိုင်"ဟု သက္ကအနက် ရနိုင်သည်ပင်၊ ကတ္တဗ္ဗံ စသည်ဖြင့် တဗ္ဗပစ္စည်း ဆုံးသော ပုဒ်များသည် ဤသုတ်၏အရာ မဟုတ်, ကာရိယံ စသည်ကို အနက် ထင်အောင် အပို ကူစက်ထားခြင်းသာတည်း၊ ဝိဂ္ဂြိုဟ်လုပ်လိုလျှင်လည်း"ကတ္တဗ္ဗံ တိ ကာရိယံ" စသည်ဖြင့် ကမ္မသာဓန၌ ဣတိ ထည့်ရုံသာ ဘာဝသာဓန၌မူ ကတ္တဗ္ဗံ-ကာရိယံ"စသည်ဖြင့် ဣတိ မထည့်ပဲ ပြု॥

ရုပ်တွက်॥ ॥ကာရိယံ တွက်ပုံကို အခြေပြု၌ ပြထားပြီ၊ ဇိ=ဇယေ၊ ဏျ သက်, စသည်(ဇိ+ယ)ဣကို ဧဝုဒ္ဓိပြု, ယ ဒွေဘော်လာ၊ နီ=နယေဆို၍ နေယျံ လည်း နည်းတူ၊ ဉာတေယျံကို အခြေပြုကြည့်၊ ဒိဋ္ဌေယျံ—ဒိသ=ပေက္ခဏေ, တေယျ၊ သာသဒိသတော ဘာဿရိဋ္ဌောစ သုတ်၌ စသဒ္ဒါဖြင့် တကို ရဋ္ဌပြု,(ဒိသ် ရဋ္ဌေယျ)၊ ရမ္ဟိရန္တော ရာဒိနောဖြင့် ရ အနုဗန်နှင့်တကွ ဓာတ်နောက် သ်ကိုချေ, နာမ်ငဲ့ စသည်၊ ပတ္တေယျံ—ပဒ=ဂတိမှိ, တေယျ၊ ဂုပါဒီနဥ္စဖြင့် ဓာတ်နောက်(ဒ်)ကို ချေ, တ ဒွေဘော်လည်းလာ၊ ဣစ္စေဝမာဒိ၌ အာဒိဖြင့် "ဝိဒ္ဓေယျံ (ပစ်ဖောက် ထိုက်၏ဟူ၍ (မံ အမညထ— (သုဝဏ္ဏသာမဇာတ်) "လဒ္ဓေယျံ (ရထိုက်၏) လဘာတေ မစ္စော" (ဘူရိဒတ်ဇာတ်) စသည်ကို ယူ၊ ဝိဓ, လဘာတည်, တေယျ သက်, ဓေဘာဟောဟိ ဓောစသုတ်၌ လဒ္ဓံကဲ့သို့ တေယျမှ တကို ဓပြု၍ စီရင်॥

တဗျပစ္စည်း॥ ॥ဤသုတ်၌ စသဒ္ဒါဖြင့် တဗျပစ္စည်းကိုလည်းဆည်း၍"ဘူတာ ဂါမ ပါတဗျတာယ ပါစိတ္တိယံ"(ပါတိမောက်)"မာပစ္ဆိ မာဇနတာ ပါဏောသု ပါတဗျတာ မာပဇ္ဇိ"-ဒုတိယပါရာဇိက) ဂန္တဗျ မာဟု ဒွိပဒိန္ဒသေဋ္ဌ"— (ကောဒသ, ဇူဏှဇာတ်) စသည်ကို ထုတ်ပြကြ၏၊ [ပါတဗျဿ ဘာဝေါ ပါတဗျတာ, ဆေဒန ဘေဒနာဒီဟိ ယထာရုစိ ပရိဘုဥ္ဇိတဗ္ဗတံတိ အတ္ထော"— ပါစိတျာဒိ အဋ္ဌကထာ၊ ဤ၌ "ပရိဘုဥ္ဇိတဗ္ဗ"ဟု ဖွင့်သဖြင့် တဗျပစ္စည်းသည် တဗ္ဗပစ္စည်းနှင့်

၅၄၂။ ဘာ၀ကမ္မေသု ကရဏ္ဍတိ ဝေမှာ ဓာတုမှာ ရိစ္စ ပစ္စယော
ကရမှာ ရိစ္စ ဟောတိ၊ ကတ္တဗ္ဗံ, ကိစ္စံ–ပြုအပ် ပြုထိုက်သော အမှု၊ (၅၅၈)။
[ယောဂဝိဘာဂဖြင့် စီရင်အပ်သော ဘာစ္စံ ပုဒ်ကိုလည်းကောင်း, ရုပ်တွက်ပုံကို
လည်းကောင်း အခြေပြု၍ ပြထားပြီ၊ "ကတ္တဗ္ဗံ"ကား ကိစ္စံ၏အနက်ကို ဖွင့်ပြ
သော ပုဒ်တည်း၊ ဤသုတ်၏ လိုရင်းမှာ "ကိစ္စံ" သာ၊ "ကရီယတေတိ ကိစ္စံ၊
ကတ္တဗ္ဗံတိ ကိစ္စံ"ဟု ဝိဂြိုဟ်ပြု။]

၅၄၃။ ဘူတော ဘဗ္ဗ ဘူဂ္ဂတိ တောယ ဓာတုယာ-မှ၊ (ပရဿ) ဏျပစ္စယဿ-
၏၊ ဦကာရေန–ဓာတွန်ဦနှင့်၊ သဟ–တကွ၊ အဗ္ဗာဒေသော
ဟောတိ၊ (ဤနေရာ၌ "ဘာ၀ကမ္မေသု"ဟု ယခုစာများ၌ ရှိ၏၊ သိဟိုဠ်မူနှင့်
ရူပသိဒ္ဓိတို့၌ မပါ, ပစ္စည်းသက်သောသုတ် မဟုတ်ရကား ပါဖွယ်လည်း မလို၊)
ဘဝိတဗ္ဗော, ဘဗ္ဗော–ဖြစ်ထိုက်သူ။ ဘဝိတဗ္ဗံ, ဘဗ္ဗံ–ဖြစ်ထိုက်သော စိတ်၊

---

အလားတူသော ကိစ္စပစ္စည်း တမျိုးတည်းဟု-ပြ၏၊ မှန်၏–တဗျမှ ဗျ(ယပင့်
ရှိသော ဗ)ကို ဗပြု၍ ဒွေဘော်လာလျှင် "တဗ္ဗ"ဟု ဖြစ်သည်၊ "ပါတဗျန္တိ-ပရိ
ဘုဉ္ဇိတဗ္ဗံဝါ၊ပေ၊ပါသဒ္ဒေါပန (ပါဓာတ်သည်ကား) ပရိဘောဂတ္ထော (သုံးစွဲ
ခြင်း အနက်ရှိ၏)" သဒ္ဒနီတိ။]

[ဆောင်] ဏျော၁စသုတ်, စ သရုပ်ကို, သမုစ္စယတ္ထ, ကြံကုန်ကြ၍, တေယျတဗျ,
ယင်းနှစ်တန်, အမှန် ဆည်းစေသည်။

၅၄၂။ ဃစ္စ, ဟစ္စ, လေယျ။ ။ဟနဓာတ်နောင် "ကိစ္စ ဃစ္စ ဘစ္စ တစ္စ
လေယျ" နိပါတနသုတ်ဖြင့် ယ ပစ္စည်းသက်၊ ဟနကို ဃစ်ပြု၊ ယဝတံ စသော
သုတ်ဖြင့် စျ (စ+ယ)ကို စပြု, ဒွေဘော်လာလျှင် ဃစ္စံဟုလည်းကောင်း, ဟစ်
ပြု၍ ဟစ္စံ ဟုလည်းကောင်း ပြီး၏ဟု မောဂ္ဂလ္လာန်ရုပ် စီရင်၏၊ ဤ၌ကား
ယောဂဝိဘာဂဖြင့် ရိစ္စ ပစ္စည်းသက်၍ ဘစ္စကဲ့သို့ ဟစ္စပြီး၏၊ ဟနကို ဃာတပြု
ပြီးမှ ရိ အနုဗန်နှင့်တကွ ဓာတွန်ချေလျှင် ဃစ္စလည်း ပြီး၏၊ "မူလဃစ္စံ-အမြစ်
အရင်း ဖြတ်အပ်သည်ကို၊ ကရေယျံ-ပြုအံ့၊ (စက္ကဝတ္တိသုတ်) ဘူနဟစ္စံ-ကြီးပွား
မှုကို ဖျက်ဆီးမှုကို၊ ကတံ-ပြုအပ်ပြီ၊ (ဝိဓူရဇာတ်)၊ လိဟဓာတ် (အဿာဒန–
သာယာခြင်း, လျက်ခြင်း) ဏျပစ္စည်း, ဏ အနုဗန်ချေ, ဧဝုဒ္ဓိပြု, ကွစိဓာတုဖြင့်
ဟကို ယပြုလျှင် "လေယျံ-လျက်ဖွယ်"ဟု ပြီး၏၊ [ဘစ္စကဲ့သို့ "ပဋိစ္စ" ရုပ်ကို
လည်း ရှု၍ ပြသေး၏။]

၅၄၃။ ဦကာရေန သဟ။ ။ဘူတောကို "ဘူဿ+ဦ–ဘူ–ဘူဓာတ်၏
ဦသရ"ဟု ဝိဂြိုဟ်ပြု၏၊ "ဘူတော-ဘူဓာတ်၏ ဦသရမှ စ၍၊ ဝါ-ဘူဓာတ်၏
ဦသရနှင့်ဘကွ၊ ဏျဿ-၏၊ အဗ္ဗ-အဗ္ဗ အပြုသည်၊ (ဟောတိ)"ဟု သုတ်နက်

(၅၆၆)၊[ဘဝိတမ္ဗော, ဘဝိတမ္ဗံတို့ကား ဘမ္ဗ၏အနက်ကို ဖွင့်ပြသော ပုဒ်များ တည်း၊ ပုလ္လိင် နပုလ္လိင်ဖြင့် ပြထားသည်၊ ဣတ္ထိလိင်ဖြင့် ဘမ္ဗာလည်း ရှိနိုင်သည် သာ၊ ရုပ်ကို အခြေပြုကြည့် တွက်။]

ဝဒ မဒ၊ပေ၊ဂါရောဝါ ၅၄၄။ ဝဒ မဒ ဂမု ယုဇ ဂရဟာ-ကာရန္တ ဣစ္စေဝ မာဒီဟိ—ဝဒ, မဒ, ဂမု, ယုဇ, ဂရဟ, အာကာရန္တ ဤသို့ အစရှိကုန်သော၊ ဓာတူဟိ-ဓာတ်တို့မှ၊ (ပရဿ)၊ ဏျပစ္စယဿ—၏၊ ယထာသင်္ချံ - တိုင်း၊ ဓာတွန္တေန- ဓာတွန်နှင့်၊ သဟ- တကွ၊ ဇ္ဇ မ္မ ဂ္ဂ ယှ ယျော ဒေသာ- ဇ္ဇ အပြု, မ္မ, ဂ္ဂ, ယှ, ယျေ အပြုတို့သည်၊ ဝါ—ပြယုဂ်အားလျော်စွာ၊ ဟောန္တိ—ဖြစ်ကုန်၏၊ ဂရဿစ-ဂရဓာတ်၏လည်း၊ ဂါရော—ဂါရ အပြုသည်၊

---

ပေးဖို့ရာ နျာသဖွင့်၏၊ ထိုအဖွင့်သည် "ဘူ ဣစ္စေတာယ ဓာတုယာ၊ပေ၊ဉီကာ ရေန သဟ"ဟူသော ဝုတ္တိနှင့် လျော်ပေသည်၊ ရူပသိဒ္ဓိ၌ကား ရမ္မိရန္တောသုတ်မှ အန္တသဒ္ဒါကို လိုက်စေ၍ "အန္တေန- ဓာတွန် ဉီနှင့်တကွ"ဟု ပေးစေလိုသည်။

ကတ္တားဟော ဖြစ်သင့်ပုံ။ ။ဏျ ပစ္စည်းဖြင့် ပြီးသောကြောင့် ဘမ္ဗပုဒ်ကို ဘော- ကံဟောဟု ထင်မှတ်ဖွယ်ရှိ၏၊ သို့သော် "သဒ္ဓေါ ဘိက္ခဝေ ဘိက္ခု၊ပေ၊ ဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဒ္ဓိံ ဝိရုဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ"- ပဉ္စကအင်္ဂုတ္တိုရ်၊ "သေယျထာပိနာမ သီသစ္ဆိန္နော တာလော အဘဗ္ဗော ပုန ဝိရုဠှိယာ"- ရဟန်း သစ် ဩဝါဒခန်း၊ "အဘဗ္ဗော သော တဿ ပဋိစ္စဒါယ"- ရတနသုတ်၊ ဤ ပါဠိတော်များ၌"သဒ္ဓေါ ဘိက္ခု....တာလော....သော"ဟု ပဌမာကတ္တားပုဒ်ဖြင့် ပြထားသောကြောင့် ဘဗ္ဗောပုဒ်လည်း ကတ္တားဟောဟု သိသာ၏၊ ဏျ ပစ္စည်း လည်း ယောဂဝိဘာဂဖြင့် (တနည်း ဗဟုလံသဒ္ဒါကြောင့်) ကတ္တားအနက်ကို ဟောနိုင်၏၊ "ဘဝတီတိ ဘဗ္ဗော"ဟု ပြု။

မူလပဏ္ဏာသ။ ။ဝေဒေတီတိ ဝေဒိယော (ဝိဒ+ဏျ)၊ ဝေဒိယောဝေ ဝေဒေ ယျော (သွတ္တ၌ တဒ္ဓိတ်ဏျ ထပ်သက်)၊ဇာနာတိ အနုဘဝတီတိ အတ္ထော၊ ဤ ဒိသာနံ ဟိ ပဒါနံ ဗဟုလံ (ဗဟုလသဒ္ဒါကြောင့်) ကတ္တုသာဓနတံ သဒ္ဒဝိဒူ မညန္တိ၊-သမ္မာသမ္ဗုဒ္ဓ သုတ်ဋီကာ၊ [မောဂ္ဂလ္လာန်ပဉ္စိကာ၌ "ဘဝတီတိ ဘဗ္ဗော, ကတ္တရိယော"ဟု ကတ္တား အနက်၌ ယ ပစ္စည်းသက်၍ ပြီးစေသည်။

---

၅၄၄။ ယထာသင်္ချံ ဂါရာဒေသော။ ။[ဝဒ မဒ ၂-ခုကို ဒကာရန္တ အဖြစ်ဖြင့် တခုသာယူ၊] ၁-ဝဒ မဒ၊ ၂- ဂမု၊ ၃-ယုဇ၊ ၄- ဂရဟ၊ ၅- အာ ကာရန္တဖြင့် ဓာတ် ၅-မျိုးရှိ၏၊ အာဒေသ၌လည်း ၁-ဇ္ဇ၊ ၂-မ္မ၊ ၃-ဂ္ဂ၊ ၄-ယှ၊ ၅-ယျေဟု ၅-မျိုးရှိ၏၊ ဤသို့ သင်္ချာစဉ်ရှိတိုင်း ဝဒ မဒ၏ဓာတွန်နှင့်တကွ ဏျကို

ဟောတိ၊ [ဤနေရာ၌ "အာဝကမ္မေသု" ပါနေပြန်၏၊ ရှု၌ မပါ, ပစ္စည်းသက်သော သုတ်မဟုတ်၍ ဤသုတ်၌ မလို၊ ဘောက်အနက်၌ ဏျပစ္စည်း သက်ကြောင်းကို လည်း ရှေ့၌ဆိုခဲ့ပြီ၊]၊ ဝတ္တဗ္ဗံ, ဝစ္စံ—ဆိုထိုက်သောအပြစ်၊ မဒနိယံ, မဇ္ဇံ—ယစ်မူး ကြောင်း သေရည်၊ ဂမနီယံ, ဂမ္မံ - ဆိုက်ရောက်သော အရပ်၊ ယောဇနီယံ, ယောဂ္ဂံ—ကပ်ယှဉ်ထိုက်သောယာဉ်၊ ဂရဟိတဗ္ဗံ, ဂါရယှံ-ကဲ့ရဲ့ထိုက်သော အမှု၊ ဒါတဗ္ဗံ, ဒေယျံ - ပေးထိုက်သောဝတ္ထု၊ ပါတဗ္ဗံ, ပေယျံ - သောက်ထိုက်သော သောက်ဖွယ်၊ ဟာတဗ္ဗံ, ဟေယျံ-စွန့်ထိုက်သောအမှု၊ မာတဗ္ဗံ, မေယျံ-နှိုင်းယှဉ် ထိုက်သောဝတ္ထု၊ ဉာတဗ္ဗံ, ဉေယျံ - သိထိုက်သောဝတ္ထု၊ ဣစ္စေဝမာဒိ - စာည်း၊ (၅၅၇)။

---

ဌပြီ, စသည်ဖြင့် သိစေလို၍ "ယထာသဉ္ဇ်" ဟု ပကိ္ခပနဝုတ္တိ ထည့်ရသည်၊ သုတ်၌ မည်သည့်အာဒေသ်ကို ဂါရပြုရမည်ဟု မသိသာသော်လည်း ဝါသဒ္ဒါ၏ သဘ်မှတ်ချက်ကြောင့် "ဂရဟဓာတ်၏ ဂရကိုသာ ဂါရပြုရမည်" ဟုသိစေလို၍ "ဂရဿစ ဂါရာဒေသော" မိန့်သည်။ ["ဂရဟဿ" ဟု အချို့စာ ရှိ၏၊ ရှု၌ "ဂရဿ" ဟုသာ ရှိသည်။]

ဣစ္စေဝ မာဒီဟိ။ ။ဤပုဒ်ကို ဝဒ ဂမု စသည်တို့နှင့် တွဲ၍ ဝဒဣစ္စေဝ မာဒီဟိ၌ အာဒိဖြင့် ဝဒကဲ့သို့ ဒကာရန္တဖြစ်ကြသော ဂဒ-ခါဒ စသည်ကို ယူ၊ ဂမုဣစ္စေဝမာဒီဟိ၌ အာဒိဖြင့် မကာရန္တဖြစ်သော ဝမုစသည်ကို, ယုဇ အာဒိ ဖြင့် ဇကာရန္တ ဖြစ်သော ဘုဇ စသည်ကို, ဂရဟအာဒိဖြင့် ဟကာရန္တ ဖြစ်သော ဂဟစသည်ကို ယူ၊ အာကာရန္တဖြင့်ကား အာကာရန္တ ဓာတ်ဟူသမျှကို ယူနိုင် သောကြောင့် ဣစ္စေဝမာဒီဟိနှင့် တွဲဖွယ် မလို၊ ထို ပုံစံများကို ရူပသိဒ္ဓိမှာ ရှု၊ ဤ၌ တိုက်ရိုက်ပါသော ရုပ်များကို အခြေပြုကြည့်တော့။

မဒကို သီးခြားဆိုရကျိုး။ ။ဝဒဓာတ်ဖြင့် ဒကာရန္တဓာတ် အားလုံးကို ယူနိုင်ပြီးဖြစ်ပါလျက် "ဝဒ မဒ" ဟု မဒဓာတ်ကို သီးခြားဆိုခြင်းသည် အဘယ် အကျိုးရှိသနည်းဟု မေး၊ အဖြေကား-မဒဓာတ်ကို သီးခြားဆိုခြင်းသည် ကရဏ သာဓန၌လည်း ဏျ ပစ္စည်း သက်နိုင်ကြောင်းကို သိစေရခြင်းအကျိုး ရှိ၏၊ ခွဲဦး အံ့—မဒဓာတ်ဖြင့် ပြီးသော မဇ္ဇပုဒ်သည် "သေရည်အရက်" ဟူသော အနက်ကို ဟော၏၊ ထို သေရည် အရက်ကား သူ့ကိုယ်တိုင် မူးအပ်သော ကံ မဟုတ်, သောက်သူ၏ ယစ်မူးကြောင်းကရိုဏ်းသာဖြစ်၏၊ ဤသို့ ဏျပစ္စည်းသည် သက်ရိုး သက်စဉ် ဘောက် အနက်မှတပါး ကရိုဏ်းအနက်ကိုလည်း ဟောသေး၏—ဟု သိစေရခြင်းအကျိုး ရှိသည်။ [ "မဒဂ္ဂဟဏေန ကရဏေပိ ဏျပစ္စယော "— (မြန်မာမူ၌ ကျ၍ သီဟိုဠ်မူ၌သာ ပါသော) ရူပသိဒ္ဓိအဆို။]

**တေ ကိစ္စာ** ၅၄၅။ တဗ္ဗာဒယော—တဗ္ဗ အစရှိကုန်သော၊ ရိစ္စန္တာ- ရိစ္စအဆုံး ရှိကုန်သော၊ ယေ ပစ္စယာ—အကြင် ပစ္စည်းတို့သည်၊ (သန္တိ၊) တေ—ထို ပစ္စည်း တို့ကို၊ ကိစ္စသညာတိ-ကိစ္စ အမည်ရှိကုန်၏ဟူ၍၊ ဝေဒိတဗ္ဗာ- သိထိုက်ကုန်၏၊ ကိစ္စသညာယ-ကိစ္စအမည်ဖြင့်၊ ကိံ ပယောဇနံ- အဘယ်အကျိုး သည်၊ (အတ္ထိ-ရှိသနည်း၊) ဘာဝကမ္မေသု ကိစ္စက္တာတ္ထာ-သုတ်၌ ကိစ္စဟုခေါ်ရ ခြင်း အကျိုးရှိ၏၊ (၅၄၉)။

**အညေကိဘ်** ၅၄၆။ အညေ—ကိစ္စပစ္စည်းမှ တခြားကုန်သော၊ ပစ္စယာ— တို့သည်၊ ကိတ် ဝေ သညာ—ကိတ်သာလျှင် အမည်ရှိကုန်သည်၊ ဟောန္တိ၊ ကိတ်သညာယ—ကိတ်အမည်ဖြင့်၊ ကိံ ပယောဇနံ (အတ္ထိ)၊ ကတ္တရိ ကိတ် သုတ်၌ "ကိတ်"ဟု ခေါ်ရခြင်းအကျိုး ရှိ၏၊ (၅၆၃)။

---

၅၄၅,၆။ တေကိစ္စာဖြင့် "တဗ္ဗ,အနီယ, ဏျ, တေယျ, ရိစ္စ" ၅-ပစ္စည်းကို ကိစ္စဟု နာမည်မှည့်၍, အညေကိတ်သုတ်ဖြင့် ထိုမှကြွင်းသော ဏစသော ပစ္စည်း များကို "ကိတ်"ဟု အမည်မှည့်သည်၊ ကိစ္စပစ္စည်းတို့၌ တဗျ-စ္စည်းလည်းပါဝင် ထိုက်ကြောင်း ဏျောစ သုတ်၌ ပြခဲ့ပြီ၊ ဓာတုယာ ကမ္မာဒိမှိဏောသုတ်မှ စ၍ ကိတ် ပဉ္စမ ဒုတိယ ကဏ္ဍစသည်၌ လာသော ပစ္စည်းအားလုံးကို "ကိတ်" မည်သော ပစ္စည်းဟု မှတ်၊ သက္ကတ ဗျာကရုဏ်း၌ ဤသို့ပင် "ကိစ္စပစ္စည်း ကိတ် ပစ္စည်း"ဟု ပစ္စည်း ၂-မျိုးသာ ခွဲ၏၊ နောက် ဆရာတို့ကား ဘောကံကိုသာ ဟောသော တဗ္ဗစသောပစ္စည်းများသည် ကိစ္စမည်၏၊ ကတ္တားကိုသာဟောသော ဏ စသော ပစ္စည်းများသည် ကိတ် မည်၏၊ ဘော ကံ ကတ္တား ၃-ပါးလုံးကို ဟောသော တစသော ပစ္စည်းများသည် "ကိစ္စ ကိတ မည်၏"ဟု (ဘေဒစိန္တာ စသည်) ၃-မျိုး ခွဲကြသေး၏။

ပစ္စယော တိဗ္ဗိဓော ကိစ္စ-ကိတကိစ္စကိ တဗ္ဗသာ။
ဘာဝကမ္မေသု ကတ္တွတ္ထေ, တီသု ဝါတျ ပရေ ဝိဒူ။

ကိတ် ဧဝသညာ။ ။ကိတ်ကျမ်း၌လာသော ပစ္စည်းများဖြစ်၍ တဗ္ဗစသော ၅-ပစ္စည်းကိုလည်း "ကိတ်"ဟုပင် အမည်မှည့်ထိုက်၏၊ သို့သော်-ပြုအပ်-ပြုသင့် ပြုထိုက်သော အမှုလုပ်ငန်းကို လောက၌ "ကိစ္စ"ဟု ခေါ်ကြ၏၊ တဗ္ဗ စသော ပစ္စည်းများလည်း ပြုအပ်-ပြုသင့်-ပြုထိုက်-ပြုနိုင်ဟူသော ကံအနက်,အရဟသက္က အနက်ကို ပြနိုင်ရကား ကိစ္စဟု နာမည်ထူး မှည့်ရသည်၊ [ဤသို့ ကိစ္စဟူသော ဝိသေသအမည်ကို ရသောကြောင့် တဗ္ဗစသော ပစ္စည်းများက "ကိတ်"ဟူသော သာမညအမည်ကို မယူကြတော့ပြီ။] ဏစသော ပစ္စည်းတို့ကား ကိစ္စအမည် မရ, ကိတ်အမည်သာ ရ၏၊ ထို့ကြောင့် "ကိတ် ဧဝ သညာ"ဟု ကိစ္စ အမည်ကို ကန့်သော ဧဝသဒ္ဒါဖြင့် မိန့်လေသည်။

နန္ဒာဒီဟိ ယု ၅၄၇။ နန္ဒာဒီဟိ ဓာတူဟိ ဘာဝ ကမ္မေသု ယု ပစ္စယော ဟောတိ၊ နန္ဒိယတေ– နှစ်သက်ခြင်း, နှစ်သက်အပ်၏၊ နန္ဒနံ – နှစ်သက်ခြင်း, နှစ်သက်အပ်၏၊ ဝါ-တနည်း၊ နန္ဒိတဗ္ဗံ– နှစ်သက်ခြင်း, နှစ်သက်အပ်၏၊ နန္ဒနံ-၏၊ ဂဟဏိယံ-ယူခြင်း, ယူအပ်၏၊ ဂဟဏံ– ယူခြင်း, ယူအပ်၏၊ စရိတဗ္ဗံ-ကျင့်ခြင်း, ကျင့်အပ်၏၊ စရဏံ-၏၊ ဧဝံ-တူ၊ သဗ္ဗတ္ထ-အလုံးစုံသော ဓာတ်တို့၌၊ ယောဇေတဗ္ဗာ-ကုန်၏၊ (၅၉၇)။

---

မှတ်ချက်။ ။“ကိစ္စသညာယ ကိံ ပယောဇနံ၊ ဘာဝကမ္မေသု ကိစ္စက္တခတ္တာ” စသည်၌ ကိစ္စအမည် ကိတ်အမည် မှည့်ရခြင်းသည် ဥဏာဒ်သုတ်များ၌ ကိစ္စဟုလည်းကောင်း, ကိတ်ဟုလည်းကောင်း ခေါ်ဝေါ်ရခြင်းအကျိုးရှိ၏၊ ထို ဥဏာဒ်ခန်းကျလျှင် ခေါ်ဝေါ်ဖို့ အကျိုးကို မျှော်ကိုး၍ ဤနေရာ၌ တင်ကြို၍ နာမည်မှည့်ထားရသည်ဟု ဆိုလိုသည်၊ ကစ္စည်းဝုတ္တိအလိုလည်း“ဥဏာဒ်ကျမ်းဆရာသည် ကိတ်ကျမ်းကိုစီရင်သော အရှင်ကစ္စည်းပင် ဖြစ်သည်”ဟု ဆိုလိုသကဲ့သို့ ထင်ရ၏။

---

သို့သော် ကိစ္စသညာယ စသော စကားသည် ကလာပ်ဝုတ္တိမှ တိုက်ရိုက် ယူထားသော စကားတည်း၊ မှန်၏– “ကိတ်”ဟု (၁-၉၁) သုတ်၏ ဝုတ္တိ၌ “ကတ္တရိ ကိတး”ဟုလည်းကောင်း “တေကိစ္စာ”ဟု (၂-၁၃၀)သုတ်၏ ဝုတ္တိ၌ “ကိစ္စပဒေသော- ဘာဝကမ္မေသု ကိစ္စက္တခလတ္ထာ”ဟု လည်းကောင်း ဖွင့်သည်၊ ထိုကတ္တရိကိတး(၆-၄၅)ဘာဝကမ္မေသု ကိစ္စက္တခလတ္ထာ (၆ - ၄၆)”သုတ်များသည် ကိတ် ဆင့်ကဏ္ဍ၌ လာသော သုတ်များဖြစ်၍ ဥဏာဒ်သုတ် မဟုတ်သောကြောင့် ကိတ်ခန်းတွင်ပင် အသုံးပြုမည့် နာမည်များကို ကိတ်အခန်း၌ မှည့်ထားခြင်းဖြစ်ရကား ကလာပ်ဝုတ္တိ အဆိုသည် ရှေ့နောက် ညီ၏၊ ဤ ကစ္စည်း ဝုတ္တိကား ဥဏာဒ်၌ ဆိုရမည့်နာမည်ကို ဤ၌ မှည့်ထားသောကြောင့် ရှေ့နောက် အဆင်မပြေ၊ ထို့ကြောင့် ဤ ဝုတ္တိဖွင့်ပုံကို အမှီပြု၍ ဥဏာဒ်ကျမ်းဆရာလည်း အရှင်ကစ္စည်းထေရ်ပင် ဖြစ်သည်ဟု အတည် မပြုထိုက်သေးချေ။

၅၄၇။ နန္ဒာဒီဟိ။ ။အာဒိသဒ္ဒါသည် ပကာရအနက်ဟော၊ ထို အာဒိဖြင့် နန္ဒကဲ့သို့ ယုပစ္စည်းဖြင့် ပြီးကောင်းသော ဓာတ်အပေါင်းကို ယူ၊ ကာတန္တ၌ နန္ဒာဒိ အာကတိဂိုဏ်း ဟု ဆို၏။ [နန္ဒာဒီဟိယု (၂, ၁၃၃) နန္ဒိ ဝါသိ ဓဒိ ဒူသိ သာဓိ သောဘိ ဝဒ္ဓိတိ ဣနန္တေ ဘျသညာယံ=အမည်သညာကို မဟောရာ၌ ဣန်ပစ္စည်း အဆုံးရှိသော နန္ဒိစသော ဓာတ်နောင် (ပါဠိလို နန္ဒစသော ဓာတ်နောင် ) ယုပစ္စည်း သက်၊ ( နန္ဒိဝါသိတာဒိ တော္ဘ နန္ဒာဒိ အာကတိ ဂဏတ္တံ လဗ္ဘတိ၊ — (ကဝိရာဇဋီကာ၊) ] နန္ဒိယတေ, နန္ဒိတဗ္ဗံ တို့သည် နန္ဒနံ၏ အနက်ဖွင့်တည်း၊ ဣတိသဒ္ဒါ ထည့်လျှင် “ နန္ဒိယတေတိ နန္ဒနံ, နန္ဒိတဗ္ဗံတိ နန္ဒနံ ဟု”

**ကတ္တုကရဏ ပဒေသသုတ်**

၅၄၈။ ကတ္တုကရဏ ပဒေသ ဣတိ-ကတ္တား, ကရိုဏ်း, အဓိကရဏ ဟူကုန်သော၊ ဧဘသု အတ္ထေသုစ—တို့၌လည်း၊ ယုပစ္စယော ဟောတိ၊ ကတ္တရိ—ကတ္တား အနက်၌၊ တာဝ—ရှေးဦးစွာ၊ (ဥဒါဟရဏံ-ကား၊) ရဇံ—မြူကို၊ ဟရတိ-ဆောင်ယူ (ပယ်ရှား) တတ်၏၊ ဣတိ ရဇောဟရဏံ — မည်၏၊ တောယံ— ရေတည်း၊ ကရဏေ—ကရိုဏ်းအနက်၌၊ တာဝ-စွာ၊ (ဥဒါဟရဏံ)၊ တေန-ထိုဝတ္ထုဖြင့်၊ ကရောတိ—

---

ဝိဂ္ဂိုဟ်လည်း ဖြစ်၏၊ ထို့ကြောင့် ဝိဂ္ဂိုဟ် အနေအားဖြင့် ဣတိသဒ္ဒါ ထည့်၍ အနက်ပေးလိုလျှင် ပေးနိုင်၏၊ ရုပ်ကို အခြေပြုကြည့်တွက်၊ ဂဟဏံ၌ "ဂဟ=ဥပါဒါနေ"ဟုဆို၊ ယုကို အနပြုပြီးနောက် ရဟာဒိတောဏသုတ်ဖြင့် နကို ဏပြု၊ "စရ=စရဏေ"ဟု ဆို၍ စရဏံလည်း နည်းတူ။

ဤနေရာ၌ ဤသုတ်ဆိုရကျိုး။ ။သဒ္ဒါ၊ပေ၊ ရုစာဒိဟိသုတ်၏ အခြားမဲ့၌ ဤသုတ်ကိုဆိုလျှင် ထိုသုတ်က တဿီလ စသောအနက် ကတ္တားအနက်၌ သက်သောကြောင့် တဿီလာဒိသုနှင့် ကတ္တရိပုဒ်တို့ လိုက်လာဖွယ် ရှိ၏၊ ထို ၂-ပုဒ် အလိုက်ကို မလိုသောကြောင့် ဤနေရာ၌ ဤသုတ်ကို ဆိုရဃည်ဟု ကြံကြသည်၊ [ဤ ယုပစ္စည်းကို သက္ကတဗျာကရဏ်းတို့၌ ကတ္တားဟောဟု ယူ၍ "နန္ဒယတီတိ နန္ဒနော—နှစ်သက်တတ်သူ"ဟု ကတ္တုသာဓနေ ဝိဂ္ဂိုဟ်ပြု၏၊ ကံအနက်ကို အလိုရှိရာ၌ကား "ဗဟုလံ သဒ္ဒါကြောင့်"ဟု ဆို၍ ဋီကာဆရာကြီးတို့ ကံအနက်၌ ယုပစ္စည်းကို သက်စေကြသည်၊ "တတိယာ (ကရဏဘူတာယ) ပဋ္ဌာနံ ပဋ္ဌမေ တဗ္ဗံ သတိပဋ္ဌာနံ၊ အနုသဒ္ဒံဟိ (ယု၏ ကာရိယ အနုသဒ္ဒါကို) ဗဟုလံ ဝစနေန ကမ္မတ္ထံ ဣစ္ဆန္တိ သဒ္ဒဝိဒူ"—သတိပဋ္ဌာန ဝိဘင်္ဂမူလဋီကာ၊....ဤ ကစ္စည်း၌ကား နောက်သုတ်၌ ကတ္တား, ကရိုဏ်း, အဓိကရဏဟော, ဤသုတ်၌ ဘော ကံ ဟောဟု ဆိုထားသည်။]

---

၅၄၈။ ပဒေသသုတ်။ ။"ပဒေသ"သဒ္ဒါသည် "အရပ်ဒေသ"ဟူသော အနက်ကို ဟောရင်းတည်း၊ အရပ်ဒေသသည် ထိုထို အရာဝတ္ထုတို့၏ တည်ရာ ဖြစ်သကဲ့သို့ ဤ၌လည်း ကြိယာနှင့် ကတ္တားကံတို့၏ တည်ရာဖြစ်သော အနက်ကို "ပဒေသ"ဟု ခေါ်၏၊ ထို တည်ရာ အနက်ကိုပင် "အဓိကရဏ" ဟုလည်း ခေါ်သည်၊ စသဒ္ဒါကား "ရှေ့ဘောကံအနက်သာမက, ကတ္တား ကရိုဏ်း အဓိကရဏ အနက်တို့ကို ပေါင်းပေးသော သမ္ပိဏ္ဍနတည်း"ဟု ချာသ ဆို၏၊ (ထို အတိုင်းပင် ကစ္စည်းဆရာ၏ အလို ဖြစ်ဟန်တူသည်၊) သို့သော် ရူပသိဒ္ဓိ၌ကား ဤ စသဒ္ဒါဖြင့် ရှေ့ ၂-သုတ် အစီအရင်မှ ကြွင်းသော သမ္ပဒါန, အပါဒါန သာမိ (အနက်) တို့ကိုလည်း ဆည်းသည်ဟု ကြံသည်။

ပြုရ၏- ဣတိ—ထို့ကြောင့်၊ (ထိုသို့ ပြုကြောင်း၏ အဖြစ်ကြောင့်၊) ကရဏံ—ကရဏမည်၏၊ ပဒေသေ-အဓိကရဏ အနက်၌၊ တာဝ (ဥဒါဟရဏံ)၊ တသ္မိံ-ထို အရပ်၌၊ တိဋ္ဌန္တိ—တည်ကုန်၏၊ ဣတိ—ကြောင့်၊ (ထိုသို့ တည်ရာ၏ အဖြစ် ကြောင့်၊) ဌာနံ—ဌာန မည်၏၊ ဧဝံ-တူ၊ သဗ္ဗတ္ထ—အလုံးစုံသော ပြယုဂ်တို့၌၊ ယောဇေတဗ္ဗာ-ယှဉ်စေထိုက်ကုန်၏၊ (၅၉၇)။

ရဟာဒိတော ဏ

၅၄၉॥ ရကာရ ဟကာရာဒျန္တေဟိ—ရ အက္ခရာ, ဟ အက္ခရာ အစရှိသော အက္ခရာအဆုံးရှိကုန်သော၊ ဓာတူဟိ-မှ၊ (ပရဿ-သော၊) အနာဒေသဿ—အန အပြု၏၊ နဿ—န၏၊ ဏော-ဏ အပြုသည်၊ ဟောတိ-၏၊ တေန-ထိုဝတ္ထုဖြင့်၊ ကရောတိ—ပြု၏၊ ဣတိ-ကြောင့်၊ ကရဏံ- ကရဏ မည်၏။ တေန—ထိုဝတ္ထုဖြင့်၊ ပူရေတိ- ပြည့်၏၊ ဣတိ, ပူရဏံ-၏၊ တေန—ထိုဝတ္ထုဖြင့်၊ ဂဟဏီယံ—ယူအပ်၏၊ ဣတိ, ဂဟဏံ-၏၊ ဧဝံ-တူ၊

---

ပုံစံများ॥ ॥[ရုပ်တွက်ပုံနှင့်တကွ ကြွင်းသော မှတ်ဖွယ်များကို အခြေပြု၌ ပြထားပြီ၊] ဤ၌ ရဇောဟရဏံကို သမာသ်ရုပ်တွက်ပြအံ့၊ ရဇသဒ္ဒူပပဒ+ဟရ တည်, ရဇနောင် အံသက်(ရဇံ)၊ ဟရ=ဟရဏေအနက်၌ ဓာတ်မှည့်, ဓာတွန် ချေ၊ ဤသုတ်ဖြင့် ယုသက်, အနုပြု၊ ရဇံ- ကို၊ ဟရတိ- ၏၊ ဣတိ အတ္ထေ-၌၊ ဒုတိယာတပ္ပုရိသ် စီရင်, ဝိဘတ်ချေ, ရဇံဟု ပကတိပြု၊ ဧတေသမော လောပေ သုတ်ဖြင့် ရဇ အဆုံး (အ)ကို ဩပြု (ရဇောဟရဏ)၊ နာမ်ငဲ့ စသည်၊ သမ္မာ+ ပဒီယတေ+ယဿာတိ သမ္ပဒါနံ = ကောင်းစွာ ပေးရာဖြစ်သော အရာဝတ္ထု၊ သံ+ပုဗ္ဗ ဒါဓာတ်, သမ္ပဒါန်အနက်၌ ဤသုတ် စသဒ္ဒါဖြင့် ယုပစ္စည်းသက်, အနပြု၊ အပနေတွာ+အာဒဒါတိ ဣတော အပါဒါနံ=ဖဲ၍ ယူရာဖြစ်သော အရပ်ဌာန၊ အပ+အာပုဗ္ဗ ဒါဓာတ်, အပါဒါန်အနက်၌ ယုပစ္စည်းသက်။

၅၄၉॥ ရဟာဒိတော॥ ॥“ရကာရ ဟကာရာဒျန္တေဟိ”ကား ရဟာဒိ တော၏အဖွင့်တည်း၊ ရဟာဒိ၌ “ရဟ”အရ ရဟဓာတ်ကို ယူမည်စိုး၍“ရကာရ ဟကာရ”ဟု ဖွင့်၏၊ “ရောစ ဟောစ—ရဟာ—ရ, ဟတို့၊ ရဟာ+အာဒယော ယေသံတိ ရဟာဒယော၊ ယေသံ —အကြင် အက္ခရာတို့၏၊ ရဟာ—ရ အက္ခရာ ဟအက္ခရာဟူကုန်သော၊ အာဒယော—အစတို့သည်၊ သန္တိ, ဣတိ, တေ, ရဟာ ဒယော-ရဟာဒိတို့မည်၏၊ ရဟာဒိ ဟု ဆိုသော်လည်း ရ အက္ခရာ ဟ အက္ခရာ စသည်ကိုသာ ဆိုသည်မဟုတ်, ထို ရ- ဟ- မ စသည်ဆုံးသော ကရ- ဂဟ- ဂမု စသော ဓာတ်တခုလုံးကို ယူပါဟု သိစေလို၍ “ဒျန္တေဟိ”ဟု (အဆုံးအနက် ဟော)အန္တသဒ္ဒါထည့်၍ ဖွင့်ပြန်သည်၊ [ရ—ဟ ဟူသော အစိတ်ဖြင့် အပေါင်း ဓာတ် တခုလုံးကိုပြသော ဧကဒေသူပစာရ စကားတည်း॥ ]

အညေပိ—အခြား ပြယုဂ်တို့ကိုလည်း၊ ယောဇေတဗ္ဗာ — ယှဉ်စေထိုက် ကုန်၏၊ (၅၅၁)။

ဣတိ - ဤကား၊ ကိဗ္ဗိဓာနကပေ - ကိတ်ပစ္စည်းတို့ကို စီရင်ရာကျမ်း၌၊ ပဌမော ကဏ္ဍော။

---

အနာဒေသဿ နဿ။ ။နကို ဏပြုရာ၌ ယုပစ္စည်းကို ပြုထားသော "အန"၏ နကို ဏပြုပါ—ဟူလို၊ ကရဏံ, ဂဟဏံ စသည်တည်း၊ ရှဋ္ဌကား အနီယပစ္စည်းစသည်၏ နကိုလည်း ဏပြုဟု ဆိုသေး၏၊ ကရဏီယံ, ဂဟဏီယံ- (ကိနာတိ၌) ကိဏာတိ, စသည်တည်း။၊ ဤသုတ်၌ "ရဟာဒိတော ဏ" ဟု သာမည ဆိုထားသော်လည်း ရကာရန္တ, ဟကာရန္တနောင် နီးကပ်နေသော န အက္ခရာဟူသည် အန အနီယ စသည်တို့၌ပါသော နမှတပါး အခြားမရှိတော့ပြီ၊ ထိုသို့ အခြား န အက္ခရာ၏ မဖြစ်သင့်တော့ခြင်းကို အညထာ နုပပတ္တိနည်းဟု ဆို၏၊ အကျယ်ကို ရှုစာကိုယ်နှင့် ဘာသာဋီကာမှာ ရှု၊ [ ကရ, ပူရ=ပူရဏော, ဂဟ"တည်, ကတ္တုကရဏ ပဒေသေသုစသုတ်ဖြင့် ကရိုဏ်းအနက်၌ ယု သက်, အနပြု, ဤသုတ်ဖြင့် နကို ဏပြု၍ ရုပ်တွက်။]

အာဒိဖြင့် ဓာတ်ကိုသာယူ။ ။ ရဟာဒိတောကို "ရကာရ ဟကာရာ ဒျန္တေဟိ ဓာတူဟိ"ဟု ဓာတုသဒ္ဒါဖြင့် ဖွင့်သောကြောင့် အာဒိဖြင့် ရမု-အပ-ဉာ-ဣက္ခ-ရက္ခ-လက္ခ-ပိသ- တာ စသော ဓာတ်များကိုသာ ယူ၍ ထို ဓာတ်တို့မှ နောက်ဖြစ်သော နကို ဏပြု၊ [ အာရမဏံ, ပါပဏံ ( ပ+အပဓာတ် ) ဉာဏံ, ဣက္ခဏံ, ရက္ခဏံ, လက္ခဏံ, ပိသဏံ, တာဏံ စသည်၊] ဆရာတို့ကား....

"ရမု ဣက္ခ ရက္ခ လက္ခ, ပိသ တာ ဓာတု အာဒယော၊
ပရာဒိ ပ နိ ဒူ ပရိ, အာဒိသဒ္ဒေန ဂယှရေ"

ဟု မိန့်၍ ရဟာဒိ၌ အာဒိဖြင့် ပရနာမ်ပုဒ်နှင့် ပ- ပရာ- နိ- ဒု- ပရိ ဥပသာရပုဒ်တို့ကိုလည်း ယူကြ၏၊ သို့သော် ပရာဏျတ္တနောပဒါနိ၌ ပရာနိ ဟူသော နိပါတန ဖြင့် နကို ဏပြုဟု ရှုဋီကာ ဖွင့်ထားသောကြောင့် ဓာတ်မဟုတ်သောပုဒ်နောင် နကို ဏပြုလိုလျှင် ပရာဏကဲ့သို့ သူ့ပုဒ်အတိုင်းကိုပင် နိပါတနလုပ်၍ ဖြစ်စေ, ဒေါမဿစ သုတ်၌ စသဒ္ဒါဖြင့်ဖြစ်စေ နကို ဏပြုသင့်သည်၊ ထို့ကြောင့် ပပုဗ္ဗ နီဓာတ် တပစ္စည်းဖြင့်ပြီးသော "ပနီတ" ၌ "ပဏီတ" ဟု ဖြစ်၏၊ ပဏိဓာန တော, ပဏိဓိ, ပဏိပါတ ( သရဏဂုံ ) စသည်တည်း၊ ပရာယနံ = ပရာယဏံ, နိန္နယော=နိဏ္ဏယော, ဒုန္နယော=ဒုဏ္ဏယော, ပရိနာမော=ပရိဏာမော (အစာကြေခြင်း) စသည်တို့၌ နကို ဏပြုရပုံလည်း နည်းတူ။

ဏာဒယော တေကာလိကာ

၅၅၀။ ဏာဒယော—ဏ အစရှိကုန်သော၊ ယုပစ္စယန္တာ—ယု ပစ္စည်း အဆုံးရှိကုန်သော၊ ပစ္စယာ—တို့ကို၊ တေကာလိကာ—ကာလ ၃-ပါး၌ ယှဉ်ကုန်၏ဟူ၍၊ ဝေဒိတဗ္ဗာ—ကုန်၏၊ ကုမ္ဘံ-ကို၊ ကရောတိ-ပြုဆဲ၊ အကာသိ-ပြုပြီ၊ ကရိဿတိ-ပြုလတ္တံ့၊ ဣတိ, ကုမ္ဘကာရော-မည်၏၊ တေန—ထို ဝတ္ထုဖြင့်၊ ကရောတိ အကာသိ ကရိဿတိ၊ ဣတိ ကရဏံ-ကရဏ မည်၏၊ ဧဝံ အညေပိ ယောဇေတဗ္ဗာ၊ (၅၄၇)။

---

၅၅၀။ ဏာဒယော ယုပစ္စယန္တာ။ ။ဏာဒယော ဟူသော သုတ်ပုဒ်ကို "ဏာဒယော ၊ပေ၊ ယု ပစ္စယန္တာ"ဟု ဖွင့်သဖြင့် ပဌမခန်း၌ ပြခဲ့သော ဓာတုယာ ကမ္မာဒိမှိ ဏော၊ပေ၊ကတ္တုကရဏ ပဒေသေသုစသုတ်တို့ဖြင့် သက်အပ်သော ပစ္စည်းများကိုသာ ဏာဒယော အရ၌ ဝုတ္တိဆရာ ယူလိုသည်၊ "ဏော+အာဒိ ယေသံတိ ဏာဒယော"ဟု ဝိဂ္ဂိုဟ်ပြု။ [ထိုပစ္စည်းများကို "ဏ အ ဏ္ဍု တု အာဝီ ကွိ"စသည်ဖြင့် အခြေပြု၌ ပြထားသည်၊] ရူပသိဒ္ဓိ၌ကား တေကာလိက ပစ္စယန္တနယဝယ် ဒုတိယခန်း၌လာသော "သညာယံ ဒါဓာတော ဣ, တိကိစ္စာသိဋ္ဌေ, ဣတ္ထိယမတိယဝေါ, ကရတော ရိရိယ,ဗုဓဂမာ ဒိတ္တေ,ဇိတော ဣန,သုပတောစ, ဤသံဒုသုဟိခ, သာသာဒီဟိ ရတ္ထု, ဘဇ္ဇေ ဣက" တိုင်အောင်သော သုတ်တို့ဖြင့် သက်အပ်သော ပစ္စည်းများကိုလည်း ပြထားသေး၏၊ ထို့ကြောင့် ရှုအလိုအားဖြင့် ဣ-တိ စသော ထိုပစ္စည်းများကိုလည်း အာဒိအရတွင် ယူသင့်သည်။

ကြွင်း ပစ္စည်းများ။ ။အတီတေ တတာဝန္တုတာဝီ, ဘာဝကမ္မေသုတ သုတ်ဖြင့် သက်အပ်သော ပစ္စည်းများသည် အတီတေဟု သတ်မှတ်ချက်အရ အတီတကာလိက ပစ္စည်းများတည်း၊၊ တဝေ တုံ တုန တွာန် တွာပစ္စည်းကား ကာလဖြင့် မသတ်မှတ်အပ်သော အနာမဋ္ဌကာလိက(မသုံးသပ်အပ်သောကာလ ရှိသော)ပစ္စည်းများတည်း၊ ဝတ္တမာနေ မာနန္တာဖြင့် သက်အပ်သော မာနအန္တတို့ကား ဝတ္တမာနေဟု သတ်မှတ်အပ်သောကြောင့် ပစ္စုပ္ပန္နကာလိကပစ္စည်းများတည်း [ဥဏာဒိကျမ်း၌ ပစ္စည်းများလည်း ဘဝိဿတိ ဂမာဒီဟိ ဏီဃဏ်ဖြင့် ပြအပ်သော ဏီဃဏ်ပစ္စည်းတို့သည် အနာဂတကာလိကတည်း၊ ကာလေ ဝတ္တမာနာတီတေ ဏွာဒယောဖြင့် ပြအပ်သော ဏု စသော ပစ္စည်းများသည် ဝတ္တမာနာတီတ ကာလိကတည်း၊ ထိုသို့ မသတ်မှတ်အပ်သော ပစ္စည်းများကား အနာမဋ္ဌကာလိကတည်း ဟု ခွဲသင့်၏၊] န្យាသ၌ကား "ဏာဒယော တေ ကာလိကာတိဝုတ္တတ္တာ တတော အညေ ကာလတ္တယေပိ ကာလဒ္ဒယေပိ ကာလံ အနာမသိတွာပိ ဟောန္တီတိ ဒဋ္ဌဗ္ဗံ"ဟု ဆို၏၊ ဏအစ ယုအဆုံးပစ္စည်းမှ အခြားပစ္စည်းများနှင့် အတီတေ တတာဝန္တုတာဝီစသည်ဖြင့် သီးခြားသတ်မှတ်၍ပြထားသော

သညာယံ ဒါ ဝဲတေ ဠ

၅၅၁။ သညာယံ—ကို၊ အတိဝေယျာယျံ—ဟောအပ်သော်၊ ဒါဝေတော ဠ ပစ္စယော ဟောတိ၊ ပဋ္ဌမံ — ရှေးဦးစွာ၊ အာဒိယတိ-ယူအပ်၏၊ ဠတိ အာဒိ၊ ဥဒကံ-ရေကို၊ ဒဓာတိ-ဆောင်တတ်၏၊ ဠတိ ဥဒဓိ-(သမုဒ္ဒြာ)၊ မဟောဒကာနိ-(မဟာ+ဥဒကာနိ)-များစွာသော ရေတို့ကို၊ ဒဓာတိ ဠတိ မဟောဒတိ- (သမုဒ္ဒြာ)၊ တသ္မိံ—ထိုအမြိုးတံ၌၊ ဝါလာနိ - အမြိုးဆံတို့ကို၊ ဒဝာတိ, ဠတိ ဝါလဝိ-(အမြိုးတံ)၊ သမ္မာ- ကောင်းစွာ၊ ဓိယတိ-ထားအပ်၏၊ ဠတိ, သန္ဓိ - မည်၏၊ (သန္ဓိစပ်ထားသော ပုဒ်တည်း (၅၉၉)။

---

ပစ္စည်းများမှတပါး အခြားပစ္စည်းတို့သည် တိကာလိကလည်းရှိ, ဒွိကာလိကလည်းရှိ၏, အနာမဋ္ဌကာလိကလည်း ရှိ၏ဟု ဆိုလိုသည်။

ပုံစံများ။ ။ကုမ္ဘံ ကရောတိ စသည်၌ ကရောတိ အကာသိ ကရိဿတိ တို့ဖြင့် ပစ္စုပ္ပန် အတိတ် အနာဂတ်ကာလကို ပြ၏၊ မှန်၏—အိုးထိန်းသည် (အိုးလုပ်သမား)သည် ရှေး၌လည်း အိုးကိုလုပ်ခဲ့၏၊ယခုလည်း အိုးလုပ်ခြင်းကိစ္စ မပြီးပြတ်သေး၊ နောက်၌လည်း အိုးလုပ်ဦးမည်သာ၊ ထို့ကြောင့် ကုမ္ဘံ အကာသိ ကရောတိ ကရိဿတိ ဟု (လူတယောက်တည်း ကတ္တားတခုတည်း အတွက်) ကြိယာ ၃-ချက်ထားနိုင်၍ ဏပစ္စည်းကလည်း အတိတ်စသော ကာလ ၃-ပါးကို တပြိုင်နက် ဟောစွမ်းနိုင်သည်သာ။ [ဘေဒစိန္တာ၌ကား “ အတိတ် အနာဂတ် ကြိယာသည် ပစ္စုပ္ပန်ကြိယာကိုထောက်၍ ဖြစ်ရ၏၊ ထို့ကြောင့် ပစ္စုပ္ပန်ကာလကို ငဲ့၍ ဏပစ္စည်းသက်လျှင် ထို ဏပစ္စည်းက အတိတ် အနာဂတ် ကာလကိုလည်း ဟောနိုင်၏၊ ထို့ကြောင့် တပြိုင်နက်ပင် တေကာလိက ဝိဂ္ဂဟပြုနိုင်၏”ဟူသော အဓိပ္ပာယ်မျိုးကို ဆိုသည်။] ရုပ်ကို ရှေ့၌ တွက်ခဲ့ပြီ။

နန္ဒနံ။ ။ယုပစ္စည်းဖြင့် နန္ဒနံကိုလည်း “နန္ဒိယတေ—နှစ်သက်နေခြင်း, နန္ဒိယိတ္ထ - နှစ်သက်ပြီးခြင်း, နန္ဒိယိဿတေ—နှစ်သက်လတ္တံ့ခြင်း၊ နန္ဒနံ—နှစ်သက်နေခြင်း နှစ်သက်ပြီးခြင်း နှစ်သက်လတ္တံ့ခြင်း”ဟု ကာလ၃-ပါးရအောင် ဝိဂ္ဂြိုဟ်လည်းပြု,အနက်လည်းပေး၊ နန္ဒိယတေတိ နန္ဒနံစသည်ဖြင့် ကမ္မသာဓနေ ၃-ဝိဂ္ဂြိုဟ်ပြု၍ “နှစ်သက်အပ်ဆဲ, နှစ်သက်အပ်ပြီး, နှစ်သက်အပ်လတ္တံ့ သော ဝတ္ထု” ဟု ၃-နက်ပေး၊ ဌာနံ၌လည်း “ တိဋ္ဌတိ, အဋ္ဌာသိ, ဌဿတိ တ္တောတိ ဌာနံ=တည်ဆဲရာ တည်ပြီးရာ တည်လတ္တံ့ရာအရပ်”ဟု ပေး၊ ရုပ်ကို ရှေ့၌ တွက်ခဲ့ပြီ။

---

၅၅၁။ သညာယံ။ ။ဥဒဓိ မဟောဒဓိ တို့သည် သမုဒ္ဒြာ၏နာမည်၊ဝါလဓိသည် အမြီးတံ၏ နာမည်၊ သန္ဓိသည် သန္ဓိပုဒ်စပ်၏ နာမည်၊ ဤသို့လျှင် ဥဒဓိ

၅၅၂။ သညာယံ အာဘိဓေယျာယံ အာသိင္သေ သဗ္ဗဓာတူဟိ, တိ ကိစ္စာသိင္သေ တိပစ္စယော-တိပစ္စည်းသည်လည်းကောင်း၊ ကိစ္စ- ကိစ်ပစ္စည်း သည်လည်းကောင်း၊ ဟောတိ၊ဇိနော-သည်၊ နေ့-ဤသူ့ကို၊ ဗုဒ္ဓတု-သိတော်မူပါ

---

စသော သဒ္ဒါတို့သည် အမည်သညာဟော သဒ္ဒါများဖြစ်၍ "သညာယံ" ဟု ဆိုသင့်ပါသေးသည်၊ အာဒိကား အစ ပဌမဖြစ်သော အရာဝတ္ထု အားလုံးကို ဟော၏၊ ထို့ကြောင့် တစုံတရာ၏နာမည် မဟုတ်, ဝိသေသန (ဂုဏ်)မျှသာ ဖြစ်ထိုက်၏၊ ထို အာဒိကိုထောက်လျှင် "သညာယံ" သဒ္ဒါ မပါသင့်၊ ထို့ကြောင့် မောဂ္ဂလ္လာန်၌ "သညာယံ" ဟု မထည့်တော့ပဲ "ဒါဓာတွိ (ဒါဓာတော+ဣ— ၅,၄၅" ဟု သုတ်တည်၍ "အာဒိ, နိဓိ (မြှုပ်အပ်သော ရွှေငွေအိုး), ဝါလဓိ တို့ကိုပင် ပုံစံထုတ်သည်၊ ထိုသုတ်အလိုကား သညာသဒ္ဒါဟုတ်-မဟုတ်ဟု မစိစစ်ပဲ ဒါဓာ ဓာတ်တို့နောင် ဣ ပစ္စည်းသက်—ဟူလို၊ ထို့ကြောင့် ဤ၌ "သညာယံ" ပါနေသည်ကို စဉ်းစားသင့်သည်။

ပုံစံများ။ ။အာဒိ-အာပုဗ္ဗ ဒါဓာတ်, သန္ဓိ—သံပုဗ္ဗ ဓာဓာတ်, ဣပစ္စည်း သက်ပြီးနောက် အာနှင့်ဒိ, သံနှင့် ဓိတို့ကို ပါဒိပုဗ္ဗပဒကမ္မဓာရဲ တွဲပြီးမှ နာမ်ငဲ့ စသည် စီရင်၊ ဤသို့လျှင် ဒါဓာတ်-သက်သက်နောင်ဣပစ္စည်းမသက်ပဲ ပ,စသော ဥပသာရပုဒ်ရှေးရှိရာ၌သာသက်သောကြောင့် "ပါဒိပုဗ္ဗေဟော၀ ဒါဓာဟိ ဣ" ဟု မောဂ္ဂလ္လာန်ပဉ္စိကာ မိန့်သည်၊ ဥဒတိ - ဥဒကသဒ္ဒူပပဒ+ဓာဓာတ်, ဥဒကနောင် အံသက်, ဓာနောင် ဣသက် (ဥဒကံ + ဓိ) ဒုတိယာ တပ္ပုရိသ်တွဲ၊ ဝိဘတ်ချေ, ပကတိပြု (ဥဒကဓိ), တေသုဝုဒ္ဓိဖြင့် ဥဒကကို ဥဒပြု,နာမ်ငဲ့စသည်၊ မဟော ဒက သဒ္ဒူပပဒ+ဓာတည်၍ မဟောဒဓိလည်း နည်းတူ၊ [ မဟာ+ဥဒကကို သန္ဓိ စပ်၍ (ဥကို ဩအသဝဏ်ပြု၍) မဟောဒဓိဟု ဖြစ်၏။]

ဝါလဓိ။ ။ဝါလ သဒ္ဒူပပဒ+ဓာတည်, ဝါလနောင် ဒုတိယာယောသက်, စသည်နည်းတူ၊ ဤဥဒဓိစသည်တို့၌ကား ဓာဓာတ်ဝယ် ပ-စသောဥပသာရများ ရှေးမရှိ ကံပုဒ်သာ ရှေးရှိတော့၏၊ ဤသို့ ကံပုဒ်ရှေးရှိရာ၌ ပါဒိပုဗ္ဗ ဟုတ်ဟုတ်, မဟုတ်ဟုတ် ဣပစ္စည်းသက်နိုင်တော့သည်ဟု မှတ်၊ ထိုဣပစ္စည်းလည်း အာဓာရ (အဓိကရဏသာဓန) အနက်၌ သက်ရမည်ဟု ပဉ္စိကာ ဆို၏၊ [ "ကမ္မူပပဒေ ပန သပါဒီဟိ အပါဒီဟိစ အာဓာရေဟော၀"- ပဉ္စိကာ၊] ဤ၌ ပဉ္စိကာအလို "ဥဒကံ ဓိယတိ ဧတ္ထာတိ ဥဒဓိ, မဟောဒကာနိ ဓိယန္တိ ဧတ္ထာတိ မဟောဒဓိ" ဟု အဓိကရဏသာဓန ဝိဂ္ဂိုဟ်ပြုရမည်၊ ထောမနိဓိ၌လည်း အဓိကရဏပင် ပြု၏။ [ "သညာယ မုဒေါဒကသာ" စသော မောဂ္ဂလ္လာန်သုတ်များ၏ အစီအရင်ကို သမာသ်အဆုံး၌ ပြခဲ့ပြီ။]

စေ၊ ဣတိ—ဤသို့ တောင့်တကြောင်း စကားကြောင့်၊ ဇိနဗုဒ္ဓိ—ဇိနဗုဒ္ဓိ မည်၏၊ အဿ—ထိုသူ့အား၊ ဓနံ·ဥစ္စာသည်၊ ဘဝတု·ဖြစ်ထွန်းပါစေ၊ ဣတိ·ကြောင့်၊ ဓနဘူတိ·ဓနဘူတိ·မည်၏၊ ဘဝတု·ဖြစ်တွန်းပါစေ၊ ဣတိ ဘူတော၊ ဘဝတု·စေ၊ ဣတိ ဘာဝေါ၊ ဓမ္မော-တရားသည်၊ နံ-ကို၊ ဒဒါတု-ပေးပါစေ၊ ဣတိ,ဓမ္မဒိန္နော—ဓမ္မဒိန္န မည်၏၊ [ဣတ္ထိလိင်၌ "ဓမ္မော အဿာ(ဤသူမအား) ဒဒါတူတိ ဓမ္မဒိန္နာ"ဟု ဆို။] ဝဍ္ဎတု-တိုးပွားပါစေ၊ ဣတိ, ဝဍ္ဎမာနော—ဝဍ္ဎမာန မည်၏၊ ဝေ် အညေပိ ယောဇေတဗ္ဗာ၊ (၆၁၀)။

---

၅၅၂။ တိကိစ္စာသိဋ္ဌေ။ ။"ဤသူ့ကို ဘုရားသခင်သိတော်မူပါစေ"ဟု မိဘစသူတို့၏ တောင့်တမှုကို "အာသိဋ္ဌ"ဟု ခေါ်၏၊ "ဇိနဗုဒ္ဓိ" စသည်လည်း တစုံတယောက်၏နာမည် ဖြစ်၏၊ ဤသို့ နာမည်ကို ဟောလိုရာ၌ တောင့်တခြင်း အနက်လည်း ပါဝင်မူ ဤသုတ်ဖြင့် တိပစ္စည်း သက်၍ "ဇိနဗုဒ္ဓိ—ခနဘူတိ" စသည်လည်းကောင်း ကိတ်ပစ္စည်းတို့တွင် ပါဝင်သော တ—ဏ—မာန စသည် သက်၍ "ဘူတော, ဘာဝေါ, ဝဍ္ဎမာနော"ဟုလည်းကောင်း ဖြစ်၏၊ ကိစ္စအရ ကိစ္စပစ္စည်းဟု ထင်မှားဖွယ် ရှိ၏၊ အမှန်မှာ-"ကိတ်+စ"ဟု ပုဒ်ဖြတ်၍ "ကိစ္စ" ဟူသော ဤ နိပါတနဖြင့်ပင် တ်ကို စ်ပြု၍ "ကိစ္စ" ဟု ဖြစ်ရ၏၊ ထို့ကြောင့် "ကိစ္စ-ကိတ်ပစ္စည်းသည်လည်းကောင်း" ပေးရသည်၊ စသဒ္ဒါကား တိပစ္စည်း၌ ပေါင်းသော သမ္ပိဏ္ဍန။ [တိ ကိစ္စာတိ ဧတ္ထ တကာရဿ ဣမိနာ နိပါတနေန စကာရော၊ ရူပ္ပိကာ။]

ဇိနော ဧနံ၊ ဗေ၊ဇိန ဗုဒ္ဓိ။ ။ဧနံအရာဝယ် "ဧနံ"ဟုချည်း ပါ၌ပျက်စာတ်၏၊ လူအများ၏နာမည်မဟုတ်, တစုံတယောက်၏ နာမည်ဖြစ်၍ "ဧနံ - ဤသူ့ကို" ဟု ညွှန်ပြခြင်းသာ သင့်၏၊ "ဇိနော ဧနံ ဗုဇ္ဈတု"ကား တောင့်တပုံကို ပြသော ဝါကျတည်း၊ ထိုစကားလည်း နာမည်ရှင်၏ စကားမဟုတ်, မိဘ ဆရာသမား စသူတို့၏ စကားသာတည်း၊ မှန်၏– တပည့်တပါးကို ဆရာက "ဇိနော ဧနံ ဗုဇ္ဈတု=ဤသူ့ကို ဘုရား အသိအမှတ် ပြုတော်မူစေ" ဟု တောင့်တလိုက်၏၊ ဆရာ၏ ထို တောင့်တစကားကြောင့် ထိုတပည့်ကို "ဇိနဗုဒ္ဓိ"ဟု နာမည်မှည့်ကြ သည်၊ သားတယောက်ဖွားလာရာ၌ အဘက "ဇီဝတု· အသက်ရှည်ပါစေ"ဟု တောင့်တလိုက်၏၊ ထို တောင့်တစကားကြောင့် သားကလေးကို "ဇီဝက"ဟု နာမည်မှည့်ကြသည်၊ ထို့ကြောင့်"အာသိံ သကတ္တု ပိတာဒိနော ဝစနမိဒံ=ဤ စကားသည် တောင့်တမှုကို ပြုသော အဘ စသူ၏ စကားဖြစ်သည်"ဟု တတ္တ ဗောဓိနီ၌ မိန့်သည်။

ဆက်ဦးအံ့– ဘုရားအလောင်း တောမထွက်မီနေ့ ညနေစောင်း၌ မင်္ဂလာ ကန်တော်နားဝယ် နေတော်မူစဉ် သားတော် ဖွားမြင်ကြောင်းကို သဝဏ်လွှာ ဆက်လာရာ "ရာဟု ဇာတော"ဟု နှုတ်တော် မြွက်လိုက်၏၊ ထို စကားကို

အကြောင်းပြု၍ သားတော်ကို " ရာဟုလာ " ဟု မှည့်ကြသည်၊ သမားတော် ဇီဝကကို မိခင်ပြည့်တန်ဆာမက နံနက်စောစော အမှိုက်ပုံနား၌ ပစ်ချစေလေရာ ဖခင်အစစ်ဖြစ်သော အဘယမင်းသားသည်ပင် ခမည်းတော်ထံ အခစားဝင်ရာ တွင် ကျီးတရုံးရုံး ဝိုင်းနေသည်ကို မြင်၍ "ဘာလဲ မောင်မင်းတို့"...."ကလေး ပါ".... " ဇီဝတိ–အသက်ရှင်သေးရဲ့လား.... " ဇီဝတိ–ရှင်ပါသေးရဲ့ ".... ဤ "ဇီဝတိ"ဟူသော စကားကြောင့် သမားတော်လောင်းကို "ဇီဝက"ဟု နာမည် မှည့်ကြ၏၊ သို့သော် ထို ရာဟုလ-ဇီဝကတို့ကား အာသိသအနက် မပါသော ကြောင့် ဤသုတ်၏အရာ မဟုတ်ကြ။ ["ရာဟု+လာဓာတ်+အပစ္စည်း, ဇီဝ+ ဏ္ဍုပစ္စည်းတို့ကို သဗ္ဗတော ဏ္ဍုတ္တာဝိဝါဖြင့် သက်၊ အာသိသအနက် ပါရာ၌မူ "ဇီဝတူတိ ဇီဝကော"ဟု ပြု၍ ဤသုတ်ဖြင့် ဏ္ဍု သက်။]

ယထာကထဉ္စိ ဗျုပ္ပတ္တိ။ ။"ဝိသေသေန ဥပ္ပဇ္ဇတိ ဧတာယာတိ ဗျုပ္ပတ္တိ" နှင့်အညီ အခြားအနက်များနှင့်မရောအောင် အထူးအားဖြင့် ပုဒ်နက်၏ဖြစ်ပေါ် လာကြောင်းဖြစ်သော ဝိဂ္ဂဟဝါကျကို (ဗုဇ္ဈတီတိ ဗုဒ္ဓေါ၌ ဗုဇ္ဈတိ ဟူသော ဝါကျမျိုးကို)"ဗျုပ္ပတ္တိ"ဟု ခေါ်၏၊ ဗုဒ္ဓေါကဲ့သို့ နိပ္ဖန္နပုဒ်ပြီးပုံကို "ပဝတ္တိ"ဟု ခေါ်၏၊ ဇိနဗုဒ္ဓိ–ဇီဝက စသော သညာသဒ္ဒါတို့၏ ဝိဂ္ဂဟဝါကျ ဗျုပ္ပတ္တိမှာ ဗုဇ္ဈတီတိ ဗုဒ္ဓေါ" ကဲ့သို့ ဝိဂ္ဂဟ (ဗျုပ္ပတ္တိ) နှင့် နိပ္ဖန္နပဝတ္တိတို့ လိုက်ဖက် ညီမျှ လှသည် မဟုတ်, သင့်တော်မည့် အကြောင်းတခုခုကို စွဲ၍ ဗျုပ္ပတ္တိ ( ဝိဂ္ဂဟ ) ဖြစ်ပေါ်လာကြသည်၊ ထို့ကြောင့် "ဇိနော နံ ဗုဇ္ဈတု"ဟူသော ဝိဂ္ဂဟဝါကျ အတိုင်း ဘုရားက ထိုသူ့ကို သိသည်ဖြစ်စေ မသိသည်ဖြစ်စေ အထင်ရှင်ဗြိုအားဖြင့် "ဇိနဗုဒ္ဓိ" ဟု နာမည် ရနိုင်တော့သည်၊ နောက်နောက် နာမည်များ၌လည်း နည်းတူ၊ "သညာသဒ္ဒါ ယထာကထဉ္စိ ဗျုပ္ပာဒျာ=သညာသဒ္ဒါတို့သည် တစုံ တခုသော အကြောင်းကြောင့် ( ဖြစ်သော ) ဗျုပ္ပတ္တိ ရှိကုန်၏".... ကလာပ်– ကိတ်, ၄၂၉-သုတ်။]

အားလုံး ကတ္တုသာဓန။ ။တိပစ္စည်း ကိတ်ပစ္စည်းတို့သည် ဤသုတ်၌ ကတ္တု သာဓနကိုချည်း ဟော၏၊ ဘာ့ကြောင့်နည်း...."အပတ္တပတ္တနမာသိံသာ၊ သာစ ပယောတ္တု ပုဂ္ဂလဓမ္မော, နပစ္စယတ္တော, ကတ္တရိကိတ် ဣတိ ကတ္တုတ္တေ ဝိဓာ နာ=မရအပ်သေးသော အကျိုးကို တောင့်တမှုသည် အာသိံသ မည်၏၊ ထို အာသိံသာဟူသည် တောင့်တသူ၌တည်သော သဘောတည်း,တိပစ္စည်းစသည် တို့၏အနက် မဟုတ်၊ ဘာ့ကြောင့်နည်း...."ကတ္တရိကိတ်"အရ ထို တိပစ္စည်းက ကတ္တားအနက်၌ စီရင်အပ်သောကြောင့်တည်း" ဟု တတ္တဗောဓိနီ မိန့်သော ကြောင့်တည်း၊ ထို့ကြောင့် "ဇိနော နံ-ဓနံ အဿ"စသည်ဖြင့် ဝိဂ္ဂဟပြုသော် လည်း နံ–အဿ တို့ကို လိုက်၍ ကမ္မသာဓန - သမ္ပဒါနသာဓန ဟု မဆိုရ, အားလုံး ကတ္တုသာဓနချည်းဟု မှတ်ပါ။

ဣတ္ထိယ
မတိယဝေါ ၀ါ

၅၅၃။ ဣတ္ထိယံ-ကို၊ အဘိဓေယျာယံ့—သော်၊ သဗ္ဗဓာတူဟိ အကာရ တိ ယု ဣတိ—အ, တိ, ယု ဟူကုန်သော၊ ဧတေ ပစ္စယာ ဝါ ဟောန္တိ၊ ဇီရတိ-ဆွေးမြေ့တတ်၏၊ ဣတိ ဇရာ-ဇရာမည်၏၊ မညတိ-သိတတ်၏၊ ဣတိ မတိ၊ (ပညာ)၊ စေတယတိ-စေ့ဆော်တတ်၏-ဣတိ စေတနာ၊ ဝေဒယတိ—ခံစားတတ်၏၊ ဣတိ ဝေဒနာ၊ ဧဝံ အညေပိ ယောဇေတဗ္ဗာ၊ (၆၀၀)။

---

ပုံစံများ။ ။ဇိနသဒ္ဒူပပဒ+ဗုဓတည်, ဇိနနောင် သိသက်, ဩပ္ပို, ဗုဓနောင် ဤသုတ်ဖြင့် တိသက်၊ ဓေ ဘာဟောဟိ ဓေ ါစ, ဟ စတုတ္ထာန မန္တာနံ ဒေ ါဓေသုတ်တို့ဖြင့် စီရင်၊ (ဇိနော+ဗုဒ္ဓိ)၊ ဇိနော-သည်၊ နေ-ကို၊ ဗုဇ္ဈတု-စေ၊ ဣတိအတ္တေ-၌၊ ဇိနောနှင့် ဗုဒ္ဓိကို ကမ္မဓာရဲစပ်၊ ဝိဘတ်ချေ, ပကတိပြု, နာမ်ငဲ့, သိချေ၊ အဂ္ဂိကဲ့သို့စဉ်၊ ဓနသဒ္ဒူပပဒ+ဘူတည်၍ ဤနည်းအတိုင်း သမာသ်စပ်၍ တွက်၊ ဘူတော၌ကား သမာသ်မစပ်ရ၊ ဘူဓာတ် ဤသုတ်ဖြင့် တပစ္စည်းသက်၊ဘာဝေ ါ၌ ဏပစ္စည်း၊ ဓမ္မဒိန္နော၌မူ ဓမ္မသဒ္ဒူပပဒ+ဒါတည်, ဓမ္မနောင် သိ ဩပ္ပို, ဤသုတ်ဖြင့် တပစ္စည်း, ဘိဒါဒိတော ဣန္နအန္န ဤဏာ ၀ါဖြင့် စီရင် (ဓမ္မော+ဒိန္နံ) ကမ္မဓာရဲစသည်စီရင်၊

ဆက်ဦးအံ့ — ဤ ဇိနဗုဒ္ဓိ စသော ပုဒ်များသည် အမြဲ နာမည်ဟောချည်း မဟုတ်၊ "ဇိနဿ+ဗုဒ္ဓိ, ဇိနဗုဒ္ဓိ-ဘုရား၏ သိခြင်း" ဟု ကြံယာစသော အနက်များကိုလည်း ဟောနိုင်သေး၏။ [ဇိနဗုဒ္ဓိတိ အာသီသတ္ထေ၀ ကွစိသညာ=ဇိနဗုဒ္ဓိသည် အာသီသ အနက်၀ယ် အချို့ သညာဟောတည်း၊ အများအားဖြင့်ကား သညာဟောမဟုတ် ဟူလို=ရူဠှီကာ၊] ထိုသို့ သညာဟော မဟုတ်ရာ၌ ဣတ္ထိယ မတိယ ဝေ ါ၀ါစသည်ဖြင့် တိပစ္စည်းစသည် သက်။

**ကာတန္တ**။ ။တိက် ကိတာ သညာယ- မာသီတိ (ကိတ်, ၆, ၄၂၉)၊ဓေ၊ ဒေ၀ါယ နေ ဒေယာတ် (ဤသူ့ကို နတ်အား ပေးစေသတည်း) ဣတိ ဒေဝဒတ္တော, ယညဒတ္တော- ယဇ်အား ပေးစေသတည်းဟု တောင့်တအပ်သူ၊ ဝီရော ဘူယာတ် (ရဲရင့်သူ ဖြစ်စေသတည်း) ဣတိ ဝီရဘူတိ၊ မိတ္တာဘူတိ—မိတ်ဆွေ ဖြစ်စေသတည်းဟု တောင့်တအပ်သူ၊ မောဂ္ဂလ္လာန်၌ကား "အာသီသာယ—မကော (၅, ၃၄)သုတ်ဖြင့် အကပစ္စည်းသက်၍ ဇီဝတူတိ ဇီဝကော, နန္ဒတူတိ နန္ဒကော, ဘဝတူတိ ဘဝကော" ဟူ ပုံစံထုတ်၏။

---

၅၅၃။ ဤသုတ်အဓိပ္ပာယ် ရုပ်များကို အခြေပြု၍ ပြထားပြီ၊ စေတနာကို "စိတိ=စေတာယံ" ဟူ ဆို၍တွက်၊ရူ၌ "စိတ=သဉ္စေတနေ" ဟု ဓာတ်နက်ဆိုသည်။

**ကရတော ရိရိယ**

၅၅၄။ ဣတ္ထိယံ-ဣတ္ထိလိင်ကိုလည်းကောင်း၊ အနိတ္ထိယံ ဝါ-ပုလ္လိင် နပုလ္လိင်ကိုလည်းကောင်း၊ အဘိဓေယျာယံ—သော်၊ ကရတော—၌၊ ရိရိယပစ္စယော ဟောတိ၊ ကတ္တဗ္ဗာ-ပြုအပ် ပြုသင့် ပြုထိုက်သော (အပူအရာသည်)၊ ကိရိယာ- ကိရိယာမည်၏၊ ကရဏီယံ- ပြုအပ် ပြုသင့် ပြုထိုက်သော အပူသည်၊ ကိရိယံ- မည်၏၊ (၆၀၂)။

**အတိတေ**
**တတဝန္တုတာဝိ**

၅၅၅။ အတီတေ ကာလေ-အတိတ်ကာလ၌၊ သဗ္ဗဓာတူဟိ, တ တဝန္တုတာဝိ—တ, တဝန္တု, တာဝိ ဟူကုန်သော၊ ဧတေ ပစ္စယာ ဝါ ဟောန္တိ၊ ဟုတော, ဟုတဝါ, ဟုတာဝီ—ပူဇော် ပြီးသူ၊ ဝုသိတော, ဝုသိတဝါ, ဝုသိတာဝီ—ကျင့်သုံးပြီးသူ၊ ဘုတ္တော, ဘုတ္တဝါ, ဘုတ္တာဝီ—စားပြီးသူ၊ (၆၁၄)။

---

၅၅၄။ အနိတ္ထိယံ ဝါ။ ။န+ဣတ္ထိ အနိတ္ထီ=ဣတ္ထိလိင် မဟုတ်၊ ဝါ—ပုလ္လိင် နပုလ္လိင်တည်း၊ ဤ အနိတ္ထိယံဖြင့် ပုလ္လိင် နပုလ္လိင်လည်း ရိရိယပစ္စည်း သက်နိုင်၏-ဟု ပြ၏၊ ပုံစံ၌မူ "ကိရိယာ, ကိရိယံ"ဟု ဣတ္ထိလိင်နှင့် နပုလ္လိင်သာ ပြထားသည်၊ ထို့ကြောင့်"ပါပကေ အကုသလေ ဓမ္မေ အကိရိယေ ဝါဒါမိ" ဟူသော ဝေရဉ္ဇကဏ္ဍ စသည်၌ "အကိရိယေ"ကို ပုလ္လိင်အရာ၌ ထုတ်ထိုက်၏၊ မှန်၏—ထို၌ အကိရိယေသည် ဓမ္မေနှင့် အရတူသောကြောင့် ပုလ္လိင်သာတည်း။ "ကတ္တဗ္ဗောတိ ကိရိယော (ဓမ္မော, ကတ္တဗ္ဗာတိ ကိရိယာ (ဓမ္မာ)" ဟု ဧကဝုစ် ဗဟုဝုစ် ပြု၊ န+ကိရိယာ, အကိရိယာ-မပြုအပ် မပြုထိုက်သော တရားတို့၊ ရုပ်ကို အခြေပြုကြည့်တွက်။

ကြိယာ စသည်။ ။ကိရိယဟု ဖြစ်သောအခါ ဗျည်းနှောင်းရာ၌ ကိ၏ ဣကို ဓာတုဝုဒ္ဓိဖြင့်ချေ၍ (က)ကို ရိသို့ကပ်လျှင် "ကြိယာ,ကြိယံ,ကြိယော"ဟုလည်း ဖြစ်သည်။

---

၅၅၅။ ဟုတော ၊ပေ၊ ဘုတ္တာဝီ။ ။ဟုတော ဟုတဝါ ဟုတာဝီတို့ကို အခြေပြုကြည့်တွက်၊ အဝသိ—ကျင့်သုံးပြီ၊ ဣတိ, ဝုသိတော, ဝုသိတဝါ, ဝုသိတာဝီ မည်၏၊ "ဝသ=နိဝါသေ"ဟုဆို၍ တ, တဝန္တု, တာဝီသက်၊ ဝသဝါဝု သုတ်ဖြင့် ဝ၏ အကို ဥပြု၊ ["ဗြဟ္မစရိယံ-မြတ်သော အကျင့်ကို၊ ဝုသိတော—ကျင့်သုံးပြီ၊ အဝုသိတဝါ-ကျင့်သုံးပြီးသူ မဟုတ်ပါပဲ၊ ဝုသိတမာနီ-ကျင့်သုံးပြီး သူဟု အထင်ကြီးတတ်၏"တို့ကား ပါဠိပုံစံတည်း၊] "ဘုဇ=ပါလန ဗျဝဟာရ ဏေသု"ဟု ဆို၍တွက်၊ တ- စသည်သက်၊ ဘုဇာဒီနမန္တောနော ဒွိစဖြင့် စီရင်၊ ဤသုတ်လာ တပစ္စည်းဖြင့် "ဘူတော - ဖြစ်ပြီ၊ အတိ+ဣတော—လွန်၍ဖြစ်ပြီ၊ နိဋ္ဌ+ဣတော-ပြီးဆုံးခြင်းသို့ ရောက်ပြီ"စသော ပုံစံတွေ များစွာရှိလေသည်။

ဘာဝကမ္မေသု တ

၅၅၆။ ဘာဝကမ္မေသု-တို့၌၊ အတီတေ ကာလေ—၌၊ သပ္ပဝါတူဟိ တပစ္စယော ဟောတိ၊ ဘာဝေ—ဘောအနက်၌၊ တာဝ-စွာ၊ (ဥဒါဟရဏံ)၊ တဿ-ထိုသူ၏၊ ဂီတံ-သီဆိုခြင်း၊ နစ္စံ, နဋ္ဋံ—ကခြင်း၊ ဟသိတံ-ပြုံးရယ်ခြင်း၊ ကမ္မနိ—ကံအနက်၌၊ တာဝ—စွာ၊ (ဥဒါဟရဏံ)၊ တေန-ထိုသူသည်၊ ဘာသိတံ—ဆိုအပ်ပြီ၊ ဒေသိတံ-ဟောအပ်ပြီ၊ [အတိတ်သံပါအောင် "ပြီ"ဟု ပေးသည်။] (၆၂၃)။

---

၅၅၆။ ဘာဝကမ္မေသု တ။ ။ရှေးသုတ်မှ တသဒ္ဒါကိုအလိုက်ခံ၍"ဘာဝကမ္မေသု"ဟုသာ သုတ်တည်လျှင် (တ)သာမက တွဲဖက်ဖြစ်သော တဝန္တု တာဝီတို့ပါ လိုက်လာဖွယ်ရှိသောကြောင့် ထို တဝန္တု တာဝီတို့ကို တားမြစ်လို၍ "ဘာဝကမ္မေသု တ"ဟု တသဒ္ဒါထည့်၍ တည်ရသည်၊ ဤ ၂-သုတ်အရ တပစ္စည်းသည် ဘော ကံ ကတ္တား အနက် ၃-ပါး၌ သက်နိုင်ကြောင်း, တဝန္တု တာဝီတို့ကား ကတ္တားအနက်၌သာ သက်နိုင်ကြောင်း သိရပြီ၊ ဘာဝကမ္မေသုကို ဖြုတ်၍ "တ"ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် အဓိကရဏအနက်၌လည်း တပစ္စည်း သက်သေး၏၊ [ဘာဝကမ္မေသုတတိ ဧတ္ထ တ ဣတိ ယောဂဝိဘာဂေန အစလနတ္ထ ဂတိ ဘောဇနတ္ထာဒီဟိ အဓိကရဏေပိ တပစ္စယော၊—ရူ "နမကာရာန မန္တာနံ"သုတ် အဆက်။]

ပုံစံများ။ ။"တဿ ဂီတံ နစ္စံ နဋ္ဋံ ဟသိတံ"တို့၌ ဘောဟောဖြစ်ကြောင်း သိသာအောင် တဿ ဟု သမ္ဗန်ပုဒ်ကို အပိုထည့်ပြသည်၊ မှန်၏— "ထိုသူ၏+သီဆိုခြင်း, ကခြင်း, ပြုံးရယ်ခြင်း"ဟု သမ္ဗန်ပုဒ်သည် "ခြင်း"ဟူသော ဘောအနက်၌ စပ်လေ့ရှိသည်၊ ဂီတံကို အခြေပြု သဗ္ဗတ္ထဂေဂီသုတ်၌, နစ္စံ နဋ္ဋံ တို့ကို ပစ္စယာဒနိဋ္ဌာသုတ်၌ ရုပ်တွက်ထားပြီ၊ ဟသိတံကို ဤသုတ်၌ပြထား၏၊ဘာသိတံ စသည်၌ "ဘာသ=ဝိယတ္တာယံ ဝါစာယံ, ဒိသ=ဥစ္စာရဏေ"ဟု ဆို၍ ဟသိတံနည်းတူတွက်၊ "ဘာသိယိတ္ထာတိ ဘာသိတံ, ဒေသိယိတ္ထာတိ ဒေသိတံ"ဟု အတိတ်ကံဟော ကြိယာပုဒ်ဖြင့် ဝိဂြိုဟ်ပြု၊ တေနဘာသိတံ စသည်၌ တပစ္စည်း၏ ကံဟောပုဒ်ဖြစ်ကြောင်း သိသာအောင် "တေန"ဟု အဝုတ္တကတ္တား, ထည့်ပြရသည်၊ [ "သံဝဏ္ဏေကြုံတ်, ရှိသည့်ပုဒ်ကို, အဝုတ်ကတ္တား, ဖွင့်ပြထားမူ, ပြုပြား ကမ္မ-သာဓနေတည်း—(သံဝဏ္ဏနာလင်္ကာ)။]

ကာလ တပါး၌ သက်ပုံ။ ။ "အတီတေ တ တဝန္တု တာဝီ, ဘာဝကမ္မေသု တ"ဟု အတိတ်အနက်၌ တပစ္စည်းသက်ဟု ဆိုခြင်းသည် အာချာတ်ကြိယာတပါးနှင့် မဆက်သွယ်ပဲ သူ့ချည်းသက်သက် ပဓာနကြိယာ ဖြစ်ရသော ဝါကျများကို ရည်ရွယ်၍ ဆိုခြင်းဖြစ်၏၊ ထို့ကြောင့် "ဘဂဝတာ ဒေသိတော

ဓမ္မာ=ဘုရားရှင်သည် တရားတော်ကို ဟောတော်မူအပ်ပြီ၊ **တေန** ဝုတ္တံ= ထို့ကြောင့် ဆိုအပ်ပြီ” စသည်၌ အတိတ်အနက်သာ သင့်မြတ်၏၊ အာချာတ် ကြိယာနှင့် တွဲစပ်ရသည့် အခါ၌ကား ကိတ်ပစ္စယန္တ ပုဒ်များသည် အပဓာန ဝိသေသနမျှသာ ဖြစ်၍, ဝိသေသျ ပဓာနဖြစ်သော အာချာတ် ကြိယာများ၏ ကာလကိုလိုက်၍ ဟောကြရသည်၊ ပုံစံကား—“ဣဒံ ဝုတ္တံ ဟောတိ,ဘာသိတော ဘဝိဿတိ” စသည်တည်း၊ ဤ၌ ဝုတ္တံ ဘာသိတောတို့သည် ဟောတိ ဘဝိဿတိ တို့နှင့် စပ်ရသောကြောင့် မိမိတို့ ဟောရိုးဖြစ်သော အတိတ်ကာလကို မဟောပဲ ဟောတိအရ ပစ္စုပ္ပန်ကာလကိုလည်းကောင်း, ဘဝိဿတိအရ အနာဂတ်ကာလ ကိုလည်းကောင်း ဟောကြရသည်။

မှန်၏—စတုတ္ထပါရာဇိက နိဒါန်း၌ ဝဂ္ဂုမုဒါ မြစ်ကမ်းဝယ် ရဟန်းအချို့ လာဘ်ရနည်းကို ရှာဖွေကြရာဝယ် “မိမိတို့ အချင်းချင်း ဈာန်မဂ်ဖိုလ် (ဥတ္တရိ မနုဿဓမ္မ)ရကြောင်းကို လူတို့အား ပြောကြစို့ရဲ့”ဟု တချို့က အကြံပေးကြရာ ထို အကြံကို သဘောတူကြ၍ “ဧသောယေဝ အာဝုသော သေယျော, ယော အမှာကံ ဂိဟီနံ အညမညဿ ဥတ္တရိမနုဿဓမ္မဿ ဝဏ္ဏော ဘာသိတော”ဟု ထောက်ခံ ပြောဆိုကြလေသည်၊ ထိုစကား၌“ဘာသိတော”ဟု ဆိုသော်လည်း တကယ် ပြောအပ်ပြီးသော အတိတ်မဟုတ်, နောင်ခါပြောရမည့် အနာဂတ်သာ တည်း၊ ထို့ကြောင့် အဋ္ဌကထာ၌ “ဘာသိတောကို အတိတ်ဟော ထင်မှားမည် စိုးသောကြောင့် “ ဘာသိတော ဘဝိဿတိ ”ဟု ဖွင့်၍ အနာဂတ်ကြိယာနှင့် စပ်ရသည့်အခါ အနာဂတ်ဟောလည်း ဖြစ်နိုင်၏ဟု ပြသောသုတ်ကို သဒ္ဒါ ကျမ်းမှ ရှာယူလေ”ဟု မိန့်လေသည်။

သဒ္ဒါသုတ်။ ။လက္ခဏံ ပနစသော စကားအရ သဒ္ဒါကျမ်းလာ သုတ်ကား “ဓာတုသမ္ဗန္ဓေ ပစ္စယာ (ပါဏိနိ—၃, ၄, ၁၊ ကာတန္တ ၄, ၆, ၁၁၃)”သုတ် တည်း။ [ဓာတုသမ္ဗန္ဓေ—ဓာတ်နက်တို့၏ စပ်ခြင်းဟူသော ဝိသေသန ဝိသေသျ အဖြစ်သည်၊ သတိ-သော်၊ သံကာလံ-မိမိဆိုင်ရာ ကာလကို၊ ဟိတွာ-စွန့်၍၊ ဝိသေသျဿ ဓာတွတ္ထဿ- ဘဝိဿတိစသော ဝိသေသျဓာတ်နက်၏၊ ကာလေ— အခါ၌၊ ကိတ်သညကာ - ကိတ် အမည်ရှိသော (တ - စသော) ပစ္စည်းတို့သည်၊ သာဓဝေါ- သဒ္ဒါကောင်း သဒ္ဒါမှန်တို့သည်၊ ဘဝန္တိ-ဖြစ်ကုန်၏၊ (သုတ်နက်၊)] ဤသုတ်ကိုပင် ရည်ရွယ်၍ သာရတ္ထဋီကာ၌“ဤ ဒိသေဟိ ဌာနေ ‘ဓာတုသမ္ဗန္ဓေ ပစ္စယာ’တိ ဣမိနာ လက္ခဏေန (ဤသုတ်ဖြင့်) ဓာတွတ္ထသမ္ဗန္ဓေ သတိ အယထာ ကာလဝိဟိတာပိ ပစ္စယာ ( သက်ရိုးသက်စဉ် မဟုတ်သော ကာလ၌ စီရင်အပ် ကုန်သော ပစ္စည်းတို့သည်လည်း) သာဓဝေါ ဘဝန္တီတိ သဒ္ဒဝိဒူ ဝဒန္တိ” ဟု လည်းကောင်း, ကစ္စာယနသာရ၌ “ ကိတာ ဓာတွတ္ထသမ္ဗန္ဓေ, ဟောန္တိ ကာလန္တရေ သွပိ”ဟုလည်းကောင်း မိန့်ကြသည်။

**ဗုဓဂမာဒိတ္တေ ကတ္တရိ**

၅၅၇။ ဗုဓ ဂမု ဣစ္စေဝမာဒီဟိ-ဗုဓ, ဂမု ဤသို့ အစရှိကုန်သော၊ ဓာတူဟိ-ဓာတ်တို့မှ နောက်၌၊ တဒတ္ထေ-ထို သိခြင်း, ဂတိ အစရှိသောအနက်ကို၊ ဂမျမာနေ-သော်၊ ကတ္တရိ-၌၊ သဗ္ဗကာလေ-အလုံးစုံသော ကာလ၌၊ တ ပစ္စယော ဟောတိ၊ [ယထာသင်္ချံဟု ယခုစာတို့၌ ရှိသေးသည်ကား အပိုသာ၊ ဉာသ-ရူပသိဒ္ဓိတို့၌လည်း မပါ၊]သဗ္ဗေ-အလုံးစုံကုန်သော၊ သင်္ခတာ သင်္ခတေ-သင်္ခတ, အသင်္ခတ ဖြစ်ကုန်သော၊ ဓမ္မေ-တို့ကို၊ ဗုဇ္ဈတိ - သိတော်မူဆဲ၊ အဗုဇ္ဈိ-ပြီ၊ ဗုဇ္ဈိဿတိ-လတ္တံ့၊ ဣတိ, ဗုဒ္ဓေါ-ဗုဒ္ဓမည်တော်မူ၏၊ သရဏင်္ဂတော- ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူ၊ သမထင်္ဂတော-ငြိမ်သက်ခြင်းသို့ ရောက်သူ၊ အမတင်္ဂတော- အမြိုက်နိဗ္ဗာန်သို့ ရောက်သူ၊ ဇာနာတိ- သိဆဲ၊ အညာသိ- သိပြီ၊ ဇာနိဿတိ- လတ္တံ့၊ ဣတိ, ဉာတော-ဉာတ မည်၏၊ ဣစ္စေဝမာဒိ-တည်း၊ (၆၀၇)။

---

၅၅၇။ ဗုဓဂမာဒိတ္တေ။ ။ဗုဓဂမာဒီဟျ - တ္ထေ (ဗုဓဂမာဒီဟိ+အတ္ထေ) ဟု ဟိ ဝိဘတျန္တဖြင့်ဆိုသင့်လျက် သဗ္ဗာသမာဝုသောသုတ်ဖြင့် ဟိချေထားသောကြောင့် "ဗုဓဂမာဒိတ္တေ"ဟု ဖြစ်ရသည်၊ ထို့ကြောင့် ဝုတ္တိ၌ "ဗုဓဂမုဣစ္စေဝမာဒီဟိ"ဟု ဖွင့်သည်၊ "အတ္ထေ"ဟု သာမညအားဖြင့် ဆိုထားသောကြောင့် "မည်သည့်အနက်"ဟု မသိသာသော်လည်း ဗုဓဂမာဒီဟိမှတပါး အခြားငဲ့စရာမရှိ, ဗုဓဂမာဒီဟိဟူသော မိမိ၏ရှေ့နားဧပုဒ်ကိုပင် ပြန်၍ ငဲ့သောကြောင့် ဗုဓဂမ စသည်တို့၏အနက်ဟု သိသာ၏၊ ထို့ကြောင့်"တဒတ္ထေ"ဟု ဖွင့်၏၊ဤကား "ဗုဓဂမာဒီဟျတ္ထေတိ ဝတ္တဗ္ဗေ သဗ္ဗာသမာဝုသောပသဂ္ဂ နိပါတာဒီဟိ စာတိ ဧတ္ထ အာဒိဂ္ဂဟဏေန ဟိဝိဘတ္တိလောပံ ကတွာ ဧဝံ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ၊ တေနာဟ-ဗုဓဂမု ဣစ္စေဝမာဒီဟိ တဒတ္ထေတိ၊ ဧတ္ထစ အတ္ထေတိ ကိဉ္စာပိ အနိယမဝသေန ဝုတ္တံ၊ တထာပိ တေသံယေဝ အတ္ထေတိ ဂဟေတဗ္ဗံ, အတ္တသဒ္ဒဿ သာပေက္ခတ္တာ တေဟိ (ထို ဗုဓဂမု စသည်တို့မှ) အညဿ အပေက္ခိတဗ္ဗဿ အဘာဝတော" ဟူသော ဉာသကို မှီသော အဓိပ္ပာယ်တည်း၊ ရူပ၌ကား တမျိုးဖွင့်ထား၏၊ ထို ဖွင့်ပုံကို ရူဋီကာမှာ ရှုပါ။

ကတ္တရိ သဗ္ဗကာလေ။ ။"တာဝေကမ္မေသုတ"သုတ်မှ တသဒ္ဒါလိုက်လာ၏၊ ထို့ကြောင့် ထိုသုတ်၌ကဲ့သို့ ဘာဝကမ္မအနက်၌ပင် တပစ္စည်း သက်သည်ဟု ထင်မှားဖွယ်ရှိသောကြောင့် ထို ထင်မှားမှုကို တားမြစ်ခြင်းငှာ "ကတ္တရိ" ဟု သုတ်၌ တိုက်ရိုက် ပြထားသည်၊ ရှေ့သုတ်၌ကဲ့သို့ အတိတ်ကာလ၌သာ သက်သည်ဟုလည်း ထင်မှားမည်စိုးသောကြောင့် သဗ္ဗကာလေဟု ဝုတ္တိထည့်၍ ဖွင့်ပြီးလျှင် "အဗုဇ္ဈိ ဗုဇ္ဈတိ ဗုဇ္ဈိဿတိ"ဟု တေကာလိကဝိဂ္ဂဟ ပြုသည်။

ဇိတော ဣန သဗ္ဗတ္ထ ၅၅၈။ သဗ္ဗကာလေ-၌၊ ဇိဣတိ-ဇိဟူသော၊ စတောယ ဓာတု ယာ-ဤဓာတ်မှနောက်၌၊ ဣန ပစ္စယော ဟောတိ၊ ပါပကေ— ယုတ်မာကုန်သော၊ အကုသလေဓမ္မေ — အကုသိုလ် တရားတို့ကို၊ ဇိနာတိ-အောင်တော်မူဆဲ၊ အဇိနိ-ပြီ၊ ဇိနိဿတိ-လတ္တံ့၊ ဣတိ, ဇိနော-ဇိန မည်တော်မူ၏၊ (၆၀၃)။

---

အတ္တေဟု ဆိုရကျိုး။ ။ "မိဝဂမာဒိဟိ ကတ္တရိ"ဟု မဆိုပဲ အတ္တေဟု ထည့်၍ဆိုခြင်းကြောင့် ဗုဓဖြင့် ဗုဓဓာတ်သာမက သိခြင်းအနက်ကို ဟောသော ဉာဓာတ်စသည်ကိုလည်း ယူရခြင်း, ဂမုဖြင့် ဂမုဓာတ်သာမက ဂတိအနက်ဟော ဣဓာတ်စသည်ကိုလည်းယူရခြင်းအကျိုးရှိ၏၊ထို့ကြောင့် ဗုဒ္ဓေါဉာတောတို့သည် သိခြင်းအနက်ဟော ဗုဓဓာတ် ဉာဓာတ်နောင် တပစ္စည်းသက်ပုံတည်း၊ သရဏာဂ တော စသည်ကား ဂတိအနက်ရှိသော ဂမုဓာတ်နောင် သက်ပုံတည်း၊ ဗုဒ္ဓေါ ရုပ်ကို ဓ ဎ ဘဟေဟိ ဓဎါစသုတ်၌ တွက်၊ သရဏာဂတောစသည်၌ ဂတောသာ လိုရင်းတည်း၊ ထိုဂတောကို ဂမ ခန ဟန ရမာဒီနမန္တော သုတ်၌ သုဂတောကို နည်းမှီ၍တွက်၊ ဉာတော၌ကား "ဉာ=အဝဗောဓနေ"ဟု ဆို၍ ဤသုတ်ဖြင့် တ ပစ္စည်း သက်ရုံသာ။

သရဏာဂတော။ ။ဤ၌ ဂမုဓာတ်သည် ဘဇန (ဆည်းကပ်ခြင်း) အနက် ဟောတည်း၊ ထို ဘဇနအနက်လည်း ဂမုဓာတ်၏ ဂတိအနက်ပင်၊ ထို့ကြောင့် ဂမုအရ သွားခြင်းကို မယူပဲ အားလုံးနှင့်သက်ဆိုင်အောင်"ဂတိအနက်"ကိုသာ ယူရသည်၊ သရဏံနှင့် ဂတော စသည်ကိုကား အလုတ္တတပ္ပုရိသ်တွဲ၍ သရဏာဂ တော စသည်ဖြစ်၏၊ ဥပေတော၌ ဥပပုဗ္ဗ ဣဓာတ်လည်း ဂမုဓာတ်၏ အနက် ဟော ဓာတ်ပင်တည်း၊ ဂမာဒီဟိ၌ အာဒိဖြင့် ယူရသော(စိတ္တံ)၌ စိန္တ(သတ္တော ၌) သန္ဒဓာတ်တို့ကို ရှု၍ ပြထား၏။

---

၅၅၈။ ပါပကေ၊ပေ၊ ဇိနော။ ။မာရ် ၅-ပါး အောင်တော်မူပုံကို ရှု ဘာသာဋီကာ ဇိနဝစနယုတ္တံဟိ သုတ်၌ ပြခဲ့ပြီ၊ "ပါပကေ အကုသလေ ဓမ္မေ" ဟု ဆိုသောကြောင့် ဤနေရာ၌ ကိလေသာမာရ် (အကုသိုလ်တရား) တို့ကိုသာ ပြထား၏ဟု မှတ်၊ ငါတို့ ဘုရားရှင်သည် ထို ကိလေသာမာရ်တို့ကို ဗောဓိပင် အောက်တုန်းကပင် အောင်တော်မူခဲ့ပြီးဖြစ်၍ "ဇိနာတိ ဇိနိဿတိ"ဟု ပစ္စုပ္ပန် အနာဂတ်ဝိဂ္ဂိုဟ် မဆိုသင့်သည်မဟုတ်ပါလော....ဟူအံ့၊ ဇိနာတိစသော ဝိဂ္ဂိုဟ် သည် ငါတို့ ဘုရားတဆူတည်းကို ရည်ရွယ်သော ဝိဂ္ဂဟ မဟုတ်၊ ဇိန အမည် ရသော အားလုံးနှင့်ဆိုင်အောင် ဣနပစ္စည်း၏ ကာလ ၃-ပါးကို ဟောနိုင် ကြောင်း ပြလိုသော ဝိဂ္ဂဟသာတည်း။

**သုပတောစ** ၅၅၉။ ကတ္တရိ - ၌လည်းကောင်း၊ ဘာဝေစ - ဘောအနက်၌လည်းကောင်း၊ သုပ ဉ္စတိ တောယ ဓာတုယာ ဉ္စနပစ္စယော ဟောတိ၊ သုပတိ-အိပ်တတ်၏၊ ဉ္စတိ, သုပိနော-သုပိန မည်၏၊ သုပိယတေ-အိပ်ခြင်း၊ သုပိနံ- အိပ်ခြင်း၊ (၆၀၄)။

**ဉ္စိသံ ဒု သု ဟိ ၁** ၅၆၀။ ဉ္စိသံဒုသု သဒ္ဒါဒီဟိ—ဉ္စိ သံ**သ**ဒ္ဒါ ဒုသဒ္ဒါ သုသဒ္ဒါ အစရှိကုန်သော၊ သဗ္ဗဓာတူဟိ—အလုံးစုံသော ဓာတ်တို့မှ နောက်၌၊ ခပစ္စယော ဟောတိ၊ ဘဝတာ—အရှင်သည်၊ ဉ္စိ သဿယော—မငြိုငြင်သဖြင့် အိပ်ခြင်း၊ ဝါ - အိပ်ပျော်လွယ်ခြင်း၊ ဒုဿယော—

---

မှန်၏—ဉ္စိ "ဇိန"ဟူသော အမည့်လည်း သဗ္ဗညုဗုဒ္ဓ(ဘုရား)၏ အမည်သာ မက, ဗိသကာ နတ်ကြီးနှင့်, အောင်တတ်သူ ဟူသမျှ၏ နာမည်လည်း ဖြစ်၏၊ [ဇယတိ သံသာရံ, ဇိ-နက်၊ ဗုဒ္ဓေ, ဝိဿကမ္မို၊ ဇိတရိ - တြိ (အောင်သူသာမည၌ ၃-လိင်)၊—ဿောမနိမိ၊] ထို့ကြောင့် ဒေဝပုတ္တ ကိလေသမာရ် အောင်ပြီးခြင်း ကို ရည်ရွယ်၍ အဇိနိ, မစ္စုမာရ် ခန္ဓာမာရ် အောင်လတ္တံ့ခြင်းကိုရည်ရွယ်၍ ဇိနိ ဿတိဟု ဝိဂ္ဂိုဟ်ပြုရကြောင်း စသည်ဖြင့် အဓိပ္ပာယ်ပြောကြသည်မှာ ဉ္စိ ဇိနာတိ စသော ဝိဂ္ဂိုဟ်ပြုဆရာ၏ ရည်ရွယ်ခြင်းမဟုတ်ချေ၊ ရုပ်ကို အခြေပြုကြည့် တွက်၊ [ကာလကို မသတ်မှတ်ပဲ ပြအပ်သော ပစ္စည်းများသည် ကာလ ၃-ပါး၌လည်း ဖြစ်, ၂-ပါး၌လည်း ဖြစ်, အနာမကာလ သာမန်၌လည်း ဖြစ်သောကြောင့် ဉ္စိသုတ်၌ သဗ္ဗတ္ထဟု ကာလ ၃-ပါးကို သတ်မှတ်ပြသည်။]

၅၅၉။ သုပတောစ။ ။စသဒ္ဒါဖြင့် ဉ္စနကိုငင်၏၊ တနည်း ဘာဝကမ္မေ သုတ သုတ်မှ ဘာဝေပုဒ်ကို ငင်၏၊ ကတ္တရိ ဘာဝေစဟု ဆိုသောကြောင့် ကတ္တု သာဓနနှင့်ဘာဝသာဓနဝိဂ္ဂိုဟ်ကို ပြထားသည်၊ ကတ္တားမဟာရာ၌ အိပ်တတ်သူ ပုဂ္ဂိုလ် ရသောကြောင့် "သုပိနော"ဟု ပုလ္လိင် ရှိသင့်၏၊ ရှု၌လည်း ပုလ္လိင်ပင်၊ ["ယံစိတ္တံ, သုပတိ—အိပ်တတ်၏၊ ဉ္စတိ တံစိတ္တံ သုပိနံ"ဟု စိတ္တံထည့်၍ နပုလ္လိင် ကိုပင် အမှန်ဟုလည်း ယူကြ၏၊ ဆင်ခြင်၊] "သုပိယတေ သုပိနံ" ဟူသော ဘာဝသာဓနအရ အိပ်ပျော်ခြင်း ကြိယာကိုသာ ယူရသော်လည်း ထိုအိပ်ပျော် ခိုက်၌ဖြစ်သော အိပ်မက်မက်ခြင်း ကြိယာကို(အပေါင်း အိပ်ပျော်ခြင်း၏ သုပိန အမည်ကို အစိပ် အိပ်မက်မက်ခြင်း၌ တင်စားသော)ကေဒေသျူပစာရအားဖြင့် သုပိနဟုပင် ခေါ်နိုင်၏၊ ထို့ကြောင့် "သုပိနံ-အိပ်မက်ကို၊ ပဿတိ-မြင်မက်၏" စသည်ဖြင့် အနက်ပေးနိုင်သည်၊ ရုပ်ကို အခြေပြုကြည့်တွက်။

---

၅၆၀။ ဉ္စိသံဒုသုဟိ။ ။သက္ကတ၌"ဉ္စိသတ်"နိပါတ်သည် ပါဠိ၌"ဉ္စိသံ" ဟု ဖြစ်၏၊[ဉ္စိသံ ကိဉ္စိ မနံ အပ္ပေ(အနည်းငယ်အနက်၊)အဘိဓာန် အဗျယဝဂ်၊]

ဆင်းရဲသဖြင့် အိပ်ခြင်း၊ ( အိပ်ပျော်နိုင်ခဲခြင်း၊ ) သုသာယော–လွယ်ကူသဖြင့် အိပ်ခြင်း၊ (အိပ်ပျော်လွယ်ခြင်း၊) ဘဝတာ-သည်၊ ဤ သက္ကရံ–မငြိုငြင်သဖြင့် ပြုအပ်၏၊ (ဝါ- လွယ်ကူစွာ ပြုအပ်၏၊) ဒုက္ကရံ–ခဲယဉ်းသဖြင့် ပြုအပ်၏၊ (ဝါ- ပြုနိုင်ခဲ၏၊) သုကရံ-လွယ်ကူစွာ ပြုအပ်၏၊ (ဝါ-ပြုလွယ်၏၊) (၉၀၅)။

---

ဤသံ၌ ကြေပျောက်ရသော နိဂ္ဂဟိတ်အစား ဒွေဘော်လာ၍"ဤ သဿယော" ဟုဖြစ်၏၊ ချာသဥ္ဇကား နိဂ္ဂဟိတ်မပါပဲ"ဤသ"ဟု ဆိုသည်၊ရှဉ်လည်း နိဂ္ဂဟိတ် ချေရန် မပြု၊ ထို့ကြောင့် သဒ္ဒါဋီကာတို့အလို နိဂ္ဂဟိတ်မဲ့ "ဤသ" ဟုပင် ဆိုလို ဟန်တူသည်၊ "ဤသံဒုသုဟိ"အရ ဤသံ, ဒု, သုတို့ ရှေ့ရှိသော ဓာတ်များကို ယူစေလိုသောကြောင့်"ဤသံ ဒု သု သဒ္ဒါဒိဟိ သဗ္ဗဓာတူဟိ"ဟု ဝုတ္တိဖွင့်သည်၊ သဒ္ဒါဒိဟိ၌ အာဒိသဒ္ဒါကား (ဓာတုယာ ကမ္မာဒိမှိ၌ အာဒိကဲ့သို့) ဓာတ်၏အစ (ရှေ့)ဟူသောအနက်ကို ဟောသည်။

**ကာတန္တ**။ ။ဤသတ်ဒုသုသု ကိစ္ဆာ-ကိစ္ဆတ္ထေသု ခလ်(ကိတ်, ၅, ၄၁၉) သုတ်၊ ]ကိစ္ဆံ ဒုက္ခံ ဒုသံ အတ္ထော၊ အကိစ္ဆံ သုခံ ဣတရေသ မတ္ထော၊] ဧသု ဥပ ပဒေသု ကိစ္ဆာ-ကိစ္ဆတ္ထေသု ဓာတုဘော ခလ် ဘဝတိ ဘာဝေ ကမ္မနိစ၊ ဤသံ ( အနာယာသေန ) ကရိယတေ - **ဤ** သက္ကရော ကဋော ဘဝတာ, ဒုက္ခေန (အာယာသေန) ကရိယတေ-ဒုက္ကရော၊ သုခေန (အနာယာသေန)ကရိယတေ- သုကရော၊.. ကိစ္ဆာ-ကိစ္ဆတ္ထေသွိတိ ကိံ၊ ဤသလ္လဘျံ ဓနံ, ကြိပဏာတ် မနာက် ဣတျတ္ထော။ [ကိစ္ဆ အကိစ္ဆအနက် ရှိကုန်သော ဤသတ် ဒု သုတို့ ဥပပဒ ရှိကုန် လသော် ဓာတ်နှောင် ဘောအနက် ကံအနက်၌ ခလ်ပစ္စည်းသက်၊ ကိစ္ဆ ဟူသည် ဒုက္ခ (ခဲယဉ်း ဆင်းရဲခြင်း ) တည်း၊ ကိစ္ဆသည် ဒုသဒ္ဒါ၏ အနက်ဖြစ်၏၊ သုခ (လွယ်ကူချမ်းသာခြင်း)အနက်ဟော၊ အကိစ္ဆဟူသည် ဒုမှတပါးသော ဤသာဒ် သုသဒ္ဒါတို့၏ အနက်တည်း၊ပေ၊ကိစ္ဆ ကိစ္ဆတ္ထေသုဟူသည် အဘယ်နည်း၊ ဓနံ– ဥစ္စာကို၊ ဤသလ္လဘျံ- အနည်းငယ် ရအပ်၏၊ ကြိယပဏာတ် - နှမြောစေးနှဲသူ့ အာထံမှ၊ မနာက်-အနည်းငယ်၊ လဘျံ-ရအပ်၏၊ ဣတိအတ္ထော-နက်၊ ဤ ပြယုဂ်၌ အနည်းငယ် အနက်ဟော ဤသာဒ်နိပါတ် ရှေ့ရှိရာဝယ် ခလ် ပစ္စည်းမသက်နိုင်။

မှတ်ချက်။ ။ကာတန္တ၌ "ဘာဝေစ ကမ္မနိစ" ဟု ဆိုသောကြောင့်လည်း ကောင်း, ဘာဝကမ္မေသု ကိစ္စတ္တခတ္ထာ"ဟု ဥဏာဒ်၌ ဆိုလတ္တံ့သောကြောင့် လည်း ကောင်း, ဤ ခပစ္စည်းသည် ဘောကံအနက်၌ သက်၏ဟု သိသာ၏၊ ဤ သံနိပါတ် သည်၊ မနံ (အနည်းငယ်) ဟူသော အနက်ဟောရာ၌ ခပစ္စည်း မသက်နိုင်၊ အကိစ္ဆတ္ထ (မငြိုငြင် မပင်ပန်းအနက်) ဟောရာ၌သာ ခပစ္စည်း သက်၏ဟုလည်းကောင်း ဤ ကာတန္တသုတ်အရ သိရ၏၊ ထို့ကြောင့် " ဤသသယော- ဇနည်းငယ်အိပ်ခြင်း "ဟု ပေးရိုးအနက်များကို မမှတ်ပဲ "မငြိုငြင်သဖြင့် အိပ်ခြင်း–မပင်ပန်းသဖြင့် အိပ်ခြင်း" ဟူသော အနက်ကိုသာ မှတ်ထိုက်သည်။

ဠစ္ဆတ္ထေသု ။ပေ။တဝေတုံဝါ

၅၆၁။ သမာနကတ္တုကေသု, ဠစ္ဆတ္ထေသု, – ဠစ္ဆာ အနက်မှိသော ဓာတ်တို့သည်၊ ( သန္တေသု –ရှိကုန်လသော်၊ ) သဗ္ဗကာလေ ကတ္တရိ သဗ္ဗဓာတူဟိ တဝေတုံ ဠတိ ဧတေပစ္စယာ ဟောန္တိ–ကုန်၏၊ ပုညာနိ–ကောင်းမှုတို့ကို၊ ကာတဝေ–ပြုဖို့ရာ၊ သဒ္ဓမ္မံ–သူတော်ကောင်း တရားကို၊ သောတုံ-နာဖို့ရာ၊ ဠစ္ဆတိ–အလိုရှိ၏၊ (၆၁၇)။

---

ပုံစံများ။ ။ဤ သဿယောစသော ၃-ပုဒ်သည် ဘောအနက်ဟော ပုံစံ၊ ဤသက္ကရံစသော ၃-ပုဒ်ကား ကံအနက်ဟော ပုံစံများတည်း၊ ဤသက္ကရံ ဒုက္ကရံ သုကရံတို့ကို အခြေပြု၍ ရုပ်တွက်ပြထား၏၊ ထိုကို နည်းမှီး၍ ဤ သဿယော စသည်ကိုလဲ "ဤ သံသဒ္ဒူပပဒ, သိ=သယေ"ဟု လည်းကောင်း, "ဒုပုဗ္ဗ, သုပုဗ္ဗ, သိ=သယေ"ဟု လည်းကောင်း ဆို၍ တွက်ပါ၊ ဤသံနှင့် ဒုနောက်၌ ဒွေဘော် ရောက်မြဲတည်း၊ သုနောက်၌ကား ဒွေဘော်ရောက်မြဲ မဟုတ်၊ ထို့ကြောင့် "သုကရံ"ဟု ရှိရ၏၊ သုဿယော၌မူ သုအတွက် ဒွေဘော် ရောက်ရသည် မဟုတ်, သိဓာတ်ကိုယ်တိုင်က ဒွေဘော်ရောက်မြဲ ဖြစ်သောကြောင့် "သုဿ"ဟု ရှိသည်၊ [ ကုဓ သိသုံ, သမ္ဘု သရ, စသော ဒွေဘော်လက်ာကို ပြန်၍ သတိပြုပါ။ ]

---

၅၆၁။ ဠစ္ဆတ္ထေသု။ ။ဠစ္ဆာ+အတ္ထော ယေသံတိ ဠစ္ဆတ္ထာ၊ ယေသံ-အကြင် ဓာတ်တို့၏၊ ဠစ္ဆာ - လိုလားခြင်း (အလိုရှိခြင်း)ဟူသော၊ အတ္ထော–အနက်သည်၊ အတ္ထိ ဠတိ ဠစ္ဆတ္ထာ၊ ဠစ္ဆာအနက်ရှိသော ဓာတ်ဟူသည် ဠသု, ကမု, အာပုဗ္ဗ အဘိပုဗ္ဗ ကင်္ခဓာတ်စသည်တည်း၊ သမာနကတ္တုက၏ အဓိပ္ပာယ်ကို အခြေပြု၍ပြထားပြီ၊ "သော ပုညာနိ ကာတဝေ ဠစ္ဆတိ"ဝါကျ၌ ကာတဝေ ဝယ် ကရဓာတ်နှင့် ဠစ္ဆတိဝယ် ဠသုဓာတ်တို့၏ ကတ္တားသည် "သော" တခုတည်းသာတည်း၊ ဤသို့ တဝေပစ္စည်း သက်ရာဓာတ်နှင့် ဠသုစသော ဓာတ်တို့ ကတ္တားတူနေလျှင် တဝေ- တုံပစ္စည်းသက်ပါ–ဟူလို။

သဗ္ဗကာလေ ကတ္တရိ။ "သဗ္ဗကာလေ"ဟု ဆိုသောကြောင့် "ကာတဝေ ဠစ္ဆိ, ဠစ္ဆတိ, ဠစ္ဆိဿတိ"ဟု အတိတ် ပစ္စုပ္ပန် အနာဂတ် ကြိယာများနှင့် တွဲ၍ "ကာတဝေ"ဟု တဝေပစ္စည်း သက်နိုင်သည်၊ တဝေစသော ပစ္စည်းသည် (ကိစ္စပစ္စည်းမှ တခြားဖြစ်၍) အသေ ကိတ်အရ ကိတ်အမည်၌ ပါဝင်ကြ၏၊ ကိတ်အမည် ရလျှင်လည်း "ကတ္တရိကိတ်" သုတ်အရ ကတ္တားဟော ဖြစ်ကြရသည်၊ ထို့ကြောင့် "ကတ္တရိ"ဟု ဖွင့်သည်၊ ဤ ကတ္တရိအဖွင့်၌ "ကာတဝေ–ပြုခြင်းငှာ"ဟု "ခြင်း"အသံထွက်သော ဘောအနက်မပေးပဲ "ပြုဖို့ရာ, ပြုတတ်ဖို့ရာ"ဟု ကတ္တားအနက် ပေးကြသည်။

နာမ်ငဲ့ဖွယ် မလို။ ။တဝေ တုံ ပစ္စည်းဆုံးသော ကိတ်ပုဒ်များကို နာမ် ငဲ့ဖွယ်မလို၊ ဘာ့ကြောင့်နည်း....နိပါတ်ပုဒ်တွင် ပါဝင်နေသောကြောင့်တည်း၊ ချဲဦးအံ့–ကာတုံစသော ပုဒ်များသည် နာမပဒမာလာစဉ်၍ မရ၊ "ကာတုံ" တရုပ်တည်းသာ ရှိ၏၊ နာမ် အာချာတ် နိပါတ် ဥပသာရပုဒ် ၄-ပါးတွင် နာမ ပဒမာလာစဉ်၍ မရသောကြောင့် "အတ္ထိ, သက္ကာ, လဗ္ဘာ" ပုဒ်တို့ကဲ့သို့ နိပါတ် ပုဒ်သာဖြစ်၏၊ ထို့ကြောင့် "တဒ္ဓိတ သမာသ ကိတကာ နာမံဝါ တဝေတုနာဒိ သုစ" သုတ်၌ "အတဝေတုနာဒီသု"ဟု နာမ်ငဲ့ရမည့် စာရင်း၌ တဝေတုနာဒိ ပစ္စယန္တပုဒ်များကို ချွင်းချက်ပြုခဲ့သည်။

အဘယ်ဝိဘတ် သက်ရမည်နည်း။ ။တဝေတုနာဒိ ပစ္စယန္တပုဒ်တို့ နိပါတ် စာရင်းတွင် ပါဝင်လျှင် ရှိပါစေတော့, နိပါတ်တချို့နောင် ဝိဘတ်သက်ရသေး သောကြောင့် အဘယ်ဝိဘတ် သက်ရမည်နည်း-ဟု မေးဖွယ်ရှိ၏၊ "ကာတဝေ-ပြုဖို့ရာ"ဟု ပေးရာ၌ "ဖို့-ရာ" ဟူသော အသံ ၂-ခုတွင် "ဖို့"သည် ရည်ရွယ် အပ်သော အကျိုးတမျိုးမျိုး၏ အသံတည်း၊ "စားဖို့ရာ+လိုချင်တယ်၊ စားဖို့+ ချက်ချင်တယ်"စသည်၌ "ဖို့"အသံကို စဉ်းစားကြည့်ပါ၊ "ရာ"ဟူသော အသံ ကား ၄ာနှင့်တူသော သမ္ပဒါန်အနက် သံတည်း၊ ထို့ကြောင့် တုံပစ္စယန္တဖြစ်ရ ကား သိလာဃသုတ်ဖြင့် တုမတ္ထသမ္ပဒါန် မည့်၍ သမ္ပဒါနေ စတုတ္ထီသုတ်ဖြင့် စတုတ္ထီသဝိဘတ် သက်သင့်သည်၊ ထို့ကြောင့်ပင် ရူ ( နာမ်,နိပါတ်ခန်း ) ၌ "တဝေတုံ ပစ္စယန္တာ စတုတ္ထိယာ၊ ကာတဝေ ၊ပေ၊ ဒါပေတုံ" ဟု မိန့်သည်၊ နိပါတ်နောင် ဖြစ်သောကြောင့် ထို သဝိဘတ်ကို သဗ္ဗာသမာဝုသောဖြင့် ချေ၊ ရုပ်ကို အခြေပြုကြည့်တွက်၊ သောတုံ၌ သု၏ ဥကို အညေသုစဖြင့် ဝုဒ္ဓိပြု။

မောဂ္ဂလ္လာန်။ ။မောဂ္ဂလ္လာန်၌ကား "တုံ တာယေ တဝေ ဘာဝေ ဘဝိ-ဿတိ ကြိယာယံ တဒတ္ထာယံ" ဟု သုတ်တည်၏၊ [ တဒတ္ထာယံ–ထို ပြုခြင်း စသော အကျိုးရှိသော၊ ကြိယာယံ–ဂမနစသော ကြိယာကို၊ ပတီယမာနာယံ-သိအပ်သော်၊ ဘဝိဿတိ-အနာဂတ်အနက်၌၊ ဝတ္တမာနတော- ဖြစ်သောဓာတ်မှ နောက်၌၊ ဘာဝေ–ဘောအနက်၌၊ တုံ တာယေ တဝေ–၃- ပစ္စည်းတို့သည်၊ ဟောန္တိ (သုံတ်နက်)၊ ] "ကာတုံ ဂစ္ဆတိ"၌ သွားခြင်းကြိယာသည် ပြုခြင်း ဟူသော အကျိုးရှိသော တဒတ္ထကြိယာတည်း၊ ထို ကြိယာရှိလျှင် အနာဂတ်၌ ဖြစ်သော ကရစသော ဓာတ်နောင် ဘောအနက်၌ တုံပစ္စည်းသက်, ထို့နောက် စတုတ္ထီသ သက်၍ ချေ၊ ဤ အဓိပ္ပာယ်ကို ရည်ရွယ်၍....

"တဒတ္ထေ နာဂတေ ဘာဝေ, တာယေ တုံ တျာဒယော တဝေ၊
စတုတ္ထိယာ တဒန္တေဟိ, မောဂ္ဂလ္လာနမှိ လောပတာ"

ဟု ဘောဒစိန္တာမိန့်သည်၊ တျာဒယော၌ အာဒိဖြင့် တဝေကိုယူ၊ဤမောဂ္ဂလ္လာန် အလို "ကာတုံ-ပြုခြင်းငှာ"ဟု ယခုကာလ ပေးရိုးပြုကြသည်။ [တာယေပစ္စည်းကို

**အရဟာသက္ကာသုဒိစ**

၅၆၂။ အရဟာသက္ကာဒီသု–ကုန်သော၊ အတ္တေသုစ–တို့ကိုလည်း၊ (ပယုဇ္ဇမာနေသု-ယှဉ်**အပ်ကုန်သော်**၊) သဗ္ဗ ဓာတူဟိ တုံပစ္စယော ဟောတိ-၏၊ ကော-အဘယ်သူ**သည်**၊ တံ-ထိုသူ့ကို၊ နိန္ဒိတုံ-ကဲ့ရဲ့ဖို့ရာ၊ အရဟတိ- ထိုက်အံ့နည်း၊ ဓနေန ဝါ-ဥစ္စာပေးသဖြင့်လည်း၊ ဇေတုံ–အောင်ဖို့ရာ၊ (နိုင်ဖို့ရာ)၊ သက္ကာ-**တတ်နိုင်**၏၊ [ ကောသလသံယုတ် ပါဠိတော်ရင်း၌ "နစာပိ မန္တယုဒ္ဓေန, **သက္ကာ** ဇေတုံ ဓနေနဝါ"ဟု ရှိ၍ "နသက္ကာ-မတတ်နိုင်"ဟု သော်လည်းပေး၊] ဝေ အညေပိ ယောဇေတဗ္ဗာ၊ (၆၃၉)။

---

ကစ္စည်း၌ မပြသော်လည်း "ကော **တာဒိသံ** အရဟတိ ခါဒိတာယေ (တိ°သ-ဇယဒိသဇာတ်)"- "အာပုစ္ဆိတုန ဂစ္ဆံ ဟရိတာယေဝါ ပဗ္ဗဇိဿံဝါ (တိ°သ–က္လသိဒါသိနတ္ထရိဂါထာ)"စသည် ရှိသောကြောင့် တာယေပစ္စည်းလည်း ရှိသင့်၏၊ "န သော သက္ကာ နဟေတုယေ, န သက္ကာ တာ ဂဏေတုယေ"ဟု ဗုဒ္ဓဝံသ ပါဠိတော် ရှိသောကြောင့် တုယေ ပစ္စည်းလည်း ရှိသေး၏၊ ထိုပစ္စည်းများကို "တဝေတုံဝါ"၌ ဝါသဒ္ဒါဖြင့် ဆည်းယူ-ဟု ကြံသင့်၏။]

---

၅၆၂။ အရဟာသက္ကာဒီသုစ။ ။"အရဟာသက္ကာဒီသု"ဟု ဆိုသောကြောင့် အရဟအနက် **သက္ကအနက်**ဟော **သဒ္ဒါ**တို့၌ တုံပစ္စည်း သက်ရမည်ဟု ထင်မှားဖွယ် ရှိ၏၊ အမှန်မှာ — ထို **သဒ္ဒါ**တို့၌ သက်ရမည် မဟုတ်, တဝါကျတည်း၌ အရဟ သက္ကအနက်ဟောသဒ္ဒါများ ယှဉ်စပ် သုံးစွဲထားလျှင် ထိုသဒ္ဒါတို့နှင့် တွဲဖက်ဓာတ်နောင်သာ တုံပစ္စည်းသက်ရသည်၊ "နိန္ဒိတုံ အရဟတိ"၌ အရဟတိသဒ္ဒါကို သုံးစွဲထားသောကြောင့် ထိုနှင့်ယှဉ်ဖက် နိန္ဒဓာတ်နောင် တုံပစ္စည်းသက်၍ "နိန္ဒိတုံ"ဟု လည်းကောင်း, "သက္ကာဇေတုံ"၌ သက္ကာသဒ္ဒါကို သုံးစွဲထားသောကြောင့် ထိုသက္ကာနှင့် ယှဉ်ဖက် ဇိဓာတ်နောင် တုံပစ္စည်းသက်၍ "ဇေတုံ"ဟုလည်းကောင်း ပါဠိ ဖြစ်ရသည်၊ ထို့ကြောင့် "အရဟာသက္ကာဒီသု အတ္တေသု- တို့၌"ဟု မပေးပဲ "**အတ္တေသု**-တို့ကို၊ (ပယုဇ္ဇမာနေသု)"ဟု ထည့်၍ အနက် ပေးရသည်၊ "သန္တေသု" ဟုလည်း ထည့်နိုင်၏၊ ရုပ်ကို အခြေပြုကြည့်တွက်။

အာဒိ-စသဒ္ဒါ**အနက်**။ ။ပါဏိနိ၌ "သက, ဉာ, ဂိလ, ဃဋ္ဋ-ရဘ, လဘ, ကမ, သဟ, ရဟာ-တ္ထျတွေသု တုမုန်"ဟု (၁,၄,၆၅) သုတ်ရှိ၏၊ ထို၌ သက-အရဟာသည် ဤ၌ "အရဟာသက္ကာ"နှင့် ညီမျှ၏၊ ထို့ကြောင့် အာဒိဖြင့် ဉာစသော ဓာတ်များကို ယူ၍ ထိုဓာတ်များနှင့်ယှဉ်လသော် တွဲဖက်ဓာတ်နောင် တုံပစ္စည်း သက်-ဟု ဆိုသင့်၏၊ ဘောတုံ- စားခြင်းငှာ၊ သက္ကောတိ- စွမ်းနိုင်၏၊ (သက)၊ ဇာနာတိ(ဉာ)၊ဂိလာယတိ- ပင်ပန်း၏၊ ဝါ- မစွမ်းနိုင်၊ (ဂိလ)၊ ဃဋ္ဋတေ အာရဘတေ- အားထုတ်၏၊ (ဃဋ္ဋ, အာရဘ)၊ လဘတေ (လဘ)၊ ပက္ကမတိ–လုံ့လ

ပတ္တာဝစနေ
အလပတ္ထေသုစ

၅၆၃။ အလမတ္ထေသု,ပတ္တဝစနေ, သမ္ဗောဓတူဟိ ကုံပစ္စယော ဟောတိ၊ ဒါနာနိ—အလှူတို့ကို၊ ဒါတုံ—ပေးလှူဖို့ရာ၊ အလ မေဝ၊သင့်လျော်သည်သာ၊ ပုညာနိ-ကောင်းမှုတို့ကို၊ ကာတုံ-ပြုဖို့ရာ၊ အလမေဝ—သာ၊ [မောဂ္ဂလ္လာန် အလိုမူ "ဒါတုံ– ပေးလှူခြင်းငှာ၊ ကာတုံ-ပြုခြင်းငှာ"ဟု ပေး၊] (၅၄၀)။

---

ပြု၏၊ (ကမ)၊ ဉဿဟတိ-အားထုတ်၏ (သဟ)၊ အရဟတိ-ထိုက်၏ (အရဟ)း ဘောတ္တုံ-စားဖို့ရာ၊ အတ္ထိဝိဇ္ဇတိ-ရှိ၏၊ (အတ္ထိ အတ္ထ)၊ ဤကား ပုံစံများတည်း၊ ရှဉ်ကား ဘဗ္ဗ အနုစ္ဆဝိက, အနုရူပ စသည်ကို အာဒိဖြင့် ယူ၍ ကာလ သမယ ဝေလာ စသည်တို့ကိုမူ စသဒ္ဒါဖြင့် ယူလေ၏၊ ထိုသို့ အာဒိသဒ္ဒါ စသဒ္ဒါဖြင့် နှစ်မျိုးခွဲယူခြင်းကား "ကာလသမယ ဝေလာ သတျတ္ထေသုစ"ဟူသော ကာတန္တ ကိုတ်(၄၂၄)သုတ်၌ သတျတ္ထေသု(သတ္တိ အတ္ထေသု)ဖြင့် သက္ကောတိစသည်ယူ၍ ကာလ စသည်ကို သီးခြားထုတ်ပြထားသောကြောင့် ဖြစ်ဟန်တူသည်။

နျာသ။ ။ဤ ကစ္စည်းကျမ်း၌မူ ထို ကာလစသည်ကို သီးခြားခွဲ၍ မပြ သောကြောင့် ကာလစသည်ကိုလည်း အာဒိသဒ္ဒါဖြင့်ပင် ယူ၍ စသဒ္ဒါဖြင့်ကား ရှေ့သုတ်၌ တဝေတုံ ၂-ပစ္စည်းရှိရာ တဝေပစ္စည်းကို မလိုက်လာအောင် ကန့် သည်ဟု နျာသကြံ၏၊ ["စဂ္ဂဟဏံ တဝေဂဟဏ နိဝတ္တနတ္ထံ"—နျာသ၊]နိဒ္ဒေသ ၌မူ စသဒ္ဒါသည် တုံကိုလည်းငင်၍, ဝါကိုလည်း နစ်စေ၏-ဟု ဆို၏၊ ဆရာတို့ ကား တာယေ-တုယေ ပစ္စည်းတို့ကို ဆည်းသည်ဟု ယူကြသည်။

---

၅၆၃။ ပတ္တ၊ပေ၊အလပတ္ထေသုစ။ ။ပါဏိနိ၌ "ပရိယတ္တိဝစနေ ဧဝ-လ မတ္ထေသု"(၃,၄,၆၆)သုတ်ကို မှီ၍ ဤသုတ်ကို တည်သည်၊ "အလင်္ကာရော= တန်ဆာဆင်ခြင်း"ဟူရာ၌ အလံသဒ္ဒါသည် ဘူသန(တန်ဆာ)ဟူသော အနက် ကို ဟော၏၊ "အလံ အာဝုသော မာ သောစိတ္ထ = ငါ့ရှင်တို့ ဝမ်းနည်းဖို့ရန် မသင့်, ဝမ်းမနည်းကြလင့်"ဟူရာ၌ အလံသဒ္ဒါသည် နိဝါရဏ(တားမြစ်ခြင်း) အနက်ကို ဟော၏၊ အလမေဝ ဒါနာနိ ဒါတုံ စသည်ကား ပတ္တ ပရိယတ္တိ အနက်ကို ဟော၏၊ ထို အလံသဒ္ဒါ၏ အနက်များစွာတွင် ပတ္တ ( ပရိယတ္တိ ) အနက်ဟော အလံသဒ္ဒါရှိရာ၌ တွဲဖက်ဓာတ်နောင် တုံပစ္စည်းသက်ပါ—ဟူလို၊ ကာတုံ၌လည်း တဝေတုနာဒီသုကာဖြင့် ကရ်ကို ကာ ပြုရသည်၊ ဤသုတ်လာ စသဒ္ဒါဖြင့် ဣစ္ဆတ္ထေသုသုတ်မှ လိုက်လာသော တုံကို ငင်၏၊ ထိုသို့ ငင်သဖြင့် နောက်သုတ်သို့မလိုက်တော့ဟု သိစေခြင်းအကျိုးရှိ၏၊ ရှေ့သုတ်၌ကား ဤသုတ် သို့ တုံပစ္စည်း လိုက်ရဦးမည်ဖြစ်၍ စသဒ္ဒါဖြင့် တုံကို မငင်ခဲ့။

ပုဗ္ဗ ၊ပေ၊ တွာဝါ ၅၆၄။ ကေကတ္တုကာနံ—ကုန်သော၊ ဓာတူနံ—ဓာတ်တို့တွင်၊ ဝါ- ကြိယာတို့တွင်၊ ပုဗ္ဗကာလေ- ရှေ့ကြိယာ၌၊ တုန တွာန တွာ ဣတိ—တုန, တွာန, တွာ ဟူကုန်သော၊ ဧတေ ပစ္စယာ ဝါ ဟောန္တိ၊ ကမ္မံ- အမှုကို၊ ကာတုန-ပြုပြီး၍၊ (အလုပ်လုပ်ပြီး၍) ဂစ္ဆတိ-သွား၏၊ ပုညံ—ကောင်းမှုကို၊ အကာတုန- မပြုမူ၍၊ ကိလိဿတိ—ညစ်နွမ်းရ၏၊ သတ္တာ—တို့သည်၊ ဓမ္မံ-ကို၊ သုတွာန - နာရ၍၊ မောဒန္တိ—ဝမ်းမြောက်ကြကုန်၏၊ ရိပုံ—ရန်သူတို့ကို၊ ဇိတွာန-အောင်ပြီး၍၊ ဝသတိ-နေ၏၊ ဓမ္မံ-ကို၊ သုတွာန-နာရခြင်း

---

၅၆၄။ကေကတ္တုကာနံ ဓာတူနံ။ ။"ပုရိသော ကမ္မံ ကာတုန ဂစ္ဆတိ"၌ ကာတုန အရ ကရဓာတ်နှင့် ဂစ္ဆတိအရ ဂမုဓာတ် ၂-ခုတို့၏ ကတ္တားသည် ပုရိသောချည်းဖြစ်၍ ထိုဓာတ် ၂-ခုသည် တူသောကတ္တားရှိကြ၏၊ဧကော(သမာနော) ကတ္တာ ယေသံတိ ဧကကတ္တုကာ၊[ "ယေသံ-အကြင်ဓာတ်တို့၏၊ ဧကော-တူသော၊ ကတ္တာ-ကတ္တားသည်၊ အတ္ထိ-ရှိ၏၊] ယောကျ်ားတည်းဟူသော ကတ္တား တစ်ခုဘည်း၌ ပြုခြင်း သွားခြင်း ဟူသော ကြိယာ ၂-ခုတို့ တည်ကြသဖြင့် ထို ကြိယာ ၂-ခုသည် ဧကကတ္တုက ဖြစ်ကြ၏၊ ဓာတ်နက်ကြိယာတို့ ဧကကတ္တုက ဖြစ်ကြလျှင် ထိုအနက်ကိုဟောသော ဓာတ်တို့လည်း (ဓာတ်နက်ကို အကြောင်း ပြု၍ ကာရဏူပစာရအားဖြင့်) ဧကကတ္တုကဖြစ်သောကြောင့် "ဧကကတ္တုကာနံ ဓာတူနံ"ဟု ဝုတ္တိဖွင့်သည်။

ပုဗ္ဗကာလ။ ။ကာလအရ ကြိယာကို ယူ၍ "ပုဗ္ဗကာလေ-ရှေ့ကြိယာ၌" ဟု ဖွင့်ကြ၏၊ [ကရဏံ ကာလော=ပြုခြင်းကြိယာ၊ ကာလောဝေ-ကာရသည်ပင်၊ (မဟာသာလော=မဟာသာလောကဲ့သို့ ရကို လပြု၍) ကာလော- ကာလမည်၏၊ ဤနည်းအရ ကာရနှင့် ကာလသည် ကြိယာဟူသော အနက်ဟောချင်းတူသော ပရိယာယ် သဒ္ဒါများ ဖြစ်ကြသည်။] ပစိတွာ+ဘုဉ္ဇတိကဲ့သို့ ကြိယာ ၂-ခု ပြိုင်နေ ရာဝယ် ရှေ့ဖြစ်သော ကြိယာ၌ တုနာဒိပစ္စည်း သက်ပါ—ဟူလို၊ ဆက်ဦးအံ့— "ပုဗ္ဗ=ရှေ့"ဟူရာ၌ "ပစိတွာ+ဘုဉ္ဇတိ=ရှေးဦးစွာ ချက်ပြီး၍+နောက်မှ စား၏" စသော ပုံစံကဲ့သို့ တွာပစ္စည်းသက်ရာ ကြိယာက တကယ့်ကိုယ် ရှေ့ကျမှ "ပုဗ္ဗ" ဟု ဆိုလိုသည်မဟုတ်၊ ဒွါရံ ပိဒဟိတွာ နိက္ခမတိ=တံခါးကို ပိတ်မည်ဟု ကြံ၍ ရှေးဦးစွာ ထွက်၏" ဤပုံစံ၌ ထွက်ခြင်းက ရှေ့, ပိဒဟိတွာအရ ပိတ်ခြင်းက နောက်ကျ၏၊ ဤသို့ အလုပ်ကိစ္စ နောက်ကျသော်လည်း ပိဒဟိတွာ+နိက္ခမတိဟု ကြိယာ ၂-ခု ရှိနေရာဝယ် အပဓာန ဝိသေသနကြိယာကို ပုဗ္ဗ (ရှေ့) ဟုပင် ဆိုလိုသည်၊ ထို့ကြောင့် "ပုဗ္ဗကာလေ-ရှေ့ကြိယာ၌" ဟူရာဝယ် အလုပ်ကိစ္စ ရှေ့ကျသော ကြိယာဟု မမှတ်ပဲ ကြိယာ ၂-ခု ပြိုင်နေရာဝယ် ရှေ့အပဓာန ကြိယာကို "ပုဗ္ဗ" ခေါ်သည်ဟု မှတ်ပါ။

ကြောင့်၊ စေတံ-ဤအကြံသည်၊ အဟောသိ-ဖြစ်ပြီ၊ ဣတော-ဤအရပ်မှ၊ သုတွာ နံ-နားထောင်ပြီး၍၊ အမုတြ-ထိုအရပ်၌၊ ကထယန္တိ-ပြောတတ်ကုန်၏၊ သုတွာ-ကြားပြီး၍၊ ဇာနိဿာမ - သိနိုင်ပါကုန်လတ္တံ့၊ ဧဝံ-တူ၊ သဗ္ဗတ္ထ—အလုံးစုံသော ပြယုဂ်တို့၌၊ ယောဇေတဗ္ဗာ-ကုန်၏၊ (၆၄၁)။

---

တုနာဒိသက်ရာ ၅-ဌာန။ ။တုနာဒိသက်ရာ ဌာန (ဝိသယ)သည် "ပုဗ္ဗာပရ, သမာနနှင့်, လက္ခဏ-ဟေတု, ငါးခု အတ္ထ, သက်အပ်စွာ, တုန တွာန တွာ" ဟု ၅-ဌာနရှိ၏၊ ထိုတွင် ကြိယာ ၂-ခု ပြိုင်နေရာဟွင် အလုပ်ကိစ္စ ရှေ့ကျသော ကြိယာသည် ပုဗ္ဗကာလ ကြိယာမည်၏၊ "ပစိတွာ ဘုဉ္ဇတိ" စသည်တည်း၊ ဤ၌ ချက်ခြင်းကြိယာသည် စားခြင်းကြိယာ၏ ရှေးဦးစွာ ဖြစ်ရသောကြောင့် ပုဗ္ဗကာလကြိယာ မည်၏၊ (ရှေးကာလဖြစ်သော ကြိယာ-ဟူလို၊ ဤနေရာ၌ ကာလ သဒ္ဒါကား အခါကာလ အနက်ကိုပင် ဟော၏၊) "ဘုတွာ ဂစ္ဆတိ=စားပြီး၍ သွား၏၊ နှတွာ သယတိ—ရေချိုးပြီး၍ အိပ်၏" စသည်၌လည်း နည်းတူ၊ ဤသို့ တကယ်ရှေးကျသော ကြိယာများ၌ "ပြီး၍"ဟု အတိတ်သံပါအောင် အနက်ပေးရသည်၊ ကာတုန+ဂစ္ဆတိ, ဇိတွာ+ဝသတိ, သုတွာ+ဇာနိဿာမ- ဟူသော ကစ္စည်း ပုံစံများလည်း ပုဗ္ဗကာလကြိယာတည်း၊ ရုပ်တွက် လွယ်ပြီ။

အပရနှင့် သမာန။ ။"ဒွါရံ ပိဒဟိတွာ(ပိတ်လတ္တံ့ဖြစ်၍)နိက္ခမိ" ၌ကား ထွက်ပြီးမှ ပိတ်ရသောကြောင့် ပိဒဟိတွာသည် အပရကာလ ကြိယာတည်း၊ ဥဒရံ ပူရယိတွာ ဘုဉ္ဇတိ=ဝမ်းကိုပြည့်စေ၍ စား၏၊ ဤ၌လည်း စား၍ မျိုချပြီးမှ ဝမ်းပြည့်သောကြောင့် ပူရယိတွာသည် အပရကာလ ကြိယာပင်တည်း၊ ဒဏ္ဍော မက္ကစ္စ ပတတိ=တုတ်သည်ခက်ခက်မြည်၍ကျ၏၊လှေကားစသည်၌ တုတ်ကျသွားသည့်အခါ ခက်ခက်မြည်သံနှင့် ကျခြင်းသည် ပြိုင်တူဖြစ်သောကြောင့် မက္ကစ္စကို သမာနကာလကြိယာဟု ခေါ်၏၊ "စျာနက္ကစ္စ ပတတိ ကံသော-ကြေးခွက် သည် ချွန်ချွန်(ဂျွန်ဂျွန်)ဟု အသံပြု၍ကျ၏"၌လည်း နည်းတူ၊[ကစ္စ၌ ကရဓာတ် တွာကို ရိစ္စပြု၍ ပြီးစေ၊ "ခက်ဣတိ ကရိတွာ ဒက္ကစ္စ၊ စျာန်ဣတိ ကရိတွာ စျနက္ကစ္စ"ဟု အနက်ဖွင့်၊ တွာပစ္စယန္တပုဒ်တို့ နိပါတ်တွင် ပါဝင်သောကြောင့် ဝိဂြိုဟ် မပြုရ၊ "နမာမိတိ နမိတွာ"ဟု မဏိမဉ္ဇူ စသည်တို့ပြုသော ဝိဂြိုဟ်ကို ဆရာတို့ မနှစ်သက်၊ အကျယ်ကို သဂြိုဟ်ဘာသာဋီကာ ပဏာမဖွင့်မှာ ရှု။]

ဆက်ဦးအံ့။ ။မုခံ ဗျာဒါယ သုပတိ=ပါးစပ်ဟ၍ အိပ်၏၊ အက္ခိနိ နိပ္ပိလိတွာ ဟသတိ=မျက်စိကို မိုတ်၍ ရယ်၏၊ အန္ဓကာရံ နိဟန္တွာန, ဥဒိတောယံ ဒိဝါကရော=ဤ နေသည် အမှောင်ကို ဖျောက်၍ တက်လာ၏၊ ဤပုံစံတို့၌လည်း သမာနကာလကြိယာတို့ ပင်တည်း၊ ဤပြခဲ့သော အပရ—သမာနကာလ ကြိယာတို့လည်း ကြိယာ ၂-ခု ပြိုင်နေရာဝယ် ရှေ့ကျသော ကြိယာ ဖြစ်ရကား

ပုဗ္ဗကာလအရ၌ ပါဝင်ကြသည်၊ အနက်ပေးရာ၌မူ "ပြီး၍"ဟု အတိတ်သံ မပါစေပဲ "ပိတ်လတ္တံ့ဖြစ်၍, ဓက်ဟု အသံပြု၍" စသည်ဖြင့် ပေးပါ။

လက္ခဏ။ ။သုတွာ ဝေဒိဿာမ=ကြားရကုန်သော်(ဖြေနိုင်မည် မဖြေနိုင်မည်ကို) သိပါကုန်လိမ့်မည်၊ ဤ၌ တွာပစ္စည်းသည် လက္ခဏအနက်ဟောတည်း၊ [ဤ စကားကား ပြဿနာ မေးလို၍ ခွင့်တောင်းသည့်အခါ သာဝကတို့က ပြန်ပြောသော စကားတို့တည်း၊ အဋ္ဌကထာတို့၌ "သုတွာ ဝေဒိဿာမ" ဟု (မယံ—ကတ္တားမပါပဲ) ရှိကြသည်၊ ] သဒ္ဒေါ ဟုတွာ နိဗ္ဗတ္တိ—သိကြားသည် ဖြစ်သည်ရှိသော် ဖြစ်ပြီ"ဟုလည်း ပုံစံထုတ်ကြ၏၊ သဒ္ဒေါ-သိကြား၏၊ ဟုတွာ-အဖြစ်ဖြင့်၊ နိဗ္ဗတ္တိ-ဖြစ်ခြင်းသည် (ဟောတိ)"ဟု အနက်ပေး၍လည်း ဟုတွာကို လက္ခဏဟု ဆိုကြသေး၏၊ သို့သော် ဤလက္ခဏကား ကြိယာဝိသေသနသဘောသာ သက်၏၊ သီဟံ ဒိသွာန ဘယံ ဟောတိ ကိုလည်း လက္ခဏတ္ထ"ဟု တနည်းဆိုဦးလတ္တံ့။ [ဘာဝလက္ခဏ ဟေတွတ္ထာ, တွန္တာဒီနံ ယထာရဟံ, သဒ္ဒေါ ဟုတွာန နိဗ္ဗတ္တိ, ပဋ္ဌေတွာ ဝသတီတိစ" ဘေဒစိန္တာ (၃၇၉-၀၀)။]

**အဖွာ။** ။သဒ္ဒေါ—သိကြားသည်၊ ဟုတွာန—ဖြစ်လသော်၊ နိဗ္ဗတ္တိ-ဖြစ်ခြင်းသည်၊ ဟောတိ-၏၊ ဤသို့ အနက်ပေး၍ ဟုတွာနကို လက္ခဏ အနက်ဟောဟု ဆိုလိုသည်၊ ထိုအဆိုနှင့် စပ်၍ ဘေဒစိန္တာဘာသာဋီကာ၌ စိစစ်ထားပြီ။

ဟိတ်အနက် ။ဒိသွာန-ဿ တေဒဟောသိ=မြင်ရခြင်းကြောင့် ထိုသူ၏ ဤ အကြံ ဖြစ်ပြီ၊ ဤ၌ ဒိသွာန၏ ကတ္တားသည် မြင်တတ်သူ ပုဂ္ဂိုလ်တည်း၊ အဟောသိ၏ ကတ္တားကား "ဧတံ" တည်း၊ ဤသို့ ကတ္တားကွဲသောကြောင့် ဒိသွာန၌ တွာ ပစ္စည်းကို ဟိတ်အနက်၌ သက်စေရသည်၊ "မြင်ရခြင်းကြောင့် အကြံဖြစ်သည်"ဟူလို၊ "ဃတံ ပိဝိတွာ ဗလံ ဟောတိ=ထောပတ်ကို သောက်ရခြင်းကြောင့် အားရှိ၏၊သီဟံ ဒိသွာ ဘယံ ဟောတိ=ခြင်္သေ့ကို မြင်ရခြင်းကြောင့် ကြောက်ခြင်း ဖြစ်၏"တို့၌ နည်းတူ။ ["ဒိသွာနဿ တေဒဟောသီတိ-ဟေတု အတ္တော အယံ ဒိသွာနသဒ္ဒေါ အသမာနကတ္တုကော၊ ယထာ-ဃတံ ပိတွာ ဗလံ ဟောတိ, သီဟံ ဒိသွာ ဘယံ ဟောတီတိ"—သုဒိန္နကဏ္ဍ သာရတ္ထ၊] ဤ အဓိပ္ပာယ်ကို ရည်ရွယ်၍....

"ကတ္တာကွဲဘိ, မတူရှိသော်, မိမိကတ္တား, သမ္ဗန်ထား၍, ဖြစ်ငြား
ဟိတ်မှာ, သက်တို့ရာသည်, တွာဒိပစ္စည်း သဘောတည်း"ဟု

ရှေးဆရာတို့ မိန့်ကြသည်၊ [ "ဒိသွာ+အဟောသိ"ကဲ့သို့ ကြိယာ ၂-ပုဒ် ကတ္တား ကွဲနေခဲ့သော် မိမိတည်းဟူသော တွာပစ္စယန္တပုဒ်၏ ကတ္တားကို "ပုရိသော-ယောကျ်ား၏"ဟု သမ္ဗန်အနက်၌ထား၍ တွာပစ္စည်းကား ဟိတ်အနက်၌

သက်ရသည်-ဟူလို၊ "ဇဝနမ္ပိ အနုပ္ပဇ္ဇိတွာ ဝေါဋ္ဌပနေမေဝ ပဝတ္တတိ-ဇော၏လည်း မဖြစ်ခြင်းကြောင့် ဝုဋ္ဌောသာ ဖြစ်ရတော့၏" (သင်္ဂြိုဟ်, ဝီထိပိုင်း)၊ ] "ဓမ္မံ သုတွာနသ ဧတဒဟောသိ"၌လည်း နည်းတူ။ [ဝိသုဒ္ဓိမဂ် ပဋိစ္စသမုပ္ပာဒ်မဟာဋီကာ၌ "သီဟံ ဒိသွာ"ကို လက္ခဏပုံစံအရာ၌ ထုတ်သည်၊] ဤပြခဲ့သော အနက်တို့တွင် ပုဗ္ဗ—အပရ—သမာန—လက္ခဏ အနက်တို့၌ ကေကတ္တုကလည်းဖြစ်—ကြိယာ ၂-ခုပြိုင်နေရာဝယ် ရှေ့ကြိယာလည်း ဖြစ်သောကြောင့် သုတ်ရင်းဖြင့်ပင် တုနာဒိပစ္စည်း သက်နိုင်၏၊ ဟိတ်အနက် ဟောရာ၌ကား ကေကတ္တုက မဟုတ် ကတ္တားကွဲ=နာနာကတ္တုက)ဖြစ်သောကြောင့် "တုန တွာန တွာဝါ" ဟူသော ယောဂဝိဘာဂဖြင့် သက်စေရမည်ဟု ဆိုကြသည်။

ကျမ်းဂန်များဆိုပုံ။ ။ကာလအရ ကြိယာကိုမယူပဲ အချိန်အခါ အနက်ကိုပင် အဋ္ဌကထာဋီကာတို့ ဖွင့်ကြ၏၊ ထိုသို့ဖွင့်ရာ၌ "ပစိတွာ ဘုဥ္ဇတိ-ချက်ပြီး၍စား၏၊ ဘုတွာ ဂစ္ဆတိ — စားပြီး၍ သွား၏" တို့ကဲ့သို့ တွာပစ္စယန္တ ပုဒ်တို့၏ ကြိယာက အဖြစ် ရှေ့ကျရာ၌ ပုဗ္ဗကာလဝယ် ဖြစ်သော ခတ်နောင် တုနာဒိပစ္စည်းတို့ သက်ကြသည်မှာ "ပုဗ္ဗကာလေ—ရှေ့ကာလ၌" ဟူသော စကားနှင့် တသားတည်း ဖြစ်၍ ယုံမှားဖွယ် မရှိ၊ အပရကာလ စသည်၌ဖြစ်သော ခတ်နောင် သက်ရာ၌ အဘယ်နည်းဖြင့် ပုဗ္ဗကာလ ဖြစ်အောင် ယူရမည်နည်း ဟု မေးဖွယ်ရှိ၏၊ အဖြေကား-အကြောင်းကြိယာ အကျိုးကြိယာဟု ကြိယာ ၂-မျိုးရှိရာဝယ် အကြောင်းကြိယာကို (တကယ် ရှေ့မကျသော်လည်း) ရှေ့ကာလကဲ့သို့ ခေါ်ဝေါ်ရိုးရှိ၏၊ တွာပစ္စယန္တကြိယာများလည်း အကြောင်းကြိယာပင်ဖြစ်၏၊ ထို့ကြောင့် တွာပစ္စယန္တဖြစ်သော ရှေ့ကြိယာကို (တကယ် ရှေ့မကျသော်လည်း) ပုဗ္ဗကာလကြိယာဟုချည်း ခေါ်နိုင်သည်။

[မူလဋီကာ] စေတယိတွာ ကမ္မံ ကရောတီတိ ဧတ္ထ ၊ပေ၊ အထဝါ သမာန ကာလတ္တေပိ ကာရဏကြိယာ ပုဗ္ဗကာလာဝိယ ဝတ္တုံ ယုတ္တာ၊ ဖလကြိယာစ အပရကာလာဝိယ (ဒွါရကထာ)။

ဆိုလိုရင်း။ ။စေတနာဖြင့် စေ့ဆော်၍ ကိုယ်မှု နှုတ်မှုကိုပြုရာ၌ စေတနာနှင့် ပြုခြင်းကြိယာသည် တပြိုင်နက်ဖြစ်ကြ၍ သမာနကာလတည်း၊သို့သော် စေတနာသည်အကြောင်း-ပြုခြင်းကြိယာကားအကျိုးတည်း၊လောက၌လည်းအကြောင်းသည် ရှေ့ကဖြစ်ရိုး—အကျိုးကား နောက်မှဖြစ်ရိုးတည်း၊ ထိုသို့ လောကဖြစ်ရိုး အကြောင်း အကျိုး၏ ရှေ့ကာလ နောက်ကာလဟူသော သုံးစွဲမှုကို ဤသမာနကာလဖြစ်သော အကြောင်း အကျိုး၌လည်း တင်စား၍ သဒိသူပစာရအားဖြင့် အကြောင်းကြိယာကို ရှေ့ကာလ၌ ဖြစ်သည်ဟုလည်းကောင်း အကျိုး ကြိယာကို နောက်ကာလ၌ ဖြစ်သည်ဟုလည်းကောင်း ခေါ်ဝေါ်ရသည်—ဟူလို။

**အနုဋီကာ။** ။အသတိပိ ပဋိအယနုပ္ပဇ္ဇနာနံ ကာလဘေဒေ, အညတြ ဟေတု ဖလေသု ဒိဿမာနာနံ ပုရိမပစ္ဆိမ ကာလတံ ဟေတုဖလတာ သာမည တော ဂ္ဂဟေ့ပိ သမာရောပေတွာ ရဋ္ဌိဝသေန ပုရိမပစ္ဆိမ ဝေါဟာရော ကတော (တိကပဋ္ဌာန်း, ပဏ္ဏတ္တိဝါရ)။

ဟေတွတ္ထ။ ။ ဤ ဋီကာတို့၌ သမာနကာလ အရာဝယ် တွာ ပစ္စယန္တ ကြိယာတို့၏ ပုဗ္ဗကာလခေါ်ပုံကို ပြကြသကဲ့သို့ ထို့အတူ ဟေတွတ္ထ ဖြစ်သော တွာပစ္စယန္တကြိယာတို့၏ ပုဗ္ဗကာလကြိယာ အမည်ရပုံကိုလည်း ပြကြသေး၏၊ "ပညာယ စဿ ဒိသွာ အာသဝါ ပရိက္ခီဏာ ဟောန္တီတိ-န အာသဝါ ပညာယ ပဿန္တိ, ဒဿနကာရဏာ ပန ပရိက္ခီဏာ " ဒိသွာ ပရိက္ခီဏာ " တိ ဝုတ္တာ၊ ဒဿနာယတ္တပရိက္ခယတ္တာ ဧဝ ဟိ ဒဿနံ ပုရိမ ကြိယာ ဟောတီတိ" ဟူသော ပုဂ္ဂလပညတ်-ကေက မူလဋီကာ၌ "ဒဿနကာရဏာ"ကို ထောက်လျှင် ဒိသွာ၌ တွာပစ္စည်းသည် ဟိတ်အနက်၌ဖြစ်၏၊ ထို ဟေတွတ္ထ တွာပစ္စယန္တ ကြိယာသည် ပင် (ပညာဖြင့် မြင်ခြင်းကြောင့် အာသဝေါ ကုန်ရကား) အာသဝေါ ကုန်ခြင်း ဟူသော အကျိုးကြိယာ၏ အကြောင်းဖြစ်၍ ပုဗ္ဗကာလကြိယာလည်း မည်သည် ဟု ပြလိုသောကြောင့်"ဒဿနံ ပုရိမကြိယာ ဟောတီတိ"ဟု ဆက်၍ပြပြန်သည်။

**မှတ်ချက်။** ။ဤသို့လျှင် သမာနကာလကြိယာ ဟေတွတ္ထကြိယာ တို့ကိုလည်း ပုဗ္ဗကာလကြိယာ ခေါ်နိုင်ကြောင်း ထောက်၍"ဒွါရံ ပိဒဟိတွာ-သေယျော ဟုတွာန" ဟူသော အပရကာလကြိယာ လက္ခဏကြိယာတို့သည်း အကြောင်းကြိယာ များပင် ဖြစ်ရကား ပုဗ္ဗကာလကြိယာ ခေါ်နိုင်ကြောင်း သိသာပြီ၊ ဤဋီကာတို့ ဖွင့်ပုံထောက် လျှင် "ပုဗ္ဗကာလေ-ရှေကာလ၌"ဟုပင် အနက်ပေးသင့်ပြန်သည်။

မောဂ္ဂလ္လာန်။ ။မောဂ္ဂလ္လာန်၌ကား "ဘောအနက်၌ တုနာဒိ ပစ္စည်း သက်"ဟု ဆို၏၊ "ပုရိသော ပစိတွာ ဘုဉ္ဇတိ-ယောကျ်ားသည် ချက်ပြီး၍စား၏၊ ပုရိသေန ပစိတွာ ဘုဉ္ဇတေ-ယောကျ်ားသည် ချက်ပြီး၍ စားအပ်၏"ဟု ကတ္တား ဟော အပရကာလကြိယာ, ကံဟော အပရကာလကြိယာ ၂-မျိုးနှင့် တွဲရာ၌ပင် "ပစိတွာ"ဟူသော ပုဗ္ဗကာလကြိယာ မပြောင်းလဲသောကြောင်းလည်းကောင်း ကတ္တားဟော ကံဟောဝါကျ အသီးသီး၌ ကတ္တားတခုတည်းစီသာ ရှိ၍ ကေ ကတ္တုက ဖြစ်သောကြောင့် တုနာဒိ ပစ္စည်းတို့ ကတ္တား ကံ စသော အနက် အထူးကို မဟောကြသောကြောင့်လည်းကောင်း, "ကြိယာဖြစ်သော ဘော အနက်၌သာ သက်ကြသည်" ဟူသော မောဂ္ဂလ္လာန် ဝါဒက သာ၍ သင့်မြတ် သကဲ့သို့ ထင်သည်၊ မည်သည့်အနက်၌ သက်သက်, ထိုပုဒ်များသည် လိင် သင်္ချာ အထူးမရှိသော နိပါတ်တွင် ပါဝင်ရကား ထိုပုဒ်များနောင် သိသက်၍ ချေဟု ရူပသိဒ္ဓိ မိန့်သည်။

တဝါကျတည်း၌ တွာပစ္စယန္တ များပုံ။ ။ "ကေကတ္တုကာနံ ပုဗ္ဗ ကာလေ"အရ ကတ္တားတခုဝယ် ကြိယာ ၂-ခု ရှိရာ၌ ရှေ့ကြိယာမှာ တုနာဒိ

ပစ္စည်း သက်ရသကဲ့သို့ ကြိယာ ၃-ခု ရှိရာ၌လည်း ဒုတိယကြိယာကို ထောက်၍ ပဌမကြိယာသည် ရှေ့, တတိယကြိယာကိုထောက်၍ ဒုတိယလည်း ရှေ့ပင်တည်း၊ ထို့ကြောင့်"ဘုတွာ ပိတွာ ဝဇတိ=စားပြီး သောက်ပြီး၍ သွား၏"ဟု ကြိယာ ၄-ခုရှိရာဝယ် ရှေ့ကြိယာ ၂-ခု၌ တွာပစ္စည်း သက်နိုင်သည်၊ ၄—၅-စသည် ကြိယာ စသည်၌လည်း ဤနည်းပင်။

ဒြပ်အားဖြင့် ကေကတ္တုက ဖြစ်ပုံ။ ။"ကေကတ္တုကာနံ"အရ ကတ္တား တူဟု ဆိုရာ၌ ကတ္တားဟူသည် ကြိယာကို ပြီးစေတတ်သော သတ္တိတည်း၊ "ပစိတွာ ဘုဥ္စတိ ပုရိသော"ဟူရာ၌ ချက်ခြင်းကြိယာကို ပြီးစေတတ်သောသတ္တိသည် တမျိုး, စားခြင်းကြိယာကို ပြီးစေတတ်သောသတ္တိလည်း တမျိုး ဖြစ်ရကား အဘယ်မှာ ကတ္တားတူနိုင်ပါအံ့နည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား—ထိုချက်စွမ်း နိုင်သောသတ္တိ စားစွမ်းနိုင်သောသတ္တိ ၂-မျိုးလုံး၏ တည်ရာဒြပ်မှာ ယောကျာ်း တယောက်တည်းသာ ဖြစ်ရကား သတ္တိကာရကအားဖြင့် ကေကတ္တုက မဖြစ်နိုင် သော်လည်း ဒဗ္ဗကာရကအားဖြင့် ကေကတ္တုက ဖြစ်နိုင်၏၊ ဤသို့ ဒြပ်ကတ္တား တူခြင်းကို ရည်ရွယ်၍ပင် ကေကတ္တုကာနံဟု မိန့်သည်—ဟူလို၊ ဤစကားအရ ကေကတ္တုကာနံ ဟူသော စကားသည် ဌာနီသတ္တိ၏ ကတ္တားအမည်ကို ဌာနဒြပ် ပေါ်တင်စားထားသော ဌာနျူပစာရ စကားတည်းဟု မှတ်၊ ထို့ကြောင့်....

"နာနာကြိယာသု သတ္တီနံ, နာနတ္တေပိ ပတီယတေ၊
ကတ္တုနမေကဝါကျေက-ဒဗ္ဗဋ္ဌတ္တေက ကတ္တုတာ"...ဟု

ဘောဒစိန္တာ မိန့်သည်။ [ကြိယာအမျိုးမျိုးတို့၌ သတ္တိတို့၏ ကွဲလွဲကုန်သည်၏ အဖြစ်ရှိသော်လည်း သတ္တိဖြစ်သော ကတ္တားတို့၏ တဝါကျတည်းဝယ် ဒြပ်တခု တည်း၌ တည်ကုန်သည်၏အဖြစ်ကြောင့် ကေကတ္တုက အဖြစ်ကို သိအပ်၏၊] ကာတန္တဝုတ္တိ၌ကား "သတ္တိနှင့် သတ္တိမန္တဒြပ်တို့ကို မပြားသကဲ့သို့ ဆိုလိုသော (အဘေဒေါပစာ)အားဖြင့် ကေကတ္တုကဖြစ်ကြသည်"ဟု ဆို၏၊ "သတ္တိ သတ္တိ မန္တာနံ အဘေဒဝိဝိစ္ဆာယ ကေကတ္တုကတာ"— ကာတန္တဝုတ္တိ၊ ဤ ကာတန္တ အဆိုလည်း ဘောဒစိန္တာနှင့် သဘောတူပင်။

အမှာ။ ။ဤ တုနာဒိ ပစ္စယန္တပုဒ်များကို နောက် ပဓာနကြိယာကို အထူးပြုတတ် သောကြောင့် (ပစိတွာ ဘုဥ္စတိ-ချက်ပြီး၍ စား၏"ဟူရာ၌ မချက်ပဲစားခြင်း ဆွမ်းခံ စားခြင်း စသည်မှ ထူးခြားအောင် ပြုတတ်သောကြောင့်) ကြိယာဝိသေသနပုဒ်ဟု ခေါ်သည်၊ ဥသုံက္ကကြိယာ ခေါ်သေးကြောင်းကိုလည်း ရူပသိဒ္ဓိနာမ်အဆုံး၌ ပြထား ၏၊ သဏ္ဍတကျမ်းလာ "ပရောဝရယောဂေစ" သုတ်နှင့် စပ်၍ မှတ်ဖွယ်ကိုလည်း ကောင်း, သဒ္ဒနီတိလာ "ဖျတ္တိယေ သဒ္ဒသိဒ္ဓိကနေ" သုတ်၏ အဓိပ္ပာယ်ကို လည်း ကောင်း ရှု ဤသုတ်၏ ဘာသာဋီကာ၌ ပြထားသည်။

၃၆၅။ ဝတ္တမာနေ ကာလေ သဗ္ဗာခ္ယာတူဟိ မာန အန္တ ဣတိ ဧတေ ပစ္စယာ ဟောန္တိ၊ သရမာနော- အောက်မေ့သည်၊ ဟုတွာ- ဖြစ်၍၊ (တနည်း) သရမာနော—အောက်မေ့ခြင်းကြောင့်၊ ရောဒတိ - ငို၏၊ ဂစ္ဆန္တော- သွားစဉ်၊ ဝါ—သွားယင်း၊ ဂဏှာတိ- ယူ၏၊ (၆၄၇)။

ဝတ္တမာနေ မာနန္တာ

၃၆၅။ ဝတ္တမာနေ။ ။ဝတ္တခ္ယာတ် မာနပစ္စည်းသည်"ဖြစ်တုန်း=ဖြစ်ဆဲ" ဟူသော ပစ္စုပ္ပန်အနက်ကိုဟော၏၊ ဝတ္တတိ-ဖြစ်ဆဲ၊ ဣတိ ဝတ္တမာနော- မည်၏၊ ပစ္စုပ္ပန္နသဒ္ဒါနှင့် ဝတ္တမာနသဒ္ဒါသည် အနက်တူ၏၊ ထို့ကြောင့် ဝတ္တမာနာ ပစ္စုပ္ပန္နေ"ဟုလည်း ဆိုခဲ့သည်၊ "သရမာနော ရောဒတိ"၌ ငိုနေသည့်အချိန် အခါဝယ် ကွဲနေသူကို သေဆုံးသူကို အမှတ်ရခြင်း အောက်မေ့ခြင်း လွမ်းဆွတ်ခြင်း ကြိယာသည် မပြီးသေးပဲ ပစ္စုပ္ပန်ဖြစ်သောကြောင့် " သရမာနော " ဟု မာနပစ္စည်းဖြင့် ပေါ်ပြီစီရသည်၊ ဂစ္ဆန္တော ဂဏှာတိ၌လည်း "တစုံတခုပစ္စည်းကို သွားယင်း ယူသွား၏"ဟူ၍အဓိပ္ပာယ်မှတ်၊ သရမာနော၌ "သရ–ဂတိစိန္တာယံ" ဓာတ်ဖြင့် ဂစ္ဆမာနော နည်းမှီး၍ တွက်။

ဟိတ်လက္ခဏ အနက်။ ။ဤ မာန အန္တ ပစ္စည်းတို့သည် လက္ခဏအနက် ဟိတ်အနက်၌လည်း သက်ကြသေး၏၊ ဂစ္ဆန္တော ဘာရဒ္ဒါဇော သော, အဒ္ဒသ အစ္စုတံ ဣသိံ=ဘာရဒ္ဒါဇ အနွယ်ဖြစ်သော ထိုဇူဇကာပုဏ္ဏားသည် ဆက် လက်၍ သွားလသော် အစ္စုတ ရသေ့ကို တွေ့ရပြီ၊ (ဝေဿန်)၊ ဤ ဂစ္ဆန္တော၌ အန္တသည် ပစ္စုပ္ပန်ကာလနှင့် "သော်" ဟု ပေးရသော လက္ခဏ အနက်ကို ဟော၏၊ဒဿေန္တော အာဟ=ပြလိုသည်၏အဖြစ်ကြောင့် ဆို၏၊ ဤ၌ အန္တသည် ဟိတ်အနက်ကိုဟော၏၊ သရမာနော ရောဒတိ၌လည်း"အောက်မေ့ခြင်းကြောင့် ငို၏"ဟု ဟိတ်အနက် ရနိုင်သည်။

အနာဂတ်ဟော။ ။"ဝိဘာဝယံ- ထင်စွာပြလျက်၊ ဝါ- ထင်စွာပြလတ္တံ့ သည်၊ (ဟုတွာ-၍)၊ ကရိဿာမိ-ပြုပေအံ့" ဟူရာ၌ကား ကရိဿာမိ ဟူသော အနာဂတ်ဟော ခ္ယာတ်နက်ကြိယာ တမျိုးနှင့် ပေါင်းစပ်ရခြင်းကြောင့် ဝိဘာ ဝယံ=ဝိဘာဝယန္တော၌ အန္တပစ္စည်းသည် အနာဂတ်ဟော ဖြစ်ရသည်၊ သူ့ နဂိုရ်အတိုင်းမှာမူ ပစ္စုပ္ပန်အနက်သာ ဟောသည်-ဟူလို၊ ထို့ကြောင့် ကစ္စာယန သာရ၌....

"မာနန္တ ဝတ္တမာနေစ, လက္ခဏေ ဟေတုကေ သိယုံ၊
ကိတာ ခ္ယာတူတ္တသမ္ဗန္ဓေ, ဟောန္တိ ကာလန္တရေသွပိ။"

ဟု မိန့်ပြီ။ [ကိတာ—ပဓာန အာချာတ်ကြိယာကို ငဲ့ရသေးသော ကိတ်ပစ္စည်း တို့သည်၊ ခ္ယာတူတ္တသမ္ဗန္ဓေ—အာချာတ်ခ္ယာတ်နက် တမျိုးနှင့် ပေါင်းစပ်ရသော်၊ ကာလန္တရေပိ-မိမိတို့ ဟောရိုးကာလမှ တပါးသော ကာလ၌လည်း၊ ဟောန္တိ—

ဖြစ်ရကုန်သေး၏။] (ပစ္စုပ္ပန် ဟောသော်လည်း အနာဂတ်ဟော အာချာတ် ကြိယာနှင့် ပေါင်းရလျှင် အနာဂတ်ကိုပင်လိုက်၍ ဟောရပြန်သည်၊ ဇာတိတေ တ တဝန္တု တာဝီ-ဘာဝကမ္မေသုတ သုတ်တို့၌လည်း ဤ အဓိပ္ပာယ်ကို ပြခဲ့ပြီ၊ ဿန္တုပစ္စည်းနှင့် မာန အာနတို့ ဟနာဂတ် ဟောပုံကိုလည်း သေသေဿန္တု မာနာနာသုတ်၌ တွေ့ရဦးလတ္တံ့။

ဘောကံ ကတ္တား အနက်။ ။ဤ မာန အန္တ ပစ္စည်း ၂-မျိုးလုံးကို ကိတ် အမည်ရှိသောကြောင့် ကတ္တားအနက်၌ သက်နိုင်ပြီ၊ သို့သော် "ပရသမညာ ပယောဂေ" ဟူသော ပရိဘာသာသုတ်ဖြင့် မာနကို အတ္တနောပဒ, အန္တကို ပရဿပဒ အမည်မှည့်၍ အန္တပစ္စည်းသည် ပရဿပုဒ် ထုံးစံအတိုင်း ကတ္တား အနက်၌ သက်မြဲသက်၊ မာနပစ္စည်းကား အတ္တနောပုဒ် ထုံးစံအတိုင်း ကတ္တား အနက်အပြင် ဘောကံ အနက်တို့လည်း သက်၊ တိ စသော အာချာတ်ဝိဘတ် နှောင်းရာ၌ အ-စသော ဝိကရဏပစ္စည်းများလည်း သက်ရသကဲ့သို့ ဤပရဿပုဒ် အတ္တနောပုဒ်မည်သော မာန အန္တ နှောင်းရာ၌လည်း အ-စသော ဝိကရဏ ပစ္စည်းများ သက်ရ၏၊ ထို့ကြောင့် ဘူဝါဒိဓာတ်နောင်ဖြစ်လျှင် အဝိကရဏ, ရုဓာဒိဓာတ်နောင် ဖြစ်လျှင် နိဂ္ဂဟိတပုဗ္ဗ အဝိကရဏ, ဒိဝါဒိဓာတ်နောင် ဖြစ် လျှင် ယဝိကရဏ သက်ရကြောင်း စသည်ဖြင့် သိပါ။

ထို့ပြင်—အတ္တနောပုဒ်ကို ပရဿပုဒ်ပြန်ရသကဲ့သို့ "အတ္တနောပဒါနိ ပရဿ ပဒတ္တံ"သုတ်ဖြင့် အတ္တနောပုဒ်မည်သော မာနကို ပရဿပုဒ်မည်သော အန္တ လည်း ပြုနိုင်၏၊ ဤကား ရူပသိဒ္ဓိ အလိုတည်း၊ ထိုအဆိုအတိုင်းပင် "အသမနု ဘာသန္တဿ-ဉာတ်ကမ္မဝါစာဖြင့် မဆို ဆုံးမအပ်သော ရဟန်း၏" ဟု သံဿ ဘေဒက သိက္ခာပုဒ်စသည်၌ တွေ့ရသည်။

[နိယာမ်] ၁။ အန္တသဒ္ဒါ,ကတ္တားသာဟု, ကျမ်းလာ မယုတ်,ဤသို့ထုတ်သည်, ပရဿပုဒ် အလားတည်း။

၂။ ဘော ကံ ကတ္တား, သုံးပါးနက်မှာ, မာနသာဟု, ကျမ်းလာ မယုတ်, ဤသို့ထုတ်သည်, အတ္တနောပုဒ် အလားတည်း။

မှတ်ချက်။ ။မာန အန္တတို့သည် သူတို့ကိုယ်တိုင် လက္ခဏအနက် ဟိတ်အနက်ကို ဟောသောကြောင့် ဝိဘတ်ဟောဖို့ရာ လက္ခဏ-ဟိတ်အနက် မရှိတော့ရကား လိင်္ဂတ္ထကို ထွန်းပြသော ပဌမာဝိဘတ်ဖြင့်လည်း လက္ခဏ-ဟိတ်အနက်ပေးနိုင်၏၊ "ဂစ္ဆန္တော အဒ္ဒသ=သွားလသော် တွေ့ရပြီ၊ ဒသေန္တော အာဟ=ပြလိုသည်၏ အဖြစ်ကြောင့် (ပြလိုခြင်းကြောင့်) ဆိုပြီ" စသည်တည်း။

ဝိသေသျ၏ လိင်ဝုစ်လိုက်။ ။မာန အန္တ ပစ္စည်းဆုံးသော ပုဒ်တို့သည် ဝိသေသျပုဒ်နှင့် တွဲကြရသော အပ္ပဓာန ဝိသေသနဖြစ်ရကား ဝိသေသျပုဒ်၏

**သာသာဒိဟိ ရုတ္တ** ၅၆၆။ သာသက္ကစ္စေဝမာဒီဟိ— သာသ အစရှိကုန်သော၊ ဓာတူဟိ-၌၊ ရုတ္တ ပစ္စယော ဟောတိ၊ သာသတိ—ဆုံးမတတ်၏၊ ဣတိ, သတ္ထာ—သတ္ထာ မည်၏၊ ဝါ—တနည်း၊ သသတိ ဟိံသတိ- ကိလေသာတို့ကို ညှဉ်းဆဲတတ်၏၊ ဣတိ, သတ္ထာ-၏၊ (၅၇၅)။

**ပါဒိတော ရိတု** ၅၆၇။ ပါဒ္ဒစ္စေဝမာဒိဟိ-ပါအစရှိကုန်သော၊ ဓာတူဟိ-၌၊ ရိတုပစ္စယော ဟောတိ၊ ပုတ္တံ-သားကို၊ ပါတိ—စောင့်ရှောက်တတ်၏၊ ဣတိ, ပိတာ—ပိတာ မည်၏၊ [ မာတာပိတူဟိ— မိဘတို့သည်၊ ဓာရိယတေ-ဆောင်ရွက်အပ်၏၊ ဣတိ, ဓီတာ-ဓီတာ မည်၏၊ သမီး၊] (၅၇၆)။

---

လိင်ဝုစ်ဝိဘတ် အားလျော်စွာဖြစ်ကြရ၏၊အယံ ပထမော မဟာထေရော သန္တော သံဝိဇ္ဇမာနော လောကသ္မိံ၊ ဤ၌ မဟာထေရော၏ ဝိသေသနပုဒ် ဖြစ်သော ကြောင့် ထိုပုဒ်၏ ပုလ္လိင် ပဌမာ ကေဝုစ်သို့ လိုက်၍“သန္တော သံဝိဇ္ဇမာနော”ဟု ထားရသည်၊“စတ္တာရော မေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ”၌ ပဌမာဗဟုဝုစ် ဖြစ်ပုံကိုလည်းကောင်း“အင်္ဂီရသံ ပဿ ဝိရောစမာနံ”၌ ပုလ္လိင် ဒုတိယာကေဝုစ် ဖြစ်ပုံကိုလည်းကောင်း ဤသို့စသည်ဖြင့် ဝိဘတ် ၇-သွယ် လုံး သိပါ၊ အချုပ်မှာ—“ကတ္တား လက္ခဏ - ဟိတ်နက်ရ, မာန အန္တ ပဌမာ၊ ကံလက္ခဏ, ဟိတ်နက်ရ, မာနအန္တ ဒုတိယာ” စသည်ဖြင့် သတ္တမီဝိဘတ် တိုင်အောင် သိပါ။

၅၆၆။ **သာသာဒိဟိ**။ ။“**သာသ**=အနုသိဋ္ဌိမှိ (ဆုံးမခြင်း၌)”ဟု ဓာတ်ကျမ်း ရှိသောကြောင့် “**သာသတိ**— (နတ်နှင့်တကွသော လောကကို ဒိဋ္ဌဓမ္မိက စသော အကျိုးရှိအောင်) ဆုံးမတော်မူတတ်၏”ဟုပေး၊ ရုပ်ကို အခြေပြုကြည့်တွက်၊ သာသာဒိဟိ၌ အာဒိဖြင့်“**သသု**=ဟိံသာယံ (ညှဉ်းဆဲခြင်း၌)” ဟူသော ဓာတ်ကို ယူဖို့ရန် “**သသတိ ဟိံသတိဝါ သတ္ထာ**”ဟု မိန့်၊ သို့သော် ထိုဓာတ်ကို ရှာသဉ် မဖွင့်သော ကြောင့် နောက်ဆရာတို့ ထည့်ပါ၌ ဖြစ်ဟန်တူသည်၊ ထိုအာဒိဖြင့် “ ဝသဓာတ်ကို လည်း ယူ၍ “ဝသန္တိ ဧတ္ထာတိ ဝတ္ထု=တည်နေရာအရပ်”ဟုလည်း ဆိုကြသေး၏၊ သို့သော် ဝတ္ထုသည် ဝသဓာတ် တုပစ္စည်းဖြင့် ပြီးသင့်သောကြောင့် လည်းကောင်း ထိုဝတ္ထုပုဒ်က သတ္ထာဒိမဟုတ် (အာယုစက္ခုကဲ့သို့ ရုတ္တာဒိ) ဖြစ်သောကြောင့်လည်း ကောင်း စဉ်းစားသင့်သည်။

၅၆၇။ **ပါဒိတော**။ ။ပါ-ရက္ခဏေ (စောင့်ရှောက်ခြင်း၌)ဟူသော ဓာတ် နောင် ရိတုသက်၍ ပိတာဟုဖြစ်၏၊ သဒ္ဒနီတိ၌ကား ပီဓာတ်ဖြင့် “ပုတ္တံ ပိယာယတိ— ချစ်တတ်၏၊ ပိနေတိ တပ္ပေတိ=နှစ်သက်တတ်၏၊ ဣတိ, ပိတာ”ဟု ပြသေး၏၊ ပါဒိ၌ အာဒိဖြင့် “ဓာ=ဓာရဏေ” (ရူပ၌“ဓေ=ဓာရဏေ”ဟု ရှိ၏၊) ဟူသော ဓာတ်ကိုယူ၍ ဓာနောင် ရိတုသက်, ရမှိရန္တောဖြင့် ရ်အနုဗန်နှင့်တကွ ဓာတွန် အာကိုချေ(မ်+ဣတု) ကွစိဓာတုသုတ်ကြီးဖြင့် ဣကို ဒီဃပြု၍ “ဓီတု”ဟုဖြစ်၏၊ [ဤ“ဓီတာ”ပုဒ်ကို ရူပသိဒ္ဓိ နှင့် နီတိတို့ ဤသုတ်၌ ပြကြ၏၊ ကစ္စည်း သီမူ၌လည်း“ပါဒိတော=ပါဒ္ဒစ္စေဝမာဒိဟိ” ဟု အာဒိသဒ္ဒါ ပါ၏၊ ယခု ကစ္စည်းမြန်မာမူ၌ “ပါတိတော”ဟု ဓာတုနိဒ္ဒိဋ္ဌ တိ အက္ခရာဖြင့် ရှိ၍ နောက်သုတ်ဤမှ ဓီတာကို ပြသည်။]

**မာနာဒီဟိ ရာတု**

၅၆၈။ မာန ဣစ္စေဝ မာဒီဟိ ဓာတူဟိ ရာတု ပစ္စယော ဟောတိ- [ရိတုပစ္စယောစ-ရိတုပစ္စည်းလည်း သက်၊] ဓမ္မေန-တရားသဖြင့်၊ ပုတ္တံ-သားကို၊ မာနေတိ-မြတ်နိုးတတ်၏၊ ဣတိ, မာတာ—မည်၏၊ ပုဗ္ဗေ-ရှေး၌၊ ဘာသတိ-ပြောတတ်၏၊ ဣတိ, ဘာတာ (အစ်ကို)၊[မာတာပိတူဟိ ဓာရိယတိ ဣတိ, ဓိတာ၊] (၅၇၇)။

**အာဂမာ တုကော**

၅၆၉။ အာ ဣစ္စာဒိမှာ — အာ ဥပသာရ အစရှိသော၊ ဂမိတော-ဂမုဓာတ်မှ နောက်၌၊ တုက ပစ္စယော ဟောတိ၊ အာဂစ္ဆတိ—လာတတ်၏၊ ဣတိ, အာဂန္တုကော—မည်၏၊ ဘိက္ခု—အာဂန္တု ရဟန်း ရ၏၊ (၆၁၁)။

**ဘဗ္ဗေ ဣက**

၅၇၀။ ဘဗ္ဗေ-၌၊ ဂမုဣတိ-ဂမုဟူသော၊ တေမှာ ဝ ဓာတုမှာ-ဤ ဓာတ်မှနောက်၌၊ဣကပစ္စယော ဟောတိ၊ ဂမိယတိ ဂန္တုံ ဘဗ္ဗော-သွားထိုက်၏၊ ဣတိ, ဂမိကော—ဂမိက မည်၏၊ ဘိက္ခု—ခရီးသွားမည့် ရဟန်း ရ၏၊ (၆၁၂)။....ဣတိ ကိဗ္ဗိဓာနကပ္ပေ ဒုတိယော ကဏ္ဍော။

---

၅၆၈။ မာနာဒီဟိ။ ။မေတ္တာဖြင့်လည်းကောင်း ကာမသဘော မပါသော ပေမ (အချစ်ရိုးရိုး) စိတ်ဖြင့်လည်းကောင်း မြတ်နိုးတတ်သည်ကို "ဓမ္မေန မာနေတိ" ဟု ဆိုသည်၊ အာဒိဖြင့် ဘာသဓာတ်ကိုယူ၊ ပုဗ္ဗေ ဘာသတိ၌ ပုဗ္ဗေဟု ထည့်ထား သည်မှာ "အစ်ကို" အနက်ကို ရစေလိုသောကြောင့်တည်း၊ "ကနိဋ္ဌဘာတာ - ညီငယ်"ဟူရာ၌ကား "ပစ္ဆာ (နောက်မှ ဘာသတီတိ ဘာတာ"ဟု သဒ္ဒနီတိ ပြု၏၊ [ယခု ကစ္စည်းစာမူများ၌ ဤသုတ်ဖြင့် ရိတုပစ္စည်း သက်၍ ဓီတာကို ဤသုတ်ကျမှ ပြု၏၊ ထိုသို့ပြုရာ၌ ဤသုတ်ဖြင့် ရိတုပစ္စည်းကို ဆည်းယူဖို့ရာ စ သဒ္ဒါလည်း မပါ၊ အလိုလို လိုက်ဖို့ရာလည်း "ရာတု" ပစ္စည်းရှိနေသောကြောင့် လိုက်ရိုးမရှိ၊ ထို့ကြောင့် ရူနှင့် နီတိတို့ ရှေ့သုတ်မှာပင် ပြုခဲ့ကြသည်။]

၅၆၉။ အာဂမာ။ ။"အာပုဗ္ဗော-အာရှေးရှိသော+ဂမော-ဂမုဓာတ်တည်း၊ အာဂမော-အာ ရှေးရှိသော ဂမု၊ "အာပုဗ္ဗဂမာ"ဟု ဆိုလိုလျက် ပုဗ္ဗကို ချေသည်၊ ဂမိတော၌ ဣအက္ခရာကား ဓာတုနိဒ္ဒိဋ္ဌတည်း၊ ဂမခန ဟနာဒီနံ တုံတဗ္ဗာဒီသုနသုတ်ဖြင့် (မ်)ကို (န်) ပြု၍ ရုပ်ငြိးစေ၊ "ဘိက္ခု" ကား အာဂန္တုကော၏ အဘိဓေယျတည်း၊ ရဟန်းသာမက, လူဧည့်သည်လည်း အာဂန္တုကပင် မည်၏။

၅၇၀။ ဘဗ္ဗေ။ ။ဘဗ္ဗသဒ္ဒါသည် အရဟသက္ကာဒီသုစသုတ်၌ အာဒိအရတွင် ပါဝင်၏၊ ထိုသုတ်လာ ပုဒ်များလည်း တုံပစ္စယန္တပုဒ်နှင့် ဆက်သွယ်ရသော ပုဒ်များ တည်း၊ ထို့ကြောင့် "ဂန္တုံ+ဘဗ္ဗော"ဟု ဂမုဓာတ် တုံပစ္စည်းဆုံးသောပုဒ်နှင့် တွဲ ဖက်၍ ဝိဂ္ဂြိုဟ်ပြုရသည်၊ ဂမိကော-ခရီးသွားခြင်းငှာ ထိုက်သူ, ခရီးသွားမည့်သူ၊ [ယခု စာတို့၌ "ဂမိယတိ" ဟု တွေ့ရသေး၏၊ ထိုဂမိယတိသည် ကမ္မရုပ်သာဖြစ်၍ "ဘဗ္ဗော" ကား သွားထိုက်သူ, သွားမည့်သူ ဟူသော ကတ္တားဟော ဖြစ်သောကြောင့် "ဂမိ ယတိ" သည့် ပါဠိပျက်သာတည်း၊ ဆရာတို့ကား "ဂမိဿတီတိ ဂမိကော"ဟုပြု၏၊ "ဂမိဿတိ- သွားထိုက်လတ္တံ့"ဟု အနက်ပေး၍ မဖြစ်သောကြောင့် စဉ်းစားပါ။]

၅၇၁။ သင်္ချာနာမ **သမာသ** တဒ္ဓိတာ ချာတ ကိတ ပစ္စယာ ၊ပေ၊ **သိဇ္ဈန္တိ** ကပ္ပမှိ— **သင်္ချာ**, နာပ်, သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်ကျမ်း၌၊ သပစ္စယာ—ပစ္စည်းနှင့်တကွ ဖြစ်ကုန်သော၊ ယေ သဒ္ဒါ—အကြင် သဒ္ဒါတို့သည်၊ အနိဋ္ဌင်္ဂတာ-အပြီးသို့ မရောက်နိုင်ကုန်၊ တေ—ထို သဒ္ဒါတို့သည်၊ **သာဓနေန**—သာဓနေဖြင့်၊ နိရိက္ခိတ္တာ—ငဲ့၍၊ ဝါ—ပြ၍၊ သကေဟိ **သကေဟိ**-မိမိ ဉစ္စာ မိမိဉစ္စာ ဖြစ်ကုန်သော၊ နာမေဟိ—**နာမ**ည်တို့ဖြင့်၊ **နိပါတနာ**- ဝန်ကျစေ တတ် ပြီးစေတတ်**သော** ဉာသုတ်ကြီးဖြင့်၊ **သိဇ္ဈန္တိ**-ပြီးကုန်၏။

---

၅၇၁။ သင်္ချာ၊ပေ၊**ကိတကပ္ပမှိ**။ ။ဤ**စကားကား** အပိုထည့်အပ်သော ပက္ခိပန ဝုတ္တိတ**ည်း**၊ သုတ်၌ "ပစ္စယာ"ဟု ပစ္စည်းကိုပြထား၏၊ ထိုပစ္**စည်း**လည်း ကိတ်ခန်းဖြစ်၍ ကိတ်ပစ္စည်း**သာ ဖြစ်**သင့်၏၊ "ကိတ်ပစ္စည်းနှင့် စပ်၍ ရုပ်မပြီး နိုင်လျှင် ဉာသုတ်ဖြင့် ပြီး**အောင်** စီရင်ပါ"ဟု သုတ်တည်သော **အ**ရှင်ကစ္စည်း ဆရာ ဆိုလိုမည်ထင်သည်၊ ထို့ကြောင့် သင်္ချာ **နာမ်** သမာသ် တဒ္ဓိတ် အာချာတ် တို့ကို ဉာသုတ် စီရင်ရာနယ်ပယ်ဟု ပြထားခြင်းကို စဉ်းစားသင့်**သည်**။

သပ္ပစ္စယာ၊ပေ၊အနိဋ္ဌင်္ဂ**တာ**။ ။ပစ္စယာဒနိဋ္ဌာကို "သပ္ပစ္စယာ ယေသဒ္ဒါ အနိဋ္ဌင်္ဂတာ"ဟု ဖွင့်၏၊ ထိုသို့ ဖွင့်ရာ၌ **အ**နိဋ္ဌာကို "အနိဋ္ဌင်္ဂတာ"ဟု ဖွင့်ခြင်း သည် **သင့်ပါပေ၏**၊ ပစ္စယာကို "သပ္ပစ္စယာ"ဟု ဖွင့်ခြင်းကိုကား စဉ်းစားသင့်၏၊ ရှင်းပြဦးအံ့-သက္ကတ၌ "**ပစ္စယာတ်**"ဟု (သွာဝစနန္တနှင့် အလားတူ )ပုဒ်သည် နောက်ပုဒ်နှင့် သန္ဓိစပ်သောအခါ ( ဒ် ) ဖြစ်၍ စပ်ရိုးတ**ည်း**၊ ထို့ကြောင့် "ပစ္စ ယာ" **သည်** ဟိတ်**အ**နက်ဟော သွာဝစနန္တပုဒ်သာ ဖြစ်ထိုက်သည်၊ "ပစ္စည်း ကြောင့် မပြီးနိုင်ကုန်, ပစ္**စည်း**နှင့်စပ်၍ မပြီးနိုင်ကုန်"ဟု ဆိုလိုသည်။

တေ ၊ပေ၊ **နိရက္ခိတ္တာ**။ ။ "**တေ ၊ပေ၊ နာမေဟိ**" **တို့သည်** ပက္ခိပန ဝုတ္တိ **တည်း**၊ မိမိ**နာမည်** ဟူသည် "နစ္စံ နန္ဒံ" စသော "ကောရသ ဗာရသ" စသော **နာ**မည်များတည်း၊ ထိုထို **နာမည်**ရှိသည့်အတိုင်း ဉာသုတ်ကြီးက ပြီးစေသည်— ဟူလို၊ နိရက္ခိတ္တာကို နိဒ္ဒေသ၌ "ဩဃေတွာ"ဟု ဖွင့်၏၊ ဉျာသ **ကစ္စာယန ဝဏ္ဏနာ**တို့၌ "ပေက္ခိတွာ"ဟု**လည်း** ဖွင့်၏၊ ခေတ်နေပုံနှင့် ဖွင့်ပုံများ မလိုက်ရော ကြ, ပုဒ်ရင်းကပင် ပျက်နေရော့သလား ဟု ယုံမှားမိ**သည်**၊ "**သာဓနေန** + နိရက္ခိတ္တာ—ပြီး**စေ**ခြင်းဖြင့်+ငဲ့ကုန် ပြကုန်၍" ဟုလည်း အနက်ပေးကြ၏၊ ဆိုလို ရင်း အဓိပ္ပာယ်ကို နားမလည်ပါ။

**နိပါတနာ**။ ။ "နိပါတိယတေ— (မပြီးစီးသဖြင့် တာဝန်တက်နေမှုကို ပြီး**စေသောအား**ဖြင့်) တာဝန်ကျ**စေ**ခြင်း၊ နိပါတန—တာဝ**န်** ကျစေခြင်း၊ နာ ဝိဘတ်ကို(နာ **အာ** ဓယာဂဝိဘာဂဖြင့်)**အာ**ပြု၍ "နိပါတနာ"ဟု ပြီးစေ၊ ဤသို့

တာ၀-ရှေးဦးစွာ၊ သင်္ချာယံ-သင်္ချာ၌၊ ယထာ-ဥဒါဟရဏ်ကား၊ ကေဿ-ကေ သဒ္ဒါ၏၊ ကော-ကော အပြုသည်၊ ဟောတိ-၏၊ ဒဿ-ဒသ သဒ္ဒါ၏၊ ဒကာရဿ-ဒ အက္ခရာ၏၊ ရကာရာဒေသော စ-ရ အပြုသည်လည်း- ဟောတိ-၏၊ ကောစ-တခုလည်း၊ ဒသ စ-တဆယ်တို့လည်း၊ ကောရသ-တဆယ့်တခုတို့၊ ဒွိဿ-ဒွိသဒ္ဒါ၏၊ ဗာ-ဗာအပြုသည်၊ ဟောတိ၊ ဒဿ ဒကာရဿ ရကာရာဒေသော စ ဟောတိ၊ ဒွေစ-၂-ခုတို့လည်း၊ ဒသ စ, ဗာရသ-တဆယ့်နှစ်ခုတို့၊ ဒွိဿ ဗာ ဟောတိ၊ ဒဿ-၏၊ဝီသံ စ-ဝီသံ အပြုသည်လည်း၊ ဟောတိ၊ ဒွေစ-တို့လည်း၊ဝီသံ စ-၂၀-လည်း၊ ဗာဝီသံ-နှစ်ဆယ့်နှစ်၊ ဆဿ-ဆ သဒ္ဒါ၏၊ သော-သ အပြုသည်၊ ဟောတိ၊ ဒဿ ဒကာရဿ, ဠော စ-ဠ အပြုသည်လည်း၊ ဟောတိ၊ ဆ စ-၆-ခုတို့လည်း၊ ဒသ စ, သောဠသ-တဆယ့်ခြောက်ခုတို့၊ ဆ အာယတနမှိ-ဆ အာယတနပုဒ်၌၊ ဆဿ-စ, ဆ သဒ္ဒါ၏၊သဠော-သဠအပြုသည်၊ ဟောတိ၊ သဠာယတနံ-၆-ပါးသော အာယတန၊ ဝေ-တူ၊ သေသာ-ကြွင်းကုန်သော၊ သင်္ချာ-သင်္ချာတို့ကို၊ ကာတဗ္ဗာ-ပြုထိုက်ကုန်၏။

---

တာ၀န် တက်နေသောအရာကို တာ၀န်ကျေခြင်း (ပြီးစေခြင်း)သည် သုတ်ကြီးတို့၏ စွမ်းရည်သတ္တိပင်တည်း၊ ထို့ကြောင့်“ နိပါတနလက္ခဏေန-တာ၀န်ကျေစေခြင်း (ပြီးစေခြင်း)ဟူသော သုတ်ဖြင့်၊ သိဇ္ဈန္တိ-ပြီးစီးကြကုန်၏”ဟု ချာသ စသည်၌ ဖွင့်သည်၊ ဤသုတ်ကား “မဟာသုတ္တာ တေသုဝုဒ္ဓိ”စသော သုတ်ကြီး ၄-သုတ်တွင်ပါဝင်သော သုတ်ကြီး တသုတ်တည်း၊ ဤသုတ်ကြီးနှင့်စပ်၍ နိရုတ္တိနည်း ၅-ပါးကို ရှေ့၌ ပြခဲ့ပြီ။

ယထာ, သင်္ချာယံ တာ၀။ ။ကောရသ၌ “ကေဒသ” တည်, [သင်္ချာ တဒ္ဓိတ်ရုပ် ပြီးပြီးသော အနေအားဖြင့် တည်သည်၊] ဤသုတ်ကြီးဖြင့် ကေကို ကော, ဒကို ရပြု၊ ကောရသ ပြီး၏၊ “ဒွိဒသ” တည်, ဒွိကို ဗာပြု, ဒကို ရပြု၊ ဗာရသ ပြီး၏၊“ဒွိဒသ”ဟု တည်၊ [ဒသ၌ ဒသ ၂-ခုကို ကေသေသ်ပြုထားသော “ဒသ”ဟု မှတ်၊] ဒွိကို ဗာ, ဒသကို ဝီသံပြု၊ ဗာဝီသံ ပြီး၏၊ ဆဒသတည်, ဆကို သော, ဒကို ဠပြု၊ သောဠသ ပြီး၏၊ ဆ အာယတနံတည်, ဆကို သဠပြု၊ သဠာယတနံ ပြီး၏၊ ဤ ပြခဲ့သော ရုပ်များသည် သင်္ချာ တဒ္ဓိတ်ခန်း၌ “ဒွေကဋ္ဌာနံ မာကာရော ဝါ” စသော သုတ်ကလေးများဖြင့် ပြီးပြီးသား ဖြစ်၏၊ သို့သော် ဤသုတ်ကြီး၏ ပဇ္ဇုန္နဂတိက နည်းဖြစ်ကြောင်းကို ပြလို၍ ဤ၌ ပြပြန်သတတ်၊ နောက်၌လည်း သုတ်ငယ်များဖြင့် ပြီးပြီးလျက် ထပ်၍ ပြသမျှဝယ် ပဇ္ဇုန္နဂတိကနည်းကို ပြသည်ဟုချည်း မှတ်ပါ။ [ ရေရှိသောအရပ်၌ ထပ်၍ မိုးရွာခြင်း, မရှိသောအရပ်၌ ရွာခြင်းကို ပဇ္ဇုန္နဂတိကနည်းဟု ဆိုသည်။]

နာမိကေ-နာမ်ပုဒ်၌၊ တာဝ-ဌာ၊ (ယထာ-ကား၊) ဠုမ သမာန အပရ ဟူ၍ တော့—ဠုမ, သမာန, အပရသဒ္ဒါတို့မှ နောက်၌၊ ဇ ဇု၊ ပစ္စယာ—ဇ ပစ္စည်း ဇု ပစ္စည်းတို့သည်၊ ဟောန္တိ၊ ဠုမ သမာနသဒ္ဒါနံ—ဠုမသဒ္ဒါ, သမာနသဒ္ဒါတို့၏၊ အကာရ သကာရာဒေသာစ-အ အပြု, သ အပြုတို့သည်လည်း၊ ဟောန္တိ၊ ဠုမသ္မိံ ကာလေ-ဤအခါ၌၊ အဇ္ဇ, အဇ္ဇု-ဤအခါ၌၊ သမာနေ ကာလေ-တူသောအခါ၌၊ သဇ္ဇ, သဇ္ဇု-တူသောအခါ၌၊ အပရသ္မိံ ကာလေ—တပါးသော အခါ၌၊ အပရဇ္ဇ အပရဇ္ဇု - တပါးသောအခါ၌၊ သမာသေ—သမာသ်၌၊ တာဝ—ဌာ၊ (ယသာ-ကား၊) ဘူမိဂတော-မြေသို့ သွားသူ၊ [သံသာရဒုက္ခအထိ သမာသ် အမာဒယော ပရပဒေဘိသုတ်၌ အနက်ပေးခဲ့ပြီ၊] ပုဗ္ဗာပရံ-ရှေ့ နောက်၊ တဒ္ဓိ တေ-၌၊ တာဝ, ယထာ၊ ဝါသိဋ္ဌော—ဝသိဋ္ဌ၏သား၊ ဘာရဒ္ဒါဇော-ဘာရဒ္ဒါဇ ၏သား၊ ဘဂ္ဂဝေါ—ဘဂ္ဂု၏သား၊ ပဏ္ဍဝေါ—ပဏ္ဍု၏ သား၊ ကာလေယျော—ကာလိ၏သား။

အာချာတေ-၌၊ တာဝ, ယထာ၊ အသ—ဘာသဓာတ်၏၊ ဘာဝေ-ဖြစ်ခြင်း အနက်၌၊ ( ဝတ္တတိ—ဖြစ်၏၊ ) ဠုတိ ဝါဘုတော—ဤ ဓာတ်မှ နောက်၌၊ ဝတ္တမာနေသု—ဖြစ်ဆဲကုန်သော၊ ကေဝဝန ဗဟုဝစနေသု – ကေဝုစ် ဗဟုဝုစ်

---

**နာမိကေ တာဝ။** ။ဠုမ, သမာန အပရတို့သည် နာမ် (လိင်)တို့တည်း၊ ထိုပုဒ်တို့နောင် ဤသုတ်ကြီးဖြင့် ဇ ဇု ပစ္စည်းသက်၍ ဠုမကိုလည်း အ, သမာန ကိုလည်း သပြု၊ ထို့နောက် အနက်အားလျော်စွာ ဆိုင်ရာဝိဘတ်ကို သက်စေ၍, သဗ္ဗာသမာဝုသောဖြင့် ချေ၊ အဇ္ဇ, အဇ္ဇု-ယနေ့၌ (သ္မိံဝိဘတ်)၊ "အဇ္ဇ-ယနေ့ ကား" ဟု ပေးလျှင် သိဝိဘတ်၊ သဇ္ဇ သဇ္ဇု အပရဇ္ဇ အပရဇ္ဇုတို့၌လည်း နည်းတူ၊ [ နာမ်ပုဒ်နောင် ပစ္စည်းသက်ရသဖြင့် တဒ္ဓိတ်တွင်း၌ ဝင်သင့်သောကြောင့် ရူပသိဒ္ဓိဝယ် ဤရုပ်များကို တဒ္ဓိတ်-ယဒနု သုတ်ကြီး၌ ပြသား၏၊ ထိုနည်းကာ သာ၍ သင့်ပေသည်။]

**သမာသေ တဒ္ဓိတေ။** ။ "သမာသေ တာဝ, တဒ္ဓိတေ တာဝ" အစရှိသော သမာသ်ရုပ် တဒ္ဓိတ်ရုပ်များလည်း သမာသ်တဒ္ဓိတ်ဝယ် သုတ်ဝယ်များဖြင့်ပြီးခဲ့ပြီ၊ ဤသုတ်၏ ဝုတ္တိအလိုကျ ကျက်လျှင် " ဘူမိ + ဂတော " ၌ ဤ သုတ်ကြီးဖြင့် သမာသ်စပ်၍ တပ္ပုရိသ်မှည့်ဟု ဆို၊ ဝါသိဋ္ဌော၌လည်း " ဝသိဋ္ဌသ + အပစ္စံ " ဟု တည်, ဤသုတ်ကြီးဖြင့် ဏာစ္စည်း သက်၍ ဏ် အနုဗန်ကိုလည်း ချေဟု ဆို၊ ကြွင်းသော အစီအရင်များကို သုတ်ဝယ်များဖြင့် စီရင်။

**အာချာတေ။** ။ "အသ" တည်, ဘာဝေ (ဘုဝိ)ဖြစ်ခြင်း၌ဟု ဆို၊ ဓာတ်နှင့် ချေ, တိ ဝိဘတ်သက်, ဤသုတ်ကြီးဖြင့် ဓာတ်နှ (သ်) နှင့်တကွ တိကို ဿပြု၊ အဿ ပြီး၏၊ တိ ဝိဘတ်ဖြစ်သောကြောင့် "ဖြစ်ရာ၏" ဟု မပေးပဲ "ဖြစ်၏" ဟု

ဝိဘတ်တို့တွင်၊ ကေဝစနဿ- ကေဝုစ်ဖြစ်သော၊ တိဿ- တိဝိဘတ်၏၊ အန္တေန- ဝါတွန်(သ်)နှင့်၊ သဟ-တကွ၊ ဿော-ဿ အပြုသည်၊ ဟောတိ၊ ဗဟုဝစနဿ- သော၊ အန္တိဿ-အန္တိဝိဘတ်၏၊ အန္တေန သဟ, ဿု-ဿု အပြုသည်၊ ဟောတိ၊ ဝေ-ဤသို့၊ ဝစနီယော-ဆိုထိုက်သည်၊ အဿ-ဖြစ်၏၊ ဝေ-ဤသို့၊ ဝစနီယာ- ကုန်သည်၊ အဿု-ဖြစ်ကုန်၏၊ အာဏတ္တိယံ-စေခိုင်းခြင်း အနက်၌၊ ဟိဿ-ဟိ ဝိဘတ်၏၊ ဿု-ဿု အပြုသည်၊ ဝါ ဟောတိ-ဝိကပ်ဖြစ်၏၊ ဂစ္ဆဿု, ဂစ္ဆာဟိ- သွားလော၊ ကိတကေ-၌၊ တာဝ, ယထာ၊ ဝဒ ဟန ဣစ္စေဝမာဒီဟိ-ဝဒ, ဟန ဤသို့ အစရှိကုန်သော၊ ဓာတူဟိ-တို့မှနောက်၌၊ က ပစ္စယော ဟောတိ၊ ဝဒဿ- ဝဒဓာတ်၏၊ ဝါဒေါ်စ-ဝါဒ အပြုသည်လည်း၊ ဟောတိ-၏၊ ဟနဿ-ဟနဓာတ် ၏၊ ဃာတော စ ဟောတိ၊ ဝါဒကော-ပြောဆိုတတ်သူ၊ ဃာတကော-သတ် တတ်သူ၊ နုတဓာတုတော-နုတဓာတ်မှ နောက်၌၊ တ ပစ္စယဿ-၏၊ အန္တေန- ဓာတွန်(တ်)နှင့်၊ သဟ-တကွ၊ စ္စ ဋ္ဋာဒေသာ-စ္စ အပြု ဋ္ဋ အပြုတို့သည်၊ ဟောန္တိ- နစ္စံ နဋ္ဋံ-ကခြင်း၊ ဣစ္စေဝမာဒယော-ဤသို့အစရှိသော ရုပ်တို့သည်၊ နိပါတနာ၊ ဖြင့်၊ သိဇ္ဈန္တိ-ကုန်၏၊ (၆၂၅)။

---

ပေး၊ အဿု၌ အန္တိကို သုပြုရုံသာ၊ [“ဧဝမဿ ဝစနီယောတိ-ဧဝံ ဝတ္တဗ္ဗော ဘဝေယျ”ဟု ဖွင့်သော ပဌမ သံဃာဒိသေသ အဋ္ဌကထာအလိုမူ အဿ၌ ဧယျ ဝိဘတ်သာတည်း၊ အဿု၌လည်း ဧယျုံသာ ဖြစ်သင့်သည်၊ အနက်ကိုကား “ဝစနီယော အဿ=ပြောဆိုထိုက်၏”ဟု ပေါင်း၍ အရဟတ္ထ ပေးသင့်၏၊ အဿ စသည်၌ ရူပသိဒ္ဓိ ဝိဂြိုဟ်ကို တုဿတ္ထုတ္တံသုတ် အဆက်မှာကြည့်။]

စဉ်းစား။ ။“အာဏတ္တိယံ ဟိဿ ဿု ဟောတိဝါ”စသည်ကို စဉ်းစား သင့်သည်၊ ဘာ့ကြောင့်နည်း....ဿုဝိဘတ် ဟိဝိဘတ် ၂-မျိုးလုံးပင် အာဏတ္တိ အနက်ကို ဟောနိုင်ရကား ဂစ္ဆဿု၌ ဟိမှဖြစ်သော ဿု မဟုတ်, နဂိုရ် ဿု ဝိဘတ်ပင် ဖြစ်သောကြောင့်တည်း။

ကိတကေ။ ။“ဝဒ=ဝိယတ္တိယံ ဝါစာယံ”ဓာတ်နောင် ဤသုတ်ကြီးဖြင့် ကပစ္စည်းသက်၍ ဝဒ်ကိုလည်း ဝါဒပြု၊ “ဟန=ဟိံသာယံ”ဓာတ်နောင် က ပစ္စည်းသက်၍ ဟန်ကိုလည်း ဃာတပြု၊ ဝါဒကော, ဃာတကော ပြီး၏၊ [ဝဒ ဓာတ် ဟနဓာတ် ဏွုသက်, ဝ၏ အကို ဝုဒ္ဓိပြု, ဏွုကို အကပြု၍လည်းကောင်း, ဟနဿ ဃာတောသုတ်ဖြင့် ဟနကို ဃာတပြု၍ လည်းကောင်း ပြီးနိုင်ကြ၏၊] “နုတ=ဂတ္တဝိနာမေ” ဓာတ်နောင် ဘာဝကမ္မေသုတဖြင့် တပစ္စည်းသက်၊ ဤ သုတ်ဖြင့် ဓာတွန်(တ်)နှင့်တကွ တပစ္စည်းကို စ္စပြု, ဋ္ဋပြု,နာမ်ငဲ့, သိ, အံပြု ပြီး၏။

သာသ၊ပေ၊ရိဋ္ဌောစ ၅၇၂။ ဌာနေ—သင့်လျော်ရာဌာနၣ်၊ **သာသဒိသ** ဣတိ ဝေမာဒီဟိ ဓာတူဟိ—တို့မှ၊ (ပရဿ-သော၊)**တပစ္စယဿ**-၏၊ ရိဋ္ဌာဒေသော ဟောတိ၊ မယာ-တပည့်တော်သည်၊ သော-ထိုရဟန်းလောင်းကို၊ အနုသိဋ္ဌော-သွန်သင်အပ်ပါပြီ၊ မေ—ငါသည်၊ ရူပံ—အဆင်းကို၊ ဒိဋ္ဌံ-မြင်အပ်ပြီ၊ **စဂ္ဂဟာနေန**-ဖြင့်၊ **ကိစ္စတကာရဿစ** - ကိစ္စပစ္စည်း၏ တ အက္ခရာ၏လည်းကောင်း၊ တုံပစ္စယဿစ-၏လည်းကောင်း၊ ရဋ္ဌရဋ္ဌုံအာဒေသာ-ရဋ္ဌ, ရဋ္ဌုံ အပြုတို့သည်· ဟောန္တိ၊ ဒဿနီယံ—ကြည့်ရှုထိုက်သော အရာသည်၊ ဒဋ္ဌဗ္ဗံ—ဒဋ္ဌဗ္ဗ မည်၏၊ သမဏာနံ—ရဟန်းတို့ကို၊ ဒဋ္ဌုံ—ဖူးမြင်ခြင်းငှာ၊ ဝိဟာရံ—ကျောင်းသို့၊ ဂစ္ဆန္တိ-သွားကုန်၏၊ (၆၂၆)။

သာဒိ၊ပေ၊ဌော ၅၇၃။ ဌာနေ—သင့်လျော်ရာ ဌာနၣ်၊ သကာရန္တ ပုစ္ဆ ဘဉ္ဇ ဟံသ ဣစ္စေဝမာဒီဟိ-သ အဆုံးရှိသောဓာတ်, ပုစ္ဆ ဘဉ္ဇ, ဟံသ ဤသို့ **အစရှိကုန်**သော၊ ဓာတူဟိ(ပရဿ)တပစ္စယဿ-၏၊ အာဒိ-ဗျဥ္ဇနေန-အစဖြစ်သော ဗျည်းနှင့်၊ **သဟ**-တကွ၊ ဌာဒေသော-ဋ္ဌ အပြုသည်၊ ဟောတိ၊တုဋ္ဌော-

---

၅၇၂။ **စဂ္ဂဟဏေန**။ ။ရိဋ္ဌောစၣ် စသဒ္ဒါဖြင့် ဆည်းအပ်သော အနက်တို့ကို ပြလို၍ "စဂ္ဂဟဏေန"စသည်ကို မိန့်၊ စသဒ္ဒါဖြင့် ကိစ္စပစ္စည်းဖြစ်သော တဗ္ဗတေယျတို့၏ **တအက္ခရာကို** ရဋ္ဌပြု, တုံပစ္စည်းကို ရဋ္ဌုံပြုဖို့ရန် ဆည်းသည်၊ ဒဿနီယံသည် ဒဋ္ဌဗ္ဗံ၏ အနက်ပြတည်း၊ ဤသုတ်၏ပုံစံမှာ "ဒဋ္ဌဗ္ဗံ"သာ၊ "ဒိသ= ပေက္ခဏေ" ဘာဝကမ္မေသု တဗ္ဗာနီယာဖြင့် တဗ္ဗသက်၊ ဤ **စသဒ္ဒါဖြင့် တဗ္ဗ၏** တကို ရဋ္ဌပြု (ဒိသ်+ရဋ္ဌဗ္ဗ)၊ ရမှိရန္တောဖြင့် စီရင်၊ (ဒိ+အဋ္ဌဗ္ဗ) ဒ်ခွင်း ချေကပ်, နာမ်ငဲ့ စသည်၊ ဒိသဓာတ် တေယျပစ္စည်းဖြင့် "ဒိဋ္ဌေယျံ-မြင်သင့် မြင်ထိုက်သော ရူပါရုံ" ဟုလည်း ရှိ၏၊ ဒဋ္ဌုံ၌ကား "ဒိသ+တုံ" တုံကို ရဋ္ဌုံပြု (ဒိသ်+ရဋ္ဌုံ) **အကြွင်းရှေ့နည်း** စီရင်၊ တိပစ္စည်းဖြင့် အနုသိဋ္ဌိ—သွန်သင်ခြင်း၊ ဒိဋ္ဌိ—မြင်ခြင်း၊ ရုပ်များကိုလည်း ဤ စသဒ္ဒါဖြင့်ပင် စီရင်၊ [ ဒဋ္ဌုံနှင့် စပ်၍ မှတ်ဖွယ်ကို ရူ ဘာသာဋီကာ ဤသုတ်အဖွင့်၌ ပြထားပြီ။]

၅၇၃။ **သာဒိ**။ ။"**သဟာဒိဗျဥ္ဇနေန**"သည် ဤသာဒိ၏ **အဖွင့်တည်း**၊ ဤအဖွင့်ကိုထောက်၍"**သဟ + အာဒိနာတိ သာဒိ**"ဟု ဝိဂ္ဂဟ သနပရပဒတပ္ပုရိသ် ပြုသင့်၏၊["သာဒိ-**အစ**ဗျည်းနှင့်တကွ"ဟု အနက်ဆို၍ ဌော ဟောတိ၌ ဝိသေသန အဖြစ်ဖြင့်စပ်၊ ချာသနှင့် ရူတို့၌ကား"အာဒိနာ+သဟ ဝတ္တတီတိ သာဒိ" ဟု ပဉ္စမာဗဟုဗ္ဗီဟိ ပြုလေ၏၊] "**အစ**"ဟူသည်လည်း "တုသ+တ"ဟု ရှိနေရာ ဝယ် တပစ္စည်း၏ ရှေ့ဖြစ်သော ဓာတ္ဝန်သာတည်း၊ ဆိုလိုရင်းမှာ—"ဓာတ္ဝန်နှင့် တကွ တကို ဋ္ဌပြု"ဟု ဆိုလိုသည်၊ ဋ္ဌပြုရာ၌ ဋ္ဌသံယုဂ်နှင့်တကွ ဋ္ဌ (ဋ္ဌ)ပြုရမည်

နှစ်သက်သူ၊ အဟိနာ—မြွေသည်၊ နရော-လူကို၊ ဒဋ္ဌော - ကိုက်အပ်ပြီ၊ မယာ-ငါသည်၊ ပုဋ္ဌော- မေးအပ်ပြီ၊ ဘဋ္ဌော- နှင်းနယ်အပ်ပြီ၊ ပဘဋ္ဌော- အပြားအားဖြင့် နှင်းနယ်အပ်ပြီ၊ ဟဋ္ဌော- ရှင်လန်းပြီ၊ ပဟဋ္ဌော- အပြားအားဖြင့် ရှင်လန်းပြီ၊ ယိဋ္ဌော- ပူဇော်အပ်ပြီ၊ ဧဝံ- တူ၊ အညေပိ ဓာတဝေါ—အခြားဓာတ်တို့ကိုလည်း၊ သဗ္ဗတ္ထ- အလုံးစုံသော အရာတို့၌၊ ယောဇေတဗ္ဗာ- ကုန်၏၊ (၆၂၇)။

ဝဿတော ဥဠ ၅၄၇။ ဌာနေ—၌၊ ဝသဣတိ ဓာတုမှာ ဓာတုမှာ (ပုရဿ) တကာရပစ္စယဿ—တ ပစ္စည်း၏၊ အာဒိဗျဥ္ဇနေန သဟ ဥဋ္ဌာဒေသော ဟောတိ၊ ဝဿံ—မိုးလပတ်လုံး၊ ဝုဋ္ဌော-နေပြီးသူ၊ (၆၁၄)၊ [ဝသ

---

ကိုလည်း သတိပြုပါ။ [ဟံသဓာတ်ကို သီးခြားဆိုရခြင်း၏အကျိုးကို ရှု၌ တိုက်ရိုက် ဆိုထားပြီ။]

ပုံစံများ။ ။ တုဋ္ဌော (တုသ-ပီတိမှိ) ဒဋ္ဌော (ဒံသ=ဒံသနေ) တို့သည် သန္တ၏ ပုံစံ၊ ပုဋ္ဌော-ပုစ္ဆ၏ ပုံစံ၊ ဘဋ္ဌော, ပဘဋ္ဌောတို့ကား ဘန္စ = အဝမဒ္ဒနေ ဓာတ်၏ ပုံစံ၊ ပပုဗ္ဗ+ဘန္စတည်၊ [ "ဘဋ္ဌော-လျှောကျပြီ" ဟူရာ၌ "ဘသ—ဘဿနေ, တနည်း—"အဓော ပတနေ"ဟူသော ဓာတ်နှင့် "ဘဋ္ဌ-ပြောဆိုအပ်သော စကား"ဟူရာ၌ ဘာသဓာတ်တို့ကား သန္တအရ၌ ပါဝင်ကြပြီ၊ ဤ ဘန္စ ဓာတ်ဖြင့် ပြအပ်သော "ဘဋ္ဌ" ကား "ဘဋ္ဌဝီဟိ- နယ်အပ်သော ကောက်၊ ဘဋ္ဌ ဓည- လှော်အပ်သော စပါး"စသည်၏ ပုံစံတည်း၊] "ဟဋ္ဌော, ပဟဋ္ဌောတို့သည် ဟံသ—ဓာတ်၏ ပုံစံ၊ယိဋ္ဌောကား ဟံသာဒီဟိ၌ အာဒိ၏ ပုံစံတည်း၊ ဤအာဒိဖြင့်လည်းကောင်း, ဘန္စ အရ၌လည်းကောင်း ယူရသော ဓာတ်တွေ လွန်စွာ များလေ၏၊ ရှုမှာ ရှုပါ။ ["ကိဋ္ဌာဒိ- ကောက်စပါးကို စားလေ့ရှိသော နွား၊ ကဋ္ဌ-ထွန်အပ်သော လယ်" ဟူရာ၌လည်း ကသဓာတ်ဖြင့် ပြီး၏၊ ကိဋ္ဌ၌ကား ကၡ၏ အကို ကွဓိဓာတုဖြင့် ဣပြု၊ [ရုပ်ကို အခြေပြုကြည့်တွက်၊ ယိဋ္ဌောကို ယဇဿသရဿိဋ္ဌသုတ် ကြည့်။

**တ အက္ခရာ ပါသပျယူ။** ။ "တပစ္စယဿ"အရ တပစ္စည်းသာ မက, တ အက္ခရာပါသော တဗ္ဗ—တိ—တုံပစ္စည်းများကိုလည်း ယူ၍ "တုဋ္ဌဗ္ဗံ-နှစ်သက်ထိုက်၏" ဖုသဓာတ်ဖြင့် "ဖောဋ္ဌဗ္ဗံ-တွေ့ထိထိုက်သော အာရုံ၊" တုဋ္ဌိ—နှစ်သက်ခြင်း၊ သေဓာတ် ပရိပုဗ္ဗ သေဓာတ်တို့ဖြင့် "ဧဋ္ဌိ, ပရိယေဋ္ဌိ- ရှာခြင်း၊ ဝိပုဗ္ဗ သဇ ဓာတ်ကို အာဒိဖြင့်ယူ၍ "ဝိသဋ္ဌိ - စွန့်လွှတ်ခြင်း"၊ ဟရဓာတ် တုံပစ္စည်းဖြင့် "အဘိဟဋ္ဌုံ—ဆောင်ယူဖို့ရာ" စသည်လည်း ဖြစ်သေး၏။

---

၅၇၄။ ဝုဍ္ဎ, ဝုဋ္ဌ **အသုံးအဖြစ်။** ။ "ဝဿံ ဝုတ္ထော"စသည်၌ ဝုဋ္ဌဟု ဒန္တဇထဖြင့် ရှိခြင်းသည် ရူပသိဒ္ဓိနှင့် မောဂ္ဂလ္လာန်တို့ အလိုတည်း၊ မောဂ္ဂလ္လာန်

ခါတ်သည် **သ** အဆုံးရှိသော ခါတ်ဖြစ်ရကား ရှေ့သုတ်ဖြင့် ဠ ပြုမည် စိုးသော ကြောင့် ဤသုတ်ကို ဆိုရသည်၊ ရုပ်ကို အခြေပြုကြည့် တွက်၊ ဝတ္ထဗ္ဗံ, အဓိဝတ္ထာ တို့ကိုလည်း အခြေပြု၍ တွက်ပြထား၏၊ ရူဋ္ဌ်လည်း တမျိုးပြထားသေးသည်။]

**ဝဿ ဝါဝု** ၅၇၅။ ပရေ တပစ္စယေ, **ဝသဿေ၀** ခါတုဿ—ဝသ ခါတ်၏ ပင်၊ ဝကာရဿ-ဝ အက္ခရာ၏၊ ဥကာရာ **ဒေသော** ဝါ ဟောတိ၊ ဖြဟ္မစရိယံ— မြတ်သော အကျင့်ကို၊ ဝုသိတံ—ကျင့်သုံးအပ်ပြီ၊ ဥဋ္ဌော—နေပြီ၊ ဝုဋ္ဌော၀ါ- ဝုဋ္ဌောဟုလည်း ရှိ၏၊ (၆၁၅)။

---

နိဿယသစ်၌ကား သက္ကတသုံး ပါဠိသုံးများကို ထောက်ထား၍ "ဝဿံဝုဋ္ဌ, ပရိ ဝုဋ္ဌ"စသည်ဖြင့် မုဒ္ဓဇ (ဋ္ဌ) ဖြင့် ရှိသင့်ကြောင်းကိုလည်း**ကောင်း**, ရှေ့၌ ဥသရ မပါသော "ဝတ္ထဗ္ဗံ, အဓိဝတ္ထာ"စသည်၌ကား ဒန္တဇ ထဖြင့် ရှိသင့်ကြောင်းကို လည်း**ကောင်း** ခါဒိကဏ္ဍ (၁၁၀)သုတ်၌ **အကျယ်** ဆုံးဖြတ်တော်မူ၏။

**အကျဉ်းချုပ် ပြဦးအံ့။** ။ **ကစ္စည်းကျမ်း**၌ "သာသဒိသတော တဿ ရိဋ္ဌောစ, သာဒိသန္တ၊ပေ၊ဟံသာဒီဟိဋ္ဌော"သုတ်တို့နှင့်တ**ဆက်**တည်း ဤသုတ်ကို ပြထားသဖြင့် ထိုသုတ်များကဲ့သို့ မုဒ္ဓဇဋ္ဌနှင့် ဉဋ္ဌအပြုသာ ဖြစ်သင့်၏၊ ဿသ၌ လည်း ဥဋ္ဌောကို "**ဝသ**ခါတ်၏ ဝကို ဥပြု, သာဒိသန္တစသော သုတ်ဖြင့် ခါတ်န် သနှင့်တကွ တပစ္စည်းကို ဋ္ဌပြု"ဟု ရုပ်တွက်၏၊ ဥဋ္ဌောကို မုဒ္ဓဇ (ဋ္ဌ)ဖြင့် ရုပ်ပြီး စေလျှင် "ဝုဋ္ဌော, ဝဿံ ဝုဋ္ဌော"တို့၌လည်း မုဒ္ဓဇ(ဋ္ဌ)ပင် ဖြစ်သင့်၏၊ ရှေးကျ သော ပါဠိ,အဋ္ဌကထာ ပေစာတို့၌"ပရိဝုဋ္ဌ ပရိဝါသော, ဝဿံဝုဋ္ဌော"ဟုချည်း အရှိများ၏၊ [ထို့ကြောင့်**မင်** ရှေးနိဿယတို့၌ "ဝုဋ္ဌဟတိ-ထ၏"ဟူသောပါဌ်ကို နည်းမှီး၍ " ဝဿံ+**ဝု**ဋ္ဌော=ဝါမှ+ထသည်"ဟု ဝုဋ္ဌ**အတွက်** "ထ" ဟူသော **အနက်ကိုပင် ပေးမှားမိကြလေသည်။**] သက္ကတ၌လည်း **သာသ, ဝသ**ခါတ်တို့၏ ဒန္တဇ သကို ဋ-ဥ**မနောင်** မုဒ္ဓဇ သ ပြု၍, ထို့**နောက်** တကို ဋ္ဌပြု၏၊ (မုဒ္ဓဗောဓ "၁၁၀" သုတ်ကြည့်၊) ထို့**ကြောင့်** "သတ္ထ=ကျမ်းဂန်၊ သတ္ထာ—ဆရာ"တို့၌ ဋ္ဌ—ဥ**နောက်** **မဟုတ်**၍ ဒန္တဇ (ထ္ထဖြင့်) ရှိစေကာမူ, "အနုသိဋ္ဌော, ဒေဝေါ ဝုဋ္ဌော"တို့၌ ဋ္ဌ-ဥ**နောင်**ဖြစ်၍ မုဒ္ဓဇ (ဋ္ဌ) ဖြင့် ပါဌ်ရှိသကဲ့သို့ ဝဿံ ဝုဋ္ဌော, ပရိဝုဋ္ဌ ပရိဝါသော" စသည်၌**လည်း** မုဒ္ဓဇ (ဋ္ဌ)ဖြင့် ပါဌ်ရှိသင့်သည်။

---

၅၇၅။ ဝဿဝါဝု။ ။"တဂ္ဂဟဏဥ္စ ဝသဂဟဏဥ္စ ဝတ္တတေ=**သာသ** ဒိသတော တဿရိဋ္ဌောစသုတ်မှ တအဒ္ဒါနှင့် ရှေ့သုတ်မှ ဝသအဒ္ဒါလိုက်လာ၏" ဟု ဿသဆိုသောကြောင့် "ဝသဿေ၀ တပစ္စယေ"၌ "ဝသဿေ၀"ဟု သန္ဓိဋ္ဌာန် **အဝခါရဏ** ထည့်၍ ဖွင့်သည်၊ "ဝကာရဿ" ကား သုတ်၌ ပါသော

ဓဎ ဘဟေဟိ ဓဎာစ

၅၇၆॥ ဓဎ ဘဟ ဣစ္စေဝ မန္တေဟိ—ဓအောက်ခြိုက်, ဎရေမှုတ်, ဘကုန်း, ဟ အဆုံးရှိကုန်သော၊ ဓါတူဟိ ( ပရဿ ) တပစ္စယဿ ယထာက္ကမံ ဓဎာဒေသာ ဟောန္တိ၊ ယထာ—ကား၊ ဗုဒ္ဓေါ-သိတော်မူတတ်သော ပုဂ္ဂိုလ်၊ ဘဂဝါ-ဘုရားတည်း၊ ဝုဍ္ဎော-ကြီးရင့်သူ၊ ဘိက္ခု—ရဟန်း ရ၏၊ မေ-ငါသည်၊ ပတ္တစီဝရံ-သပိတ် သင်္ကန်းကို၊ လဒ္ဓ—ရအပ်ပြီ၊ အဂ္ဂိနာ-မည်သည်၊ ဝန်-တောကို၊ ဒဍ္ဎံ—လောင်အပ်ပြီ၊ (၆၀၈)॥

---

"ဝဿ"၏အဖွင့်တည်း၊ ထို့ကြောင့် သုတ်၌ "ဝသ"ဟု မရှိစေပဲ "ဝဿ"ဟု ရှိစေ၊ "ဥကာရော"ကား ဝုဍ္ဎ ဥ၏အဖွင့်တည်း၊ ထို့ကြောင့် ဝုဍ္ဎ ဝသည် ယဝ မဒနဖြင့် အပိုလာထားသော (အာဂမသန္ဓိဇ)အက္ခရာတည်းဟု မှတ်ပါ။ [ထိုသို့ အပိုမလာလျှင် "ဝါ+ဥ"ဟု ရှိရမည်၊ ထိုသို့ရှိလျှင် ဝ၏ အာကို ချေ, ဝကို ဥသို့ ကပ်သဖြင့် ရေယှက် ရှုပ်ထွေး၍ ဝါ၏ အနက်ကို မသိပဲ ရှိလေရာ၏၊ ထို အပြစ်ကို ပယ်ခြင်းငှာ ဝုဍ္ဎ ဝ အက္ခရာ အပိုလာစေရသတတ်၊ ပဋ္ဌမဝကာရော မိဿကဒေါသာ-ပဂမကရဏတ္ထံ သန္ဓိဝသေနာဂတော၊—ချာသ။]

ပုံဝံမျာ:॥ ॥ဝုသိတံ၌ ကံဟောဖြစ်၍ ဘာဝကမ္မေသုတဖြင့် တပစ္စည်းသက်၊ "ဝုသိတော"ဟု ကတ္တားဟောရာ၌မူ အတီတေတတဝန္တုဖြင့်သက်၊ ကြွင်းသော ရုပ်စီရင်ပုံကို အခြေပြုမှာရှု၊ ဝမလာပဲ ဥသိတံလည်း ရှိ၏၊ ဥဋ္ဌောကို ဝသတည်, ဓာတ်မှည့်, အဆုံးသရချေ, တပစ္စည်းသက်၊ ဤသုတ်ဖြင့် ဝကို ဥပြု, သာဒိသန္တ စသောသုတ်ဖြင့် ဓာတွန် (သ်) နှင့်တကွ တ ပစ္စည်းကို ဋ္ဌပြု, နာမ်ငဲ့ စသည်၊ "ဝုဋ္ဌော"ကား ဤသုတ်လာ ဝါသဒ္ဒါ၏ ဝိကပ်ရုပ်တည်း၊ ဤသုတ်ဖြင့် ဝကို ဥမပြုပဲ တေသုဝုဒ္ဓိဖြင့် ဝ၏ အကို ဥပြု၍ ချာသရုပ်တွက်သည်။

မှတ်ချက်॥ ॥ဤ ဝုဋ္ဌော၌ ချာသက တမျိုးစီရင်၍ ပြသောကြောင့် ရှေ့ "ဝဿံ ဝုတ္ထော"၌မှ ဒန္တဇ (တ္ထ)ဖြင့်ပင် ချာသလည်း (ရူပသိဒ္ဓိကဲ့သို့) အလိုရှိဟန် တူ၏၊ ထိုသို့ အလိုရှိရိုးမှန်လျှင်လည်း ဝသဓာတ်ချင်း တပစ္စည်းချင်း တူပါလျက် ဟိုဘမျိုး သည်တဖုံ ပြထားသောကြောင့် ပုဗ္ဗာပရ ဝိရောဓိဒေါသ ရောက်ဖွယ်ရှိသည်။

---

၅၇၆॥ ယထာက္ကမံ॥ ॥"ဓ+ဎ" "ဘ+ဟ"ဟု တစုံစီခွဲ၍ ရှေ့ဖြစ်သော ဓ+ဘတို့နှောင် တကို ဓ ပြုရခြင်း, နောက်ဖြစ်သော ဎ+ဟတို့နှောင် တကို ဎ ပြုရခြင်းကို ယထာက္ကမံဟု ဆိုသည်၊ [သို့သော် "ဟစတုတ္ထာန-မန္တာနံ ဒေါဓေ" သုတ်၌ ဓ အပြုနှောင်းရာဝယ် ဟကို ဒပြုဟု ဆိုထားသောကြောင့် ဟ နှောင် တ,ကို ဓလည်း ပြုသေး၏ဟု သိသာ၏၊ ထို့ကြောင့် ဤ ယထာက္ကမံ စကားကို ယေဘုယျဟုသာ မှတ်၊] ဓ ဎာစ၌ စသဒ္ဒါကား သာဒိသန္တသုတ်မှလိုက်လာသော သာဒိကို နစ်စေခြင်းအနက် ရှိ၏ဟု ချာသဆို၏၊ ရုပ်ညွှန်းကို အခြေပြုမှာ ရှု၊

**ဘန္ဓတော ဂွေါစ**

၅၇၇။ ဘန္ဓ**တော**—ဘန္ဓဟူသော၊ ဓာတုမှာ (ပရဿ) တကာရ ပစ္စယဿ- တ ပစ္စည်း၏၊ အာဒိဗျဉ္ဇနေန သဟ, ဂွေါ အာဒေသော ဟောတိ၊ ဘဂွေါ-ချိုးဖျက်အပ်ပြီ၊ (၆၂၉)။ [ရုပ်ကိုအခြေပြု ကြည့်တွက်၊ "ဂွေါစ၌ စသဒ္ဒါသည် **သာဒိသန္တ**သုတ်၌ သာဒိကို ငင်၏"ဟု ဆရာ**သ** ဆို၏၊ "**သာဒိသန္တ** ပုစ္ဆ ဘန္ဓ ဟု ဘန္ဓဓာတ်နောင် **တ**ကို ဓာတွန်နှင့်တကွ ဌ ပြုရုံ မက, ဤသုတ်က ဂွလည်း ပြုသေး၏"ဟု ထိုသုတ်မှ ဌအပြုကို ပေါင်းသော သမ္ပိဏ္ဍနဟု ဆိုလျှင် သာ၍ သင့်မည်ထင်သည်၊ ဤသုတ်ကိုလည်း **သာဒိသန္တ** သုတ်၏နောက်၌ ဆက်၍ **တ**ည်သင့်သည်။]

**ဘုဇာဒီနမန္တော နော, ဒွိစ**

၅၇၈။ ဘုဇ ဣစ္စေ**ဝမာ**ဒီနံ-ဘုဇ အစရှိကုန်သော၊ ဓာတူနံ, **အ**န္တော — **အ**ဆုံး ဗျည်း**သ**ည်၊ နော — ကြေပျောက်သည်၊ ဟောတိ၊ **တ**ပစ္စယဿ**စ**—တ ပစ္စည်း၏လည်း၊ ဒွိဘာ**ဝေါ**— ဒွေဘော်သည်၊ ဟောတိ၊ ဘုတ္တော, ဘုတ္တာဝီ—**စား**ပြီးသူ၊ **စ**တ္တော—စွန့်အပ်ပြီ၊ **သ**တ္တော- ငြိကပ်တတ်သော သတ္တ**ဝ**ါ၊ ရတ္တော- **တ**ပ်မက်သူ၊ ယုတ္တော- ယှဉ်သူ၊ ဝိဝိတ္တော-ကင်းဆိတ်သူ၊ (၅၆၁)။

---

ဤသုတ်လာ တပစ္စည်း ဟူရာ၌လည်း "တဗ္ဗ—တုံ"တို့မှ **တ** လည်း **ပ**ါဝင်၏၊ ထို့ကြောင့် လဒ္ဓဗ္ဗံ, သုဗုဒ္ဓုံစသည်ဖြင့် ရုပ်ရှိနိုင်သည်။

**မှတ်ချက်။** "ပရဿ+တပစ္စယဿ" ဟူရာ၌ ဓာတ်နောင် ကပ်လျက်နေသော ပစ္စည်းကို စီရင်ရာဝယ် ဆက်စပ် ကပ်နေမှသာ စီရင်နိုင်သည်၊ ဘာ့ကြောင့်နည်း— **သ**တ္တမီ နိမိတ်ကဲ့သို့ "မှ" ဟူသော ပဉ္စမီနိမိတ်လည်း တစုံတခု မခြားကွယ်ခြင်းကို သိစေသောကြောင့်တည်း၊ ထို့ကြောင့် "ရုဒ္ဓေါ"စသည်ဖြင့် အခြားအကွယ် မရှိရာ၌သာ ဤသုတ်က စီရင်၍ "ရုန္ဓိတုံ"စသည်ဖြင့် ဣအာဂုံ ခြားကွယ်နေရာ၌ ဤသုတ်က မစီရင်နိုင်ဟု မှတ်၊ "ပုဋ္ဌော-ပုဋ္ဌိတော, ဘဋ္ဌော-ဘဋ္ဌိတော" စသည်တို့၌လည်း နည်းတူ၊ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ ရူပ၌ "အဗျဝဓာနေန ဝါ-ယံ"ဟု မိန့်လေ့ရှိသည်။

---

၅၇၇။ မောဂ္ဂလ္လာန်၌ "ဂေါဘန္ဓာဒီဟိ"ဟု (၅,၁၅၄) သုတ်တည်၍ တဝန္တု၏ တကိုလည်း ဓာတွန်နှင့်တကွ ဂွပြု၊ "ဘဂွေါ,ဘဂွဝါ-ချိုးဖျက်ပြီ၊ လဂွေါ,လဂွဝါ-ငြိကပ်ပြီ၊ လဂ=သင်္ဂေ (ငြိကပ်ခြင်း၌)၊ နိမုဂွေါ, နိမုဂွဝါ—နစ်မြုပ်ပြီ၊ နိပုဗ္ဗမုဇ္ဇ-မုဇ္ဇနေ (နစ်မြုပ်ခြင်း၌)၊ သံဝိဂွေါ, သံဝိဂွဝါ—ထိတ်လန့်ပြီ၊ သံပုဗ္ဗ ဝိဇ=ဘယစလနေသု (ကြောက်ခြင်း, တုန်လှုပ်ခြင်းတို့၌)။

၅၇၈။ တပစ္စယဿ။ ။အစ၌ တအက္ခရာပါသော "တ,တဝန္တု,တာဝီ,တုံ" စသော ပစ္စည်းများကို တပစ္စယအရ၌ ယူ၊ "ဘုတ္တော, ဘုတ္တဝါ, ဘုတ္တာဝီ, ဘောတ္တုံ-စသည်တည်း၊ စတ္တော-စဇ=စာဂေ (စွန့်ခြင်း)၊ သတ္တော-သဉ္ဇ=သင်္ဂေ (ငြိကပ်ခြင်း)၊

**ဝစဝါဝု** ၅၇၉။ ဝစလ္လတိ တေဿ ဓာတုဿ-၏၊ ဝကာရဿ-ဝ အက္ခရာ၏၊ ဥကာရာဒေသော ဟောတိ၊ အန္တေ—အဆုံးဖြစ်သော၊ စကာရော—စ အက္ခရာသည်၊ နော—ကြေပျောက်သည်၊ ဟောတိ၊ တပစ္စယဿစ ဒွိဘာဝေါ ဟောတိ၊ ဘဂဝတာ—သည်၊ ဝုတ္တံ—ဟောတော်မူအပ်ပြီ၊ ဥတ္တံဝါ—ဥတ္တံဟုလည်း ရှိသေး၏၊ (၅၃၀)။

---

ဓာတွန် နှ်ကို ချေ၊ ရဇ္ဇော-ရန္ဇ-ရာဂေ (တပ်စွဲခြင်း)၊ ယုဇ္ဇော-ယုဇ=ယောဂေ၊ ဝိဝိစ္ဆော—ဝိပုဗ္ဗ ဝိစ=ဝိဝေကေ (ကင်းဆိတ်ခြင်း)ဟု ဆို၍ ဘုဇ္ဇော နည်းတူဘွက်၊ [ဘုဇာဒိ ဂုပါဒိကို ဂုပါဒိနဋ္ဌသုတ်ကျမှ ပြအံ့။]

---

၅၇၉။ ဝစဝါဝု။ ။"ဝစ+ဝါ+ဝု"ဟု ၃-ပုဒ်ရှိကြောင်း နျာသ၌ဆို၏၊ ရူ၌ကား "ဝစ+ဝါ+ဝ+ဥ"ဟု ၄-ပုဒ်ဆိုသည်၊ နျာသအလို "ဝု"သည် "ဝဿ+ဥ+ဝု"ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ်ပုဒ် တပုဒ်တည်းသာတည်း၊ ရူအလို "ဝ+ဥ"ကို သန္ဓိစပ်ထားသည်၊ "ဝစ-ဝစဓာတ်၏"ဟု ပေးရသောကြောင့် ဝစသည် ဝစဿဟု ဆိုလိုလျက် သဝိဘတ်ကို သဗ္ဗာသမာဝုသောဖြင့် ချေထားသော ပုဒ်တည်းဟု မှတ်၊ ဝါသဒ္ဒါကို နျာသ၌ ဝ၏ ဥပြုမှု, ဓာတွန်ချေမှုနှင့် ဒွေဘော်ပြုမှုတို့ကို ပြသော သန္နိဋ္ဌာနာဝဓာရဏတည်းဟု ဆို၏။

နိဒ္ဒေသ။ ။နိဒ္ဒေသ၌ကား "ဝိကပ္ပနတ္ထ"ဟု ဆို၏၊ ဝစဓာတ် တပစ္စည်းဖြင့် "ဝတ္တံ-ပြောဆိုကြောင်း ခံတွင်းပ ါးစပ်"ဟု အဘိဓာန်တို့၌ ရှိသောကြောင့်လည်းကောင်း, ရှေ့သုတ်၌ တပစ္စည်းအရ တ အက္ခရာပါသော တဗ္ဗစသည်ကိုလည်း ယူရသကဲ့သို့ ဤ၌လည်း တဗ္ဗစသည်ကို ယူလျှင် "ဝတ္တဗ္ဗ"၌ ဥအပြုမရှိသောကြောင့်လည်းကောင်း ဝိကပ်ဟု ဆိုသော နိဒ္ဒေသစကားလည်း မှတ်သားဖွယ်ပင်။

စဉ်းစားဖွယ်။ ။ဝတ္တဗ္ဗ၌ ဘုဇာဒိနသုတ်ဖြင့် ဝစ၏ ဓာတွန်စ်ကို ချေ၍ ဒွေဘော်လာရသကဲ့သို့ ဥတ္တံ၌လည်း ဤသုတ်ဖြင့် ဝကိုသာ ဥပြု၍ ဓာတွန်ချေမှု ဒွေဘော်လာမှုတို့ကို ဘုဇာဒိနသုတ်ဖြင့် ပြုလျှင် ပြီးနိုင်၏၊ ထို့ကြောင့် ရှေ့သုတ်မှ "အန္တေနော, ဒွိစ"တို့ကို လိုက်စေ၍ "အန္တော စကာရော"စသည်ဖြင့် ဝုတ္တိဖွင့်ပုံကို စဉ်းစားသင့်သည်။

ဥတ္တံဝါ။ ။ဥတ္တံဝါ၌ ဝါသဒ္ဒါသည် တေသုဝုဒ္ဓိဖြင့် ဝ မလာပဲ "ဥတ္တံ"ဟုလည်း ရုပ်တမျိုး ရှိနိုင်ကြောင်းကို ပြသော ဝိကပ်တည်း၊ ဤဆုတ်လာ ဝါသဒ္ဒါ၏အနက် မဟုတ်၊ ထို့ကြောင့် ဥတ္တံဝါကို ထောက်၍ ဤသုတ်လာ ဝါကို ဝိကပ်ဟု မဆိုလို၊ ဝစဓာတ် တအက္ခရာရှိသော ပစ္စည်းဖြင့် "ဝတ္တံ=ဝတ္တဗ္ဗ"ဟု ဝကို ဥမပြုပဲ ရှိပုံကို ထောက်၍သာ ဝိကပ်လည်း သင့်တန်ရာ၏ဟု (နိဒ္ဒေသကို ထောက်ခံသောအားဖြင့်)ဆိုလိုသည်။

**ဂုပါဒိနဥ္စ** ၅၈၀။ ဂုပ ၊ပေ၊ ဒွေဘာဝေါ ဟောတိ၊ သုဂုတ္တော- ကောင်းစွာ စောင့်ရှောက်အပ်၏၊ စိတ္တော—ကြံတတ် သိတတ်သော တရား၊ လိတ္တော-သုတ်လိမ်းအပ်၏၊ သန္တတ္တော-ပြင်းစွာ ပူလောင်၏၊ ဥတ္တော-ဆိုအပ်၏၊ ဝိဝိတ္တော-ကင်းဆိတ်၏၊ သိတ္တော-သွန်းဖြန်းအပ်၏၊ ဇဝံ့ အညေပိ-အခြားရုပ်တို့ကိုလည်း၊ ယောဇေတဗ္ဗာ၊ (၆၃၀)။

---

၅၈၀။ **ပုံစံများ**။ ။သုပုဗ္ဗ ဂုပ=ဂေါပနေ(စောင့်ရှောက်ခြင်း)၊ ဘာဝကမ္မေသုတဖြင့်တပစ္စည်း၊ "သုဂုတ္တော-ကောင်းစွာလုံခြုံပြီ"ဟုပေးလျှင် အတီတေ တတာဝန္တုဖြင့် သက်။ [ဂုတ္တိ-လုံခြုံခြင်း (တိပစ္စည်း)၊] စိတ္တော-စိတိ (စိန္တ)= စိန္တာယံ၊ ဗုဓဂမာဒိတ္တေ ကတ္တရိဖြင့် တပစ္စည်း, ဓာတွန် တ် (သို့မဟုတ် န္တ)ကို ချေ၊ [စတ္တောဟု ပါဌ်ပျက်တတ်၏။] လိတ္တော—လိပ=လေပနေ (သုတ်လိမ်းခြင်း) ကံဟော တ၊ သန္တတ္တော—သံပုဗ္ဗ တပ=သန္တာပေ ( ပူလောင်ခြင်း )၊ "ပူလောင်၏"ပေးလျှင် ဗုဓဂမာဒိတ္တေဖြင့် တသက်၊ "ပူလောင်အပ်၏" ပေးလျှင် ကံဟော တ၊ ဥတ္တော-ဥစ=ဝိယတ္တိယံ ဝါစာယံ, ကံဟော=တ။ [ဝစဝါဝုသုတ်၌ ဝစဓာတ်ဖြင့်လည်းပြီး၏၊] ဝိဝိတ္တော-ဘုဇာဒိနသုတ်အတိုင်း၊ သိတ္တော-သိစ=သေစနေ (သွန်ဖြန်းခြင်း)၊ ကံဟော=တ၊ [ "အာဒိတ္တော — ပြင်းစွာတောက်လောင်၏၊ အာပုဗ္ဗ ဒိပ=ဒိတ္တိမှိ၊ ပတ္တော—ရောက်၏၊ ရောက်အပ်ပြီ၊ ပပုဗ္ဗ အာပ = ပါပုဏနေ၊ မတ္တော — ယစ်မူးသူ, မေ့လျော့သူ၊ မဒ=ဥမ္မာဒေ၊ သုတ္တော-အိပ်ပျော်သူ" ဤရုပ်များလည်း ပါဠိ၌ အသုံးများလှ၏။]

**စသဒ္ဒါ**။ ။ဂုပါဒိနဥ္စ၌ စသည် ဘုဇာဒိကို ပေါင်းသော သမ္ပိဏ္ဍနတည်း၊ ဘုဇာဒိဓာတ်တို့၏သာ ဓာတွန်ချေ၍ ဒွေဘော်ပြုရသည် မဟုတ်သေး, ဂုပါဒိဓာတ်တို့၏လည်း ဓာတွန်ချေ၍ ဒွေဘော်ပြုရသည်-ဟူလို။

**ဘုဇာဒိ, ဂုပါဒိ**။ ။ဘုဇာဒိ, ဂုပါဒိတို့၌ အာဒိအရ မည်သည့်ဓာတ်စုကို ယူရမည်ဟု ကိန်းသေ ခွဲခြားချက်ကို မတွေ့ရ၊ ဝိဝိတ္တော ပုံစံကို ၂-သုတ်လုံး၌ ပြထားသဖြင့် သာ၍ ရှုပ်ထွေးဖွယ် ဖြစ်နေပြန်၏၊ ရူပသိဒ္ဓိ၌လည်း ဘူဒဓာတ် တပစ္စည်းဖြင့် သုတ္တံကို "ဘုဇာဒိတ္တာ"ဟု ဆဒါဒီဟိ တတြဏ် သုတ်၌လည်းကောင်း, ပဒဓာတ်ဖြင့် "သမ္ပတ္တိ သမာပတ္တိ"တို့ကို "ဂုပါဒီနဥ္စာတိ"ဟု ဂမခနဟန ရမာဒီန မန္တောသုတ် အထက်၌လည်းကောင်း ဆိုပြန်၏၊ ထို့ကြောင့် ဇကာရန္တ ဓာတ်စုကို ဘုဇာဒိ၌ အာဒိအရလည်းကောင်း, ပကာရန္တ ဓာတ်စုကို ဂုပါဒိ၌ အာဒိအရလည်းကောင်း ကိန်းသေယူ၍ ကြွင်းဓာတ်များကိုမူ ဘုဇာဒိ ဂုပါဒိ ၂-မျိုးလုံး၌ သွင်းနိုင်၏ဟု ကြံသင့်၏၊ ဆရာတို့ကား ဘုဇာဒိ၌ ပကာရန္တ ဓာတ်စုကိုလည်း သွင်းနိုင်သောကြောင့် ဂုပါဒိနဥ္စသုတ်ကို အပိုဟုမင် ဆိုလိုကြသည်။

---

**တာရာဒီဟိ ဣက္ကော**

၅၈၁။ တရက္ကစ္စေဝမာဒီဟိ၊ပေ၊နော ဟောတိ၊ တရတိ-ကူးတတ်၏၊ ဣတိ, တိဏ္ဏော-မည်၏၊ ဥတ္တရတိ- လွန်မြောက်တတ်၏၊ ဣတိ,ဥတ္တိဏ္ဏော၊ သံပူရတိ-ပြည့်၏၊ ဣတိ သမ္ပုဏ္ဏော၊ တုရတိ-လျင်မြန်တတ်၏၊ ဣတိ တုဏ္ဏော၊ ပရိဇီရတိ-အိုမင်း၏- ဣတိ ပရိဇိဏ္ဏော၊ အာကိရတိ-ရောပြွမ်း၏၊ (သွန်းလောင်း၏၊) ဣတိ အာကိဏ္ဏော၊ (၆၁၇)။

**ဘိဒါဒိတော ဣန္န အန္န ဤဏာဝါ**

၅၈၂။ ဘိဒ ဣစ္စေဝမာဒီဟိ၊ပေ၊နော ဟောတိ၊ ဘိန္ဒိတဗ္ဗော—ခွဲအပ် ခွဲထိုက်၏၊ ဣတိ ဘိန္နော၊ ဆိန္ဒိယတိ-ဖြတ်အပ်၏၊ ဣတိ ဆိန္နော၊ ဥစ္ဆိန္ဒိတ္ထ-ဖြတ်ပြီ၊ ဣတိ,ဥစ္ဆိန္နော၊ ဒီယတိ-ပေးအပ်၏၊ ဣတိ, ဒိန္နော၊ နိသီဒတိ-ထိုင်၏၊ ဝါ-နေ၏၊ ဣတိ, နိသိန္နော၊

---

၅၈၁။ ပုံစံများ။ ။"တရတီတိ" ဟု ပစ္စုပ္ပန် ဝိဂ္ဂဟပြုသောကြောင့် ဗုဓဂမာဒိတ္တေဖြင့် တပစ္စည်းသက်၊ ရှေ့ဦးမူ"အတရိတိ"ဟု အတိတ် ဝိဂ္ဂဟပြုသောကြောင့် အတီတေ တ တဝန္တုဖြင့်သက်သည်၊ ဤသို့သျှင် အနက်အားလျော်စွာ ပစ္စုပ္ပန်-အတိတ် ဘောကံဟော တပစ္စည်းများ သက်ရမည်ကို သိပါ၊ ဥတ္တိဏ္ဏော-ဥပုဗ္ဗ တရ=တရဏေ(ကူးမြောက်, လွန်မြောက်ခြင်း)၊ သံပုဏ္ဏော- သံပုဗ္ဗ ပူရ=ပူရဏေ(ပြည့်ခြင်း)၊ "ပူ+ိ ဏ္ဏ"ဟု ဖြစ်သောအခါ ဝါပရောဖြင့် နောက်ဣကို ချေ, (တနည်း, သန္ဓိအစပ် မဟုတ်သောကြောင့် ကွစိခေတုဖြင့် ချေ၊) ကွစာဒိ မဇ္ဈေတ္တရာနံဖြင့် ပူ၌ ဦကို ရဿပြု။

တုဏ္ဏော။ ။"တုဒတီတိ တုဏ္ဏော"ဟု တွေ့ရ၏၊ တရာဒီဟိ၌ အာဒိဖြင့် ရကာရန္တ ဓာတ်များကိုသာ ယူရလျှင် သာ၍ သင့်ဖွယ်ရှိသောကြောင့် လည်းကောင်း, တုဒဓာတ်ဖြင့် တုန္န(အပ်ချုပ်သမား)ဟု ဒန္တဇ(န္န) ဖြင့် ထောမနိမိရှိ၍ ဘိဒါဒိတော ဣန္န အန္န ဤဏာဝါသုတ်ဖြင့် စီရင်သင့်သောကြောင့်လည်းကောင်း, "တုရတိ—လျင်မြန်စာတတ်၏၊ ဣတိ, တုဏ္ဏော (လျင်မြန်သူ)"ဟု ရှိသင့်သည်၊ တုရ=ဝေဂေ(လျင်မြန်ခြင်း၌)ဟု ဆို၊ ပရိဇိဏ္ဏော-ပရိပုဗ္ဗ ဇရ=ဝယောဟာနိမှိ၊ အာကိဏ္ဏော-အာပုဗ္ဗ ကိရ=ဝိကိရဏေ (ရောပြွမ်းခြင်း)၊ [အာပုဗ္ဗ စရဓာတ်ဖြင့် "အာစိဏ္ဏော-အလေ့အကျက်၊ ဝါ- လေ့ကျက်အပ်၏"လည်း အသုံးများ၏။]

---

၅၈၂။ ပုံစံများ။ ။ဘိန္နော - ဘိဒဓာတ် ဟူရာ၌ "ဘိဒိ"ဟု ဣကာရန္တလည်း ဆိုကြ၏၊ ရုဓာတိဖြစ်မူ "ဒွိဓာကရဏ- ၂-ဖြာ ပြုခြင်း (ခွဲသောအားဖြင့် ၂-ဖြာ ပြုခြင်း-ဟူလို၊) တနည်း, ဝိဒါရဏေ-ဖောက်ခွဲခြင်း၊ ဝိသေသန-အထူးပြုခြင်း အနက်တို့၌ ဖြစ်၏၊ ကံလည်းရှိ၏၊ ဒိဝါဒိဖြစ်မူ "ဘိဇ္ဇန-ကွဲခြင်း၌"ဖြစ်၏, ကံမရှိသော အကမ္မကဓာတ်လည်း ဖြစ်၏၊ ဤ၌ ရုဓာဒိဖြစ်၍ "ဘိန္ဒိတဗ္ဗော"ဟု

သုဋ္ဌု-ကောင်းစွာ၊ ဆဒီယတိ—ဖုံးလွှမ်းအပ်၏၊ ဣတိ, သုဆန္နော၊ ခိဇ္ဇတိ-ပင်ပန်း၏၊ ဣတိ, ခိန္နော၊ ရုဒတိ-ငိုကြွေးတတ်၏၊ ဣတိ, ရုဏ္ဏော(ငိုသူ)၊ ဇာတုံ—ပဋိသန္ဓေ နေရခြင်းသည်၊ ခိဏာ—ကုန်ပြီ၊ ဝါတိ ကိမတ္ထံ၊ ဘိဇ္ဇတိ-ဖျက်ဆီးအပ်၏၊ ဣတိ, ဘိတ္တိ (နံရံ)—၆၃၂။

---

ပါဠိမှန်ရှိစေ၊ ဘိန္နော-ခွဲအပ်သော အရာ၊ ဘိဇ္ဇတိတိ ဘိန္နော-ဟု ဒိဝါဒိပြုလျှင် "ကွဲသောအရာ"ဟု ပေး၊ ဆိန္နော-ဆိဒ=ဒွိဓာကရဏေ, "ဆိဇ္ဇတိတိ ဆိန္နော" ဟု ဒိဝါဒိပြုလျှင် "ပြတ်ပြီ"ဟု ပေး၊ ဥစ္ဆိန္နော-ဥပုဗ္ဗ ဆိဒ "ဥစ္ဆိဇ္ဇတိ ဥစ္ဆိန္နော=ပြတ်ပြီ"ဟုလည်း ဖြစ်၏၊ ဒိန္နော-ဒါ=ဒါနေ၊ နိသိန္နော- နိပုဗ္ဗ သဒ=ဝိသရဏဂတျာဝသာဒနေသု၊ ဘိန္နောကဲ့သို့ စီရင်၊ [ရှေ့၌လည်း ဘိန္နောအတိုင်းပင် စီရင်၏၊ ဆျာသ၌ကား တကို ဣန္နပြုပြီးမှ သဒဿ သီဒတ္တံဖြင့် သီဒပြု၏၊ ထို့နောက်မှ ဓာတွန်ချေသည်၊] ဤရုပ်တို့သည် ဣန္နာဒေသ၏ ပုံစံများတည်း။

သုဆန္နော။ ။သုပုဗ္ဗ ဆဒ- အပဝါရဏေ(တားမြစ်ကာကွယ်ခြင်း)၊ တကို အန္နပြု၊ [ပဋိ+ဆဒဖြင့် ပဋိစ္ဆန္န- ဖုံးလွှမ်းအပ်၏၊ သဒဓာတ်ဖြင့် သန္နော- ကျံနစ်ပြီ၊ ပပုဗ္ဗဖြင့် ပသန္နော-ကြည်ညို၏၊ ဥပုဗ္ဗ ပဒဓာတ်ဖြင့် "ဥပ္ပန္နော-ဖြစ်ပြီ" စသော ရုပ်များလည်း အသုံးများ၏။]

ခိန္နော။ ။ခိဒ=ခိန္နဘာဝေ (အားအင် ကုန်ခမ်းသူ၏ အဖြစ်၌၊ ဝါ— ပင်ပန်းခြင်း၌) ဟု ရှေ့၌လည်းကောင်း, ဆျာသ သီဟိုဠ်မူ၌လည်းကောင်း ရှိ၏၊ "ကန္တာရခိန္နဿ"စသည်ဖြင့် ပါဠိသုံးလည်းရှိ၏၊ ဒိဝါဒိဖြစ်၍ "ခိဇ္ဇတိ"ဟု ဝိဂ္ဂဟပြု၊ တချို့ ဆျာသ၌ကား ခိဋ္ဌ=ဥတ္တာသနေ ( ထိတ်လန့်ခြင်း၌ )ဟု ရှိ၏၊ ဘိဒါဒိ၌ အာဒိအရ (ဤဏ မပြုရာ၌) ဒကာရန္တဓာတ်စုကို ယူသင့်သောကြောင့် "ခိဒ" ဓာတ်သာ သင့်ဖွယ်ရှိ၏၊ ခိ + အန္နဟု ဖြစ်သည့်အခါ ဝါပရောဖြင့် နောက်(အ)ကို ချေ။

ရုဏ္ဏော။ ။ရုဒ=အဿုဝိမောစနေ၊ တကို အန္နပြု၊ နောက် အ ကိုချေ၊ ရနောက်ဖြစ်၍ န္နကို ဏ္ဏပြန်လျှင် "ရုဏ္ဏံ-ငိုခြင်း"ဟုလည်း ပါဠိရှိ၏၊ [ဤ၌လည်း "ရုဓ=အာဝရဏေ(ပိတ်ဆို့ တားမြစ်ခြင်း)"ဟု မူကွဲရှိသေး၏။]

ခီဏာ စသည်။ ။ခီဏာ၌ ခိ=ခယေ၊ တကို ဤဏပြု၊ ဣတ္ထိဇောတကအာပစ္စည်းသက်၊ ရှေ့၌ အလားတူ မှတ်ဖွယ်ရုပ်တွေ များစွာ ပါလေသေး၏၊ [ရှေ့သုတ်၌ "တုဒတိတိ တုဏ္ဏော"ဟု မူကွဲရှိသော "တုန္န" လည်း "တုဒ"နောင် တကို အန္နပြု၍ (ရုန္နကဲ့သို့) ပြီး၏၊ တုဇ္ဇတေ—ထိုးဆွအပ်၏၊ ဣတိ, တုန္နော— ထိုးအပ်သောအရာ,အပေါက်အစုပ်၊ တုန္နံ-အပေါက်အစုပ်ကို၊ ဝေတိ(ဝယတိ)- ဖာထေးချုပ်စပ်တတ်၏၊ ဣတိ တုန္နဝါယော=အပ်ချုပ်သမား။] ဘိတ္တိ၌ ဘိဒိ ဓာတ် တိပစ္စည်း, ဝါမြစ်၍ ဣန္န မပြုရ, ဘုဇာဒီနမန္တောဖြင့် စီရင်။

သုသ ပစ သကတော ကွက္ကာဝ

၅၇၃။ သုသ ၊ပေ၊ ဣစ္စေဝမာဒီဟိ–သုသ, ပစ, သက, ဤသို့ အစရှိကုန်သော၊ ဓာတူဟိ (ပရသ) တ ပစ္စယဿ ကွက္ကာဒေသာ ဟောန္တိ၊ အန္တော ဗျဥ္ဇနော စ နော ဟောတိ၊ သုဿတိ-ခြောက်သွေ့၏၊ ဣတိ, သုက္ခော—မည်၏၊ ကဋ္ဌော—ထင်း ခြောက်တည်း၊ ပစ္စတိ-မှည့်ရင့်၏၊ ဣတိ, ပက္ကံ—မည်၏၊ ဖလံ—သစ်သီးတည်း၊ သကတိ သမတ္ထေတိ—စွမ်းနိုင်၏၊ ဝါ, သကတိ ပူဇေတိ-ပူဇော်တတ်၏၊ ဣတိ သက္ကော၊ သုဇမ္ပတိ-သိကြားမင်းတည်း- (၆၁၈)။

---

၅၇၃။ သုသ ၊ပေ၊ သကတော ၀။ ။[ "ဣစ္စေဝမာဒီဟိ"ဟု အာဒိဖြင့် ရှိသည်ကား သုတ်၌ အာဒိမပါသောကြောင့် မကောင်း၊ ရူ၌ "ဣစ္စေတေဟိ" ဟုသာ ရှိ၏၊] ကဋ္ဌော, ဖလံ, သုဇမ္ပတိတို့သည် သုက္ခော စသည်၏ ဟောနက်ကို ပြသော အဘိဓေယျတို့တည်း၊ ကဋ္ဌောဟု ပုလ္လိင်လည်း မကောင်း၊ "ကဋ္ဌံ" ဟု အဘိဓာန်၌လည်းကောင်း, "န တေ ကဋ္ဌာနိ ဘိန္နာနိ"ဟု ဇာတ်ပါဠိများ၌ လည်းကောင်း နပုလ္လိင်သာ၊ ထို့ကြောင့် ရူ၌ "ရုက္ခော"ဟု အဘိဓေယျ ထည့်သည်၊ "ဖလံ"ဟူသော အဘိဓေယျနှင့် ကိုက်အောင် "အပစ္စိ-မှည့်ရင့်ပြီ" ဟု ပေးသည်၊ ပက္ကံ ဘောဇနံဟု ရှိလျှင်"ချက်အပ်ပြီ, ဝါ-ကျက်ပြီ"ဟုလည်း ပေး၊ "သက=သာမတ္ထေ+ပူဇာယံ"ဟု ဓာတ်နက် ၂-မျိုးရှိသောကြောင့် "သမတ္ထေတိ, ပူဇေတိဝါ"ဟု ဝိဂ္ဂဟ ၂-မျိုးပြ၏၊ ရုပ်ပြီးပုံကို အခြေပြု၌ ရူ၊ "ကွက္ကာဝ"မှ စသဒ္ဒါကို သကတော စဟု ရွေ့ထိုင်စေ၍ ထို စဖြင့် မုစဓာတ်ကို ဆည်းယူ၍ "ဥမ္မုက္ကာ ပဋိမုက္ကာ—စွပ်အံ့ပ်သော ဖိနပ်၊ ဩမုက္ကာ—ချွတ်အပ်သော ဖိနပ်" ဖြစ်၏ဟု ရူ၌ ပြ၏၊ ဥစ=သမဝါယမ, ရဝေ ( ပေါင်းစုခြင်း, အသံပြုခြင်း ) ဟူသော ဒိဝါဒိဂိုဏ်း ဓာတ်ကိုယူ၍ "ဥက္ကာ-မီးရှူး"ဟုလည်း ဖြစ်သေး၏။

မောဂ္ဂလ္လာန်။ ။ခါဒိကဏ္ဍ၌"သုသာခေါ (၁၅၇)"သုတ်ဖြင့် သုသဓာတ် နောင် က္တ-က္တဝန္တုပစ္စည်းတို့၏ တကို ခပြု၍ "သုက္ခော သုက္ခဝါ-ခြောက်ပြီ" ဟုလည်းကောင်း, "ပစာ ကော"သုတ်ဖြင့် ပစဓာတ်နောင် က္တ-က္တဝန္တုပစ္စည်း တို့ကို ကပြု၍ "ပက္ကော—ကျက်ပြီ, ချက်အပ်၏၊ ပက္ကဝါ—ကျက်ပြီ"ဟု လည်းကောင်း, "မုစာ ဝါ" သုတ်ဖြင့် မုစနောင် ဝိကပ် ကပြု၍ "မုက္ကော-မုက္ကဝါ, မုတ္တော-မုတ္တဝါ—လွတ်ပြီ"ဟု လည်းကောင်း, သကဓာတ်နောင်ကား ဥဏာဒ် "ဣတိကာ ကရာရဝကသကဝါဟိကော"သုတ်ဖြင့် ကပစ္စည်းသက်၍"သက္ကော" ဟု ပြီးစေပြီးလျှင် သကနောင် တပစ္စည်းသက်လျှင် "သက္ကော"ဟု မဖြစ်နိုင်၊ "သတ္တော, သတ္တဝါ"ဟုသာ ဖြစ်နိုင်၏-ဟု မိန့်လေသည်။

ပက္ကမာဒီဟိ နွော၁၀ ၅၇၄။ ပက္ကမ ဣစ္စေဝမာဒီဟိ-ပပုဗ္ဗ ကမု ဤသို့ အစရှိကုန်သော ၊ပေ၊ဟောတိ၊ ပက္ကမတိ-ပဲသွား၏၊ ဣတိ ပက္ကန္တော(ဖဲသွားသူ) [''ပိဏ္ဍပါတပဋိက္ကန္တော-ဆွမ်းခံရာမှ (ဆွမ်းစားရာမှ) ဖဲခဲ့သည်''၌ ပဋိပုဗ္ဗ ကမုဓာတ်၊] ဝိဗ္ဘမတိ—မရပ်မတည် လည်တတ်၏၊ ဝါ—လူထွက်၏၊ ဣတိ ဝိဗ္ဘန္တော(ရဟန်းဘောင်၌ မတည်ပဲ လူ့ဘောင်သို့ ပြန်လည်သူ=လူထွက်၊ သင်္ကန္တော-ပြောင်းရွှေ့သူ၊ ခန္တော-သည်းခံသူ၊ သန္တော-ငြိမ်သက်သူ၊ ဒန္တော-ယဉ်ကျေးသူ၊ ဝန္တော-ပျို့အန်သူ၊ စဂ္ဂဟာဏံ ဂါမတ္ထံ၊ ဓာတော ဓာတူဟိ—ထို ဓာတ်တို့မှပင်၊ (ပရဿ) တပစ္စယဿ-၏၊ န္တိ-န္တိအပြုသည်၊ ဟောတိ၊ အန္တောစ နော ဟောတိ၊ ကန္တိ-နှစ်သက်ခြင်း၊ ခန္တိ—သည်းခံခြင်း၊ သဗ္ဗတ္ထ-အလုံးစုံသော ဘမုစသော ဓာတ်တို့၌၊ ဧဝံ—ဤ့အတူတည်း၊ (၆၁၉)။

---

၅၇၄။ ပက္ကမာဒီဟိ။ ။ပကာရအနက်ရှိသော အာဒိဖြင့် မကာရန္တချင်း တူသော ဘမု, ခမု, သမု, ဒမု, ဝမုစသည်ကို ယူ၊ ပက္ကန္တောကို အခြေပြုကြည့်၊ ရှု၌ ''ပက္ကမိတိ ပက္ကန္တော''ဟု အတိတ် ဝိဂ္ဂိုဟ်ပြုသောကြောင့် အတီတေ တ တဝန္တုသုတ်ဖြင့် တပစ္စည်း သက်ရ၏၊ ဤ၌ကား ''ပက္ကမတိ''ဟု ပစ္စုပ္ပန် ဝိဂ္ဂဟ ပြုသောကြောင့် ဗုဓဂမာဒိတ္တေသုတ်ဖြင့် တပစ္စည်း သက်ရခြင်းသာ ထူး၏၊ ဝိဗ္ဘန္တော-ဝိပုဗ္ဗ ဘမု=အနဝဋ္ဌာနေ (မရပ်မတည် လည်ခြင်း၌) [''ဘန္တမိဂ—တုန်လှုပ်သော သမင်မ'' စသည်လည်း ဘမုဓာတ်ပင်။။]

သင်္ကန္တော။ ။သံပုဗ္ဗ ကမု=ပဒဝိက္ခေပေ(ခြေလှမ်းခြင်း)၊ ခန္တော ခမု=သဟနေ(သည်းခံခြင်း)၊ [နျာသ၌ ''ခနု=အဝဓာရဏေ(တူးဖို့ခြင်း)''ဟုလည်း ဆိုသေး၏၊ ''ဂမ ခန ဟနာဒီနံ တုံ တဗ္ဗာဒီသုန''သုတ်၌ အာဒိဖြင့် တ အက္ခရာ ပါသော တ—တ္ဘ စသည်ကို ယူ၍ ''ခန္တော—တူးဖို့သူ''ဟုသာ ဖြစ်သင့်ရကား ဤသုတ်နှင့် မဆိုင်၊] သန္တော - သမု=ဥပသမေ (ငြိမ်သက်ခြင်း)၊ ဒန္တော—ဒမု=ဒမနေ (ဆုံးမခြင်း, ယဉ်ကျေးခြင်း)၊ ဝန္တော—ဝမု=ဥဂ္ဂိရဏေ (ပျို့အန်ခြင်း)ဟု ဆို၍ ပက္ကန္တော နည်းတူ တွက်။

စဂ္ဂဟာ၊ပေ၊န္တိ ဟောတိ။ ။ ''တပစ္စယဿ''ဟု ယခု စာမူတို့၌ တွေ့ရ၏၊ ကန္တိ၌ တပစ္စည်း မဟုတ်, တိပစ္စည်းသာ ဖြစ်သောကြောင့် ''တိပစ္စယဿ''ဟု ရှိသောပါဌ်သာ ကောင်းသည်၊ ထို့ကြောင့် နျာသအတိုင်း တပစ္စည်းဖြင့်လည်း ကောင်း, ရှုအတိုင်း တိပစ္စည်းဖြင့်လည်းကောင်း ရုပ်တွက်လေ၊ ကန္တိ—ကမု, တပစ္စည်း, ဇာနည်း—ဣတ္ထိယမတိ ယဝေါဝါ သုတ်ဖြင့် တိပစ္စည်း သက်၊ ဧဝံ သဗ္ဗတ္ထဖြင့် ကမု ခမုမှတပါးသော သမု ဒမု ဝမုဓာတ်များဖြင့် သန္တိ, ဒန္တိ, ဝန္တိ တို့ကို ညွှန်ပြသည်၊ ''ကန္တိ=နှစ်သက်ခြင်း'' ဟူရာ၌လည်း ကနုဓာတ် မဟုတ်၊ ''ကမု=ဣစ္ဆာယံ(လိုလား နှစ်သက်ခြင်း)''ဟူသော ဓာတ်တည်း၊ ထို့ကြောင့်

**ဇနာဒီနမာ တိမှိစ**

၅၇၅။ ပရေ တပစ္စယေ–လည်းကောင်း၊ တိမှိစ–လည်းကောင်း၊ ဇန၊ ပေ၊ ခေါတူနံ့, အန္တဿ–အဆုံးဖြစ်သော၊ ဗျဉ္ဇနဿ–ဗျည်း၏၊ **အာတ္တံ–အာအဖြစ်သည်၊** ဟောတိ၊ အဇနိ-ဖြစ်ပြီ၊ ဇာတိ ဇာတော၊ (ဖြစ်သောအရာ, မွေးဖွားသူ၊) ဇနန်-ဖြစ်ခြင်း၊ ဇာတိ-ခြင်း၊ တိမှိ**တိ ကိမတ္ထံ**၊ ပရေ-သော၊ **အညသ္မိံပိ** ပစ္စယေ-အခြားပစ္စည်းကြောင့်လည်း၊ **အာကာရနိဝတ္တနတ္ထံ-အာအပြုကို တားမြစ်ရခြင်းအကျိုး** ရှိ၏၊ ဇနိတ္ဗာ-ဖြစ်၍၊ ဇနိတာ-ဖြစ်သူ၊ ဇနိတုံ-ဖြစ်ဖို့ရာ၊ ဇနိ**တဗ္ဗံ**-ဖြစ်ရာ၏၊ ဣစ္စေဝမာဒိ-တည်း၊ (၆၂၀)။

---

ဤသုတ်၌ ကန-ခန-ဟနဓာတ်တို့ကို မယူရ၊ **ကန္တိ ခန္တိ** ဟန္တိ (သတ်ခြင်း) တို့၌ **နကာရန္တဓာတ်ဖြစ်လျှင်** "ဂမ ခန **ဟနာဒီနံ** တုံ တဗ္ဗာဒီသုနသုတ်ဖြင့် ပြီးနိုင်သည်။

မှ**တ်**ချက်။ ။**သဏ္ဍတ၌ ရာသီတခုမှ တခုသို့** ပြောင်းရွေ့မှုကို "**သင်္ကြန္တိ**" ဟု **ဆို၏**၊ သံပုဗ္ဗ ကြမ**ဓာတ်**,တိပ**စ္စည်း**တည်း၊ ပါဠိလို "**သင်္ကန္တိ**"ဟု ဖြစ်၏၊ ထို **သင်္ကြန္တိ** ပုဒ်ကို **လိုက်**၍ "**သင်္ကြန်**"ဟု မြန်မာပြုန်ကြသည်။

---

၅၇၅။ တိမှိတိ **ကိမတ္ထံ**။ ။**သာသဒိသတော** တဿ **ရိဋ္ဌောစ** သုတ်မှ "တဿ" ပုဒ်သည် အစဉ်လိုက်လာ၏၊ ထို တဿဖြင့် တအက္ခရာပါသော တိ ပစ္စည်းကိုလည်း ယူနိုင်သည်၊ ထို့ကြောင့် အနုသိဋ္ဌ - ဒိဋ္ဌ**စ**သော ရုပ်များ ရှု၍ **ပြီးစေခဲ့**၏၊ ဤသို့လျှင် တဿ**အရ**၌ တပစ္**စည်း**ကိုယူနိုင်ပါလျက် အဘယ်အကျိုးငှာ "တိမှိစ" ဟု တိပစ္**စည်း**ကို ထုတ်ဖော် ပြဆိုရသနည်းဟု ပုစ္ဆာထုတ်**သည်**၊ ဤပုစ္ဆာအရ ဝိသဇ္ဇနကို ပြလို၍ "အညသ္မိံပိ" **စ**သည်မိန့်၊ တိပစ္စည်းကို သီးခြား ထုတ်ဆိုခြင်းသည် (ရှေ့**က**လိုက်လာသော တပ**စ္စည်း**နှင့်) ဤ တိပစ္စည်းမှတပါး အခြား တအက္ခရာပါရှိသော ပစ္စည်းကြောင့် ဓာတ်**န်**(န်)ဗျည်း၏ အာ အပြုကို တားမြစ်ရခြင်း**အ**ကျိုး ရှိသည်–ဟူလို၊ ဇနိတ္ဗာ-**စ**သည်ကား တ-**တိ** ၂-ပစ္စည်း **မ**ဟုတ်၍ **အာ** မပြုရပုံတည်း၊ ဇနိတ္ဗာ–ဇန+တ္ဗာ၊ ယထာဂမမိကာ**ရေ**ဖြင့် ဣလာ၊ ဇနိတာ–တုပစ္စည်း၊ သတ္ထာဒိဂိုဏ်း၊ ဇနိတုံ–အရဟာသက္ကာဒီသုစဖြင့် တုံပစ္**စ**ည်း၊ ဇနိတဗ္ဗံ–တဗ္ဗပစ္စည်း သက်ရုံသာ။

မှတ်ချက်။ ။ဇနိတ္ဗာ-စသောရုပ်များ၌ တ္ဗာပစ္စည်း **စသည့်** နှောင်းခြင်းကြောင့် ဓာတ်န်(န်)ကို အာမပြုခြင်း မဟုတ်, ဣအက္ခရာ ခြားနေခြင်းကြောင့်**သာ** ဓာတ်န်**ကို** အာ မပြုခြင်းဖြစ်၏၊ ထိုသို့ ဣအာဂမ်ခြားနေလျှင် "**ဇ**နိတော"ဟု တပစ္စည်း နှောင်း သော်လည်း အာ မပြုနိုင်၊ ထို့ကြောင့် "**ဇ**နိတ္ဗာ"**စ**သော ကစ္စည်းဝုတ္တိပုံစံကို ရူပသိဒ္ဓိ **မ**နှစ်**သ**က်ရကား "**ဇန္တု**-သတ္တဝါ"ဟု ပုံစံတမျိုးကို ပြလေသည်၊ [ယောဂဝိဘာဂဖြင့် ဇာယတိဟု ရုပ်ပြီးပုံကို အခြေပြမှာ ရှု။]

**ရမာဒိမန္တော** ၅၇၆။ ပရေ **တပစ္စယေ** တိမှိ**စ်**, ဂမ ခန ဟန ရမု ဣစ္စေ**ဝ** မာဒီနံ—ဂမ, ခန, ဟန, ရမု ဤသို့ အစရှိကုန်သော၊ ဓာတ်တို့ အန္တော ဗျဉ္ဇနော**စ** နော **ဝါ** ဟောတိ၊ သုန္ဒရံ-ကောင်းသော၊ နိဗ္ဗာနံ-နိဗ္ဗာန်သို့၊ ဂစ္ဆတိ-ကြွတော်မူတတ်၏၊ ဣတိ သုဂတော(ဘုရား)၊ သုန္ဒရံ နိဗ္ဗာနံ ဂစ္ဆတီတိ သုဂတိ၊ ခတံ-တူးအပ်၏၊ ခတိ—တူးခြင်း၊ ဥပဟတံ—ကပ်၍ သတ်အပ်၏၊ ဥပဟတိ—ခြင်း၊ ရတော-မွေ့လျော်၏၊ ရတိ-ခြင်း၊ မတော-သိအပ်၏၊ မတိ-ခြင်း၊ ဝါတိ **ကိမတ္ထံ**၊ ရမတော—မွေ့လျော်၏၊ ရမတိ—မွေ့လျော်၏၊ (ဣတိ-၏)၊ ၆၀၁။

---

၅၇၆။ ရမာဒိနမန္တော။ ။အာဒိဖြင့် ဂမ-ခနတို့ကဲ့သို့ မကာရန္တ နကာရန္တ ဓာတ်များကိုသာ ယူ၏၊ အန္တောသဒ္ဒါကို (ရှေ့သုတ်၌ကဲ့သို့) လိုက်မြဲ လိုက်စေလျှင် ဖြစ်နိုင်ပါလျက် "ရမာဒီန မန္တော"ဟု အန္တောကို ထပ်၍ဆိုခြင်းသည် "နော"သဒ္ဒါကိုပါ လိုက်စေလိုကြောင်း သိစေရခြင်းအကျိုးရှိ၏၊ မှန်၏-ဘုဇာဒိန မန္တောနောဒ္ဒိစသုတ်မှ အန္တောသဒ္ဒါသည် "ဇနာဒိနမာ တိမှိစ" သုတ်၌ လိုက်လျက်ရှိသော်လည်း ထိုသုတ်၌"နော"သဒ္ဒါ မလိုက်ပါချေ၊ ဤသုတ်၌ကား နောသဒ္ဒါပါ လိုက်စေလိုသောကြောင့် နောသဒ္ဒါ၏တွဲဖက်ဖြစ်သော"အန္တော" ကို ထုတ်ဖော်ပြရလေသည်၊ အန္တောကို တွေ့ရသဖြင့် "အန္တော+နော" ဟု ဘုဇာဒိနသုတ်၌ တွဲဖက်ဖြစ်သော နောလည်း လိုက်ပါလာကြောင်း သိရတော့သည်-ဟူလို။ [နျာသ အာမိပ္ပာယ်။]

ပုံစံများ။ ။သုဂတောစသည်ကို အခြေပြုကြည့်တွက်၊ "သုန္ဒရံ နိဗ္ဗာနံ ဂစ္ဆတီတိ သုဂတိ"ကား မကောင်းလှ၊ "ဂန္တဗ္ဗာတိ ဂတိ=ရောက်ထိုက်သော အရာ၊ သုန္ဒရာ+ဂတိ သုဂတိ=ကောင်းသော လားရာဂတိ"ဟု ကျမ်းဂန်တို့၌ စိစ်ပြုဖြှပ်ပြုသည်၊ ရတိတိုင်အောင် သုတ်ရင်းပုံစံ၊ မတော-မတိတို့ကား အာဒိဖြင့် ယူရသောပုံစံတည်း၊ "မန-ဉာဏေ"ဟု ဆို၊ "နိယတော, နိယတိ-မြဲခြင်း၊ နိပုဗ္ဗ ယမု=ဥပရမေ၊ တနနံ—ချဲ့ခြင်း, တတိ- ခြင်း, တနု=ဝိတ္ထာရေ၊ တိ"တို့ကိုလည်း ယူလေ။

ဝါတိ ကိမတ္ထံ။ ။ရမတေ ရမတိတို့၌ ရမုဓာတ် တေဝိဘတ် တိဝိဘတ် ဘူဝါဒိ အပစ္စည်း သက်၊ ဓာတ်နှင့် ချေသင့်သော်လည်း (ဘိဒါဒိတော သုတ်မှ လိုက်လာသော) ဝါသဒ္ဒါ မြစ်သောကြောင့် မချေရ-ဟု ဆို၊ "ရမတေ"အရာ၌ "ရမတော"ဟု ပါဌ်ပျက်ကိုတွေ့၍ ရမုဓာတ် အန္တပစ္စည်းသက်၊(ရမန္တ) နာမ်င့်, သသက်,န္တကို န္တုင့်,တောတိတာသုတ်ဖြင့် စိဘတ်နှင့်တကွ တောပြု,ဤသုတ်ဖြင့် ဓာတ်နှင့်ကို ချေသင့်သော်လည်း ဝါမြစ်သောကြောင့် မချေရ"ဟု ဆို၍ နျာသ ရှပ်တွက်သည်ကား ပါဌ်ပျက်ကို တွေ့ရခြင်းကြောင့်သာတည်း။

**ရကာရောစ** ၅၈၇။ ပရေ တပစ္စယေ တိမှိစ ဓာတူနံ၊ အန္တဘူတော—အဆုံးဖြစ်၍ ဖြစ်သော၊ ရကာရောစ—ရ အက္ခရာသည်လည်း၊ နော ဟောတိ၊ ပကာရေန—အပြားအားဖြင့်၊ ကရီယတိ-ပြုအပ်၏၊ ဣတိ ပကတော၊ ပဌမံ- အစစွာ၊ ကရီယတိ—ပြုအပ်၏၊ ဣတိ ပကတိ (ပင်ကို)၊ ဝိသရီယတိ—ပြန့်နှံ့အပ်၏၊ ဣတိ ဝိသတော-၏၊ ဝိသတိ-ပြန့်နှံ့ခြင်း၊ (၆၃၃)။

**ဌာပါန မိဤစ** ၅၈၈။ ပရေ တပစ္စယေ တိမှိစ, ဌာပါ ဣတိ-ဌာပါ ဟူကုန်သော၊ ဧတေသံ ဓာတူနံ, အန္တဿ—အဆုံးဖြစ်သော၊ အာကာရဿ—အာ အက္ခရာ၏၊ ယထာသင်္ချံ ဣကာရ ဤကာရာဒေသာ ဟောန္တိ၊ ယတြ-အကြင်အရပ်၌၊ ဌိတော-ရပ်တည်၏၊ ဌိတိ-တည်ခြင်း၊ ပီတော-သောက်ပြီ၊ ဝါ-သောက်အပ်၏၊ ပီတိ- သောက်ခြင်း၊ (၆၂၁)။

---

**မှတ်ချက်။** ။ရှဉ္စ "ဝါမြစ်သောကြောင့် ဓာတွန်မချေရ"ဟု မဆိုပဲ ဝိကရဏာ ဖြစ်သော ဘူဝါဒိ အပစ္စည်းက "ရမ်+အ+တေ" ဟု အလယ်၌ ခြားကွယ်နေသော ကြောင့် (တ) နှောင်းရာ၌ ဓာတွန်ကို မချေနိုင် ဟု ဆိုသည်၊ ရူပသိဒ္ဓိဆိုပုံက သာ၍ စည်းကမ်းကျ၏၊ ထို့ကြောင့် "ဝါတိ ကိမတ္ထံ၊ တန္တိ, မန္တိ"ဟု ဆိုလျှင် သာ၍ သန့်ရှင်းမည်၊ [တန္တိ-ချဲ့ထွင်ဘတ်သော ပါဠိ၊ တနု+တိ၊ မန္တိ-သိခြင်း၊ မန+တိ။]

၅၈၇။ ရကာရောစ။ ။ရှေ့သုတ်၌ အာဒိဖြင့် ရကာရန္တဓာတ်တို့ကို ယူလျှင် ပြီးနိုင်ပါလျက် ဤသုတ်ကို ထပ်၍ဆိုခြင်းသည် နိစ္စဝိဓိကို ပြရခြင်းအကျိုးရှိ၏၊ ဇူအာဂုံ မခြား ကွယ်ရာ၌ ဓာတွန် ရကို အမြဲချေပါ-ဟူလို၊ ဇူအာဂုံ ခြားကွယ်ရာ၌ကား "မရိတော သဗိတော"စသည်ဖြင့် ဓာတွန်မကြေပဲ ရှိရသည်၊ စသဒ္ဒါကား လိုက်လာသော "နော"သဒ္ဒါကို ငင်ခြင်းအနက်ရှိ၏၊ ထိုသို့ငင်သဖြင့် နောက်သို့"နော"သဒ္ဒါ မလိုက် ရတော့ပြီ၊ ပကတော၌ ပပုဗ္ဗ ကရဓာတ်, ပဉပသာရသည် ပကာရအနက်ကို ဟော သည်ဟု ယူ၍"ပကာရေန"ဟု ဖွင့်၏၊ နောက်ပကတိ၌ကား ပ ဉပသာရသည် အာဒိ ကမ္မ (အစအမှု) အနက်ဟောတည်း၊ ပကတော၌လည်း အာဒိကမ္မအနက်ရကောင်း သည်ပင်၊ ဝိသတော၌ ဝိပုဗ္ဗသရ- ဂတိစိန္တာယံ (ဂတိအနက် ကြံခြင်းအနက်) ဟုဆို၍ ရုပ်တွက်၊ ပြန့်နှံ့ခြင်း ဟူသည်လည်း ရွေ့ရှား သွားလာခြင်း ဂတိအနက်ပင်တည်း၊ သရတီတိ သတော (သတိရတတ်သူ)၊ မရတီတိ မတော-စသည်ဖြင့် အလားတူ ရုပ်တွေ ပေါ်၏။

**၅၈၈။ ဌာပါနမိဤစ။** ။စသဒ္ဒါသည် ဇူအပြုကိုပေါင်းသော သမ္ပိဏ္ဍနဟု ချာသဆို၏၊ ရှဉ္စကား တဝန္တု-တွာစသော အခြားပစ္စည်းများကြောင့် ဇူ ဤ အပြုကို ဆည်းခြင်း သမုစ္စည်းအနက် ရှိ၏ဟု ဆို၍ "ဌိတဝါ—တည်ပြီ၊ အဓိဋ္ဌိတွာ—ဆောက်တည်၍၊ ပီဘဝါ-သောက်ပြီ၊ ပိတွာ (ပီတွာန) သောက်၍"ဟု ပုံစံထုတ်၏။ ပိတွာ-သောက်၍ (ပါဓာတ်)၊ ဟိတွာ - စွန့်၍ (ဟာဓာတ်) တို့၌ကား ယထာဂမမိကာရေဖြင့် ဇူ လာ၍ ပြီးသည်။]

ဟန္တေဟိ ၊ပေ၊ နဟာနံ ၅၇၉။ အဒဟ နဟာနံ-ဒဟခေတ်, နဟခေတ် မဟုတ်ကုန်သော၊ ဟကာရ ဠ္ထစ္စေဝ မန္တေဟိ-ဟ အက္ခရာအဆုံးရှိကုန်သော၊ ခေတ္တုဟိ (ပရေသ) တပစ္စယေသ ဟကာရာဒေသော ဟောတိ၊ ခေတ္တုဿ-သော၊ဟကာရဿ-ဟ အက္ခရာ၏၊ ဌေ္ဘာ-ဋ္ဌ အပြုသည်၊ ဝါ ဟောတိ၊ အာရုဟိတ္ထ-တက်ရောက်ပြီ၊ ဠ္ထတိ အာရုဠ္ဌော၊ ဂါဠ္ဌော-မွေနှောက်ပြီ၊ ဗာဠ္ဌော—ပြင်းထန်ပြီ၊ ရုဠ္ဌော—တက်ရောက်ပြီ၊ အဒဟ နဟာနံ ဠ္ထတိ ကိမတ္တံ၊ ဒယှတိ-လောင်အပ်၏၊ ဠ္ထတိ, ဒဍ္ဎော(မီးလောင်အပ်သော အရာ)၊ (သုဋ္ဌု)-ကောင်းစွာ၊ နယှတိ—ဖွဲ့အပ်၏၊ ဠ္ထတိ သန္နဒ္ဓေါ- (ကောင်းစွာ ဖွဲ့အပ်သောအရာ)၊ (၆၂၂)။

ကိဗ္ဗိဓာနကပ္ပေ တဝါိယော ကဏ္ဍော ဠ္ထတိ။

---

၅၇၉။ ဟန္တေဟိ အဒဟ နဟာနံ။ ။ "ဟန္တေဟိ" အရ ဟ, အဆုံးရှိသောခေတ်ဟူသမျှကို ယူမည်စိုးသောကြောင့် "အဒဟ နဟာနံ" ဟု ဝိသေသနကူမရမည်၊ အဒဟ နဟာနံသည် ဝိသေသန၊ ဟန္တေဟိကား ဝိသေသျ၊ ဝိသေသနနှင့် ဝိသေသျတို့သည် များသောအားဖြင့် လိင်ဝိဘတ် ဝုစ်တူရိုးရှိသော်လည်း "ဝိသတိ+စိတ္တာနိ" စသည်ကဲ့သို့ လိင်ဝုစ်မတူလည်း ရှိ၏။

"ဆင်္ဂဟိတေန+သင်္ဂဟိတံ"၌ ဝိဘတ် မတူပဲပင် တုလျာဓိကရဏ ဝိသေသန ဝိသေသျ ဖြစ်ရသကဲ့သို့ ဝိဘတ်ပါ မတူသောအရာလည်း ရှိ၏၊ ထို့ကြောင့် "အဒဟနဟာနံ+ဟန္တေဟိ"၌လည်း ဝိဘတ်မတူပဲ တုလျာဓိကရဏ ဖြစ်ကြရသည်၊ ထို့ကြောင့် "အဒဟ နဟာနံ+ဟန္တေဟိ-ဒဟ နဟ မဟုတ်ကုန်သော ဟကာရန္တခေတ်တို့မှ"ဟု ပေးသည်။

ဆိုလိုရင်းကား— "ဟကာရန္တ ခေတ်တို့နောင် တကို ဟ ပြု၏၊ သို့သော် ဟကာရန္တချင်း တူစေကာမူ ဒဟ—နဟ ခေတ်တို့နောင်ကား မပြုရ"ဟု ဆိုလိုသည်၊ [ဆရာတို့ကား "အဒဟ နဟာနံ-ဒဟခေတ် နဟခေတ် မဟုတ်ကုန်သော ခေတ်အများတို့တွင်"ဟု ပေးကြ၏၊ နိဒ္ဒေသကား "အဒဟ နဟာနံ-ဒဟ နဟ မဟုတ်သော ခေတ်တို့၏ (အဆုံးဖြစ်သော)၊ ဟဿ-ဟ၏"ဟု ပေးစေလိုသည်။]

စအပြုကို တားမြစ်သုတ်။ ။"ဓဘာဟေဟိ ဓဓါစ"သုတ်သည် ဟအဆုံးရှိသော ခေတ်နောင် တကို ဓပြုဟု ဆိုထား၏၊ သို့ဖြစ်၍ ထိုသုတ်၏ ဓ အပြုကို တားမြစ်ခြင်းငှာ ဤ ဟပြုသော သုတ်ကို ဆိုရသည်၊ ဓဘာဟေဟိသုတ်က တွေ့သမျှ ဟကာရန္တခေတ်နောင် တကို ဓပြုရမည်မဟုတ်, အချို့ ဟကာရန္တခေတ်နောင် တကို ဤသုတ်ဖြင့်လည်း ဟ ပြုရပါသေးသည်-ဟူလို၊["ဓတ္တာပဝါဒေါ-ယံ"—ရူပ်ဒီကာ၌ ဓတ္တာပဝါဒေါယံ ဋ္ဌကာရဝိဓိ"ဟု ပါ၌ပျက်၏ "ဟကာရဝိဓိ" ဟု ရှိစေရမည်။]

**ဏမှိ ရန္ဒသ ဇော ဘာဝကရဏေသု**

၅၉၀॥ ဘာဝကရဏေသု-တို့၌၊ ပရေ ဏမှိ ပစ္စယေ ရန္ဓက္ခတိ တေသံ ဓာတူသံ—၏၊ အန္တဘူတသံ—အဆုံးဖြစ်၍ဖြစ်သော၊ န္ဓကာရသံ—န္ဓ အက္ခရာ၏၊ ဇောအာဒေသော ဟောတိ၊ ရန္ဓိတဗ္ဗော-တပ်ဝဲခြင်း၊ ရာဂေါ—တပ်စွဲခြင်း၊ ဘာဝ-ထိုလောဘဖြင့်၊ ရန္ဓန္တိ- တပ်စွဲကုန်၏၊ ဣတိ ရာဂေါ၊ ဘာဝကရဏေသူတိ ကိမတ္ထံ၊ ရန္ဓတိ-တပ်စွဲ၏၊ ဣတိ ရင်္ဂေါ—မည်၏၊ ဣတိ—ဤပြယုဂ်၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ (၅၇၀)॥

---

ဟဃလောဝါ॥ ॥တပစ္စည်းကို ဟပြုပြီးနောက် "ဟကို လပြု"ဟု ဆိုရာ၌ မည်သည့် ဟဟု သတ်မှတ်လျက် မရှိသောကြောင့် "အာရုဟ်+ဟ"ဟု ၂-လုံး ရှိရာဝယ် ရှေ့ ဟကို ပြုရမည်လား, နောက် ဟကို ပြုရမည်လား ဟု ယုံမှားဖွယ် ရှိ၏၊ သို့သော် နောက် ဟကို လ ပြုစေလိုလျှင် အစကပင် တပစ္စည်းကို ဟပြုဖွယ် မလို၊ "ဟန္တေဟိ လော=ဟ အဆုံးရှိသော ဓာတ်နောင် တကို လပြု"ဟု ဆိုရုံမျှဖြင့် ကိစ္စပြီးစီးနိုင်၏၊ ယခုမှာ "ဟန္တေဟိ ဟော"ဟု တပစ္စည်းကို တမင်လာဟ ပြုထားသောကြောင့် ဤ လပြုရမည့် ဟသည် ရှေ့ဖြစ်သော ဟသာဖြစ်၏—ဟု မှတ်ထိုက်သည်၊ [ဧတ္ထ ကိဥ္စာပိ "ဟဃလောဝါ"တိ အနိယမေတွာ ဝုတ္တံ, တထာပိ "ဟန္တေဟိ လော"တိ အဝတွာ "ဟန္တေဟိ ဟော"တိ ဝုတ္တတ္တာ ဓာတွန္တဿေဝ ဟောတီတိ ဒဋ္ဌဗ္ဗံ—နျာသ၊] လ ပြုရာ၌ လငယ် ဌကြီး မထူးသောကြောင့် ပါဠိရှိတိုင်း ဌကြီးသာပြု॥

ပုံစံများ॥ ॥အာရုဠှော စသည်ကို အခြေပြုကြည့်တွက်၊ ဂါဠှော၌"ဂဟ=ဥပါဒါနေ"ဟု နျာသ၌ ဓာတ်နက်ဆို၏၊ "ဂါဠှော=ယူအပ်၏"ဟု အနက်ပေးရသော ပါဌ်ကို မတွေ့ရဖူးချေ၊ ထို့ကြောင့် ဂဟဓာတ် ဟု နျာသဆိုသည်ကို ကစ္စာယန ဝဏ္ဏနာသည်ပင် မကျေနပ်၍ "ဂါဟ=ဝိလောဠနေ (မွှေနှောက်ခြင်း)"ဟု ဆိုလေသည်၊ အခြား သက္ကတနှင့် ဓာတွတ္ထသင်္ဂဟတို့၌ "ဂါဟူ=ဝိလောဠနေ, ဝိလောဠနေ"ဟူ ရှိကြ၏၊ ထို့ကြောင့် ရူ၌လည်း "ဂါဟူ"ဟု ဦကာရန္တဖြင့် ပါဌ်မှန်ရှိစေ၊ ရုပ်ပြီးပုံနှင့်တကွ "အာရုဠှော=အာရူဠှော"စသော မူကွဲ အသီးသီးရှိပုံကို အခြေပြု၌ပင် ပြထားပြီ॥

---

၅၉၀॥ ဘာဝကရဏေသု॥ ॥"ရန္ဓိတဗ္ဗော ရာဂေါ"ဖြင့် ဘောအနက် ပုံစံကို ပြ၏၊ ["အကမ္မကေဟိ ဓာတူဟိ, ဘာဝေ ကိစ္စာ နပုံသကေ"ဟု ဆိုသောကြောင့် ကိစ္စပစ္စည်းဖြစ်သော တဗ္ဗဖြင့် "ရန္ဓိတဗ္ဗော"ဟု နပုလ္လိင်ထားခြင်းသည် မကောင်း၊ ရဥ္စနံ=ရာဂေါဟု ယုပစ္စည်းဖြင့်သာ ဘာဝသာဓနပြုသင့်၏॥]"ရန္ဓန္တိ တေန" ကား ကရဏသာဓန၏ ပုံစံတည်း၊ ["ရန္ဓန္တိ" ဟူရာ၌ ပါဠိများဝယ်

**ဟနဿ ဃာတော**

၅၉၁။ ပရေ ဏမှိ—(ဏ အနုဗန္ဓရှိသော)၊ ပစ္စယေ—ကြောင့်၊ သဗ္ဗဿ-သော၊ ဟန ဣတိ ဧတဿ ဓာတုဿ ဃာတာဒေသော ဟောတိ၊ ဥပဟနတိ—ကပ်၍ ညှဉ်းဆဲတတ်၏၊ ဣတိ ဥပဃာတော၊ ဂါဝေါ-နွားတို့ကို၊ ဟနတိ-သတ်တတ်၏၊ ဣတိ ဂေါဃာတကော-မည်၏၊ (နွားသတ်သမား)၊ (၅၄၅)။

---

“ရဉ္ဇတိ”ဟု အရှိများ၏၊ ရန္ဓဓာတ်မှ နကို “နိဂ္ဂဟီတံ သံယောဂါဒိ နော”ဖြင့် နိဂ္ဂဟိတ်ပြု၍ ဝဂ္ဂန္တပြု။]

မှတ်ချက်။ ။ဏပစ္စည်းသည် “အညေကိတ်”သုတ်အရ ကိတ်ပစ္စည်းတွင်ပါဝင်၍ “ကတ္တရိကိတ်”သုတ်အရ ကတ္တား အနက်၌လည်းကောင်း, “ဘာဝေစ”သုတ်အရ ဘောအနက်၌လည်းကောင်း, ဤ ၂-မျိုး၌ **သက်ရကြောင်းသာလျှင်** ထင်ရှား၏၊ ဤသုတ်၌**ကား**— “**ကရဏေ**” ဟု ဆိုပြန်သဖြင့် ဏပစ္စည်းသည် ဝိသရုဇပဒါဒိတော ဏ သုတ်ဖြင့် ကရိုဏ်းအနက်၌ သက်နိုင်ကြောင်းလည်း ထပ်၍ သိရပြန်၏၊ ကရိုဏ်း အနက်၌ သက်နိုင်ပြန်လျှင် ကရိုဏ်းအနက်ကဲ့သို့ သုတ်အဆို **တိုက်ရိုက်** မရှိခြင်း တူသော ကံ-သမ္ပဒါန်-အပါဒါန်-အဓိကရဏဟူ**သော** ကြွင်း သာနေတို့၌လည်း “ဝိသရုဇ”သုတ်ဖြင့် ဏပစ္စည်း သက်နိုင်၏ဟု သိရပြန်သည်၊ “ဏမှိ ရန္ဓဿ ကရဏေ” စသော ရူပါထာ၏ အဓိပ္ပာယ်တည်း၊ ပုံစံများလည်း ရှု၍ တိုက်ရိုက်ပါသည်။

[ဆောင်] ကတ္တား-ဘောသာ, ဏသက်လာလည်း, ဤမှာ ကရဏ, တိုက်ရိုက် ပြသည့်, ဆရာ့ စကား, သက်သေ ထား၍. အခြားနက်လည်း, ဏ ပစ္စည်း, သက်နည်း သိရပြန်။

ပုံစံများ။ ။ရာဂေါကို အခြေပြုကြည့်၍တွက်၊ “ရဉ္ဇတိတိ ရင်္ဂေါ”၌ ရဉ္ဇတိဟု ကတ္တုသာဓ် ဝိဂ္ဂိုဟ်ပြုထားသဖြင့် (**ဘောအနက် ကရိုဏ်းအနက် မဟုတ်**), ကတ္တားအနက်ဖြစ်သောကြောင့် ဤသုတ်ဖြင့် နှကို ဇ မပြုရဟု ဝုတ္တိဆရာဆိုလို၏၊ သို့သော် ရူပသိဒ္ဓိ၌ “ဘာဝကရဏေ”ကို ဖြုတ်၍ “ဏမှိ ရန္ဓဿ” ဟူသော ယောဂဝိဘာဂဖြင့် ကတ္တား**အ**နက်၌သက်သော ဏ ပစ္စည်းကြောင့်လည်း နှကို ဇပြု၍ “သယံ ရဉ္ဇတိတိ ရာဂေါ”ဟု **ကတ္တု**ရုပ်ပြသေးသည်၊ ထို့ကြောင့် ကတ္တုသာဓနဖြင့် “ရာဂေါ” ရှိနိုင်သည်ဟု မှတ်ပါ၊ ရင်္ဂေါ ရုပ်ပြီးပုံကို နိဂ္ဂဟီတံ သံယောဂါဒိနောသုတ် ကြည့်။

---

၅၉၁။ ဏမှိပစ္စယေ။ ။“ဏမှိ”ဟူရာ၌ ဏပစ္စည်းတမျိုးသာမက, ဏ အနုဗန္ဓပါသော ဏော-ဏယ စသည်တို့ကိုပါ ယူရ၏၊ ထို့ကြောင့် စုရာဒိဂိုဏ်းဖြင့် “ ဃာတေတိ ဃာတယတိ ” တို့၌ “ဟန်+ဏေ (ဏယ) +တိ”ဟု ရှိရာ၌ ဏ် အနုဗန်ချေ၊ ဤသုတ်ဖြင့် ဟန်ကို ဃာတပြု၍ ပြီး၏၊ ဥပဟနတည်၍ ဥပဃာတော စသည်ကို အခြေပြုကြည့်တွက်။

ဝဓောဝါ သဗ္ဗတ္ထ — ၅၉၂။ သဗ္ဗတ္ထ– အလုံးစုံကုန်သော၊ ဌာနေသု–အရာတို့၌၊ ဟန ဣတိ ဧတဿ ဓာတုဿ ဝဓာဒေသော ဝါ ဟောတိ၊ ဟနတိ-၏၊ ဣတိ ဝဓော, ဝဓကော - မည်၏၊ အဝဓိ - သတ်ပြီ၊ (ညှဉ်းဆဲပြီ)၊ အဟနိဝါ-လည်း ရှိသေး၏၊ (၅၀၄)။

အာကာရန္တာနံ မာယော — ၅၉၃။ ပရေ ဏမှိ ပစ္စယေ အာကာရန္တာနံ ဓာတူနံ–တို့၏၊ အန္တဿ-ဖြစ်သော၊ အာကာရဿ-အာအက္ခရာ၏၊ အာယာဒေသော ဟောတိ၊ ဒဒါတိ—ပေးလှူတတ်၏၊ ဣတိ ဒါယကော-ဒါယကာမည်၏၊ (အလှူ့ရှင်, အလှူ့ဒကာ)၊ ယဿ-အကြင်သူ၏- ဒါနံ-ကို၊ ဒါတုံ-ပေးလှူခြင်းငှာ၊ သီလံ- အလေ့သည်၊ အတ္ထိ၊ ဣတိ ဒါနဒါယီ-မည်၏၊ အဿ- ထိုသူ၏၊ မဇ္ဇံ-သေရည် အရက်ကို၊ ပါတုံ- သောက်ခြင်းငှာ၊ သီလံ အတ္ထိ၊ ဣတိ မဇ္ဇပါယီ- (သေရည်သောက်ကြူးသူ, အရက်သမား)၊ ယဿ-၏၊ နဂရံ–မြို့သို့၊ ယာတုံ- သွားခြင်းငှာ၊ သီလံ အတ္ထိ၊ ဣတိ, နဂရယာယီ- မြို့သို့ သွားလေ့ရှိသူ၊ (၅၆၅)။

---

၅၉၂။ သဗ္ဗတ္ထ။ ။ဏ် အနုဗန်ရှိသော ပစ္စည်းသာ မက, ဝဓေတိစသော အာချာတ်အရာ, ဝဓိတွာ စသော (ဏ အနုဗန်ရှိသော ပစ္စည်းမှ တပါးသော) အခြား ကိတ်အရာတို့၌လည်း ဟန်ကို ဝဓ် ပြုစေလိုသောကြောင့် "သဗ္ဗတ္ထ"ဟု ဆိုသည်၊ "ဌာနေသု" ဟု မဖွင့်ပဲ "သဗ္ဗတ္ထ ဝိဘတ္တိပစ္စယေသု" ဟုလည်း ရှင်ဖွင့်သည်၊ "ဝဓော ဝဓကော"ရုပ်ကို အခြေပြုကြည့်၊ "အဝဓိ"ကား အဇ္ဇတနီ ဤဝိဘတ်ရုပ်တည်း၊ "အဟနိဝါ"ကား ဝိကပ်အနက်ကို ပြသော ပုံစံတည်း၊ ဝါမြစ်သောကြောင့် ဝဓ် မပြုပဲ အဇ္ဇတနီ ဤဝိဘတ်ဖြင့် "အဟနိ" ဟုလည်း ရှိသည် - ဟူလို၊ ဤဝိဘတ်ကို ကွဲစိဓာတုဖြင့် ဣရဿပြု၊ နျာသ၌လည်း ဝါကို ဝိကပ္ပနတ္ထဟုပင် ဖွင့်၏။

ရှင်ကား ဝဝတ္ထိတဝိဘာသတ္ထဟု ဖွင့်၏၊ အာချာတ်၌ဖြစ်စေ, ကိတ်၌ဖြစ်စေ ပါဠိပြယုဂ် ရှိသည့်အားလျော်စွာ ဟန်ကို ဝဓ်ပြုလေ-ဟူလို၊ ဝဓေတိ၌ "ဟန်+ ဘူဝါဒိ အ+တိ"အပစ္စည်းကို လောပဋ္ဌေတ္တ မကာရေဖြင့် ပြေ၊ [ဝဓူ-မိန်းမ, ချွေးမ"ဟူရာ၌ကား ဝဟဓာတ် ဦပစ္စည်းဟု သောမနိမိဆို၏၊ "ပိတုဂေဟတော ပတိဂေဟံ ဥဟျတေတိ ဝဓူ-မိဘအိမ်မှ လင့်အိမ်သို့ ဆောင်ယူအပ်သူ" ဟု ဝိဂ္ဂဟပြု၏၊ ဥဟျတေ၌ ဝကို ဥပြု။]

---

၅၉၃။ အာကာရန္တာနံ။ ။ "အာကာရာန– မာယော" ဟု မဆိုပဲ "အာကာရန္တာနံ"ဟု အန္တထည့်၍ ဆိုခြင်းသည် "အာ အက္ခရာတိုင်းကို အာယ မပြု–ဓာတွန်ဖြစ်သော အာကိုသာ အာယပြု၏"ဟု သိစေရခြင်း အကျိုးရှိ၏၊

ပုရ သ မုပ၊ပေ၊ခရာဝါ ၅၉၄။ ပရေ, တပစ္စယေစ-တပစ္စည်းကြောင့်လည်း-
တ ပစ္စယေသုစ ကောင်း၊ ဏမ္ဓိစ—လည်းကောင်း၊ ပုရ သံ ဥပပရိ
ဣစ္စေတေဟိ—ပုရ, သံ, ဥပ, ပရိ ဤ သဒ္ဒါတို့မှ၊ (ပရသ္မ)ကရောတိဿ(ကရဓာတုဿ)-ကရဓာတ်၏၊ ခ ခရာဒေသော ဝါ ဟောန္တိ၊ ပုရေ-ရှေ့၌၊ ကရီယတိ-ပြုအပ် (ထားအပ်)၏၊ ဣတိ ပုရက္ခတော-၏၊ (ရှေ့၌ ပြုအပ် ရှေ့၌ထားအပ်သူ)၊ သမ္မာ-ကောင်းစွာ၊ ကရီယတိ-၏၊ ဣတိ သင်္ခတော (ကောင်းစွာ ပြုအပ်သောတရား စသည်)၊ ဥပဂန္တွာ-ကပ်၍၊ ကရီယတိ၊ ဣတိ ဥပက္ခတော-၏၊ ပရိ(သမန္တတော)—ထက်ဝန်းကျင်၌၊ ကရောတိ—ပြုတတ်၏၊ ဣတိ ပရိက္ခာရော (သက်န်းစသော ပရိက္ခရာ)၊ သံ ကရီယတိ-ကောင်းစွာ ပြုအပ်၏၊ ဣတိ သင်္ခါရော (သင်္ခါရတရား)၊ ဥပဂန္တွာ-ကပ်၍၊ ကရောတိ၊ ဣတိ ဥပကာရော-၏၊ (ကျေးဇူးပြုတတ်သူ)၊ (၅ဂ၃)။

---

ရုပ်တွက်ပုံအစဉ်ကို အခြေပြုကြည့်၊ ဒါနဒါယိ၌ ဒါနသဒ္ဒူပပဒ ဒါတည့်,တဿီ လာဒိသု သုတ်ဖြင့် ဏီပစ္စည်းသက်၊ မဇ္ဈပါယိ၌ မဇ္ဇ သဒ္ဒူပပဒ “ပါ=ပါနေ” ဟု ဆိုရှုံသာ၊ နဂရယာယီ၌ နဂရ သဒ္ဒူပပဒ “ယာ=ဂတိ ပါပုဏနေသု”ဟု ဆိုရှုံသာ၊ [“သီဃံ ယာယတိ သီလေနာတိ သီဃယာယီ—လျင်စွာ သွားလေ့ ရှိသော ယောကျ်ား၊ နပုလ္လိင်၌ ရဿ ပြု၍ “သီဃယာယိ—လျင်စွာ သွားလေ့ ရှိသော စိတ်”ဟုလည်းကောင်း, ဣတ္ထိလိင်၌ ဒဏ္ဍိနီကဲ့သို့ “ သီဃယာယိနီ ”ဟု လည်းကောင်း ဖြစ်၏၊ ယာယတိ၌ကား ယာဓာတ် ဒိဝါဒိ ယပစ္စည်းတည်း။]

---

၅၉၄။ တ ပစ္စယေသုစ။ ။“တ ပစ္စယေသု”ဟု ဗဟုဝုစ် သု သဒ္ဒါဖြင့် ဆိုခြင်းကြောင့် တပစ္စည်းတမျိုးသာ မက, တအက္ခရာပါသော တွာ, တုံပစ္စည်း စသည်ကိုလည်း ယူနိုင်သည်၊ “ပုရက္ခတွာ-သင်္ခရိတုံ”စသည်တည်း၊ [နိဒ္ဒေသ၌ကား “ကတ္တုကမ္မ ဘာဝသာဓနတို့၌”သက်သော တပစ္စည်းတမျိုးကို ယူ၊ ထိုသို့ ယူရာ၌“ကတ္တားဟော တ, ကံဟော တ, ဘောဟော တ”ဟု တ ပစ္စည်းတွေ များနေသည့်အတွက် “တ ပစ္စယေသု”ဟု ဗဟုဝုစ်ဖြင့် ဆိုရကြောင်းကို မိန့်၏။] သုစ၌ စသဒ္ဒါသည် ဏမ္ဓိပစ္စည်းကို ငင်၏။

ကရောတိဿ။ ။ကရောတိဿ၌ တိအက္ခရာကား ဓာတ်ကို ညွှန်ပြသော ဓာတုနိဒ္ဒေသတည်း၊ ထို့ကြောင့် ကရောတိဿကို “ကရဓာတုဿ”ဟု ဖွင့်သည်၊ [ကရဓာတ်၏ တနာဒိဂိုဏ်းဖြစ်ကြောင်း ထင်ရှားအောင် ဩဟူသော ဝိကရဏ ပစ္စည်းပါထည့်၍ “ကရောတိဿ”ဟု ဆိုရသည်၊ ကရောတိ၌ တိလည်း ဝိဘတ် မဟုတ်, တိပစ္စည်းသာ၊ ရှုအဆုံးနားမှာ ရှု။]

တစေတုနာဒီသု ကာ

၅၉၅။ တဧေတုန ဣစ္စေဝမာဒီသု၊ပေ၊ဟောတိဝါ၊ ကာတဝေ, ကာတုံ-ပြုဖို့ရာ၊ ကတ္တုံ၊ဝါ-လည်းရှိ၏၊ ကာတုန-ပြု၍၊ ကတ္တုန၊ဝါ-လည်းရှိ၏၊ (၅၃၈)။ [ကတ္တားဟောဟု ကစ္စည်း အလိုရှိသောကြောင့်“ပြုခြင်းငှာ”ဟု မပေးပဲ “ပြုဖို့ရာ”ဟု ပေးသည်၊ ရုပ်ဘွက် ပုံနှင့်တကွ တုနာဒီသု၌ အာဒိဖြင့် ယူဖွယ်ကို အခြေပြုနှင့် ရှုတိုင်း၌ ပြထားသည်၊ တဧေတုံ နောင် သ ဝိဘတ်သက်ရပုံကိုလည်း ရှု၌ပင် ပြထား၏၊ ကတ္တုံ ကတ္တုန တို့ကို “တုံ တုန တဗွေသုဝါ” သုတ်ကြည့်။]

---

ပုံစံများ။ ။ရုပ်ပြီးပုံကို အခြေပြုမှာရှု၊“ဥပကာရော”ကား ဝါမြစ်သော ကြောင့် ခရ မပြုသော ပုံစံတည်း၊ [“ဥပကာရော-ဝါ”ဟု ဝါသဒ္ဒါကိုတွေ့ရ၏၊ “ဥပကာရောသည် ခရော‌ဝါ၌ ဝါ၏ ပုံစံတည်း” ဟု အဓိပ္ပါယ် ပြောသည်ကို “ဝါ”ဟု မှတ်ထားရာမှ ကူးမှားလာဟန် တူသည်၊ “ဝါတိ ကိမတ္ထံ၊ ဥပဂန္တာ ကရောတိတိ ဥပကာရော”ဟု ရှိလျှင် ကောင်း၏။]

ပုရေက္ခာရော။ ။“ပုရက္ခာရော= ပုရေက္ခာရော” ဟု ပါဌ် ၂-စောင် ရှိရာ မောဂ္ဂလ္လာန်၌ “ ပုရသ္မာ (၁၃၄)” သုတ်တည်၍ ပုရာနိပါတ်နောက် ကရကို ခရပြုပြီးလျှင်“တဒမိနာဒီနိ”သုတ်ကြီးဖြင့် ပုရာ၏ အာကို ပြေ၍“ပုရေက္ခာရော” ကို ပါဌ်မှန်လုပ်၏၊ “ပုရေ + ကရီယတိ” ဟူသော ဝိဂ္ဂြိုဟ်အရ ပုရနောင် သိမ် သက်, ကရနောင် ဏ သက်၍ သမာသ် စပ်ပြီးလျှင် သိမ်ဝိဘတ် မကြေသော အလုတ္တသမာသ်ဟုလည်း ကြံသင့်၏၊ ထို့ကြောင့် သီဟိုဠ်မူ ရူပသိဒ္ဓိ၌ “ပုရေသံ ဥပပရိ ဣစ္စေတေဟိ”ဟု ပုရကို ပုရေဟု ဝုတ္တိဖွင့်သည်၊ ပုရက္ခတော ပုရက္ခတ္ဗာ တို့၌ကား ပုရဟုပင် ရှိကြ၏၊ ပုရက္ခတွာ၌ “ပုရက္ခိတ္ဗာ” ဟုလည်း စာအများ ရှိနေ၏၊ အက္ခရာတလုံးတည်းဖြစ်နေသော ( ကပ်ဖွယ် သရအသစ်လည်း မလို သော) ဓာတ်များ၌ “ကတွာ”စသည်ဖြင့် ဣအက္ခရာ လာရိုး မရှိသောကြောင့် “ပုရက္ခတွာ”ဟု ဣအာဂုံမပါသော ပါဌ်ကိုသာ ပါဌ်မှန်ဟု ဆုံးဖြတ်ကြ၏။

ယောဂဝိဘာဂ။ ။“တပစ္စယေသု”ကို ဖြုတ်၍“ကရောတိဿ ခရော‌ဝါ” ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် တိဝိဘတ် ယ ပစ္စည်း နှောင်းရာ၌ လည်း ခရပြု၍ “အဘိသင်္ခရောတိ–ပြုပြင်တတ်၏၊ သင်္ခရီယတိ–ပြုပြင်အပ်၏” စသော ရုပ်များလည်း ဖြစ်၏၊ ကရကို ခရပြုရာ၌ ခရသည် ဓာတ် မဟုတ်သော် လည်း ဌာနူပစာရအားဖြင့် ဓာတ်အမည်ရသောကြောင့် အသံယောဂန္တဿ ဝုဒ္ဓိကာရိတေသုတ်ဖြင့် ဝုဒ္ဓိပြု၍ “သင်္ခါရော”စသည် ဖြစ်နိုင်၏။ [ရူပသိဒ္ဓိ၌လည်း ဤအဓိပ္ပါယ် ပါသည်။]

**ဂမ ခန ဟနာဒိန် တုံတဗ္ဗာဒီသုန**

၅၉၆။ တုံတဗ္ဗာဒီသု ပစ္စယေသု, ဂမ ခန ဟန ဣစ္စေဝ မာဒီနံ ခေါတူနံ, အန္တဿ—အဆုံးဖြစ်သော မ အက္ခရာ န အက္ခရာ၏၊ န ကာရော-န အပြုသည်၊ ဝါ ဟောတိ၊ ဂန္တုံ, ဂမိတုံ-သွားဖို့ရာ၊ ဂန္တဗ္ဗံ, ဂမိတဗ္ဗံ-သွားရာ၏၊ (သွားထိုက်၏)၊ ခန္တုံ၊ပေ၊ခနိတဗ္ဗံ-တူးဖို့ထိုက်၏၊ ဟန္တုံ၊ပေ၊ဟနိတဗ္ဗံ—သတ်ဖြတ်ထိုက်၏၊ မန္တုံ၊ပေ၊မနိတဗ္ဗံ—သိထိုက်၏၊ အာဒိဂ္ဂဟဏံ ကိမတ္ထံ- တုနဂ္ဂဟဏတ္ထံ-တုနပစ္စည်းကို ယူရခြင်းအကျိုး ရှိ၏၊ ဂန္တုန-သွား၍၊ ခန္တုန—တူး၍၊ ဟန္တုန—သတ်ဖြတ်၍၊ မန္တုန-သိ၍၊ (၅၅၂)။

---

၅၉၆။ ရုပ်တွက်ပုံကို အခြေပြုကြည့်၊ ဂမိတုံစသည်ကား ဤသုတ်ဖြင့်မစီရင် ရသော ဝိကပ်ရုပ်တည်း၊ ယထာဂမမိကာရောဖြင့် ဣလာရုံသာ၊ ဂမ—ခန— ဟန အစဉ်အတိုင်း ဟနိတဗ္ဗံတိုင်အောင် ပုံစံပြ၍ ဟနာဒိန်၌ အာဒိ၏ပုံစံကို ပြလို သောကြောင့် "မန္တုံ၊ပေ၊မနိတဗ္ဗံ"ဟု မိန့်သည်၊ ကျမ်းဂန်တို့၌ "မနိတဗ္ဗံ"ဟု အတွေ့နည်း၏၊ ဒိဝါဒိဂိုဏ်းဖြစ်၍ ကဍ္ဍရိုအလိုက် ကြဉ်သော "ဒိဝါဒိတော ယော"ဟူသော ယောဂဝိဘာဂဖြင့် သက်သော ယ ပစ္စည်းဖြင့် "မညိတဗ္ဗံ" ဟု သာ ရှု၌ ရှိသည်။

အာဒိဂ္ဂဟဏံ။ ။တုံ တဗ္ဗာဒီသု၌ "အာဒိသဒ္ဒါဖြင့် တုနကိုယူ"ဟု ပြလို၍ "အာဒိဂ္ဂဟဏံ ကိမတ္ထံ"ဟု ပုစ္ဆာထုတ်ပြီးလျှင် "တုနဂ္ဂဟဏတ္ထံ"ဟု မိန့်သည်၊ ဤ "တုနဂ္ဂဟဏတ္ထံ" သည် တုနကို မှတ်၍ ဆိုအပ်သော ဥပလက္ခဏနည်းသာ တည်း၊ ထို့ကြောင့် ရှု၌ တအက္ခရာပါသော တဝေ- တုန- တွာန- တွာ တို့ကို အာဒိဖြင့် ယူသည်၊ ဂန္တဝေ, ဂန္တုန, ဂန္တွာန, ဂန္တွာ-စသည်တည်း၊ တုပစ္စည်း ကိုလည်း ယူ၍ "ဟန္တာ လဘတိ ဟန္တာရံ = သူများကို သတ်သူသည် မိမိကို သတ်မည့်သူကိုလည်း ရတတ်၏"စသည် ရှိသေး၏။

(န်) ထပ်ပြုရကျိုး။ ။ဂန္တုံစသည် ပြီးရသောကြောင့် ဂမုခေါတ်၌(မ်)ကို (န်)ပြုရခြင်း၏ အကျိုးမှာ ထင်ရှား၏၊ ခန္တုံစသည်၌ (န်)ကို (န်) ထပ်ပြုခြင်း ကား အဘယ်အကျိုး ရှိသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား— (န်) ကို (န်) ထပ်မပြုလျှင် ဂမ ခန ဟန ရမာဒိနမန္တော သုတ်ဖြင့် ( တ အက္ခရာ ပါသော ပစ္စည်းချင်း တူရကား) တုံ တဗ္ဗစသောပစ္စည်း နှောင်းရာ၌လည်း ခေါတ်န် (န်) ကို ချေဖွယ်ရှိ၏၊ ထိုသုတ်၏ ချေခြင်းကို တားမြစ်ခြင်းငှာ (န်)ကို (န်) ထပ်၍ ပြုထားရသည်။

[ဆောင်] ဂမာဒိထုတ်, မန္တောသုတ်ဖြန်, န်-ဖြုတ်ဖွယ်လျှင်း, ရှိနေခြင်းကြောင့်, ယင်းကို မြစ်ရန်, န—ခေါတ္တန်, ထပ်မံ နု—ပြုသည်။

**သဗ္ဗေဟိ တုနာဒီနံ ယော**

၅၉၇။ သဗ္ဗေဟိ ခဲ့တူဟိ (ပရေသံ) တုနာဒီနံ ပစ္စယာနံ ယ ကာရာဒေသော ဝါ ဟောတိ၊ အဘိဝန္ဒိယ, အဘိဝန္ဒိတွာ—ရှိခိုး (ဝပ်ချ) ပြီး၍၊ ဩဟာယ, ဩဟိတွာ—စွန့်၍၊ ဥပနီယ, ဥပနေတွာ—ကပ်ဆောင်၍၊ ပဿိယ, ပဿိတွာ—မြင်၍၊ ဥဒ္ဒိဿ, ဥဒ္ဒိသိတွာ—ညွှန်ပြ၍၊ အာဒါယ, အာဒိယိတွာ—ယူ၍၊ (၆၄၂)။

---

၅၉၇။ **တုနာဒီနံ**။ ။"ပုဗ္ဗကာလေက ကတ္တုကာနံ တုန တွာန တွာဝါ" သုတ်၌ တုနကို အစထားခဲ့သောကြောင့် ဤ၌လည်း "တုနာဒီနံ" ဟု တုနကို စ၍ ဆိုသည်၊ အာဒိဖြင့် တွာန-တွာပစ္စည်းတို့ကို ယူ၊ အဘိဝန္ဒိယ, ဥဒ္ဒိဿရုပ်တို့ကို အခြေပြု၍ ရှု၊ ဩဟာယ—အဝပုဗ္ဗ ဟာဓာတ် "ဟာ=စာဂေ" ဟု ဆို၊ ဩ အဝဿဖြင့် အဝကို ဩပြု၊ ဥပနီယ-ဥပပုဗ္ဗ နီဓာတ် "နီ=ပါပဏေ" ဟု ဆို၊ ပဿိယ— "ဒိသ=ပေက္ခဏေ" ဟု ဆို၊ ဒိဿဿ ပဿဒိဿ စသော သုတ်ဖြင့် ဒိသ်ကို ပဿ်ပြု၊ (ပဿီယဟု ဒီဃဖြင့် ပါဌ်ပျက်တတ်၏၊) အာပုဗ္ဗ ဒါဓာတ်ဖြင့် အာဒါယလည်း လွယ်ပြီ၊ သဗ္ဗေဟိဟု ဆိုသောကြောင့် အလုံးစုံသောဓာတ် နောင် တုန- တွာန- တွာပစ္စည်းတို့ကို ယ ပြုနိုင်ရကား "ကရိယ, စရိယ, အနုဘုယျ (ဘူနောင် တွာကို ယပြု, ဒွေဘော်လာ, ကွစိဓာတုဖြင့် ဘူ၌ ရဿပြု၊" စသည်ဖြင့် များစွာရှိ၏၊ အဘိဝန္ဒိတွာ-စသည်ကား ဝါမြစ်သောကြောင့် ယ-မပြုရသော ပုံစံများတည်း၊ "ဥပနေတွာ၌ နီ၏ ဤကို အညေသုစ သုတ်ဖြင့် ဧပြု၊ အာဒိယိတွာ၌ ဒမန္တတော ယော ကွစိဖြင့် ယလာ, ကွစိဓာတုဖြင့် ဒါ၏ အာကို ဣပြု။

**ယောဂဝိဘာဂ ကြံဖွယ်**။ ။မောဂ္ဂလ္လာန်၌ "တုံ ယာနာ (၅, ၁၆၅)" ဟု သုတ်တည်၍ တွာပစ္စည်းကို တုံပြု, ယာနပြု၏၊ အဘိဟဋ္ဌုံ-ရှေးရှုဆောင်၍၊ [ဤ၌ကား တုံပစ္စည်းသည်ပင် တွာပစ္စည်းအနက်ကို ဟောသည်ဟုလည်း ဆိုနိုင်သည်၊] သုဘာသိတံ တေ အနုမောဒိယာန (အဖန်ဖန် ဝမ်းမြောက်၍ ဣတ္တရ ဝါသောတိ ဇာနိယာန—သိ၍၊ တဒါတဘော နိက္ခမိယာန - ထွက်၍, စသည် တည်း၊ တိတာလီသံ၌ "စတ်" ချေရသောနည်းကို ထောက်၍ (သက်သေပြု၍) လဘဓာတ် နောင် တွာ တွာနမှ ဝကိုချေ၊ ဓဒဘဟေဟိ ဓဓာစ, ဟာစတုတ္တာန မန္တာနံ ဒေါဓေသုတ်တို့ဖြင့် စီရင်၍ "လဒ္ဓါ, လဒ္ဓါန"ဟု ဖြစ်၏။

**ဝိဒ္ဒါ ဘိဒါစသည်**။ ။ထို ဉာပကဖြင့်ပင် တကို ချေ၍ "ဣတိ ဝိဒ္ဒါ(ဝိဒိတွာ) သမံ စရေ"ဟု ဖြစ်၏၊ ထို ဉာပကဖြင့်ပင် တွာမှ တွကိုချေ, အာ ချန်၍ "ပသယှ ခါဒေ ဘိဒါ (ဖောက်ခွဲ၍)၊ အနာပုစ္ဆာဝါ (အနာပုစ္ဆိတွာ—ခွင့်မပန်မူ၍) ဂစ္ဆေယျ"စသည် ဖြစ်၏၊ တွာပစ္စည်းတခုလုံးကိုပင် ထို ဉာပကဖြင့် ချေ၍ "အာမန္တ ခေါ်တံ ဂစ္ဆာမ"ဟု ဖြစ်၏၊ အာမန္တေတွာဟု ဆိုလိုလျက် ဂါထာ

**စနန္တေဟိ ရဒ္ဓံ**

၅၉၇။ စကာရ နကာရန္တေဟိ-စ အက္ခရာ န အက္ခရာ အဆုံး ရှိကုန်သော၊ ဓာတူဟိ(ပရေသံ) တုနာဒီနံ ပစ္စယာနံ ရစ္စာဒေသော ဝါ ဟောတိ၊ ဝိဝိစ္စ-ကင်း၍ (ဆိတ်ငြိမ်၍)၊ အာဟစ္စ-ထိခိုက်၍၊ ဝါ-အထူးပြု၍၊ ဥပဟစ္စ-ကပ်ရောက်၍၊ ဝါတိ ကိမတ္ထံ, ဟန္တွာ-သတ်၍၊ (၆၃၄)။

**ဒိသာ သွာန သွာန္တ လောပေါစ**

၅၉၉။ ဒိသဣတိ ဓာတုယာ (ပရေသံ) တုနာဒီနံ ပစ္စယာနံ သွာနသွာဒေသာ ဟောန္တိ၊ အန္တ လောပေါစ (ဟောတိ)၊ ဒိသွာန ဒိသွာ-မြင်၍၊ [အန္တလောပေါစဥ္စ စသည် ဒုတိယတ္ထ သမ္ပိဏ္ဍန ( သွာန-သွာ အပြုဟူသော ပဌမတ္ထဥ္စ အန္တလောပ ဟူသော ဒုတိယတ္ထကိုပေါင်းသည်၊) ဝုတ္တိ၌ ဝါ မပါသော်လည်း ရှဉ် ဝါ လိုက် စေ၍ “ပဿိတွာ”ဟု ဝိကပ်ရုပ်ကို ပြ၏၊] (၆၄၅)။

---

ဖြစ်၍ တွာကိုချေထားသည်၊ “အနာပုစ္ဆံ ဝါ ပက္ကမေယျ”ဟူနိဂ္ဂဟိတ်ဖြင့်ရှိရာ၌ ပုစ္ဆဓာတ်နောင် တွာကိုချေ၍ နိဂ္ဂဟိတ်လာ၊ ဤပြခဲ့သော အစီအစဉ်များကို ကွစိဓာတု သုတ်ကြီးဖြင့်လည်း စီရင်၊ သို့မဟုတ်“သဗ္ဗေဟိ တုနာဒီနံ”ဟူသော ယောဂဝိဘာဂဖြင့် တွာကို ဒွါ-ယာန- ဝါ-အာပြု၍လည်း လဒ္ဒွါစသည် ပြီးနိုင်၏၊ လဒ္ဒါနဥ္စမှု တွာနကို ဒ္ဒါနပြုလေ။

[ဆောင်] မောဂ္ဂလ္လာန်ပြု, တွာမစ္စယကို, ယာနပြုဘိ, နုမောဒိယာန၊ တွာ၏ ဝ-သာ, ချေသောခါဝယ်, လဒ္ဒါ-ဒ္ဒါန, ပုံစံရ၏၊ တကိုချေရာ,ဝိဒိတွာ လည်း, ဝိဒ္ဒါပြီးသတဲ့၊ တွချည်းသာချေ, အာကြံစေမူ, မှတ်လေ ဘိဒါ, နာပုစ္ဆာတည်း၊ တွာတခုလုံး, ချေနည်းသုံးသော်, မှတ်ထုံး အာမန္တ, ပုံစံရခဲ့၊ သဒ္ဒအကြီး, ကျမ်းကစ္စည်းဝယ်, သုတ်ကြီး ကွစိ—ဓာတုဝိဖြင့်, ပြီး၏ ပုံသေ၊ နည်းတထွေမူ, သဗ္ဗေဟိပြု, ဝိဘာဂဖြင့်,ယာန-ဒ္ဒါ-ဝါ, အာပြုရာသည်, မှတ်ပါရုပ်ပြီး လိုရင်းတည်း။

---

၅၉၇။ ဝိဝိစ္စ-စကာရန္တံပုံစံ၊ ရုပ်အခြေပြုကြည့်၊ အာဟစ္စ—ဥပဟစ္စ—နကာရန္တ ပုံစံ၊ အာပုဗ္ဗ ဟန+တွာ၊ ဤသုတ်ဖြင့် တွာကို ရစ္စပြု၊ ရမှိရန္တေ့ာဖြင့် စီရင်၊ ဥပပုဗ္ဗဟနဓာတ်၏ ဂတိအနက်ကို ယူ၍ “ ကပ်ရောက် ”ဟု အနက်ပေးသည်၊ “သာ နော အာဟစ္စ(ဆောင်ယူ၍)ပေါ်သေတိ”ဟူသော ဝေဿန္တရာတ်၌ကား ဟရဓာတ်နောင် တွာကို ရစ္စံ ယောဂဝိဘာဂဖြင့် ရစ္စပြု၏၊ ဤသုတ်၌ ယောဂ ဝိဘာဂဖြင့် ယူရသော ရုပ်များကို ရူစာကိုယ် ဘာသာဋီကာတို့၌ ပြထား၏။

---

မဟာ၊ပေါဒ္ဒါဝ ၆၀၀။ မဟာ ဒဘာ ဣစ္စေဝမန္တေဟိ– မ, ဟ, ဒ, ဘ, ဤသို့ အဆုံးရှိကုန်သော၊ ဓာတုဟိ (ပရေသံ) တုနာဒီနံ ပစ္စယာနံ, မ္မ ယှ ဇ္ဇ ဗ္ဘ ဒ္ဓါဒေသာ ဟောန္တိ၊ အန္တလောပေါစ (ဟောတိ)၊ အာဂမ္မ, အာဂမိ တွာ –လာ၍၊ သြက္ကမ္မ, သြက္ကမိတွာ– သက်ရောက်၍၊ ပဂ္ဂယှ, ပဂ္ဂဏှိတွာ– ချီမြှောက်၍၊ [ရှေးက "ချီးမြှောက်၍"ဟု ဝိသဇ္ဇနီ ၂-လုံးထည့်၍ ပေးလေ့ရှိကြ၏။] ဥပ္ပဇ္ဇ,ဥပ္ပဇ္ဇိတွာ-ဖြစ်၍၊ အာရဗ္ဘ, အာရဘိတွာ-အားထုတ်၍၊(၆၄၆)။

---

၆၀၀။ မဟာဒဘေဟိ၊ပေါဒ္ဒါ။ ။အာဒေသီဖြစ်သော ဓာတွန်အက္ခရာကို "မ, ဟ, ဒ, ဘ"ဟု ၄-မျိုးသာပြ၍ တုနစသည်ကို ပြုရမည့် အာဒေသကိုကား "မ္မ,ယှ,ဇ္ဇ,ဗ္ဘ,ဒ္ဓါ"ဟု ၅-မျိုးပြထားသောကြောင့် မနောင် မ္မ, ဟနောင် ယှ, ဒနောင် ဇ္ဇ, ဘနောင်ကား ဗ္ဘ-ဒ္ဓါ ၂-မျိုးပြုရမည်ဟု မှတ်ပါ၊ သြက္ကမ္မ-အဝပုဗ္ဗ ကမု=ပဒ ဝိက္ခေပေ ဟု ဆို၊ ကြွင်းရုပ်များကို အခြေပြု၍ ရှု၊ အာဂမိတွာ စသည်ကား ဝိကပ်ရုပ်များတည်း၊ ပဂ္ဂဏှိတွာ-ပပုဗ္ဗ ဂဟ, တွာ၊ ဂဟာဒိတော ပ္ပဏှာ ဖြင့် ဏှာပစ္စည်းသက်၊ ဟလောပေါ ဏှာမှိဖြင့် ဟချေ၊ ဥပ္ပဇ္ဇိတွာ - ဒိဝါဒိ ယ ပစ္စည်းသက်၊ ယဝတံဖြင့် ဒျကို ဇပြု, ဒွေဘော်လာ၊ ကြွင်းရုပ်များ လွယ်ပြီ။ ["ပ-ခိုင်မြဲစွာ + ဂဏှ–ဟူခြင်း"ဟူသည် အထက်သို့ ချီပင့်ထားခြင်းတည်း။]

ဒ္ဓါ, ဒ္ဓါအပြု ၂-မျိုး။ ။မြန်မာမူ၌ ဒ္ဓ အပြုဟုဆို၍"အာရဒ္ဓ"ဟု ထုတ်၏၊ သီမူ ရူပသိဒ္ဓိ၌ ဒ္ဓါ အပြုဟု ဆို၍ "အာရဒ္ဓါ, ဥပလဒ္ဓါ" ဟု ထုတ်၏၊ ထိုတွင် အာရဒ္ဓ=အာရဒ္ဓါ (အားထုတ်၍)တို့ကိုကား တွာပစ္စယန္တပုဒ် အဖြစ်ဖြင့် တွေ့ရခဲ၏၊ "လဒ္ဓါ"ကား အတွေ့များ၏၊ ထို့ကြောင့် ဒ္ဓါအပြုပင် မူရင်းဖြစ်တန်ရာ၏–ဟု ထင်သည်။

သဒ္ဒနီတိ။ ။သဒ္ဒနီတိ၌ " ဓန္တေဟိ ဒ္ဓါဒ္ဓါနာ တွာတွာနာနဥ္စ (၁၀၁)" သုတ်တည်၍ ဓကာရန္တဓာတ်နောင် တွာကို ဒ္ဓါ,တွာနကို ဒ္ဓါန ပြု၏၊ "ကော မံ ဝိဒ္ဓါ နိလီယျတိ=ဘယ်သူသည် ငါ့ကို ပစ်ခွင်းပြီး၍ ပုန်းနေသနည်း"–(သုဝဏ္ဏသာမ)၊ လဒ္ဓါ လဒ္ဓါန ဟု ၂-ရုပ်ရှိသကဲ့သို့ ဝိဒ္ဓါရှိလျှင် ဝိဒ္ဓါနလည်း ရှိသင့်သည်ဟု နီတိကြံသည်၊ ထိုတွင် လဒ္ဓါကို "မဟာဒဘေဟိ" သုတ်ဖြင့် ပြီးစေ၍ လဒ္ဓါန အတွက်မူ "လဘာသ္မာ တွာနသာဒ္ဓါနံ"ဟု သီးခြားသုတ်တည်သည်၊ ဤသို့ နီတိ၌ လဒ္ဓါကို "မဟာဒဘေဟိ"သုတ်၌ သွင်းပုံကို ထောက်လျှင် "ဒ္ဓါ" အပြုကိုပင် နီတိ အလိုရှိကြောင်း သိသာသည်၊ [သို့ဖြစ်လျှင် "ကွစိဓာတု သုတ်ကြီးဖြင့် လည်းကောင်း, သဗ္ဗေဟိ တုနာဒီနံသုတ်၏ ယောဂဝိဘာဂဖြင့် လည်းကောင်း, လဒ္ဓါ-လဒ္ဓါန ပြီးစေဖွယ် မလိုတော့ပြီ။]

တဒ္ဓိတ၊ပ၊ဒီသုစ

၆၁၁။ တဝေ တုန္ တ္တာန တ္တာဒိ ပစ္စယေ—တဝေ, တုန်, တ္တာန်, တ္တာ အစရှိကုန်သော ပစ္စည်းဆုံးသော သဒ္ဒါတို့ကို၊ ဝဇ္ဇေတွာ-ကြဉ်၍၊ တဒ္ဓိသ သမာသ ကိတက ဣစ္စေဝမန္တာ—တဒ္ဓိတ်, သမာသ်, ကိတ်ပစ္စည်း အဆုံးရှိကုန်သော၊ သဒ္ဒါ—သဒ္ဒါတို့ကို၊ နာမံဝ— နာမ်ကိုကဲ့သို့၊ ဒဋ္ဌဗ္ဗာ-မှတ်ထိုက်ကုန်၏၊ ဝါသိဋ္ဌော-ဝသိဋ္ဌ၏သား၊ ပတ္တဓမ္မော-ရောက်အပ်သောတရားရှိသူ၊ ကုမ္ဘကာရော-အိုးထိန်းသည်၊ ဣစ္စေဝမာဒိ-တည်း၊ (၃၃၄)။

---

၆၀၁။ တဒ္ဓိတ ၊ပေ၊ ဣစ္စေဝမန္တာ။ ။ဝသိဋ္ဌ + ဏ (ဏ အနုဗန်ချေ, ဝုဒ္ဓိပြု၍)“ဝါသိဋ္ဌ+အ”ဟု ဖြစ်သည့်အခါ တဒ္ဓိတ်ပစ္စည်းဆုံးသော သဒ္ဒါဖြစ်၏၊ “ကုမ္ဘ + ကရ” ဏကို ဆိုင်ရာ စီရင် “ကုမ္ဘကာရ”ဟု ဖြစ်သည့်အခါ ကိတ်ပစ္စည်းဆုံးသော သဒ္ဒါဖြစ်၏၊ “ပတ္တော+ဓမ္မော ယေန” ဟူသော ဗဟုဗ္ဗိဟိ၌ ဝိဘတ်နှင့် ယကို ချေပြီးသည့်အခါ “ပတ္တဓမ္မ”ဟု သမာသ်ဖြစ်၏၊ သမာသ်၌ “အဆုံး”ဟု ဆိုဖွယ်မရှိ၊ ထို့ကြောင့် “ဣစ္စေဝ—မန္တာ”၌ အန္တသဒ္ဒါသည် တဒ္ဓိတ, ကိတကကိုသာ ရည်ရွယ်၍ ထည့်အပ်သောသဒ္ဒါတည်း၊ “တဒ္ဓိတ်ပစ္စည်း အဆုံးရှိသော သဒ္ဒါ, သမာသ်သဒ္ဒါ, ကိတ်ပစ္စည်းအဆုံးရှိသော သဒ္ဒါ” ဟူလို။ [“အန္တသဒ္ဒါသည် ရသင့်ရာ၌ စပ်ရသော ယထာလာဘနည်း”ဟု မှတ်ပါ။]

တဝေ ၊ပေ၊ တ္တာဒိပစ္စယေ ဝဇ္ဇေတွာ။ ။သုတ်၌ “အတဝေတုနာဒိသု” ဝယ် အသဒ္ဒါသည် အညှ(တပါးတခြား) အနက်ဟောဟု သိစေလို၍ “တဝေ ၊ပေ၊ပစ္စယေ ဝဇ္ဇေတွာ”ဟု အ၏အတွက် “ဝဇ္ဇေတွာ”ဟု ဖွင့်သည်၊ တဝေတုန စသောပစ္စည်းတို့ကိုကြဉ်၍ ထိုပစ္စည်းတို့မှတပါး အခြားပစ္စည်းဆုံးသော တဒ္ဓိတ် သဒ္ဒါ, ကိတ်သဒ္ဒါတို့ကို နာမ်ငဲ့ပါ- ဟူလို၊ “အတဝေတုနာဒီသု” ပုဒ်လည်း သမာသ်၌ ပစ္စည်းမရှိသောကြောင့် တဒ္ဓိတ ကိတကတို့ကို ရည်ရွယ်အပ်သော နိမိတ်တည်း၊ ထို့ကြောင့် ဤ“အတဝေတုနာဒီသု” ကိုလည်း ယထာလာဘ နည်းဟုပင် မှတ်ပါ၊ တနည်း—သမာသ်တချို့၌ ကစသောပစ္စည်းလည်း သက်ရသေး၍ ထိုတချို့သမာသ်ကိုလည်း ရည်ရွယ်သည်၊ တဝေတုနာဒိ၌ အာဒိဖြင့် ဝုတ္တဝယ် တ္တာန တ္တာတို့ကိုယူပြီး၍ တ္တာဒိဟု အာဒိကို ဆိုပြန်၏၊ ထို ဝုတ္တိလာ အာဒိဖြင့် ကစ္စည်းကျမ်း၌ တိုက်ရိုက်ပါသော တုံပစ္စည်းကို လည်းကောင်း, အခြားကျမ်းလာ တုယေ-တာယေ တို့ကိုလည်းကောင်း ယူ။

တဝေတုနာဒိတို့ နာမ်မငဲ့ရပုံ။ ။ထို တဝေတုနာဒိ ပစ္စယန္တပုဒ်များကို အဘယ့်ကြောင့် နာမ်မငဲ့ရသနည်း- ဟူမူ, တဝေတုနာဒိ ပစ္စယန္တပုဒ်များသည် (ဝိဘတ်အမျိုးမျိုးဖြင့်)ရုပ်အမျိုးမျိုးပြောင်း၍နေနိုင်သော ပုဒ်များမဟုတ်ကြ၊ ထိုသို့ ဝိဘတ်လိင်ဝုစ် အမျိုးမျိုးကြောင့် ရုပ်နေမပြောင်းသောပုဒ်ကို “အဗျယ”

ဟု ခေါ်၏၊ ထို အဗျယဟူသည်လည်း နိပါတ်နှင့် ဥပသာရတို့၏ **အမည်တည်း**၊ ထို့ကြောင့် ဤ တွာပစ္စယန္တ (**ကတွာ-စသော**) ပုဒ်များသည် နိပါတ်တွင် ပါဝင်ကြ၏၊ နိပါတ်ဖြစ်လျှင် **နာမ်မင့်ပဲပင်** "တတောစ ဝိဘတ္တိယော" သုတ်၌ **စသဒ္ဒါ**ဖြင့် ဝိဘတ် သက်ခွင့်ရသောကြောင့် တဝေတုနာဒိ ပစ္စယန္တပုဒ်များကို နာမ် မင့်ရတော့ပြီ။

**စသဒ္ဒါ၏အနက်**။ ။"တုနာဒီသုစ"၌ **စသဒ္ဒါ**ဖြင့်"တဗ္ဗ အနီယ"စသော ကိစ္စပစ္စယန္တ သဒ္ဒါများကိုလည်းကောင်း, အာ ဤ ဣနီ ဣတ္ထိပစ္စယန္တ သဒ္ဒါ များကိုလည်းကောင်း, ခ စသော ခါတုပစ္စယန္တ သဒ္ဒါများကိုလည်းကောင်း ယူ-ဟု ရှု၌ ဆို၏၊ ရှုဆရာသည်"ကိတက" အရ၌ ကိတ်ပစ္စယန္တစုကိုသာ ယူ၍ ကိစ္စပစ္စယန္တသဒ္ဒါစုဘို့ကို မယူနိုင်-ဟု သဘောရသောကြောင့် ကိစ္စပစ္စယန္တတို့ကို စသဒ္ဒါဖြင့် ယူလေသည်၊ သို့သော် "ဣတိ ကိစ္စိခါနကပ္ပေ"ဟူရာ၌ ကိတ်အရ တွင် (ယေဘုယျနည်းအားဖြင့်) ကိစ္စပစ္စည်းများလည်း ပါဝင်ရသကဲ့သို့ ဤ ကိတကအရ၌လည်း ကိစ္စပစ္စယန္တတို့ ပါဝင်သောကြောင့် ကိစ္စပစ္စယန္တတို့ကို စသဒ္ဒါဖြင့် ယူဖွယ်မလို၊ တဒ္ဓိတ ကိတက အရ၌ မပါနိုင်သော အာ ဤ ဣနီ ပစ္စယန္တနှင့် ခါဒိခါတုပစ္စယန္တတို့ကိုသာ ယူသင့်မည်ထင်သည်။

နာမ်င့်ရကျိုး။ ။သမာသ်ပုဒ်များ နာမ်င့်ရခြင်း၏အကြောင်းကို ရှုပသိဒ္ဓိ ဤသုတ်၌ (ဘာသာဋီကာ၌လည်းကောင်း) ပြထားပြီ၊ တဒ္ဓိတ် ကိတ် ပစ္စယန္တ တို့ကိုကား ပစ္စည်းအနက်ဖြစ်သော ကတ္တားနက် ကံနက် သမ္ဗန်နက် စသည်တို့က အုပ်ဖုံးနေသဖြင့် ဒြပ်နက်ကို အထင်အရှား မဟောနိုင်ရကား "ဒဗ္ဗ ဝ ါစကံ နာမံ" နှင့်အညီ ဒြပ်နက်ကို ဟောမှုလည်း နာမ်အမည် ရနိုင်, "လိင်္ဂံ နာမံ သမံ"နှင့် အညီ နာမ်အမည် ရမှုလည်း လိင်အမည်လည်း ရနိုင်, လိင်အမည် ရမှုလည်း "တတောစ ဝိဘတ္တိယော"သုတ်က နာဝိဘတ် သက်ခွင့် ပေးနိုင်သောကြောင့် ဝိဘတ်သက်ခွင့် ရစေခြင်းအကျိုးငှာ နာမ်င့်ရလေသည်။ [နာမ်နှင့် လိင်သည် သဘောတူသောကြောင့် "နာမံဝ"ဟု သုတ်၌ ဆိုထားသည်။]

**ဆက်ဦးအံ့**— ဝိဘတျန္တံ ပဒံ=ဝိဘတ်ဆုံးသော **သဒ္ဒါသည်သာ** ပုဒ်မည်၏၊ **အဝတ်မပါ**သူသည် လူ့ပရိသတ်တွင် လူတယောက်**အ**ဖြစ်ဖြင့် **အရာမဝင်**နိုင် သကဲ့သို့, ဝိဘတ်မပါလျှင် ဝါကျတည်းဟူသော ပရိသတ်တွင် ပုဒ်တခု အနေ အားဖြင့် မဝင်နိုင်ချေ၊ လူရာမဝင်နိုင်သူသည် လူ့အသုံးမကျသူ ဖြစ်ရသကဲ့သို့ ပုဒ်ရာမဝင်သော သဒ္ဒါလည်း အသုံးမကျပင်ဖြစ်၏၊ ထို့ကြောင့် ဝါကျထဲ၌ ဝိဘတျန္တ ပုဒ်တခုအဖြစ်ဖြင့် ပါဝင်နိုင်ခြင်း အကျိုးငှာပင် သမာသ် တဒ္ဓိတ် ကိတ်တို့ကို နာမ်င့်ဟု ညွှန်းရ=နာမ်ဟု နာမည်မှည့်ရလေသည်၊ ဆောင်ပုဒ်ကို အခြေပြုမှာ ရှု။ [ရုပ်တို့ကို တဒ္ဓိတ် သမာသ် ကိတ်ခန်းတို့၌ တွက်ခဲ့သလိုတွက်။]

ဒုမ္ဘိ ဂရု ၆၀၂။ ဒုမ္ဘိ—၂·လုံးသော၊ အက္ခရေ—အက္ခရာ အပေါင်းကြောင့်၊ ပုဗ္ဗော—ရှေ့ဖြစ်သော၊ ယော အက္ခရော, အတ္ထိ-၏၊ သော—ထို အက္ခရာကို၊ ဂရုကောဝ—ဂရု ဟူ၍သာ၊ ဒင္ဓဗ္ဗော·မှတ်ထိုက်၏၊ ဘိတွာ·ဖောက်ခွဲ၍၊ ဆိတွာ-ဖြတ်၍၊ ဒတွာ-ပေး၍၊ ဟုတွာ·ဖြစ်၍၊ (၆)။

---

နျာသ။ ။"ခါတုပစ္စယ ဝိဘတ္တိဝဇ္ဇိတမတ္ထဝံ လိင်္ဂံ"အရ ပစ္စည်းတို့သည် လိင်မဟုတ်သောကြောင့် ဝါသိဋ္ဌစသော ပစ္စယန္တပုဒ်များကို နာမ်င့်ရသည်-ဟု နျာသဆို၏၊ သို့ဖြစ်လျှင် သမာသ်တို့ကို ဘာ့ကြောင့် နာမ်ငဲ့ရသနည်းဟု တဆင့် မေးဖွယ် ရှိနေပြန်၏၊ (ထိုအဖြေကို ရူပသိဒ္ဓိ ဤသုတ်၌ ဆိုထားပြီ၊)ထို့ကြောင့် နျာသဆိုပုံသည် မပြည့်စုံရုံမက, ခြေခြမြစ်မြစ်လည်း မရှိလှ၊ ထို့ပြင်-နျာသ၌ တုနာဒိ ပစ္စယန္တနောင် နာမ်ဝိဘတ်လည်း မသက်စေလို၊ ဘာ့ကြောင့် မသက်စေသနည်းဟု မေးလျှင် "ဤသုတ်၌ တဝေတုနာဒိ ပစ္စယန္တတို့ကို နာမ်မငဲ့ရသောကြောင့်"ဟုပင် ဆိုပေလိမ့်မည်။

ရူပသိဒ္ဓိ။ ။ရူ၌ကား ဝိဘတ္တိယုတ္တာ-အဝိဘတ္တိယုတ္တာနိပါတ်တွင် ဝိဘတ်နက် ရှိ၍ ဝိဘတ်နှင့်ယှဉ်ရသော ဝိဘတ္တိယုတ္တာနိပါတ် ဖြစ်သောကြောင့်(တဝေတုနာဒိ ပစ္စယန္တနောင်"ငှာ"ဟု ပေးရသောကြောင့်)သဝိဘတ်သက်စေ၍ တွာဒိပစ္စယန္တ နောင် သိဝိဘတ်သက်စေသည်၊ အခြား သဒ္ဒါကျမ်းတို့၌မူ ဤကဲ့သို့ နာမ်ငဲ့သုတ် မပါ၊ နာမ်မငဲ့ပဲလည်း ဆိုင်ရာဝိဘတ် သက်လိုက်လျှင် နာမ်ဖြစ်သည်ဟု ယူဟန် တူသည်။

---

၆၀၂။ သက္ကတ၌ ဂုရု,ပါဠိ၌ ဂရုဟု ခေါ်ရသောသဒ္ဒါသည် ဆရာစသော အနက်တို့ကို လည်းကောင်း, "လေးလေးပင်ပင်"ဟူသော အနက်ကို လည်း ကောင်း ဟော၏၊ ဤသုတ်၌ နောက်က (တနှင့်ဝ) တွဲနေသော ၂·လုံးတွဲ သံယုဂ်ကြောင့် ရှေ့ရသ အက္ခရာကို နဂိုရ်ရွတ်ရိုးအတိုင်း "ဘိ,ဆိ,ဒ,ဟု" အသံ မျိုးဖြင့် မရွတ်ရပဲ "ဘိတ်,ဆိတ်, ဒတ်,ဟုတ်"ဟု ဖိနှိပ်လိုက်သကဲ့သို့ လေးလေး ပင်ပင် ရွတ်ရသောကြောင့် ဘိစသည်၌ "ဣ,အ, ဥ"တို့ကို ဂရု ဟု အမည်ပေး သည်၊ ထိုသို့ ဂရုအမည် ရသော်လည်း ရွတ်ရာကာလမှာ ၂·မတြာ မကြာပဲ "အ,ဣ,ဥ" တို့ကဲ့သို့ "အတ်,ဣတ်,ဥတ်"ဟု တ မတြာကာလသာ ကြာသည်၊ ကမ္ဗဝါစာ "ယဒိ သံဃဿ ပတ္တလလ္လံ" စသည်ဝယ် "ဃသ်, ပတ်, ကလ်"တို့ကို ရွတ်ရာ၌ (ဃ်, ပ်, က် ဗျည်းအတွက် မတြာဝက်တိုး၍) တမတြာခွဲ ကာလ လောက်သာ ကြာစေရမည်၊ ရုပ်ကို အခြေပြုကြည့်တွက်၊ ဟုတွာ၌လည်း ဟူတည် ၍ ဦကို ဒါကဲ့သို့ ရဿပြု။

ဒီဃော၁၀ ၆၀၃။ ဒီဃော—ဒီဃဖြစ်သော၊ သရော—ကို၊ ဂရုကော၀ ဒဠှ-ဗ္ဗော၊ အာဟာရော—အာဟာရ၊ နဒီ–မြစ်၊ ၀ဓူ-ချွေးမ(မိန်းမ)၊ ဘေဓမ္မာ-ထိုတရားတို့သည်၊ ဩပနေယျိကော—ကပ်၍ ဆောင်ထိုက်၏၊ [အာ, ဒီဌ ဤ၊ ရူဌ ဦ, တေဌ ဧ,ဩ သရတို့ကို ပုံစံပြလိုရင်းတည်း၊ ထို ဒီဃသရ ၅-လုံးတို့ ဂရုကဲ့သို့ မှတ်ပါ။]

---

၆၀၃။ ဒီဃော၁၀။ ။စသဒ္ဒါဖြင့် ဂရုကိုငင်သည်၊ "ဂရုကော ဒဠှဗ္ဗော-ဂရုကဲ့သို့ မှတ်"ဟူရာ၌ ဂရုကဲ့သို့ရှုတ်ပါဟု ဆိုလိုသည်၊ ဤသုတ်တို့ဝယ် နာမည်မှည့်ပုံကို ပြသော သညာသဒ္ဒါ မပါပဲ "ဂရုကော၀"ဟု ဣ၀သဒ္ဒါ ပါသော ကြောင့် နာမည်ကိုညွှန်ပြသော ဗျာပဒေသာတိဒေသသုတ်ဟု ဝုတ္တိဆရာဆိုလိုဟန် တူ၏၊ ရူဌကား သညာသဒ္ဒါထည့်၍ သညာသုတ်ဟုပင် အတိအလင်း ဆိုသည်၊ သဏ္ဍာတတို့၌လည်း သညာသုတ်ပင် ဆို၏၊ "သံယောဂေ ဂရုဒီဃဋ္ဌ" (၁,၄, ၁၂-သုတ်)၊ သံယောဂ ပရတော ရဿမက္ခရံ ဂရုသညံ ဘ၀တိ၊— ကာသိကာ ဝုတ္တိ၊] အာဟာရောကို အာဟာရတည် သိသက် ဩပြု၊ နဒီ—နဒီတည်, သိ, ချေ၊ ၀ဓူ-၀ဓူတည်, သိ, ချေ၊တေ-တတည်, ယောသက်, သဗ္ဗနာမကာရတေ ပဌမေဟ ဖြင့် ဧပြု၊ [ဓမ္မကား လိုရင်းမဟုတ်။] ဩပနေယျိကော - ဩပနေယျိကတည်, သိသက် ဩပြု။

ဂရု ၃-မျိုး။ ။ရှေ့သုတ်၌လာသော ဂရုကို သံယောဂပရ ဂရု(ဆန်း၌ "သံယောဂါဒိဂရု") ဤသုတ်၌ လာသော ဂရုကို ဒီဃဂရု, နိဂ္ဂဟိတပရ (အံ ဣံ ဥံ=ကံ ကိံ ကုံ- တို့ကဲ့သို့ နိဂ္ဂဟိတ်နောက်ရှိသော ဂရု )ဟု ဂရု ၃-မျိုးကို ဆန်းကျမ်း၌ ပြ၏၊ ထိုတွင် ဒီဃဂရုကို ရွတ်ရာ၌သာ သရအတွက် ၂-မတြာ ကာလကြာစေ၍, ကြွင်း ဂရု ၂-မျိုးကို ရွတ်ရာ၌ကား သရအတွက် တမတြာသာ ကြာစေရသည်၊ ဗျည်းနှင့်တွဲခြင်းကြောင့်ကား ဗျည်းအတွက် မတြာ၀က်ကာလ ပိုမေလိမ့်မည်။

ဂရု၏ အနက်။ ။ဂုရု- ပု (ပုလ္လိင်)၊ ပိတရာဒေါ- မိဘစသော နည်းလမ်း ညွှန်ပြသူ၌၊ အာစရိယေ- စာပေသင်ပြသော ဆရာ၌၊ ဥပဇ္ဈာယေ- ဥပဇ္ဈာယ်၌၊ ဒွိမတ္တေ ဒီဃသရ၀ဏ္ဏေ—၂-မတြာရှိသော ဒီဃသရ၀ဏ္ဏာ၌၊ ဗိန္ဒုဝိသဂ္ဂယုတ္တေ ကေမတ္တေ— နိဂ္ဂဟိတ်, ဝိသဇ္ဇနီတို့နှင့် ယှဉ်သော ၀ဏ္ဏ (အံ-အား)၌၊ သံယုတ္တ ၀ဏ္ဏာတ်- သံယုတ်ရှိသော ၀ဏ္ဏမှ၊ ပုဗ္ဗင်္ဂတေ— ရှေ့၌တည်သော၊ ကေမတ္တေပိ ၀ဏ္ဏေ-တမတြာလည်းရှိသော ၀ဏ္ဏ၌" ဤသို့စသည်ဖြင့် ဂုရုသဒ္ဒါ၏ အနက်ကို ထောမနိဓိ၌ များစွာ ပြလေသည်၊ ဤ၌ "သံယုတ်မှ ရှေ့ဖြစ်သော ၁-မတြာရှိ ၀ဏ္ဏ"ဟူသည် ရှေ့သုတ်၌လာသော ဂရုပင်တည်း။

ဘက္ခရေဟိ ကာရ

၆၀၄။ ပယောဂေ-သုံးစွဲသင့်သည်၊ သတိ-သော်၊ အက္ခရတ္တေဟိ—အက္ခရာ အနက်ရှိသော သဒ္ဒါတို့မှ၊ အက္ခရာဘိဓေယျေဟိ-အက္ခရာဟူသော ဟောနက်ရှိသော သဒ္ဒါတို့မှ၊ (ပရံ-နောက်၌)၊ ကာရပစ္စယော ဟောတိ၊ အဝေ-အ သည်ပင်၊ အကာရော-အကာရမည်၏၊ အာဝေ-အာသည်ပင်၊ အာကာရော-မည်၏၊ ယဝေ—ယ သည်ပင်၊ ယကာရော—မည်၏၊ (၆၈၅)။

ယထာဂမ မိကာရော

၆၀၅။ ယထာဂမံ-ပါဠိတော် အားလျော်စွာ၊ သဗ္ဗပစ္စယေသု—အလုံးစုံသော ပစ္စည်းတို့ကြောင့်၊ သဗ္ဗဓာတူဟိ—အလုံးစုံသော ဓာတ်တို့မှ (နောက်၌)၊ ဣကာရာဂမော, ဟောတိ၊ ကာရိယံ-ပြုထိုက်၏၊ ဘဝိတဗ္ဗံ-ဖြစ်ထိုက်၏၊ ဇနိတဗ္ဗံ-ဖြစ်ထိုက်၏၊ [''ဇာဏိတဗ္ဗံ'' ရှိလျှင် ''သိထိုက်၏''ဟု ပေး၊] ဝိဒိတဗ္ဗံ—သိထိုက်၏၊ ကရိတွာ-ပြု၍၊ ဣစ္ဆိတံ—အလိုရှိအပ်၏၊ (၅၄၁)။

---

၆၀၄။ အက္ခရတ္တေဟိ။ ။သုတ်၌ပါသော အက္ခရေဟိကို ''အက္ခရတ္တေဟိ''ဟု ဖွင့်၏၊ ထိုသို့ဖွင့်သဖြင့် ''ပုရိသော''၌ ပု ဟူသော ရိ ဟူသော သော ဟူသော တလုံးတလုံးကို အက္ခရာဟု ခေါ်ဝေါ်ရိုးရှိသော်လည်း ထို''ပု''စသည်မှာ အက္ခရာအနက်ကို ဟောသော သဒ္ဒါတခု မဟုတ်ချေ၊ အ, က စသည်သာ ''အ—အ လည်းကောင်း၊ က-က လည်းကောင်း''စသည်ဖြင့် အက္ခရာအနက်ကို ဟောသော သဒ္ဒါတခု ဖြစ်သည်၊ ထိုသို့ အက္ခရာအနက်ဟော သဒ္ဒါနောင်သာ ကာရပစ္စည်း သက်ပါ-ဟု သိစေလိုသည်။

အက္ခရာဘိဓေယျေဟိ။ ။ထို အက္ခရတ္တေဟိ ကိုပင် ''အက္ခရာဘိဓေယျေဟိ''ဟု ထပ်၍ဖွင့်ပြန်၏၊ ထိုသို့ဖွင့်သဖြင့် ''အက္ခရတ္ထ=အက္ခရာ၏+အနက်''ဟု မယူပဲ ''အက္ခရာ-ဘိဓေယျ-အက္ခရာဟူသော ဟောနက်ရှိသောသဒ္ဒါ''ဟု ယူစေလိုသည်၊ ''အကာရော ဥစ္စာရဏတ္ထော''စသည်ဖြင့် ကာရပစ္စည်း သက်၍ သုံးစွဲသင့်သောအရာကို''ပယောဂေ သတိ''ဟု ဆိုသည်၊ ရုပ်ကို အခြေပြုကြည့်တွက်၊ [''ဧဝကာရော—ဧဝ သဒ္ဒါ၊ သာဓုကာရော- သာဓုဟု ပြုအပ်သော အသံ''စသည်တို့၌ ''ကရီယတိ-ရွတ်ဆိုအပ်၏၊ ဣတိ ကာရော''ဟု ပြု၍ ရွတ်ဆိုအပ်သော အသံကို အရကောက်ရကြောင်းကို ရူပကိုယ် ဘာသာဋီကာတို့မှာ ပြသားပြီ။]

---

၆၀၅။ ယထာဂမံ။ ။အာဂစ္ဆတိ အတ္တတ္ထပရတ္ထာ တွေ့ ဧတေန ဝါတိ အာဂမော = မိမိ စီးပွား သူတပါး စီးပွားတို့၏ လာရာလာကြောင်း ဖြစ်သော ဘုရားပါဠိတော်ကို ''အာဂမ''ဟု ခေါ်၏၊ [ သီလက္ခန် ''အာဂမဝရဿ'' စသော အသုံးကို ထောက်ပါ၊] ထိုပါဠိတော်အားလျော်စွာ ဣအက္ခရာလာပါ-

ဒဝန္တတောယော ကွစိ

၆၀၆။ တုန္နာဒီသု ပစ္စယေသု, ဒကာရ ဓကာရန္တာယ— ဒ အက္ခရာ, ဓ အက္ခရာ အဆုံးရှိသော၊ ဓာတုယာ — ဓာတ်မှ နောက်၌၊ ယထာဂမံ—စွာ၊ ကွစိ ယကာရာ ဂမော ဟောတိ၊ ဗုဒ္ဓေါ·ဘုရားသည်၊ လောကေ·လောက၌၊ ဥပ္ပဇ္ဇိတွာ·ဖြစ်၍၊ ဓမ္မံ—ကို၊ ဗုဇ္ဈိတွာ· သိ၍၊ ဒဝန္တတောတိ ကိမတ္ထံ၊ လဘိတွာ·ရ၍၊ ( ဣတိ· တို့၌....အကျိုးရှိ၏၊ ) ကွစီတိ ကိမတ္ထံ၊ ဥပ္ပာဒေတွာ—ဖြစ်စေ၍၊ ဣတိ· ၏၊ (၆၄၃)။

ဣတိ ကိဗ္ဗိဓာနကပ္ပေ စတုတ္ထော ကဏ္ဍော။

---

ဟူလို၊ ကာရိယံ—ကျော့စသုတ်ကြည့်၊ ဘဝိတဗ္ဗံ· ဘာ၀ကမ္မေသု တဗ္ဗာနီယာ ကြည့်၊ [ဇနိတဗ္ဗံ· ဇနဓာတ်၊ ဇာနိတဗ္ဗံ ရှိလျှင် ဉာဓာတ်, တဗ္ဗပစ္စည်း, ကိယာဒိ နာပစ္စည်း,ဉာကို ဇာပြု၊] ဝိဒိတဗ္ဗံ—ဝိဒ=ဉာဏေ, အနုဘဝနေ၊ ကရိတွာ· ကရ ဓာတ်· ဣစ္ဆိတံ—ဣသု+တ၊ ဣသု ယမုန·မန္တော ဆ္တော၀ါသုတ်ဖြင့် စီရင်။

---

၆၀၆။ ဤသုတ်ဖြင့်လာသော ယရှိရာ၌ တချို့အရာ၀ယ် တထာကတ္တရိစ ဖြင့်, တချို့အရာ၀ယ် ယ၀တံသုတ်၏ ကာရသဒ္ဒါဖြင့် ဇ—ဈ ပြုသည်ကို ရှု၌ တွေ့ရ၏၊ ဥပ္ပဇ္ဇိတွာ၌ ယ၀တံဖြင့် စီရင်၍ ဗုဇ္ဈိတွာ၌ တထာကတ္တရိစဖြင့် နျာသ စီရင်သည်။

ထိုသို့ ၂-မျိုးစီရင်ရာ၀ယ် နျာသအလိုမှာ—ယ၀တံသုတ်၌ ဈအပြု မပါဟု သဘောရသောကြောင့် ဖြစ်ဟန်တူ၏၊ ရူပသိဒ္ဓိ၌ ကာရသဒ္ဒါဖြင့် ယပင်ရှိသော ကို ဈပြုဟုဆို၏၊ ထို့ကြောင့် ထိုရုပ်များကို ယ၀တံ·တထာကတ္တရိစ ၂-သုတ် လုံးဖြင့်ပင် စီရင်နိုင်သည်ဟု မှတ်သင့်သည်။

ပုံစံများ။ ။လဘိတွာ၌ ဒ, ဓ အဆုံးရှိသောကြောင့် ယ မလာရ၊ ဥပ္ပာ ဒေတွာ၌ကား ဥပုဗ္ဗ ပဒဓာတ်ဖြစ်၍ ဒကာရန္တဖြစ်သော်လည်း ကွစိ မြစ်သော ကြောင့် မလာရဟု ကစ္စည်းဝုတ္တိက ဆိုလိုဟန်တူ၏၊ အမှန်မှာ ကွစိမြစ်ခသာ ကြောင့် ဟုတ်ဟန်မတူ၊ ကာရိတ် ဏေ ပစ္စည်းက ဓာတုန္ဒြိဒ္ဒ ( ဓာတ်အရာ၌ ညွှန်ပြအပ်သော) ပစ္စည်း ဖြစ်နေသောကြောင့် "ဥပ္ပဒ+ဏေ" ဟု ဖြစ်သည့် အခါ ဏေနောင်ဖြစ်၍ (ဒကာရန္တ မဟုတ်တော့သဖြင့်) ယမလာရခြင်း ဖြစ်ဟန် တူသည်၊ ပဒဓာတ်က စုရာဒိဂိုဏ်း မရှိသောကြောင့် ဥပ္ပာဒေ၌ ဏေသည် စုရာဒိ ဏေ မဟုတ်—ကာရိတ် ဏေဖြစ်ကြောင်း သိသာသည်၊ တုန္နာဒီနံ သုတ်၏ဆိုင်ရာ ပုံစံများကို ထုတ်သင့်သည်။

**နိဂ္ဂဟီတံ သံယောဂါဒိ နေ၁**

၆၀၇။ **သံယောဂါဒိဘူတော** — သံယုတ်၌ အစဖြစ်၍ ဖြစ်သော၊ နကာရော - သည်၊ နိဂ္ဂဟီတံ အာပဇ္ဇတေ၊ ရင်္ဂါ-ပွဲသဘင်၊ [“ရဥ္ဇတိ တွောတိ ရင်္ဂါ - တပ်မက်စွဲလမ်းရာ”] ဘင်္ဂါ-ပျက်စီးခြင်း၊ ဓါ-ဘင်ခဏ၊ သင်္ဂါ-ကပ်ငြိခြင်း၊ [“ဘဥ္ဇနံ-ပျက်ခြင်း၊ ဘင်္ဂါ၊ သဥ္ဇနံ—ကပ်ငြိခြင်း၊ သင်္ဂါ”ဟု ပြု]။ (၅၇၉)။

**သဗ္ဗတ္ထ ဂေဂိ**

၆၀၈။ သဗ္ဗတ္ထ ဌာနေ— အလုံးစုံသော အရာ၌၊ ဂေ ဣတိ ဧတဿ ဓာတုဿ ဂိအာဒေသော ဟောတိ၊ ဂီတံ—သီချင်း၊ ဂါယတိ-သီဆို၏၊ [ဂီတံ- ရုပ်ကို အခြေပြုကြည့်တွက်၊ ဂါယတိ-ကိုကား “ဧဝ အာဝါယာ ကာရိတေ” သုတ် ပြန်ကြည့် “ဂီတံ—သီဆိုခြင်း”ဟု ဘောအနက်ပေးလျှင် နပုလ္လိင်သာ၊ကံအနက်ပေးမူ“ဂီတော-သီဆိုအပ်သော၊ သိလောကော-ဂါထာ၊ ဂီတာ - သီဆိုအပ်သော၊ ဂါထာ—ဂါထာ၊ ဂီတံ—သီဆိုအပ်သော၊ ဝါကျံ-ဝါကျ”ဟု ၃-လိင် ဖြစ်၏။]

---

၆၀၇။ **နိဂ္ဂဟီတံ သံယောဂါဒိ။** ။နိဒ္ဒေသ၌ “နိဂ္ဂဟီတ ဣတိ အဝိဘတ္တိ နိဒ္ဒေသ ဝသေန ဝုတ္တံ”ဟု ဆိုသောကြောင့် နိဒ္ဒေသဆရာ၏ လက်ထက်၌ “နိဂ္ဂဟီတ”ဟု ရှိဟန်တူ၏၊ ယခုလည်း အချို့စာများ၌ ရှိပေ၏၊ သို့သော် ရူ(သီဟိုဠ်မူ)၌ “နိဂ္ဂဟီတံ”ဟု ရှိဟန်တူ၏၊ ထို့ကြောင့် ရှိခြင်းက သာ၍ ရှင်းလင်းသည်၊ ရူ၌ “သံယောဂသ္မိံ+အာဒိဘူတော”ဟု ဖွင့်သောကြောင့် “သံယောဂသ္မိံ+အာဒိ — သံယောဂါဒိ ”ဟု တပ္ပုရိသ်သမာသ် ပြုသင့်ကြောင်း ထင်ရှား၏၊ သို့ပါလျက် ရူဋီကာ၌ “သံယောဂေါ+အာဒိ ယဿံ တေ သံယောဂါဒိ”ဟု ဝိဂ္ဂိုဟ်ပြုထားသည်၊ နောက်ထည့်—သို့မဟုတ် ပါဌ်ပျက် ဖြစ်ဟန်တူသည်၊ ဘာ့ကြောင့်နည်း “သံယုဂ်ဟူသော အစရှိကုန်သော အက္ခရာတို့”ဟု အနက် အဓိပ္ပာယ် မဖြစ်နိုင်သောကြောင့်တည်း၊ [သံယောဂသ္မိံ—နှင့်ကဲ့သို့ သံယုဂ်၌၊ ဝါ-သံယုဂ်တွင်၊ အာဒိ-အစဖြစ်သော (န်)သည်၊ သံယောဂါဒိ-မည်၏။]

---

၆၀၈။ **သဗ္ဗတ္ထ။** ။ရူ၌ “ တပစ္စယတိပစ္စယေ သွေဝါယံ ”ဟု ဆိုသောကြောင့် “သဗ္ဗတ္ထ”အရ တပစ္စည်း တိပစ္စည်းကိုသာ ယူကြ၏၊ သို့သော် တ-တိပစ္စည်းမျှကို ရည်ရွယ်ရိုးမှန်လျှင် “သဗ္ဗတ္ထ” ဟုပင် မဆိုထိုက်, “တတိသု ဂေဂိ”ဟု ဆိုရုံမျှဖြင့် ရှင်းလင်းစွာ ပြီးနိုင်၏၊ ထို့ကြောင့် သဗ္ဗတ္ထအရ အဓိပ္ပာယ် တမျိုးကြံသင့်သေး၏၊ ကြံမိသည်ကား—သဒ္ဒဿ သိဒ္ဓတ္တံသုတ်သို့ သဗ္ဗတ္ထပုဒ်သည် လိုက်လျက် ရှိ၏၊ ထိုသုတ်၌ သဗ္ဗတ္ထ၏အဓိပ္ပာယ်မှာ အာချာတ်အရာ ကိတ်အရာ ၂-မျိုးလုံးဟု ဆိုလို၏၊ “သဗ္ဗတ္ထ-အလုံးစုံသော အာချာတ်အရာ ကိတ်အရာတို့၌”

သဒဿ သီဒတ္တံ

၆၀၉။ သဗ္ဗတ္ထဌာနေ သဒ ဣတိ ဓာတုယာ ဓာတုဿ သီဒါဒေသော ဟောတိ၊ နိသိန္နော—ထိုင်သူ၊ နိသီဒတိ—ထိုင်၏၊ (၄၀၃)၊ [သဗ္ဗတ္ထကို ရှေ့မှလိုက်စေ၍ ထို သဗ္ဗတ္ထအရ ကိတ် အာချာတ်စုံအောင် ပုံစံ ၂-မျိုး ပြသည်။]

ယဇဿ သရဿိ ဋ္ဌေ

၆၁၀။ ပရေ-သော၊ ဋ္ဌေ—ဋ္ဌအပြုကြောင့်၊ ယဇ ဣတိ ဓာတုဿ-၏၊ သရဿ-၏၊ ဣကာရာဒေသော ဟောတိ၊ ယိဋ္ဌော—ပူဇော်အပ်ပြီ၊ ယိဋ္ဌာ—ပူဇော်အပ်ကုန်ပြီ၊ ဋ္ဌေတိ ကိမတ္ထံ၊ ယဇနံ-ပူဇော်ခြင်း၊ ဣတိ—၏၊ (၆၂၈)၊ [ရုပ်ကို အခြေပြုကြည့်၊ ယိဋ္ဌာ၌ "ပဌမာ ဗဟုဝစန ကရဏမေဝေတ္ထ ဝိသေသော" ဟု ဉာသအတိုင်း ဗဟုဝုစ်ယော သက်၊ ယိဋ္ဌာ (အာဟုတိ-ပူဇော်ဖွယ်)ဟု ဣတ္ထိလိင်လည်း ဖြစ်နိုင်သည်ပင်။]

---

ဟု ပေးရမည်—ဟူလို၊ ဤသုတ်၌လည်း "ဂိတံ-ဂါယတိ"ဟု အာချာတ် ကိတ် ပုံစံ ၂-မျိုးလုံးကို ပြထား၏၊ ထို့ကြောင့် ဤသုတ်လာ "သဗ္ဗတ္ထ" အရလည်း အာချာတ်-ကိတ် အားလုံးဟု ဆိုလိုမည် ထင်သည်။ [ ဂါယတိ၏ ဂီဓာတ်ဖြင့် ပြီးပုံကို နောက်၌ ပြထားသည်။]

မောဂ္ဂလ္လာန်။ ။မောဂ္ဂလ္လာန်၌လည်း"ဂါပါနမီ(၁၁၅)"ဟု သုတ်တည်၍ ဝါ၏ အာကို ဤပြုလျက်"ဂိတံ"ကို ရုပ်တွက်၏၊ ဂါယိတ္ဝာ စသည်၌မူ ဂါဓာတ် နောင် ယလာ၍ ပြီးစေ၏၊ (ဂါယတိလည်း နည်းတူ)၊ ဤသို့ မောဂ္ဂလ္လာန်၌ ဂါဓာတ်ဆိုပုံကို ထောက်၍(ဓာတ်ကျမ်းတို့၌ အသံပြုခြင်း အနက်ဝယ် ဂါဓာတ် ဂေဓာတ် ၂-မျိုးရှိသော်လည်း)ဤသုတ်၌ ဂါဓာတ်ဟူ၍"သဗ္ဗတ္ထဂေဂီ"ဟု အရှင် ကစ္စည်းကိုယ်တိုင် သုတ်တည်ခဲ့ဟန် တူ၏၊ ထို့ကြောင့် ဂါယတိ၌ ဤသုတ်ဖြင့် အာကို ဤပြုပြီးမှ အညေသုစသုတ်ဖြင့် ဤကို ဧပုဒ္ဓိ, ဧကို အာယပြု၍ ပြီးအည်ဟု ကြံလျှင်"သဗ္ဗတ္ထ"ဆိုရကျိုးနှင့် "ဂါယတိ"ပုံစံ ထုတ်ရကျိုးနပ်ဖွယ် ရှိသည်။

---

၆၀၉။ သဒ္ဒနီတိ၌ "သီဒသိကာရော အာတ္တံ (အာချာတ် ၁၇၆)"ဟု သုတ်တည်၍ ဣ အနုဗန်ရှိသော ပစ္စည်းနှောင်းရာ၌ သီဒ အပြု၏ ဤကို အာပြု၍ "ဥစ္စင်္ဂ မံ နိသာဒေတွာ (ထိုင်စေ၍)"ဟု ရုပ်စီရင်၏၊ "နိသဇ္ဇတော-ထိုင်ခြင်း"စသည်၌ သီဒ အပြု မပြုသောကြောင့် နိသာဒေတွာ၌လည်း သာဒ၏ အာကို အာဝုဒ္ဓိပြုလျှင် ပြီးနိုင် သည်သာ၊ ကိတ်၌ "သန္ဒိပုဗ္ဗဿ သိဝေါ(၁၀၉)" သုတ်တည်၍ သံ+နိပုဗ္ဗ သဒ ဓာတ်ကို သိဝပြု-အပစ္စည်းလည်း သက်၍ "ဇာဒါနိ ပက္ခိ သန္နိသိဝါ-ငြိမ်သက်စွာ နေကုန်၏၊ သန္နိသိဝေသု ပက္ခိသု-ငှက်တို့သည် ငြိမ်သက်စွာနေကုန်လသော်"ဟုဖြစ်၏။

ဟ စတုတ္ထာနံ မန္တာနံ ဒေါ်မေ

၆၁၁။ ပရေ, ခေ-ဓ အပြုကြောင့်၊ ခါတ္တန္တာနံ—ခါတ်၏ အဆုံးဖြစ်ကုန်သော၊ ဟစတုတ္တာနံ-တို့၏၊ ဒေါ်အာဒေသော ဟောတိ၊ သန္ဒဒ္ဓေါ်-ကောင်းစွာ ဖွဲ့အပ်သော စစ်ဝတ်တန်ဆာ၊ ကုဒ္ဓေါ်—အမျက်ထွက်သူ(စိတ်ဆိုးသူ)၊ ယုဒ္ဓေါ်-စစ်ပွဲ၊ သိဒ္ဓေါ်-ပြီး၏၊ လဒ္ဓေါ်-ရအပ်၏၊ အာရဒ္ဓေါ်—အားထုတ်အပ်၏၊ (၆၀၉)၊ [အားလုံးရုပ်များကို အခြေပြု၍ ညွှန်ပြထားပြီ။]

ဍှောဧကာရေ

၆၁၂။ ပရေ ဧကာရေ ခါတွန္တာနံ ဟ စတုတ္ထာနံ ဍှော အာဒေသော ဟောတိ၊ ဉယှတိ—လောင်အပ်၏၊ ဣတိ ဉဍှော၊ ဝဍှတိ- ကြီးပွား၏၊ ဣတိ ဝုဍှော (လူကြီး ဝသူ)၊ ဧကာရေတိ ကိံမတ္ထံ၊ ဒါဟော-ပူလောင်ခြင်း၊ (၆၁၆)။

ဂဟာဿ ဃရ ဏော ဝါ

၆၁၃။ ပရေ ဏပစ္စယေ, သဗ္ဗဿ-သော၊ ဂဟ ဣတိ ဧတဿ ခါတုဿ-၏၊ ဃရာဒေသော ဝါ ဟောတိ၊ ဃရံ- အိမ်၊ ဃရာနိ(ဏိ)-အိမ်တို့၊ ဝါတိ ကိမတ္ထံ၊ ဂါဟော- ယူခြင်း၊ (၅၇၃)။ ["ဃရာဏိ"ဟု ဏကြီးဖြင့်ရှိသည်ကား သက္ကတ၌ ရနောက်ရှိ နကို ဏပြန်ရိုးရှိသောကြောင့်တည်း၊ ပါဠိ၌မူ "စိတ္တာနိ" ကဲ့သို့ "ဃရာနိ"ဟု နငယ်ဖြင့် ရှိ၏။]

ဒဟာဿ ဒေါ ဠံ

၆၁၄။ ပရေ ဏ ပစ္စယေ ဒဟ ဣတိ ဧတဿ ခါတုဿ ဒကာရော ဠတ္တံ ဝါ အာပဇ္ဇတေ၊ ပရိဒဟနံ—ပူလောင်ခြင်း(ပူဆွေးခြင်း)၊ ပရိဠာဟော-ခြင်း၊ ဝါတိ ကိမတ္ထံ၊ ပရိဒါဟော-ခြင်း၊ (၅၈၂)။ ["လတ္တံ"ဟု လငယ်နှင့် အချို့စာ ရှိ၏၊ "လဠာန မဝိသေသော" ဟူသောကြောင့် လငယ်ရှိသော်လည်း ဠကြီးပင် ပြုနိုင်၏၊ ဆရာတို့ကား "ဠံ= ဠတ္တံ"ဟု တခါတည်း ဠကြီးဖြင့် ရေးသည်။]

---

၆၁၂။ ဟ စတုတ္ထာနံ၌ စတုတ္ထအက္ခရာဟူသည် ဝဓုဍ္ဍ ဧရေမှုတ်တည်း၊ ဒါဟော၌ ဧ အပြု မနှောင်းသောကြောင့် ဟကို ဍှ မပြုရ၊ မောဂ္ဂလ္လာနာ၌ "ဒဟာဿ ဒဿဍှော (၁၂၆)"ဟု တည်၍ ဒကို ဍှပြု၊ "ဍာဟော-ပူလောင်ခြင်း၊ ကစ္စည်း၌ကား ကွဲစိ ခါတုဖြင့် ဒကို ဍှပြုဟု ကြံ၊ "ဍယှိတ္ထ-လောင်အစ်ပြီ" စသည်၌လည်း နည်းတူတွက်။

၆၁၄။ အာဠာဟနံ။ ။"ဒဟ=ဘသ္မီကရဏေ" ဟူသော ခါတ်နက်အပြင် "ဒါဟ=ပူလောင်ခြင်း, ခါရဏ=ဆောင်ထားခြင်း" အနက်များလည်း ရှိ၏၊ "အာ ပုဗ္ဗ+ဒဟ=ဒါဟော"ခါတ်နက်နှင့် ယုပစ္စည်းဖြင့် "အာဂန္တွာ ဒဟန္တိ ဧတ္ထာတိ အာဠာဟနံ=လာ၍ ပူဆွေးရာ (ငိုကြွေးရာ) ဖြစ်သော သင်းချိုင်း"ဟု ဖြစ်၏၊ ဠ၏ အကို အညေသုစဖြင့် ဝုဒ္ဓိပြု၊ ပရိဠာဟောကို အခြေပြုကြည်၊ ဒါဟော၌ ဝါမြစ်၍ ဠ မပြုရ။

**ခါတွန္တသ လောပေါက္ခမှို**

၆၁၅။ **ပရေ ကွိမှို ပစ္စယေ ခါတွန္တဿ ဗျဥ္ဇနဿ လောပေါ** ဟောတိ၊ ဘုဇေန-ကောက်ကွေ့သဖြင့်၊ ဂစ္ဆတိ၊ ကွတိ ဘုဇဂေါ(မြွေ)၊ ဥရေန-ရင်ဘတ်ဖြင့်၊ ဂစ္ဆတိ၊ ကွတိ, ဥရဂေါ-မြွေ၊ တုရဂေါ-မြင်း၊ သခ်ေါ-ခရုသင်း၊ [ရုပ်ကို အခြေပြုကြည့်တွက်။] (၅၈၇)။

**ဝိဒန္တေ ဦ**

၆၁၆။ ပရေ ကွိမှို ပစ္စယေ ဝိဒ ကွတိ တေဿ ခါတုဿ ဦကာရော ဂမော ဟောတိ၊ လောကံ—လောကကို၊ ဇာနာတိ—သိတော်မူတတ်၏၊ ကွတိ လောကဝိဒူ-မည်တော်မူ၏၊ [အဋ္ဌကထာတို့၌ "လောကံ အဝေဒီ" ဟု အတိတ်ကြိယာဖြင့် ဖွင့်၏၊] (၅၈၈)။

**န မကာရာန-မန္တာနံ နိယုတ္တတမှို**

၆၁၇။ **ပရေ** ကွကာရယုတ္တေ- ကွ အက္ခရာနှင့်ယှဉ်သော၊ တ ပစ္စယေ, ခါတွန္တာနံ—ကုန်သော၊ နကာရ မကာရ ကကာရ ရကာရာနံ—န အက္ခရာ, မ အက္ခရာ, က အက္ခရာ, ရ အက္ခရာတို့၏၊ လောပေါ နဟောတိ၊ ဟနိတုံ-သတ်ဖို့ရာ၊ ဂမိတော-သွား၏၊

---

၆၁၅။ "**အာသိဝိသော** ဘုဇင်္ဂေါ ဟိ, ဘုဇဂေါစ ဘုဇင်္ဂမော" ဟု မြွေဟော ပရိယာယ်၌ "ဘုဇင်္ဂေါ" ဟုလည်း ရှိ၏၊ "ဟယော တုရင်္ဂေါ တုရဂေါ" ဟု မြင်းဟော ပရိယာယ်၌ တုရင်ပုဒ်လည်းရှိ၏၊ ထိုပုဒ်တို့၌ ဘုဇ-တုရနောင် နိဂ္ဂဟိတ်လာ၍ ဝဂ္ဂန္တပြု၊ ဘုဇင်္ဂေါ၌ "ဘုဇဘျာ-လက်မောင်း ၂-ခုတို့ဖြင့်+ဂစ္ဆတိ-သွားတတ်၏" ဟု ကလာပ်၌ ဝိဂ္ဂဟပြု၏: ထောမနိဓိ၌ကား ဘုဇကို "ကုဋိလီဘဝန်—ကောက်ကောက်ကွေ့ကွေ့ ဖြစ်လျက်" ဟု ဖွင့်သည်၊ "ဘုဇင်္ဂမော" ဟု ရှိရာ၌ကား အပစ္စည်းဖြင့် ပြီး၏။

အဘိဓာနပ္ပဒီပိကာသူစိ၌ "တုရံ" ဟု နိဂ္ဂဟိတန္တနိပါတ်ကြံ၍ တုရံသဒ္ဒါပဗ္ဗဒ ဂမု ဓာတ် ကွိပစ္စည်းဖြင့် "တုရင်္ဂ" သည် ပုဒ်ရင်း, "တုရဂ" ဟု ရှိရာ၌ နိဂ္ဂဟိတ် ချေထားသည်ဟု ကြံလို၏၊ သို့သော် ထောမနိဓိ၌ "တုရေဏ" ဟု နာမ်ဝိဘတ်ဖြင့် ပြထားရကား နိပါတ်မဟုတ်, နပုလ္လိင်နာမ်ပုဒ်သာဖြစ်၍ "တုရဂ" သည်ပုဒ်ရင်း "တုရင်္ဂ" ၌ကား နိဂ္ဂဟိတ် လာသည်ဟု ကြံ၊ ဝိဟင်္ဂေါ-ခဂေါ-နဂေါစသော ပုဒ်တို့ကို ရှုနှင့် ဘာသာဋီကာမှာ-ရှု။

ကလာပ်။ "ဝိဟဂ, တုရဂ, ဘုဇဂ" ဟု ပြီးပြီးနောင် "ဝိဟင်္ဂ, တုရင်္ဂ, ဘုဇင်္ဂ" ဟူသော "နိပါတန" သုတ်ဖြင့် ဝိဟင်္ဂ, တုရင်္ဂ, ဘုဇင်္ဂ ရုပ်တို့ကို ပြီးစေ၏၊ ပတေန—အတောင်ဖြင့်၊ ဂစ္ဆတီတိ ပတင်္ဂေါ-ငှက်၊ ဝါ-နှံကောင်၊ ပ္လဝေန-ခုန်သဖြင့်၊ ဂစ္ဆတီတိ ပ္လဝင်္ဂေါ, ပ္လဝင်္ဂေါ-မျောက်၊ ["ဖား" ဟုလည်း ဆိုကြ၏။] ဤပုံစံများလည်း အလားတူ ပြီးကြသည်။

---

၆၁၇။ ။ဤသုတ်သည် "ဂမခနဟနာဒီန-မန္တော-ရကာရောစ" ၂-သုတ်တို့ဖြင့် ဓာတွန်ချေခြင်းကို တားမြစ်သောသုတ်တည်း၊မှန်၏-ဓာတွန်ကိုချေသော သုတ်သည် ဤ ၂-သုတ်သာ ရှိ၏၊ ထို ၂-သုတ်၌ ဓာတွန် (က)ကို မချေသော ကြောင့် (က)မပါပဲ "န မရာန-မန္တာနံ နိယုတ္တတမှို" ဟု သုတ်ရှိစေလိုသည်။

ရမိတော-မွေ့လျော်၏၊ သကိတော—ပူဇော်အပ်၏၊ သရိတော—အမှတ်ရ၏၊ ကရိတ္ဘာ-ပြု၍၊ ဠယုတ္တတမှိတိ ကိမတ္တံ၊ ဂတော-သွားသူ၊ သတော-အမှတ်ရသူ၊ ဠတိ-၏၊ (၆၁၄)။

---

နိဒ္ဒေသ။ ။နိဒ္ဒေသ၌မူ "ဤသုတ်သည် သာသဒိသတော တဿရိဋ္ဌောစ, ဘုဇာဒီနမန္တော နော ဒွိစ, ဇနာဒီနမာတိမှိစ, ဂမ ခန ဟန ရမာဒီနမန္တော, ဤသုတ်တို့ကို တားမြစ်သောသုတ်"ဟု ဆို၏၊ ထိုနိဒ္ဒေသအဆိုသည်"လောပေါန ဟောတိ" ဟု (လောပေါကို ထည့်၍ ဖွင့်သော) ဝုတ္တိနှင့်လည်းကောင်း နမကရာန်ဟု ဓာတွန်အက္ခရာ လေးလုံးကိုသာ ပြသောသုတ်နှင့်လည်းကောင်း မညီ၊ မှန်၏—သာသဒိသတောသုတ်သည် ဓာတွန်ချေသောသုတ် မဟုတ်၊ ဘုဇာဒီနမန္တော၌လည်း "န-မ-က-ရ" အက္ခရာမပါ, ဇနာဒီနမာတိမှိလည်း လောပဝိဓိ ဟုတ်။

နိယုတ္တတမှိ။ ။န+ဠယုတ္တတမှိ၊ ဠနာ—ဠအက္ခရာနှင့် (ဠအာဂုံနှင့်) + ယုတ္တော—ယှဉ်သည်တည်း၊ ဠယုတ္တော-သည်၊ ဠယုတ္တောစ+ သော+ တောစာတိ ဠယုတ္တတော၊ တ-ဟူရာ၌ တ အက္ခရာပါသော တုံ-တွာ စသည်ကိုပါယူ၊ "ဟန်+ ိ +တုံ"၌ ဠနှင့်ယှဉ်သော တပစ္စည်းကြောင့် ဟန်၏ နကို မချေရ၊ ဟနိတုံဟုသာ ပြီးရသည်၊ ဤသို့ စသည်ဖြင့် သိပါ၊ ဂမိတော, ရမိတောတို့ကား ဓာတွန် (မ်)ကို မချေရသော ပုံစံ၊ သရိတော, ကရိတ္ဘာတို့ကား ဓာတွန် ရ်ကို မချေရသော ပုံစံတည်း၊ ဂတော (ဂမု+တ), သတော (သရ+တ) တို့၌ ဠအာဂုံနှင့် မယှဉ်သောကြောင့် ဂမခန—ရကာရေစ သုတ်တို့ဖြင့် ချေ။

သကိတော။ ။"သက္ကိတော"ဟု အချို့စာရှိ၏၊ "သကိတောတိ သက—ပူဇာယံ"ဟု ချာသရှိသောကြောင့် သကိတောသာ ပါဠ်မှန်၊ ထို သကိတောလည်း "သက+တ"ဟုရှိရာ၌ ဓာတွန် က် ကို ချေမည့်သုတ် မရှိသောကြောင့် ဤသုတ်ဖြင့် တားမြစ်ဖွယ်မလို။

မေးဖွယ်။ ။"သုသ ပစ သကတော က္ခက္ကာစ"သုတ်ဖြင့် တ ကို က္ကပြု၍ ဓာတွန်ချေလျက် "သက္ကော" မဖြစ်ဖို့ရန် တားမြစ်သင့်သည် မဟုတ်ပါလော—ဟူအံ့၊ ဤသို့ ဓာတွန်သက်သက် ချေရုံသာမကပဲ အခြားသော (က္က ပြုခြင်း စသော)အစီအရင်ကိုပါ တားမြစ်လိုခြင်း န-မ-က-ရ အက္ခရာ ၄-လုံးသာမက, ဝသတောဥဋ္ဌ၌ ဝုဋ္ဌောဝယ် ဠအာဂုံရှိလျှင် "ဝုသိတော"ဟု ဖြစ်၏၊ သာသဒိသ စသော သုတ်ဝယ် အနုသိဋ္ဌော စသည်၌ အနုသာသိတော စသည်ဖြစ်၏၊ ဤသို့လျှင် ဠအာဂုံ ခြားကွယ်နေရာဝယ် ထိုသုတ်၏ အစီအရင်များကို မစီရင်ရတော့သဖြင့် "နမကရာဒီနမန္တာနံ နိယုတ္တတမှိ"ဟု အာဒိဖြင့် သုတ်တည်၍ ဝုတ္တိ၌လည်း "နကာရ၊ပေ၊ ဓာတွန္တာနံ န ဟောတိ(ဆိုင်ရာ အစီအရင်မဖြစ်) ဠကာရယုတ္တေ တပစ္စယေ ပရေ"ဟု ဖွင့်မှ အားလုံး နှံ့စရာရှိသည်။

နကဂတ္တံ စဇာ ဏွုမှိ

၆၁၈။ ပရေ ဏွုမှိ ပစ္စယေ စကာရ ဇကာရာ—စ အက္ခရာ ဇ အက္ခရာတို့သည်၊ ကကာရ ဂကာရတ္တံ—က အက္ခရာ, ဂ အက္ခရာ အဖြစ်သို့၊ နာပဇ္ဇန္တေ၊ ပစတိ-ချက်တတ်၏၊ ဣတိ ပါစကော-၏၊ (ချက်တတ်သူ စဖိုသည်၊) ယဇတိ—ပူဇော်တတ်၏၊ ဣတိ ယာဇကော—၏၊ (ပူဇော်သူ)-(၅၇၂)။ [ရှေ့သုတ်မှ န ပဋိသေဓကို လိုက်စေလျှင် ပြီးလောက်လျက် ဤသုတ်၌ တိုက်ရိုက်ထည့်၍ ဆိုခြင်းကား နောက်သုတ်များသို့ ''န''ပဋိသေဓ မလိုက်တော့ဟု သိစေရခြင်းအကျိုး ရှိ၏၊ ဤသုတ် တားမြစ်အပ်သော သုတ်များနှင့် ရုပ်ကို အခြေပြုကြည့်။]

ကရဿစ တတ္တံ တုသ္မိံ

၆၁၉။ ပရေ တုပစ္စယေ ကရ ဣတိ ဧတဿ ဓာတုဿ အန္တဿ-အဆုံးဖြစ်သော၊ ရ ကာရဿ—ရ အက္ခရာ၏၊ တကာရတ္တံ—တ အက္ခရာ၏ အဖြစ်သည်၊ ဟောတိ-ဖြစ်၏၊ ကရောတိ-ပြုတတ်၏၊ ဣတိ ကတ္တာ—ကတ္တာ မည်၏၊ ( ကတ္တု|ကာရက, ကတ္တားအနက် စသည်ရ၏၊ ) ကရောန္တိ—ပြုတတ်ကုန်၏၊ ဣတိ ကတ္တာရော—ကတ္တာတို့ မည်၏၊(၅၇၄)၊ [ကရ·ဿစ၌ စသဒ္ဒါဖြင့် ဘရစသည်ကို ဆည်း၍ ဘတ္တာစသည်ကို ရှု၍ပြ၏။]

တုံ တုန တဗ္ဗေသုဝါ

၆၂၀။ တုံ တုန တဗ္ဗ ဣတိ—တုံ,တုန, တဗ္ဗဟူကုန်သော ၊ပေ၊တကာရတ္တံ ဝါ ဟောတိ၊ ကတ္တုံ၊ ကာတုံ—ပြုဖို့ရာ၊ ကတ္တုန, ကာတုန-၍၊ ကတ္တဗ္ဗံ, ကာတဗ္ဗ-ပြုထိုက်၏၊(၅၅၀)။[ကာတုံ,ကာတုန, ကာတဗ္ဗံတို့ကား ဝိကပ်ရုပ်။]

ကာရိတံ ဝိယ ဏာနုဗန္ဓော

၆၂၁။ ဏကာရာနုဗန္ဓော-ဏ အက္ခရာ အနုဗန်ရှိသော၊ ပစ္စယော—ကို၊ ကာရိတံ ဝိယ ဝါ ဒဋ္ဌဗ္ဗော၊ ဒါဟော—ပူလောင်ခြင်း၊ ဒေဟော-ကိုယ်၊ ဝါဟော—ဆင် မြင်း စသောယာဉ်၊ ဗာဟော—လက်မောင်း၊ ဝါရော•အလှည့်အကြိမ်၊ ဝါ—အလိုရှိခြင်း၊ စာရော·လှည့်လည်ခြင်း၊ [စာဂေါ—စွန့်ကြဲခြင်းဟုလည်း ရှိ၏၊] ပရိက္ခာရော—ပရိက္ခရာ၊ ဒါယကော-ပေးလှူသူ၊ နာယကော-ရှေ့ဆောင် အကြီးအကဲ၊ လာဝကော—ရိတ်ဖြတ်သူ၊ ဘာဝကော—ဖြစ်တတ်သူ၊ ကာရီ-ပြုလေ့ရှိသူ၊ ဃာတီ-သတ်လေ့ရှိသူ၊ ဒါယီ-ပေးလေ့ရှိသူ၊ ဝါတိ ကိမတ္ထံ၊ ဥပက္ခရော-ကပ်၍ပြုခြင်း၊ ဣတိ-၏၊ (၅၅၄)။

---

၆၂၁။ ဤသုတ်ကား ''ကာရိယာတိဒေသ''သုတ်တည်း၊ ဓာတုပ္ပဉ် ဏေ ဏယသုတ်ဖြင့် သက်အပ်သော ကာရိတ်ပစ္စည်းများ နှောင်းရာဝယ် ရှေ့၌ ဝုဒ္ဓိပြုခြင်းစသော အစီအရင်ကို စီရင်ရသကဲ့သို့ ဏ-ဏွု-ဏီ စသော (ဏ အနုဗန် ပါသော)ပစ္စည်းများ နှောင်းရာလည်း စီရင်ပါဟု ညွှန်ပြသည်၊ ထို့ကြောင့် ဏ

အန ကာ ယုဏ္ဍုန်

၆၂၂။ ယု ဏ္ဍု ဣတိ ဧတေသံ ပစ္စယာနံ အန အက ဣတိ ဧတေ အာဒေသာ ဟောန္တိ၊ နန္ဒနံ—နှစ်သက်ခြင်း၊ [နန္ဒိတဗ္ဗံတိ နန္ဒနံ— နှစ်သက်အပ်သော နန္ဒနဉယျာဉ်၊ နန္ဒန္တိ ဧတ္ထာတိ နန္ဒနံ—နှစ်သက်ကြရာ ဉယျာဉ် ဟုလည်း ပြု၊”] ကာရကော-ပြုတတ်သူ။

ကဂါ စဇာနံ

၆၂၃။ ပရေဏာနုဗန္ဓေ ပစ္စယေ စဇဣတိ- စ, ဇ ဟူကုန်သော၊ ဧတေသံ ဓာတွန္တာနံ – ဤ ဓာတွန် အက္ခရာတို့၏၊ ကကာရ ဂကာရာဒေသာ ဟောန္တိ၊ ပါကော—ချက်ခြင်း၊ (ကျက်ခြင်း)၊ ယောဂေါ—ယှဉ်ခြင်း၊(အားထုတ်ခြင်း)၊ [ရုပ်ကို‘‘ဘာဝေစ’’သုတ်ကြည့်၊ ဝုစ္စတေတိ ဝါကျံ-ဆိုအပ်သော စကားရပ်၊ ဝစ+ဏျ၊ ဘဇီတဗ္ဗံတိ ဘာဂျံ-မှီဝဲအပ်သော ရှေးနှာုန်း ရှေးကံ၊ ဘဇ-သေဝါယံ+ဏျ၊ ဤသို့စသည်ဖြင့် အစီအရင်များ၏၊] (၅၅၅)၊ ဣတိ ကိဗ္ဗိဓာနကပ္ပေ ပဥ္စမော ကဏ္ဍော။

---

အနုဗန်ရှိသော ပစ္စည်းများကို ကာရိတ်ကဲ့သို့ ညွှန်ပြရခြင်းသည် ဝုဒ္ဓိပြုရခြင်း စသော အကျိုးရှိ၏-ဟု မှတ်ပါ။

[ဆောင်] ပစ္စည်းကာရိ, နှောင်းကုန်ဘိမူ, ဝုဒ္ဓိပြုရန်, ဏာနုဗန်,ကေန်ကာရိတ်မှည့်။

ပုံစံများ။ ။ဒါဟော=ဘာဝေစသုတ် ကြည့်၊ ဒေဟော-ဒိဟ=ဥပစယေ (ပွားစီးခြင်း), တနည်း “ဝုဒ္ဓိမှိ = ကြီးပွားခြင်း” ဒါယော နည်းတူတွက်၊ ဝါဟော — ဝဟ = ပါပဏေ (ရောက်စေခြင်း, ရောက်အောင် ဆောင်ခြင်း)၊ ဗာဟော-ဗဟ=ဝုဒ္ဓိမှိ၊ ဝါရော—ဝရ=ဣစ္ဆာယံ၊ စာရော—စရ=ဂတိဘက္ခနေသု-သွားခြင်း, စားခြင်းတို့၌၊ ပရိက္ခာရော- ပုရ သမုပသုတ်ကြည့်၊ ဒါယကော နာယကော-သဗ္ဗတော ဏွုတ္វာဝီဝါသုတ် ကြည့်၊ လာဝကော - လူ=ဆေဒနေ၊ ဘဝတီတိ ဘာဝကော- ဖြစ်တတ်သူ၊ ကာရီ- ကရ, ဏီသက်၊ ဒါယီ- အာကာရန္တာနမာယောကြည့်၊ ဃာတီ-ဟန+ဏီ၊ ဟနဿဃာတောဖြင့် ဃာတ်ပြု။

ဝါတိ ကိမတ္ထံ။ ။“ဥပက္ခရော=ဥပပုဗ္ဗ ကရ+ဏ”ဟု ရှိရာ ဝါမြစ်သော ကြောင့် ကာရိတ်မင့်ရဟု ဆိုလို၏၊ ထို့ကြောင့် ဏကို ကာရိတ်မင့်ပဲ ကွစိဓာတု ဖြင့် ဏ အနုဗန်ကို(ချသည်)ချေ၍ ပုရ သမုပ သုတ်ဖြင့် ကရ်ကို ခရပြုသည်။ [ဏ အနုဗန် မင့်စေလိုလျှင် အပစ္စည်းသက်၍ သုတ်ကြီးဖြင့် ဖြစ်စေ, ပုရသမုပ ယောဂဝိဘာဂဖြင့် ဖြစ်စေ ခရ် ပြုသင့်ရုံသာမက, “ဥပက္ခရော”ဟူသော ပါဠိသည်ပင် စုဏ္ဏိယဝါကျ၌ ရှိ-မရှိကို စဉ်းစားသင့်၏။]

ကိတ်ဘာသာဋီကာ ပြီးပြီ။

# ဥဏာဒိ ဘာသာဋီကာ

## အချီနိဒါန်း

**ဥဏာဒ်ခေါ်ရပုံ။** ။ဥဏာဒိပုဒ်၌ ဏုကိုဖြုတ်, ဒ၌ တံခွန် (အသတ်) တင်၍ "ဥဏာဒ်"ဟု ခေါ်စမှတ်ပြုကြ၏၊ ဥဏ်+အာဒိ ယဿာတိ ဥဏာဒိ၊ ယဿ-အကြင် ယု ဏ္ဍစသော ပစ္စည်းအပေါင်း၏၊ ဥဏ်—ဥဏ် ပစ္စည်းဟူသော+အာဒိ-အစ အပိုင်း အခြားသည်၊ အတ္ထိ,ဧတိ, သော,ဥဏာဒိ-မည်၏၊ ထိုဥဏာဒိပစ္စည်းစုကို ပြရာအခန်း လည်း ဌာနီပစ္စည်းတို့၏အမည်ကို ဌာနကဏ္ဍ၌ တင်စား၍ ဌာန်ျူပစာရအားဖြင့် ဥဏာဒိကဏ္ဍဟု ခေါ်ရသည်၊ မောဂ္ဂလ္လာန်၌ကား ဏုပစ္စည်းကို အစထားသော ကြောင့် ဏု၏ ဥကို ဝပြု၍ "ဏွာဒိကဏ္ဍ"ဟု အမည်ပေး၏၊ ဥဏ်ပစ္စည်း၌ ဏ်အနု ဗန်ချေလျှင် ဥ သာ ကျန်သကဲ့သို့ ဏုပစ္စည်း၌လည်း ဏ် အနုဗန် ချေလျှင် ဥ သာ ကျန်၏၊ ထို့ကြောင့် ဥဏာဒိကဏ္ဍနှင့် ဏွာဒိကဏ္ဍသည် သဘောတူပင်။

**ပရသမညာအမည်။** ။ဤဥဏာဒ်ပိုင်း၌ ဥဏ်ပစ္စည်းကိုစ၍မပြ, "ကမ္မနိ ဒုတိယာယံ ဏွော"ဟု ဏွပစ္စည်းကို စ၍ပြ၏၊ ဝုတ္တိ၌ "ကာရု"ဟု ဥဏ်ပစ္စည်းနှင့်တူသော ဏု ပစ္စည်းကို စ၍ထားသော်လည်း "ဥဏာဒ်"ဟူသောအမည်သည် ဝုတ္တိဆရာမှည့်အပ် သော အမည်မဟုတ်, သုတ်တည်သောဆရာ မှည့်အပ်သောအမည်တည်း၊ သို့ဖြစ်လျှင် "ဥဏ်ပစ္စည်းကို အစထား၍မပြပဲ အဘယ့်ကြောင့် ဥဏာဒိကဏ္ဍ ခေါ်ရသနည်း"ဟု မေးဖွယ်ရှိ၏၊ အဖြေကား—"ဥဏာဒိ"ဟူသော အမည်သည် သက္ကတ ဗျာကရုဏ်း တို့၌ မှည့်အပ်သော ပရသမညာတည်း၊ ထို သက္ကဗျာကရုဏ်းတို့၌ကား ဤကဏ္ဍ၌ ဥဏ်ပစ္စည်းကိုပင် အစထား၍ ပြသည်။ ["ကရ ဝါ ပါ ဇိ မိ သွဒိ သာဓျသူ ဒရ သနိ ဇနိ စရိ စဋိဘိ ဥဏ်=ကရစသော ဓာတ်တို့နောင် ဥဏ် ပစ္စည်းသက်"— ကာတန္တ, ဥဏာဒိကဏ္ဍ အစဆုံး သုတ်၊] ဤသို့ သက္ကတနာမည်ကို ဤကျမ်း၌ ယူ၍ "ဥဏာဒိ ကဏ္ဍ"ဟု ခေါ်ဝေါ်ထားသည်။ ["ဥဏာဒီတိ ပရသမညာဝသေန ဤဏု အာဒိ ပစ္စယာနမေဝ ါမိဝစနံ = ဥဏာဒ် ဟူသော အမည်သည် ပရသမညာ၏ အစွမ်းဖြင့် "မုနာဒီဟိ စိ" သုတ်လာ ဣပစ္စည်း, "ကာလေ ဝတ္တမာနာ,တီတေ ဏွ ၁ ဒယော" သုတ်လာ ဏုပစ္စည်း စသည်တို့၏ အမည်တည်း"—ရူဋီကာ၊] ဆောင်ပုဒ်ကို အခြေ ပြုမှာ ရှု။

**အရှင်ကစ္စည်း စီရင်သလော။** ။ကစ္စည်းအဖွင့်ဋီကာတို့သည် ဥဏာဒိကဏ္ဍကို အရှင်ကစ္စည်းထေရ်သည်ပင် စီရင်အပ်၏ဟု ယူကြဟန်တူ၏၊ ထို့ကြောင့် ရူပသိဒ္ဓိဆရာ သည် ကိတ်ပိုင်းမှာပင် ဥဏာဒ်ပစ္စည်းများကို ရောနှော၍ ပြထား၏၊ သို့သော် (တ) ပစ္စည်းရှိပြီးလျက် (ဏွ) ပစ္စည်းကို ထပ်၍ပြသော "ကမ္မနိ ဒုတိယာယံ ဏွော"စသော သုတ် အရဟသက္ကာဒီသုစသုတ် ရှိပြီးလျက် ထပ်နေသော အရဟသက္ကာဒီဟိတုံ သုတ်, ကဂါစဇာနံ ရှိပြီးလျက် ထပ်နေသော သစဇာနံ ကဂါ ဏာနုဗန္ဓေသုတ်, ဤသို့စသည်ဖြင့် ထပ်တူကျနေသော သုတ်များကိုထောက်၍လည်းကောင်း, ဥဏာဒိ သုတ်များ၌ "ဏွ, မာန်" စသည်ဖြင့် သက္ကတအသံ များစွာပါ၍ ကိတ်သုတ်များ လောက် စာသွားမချောသောကြောင့်လည်းကောင်း ဥဏာဒိကဏ္ဍကို အခြားဆရာ တဦး စီရင်အပ်သော ကျမ်းတစောင်ဖြစ်တန်ရာ၏ဟု ဆရာတို့ ခန့်မှန်းတော်မူကြသည်။

**ကတ္တရိ ကိတ်** ၆၂၄။ ကတ္တု ဣတိ–ကတ္တားဟူသော၊ တေသုံ အတ္ထေ–ဤအနက်၌၊ ကိတ်ပစ္စယာ–ကိတ်ပစ္စည်းတို့သည်၊ ဟောန္တိ–ဖြစ်ကုန်၏၊ ကာရု, ကာရကော, ကာရကော–ပြုတတ်သူ၊ ပါစကော–ချက်တတ်သူ၊ ကတ္တာ–ပြုတတ်သူ၊ ဇနိတာ–ဖြစ်တတ်သူ၊ ပစိတာ–ချက်တတ်သူ၊ နေတာ–ဆောင်တတ်သူ၊ (၅၆၄)။

---

၆၂၄။ ကတ္တရိကိတ်။ ။မည်သည့်ဆရာ စီရင်သည်ဖြစ်စေ, ထို စီရင်သော ဆရာသည် "ဥဏာဒိကဏ္ဍ"ကို ပြလိုသောကြောင့် "ကတ္တရိကိတ်" စသည်ကို မိန့်၊ ကတ္တရိကို "ကတ္တု ဣစ္စေတသ္မိံ အတ္ထေ"ဟု ဖွင့်သည်၊ ယခုစာတို့၌ "ကတ္တရိ ဣစ္စေတသ္မိံ အတ္ထေ"ဟု တွေ့ရ၏၊ ဣတိသဒ္ဒါ၏ အတွင်း၌ရှိသောပုဒ်များကို "ဘာဝကမ္မ ဣစ္စေတေ သွတ္ထေသု"စသည်ဖြင့် ဝိဘတ်မပါပဲ ပကတိအတိုင်း ညွှန်ပြလေ့ရှိ၏၊ ထို့ကြောင့် ဤ၌လည်း "ကတ္တု ဣစ္စေတသ္မိံ အတ္ထေ"ဟုသာ ရှိသင့်သည်၊ ဤသုတ်ကို(သညာစသော သုတ် ၄-မျိုးတွင်) ပရိဘာသာသုတ်ဟု မှတ်ပါ၊ နိယမ, အတိဒေသထည့်၍ သုတ် ၆-မျိုး ခွဲရာ၌ကား ကိတ်ပစ္စည်းတို့၏ အနက်ကို ကတ္တား အနက်ဟု သတ်မှတ်ပေးသော နိယမသုတ်တည်း။

**မှတ်ချက်**။ ။တဗ္ဗစသော ပစ္စည်းမှတပါး အခြားပစ္စည်းများကို "အညေကိတ်" သုတ်က "ကိတ်"ဟု အမည် မှည့်ခဲ့၏၊ ထိုကိတ် အမည်ရသော ပစ္စည်းများကို ဤသုတ်က "ကတ္တားအနက်၌ သက်"ဟု သတ်မှတ်ထား၏၊ သို့သော် ဏပစ္စည်း ယုပစ္စည်း တပစ္စည်း စသော ကိတ်အမည်ရ ပစ္စည်းပေါင်းများစွာသည် ကတ္တားမှတပါး အခြား သာဓနေ (အနက်) များ၌လည်း သက်ကြသည်ကို တွေ့ရ၏၊ ထို့ကြောင့် ဤသုတ်၏ သတ်မှတ်ချက် မမြဲကြောင်းကို သိနိုင်သည်။

**ပုံစံများ**။ ။**ကာရု၌** ဏုပစ္စည်းတည်း၊ သက္ကတ၌ ဥဏ်ပစ္စည်းကိုပင် မာဂဓသဒ္ဒါကျမ်းဆရာတို့က "ဏု"ပစ္စည်း ဆိုကြ၏၊ ကလာပ် ဥဏာဒိကဏ္ဍ ပဌမဆုံး သုတ်၌ "ကရောတီတိ ကာရု–သိပ္ပကာရကော (အတတ်ကို ပြုသူ, ဝါ- အတတ်သည်)"ဟု ကာရု ပြယုဂ်ကို အစဆုံး ပြထားသောကြောင့် ဤ ဝုတ္တိ၌လည်း ကာရုကိုပင် အစဆုံး ပြထားသည်၊ ရုပ်ကို အခြေပြုကြည့် တွက်၊ ကာရကောကို ဟနတျာဒီနံ ဏုကောသုတ်မှာ ကြည့်၊ ကာရကော, ကတ္တာတို့ကို သဗ္ဗတော ဏွုတ္ထာဝီဝါသုတ် ကြည့်၊ ပါစကောလည်း ကာရကော နည်းတူ, ပစဓာတ်သာ ထူး၏၊ "ဇန=ဇနနေ, ပစ=ပါကေ"ဟု ဆို၍ သဗ္ဗတော ဏွုတ္ထာဝီဝါဖြင့် တုပစ္စည်းသက်, ယထာဂမမိကာရောဖြင့် ဣလာ၊ နာမ်ငဲ့, သတ္ထာဒိဂိုဏ်း အစီအရင် ဝင်စေ၍ "ဇနိတာ, ပစိတာ"ပြီး၏၊ နေတာလည်း "နီ=နယေ" ဆို၍ ဤကို ဝုဒ္ဓိပြုခြင်းသာ ထူးသည်။

---

၆၂၅။ ဘာ၀ကမ္မ ဣတိ-ဘောအနက်, ကံအနက်ဟူကုန်သော ဘာ၀ကမ္မေသု ဧတေသု အတ္ထေသု-ဤအနက်တို့၌၊ ကိစ္စ က္တ ခတ္ထာ-ကိစ္စအနက် ကိစ္စ ကွ ခတ္ထာ ရှိသော ပစ္စည်း, ကွ အနက်ရှိသော ပစ္စည်း, ခ အနက်ရှိသော ပစ္စည်းဟူကုန်သော၊ ဧတေပစ္စယာ ဟောန္တိ၊ ဘ၀တာ-အရှင်သည်၊ ဥပသမ္ပာဒေတဗ္ဗံ, ဥပသမ္ပာဒနီယံ=မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်စေရာ၏၊ ဝါ—ပဉ္စင်းအဖြစ်သို့ ရောက်စေပါလော၊ (ပေသ အနက်)၊ ဘ၀တာ—သည်၊ သယိတဗ္ဗံ-အိပ်ရာ၏၊ ဝါ—အိပ်လို အိပ်တော့၊ (အတိသဂ္ဂ အနက်)၊ ဘ၀တာ-သည်၊ ကတ္တဗ္ဗံ-ပြုသင့် ပြုထိုက်၏။ ဝါ—ပြုချိန်တန်ပြီ၊ (ပတ္တကာလအနက်)၊ ဘ၀တာ-သည်၊ ဩဒနော-ထမင်းကို၊ ဘောတ္တဗ္ဗော-စားအပ် စားထိုက်၏၊ ဝါ—စားလို စားတော့၊ ဝါ—စားချိန်တန်ပြီ၊ (အတိသဂ္ဂ, ပတ္တကာလ အနက်)၊ ဘ၀တာ-သည်၊ ဘောဇနံ—ဘောဇဉ်ကို၊ အသိတဗ္ဗံ—စားအပ် စားထိုက်၏၊ ဝါ—စားလို စားတော့၊ ဝါ-စားချိန်တန်ပြီ၊ ဘ၀တာ-သည်၊ အသိတံ-စားအပ်၏၊ ဘ၀တာ-သည်၊ သယိတံ-အိပ်ခြင်း၊ [သီဓာတ် သည် အကမ္မကဓာတ်ဖြစ်၍ "အိပ်အပ်"ဟု

---

၆၂၅။ ကိစ္စ ကွ ခတ္ထာ။ ။["ကွတ္ထာ"ဟု ရှိ၏၊ "ဤသံ ဒုသုဟိခ" ဟုလည်းကောင်း "ကွစိဓာတုတျာဒိနာ ခကာရာနုဗန္ဓာ"ဟုလည်းကောင်းဆိုခြင်းကြောင့်"ခတ္ထာ"ဟုသာ ရှိစေ၊] "ကိစ္စတ္ထ ကွတ္ထ ခတ္ထဟု အတ္ထကို ရှေ့ပုဒ်များနှင့်လည်းတွဲ၊ ထိုတွင် ကိစ္စတ္ထ(ကိစ္စပစ္စည်း၏အနက်)ဟူသည် "ပေသာတိသဂ္ဂပတ္တကာလေသု ကိစ္စာ"သုတ်၌ ပြအပ်သော ပေသ—အတိသဂ္ဂ-ပတ္တကာလ အနက်တို့တည်း၊ ကွတ္ထဟူသည် "ဘျာဒီဟိ မတိ ဗုဓိ ပူဇာဒီဟိစ ကွော" သုတ်ဖြင့် ပြအပ်သော ကြောက်ခြင်း သိခြင်း ပူဇော်ခြင်းစသော အနက်များတည်း၊ ထို ဘီစသောဓာတ်နောင် သက်ရသဖြင့် ထိုဓာတ်၏ အနက်များကိုလည်း ကွပစ္စည်းက တွဲဖက်ဟောရာ ရောက်၏၊ ခတ္ထဟူသည် "ဤသံဒုသုဟိ ခ"ဖြင့် သက်အပ်သော "ဤ သံ-ဒု-သု" တို့၏ အနက်တို့တည်း၊ ထို ဥပပဒရှိသော ဓာတ်နောင် သက်ရသဖြင့် ထို ဥပပဒတို့၏ အနက်ကိုလည်း ခပစ္စည်းက ဟောရာရောက်၏။

ဣစ္စေတေ ပစ္စယာ။ ။"ကိစ္စ ကွ ခတ္ထ"အရ ပစ္စည်း၏ အနက်ကို ရသော်လည်း အနက်ကို အကြောင်းပြု၍ ကာရဏူပစာရအားဖြင့် ထို အနက်ရှိသော ပစ္စည်းများကိုပင် "ကိစ္စ ကွ ခတ္ထ"အရ ယူစေလို၍ "ကိစ္စ ကွ ခတ္ထ ဣစ္စေတေ ပစ္စယာ"ဟု ဖွင့်သည်၊ ဆက်ဦးအံ့—"ပေသ အတိသဂ္ဂ ပတ္တကာလ အနက်တို့၌ ကိစ္စပစ္စည်းသက်"ဟု ဆိုထားရာ၀ယ် ထိုအနက်များသည် သာဓနအနက် မဟုတ်သေး၊ သာဓနအနက်ကို မဟောလျှင်လည်း ကိတ်ပစ္စည်း မဟုတ်နိုင်၊တို့ကြောင့် ပေသ စသော အနက်၌သက်သော ကိစ္စပစ္စည်းသည် အဘယ်သာဓန အနက်၌ သက်သနည်း ဟု မေးဖွယ်ရှိ၏။

ကံအနက် မပေးပဲ, ဘောအနက် ပေးသည်၊] ဘဝတာ, ပစိတံ–ချက်အပ်၏၊ ဘဝတာ, အသနံ·အစာကို၊ အသိတံ·စားအပ်၏၊ ဘဝတာ, သယနံ· အိပ်ရာကို၊ သယိတံ–အိပ်ရာ၏၊ ဘဝတာ, ဩဒနော– ကို၊ ပစိတော– ချက်အပ်၏၊ ကိဥ္စိ· ဿယော·စဉ်းငယ်အိပ်ခြင်း၊ ဤ သဿယော·ဆင်းရဲစွာအိပ်ခြင်း၊ ဒုဿယော– မကောင်းအိပ်ခြင်း၊ ဘဝတာ, သုဿယော–ကောင်းစွာအိပ်ခြင်း၊ (၆၀၆)။

---

ထို့ကြောင့် ဤသုတ်က"ဘာဝကမ္မေသု ကိစ္စ က္တ ခတ္ထာ"ဟု ပေသစသော အနက်၌သက်သော ကိစ္စပစ္စည်း၏ သာဓနေအနက်ကို သတ်မှတ်ပြသည်၊ ထို့အတူ ဘိစသော အနက်၌သက်သော က္တပစ္စည်း–ဤသံ စသောအနက်၌သက်သော ခ· ပစ္စည်းတို့လည်း ထိုသုတ်များ၌ မည်သည့် သာဓနေဝယ် သက်–ဟု တိုက်ရိုက် သတ်မှတ်ချက် မပါသေးသောကြောင့် ဤသုတ်က ဘာဝကမ္မသာဓနေ၌ သက်ဟု သတ်မှတ်ပြရသည်၊ ထို့ကြောင့် ဤသုတ်သည် ပစ္စည်းသက်သောသုတ် မဟုတ်၊ ထိုပစ္စည်းများ၏ သာဓနေအနက်ကို "ဘာဝကမ္မေသု" ဟု သတ်မှတ်ပြသော· ပရိဘာသာ (နိယမ) သုတ်ဘည်း·ဟု မှတ်ပါ။

ကိစ္စတ္ထပုံစံများ။ ။ဥပသမ္ပာဒေတဗ္ဗံမှစ၍"အသိတဗ္ဗံ ဘောဇနံ ဘဝတာ" တိုင်အောင် ကိစ္စပစ္စည်းများ၏ ပုံစံ၊ ထို့ကြောင့် ပေသအနက်, အတိသဂ္ဂအနက်, ပတ္တကာလအနက်များကို ထိုက်သလိုပေးထား၏၊ပေသစသည်တို့၏ အဓိပ္ပာယ်ကို· ပေသာတိသဂ္ဂ စသော သုတ်မှာ ရှု၊ ဥပသမ္ပာဒေတဗ္ဗံကို ဥပ+သံပုဗ္ဗ ပဒတည်, ပဒ=ဂတိမှိ အနက်၌ ဓာတ်မှည့်, ဓာတွန့်ချေ၊ ပေသာတိသဂ္ဂ ပတ္တကာလေသု ကိစ္စာသုတ်ဖြင့် ( ကိစ္စ ၅·ပစ္စည်းတွင် အပါအဝင်ဖြစ်သော) တဗ္ဗပစ္စည်းသက်၊ စုရာဒိ ဏေပစ္စည်းသက်၍ ကာရိတ်လည်း မှည့်၊ ဏ အနုဗန်ချေ၊ နာမ်ငွဲ့ စသည်· စီရင်၊ ဥပသမ္ပာဒနီယံ၌ကား အနီယပစ္စည်းသက်ရုံသာ ထူး၏။

မှတ်ချက်။ ။စုရာဒိ ဏေပစ္စည်းသက်ရခြင်းသည် နျာသအဖွင့်အတိုင်းသာ· တည်း၊ အမှန်အားဖြင့် ဓာတူဟိ ဏေ ဏယစသောသုတ်ဖြင့် ကာရိတ်ဏေပစ္စည်း သာ သက်သင့်မည်ထင်၏၊ ရှင်းပြဦးအံ့–ဥပသမ္ပဒ ကမ္မဝါစာ "သံဃော နာဂံ· ဥပသမ္ပာဒေယျ-မြင့်မြတ်သော ဦးပဥ္ဇင်းအဖြစ်သို့ ရောက်စေရာ၏, ရောက်စေပါ လော"ဟူရာ၌ "ပယောဇက ဗျာပါရေတံ၊ပေ၊ဥပသမ္ပဇ္ဇန္တံ သုဒ္ဓကတ္တာရံ ပုဂ္ဂလံ· ပယောဇကတ္တာဘူတော သံဃော ဥပသမ္ပဒဟေတု နိပ္ဖာဒနေန ဥပသမ္ပာဒေယျာတိ ဝုတ္တော"ဟု ဝိမတိ (ပဗ္ဗဇ္ဇခန္ဓက) ဋီကာ ဖွင့်၏၊ ဤ ဥပသမ္ပာဒေတဗ္ဗံ ၌လည်း " ဘဝတာ–သည်၊ ဥပသမ္ပဒါပေက္ခံ· ပဥ္စင်းလောင်းကို၊ (ဘောဟော ဖြစ်၍ အဝုတ္တကံ ထားသည်) ဥပသမ္ပာဒေတဗ္ဗံ "ဟု ဖြစ်ထိုက်၏၊ ထို့ကြောင့် ပဒ ဓာတ်သည် ဒိဝါဒိ စုရာဒိ ၂·ဂိုဏ်းရှိသော်လည်း ဤ၌ ကာရိတ်ဏေပစ္စည်းသာ ဖြစ်ထိုက်သည်။

ကမ္မနိ ဒုတိယာယံ ကွော

၆၂၆။ ကမ္မဏ္ဍဗ္ဗေတာသို့ အတ္တေ—ကံ ဟူသော အနက်၌၊ [“ကမ္မနိ ဣစ္စေတသ္မိံ”ဟု ရှိသည်ကို ဆင်ခြင်၊] ဒုတိယာ ယံ ဝိဘတ္တိယံ- ဒုတိယာ ဝိဘတ်သည်၊ (သတိ—ရှိလသော်၊) ကတ္တရိ-ကတ္တားအနက်၌၊ ဏ္ဍပစ္စယော ဟောတိ၊ ဒေဝဒတ္တော—ဒေဝဒတ်သည်၊

---

**သယိတဗ္ဗံ စသည်။** သယိတဗ္ဗံ “သီ=သယေ” (“သိ=သယေ”ဟုလည်း တချို့ရှိ၏) ဟူသော ဓာတ်၊ တဗ္ဗပစ္စည်း, ဤကို ဧဝုဒ္ဓိ, ဧကို အယပြု, ဣလာ၊ ကတ္တဗ္ဗံ—ကရ+တဗ္ဗ၊ တုံ တုန တဗ္ဗေသု ဝါဖြင့် ဓာတ္ဆန် ရ်ကို (တ်)ပြု၊ ဘော- တ္တဗ္ဗော—ဘုဇ+တဗ္ဗ၊ အညေသုစဖြင့် ဉကို ဩပြု၊ ဘုဇာဒီနမန္တော ဖြင့် ဓာတ္ဆန် ဇ်ချေ, တ်ဒွေဘော်လာ၊ အသိတဗ္ဗံ-အသ=ဘက္ခဏေ+တဗ္ဗ, ဣအာဂုံ၊ [“အသ= ဘောဇနေ”ဟုလည်း နျာသ ဆို၏၊] သယိတဗ္ဗံ စသည်၌ ပေသ, အတိသဂ္ဂ, ပတ္တကာလ အနက်များကို ထိုက်သလို ပေးနိုင်သည်။

**ဣတ္ထနှင့် ခတ္တပုံစံများ။** ။အသိတံ၊ပေ၊ပစိတော ဩဒနော ဘဝတာသည် ဏ္ဍပစ္စည်း၏ ပုံစံများ၊ **အသိတံ—အသ=ဘက္ခဏေ၊** ဘျာဒီဟိ မတိ ဗုဒ္ဓိ ပူဇာ ဒိဟိစ ကွောသုတ်ဖြင့် ဏ္ဍပစ္စည်းသက်၊ ကွစိဓာတုဖြင့် က် အနုဗန်ချေ၊ဣအာဂုံ၊ သယိတံ, ပစိတောတို့လည်း ဤနည်း မှီးပါ၊ ကိဋ္ဌိဿယော ၊ပေ၊ သုဿယော ဘဝတာတို့ကား ခတ္တပုံစံများ၊ ကိဋ္ဌိ+ဤသံ+ဒုသု+သဒ္ဒါပပဒ သိတည်၊ ကိဋ္ဌိ စသည်နောင် သိသက်, သဗ္ဗာသမာဝုသောဖြင့်ချေ၊ သိ=သယေ အနက်၌ ဓာတ် မည့်, ဤသံဒုသုဟိခ သုတ်ဖြင့် ခ ပစ္စည်းသက်၊ ကွစိဓာတုဖြင့် (ခ်)အနုဗန်ချေ၊ ဤကို ဧဝုဒ္ဓိ, ဧကို အယပြု၊ သ် ဒွေဘော်လာ၊ (ကိဋ္ဌိဿယ - သည်)၊ သမာသ် စပ်၍ ကမ္မာခာရဲမှည့်, သမာသ်မှည့်, နာမ်င့် စသည်။ [ဤသံ၌ကား ဗျဉ္ဇနေစ သုတ်ဖြင့် နိဂ္ဂဟိတ် ချေရဦးမည်။]

**မှတ်ချက်။** ။နျာသဝယ် ကိဋ္ဌိဿယော၌ ဤသံဒုသု ရှေးမရှိပဲ ကိဋ္ဌိနိပါတ် ရှေး ရှိသောကြောင့် ဤသံဒုသုဟိခ သုတ်ဖြင့် ခ ပစ္စည်း မသက်ပဲ သဗ္ဗတော ဏွုတ္ဝါဝိဝါ သုတ်ဖြင့် အပစ္စည်း သက်၏၊ ကိဋ္ဌိ ရှေးရှိသောကြောင့် ထို အ ပစ္စည်းကို ခတ္တပစ္စည်း ဟုလည်းဆိုသည်၊ ဤကျမ်းကား ဤသံနိပါတ်သည် ကိဋ္ဌိအနက်ကို ဟောသောကြောင့် ဤသံဒုသုဟိခ သုတ်ဖြင့် ကိဋ္ဌိနိပါတ်ကိုလည်း ယူပြီးလျှင် ကိဋ္ဌိဿယော၌ ခ ပစ္စည်း သက်၍ ရုပ်တွက်လိုက်သည်။

**၆၂၆။ ကမ္မနိ ဒုတိယာယံ။** ။ဒါနံ ဒိန္နော၌ ဒါနံကဲ့သို့ ကံအနက်၌ ဒုတိယာဝိဘတ်ရှိနေလျှင် ဒိန္နော၌ ဏ္ဍပစ္စည်းသည် ကံအနက်ကို မဟောကြောင်း သိသာ၏၊ ဏ္ဍပစ္စည်းက ကံအနက်ကို ဟောခဲ့ပါမူ ဒုတိယာ မသက်ပဲ လိင်္ဂတ္ထကို ထွန်းပြခြင်းငှာ ပဌမာသာ သက်ခွင့်ရှိသည် - ဟူလို၊ သို့ဖြစ်လျှင် ဏ္ဍ ပစ္စည်းသည်

ဝါန်·အလှူကို၊ ဒိန္နော·ပေးပြီး၊ ဒေဝဒတ္တော, သီလံ–ကို၊ ရက္ခိတော–စောင့်ရှောက်ပြီး၊ ဒေဝဒတ္တော, ဘတ္တံ·ထမင်းကို၊ ဘုတ္တော·စားပြီး၊ ဒေဝ ဒတ္တော,ဂရုံ·ဆရာကို၊ ဥပါသိတော·ဆည်းကပ်ပြီး၊ (၆၃၅)။

---

အဘယ်အနက်(အဘယ်သာဓန)ကို ဟောမည်နည်းဟု မေးဖွယ်ရှိ၏၊ အဝုတ္တကံနှင့် တွဲဖက်ဖြစ်သော ကြိယာပုဒ်သည် ကတ္တားဟောသာ ဖြစ်ရိုးတည်း၊ ထို့ကြောင့်ကတ္တားအနက်(ကတ္တုသာဓန)၌ က္တပစ္စည်း သက်ရကြောင်း သိသာ၏၊ ထို့ကြောင့်ပင် ကတ္တရိ ကိတ်သုတ်မှ ကတ္တရိပုဒ်ကို ခန့်ကျော်လိုက်စေသည်။

ဤသုတ်ကို ဆိုရကျိုး။ ။ဘာဝကမ္မေသု စိတ္တ က္တ ခတ္တာသုတ်ဖြင့် "က္တပစ္စည်းသည် ဘောကံအနက်၌ သက်၏" ဟု သတ်မှတ်ထားသောကြောင့် က္တပစ္စည်း မှန်သမျှ ဘောကံအနက်ဟောချည်း ယူမည်စိုး၍ ကံအနက်၌သက်သော ဒုတိယာ ဝိဘတ်ရှိနေလျှင် က္တပစ္စည်းက ကတ္တားအနက်ကို ဟောသည်ဟု ပြခြင်း အကျိုးငှာ ဤသုတ်ကို ဆိုရသည်။

က္တော·ဆိုရကျိုး။ ။"တော"ဟု မဆိုပဲ "က္တော"ဟု ကအနုဗန်နှင့်တကွ ဆိုထားခြင်းကား သင်္ကေတနည်းမှီး၍ ဆိုခြင်းတည်း၊ ထိုကဲ့သို့ ကအနုဗန်ပါရာ၌ ဝုဒ္ဓိအပြုကို တားမြစ်ရခြင်း အကျိုးရှိ၏၊ ထို့ကြောင့်"ဇိတော·အောင်ပြီ"ဟူရာ၌ ဝုဒ္ဓိပြု၍ "ဇေတော"ဟု မဖြစ်သကဲ့သို့ ဤသုတ်လာ "ဘုတ္တော"၌လည်း ဥကို ဩဝုဒ္ဓိပြု၍ "ဘောတ္တော"ဟု မဖြစ်ရ၊ က္တပစ္စည်း မဟုတ်ပဲ တဗ္ဗပစ္စည်းနှောင်းရာ၌ကား ဝုဒ္ဓိပြု၍ "ဘောတ္တဗ္ဗံ" စသည် ဖြစ်နိုင်သည်။ ["ကာနုဗန္ဓတ္တာ တွော ဘာဝေါ (ဇိ၌ ဝုဒ္ဓိမဖြစ်"=မောဂ္ဂလ္လာန် ၅, ၅၅·သုတ် ပဉ္စိကာ။]

ကမ္မနိ ဒုတိယာယံ ဆိုရကျိုး။ ။ကံအနက်၌ ဒုတိယာဝိဘတ် သက်ရကြောင်းကား ကမ္မတ္ထေ ဒုတိယာသုတ်ဖြင့်ပင် ထင်ရှားပြီမဟုတ်ပါလော၊အဘယ့်ကြောင့် "ဒုတိယာယံ"ဟု အထူးတလည် ဆိုရပါသနည်းဟု မေး၊ ကမ္မကရဏ နိမိတ္တတ္ထေသု သတ္တမီစသောသုတ်ဖြင့် ကံအနက်၌ သတ္တမီ ဆဋ္ဌီ စသော ဝိဘတ်များလည်း သက်ရသေး၏၊ ထို ဝိဘတ်များ၏ သက်ရာ ကံအနက်ကို တားမြစ်ခြင်းငှာ "ကမ္မနိ ဒုတိယာယံ"ဟု မိန့်ရသည်၊ ကံအနက်၌ သတ္တမီစသော ဝိဘတ်များသက်ရာ၌ က္တပစ္စည်းမသက်, ဒုတိယာဝိဘတ်ရှိမှသာ က္တပစ္စည်းသက်ရမည်·ဟူလို၊ တနည်း–ကံအနက်၌ (ဝုတ္တအရာဝယ်) ပဌမာလည်း ရှိသောကြောင့် ထို ပဌမာကိုတားမြစ်ခြင်းငှာ ကမ္မနိ ဒုတိယာယံဟု မိန့်သည်၊ ကံအနက်၌ ပဌမာရှိနေလျှင် ဘျာဒိဟိစသော သုတ်ဖြင့် က္တပစ္စည်း သက်လိမ့်မည်·ဟူလို။

န္យာသ။ ။နနု ကမ္မနိ ဒုတိယာ ဝိဘတ္တိ ဟောတိ၊အထ ကသ္မာ ဝုတ္တံ·ကမ္မနိ ဒုတိယာယန္တိ၊ ကမ္မကရဏ နိမိတ္တတ္ထေသု သတ္တမိ တျာဒိနာ ကမ္မတ္ထေ သတ္တမျာဒိနံ ဝိဟိတတ္တာ၊ အထဝါ ကမ္မနိ ပဌမာယပျပလဗ္ဘနတော။

ချာဒိဟိမန် မ စ တော ၀ါ

၆၂၇။ ခိဘိ၊ပေ၊အဒ ဣစ္စေ၀မာဒီဟိ- ခိ, ဘိ, သု, ရု, ဟု, ၀ါ, စူ, ဟိ, လူ, ပိ, အဒ, ဤသို့ အစရှိကုန်သော၊ ဓာတူဟိ—တို့မှ နောက်၌ - မန် ပစ္စယော ဟောတိ၊ မဃစ-မ၏လည်း၊ တော-တအပြုသည်၊ ၀ါ ဟောတိ—ပြယုဂ် အားလျော်စွာ ဖြစ်၏၊ တ္ထေ—ဤအရပ်၌၊ ဥပဒ္ဒ၀ါ—ဘေးရန်တို့သည်၊ ခီယန္တိ—ကုန်တတ်ကုန်၏၊ ဣတိ, ခေမော—ခေမမည်၏၊ (ဘေးတို့၏ကုန်ရာ နိဗ္ဗာန်)၊ ဘာယိတဗ္ဗော-ကြောက်ထိုက်၏၊ ဣတိ, ဘေမော-ဘေမ မည်၏၊ ၀ါ-တနည်း၊ တေသ္မာ—ဤ ကြောက်မက်ဖွယ်အာရုံမှ၊

---

ပုံစံများ။ ။ဒါနံ ဒိန္နောစသည်၌"ကမ္မနိ ဒုတိယာယံ"ဟူသော စကားနှင့် လိုက်လျောအောင် "ဒါနံ" စသော အစုတ္တာကံကို အပို ထည့်ပြရသည်၊ ထိုကဲ့သို့ ဒုတိယာကံရှိရာ၌ ကတ္တားကို ပဥ္စမာဖြင့်ထားရသည်ဟုသိစေလို၍"ဒေ၀ဒတ္တော" ဟူသော ကတ္တားကိုလည်း အပိုထည့်ရသည်၊ ဒိန္နော ရက္ခိတောတို့ကို အခြေပြု ကြည့်ဘွက်၊ ဘုတ္တော-ဘုဇ+တ္တ၊ ဘုဇာဒီန မန္တော ဖြင့် စီရင်၊ ဥပါသိတော— ဥပပုဗ္ဗ အာသဓာတ်၊ ဥပနောင် သိချေ၊ အာသ=ဥပဝေသနေဟုဆို၊ တ္တပစ္စည်း, ဣအာဂံ, ကမ္မဓာရည်း သမာသ်စပ်, နာမ်ငဲ့ စသည်စီရင်။

မှတ်ချက်။ ။ဒိန္နော,ဘုတ္တော စသောရုပ်များသည် ဤသုတ်မရှိပဲလည်း ဗုဓဂဓာ ဒိတ္တေ ကတ္တရိ, အတီတေ တတ၀န္တုတာဝီသုတ်တို့ဖြင့် ပြီးနိုင်၏၊ သို့ဖြစ်၍ ကျမ်းဆရာ တဦးတည်း မဟုတ်ခြင်းကြောင့်သာ ဤသို့ ရုပ်ပြီးပုံတူသော ပစ္စည်းများကို (ကိုယ့် သဘောနှင့်ကိုယ်)ပြထားသည်-ဟု ကြံသင့်၏၊နိဒ္ဒေသ၌ကား "ဒါနံစသည်ဖြင့် ကံပုဒ် အစရှိသောကြောင့် ဓာတုယာ ကမ္မာဒိမှိဏော သုတ်ဖြင့် ဏပစ္စည်း သက်မည်စိုး၍" ဤသုတ်ကို ဆိုရသည်၊ ဤသုတ်မရှိလျှင် "ဒါနံဒိန္နော"စသော ကံပုဒ်ပါသော ရုပ်များ မပြီးနိုင်-ဟု ဆို၏၊ ဓာတုယာကမ္မာဒိမှိဏောသုတ်က (သမာသ်မတွဲပဲ) ကွဲနေသော ကံပုဒ်မျိုးကို ဆိုသည်မဟုတ်,ကမ္မကာရောကဲ့သို့ တွဲစပ်နေသောကံပုဒ်ကိုသာဆိုသည်၊ ထို့ပြင်— ဗုဓဂမာဒိတ္တေ စသောသုတ်တို့ဖြင့် သက်ရသော ဂတော စသည်၌လည်း "ဂါမံ ဂတော" စသည်ဖြင့် ကံပုဒ်ရှိနိုင်သည်သာ၊ ထို့ကြောင့် နိဒ္ဒေသစကားကို စဉ်းစားပါလေ။

---

၆၂၇။ ချာဒိဟိ၊ပေ၊၀ါ။ ။"ခိ+အာဒိဟိ" ဟု ဖြတ်၍ အာဒိဖြင့် ဘိ စသော ဓာတ်များကိုယူ၊ မန်၌(န်)အနုဗန်သည် ဝုဒ္ဓိပြုရခြင်းအကျိုးရှိ၏၊ မစ၌ စသဒ္ဒါကား မန်ပစ္စည်းသက်ခြင်းအပေါ်၌ မ၏ တအပြုကိုပေါင်းသောဒုတိယတ္ထ သမ္ပိဏ္ဍနတည်း၊ ၀ါသဒ္ဒါကါး ၀၀တ္ထိတ ဝိဘာသာ အနက်ရှိ၏၊ ဤ ၀ါ၏ သတ်မှတ်ချက်ကြောင့် "အဒဓာတ်မှ နောက်၌သက်သော မ ကိုသာ တ ပြုရမည်, အခြားဓာတ်နောင် မကို တ မပြုရဟု သိ၊ (သာဓကဂါထာကို ရှု၌ ရှု)။

ဘာယန္တိ—ကြောက်ကုန်၏၊ ဣတိ, ဘေမော၊ ရံသယော-အရောင်တို့ကို၊ အဘိဿ ဝတိ-ယိုချတတ်၏၊ ဣတိ, သောမော-မည်၏၊ ရဝတိ ဂစ္ဆတိ—ပေါက်ရောက် တတ်၏၊ ဣတိ, ရောမော ဧဓာနေ-၌ ယင်္ဇစာဖြင့်၊ ဟဝတိ ဇုဟွတိ-ပူဇော်တတ် ၏၊ ဣတိ, ဟောမော၊ ပဋိလောမ ဘာဝေန—ဆန့်ကျင်ဘက်အဖြစ်ဖြင့်၊ ဝါတိ ဂစ္ဆတိ-ဖြစ်တတ်၏၊ ဣတိ, ဝါမော၊ ဝါ-တနည်း၊ လာမကဝသေန—ယုတ်ညံ့ သည်၏အဖြစ်ဖြင့်၊ ဝါတိ ဂစ္ဆတိ ပဝတ္တတိ-ဖြစ်တတ်၏၊ ဣတိ, ဝါမော၊ ဓုနာတိ ကမ္ပတိ—တုန်လှုပ်တတ်၏၊ ဣတိ, ဓူမော၊ တေသံ—၌ ရွှေအဆင်း၌၊ သေဋ္ဌ ဘာဝေန -အမွန်အမြတ် အဖြစ်ဖြင့်၊ ဝိတ္တံ—ဝိတ်သည်၊ ဟိနောတိ ပဝတ္တတိ— ဖြစ်တတ်၏၊ ဣတိ, ဟေမော၊ လုနိတဗ္ဗော-ရိတ်ဖြတ်ထိုက်၏၊ ဣတိ, လောမော၊ ဝါ, မံသစမ္မာနိ—အသားအရေတို့ကို၊ လုနာတိ ဆိန္ဒတိ- ဖြတ်တတ်၏၊ ဣတိ, လောမော၊ ပိယနံ ချစ်ခြင်း၊ ဝါ, ပိယာယိတဗ္ဗော-ချစ်ထိုက်၏၊ ဣတိ, ပေမော၊ သုခ ဒုက္ခံ-ချမ်းသာ ဆင်းရဲကို၊ အဒတိ ဘက္ခတိ-စားတတ်၏၊ ဣတိ, အတ္တာ— အတ္တာ မည်၏၊ ဝါ, ဇာတိ ဇရာ မရဏာဒီဟိ - ဇာတိ ဇရာ မရဏ အစရှိသော သံသရာဒုက္ခတို့သည်၊ အဒီယတေ ဘက္ခီယတေ - ခဲစားအပ်၏၊ ဣတိ, အတ္တာ— အတ္တာ မည်၏၊ အာတုမာ အာတုမာလည်း မည်၏၊ (၆၅၃)။

---

ပုံစံများ။ ။ခိ=ခယေ၊ ခေမော-ဘေးတို့၏ ကုန်ခန်းရာ (နိဗ္ဗာန်စသော) အရပ်၊ ဘီ= ဘယေ၊ ဘေမော—ကြောက်မက်ဖွယ် (ကြောက်စရာ အာရုံ)၊ သု= အဘိဿဝေ ( ယိုစီးခြင်း )၊ သောမော— အရောင်တို့ကို ယိုချသကဲ့သို့ ( အရောင်ကို ထွက်စေတတ်သော ) လ၊ [" သု=အဘိဿဝေ"ဟု ဓာတ်နက် ရှိသောကြောင့် "ရံသယော+အဘိဿဝတိ"ဟု ဝိဂ္ဂိုဟ်ပြုသည်၊ "အဘိဿဝေ တိ"ဟု ရှိသည်ကား ကာရိတ်ဝင်ဖွယ်မလိုသောကြောင့် မကောင်း၊] ရု=ဂတိမှိ၊ ရောမော၊ ပေါက်ရောက်တတ်သောအမွေး (အဘိဓာန်၌ကား "လောမံ, ရောမံ" ဟု နပုလ္လိင်ရှိ၏၊) ဟု=ဒါနာဒနဟဗျပ္ပဒါနေသု၊ ဟဝတိကို ဇုဟွတိဟု ဖွင့်၏၊ ဟုဟု+အ+တိ၊ အဗ္ဘာသ ဟကို ဇပြု၊ အဗ္ဘာသနောက် ဟု၏ ဥကို ဝပြု၊ ဟောမော-ပူဇော်ကြောင်းဖြစ်သော ယင်္ဇစာ၊ ထောပတ် စသည်၊ [ တနည်း— "ဇုဟိတဗ္ဗောတိ ဟောမော=ပူဇော်အပ်သော ယင်္ဇ"ဟုလည်း ဖြစ်၏။]

ဝါမောစသည်။ ။ဝါ=ဂတိဗန္ဓနေသု၊ ဝါမော-လက်ယာ၏ဆန့်ကျင်ဘက် ဖြစ်သော လက်ဝဲ၊ တနည်း—ယုတ်ညံ့သည်အဖြစ်ဖြင့် ဖြစ်တတ်သော ယုတ်ညံ့ သောအရာ၊ "ဝါမူရူ—တင့်တယ်သောပေါင်ရှိသောမိန်းမ"ဟူ ရာ၌ကား ဝါမ သဒ္ဒါသည် တင့်တယ်ခြင်းအနက်ကို ဟော၏၊ သောဘနဘာဝေန ဝါတိ ဂစ္ဆတိ ပဝတ္တတိဟု ဝိဂ္ဂိုဟ်ပြု၊ ဓူ=ကမ္ပနေ၊ ဓူမော—တုန်တုန်လှုပ်လှုပ် ဖြစ်တတ်သော

သမာဒီဟိ ထမာ ၆၂၈။ သမ ဒမ၊ပေ၊ဘာသ ဣစ္စေဝမာဒီဟိ—သမ, ဒမ, ဒရ, ရဟ, ဒု, ဟိ, သိ, ဘီ, ဧ၊, ယာ, သာ, ထာ, ဘာသ ဤသို့ အစရှိကုန်သော၊ ဓာတူဟိ, ထမပစ္စယာ—ထ ပစ္စည်း, မ ပစ္စည်းတို့သည်၊ ဟောန္တိ၊ သမေတိ-ငြိမ်းတတ်၏၊ ဝါ-ငြိမ်းစေတတ်၏၊ ဣတိ, သမထော-သမထ မည်၏၊ ဒမတိ- ဆုံးမတတ်၏၊ (ဒမ္မတီဟု ဒိဝါဒိရုပ်လည်း ရှိ၏၊) ဣတိ ဒမ ထော-၏၊ ဝါ, ဒမနံ- ဆုံးမခြင်း၊ ဒမထော—ဆုံးမခြင်း၊ ဝါ, ဒမိတဗ္ဗော-ဆုံးမ ထိုက်၏၊ ဣတိ ဒမထော-၏၊ ဒရတိ-ပူလောင်တတ်၏၊ ဣတိ ဒရထော-၏၊ ဇိဏ္ဏ ဘာဝံ-ဆွေးမြေ့သည်၏အဖြစ်ကို၊ ရဟိဿတိ ဂဏှိဿတိ-ယူလတ္တံ့၊ဣတိ,ရထော- ၏၊ ဝါ,ဒဗ္ဗသမ္ဘာရေ-သစ် ဝါးစသော အဆောက်အအုံတို့ကို၊ ရဟတိ ဂဏှာ တိ-ယူတတ်၏၊ ဣတိ, ရထော၊ ဒဝတိ ဂစ္ဆတိ—ကြီးပွားခြင်းသို့ ရောက်တတ်၏၊

---

မီးခိုး၊ ဟိ=ဂတိမှိ၊ဟေမော-စိတ်၏ အမြတ်တနိုးဖြစ်ရာ ရွှေအဆင်း၊ (ဟေမံ- ရွှေ)၊ လူ=ဆေဒနေ၊ လောမော—ရိတ်ဖြတ်ထိုက်သော, အသားအရေတို့ကို ဖြတ်တောက်တတ်သော အမွေး။

ပေမော စသည်။ ။ပီ=တပ္ပနေ (နှစ်သက်ခြင်း)၊ [ရှေ့၌"ပိဏနံ ပေမော" ဟု ရှိ၏၊ ပီဓာတ် ယုပစ္စည်း, ကိယာဒိ နာပစ္စည်း, နကို ဏပြန်စေ၊] ဤကစ္စည်း ဝုတ္တိ၌ကား "ပိယနံ"ဟု ရှိ၏၊ ပီ+ယု၊ ဧျသာနမိယုဝါ သရေဝါဖြင့် ဤကို ဣယပြု၊ "ပိယော-ချစ်ခြင်း"ဟူရာ၌ ပီဓာတ် ဘာဝအနက်၌ အ ပစ္စည်းသက်၊ ဤကို ဣယပြု၊ "ပိဒယန+အယိတဗ္ဗော-ချစ်ခြင်းဖြင့် ရောက်ထိုက်သူ" ဟူသော အနက်၌ "ပိယာယိတဗ္ဗော"ဟု ဖြစ်၏၊ [ဤ ပိယာယိတဗ္ဗောကား ပေမော၏ အဓိပ္ပာယ်နက်ကိုသာ ပြသောပုဒ်တည်း၊ ဓာတုဝိဂ္ဂဟ၊ ဓာတွတ္ထဝိဂ္ဂဟ ၂-မျိုးလုံး မဟုတ်၊] အဒ=ဘက္ခဏေ (စားခြင်း)၊ အတ္တာ, အာတုမာ-သုခ ဒုက္ခကို ခံစား တတ် (ခံစားတတ်သော) ကိုယ်၊ ဝါ-ဇာတိစသော သံသရာဒုက္ခတို့သည် ခံစား အပ်သော ခန္ဓာကိုယ်၊ [သက္ကတ၌ "အာတ္မန်"ပုဒ်သည် ပါဠိ၌ "အတ္တာ- အာ တုမာ"ဟု ၂-မျိုး ဖြစ်လာ၏၊] ရုပ်ကို အခြေပြုကြည့် တွက်။

---

၆၂၈။ ရှေ့သုတ်၌ မန်ပစ္စည်းရှိလျက် ဤသုတ်၌ မပစ္စည်းဆိုခြင်းကား ဝုဒ္ဓိ အပြုကို တားမြစ်ရခြင်း အကျိုးရှိ၏ဟု နိဒ္ဒေသ ဆို၏၊ ချာသဉ္ဇမှု "န် အနုဗန် ရှိသော မပစ္စည်း၌ မကို တပြု၍ အတ္တာ,အာတုမာရုပ်တို့ပြီးစေခြင်းငှာ ရှေ့သုတ်၌ မန်ပစ္စည်းကို ဆိုရသည်"ဟု ဆို၏၊ သမထော, ဒမထောတို့၌ ဓာတ်ကျမ်းတို့ဝယ် ငြိမ်းခြင်း, ဆုံးမခြင်းအနက်ဟော သမု,ဒမုဟု ဥကာရန္တရှိ၏၊ ဤ၌ကား ဓာတွန္တ ချေလျှင် ကပ်စရာသရ မရှိမည်စိုး၍ "ဓာတွန်မချေရ"ဟု ရှေ့၌ ဆိုသောကြောင့် သမ, ဒမဟု အကာရန္တဓာတ်သာ ဖြစ်သင့်သည်။

ဣတိ, ဒုမော၊ ဝ ါ, ဥဒ္ဒံ—အထက်၌၊ ဝုဒ္ဓိ-ကြီးပွားသည်၊ ဝိရူဠှိ—စည်ပင်သည်၊ (ဟုတွာ-ဖြစ်၍၊) ဂစ္ဆတိ ပဝတ္တတိ-ဖြစ်ဘတ်၏၊ ဣတိ,ဒုမော၊ပထဝိပဗ္ဗတာဒိသုမြေကြီး, တောင် အစရှိသော အရပ်တို့၌၊ ဂစ္ဆတိ ပတထိ—ကျတတ်၏၊ ဣတိ, ဟိမော၊ တ္တေ-ဤသိမ်၌၊ ကမ္မဝါစာယ-ကမ္မဝါစာဖြင့်၊ ဗန္ဓတိ-ဖွဲ့တတ်၏၊ဣတိ, သိမာ-မည်၏၊ ဝ ါ,ဗန္ဓိတဗ္ဗာ-ကမ္မဝါစာဖြင့် ဖွဲ့ထိုက်၏၊ ဣတိ,ဘိမော၊ တေသ္မာ-ဤ ကြောက်မက်ဖွယ်အာရုံမှ၊ ဘာယန္တိ-ကြောက်ကုန်၏၊ ဣတိ ဘိမော၊ တေန—ဤ ပန်းဆိုင်းဖြင့်၊ သတ္တေ-သတ္တဝါတို့ကို၊ အဝ ခဏ္ဍန္တိ နိဝါရေန္တိ-တားမြစ်ကုန်၏၊ ဣတိ,ဒါမော၊ ဝ ါ, မူသိကာဒိဟိ—ကြွက် အစရှိသော သတ္တဝါတို့သည်၊ ဒီယတိ အဝ ခဏ္ဍိယတိ—ကိုက်ဖြတ်အပ်၏၊ဣတိ,ဒါမော၊ ယာတိ ဂစ္ဆတိ=သွားတတ်၏၊ ဣတိ, ယာမော၊ ပရေသံ-သူတပါးတို့၏၊ စိတ္တံ-ကို၊ ဂဏှိတုံ-ယူခြင်းငှာ၊သမတ္တေတိ-စွမ်းနိုင်၏၊ဣတိ,သာမော တေန—ဤအား အစွမ်းဖြင့်၊တိဋ္ဌန္တိ-တည်ကုန်၏၊ ဣတိ, ထာမော၊ ဘသတိ ( ဘသ္မိ ကယိရတိ )—ပြာ ဖြစ်အောင် ပြုတတ်၏၊ ဣတိ, ဘသ္မာ-ဘသ္မာ မည်၏၊ (၆၅၄)။

---

မှတ်ချက်။ ။ထောမနိဓိ၌ သမာဓာတ်ဒိဝါဒိ၊ သန္တိအနက်၌ အကမ္မက(ငြိမ်း) ဟု လည်းကောင်း, သန္တိကရဏ အနက်၌ သကမ္မက (ငြိမ်း) ဟု လည်း ကောင်း ဆို၏၊ ပါဠိ၌ကား သကမ္မက မရှိ၍ "သမေတိ"ဟု ကာရိတ် ဝင်စေရသည်။

ပုံစံများ။ ။"သမ=ဥပသမေ—ငြိမ်းခြင်း၌"ဟု ဆို၊ သမေတိ-ကိလေသာ အပူတို့ကို ငြိမ်းစေတတ်၏၊ ဣတိ သမထော-ကိလေသာ နိဝရဏတို့ကို ငြိမ်းစေတတ်သော သမာဓိ၊ ဒမ=ဒမနေ-ဆုံးမခြင်း၊ ဒမထော-ဆုံးမတတ်, ဆုံးမခြင်း ဆုံးမအပ်သူ၊ ["ဒမိယိတ္ထ- ဆုံးမအပ်ပြီ"ဟု ဝိဂ္ဂိုဟ်ပြုလျှင် "ဒမထော-ဆုံးမအပ်ပြီးသူ၊ ဝ ါ-ယဉ်ကျေးသူ"ဟု ဖြစ်၏၊] ဒရ=ဒါဟေ- ပူလောင်ခြင်း၊ ဒရထော—ပူလောင်တတ်သူ၊ ဒရဏံ ဒရထော- ပူလောင်ခြင်း၊ ရဟ=ဥပါဒါနေ—ကင်၍ ယူခြင်း၊ ရထော- ရထား။

ဒုမော။ ။ဒု=ဂတိဝုဒ္ဓိမှိ—ဂတိအနက် ကြီးပွားခြင်း အနက်၌၊ "ဒဝတိ ဂစ္ဆတိ" ကား ဒုဓာတ်၏ ဂတိအနက်ကို ပြသော ဝိဂ္ဂိုဟ်တည်း၊ "ဝုဒ္ဓိ ဝိရူဠှိ ဂစ္ဆတိ"ကား ဒုဓာတ်၏ ဝုဒ္ဓိအနက်ကို ပြသော ဝိဂ္ဂိုဟ်တည်း၊ ဝုဒ္ဓိကို ဝိရူဠှိဟု ထပ်ဖွင့်၏၊ ဤ၌ "ဂစ္ဆတိ ပဝတ္တတိ"ဟု ဂစ္ဆတိ ပါနေသည်ကား မကောင်းလှ၊ "ဒဝတိ(ဝုဒ္ဓိ ပဝတ္တတိ)တိ ဒုမော"ဟု ပြုလျှင် ဒုဓာတ်၏ ဝုဒ္ဓိအနက်ကို ပြဖို့ရာ သာ၍ ရှင်းမည်၊ ရှဉ့်မူ "ဒဝတိ (ဝဍ္ဎတိ)တိ ဒုမော"ဟု ပြု၏, သာ၍ ရှင်းပေသည်၊ အဘိဓာနပ္ပဒီပိကာသူစိ၌ "ဒဝတိ ဂစ္ဆတိ (ဝုဒ္ဓိံ ဝိရူဠှိံ ဝေပုလ္လံ ပါပုဏာတိ)တိ ဒုမော"ဟု ဒဝတိကို ဂစ္ဆတိဟု ဂတိအနက်ဖွင့်၍ ထို ဂစ္ဆတိကို

ပါပုဏာတိဟု ဖွင့်ပြန်သည်၊ သူ့နည်းနှင့်သူ မှန်ပေ၏၊ ယခုစာတို့၌ "ဒဝတိ" လည်း မပါပဲ "ဝုဒ္ဓိ ဝိရုဠှိ ဂစ္ဆတိ ပဝတ္တတိ ဉဒ္ဓံဝါ ဒုမော"ဟု ရှိသည်မှာ စည်းကမ်း မကျချေ၊ [ ဤဥဏာဒိဝုတ္တိလာ များစွာသော ဝိဂ္ဂိုဟ်သည် ရှေးဟောင်းပါဠိ မဟုတ်၍ နျာသ၌မဖွင့်၊ ထို့ကြောင့် နောက်ဆရာတို့ စာပြောရာမှ ဖြစ်ပေါ်လာသော ပါဠိများဟု သဘောထား၍ အခြားကျမ်းများနှင့် ကွဲပြားနေသည်ကို တွေ့လျှင် ထူးခြားသည်ဟု မမှတ်သင့်။]

ဟိမော စသည်။ ။ဟိ=ဂတိမှိ၊ "ဟိနောတိ ဂစ္ဆတိ ပဝတီတိ ဟိမော၊ ဟေမန္တကာလေ ဟိနောတိ ဂစ္ဆတိ ပဝတ္တတီတိ ဟိမော - ဆောင်းအခါ၌ ဖြစ်သော ဆီးနှင်း"ဟုလည်း တနည်း ပြု၊ သိ=ဗန္ဓနေ၊ ကွစိဓာတုဖြင့် ဒီဃပြု၊ သီမာ-ကမ္မဝါစာဖြင့် ဖွဲ့ရာဖြစ်သော သိမ်အရပ်၊ ဝါ-ကမ္မဝါစာဖြင့် ဖွဲ့အပ်သော သိမ်၊ ဘီ=ဘယေ၊ ဘီမော-ကြောက်ရာ (ကြောက်စရာ)အာရုံ၊ ဒါ=အဝခဏ္ဍနေ၊ "ဒန္တိ အဝခဏ္ဍန္တိ"ဟု မူလဓာတ်ရင်းကို "ဒန္တိ"ဟု သွင်း၊ အဝခဏ္ဍန္တိ ကား ဒါဓာတ်၏ အနက်ဖွင့်တည်း၊ ဒါမော- မလာစေလိုသော သတ္တဝါတို့ကို ဖြတ်တောက်တားမြစ်ကြောင်းဖြစ်သော ပန်းဆိုင်း၊ ဝါ- ကြွက်စသည်တို့ ဖြတ်တောက်အပ်သော ကြိုး၊ [သက္ကတ၌ ဒါမန်, ဒါမဟု နပုလ္လိင်, ဣတ္ထိလိင် ရှိ၏၊ "ဒေါဘနကာလေ ပသုဗန္ဓနရဇ္ဇု- နို့ညှစ်သည့်အခါ နွားမစသည်ကို ချည်နှောင်ကြောင်းကြိုး၊)ရဇ္ဇုမတ္တ- ကြိုးရိုးရိုး၊ မာလာ-ပန်းကုံး"ဟု ထောမနိဓိအနက်ဖွင့်၏၊] ယာ=ဂတိ ပါပုဏနေသု၊ ယာမော-အချိန်အားလျော်စွာ လွန်သွားတတ်သော ညဉ့်ယာမ်၊ [ ရှု၌ကား ရှေးသုတ်လာ အာဒိသဒ္ဒါဖြင့် မန်ပစ္စည်း သက်၊ ယာ=ပါပုဏနေ"ဟု ဆို၏။]

သာမော စသည်။ ။သာ=သာမတ္တေ—စွမ်းနိုင်သူ၏အဖြစ်၌၊ သာမော- သူတပါးတို့၏စိတ်ကို ယူစွမ်းနိုင်သော ရွှေအဆင်း, သုဝဏ္ဏသျာမဲဟု ခေါ်သော သာမ ရသေ့ စသည်၊ ထာ=ဂတိနိဝတ္တမှိ၊ "ထာတိ-တိဋ္ဌတိ"ဟု ဓာတ်ရင်း ထည့်၍ ဝိဂ္ဂိုဟ်ပြု၊ ထာမော- တည်တံ့ကြောင်းဖြစ်သော အားအစွမ်း၊ ["ဌာ ဂတိနိဝတ္တိမှိ၊ ထာမော၊ ဌာဃထတ္တံ"ဟု သီဟိုဠ်မူ ရူပသိဒ္ဓိရှိ၏၊ သာ၍ကောင်းသည်။] ဘသ=ဘသ္မီကရဏေ- ပြာပြုခြင်း၌ ဖြစ်၏၊ ပြာပြုခြင်း ဟူသည်လည်း ပြာဖြစ်အောင် လောင်ကျွမ်းခြင်းပင်တည်း၊ ထို့ကြောင့် "ဘသီယတိ ဘသ္မီကရီယတိ—ပြာဖြစ်အောင် လောင်ကျွမ်းအပ်၏၊ ဣတိ ဘသ္မာ—ပြာ"ဟု ကမ္မသာဓ် ဝိဂ္ဂိုဟ်ပြုသင့်၏၊ ယခုစာတို့၌ "ဘသတိ"ဟု ကတ္တုရုပ်ရှိပြီးမှ "ဘသ္မီကရီယတိ"ဟု ကမ္မရုပ်ဖွင့်ခြင်းကို တွေ့ရ၏၊ အမြီးအမောက် မတည့်ချေ၊ "ဘသတိ ဘသ္မီကရောတိ"ဟု ကတ္တုရုပ်ချည်း ရှိပြန်လည်း "ပြာဖြစ်အောင် ပြုတတ်သော ပြာ"ဟု အဓိပ္ပာယ် မဖြစ်နိုင်၊ အလားတူပုံစံ အနည်းငယ်ကို ရှုမှာ ရှု။

ဂဟာဿု.ပဓဿော၀ါ ၆၂၉။ ဂဟာလ္လတိ တေသ ခါတုဿ-၏၊ ဥပဓာဿ-ဥပဓာ မည်သော၊ အကာရဿ-အ အက္ခရာ၏၊ တွေ့-ဧ အဖြစ် သည်၊ ၀ါ ဟောတိ-ဝိကပ်ဖြစ်၏၊ ဒဗ္ဗသမ္ဘာရံ-သစ် ၀ါး အဆောက်အအုံကို၊ ဂဏှာတိ-ယူတတ်၏၊ ဣတိ, ဂေဟံ-ဂေဟ မည်၏၊ ဂဟံ၀ါ-ဂဟံဟုလည်းရှိ၏၊ (၅၇၀)။

မသုဿ သုဿ စ္ဆရစ္ဆရာ ၆၃၀။ မသုလ္လတိ-မသုဟူသော၊ တေသ ပါတိပဒိကဿ- ဤ ပါတိပဒိကနာမ်၏၊ သုဿ- သုသဒ္ဒါ၏၊ စ္ဆရစ္ဆရာဒေသာ - စ္ဆရ အပြု, စ္ဆရ အပြုတို့သည်၊ ဟောန္တိ၊ မစ္ဆရတိ- ဝန်တိုတတ်၏၊ ဣတိ, မစ္ဆရော-မည်၏၊ ဝေ၀-တူ၊ မစ္ဆေရော-ဝန်တိုတတ်သူ၊ (၆၅၅)။

---

၆၂၉။ ဥပဓာ။ ။ဥပဓာဟူသော အမည်သည် သက္ကတ၌ သုံးစွဲအပ်သော အမည်တည်း၊ ထို့ကြောင့် ပရသမညာ ပယောဂေသုတ်ဖြင့် ဂ၏ (အ)သရကို ဥပဓာ အမည်မှည့်ရသည်၊ ခွဲ့ဦးအံ့—ပါဏိနိ၌ "အန္တ ၀ဏ္ဏာ ပုဗ္ဗော ဥပဓာ (၁, ၁, ၆၅)" သုတ်တည်၍ အဆုံး၀ဏ္ဏ၏ ရှေ့ဖြစ်သော ၀ဏ္ဏကို ဥပဓာ ဟု မှည့်၏၊ ထို့ကြောင့် ပစ, ၄ဌတို့၌ စ,ဌတို့၏ ရှေ့၀ဏ္ဏဟူသည် ပ၏မှီရာ အသရ တည်း၊ ထို့အတူ ဆိဒ ဘိဒတို့၌ ဒ၏ရှေ့ဖြစ်သော ဣသရသည်လည်းကောင်း, ဗုဓ ယုဓ တို့၌ ဓ၏ ရှေ့ဖြစ်သော ဥသရသည်လည်းကောင်း ဥပဓာ မည်၏၊ [ခါတွာဒိ၀ဏ္ဏသမုဒါယေ အန္တာ ပုဗ္ဗော ယော၀ဏ္ဏော၊ သော ဥပဓာ သညော ဟောတိ၊ ပစ ပဌ အကာရော ဆိဒ ဘိဒ ဣကာရော ဗုဓ ယုဓ ဥကာရော၊— ကာသိကာ ဝုတ္တိ။]

ဤသုတ် ဥပဓာ။ ။ဤသုတ်၌ကား ဂဟာဿုပဓဿ ဟု ဆိုသောကြောင့် ဂဟာခါတ်၌ ဟသည် အဆုံး၀ဏ္ဏ, ထို အဆုံး၀ဏ္ဏ၏ ရှေ့ (ဂ၏) အ သရသည် ဥပဓာမည်၏၊ ထို အသရကို ပြေပြု၊[ဥပေစ္စ+ဓီယတေတိ ဥပဓာ၊ ဥပေစ္စ-အဆုံးသို့ ကပ်၍+ဓီယတေ- ထားအပ်၏၊ ဣတိ, ဥပဓာ=မည်၏၊ ဥပဋ္ဌာဟု ရှိသည်ကား ပါဋ္ဌပျက်၊] ရုပ်ကို အခြေပြုကြည့်တွက်၊ ဂဟံကား ၀ါမြစ်၍ ဧ မပြုရသော ပုံစံတည်း။

---

၆၃၀။ မသု၊ပေ၊ပါတိပဒိကဿ။ ။ဝိဘတ် မသက်ရသေးသော လိင်ကို "ပါတိပဒိက"ဟု သက္ကတ၌ နာမည် မှည့်၏၊ ]အတ္ထ၀ံ အခါတု အပ္ပစ္စယော ပါတိပဒိကံ၊ အခါတု- ခါတ်လည်း မဟုတ်သော၊ အပစ္စယော- ပစ္စည်းလည်း မဟုတ်သော၊ အတ္ထ၀ံ-အနက်ရှိသော (ပုရိသ-စသော)သဒ္ဒါသည်၊ ပါတိပဒိကံ— မည်၏၊ "ခါတုပစ္စယ၀ဇ္ဇိတမတ္ထ၀ံ လိင်္ဂံ"နှင့် သဘောတူပင်၊ ပဒံပဒံ+ပတိ, ပတိပဒံ၊ ပဒံပဒံ ပတိ—ပုဒ်တိုင်း ပုဒ်တိုင်းတည်း၊ ပတိ ပဒံ—ပုဒ်တိုင်း ပုဒ်တိုင်း၊

ပတိပဒံ·ပုဒ်တိုင်း၌+ဘဝံ· ဖြစ်သောသဒ္ဒါသည်၊ ပါတိပဒိကံ·မည်၏၊ ပုရိသော ပုရိသာ ပုရိသံစသော ပုဒ်တိုင်း၌ "ပုရိသ" ဟူသော လိင်သည် ပါဝင်လျက် ရှိ၏၊ ထို့ကြောင့် "ပုရိသ"စသော လိင်ကို "ပါတိပဒိက" ဟု ခေါ်ရသည်။]

ပါတိပဒိက ၂·မျိုး။ ။ထို ပါတိပဒိကသည် နိပ္ဖန္န အနိပ္ဖန္နဟု ၂·မျိုးရှိ၏၊ ထိုတွင်"ကာရက ပါစက"စသော နာမ်ငဲ့အပ်ပြီးသော လိင်သည် (ကရဓာတ်+ဏ္ဍုပစ္စည်း စသည်ဖြင့် ပြီးစေအပ်သောကြောင့်၊) နိပ္ဖန္န ပါတိပဒိကမည်၏၊ထိုသို့ ဓာတ်ပစ္စည်း ခွဲ၍မရသော ဃဋ (အိုး) ပဋ (ပုဆိုး) စသော လိင်သည် အနိပ္ဖန္န ပါတိပဒိကမည်၏၊ နိပ္ဖာဒီယတေ-ဓာတ်ပစ္စည်းတို့ဖြင့် ပြီးစေအပ်၏၊ ဣတိ,နိပ္ဖန္နံ-နိပ္ဖန္နမည်၏၊ န+နိပ္ဖန္နံ=အနိပ္ဖန္နံ—အနိပ္ဖန္န မည်၏၊ ထို ၂·မျိုးတွင် ဓာတ်ပစ္စည်း တို့ဖြင့် ပြီးစေအပ်သော နိပ္ဖန္နပါတိပဒိကကို အလိုရှိပါမူ "ပါတိပဒိကဿ"ဟု ထည့်ဖွယ်မလို့, မသုဓာတ်၏ သုကို စ္ဆရ စ္ဆေရပ္ပု ဟု ဆိုရုံဖြင့် ပြီးနိုင်သော ကြောင့် ဤဝုတ္တိဆရာသည်(ဓာတ်ပစ္စည်းမခွဲရသော)အနိပ္ဖန္နပါတိပဒိကကို အလို ရှိကြောင်း သိသာ၏၊ ထို့ကြောင့် "ပါတိပဒိကဿ"ဟု ထည့်၍ ဖွင့်ပြသည်။

ချာသ၌လည်း "မစ္ဆရောတိ-မသုသဒ္ဒတော သျုပ္ပစ္စတ္တံ ကတ္ဝာ" စသည်ဖြင့် ဓာတ်·ပစ္စည်းကို မပြပဲ "မသု"သဒ္ဒါတည်, သိသက်, ဤသုတ်ဖြင့် မသု၏ သုကို စ္ဆရပ္ပု, သိကို ဩပ္ပုဟု ဝုဒ္ဓိအလိုကျအောင် ပဋမနည်း ရုပ်တွက်ပြလေသည်၊ မစ္ဆရော၌ စ္ဆရပ္ပုရုံသာ၊ ဤ အနိပ္ဖန္နပါတိပဒိက ကြံသော ဝုတ္တိဆရာ အလိုအား ဖြင့် "မစ္ဆရတိ"ဟူသော အာချာတ်ကြိယာလည်း မရှိနိုင်၊ ဘာ့ကြောင့်နည်း.... မသုသည် ဓာတ်မဟုတ်, လိင်ဖြစ်သောကြောင့်တည်း၊ ထို့ကြောင့်"မစ္ဆရတိ" ဟူသော ဝိဂ္ဂိုဟ်သည် နောက်ဆရာတို့ထည့်ပါ၌သာ၊ ထို မစ္ဆရပုဒ်ကို အာချာတ် ကြိယာ လုပ်လိုမူ "အရိယသာဝကာ ပဋိဝေဓေမ္မံ န မစ္ဆရာယန္တိ" ဟု (အဋ္ဌ သာလိနီ, နိက္ခေပကဏ္ဍ) ရှိသောကြောင့်ဟု မစ္ဆရနောင် အာယ ပစ္စည်းဖြင့် ပြုလုပ်သင့်သည်။

နိပ္ဖန္နပါတိပဒိက တနည်း။ ။"မသု=မစ္ဆရေ (ဝန်တိုခြင်း၌)"ဟု ဓာတ် ကြံ၍ က္ဝိသဒ္ဒါမြစ်သောကြောင့် ဓာတ္ဝန် မချေရ၊ က္ဝိပစ္စည်းသက်, ချေ, ဤ သုတ်ဖြင့် သုကို စ္ဆရ, စ္ဆေရပ္ပု နာမ်ငဲ့, သိကို ဩပ္ပု၊ မစ္ဆရော, မစ္ဆေရော ပြီး၏၊ ဤနည်းကား ဝုတ္တိနည်း မဟုတ်, ချာသ၌ ကြံအပ်သော နောက်နည်းတည်း၊ ဤနည်းကို လိုက်၍ ရူပသိဒ္ဓိလည်း ဆိုသည်၊ ဤနည်းအလို "မစ္ဆရတိ" ဟု အာချာတ်ပုဒ်, "မစ္ဆရဏံ"ဟု ကိတ်ပုဒ်လည်း ဖြစ်နိုင်၏၊ မစ္ဆရော ယဿ အတ္ထိ တိ မစ္ဆရီ—ဝန်တိုခြင်းရှိသူ စသည်ဖြင့် ကျမ်းဂန်တို့၌ များစွာ သုံးစွဲထားပေ သည်။[နိဒ္ဒေသ၌"အတ္ထိ နိပ္ဖန္နော ကာရကောတျာဒိစ ဥပသဂ္ဂနိပါတာစ၊အနိပ္ဖ-န္နော ဓာတဝေါစ ဃဋပဋာ တျာဒီနိစ"ဟု ဆိုထားသည်မှာ သက္ကတနှင့်မည်။]

**အာပုဗ္ဗ စရဿစ** ၆၃၁။ အာပုဗ္ဗဿ-အာ ရှေးရှိသော၊ စရ ဂတိ ဓေဿ ဓာတုဿ—စရဟူသော ဤဓာတ်၏၊ စ္ဆရိယ စ္ဆရ စ္ဆေရာဒေ သာ—စ္ဆရိယ အပ္ပု, စ္ဆရအပ္ပု, စ္ဆေရ အပ္ပုတို့သည်၊ ဟောန္တိ၊ အာပုဗ္ဗဿစ—ရှေ့ အာ၏လည်း၊ ရဿော—ရဿ အပ္ပုသည်၊ ဟောတိ၊ အာ(ဘုသော)—လွန်စွာ၊ စရိတဗ္ဗံ-ဖြစ်ထိုက်၏၊ ဂတိ, အစ္ဆရိယံ-အစ္ဆရိယ မည်၏၊ ဝံ-တူ၊ အစ္ဆရံ, အစ္ဆေ ရံ—လွန်စွာဖြစ်ထိုက်သော အံ့ဩဖွယ်၊ ဝဂ္ဂဟဏေန-ဖြင့်၊ မသုဿ-မသုသဒ္ဒါ၏၊ သုဿပိ-သု၏လည်း၊ စ္ဆရိယာဒေသော—စ္ဆရိယအပ္ပုသည်၊ ဟောတိ၊ မစ္ဆရိယံ-ခြင်း၊ (၆၅၉)။

---

၆၃၁။ စ္ဆရိယ၊ပေ၊ဟောတိ။ ။စ္ဆရ, စ္ဆေရ တို့သည် ရှေ့သုတ်မှ လိုက် လာ၏၊ စ္ဆရိယကား စသဒ္ဒါဖြင့် ဆည်းယူအပ်သော အပ္ပုတည်း၊ ထို့ကြောင့် "စ္ဆရိယ စ္ဆရ စ္ဆေရာဒေသော" ဟု ဝုတ္တိ ဖွင့်နိုင်သည်၊ "အာပုဗ္ဗဿစ ရဿော ဟောတိ"လည်း စသဒ္ဒါဖြင့် ဆည်းယူအပ်သော အနက်ပင်တည်းဟု နျာသ၌ ဖွင့်၏၊ ["အနေကတ္ထတ္တာ နိပါတာနံ ဝဂ္ဂဟဏဿစ နိပါတတ္တာ တေန စ္ဆရိ ယာဒေသဿ ပုဗ္ဗာကာရရဿဘာဝဿစ သင်္ဂဟိတတ္တာ"စသည်၊] ဤ နျာသ အလို ရုပ်တွက်မှု "အာပုဗ္ဗ စရတည့်, စရ=ဂတိဘက္ခဏေသု အနက်၌ ဓာတ် မည့်,ဓာတွန်ချေ၊ ကွိသက်, ချေ၊ ဤသုတ်ဖြင့် စရ်ကို စ္ဆရိယပြု၍ အာကိုလည်း အရဿပြု၊ နာမ်ငဲ့စသည်" ဤသို့ တွက်ရမည်၊ သို့သော် အာ ဥပသာရနှင့် စ္ဆရိယ ကို ကမ္မဓာရည်းသမာသ် တွဲစပ်ရဦးမည်ဖြစ်၍ ကွစာဒိမဇ္ဈေတ္တာရာနံဖြင့် သမာသ် အလယ်၌ အာကို အရဿပြုသင့်၏၊ ရူပသိဒ္ဓိ၌လည်း စ္ဆရိယ စသည်ကိုသာ ဤ သုတ်ဖြင့် စီရင်သည်၊ရဿအပ္ပုကိုကား ဤသုတ်ဖြင့် စီရင်ရမည့်အဓိပ္ပာယ်ကိုမပြ။

**အာဘုသော စရိတဗ္ဗံ**။ ။"ဘုသော"ကား အာ ဥပသာရ၏ အနက်အဖွင့် တည်း၊ စရိတဗ္ဗံ၌ တဗ္ဗပစ္စည်းကို ဘောအနက်ဟောဟု ယူ၍ "စရိတဗ္ဗံ-ဖြစ်ခြင်း" ဟု ပေးကြ၏၊ ရူ၌လည်း "ဘုသော+စရဏံ"ဟု ဘောအနက်ပင် ဖွင့်၏၊ ဤ၌ ကား "ဘဝိတဗ္ဗော ဘဗ္ဗော"ကဲ့သို့ တဗ္ဗပစ္စည်းကို ကတ္တားဟော အရဟအနက် ဟု ယူ၍ "စရိတဗ္ဗံ-ဖြစ်ထိုက်၏"ဟု ပေးလိုက်သည်၊ "အံ့ဩဖွယ်" ဟူသည် ရိုးရိုးသားသားထက် လွန်ကဲ၍ဖြစ်ထိုက်သော ကြောက်မက်ဖွယ်အာရုံ ထူးဆန်း သော အာရုံများတည်း၊ ထို့ကြောင့် "စရိတဗ္ဗံ-ဖြစ်ခြင်း"ဟု ဘောအနက် ဆိုလျှင် ထို အံ့ဩဖွယ် ဒြပ်ကို မရပဲ အံ့ဩခြင်း ကြိယာသာ ရမည်ဖြစ်၍ "ဘုသော+စရဏံ"စသော ဘောအနက်အဖွင့်ကို စဉ်းစားကြပါလေ။[အစ္ဆရိယံ ၌ တဒ္ဓိတ်ကြံသောနည်းကို ရူ၌ ပြထားသေး၏။]

**ဝဂ္ဂဟဏေန ၊ပေ၊ မစ္ဆရိယံ**။ ။စ နိပါတ်၏ အနက်များစွာကို ဟောနိုင် သောကြောင့် မသု ပါတိပဒိက၏(တနည်း မသုဓာတ် ကွိပစ္စည်း၏) သုသဒ္ဒါကို

အလကလ သလေဟိ လုယာ

၆၃၂။ အလ ကလ သလ ဣတိ—အလ, ကလ, သလ ဟူကုန်သော၊ ဧတေဟိ ဓာတူဟိ-တို့မှ နောက်၌၊ လ ယ ပစ္စယာ-လ ပစ္စည်း,ယ ပစ္စည်းတို့သည်၊ ဟောန္တိ၊ အလတ် သမတ္ထေတိ-စွမ်းနိုင်၏၊ ဣတိ, အလ္လံ-အလ္လမည်၏၊ ကလိတဗ္ဗံ သင်္ချာတဗ္ဗံ-ရေတွက်ထိုက်၏၊ ဣတိ, ကလ္လံ-၏၊ သလတိ ဂစ္ဆတိ ပဝိသတိ-ဝင်သွားတတ်၏၊ ဣတိ, သလ္လံ၊ ဧဝံ-တူ၊ အလျံ—စိုသောဝတ္ထု၊ ကလျံ—ခန့်ကျန်းသောဝတ္ထု၊ သလျံ—မြား၊ ဝါ-ပြောင်၊ (၆၅၇)။

---

ဤစသဒ္ဒါဖြင့် စ္ဆရိယပြု၍ "မစ္ဆရိယ"ဟုလည်း ဖြစ်သေးသတတ်၊ စနိပါတ်၏ အနေကတ္ထ ဖြစ်နိုင်သော်လည်း "မစ္ဆရဿ ဘာဝေါ မစ္ဆရိယံ—ဝန်တိုသူ၏ အဖြစ်"ဟု ဘာဝတဒ္ဓိတ် ဏျပစ္စည်းဖြင့်လည်းကောင်း, "မာ+အစ္ဆရိယံ-အံ့ဩဖွယ်သည် သူတပါးအတွက် မဖြစ်စေလင့်"ဟု မာနိပါတ်နှင့် အစ္ဆရိယံပုဒ်တို့ သမာသ်လည်း ဖြစ်နိုင်သောကြောင့်လည်းကောင်း, ဤ စဂ္ဂဟဏေန စသော စကားကို စဉ်းစားပါ။

---

၆၃၂။ ယထာကထဉ္စ ဗျုပ္ပတ္တိ ဖြစ်ပုံ။ ။"ဥပ္ပဇ္ဇတိ ဧတာယတိ ဥပ္ပတ္တိ၊ ဝိသေသေန+ဥပ္ပတ္တိ-ဗျုပ္ပတ္တိ"နှင့်အညီ နိပ္ဖန္နပုဒ်နက်၏ အထူးအထွေဖြစ်ကြောင်း ဝါကျသည် ဗျုပ္ပတ္တိမည်၏၊ ထိုဝိဂ္ဂိုဟ်ဝါကျဟူသော ဗျုပ္ပတ္တိသည် သင့်တော်ရာ အကြောင်း တစုံတခုကို စွဲ၍ဖြစ်၏၊ နိပ္ဖန္နပုဒ်၏ အနက်ကို ကောက်ယူရာ၌ကား ရှေးရှေးက တွင်ကျယ်လာခဲ့သော အတွင်ရုဠှီအားဖြင့် ဖြစ်စေ ထင်ရှားရာကိုစွဲ၍ ဖြစ်သော အထင်ရုဠှီအားဖြင့် ဖြစ်စေ ကောက်ယူရသည်၊ ထို့ကြောင့် "ယထာကထဉ္စ ဗျုပ္ပတ္တိ, ရုဠှိယာ အတ္ထနိစ္စယော"ဟု ရှေးဆရာတို့ ပရိဘာသာ ပြုခဲ့ကြပေသည်။ [အနက်ကို သမာသ်-သံရေအနက်သုတ်၌ ပြခဲ့ပြီ။]

ဆိုလိုရင်းကား—တစုံတခု တော်သင့်ရာ အကြောင်းကိုစွဲ၍ ဝိဂ္ဂိုဟ် ပြုရမည်၊ အနက် အရကောက်ယူသည့်အခါ၌မူ ထိုဝိဂ္ဂိုဟ်နှင့် ဆိုင်သမျှကို မကောက်ယူပဲ ရုဠှီအားဖြင့် ကောက်ယူရမည်-ဟူလို၊ ထို့ကြောင့် နွားသတ္တဝါ၌ သွားခြင်း စားခြင်း အိပ်ခြင်း စသော အကြောင်းအမျိုးမျိုးရှိလာသော်လည်း သွားခြင်း အကြောင်းကိုစွဲ၍"ဂစ္ဆတီတိ ဂေါ"ဝိဂ္ဂိုဟ်ပြုရ၏၊ ထိုသွားခြင်းသည် သတ္တဝါ အမျိုးမျိုးနှင့် သက်ဆိုင်သော်လည်း နွားသတ္တဝါ၌သာ သွားခြင်း ကြီးယာကသာ၍ ထင်ရှားသောကြောင့် အထင်ရုဠှီအားဖြင့် ဂေါအရ နွားသတ္တဝါကိုသာ ကောက်ယူရ၏၊ စိုသောအရာဝတ္ထု၏ အခြားဝတ္ထုသို့ကပ်ငြိခြင်းငှာ စွမ်းနိုင်ခြင်း ဟူသောအကြောင်းကိုစွဲ၍"အလတိသမတ္ထေတိ"ဟု ဝိဂ္ဂိုဟ်(ဗျုပ္ပတ်)ပြုရ၏၊ ထို အလတိ သမတ္ထေတိ ဝိဂ္ဂိုဟ်အရစွမ်းနိုင်သော အနက်အမျိုးမျိုးနှင့် သက်ဆိုင်နေသော်လည်း စိုသော ဝတ္ထု၌သာ အလ္လသဒ္ဒါ၏ ဟောနက်အဖြစ်ဖြင့် လောက၌

ယာဏလာဏာ ၆၃၃။ ကလ သလ ဣတိ—ကလ,သလ ဟူကုန်သော၊ တေဟိ ဧတေဟိ ဓာတူဟိ- ထိုဓာတ်တို့မှ (နောက်၌)၊ ယာဏလာဏာ ပစ္စယာ ဟောန္တိ၊ ကလိတဗ္ဗံ သင်္ချာတဗ္ဗံ—ရေတွက်ထိုက်၏၊ ဣတိ, ကလျာဏံ—မည်၏၊ ကလျာဏံ ကောင်းသောဝတ္ထု၊ တွေ—ဤအရပ်၌၊ ဂဏတော—ဂိုဏ်းမှ၊ ပဋိက္ကမိတွာ-ဖဲခွာ၍၊ သလန္တိ—ဖြစ်ကုန်၏၊ ဣတိ, ပဋိသလျာဏံ- မည်၏၊ ပဋိသလျာဏံ—ဆိတ်ငြိမ်ရာအရပ်၊ ဧဝံ, ကလ္လာဏော-ကောင်းသူ၊ ပဋိသလ္လာဏော-ဆိတ်ငြိမ်ရာအရပ်၊ (၆၅၈)။

မထိယ ထသာ လောစ ၆၃၄။ မထ ဣတိ တေသံ ဓာတုယံ—၏၊ ထသံ—ထ၏၊ လာဒေသော-လ အပြုသည်၊ ဟောတိ၊ အညမညံ-အချင်းချင်း၊ (တယောက်နှင့် တယောက်၊) မထထိ ဝိလောဋ္ဌတိ—လုံးထွေး တတ်၏၊ဣတိ, မလ္လော၊(လက်ပန်းသည်, လက်ဝှေ့သမား)၊ မလ္လံ-လုံးထွေးခြင်း၊

---

ထင်ရှားသောကြောင့် "အလ္လ"အရ စိုသောဝတ္ထုကိုသာ ကောက်ယူရသည်။ ဤသို့ စသည်ဖြင့် သိလေ၊ ရုပ်ကို အခြေပြုကြည့်တွက်၊ ရူဘာသာဒ္ဓိကာ၌ ကလ္လံ၏ အနက်အမျိုးမျိုးကို ပြထားသည်။

၆၃၃။ တေဟိ ကလသလ ဣစ္စေတေဟိ။ ။ရှေ့သုတ်၌လာသော ကလ ဓာတ် သလဓာတ်ဖြစ်ကြောင်းကို သိစေလို၍-"တေဟိ"ဟု တ သဒ္ဒါဖြင့် ညွှန်ပြသည်၊ ဤသုတ်၌ ယူအပ်ပြီးဖြစ်၍ နီးကပ်နေသောကြောင့် "ဣစ္စေတေဟိ" ဟု ထပ်၍ပြပြန်သည်၊ ထို ရှေ့သုတ်လာ ကလ- သလဓာတ်ဟူသော ဤ ဓာတ်များ နောင် ယာဏ လာဏ ပစ္စည်းသက်ပါ—ဟူလို၊ ရုပ်ကို အခြေပြုကြည့်တွက်၊ ပဋိ သလ္လာဏံ၌ ပတိသည် ပတိက္ကမန(ဖဲခွာခြင်း) အနက်ဟောတည်း၊ [ပတိကို ပဋိ ပြုထားသည်၊] ထို့ကြောင့် "ဂဏတော ပဋိက္ကမိတွာ"ဟု ဖွင့်သည်၊ အပေါင်း အဖော်မှ ဖဲခွာ၍ တယောက်တည်း နေထိုင်ရာအရပ်ကို "ပဋိသလ္လာဏ= ဆိတ် ငြိမ်ရာအရပ်"ဟု ခေါ်သည်၊ [ပတိပုဗ္ဗလိဓာတ်, ယုပစ္စည်းဖြင့် ရုပ်ပြီးပုံတနည်း ကို ရှူ၌ ပြထားသေး၏။]

၆၃၄။ မထတိ ၊ပေ၊ မလ္လော။ ။"မထ=ဝိလောဠနေ"ဟု ထောမနိဓိ ရှိ၏၊ သက္ကတ၌ ဍ သည် ပါဠိ၌ ဠ ဖြစ်၏၊ "ဂရုဍ=ဂရုဠ (ဂဠုန်)" စသည် တည်း၊ ထို့ကြောင့် ပါဠိ၌ "မထ=ဝိလောဠနေ"ဟု ရှိသည်၊ ထို ဓာတ်နက် အတိုင်း မထတိကို ဝိလောဠတိဟု ဖွင့်၏၊ ဝိလောထတိဟု ယခုစာတို့၌ တွေ့ရ၏၊ လုထဓာတ်သည် လုံးထွေးခြင်းအနက်ကိုမဟော,ညှဉ်းဆဲခြင်း ညစ်နွမ်းခြင်းတို့ကို သာ ဟောသောကြောင့် "ဝိလောထတိ"ကို ပါဌ်ပျက်ဟု မှတ်ပါ၊ မလ္လော၌

စဂ္ဂဟာဏေန-ဖြင့်၊ လတော-လမှ နောက်၌၊ ကောစ-ကသည်လည်း၊ အာဂမော-လာသည်၊ ဟောတိ၊မလ္လကော=လက်ပန်းသည်၊ ဝါ-လက်ဝှေ့သမား၊ မလ္လကံ-လုံးထွေးခြင်း၊ (၆၅၉)။

ပေသာတိ သဂ္ဂ ပတ္တ ကာလေသု ကိစ္စာ

၆၃၅။ ပေသ အတိသဂ္ဂ ပတ္တကာလ ဣတိ— စေခိုင်းတိုက်တွန်းခြင်း, စွန့်လွှတ် ခွင့်ပြုခြင်း, ရောက်သောအချိန်ကို ပြောခြင်း ဟူကုန်သော၊ ဧတေသု အတ္ထေသု-တို့၌၊ ကိစ္စ ပစ္စယာ ဟောန္တိ၊ ဘဝတာ-အရှင်သည်၊ ကမ္မံ-အမှုကို၊ ကတ္တဗ္ဗံ-ပြုထိုက်၏၊ ဝါ—ပြုရမည်, (ပေသ)၊ ဝါ-ပြုလိုပြုတော့, (အတိသဂ္ဂ)၊ ဝါ—ပြုချိန်တန်ပြီ, (ပတ္တကာလ)၊ ဘဝတာ—သည်၊ ကိစ္စံ—ကိစ္စကို၊ ကရဏီယံ—ပြုထိုက်၏၊ ဝါ-ပြုရ

---

အပစ္စည်းသက်၍ နျာသရုပ်တွက်၏၊ ရုပ်ပြီးပုံကို အခြေပြု၌ ပြထား၏၊ ရူ၌ကား လပစ္စည်းသက်၍ ရုပ်တွက်သည်၊ မထနံ ဝိလောဠနံ—လုံးထွေး မွှေနှောက်ခြင်း၊ မလ္လံ-ခြင်း။

စဂ္ဂဟာဏေန ၊ပေ၊ မလ္လကံ။ ။မလ္လော မလ္လံ ဟု ပြီးပြီးနောက် ဤသုတ်၌ စသဒ္ဒါဖြင့် က အာဂုံရလာ၍ မလ္လကော, မလ္လကံဟု ပြီး၏၊ ရူ၌ကား စသဒ္ဒါဖြင့် လပစ္စည်းသက်၍, သဗ္ဗတောကောသုတ်ဖြင့် က အာဂုံရလာသည်၊ သဒ္ဒနီတိ၌မူ တကုံ လပြု လကပြု၍ ရုပ်ပြီးစေ၏၊ ရုပ်ပြီးခြင်းသာလိုရင်းဟု မှတ်ပါ၊ [မလ္လကော ကို ထောမနိဓိ၌ "မလ္လျတေ မိယတေ အတြာတိ မလ္လကော"ဟု ဝိဂ္ဂိုဟ်ပြု၍ ဆီမီးခွက်, အုန်းခွက်, မလ္လိကာ (ကြက်ရုံးပန်း) အနက်တို့ကို ဟော၏ဟု ဆို၏၊ "ခေဠမလ္လကော-တံထွေးစသည်၏ တည်ရာခွက်၊ ဝါ-ထွေးခံ"ဟုလည်း ပါဠိ၌ ရှိ၏၊ လက်ဝှေ့သမားကိုဟောလော မလ္လကော ပုဒ်ကိုကား ပါဠိ သက္ကတတို့၌ မတွေ့ရ၊ "မလ္လော"ဟုသာ တွေ့ရသည်။]

၆၃၅။ **ပေသ အတိသဂ္ဂ ပတ္တကာလေသု**။ ။မိမိအောက်ကလူကို စေခိုင်းခြင်း, မိမိ အောက်လူဖြစ်စေ အထက်လူဖြစ်စေ တိုက်တွန်းခြင်း ဤ နှစ်မျိုးလုံးပင် "ပေသ" မည်၏၊ "ကျွန်တော် ဤအမှုကို ပြုရမှာပါလား"စသည်ဖြင့် မေးအပ်သောအမှု(အလုပ်)ကို ပြုတော့ဟု ခွင့်ပြုခြင်း, သတ္တဝါကို မသတ်ထိုက်-စသည်ဖြင့် ပြုထိုက် ပြုသင့်သောကောင်းမှုကို သိစေခြင်း, ဤ၂-မျိုးသည် အတိသဂ္ဂ မည်၏၊ မှန်၏—အတိပုဗ္ဗ သဇ (သဇ္ဇ)ဓာတ်သည် စွန့်လွှတ်ခြင်း အနက်ကို ဟော၏၊ သူတပါးက ခွင့်တောင်းလာ၍ဖြစ်စေ, ခွင့်မတောင်းပဲ အလိုက်သိစွာဖြစ်စေ ခွင့်ပြုခြင်းသည် ထိုအလုပ်ကို စွန့်လွှတ်ခြင်းပင်တည်း၊ ထို့ပြင် "အတိသဇ္ဇန =ပဗောဓနံ" ဟု ပါရာဇိက နိဒါန သာရတ္ထဋီကာ ဖွင့်သောကြောင့် ကျင့်သင့်သောအမှုကို သိစေခြင်းသည်လည်း အတိသဂ္ဂပင် မည်၏၊ "ပတ္တော+

မည်, ပြုလိုပြုတော့, ပြုချိန်တန်ပြီ၊ ဘ၀တာ—သည်၊ ဘောဇနံ—ဘောဇဉ်ကို၊ ဘောတ္တုံ—စားထိုက်၏၊ ဝါ—စားရမည်, စားလိုစားတော့, စားချိန်တန်ပြီ၊ ["ဘောဇနီယံ ဘောဇနံ ဘ၀တာ"လည်း နည်းတူပေး၊] ဘ၀တာ—သည်၊ အဇ္ဈေယံ—သရဇ္ဈာယ်ထိုက်သော ကျမ်းစာကို၊ အဇ္ဈယိတုံ—သရဇ္ဈာယ်ထိုက်၏၊ ဝါ—သရဇ္ဈာယ်ရမည်၊ သရဇ္ဈာယ်လို သရဇ္ဈာယ်တော့, သရဇ္ဈာယ်ချိန်တန်ပြီ။ ["အဇ္ဈယနီယံ အဇ္ဈေယံ ဘ၀တာ"လည်း နည်းတူပေး။]

အ၀ဿကာ၊ ဓမိဏောသု ဏီစ

၆၃၆။ အဝဿက အဓမိက ဣတိ—မချွတ်ကေန် အနက်, ယုတ်ညံ့သော ကြွေးယူသူ မြီးစားအနက်ဟူကုန်သော၊ ဧတေသု အတ္ထေသု ဏီပစ္စယော ဟောတိ၊ ကိစ္စာ စ-ကိစ္စပစ္စည်းတို့သည်လည်း၊ ဟောန္တိ၊ တာဝ—အဓမိဏမှ ရှေးဦးစွာ၊ အ၀ဿကေ—မချွတ်

ကာလော"အရ ရောက်လာသောအချိန်ကို ပတ္တကာလဟု ဆိုသင့်သော်လည်း ဤ၌ ထိုအချိန်ကို ပြောပြခြင်းတိုင်အောင် (ကာရဏူပစာရအားဖြင့် ပတ္တကာလဟု)ယူ၊ ၆-နာရီထိုးလျှင် အလုပ်ဝင်ရမည်ဖြစ်ပါလျက် အလုပ်မဝင်ပဲနေသူအား "အလုပ်လုပ်လော"စသည်ဖြင့် မတိုက်တွန်းပဲ "၆-နာရီထိုးပြီ"ဟု ပြောပြခြင်းစသည်ကို ပတ္တကာလဟု ခေါ်သည်။

[ဆောင်] စေခိုင်းသမျှ, တိုက်တွန်းကမူ, ပေသ ဟူ၏၊ တဆူပေးမှု, အခွင့်ပြုနှင့်, ကျင့်စုပါစေ, ဤနှစ်ထွေကို, ခေါ်လေတိသဂ်၊ ချိန်ရောက်လျက်သာ, မလုပ်ပါမူ, ချိန်ခါရောက်သော, သိအောင် ပြောက, ကာလောပတ္တ, အမည်ရသည်, သုံးဝအနက် အချုပ်တည်း။

ပုံစံများ။ ။သက္ကတ၌ "ဘဝံ"သည် တုမှ သဒ္ဒါ၏ မရိယာယ်တည်း၊ ထို့ကြောင့် "ဘ၀တာ-သင်သည်"ဟုလည်း ပေးနိုင်သည်၊ "ကတ္တဗ္ဗံ-ပြုထိုက်၏"ကား ကိစ္စပစ္စည်းတို့၌ ပေးရိုးဖြစ်သော အရဟအနက်တည်း၊ ပေသ အတိသဂ္ဂ ပတ္တကာလ အနက်ထင်ရှားအောင် "ပြုရမည်" စသည်ဖြင့်လည်း (အရာဌာနအားလျော်စွာ) ပေးနိုင်၏၊ ထို့ကြောင့် "အယံ တေ သစ္စကာလော၊ပေါသန္တံ၊ အတ္တိတိ ဝတ္တဗ္ဗံ-ပြောထိုက်၏, ပြောရမည်, ပြောလေ"ဟူရာ၌ တိုက်တွန်းခြင်း ပေသအနက်တည်း၊ ဥဿာဟော ကရဏီယော – ပြုထိုက်၏၊ ပြုရမည် ပြုလော"ကား အကျင့်ကို သိစေသော အတိသဂ္ဂနှင့်ပေသတည်း၊ "ကဋ္ဌော,ကရဏီယော-ဖျာကို ပြုထိုက်၏, ပြုချိန်တန်ပြီ"စသည်ကား ပတ္တကာလတည်း၊ ဤသို့ စသည်ဖြင့် အရာအားလျော် ပေသစသောအနက်များကို သတိပြုရာ၏၊ ရုပ်ကို အခြေပြုကြည့်တွက်။ [အဇ္ဈေယျကား ဏျပစ္စည်း၊ ဣဓာတ်ကို ဝုဒ္ဓိပြု၊ ယတလုံးဒွေဘော်လာ- "အဇ္ဈေယံ"ဟု သံယုဂ်မဲ့လည်း ရှတ်ကြ၏။]

ကေန်ဟူသော အနက်၌၊ (ဥဒါဟရဏ်-ကား)၊ မေ-၏- ကမ္မံ-အမှုကို၊ အဝဿံ—မချွတ်ကေန်၊ ( တုံ - သင်သည်၊ ) ကာရိ- ပြုသင့်သည်၊ အသိ- ဖြစ်၏၊ မေ-၏၊ ဘာရံ-တာဝန်ကို၊ အဝဿံ—ကန်၊ (တုံ)၊ ဟာရိ-ဆောင်သင့်သည်၊ အသိ—၏၊ အဓမိဏေ-ကြွေးယူသူ မြီးစားအနက်၌၊ (ဥဒါဟရဏ်-ကား၊) မေ-၏၊ သတံ—တရာသော၊ ဣဏံ-ကြွေးမြီကို၊ (တုံ)ဒါယီ-ပေးထိုက်သည်၊ ဝါ-ဆပ်ထိုက်သည်၊ အသိ-၏၊ မေ သဟဿံ- ဣဏံ(တုံ)ဓာရီ-ဆောင်ထိုက်သည်၊ ဝါ-ဆပ်ထိုက်သည်၊ အသိ၊ ကိစ္စာဝ-ကိစ္စပစ္စည်းတို့ သက်ပုံကား၊ ဘဝတာ-အရှင်သည်၊ မေ-၏၊ သတံ-တရာသော၊ ဣဏံ-ကို၊ ဒါတဗ္ဗံ-ပေးထိုက်၏၊ ဘဝတာ မေ သတံ ဣဏံ ဓာရယိတဗ္ဗံ- ဆောင်ထိုက်(ဆပ်ထိုက်)၏၊ ဘဝတာ မေ ဂေဟံ- အိမ်ကို၊ ကတ္တဗ္ဗံ-မချွတ်ပြုထိုက်၏၊ ဘဝတာ မေ၊ ကိစ္စံ-ကိစ္စကို၊ ကရဏီယံ-မချွတ်ပြုထိုက်၏၊ ဘဝတာ မေ သေယျံ-အိပ်ရာကို၊ ကာရိယံ-မချွတ်ပြုထိုက်၏၊ (၆၆၀)။

---

၆၃၆။ အဝဿက။ အဝဿက-မချွတ်ကေန် (အမှန်မုချ) + အဓမိဏ—မြီးစား၊ "အဝဿက- မချွတ်မယွင်း"ဟု ပေးလေ့ရှိ၏၊ မချွတ်မယွင်း ဟူသည် အလုပ်တခု လုပ်ရာ၌ ချွတ်ချော်မသွားခြင်း - မှားယွင်း မသွားခြင်းတည်း၊ ဤ၌ကား ထိုကဲ့သို့ ချွတ်ချော် မှားယွင်း မသွားမှုကို ဆိုလိုသည် မဟုတ်၊ "ငါ့အလုပ်ကို မလုပ်ပဲနေဖို့ မသင့်၊ ငါ၏အလုပ်ကို သင်သည် ကေန် လုပ်သင့်သည်" ဟု ဆိုလိုသည်၊ ထို့ကြောင့် "အဝဿက- မချွတ်ကေန် အမှန်မုချ" ဟု ဆိုလိုသည်၊ [နူန မဝဿံ နိစ္ဆယေ ဒွယံ=နူန, အဝဿ ၂-ပုဒ်သည် ဆုံးဖြတ်ခြင်း (စင်စစ်ကေန်)အနက်၌ဖြစ်၏- အမရကောသ, ၂၄-ဝဂ် ၁၆-ဂါထာ၊] ဤ၌ အဝဿ နေသာင် က အက္ခရာလာ၍ "အဝဿက"ဟု ဆိုသည်။

အဓမိဏ။ ။သက္ကတ၌ "ဥတ္တမဏ္ဏ (ဥတ္တမိဏ)- မြတ်သော ကြွေးမြီရှိသူ၊ ဝါ- မြီချသူ၊(ငွေတိုးပေးသူ)၊ အဓမဏ္ဏ (အဓမိဏ)- ယုတ်သော ကြွေးမြီရှိသူ၊ ဝါ-မြီစား (ငွေတိုးယူသူ)" ဟု ရှိ၏၊ အဓမံ ဣဏံ ယဿာတိ အဓမိဏော၊ ယဿ-အကြင်သူ၏၊ အဓမံ-ယုတ်ညံ့သော+ဣဏံ- ကြွေးမြီသည်၊ အတ္ထိ၊ ဣတိ အဓမိဏော၊ မိမိက သူတပါးထံ ယူရသော ကြွေးဖြစ်၍ (ပေးရသော ကြွေးကို ထောက်လျှင်)အောက်ကျသဖြင့် "အဓမ"ဟု ဆိုသည်၊ [ဆရာတို့ကား "မပြတ်တောင်းမှု ယုတ်ညံ့သော ကြွေးမြီဟူသော အနက်၌" ဟု အနက်ပေးကြသည်။]

ဏီပစ္စည်း၏ သာဓန။ ။အဝဿက အဓမိဏအနက်သည် သာဓန ၇-ပါးတွင် မပါဝင်သေး၊ အဘယ် သာဓန၌ ဏီပစ္စည်း သက်ရမည်နည်း....ဟု မေး၊ "ကာရီသိ=ကာရီ+အသိ"၌ အသိဟူသော ကတ္တားဟောကြိယာကို ထောက်၍ ကတ္တုသာဓန၌ ဏီပစ္စည်း သက်ရကြောင်းကို သိသာသည်-ဟု ဖြေ၊ အသိကို ထောက်၍ "တုံ" ဟု ကတ္တားပုဒ်ကိုလည်း ထည့်၊ [ အဝဿာ - ဓမဏ္ဏေသုဏီ

အရဟာသက္ကာဒီဟိ တုံ ၆၃၇။ အရဟ သက္က ဘဗ္ဗ ဣစ္စေဝမာဒီဟိ—အရဟ, သက္က, ဘဗ္ဗ ဤသို့အစရှိကုန်သော သဒ္ဒါတို့နှင့်၊ ပယောဂေ-ယှဉ်ခြင်းသည်၊ သတိ-သော်၊ သဗ္ဗဓာတူဟိ တုံ ပစ္စယော ဟောတိ—ဘဝံ-အရှင်သည်၊ ဝတ္တုံ-ဆိုခြင်းငှာ၊ အရဟော—ထိုက်၏၊ ဘဝံ, ကတ္တုံ—ပြုခြင်းငှာ၊ အရဟော-၏၊ ဘဝံ-ဟန္တုံ-သတ်ခြင်းငှာ၊ သက္ကာ—တတ်ကောင်း၏၊ ဘဝံ, ဇနေတုံ-ဖြစ်စေခြင်းငှာ၊ [ဇေတုံရှိလျှင် "အောင်ခြင်းငှာ"ဟု ပေး၊] ဇနိတုံ,ဘဝိတုံ-ဖြစ်ခြင်းငှာ၊ သက္ကာ-၏၊ ဘဝံ, ပါတုံ-သောက်ခြင်းငှာ၊ ဝါ-စောင့်ရှောက်ခြင်းငှာ၊ [ဒါတုံရှိလျှင် "ပေးခြင်းငှာ"ဟု ဆို၊] သက္ကာ-၏၊ ဘဝံ,ဂန္တုံ-သွားခြင်းငှာ၊ သက္ကာ-၏၊ ဘဝံ, ဇနေတုံ—ဖြစ်စေခြင်းငှာ၊ ဘဗ္ဗော—ထိုက်၏၊ ဣစ္စေဝမာဒိ—တည်း။

---

(ကလာပ် ၄, ၅, ၁၁၀)၊ အဝသံ ဘာဝေ ဂမျမာနေ အဓမဏ္ဏေစ ကတ္တရိ ဓာတုယော ဏီ ဘဝတိ (ဝုတ္တိ)၊] ဤစကားအရ "ဝါကျတခု၌ အဝသံအနက် အဓမိဏအနက်ကို သိအပ်လို့ရှိလျှင် ကတ္တားအနက်၌ ဏီပစ္စည်းသက်"ဟု မှတ်၊ ဏီစ၌ စသဒ္ဒါဖြင့် ငင်ယူအပ်သော ကိစ္စ ပစ္စည်းတို့ကား ဘောကံ အနက်တို့၌ သက်ကြ၍ အရဟ-သက္က အနက်တို့ကိုလည်း ထွန်းပြသည်။

ဝိဂ္ဂဟ။ ။ကာရိစသည်ကို ဝိဂ္ဂြိုဟ်ပြုရာ၌ "ကရောတိ, ကရောသိ, ကရောမိတိ ကာရီ"ဟု ပြုကြ၏၊ သို့သော် ပြုတုန်း ပြုဆဲသူကို ကာရီဟူ မဆိုလို၊ပြုထိုက် ပြုသင့်ကုံသာ ကာရီ ဟု ဆိုလိုသည်၊ "ကာတုံ+ယုတ္တောတိ ကာရီ, ကာတုံ အရဟတီတိ ကာရီ"ဟုလည်းကောင်း, တုမ္မယောဂဖြင့် "ကာတုံ+အရဟာသီတိ ကာရီ"ဟုလည်းကောင်း ပြုသင့်သည်၊ ရုပ်ကို အစခြေပြုကြည့် တွက်၊ ဟာရီ၌ ဟရ=ဟရဏေ၊ ဓာရီ၌ ဓရ=ဓာရဏေဟု ဆို၊ ဓာရယိတာဗ္ဗံ၌ စုရာဒိဏယ ပစ္စည်းသက်၊ ကာရိယံ၌ ဤသုတ်ဖြင့် ဏျပစ္စည်း သက်, ယထာဂမမိကာရေဖြင့် ဣလာ၊ [ မောဂ္ဂလ္လာန်၌ကား "သီလာဘိက္ခညာဝဿကေသု"ဟု သုတ်တည်၍ အာဘိက္ခညာ (မပြတ်)အနက်၌လည်း ဏီသက်၍ "ခီရံ အဘိက္ခဏံ ပိဝတီတိ ခီရပါယီ- နို့ရည်ကို မပြတ်သောက်တတ်သူ"ဟု ပုံစံထုတ်သေး၏၊ [သီလ အနက်ကား တဿီလာဒီသု သုတ်၌ ပါခဲ့ပြီ။]

---

၆၃၇။ အရဟသက္ကာဒီဟိ။ ။အာဒိဖြင့် ဘဗ္ဗ, အနုစ္ဆဝိက, အနုရူပ, ယုတ္တ, ကာလ,သမယ, ဝေလာ စသည်တို့ကိုယူ၊ ဤသုတ်မရှိလျှင် အရဟသက္ကာဒီသုစသုတ်ဖြင့် ပြီး၏၊ ကျမ်းဆရာတဦးတည်း မဟုတ်သောကြောင့်သာ ဥဏာဒ်၌ ဤသုတ်ပါနေသည်ဟု ကြံ၊ရူ၌ကား ဤသုတ်ကို ပြုပင်မပြုတော့၊ စာအုပ်များ၌

**ဝဇာဒီဟိ၊ ပေ၊ နိပစ္စန္တေ**

၆၃၈။ ဝဇ ဣစ္စေဝမာဒီဟိ-ဝဇ အစရှိကုန်သော၊ ဓာတူဟိ-ဓာတ်တို့ဖြင့်လည်းကောင်း၊ ဥပသဂ္ဂ ပစ္စယာဒီဟိစ-ဥပသာရပုဒ် ပစ္စည်း အစရှိသည်တို့ဖြင့်လည်းကောင်း၊ ပဗ္ဗဇ္ဇာဒယော-ပဗ္ဗဇ္ဇာ အစရှိသော သဒ္ဒါတို့ကို၊ နိပစ္စန္တေ-တင်၍မနေ ကျစေအပ်ကုန်၏၊ ဝါ-ပြီးစေအပ်ကုန်၏၊ ပဌမမေဝ-ရှေးဦးစွာပင်လျှင်၊ ဝဇိတဗ္ဗာ-ရောက်ထိုက် ကျင့်ထိုက်)၏၊

---

"အရဟာ, သက္ကော"ဟု တွေ့ရ၏၊ "အရဟာ"သည် ဣတ္ထိလိင်မဟုတ်၊ အရဟ ဓာတ် အပစ္စည်းတည်း- သက္ကာသည် အာကာရန္တနိပါတ်ပုဒ်တည်း- ထို့ကြောင့် အရဟော ဘဝံ, သက္ကာဇေတုံ" စသည်ဖြင့် ရူ (အရဟသက္ကာဒီသုံစ) သုတ်၌ ပြသည့်အတိုင်း ပါဠိမှန်ရှိစေ- ရုပ်ကို အခြေပြုမှီး၍ တွက်၊ ကတ္တုံ=ကရ+တုံ၊ တုံ တုန တဗ္ဗေသု ဝါ သုတ်ဖြင့် ဓာတွန်ကို(တ်)ပြု, စသည်၊ ဟန္တုံ=ဟန+တုံ- ဂမ ခန ဟနာဒီနံ တုံ တဗ္ဗာဒီသုနဖြင့် ဓာတွန်(န်)ကို (န်)ထပ်ပြု၊ ဇေတုံ= ဇိ+တုံ၊ ဣကို ဧဝုဒ္ဓိပြု၊ (ဇနေတုံရှိလျှင် ဇနဓာတ်+ကာရိတ် ဏေပစ္စည်း+တုံ၊) ဇနိတုံ, ဘဝိတုံ, ပါတုံ ( ပါ=ပါနေ, ပါ=ရက္ခဏေ )၊ (ဒါတုံရှိလျှင် "ဒါ= ဒါနေ" ဂန္တုံ=ဂမု+တုံ၊ ဂမ ခန ဟနာဒီနံ တဗ္ဗာဒီသုနဖြင့် စီရင်။

---

၆၃၈။ ဝဇာဒီဟိ ၊ပေ၊ နိပစ္စန္တေ။ ။ဝဇာဒီဟိ၌ အာဒိသဒ္ဒါသည် ပကာရ အနက်ဟောတည်း၊ ထိုအာဒိဖြင့် ဝဇဓာတ်ကဲ့သို့ ရုပ်ပြီးပုံ အခြင်းအရာအားဖြင့်တူသော သဒ္ဒါစုကို ယူ၊ ပဗ္ဗဇ္ဇာကဲ့သို့ ရုပ်များကိုစီရင်ရာ၌ ဤသုတ်သည် မပြီးစီးပဲ တာဝန်တင် မနေစေရ, မပြီးပြီးအောင်စီရင်သော သုတ်ကြီးတမျိုးပင် ဖြစ်သည်၊ [သုတ်ကြီးဆိုသော်လည်း ဥဏာဒိပစ္စယန္တ အားလုံး၌သာ ပြီးအောင် စီရင်နိုင်သော သုတ်ကြီးဟု မှတ်၊] ချာသ၌ကား "ဥဏာဒိပစ္စယာ – ဥဏာဒိ ပစ္စည်းကြောင့်၊ ယေပယောဂါ-တို့သည်၊ အနိဋ္ဌင်္ဂတာ-အပြီးသို့ မရောက်ကုန်၊ တေသမ္ပိ ဣမိနာဝ သိဒ္ဓန္တိ – ဥဏာဒိပစ္စည်းနှင့် ဆိုင်ရာ ပြယုဂ်စုကို ဤသုတ်ကြီးဖြင့် ပြီးစေရမည်"ဟု ဥဏာဒိပစ္စယန္တပုဒ် အားလုံးကိုပင် သိမ်းကြုံးထား၏၊ ထိုသို့ သိမ်းကြုံးထားသော်လည်း ဝဇာဒီဟိကို ထောက်၍ ပဗ္ဗဇ္ဇာကဲ့သို့သော ရုပ်များကိုသာ ပြီးစေသည်ဟု မှတ်ပါ။

ဥပသဂ္ဂပစ္စယာဒီဟိ။ ။"သံ+ဓာ"ဟု သံ ဥပသာရရှိရာ၌ သဒ္ဓါဟု ပြီးစေခြင်း, တိရဓာတ်နောင် ဤသုတ်ဖြင့် စ္ဆာ-စ္ဆာန ပစ္စည်းသက်၍ တိရစ္ဆာ— တိရစ္ဆာနဟု ပြီးစေခြင်းစသည်ကား ဥပသာရပုဒ်ပစ္စည်းတို့ဖြင့်ပြီးစေခြင်းတည်း၊ ပစ္စယာဒီဟိ၌ အာဒိဖြင့် နပုလ္လိင်ဖြစ်သင့်လျက် "ပဗ္ဗဇ္ဇာ"စသည်ဖြင့် ဣတ္ထိလိင် ဖြစ်စေခြင်းဟူသော လိင်္ဂ စသည်ကို ယူ၊ ဆက်ဦးအံ့—နိပါတန အမည်ရသော

ဂ္ဂတိ-ကြောင့်၊ ပဗ္ဗဇ္ဇာ-ပဗ္ဗဇ္ဇာမည်၏၊ ဂ္ဂဋ္ဌနံ-တုန်လှုပ်ခြင်း၊ ဇ္ဇော-တုန်လှုပ်ခြင်း၊ သမဇ္ဇနံ-ကောင်းစွာ ထင်ရှားခြင်း၊ သမဇ္ဇာ-ခြင်း၊ နိသီဒနံ-ထိုင်ခြင်း၊ နိသဇ္ဇာ-ခြင်း၊ ဝိဇာနနံ—သိခြင်း၊ ဝိဇ္ဇာ-ခြင်း၊ ဝိသဇ္ဇနံ-စွန့်လွှတ်ခြင်း၊ ဝိသဇ္ဇာ-ခြင်း၊ ပဒနံ-ရောက်ခြင်း၊ပဇ္ဇာ-ခြင်း၊ ဟနနံ-သဏ်ခြင်း၊ဝဇ္ဈာ-ခြင်း၊ ဆေနံ-လိုချင်ခြင်း၊

---

သုတ်ကြီးသည် သုတ်ငယ်တို့ မစီရင်နိုင်သောအရာဝယ် စီရင်ခြင်း, သုတ်ငယ်တို့ စီရင်နိုင်သော အရာတွင်လည်း ပါဠိတော်နှင့် မလျော်ကန်လျှင် မစီရင်အောင် တားမြစ်ခြင်းအားဖြင့် များစွာသောတာဝန်ကိုပြီးစေခြင်းသဘောရှိရလေသည်၊ ဤသုတ်ကြီးလည်း ထိုတာဝန်အားလုံးကို ဆောင်ရွက်လိမ့်မည်။

ပဗ္ဗဇ္ဇာ။ ။ပပုဗ္ဗ ဝဇဓာတ်၊ ပ ဥပသာရသည် ပဌမအနက်ဟော, ဝဇဓာတ်ကား ဂတိ(ရောက်ခြင်း) အနက်ဟောတည်း၊ ပဗ္ဗဇ္ဇာသဒ္ဒါသည် ရှင်သာမဏေပြုခြင်း, ရဟန်းပြုခြင်း ၂-မျိုးလုံးသာမက, ဂ္ဂသိ ပဗ္ဗဇ္ဇာဟူသော ရသေ့လုပ်ခြင်းကိုလည်း ဟော၏၊ မှန်၏— "လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ,လဘေယျံ ဥပသမ္ပဒံ"စသည်၌ ပဗ္ဗဇ္ဇာနှင့်ဥပသမ္ပဒါကို ခွဲ၍ပြသောကြောင့် ပဗ္ဗဇ္ဇာသဒ္ဒါသည် ရှင်သာမဏေပြုခြင်းကိုသာ ဟော၏၊ "တသ္မာ ပဗ္ဗဇ္ဇာ အနဂါရိယာ ဉာတဗ္ဗာ" (ပါရာဇိက, သုဒိန္နကဏ္ဍဋ္ဌကထာ) စသည်၌ ရှင်အဖြစ်, ရဟန်းအဖြစ် ၂-မျိုးလုံးကို ဟော၏၊ "အနုဇာနာမိ တံ ပုတ္တ, ပဗ္ဗဇ္ဇာ တေ သမိဇ္ဈတု" (ဝေဿန်)စသည်၌ ရသေ့အဖြစ်ကို ဟော၏၊ ထို ရှင်ရဟန်း ရသေ့ အဖြစ်သည် ဈာန်မဂ်ဖိုလ် ရအောင် အားထုတ်လိုသူတိုင်း ပဌမ ရောက်ထိုက် (ကျင့်ထိုက်)သော အဖြစ်တည်း၊ ထိုရှင်ရဟန်း ရသေ့ ပြုပြီးနောက်မှ ကမ္မဋ္ဌာန်း စသည်ကို ကျင့်ကြရသည်၊ ထို့ကြောင့် "ပဌမမေဝ+ဝဇိတဗ္ဗာ"ဟု ဝိဂ္ဂဟ်ပြုသည်။ "ပဌမမေဝ—ကမ္မဋ္ဌာန်း အားထုတ်မှု စသည်ကိုမပြုမီ ရှေးဦးစွာ" ဟု ပေး၊ အချို့ကား ရဟန်းမပြုမီ ရှေးဦးစွာဟု ပေးကြ၏၊ ထိုအနက်သည် ဘိက္ခု ဂ္ဂသိ ပဗ္ဗဇ္ဇာတို့၌ မနှံ့။]

ရုပ်တွက်။ ။ပပုဗ္ဗ ဝဇတည်၊ ဝဇ=ဂတိမှိအနက်၌ ဓာတ်မှည့်, ဓာတွန်ချေ, ဏျောစသုတ်ဖြင့် ဏျပစ္စည်းသက်, ကာရိတ်မှည့် စသည် (ပ+ဝဇ်+ယ)၊ အသံယောဂန္တသ စသောသုတ်ဖြင့် ဝုဒ္ဓိပြုသင့်သော်လည်း ဤသုတ်ဖြင့်မြစ်သောကြောင့် ဝုဒ္ဓိမပြုရ၊ ဒေါဓဿစ၌ စသဒ္ဒါဖြင့် ယကို ဇပြု၊ ပရဒွေဘာဝေဖြင့် ဇ် ဒွေးဘော်လာ၊ ဒေါဓဿစ၌ စဖြင့် ဝ ၂-လုံးကို ဗ ၂-လုံးပြု၊ (ပဗ္ဗဇ္ဇ) ဏျပစ္စယန္တဖြစ်၍ များသောအားဖြင့် နပုလ္လိင်ဖြစ်သင့်သော်လည်း ဤသုတ်ဖြင့် ဣတ္ထိလိင်ပြု- ဣတ္ထိယမတောဖြင့် အာပစ္စည်းသက်၊ (ပဗ္ဗဇ္ဇာ)၊ နာမ်ငဲ့စသည်။[နျာသကို မှီး၍တွက်သည်၊ ရှဉ္ဇ တွက်ပုံကို ရှာဘာသာဋီကာမှာ ရှု။]

ကုစ္ဆာ-ခြင်း၊ အတိသေနံ—အလွန် လိုချင်ခြင်း၊ အတိစ္ဆာ-ခြင်း၊ သဒန်-ပင်ပန်းခြင်း၊ သဇ္ဇာ-ခြင်း၊ အဘိသေနံ—ရှေးရှုလိုချင်ခြင်း၊ အဘိဇ္ဈာ-ခြင်း၊ တွေ—ဤနေရာ၌၊ သယန္တိ—အိပ်ကုန်၏၊ ဣတိ, သေယျာ-သေယျာ မည်၏၊ (အိပ်ရာ)၊ တောယ—ဤ သဘောတရားဖြင့်၊ သမ္မာ—ကောင်းစွာ၊ စိတ္တံ—ကို၊ နိဓေတိ—ထားတတ်၏၊ ဣတိ, သဒ္ဓါ—သဒ္ဓါ မည်၏၊ စရိတဗ္ဗာ-ကျင့်ထိုက်၏၊ ဣတိ,

---

ဇ္ဇော, သမဇ္ဇာ။ ။ကုဇိ=ကမ္ပနေ—(တုန်လှုပ်ခြင်း)၊ ဓာတွန်ချေ, ဏျပစ္စည်းသက်, ကာရိတ်မှည့် စသည်၊ (ကုဇ်+ယ)၊ အသံယောဂန္တသဖြင့် ကုကို ဝုဒ္ဓိပြု၊ ဤသုတ်ဖြင့် ယကို ဇပြု, ဣတ္ထိလိင်လည်း ပြု, အာပစ္စည်းသက် စသည်။ [နျာသ၌ "ကုဋ္ဌ" ဓာတ်ဟု တွေ့ရ၏၊ သို့သော် ဉ်ကို မည်ကဲ့သို့ပြုရမည်ဟု မပြသောကြောင့်လည်းကောင်း "ကုဇိ, ကုဋ္ဌ=ကမ္ပနေ" ဟု ဓာတ်ကျမ်းတို့၌ အနက်တူသောကြောင့်လည်းကောင်း "ကုဇိ" ဓာတ်ဟု ဆိုလိုက်သည်၊ ထို့ပြင် "ကေဝလံ ပနေတ္ထ ဝုဒ္ဓိ ကရဏံ၊ပေ၊အတိပိ ယကာရဿ စုတ္တာနယေန (ဆိုအပ်ပြီးသော ဒေါဓဿစဖြင့် စီရင်နည်းဖြင့်)ဇကာရာဒေသေ ကုမိနာကရဏံ လက္ခဏာဿ ပဇ္ဇုန္န ဂတိက ဘာဝဒဿနတ္ထံ" ဟု န်ျာသဆိုသောကြောင့် ကုကို ဝုဒ္ဓိပြု၍ ဤသုတ်ဖြင့် ယကို ဇပြုသည်၊] သမဇ္ဇာ—"သံပုဗ္ဗ အဇ—ဗျတ္တိဂတိသု (ထင်ရှားခြင်း ဂတိအနက်တို့၌)" ဟု ဆို၍ ဇ္ဇော နည်းမှီးပါ၊ ဝုဒ္ဓိမပြုရခြင်း, သံ၌ နိဂ္ဂဟိတ်ကို (မ်)ပြုရခြင်းသာ ထူး၏၊ ["ကုဋ္ဌနံ-သမိဋ္ဌနံ" ဟုလည်းကောင်း "ကုဇ္ဇနံ-သမဇ္ဇနံ" ဟုလည်းကောင်း ဝိဂ္ဂြိုဟ်ရှိ၏၊ ကုဇိဓာတ်သည် ဘူဝါဒိ ဣကာရန္တ ဓာတ်ဖြစ်၍ နိဂ္ဂဟိတ် လာနိုင်သောကြောင့် "ကုဋ္ဌနံ" ဟုသာ ဖြစ်သင့်၏၊ အဇဓာတ်၌ နိဂ္ဂဟိတ် မလာနိုင်သောကြောင့် ဇ် ဒွေဘော်လာ၍ "သမဇ္ဇနံ" ဟုသာ ရှိသင့်သည်။

နိသဇ္ဇာ ၊ပေ၊ အတိစ္ဆာ။ ။နိပုဗ္ဗ သဒ = ဝိသရဏဂတျာဝသာဒနေသု စသည်၊ (နိသဒ်+ယ)၊ ယဝတံသုတ်ဖြင့် ဒ်နှင့် ယ(ဒျ)ကို ဇပြု-ဒွေဘော်လာ, (နိသဇ္ဇာ)၊ ဤသုတ်ဖြင့် ဣတ္ထိလိင်စီရင် စသည်၊ [နိသဇ္ဇေတိ (နိသဇ္ဇာ ဟူ၍) ရူပေသမ္ပတ္တေ ကုမိနာ နိသဇ္ဇာတိ နိပါတနံ ကတွာ၊— န်ျာသ၊] ဝိဇ္ဇာ- "ဝိဒ—ဉာဏေ" ဟု ဆို၍ နည်းတူစီရင်၊ [ဝိဇာနနံကား ဝိဒဓာတ်၏ အနက်ဖြစ်သော ဉာဓာတ်ဖြင့်ပြုသော ဓာတွတ္ထ ဝိဂ္ဂဟာတည်း၊] ဝိသဇ္ဇာ— ဝိပုဗ္ဗသဇ=ဝိသဇ္ဇေ (စွန့်လွှတ်ခြင်း)ဟု ဆို၍ နည်းတူ၊ [တချို့စာ၌ "ဝိဿဇ္ဇာ" ဟူ၍ ဿ ဒွေဘော်ရှိ၏, မကောင်း၊] ပဇ္ဇာ-ပဒ=ဂတိမှိဟု ဆို၍ နည်းတူ၊ ဝဇ္ဈာ—ဟန=ဟိံသာဂတိသု- ဏျသက် စသည်၊ (ဟန်+ယ)၊ ဝဓောဝါ သဗ္ဗတ္ထသုတ်ဖြင့် ဟန်ကို ဝဓ် ပြု၊ ဤသုတ်ကြီးဖြင့် ယကိုချေ, ဓ်ကိုလည်း ဇပြု၍ ဣတ္ထိလိင်လည်း စီရင် စသည်၊ ကုစ္ဆာ-ကုသ=ကုစ္ဆာကန္တိသု၊ ဏျသက်စသည်၊ (ကုသ်+ယ)ဤသုတ်ဖြင့် သျကို စ္ဆပြု, ဣတ္ထိလိင်လည်း စီရင် စသည်၊ [ယခု န်ျာသ၌ကား "ကုသ

စရိယာ-မည်၏၊ (အကျင့်)၊ ကရဏ်-ပြုခြင်း၊ ကိရိယာ-ပြုခြင်း၊ ရုဇန်-နာကျင်ခြင်း၊ ရုစ္ဆာ-ခြင်း၊ ပဒန်-ရောက်ခြင်း၊ ပဇ္ဇာ-ခြင်း၊ ရိဥ္စန်-ကင်းဆိတ်ခြင်း၊ ရိစ္ဆာ-ခြင်း၊ တိကိစ္ဆန်-ဆေးကုခြင်၊ တိကိစ္ဆာ(စိကိစ္ဆာ)-ဆေးကုခြင်း၊ သံကောစန်-တွန့်တိုခြင်း၊ သံကုစ္ဆာ-ခြင်း၊ မဒန်-မေ့လျော့ခြင်း၊ မစ္ဆာ-ခြင်း၊ လဘန်-ရခြင်း၊ လစ္ဆာ-ခြင်း၊ ရဒိတဗ္ဗာ-ရေးခြစ်ထိုက်၏၊ ဣတိ, ရစ္ဆာ-မည်၏၊ (လမ်း)၊

---

ယမုနမန္တောစ္ဆောဝါတိ ဓာတွန္တသဿစ္ဆာဒေသံ ကတွာ ဣစ္ဆတိရူပေ သမ္ဘွေ” ဟု တွေ့ရ၏၊ ထိုအတိုင်းစီရင်လျှင် ဏျပစ္စည်းမှ ယ ပိုနေ၏၊ ထို့ကြောင့် သ့ုကို ဣသုတ်ဖြင့် ဆ္ဆပြုသည်၊] အတိပုဗ္ဗ ဣသုဓာတ်ဖြင့် အတိစ္ဆာလည်း နည်းတူ။

သေယျာ၊ပေ၊ရိစ္ဆာ။ ။သီ=သယေ၊ ဣသုတ်ဖြင့် ဏျသက်, အသံယော ဂန္တဿဖြင့် ဤကို ဧဝုဒ္ဓိပြု,ယဒ္ဒေဘော်လာ, ဣသုတ်ကြီးဖြင့် ဣတ္ထိလိင်စီရင်,အာ ပစ္စည်းစသည် [“သယန္တိ တွောတိ အတ္တေ ဣမိနာ ဏျပစ္စယာဒိမှိ ကတေ ရူပ” ဟု သိသောကြောင့် ဣသုတ်ဖြင့် ဏျသက်ရသည်၊] သဒ္ဒါ-သံပုဗ္ဗ+မာ=မာရ ဏေ၊ ကွိစသုတ်ဖြင့် ကွိပစ္စည်းသက်, ကွိလောပေါစဖြင့် ချေ၊(သံ+မာ)ဣသုတ် ကြီးဖြင့် သံ+မာကို သဒ္ဒါပြု၊ နာမ်ငဲ့ စသည်၊ စရိယာ-စရ=ဂတိဘက္ခဏေသု၊ ဏျောစဖြင့် ဏျသက်စသည်၊ ယထာဂမိကာရေဖြင့် ဣလာ(စရိယ)၊ ဣသုတ် ဖြင့် ဣတ္ထိလိင်စီရင်, အာပစ္စည်းသက်, စသည်၊ ကရိယာ-ကရ=ကရဏေစသည် ဆို၍ စရိယာကဲ့သို့ “ကရိယာ”ဟု ပြီးစေ။ [ကရ=ကရဏေတိ မဿ ရူပံ၊ တံ ပနာနန္တရ သဒိသမေဝ”ဟူသော ဍျာသအလို “ကရိယာ”ဟု ကဍ္ဍ ဣသရ မပါပဲ ရှိဟန်တူသည်၊ အကယ်၍ ကိရိယာဟုရှိလျှင် “အနန္တရ သဒိသမေဝ” ဟု မဆိုနိုင်၊ ကရတော ရိရိယသုတ်ဖြင့် ရိရိယပစ္စည်းသက်၍ တမျိုးစီရင်ရလိမ့် မည်။ [ရုစ္ဆာ—ရုဇ=ရောဂေ၊ ဣသုတ်ဖြင့် ဆပစ္စည်းသက်၊ ဗျဥ္ဇနန္တဿ စော ဆပ္ပစ္စယေသုစသုတ်ဖြင့် ဓာတ္တန်ကို(စ်)ပြု၊ ဣသုတ်ဖြင့် ဣတ္ထိလိင်စီရင်, စသည်၊ ပဇ္ဇာ—ပဒ=ဂတိမှိ၊ ( ရှေ့၌ ပဒန် ပဇ္ဇာ ) ကဲ့သို့ ပဇ္ဇဟု ဖြစ်စေ၊ ဣသုတ်ဖြင့် ပဇ္ဇကို ပဇ္ဇာပြု၊ နာမ်ငဲ့စသည်၊ ရိစ္ဆာ=ရိစ=ဝိဝေစနေ၊ ဣသုတ်ဖြင့် ဆ ပစ္စည်း သက်၊ အာပစ္စည်း စသည်။ [ရိစ=ကရဏေ၊ ရိစကွာရဒဏ”ဟု ရှိကြ၏။]

စိကိစ္ဆာ ၊ပေ၊ တိကိစ္ဆာ။ ။ကိတ=ရောဂါပနယနေ၊ ဣသုတ်ဖြင့် ဆ ပစ္စည်းသက်၊ (စိကိစ္ဆတိကဲ့သို့ စိကိစ္ဆတိုင်အောင် ပြီးစေ)၊ အာပစ္စည်း စသည်၊ တိကိစ္ဆာရှိလျှင် ကကိုတပြု၊ သံကုစ္ဆ-သံပုဗ္ဗ ကုစ=သံကောစနေ (တွန့်တိုခြင်း)၊ ဣသုတ်ဖြင့် ဆပစ္စည်း ဆက်, စသည်၊ မစ္ဆာ—မဒ=ဥမ္မာဒေ၊ ဣသုတ်ဖြင့် ဆ ပစ္စည်းသက်၊ ဗျဥ္ဇနန္တဿ စော ဆပ္ပစ္စယေသုစ သုတ်ဖြင့် ဓာတွန် (ဒ်) ကို (စ်)ပြု, စသည်၊ လစ္ဆာ - လဘ=လာဘေ နည်းတူ၊ ရစ္ဆာ - ရဒ=ဝိလေခနေ

ဝါ, ရဒနံ(ဝိလေခနံ)—ရေးခြစ်ခြင်း၊ ရဒ္ဓာ-ခြင်း၊ အဓောဘာဝေန - အောက် အဖို့ဖြင့်၊ ဂစ္ဆတိ- သွားတတ်၏၊ ဣတိ, တိရစ္ဆာ-မည်၏၊ (တိရစ္ဆာန်သတ္တဝါ)၊ အဇနံ-ပစ်ပယ်ခြင်း၊ အဇ္ဇာ—ခြင်း၊ တိတိက္ခတိ—သည်းခံတတ်၏၊ ဣတိ,တိတိက္ခာ- မည်၏၊ သဟ+အာဂမနံ—အတူလာခြင်း၊ သာဂစ္ဆာ-အတူလာခြင်း၊ ဒုဋ္ဌေန— မကောင်းသဖြင့်+ဘက္ခနံ—စားခြင်း၊ ဒေါဘစ္ဆာ—မကောင်းသဖြင့် စားခြင်း၊ ဒုဋ္ဌု+ရောသနံ- မကောင်းသဖြင့် ချုပ်ချယ်ခြင်း၊ ဒေါရုစ္ဆာ - ခြင်း၊ ပုစ္ဆနံ— မေးခြင်း၊ ပုစ္ဆာ-မေးခြင်း၊ မုစ္ဆနံ-တွေဝေခြင်း၊ မုစ္ဆာ-ခြင်း၊ ဝသနံ-နေခြင်း၊ ဝစ္ဆာ-ခြင်း၊ ကစနံ-တောက်ပခြင်း၊ ကစ္ဆာ-ခြင်း၊ သဟ+ကထနံ—တကွ ပြောဆို ခြင်း၊ ဝါ-ဆွေးနွေးခြင်း၊ သာကစ္ဆာ-ခြင်း၊ တုဒနံ=ထိုးဆွခြင်း၊ တုစ္ဆာ-ခြင်း၊ ဝိသနံ—နှံ့ စပ်ပါဝင်ခြင်း၊ ဝိစ္ဆာ-ခြင်း၊ ပိသနံ- ကြိတ်ခြေခြင်း၊ ပိစ္ဆိလ္လာ—ကြိတ် ခြေခြင်း၊ သုခဒုက္ခံ—ကို၊ မုဒတိ ဘက္ခတိ—စားတတ်၏၊ ဣတိ, မစ္ဆော-မည်၏၊ (ငါး)၊ သတ္တာနံ-တို့၏၊ ပါဏံ-အသက်ကို၊ မုသေတိ စဇေတိ—စွန့်စေတတ်၏၊ ဣတိ မစ္စု-မည်၏၊ (သေခြင်း)၊ သတနံ-မှန်ကန်ခြင်း၊ သစ္စံ-ခြင်း၊ ဥဒ္ဒံ-အထက်၌၊ ဓုနာတိ ကမ္ပတိ-တုန်လှုပ်တတ်၏၊ ဣတိ, ဥဒ္ဒစ္စံ—၏၊ နဋနံ-ကခြင်း၊ နစ္စံ—ခြင်း၊ နိတနံ-မြဲခြင်း၊ နိစ္စံ-ခြင်း၊ တထနံ-မှန်ကန်ခြင်း၊ တစ္ဆံ-ခြင်း၊ ဣစ္စေဝမာဒိ-တည်း။

---

(ရေးခြစ်ခြင်း) နည်းတူ၊ တိရစ္ဆာ- တိရ=အဓောဂတိမှ (အောက်အဖို့အားဖြင့် သွားခြင်း၌၊) ဤသုတ်ဖြင့် စ္ဆ ပစ္စည်းသက် စသည်၊ စ္ဆာန ပစ္စည်း သက်လျှင် "တိရစ္ဆာန" ဟု ပြီး၏၊ ["တိရစ္ဆာနာတိပိ ပါဌော၊ တဒါဝိမိနာ စ္ဆာနပစ္စယော ဟောတိ"—န္ယာသ၊ အဘိဓာန်၌ "တိရစ္ဆောတု တိရစ္ဆာနော" ဟု ပုလ္လိင် ရှိ၏၊ တိရော သဒ္ဒါပုဒ် အဆိဓာတ် အပစ္စည်းဖြင့် တိရစ္ဆော, ယုပစ္စည်းဖြင့် တိရစ္ဆာ နောဟု ပြီးစေ၊] အဇ္ဇာ- " အဇ=ပတိ ခေပနေ-သွားခြင်း ပစ်ပယ်ခြင်း၌" ဟု ဆို၊ ရဒ္ဓာနည်းတူ၊ တိတိက္ခာ—တိဇ—ခန္တိယံဟု ဆို၊ ဤသုတ်ဖြင့် ခပစ္စည်း သက်၊ (တိတိက္ခတိကဲ့သို့ တိတိက္ခတိုင်အောင် ပြီးစေ၊) အာပစ္စည်း စသည်၊ ["တိဇ—တေဇနေ" ဟု န္ယာသ၌ ရှိ၏။]

သာဂစ္ဆာ ၊ပေ၊ ပိစ္ဆိလ္လာ။ ။ သံ + အာပုဗ္ဗ ဂမု=ဂတိမှ၊ ဤသုတ်ဖြင့် ဓာတွန်ကို စ်ပြု၊ ကွစိလောပ်ဖြင့် သံ၌ နိဂ္ဂဟိတ်ကိုချေ၊ သ ခွင်း, ချေ, ကပ်၊ အာ ပစ္စည်းသက်, စသည်၊ ဒေါဘစ္ဆာ—ဒုပုဗ္ဗဘသ=ခါဒနေ (စားခြင်း) ဆပစ္စည်း၊ သ်ကို စ်ပြု, စသည်ကို ရှေးနည်းမှီး၊ ဤသုတ်ဖြင့် ဒု၏ ဥကို ဩပြု, အာပစ္စည်း စသည်၊ ဒေါရုစ္ဆာ-ဒုပုဗ္ဗ ရုသ=ရောသနေ (ချုပ်ချယ်ခြင်း)ဟု ဆို၍ နည်းတူ တွက်၊ ပုစ္ဆာ-ပုစ္ဆ—ပုစ္ဆနေ- ဤသုတ်ဖြင့် ဆသက်၊ ဗျဉ္ဇနန္တဿသုတ်ဖြင့် ဓာတွန် (စ္ဆ) ကို စ်ပြု စသည်၊ မုစ္ဆာ—မုစ္ဆ=ဝေစိတ္တေ ဝစ္ဆာ—ဝသ= နိဝါသေ၊ ကစ္ဆာ - ကစ —ဒိတ္တိမှိဟု ဆို၍ နည်းတူ တွက်၊ သာကစ္ဆာ - သဟ သဒ္ဒါပုဒ

**ကိုလောပေါစ**

၆၃၉။ ကိုလောပေါ—သည်၊ ဟောတိ၊ ပုန—တဖန်၊ နိပစ္စန္တေစ-ဆိုင်ရာဝိဘတ်ဖြင့်လည်း ပြီးစေအပ်ကုန်၏၊ ဝိဝိဓေ ဟိ-ထူးပြားကုန်သော၊ သီလာဒိဂုဏေဟိ—သီလ အစရှိကုန်သော ဂုဏ်တို့ဖြင့်၊ ဘဝတိ-ဖြစ်တော်မူ၏၊ ဣတိ,ဝိဘူ-ဝိဘူမည်၏၊ ဝါ- ဝိသေသေန-အထူးအားဖြင့်၊ ဘဝတိ၊ ဣတိ, ဝိဘူ၊ သယံ(အတ္တနာ)—ကိုယ်တိုင်၊ ဘဝတိ ဣတိ သယမ္ဘူ-သယမ္ဘူမည်၏၊ အဘိဘဝိတွာ-လွှမ်းမိုး၍၊ ဘဝတိ ဣတိ အဘိဘူ၊ သံ(သုဋ္ဌု)-ကောင်းစွာ၊ ဓု ၁တိ ကမ္ပတိ—တုန်လှုပ်တတ်၏၊ ဣတိ သန္ဓု—သန္ဓု မည်၏၊ ဝိသေသေန-အထူးအားဖြင့်၊ ဘာတိ ဒိဗ္ဗတိ-တောက်ပတတ်၏၊ ဣတိ ဝိဘာ—ဝိဘာ မည်၏၊ နိသေသေန—အကြွင်းမဲ့ အားဖြင့်၊ ဘာတိ ဒိဗ္ဗတီတိ နိဘာ၊

---

ကထ=ကထနေ, သဟာကစ္ဆာဟု ဖြစ်သည့်အခါ ဤသုတ်ဖြင့် ဟ ချေခြင်းသာ ထူး၏၊ တုစ္ဆာ—တုဒ=ဗျထနေ ( ထိုးဆွခြင်း ), ဝိစ္ဆာ—ဝိသ = ပဝေသနေ, နည်းတူ၊ ပိစ္ဆိလ္လာ—ပိသ=စုဏ္ဏနေ (အမှုန့်ပြုခြင်း)၊ ဤသုတ်ဖြင့် ဆိလ္လပစ္စည်း သက်၊ ဓာတွန်သ်ကို စ်ပြုခြင်းစသည်မှာ ရှေးအတိုင်းသာ။ [နျာသ၌ "ဗျဥ္ဇနေ စေတိ နိဂ္ဂဟီတ လောပံ ကတွာ"ဟု ဆိုသေး၏၊ ပိံသဓာတ်ဟု ဆိုလိုသည်။]

မစ္ဆော၊ ပေ၊ တစ္ဆံ။ ။မဒ=အဒနေ (စားခြင်း)၊ မစ္ဆဟု ပြီးသည့်အခါ ဤသုတ်ဖြင့် မ၏ ဥကို(အ)ပြု၊ (အာပစ္စည်း မသက်ရ၊) နာမ်ငဲ့,သိ ဩပြု၊မစ္ဆု-မုသ=ပါကစာဂေ (အသက်ကို စွန့်ခြင်း)၊ ဤသုတ်ဖြင့် တျု ပစ္စည်းသက်၍ ဓာတွန်သ်ကိုလည်း ချေ၊(မတျု)၊ ယဝတံသုတ်ဖြင့် တျကို စပြု၊ စ ဒွေဘော်လာ (မစ္စု) နာမ်ငဲ့, သိချေ၊ သစ္စံ—သတ=သာတစ္စေ (မှန်ကန်ခြင်း)၊ ဤသုတ်ဖြင့် တျပစ္စည်းသက်၍, မစ္စုကဲ့သို့ စီရင်၊ သိကို အံပြု၊ ဥဒ္ဒစ္စံ-ဥပုဗ္ဗ ဓု=ကမ္ပနေ၊ ဤ သုတ်ဖြင့် တျသက်, ဓု၏ ဥကိုလည်း(အ)ပြု၊ အကြွင်း ရှေ့နည်းမှီ၊ ဥ နောက်၌ (ဒ်) ဒွေဘော်လာရသည်ကိုလည်း သိ၊ နစ္စံ-နဋ = ဂတ္တ ဝိနာမေ, တနည်း— "နတိမှီ=ညွတ်ကိုင်းခြင်း" ဟု ဆို၊ တျပစ္စည်းသက်၊ နိစ္စံ-နိတိ=နိစ္စေ(မြဲခြင်း), ဓာတွန်ချေ, ဤသုတ်ဖြင့် ဏျသက်, စုဒ္ဒိအပြုကိုလည်း မြစ်၊ (နိတျ), အကြွင်း နည်းတူ၊ တစ္ဆံ—တထ=သာတစ္စေ ( မှန်ကန်ခြင်း )၊ ဤသုတ်ဖြင့် ဆ သက်၊ ဗျဥ္ဇနန္တသြဖြင့် ဓာတွန်ကို စ်ပြု, စသည်။

အမှာ။ ။တချို့ရုပ်များ စီရင်ပုံသည် ရူပသိဒ္ဓိ၌ တမျိုးတဖုံ ဖြစ်၏၊ ဤသုတ်မရှိသော်လည်း သုတ်ငယ်များဖြင့် ပြီးနိုင်သော ရုပ်တွေသာ များ၏၊ ဤသုတ်၌ ဋီကာတို့ဖွင့်တိုင်း ရုပ်မပြီးသော်လည်း အခြားနည်းဖြင့် ဓာတ်ပစ္စည်းခွဲဝေနိုင်လျှင် အနက်ထင်မည်ဖြစ်သောကြောင့် ဤသုတ်လာ စီရင်နည်းကို အရေးတကြီး အားထုတ်ဖွယ် မလို။

ပကာရေန—အပြားအားဖြင့်၊ ဘာတိ ဒိပ္ပတိ ဣတိ ပဘာ၊ ထွေ—ဤအရပ်၌၊ သဟ - တက္က၊ ဘာသန္တိ - ပြောဆိုကုန်၏၊ ဣတိ, သဘာ၊ ( အစည်းအဝေး, ရုံး, ဈေးရုံ, ပွဲသဘင်၊) အာ (ဘုသော) - လွန်စွာ၊ ဘာတိ ဒိပ္ပတိ ဣတိ အာဘာ၊ ဘုဇေန (ကုဋိလေန)-ကောက်ကွေ့သဖြင့်၊ ဂစ္ဆတိ ဣတိဘုဇဂေါ (မြွေ)၊ တုရိတ တုရိတော-ဆောဆောလျင်လျင်(အလွန်မြန်စွာ)၊ ဂစ္ဆတိ ဣတိ တုရင်္ဂေါ (မြင်း)၊ သံ(သုဋ္ဌု)—ကောင်းစွာ၊ ပထဝိံ - မြေကို၊ ခနတိ- တူးတတ်၏၊ ဣတိ သခ်ေါ-(ခရုသင်း)၊ ဝိသေသေန-ဖြင့်၊ ယမတိ ဥပရမတိ—ရှောင်ကြဉ်တတ်၏၊ ဣတိ ဝိယော-ဝိယမည်၏၊ သုဋ္ဌု-ကောင်းစွာ၊ မနတိ ဇာနာတိ-သိတတ်၏၊ ဣတိ သုမော- (သမန္တတော)- ထက်ဝန်းကျင်မှ၊ တနောတိ ဝိတ္ထာရေတိ- ချဲ့တတ်၏၊ ဣတိ ပရိတော- ပရိတ မည်၏၊ ဣစ္စေဝမာဒီ—တည်း၊ (၅၈၆)။

---

၆၃၉။ ကွိလောပေါ။ ။“ ကွိနော+လောပေါ=ကွိပစ္စည်း၏ ကြေခြင်း”ဟု ဝိဂ္ဂဟ်ပြု၊ စသဒ္ဒါသည် ရှေ့သုတ်၌ ဆိုအပ်ပြီးသော “နိပစ္စန္တေ” ကို ငင်၏၊ ထို့ကြောင့်“ပုနစ နိပစ္စန္တေ”ဟု ဖွင့်ပြသည်၊ ကွိပစ္စည်းကို ဤသုတ်ဖြင့် ချေပြီးနောက် အခြားသုတ်များဖြင့် ပြီးအောင်စီရင်ပါ–ဟူလို။

ပုံစံများ။ ။သံဘူ, ဝိဘူ, ဘုဇဂေါ, ဥရဂေါ, တုရဂေါ, သခ်ေါတို့ကို ကွိစ, ဓာတွန္တဿ လောပေါ ကွိမ္ဟိသုတ်တို့၌ ပြခဲ့ပြီ၊ သယံ သဒ္ဒူပပဒ+ဘူ, အဘိပုဗ္ဗ+ဘူ, သံပုဗ္ဗ+ဓူ(ကမ္ပနေ), ဝိပုဗ္ဗ+ဘာ—(ဒိတ္တိမှိ), နိပုဗ္ဗ+ဘာ, ပပုဗ္ဗ+ဘာ, အာပုဗ္ဗ+သဟ သဒ္ဒူပပဒ+ဘာတည်း၍ သယမ္ဘူ စသည်ကိုလည်း တွက်၊ [သန္ဓူဟု ဥကာရန္တဖြင့်ရှိသည်မှာ ပါဌ်ပျက်၊ ဓူဓာတ်ဖြစ်သောကြောင့်“သန္ဓူ” ဟု ရှိစေ၊] သဟာဘာဟု ဖြစ်၍ သဟကို တေသုဝုဒ္ဓိသုတ်ကြီးဖြင့် သပြု၊ ဤ သယမ္ဘူစသည်၌ သယံ စသည်နောင် သိသက်ချေ၍၊ သယံနှင့် ဘူကို ကမ္မဓာရဲ တွဲရဦးမည်ကိုလည်း သတိပြု။

ဘုဇေနကို ကုဋိလေန ဟု ဖွင့်၏၊ “ တုရိတ တုရိတော ” သည် တုရပုဒ်၏ အနက်ဖွင့်တည်း၊ “တုရ-လျင်စွာ+ဂစ္ဆတိ, တုရေန—လျင်မြန်သဖြင့်+ဂစ္ဆတိ” ဟု သူ့ပုဒ်ရင်းအတိုင်းလည်း ဝိဂ္ဂဟ်ပြု၊ တုရသဒ္ဒါသည် လျင်မြန်ခြင်းအနက်ကို ဟောသော နပုလ္လိင်ပုဒ်တည်း၊ “ဝိယ”ပုဒ်ကို ထောမနိဓိ၌ “ဝိယတ်”ဟု ရှိ၏၊ ကောင်းကင်အနက်ကိုဟော၍ နပုလ္လိင်ဟုလည်း ဆိုသည်၊ ထို့ကြောင့် “ဝိယံ—ကောင်းကင်”ဟု နပုလ္လိင် ရှိသင့်၏၊ ဝိပုဗ္ဗ ယမု=ဥပရမေ၊ ကွိ, ဓာတွန်ချေ၊ သုမော၌ သုသည် သုဋ္ဌုအနက်ဟော၊ သုပုဗ္ဗ မနတည်၊ မန—ဉာဏေဟု ဓာတ်နက် ရှိသောကြောင့် မနကို ဇာနာတိဟု ဖွင့်သည်၊ သုမော—မဟာသုမထေရ် စသည်တည်း၊ ပရိကို သမန္တတောဟု ဖွင့်၊ ပရိပုဗ္ဗတနု=ဝိတ္ထာရေ၊ “ ပရိတော ”

သစဇာနံ ကဂါ ဏာနုဗန္ဓေ

၆၄၀။ ပရေ ဏာနုဗန္ဓေ ပစ္စယေ, သစဇာနံ-စ, ဇ ရှိကုန်သော၊ဓာတူနံ-တို့၏၊ အန္တာနံ-အဆုံးဖြစ်ကုန်သော၊ စဇာနံ-စ အက္ခရာ, ဇ အက္ခရာတို့၏၊ ယထာသင်္ချံ-တိုင်း၊ ကဂါ ဒေသာ-က အပြု, ဂ အပြုတို့သည်၊ ဟောန္တိ၊ ဩကော-နေရာအိမ်၊ ပါကော—ချက်ပြုတ်ခြင်း၊ သေကော - သွန်းလောင်းခြင်း၊ သောကော- စမ်းနည်းခြင်း- ဝိဝေကော- ကင်းဆိတ်ခြင်း၊ စာဂေါ- စွန့်ခြင်း၊ ယောဂေါ- ယှဉ်ခြင်း (အား ထုတ်ခြင်း)၊ဘောဂေါ- သုံးဆောင် ခံစားအပ်သော စည်းစိမ်၊ ရောဂေါ- အနာ ရောဂါ၊ ရာဂေါ- တပ်မက်ခြင်း၊ ဘာဂေါ- ဝေဖန်အပ်သော အဖို့၊ ဘင်္ဂေါ- ပျက်စီးခြင်း၊ ရင်္ဂေါ-တပ်စွဲခြင်း၊ သင်္ဂေါ-ငြိကပ်ခြင်း။

---

ကို အဘိဓာန်တို့၌ နိပါတ်ပုဒ် ဟုသာ တွေ့ရ၏၊ ဤ၌ကား ပရိဉပသာရနှင့် "တ"ဟူသော ကွိပစ္စယန္တပုဒ်ကို စပ်ထားသော ကိတန္တသမာသ်ဟု ဆိုလိုသည်။

---

၆၄၀။ သစဇာကဂါ။ ။ပစဓာတ် စဇဓာတ်စသည်ကို သစဇ (စအက္ခရာ ဇအက္ခရာရှိသော) ဓာတ်ဟု ဆိုသည်၊ ဏအနုဗန်ရှိသော ဏပစ္စည်း ဏွုပစ္စည်း ဏီပစ္စည်းစသည် နောင်းရာ၌ ထိုဓာတ်၏ အဆုံးဖြစ်သော စနှင့် ဇကို အစဉ် အတိုင်း ကနှင့် ဂပြု၍ "ပါကော, စာဂေါ"စသည်ဖြစ်၏၊ ဤသုတ် မရှိလျှင် "ကဂါ စဇာနံ"ဟူသော ကိတ်သုတ်ဖြင့် ပြီးနိုင်သောကြောင့် ဤသုတ်ကို ရှု၍ မပြချေ၊ နိဒ္ဒေသ၌ကား ကဂါစဇာနံသုတ်၌ နိပါတ်မပါသေး၍ ဤ၌ "ဏာနုဗန္ဓေ"ဟု နိမိတ်ကို အထူးသဖြင့် ပြလိုသောကြောင့် ဤ၌ ထပ်ဆိုပြန်သည်—ဟု ဆို၏၊ [ကျမ်းဆရာ ၂-ဦးဖြစ်၍ ၂-မျိုးကွဲသည် ဟုသာ မှတ်ပါ။]

ပုံစံများ။ ။ဩကော,ရောဂေါ, စာဂေါ,ဘောဂေါ, ဘာဂေါ,ပါကော တို့ကို ဝိသရုဇ ပဒါဒိတော ဏ, ဘာဝေစ, ကဂါစဇာနံ သုတ်တို့၌ ပြခဲ့သည့် အတိုင်း တွက်၊ ကဂါစဇာနံဖြင့် မစီရင်ပဲ ဤသုတ်ဖြင့် စီရင်ရခြင်းသာ ထူး၏၊ ရာဂေါ, ဘင်္ဂေါ, ရင်္ဂေါ, သင်္ဂေါတို့ကိုလည်း ဏမှိ ရန္ဓသဇောနှင့် နိဂ္ဂဟီတံ သံယောဂါဒိနော သုတ်တို့ကိုကြည့်၊ ပါကော-ပစ=ပါကော၊ သေကော-သိစ= ပဂ္ဃရဏေ (ယိုစီးခြင်း)၊ သောကော-သုစ=သောကေ (စိုးရိမ်ခြင်း, စမ်းနည်း ခြင်း)၊ ဝိဝေကော-ဝိပုဗ္ဗ ဝိစ=ဝိဝေကေ(ကင်းဆိတ်ခြင်း)၊ ဘောဂေါ-ဘုဇ= ပါလန ဗျဝဟာရဏေသု၊ ဤသို့ ဓာတ်နက်ဆို၍ ဘောဟော၌ ဘာဝေစဖြင့် ကံ ကတ္တားဟောရာ၌ ဝိသရုဇ ပဒါဒိတော ဏဖြင့် ဏပစ္စည်းသက်၍ ဆိုင်ရာ ဝုဒ္ဓိ ပြုရုံသာ။

**နုဒါဒီဟိ.... သကာရိတေဟိစ**

၆၄၁။ နုဒ၊ပေ၊သမုဂ္ဂဧဝမာဒီဟိ— နုဒ, သုဒ, ဇန, သု, လူ, ဟူ, ပူ, ဘူ, ဉာ, အသ, သမု ဤသို့ အစရှိကုန်သော၊ ဓာတူဟိ-တို့မှလည်းကောင်း၊ ဖန္ဒ စိတိ အာဏက္ဂဧဝမာဒီဟိ- ဖန္ဒ, စိတိ, အာဏ ဤသို့အစရှိကုန်သော၊ သကာရိတေဟိစ—ကာရိတ်ပစ္စည်းနှင့် တကွဖြစ်သော ဓာတ်တို့မှလည်းကောင်း၊ (ပရေသံ) ကတ္တရိ—ကတ္တားအနက်၌ လည်းကောင်း၊ ဘာဝကရဏေသုစ—ဘောအနက်, ကရိုဏ်းအနက်တို့၌ လည်း ကောင်း၊ ယုဏ္ဍနံ ပစ္စယာနံ-တို့၏၊ အန အာနန အက အာနန ကာဒေသာ အန, အာနန, အက, အာနနက အပြုတို့သည်၊ ယထာသင်္ချံ ဟောန္တိ၊ ကတ္တရိ—ကတ္တား အနက်၌၊ တာဝ-စွာ၊ (ဥဒါဟရဏံ—ကား )၊ ပနောဒတိ— ပစ်ပယ်တတ်၏၊ ဣတိ ပနူဒနော—မည်၏၊ ဧဝံ—တူ၊ သူဒနော—ယိုစီးတတ်သော အရာ၊ ဇနနော—ဖြစ်တတ်သော အရာ၊ သဝဏော --နားထောင်တတ်သူ၊ လဝနော-ရိတ်ဖြတ်တတ်သူ၊ ဟဝနော - ပူဇော်တတ်သူ၊ ပဝနော-ဖြူစင်တတ် သော လေ၊ ဘဝနော-ဖြစ်တတ်သော အရာ၊ ဉာဏော-သိတတ်သူ၊ အသနော- စားတတ်သူ၊ သမဏော- ငြိမ်းစေတတ်သူ၊ ဘာဝေစ - ဘော အနက်၌လည်း၊

---

၆၄၁။ နုဒါဒီဟိ ၊ပေ၊ သကာရိတေဟိစ။ ။ နုဒါဒီဟိ၌ အာဒိဖြင့် သူဒ စသည်ကိုယူ၊ ကာရိတ်ပစ္စည်း မပါသော နုဒ စသော ဓာတ်များနောင် ယုဏ္ဍတို့ကို အန စသည်ပြု၊ သကာရိတေဟိ အရ၌ကား ဖန္ဒ—စိတိ—အာဏ စသော ဓာတ်များကိုယူ၊ ကာရိတ်ပစ္စည်း ပါရှိသော ထို ဖန္ဒစသော ဓာတ်များ နောင်လည်း အန စသည်ပြု၊ သကရိတေဟိစ၌ စသဒ္ဒါကား နုဒါဒိ၌ သကာရိတ ဓာတ်ကိုပေါင်းသော သမ္ပိဏ္ဍနတည်း။

မှတ်ချက်။ ။ဤ၌ "ကာရိတ်ပစ္စည်းနောင် သက်သော ယုဏ္ဍတို့ကို အန စသည်ပြု"ဟု ဆိုထားသဖြင့် ကာရိတ်ပစ္စည်းနှင့် ဓာတုပစ္စယချင်းတူသော ခ- ဆ—သ—စသော ဓာတုပစ္စယတို့နောင်လည်း ယုဏ္ဍ တ, စသော ကိတ ပစ္စည်း နှင့် ကိစ္စ ပစ္စည်းများ သက်နိုင်၏-ဟု မှတ်ချက်ရ၏၊ ထို့ကြောင့် တိတိက္ခနံ တိကိစ္ဆနံ စသောရုပ်၊ တိတိက္ခိတော ဗုဘုက္ခိတော စသော ရုပ်၊ တိတိက္ခိတဗ္ဗံ တိတိက္ခနီယံ စသောရုပ်များ ရှိနိုင်သည်ဟု မှတ်ပါ၊ သာဓကဂါထာကို ရှုမှာရှု။

အနု, အကအပြု ထည့်ရပုံ။ ။အနကာ ယုဏ္ဍနံသုတ်ဖြင့် အန-အက ပြုပြီး ဖြစ်၍ ဤသုတ်ဖြင့် အန-အက ပြုပြန်ခြင်းသည် ပုနရုတ္တိဒေါသ မရောက်ပါလော ဟု ( ကိတ်နှင့် ဥဏာဒ်ကို ကျမ်းဆရာ တဦးတည်း စီရင်သည်ဟု ယူကြသော ဆရာတို့ အလိုအားဖြင့် ) စောဒနာဖွယ် ရှိ၏၊ အနကာ ယုဏ္ဍနံ သုတ်သည် မည်သည့် ဓာတ်နောင်ဟု မသတ်မှတ်သဖြင့် သာမညဝိဓိသုတ် ဖြစ်၏၊ ဤသုတ် ကား နုဒစသောဓာတ်,သကာရိတဓာတ်နောင်ဟု သတ်မှတ်ထားသဖြင့် ဝိသေသ ဝိဓိသုတ် ဖြစ်၏၊ ဝိသေသဝိဓိသုတ်သည် သာမညဝိဓိသုတ်ကို တားမြစ်လေ့ ရှိ၏၊

(ဥဒါဟရဏံ)၊ ပန္ဒတေ-ပစ်ပယ်ခြင်း၊ ပန္ဒနံ-ခြင်း၊ ဇဝံ—တူ၊ သူဒနံ—ယိုစီးခြင်း၊ ဇနနံ-ဖြစ်ခြင်း၊ **သဝဏံ**—ကြားခြင်း၊ လဝနံ—ရိတ်ခြင်း၊ ဟဝနံ-ပူဇော်ခြင်း၊ ပဝနံ—ဖြူစင်ခြင်း၊ ဘဝနံ-ဖြစ်ခြင်း၊ ဉာဏံ—သိခြင်း၊ အသနံ—စားခြင်း၊ **သမဏံ**—ငြိမ်းခြင်း၊ သဥ္စာနနံ - ကောင်းစွာသိခြင်း၊ **ကုဏ္ဍ**တေ—အသံပြုခြင်း၊ ကာနနံ-ခြင်း၊ ကာရိတေစ—**ကာရိတ်ပစ္စည်း** ရှိရာ၌လည်း၊ (ဥဒါဟရဏံ)၊ ဖန္ဒာပီယတေ—တုန်လှုပ်စေခြင်း၊ ဖန္ဒာပနံ-ခြင်း၊ စေတာပီယတေ-စေ့ဆော်စေခြင်း၊ စေတာပနံ-ခြင်း၊ အာဏာပီယတေ-စေခိုင်းခြင်း၊ အာဏာပနံ-ခြင်း၊ ကရဏေ—ကရိုဏ်းအနက်၌၊ (ဥဒါဟရဏံ)၊ အနေန—ဤ အရာဝတ္ထုဖြင့်၊ နုဒန္တိ—ပစ်ပယ်ကုန်၏၊ ဣတိ—ထိုသို့ ပစ်ပယ်ကြောင်း၏အဖြစ်ကြောင့်၊ နူဒနံ—မည်၏၊ ဇဝံ-တူ၊ သူဒနံ— ယိုစီးကြောင်း၊ ဇနနံ—ဖြစ်ကြောင်း၊ **သဝဏံ**—ကြားကြောင်း နား၊ လဝနံ- ရိတ်ဖြတ်ကြောင်း၊ ဟဝနံ - ပူဇော်ကြောင်း၊ ပဝနံ—ဖြူစင်ကြောင်း၊ ဘဝနံ- ဖြစ်ကြောင်း၊ ဉာဏံ- သိကြောင်း၊ အသနံ-စားကြောင်း၊ သမဏံ—ငြိမ်းကြောင်း၊ ပုန-တဖန်၊ ကတ္တရိ-၌၊ (ဥဒါဟရဏံ)၊ နုဒတိ-ပစ်ပယ်တတ်၏၊

---

ထို့ကြောင့် ဤသုတ်၌ အန-အာက အပြုမပါလျှင် နုဒစသော ဓာတ်နှင့် သကာရိတ ဓာတ်များနောင် အန-အာက အပြုကို တားမြစ်၍ "အာနန-အာနနက" သာ ပြုသည်ဟု ထင်မှားဖွယ် ရှိ၏၊ ထိုသို့ မထင်မှားဖို့ရာ နုဒစသော ဓာတ်, သကာရိတ ဓာတ်တို့နောင်လည်း အန-အာက ပြုသေး၏ဟု သိစေလို၍ အန-အာက အပြုတို့ ထည့်၍ပြသည်၊ [နုဒါဒီဟိတိ ဧတ္ထ အနကာဒေသဂ္ဂဟဏံ ဣမိနာ ဝိသေသဝိဓိနာ ပုဗ္ဗေ ဝုတ္တသာမညဝိဓိ နိသေဓပ္ပသင်္ဂနိဝတ္တနတ္ထံ၊- ရူပဒီကာ။]

ကတ္တရိဘာဝ။ ။"ကတ္တရိဘာဝကရဏေသုစ"ဟု ဤသုတ်ဆိုင်ရာ ယုဏ္ဍုပစ္စည်းတို့၏ အနက် ၃-မျိုးတွင် ကတ္တားအနက်ဟော ယုပစ္စည်းတို့၏ အန အပြုပုံစံကို ပြလိုသောကြောင့် "ကတ္တရိဘာဝ"ဟု မိန့်သည်၊ ပန္ဒနော· ပပုဗ္ဗနုဒ = ခေပေ စသည်၊ ကတ္တုကာရက ပဓဒေသေသုစသုတ်ဖြင့် ကတ္တားအနက်၌ ယုပစ္စည်းသက်၊ ဤသုတ်ဖြင့် ယုကို အနပြု, ဒ်ကို အ သို့ကပ်၊ (ပန္ဒနံ)၊ ကွစိ ဓာတုဖြင့် နု၏ ဥကို ဦဒီဃပြု၊ နာမ်ငဲ့ စသည်၊ [ကွစိဓာတု တျာဒိနာ နုဒိဿ ဒီဃော"—ရူ၊] သူဒနော-သူဒ- ပဿရဏေ (ယိုစီးခြင်း, ယိုချခြင်း)၊ ဇနနော-ဇန=ဇနနေ၊ သဝဏော-သု=သဝဏေ၊ ဥကို ဩဝုဒ္ဓိ, ဩကို အဝပြု၊ [သု၌ သက္ကတဝယ် ရိဆွဲနှင့် ရှိသောကြောင့် နကို ဏပြု၍ "သဝဏော သဝဏံ"ဟု ရှိစေ၊] လဝနော-လူ=ဆေဒနေ၊ ဟဝနော-ဟု=ဒါနာဒန ဟဗျပ္ပဒါနေသု၊ ပဝနော-ပူ=ပဝနော (ဖြူစင်ခြင်း)၊ ဘဝနော-ဘူ=သတ္တာယံ၊ ဉာဏော-ဉာ=အဝဗောဓနေ၊ ["ဉာ+အန"ဖြစ်သည့်အခါ ကွစိဓာတုဖြင့် နောက် အချေ၊ ရဟာဒိတော ဏဖြင့် နကို ဏပြု၊ ဝါပရော ယောဂဝိဘာဂဖြင့်လည်း ချေကြ၏၊ ရှေ့

ဣတိ နူဒကော—မည်၏၊ သူဒထိ-ယိုချတတ်၏၊ ဣတိ သူဒကော၊ ဇနေတိ ဖြစ်စေတတ်၏၊ ဣတိ ဇနကော၊ သုဏောတိ—နားထောင်တတ်၏၊ ဣတိ သာဝကော (စကားကို နားထောင်တတ်သော တပည့်)၊ လုနာတိ - ရိတ်ဖြတ်တတ်၏၊ ဣတိ လာဝကော၊ ဇုဟောတိ—ပူဇော်တတ်၏၊ ဣတိ ဟာဝကော၊ ပုနာတိ-ဖြူစင်တတ်၏၊ ဣတိ ပါဝကော (မီး)၊ ဘဝတိ—ဖြစ်တတ်၏၊ ဣတိ ဘာဝကော၊ ဇာနာတိ-သိတတ်၏၊ ဣတိ ဇာနကော၊ အသတိ-စားတတ်၏၊ ဣတိ အသကော၊ ဥပါသတိ-ဆည်းကပ်တတ်၏၊ ဣတိ ဥပါသကော(ရတနာ ၃-ပါးကို ဆည်းကပ်တတ်သော ဥပါသကာ)၊ သမ္မတိ—ငြိမ်သက်တတ်၏၊ ဣတိ သမကော၊ ကာရိတေသု-ကာရိတပစ္စည်း ရှိရာ၌ ဥဒါဟရုဏ်ကား၊ ဖန္ဒာပယတိ—တုန်လှုပ်စေတတ်၏၊ ဣတိ ဖန္ဒာပကော (တချို့စာ၌ "ဖန္ဒာပယကော"ဟု ဏာပယပစ္စည်းဖြင့် ရှိ၏၊) ဧဝံ, အာဏာပကော- စေခိုင်းတတ်သူ၊ သညာနကော—သိစေတတ်သူ၊ (၅၇၃)။

---

အာကိုချေ၍ နောက် အ ကိုလည်း ဒီဃပြုကြ၏၊ သို့သော် သန္ဓိစပ်သော အရာ မဟုတ်သောကြောင့် သန္ဓိအစီအရင် မဝင်စေပဲ ကွဝိဓာတုဖြင့် စျာနံပုဒ်၌ (ရူပသိဒ္ဓိ) ချေသည်၊] အသနော—အသ=ဘက္ခနေ၊ သမကော—သမု = ဥပသမေ၊ ငြိမ်းခြင်း, ငြိမ်းခြင်း၊ န ကို ဏပြု။

ဘာဝေစ။ ။ဘောအနက် ဖြစ်သောကြောင့် နန္ဒာဒိဟိယု သုတ်ဖြင့် ယုပစ္စည်းသက်ရခြင်း "ဘောမှာ နပုံးများသတည်း"ဟု ဘောအနက်၌ ယုပစ္စည်းသက်လျှင် နပုလ္လိင်သာများသောကြောင့် ပန္နုဒနံစသည်ဖြင့် နပုလ္လိင်ဖြစ်ရခြင်း, သိကုံ အံပြုရခြင်းသာ ထူး၏၊ သညာနံ ကာနန်တို့ကား ယုကို အာနနပြုရာ ပုံစံများတည်း၊ သံပုဗ္ဗ, ဉာဓာတ်, ယုသက်၊ ဤသုတ်ဖြင့် ယုကို အာနနပြု၊ ဉာဿ ဇာဇံနာသုတ်ဖြင့် ဉာကို ဇာပြု, ဇခွင်း, ချေ, ကပ်, နာမ်ငဲ့စသည်၊ ["ဇာဒေသော နာမှိ ဇံ ဉာမှိ"ဟု နာပစ္စည်းနှောင်းရာ၌သာ ဉာကို ဇာပြုဖို့ရန် ရူပသိဒ္ဓိသတ်မှတ်ခြင်းသည် အာချာတ်ပုဒ်များအတွက် သတ်မှတ်ခြင်းသာတည်း၊ ဤကိတ်ပုဒ်များ၌ကား နာပစ္စည်း မနှောင်းပဲလည်း ဉာကို ဇာပြုရသည်၊ [နာပစ္စည်းသက်လျှင်လည်း ချေရုံသာ။)] ကာန္ဒနံ-ကု=သဒ္ဒေ (အသံပြုခြင်း)၊ ယုကို အာနနပြု, ကု၏ ဥကို ချေ, (က်)ကို အာသို့ကပ်။

ကာရိတေစ။ ။ဖန္ဒာပနံ—ပဒိ=စလလေ၊ ဓာတူဟိဏေ ဏယသုတ်ဖြင့် ဏာပေသက်၊ ကာရိတ်မှည့်, ဏ်အနုဗန်ချေ၊ ကွဝိဓာတုသုတ်ဖြင့်, တနည်း နိဂ္ဂဟီတဥ္ဆဖြင့် ဖဓနောင် နိဂ္ဂဟိတ်လာ၊ ဝဂ္ဂန္တပြု၊ (ဖန္ဒာပ)၊ နန္ဒာဒိဟိယုဖြင့် ယုသက်, အနပြု စသည်၊ [နိဂ္ဂဟိတ်လာရာ၌ "ဣကာရာနုဗန္ဓ ဓာတုသရတော ကွဝိဓာတုတျာဒိနာ နိဂ္ဂဟီတဥ္ဆာတိဝါ နိဂ္ဂဟီတာဂမော"—ရှု (သဒ္ဒ ကုဓစလသုတ်အဖွင့်)

ဠယ ၊ပေ၊ သက္ခိစ ၆၄၂။ ဠ ယ တ မ ကိ သေ ဠတိ-ဠ, ယ, တ, မ, ကိ, သေ ဟူကုန်သော၊ စေတေသံ သဗ္ဗနာမာနံ- ဤ သဗ္ဗနာမ်တို့၏၊ အန္တော-အဆုံးဖြစ်သော၊ သရော-သည်၊ ဒီဃံ အာပဇ္ဇတေ၊ ကွစိ-အချို့ အရာ၌၊ ဒုသဠတိ - ဒုသဟူသော၊ တေဃ ဓာတုဃ- ၏၊ ဥကာရော-ဥ အက္ခရာသည်၊ ဂုဏ-ဂုဏ်အဖြစ်သို့၊ အာပဇ္ဇတေ၊ဒကာရော ရကာရံ(ရ အဖြစ်သို့)အာပေဇ္ဇတေ၊ ဓာတွန္တဿ—ဓာတွန်ဖြစ်သော၊ သဿစ - သ၏လည်း၊ သ က္ခ ဠတို—သ, က္ခ,

---

ရှိတိုင်းလာသည်၊] စေတာပနံ-စိတိ=စေတာယံ (စေ့ဆော် အားထုတ်ခြင်း)၊ ဏာပေဃက်, စိ၌ ဠကို စေ့ဒိပြု စသည်၊ အာဏာပနံ - အာဏ = ပေဃနေ ၊(စေခိုင်းခြင်း) စသည်နည်းတူ၊ [ဖန္ဒာပနံ စသည်၌လည်း ယုပစ္စည်းများ ဘော အနက်ဟော ဖြစ်၍ "ဘာဝေစ" အရတွင် ဤ သကာရိတဓာတ်၏ ပုံစံများကို ဆက်၍ပြသည်။]

ကရဏေ။ ။"ကတ္တရိ ဘာဝကရဏေသု"ဟူသော ၃-နက်တွင် ဘာဝ အနက် ပြပြီး၍ ကရိုဏ်းအနက်၌ ပုံစံပြလိုသောကြောင့် ကရဏေဟု မိန့်၊ ကတ္တု ကရဏေ ပဒေသေသုစဖြင့် ကရဏသာဓန၌ ယုပစ္စည်း သက်ရခြင်းသာ ထူး၏၊ ရုပ်ပြီးပုံမှာ ရှေးအတိုင်းပင်။

ပုနကတ္တရိ။ ။ရှေး၌ ကတ္တုဘာဝကရဏ အနက်၌ ယု ပစ္စည်း၏ အန အာနနပြုရာ ပုံစံများကို ပြပြီး၍ တဖန် ကတ္တားအနက်၌ ဏ္ဍု ပစ္စည်း၏ အက- အနက ပြုပုံများကို ပြလိုသောကြောင့် ပုန ကတ္တရိဟု မိန့်သည်၊ ဏ္ဍု သက်၍ ဤသုတ်ဖြင့် အကပြုခြင်းသာ ထူး၏၊ နူဒကောစသည်ကို တွက်လေ၊သာဝကော စသည်၌ တေ အာဝါယာ ကာရိတေဖြင့် ဩကို အာဝပြု၊ ဥပါသကော၌ ဥပ ပုဗ္ဗ+အာသ=ဥပဝေသနေ (ကပ်ဝင်ခြင်း)ဟု ဆို၊ ဏ္ဍုပစ္စည်းဖြစ်၍ "သမ္မတိ- ငြိမ်သက်တတ်၏၊ ဠတိ သမဏော"ဟု က အက္ခရာနှင့် ရှိရမည်၊ ဒိဝါဒိ ဖြစ်၍ "သမ္မတိ" ဟုလည်း ရှိရမည်၊ ကာရိတ်ပစ္စည်းဝင်ရာ၌ ဖန္ဒာပယကော စသည် ဝယ် ဏာပယပစ္စည်းသက်လျှင် "ဖန္ဒာပယ"ဟု ဖြစ်၏၊ ဏ္ဍု သက်၍ အကပြု၊ သဥ္ဇာနနကောသည် ဏ္ဍုကို အာနနက ပြုပုံတည်း၊ သံပုဗ္ဗ ဉာဓာတ် ကာရိတ် ဏာပေပစ္စည်း, ဏ် အနုဗန်ချေ, (သံ+ဉာ+ါ ပေ) ဏ္ဍု သက်, အာနနကပြု၊ (သံ+ဉာ+အာပေ+အာနနက) ကွစိဓာတုဖြင့် ကာရိတ် အာပေကိုချေ၊ ဉာဿ ဇာဇံနာဖြင့် ဉာကို ဇာပြု၊ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တပြု၊ ဇခွင်း, ချေ ကပ် ( သဥ္ဇာနန ကော) နာမ်ငှဲ့ စသည်။

ဤ ဟူကုန်သော၊ ဧတေ အာဒေသာ ဟောန္တိ၊ (ယထာသင်္ချံဟု ရှိသေးသည်ကား အပို၊ ချာသ—ရူတို့၌လည်း မပါ၊) ဧတေ သဒ္ဒါ—ဤသဒ္ဒါတို့ကို၊သကေန သကေန နာမေန- မိမိဥစ္စာ မိမိဥစ္စာဖြစ်သော နာမည်ဖြင့်၊ ယထာနု ပရောဓေနပါဠိတော် အားလျော်စွာ မဆန့်ကျင်သဖြင့်၊ ဗုဒ္ဓသာသနေ - ဘုရား၏ သာသနာတော်၌၊(ပရိယတ် သာသနာတော်၌)၊ ပဏ္ဍာ ပုန- တဖန်၊ နိပစ္စန္တေ- ပြီးစေအပ်ကုန်၏၊ ဣမမိဝ - ဤသူကိုကဲ့သို့၊ နံ-ထိုသူ့ကို၊ ပဿတိ - ရှုတတ်၏၊ ဣတိ—

---

၆၄၂။ ဣယ ၊ပေ၊ ကွိစ။ ။ဤ ဒိသော စသည်ကို "ဣမ-သဒ္ဒူပပဒ+ဒိသတည်၊ ဒိသ-ပေက္ခဏေအနက်၌ ဓာတ်မည်၌ ကွိသက်၊ ["ဧတေသဒ္ဒါ သကေန၊ပေ၊နိပစ္စန္တေ"ဟု ဆိုသောကြောင့် ဓာတွန်ချေလျှင် ပါဠိတော်နှင့် ဆန့်ကျင်ဘက် ဖြစ်ရကား ဓာတွန္တဿလောပေ၊ ကွိမှိဖြင့် ဓာတွန် မချေရ၊] ဤသုတ်ဖြင့် ဒိသ၏ သကို သထပ်ပြု၊ ကွိလောပေါစဖြင့် ကွိချေ၊ ဤတိုင်အောင်သောရုပ်တွက်စဉ်မှာ သုတ်အဆိုဖြင့် မသိသာသေး၊ ချာသကို ကြည့်၍ သိရသည်၊ ထို့နောက် "ဒိသဿ ဂုဏံ"ဟူသော သုတ်ပုဒ်နှင့် "ဒိသ ဣစ္စေတဿ ဓာတုဿ ဥကာရော ဂုဏမာပဇ္ဇတေ"ဟူသော ဝုတ္တိအရ ဒိသဓာတ်၏ ဥကို ဣဂုဏ်ပြု၊ (ဣမ+ဒိသ)၊ ဤသုတ်ဖြင့် ဣမ၏ မကိုချေ၍ ဣကိုလည်း ဤဒီပြု၊(ဤဒိသ)နာမ်ငံ့စသည်။]

ဣယ၊ပေ၊ဒီဃံ။ ။ဣဖြင့် ဣမသဒ္ဒါကို၊ မဖြင့် အမှသဒ္ဒါကို၊ ကိဖြင့် ကိံသဒ္ဒါကို၊ ဧဖြင့် ဧတသဒ္ဒါကို၊ သဖြင့် သမာနသဒ္ဒါကို ပြ၏၊ ထို့ကြောင့် ဣမ, ယ, တ, သမာန သဒ္ဒူပပဒ ဒိသ တည်ရသည်၊ ထို ဣမ စသည်ကိုလည်း ဤသုတ်ဖြင့်ပင် ဣ, မ, ကိ, ဧ, သ ပြုရမည်၊ ထိုသို့ ပြုပြီးနောက် "အန္တသရော ဒီဃံ"အရ ဤ ယာ-တာ-မာ-ကီ (မှော နဂိုရ် ဒီဃဖြစ်၍ ပြုဖွယ်မလို) သာ"ဟု ဒီဃပြု၊ ဤဒိသ၌ ဣသရမှာ သူ့ချည်းသက်သက် ဖြစ်သောကြောင့် အန္တသရ မဟုတ်သော်လည်း ယ စသည်၏ အန္တသရတွေ များသောကြောင့် ယေဘုယျအားဖြင့် "အန္တသရော"ဟု ဆိုထားသည်။

ဆရာ။ ။ဆရာတို့ကား "ဣမ, ယ, တာ–မှ, ကိ-မေတ, သမာနာဒီန-မန္တသရော ဒီဃံ"ဟု သုတ်ကို ပြင်ဆင်တော်မူကြ၏၊ ထိုသို့ပြင်လျှင် "အန္တသရော ဒီဃံ"ဟု ဆိုရကား ဣမ၌ မ၏အဆုံးသရ, အမှ၌ မှ၏ အဆုံးသရ (ကိံ၌ အဆုံးသရမရှိ နိဂ္ဂဟိတ်ဖြစ်နေ၏၊) တေ၌ တ၏ အဆုံးသရ, သမာန၌ န၏ အဆုံးသရ ဒီဃပြုရလေမည်လားဟု ယုံမှားဖွယ်ကား ရှိနေလေသည်။

ဒိသဿ ဂုဏံ။ ။"ဒိသဓာတ်၏ ဥကို ဂုဏ်ပြု"ဟူရာ၌ ချာသဝယ်"ကောရာဒီနံဝုဒ္ဓိတိ ဂဟိတတ္တာ = ဧ ဩ တို့ကို ဝုဒ္ဓိဟု ယူအပ်ပြီး ဖြစ်သောကြောင့်၊ ဂုဏောတိ ဣကာရာဒီနံ သင်္ကေတိ=ဂုဏောဟူသော ပါဌ်ဖြင့် ဣ စသည်တို့ကို

ထို့ကြောင့်၊ ဤဒိသော-ဤဒိသ မည်၏၊ ယမိဇ-အကြင်သူကိုကဲ့သို့၊ နံ ပဿတိ၊ ဣတိ၊ ယာဒိသော၊ (နောက်၌လည်း တမိဝ-ထိုသူကိုကဲ့သို့၊ ကိမိဝ-အဘယ်သူကိုကဲ့သို့၊ ဧတမိဝ-ဤသူကိုကဲ့သို့၊ သမာနမိဝ-တူသူကိုကဲ့သို့၊ ဤသို့ချည်းပေး၍ တာဒိက္ခော တိုင်စေ၊)ဧဝံ-တူ၊ မာဒိက္ခော-ငါကဲ့သို့ ရှုအပ်သူ၊ ကီဒိက္ခော-အဘယ်ကဲ့သို့ ရှုအပ်သူနည်း၊၊ ဧဒိက္ခော-ဤသူကဲ့သို့ ရှုအပ်သူ၊ သာဒိက္ခော-တူသူကဲ့သို့ရှုအပ်သူ၊ ဤဒီ-ဤသူကဲ့သို့ ရှုအပ်သူ၊ယာဒီ-အကြင်သူကဲ့သို့ ရှုအပ်သူ၊

---

သိမ်းယူ၏''ဟု ဆို၏၊ ဣပြုခြင်း စသည်ကိုပင် ဂုဏ်ခေါ်သည်-ဟူလို၊ ထို့ကြောင့် ဒု၏ ဥကို ဣ ဂုဏ်ပြုဟု ဆိုရသည်၊ သို့သော် သက္ကတဗျာကရုဏ်းတို့၌မူ ''ဣကို ဧ, ဥကို ဩ,ရိကို အာရ်,လိကို အလ်'' ဤသို့ စသည်ဖြင့် ပြုခြင်းကို ဂုဏ(ဂုဏ်) ပြုဟု ဆို၏၊ ထို့ကြောင့် ဒု၏ ဥကို ဣ ဂုဏ်ပြုခြင်းကား ဗျာကရုဏ်းကျမ်းများ၏ ထုံးစံ မကျချေ၊ ထို့ကြောင့် ရူပသိဒ္ဓိ၌ ဒုသဓာတ် မကြံပဲ ဒိသဓာတ် ကြံ၍ ဂုဏ်ကိုလည်း ဝိဘတ္တိဝစန (ဆဋ္ဌီဗဟုဝုစ်မှ ဒုတိယာဧကဝုစ် ဝိဘတ် ပြန်နေသော) ဝိပလ္လာသဟု တမျိုးဖွင့်လေသည်၊ ထို ဒိသဓာတ်ကြံခြင်းသည် ကာတန္တသုတ်နှင့်လည်း ညီညွတ်ပေသည်၊ သုတ်ကို နောက်၌ပြအံ့။

ဒေါရံ သက္ခိစ။ ။ဒိသမှ ဒကို ရပြု၍ ''ဤရိသော'' စသောရုပ်များ တရံတခါ ဖြစ်ရသည်၊ ကို့ပစ္စည်း နှောင်းသည့်အတွက် ဓာတ္ထန္တသာ လောပေါ်ဖြင့် ဓာတ္ထန်သကို ချေမည်စိုးသောကြောင့် ဒိသမှ သကို သ ထပ်ပြု၊ ဤရိသောစသည် ဖြစ်၏၊ က္ခ ပြုလျှင် ''ဤဒိက္ခော'' စသည် ဖြစ်၏၊ ဤပြုလျှင် ''ဤဒီ'' စသည် ဖြစ်၏၊ စသဒ္ဒါ၏ အနက်ကို ဝုတ္တိဆရာကိုယ်တိုင် ''စဂ္ဂဟဏေန'' စသည်ဖြင့် ပြလတ္တံ့။

ဝိဂ္ဂိုဟ်ပြုပုံ။ ။ကို့ ပစ္စည်းသည် ကိတ်အမည်ရှိ၍ ''ကတ္တရိကိတ်'' သုတ်နှင့်အညီ များသောအားဖြင့် ကတ္တားအနက်ကို ဟော၏၊ ထို့ကြောင့် ''ဣမမိဝ နံ ပဿတိ'' စသည်ဖြင့် ကတ္တုသာဓန ဝိဂ္ဂိုဟ်ချည်း ပြုလေသည်၊ သို့သော် ကျမ်းဂန်တို့၌ တာဒိဂုဏ်ကို ပြသော တာဒီပုဒ်မှ တပါး ''ဤဒိသော'' စသော ပုဒ်များ၌ ''ဤသူကဲ့သို့ ရှုအပ်သူ'' စသည်ဖြင့် ကံအနက်သာ အတွေ့များ၏၊ ထို့ကြောင့်လည်း ရူပသိဒ္ဓိ၌ ကစ္စည်းဝုတ္တိအတိုင်း ကတ္တုသာဓန ဝိဂ္ဂိုဟ်ကို ပြပြီးလျှင် မိမိဇလိုကျ ''အယမိဝ ဒိဿတိ''ဟု ကမ္မသာဓနဝိဂ္ဂိုဟ်ကို တနည်း ပြလေသည်၊ ထို ကမ္မသာဓနဝိဂ္ဂိုဟ်သာ သက္ကတ ဗျာကရုဏ်းအဆိုနှင့် ညီသောကြောင့် ထိုအတိုင်းပင် အခြေပြု၍ ဝိဂ္ဂိုဟ်ပြုထားသည်၊ တာဒီပုဒ်၌ကား ''တမိဝ ပဿတီတိ တာဒီ = ထို အနိဋ္ဌကဲ့သို့ ဣဋ္ဌကို ရှုတတ်, ထို ဣဋ္ဌကဲ့သို့ အနိဋ္ဌကို ရှုတတ်သောပုဂ္ဂိုလ်''ဟု ကတ္တုသာဓန ပြုရပေသည်။

ကစ္စည်း (၃) ၃၆-၁

[တာဒီ-စသည်လည်း တာဒိက္ခော စသည်ကဲ့သို့ပေး၊] စဂ္ဂဟဏေန-ဖြင့်၊ ဣယ ဣစ္စေဝမာဒီနံ-ဣယ ဤသို့ အစရှိကုန်သော၊ တေသမေဝသဒ္ဒါနံ-ထို သဒ္ဒါတို့၏ ပင်၊ အန္တော-အဆုံးဖြစ်သော၊ သရောစ-သရသည်လည်း၊ ကွစိ-၌၊ ဒီဃတ္တံ-ဒီဃအဖြစ်သို့၊ (အာပဇ္ဇတေ-၏၊ ဣတိ-သို့၊) အာဟု-ဆိုကုန်၏၊ ဤဒိက္ခော-ဤသူကဲ့သို့ ရှုအပ်သူ၊ပေ၊သာဒိက္ခော-တူသူကဲ့သို့ရှုအပ်သူ၊ [အချို့စာများ၌ ဣဒိသော စသော ရုပ်များကျသည်၊] ဣဒိသော-ဤသူကဲ့သို့ ရှုအပ်သူ၊ပေ၊ သရိက္ခော-တူသူကဲ့သို့ ရှုအပ်သူ။ (၅၇၉)။

---

ကာတန္တ။ ။ကမ္မန္ဒုပမာနေ တျဒဒေါ် ဒိသာ ဋက်သကာစ (သုတ်)၊ တျဒဒေါ်—တျဒ် အစရှိသော၊ ဥပမာနေ - ဥပမာနဖြစ်သော အနီးပုဒ်သည်၊ သတိ · သော်၊ ကမ္မနိ - ဥပမေယျဖြစ်သော ကံအနက်၌၊ ဒိသာ - ဒိသဓာတ်မှ နောက်၌၊ ဋက်သကာစ - ဋက်ပစ္စည်း, သက်ပစ္စည်း တို့သည်လည်းကောင်း၊ ကွိပ်စ-ကွိပ် ပစ္စည်းသည်လည်းကောင်း၊ ဘဝန္တိ-ဖြစ်ကုန်၏၊ (သုတ်နက်)၊ ယျဣဝ ဒိဿတေ တျာဒိသော-ထိုသူကဲ့သို့ ရှုအပ်သူ၊ တာဒိက္ခော, တာဒိက် စသည်။ [ဤ၌ "သျဣဝ" သည် ဥပမာနလည်း ဟုတ်၏၊ တျဒ် သဒ္ဒုပပဒ ဒိသဟု တည် ရသောကြောင့် ဒိသဓာတ်၏ ဥပပဒလည်း ဟုတ်၏၊ ဤ၌ ဒိသဓာတ်ဟု ဆိုခြင်း, ကံအနက်၌ ပစ္စည်းသက်ခြင်းနှင့် ရူပသိဒ္ဓိဆိုပုံသည် ထပ်တူကျ၏၊ စ သဒ္ဒါဖြင့် ကွိပ်(ကွိ) ပစ္စည်းကို ဆည်းယူခြင်းလည်း နောက်၌ "စဂ္ဂဟဏေန" စသော စကားကို စဉ်းစားဖို့ရာ ဖြစ်လာသည်။]

ဝိဂ္ဂိုဟ်အမျိုးမျိုး။ ။သမာနံ ဒဿနံ အဿာသိ သာဒိသော-သံခိတ္တသာရ၊ သမာနံ ဒဿနံ အဿာတိ ကမ္မနိ ဆဋ္ဌီ-ဋင်းဋီကာ၊ [အဿ-ထိုသူ့ကို၊ သမာနံ-အခြားသူနှင့် အလားတူသော၊ ဒဿနံ-ရှုမြင်ရခြင်းသည်၊ အတ္ထိ, ဣတိ, သာဒိ သော-မည်၏၊ (အခြားသူနှင့် အလားတူ မြင်ရခြင်းရှိသူ)၊ ဤ၌ အဝုတ္တကံ အနက်ဖြစ်သော အဿ၏ အနက်ကို အရကောက်ရသောကြောင့် "ဣမမိဝ နံ ပဿတိ" စသော ဝိဂ္ဂိုဟ်ကိုလည်း နံဟူသော အဝုတ္တကံအနက်ကို အရကောက်၍ အဝုတ္တကမ္မသာဓနေဟုလည်း ကြံကြ၏၊ ထိုသို့ကြံလျှင် "ဤဒိသော-ဤသူကဲ့သို့ ရှုအပ်သူ" ဟု အနက်လည်း ထွက်သည်၊ "သော ဣဝ အယံ တာဒီ" စသည်ဖြင့် ဥဒါမာတဒ္ဓိတ်လည်း မဟာဘာသာ၌ ကြံသေးသတတ်၊ အယံ-ဤသူသည်၊ သော ဣဝ-ထိုကဲ့သို့တည်း၊ (ထိုသူနှင့်တူ၏)၊ တာဒီ-ထိုသူနှင့် တူသူ။

ပုံစံများ။ ။ယာဒိသော စသည်၌ ယ-တ-ကိံ-ဧတ- အမှ-သမာန သဒ္ဒုပပဒ ဒိသ ဟု (နျာသအလို)တည်၊ ဒိသ=ပေက္ခဏေ, ကွိသက်, ဒိသ၏ သကို သပြု, ကွိချေ, ဒိ၏ ဥကို ဣဂုဏ်ပြု၊ ယ၏ အကို အာပြု၊ နာမ်ငဲ့ စသည်ဖြင့် ဤဒိ သော တွက်ပြခဲ့သည့်အတိုင်းတွက်၊ "ဝဇာဒီဟိ ပဗ္ဗဇ္ဇာဒယော" မှ လိုက်လာသော

ဘျာဒီဟိ၊ပေ၊တ္တော ၆၄၃။ ဘီ ဣစ္စေဝမာဒီဟိ-ဘီ ဤသို့ အစရှိကုန်သော၊ ဓာတူဟိ-ဓာတ်တို့မှ နောက်၌လည်းကောင်း၊ မတိဗုဒ္ဓိ ပူဇာဒိတော စ-မန, ဗုဓ, ပူဇ, အစရှိသော ဓာတ်တို့မှ နောက်၌လည်းကောင်း၊

---

နိပစ္စန္တေကို "ဧတေသဒ္ဒါ သကေန၊ပေ၊နိပစ္စန္တေ"ဟု ဖွင့်သော ဝုတ္တိနှင့် အညီ, ကံ မှ နိဂ္ဂဟိတ်, ဧတမှ တ, သမာနမှ မာနတို့ကို ဤသုတ်ဖြင့်ပင် ချေ၊ အမှုကိုလည်း ဤသုတ်ဖြင့် (မ) ပြု၍ တာဒိသော စသည် ပြီးစေ၊ ဤရိသော စသည်၌ "ဒေါ-ရံ" အရ ဒကို ရပြု၊ ဤဒိက္ခော စသည်၌ကား ဒိသ၏ သကို ကပြု၊ ဤဒိ စသည်၌ ဒိသ၏ သကို ဤပြု, သိသက်, ချေ, ဒဏ္ဍီကဲ့သို့ ရုပ်စဉ်။

စဂ္ဂဟာဏေန။ ။"အန္တေဝသရေ"ဟု ကတ္တားပုဒ်ရှိသောကြောင့် ဒိသတ္တံ နောင်"အာပစ္စတေ"ဟု ကြိယာကိုလည်းကောင်း,ဣတိကိုလည်းကောင်း ထည့်၍ အနက်ပေးသည်၊] ဤ-ယာ—တာ-စသည်ဖြင့် အချို့အရာ၌သာ ဒိသ အဖြစ်ကို ပြုရကား ဒိသအပြု မမြဲကြောင်းကို စသဒ္ဒါက ပြသည်-ဟူလို၊ ထို့ကြောင့် "ဤဒိသော၊ပေ၊သာဒိက္ခော"ဟု ဒိသပြုပုံ ၇-ရုပ်နှင့်"ဣဒိသော၊ပေ၊သရိက္ခော" ဟု ဒိသ မပြုပုံ ၄-ရုပ်ကို ထုတ်ပြထားသည်၊ ထိုတွင်"ဣဒိသော"ရုပ်သည် ပိဋကတ်၌ မရှိ၊ ရှေ့၌ "သဒိသော, သရိသော, သရိက္ခော"ဟု ပြသည်၊ "ဗျဂ္ဃစ္ဆာပသရိဝဏ္ဏောတိ—တံ့ အမှာကံ ဗျဂ္ဃပေါတက သမာနဝဏ္ဏောဝ"စသည်ဖြင့် ကိတဇမ္ဗုခါဒကဇာတ် အဋ္ဌကထာ ဖွင့်၏၊ ဤ၌ "သရိ"ဟူ သ၌ ဒိသ မပြုပဲ ရှိ၏၊ ထို့ကြောင့် "သရိ-သဒိ" စသည်လည်း ရှိနိုင်၏ဟု မှတ်ပါ။

မှတ်ချက်။ ။"ကွစိ ဒိသတ္တံ"ဟု ဆိုသောကြောင့် "ကွစိသဒ္ဒါဖြင့် ဒိသ အပြုကို တားမြစ်၏"ဟု အချို့ယူကြ၏၊ သို့သော် ထို ကွစိသည် စ သဒ္ဒါဖြင့် ဒိသပြုရာ၌ မမြဲကြောင်းကိုပြသော ဝုတ္တိဆရာ၏ ကွစိတည်း၊သုတ်၌ပါသော ကွစိမဟုတ်၊ဘာ့ကြောင့်နည်း ..."ဣယ။ပေ။ဒိသံ"ဟုဆိုပြီးမှ"ကွစိ"ဟုနောက်ထား၍ သုတ်၌ဆိုသောကြောင့် သုတ်၌ပါသော ကွစိသဒ္ဒါသည် ဒိသအပြုကို တားမြစ်ခြင်းငှာ မစွမ်းနိုင်၊"ကွစိဒိသံ" ဟု ရှေ့ကနေမှ ဒိသအပြုကို တားမြစ်နိုင်မည်၊ ထို့ကြောင့် ကွစိသဒ္ဒါဖြင့် မတားမြစ်ပဲ စသဒ္ဒါဖြင့်သာ ဒိသအပြုကို တားမြစ်ရသည်၊ ဧတာဒိသောဟု ရှိရာ၌ ဧတ၏ တကို မချေဖို့ရန် (ဧကို မပြုဖို့ရန်) ဤစသဒ္ဒါဖြင့်ပင် တားမြစ်ဟု ရူပဋီကာ၌ ဆို၏၊ကွစိသဒ္ဒါကား "ဒေါ+ရံ"၌ ထိုင်စေ၍ အချို့အရာ၌သာ ရပြု၍ ဤရိသော"စသည် ဖြစ်၏ ဟု ပြသည်။ [ရူ၌မူ စသဒ္ဒါဖြင့် တုမှ စသည့်ကို ဆည်း၍ "တုမှာဒိသော ခန္ဓာဒိသော" တို့ကိုလည်း ပြသေး၏၊ ထို ရူပသိဒ္ဓိ ရုပ်တွက်ပုံကို ရူဘာသာဋီကာမှာ ရှု။]

၆၄၃။ မတိဗုဒ္ဓိ ပူဇာဒီဟိ။ ။"မိဒိ ဗုဓိ"ဟု မူကွဲရှိ၏၊ "မိဒိတဗ္ဗော သိနေဟေတဗ္ဗောတိ မိတ္တော"ကို ကြည့်၍ လည်းကောင်း, မတိနှင့် ဗုဒ္ဓိသည် သိခြင်း အနက်ဟောခြင်း တူရကား ဗုဓိဟုဆိုလျှင် မတိလည်း ပါနိုင်၏ဟု

တ္တပစ္စယော ဟောတိ၊ ဘာယိတဗ္ဗော-ကြောက်အပ် ကြောက်ထိုက်၏၊ ဣတိ ဘီတော၊ သုပိတဗ္ဗော-အိပ်ထိုက်၏၊ ဣတိ သုတ္တော၊ မိဒိတဗ္ဗော သိနေဟိတဗ္ဗော-ချစ်အပ် ချစ်ထိုက်၏၊ ဣတိ မိတ္တော၊ သမ္မနိတဗ္ဗော-သမုတ်အပ် သမုတ်ထိုက်၏၊ ဣတိ သမ္မတော၊ သံသုဋ္ဌု-လွန်စွာ၊ မာနိတဗ္ဗော ပူဇေတဗ္ဗော-ပူဇော်အပ် ပူဇော်ထိုက်၏၊ ဣတိ သမ္မတော၊ သမ္မာနီယိတ္ထ-ကောင်းစွာ မြတ်နိုးအပ်

---

ကြံ၍လည်းကောင်း "မိဒိ"ဟု ပြန်ကြဟန်တူ၏၊ ဗုဓိနှင့် ဗုဒ္ဓိကား မထူးလှ၊ ဗုဓိဆိုလျှင် ဣကာရသည် ဓာတု နိဒ္ဒိဋ္ဌ, ဗုဒ္ဓိဟု ဆိုလျှင် ဏိကာရသည် ဓာတု နိဒ္ဒိဋ္ဌ, ဤမျှသာ ကွဲ၏၊ သို့သော် ကာတန္တ ကျမ်းရင်း၌ပင် မိဒိဓာတ်ကို အနုဗန်ရှိသောဓာတ်၌ သွင်း၍ ယူထားသောကြောင့်လည်းကောင်း, မတိ၌ မနဓာတ်သည် ဤနေရာ၌ သိခြင်းကိုမဟော, ဣစ္ဆာ (အလို)ဟူသော အနက်ကို ဟောသောကြောင့်လည်းကောင်း, ဗုဒ္ဓိဟုလည်း ဏိကာရန္တ ဓာတုနိဒ္ဒိဋ္ဌဖြင့် တိုက်ရိုက်ပြထားသောကြောင့်လည်းကောင်း "မတိ ဗုဒ္ဓိ"သာ ရှေးပါဌ် ဖြစ်သင့်သည်။

ကာတန္တ။ ။ဉာနုဗန္ဓမတိ ဗုဒ္ဓိ ပူဇာတ္ထေဟိ က္တော (ကိတ်—၄, ၃၁၁)၊ [မတိ-ဣစ္ဆာ ("အတ္တနောမတိ" ဟူရာ၌ မနဓာတ်သည် "အလို" အနက်ဟောသကဲ့သို့ ဤ၌လည်း မနဓာတ်သည် အလို = ဣစ္ဆာအနက်ဟော-ဟူလို)၊ ဗုဒ္ဓိ-ဉာန်၊ ပူဇာ သက္ကာရော၊] ဉို အနုဗန္ဓေဟိ မတိ ဗုဒ္ဓိ ပူဇာတ္ထေတိစ ဝတ္တမာနေ (ပစ္စုပ္ပန်ကာလ၌) က္တော ဘဝတိ, ဘာဝေ ကမ္မနိ ကတ္တရိစ ယထာသမ္ဘဝံ၊ ဉိမိဒါ-မိတ္တော၊ [မိဒဓာတ်သည် ဉို အနုဗန်ပါ-မပါ ၂ မျိုးရှိကုန်၏၊ ထိုတွင် အနုဗန်ပါသော မိဒဓာတ်ကို ယူစေလို၍ ဉို မိဒါဟု ဆိုသည်၊] ပေ၊ မတျတ္ထာတ်-ရညံ့ မတော=မင်းတို့သည် အလိုရှိအပ်သူ၊ ရညံ့ ဣဋ္ဌော=မင်းတို့သည် အလိုရှိအပ်သူ၊ ဗုဒ္ဓျတ္ထတ်-ရညံ့ ဗုဒ္ဓေါ=မင်းတို့သည် သိအပ်သူ၊ ရညံ့ ဉာတော-မင်းတို့သည် သိအပ်သူ၊ ရညံ့ ပူဇိတော၊ ရညံ့ အစ္စိတော=ပူဇော်အပ်သူ၊ အညတြာပိသုတ်၌ အပိသဒ္ဒါဖြင့် အနက်အမျိုးမျိုးရှိသော ဓာတ်များစွာကို ယူလေသေး၏။

မှတ်ချက်။ ။"ရညံ+မတော"စသည်ဖြင့် ဆဋ္ဌီကတ္တား ထားဖို့ရန် ဥပဒေသကို "တ္တသ ဝတ္တမာနေ (ပါဏိနီ-၂, ၃, ၆၇)၊ ဝတ္တမာနဿ တ္တဿ ယောဂေ ဆဋ္ဌီ ဘဝတိ=ပစ္စုပ္ပန် အနက်ဟော တ္တပစ္စည်းနှင့် ယှဉ်ရာ၌ ဆဋ္ဌီသက်၊ ရညံ့ မတော, ရညံ့ ဗုဒ္ဓေါ,ရညံ့ ပူဇိတော"ဟု ပါဏိနီသုတ်ဆို၏၊ "နလောကဗျယနိဋ္ဌာခလတ္ထာနံ (၂,၃, ၆၉)"သုတ်ဖြင့် ဘူတ (အတိတ်) အနက်ဟော တ္တပစ္စည်း ယှဉ်ရာ၌ ဆဋ္ဌီကို တားမြစ်၍ တတိယာသာ သက်ရသည်၊ ဤအဓိပ္ပာယ်ကိုရည်ရွယ်၍ ပါရာဇိက ဝိဟာရကာရသိက္ခာပဒဋ္ဌကထာ၌ "ဂါမေန+ပူဇိတံ, ဂါမဿဝါ ပူဇိတန္တိ ဂါမပူဇိတံ"ဟု ပူဇဓာတ်တ္တ(တ)ပစ္စည်း၏ယှဉ်ရာ၌ တတိယာ-ဆဋ္ဌီ ၂ မျိုးပြထားသည်၊ သာရတ္ထ၌လည်း "ပူဇာဝစနပယောဂေ ကတ္တရိ သာမိဝစနဿာပိ ဣစ္ဆိတတ္တာ အာဟ-ဂါမဿ ဝါ ပူဇိတန္တိ၊ လက္ခဏံ ပန သဒ္ဒ သတ္ထာနုသာရတော ဂဟေတဗ္ဗံ"ဟု ဖွင့်သည်။

မြွတ်နိုးထိုက်၏၊ ဣတိ သမ္မတော-(သမ္မတမင်း ရ၏၊) သံ ကပ္ပိယတေ-ကောင်းစွာကြံစည်အပ်၏၊ဣတိ သင်္ကပ္ပိတော၊သမ္ဘာဒိယတေ–ကောင်းစွာ ဖြစ်စေအပ်၏၊ ဣတိ သမ္ဘာဒိတော၊ အာဝဓာရိယတေ-ပိုင်းခြား ကန့်သတ်အပ်၏၊ ဣတိ အဝဓာရိတော၊ အဝဓာရိယိတ္တ-ပိုင်းခြား ကန့်သတ်အပ်ပြီ၊ ဣတိ အဝဓာရိတော၊ ဗုဇ္ဈိတဗ္ဗော ဉာတဗ္ဗော- သိအပ် သိထိုက်၏၊ ဣတိ ဗုဒ္ဓေါ၊ (သိအပ်သောတရားစသည် ရ၏၊) အဇ္ဈယိတဗ္ဗော-သရဇ္ဈာယ်အပ် သရဇ္ဈာယ်ထိုက်၏၊ ဣတိ အဓိတော-အဓိတမည်၏၊ [“ဣတော”ဟု အချို့စာရှိ၏၊ ဆင်ခြင်၊) တေတဗ္ဗော ဂန္တဗ္ဗော-ရောက်အပ် ရောက်ထိုက်၏၊ ဣတိ ဣတော၊ ဝိဒိတဗ္ဗော ဉာတဗ္ဗော—သိအပ် သိထိုက်၏၊ ဣတိ, ဝိဒိတော၊ တက္ကိယတေ-ကြံစည်အပ်၏၊ ဣတိ တက္ကိတော၊ ပူဇိယတေ-ပူဇော်အပ်၏၊ ဣတိ, ပူဇိတော၊ ပူဇိယိတ္ထ-အပ်ပြီ၊ ဣတိ ပူဇိတော၊ အပစာယိတဗ္ဗော-အရိုအသေပြုအပ် ပြုထိုက်၏၊ ဣတိ အပစာယိတော၊ မာနိတဗ္ဗော ပူဇေတဗ္ဗော-ပူဇော်အပ် ပူဇော်ထိုက်၏၊ ဣတိ မာနိတော၊ အပစိယတေ-အရိုအသေ ပြုအပ်၏၊ ဣတိ အပစိတော၊ ဝန္ဒိယတေ-ရှိခိုးအပ်၏၊ ဣတိ ဝန္ဒိတော၊ ဝန္ဒိယိတ္ထ - ရှိခိုးအပ်ပြီ၊ ဣတိ ဝန္ဒိတော၊ သက္ကာရိယတေ-ပူဇော်အပ်၏၊ ဣတိ သက္ကာရိတော၊သက္ကာရိယိတ္ထ-ပူဇော်အပ်ပြီ၊ ဣတိ သက္ကာရိတော-မည်၏၊ (၆၃၆)။

---

ပုံစံများ။ ။ဘီတော-ဘီ+တ၊ ကွစိဓာတုဖြင့် က်အနုဗန်ချေ၊ သုတ္တော-သုပ=သယေ၊ ရှေ့နည်းမိုး၍ ဘုဇာဒီနမန္တောဖြင့် ဓာတွန် (ပ်) ချေ, ဒွေဘော်လာ၊ [“သုပိတဗ္ဗော”ဟု ကံဟောကြံခြင်းကား ရှေးသုတ် ဏွာပစ္စည်းက ဘောကံဟောသောကြောင့်တည်း၊ သို့သော် ကမ္မရုပ်ဖြင့် “သုတ္တော”ဟု ပါဠိရှိနိုင်ခဲ၏၊ သုပဓာတ်သည် အကမ္မကဓာတ်သာ ဖြစ်ထိုက်သည်၊ ထို့ကြောင့် “သုပတီတိ သုတ္တော—အိပ်ပျော်သူ”ဟု ကတ္တားဟော ကြံ၍ ဗုဓဂမာဒိတ္တေ ကတ္တရိဖြင့် တပစ္စည်း သက်သင့်သည်။] မိတ္တော—မိဒ=သိနေဟေ (ချစ်ခြင်း)၊ ဤမိတ္တော တိုင်အောင် ဘျာဒီဟိတ္တ အာဒိဖြင့် ယူထားသည်။

သမ္မတော စသည်။ ။သံပုဗ္ဗ+မနဓာတ်၊ “မန=ဉာဏေ”ဟု ဓာတ်နက်ဆိုမှ “မတိ=ဉာဏ”ဟူသော ကာတန္တနှင့် ညီမည်၊ “သံ+မတော-ကောင်းစွာ လိုလားအပ်သော မင်း”ဟုလည်း အနက်ပေးသင့်၏၊ ဂမ ခန ဟန ရမာဒိနမန္တောဖြင့် ဓာတွန် (န်)ကိုချေ။

မှတ်ချက်။ ။သမ္မတောကို ဤဝုတ္တိ၌ “သံမနိတဗ္ဗော, သံသုဋ္ဌု မာနိတဗ္ဗော ပူဇေတဗ္ဗော သမ္မာနိယိတ္ထာတိ”ဟု ၃ ဝိဂ္ဂိုဟ်ပြုထားသည်၊ (မနိတဗ္ဗော,သမ္မနိယိတ္ထတို့ကား ပါဠိပျက်သာ၊) ထိုတွင် သမ္မနိတဗ္ဗောဖြင့် သံပုဗ္ဗ မနဓာတ်ကိုပြ၏၊သံသုဋ္ဌု မာနိတဗ္ဗော ဖြင့် သံသဒ္ဒါသည် သုဋ္ဌုအနက်ဟောဟုလည်းကောင်း, “မာန-ပူဇာယံ” ဟူသော

ပြ၏၊ ကွစိတေတုဖြင့် (မာနခေတ်မှ (န်) ကို ချေ၍ မာ၏အာကိုလည်း ရဿပြု၊ သမ္မာနိ ယိတ္တဖြင့်လည်း သံပုဗ္ဗ မာနခေတ်ကိုပင် ပြ၏၊ တ္တပစ္စည်းကိုလည်း အတီတ်ဟောဟု ဆိုလိုသည်၊ ထိုတွင် "သမ္မာနိတဗ္ဗောတိ သမ္မတော"သာ ဤသုတ်၌ လိုရင်းတည်း၊ နောက် ၂-ဝိဂ္ဂဟကား သမ္မတော၌ ရသင့်သမျှ ဝိဂ္ဂြိုဟ်ကို နောက်ဆရာတို့ အပိုထည့် ထားဟန် တူ၏။

ဍျာသ။ ။ဍျာသ၌ကား သမ္မတောကို သံပုဗ္ဗ မာဓာတ်ဟု ဆို၍ ကွစာဒိ မဇ္ဈေတ္တရာနုံဖြင့် မာ၌ ရဿပြု၏၊ ဤဍျာသကား သုတ်၌ "မတိဗုဓိ" ဟုလည်း ဆိုလိုဟန် မတူ၊ မိဒိဗုဓိ ဟုသာ ဆိုလိုဟန်တူ၏၊ မိဒိအရ မိဒိတဗ္ဗော သိနေဟေ တဗ္ဗောတိ မိတ္တောဟု ပြ၍ "သမ္မတော"မှာ မိဒိ အာဒိဟိ၌ အာဒိဖြင့် ယူရ သော ပုံစံဟု ဆိုလိုဟန် တူ၏၊ ထိုအတိုင်းဆိုလိုလျှင် ကာတန္တနှင့်မညီ။

သင်္ကပ္ပိတော။ ။သံ + ကပ္ပ = တက္ကနေ (ကြံစည်ခြင်း)၊ သမ္ပာဒိတော— သံ+ပဒ=ဂတိမှို၊ [ကာရိတ်ပစ္စည်းသက်၍, ဏ် အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ ကွစိတေတု ဖြင့် ကာရိတ်(ဧ)ကိုလည်းချေ၊ ဤသို့ ကာရိတ်ဝင်မှ "သမ္ပာ"ဟု ဝုဒ္ဓိရောက်နိုင်, အနက်မှန်လည်း ရနိုင်မည်၊ ကာရိတ်မဝင်မူ "သမ္ပန္နော" ဟုသာ ဖြစ်နိုင်၏၊ ဍျာသ၌ကား ကာရိတ်မဝင်စေပဲ ကွစိတေတုဖြင့် ပ၏ အကို ဝုဒ္ဓိပြုလေ၏၊] အဝ ဓာရိတော-အဝ + ဓရ၊ အညေသုစဖြင့် ဓ၏ အကို အာဝုဒ္ဓိပြု၊ ဤတိုင်အောင် မတိအာဒီဟိ၌ အာဒိဖြင့် ယူ။ [မတိ ဗုဓိ ပူဇာဒီဟိ၌ အာဒိကို ရှေ့ပုဒ်များနှင့် လည်း စပ်၍ "မတိအာဒိဟိ ဗုဒ္ဓိအာဒိဟိ"ဟု မှတ်ပါ။]

ဗုဒ္ဓေါ စသည်။ ။ဗုဒ္ဓေါ—ဗုဓ၊ ဗုဓဂမာဒိတ္တေ သုတ်၌ ဗုဒ္ဓေါနှင့် တူ၏၊ ဤသုတ်ဖြင့် တ္တပစ္စည်းသက်ရခြင်းသာ ထူးသည်၊ ထို့နောက်"ဉာတော"ဟုရှိ၏၊ အဇ္ဈယိတဗ္ဗောနှင့် လိုက်အောင် "အဓိတော"ဟု ရှိလျှင် သာ၍ ကောင်းမည်၊ အဓိပုဗ္ဗ ဉာဓာတ်၊ "ဉာ=ဂတိမှို"ဟု ဆို၊ "အဓိ+ဉာတော"ဟု ပြီးသည့်အခါ ခွင်း ချေ, နောက်ဉာကို ဒီဃပြု၊ "ဓောဗ္ဗော ဂန္တဗ္ဗောတိ"၌ကား "ဉာတော"ဟု သာ ရှိထိုက်၏၊ ဉာ=ဂတိမှို၊ ဝိဒိတော-ဝိဒ=ဉာဏေ၊ တက္ကိတော- တက္က=တက္က နေ (ကြံခြင်း)၊ ပူဇိတော - ပူဇ=ပူဇာယံ၊ အပစာယိတော - အပပုဗ္ဗ+စာယ= ပူဇာ, နိဿာမနေ (ပူဇော်ခြင်း, ကြည့်ရှုနားထောင်ခြင်း)၊ ["စယ=ပူဇာယံ" ဟုလည်း ဆိုကြ၏၊ ဓာတ်ကျမ်းတို့၌ "စယဓာတ်"ဟု တွေ့ရသည်၊ [မာနိတော- "မာန=ပူဇာယံ"၊ အပစိတော-အပပုဗ္ဗ+စိ=စယေ (ဆည်းပူးခြင်း)ဟု ဍျာသ၌ ရှိ၏၊ ထိုအတိုင်းဆိုလျှင် "အပစိတော-ဖျက်ဆီးအပ်၏"ဟု (အပစယဂါမိနော၌ အပစယပုဒ်ကဲ့သို့) အနက်ပေးဖွယ် ရှိ၏၊ ဤ၌ကား မာနိတော+ဝန္ဒိတောတို့၏ အကြား၌ ဆိုထားသောကြောင့် "စိ=ပူဇာယံ"ဟုသာ ဓာတ်နက်ဖြစ်သင့်သည်၊ ဝန္ဒိတော—"ဝန္ဒ=အဘိဝန္ဒနေ (ရှိခိုး ဝပ်ချခြင်း)၊" သက္ကာရိတော—"သက္ကာ ရ=ပူဇာယံ၊" ဗုဒ္ဓေါမှစ၍ ဗုဓာဒီဟိအရ ပုံစံတည်း။

ဝေပုါပေါနိဗ္ဗတ္တေ

၆၄၄။ ဝေပု သိ ဒဝ ဝမု ကု ဒါ ဘူ ဟု ဣစ္စေဝမာဒီဟိ- ဝေပု, သိ, ဒဝ, ဝမု, ကု ပြုအပ်လတ္တံ့သော ကရ, ဒါ, ဘူ, ဟု ဤသို့အစရှိကုန်သော၊ ဓာတူဟိ-၌၊ နိဗ္ဗတ္တေ—နိဗ္ဗတ္တအနက်၌၊ ယထာသမ္ဘဝံ-ဖြစ်သင့်သည်အားလျော်စွာ၊ အထု တ္တိမ ဏိမ ပစ္စယာ ဟောန္တိ၊ [ဓာတ်ကများ၍ ပစ္စည်းက ၃-ပါးသာ ရှိသောကြောင့် ယထာသချံ မဖြစ်နိုင်ရကား ယထာသမ္ဘဝံ (ဖြစ်သင့်သလိုသက်)ဟု ဆိုသည်] ဝေပနံ-တုန်လှုပ်ခြင်း၊ ဝေပေါ-ခြင်း၊ တေန-ထို တုန်လှုပ်ခြင်းဖြင့်၊ နိဗ္ဗတ္တော-ဖြစ်သည်တည်း၊ ဝေပထု-တုန်လှုပ်ခြင်းဖြင့် ဖြစ်သည်၊ သယနံ-အိပ်ခြင်း၊ သယော-ခြင်း၊ တေန-ထို အိပ်ခြင်းဖြင့်၊ နိဗ္ဗတ္တော-တည်း၊ သယထု-အိပ်ခြင်းဖြင့် ဖြစ်သည်၊ ဒဝနံ-ပူလောင်ခြင်း၊ ဒဝေါ-

---

၆၄၄။ ။ဝေပုါပေါနိဗ္ဗတ္တေ။ ။"ဝေပုသိ"၌ "သိ"ဟု ဒီဃဖြစ်လည်းသင့်၏၊ ထောမနိဓိဓာတ်စဉ်၌ "သီ"ဟု ဤကာရန္တဓာတ်၌သာ သယနအနက်ကို ပြသည်၊ ရူပသိဒ္ဓိ၌ကား "သိ"ဟု ရဿဖြင့် တွေ့ရ၏၊ တွာဒီဟိကိုလည်း "ဟု+အာဒီဟိ"ဟု ဖြတ်၍ "ဟု"၌ ဥကာရန္တဟု မှတ်၊ နိဗ္ဗတ္တေဝယ် "နိပ္ဖတ္တေ"ဟု တချို့စာရှိ၏၊ ဒါတ္တိမကို "ဒါနေန+နိဗ္ဗတ္တ"ဟု ထောမနိဓိ ဖွင့်သောကြောင့် နိဗ္ဗတ္တေသာ ပါဌ်မှန်တည်း။

မှတ်ချက်။ ။နိဗ္ဗတ္တအနက်၌ "အထု" စသော ပစ္စည်းသက်ဟု ဆိုသောကြောင့် နိဗ္ဗတ္တတဒ္ဓိတ်ဟု ထင်မှားဖွယ်ရှိ၏၊ သို့သော် ပုဒ်နှင့်ပစ္စည်း စပ်မှသာ တဒ္ဓိတ်ဖြစ်နိုင်၍ ဓာတ်နှင့် ပစ္စည်း စပ်ရာ၌ ကိတ်သာ ဖြစ်နိုင်ရကား "ဝေပထု" စသော ပုဒ်အားလုံးသည် ကိတ်ပုဒ်ချည်းသာတည်း၊ ကိတ်ပုဒ်ဖြစ်လျှင် "ဝေပေန+နိဗ္ဗတ္တ" စသော ဝါကျသည် ဝိဂ္ဂိုဟ်စစ်မဟုတ်, ဝိဂ္ဂိုဟ်ပြုဖို့ရန် နည်းပြသော ဝိဂ္ဂိုဟ်ပြဝါကျများဟု သိသာ၏၊ ထို့ကြောင့် ဝေပထုစသည်၌ ဆိုင်ရာသာဓနသို့ သွင်း၍ ဝိဂ္ဂိုဟ်စစ်လုပ်ရလိမ့်မည်။

ဝေပနံ၊ပေ၊ဝမထု။ ။ဤ ဝမထုတိုင်အောင် အထုပစ္စည်း၏ ပုံစံများ၊ [အထုပစ္စည်း ဟူရာ၌ ထုပစ္စည်းသက်၍ (အ) အဂ္ဂမရာလာသော နည်းကိုလည်း ရှု၌ ပြထားသေး၏၊ သဒ္ဒတ၌ကား "အထုပ်" ပစ္စည်းဟု အ နှင့်တကွ ဆိုသည်၊ "ဝေပနံ=ဝေပေါ"ဤကား ဝေပထု၏ ဝိဂ္ဂိုဟ်ပြမဟုတ်၊ "ဝေပေန+နိဗ္ဗတ္တော" ဟု ပြဖို့ရာ ရှေ့ပြေးဥပစာ စကားသာတည်း၊ [နောက်"သယနံ=သယော"စသည်၌လည်း နည်းတူ၊] "ဝေပေန+နိဗ္ဗတ္တော=တုန်လှုပ်ခြင်းဖြင့် ဖြစ်သော ရောဂါ" ဟူသည် တုန်လှုပ်ခြင်းအမူအရာ ကြီးယာသာဖြစ်၍ "ဝေပနံ ဝေပထု"ဟု ဘာဝသာနေပြီ၊ တနည်း—ဤရောဂါဖြစ်လျှင် တုန်လှုပ်နေရသောကြောင့် တုန်လှုပ်ကြောင်းလည်း ဖြစ်ရကား "ဝေပတိ ဧတေနာတိ ဝေပထု"ဟု ကရဏသာဓ်လည်းပြု။

ခြင်း၊ တေန-ဖြင့်၊ နိဗ္ဗတ္တော, ဒဝထု-ပူလောင်ခြင်းဖြင့် ဖြစ်သည်၊ ဝမနံ-ပျို့အန်ခြင်း၊ ဝမော-ခြင်း၊ တေန နိဗ္ဗတ္တော ဝမထု-ပျို့အန်ခြင်းဖြင့် ဖြစ်သည်၊ ကတိ-ပြုခြင်း၊ ကရဏံ၊ တေန နိဗ္ဗတ္တံ ကုတ္တိမံ-ပြုခြင်းဖြင့်ဖြစ်သည်၊ ဒါတိ-ပေးခြင်း၊ ဒါနံ၊ တေန နိဗ္ဗတ္တံ ဒါတ္တိမံ-ပေးခြင်းဖြင့်ဖြစ်သည်၊ ဘူတိ-ဖြစ်ခြင်း၊ ဘဝနံ၊ တေန နိဗ္ဗတ္တံ ဘောတ္တိမံ-ဖြစ်ခြင်းဖြင့် ဖြစ်သည်၊ အဝဟုတိ-ပူဇော်ခြင်း၊ အဝဟနံ၊ တေန-ထို ပူဇော်ခြင်းဖြင့်၊ နိဗ္ဗတ္တံ-တည်း၊ ဩဟာဝိမံ-ပူဇော်ခြင်းဖြင့်ဖြစ်သည်။ (၆၆၂)။

---

သယထု စသည်။ ။သယနံ = သယထု = အိပ်ခြင်း ( ဘာဝသာဓန )၊ သယတိ ဧတေနာတိ သယထု=အိပ်ကြောင်းရောဂါ၊[အဘိဓာန် နိဿယသစ်၌ "သာနာရုဂ်နာ (ဘိန်းမြကိုယ်ရောင်နာ)"ဟု ပေး၏၊]"သယတီတိ သယထု"ဟု ကတ္တုသာဓ်ပြုလျှင် အအိပ်ကြီးသူလည်း ရ၏၊ ဒဝနံ ဒဝထု=ကိုယ်၌ ပူလောင်ခြင်း၊ ဝါ-ကိုယ်ပူရောဂါ (ကရဏသာဓ်လည်း ပြု)၊ ဝမနံ ဝမထု၊ ဝမိယတေတိ ဝမထု=အန်ထားအပ်သော အန်ဖတ်ရ၏၊ ["သုဝါနဒေါဏိယံ ဋ္ဌိတသုဝါန ဝမထု ဝိယ=ခွေးအန်ဖတ်ကဲ့သို့"— ဝိသုဒ္ဓိမဂ် အာဟာရ မဋိကူလ နိဒ္ဒေသ၊] ဤ၌ ကမ္မသာဓန ပြုနိုင်ပုံကိုထောက်၍ အခြားပုဒ်တို့၌ သင့်လျော်ရာသာဓန ပြုနိုင်ကြောင်း သိသာပြီ။

ကတိ ၊ပေ၊ ဘောတ္တိမံ။ ။ဤပုံစံတို့ကား တ္တိမ ပစ္စည်း၏ ပုံစံများတည်း၊ "ကတ္တိ" ဟူရာ၌ "ကတိ=ပြုခြင်း"ဟု ကရဓာတ် တိပစ္စည်းဖြင့် သိဟိုင်ဋ္ဌမှု ရှိ၏၊ ဒါတိကိုထောက်လျှင် (ကရဓာတ်, တိ ပစ္စည်းဖြင့်) ကတိဟု ရှိခြင်းက သာ၍ ရှင်းသည်၊ ကရိယတေတိ ကုတ္တိမံ-ပြုအပ်သော အတုအပ ပစ္စည်းတည်း၊ ကရ ဓာတ် တ္တိမပစ္စည်းဖြင့် "ကရ်+တ္တိမ"ဖြစ်သည့်အခါ ဤသုတ်၌ပါသော ကုကိုပင် နိပါတနပြု၍ ထို ကုဟူသော နိပါတနဖြင့် ကရ်ကို ကုပြု၊ ဒီယတေတိ ဒတ္တိမံ-ပေးအပ်သောဝတ္ထု၊ ဒါ၌ အာကို ကွစာဒိမဇ္ဈေတ္တရာနံဖြင့် ရဿ ပြု၏၊ ဓာတ်အရာ၌ဖြစ်၍ ကွစိဓာတုဖြင့် ပြုသင့်သည်၊ ဘဝနံ ဘောတ္တိမံ=ဖြစ်ခြင်း။

ဩဟာဝိမံ။ ။ဣမ ပစ္စည်း၏ပုံစံ၊ အဝပုဗ္ဗ+ဟု=ဒါနာဒန ဟဗျပ္ပဒါနေသု၊ အဝဟူယတေ-ပူဇော်အပ်၏၊ ဣတိ ဩဟာဝိမံ-ပူဇော်အပ်သော ဝတ္ထု၊ ဣမ၌ ဏ အနုဗန်ရှိသောကြောင့်ဟု၏ ဥကို ဩဝုဒ္ဓိ, ဩကို အာဝပြုရသည်၊ ဤ ဝေပထုစသော ပုဒ်များ၌ "ဝေပေန-ဖြင့်+နိဗ္ဗတ္တော-ဖြစ်သောရောဂါတည်း" စသည်ဖြင့် အဘိဓေယျ (ဟောနက်) ပေါ်အောင် ပေးသင့်သော်လည်း အနက် ခက်မည်စိုး၍ "နိဗ္ဗတ္တော-ဖြစ်သည်တည်း"ဟု သာမညပေးထားသည်၊ ရုပ်ကို အခြေပြု၍ တွက်ပြထားပြီ။

အက္ကောသသေ နမှာနိ

၆၄၅။ အက္ကောသ ဣတိ-ဆဲရေးခြင်းဟူသော၊ တေသို ံအတ္တေ-၌၊ နမှိ-န ဟူသော၊ ပဋိသေဓယေုတ္တေ• ပဋိသေဓနိပါတ်နှင့် ယှဉ်လသော်၊ [“န ပဋိသေဓယေုတ္တေ”ဟု ရှိလျှင် သာ၍ကောင်း၏၊]ဓာတူဟိ-ဓာတ်တို့မှ နောက်၌၊ အာနိ ပစ္စယော ဟောတိ၊ ဇမ္မ - ဟဲ့ အယုတ်ကောင်၊ တေ-သင်သည်၊ ဒေသော-အရပ်တပါးသို့၊ န ဂမိတဗ္ဗော,အဂမာနိ-မသွားထိုက်၊ ဇမ္မ, တေ, ကမ္မံ-အလုပ်ကို၊ န ကတ္တဗ္ဗံ, အကရာဏိ-မလုပ်ထိုက်၊ နမှိတိ-နမှိပုဒ်သည်၊ ကိံမတ္တံ၊ ဇမ္မ,တေ-နင်၏၊ ဝိပတ္တိ - ပျက်စီးခြင်း၊ ဇမ္မ,တေ-၏၊ ဝိကာတိ-ဖောက်ပြန်ခြင်း၊] “နင်၏ ပျက်စီးခြင်း၊ နင်၏ ဖောပြန်ခြင်း”ဟု အက္ကောသအနက်ဟုတ်သော်လည်း နနိပါတ်နှင့် မယှဉ်သောကြောင့် အာနိပစ္စည်းမသက်ရ-ဟူလို၊] အက္ကောသေတိ ကိံမတ္တံ၊ တေ-သည်၊ န ဂန္တဗ္ဗော, အဂတိ-မသွားထိုက်။ [ အဂတိ၌ န နိပါတ် ရှေးရှိသော်လည်း ဆဲခြင်းအနက် မဟုတ်သောကြောင့် အာနိ မသက်ရ—ဟူလို။]

---

၆၄၅။ နဂမိတဗ္ဗော ၊ပေ၊ ဒေသော။ ။[“နဂမိတဗ္ဗံ၊ပေ၊ဒေသံ”ဟု နပုလ္လိင်ဖြင့် ယခုစာတို့၌ ရှိ၏၊ “ဒေသ” သဒ္ဒါပုလ္လိင်ဖြစ်၍ “နဂမိတဗ္ဗော၊ပေ၊ ဒေသော”ဟု ပြင်လိုက်သည်၊ ရူ၌လည်း “ဒေသော” ဟုပင် ရှိသည်၊ နဂမိတဗ္ဗံ ဒေသံတို့ကို ပါဠိမှန်ဟု ယူလိုလျှင်လည်း “ဒေသံ-သို့၊ နဂမိတဗ္ဗံ အဂမာနိ—မသွားရာ”ဟု အောဟော ကြံသင့်၏၊] အနက်ပေးရာ၌ ( အက္ကောသ—ဆဲသံ ) ပါအောင် “ဟဲ့ အယုတ်ကောင်, နင်”ဟု ပေးရသည်၊ “နဂမိတဗ္ဗော” သည် အဂမာနိ၏ အနက်ပြတည်း၊ “နဂမိတဗ္ဗောတိ အဂမာနိ”ဟု ဝိဂ္ဂဟ်ပြု၊ ဤ နဂမာနိပုဒ်၌ နဟူသော ပဋိသေဓအနက်ဟော နိပါတ်ပုဒ်လည်း ယှဉ်လျက်ရှိ၏၊ လူတယောက်ကို ဆဲသော စကားဖြစ်၍ အက္ကောသ အနက်လည်း ရှိ၏၊ ထို့ကြောင့် အာနိပစ္စည်း သက်ရသည်၊ နနိပါတ်နှင့် ယှဉ်ရာ၌သာ သက်သောကြောင့် ဤအာနိပစ္စည်းသည် နပုဒ်နှင့် ဂမုစသောဓာတ်တို့ တွဲစပ်သော ကိတန္တသမာသ်အရာ၌ သက်သောပစ္စည်းဟု မှတ်၊ ထို့ကြောင့် ရုပ်ကို ကိတန္တသမာသ် ရုပ်တွက်ရမည်၊ နကရာဏိ၌လည်း နည်းတူ။

ရုပ်တွက်။ ။အဂမာနိကို နပုဗ္ဗ ဂမုတည်, နနောင် သိသက်ချေ၊ “ဂမု= ဂတိမှိ”အနက်၌ ဓာတ်မှည့် စသည်၊ ဤသုတ်ဖြင့် ဓာတ်နောင် အာနိသက်၊ (န+ဂမာနိ)၊ သမာသ်စပ်၍ ကမ္မဓာရဲ မှည့်, သမာသ် မှည့်, တပ္ပုရိသ်လည်း မှည့်၊ အတ္တံနယတပ္ပုရိသ်သုတ်ဖြင့် နကို အပြု နာမ်ငဲ့သိသက်,ချေ၊ [ရူ၌ကား အာနိ သက်ပြီးနောက် နာမ်ငဲ့၍ ချေဟု ဆိုပြီးမှ သမာသ် စီရင်၏၊ ထိုစီရင်ပုံ၏ ကိတန္တဟူသော အခေါ်နှင့် မညီကြောင်းကို ဓာတုယာ ကမ္မာဒိမှိဏောသုတ်

ကောဒိတော သကိယ ကုတ္တာ ၆၄၆။ ကောဒိတော-ကေ အစရှိသော သင်္ချာသဒ္ဒါမှ၊ (ပရှ ဿ-သော၊) သကိယ-သကိုံ နိပါတ်၏၊ ကွတ္တုံ-ကွတ္တုံ အပြု သည်၊ ဟောတိ၊ ကေဿ-တစ် ဟူသော၊ ပဒတ္ထဿ-ပုဒ်နက်၏၊ သကိုံ ဝါရံ-အကြိမ်တည်း၊ ကေကွတ္တုံ-တကြိမ်၊ ဒွိန္နံ-နှစ် ဟူကုန်သော၊ ပဒတ္ထာနံ-တို့၏၊ သကိုံ ဝါရံ-တည်း၊ ဒွိကွတ္တုံ-၂-ကြိမ်၊ တိက္ခတ္တုံ-၃-ဟူကုန်သော၊

---

ပြန်ကြည့်၊] အဏာရာဏိဠ္ဌ ကရနောင် အာနိသက်၍ ရဟာဒိတော ဏာဖြင့် နကို ဏာ ပြုရခြင်းသာ ထူး၏။

**သာဓနေ, လိင်, ဝုစ်, ဝိဘတ်။** ။"ဒေသော - ကမ္မံ" ဟူသော ဝုတ္တာကံ ပုဒ်များကို ထည့်ထားသောကြောင့် ရှုပသိဒ္ဓိအလို ကမ္မသာဓနေတည်း၊ ဒေသော, ကမ္မံ, ရာဇဌာနီစသော အဘိဓေယျ အားလျော်စွာ လိင် ၃-ပါးပင်၊ "နာနာ ဒေသာ-အမျိုးမျိုးသော အရပ်တို့သို့၊ ရာဇဌာနိယော- မင်းနေပြည်တို့သို့၊ နဂမိ တဗ္ဗာ-မသွားထိုက်ကုန်၊ ဣတိ အဂမာနိ၊ ကမ္မာနိ-တို့ကို၊ န ကတ္တဗ္ဗာနိ-မပြုထိုက် ကုန်၊ ဣတိ အကရာနိ-ဟု ဝုစ် ၂-ပါးလည်း ရှိသင့်၏၊ သို့ရာတွင် ဝိဘတ် ဂ-သွယ် လုံးကား ရုပ်စဉ်၍ မရ၊ ပဌမာ တမျိုးသာရှိသင့်သော (နိပါတ်ပုဒ်နှင့် အလား တူသော)နာမ်ပုဒ်တမျိုးဖြစ်သည်၊(ဥပမာ-"သေယျော"ဟူသော နာမ်ပုဒ်သည် "သေယျော အမိတ္တော (ပုလ္လိင်), သောဝ ပူဇနာ သေယျော (ဣတ္ထိလိင်), ကောဟံ ဇီဝိတံ သေယျော(နပုလ္လိင်)"ဟု လိင် ၃-ပါးနှင့်လျော်သော အဗျယ နှင့်တူသော ပုဒ်တမျိုးဖြစ်သကဲ့သို့တည်း—ဟု သဒ္ဒနီတိ ဆိုသည်။

[ဆောင်] ကမ္မသာဓနေ, ဝုစ် နှစ်ဝ, လိင်က ၃-လိင်ဆံ၊
ရုပ်စဉ် မရ, ပဌမာမျှ, ဆန်းလှပေသည့် နာမ်၊
အဂမာနိ, ဆုံးဖြတ်ဘိ, နီတိဆိုတဲ့ ဉာဏ်။

မှတ်ချက်။ ။ထောမနိဓိဠ္ဌမူ "အကရဏိ"ဟု အနိပစ္စည်းဖြင့် ဣတ္ထိလိင်ဟု ဆို၏၊ "အကရဏိ ဣတျာဒယော သာပေ" ဟု အမရကောသလည်း ဆို၏၊ အက္ကောသဘေဒ (ဆဲခြင်း အထူး) သာပ (ကျိန်ဆဲ) ဟုလည်း အနက် ဖွင့်၏၊ ထို့ကြောင့် ဆဲခြင်း(အက္ကောသ မျှသာ)မက, သာပ(ကျိန်ခြင်း)အနက်၌လည်း အာနိသက်၏ဟု မှတ်၊ ဆရာတို့ကား "မပြုပဲနေခြင်း ဖျင်းလှ၏တကား" ဟူ လည်း မိန့်ကြသည်။

---

၆၄၆။ ကေဿပေ၊ ကေကွတ္တုံ။ ။"ပဒတ္ထဿ"သည် ကေဿ၏ အနက် ဖွင့်တည်း၊ ထိုသို့ဖွင့်သဖြင့်"ကေ"အရ ကေသဒ္ဒါကို အရမကောက်ပဲ ကေပုဒ်၏ အနက်ဖြစ်သော "တစ်" ဟူသော အရေအတွက် သင်္ချာကိုသာ အရကောက်ရ

မဒတ္တာနံ-တို့၏၊ သကိံ ဝါရံ—တည်း၊ တိက္ခတ္တုံ—၃-ကြိမ်၊ စေ—တူ၊ စတုက္ခတ္တုံ-၄-ကြိမ်၊ပေ၊ဒသက္ခတ္တုံ—ဆယ်ကြိမ်၊ ဣစ္စေဝမာဒယော—ဤသို့ အစရှိကုန်သော၊ သဒ္ဒါ—သဒ္ဒါတို့ကို၊ ယောဇေတဗ္ဗာ-ယှဉ်စေထိုက်ကုန်၏၊ (၄၁၉)

---

ကြောင်းကို သိစေသည်၊ ဝါရံလည်း သကိံ၏ အဖွင့်တည်း၊ ထိုသို့ ဖွင့်သဖြင့် "သကိံ-တကြိမ်တည်း"ဟု အနက်မပေးရ၊ "သကိံ-အကြိမ်တည်း"ဟု အနက်ပေးရကြောင်းကို သိစေသည်၊ ဝိဂ္ဂုဟ် ပြုလိုရင်းမှာ—"ဧကဿ+သကိံ" သာတည်း၊ [ဧကဿ-တစ်၏+သကိံ—အကြိမ်တည်း၊ ဧကက္ခတ္တုံ-တကြိမ်။]

ရုပ်တွက်။ ။ဧကက္ခတ္တုံကို "ဧက+သကိံ" တည်၊ ဧကနောင် သသက်, သ်လာ၊ သကိံနောင် သိသက်(နိပါတ်ဖြစ်၍) သဗ္ဗာသမာဝုသောသုတ်ဖြင့် ချေ၊ ဧကဿ+သကိံဟု ဝါကျ ဖြစ်၏၊ (အနက်ပေး) သမာသ်မှည့်, ဝိဘတ်ချေ, ပကတိပြု၍ (ဧကသကိံ)၊ ဤသုတ်ဖြင့် သကိံကို က္ခတ္တုံပြု၊ နာမ်ငဲ့, သိသက်, ချေ, ပြီး၏၊ ဒွိက္ခတ္တုံစသည်လည်း "ဒွိန္နံ+သကိံ"ဟု ဝါကျဖြစ်စေ၍ "ဒွိသကိံ" ဖြစ်သည့်အခါ သကိံကို က္ခတ္တုံပြု၊ သိသက်, သေသဟောဖြင့် ချေ၊ ဤကား ဤသုတ်ဝုတ္တိနှင့် ချာသတို့အလို(ဧကနှင့် သကိံနိပါတ်စပ်ထားသော)သမာသ်ဟု သဘောထား၍ ရုပ်တွက်ပုံတည်း၊ ရူဉ်မူ အဗျယတဒ္ဓိတ်သွင်း၍ တဒ္ဓိတ်ဟု ယူဆလေသည်၊ ထိုအလို "ဧကဿ+သကိံ"လည်း ဝိဂ္ဂုဟ်မဟုတ်, ("ဣမသ္မိံ ကာလေ"သည် အဇ္ဇ၏ အနက်ဖွင့်ဖြစ်သကဲ့သို့) ဧကက္ခတ္တုံ၏ အနက်ပြဝါကျသာ ဖြစ်သည်-ဟု မှတ်ပါ။

စဉ်းစားဖွယ်။ ။ဤသုတ် ဝုဒ္ဓိတို့ အဆိုအရ "သကိံ သဒ္ဒါသည် တကြိမ်ဟူသော အနက်ကိုမဟောပဲ အကြိမ်သာမည အနက်ကို ဟော၏"ဟု ဆိုရာ၌ စဉ်းစားဖွယ် ရှိ၏၊ [အချို့က သတသဒ္ဒါသည် သူ့ချည်းသက်သက် "တရာ" အနက်ကို ဟောသော်လည်း "ဒွိသတံ" စသည်၌ "အရာ" သာမညကို ဟောသကဲ့သို့-ဟု အဓိပ္ပာယ် ပြောကြ၏၊ သို့သော် ထို သတသဒ္ဒါကား "ဒွိသတံ—နှစ်တို့ဖြင့် မြှောက်အပ်သော တရာ"ဟု သဒ္ဒါနက်ဖြစ်၏၊ထို့ကြောင့် "၂-ရာ" ဟု ပေးသော အနက်သည် လောကခေါ်ရိုး သင်္ကေတအနက်သာတည်း၊ သတသဒ္ဒါကား အမြဲပင်"တရာ"အနက်ဟော ဖြစ်သည်၊]သက္ကတ အဘိဓာန်၌လည်း သကိံ သဒ္ဒါ၏ "တကြိမ်"ဟူသော အနက်ကိုသာ ပြသည်၊ ထို့ကြောင့် သကိံကို ဝါရံ ဟု (အကြိမ်သာမည) ဖွင့်ခြင်းကို စဉ်းစားသင့်၏၊ သကိံသဒ္ဒါသည် အကြိမ်သာမညကို မဟောနိုင်ပြန်လျှင်လည်း ဧကက္ခတ္တုံစသည်၌ သကိံသဒ္ဒါမှ ဖြစ်သော က္ခတ္တုံ ဟု မဆိုနိုင်တော့ချေ၊ ထို့ကြောင့် ဤသုတ်ကို ဤနေရာ၌ ဆိုထားခြင်းနှင့်တကွ ဤသုတ်အဖွင့်များကိုပါ စဉ်းစားသင့်သည်၊ ထို့ကြောင့် ဤနေရာဝယ် အခြားကျမ်းများ၏ သုတ် ဝုဒ္ဓိများကို ထုတ်ပြဦးအံ့။

သဒ္ဒနီတိ။ ။"ကောဒိတော ဝါရတ္ထေ ခတ္တုံ" (သုတ်)၊ ကောဝါရော ကေကုတ္တုံ, ဒွေ ဝါရာ ဒိကုတ္တုံ၊ပေ၊ တိကုတ္တုံ ပုရိသေ ပေသတီတိ အာဒီသု တယောဝါရေ ပေသတီတိ ဥပယောဂဗဟုဝစနဝသေန အတ္ထော ဒဋ္ဌဗ္ဗော၊ ကေကုတ္တုံကို ကေတည်,"ကောဒိတော ဝါရတ္ထေ ကုတ္တုံ"သုတ်ဖြင့် ဝါရအနက်၌ ကုတ္တုံပစ္စည်းသက်, နာမ်ငဲ့,သိသက်, ချေ၊ ကေကုတ္တုံ ပြီး၏၊ ဒိနောင် ကုတ္တုံသက်, နာမ်ငဲ့, ပဌမာယောသက်, ချေ၊ ၂-ကြိမ်ဖြစ်၍ ဗဟုဝုစ် ယောသက်သည်၊ "တိကုတ္တုံ ပေသေတိ—၃-ကြိမ်တိုင်တိုင် စေလွှတ်၏"ဟူရာ၌ကား ဝါရအနက်၌ တိနောင် ကုတ္တုံပစ္စည်းသက်၍ ဒုတိယာ ယောဝိဘတ်သက်, ချေ။

မောဂ္ဂလ္လာန်။ ။ဝါရ သင်္ချာယ ကုတ္တုံ"…. ဒွေဝါရေ ဘုဉ္ဇတိ, ဒွိကုတ္တုံ ဒိဝသ ဘုဉ္ဇတိ, [ဝါရသင်္ချာယ—ဝါရနှင့် စပ်သော သင်္ချာသဒ္ဒါမှ နောက်၌၊ ကုတ္တုံ-ကုတ္တုံ ပစ္စည်းသက်(သုတ်နက်)၊ ဝါရနှင့်စပ်သော သင်္ချာဟူသည် "ဒွေ ဝါရေ"၌ ဒိကဲ့သို့သော သင်္ချာတည်း၊"သင်္ချာသဒ္ဒါနောင် ဝါရအနက်၌ ကုတ္တုံ ပစ္စည်းသက်"ဟု ဆိုသည်နှင့် သဘောတူပင်၊ ဒွေဝါရေ-ဟု ဒုတိယာဝိဘတ်ဖြင့် ပြသောကြောင့် "ဒွိကုတ္တုံ"ဟု ပြီးသည့်အခါ ဒုတိယာယောသက်၍ ချေရမည် ကဲ့သို့ ထင်၏၊ ဤမျှသာ သဒ္ဒနီတိဆိုပုံနှင့် ကွဲလွဲသည်၊ နောက်၌ "ကေ ဝါရံ ကေကုတ္တုံ"ဟု ပြထား၏၊ ဤသို့လျှင် သဒ္ဒနီတိမောဂ္ဂလ္လာန်တို့၌ သကိံ ကို ကုတ္တုံ မပြုပဲ ဝါရအနက်ဝယ် ကုတ္တုံပစ္စည်း သက်ကြသည်၊ [ရူပသိဒ္ဓိ အဆိုကို ရှုမှာ ရှုပါ။]

ကလာပ်။ ။"ဝါရသျ သင်္ချာယား ကြိတွသ် (တဒ္ဓိတ်—၃၃၉)"—ပဉ္စ ဝါရာနိ ဘုဉ္ဇတေ, ပဉ္စကြိတွး၊ပေ၊သတံဝါရာန် ဘုဉ္ဇတေ-ဝါရာဏံ သတံ ဘုဉ္ဇတေ, သတကြိတွး၊ [သင်္ချာယ-သင်္ချာသဒ္ဒါမှ နောက်၌၊ ဝါရသျ—ဝါရသဒ္ဒါ၏ အနက်၌၊ ကြိတွသ်-ပစ္စည်းသက်၊ ပဉ္စဝါရာန်—၅-ကြိမ်တို့တိုင်တိုင်၊ ဘုဉ္ဇတေ-၏၊ ပဉ္စကြိတွး—၅-ကြိမ်တို့တိုင်တိုင်၊ သတံဝါရာန်-အကြိမ်တရာတိုင်တိုင်၊ဝါ,ဝါရာဏံ—အကြိမ်တို့၏၊ သတံ-တရာတိုင်တိုင်၊ ဘုဉ္ဇတေ-စား၏၊ သတကြိတွး-အကြိမ် တရာ ဟိုင်တိုင်၊ ဤ၌"ကြိတွသ်"ပစ္စည်းဟူသည် ပါဠိ၌ ကုတ္တုံပစ္စည်းပင်တည်း။ [ဤသို့ ကစ္စည်း—ဉာဏ်ကျမ်းတို့၏ မိုရာ ကလာပ်ကျမ်း၌ပင် သကိံ ကိုပြုသော ကုတ္တုံဟု မဆိုပဲ ဝါရ (အကြိမ်) အနက်၌ ကုတ္တုံပစ္စည်းသက်-ဟု ဆိုထား သောကြောင့် ကစ္စည်း ဉာဏ်သုတ် ဝုတ္တိစာသွားကို စဉ်းစားကြပါလေ။

ဓာပစ္စည်း၏ အနက်။ ။ဓာပစ္စည်း၏ "အပြား"ဟူသော အနက်၌လည်း ကုတ္တုံပစ္စည်းသက် ဟု သဒ္ဒနီတိ ဆိုသေး၏၊ "သဟဿကုတ္တုံ အတ္တာနံ, နိမ္မိနိတွာန ပန္ထကော=စူဠပန်သည် မိမိကိုယ်ကို တထောင် အပြားအားဖြင့် ဖန်ဆင်း၍ နေ၏" ကား ပုံစံ၊ "သဟဿကုတ္တုန္တိ—သဟဿဓာ"ဟု စူဠပန္ထက ထေရဂါထာဌကထာ ဖွင့်ဆိုသည်။

သုနဿု၊ ပေ၊ ဏာနာ ၆၄၇။ သုန ဂ္ဂတိ-သုန ဟူသော၊ တေဿ ပါတိပဒိကဿ-ဤ ပါတိပဒိကသဒ္ဒါ၏၊ ဥနဿ-ဥနသဒ္ဒါ၏၊ ဩဏာ၊ ပေ၊ အာဒေသာ—ဩဏ, ဝါန, ဥဝါန, ဦန, ဥနခ, ဥဏ, အာ, အာန အပြုတို့သည်၊ ဟောန္တိ၊ သာမိကဿ-သခင်၏၊ ဝစနံ-စကားကို၊ သုဏာတိ-နားထောင်တတ်၏၊ ဂ္ဂတိ, သောနော—သောနမည်၏၊ သာမိကဿ—၏၊ သဒ္ဒံ—အသံကို၊ သုဏာတိ—နားထောင်တတ်၏၊ ဂ္ဂတိ, သွာနော-သွာနမည်၏၊ ဧဝံ, သုဝါနော, သူနော, သုနခေါ, သုဏော, သာ, သာနော—မည်၏၊ (၆၆၄)။ [ဧဝံဖြင့် ရှေ့နည်းအတိုင်း ဝိဂ္ဂြိုဟ်ပြုဖို့ရန် ညွှန်ပြ၏၊ ထို့ကြောင့် "သာမိကဿ ဝစနံ (သဒ္ဒံ) သုဏာတီတိ သုဝါနော"စသည် ပြုပါ—ဟူလို။]

---

၆၄၇။ သုန ဂ္ဂစ္ဆတဿ ပါတိပဒိကဿ။ ။ဝိဘတ် မသက်ရသေးသော နာမ်အားလုံးကို ပါတိပဒိကခေါ်ကြောင်း, ထိုပါတိပဒိကလည်း နိပ္ဖန္န အနိပ္ဖန္န ဟု ၂-မျိုးရှိကြောင်းကို "မသုဿ သုဿ စ္ဆရစ္ဆေရာ"သုတ်၌ ပြခဲ့ပြီ၊ ထို ၂-မျိုးတွင် သုနသည် "သုန-ဂတိမှိ" ဟူသော ဓာတ်, အပစ္စည်း (ထောမနိဓိ၌ ကပစ္စည်း)ဖြင့် ပြီးစေအပ်သော နိပ္ဖန္န ပါတိပဒိကတည်း၊ [သုန-ဂတိမှိ,တုဒါ= သုနဓာတ်, ဂတိအနက်၌ တုဒါဒိဂိုဏ်း၊ သုန + က — ကုက္ကုရေ = သုနဓာတ်, ကပစ္စည်း, "ခွေး" ဟူသောအနက်၌ ဖြစ်၏၊—ထောမနိဓိ၊] "သုနတိ ဂစ္ဆတိ-သွားတတ်၏၊ ဂ္ဂတိ, သုနော-မည်၏"ဟု ထောမနိဓိအလို ဝိဂ္ဂြိုဟ်ပြု၊ "သာမိကဿ ဝစနံ သုဏာတိ"ဟု ဝိဂ္ဂြိုဟ်ပြုသော ဆရာတို့ကား သုဓာတ် ယုပစ္စည်းကို အနပြု၍ သုနပြီးသည်ဟု ကြံကြဟန်တူသည်၊ "သုန" ဖြစ်သည့်အခါ နာမ်ငဲ့, သိသက် ဩပြု၍ "သုနော"ဟု နာမ်ပုဒ်ဖြစ်၏၊ ထိုသုနဟု နာမ်ငဲ့ပြီးအနေအားဖြင့် တည်ထား၍ သိသက်ပြီးမှ သုန၏ ဥနကို ဩနစသည် ပြုလျှင် "သောဏော" စသည်ဖြစ်၏၊ ရုပ်တွက်ပုံကို အခြေပြု၍ ပြထားသည်။

မှတ်ချက်။ ။သောဏော, သုဝါနောစသော ပုဒ်အားလုံးသည် "ခွေး" ဟူသောအနက်ဟောချင်းတူသောပရိယာယ်ပုဒ်များတည်း၊ ဂေါဏနံမှိဝါသုတ်၌ ပရိယာယ်ပုဒ်ဖြစ်ကြောင်း ထင်ရှားအောင် ဂေါသဒ္ဒါကို ဂေါဏပြုသကဲ့သို့ ဤ၌လည်း ပရိယာယ်ပုဒ်ဖြစ်ကြောင်း ထင်ရှားစေခြင်းငှာ သုနမှ သောဏ စသည်ပြီးအောင် စီရင်ပြသည်ဟု ကြံသင့်၏၊ထို့ပြင် "သာမိကဿ ဝစနံ သုဏာတီတိ သောဏော ဟူရာ၌ သုနမှ သောဏစသည် ဖြစ်လာပုံကို သုတ်က ပြထားသောကြောင့် ဝိဂ္ဂြိုဟ်ပြုလိုလျှင် "သုနော"တုန်းကသာ ပြုထိုက်၏၊ သောဏော စသည်မှာ (သုတ်အလိုအားဖြင့်) ဓာတ်ပစ္စည်း မခွဲရသောကြောင့် ဝိဂ္ဂြိုဟ်ပြုဖွယ်မလို၊ ထို့ကြောင့်"သာမိကဿ ဝစနံ သုဏာတိ,သဒ္ဒံ သုဏာတိ"ဟူသောဝိဂ္ဂြိုဟ် ၂-မျိုးလုံးပင် နောက်ဆရာတို့ကြံဆအပ်သော ဝိဂ္ဂြိုဟ်များသာ ဖြစ်ဟန်တူသည်။

တရုဏသ သုသုစ

၆၄၀။ **တရုဏဏ္ဏတိ—တရုဏဟူသော၊ တေဿ ပါဠိပဒိကဿ၏၊** **သိသု** အာဒေသော, ဟောတိ၊ သုသု-နုပျိသော၊ ကာဠကေသော-မည်းနက်သောဆံပင် ရှိသူ၊ (၆၆၅)။ [“ကာဠကေသော” အပို တည်း၊ ပါဠိတော်များ၌ “သုသုကာဠကေသော”ဟု တဆက်တည်း ရှိတတ် သောကြောင့် ထည့်ထားဟန် တူသည်၊ သက္ကတ၌ သောခတ် ကု ပစ္စည်းဖြင့် “သိသု”ဟု ရှိ၏၊ ထို့ကြောင့် ဤသုသုလည်း တရုဏမှ လာသည်မဟုတ်, ခတ် ပစ္စည်းဖြင့်ပြီးသော သီးခြား ပုဒ်တမျိုးသာ ဟုလည်း မှတ်ပါ။]

ယုဝဿ၊ပေါနူနာ

၆၄၉။ ယုဝဏ္ဏတိ-ဟူသော၊ တေဿ ပါဠိပဒိကဿ-၏၊ ဥဝဿ—ဥဝ် သဒ္ဒါ၏၊ ဥဝ ဥဝါန ဉီန ဉီနာ ဒေသာ ဟောန္တိ၊ ယုဝါ, ယုဝါနော, ယုနော, ယူနော—လုလင်ပျိုသည်၊ (၆၆၆)။ သက္ကတ၌ “ယု=မိဿနေ” ခတ်နောင် ကနိန် ပစ္စည်းဖြင့် ပြီးသော “ယုဝါ” [တပုဒ်သာ ရှိ၏၊ ထို့ကြောင့် ပါဠိ၌ ယုဝပုဒ်မှ ယုဝါန-ယုန-ယူနပုဒ်တို့ ဖြစ်သည် ဟု ကြံဟန်တူသည်၊ ယုဝါနပုဒ်ပြီးပုံကို ဟိဝိဘတ္တိမှိုစ်၌လည်း တမျိုးပြခဲ့ပြီ၊ ယု ခတ်နောင် ယုပစ္စည်းသက်လျှင် ယုန—ယူနတို့လည်း ပြီးနိုင်မည်၊ ထို့ကြောင့် ယုဝပုဒ်ကဲ့သို့ ယုန-ယူနတို့လည်း သီးခြား ပုဒ်တမျိုးဟု ကြံသင့်သည်။]

---

သက္ကတ။ ။သွာ, သွာန, သုနက(ခ)ပုဒ်တို့သည် သက္ကတ၌ သီးခြား ပါတိ ပဒိက (နာမ်) ပုဒ်အဖြစ်ဖြင့် လာ၏၊ သွာသည် “သွိ-ဂတိမှိ” ဟူသော ခတ် နောင် ကနိန်ပစ္စည်း, နိပါတနဖြင့် စီရင်၍ “သွန်” အပြီးမှာ ဝိဘတ်သက်၍ “သွာ”ဟု ဖြစ်၏၊ (ပါဠိ၌ “သာ” နှင့် အတူတူပင်၊) သွန်နောင် သွတ္တ၌ အာဏ် ပစ္စည်းသက်၍“သွာနော”ဟု ဖြစ်၏၊ သုနနောင် ကပစ္စည်းသက်၍“သုနကော” ဟု ဖြစ်၏၊ [ပါဠိ၌ ကကို ခပြု၍ “သုနခေါ”ဟု ဖြစ်သည်၊] သွာနပုဒ်ကိုဖြန့်လျှင် “သုဝါန”ဟု ဖြစ်သင့်၏၊ သောဏ - သုဏပုဒ်တို့ကား သက္ကတ၌မရှိ, ပါဠိ သက်သက်သာ၊ ဤသို့လျှင် သွာ, သွာန, သုနခတို့သည် သုနပုဒ်မှ ဖြစ်လာကြ သည်မဟုတ်, သူ့ခတ်ပစ္စည်းနှင့်သူ ပြီးကြသော သီးခြားပုဒ်များ အဖြစ်ဖြင့် သက္ကတ၌ ရှိသောကြောင့် သောဏ သုဏပုဒ်တို့လည်း သုခတ် ယုပစ္စည်းဖြင့် ပြီးနိုင်သော သီးခြားပုဒ်များ ဖြစ်သင့်ရကား ဤသုတ် မရှိသော်လည်း ဆိုင်ရာ ခတ်ပစ္စည်းဖြင့်ပင် သောဏစသည်တို့ ပြီးနိုင်သည်ဟု မှတ်၊ [သဒ္ဒနီတိ၌ကား သုခတ် နောင် ဩဏ, ဝါန, ဥဝါဏ, ၃-ပစ္စည်းသက်၍ “သောဏော,သွာ နော, သုဝါနော”တို့ကို ပြီးစေသောနည်းကိုလည်း ပြသေး၏။]

**ကာလေ၊ပေ၊ဏွာဒယော**

၆၅၀။ ဝတ္တမာနတ္ထေ—ပစ္စုပ္ပန်အနက် ဖြစ်သော၊ ကာလေစ - အခါ၌လည်းကောင်း၊ အတီတတ္ထေ— အတိတ်အနက်ဖြစ်သော၊ ကာလေစ-လည်းကောင်း၊ ဏု ယု တပစ္စယာ-ဏု, ယု, တပစ္စည်းတို့သည်၊ ဟောန္တိ၊ အကာသိ - ပြုပြီ၊ ကရောတိ-ပြုဆဲ၊ ဣတိ ကာရု— (လက်သမား) မည်၏၊ အဂစ္ဆိ-သွားပြီ၊ ဂစ္ဆတိ-ဆဲ၊ ဣတိ, ဝါယု—(လေ) မည်၏၊ အဘာဝိ-ဖြစ်ပြီ၊ ဘဝတိ-ဆဲ၊ ဣတိ ဘူတံ-မည်၏၊ (၆၅၁)။

**ဘဝိဿတိ ဂမာဒီဟိ ဏီဃိဏ်**

၆၅၁။ ဘဝိဿတိ ကာလတ္ထေ — အနာဂတ် ကာလ အနက်၌၊ ဂမု ဘဇ သု ဌာ ဣစ္စေဝမာဒီဟိ—ဂမု, ဘဇ, သု, ဌာ, ဤသို့ အစရှိကုန်သော၊ ဓာတူဟိ, ဏီဃိဏ်ပစ္စယာ, ဟောန္တိ၊ ယဿ-အကြင်သူ၏၊ အာယတိံ-နောင်ခါ၌၊ ဂမိတုံ—သွားခြင်းငှာ၊ သီလံ-အလေ့သည်၊ အတ္ထိ, ဣတိ ဂါမီ-ဂါမီ မည်၏။ [နောက်၌ "ဘဇိတုံ-ဝေပန်ခြင်းငှာ၊ ပဿာဝိတုံ-ယိုစီးခြင်းငှာ၊ ပဋ္ဌာယိတုံ - တည်တံ့ခြင်းငှာ"ဟု ပေး။] (၆၄၈။)

---

၆၅၀။ ဏု ယု တပစ္စယော။ ။ဏွာဒယော၌ အာဒိဖြင့် ယု, တပစ္စည်းတို့ကို ယူစေလိုသောကြောင့် "ဏု ယု တပစ္စယာ"ဟု ဖွင့်သည်၊ရှူ၌ကား "အာဒိသဒ္ဒေန ယု တ္တမိ ဣစ္စာဒယောစ ဟောန္တိ"ဟု ဆို၏၊ "ဝတ္တမာနာ-တီတေ"ဟု ဆိုသောကြောင့် "အကာသိ-ကရောတိ"ဟု အတိတ် ဝတ္တမာန် ၂-မျိုးဖြင့် ဝိဂ္ဂဟပြုသည်၊ ကာရုကို ကတ္တရိကိတ်၌ ရုပ်တွက်ခဲ့ပြီ၊ ဘူတံကိုလည်း အခြေပြုကြည့်တွက်၊ ဤသုတ်ဖြင့် တပစ္စည်းသာ သက်သောကြောင့် (က်) အနုဗန်ချေဖွယ် မလို။

ဝါယု။ ။ဝါဓာတ်သည် ဂတိ အနက်ရှိသော "အဂစ္ဆိ, ဂစ္ဆတိ"ဟု ဝါဓာတ်၏ အနက်ဖြင့် ဝိဂ္ဂဟပြုထားသည်၊ "အဝါယိ, ဝါယတီတိ ဝါယု" ဟု ဓာတ်ရင်းအတိုင်းလည်း ပြုနိုင်၏၊ ဤဝါယုကို ယုပစ္စည်း၏ ပုံစံအဖြစ်ဖြင့် ပြထားသည်မှာ စဉ်းစားဖွယ် ရှိ၏၊ ယုပစ္စည်းမှန်လျှင် "အန" ပြုရသည်ချည်းတည်း၊ ဤ၌ အနမပြုပဲ "ဝါ=ဂတိဗန္ဓနေသု" ဓာတ်နောင် ယုပစ္စည်းသက်ရုံဖြင့် "ဝါယု" ဖြစ်ခြင်းမှာ ထုံးစံမကျချေ၊ ရှူ၌မူ "ဝါဓာတ် ဏုပစ္စည်း, ဏ် အနုဗန်ချေ, အာကာရန္တာန မာယောသုတ်ဖြင့် ဝါ၏ အာကို အာယပြု၍ "ဝါယု" ပုဒ်ကို ပြီးစေသည်၊ ယုပစ္စည်းအတွက်မှာ စဒိဓာတ်ဖြင့် စန္ဒနံစသည်ကို ပုံစံထုတ်၏၊ ထို ရှုနည်းသာ စည်းကမ်းကြပေသည်။

---

၆၅၀။ ဂမာဒီဟိ ဏီဃိဏ်။ ။ဂမာဒီဟိ၌ အာဒိဖြင့် ဘဇ—သု—ဌာ စသည်ကိုယူဟု သိစေလိုသောကြောင့် "ဂမု ဘဇ သုဌာ ဣစ္စေဝမာဒီဟိ"ဟု ဖွင့်၏၊ ဏီဃိဏ်တို့၌ ( ဏ် ) အနုဗန်တို့သည် ဝုဒ္ဓိပြုရခြင်းအကျိုး ရှိ၏၊ ဃိဏ်၌

(ဃ) လည်း အနုဗန္ဓပင်၊ ထို (ဃ) အနုဗန်ကား ဤဥဏာဒိ၌ အကျိုးမထူးလှ၊ အခြား (မောဂ္ဂလ္လာန်စသည်)ကျမ်း၌မူ ဃအနုဗန်ပါသော ပစ္စည်းနှောင်းရာ၀ယ် "ကဂါစဇာနံ ဃာနုဗန္ဓေ" စသော သီးခြားစီရင်သောသုတ်များ ရှိကြသည်။

**ဤသုတ်၏မှီရာ။** ။ "ဘဝိဿတိ ဂမာဒယော" — ကာတန္တကိတ်, ၄, ၃၁၃-သုတ်သည် ဤသုတ်၏မှီရာတည်း၊ သို့သော် ထိုသုတ်၌ ဣန် ပစ္စည်းသာ သက်၍ "ဂါမိံ ဂမိ, ဂါမိံ အာဂါမိ, ဘာဝီ" တို့ကို ပုံစံထုတ်သည်၊ အနုဝါဒ ဋီကာ၌ကား "အတ္ထတော ဘဝိဿတိကာလဝုတ္တိ ဂမာဒိခာတုတော ဥတ္တရံ ဣန် ဏိန် ပဘုတိပစ္စယာ ဘဝန္တိ"ဟု ဖွင့်၏၊ ဤကစ္စည်းသုတ်ဆိုပုံကား ထိုအနုဝါဒ ဋီကာဖွင့်ပုံနှင့် သာ၍ နီးစပ်သည်။

**ပုံစံများ။** ။ ဂါမီစသော ဤကာရန္တပုံစံများသည် ဏီပစ္စည်း၏ ပုံစံများ သာတည်း၊ ဃိဏ် ပစ္စည်း သက်ရာ၌ ဣကာရန္တသာ ဖြစ်ထိုက်၏-ဟု သဘော ထား၍ ရှေ့၌ "ဂါမိံ ဂါမိ"ဟု ထုတ်သည်၊ ထို့ကြောင့် ရှုအလိုအတိုင်း ဆိုလျှင် "ဂါမိ, ဘာဝီ, ပဿာဝီ, ပဋ္ဌာယီ"ဟု ဣကာရန္တပုံစံ ရှိရဦးမည်၊ [ဤ ဘာသာ ဋီကာ၏အလိုကား "ဃိန်"ဟု ဒန္တဇနကာရန္တဖြင့် ပစ္စည်းသက်၍ (န်) ကြေရာ၌ ရှေ့သရကို ဒီဃ ပြုစေလို၏၊ သို့ဖြစ်၍ ဏီပစ္စည်းသက်ရာ၌ "ဂါမီ"ဟု ဝုဒ္ဓိ ရောက်၍ ဃိန်ပစ္စည်းသက်ရာ၌ "ဂမီ"ဟု ဝုဒ္ဓိမရောက်ဟု ခွဲခြားလိုသည်။

**ဝိဂ္ဂဟ်။** ။ဝိဂ္ဂဟ်ပြုရာ၌ အနာဂတ်ကာလဟောကြောင်း ထင်ရှားအောင် "အာယတိ"ဟု လည်းကောင်း၊တဿီလအနက်၌ သက်ကြောင်းထင်ရှားအောင် "သီလံ"ဟုလည်းကောင်း ထည့်၍ပြထားသည်၊ [နိဒ္ဒေသ၌လည်း တဿီလာဒီ သုဏိတ္ဘာဝီ စသည်၌ ဏီပစ္စည်း ရှိပြီးလျက် ဤ၌ တဿီလတ္ထ ဏီပစ္စည်းကို ဆိုပြန် သောကြောင့် "ဤ ဏီပစ္စည်းသည် အနာဂတ်ကာလ၌ ဖြစ်၏"ဟု ကာလအထူး ကို သတ်မှတ်ခြင်းငှာ ဤ၌ ပြပြန်သည်-ဟု ဆို၏၊] သို့ရာဝယ် တဿီလအနက်ကို သက္ကတသုတ်များ၌ အဆိုမရှိ "ဂမိဿတီတိ ဂါမီ" စသည်ဖြင့်သာ ဆိုသော ကြောင့်လည်းကောင်း, ကျမ်းဂန်တို့၌လည်း "ဘာဝီ - ဖြစ်လတ္တံ့"ဟုသာ တဿီလအနက်မပါပဲ သုံးစွဲလေ့ ရှိသောကြောင့်လည်းကောင်း ထို တဿီလတ္ထ ကို စဉ်းစားသင့်သည်။

**ရုပ်တွက်။** ။ရုပ်ကို အခြေပြု ကြည့်တွက်၊ ပဿာဝီ၌ သု၏ ဉကို ဩပြု, ဩကို အာဝပြု၊ ဝိဂ္ဂဟ်၌လည်း "ပဿာဝီ တုံ"ဟု ရှိစေ၊ "ပဿိတုံ"ဟု အချို့ စာ၌ ရှိသည်ကား သုဓာတ်နှင့် မလျော်သောကြောင့် ပါဠ်ပျက်၊ ပဋ္ဌာယီ၌ ပပုဗ္ဗ ဌာဓာတ်၊ ဌာ၏ အာကို အာကာရန္တာနမာယော သုတ်ဖြင့် အာယပြု။ [ဝိဂ္ဂဟ်၌ ကား ဃာအနုဗန် မရှိသေးသောကြောင့် အာယ မပြုနိုင်ရကား "ပဋ္ဌာယိတုံ"ဟု မရှိပဲ "ပဋ္ဌာတုံ"ဟု ရှိလျှင် ကောင်းမည်ထင်သည်။]

**ကြိယာယံ ဏွုတဝေါ** ၆၅၂။ ကြိယာယံ အတ္ထေ-ကြိယာဟူသော အနက်၌၊ ဘဝိဿတိ ကာလေ-၌၊ ဏွု တု ဣတိ, ဧတေ ပစ္စယာ ဟောန္တိ၊ ကရိဿံ-ပြုအံ့၊ ဣတိ-ဤသို့ ကြံ၍၊ ကာရကော-ပြုအံ့ဟု ကြံ၍၊ ဝဇတိ-သွား၏၊ဘုဉ္ဇိဿံ-စားအံ့၊ ဣတိ-ဤသို့ ကြံ၍၊ ဘောတ္တာ-စားအံ့ဟု ကြံ၍၊ ဝဇတိ-၏၊ (၆၄၉)။

---

၆၅၂။ ကရိဿန္တိ ကာရကော။ ။ကရိဿံ+ဣတိသည် ကာရကော၏ အနက်ဖွင့်တည်း၊ ဤအဖွင့်ကိုကြည့်၍ "ကာရကော—ပြုတတ်သူသည်,ပြုမည့်သူသည်"ဟု ပုဂ္ဂိုလ်ဒြပ်ရအောင် အနက်မပေးပဲ "ကာရကော—ပြုအံ့ ဝါ-ပြုမည်" ဤသို့ ကြိယာအနက်ရအောင် ပေးရသည်၊ (ဣတိ—ဤသို့ ကြံ၍"ကား အပို ထည့်အပ်သော အနက်တည်း၊) ဤသို့ ကြိယာအနက် ရအောင် ပေးမှုလည်း "ကြိယာယံ=ကြိယာယမတ္ထေ" ဟူသော သုတ်ဝုတ္တိနှင့် ညီမည်၊ "အံ့, မည်" ဟူသော ဝိဘတ်နက်များကား ဘဝိဿတိကာလေနှင့်အညီ အနာဂတ် အနက်များတည်း၊ ဤစကားအရ "ကရိဿံ ဣတိ ကာရကော"ဟု ဝိဂ္ဂိုဟ်ပြုသင့်ကြောင်းကိုလည်းကောင်း၊ "ကရိဿံ-ပြုအံ့၊ ဝါ-ပြုမည်၊ ဣတိ-ဤ အနက်ကြောင့်၊ ကာရကော-မည်၏" ဟု အနက်ပေးသင့်ကြောင်းကို လည်းကောင်း သိပါ။

ဆက်ဦးအံ့။ ။ကရိဿံ၌ ဿံဝိဘတ်လည်း ဘဝိဿန္တိအတ္တနောပုဒ် ဝိဘတ်တည်း၊ ထိုဿံ၏ ဆိုင်ရာကတ္တားကို "အဟံ"ဟု အပိုထည့်ပါ၊ "ပုရိသော 'ကရိဿံ' ဝဇတိ=ပုရိသော 'ကာရကော' ဝဇတိ" ဤသို့ ဝါကျခင်းကြည့်လျှင် ဝဇတိ၏ ကတ္တားသည် ပုရိသော ဖြစ်၍ ကရိဿံ—ကာရကောတို့၏ ကတ္တားကို 'အဟံ'ဟု ထည့်ရကြောင်း သိပါလိမ့်မည်၊ [သဒ္ဒတော ဏွုတွာဝိဓါသုတ်ရှိလျက် ဤသုတ်ကို ဆိုခြင်းကား "အနာဂတ်ဟူသော ကာလဝိသေသကို သတ်မှတ်ခြင်း တည်း"ဟု ကြံကြ၏၊] ဤနေရာဝယ် သာ၍ထင်ရှားအောင် ကာတန္တ သုတ်ဝုတ္တိတို့ကို ထုတ်ပြသင့်၏၊ ရုပ်ကို အခြေပြုကြည့်တွက်။

ဝုဏ်တုမော် ကြိယာယံ ကြိယတ္ထာယံ။ ။(ကာတန္တ, ကိတ် ၃၁၄ သုတ်)၊....ကြိယတ္ထာယံ- ကြိယာအကျိုးရှိသော၊ ကြိယာယံ- အကြောင်းကြိယာ ကို၊ ဂမျမာနာယံ- သိအပ်သော်၊ ဘဝိဿတျတ္ထေ- ၌၊ ဝတ္တမာနဓာတုတော—၌၊ ဝုဏ်တုမော်-ဝုဏ်ပစ္စည်း တုံပစ္စည်းတို့သည်၊ ဘဝတာ-ဖြစ်ကုန်၏၊ ပါစကော ဝဇတိ, ပစိတုံ ဝဇတိ=ပက္ချာမ်—ချက်အံ့၊ ဣတိ ကတွာ-ဤသို့ အကြံပြု၍၊ ဝဇတိ—၏၊ ဣတိ အတ္ထော-နက်၊ ဤ၌ ကြိယတ္ထဟူသည် သွားသူ၏ ရည်ရွယ်ချက် အကျိုးတည်း၊ ဝဇတိအရ သွားခြင်း ကြိယာကား အကြောင်းတည်း၊ "ထမင်းချက်မည်ဟု ကြံ၍ (မီးဖိုချောင်သို့) သွား၏" စသည်၌ အကြောင်း အကျိုး ဆက်စပ်ကြည့်ပါ။

ဘာဝေ ါစိမို စတုတ္ထီ

၆၅၃။ **ဘာဝေ ါစိမှိ—သော်၊ ဘဝိဿတိကာလေ—၌၊ စတုတ္ထီ** ဝိဘတ္တိ ဟောတိ၊ ပစ္စိဿတေ—ချက်လတ္တံ့ခြင်း၊ ဝါ—တနည်း၊ ပစနံ—ချက်လတ္တံ့ခြင်း၊ ပါကော—ချက်လတ္တံ့ခြင်း၊ ပါကာယ-ချက်လတ္တံ့ခြင်း၊ ဝဇတိ-သွား၏၊ ဘုဉ္ဇိဿတေ-စားလတ္တံ့ခြင်း၊ ဝါ၊ ဘောဇနံ-စားလတ္တံ့ခြင်း၊ ဘောဂါယ-စားလတ္တံ့ခြင်းငှာ၊ ဝဇတိ-၏၊ နစ္စိဿတေ-က လတ္တံ့ခြင်း၊ နစ္စနံ-ခြင်း၊ နစ္စာယ-က လတ္တံ့ခြင်းငှာ၊ ဝဇတိ-သွား၏၊ (၃၀၆)။

---

ကြိယာယံတိ **ကိံ**။ ။ဘိက္ခိဿံ ဠစ္စဿ ဇဋာ( ကာတန္တ )၊ အဿ—ထို ရသေ့၏၊ ဇဋာ-ဆံကျစ်သည်၊ ဘိက္ခိဿံ ဠတိ-ထမင်းတောင်းအံ့ဟူသော အကြံ ဖြင့်တည်း၊ "ထမင်းတောင်း" ဟူသော ရည်ရွယ်ချက်အကျိုးဖြင့် ဆံကျစ်ထား သည်-ဟူလို၊ ဤ၌ ဘိက္ခိဿံသည် အကျိုးဖြစ်၍ "ကြိယတ္ထာ"**ကား** ဟုတ်ပါ၏၊ "ဇဋာ"အရ ဆံကျစ်ကား ကြိယာမဟုတ်, ဒြပ်ဖြစ်သောကြောင့် ဤသုတ်ဖြင့် ဝုဏ် တုံ ပစ္စည်း မသက်ရ၊ "ဘိက္ခကော ဇဋာ, ဘိက္ခိတုံ ဇဋာ"ဟု မဖြစ်နိုင်—ဟူလို၊ ဤစကားအရ "၁-ကြိယာလည်းဖြစ်ခြင်း, ၂-ကြိယာအကျိုးလည်း ရှိခြင်း"ဟု အင်္ဂါ ၂-ပါးရှိမှ ဤသုတ်ဖြင့် ပစ္စည်းသက်နိုင်ကြောင်း သိပါ၊ ဘိက္ခိဿံ၌ ဿံလည်း ဘဝိဿန္တိ ဝိဘတ်ပင်။ [ ဘိက္ခိဿံ ဠတိ ဘဝိဿတိ အတ္တနောပဒဿ ဥတ္တမပုရိသေက ဝစနံ၊—ကာတန္တ ပဉ္စိကာ။]

ကြိယာယံတိ ကိံ။ ။ခါတဝေါ တေ ပဟိဿတိ ဒဏ္ဍော (ကာတန္တ)၊ ပြေးသော သင်၏တုတ်သည် ကျလတ္တံ့၊ ဤ၌ ပြေးခြင်းကြိယာကား ဟုတ်ပါပေ ၏၊ တုတ်ကျခြင်းမှာ ပြေးသူ၏ ရည်ရွယ်ချက်အကျိုး မဟုတ်၊ တုတ်ကျအောင် ပြေးသည်မဟုတ်, အခြားအကျိုး တခုခုကို ရည်ရွယ်၍ပြေးသည်-ဟူလို၊ ထိုသို့ ကြိယာအကျိုး မရှိသောကြောင့် "ခါဝကော, ခါဝိတုံ"ဟု မဖြစ်။

ဝဉ်းစားဖွယ်။ ။ကာတန္တ၌ "ဝုဏ် တုမော်"ဟု ဏ္ဍုနှင့်တူသော ဝုဏ် ပစ္စည်းနှင့် တုံပစ္စည်းကို ဤသုတ်၌ ပြထား၏၊ ထို့ကြောင့် ဤဥဏာဒ်၌လည်း "ကြိယာယံ ဏ္ဍုတုမော"ဟု သုတ်တည်ရင်း ဖြစ်ကောင်း ဖြစ်လိမ့်မည်၊ တုံ ပစ္စည်းကို မောဂ္ဂလ္လာန်၌ "အနာဂတ်၌သက်"ဟုလည်း ဝါဒရှိ၏၊ ထို့ကြောင့် ကာလကြာသဖြင့် "တုမော" ပုဒ်ရင်းမှ "တဝေါ"ဟု ပြောင်းလာဟန်တူသည်။

---

၆၅၃။ **ပါကာယ ဝဇတိ။** ။"ပါက" သဒ္ဒါသည် ချက်ခြင်းကြိယာ ဟူသော ဘောကိုဟောသောကြောင့်ဘာဝေ ါစီပုဒ်တည်း၊ "ချက်လတ္တံ့ခြင်း"ဟု အနာဂတ် အနက်ကိုလည်း ဟော၏၊ ဤသို့ အနာဂတ်ကာလ၌ ဘောဟောပုဒ် ဖြစ်လျှင် ဤသုတ်ဖြင့် စတုတ္ထီဝိဘတ်သက်ပါ-ဟု ဆိုလိုသည်၊ "ပစ္စိဿတေ ပစနံ

ဝါ ပါကော” တို့ကား “ပါက” သဒ္ဒါ၏ အနာဂတ်ကာလနှင့် ဘောအနက် ဟောကြောင်း ထင်ရှားအောင်ပြသော ဝိဂ္ဂိုဟ်ဝါကျများတည်း၊ “ပစ္စိဿတေ ပါကော,ပစန် ပါကော”ဟု ဝိဂ္ဂိုဟ်ပြုပါ-ဟူလို၊ ဤသုတ်၏ပုံစံမှာ “ပါကာယ” သာ လိုရင်းတည်း၊ “ဘုဇ္ဇိဿတေ ဘောဂေါ, ဘုဇ္ဇနံ ဘောဂေါ, နစ္စိဿတေ နစ္စံ, နစ္စနံ နစ္စံ”ဟု ဝိဂ္ဂိုဟ်ကိုပြကြောင်း ဘောဂါယ, နစ္စာယ” တို့သာ ပုံစံ ဖြစ်ကြောင်းကိုလည်း သိပါ။

အမှာ။ ။“ပစိဿတေ, ဘုဉ္ဇိဿတေ”ဟု အချို့ပါဌ်ရှိ၏၊ ထိုပါဌ်ကား ဘောဟော မဟုတ်, ကတ္တားဟောသာတည်း၊ ထို့ကြောင့် “ပစ္စိဿတေ ဘုဇ္ဇိ-ဿတေ”ဟု ပါဌ်မှန်ရှိစေ၊ “နစ္စိဿတေ”ကား နဋ္ဋဓာတ်, ယပစ္စည်း၊ ဓာတ္တန်နှင့် တကွ ယကို တဿစဝဂ္ဂဖြင့် စပြု, ဒွေဘော်လာ၍ ဘောဟောရုပ်လည်း ဖြစ်နိုင် သည်၊ ရုပ်တွက်ရာ၌ “ပါက, ဘောဂ နစ္စတည်,ဤသုတ်ဖြင့် စတုတ္ထီ သ ဝိဘတ် သက်, အာယစတုတ္ထကာဝစနဿတုသုတ်ဖြင့် သကို အာယပြု, စသည်စီရင်။

ဝင်းစားဖွယ်။ ။ဤသုတ်သည် ဝိဘတ်သက်သောသုတ်တည်း၊ ဥဏာဒိ ကဏ္ဍလာ များစွာသော သုတ်တို့ကား ဓာတ်အရာ၌ ပစ္စည်းတို့ကို စီရင်သော (ပစ္စည်းသက်သော) သုတ်များတည်း၊ ထို့ကြောင့် ဤနေရာ၌ ဤသုတ်ကို ဆိုထားခြင်းသည် စဉ်းစားဖွယ်ရှိ၏၊ထို့ကြောင့် ဤသုတ်နှင့်ဆိုင်သော ကာတန္တ သုတ်များကို ထုတ်ပြဦးအံ့။

ဘာဝဝါစိနောစ။ ။ကာတန္တ-ကိတ် (၃၁၅)၊ [ကြိယာတ္ထာယံ-ကြိယာ အကျိုးရှိသော၊ ကြိယာယံ—အကြောင်းကြိယာဟူသော၊ ဥပပဒေ—အနီးပုဒ် ရှိလသော်၊ ဘဝိဿတျတ္ထေ-အနာဂတ်အနက်၌၊ ဝတ္တမာနာ, ဓာတုတော-၌၊ ဘာဝဝါစိနောစ ပစ္စယာ-ဘောဟောဖြစ်သော ဏ ယု စသော ပစ္စည်းတို့သည် လည်း၊ ဟောန္တိ၊ ပါကာယ, ပစနာယ-ချက်ခြင်းငှာ၊ ဝဇတိ-၏၊ တုမ်-တုံပစ္စည်း သည်၊ နိစ္စပ္ပဝတ္တေ-အမြဲရောက်လုလသော်၊ ဝစနံ-ဤသုတ်ကို ဆိုရခြင်းဖြစ်၏၊] “ပါကာယ ဇဇတိ”၌ ချက်ခြင်းဟူသော အကျိုးကိုမြော်၍ (ချက်ဖို့ရည်စူး၍) သွားသောကြောင့် ဝဇနကြိယာသည် ပါကဟူသော ကြိယတ္ထရှိ၏၊ ထိုသို့ ကြိယတ္ထဖြစ်သော ကြိယာပုဒ်အနီးရှိသော် အနာဂတ်ဟော ပစဓာတ်နောင် ဘောအနက်ဟော ဏပစ္စည်း ယုပစ္စည်း စသည်သက်၍ ပါကော,ပစနံ ဟု ပြီး၏၊ ထို့နောက်မှ သကို အာယပြု၍ ပါကာယ-ပစနာယဟု ဖြစ်ရသည်၊ ဤသုတ်မရှိ လျှင် တုံပစ္စည်း အမြဲသက်၍“ပစိတုံ”ဟုချည်း ဖြစ်ဖွယ်ရှိသောကြောင့် ဤသုတ် ကို ဆိုရသည်-ဟူလို၊ ဤသို့လျှင် ကာတန္တ၌ ဤနေရာဝယ် ပစ္စည်းသက်သော သုတ်အဖြစ်ဖြင့်သာ လာသောကြောင့် “ဘာဝဝါစိမှိ စတုတ္ထီ”ဟု ဝိဘတ်သက် သုတ်အဖြစ်ဖြင့် ဤနေရာ၌ ဆိုခြင်းကို စဉ်းစားသင့်သည်။

**ကမ္မနိ ဏော** ၆၅၄။ **ကမ္မနိ**—ကံပုဒ် ဟူသော၊ ဥပပဒေ—အနီးပုဒ်သည်၊ (သတိ—သော်၊) ဘဝိဿတိကာလေ, ဏပစ္စယော ဟောတိ၊ နဂရံ-မြို့ကို၊ ကရိဿံ-ငါပြုအံ့၊ ဣတိ-ဤသို့ကြံ၍၊ နဂရကာရော-မြို့ကို ပြုအံ့ဟု ကြံ၍၊ ဝဇတိ-၏၊ သာလိံ-သလေးပင်ကို၊ လဝိဿံ-ငါရိတ်အံ့၊ ဣတိ-၍၊ သာလိလာဝေါ-သလေးတို့ကို ရိတ်အံ့ဟု ကြံ၍၊ ဝဇတိ-၏၊ ဓညံ-စပါးကို၊ ဝပိဿံ-ငါစိုက်အံ့၊ ဣတိ-၍၊ ဓညဝါပေါ-စပါးစိုက်အံ့ဟု ကြံ၍၊ ဝဇတိ၊ ဘောဂံ-စည်းစိမ်ကို၊ ဒဒိဿံ-ငါပေးအံ့၊ ဣတိ-၍၊ ဘောဂဒါယော-စည်းစိမ်ပေးအံ့ဟု ကြံ၍၊ ဝဇတိ၊ သိန္ဓုံ—သမုဒ္ဒါကို၊ ပိဝိဿံ—ငါသောက်အံ့၊ ဣတိ-၍၊ သိန္ဓုပါယော-သမုဒ္ဒါရေကို သောက်အံ့ဟု ကြံ၍၊ ဝဇတိ၊ (၆၅၀)။

---

ကာရကဌ် ဝိဘတ်သက် သုတ်ပါပုံ။ ။"တုမတ္ထာစ ဘာဝဝစါစိနော—ကာရက, ၂၃၄၊" [တုမတ္ထာ-တုံပစ္စည်း၏ အနက်ဟူသော အနက်ရှိသော၊ ဘာဝဝါစိနော-ဘောဟောပုဒ်မှ နောက်၌လည်း၊ စတုတ္ထီ ဘဝတိ၊ ပါကာယ ဝဇတိ, စသည်တည်း။] ပါက သည် ဘာဝဝါစိနောစသုတ်ဖြင့် ဏပစ္စည်းသက်၍ ပြီးသော ဘောဟောပုဒ်တည်း၊ ထိုပုဒ်နောင် ဤသုတ်ဖြင့် စတုတ္ထီဝိဘတ် သက်၊ ဤသို့ ဝိဘတ်သက်သောသုတ်ကို ကာရကအခန်း၌ ပြထားသောကြောင့် ရှုပ သိဒ္ဓိ ဆရာသည်း"ဘာဝဝါစိမှိ စတုတ္ထီ"ဟူသော ဤသုတ်ကို ကာရက၌ ပြောင်း ရွှေ့ပြထားလေသည်။

---

၆၅၄။ **ကမ္မနိဏော**။ ။နဂရကာရော၌ နဂရံကဲ့သို့ ကံပုဒ်အနီးရှိသော အနာဂတ် အနက်ကိုလည်း ဟောသော ကရစသော ဓာတ်နောင် ဏပစ္စည်း သက်၊ ဤသုတ်သည် ကာတန္တကိတ် "ကမ္မဏိ စာဏ်" ၂၁၆-သုတ်ကို မှီသော သုတ်တည်း၊ ထိုသုတ်၌ "ကြိယာယံ ကြိယတ္ထာယံ"ပုဒ်တို့ကို လိုက်စေ၍ "ဝုဏ် တုမော် ကြိယာယံ ကြိယတ္ထာယံ" သုတ်အတိုင်းပင် ဖွင့်၏၊ ဤသုတ်၌ ကံပုဒ်အပို ပါခြင်းသာ ထူးသည်၊ ထို့ကြောင့် နဂရကာရော စသည်၏အနက် ဖွင့်ပြသော ဝါကျကို "နဂရံ ကရိဿံ" စသည်ဖြင့် ဘဝိဿန္တီ ဥတ္တမပုရိသ် သံ့ဝိဘတ်ဖြင့်သာ ပုံစံရှိသင့်၏၊ ယခုစာတို့၌ "ကရိဿတိ"ဟု ရှိသည်ကား ပါဌ်ပျက်သာ၊ "ပုရိသော နဂရကာရော ဝဇတိ=ယောကျ်ားသည် (မြို့ကို ငါပြုမည်ဟု ကြံ၍) သွား၏"ဟု အနက်အဓိပ္ပာယ် မှတ်၊ သာလိလာဝေါ စသည်၌လည်း နည်းတူ။

ရုပ်တွက်။ ။နဂရ သဒ္ဒူပပဒ ကရတည်၍ ကုမ္ဘကာရောကဲ့သို့ ကိတန္တ သမာသ်ရုပ်တွက်၊ ဤသုတ်ဖြင့် ဏပစ္စည်း သက်ရခြင်းသာ ထူးသည်၊ သာလိ လာဝေါ၌ "သာလိ + လူ = ဆေဒနေ"ဟု ဆို၊ အသံယောဂန္တဿဖြင့် ဦကို

သေသေ

သံ့နှ္တုမာနာနာ

၆၅၅။ **ကမ္ဗုပပဒေ—အနီးကပ်ပုဒ်သည်၊** ( **သတိ-သော်၊** ) ဘဝိဿတိကာလေ-၌၊ **သေသေ** ဣတိ တေသိံ အတ္ထေ-သေသဟူသော ဤအနက်၌၊ သံ နှ္တု မာန **အာန** ဣတိ-သံ, နှ္တု, မာန, **အာနဟူကုန်သော၊** တေ ပစ္စယာ ဟောန္တိ၊ ကမ္မံ-အမှုကို၊ ကရိဿံ-ပြုလတ္တံ့၊ ဣတိ-ဤအနက်၌၊ ကမ္မံ ကရိဿံ-ကမ္မံ ကရိဿံဟု ဖြစ်၏၊ ဧဝံ-တူ၊ ကမ္မံ-ကို၊ ကရောန္တော-ပြုလတ္တံ့ဖြစ်၍၊ ဝါ-ပြုဦးမည်ဖြစ်၍၊ ကမ္မံ-ကို၊ ကုရုမာနော-ပြုလတ္တံ့ဖြစ်၍၊ (ဝါ-ပြုဦးမည်ဖြစ်၍၊) ကမ္မံ-ကို၊ ကရာနော-ပြုလတ္တံ့ဖြစ်၍၊ ဝါ-ပြုဦးမည်ဖြစ်၍၊ ဝဇတိ-၏၊ ဘောဇနံ-ဘောဇဉ်ကို၊ ဘုဥ္ဇိဿတိ-စားလတ္တံ့၊ ဣတိ—ဤအနက်၌၊ ဘောဇနံ ဘုဥ္ဇိဿံ - ဘောဇနံ ဘုဥ္ဇိဿံဟု ဖြစ်၏၊ ဧဝံ, ဘောဇနံ-ကို၊ ဘုဥ္ဇန္တော-စားလတ္တံ့ဖြစ်၍၊ ဝါ-စားဦးမည်ဖြစ်၍၊ (နောက်၌လည်း ဤနည်းချည်းပေး၊) ဝဇတိ-၏၊ ခါဒနံ-ခဲဖွယ်ကို၊ ခါဒိဿတိ-ခဲလတ္တံ့၊ ပေ၊မဂ္ဂံ-လမ်းကို၊စရိဿတိ-လှည့်လည်လတ္တံ့၊ပေ၊ ဘိက္ခံ-ထမင်းကို၊ ဘိက္ခိဿတိ-တောင်းလတ္တံ့၊ပေ၊ ဝဇတိ-၏၊ (၆၅၁)။

---

ဩဝဒ္ဓိပြု၊ တေ အာဝါယာ ကာရိတေဖြင့် ဩကို အာဝပြု၊ [ဝိဂ္ဂိုဟ်တွင်း၌ကား ဏ အနုဗန် မနှောင်းသောကြောင့် "လာဝိဿံ"ဟု မရှိစေရ၊ "လဝိဿံ"ဟု သာ ရှိစေရမည်။] ဧဉဝါပေါ၌ "ဧဉ+ဝပ=ဗိဇသန္တာနေ"ဟု ဆို၊ ဘောဂ ဒါယော၌ "ဘောဂ+ဒါ=ဒါနေ"ဟု ဆို၊ အာကာရန္တာနမာယောဖြင့် ဒါ၏ အာကို အာယပြု၊ သိန္ဓုပါယော၌ "သိန္ဓု+ပါ=ပါနေ"ဟုဆို၍ နည်းတူတွက်။

မှတ်ချက်။ ။ဤသုတ်မရှိလျှင် ကတ္တားကိုဟောရာ၌ "ဝုဏ် တုမော်"စသောသုတ်ဖြင့် ဝုဏ် (ဏွု) ပစ္စည်း သက်မည်စိုးသောကြောင့် ထိုပစ္စည်းကို တားမြစ်ခြင်းငှာ ဤသုတ်ကို ဆိုရသည်၊ "ကမ္မနီတိ သာမညေန အဏ် (ဏ) ဝိဓိယတေ၊ပေ၊သောဝိ-ထို အဏ်သည်လည်း၊ အပဝါဒတ္တာ-ရှေးအစီအရင်ကို တားမြစ်တတ်သည်၏ အဖြစ်ကြောင့်၊နောက်အစီအရင်တမျိုးသည် ရှေးအစီအရင်ကို တားမြစ်ရိုးဖြစ်သောကြောင့်၊ ဝုဏ်-ဝုဏ်ပစ္စည်းကို၊ ဗာဓတေ-တားမြစ်၏၊—ကာတန္တ ပဉ္စိကာ။

---

၆၅၆။ **သေသ** ဣစ္စေတသိံ အတ္ထေ။ ။"**သေသတ္တောနာမ** အပရိ သမတ္တ-တ္တော = **သေသအနက်ဟူသည် မပြီးဆုံးသေး (မစုံလင်သေး)** ဟူသော **အနက်တည်း**"ဟု နျာသဖွင့်၏၊ နံနက်ဆွမ်း စားပြီးသော်လည်း နေ့ဆွမ်း စားဦးမည်ဟု ရည်ရွယ်ချက် ရှိသေးလျှင် ထိုနေ့ဆွမ်းစားဖွယ် ကိစ္စသည် နံနက်စာ စားခြင်း ကိစ္စမှ ကြွင်းကျန်သေးသောကြောင့် သေသမည်၏၊ ဤသို့ တချို့တဝက် တပိုင်း တစ ပြုပြီး၍ ကြွင်းကျန်သေးသော-နောက်၌ ပြုရဦးမည်ဖြစ်သော အနက်ကို "သေသ"ဟု ဆိုသည်၊ ထို သေသအနက်သည် နောင် ပြုရဦးမည် ဖြစ်သော

ကြောင့် အနာဂတ်လည်း ဖြစ်၏၊ ထို့ကြောင့် "ဘဝိဿတိ ကာလေ"ဟု ဆိုသည်၊ ဤကား ဤဥဏာဒိဝုတ္တိနှင့် ချာသရူပသိဒ္ဓိတို့ ဖွင့်သည့်အတိုင်း ပြအပ်သော အဓိပ္ပာယ်တည်း၊[ဤအဓိပ္ပာယ်၏ မခြေမြစ်ကြောင်း ကျမ်းရင်းအာဘော် မဟုတ်ကြောင်းကို နောက်၌ ကာတန္တသုတ် ဝုတ္တိတို့ဖြင့် ရှင်းပြအံ့။]

သံန္တု မာနာနာ။ ။သံပစ္စည်းဖြင့် ကရိဿံ, ဘုဉ္ဇိဿံ, ခါဒိဿံ, ဧရိဿံ, ဘိက္ခိဿံဟု ဖြစ်၏၊ န္တုပစ္စည်းဖြင့် ကရောန္တော ဘုဉ္ဇန္တောစသည်,မာနပစ္စည်းဖြင့် ကုရုမာနော စသည်,အာန ပစ္စည်းဖြင့် ကရာနော စသည် ဖြစ်၏၊ "ကမ္မံ ကရိဿတိ"ကား "ကမ္မံ ကရိဿံ"၏ အနက်ပြ ဝါကျတည်း၊ "ကမ္မနိဒ္ဒေသော" သုတ်မှ ကမ္မနိလိုက်ပုဒ်ကို "ကမ္မုပပဒေ"ဟုဖွင့်၏၊ ထို"ကမ္မနိ,ကမ္မုပပဒေ"အရ "ကမ္မံ,ဘောဇနံ" စသည်ဖြင့် ကံပုဒ်ကို အပိုထည့်၍ ပြထားသည်။

**ရုပ်တွက်**။ ။ကရိဿံကို ကရတည်, ကရ – ကရဏေစသည်ဆို၊ ဤသုတ်ဖြင့် သံသက်၊ ယထာဂမမိကာရောဖြင့် ဣလာ၊ နာမ်ငဲ့, သိသက်, ချေ, ပြီး၏၊ ဤသို့ "သံ" ပစ္စည်း ကြံသောနည်း၌ သိဝိဘတ်ဖြင့် "ကရိဿံ" တရုပ်သာ ရှိနိုင်၏၊ ကရိဿေစသည်ဖြင့် မရှိနိုင်၊ ထို့ကြောင့် သံ ပစ္စည်းကို မကြိုက်သဖြင့် ရူပသိဒ္ဓိ၌ "သံ+န္တု"ဟု မခွဲပဲ "ဿန္တု"ဟု တနည်းကြံလေသည်၊ ထိုအကြံကို ရူနှင့် ရူဘာသာဋီကာမှာ ရှု၊ ဘုဉ္ဇိဿံ-ဘုဇဓာတ်, ဿံပစ္စည်း, ရုဓာဒိတော နိဂ္ဂဟီတပုဗ္ဗဉ္စသုတ်ဖြင့် ဘုဇ်နောင် အငစ္စည်း သက်၊ ရှေ့၌ နိဂ္ဂဟိတ်လာ၊ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ (ဉ်)ပြု၊ ဣလာ။

**ခါဒိဿံစသည်**။ ။ခါဒ-စရ-ဘိက္ခတည်၍ ခါဒိဿံ စသည်ကို ကရိဿံနည်းတူတွက်၊ ကရောန္တော-ကရ်+န္တုသက်, တနာဒိ ဩပစ္စည်းသက်, (ကရော-န္တု)၊ နာမ်ငဲ့, သိသက်, သိမှိဝါဖြင့် န္တု၏ ဥကို (အာ) ပြု၊ သောသုတ်ဖြင့် သိကို ဩပြု, ခွင်း, ချေ, ကပ်၊ ကရောန္တောဟု ပြီး၏၊ ကုရုမာနော—ကရ်+ဩပစ္စည်း+မာနပစ္စည်း၊ ဥတ္တမောကာရောဖြင့် ဩကို ဥပြု၊ ကရဿာ ကာရောစဖြင့် က၏ အကို ဥပြု၊ ကရာနော၌ အာနသက်ရုံသာ၊ ဘုဉ္ဇန္တောစသည်ကိုလည်း တွက်လေ။

**ကာတန္တ**။ ။သန္တာနာ သျသံဟိတာ သေသေစ (ကိတ် ၃၁၇ သုတ်)၊ (၁) ကြိယာယံ ကြိယတ္ထာယံ၊ (၂) ကမ္မနိစောပပဒေ၊ (၃) သေသေစ ဘဝိဿတျတ္ထေ ဝတ္တမာနဓာတုတော သန္တုဝါနသာ သျေနသဟိတာ ဘဝန္တိ၊ (၁) ကရိသျန် ဝဇတိ, ကရိသျမာနော ဝဇတိ၊ (၂) ကဋံ ကရိသျန် ဝဇတိ,ကဋံ ကရိသျမာနော ဝဇတိ (၃) သေသေစ—ကရိသျန် ကရိသျမာနော, ပေဟ ကရိသျန် ပေဟ ကရိသျမာနော၊(ဝုတ္တိ)၊[သေသေစ၌ စသဒ္ဒါဖြင့် ရှေ့ ၃၁၄,၃၁၆သုတ်၌ လာသော ကြိယာယံ ကြိယတ္ထာယံနှင့် ကမ္မဏိကိုဆည်းသည်၊] "ကြိယတ္ထာယံ-သော၊ ကြိယာယံ-ကို၊ ဂမျမာနာယံ-သော်လည်းကောင်း၊ကမ္မဏိ ဥပပဒေစ=

အနီးကံပုဒ် ရှိသော်လည်းကောင်း၊ သေသေစ-ထို ၂-မျိုးမှကြွင်းသော ကြိယာသက်သက်၌လည်းကောင်း၊ ဘဝိဿတျတ္တေ-အနာဂတ်အနက်၌၊ သျသံဟိတာ-သျနှင့်တကွ ဖြစ်ကုန်သော၊ သန္တာနာ-သန္တုပစ္စည်း အာနပစ္စည်းတို့သည်၊ ဘဝန္တိ''ဟု သုတ်နက်ပေး၊ အစဉ်အတိုင်း ပုံစံ ၃-မျိုးခွဲ၍ ထုတ်ထားပုံကိုလည်း ကြည့်ပါ။

**စဉ်းစားဖွယ်များ။** ။သေသေ ဿန္တုမာနာနာ သုတ်သည် ပြခဲ့သော ကာတန္တသုတ်ကို မှီသော သုတ်အမှန်ပင်တည်း၊ ကာတန္တ၌ ကြိယာအကျိုးရှိသော အကြောင်း ကြိယာမှလည်းကောင်း ကမ္ဘူပပဒရှိသော ကြိယာမှလည်းကောင်း ကြွင်းသော ကြိယာသက်သက်ကို ''သေသ''ဟု ဖွင့်သောကြောင့် ဉာသ ရူတို့၌ သေသကို ''အပရိသမတ္တ'' ဖွင့်ခြင်းကို စဉ်းစားသင့်၏၊ သက္ကတ၌ ''သျ''သည် ပါဠိ၌ ''ဿ''ဟု ဖြစ်လာ၏ သျနှင့်တကွ ဿန္တုဟူသည် ''ဿန္တု'' ပစ္စည်းပင်တည်း၊ [သန္တု၌ သ်ကား အနုဗန်၊] ထို့ကြောင့် ''ဿံပစ္စည်း န္တု ပစ္စည်း''ဟု ၂-ပစ္စည်း ခွဲခြင်းကိုလည်း စဉ်းစားသင့်၏။

ဆက်ဦးအံ့—သျနှင့် တကွသော အာနံပစ္စည်း ဟူသည်လည်း (မ် လာ၍ပြီးသော) ဿမာနပင်တည်း၊ ထို့ကြောင့် သက္ကတ၌ ''ကာရိဿန်, ကာရိဿမာနော-ပြုလတ္တံ့သည်ဖြစ်၍''ဟု ပုံစံထုတ်သည် အားလျော်စွာ ပါဠိ၌လည်း ''ကရိဿံ ကရိဿမာနော''ဟုပင် ရှိသင့်ပေသည်၊ သို့ဖြစ်လျှင် ''သေသေ ဿန္တုမာနာနာ'' သုတ်ကို—''သေသေ-ကြိယာယံ ဏွုတဝေ၊ ကမ္မနိဏောသုတ်တို့၏ အစီအရင်မှ ကြွင်းသော ကြိယာသာမည အနက်၌၊ ဿန္တုမာနာနာ—ဿန္တု ပစ္စည်း, မာနပစ္စည်း, အာနပစ္စည်းတို့သည်၊ ဟောန္တိ''ဟု သုတ်နက်ပေးသင့်၏။

မောဂ္ဂလ္လာန်။ ။တေ ဿပုဗ္ဗာနာဂတေ (ခါဒိကဏ္ဍ, ၆၇ သုတ်)၊....[ထိုန္တ-မာနပစ္စည်းတို့သည် အနာဂတ်၌ဖြစ်မူ ဿ ရှေ့ရှိကုန်၏၊ ဌဿန္တော ဌဿမာနော-တည်လတ္တံ့ဖြစ်၍၊ ဌိယိဿမာနံ - တည်လတ္တံ့ခြင်း၊ ပစ္စိဿမာနော—ချက်အပ်လတ္တံ့သော၊ သြဒနော—ထမင်း။] ဤသို့လျှင် မောဂ္ဂလ္လာန်၌လည်း ''ဿန္တ - ဿမာန'' ရှိ၍ သက္ကတပုံစံနှင့်ညီပါပေ၏၊ သို့သော် ပါဠိအသုံး၌ကား ''ဿမာန-ဿာန'' ပစ္စည်းများ တွေ့ရခဲ၏၊ ထို့ကြောင့် ဤဥဏာဒိ၌ ဿန္တု, မာန, အာနဟု ဆိုဟန်တူသည်။

**အမှာ။** ။''တေ ဿပုဗ္ဗာ အနာဂတေ'' သုတ်၌ ''ဿပုဗ္ဗာ''ဟု ပါဌ်ပျက်တွေ့၍ ဝိဘာဝယံ, ဝိဘာဝယန္တော-ထင်စွာ ပြလတ္တံ့သည် ဖြစ်၍၊ ကရိဿာမိ-ပြုပေအံ့''ဟု ပုံစံထုတ် မှားကြ၏၊ ''ဝိဘာဝယံ''ကား ရိုးရိုး အန္တပစ္စည်းသာ, ဘာဝယ၌ ယလည်း ကာရိတ် ဏယပစ္စည်း၏ ယတည်း၊ ကရိဿာမိဟူသော အနာဂတ်ကြိယာနှင့် တွဲစပ်ရသောကြောင့် ဝိဘာဝယံ၌ ပစ္စုပ္ပန်ဟော အန္တပစ္စည်းက အနာဂတ်ဟောဖြစ်ရသည်။

**ဆဒါဒိဟိ တတြက်**

၆၅၆။ **ဆဒ၊ပေ၊ဒါဠစ္စေဝမာဒိဟိ—ဆဒ,** စိတိ, သု, နိ ဝိဒ, ပဒ, **တန္န,** ယတ, အဒ, မဒ, ယုဇ, ဝတု, မိဒ, မာ, ပု, ကလ, ဝရ, ဝေပု, ဂုပ, ဒါ, ဤသို့ **အစရှိကုန်သော၊** ဓာတုဟိ-မှနောက်၌၊ ယထာသမ္ဘဝံ-ဖြစ်သင့်သည် **အားလျော်စွာ** (တ ပစ္စည်းသာ **သက်သင့်လျှင်** တ ပစ္စည်းသက်, ၂-မျိုးလုံး သင့်လျှင် ၂-မျိုးလုံးသက်ပါ-ဟူလို)၊ တတြက် ဣတိ, ဧတေ ပစ္စယာ ဟောန္တိ၊ အာတပံ-နေပူကို၊ **ဆာဒေတိ-ကွယ်ကာတတ်၏၊** ဣတိ ဆတ္တံ, ဆတြံ-မည်၏ (ထီး)၊ အာရမဏံ-ကို၊ စိန္တေတိ-**သိတတ်၏၊** ဣတိ စိတ္တံ, စိတြံ (**စိတ်**)၊ ဝါ-တနည်း၊ ဧတေန - ဤတရားဖြင့်၊ သမ္ပယုတ္တဓမ္မာ-ယှဉ်ဖက် တရားတို့သည်၊ စိန္တေန္တိ-အာရုံကိုသိရကုန်၏၊ ဣတိ စိတ္တံ, စိတြံ၊ အတ္ထေ-**စီးပွား** တို့ကို၊ **ဝါ-အနက်**တို့ကို၊ အဘိသဝေတိ-ယိုစီးစေတတ်၏၊ ဣတိ သုတ္တံ, သုတြံ၊ (သုတ္တန်ပါဠိတော်, **သဒ္ဒါသုတ်**)၊ ဝါ, အတ္ထေ-တို့ကို၊ သူစေတိ-ပြတတ်**၏၊** ဣတိ သုတ္တံ သုတြံ၊ သတ္တေ-တို့ကို၊ နေတိ—ဆောင်တတ်၏၊ ဣတိ နေတ္တံ နေတြံ (မျက်လုံး)၊ ဝါ, ဧတေန-ဤမျက်လုံးဖြင့်၊ သတ္တာနံ-တို့၏၊ ဣစ္ဆိတဋ္ဌာနံ-အလို ရှိအပ်သော အရပ်သို့၊ နေတိ-၏၊ [“**သတ္တာနံနေရာ၌** “သတ္တေ-တို့ကို”ဟု ရှိလျှင် ကောင်း**၏**၊”] ဣတိ နေတ္တံ,နေတြံ၊ ပကာရေန-အပြား**အား**ဖြင့်၊ ဝိဒတိ-သိတတ် ၏၊ ဣတိ, ပဝိတ္တံ, ပဝိတြံ (ဖြူစင်သောဝတ္ထု)၊ ဝိဝိဓေန **အာကာ**ရေန-အထူးထူး သော အခြင်း**အရာ**အားဖြင့်၊ မင်္ဂပါပံ–မကောင်းမှုကို၊ ပုနာတိ သောဓေတိ- သုတ်**သင်**တတ်၏၊ ဣတိ ပဝိတ္တံ ပဝိတြံ၊ ဝါ,သုစိဘာဝံ-စင်ကြယ်သည်၏အဖြစ်သို့၊ ပါပုဏာတိ-ရောက်တတ်၏၊ ဣတိ ပဝိတ္တံ ပဝိတြံ၊ ပဒတိ ပါပုဏာတိ-ရောက်တတ် ၏၊ ဣတိ ပတ္တော ပတြော (ရောက်သူ)၊ ဧတ္ထဘာဇနေ-ဤခွက်၌၊ အာဟာရာ- အစာတို့**သည်**၊ ပတန္တိ-ကျကုန်၏၊ ဣတိ ပတ္တံ, ပတြံဝါ, ပဒတိ ပဝတ္တတိ-ဖြစ်

---

၆၅၆။ ဤသုတ်၌လာသော ပုံစံများကို ရူပသိဒ္ဓိ၌ ရုပ်ပြီးပုံနှင့်တကွ ပြထား ၏၊ထို့ကြောင့် ရူနှင့်**မ**တူသော အချို့ရုပ်ကိုသာ ဤ၌ပြမည်၊တူသောရုပ်များကို ရူမှာ ရှုကြပါလေ၊ ထို့ပြင် “တြက်” **ပစ္စည်း**သည် ပါဠိ၌ အသုံးမရှိ၊ **သမာသ်** အလယ်၌ ဖြစ်လျှင်ကား တကို တြ ပြု၍ “ဂေါတြဘု, အတြဇ” စသည်ဖြင့် ရှိရသည်၊ “ဘ]ဿာ” ပုဒ်သော်မှ ပါဠိ၌ “ဘဿာ”ဟု ရှိရသည်၊ ထို့ကြောင့် သဒ္ဒနီတိ၌ “ဆဒါဒိတော တော”ဟု (ကိတ် ၁၉၀) သုတ်၌ တြက် ပစ္စည်းကို မပြပဲ “ပါဠိဝစနသ္မိံ ဟိ နက်ဒါစိပိ ဆတြံ ဂေါတြံ ဣစ္စာဒီနိ ဒိဿန္တိ၊ ဂေါတြ ဘူတိ ပဒေ ပန သမာသေ ဝတ္တမာနတ္တာ တကာရော တြကာရံ ပပ္ပောတိ ဝါ- အတြဇောတိ အာဒီသုဝိယ”ဟု မိန့်လေသည်။

တတ်၏၊ ဣတိပတ္တံ, ပတြံ၊ တနောတိ ဝိတ္ထာရေတိ- ချဲ့ထွင်တတ်၏၊ ဣတိ တန္တံ တန္ထြံ ( ချည်မျှင် )၊ [ ''တတ္တံ တတြံ''ဟု ရှိသည်ကား အခြားကျမ်းများနှင့် မညီ၊ ] ဝါ, တနိုတဗ္ဗံ, ဝိတ္ထာရေတဗ္ဗံ-ချဲ့ထိုက်၏၊ ဣတိ တန္တံ တန္တြံ၊ [ ''တနုတဗ္ဗံ'' ဟု ရှိသည်ကား ဓာတွန်ဥကို ချေရမည်ဖြစ်၍ ပါဌ်ပျက်၊ ] ယတတိ—အားထုတ် တတ်၏၊ ဣတိ ယတ္တံ, ယတြံ၊ ဝါ, တေန—ဤအစွမ်းဖြင့်၊ ယတတိ ဝီရိယံ ကရောတိ-လုံ့လပြု၏၊ ဣတိ ယတ္တံ ယတြံ၊ ဝါ, ယတနံ-အားထုတ်ခြင်း၊ ယတ္တံ ယတြံ-အားထုတ်ခြင်း၊ သုခဒုက္ခ-ချမ်းသာ ဆင်းရဲကို၊ အဒတိ—စားတတ်၏၊ ဣတိ အတ္တံ, အတြံ၊ မဒတိ—ယစ်မူးတတ်၏၊ ဣတိ မတ္တံ မတြံ၊ တေန—ဤကြိုး ဖြင့်၊ ဝတ္ထုံ-အထည်ဝတ္ထုကို၊ ယုဇ္ဇန္တိ-ယှဉ်စပ်ရကုန်၏၊ ဣတိ ယောတ္တံ ယောတြံ၊ ဝတ္တတိ-ဖြစ်တတ်၏၊ ဣတိ ဝတ္တံ, ဝတြံ မိဒတိ သိနေဟံ ကရောတိ-ချစ်ခြင်းကို ပြုတတ်၏၊ ဣတိ မိတ္တံ မိတြံ၊ တာယ—ဤ မေတ္တာဖြင့်၊ မိဒတိ သိနေဟတိ— ချစ်တတ်၏၊ဣတိ မေတ္တာ မေတြာ၊[ ''အညေသုစ''ဖြင့် ဣကို ဧဝုဒ္ဓိပြု၊ ''မိတ္တော'' ရှိသည်ကား မကောင်း၊ ] တာယ—ဤ အတိုင်းအရှည်ဖြင့်၊ ပရိသမန္တတော— ထက်ဝန်းကျင်၌၊ သဗ္ဗာကာရေန-ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ မိနန္တိ- နှိုင်းချိန် တိုင်းတာရကုန်၏၊ ဣတိ မတ္တာ မတြာ [ ''မာနေန္တိ''ဟုရှိလျှင် ''မြတ်နိုးကုန်၏''ဟု ပေးရမည်ဖြစ်၍ ဤနေရာနှင့်မလျော်၊ ထို့ကြောင့် မာ၏အာကို ကွစိ ဓာတုဖြင့် ဣပြု၊ ကိယာဒိ နဍပစ္စည်းဖြင့် ''မိနန္တိ''ဟု ရှိသင့်သည်၊ ဓာတ်ကျမ်း များကို ရှုလေ၊ ] ဝါ မိနာတိ—တိုင်းတာတတ်၏၊ ဣတိ မတ္တံ မတြံ၊ အတ္တနော- မိမိ၏၊ ကုလံ-အမျိုးကို၊ ပုနာတိ သောဓေတိ-သုတ်သင်တတ်၏၊ ဣတိ ပုတ္တော ပုတြော၊ ကာလိတဗ္ဗံ သင်္ချာတဗ္ဗံ—ရေတွက်ထိုက်၏၊ ဣတိ ကလတ္တံ ကလတြံ၊ (မယား)၊ တေန-ဤကြိုးလွန်ဖြင့်၊ သံ ( သုဋ္ဌု )—ကောင်းစွာ၊ ဝါရေတိ- တားမြစ်ရ၏၊ ဣတိ ဝရတ္တံ ဝရတြံ၊ ဝေပတိ ကမ္ပတိ-တုန်လှုပ်တတ်၏၊ဣတိ ဝေတ္တံ ဝေတြံ (ကြိမ်, နွယ်)၊ ဂေါပိတဗ္ဗံ ရက္ခိတဗ္ဗံ-စောင့်ရှောက်ထိုက်၏၊ ဣတိ ဂုတ္တံ (လုံခြုံသောအရာ)၊ တေန-ဤ တံစဉ်ဖြင့်၊ ဒန္တိ အဝခဏ္ဍန္တိ-ရိတ်ဖြတ်ရကုန်၏၊ ဣတိ ဒါတ္တံဒါတြံ၊ [ ''ဒါနန္တိ''ရှိသည်ကား ပါဌ်ပျက်၊ ] ဣစ္စေဝမာဒိ-တည်း၊ (၆၆၇)။

---

စိတ္တံ စသည်။ ။စိတ္တံကို ရှု၍ စိတ္တဓာတ်ဟု ဆို၍ ဤ၌ စိတိဓာတ်ဟု ဆို၏၊ ''စိတိ=စိန္တနေ'' ဓာတွန်ချေ, တပစ္စည်း၊ ဓာတွန် တ်ကို နောက်သို့ ကပ်ရုံသာ၊ [ ''အတ္တေ သူစေတိတိ သုတ္တံ'' ကား ''သူစ=ဂန္ဓနေ, ပကာသနေ - ပြခြင်း၌'' ဟူသော ဓာတ်နောင် ဗုဓ ဂမာဒိတ္တေ ကတ္တုရိဖြင့် တပစ္စည်း သက်၊ ဘုဇာဒီန မန္တောဖြင့်ပြီးသောရုပ်တည်း၊ဤသုတ်နှင့်မဆိုင်,နျာသလည်းမပြ,နောက်ဆရာတို့

ဝဒါဒီဟိ ဏိတ္တော ဂဏော

၆၅၇။ ဂဏ်တ္တေ—အပေါင်းဟူသော အနက်၌၊ ဝဒ ဝရ ဝရ ဣစ္စေဝမာဒီဟိ- ဝဒ, စရ, ဝရ ဤသို့ အစရှိကုန်သော၊ ဓာတူဟိ ဏိတ္တပစ္စယော ဟောတိ၊ ဝါဒိတာနံ- အသံမြည်စေအပ်ကုန်သော တူရိယာတို့၏၊ ဂဏော- အပေါင်းသည်၊ ဝါဒိတ္တံ - ဝါဒိတ္တမည်၏၊ စဝံ, စာရိတ္တံ- ကျင့်အပ်သော အကျင့်တို့၏ အပေါင်း၊ ဝါ - စာရိတ္တသီလ၊ ဝါရိတ္တံ-တားမြစ်ကြောင်း စောင့်ရှောက်ကြောင်း သီလတို့၏အပေါင်း၊ ဝါ- ဝါရိတ္တသီလ၊ ဣစ္စေဝမာဒိ၊ (၆၆၈)။

---

ထည့်ပါ၍ဖြစ်ဟန် တူသည်၊] ပဝိတ္တံဝယ် ပဌမနည်း၌ ပပုဗ္ဗ ဝိဒဓာတ် ဒုတိယနည်း၌ကား ပူဓာတ်တည်း၊ ၂-မျိုးလုံး ရှု၍ပါ၏၊ [''သုစိဘာဝံ ပါပုဏာတီတိ ပဝိတ္တံ''ကား ဉာသနှင့် ရှုတို၌မပါ, ပပုဗ္ဗ အပဓာတ်လည်း မဖြစ်နိုင်၍ နောက်ထည့် ပါ၍ပျက် ဖြစ်ဟန်တူသည်၊] ''ပဒတိ၊ ဓပေ၊ ပတ္တော''ကား ''ပဒ=ဂတိမှိ'' ဟူသော ဓာတ်တည်း၊ ''ပတန္တိ ဧတ္ထ၊ ပေ၊ ပတ္တံ''ကား ပတဓာတ်တည်း၊ [''မဒတီတိ မတ္တံ''လည်း ဉာသ- ရှုတို၌ မပါ၊ ''မဒ=ဥမ္မာဒေ ''ဟု ဓာတ်နက် ဆို၊] ဣစ္စေဝမာဒိဖြင့် ဟုဓာတ် ဝဟဓာတ် စသည်ကို ရှု၍ ယူလေသည်။

---

၆၅၇။ ဂဏော။ ။''အပေါင်းအနက်'' ဆိုသော်လည်း ထို အပေါင်းအနက်ကို ဏိတ္တပစ္စည်းက ဟောသည်မဟုတ်၊ ထို ဏိတ္တပစ္စည်းသက်ရာ ဝါဒိတ္တစသော ပုဒ်တို့သည် ( တူရိယာ တခုစီ, သီလ တပါးစီ ခွဲခြား၍ မဟောပဲ ) တူရိယာအားလုံးအပေါင်း, စာရိတ္တသီလ ဝါရိတ္တသီလအပေါင်းကို ဟောသောကြောင့်သာ '' ဂဏော ''ဟု ဆိုသည်၊ ထိုအပေါင်း ဟူသည်လည်း '' တူရိယာအမျိုးဇာတ်, သီလအမျိုးဇာတ်ပင်တည်း၊'' ထို့ကြောင့်''ဂဏော-အပေါင်းများလတ် ဇာတ်ဟူသော အနက်၌''ဟု ဆရာတို့ ပေးကြသည်၊ တူရိယာတခု သီလ တခုကို ဟောလိုရာ၌ကား အပေါင်း၏အမည်ကို အစိတ်၌ တင်စားထားသော ကေဒသျူပစာရဟု မှတ်ပါ၊ ဏိတ္တပစ္စည်းကမူ (ကိတ်ပစ္စည်းမျိုးဖြစ်၍)ဆိုင်ရာ သာဓန တခုခုကို ဟောရမည်၊ ဤစကားအရ '' ဝါဒိတာနံ ဂဏော '' သည် ဝိဂ္ဂြိုဟ်အစစ် မဟုတ်သေး, အတ္ထဝါကျတမျိုးဟု မှတ်ပါ။

သာဓန စစ်ချက်၊ ။တူရိယာဟူသည် တီးအပ်သော သဘောရှိ၏၊ ထို ''တီးအပ်'' ကိုပင် ''မြည်စေအပ်'' ဟုလည်း ပရိယာယ် သုံးနိုင်၏၊ ထို့ကြောင့် ''ဝါဒီယတေ - မြည်စေအပ်၏၊ ဝါ - မြည်အောင် တီးအပ်၏၊ ဣတိ ဝါဒိတံ, ဝါဒိတ္တံ—မည်၏''ဟု ဟောတုကမ္မ သာဓနအနက်၌ ဏေပစ္စည်း, ဘာဝကမ္မသုတ်ဖြင့် တပစ္စည်းသက်, ဝါဒိတ၊ ဤသုတ်ဖြင့် ''ဏိတ္တ'' ပစ္စည်းသက်လျှင် ''ဝါဒိတ္တ''ဟု ဖြစ်၏၊ ဤဝါဒိတ္တ၌ကား ကာရိတ် အနက်ကို ''ဏိတ္တ''၌ ''ဏ''

မိဒါဒီဟိ တ္တိတိယော ၆၅၈။ မိဒ ၊ပေ၊ ဣစ္စေဝမာဒီဟိ-မိဒ, ပဒ, ရန္ဓ, တန္, ခါ ဤသို့ အစရှိကုန်သော၊ ဓာတူဟိ, တ္တိ တိ ဣတိ ဧတေပစ္စယာ ဟောန္တိ၊ မိဒတိ သိနေဟတိ—ချစ်တတ်၏၊ ဣတိ မေတ္တိ၊ ပဒတိ ဂစ္ဆတိ—သွားတတ်၏၊ ဣတိ ပတ္တိ (ခြေလျင် စစ်ထပ်)၊ ဧတ္တ—ဤ ညဉ့်အခါ၌၊ ရန္ဓတိ—တပ်မက်တတ်၏၊ ဣတိ ရတ္တိ၊ တနောတိ ဝိတ္ထာရေတိ—ချဲ့တတ်၏၊ ဣတိ တန္တိ (ပါဠိ)၊ ဝါ, အတ္တနော-မိမိ၏၊ ကုလံ-အမျိုးကို၊ တနောတိ ဝိတ္ထာရေတိ-ချဲ့တတ်၏၊ ဣတိ တန္တိ (သားစဉ် မြေးဆက်)၊ ပရာသံ ဣတ္ထိနံ-တခြားမိန်းမတို့၏၊ ပုတ္တံ-သားကို၊ ခါရေတိ-ဆောင်ရွက်တတ်၏၊ ဣတိ ခါတိ (အထိန်းမ)၊ ဝါ, ခိရံ-နို့ရည်ကို၊ ခါရေတိ—ဆောင်ရွက် တိုက်ကျွေးတတ်၏၊ ဣတိ ခါတိ၊ ဝါ, အတ္တနော-၏၊ သဘာဝံ-သဘောကို၊ ခါရေတိ—ဆောင်တတ်၏၊ ဣတိ ခါတိ၊ ဣစ္စေဝမာဒိ—တည်း၊ (၆၆၉)။

---

ကာပင်ထွန်းပြသည်ဟု ကြံသင့်၏၊ သက္ကတ၌မူ ဏိစ်+က္တြပစ္စည်း ၂-ခုသက်၍ "ဝါဒိတြ"ဟု ရှိ၏၊ ထို၌ ဏိစ် ပစ္စည်းသည် ကာရိတ် အနက်ဟောတည်း၊ [အဘိဓာန်၌ "တူရိယာ" အနက် ဟောရာဝယ် "ဝဒိတ"ပုဒ် မလာသော ကြောင့်လည်းကောင်း, တူရိယာတို့သည် မြည်စေအပ် (မြည်အောင် တီးပေး အပ်)သောကြောင့်လည်းကောင်း, ကာရိတ်နှင့်တကွ "ဝါဒိတ"ရှိမှ သင့်သည်။]

**စာရိတ္တံ, ဝါရိတ္တံ။** ။စာရိတ္တသီလဟူသည် ဖြည့်ကျင့်ရမည့် (မဟာဝါ စူဠဝါ ခန္ဓကတို့၌ လာသော) ဆရာ့ဝတ် တပည့်ဝတ်စသော ကျင့်ဝတ်များ တည်း၊ လူတို့၌ မျိုးရိုးအလိုက်ကျင့်ရသော အကျင့်များလည်း စာရိတ္တသီလပင်၊ "ဝရ=ဝါရဏေ (တားမြစ်ခြင်း)" ဟူသော ဓာတ်နက်အရ မပြုမကျင့်အပ် ဟု တားမြစ်ထားသော အပြစ်တို့မှ စောင့်ရှောက်မှုသည် ဝါရိတ္တသီလမည်၏၊ လူ၌ ငါးပါးသီလစသည်နှင့် ရဟန်းတို့၌ ပါရာဇိကစသော (ဒွေမာတိကာ ဥဘတော ဝိဘင်းတို့၌လာသော)သီလများတည်း၊ "စရိယတေ ကျင့်အပ်၏၊ ဣတိ စာရိတ္တံ" ဟု သဒ္ဒကမ္မသာဓနေ ပြု၊ စရဓာတ်နောင် ကံအနက်၌ ဏိတ္တပစ္စည်းသက်၊ [သက္ကတ အဘိဓာန်၌ကား "စရိတြ" ပုဒ်နောင် သ္ဝတ္ထ၌ အဏ်ပစ္စည်းသက်၍ ပြီးစေ၏။] ဝါရေန-ဤသီလဖြင့်၊ ဝါရိယတေ-ကိုယ်နှုတ်တို့ကို (မပြုမကျင့်အောင်)တားမြစ် အပ်၏၊ ဣတိ-ဤသို့ တားမြစ်ကြောင်း၏ အဖြစ်ကြောင့်၊ ဝါရိတ္တံ-မည်၏၊ "ဝါရေတီတိ ဝါရိတ္တံ=တားမြစ်တတ်သောကြောင့်ဝါရိတ္တမည်၏"ဟုလည်းပြု။

---

၆၅၈။ **မေတ္တိ။** ။မိဒ=သိနေဟေ,တ္တိ၊ အညေသုစဖြင့် ဝုဒ္ဓိ၊ ကွစိဓာတု ဖြင့် ဓာတွန်ချေ၊ ပတ္တိ-ပဒ=ဂတိမှိ၊ နည်းတူ၊ ရတ္တိ - ရန္ဓ = ရာဂေ, နည်းတူ၊

ဥသု၊ပေ၊စဋ္ဌာစ ၆၅၉။ ဥသု ရနှ ဒံသ ဣတိ-ဥသု, ရနှ, ဒံသ ဟူကုန်သော၊ တေသံ ဓာတူနံ-တို့တွင်၊ ဒံသဿ-ဒံသဓာတ်၏၊ ဒဍ္ဎာဒေသော-ဒဍ အပြုသည်၊ ဟောတိ၊ စ ဌပစ္စယာစ-စ ပစ္စည်း, ဌပစ္စည်းတို့လည်း၊ ဟောန္တိ၊ ဥသိယတေ-ပူလောင်ခြင်း၊ ဥဋ္ဌော-ပူလောင်ခြင်း၊ တွေ့ - ဤ တိုင်းနိုင်ငံ၌၊ ရနှတိ-တပ်မက်တတ်ကုန်၏၊ ဣတိ ရဋ္ဌံ၊ ဒံသီယတေ-ကိုက်ဖြတ်အပ်၏၊ ဣတိ ဒဍ္ဎော၊ (၆၁၁)။

သုဝုသာန၊ပေ၊ထောစ ၆၆၀။ သုဝုအသ-ဣတိ-သု, ဝု အသ ဟူကုန်သော၊ တေသံ ဓာတူနံ-တို့၏၊ ဦ ဥ အသာနံ-ဦ ဥ အသ သဒ္ဒါတို့၏၊ အတာဒေသော ဟောတိ၊ ထပစ္စယော-ထ ပစ္စည်းသည်လည်း၊ (ဟောတိ)၊ တေန-ဤသက်နက်ဖြင့်၊ သဝတိ ဟိံသတိ-ညှဉ်းဆဲရ၏၊ ဣတိ သတ္တံ၊ တေန-ဤအဝဏ်ဖြင့်၊ ဟိရောတ္တပ္ပံ-အရှက်အကြောက်ကို၊ သံဝရတိ-စောင့်ရှောက်ရ၏၊ ဣတိ ဝတ္ထံ၊ သဒ္ဒါနုရူပံ-သဒ္ဒါအားလျော်စွာ၊ အသတိ ဘဝတိ-၏၊ ဣတိ အတ္ထော-(အနက်)၊ (၆၇၁)။

---

တန္တိ-တန=ဝိတ္ထာရေ၊ တိ, ဓာတွန်(န်)ကို တိသို့ကပ်၊ ဓာတိ-ဓာ=ဓာရဏေ တိ၊ [ရတ္တိ စသည်၌ တိပစ္စည်း သက်၍လည်း ဘုဇာဒိနမန္တော-ဖြင့် ပြီးနိုင်၏၊ သို့သော် "ဥဏာဒ်စီရင်သော ဆရာက အရှင်ဣစ္စည်း မဟုတ်သောကြောင့် ကိတ်နှင့် အလားတူပစ္စည်းကို တွေ့ရသည်"ဟု ကြံပါ။]

---

၆၅၉။ ပါဠိသက္ကတကျမ်းတို့၌ "ဥသု" ဓာတ်ဟု မရှိ၊ "ဥသ=ဒါဟေ" ဟုသာ ရှိ၏၊ ဥဋ္ဌောနှင့် (ဒံသဓာတ်ဖြင့် ပြီးသော) ဒဍ္ဎောတို့၏ အနက်ကိုလည်း အဘိဓာန်၌ မတွေ့ရ၊ ရဋ္ဌကား တပစ္စည်းဖြင့် သာဒိသန္တ ပုစ္ဆ ဘန္တ ဟံသာဒိ ဟိဋ္ဌောသုတ်ဖြင့် ပြီးနိုင်၏၊ ဤသုတ်၏ ဝုတ္တိ၌လည်း ရူပသိဒ္ဓိဝယ် မူအမျိုးမျိုး ရှိ၏၊ ဆရာတို့ကမူ "ဥသုရနှေဟိ စဋ္ဌာ, ဒံသဿ ဒဍ္ဎောစ"ဟု သုတ်ကိုပင် ပြင်ဆင်၏၊ ထို့ကြောင့် ဤသုတ်သည် အဆက်ဆက် ပါဠ်ပျက်လာသော, သို့မဟုတ် နဂိုရ်ကပင် မသန့်ရှင်းသောသုတ် ဖြစ်ဟန်တူသည်၊ ရုပ်တွက်ပုံကို အခြေပြု၍ (ရူပသိဒ္ဓိ, သီဟိုဠ်မူအတိုင်း မှီး၍) ပြထားသည်။

၆၆၀။ သုဝုသာနံ။ ။ဓာတ်ကျမ်းတို့၌ ဟိံသာအနက်ဟော သုဓာတ် မရှိ၊ သုဓာတ်သာရှိ၏၊ သို့သော် ဝုတ္တိ၌ "ဥ-ဥ-အသာနံ"ဟု မဖွင့်ပဲ "ဦ ဥ အသာနံ"ဟု ဖွင့်သောကြောင့် ဤဝုတ္တိအလို "ဦ + ဥ + အသာနံ" "သူ" ဓာတ်သာ ဖြစ်သင့်တော့သည်၊ ရုပ်ကို အခြေပြုကြည့်။

ရန္ဒု၊ ပေ၊ လောပေါစ

၆၆၁။ ရန္ဒု၊ ပေ၊ ၀ဇ ဣစ္စေ၀မာဒီဟိ—ရန္ဒ, ဥဒိ, ဣဒိ, စဒိ, မဒိ, ခုဒိ, ဆိဒိ, ရုဓိ, ဒလ, သုသ, သုစ, ၀စ, ၀ဇ ဤသို့ အစရှိကုန်သော၊ ဓာတူဟိ-၌၊ ဓ ဒ ဣဒ္ဒ က ဣရ ဣတိ-ဓ, ဒ, ဣဒ္ဒ, က, ဣရဟူကုန်သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ ကွစိ-၌၊ ဇဒလောပေါစ-ဓာတွန် ဇဒ တို့၏ ကြေခြင်းသည်လည်း၊ဟောတိ၊ [သမုဒ္ဒေါ စသည်၌ ဓာတ္တန် မကြေပဲ, ရန္ဓ ၀သော အချို့၌သာ ကြေသောကြောင့် "ကွစိ" ဟု ဆိုသည်၊] ပုန-နောက်ထပ်၊ နိပစ္စန္တေစ-သင့်ရာ ၀ိဓိဖြင့်သည်း ပြီးစေအပ်ကုန်၏၊ ရန္ဓိတဗ္ဗံ-တပ်နှစ်သက်ထိုက်၏၊ ဣတိ ရန္ဓံ (အပေါက်)၊ ၀ါ, ရန္ဓယိတ္ထ-တပ်နှစ်သက်အပ်ပြီ၊ ဣတိ ရန္ဓံ၊ အတ္တ သန္နိဿိတာနံ-မိမိကို မှီကုန်သော၊ ("အတ္တနိ-၌၊ သန္နိဿိတာနံ-ကုန်သော"ဟု လည်း ရှိ၊) မစ္ဆမကရာနံ-ငါး မကန်း အစရှိသည်တို့၏၊ပီတိသောမနဿံ-နှစ်သက် ၀မ်းမြောက်ခြင်းကို၊ ဥဒတိ ပသ၀တိ ဇနေတိ-တိုးပွား ဖြစ်ပေါ်စေတတ်၏၊ ဣတိ သမုဒ္ဒေါ—(သမုဒြာ)၊ ဣန္ဒတိ ပရမ + ဣဿရိယံ ကရောတိ—အလွန် အစိုးရသူ၏ အဖြစ်ကို ပြုတတ်၏၊ (အလွန်အစိုးရတတ်၏-ဟူလို၊) ဣတိ ဣန္ဒော (သိကြားစသူ ရ၏၊) ၀ါ, ဣန္ဒတိ အဓိပတိဘာဝံ ကရောတိ — အကြီးအကဲ၏ အဖြစ်ကို ပြုတတ်၏၊ ဣတိဣန္ဒော စဒိတဗ္ဗော ဣစ္ဆိတဗ္ဗော—အလိုရှိထိုက်၏၊ ဣတိ စန္ဒော (လ)၊ မဒတိ ဟာသေတိ—ရွှင်မြူးစေတတ်၏၊ ဣတိ မန္ဒော၊ ၀ါ, မဒိ တဗ္ဗော-ရွှင်မြူးစေထိုက်၏၊ ဣတိ မန္ဒော (နုံ့ သူ,ညံ့ဖျင်း ထိုင်းမှိုင်းသူ)၊ ခုဒတိ ပိ၀ါသတိ—မွတ်သိပ်တတ်၏၊ ဣတိ, ခုဒ္ဒေါ၊ ဆိန္ဒိတဗ္ဗော—ဖြတ်အပ်၏၊ ဣတိ ဆိဒ္ဒေါ (၂-ပိုင်းဖြတ်အပ်သောအရာ)၊ ရုဒတိ ဟိံသတိ-ညှဉ်းဆဲတတ်၏၊ ဣတိ ရုဒ္ဒေါ (ကြမ်းတမ်းသူ)၊ ဒလတိ ဒုဂ္ဂတဘာဝံ ဂစ္ဆတိ—ဆင်းရဲသူ၏-အဖြစ်သို့ ရောက်တတ်၏၊ ဣတိ ဒလိဒ္ဒေါ (ဆင်းရဲသူ)၊ သုဿတိ-ခြောက်သွေ့တတ်၏၊ ဣတိ သုက္ခံ (သုက်)၊ သောစတိ—၀မ်းနည်းတတ်၏၊ (စိုးရိမ်တတ်၏ဟု ရေးက ပေးသည်)၊ ဣတိ သောကော (သောကတရား=၀မ်းနည်းခြင်းသဘော)၊ ၀စိ တဗ္ဗံ-ပြောဆိုထိုက်၏၊ ဣတိ ၀က္ကံ (အညို)၊ [ကပစ္စည်းသက်ရာဌာန ဖြစ်သော ကြောင့် "၀တ္တံ"ဟု ရှိသည်ကား ပါဠ်ပျက်၊] အပ္ပဋိဟတံ ဟုတ္ဝာ-မပိတ်ပင်အပ် သည်ဖြစ်၍၊ ၀ဇတိ ဂစ္ဆတိ—သွားတတ်၏၊ ဣတိ ၀ဇိရံ (၀ရဇိန်)၊ [နပုလ္လိင်နှင့် လိုက်အောင် "အပ္ပတိဟတံ"ဟု ရှိစေ၊] ဣစ္စေ၀မာဒိ-တည်း၊ (၆၇၂)။

---

၆၆၁။ ပုန နိပစ္စန္တေ။ ။ ၀ဇာဒီဟိ ပဗ္ဗဇ္ဇာဒယော နိပစ္စန္တေ သုတ်မှ နိပစ္စန္တေပုဒ် လိုက်လာ၏၊ ထို့ကြောင့် သုက္ခံကိုရုပ်တွက်ရာ၌ "သုသ=သောကော (၀မ်းနည်းခြင်း)" ဓာတ်နောင် ဤသုတ်ဖြင့် ကပစ္စည်းသက်၍ "ဣမိနာ နိပါ တနာ သကာရဿ(ဓာတွန် သ်၏) ကကာရံ ကတွာ(ကပြု၍)"ဟု ဤသုတ်ကိုပင်

ပတိတော၊ပေ၊ဟိရဏ် ၆၆၂။ ပတိ ဣစ္စေတသ္မာ–ပတိဟူသော ဤသဒ္ဒါမှ (ပရဿ)၊ ဟိဿဓာတုဿ–၏၊ ဟေရဏ် ဟိရဏ် ဣတိ ဧတေ အာဒေသာ ဟောန္တိ၊ ပတိပစ္စေ-ဆန့်ကျင်ဘက်တို့ကို၊ မဒ္ဒိတွာ-နှိပ်နင်း၍၊ ဂစ္ဆတိ ပဝတ္တတိ-ဖြစ်တတ်၏၊ ဣတိ ပါဋိဟေရဏ်, ပါဋိဟိရဏ် – မည်၏၊ (၆၇၃)။ [“ဟိ=ဂတိမှိ”နှင့်အညီ ဟိဓာတ်၏ အနက်ဖြစ်သော ဂမုဓာတ်ဖြင့် “ဂစ္ဆတိ”ဟု ဝိဂ္ဂြိုဟ်ပြုသောကြောင့် ဓာတွတ္ထဝိဂ္ဂဟဟု ခေါ်၏၊ အကြွင်းမှတ်ဖွယ်ကို အခြေပြုနှင့် ရူပဋီကာမှာ ရှု။]

ကဒ္ဒါဒီဟိကော ၆၆၃။ ကဒိ၊ပေ၊ ခဒိ ဣစ္စေဝမာဒီဟိ – ကဒိ, ဃဒိ၊ပေ၊ ခရဒိ, ခဒိ ဤသို့ အစရှိကုန်သော၊ ဓာတူဟိ က ပစ္စယော ဟောတိ၊ ပစ္စယေန-နှင့်၊ သဟ ယထာသမ္ဘဝံ; နိပစ္စန္တေ-ပြီးစေအပ်ကုန်၏၊ ကဏ္ဍိ တဗ္ဗော ဆိဒ္ဒိတဗ္ဗော–ဖြတ်အပ်၏၊ ဣတိ ကဏ္ဍော (တကဏ္ဍ, တပိုင်း, တခန်း)၊ ဃဏ္ဍိတဗ္ဗော ဃဋ္ဋေတဗ္ဗော–တီးခေါက်အပ်၏၊ ဣတိ ဃဏ္ဍော (ခေါင်းလောင်း စသည်၊ ) [ ထောမနိဓိ၌ “ဃဏ္ဍာ”ဟု ဋ္ဌ သံလျှင်းချိတ်ဖြင့် လည်းကောင်း, ဣတ္ထိလိင် အာကာရန္တဖြင့် လည်းကောင်း ရှိ၏၊ “ဃဋိ=ဃဋ္ဋနေ”ဟု ဆို၊ ပါဠိ၌ “ဃဏ္ဍိ ပဟာရိတွာ” စသည်ဖြင့် ဤကာရန္တ အရှိများ၏၊] ဝေ္ဌ-ဤအညာ၌၊ ဝဏ္ဍန္တိ-ပေါင်းစုကုန်၏၊ ဣတိ ဝဏ္ဍော၊ ကရဏ္ဍိတဗ္ဗော ဘာဇေတဗ္ဗော-ဝေဖန်

---

နိပါတနလုပ်၍ သ်ကို ကပြု၏၊ သို့ဖြစ်၍ ဤသုတ်ဖြင့်ပင် မပြီးပြီးအောင် နောက်ထပ် စီရင်ခြင်းကို “ပုနနိပစ္စန္တေ” ဆိုသည်ဟု မှတ်ပါ။

အမှာ။ ။ရန္ဓ ဥဒိစသော ဓာတ်အစဉ်အတိုင်း ထုတ်ထားသည်၊ ဓာတ်က ၁၃-ရှိ၍ ပစ္စည်းမှာ ၅-ပစ္စည်းသာ ရှိသောကြောင့် ပစ္စည်းကို ထိုက်သလို သက်စေရမည်ဟု မှတ်ပါ၊ ဤသုတ်လာ ဝိဂ္ဂြိုဟ်များသည် နောက်ဆရာတို့ ထည့်ပါဌ်ဖြစ်၍ တချို့ဝိဂ္ဂဟများ ယုတ္တိမရှိလှသော်လည်း စိစစ်တော့မည်မဟုတ်၊ သီမူ၌ ဝိဂ္ဂြိုဟ်များ မပါ၊ ဥဏာဒိသုတ်၌ ဝိဂ္ဂြိုဟ်များသည် နောက်ဆရာတို့ ထည့်ထားအပ်သည်သာ များ၏။

ပုံစံများ။ ။ဣန္ဒော-ဣဒိ=ပရမိဿရိယေ (လွန်စွာ အစိုးရသူ၏အဖြစ်၌၊) ဤသုတ်ဖြင့် ဒပစ္စည်းသက်၊ ဤသုတ်ဖြင့်ပင် (ဒ်) ကို (န်)ပြု၊ စန္ဒော–စဒိ=ဟိလာဒနေ ( ဝမ်းမြောက်ခြင်း၌ )၊ တနည်း–( ဣစ္ဆာကန္တီသု – လိုလားခြင်း နှစ်သက်ခြင်းတို့၌၊) မန္ဒော–“မဒိ=ဟာသေ (ရွှင်မြူးခြင်း၌)”ဟု ဆို၍ နည်းတူ တွက်၊ သုစ=သောကေ (ဝမ်းနည်းခြင်း,စိုးရိမ်ခြင်း) ကပစ္စည်းသက်၍ ဤသုတ်ဖြင့်ပင် ဓာတွန်(စ်)ကိုချေ၊ [သုစဓာတ်, ဏပစ္စည်း,ဥကို ဩဝုဒ္ဓိပြု၊ ကဂါစဇာနံ ဖြင့် စကို ကပြု၍ ပြီးနိုင်သောကြောင့် ရူ၌ ဤရုပ်ကိုမပြပဲ ထားသည်၊ ကြွင်းရုပ်များပြီးပုံကို ရူ၌တိုက်ရိုက်ပါရှိပြီ၊ အာဒိအရ ရုပ်များလည်း များစွာပါလေ၏။]

အပ်၏၊ ဣတိ ကရဏ္ဍော (ကြုပ်, ပခြုပ်)၊ ဓောန–ဤ အကြည်ရေဖြင့်၊ မဏ္ဍီယတေ ဝိဘူသီယတေ-တန်ဆာဆင်အပ်၏၊ ဣတိ မဏ္ဍော၊ ဌော-ဤအပေါင်း၌၊ သဥ္စိ ကုမ္ဗတိ-ပေါင်းစုမိကုန်၏၊ ဣတိ, သဏ္ဍော(အပေါင်း)၊ ကုဏ္ဌတိ-ချိုတဲ့တတ်၏၊ ဣတိ ကုဏ္ဌော၊ ကုဏ္ဍိတဗ္ဗော ဥဟိတဗ္ဗော-ပူလောင်အပ်၏၊ ဣတိ ကုဏ္ဍော-မည်၏၊ (ထမင်းအိုး)၊ [“ကုဍိ ဒါဟေ-ပူလောင်ခြင်း”ဟု ဓာတွတ္ထသင်္ဂဟာရှိ၏၊ ကုဍိဓာတ်အတွက် မှတ်ချက်ကို အဓိပ္ပာယ်၌ ရှုပါ။]

ဘဏ္ဍိတဗ္ဗံ-ငြင်းခုန်အပ်၏၊ ဣတိ ဘဏ္ဍံ (ဥစ္စာဘဏ္ဍာ)၊ ပဏ္ဍတိ လိင်္ဂဝေကလ္လဘာဝံ ဂစ္ဆတိ-လိင်ချို့တဲ့သူ၏အဖြစ်သို့ ရောက်တတ်၏၊ ဣတိ ပဏ္ဍကော-၏၊ (ပဏ္ဍုက်)၊ [ပဏ္ဍဟု ပြီးသည့်အခါ သဗ္ဗတောကောဖြင့် က လာ၍ ပြီးစေ၊]ဓောန-ဤဒဏ်ဖြင့်၊ဒဏ္ဍတိ အာဏံ ကရောတိ-အာဏာကိုပြု၏၊ ဣတိ ဒဏ္ဍော၊ ရဏ္ဍတိ ဟိံသတိ-ညှဉ်းဆဲတတ်၏၊ ဣတိ ရဏ္ဍော (သေသောက်ကြူးသူ၊) ပရေသံ ဝိညူနံ-အခြား ပညာရှိတို့၏၊ ဟဒယံ · စိတ်နှလုံးကို၊ ဝိသေသေန-အထူးသဖြင့်၊ တဏ္ဍယတိ စာလေတိ ကမ္ပေတိ-တုန်လှုပ်စေတတ်၏၊ ဣတိ ဝိတဏ္ဍော (ဆန့်ကျင်ဘက်စကား)၊ [ဝိပုဗ္ဗတနိဓာတ်၊] ပရေ-သူတပါးတို့ကို၊ ဣသိဏ္ဍတိ သံမဒ္ဒတိ ပြင်းစွာနှိပ်နင်းတတ်၏၊ ဣတိ ဣသိဏ္ဍော (ဣသိဏ္ဍမင်း—ဟူ၏၊ ရှု၌ ဤဓာတ်မပါ၊) စဏ္ဍတိ စဏ္ဍိက္ကဘာဝံ ကရောတိ—ကြမ်းတမ်းသူ၏ အဖြစ်ကို ပြုတတ်၏၊ ဣတိ စဏ္ဍော (ကြမ်းတမ်းသူ)၊ ဌော-ဤ အနာစသည်၌၊ ဂဏ္ဍတိ သန္နိစယတိ သမူဟံ ကရောတိ-အပေါင်းအစုကို ပြုတတ်၏၊ ဣတိ ဂဏ္ဍော၊ အဏ္ဍီယတိ နိဗ္ဗတ္တီယတိ-ဖြစ်ဝေအပ်၏၊ ဣတိ အဏ္ဍော (ငှက်ဥ စသည်)၊ လဏ္ဍိတဗ္ဗော ဇိဂုစ္ဆိတဗ္ဗော—စက်ဆုပ်အပ်၏၊ ဣတိ လဏ္ဍော (မစင်)၊ မေဏ္ဍတိ ကုဋိလဘာဝံ ဂစ္ဆတိ-ကောက်ကျစ်သူ၏ အဖြစ်သို့ ရောက်တတ်၏၊ ဣတိ မေဏ္ဍော (သိုးသတ္တဝါ)၊ ဧ ရဏ္ဍတိ ရောဂံ ဟိံသတိ—ရောဂါကို ညှဉ်းဆဲတတ်၏၊ ဣတိ ဧရဏ္ဍော (ကြက်ဆူပင်)၊ ခဏ္ဍိတဗ္ဗော ဆိန္ဒိတဗ္ဗော-ဖြတ်တောက်အပ်၏၊ ဣတိ ခဏ္ဍော (သကြားနီ)၊ ဣစ္စေဝမာဒိ-တည်း၊ (၆၇၄)။

၆၆၃။ နျာသ၌ “ကုဍိ = ဆေဒနေ” ၌ ဒေ့ဘော်လာ “ ကုဍိ = နူနာ ” ရုပ်ကိုပင် ပါဌ်မှန်လုပ်၍ ရုပ်တွက်ပြ၏၊ သို့သော် ဣကာရန္တဓာတ်၌ နိဂ္ဂဟိတ်လာရသည်သာ များသောကြောင့်လည်းကောင်း “ကုဍ္ဍာဒိဟိဣော”ဟု သီးခြားသုတ်ဟည်လဏ္ဍ ဖြစ်သောကြောင့်လည်းကောင်း, ထောမနိမိ၌ ကုဍိဓာတ် အစ်ပစ္စည်းဖြင့် ကုဏ္ဍောဟု ရှိသောကြောင့်လည်းကောင်း ဤ၌ “ကုဏ္ဍော”သာ ပါဌ်မှန်ဖြစ်သင့်သည်၊ ထို့ပြင် ပဏ္ဍကော၌ ကပစ္စည်းကို မချေပဲ ကွစိဓာတုသုတ်ကြီးဖြင့် ဥ၏မို့ရာ (အ) လာ၍ ရုပ်ပြီးစေ၏၊ ရှု၌ကား “ပဏ္ဍော”ဟုလည်းကောင်း ဟီနကောကဲ့သို့ သဗ္ဗတောကောဖြင့် က အက္ခရာ အပိုလာ၍

ခါဒါ-မဂမာနံ
ခန္ဓနှ ဂန္ဓာ

၆၆၄။ **ခါဒ အမ ဂမု ဣတိ**-ခါဒ, အမ, ဂမုဟူကုန်သော၊ ဓာတူနံ ဓာတ္ထုနံ, ခန္ဓ အန္ဓ ဂန္ဓာဒေသော ဟောန္တိ၊ ကပစ္စ ယောဝ ဟောတိ၊ ဇာတိ ဇရာ မရဏာဒီဟိ-ဇာတိ, ဇရာ, မရဏ အစရှိကုန်သော၊ သံသာရဒုက္ခေဟိ-သံသရာဆင်းရဲတို့သည်၊ ခါဒိတဗ္ဗော-ခဲစား အပ်၏၊ ဣတိ ခန္ဓော (ခန္ဓာ ၅-ပါး)၊ အင်္ဂမင်္ဂါ-အင်္ဂါကြီးငယ်၏၊ အမတိ ရုဇ္ဇနဘာဝံ ဂစ္ဆတိ-နာကျင်သည်၏အဖြစ်သို့ ရောက်တတ်၏၊ ဣတိ အန္ဓော (သူကန်း)၊ ဝါ, စက္ခုနာ-မျက်စိဖြင့်၊ အမတိ ရုဇ္ဇတိ-နာကျင်တတ်၏၊ ဣတိ အန္ဓော၊ တံတံဌာနံ-ထိုထိုအရပ်သို့၊ ဝါတေန-လေဖြင့်၊ ဂစ္ဆတိ-သွားတတ်၏၊ ဣတိ ဂန္ဓော (အနံ့)၊ ဧဝံ-တူ၊ ခန္ဓကော-ခန္ဓာ၊ အန္ဓကော-သူကန်း၊ ဂန္ဓကော-အနံ့။ (၆၇၅)။

---

ပဋ္ဌာဒီနံ ဟျလံ

၆၆၅။ ပဋ္ဌ ၊ပေ၊ အဂ္ဂ ဣစ္စေဝမာဒီဟိ – ပဋ္ဌ, ကလ, ကုသ, ကဒ, ဘဂန္ဒ, မေခ, ဝက္က ပလ္လ, သဒ္ဒ, မူလ, ဗိဋ္ဌ, ဝိဒ, စဋိ, ပဋ္ဋ, ဝါသ, ဝသ, ပစ, မစ, မုသ, ဂေါတ္ထု, ပုထု, ဗဟု, မင်္ဂ, ဗဟ, ကဗိ, သဗိ, အဂ္ဂ ဤသို့ အစရှိကုန်သော၊ ဓာတူဟိ-ဓာတ်တို့မှလည်းကောင်း၊ ပါဋိပဒိကေ ဟိစ-ပါဋိပဒိက နာမ်တို့မှလည်းကောင်း၊ ဥတ္တရပဒေသု-နောက်ပုဒ် နေရာတို့၌၊ အလ ပစ္စယော ဟောတိ၊ ပစ္ဆာ-နောက်၌၊ ပုန-ထပ်၍၊ နိပစ္စန္တေ-၏၊ ပဋ္ဌေ-ရောက်ခြင်း၌၊ အလံ-အကျိုးမရှိ၊ ဣတိ ပဋ္ဌလံ-မည်၏၊ (အထပ်အလွှာ)၊ ကလေ-

---

ပဏ္ဏကောဘုလည်းကောင်း ရုပ် ၂-မျိုးပြသည်၊ စဏ္ဍောအပြင် – စဋိဓာတ်, ကပစ္စည်း၊ ကအနုဗန်ချေ၊ "ပုန နိပစ္စန္တေ"ဟု ဝုတ္တိဖွင့်သောကြောင့် ဤသုတ်ကိုပင် နိပါတနသုတ်လုပ်၍ ဥကို ဒပြု၍ "စဏ္ဍော"ဟု ရုပ်တမျိုး ပြသေး သည်၊ ယခုစာတို့၌ "ကဍိတဗ္ဗော" စသည် တွေ့ရသော်လည်း "ဣကာရန္တ ဓာတုသ္မိံ, နိစ္စံ ဘဝါဒိ စုရာဒိကေ" စသော ဓာတွတ္ထသင်္ဂဟနှင့်အညီ ဘူဝါဒိ စုရာဒိ ဣကာရန္တဓာတ်တို့၌ နိဂ္ဂဟိတ်လာရမြဲ ဖြစ်သောကြောင့် "ကဏ္ဍိတဗ္ဗော" စသည်ဖြင့် ပြင်ကြသည်၊ ပါဠိ၌လည်း "အဒဏ္ဍိယံ ဒဏ္ဍယတိ" စသည်ဖြင့် တွေ့ရ၏၊ နိဂ္ဂဟိတ်လာရာ၌ "ကွစိဓာတု" ဖြင့် ချသလာစေ၏၊ "ဗျဉ္ဇနေစ" သုတ်ဖြင့်လည်း လာစေနိုင်သည်ပင်၊ ရုပ်ပြီးပုံကို အခြေပြုနှင့် ရှုမှာ ရှုပါသေ။

၆၆၄။ ခန္ဓောကို "ခါဒ=ဘက္ခဏေ" အနက်၌ ဓာတ်မှည့်, ဓာတွန်ချေ, ကွိသက်, ဤသုတ်ဖြင့် ခါဒ်ကို ခန္ဓပြု, ကွိချေ,ပြီး၏၊ ခန္ဓကော၌ ကွိပစ္စည်းမသက်ပဲ ဤသုတ်ဖြင့် ခါဒကိုခန္ဓပြု၍ ကပစ္စည်းလည်းသက်၊ ကြားကား ချသတွက်ပုံတည်း၊ ရှုအလို အခြေပြု၌ တွက်ပြထားပြီ၊ အန္ဓောစသည်ကိုလည်း ဤနည်းမှီးပါ။

ရေတွက်ခြင်း၌၊ အလံ-စွမ်းနိုင်၏၊ ဣတိ ကလလံ (ညွန်)၊ ပါပကေ အကုသလေ-ယုတ်မာကုန်သောအကုသိုလ်တို့ကို၊ ကုသတိ ဆိန္ဒတိ-ဖြတ်တတ်၏၊ ဣတိ ကုသလံ၊ ဝါ-တနည်း၊ ကုသဘူတော-ကုသဖြစ်၍ ဖြစ်သော၊ ယထာသဘာဝဓမ္မေ-အကြင်အကြင် သဘောတရား၌၊ အလံ-ထိုက်၏၊ ဣတိ ကုသလံ၊ ဝါ၊ ကုသေ ဥဒ္ဒိသာဒါနေ-ရည်စူး၍ ပေးလှူခြင်း၌၊ အလံ၊ ဣတိ ကုသလံ၊ ဝါ၊ ကုသေ သဠေယ ဓမ္မသမုဒါယေ-တရားအပေါင်း၌၊ အလံ ဣတိ ကုသလံ၊ ကဒေ မဒေ-ယစ်မူးခြင်း၌၊ အလံ ဣတိ ကဒလံ-(ငှက်ပျောပင်)၊ ဘဂန္ဓေ သေစနေ-အရည်အရွဲတို့ကို သွန်းချခြင်း၌၊ အလံ ဣတိ ဘဂလံ၊ (ဘဂန္ဒိုနာ, ဂရင်ဂျိနာ)၊ ဝါ၊ ဘဂန္ဓေ မုတ္တကရီသ ဟရဏေ-ကျင်ငယ် ကျင်ကြီးတို့ကို (မိမိအပေါက်မှ) ဆောင်ယူခြင်း၌၊ အလံ ဣတိ ဘဂန္ဒလံ၊ မေခေ ကဌိဝိစိတ္တေ-ခါးကို ဆန်းကြယ်အောင် တန်ဆာဆင်ခြင်း၌၊ အလံ ဣတိ မေခလံ ( ခါးစည်း, ခါးပတ် )၊ ဝက္ကေရုက္ခတစေ-သစ်ပင်၏ အခွံ၌၊ အလံ ဣတိ ဝက္ကလံ (သစ်ခွံအဝတ်, လျှော်တေ)၊ တက္ကေ ရုက္ခသိလေသေ-သစ်ပင်၏ အစေး၌၊ အလံ တက္ကလံ (သစ်စေး)၊ ပလ္လေ နိန္နဋ္ဌာနေ-ချိုင့်ဝှမ်းသောအရပ်၌၊ အလံ ဣတိ ပလ္လလံ ( အိုင်ငယ် ) "ပလ္လလံ ခုဒ္ဒကောသရော"—အဘိဓာန် ၁၆၇ ] သဒ္ဒေဟရိတေ—စိမ်းစိုခြင်း၌၊ အလံ ဣတိ သဒ္ဒလံ (စိမ်းစိုသောအရပ်)၊ မူလေ ပတိဋ္ဌာနေ-တည်ရာ အရင်းအမြစ်၌၊ အလံ ဣတိ မုလာလံ-(ကြာစွယ် ကြာရင်း)၊ ဗိလေ နိဿယေ-မှီရာအရပ်၌၊ အလံ ဣတိ ဗိလာလံ၊ (ပင်လယ်ကမ်း စသည်၌ ပေါက်သော ဆား)၊ ဝိဒေ ဝိဇ္ဇမာနေ—ထင်ရှားရှိခြင်း၌၊ အလံ ဣတိ ဝိဒါလံ၊ (ဆေးဒါန်း)၊ စဏ္ဍေ-ကြမ်းတမ်းခြင်း၌၊ အလံ ဣတိ စဏ္ဍာလော ( ကြမ်းကြုတ်သူ, စဏ္ဍာလလူမျိုး )၊ ပဥ္စန္နံ ရာဇူနံ—

---

၆၆၅॥ ဓာတူဟိ ပါဋိပဒိကေဟိစ ॥ ॥ ပဋ္ဌလံ၌ "ပဋ္ဌ = ဂတိမှိ"ဟု ဓာတ်ကျမ်း၌ ရှိသောကြောင့် ပဋ္ဌ ဓာတ်နောင်လည်း အလ ပစ္စည်း သက်၏၊ "ပဋ္ဌော = အဝတ်ပုဆိုး"ဟု နာမ်ပုဒ်လည်း ရှိသောကြောင့် ပဋ္ဌဟူသော နာမ်နောင်လည်း အလပစ္စည်းသက်၏၊ ဤသို့ ဓာတ်နောင်လည်းကောင်း, ပါဋိပဒိကနောင်လည်းကောင်း, သက်သောကြောင့် "ဓာတူဟိ ပါဋိပဒိကေဟိစ"ဟု မိန့်သည်၊ နောက်နောက်ဓာတ် ပါဋိပဒိကတို့၌လည်း နည်းတူ။

ဥတ္တရပဒေသု॥ ॥"ပဋ္ဌေ+အလံ"ဟု ဝါကျပြု၍ ထို ၂-ပုဒ်တွင် အလံဟူသော နောက်ပုဒ်အရာ၌ သက်ရသောကြောင့် "ဥတ္တရပဒေသု"ဟု ပက္ခိပနဝုတ္တိဖွင့်သည်၊ ဓာတ်ကြွံသော အနက်၌ "ပဋ္ဌေ + အလံ"သည် ဝိဂ္ဂဟ်စစ်မဟုတ်, ဝိဂ္ဂဟ်စစ်ပြုဖို့ရန် ပြသော ဝိဂ္ဂဟ်ပြတည်း၊ ဆိုင်ရာ သာဓနနက် ထင်ရှား

၅-ယောက်ကုန်သော မင်းတို့အား၊ အလံ-ထိုက်၏၊ ဣတိ ပဥ္စာလော-(ပဥ္စာလ တိုင်း)၊ ဝါ (ဂတိ ဂန္ဓနေသု)-သွားခြင်း ထင်ရှားပြခြင်းတို့၌၊ အလံ-စွမ်းနိုင်၏၊ ဣတိ ဝါလံ (ရွေ, ဝါလော-သားမြီး)၊ ဝါ-တနည်း၊ ဝါ (ပဒဂမနေ )-ခြေလျင်သွားခြင်း၌၊ အလံ ဣတိ ဝါဠံ-(ခြသေ့်စသော သားရဲ)၊ ဝသေအာဩ ဒနေ-ဖုံးလွှမ်းခြင်း၌၊ အလံ ဣတိ ဝသလော—( သူယုတ် )၊ ပစေ ဝိတ္ထာရေ—ချဲ့ခြင်း၌၊ အလံ ဣတိ ပစလော-(ချဲ့ထွင်သူ)၊ [လျှပ်မေါ်လော်လီသူကို ဟောရာ၌ကား "စပလော"ဟု ရှိ၏၊] မစေ စောရကမ္မေ-ခိုးသူ၏ အမှု၌၊ အလံ ဣတိ မစလော (ခိုးသူ)၊ မုဒသေထေယျေ-ခိုးသူ၏အဖြစ်၌၊ ဝါ, မုသေ ပါဏစာဂေ—အသက်စွန့်ခြင်း၌၊ အလံ ဣတိ မုသလော(ကျည်ပွေ့ ကျပွေ့၊)ဂေါတ္တုမှိဝံသေ-အနွယ်စပ်ခြင်း၌၊ အလံ ဣတိ ဂေါတ္တုလော၊ (မြေခွေး)၊ ပုထုမှိဝိတ္ထာရေ-ပြန့်ကျယ်သည်၌၊ အလံ ဣတိ ပုထုလော (ပြန့်ကျယ်သည်)၊ ဗဟုမှိ သင်္ချာနေ-များသော အရေအတွက်၌၊ အလံ (ထိုက်၏)၊ ဣတိ ဗဟုလံ၊ ဝါ—တနည်း၊ ဗဟုမှိ ဝုဒ္ဓိမှိ-ကြီးပွား များပြားခြင်း၌၊ အလံ၊ ဣတိ ဗဟုလော (အများ)၊ မင်မှိ ဂမနေ-သွားခြင်း၌၊ အလံ ဣတိ မင်္ဂလံ (မင်္ဂလာ)၊ ဗဟုမှိ ဝုဒ္ဓိမှိ တိုးပွားခြင်း၌၊ အလံ ဣတိ ဗဟလံ (ထူထဲသောအရာ၊) ကမ္ဗမှိ သဥ္စလနေ-တုန်လှုပ်ခြင်း၌၊ အလံ ဣတိ ကမ္ဗလံ (ကမ္ဗလာ)၊ သမ္ဗမှိ မဏ္ဍနေ—တန်ဆာဆင်ခြင်း၌၊ အလံ ဣတိ သမ္ဗလံ (လမ်းစာရိက္ခာ)၊ အဂ္ဂေ ဂတိကောဋိလ္လေ အသွားကောက်သည်၏ အဖြစ်၌၊ အလံ ဣတိ အဂ္ဂလံ ( တံခါးကျည်, မင်းတုတ်, အဝတ်အဖာ၊ ) ဣစ္စေဝ မာဒယော-ဤသို့ အစရှိကုန်သော၊ အညေပိသဒ္ဒါ—အခြားသဒ္ဒါတို့သည်လည်း၊ ဘဝန္တိ-ဖြစ်ကုန်သေး၏၊ (၉၆၆)။

---

ဒအောင် ဝိဂ္ဂိုဟ်ပြုရလိမ့်မည်၊ ပါဠိပဒိက (ပါတိပဒိက) ကြံသော နည်း၌ကား "ပဋ္ဌေ+အလ" သည် ဝိဂ္ဂိုဟ်ပင်တည်း၊ ဤပါဠိပဒိကကြံသော နည်း၌ နာမ်နှင့် ပစ္စည်းခြင်းစပ်သောကြောင့် "ပဋ္ဌလံ" စသည်ကို တဒ္ဓိတ်ပုဒ်ဟု ဆိုရလိမ့်မည်၊ "ပဋ္ဌေ+အလံ" ဟူသော ဝါကျ၌ အလံသဒ္ဒါသည် အရဟတိအနက်, ပဋိက္ခိတ္တ အနက်ဟောသော နိပါတ်ပုဒ်တည်း၊ ပဋ္ဌလံ၌ပါသော "အလံ"ကား ပစ္စည်း တည်း၊ "ပဋ္ဌေ+အလံ"၌ ပါသော အလံသဒ္ဒါ၏ အနက်၌ "အလ" ပစ္စည်း သက်ထားသည်။

ပုနနိပစ္စန္တေ။ ။ဝဇာဒိဟိသုတ်မှ နိပစ္စန္တေကို လိုက်စေသောကြောင့် "မုလာလံ"စသည်၌"မူလ-ပတိဋ္ဌာနေ"ဟူသောဓာတ်နောင်(ဓာတွန်ချေပြီး၍) အလသက်လျှင် "မူလ်+အလ"ဟု ဖြစ်နေ၏၊ ဤသုတ်ဖြင့်ပင် မူ၌ ဥ,ကို ရဿပြု, အကို ဒီဃပြု၍ "မုလာလ"ဟု ပြီးစေသင့်၏၊ သို့သော် ဈာသ၌ "ကွစာဒိ မဇ္ဈေ တ္တရာနံ ၊ပေ၊ ဒီဃရဿာကရဏမေဝ ဝိသေသော"ဟု ကွစာဒိဖြင့် မူ၌ ရဿ,

**ပုထ သ ပုထုပထာ မော၀ါ**

၆၆၆။ ပုထ ဣတိ–ပုထဟူသော၊ တေဿ ပါဋိပဒိက·ဿ-ဤပါဋိပဒိကသဒ္ဒါ၏၊ ပုထပထာဒေသော, ဟောန္တိ၊ ကွစိ အမပစ္စယော ဟောတိ၊ ပုထ – ပြန့်ကျယ်သည်၊ ဟုတ္တာ-၍၊ ဇာတာ-ဖြစ်၏၊ ဣတိ ပုထဝိ-ပုထဝီမည်၏၊ (မြေ)၊ ပထမေ·ရှေးဦး အစ၌၊ ဇာတော–ဖြစ်သည်တည်း၊ ပထမော–ရှေးဦး အစ၌ ဖြစ်သည်၊ ပုထု ကိလေသေ·များစွာကုန်သော ကိလေသာတို့ကို၊ ဇနေတိ·ဖြစ်စေတတ်၏၊ ဣတိ ပုထုဇ္ဇနော (ပုထုဇဉ်)၊ ဝါ, ပုထု·သည်၊ ဟုတွာ, ဇာတာ·၏၊ ဣတိ ပထဝိ၊ (၆၇၇)။

---

အဉ္ဇ ဒိဃပြုထားသောကြောင့် ချာသအလို "ပုနနိပစ္စန္တေ" အရ အခြားသင့်ရာ သတ်ဖြင့် ပြီးစေဖို့ရန် ညွှန်ပြသည်ဟု ဆိုလိုသည်။ [ပဋလံမှစ၍ ခေတ်ကြံပုံ-ပါဋိပဒိက ကြံပုံများကို ရူပသာဋီကာမှီး၍ သိပါလေ။]

ရှုမှ ထူးခြားသောအရာ။ ။အလံကို "နိရတ္ထကံ"ဟု ချာသဖွင့် နိနှင့် ရှု၌ "သမတ္ထံ"ဟု ဖွင့်ပုံသည် ဖြောင့်ဖြောင့်ဆန့်ကျင်၏၊ ချာသအလို"ပဋတိ နိဂ္ဂတ္တကံ ဂစ္ဆတိ ပဝတ္တတီတိ ပဋလံ–အကျိုးမဲ့ဖြစ်တတ်သော အထပ်အလွှာစသည်"ဟု ပေး၊ "ကုသတိ ဆိန္ဒတီတိ ကုသလံ"ကား "ကုသ – ဆေဒနေ" ခေတ်နောင် အလပစ္စည်း သက်သောနည်းတည်း၊ ကုသဘူတေ·စသည်ကား ကုသဟူသော ပါဋိပဒိကနောင် အလပစ္စည်းသက်သော နည်းတည်း၊ ယထာသဘာဝဓမ္မေဖြင့် ကုသသဒ္ဒါသည် သဘာဝဓမ္မ အနက်ဟောဟုလည်းကောင်း, ဥဒ္ဒိဿဒါနေဖြင့် ကုသသဒ္ဒါသည် ဥဒ္ဒိဿဒါန အနက်ဟောဟုလည်းကောင်း, သဥ္ဈယေဖြင့် အပေါင်းအနက်ဟောဟု လည်းကောင်း, ပြ၏။ [ထို သဥ္ဈယေကိုပင် ဓမ္မသမုဒါယေဟု ထပ်၍ဖွင့်၏။]

---

၆၆၆။ ပုထဣစ္စေတဿ ပါဋိပဒိကဿ။ ။ပါဋိပဒိကဟူသည် နာမ်တည်း၊ နာမ်ဖြစ်လျှင် "ပုယော, ပုထာ၊ ပုထံ, ပုထေ" စသည်ဖြင့် ပဒမာလာစဉ်၍ ရထိုက်၏၊ ထိုသို့ နာမ်ဝိဘတ်ဆုံးလျက် "ပုထော" စသည်ဖြင့် တပုဒ်တလေမျှ ပါဠိ၌ မတွေ့ရသောကြောင့် "ပါဋိပဒိကဿ"ဟူသော ဝုတ္တိကို မကြေနပ်၍ ရှု၌ "ဓာတုဿ"ဟု ပုထဓာတ် အနေအားဖြင့် ဖွင့်ပြလေသည်၊ ထိုရှုအဖွင့်အတိုင်း ပင် ခေတ်ကျမ်းတို့၌ "ပုထ=ဝိတ္ထာရေ"ဟု ဆို၍ "ပထဝီ"ကို ပုံစံထုတ်ကြသည်။

ပုထုပထာ ဒေသာ။ ။ပါဠိ သက္ကတ ၂-ဌာန၌ပင် "ပုထု" နာမ်ပုဒ် ရှိပြီး ဖြစ်သောကြောင့် ပုထကို ပုထုမပြုပဲလည်း ပထဝီပုဒ် ပြီးနိုင်၏၊ မှန်၏– ထောမနိဓိ၌ "ပြိထွီ (ပြိထဝီ)၊ ပြိသုတ္တာ ဂုဏ ယုတ္တာ-ပြန့်ကျယ် ကြီးမားခြင်း

ဂုဏ်နှင့် ယှဉ်သော မိန်းမ, မြေကြီး"စသည်ဖြင့် ဖွင့်ပြသောကြောင့် "ပုထုနောင် ဣတ္ထိလိင် ဤပစ္စည်းသက်၍ ထုဏ်၏ ဥကို ဩသရေစဖြင့် အဝပြုလျှင် "ပုထဝီ"ဟု ပြီးနိုင်သည်၊ ဤနည်းအလို ပုထဓာတ်လည်း ကြံဖွယ်မလို၊ သို့သော် ကာတန္တ-ဥဏာဒိဝုတ္တိ (၁၀) သုံးတ်၌ ပြထဓာတ်ခနောင် သိဝိန်ပစ္စည်းသက်, ဣတ္ထိလိင် ဤ ပစ္စည်းသက်၊ သုတ်ကြီးဖြင့် ပြကို ပြိပြု၍ "ပြိထိဝီ"ဟု ရှိသေးသောကြောင့် ရှင်၌ ပုထဓာတ်ကြံ၍ ဖွင့်ဟန်တူသည်၊ ရှုနည်းအတိုင်း အခြေပြု၍ တွက်ပြထားပြီ၊ ဈာသအလိုကို နောက်မှပြအံ့၊ ပုထကို ပထပြုသည့် အခါ၌ကား မပစ္စည်းသက်၍ "ပထမော"ဟု ဖြစ်၏၊ ဤ ပစ္စည်းသက်ရာဌာနသည် (ပုထု အပြုနောင် မသက် ပဲ ပထ အပြုနောင်သာသက်၍) နည်းသောကြောင့် "ကွစိ အမပစ္စယော"ဟု ဝုတ္တိဖွင့်၏၊ ဤဝုတ္တိ၌ ကွစိသဒ္ဒါသည် သုတ်၌ပါသော ဝါသဒ္ဒါ၏ အဖွင့်တည်း၊ ထို့ကြောင့် သုတ်၌ပါသော ဝါကို "ကွစတ္ထ"ဟု မှတ်ပါ။

ပုံစံများ။ ။ပုထကို ပါဠိပဒီကပုဒ်ဟု ဆိုသောကြောင့် ဝုတ္တိအလို "ပုထု ဟုတ္ဘာ ဇာတာ"သည် ဝိဂ္ဂဟ်မဟုတ်, ပုထဝီ၏ အနက်ပြ ဝါကျသာတည်း-ဟု ဆိုသင့်၏၊ သို့သော် ဈာသ၌ ဏပစ္စည်းသက်၍ရုပ်တွက်သောကြောင့် ပထဝီသည် တဒ္ဓိတ်ပုဒ်, ပုထု ဟုတွာ ဇာတာသည် တဒ္ဓိတ်ဝိဂ္ဂဟ် ဟု ဆိုလိုဟန်တူသည်၊ ပုထဓာတ်ဆိုသော ရှုအလို ရှုဘာသာဋီကာ၌ ဝိဂ္ဂဟ်ပြထားပြီ၊ ဈာသ အလို ပုထဝီ ရုပ်ပြီးပုံကား—ပုထုတည် "ပုထု ဟုတွာ ဇာတာ" ဟူသော အနက်၌ ဏရုဂါတသောဒ မညတ္တေသုစ သုတ်ဖြင့် ဏပစ္စည်းသက်, ကာရိတ်ငဲ့, ဏ အနုဗန်ချေ,ဤသုက်ဖြင့် ပုထကို ပုထုပြု၊(ပုထု+အ)၊ထု၌ ဥကို လမှည့်၊ ဈူလာန မိယုဝ ါသရေဝါဖြင့် ဥကို ဥဝပြု (ပုထုဝ+အ)၊ တေသုဝုဒ္ဓိဖြင့် ထု၏ ဥကို အပြု, ဝခွင်း, ချေ,ကပ်၊ ဏဝဏိက စသောသုတ်ဖြင့် ဤပစ္စည်းသက်၊ နာမ်ငဲ့,သိသက်၊ ချေ, ပုထဝီ ပြီး၏၊ ပထမောကား ပုထကို ပထပြုပြီးနောက် အမ ပစ္စည်းသက်, ထခွင်း, ချေ, ကပ်, နာမ်ငဲ့ စသည်တွက်လေ။

ဆက်ဦးအံ့။ ။ဈာသ၌ "ဣတရေသု ပန ဒွိသု ဒေါဓော ဧတိတ္တေ ဧဂ္ဂ ဟာဏော်နဝါ၊ပေ၊ ထကာရဿ ဌကာရာ ဒေသကရဏဉ္စ, အန္တဒွယေ ပဏ္ဍရ ဂတဿုကာရဿ အကာရာဒေသ ကရဏဉ္စ ဝိသေသော"ဟု ဆို၏၊ ထိုအဆို အတိုင်း မှန်လျှင် ထကို ဌပြု၍ "ပုဌဝီ, ပုဌမော"ဟုလည်းကောင်း, ပုဏ် ဥကို (အ) ပြု၍ "ပဌဝီ, ပဌမော"ဟုလည်းကောင်း ရှိသင့်သေး၏၊ ယခုအခါ ထို အတိုင်း မရှိတော့ချေ။

သိဟိုဠ်မူ၌ကား "ပုထဝီ, ပထမော၊ ပဌဝီ, ပဌမောဝါ"ဟု ရှိ၏၊ "ပုထူ ကိလေသေ ဇနေတီတိ ပုထုဇ္ဇနော, ပုထုဟုတွာ ဇာတာတိ ပထဝီ" ဟုကား ရှိဖွယ်မလို၊ ထိုတွင် "ပုထုဇ္ဇနော"၌ ပုထုသဒ္ဒါပုပဒ ဇနဓာတ် ကြံဟန်တူ၏၊ အမှန်မှာ—"ပုထူနံ ဇနနာဒီဟိ" စသော အဌကထာကိုထောက်၍ ပုထု နာမ်

သဿာဒီဟိ တုဒဝေါ

၆၆၇။ သသု ဒဒ အဒ မဒ ဣစ္ဆေ ဝမာဒီဟိ—သသု ဒဒ အဒ မဒ ဤသို့ အစရှိကုန်သော၊ ဓာတူဟိ, တုဒ ဣစ္ဆေတေ (တုဒ ဣတိ ဧတေ) ပစ္စယာ ဟောန္တိ၊ အဋ္ဌေသတ္တေ—အခြားသတ္တ ၀ ါတို့ကို၊ သသတိ ဟိံသတိ-ညှဉ်းဆဲတတ်၏၊ ဣတိ သတ္တု (ရန်သူ) ဒုက္ခ-ဆင်းရဲကို၊ ဒဒါတိ—ပေးတတ်၏၊ ဣတိ ဒဒ္ဒု (ပွေး)၊ [“သတ္တေ—တို့ကို၊ ဒံသတိ ဝိဒ္ဓံသတိ-ဖျက်ဆီးတတ်၏၊ ဣတိ ဒဒ္ဒု” ဟုလည်း မူကွဲရှိ၏၊] ဒုက္ခေန-ဆင်းရဲဖြင့်၊ အဒတိ ဘက္ခတိ-စားတတ်၏၊ ဣတိ အဒ္ဒု (နှောင်အိမ်, ထောင်)၊ ဝါ, ဧတေန-ဤ နှောင်အိမ် (ထောင်) ဖြင့်၊ ဇနော-လူအပေါင်းသည်၊ ဒုက္ခ-ကို၊ အဒတိ အနုဘဝတိ-ခံစား

---

ပုဒ်နှင့် ဇနဓာတ်ကို စပ်ထားသော ဒုတိယာတပ္ပုရိသ် သမာသ်သာဖြစ်သည်၊ ဇနေတီတိ ဇနော (ဇနဓာတ် အပစ္စည်း)၊ “ပုထူ+ဇနော” ဟု ပြု၊ “ပုထူကိလေသေ” ဟု ပုထူ၌ ဒုတိယာဗဟုဝုစ်ရှိ၏၊ ဤရုပ်ကို နျာသ၌ မပြသဖြင့် နောက်ထည့်ပါ၌ဟု ဆိုကြ၏၊ “ပုထု ဟုတ္ဝာ ဇာတာတိ” ဟူသော ဒုတိယဝိဂ္ဂဟ်ဝါကျလည်း ရှေးဝါကျနှင့် မထူးသောကြောင့် နောက်ထည့်ပါ၌သာ၊ သီဟိုဠ်မူ၌ကား ဝိဂ္ဂဟ် ဟူသမျှ လုံးဝမပါချေ။

ပထမော, ပဌမော။ ။ဤ ၂-မျိုးလုံးပင် ယခုကာလ ရေးထုံးဖြစ်နေ၏၊ ဒန္တဇထဖြင့် “ပထမော” သည် ဤ “ပုထသာ ပုထု ပထာမော ၀ါ” သုတ်နှင့်လည်းကောင်း “ပြထမ-တြိ၊ ပြထ+အမစ်၊ ပဓာနေ, အာဒျေစ” ဟု ပြထဓာတ်နောင် အမစ် ပစ္စည်းဖြင့် ပြီးစေသော ထောမနိဓိ အဘိဓာန် “ပြထာ အမစ်” ဟူသော ဥဏာဒိ ဝုတ္တိသုတ်တို့နှင့်လည်းကောင်း ညီ၏၊ သို့သော် သက္ကတ၌ ဒန္တဇ “တ, ထ” တို့သည် ပါဠိ၌ မုဒ္ဓဇ “ဋ, ဌ” ဖြစ်ကုန်၏၊ ပုံစံကား—ပတိပတ္တိ, ပထမ, အတ္ထကထာ, သန်ဓာတ္တ, ဥတ္ထာန, ဝေါတ္ထပန, ဂန္ထ, ဂန္ထိ, နိဂန္ထစသော သက္ကတ အရေးအသားတို့သည် ပါဠိ၌ ပဋိပတ္တိ, ပဌမ, အဋ္ဌကထာ, သန်ဌာန, ဥဋ္ဌာန, ဝေါဋ္ဌပန, ဂဏ္ဌ, ဂဏ္ဌိ, နိဂဏ္ဌ” စသည်တို့ ဖြစ်လာပုံမျိုးတည်း၊ ဤသို့ မောဂ္ဂလ္လာန်နိဿယ ခါဒ်ကဏ္ဍ (၁၁၁) သုတ်၌ ဆုံးဖြတ်တော်မူ၏၊ [မောဂ္ဂလ္လာန်၌ “ပဋ္ဌိယတိ ဥစ္စာရိယတိ ဥတ္တမဘာဝေနာတိ ပဌမံ” ဟု ဝိဂ္ဂဟ်ပြုသေး၏၊ တချို့စာများ၌ ဓအောက်ခြိုက်ဖြင့် “ပဓဝိ, ပဓမော” ပုဒ်တို့ကိုလည်း တွေ့ရ၏၊ ထိုပုဒ်များကား တဆင့်ထူးမှု ဓအောက်ခြိုက် ပြောင်းရိုးထုံးစံမရှိ၍ ယခုအခါ အသုံးမဝင်တော့ပြီ။]

---

၆၆၇။ သတ္တု, ဒဒ္ဒုတို့ကို အခြေပြု၍ ရူအဆိုအတိုင်း ရုပ်တွက်ထားပြီ၊ [နျာသ၌ကား သတ္တုကို ဘုဇာဒိနမန္တော သုတ်ဖြင့် ဓာတွန်ချေ, ဒွေးဘော်လာ၍လည်း တနည်းပြသေး၏၊ ဒဒ္ဒုကိုလည်း ဒံသဓာတ်ဖြင့် တချို့စာရှိ၏၊ ဝုတ္တိလည်း

ရ၏၊ ဣတိ အဒ္ဒ ။ ဝါ, ဒုက္ခံ-၏၊ (ဝိဘတ္တိ ဝိပလ္လာသ)၊ ဘာဇနံ အာဓာရံ-တည်ရာသည်၊ ဘဝတိ-၏၊ ဣတိ အဒ္ဒု။ [ဤနောက် ၂-ဝိဂ္ဂဟဌ် သဒ္ဒါနေ မကောင်းလှ၊] မဒတိ ဉမ္မတ္တံ ကရောတိ-ရူးအောင်ပြုတတ်၏၊ ဣတိ မဒ္ဒု (သေရည်)၊ ဝါ, မဒတိ မဒ္ဒဘာဝံ ကရောတိ-မူးယစ်သူ၏အဖြစ်ကို ပြုတတ်၏၊ ဣတိ မဒ္ဒု၊ [မဒ္ဒတိ မဒ္ဒဘာဝံ ကရောတိ-နှိပ်နင်းသောအဖြစ်ကို ပြုတတ်၏ဟု ပေးကြသည်ကား မဒ္ဒဓာတ်မဟုတ်, မဒဓာတ်ဖြင့် တနည်း ဝိဂ္ဂိုဟ်ပြုခြင်းသာ ဖြစ်၍ ဆင်ခြင်ဖွယ်သာ။] (၆၇၈)။

ယီဒိဟိဤဝရော

၆၆၈။ ဝိပါဓာ ဣစ္စေဝမာဒီဟိ—ဝိ, ပါ, ဓာ ဤသို့ အစရှိကုန်သော၊ ဓာတူဟိ ဤဝရပစ္စယော ဟောတိ၊ ဝိယတိ-ဝိအပ်, ယက်အပ်၏၊ ဣတိ ဝီရရံ (သက်န်း)၊ ပိဝတိ—သောက်တတ်၏၊ ဣတိ ပိဝရော-(ဆူဖြိုးသူ, ဝသူ)၊ ဝါ, ပါဇာဗ္ဗံ ရက္ခိတဗ္ဗံ စောင့်ရှောက်အပ်၏၊ ဣတိ ပီဝရံ၊ [“ပါ=ရက္ခဏေ”ဟု ဓာတ်နက်ရှိသောကြောင့် တနည်း ဝိဂ္ဂိုဟ်ပြုသည်၊] ဓာရေတိ-ငါးကို (ပိုက်ကွန်, မြှုံး စသည်တို့ကို) ဆောင်ယူတတ်၏၊ (ဓာရေတွာ-ဆောင်ယူ၍၊ ဇီဝိတံ-အသက်မွေးမှုကို၊ ကပ္ပေတိ - ပြုတတ်၏၊) ဣတိ ဓီပရော (တံငါသည်)။

မုနာဒီဟိ စိ

၆၆၉။ မုန ၊ပေ၊ မန ဣစ္စေဝမာဒီဟိ-မုန, ယတ, အဂ္ဂ, ပတ, ကဝ, သုစ, ရုစ, မဟာလ, ဘဒ္ဒါလ, မန ဤသို့ အစရှိကုန်သော၊ ဓာတူဟိ-ဓာတ်တို့မှ နောက်၌လည်းကောင်း၊ ပါဋိပဒိကေဟိစ-တို့မှ နောက်၌လည်းကောင်း၊ ဣ ပစ္စယော ဟောတိ၊ အတ္ထာနတ္ထံ-အကျိုး, အကျိုးမဲ့ကို၊ မုနာတိ-သိတတ်၏၊ ဝါ, ဧဉ ယျမ္မံ-သိထိုက်သောတရားကို၊ လက္ခဏာဒိဝသေန—

“သသ ဒံသ အဒ မဒ”ဟု တချို့စာရှိ၏၊ သို့သော် ထောမနိဓိ၌ ဒဒဓာတ်ရုပစ္စည်းဖြင့် “ဒဒြု—ရောဂဘေဒေ”ဟု ရှိသောကြောင့် ဒဒဓာတ်သာ အရင်းကျသည်၊ “အဒ—ဘက္ခဏေ, မဒ—ဉမ္မာဒေ”ဟု ဆို၍ အဒ္ဒု, မဒ္ဒုတို့ကိုလည်း ဒဒ္ဒုကဲ့သို့ တွက်၊ [“အဒိ—ဗန္ဓနေ”ဟူသော ဓာတ်နောင် ကူပစ္စည်း, နိဂ္ဂဟိတ်လာ, ဝဂ္ဂန္တပြု, က်အနုဗန်ချေ၊ အန္ဒု — ဆင့်ခြေကိုဖွဲ့ကြောင်း ဆင်ထူး, မိန်းမတို့၏ ခြေချင်း” အနက်ဟော ဥဏာဒိကာရန္တရုပ်ကား ဤသုတ်နှင့်မဆိုင်။]

၆၆၉။ ဓာတူဟိ ပါဋိပဒိကေဟိစ။ ။မုဒါဒီဟိစိ၌ စိကို “စ + ဣ”ဟု ပုဒ်ဖြတ်၊ ထိုစဒ္ဒါသည် ပါဋိပဒိကကို ဆည်းခြင်း ( သမုစ္စည်း ) အနက် ရှိ၏၊ ထို့ကြောင့် “ပါဋိပဒိကေဟိစ”ဟု ဝုတ္တိဖွင့်သည်၊ ပါဋိပဒိက၏ ပုံစံများကို “မဟာလိ, ဘဒ္ဒါလိ, မဏိ”ဟု ပြ၏၊ ရှု၌ကား—အရဏိ, တရဏိ စသည်ကိုလည်း ပြသေး၏။

လက္ခဏ, ရသ, အစရှိသည်တို့၏ အစွမ်းဖြင့်၊ ဇာနာတိ-၏၊ ဣတိ မုနိ (ရသေ့, ရဟန်း)၊ ယတတိ ဝီရိယံ ကရောတိ-လုံ့လပြုတတ်၏၊ ဣတိ ယတိ (ရဟန်း)၊ အဂ္ဂတိ ကုဋိလဘာဝံ ဂစ္ဆတိ-ကောက်ကွေ့သည်၏အဖြစ်သို့ ရောက်တတ်၏၊ ဣတိ အဂ္ဂိ (မီး)၊ [အဂ္ဂတိ ကုဋိလော ဟုတွာ ဂစ္ဆတီတိ အဂ္ဂိ'' ဟုလည်း ပြု၏၏၊] ဂုသေဋ္ဌော ဟုတွာ-မြတ်သူဖြစ်၍၊ ပတတိ ပုရတော ဂစ္ဆတိ-ရှေ့က သွားတတ်၏၊ ဣတိ ပတိ (အရှင် သခင်, လင်)၊ ကဗျ-ကဗျာကို၊ ဗန္ဓတိ-ဖွဲ့စီတတ်၏၊ ဣတိ ကဝိ (ကဗျာတတ်သိသူ)၊ ဝါ, ကန္တံ မနာပဝစနံ - နှစ်သက်ဖွယ်စကားကို၊ ဝဒတိ-ဆိုတတ်၏၊ ဣတိ ကဝိ၊ သုစ္စတိ ပရိသုဒ္ဓံ ဘဝတိ-စင်ကြယ်စွာ ဖြစ်တတ်၏၊ ဣတိ သုစိ (စင်ကြယ်သောအရာ)၊ ရုစတိ ဒိဗ္ဗတိ-တောက်ပတတ်၏၊ ဣတိ ရုစိ (အရောင်)၊ မဟန္တံ ဝိဘဝံ ဘောဂက္ခန္ဓံ-ကြီးကျယ်သော စည်းစိမ်အစုကို၊ လာတိ-ယူတတ်၏၊ ဣတိ မဟာလိ (မဟာလိ မည်သောမင်း)၊ ဘဒ္ဒံ ယသံ-ကောင်းသော အခြံအရံကို၊ လာတိ-ယူတတ်၏၊ ဣတိ ဘဒ္ဒါလိ (ဘဒ္ဒါလိမည်သော ရဟန်း)၊ တတ္ထ ရတနေ-ထိုရတနာ၌၊ မနံ-စိတ်ကို၊ နယတိ-ဆောင်တတ်၏၊ ဣတိ မဏိ (ပတ္တမြား)၊ (၆၇၀)။

ဝိဝါဒီဟျုရော ၆၇၀။ ဝိဒ၊ပေ၊ကုရ ဣစ္စေဝမာဒီဟိ-ဝိဒ, ဝလ္လ, မသ, သိဒ, ဒုး, ကု, ကပ, မယ, ဥန္ဒ, ခဇ္ဇ, ကုရ ဤသို့ အစရှိကုန်သော၊ ဓာတူဟိ-လည်းကောင်း၊ပါဋိပဒိကေဟိစ-လည်းကောင်း၊ဥ၊ရပစ္စယော, ဟောတိ၊ဝိနိဒ္ဒိတုံရခြင်းငှာ

---

**ကဝိ**။ ။နျာသဠိမှု ကသဒ္ဒူပပဒ, ဝဒဓာတ် ကွိပစ္စည်း, ဓာတွန့်ချေ, ကွိချေ၍ ''ကဝ''ဟု ပြီးပြီးသော ပါဋိပဒိကနောင် ဣပစ္စည်းသက်၍ ''ကဝိ'' ပြီးသည်ဟု ပြသေး၏၊ ဤနည်းအရ-ကသည် ကန္တအနက်ဟောတည်းဟု သိစေလို၍ ''ကန္တံ (မန ပဝစနံ) ဝဒတီတိ ကဝိ''ဟု ဝုတ္တိ၌ ဝိဂ္ဂြိုဟ်ပြုသည်၊ ''ကု= သဒ္ဒေ'' ဟူသော ဓာတ်အရ ''ကဝတိ ကထေဟိ-ကဗျာကို ဖွဲ့ဆိုတတ်၏၊ ဣတိ ကဝိ''ဟုလည်း ဖြစ်၏၊ ကုဓာတ်နောင် ဣပစ္စည်း, ဥကို ဩစုဒ္ဓိ, ဩကို အဝပြု၊ ဤနည်းအလို ပါဋိပဒိကနောင် ဣပစ္စည်းမသက်ပဲ ဓာတ်နောင်သက်၏၊ ''ကဗျံ ဗန္ဓတီတိ'' ဟူသော ဝိဂ္ဂြိုဟ်ကား ကုဓာတ်၏ အဓိပ္ပာယ်နက်ကို ဖွင့်ပြသော ဝါကျတည်း၊ ''ကဝတိ ကတေတိ''ဟုသာ ဝိဂ္ဂြိုဟ်ပြုစေလိုရင်း ဖြစ်သည်။

---

**မဏိ**။ ။မဏိ၌လည်း ''မနံ တတ္ထ နေတိ''ဟူသော ဝိဂ္ဂြိုဟ်အလိုအားဖြင့် မန သဒ္ဒူပပဒ နီဓာတ် အပစ္စည်း, တေသုဝုဒ္ဓိစသော သုတ်ကြီးဖြင့် မန၏ နကို ချေ, နကိုလည်း ဏပြု, ''မဏ''ဟု ပြီးသော ပါဋိပဒိကနောင် ဣပစ္စည်းသက်ဟု ဆိုလိုသည်၊ ကြွင်းသောပုဒ်များ၏ ပြီးပုံကို ရူနှင့် ထို၏ ဘာသာဋီကာ၌ ရှုပါ။

အလံ-မထိုက်၊ ဝါ–မလွယ်ကူ၊ ဣတိ ဝိဒူရော၊ (အထူးဝေးသောအရပ်)၊ ဝိဒူရ ဌာနေ–အထူး ဝေးသောအရပ်၌၊ ဇာတော–ဖြစ်သော ပတ္တမြားသည်၊ ဝေဒူ ရော-မည်၏၊ ဝလ္လတိ ဝလ္လဘာဝေန ဘဇတိ–အဆက်အတွဲ အဖြစ်ဖြင့် ဖြစ်တတ် ၏၊ ဣတိ ဝလ္လူရော (အမဲခြောက်)၊ ဝါ, ဝလ္လတိ အညမညံ ဗန္ဓတိ-အချင်းချင်း ဖွဲ့တတ်၏၊ ဣတိ ဝလ္လူရော၊ အာမသိတဗ္ဗော-သုံးသပ်ထိုက်၏၊ ဣတိ မသူရော (ပဲရဇာ)၊ သိန္ဒတိ သိင်္ဂါရဘာဝံ ဂစ္ဆတိ–တင့်တယ် စံပါယ်သည်၏အဖြစ်သို့ ရောက်တတ်၏၊ ဣတိ သိန္ဒူရော (ဟင်္သပြဒါးမှုန့်)၊ ဝါ, သိန္ဒတိ ဝိရောစတိ- တင့်တယ်၏၊ ဣတိ သိန္ဒူရော၊ အနာသန္နတ္တာ-မနီးသည်၏အဖြစ်ကြောင့်၊ ဂမိ တုံ-သွားခြင်းငှာ၊ အလံ-မသင့်၊ ဣတိ ဒူရော၊ (အဝေး)၊ ကဝတိ သဒ္ဒံ ကရောတိ- အသံပြုတတ်၏၊ ဣတိ ကုရော (ထမင်း)၊ အတ္တနော ဂန္ဓေန-မိမိအနံ့ဖြင့်၊ အညံ ဂန္ဓံ-အခြားအနံ့ကို၊ ကပတိ ဟနတိ ဟိံသတိ–ညှဉ်းဆဲတတ်၏၊ ဣတိ ကပ္ပူ ရော (ပရုပ်)၊ ရောဂါမနယေ–ရောဂါကို ပယ်ဖျောက်ခြင်း၌၊ ကပ္ပတိ သမတ္ထော တိ-စွမ်းနိုင်၏၊ ဣတိ ကပ္ပူရော၊ မဟိယံ-မြေပေါ်၌၊ ရဝတိ-တွန်တတ်၏၊ ဣတိ မယူရော (ဥဒေါင်း)၊ ဝါ, မဟိယံ–၌၊ ယာတိ ဂစ္ဆတိ–သွားတတ်၏၊ ဣတိ မယူရော၊ ပံသု-မြေမှုန့်ကို၊ ဥန္ဒတိ မသဝတိ-ပွားစေတတ်၏၊ [ဥဒိ-ဟု ဣကာရန္တ ဓာတ်ဖြစ်၍ နိဂ္ဂဟိတ်လာရသည်၊] ဣတိ ဦရော (ကြွက်)၊ ခဇ္ဇိတဗ္ဗော ခါဒိ တဗ္ဗော–ခဲစားထိုက်၏၊ ဣတိ ခဇ္ဇူရော (သင်ပေါင်း, ဝါ–စွန်ပလွံပင်)၊ ကုရတိ အက္ကောသတိ-ဆဲရေးတတ်၏၊ ဣတိ ကုရူရော (ကြမ်းတမ်းသူ၊) (၆၈၁)။

---

၆၇၀။ ဓာတူဟိ ပါဠိပဒိကေဟိ။ ။မယူရော ဥန္ဒူရောတို့၌ "မယ-ဥန္ဒ" ဟူသော ပါဠိပဒိကနောင် ဦရသက်၍ ကြွင်းပုဒ်တို့၌ ဓာတ်နောင် ဦရသက်သည်၊ ရှဉ်ကား ပါဠိပဒိကကို မပြ, မယူရ-ဥန္ဒူရတို့၌လည်း မယဓာတ် ဥဒိဓာတ်နောင် သက်ပုံသာပြသည်၊ "ဝိဒ=လာဘေ" ဓာတ်နောင် ဦရသက်၍ "ဝိဒူရ" ဖြစ်၏၊ [လာဘအနက်ဟော ဝိဒဓာတ်သည် ရုဓာဒိဂိုဏ်းဖြစ်၍ ဝိန္ဒတိဟု ပါဌ်မှန်ရှိစေ၊ ဤ "ဝိဒူရော"သာ ဤသုတ်၏ ပုံစံတည်း၊ ဝိဒူရေ ( ဝိဒူရဋ္ဌာနေ ) + ဇာတော ဝေဒူရော"ကား "ဝေဒူရော"ဟု ပြယုဂ်တွေ့သည့်အခါ မတွေဝေစေခြင်းငှာ အပို ထည့်ထားသည်ဟု နျာသမိန့်သည်၊ ဤဝေဒူရောသည် ဏရာဂါသုတ်ဖြင့် ဇာတ အနက်၌ ဏပစ္စည်းသက်၍ ပြီးသော တဒ္ဓိတ်ပုဒ်တည်း၊ ဤဝေဒူရမဏိကို ဏိယ ပစ္စည်းဖြင့် "ဝေဒူရိယ-ပတ္တမြား" ဟုလည်း ခေါ်၏၊ အကျယ် အဆုံးအဖြတ်ကို အဘိဓာန်နိဿယသစ် ၄၉၁-မှာ ရှုပါ၊] ဝလ္လူရော "ဝလ္လ=ဓာရဏဗန္ဓနေသု" ဟု ဓာတ်ရှိ၏၊ ဝလ္လတိကို အနက် မထင်မည်စိုး၍ "ဝလ္လဘာဝေန ဘဇတိ" ဟု ဖွင့်သည်၊ ယခုစာတို့၌ "ဝလ္လဘာဘာဝေန ဘဇတိ = အကျွမ်းဝင်သည်၏အဖြစ်

**ဟာနာဒီဟိ နှုဏာတဝေါ** ၆၇၁။ ဟာန၊ပေ၊ ဟိ ဣစ္စေဝမာဒီဟိ–ဟာန, ဇန, ဘာ, ရိ, ခန, အမ, ဝေ, ဓေ, ဓာ, သိ, ကိ, ဟိ ဤသို့အစရှိကုန်သော၊ ဓာတုဟိ, တို့မှ နောက်၌၊ နုဏာတု ဣတိ တေတ ပစ္စယာ ဟောန္တိ၊ တေနေ-ဤ မေးဖြင့်၊ ဘောဇနံ-အစာကို၊ ဟနတိ ဟိံသတိ–(ကြိတ်ချေသောအားဖြင့်) ညှဉ်းဆဲတတ်၏၊ ဣတိ ဟာနု (မေး)၊ ဂမနံ-သွားခြင်းကို၊ ဇနေတိ-ဖြစ်စေတတ်၏၊ ဣတိ ဇာနု(ဒူးဆစ်)၊ ဘာတိ ဒိပ္ပတိ-တောက်ပတတ်၏၊ ဣတိ ဘာနု (အရောင်)၊ ရိတိ ဂစ္ဆတိ–သွားတတ်၏၊ ရိဥ္ ဣကို ဧဝုဒ္ဓိ, ဧကို အယပြု၍ "ရယတိ"ဟု ရှဉ်း ရှိ၏၊] ဣတိ ရေဏု–(မြူမှုန်)၊ ခနိတဗ္ဗော အာဝဒါရိတဗ္ဗော-တူးအပ် (နုတ်အပ်) ၏၊ ဣတိ ခါဏု (သစ်ငုတ်)၊ အင်္ဂမင်္ဂဿ–အင်္ဂါကြီးငယ်၏၊ ရဇ္ဇနဘာဝံ-နာကျင်သည်၏ အဖြစ်သို့၊ ဝိဇ္ဈနဘာဝံ - ထိုးဆွအပ်သည်၏ အဖြစ်သို့၊ အမတိ ဂစ္ဆတိ-ရောက်တတ်၏၊ "အင်္ဂမင်္ဂဿ ရဇ္ဇနဘာဝံ ဝိဇ္ဈနဘာဝံ"ကား အဓိပ္ပာယ် မထင်ရှား၊ ရှဉ် "အပတိတိ"သာ ရှိသည်၊] ဣတိ အဏု (အဏုမြူ)၊ ဝေတိ

---

အဆက်အသွယ်၏ အဖြစ်ဖြင့် ဖြစ်တတ်၏"ဟု တွေ့ရ၏၊ ဝလ္လဓာတ်က ဝလ္လာ အနက်ကို မဟောသောကြောင့် စဉ်းစားသင့်သည်။

မယူရော ဥန္ဒူရော။ ။"မဟိယံ ရဝတီတိ မယူရော"သည် မဟီသဒ္ဒူပပဒ ရုဓာတ် ကွိပစ္စည်းဖြင့်ပြီးသောကြောင့် ဤသုတ်နှင့်မဆိုင်၊နျာသ၌လည်း "အတ္တ ပန မဟိယံရဝတီတိ မယူရောတိပိ ပဌန္တိ"ဟု မယူရ၏ အနက်ကို အခြားဆရာတို့ ဆိုကြကြောင်းကို မိန့်၏၊ ထိုသို့ဆိုသဖြင့် ဤပါဌ်သည် ကစ္စည်းစုတ္တိ၌ မပါ-ဟု ဆိုလိုသည်၊ ဤဝိဂ္ဂဟ်အရ မယူရပြီးပုံကို ရူဘာသာဋီကာမှာ ရှု၊ "မဟိယံ ယာတိ ဂစ္ဆတီတိ မယူရော" ၌ကား "မဟီသဒ္ဒူပပဒ ယာဓာတ် အ ပစ္စည်းဖြင့် "မဟီယ"ဟု ဆိုလိုလျက် တေသုဝုဒ္ဓိသုတ်ကြီးဖြင့် "ဟီ"ကို ချေ၍ "မယ"ဟု ဖြစ်၏၊ [နျာသ၌ ဤနည်းကိုမပြပဲ "ဘူမိံ မဟန္တေ ယာတီတိ မယူရော=မြေကို ပူဇော်လျက် သွားတတ်သောကြောင့် မယူရမည်၏၊ ဤနည်း၌လည်း မဟာသဒ္ဒူပ ပဒ ယာဓာတ် အပစ္စည်းဖြင့် "မဟာယ"ဟု ဆိုလိုလျက် ဟာကိုချေ၍ "မယ"ဟု ဖြစ်၏၊] ထိုသို့ "မယ"ဟု ပြီးပြီးသော ပါဋိပဒိကနောင် ဦရပစ္စည်းသက်၍ မယူရဟု ဖြစ်သည်၊ "ဥဒိ=ပသဝန ကိလေဒနေသု"ဟူသော ဓာတ်နောင် "အ" ပစ္စည်းသက်, နိဂ္ဂဟိတ်လာ, ဝဂ္ဂန္တပြု၍ "ဥန္ဒ"ဟု ပြီးသော ပါဋိပဒိကနောင် ဦရသက်၍ "ဥန္ဒူရော"ဟု ပြီး၏၊ ကြွင်းရုပ်များ ပြီးပုံမှာ ရှုနှင့် တူပြီဖြစ်၍ ရူဘာသာဋီကာမှာ ရှု။

တန္တသန္တာနေန ဘာဝတိ-အမျှင်အစဉ်အားဖြင့် ဖြစ်တတ်၏၊ဣတိ ဝေဏု (ဝါး)။ ဝါ, ဗဟိသာရေ-အပ အနှစ်၌၊ အလံ-ထိုက်၏၊ ဣတိ ဝေဏု၊ ဓေတိ ဝစ္ဆံပါယေ-တိ-နွားငယ်ကို နို့တိုက်တတ်၏၊ ဣတိ ဓေနု (နွားမ)၊ [ဓေနုသဒ္ဒါ "အမ" သာမန်ကိုလည်း ဟော၏, "မိဂီဓေနု—သမင်မ"စသည်တည်း၊]အတ္တံ-အနက်ကို၊ ဓာရေတိ-ဆောင်တတ်၏၊ ဣတိ ဓာတု (သဒ္ဒါကျမ်း၌လာသော ဓာတ်)၊ ဝါ, ဂမန ပဝနာဒိကံ—သွားခြင်းကြိယာ ချက်ခြင်းကြိယာ အစရှိသော၊ ကြိယံ-ကို၊ ဓာရေတိ - ဆောင်တတ်၏၊ [ဟောတတ်သည်ကိုပင် "ဆောင်တတ်၏"ဟု ဆိုသည်၊] ဣတိ ဓာတု၊ သိယတိ ဗန္ဓီယတိ-ဖွဲ့အပ်၏၊ ဣတိ သေတု (တံတား)၊ ဥဒ္ဒံ-အထက်၌၊ ကေတိ ဂစ္ဆတိ ပဝတ္တတိ-ဖြစ်တတ်၏၊ ဣတိ ကေတု (မှန်ကင်း)၊ အတ္တနော-မိမိ၏၊ ဖလံ-အကျိုးကို၊ ဟိနောတိ ပဝတ္တတိ-ဖြစ်စေတတ်၏၊ ဣတိ ဟေတု (အကြောင်း)၊ (၆ဂ၂)။

ကုဋ္ဌာဒိဟိ ဌော ၆၇၂။ ကုဋ္ဌ၊ပေ၊မာဒိဟိ-ကုဋ္ဌ, ကုသ, ကဋ္ဌ ဤသို့ အစရှိကုန်သော၊ ဓာတူဟိ—တို့မှနောက်၌၊ ဌ ပစ္စယော ဟောတိ၊ အင်္ဂ မင်္ဂ—အင်္ဂါကြီးငယ်ကို၊ ကုဋ္ဌတိ ဆိန္ဒတိ—ဖြတ်တတ်၏၊ ဣတိ ကုဋ္ဌံ (နူနာ)၊ ဓညေန-စပါးဖြင့်၊ဆာဒေတဗ္ဗော-ဖုံးလွှမ်းအပ်၏၊ ပူရေတဗ္ဗော-ပြည့်စေအပ်၏၊ ဣတိ ကောဋ္ဌော-(စပါးထားရာကျီ,စပါးဂိုဒေါင်)၊ ကဋ္ဌတဗ္ဗံ မဒ္ဒိတဗ္ဗံ-ချိုးဖြတ်နှိပ်နင်းအပ်၏၊ ဣတိ ကဋ္ဌံ (ထင်း)၊ (၆ဂ၃)။

---

၆၇၁။ နုဏှတဝေါ။ ။သက္ကတအဘိဓာန်၌ ဟနုမှရှေ့ ဘာနုတိုင်အောင် ဒန္တဇ နအက္ခရာဖြင့်ရှိ၍ ရေဏု ခါဏု (သက္ကတ၌ သ္ထာဏု) အဏုတို့၌ မုဒ္ဓဇ ဏဖြင့်ရှိ၏၊ ထို့ကြောင့် "နုဏှ"ဟု ရှေးနောက် စဉ်သင့်သည်၊ ဝေဏု=ဝေနုကား ၂-မျိုးပင်ရှိ၏ဟု ရူဠ်ပြ၏၊ "ဓေနု"မှာ ပါဠိသက္ကတ နှစ်ဌာန၌ပင် ဒန္တဇ (န)ဖြင့်ချည်း ရှိ၏၊ သို့ဖြစ်၍ ပုံစံထုတ်ပုံ အစီအစဉ် မတည့်လှ၊ ရူဠ်လည်း မြန်မာမူဝယ် "နုဏှ"ဟု ရှိ၍ သီမူဝယ် "ဏှနု"ဟု ရှိသည်၊ သက္ကတ၌ ဟနုစသော ပါဠိရှိပုံကိုထောက်လျှင် "နု+ဏု"ဟု ရှိသောမူက ကောင်းသကဲ့သို့ ထင်ရ၏၊ ရူဠ်ကား သီမူအတိုင်း အနက်ပေးထားသည်၊ဤရုပ်များပြီးပုံမှာ ရူဠ် ထင်ရှားပြီ။

---

၆၇၂ ဓာတူဟိ။ ။ဓာတူဟိနောက်၌ ပါဠိပဒိကေဟိဟု တွေ့ရသေး၏၊ န്യာသ-ရူဠ်တို့၌ ဓာတ်နောက်သာ ဌပစ္စည်းသက်ပုံကို ပြသောကြောင့် ထိုပါဠိ ပဒိကေဟိကို အလိုမရှိကြ၊ "ကုဋ္ဌော"ဟု ပုလ္လိင်ပြထားသောကြောင့် "ကုဋ္ဌ"ဟု နပုလ္လိင်သာ ရှိသည်၊ "ကုသ=အစ္ဆာဒန ပူရဏ ဂန္ဓေသု (ဖုံးလွှမ်းခြင်း, ပြည့်စေခြင်း, ထင်ရှားပြခြင်းတို့၌)ဟု ညာသ၌ ဓာတ်နက်ပြသောကြောင့် အစ္ဆာဒန

မန္ပူရသုဏာဒီဟိ ဥသဏ္ဏုသိသာ

၆၇၃။ မန၊ပေ၊ ဇ္ဈတ္တံမာဒီဟိ— မနု, ပူရ, သုဏ, ကု, သု, ဋလ, အလ, မဟ, သိ, ကိ ဤသို့ အစရှိကုန်သော၊ ဓာတူဟိ-ထည်းကောင်း၊ ပါဠိုပဒိကေဟိစ-လည်းကောင်း၊ ဥသ နုသ ဋလ ဋတိ ပစ္စယာ ဟောန္တိ၊ ပုန-တဖန်၊ နိပစ္စန္တေစ-ပြီးစေအပ်ကုန်၏၊ ကုသလာ ကုသလေ ဓမ္မေ-ကုသိုလ် အကုသိုလ်တရားတို့ကို၊ မနတိ ဇာနာတိ-သိတတ်၏၊ ဣတိ မနုဿော, မာနုဿော-မနုဿ, မနုသမည်၏၊ ( လူ )၊ ဝါ, ကာရဏာ ကာရဏံ-အကြောင်း ဟုတ် မဟုတ်ကို၊ မနတိ ဇာနာတိတိ မနုဿော၊ ဝါ-အတ္တာနတ္ထံ-အကျိုး အကျိုးမဲ့ကို၊မနတိ ဇာနာတီတိ မနုဿော မာနုဿော၊ မာတာပိတူနံ-မိဘတို့၏၊ ဟဒယံ—စိတ်နှလုံးကို ပူရေတိ-ပြည့်ဝစေတတ်၏၊ ဣတိ ပုရိသော ( ယောကျ်ား )၊ ဝါ အတ္တနော—မိမိ၏၊ မနောရထံ—စိတ်အလိုကို၊ ပူရေတိ-ပြည့်ဝစေတတ်၏၊ ဣတိ ပုရိသော၊ ဝါ, ပူရေတိ-၏၊ ဣတိ ပေါသော-ပေါသမည်၏၊ (ယောကျ်ား)၊ သဿုရေဟိ—ယောက္ခမ ယောကျ်ား, ယော္ကမ

---

အနက်ကိုယူ၍ "ဆာဒေတဗ္ဗော, ပူရဏအနက်ကိုယူ၍ ပူရေတဗ္ဗော"ဟု ဓာတ်နက်ဖြင့် ဝိဂ္ဂြိုဟ်ပြုစေလိုသည်၊ ရူဋ္ဌိကား တမျိုးပြထား၏၊ "ကဠ = မဒ္ဒနေ" ဓာတ်နက်အရ "ကဠိတဗ္ဗံ မဒ္ဒိတဗ္ဗံ"ဟု ပြုသည် ကုဠ, ကုဠဓာတ်နောင် ဋသက်, ဓာတွန် (ဠ္ )ကို ဋကပ်ရုံဖြင့် ပြီး၏၊ ကုသနောင်ကား ဋသက်၍ "ကွစိဓာတု"ဖြင့် ဓာတွန်(သ်) ချေ၊ ဋ္ ဒွေဘော်လာဟု ရူဋ္ဌိ "ကောဋ္ဌော"ကို ရုပ်တွက်ပြသည်။

---

၆၇၃။ ပါဠိုပဒိကေဟိ။ ။ဤသုတ်ပုံစံများ၌ ပါဠိုပဒိကနောင် ပစ္စည်းသက်ပုံကို ဈာသ— ရူတို့၌ မပြကြ၊ နိဒ္ဒေသ၌ကား "ဣဓာပိ ပါဠိုပဒိကသဒ္ဒါ ဝိသုံ နတ္ထိ=ပါဠိုပဒိကနောင် သီးခြားပစ္စည်းသက်ခြင်း မရှိ၊ တထာပိ ယထာ ယထာ နိပ္ဖာဒေတဗ္ဗာ တထာ တထာ ကာတဗ္ဗော — သို့သော် အကြင်အကြင် နည်းဖြင့် ပါဠိုပဒိကနောင် ပစ္စည်းသက်၍ ရုပ်ပြီးနိုင်၏၊ ထိုထိုနည်းဖြင့် ပြုထိုက်၏"ဟု ဆို၏၊ ထိုစကားကိုလည်း "ပါဠိုပဒိကေဟိ"ပါနေသောကြောင့် မတတ်သာ၍ ဆိုဟန်တူသည်၊ အမှန်မှာ "ပါဠိုပဒိကေဟိ မပါလျှင် သာ၍ကောင်းမည် ထင်သည်၊ ထို့ကြောင့် ပါဠိုပဒိကနောင် ပစ္စည်းသက်ပုံကို ပြတော့မည် မဟုတ်။

ပုနနိပစ္စန္တေ။ ။"ပေါသောတိ တသောဝ ဓာတုဿ တသ္မိံ ပစ္စယေ ဣမိနာ နိပါတနလက္ခဏေန အက္ခရလောပါဒိမှိ ကတေရူပံ"ဟု ဈာသဖွင့်သောကြောင့် ပစ္စည်းသက်ရုံဖြင့် ရုပ်မပြီးသေးရာ၌ အက္ခရာချေမှု စသည်ကို ဤသုတ်ဖြင့်ပင် ပြီးစေရမည်၊ "ဝဇာဒီဟိ ပဗ္ဗဇ္ဇာဒယော"သုတ်မှ နိပစ္စန္တေပုဒ်ကို ဤသုတ်သို့ လိုက်စေ၍ မိမိဆိုင် ရုပ်များ၌ ဤသုတ်သည်ပင် နိပါတန ( ရုပ်ပြီးစေခြင်း )

မိန်းမတို့သည်၊ သုဏိတဗ္ဗာ-ညှဉ်းဆဲအပ်၏၊ ဣတိ, သုဏိသာ (ချွေးမ)၊ ဒွိန္နံ ကုလာနံ-၂ ဘက်အမျိုးတို့၏၊ (ယောကျ်ားဘက် မိန်းမဘက်) ကုလသန္တာနံ-အမျိုးအဆက်ကို၊ ကရောတိ, ဣတိ သုဏိသာ၊ ကုစ္ဆိတဗ္ဗ-စက်ဆုပ်အပ်၏၊ ဣတိ ကရိသံ (ကျင်ကြီး)၊ ဂတ္တံ-ကိုယ်ဝန်ကို၊ ဝိမောစေတိ-လွှတ်စေတတ် လျှောစေတတ်၏၊ ဣတိ သုရိသော (မရိုးပင်)၊ တမန္ဓကာရ ဝိဓမနေန-အမိုက်မှောင်ကို ပယ်ဖျောက်သဖြင့်၊ သတ္တာနံ-သတ္တဝါတို့၏၊ ဘယံ-ကြောက်ခြင်းကို၊ သုရတိ ဟိံသတိ-ညှဉ်းဆဲတတ်၏၊ ဣတိ သူရိယော (နေ)၊ ရောဂံ-ရောဂါကို၊ ဟိံသတိ-ညှဉ်းဆဲတတ်၏၊ ဣတိ သိရီသော (ကုက္ကိုပင်)၊ ဣလတိ ကမ္ပတိ-တုန်လှုပ်တတ်၏၊ ဣတိ ဣလ္လိသော (ဣလ္လိသမည်သော သဒ္ဒေး)၊ တဏှာယ-တဏှာကြောင့်၊ ဒုဗ္ဗလော—အားနည်းသည်၊ ဟုတွာ—၍၊ ဣလတိ ကမ္ပတိ ဣတိ ဣလ္လိသော၊ ပါပကရဏေ-မကောင်းမှုကို ပြုခြင်း၌၊ အလတိ သမတ္ထေတိ—စွမ်းနိုင်၏၊ ဣတိ

---

သဘောရှိသည်-ဟု ပြလို၍ "ပုနနိပစ္စန္တေ"ဟု ဝုတ္တိဖွင့်သည်၊ ရှေ့၌ကား "ပုန နိပစ္စန္တေ" မပါသောကြောင့် ရုပ်မပြီးသော အရာဝယ် အခြား သုတ်ကြီးဖြင့် သာ စီရင်စေသည်။

ပုံစံများ။ ။"မနုဿော" ရှုနှင့် တူပြီ၊ မာနုသော-"မနု=ဗေဝစနေ"ဥဿ သက် (မန်ဥဿ) ဤသုတ်ဖြင့် (န်)ကို အာပြု၊ ပုရိသ-"ပူရ=ဒါရပူရဏေသု" ဣသ၊ ဤသုတ်ဖြင့် ပူ၌ ဥကို ရဿပြု၊ ပေါသော—ပူရ+ဣသ ဤသုတ်ဖြင့် ရ်+ ဣတို့ကိုချေ၊ အ ညေသုတ်ဖြင့် ပု၏ ဥကို ဩဝုဒ္ဓိပြု၊ သုဏိသာ—"သုဏ=ဟိံသာ ကုလသန္တာနေသု" ဣသ, အာပစ္စည်း၊ ["ဟိံသာ+ကုလသန္တာနေသု" ဟူသော ဓာတ်နက် ၂-မျိုးနှင့်အညီ ဝိဂ္ဂြိုဟ်လည်း ၂-မျိုး ပြထားသည်၊] ကရီသံ-"ကုစ္ဆိတေ" ဣသသက်,ဤသုတ်ဖြင့် ရ်လာ,ကု၏ ဥကိုလည်း (အ)ပြု၊ ဣကိုလည်း ဒီဃပြု၊] ဤကား နျာသနည်းတည်း၊ ရှေ့၌ကား တမျိုးစီရင်၏။]

ပုရိသော။ ။"သု=ပါဏဂဗ္ဘ ဝိမောစနေ (သတ္တဝါဟူသော ကိုယ်ဝန် သူငယ်ကို လျှောကျစေခြင်း၌"ဟူသော နျာသဓာတ်နက်နှင့်အညီ "ဂတ္တံ ဝိမော စေတိ"ကို အနက်ပေး၊ "အက္ကရုက္ခ-မရိုးပင်"ဟု ဟောနက်ပြသည်၊ "သုဏာတိ ဂတ္တံ ဝိမောစေတီတိ သုရိသော"ဟုပြု၊ "သု=ဟိံသာယံ"ဟူသော ဓာတ်နက်နှင့် အညီ "ဘယံ သုဏာတိ ဟိံသတိ"ဟု ဒုတိယဝိကပ်ရှိစေရမည်၊ "သူရတိ"ဟု ရှိသည်ကား ပါဌ်ပျက်၊ သုဓာတ်, ဣသပစ္စည်း, ဤသုတ်ဖြင့် ရ်လာ၍လည်း ကောင်း, သကို ယပြု၍လည်းကောင်း "သုရိယော"ဟု ဖြစ်၏၊ အဘိဓာန်တို့၌ "သူရိယ"ဟု ရှိ၏၊ ထိုအလို သု၌ ဒီဃလည်းပြု၊ သိရီသောလည်း သုဓာတ်, ဣသ ပစ္စည်း, ဤသုတ်ဖြင့် (ရ်)လာ, သု၏ ဥကို ဣ, ဣသမှ ဣကိုလည်း (ဤ) ပြု။

အလသော-(လူပျင်း)၊ မဟိတဗ္ဗော ပူဇေတဗ္ဗော—ပူဇော်ထိုက်၏၊ ဣတိ မဟိ-
သော (ကျွဲ)၊ သီယတိ ဗန္ဓိယတိ-ဖွဲ့အပ်၏၊ ဣတိ သီသံ (ဦးခေါင်း)၊ ကိတဗ္ဗံ
ဟိံသိတဗ္ဗံ-ညှဥ်းဆဲအပ်၏၊ ဣတိ ကီသံ(ကြုံလှီသောအမျိုး, နပုလ္လိင်ဖြင့် ရှိသော
ကြောင့် "အမျိုး"ဟု ဆိုလိုက်သည်၊) ဣစ္စေဝမာဒိ—တည်း၊ (၆၇၄)။

ကိဗ္ဗိဓာနုကပ္ပေ-၌၊ ဆဋ္ဌော ကဏ္ဍော-၆ ခန်းမြောက်ဖြစ်သော၊
ဥဏာဒိကပ္ပော—ဥဏာဒ်ကျမ်းသည်၊ ဣတိ-ပြီးပြီ။

ကစ္စာယနပ္ပကရဏံ=ကစ္စည်းကျမ်းသည်၊ နိဋ္ဌိတံ=ပြီးပြီ။

---

ဣလိသော စသည်။ ။ဣလ = ကမ္ပနေ, ဣလပစ္စည်းဖြင့် "ဣလိသ"ဟု ပြီး၏၊ ထေရမနိစိ၌ "ဣလီသ"ဟု လိင်္ဂ ဒီဃရှိ၍ "ဣလီဝ—သန်လျက်ယယ်ကဲ့သို့+သောဘတေ-တင့်တယ်၏"ဟု ဝိဂ္ဂဟ်ပြု၏၊ ယခုအခါ လဒ္ဓေဘော်ဖြင့် "ဣလ္လိသ"ဟု ရေးသားကြ၏၊ [ရှုဒ်ကား ဤပုဒ်မပါ၊] အလ=သာမတ္ထေ၊ ဣသ, ဣကို ဤသုတ်ဖြင့် (အ)ပြု၍ "အလသော"ဖြစ်၏၊ [ရှုဒ် မပါ၊] မဟဓာတ် ဣသဖြင့် "မဟိသော"ဟု ပြီး၏၊ ယခုပါဠိများ၌ နိဂ္ဂဟိတ်လာ၍ "မဟိံသော"ဟု တွေ့ရသည်၊ သိ=ဗန္ဓနေ,ဣသပစ္စည်း,ဤသုတ်ဖြင့် ရှေ့ဣချေ,နောက် ဣကို ဒီဃပြု၊ သီသံဟု ဖြစ်၏၊ ကု=ဟိံသာယံ, ဣသ၊ ကု၏ ဥကို ချေ၍ ဣသို့ကပ်, ကိသံဟု ဖြစ်၏၊ [သက္ကတ၌ "ကြိသ=တနုတာရဏေ" က္တပစ္စည်း, သုတ်ကြီးဖြင့် ဇိရင်၍ "ကြိသ"ဟု ရှိသည်။]

ဥဏာဒိကပ္ပော ဆဋ္ဌော ကဏ္ဍော။ ။ဥဏာဒ်ခန်းကို (ကိတ်ကဲ့သို့ ဓာတ်နောင် ပစ္စည်းသက်ပံုကို ပြသော အခန်းဖြစ်၍) ကိတ်၌သွင်းကာ ကိတ်၏ ရှေ့ ၅-ခန်းကိုထောက်၍ ဆဋ္ဌကဏ္ဍဟု နျာသနှင့် ရူပသိဒ္ဓိဖွင့်သည့်အတိုင်း ဤ၌ တွေ့ရသည်၊ နိဒ္ဒေသ၌ကား "ဥဏာဒိကပ္ပသည် ကိတ်နှင့် မရော-သီးခြားဖြစ်သော အခန်းတခန်းတည်း"ဟု ယူဆ၍ သန္ဓိစသည်ကိုထောက်လျှင် ရှစ်ခန်းမြောက် ဖြစ်သောကြောင့် "ဥဏာဒိကပ္ပော သုတ္တနိဒ္ဒေသေ အဋ္ဌမော ကဏ္ဍော"ဟု ဆိုသည်၊ မောဂ္ဂလ္လာန်၌ "ဏွာဒိကဏ္ဍ"ဟု သီးခြားပြသကဲ့သို့ ဤ၌လည်း "ဥဏာဒိကပ္ပော-၌ကား ဥဏာဒ်ကျမ်း"ဟု နိဂုံးရှိလျှင် ကောင်းပေလိမ့်မည်။

ဥဏာဒ် ဘာသာဋီကာ ပြီးပြီ။

# ဘာသာဋီကာ နိဂုံး

ဤမျှသော အဖွင့်အစဉ်ဖြင့် (ရူပသိဒ္ဓိ ဘာသာဋီကာကဲ့သို့) ၂-နှစ်ခွဲမျှပင် ရေးသားရသော ကစ္စည်းဘာသာဋီကာလည်း ၁၃၀၈-ခု၊ သီတင်းကျွတ်လဆန်း ၅-ရက်နေ့၌ ပြီးစီးပြန်ပေပြီ၊ ဤကျမ်းစာကို စ၍ ရေးသားစဉ်က ဒုတိယကမ္ဘာ စစ်ကြီး မပြီးသေးသော်လည်း ဤကျမ်းစာပြီးချိန်မှာ စစ်အရေးလည်းငြိမ်းအေး ပြီဖြစ်၍ စစ်အတွင်း၌ ချုတ်ယွင်းခဲ့သော ပရိယတ် ပဋိပတ် ဆုတ်ယုတ်မှုများကို ယခုအခါ ဝန်ဆောင်ပုဂ္ဂိုလ်တိုင်း ပြန်၍ထူထောင်ဖို့ တာဝန်ရှိနေပေရာ ဤ ဘာသာဋီကာလည်း ပရိယတ်ဝန်ဆောင် ကျမ်းစာတစောင် ဖြစ်တန်ရာ၏ဟု မျှော်လင့်ရတော့သည်။

သိဒ္ဓိတ္ထု ဘော ဘာသာဋီကာ, ဒေသဘာသာယ သခ်တာ၊
ဗျာချာနာ ဗျာကရဏဿ, ကစ္စာယနဿ ကစ္စနာ။

ကစ္စာယနဿ—ကျမ်းပြုအရှင်, အမည်တင်၍, ပြည့်ခွင်တဝန်း, ကစ္စည်းကျမ်းဟု, အစွမ်းအလျောက်, လျှမ်းလျှမ်း တောက်လျှက်ရှိသော၊ ဗျာကရဏဿ—သဒ္ဒါအပေါင်း, ကောင်းအောင်ပြီးစေ, ပဝေဏီလက်သုံး, ဗျာကရုဏ်း၏၊ ကစ္စနာ—ဤဋီကာတွက်, တဆင့်တက်၍, ထွန်းလက်ဖွယ်တောင်း, အကြောင်းတမျိုးဖြစ်သော၊ ဗျာချာနာ-အကျယ်တဝင့်, သင့်ရာသင့်ရာ, ဖွင့်ကာ ဖွင့်ကာပြသော၊ ဒေသဘာသာယ-တိုင်းရင်းမြန်မာ, အမိဘာသာဖြင့်၊ သခ်တာ-တသန့်တသန့် အကန့်ကန့်လျက်, ခန့်ခန့်စီရရီ, တည်ကြည်စွာ စီရင်အပ်သော၊ ဘာသာဋီကာ-ဘာသာဋီကာ, အမည်သာသည့်,မှီရာသိဿည်း, နိဿရည်းသည်လည်း၊ သိဒ္ဓိတ္ထုဘော-ထောင့်သုံးရာပေါ်, ရှစ်ခုကျော်၍, ဝါတော်ကျွတ်ဆန်း, ငါးရက်စန်း၌, ဆုံးခန်းတိုင်ရောက်, ပြီးမြောက်ပြန်ပြီ တကား။

ဤကျမ်းသည် ရတနာ့ဂုဏ်ရည်စသော ရှေးကျမ်းတို့ကို ထောက်၍ ၉-ကျမ်းမြောက် ဖြစ်၏၊ ဤသို့ ကျမ်းစာအရပ်ရပ်ကို အထပ်ထပ်စီရင်ခြင်း၏ ရည်ရွယ်ရင်းကား-"စာသင်သားတိုင်း လွယ်လွယ်ကူကူနှင့် ကြည့်ရှုလေ့လာနိုင်ကြပါစေ, မိမိမှာလည်း ပညာပါရမီ အဆီအနှစ် နိဗ္ဗာန်အထိ အမတေ ဖြစ်ပါစေ"ဟုပင် ဖြစ်ပါသည်၊ ထို့ကြောင့် ကစ္စည်းဗျာကရုဏ်းနှင့် စပ်၍ ဤဘာသာဋီကာထက် သိလွယ် ကောင်းမြတ်သော ဋီကာသစ်တမျိုး ပေါ်ထွက်လာသောအခါ ဤ ဘာသာဋီကာသည် တိမ်ဖုံးသော လကဲ့သို့ ကွယ်ပရစ်ဖို့ရန်လည်း ရည်သန်ချက် ရှိပါသည်။

## ဘာသာဋီကာ နိဂုံး

**ယဒိအညာ ဥပ္ပဇ္ဇေထ, ဣတောပိ သုခသမ္ဘတာ၊**
**တသော-ကာသံပဒါနာယ, အယံ အဲန္တရဓာယတံ။**

ဣတောပိ-အများမှီးလောက်, ခရီးရောက်၍, ပြီးမြောက်ခဲ့ရာ, ဤဘာသာဋီကာထက်လည်း၊ သုခသမ္ဘတာ-ကြည့်ရှုဖို့ချ, လွယ်ကူလှသဖြင့်, အားရဖွယ်တောင်း, အကောင်းဟု သမုတ်အပ်သော၊ အညာ—ကစ္စာယနကျမ်း, သိဖွယ်စန်း၌, တင့်ဆန်းကျစ်လျစ်, ဋီကာသစ်တမျိုးသည်၊ ယဒိ ဥပ္ပဇ္ဇေထ – ပညာလိုလား, နောက်နောက်သားတို့, ကြိုးစားရစ်သော်, အကယ်၍ ဖြစ်ပေါ်လာအံ့၊ တဿာ – ထိုသို့ဖြစ်ရစ်, ဋီကာသစ်၏၊ ဩကာသံ ပဒါနာယ – ထွန်းတောက်တင့်ရေး, အခွင့်ပေးခြင်းငှာ၊ အယံ-နှစ်လ မြားမြောက်,လွန်အား ဆောက်မှ၊ ထွန်းတောက်ထွက်လာ, ဤဋီကာသည်၊ အန္တရဓာယတံ-ရှိုးရာမတွဲ့, တိုးကာငဲ့၍, ကပ်ဖွဲ့မနေ, ကွယ်ပျောက်ရစ်ပါစေသတည်း။

ယခုအခါ်ချိန်ကား မိမိကျမ်းစာများကိုများစွာသောပုဂ္ဂိုလ်တို့ အားရနှစ်ခြိုက်ဂရုစိုက်နေကြသောအခါဖြစ်၏၊ ထိုကဲ့သို့ ပုဂ္ဂိုလ်အများ လေးစား နှစ်ခြိုက်အောင်ရေးသားနိုင်ခြင်းသည်မိမိ၏မူလအရည်အချင်းထက် အထူးစောင့်ရှောက်ချီးမြှောက်တော်မူကြသော ဆရာတော်များ၏ ကျေးဇူးက ပို၍များသည်-ဟုဆိုလျှင် လောကွတ်စကား ရေးသားရာရောက်မည် မဟုတ်ပါ၊ မှန်၏-များစွာသော စာသင်သားတို့တွင် မိမိကဲ့သို့ အထိုက်အလျောက် ပင်ကိုဉာဏ်ရှိသူ,မိမိထက် သာလွန်သူတွေ့ များစွာရှိပေ၏၊ သို့သော် ထိုပုဂ္ဂိုလ်အများပင် ဆရာသမားတို့၏ ချီးမြှောက်မှုကိုကား မိမိလောက်ရရှိသူ နည်းပါးကြပေလိမ့်မည်။

ထင်ရှားစေအံ့—များစွာသော ရပ်ရွာ ကျောင်းဘုန်းကြီးများသည် အရည်အချင်းရှိသော ကလေးများကို ရွေးချယ်၍ အထူးသင်ပြလေ့မရှိကြ၊ မိမိမှာကား ရပ်ရွာ၌ပင် အထူးသင်ပြခြင်းကိုရရှိခဲ့၏၊ များစွာသော မိဘနှင့် ဆရာရင်းတို့သည် ငယ်ရွယ်ချိန်၌ ပျက်စီးမည်ကို စိုးရိမ်ခြင်း၊ကျန်းမာရေးကို စိုးရိမ်ခြင်း၊မိဘက မခွဲခွာနိုင်ခြင်းစသော အကြောင်းတို့ကြောင့် မြို့စာသင်တိုက်များသို့ စာသင် မလွှတ်နိုင်ကြ၊ သာမဏေကြီးဖြစ်မှ ရဟန်းဖြစ်မှ စာသင်တိုက်သို့ ရောက်လာကြသဖြင့် အရွယ် ကြီးရင့်နေပြီဖြစ်၍ ဉာဏ်ရှိသော်လည်း ကာလအလိုက် ထိပ်တန်းရောက်ဖို့ ခဲယဉ်းလေသည်၊ ငယ်ငယ်ရွယ်ရွယ် ပို့ပြန်လျှင်လည်း ဂရုစိုက်တတ်သော ဆရာသမားနှင့် မကြုံကြိုက်ပါမူ ဆရာမိဘတို့ စိုးရိမ်သည့်အတိုင်း ပျက်စီးဖွယ်ကြောင့်ကြဖွယ်တွေ့ များပေသည်၊ မိမိကိုကား ၉-နှစ်သားလောက်ကပင် မိဘတို့ခွဲ၍မန္တလေးသို့ စာသင်ရန် ပို့နိုင်ကြ၏၊ [ဒါယကာကြီးကိုယ်တိုင် မန္တလေးသို့မပြတ်ရောက်နေသဖြင့် ကြောင့်ကြဖွယ် မရှိချေ။]

မြို့စာသင်တိုက်၌ စာချဆရာတော်များလည်း အရည်အချင်းရှိသော မိမိ ဘပည့်ကို အခြား စာသင်တိုက်သို့ (အခြားဆရာ့ထံ) တဆင့်မလွှတ်လို မအပ်နှံ လိုကြ၊ မိမိမှာရှိသမျှ အရည်အချင်းကိုပင် သက်ဆုံးတိုင် မှီခိုစေလိုကြ၏၊ [အချို့ ဆရာများကား တခြားတိုက်သို့ လွှတ်လိုက်ရလျှင် အနေအထိုင် ပျက်စီးမည်စိုး၍ စိတ် စေတနာရင်း ကောင်းဖြင့်ပင် မလွှတ်လိုကြခြင်း ဖြစ်ပေသည်၊] မိမိကား မန္တလေးမှတဆင့် ပခုက္ကူသို့(အထက်စာကြီးများ ပေါက်ရောက်လွယ်အောင်ဟု သဘောထား၍) စေလွှတ်ခြင်း ခံခဲ့ရသည်၊ အချို့စာသင်တိုက်၌ ဆရာတော်တို့ သည် ဂိုဏ်းချင်းမတူသူကို ကြည်ဖြူစွာ ချီးမြှောက်လေ့မရှိကြ၊ ဘုရား မျက်နှာ တော်ကို မမျှော်မထောက်ပဲ ဘုရားသာသနာတော်ကို ဆိုင်ရာ ဂိုဏ်းဂဏ၏ သာသနာဟု ထင်မှားကြဟန် တူ၏၊ ထို့ကြောင့်လည်း စာသင်သားဘဝမှ စ၍ သွေးကွဲလာတတ်ကြလေသည်။

ပခုက္ကူဆရာတော်များကား မိမိကို သာမန် ရွှေကျင်ဂိုဏ်းသား မဟုတ်, ဒုတိယ ရွှေကျင်သာသနာပိုင် ဖြစ်တော်မူသော ပဌမ မဟာဝိသုဒ္ဓါရုံဆရာတော် ဘုရားကြီး၏ ဆွေတော် မျိုးတော်ဖြစ်ကြောင်းကို(အဘယာရာမဆရာတော်ထံမှ) စောစောကပင်သိတော်မူပြီးဖြစ်ပါလျက် ထိုအချိန်၌ အုပ်ချုပ်တော်မူဆဲ ဖြစ်ကြ သော (သင်္ဂြိုဟ်ဘာသာဋီကာ၌ ညွှန်ပြခဲ့သော) ဆရာတော်ဘုရားတို့ အားပေး ချီးမြှောက်တော်မူကြပေသည်၊ ထိုစိတ်ဓာတ်ကြောင့်ပင် ပခုက္ကူဆရာတော်များ မှာ ဂိုဏ်းဂဏမရွေး လေးစားခြင်းကို ခံယူတော်မူကြရပေသည်၊ [ဆရာတော် များ ချီးမြှောက်တော်မူကြပုံကို ရူပသိဒ္ဓိဘာသာဋီကာ၌ ခပ်စုံစုံရေးသားထားပြီ၊ ဤ နိဂုံးရေးသားချိန်၌ ပခုက္ကူဆရာတော် ၃-ပါးတွင် ပဌမဆရာတော် လွန် တော်မူ၍ ၁၉-ရက်မျှသာ ရှိသေး၏၊ဆရာတော်ကား သာသနာ့တာဝန်ကို သက် တော်ရှိသမျှ ဆောင်တော်မူကာ တသာသနာလုံး လေးစားမှုကို ခံတော်မူရပါ ပေသည်၊] ဤသို့လျှင် သာသနာ့ဝန်ဆောင် အခေါင်တော်ဘုရား ဆရာတော် များ၏ လေးစား ချီးမြှောက်မှုကို ခံယူရရှိသောကြောင့်သာ ယခု အခြေအနေ တိုင်အောင် သာသနာ့ဝန်ကို တဘက်တလမ်း ထမ်းဆောင်နိုင်ရကား ထိုကျေးဇူး ရှင် ဆရာတော်များကို ဤ ကျမ်းစာရေးသားခြင်းဟူသော အကျင့် ပဋိပတ်ဖြင့် လေးမြတ်ကော်ရော် ပူဇော်ပါသည်။

**သမ္ပုဇယာမိ ထေရာနံ, ယေသာဟံ သမ္ပဂ္ဂဟိတော၊**
**ဇယံ ဇယံ ဇယန္တော၀, သမ္ဗုဒ္ဓသာသနန္တရေ။**

ယေသံ ထေရာနံ-အထက်ဝေဟင်, နေအသွင်သို့, မြေပြင်ထင်ရှား, အကြင် ဆရာတော်ဘုရားတို့သည်၊ သမ္ပဂ္ဂဟိတော-အထူးစောင့်ရှောက်, ချီးမြှောက်အပ် သည်ဖြစ်၍၊ ဇယံ ဇယံ - အောင်သင့်အောင်ရန်, စာတော်ပြန်ဟု, တိုင်းမြန်

ထင်ရှား, အောင်ပွဲများကို၊ ဇေယျန္တောစ-လာဘ်လည်းမကူ, လူလည်းမပွံ့, ခံ့ခံ့သိုက်မြိုက်, အောင်လံစိုက်လျက်သာလျှင်၊ အဟံ-ငါသည်၊ သမ္ဗုဒ္ဓသာသနန္တရော-ဗုဒ္ဓမြတ်စွာ, သာသနာကျွုံး, တိုးသင့်တိုးအောင်, တမျိုး ဆောင်ရပေ၏၊ တေသံ ထေရာနံ-ကျေးဇူးတော်ရှင်, ဂုဏ်အင်ကြီးမား, ထို ဆရာတော်ဘုရားတို့အား၊ သမ္ပူဇယာမိ — ကျမ်းစာရေးသား, ကောင်းမှုများဖြင့်, လေးစားကော်ရော်, ပူဇော်ပါ၏။

ပုဗ္ဗေစနှင့် ပဋိရူပ။ ။ဆက်ပါဦးအံ့—မိမိ၏ ဤ ခန္ဓာကိုယ်ကို စီမံလိုက်သော ရှေးကံသည် ယခုဘဝ၌ ဆရာကောင်းများကို မှီခိုရလောက်အောင် စီမံပေးရသဖြင့် မိမိ၏ "ပုဗ္ဗေစ ကတပုညတာ"စက်ကို နှစ်သက် အားရမိပါတော့၏၊ မိမိ၏ ဖွားမြင်ရာ သရိုင်ရွာသည် ဋ္ဌေကျောင်နိကာယ၏ ဒုတိယသာသနာပိုင်ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားနှင့် ထရိကာ ဆရာတော် တံဆိပ် ၃-တန် လက်ခံတော်မူရသော ဆရာတော်များအပြင်,ကျေးလက်အလိုက် ဩဇာအာဏာ ရှိတော်မူကြသော အခြားဆရာတော်များ၏ ထွန်းပေါ်ရာဒေသဖြစ်ခြင်း, ရွှေဘိုတောင်လက်၌ အထင်ရှားဆုံးသော ပစ္စည်းရှင်များ၏ နေထိုင်ရာဖြစ်ခြင်း၊,စေတီ ပုထိုးကြီးများနှင့် ရေတွင်း ရေကန်ကြီးတို့ဖြင့် တင့်တယ်ခြင်းတို့ကြောင့် ပဋိရူပဒေသ-သင့်တင့် လျောက်ပတ် ကောင်းမြတ်သောအရပ်" ဟု ဆိုလို၏။

ဤကဲ့သို့ အရပ်မျိုးကို သက္ကတကျမ်းဂန်များအလို "ပုညတိတ္ထ=ကောင်းမှုပြုရာ ဆိပ်ကမ်း"ဟု ဆိုရ၏၊ ကျောင်းကန် ဘုရား ဆရာသမားကြီးများ ရှိသည့်အတွက် ဆရာသမားတို့၏ ဩဝါဒကို နာယူရသော ရပ်သူ ရွာသားတို့သည် ဘုရားသွား ကျောင်းတက်ကိစ္စကို နေ့စဉ်မပြတ် ပြုလုပ်ရသဖြင့် အမြဲတိုးပွားကာ စိတ်ကောင်း စေတနာကောင်း ရှိတတ်ကြသည်ဟု ဆိုလိုသည်၊ ထိုကဲ့သို့သော မိဘများမှ ပေါက်ဖွားသော သားသည်လည်း မိဘအလိုလိုက်တတ်, ကြွယ်ဝချမ်းသာတတ်, တရားစောင့်တတ်, ပညာရှိတတ်သည်ဟု (ဟိတောပဒေသ) ဆိုသည်။

ပုညတိတ္ထေ ကတံ ယေန, တပေါ ကွာပျတိဒုက္ကရံ၊
တဿ ပုတ္တော ဘဝေ ဝဿော, သမိဒ္ဓေါ ဓမ္မိကော သုဓီ။

ဆက်ဦးအံ့—ထို သရိုင်ရွာ၌ ဉာတိဗလ ဘောဂဗလအားဖြင့် ထင်ရှားသော အမျိုးသည်လည်းကောင်း, အထက်ပါ ဆရာတော်ကြီး ၂-ပါးသည်လည်းကောင်း မိမိ၏ မိဘက်-ဘဘက်မှ ဆွေမျိုးများ ဖြစ်ကြ၏၊ ထို့ကြောင့် အမျိုး၏ စိတ်ဓာတ်သည် အမြဲတက်ကြွလျက်ရှိသည့်ပြင် အရှင်ဆရာတော်ကြီးများ၏ မြန်မာမင်းလက်ထက်မှ စ၍ ကြီးကျယ်တော်မူပုံကို အားကျသောအားဖြင့် မိမိငယ်ရွယ်စဉ် အချိန်စယ် အမျိုးကောင်းသား ဉာဏ်ကောင်းသောကာလေ လူများကို

ဆွေမျိုးမိဘတို့ကလည်း ရဟန်းဖြစ်အောင် တိုက်တွန်းကြ, ကျောင်းထိုင်ဆရာတော်များကလည်း အထူးရွေးချယ်၍ သင်ပြတော်မူကြသည်၊ ထို့ကြောင့် ထိုသရိုင်ရွာသည် မိမိအတွက် ပဋိရူပဒေသ(သင့်တင့်သောအရပ်)ဖြစ်ပါပေသည်။

သပ္ပုရိသူပနိဿယစက်။ ။ထို ပဋိရူပဒေသဝါသစက်သည် သပ္ပုရိသူပနိဿယစက်နှင့် အဆင်သင့် ဆက်သွယ်လျက်ရှိ၏၊ မှန်၏-မိမိ၏ ဘိုးနှင့် ခမည်းတော်သည် မိမိကို ငယ်ရွယ်စဉ်ကပင် ဘုန်းကြီးဖြစ်စေရန် ရည်သန်ချက် ရှိဟန်တူ၏၊ ဘိုးဖြစ်သူသည် စကားပြီသချိန်လောက်ကပင် စာတွေကို နှုတ်တိုက်ချပေး၏၊ ပင်းကျောင်းဆရာတော်ကြီးမှာ ဘယ်အချက်ကို မြင်တော်မူထားသည်-ဟု မသိရ, အထူးရွေးချယ်၍ စာပေပို့ချပေးတော်မူ၏၊ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်ကြီးကား ဘေးတော်ဖြစ်သော ဆရာတော်ဘုရားကြီးကြောင့် မိမိတို့ရပ်ရွာနှင့် အိမ်ဦးကြမ်းပြင် ဖြစ်နေတော့သဖြင့် မဟာဝိသုဒ္ဓါရုံတိုက်၌ စာချခိုက်ဖြစ်သော မြောင်းမြို့ ပဍ္ဍောတာရုံ ဆရာတော်တည်းဟူသော သပ္ပုရိသ အမှီကောင်းရဖို့ မခဲယဉ်းလှတော့ချေ၊ ထိုမှစ၍ ပခုက္ကူဆရာတော်, အဘယာရာမ ဆရာတော်တို့ကို မှီခိုရခြင်းမှာလည်း သရိုင်ရွာဟူသော ပဋိရူပဒေသ၏ ပကတူပနိဿယကြောင့်ပင် ဖြစ်ပါသည်။

အတ္တသမ္မာပဏိဓိစက်။ ။ထို သပ္ပုရိသူပနိဿယစက်သည်လည်း မိမိကိုယ်ကိုလည်းကောင်း, မိမိစိတ်ကိုလည်းကောင်း နေရာတကျ အသုံးချနိုင်မှုဟူသော အတ္တသမ္မာပဏိဓိစက်နှင့် ဆက်သွယ်လျက်ရှိနေပြန်၏၊ ချွဲဦးအံ့—မိမိသည် ၁၈-နှစ် အရွယ်လောက်တုန်းက (မည်သည့် သံယောဇဉ်ကြိုးမျှမငြိပဲ) သဘာဝအတိုင်း လူ့ဘောင်နှင့် သာသနာ့ဘောင်ဝယ် အကျိုးအပြစ်ကို စိစစ်ရွေးချယ်ဖူး၏၊ ထိုအရွယ်၌ သင်ယူပြီးသော စာပေများကား ပဌမကြီးတန်း အောင်စွမ်းလောက်အောင် ရှိနေပြီဖြစ်၍ မပစ်ရက်နိုင်အောင် ရှိတော့၏၊ ထိုစာပေများသည် သာသနာ့ဘောင်၌ နေရခြင်း၏ အကျိုးများမည့် အချက်တွေကို နှစ်သက်ဖွယ်ရာ ညွှန်ပြသဖြင့် သာသနာ့ဝန်ကိုပင် ထမ်းဆောင်ဖို့ရန် ရည်သန်ခဲ့ပေသည်၊ ပခုက္ကူရောက်ပြီး၍ နိကာယ်ကြီးများ ပေါက်ရောက်ချိန်၌ကား သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းလိုသောစိတ်များ ကြီးမားလာပြီးလျှင် အဘယာရာမဆရာတော်ထံ သက္ကတကို လေ့လာချိန်၌မူ ကျမ်းစာရေးသားပုံ စီစဉ်ပုံမှစ၍ အကြံသစ် ဉာဏ်သစ်များ တိုးပွားကာ ရှေးဟောင်း မြန်မာ အရေးအသားနှင့် စာသင်နည်းများကို ပြုပြင်လိုစိတ် ဖြစ်ပေါ်လာရပေသည်၊ ဤကား သပ္ပုရိသူပနိဿယစက်၏ အဆင်သင့် ဆက်သွယ်လိုက်သော အတ္တသမ္မာ ပဏိဓိစက်ပေတည်း။

အနာဂတ်စက်လည်ပုံ။ ။အတ္တသမ္မာပဏိဓိစက်ကြောင့် ယခုဘဝ၌ ပြုအပ်သမျှ ကုသိုလ်ပါရမီတွေသည် နောင်ဘဝ၌ ပဋိရူပဒေသကို ရရှိဖို့ရာ ကတပုညတာစက် ဖြစ်နေပြန်သောကြောင့် နောက်နောက်ဘဝ၌လည်း ပဋိရူပဒေသဝါသ

မှစ၍ ဆက်ကာဆက်ကာ စက်လည်သွားမည့်အရေးကို တွေးမိရကား နောက်နောင်အခါ မိမိ၏သမ္ပတ္တိစက်များသည်ပဌမတန်းစားချည်းဖြစ်အောင်မြင့်ခေါင်တိုးတက်၍ နိဗ္ဗာန်အထိ သွက်သွက်လက်လက် လည်နိုင်အောင် ယခုနှယ်ကအတ္တသမ္မာပဏိဓိစက်ကို အချက်ကျ ထူထောင်ဖို့ အရေးသာလျှင် ကြီးလေးကြောင်းကို ကောင်းကောင်း သတိရနေပါတော့သည်။

ထင်ရှားစေအံ့။ ။များစွာသော မြန်မာလူမျိုးတို့သည် "နိဗ္ဗာန် မြန်မြန်ရပါလို၏, ဘုရားဖြစ်ရပါလို၏" စသည်ဖြင့် ဆုတောင်းမှုကို ဂရုပြုနေဟန်ရှိသော်လည်း ကျွတ်တန်းဝင်ကြသော သူတော်စင်တို့ကား တချို့မှာ ဆုပင်မတောင်းကြ, နိဗ္ဗာန်ကို ရည်မှန်း၍ ပြုအပ်သော ကုသိုလ် ပါရမီများကသာသင့်တော်သော အဆင့်အတန်းဖြင့် နိဗ္ဗာန်ကို ထိရောက်စေကြသည်၊ အချို့ကားဆုတောင်းသော်လည်း ထိုဆုနှင့်တန်အောင် ပါရမီကိုလည်း ကြိုးစားကြပေသည်၊ ထို့ကြောင့် (မည်သည့် အဖြစ်မျိုးဖြင့် နိဗ္ဗာန်ရလိုသည်ဖြစ်စေ) မဂ်ဖိုလ်ရဖို့ အရေးမှာ အလုပ်သာ ပဓာနဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောကျနေရကား မိမိအတွက်ပြခဲ့သော သမ္ပတ္တိစက်ခေါင်း ၄-လုံးတပ်လျက် သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဗိုလ်ငါးဖြာတို့ လွန်စွာစေ့စပ် အုပ်စိုးအပ်သော မဂ္ဂင်ယာဉ်ပျံတော်ကြီးသည် ခိုင်ဖြိုး တောင့်တင်းစွာဖြင့် နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့ ပျံသန်း ပေါက်ရောက်နိုင်လောက်အောင် မြင့်ခေါင်တက်လျှမ်း ယောကျ်ားတို့ပြုထိုက်သော လုံ့လစွမ်းကိုယခုနှယ်ကကြိုးပမ်းတော့အံ့သတည်း။

**စတုစက္ကံ ဝတ္တိယာန, ယာနံ ဗလပရိဂ္ဂဟံ၊**
**ယာနာယ အမတံ ခေမံ, ကဿံ ပုရိသကာရိယံ။**

စတုစက္ကံ-သမ္ပတ္တိစက်, ၄-ချက် စုပေါင်း, စက်ခေါင်း ၄-ခု ရှိထသော၊ ဗလပရိဂ္ဂဟံ-ရန်ပေါင်းခွင်းဖြို, ငါးဦးဗိုလ်တို့, ကိုယ်စီစောင့်ကြပ်, အုပ်ချုပ်အပ်ထသော၊ ယာနံ-အသွားလျင်လျင်, အများတင်လည်း, အားအင် ခိုင်ဖြိုး, မဂ္ဂင်ယာဉ်ပျံတော်ကြီးကို- ဝတ္တိယာန—မတိမ်း မစောင်း, လည်စေကြောင်းဖြင့်, ကောင်းစွာ အစဉ်, မောင်းကာ နှင်၍၊ အမတံ ခေမံ-ဤဘက်မှာနေ့, အားလုံးသေလျက်, ဟိုပြေရောက်မှ, ဘေးကင်းရမည့်, အမတခေါ်, နေပြည်တော်သို့၊ ယာနာယ-ကိလေသာဟူ, ရန်သူပစ်ဖောက်, ဗုံးအမြောက်တို့, မကြောက်မနား, အရောက်သွားခြင်းငှာ၊ ပုရိသကာရိယံ-ယောကျ်ားမှန်က, ပြုရဲရမည့်, ကမ္ဘာ့လက်ရိုး, လုံ့လမျိုးကို၊ ကဿံ-ငါးဦးဗိုလ်ချုပ်, အဖော်လုပ်၍, မဆုတ်ရစေ,.... ပြုလုပ်ပေအံ့ သတည်း။

**ကစ္စည်းဘာသာဋီကာ ပြီးပြီ။**

# အလိမ္မာ စာမှာရှိသည်

## လူကောင်း လူတော် ဖြစ်အောင်

လူ့သဘာဝ စရိုက်ဆိုးများကို ပယ်ရှားငြိး
စရိုက်ကောင်းများကို ဖော်ဆောင်မည့်

သာသနာရေးဦးစီးဌာနမှ

## ပိဋကတ် မြန်မာပြန်များကို ဖတ်ပါ

---

သာသနာရေး ဦးစီးဌာန၌ ရိုက်နှိပ်ပြီးသော
**အဘိဓမ္မာ မြန်မာဘာသာကျမ်းများ**

၁။ ပရမတ္ထသံခိပ်နှင့်အဖြေ — လယ်တီဆရာတော်ကြီး
၂။ ပရမတ္ထသံခိပ်ဋီကာ ဒု — လယ်တီပဏ္ဍိတ **ဦးမောင်ကြီး**
၃။ ပရမတ္ထသရူပဘေဒနီ ဒု — မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး
၄။ သရုပ်ပြသင်္ဂြိုဟ် — ဒေါ်ဝိဇ္ဇေသီ၊ ဘီအေ၊ ဓမ္မာစရိယ
၅။ သရုပ်ပြဓမ္မပဒ ။
၆။ ဋီကာကျော် မြန်မာပြန် တ
၇။ **အဘိဓမ္မတ္ထသင်္ဂဟပါဠိနိဿယ** — **ဗားကရာဆရာတော်**
၈။ အဘိဓမ္မာဝတာရအဋ္ဌကထာ နိဿယ**သစ်** — **စလင်း သာသနာပိုင်ဆရာတော်**
၉။ အဘိဓမ္မာဝတာရဋီကာ နိဿယသစ် ပ၊ဒု — **တောင်ပေါက်ဆရာတော်**
၁၀။ ဗုဒ္ဓအဘိဓမ္မာစေတသိက်များအဖွင့် အတွဲ (၃)

---

**တိပိဋက ပါဠိ-မြန်မာ အဘိဓာန် ၁၁-တွဲ ထွက်ပြီ။**

မဟာဗုဒ္ဓဝင် **၆-တွဲ (၈-အုပ်) ထွက်ပြီ။**